# ရှစ်စပ်က ဂျင်ခြေလည်သူ

## အထောက်တော်လှအောင်

# The Carpet-Baggers

HAROLD ROBBINS



ဒုတိယအကြိမ်

www.facebook.com/NyisayEbookCreator




**Harold Robbins**

**(May 21, 1916 – October 14, 1997)**

ဟာရိုးရော်ဘင် (Harold Robbins ) ရေးပြီး အထောက်တော်လှအောင် ဘာသာပြန်ခဲ့တဲ့ ရှစ်စပ်က ဂျင်ခြေလည်သူ (The Carpetbaggers) စာအုပ်ဟာ ယနေ့ အချိန်အထိ ကမ္ဘာပေါ်မှာ စာဖတ်သူအများဆုံး စာအုပ်တွေထဲက နံပါတ် ၄ နေရာမှာရှိတဲ့ စာအုပ်တစ်အုပ် ဖြစ်ပါတယ်။ အနောက်တိုင်း နာမည်ကျော် စာရေးဆရာတွေက များသော အားဖြင့် သူတို့ဖန်တီးတဲ့ ဇာတ်လမ်းတွေကို လူတွေ အထူးစိတ်ဝင်စားအောင်နဲ့ စာအုပ် ရောင်းအား ကောင်းအောင်လုပ်တဲ့ နေရာမှာ စာအုပ်ထဲက ဇာတ်လိုက်တွေကို အပြင်မှာ တကယ်ရှိတဲ့ နာမည်ကျော်ကြား လူသိများသူတွေနဲ့ ကိုယ်စားပြု ဇာတ်အိမ်ဖွဲ့ပြီး ရေးလေ့ရှိကြပါတယ်။ ဒီစာအုပ်ထဲက အဓိကဇာတ်ကောင်ဖြစ်တဲ့ ဂျိုနပ်စ်ကော့ ဂျူနီယာ ဆိုတာ နာမည်ကျော် အမေရိကန် သူဌေးကြီး (Howard Hughes) ဟောင်းဝပ်ဟူးစ် ဘဝကို စံထားပြီး ရေးထားတာပဲ ဖြစ်တယ်။ သန်းပေါင်းများစွာကြွယ်ဝတဲ့ သူ့အဖေရဲ့ စီးပွားရေးလုပ်ငန်းတွေကို အသက် ၁၈ နှစ်က စလို့ အမွေ ဆက်ခံခဲ့တဲ့ ဟောင်းဝပ်ဟူးစ်ဟာ လေယာဉ်ပျံ ပေါ်ဦးစကတည်းက လေယာဉ်စက်ရုံတွေ တည်ထောင်ခဲ့ပြီး လေယာဉ် ဒီဇိုင်းအသစ် အမျိုးမျိုးကိုလည်း ထုတ်လုပ်ခဲ့ပါတယ်။ သူ့ကိုယ်ပိုင်စက်ရုံက တီထွင်ထားတဲ့ လေယာဉ်တွေ ကိုယ်တိုင် စမ်းသပ်မောင်းနှင်ပြီး အမောင်းစံချိန်သစ် တင်နိုင်ခဲ့တဲ့ စွန့်ဦးစွန့်စားလိုစိတ်ရှိသူ တစ်ယောက် ဖြစ်တယ်။ ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ထုတ်လုပ်

သူလည်း လုပ်ခဲ့ပြီး ဟောလိဝုဒ်က နာမည်ကြီး မင်းသမီးချောများနဲ့ ထည်လဲတွဲ ရည်းစားများသူ မိန်းမပွေသူ ရှုပ်သူ အဖြစ် နာမည်ကြီးခဲ့ပါတယ်။



**Howard Robard Hughes, Jr.**

**(December 24, 1905 – April 5, 1976)**

မြန်မာမှာ ကုဋေရှစ်ဆယ် သူဌေးသားဆိုတဲ့ ပုံပြင်လေး ရှိပါတယ်။ အဲ့ဒီပုံပြင်မှာ မိဖတွေ ဆုံးပါးသွားတော့ အမွေမြောက်မြားစွာရခဲ့တဲ့ သူဌေးသားဟာ အတတ်ပညာ ဘာမှမရှိ ဘာအလုပ်ကိုမှလည်း မည်မည်ရရ ကြိုးစားမလုပ် ဘေးနားမှာရှိတဲ့ မြှောက်စားပေါင်းစား သူတွေရဲ့ ဒဏ်နဲ့ နောက်ဆုံးတော့ လမ်းဘေးမှာ ဆင်းရဲငတ်ပြတ်ပြီး သေဆုံးသွားတယ်။ ဟောင်းဝပ်ဟူးစ်လည်း သူ့အသက် ၁၈နှစ် ပညာမစုံသေးခင်မှာပဲ မိဖ၂ပါးလုံး ဆုံးရှုံးခဲ့ရတယ်၊ ဒါပေမဲ့ ပုံပြင်ထဲက ကုဋေရှစ်ဆယ် သူဌေးသားလို ထင်သလို ပျော်ပါးသောက်စား သက်သက်နဲ့ ဘဝကို ရေစုန်မျှောမပစ်ပဲ စီးပွားရေးလုပ်ငန်းပေါင်းစုံ တည်ထောင်ပြီး ဒီထက်မက ချမ်းသာကြွယ်ဝအောင် စွမ်းဆောင် ကြိုးစားလို့ သူ့ကိုယ်ပိုင် အရည်အချင်းတွေကို ပြသနိုင်ခဲ့တယ်။ ရိုဘင်ရဲ့ဇာတ်ကောင် ဂျိုနပ်စ်ကော့ဟာလည်း သူ့အသက် ၁၈နှစ်မှာ မိဖတွေ ဆုံးပါးပြီး တစ်ကောင်ကြွက်ဖြစ်ခဲ့ပေတဲ့ တစ်ပါးသူရဲ့ ချုပ်ကိုင်မှုကို မခံ၊ မြှောက်ပင့်မှုတွေကို အရေးမထား၊ ဘဝကို အရှုံးမပေးပဲ ဖြစ်လာသမျှကို ရဲရဲဝံ့ဝံ့ ရင်ဆိုင် အံတုခဲ့တာတွေ၊ ငွေရဖို့အတွက်ဆို ဘယ်သူ့ကိုမှမညှာနိုင် ဘီလူးစီး စီးသလို အချင်းချင်းလည်လှီးခုတ်ထစ်ပြီး လောဘဇောတိုက်နေကြတဲ့ အမေရိကန် စီးပွားရေးလောကကို ခိုင်မာတဲ့ စိတ်ဓါတ်၊ ပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေနဲ့ ဘယ်လို အံတု

ကျော်ဖြတ်နိုင်ခဲ့တယ် ဆိုတာတွေ အားကျအတုယူဖွယ်ရာ ဇာတ်လမ်းဖွဲ့ ရေးသား ထားပါတယ်။

ဂျိုနပ်စ်ကော့အပြင် စာဖတ်သူတွေကို ဆွဲဆောင်သွားတဲ့ တခြားအဓိက ဇာတ်ကောင်တွေကတော့ သူငယ်စဉ်ကတည်းက သူ့ကို သားအရင်းလို ချစ်မြတ်နိုး ပြုစု စောင့်ရှောက်ခဲ့တဲ့ နီဗားဒါးစမစ်၊ ဂျိုနပ်စ်ဘဝမှာ တစ်သက်တာလုံး အတွက် ချစ်မြတ်နိုးခဲ့ရတဲ့ ချစ်ဦးသူ ဒါပေမဲ့ သူ့မိထွေးဖြစ်သွားတဲ့ ရီနာမာလိုး၊ ရိုးသားကြိုးစားတဲ့ ဂျူးလူမျိုး ဒေးဗစ်ဝုဖ်နဲ့ အတ္တကြီးမားလွန်းတဲ့ ရုပ်ရှင်ထုတ်လုပ်သူ သူ့ဦးလေးနော်မန်၊ ဘဝ အမှောင်ထဲ မမျှော်လင့်ပဲရောက်ရာက နာမည်ကျော် ရုပ်ရှင်မင်းသမီး ဖြစ် အဲဒီကနေ ဘဝဟောင်းရဲ့ အရိပ်မဲကြောင့် အေးချမ်းတဲ့ သာသနာပြု သီလရှင်ဘဝကို ကူးပြောင်း သွားတဲ့ သနားစရာကောင်းလှတဲ့ ဂျင်နီဒင်တန်။

ဒီစာအုပ်မှာ အနောက်တိုင်းက နာမည်ကျော် ဇာတ်လမ်းတွေရဲ့ သဘော သဘာဝအရ မိန်းမကိစ္စ အညှီအဟောက်တွေနဲ့ ရက်စက်တဲ့လက်စားချေမှုတွေ စသဖြင့် ကိုယ့်မြန်မာ့ယဉ်ကျေးမှုမျက်စိနဲ့ မကိုက်ညီတဲ့ ဇာတ်ကွက်တွေတော့ တွေ့ရမှာပဲ၊ ဒါပေတဲ့ ဇာတ်လမ်း ဇာတ်ကွက် ဇာတ်ကောင်စရိုက် ပီပီပြင်ပြင် နိုင်နိုင်နင်းနင်း ရေးသားနိုင်မှု အတတ်ပညာကို စာရေးချင်တဲ့သူတွေ လေ့လာနိုင်သလို၊ လူငယ်တွေအတွက်တော့ စီးပွားရေးမှာ ကိုယ့်အားကိုယ်ကိုးပြီး စွမ်းစွမ်းတမံ ဘယ်လိုမျိုး ကြိုးစားအားထုတ်မှုတွေ လုပ်ရမယ်ဆိုတာတွေ အတုယူအားကျစေနိုင်ပါတယ်။ ကိုယ့်စီးပွား ငွေတစ်မျက်နှာအတွက် ကိုယ့်သွေးရင်း သားရင်းကိုမှ မညှာ ခေါင်းပုံဖြတ် အမြတ်ထုတ်ချင်တာတွေ၊ မိမိ အာဏာ တည်မြဲရေးအတွက် တခြားသူတွေရဲ့ ဘဝကို နင်းခြေသွားရက်တာတွေ ... စတဲ့ လောဘ ဒေါသ မောဟတွေရဲ့ ဆိုးယုတ်မှုတွေကိုလည်း ကြည့်တတ်ရင် တွေ့နိုင်ပါသေးတယ်။ ဆရာမြ ဟောပြောဖူးတဲ့ ရပ်စကင်းရဲ့ စကားလိုပဲ စာတစ်အုပ်မှာ ပါနေတာ ရွှေတွေချည်းပဲလည်း မဟုတ်ဘူး၊ ကျောက်ဖြုန်းတွေချည်းပဲလဲ မဟုတ်ဘူး၊ ဒီတော့ စာတစ်အုပ်ဖတ်တဲ့အခါ အဲ့ဒီထဲက မလိုတဲ့ ကျောက်ဖြုန်းတွေကိုဖယ် ကိုယ့်အတွက် အကျိုးရှိစေနိုင်တဲ့ အဖိုးထိုက်တန်တဲ့ ရွှေကိုသာမြင်ပြီး ယူတတ်ရမယ်။


ကျွန်မ အသက် ၁၈ နှစ်လောက်က ဒီစာအုပ်ကို ပထမဦးဆုံး ဖတ်ခဲ့ဖူးပါတယ်။ နှစ်ပေါင်းများစွာကြာပြီးမှ နောက်တစ်ခေါက် ပြန်ဖတ်တော့ အံ့သြစရာ ကျွန်မ မမေ့မလျော့ မှတ်မိနေတဲ့ ဇာတ်ကောင်ဟာ အဓိက ဇာတ်ကောင် ဂျိုနပ်စ် မဟုတ်ပဲ နီဗားဒါးစမစ်၊ ဒေးဗစ်ဝုဖ်နဲ့ ဂျင်နီဒင်တန် တို့ပဲ ဖြစ်တယ်။ ရီနာကိုလည်း သနားစရာကောင်းတဲ့ ဇာတ်ရုပ်အဖြစ်ကလွဲလို့ သူ့အကြောင်းက ခေါင်းထဲ အမှတ်ထင်ထင် မကျန်ရစ်ဘူး။

နီဗားဒါး စမစ်က လူဖြူအဖေ ရက်အင်ဒီယန်းအမေတို့က မွေးဖွားလာသူ ဖွဲ့သတ္တိ ခွန်အား အပြည့်နဲ့ ရဲရင့်တဲ့ လူငယ် တစ်ယောက်ဖြစ်တယ်၊ တစ်နေ့ သူ့အဖေနဲ့ အမေကို သတ်မဲ့လူဆိုးတွေကို လူဆိုးတွေမှန်း မသိပဲ သူကိုယ်တိုင် သူ့အိမ်သွားတဲ့လမ်း ပြမိလိုက်တယ်။ အဲ့ဒီလူဆိုးတွေကို သူ့လက်နဲ့ ပြန်လက်စားချေခဲ့ပြီးနောက် ဝရန်းပြေး ဖြစ်တဲ့အခါ သူ့နောက်ကြောင်းကို ဖျောက်ဖျက်လိုက်ပြီး ဂျိုနပ်စ် အဖေဆီမှာ အလုပ် ဝင်လုပ်ရင်း ဂျိုနပ်စ်ကို သားအရင်းလို ပြုစု စောင့်ရှောက်ခဲ့သူဖြစ်တယ်။ နီဗားဒါးစမစ်က လူဆိုးတွေကို ပြန်သတ်တဲ့ အခန်းမှာ ကျွန်မဟာ လူငယ်ပီပီ လူငယ်တို့ရဲ့ မဟုတ်မခံတတ်တဲ့ စိတ်နဲ့ လက်ခုတ်လက်ဝါးတီးပြီး အားပေးခဲ့ဖူးတာ မှတ်မိနေပါတယ်။ ခုချိန်ထိ မမေ့မလျော့ ရှိနေတဲ့ စကားတစ်ခွန်းက နီဗားဒါးစမစ်ရဲ့ အမေကို လူဆိုးတွေက အင်ဒီယန်း အရေဆုတ်ဖို့ အရှင်လတ်လတ် ကိုယ်ကို ဓါးနဲ့ခွဲတော့ မိန်းမပေမဲ့ လူဆိုးတွေကို ဘာမှ တောင်းပန်ငိုယိုနေတာတွေ မလုပ်ပဲ သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ ပြောလိုက်တဲ့ စကားတစ်ခွန်းပါပဲ၊ အဲဒါကတော့ … "ကျွန်မ မကြောက်ပါဘူး၊ သူတို့ အကုသိုလ်နဲ့ သူတို့ သွားကြမှာပါ"။ ကျွန်မဟာ သတ္တိရှိတဲ့ မိန်းမတွေကို အစဉ်အမြဲ လေးစားတယ်။

ဒုတိယ ကျွန်မမှတ်မိနေတဲ့ ဇာတ်ကောင်တစ်ယောက်ကတော့ ဒေးဗစ်ဝုဖ်ပဲ ဖြစ်တယ်၊ ဒေးဗစ်ဝုဖ်က ဂျူးလူမျိုး၊ သူ့ အဖေနဲ့ အမေ ဂျာမဏီက ထွက်ပြေးလာပြီး အမေရိကန်ရောက်မှ သူ့ကိုမွေးခဲ့တယ်၊ သူ့အဖေဟာ အဝတ်ဟောင်းရောင်းသူ အဖြစ် ခက်ခက်ခဲခဲ အသက်မွေးရတယ်၊ အဲ့ဒီအချိန် သူ့အမေရဲ့ အစ်ကို ဖြစ်သူ ဦးလေး နော်မန်က ဂျာမဏီကနေ အစောကြီးကတည်းက ထွက်ပြေးလွတ်မြောက်သွားပြီး အမေရိကန် ရုပ်ရှင် လုပ်ငန်းမှာ သန်းကြွယ်သူဌေး ဖြစ်နေပြီ။ သူဌေးမဖြစ်ခင်ကတော့ သူ့အဖေရဲ့ မရှိမဲ့ရှိမဲ့ အဝတ်ဟောင်း ရောင်းရတဲ့ ငွေထဲက ဦးလေးနော်မန်ကို ထောက်ပံ့ခဲ့ဖူးပေတဲ့ သူ သူဌေး ဖြစ်တဲ့အခါ ဒေးဗစ် အလုပ်တောင်းတာတောင် မပေးချင်ပဲ နောက်ဆုံး မတတ်သာတော့မှ ဘယ်သူမှ မသွားချင်တဲ့ ကုန်လှောင်ရုံတစ်ခုမှာ ခွေးစားစား နွားစားစားဆိုပြီး အလုပ်ပေးခဲ့ တယ်။ ဒေးဗစ်က ဉာဏ်ကောင်းတယ်၊ လာဘ်မြင်တယ်၊ စီးပွားရေးအမြင်ရှိတယ်၊ သတ္တိ ရှိတယ်၊ ကျွန်မသဘောအကျဆုံး မမေ့နိုင်တဲ့ ရင်တထိတ်ထိတ်နဲ့ ဖတ်ခဲ့ရတဲ့ ဇာတ်ကွက် တစ်ခုကတော့ သူ့ ဦးလေးရဲ့ ကုန်တိုက်ကို ပထမဆုံး အလုပ်ဆင်းတဲ့နေ့မှာ လောဘကြီးတဲ့ ပလက်ဖောင်းလူကြီးရယ်၊ ထင်သလို ချယ်လှယ်နေတဲ့ ဖိုမင်ရယ် အလုပ်သမားတွေနဲ့ရယ်ကို သူရင်ဆိုင်ဖြေရှင်းခဲ့တာတွေကိုပဲ။ ရင်နာနာနဲ့ မှတ်မိနေတဲ့ နောက်ဇာတ်ကောင် တစ်ယောက် အကြောင်းကတော့ သနားဂရုဏာသက်စရာ ကောင်းလှတဲ့ ဂျင်နီဒင်တန်နဲ့ သူ့အဖေတို့ရဲ့ ချစ်ခြင်းမေတ္တာပဲ ဖြစ်တယ်။ ဆင်းရဲလှတဲ့ မျက်နှာမွဲ သားအဖတွေ ဒုက္ခရောက်ပြီး ကူသူမဲ့ဖြစ်ခဲ့ပုံတွေ၊ ဂျင်နီ မတရား စော်ကားခံရမှန်း သိသိကြီးနဲ့

အကျင့်စာရိတ္တ ကောင်းမွန်တယ်ဆိုတာလည်း ယုံကြည်ပါလျက်ကနဲ့ သူ့ရဲ့ဆရာတွေဖြစ်တဲ့ သီလရှင်တွေကအစ၊ သူတို့တွေ ယုံကြည် လေးစားစွာ ကိုးကွယ်ခဲ့တဲ့ဘုန်းတော်ကြီးပါမကျန် ဘယ်သူကမှ သူတို့ဘက်မှာ ရှိမနေခဲ့ဘူး။ သာသနာပြု လုပ်ငန်းတွေကို ကိုယ်ကျိုးစွန့်ပြီး လုပ်နေတဲ့သူပဲ ဖြစ်ဖြစ်၊ လူသားတွေရဲ့ စိတ်ထား မြင့်မြတ်လာအောင် တရားဟောနေပါဆိုတဲ့ ဘုန်းတော်ကြီးပဲ ဖြစ်ဖြစ် နောက်ဆုံး ကျတော့ လူဆိုတာ ငွေရှိသူ အာဏာရှိသူ မျက်နှာဖက်ကိုသာ လိုက်ပါချင်တတ်တဲ့ အကျင့်ရှိသူတွေပါလားဆိုတာ နားလည်မိတော့တယ်။

ဒီဇာတ်ကောင်တွေကို မမေ့မလျော့ ထူးထူးခြားခြား ကျွန်မ မှတ်မိနေတာ အကြောင်း တစ်ခုထဲကြောင့်ပါပဲ။ ကျွန်မက မကြောက်တတ်တဲ့သူတွေ (no fear) ကို သဘောကျလေ့ ရှိတယ်၊ လောကမှာ မကြောက်တတ်ဖို့ဆိုတာ မှန်မှန်ကန်ကန် ရပ်တည်တဲ့လူ (upright) ဖြစ်ဖို့လိုပါတယ်။




**First edition cover**

စာ အညွှန်းလဲ ရှည်နေပြီဆိုတော့ စာအုပ်နာမည်လေး အကြောင်း ခံစားမိသလို ပြောပြီး နိဂုံးချုပ်ပါမယ်နော်။ ဟာရိုးရော်ဘင် (Harold Robbins) က သူ့စာအုပ်ကို ပေးထားတဲ့ နာမည် Carpetbaggers ရဲ့အဓိပ္ပါယ် ဖွင့်ဆိုချက်ကတော့ ကိုယ့်နယ်မဟုတ်တဲ့ စီးပွားရေး နယ်ပယ်သစ်ကို ချဲ့ထွင်သူ ဒါမှမဟုတ် စီးပွားရေးကို အောင်မြင်အောင် မျိုးစုံလုပ်သူ လို့ ခပ်တိုတိုပြောရမယ်နဲ့ တူတယ်။

ဆရာ အထောက်တော်လှအောင်ရဲ့ စာအုပ်နာမည်လေးကို ပိုသဘောကျမိပါတယ်၊ ရှစ်စပ်က ဂျင်ချေလည်သူတဲ့…။ တောင်သူဦးကြီးတွေ လယ်ထွန်တဲ့အခါ ထွန်တုံးမှာ တတ်ထားတဲ့ ထွန်သွားနဲ့ အရပ်ရှစ်မျက်နှာ အသွားအပြန် လွန်းထိုးပြီး ထွန်ရေးညက်တဲ့အထိ နှံ့စပ်အောင် ထွန်ရပါတယ်။ အဲ့ဒီ ထွန်သွားက မြေကြီးကို ယက်တဲ့အခါ ဂျင်လည်သလိုမျိုး လည်နေတာပေါ့၊ မွမွညက်ညက်ဖြစ်တဲ့ လယ်ကို ရနိုင်ဖို့ အဲ့ဒီဂျင်လေးက လယ်အစပ် ရှစ်စပ်ကို နှံ့အောင်ရောက်နေသလို အရာရာနှံ့စပ်တဲ့သူ ကျွမ်းကျင်လည်ပတ်တဲ့သူကို ရှစ်စပ်ကဂျင်ခြေလည်သူလို့ မြန်မာတွေက ခိုင်းနှိုင်းပြီး ပြောကြပါတယ်။ နောက်တစ်ခုက အလုပ်အလွန်များတာကို ဂျင်ချေလည် လို့ မြန်မာ အဘိဓါန်က ဖွင့်ဆိုပါတယ်။

စာကောင်းပေမွန်များ ဖတ်ခြင်းဖြင့် ဖြောင့်မတ်မှန်ကန်သော စိတ်ဓါတ်ခွန်အားများ တိုးပွားကြပါစေ။

**ကိုးကား။**

ရှစ်စပ်က ဂျင်ခြေလည်သူ (အထောက်တော်လှအောင်)

http://www.biography.com/people/howard-hughes-9346282

http://en.wikipedia.org/wiki/Howard_Hughes

http://en.wikipedia.org/wiki/Harold_Robbins

http://en.wikipedia.org/wiki/The_Carpetbaggers

မေတ္တာဖြင့်… မရွှေစု

http://suuchitthu.blogspot.com

Harold Robbins ရေးခဲ့တဲ့ စာအုပ် မှန်သမျှ ကောင်းသလို သူ့ စာအုပ်တိုင်းနီးပါး ဆရာ အထောက်တော် ဘာသာပြန်ချက်ကလည်း ကောင်းလွန်းလှသဗျာ။

အမှန်အတိုင်း ဝန်ခံရရင် ဒီစာအုပ်တွေနဲ့ ကိုယ်တို့လူဖြစ်ခဲ့တယ်၊ Harold Robbins ရဲ့ နောက် (၂) အုပ် ညွှန်းချင်သေးတယ်။

၁ ) ။ The Adventurers / အုတ်ကြားမြက် (အထောက်တော်)

၁၉၇၈ - ၇၉ ခုနှစ်လောက်က သမ္မတ ရုပ်ရှင်ရုံ မှာ ဒီဇတ်ကား ရုံတင်တယ်။ သိပ်မကြာဘူး ပိတ်ပစ်လိုက်တယ်၊ နေဝင်းက သူ့အာဏာသိမ်းပုံနဲ့ တူလို့ ပိတ်တယ် ကြားတယ်။ အရမ်းကောင်းတယ် နောက်ပိုင်း လူတွေ သိအောင် E-Book လုပ်သင့်တယ်။

၂ ) ။ The Pirate / ဘယ်သူသေသေ ကိုယ်မာချင်သည့် ငတေ (အထောက်တော်)

အာရပ် - အစ္စရေး နောက်ခံ ဇတ်လမ်း ဂျူးခလေးက အာရပ် လက်ထဲ မွေးကတည်းက ကြီးပြင်းပြီး သေဌေးကြီး ဘေးဒါး ဖြစ်လာသည့်အကြောင်းနှင့် အာရပ် - အစ္စရေး ၆ ရက် စစ်ပွဲနှင့် အတူ ရေနံလောက၊ ကိုယ်ပိုင် လေယာဥ်နဲ့ မနက်စာ လန်ဒန်မှာ စားပြီး ညစာ ပါရီမှာ စားတဲ့ လူတန်းစားတွေ အကြောင်း စသဖြင့် အလွန်အင်မတန် ဖတ်သင့်သည့် စာအုပ်ကောင်းတစ်အုပ်ပါ။

အဲဒီ အချိန်က သူ့စာအုပ်တွေ ဖတ်ပြီး ကိုယ့်အတွက် သဘော်အရာရှိလုပ်၍ နိုင်ငံခြား ထွက်ချင်အောင် တွန်းအားပေးခဲ့တဲ့ စာအုပ်တွေလို့ ရိုးသားစွာဆိုပါရစေ ။

ရှစ်စပ်က ဂျင်ခြေလည်သူ ကောင်းပုံကို တစ်ယောက်က ပြောထားလို့ E-Book လုပ်သင့်ကြောင်း ကိုယ်လည်း ထောက်ခံပါသည်။

ဤ အကြောင်းတွေကြောင့် ရှစ်စပ်က ဂျင်ခြေလည်သူ တင်မက အထက်ပါ နှစ်အုပ် ကိုလည်း E-Book လုပ်သင့်ကြောင်း အသိပေးအပ်ပါသည်။

**Andrew Soe**

https://www.facebook.com/andrew.soe

Harold robbin ရဲ့ masterpiece စာအုပ်

မိခင် တစ်ယောက်

အမျိုးသမီး တစ်ယောက်ရဲ့အတ္တကြောင့် ခံစားခဲ့ရပုံ

Generation ၅ ဆက်လောက် အကြောင်းကို ပြောပြထားတဲ့ စာအုပ်

ဆင်းရဲ တုန်းက ခံစားခဲ့ရတဲ့ ဒုက္ခ

အောင်မြင်သွားတော့ ပူလောင်ရတဲ့ လောဘတွေကို ပြောပြထားတဲ့ စာအုပ်
စဖတ်တည်းက ပြီးသည်ထိ လက်က မချချင်တဲ့ စာအုပ်

**Gribbson Chan**

https://www.facebook.com/nga.pi.9

အင်မတန်ကောင်းတဲ့ စာအုပ်ပါ ကျနော် ဘာသာပြန်တွေကြိုက်သွားတာ ဒီစာအုပ်ကြောင့် ပါပါတယ်။ စိတ်ထဲမှာ လုပ်ချင်တာတွေကို အကုန်ဖြစ်အောင် လုပ်သွားတာဗျာ အပေါစား မိန်းမတစ်ယောက်ကို ရုပ်ရှင် သရုပ်ဆောင် ဖြစ်အောင် လုပ်တယ်၊ နာမည်ကြီးသွားတယ်၊ လေယာဉ်တွေထုတ်တယ်၊ မြို့ ၂ မြို့ကို အမြန်ဆုံး မောင်းတာဗျာ ကျနော်လဲ မေ့နေပြီ တော်တော်ကောင်းတဲ့ စာအုပ်...။ စာအုပ်ဆိုင်တွေမှာ မေးတယ် သိမ်းထားချင်လို့ သူတို့ မသိကြဘူးဗျ။ ကျနော်မေးတယ်။ အထောက်တော် လှအောင် ဒီစာအုပ်ရှိလားဆို မသိဘူးတဲ့။ မန်းလေးက နာမည်ကြီး နဂါးစာပေမှာပါ အဟောင်းဆိုင်တွေမှာ ရှိမယ်ထင်တယ်။ ထပ်ရှာရဦးမယ်။

**Ko Wai Gyi**

https://www.facebook.com/nga.htun

ကျွန်တော် ၄,၅ ခါထက်မနည်း ဖတ်ဖူးပြီးပါပြီ။ Ebook အဖြစ် လုပ်မယ်ဆို ဝမ်းသာစွာ ကြိုဆိုပါတယ်။ သိပ်ကြိုက်တဲ့ စာအုပ်တစ်အုပ်ပါ။ လီယိုနာဒိုလဲ ရုပ်ရှင် ရိုက်ဖူးတယ်။ အထောက်တော်လှအောင် ဘာသာပြန်တွေ အကုန်ကြိုက်တယ်။ အွန်လိုင်းမှာ Ebook အဖြစ် ရှိတာနည်းတယ်။ အမေရိကန်နိုင်ငံ ဘာလို့ အောင်မြင်တာလဲ။ သူတို့ ဘာလို့ နာမည်ကျော်ကြလဲ၊နာမည်ကျော်တွေ ဘာလုပ်ကြလဲ။ တစ်ကယ့်ကို ရုပ်စုံမြင်ကွင်း တစ်ခုပါ။ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး။ အရှုပ်အထွေး အညှီအဟောက်တွေပါ မြင်ရတဲ့ စာအုပ်တစ်အုပ်ပါ။

**Si Thu**

https://www.facebook.com/sithu613

ပညာရွှေတောင်စာအုပ် - ၉၀

HAROLD ROBBINS
၏
THE CARPET-BAGGERS

# ရှစ်စပ်က ဂျင်ခြေလည်သူ

အယောက်တော်လှအောင်
မြန်မာပြန်

အစအဆုံး
ဒုတိယအကြိမ်

ပညာရွှေတောင်စာအုပ်တိုက်
အမှတ် (၁၀၄)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၄၂၈၃၃

| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက်အမှတ် | ၅၄၁ / ၂၀၀၁ (၆) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၇၅၂ / ၂၀၀၂ (၈) |
| ထုတ်ဝေသည့်အကြိမ် | ဒုတိယအကြိမ် |
| | ၂၀၀၂ ခုနှစ်၊ ဇက်တင်ဘာလ |
| အုပ်ရေ | ၁၀၀၀ |
| အဖုံးပန်းချီ | ဦးစံဝိုး |
| ဖလင် | ဦးထွန်းဆိုင် |
| ထုတ်ဝေသူ | ဒေါ်မိုးကောနိုင် |
| | ချိုတေးသံစာပေ (၀၁၆၉၂) |
| | ရွှေနှံ့သာကျေးရွာ |
| | ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ |
| | ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် | ဦးဝင်းအောင် |
| အတွင်းစာသားပုံနှိပ် | သန်းထိုက်ရတနာအော့ဖ်ဆက် |
| | မြဲ(၀၅၁၃၁)၊ အမှတ် ၈၄၊ လမ်း ၅၀၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| တန်ဖိုး | ၂၄၀၀ ကျပ် |

## မြန်မာပြန်သူ၏အမှာ

လူ့သားဟူသည် စီးပွားရေးစနစ်၏ သားကောင်များ ဖြစ်၏။ ကောင်းမြတ် မှန်ကန်သော စီးပွားရေးစနစ်ကို လက်ခံကျင့်သုံးမိလျှင် လူဖြစ်ရကျိုးနပ်၏။ ဆိုးယုတ်လွဲမှားသည့် စီးပွားရေးစနစ်ကို စိုက်ထူတည်ဆောက်မိလျှင်ကား ရေပွက်ပမာ တစ်ခဏတာမျှသော လူ့ဘဝသည် အချည်းနှီး ဖြစ်ရမည်သာတည်း။

ယနေ့ကာလသည် အရင်းရှင် စီးပွားရေးစနစ်နှင့် ဆိုရှယ်လစ် စီးပွားရေးစနစ်တို့ အားပြိုင်နေကြသော ကာလ ဖြစ်၏။

အရင်းရှင် စီးပွားရေးစနစ်သည် ပုပ်သိုးဆွေးမြည့်ကာ ဖောက်ပြန်ယိုယွင်းနေ၏။

ဆိုရှယ်လစ် စီးပွားရေးစနစ်သည် ပျိုမျစ်သစ်လွင်ကာ ဖြောင့်မှန်လန်းရွှင်နေ၏။

အရင်းရှင် စီးပွားရေးစနစ်သည် လူနပ်လူပါး လူနည်းစုကလေး၏ ကောင်းကျိုးချမ်းသာကို ဆောင်၏။

ဆိုရှယ်လစ် စီးပွားရေးစနစ်သည် လူရိုးလူဖြောင့် လူများစုကြီးအတွက် လောကနိဗ္ဗာန်ကို တည်ဆောက်၏။

သို့ဆိုလျှင် အဘယ်စနစ်သည် တော်လှန် မှန်ကန်သောစနစ် ဖြစ်သနည်း။

ပုပ်သိုးဆွေးမြည့်ကာ ဖောက်ပြန် ယိုယွင်းနေသော အရင်းရှင် စီးပွားရေးစနစ်ဆိုး၏ သရုပ်သကန်ကို ပုံမှန်အတိုင်း မြင်ရစေရန်အတွက် ရှစ်စပ်က ဂျင်ခြေလည်သူကို ကျွန်တော် မြန်မာပြန်ပါသည်။

အရင်းရှင် စီးပွားရေးစနစ်၏ သားကောင်များသည် ကိုယ့်ကျိုး ကိုယ့်စီးပွားအတွက်၊

တစ်ဖက်လူ၏ အသည်းနှလုံးကို နှိုက်ယူစားသုံးရန် လက်မနှေး။

တစ်ဖက်လူ၏ ဘဝကို မှုန့်မှုန့်ညက်ကြေ နင်းခြေပစ်ရာတွင်လည်း အကြောက်တရား မရှိ။

တစ်ဖက်လူ၏ ကာယသုခ၊ စိတ္တသုခကို လောင်မီးတိုက်ရန်အတွက်လည်း အရှက်တရားနတ္ထိ။

စစ်ဆိုး စစ်ယုတ်တို့၏ သွေးပင်လယ်ကြောတွင် ငြိမ်းချမ်းလိုသည့် ကမ္ဘာ့ပြည်သူများ စုံးစုံးမြုပ်စေရန်လည်း နှစ်ခြိုက် မြူးရွှင်စွာ သူတို့ ဖန်တီးတတ်ကြပါသည်။

ယင်းသို့သော အယုတ်တမာတရားများကို ရှစ်စပ်ကဂျင်ခြေလည်သူတွင် ကွင်းကွင်းကွက်ကွက် မြင်တွေ့ရပါမည်။

အရင်းရှင်ကြီးသည် ကုမ္ပဏီကြီးများ တစ်ခုပြီး တစ်ခု ဖွင့်လှစ်၏။ စက်ရုံ အလုပ်ရုံကြီးများ တစ်ရုံပြီးတစ်ရုံ တည်ဆောက်၏။ သန်းပေါင်းများစွာ ကုဋေကုဋာ ဒေါ်လာတို့သည် သူ့အိတ်တွင်းသို့ တောင်ကျရေလို ဒလဟော စီးဝင်၏။

ထိုသို့သော အကျိုးကျေးဇူးများ ရရှိခံစားရအောင် ချွေးသွေးဖြင့် ရင်းကြရသည့် အဖိနှိပ်ခံ၊ ခေါင်းပုံအဖြတ်ခံ၊ လူညွန့်အခူးခံ လုပ်သားထု၏ အခန်းကဏ္ဍကား အဘယ်နည်း။

စနစ်ပျက် စနစ်ဆိုးတည်းဟူသော ကန့်လန့်ကာက သူတို့ကို အမှောင်တိုက်တွင်းသို့ အပြီးတိုင် သွတ်သွင်းလိုက်ပါသည်။

ဒီနေရာတွင် ရှစ်စပ်ကဂျင်ခြေလည်သူ အဓိက ဇာတ်ကောင်ဂျိနတ်စ်ကော့ (အငယ်)

၏ ဆွတ်ပျံ့တိမ်းမူးဖွယ်ဘဝကို စကားဦးသန်းလိုပါသည်။

ဂျိုနတ်စ်သည် ပညာ မစုံသေး။ ပါးစပ်မှ နို့နံ့ မစင်သေး။ မိခင် မေတ္တာရိပ်တွင် မခိုလှုံခဲ့ရစဖူး။ ဖခင်၏ မေတ္တာကိုလည်း ထိတွေ့နားလည်၍ မရ။ ချစ်ဦးသူကိုလည်း လက်လွှတ်ဆုံးရှုံးခဲ့ရသည့် ဘဝ။

ထိုအရွယ်၊ ထိုကာလ၊ တစ်ကောင်ကြွက်ဘဝမှာပင် သူ့ဘဝ နစ်မွန်းမသွား။ လောကလမ်းကြောင်း၏ အဟန့်အတား၊ အပိတ်အဆို့၊ အဖျက်အဆီးများကို ကြံ့ကြံ့ခံတွန်းလှန်ရင်း၊ အောင်လံထူနိုင်ခဲ့သည်။

ဒီအား၊ ဒီမာန်၊ ဒီအဓိဋ္ဌာန်မျိုးကို အနာဂတ် ခေါင်းဆောင်လောင်း လူငယ်တို့ နှလုံးပိုက်ကြမည်ဆိုလျှင် စာအုပ်ထူကြီးကို ကျွန်တော် ဘာသာပြန်ရကျိုး နပ်ပါသတည်း။

**အထောက်တော် လှအောင်**

# သူတို့အကြောင်းတစေ့တစောင်း

## (၁)

၃၉-လမ်းရှိ သတင်းဂျာနယ် ထပ်ခိုးအခန်းကလေးထဲတွင် ဖြစ်သည်။ ဤထပ်ခိုးခန်းကလေးကား တစ်ချိန်သောအခါက မြန်မာ့စာနယ်ဇင်းလောကတွင် တစ်ခေတ်ထူခဲ့သော သတင်းဂျာနယ်ကို ရေးသားတည်းဖြတ်ထုတ်ဝေခဲ့ရာ ဘူမိနက်သန် အခန်းကလေးပင် ဖြစ်သည်။

ထိုအခန်းကလေး၏ ထိပ်ပိုင်းရှိ လေးထောင့်စားပွဲကျယ်ကြီးတွင် လူသုံးယောက် ဖိုခနောက်ဆိုင် ထိုင်နေကြသည်။ သုံးယောက်စလုံး (၄၀)ဝန်းကျင် အရွယ်များချည်း ဖြစ်ကြသည်။

စားပွဲထိပ်မှ ဆုံလည်ကုလားထိုင်တွင် ထိုင်နေသူမှာ အရပ်ပြတ်ပြတ် တောင့်တောင့်တင်းတင်း ရုပ်သွင်နှင့် သတင်းဂျာနယ် အယ်ဒီတာချုပ်ဟောင်း စာရေးဆရာ အထောက်တော်လှအောင်။

သူနှင့်မျက်နှာချင်းဆိုင် ထိုင်နေသူကတော့ အရပ်မတိုမရှည် ကိုယ်ထည် ပုတ်လောက်ထွားသူ မြန်မာ့အလင်း အယ်ဒီတာနှင့် အောင်ကျော်ဦး စာပေထုတ်ဝေသူ ဦးကျော်ညွန့်။

စားပွဲထိပ်စွန်းတွင် ထိုင်နေသူကား ပိန်ရှည်ရှည် ပါးချိုင့်ခွက်ခွက်နှင့် ဤစာရေးသူ ကျွန်တော်။

တစ်ယောက်မှ စကား မပြောကြ၊ အားလုံး ငြိမ်နေကြသည်။ ဆေးလိပ်ကိုသာ တွင်တွင်ကြီး ဖွာရှိုက်နေကြသည်။

ကျွန်တော်တို့ သုံးယောက်သည် ကိုယ်နေရုပ်သွင်အားဖြင့် တစ်ဦးနှင့်တစ်ဦး လုံးဝမတူဘဲ ဆန့်ကျင်ဘက်ဖြစ်ကြသလို စိတ်ကူးချင်းလည်း ကွာခြားနေကြလိမ့်မည်ဟု ကျွန်တော် ထင်မိသည်။

တစ်အောင့်လောက်ကြာတော့မှ ကျွန်တော်က စားပွဲပေါ်မှ တစ်မိုက်သာသာ ထူသော ဖိုင်တွဲကြီးကို ဆွဲယူပြီး လှန်ကြည့်လိုက်သည်။

### ဟာရီးရော်ဘင်၏ ကားပက်ဘက်ဂါး<br>ရှစ်စပ်ကဂျင်ခြေလည်သူ<br>အထောက်တော်လှအောင် မြန်မာပြန်သည်

စာလုံးသေး အိုလံပီယာ လက်နှိပ်စက်ဖြင့် လျှောက်လွှာစက္ကူအရွယ် စာမျက်နှာ စုစုပေါင်း (၇၄၀)ကျော် ပါဝင်သော စာမူဖိုင်တွဲကြီး ဖြစ်သည်။

"ဘာပဲပြောပြော ဒီလောက်ထူတဲ့ စာမူကြီးကို တစ်လတည်းနဲ့ အပြီး ပြန်ဖြစ်တာကိုတော့ ဆရာ့ကို ကျွန်တော် ဝါ့ရှစ်ပ် (Worship) လုပ်ရမှာပဲ"

ကျွန်တော်က ဆရာအထောက်တော်လှအောင်၏ ဝီရိယကို အားကျမိသောကြောင့် ရင်ထဲခံစားရသည့်အတိုင်းပင် ကျွန်တော် သုံးနေကျစကားဖြင့် ဖွင့်ပြောလိုက်မိသည်။

တကယ်တော့ ဟာရီးရော်ဘင်၏ ကားပက်ဘက်ဂါး ဝတ္ထုကြီးကို အောင်ကျော်ဦး စာပေ ဦးကျော်ညွန့်၏ အဘိယာစက ပြုချက်အရ သူ ဘာသာပြန်ရန် စိတ်ဆုံးဖြတ်ထားပြီး

ဖြစ်ကြောင်း ကျွန်တော် မဆွကပင် ကြိုတင်သိခဲ့ရပြီး ဖြစ်သည်။ သိရရုံသာမက ထိုအကြံကို သူတို့နှစ်ယောက်က ကျွန်တော့်အား ထုတ်ဖော်ပြောပြပြီး ထင်မြင်ချက်များပင် တောင်းခံခဲ့ကြသည်။

"ဘယ့်နှယ်လဲ၊ ဖြစ်ပါ့မလား၊ စွံပါ့မလား"

"ခင်ဗျား သဘောထား ပြောပါဦး"

သူတို့က ကျွန်တော့်ဆန္ဒကို မေးခဲ့ကြသည်။

"အဲဒါတော့ ဆရာတို့က ကျွန်တော့်ထက် ပိုသိမှာပေါ့။ ကျွန်တော်က ဟာရိုးရော့ဘင် ဆိုတာ လက်ဖျားငွေသီးနေပြီး လေယာဉ်ပျံ စင်းလုံးငှားပြီး စီးနေနိုင်တဲ့ အမေရိကန်စာရေးဆရာ ဆိုတာလောက်ပဲသိတာ၊ သူ့စာအုပ် အစအဆုံး တစ်အုပ်မှ မဖတ်ဖူးသေးဘူး။ ဒါပေမယ့် စာအလွန်ဖတ်တဲ့ ကျွန်တော့်သူငယ်ချင်းတွေကတော့ မောင်ထော်လေးလမ်းက ခရေဖူး ကိုအုန်းကြည် အငှားဆိုင်မှာ စပေါ် တစ်ရာကိုးဆယ်တင်ပြီး အလုအယက် ဖတ်နေကြတာတော့ တွေ့တယ်"

ဤတွင် ကိုကျော်ညွန့်က ကြားဝင်ပြီး. . .

"ကျွန်တော်လည်း မဖတ်ဖူးသေးဘူးဗျ။ ဒါပေမယ့် ကားပက်ဘက်ဂါးကိုတော့ ကိုလှအောင်က ပုံပြောသလို ပြောပြလို့ အသေးစိတ် သိရပြီးပြီ။ သိပ်ကောင်းတဲ့ ဝတ္ထုပဲ၊ ဖတ်ကြည့်စမ်းပါ။ ခင်ဗျားလည်း ကြိုက်မှာပဲ။ ဇာတ်ကွက်တွေ စိပ်သလောက် ဆွဲအား သိပ်ကောင်းတယ်။ အထူးခြားဆုံးကတော့ ဒီနေ့ အမေရိကန် လူ့အဖွဲ့အစည်း ပုံသဏ္ဌာန်ကို ခေါင်းပန်းလှန်ပြထားတဲ့ စာအုပ်၊ ပင်တဝ္ဂန် စာအုပ်မှာ ခင်ဗျား ကြော်ငြာတဲ့ စကားနဲ့ ပြောရရင် 'အရင်းရှင် လူ့ဘောင်၏ သပွတ်အူဖြစ်စဉ်များကို တိုးလျှိုပေါက် ထွင်းဖောက်မြင်နိုင်အောင် လူပုံအလယ်မှာ အဝတ်ချွတ်ပြထားသော ခေတ်ကြေးမုံ ဝတ္ထုကြီး' တစ်ပုဒ်ပေါ့ဗျာ။ ဟက်-ဟက်-ဟက်-ဟက်"

ကိုကျော်ညွန့်က သူ့အပြော သူ့သဘောကျသလို သူ့အတွဘောကြီးကို တသိမ့်သိမ့် လှုပ်ခါရင်း တဟက်ဟက် ရယ်နေသည်။

ကျွန်တော်၏ ကျွန်မချစ်တဲ့ ဆူကာနို စာအုပ်ကို ကိုကျော်ညွန့်၏ အောင်ကျော်ဦး စာပေမှ ထုတ်ဝေရန် သတင်းဂျာနယ်တိုက်တွင် ပုံနှိပ်နေစဉ်က ကိုကျော်ညွန့်၏ မိတ်ဆက်ပေးမှုကြောင့် ဆရာအထောက်တော်နှင့် ကျွန်တော် သိကျွမ်းခဲ့ရသည်။ ထိုစဉ်က သူသည် ဗီယက်နမ်တော်လှန်ရေးဝတ္ထု ချေသော်မကြေ ကို ဘာသာပြန်နေသည်။ ကျွန်တော်တို့ မျက်စိအောက်တွင်ပင် သူသည် လက်နှိပ်စက်ဖြင့် တဖြောက်ဖြောက် ရိုက်ကာ ပြန်ဆိုနေသည်။ တစ်ရက်တွင် သူ့စားပွဲ၌ ဆူကာနို ဖောင်ပိတ် ဝိုင်းဖွဲ့ကြရင်း ချေသော်မကြေ ဇာတ်လမ်းကို ကျွန်တော်တို့အား သူက ပြန်လည် ပြောပြသည်။ ဟန်အမူအရာ အပြည့်၊ အားမာန် အပြည့်ဖြင့် စိတ်ပါလက်ပါ အိုင်ကျင်းတွေဖွဲ့ပြီး အသေးစိတ် ပြောပြချက်ကို ကျွန်တော်တို့အားလုံး နားရွက်မခတ် နားထောင်ခဲ့ကြရသည်။

ဤအရည်အချင်းတွင် ကိုကျော်ညွန့်ကလည်း အထောက်တော်နှင့် နင်လားငါလား ယှဉ်နိုင်သူ တစ်ဦးဟု ကျွန်တော် ထင်သည်။ ကိုကျော်ညွန့်၏ ထူးခြားချက်မှာ သူတစ်ပါး ပြောပြသော ဇာတ်လမ်းကို ရေရေလည်လည် နားဝင်အောင် ခံယူတတ်ပြီး တစ်ဆင့် ပြန်ပြောရာတွင်လည်း ပိုင်ပိုင်နိုင်နိုင် ရှိခြင်းပင် ဖြစ်သည်။ အကျဉ်းချုပ်၍ ကောက်ချက်ချ ဝေဖန်ရာတွင်လည်း သူသည် သိပ်ခေသူ တစ်ယောက် မဟုတ်။

"ဟုတ်တယ် ကိုပေါ်ထွန်း၊ ဒီစာအုပ်ကတော့ တကယ် ဆွဲတဲ့စာအုပ်ပဲ။ ကျွန်တော် ဟာရိုးရော့ဘင်စာအုပ် သုံးလေးအုပ် ဖတ်ပြီးပြီ။ ဒီစာအုပ် အကြိုက်ဆုံးပဲ။ ဒီစာအုပ်က (Panoramic View of American Jet-set Society) (အမေရိကန် အရင်းရှင်လောက လူ့မလိုင်တွေရဲ့ ဘဝကို မြင်ကွင်းကျယ် သုံးသပ်ထားတဲ့) စာအုပ်ပဲ။ စာပေရသနဲ့ ကြည့်ကြည့်၊ နိုင်ငံရေးအမြင်နဲ့ သုံးသပ်သုံးသပ် ဟာရိုးရော့ဘင်ရဲ့ 'စံဝင်' စာအုပ်ဆိုရင် မမှားဘူး။ ဒါပေမယ့် သူတို့ထုံးစံအတိုင်း လိင်ကိစ္စတော့ အသားပေးတဲ့ အခန်းတွေ ပါတာပေါ့။ ဒါပေမယ့် ဒါက ဇာတ်လမ်းရဲ့ အဓိက မဟုတ်ပါဘူး။ အဓိက ဇာတ်လမ်းက အရင်းရှင် လူ့ဘောင်ရဲ့ အပုပ်အဆွေးကို အထုပ်ဖြေပြထားတဲ့ ဇာတ်လမ်းပါ။ လိင်ကိစ္စကတော့ ကျွန်တော်တို့ ယဉ်ကျေးမှုနဲ့ မဆန့်ကျင်အောင် ဖြေပြီး ပြန်သွားရင် ရပါတယ်"

ဆရာအထောက်တော်ကလည်း သူ ပြန်မည့် စာအုပ်အကြောင်း သူ့ဝါသနာအတိုင်း ခြေဟန်လက်ဟန်နှင့် တက်တက်ကြွကြွ အားရပါးရ အမူအရာဖြင့် ဝင်၍ ကြော်ငြာသည်။

သူကြော်ငြာခဲ့သည့် အတိုင်းပင် ယခု ယင်းဝတ္ထု ဘာသာပြန် စာမူတစ်ပုံကြီးမှာ ကျွန်တော့် ရှေ့မှောက် ရောက်နေပြီ။

စောစောပိုင်းက ကိုကျော်ညွန့်က ကျွန်တော့်အား ရုံးသို့ ဖုန်းဆက်ခေါ်သဖြင့် ကျွန်တော်တို့ရုံးနှင့်နီးသော သတင်းဂျာနယ်တိုက်သို့ ကျွန်တော် ရောက်လာခဲ့ပြီး စာမူပုံကြီးနှင့် ပက်ပင်းတိုးရခြင်း ဖြစ်သည်။

ဤစာမူကို ဘာသာပြန်နေချိန်တွင် ဆရာအထောက်တော်သည် သတင်းဂျာနယ် ပုံနှိပ်တိုက်သို့ မလာဘဲ သုဝဏ္ဏတိုက်တွင် တိုက်ပိတ်ပြီး တစ်လတိတိ အင်တိုက်အားတိုက် ပြန်ခဲ့သည်ဟု ဆိုသည်။ ယင်းသို့ ပြန်ရာတွင် လက်ရေးဖြင့် ပြန်ရေးခြင်း မဟုတ်၊ မူရင်းစာအုပ်ကို ဘေးမှာချပြီး ကိုယ်တိုင် လက်နှိပ်စက်ရိုက်၍ ပြန်ဆိုခြင်း ဖြစ်သည်။ ကိုယ်တိုင် လက်နှိပ်စက် ရိုက်၍ ညောင်းလာလျှင် သူ၏ (သတင်းဂျာနယ် လက်ထက်ကတည်းက) လက်စွဲတော်ကြီး ကိုစိန်ဝင်းလေး (သတင်းဂျာနယ် ထောက်ချုပ်)က ဝင်ကူရသည်။ သူက ကုလားထိုင်တွင် ထိုင်ရင်း လည်ကောင်း၊ အခန်းထဲတွင် စကြံလျှောက်ရင်း လည်းကောင်း ပါးစပ်မှ ဘာသာပြန် ပေးသည်ကို ကိုစိန်ဝင်းလေးက လက်နှိပ်စက်ဖြင့် လိုက်၍ ရိုက်ပေးရသည်။

ဤသို့ဖြင့် စာလုံးသေး စာမျက်နှာ (၇၀၀)ခန့် ရှိသော ဖိုးစကွဲယား (Foursquare) စာအုပ်တိုက်ထုတ် မူရင်းစာအုပ်ကို ရက်ပေါင်း သုံးဆယ်တိတိ ပြည့်သောနေ့တွင် ဘာသာပြန်ဆို ခြင်းအမှု ချောမောအောင်မြင်စွာ ပြီးစီးလေတော့သည်။

ကျွန်တော်သည် ကားပက်ဘက်ဂါး (ဝါ) ရှစ်စပ်က ဂျင်ခြေလည်သူ စာမူဖိုင်ကြီးကို ဟိုလှန်ဒီလှန် လုပ်နေမိသည်။ ကိုကျော်ညွန့်နှင့် ဆရာအထောက်တော်တို့ကတော့ ကားပက် ဘက်ဂါးမှ အဓိက ဇာတ်ကောင်များ၏ စရိုက်နှင့် ဇာတ်ကွက်များကို အရှိန်ကလေး တဖျဉ်းဖျဉ်း ဖြင့် (သူတို့နှစ်ယောက်၏ ပင်ကို သဘာဝအတိုင်း) ကျယ်ကျယ်လောင်လောင် အားရှိပါးရှိ စားမြုံ့ပြန်နေကြသည်။ ကျွန်တော်က ဇာတ်လမ်းကို သိမထားသောကြောင့် သူတို့ စကားကို ကွဲကွဲပြားပြား နားမလည်။ ရီနာမာလိုး၊ ဂျိုးနတ်စ်ကော့၊ နီဗားဒါးစမစ်၊ ဟောလီးဝုဒ်၊ မြေခွေး ရုပ်ရှင်၊ ကိုလံဘီယာ၊ ဝါနာဘရားသား၊ အာရ်ကေအို စသော စကားလုံးများသည် သူတို့ စကားတွင် အပ်ကြောင်းထပ်နေကြသည်။

"ကဲ ဘယ်လိုလဲ ဆရာ၊ ဒီစာအုပ် စွံမယ် ထင်သလား".

ကိုကျော်ညွန့်က ကျွန်တော့်ဘက် ဖြတ်ခနဲ လှည့်ပြီး တုံးတိတိကြီး မေးလိုက်သည်။

"မပြောနိုင်ဘူး။ ဒါပေမယ့် အင်္ဂလိပ်ဆိုရိုး တစ်ခုတော့ ရှိတယ်။ (Every book has a reader) တဲ့၊ ဘယ်စာအုပ်မျိုးမဆို ဖတ်သူတော့ ရှိတာပဲပေါ့"

"ဟာ. . . ဟာ. . . ဟာ လုပ်ပြီ၊ စာအုပ်လောက ဆရာကြီးက၊ ကဲဗျာ. . . တိုတိုပဲ ပြောမယ်။ ခင်ဗျား အလုပ် ခင်ဗျား ကြည့်သာလုပ်ပေတော့"

"ဘာလုပ်ရမှာလဲ၊ စာမူ ဖတ်ရမှာလား"

"ဖတ်ရုံ မကဘူး၊ အမှာစာပါ ရေးရမှာ"

"ဟာ မဟုတ်တာဘဲ၊ ကြံကြီးစည်ရာ၊ ချီးပန်းနေပါဦးမယ်ဗျာ"

"ဘာလို့ ပန်းရမှာလဲဗျ၊ ခင်ဗျားက ဒီစာအုပ်ရဲ့ ရသတွေ ဝေဖန်ထောက်ပြနေဖို့မှ မဟုတ်ဘဲ။ ငွေတာရီမဂ္ဂဇင်းမှာ စာအုပ်လောက အခန်း ရေးနေသူ တစ်ဦးအနေနဲ့ အနောက် တိုင်း ကမ္ဘာကျော် စာရေးဆရာတွေအကြောင်း စာဖတ်ပရိသတ်နဲ့ မိတ်ဆက်သတင်းပေးရင် လုံလောက်ပါတယ်။ ပြီးတော့ ဒီဝတ္ထုထဲက အဓိကဇာတ်ကောင် ဂျိုးနတ်စ်ကော့အဖြစ် ဖန်တီး ထားတဲ့ အမေရိကန် သူဌေးကြီးဟောင်းဝပ်ဟူးဂျက်စ် အကြောင်းလည်း နည်းနည်းပါးပါး ရေးစေ ချင်တယ်။ အဲဒီ သူဌေးကြီးရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဆိုပြီး စာရေးဆရာတစ်ယောက်က စာမူတု လုပ်ကြံရောင်းလို့ ဒေါ်လာ သိန်းသန်းချီ ရသွားတဲ့ သတင်းတောင် ခင်ဗျား တစ်ခါက စာအုပ်လောက ဆောင်ပါးမှာ အခန်းဆက် ရေးခဲ့သေးတယ် မဟုတ်လား။ အဲ. . အဲ. . အဲဒီအကြောင်းကလေးတွေပါ ထည့်ရေးပေးဗျာ"

ကျွန်တော်က ကိုကျော်ညွန့်ကို ပြန်ငြင်းရန် ပါးစပ် ဟန်ပြင်လိုက်စဉ်မှာပင် လျှာသွက် အာသွက် တစ်ကိုယ်လုံး သွက်လက်မြူးကြွနေသော ဆရာအထောက်တော်က ဖြတ်ဝင်လာသည်။ သူက ကျွန်တော့် စိတ်ကူးကို ကြိုတင် သိထားသည့်အလား. . .

"ကိုယ်ပေါ်ထွန်းက ကလောင်ဝါကို တွက်နေလို့လား၊ မလိုပါဘူးဗျာ။ ခင်ဗျားက ဝေဖန်ရေး ပါရဂူကြီးတစ်ယောက် မဟုတ်ဘူးဆိုတာ လူတိုင်း သိပါတယ်။ ဒါပေမယ့် ခင်ဗျားမှာက စာအုပ်လောက ဆောင်းပါးရှင် တစ်ဦးအနေနဲ့ ပြောရေးဆိုခွင့် ရှိပါတယ်။ ဒါကြောင့် သူတို့ဆီက စာရေးဆရာတွေအကြောင်း ကိုယ်သိသမျှ မိတ်ဆက်သဘော ပြောပြဖို့ပါ။ ဒါ ကောင်းတဲ့ အလုပ်ပါ။ အားလုံးအတွက် အကျိုးရှိပါတယ်။ ကျွန်တော့် စာမူကို ခင်ဗျားက အစအဆုံး ဖတ်ပြီး ဝေဖန်ဖို့ မဟုတ်ပါဘူး။ ဒါပေမယ့် အချိန်ပေးနိုင်မယ် ဆိုရင်တော့ စာမူကို လည်း မြည်းကြည့်စေချင်ပါတယ်။ ရေးကွက် ရတာပေါ့"

နောက်ဆုံးတော့ ကျွန်တော် မငြင်းသာတော့ပါ။

ကျွန်တော်က တစ်ယောက်တည်း။ သူတို့က နှစ်ယောက်။

## (၂)

ကျွန်တော် စာမူယူလာပြီး ရသမျှ အချိန်ပိုကလေးများတွင် ကြိုကြားကြိုကြား ဖတ်ရင်း စာမျက်နှာ (၄၀၀)ထိ ရောက်လာသည်။ အတိအကျ ဆိုရလျှင် ဇာတ်လိုက်မင်းသမီး ရိနာမာလိုအား ဆွစ်ဇာလန်နိုင်ငံ၊ ဇူးရစ်မြို့ တစ်နေရာတွင် နံပါတ်ဖိုးဂိုဏ်းသား တစ်စုက ဖိုတန်ဒိုးဖြင့် မေ့မြောစေပြီး ဝတ်လစ်စလစ် ဓာတ်ပုံရိုက်ယူကြသည့် အခန်းအထိ ရောက်လာသည်။

ထိုစာမျက်နှာအထိ ဖတ်ဖြစ်ခဲ့သည်မှာ အခြေအနေအရ ကျွန်တော့်အဖို့ ကြီးစွာသော အားထုတ်မှုကြီးတစ်ရပ် ဖြစ်သည်။ အကြောင်းကတော့ ကျွန်တော့်မှာ အစိုးရအလုပ်တစ်ဖက်နှင့် အချိန်လု၍ စာရေးနေရသော ကလောင်ဖြစ်သောကြောင့် အကြွေးတင်နေသော စာမူများကို အမြန်ဆုံး အပြီးရေးရန်သာ သွေးရူးသွေးတန်း အားသွန်နေရသည်။ အမှန်ဆိုသော် ကျွန်တော့် အဖို့ ကိုယ့်စာမူ ပြီးရေးသာ အဓိကဖြစ်နေသော ဘဝ ဖြစ်သည်။ အလွန့်အလွန် စိတ်ဝင်စားခြင်း မရှိလျှင် ဘယ်စာအုပ်၊ ဘယ်စာမူကိုမှ ဖတ်နေဖို့ အချိန်မပေးနိုင်သော အခြေအနေမျိုး ဖြစ်နေသည်။ ယင်းအခြေအနေတွင် ရှစ်စပ်ကဂျင်ခြေလည်သူကို ရက်ပေါင်း (၂၀)ခန့်အတွင်း စာမျက်နှာ (၄၀၀)ခန့်မျှ ကျွန်တော် ဖတ်ဖြစ်ခဲ့သည်။

ယင်းသို့ ဖတ်ဖြစ်ခဲ့သည်မှာလည်း ယင်းဝတ္ထုကို ကျွန်တော် စိတ်ဝင်စားသောကြောင့် ဖြစ်သည်။ စိတ်ဝင်စားအောင်လည်း အရေးအသားနှင့် ဇာတ်လမ်းက ကျွန်တော့်အား တရွတ်တိုက် ဆွဲခေါ်သွားခဲ့သည်။ သို့သော် ကျွန်တော့် အခြေအနေအရ တွန်းမဖတ်ဘဲ ဖြည်းဖြည်းပင် ဖတ်နေမိခဲ့သည်။

ထိုအခြေအနေတွင် နောက်ထပ် အခြေအနေသစ် တစ်ရပ် ပေါ်လာခဲ့သည်။ ကျွန်တော့်အဖို့ ကံကောင်းသည်ဟုပင် ဆိုရမည်လား၊ ကံဆိုးသည်ဟုပင် ပြောရမည်လား။

ကျွန်တော် စာမျက်နှာ (၄၀၀)ခန့် အရောက်တွင် ကျွန်တော့်ထံမှ စာမူလုမည့် ပုဂ္ဂိုလ် တစ်ဦး ရောက်လာသည်။ ထိုပုဂ္ဂိုလ်မှာ မန္တလေးဆေးတက္ကသိုလ်မှ ဒေါက်တာတင်သန်းမြင့် (ဆေး-မန်း) ဖြစ်သည်။ ဒေါက်တာတင်သန်းမြင့် ရန်ကုန်ရောက်လာခိုက် ရှစ်စပ်က ဂျင်ခြေလည်သူကို ဖတ်ကြည့်ချင်၍ (ဖြစ်နိုင်လျှင်) ခေတ္တပြန်ပေးပါဟု တစ်နေ့တွင် ဆရာအထောက် တော်က ကျွန်တော့်ဆီ တယ်လီဖုန်းဆက်ပြီး ပြန်တောင်းလာသည်။

ဤတွင် ကျွန်တော့်အဖို့ ဝမ်းသာဝမ်းနည်း ခံစားလိုက်ရသည်။ စာမျက်နှာ (၇၀၀) ကျော်ကို အချိန်လု ဖတ်ရမည့် ဒုက္ခမှ ကင်းလွတ်ရပြီဟု တွေးလိုက်မိသောကြောင့် ဝမ်းသာခြင်း ဖြစ်ရသည်။ စာရေးနေသော မိမိအတွက် အဘက်ဘက်မှ အကျိုးရှိနိုင်သော ဝတ္ထုကောင်း တစ်ပုဒ်ကို ဆုံးအောင် မဖတ်လိုက်ရသောကြောင့် ဝမ်းနည်းခြင်း ဖြစ်ရသည်။ သို့သော် ကိစ္စမရှိ။ ဒေါက်တာ ဖတ်ပြီးမှ ပြန်ဖတ်မည်ဟု စိတ်ကိုဖြေကာ စာမူဖိုင်ကြီးကို ပြန်ပို့လိုက်သည်။

နောက်တော့လည်း (အထောက်တော်လှအောင်၏ လက်သုံးစကားဖြင့် ပြောရလျှင်)

'အကြောင်းကြောင်းသော အကြောင်းကြောင်းများကို အကြောင်းပြုပြီး သကာလ' ထိုစာမူကို ကျွန်တော် ဆက် မဖတ်ဖြစ်ခဲ့တော့ပါ။

ယင်းသို့ဖြင့် တစ်နေ့ပြီးတစ်နေ့ အချိန်တွေ ကုန်သွားပြီး စာမူကို စာစီတော့မည့် အဆင့်သို့ ရောက်လာခဲ့သည်။ ဆိုလိုသည်မှာ ကျွန်တော် ဆုံးအောင် မဖတ်လိုက်ရသော စာမူအတွက် အမှာစာ ရေးပေးရတော့မည့် အချိန်သို့ ရောက်လာခဲ့တော့သည်။

စင်စစ် ဟာရိုးရော့ဘင်သည် မြန်မာစာဖတ်ပရိသတ်အတွက် မျက်နှာစိမ်းသော စာရေးဆရာ မဟုတ်။ သူ့စာအုပ် ဘာသာပြန်တွေ အတော်များများ ထွက်ခဲ့ဖူးပြီ။

မည်သို့ပင်ဖြစ်စေ ဟာရိုးရော့ဘင်ကို မြန်မာပရိသတ် အတော်များများက အညှီအဟောက် စာရေးဆရာ (ဝါ) အလဇ္ဇီ စာရေးဆရာ ဟူ၍ပင် ထင်မှတ်နေကြသည်ကတော့ အမှန်ပင်။

ဤသည်မှာ မဆန်းပါ။ ဟာရိုးရော့ဘင် တစ်ဦးတည်းသာ မဟုတ်ပါ။ ယနေ့ အနောက်တိုင်း စာအုပ်လောကတွင် ဟာရိုးရော့ဘင်လို နာမည်ကျော် ပေါ်ပြူလာ (ရောင်းမလောက် အစွံဆုံးစာရင်းဝင်) စာရေးဆရာတိုင်းလိုလိုပင် လိင်ကိစ္စကို အနည်းနှင့် အများ အသားပေး ရေးသားနေကြသည်။

အာသာဟေလီ၊ အာဗင်ဝါလေ့၊ ဂျက်ကလင်းဆူဆန်တို့လို ယနေ့ ကမ္ဘာကျော် ရောင်းမလောက် စာရေးဆရာများကလည်း သူတို့ ဝတ္ထုများတွင် လိင်ကိစ္စကို တွင်တွင်ကြီး ထည့်သွင်းရေးသားနေကြသည်။

သို့ဆိုလျှင် သူတို့တစ်တွေ ကမ္ဘာကျော်နေကြခြင်းမှာ လိင်ကိစ္စတွေကိုချည်း ရေးနေကြလို့လား ဟူ၍ စောဒကတက်စရာ ရှိသည်။

မဟုတ်ပါ။ လိင်ကိစ္စကြောင့်ချည်း မဟုတ်ပါ။ သူတို့ လူမျိုးစရိုက်၊ သူတို့ လူ့အဖွဲ့အစည်း ပုံစံအရ စာဖတ်သူတွေ စိတ်ဝင်စားမည့် အကြောင်းအရာတွေကို ရွေးပြီး ရေးနေကြသောကြောင့်သာ ကမ္ဘာကျော်နေကြခြင်း ဖြစ်သည်။

သူတို့၏ လူ့ဘောင်သည် အရင်းရှင်လူ့ဘောင် ဖြစ်သည်။ အရင်းရှင်လူ့ဘောင်တွင် ငွေသည် အဓိက။ ထို့ကြောင့် ငွေးကြေးချမ်းသာရေးအတွက် ဆိုလျှင် စက်တိုင်ပင် တက်ရတက်ရ လောဘဇောတိုက်ပြီး အချင်းချင်း လည်လှီးကြသည်။ ခေါင်းပုံဖြတ် အမြတ်ထုတ်ကြသည်။ စီးပွားရေး သွေးစုပ်ကြသည်။ ငွေကို ရေလို သုံးနိုင်သောအခါ သဘာဝအတိုင်း အာဏာ လိုချင်လာသည်။ ငွေနှင့်အာဏာ ရှိနေသူအဖို့ မိန်းမပွေရန်သာ ကျန်တော့သည်။

အသပြာ၊ တဏှာနှင့် အာဏာ။

ယင်းတို့မှာ အရင်းရှင်လူ့ဘောင်၏ အန္တိမဘာဝဆန္ဒကြီး သုံးရပ် ဖြစ်သည်။ ထို့ကြောင့်လည်း သူတို့ဆီက ရောင်းမလောက် စာရေးဆရာများအနေဖြင့် ငွေရရေးအတွက် စွန့်စွန့်စားစား စီးပွားရှာကြပုံ၊ အာဏာရရေးအတွက် အပြိုင်အဆိုင် အနိုင်ကြကြပုံ၊ ကမ္ဘာသိ အလှမယ်တွေကို တစ်ယောက်ပြီး တစ်ယောက် ရွေးကောက်ပြီး ကာမဂုဏ်စည်းစိမ်တွေ ကမ်းကုန်အောင် ခံစားကြပုံများကို ဇာတ်လမ်းဇာတ်အိမ်တွေ ကြီးကျယ်ခမ်းနားစွာ ဖန်တီးပြီး ဝတ္ထုတွေ တစ်အုပ်ပြီး တစ်အုပ် ရေးထုတ်နေကြခြင်း ဖြစ်သည်။

ယင်းသို့ ရေးရာတွင် ဝတ္ထုဖြစ်ပြီးရော သဘောဖြင့် ပြီးစလွယ် ဖြစ်ကတတ်ဆန်း မရေးကြ။ အကြောင်းအရာနှင့် ဇာတ်ကောင်စရိုက်ကို သေသေချာချာ အချိန်ယူလေ့လာပြီးမှ ပိုင်ပိုင်နိုင်နိုင် ရေးတတ်ကြသည်။ ဟာရိုးရော့ဘင် ဆိုလျှင် တစ်ခါက ဇာတ်လမ်း တစ်ပုဒ်အတွက် ဩစတြေးလျနိုင်ငံသို့ ခရီးထွက်ရာတွင် အတွင်းရေးမှူးတွေ (Persomal Secretaries) အချက်အလက် ရှာပေးသူတွေ (Researchers) တစ်ပြုံကြီးနှင့် ဂျက်လေယာဉ်ပျံ စင်းလုံးငှားပြီး သွားခဲ့သည်။

နောက်ပြီး သူတို့ဆီက ရောင်းမလောက် စာရေးဆရာများ၏ အဓိက 'ဖော်နည်းကား' တစ်ရပ် ရှိသေးသည်။ ယင်းမှာ အခြား မဟုတ်၊ ကြီးကျယ်သော ဇာတ်ကောင်တွေကို အလေးအနက်ထားပြီး ဂရုစိုက် ရွေးချယ်ခြင်း ဖြစ်သည်။

ဥပမာ- ကမ္ဘာကျော် သန်းကြွယ်သူဌေးကြီးများ၊ နိုင်ငံတော်သမ္မတများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ရုပ်ရှင်မင်းသား၊ မင်းသမီးများကိုသာ သူတို့ ဝတ္ထုထဲတွင် ဇာတ်လိုက်အဖြစ်

ဖန်ဆင်းကြသည်။

ယင်းသို့ ကမ္ဘာကျော်များကိုသာ 'စံ'ထားပြီး ဇာတ်ကောင်ရွေးခြင်းမှာ သူတို့ ဝတ္ထုလောကတွင် အတော်ကြီး ရေပန်းစားနေသည်။ ဤဝတ္ထုမျိုးကို ကမ္ဘာ့စာပေဝေါဟာရအားဖြင့် ('Roman a clef') (ဖြစ်ရပ်မှန် စံပြုဝတ္ထု)ဟူ၍ ခေါ်သည်။ လူသိထင်ရှား ပုဂ္ဂိုလ်တစ်ဦး၏ ဘဝမှန်ကို တစ်စိတ်တစ်ပိုင်း ဖြစ်စေ၊ အစိတ်အပိုင်း တော်တော်များများ ဖြစ်စေ ဆွဲယူပြီး မိမိစိတ်ကူးဖြင့် ဇာတ်ကွက်ဆင် ချဲ့ထွင်ကာ ရေးသားသော ဝတ္ထုမျိုး ဖြစ်သည်။

ယခု ကားပက်ဘက်ဂါး ဝတ္ထုသည်လည်း ထိုဝတ္ထုမျိုးဖြစ်သည်ဟု ဝေဖန်ရေးဆရာတို့က ကောက်ချက်ချကြသည်။ ဤဝတ္ထုမှ အဓိကဇာတ်ကောင် တစ်ဦးဖြစ်သူ ဂျိုနတ်စ်ကော့ (အငယ်)သည် ယခုနှစ်ဆန်းကမှ (အသက် ၇၀ အရွယ်တွင်) ကွယ်လွန်သွားခဲ့သော ကမ္ဘာကျော် အမေရိကန် ဓောတိကသူဌေးကြီး ဟောင်းဝပ်ဟူးဂျက်စ် (Howard Hughes) ၏ ဘဝမှန်ကို 'စံ'ထားပြီး ဖန်ဆင်းထားသော ဇာတ်ကောင် ဖြစ်သည်ဟု ဆိုသည်။

ဟောင်းဝပ်ဟူးဂျက်စ်ကား ကမ္ဘာတွင် မသိသူ မရှိသော (မီလျံနာထက်ကြီးသော) ဘီလျံနာ သူဌေးကြီး ဖြစ်သည်။

ကမ္ဘာအရပ်ရပ်တွင် သူပိုင် စီးပွားရေးလုပ်ငန်းပေါင်း (50,000) (ငါးသောင်း) ကျော်ရှိသည့်အနက် စက်ရုံကြီးများ၊ ဟိုတယ်ကြီးများ၊ လေယာဉ်ပျံ စက်ရုံကြီးများ၊ လေကြောင်းကုမ္ပဏီကြီးများနှင့် ကက်စီနို ခေါ် လောင်းကစားဝိုင်းကြီးများလည်း ပါဝင်သည်။

သူသည် လေယာဉ်ပျံ ပေါ်ဦးစကတည်းက စွန့်စွန့်စားစား လေယာဉ်မောင်းရာတွင်လည်း စံချိန်ချိုး၍ ကမ္ဘာကျော်ခဲ့သည်။ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်၊ ရုပ်ရှင်ဒါရိုက်တာ၊ ရုပ်ရှင်မင်းသား အဖြစ်ဖြင့်လည်း တစ်ကြိမ်က ဟောလီးဝုဒ်ရုပ်ရှင်လောကတွင် တစ်ခေတ် ထူခဲ့သည်။ ကမ္ဘာ့အလှမယ်များ စာရင်းတွင် ပါဝင်ကြသော ဂျိန်းဟာလိုး၊ ဂျင်ဂျာရောဂျားစ်၊ အာဗာဂါဒနာ၊ ဂျိန်းမီတာစ်၊ တယ်ရီးမိုးနှင့် ဂျိန်းရပ်ဆဲလ် စသည့် ရုပ်ရှင်မင်းသမီးများအား တစ်ယောက်ပြီး တစ်ယောက် ခေါင်းခေါက်ရွေးပြီး တွဲခုတ်ပွေ့ရှုပ်၍ 'မ' လိုက်ခဲ့ရာတွင်လည်း ကမ္ဘာကျော်ခဲ့သည်။

ထို့ပြင် အမေရိကန် ဗဟိုထောက်လှမ်းရေးဌာန (စီအိုင်အေ)ကို ခါးပိုက်ထဲထည့်ပြီး သူ့စက်ရုံထွက် ပစ္စည်းများအတွက် အစိုးရအဖွဲ့မှ ကန်ထရိုက်လုပ်ငန်းကြီးများ ရရှိအောင် သမ္မတများနှင့် နိုင်ငံရေးသမားများအား ဒေါ်လာငွေတွေ ဒလဟော ပုံအောကာ ရွေးကောက်ပွဲစရိတ်ထောက်ပံ့ခဲ့ရာတွင်လည်း နာမည်ကြီးသူ ဖြစ်သည်။

ဟောင်းဝပ်ဟူးဂျက်စ် ကမ္ဘာကျော်ရခြင်း အခြား အကြောင်းတစ်ရပ်ကလည်း လွန်ခဲ့သော (၁၉၅၀)ပြည့် ဝန်းကျင်ခန့်မှစ၍ သူကိုယ့်သူ လူမြင်မခံတော့ဘဲ ဧကစာရီ ဘဝဖြင့် လျှို့ဝှက်စွာ နေထိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ သူသည် တစ်ခါတစ်ရံ သူ၏ အရင်းနှီးဆုံးနှင့် အယုံကြည်ရဆုံး လက်ရွေးစင်အမှုထမ်း တစ်စုဖြင့် (ဂျက်ကလင်းကနေဒီ၏ခင်ပွန်း အိုနာစစ်ကဲ့သို့ပင်) သမုဒ္ဒရာထဲမှ သင်္ဘောကြီးပေါ်တွင်လည်း နေတတ်သည်။ တစ်ခါတစ်ရံတွင်လည်း ကျွန်းတစ်ကျွန်းမှ ဟိုတယ်ကြီးတစ်ခုပေါ်တွင် ပြောင်းရွှေ့နေလေ့ ရှိသည်။ စိတ်မလိုလျှင် ဉစ္စာစောင့် သိုက်ပြောင်းသလို တစ်လတည်း လေးငါးခြောက်နေရာ ပြောင်းပြီး သူ့အကြောင်း တစ်ကမ္ဘာလုံးက မသိနိုင်အောင် ပုန်းနေလေ့ ရှိသည်။ သူ ဆန္ဒမရှိလျှင် အမေရိကန်သမ္မတက ဆင့်ခေါ် တောင်မှ လာရောက်မည် မဟုတ်ဟုပင် သူက ကြွေးကြော်ခဲ့သည်အထိ ဩဇာအာဏာ စူးရှခဲ့သည်။

သို့ဖြင့် ဟူးဂျက်စ်သည် ကမ္ဘာ့စာနယ်ဇင်းလောကက ခြေရာထပ်၍ မပြတ် သတင်းလိုက်ခံရသူ တစ်ဦးအဖြစ်သို့ ရောက်လာခဲ့သည်။ စာအုပ်လောကကလည်း သူတို့ အထူးစိတ်ဝင်စားလာသည်။ စာရေးဆရာတွေက သူ့အကြောင်းကို အတ္ထုပ္ပတ္တိစာအုပ် ရေးရန် သားကောင်နောက် မုဆိုးလိုက်သလို လိုက်ကြသည်။ သူနှင့် ကိုယ်တိုင်ကိုယ်ကျ တွေ့နိုင်ရန် နည်းအမျိုးမျိုးနှင့် ကြိုးစားကြသည်။ သို့သော် ဘယ်စာရေးဆရာမှ မအောင်မြင်ခဲ့ကြ။

(၁၉၇၁) ခုနှစ် ဒီဇင်ဘာလတွင်မူ သူ့အကြောင်းနှင့် ပတ်သက်၍ သတင်းထူး သတင်းဦးကြီးတစ်ရပ် ပေါ်ထွက်လာခဲ့သည်။

"ဟောင်းဝပ်ဟူးဂျက်စ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ကို မက္ဂရောဟစ်လ်စာအုပ်

တိုက်မှ စာအုပ်ထုတ်ဝေတော့မည်။ ကမ္ဘာကျော် လိုက်ဖ် မဂ္ဂဇင်းကြီး အပါအဝင် အခြား စာနယ်ဇင်းပေါင်း များစွာတို့ကလည်း ထုတ်နုတ်ချက်များ ဖော်ပြကြမည်။ ဧကစာရီသူဌေးကြီးက ကလစ်ဖို့အာဗင်ဆိုသူ စာရေးဆရာနှင့် နေရာပေါင်းများစွာပင် နှစ်ဦးချင်း ခက်ခက်ခဲခဲ လျှို့ဝှက် တွေ့ဆုံပြီး ပြောပြချက်များအတိုင်း သူဌေးကြီး၏ လူမသိသော၊ လူတိုင်း သိချင်နေသော ဘဝအတွင်းရေးများကို ရင်ဖွင့် ရေးသားထားခြင်း ဖြစ်သည်"ဟူသော သတင်းပင် ဖြစ်သည်။

ဤသတင်း ထွက်လာလျှင်ထွက်လာခြင်း ဘဟားမားကျွန်း တစ်နေရာတွင် ကိုယ်ယောင်ဖျောက်နေသော သူဌေးကြီးက ကလစ်ဖို့အာဗင် ဆိုသူ စာရေးဆရာကြီးကို မိမိ လုံးဝမသိ။ မိမိ အတ္ထုပ္ပတ္တိကိုလည်း မည်သူ့အားမျှ ရေးခွင့်မပြု ဟူ၍ တန်ပြန်ကြော်ငြာချက် တစ်ရပ် ထုတ်ပြန်လိုက်သည်။

အချုပ်ဆိုသော် စာရေးဆရာ အလိမ်ပေါ်ပြီး စာမူတု လုပ်ကြံရေးသားမှုအတွက် အဖမ်းခံရသည်။ နောက်ဆုံး စာရေးဆရာနှင့် ကြံရာပါ ဇနီးသည် ပန်းချီဆရာမပါ နှစ်ယောက်စလုံး ထောင်နန်းစံခဲ့ကြရသည်။ သို့သော် မဂ္ဂရောဟစ်လ် စာအုပ်တိုက်နှင့် လိုက်ဖ်မဂ္ဂဇင်းများက ဒေါ်လာငွေ သန်းနှင့်ချီ ထုတ်ပေးခဲ့သော စာမူခ ကြိုတင်ငွေမှာ လုံးဝ ပြန်မရတော့။ စာရေးဆရာက အလှမယ်ကလေးတွေနှင့် အပျော်ကြူး သုံးဖြုန်းပစ်၍ ပြောင်သလင်းခါသွားခဲ့ပြီးဖြစ်သည်။

ဤဖြစ်ရပ်ကြောင့် စာအုပ်သုံးအုပ်မျှသာ ထုတ်ဖူးသေးသော စာရေးဆရာ အာဗင်လည်း ကမ္ဘာကျော်သွားခဲ့သည်။ လူသူ မမြင်ရအောင် နှစ်ပေါင်းများစွာ ပုန်းရှောင် လျှို့ဝှက်နေခဲ့သော ဘီလျံနာသူဌေးကြီး ဟောင်းဝပ်ဟူးဂျက်စ်လည်း ယခင်ကထက် အဆပေါင်းများစွာပို၍ ထင်ပေါ်သွားသည်။

ယခု ဤဝတ္ထုမှာ အထက်က ကျွန်တော် အစီရင်ခံခဲ့သည့်အတိုင်း သူ့အကြောင်း၊ သူ့ဘဝကို 'စံ'ပြုပြီး ရေးသားထားသော ရောင်းမလောက် ကမ္ဘာကျော် ဝတ္ထုကြီး ဖြစ်သည်။

ဤဝတ္ထုကြီးကို ကျွန်တော် တစ်ဝက်တစ်ပျက်သာ ဖတ်ရှုရသောကြောင့် ဤထက်ပို၍ ဘာမှ မပြောလိုပါ။ ပြောလည်း ပြောနိုင်စွမ်းမည် မဟုတ်ပါ။ ပြောချင်းပြောလျှင် အချိန်အား၊ ငွေအားနှင့်ဉာဏ်အားတွေ အများကြီး စိုက်ထုတ်ပြီး စွန့်စွန့်စားစား ထုတ်ဝေသူ ဆရာအထောက်တော်ကသာ အများကြီး အများကြီး ပြောနိုင်ပါလိမ့်မည်။

ဆရာအထောက်တော်က သူ၏ အမှာစာ (တို) ကလေးတွင် ပြောထားသည်ကတော့. . .

*အရင်းရှင်စနစ်၏ အပုပ်အဆွေးနှင့် အယုတ်တမာတရားများကို ရှစ်စပ်ကဂျင်ခြေလည်သူတွင် ကွင်းကွင်းကွက်ကွက် မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ပြီးတော့. . .*

*ပညာမစုံသေးသော မိတဆိုး၊ ဖတဆိုး လူငယ်တစ်ဦးကတော့ အချင်းချင်း ခုတ်ထစ်ပစ်ခတ်သတ်ဖြတ်ပြီး စီးပွားရေးကို ဘီလူးစီးနေကြသော အရင်းရှင် လောကစံပယ်လယ်ကြောတွင် ရဲရင့်သော ဆုံးဖြတ်ချက်၊ ပြင်းပြသော အားမာန်၊ ခိုင်မာသော အဓိဋ္ဌာန်ဖြင့် ကူးခတ်ကျော်ဖြတ်နိုင်ခဲ့ပုံကို မျိုးဆွန့်လူငယ်တို့ အားကျမိကြမည်ဆိုလျှင် (သူ့အနေဖြင့်) စာအုပ်ထုကြီးကို ဘာသာပြန်ရကျိုး နပ်ပြီ ဖြစ်ကြောင်း.* . . အလေးအနက် အာမခံထားသည်။

သို့ဆိုလျှင်. . . ဘာသာပြန်ဆရာသည် အပြောနှင့်အလုပ် အဟုတ်တကယ် ညီမညီကို လယ်ပြင်မှာ ဆင်သွားသလို အပြတ်သိရအောင် အဆုံးအဖြတ်ပေးဖို့ကတော့ စာဖတ်ပရိသတ်ကသာ စွမ်းဆောင်နိုင်ပါလိမ့်မည်။

**မောင်ပေါ်ထွန်း**

# ဂျိုနတ်စ်

# (၁၉၂၅)

# စာအုပ်တစ်

## (၁)

ရိုနိုမြို့ပေါ်သို့ ကျွန်တော် ကျော်ဖြတ်ပျံသန်းမိသော အချိန်မှာပင် ဖြူဖွေးသည့် နီဗားဒါးပြည်နယ် သဲကန္တာရအတွင်းသို့ နေဝင်စပြုပြီဖြစ်ကြောင်း တွေ့ရသည်။ ဝါကို လေယာဉ်ပျံ၏ဦးကို အရှေ့ဘက်သို့ ကျွန်တော် တည့်မတ်လိုက်သည်။ လေယာဉ်ပျံ ကိုယ်ထည်နှင့် ထိတွေ့ရာမှ စူးစူးဝါးဝါး ပေါ်ထွက်လာသော လေတိုးသံကို ကြားနေရသည်။

ကျေနပ်စွာ ကျွန်တော် ပြုံးလိုက်မိ၏။

ဒီ လေယာဉ်ပျံကို ဖေဖေ တွေ့လျှင် ဘုံဆောင့်ချေတော့မည်။ သို့သော်လည်း ဒီကိစ္စနှင့်ပတ်သက်ပြီး သူ ဘာမှ စောဒကတက်စရာ ရှိမည် မဟုတ်။ ဒီလေယာဉ်ပျံနှင့် ပတ်သက်ပြီး ဖေဖေ့ အနေဖြင့် ငွေကြေးတစ်စုံတစ်ရာ ကုန်ကျရန် အကြောင်း မရှိ။ အန်စာတုံး ကစားပွဲတွင် ကျွန်တော် အနိုင်ရခဲ့သော လေယာဉ်ပျံမျှသာ ဖြစ်လေသည်။

ကျွန်တော်သည် အမြင့်ပေ (၁၅၀၀) သို့ တဖြည်းဖြည်း နိမ့်ဆင်းခဲ့သည်။ အမှတ် (၃၂) လမ်းမကြီးပေါ်သို့ ကျွန်တော် ရောက်လာသည်။ လမ်း၏ ဝဲယာနှစ်ဖက်တွင် ရှိနေသော သဲကန္တာရသည် ဝေသီမှုန်ဝါးနေသည်။ ကျွန်တော်သည် လေယာဉ်လမ်းကြောင်းကို တည့်မတ်လိုက်ပြီး ဘေးဘက်သို့ လှမ်းကြည့်လိုက်သည်။ ခပ်လှမ်းလှမ်း ရှစ်မိုင်ခန့် အကွာတွင် သူ့ကို လှမ်းတွေ့ရသည်။

သဲကန္တာရအတွင်း၌ အလွန် အရုပ်ဆိုး အကျည်းတန်လှသည့် ဖားပြုတ်တစ်ကောင် ဆောင့်ကြောင့်ထိုင်နေသကဲ့သို့သော စက်ရုံတစ်ရုံ။

ကော့ လက်နက်ခဲယမ်းမီးကျောက်စက်ရုံ။

လေယာဉ်ကို တဖြည်းဖြည်း နိမ့်ဆင်းရင်း နောက်သို့ လှည့်ကြည့်မိသည်။ သူတို့ကို ပြတင်းပေါက်များမှာ တွေ့နေရသည်။ အသားမည်းသော မက်ဆီကန်များနှင့် အင်ဒီးယန်း အမျိုးသမီးများ။

အမျိုးသမီးများသည် တောက်ပြောင်သည့် အဝတ်အစားများကို ဝတ်ဆင်ထားကြသည်။ အမျိုးသားများကမူ ဟောင်းနွမ်းနေပြီဖြစ်သော အလုပ်သမားဝတ်စုံပြာများနှင့် ဖြစ်သည်။ ကျွန်တော့်ကို ကြည့်နေသော သူတို့၏ အံ့ဩသည့် မျက်လုံးများကို မြင်ရသည်။ ကျွန်တော်သည် နှစ်ခြိုက်စွာ ပြုံးမိပြန်၏။ သူတို့ဘဝသည် ငြီးငွေ့ဖွယ် ကောင်းလှပါသည်။ သူတို့တစ်တွေ သည်းထိတ်လှိုက်ဖိုကလေးများနှင့် ဆုံတွေ့ကြပါစေ။

ထို့ကြောင့် မောင်းတံကို ဆွဲပြီး ပေ (၂၅၀၀) အမြင့်သို့ တစ်ဟုန်ထိုး ထောင်တက်လိုက်သည်။ ထို့နောက် အမိုးကို ကတ္တရာရေနံ သုတ်ထားသည့် စက်ရုံရှိရာ ညာဘက်သို့ ဦးစိုက်ကာ ကျွမ်းထိုးချလိုက်သည်။

လေယာဉ်စက်သံသည် နားပင်းလုမတတ် စူးဝါးစွာ မြည်ဟည်းလာသည်။ မျက်လုံးနှင့်

မျက်နှာများကိုလည်း ပြင်းထန်စွာ လေတိုးနေသည်။ ကျွန်တော်သည် နှုတ်ခမ်းကို တင်းတင်း ကိုက်လိုက်၏။ တစ်ကိုယ်လုံး သွေးဆူလာသည်။ နှလုံးအခုန် မြန်လာသည်။ စိတ်ထဲမှာ ခွန်အား သတ္တိများ ပေါ်ထွန်းလာသည်။

အာဏာ။ မှန်ပါသည်။ လောကတွင် အာဏာသည် အရေးအကြီးဆုံး ဖြစ်သည်။ ဤနေရာမှကြည့်လျှင် ကမ္ဘာလောကကြီးတစ်ခုလုံးသည် ကျွန်တော့်အောက်မှာ ကလေးကစား စရာ အရုပ်ကလေးသဖွယ် ဖြစ်နေသည်။ လေယာဉ်ထိန်းမောင်းတံကို မြတ်နိုးစွာ ကျွန်တော် ဆုပ်ကိုင်ထားသည့် အချိန်၌ ကျွန်တော့် လက်ထဲတွင် အခြား ဘာမှ မရှိ။ မည်သူ တစ်စုံ တစ်ယောက်မျှ မရှိ။ အဖေလည်း မရှိ။ ဟန့်တားမည့်သူ၊ ကျွန်တော့် အလိုဆန္ဒကို ဆန့်ကျင် မည့်သူ မရှိ။ ဩဇာပေးမည့်သူ မရှိ။ လုံးဝ မရှိ။

ဖြူဖွေးသည့် သဲကန္တာရအတွင်းမှ အမိုးမည်းမည်းနှင့် စက်ရုံကြီးသည် ထီးထီးကြီး ရပ်တည်နေသည်။ ဖြူစင်သည့် အိပ်ရာခင်းပေါ်တွင် မိန်းမပျိုတစ်ယောက် လဲလျောင်းနေသည် နှင့် တူလှသည်။ ကျွန်တော် အသက်ရှူ ကျပ်လာသည်။ လည်ချောင်းအတွင်းမှာ တစ်ဆို့လာသည်။

အမေ။ အခြား တစ်ရပ်တစ်ကျေးသို့ ကျွန်တော် လှည့်မသွားလိုတော့ပါ။ အိမ်သို့ ပြန်ချင်ပြီ။

ကျွန်တော်သည် မျက်တောင်ကို ခပ်သွက်သွက် ခတ်လိုက်ပြီး နှုတ်ခမ်းကို လျှာဖြင့် လျက်လိုက်သည်။ မျက်ရည်တို့၏ အငန်ဓာတ်ကို ခံစားလိုက်ရသည်။ ကတ္တရာရေနံ့သုတ်ထား သည့် ခေါင်မိုးပေါ်မှ အစက်အပြောက်များကို မြင်တွေ့နေရသည်။ ထိုင်ခုံနောက်မှီပေါ်သို့ ကျောမှီလိုက်ရင်း လေယာဉ်ကို နိမ့်ဆင်းလိုက်သည်။ ပေ (၈၀၀) အမြင့်သို့ နိမ့်လာသည်။ စက်ရုံအနောက်ဘက်ရှိ လေယာဉ်ကွင်းပေါ်သို့ ရောက်လာသည်။ လေတိုက်ရာဘက်သို့ ဦးတည် ပြီး ဆင်းသက်ရမည့်နေရာကို သေချာအောင် ရွေးချယ်လိုက်သည်။ ပင်ပန်းနွမ်းနယ်ခြင်းကို ရုတ်တရက် ခံစားလိုက်ရသည်။ ကျွန်တော်သည် လော့စ်အိန်ဂျယ်လိစ်မြို့မှ ခရီးရှည်ကြီးကို ပျံသန်းလာခဲ့ခြင်း ဖြစ်၏။

ကွင်းပေါ်တွင် လေယာဉ်ပျံ ရပ်လိုက်သည်နှင့်တစ်ပြိုင်တည်း နီဗားဒါးစမစ်သည် ကွင်းကိုဖြတ်ကာ ကျွန်တော့်ဆီသို့ လျှောက်လာသည်။ အင်ဂျင်စက်ကို ကျွန်တော် ရပ်လိုက်ပြီး သူ့ကို လှမ်းကြည့်လိုက်၏။

နီးဗားဒါးစမစ်သည် ဘာမှ မပြောင်းလဲ။ ကျွန်တော် ငါးနှစ်သားအရွယ်က သူ့ကို ကျွန်တော် စတင် တွေ့ခဲ့သည်။ ထိုစဉ်က အိမ်ရှေ့ အဝင်ပေါက်ဆီသို့ သူ လမ်းလျှောက်ဝင်လာ သည်။ ထို နီဗားဒါးစမစ်နှင့် ယခု နီဗားဒါးစမစ်သည် ဘာမှ မပြောင်းလဲ။ သန်မာတောင့်တင်း၏။ အမြဲတမ်း မြင်းစီးနေသူ ဖြစ်သည့်အတိုင်း သူ လမ်းလျှောက်သောအခါ ကွတတ ဖြစ်နေ၏။ သူ့ကို စတွေ့ခဲ့သည်မှာ (၁၉၀၉) ခုနှစ်က ဖြစ်ရာ ယခု (၁၆) နှစ် ကြာခဲ့ပြီ။

အိမ်ရှေ့ခန်းထောင့် တစ်နေရာမှာ ကျွန်တော် ကစားနေသည်။ ဖေဖေကမူ အိမ်ရှေ့ အဝင်ပေါက် တံခါးအနီးရှိ ညောင်စောင်းပေါ်တွင်ထိုင်ရင်း ရီနိုမြို့ထုတ် အပတ်စဉ် သတင်းစာ တစ်စောင်ကို ဖတ်နေသည်။ နံနက် ရှစ်နာရီသာ ရှိသေးသော်လည်း နေသည် အတန်ငယ် မြင့်နေပြီ ဖြစ်၏။ ထိုအခိုက် မြင်းခွာသံကို ကြားရသောကြောင့် အိမ်ရှေ့သို့ ထွက်ပြီး အသံကြား ရာသို့ ကြည့်လိုက်သည်။

မြင်းပေါ်မှ လူတစ်ယောက် ဆင်းနေ၏။ သူ့လှုပ်ရှားမှုများသည် အလွန်တရာ နှေးကွေးနေပြီး ဟန်ဆောင်နေသယောင် ထင်မှတ်ရသည်။ ဇက်ကြိုးကို ချည်တိုင်မှာ ချည်ပြီး အိမ်ဘက်သို့ လျှောက်လာသည်။ လှေကားခြေရင်းသို့ ရောက်သောအခါ ရပ်ပြီး အပေါ်သို့ မော့ကြည့်သည်။

ဖေဖေသည် သတင်းစာကို ချကာ မတ်တတ်ရပ်လိုက်သည်။ အလွန် ထွားကျိုင်းသော ကိုယ်ခန္ဓာ ဖြစ်သည်။ အရပ်ခြောက်ပေနှင့် နှစ်လက်မ ရှိသည်။ မျက်နှာမှာ နေလောင်ထား သည်။ ဖေဖေက အောက်သို့ ငုံ့ကြည့်သည်။

"ကျိုနတ်စ်ကော့လား"

နီဗားဒါးစမစ်က အပေါ်သို့ မျက်လုံးစွေကြည့်ရင်း မေးသည်။ ဖေဖေက ခေါင်းညိတ်

ပြီး ပြန်ဖြေသည်။

"ဟုတ်တယ်"

ထိုသူသည် ကောင်းဘွိုင်ဦးထုပ်ကြီးကို နောက်သို့ လှန်ချလိုက်၏။ နက်မှောင်သော ဆံပင်များ ပေါ်လာသည်။

"လက်တိုလက်တောင်းခိုင်းဖို့ လူတစ်ယောက် လိုချင်တယ်ကြားလို့ လာတာပါ"

ဖေဖေသည် ဟုတ်တယ်၊ မဟုတ်ဘူး ပြန်မဖြေဘဲ မေးခွန်း ပြန်ထုတ်၏။

"မင်း ဘာလုပ်တတ်သလဲ"

ထိုသူသည် အဓိပ္ပာယ်ကင်းမဲ့သော အပြုံးမျိုးကို ပြုံးနေ၏။ အိမ်၏ မျက်နှာစာပိုင်းကို မျက်လုံးတစ်ချက် ဝေ့လိုက်သည်။ ပြီးတော့ အပြင်ဘက် သဲကန္တာရဆီသို့ လှမ်းမျှော်ကြည့်ပြီး ဖေ့ဖေ့ဘက်သို့ မျက်နှာပြန်လှည့်လာသည်။

"ကျွန်တော် မြင်းစီးပြီးတော့ နွားကောင်းကောင်း ကျောင်းတတ်ပါတယ်။ ဒါပေမယ့် ခင်ဗျားမှာ ကျွဲတွေ၊ နွားတွေ ရှိပုံ မပေါ်ဘူး။ ပြီးတော့ ဝင်းခြံတွေလည်း ကောင်းကောင်းကာ တတ်ပါတယ်။ ဒါလည်း ခင်ဗျားမှာ လိုပုံ မရဘူး"

ဖေဖေသည် ခေတ္တ တိတ်သွား၏။ ပြီးတော့မှ ထိုသူ၏ ခါးမှသေနတ်ကို မေးငေ့ါပြရင်း မေးပြန်သည်။

"မင်း သေနတ်ပစ် ကျွမ်းကျင်ရဲ့လား"

ဖေဖေ မေးတော့မှပင် သူ့ခါးကို ကျွန်တော် လှမ်းကြည့်မိသည်။ သူ့ခါးတွင် သေနတ်တစ်လက်ကို ခတ်လျော့လျော့ ချိတ်ဆွဲထားသည်။ လက်ကိုင်သည် မည်းနက်နေပြီး ကျည်ရိုက်တံနှင့် ခလုတ်များသည် ဆီတိုက်ထားသဖြင့် ပြောင်လက်နေသည်။

"ကျွန်တော် အသက်ရှင်နေတာကို ကြည့်ပါ ခင်ဗျာ"

"မင်းနာမည် ဘယ်လို ခေါ်သလဲ"

"နီဗားဒါး"

"မှိုးရှိုး"

"စမစ်၊ နီဗားဒါးစမစ်ပါ ခင်ဗျ"

ဤနေရာတွင် သူသည် မဆိုင်းမတွ ဖြေ၏။ ဖေဖေသည် ပြန်လည်၍ တိတ်ဆိတ်သွားပြန်၏။ ယခု တစ်ကြိမ်တွင်မူ ထိုသူက ဖေဖေ့အမေးကို မစောင့်တော့ဘဲ ကျွန်တော့်ကို လှမ်းကြည့်ပြီး မေးသည်။

"ဒါ ခင်ဗျား သားလား"

ဖေဖေက ခေါင်းညိတ်ပြ၏။

"သူ့အမေရော"

ဖေဖေက သူ့ကို ကြည့်လိုက်၏။ ပြီးတော့ ကျွန်တော့်ကို ကောက်ချီသည်။ ဖေဖေ့လက်ပေါ်တွင် နေရသည်မှာ အလိုက်သင့် ရှိလှသည်။ ဖေဖေ့ပါးစပ်မှ ထွက်လာသော အသံသည် ခံစားမှု လုံးဝ ကင်းမဲ့သော အသံမျိုး ဖြစ်၏။ ခြောက်ကပ်ကပ် နိုင်လှ၏။

"ဆုံးသွားတာ မကြာသေးဘူး၊ လပိုင်းလောက်ပဲ ရှိသေးတယ်"

"ကျွန်တော်လည်း ဒီလိုပဲ ကြားခဲ့မိပါတယ်"

ကျွန်တော့်ကို ကြည့်ရင်း သူ ပြန်ပြောသည်။ ဖေဖေသည် သူ့ကို တစ်ချက် ပြန်ကြည့်၏။ ကျွန်တော့် ကျောဘက်ကို ခတ်တင်းတင်း ဖိကိုင်လိုက်ကြောင်း သိလိုက်သည်။ ကျွန်တော် အသက်ရှူချိန် မရလိုက်မီမှာပင် ဝရန်တာ လက်တန်းကိုကျော်ပြီး ဖေဖေက သူ့ဆီသို့ ကျွန်တော့်ကို ပစ်ပေးလိုက်သည်။

ထိုသူသည် လက်တစ်ဖက်တည်းဖြင့်ပင် ကျွန်တော့်ကို လွယ်ကူစွာ ဖမ်းယူလိုက်နိုင်သည်။ အရှိန်ကို ထိန်းသည့်အနေဖြင့် ဒူးတစ်ဖက်ကိုလည်း ညွတ်ချလိုက်သည်။ ကျွန်တော် ငိုချိန် မရလိုက်မီမှာပင် ဖေဖေက စကားဆက်ပြောသည်။

"ကလေးကို မြင်းစီး သင်ပေးလိုက်ပါ"

ဖေဖေ့မျက်နှာပေါ်တွင် ပြုံးရောင်တစ်ချက် သန်းသွားသည်။ ပြီးတော့ သတင်းစာ

များကို ကောက်ယူပြီး အိမ်တွင်းသို့ ဝင်သွားတော့၏။ နောက်ဘက်သို့ တစ်ချက်မျှပင် ပြန်လှည့် မကြည့်တော့ပေ။

နီဖားဒါး ဆိုသူသည် ကျွန်တော့်ကို ပွေ့ထားရင်းမှပင် ကိုယ်ကို မတ်လိုက်သည်။ ကျွန်တော် ငုံ့ကြည့်လိုက်သောအခါ သူ့လက်တစ်ဖက်တွင် သေနတ်ကိုင်ထားသည်ကို တွေ့ရသည်။ သူ့လက်ထဲမှ သေနတ်သည် မြွေနက်တစ်ကောင်ကဲ့သို့ လှုပ်ရှားနေပြီး ဖေဖေ့ နောက်ကျောကို လှမ်းချိန်ထားသည်။ ကျွန်တော် ကြည့်နေဆဲမှာပင် သေနတ်သည် သူ့ခါးရှိ သေနတ်အိတ်အတွင်းသို့ ပြန်ရောက်သွား၏။ နီဖားဒါး၏မျက်နှာကို ကျွန်တော် ကြည့်နေမိသည်။

သူ့မျက်နှာပေါ်တွင် လှိုက်လှဲနူးညံ့သိမ်မွေ့သည့် အပြုံးကို ကျွန်တော် မြင်ရသည်။ ကျွန်တော့်ကို မြေကြီးပေါ်သို့ ဂရုတစိုက် ချပေးရင်း သူက ပြောသည်။

"ကဲ. . . အငယ်၊ မင်း အဖေပြောတာ ကြားတယ် မဟုတ်လား၊ လာ. . ."

အိမ်ပေါ်သို့ ကျွန်တော် လှမ်းကြည့်၏။ ဖေဖေသည် အိမ်အတွင်းခန်းထဲသို့ ဝင်သွားပြီး ဖြစ်သည်။ ထိုစဉ်က ကျွန်တော် ဘာမှ မသိခဲ့။ သို့သော်လည်း ဖေဖေ၏ အချီအပိုးကို ခံရပြီး ဖေဖေ့ လက်ပေါ်မှာနေရခြင်းသည် ထိုအကြိမ်သည် နောက်ဆုံးအကြိမ်ပင် ဖြစ်လေသည်။ ထိုအချိန်မှစ၍ ကျွန်တော်သည် နီဖားဒါး၏သားဟု ဆိုနိုင်လောက်သော ဘဝသို့ ရောက်ခဲ့ရတော့သည်။

ကျွန်တော် လေယာဉ်ဦးခန်းမှ ထွက်ပြီး ခြေတစ်ဖက် ချလိုက်သော အချိန်မှာပင် နီဖားဒါး ရောက်လာသည်။ ကျွန်တော့်ကို မော့ကြည့်နေသည်။

"မင်း တော်တော် အလုပ်များခဲ့ပုံရတယ်"

သူ ရပ်နေသည့်ဘေးသို့ ကျွန်တော် ခုန်ချလိုက်ပြီး သူ့ကို ငုံ့ကြည့်လိုက်သည်။ ကျွန်တော့်အရပ်သည် ဖေဖေနှင့် အတူတူ ခြောက်ပေနှစ်လက်မဖြစ်ပြီး နီဖားဒါးသည် ငါးပေကိုးလက်မ ဖြစ်၏။

"ဟုတ်တယ်။ နည်းနည်းများတယ်"

သူက လေယာဉ်ပျံကို လှမ်းကြည့်၏။

"တယ်ဟုတ်ပါလား။ မင်း ဘယ်လိုလုပ်ပြီး ရခဲ့တာလဲ"

"ကျွန်တော် အန်စာတုံးကစားလို့ နိုင်ခဲ့တာ"

ကျွန်တော် ပြုံးလိုက်သည်။ သူက ကျွန်တော့်ကို စူးစမ်းသည့် အကြည့်မျိုးဖြင့် ကြည့်နေသည်။

"မစိုးရိမ်ပါနဲ့၊ နောက်ပိုင်းမှာ သူ ဒေါ်လာငါးရာ နိုင်အောင် ကျွန်တော် အရှုံးခံခဲ့ပါတယ်"

သူက ကျေနပ်နှစ်သက်စွာ ခေါင်းညိတ်၏။ ဒီကိစ္စနှင့် ပတ်သက်ပြီး သူသည် ကျွန်တော့်ကို ကောင်းစွာ သွန်သင်ခဲ့သူ ဖြစ်သည်။ မိမိနှင့် အလောင်းအစားပြုသူထံမှ မြင်းတစ်ကောင်ကို အနိုင်ရပြီးလျှင် မိမိကလည်း တစ်စုံတစ်ရာကို ပြန်လည် အရှုံးခံမှ တရားရာကျမည်။ သူ့ထံမှ များများ အနိုင်ရအောင်လုပ်ပြီး တစ်စုံတစ်ရာ ပြန်လည် အရှုံးခံခြင်းအားဖြင့် ထိုသူ၏ စိတ်ထဲတွင် သူလည်း တစ်စုံတစ်ရာ အနိုင်ရလိုက်သည်ဟု ခံစားရမည်ဖြစ်ကြောင်း သူက ပြောပြဖူးသည်။

ကျွန်တော်သည် လေယာဉ်ပျံနောက်ဘက် အခန်းတွင်းမှ ကြမ်းတုံးများကို ယူပြီး သူ့ထံသို့ တစ်ခု ပစ်ပေးလိုက်သည်။ ပြီးတော့ ကျွန်တော့် လက်ထဲမှ ကြမ်းတုံးများဖြင့် ဘီးများကို ခုနေသည့် အချိန်တွင် နီဖားဒါးကလည်း သူ့ဘက်က ဘီးကို ကြမ်းတုံးခုနေသည်။

"မင်း အဖေတော့ ဒေါပွနေလေရဲ့၊ မင်းကလည်း ရှုပ်ခဲ့တာကိုး"

ကျွန်တော်သည် ကိုယ်ကို မတ်လိုက်၏။ ပြီးတော့ သူ့ဆီသို့ ကပ်သွားသည်။

"သိပ်ပြဿနာ ကြီးမယ် မထင်ပါဘူး။ ဒါထက် နေစမ်းပါဦး၊ ဒီကိစ္စကို ဒါလောက် မြန်မြန်ဆန်ဆန် သူ ဘယ်လိုလုပ် ကြားသွားတာလဲ"

နီဖားဒါးသည် တစ်ခါတစ်ရံ သူ ပြုံးတတ်သည့်အတိုင်း စိတ်မချမ်းမြေ့သော အပြုံးမျိုးကို ပြုံးလိုက်သည်။

"ကောင်မလေးကို မင်း ဆေးရုံတင်လိုက်တယ် မဟုတ်လား။ သူ့မိဘတွေကို ဆေးရုံက အကြောင်းကြားတယ်။ ကောင်မလေးက သူ မဆုံးမီ အကုန်ဖွင့်ပြောသွားတာ"

"သူတို့က ငွေဘယ်လောက် လိုချင်တာတုံး"

"ဒေါ်လာနှစ်သောင်း"

"ငါးထောင်လောက်နဲ့ ရနိုင်ပါတယ်ဗျာ"

သူသည် ဘာမှ ပြန်မဖြေဘဲ ကျွန်တော့် ခြေထောက်ကို ငုံ့ကြည့်လိုက်သည်။

"ဖိနပ်စီးလေ၊ သွားကြစို့။ မင်းအဖေ စောင့်နေတယ်"

သူသည် ကွင်းကိုဖြတ်ပြီး လျှောက်သွားနှင့်သည်။ ကျွန်တော့် ခြေထောက်ကို ကျွန်တော် ငုံ့ကြည့်၏။ မြေကြီး၏ နွေးထွေးသော အရသာသည် ကြည်နူးစရာ ကောင်းနေသည်။ သဲထဲမှာ ခြေထောက်များကို ခဏ နှစ်ထားလိုက်သေးသည်။ ပြီးတော့မှ လေယာဉ်မှူး အခန်းတွင်းရှိ မက်ဆီကန်ခြေညှပ် ဖိနပ်တစ်ရံကို ယူစီးပြီး နီဗားဒါးနောက်သို့ လိုက်ခဲ့သည်။

ရှူးဖိနပ်များကို ကျွန်တော် မုန်းသည်။ အသက်ရှူကျပ်သည်၊

မလွတ်လပ်ဟု ကျွန်တော် ထင်သည်။

## (၂)

သဲများကို ဖိနပ်ဦးဖြင့် ခတ်ထုတ်ရင်း စက်ရုံဆီသို့ ကျွန်တော် လျှောက်လာခဲ့သည်။ ယမ်းတောင့်များတွင် အသုံးပြုသည့် ကန့်နံ့များ ကျွန်တော့် နှာခေါင်းထဲသို့ ဝင်လာသည်။ ကောင်မလေးကို ဆေးရုံသို့ ကျွန်တော် ခေါ်သွားသည့် ညကလည်း ဆေးရုံတွင် ဤအနံ့မျိုးကိုပင် ရခဲ့သေး၏။ သို့သော် သူနှင့်ကျွန်တော် လောကကြီးကို မေ့ခဲ့သည့် ညတုန်းကမူ ဤအနံ့မျိုး လုံးဝ မရခဲ့။

ထိုညသည် ကြည်လင်ပြီး အေးစိမ့်နေသည်။ သမုဒ္ဒရာကို ဖြတ်တိုက်ကာ ပြတင်းပေါက်တွင်းသို့ ဝင်လာသည့်လေကို ရှူရှိုက်နေရသည်။ မာလီဘူးကမ်းခြေမှာ ကျွန်တော်ပိုင် တိုက်ကလေး တစ်လုံး ရှိသည်။ အပြင်တွင် အေးစိမ့်ပြီး လေတိုက်နေသော်လည်း အခန်းတွင်း၌မူ ကလေးမ၏ လူးလွန့် လှုပ်ရှားသံမှတစ်ပါး အခြား ဘာမှ မရှိ။ ကျွန်တော်က မှန်တင်ခုံ အံဆွဲကို ဆွဲဖွင့်သည်။

"မယူနဲ့တော့ ဂျိုနေ၊ ဒီအချိန်က မလိုတော့ဘူး"

အိပ်ရာပေါ်တွင် လဲလျောင်းနေသော သူ့ကို ကျွန်တော် ငုံ့ကြည့်သည်။ ချမ်းမြသည့် လရောင်သည် ပြတင်းပေါက်မှတစ်ဆင့် သူ့ကိုယ်ပေါ်သို့ ထိုးကျနေသည်။

"ဘာမှ မဖြစ်နိုင်တော့ပါဘူး ဂျိုနေ၊ ကျွန်မ သတိထားပါ့မယ်"

ကျွန်တော်သည် သူ့ကို ဖက်ထားလိုက်မိသည်။

"ရှင့်ကို ကျွန်မ ချစ်တယ် ဂျိုနေ၊ ကျွန်မ သိပ်ချစ်တာပဲ"

သူ ကျွန်တော့်ကို ချစ်ပါသည်။ ထိုသို့ အချစ်ကြီး ချစ်ကြပြီးနောက် ရက်သတ္တပတ်အကြာ ကျွန်တော်တို့နှစ်ယောက် ဘောလုံးပွဲမှ ပြန်လာကြသည်။ ကျွန်တော့်ကား၏ ရှေ့ခန်းမှာ ကျွန်တော်တို့ နှစ်ယောက်စလုံး စီးခဲ့ကြသည်။ လမ်းခုလတ်မှာပင် ကျွန်တော်နှင့် လက်ထပ်လိုသည့်အကြောင်း သူက ရုတ်တရက် ပြောချလိုက်သည်။

" ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ"

ဟု သူ့ကိုကြည့်ရင်း ကျွန်တော် ပြန်မေးမိသည်။ သူကလည်း ကျွန်တော့်ကို ပြန်ကြည့်သည်။ ထိတ်လန့်နေသော အမူအရာ လုံးဝ မရှိ။ သူ ပြန်ပြောသည့် လေသံကလည်း တည်ငြိမ်လှသည်။

"ဘာဖြစ်ရမှာလဲ၊ ထုံးစံအတိုင်းပေါ့၊ ယောကျ်ားကလေးနဲ့ မိန်းကလေး လက်ထပ်ချင်တယ်ဆိုတာ တခြား အကြောင်းပြချက်တွေ ရှိဖို့ လိုသေးလို့လား"

"တချို့က ညားချင်လို့ကို လက်ထပ်ကြတာပဲ"

ကျွန်တော့်အသံသည် အနည်းငယ် မာကျောလာသည်။

"ကောင်းပြီ၊ ကျွန်မလည်း ရှင်နဲ့ညားချင်ပြီ"

သူသည် ကျွန်တော့်ဘေးသို့ တိုးကပ်လာ၏။ ကျွန်တော်က သူ့ကို ကုရှင်နောက်မှီ ပေါ်သို့ တွန်းဖယ်ပစ်လိုက်သည်။

"ငါက မညားချင်ဘူး"

"ဒါပေမယ့် ကျွန်မကို ရှင်ချစ်ပါတယ်လို့ ပြောခဲ့တာပဲ"

သူ့ထံမှ ရှိုက်သံကို စတင် ကြားရသည်။ ကျွန်တော်ကမူ သူ့ကို မကြည့်။

"ယောကျ်ားဆိုတာက သူ လိုချင်တာရှိနေရင် လှာအရိုးမရှိတိုင်း ပြောမှာပဲ၊ အစတုန်းကတော့ မင်း သတိထားပါ့မယ်ဆို"

သူသည် လက်ကိုင်ပဝါ တစ်ထည်ဖြင့် မျက်ရည်စများကို သုတ်နေသည်။ ကျွန်တော်က မော်တော်ကားကို လမ်းဘေးတွင် ထိုးရပ်ပြီး သူ့ကို လှည့်ကြည့်လိုက်သည်။

"ကျွန်မ ရှင့်ကို ချစ်တယ် ဂျိုနေ၊ ရှင်နဲ့ရတဲ့ ရင်သွေးကလေးကို ကျွန်မ မွေးချင်ပါတယ်"

ထိုစကားကို ကြားရသောအခါ ကျွန်တော် စိတ်သက်သာရာ ရမိသည်။ မိန်းကလေး ပေါင်း မြောက်မြားစွာတို့သည် ဂျိုနတ်စ်ကော့ (အငယ်)ထံမှ ငွေချူဖို့၊ ငွေညှစ်ဖို့လောက်သာ စိတ်ကူးတတ်ကြသည်။

သူတို့၏ မိခင်များသည်လည်း အတူတူပင် ဖြစ်၏။ ကမ္ဘာစစ်ကြီး ဖြစ်ပွားပြီး ခဲယမ်း မီးကျောက်လုပ်ငန်းများဖြင့် ဖေဖေ ကြီးပွားချမ်းသာလာသည့် အချိန်မှစ၍ ကျွန်တော့်ထံမှ ငွေအမြောက်အမြား ချူဖို့လောက်ကိုသာ အာရုံထားခဲ့ကြသည်။ ကျွန်တော်သည် ကလေးမကို ငုံ့ကြည့်လိုက်၏။

"ဒါဆိုလည်း ရှင်းရှင်းကလေးပဲ မွေးလိုက်ပေါ့"

သူ့အမူအရာသည် ချက်ချင်း ပြောင်းလဲသွားသည်။ ကျွန်တော့် အနီးသို့ တိုးကပ်လာသည်။

"ရှင်. . ရှင်ပြောတာက ကျွန်မတို့ လက်ထပ်မယ်လို့ ဆိုလိုတာလားဟင်"

ကျွန်တော် ခေါင်းခါပြလိုက်သောအခါ သူ့မျက်လုံးအစုံအတွင်းမှာ စောစောက ရှိနေခဲ့သည့် မျှော်လင့်ချက်ရောင်ခြည် သေးသေးကလေးသည် ရုတ်ခြည်း ကွယ်ပျောက်သွားလေတော့သည်။

"ငါ ဆိုလိုတာက မင်း ကလေးလိုချင်တယ်ဆိုရင် မင်းဟာမင်း မွေးလို့ ပြောတာပါ"

သူသည် ကျွန်တော်နှင့် လူချင်း ခွာလိုက်သည်။ သူ့မျက်နှာသည် အေးစက်မာကျောလာသည်။ သူ့လေသံသည် တည်ငြိမ်လေးနက်လာသည်။

"ဒီလိုနည်းနဲ့တော့လည်း ဒီကလေးကို ကျွန်မ မမွေးချင်ဘူး။ ကျွန်မလက်မှာ လက်ထပ်လက်စွပ် မရှိဘဲနဲ့တော့ ကလေး မလိုချင်ဘူး။ ကျွန်မနည်းနဲ့ ကျွန်မ ဖြေရှင်းလိုက်မယ်"

"ဒီလိုမှပေါ့ ကလေးရယ်"

ကျွန်တော်သည် တစ်ချက် ပြုံးလိုက်ရင်း သူ့ကို စီးကရက်တစ်လိပ် လှမ်းပေးသည်။ သူ စီးကရက်ကို လှမ်းယူလိုက်သောအခါ ကျွန်တော်က မီးညှိပေးသည်။

"ဒါပေမယ့် အကုန်အကျ သိပ်များလိမ့်မယ်"

"ဘယ်လောက် ကုန်မှာလဲ"

ဟု ကျွန်တော်က မေးကြည့်သည်။

"မက်ဆီကန်မြို့မှာ ဆရာဝန်တစ်ယောက် ရှိတယ်။ သိပ်တော်တယ်လို့ တခြား မိန်းကလေးတွေ ပြောကြတာပဲ၊ ဒေါ်လာနှစ်ရာတဲ့"

ဟု ပြောရင်း ကျွန်တော့်အဖြေကို သိလိုသည့် အကြည့်မျိုးဖြင့် ကြည့်နေသည်။

"ကောင်းပြီ။ ငါ ပေးမယ်"

ကျွန်တော်က ခပ်မြန်မြန် ပြန်ဖြေသည်။ ဤမျှနှင့် ပြဿနာပြီးပြေသွားခြင်းသည် အကောင်းဆုံး ဖြစ်၏။ နောက်ဆုံး မိန်းကလေးတစ်ယောက်တုန်းက ကျွန်တော် ဒေါ်လာ သုံးရာ့ငါးဆယ် ပေးလိုက်ရသည်။ ကျွန်တော်သည် စီးကရက်တိုကို အပြင်သို့ ပစ်လိုက်ရင်း ကားစက်နှိုးကာ မာလီဘူးသို့ ဦးတည်လိုက်သည်။

"ဟေး . . . အခု ဘယ်သွားဦးမှာလဲ"

"ကမ်းခြေက အိမ်ကိုလေ၊ တို့ကိစ္စတွေ ရှင်းသွားပြီပဲ"

သူသည် ပျော်မြူးစွာရယ်မောပြီး ကျွန်တော့် အနားသို့ တိုးကပ်လာသည်။ ပြီးတော့ ကျွန်တော့် မျက်နှာကို မော့ကြည့်နေသည်။

"ရှင့်ကိုရဖို့ ဘယ်လောက် ခက်တယ်ဆိုတာ ကျွန်မ အမေများ သိရင် ဘာပြောဦးမလဲ မသိဘူး။ အမေက ပြောတယ်။ သေချာအောင်လုပ်၊ ရှင့်ကို အလွတ်မခံနဲ့တဲ့"

"မင်း ငါ့ကို အခု ရနေသားပဲ"

ဟု ကျွန်တော်က ရယ်ရင်း ပြန်ဖြေမိသည်။

သူက ခေါင်းကို ရန်းလိုက်၏။

"သနားစရာကောင်းတဲ့ အမေပဲ။ လက်ထပ်ဖို့အတွက် အစီအစဉ်တွေ အားလုံးတောင် သူ လုပ်ထားပြီးပြီ"

သနားစရာကောင်းသော အမေ။ အကယ်၍ ဒီအဘွားကြီးသာ ရေငုံနှုတ်ပိတ် နေတတ်မည် ဆိုလျှင် သူ့သမီးသည် ယနေ့ အသက်ရှင်ကောင်း ရှင်နေမည် ဖြစ်သည်။

ထိုသို့ ဖြစ်ပြီးနောက်ပိုင်း ညတစ်ည၏ ဆယ့်တစ်နာရီခွဲခန့်တွင် ဖြစ်သည်။ ကျွန်တော့် တယ်လီဖုန်းခေါင်းလောင်း မြည်လာသောကြောင့် ကျွန်တော် ကောက်ကိုင်လိုက်သည်။ တယ်လီဖုန်းထဲတွင် ကလေးမ၏အသံ ပေါ်လာသည်။

"ဂျိုနေ ကျွန်မ သွေးတွေ သိပ်သွန်နေပြီ"

"ဘာဖြစ်တာလဲ"

အိပ်ချင်စိတ်များ ရုတ်တရက် ပျောက်သွားသည်။

"ဒီနေ့ မွန်းလွဲပိုင်းက မက်ဆီကန်မြို့ကို ကျွန်မ သွားခဲ့တယ်။ အခုတော့ တစ်ခုခု မှားပြီထင်တယ်။ သွေးသွန်တာက လုံးဝ မရပ်ဘူး။ ကျွန်မ ကြောက်တယ်"

"မင်း အခု ဘယ်မှာလဲ"

ကျွန်တော် အိပ်ရာမှ ထထိုင်သည်။

"ဝက်စ်ဝုဒ်ဟိုတယ်ကို ဒီနေ့ညနေ ရောက်တယ်။ အခန်းနံပါတ် (၉၀၁)"

"အိမ်ရာထဲမှာပဲ နေပါ။ ငါ အခု လာခဲ့မယ်"

"ရှိခိုးပါရဲ့ ဂျိုနေရယ်။ မြန်မြန်လာပါ။ မြန်မြန်"

ယင်း ဟိုတယ်သည် လော့စ်အိန်ဂျယ်လိစ်မြို့လယ်တွင် တည်ရှိသော ဈေးပေါသည့် ဟိုတယ်တစ်ခု ဖြစ်သည်။ ကျွန်တော် မည်သူဖြစ်ကြောင်းကိုမျှပင် ဆိုင်ရာတို့ကို မပြောတော့ဘဲ အပေါ်သို့ တက်ခဲ့သည်။ မည်သူကမျှလည်း ကျွန်တော့်ကို နှစ်ခါ ပြန်မကြည့်ကြ။ အခန်းနံပါတ် (၉၀၁)သို့ ရောက်သောအခါ တံခါးသော့ခတ်မထားသဖြင့် အလွယ်တကူပင် အတွင်းသို့ ဝင်ခဲ့သည်။

ဤမျှ များပြားသော သွေးများကို ကျွန်တော့် တစ်သက်တွင် တစ်ကြိမ်တစ်ခါဖူးမျှ မမြင်တွေ့ခဲ့ဘူးသေးချေ။ ကြမ်းခင်းထားသည့် ကော်ဇောတစ်ခုလုံးမှာ သွေးများ နစ်နေသည်။ ကျွန်တော့်ကို တယ်လီဖုန်းဆက်စဉ်က သူ ထိုင်ခဲ့သော ကုလားထိုင်တွင် လည်းကောင်း၊ အိပ်ရာပေါ်မှ အိပ်ရာခင်းအဖြူတွင် လည်းကောင်း ချင်းချင်းနီလျက် ရှိသည်။

သူသည် အိပ်ရာပေါ်မှာ လှဲနေ၏။ သူ့မျက်နှာသည် သူ့ခေါင်းအောက်မှ ခေါင်းအုံးကဲ့သို့ပင် ဆွတ်ဆွတ်ဖြူနေပြီ။ သူ့မျက်လုံးများကို ပိတ်ထား၏။ ကျွန်တော် ဝင်လာသံကို ကြားသောအခါ အားယူပြီး ဖွင့်ကြည့်သည်။ ပြီးတော့ နှုတ်ခမ်းများသည် လှုပ်လာသည်။ သို့သော် မည်သည့်အသံမျှ ထွက်မလာ။ ကျွန်တော်က ကိုယ်ကိုကိုင်ပြီး သူ့ကို ငုံ့ကြည့်သည်။

"ကလေးရယ်၊ စကားပြောဖို့ မကြိုးစားပါနဲ့။ ငါ ဆရာဝန် ခေါ်လိုက်မယ်။ မင်း ကောင်းသွားမှာပါ"

မိန်းကလေးသည် မျက်လုံးများကို ပြန်ပိတ်သွား၏။ တယ်လီဖုန်းဆီသို့ ကျွန်တော် ထလာခဲ့သည်။ ဆရာဝန်ကို ခေါ်၍ မဖြစ်နိုင်။ ဒီကိစ္စနှင့် ပတ်သက်ပြီး သတင်းစာများက ကျွန်တော့်အကြောင်းကို ထပ်ရေးကြဦးမည်ဆိုလျှင် ဖေဖေနှင့် ပြဿနာပေါ်တော့မည်။ ထို့ကြောင့် မက်အယ်လစ္စတာကို ခေါ်လိုက်သည်။ သူသည် ဖေဖေ၏ ဥပဒေရေးရာ အတိုင်ပင်ခံ ဖြစ်သည်။ ကာလီဖိုးနီးယားပြည်နယ်တွင် ကုမ္ပဏီများနှင့် ဆက်သွယ်ပြီး အလုပ် လုပ်နေသူ

ဖြစ်သည်။

မက်အယ်လစ္စတာ၏ ဘဏ္ဍာစိုးက တယ်လီဖုန်းလာကိုင်သည်။ သူ ရောက်လာသောအခါ ကျွန်တော်သည် အသံကို တည်ငြိမ်အောင် အတော်ကြိုးစားပြီး ပြောရသည်။

“ဆရာဝန် တစ်ယောက်နဲ့ လူနာတင်ကားတစ်စင်း ကျွန်တော် ချက်ချင်း လိုချင်ပါတယ်”

ဖေဖေသည် မည်သည့်အတွက်ကြောင့် မက်အယ်လစ္စတာကို ယုံကြည်အားကိုးစွာ အသုံးချနေခြင်းဖြစ်ကြောင်းကို အလွန် တိုတောင်းသည့် အချိန်အတွင်းမှာပင် ကျွန်တော် သဘောပေါက်လိုက်ပါသည်။ သူသည် အဓိပ္ပာယ်ကင်းမဲ့သော မေးခွန်းများ မေးနေခြင်းဖြင့် အချိန်ကို မဖြုန်းတီး။ ဘယ်မှာလဲ၊ ဘယ်သူလဲ၊ ဘယ်တုံးကလဲ၊ ဘာဖြစ်တာလဲ၊ လုံးဝ မမေး။ သူ့အသံသည် အလွန် တိကျသေချာ၏။

“ဆယ်မိနစ်အတွင်းမှာ ဆရာဝန်နဲ့ လူနာတင်ကား ရောက်လာမယ်။ မင်း အဲဒီနေရာက အခု ချက်ချင်း ထွက်သွားပါ။ ဒီကိစ္စမှာ အခုထက်ပိုပြီး မင်း ဘာမှ ဆက်မပတ်သက်နဲ့တော့”

သူ့ကို ကျေးဇူးတင်ကြောင်းပြောပြီး တယ်လီဖုန်းကို ကျွန်တော် ချခဲ့သည်။ အိပ်ရာပေါ်သို့ လှမ်းကြည့်လိုက်သောအခါ မိန်းကလေးသည် မျက်လုံးများ မှိတ်ထား၏။ အိပ်ပျော်နေပုံရသည်။ ဤနေရာမှ ထွက်ခွာသွားရန် ကျွန်တော် ခြေလှမ်းပြင်လိုက်စဉ်မှာပင် သူ့မျက်လုံးများ ပွင့်လာ၏။

“မသွားပါနဲ့ ဂျိုနေ၊ ကျွန်မ ကြောက်တယ်”

ကျွန်တော်သည် သူ ရှိရာသို့ ပြန်သွားပြီး သူ့ဘေးမှာ ထိုင်ချလိုက်သည်။ သူ့လက်များကို ကျွန်တော် တယုတယ ဆွဲယူလိုက်သောအခါ သူ့မျက်လုံးများ ပြန်ပိတ်သွားပြန်၏။ လူနာတင်ကားသည် ဆယ်မိနစ်အတွင်း ရောက်လာသည်။ မိန်းကလေးသည် ကျွန်တော့်ကို ထွက်သွားခွင့် လုံးဝ မပေး။ ဆေးရုံသို့ ကျွန်တော်တို့ ရောက်လာကြသည့်တိုင်အောင် ကျွန်တော့်လက်ကို တင်းတင်းကိုင်ထားဆဲ ဖြစ်သည်။

(၃)

စက်ရုံအတွင်းသို့ ကျွန်တော် ဝင်လာခဲ့သည်။ ဆူညံသံများနှင့် အနံ့မျိုးစုံတို့သည် ကျွန်တော့်ကို ဆီးကြိုပွေ့ဖက်ကြသည်။ ကျွန်တော် ဖြတ်လျှောက်သွားခိုက်မှာပင် အလုပ်ကို ခေတ္တရပ်ပြီး ကျွန်တော့်အား နှုတ်ဆက်သံများကို ကြားရသည်။

“သား”

သူတို့သည် ကျွန်တော့်ကို စပိန်ဘာသာဖြင့် ‘သား’ဟု ခေါ်ကြသည်။ သူတို့သည် ကျွန်တော့်အကြောင်းများနှင့် ပတ်သက်ပြီး ချစ်ချစ်ခင်ခင် ပြောကြ၏။ လေးလေးစားစား ပြောကြ၏။ ဂုဏ်ယူဝင့်ကြွားစွာ ပြောကြ၏။ ကျွန်တော်သည် သူတို့ အလုပ်ရှင်၏သား မဟုတ်ပါလား။

ယမ်းစပ်သည့် အိုးကြီးများ၊ ပုံသွင်းသည့် စက်များကို ဖြတ်ကျော်ပြီး နောက်ဘက်ရှိ ဖေဖေ့ရုံးခန်းဆီသို့ ကျွန်တော် ဆက်လျှောက်ခဲ့သည်။ ဖေဖေ့ရုံးခန်းသို့အတက် လှေကားတစ်ဝက်သို့ ရောက်သောအခါ ခေတ္တရပ်ပြီး နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ပြုံးရွှင်နေသော မျက်နှာပေါင်းများစွာကို မြင်ရသည်။ ကျွန်တော်သည် သူတို့ကို ပြုံးပြီး လက်ပြန်ပြခဲ့သည်။ ဤအလုပ်သည် ကျွန်တော် လုပ်နေကျ ဖြစ်၏။ ကလေးဘဝကတည်းက မပျက်မကွက် လုပ်ခဲ့သော အလုပ် ဖြစ်သည်။

အပေါ်ထပ်သို့ရောက်ပြီး တံခါးဖွင့် ဝင်ခဲ့သည်။ တံခါးကို ပြန်ပိတ်လိုက်သောအခါ စက်ရုံတွင်းမှ စက်သံ၊ လူသံများကို မကြားရတော့။ ဖေဖေ့ရုံးခန်းသို့ရောက်ရန် စင်္ကြံကလေးကို ဖြတ်လျှောက်ရသေးသည်။

ဒင်ဘီသည် သူ့စားပွဲမှာ ထိုင်နေသည်။ သူနှင့် မားလွယ်ခုတ်တွင် မိန်းကလေးတစ်ယောက်ထိုင်ကာ လက်နှိပ်စက်ကို သဲကြီးမဲကြီး ရိုက်နေသည်။ ဧည့်သည်များအတွက် ချထားသည့် ခုံပေါ်တွင်လည်း လူနှစ်ယောက် ထိုင်နေသည်။ လူကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်။

မိန်းမကြီးသည် အနက်ရောင် အဝတ်များကို ဝတ်ထားပြီး လက်ထဲရှိ လက်ကိုင်ပဝါ ငယ်ကို လုံးခြေနေသည်။ တံခါးဝမှာ ကျွန်တော် ရပ်လိုက်သောအခါ အမျိုးသမီးကြီးက ကျွန်တော့်ကို မော့ကြည့်သည်။ သူ မည်သူဖြစ်ကြောင်း ပြောပြရန် မလို။ မြင်လျှင် မြင်ချင်း ကျွန်တော် သိလိုက်သည်။ သူ့သမီးသည် သူ့အမေနှင့် ချွတ်စွတ်တူပေစွတကား။

ကျွန်တော်နှင့် မျက်လုံးချင်း ဆိုင်မိသောအခါ သူက မျက်နှာလွှဲသွား၏။

"မင်းအဖေ စောင့်နေတယ်"

ဟု ဒင်လီက ထပြောသည်။

ကျွန်တော်က ဘာမှ ပြန်မဖြေ။ သူက ဖေဖေ့ရုံးခန်းတံခါးကို ကျွန်တော့်အတွက် ဖွင့်ပေးသည်။ ကျွန်တော် ဝင်သောအခါ တံခါးပြန်ပိတ်ပေးသွားသည်။ ဖေဖေ့ ရုံးခန်းတွင်းသို့ ကျွန်တော် လှည့်ကြည့်မိ၏။

လက်ဝဲဘက် နံရံရှိ စာအုပ်ဗီရိုကို မှီရင်း နီဗားဒါးစမစ် ထိုင်နေ၏။ ဖေဖေနှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်တွင် မက်အယ်လစ္စတာ ထိုင်နေသည်။ ကျွန်တော် ဝင်လာသည်ကို သိသောအခါ မော့ကြည့်သည်။ စားပွဲ၏ နောက်တွင်မူ ဖေဖေသည် ထိုင်နေကျအတိုင်း သူ့ကုလားထိုင်မှာ ထိုင်ရင်း ကျွန်တော့်ကို ကြည့်နေသည်။ ဤရုံးခန်းအတွင်း၌ အခြား ဘာမှ အပြောင်းအလဲ မရှိ။ ကျွန်တော် မြင်နေကျများသာ ဖြစ်သည်။

နံရံများကို ဝက်သစ်ချသားများဖြင့် ဖုံးအုပ်ထားသည်။ သားရေ ကုလားထိုင်များ၊ ကတ္တီပါများဖြင့် ပြုလုပ်ထားသည့် ပြတင်းပေါက်ခန်းဆီးများ၊ ဖေဖေ့နောက်တွင် ချိတ်ထားသည့် ဖေဖေ့ဓာတ်ပုံနှင့် သမ္မတဝီလ်ဆင်၏ ဓာတ်ပုံ၊ ဖေဖေ့ ဘေးတစ်ဖက်တွင် တယ်လီဖုန်း သုံးလုံး တင်ထားသည့် စားပွဲငယ်တစ်လုံး၊ ထိုစားပွဲနှင့်ကပ်လျက် စားပွဲငယ်တစ်လုံးပေါ်တွင် ရေချိုင့်၊ ဝီစကီတစ်ပုလင်းနှင့် ဖန်ခွက်နှစ်ခွက်၊ ဝီစကီပုလင်းထဲတွင် လက်ကျန် သုံးပုံတစ်ပုံသာ ကျန်တော့သည်။ လက်ကျန်အရက်ကို ကြည့်ခြင်းအားဖြင့် ညနေ သုံးနာရီထိုးပြီဖြစ်ကြောင်း ကျွန်တော် သိသည်။ ပို၍သေချာစေရန် လက်ပတ်နာရီကို ကြည့်မိသည်။ သုံးနာရီနှင့် ဆယ်မိနစ် ရှိချေပြီ။ ဖေဖေသည် တစ်နေ့လျှင် ဝီစကီတစ်လုံး ကုန်အောင်သောက်သူ ဖြစ်သည်။

ဖေဖေ့ရှေ့မှာ သွားရပ်ပြီး ဖေ့ဖေ့ကို ကြည့်သောအခါ ဒေါသဖြင့် ကျွန်တော့်ကို ပြန်ကြည့်နေကြောင်းတွေ့ရသည်။

"နေကောင်းရဲ့လား ဖေဖေ"

သူ့မျက်နှာသည် ပို၍ နီရဲလာသည်။ သူ့လည်ပင်းမှ အကြောကြီးများ ထောင်ထလာသည်အထိ ကျွန်တော့်ကို ပြန်အော်လိုက်သည်။

"ငါ ရှာထားသမျှတွေကို မင်း တစ်ထိုင်တည်းနဲ့ ဖြုန်းတီးပစ်ပြီးတိုင်း ငါ့ကို ဒီလိုပဲ မျက်နှာချိုသွေး လေပြေထိုးတာပဲ မဟုတ်လား။ မင်း အတင့်ရဲပြီး စတန့်ထွင်ခဲ့တာတွေ အတွက် နောက်ဆုံးကျတော့ အဖေ ကယ်ပါ။ အဘ ကယ်ပါ ဖြစ်ရတာပဲ မဟုတ်လား"

"ချက်ချင်း လာရမယ်လို့ ဖေဖေ ခေါ်တဲ့အကြောင်း ကျွန်တော် ကြားပါတယ်။ ကျွန်တော် အမြန်တကာ အမြန်ဆုံး လာခဲ့ပါတယ် ဖေဖေ"

ကျွန်တော်က လေပြေထိုးသည်။

သို့သော်လည်း ဖေဖေ့ဒေါသကို မတားနိုင်တော့ပြီ။ အလွန် ပေါက်ကွဲနေပြီ။ ဖေဖေ့ စိတ်ဓာတ်သည် ထိုအတိုင်းပင် ဖြစ်၏။ စိတ်ကောင်းဝင်နေခိုက် ခဏမှာ အလွန် ကောင်းသည်။ ခဏကြာလျှင်ပင် ဒေါသကုမ္ဘာရမင်းသား ဖြစ်ချင် ဖြစ်နေတတ်သည်။

"ဟိုတယ်ခန်းထဲက ထွက်သွားပါလို့ မက်အယ်လစ္စတာ ပြောတုန်းက ဘာဖြစ်လို့ ထွက်မသွားတာလဲဟင်။ ခွေးမျိုး၊ ဆေးရုံကို ဘာကိစ္စသွားရတာလဲ၊ မင်း အမေ့လင်ရှိလို့ သွားရတာလား။ မင်း ဘာလုပ်ခဲ့တယ်ဆိုတာ မင်း သိရဲ့လား။ ကလေးဖျက်ချမှုနဲ့ တရားစွဲခံရအောင် မင်းကိုယ်မင်း လည်ပင်းကြိုးကွင်းစွပ်လိုက်တာ မဟုတ်လား"

ကျွန်တော်လည်း စိတ်ဆိုးလာပြီ။ ကျွန်တော့် စိတ်ဓာတ်သည်လည်း ဖေဖေနှင့် ထပ်တူထပ်မျှပင် ဖြစ်သည်။ ဖေဖေကဲ့သို့ပင် အလွန် စိတ်တိုတတ်သည်။

"ကျွန်တော် ဘာလုပ်ရမှာလဲ။ ကောင်မလေးက သွေးသွန်ပြီး သေလုမတတ်ခံစား

နေရတယ်။ သိပ်လည်း ကြောက်နေတယ်။ နင့်ဟာနင် တစ်ယောက်တည်း သေချင်သလို သေတော့ဆိုပြီး သူ့ကို ပစ်ထားခဲ့ရမှာလား"

"ဟုတ်တယ်၊ ပစ်ထားခဲ့ရမယ်၊ မင်းမှာ ဦးနှောက်ရှိရင် ဒီအတိုင်းပဲ လုပ်ရမယ်။ ကောင်မလေးက သေမှာပဲ။ အဲဒီမှာ မင်းနေလို့ ဘာအကြောင်းမှ ထူးလာမှာ မဟုတ်ဘူး။ အခုတော့ ဟို ခွေးမျိုးတွေက ငွေနှစ်သောင်း လာတောင်းနေပြီ။ မပေးရင် ရဲကို တိုင်မယ်တဲ့။ မင်း စော်ကားခဲ့တဲ့ မိန်းကလေးတိုင်းအတွက် ငါက ငွေနှစ်သောင်းစီ လျော်ကြေး ထိုင်ပေးနေရမှာ လား။ ဒီတစ်နှစ်ထဲမှာ ဒီလိုတောင်းပြီး မင်း အဖမ်းခံရတာ သုံးကြိမ် ရှိပြီ"

ဤမိန်းကလေး သေဆုံးသွားရသည့်အတွက် ဖေဖေ့အဖို့ ဘာမှ မထူးခြား။ ဒေါ်လာ နှစ်သောင်း ပေးလိုက်ရုံသာ ရှိသည်။ သို့သော်လည်း ယခုကိစ္စသည် ငွေပြဿနာ မဟုတ်ကြောင်း ကျွန်တော် သဘောပေါက်လာသည်။ ဒီထက် ပို၍ လေးနက်သည့်အကြောင်း ရှိနေသေးသည်။

ဖေဖေ့ လေသံများသည် အလွန် ခါးသီးနေသည်။ အဓိပ္ပာယ်ကို ကျွန်တော် ချက်ချင်း နားလည် သဘောပေါက်လိုက်သည်။ ဖေဖေ့ကို ကျွန်တော် ကြည့်နေမိသည်။ ဖေဖေသည် များစွာ အိုမင်းရင့်ရော်လာပြီ။ ရီနာသည် ဖေဖေနှင့် တစ်စုံတစ်ရာ ပြဿနာ ပေါ်နေနိုင်စရာ အကြောင်း ရှိ၏။ ရီနိုမြို့တွင် ခမ်းနားကြီးကျယ်သည့် လက်ထပ်ပွဲကြီး ပြုလုပ်ခဲ့သည်မှစ၍ တစ်နှစ်ကျော် ကြာလာသည့်တိုင်အောင် မည်သည့် အဖြစ်အပျက်မှ မဖြစ်ခဲ့စဖူးချေ။ ယခုတော့ သူတို့လင်မယား တစ်ခုခု ဖြစ်ကြပြီ ထင်သည်။

ကျွန်တော်က နောက်သို့ ချာခနဲ လှည့်ပြီး အပြင်ထွက်ရန် ဟန်ပြင်လိုက်သည်။ နောက်ဘက်မှ အသံကုန်ဟစ်လိုက်သည့် ဖေဖေ့အသံကို ကြားရသည်။

"ဟေ့ ခွေးမျိုး၊ မင်း အခု ဘယ်သွားဦးမလို့လဲ"

"လော့စ်အိန်ဂျယ်လိစ်ကို ကျွန်တော် ပြန်မယ်။ ဖေဖေ ဘာ ဆုံးဖြတ်ပါလို့ ကျွန်တော် ပြောနိုင်တာမှ မဟုတ်ဘဲ၊ သူတို့ တောင်းတဲ့ ငွေကို ဖေဖေ ပေးချင်ပေး၊ မပေးချင်နေ၊ ကျွန်တော် ဘာမှ မတတ်နိုင်ဘူး။ ကျွန်တော့်အဖို့တော့ ဘာမှ မထူးခြားဘူး၊ ဒါပဲ ဖေဖေ။ ကျွန်တော် ဟိုမှာ မိန်းကလေးတစ်ယောက်နဲ့ ချိန်းထားတာ ရှိနေသေးတယ်"

ဖေဖေသည် ထိုင်ရာမှထကာ စားပွဲကိုပတ်ပြီး ကျွန်တော် ရှိရာသို့ လျှောက်လာရင်း အော်လိုက်ပြန်သည်။

"ဘာကွ၊ နောက်ထပ် မိန်းကလေးတစ်ယောက်ကို မင်း ဖျက်ဆီးဦးမလို့လား"

ကျွန်တော်က ဖေဖေနှင့် မျက်နှာချင်းဆိုင် ဂုဏ်တည့် ရပ်လိုက်သည်။ ဒါလောက် ဆူပူကြိမ်းမောင်းရလျှင် ကျေနပ်လောက်ပြီဟု ကျွန်တော် ထင်သည်။

"ဒါလောက် ဆူရရင် တော်ပါတော့ ဖေဖေ၊ ကျွန်တော် နားပူလှပြီ။ ဖေဖေ့အိမ်သား ထဲက တစ်ယောက်ဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကပွဲတွေသွားပြီး ကခုန်နေတယ်ဆိုရင် ဖေဖေ ဝမ်းသာဖို့ ကောင်းပါတယ်။ ဒီလိုမှ မဟုတ်ရင် ကျွန်တော်တို့ သားအဖနှစ်ယောက်ကြားထဲမှာ တစ်ခုခု ပြဿနာပေါ်နေပြီလို့ ရီနာက ထင်သွားပါဦးမယ်"

ဖေဖေ့မျက်နှာသည် ဒေါသဖြင့် ရှုံ့တွသွားသည်။ ကျွန်တော့်ကို ရိုက်ရန်အတွက် လက်နှစ်ဖက်ကို မြှောက်လိုက်သည်။ နှုတ်ခမ်းကို တင်းတင်းကိုက်လိုက်သည်။ သူ့နဖူးမှ အကြော များသည် ဒေါသကြောင့် ထောင်တက်လာကြပြီး ရဲရဲတောက်နေသည်။

ထိုအခိုက် မီးခလုတ်ကို အပိတ်လိုက်တွင် လျှပ်စစ်မီးများ တစ်မုဟုတ်ချင်း ငြိမ်းသွား ဘိသကဲ့သို့ ဖေဖေ့မျက်နှာပေါ်မှာရှိသော အမူအရာအားလုံးတို့သည် ချက်ချင်း ပျောက်ကွယ် သွားကြ၏။ ပြီးတော့ ကျွန်တော့်ဆီသို့ ယိုင်ထိုးပြီး လဲကျလာသည်။

ကျွန်တော့်လက်များသည် ဖေဖေ့ကို ဆီးကြို ပွေ့ယူမိလျက်သား ဖြစ်သွားသည်။ အလွန်ကို တိုတောင်းသော အချိန်ကလေးအတွင်းမှာပင် ကျွန်တော့်ကို စိုက်ကြည့်နေသော ဖေဖေ့မျက်လုံးများသည် ကြည်လင်လာ၏။ ပြီးတော့ သူ့နှုတ်ခမ်းများ လှုပ်ရှားလာသည်။

"ဂျိုနတ်စ်၊ သား သား၊ ဖေဖေ့ သားလေး"

ဖေဖေ့မျက်လုံးများ မှေးကျသွား၏။ ဖေဖေ့ ကိုယ်အလေးချိန်သည်လည်း ကျွန်တော့် လက်တွင်းသို့ ရောက်လာကာ အရုပ်ကြိုးပြတ်သလိုဖြစ်ပြီး ကြမ်းပေါ်သို့ လျှောကျသွားသည်။

ကျွန်တော် ငုံ့ကြည့်မိသည်။ ဘာဖြစ်သည်ကို သိလိုက်ပါသည်။ နီတားဒါးက ပြေးလာပြီး ဖေဖေ့ အင်္ကျီကြယ်သီးများကို ဖြုတ်မပေးမီကလေးမှာပင် ဖေဖေ အသက်ပျောက်သွားပြီဖြစ်ကြောင်း ကျွန်တော် သိလိုက်ပါသည်။

နီတားဒါးသည် ဖေဖေ့ဘေးမှာ ဒူးထောက်ထိုင်နေ၏။ မက်အယ်လစ္စတာက တယ်လီဖုန်း ဆက်ပြီး ဆရာဝန် ခေါ်နေသည်။ ဖေဖေ့ ကုလားထိုင်မှာ ကျွန်တော် ဝင်ထိုင်ပြီး စားပွဲပေါ်မှ ဝီစကီပုလင်းကို ကောက်ကိုင်လိုက်စဉ် ဒင်ဘီ ဝင်လာသည်။

ဒင်ဘီသည် အခန်းတွင်းမှ မြင်ကွင်းကြောင့် နောက်ဘက်သို့ တွန့်သွားသည်။ သူ့လက်ထဲမှ စာရွက်များ သွက်သွက်ခါနေသည်။ ပြီးတော့ ကျွန်တော့်ကို မော်ကြည့်ရင်း ချောက်ချားစွာ ပြောသည်။

"ဘုရား၊ ဘုရား ဘယ်လိုဖြစ်တာလဲ အငယ်။ ဂျာမန်နဲ့ ချုပ်ရမယ့် စာချုပ်တွေကို ဘယ်သူ လက်မှတ်ထိုးတော့မှာလဲ"

ကျွန်တော်က မက်အယ်လစ္စတာကို လှမ်းကြည့်သည်။ သူက ခေါင်းညိတ်ပြသည်။ ထို့ကြောင့် ဒင်ဘီဘက်သို့ လှည့်ပြီး ကျွန်တော် အဖြေပေးလိုက်သည်။

"ကျုပ် ထိုးမယ်"

ကြမ်းပြင်ပေါ်တွင်မူ နီတားဒါးက ဖေဖေ့ မျက်လုံးများကို ပိတ်ပေးနေသည်။ ကျွန်တော်သည် ဝီစကီပုလင်းကို မဖွင့်တော့ဘဲ စားပွဲပေါ်သို့ ပြန်တင်ကာ ဒင်ဘီကို လှမ်းကြည့်သည်။

"ပြီးတော့ ဒီအချိန်ကစပြီး ကျုပ်ကို အငယ်လို့ ခင်ဗျား မခေါ်နဲ့တော့"

ဟု ပြောလိုက်မိချေသည်။

(၄)

ဖေဖေ့ကို ခုတင်ပေါ်သို့တင်ကာ စောင်အုပ်ပြီးသည့် အချိန်မှာပင် ဆရာဝန် ရောက်လာသည်။ ဆရာဝန်သည် ပိန်ပိန်ပါးပါး ဖြစ်ပြီး ခေါင်းတွင် ဆံပင် မရှိ၊ မျက်မှန်က အတန်ငယ် ထူသည်။ ဖေဖေ့ ကိုယ်ပေါ်မှ စောင်ကို လှန်ပြီး ငုံ့ကြည့်သည်။

"အသက် မရှိတော့ပါဘူး၊ ဆုံးသွားပါပြီ"

ဆရာဝန်၏ စကား ကြားရသောအခါ ကျွန်တော်က ဘာမှ ဝင်မပြော၊ ဖေဖေ့ကုလားထိုင်မှာထိုင်ရင်း ဆုံလည်ကို ဟိုဘက်ဒီဘက် လှည့်နေမိသည်။ မက်အယ်လစ္စတာကသာ ဘာကြောင့် ဆုံးကြောင်း ဝင်မေးသည်။

"အရပ်စကားနဲ့ဆိုရင် လေဖြတ်တယ် ခေါ်ရမှာပေါ့။ ဦးနှောက်ထဲကို သွေးရောက်သွားတာ၊ ဒီလို မြန်သွားတာကို ကျေးဇူးတင်ရမယ်။ ဝေဒနာကို ခံစားမနေရဘူးပေါ့"

အမှန်ပင် မြန်လွန်းလှပါသည်။ စောစောပိုင်း တစ်မိနစ်က ဖေဖေသည် အသက်ရှင်လျက်ရှိ၏။ ယခု မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ဖေဖေသည် ဘာမှ မဟုတ်တော့။ သူ့ကိုယ်ပေါ်မှာ လွှမ်းခြုံထားသော စောင်ပေါ်သို့ လာနားသည့် ယင်တစ်ကောင်ကိုပင် မောင်းမထုတ်နိုင်တော့။ ကျွန်တော်က ဘာမှ မပြော။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်ပေါ်တွင် ဆရာဝန်က လေးလေးပင်ပင် ထိုင်ချသည်။ ပြီးတော့ ဖောင်တိန်နှင့် စာရွက်တစ်ရွက်ကို ထုတ်ပြီး စားပွဲပေါ်သို့ချသည်။ ကျွန်တော့်ဘက်မှ ကြည့်လျှင် ပြောင်းပြန်ပင် ဖြစ်လင့်ကစား စာရွက်ပေါ်မှ ခေါင်းစဉ်ကို လှမ်းဖတ်၍ ရသည်။

သေဆုံးကြောင်း ထောက်ခံစာ

သူသည် စာရွက်ပေါ်မှာ စာများကို ရေးချနေ၏။

"ကဲ ဦးနှောက်ထဲ သွေးရောက်တဲ့ ရောဂါကြောင့် ကွယ်လွန်ကြောင်း ကျုပ် ရေးလိုက်တယ်၊ ခွဲစိတ်ကြည့်စေချင်သေးလား"

ကျွန်တော်က ခေါင်းခါလိုက်သည်။

"ဒါဆို တော်ပါပြီ။ ခွဲစိတ်စစ်ဆေးနေလို့လည်း ဘာမှ ထူးလာမှာ မဟုတ်ပါဘူး"

ဆရာဝန်သည် စာရွက်ပေါ်တွင် ဆက်ရေးပြန်၏။ ပြီးသောအခါ ကျွန်တော့်ဆီသို့

ကမ်းပေးသည်။

"ကြည့်လိုက်ပါဦး၊ ကျုပ် ရေးတာ ဘာလိုသေးသလဲ"

စာရွက်ကို ကျွန်တော် ယူကြည့်သည်။ အားလုံး မှန်ပါသည်။ ဆရာဝန်သည် ဒီကိစ္စ မတိုင်မီက ကျွန်တော်တို့နှင့် တစ်ကြိမ်တစ်ခါမျှ မဆုံဘူးခဲ့။ သို့သော်လည်း နီဗားဒါးပြည်နယ်မှာ ရှိနေသူတိုင်းသည် ဂျိုနတ်စ်ကော့ မိသားစုနှင့်ပတ်သက်၍ အားလုံး သိနေကြသည်။

"ဂျိုနတ်စ်ကော့၊ အသက် (၆၇) နှစ်။ ကျန်ရစ်သူများ၊ ဇနီး ရီနာမာလိုးကော့၊ သား ဂျိုနတ်စ်ကော့ (အငယ်)"

စာရွက်ကို သူ့ဘက်သို့ ကျွန်တော်က ပြန်တွန်းပေးလိုက်သည်။

"မှန်ပါတယ်၊ ဘာမှ မလိုပါဘူး"

"ဒီထောက်ခံစာကို ကျုပ် ဖိုင်တွဲထားမယ်။ မိတ္တူကို အပ္ပိုခိုင်းလိုက်မယ်"

ပြောပြောဆိုဆိုပင် သူ ထရပ်ပြီး အခြား ဘာစကားမှ မပြောတော့ဘဲ အပြင်သို့ ထွက်သွားတော့သည်။ ထို့နောက် ဒင်ဘီ ဝင်လာသည်။

"အပြင်မှာ စောင့်နေတဲ့ လူတွေကိစ္စ ဘယ်လိုလုပ်ရမလဲ၊ ပြန်လွှတ်လိုက်ရမလား"

"ဒီအခန်းထဲ ဝင်ခိုင်းလိုက်ပါ"

မိန်းကလေး၏ အဖေနှင့်အမေ ဝင်လာကြသည်။ သူတို့ မျက်နှာပေါ်တွင် မမျှော်လင့်ဘဲ ကြုံတွေ့ရသည့် အဖြစ်အပျက်ကြီးကြောင့် ဝမ်းနည်းခြင်းနှင့် ကြေကွဲခြင်းများကို ခံစားနေရကြောင်း သိသာလှသည်။ မိန်းကလေး၏ အဖေက ကျွန်တော့်ကို ကြည့်ပြီး စကား စပြောသည်။

"ပျော်စရာမကောင်းတဲ့ အခုလို အခြေအနေမျိုးမှာ လာတွေ့ရတာ ဝမ်းနည်းပါတယ် မစ္စတာကော့"

သူ့မျက်နှာကို ကျွန်တော် လှမ်းကြည့်မိသည်။ သူ အမှန်တကယ် စိတ်ရင်းအတိုင်း ပြောနေခြင်းဖြစ်ကြောင်း ကျွန်တော် ယုံပါသည်။

"ကျွန်တော်လည်း ဝမ်းနည်းပါတယ်"

သူ့ဇနီးသည် ရုတ်တရက် ငိုချလိုက်၏။ ဖေဖေ့အလောင်းကို ကြည့်ရင်း ပါးစပ်မှလည်း

"အဖြစ်ဆိုးလိုက်တာ၊ အဖြစ်ဆိုးလိုက်တာ"

ဟု တတွတ်တွတ် ပြောလျက်ရှိသည်။

အဘွားကြီးကို ကျွန်တော် ကြည့်မိသည်။ သူ့သမီးသည် သူနှင့် အလွန်တူလှ၏။ သို့သော်လည်း အပေါ်ယံ တူခြင်းသာ ဖြစ်သည်။ သူ့သမီးက အလွန် ရိုးသားသည်။ ဒီအဘွားကြီးက အလွန် ကောက်ကျစ်စဉ်းလဲသည်။ မှုရာမာယာ များသည်။

"ခင်ဗျား ဘာဖြစ်လို့ ငိုတာလဲ၊ အရင်တုန်းကလည်း သူ့ကို ခင်ဗျား တစ်ခါမှ မြင်ဖူးတွေ့ဖူးတာ မဟုတ်ဘူး၊ ပြီးတော့ သူ့ဆီကတောင် ငွေညှစ်နေသေးတယ် မဟုတ်လား"

ဟု ကျွန်တော်က လှမ်းမေးသည်။ ထို့ကြောင့် ထိတ်လန့်တကြီးဖြင့် ကျွန်တော့်ကို ပြန်ကြည့်သည်။ သူ့အသံသည်လည်း တုန်လှုပ်နေသည်။

"မင်း ဘယ်လို စကားမျိုး ပြောလိုက်တာလဲ၊ ငါ့သမီးကို မင်း သတ်ပြီးတဲ့အခါမှာ မင်းအဖေဟာ အခု ဒီအိပ်စင်ပေါ်မှာ အနိစ္စရောက်နေရတာ မဟုတ်လား"

ကျွန်တော်က ထိုင်ရာမှ ထသည်။ ဒေါသကြောင့် ကျွန်တော် ဆက်ထိုင်မနေနိုင်တော့။

"ဘာပြောတယ်၊ ခင်ဗျားသမီးကို ကျုပ်က သတ်တယ် ဟုတ်လား၊ ခင်ဗျားသမီးက ဘာမှ မလုပ်စေချင်ရင် ကျုပ် ဘာမှ မလုပ်ဘူး၊ ကျွန်တော့်ကို ထောင်မဖမ်းဖို့ ခင်ဗျားသာ အစက ပြောထားမယ်ဆိုရင် ခင်ဗျားသမီးဟာ ဒီကနေ့ အသက်ရှင်နေမှာပဲ၊ ဒါပေမယ့် ခင်ဗျား မတားခဲ့ဘူး၊ ဘာတွေပဲ ဆုံးရှုံးရ ဆုံးရှုံးရ ဂျိုနတ်စ်ကော့ (အငယ်) ကို အမိဖမ်းဖို့ပဲ ခင်ဗျား ပြောခဲ့တယ်။ ကျုပ်နဲ့ လက်ထပ်ဖို့ကိစ္စအတွက် အစီအစဉ်တွေတောင် ခင်ဗျား အဆင်သင့် လုပ်ထားပြီဆိုတာ ခင်ဗျားသမီးက ကျုပ်ကို ပြောပြီးပြီ"

သူ့ယောက်ျားသည် သူ့ဇနီးဘက်သို့ လှည့်ကြည့်လိုက်၏။

"သမီးကိုယ်ဝန်ရှိတာကို မင်း အစကတည်းက သိတယ်လို့ ဆိုချင်တာလား"

ဟု သူ့ဇနီးကို ပြန်မေးသည်။ သူ့အသံသည်လည်း တုန်လှုပ်နေသည်။

"မဟုတ်ဘူး ဟင်နရီ၊ မဟုတ်ဘူး၊ ကျွန်မ မသိပါဘူး။ သူနဲ့ လက်ထပ်နိုင်မယ်ဆိုရင် ကောင်းမှာပဲလို့သာ သမီးကို ကျွန်မ ပြောခဲ့ပါတယ်"

အဘွားကြီး၏ မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်မှုများ ပေါ်ပေါက်လာသည်။

အဘိုးကြီးက နှုတ်ခမ်းကို တင်းတင်းစေ့လိုက်၏။ သူ့မိန်းမကို ရိုက်လိုက်တော့မည်လားဟု ကျွန်တော် ထင်မှတ်မိသည်။ သို့သော်လည်း သူ မရိုက်။ ကျွန်တော့်ဘက်သို့ လှည့်လာသည်။

"ကျုပ် ဝမ်းနည်းပါတယ်၊ မစ္စတာကော့။ မင်းကို ကျုပ်တို့ ဘယ်တော့မှ ထပ်ပြီး ဒုက္ခမပေးတော့ပါဘူး"

သူသည် မာနကြီး တစ်ခွဲသားဖြင့် နေရာမှထကာ တံခါးဆီသို့ လျှောက်သွားသည်။ အဘွားကြီးက နောက်မှ ထလိုက်သွားရင်း အော်ပြောသည်။

"ဒါပေမယ့် ဟင်နရီ၊ ဒါပေ. ."

"တိတ်စမ်း၊ မင်း ဒါလောက် ပြောရတာ အားမရသေးဘူးလား"

အဘွားကြီးကို အခန်းအပြင်သို့ တွန်းပို့ကာ သူ့အရင် ထွက်စေသည်။ သူတို့ ထွက်သွားပြီး တံခါးပိတ်သွားသောအခါ မက်အယ်လစ္စတာဘက်သို့ ကျွန်တော် လှည့်လိုက်သည်။

"ဇာတ်ရှုပ်ကြီးထဲမှာ ကျွန်တော် ပါနေသေးရဲ့လား"

သူက ခေါင်းခါပြသည်။

"မနက်ဖြန်ကျရင် သူ့အိမ်ကို လိုက်သွားပြီး ကြည့်ပါ။ သူတို့ ကျေနပ်ကြောင်း ဆီးပြောပါလိမ့်မယ်။ သူဟာ ရိုးသားတဲ့ ပုံမျိုးပါပဲ"

"ရိုးသားတဲ့ လူတစ်ယောက်က ဘယ်လို လုပ်လိမ့်မယ်ဆိုတာကို မင်း ဒီလိုပဲ မှန်းဆသလား"

ဟု ပြုံးရင်း သူက မေးသည်။

"ဖေဖေ့ဆီက ရခဲ့တဲ့ ပညာတွေထဲမှာ ဒါလည်း တစ်ခု အပါအဝင်ပဲ၊ လူတိုင်းမှာ သူ့တန်ဖိုးနဲ့သူ ရှိကြောင်း ဖေဖေက ပြောလေ့ရှိတယ်။ တချို့က ငွေအတွက်၊ တချို့က မိန်းမအတွက်၊ တချို့က အောင်မြင်မှုအတွက် ဒါပေမယ့် ရိုးသားတဲ့ လူတွေကိုတော့ ငွေနဲ့ ဝယ်လို့မရဘူးတဲ့"

"မင်းအဖေဟာ လက်တွေ့သမားကြီး တစ်ယောက်ပါ"

"ဖေဖေဟာ တစ်ကိုယ်ကောင်းဆန်တယ်၊ ကိုယ်ကျိုးကိုပဲ ကြည့်တယ်၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှ အရာအားလုံးကို သူတစ်ယောက်တည်း ချုပ်ကိုင်ထားချင်တယ်။ ကျွန်တော်ဟာ ဖေဖေ့ ခြေရာကို တစ်သဝေမတိမ်း နင်းနိုင်တဲ့ လူဖြစ်ဖို့ကိုပဲ မျှော်လင့်ပါတယ်"

"မင်း ဖြစ်နိုင်ပါတယ်"

ဟု မက်အယ်လစ္စတာက သူ့မေးစေ့ကို ပွတ်၍ စဉ်းစားရင်း ပြန်ပြောသည်။ ဖေဖေ လဲလျောင်းနေရာ ခုတင်ပေါ်သို့ ကျွန်တော် လှမ်းကြည့်မိသည်။

"ကျွန်တော် သူ့အကူအညီကို ဘယ်လိုမှ မရနိုင်တော့ဘူး"

မက်အယ်လစ္စတာက တစ်စုံတစ်ရာ ပြန်ပြောခြင်း မရှိ။ နီဗားဒါးကို ကျွန်တော် လှမ်းကြည့်လိုက်သောအခါ သူ့နေရာမှာပင် တိတ်ဆိတ်စွာ ထိုင်နေသည်ကို မြင်တွေ့ရသည်။ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။ ပြီးတော့ စက္ကူတစ်ရွက် ထုတ်ယူပြီး စီးကရက် လိပ်သောက်နေသည်။ မက်အယ်လစ္စတာဘက်သို့ ကျွန်တော် ပြန်လှည့်လိုက်သည်။

"အကူအညီတွေ ကျွန်တော် အများကြီး လိုတော့မယ်"

မက်အယ်လစ္စတာသည် စိတ်ဝင်စားကြောင်း အမူအရာဖြင့်သာ ပြသည်။ တစ်စုံတစ်ရာ ပြန်ပြောခြင်း မရှိ။

"အကြံပေးအရာရှိတစ်ယောက်၊ အတိုင်ပင်ခံတစ်ယောက်နဲ့ ရှေ့နေတစ်ယောက် ကျွန်တော် လိုလိမ့်မယ်။ ခင်ဗျား လုပ်နိုင်ပါ့မလား"

ကျွန်တော် မေးသောအခါ သူသည် ဖြည်းလေးစွာ ပြန်ဖြေ၏။

"ငါ့အနေနဲ့တော့ အချိန်မပေးနိုင်ဘူး ထင်တယ် ဂျူနတ်စ်။ ငါ လိုက်နေရတဲ့ အမှု

တွေက သိပ်များနေတယ်"

"ဘယ်လောက်လောက် များသလဲ"

"တစ်နှစ်ကို ဒေါ်လာ ခြောက်သောင်းဖိုးလောက် ဝင်ငွေရှိတယ်"

"ဒေါ်လာတစ်သိန်း ပေးမယ်ဆိုရင် နီတားဒါးပြည်နယ်ကို ပြောင်းလာနိုင်မလား"

"သဘောတူစာချုပ်ကို ငါ ရေးရမလား"

သူ့အဖြေသည် မဆိုင်းမတွ ထွက်လာ၏။ စီးကရက်ဘူးထုတ်ပြီး သူ့ကို တစ်လိပ် ကမ်းပေးလိုက်သည်။ ကျွန်တော့်ဖို့လည်း တစ်လိပ် ထုတ်ယူပြီး သူ့ဆေးလိပ်ကို မီးညှိပေး လိုက်သည်။

"ကောင်းပြီ၊ ကြိုက်သလို ရေးပါ"

သူသည် မီးညှိရင်းတန်းလန်း ရပ်နေကာ ကျွန်တော့်ကို ပဟေဠိဆန်ဆန် စိုက်ကြည့် နေသည်။

"ဒါလောက်များတဲ့ ငွေကို မင်း ပေးနိုင်လိမ့်မယ်လို့ ဘယ်လိုလုပ် သိသလဲ"

ကျွန်တော်က ကိုယ့်စီးကရက်ကို ကိုယ်မီးညှိရင်း ပြုံးလိုက်မိသည်။

"ခင်ဗျား အလုပ် လက်ခံလိုက်တဲ့ အချိန်အထိ ကျွန်တော် မသိသေးဘူး၊ ဒါပေမယ့် နောက်တော့ သိလာမှာပေါ့"

ကျွန်တော့်ကို သူ ပြန်ပြုံးပြသည်။ ပြီးတော့ ထိုအပြုံး ချက်ချင်း ပျောက်သွားသည်။ သူသည် အလုပ်အကြောင်း သက်သက်ကိုသာ ပြောတော့၏။

"တို့ ပထမဦးဆုံး လုပ်ရမယ့်အလုပ်က ဒါရိုက်တာအဖွဲ့ အစည်းအဝေးခေါ်ဖို့ပဲ၊ ပြီးတော့ မင်းကို ကုမ္ပဏီရဲ့ တရားဝင်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရမယ်၊ ဒါနဲ့ပတ် သက်ပြီး အခက်အခဲရှိမယ်လို့ မင်း ထင်သလား"

"ကျွန်တော်တော့ မထင်ဘူး၊ ဖေဖေဟာ အစုစပ်လုပ်ငန်းကို ယုံကြည်တာ မဟုတ် ဘူး၊ ကုမ္ပဏီရဲ့ ငွေပင်ငွေရင်းအစု ကိုးဆယ်ရာခိုင်နှုန်းဟာ သူ့နာမည်နဲ့ချည်းပဲ၊ သူ့ရဲ့ သေတမ်း စာအရဆိုရင် သူ သေသွားပြီးတဲ့နောက်မှာ ကျွန်တော် ပိုင်ရမှာပေါ့"

"မင်းမှာ သေတမ်းစာ မိတ္တူ ရှိထားသလား"

"ကျွန်တော့်မှာတော့ မရှိဘူး၊ ဒါပေမယ့် ဒင်ဘီဆီမှာတော့ ရှိနိုင်တယ်၊ ဖေဖေ လုပ်သမျှ စာရွက်စာတမ်း အထောက်အထား အားလုံးကို သူ ထိန်းသိမ်းရတာပဲ"

လူခေါ်ခေါင်းလောင်းကို ကျွန်တော် နှိပ်လိုက်သောအခါ ဒင်ဘီ ဝင်လာသည်။

"ဖေဖေ့ သေတမ်းစာမိတ္တူပေးပါ"

ဟု ကျွန်တော်က အမိန့်ပေးလိုက်သည်။

အချိန်အနည်းငယ် အတွင်းမှာပင် ကျွန်တော့် စားပွဲပေါ်သို့ အားလုံး ရောက်လာ သည်။ အားလုံး တရားဝင်ပြုလုပ်ထားသော စာချုပ်စာတမ်းများ ဖြစ်သည်။ ကျွန်တော်သည် စာချုပ်အားလုံးကို မက်အယ်လစ္စတာဘက်သို့ ထိုးပေးလိုက်၏။ သူကလည်း ဖွင့်ပြီး အလျင် အမြန် စစ်ဆေးကြည့်ရှုသည်။

"အားလုံး မှန်ပါတယ်။ ဒါတွေအားလုံး တရားဝင်ဖြစ်ကြောင်း ရုံးတော်မှာ ကျမ်းကျိန် ရမယ်"

ဟု သူက ပြောသည်။

ကျွန်တော်သည် ဒင်ဘီကို မော့ကြည့်လိုက်၏။ ကျွန်တော့် အဖြေကိုပင် မစောင့် တော့ဘဲ သူက စပြောသည်။

"တရားသူကြီး ဟတ်စ်ကယ် ရီနိုမြို့မှာ အဆင်သင့် ရှိနေပါတယ်"

"သူ့ကို ဖုန်းဆက်ပြီး ဒါတွေအားလုံး တရားဝင်ဖြစ်သွားအောင် လုပ်ပါလို့ ပြောပါ။ ခင်ဗျား သူနဲ့ ပြောပြီးတဲ့အခါမှာ ဒါရိုက်တာ အဖွဲ့ဝင်လူကြီး အားလုံး အထူးအစည်းအဝေး တက်ဖို့ ဖိတ်လိုက်ပါ။ မနက်ဖြန် မနက်စာစားချိန် ကျွန်တော့်အိမ်မှာ လုပ်မယ်"

ဒင်ဘီ ထွက်သွားသည်။ မက်အယ်လစ္စတာဘက်သို့ ကျွန်တော် လှည့်လိုက်သည်။

"ကျွန်တော် ဘာလုပ်ဖို့ ကျန်သေးသလဲ မက်"

"မရှိပါဘူး။ အခုတော့ ဘာမှ မရှိသေးဘူး။ ဂျာမန်နဲ့ ကန်ထရိုက် စာချုပ်ချုပ်ဖို့ တစ်ခုပဲ ရှိတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ငါ သိပ်မသိဘူး။ ဒါပေမယ့် ဒါဟာ အင်မတန် ကောင်းတဲ့ အခွင့်အရေးကြီးတစ်ခု ဖြစ်တယ်လို့ မင်းအဖေ ပြောဖူးတာတော့ ကြားဖူးတယ်။ ဒါက လုပ်ငန်းသစ် တစ်ခုပဲ၊ ပလတ်စတစ် ထုတ်လုပ်ရေး လုပ်ငန်းလို့ သူ ပြောဖူးတယ်ထင်တယ်"

"ဒင်ဘီဆီက ဖိုင်တောင်းကြည့်ပါ၊ ဒီည လေ့လာထားပါ၊ မနက်ဖြန် ဒါရိုက်တာအဖွဲ့ အစည်းအဝေးမစမီ ကျွန်တော့်ကို အတိုချုပ် ပြောပြပါ။ ကျွန်တော် မနက်ငါးနာရီ အိပ်ရာ ထတယ်"

ထူးဆန်းသော အမူအရာတစ်မျိုးကို မက်အယ်လစ္စတာ၏ မျက်နှာပေါ်မှာ ကျွန်တော် မြင်လိုက်ရသည်။ ရုတ်တရက်တော့ မည်သည့် အဓိပ္ပာယ်ဖြစ်ကြောင်း ကျွန်တော် ဝေခွဲ၍ မရ။ ခဏကြာတော့မှ ကျွန်တော် သဘောပေါက်သည်။ ကျွန်တော့်ကို လေးစားသည့် အမူအရာ ပါတကား။

"ငါးနာရီတိတိ အရောက်လာပါ့မယ် ဂျိုနတ်စ်"

သူသည် နေရာမှထပြီး အပြင်သို့ထွက်ရန် တံခါးဆီ လျှောက်သွားသည်။ သူ တံခါးသို့ မရောက်မီ ကျွန်တော်က လှမ်းပြောလိုက်သည်။

"ဒင်ဘီဆီက အဲဒီဖိုင် တောင်းရင်းနဲ့ တခြား ငွေပင်ငွေရင်း အစုရှင်တွေရဲ့ နာမည် ကိုပါ တောင်းထားပါ၊ အစည်းအဝေး မလုပ်ခင် သူတို့နာမည်တွေ ကျွန်တော် သိထားဖို့ လိုမယ် ထင်တယ်"

"ကောင်းပြီ ဂျိုနတ်စ်"

စောစောက သူ့မျက်နှာပေါ်တွင် တွေ့ရသော လေးစားမှုသည် ပို၍ ထင်ရှား နက်ရှိုင်း လာသည်။ စကားဆုံးသည်နှင့် အပြင်သို့ ထွက်သွားသည်။ ကျွန်တော်သည် ဆုံလည်ကုလားထိုင်ကို နီဗားဒါးဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျား ဘယ်လို ထင်သလဲ"

သူသည် တစ်စုံတစ်ရာ ပြန်မဖြေဘဲ အတန်ကြာ ငြိမ်သက်နေသည်။ သူ့နှုတ်ခမ်း ကြားရှိ စီးကရက်တိုကို ဖြုတ်လိုက်ပြီး နောက်မှ အသံထွက်လာသည်။

"မင်းအဖေဟာ တကယ့်ကို သက်သက်သာသာနဲ့ အနားယူသွားပြီလို့ ထင်တယ်"

သူ့စကားသည် ကျွန်တော့်ကို သတိပေးလိုက်သကဲ့သို့ ရှိသည်။ ဖေဖေ့ကို ကျွန်တော် လုံးဝ မေ့နေသည်။ ကျွန်တော်သည် ထိုင်ရာမှထပြီး ဖေဖေ လဲလျောင်းနေရာ ခုတင်အနီးသို့ လျှောက်သွားသည်။ ခေါင်းကိုလှုပ်ပြီး ဖေဖေ့ကို ငုံ့ကြည့်လိုက်သည်။

ဖေဖေ့ မျက်လုံးများမှာ မှိတ်ထားပြီး နှုတ်ခမ်းကို စေ့ထားသည်။ ညာဘက် နားထင် တွင် အပြာရောင်သန်းနေသည်ကို တွေ့ရသည်။ ဦးနှောက်အတွင်းသို့ သွေးရောက်သွားသည် ဆိုခြင်းမှာ ဤလက္ခဏာပင် ဖြစ်ရမည်ဟု ကျွန်တော် တွေးမိသည်။

ဖေဖေ့အတွက် ကျွန်တော် မျက်ရည်ကျချင်ပါသည်။ သို့သော် တစ်စက်မျှ ထွက် မလာ။ ဖေဖေသည် ကျွန်တော့်ကို စွန့်ခွာထားခဲ့သည်မှာ နှစ်ပေါင်း မြောက်မြားစွာကြာပြီ။ ကျွန်တော် ငါးနှစ်သားအရွယ် ဝရန်တာမှနေ၍ နီဗားဒါး၏ လက်တွင်းသို့ ကျွန်တော့်ကို ပစ်ပေး လိုက်သည့် အချိန်မှစပြီး စွန့်ပစ်ထားခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။

နောက်ဘက်က တံခါးဖွင့်သံ ကြားသောကြောင့် ဖေဖေ့ အပေါ်သို့ ခေါင်းပြန်ဖုံးပြီး လှည့်ကြည့်လိုက်သည်။ တံခါးပေါက်တွင် ဒင်ဘီ ရပ်နေသည်ကို တွေ့ရသည်။

"ဂျိတ်ပလတ်က တွေ့ချင်လို့ပါတဲ့ ခင်ဗျာ"

ဂျိတ်ပလတ်သည် စက်ရုံမန်နေဂျာ ဖြစ်သည်။ စက်ရုံလည်ပတ်ရေးကို သူက တာဝန် ယူရသည်။ သူလည်း ကြားပြီးလောက်မည် ဖြစ်သည်။ ယခုလောက်ဆိုရင် တစ်ဆင့်နားဖြင့် စက်ရုံတစ်ခုလုံး သတင်းပြန့်ပြီး ဖြစ်လောက်ပြီ။

"ဝင်ခိုင်းလိုက်"

ကျွန်တော့် စကားဆုံးသည်နှင့် တစ်ပြိုင်တည်း တံခါးဝရှိ ဒင်ဘီ၏ဘေးတွင် ဂျိတ်ပ လတ် ရောက်လာသည်။ သူသည် အလွန် ထွားကျိုင်းသည့် လူကြီးတစ်ယောက် ဖြစ်သည်။

လမ်းလျှောက်ရာတွင်လည်း အလွန် လေးလေးပင်ပင် လျှောက်တတ်သူ ဖြစ်သည်။ အခန်းတွင်းသို့ လျှောက်လာရင်း ဖေဖေ့ကို ငုံကြည့်သည်။ သူ့မျက်နှာပေါ်မှာ စိတ်မချမ်းမြေ့သည့် အမူအရာများ ပေါ်နေသည်။

"စိတ်မချမ်းသာစရာ သတင်းကို ကျွန်တော် အခုပဲ ကြားပါတယ်။ အလွန် ကြေကွဲစရာကောင်းတဲ့ ဆုံးရှုံးမှုကြီး တစ်ရပ်ပါပဲ၊ ခင်ဗျားအဖေဟာ အလွန် ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးပါ၊ အလွန် ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးပါ"

အလွန် စိတ်ထိခိုက်သည့် ပုံစံမျိုးဖြင့် ပြောနေသည်။ ကျွန်တော်သည် စားပွဲ၏နောက်ဘက်သို့ ပြန်လျှောက်လာရင်း. . .

"ခင်ဗျားလည်း အလွန် ဟန်ဆောင်အမူအရာကောင်းတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါပဲ"

ဟု စိတ်ထဲမှ ပြောနေမိသည်။ သို့သော် . . .

"ကျေးဇူးတင်ပါတယ် ဂျိတ်"

ဟု ကျွန်တော်က အကျယ်ကြီး ပြန်အော်ပြောလိုက်သည်။ ကျွန်တော့်ဘက်သို့ သူလှည့်လာသည်။ သူ့အမူအရာသည် သူ အလွန် အောင်မြင်သွားပြီ ဟု ထင်နေပုံရသည်။

"ဘာကိစ္စနဲ့ ပတ်သက်ပြီးတော့ဖြစ်ဖြစ် ကျွန်တော့်ကို လိုရင်ခေါ်ပါလို့ ပြောထားပါရစေ"

"ကျေးဇူးတင်ပါတယ် ဂျိတ်၊ ခင်ဗျားလို လူမျိုးတစ်ယောက် ကျွန်တော့်ဘက်မှာ ရှိနေတယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်"

"ဒီသတင်းက စက်ရုံတစ်ရုံလုံး ပြန့်နေပြီ။ သူတို့ကို ကျွန်တော် အကျိုးအကြောင်း ပြောပြလိုက်ရမလား။ မက်ဆီကန်တွေနဲ့ အင်ဒီးယန်းတွေအကြောင်း ခင်ဗျားလည်း သိသားပဲ၊ သူတို့ဟာ အလွန် စိတ်လှုပ်ရှားတတ်ကြတယ်။ သူတို့ စိတ်သက်သာသွားအောင်တော့ လုပ်ပေးသင့်တယ်"

သူတို့ ကျွန်တော် မော့ကြည့်မိသည်။ သူ မှန်ပါသည်။

"ခင်ဗျား အကြံကောင်းတယ်၊ ဒါပေမယ့် သူတို့ကို ကျွန်တော်ကိုယ်တိုင် ပြောမှ ကောင်းမယ်ထင်တယ် ဂျိတ်"

ဂျိတ်သည် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကျွန်တော် ပြောသည်ကို လက်ခံသဘောတူမည်သာ ဖြစ်သည်။ သူ့ဝါဒသည် ထိုအတိုင်းပင် ဖြစ်သည်။ အထက်လူကြီးနှင့် အတိုက်အခံ မလုပ်လို။ ထို့ကြောင့်လည်း သူ့မျက်နှာပေါ်မှ မကျေနပ်သည့် အမူအရာကို ကြိုးစားဖျောက်ဖျက်ရင်း ပြန်ပြောသည်။

"မှန်ပါတယ် ဂျိုနတ်စ်၊ ကိုယ်တိုင် ပြောချင်တယ် ဆိုရင်ပေါ့လေ"

"ကိုယ်တိုင် ပြောချင်ပါတယ်"

ကျွန်တော်က တံခါးပေါက်သို့ ခြေဦးလှည့်လိုက်သည်။ နီဗားဒါးအသံကို နောက်က ကြားရသည်။

"သူ့ကိစ္စ ဘယ်လိုလုပ်မလဲ"

ကျွန်တော် နောက်သို့လှည့်ပြီး နီဗားဒါးကြည့်နေသည့် ဖေဖေ့အလောင်းကို ကြည့်လိုက်မိသည်။

"ဆိုင်တဲ့လူတွေကို ခေါ်ပါ၊ သူတို့ကို စောင့်ခိုင်းပါ၊ ဖေဖေ့အတွက် ဒီပြည်နယ်ထဲမှာ အကောင်းဆုံး ခေါင်းတစ်လုံး လိုချင်တယ်လို့ ပြောပြပါ"

သူက ခေါင်းညိတ်ပြသည်။

"စက်ရုံ အပြင်ကနေပြီး မော်တော်ကားနဲ့ ကျွန်တော့်ကို စောင့်နေပါ၊ ပြီးရင် ကျွန်တော်တို့ အိမ်ပြန်မယ်"

ကျွန်တော်သည် သူ့ထံမှ အဖြေကို မစောင့်တော့ဘဲ အပြင်သို့ ထွက်ခဲ့သည်။ ကျွန်တော့်နောက်မှ ဂျိတ်ပလတ် လိုက်လာသည်။

လူသွားစင်္ကြံအတိုင်း ကျွန်တော် လျှောက်လာသောအခါ အလုပ်သမားအားလုံးတို့သည် ကျွန်တော့်ကို ငြိမ်သက်စွာ ငေးကြည့်နေကြ၏။ လှေကားထိပ်မှာ ကျွန်တော် ရပ်လိုက်သည်။ ဂျိတ်က လက်မြှောက်ပြသောအခါ လည်နေသည့် စက်များအားလုံး ရပ်သွားသည်။

ဤစက်ရုံအတွင်း၌ စက်များအားလုံးရပ်ပြီး ဤမျှ တိတ်ဆိတ်သွားခြင်းကို ကျွန်တော့်ဘဝတွင် ယခု ပထမဦးဆုံးအကြိမ် ကြုံတွေ့ဖူးခြင်း ဖြစ်သည်။ ကျွန်တော် စကား စပြောသောအခါ အုတ်နံရံများမှ ပဲ့တင်သံများ ပျံ့လွင့်လာသည်။

"ကျွန်တော့်အဖေ ကွယ်လွန် အနိစ္စ ရောက်သွားပါပြီ"

စပိန်ဘာသာဖြင့် ကျွန်တော် စပြောသည်။ စပိန်ဘာသာကို ကျွန်တော် နိုင်နိုင်နင်းနင်း မတတ်ကျွမ်း။ သို့သော်လည်း သူတို့၏ ဘာသာစကားဖြစ်သောကြောင့် စပိန်ဘာသာဖြင့်ပင် ကျွန်တော် ဆက်ပြောသည်။

"ဒါပေမယ့် ကျွန်တော်ဟာ သူ့သားတစ်ယောက်အနေနဲ့ သူ့ရဲ့ လုပ်ငန်းကြီး တစ်ခုလုံးကို ဆက်ပြီး ဦးစီးဦးဆောင် လုပ်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီကုမ္ပဏီကြီး အခုလို ကြီးပွားတိုးတက်လာအောင် လုပ်ကိုင်ပေးကြတဲ့ ခင်ဗျားတို့ရဲ့ ကြိုးစားမှုကို ချီးကျူးကြောင်း ဖေဖေကိုယ်တိုင် ခင်ဗျားတို့ကို မပြောနိုင်တော့တဲ့အတွက် အလွန် ဝမ်းနည်းစရာ ကောင်းပါတယ်။ နောက်တစ်ခုက ဒီစက်ရုံမှာ အလုပ်လုပ်နေကြတဲ့ ခင်ဗျားတို့ အားလုံးကို လစာ (၅)ရာခိုင်နှုန်း တိုးပေးဖို့ ဖေဖေ မသေမီက ဆုံးဖြတ်ချက် ချသွားကြောင်းကိုလည်း ခင်ဗျားတို့ အားလုံးအဖို့ ဝမ်းသာစရာသတင်းအဖြစ် ကျွန်တော် ထုတ်ပြောပါရစေ"

ဂျိတ်ပလတ်သည် ကျွန်တော့်လက်ကို ဖျစ်လိုက်သည်။ ကျွန်တော်က သူ့လက်ကို ပုတ်ချပြီး ဆက်ပြောသည်။

"ဖေဖေ့အပေါ်မှာ ခင်ဗျားတို့ ကောင်းခဲ့ကြတဲ့အတိုင်း ကျွန်တော့်အပေါ်မှာလည်း ခင်ဗျားတို့ ဆက်ကောင်းကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်ဟာ အများကြီး လေ့လာရပါဦးမယ်၊ ဒီအတွက် ခင်ဗျားတို့ စိတ်ရှည်ကြလိမ့်မယ်လို့လည်း ကျွန်တော် ယုံကြည်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ ခင်ဗျားတို့ အားလုံးကို ဘုရားသခင် စောင့်ရှောက်ပါစေ"

ကျွန်တော် အောက်သို့ ဆင်းခဲ့သည်။ ဂျိတ်လည်း ကျွန်တော့်နောက်မှ ဆင်းလိုက်လာသည်။ အလုပ်သမားတို့သည် ကျွန်တော် လျှောက်နိုင်အောင် လမ်းဖယ်ပေးကြ၏။ သူတို့ အားလုံး ငြိမ်သက်တိတ်ဆိတ်နေကြသည်။ ကျွန်တော် ဖြတ်လျှောက်သွားသောအခါ ကျွန်တော့်ကို အားပေးသည့်အနေဖြင့် အချို့က ကျွန်တော့်ကို လှမ်းကိုင်ကြသည်။ အချို့ အလုပ်သမားတို့၏ မျက်လုံးထဲတွင် မျက်ရည်စများကို ကျွန်တော် မြင်ခဲ့ရသည်။

စက်ရုံအပြင်သို့ ကျွန်တော် ထွက်လာသည်။ အပြင်မှာ နေရောင် ရှိနေသေးသည်။ နေလုံးပျောက်လောက်ပြီဟု စောစောက ကျွန်တော် ထင်ခဲ့သည်။

ကြီးမားသော ပီးယာ့စ်အဲရိုး ဇိမ်ခံမော်တော်ကားကြီးသည် အဆင်သင့် ရောက်နေပြီ ဖြစ်၏။ မောင်းသူနေရာတွင် နီဗားဒါးစမစ်၊ ကားရှိရာသို့ ကျွန်တော် ခြေလှမ်းလိုက်သောအခါ ဂျိတ်ပလတ်က ကျွန်တော့်ကို လှမ်းဆွဲထားသည်။

"လခပိုပေးမယ်လို့ ဘာဖြစ်လို့ သွားပြောလိုက်ရတာလဲ ဂျိုနတ်စ်ရယ်၊ ဒီကောင်တွေ အကြောင်းကို ခင်ဗျား မသိသေးဘူး။ ဒီကောင်တွေဟာ ရလေလိုလေ အိုတဏှာကောင်တွေ၊ ခင်ဗျား အဖေဟာ ဒီကောင်တွေကို လစာလျှော့ပေးဖို့ ကျွန်တော်ပြောတိုင်း လက်ခံခဲ့တယ်"

သူ့ကို အေးစက်စွာ ကျွန်တော် ပြန်ကြည့်သည်။

"ကျွန်တော် ဘာပြောခဲ့တယ်ဆိုတာ ခင်ဗျား ကြားတယ် မဟုတ်လား ဂျိတ်"

"ကြားပါတယ် ဂျိုနတ်စ်၊ ဒီအကြောင်းကို ကျွန်တော် ပြောနေတာပေါ့၊ ကျွန်တော်. . "

"ခင်ဗျား ကြားတယ်လို့ ကျုပ် မထင်ဘူး ဂျိတ်၊ ကျုပ် ပထမဆုံး ပြောတဲ့စကားဟာ ကျုပ်အဖေ ကွယ်လွန် အနိစ္စရောက်သွားပါပြီဆိုတဲ့ စကားပဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့်. . . "

"ဒါဟာ ကျုပ်ပြောချင်တဲ့ အဓိက စကားပဲ ဂျိတ်၊ ဖေဖေ သေပြီ။ ဒါပေမယ့် ကျုပ် မသေဘူး။ ကျုပ်ဟာ ဒီမှာ ရှိနေတယ်။ ကျုပ်ဟာ တစ်နေရာမှာ ဖေဖေနဲ့ သေသေချာချာ တူတယ်ဆိုတာကို ခင်ဗျား အမြဲတမ်း အမှတ်ရပါ၊ ကျုပ်အတွက် အလုပ်လုပ်ပေးတဲ့ လူတွေ အပေါ်မှာ ကျုပ် အနိုင်မလိုချင်ဘူး။ အဲဒီလိုပဲ ကျုပ် လုပ်တာကို မကြိုက်တဲ့လူရှိရင်လည်း ဒုက္ခနဲ့ ရင်ဆိုင်ရဖို့သာမှတ်"

ဂျိတ်သည် ချက်ချင်း သဘောပေါက် နားလည်သွားသည်။ သူသည် ကားနားသို့ ကပ်သွားပြီး ကျွန်တော့်အတွက် တံခါး အသင့်ဖွင့်ပေးထား၏။

"ကျွန်တော် ဆိုလိုတာက ဘာမှ မဟုတ်ပါဘူး ဂျိုနတ်စ်၊ ခင်ဗျား အတွက်. . "

ကိုယ်က များများပေးလျှင် များများပြန်ရမည်ဆိုသည့် အကြောင်းကို သူ့အား ရှင်းပြနေရန် မလိုတော့။ ဤကိစ္စကို သူ့ဌေးကြီးဟင်နရီဖို့ဒ်က သူ့အလုပ်သမားများအား လုပ်ခတိုးပေးလိုက်ခြင်းအားဖြင့် သက်သေထူခဲ့ပြီ။ သူ၏ ကုန်ထုတ်စွမ်းအားသည် သုံးဆအထိ တိုးတက်ခဲ့၏။ ကျွန်တော် ကားထဲ ဝင်ထိုင်ပြီး စက်ရုံကို ပြန်ကြည့်လိုက်သည်။ စက်ရုံ၏ အမိုးမည်းမည်းကြီးကို တွေ့ရသည်။ လေယာဉ်ပျံပေါ်က ကျွန်တော် မြင်ခဲ့သည့် မြင်ကွင်းကို ပြန်သတိရမိသည်။

"ဂျိတ် စက်ရုံခေါင်းမိုးကို မြင်တယ် မဟုတ်လား"

သူသည် ကျွန်တော် ညွှန်ပြသည့်အတိုင်း ကျိုးနွံစွာ လှည့်ကြည့်၏။

"ဟုတ်ကဲ့၊ အမိန့်ရှိပါ ခင်ဗျာ"

ရုတ်ခြည်း ဆိုသလိုပင် ကျွန်တော်သည် အလွန် ပင်ပန်းနွမ်းနယ်သွား၏။ ထို့ကြောင့် မျက်စိကိုမှိတ်ပြီး ကူရှင်နောက်မှီပေါ်သို့ ကိုယ်ကို မှီချလိုက်သည်။

"စက်ရုံအမိုးကို အဖြူရောင် သုတ်လိုက်ပါ"

(၅)

ဖေဖေ့ အိမ်သစ်နှင့် စက်ရုံအကြား မိုင် (၂၀) ကွာခရီးကို ကားစီးလာရင်း ကျွန်တော်သည် ငိုက်မျဉ်းလျက် ပါလာသည်။ ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်သည့် အခါတိုင်း နောက်ကြည့်မှန် အတွင်းမှနေ၍ ကျွန်တော့်ကို ကြည့်နေသည့် နီဂိုးဒါး၏ မျက်လုံးများနှင့် ဆုံတွေ့နေရသည်။ ကျွန်တော်သည် မျက်လုံးကို ပြန်မှိတ်ကာ မှိန်းမြဲ မှိန်းလိုက်လာခဲ့သည်။

ဖေဖေ့ကို ကျွန်တော် မုန်း၏။ မေမေ့ကို မုန်း၏။ ညီများ၊ ညီမများ ရှိမည်ဆိုလျှင်လည်း သူတို့ကို ကျွန်တော် မုန်းမိမည်သာ ဖြစ်၏။ အို မဖြစ်နိုင်ပါ။ ဖေဖေ့ကို ကျွန်တော် မမုန်းပါ။ မည်သည့်နည်းနှင့်မျှ မမုန်းနိုင်တော့ပါ။ ဖေဖေ ကွယ်လွန်သွားပါပြီ။ ကွယ်လွန်သွားသူကို မုန်း၍ မရနိုင်ပါ။ သူတို့ကို သတိရဖို့သာ ရှိသည်။ ပြီးတော့ ကျွန်တော့် မေမေကိုလည်း ကျွန်တော် မမုန်းပါ။ သူသည် ကျွန်တော့်မေမေ မဟုတ်။ မည်သည့်နည်းနှင့်မျှ မဟုတ်။ ကျွန်တော့်မှာ မိထွေးတစ်ယောက် ရှိခဲ့သည်။ သူ့ကို ကျွန်တော် မမုန်းပါ။ ကျွန်တော် သူ့ကို ချစ်ပါသည်။

ချစ်သောကြောင့်လည်း သူ့ကို ဒီအိမ်သို့ ကျွန်တော် ခေါ်လာခြင်း ဖြစ်သည်။ သူ့ကို ကျွန်တော် လက်ထပ်ယူချင်သည်။ ကျွန်တော့် အသက်သည် အလွန် ငယ်သေးသည်ဟု ဖေဖေက ပြောသည်။ (၁၉) နှစ် ဆိုသည်မှာ အလွန် ငယ်သည်ဟု သူက ပြောခဲ့သည်။ သို့သော် သူ့ဘက်ကျတော့ အလွန် မငယ်သောသူ ဖြစ်သည်ဟု ဆိုသည်။ ဒီလိုဖြင့်ပင် ကျွန်တော် လက်ထပ်လိုသဖြင့် အိမ်သို့ ခေါ်လာသော ကျွန်တော့်ချစ်သူကို နောက် ရက်သတ္တပတ်အကြာ ကျွန်တော် ကောလိပ်ကျောင်းသို့ပြန်သွားပြီးသောအခါ ဖေဖေက လက်ထပ်ယူလိုက်လေတော့သည်။

ကျောင်းပိတ်ရက်များ မကုန်ဆုံးမီ ရက်သတ္တပတ်အလိုတွင် ကလပ်တစ်ခု၌ ရီနာကို ကျွန်တော် တွေ့ခဲ့သည်။ ရီနာသည် အရှေ့ဘက်မှ ပြန်ရောက်လာစ ဖြစ်၏။ မက်ဆာချူးဆက် ပြည်နယ်ဘက်က ဖြစ်သည် ထင်၏။ သူသည် ယခင် ကျွန်တော် တွေ့ခဲ့ဖူးသည့် မည်သည့် မိန်းကလေးများနှင့်မျှ မတူ။ ဒီအရပ်မှာ ရှိသော မိန်းကလေးများသည် နေလောင်ထားသဖြင့် အသားညိုကြသည်။ သူတို့သည် ယောက်ျားများကဲ့သို့ စကားပြော၏။ လမ်းလျှောက်၏။ မြင်းစီး၏။ ညနေပိုင်းကလေးလောက်မှာပင် သူတို့သည် မိန်းကလေးများကဲ့သို့ ဝတ်စားဆင်ယင်ထားတတ်ကြသည်။ ရေကူးကန်မှာ တွေ့ပြန်တော့လည်း သူတို့ ကိုယ်ခန္ဓာသည် အဖုအထစ်များ မရှိ။ မျဉ်းဖြောင့်များသာ ဖြစ်ဘိ၏။

သို့သော် ရီနာသည် တကယ့် မိန်းကလေး ဖြစ်၏။ ဒီလို မိန်းကလေးမျိုးနှင့် လွဲမသွားသင့်။ အထူးသဖြင့် သူ့ကို ကျွန်တော် ပထမဆုံးအကြိမ် မြင်တွေ့ခဲ့ရတုန်းကလို ရေကူးဝတ်စုံဝတ်ထားခိုက်မျိုး ဖြပ်၏။ သူ့ကိုယ်လုံးသည် ခပ်သွယ်သွယ် ဖြစ်၏။ သို့သော်လည်း သူ့ပခုံးက

အလွန် ကျယ်ပြန့်သည်။ မိန်းကလေးတစ်ယောက်အဖို့ အလွန် ကျယ်ပြန့်သောပခုံး ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ပြီးတော့ သူ့ရင်သား အလွန် အချိုးကျပြီး ထွားကျိုင်းသောရင်သား၊ ရင်သားက ဖွံ့ထွားသလို သူ့ခါးက အလွန် သေးသွယ်သည်။ သူ့ခန္ဓာကိုယ် အချိုးအဆက်ကို ကြည့်မည် ဆိုလျှင် အောက်ဘက်သို့ပါ တဖြည်းဖြည်း ဆက်ကြည့်ပါ။ လုံးဝန်းပြည့်ဖြိုးသော တင်သားများ ကို တွေ့ရပါလိမ့်ဦးမည်။

ရီနာ၏ ဆံပင်အရောင်သည် ငွေရောင် ဖြစ်ပါသည်။ ရှည်လျားသော ဆံပင်ကို နောက်ဘက်မှာ စုချည်ထားသည်။ မျက်ခုံးသည် မြင့်ပြီး မျက်လုံးများက ကျယ်သည်။ အပြာ ရောင်မျက်လုံးအစုံတို့သည် တဖိတ်ဖိတ် တောက်ပြောင်နေကြ၏။ နှာတံက ဖြောင့်တန်း ပေါ်လွင် သည်။ ပြောစရာရှိသည်မှာ အနည်းငယ်ကျယ်သော ပါးစပ်သာလျှင် ဖြစ်သည်။ နှုတ်ခမ်းများက အတန်ငယ် ပါးသည်။ စကားပြောသောအခါတွင် အလွန် နူးညံ့သိမ်မွေ့စွာ ပြောလေ့ရှိသည်။

ကျွန်တော်တို့ နှစ်ယောက်တွေ့အပြီး ဆယ်ရက်အကြာ စနေနေ့ ညတစ်ညတွင် ဖြစ်သည်။ ကလပ်မှာ ကျွန်တော်တို့နှစ်ယောက် အတူတူက ခဲ့ကြသည်။ ကျွန်တော့် ရင်ခွင်တွင်းမှ သူ့ကို ငုံ့ကြည့်လိုက်ရင်း ကျွန်တော့်ရင်ထဲမှာ နွေးထွေးလာသည်။ တစ်ကိုယ်လုံးရှိ သွေးများ ဆူပွက်လာသည်ကို ကျွန်တော် သိလိုက်သည်။

ကျွန်တော်သည် သူ့ကို ဖြည်းညင်းစွာ ဖေးယူရင်း အခန်းအပြင်သို့ ထွက်ခဲ့သည်။ သူကလည်း တိတ်ငြိမ်စွာပင် လိုက်ခဲ့သည်။ ကျွန်တော့် ဇိမ်ခံကားကြီးပေါ်သို့ တက်ပြီး မြို့ပြင်သို့ ကျွန်တော် မောင်းထွက်ခဲ့သည်။ သဲကန္တာရကို ဖြတ်တိုက်လာသည့်လေသည် နွေးနေသည်။ ဘေးမှ ထိုင်လိုက်လာသည့် ရီနာကို ငုံ့ကြည့်မိသည်။ သူသည် ကုရှင်နောက်မှီပေါ်မှာ ခေါင်းတင် ထားရင်း မျက်စိကို မှိတ်ထားသည်။

စွန်ပလွံပင်ရိပ်မှာ ကားကို ရပ်သည်။ သူသည် စောစောကအတိုင်း ထိုင်ခုံမှာ ခေါင်း တင်ကာ မျက်စိမှိတ်ထားဆဲ ဖြစ်သည်။ သူ့နှုတ်ခမ်းကို ကျွန်တော် နမ်းမိသည်။ သို့သော် တုံ့ပြန်ခြင်း တစ်စုံတစ်ရာကို မပြု။ ထို့ကြောင့်လည်း သူ့ကိုယ်လုံး ဖွံ့ထွားထွားကို တင်းတင်း ကျပ်ကျပ် ပွေ့ဖက်မိပြန်သည်။ သွေးဆူနေသဖြင့် ကျွန်တော့် အပွေ့အဖက်သည် ရမ်းနေ ကြမ်းနေ၏။

ကျွန်တော့် ရင်ဘတ်ကို အသာအယာ တွန်းဖယ်ရင်း သူ့မျက်လုံးများ ပွင့်လာသည်။ ပြီးတော့ ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်နေသည်။

"ကိုယ့်ရင်ထဲမှာ ဘယ်လို ခံစားနေရတယ်ဆိုတာ မင်းသိတယ် မဟုတ်လား"

"သိပါတယ်"

ကိုယ်လုံးချင်း ပူးကပ်နေစေရန် ကျွန်တော် နေရာ ရွှေ့ထိုင်သည်။ သို့သော်လည်း ရီနာက အကပ်မခံတော့။ သူ့လက်များဖြင့် ကျွန်တော့်ကို တွန်းဖယ်လျက် ရှိသည်။ ကျွန်တော် သည် တဆတ်ဆတ်တုန်နေသည့် လက်များဖြင့် စီးကရက်တစ်လိပ် ထုတ်ပြီး မီးညှိဖွာရှိုက်ရင်း ကိုယ့်စိတ်ကို ငြိမ်အောင် ပြန်လည် ထိန်းသိမ်းနေမိသည်။

"မင်းကို မင်းကို . ."

ကျွန်တော့်စကား မဆုံးမီမှာပင် သူက ခေါင်းကို သွက်သွက်ခါလိုက်၏။ ကျွန်တော့် ပါးစပ်မှ စီးကရက်ကို သူ့လက်တစ်ဖက်ဖြင့် ရုတ်တရက် ဖြုတ်ယူကာ ဖွာရှိုက်နေသည်ကို တွေ့ရသည်။

"ဘာဖြစ်လို့ ခေါင်းခါရတာလဲ"

ကျွန်တော့်ဘက်သို့ သူ ပြန်လှည့်လာသည်။ အမှောင်ထဲမှ ဖြစ်လင့်ကစား သူ့မျက်နှာ ကို ကျွန်တော် မြင်နေရသည်။

"ဘာဖြစ်လို့လဲဆိုတော့ နှစ်ရက်အတွင်း ကျွန်မအိမ်ကို ပြန်တော့မယ်၊ စတော့ဈေး ကွက်မှာ အစုရှယ်ယာဈေးတွေ ထိုးကျကုန်ပြီ၊ ဖေဖေ့မှာ ရှိသမျှလည်း ကုန်ပြီ။ ရှယ်ယာတွေ အကုန်လုံး ရှုံးကုန်ပြီ။ ဒါတွေကို ဆယ်မိအောင် ကျွန်မ သူဌေးတစ်ယောက်ယောက်နဲ့ လက်ထပ် ရတော့မယ်။ ဒီနေ့ည ဒီနေရာမှာ ရှင့်အလိုကို ကျွန်မလိုက်လျောမိရင် သူဌေးတစ်ယောက် ယောက်နဲ့ လက်ထပ်ရေးဆိုတဲ့ ကျွန်မ အစီအစဉ်တွေအားလုံး ကမောက်ကမ ဖြစ်ကုန်တော့မယ်"

သူ့ကို ခေတ္တ စူးစိုက်ကြည့်နေမိသည်။ ပြီးလျှင် မော်တော်ကားကို စက်နှိုးပြီး လမ်း

ဘေး စွန်ပလွံပင်ရိပ်အောက်မှ လမ်းမပေါ်သို့ မောင်းတက်ခဲ့သည်။ အိမ်ဘက်သို့ ကျွန်တော် ဦးတည်လိုက်သည်။ ကျွန်တော် စကားတစ်ခွန်းမှ ပြန်မပြောပါ။ သို့သော် သူ လိုချင်သော အဖြေအားလုံး ကျွန်တော့်မှာ ရှိထားပြီး ဖြစ်သည်။ ကျွန်တော်သည် သူဌေးသား ဖြစ်၏။ ကျွန်တော့်ကို သူဌေးဟု ယနေ့ မခေါ်နိုင်သေးလျှင် နောင်တစ်နေ့တွင် ခေါ်ကြရမည်သာ ဖြစ်သည်။

ရီနာကို ဧည့်ခန်းမှာထားပြီး ဖေဖေ့ စာကြည့်ခန်းအတွင်းသို့ ကျွန်တော် ဝင်သွားသည်။ ဖေဖေသည် ထုံးစံအတိုင်း သူ့စားပွဲမှာ ထိုင်ပြီး အလုပ်လုပ်နေသည်။ ကျွန်တော် ဝင်သွားသော အခါ ကျွန်တော့်ကို မော့ကြည့်သည်။

"ဘာကိစ္စလဲ"

ဟု ဆီးမေးသည်။ သူ့ရုံးခန်းတွင်းသို့ လူစိမ်းတစ်ယောက် ဝင်လာသောအခါ မေးနေကျ ပုံစံမျိုးဖြင့်ပင် ကျွန်တော့်ကိုလည်း မေးခြင်း ဖြစ်သည်။ ကျွန်တော်က အခြား မီးခလုတ်တစ်ခုကို ဖွင့်လိုက်သဖြင့် အခန်းတွင်းမှာ ပိုလင်းလာသည်။ ဖေဖေသည် စောစောက စာကြည့်သည့် မီးကလေး တစ်ပွင့်ကိုသာ ဖွင့်ထားခဲ့သည်။

"ကျွန်တော် မိန်းမလိုချင်ပြီ ဖေဖေ"

သူက ကျွန်တော့်ကို ကြည့်ပြီး ခေတ္တ စဉ်းစားနေသည်။ သူ့အတွေးများသည် အဝေးသို့ ရောက်သွားဟန်ရှိသည်။ ခဏကြာမှ ပြန်လည် လှုပ်ရှားလာသည်။

"မင်း ရူးများနေသလား"

ဟု မည်သို့မျှ မခံစားရသည့် အသံမျိုးဖြင့် ပြောသည်။ ပြီးတော့ သူ့စားပွဲပေါ်ရှိ သူ့အလုပ်များကို သူ ပြန်ငုံ့ကြည့်နေလိုက်သည်။

"သွားအိပ်ချေတော့၊ ဖေဖေ့ကို မနှောင့်ယှက်နဲ့"

"ကျွန်တော် ဆိုလိုတာက ဖေဖေ"

ကျွန်တော်သည် ရပ်မြဲ ရပ်နေ၏။

"ကဲ တော်ပါတော့ကွာ၊ ငါ့သားက အသက် ငယ်ပါသေးတယ်"

ဖေဖေက ဤမျှသာ ပြောသည်။

"မည်သူနှင့် လက်ထပ်မှာလဲ။ မည်သည့် အကြောင်းကြောင့် လက်ထပ်ချင်သလဲ။ ဘယ်တော့ လက်ထပ်ချင်သလဲ"

စသည့် မေးခွန်းများကို မေးတော့မည့်ပုံ မပေါ်ချေ။ ကျွန်တော် အသက်ငယ် သေးသည့် အကြောင်းကိုသာ တွင်တွင်ပြောနေတော့သည်။

"ကောင်းပြီဖေဖေ၊ ကျွန်တော် မိန်းမယူချင်တဲ့အကြောင်း ဖေဖေ့ကို ပြောဖူးတယ်ဆို ဘာ ဖေဖေ မှတ်ထားပါ"

ကျွန်တော်ကလည်း ထိုမျှသာပြောပြီး အခန်းအပြင်သို့ထွက်ရန် လှည့်လိုက်သည်။

"ခဏနေဦး"

သူ့အသံကြောင့် အပေါက်ဝမှာ ကျွန်တော် ရပ်ပြီး နောက်သို့ပြန်လှည့်ကြည့်လိုက်သည်။

"ဘယ်မှာလဲ မင်း မိန်းကလေး"

"ဧည့်ခန်းထဲမှာ စောင့်နေတယ်"

"မင်း ဘယ်တုံးက ဆုံးဖြတ်လိုက်တာလဲ"

"ကနေ့ညပဲ"

"ဩော်. . . ကလပ်မှာ မင်းတွေ့နေကျ ကောင်မမျိုးတွေပဲပေါ့။ မင်းနဲ့ တွဲကရင်း မင်းကို အမိဖမ်းဖို့ ကြိုးစားနေကြတဲ့ ကောင်မမျိုးတွေပဲ မဟုတ်လား။ နောက်ဆုံးကျတော့ ဒီကောင်မတွေကို ငါကပဲ ဒိုင်ခံပြီး ရှင်းထုတ်ပစ်နေရတာပဲ မဟုတ်လား"

"သူက အဲဒီ အစားထဲက မဟုတ်ပါဘူး ဖေဖေ၊ ယုတ်စွအဆုံး သူ့ကို လက်ထပ်မယ့် အကြောင်း ဖေဖေ့ကို ဒီမှာ ပြောနေတာတောင် သူ မသိရှာပါဘူး"

ကျွန်တော်က မဆိုင်းမတွပင် ရီနာ့ဘက်မှ ကာကွယ်လိုက်သည်။

"လက်ထပ်ချင်ပါတယ် ဆိုတာတောင် သူ့ကို မင်း မပြောရသေးဘူးပေါ့"

"မပြောရသေးပါဘူး။ ဒါပေမယ့် သူ့အဖြေကို ကျွန်တော် သိပါတယ် ဖေဖေ"

ကျွန်တော်က ယုံယုံကြည်ကြည် စိတ်ချလက်ချကြီး ပြန်ဖြေသည်။ ဖေဖေကမူ ခေါင်းကိုသာ တွင်တွင်ယမ်းသည်။

"အနည်းဆုံး ကတိပေးတဲ့ စကားလေးတစ်လုံးလောက် ရထားဖို့ ဖြစ်ဖြစ်ပေါ့ကွာ၊ သူ့ကို ကြိုတင်ပြီး မင်း ခွင့်တောင်းမထားသင့်ဘူးလား"

ကျွန်တော်သည် အခန်းအပြင်သို့ ထွက်ပြီး ဧည့်ခန်းတွင်းမှ ရီနာကို ခေါ်လာခဲ့သည်။

"ရီနာ ဒါ ငါ့အဖေပဲ။ ဖေဖေ သူက ရီနာမာလိုး"

ရီနာသည် နူးညံ့သိမ်မွေ့စွာ ခေါင်းညိတ်ပြသည်။ ဖေဖေကမူ သူ့ကို မျက်တောင်မခတ် စိုက်ကြည့်ရင်း စဉ်းစားနေသည်။ ဖေဖေ့ မျက်နှာပေါ်တွင် ကျွန်တော် မမြင်ဖူးဘူးခဲ့သည့် အမူအရာ ထူးထူးခြားခြားကို မြင်တွေ့နေရသည်။ ဖေဖေသည် ထိုင်ရာမှထကာ စားပွဲကိုပတ်ပြီး ရီနာရှိရာသို့ လျှောက်လာသည်။ ပြီးတော့ လက်တစ်ဖက် ကမ်းပေးကာ. . .

"ဝမ်းသာပါတယ် မစ္စမာလိုး"

ဟု ပျော့ပျောင်းစွာ ပြောသည်။ ဖေဖေ့ကို ကျွန်တော် ကြည့်နေမိသည်။ ကျွန်တော့် သူငယ်ချင်းများကို ဘယ်တုံးကမှ ဤကဲ့သို့ အရေးတယူ နှုတ်ဆက်ဖူးခြင်း မရှိခဲ့။ ကမ်းလာသော ဖေဖေ့လက်ကို ရီနာက လှမ်းဆုပ်လိုက်သည်။

"ဝမ်းသာပါတယ်ရှင်"

ဖေဖေက ဆုပ်ထားသောလက်ကို မဖြုတ်သေးဘဲ နောက်သလိုလို ပြောင်သလိုလို လေသံမျိုးဖြင့် စကားပြောသည်။

"ငါ့သားက မင်းနဲ့ လက်ထပ်ချင်တယ်လို့ ပြောနေတယ် မစ္စမာလိုး၊ ဒါပေမယ့် သူဟာ သိပ်ပြီး အသက်ငယ်နေသေးတယ်လို့ ငါ ထင်တယ်၊ မင်းရော မထင်ဘူးလား"

ရီနာက ကျွန်တော့်ကို လှမ်းကြည့်သည်။ ကျွန်တော်ကလည်း သူ့မျက်လုံးများကို စူးစိုက်ကြည့်မိသည်။ သောက်ရှူးကြယ်လို အလွန် တောက်ရွှန်းနေကြသည်။ ခဏအကြာမှာပင် ထိုအရာအားလုံး ကွယ်ပျောက်သွားတော့သည်။ ပြီးတော့ ဖေဖေ့ကို လှည့်ကြည့်သည်။

"ကျွန်မ စိတ်အနှောင့်အယှက် ဖြစ်လာပါတယ်ရှင်၊ ကျေးဇူးပြုပြီး ကျွန်မကို အိမ်ပြန်ပို့ပေးပါ မစ္စတာကော့"

ကျွန်တော် အံ့အားသင့်ပြီး စကားတစ်ခွန်းမျှ မပြောနိုင်မီမှာပင် ဖေဖေသည် ရီနာ့လက်မောင်းကို ကိုင်ပြီး အပြင်သို့ ထွက်သွားသည်။

ခဏအကြာတွင် မော်တော်ကား မောင်းထွက်သွားသံကို ကြားရသည်။ ကျွန်တော့်ရင်ထဲမှာ ဒေါသများ ပေါက်ကွဲလာသည်။ ဒေါသစိတ်ကြောင့် တစ်စုံတစ်ခု ပြုလုပ်ရန် ပတ်လည်သို့ လှည့်ကြည့်မိသည်။ စားပွဲပေါ်မှ မီးအုပ်ဆောင်းနှင့် မီးလုံးကို မြင်သဖြင့် ဆွဲယူပြီး အုတ်နံရံကို လွှဲရိုက်ပစ်လိုက်သည်။

ထို့နောက် ရက်သတ္တနှစ်ပတ်အကြာ၊ ကျွန်တော် ကောလိပ်ကျောင်းသို့ ပြန်ရောက်နေခိုက် ဖေဖေ့ထံမှ ကြေးနန်းတစ်စောင် ရောက်လာသည်။

*ရီနာနှင့် ဖေဖေ ယနေ့မနက် လက်ထပ်လိုက်သည်။ ယခု ဖေဖေတို့ နယူးယောက်မြို့ ဝါးဒေါ့ဖ်အက်စ်တိုးရီးယား ဟိုတယ်မှာ ရှိနေသည်။ ပျားရည်ဆမ်းခရီးအဖြစ် ဥရောပသို့ မနက်ဖြန် သွားမည်။*

ကျွန်တော်သည် ချက်ချင်း တယ်လီဖုန်းကောက်ကိုင်ပြီး ဖေဖေ့ကို ဆက်သည်။

"ဖေဖေ့လောက် မိုက်တဲ့လူ လောကမှာ မရှိတော့ဘူး။ ပိုက်ဆံလိုချင်လို့ ဒီကောင်မ ဖေဖေ့ကို လက်ထပ်တယ်ဆိုတာ သိရဲ့လား"

မိုင်သုံးထောင် အကွာအဝေးမှာ ရှိနေသော ဖေဖေ့ကို တယ်လီဖုန်းမှတစ်ဆင့် ကျွန်တော် အသံကုန် အော်ပြောသည်။ သို့သော် ဖေဖေ စိတ်မဆိုး။ သဘောကျနှစ်သက်သည့် ရယ်သံမျိုးဖြင့် ကျွန်တော့်ကို ပြန်ပြောသည်။

"ငါ့သား ရူးနေပြီ၊ သူ လိုချင်တာက လူကြီးကွ၊ ကလေး မဟုတ်ဘူး၊ ဖေဖေတို့ လက်မထပ်ခင်က စီးပွားရေးပိုင်းနဲ့ ပတ်သက်ပြီး သဘောတူစာချုပ် ချုပ်ခဲ့ကြတယ်။ ဒါတောင်

သူဟာ စိတ်အား ထက်ထက်သန်သန်နဲ့ ဖေဖေ့ကို လက်ထပ်ခဲ့တယ်"

"ဟုတ်လား ဖေဖေ၊ ဒီစာချုပ်ကို ဘယ်သူ ရေးတာလဲ၊ သူရှေ့နေလား"

"မဟုတ်ဘူး။ ဖေဖေ့ ရှေ့နေရေးတာ"

ဖေဖေက နှစ်ခြိုက်စွာ ရယ်ပြန်၏။ ပြီးတော့ တည်ငြိမ်သောအသံဖြင့် ဆက်ပြောသည်။

"ကဲ စာကြည့်တော့ သား။ သားနဲ့ မဆိုင်တဲ့ကိစ္စအတွက် အချိန်ကုန်မခံနဲ့၊ ဖေဖေလည်း အိပ်တော့မယ်၊ ဒီမှာက ညသန်းခေါင် ဖြစ်နေပြီ"

ကျွန်တော့်လက်ထဲမှ တယ်လီဖုန်းသည် အသံတိတ်သွား၏။ ကျွန်တော်သည် တယ်လီဖုန်းကို အဓိပ္ပာယ်ကင်းမဲ့စွာ ငေးကြည့်ရင်း ဖြည်းညင်းစွာ ပြန်ချထားလိုက်သည်။

ထိုညက အိပ်မပျော်၊ အိပ်ရာပေါ်မှာ အတူ ယှဉ်တွဲ အိပ်နေသည့် ဖေဖေနှင့် ရီနာတို့၏ ပုံများကိုသာ မြင်ယောင်နေမိသည်။ ကျွန်တော့် တစ်ကိုယ်လုံးသည်လည်း ချွေးစီးများဖြင့် နစ်နေသည်။

လက်တစ်ဖက်သည် ကျွန်တော့်ကို ညင်သာစွာ လှုပ်နှိုးနေ၏။ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ နီဟားဒါး၏ မျက်နှာကို မြင်ရသည်။

"ထတော့ ဂျိုနတ်စ်၊ တို့ အိမ်ပြန်ရောက်ပြီ"

အိပ်ချင်ပြေသွားအောင် မျက်လုံးများကို ပွတ်လိုက်သည်။ အိမ်အနောက်ဘက်မှာ နေ၏နောက်ဆုံးအခြမ်းကလေး ဝင်သွားသည်ကို တွေ့လိုက်ရသည်။ ကားပေါ်မှဆင်းပြီး အိမ်ကြီးကို ကြည့်မိသည်။ ထူးဆန်းသောအိမ်ကြီး၊ ကျွန်တော့်အတွက် နေရာစိမ်းဖြစ်နေသော အိမ်ကြီး။ ဒီအိမ်ကို ဖေဖေ ဆောက်ပြီးနောက် ကျွန်တော် ရက်သတ္တ နှစ်ပတ်ကျော်ကျော်မျှသာ ဒီအိမ်မှာ နေဖူးသည်။ ယခု ကျွန်တော့်အိမ် ဖြစ်ပြီ။ ဖေဖေ ထားခဲ့သမျှ အရာအားလုံးတို့သည် ကျွန်တော့်ပစ္စည်းများ ဖြစ်ကြသကဲ့သို့ ဤအိမ်သည်လည်း ကျွန်တော့်အိမ် ဖြစ်ပြီ။

လေ့ကားထစ်များအတိုင်း ကျွန်တော် တက်လာခဲ့သည်။ ရီနာသည် ထွေရာလေးပါး အကြောင်းကို စိတ်ကူးကောင်း စိတ်ကူးနေပေလိမ့်မည်။ သို့သော်လည်း ဖေဖေ ကွယ်လွန်သွားသည့် အကြောင်းကိုမူ သူ တွေးတောမိလိမ့်မည် မဟုတ်။ ဒီအကြောင်းကို သူ့အား ကျွန်တော် ပြောပြရပါမည်။

(၆)

ဝရန်တာကို ကျွန်တော် ဖြတ်လျှောက်သွားသောအခါ အိမ်ရှေ့ တံခါးမကြီး ပွင့်လာသည်။ ဒီအိမ်ကို တောင်ပိုင်းသားများ ဆောက်လေ့ဆောက်ထရှိသည့် အိမ်ပုံစံအတိုင်း ဖေဖေ ဆောက်ခဲ့သည်။ အိမ်ကိုသာ မဟုတ်သေး။ အိမ်ကို စောင့်ရှောက်ကြည့်ရှုမည့် ဘဏ္ဍာစိုးအဖြစ်လည်း တောင်ပိုင်းသား နီဂရိုးတစ်ယောက်ကိုပါ ငှားရမ်းခဲ့သည်။ သူသည် ရိုဘဲယား ဖြစ်၏။ နယူးအော်လင်းမြို့သား ဖြစ်သည်။ ဘဏ္ဍာစိုးများဝတ်သည့် အဝတ်အစားများကိုပင် စနစ်တကျ ဝတ်ဆင်ပြီး အိမ်မှုကိစ္စအဝဝကို စေ့စပ်တိကျစွာ ထမ်းရွက်နေသူ ဖြစ်သည်။

သူသည် အလွန် ထွားကျိုင်းသူတစ်ဦး ဖြစ်သည်။ ကျွန်တော့်ထက် ခေါင်းတစ်လုံး ပိုမြင့်သေးသည်။ ထို့မျှ လူကောင်ကြီးမားသလောက် အလုပ်အကိုင် အမှုအရာများတွင်မူ အလွန်နူးညံ့သိမ်မွေ့သူ ဖြစ်သည်။ သူ့အဖေသည် လည်းကောင်း၊ သူ့အဘိုးသည် လည်းကောင်း၊ လူဖြူတို့၏ ငွေဝယ်ကျွန်များ ဖြစ်ခဲ့ကြသော်လည်း သူကဲ့သို့ပင် ဟိုတယ်စားပွဲထိုးများ၊ ဘဏ္ဍာစိုးများ ဖြစ်ခဲ့ကြသည်။ ရိုဘဲယားသည် တာဝန်ဝတ္တရားမှတစ်ပါး အခြား ဘာ အာရုံမှမထား။ သူ့ကို အလိုရှိသည့် အခါတိုင်းမှာပင် သူသည် အမြဲတမ်း အသင့် ဖြစ်နေတတ်၏။ ကျွန်တော် ဝင်သွားသောအခါ သူက ဆီးကြို နှုတ်ဆက်သည်။

"ဟဲလို မစ္စတာကော့"

"ဟဲလို ရိုဘဲယား၊ ကျွန်တော်နဲ့ လိုက်ခဲ့စမ်းပါ"

ကျွန်တော် ဖေဖေ့ စာကြည့်ခန်းဆီသို့ ဦးတည်လာခဲ့သည်။

ကျွန်တော့်နောက်က သူ တိတ်ဆိတ်စွာ လိုက်လာသည်။ အတွင်းရောက်သောအခါ အခန်းတံခါးကို သူက ပိတ်လိုက်သည်။

"အမိန့်ရှိပါ မစ္စတာကော့"

"ဖေဖေ ဆုံးသွားပြီ"

"ဟုတ်ကဲ့ ကျွန်တော် သိပြီးပါပြီ။ မစ္စတာဒင်ဘီ တယ်လီဖုန်းဆက်ပါတယ်"

"တခြား လူတွေရော သိကုန်ပြီလား"

"မသိသေးပါဘူး ခင်ဗျာ၊ ကျွန်တော် ဘယ်အစေခံကိုမှ မပြောပါဘူး။ မစ္စစ်ကော့ အပြင်သွားနေကြောင်း မစ္စတာဒင်ဘီကို ကျွန်တော် ပြန်ပြောလိုက်ပါတယ်"

ထိုအခိုက် ပိတ်ထားသည့် တံခါးအပြင်ဘက်မှ ခြေသံတိုးတိုးကို ကြားရသည်။ ရိုဘဲယားသည် စကားပြောရင်းကပင် တံခါးဆီသို့ လျင်မြန်စွာ ချဉ်းကပ်သွားသည်။

"ဝမ်းနည်းစရာ သတင်းကို မစ္စတာကော့ကိုယ်တိုင် ပြောပြသင့်တယ်လို့ ကျွန်တော် ထင်မိတာနဲ့ မပြောဘဲ နေပါတယ်"

စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ရိုဘဲယားက အခန်းတံခါးကို ဆတ်ခနဲ ဖွင့်လိုက်သည်။ အပြင်တွင် မည်သူမျှ မရှိ။ ချက်ချင်းပင် အခန်းအပြင်သို့ သူ ထွက်သွားသည်။ ကျွန်တော်လည်း သူ့နောက်မှ လိုက်သွားသည်။ အပေါ်ထပ်တက်သည့် လှေကားအလယ်တွင် လူတစ်ယောက်ကို တွေ့ရသည်။

"လူစီ"

ရိုဘဲယား၏ အသံ ထွက်လာသည်။ အသံသည် တိုးသော်လည်း အမိန့်ပေးသံ ပါနေသည်။ ထိုသူက ရပ်သွားသည်။ ရီနာ၏ အစေခံမကလေး ဖြစ်သည်။

"အောက်ဆင်းခဲ့"

သူက အမိန့်ပေးသည်။

လူစီသည် လှေကားအောက်သို့ တုန့်ဆိုင်းတုံ့ဆိုင်းဖြင့် ဆင်းလာသည်။ သူ့မျက်နှာပေါ်မှာ ကြောက်ရွံ့နေသည့် အမူအရာကို ကျွန်တော် လှမ်းမြင်နေရသည်။

"ဘာကိစ္စလဲ မစ္စတာရိုဘဲယား"

သူ့အသံသည်လည်း ကြောက်ရွံ့တုန်လှုပ်နေပုံ ရသည်။

ဒီအိမ်မှာရှိနေသည့် အခိုင်းအစေများကို ရိုဘဲယား မည်သို့မည်ပုံ အုပ်ချုပ်နေကြောင်း၊ အားလုံး စည်းနှင့်ကမ်းနှင့် ဖြစ်နေအောင် သူ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို ကျွန်တော် ပထမဦးဆုံးအကြိမ် မြင်တွေ့ရတော့သည်။ ရိုဘဲယားသည် လူစီ ရပ်နေရာသို့ နှေးကွေးစွာ လျှောက်သွားသည်။ သို့သော်လည်း အနားရောက်သည်နှင့် တစ်ပြိုင်နက် သူ့လက်တစ်ဖက်သည် သေနတ်ကျည်ဆန်ကဲ့သို့ ပြင်းထန်လျင်မြန်စွာ လူစီ၏ မျက်နှာပေါ်သို့ ကျသွား၏။

"လူကြီးတွေ စကားပြောနေရင် တံခါးပေါက်တွေကနေပြီး ချောင်းနားမထောင်ပါနဲ့လို့ နင့်ကို ငါ ဘယ်နှစ်ခါ ပြောရမလဲ။ သွား မီးဖိုထဲကိုသွား၊ ပြီးတော့မှ နင်နဲ့ ငါနဲ့ ထပ်တွေ့ပြီး ဒီကိစ္စကို ရှင်းဦးမယ်"

လူစီသည် မျက်နှာကို လက်ဝါးနှင့် အုပ်ထား၏။ မျက်ရည်များ ကျလာသည်ကို မြင်ရသည်။ ရိုဘဲယား စကားဆုံးသည်နှင့် မီးဖိုရှိရာဘက်သို့ ပြေးထွက်သွားသည်။ ကျွန်တော့်ဆီသို့ ရိုဘဲယား ပြန်လာသည်။

"ဒီကောင်မလေးအတွက် ကျွန်တော် တောင်းပန်ပါတယ် မစ္စတာကော့။ ကျွန်တော့်လူတွေဟာ ဒီလို အကျင့်မျိုး မရှိကြပါဘူး။ ဒီကောင်မလေး တစ်ယောက်သာ အကျင့်ဆိုးပြီး ပြောခက်ဆိုခက် ဖြစ်နေပါတယ်"

ကျွန်တော် စီးကရက်တစ်လိပ် နှိုက်ယူလိုက်သောအခါ ရိုဘဲယားက အဆင်သင့် မီးခြစ်ပေးသည်။

"ကောင်းတယ် ရိုဘဲယား။ ဒီကလေးမဟာ ကျုပ်တို့နဲ့ တာရှည်ဆက်နေလိမ့်မယ်လို့ ကျုပ် မထင်ဘူး"

"ဟုတ်ကဲ့ ခင်ဗျာ"

အပေါ်တက်သည့် လှေကားကို ကျွန်တော် မော့ကြည့်နေသည်။ ကျွန်တော် ခေတ္တငေးနေစဉ် ရိုဘဲယားအသံ ပေါ်လာသည်။

"မစ္စစ်ကော့ သူ့အခန်းထဲမှာ ရှိနေပါတယ်"

ကျွန်တော် သူ့ကို လှမ်းကြည့်လိုက်သောအခါ သူ့မျက်နှာတွင် မည်သည့် အမူအရာကိုမျှ မတွေ့ရ။ အလုပ် သေချာသော၊ အရှင်သခင် အပေါ် သစ္စာရှိသော၊ ကျိုးနွံသော ဘဏ္ဍာစိုးတစ်ယောက်၏ အမူအရာမျိုးမှတစ်ပါး အခြား ဘာမှ မရှိ။

"ကောင်းပြီ ရိုဘဲယား၊ ကျုပ် အပေါ်တက်ပြီး အကျိုးအကြောင်း ပြောလိုက်မယ်"

ကျွန်တော် လှေကားအတိုင်း တက်လာစဉ် ရိုဘဲယား၏ ခေါ်သံကြားသောကြောင့် လှည့်ကြည့်လိုက်သည်။

"ကျွန်တော် ညစာ ဘယ်အချိန် ကျွေးရမယ်ဆိုတာ အမိန့်ရှိပါ ခင်ဗျာ"

"ရှစ်နာရီလောက်ပေါ့"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

သူသည် မီးဖိုဆောင်ဘက်ဆီသို့ ထွက်သွားသည်။

ရီနာ၏ အခန်းတံခါးကို ကျွန်တော် ညင်သာစွာ ခေါက်လိုက်သည်။ အတွင်းမှ ဘာသံမှမကြားရ။ တံခါးဖွင့်ပြီး အတွင်းသို့ ဝင်ခဲ့သည်။ ရေချိုးခန်းထဲမှ သူ့အသံ ထွက်လာသည်။

"လူစီ မျက်နှာသုတ်ပဝါ ယူခဲ့စမ်း"

ရေချိုးခန်းထဲသို့ ကျွန်တော် ဝင်သွားပြီး မှန်တင်ခုံအနီးမှ မျက်နှာသုတ်ပဝါကို ယူပေးသည်။ ရေချိုးကြွေရေကန်အနီးမှာ ရပ်နေသည့် ရီနာသည် ရွှေလိုဝင်းနေ၏။ ငွေလိုလည်း ဆွတ်ဆွတ်ဖြူနေ၏။ သူ့ကိုယ်ပေါ်မှ ရေစက်များ စီးကျနေသည်။ ရုတ်တရက်တော့ သူ အံ့အားသင့်သွားသည်။ ဒီလို အချိန်မျိုးမှာ ဘယ်အမျိုးသမီးမဆို သူတို့ကိုယ်ကို လက်နှင့်တော့ ဖုံးကွယ်တတ်ကြစမြဲ ဖြစ်၏။ သို့သော် ရီနာကား ထိုအမျိုးသမီးများကဲ့သို့ မဟုတ်။ ကျွန်တော့်ထံမှ မျက်နှာသုတ်ပဝါကို ကြွေရရပင် လှမ်းယူသည်။ သူ့ကိုယ်ကို မျက်နှာသုတ်ပဝါနှင့် ပတ်လိုက်သည်။ ပြီးတော့မှ မှန်တင်ခုံမှာ သွားထိုင်သည်။

"လူစီ ဘယ်ရောက်နေသလဲ"

မေးရင်းဖြင့် သူ့မျက်နှာပေါ်မှ ရေများကို သုတ်နေသည်။

"ပိုင်စိုးပိုင်နင်း ဒီလို ဝင်တာမျိုးကို ရှင့်အဖေ မကြိုက်ဘူး"

"သူ ဘယ်တော့မှ မသိနိုင်ပါဘူး"

"ကျွန်မက ပြန်မတိုင်ပါဘူးလို့ ရှင် ပြောနိုင်သလား"

"မင်း မတိုင်ပါဘူး"

တစ်ခုခုတော့ မှားနေပြီဟု သူ ထင်လိုက်ပုံရသည်။ မှန်ထဲမှတစ်ဆင့် ကျွန်တော့်ကို လှမ်းကြည့်သည်။ သူ့မျက်နှာသည် တည်တည်ကြီး ဖြစ်သွား၏။

"ရှင်တို့ သားအဖနှစ်ယောက်ကြားမှာ ပြဿနာ တစ်ခုခု ပေါ်နေပြီ မဟုတ်လား ဂျိုနတ်စ်"

ကျွန်တော့်ကို သူ အကဲခတ် ကြည့်နေသည်။ မသင်္ကာသည့် အရိပ်အယောင်များကို သူ့မျက်လုံးများထဲမှာ မြင်တွေ့နေရသည်။ ပြီးတော့ ကျွန်တော့်ကို မျက်နှာသုတ်ပဝါ အသေးတစ်ခု လှမ်းပေးသည်။

"လိမ္မာပါတယ်နော်၊ ကျွန်မ နောက်ကျောက ရေတွေ သုတ်ပေးစမ်းပါ၊ ကျွန်မ မမီလို့ ဒါကြောင့် လူစီကို ကျွန်မခေါ်တာ"

သူပေးသော မျက်နှာသုတ်ပဝါကို ယူပြီး သူ့အနားသို့ ကျွန်တော် တိုးသွားသည်။ သူ့ကိုယ်မှာ ပတ်ထားသည့် မျက်နှာသုတ်ပဝါအကြီးကို သူက လျှော့ပေးပြီး ကျောဘက်ကို သုတ်သာအောင် လုပ်ပေးသည်။ အစက်အပြောက်ကင်းပြီး အလွန် ချောမွတ်လှပသည့် အသားပေါ်မှ ရေစက်ကလေးများကို ညင်သာစွာ ကျွန်တော် သုတ်ပေးနေမိသည်။ သူ့ကိုယ်မှ ရေမွှေးနံ့သည် ကျွန်တော့် နှာခေါင်းတွင်းသို့ တိုးဝင်လာသည်။

သူ့လည်ပင်းကို ကျွန်တော် ကုန်းနမ်းလိုက်သည်။ အံ့ဩသော အမူအရာဖြင့် ကျွန်တော့်ဘက်သို့ လှည့်လာသည်။

"ဘာလုပ်တာလဲ ဂျိုနတ်စ်၊ ရှင်ဟာ မိန်းမမြင်ရင် အငမ်းမရဘဲလို့ ဒီမနက်ပဲ ရှင့်အဖေ

က ပြောသွားသေးတယ်။ သူ့စကား မှန်ကြောင်း ရှင် သက်သေထူပြမနေပါနဲ့"

သူ့ကို ကျွန်တော် ငုံ့ကြည့်မိသည်။ သူ့တွင် ကြောက်ရွံ့သော အမူအရာ မရှိ။ သူ့ကိုယ်သူ အလွန် စိတ်ချသည့် ပုံမျိုးကိုသာ တွေ့ရသည်။ ဖြည်းဖြည်းချင်း ကျွန်တော် ပြုံးမိ၏။

"သူ မှန်ချင် မှန်မှာပေါ့၊ ဒါမှ မဟုတ်ရင် ငယ်ငယ်တုန်းက သူ့ရော ဘယ်လိုရှိခဲ့တယ်ဆိုတာကို မေ့သွားလို့ ပြောတာလဲ ဖြစ်ချင် ဖြစ်မှာပေါ့"

သူ့ကိုယ်လုံးကို ကျွန်တော် ဆွဲပွေ့ယူလိုက်သည်။ သူ့ကိုယ်ပေါ်တွင် ပတ်ခြုံထားသော မျက်နှာသုတ်ပဝါသည် ကြမ်းပေါ်သို့ လျှောကျသွားသည်။ ရီနာသည် ဒေါသတကြီးဖြင့် ကျွန်တော့်လက်ထဲမှ ရုန်းထွက်ပြီး နောက်သို့ ဆုတ်လိုက်သည်။

"ရှင် ရူးများသွားသလား ဂျိုနတ်စ်၊ ရှင့်အဖေဟာ အချိန်မရွေး ရောက်လာနိုင်တယ်ဆိုတာ ရှင် မသိဘူးလား"

ကျွန်တော်သည် မတုန်မလှုပ် ကျောက်ရုပ်လို ခေတ္တမျှ ရပ်နေမိသည်။ ပြီးတော့မှ သက်ပြင်းရှည်ကို ချလိုက်သည်။

"မင်းဆီကို ဖေဖေ ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ပါဘူး"

"ဘာ ဘာ ဘာပြောတယ်"

သူ့မျက်နှာသည် ချက်ချင်း သွေးဆုတ်သွားသည်။ သူ့မျက်လုံးများကို ကျွန်တော် စိုက်ကြည့်နေမိသည်။ သူ့မျက်လုံး အတွင်း၌ ကြောက်ရွံ့စိုးရိမ်မှုများကို ကျွန်တော် ပထမဦးဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်သည်။ မိမိ၏အနာဂတ် ဘဝတွင် မည်သို့မည်ပုံ ဖြစ်ပျက်လာဦးမည်ကို မသိစွမ်းနိုင်သောလူများ ကြောက်ရွံ့စိုးရိမ်ကြသကဲ့သို့ ကြောက်ရွံ့ခြင်းမျိုး ဖြစ်သည်။

"မစ္စတာကော့၊ ခင်ဗျားရဲ့ ယောကျ်ား အနိစ္စ ရောက်သွားပါပြီ"

ကျွန်တော် ဖြည်းဖြည်းလေး ပြောပါသည်။ သူ့တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားသည်။ ပြီးတော့ ကုလားထိုင်မှာ လေးတွဲ့စွာ ထိုင်ချလိုက်ရင်း ကြမ်းပေါ်မှ မျက်နှာသုတ်ပဝါကို ကောက်ကာ သူ့ကိုယ်မှာ ပတ်ထားလိုက်သည်။

"ကျွန်မ မယုံနိုင်ဘူး"

"မင်း ဘာကို မယုံနိုင်တာလဲ ရီနာ။ ဖေဖေ သေသွားတယ်ဆိုတာကို မယုံတာလား၊ ဒါမှမဟုတ် ငါ့ကို လက်မထပ်ဘဲ ငါ့အဖေကို လက်ထပ်တာ မှားတယ်ဆိုတာကို မယုံတာလား"

ကျွန်တော် ပြောသောစကားများကို သူ ကြားဟန် မတူပါ။ ကျွန်တော့်ကို သူ ကြည့်သည်။ သူ့ကို ကျွန်တော် ပြန်ကြည့်သည်။ သူ့မျက်လုံးများ ခြောက်နေသည်။ သို့သော် ဝမ်းနည်းသည့် အမူအရာများကို ထင်ရှားစွာ မြင်နေရသည်။ ဒီမိန်းကလေးသည် ဤကဲ့သို့ ဝမ်းနည်းပက်လက် ဖြစ်တတ်သော မိန်းကလေး ဖြစ်လိမ့်မည်ဟု ကျွန်တော် ဘယ်တုံးကမှ မထင်မှတ်ခဲ့။

"သူ ဆိုးဆိုးဝါးဝါး ခံစားသွားရတာလား"

"မခံရပါဘူး၊ သိပ်မြန်တာပဲ၊ ပထမတစ်မိနစ်မှာ သူဟာ အင်မတန် ခွန်အားကြီးတဲ့ ခြင်္သေ့ကြီးတစ်ကောင်လို အရမ်း ဟိန်းဟောက်နေနိုင်သေးတယ်။ နောက်တစ်မိနစ်ကျတော့ ဟောဒီလို ဖြစ်သွားတာပဲ။ ဦးနှောက်ကြော ပြတ်သွားတာ"

ကျွန်တော်က လက်ဟန်ခြေဟန်ဖြင့် အမူအရာ လုပ်ပြသည်။

"သူ ဒီလို မခံစားရဘူးဆိုလို့ ဝမ်းသာပါတယ်။ သူ့ကို ဝေဒနာ ခံစားမနေစေချင်ပါဘူး"

သူသည် ပြောပြောဆိုဆို နေရာမှထပြီး မျက်လွှာများ ချလိုက်သည်။

"ကဲ. . . ရှင် သွားဖို့ ကောင်းပြီ"

ဒီအချိန်တွင် ရီနာအစစ်ကို ကျွန်တော် မြင်တွေ့ရပြီ ဖြစ်၏။ ကျွန်တော် ပိုင်ဆိုင်လိုခဲ့သော မိန်းကလေး၊ ကျွန်တော် တန်ဖိုးထားခဲ့သော မိန်းကလေး၊ အချိန်ကြာမြင့်စွာ ကျွန်တော် စိတ်ဒုက္ခ ခံစားခဲ့ရသည့် မိန်းကလေး။

"မသွားဘူး၊ တို့ ကိစ္စက မပြီးသေးဘူး"

"ဘာကိစ္စ မပြီးသေးတာလဲ"

ကျွန်တော်က သူ့လက်များကို ဖမ်းကိုင်ပြီး ဖက်ထားမိသည်။

"မပြီးသေးဘူး၊ မင်းနဲ့ငါ့ကိစ္စ မပြီးသေးဘူး။ တစ်ညတုန်းက ဒီအိမ်အရောက် မင်းကို ငါ ခေါ်လာခဲ့ဖူးတယ်။ မင်းကို လက်ထပ်ချင်လို့ ငါ ခေါ်လာတာ။ ဒါပေမယ့် မင်းဟာ ငါ့ကို မရွေးဘဲနဲ့ ငါ့အဖေကို မင်း ရွေးခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ မင်းရဲ့ လိုဘကို ဖေဖေက ချက်ချင်း ဖြည့်ဆည်းပေးနိုင်ခဲ့တာကိုး၊ မင်းကို ငါ စောင့်ခဲ့ရတဲ့ အချိန်ဟာ သိပ်ကြာနေပြီ"

"ရှင်က အဖေ သေတယ်၊ တစ်ပြိုင်တည်းမှာ ကျွန်မက လင်သေတယ်။ ဒီလို အချိန်မျိုးမှာ ရှင် ဒီလို စိတ်ကူးသင့်သလား၊ ဒီလို လုပ်သင့်သလား"

ဒေါသတကြီးဖြင့် သူက ပြန်အော်သည်။ ကျွန်တော်က မမူ။ ကျွန်တော်က ကြမ်းသောအခါ သူကလည်း ပြန်ကြမ်းလာသည်။ ရုန်းရင်းကန်ရင်းဖြင့် ကျွန်တော်တို့ ခုတင်ပေါ်သို့ ရောက်သွားကြသည်။ စိတ်မရှည်နိုင်တော့သဖြင့် သူ့မျက်နှာကို လက်ဝါးဖြင့် ဖြတ်ပြီး ကျွန်တော် ရိုက်ချလိုက်သည်။ သူသည် ခေါင်းအုံးပေါ်သို့ ပက်လက်လန်ကျသွားသည်။ သူ့မျက်လုံးများကို သူ တင်းတင်းမှိတ်ထားသည်။ ကျွန်တော်လည်း မလှုပ်မယှက် ငေးကြည့်မိသည်။ ခဏကြာတော့ သူ့မျက်လုံးများ ပြန်ပွင့်လာသည်။

ကျွန်တော် အဓိပ္ပာယ် နားမလည်နိုင်သည့် အမူအရာမျိုး ဖြစ်သည်။ သူ့ကို ကြည့်နေဆဲမှာပင် တဖြည်းဖြည်း ပြုံးလာသည်။ ပြီးတော့ လက်နှစ်ဖက်ကို ဆန့်တန်းကာ ကျွန်တော့်ကို ဖိတ်ခေါ်သည်။ ကျွန်တော့်ကို အဝမ္ဘ ဆွဲယူလိုက်သည်။

"ကျွန်မ ရှင့်သားလေးတစ်ယောက် လိုချင်ပါတယ် ဂျိုနတ်စ်ရယ်၊ ကျွန်မကို ရှင့်သားလေးတစ်ယောက် ပေးပါ"

ရီနာ့လက်များသည် အလွန် လျင်မြန်စွာ လှုပ်ရှားနေသည်။ ဒီတစ်ကြိမ် ရုန်းရသူက ကျွန်တော်။

"ရှင့်အဖေဟာ ကျွန်မကို ဒီလို အခွင့်အရေးမျိုး ဘယ်တော့မှ မပေးခဲ့ပါဘူး။ တစ်ယောက်ယောက်က ရှင့်ဆီကနေ ခွဲဝေယူသွားမှာကို သူ သိပ်ကြောက်တယ်"

သူ့အသံထဲမှာ နာကြည်းသံများ ပါလာသည်။ မျက်နှာတွင်လည်း မျက်ရည်စများကို မြင်တွေ့ရသည်။

"ဘာ. . . ဘာပြောတယ်"

"ရှင့်ကြောင့်ပေါ့။ ရှင့်အဖေနဲ့ ကလေး မရဖို့စရပါဘူးလို့ လက်မထပ်ခင်ကတည်းက ကျွန်မ စာချုပ်ခဲ့ရတာပါရှင်။ ရှင်ပိုင် ပစ္စည်းတွေကို ရှင့်ဆီက ခွဲယူသွားမှာစိုးလို့၊ သူ့အဖို့ အလွန်အဖိုးတန်လှတဲ့ သူ့ အလွန်လည်း ချစ်ရတဲ့ ရှင့်ဆီကနေ ခွဲယူသွားမှာစိုးလို့"

ရီနာသည် သံကုန်အော်ရင်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ တုန်လှုပ်ချောက်ချားစွာဖြင့် သူ့ရင်ခွင်တွင်းမှ ကျွန်တော် ရုန်းထွက်သည်။ ကျွန်တော် ခုတင်အောက်သို့ ရောက်ပြီး သူ့ကို ငုံ့ကြည့်သောအခါ ရီနာသည် ခေါင်းအုံးပေါ်မှာ မျက်နှာအပ်ကာ ရှိုက်ကြီးတငင်ဖြင့် သည်းထန်စွာ ငိုနေသည်ကို တွေ့ရသည်။ သူ့ကို ကျောခိုင်းပြီး အပြင်သို့ ကျွန်တော် ထွက်လာခဲ့သည်။

ဖေဖေ။

မြင့်မိုရ်တောင်ဦး မကကျူးအောင် ဂျေးဇူးကြီးမားလှသော ဖေဖေ။

ဖေဖေသည် ကျွန်တော့်အတွက် ဒုစစအရာရာတွင် သတိကြီးစွာထားခဲ့သူပါတကား။ ကျွန်တော် မသိမမြင်ခဲ့သော်လည်း ကျွန်တော့်ကို သူ ချစ်သည်။

သူ ကျွန်တော့်ကို ချစ်ပါသည်။ သို့သော် ကျွန်တော့်ကို သူ ချစ်ကြောင်း ကျွန်တော် သိနားလည်အောင်၊ သဘောပေါက်အောင် တစ်ကြိမ်တစ်ခါမျှ ဖော်မပြခဲ့။ သူ ကွယ်လွန်သော အချိန်ကျမှ ဒီအကြောင်းကို ကျွန်တော် သိရချေသည်တကား။

ကျွန်တော့်အခန်းသို့ ကျွန်တော် ပြန်ရောက်သောအခါ ကျွန်တော့်ပါးနှစ်ဖက်မှာ မျက်ရည်များဖြင့် မွန်းနစ်နေချေပြီ။

(၇)

ကျွန်တော် ဆယ်နှစ်သားအရွယ်က ဖြစ်သည်။ အင်ဒီးယန်း မြင်းပုကလေး တစ်

ကောင်ကို သဲတောင်များပေါ် ကျော်ဖြတ်ပြီး အသားကျစီးလာခဲ့သည်။ နောက်သို့ ကျွန်တော် သမင်လည်ပြန် လှည့်ကြည့်မိသည်။

ဖေဖေသည် မြင်းကြီးတစ်ကောင် စီးပြီး ကျွန်တော့်နောက်မှ လိုက်လာသည်။ လေးတိုးသဖြင့် ဖေဖေ့အင်္ကျီ ရင်ဘတ်သည် ပွင့်ပြီး ဘေးသို့ လွင့်ကျနေသည်။ ရင်ဘတ်ပေါ်တွင် ကန့်လန့်ဖြတ် သံကြိုးတစ်ချောင်းကိုလည်း လှမ်းမြင်ရသည်။ သူ လှမ်းအော်သည့် အသံကိုလည်း ကျွန်တော် ကြားနေရသည်။

"ပြန်လာခဲ့၊ ဂျိုနတ်စ်၊ ပြန်လာခဲ့တော့"

ကျွန်တော်က အရှေ့သို့ ပြန်လှည့်ပြီး ကျွန်တော့်မြင်းကို အားသွန်နှင်လိုက်သည်။ ပြေးနေသည့် အရှိန်အဟုန်ကို အားမရနိုင်သဖြင့် မြင်းယဉ်ကို မညှာမတာရိုက်ပြီး ရွတ်နှင်မိသည်။ ခဏချင်းမှာပင် ခရီးအဝေးကြီးသို့ ကျွန်တော် ရောက်လာသည်။

ထိုအခိုက် ကျွန်တော့်ဘေးသို့ နီဖားဒါး ရောက်လာသည်။ သူ ဘယ်က ဘယ်လို ပေါ်လာသည် မသိ။ ကျွန်တော်နှင့်ယှဉ်လျက် သူ့မြင်းနက်ကြီးကို သက်သောင့်သက်သာ စီးလာသည်။ ကျွန်တော့်ကို သူ လှမ်းကြည့်ပြီး ခပ်တိုးတိုး ပြောသည်။

"ပြန်တော့ ဂျိုနတ်စ်၊ မင်းအဖေ ခေါ်နေတာ မကြားဘူးလား၊ မင်းဟာ ဘယ်လို သားမျိုးလဲ"

ကျွန်တော် ဘာမှ ပြန်မဖြေ။ နောက်ပိုင်းသို့ လှည့်ကြည့်လိုက်သည်။

ဖေဖေသည် သူ့မြင်းကိုရပ်ပြီး ကျွန်တော့်ကို လှမ်းကြည့်နေသည်။ ဖေဖေ့မျက်နှာသည် ကြေကွဲနေကြောင်း ကျွန်တော် မြင်ရသည်။

"နီဖားဒါး ကလေးကို ဂရုစိုက်လိုက်၊ ငါ အချိန်မရဘူး၊ သွားစရာ ရှိနေတယ်"

ဖေဖေသည် နီဖားဒါးကို အော်ပြောပြီး ပြန်လှည့်သွားသည်။ ကျွန်တော် လှည့်ကြည့်နေခိုက်မှာပင် ဖေဖေသည် တဖြည်းဖြည်း ဝေးသွားကာ ပျပျကလေးသာ မြင်ရတော့သည်။ ကျွန်တော့် ရင်ထဲမှာ ဝိုချင်လာသည်။ တစ်ပြိုင်တည်းမှာပင် မျက်ရည်များ စီးကျလာသည်။

"ဖေဖေ မသွားပါနဲ့"

ဟု ကျွန်တော် လှမ်းအော်လိုက်ချင်သည်။ သို့သော်လည်း အသံ ထွက်မလာ။ လည်ချောင်းတွင်းမှာပင် တစ်ဆို့ ပျောက်ကွယ်သွားတော့သည်။

အိပ်ရာထဲမှာ ကျွန်တော် ထထိုင်လိုက်သည်။ ကျွန်တော့်တစ်ကိုယ်လုံး ချွေးစီးများဖြင့် နစ်နေသည်။ ယမ်းစဉ်က ကြုံတွေ့ခဲ့ရသည့် အကြောင်းများကို အခြေခံပြီး အိပ်မက်မက်နေကြောင်း သတိထားမိသဖြင့် စိတ်သက်သာရာရစေရန် ခေါင်းကို ခါယမ်းလိုက်မိသည်။ ပြတင်းပေါက်တံခါး ဖွင့်ထားသောကြောင့် အိမ်နောက်ဘက်ရှိ မြင်းဇောင်းအတွင်းမှ မြင်းများ ထွက်လာသည့် အသံကို ကြားနေရသည်။

ပြတင်းပေါက်သို့ လျှောက်သွားပြီး အပြင်သို့ မျှော်ကြည့်သောအခါ နံနက် ငါးနာရီ နေရောင်ကို မြင်တွေ့နေရပြီ။ တက်သစ်စနေရောင်ခြည်ကို မျှော်ကြည့်သည်။ အသက်ဝအောင် ရှူသည်။

ပြတင်းပေါက်မှ ပြန်လှည့်လာခဲ့၏။ အိပ်ရာမှထတိုင်း ပြတင်းပေါက်မှ အပြင်သို့ မျှော်ကြည့်ကာ အသက်ဝအောင် ရှူသည်မှာ ကျွန်တော့် အလေ့အထ ဖြစ်သည်။ နံနက် အိပ်ရာထတွင် စိတ်ကြည်လင်ပြီး အားဆေးတစ်ခွက်ကို သောက်လိုက်ရသကဲ့သို့ ရှိချေသည်။ ညဝတ်အင်္ကျီများကို ချွတ်ပြီး ရှပ်အင်္ကျီဟောင်းတစ်ထည်ကို ကောက်ဝတ်သည်။

ကျွန်တော် အခန်းပြင်ထွက်ပြီး အောက်သို့ ဆင်းရန် လှေကားထိပ် ရောက်သောအခါ ရိုဘဲယား တက်လာသည်ကို တွေ့ရသည်။ ကော်ဖီနှင့် လိမ္မော်ရည်များပါသည့် ဗန်းတစ်ချပ်ကို ကိုင်လာသည်။ ပုံမှန် အကြည့်မျိုးဖြင့်ပင် ကျွန်တော့်ကို သူ မော့ကြည့်၏။

"ကောင်းသော နံနက်ခင်းပါ မစ္စတာဂျိုနတ်စ်"

"ကောင်းသော နံနက်ခင်းပါ ရိုဘဲယား"

"မစ္စတာ မက်အယ်လစ္စတာ ရောက်နေပါတယ်၊ စာကြည့်ခန်းထဲမှာ ကျွန်တော် ထိုင်ခိုင်းခဲ့ပါတယ်"

"ကျေးဇူးပဲ"

ကျွန်တော့်မှာ လုပ်စရာတွေ အများကြီး ရှိနေသည်။ ထို့ကြောင့်လည်း အောက်သို့ ဆင်းရန် ခြေလှမ်းပြင်လိုက်သည်။

"မစ္စတာဂျိုနတ်စ်၊ အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး စကားပြောမယ်ဆိုရင် ဗိုက်ထဲမှာ အစာတစ်ခုခု ရှိထားရင် ပိုကောင်းမယ်လို့ ကျွန်တော် ထင်ပါတယ် ခင်ဗျာ"

ကျွန်တော်က သူ့ကို လှည့်ကြည့်ပြီး ဘာမှ ဆက်မပြောတော့ဘဲ သူ ယူလာသည့် ဗန်းထဲမှ စားစရာများကို တစ်ခုပြီးတစ်ခု ယူစားလိုက်သည်။

ကျွန်တော် ကိုးရိုးကားရား ဝတ်လာပုံကို မက်အယ်လစ္စတာ မြင်သော်လည်း တစ်စုံ တစ်ရာ ပြောဆိုခြင်း မရှိ၊ အလုပ်ကိစ္စကိုသာ တန်းပြောတော့သည်။

"အစုရှင် အနည်းစုတွေ လက်ထဲမှာ ဆယ်ရာခိုင်နှုန်း ရှိပါတယ်၊ သူတို့ကို ဟောဒီလို ခွဲထားပါတယ်။ ရီနာကော့နဲ့ နီဗားဒါးစမစ်တို့က နှစ်ခွဲရာခိုင်နှုန်းစီ ပိုင်ပါတယ်။ တရားသူကြီး ဆင်မြူယယ်ဟတ်စ်ကယ်နဲ့ ရီနိုမြို့က စက်မှုဘဏ်ဥက္ကဋ္ဌ ပီတာကွန်းမက်တို့က နှစ်ရာခိုင်နှုန်းစီ ပိုင်ကြပါတယ်၊ ကျန်တဲ့ တစ်ရာခိုင်နှုန်းကတော့ ယူဂျင်းဒင်ဘီပိုင်တဲ့ အစု ဖြစ်ပါတယ်"

"သူတို့ အစုတန်ဖိုးက ဘယ်လောက်ရှိမလဲ"

"ဘာကို ပြောတာလဲ၊ အတိုးရင်းပွားရောလား၊ အရင်းချည်း သက်သက်လား"

"နှစ်ခုစလုံးပေါ့"

ကျွန်တော့်အဖြေ ဆုံးသည်နှင့် သူသည် စာရွက်များကို ပြန်ကြည့်နေသည်။

"လွန်ခဲ့တဲ့ ငါးနှစ်အတွင်းက အတိုးနဲ့ အမြတ်တွေကိုပါ ထည့်ပေါင်းမယ်ဆိုရင် ငွေပင် ငွေရင်းတစ်စုရဲ့ တန်ဖိုးဟာ ဒေါ်လာလေးသောင်းငါးထောင် တန်တယ်။ ငွေရင်းချည်း သက် သက်ဆိုရင် ခြောက်သောင်းတန်တယ်။ စစ်ပြီးသွားတဲ့ အချိန်ကစပြီး အတိုးနဲ့ အမြတ်နှုန်းဟာ တဖြည်းဖြည်း ကျလာတယ်"

"ဒါက ဘာသဘောလဲ"

"စစ်ဖြစ်နေတဲ့ အချိန်မှာဆိုရင် တို့စက်ရုံက ထုတ်လုပ်နေတဲ့ လက်နက်ခဲယမ်းမီး ကျောက်တွေဟာ အရောင်းရသွက်တယ်၊ စစ်မဖြစ်တဲ့ အချိန်ကတော့ မရောင်းရတော့ဘူး။ ဒါကြောင့် ငြိမ်းချမ်းတဲ့ အချိန်မှာ အတိုးနဲ့ အမြတ်နှုန်းဟာ ကျသွားတော့တာပဲ။ မူလ ငွေရင်းရဲ့ တန်ဖိုးပဲကျန်တယ်"

စသည်ဖြင့် မက်အယ်လစ္စတာက ငွေပင်ငွေရင်းအစု၏ သဘောများကို ကျွန်တော် နားလည်အောင် ရှင်းပြသည်။

စီးကရက်တစ်လိပ်ထုတ်ပြီး ကျွန်တော် မီးညှိသောက်ရင်း စဉ်းစားနေမိသည်။ သူ့ကို ကျွန်တော် ပေးထားသော လစာငွေသည် တစ်နှစ်လျှင် ဒေါ်လာတစ်သိန်း ဖြစ်သည်။ ထိုငွေနှင့် သူ့လုပ်အားသည် တန်မှတန်ပါ့မလားဟု သံသယဝင်နေမိသည်။ ကျွန်တော် ပေးသည့်လစာ များသွားပြီလားဟု စဉ်းစားမိသည်။

"ကျွန်တော် မသိသေးတာတွေ ပြောပြပါဦး"

သူသည် စာရွက်များကို ပြန်ငုံ့ကြည့်ပြီး ခေါင်း ပြန်မော့လာသည်။

"ဂျာမန်တွေနဲ့ လုပ်မယ့် ကန်ထရိုက်လုပ်ငန်းအတွက် မင်းအဖေက ကွန်းမက်ဘဏ်မှာ ဒေါ်လာနှစ်သိန်း ချေးထားတယ်၊ ဒါပေမယ့် ဘဏ်က မချေးနိုင်ဘူးဆိုပြီး ပယ်ချလိုက်တယ်။ မင်း မနေ့က လက်မှတ်ထိုးလိုက်တဲ့ ကန်ထရိုက်စာချုပ်ပေါ့"

"ဒီလိုဆိုရင် ဒါအတွက် ကျွန်တော် ငွေလိုနေတာပေါ့"

"ဟုတ်တယ်"

"ကောင်းပြီ၊ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး ခင်ဗျား ဘာလုပ်ခဲ့သလဲ"

"ဒါနဲ့ပတ်သက်ပြီး ငါ လုပ်ခဲ့တယ်လို့ မင်းဘာကြောင့် ထင်ရတာလဲ"

"မနေ့က ခင်ဗျား ကျွန်တော့် အဖေရုံးခန်းထဲမှာ ရှိနေခဲ့တယ်။ ဟိုမိန်းကလေး ဒီဘတွေရဲ့ ပြဿနာကို ရှင်းဖို့အတွက်တော့ ဖေဖေဟာ ခင်ဗျားကို ခေါ်မှာ မဟုတ်ဘူး။ ဒီကိစ္စလောက်ကို သူ့ဟာသူ ဖြေရှင်းနိုင်တယ်၊ အခု ကန်ထရိုက်ကိစ္စအတွက် ခင်ဗျားကို

ခေါ်တာဖြစ်ရမယ်။ ဒါကြောင့် ခင်ဗျား သိထားရမယ်။ နောက်တစ်ခုက ကျွန်တော် အလုပ်ခန့်တာကို ခင်ဗျား လက်ခံထားပြီ၊ ခင်ဗျား လစာ သေချာပေါက်ရဖို့အတွက် ခင်ဗျား အလုပ်လုပ်ရလိမ့်မယ်ဆိုတဲ့ သဘောပဲ"

သူ့မျက်နှာ ပြုံးလာသည်။

"ငွေချေးဖို့ကို လော့စ်အိန်ဂျယ်လိစ်မှာရှိတဲ့ ပိုင်အိုးနီးယားနေရှင်နယ်ထရပ်စ်ကုမ္ပဏီနဲ့ အစီအစဉ်တွေ ငါ လုပ်ထားပြီးပြီ၊ ကိုယ့်ဘက်က စိတ်ချလက်ချ ဖြစ်စေဖို့အတွက် ငွေသုံးသိန်း ချေးဖို့ စီစဉ်ထားပါတယ်"

"ကောင်းတယ်၊ အနည်းစု အစုရှယ်ယာတွေကို ကျွန်တော် ဝယ်နိုင်ဖို့ လိုနေတဲ့ငွေအတွက် စိတ်ချသွားရပြီ"

ကျွန်တော့်စကားကို ကြားသောအခါ သူသည် အလွန် အံ့ဩသွားပုံရသည်။ သူ့ဘေးမှ ကုလားထိုင်ပေါ်သို့ ကျွန်တော် ထိုင်ချသောအခါ ကျွန်တော့်ကို သူ စိုက်ကြည့်နေသည်။

"ကဲ ဒီကိစ္စနဲ့ ပတ်သက်ပြီး သိသမျှ ကျွန်တော့်ကို ပြောပြစမ်းပါ။ ကျွန်တော့် ဖေဖေ အငမ်းမရလုပ်ချင်တဲ့ လုပ်ငန်းကို ဘယ်လိုဆက်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်လို့ရတယ်ဆိုတာ ကျွန်တော် သိချင်ပါတယ်။ ဒါကို ဘာခေါ်တယ်။ ပလတ်စတစ်လုပ်ငန်း ဟုတ်လား"

## (၈)

တောက ကျွန်တော်တို့ ခြံအတွင်းမှာ စားရသည့် နံနက်စာပုံစံမျိုးကို ရှိဘဲယားက စီစဉ်ကျွေးသည်။ ကျွန်တော်တို့အားလုံး စားပြီးသောအခါ ရှိဘဲယားက အပြင်ထွက်ပေးပြီး ကျွန်တော်တို့ အခန်းတံခါးကို ပိတ်ပေးခဲ့သည်။ ကျွန်တော်က ချောင်းဟန့်ပြီး စကား စတင်ပြောသည်။

"လူကြီးမင်းများ ခင်ဗျား။ ကော့ လက်နက်ခဲယမ်းမီးကျောက်စက်ရုံရဲ့ တာဝန်တွေဟာ မနေ့ကစပြီး ကျွန်တော့် ပခုံးပေါ်ကို ပြန်းခနဲ ရောက်လာပါတယ်။ ဒီလိုအခါမှာ ကျွန်တော် ဘယ်လောက် တုန်လှုပ်ချောက်ချားခဲ့ရတယ်ဆိုတာ လူကြီးမင်းတို့ကို ပြောပြဖို့ မလိုတော့ဘူးလို့ ကျွန်တော် ထင်ပါတယ်။ ဒီနေ့မနက် အခုလို အစည်းအဝေးခေါ်ရတာကတော့ ကုမ္ပဏီအတွက် အကောင်းဆုံး အဆုံးအဖြတ်တွေ ချမှတ်နိုင်အောင် ကျွန်တော့်ကို ကူညီကြပါလို့ မေတ္တာရပ်ခံဖို့ပါပဲ"

"ဒီကိစ္စနဲ့ပတ်သက်ပြီး တို့ကို အားကိုးနိုင်ပါတယ် သား"

ပထမဆုံး စပြောသူမှာ ကွန်းမက်ဘဏ်ဥက္ကဋ္ဌ မစ္စတာကွန်းမက် ဖြစ်သည်။

"ကျေးဇူးတင်ပါတယ် မစ္စတာကွန်းမက်၊ ဒီနေရာမှာ ကျွန်တော် မြင်တာကတော့ ပထမဆုံးလုပ်ရမယ့် အလုပ်ဟာ ကုမ္ပဏီအတွက် ဥက္ကဋ္ဌအသစ်တစ်ယောက် ရွေးကောက်တင်မြှောက်ဖို့ပဲ ဖြစ်ပါတယ်။ ကုမ္ပဏီလုပ်ငန်းတွေမှာ ကိုယ်ရောစိတ်ပါ မြှုပ်နှံပြီး ကျွန်တော့်ဖေဖေ လုပ်ခဲ့သလို လုပ်မယ့်လူမျိုးကို ရွေးကောက်ဖို့ လိုပါတယ်"

ကျွန်တော်သည် စားပွဲကို လှည့်ကြည့်လိုက်သည်။ ဒင်ဘီသည် အစွန်းဆုံးမှာ ထိုင်နေသည်။ နီဗားဒါးက စီးကရက်လိပ်နေသည်။ ကျွန်တော့်ကို သူ မော့ကြည့်သောအခါ သူ့မျက်လုံးများ ပြုံးနေသည်ကို ကျွန်တော် တွေ့ရသည်။ မက်အယ်လစ္စတာသည် သူ့ဘေးမှာ ငြိမ်သက်စွာ ထိုင်နေသည်။ ဟတ်စ်ကယ်နှင့် ကွန်းမက်တို့လည်း တိတ်ဆိတ်နေသည်။ ကျွန်တော် ကိုယ်တိုင်ကလည်း ခေတ္တ တိတ်နေလိုက်သည်။ ဒီအထဲတွင် ကျွန်တော့် မိတ်ဆွေများသည် မည်သူများ ဖြစ်ကြောင်း ကျွန်တော့်ကို ပြောပြရန် မလိုတော့ပါ။

"တစ်ယောက်ယောက်ကို တင်ဖို့များ ရှိကြပါသလား ခင်ဗျာ"

ဟု ကျွန်တော် မေးသည်။ ကွန်းမက်က ကျွန်တော့်ကို မော့ကြည့်ပြီး ပြန်မေးသည်။

"မင်း အနေနဲ့ရော"

"မနေ့ကတော့ ကျွန်တော် စိတ်ကူးခဲ့ပါတယ်။ ညကလည်း ဒီကိစ္စကိုပဲ စဉ်းစားရင်း ကျွန်တော် အိပ်ခဲ့တယ်။ ဒါပေမယ့် ကျွန်တော့်လို အတွေ့အကြုံ အင်မတန် နုနယ်သူအဖို့တော့

ခပ်ခက်ခက်ပါပဲ"

ဟတ်စ်ကယ်၊ ကွန်းမက်နှင့် ဒင်ဘီတို့၏ မျက်နှာများ ဝင်းလက်သွားကြသည်။ ယနေ့ မနက်တွင် ပထမဦးဆုံးအကြိမ် ဝင်းလက်လိုက်ခြင်း ဖြစ်သည်။ ကွန်းမက်ကပင် စကားစပြော သည်။

"သားပြောတာ မှန်ပါတယ်။ စဉ်းစားစရာပါပဲ၊ တရားသူကြီး ဟတ်စ်ကယ် ဆိုရင်ရော ဘယ်လိုလဲ၊ သူလည်း တရားသူကြီးအဖြစ်က အငြိမ်းစား ယူထားပြီးပြီပဲ၊ သားရဲ့ အခက်အခဲ တွေကို သူ ကူညီဖြေရှင်းပေးနိုင်လိမ့်မယ် ထင်ပါတယ်"

ကျွန်တော်က တရားသူကြီးဘက်သို့ လှည့်လိုက်သည်။

"လုပ်နိုင်ပါ့မလား ခင်ဗျာ"

တရားသူကြီးက တဖြည်းဖြည်း ပြုံးကာ ပြန်ဖြေသည်။

"မင်းကို ကူညီရုံ သက်သက်လောက်ပါပဲ လူကလေး၊ ကူညီရုံ သက်သက်ပါပဲ"

ကျွန်တော်က နီဗားဒါးကို လှမ်းကြည့်သည်။ သူ့မျက်နှာက ပြုံးနေသည်။ ကျွန်တော် က သူ့ကို ပြန်ပြုံးပြလိုက်ပြီး အားလုံးဘက်သို့ ပြန်လှည့်လိုက်သည်။

"လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော်တို့ ဒီကိစ္စကို မဲခွဲဆုံးဖြတ်ကြရင် မကောင်းပေ ဘူးလား ခင်ဗျာ"

ကျွန်တော့်မေးခွန်း ဆုံးသည်နှင့် တစ်ပြိုင်တည်း ပထမဦးဆုံးအကြိမ် အဖြစ် ဒင်ဘီက စကားစပြောသည်။

"ကုမ္ပဏီရဲ့ လုပ်ထုံးအတိုင်းဆိုရင် ဥက္ကဋ္ဌလုပ်သူကို ငွေပင်ငွေရင်းအစုရှင်များ အစည်း အဝေးသာကသာလျှင် ရွေးကောက်တင်မြှောက်နိုင်ပါတယ်"

"ဒီလိုဆိုရင်လည်း ငွေပင်ငွေရင်း အစုရှင်အစည်းအဝေးအဖြစ် ပြောင်းလိုက်ရုံပေါ့။ အစုရှင်အများစု ဒီမှာ ရောက်နေကြပြီပဲ"

ဟု ကွန်းမက်က ဝင်ပြောသည်။

"ဒီအကြံဉာဏ် ကောင်းပါတယ် ခင်ဗျား။ ကျွန်တော့် အစုများအတွက် ကျွန်တော် လည်း မဲပေးခွင့် ရှိမယ်ဆိုရင်ပေါ့ ခင်ဗျာ"

ဟု ပြောရင်း တရားသူကြီးဘက်သို့ ကျွန်တော် လှည့်ကြည့်သည်။ သူက ခေါင်းညိတ် ပြရင်း ပြန်ပြောသည်။

"မင်း မဲပေးပိုင်ခွင့် ရှိပါတယ် လူကလေး။ ဒီမှာ မင်းအဖေရေးထားခဲ့တဲ့ သေတမ်းစာ၊ ဒီနေ့မနက်ပဲ ရုံးတော်ကိုသွားပြီး တရားဝင်အောင် ကျွပ် လုပ်ခဲ့ပြီးပါပြီ။ ဒါကြောင့် အခုဆိုရင် လူကလေးဟာ တရားဝင် ဖြစ်နေပါပြီ"

ဟု တရားသူကြီးက ဆက်ပြောသည်။ ကျွန်တော်က သေတမ်းစာကို လှမ်းယူပြီး ဆက်ပြောပြန်သည်။

"ကောင်းပါပြီ။ ဒါဖြင့်ရင် ကျွန်တော်တို့ ဒါရိုက်တာ အဖွဲ့အစည်းအဝေးကို ရွှေ့ဆိုင်း လိုက်ပါတယ်။ အစုရှင်များ အစည်းအဝေးကို အခု စတင်ကျင်းပပါတယ်။ ကွယ်လွန်သွားတဲ့ ဂျိုနတ်စ်ကော့နေရာမှာ အစားထိုးဖို့ ဥက္ကဋ္ဌနဲ့ငွေထိန်းကို အစီအစဉ် နံပါတ် (၁) အရ ရွေးကောက် တင်မြှောက်ဖို့ပါပဲ"

ကွန်းမက်က ပြုံးရင်း စပြောသည်။

"တရားသူကြီး ဆင်မြူယယ်ဟတ်စ်ကယ်ကို ကျွန်တော် အဆိုတင်ပါတယ်"

"ဒီအဆိုကို ကျွန်တော် ထောက်ခံပါတယ်"

ထောက်ခံသူမှာ ဒင်ဘီ ဖြစ်သည်။ ဒင်ဘီသည် အလွန် လျင်မြန်စွာထပြီး ထောက်ခံ ခြင်း ဖြစ်၏။ အလွန်တရာပင် မြန်ဆန်လှပါ၏။

"နောက်ထပ် အလားတူ အဆိုများ ရှိပါသေးလား ခင်ဗျား၊ မရှိဘူးဆိုရင် ပထမအဆို ကို ကျွန်တော်တို့ မဲပေးရပါမယ်"

နီဗားဒါး မတ်တတ်ရပ်လိုက်သည်။

"ဂျိုနတ်စ်ကော့ (အငယ်)ကို ကျွန်တော် အဆိုတင်ပါတယ်"

ကျွန်တော်က သူ့ကို ပြုံးကြည့်ရင်း ကျေးဇူးတင်ကြောင်း ပြောသည်။

ပြီးတော့ တရားသူကြီးဘက်သို့ လှည့်ပြီး ဤအဆိုကို ထောက်ခံမည့်သူ ရှိ၊ မရှိ မေးလိုက်သည်။

တရားသူကြီး၏ မျက်နှာသည် လှုပ်ရှားလာသည်။ ကွန်းမက်ကို သူ လှမ်းကြည့်သည်။ ပြီးတော့ ဒင်ဘီကို ကြည့်သည်။ ဒင်ဘီ၏ မျက်နှာမှာ ဖြူဖတ်ဖြူရော် ဖြစ်နေပြီ။

"ဒုတိယအဆိုကို ထောက်ခံမယ့်လူ ရှိပါသလား ခင်ဗျား"

ကျွန်တော့်က ထပ်မေးလိုက်သည်။ ကျွန်တော့်လက်ထဲတွင် မဲအများစု ရှိနေပြီဖြစ်ကြောင်းကို သူတို့အားလုံး သိကြပါသည်။ တရားသူကြီး၏ အားလျော့သည့် အသံကို ကျွန်တော် ကြားလိုက်ရသည်။

"ဒုတိယအဆိုကို ကျွန်တော် ထောက်ခံပါတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ထို့နောက်ပိုင်းတွင်တော့ အစစအရာရာ လွယ်ကူ ချောမွေ့သွားပြီ ဖြစ်သည်။ ကျွန်တော်သည် သူတို့ ပိုင်ဆိုင်သည့် အစုများကို ဒေါ်လာနှစ်သောင်းငါးထောင်ဖြင့် ဝယ်ယူလိုက်သည်။

ထို့နောက် ပထမဦးဆုံး အလုပ်အဖြစ်နှင့် ကျွန်တော် ဆောင်ရွက်လိုက်သည်ကား ဒင်ဘီကို အလုပ်မှ ထုတ်ပစ်လိုက်ခြင်းပင် ဖြစ်လေသည်။

အတွင်းရေးမှူး ကောင်းကောင်းတစ်ယောက် ရမည်ဆိုလျှင် ဒင်ဘီလို အကောင်မျိုးကို ကျွန်တော် အသုံးချဖို့ မလိုတော့။ သူလို ကောက်ကျစ်တတ်သူမျိုးနှင့် အလုပ် တွဲမလုပ်လိုတော့။

မက်အယ်လစ္စတာနှင့် ကျွန်တော်တို့ ငှါးပြီး အလုပ် လုပ်နေသော စာကြည့်ခန်းအတွင်းသို့ ရိုဘဲယား ဝင်လာသည်။

"ဘာတုံး ရိုဘဲယား"

သူ ခေါင်းကိုညွှတ်ပြီး အရိုအသေ ပြုလိုက်၏။

"မစ္စရီနာက လူကြီးမင်းကို တွေ့ချင်ပါတယ်လို့ ပြောခိုင်းပါတယ် ခင်ဗျာ၊ သူ့အခန်းထဲမှာ စောင့်နေပါတယ်"

"ကောင်းပြီ၊ သွားတွေ့လိုက်မယ်"

ဟု ပြောပြီး အပေါ်ထပ်သို့ သွားရန် ထလိုက်သည်။

မက်က စူးစမ်းသည့်အနေဖြင့် ကျွန်တော့်ကို လှမ်းကြည့်သည်။

"ခဏစောင့်ပါ၊ ကျွန်တော် မကြာပါဘူး"

ရိုဘဲယားက ကျွန်တော့်အတွက် တံခါးဖွင့်ပေးသည်။ အပေါ်ထပ်သို့ ကျွန်တော် တက်လာပြီး ရီနာ၏ အခန်းတံခါးကို ခေါက်သည်။

"ဝင်ခဲ့ပါ"

ရီနာသည် မှန်တင်ခုံတွင် ထိုင်လျက်ရှိသည်။ လူစီက သူ့ဆံပင်များကို ရှင်းပေးနေသည်။ ရီနာက မှန်ထဲမှတစ်ဆင့် ကျွန်တော့်ကို လှမ်းကြည့်သည်။

"ငါ့ကို တွေ့ချင်လို့ဆို"

"ဟုတ်ပါတယ်။ လူစီ တော်ပြီ မင်းသွားတော့၊ အောက်ထပ်က စောင့်နေ လိုရင် ငါ ခေါ်မယ်"

ကောင်မလေး ထွက်သွားသောအခါ ရီနာက ကျွန်တော့်ဘက် လှည့်ပြောသည်။

"ဒီကောင်မလေးက တံခါးပေါက်က ချောင်းနားထောင်တတ်တဲ့အကျင့် ရှိတယ်"

"ငါ သိတယ်၊ မင်း ငါ့ကို တွေ့ချင်တယ်ဆိုတာ ဘာကိစ္စလဲ"

ရီနာက မတ်တတ်ရပ်သည်။ သူ့ကိုယ်ပေါ်မှာ အနက်ရောင်အဝတ်များကို အတွင်းခံမပါဘဲ ဝတ်ထားသည်။

"မုဆိုးမတစ်ယောက်ရဲ့ အဝတ်အစားတွေကို ကြည့်ပါဦး၊ ကောင်းရဲ့လား"

"ကောင်းပါတယ်၊ ကဲပြော ဘာကိစ္စ တွေ့ချင်ရတာလဲ"

"အသုဘကိစ္စ ပြီးတာနဲ့ တစ်ပြိုင်တည်း ကျွန်မ ဒီအိမ်ပေါ်က ဆင်းသွားမယ်"

ဟု ပြောရင်း စီးကရက်ကို ဖွာရှိုက်နေသည်။

"ဘာဖြစ်လို့တုံး၊ ဒါဟာ မင်းအိမ်ပဲ၊ မင်းအတွက် ဖေဖေ ချန်ခဲ့တာပဲ"

"ဒီအိမ်ကို ကျွန်မဆီက ရှင် ဝယ်လိုက်ပါ"

"ဒီအိမ်ကို ဝယ်ဖို့ ငါ ဘယ်က ပိုက်ဆံရမလဲ"

"ရပါတယ်၊ ရှင် လိုချင်တာဆိုရင် ဘာမဆိုဖြစ်ဖို့ ရှင့်အဖေက အားလုံး စီစဉ်ထားခဲ့တာပဲ"

ကျွန်တော်သည် သူ့မျက်နှာကို ကြည့်ပြီး အကဲခတ်နေမိ၏။ သူ အမှန်ပြောနေကြောင်း သိသာသည်။ သူ ဘာလုပ်နေသည် ဆိုခြင်းကိုလည်း သူ ကောင်းစွာ သဘောပေါက်ထားပုံရသည်။

"မင်း ဘယ်လောက် လိုချင်သလဲ"

"ဒေါ်လာ တစ်သိန်း"

"ဘာကွ၊ ဒီအိမ်က ငါးသောင်းခွဲထက် ပိုတန်တဲ့ အိမ်မှ မဟုတ်ဘဲ"

ဟု ကျွန်တော် ပြန်အော်လိုက်သည်။

"ကျွန်မ သိပါတယ်။ ကော့လက်နက်ခဲယမ်းမီးကျောက် ကုမ္ပဏီထဲမှာ ကျွန်မပိုင်တဲ့ အစုရှယ်ယာတွေပါ ထည့်ပေးပါ့မယ်"

"မင်း ရှယ်ယာတွေကရော ဘယ်လောက် တန်လို့လဲ၊ အခု မနက်ပဲ မင်းရှယ်ယာထက် နှစ်ဆတန်တာတွေကို ငါ နှစ်သောင်းခွဲနဲ့ ဝယ်လိုက်သေးတယ်"

သူသည် မတ်တတ်ရပ်လိုက်ပြီး ကျွန်တော့်ကို သေသေချာချာ စိုက်ကြည့်သည်။

"ဒီမှာ ဂျိုနတ်စ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မ ကောင်းကောင်း လေ့လာပြီးပြီ။ နီဗားဒါးပြည်နယ်ရဲ့ တရားဥပဒေအရ ကျွန်မဟာ ရှင့်အဖေ ပိုင်သမျှတွေရဲ့ သုံးပုံတစ်ပုံကို ရပိုင်ခွင့် ရှိတယ်။ သေတမ်းစာ ရေးခဲ့သည် ဖြစ်စေ၊ မရေးသည် ဖြစ်စေ ဥပဒေက သတ်မှတ်ထားတယ်၊ ရှင်ရထားတဲ့ သေတမ်းစာတွေကို ပျက်ပြယ်စေချင်ရင် ပျက်ပြယ်အောင် ကျွန်မ တရားစွဲနိုင်တယ်။ ကျွန်မ တောင်းသလောက် မရဘူးဆိုရင် ရှင့်ကို ကျွန်မ ရုံးတင် တရားစွဲနိုင်တယ်။ အနည်းဆုံး ငါးနှစ်လောက် တရားဖြစ်နေရမယ်။ ရှင့် အစီအစဉ်တွေ ဘာဖြစ်ကုန်မလဲ"

သူ့ကို ကျွန်တော် ငေးကြည့်နေမိသည်။

"ကျွန်မပြောတာ မယုံဘူးဆိုရင် အောက်ထပ်မှာရှိတဲ့ ရှင့်ရှေ့နေကို မေးကြည့်ပါလား"

"မင်း လေ့လာပြီးလို့ ပြောနေတာလား"

"သေသေချာချာပေါ့၊ တရားသူကြီး ဟတ်စ်ကယ်က သူ့ရုံးကို ပြန်ရောက်ရောက်ချင်း ကျွန်မကို တယ်လီဖုန်းနဲ့ လှမ်းပြောတာ"

ကျွန်တော် သက်ပြင်းချလိုက်သည်။ ဒီအဘိုးကြီးသည် ဒီလို လုပ်လိမ့်မယ်ဟု ကျွန်တော် ကြိုတင် တွက်ဆထားခဲ့ဖို့ ကောင်းသည်။

"ငါ့မှာ အဲဒီလောက် ငွေများများစားစား မရှိပါဘူး။ ကုမ္ပဏီမှာလည်း ဒီလောက်ငွေ မရှိဘူး"

"ဒါတွေ ကျွန်မ သိပါတယ်။ ဒါကြောင့် တရားသဖြင့် ဖြစ်အောင်လည်း ကျွန်မ စိတ်ကူးထားပါတယ်။ လောလောဆယ် ကျွန်မ ငွေငါးသောင်း ယူမယ်၊ ဒါကလည်း အသုဘ ပြီးတဲ့ နောက်တစ်နေ့မှာပါ၊ ပြီးတော့ တစ်နှစ်ကို တစ်သောင်းစီ၊ ငါးနှစ် ဆက်ပေးသွားပါမယ် ဆိုတာကိုလည်း ကုမ္ပဏီအနေနဲ့ စာချုပ်ပေးရမယ်"

ကျွန်တော်သည် ရှေ့နေနှင့် တိုင်ပင်ရန် မလိုတော့။ သူ ပေးသည့် အကြံဉာဏ်သည် လုံလောက်အောင် ကောင်းနေပေပြီ။

"ကောင်းပြီ၊ မင်း အောက်ထပ်လိုက်ခဲ့ပါလား၊ မက်အယ်လစ္စတာနဲ့ စာချုပ်စာတမ်းတွေ တို့ လုပ်လိုက်ကြရအောင်"

ရီနာက တစ်ချက်ပြုံးလိုက်၏။

"ဘယ်တော်ပါ့မလဲ ရှင်ရယ်၊ ကျွန်မက မုဆိုးမ ပူပူနွေးနွေးကလေးပါ၊ မုဆိုးမ ပူပူနွေးနွေးကလေးက အောက်ထပ် ဆင်းလိုက်လာပြီး ပိုင်ဆိုင်ခွင့် အပြောင်းအလဲတွေကို လုပ်တယ်

ဆိုရင် လူကြားလို့ တော်ပါ့မလား။ စာချုပ်တွေအားလုံး လုပ်ပြီးရင်သာ လက်မှတ်ထိုးဖို့ ကျွန်မဆီကို ပို့ပေးလိုက်ပါ"

(၉)

လော့စ်အိန်ဂျယ်လိစ်မြို့ရှိ ဘဏ်တိုက်ရှေ့သို့ ကျွန်တော်တို့ စီးလာသည့် တက္ကစီကား ထိုးဆိုက်လိုက်သည့် အချိန်သည် ညနေ ငါးနာရီ ဖြစ်လေသည်။ ကျွန်တော်တို့သည် ဘဏ်၏ နောက်ဘက်ရှိ အမှုဆောင်များရုံး အဆောက်အအုံရှိရာသို့ လျှောက်လာခဲ့ကြသည်။ မက်အယ်လစ္စတာက ကျွန်တော့်ကို ဦးဆောင်ပြီး သီးသန့် စာတမ်းချိတ်ထားသည့် အခန်းတစ်ခန်းသို့ ခေါ်လာသည်။

အတွင်းရေးမှူးက မော့ကြည့်ပြီး ပြုံးပြသည်။

"မက်အယ်လစ္စတာပါလား၊ ရှင် နီဗားဒါးမှာ ရှိနေတယ်လို့ ကျွန်မတို့က ထင်နေတာ"

ဟု ပြောသည်။

"ဟုတ်ပါတယ်၊ ဟိုမှာပါပဲ၊ မစ္စတာမိုရိုနီ အထဲမှာ ရှိသလား"

"ကျွန်မ ကြည့်ပါရစေဦး။ တစ်ခါတလေကျတော့ ကျွန်မတို့ကို ဘာမှ မပြောဘဲ အပြင်ထွက်ချင် ထွက်သွားတတ်ပါတယ်"

ဟု ပြောကာ အခြားတံခါးပေါက် တစ်ခုတွင်းသို့ လုံးကျစ်သည့် တင်သားများကို လှုပ်ခါရင်း ဝင်ရောက် ပျောက်ကွယ်သွားသည်။

"ဒီလို အတွင်းရေးမှူးမျိုး ကျွန်တော် လိုချင်တယ်ဗျာ၊ သူ့မှာ ဦးနှောက်ရှိတယ်၊ ရုပ်လည်း ချောတယ်"

ကျွန်တော်က မက်ကိုကြည့်ပြီး ပြောသည်။ မက်က ပြန်ပြုံးပြသည်။

"ဒီလိုဟာမျိုး ရဖို့ဆိုတာ စျေးမနည်းဘူး။ တစ်ပတ်ကို ဒေါ်လာ ခုနစ်ဆယ့်ငါး၊ ရှစ်ဆယ်လောက် ပေးရတယ်"

"အရည်အချင်းရှိရင်တော့ ပေးရမှာပေါ့"

ပြောနေဆဲမှာပင် ထိုမိန်းကလေး ပြန်ပေါ်လာသည်။ သူ့မျက်နှာမှာ ပြုံးနေသည်။

"မစ္စတာမိုရိုနီက အခု တွေ့ပါမယ်တဲ့ မစ္စတာမက်အယ်လစ္စတာ"

သူ ခေါ်သည့်နောက်သို့ ကျွန်တော်တို့ လိုက်သွားကြသည်။ ရုံးခန်းကျယ်ကြီး အတွင်းသို့ ရောက်သွားသောအခါ ဆံပင်ဖြူဖြူနှင့် ကိုယ်လုံးကိုယ်ထည်သေးသေး ပုဂ္ဂိုလ်ကြီး တစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ကို မြင်တော့ ထိုင်နေရာမှ ရပ်ပြီး ခရီးဦးကြိုပြုသည်။

"မစ္စတာမိုရိုနီ၊ ဒါ ဂျိုနတ်စ်ကော့ ဖြစ်ပါတယ်"

မက်အယ်လစ္စတာက မိတ်ဆက်ပေးသောအခါ မိုရိုနီက လက်ကမ်းပေးသည်။ ကျွန်တော်က ဆွဲယူ နှုတ်ဆက်လိုက်သည်။ သူ့လက်သည် ဘဏ်သူဌေးတစ်ယောက်၏ လက်မျိုးကဲ့သို့ နူးညံ့သိမ့်မွေ့ခြင်း မရှိ။ မာကျောပြီး ကြမ်းနေသည်။ ကျွန်တော့်လက်ကို သူ ညှစ်လိုက်သည်မှာလည်း သန်မာလှသည်။

"တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာကော့"

"သိပ် ဝမ်းသာပါတယ် ခင်ဗျာ"

သူက ကျွန်တော်တို့ကို ကုလားထိုင်များတွင် ထိုင်ရန် ညွှန်ပြသည်။ မက်အယ်လစ္စတာသည် အချိန်ဖြုန်းမနေဘဲ လိုရင်းကို တောက်လျှောက် ပြောချလိုက်သည်။ ပြောပြီးသောအခါ မိုရိုနီသည် ကိုယ်ကို ရှေ့သို့ကိုင်းကာ ကျွန်တော့်ကို ကြည့်သည်။

"ခင်ဗျားရဲ့အဖေ ကွယ်လွန်သွားတာကို ကြားရတဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်၊ သူ့အကြောင်းကို ကျွန်တော် ကောင်းကောင်း သိပါတယ်။ သူဟာ အင်မတန် ထူးချွန်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ပါတယ်"

"မှန်ပါတယ် ခင်ဗျာ"

"ဒါကို ခင်ဗျား သဘောပေါက်ထားဖို့ လိုပါတယ် မစ္စတာကော့၊ ခင်ဗျားအဖေ

ဆုံးသွားတဲ့အတွက် ငွေချေးဖို့ဆိုတာ တစ်မျိုးတစ်ဖုံ ဖြစ်လာပါတယ်"

"မစ္စတာမိုရှိနီ ခင်ဗျား၊ စီစဉ်ခဲ့ပြီးသမျှတွေကို ကြည့်ရင် ဒီငွေဟာ ကျွန်တော့်ကို ချေးတာလည်း မဟုတ်ပါဘူး၊ ကျွန်တော့်အဖေကို ချေးတာလည်း မဟုတ်ပါဘူး၊ ကော့လက်နက်ခဲယမ်းမီးကျောက်စက်ရုံကို ချေးတာသာ ဖြစ်ပါတယ်"

မိုရှိနီက တစ်ချက်ပြုံးသည်။

"တတ်ကျွမ်းတဲ့ ဘဏ်လုပ်ငန်းရှင်တွေဟာ ကုမ္ပဏီတွေကို ငွေချေးကြတာ မှန်ပါတယ်၊ ဒါပေမယ့် သူတို့ဟာ ဒီကုမ္ပဏီကို အုပ်ချုပ်ပြီး ဦးစီးဦးရွက် လုပ်နေသူရဲ့ အရည်အချင်းကို မကြည့်ဘဲ မနေနိုင်ပါဘူး"

"ကျွန်တော့် အတွေ့အကြုံဟာ အင်မတန် နည်းပါတယ် ခင်ဗျာ၊ ဒါပေမယ့် အမြော်အမြင်ကြီးမားတဲ့ ဘဏ်လုပ်ငန်းရှင်များဟာ ငွေချေးရေးနဲ့ ပတ်သက်ပြီး စောစောပိုင်းက ဘာလုပ်ထားခဲ့ကြသလဲ ဆိုတာကို ကြည့်လေ့ရှိပါတယ်လို့ ထင်ပါတယ်။ ဒီအတိုင်း မှန်ရင်တော့ စောစောကတည်းက မစ္စတာမက်အယ်လစ္စတာနဲ့ စီစဉ်ခဲ့တာတွေကို ပြန်ပြီး အကောင်အထည်ဖော်ဖို့ပဲ ရှိပါလိမ့်မယ်"

*မိုရှိနီက ပြုံးပြီး ကုလားထိုင် နောက်မှီပေါ်သို့ မှီချလိုက်သည်။ ပြီးတော့ ဆေးပြင်းလိပ်တစ်လိပ်ကို ကောက်ယူကာ မီးညှိနေသည်။*

"မစ္စတာကော့၊ ငွေချေးယူသူရဲ့ အခြေခံတာဝန် အဓိကအကျဆုံး တာဝန်ဟာ ဘာဖြစ်တယ်လို့ ခင်ဗျား ယုံကြည်ထားတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပါလား"

"သူ ချေးတဲ့ငွေပေါ်မှာ အမြတ်ရအောင် လုပ်ဖို့ပါပဲ"

သူ့ကိုကြည့်ပြီး ကျွန်တော်က တစ်လုံးချင်း ဖြေလိုက်သည်။

"ကျုပ် ဆိုလိုတာက ချေးယူသူ မြီစားကို ဆိုလိုတာပါ၊ ငွေချေးလိုက်သူ မြီရှင်ကို မဆိုလိုပါဘူး မစ္စတာကော့"

"မစ္စတာမိုရှိနီ ဘာကို ဆိုလိုတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် ခင်ဗျာ၊ ကျွန်တော် ဆိုလိုတာကလည်း လူကြီးမင်း ချေးလိုက်တဲ့ ငွေပေါ်က အမြတ်ရအောင် ကျွန်တော် လုပ်နိုင်လိမ့်မယ်လို့ မယုံကြည်ဘူးဆိုရင် ဒီငွေကို ကျွန်တော် မယူရုံဘဲ ရှိပါတယ်"

"အမြတ်ရအောင် လုပ်နိုင်လိမ့်မယ်လို့ ခင်ဗျား ဘယ်လို မျှော်လင့်ထားပါသလဲ မစ္စတာကော့၊ ခင်ဗျား လုပ်ငန်းနဲ့ ပတ်သက်ပြီး ခင်ဗျား ကောင်းကောင်းမွန်မွန် ကျွမ်းကျွမ်းကျင်ကျင် ဖြစ်နေပါပြီလား"

"မဖြစ်သေးပါဘူး မစ္စတာမိုရှိနီ၊ တိတိကျကျ ပြောရရင် နောက်အပတ်၊ နောက်လ၊ နောက်နှစ်တွေလောက်မှာ ကျွန်တော် ရလာမယ့် အရည်အချင်းတွေလောက် အခု မရှိသေးပါဘူး။ ဒါလောက်ပဲ ကျွန်တော် သိပါတယ်။ မနက်ဖြန်ဆိုတာ လာနေပါပြီ။ တစ်ကမ္ဘာလုံးမှာ လုပ်ငန်းကိုင်ငန်းသစ်တွေနဲ့ အသစ်အသစ်တွေ တိုးတက်ဖြစ်ထွန်းနေပါတယ်၊ ကျွန်တော့် ဖေဖေ အလုပ်လုပ်ခဲ့ရတဲ့ အချိန်ဟာ ငွေကြေးရှာလို့ကောင်းတဲ့ အချိန်အခါ ဖြစ်ပါတယ်။ အခွင့်အရေးကောင်းတွေပေါ်ခဲ့ပါတယ်။ ဒီအခွင့်အရေးကောင်းတွေကို ကျွန်တော် အရယူဖို့ လိုပါတယ်"

"ဂျာမန်တွေနဲ့လုပ်မယ့် ကန်ထရိုက် လုပ်ငန်းသစ်ကို ခင်ဗျား ဆိုလိုနေတယ်လို့ ကျွန်တော် ထင်ပါတယ်"

"ဒါဟာ အစိတ်အပိုင်း တစ်ခုလောက်ပဲ ရှိပါသေးတယ်"

"ကောင်းပြီ၊ ပလတ်စတစ်လုပ်ငန်းနဲ့ ပတ်သက်ပြီး ခင်ဗျား ဘယ်လောက် သိထားလဲ"

"နည်းနည်းပဲ သိပါတယ်"

"ဒီလိုဆိုရင် ခင်ဗျားအတွက် အကျိုးရှိလိမ့်မယ်လို့ ဘာကြောင့် ယုံကြည်နေသလဲ"

"ဒူပွန်နဲ့ အိုစ်မင်းကုမ္ပဏီတွေဟာ အမေရိကန်လုပ်ငန်းရှင်တွေ ပါဝင်လုပ်ကိုင်လာဖို့ အားရုံစိုက်နေကြပါတယ်။ သူတို့ စိတ်ဝင်စားနေတယ် ဆိုကတည်းက အတိုင်းအတာ တစ်ခုအထိတော့ တန်ဖိုးရှိနေပြီ ဖြစ်ပါတယ်။ လူကြီးမင်း ချေးမယ့်ငွေဟာ ကျွန်တော်တို့ကို ဒီအခွင့်အရေးရစေနိုင်မယ့်ငွေ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် လုပ်စရာကိုင်စရာလေးတွေ ရှင်းလင်းပြီးတာနဲ့ တစ်ပြိုင်တည်း ကျွန်တော် ဂျာမနီကိုသွားဖို့ စိတ်ကူးထားပါတယ်။ ဟိုမှာ နှစ်လတန်သည်

သုံးလတန်သည် နေပြီး ပလတ်စတစ်နဲ့ ပတ်သက်သမျှ လေ့လာစရာ အားလုံးကို ကျွန်တော် လေ့လာမှာ ဖြစ်ပါတယ်"

"ခင်ဗျား ဒီလိုသွားနေတဲ့ အချိန်မှာ ကုမ္ပဏီကို ဘယ်သူက ကြီးကြပ်ကွပ်ကဲသွားမလဲ၊ သုံးလအတွင်းမှာ ဘာမဆို ဖြစ်သွားနိုင်တယ်"

"မစ္စတာမက်အယ်လစ္စတာ ရှိပါတယ် ခင်ဗျာ။ သူဟာ ကျွန်တော်တို့ ကုမ္ပဏီမှာ လုပ်ဖို့ သဘောတူပြီးပါပြီ"

မိုရိုနီ မျက်နှာပေါ်တွင် လေးစားသည့် အမူအရာများ ပေါ်ပေါက်လာသည်။ ထို့နောက် သူက ဆက်ပြောသည်။

"ဒါရိုက်တာတွေက ကျွန်တော်နဲ့ သဘောထားချင်း တူကြလိမ့်မယ် မဟုတ်ဘူး ဆိုတာ ကျွန်တော် သိပါတယ် မစ္စတာကော့၊ ဒါပေမယ့် ခင်ဗျားကို ငွေချေးဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါပြီ။ ဘဏ်အများစုရဲ့ လုပ်ရိုးလုပ်စဉ်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ဘဏ်က လုပ်လိုက်ပါတယ်။ ရုပ်ရှင်ထုတ်လုပ်သူတွေကို ငွေချေးတာဟာလည်း ကျွန်တော်တို့ဘဏ်ဟာ ပထမဦးဆုံးဘဏ်ပါပဲ"

"ကျေးဇူးတင်ပါတယ် မစ္စတာမိုရိုနီ"

သူသည် စားပွဲပေါ်ရှိ တယ်လီဖုန်းကို ကောက်ကိုင်သည်။

"ကော့ ငွေချေးစာချုပ်နဲ့ ချက်လက်မှတ်ယူခဲ့ပါ"

တယ်လီဖုန်း ပြန်ချပြီး ကျွန်တော့်ကို ကြည့်ပြန်သည်။

"ခင်ဗျားကို တစ်ခု ပြောပြချင်တယ်။ ချေးငွေဟာ ဒေါ်လာသုံးသိန်း ဖြစ်ပေမယ့် ခင်ဗျားဟာ ဒေါ်လာငါးသိန်းအထိ ချေးပိုင်ခွင့် ရှိတယ်။ ကျွန်တော် မူတစ်ခုကို ပြောပြရဦးမယ် မစ္စတာကော့၊ ကျွန်တော့် ဖောက်သည်တွေ ပိုက်ဆံကို တိုင်းထွာပြီးလုပ်ရမှာ ကျွန်တော် မလိုလားဘူး။ တစ်ခါတလေမှာ တစ်ဒေါ်လာ၊ နှစ်ဒေါ်လာဟာ လုပ်ငန်းကြီး တစ်ခုလုံးရဲ့ ဆုံးရှုံးမှုနဲ့ အောင်မြင်မှုကို အဆုံးအဖြတ် ပေးတတ်တယ်"

ကျွန်တော်သည် ဒီအဘိုးကြီးကို အလွန် သဘောကျသွားသည်။ လုပ်ငန်းတစ်ခု အောင်မြင်ရေးအတွက် မည်သည့်အချက်သည် အရေးအကြီးဆုံးဖြစ်ကြောင်း ဒီအဘိုးကြီး ကောင်းကောင်းသိသည်။

"ကျေးဇူးတင်ပါတယ် မစ္စတာမိုရိုနီ၊ ကျွန်တော်တို့ နှစ်ယောက်စလုံးအတွက် ငွေများများရအောင် ကျွန်တော် လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ကျွန်တော်က ငွေချေးစာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးလိုက်၏။

"ခင်ဗျား လုပ်နိုင်လိမ့်မယ်ဆိုတာ ကျွန်တော် သေသေချာချာ ယုံကြည်ပါတယ်"

ဟု ပြောရင်း မိုရိုနီသည် ချက်လက်မှတ်ကို ကျွန်တော့်ရှေ့သို့ တွန်းပို့လိုက်သည်။ ကျွန်တော်က ချက်ကို ကောက်ယူလိုက်ပြီး လုံးဝ မကြည့်ဘဲ မက်အယ်လစ္စတာသို့ ကမ်းပေးရင်းက တစ်ဆက်တည်းပင် ထိုင်ရာမှထသည်။

"ကျေးဇူးတင်ကြောင်း ထပ်ပြောပါရစေ မစ္စတာမိုရိုနီ၊ ကျွန်တော် အေးအေးဆေးဆေး စကား ဆက်ပြောနေချင်ပါသေးတယ်၊ ဒါပေမယ့် နီဗားဒါးကို ဒီညအရောက် ပြန်ရမှာမို့ ဝမ်းနည်းပါတယ်"

"ဒီည ပြန်မှာလား၊ ရထားက မနက်ကျမှ ရှိတာပဲ"

"ကျွန်တော့် လေယာဉ်ပျံကို ကျွန်တော်ကိုယ်တိုင် မောင်းလာပါတယ် မစ္စတာမိုရိုနီ၊ ဒါကြောင့် ကျွန်တော်တို့ ဒီကို ဒီအချိန် ရောက်လာတာပါ။ ညကိုးနာရီလောက် ကျွန်တော်တို့ အိမ်ပြန်ရောက်သွားမှာပါပဲ"

မိုရိုနီသည် ထိုင်ရာမှထပြီး စားပွဲကိုပတ်ကာ ကျွန်တော်တို့ဆီ လျှောက်လာသည်။

"လေယာဉ်ပျံကို နိမ့်နိမ့်ကပဲ ပျံပါ မစ္စတာကော့၊ အခုပဲ ခင်ဗျားကို ကျွန်တော်တို့ ငွေတွေအများကြီး ပေးလိုက်ပြီနော်"

ကျွန်တော်သည် အသံကျယ်ကျယ်ပင် ရယ်မောလိုက်သည်။

"ဒီအတွက် မပူပါနဲ့ မစ္စတာမိုရိုနီ၊ ကျွန်တော့် လေယာဉ်ပျံဟာ မော်တော်ကား

လောက် စိတ်ချရပါတယ်။ တကယ်လို့ တစ်ခုခု ဖြစ်မယ်ဆိုရင်တောင် ငွေထုတ်မပေးဘဲ နေလိုက်ရုံပါပဲ"

သူတို့ နှစ်ယောက်စလုံး ရယ်ကြသည်။ မက်အယ်လစ္စတာ၏ မျက်နှာပေါ်တွင် စိုးရိမ်သည့် အရိပ်အယောင်ကို မြင်လိုက်ရ၏။ သို့သော်လည်း သူ တစ်စုံတစ်ရာ ပြောခြင်း မရှိချေ။

ကျွန်တော်တို့ အပြင်သို့ ထွက်သောအခါ မစ္စတာမိုရိုနီကိုယ်တိုင် အခန်းပြင်သို့ ရောက်အောင် ကျွန်တော်တို့ကို လိုက်ပို့ရင်း. . .

"ကံကောင်းပါစေ"

ဟု ဆုတောင်းပေးသည်။

အပြင်ဘက် ထိုင်ခုံပေါ်တွင် လူတစ်ယောက် ထိုင်နေသည်။ ကျွန်တော်တို့ သုံးယောက် ထွက်လာသောအခါ ထိုင်ရာမှထသည်။ သူကား လေယာဉ်မှူး ဘတ်ဖ်ဒါလ်တန် ဖြစ်ချေသည်။ ကျွန်တော် ယခု စီးနေသည့် လေယာဉ်ပျံသည် အန်စာတုံးပစ်ပွဲတွင် သူ့ထံမှ အနိုင်ရခဲ့သော လေယာဉ်ပျံ ဖြစ်သည်။

"ဟေး ဘတ်ဖ်၊ တို့ကိုတောင် နှုတ်မဆက်တော့ဘူးလား"

ဟု ကျွန်တော် လှမ်းအော်သောအခါ သူ့မျက်နှာပေါ်တွင် ပြုံးရောင်သန်းသွားသည်။

"ဂျိုနတ်စ် မင်း ဘာလာလုပ်တာလဲ"

ဟု ပြန်မေးသည်။

"အကြံအဖန် လာလုပ်တာပေါ့ကွာ၊ မင်းရော"

ကျွန်တော်က သူ့လက်ကိုဆွဲရင်း ပြန်မေးသည်။

"ငါလည်း မင်းလိုပဲ အကြံအဖန် လာလုပ်တာပေါ့၊ ဒါပေမယ့် မဟန်ပါဘူးကွာ"

"ဘာဖြစ်လို့တုံး"

ဘတ်ဖ်က ပခုံးကို တစ်ချက် တွန့်လိုက်၏။

"လော့စ်အိန်ဂျယ်လိစ်နဲ့ ဆန်ဖရန်စစ္စကိုကြားမှာ ပျံသန်းဖို့ လေကြောင်းလိုင်းတစ်ခု ကန်ထရိုက်ရတယ်။ (၁၂)လ ကန်ထရိုက်၊ တစ်လကို ဒေါ်လာတစ်သောင်း ရမယ်၊ ဒါပေမယ့်ကွာ ငါ လက်လျှော့ရတော့မယ်နဲ့ တူတယ်။ ဘာကြောင့်လဲဆိုတော့ လိုနေတဲ့ လေယာဉ်ပျံ သုံးစင်း ငါ မဝယ်နိုင်ဘူး။ ဒီအလုပ်ဟာ မသေချာဘူး။ သိပ်စွန့်စားရမယ်ဆိုပြီး ဘဏ်က ငါ့ကို ငွေ မချေးဘူး"

"မင်း ဘယ်လောက်ချေးရမှာလဲ"

"နှစ်သောင်းခွဲထဲပါကွာ၊ နှစ်သောင်းက လေယာဉ်ပျံ သုံးစင်းဝယ်ဖို့၊ ငါးထောင်က တော့ သူတို့ဆီက ငွေမရသေးခင် ကုန်ကျစရိတ်တွေ ခံဖို့ပေါ့"

"ကန်ထရိုက် ရပြီးသားလား"

"ရပြီးသား"

ဟု ပြောရင်း သူ့အိတ်ထဲမှ စာချုပ်များကို ထုတ်ပြသည်။

"မဆိုးပါဘူးကွ၊ ငါတောင် စိတ်ဝင်စားလာပြီ"

"ဟုတ်တယ်၊ မဆိုးဘူး။ အစီအစဉ်တွေအားလုံး ငါ လုပ်ထားပြီးပြီ၊ စရိတ်စကတွေ အားလုံး ကျေသွားပြီးတဲ့နောက် တစ်လကို ဒေါ်လာငါးသောင်းလောက် ကိုယ့်အတွက် ကျန်မယ်ကွာ၊ ဟောဒီမှာ ငါ တွက်ထားတဲ့ စာရင်းတွေ"

သူက စာရွက်များကို ထုတ်ပြပြန်သည်။ ကျွန်တော်က ယူကြည့်၏။ လေယာဉ်ပျံ တစ်စင်းအတွက် မည်၍မည်မျှ ကုန်ကျမည်ကို ကျွန်တော် ကောင်းကောင်း သိပါသည်။ မိုရိုနီ ဘက်သို့ ကျွန်တော် လှည့်လိုက်သည်။

"စောစောက ကျွန်တော် ချေးတဲ့ငွေနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ဘာအနှောင်အဖွဲ့မှ လုပ်မထားဘူးနော်"

"လုပ်မထားပါဘူး"

ဟု ပြုံးပြီး ပြန်ဖြေသည်။

"ဘတ်ဖ် မင်းလိုတဲ့ငွေ ငါပေးမယ်၊ ဒါပေမယ့် စည်းကမ်းချက်နှစ်ခုနဲ့ ပေးမယ်။

ပထမတစ်ချက်က မင်းကုမ္ပဏီထဲမှာ ငါပိုင်တဲ့ အစုရှယ်ယာအနေနဲ့ ငါးဆယ်ရာခိုင်နှုန်း ဖြစ်ရမယ်၊ ဒုတိယအချက်က ဆယ့်နှစ်လပြည့်လို့ မင်း လေယာဉ်ပျံတွေကို ရောင်းရင် သို့မဟုတ် ပေါင်ရင် ကော့လက်နက်ခဲယမ်းမီးကျောက် ကုမ္ပဏီရဲ့နာမည်နဲ့ ဖြစ်ရမယ်"

"ကိုယ့်လူ မင်း ဆုံးဖြတ်တာ မြန်လှချည်လား၊ ငါ သဘောတူတယ်"

ဘတ်ဇ်သည် ရုတ်တရက် ပြုံးလိုက်ရင်းပြောသည်။

"ကောင်းပြီ"

ဟု ကျွန်တော် ပြန်ဖြေရင်း မိုရိုနီဘက်သို့ လှည့်သည်။

"ဒါနဲ့ပတ်သက်ပြီး လိုအပ်တဲ့အစီအစဉ်တွေ ကျွန်တော့်အတွက် လုပ်ပေးစေချင်ပါတယ်၊ ကျွန်တော် ဒီည အရောက်ပြန်ရမှာမို့ အချိန် မရှိတော့လို့ပါ"

"စိတ်ချပါ မစ္စတာကော့"

"ကျွန်တော့် ငွေထဲက ဘတ်ဇ်ကို ဒေါ်လာသုံးသောင်း ချေးလိုက်ပါ"

ဟု ကျွန်တော်က ဆက်ပြောသည်။

"ဟေး နေပါဦး၊ ငါ တောင်းတာက ဒေါ်လာနှစ်သောင်းခွဲထဲပါ သူငယ်ချင်းရဲ့"

ဟု ဘတ်ဇ်က ပျာပျာသလဲ ဝင်ပြောသည်။

"ငါ သိပါတယ်၊ ဒါပေမယ့် ဒီနေ့ပဲ ပညာတစ်ခု ငါ ရခဲ့တယ်"

"ဘယ်လို ပညာလဲ"

"ငွေကို လိုသလောက်ပဲ တိုင်းပေးမယ်ဆိုရင် လုပ်ငန်းမှာ အခက်အခဲ ပေါ်တတ်တယ်၊ ရသင့်ရထိုက်တဲ့ အခွင့်အရေးလည်း ဆုံးရှုံးတတ်တယ်၊ ကိုယ်လုပ်တဲ့အလုပ် အောင်မြင်စေချင်ရင် အောင်မြင်အောင် လုပ်နိုင်ဖို့အတွက် လုံလောက်တဲ့ငွေကို ချေးရမယ်"

* * *

နီဗားဒါးပြည်နယ်တွင် ပေါ်ပေါက်ခဲ့ဖူးသမျှ အသုဘများထဲတွင် ဖေဖေ့ အသုဘသည် အစည်ကားဆုံး ဖြစ်သည်။ ပြည်နယ်ဘုရင်ခံ ကိုယ်တိုင် အသုဘရှု ကြွရောက်ခဲ့သည်။ သင်္ဂြိုဟ်သည့်နေ့တွင် စက်ရုံကို ကျွန်တော် ပိတ်ခိုင်းလိုက်သည်။ ရီနိုမြို့၏ ဘုရားရှိခိုးကျောင်း ငယ်ငယ်ကလေးတွင် ပရိသတ်များဖြင့် ပြည့်ကျပ်နေသည်။ လမ်းမပေါ် သို့ပင် လျှံထွက်နေသည်။

ရီနာနှင့် ကျွန်တော်သည် ငြိမ်သက်စွာ ရပ်နေကြ၏။ ရီနာသည် အနက်ရောင် အဝတ်အစားများကို ဝတ်ဆင်ထားသည်။ မျက်နှာကိုလည်း ဇာပါးအနက်ဖြင့် ဖုံးအုပ်ထားသည်။

ကျွန်တော့် ခြေထောက်မှ ရှူးဖိနပ်အနက်ကို ကျွန်တော် ငုံ့ကြည့်နေမိ၏။ ဤ ဖိနပ်သည် ဖေဖေ့ဖိနပ် ဖြစ်သည်။ ကျွန်တော့်တွင် ခြေညှပ်ဖိနပ်သာ ပါလာခဲ့သောကြောင့် ဖေဖေ့ ဖိနပ်များထဲမှ အသစ်တစ်ရံကို ရှိဘဲယားက ယူပေးခဲ့ခြင်း ဖြစ်သည်။ ဖိနပ်သည် ကျွန်တော်နှင့် အတန်ငယ် ကျပ်နေသည်။ မရှိ၍သာ စီးရခြင်း ဖြစ်သည်။ မည်သို့ဆိုစေ ဖေဖေ့ ဖိနပ်များကို ဘယ်သောအခါတွင်မှ ကျွန်တော် စီးတော့မည် မဟုတ်။

ကျွန်တော်တို့ နောက်ဘက်မှ ငိုရှိုက်သံများကို ကြားရသည်။ ကျွန်တော် လှည့်ကြည့်သောအခါ စက်ရုံအလုပ်သမားများ၊ အလုပ်သမမများ ငိုကြခြင်း ဖြစ်သည်။ ဖေဖေ့ခေါင်း အဖုံးကို ပိတ်နေကြပြီ ဖြစ်သောကြောင့် ငိုကြခြင်း ဖြစ်သည်။ ကျွန်တော် လှမ်းကြည့်နေဆဲမှာပင် ခေါင်း အဖုံးကို ပိတ်ပြီး ဖြစ်သွားသည်။ ကျွန်တော့် ရင်ထဲမှာ ဟာသွားသည်။ ဖေဖေ့ရုပ်ပုံလွှာ မည်သို့ ရှိသည်ကို ကျွန်တော် မမှတ်မိတော့ပြီ။

ပို၍ ကျယ်လောင်သော ငိုသံများကို ကြားရပြန်သည်။ ကျွန်တော် လှည့်ကြည့်သော အခါ မက်ဆီကန်အမျိုးသမီးများကို မျက်ရည်စက်လက်ဖြင့် မြင်ရသည်။ ပြီးတော့ စက်ရုံ မန်နေဂျာ ဂျိတ်ပလတ်။

ကျွန်တော့်ဘေးမှာ ရပ်နေသော ရီနာကို ကျွန်တော် ကြည့်မိ၏။ ဇာပါးမျက်နှာဖုံးကို ထိုးဖောက်ပြီး သူ့မျက်လုံးများကို ကျွန်တော် မြင်ရသည်။ မျက်လုံးများသည် ခြောက်သွေ့ နေကြ၏။ ပြီးတော့ အလွန် တည်ငြိမ်နေသည်။ ဖေဖေ့အသုဘသို့ လာကြသူ အများအပြား ငိုကြွေးကြပါ၏။

သို့သော်၊

ရီနာ၊ သူ့ဇနီးသည် မဒို။
ကျွန်တော်၊ သူ့သားသည် မဒို။

(၁၀)

ပူအိုက်သည့် ညတစ်ည ဖြစ်သည်။ သဲကန္တာရကို ဖြတ်တိုက်လာသော လေသည် ဖွင့်ထားသော ပြတင်းပေါက်မှ တိုးဝင်နေသော်လည်း အခန်းထဲမှာ ပူစပ်ပူလောင် ဖြစ်နေသည်။ အိပ်ရာပေါ်မှာ ကျွန်တော် လူးလွန့်နေမိသည်။ ကိုယ်ပေါ်မှ စောင်များကိုလည်း ခွာချလိုက်သည်။

ယနေ့သည် အလွန် ရှည်လျားသည့် နေ့တစ်နေ့ ဖြစ်သည်ဟု ကျွန်တော် ထင်မိ၏။ ဖေဖေ့အသုဘ ပြီးကတည်းက မက်အယ်လစ္စတာနှင့်အတူ လုပ်ငန်းကိစ္စများကို မနားတမ်း ထိုင်လုပ်ခဲ့သည်။ ကျွန်တော် အလွန် ပင်ပန်းနေပြီ။ သို့သော်လည်း အိပ်မပျော်။ တောင်တွေး မြောက်တွေးဖြင့် အတွေးပေါင်းစုံ ချာချာလည်နေသည်။

ထိုအခိုက် တံခါးပေါက်မှ အသံကြားရသည်။ အိပ်ရာပေါ်မှ ကျွန်တော် ထလိုက်သည်။

"ဘယ်သူလဲ"

တံခါးပွင့်လာပြီး ဝိုးတဝါး အလင်းရောင်တွင် သူ့ကို မြင်လိုက်ရသည်။ သူ့ကိုယ်ပေါ်မှာ အနက်ရောင်အဝတ်များကို ဝတ်ထားဆဲပင် ဖြစ်သည်။ ပြီးတော့ ကျွန်တော့်ကို သူကစပြီး စကားပြောသည်။ သူ့အသံသည် အလွန် တိုးတိတ်လွန်း၏။

"ရှင် အိပ်ပျော်မှာ မဟုတ်ဘူးလို့ ကျွန်မ ထင်တယ် ဂျိုနတ်စ်၊ ကျွန်မလည်း အိပ်လို့ မပျော်ဘူး"

"မင်း ငွေမရမှာ ပူလို့လား၊ အဲဒီ မှန်တင်ခုံပေါ်မှာ ချက်လက်မှတ်နဲ့ စာချုပ်တွေ ရှိတယ်။ မင်းလက်မှတ် ထိုးလိုက်ရုံပဲ"

ဟု ကျွန်တော်က သရော်သလို ပြန်ပြောသည်။

"ငွေအတွက် မဟုတ်ပါဘူးရှင်"

ပြောပြောဆိုဆိုဖြင့် အခန်းတွင်းသို့ သူ ရောက်လာသည်။

"ငွေအတွက် မဟုတ်ရင် ဘာအတွက်လဲ၊ ဝမ်းနည်းကြောင်း ပြောဖို့ လာတာလား၊ ဖေဖေ့အတွက် စိတ်ထိခိုက်ရကြောင်း ပြောဖို့ လာတာလား"

ရီနာသည် ခုတင်ဘေးသို့ ကပ်လာရင်း အပေါ်မှစီး၍ ကျွန်တော့်ကို ကြည့်နေသည်။

"ရှင် ဒီစကားမျိုး မပြောသင့်ပါဘူး၊ သူဟာ ရှင့်အဖေပါ။ ပြီးတော့ ကျွန်မဟာ သူ့မယား ပါ။ ဒီစကားမျိုး ရှင် မပြောသင့်ပါဘူး၊ ဟုတ်တယ်၊ ကျွန်မ ဝမ်းနည်းကြောင်းပြောဖို့ လာတာပဲ"

"ဘာအတွက် ဝမ်းနည်းတာလဲ၊ မင်း အခု ရတာထက်ပိုပြီး သူက မင်းကို ပေးမသွားလို့ ဝမ်းနည်းတာလား၊ သူ့အစား ငါနဲ့ လက်မထပ်မိလို့ ဝမ်းနည်းတာလား၊ မင်း သူ့ကို မချစ်ခဲ့ပါဘူး"

ကျွန်တော်သည် ပြောပြောဆိုဆိုပင် ခါးခါးသီးသီး နာနာကြည်းကြည်း ရယ်မောလိုက်မိသည်။

"ဟုတ်တယ်။ သူ့ကို ကျွန်မ မချစ်ဘူး၊ ဒါပေမယ့် သူ့ကို ကျွန်မ လေးစားတယ်။ ကျွန်မ တွေ့ခဲ့ဖူးသမျှ လူတွေထဲမှာ သူဟာ လူကြီးအဆန်ဆုံးပဲ"

ကျွန်တော် ဘာမှ ပြန်မပြောမိ။ ရုတ်တရက်ပင် သူ ငိုချသည်။ ကျွန်တော့် ခုတင် နှုန်းမှာ ထိုင်ရင်း သူ့မျက်နှာကို လက်ဝါးနှင့် အုပ်ထားသည်။

"တော်စမ်းပါကွာ၊ မင်းငိုတာ သိပ်နောက်ကျနေပြီ"

ဟု ရင့်ရင့်သီးသီးပင် ပြောမိပြန်သည်။ မျက်နှာအုပ်ထားသည့် လက်များကိုဖယ်ကာ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ သူ့ပါးပြင်ပေါ်မှာ မျက်ရည်ဥကလေးများ ပြေးဆင်းနေကြ သည်ကို မှုန်ဝါးဝါး အလင်းရောင်ထဲမှာ မြင်နေရသည်။

"ဘာအတွက် သိပ်နောက်ကျသွားတာလဲ၊ သူ့ကိုချစ်ဖို့ သိပ်နောက်ကျသွားတာလား၊ သူ့ကိုချစ်ဖို့ ကျွန်မ ဘယ်တော့မှ မကြိုးစားပါဘူး၊ ကျွန်မဟာ ချစ်တတ်တဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူးရှင်။ ဘာကြောင့်မှန်းလဲ ကျွန်မ မသိဘူး၊ ကျွန်မ စိတ်ကိုက အဲဒီလို ဖြစ်နေတယ်။

ဒါကို ရှင့်အဖေလည်း သိတယ်။ သူ နားလည်း နားလည်တယ်။ ဒါကြောင့်လည်း သူ့ကို ကျွန်မ လက်ထပ်ခဲ့တာပါ။ ဒါကိုလည်း သူ နားလည်တယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မ တံ့ပြန်သလောက်ကိုပဲ သူ ရောင့်ရဲတင်းတိမ်နိုင်ခဲ့တယ်"

"ဒါတွေ အမှန်ပဲဆိုရင် ဘာဖြစ်လို့ မင်း ငိုနေတာလဲ"

"ဘာကြောင့်လဲဆိုတော့ ကျွန်မ သိပ်ကြောက်နေပြီ"

"ကြောက်တယ်၊ ဘာကို ကြောက်တာလဲ"

ခြောက်ကပ်စွာ ကျွန်တော် ရယ်ရင်း ပြန်မေးသည်။

သူ့အိတ်ထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်ပြီး မီးမညှိဘဲ ပါးစပ်မှာ သူ ခဲထား သည်။ ကျွန်တော့်ကို စိုက်ကြည့်နေသော သူ့မျက်လုံးများသည် ကျားသစ်တစ်ကောင်၏ မျက်လုံးများကဲ့သို့ အမှောင်ထဲမှာပင် တောက်ရွှန်းနေသည်။

"ယောကျ်ားတွေကို"

တိုတိုတုတ်တုတ်ပင် သူ ဖြေသည်။

"ယောကျ်ားတွေကို ဟုတ်လား၊ ယောကျ်ားတွေကို မင်းကြောက်တယ်၊ ဘာဖြစ်လို့လဲ၊ မင်းရဲ့ ပင်ကိုစရိုက်က လူတစ်ဖက်သားရဲ့စိတ်ကို အလွန် ဆွတတ်တဲ့ မိန်းကလေးပဲ"

"ဟုတ်တယ်၊ ယောကျ်ားတွေကို ကျွန်မ ကြောက်တယ်။ သူတို့ နားပူနားဆာ လုပ်သမျှကို နားထောင်ရတယ်၊ အလိုရမ္မက်ကြီးတဲ့ သူတို့ လက်တွေရဲ့ အပွေ့အဖက်ကို ခံရ တယ်၊ သူတို့ လိုချင်တာ တစ်ခုတည်းကိုပဲ လိုက်လျောနေရတယ်၊ ချစ်လှချည်ရဲ့၊ ကြိုက်လှ ချည်ရဲ့ဆိုတဲ့ စကားလုံးတွေကိုပဲ ကြားနေရတယ်၊ ဘာတွေပဲပြောပြော၊ ဘာတွေပဲလုပ်လုပ်၊ သူတို့ လိုချင်တာကတော့ တစ်ခုတည်းပါ။ ဘာလဲဆိုတော့ ကျွန်မရဲ့ အသွေးအသားပဲလေ၊ ကျွန်မနဲ့အတူ အိပ်ရဖို့ပဲလေ"

"မင်း ရှုပ်များနေသလား။ တို့ဟာ ဒါမျိုး တစ်ခုတည်းပဲ စဉ်းစားနေတဲ့ အကောင်တွေ မဟုတ်ဘူး"

"ဘယ့်နှယ် မဟုတ်ရမှာလဲ"

သူ့အသံနှင့်အတူ မီးခြစ်ခြစ်လိုက်သံကို ကြားရသည်။ မှောင်နေသော အခန်းထဲမှာ လင်းသွားသည်။ ကျွန်တော့်ကို သူ ငုံ့ကြည့်နေ၏။

"ဘယ့်နှယ် မဟုတ်ရမှာလဲ၊ ရှင့်ကိုရှင်ပဲ ပြန်ကြည့်စမ်း ဂျိုနတ်စ်၊ ရှင့်ကိုယ်တိုင်ပဲ ရှင့်အဖေရဲ့မယားကို ပြန်လိုချင်နေတဲ့လူ"

သူ ပြောသည့်စကား မှန်သည်၊ မမှန်သည်ကို ကျွန်တော် ပြန်စဉ်းစားနေစရာ မလိုတော့။ သူ့လက်ထဲမှ မီးခြစ်ကို ဒေါသတကြီးဖြင့် ကျွန်တော် ပုတ်ချလိုက်သည်။

ရုတ်ခြည်း ဆိုသလိုပင် သူ့ကိုယ်လုံးသည် ကျွန်တော့် ကိုယ်ပေါ်သို့ ပိကျလာသည်။ နွေးထွေးသည့် သူ့နှုတ်ခမ်းများသည် ကျွန်တော့် မျက်နှာပြင် နေရာအနှံ့အပြားပေါ်သို့ ကျလာ သည်။ သူ့တစ်ကိုယ်လုံးမှာ နတ်ကျဘိအလား ဆတ်ဆတ်တုန်နေသည်။

"ဂျိုနတ်စ်. . . ဂျိုနတ်စ်၊ ရှင်နဲ့အတူတူ နေပါရစေရှင်၊ ဒီတစ်ညတည်းပါ။ ဒီတစ်ည တည်း ရှင့်ရင်ခွင်ထဲမှာ အိပ်ပါရစေ။ ကျွန်မတစ်ယောက်တည်း နေရမှာ ကြောက်လွန်းလို့ပါ ဂျိုနတ်စ်ရယ်"

သူ့ကို တွန်းဖယ်ထုတ်ရန် ကျွန်တော့် လက်များကို မြှောက်လိုက်မိသည်။ သို့သော် သူ့ခန္ဓာကိုယ်နှင့် ထိလိုက်မိသောအခါတွင် ကျွန်တော် မစွမ်းတော့။ သူ့ကိုယ်ပေါ်မှ အနက်ရောင် အဝတ်များ၏ အောက်တွင် မည်သည့် အတွင်းခံကိုမျှ ဝတ်မထား။

* * *

အိပ်ရာမှ ကျွန်တော် နိုးလာသောအခါ ပြတင်းပေါက်သို့ လှမ်းကြည့်မိသည်။ အရုဏ် ဦး၏ ရောင်နီသည် အခန်းတွင်းသို့ ထိုးကျနေသည်။ ရီနာ့ကို လှည့်ကြည့်မိသည်။ ကျွန်တော့် ခေါင်းအုံးပေါ်မှာ သူ အိပ်နေသည်။ သူ့လက်ဖြင့် မျက်လုံးများကို အုပ်ထားသည်။ သူ့ပခုံးစွန်းကို ခပ်ဖွဖွကလေး ကျွန်တော် ထိလိုက်သည်။

မျက်လုံးပေါ်မှ လက်များကို ဖယ်လိုက်သောအခါ ကြည်လင်တောက်ရွှန်းသည့်

မျက်လုံးများ ပွင့်လာသည်။ သူ့မျက်လုံးများ အလွန်တရာ တည်ငြိမ်နေသည်ကိုလည်း တွေ့ရ၏။
သူသည် အသာအယာပင် အိပ်ရာမှထပြီး ခုတင်ပေါ်မှ ဆင်းသည်။ ခုတင်ခြေရင်းမှာ ပုံနေသော သူ့အဝတ်အစားများကို ကောက်ယူကာ အလွန် နေးကွေးစွာ ပြန်ဝတ်နေသည်။ ပြီးတော့ မှန်တင်ခုံသို့ သွားထိုင်သည်။ သူ့ လှုပ်ရှားမှုများကို မျက်တောင်မခတ်ဘဲ ကျွန်တော် စိုက်ကြည့်နေမိသည်။ သူ့ခန္ဓာကိုယ်သည် အလွန်တရာ နုပျိုလှပါ၏။
"အဲဒီညာဘက် အပေါ်အံဆွဲထဲမှာ ဖောင်တိန် ရှိတယ်"
ကျွန်တော် ပြောသည့်အတိုင်း အံဆွဲထဲမှ ဖောင်တိန်ကို ဆွဲထုတ်ကာ စာချုပ်များကို လက်မှတ်ရေးထိုးနေသည်။ သို့သော် စာချုပ်များကို သူ လုံးဝ မဖတ်။
"မင်း ဖတ်တောင် မကြည့်တော့ဘူးလား"
"ဘာလုပ်ဖို့ ဖတ်နေတော့မလဲ၊ ကျွန်မ ပေးနိုင်တာထက်ပိုပြီး ရှင် ဘာထပ်ရနိုင်မှာလဲ"
သူ မှန်ပါသည်။ သူ ပေးနိုင်တာထက်ပိုပြီး ကျွန်တော် ဘာမှ မရနိုင်တော့ပါ။ ခုက်လက်မှတ်နှင့် စာချုပ်များကို ကောက်ယူပြီး တံခါးဆီသို့ သူ လျှောက်သွားသည်။ တံခါးပေါက်ရောက်ကာမှ ကျွန်တော့်ဘက်သို့ ပြန်လှည့်လိုက်သည်။
"ရှင် စက်ရုံက ပြန်လာတဲ့အချိန်မှာ ကျွန်မ ဒီအိမ်မှာ ရှိတော့မှာ မဟုတ်ဘူး"
"မသွားဘဲလည်း နေနိုင်ပါတယ်"
"မဖြစ်နိုင်တော့ပါဘူး ဂျိုနတ်စ်ရယ်"
"ဖြစ်နိုင်ပါတယ်"
"မဖြစ်နိုင်တော့ပါဘူး။ အခုအချိန်ဟာ ရှင့်အဖေရဲ့ လောင်းရိပ်အောက်က ရှင် ရုန်းထွက်ရတော့မယ့်အချိန် ဖြစ်နေပြီ။ သူဟာ အင်မတန် ကြီးကျယ်အောင်မြင်တဲ့ ပုဂ္ဂိုလ်ကြီးပါ။ ရှင်လည်း သူ့လိုပဲ အောင်မြင်ပါလိမ့်မယ်၊ ကိုယ့်နည်းနဲ့ကိုယ်ပေါ့လေ"
ကျွန်တော်က ဘာမှ ပြန်မပြောဘဲ စီးကရက်ကို လှမ်းယူပြီး မီးညှိဖွာရှိုက်နေမိသည်။
"ကဲ ကျွန်မ သွားတော့မယ်နော်၊ ကံကောင်းပါစေ"
စီးကရက်ကို ဖွာရှိုက်ရင်း သူ့ကို ကျွန်တော် လှမ်းကြည့်နေမိသည်။
"ကျေးဇူးတင်ပါတယ် ရီနာ၊ ကိုယ် နှုတ်ဆက်လိုက်ပါတယ်"
တံခါးဖွင့်ပြီး သူ ခပ်သုတ်သုတ်ပင် ထွက်သွားသည်။ ခုတင်ပေါ်မှ ဆင်းပြီး ပြတင်းပေါက်ဆီသို့ ကျွန်တော် လျှောက်လာခဲ့၏။ ထွက်စပြုနေသော နီရဲသည့် နေလုံးကို မြင်ရသည်။ နောက်ဘက်က တံခါးဖွင့်သံကြားရသည်။ ရီနာ ပြန်လာသည်ထင်သဖြင့် လှည့်ကြည့်သောအခါ နိုဘဲယား ဝင်လာသည်ကို တွေ့ရသည်။ သူ့လက်ထဲမှာ ဗန်းနှင့်။ သူ့မျက်နှာပေါ်မှာ ဖြူဖွေးသည့် သွားများ ပေါ်နေသော အပြုံးနှင့်။
"ကော်ဖီတစ်ခွက် သောက်ဖို့ လိုပါလိမ့်မယ် ခင်ဗျား"

* * *

ကျွန်တော် စက်ရုံသို့ ရောက်သောအခါ ဂျိတ်ပလတ်နှင့် အလုပ်သမားတစ်စုတို့သည် စက်ရုံခေါင်းမိုးကို အဖြူရောင်ဆေးများ သုတ်နေကြသည်။ မိမိကိုယ်မိမိ ပြန်ပြုံးပြီး စက်ရုံအတွင်းသို့ ဝင်ခဲ့သည်။
ပထမနေ့သည် ချောချောမောမော မဖြစ်လှ။ အထစ်အငေါ့ကလေးများနှင့် ကြုံတွေ့နေရသည်။ အင်ဒီကော့မိုင်းတွင်းသို့ ပို့လိုက်သည့် ဒီတိုနေတာအဖုံးများသည် မှားယွင်းနေသည်။ ထို့ကြောင့် အမြန်ဆုံး အစားထိုး ပြန်ပို့နိုင်ရေးအတွက် စီစဉ်ကြရသည်။ အစိုးရ ကန်ထရိုက်နှင့် လုပ်သည့် ယမ်းမှုန့်များနှင့် ပတ်သက်၍လည်း ဒူပွန့်ကုမ္ပဏီက စျေးဆစ်နေသည်။ တစ်နှစ်အတွင်း သုံးကြိမ်မြောက် စျေးဆစ်ခံရခြင်း ဖြစ်သည်။
နေ့တစ်ဝက်လုံးလုံး ဂဏန်းများဖြင့် အလုပ်ရှုပ်နေသည်။ အမြတ်ရာခိုင်နှုန်းနှင့် ပတ်သက်၍လည်း ဆုံးဖြတ်ချက်များ ချမှတ်ရသည်။
ညနေငါးနာရီ ထိုးသောအခါ ထုတ်လုပ်ရေးဖိုမင်သည် ထုတ်လုပ်ပြီးစီးသည့် ကုန်ပစ္စည်းစာရင်းများနှင့် ရောက်လာသည်။ သူနှင့် စကားပြောမည်အလုပ် နီဗားဒါးက ကျွန်တော့်ကို လှမ်းခေါ်သောကြောင့် သူ့ကို ကျွန်တော် လှည့်ကြည့်သည်။

"ငါ စောစောပြန်ရင် ဖြစ်မလား၊ အလုပ်ကလေး နည်းနည်းရှိနေလို့"
ဟု သူက မေးသည်။
"ရတယ်လေ၊ ကျွန်တော့်ကားကြီးယူသွား၊ ကျွန်တော် ပြန်ရင် ဂိုက်ကို လိုက်ပို့ခိုင်းလိုက်မယ်"
စာရင်းစာရွက်ကို ကြည့်ရင်းက ပြန်ပြောသည်။
"ကိစ္စ မရှိဘူး။ ငါ့ကား ယူလာခဲ့တယ်"
"ရိုဘဲယားကို ပြောလိုက်ပါဗျာ။ ကျွန်တော် ညရှစ်နာရီမှာ ပြန်လာပြီး ညစာစားမယ်လို့"
"စိတ်ချ ဂျိုနတ်စ်၊ ပြောလိုက်မယ်"
ရှစ်နာရီအရောက် ပြန်ခဲ့မယ်ဟု ပြောလိုက်သော်လည်း ထိုညက ကျွန်တော် ထင်သည်ထက်စောပြီး အလုပ်ပြီးသွားသောကြောင့် အိမ်ရှေ့မှာ ကျွန်တော့်ကား ထိုးရပ်လိုက်သောအချိန်သည် ခုနစ်နာရီခွဲသာ ရှိသေးသည်။ ကျွန်တော် အိမ်ပြန်ရောက်သောအခါ နီဟားဒါးသည် လက်နှစ်ဖက်တွင် အိတ်တစ်လုံးစီဆွဲရင်း အိမ်ပေါ်မှ ဆင်းလာသည်ကို တွေ့ရသည်။ ကျွန်တော့်ကို တွေ့သောအခါ အံ့ဩသည့် အမူအရာဖြင့် ကြည့်နေသည်။
"မင်းအစောကြီး ပြန်လာပါလား"
"ဟုတ်တယ်၊ ကျွန်တော် ထင်တာထက်စောပြီး အလုပ်ပြီးသွားတယ်"
အိတ်နှစ်လုံးကိုဆွဲပြီး၊ သူ့ကားဆီသို့ လျှောက်သွားသည်။ ကားနောက်ထဲတွင် သူ့အိတ်များကို ထည့်နေသည်။ ကျွန်တော်လည်း သူနှင့်အတူ သူ့ကားဆီသို့ လျှောက်လိုက်သွား၏။ ကားထဲကို ကြည့်လိုက်သောအခါ အထုပ်အပိုးများဖြင့် ပြည့်နေသည်ကို မြင်ရသည်။
"ဒီ အထုပ်အပိုးတွေနဲ့ ခင်ဗျား ဘယ်ကိုသွားမှာလဲ နီဟားဒါး"
"ဒါ ငါ့ပစ္စည်းတွေလေ"
"ဟုတ်ပါတယ်၊ ခင်ဗျား ဘယ်ကိုသွားမလို့လဲလို့ မေးတာ"
"ငါ သွားတော့မယ်"
"အမဲလိုက်သွားမလို့လား"
ဟု ကျွန်တော်က ပြန်မေးသည်။ ကျွန်တော်က ငယ်စဉ်တုန်းက ဤလို ရာသီမျိုးမှာ ပင် နီဟားဒါးနှင့် ကျွန်တော်တို့ နှစ်ယောက် တောင်ပေါ်သို့ အမဲလိုက် ထွက်ကြလေ့ ရှိသည်။
"မဟုတ်ဘူး၊ ငါ အပြီးသွားတော့မှာ"
"နေစမ်းပါဦး၊ ဒီလို သွားလို့ ဘယ်ရမလဲ"
"ဒီလိုသွားလို့ မရဘူးလို့ ဘယ်သူက ပြောသလဲ"
သူ့မျက်လုံးနက်များသည် ကျွန်တော့်ကို စူးစိုက်ကြည့်နေသည်။
"ကျွန်တော် ပြောတယ်၊ ခင်ဗျား မရှိဘဲ ကျွန်တော် ဘယ်လိုလုပ် နေလို့ရမလဲ"
တဖြည်းဖြည်း သူ ပြုံးလာသည်။
"ငါ မရှိလည်း မင်း ဖြစ်ပါပြီကွာ။ ပြီးခဲ့တဲ့ရက်တွေကတည်းက မင်းကို ငါ စောင့်ကြည့်နေခဲ့တယ်၊ အကဲခတ်နေခဲ့တယ်၊ ငါ မရှိရင် ဖြစ်ပါတယ်"
"ဒါပေမယ့်. . . ဒါပေမယ့်"
ဟု ကျွန်တော်က ကန့်ကွက် ပြောဆိုမိသည်။
"ဘယ်အလုပ်မဆို တစ်ချိန်ချိန်မှာတော့ အပြီးသတ်ရစမြဲပါပဲ ဂျိုနတ်စ်၊ ဒီမှာ ငါ ဆယ့်ခြောက်နှစ်လုံးလုံး နေခဲ့ပြီ။ အခု ငါ လုပ်စရာအလုပ် ဘာမှ မရှိတော့ဘူး။ ဘာ အလုပ်မှ မရှိဘဲနဲ့တော့လဲ ငါ လခ ယူမနေချင်ဘူး"
သူ့ကို ကျွန်တော် ခေတ္တ ငေးကြည့်နေမိသည်။ သူပြောသည်မှာ မှန်ပါသည်။
"ခင်ဗျားမှာ ပိုက်ဆံ လုံလုံလောက်လောက် ရှိရဲ့လား"
"ဆယ့်ခြောက်နှစ်လုံးလုံး ငါ ပိုက်ဆံတစ်ပြားမှ မသုံးခဲ့ဘူး၊ မင်းအဖေက သုံးခွင့်မပေးဘူး၊ စုခိုင်းထားတယ်၊ အသုံးလိုရင် သူက ပေးတယ်"
"ခင်ဗျား ဘာအလုပ် လုပ်မှာလဲ"
"ငါ့ ငယ်သူငယ်ချင်းနှစ်ယောက်နဲ့ သွားတွေ့မယ်။ ကာလီဖိုးနီးယားဘက်မှာ တောရိုင်း တိရစ္ဆာန်ပြပွဲ သွားပြမယ်၊ အချိန်ကောင်းတော့ မီနိုင်ကောင်းရဲ့လို့ ထင်တာပဲ"

ကျွန်တော်တို့ နှစ်ယောက်သည် ခဏကြာအောင် ခပ်ကြောင်ကြောင်ပင် ရပ်နေမိကြသည်။ ပြီးတော့မှ နီဗားဒါးက သူ့လက်ကို ဆန့်တန်းပေးလိုက်သည်။

"သွားတော့မယ် ဂျိုနတ်စ်"

သူသည် ကားဆီသို့ လျှောက်သွားပြီး မောင်းသူနေရာတွင် ဝင်ထိုင်သည်။ စက်နှိုးပြီး ဂီယာထိုးကာ ကျွန်တော့်ဘက်သို့ နှုတ်ဆက်သည့်အနေဖြင့် လှည့်ကြည့်သည်။

"ကျွန်တော်နဲ့ အဆက်အသွယ်တော့ ဖြတ်မပစ်လိုက်ပါနဲ့ နီဗားဒါး"

ဟု ကျွန်တော် အော်ပြောလိုက်သည်။ ကျွန်တော့် မြင်ကွင်းမှ သူ့မော်တော်ကား ပျောက်ကွယ်သွားသည်အထိ ငေးမျှော်နေမိသည်။

ကျွန်တော့်အိမ်ထဲသို့ ဝင်ခဲ့ပြီး ထမင်းစားခန်းမှ ထမင်းစားပွဲမှာ ထိုင်နေမိ၏။ စားပွဲပေါ်တွင် ဘာမှ မရှိ။ ထိုအခိုက် ရိုဘဲယား ဝင်လာပြီး စာအိတ်တစ်အိတ် ပေးသည်။

"မစ္စတာနီဗားဒါးက ဒီစာ ပေးသွားပါတယ် ခင်ဗျာ"

ကျွန်တော် စာအိတ်ကို ဖောက်ကြည့်သောအခါ ခဲတံနှင့် ရေးထားသည့် စာတစ်စောင် ထွက်လာသည်။

*ချစ်သောသား. . .*

*မင်းကို ဒီစာနဲ့ပဲ နှုတ်ဆက်ခဲ့ပါတယ်။ ဒီပတ်ဝန်းကျင်မှာ ငါ့အဖို့ အလုပ်လုပ်စရာ ဘာမှ မရှိတော့ဘူး။ အခုအချိန်ဟာ ဒီနေရာကို ခွဲခွာရတော့မယ့်အချိန် ဖြစ်ပါတယ်။ မင်းရဲ့ မွေးနေ့ကိုရောက်တိုင်း မွေးနေ့လက်ဆောင်အဖြစ်နဲ့ တစ်ခုခု ပေးချင်ခဲ့တယ်။ ဒါပေမယ့် အမြဲဘမ်းပဲ ဟန့်တားခံခဲ့ရတယ်။ မင်း လိုသမျှ အားလုံးကိုလည်း မင်းအဖေက ပေးခဲ့တယ်။ ပြည့်စုံစေခဲ့တယ်။ ဒါကြောင့်လည်း အခုအချိန်အထိ ငါ ပေးနိုင်တဲ့ ပစ္စည်းမှန်သမျှ မင်းမှာ လိုအပ်တာရယ်လို့ တစ်ခုမှ မရှိပါဘူး။ အားလုံး ပြည့်စုံပြီးသားချည်းပဲ ဖြစ်နေပြီ။ ဒီစာအိတ်ထဲမှာပဲ မင်းဘကယ် လိုချင်တဲ့ အရာတစ်ခုကို တွေ့ပါလိမ့်မယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြမဖြစ်ပါနဲ့။ ရီနိုမြို့က ရှေ့နေတစ်ယောက်ဆီကို သွားပြီး လက်မှတ်ထိုးခဲ့ပါတယ်။ အားလုံးတရားဝင်အောင် လုပ်ထားပါတယ်။ ဒါဟာ မင်းရဲ့မွေးနေ့အတွက် ငါ ပေးခွင့်ကြုံတဲ့ လက်ဆောင်ပါပဲ။*

*ပျော်ရွှင်ချမ်းမြေ့တဲ့ မွေးနေ့ ဖြစ်ပါစေ။*
သားရဲ့သူငယ်ချင်း
**နီဗားဒါးစမစ်**

စာအိတ်ထဲရှိ အခြား စာရွက်များကို ထုတ်ကြည့်မိသည်။ ကော့လက်နက်ခဲယမ်းမီးကျောက်ကုမ္ပဏီ၏ ငွေပင်ငွေရင်း အစုရှယ်ယာ လက်မှတ်များ ဖြစ်သည်။ အားလုံး ကျွန်တော့်နာမည်ဖြင့် ပြောင်းလွှဲထားသည်။

စာနှင့်ရှယ်ယာလက်မှတ်များကို စားပွဲပေါ်သို့ တင်လိုက်သည်။ ကျွန်တော့် လည်ချောင်းထဲမှာ တစ်ဆို့လာ၏။ ရုတ်ခြည်း ဆိုသလိုပင် ဒီအိမ်ကြီးသည် အခွံချည်းသက်သက်ဘနဲ့တော့၏။ အားလုံး သွားကုန်ကြပြီ။ ကျွန်တော့်အဖေ၊ ရီနာ၊ နီဗားဒါး အားလုံး သွားကုန်ကြပြီ၊ ဒီအိမ်ကြီးထဲမှာ သူတို့ကို အမှတ်ရစေဖို့ ပဲ့တင်သံများ ရိုက်ဟည်းလာသည်။

ဖေဖေ့လောင်းရိပ်အောက်မှ ရုန်းထွက်ရန် ရီနာ ပြောခဲ့သောစကားကို ကျွန်တော်ပြန်အမှတ်ရလိုက်မိသည်။ သူ့စကား အလွန် မှန်ပါသည်။ ဒီအိမ်ကြီးထဲမှာ ကျွန်တော် မနေနိုင်။ ဒီအိမ်သည် ကျွန်တော့်အိမ် မဟုတ်။ ဖေဖေ့အိမ် ဖြစ်သည်။ အမြဲတမ်း ဖေဖေ့အိမ်ပဲ ဖြစ်နေလိမ့်မည်ဟု ကျွန်တော် မှတ်ယူလိုက်မိသည်။

ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်သည်။ ရီနိုမြို့မှာ နေစရာအခန်းတစ်ခန်း ရှာရမည်။ ကျွန်တော့်ကို စွန့်ခွာသွားသူများအား သတိပြန်ရစေနိုင်သည့် အကြောင်းများ မရှိသော အိမ်ခန်းဖြစ်ရမည်။ ဒီအိမ်ကြီးမှာ မက်အယ်လစ္စတာကို နေခိုင်းမည်။ သူ့မိသားစုနှင့် နေထိုင်ရန် အိမ်ရှာနေသော ဒုက္ခလည်း သူ့အဖို့ ကင်းဝေးသွားလိမ့်မည်။

နီဗားဒါး၏စာကို ကျွန်တော် ငုံ့ကြည့်လိုက်သည်။ နောက်ဆုံး စာကြောင်းသည် ကျွန်တော့် စိတ်ကို ထိခိုက်စေတော့သည်။

*ပျော်ရွှင်ချမ်းမြေ့တဲ့ မွေးနေ့ဖြစ်ပါစေတဲ့. . .*

ကျွန်တော့် ရင်ထဲမှာ နာကျင်သည့် ဝေဒနာတစ်ရပ်ကို ခံစားလာရသည်။ ကျွန်တော် မေ့နေခဲ့သော အရာတစ်ခုကို အမှတ်ရစေရန် နီတားဒါးက အစဖော်ပေးသွားခဲ့သည်။

ယနေ့သည် ကျွန်တော့်မွေးနေ့ ဖြစ်သည်။

ကျွန်တော့်အသက် (၂၁)နှစ် ရှိပြီ။

♣ ♣ ♣

# နီဟားဒါးစမစ်အကြောင်း

## စာအုပ်နှစ်

## (၁)

ညကိုးနာရီကျော်ပြီ။ နီဟားဒါးသည် အဝေးပြေးလမ်းမကြီးအတိုင်း ကားမောင်းလာရင်း မွေးမြူရေးခြံသို့သွားသည့် လမ်းကြမ်းကြမ်းပေါ်သို့ ဖဲ့ဆင်းလိုက်သည်။ ခြံအတွင်းသို့ ရောက်သောအခါ အိမ်မကြီး၏ ရှေ့တွင် ကားရပ်ပြီး ဆင်းခဲ့သည်။ ကစားဝိုင်းမှ ထွက်လာသည့် ရယ်မောသံများကို ခဏရပ်ပြီး နားစွင့်နေသေးသည်။

အိမ်ထဲမှ လူတစ်ယောက် ထွက်လာပြီး သူ့ကို ငုံ့ကြည့်သည်။

"ဟေး နီဟားဒါး"

"ဟေး ချာလီ၊ တစ်ခုလပ်တွေ ပျော်မြူးနေတဲ့ အသံနဲ့ တူလွန်းလို့"

ဟု ချာလီကို လှည့်မကြည့်ဘဲ ဖြေသည်။ ချာလီက တစ်ချက် ပြုံးလိုက်၏။

"ဟုတ်တာပေါ့။ တစ်ခုလပ်ဆိုတာ စီးပွားရေးလုပ်ငန်းအတွက် မဆိုးဘူး"

"ကျွဲတွေ၊ နွားတွေ မမွေးဘဲ မိန်းမတွေ မွေးထားတဲ့သဘောကို ငါဖြင့် နားမလည်ပါဘူးကွာ"

ဟု ချာလီဘက်သို့ လှည့်ပြီးပြောသည်။

"နောက်တော့ မင်း နားလည်လာမှာပေါ့၊ ဒီလိုဆိုရင် မင်း ငါနဲ့အတူတူ အလုပ်လုပ်ပါ။ မင်းတစ်ဝက်၊ ငါတစ်ဝက်"

"မဖြစ်သေးပါဘူးကွာ၊ ငါတော့ ခရီးပဲ သွားနေချင်တယ်၊ ငါ တစ်နေရာထဲမှာ အကြာကြီးနေခဲ့ရပြီးပြီ"

"ဘယ်များ သွားဦးမှာလဲ၊ တခြား လူမရောက်သေးတဲ့ နေရာလည်း မရှိတော့ပါဘူးကွ၊ တစ်တိုင်းတစ်ပြည်လုံး လမ်းတွေပေါ်နေတာ လူတကာ သွားပြီးကြပြီ၊ မင်း နှစ်ပေါင်း သုံးဆယ်လောက် နောက်ကျနေပြီပေါ့"

နီဟားဒါးက တိတ်တိတ်ဆိတ်ဆိတ်ပင် ခေါင်းညိတ်လိုက်သည်။ ချာလီ ပြောသည်မှာ မှန်ပါသည်။ သို့သော်လည်း သူ့စိတ်ထဲကမူ နောက်ကျနေပြီဟု မထင်။ သူ့စိတ်ထဲမှာ ပေါ်လာလျှင် ထလုပ်တတ်သည့်လူမျိုး ဖြစ်သည်။

"အမျိုးသမီးကို မင်းအိမ် ငါ ပို့လိုက်တယ်။ မာသာနဲ့ငါက ညစာစားဖို့ မင်းကို စောင့်နေတာ"

"ဒီလိုဆိုရင် ငါ သွားခေါ်လာခဲ့မယ်၊ ငါ ရေချိုးပြီးပြီးချင်း တို့ပြန်လာခဲ့မယ်"

နီဟားဒါးက ကားထဲ ပြန်ဝင်ကာ မောင်းထွက်သွားသည်။

ချာလီသည် အိမ်ထဲသို့ ပြန်ဝင်လာခဲ့၏။ တံခါးပေါက် ရောက်သောအခါ နောက်ပြန်လှည့်ပြီး တောင်ကုန်းကလေးပေါ်သို့ မောင်းတက်သွားသည့် မော်တော်ကားကို လှမ်းကြည့်နေမိသေးသည်။ ပြီးတော့မှ ခေါင်းယမ်းရင်း အိမ်ထဲသို့ ဝင်ခဲ့သည်။

မာသာသည် သူ့ကို စောင့်နေ၏။ သူ ဝင်လာသောအခါ စိုးရိမ်စိတ်ဖြင့် သူ့ကို လှမ်းမေးသည်။

"ရှင့်လူ ဘယ်လိုလဲ"

"မပြောတတ်ပါဘူးကွာ၊ သူ့စိတ်ထဲမှာ အားလုံး ရောထွေးရှုပ်ပွေနေတယ်ထင်ပါရဲ့"

ဟု ခေါင်းယမ်းရင်း ပြန်ဖြေသည်။

* * *

နီဗားဒါး ဝင်သွားသောအခါ အိမ်ထဲမှာ မှောင်နေသည်။ တံခါးဘေးမှ ရေနံဆီဖန်မီး အိမ်ကိုယူပြီး စားပွဲပေါ် သို့တင်ကာ မီးထွန်းသည်။ မီးစာတွင် မီးစွဲသောအခါ ဖန်ပြောင်းကို ပြန်တပ်ကာ စင်ပေါ် သို့တင်သည်။

ထိုအခိုက် နောက်ဘက်မှ ရီနာ၏ အသံကို ကြားရသည်။

"လျှပ်စစ်မီး ဘာဖြစ်လို့ မဖွင့်တာလဲ နီဗားဒါး"

"ဖန်မီးအိမ်အရောင်ပဲကြိုက်တယ်၊ လျှပ်စစ်မီးက သဘာဝ မဟုတ်ဘူး၊ မျက်စိ မအေးဘူး"

ရီနာသည် တံခါးပေါက်ဘက်သို့ လှည့်ထားသော ကုလားထိုင်မှာ ထိုင်နေသည်။ သူ့မျက်နှာသည် ဖျော့တော့နေ၏။ ဆွယ်တာ အထူကြီးကိုလည်း ဝတ်ထားသည်။

"မင်း ချမ်းနေသလား၊ ငါ မီးမွှေးလိုက်မယ်လေ"

ဟု မေးသောအခါ သူက ခေါင်းပြန်ခါပြသည်။

"မချမ်းပါဘူး"

သူသည် တိတ်ဆိတ်စွာ ခေတ္တ ရပ်နေသေး၏။ ပြီးမှ စကား ဆက်ပြောသည်။

"ငါ ပစ္စည်းတွေချလိုက်ဦးမယ်၊ ပြီးမှ ရေချိုးတော့မယ်။ ညစာစားဖို့ ချာလီနဲ့ မာသာတို့ စောင့်နေကြတယ်"

"ကျွန်မလည်း ကူသယ်ပေးမယ်လေ"

"အိုကေ"

အပြင်ဘက် အမှောင်တွင်းသို့ သူတို့နှစ်ယောက် ထွက်လာခဲ့ကြသည်။ ခေါင်းပေါ်မှ စိန်ကြယ်ပွင့်များသည် ကတ္တီပါအနက်ထဲမှာ နစ်မြုပ်ရင်း အရောင်လက်နေကြသည်။ တောင်အောက်ဆီမှ ရယ်မောသံများ လွင့်တက်လာပြန်၏။ အသံလာရာ တောင်အောက်သို့ ရီနာက ငုံ့ကြည့်သည်။

"သူတို့ထဲမှာ ကျွန်မ ပါမနေတာဘဲ ဝမ်းသာမိသေးတော့တယ်"

"မဖြစ်နိုင်ပါဘူးကွာ၊ မင်းက သူတို့အစားမျိုးမှ မဟုတ်ဘဲ"

ဟု ပြောရင်း အဝတ်အစားသေတ္တာကို ရီနာ့လက်သို့ ကမ်းပေးလိုက်သည်။

"သူ့ကိုကွာဖို့ ကျွန်မ စဉ်းစားခဲ့သေးတယ်၊ သူနဲ့ လက်ထပ်တာ မှားတယ်လို့ စကတည်းက သိခဲ့ပါတယ်။ ဒါပေမယ့် တစ်မျိုးပဲ၊ ကျွန်မ သူ့ကို ကွာမပစ်ခဲ့နိုင်ဘူး"

"ဖြစ်ပြီးတာတွေ ပြီးပြီပေါ့ကွာ"

"ကျွန်မလည်း ဒီလိုပဲ သဘောထားလိုက်ပါတယ်"

သူတို့လက်ထဲမှာ ပစ္စည်း တစ်ပွေ့တစ်ပိုက်ကြီးဖြင့် အိမ်ငယ်ရှိရာသို့ သူတို့နှစ်ယောက် ပြန်လာကြသည်။ နောက်ထပ် နှစ်ခေါက် ထပ်သယ်မှ ပစ္စည်းများကုန်သည်။ နီဗားဒါး အဝတ်အစားများ ချွတ်နေသောအခါ ရီနာသည် ခုတင်စောင်းမှာ ထိုင်နေ၏။ မျက်နှာသစ်သည့် ကြွေဇလုံရှိရာသို့ သူ လှည့်သွားသည်ကို ငေးကြည့်နေမိ၏။

သူ့ကိုယ်ပေါ်တွင် အမြောင်းလိုက်ထနေသော ကြွက်သားများကို တွေ့ရသည်။ ရင်ဘတ်ပေါ်မှ အမွေးများသည်လည်း နက်ပြောင်ကာ အလွန် နူးညံ့သည်။ သူသည် မျက်နှာနှင့် ကုပ်ပေါ်သို့ ဆပ်ပြာများတိုက်ပြီး မမြင်မကန်းနှင့် မျက်နှာသုတ်ပဝါကို လိုက်စမ်းနေသောကြောင့် ရီနာက ကမ်းပေးလိုက်သည်။ မျက်နှာသစ်ပြီးသွားသောအခါ ရှပ်အင်္ကျီအသစ် တစ်ထည်ကို ကောက်စွတ်ပြီး ကြယ်သီးတပ်နေ၏။

"နေဦး ကျွန်မ တပ်ပေးမယ်"

သူ့ရင်ဘတ်ပေါ်သို့ ရီနာ့လက်များ ရောက်လာသည်။ အလွန် နူးညံ့သော အထိအတွေ့ ဖြစ်သည်။ ရီနာက သူ့မျက်နှာကို မော့ကြည့်၏။ ရီနာ့မျက်စိထဲမှာ အုံ့ညြိသည့် အရိပ်

အယောင်များကို မြင်တွေ့နေရသည်။

"ရှင့်အသက် ဘယ်လောက် ရှိပြီလဲ၊ ရှင့်အသားတွေဟာ လူငယ်လေး တစ်ယောက်လိုပဲ"

သူက ပြုံးသည်။ ရီနာက ထပ်မေးသည်။

"ဘယ်နှစ်နှစ်လဲ"

"(၈၂) ခုနှစ်က မွေးတယ်လို့ မှတ်မိတာပဲ။ ငါ့အမေက ကီအိုဝါလူမျိုး၊ သူတို့လူမျိုးက ကလေးတွေရဲ့ မွေးသက္ကရာဇ်တွေကို မှတ်လေ့မှတ်ထ မရှိဘူး။ အခုဆိုရင် (၄၃)နှစ် ရှိပြီပေါ့"

အကျီစများကို ဘောင်းဘီထဲသို့ ထိုးထည့်ရင်း ပြောသည်။

"ရှင့်ရုပ်က သုံးဆယ်ကျော်တယ်လို့တောင် မထင်ရဘူး"

"ကဲ လာသွားကြစို့၊ တစ်ခုခု စားရအောင်"

"ဟုတ်တယ်၊ ကျွန်မလည်း ဆာလာတယ်"

နီဗားဒါး၏ လက်မောင်းကို ဆွဲမီရင်း ထွက်လာခဲ့ကြသည်။

သူတို့ အိမ်ပြန်ရောက်ကြသောအခါ ညသန်းခေါင်ကျော်ပြီ။ တံခါးဖွင့်ပြီး ရီနာ့ကို အရင်ဝင်စေ၏။ သူက နောက်မှ ဝင်လိုက်ကာ မီးဖိုမှ မီးကို မွှေနေသည်။ သူ့နောက်သို့ ရီနာ လာရပ်သောအခါ သူက မော့ကြည့်သည်။

"မင်း သွားအိပ်တော့လေ"

ရီနာသည် တိတ်တိတ်ဆိတ်ဆိတ်ပင် အိပ်ရာဆီသို့ လျှောက်သွား၏။ နီဗားဒါးက ထင်းတုံးများ မီးစွဲအောင်စောင့်ပြီး မီးစွဲသောအခါ အရက်ပုလင်းနှင့် ဖန်ခွက်ကိုယူပြီး မီးဖိုရှိရာသို့ ပြန်လာထိုင်သည်။ ဝီစကီကို တဖြည်းဖြည်း သောက်ရင်း ဖန်ခွက်ကို ကြည့်နေသည်။

ခွက်ထဲမှ အရက်ကုန်သောအခါ ထိုနေရာမှာပင် ချခဲ့ပြီး နံရံမှာ ကပ်ထားသည့် အိပ်စင်ကို ဖြုတ်ချလိုက်သည်။ ထိုအချိန်မှာပင် ရီနာ၏အသံ ပေါ်လာသည်။

"နီဗားဒါးလား"

"ဟုတ်တယ်"

"ကျွန်မအကြောင်းနဲ့ ပတ်သက်ပြီး ဂျိုနတ်စ်က ဘာပြောသေးသလဲ"

"မပြောဘူး"

"ရှယ်ယာနဲ့ အိမ်အတွက် ကျွန်မကို သူ ဒေါ်လာတစ်သိန်း ပေးတယ်"

"ငါ သိပါတယ်"

သူ ပြန်ဖြေပြီးသည့်နောက် အသံတိတ်သွားပြန်၏။ တစ်အောင့်နေမှ သူ့ဆီက အသံထွက်လာပြန်သည်။

"ဒီငွေတွေ အကုန်လုံး ကျွန်မ မလိုပါဘူး။ ရှင် လိုချင်တယ်ဆိုရင်"

နီဗားဒါးက အသံမထွက်ဘဲ ရယ်လိုက်၏။

"မလိုပါဘူးကွာ၊ ကျေးဇူးတင်ပါတယ်"

"တကယ်နော်"

တက်ဆပ်ပြည်နယ်၌ ကေခြောက်ထောင်ကျယ်သော မွေးမြူရေးခြံကြီး တစ်ခြံကို သူ ပိုင်ဆိုင်သည့်အကြောင်းကို လည်းကောင်း၊ တောရိုင်းတိရစ္ဆာန်ပြပွဲကြီးတွင် သူ ရှယ်ယာတစ်ဝက်ပိုင်သည့်အကြောင်းကို လည်းကောင်း ရီနာ သိလျှင် မည်သို့ ပြောမည်နည်းဟု သူ စဉ်းစားနေမိသည်။ ကွယ်လွန်သူ ဂျိုနတ်စ်ကော့ ပြောခဲ့သည့် စကားကိုလည်း သူ ပြန်အမှတ်ရနေမိသည်။ ငွေ ဟူသည်မှာ မိမိအတွက် အသုံးဝင်သည့် အချိန်၌သာ တန်ဖိုးရှိသည် ဟူသော စကား။

"တကယ်ပေါ့ကွ၊ ကဲ သွားအိပ်ချေတော့ ရီနာ၊ မင်း ထလာပြန်ပြီ"

ရီနာ သူ့အခန်းတွင်းသို့ ပြန်ဝင်သွားသောအခါ သူကလည်း နောက်မှ လိုက်သွားသည်။ ရီနာ အိပ်ရာပေါ် ရောက်သောအခါ စောင်များကို သေသေချာချာ ခြုံပေးသည်။ သူ ပြန်အလှည့်တွင် ရီနာက သူ့လက်ကို ဖမ်းဆွဲထား၏။

"ကျွန်မ အိပ်ပျော်သွားတဲ့အထိ စကား ထိုင်ပြောနေစမ်းပါ"

အိပ်ရာစွန်းမှာ သူ ပြန်ထိုင်ရင်းက မေး၏။

"ဘာအကြောင်း ပြောရမလဲ"

“ရှင့် အကြောင်းပြော၊ ရှင့်ကို ဘယ်မှာ မွေးသလဲ၊ ရှင် ဘယ်က လာသလဲ၊ ဘာကြောင်းပဲ ဖြစ်ဖြစ်ပေါ့လေ”

အမှောင်ထဲမှာ သူ ပြုံးမိ၏။

“ပြောစရာတွေကလည်း များလှချည်လား၊ ငါ သိသလောက်တော့ တက်ဆပ်ပြည်နယ် အနောက်ပိုင်းမှာ ငါ့ကို မွေးတယ်၊ ငါ့အဖေက ကျွဲရိုင်းတွေပစ်တဲ့ မုဆိုး၊ နာမည်က ဂျွန်စမစ်၊ အမေက ကီအိုဝါလူမျိုး မင်းသမီး၊ ဘုရင့်သမီးပေါ့၊ နာမည်က”

“မပြောနဲ့၊ သူ့နာမည် ကျွန်မ သိတယ်၊ ပိုကာဟွန်းတပ်စ်”

“မင်းကို တစ်ယောက်ယောက် ပြောဖူးတယ်ထင်တယ်၊ ပိုကာဟွန်းတပ်စ်၊ ဟုတ်တယ်၊ အဲဒါ အမေ့နာမည်ပဲ”

သူက သာသာကလေး ရယ်နေမိ၏။

“ဘယ်သူမှ မပြောပါဘူး၊ တစ်နေရာမှာ ကျွန်မ ဖတ်မိတာ”

သူ့လက်ကိုဆွဲထားသည့် ရီနာ့လက်သည် ပြုတ်ကျသွား၏။ ငုံ့ကြည့်လိုက်သောအခါ မျက်စိများမှိတ်ပြီး အိပ်ပျော်နေသည်ကို တွေ့ရသည်။

တိတ်ဆိတ်စွာ သူ ထပြီး ရီနာ့ကို စောင်ခြုံပေးခဲ့သည်။ သူ့အိပ်ရာသို့ ပြန်လာခဲ့ပြီး ကိုယ်ပေါ်မှ အဝတ်များကို ချွတ်ကာ စောင်တစ်ထည်ဖြင့် ကိုယ်ကို ပတ်လိုက်သည်။

ဂျွန်စမစ်နှင့် ပိုကာဟွန်းတပ်စ်၊ ဒီအကြောင်းကို နောက်တီးနောက်တောက်ဖြင့် သူ ပြောခဲ့သည့် အကြိမ်ပေါင်း မည်မျှရှိပြီကို သူ စဉ်းစားနေမိသည်။ သို့သော်လည်း အဖြစ်မှန်ကိုမူ မည်သူကမျှ မသိကြ။ အဖြစ်မှန်ကို ပြောပြမည်ဆိုလျှင်လည်း မည်သူကမျှ ယုံကြည်ကြမည် မဟုတ်။

အချိန်များက အလွန့်အလွန် ကြာညောင်းခဲ့ပြီ။ သူ ကိုယ်တိုင်ပင်လျှင် သူ့အဖြစ်အပျက်များကို ပြန်ပြီး မယုံချင်တော့။ ထိုမျှမကသေး၊ သူ့အမည်သည်လည်း နီဗားဒါးစမစ် မဟုတ်၊ အမည်မှန်မှာ မက်ဇ်ဆင်း ဖြစ်သည်။

ထိုမျှမကသေး၊ စားပြတိုက်မှုနှင့် လူသတ်မှုများဖြင့်လည်း ပြည်နယ် သုံးပြည်နယ်တို့က သူ့ကို အလိုရှိလျက် ရှိချေသည်။ မိလျှင် ဆုငွေပေးမည်ဟု ကြော်ငြာခြင်း ခံထားရသူ ဖြစ်သည်။

## (၂)

(၁၈၈၂) ခုနှစ်၊ မေလ၏ နေ့တစ်နေ့၊ ဆမ်မြူယယ်ဆင်းသည် သူ့အိမ်ငယ်ကလေး အတွင်းသို့ ပြန်ဝင်လာသည်။ သူ့အမြဲ ထိုင်နေကျ ကုလားထိုင်အဖြစ် အသုံးပြုသော သေတ္တာပေါ်တွင် ထိုင်ချလိုက်သည်။ ဇနီးဖြစ်သူက ကော်ဖီကိုနွေးပြီး သူ့ရှေ့မှာ လာချပေးသည်။ သူ့ဇနီးသည် အမေရိကန်မြောက်ပိုင်းသူ စကော့အမျိုးသမီး ဖြစ်သည်။ ဇနီး၏ လှပ်ရှားမှုသည် အလွန် နှေးကွေးနေ၏။ သူ့မှာ ကိုယ်လေးလက်ဝန်ကြီးနှင့် ဖြစ်သည်။

ဒီနေရာမှာ သူအကြာကြီး ထိုင်နေမိသည်။ ပန်းကန်ထဲမှ ကော်ဖီများလည်း အေးကုန်ပြီ။ မကြာခဏ ဆိုသလိုလည်း အပြင်ဘက်သို့ သူ ငေးကြည့်နေမိသည်။ ကွင်းပြင်ကြီး၏ ဟိုမှာဘက်တွင်ရှိသော တောင်များပေါ်တွင် မပျော်သေးသည့် ရေခဲအကြွင်းအကျန်များကို မြင်နေရသေးသည်။

ဇနီးသည်က ညနေစာအတွက် ပြင်ဆင် ချက်ပြုတ်နေသည်။ နေမွန်းမတည့်သေးသဖြင့် ညနေစာချက်ရန် အချိန် အလွန် စောနေသေး၏။ သို့သော်လည်း နေ့စေ့လစေ့ဖြစ်နေသည့် ကိုယ်ဝန်က ကမ္ဘာလေလှုပ်စ ပြုနေပြီ ဖြစ်သောကြောင့် စောစောစီးစီး ချက်ပြုတ်ထားလျှင် ပိုကောင်းမည်။ ချက်ရင်းပြုတ်ရင်းက ခင်ပွန်းဖြစ်သူကို စောင်းငဲ့ကြည့်လိုက်သည့်အခါတိုင်း အတွေးနယ်မှာ နစ်နေသည်ကိုသာ မြင်ရသည်။

တစ်ခုသော နွေရာသီတုန်းက ကျွဲရိုင်းပစ်သော မုဆိုးတစ်ယောက်သည် မိန်းမတစ်ယောက်ဝယ်ရန်အတွက် သူတို့လူမျိုးစုများ နေထိုင်ရာ မြောက်ပိုင်းသို့ ရောက်လာသည်။ နွေဦးရာသီတုန်းကပင် ကာနီဟာ အသက်ဆယ့်ခြောက်နှစ် ပြည့်ခဲ့သည်။ သူသည် မြင်းနက်ကြီး

ကို စီးလာ၏။ သူ့နောက်မှာလည်း ဝန်အပြည့်တင်ထားသော လားတစ်ကောင်ကို ဆွဲလာသည်။

လူမျိုးစုခေါင်းဆောင်နှင့် အုပ်ချုပ်ရေးကောင်စီဝင် လူကြီးများက သူ့ကို ဆီးကြိုကြသည်။ မီးဖိုကို သူတို့ ဝိုင်းထိုင်နေကြသည်။ ခေါင်းဆောင်က ဆေးတံကို ထုတ်လိုက်သောအခါ ဆမ်မြူယယ်က ဝီစကီပုလင်းကို ထုတ်လိုက်သည်။ ခေါင်းဆောင်က ဆေးတံကို မီးညှိပြီး စတင်ဖွာရှိုက်သည်။ ပြီးလျှင် ဆမ်၏လက်သို့ ကမ်းပေးသည်။ ဆမ် ဖွာရှိုက်ပြီးသောအခါ နောက်တစ်ယောက်သို့ လက်ဆင့်ကမ်းပြန်သည်။

တစ်ပတ်လည်ပြီး ခေါင်းဆောင်ထံသို့ ဆေးတံ ပြန်ရောက်လာသောအခါ ဆမ်က ဝီစကီပုလင်းကို ဖွင့်သည်။ ပုလင်းဝကို သေသေချာချာပွတ်ပြီး ပုလင်းလိုက် မော့လိုက်သည်။ ပြီးလျှင် ခေါင်းဆောင်လက်သို့ ကမ်းပေးသည်။ ခေါင်းဆောင်က မော့လိုက်ရာတွင် တစ်ငုံမကဘဲ သောက်လိုက်မိသောကြောင့် သီးမတတ် ဖြစ်သွားသည်။ လည်ချောင်းတစ်လျှောက် အလွန်ပူလောင်စွာ ဆင်းသွားသည်။ သီးသဖြင့် ချောင်းဆိုးရာ မျက်ရည်များပင် ထွက်လာသည်။ နောက်တစ်ယောက်သို့ သူ ကမ်းပေးလိုက်၏။

တစ်ပတ်လည်ပြီး ဆမ်၏လက်သို့ ဝီစကီပုလင်း ပြန်ရောက်လာသောအခါ သူက ခေါင်းဆောင်ရှေ့ မြေကြီးပေါ်တွင် ချထားလိုက်သည်။ မီးဖိုပေါ်ရှိ အိုးထဲမှ အသားတစ်တုံးကို ဆယ်ယူကာ ဝါးနေသည်။

"သိပ်ကောင်းတဲ့ ခွေးသားပဲ"

ဟု ခေါင်းဆောင်ကိုကြည့်ပြီး ပြောသည်။

"ဟုတ်တယ်၊ သူ့လျှာကို ဖြတ်ပြီး တိုင်မှာ ချည်ထားတယ်။ သိပ်ဝလာတဲ့အခါကျမှ ချက်စားတာ"

ဟု ပြန်ပြောသည်။

သူတို့အားလုံး ခဏကြာ တိတ်ဆိတ်သွားကြပြန်၏။ ခေါင်းဆောင်က ဝီစကီပုလင်းကို လှမ်းအယူတွင် မိမိ စကားပြောရန် အချိန်ကျပြီဟု ဆမ်က သိလိုက်သည်။

"ကျွန်တော်ဟာ အလွန် သူရသတ္တိနဲ့ ပြည့်စုံတဲ့ မုဆိုးတစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော့်သေနတ်ဟာ ကျွဲရိုင်းပေါင်း ထောင်ပေါင်းများစွာကို ပစ်ခတ်ပြီးပါပြီ။ ကျွန်တော့်နာမ်းပကားတွေကို အရပ်တကာက သိကြပါတယ်။ ကျွန်တော်လို သူရသတ္တိနဲ့ ပြည့်စုံသူဟာ လုံးဝ မပေါ်ပေါက်သေးပါဘူး"

"မုတ်ဆိတ်နီကြီးရဲ့ စွမ်းဆောင်ချက်တွေကို ကျုပ်တို့ သိကြပါတယ်၊ ကျုပ်တို့ လူမျိုးစုနေရာကို လာရောက်တဲ့အခါမှာ အခုလို ကြိုဆိုခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်"

ဟု ခေါင်းဆောင်က ပြန်ပြောသည်။

"ကာနီဟာ အမည်ရှိတဲ့ အမျိုးသမီးကလေးအတွက် ကျွန်တော့် ညီအစ်ကိုတော်များနေရာကို ကျွန်တော် လာခြင်း ဖြစ်ပါတယ်။ ကာနီဟာကို ကျွန်တော်ရဲ့ ဇနီးအဖြစ် လက်ထပ်ယူလိုပါတယ်"

ခေါင်းဆောင်သည် သက်ပြင်းချလိုက်၏။ ကာနီဟာသည် သူ့သမီးများအနက် အထွေးဆုံး ဖြစ်သည်။ အထွေးဆုံး ဖြစ်သောကြောင့် အလိုလိုက်ခြင်းကို အခံရဆုံးသော သမီးလည်း ဖြစ်သည်။ သူ့အရပ်သည် သူ့ရဲ့ကောင်းများ၏ အရပ်ကဲ့သို့ပင် မြင့်မား၏။ သူ့ခါးသည် အလွန်သေးငယ်ပြီး လက်နှစ်ဖက်ဖြင့် ထွာဆိုင်၍ပင် ရနိုင်သည်။ မည်သို့ဆိုစေ သူသည် လက်ထပ်နိုင်သည့်အရွယ် ရောက်ပြီ။

"ကာနီဟာကို ဇနီးလောင်းအဖြစ် ရွေးချယ်လိုက်တာဟာ အလွန်တရာ လျော်ကန်သင့်မြတ်တဲ့ ရွေးချယ်မှုပဲ ဖြစ်ပါတယ်။ ကာနီဟာဟာ သားသမီး မွေးနိုင်တဲ့အရွယ်ကို ရောက်နေပြီ၊ ရာသီပန်းလည်း ကောင်းကောင်းပွင့်ပါပြီ"

ဟု ခေါင်းဆောင်က ပြောသည်။

ဆမ်သည် ထိုင်ရာမှထပြီး လားရှိရာသို့ သွားသည်။ အထုပ်တစ်ခုကို ဖြေပြီး ဝီစကီသောက်ပုလင်းနှင့် သစ်သားသေတ္တာငယ်တစ်ခုကို ယူခဲ့သည်။ သူထိုင်သည့် ရှေ့မှာချပြီး ပြန်ထိုင်သည်။

"ကျွန်တော့် ညီအစ်ကိုတော်များ အတွက် လက်ဆောင်များ ယူလာခဲ့ပါတယ်။

ကျွန်မတော့်ကို အုပ်ချုပ်ရေး ကောင်စီဝင် လူကြီးများနဲ့အတူ အခုလို ဝိုင်းထိုင်ခွင့်ပြုတဲ့အတွက် ဂုဏ်ယူပါတယ်"

သူသည် ဝီစကီပုလင်းများကို ခေါင်းဆောင်၏ ရှေ့မှာချပြီး သေတ္တာငယ်ကို ဖွင့်လိုက်သည်။ အတွင်းမှ အဖိုးတန်လှသော ကျောက်မျက်ရတနာများနှင့် လက်ဝတ်လက်စားများ ထွက်လာသည်။ အရောင်စုံတို့ဖြင့် ပြိုးပြိုးပြက်ပြက် လက်နေသည်။ အားလုံး မြင်သာအောင် သေတ္တာငယ်ကို မှောက်ပြပြီး ခေါင်းဆောင်၏ရှေ့မှာ ချထားသည်။ ခေါင်းဆောင်က ခေါင်းထပ်ညိတ်ပြသည်။

"ကီအိုဝါ အမျိုးသားတွေဟာ မုတ်ဆိတ်နီကြီးပေးတဲ့ လက်ဆောင်ပစ္စည်းများအတွက် အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။ သို့သော်လည်း ကာနီဟာကို ဆုံးရှုံးလိုက်ရတဲ့ အတွက် သူ့လူမျိုးတွေမှာ အစားထိုးဖို့ အင်မတန် ခက်ပါတယ်။ သူ့ရဲ့ လက်မှုအတတ်ပညာနဲ့ လုပ်ကိုင်ပေးမယ့် အနုပညာပစ္စည်းတွေကို ကျုပ်တို့ ဆုံးရှုံးရမှာ ဖြစ်ပါတယ်။ သူ့ရဲ့ အချက်အပြုတ်လုပ်အားတွေ၊ အချုပ်အလုပ် လုပ်အားတွေနဲ့ သားရေနယ်လုပ်ငန်းတွေမှာ ထုတ်လုပ်မှု လုပ်အားတွေပါ ဆုံးရှုံးလိုက်ရပါတယ်"

"ကီအိုဝါတွေဖို့ သတို့သမီးကာနီဟာဟာ ဘယ်လောက် တန်ဖိုးကြီးတယ်ဆိုတာကို မဆွကတည်းက ကျွန်တော် သဘောပေါက်ခဲ့ပါတယ်။ ဒါကြောင့်လည်း သူတို့ရဲ့ ဆုံးရှုံးမှု အတွက် အစားထိုးနိုင်အောင် လျော်ကြေးပေးဖို့ကိုလည်း ကျွန်တော် ပြင်ဆင်ခဲ့ပါတယ်"

ဆမ်သည် ထိုင်ရာမှ ထလိုက်ပြန်၏။

"သူ့လူမျိုးတွေကို လုပ်ကိုင်ကျွေးမွေးခွင့် ဆုံးရှုံးသွားရတဲ့အတွက် ကျွဲနှစ်ကောင်ရဲ့ အသားကို ကျွန်တော် လျော်ကြေးပေးပါတယ်။ သူ့ရဲ့ လုပ်အားကို ဆုံးရှုံးတဲ့အတွက် ကျွန်တော်နဲ့အတူ ပါလာတဲ့ လားတစ်ကောင်ကို လျော်ကြေးပေးပါတယ်။ ပြီးတော့ သူ့အလှကို ဆုံးရှုံးလိုက်ရတဲ့အတွက်"

ဆမ်က စကားကို တစ်ပိုင်းတစ်စ ရပ်ပြီး လားရှိရာသို့ ပြန်လျှောက်သွားသည်။ အလွန်လေးသည့် အလိပ်ကြီးတစ်လိပ်ကို ဖြေယူသည်။ ထိုအလိပ်ကြီးကို ပြန်ယူလာပြီး ခေါင်းဆောင်၏ ရှေ့တွင်ချကာ ဖြန့်သည်။ ကောင်စီဝင် လူကြီးများထံမှ အံ့သြသံကို ကြားရသည်။ ခေါင်းဆောင်၏ မျက်လုံးများမှာ အရောင်တောက်လာသည်။

"အလွန် မြင့်မြတ်တဲ့ ကျွဲဖြူရေကို ယူလာပြီး လျော်ကြေးပေးပါတယ်"

အားလုံး၏ မျက်လုံးများသည် ကျွဲဖြူရေပေါ်မှာသာ ရှိနေကြသည်။ ကျွဲဖြူရေသည် မြေကြီးပေါ်တွင် ဖြူဖွေးစွာဖြင့် နှင်းခဲတုံးကြီးကဲ့သို့ အလွန် လှပနေသည်။ ကျွဲဖြူသည် အလွန် ရှားပါးသော သတ္တဝါ ဖြစ်၏။ မြင့်မြတ်သော သတ္တဝါ ဖြစ်သည်ဟုလည်း သူတို့ ယုံကြည်ကြ၏။ ခေါင်းဆောင်သည် ထိုမျှ မြင့်မြတ်သော ကျွဲဖြူရေပေါ်မှာ ထိုင်နိုင်ပေတော့မည်။

တိရစ္ဆာန်အရေ ရောင်းသူများကလည်း တန်ဖိုးထားကြသည်။ ကျွဲဖြူရေတစ်ခုသည် သာမန် ကျွဲသားရေဆယ်ခုနှင့် တန်ဖိုးချင်း ညီသည်။ ကီအိုဝါတို့ မည်သည့်အရာကို လိုချင်ကြောင်း ဆမ် ကောင်းကောင်းသိခဲ့သည်။

သူ လိုချင်သည်မှာ မိန်းမ၊ မြေပြန့်တွင် သူ နေထိုင်ခဲ့သည်မှာ ငါးနှစ်ကြာပြီ။ တောတောင်များအတွင်း လှည့်လည်၍ အမဲပစ်ရင်း သားရေရောင်းချိန် ရောက်သောအခါ မြို့သို့ တက်လေ့ရှိသည်။ တစ်နှစ်တစ်ခါ မြို့သို့တက်တိုင်း ကြေးစားအမျိုးသမီးများနှင့်သာ သူ ပျော်ပါးခဲ့ရသည်။ ယခု ကိုယ်ပိုင်မိန်းမတစ်ယောက်ရှိရန် အချိန်ကျပြီ။

ခေါင်းဆောင်သည် ဆမ်ပေးသည့် လက်ဆောင်ပစ္စည်းများကို အလွန် သဘောကျသွားသည်။ ထို့ကြောင့်လည်း တစ်စုံတစ်ရာ ဈေးဆစ်ရန်ကို လုံးဝ သတိမရတော့။

"သူ့ရသတ္တိနဲ့ ပြည့်စုံတဲ့ မုတ်ဆိတ်နီကြီးရဲ့ ဇနီးအဖြစ်နဲ့ ကျုပ်တို့သမီး ကာနီဟာကို ပေးအပ်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်"

ခေါင်းဆောင်ထံမှ အဆုံးအဖြတ်ရသည်နှင့် တစ်ပြိုင်တည်း သူတို့ အစည်းအဝေးသည် ပြီးဆုံးခြင်းသို့ ရောက်တော့သည်။

"ကျုပ်သမီး ကာနီဟာကို သူ့ခင်ပွန်းအတွက် အသင့်ပြင်ဆင်ထားကြပါ"

ဟု ပြောရင်း တစ်ဖက်သို့ လှည့်သွားသောကြောင့် ဆမ်လည်း သူ့နောက်က လိုက်သွားလေသည်။

အခြား တဲတစ်လုံးတွင် ကာနီဟာသည် ထိုင်စောင့်နေ၏။ မုတ်ဆိတ်နီကြီးသည် သူ့ကို တောင်းရန်လာခြင်းဖြစ်ကြောင်း သူ သိခဲ့သည်။ သူတို့ ယဉ်ကျေးမှုအရ သားပေး သမီးယူ စကားပြောကြသည်များကို သတို့သမီးအနေဖြင့် နားထောင်ခွင့် မရှိ။ ထို့ကြောင့်လည်း သီးသန့်ခွဲစဉ်ထားသည့် တဲတစ်လုံးအတွင်းမှ စောင့်ရခြင်း ဖြစ်သည်။ တဲအတွင်း၌ တည်တည်ငြိမ်ငြိမ်သူ ထိုင်စောင့်နေသည်။ မုတ်ဆိတ်နီကြီးကို သူ လုံးဝ မကြောက်။ သူ့အဖေထံသို့ အကြိမ်ကြိမ် အလည်အပတ် ရောက်ခဲ့သောကြောင့် အကြိမ်ကြိမ်လည်း မြင်ဖူးခဲ့ပြီ ဖြစ်သည်။

အမျိုးသမီးများ သူ့ရှိရာတဲဆီသို့ လာနေကြကြောင်း သိရသည်။ အပေးအယူ တည့်သွားကြပြီဖြစ်ကြောင်း နားလည်လိုက်သည်။ မင်္ဂလာကြေးအဖြစ် ကျွဲတစ်ကောင် ပေးလေသလားဟု သူ တွေးနေမိသည်။ အမျိုးသမီးများ ပြောသံကို ကြားရတော့မှ အကြောင်းစုံ သူ သိတော့သည်။

ဤမျှ များပြားသော မင်္ဂလာကြေးကို ဤနယ်တွင် မည်သူမျှ မရခဲ့ဖူးသေးချေ။ လားတစ်ကောင်၊ ကျောက်သံပတ္တမြားများ၊ လက်ဝတ်ရတနာများ၊ မြင့်မြတ်သော ကျွဲဖြူသားရေကွဲနှစ်ကောင်၏ အသားများ။

ကာနီဟာသည် ဝင့်ကြွားစွာဖြင့် ပြုံးလိုက်၏။ မုတ်ဆိတ်နီကြီးသည် သူ့ကို ချစ်ကြောင်း သူ ချက်ချင်း သိလိုက်သည်။ တဲအပြင်ဘက်မှ ဗုံတီးသံများကို စတင်ကြားရသည်။ အမျိုးသမီးများသည် သူ့ကို ဝိုင်းကာ ကခုန်နေကြပြီ။

ကာနီဟာသည် တဲအလယ်တွင် မတ်တတ်ရပ်နေသည်။ အမျိုးသမီးများ ဝိုင်းကနေကြစဉ်မှာပင် သူ့ကိုယ်ပေါ်မှ ရှိရှိသမျှ အဝတ်များကို ချွတ်ချလိုက်ရသည်။ အပျိုစင် စစ်မှန်ကြောင်း အစစ်အဆေး ခံယူနိုင်ရန်အတွက် ဖြစ်သည်။ အမျိုးသမီးနှစ်ယောက်က သူ့တစ်ကိုယ်လုံးကို ဝက်ဝံဆီများဖြင့် သုတ်လိမ်းပေးသည်။ သားသမီးရတနာ ထွန်းကားစေရန်အတွက် ဖြစ်သည်။

သူသည် တဲအလယ်မှာ တောင့်တောင့်ကြီး ရပ်နေ၏။ သူ့တစ်ကိုယ်လုံးသည် ဝက်ဝံဆီများဖြင့် တောက်ပြောင်နေသည်။ ခဏအကြာတွင် ဆေးဆရာ ဝင်လာသည်။ သူ့လက်တွင် မင်္ဂလာတုတ်ချောင်းကို ကိုင်လာသည်။

ဗုံသံများ၊ အမျိုးသမီးတို့ ဝိုင်းဝန်းသီဆိုကြသည့် တေးသံများ၊ ကခုန်ကြသည့် ခြေသံများဖြင့် ကျွက်ကျွက်ညံနေသည်။ သူတို့ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအတိုင်း မင်္ဂလာပွဲ အောင်မြင်စွာ ပြီးမြောက်သွားလေတော့သည်။

* * *

ယခုဆိုလျှင် ကာနီဟာသည် ကိုယ်လေးလက်ဝန်ကြီးဖြင့် တနှဲ့နှဲ့ လှုပ်ရှားနေရသည်။ သူ့ဝမ်းဗိုက်အတွင်း၌ သန္ဓေသားသည် နေ့စေ့လစေ့ ဖြစ်နေပြီ။

ဆမ်သည် သူ့နေရာမှာ သူထိုင်ရင်း ကျွဲရိုင်းများ ဘာကြောင့် မလာတော့သနည်းဟု ငေးစားနေမိသည်။ ကျွဲရိုင်းများ ပြန်လာကြတော့မည် မဟုတ်ကြောင်း သူ့ရင်ထဲမှာ အလိုလိုသိလာသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းက ကျွဲရိုင်းအကောင်ပေါင်းများစွာကို သူတို့ သတ်ဖြတ်ခဲ့ကြခြင်းကြောင့် ဖြစ်သည်။

နောက်ဆုံးတွင် ကာနီဟာကို သူ လှမ်းပြောလိုက်သည်။

"ပစ္စည်းတွေ သိမ်းတော့ကွာ၊ တို့ ဒီနယ်ကနေ တခြားတစ်နယ်ကို ပြောင်းကြစို့"

ကာနီဟာသည် ကျိုးကျိုးနွံနွံဖြင့် ခေါင်းညိတ်ပြလိုက်ပြီး အိမ်သုံးပစ္စည်းများကို စတင်သိမ်းဆည်းတော့သည်။ ဆမ်ကလည်း အိမ်ပြင်သို့ ထွက်သွားကာ လှည်းတွင် လားများကို အသင့် တပ်ဆင်နှင့်သည်။ ပြီးသောအခါ အိမ်တွင်းသို့ ပြန်လာသည်။

ကာနီဟာသည် ပထမဆုံး အထုပ်တစ်ခုကို သယ်ပြီး အိမ်ပေါက်သို့ အလာမှာပင် နာကျင်သော ဝေဒနာကို ရုတ်တရက် ခံစားလိုက်ရ၏။ သူ့လက်ထဲမှ အထုပ်များ လွတ်ကျသွားသည်။ ချက်ချင်းပင် ဆမ်ကို မော့ကြည့်လိုက်သည်။

"မင်း အခု မွေးတော့မှာလား"

ဟု မေးသောအခါ ကာနီဟာက ခေါင်းညိတ်ပြသည်။

"လာ ငါ ကူလုပ်ပေးမယ်"

ကာနီဟာက ကိုယ်ကို မတ်မတ်ရပ်ရင်း ပြန်ပြောသည်။

"မဖြစ်ဘူး၊ ဒါက သူ့ရဲကောင်းတွေရဲ့ အလုပ် မဟုတ်ဘူး။ ကျွန်မတို့ မိန်းမတွေ ကိုယ့်ဟာကိုယ် လုပ်ရမယ့် အလုပ်ပါ"

ဆမ်က ခေါင်းညိတ်ပြပြီး အပေါက်ဝဘက်သို့ ထွက်လာခဲ့သည်။

"ကိုယ် အပြင်မှာ ရှိနေမယ်"

ကလေးငိုသံကို ပထမဆုံး ကြားရသောအချိန်သည် နံနက်နှစ်နာရီ ဖြစ်သည်။ ဆမ်သည် အိမ်အပြင်မှာ ကြက်အိပ်ကြက်နိုး ဖြစ်နေ၏။ ကလေးငိုသံကြောင့် သူ့မျက်လုံးများ ပွင့်လာသည်။ ကြယ်ပေါင်းစုံတို့ ထွန်းလက်နေသည့်ည ဖြစ်သည်။ အတွင်းမှအသံကို သူ ဆက် နားထောင်နေသည်။

မိနစ်နှစ်ဆယ်ခန့် ကြာသောအခါ အိမ်တံခါးပွင့်လာပြီး ရပ်နေသည့် ကာနီဟာကို တွေ့ရသည်။ ကမန်းကတမ်း ထပြီး အိမ်တွင်းသို့ သူ ဝင်သွားသောအခါ အခန်းထောင့်ရှိ စောင်တစ်ထည်ပေါ်မှာ ကိုယ်တုံးလုံးဖြင့် ကလေးငယ်ကလေးကို တွေ့ရသည်။ ဘေးမှာရပ်ပြီး သူ ငုံ့ကြည့်နေမိ၏။

"သားကလေး"

ကာနီဟာက ဂုဏ်ယူဝင့်ကြွားစွာ ပြောသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ သားကလေး"

သူသည် ကလေးပေါ်သို့ ကိုယ်ကိုကိုင်းပြီး ကိုင်ကြည့်မိသည်။ အနားသို့ ကပ်၍လည်း အသေအချာ ကြည့်မိသည်။ သူ့မုတ်ဆိတ်နီများက ကလေးကို ထိလျက်ရှိသည်။ အဖေကဲ့သို့ပင် အသားဖြူပြီး မျက်လုံးများ ပြာနေသည်။ သို့သော် ဆံပင်များမှာမူ မည်းနက်နေကာ ခေါင်းသေး သေးကလေးပေါ်တွင် အလွန် သန်လျက် ရှိချေသည်။

နောက်တစ်နေ့တွင် ထိုအိမ်ကလေးကို သူတို့ စွန့်ခွာခဲ့ကြတော့သည်။

(၃)

သူတို့သည် ဒေါ်ခ်ျမြို့နှင့် မိုင်နှစ်ဆယ်အကွာတွင် အခြေစိုက်ကြသည်။ ဆမ်က အခြား လူများ၏ ကုန်ပစ္စည်းများကို လက်ခံပြီး သူတို့ ပို့စေလိုသည့် အရပ်ဒေသများသို့ ပို့ပေးသော လုပ်ငန်းကို လုပ်ကိုင်လျက် ရှိသည်။ ထိုနယ်တစ်ဝိုက်တွင် လားများကို ပိုင်ဆိုင်သူမှာ သူတစ် ယောက်တည်းသာ ရှိသောကြောင့် သူ့လုပ်ငန်းသည် ကောင်းစွာ အောင်မြင်လာသည်။

အိမ်ကလေးတစ်လုံးကို သူတို့ ဆောက်လုပ်နေထိုင်ကြသည်။ မက်ဇ်သည် ထိုအိမ် ကလေးမှာပင် ကြီးပြင်းခဲ့ရလေသည်။ ကာနီဟာသည် သူ့သားနှင့်အတူ အလွန် ပျော်ရွှင်ချမ်း မြေ့နေသည်။ ဤသားတစ်ယောက်သာရပြီး နောက်ထပ် သားသမီး တစ်စုံတစ်ရာ မထွန်းကား သည့်အကြောင်းကို မကြာခဏ စဉ်းစားမိသည်။ သို့သော်လည်း ပူပင်သောကရောက်ခြင်း လုံးဝ မရှိခဲ့ချေ။

သားသမီးနည်းသည့်အတွက် ဆမ်က သဘောကျနေ၏။ သူသည် အလွန် အရှက် အကြောက်ကြီးသူလည်း ဖြစ်သည်။ သူသည် အလွန် ကပ်စေးနဲ့ကြောင်းဖြင့်လည်း မြို့ပေါ်မှာ နာမည်ကြီးနေသည်။ ထို့မျှမကသေး၊ သူ ကျွဲရိုင်းပစ်သော မုဆိုးလုပ်ခဲ့စဉ်ကတည်းက ရွှေချောင်း ပေါင်း မြောက်မြားစွာတို့ကို ပိုင်ဆိုင်စုဆောင်းထားနိုင်ခဲ့ကြောင်း ကောလာဟလ သတင်းများ လည်း တစ်နယ်လုံးမှာ ပြန့်နေသည်။

မက်ဇ်သည် (၁၁)နှစ်သား အရွယ်ရှိလာပြီ ဖြစ်၏။ အမေ့ဘက်က အင်ဒီးယန်းသွေး ကြောင့်ပေလော မသိ။ အလွန် အပြေးမြန်သည်၊ သန်မာသည်၊ မည်သည့် မြင်းကိုမဆို ကုန်နှီး မတင်ဘဲ ကျွမ်းကျင်နိုင်နင်းစွာ စီးနိုင်သည်။ သေနတ်ပစ်လည်း ကျွမ်းကျင်သည်။ ကိုက်တစ်ရာ

အကွာမှနေ၍ သူ့ ပွိုင့် (၂၂) သေနတ်ဖြင့် လယ်ကြွက်တစ်ကောင်၏ မျက်လုံးကို မလွဲတမ်း ထိမှန်အောင် ပစ်နိုင်သည်။ သူ့ဆံပင်များသည် မည်းနက်ပြီး အင်ဒီးယန်းများ ကဲ့သို့ပင် အရှည် ထားသည်။ သူ့မျက်လုံးများက ပြာသည်။

"မြို့ပေါ်မှာ ကျောင်းတွေ ပြန်ဖွင့်ကုန်ကြပြီ"

ဟု တစ်ညနေ ညစာစားကြရင်း ဆမ်က သူ့သားကိုကြည့်ကာ ပြောသည်။ မက်ဇ်က အဖေ့မျက်နှာကို မော့ကြည့်သည်။ အမေက မီးဖိုမှ စားစရာများကို ယူလာသည်။ အဖေပြော သည့်စကားကို ဘာပြန်ပြောရမည် မသိသောကြောင့် အစားကိုသာ ကုန်းစားနေလိုက်၏။

"မင်းကို အဖေ ကျောင်းအပ်ခဲ့ပြီ၊ ဆယ်ဒေါ်လာပေးရတယ်"

ထိုစကားကို ကြားရသောအခါမှ မက်ဇ်က ဝင်မေးသည်။

"ဘာလုပ်ဖို့လဲ အဖေ"

"မင်း စာရေးတတ်၊ ဖတ်တတ်အောင် သင်ပေးဖို့ပေါ့ကွာ"

"စာရေးတတ် ဖတ်တတ်တော့ ဘာလုပ်ရမလဲ"

"ယောက်ျားဆိုတာ စာတတ်ထားရတယ်ကွ"

"အဖေရော ဘယ်မှာ စာရေးတတ်၊ ဖတ်တတ်လို့လဲ၊ မတတ်လို့ရော အဖေ ဘာဖြစ် သလဲ၊ ဘာမှ မဖြစ်ပါဘူး၊ မဟုတ်လား"

"အချိန်အခါက မတူတော့ဘူးသားရဲ့၊ အဖေတို့ ငယ်ငယ်တုန်းက စာမတတ် ပေမတတ်လည်း အရေးမကြီးဘူး၊ အခုက အရေးကြီးလာပြီ၊ နေရာတကာမှာ စာတတ်မှ ဖြစ်တော့တယ်"

"သွားသင်မနေချင်ပါဘူး အဖေရာ"

"သွားရမှာပေါ့ သားရဲ့၊ အဖေ အားလုံး စီစဉ်ခဲ့ပြီးပြီ။ ကျောင်းတက်ရက်တွေမှာ အိုလ်ဆင်တို့အိမ်မှာ နေရမယ်။ အဲဒီကနေ ကျောင်းတက်ရမယ်"

ကာနီဟာသည် နားထောင်နေရသော်လည်း သူ့ယောက်ျား ဘာဆိုလိုသည်ကို ကောင်းစွာ နားမလည်ချေ။ ထို့ကြောင့်လည်း ဝင်မေးမိသည်။

"ဘာကို ဆိုလိုတာလဲ"

"ပညာဗဟုသုတ များများရအောင်ပေါ့ကွာ။ ပညာမတတ်ရင် အဖြူတွေကြားထဲမှာ တို့သားလေး လူတစ်လုံးသူတစ်လုံး ဖြစ်မှာ မဟုတ်ဘူး"

ဟု ဆမ်က ပြန်ပြောသည်။ သည်မျှဆိုလျှင် ကာနီဟာအဖို့ အကြောင်းပြချက် လုံလောက်သွားပြီ။ ဗဟုသုတ ကြီးမားခြင်းသည် အစွမ်းထက်သော ဆေးတစ်လက်ဟု သူက ရိုးရိုးကလေး တွေးကြည့်သည်။

"သားလေး ကျောင်းသွားမှာပါ"

ဟု ပြောပြီး မီးဖိုဘက်သို့ ထသွားသည်။

နောက်တစ်နေ့ နံနက်တွင် ဆမ်သည် မက်ဇ်ကို ကျောင်းသို့ ခေါ်လာခဲ့သည်။ ကျောင်းဆရာမသည် တောင်ပိုင်းသူ ဖြစ်သည်။ ဆမ်တို့သားအဖကို ကျောင်းဝသို့ လာကြိုသည်။

"ကောင်းသော နံနက်ပါ မစ္စတာဆမ်"

"ကောင်းသော နံနက်ပါ ဆရာမ၊ ကျွန်တော့် သားလေးကို ကျောင်းလာပို့ပါတယ်"

"ကလေးက ဘယ်မှာလဲ"

ဟု ဆရာမက အနီးတစ်ဝိုက်သို့ လှည့်ကြည့်ရင်း မေးသည်။ ဆမ်က သူ့သားကို ရှေ့သို့ တွန်းပို့လိုက်သည်။

"ဆရာမ နေကောင်းပါသလားလို့ နှုတ်ဆက်လိုက်စမ်း/သား"

အဝတ်အစားအသစ်များကို ဝတ်ဆင်ထားသော မက်ဇ်သည် မနေတတ်မထိုင်တတ် ဖြစ်နေသည်။ သူ့ခြေထောက်တွင် ဖိနပ် မပါ။ အဖေ ပြောခိုင်းသည့်အတိုင်း ရှက်ကိုးရှက်ကန်းဖြင့် ပြောလိုက်သည်။

"နေကောင်းပါသလား ဆရာမ"

ဆရာမသည် ကလေးကို ငုံ့ကြည့်ပြီး နှာခေါင်း ရှုံ့သွားသည်။ သူ့မျက်နှာမှာလည်း

အံ့ဩပုံ ပေါက်သွားသည်။

"ဒို ဘယ်လို ဖြစ်တာလဲ၊ သူဟာ အင်ဒီးယန်းပဲ၊ ကျွန်မတို့ ကျောင်းမှာ အင်ဒီးယန်းကို လက်မခံဘူး"

ဆမ်သည် ဆရာမကို စိုက်ကြည့်နေ၏။

"သူဟာ ကျွန်တော့်သားပါ ဆရာမ"

ဆရာမက သူ့နှုတ်ခမ်းများကို တွန့်လိုက်သည်။

"ကျွန်မတို့ကျောင်းမှာ ကပြားလည်း လက်မခံဘူး၊ လူဖြူတွေကိုသာ လက်ခံပါတယ်"

ဟု ပြောရင်း နောက်သို့ လှည့်သွားရန် ဟန်ပြင်လိုက်သည်။ သို့သော်လည်း ဆမ်၏ အသံကြောင့် ဆရာမ ရပ်သွားသည်။ သူ့ဘဝတစ်လျှောက်လုံးတွင် ဒီတစ်ကြိမ်သည် စကား အရှည်ဆုံး ပြောဖူးခြင်း ဖြစ်သည်။ တစ်ခါဖူးမျှ ဤမျှလောက် ရှည်ရှည်ဝေးဝေး မပြောဖူးဘူးခဲ့။

"ဆရာမတို့ရဲ့ ဘာသာရေးကို ကျွန်တော် နားမလည်ပါဘူး ဆရာမရယ်၊ ဘာသာရေး မှာ ဆရာမ ဘယ်လောက် ယုံကြည်သက်ဝင်တယ် ဆိုတာကိုလည်း ကျွန်တော် မသိပါဘူး။ ကျွန်တော် သိတာကတော့ ဆရာမဟာ မိုင်ပေါင်း နှစ်ထောင်ဝေးတဲ့ ဗာဂျီးနီးယားပြည်နယ်က လာတယ်။ ကျွန်တော့်သားကို စာသင်ပေးဖို့ ကျွန်တော့်ဆီက ဆယ်ဒေါ်လာ လက်ခံယူခဲ့တယ်။ အစည်းအဝေး တက်လာကြတဲ့ လူအများ ရှေ့မှာ လက်ခံယူခဲ့တာ ဖြစ်ပါတယ်။ တခြား ကလေး တွေဆီက လက်ခံသလိုပဲပေါ့၊ ဆရာမ ကတိပေးခဲ့သလို သင်မပေးနိုင်ဘူးဆိုရင်တော့ ဆရာမ ကိုယ့်ကတိကို ကိုယ်ပြန်ဖျက်တာပါပဲ။ ကျွန်တော့်သားကို စာသင်ပေးဖို့ကိစ္စဟာ အစည်း အဝေးမှာတုန်းကတည်းက ဆရာမ လက်ခံခဲ့တာပဲ"

"မစ္စတာဆမ်၊ ရှင် ကျွန်မကို ဘာဖြစ်လို့ ဒီလို ပြောရဲရသလဲ။ တခြား ကလေးမိဘ တွေက ရှင့်သားနဲ့ အတူတူ သူတို့ကလေးတွေကို ကျောင်းတက်စေချင်လိမ့်မယ်လို့ ရှင် ထင်သလား"

"သူတို့ အားလုံးလည်း အစည်းအဝေးတက်ခဲ့ကြတာပဲ၊ လက်မခံနိုင်ဘူးလို့ ပြောတဲ့ အသံ ကျွန်တော် လုံးဝ မကြားခဲ့ပါဘူး"

ဆရာမသည် သူ့ကို စိုက်ကြည့်နေသည်။ ဤနေရာမှာပင် ကိစ္စ ပြီးဆုံးသွားပြီဖြစ် ကြောင်း ဆမ် နားလည်လိုက်သည်။

"ရှင်တို့ အနောက်ပိုင်းသားတွေကို ကျွန်မတော့ ဘယ်တော့မှ နားလည်နိုင်တော့မယ် မဟုတ်ဘူး"

ဟု စိတ်ပျက်လက်ပျက် လေသံမျိုးဖြင့် ပြောသည်။ ပြီးတော့ မက်ဇ်ကို လက်မခံနိုင် သည့် အမူအရာမျိုးဖြင့် ငုံ့ကြည့်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ရှင့်သားကို ဒီလို အဝတ်အစားမျိုးနဲ့တော့ ကျောင်းမှာ လက်မခံ နိုင်ဘူး။ တခြား ကလေးတွေလို အဝတ်အစား ကောင်းကောင်းမွန်မွန် ဝတ်ရမယ်"

"ကောင်းပါပြီ ဆရာမ"

ဟု ပြောပြီး မက်ဇ်ဘက်သို့ ပြန်လှည့်လိုက်သည်။

"သားလာ၊ ဆိုင်ကိုသွားပြီး အဖေတို့ အဝတ်အစား ဝယ်ကြမယ်"

"ရှင် သူ့ဆံပင်လည်း ညှပ်ပေးလိုက်ဦး၊ ဒီလို ဆံပင်ပုံမျိုးနဲ့ မဖြစ်ဘူး၊ တခြား ကျောင်း သားတွေနဲ့ မတူဘဲ ထူးခြား မနေစေနဲ့"

ဆမ်က ခေါင်းညိတ်သည်။ ဆရာမ ဆိုလိုသည်ကို သူ နားလည်သည်။

"ကျွန်တော် လုပ်ပါ့မယ် ဆရာမ၊ ကျေးဇူးတင်ပါတယ်"

မက်ဇ်သည် အဖေ့နောက်မှ ခုန်ဆွခုန်ဆွဖြင့် ပြေးလိုက်သွားသည်။ အဖေ့ကိုလည်း မော့ကြည့်လိုက်မိသည်။ မိမိ ထူးခြားနေသည့်အကြောင်းနှင့် ပတ်သက်ပြီး ပထမဦးဆုံးအကြိမ် အဖြစ် သူ စဉ်းစားမိခြင်း ဖြစ်သည်။

"ကျွန်တော်ဟာ တခြား လူတွေနဲ့ မတူဘဲ ဖြစ်နေသလား အဖေ"

ဆမ်က သားကို ငုံ့ကြည့်မိသည်။ သူကိုယ်တိုင်လည်း ဤအကြောင်းကို ပထမဦးဆုံး အကြိမ်အဖြစ် စဉ်းစားမိခြင်း ဖြစ်သည်။ သူ့စိတ်ထဲမှာ ဝမ်းနည်းလာသည်။ သူသည် သားအနီး မြေကြီးပေါ်သို့ ဒူးထောက်ထိုင်ချလိုက်ပြီး ရုတ်တရက် ပေါ်လာသော အသိဉာဏ်ဖြင့် ပြောပြမိသည်။

"ဟုတ်တယ် သား၊ သားဟာ တခြား လူတွေနဲ့ မတူဘဲ ခြားနားနေတယ်။ ဒီကမ္ဘာပေါ်မှာ ရှိနေတဲ့ လူတိုင်းဟာ ခြားနားကြတာပဲ၊ တစ်ယောက်နဲ့ တစ်ယောက် ဘယ်တော့မှ မတူကြဘူး။ ကျွဲနှစ်ကောင်ဟာလည်း မတူဘူး၊ လားနှစ်ကောင်ဟာလည်း မတူနိုင်ဘူး၊ ဒီလိုပဲ လူတိုင်းလူတိုင်းဟာလည်း တစ်ယောက်နဲ့ တစ်ယောက် မတူနိုင်ဘူး"

မက်ဇ် ကျောင်းနေသည့် ပထမနှစ် ပြီးဆုံးသွားသောအခါ ဆရာမသည် မက်ဇ်နှင့်ပတ်သက်၍ အလွန် ဂုဏ်ယူလျက်ရှိချေတော့သည်။ မက်ဇ်သည် ဆရာမ၏ အကောင်းဆုံး၊ အတော်ဆုံးသော ကျောင်းသား ဖြစ်နေသောကြောင့် ဖြစ်သည်။ အလွန် ဉာဏ်ထက်မြက်သည်။ ပညာသင်နှစ် ကုန်ဆုံးသောအခါ နောက်နှစ်တွင်လည်း ဆက်လက် လက်ခံမည်ဖြစ်ကြောင်း ဆရာမက ကတိပေးလိုက်လေတော့သည်။

နွေကျောင်းပိတ်ရက် ရောက်သောအခါ မက်ဇ်သည် သူ့ပိုင် ပစ္စည်းများကို ထုပ်ပိုးကာ အိမ်သို့ ပြန်ခဲ့သည်။ အိမ်ပြန်ရောက်သည့် ပထမရက်သတ္တတစ်ပတ်တွင် အိမ်အပျက်အစီးများကို ပြုပြင်ရင်းဖြင့် အလုပ်များနေခဲ့သည်။

တစ်ည မက်ဇ် အိပ်ရာဝင်သွားပြီးနောက် ကာနီဟာသည် သူ့ယောကျ်ားကို လှမ်းခေါ်လိုက်သည်။

"ဆမ်"

ကာနီဟာ၏ ခေါ်သံကြောင့် ဆမ်၏ လက်ထဲမှ ချုပ်လက်စ သားရေဂျာကင် လွတ်ကျသွားသည်။ ကီအိုဝါအမျိုးသမီးများသည် မိမိတို့ လင်ယောကျ်ားကို နာမည်ခေါ်လေ့ မရှိ။ ယခု ကာနီဟာသည် ပထမဆုံးအကြိမ် သူ့ကို နာမည်တပ်၍ ခေါ်ခြင်း ဖြစ်သည်။ ပြီးတော့ ဇနီးက ယောကျ်ားများကို စကားပြောဆိုခြင်း မရှိ။ မေးသည့်မေးခွန်းကို ပြန်ဖြေခြင်းသာ ပြုလေ့ရှိသည်။ ကာနီဟာသည်လည်း သူ့ကိုယ်သူ ပြန်ရှက်ပြီး ရှက်သွေးလွှမ်းသွားသည်။

"မျက်လုံးဖြူတွေနေတဲ့ ကျောင်းမှာ ကျွန်မတို့သားကလေး စာတော်တယ်ဆိုတာ အမှန်ပဲလား"

"အမှန်ပါပဲ"

"ကျွန်မတို့ သားလေးအတွက် ကျွန်မ ဂုဏ်ယူပါတယ်။ သူ့အဖေအတွက်လည်း ကျွန်မ ဝမ်းသာမိပါတယ်"

"အဲဒီတော့"

"မှန်တယ် ဆိုရင်တော့ မျက်လုံးဖြူတွေရဲ့ကျောင်းမှာ ကျွန်မတို့ သားကလေး အစွမ်းထက်တဲ့ ဆေးဝါးတွေအကြောင်း အများကြီး လေ့လာနေရပြီပေါ့။ ပြီးတော့ သူ့ကို အနှောင့်အယှက် ဖြစ်နေတာတွေကိုလည်း သူ လေ့လာနေရပြီ"

"ဘယ်လိုဟာမျိုးလဲ"

ဟု သူက သိမ်သိမ်မွေ့မွေ့ ပြန်မေးမိသည်။

"မျက်လုံးဖြူ ကျောင်းသားတချို့က ကျွန်မတို့ သားလေးရဲ့ သွေးဟာ သူတို့ သွေးလောက် မနီဘူးလို့ ပြောသတဲ့"

ဆမ်၏ နှုတ်ခမ်းများ တင်းတင်းစေ့သွားသည်။ ကာနီဟာသည် မြို့ပေါ်သို့ ရောက်ဖို့ဝေးစွ၊ အိမ်တွင်းကပင် အိမ်ပြင်ထွက်လေ့ရှိသူ မဟုတ်။ ထိုကြားထဲက ဤအကြောင်းကို သူမည်ကဲ့သို့ ကြားခဲ့လေသနည်း။

"အလကား ကျောင်းသားမိုက်တွေပါကွာ"

"ကျွန်မ သိပါတယ်"

ရိုးရိုးပဲ သူ ပြန်ဖြေသည်။ ဆမ်သည် လက်ကို ဆန့်တန်းထုတ်လိုက်ကာ ဇနီး၏ ပါးပြင်ကို ကြင်နာစွာဖြင့် ကိုင်တွယ်ပွတ်သပ်နေမိသည်။ ကာနီဟာက သူ့လက်ကို ဖမ်းကိုင်ပြီး ပါးပြင်ပေါ်မှာ အပ်ထားရင်းဖြင့် စကား ဆက်ပြောသည်။

"ကျွန်မတို့ သားကလေးကို သူ့ဘိုးအေဆီပို့ဖို့ အချိန်ကျပြီလို့ ကျွန်မ ထင်တယ်။ ဒါမှ သူလည်း သူ့သွေး အစစ်အမှန်ရဲ့ အားမာန်တွေကို လေ့လာနိုင်လိမ့်မယ်"

ဆမ်က ကာနီဟာကို ကြည့်နေမိသည်။ ဤအကြံသည် အလွန် ကောင်းသော

အကြံ ဖြစ်သည်။ မိမိတို့သားသည် သူ လေ့လာဖွယ်ရာရှိသည်များကို ကောင်းစွာ လေ့လာနိုင်ပေလိမ့်မည်။ သူသည် မည်သည့် မျိုးရိုးစဉ်ဆက်မှ ပေါက်ဖွားခဲ့ကြောင်း၊ သူ့သွေးသည် မည်သည့် အဆင့်အတန်းမျိုး ဖြစ်ကြောင်းများကို သိရှိနိုင်ပေလိမ့်မည်။

"စိတ်ချပါ။ ငါ့ညီအစ်ကိုတော်တွေ ရှိတဲ့ဆီကို တို့သားလေးကို ပို့ပေးပါ့မယ်"

ဟု ပြန်ဖြေသည်။

ဇနီးကို သူ ကြည့်နေမိသည်။ ဆမ်၏ အသက်သည် ယခု (၅၂) နှစ် ရှိပြီဖြစ်၏။ ကာနီဟာသည် သူ့အသက် ထက်ဝက်ကျော်မျှသာ ရှိသေးသည်။ ကျန်းမာနေဆဲ၊ သန်မာနေဆဲ၊ ကိုယ်လုံးကိုယ်ထည် သွယ်သွယ်လျလျ ရှိဆဲပင် ဖြစ်သည်။ အင်ဒီးယန်းအမျိုးသမီးတို့သည် သူတို့ကိုယ်ကို အဝမခံ။ အမြဲတမ်း ငါးရံ့ကိုယ် ဖြစ်နေဖို့ ဂရုစိုက်ကြသည်။

သူသည် လက်ထဲမှ သားရေဂျာကင်ကိုချပြီး ကာနီဟာ၏ မျက်နှာကို ကြင်ကြင်နာနာ ဆွဲယူလိုက်သည်။ ပြီးတော့ သူ့ရင်ခွင်ထဲမှာ ထည့်ထားလိုက်သည်။

"ကာနီဟာ၊ မင်းကို ငါ ချစ်တယ်"

"ကျွန်မလည်း ရှင့်ကို သိပ်ချစ်တာပဲ"

ဆမ်သည် ပထမဆုံးအကြိမ်အဖြစ်နဲ့ ကာနီဟာ၏ နှုတ်ခမ်းကို မွှတ်သိပ်စွာ နမ်းလိုက်မိတော့သည်။

(၄)

သုံးနှစ်ကျော် ကြာလာပြီးနောက် စနေနေ့ မွန်းလွဲပိုင်း နှစ်နာရီလောက်တွင် ဖြစ်သည်။ မက်ဇ်သည် အိုလ်ဆင်တို့ အိမ်နောက်ဘက်ရှိ ကောက်ရိုးပုံအနီးမှ လှည်းပေါ်မှာ ရပ်နေသည်။ ကောက်ရိုးများကို အပေါ်အထပ်ခိုးပေါ်သို့ သယ်တင်နေသည်။ သူ့အပေါ်ပိုင်းတွင် ဘာမှ ဝတ်မထား။ ခေါင်းပေါ်တွင် ကျဲကျဲတောက်ပူနေသည့် နေဒဏ်ကြောင့် သူ့ကိုယ်လုံးမှာ နေလောင်ထားသကဲ့သို့ ရှိနေသည်။ ထိုကိုယ်ပေါ်မှာပင် ကြွက်သားများ အမြှောင်းလိုက်ထနေသည်။

ထိုအခိုက် လူသုံးယောက် မြင်းစီးပြီး ခြံထဲသို့ ဝင်လာသည်။ မက်ဇ် ရပ်နေသည့် လှည်းအနီးတွင် ရပ်လိုက်ကြသည်။ သူတို့သည် မြင်းပေါ်မှ မဆင်းဘဲ မက်ဇ်ကို ကြည့်နေ၏။ သို့သော်လည်း သူသည် သူ့အလုပ်ကို မရပ်။ လုပ်မြဲ လုပ်နေသည်။ သူတို့ထဲမှ တစ်ယောက်က သူ့ကို လှမ်းမေးသည်။

"ဟေး အင်ဒီးယန်း၊ ဆမ်မြူယယ်ဆင်းရဲ့သား ဘယ်ဟာလဲကွ"

မက်ဇ်သည် ကောက်ဆွ အပြည့်ပါလာသော ကောက်စည်းများကို အပေါ်သို့ ပစ်တင်သည်။ ပြီးမှ ကောက်ဆွကို ထောက်လျက်ကိုင်ပြီး ထိုအပေါ်တွင် အားပြုရပ်ရင်း ထိုလူသုံးယောက်ကို အပေါ်မှစီး၍ ကြည့်လိုက်သည်။

"ကျုပ် မက်ဇ်ဆင်းပဲ"

လူသုံးယောက်သည် သူတို့ချင်း အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြသည်။

"တို့ မင်းအဖေကို တွေ့ချင်လို့"

ဟု ပထမမေးသူကပင် ပြောသည်။

မက်ဇ်က တစ်စုံတစ်ရာ ပြန်မဖြေဘဲ သူတို့ကို သေသေချာချာ ကြည့်နေ၏။ သူ့မျက်လုံးပြာများသည် လေးနက်ပြီး အကဲဖမ်းမရသလို ဖြစ်နေသည်။

"မင်းအဖေရဲ့ပွဲရုံကို တို့ သွားကြသေးတယ်၊ ဒါပေမယ့် ပိတ်ထားလို့၊ မင်းအဖေက ပစ္စည်းတွေကို တာဝန်ယူပြီး ပို့ပေးနေတယ်ဆိုတဲ့ ဆိုင်းဘုတ်ပဲ တို့တွေ့ခဲ့လို့"

"ဟုတ်တယ်၊ ဒါပေမယ့် ဒီနေ့ဟာ စနေနေ့ဗျ။ မွန်းလွဲပိုင်းပဲ ရောက်နေပြီ၊ သူ အိမ်ပြန်သွားပြီ"

သုံးယောက်အနက် တစ်ယောက်က ရှေ့တိုးလာသည်။

"တို့မှာ လှည်းတစ်စီးတိုက်အပြည့် ကုန်တွေပါတယ်ကွာ၊ ဗာဂျီးနီးယားမြို့ကို ပို့ချင်လို့ အရင်လည်း လိုနေတယ်၊ မင်းအဖေနဲ့ စကားပြောချင်တယ်"

မက်ဇ်သည် ကောက်ဆွဖြင့် ကောက်ရိုးများကို ကောက်ယူလိုက်ပြန်သည်။

"ကျွန်တော် ဒီည အိမ်ပြန်ရောက်ရင် ပြောလိုက်မယ်လေ"

"ဒီလောက်ကြာကြာ တို့ မစောင့်နိုင်ဘူး။ အလုပ်ကိစ္စ ပြီးအောင်လုပ်ပြီး ဒီနေ့ညနေပဲ တို့ ခရီးထွက်ချင်တယ်။ မင်းတို့အိမ်ကို တို့ ဘယ်လို သွားရမလဲ"

ဟု ပထမဆုံးစကားစပြောသူက မေးသည်။

မက်ဇ်သည် သူတို့ကို မယုံသလို အကဲခတ် ကြည့်ပြန်သည်။ သူတို့ ပုံသဏ္ဌာန်များသည် သတ္တုတူးသူများနှင့်လည်း မတူ။ အဖေနှင့် ဆက်သွယ် လုပ်ကိုင်နေကြသူများနှင့်လည်း မတူ။ ခါးတွင် သေနတ်ချိတ်ထားပုံ၊ မျက်နှာကို ခပ်ကွယ်ကွယ် ဦးထုပ်ဆောင်းထားပုံများမှာ သေနတ်သမားများ၏ ပုံမျိုးသာ ဖြစ်နေသည်။

"နောက်နှစ်နာရီလောက်ကြာရင် ကျွန်တော် ဒီက ပြန်မှာပဲ၊ ခင်ဗျားတို့ကို ကျွန်တော် ခေါ်သွားမယ်လေ"

"မဟုတ်ဘူးကွ၊ တို့က သိပ်အရင်စလို ဖြစ်နေလို့ပါ။ တို့ပစ္စည်းတွေ တခြားလူကို ပေးလိုက်တယ် ဆိုရင်လည်း မင်းအဖေက ကြိုက်မှာ မဟုတ်ဘူး"

မက်ဇ်က ပခုံးတစ်ချက် တွန့်လိုက်၏။

"ဟောဟို မြောက်ဘက်က လမ်းအတိုင်း မိုင်နှစ်ဆယ်လောက်သွား"

မည်သည့် စကားကိုမျှ ဆက်မပြောတော့ဘဲ မြင်းစီးသမားသုံးယောက်တို့သည် ချာခနဲ လှည့်ထွက်သွားကြ၏။ လေသင့်သဖြင့် သူတို့ချင်း ပြောသွားသည့် စကားများကို ခပ်သဲ့သဲ့ ကြားလိုက်ရသည်။

"ဆင်းဆိုတဲ့ အဘိုးကြီးက အလကားဟာကြီးပါကွာ၊ ထဘီဝတ်ထားဖို့လောက် ကောင်းတဲ့ အဘိုးကြီး"

ထိုစကားကို ကြားရသောအခါ မက်ဇ်သည် စိတ်ဆိုးမာန်ဆိုးဖြင့် ကောက်ရိုးများကို အပေါ်သို့ ပစ်တင်လိုက်သည်။

သူတို့ အသံကို ပထမဆုံး စတင်ကြားရသူမှာ ကာနီဟာ ဖြစ်သည်။ စနေညနေ ဆိုလျှင် လမ်းပေါ်သို့ အမြဲတမ်း နားစွင့်ထားလေ့ရှိ၏။ မြို့ကျောင်းမှ သူ့သား ပြန်လာမည့်နေ့ ဖြစ်သောကြောင့်ပင်၊ အသံကြားသောကြောင့် တံခါးသွားဖွင့်ပြီး အပြင်သို့ ကြည့်လိုက်သည်။

"လူသုံးယောက်လာနေတယ်"

ဟု ပြောသောအခါ ဆမ်လည်း စားပွဲတွင် ထိုင်နေရာမှ ထလိုက်လာပြီး ကာနီဟာ နောက်မှနေ၍ အပြင်သို့ လှမ်းကြည့်သည်။

"ဟုတ်ပါရဲ့၊ သူတို့ ဘာများ လိုချင်လို့ပါလိမ့်"

"တံခါးကို မင်းတုပ် ထိုးထားလိုက်ပါ။ သူတို့ကို အထဲမဝင်စေနဲ့၊ သူတို့ တိုးတိုးတိတ်တိတ် မြင်းစီးလာပုံက ကျွန်မတို့ လူမျိုးတွေ စစ်တိုက်ဖို့ လာသလိုပဲ၊ လူကောင်းတွေကို ဖွင့်ပေးသလို မပေးလိုက်နဲ့"

ဟု ကာနီဟာက အန္တရာယ်ကို ကြိုတင်မြင်သလို ပြောသည်။ ဆမ်က ရယ်သည်။

"မင်းဟာ လူတွေကို သိပ်မြင်ဖူးတာမှ မဟုတ်ဘဲကွာ၊ သူတို့ဟာ မြို့ကိုသွားဖို့ လမ်းရှာနေကြတာနဲ့ တူပါတယ်"

"သူတို့ မြို့ဘက်က လာကြတာပဲ"

ဟု ကာနီဟာက ပြောသည်။ သို့သော်လည်း သူ့အပြောသည် များစွာ နောက်ကျသွားလေပြီ။ ဆမ်သည် တံခါးဖွင့်ကာ အပြင်သို့ ထွက်သွားပြီး ထိုလူသုံးယောက်ကို နှုတ်ဆက်လျက် ရှိချေပြီ။ လူသုံးယောက်သည် အိမ်ရှေ့တွင် မြင်းများကို ရပ်လိုက်ကြသည်။

"ခင်ဗျား ဆမ်မြူယယ်ဆင်း မဟုတ်လား"

ခေါင်းဆောင်နှင့် တူသူက မေးသည်။ ဆမ်က ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်။ လူကြီးမင်းများအတွက် ကျွန်တော် ဘာလုပ်ပေးနိုင်ပါသလဲ"

"ကျွန်တော်တို့မှာ ကုန်ပစ္စည်းတွေ ရှိနေတယ်။ ဗာဂျီးနီးယားမြို့ကို ပို့ချင်တယ်။ ဒီနေ့ဟာ အလွန် ပူတဲ့နေ့ပဲဗျာ"

ထိုသူသည် ပြောရင်းဆိုရင်းဖြင့် သူ့ခေါင်းမှ ဦးထုပ်ကိုချွတ်ပြီး အင်္ကျီလက်ဖြင့် မျက်နှာ

ကို သုတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီနေ့ ပူတယ်၊ အေးသွားအောင် အထဲဝင်ထိုင်ကြဦးလေ၊ စကားလည်း ပြောရင်းပေါ့"

သူတို့အားလုံး မြင်းများပေါ်မှ ဆင်းကြသည်။ ဆမ်က အိမ်တွင်းသို့ ပြန်ဝင်ခဲ့သည်။

"ကာနီဟာရေ ဝီစကီတစ်လုံး ပေးပါကွယ်။ ဒါထက် နေပါဦး၊ ကုန်က ဘာကုန်တွေလဲ"

ဟု ဆမ်က ကာနီဟာကို လှမ်းအော်ရင်း တစ်ဆက်တည်းပင် ဧည့်သည်များကို ပြန်မေးသည်။

"ရွှေ"

"ရွှေ၊ လှည်းနဲ့တင်ပြီး ပို့ရလောက်အောင်တော့ ရွှေ မရှိနိုင်ပါဘူး"

"ကျုပ်တို့ ကြားထားတာတော့ ဒီလို မဟုတ်ပါဘူး"

သူတို့ထဲမှ တစ်ယောက်က ပြောသည်။ စကားမဆုံးမီမှာပင် သူတို့လက်ထဲတွင် သေနတ်များ ရောက်လာကြတော့သည်။

"ခင်ဗျားမှာ လှည်းတစ်စီးတိုက် ရွှေတွေရှိတယ်လို့ ကျုပ်တို့ ကြားတယ်"

ဆမ်က သူတို့ကို ခဏ ငေးကြည့်နေသည်။ ပြီးမှ ရယ်ချလိုက်၏။

"ခင်ဗျားတို့ သေနတ်ကြီးတွေ ဖယ်လိုက်ကြစမ်းပါဗျာ၊ အရူးတွေ ပြောတဲ့စကား မယုံကြစမ်းပါနဲ့"

ပထမလူက တဖြည်းဖြည်း ရှေ့သို့ တိုးလာသည်။ သေနတ်ကိုင်ထားသော သူ့လက်တစ်ဖက်သည် လေထဲသို့ မြောက်သွားကာ ဆမ်၏မျက်နှာကို သေနတ်ဖြင့်ဖြတ်၍ ရိုက်ချလိုက်သည်။ ဆမ်သည် နောက်ဘက် နံရံဆီသို့ ယိုင်ထိုးပြီး လဲကျသွားသည်။

"တို့ ဒေါသမဖြစ်ခင် မြန်မြန်ပြောစမ်း"

ဟု တစ်ယောက်က ခပ်ထန်ထန် ပြောသည်။

* * *

အိမ်တွင်းမှာ မခံမရပ်နိုင်လောက်အောင် ပူပြင်းနေသည်။ လူသုံးယောက်သည် အခန်းထောင့် တစ်နေရာတွင် သူတို့ချင်း လေသံဖြင့် တီးတိုးစကားပြောနေကြ၏။ သူတို့ ဖမ်းထားသူများကိုလည်း မကြာခဏ လှမ်းကြည့်သည်။

အိမ်အလယ်တွင် ဆမ်ကို ကြိုးနှင့်တုပ်ပြီး ထုပ်မှာ ဆွဲထားသည်။ သူ့ခေါင်းသည် ဇက်ကျိုးကျနေရာ မျက်နှာပေါ်မှ သွေးများသည် ရင်ဘတ်ပေါ်သို့ တစ်စက်စက် ကျနေသည်။ မျက်လုံးများ ရောင်ကိုင်းနေသောကြောင့် ကောင်းစွာ ဖွင့်မရတော့ချေ။ နှာခေါင်းသည်လည်း ကျိုးကာ ပါးပြင်ပေါ်သို့ စောင်းရွဲ့နေသည်။

ကာနီဟာကိုမူ ကုလားထိုင်တစ်လုံးပေါ်တွင် ကြိုးနှင့် တုပ်ထားသည်။ သူ့ယောက်ျားကို မျက်တောင်မျှ မခတ်ဘဲ စိုက်ကြည့်နေသည်။ လူဆိုးသုံးယောက် နောက်ပိုင်းတွင် တိုင်ပင်နေကြသည်ကို သဲ့သဲ့ကြားနေရသော်လည်း ကြိုးနှင့် တုပ်ထားသောကြောင့် နောက်သို့ လှည့်ကြည့်၍ မရပေ။

"သူ့မှာ ရွှေ မရှိဘူးဆိုတာ ဟုတ်ပါလိမ့်မယ်"

ဟု တစ်ယောက်က ပြောသည်။

"တကယ်ရှိပါတယ်၊ ခေါင်းမာနေတာပါ။ ကျွဲလိုက်မှုဆိုးတွေဟာ ဘယ်လောက် ခေါင်းမာတယ်ဆိုတာ ငါလောက် မင်း မသိပါဘူး"

ဟု အသံတစ်သံ ထွက်လာသည်။

"ဟုတ်ရိုးမှန်ရင်လည်း ခင်ဗျား အခု လုပ်နေပုံနဲ့တော့ သေသွားလိမ့်မယ်၊ ဘာမှ ပြောသွားနိုင်မှာ မဟုတ်ဘူး"

"ပြောရစေ့မယ်"

တစ်ယောက်သည် ပြောပြောဆိုဆိုဖြင့် မီးဖိုဆီသို့ လျှောက်သွားသည်။ မီးဖိုထဲမှ မီးရဲနေသော ကျောက်မီးသွေးကို မီးညှပ်ဖြင့် ညှပ်ယူပြီး ဆမ်ဆီသို့ ပြန်လာသည်။ ဆမ်၏ ခေါင်းကို ဆွဲလှန်ယူကာ မျက်နှာရှေ့တွင် မီးညှပ်ကို မြှောက်ပြရင်း မေးသည်။

"ရွှေတွေ ဘယ်မှာ ထားသလဲ"

ဆမ်၏ မျက်လုံးများ ပြန်ပွင့်လာသည်။ သူ့အသံသည် အက်ကွဲနာကြည်းနေ၏။

"မရှိတာ အမှန်ပါပဲ ခင်ဗျာ။ ရှိတာမှန်ရင် ကျွန်တော် မပြောဘဲ နေပါတော့မလား"

ထိုသူသည် ဆမ်၏လည်ပင်းနှင့် ပခုံးကို မီးစနှင့် ထိုးလိုက်သည်။ ဆမ်က ရွှေမရှိကြောင်း နာကျင်စွာဖြင့် တစ်ချက်အော်ကာ ခေါင်းလည်ကျသွားတော့သည်။ မီးနှင့် အထိုးခံလိုက်ရသည့် နေရာမှ သွေးများ ယိုစီးကျလာသည်။

ထိုသူသည် ဝီစကီပုလင်းကို ယူပြီး ဖန်ခွက်ထဲသို့ ထည့်နေသည်။

"သူ့မျက်နှာကို ရေနဲ့ပက်လိုက်စမ်းကွာ၊ သူ့အသား နာတာကို ဂရုမစိုက်ရင် သူ့မိန်းမ အတွက်တော့ ဖွင့်ပြောရမှာပေါ့"

အငယ်ဆုံးလူက ဆမ်၏မျက်နှာကို ရေနှင့်ပက်သည်။ ဆမ်၏မျက်လုံးများ ပွင့်လာပြီး သူတို့ကို ငေးစိုက်ကြည့်နေသည်။ အကြီးဆုံးလူဆိုးသည် ကာနီဟာဆီသို့ လျှောက်သွား၏။ သူ့ခါးမှ တောလိုက် ဓားမြှောင်ကို ထုတ်ယူပြီး တုပ်ထားသည့်ကြိုးများကို ဖြတ်သည်။

"ရပ်စမ်း"

ကာနီဟာ ရပ်လိုက်သည်နှင့် တစ်ပြိုင်တည်း ဓားမြှောင်သည် ကာနီဟာ ကိုယ်ပေါ်မှ အဝတ်များအားလုံးကို ခွဲချလိုက်သည်။ အဝတ်အားလုံး ကြမ်းပြင်ပေါ်သို့ ပုံကျသွားသည်။ ကာနီဟာသည် သူတို့အားလုံး အလယ်တွင် မိမွေးတိုင်း ရပ်နေ၏။ ဓားမြှောင်နှင့်လူက ကာနီဟာ၏ ဆံပင်ကို ဆွဲထားပြီး ဓားကိုမူ ကျောပေါ်မှာ ထောက်ထားသည်။

"အင်ဒီးယန်းကို ငါ အရေဆုတ်ခဲ့တာ ဆယ့်ငါးနှစ်ကြာသွားပြီ။ ဒါပေမယ့် ဘယ်လို ဆုတ်ရတယ်ဆိုတာ မမေ့သေးပါဘူး"

ဟု ပြောရင်းဆိုရင်းပင် ကာနီဟာ၏ ကိုယ်ပေါ်သို့ ဓားဦးဖြင့် ခပ်ရှရှ ဆွဲခြစ်လိုက်သည်။ အသားကို ဓားနှင့်မွှန်းလိုက်ခြင်း ဖြစ်သောကြောင့် တစ်ကိုယ်လုံး သွေးချင်းချင်းနီသွားသည်။ ထိုအဖြစ်ကို မြင်သည်နှင့် တစ်ပြိုင်တည်း ဆမ်သည် နာကြည်းစွာ ငိုတော့၏။

"သူ့ကို လွှတ်လိုက်ပါ ခင်ဗျာ။ သူ့ကို လွှတ်လိုက်ပါ၊ ကျွန်တော့်မှာ ရွှေ မရှိတာ အမှန်ပါပဲ"

"ကျွန်မ မကြောက်ပါဘူး။ သူတို့ အကုသိုလ်နဲ့ သူတို့ သွားကြမှာပါ"

"ကာနီဟာရယ် မင်းအတွက် ငါ စိတ်မကောင်းပါဘူး"

ကာနီဟာ၏ လက်များကို လူဆိုးက စားပွဲခြေထောက်နှင့် ပူးချည်ရင်း လည်ပင်းပေါ်သို့ ဓားမြှောင်ကို ထောက်လိုက်သည်။

"ရွှေ"

ဆမ်က ခေါင်းကို ရမ်းသည်။ သူ စကား မပြောနိုင်တော့။ ကာနီဟာသည် ခြေထောက်ကို နောက်သို့ အားယူရင်း အနီးဆုံးလူကို အားကုန် ကန်ပစ်လိုက်သည်။

"ခြေထောက်ကို ချုပ်ထားလိုက်စမ်းဟေ့၊ တွေ့ကြရောပေါ့ကွာ"

* * *

မက်ဇ် ပြန်ရောက်လာသောအခါ ညခုနစ်နာရီ ရှိချေပြီ။ သူသည် အိုလ်ဆင်တို့အိမ်မှ မြင်းတစ်ကောင် ငှားစီးပြီး ပြန်လာခြင်း ဖြစ်သည်။ အိမ်သည် တိတ်ဆိတ်နေ၏။ မီးဖိုခေါင်းတိုင်မှ မီးခိုးထွက်ခြင်းကိုလည်း မတွေ့ရ။ ဤမြင်ကွင်းသည် ထူးခြားနေသည်။ အခါတိုင်း မိမိ အိမ်ပြန်လာလျှင် အမေသည် ထမင်းဟင်းများ ချက်ပြုတ်နေမြဲ ဖြစ်၏။

မြင်းပေါ်မှဆင်းပြီး အိမ်ပေါ်တက်သောအခါ တံခါးပွင့်နေသည်ကိုပါ မြင်ရသည်။ သူ့စိတ်ထဲမှာ ကြောက်စိတ်များ ဝင်လာသည်။ ထို့ကြောင့် အိမ်ပေါ်သို့ အပြေးကလေး တက်လာမိသည်။ ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းသည် သူ့တစ်ကိုယ်လုံးကို တုန်လှုပ်ချောက်ချားသွားစေတော့သည်။

အဖေသည် ခေါင်တိုင်မှာ တွဲလွဲကျရင်း မျက်စိပွင့်လျက် အသက်ကုန်နေပြီ ဖြစ်၏။ ဦးရင် (၄၅) ကျည်ဆန်သည် ပါးစပ်မှဝင်ပြီး နောက်စေ့သို့ ဖောက်ထွက်သွားသည်။

အောက်ကို ငုံ့ကြည့်သောအခါ သွေးအိုင်ထဲမှာ လဲပြီး အသက်ပျောက်နေသည့်

အမေ။

အော်ပြီး ငိုလိုက်ရန် ပါးစပ်အဟမှာပင် တစ်ချက် ထိုးအန်လိုက်သည်။ ထို့ကြောင့် အသံ ထွက်မလာ။ သူ့ခန္ဓာကိုယ်တွင် အားအင်များ ကုန်ခန်းသွားသည်။ ရှိသမျှ ခွန်အားဖြင့် အိမ်ပြင်သို့ ထွက်ခဲ့သည်။ မြေကြီးပေါ်တွင် ထိုင်ပြီး ရှိုက်ကြီးတငင သူ ငိုနေမိသည်။

ခဏအကြာတွင် သူ အငိုရပ်လိုက်သည်။ ထိုင်ရာမှထပြီး အိမ်နောက်ဘက်သို့ လျှောက်လာသည်။ သူ့မျက်နှာနှင့် ကိုယ်ပေါ်တွင် ပေကျံနေသော အန်ဖတ်များကို ရေဆေးပစ်သည်။ ထို့နောက် ပတ်ဝန်းကျင်သို့ လှည့်ကြည့်မိ၏။

အဖေ့မြင်းလှည်း မရှိတော့ပြီ။ မြင်းဇောင်းထဲမှာတော့ လားခြောက်ကောင် ရှိနေသေး၏။ အိမ်နောက်တွင်လည်း မြင်းလှည်း အဆင်သင့်ရှိနေသည်။ အမေ မွေးထားသည့် သိုးလေးကောင်နှင့် ကြက်များသည်လည်း ကြက်ခြံတွင်းမှာ ရှိနေသေး၏။

သူ့မျက်လုံးများကို လက်ဖမိုးဖြင့် ပွတ်လိုက်သည်။ တစ်ခုခုတော့ လုပ်ရပေတော့မည်။ အိမ်ထဲမှာ ရှိနေသော မြင်ကွင်းကို သူ မယုံနိုင်အောင် ဖြစ်နေသည်။ သူ့အဖေနှင့် အမေသည် ဤအဖြစ်မျိုးနှင့် မကြုံသင့်။

ထင်းရုံဆီသို့ လျှောက်ခဲ့ပြီး ထင်းများကို ပွေ့ယူကာ အိမ်ထဲသို့ ပြန်ဝင်လာသည်။ ကြမ်းပြင်ပေါ်မှာ ချသည်။ သို့ကလို အခေါက်ခေါက် အခါခါ သယ်ရင်းဖြင့် နာရီဝက်ခန့် ကြာသောအခါ အိမ်ထဲမှာ ထင်းများ အလုံအလောက် ရှိသွားပြီ ဖြစ်သည်။

မြင်းဇောင်းသို့သွားပြီး ဇက်ကြိုးများကိုယူကာ မြင်းလှည်းတွင် လားများကို တပ်သည်။ ကြက်ခြံအတွင်းမှ ကြက်များကို မြင်းလှည်းပေါ်သို့ ပြောင်းတင်သည်။ သိုးလေးကောင်ကိုလည်း လှည်းပေါ်သို့တင်ကာ ကြိုးနှင့်ချည်လိုက်သည်။ အားလုံး ပြီးသောအခါ လှည်းကို အိမ်ရှေ့သို့ မောင်းလာပြီး မြို့မှ စီးလာခဲ့သည့်မြင်းကို လှည်းနောက်တွင် ချည်သည်။ မြင်းလှည်းကို အိမ်နှင့် ကိုက်နှစ်ရာခန့် အကွာသို့ မောင်းယူထားခဲ့ကာ အိမ်ဘက်သို့ ပြန်လျှောက်လာသည်။

အိမ်ထဲသို့ ဝင်ပြီး သူ့အဖေ သိမ်းထားသည့် ရိုင်ဖယ်နှင့် ပစ္စတိုသေနတ်ကို စင်ပေါ်မှာ သွားစမ်းကြည့်သည်။ သို့သော် ဘာမှ မရှိတော့။ ထပ်စမ်းကြည့်သောအခါ ခပ်ပျော့ပျော့ အရာဝတ္ထုတစ်ခုကို စမ်းမိသောကြောင့် ဆွဲယူလိုက်သည်။

သူ့အတွက် အမေ ချုပ်ပေးထားသည့် သမင်ရေအကျႌနှင့် ဘောင်းဘီ ဖြစ်သည်။ နူးညံ့ပြီး အလွန် လှပသည်။ ရုတ်တရက် ဆိုသလိုပင် သူ့မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာပြန်သည်။ အားလုံးကို လိပ်ပြီး ချိုင်းကြားညှပ်ကာ တံခါးဝသို့ ပြန်လျှောက်ခဲ့သည်။

မီးမွှေးတံတစ်ချောင်းကို ယူပြီး မီးခြစ်နှင့်ညှိကာ ထင်းပုံများကို မီးစတင်ရှို့သည်။ ကောင်းစွာ မီးစွဲသည်အထိ စောင့်ပြီး အပြင်သို့ ထွက်လာခဲ့၏။ ကောင်းကင်သို့ မော့ကြည့်သော အခါ နေဝင်သွားပြီ။ ကြယ်များသာ လင်းနေကြသည်။

အိမ်ဘက်သို့ ပြန်ကြည့်သောအခါ မီးခိုးလုံးများ ကောင်းကင်သို့ ထိုးလက်နေသည်ကို မြင်ရသည်။ မြင်းလှည်းပေါ်သို့ တက်ပြီး မောင်းထွက်ခဲ့၏။ ခပ်လှမ်းလှမ်းသို့အရောက် ပြန်လှည့် ကြည့်လိုက်သောအခါ လိမ္မော်ရောင် မီးတောက်ကြီးများသည် အိမ်ငယ်ကို ဝါးမျိုရင်း ကောင်း ကင်သို့ တစ်လွန့်လွန့် တက်နေကြပြီ ဖြစ်၏။

(၂)

အိုလ်ဆင်တို့၏ ခြံတွင်းသို့ လှည်းကို မောင်းဝင်ခဲ့ပြီး အိမ်နောက်ဘက်မှာ သွားရပ် ထားခဲ့သည်။ အိမ်နောက်ဘက် တံခါးကို သူ သွားခေါက်သည်။

"မစ္စတာအိုလ်ဆင်"

အရိပ်တစ်ခုကို မြင်လိုက်ရပြီး တံခါးဖွင့်ကာ အိုလ်ဆင်ရပ်နေသည်ကို တွေ့ရ၏။

"မက်ဖ် မင်း ဘာဖြစ်လို့ ပြန်လာတာလဲ"

"အဖေနဲ့ အမေကို သူတို့ သတ်သွားကြပြီ"

အိုလ်ဆင်၏မျက်နှာကို ကြည့်ရင်းပြောသည်။

"ဘာ သတ်သွားတယ်။ ဘယ်သူ သတ်သွားတာလဲ"

အိုလ်ဆင်သည် လွန်မင်းစွာ အံ့ဩသွား၏။ သူတို့ စကားပြောနေသံကို ကြားရသောကြောင့် မစ္စစ်အိုလ်ဆင်ပါ ထွက်လာပြီး သူ့ယောက်ျားနောက်မှာ ရပ်နေသည်။

"လူသုံးယောက်၊ သူတို့က ကျွန်တော့်ကို လာမေးလို့ အိမ်ကို ဘယ်လို သွားရမယ်ဆိုတာ ကျွန်တော် ညွှန်လိုက်တယ်၊ ပြီးတော့ အဖေနဲ့အမေကို သတ်သွားကြတာပါပဲ၊ အဖေ့မြင်းနဲ့ နိုင်ဖယ်သေနတ်ရော၊ ပစ္စတိုသေနတ်ကိုပါ ယူသွားကြတယ်"

မစ္စစ်အိုလ်ဆင်၏ မျက်နှာပေါ်တွင် ချောက်ချားရိပ်များ ပေါ်လာသည်။ သူ့ယောက်ျားကို တွန်းကာ ရှေ့သို့ တိုးထွက်လာပြီး. . .

"မက်ဇ် အိမ်ထဲဝင်ဦး မင်း တစ်ခုခု သောက်ရအောင်"

ဟု ပြောသည်။ သူက ပြန်ကြည့်သည်။

"အချိန် မရှိတော့ဘူး ခင်ဗျာ။ သူတို့နောက်ကို ကျွန်တော် အမီလိုက်ရဦးမယ်။ ကျွန်တော့်မှာ လားခြောက်ကောင်ရယ်၊ လှည်းရယ်၊ သိုးလေးကောင်ရယ်၊ ကြက်ဆယ့်ခြောက်ကောင်ရယ် ပါလာပါတယ်။ အဲဒါတွေအတွက် ကျွန်တော့်ကို ဒေါ်လာတစ်ရာနဲ့ မြင်းတစ်ကောင် ပေးပါ"

"အို. . . ရပါတယ် ကလေးရယ်။ မင်းကို ငါ့မြင်းကြီးပေးမယ်။ မြင်းကြီးက ပိုကောင်းပါတယ်။ ငါ ကုန်နှီးပါ တပ်ပေးလိုက်မယ်"

အိုလ်ဆင်က မဆိုင်းမတွ ပြောသည်။ မက်ဇ်ပေးသော ပစ္စည်းသည် သူ တောင်းသည်ထက် သုံးဆခန့်ပိုပြီး တန်ဖိုးရှိနေ၏။

"ကိစ္စ မရှိပါဘူးဗျာ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော့် မြင်းကလေးပဲ ယူပါရစေ။ သူက မြေပြင်မှာ ပိုကောင်းတယ်။ ကုန်နှီးမပါဘဲလည်း စီးလို့ရတယ်"

"ကောင်းပြီလေ၊ မင်း ကြိုက်တာယူပါ"

"ပိုက်ဆံရော ကျွန်တော် အခု ရနိုင်မလား"

"ဟာ ရမှာပေါ့"

အိုလ်ဆင်က ပြောပြောဆိုဆို အိမ်ထဲသို့ ပြန်ဝင်ခဲ့သည်။ သူ့ဇနီး၏ စကားသံကြောင့် သူ့ခြေလှမ်းများ တန့်သွားသည်။

"အို နေပါဦး။ သူ တစ်ခုခု စားပါစေဦး။ ပြီးတော့ ဒီတစ်ည အိပ်လိုက်ပါစေဦး။ အချိန်တွေ ရှိပါသေးတယ်။ မနက်ကျမှ သွားတာပေါ့"

"မနက်ဆိုရင် သူတို့ အဝေးကြီးကို ရောက်သွားကြလိမ့်မယ် ခင်ဗျာ"

"မရောက်နိုင်ပါဘူးကွယ်၊ သူတို့လည်း အိပ်ကြရဦးမှာပဲ၊ မနက်ကျမှ လိုက်ရင်လည်း အခုထက်ပိုပြီး ဝေးဝေးလိုက်ရမှာ မဟုတ်ပါဘူး"

မစ္စစ်အိုလ်ဆင်သည် ပြောပြောဆိုဆိုပင် အိမ်တံခါးကို ပိတ်သည်။ မက်ဇ်ကို စားပွဲရှိရာသို့ ခေါ်သွားပြီး စားစရာများ ချကျွေးသည်။ သူလည်း ဆာဆာနှင့် အားပါးတရ စားတော့သည်။

"မင်း ယူလာတဲ့လားတွေ နေရာသွားချလိုက်ဦးမယ်"

ဟု ပြောကာ အိမ်ပြင်သို့ အိုလ်ဆင် ထွက်သွားသည်။ သူ ပြန်ဝင်လာသောအခါ မက်ဇ် အိပ်ပျော်နေချေပြီ။ မစ္စစ်အိုလ်ဆင်က တိတ်တိတ်နေရန် အမူအရာဖြင့် သူ့ကို လှမ်းပြသည်။

"ဒီကလေးကို လူဆိုးတွေနောက် မလိုက်ပါစေနဲ့"

ဟုလည်း သူ့ယောက်ျားကို လေသံဖြင့် ပြော၏။

"ကျွန်တော် မလိုက်လို့ မဖြစ်ပါဘူး ခင်ဗျာ"

ဟူသော မက်ဇ်၏ အသံက နောက်မှ ပေါ်လာသည်။

"ဘယ်ဖြစ်မလဲ၊ သူတို့က လူကြီးတွေ၊ မင်းကို ဒုက္ခပေးသွားမှာပေါ့၊ မင်းဟာ ကလေးပဲ ရှိသေးတာပဲ"

မက်ဇ်သည် မစ္စစ်အိုလ်ဆင်ကို ငေးကြည့်နေမိသည်။ မက်ဇ်၏ မျက်နှာပေါ်တွင် ဝင့်ကြွားသည့် အရိပ်အယောင်များကို ပထမဆုံးအကြိမ်အဖြစ်နှင့် မစ္စစ်အိုလ်ဆင် စတင်မြင်တွေ့ရသည်။

"အခုလည်း ကျွန်တော့်ကို ကောင်းကောင်းကြီး ဒုက္ခပေးသွားပြီးပြီပဲ ဒေါ်ဒေါ် ရယ်၊ ကျွန်တော်လည်း ဆယ့်ခြောက်နှစ် ပြည့်ပါတော့မယ်၊ ကျွန်တော့် အမေတို့ လူမျိုးတွေက ဆယ့်ခြောက်နှစ်ဆိုရင် ကလေး မဟုတ်တော့ဘူး၊ လူကြီးဖြစ်ပြီလို့ ယုံကြည်ကြပါတယ်"

နောက်တစ်နေ့တွင် မြင်းစီးလာသော မက်ဇ်ဆင်းကို ဒေါ့ချ်မြို့ပြင် တစ်နေရာမှာ တွေ့ရသည်။ သူသည် မြင်းကို အသားကျစီးရင်း လမ်းဘေး တစ်ဖက်တစ်ချက်စီရှိ မြေပြင်များကို မျက်တောင်မျှ မခတ်နိုင်ဘဲ ဂရုတစိုက် ကြည့်လာသည်။ ခဏကြာသောအခါ မြင်းကို ရပ်ပြီး အောက်သို့ ဆင်းသည်။ လမ်းဆုံးအထိ ဂရုတစိုက် ကြည့်နေသည်။

မြင်းလေးကောင်၏ ခွာရာများကို တွေ့ရသည်။ သူတို့သည် ပတ်လည်သို့ လှည့်ကြည့်ဟန်တူ၏။ ခွာရာများက သက်သေခံနေသည်။ ထို့နောက် မြင်းနှစ်ကောင်သည် ဗာဂျီးနီးယားမြို့ဘက်ဆီသို့ ခွဲထွက်သွား၏။ ကျန်မြင်းနှစ်ကောင်သည် ကွင်းပြင်ကိုဖြတ်ပြီး အရှေ့ဘက်သို့ ထွက်သွားသည့် ခွာရာများကို တွေ့ရသည်။

သူလည်း မြင်းပေါ်သို့ ပြန်တက်ကာ ကွင်းပြင်ကိုဖြတ်ပြီး လိုက်ခဲ့သည်။ မြေပြင်ပေါ်ရှိ မြင်းခွာရာများကိုလည်း ဂရုတစိုက် ကြည့်ရှုလေ့လာနေသည်။ မှန်ပါပြီ၊ မြင်းတစ်ကောင်သည် သူ့အဖေ၏မြင်း ဖြစ်သည်။ ခွာရာကို သူ ကောင်းကောင်း မှတ်မိသည်။ ခွာရာသည် အခြားမြင်းတစ်ကောင်၏ ခွာရာလောက် မနက်။ ထို့ကြောင့် ဤမြင်းကို လူ စီးမသွား။ ဤမြင်းကို ယူသွားသူသည် ခေါင်းဆောင် ဖြစ်ရမည်။ ထို့ကြောင့်လည်း ဤမျှ အဖိုးတန်သောမြင်းကို ကျန်လူများက သူ့အား ယူခွင့်ပေးခြင်း ဖြစ်ရမည်ဟု သူ ကောက်ချက်ချလိုက်သည်။

တစ်နေရာသို့ ရောက်သောအခါ မြင်းချေးများကို တွေ့ရသဖြင့် မြင်းပေါ်မှဆင်းပြီး ခြေထောက်ဖြင့် ကန်ကြည့်သည်။ မြင်းချေးသည် ခုနစ်နာရီထက် ပို၍ မကြာသေး။ မြင်းပေါ်သို့ ပြန်တက်ပြီး ဆက်လိုက်ခဲ့သည်။

ထိုတစ်ညလုံး မနားတမ်း သူ့မြင်းကို နှင်ခဲ့သည်။ မြင်းခွာရာများကို လရောင်ဖြင့် ကြည့်ကာ ခြေရာခံပြီး လိုက်ခဲ့ခြင်း ဖြစ်သည်။ နောက်တစ်နေ့ ညနေပိုင်းသို့ ရောက်သောအခါ သူ အပန်းတကြီး လိုက်လံရှာဖွေနေသည့် ရန်သူ၏နောက် တစ်နာရီခရီးမျှ အကွာသို့ သူ ရောက်ခဲ့တော့သည်။

ကောင်းကင်ကို မော့ကြည့်လိုက်သောအခါ ညခုနစ်နာရီခန့် ရှိပြီ။ ရန်သူသည် ညဘက်တွင် စခန်းချပေဦးမည်။ ထို့ကြောင့် ညမှောင်သည့်အချိန်အထိ စောင့်ရန် မြင်းပေါ်မှ သူ ဆင်းခဲ့သည်။

အနီးရှိ သစ်ပင်တစ်ပင်မှ သစ်ကိုင်းတစ်ကိုင်းကို ခုတ်ယူသည်။ အသင့်တွေ့ရသော ကျောက်တုံးခပ်လုံးလုံး တစ်လုံးကို သစ်ကိုင်း၏ တစ်ဖက်စွန်းတွင် သားရေကြိုးများဖြင့် ချည်နှောင်လိုက်သည်။ သစ်ကိုင်း၏ တစ်ဖက်စွန်းသည် လက်ကိုင် ဖြစ်သည်။ သို့ဖြင့် သူ့အမေဘက်မှ လူမျိုးများ စစ်တိုက်ရာတွင် အသုံးပြုကြသည့် ကျောက်တင်းပုတ် တစ်ခုကို သူ ရတော့သည်။ နွေရာသီကျောင်းပိတ်ရက်တုန်းက သူ့အဘိုးများ ရှိရာသို့ သူ သွားရောက်နေထိုင်ခဲ့ဖူး၏။ ထိုစဉ်တုန်းကပင် ဤသို့ လက်နက်လုပ်နည်းကို သူ လေ့လာခဲ့ခြင်း ဖြစ်သည်။

အမှောင်ထု လွှမ်းမိုးလာသည်နှင့် တစ်ပြိုင်တည်း ထိုင်ရာမှထကာ ကျောက်တင်းပုတ်ကို ခါးတွင် တွဲလောင်းချိတ်လိုက်သည်။ မြင်းကို မစီးဘဲ လက်မှဆွဲရင်း ခြေသံလုံလုံဖြင့် လမ်းလျှောက်လာခဲ့သည်။ သူ့နားကို စွင့်ထားသည်။ အနံ့ကိုလည်း ဂရုတစိုက် ခံလာခဲ့သည်။

သူ ကံကောင်းပါသည်။ ရန်သူစခန်းချထားသော မီးဖိုမှ အနံ့ကို သူ ရတော့သည်။ နှစ်ဖာလုံခန့်အကွာမှ မီးဖိုနံ့ကို ရခြင်း ဖြစ်သည်။

မြင်းကို နီးရာချုံတစ်ခုမှာ ချည်နှောင်ခဲ့ရင်း မြင်းကျောပေါ်မှ ရိုင်ဖယ်သေနတ်ကို ဖြုတ်ယူပြီး သတိကြီးစွာဖြင့် ရှေ့သို့ လျှောက်လာခဲ့၏။

ရုတ်တရက် မြင်းဟီသံကို ကြားရသောကြောင့် မြေပြင်ပေါ်သို့ ဝပ်ချလိုက်သည်။ ရှေ့သို့ ဂရုစိုက် ကြည့်လိုက်သောအခါ ကိုက်သုံးရာခန့်အကွာတွင် ချည်ထားသည့် မြင်းများကို တွေ့ရသည်။ သို့သော် မီးဖိုကို မမြင်ရသေး။

သတိကြီးစွာဖြင့် မြင်းများကို ပတ်ပြီး ကြည့်သောအခါ ကိုက်နှစ်ရာခန့်အကွာတွင်

မီးဖိုကို မြင်ရတော့၏။ မြက်တောထဲမှ ခေါင်းထောင်ကာ သေသေချာချာ ကြည့်မှသာ ထိုင်နေသည့် လူတစ်ယောက်ကိုပါ မြင်ရတော့သည်။ ထိုသူသည် မီးဖိုပေါ်ရှိ ဒယ်အိုးထဲမှ စားစရာများကို ယူစားနေသည်။

သူသည် ပေါ့သေးသေးလူတော့ မဟုတ်။ နေရာရွေးထားပုံကို ကြည့်ခြင်းအားဖြင့် အကဲခတ်နိုင်သည်။ ကျောက်တုံးကြီး နှစ်ခုကြားတွင် နေရာယူကာ စခန်းချနေသည်။ ထို့ကြောင့် သူ့ဆီသို့ သွားမည်ဆိုလျှင် သူ့မျက်နှာမူရာဘက်မှသာ ဝင်ရမည် ဖြစ်သည်။

မက်ဇ်သည် မြက်တောထဲမှာ ကိုယ်ကို နှစ်မြှုပ်ပြီး မြက်များပေါ်မှာ ကျောချလိုက်သည်။ ကောင်းကင်မှာ လထွက်လာပြီ။ နာရီအနည်းငယ်စောင့်လျှင် သူ လုပ်စရာရှိသည်များကို လုပ်ကိုင်ရတော့မည့်အချိန် ဖြစ်သည်။ အချိန်မကျမီ နားလိုက်ဦးမည်။ မျက်စိမှိတ်လိုက်သည်နှင့် တစ်ပြိုင်တည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

သူ့မျက်လုံးများကို ရုတ်တရက် ဖွင့်ကြည့်လိုက်သောအခါ လမွန်းတည့်နေပြီ။ ဖြည်းညင်းစွာ သူထပြီး မြက်များပေါ်က ကျော်ကြည့်လိုက်၏။

မီးဖိုမှ မီးများ ငြိမ်းစပြုနေပြီ။ ကျောက်ဆောင်များ အနားတွင် ထိုသူ၏ အရိပ်ကို မြင်ရသည်။ တစ်လက်မချင်း ရှေ့သို့ သူ တိုးခဲ့သည်။ ထိုသူသည် ခပ်သာသာ ဟောက်ရင်း အိပ်နေ၏။ မက်ဇ်က ရှေ့သို့ တိုးလာခဲ့သည်။ အနီးသို့ ရောက်သောအခါ ထိုသူသည် လက်များကို ဆန့်တန်းပြီး အိပ်နေသည်ကို တွေ့ရ၏။ သူ့လက်တစ်ဖက်သည် သေနတ်ကို ကိုင်ထားသည်။

သူ့ပတ်လည်သို့ တွားသွားရင်း ကျောက်ခဲတစ်လုံးကို မက်ဇ်က ကောက်ယူ၏။ ခါးမှာ ချိတ်ထားသည့် ကျောက်တင်းပုတ်ကိုလည်း ဖြုတ်ယူကာ အသင့်ကိုင်ထားသည်။ အသက်ကို အားပါးတရရှူပြီး ကျောက်ခဲကို ထိုသူ၏ခြေထောက်နားသို့ ပစ်ချလိုက်၏။

ထိုသူသည် တစ်ချက်ရေရွတ်ရင်း ထထိုင်ကာ ရှေ့သို့ စူးစိုက်ကြည့်နေသည်။ သူ့လက်ထဲမှာ သေနတ်က အဆင်သင့်။ သို့သော် သူ ဘာဖြစ်သွားသည်ကို သူ မသိလိုက်တော့။ သူ့နောက်မှာ ရပ်နေသည့် မက်ဇ်က သူ့ခေါင်းကို ကျောက်တင်းပုတ်နှင့် ရိုက်ချလိုက်သည်။

သူ့မြင်းထားခဲ့ရာသို့ မက်ဇ် ပြန်လာသောအချိန်သည် အရှေ့ဘက်ဆီ၌ အရုဏ်တျင်းစ ပြုချေပြီ။ သူ့မြင်းကို ဖြုတ်ယူခဲ့ကာ အခြား မြင်းများအနီး၌ သွားချည်ထားပြီး ထိုသူဆီသို့ ပြန်လာခဲ့သည်။

ထိုသူသည် မျက်လုံးများကို ပိတ်ထားဆဲ ဖြစ်၏။ အသက်ကို မှန်မှန်ရှူနေသည်။ သူ့ပါးပြင်ပေါ်နှင့် နားရွက်များတွင် သွေးများယိုစီးနေသည်။ သူ့ကိုယ်ပေါ်မှာ အဝတ်အစားများမရှိတော့ဘဲ မြေကြီးပေါ်တွင် ပက်လက်လန်နေသည်။

မက်ဇ်သည် ဓားမြှောင်ကို ထုတ်ယူပြီး ထက်လှသော အသွားကို ခတ်ကြည့်နေ၏။ နေထွက်လာသောအခါ ထိုသူက မျက်လုံးများကို ဖွင့်ကြည့်သည်။ အစကတော့ ဝါးနေ၏။ တဖြည်းဖြည်း ကြည်လင်လာသည်။ ထထိုင်ရန် ကြိုးစားသောအခါ သူ့တစ်ကိုယ်လုံးကို ကြိုးများဖြင့် တုပ်နှောင်ထားပြီဖြစ်ကြောင်း သူ သတိထားမိသည်။ ပြီးတော့ သူ့ကိုယ်ကို တွန့်လိမ်ကာ မက်ဇ်ကို လှမ်းကြည့်သည်။

"ဟေ့ကောင်၊ ဒါ ဘာလုပ်တာလဲ"

ဟု မေးသည်။ မက်ဇ်က သူ့ကို ငုံ့ကြည့်သည်။ လက်ထဲက ဓားမြှောင်ကိုမူ အခတ်မပျက်။

"ကျုပ် မက်ဇ်ဆင်းလေ၊ မမှတ်မိဘူးလား"

မက်ဇ်က သူ့ဆီသို့ လျှောက်သွားသည်။ သူ့လက်ထဲမှ ဓားမြှောင်ကို အလွတ်ကိုင်ထားသည်။ ထိုလူကို ငုံ့ကြည့်ရင်းဖြင့် သူ့ရင်ထဲမှာ နာကျင်လာသည်။ သူ့အိမ်ထဲမှာ မြင်ခဲ့ရသည့် မြင်ကွင်းများကို ပြန်လည် မြင်ယောင်လာသည်။ သို့သော်လည်း သူ စကား စပြောသောအခါ သူ့အသံသည် အလွန် တည်ငြိမ်ပြီး လှုပ်ရှားမှု ကင်းမဲ့နေ၏။

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်မိဘတွေကို သတ်သွားရတာလဲ"

"ငါ သူတို့ကို ဘာမှ မလုပ်ဘူး"

ဟု ပြောရင်း မက်ဇ်၏ လက်ထဲမှ ဓားမြှောင်ကို ဂရုစိုက်ကြည့်နေသည်။

"ကျုပ်အဖေရဲ့ မြင်းကို ခင်ဗျား ဒီမှာ ယူလာတာပဲ"

"သူ ငါ့ကို ရောင်းလိုက်တာပါ"

"မဖြစ်နိုင်ဘူး၊ အဖေ့မှာ ဒီမြင်းတစ်ကောင်တည်း ရှိတယ်"

"ငါ ထထိုင်ပါရစေ"

"ဘာဖြစ်ခဲ့တယ်ဆိုတာ ခင်ဗျား ပြောပြချင်လို့လား"

မက်ဇ်၏ ဓားမြှောင်သည် သူ့ လည်ပင်းပေါ်၌ ထောက်လျက်သား ဖြစ်သွားသည်။

"တခြား ကောင်တွေလုပ်တာ၊ ငါ ဘာမှ မလုပ်ဘူး။ သူတို့က ရွှေလိုချင်လို့တဲ့"

သူ့မျက်လုံးထဲမှာ ကြောက်ရွံ့မှုများ ပေါ်လာသည်။ ကြောက်ဇောဖြင့် ရုတ်တရက် ကျင်ငယ်များ စွန့်သည်ကိုလည်း တွေ့လိုက်ရ၏။

"ငါ သွားပါရစေတော့ အလကားလာပြီး အရှုံးထမနေစမ်းနဲ့ ခွေးကောင်ကလေး"

ဟုလည်း ဆက်အော်သည်။

မက်ဇ်၏ဓားသည် နေရောင်တွင် ဝင်းဝင်းလက်သွားသည်။ မုတ်ဆိတ်နီကြီးဟု ကင်ပွန်းတပ်ခြင်းခံရသော သူရသတ္တိနှင့် ပြည့်စုံသည့် အဖေနှင့် အင်ဒီယန်းခေါင်းဆောင်၏ သမီးတို့မှ ဖွားမြင်လာသောသူသည် မျိုးရိုးသွေးကို ချက်ချင်း ပြတော့သည်။

မက်ဇ်၏ ဓားချက်ဖြင့် သူ့မျက်လုံးသည် ဘယ်သောအခါမှ ပြန်၍ပိတ်နိုင်တော့မည် မဟုတ်။ ပြီးတော့ သူ့အမေ အမွှန်းခံရသကဲ့သို့ပင် သူ့ကိုလည်း မွှန်းလိုက်သည်။

ထို့နောက် တစ်နေရာမှ ပုရွက်ဆိတ်အုံကို သွားယူလာကာ သွေးလိမ်းနေသော သူ့ကိုယ်ပေါ်တွင် တင်ပေးခဲ့သည်။

နောက် လေးရက်ကြာသည့်နေ့ မနက်တွင် မက်ဇ် ပြန်လာကြည့်သောအခါ အသက် ကုန်နေပြီကို တွေ့ရတော့၏။ မက်ဇ်သည် ထိုသူ၏ ဦးခွံရေကို ဆံပင်ပါ ပါအောင် ခွာယူလိုက် သည်။ သူတို့ အင်ဒီးယန်းလူမျိုးတို့၏ ကလဲ့စားချေနည်းအတိုင်း ဖြစ်သည်။

သူ့မြင်းပေါ်သို့ သူ ပြန်တက်ကာ အခြား မြင်းနှစ်ကောင်ကို ဆွဲပြီး ကီအိုဝါတို့၏ နယ်မြေရှိရာ မြောက်စူးစူးသို့ ဆက်လက် ထွက်ခွာလာခဲ့သည်။

မြင်းပေါ်က ဆင်းသောအခါ သူ့အဘိုးသည် တဲတွင်းမှထွက်ပြီး သူ့ကို ကြည့်နေ သည်။ သူ့ဆီသို့ မက်ဇ် ရောက်လာသည်အထိ တိတ်ဆိတ်စွာ စောင့်နေသည်။ မက်ဇ်သည် အဘိုးဖြစ်သူ၏ မျက်လုံးများကို စိုက်ကြည့်လိုက်သည်။

"ကျွန်တော့် လူမျိုးများရှိရာကို ကျွန်တော် ဝမ်းနည်းကြေကွဲစွာနဲ့ လာခဲ့ပါတယ်"

ဟု ကီအိုဝါဘာသာဖြင့် ပြောသည်။ ခေါင်းဆောင်သည် ဘာမှ မပြော။

"ကျွန်တော့် အဖေနဲ့အမေ သေဆုံးသွားကြပါပြီ"

အဘိုးကြီးသည် ယခုအချိန်အထိ ဘာမှ ပြန်မပြောသေး။ မက်ဇ်သည် သူ ခွာယူခဲ့ သည့် လူဆိုး၏ ဦးခွံရေကို အဘိုး၏ရှေ့သို့ ပစ်ချလိုက်သည်။

"လူသတ်သမားတွေထဲက တစ်ယောက်ရဲ့ ဦးခွံရေကို ကျွန်တော် ခွာယူခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ကြေကွဲဝမ်းနည်းနေတဲ့ အချိန်တွေကို ကုန်လွန်စေဖို့အတွက် ကျွန်တော့်အဘိုး ရှိရာ၊ သူရသတ္တိနဲ့ ပြည့်စုံတဲ့ ခေါင်းဆောင်ကြီးရှိရာကို ကျွန်တော် လာခဲ့ပါတယ်"

အဘိုးသည် ဦးခွံရေကို ငုံ့ကြည့်သည်။ ပြီးတော့ မက်ဇ်ကို ကြည့်သည်။

"အဘိုးတို့ဟာ အရင်တုန်းကလို မြေပြန့်ဒေသတွေမှာ လှည့်လည်သွားလာဖို့ လွတ်လပ်ခွင့် မရှိတော့ဘူး။ မျက်လုံးဖြူတွေ ခွင့်ပြုတဲ့နေရာမှာ နေနေရပြီ။ ငါ့မြေး ဒီကို လာတာ များ သူတို့ မြင်သွားကြသေးသလား"

ဟု အခြေအနေကို ရှင်းပြသည်။

"မမြင်ပါဘူး။ သူတို့ နောက်ဘက်မှာရှိတဲ့ တောင်ကုန်းတွေကတစ်ဆင့် ကျွန်တော် လာခဲ့တာပါ"

အဘိုးသည် ဦးခွံရေကို ငုံ့ကြည့်လိုက်ပြန်သည်။ ရန်သူ၏ ဦးခွံတစ်ခု သူ့တဲရှေ့မှာ ချိတ်ဆွဲထားခဲ့သည်မှာ ကြာပြီ။ ယခု နောက်ထပ်တစ်ခုကို ချိတ်ခွင့်ရပေဦးမည်။ သူ့ရင်ထဲမှာ ဂုဏ်ယူသည့်စိတ်များဖြင့် ပြည့်လာသည်။ မက်ဇ်ကို ငုံ့ကြည့်လိုက်ပြန်၏။ မျက်လုံးဖြူများသည်

သူ့ခန္ဓာကိုယ်ကို ထောင်သွင်းအကျဉ်းချထားနိုင်ကြမည် ဖြစ်သော်လည်း သူ့စိတ်ဓာတ်ကိုကား ချုပ်နှောင်နိုင်ကြမည် မဟုတ်။ ဦးခွံရေကို ကောက်ယူကာ အိမ်ရှေ့ရှိ တိုင်မှာ ချိတ်ထားလိုက်သည်။

"သစ်ပင်တစ်ပင်မှာ အကိုင်းပေါင်း မြောက်မြားစွာ ရှိပါတယ်။ အကိုင်းတစ်ကိုင်းကို ဖြတ်လိုက်မယ်ဆိုရင် ဒီနေရာမှာ အစားထိုးဖို့ အခြားအကိုင်းတွေ ရှိပါသေးတယ်။ ဆက်လက်ကြီးထွားဖို့ အကိုင်းတွေ ကျန်သေးတယ်။ သူတို့ရဲ့ ဝိညာဉ်တွေက ဘယ်အရပ် ဘယ်ဒေသမှာ နေထိုင်ရမယ်ဆိုတာကို ရှာဖွေကြလိမ့်ဦးမယ်"

ခေါင်းဆောင်သည် သူ့ခေါင်းမှ ငှက်မွေးတစ်ချောင်းကို ထုတ်ယူပြီး မက်ဇ်ကို ကမ်းပေးသည်။

"ဟောဟိုမှာ မိန်းကလေးတစ်ယောက်ရှိတယ်။ သူရဲ့ သူရဲကောင်းဟာ မြင်းပေါ်က ကျပြီး ဆုံးသွားတာ နှစ်ရက်ပဲ ရှိသေးတယ်။ သူဟာ မင်္ဂလာတုတ်ကိုလည်း ထုတ်ယူပြီးဖြစ်တယ်၊ အခုဆိုရင် မြစ်ကမ်းနဖူးက တဲထဲမှာ တစ်ကိုယ်တည်း ရှိနေတယ်။ သေဆုံးသွားသူ သူရဲကောင်းရဲ့ ဝိညာဉ် ပြန်ရောက်လာသည်အထိ အဲဒီမှာ နေလိမ့်မယ်။ အဲဒီ မိန်းကလေးကို ငါ့မြေး အခု သွားယူပေတော့"

"အခု သွားရမှာလား အဘိုး"

"ဟုတ်တယ်။ အခု ဒီအချိန်ဟာ ငါ့မြေးမှာ စစ်သွေးစစ်မာန်တွေ ကြွနေချိန် ဖြစ်တယ်။ တိုက်ချင်ခိုက်ချင်စိတ်တွေ တဖွားဖွား တက်နေချိန် ဖြစ်တယ်။ ဒီအချိန်ဟာ မိန်းမယူဖို့ အကောင်းဆုံးအချိန် ဖြစ်တယ်"

မက်ဇ်သည် သူ၏ မြင်းများကို ဆွဲပြီး မြစ်ကမ်းရှိရာဘက်သို့ ဆင်းလာခဲ့သည်။ အင်ဒီးယန်းများသည် သူ့ကို တိတ်ဆိတ်စွာ စိုက်ကြည့်နေကြသည်။ သူသည် ရင်ကိုကော့ ခေါင်းကို မော့ကာ လျှောက်လာခဲ့သည်။ မြစ်ကမ်းသို့ ရောက်သောအခါ ကမ်းရိုးအတိုင်း ဆက်လာခဲ့သည်။

တဲတစ်လုံးကို တွေ့သောအခါ အနီးတွင် သူ့မြင်းများကို ချည်နှောင်၏။ ပြီးတော့ ဘဲဝသို့ လျှောက်သွားသည်။ ကဲလားကို မကြည့်လိုက်သောအခါ အထဲတွင် မည်သူ တစ်စုံတစ်ယောက်မျှ မရှိ။ ကဲလားကို ပြန်ပိတ်ခဲ့ပြီး အပြင်ဘက်သို့ ကြည့်သည်။ မည်သူမျှ မရှိ။ တဲနောက်ဘက်သို့ လျှောက်လာခဲ့ပြီး အသင့်တွေ့ရသော ကျွဲသားရေခင်းထားသည့် အခင်းပေါ်မှာ ထိုင်၏။

တစ်အောင့်အကြာတွင် မိန်းကလေးသည် မြစ်ဘက်မှ တက်လာ၏။ သူ့တစ်ကိုယ်လုံး ရေများ ရွှဲနေသည်။ မက်ဇ်ကို တွေ့သောအခါ ရပ်ကြည့်နေပြီး ထွက်ပြေးရန် ဟန်ပြင်၏။

သူသည် ကလေးသာသာ အရွယ်ကလေး ဖြစ်သည်။ (၁၄)နှစ်၊ အလွန် ရှိလှမှ (၁၅)နှစ်သာ ရှိပေဦးမည်။ အဘိုးဖြစ်သူက ဘာကြောင့် ဤသို့ လွှတ်လိုက်ကြောင်းကို သူ ချက်ချင်း နားလည်လိုက်သည်။ ထို့ကြောင့်လည်း သူ ယူလာသည့် ငှက်မွေးကို မိန်းကလေးဆီသို့ မြှောက်ကိုင်လိုက်ရင်း. . .

"မကြောက်ပါနဲ့၊ သူရသတ္တိနဲ့ ပြည့်စုံတဲ့ အကြီးအကဲက လွှတ်လိုက်တာပါ။ ဒါကြောင့် ဘို့နှစ်ယောက်ဟာ တို့ကိုယ်ထဲမှာရှိနေတဲ့ အကုသိုလ်တွေကို အပြန်အလှန် မောင်းထုတ်နိုင်ကြမှာ ဖြစ်တယ်"

ဟု ညင်ညင်သာသာ ပြောလိုက်သည်။

(၆)

မက်ဇ်သည် ရထားလမ်းကိုကျော်ပြီး နောက်ဆုံး နွားတစ်ကောင်၏ နောက်မှကပ်၍ မြင်းပေါ်တွင် ခွလျက်သား လိုက်ပါလာသည်။ ခြံတွင်းသို့ နွားများအားလုံး သွင်းပြီးသောအခါ ခြံဘုံခါးကို သူ ပိတ်ခဲ့သည်။ ခေါင်းပေါ်မှ ဦးထုပ်ကိုချွတ်ပြီး ယင်းလက်ဖြင့် မျက်နှာပေါ်မှ ချွေးများကို သုတ်ပစ်လိုက်သည်။

ကောင်းကင်သို့ မော့ကြည့်သောအခါ အလွန် ပူပြင်းနေသည့်နေကို တွေ့ရသည်။ နေ့မွန်းတည့်ချိန် ဖြစ်သည်။ နွားများသည် သူတို့လာရသည့် ခရီးဆုံးပြီဖြစ်ကြောင်း သိသည့်အလား မြေကြီးပေါ်သို့ လှဲအိပ်စပြုနေကြ၏။ တက်ဆပ်ပြည်နယ်မှတစ်ဆင့် မီးရထားလမ်းအတိုင်း ကင်းဆပ်မြို့သို့ သူတို့ကို မောင်းယူခဲ့ခြင်း ဖြစ်သည်။

မက်ဇ်သည် ဦးထုပ်ကို နောက်သို့ လှန်ချရင်း သူ့သူ့ဌေးနှင့် နွားဝယ်သူတို့ စကားပြောနေရာသို့ မြင်းစီးပြီး ထွက်လာခဲ့သည်။ သူတို့ဘေးမှာ သူမြင်းကို ရပ်လိုက်သောအခါ ဖာရာက သူ့ကို မော့ကြည့်သည်။

"နွားတွေအားလုံး ခြံထဲရောက်ပြီလား"

"အားလုံး ရောက်ပါပြီ မစ္စတာဖာရာ"

"ကောင်းတယ်"

ဟု ပြောကာ နွားဝယ်သူဘက်သို့ လှည့်ပြီး တစ်ဆက်တည်း ပြောသည်။

"ရေလို့ ပြီးပြီနော်။ အားလုံး တစ်သောင်းတစ်ထောင်နဲ့ ဆယ်ကောင်ပေါ့"

"မှန်ပါတယ်"

ဟု ဝယ်သူက ပြန်ပြောသည်။ ဖာရာသည် ခြံစည်းရိုးပေါ်တွင် ခွထိုင်ရာမှ အောက်သို့ ခုန်ဆင်းသည်။

"ဒီလိုဆိုရင် ညနေကျမှပဲ ခင်ဗျား ရုံးကိုလာပြီး ငွေယူတော့မယ်"

"ဟုတ်ကဲ့၊ ကျွန်တော် အဆင်သင့် လုပ်ထားပါ့မယ်"

ဟု ဝယ်သူက ပြန်ဖြေသည်။ ဖာရာသည် သူ့မြင်းပေါ်သို့တက်ရင်း မက်ဇ်ဘက်သို့ လှည့်ပြော၏။

"ချာတိတ်လာဟေ့။ တို့ ဟိုတယ်သွားပြီး ရေကလေး၊ မိုးကလေး ချိုးကြရအောင်"

ဟု ပြောကာ ဟိုတယ်သို့ လာခဲ့ကြသည်။

"အောင်မယ်လေး အခုမှပဲ ကိုယ်တွေလက်တွေ ပေါ့သွားတော့တယ်၊ ပေါင်နှစ်ဆယ်လောက်များ လျော့သွားသလား အောက်မေ့ရတယ်"

ဟု ဖာရာက ပြောသည်။

"ဟုတ်တယ်၊ ကျွန်တော်လည်း တော်တော်ပေါ့သွားတယ်"

ဟု မက်ဇ်က ဖိနပ်စီးပြီး ကိုယ်ကို မတ်မတ်ရပ်လိုက်ရင်း ပြန်ဖြေသည်။

ရေမိုးချိုးပြီး အဝတ်အစားများ လဲကြသောအခါ ဖာရာသည် မက်ဇ်ကို ကြည့်ပြီး အံ့သြနေသည်။ မက်ဇ်သည် သမင်ရေ အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ထားသည်။ သူ၏ ခွာမြင့်သော ကောင်းဘွိုင်ဖိနပ်သည် မှန်ကြည့်၍ ရနိုင်သည် ထင်ရလောက်အောင် တောက်ပြောင်နေသည်။ သူ့အသားများသည် နေလောင်ထား၏။ ပခုံးပေါ် ထောက်ကျနေသည့် ဆံပင်များသည် နက်ပြာရောင် ပြေးနေ၏။

"ချာတိတ်၊ မင်း ဒီအဝတ်အစားတွေ ဘယ်ကများ ရလာတာလဲ"

"ကျွန်တော့်အတွက် အမေနောက်ဆုံး ချုပ်ပေးသွားတာတွေလေ"

မက်ဇ်စကားကို ကြားသောအခါ ဖာရာက ရယ်ပြီး ပြန်ပြောသည်။

"ကောင်းတယ်။ ဒီအဝတ်အစားတွေ ဝတ်လိုက်တော့ မင်း အင်ဒီးယန်းနဲ့ တူသွားတယ်"

"ကျွန်တော်က အင်ဒီးယန်းပဲ"

ဟု မက်ဇ်က ပြုံးရင်း ခပ်တိုးတိုး ပြန်ဖြေသည်။ ထိုအခါ ဖာရာသည် အရယ်ရပ်ပြီး တည်သွားသည်။

"အင်ဒီးယန်း ကပြား မဟုတ်လား။ မင်းအဖေက လူဖြူပဲ၊ လူကောင်းတစ်ယောက်ပဲ၊ ဆမ်မြူယယ်ဆင်းနဲ့ ငါ တွဲပြီး နှစ်ပေါင်းများစွာ အမဲလိုက်ခဲ့ဖူးကြတယ်။ မင်းအဖေအတွက် မင်း ဂုဏ်ယူသင့်ပါတယ်"

"ကျွန်တော် ဂုဏ်ယူပါတယ် မစ္စတာဖာရာ၊ ကျွန်တော့် အဖေနဲ့အမေကို လူဖြူတွေကပဲ သတ်သွားတာပါပဲဗျာ"

မက်ဇ်သည် ကုလားထိုင်ပေါ်မှ သူ၏ သေနတ်နှင့် ခါးပတ်ကို ကောက်ယူပြီး ခါးမှာ ပတ်နေသည်။ ဖာရာက သေနတ်အိတ်ကို လှမ်းကြည့်လိုက်သည်။

"ဒီကောင်တွေရှာတဲ့ အလုပ်ကို မင်း လက်မလျှော့သေးဘူးလား"

"လက်မလျှော့သေးပါဘူး ခင်ဗျာ"

"ကင်းဆပ်မြို့ဟာ အကြီးကြီးပဲ။ မင်း သူတို့ကို ဒီနေရာမှာ ဘယ်လိုလုပ် တွေ့အောင်

ရှာနိုင်မလဲ"

"သူ ဒီမြို့မှာ ရှိတယ်ဆိုရင် ကျွန်တော် တွေ့ရမှာပေါ့။ ဒီမြို့မှာ သူ ရှိနိုင်စရာလည်း အကြောင်းရှိတယ်၊ ပြီးရင် တက်ဆပ်အနောက်ပိုင်းကို သွားပြီး ကျန်တဲ့တစ်ယောက်ကို ရှာရမယ်"

သူ့အပြောကြောင့် ဖာရာသည် ခဏတိတ်နေ၏။

"ဒီလိုဆိုရင် မင်း အခုလိုပဲ အမြဲဝတ်။ ဒါမှ မင်းကို မမှတ်မိဘဲ ဖြစ်မယ်"

"သူ မှတ်မိဖို့ လိုပါတယ်။ သူ ဘာကြောင့် သေရတယ်ဆိုတာ သိစေချင်တယ်"

ဖာရာသည် သူ့ကို မျက်နှာလွှဲပြီး ရှပ်အင်္ကျီတစ်ထည်ကို ကောက်ဝတ်နေသည်။ သူ့အဝတ် ဝတ်ပြီးသည်အထိ မက်ဇ်က စောင့်နေသည်။ ဘောင်းဘီကို ဖာရာ ဆွဲတင်လိုက်သော အခါကျမှ သူက စကားဆက်ပြောသည်။

"ဒီလိုဆိုရင် ကျွန်တော့်အလုပ် ကျွန်တော် ဆက်လုပ်တော့မယ် မစ္စတာဖာရာ"

ဖာရာသည် သူ့စားပွဲဆီသို့ လျှောက်သွားပြီး ပိုက်ဆံအိတ်ကို ယူလိုက်သည်။

"ဟေ့၊ ဒီမှာ မင်းအတွက် လေးလခ ဒေါ်လာရှစ်ဆယ်၊ ပြီးတော့ မင်း ဖဲနိုင်ထားတာက ဒေါ်လာခြောက်ဆယ်"

"ကျေးဇူးတင်ပါတယ် မစ္စတာဖာရာ"

မက်ဇ်သည် ငွေများကို ရေမကြည့်တော့ဘဲ ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်သည်။

"ဒါဖြင့်ရင် မင်း ငါ့ဆီ ပြန်မလာတော့ဘူးပေါ့။ ငါနဲ့အတူတူ ပြန်မလိုက်တော့ဘူးပေါ့"

"ဟုတ်ပါတယ် မစ္စတာဖာရာ ကျေးဇူးတင်ပါတယ်"

"ဒီစိတ်မျိုးတွေကို မင်းရင်ထဲမှာ အမြဲမထားပါနဲ့ကွာ၊ စိတ်ပင်ပန်းတာပေါ့။ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး စိတ်ဒုက္ခပေးနေတာနဲ့ အတူတူပဲ"

ဟု အဘိုးကြီးက ပြောသည်။

"ဒီစိတ်ကို ကျွန်တော် ဖျောက်လို့ မရပါဘူး ခင်ဗျာ။ ဒီလူတွေ လုပ်သွားတာကို ကျွန်တော် ဘယ်တော့မှ မမေ့နိုင်ပါဘူး"

မက်ဇ်သည် ခပ်ဖြည်းဖြည်းပြောရင်း အခန်းအပြင်သို့ ထွက်သွားတော့သည်။

* * *

လူငယ်ကလေးကို ကြည့်ပြီး မေရီဂရေဒီက ပြုံးနေသည်။

"ငါ အဝတ်တွေ ချွတ်နေတုန်း မင်းဝီစကီကို ကုန်အောင်သောက်လိုက်နော်"

ဟုလည်း ဆက်ပြောသည်။

လူငယ်ကလေးက မေရီကို စောင့်ကြည့်ပြီး ဝီစကီများကို အမြန်ဆုံးကုန်အောင် သောက်ပစ်လိုက်သည်။ သီးမလို ဖြစ်သွားသဖြင့် ချောင်းတစ်ချက်ဟန့်ပြီး အိပ်ရာစွန်းမှာ သွားထိုင်နေနှင့်သည်။

မေရီက အင်္ကျီကို ခေါင်းပေါ်မှ ကျော်ချွတ်ရင်း သူ့ကို လှမ်းကြည့်သည်။

"ဘယ်လိုနေသလဲ"

"ကောင်းပါလိမ့်မယ်။ ကျွန်တော် တစ်ခါမှ ဒါလောက်များများ အရက် မသောက်ဖူးဘူး"

မေရီသည် သူ့ကိုယ်ပေါ်မှ အဝတ်များကို ချွတ်၍ လက်တစ်ဖက်ပေါ်တင်ရင်း သူ့ဆီသို့ လျှောက်လာကာ ငုံ့ကြည့်သည်။

"မင်း ခဏလှဲပြီး မျက်စိမှိတ်ထားလိုက်၊ ခဏဆိုရင် ကောင်းသွားမှာပဲ"

မေရီကို သူ ပြန်မော့ကြည့်သည်။ ဘာမှ မပြောနိုင်တော့။ မေရီက သူ့ပခုံးစွန်းကို တွန်းပြီး အိပ်ရာပေါ်မှာ လှဲအိပ်စေလိုက်သည်။ သေနတ်ခါးပတ်ကို သူ မြဲမြဲကိုင်ထားသေး၏။ သို့သော်လည်း အား မရှိတော့။ အိပ်ရာပေါ်မှာ ကန့်လန့်ဖြတ် လဲကျသွားတော့သည်။

မေရီသည် အလွန် ကျွမ်းကျင်စွာဖြင့် ကိုယ်ကိုကိုင်းပြီး ငုံ့ကြည့်၏။ ပြီးတော့ သူ့မျက်ခွံများကို လက်ဖြင့် ဖွင့်ကြည့်သည်။ လူငယ်ကလေးသည် ကောင်းစွာ သတိလစ်သွားပြီ။ ပြတင်းပေါက်ရှိရာသို့ လျှောက်လာရင်း အပြင်လမ်းထဲသို့ လှမ်းကြည့်သည်။

လမ်းတစ်ဖက်ရှိ ဆိုင်ရှေ့တွင် ရပ်နေသော သူ့လူကို လက်လှမ်းပြလိုက်သည်။ သူ့လူက ဟိုတယ်ရှိရာသို့ ထွက်လာ၏။ မေရီ အဝတ်အစားများ ပြန်ဝတ်ပြီးသောအခါ သူ့လူ

ရောက်လာသည်။ မေရီသည် ပြည့်တန်ဆာဖြစ်ပြီး သူလှသည် ခေါင်း ဖြစ်သည်။

"ဒီကောင်လေး ဒီရောက်အောင် ခေါ်တာများ ဒါလောက် ကြာရသလား"

ဟု ခေါင်း လုပ်သူက ကြိမ်းသည်။

"ကျွန်မ ဘယ်တတ်နိုင်ပါ့မလဲ၊ သူကမှ အရက်မသောက်ဘဲ၊ ငယ်ငယ်လေးပဲ ရှိသေးတယ်"

"သူ့မှာ ပိုက်ဆံ ဘယ်လောက်ပါသလဲ"

"ကျွန်မလည်း မသိဘူး။ သူ့ဘောင်းဘီအိတ်ထဲမှာ နှိုက်ယူလိုက်ပါ။ ကျွန်မတို့ လစ်ကြစို့။ ဒီဟိုတယ်က ကျွန်မကို သိပ်ကြည်ဖြူချင်တာ မဟုတ်ဘူး"

ခေါင်းလုပ်သူသည် ခုတင်ဆီသို့ လျှောက်သွားကာ လူငယ်၏ ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံများကို နှိုက်ယူလိုက်သည်။ ပိုက်ဆံများကို ခပ်မြန်မြန် ရေတွက်နေ၏။

"ဒေါ်လာ တစ်ရာ့သုံးဆယ်"

"ဒေါ်လာ တစ်ရာ့သုံးဆယ်။ ဒါဆိုရင် တော်လောက်ပါပြီ။ ကျွန်မ အိမ်ကိုသွားပြီး နားကြရအောင်"

ဟု မေရီက သူ့အနားသို့ ကပ်သွားပြီး ပြောသည်။

"မင်း ရူးနေသလား။ အခုမှ ဆယ့်တစ်နာရီပဲ ရှိသေးတယ်။ ဒီည နောက်ထပ် သုံးကောင်လောက် အပိုင်ကြံနိုင်သေးတယ်"

မေရီက သူ့ပစ္စည်းများကို သိမ်းနေခိုက် ခေါင်းလုပ်သူက ခုတင်ပေါ်မှ လူကို စိုက်ကြည့်နေသည်။

"မေရီ ဝီစကီပုလင်းပါ လစ်ခဲ့ဖို့ မမေ့နဲ့"

"စိတ်ချပါ"

"ဒီကောင့် ကြည့်ရတာ ကောင်းဘွိုင်နဲ့ မတူပါဘူး။ အင်ဒီးယန်းတစ်ယောက်နဲ့ ပိုတူနေတယ်"

"ဟုတ်တယ်။ သူ လူတစ်ယောက်ကို ရှာနေတာတဲ့။ ကျွန်မကို ပြောတာ။ အဲဒီလူရဲ့လက်ထဲမှာ အင်ဒီးယန်းအမျိုးသမီးရဲ့ အရေခွံနဲ့ လုပ်ထားတဲ့ ဆေးအိတ်ရှိသတဲ့။ ဒါကြောင့် သူ ရှာနေတဲ့ လူကို ကျွန်မ သိတယ်လို့ပြောပြီး ဒီနေရာအရောက် ခေါ်ခဲ့ရတာ"

မေရီက ရယ်ရင်း ပြောသည်။

"ဒီကောင် သေနတ်လည်း ပါလာတယ်ဆိုတော့၊ အင်း ဟုတ်ပါပြီ၊ သူ ရှာနေတဲ့လူဟာ ဒီအကြောင်းသိရင် တစ်ခုခုတော့ အဖိုးတန်မှာပဲ"

"သူ ဘယ်သူ့ကို ရှာနေတယ်ဆိုတာ ရှင် သိလို့လား"

"ငါ ထင်တဲ့လူပဲ ဟုတ်ပါလိမ့်မယ်၊ ကဲ လာ သွားစို့"

* * *

မေရီ၏ အမျိုးသားသည် သူ့ကို မတွေ့တွေ့အောင် ရှာ၏။ တွေ့သောအခါ သန်းခေါင်ကျော် နှစ်နာရီ ထိုးပေပြီ။ ရွှေလင်းယုန်ဟိုတယ် နောက်ဘက်ခန်းတွင် ဖဲကစားနေသည်ကို သွားတွေ့ရ၏။

"မစ္စတာဒေါ့"

ဟု ခေါ်ရင်း ပခုံးကို သွားပုတ်လိုက်သည်။

"ဟေ့ကောင် ဘာတုံး"

"ဝမ်းနည်းပါတယ် မစ္စတာဒေါ့"

သူသည် အမြန်ဆုံး တောင်းပန်စကား ပြောလိုက်သည်။ သူ့နှုတ်ခမ်းများကို ချောက်ချားစွာဖြင့်လည်း လျက်လိုက်မိ၏။

"ကျွန်တော့်မှာ သတင်းတစ်ခု ရှိပါတယ်။ ခင်ဗျားအတွက် အဖိုးတန်လိမ့်မယ် ထင်ပါတယ်"

သူသည် ပြောရင်းဖြင့် ပတ်လည်ကို လှည့်ကြည့်သည်။ စားပွဲပေါ်မှာ ဆေးအိတ်တင်ထားသည်ကို မြင်ရသည်။

"ဒီကိစ္စက နှစ်ကိုယ်ချင်းပြောဖို့ ကောင်းပါတယ် မစ္စတာဒေါ့၊ ဟောဟို ဆေးအိတ်နဲ့ ပတ်သက်ပါတယ်"

ဟု ပြောရင်း စားပွဲပေါ်မှ ဆေးအိတ်ကို လှမ်းပြသည်။ ဒေါ့က ရယ်သည်။

"ဩော် ဒါလား၊ အင်ဒီးယန်းအရေခွံနဲ့ ချုပ်ထားတဲ့ ဆေးအိတ်ပါကွ၊ လူတိုင်းက ဒါကိုပဲ လာဝယ်နေကြတယ်။ ရောင်းဖို့ မဟုတ်ဘူး"

"မဟုတ်သေးဘူး မစ္စတာဒေါ့"

ဟု သူက လေသံဖြင့် ပြောသည်။

"ဟော့ကောင် မင်း ဘာတွေ လာပြောနေတာလဲ"

"ဒီအိတ်ဟာ တစ်ခုခုတော့ တန်နေတယ် ထင်ပါတယ်"

ဒေါ့သည် ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။ သူ့ဂျာကင်အင်္ကျီကို ဆွဲ၍ ချုပ်ကိုင်ပြီး နံရံဆီသို့ တွန်းကပ်လိုက်သည်။

"ဘာပြောချင်တာလဲကွ"

"ဒီအိတ်ဟာ တစ်ခုခု တန်ဖိုး ရှိနေပါလိမ့်မယ် မစ္စတာဒေါ့"

မေရီ၏ အမျိုးသားသည် တုန်လှုပ်ချောက်ချားစ ပြုလာပြီ ဖြစ်၏။ ကြောက်စိတ်ကြောင့် သူ့မျက်လုံးများ ပြူးကျယ်လာသည်။ ဒေါ့သည် ဤမြို့တွင် ကြောက်စရာ အကောင်းဆုံးသော လူသတ်သမားတစ်ယောက် ဖြစ်သည်။

"ဟုတ်ပြီ။ ဒီဥစ္စာ တန်ဖိုးတစ်ခုခု ရှိရမယ်။ ကဲပြော၊ ခပ်မြန်မြန် မပြောရင်"

"အင်ဒီးယန်းလူငယ်တစ်ယောက် ဒီမြို့ကို ရောက်လာပြီး ခင်ဗျားကို လိုက်ရှာနေပါတယ်။ သူ့မှာ သေနတ်လည်း ပါပါတယ်"

ဟု ကြောက်ကြောက်လန့်လန့်ဖြင့် ပြောသည်။

"အင်ဒီးယန်းလူငယ်"

ဒေါ့က ပြန်မေးရင်း သူ့လက်များကို အနည်းငယ် ဖြေလျှော့ပေးလိုက်သည်။

"ပုံသဏ္ဌာန်က ဘယ်လိုလဲ"

ပုံပန်းသဏ္ဌာန်ကို မြန်မြန် ပြောပြသည်။

"မျက်လုံးပြာသလား"

"ပြာပါတယ်။ ကျွန်တော့်ဆီက ကောင်မလေးတစ်ယောက်ကို ခေါ်သွားတုန်းက ကျွန်တော် မြင်လိုက်ရတာပါ။ ဒါကြောင့် သူဟာ အင်ဒီးယန်းဖြစ်ကြောင်း ကျွန်တော် သိတာပါ။ ခင်ဗျား သူ့ကို သိသလား"

"ငါ သိတယ်။ ဟောဒီအိတ်ဟာ သူ့အမေရဲ့ အရေခွံ"

ဟု ပြောရင်း စားပွဲပေါ်မှ ဆေးအိတ်ကို ကောက်ယူကာ အိတ်ထဲသို့ထည့်ထားလိုက်သည်။

"ခင်ဗျား ဘာလုပ်မှာလဲ"

ဟု မေရီ၏အမျိုးသားက မေးသည်။

"ဘာလုပ်မလဲ ဟုတ်လား"

ဒေါ့က ခြောက်ကပ်ကပ် ပြန်မေးလိုက်သည်။ ပတ်လည်ရှိလူများကို သူ လှည့်ကြည့်သည်။ အားလုံးက သူ့ကို ကြည့်နေကြသည်။ သူ ထွက်ပြေး၍ မဖြစ်။ ပြေးလျှင် သူ့သိက္ခာ ကျသွားမည်။ ဒီပတ်ဝန်းကျင်မှာ သူ ခေါင်းထောင်နိုင်တော့မည် မဟုတ်။

"ဘာလုပ်မလဲ၊ ဟုတ်လား။ မနှစ်က ငါ လုပ်သလိုပဲ လုပ်ရမှာပေါ့ကွ၊ ဒီကောင်ကို သတ်မယ်၊ ဘယ်မလဲ ဒီကောင်"

"ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

ဟု ပြောရင်း ထွက်ခဲ့ကြသည်။

"နေကြပါဦး။ တို့လည်း ပွဲကြည့်ပရိသတ်အဖြစ် လိုက်ခဲ့ပါရစေဦး"

ဟု ဘေးမှ လူများကပါ ပြောရင်း သူတို့နောက်သို့ လိုက်သွားကြသည်။

ဟိုတယ်သို့ သူတို့ရောက်သောအခါ မက်ဇ်သည် ထွက်သွားနှင့်ချေပြီ။ မနက်ဖြန်တွင် သူ့ကို မည်သည့်နေရာတွင် တွေ့နိုင်မည်ဖြစ်ကြောင်း ဟိုတယ်စာရေးက သူတို့ကို ပြောပြသည်။ မနက်ဖြန် မွန်းလွဲနှစ်နာရီ၌ နွားခြံထဲမှာ တွေ့နိုင်မည် ဖြစ်သည်။ ဟိုတယ်ခများ ရရန်ရှိသည့်အတွက် စာရေးနှင့် ချိန်းထားခြင်း ဖြစ်သည်။ ဒေါ့က စာရေးဆီသို့ ဒေါ်လာတစ်ပြားကို ပစ်ပေး

လိုက်သည်။

"ဟောဒီမှာ သူ့ဆီက မင်း ရရမယ့်ပိုက်ဆံ၊ ငါ ရှင်းပေးခဲ့မယ်"

*　*　*

မက်ဇ်သည် နွားကလေးများကို အစာခွက်ဆီသို့ ရောက်အောင် မောင်းသွင်းနေသည်။ ဖာရာက ခြံစည်းရိုးကိုမှီရင်း သူ့ကို ရပ်ကြည့်နေသည်။ သူ့ဘေးမှ လူတစ်ယောက်ကလည်း ခြံစည်းရိုးကိုမှီရင်း ရပ်နေသည်။

"ဒီချာတိတ်ဟာ မြင်းတွေရဲ့ အကြောင်းကိုတော့ အင်မတန် သိတယ်"

ဟု ဖာရာက ထိုသူကို မကြည့်ဘဲ ပြောသည်။

ထိုသူက. . .

"အင်း"

ဟု တစ်လုံးသာ ပြောသည်။ မည်သို့မျှ ထင်မြင်ချက် မပေး။ လိပ်၍ ပြီးသွားသော စီးကရက်ကို ပါးစပ်မှာ တပ်လိုက်သည်။

"မီးခြစ် ရှိသလား"

"ရှိပါတယ်"

ဟု ပြောရင်း ဖာရာက မီးခြစ်နှိုက်ပြီး ခြစ်ပေးလိုက်သည်။ ထိုသူ၏ လက်ထဲမှ ဆေးအိတ်ကို မြင်လိုက်ရသောအခါ ဖာရာ၏လက် တွန့်သွားသည်။ ဖာရာ ကြည့်ရာသို့ ထိုသူက လိုက်ကြည့်သည်။

"ခင်ဗျား ဘာကို ကြည့်တာလဲ"

"အဲဒီ ဆေးအိတ်၊ ဒီလိုဟာမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

သူ့စကား ဆုံးသောအခါ ထိုသူက ရယ်သည်။

"ဘာမှ မဟုတ်ပါဘူးဗျာ။ အင်ဒီးယန်းမတစ်ယောက်ရဲ့ အရေခွံပါ။ ဆေးလိပ်လိပ်တဲ့ ဆေးထည့်ထားဖို့ကတော့ အကောင်းဆုံးပဲဗျ။ ဆေးမှိုမတက်ဘူး။ အမြဲတမ်း လတ်ဆတ်နေတာပဲ၊ ဒါမျိုး ရဖို့လည်း မလွယ်ဘူး။ ဒီတစ်ခုကို တော်တော် ရှားရှားပါးပါး ရထားတာ"

ဖာရာသည် မက်ဇ်ကို အချက်ပြရန် ကြိုးစားလိုက်သည်။ သို့သော်လည်း သူ့နောက်က အသံတစ်သံ ပေါ်ထွက်လာသည်။

"ကျုပ်သာ ခင်ဗျားဆိုရင် ဒီလို အချက်ပြတာမျိုးကို မိုက်မိုက်မဲမဲ မလုပ်ဘူး"

နောက်ဘက်မှ လှုပ်ရှားသံများကို ကြားရသည်။ သူ့နောက်မှာ အခြား လူများလည်း ရှိနေပြီဖြစ်ကြောင်း ဖာရာ သိလိုက်သည်။ ထို့ကြောင့်လည်း နွားများကို ခြံတွင်းသွင်းနေသည့် မက်ဇ်ကို စိတ်မသက်မသာဖြင့် သူ လှမ်းကြည့်နေလိုက်တော့သည်။ မက်ဇ်သည် နောက်ဆုံး နွားများကို သွင်းပြီးသောအခါ သူတို့ဆီသို့ မြင်းစီးလာသည်။ အနားရောက်သောအခါ မြင်းပေါ်မှ ဆင်းပြီး မြင်းကို တိုင်မှာ သွားချည်သည်။

"အားလုံး ပြီးပါပြီ မစ္စတာဖာရာ"

ပြုံးရင်း ဖာရာကို လှမ်းပြော၏။

"မင်း မြင်းစီး အတော်သားပဲ ချာတိတ် ရော့။ ဆေးလိပ် လိပ်သောက်ပါဦးကွ"

ဟု ထိုသူက မက်ဇ်ကို လှမ်းပြောရင်း သူ့လက်ထဲမှ ဆေးအိတ်ကို လှမ်းပစ်ပေးသည်။ မက်ဇ်က အလွယ်တကူ ဖမ်းယူလိုက်သည်။

"ကျေးဇူးတင်ပါတယ် မစ္စတာ"

ဟု ပြောရင်း လက်ထဲမှ ဆေးအိတ်ကို ဖွင့်ရန် ငုံ့ကြည့်သည်။ ပြီးတော့ ဆေးအိတ်ပေးသူကို ပြန်မော့ကြည့်သည်။ တစ်ဖန် ဆေးအိတ်ကို ငုံ့ကြည့်ပြန်သည်။ သူ့မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။

ဆေးအိတ်သည် သူ့လက်ထဲမှ လွတ်ကျသွား၏။ အထဲမှ ဆေးများ မြေကြီးပေါ်သို့ ထွက်ကျလာသည်။ မက်ဇ်က ထိုသူကို မော့ကြည့်လိုက်ပြန်၏။

"ကျုပ် ခင်ဗျားကို မသိဘူး။ ခင်ဗျား ဒါ မလုပ်သင့်ဘူး"

"ထားပါတော့လေ"

ဒေါ့က မခိုးမခန့် ရယ်ရင်းပြောသည်။

"ခင်ဗျားဟာ သူတို့ထဲက တစ်ယောက်ကိုး။ ဟုတ်ပြီ၊ ကျုပ် မှတ်မိပြီ"

မက်ဇ်ကပြောရင်း နောက်သို့ တဖြည်းဖြည်း စဆုတ်လာသည်။

"ဟုတ်တယ် ငါပဲ။ မင်း ဘာလုပ်ချင်သလဲ"

ဒေါ့က သူ့သေနတ်ပေါ်မှာ လက်ကို အသင့်ပြင်ထားသည်။ ဟာရာနှင့် အခြား လူများသည် ဘေးသို့ ရှဲသွားကြ၏။

"မင်း မလုပ်နဲ့ မက်ဇ်၊ တွမ်ဒေါ့ ဆိုတာ သူပဲ။ သေနတ်ပစ် သိပ်မြန်တယ်။ မင်း သူ့အကြောင်း မသိဘူး"

ဟာရာက စိုးရိမ်တကြီး လှမ်းအော်သည်။ မက်ဇ်သည် ဒေါ့ကိုယ်ပေါ်မှ မျက်လုံးကို မခွာဘဲ စိုက်ကြည့်နေရင်း ပြန်ပြောသည်။

"သူ ဘယ်လောက်မြန်မြန် အရေးမစိုက်ပါဘူး။ သူ့ကို ကျွန်တော် သတ်မယ် မစ္စတာဟာရာ"

"ဟေ့ကောင်၊ အင်ဒီးယန်း၊ မင်း သေနတ်ကိုထုတ်"

ဒေါ့က အော်၏။

"စောင့်သေးတာပေါ့လေ၊ ကျုပ်အမေ သေရသလို ခင်ဗျားလည်း ဖြည်းဖြည်း သေရမယ်"

မက်ဇ်ကလည်း ပြန်အော်သည်။ ဒေါ့၏မျက်နှာမှာ ရဲခနဲ ဖြစ်သွားသည်။

"ဟေ့ကောင် ထုတ်စမ်း မင်းသေနတ်ကို ထုတ်စမ်းပါကွ၊ ပြည့်တန်ဆာမသား၊ လူ ခဲဝလို့ ထုတ်စမ်း"

"ခင်ဗျားကို ကျုပ် ဖုတ်ပူမီးတိုက် မသတ်ပါဘူး။ ခင်ဗျားခေါင်းကိုလည်း ကျုပ် မပစ်ဘူး၊ နှလုံးထဲကိုလည်း မပစ်ဘူး၊ စိတ်ချ။ ပထမဆုံး ခင်ဗျားရဲ့ မုတ္တကို အရင် ဖြုတ်ပစ်မယ်။ ပြီးတော့မှ ဗိုက်ထဲကို နှစ်ချက်ပစ်မယ်။ ခင်ဗျား သေတာကို စောင့်ကြည့်ဦးမယ်"

မက်ဇ်က ပျော့ပျောင်းစွာ ပြောသည်။

ဒေါ့၏စိတ်ထဲမှာ ကြောက်စိတ်ဝင်လာပြီ။ သူတို့ကို စောင့်ကြည့်နေကြသူများကို သူ့မျက်လုံးထောင့်များမှ မြင်နေရ၏။ မက်ဇ်ကို သူ သေသေချာချာ ကြည့်လိုက်သည်။ မျက်နှာပေါ်တွင် မုန်းတီးရွံရှာမှုများဖြင့် ဖုံးနေသည်။ နှုတ်ခမ်းကိုလည်း တင်းတင်း ကိုက်ထားသည်။

ယခု လုပ်မှ ဖြစ်တော့မည်။ ယခု ပစ်မှ တော်တော့မည်ဟု ဒေါ့၏စိတ်ထဲမှာ ပေါ်လာသည်။ ဖြုန်းခနဲ သေနတ်ကို ဆွဲထုတ်လိုက်သည်။

လှုပ်ရှားမှုကို ဟာရာ မြင်လိုက်ရ၏။ မက်ဇ်ကို လှမ်းကြည့်လိုက်သောအခါ သူ့လက်ထဲမှာ အလွန် လျင်မြန်စွာဖြင့် သေနတ် ရောက်လာသည်။ ဒေါ့၏ သေနတ်အိတ်ထဲမှ ထွက်မလာမီမှာပင် မက်ဇ်၏ သေနတ်က အသံတစ်ချက် မြည်ဟည်းသွားသည်။

ဒေါ့၏လက်ထဲမှ သေနတ် လွတ်ကျသွားသည်။ ပြီးတော့ မြေကြီးပေါ်သို့ ဒူးထောက်လျက် ကျသွားသည်။ သူ့လက်နှစ်ဖက်သည် ပေါင်ချန်တွင်းကို ဆုပ်ကိုင်ထား၏။

မက်ဇ်က သူ့ဆီသို့ တစ်လှမ်းချင်း လျှောက်သွားသည်။

ဒေါ့သည် ထိုနေရာမှာပင် ဘုရားဝတ်ပြုသည့် ပုံသဏ္ဌာန်ဖြင့် ဒူးထောက်လျက် ရှိနေ၏။ သူ့လက်များကို မြှောက်ကြည့်လိုက်သောအခါ လက်ချောင်းများကြားထဲမှာ သွေးများ ယိုစီးကျလာသည်ကို တွေ့ရ၏။ သူ့မုတ္တကား အဖြုတ်ခံရလေပြီ။

"ခွေးမသား"

ဟု ဆဲရင်း မက်ဇ်ကို မော့ကြည့်သည်။ ဖုန်ထဲသို့ ကျနေသော သူ့သေနတ်ကို နောက်တရက် ကောက်ယူလိုက်ပြန်၏။

ဒေါ့လက်ထဲမှ သေနတ်ပြောင်းဝ ထောင်လာသည်အထိ မက်ဇ်က စောင့်နေသေးသည်။ ခဏအကြာတွင် သေနတ်သံနှစ်ချက်ကို ဆက်တိုက် ကြားလိုက်ရသည်။ ဒေါ့သည် နောက်ဘက်သို့ ပက်လက်လန်ကာ လဲကျသွား၏။ မြေပြင်ပေါ်တွင် အနည်းငယ် လှုပ်ရှားနေပြီးမှ ငြိမ်သွားသည်။ မက်ဇ်က ရှေ့သို့ တိုးသွားကာ ငုံ့ကြည့်လိုက်သည်။ သူ့လက်ထဲမှ သေနတ် ပြောင်းဝတွင် မီးခိုးများ မပြယ်သေး။

နောက် နှစ်ရက်ကြာသောအခါ စစ်မြေပြင်သို့ သွားမည်လော သို့တည်းမဟုတ်

ရုံးတင်ပြီး အမှုအစစ်ခံမည်လော။ ထိုနှစ်ခု ကြိုက်ရာကို ရွေးရန် တရားသူကြီးက မက်ဇ်ကို ပြောသည်။

ထိုအချိန်က ကျူးဘားနှင့် စစ်ဖြစ်နေရသောအချိန် ဖြစ်သည်။ တရားသူကြီးကလည်း အလွန် မျိုးချစ်စိတ် ပြင်းထန်သည်။ ရုံးတင်မည်ဆိုလျှင် မိမိကိုယ်ကို ခုခံကာကွယ်သူ ဖြစ်သော ကြောင့် မက်ဇ်အဖို့ အခွင့်အရေး သာနိုင်စရာအကြောင်း ရှိသည်။ သို့သော်လည်း သူ မရဲ။ သက်သေများ ရနိုင်လင့်ကစား သူ မစွန့်စားရဲ။

သူ သတ်ခဲ့သူ၏ အမည်ကိုပင် သူ မသိခဲ့ပါချေ။

(၇)

နီဗားဒါးသည် မောဟိုက်ပင်ပန်းနေသည်။ ဒီအခန်းထဲမှာ တစ်ယောက်ယောက် ရှိနေသေးသည်ဟု သူ့အာရုံက သိနေသည်။ အလိုအလျောက်ပင် စီးကရက်ရှိမည် ထင်သည့် နေရာသို့ လှမ်းစမ်းကြည့်သည်။ သူ့လက်တစ်ဖက် လေထဲသို့ ရောက်သွားပြီး အိပ်စင်၏ဘေးကို စမ်းလိုက်မိသောအခါကျမှ သူ ကောင်းစွာနိုးလာသည်။

သူ ဘယ်နေရာ ရောက်နေသည်ဟု ကောင်းစွာ မမှတ်မိခင်ကလေးမှာ ထိုသို့ ကယောင်ကတမ်း ဖြစ်နေခြင်း ဖြစ်သည်။ သတိလည်လာသောအခါ ခြေထောက်များကို ဆန့်တန်းပြီး ချွတ်ပုံထားသည့် ဘောင်းဘီကို ကောက်ယူသည်။ ညာဘက်အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူသည်။ တစ်လိပ်ကို ပါးစပ်မှခဲပြီး မီးခြစ်လိုက်သည်။

မီးခြစ်ရောင်ကြောင့် အခန်းတွင်းမှာ လင်းသွားသည်။ ကုလားထိုင်မှာ ထိုင်နေသည့် ရီနာကို မီးရောင်ဖြင့် တွေ့ရသည်။ ရီနာက သူ့ကို ကြည့်နေသည်။ ဆေးလိပ်ကို အားပါးတရ ဖွာရှိုက်လိုက်ပြီး မီးငြိမ်းလိုက်၏။

"ဘာဖြစ်လို့ မအိပ်သေးတာလဲ ရီနာ"

"ကျွန်မ အိပ်လို့ မရဘူး။ ကျွန်မ ကြောက်နေတယ်"

ရီနာက သက်ပြင်းချရင်း ဖြေသည်။ နီဗားဒါးက တိုးတိုးရယ်သည်။

"မင်းမှာ အားလုံး ပြည့်စုံပြီးသားပဲ။ ပြီးတော့ မင်းဟာ ငယ်လည်း ငယ်သေးတယ်၊ မင်းရဲ့ အနာဂတ်ဘဝဟာ မင်း လက်ထဲမှာ ရှိနေပြီပဲ"

"ကျွန်မ သိပါတယ်။ ကျွန်မကိုယ် ကျွန်မ ပြန်သိတာကို ပြောတာနော်။ ဒါပေမယ့် ဒါကို ယုံအောင် ကြိုးစားလို့ မရဘူး"

သူက လေသံဖြင့်ပင် ပြန်ပြော၏။ ချက်ချင်း ဆိုသလိုပင် ရီနာသည် သူ့ရှေ့ ကြမ်းပြင်ပေါ်မှာ ဒူးထောက်လျက် လာထိုင်၏။

"ရှင် ကျွန်မကို ကူညီပါဦး နီဗားဒါးရယ်"

နီဗားဒါးသည် လက်တစ်ဖက်ဖြင့် ရီနာ၏ဆံပင်များကို ယုယစွာ သပ်ပေးနေသည်။

"အချိန်တန်တော့လည်း အလိုလို ဖြစ်လာမှာပါ ရီနာ"

"ရှင် နားမလည်သေးဘူး နီဗားဒါး။ ကျွန်မ ဒီလိုပဲ အမြဲတမ်း ခံစားရတယ်။ မစ္စတာ ကော့နဲ့ လက်မထပ်ခင်တုန်းကရော၊ ကျွန်မ ငယ်ငယ်တုန်းကရော၊ ဒီလိုပဲ ကြောက်စိတ်တွေ ဝင်ခဲ့ဖူးတယ်"

ရီနာက သူ့လက်ကို ဖမ်းဆုပ်ထားရင်း ပြောသည်။

"ဟုတ်ပါတယ်၊ ဘယ်သူမဆို တစ်ခါတစ်ခါမှာ ကြောက်စိတ်တွေ ဝင်စမြဲပဲ"

"ဒါပေမယ့် ကျွန်မနဲ့ တူမှာ မဟုတ်ဘူး။ ကျွန်မက တစ်မျိုးပဲ။ ကျွန်မဟာ ငယ်ငယ် ရွယ်ရွယ်နဲ့ ကြောက်စရာကောင်းတဲ့ ရောဂါဆိုးတစ်ခုနဲ့ သေရမှာပါ။ ကျွန်မ သိတယ် နီဗားဒါး၊ ကျွန်မ စိတ်ထဲမှာ အလိုလို သိနေတယ်"

သူ့အသံထဲမှာ စိုးရိမ်ကြောက်ရွံ့သံများ လွှမ်းနေသည်။ နီဗားဒါးသည် အိပ်ရာမှ ထလိုက်၏။ သူ့လက်များက ရီနာ၏ ခေါင်းကို ပွတ်သပ်ပေးနေဆဲ။ ရီနာက ငိုနေဆဲ။

"မင်း အရှေ့ဘက်ကို ပြန်သွားရင် အပြောင်းအလဲတွေ ဖြစ်လာမှာပါ။ ဟိုမှာ လူငယ်

တွေ အများကြီး ရှိပါတယ်။ ပြီးတော့"

ရီနာသည် လက်ကိုမြှောက်လိုက်ပြီး နီတားဒါးကို မော့ကြည့်သည်။ အရက်တက်စ ပြုပြီ ဖြစ်သောကြောင့် အလင်းရောင် အနည်းငယ် ရလာသည်။ ထိုအလင်းရောင် ဖျော့ဖျော့ထဲမှာ ရီနာ၏ကိုယ်လုံးကို ရေးရေး မြင်နေရသည်။ သူ့ကိုယ်ပေါ်တွင် ဘာမှ မရှိ။ သူ့မျက်လုံးများသည် မျက်ရည်ဖြင့် ရွှန်းတောက်နေကြ၏။

"လူငယ်တွေ ဟုတ်လား နီတားဒါး။ ကျွန်မ ကြောက်တယ်ဆိုတဲ့ အထဲမှာ သူတို့လည်း ပါတာပဲ။ ကျွန်မသာ လူငယ်တွေကို မကြောက်ဘူးဆိုရင် မစွတာကော့နဲ့ လက်ထပ်မယ့်အစား သူ့သားနဲ့ လက်ထပ်မှာပေါ့။ ဒါကို ရှင် စဉ်းစားမကြည့်မိဘူးလား"

သူက ဘာမှ ပြန်မဖြေ။

"လူငယ်တွေဟာ အားလုံး အတူတူပဲ။ ကျွန်မဆီက သူတို့ တစ်ခုပဲ လိုချင်ကြတာ၊ အသွေးယူ အသားယူဖို့ တစ်ခုပဲ"

ရီနာကို သူ ငေးကြည့်နေသည်။ ရီနာ့စကားကို ကြားရသောအခါ သူ့ရင်ထဲမှာ တုန်လှုပ်သွားသည်။ အလွန် မိန်းမဆန်သော စကားအဖြစ် သူ နားလည်သည်။

"မင်း ဆိုလိုချင်တာ ဘာလဲ ရီနာ။ ဘာဖြစ်လို့ ဒီအကြောင်းတွေ ငါ့ကို ပြောနေရတာလဲ"

"ဘာကြောင့်လဲဆိုတော့ ကျွန်မကို ရှင်နားလည်စေချင်လို့ပဲ။ ကျွန်မဟာ ဘာနဲ့တူတယ် ဆိုတာကို ရှင် နားလည်စေချင်လို့ပဲ။ ဘယ်ယောကျ်ားမှ ကျွန်မကို နားမလည်နိုင်ခဲ့ကြဘူး"

စီးကရက် တိုလာသောကြောင့် သူ့နှုတ်ခမ်းကို အပူဟပ်လာသည်။

ထို့ကြောင့် ကမန်းကတန်း ပစ်ချလိုက်ရသည်။

"ငါ့ကို ဘာဖြစ်လို့ နားလည်စေချင်တာလဲ"

"ရှင်က လူငယ် မဟုတ်ဘူး။ အရွယ်ကောင်းကောင်း ရောက်နေပြီဖြစ်တဲ့ လူကြီး"

ရီနာက ချက်ချင်း ပြန်ဖြေ၏။

"မင်းကတော့ရော"

"ကျွန်မက မိန်းမချင်းကို ချစ်တတ်တဲ့ မိန်းမ"

နီတားဒါးက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"မရယ်နဲ့၊ အပြက်ပြောတာ မဟုတ်ဘူး။ မိန်းကလေးတွေနဲ့လည်း ကျွန်မ အကြောင်းပါခဲ့ဖူးတယ်။ ယောကျ်ားတွေနဲ့လည်း ဆုံခဲ့ဖူးတယ်။ ဒါပေမယ့် မိန်းကလေးတွေနဲ့ အကြောင်းပါရတာကို ပိုပြီး သဘောကျတယ်"

ရီနာက နာနာကြည်းကြည်း ခါးခါးသီးသီး ရယ်လိုက်သည်။

"ယောကျ်ားဆိုတာ အလကားသတ္တဝါတွေ၊ သူတို့ကို ယုံအောင် ချွဲရတာ အင်မတန် လွယ်တယ်။ နည်းအားလုံးကို ကျွန်မ သိတယ်"

ရီနာ၏ လက်များက နီတားဒါးဆီသို့ ရောက်လာသည်။ မျက်နှာလည်း နီတားဒါးကိုယ်ပေါ်သို့ ကျလာသည်။

"မင်း လက်တွေ လုပ်ပြတော့မလို့လား"

ဒေါသဖြင့် သူက မေးလိုက်သည်။

"ရှင်ဟာ လူကြီး၊ အရွယ်ရောက်ပြီးဖြစ်တဲ့ လူကြီး၊ ရှင့်ကို ကျွန်မ ချစ်တယ်။ ကျွန်မ စိတ်ထဲမှာ သတ္တိတွေ မွေးနိုင်လာအောင် ကြောက်စိတ်တွေ ပြယ်သွားအောင် လုပ်ပေးစမ်းပါ နီတားဒါးရယ်"

ပြောပြောဆိုဆိုပင် ရီနာသည် ငိုချလိုက်၏။ နီတားဒါးက သူ့ကို စိတ်ဆိုးမာန်ဆိုးဖြင့် တွန်းဖယ်ပစ်လိုက်သည်။ ပြီးတော့ မီးဖိုနားမှာ သွားထိုင်ကာ စီးကရက်သောက်နေသည်။

"မင်း ဒီကို လိုက်လာလို့ ငါ ခေါ်တုန်းက ငါ လုပ်တာ မှန်ပြီလို့ ငါထင်ခဲ့တယ် ရီနာ"

"အဲဒီတော့"

"ငါဟာ မင်းရှာနေတဲ့ ယောကျ်ားမျိုး မဟုတ်ဘူး"

ရီနာက သူ ထိုင်နေရာသို့ လိုက်လာကာ သူ့ပါးပြင်ကို လက်များဖြင့် ပွတ်ပေးနေသည်။

"မဟုတ်ပါဘူး။ နီတားဒါးရယ်။ ကျွန်မ သိပါတယ်။ ရှင် ပြောတာ မမှန်ပါဘူး"

"မမှန်ဘူးဘဲထား၊ ငါ့ကိုယ်ငါ သိပ်ငယ်သေးတယ်လို့ ငါ ထင်နေတယ်။ မင်းနဲ့ငါ ဘယ်လို ဆက်ဆံချင်တယ် ဆိုတာ မင်း သိပါတယ်"

ရီနာသည် နီတားဒါးကို စိုက်ကြည့်နေသည်။ တဖြည်းဖြည်း သူ ပြုံးလာသည်။ နီတားဒါး ဆိုချင်သည့် အဓိပ္ပာယ်ကို သူ နားလည်ပြီ။ ရီနာသည် နီတားဒါး၏ နှုတ်ခမ်းမှ စီးကရက်ကို ပျော့မြူးစွာ ဖြုတ်ယူကာ သူ့နှုတ်ခမ်းကြားသို့ ပြောင်းညှပ်ပြီး အားပါးတရ ဖွာရှိုက်ပစ်လိုက်သည်။

ပြီးတော့ နောက်သို့ လှည့်သွားကာ ကြမ်းပြင်ပေါ်မှာ ပုံကျနေသည့် သူ့အဝတ်အစားများကို ကောက်ယူပြီး ပြန်ဝတ်နေသည်။ ပြီးလျှင် နီတားဒါးဘက်သို့ ပြန်လှည့်လာသည်။

"ဟုတ်တယ်၊ ကျွန်မ နားလည်ပြီ။ ရှင်ပြောတဲ့ လမ်းစဉ်ဟာ အကောင်းဆုံးပဲ။ အခု အချိန်ကစပြီး ကျွန်မတို့နှစ်ယောက် သူငယ်ချင်း ဖြစ်သွားပြီနော်"

ပြောရင်းဖြင့် ကမ်းလင့်ထားသော နီတားဒါး၏ လက်နှစ်ဖက်အကြားသို့ ပြေးဝင်လိုက်တော့သည်။

(၈)

"ကျွန်တော်တို့ ပြပွဲတော့ အခက်အခဲနဲ့ ရင်ဆိုင်နေရပြီ"

ဟု ငွေကိုင်က ဆီးပြောသည်။

နီတားဒါးသည် ရီနာကို လှမ်းကြည့်သည်။ ရီနာသည် လက်မှတ်ရုံ ပြတင်းပေါက်ကို ကျော်ပြီး တီရစ္ဆာန်ရိုင်းပြပွဲ၏ နောက်ဆုံး ပြကွက်ကို လှမ်းကြည့်သည်။ ပွဲခင်းထဲမှ အော်သံဟစ်သံများက ပူနွေးသောလေနှင့်အတူ လွင့်ထွက်လာသည်။

"ဘယ်လောက်ကြီးတဲ့ အခက်အခဲလဲ"

ရီနာကို ကြည့်နေသော နီတားဒါးက ငွေကိုင်ဘက်သို့ ပြန်လှည့်လာပြီး မေးသည်။

"အင်မတန် ကြီးတယ်။ ဘတ်ဖဲလိုး ဘေလ်ကိုဒီရဲ့ ပွဲပြီးမှ ကျွန်တော်တို့က ဝင်ရမှာ၊ ပြီးတော့ ကျွန်တော်တို့ ပြရမှာက တစ်နွေလုံး၊ အဲဒီ ရက်သတ္တပတ်က အဆင်မပြေဘူးဆိုရင် ဒီတစ်ရာသီတည်းမှာတင် ကျွန်တော်တို့ ဒေါ်လာလေးသောင်း ရှုံးသွားနိုင်တယ်"

ပြပွဲဘက်မှ အသံများ လွင့်လာပြန်၏။ နီတားဒါးက သစ်သားကုလားထိုင်ကို အလိုက်သင့်အောင် ဆွဲရွှေ့ရင်း စီးကရက်တစ်လိပ်ကို လိပ်နေသည်။ ကွင်းထဲမှာ တီရစ္ဆာန်ရိုင်းပြပွဲသည် ပြီးဆုံးသွားပြီဖြစ်၏။ မြင်းများ တန်းစီပြီး ထွက်လာကြသည်။ စီးကရက်ကို နှုတ်ခမ်းမှာ ခဲလိုက်သည်။

"ဒီလောက်ဆိုးဝါးတဲ့ အဖြစ်မျိုးဖြစ်အောင် မင်း ဘယ်လို လုပ်လိုက်တာလဲ"

"ကျွန်တော် လုပ်တာ မဟုတ်ပါဘူး။ ကိုယ်စားလှယ်က ကျွန်တော်တို့ ဒုက္ခရောက်အောင် လုပ်လိုက်တယ် ထင်တယ်"

ဟု သူက ခပ်သွက်သွက် ပြန်ဖြေသည်။ နီတားဒါးက ဘာမှ ပြန်မဖြေဘဲ စီးကရက်ကို မီးညှိနေသည်။

"ခင်ဗျား ဘာလုပ်မလဲ"

ဟု ငွေကိုင်က ပူပင်သံဖြင့် မေးသည်။ နီတားဒါးက စီးကရက်ကို အားရအောင် ဖွာလိုက်သည်။

"ပြပွဲကို ဆက်သာလုပ်"

"ငွေလေးသောင်းကြီးများတောင် ကျွန်တော်တို့ ဒါလောက် ဘယ် အရှုံးခံနိုင်ပါ့မလဲဗျာ"

ငွေကိုင်သည် ချောက်ချားသွားပုံရ၏။

နီတားဒါးက ငွေကိုင်ကို ကြည့်နေသည်။ ငွေကိုင်၏ မျက်နှာသည် စိုးရိမ်စိတ်ကြောင့် ပျက်နေသည်။ ဒီလူ ဘာကြောင့် ဒါလောက် တုန်လှုပ်နေရသနည်းဟု နီတားဒါး အံ့ဩမိသည်။ ရှုံးမည့်ငွေသည် သူ့ငွေ မဟုတ်။

"တို့လည်း ဒီငွေလောက်ကို ဘယ် အရှုံးခံနိုင်ပါ့မလဲ။ ဒါပေမယ့် ပွဲကို တို့ရပ်ပစ်လိုက်ရင် တို့ဖောက်သည်တွေနဲ့ မိတ်ပျက်ကုန်မှာပေါ့။ နောက်နှစ်တွေအတွက် စာချုပ်လို့ ဘယ်ရတော့မှာလဲ"

နီတားဒါးသည် ထိုင်ရာမှထပြီး ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ အင်ဒီးယန်း

များသည် ပြပွဲခင်းထဲမှ မြင်းများကို စီးပြီး ထွက်လာနေကြ၏။ ငွေကိုင်ဘက်သို့ သူ ပြန်လှည့်လိုက်သည်။

"မစ္စစ်ကော့ကို ဘူတာရုံ သွားပို့ဦးမယ်။ ပို့ပြီးရင် ကိုယ်စားလှယ်ရဲ့ရုံးကို ဝင်မယ်။ မင်း ဒီက စောင့်နေ။ ငါ ပြန်လာခဲ့မယ်"

"ကောင်းပါပြီ နီဟားဒါး"

နီဟားဒါးသည် ရီနာ၏လက်ကိုဆွဲကာ လက်မှတ်ရုံထဲမှ ထွက်ခဲ့၏။ သူတို့၏ ပြပွဲခင်းကိုဖြတ်ပြီး မော်တော်ကားရှိရာသို့ လျှောက်လာကြသည်။ သူတို့ ပတ်လည်မှာ တိရစ္ဆာန်ရိုင်းပြပွဲ၌ ပါဝင်ကပြသူများ ဥဒဟို သွားလာနေကြသည်။ သူတို့ မြင်းများကို မြင်းဇောင်းသို့ အပြေးအလွှားပို့နေကြ၏။ အချို့ကလည်း အဝတ်အစားလဲရန် ကိုယ့်နေရာကိုယ် ပြေးနေကြသည်။ တစ်ယောက်နှင့် တစ်ယောက်လည်း ညနေပိုင်းတွင် မည်သည့် အစီအစဉ်ရှိကြောင်း အော်ပြောနေကြသည်။

မော်တော်ကားသို့ ရောက်သောအခါ ရီနာက နီဟားဒါးဘက်သို့ လှည့်လာသည်။

"နီဟားဒါး ကျွန်မကို ရှင်နဲ့ နေခွင့်ပြုပါလားရှင်၊ နော်"

"တို့နှစ်ယောက် ဘယ်လို ဆက်ဆံမယ်ဆိုတာ သဘောတူထားပြီးသားနော်"

ဟု နီဟားဒါးက ပြုံးရင်း ပြန်ဖြေသည်။

"ဒါပေမယ့် ကျွန်မအဖို့ အရှေ့ဘက်ကို ပြန်လို့လည်း ဘာမှ မထူးပါဘူး။ တကယ်ပါ ဒီနေရာမှာ နေရတာကမှ ကျွန်မအဖို့ အသက်ရှင်နေရသလို ရှိသေးတယ်"

ရီနာက စိတ်အားထက်သန်စွာဖြင့် ပြောသည်။

"ကလေး မဆန်စမ်းပါနဲ့ ရီနာရယ်။ မင်းဟာ အရွယ်ရောက်နေတဲ့ လူကြီးဖြစ်နေပါပြီ။ ဒီနေရာဟာ မင်းဘဝနဲ့ ဘာမှ မဆိုင်ဘူး။ တစ်ပတ်လောက် နေကြည့်ရုံနဲ့ မင်း စိတ်ပျက်သွားမှာ"

"ကျွန်မကို နေခွင့်ပေးရင် ရှင် ရှုံးမယ့် အရှုံးတစ်ဝက်ကို ကျွန်မ ဝယ်မယ်"

ဟု ကောက်ကာငင်ကာ ပြောသည်။ ရီနာကို သူ ငုံ့ကြည့်သည်။ လက်မှတ်ရုံထဲတွင် ဒိမိနှင့် ငွေကိုင်တို့ ပြောကြသည့် စကားများကို ရီနာ ကြားသွားကြောင်း သူ နားလည်လိုက်သည်။ ထိုစဉ်တုန်းကတော့ ရီနာသည် ပြပွဲမှာ စိတ်ဝင်စားနေသယောင်။

"မင်း မတတ်နိုင်ပါဘူး ရီနာ"

"ရှင်ကရော တတ်နိုင်လို့လား"

"မင်းထက်တော့ တတ်နိုင်တာပေါ့။ ငါ့မှာ ရှိတန်သလောက် ရှိပါသေးတယ်"

ရီနာသည် သူ့ကို ငေးကြည့်နေသေး၏။ ပြီးတော့ ကားထဲ ဝင်ထိုင်သည်။ ဘူတာရုံသို့ ရောက်သည်အထိ သူ စကား မပြောတော့။ တွဲပေါ် တက်ခါနီးမှ. . .

"ကျွန်မဆီကို စာမှန်မှန် ရေးမလား နီဟားဒါး"

ဟု မေးသည်။

"စာရေးဖို့တော့ ခပ်ပျင်းပျင်းရယ်ကွာ"

"ဒါပေမယ့် အဆက်အသွယ် မပြတ်အောင်ပေါ့။ ကျွန်မ ရေးရင် စာပြန်မလား"

သူက ခေါင်းညိတ်ပြသည်။

"ကျွန်မ တစ်ယောက်တည်းဖြစ်ပြီး ချောက်ချားနေတဲ့ အခါကျရင် ရှင့်ဆီကို လာပြီး လည်ခွင့်ပေးရမယ်နော်"

"သူငယ်ချင်းတွေဆိုတာ ဒီအတိုင်းပေါ့"

ရီနာ့မျက်လုံးထဲမှာ မျက်ရည်စများ ရစ်ဝဲလာသည်။ ပြီးတော့ အလွန် လေးနက်သော လေသံနှင့် သူ့ပြောသည်။

"ရှင်ဟာ တကယ့် သူငယ်ချင်းကောင်းပါပဲ နီဟားဒါးရယ်"

ရီနာသည် နီဟားဒါး၏ပါးကိုနမ်း၍ နှုတ်ဆက်ကာ ရထားတွဲပေါ်သို့ တက်သွားသည်။ တံခါးပေါက်မှနေ၍ လက်ပြပြီး နှုတ်ဆက်ကာ အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။ ရထားစထွက်သောအခါ ရီနာ့မျက်နှာကို ပြတင်းပေါက်မှာ တစ်ကြိမ် မြင်လိုက်ရသေး၏။ သူလည်း ဘူတာရုံကို ကျောခိုင်းပြီး ထွက်ခဲ့လေတော့သည်။

ဖုန်များ တလိမ်းလိမ်းဖြစ်နေသော စကြံအတိုင်း လျှောက်လာခဲ့သည်။ တံခါးပေါ်တွင် သုတ်လိမ်းထားသည့် ဆေးများသည်လည်း ခြစ်ရာပေါင်းများစွာဖြင့် မြင်မကောင်းအောင် ဖြစ်နေသည်ကို နီဗားဒါး တွေ့ရသည်။ အရောင်မှိန်နေသည့် စာတန်းရိုးရိုးကို တွေ့ရသည်။

ဒင်နီယယ်ပီးယာ့စ် - ကြိုတင်စီမံမှုကိုယ်စားလှယ်

စကြံမှနေ၍ မြင်ရသောရုံး၏ မြင်ကွင်းသည် မကောင်းလှ။ စားပွဲမှာ ထိုင်နေသော မိန်းကလေးတစ်ယောက်က သူ့ကို မော့ကြည့်သည်။ ပြီးတော့ ဖော်ဖော်ရွေရွေပင် မေးသည်။

"ဘာ အလိုရှိပါသလဲ"

"ဒင်ပီးယာ့စ် အထဲမှာ ရှိသလား"

မိန်းကလေးသည် နီဗားဒါးကို ခဏကြာအောင် လေ့လာနေသေးသည်။ သူ ဝတ်ထားသော သားရေနှင့် ချုပ်ထားသည့် အဝတ်အစားများကို အကဲခတ်နေသည်။ ပြီးတော့ အလွန်ကြီးသည့် ကောင်းဘွိုင်ဦးထုပ်ကြီးကိုပါ ကြည့်ပြန်၏။

"ရှင် အလုပ်လျှောက်ချင်လို့လား။ ဒီမှာ နေရာလပ် လုံးဝ မရှိပါဘူး"

"အလုပ်ရှာဖို့လာတာ မဟုတ်ပါဘူး။ မစ္စတာပီးယော့စ်ကို လာရှာတာ"

ဟု သူက မြန်မြန် ပြန်ဖြေလိုက်ရသည်။

"ချိန်းထားပြီးသားလား"

"ချိန်းမထားပါဘူး"

နီဗားဒါးက ခေါင်းယမ်းရင်း ပြောသည်။

"ချိန်းထားတဲ့လူ မဟုတ်ရင် ဘယ်သူ့ကိုမှ မတွေ့ပါဘူး"

"ငါ အနောက်ပိုင်း တောရိုင်းတိရစ္ဆာန်ပြပွဲကပဲ။ သူ ငါ့ကို လက်ခံတွေ့မှာပါ"

မိန်းကလေး၏ မျက်နှာပေါ်တွင် စိတ်ဝင်စားဟန် ပေါ်လာသည်။

"ဘတ်ဖဲလိုးဘေလ်ပြပွဲကလား"

"မဟုတ်ဘူး။ အနောက်တောင် ရိုဒီယိုက"

မိန်းကလေး၏ မျက်နှာပေါ်တွင် စိတ်ဝင်စားမှုများ ပျောက်ကွယ်သွားပြန်၏။

"အိုး တခြားတစ်ခုလား"

"ဟုတ်တယ်။ တခြားတစ်ခု"

"ကောင်းပြီလေ။ သူတော့ ဒီမှာ မရှိဘူး"

ဟု ပြန်ဖြေသည်။

"သူ့ကို ဘယ်မှာ တွေ့နိုင်မလဲ"

"ကျွန်မလည်း မသိဘူး။ အစည်းအဝေးဆိုပြီး ထွက်သွားတာပဲ"

"ဘယ်ကိုလဲ"

"နော်မန်ရုပ်ရှင်ကုမ္ပဏီကို သွားတာပဲ။ ကုမ္ပဏီက လိုချင်နေတဲ့ လူတစ်ယောက် ရှာပေးဖို့ကိစ္စ"

"ဘယ်လိုလုပ်သွားရမလဲ"

"လန်ကားရှင်း လမ်းကျယ်မှာ ရှိတယ်။ ယူနီဗာဆယ်ရုပ်ရှင်ကို ကျော်သွား၊ ပြီးတော့ ဝါနာဘရားသားကိုလည်း ကျော်သွား"

"ကျေးဇူးပဲ"

ဟု ပြောရင်း သူ ထွက်လာခဲ့တော့သည်။

ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီရှေ့သို့ ရောက်သောအခါ အလွန် ကြီးမားသည့် ရုပ်ရှင်ကြော်ငြာဆိုင်းဘုတ်ကြီးကို တွေ့ရပြန်သည်။

နော်မန်ရုပ်ရှင်ကုမ္ပဏီသို့ ရောက်အောင် နောက်ထပ် ငါးမိုင်ခန့် ဆက်လက်သွားရသေး၏။ ထိုကုမ္ပဏီရှေ့သို့ ရောက်သောအခါတွင်လည်း ကြီးမားသော ကြော်ငြာဆိုင်းဘုတ်ကြီးကို ထုံးစံအတိုင်း တွေ့ရပြန်သည်။

ဘားနတ်၊ ဘီ၊ နော်မန်ထုတ်လုပ်ရေးမှ. . .

တင်ဆက်သော. . .

ငြိမ်းချမ်းသောကျေးရွာမှ ရဲအရာရှိ. . .

အလွန် ကြီးသည့် ဝင်ပေါက်သို့ ရောက်သောအခါ အစောင့်က သူ့ကို ဆီးတားသည်။

"အထဲမှာ ဒင်ပီးယာ့စ် ရှိသလား"

ဟု နီဗားဒါးက မေးသည်။

"ခဏနေပါဦး၊ ကျွန်တော် ကြည့်လိုက်ပါဦးမယ်"

အစောင့်သည် သူ့အစောင့်တဲကလေးအတွင်းသို့ ပြန်ဝင်သွားပြီး စာရွက်များကို စစ်ဆေးကြည့်ရှုနေသည်။

"ခင်ဗျားဟာ သူ မျှော်နေတဲ့လူပဲ ဖြစ်ရမယ်။ သူ အနောက်ဘက်က ရိုက်ကွင်းမှာ ရှိပါတယ်။ အဲဒီ လမ်းအတိုင်း လိုက်သွားပါ။ မလွဲနိုင်ပါဘူး"

ဟု ပြန်ပြောသည်။

နီဗားဒါးသည် ကျေးဇူးတင်ကြောင်းပြောပြီး မော်တော်ကားကို ဖြည်းဖြည်းမောင်းလာခဲ့သည်။ လမ်းပေါ်တွင် လူတွေ ပြည့်နေသည်။ အချို့သည် ဇာတ်ကောင်များ ဖြစ်ပုံရ၏။ ရုပ်ရှင်ရိုက်သည့် အဝတ်အစားများကို ဝတ်ဆင်ထားကြသည်။ အများစုမှာမူ အလုပ်သမားများ ဖြစ်ကြသည်။ ကြီးမားသည့် အဆောက်အအုံကြီးများကိုကျော်ပြီး မောင်းလာခဲ့သည်။ နောက်ဘက်သို့ ရောက်သောအခါ မြက်ခင်းများနှင့် တောင်ကုန်းများမှတစ်ပါး အခြား ဘာမှ မရှိတော့။ ပထမဆုံးတွေ့ရသော တောင်ကုန်း၏ အောက်ခြေတွင် စာတန်းတစ်ခုကို တွေ့ရပြန်၏။

*ရုပ်ရှင် ရိုက်နေသည်။ ကားများ ဤနေရာတွင် ရပ်ပါ။*

သူသည် မြားပြထားသည့်အတိုင်း မောင်းလာခဲ့သည်။ မလှမ်းမကမ်း လမ်းဘေးတွင် ရပ်ထားသည့်ကားများကို မြင်ရသည်။ ကုန်တင်ကားများလည်း ရှိသည်။ သူသည် တစ်နေရာမှာ ကားကိုရပ်ပြီး အောက်သို့ ဆင်းခဲ့၏။

"ဒင်ပီးယော့စ် အပေါ်မှာ ရှိမလား"

ဟု ထရပ်ကားတစ်စင်း အနီး၌ ထိုင်နေသူတစ်ဦးကို သွားမေးသည်။

"ရုပ်ရှင်ရိုက်တဲ့လူတွေနဲ့ အတူတူလား"

ဟု ထိုသူက ပြန်မေးသည်။

"ဟုတ်ပါလိမ့်မယ်"

"အခုပဲ တောင်ကုန်းပေါ်ကို ကျော်သွားကြပြီ"

တောင်ကုန်း၏ တစ်ဖက်စွန်းသို့ ရောက်သောအခါ ရပ်ပြီး အောက်သို့ ကြည့်လိုက်သည်။ လူအချို့ကို လှမ်းမြင်ရသည်။

"လှိမ့်လိုက်တော့ သူတို့ လာနေပြီ"

ဟု ကျယ်လောင်စွာ အော်လိုက်သည့်အသံကို ရုတ်တရက် ကြားလိုက်ရသည်။

ရုပ်ခြည်းဆိုသလိုပင် မြင်းလှည်းတစ်စင်းသည် တောင်စောင်းရှိ မြေလမ်းအတိုင်း တရကြမ်း မောင်းလာသည်။ လှည်းမောင်းသူသည် လှည်းပေါ်မှ ခုန်ချလိုက်ပြီး သူ့ကိုယ်ကို မြေကြီးပေါ်တွင် တစ်ဖက်သို့ လှိမ့်လိုက်သည်။ ခဏအကြာတွင် မြင်းများသည် လှည်းမှ လွတ်ထွက်သွားကြပြီး လှည်းက ထောင်သွားကာ တောင်အောက်သို့ တလိမ့်ခေါက်ကွေး ကျသွားသည်။

ဖုန်လုံးများ လိမ့်တက်လာခြင်းနှင့်အတူ အော်သံကိုလည်း ကြားလိုက်ရသည်။

"ကတ် ကတ်၊ တော်တော် အသုံးမကျတဲ့ အကောင်ပဲ။ မင်း ခုန်ချတာ သိပ်စောလွန်းတယ်ကွ၊ မင်းကိုယ်ပေါ်ကို ဒီလှည်းကြီးက ဘယ်နည်းနဲ့မှ ပိမလာနိုင်ပါဘူး"

လှည်းမောင်းသူသည် လမ်းဘေးမှထကာ လူအုပ်ဆီသို့ ဖြည်းဖြည်းချင်း လျှောက်သွားသည်။ သူ့အင်္ကျီနှင့် ဦးထုပ်တွင် ပေနေသော ဖုန်များကို သုတ်ခါချနေသည်။

နီဗားဒါးသည် တောင်အောက်သို့ ဆင်းလာခဲ့၏။ လူအုပ်ထဲမှာ ပီးယာ့စ်ကို ရှာကြည့်သည်။ သို့သော် မတွေ့။ ထိုအခိုက် ဖလင်ဘူးများကို သယ်လာသည့် လူတစ်ယောက် ဖြတ်လျှောက်သွားသည်။

"ဒီနားမှာ ဒင်ပီးယာ့စ်တစ်ယောက်များ မရှိဘူးလား"

ဟု သူက ဆီးမေး၏။ ထိုသူက ပခုံးကို တွန့်ပြသည်။

"ကျွန်တော်လည်း မသိဘူး။ သူ့ကို မေး"

ဟု ဆိုကာ နောက်တစ်ယောက်ကို လက်ညှိုးထိုးပြသွားသည်။

"ဒင်ပီးယာ့စ်များ ရှိမလား"

"တယ်လီဖုန်းဆက်ဖို့ အရှေ့ရုံးကို သွားတယ်"

ဟု မော့ကြည့်ရင်း ဖြေသည်။

"ကျေးဇူးပဲဗျာ။ ကျွန်တော် စောင့်လိုက်ဦးမယ်"

နီဗားဒါးသည် ပြောရင်း ဆေးအိတ်ထုတ်ပြီး စီးကရက်လိပ်နေသည်။ ထိုအခိုက်မှာပင် လှမ်းအော်မေးသည့် အသံတစ်သံ ထွက်လာသည်။

"စတန့်မင်းသား လုပ်မယ်ဆိုတဲ့လူနဲ့ ပီးယာ့စ် ပြန်မလာကြသေးဘူးလား"

"တယ်လီဖုန်း သွားဆက်နေတုန်းပါ"

လူငယ်က ပြန်ဖြေရင်း နီဗားဒါးကို ပြန်ကြည့်လိုက်သည်။

"ခဏစောင့်ပါဦး"

ဟုလည်း မေးသူကို ပြန်ပြောရင်း နီဗားဒါးဆီသို့ လျှောက်လာသည်။

"ပီးယာ့စ် စောင့်နေတာ ခင်ဗျားကိုများလား"

"ထင်တာပဲ"

"ဒါဖြင့် ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

ဟု ပြောရင်း ရှေ့မှ ထွက်သွားသည်။ ကင်မရာအနီးမှာ ရပ်နေသည့် အရပ်ရှည်ရှည် လူတစ်ယောက် အနီးတွင် လူတစ်စု ဝိုင်းရပ်နေကြသည်။ ထိုအရပ်ရှည်ရှည် လူ၏ အရှေ့မှာ လူငယ်က ရပ်လိုက်သည်။

"ပီးယာ့စ် စောင့်နေတဲ့လူဟာ သူပါပဲ ခင်ဗျာ"

ထိုသူက နီဗားဒါးကို လှည့်ကြည့်သည်။ ပြီးတော့ တစ်ဖက် တောင်ကုန်းစောင်းမှ ချောက်ကမ်းပါးကို လက်ညှိုးထိုးပြသည်။ ထိုကမ်းပါး၏ အောက်တွင် အတန်ငယ် ကျယ်သော စမ်းချောင်းတစ်ခု စီးဆင်းနေသည်။

"အဲဒီ ချောက်ကမ်းပါးကနေပြီး ချောင်းထဲကို မြင်းနဲ့ ခုန်ချရင် ရနိုင်ပါ့မလား"

သူ ညွှန်ပြရာကို နီဗားဒါးက လှမ်းကြည့်သည်။ ချောက်ကမ်းပါးသည် ပေခြောက်ဆယ်ခန့် မြင့်မည်။ ရေထဲသို့ရောက်အောင် ဆယ့်ငါးပေခန့် ခုန်ချမည်။

"ရေအနက် (၂၅) ပေရှိအောင် ကျုပ်တို့ တူးထားတယ်"

ဟု ဒါရိုက်တာက ဆက်ရှင်းပြသည်။ နီဗားဒါးက ခေါင်းညိတ်ပြသည်။ ဤမျှ ရေနက်လျှင် လုံလောက်ပေပြီ။

"ဖြစ်နိုင်ပါတယ်"

ဒါရိုက်တာသည် ပြုံးလိုက်၏။ နီဗားဒါး၏ကျောကိုလည်း လက်နှင့်ပုတ်လိုက်သည်။

"ကောင်းပါလေ့ဗျာ။ နောက်ဆုံးမှပဲ တကယ့်လူကို တို့ရတော့တယ်။ ခင်ဗျား ဟိုကို သွား။ ခင်ဗျားကို မြင်းတစ်ကောင် ပေးလိမ့်မယ်၊ ကျွန်တော်တို့ အဆင်သင့်ပြင်ထားတယ်"

ဒါရိုက်တာက ကင်မရာဆရာဘက်သို့ လှည့်လိုက်သည်။ နီဗားဒါးက သူ့ပခုံးကို လှမ်းပုတ်လိုက်၏။

"ဖြစ်နိုင်တယ်လို့သာ ကျုပ် ပြောတာ၊ ကျုပ် လုပ်မယ်လို့ ပြောတာမှ မဟုတ်ဘဲ"

ဟု ပြောလိုက်သည်။ ဒါရိုက်တာသည် သူ့ကို စိန်းစိန်းကြည့်နေ၏။

"သာမန် စတန့်မင်းသားထက် သုံးဆပိုပေးမယ်။ ဒေါ်လာကိုးဆယ် ဟုတ်ပြီလား။ ကဲ. . . ဒေါ်လာ တစ်ရာဗျာ"

"ခင်ဗျား လူမှားနေပြီ။ ကျုပ်က ဒင်ပီးယာ့စ်ကို တွေ့ဖို့လာတာ၊ စတန့်မင်းသား မဟုတ်ဘူး"

ဟု ပြုံးရင်း ပြော၏။ ဒါရိုက်တာ၏ နှုတ်ခမ်းသည် တွန့်သွားသည်။

"ခင်ဗျားတို့ ကောင်းဘွိုင်တွေဟာ ဒါမျိုးချည်းပဲ၊ ပါးစပ်ပြောပဲရှိတယ်၊ လက်မပါဘူး"

နီဗားဒါးသည် အတန်ကြာ သူ့ကို စိုက်ကြည့်နေ၏။ သူ့ရင်ထဲမှာ ဒေါသစိတ် ပေါ်

လာသည်။ ယနေ့မနက် ထွက်လာကတည်းက တစ်လျှောက်လုံး စိတ်ပျက်စရာများနှင့်ချည်း တွေ့နေရသည်။ ထို့ကြောင့်လည်း အေးတိအေးစက် ပြောလိုက်သည်။

"ခင်ဗျား ကျုပ်တို့ ဒေါ်လာငါးရာ ပေးရလိမ့်မယ်"

ဒါရိုက်တာက သူ့ကို ကြည့်ပြီး ပြုံးလိုက်၏။

"ဟောလီးဝုဒ်မှာရှိတဲ့ ဘယ် စတန့်မင်းသားမှ ဒီအလုပ်ကို လက်မခံကြဘူးဆိုတာ ခင်ဗျား ကြားဖူးထားဖို့ ကောင်းတယ်နော်"

နီဗားဒါးက အဖြေမပေး။

"ကောင်းပြီ၊ ဒေါ်လာငါးရာ"

ဒါရိုက်တာက ပုံမှန်အသံဖြင့်ပြောပြီး ကင်မရာဆရာဘက်သို့ လှည့်လိုက်သည်။

နီဗားဒါးသည် မြင်းတစ်ကောင်၏ ခေါင်းနားမှာ ရပ်နေသည်။ မြင်းကို သကြား အနည်းငယ် ကျွေး၏။ မြင်းက သူ့လက်ကို နှုတ်သီးဖြင့် ပြန်ပွတ်နေသည်။ မြင်း၏လည်ပင်းကို လက်ဖြင့် ပြန်ပွတ်ပေးလိုက်သည်။ မြင်းကောင်းတစ်ကောင်ပင် ဖြစ်သည်။ မြင်းကလည်း သဘောပေါက်ကာ ချက်ချင်း တုံ့ပြန်သည်။ မြင်းနှင့်သူတို့ အပြန်အလှန် နားလည်မှု ရသွားကြပြီ။

"ကျုပ်တို့ အဆင်သင့်ဖြစ်ပြီ။ ထောင့်တိုင်းမှာ ကင်မရာတွေ ထောင်ထားတယ်။ ခင်ဗျား ဘာမှ ပူစရာ မလိုဘူး။ ကြည့်ချင်တဲ့ဘက်ကြည့် မလွတ်ဘူး။ ကျုပ် အချက်ပြလိုက်ရင် စထွက်ပါ"

နီဗားဒါးသည် ဒါရိုက်တာ ပြောသည်ကို ခေါင်းညိတ်ပြပြီး မြင်းပေါ်သို့ တက်ခဲ့သည်။ ဒါရိုက်တာက ချောက်ကမ်းပါး၏ အစွန်းတစ်ဖက်တွင် ရပ်နေသည်။ သူ့လက်ကို မြှောက်ထားသည်။ ရုတ်တရက် သူ့လက်ကို အောက်သို့ ချလိုက်သည်နှင့် တစ်ပြိုင်တည်း နီဗားဒါးသည် သူ၏ဖိနပ်ရှိ ဖနောင့်မှ သံခွေးသွားစိပ်ဘီးဖြင့် မြင်းနံဘေးကို ဖိလိုက်သည်။ မြင်းက တစ်ဟုန်ထိုး ပြေးထွက်လာသည်။ ခုန်ချမည့် ချောက်ကမ်းပါးသို့ ရောက်သည်နှင့် တစ်ပြိုင်တည်း သူ့ကိုယ်ကို မြင်းပေါ်သို့ ဝပ်ချလိုက်ရင်း အချက်ပေးလိုက်သည်။

ရိုပ်ခနဲ အပေါ်သို့ မြောက်လာသည်။ မြင်း၏ ခြေထောက်များသည် နောက်သို့ ကွေးသွားသည်။ မြင်း၏ ကျောကုန်းသည် ပျော့ခနဲ ဖြစ်သွားကြောင်း သတိထားလိုက်မိသည်။ သူ့ရင်ထဲမှာလည်း အေးခနဲ ဖြစ်သွားသည်။

ရေပေါ်သို့ မကျမီမှာပင် နီဗားဒါးသည် သူ့ခြေထောက်များကို ကားပြီး လက်ထဲမှ ဇက်ကြိုးကိုလွှတ်ကာ မြင်း၏ ဘေးတစ်ဖက်သို့ ကိုယ်ကို ထိုးချလိုက်သည်။ မြင်းနှင့် အတန်ငယ် ဝေးသည့်နေရာသို့ သူ ရောက်လာကြောင်း သိလိုက်သည်။ သူ့ကိုယ်ပေါ်သို့ မြင်း၏ ကိုယ်လုံး ပိကျမလာနိုင်တော့။

ရေထဲသို့ သူ ဒိုင်ဗင်ထိုးချလိုက်ရာ ရေမျက်နှာပြင်အောက်သို့ ရောက်သွားသည်။ သူ့ဘေးမှလည်း ကျယ်လောင်သည့်အသံကို ကြားရသည်။ ရေထဲသို့ မြင်းကျလာသည့် အသံ ဖြစ်သည်။ ရေအောက်မှာ သူ နေနိုင်သလောက်နေပြီး ရေပေါ်သို့ ပြန်တက်လာသည်။

ရေပေါ်သို့ ရောက်သောအခါ မလှမ်းမကမ်းမှာ ဘေးတစောင်းမျောနေသည့် မြင်းကို တွေ့ရသည်။ ခေါင်းကိုလည်း မြင်မကောင်း ရှုမကောင်းလောက်အောင် တွန့်လိမ်နေသည်။ မြင်း၏ မျက်လုံးများကို ကြည့်လိုက်သောအခါ အသက်ဘေးနှင့် ကြုံနေသည့် အသွင်များကို တွေ့ရ၏။

ကမ်းဆီသို့ မြန်မြန် ကူးလာခဲ့ရင်း ဒါရိုက်တာဆီသို့ စိတ်ဆိုးမာန်ဆိုးဖြင့် လျှောက်သွားသည်။ ဒါရိုက်တာက ပြုံးနေသည်။

"ကောင်းတယ်။ သိပ်ကိုကောင်းတယ်။ ရိုက်ခဲ့ရသမျှထဲမှာ အကောင်းဆုံးပဲ"

"မြင်း ခါးကျိုးသွားပြီဗျ"

ဟု နီဗားဒါးကပြောရင်း မြင်းဆီသို့ ပြန်ကြည့်လိုက်ပြန်သည်။ သူ့ခေါင်း ရေထဲသို့ မြုပ်မသွားရန် ပင်ပန်းကြီးစွာ လူးလွန့်နေရရှာသည်ကို တွေ့ရ၏။

"ဒါလောက် ဒုက္ခရောက်နေတဲ့ မြင်းကို ခင်ဗျားတို့ ဘာဖြစ်လို့ ပစ်မသတ်ခိုင်းတာလဲ"

နီဗားဒါးက အော်ပြောပြန်၏။

"ကျွန်တော်တို့ ရိုင်ဖယ်သေနတ် သွားယူခိုင်းနေပါပြီ။ ဟိုဘက်က တောင်ကုန်းကို သွားယူနေတယ်"

"ဒုက္ခပါပဲ၊ ခင်ဗျားတို့ သေနတ်ရောက်မလာခင် မြင်းရေနစ်သေတော့မယ်။ ဘယ်သူ့မှာမှ ခြောက်လုံးပြူး မရှိဘူးလား"

"ရှိပါတယ်၊ ဒါပေမယ့် ဒါလောက် အဝေးကြီးကို ခြောက်လုံးပြူးနဲ့ မှန်အောင် ဘယ်သူ ပစ်နိုင်ပါ့မလဲ"

"ပေး သေနတ်"

ဒါရိုက်တာကို ကြည့်ရင်း နီဗားဒါးက ပြော၏။

နီဗားဒါးက သေနတ်ကို ဆွဲယူပြီး ဆုံလည်ကို လှည့်ကြည့်သည်။

"ထိပ်ဖူးမပါတဲ့ ကျည်ဆန်တွေပဲ"

သူ့စကား ကြားသောအခါ တစ်ယောက်က ကျည်ဆန်အစစ်များ လာပေးသည်။ သူက သွက်လက်စွာ ကျည်ဆန်အစစ်များကို လဲ၏။ လဲပြီးသည်နှင့် ချောင်းကမ်းပါးသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ ရေထဲမှ သစ်သားစတစ်ချောင်းကို ပစ်ကြည့်၏။ သေနတ်က ဘယ်ဘက်သို့ အနည်းငယ် ဆွဲနေသည်ကို တွေ့ရသည်။

ထို့နောက် မြင်းခေါင်း ရေပေါ်သို့ ပေါ်လာသည်အထိ ခဏစောင့်နေသည်။ ရေပေါ် ပေါ်လာသည်နှင့် တစ်ပြိုင်တည်း မြင်း၏ မျက်လုံးနှစ်လုံးကြားသို့ ပစ်ထည့်လိုက်တော့သည်။

ဒါရိုက်တာထံသို့ သူ ပြန်လျှောက်သွားကာ သေနတ် ပြန်ပေးသည်။ ဒါရိုက်တာက စီးကရက်ဘူးထုတ်ပြီး နီဗားဒါးကို ပေး၏။ တစ်လိပ် ယူလိုက်သောအခါ သူ့စီးကရက်ကို ဒါရိုက်တာကပင် မီးကမ်းပေးပြန်သည်။ နီဗားဒါးက အားပါးတရ ဖွာသည်။ ထိုအခိုက်မှာပင် လူတစ်ယောက် အူယားဖားယားဖြင့် ပြေးလာသည်။

"ကျွန်တော် စိတ်မကောင်းပါဘူး မစ္စတာဗွန်အယ်လ်စတာ။ ကျွန်တော် ပြောထားတဲ့ စတန့်မင်းသား ဘယ်ရောက်နေတယ်ဆိုတာကို ကျွန်တော် ရှာလို့ မရတော့ပါဘူး။ ဒါပေမယ့် မနက်ဖြန်ကျရင် တခြားတစ်ယောက်ရအောင် ကျွန်တော် ရှာပေးပါ့မယ်"

ဟု မောကြီးပန်းကြီး ပြော၏။

"ခင်ဗျားကို ဘယ်သူမှ ပြောမပြသေးဘူးလား မစ္စတာပီးယားစ်၊ သူ လုပ်ပြီးပြီလေ။ ကျုပ်တို့ အခုပဲ ရိုက်လို့ ပြီးသွားပြီ"

"သူ ဘယ်လို လုပ်မလဲ၊ သူ့ကို ကျွန်တော် ဟိုမှာ ထားခဲ့"

ပီးယားစ်၏ စကားမပြတ်မီမှာပင် ဒါရိုက်တာက သူ့ကိုယ်ကို ဘေးသို့ရွှေ့ပြီး နီဗားဒါးကို မြင်အောင် ပြလိုက်သည်။

"ဟောဒီမှာ သူပဲ၊ ကိုယ့်ဟာကိုယ်သာ ကြည့်ပေတော့"

ပီးယားစ်သည် နီဗားဒါးကို ကြည့်၏။ ပြီးတော့ ဒါရိုက်တာကို ကြည့်၏။

"ကျွန်တော် ပြောတာ သူ မဟုတ်ဘူး။ သူက နီဗားဒါးစမစ်၊ အနောက်တောင် ရိုဒီယိုပြပွဲနဲ့ အနောက်ဘက် တောရိုင်းတိရစ္ဆာန်ပြပွဲကြီးတွေကို ပိုင်တဲ့လူ"

ဟု ပြောရင်း နီဗားဒါးဘက်သို့ပါ လှည့်ကာ ပြုံးလျက်နှင့် လက်ကမ်းပေးသည်။

"တွေ့ရတာ ဝမ်းသာပါတယ် နီဗားဒါး။ ခင်ဗျား ဒီကို ဘာလာလုပ်တာလဲ"

သူ့ကိုကြည့်နေရင်း နီဗားဒါး၏ ရင်ထဲမှာ ဒေါသစိတ်များ ထိန်းမရအောင် ပေါ်ပေါက်လာပြန်သည်။ ထို့ကြောင့် ကမ်းပေးထားသည့် ပီးယားစ်၏လက်ကို ဆွဲယမ်းပစ်လိုက်သည်။ ပီးယားစ်သည် မြေကြီးပေါ်သို့ လဲကျသွား၏။ သူ့မျက်နှာပေါ်မှာ တုန်လှုပ်မှုနှင့် အံ့ဩမှုတို့ရောပြွမ်းသွားသည်။

"ခင်ဗျား ဘယ်လို လုပ်လိုက်တာလဲ နီဗားဒါး"

"အဲဒီ ပြပွဲဟာ ခင်ဗျားနဲ့ ဘယ်လို ဆိုင်သလဲ၊ ခင်ဗျားနဲ့ ဘာပတ်သက်သလဲ၊ ပြောစမ်း"

ဗွန်အယ်လ်စတာ သူတို့နှစ်ယောက်ကြားတွင် ဝင်ရပ်လိုက်သည်။

"ခင်ဗျားလို လူမျိုးတစ်ယောက်ကို ကျွန်တော် ရှာနေတာ ကြာလှပြီ စမစ်၊ ခင်ဗျား ပြပွဲတွေကို ရောင်းပစ်လိုက်ပါ။ ကျွန်တော်တို့နဲ့ အလုပ်လာလုပ်ပါ။ တစ်ပတ်ကို ဒေါ်လာနှစ်ရာ

ငါးဆယ်ပေးမယ်"

ပီးယာ့စ်၏အသံ မြေကြီးပေါ်မှ ထွက်လာသည်။

"အိုး ဒါလောက်နဲ့ ဘယ်ရမလဲ ဗွန်အယ်လ်စတာ။ တစ်ပတ်ကို ဒေါ်လာတစ်ထောင် ပေးရင် မရဘူး"

နီဗားဒါးက သူ့ကို လှမ်းကြည့်သည်။ သူ စကားမပြောနိုင်မီမှာပင် ပီးယာ့စ်၏ အသံ ထွက်လာပြန်သည်။

"ခင်ဗျား တိတ်တိတ်နေပါ။ ကျုပ်ဟာ ခင်ဗျားရဲ့ ကိုယ်စားလှယ်၊ ဒါကို မမေ့ပါနဲ့၊ ဒီမှာ ဗွန်အယ်လ်စတာ၊ အခု ရိုက်ခဲ့တဲ့ စတန့်ဟာ ဟောလီးဝုဒ်တစ်ခွင်လုံးကို တစ်နာရီအတွင်း ပြန့်သွားမယ်။ သူ့ကို ကျုပ်ခေါ်သွားပြီး ယူနီဗာဆယ်ဖြစ်ဖြစ်၊ ဝါနာဘရားသားဖြစ်ဖြစ် ပို့ပေးလို့ ရတယ်။ သူတို့လည်း ဒါမျိုး စောင့်နေကြတာ"

ဟု ပီးယာ့စ်က ဆက်တိုက် ပြောသည်။

"ငါးရာဗျာ ဒါ ကျုပ် နောက်ဆုံး ပေးနိုင်တဲ့ဈေးပဲ"

ဒါရိုက်တာ၏ စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ပီးယာ့စ်သည် နီဗားဒါး၏ လက် မောင်းကို ဆွဲခေါ်လိုက်သည်။

"လာ နီဗားဒါး၊ ကျုပ်တို့ ဝါနာဘရားသားကို သွားမယ်။ ယူနီဗာဆယ်က ရိုက်မယ့် ဘုမ်မစ်ကို ပြိုင်နိုင်ဖို့ ကုမ္ပဏီတိုင်းက လူရှာနေကြတာ"

"ခုနစ်ရာ့ငါးဆယ်"

ဗွန်အယ်လ်စတာက အော်လိုက်၏. . .

"တစ်ပတ် ခုနစ်ရာ့ငါးဆယ်နဲ့ ခြောက်လ၊ ခြောက်လပြည့်ရင် တစ်ပတ်တစ်ထောင်၊ နောက်နှစ်စဉ် တိုးပေးသွားရမယ်"

"ကောင်းပြီ။ သဘောတူတယ်"

ဗွန်အယ်လ်စတာသည် ပီးယာ့စ်နှင့် လက်ဆွဲနှုတ်ဆက်ပြီး နီဗားဒါးဘက်သို့ လှည့်လာ သည်။ ပြုံးရင်း သူ့လက်ကို ကမ်းပေးသည်။

"ခင်ဗျား နာမည် ဘယ်လို"

"စမစ်၊ နီဗားဒါးစမစ်"

သူတို့နှစ်ယောက် လက်ဆွဲ နှုတ်ဆက်ကြသည်။

"အသက် ဘယ်လောက် ရှိပြီလဲ"

နီဗားဒါး မဖြေရသေးမီမှာပင် ပီးယာ့စ်က ဝင်ဖြေသည်။

"သူ့အသက် သုံးဆယ်ရှိပါပြီ မစ္စတာဗွန်အယ်လ်စတာ"

နီဗားဒါးသည် မမှန်ကြောင်းပြောရန် ပါးစပ်ကို ဟလိုက်၏။ သို့သော်လည်း ပီးယာ့စ်က သူ့လက်ကို ဖျစ်ပြီး တိတ်တိတ်နေရန် အချက်ပေးသည်။

"ကောင်းပြီ။ ကျွန်တော်တို့ ကြေညာဖို့ လုပ်မယ်။ ခင်ဗျားတို့ နှစ်ယောက် ကျုပ်နဲ့ အတူတူ အရှေ့ဘက်ရုံးကို လိုက်ခဲ့ကြပါ။ ငြိမ်းချမ်းသော ကျေးရွာမှ ရဲအရာရှိအတွက် မင်းသား ချိုးကြောင်း နော်မန်ကို ပြောပြရမယ်"

နီဗားဒါးသည် သူ့မျက်နှာပေါ်မှ အပြုံးရိပ်ကို အခြားသူများ မမြင်အောင် တစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်။ မိမိသည် တစ်နေ့သော အခါတွင် ရဲအရာရှိဖြစ်မည်ဟု ထောင်ထဲတုန်း က လူအများက ပြောခဲ့ကြ၏။ ယခု နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ထောင်ထဲကလူများ ပြောလိုက် သည်မှာ မှန်ပါ၏။ သို့သော် တကယ့် ရဲအရာရှိ မဟုတ်။ ရုပ်ရှင်ထဲက ရဲအရာရှိ။

(၉)

"ဒုက္ခပါပဲ"

ဟု မက်ဇ်ကို တွေ့လျှင်တွေ့ချင်း ထောင်မှူးကြီးက ရေရွတ်လိုက်၏။ မက်ဇ်ကို သူ့ရုံးခန်းအတွင်းသို့ ခေါ်လာသည်ကို တွေ့သောအခါ ရေရွတ်ခြင်း ဖြစ်သည်။

"သူတို့ ဘာတွေများ လုပ်နေကြသလဲ မသိဘူး။ ဒီဥစ္စာ ထောင်၊ ကလေးသူငယ်

ပြုပြင်ထိန်းသိမ်းရေးကျောင်း မဟုတ်ဘူး"

ဟုလည်း ဆက်ပြောသည်။

"ရုပ်ရည်မြင်ရုံနဲ့တော့ အထင်မမှားလိုက်ပါနဲ့ဦး ထောင်မှူးကြီး၊ သူဟာ ကလေးတစ်ယောက်နဲ့ တူတာတော့ မှန်ပါတယ်။ ဒါပေမယ့် နယူးအော်လင်းမှာ လူတစ်ယောက်ကို သတ်လာခဲ့တာ"

ဟု ရဲအရာရှိက စာရွက်များကို ရှေ့သို့ ထိုးပြရင်း ပြောသည်။ ထောင်မှူးကြီးက စာရွက်များကို ယူကြည့်သည်။

"ဘာမှု လူသတ်မှု ဟုတ်လား"

"မဟုတ်ပါဘူး၊ လူသတ်မှုနဲ့ ထောင်ချတာ မဟုတ်ပါဘူး။ တရားမဝင်တဲ့ လက်နက်ကိုင်ဆောင်မှုနဲ့ ချတာပါ။ သူ့ကိုယ်သူ ကာကွယ်တဲ့အနေနဲ့ လူသတ်သမားတစ်ယောက်ကို သူ သတ်ခဲ့တာပါ။ ဟိုတယ်ပိုင်ရှင် အမျိုးသမီးတစ်ယောက်ရဲ့ အခန်းထဲမှာ သူ့ကိုမိလို့"

ဟု ရဲအရာရှိက ရှင်းပြ၏။

"ကျွန်တော်ဟာ အဲဒီ အမျိုးသမီးရဲ့ လုံခြုံရေးကို တာဝန်ယူရပါတယ် ထောင်မှူးကြီး"

ဟုလည်း မက်ဇ်က ဝင်ရှင်းပြသည်။ ထောင်မှူးကြီးက သူ့ကို မော့ကြည့်သည်။

"ဒါပေမယ့် လူတစ်ယောက်ကို မင်း သတ်ပိုင်ခွင့် မရှိဘူး"

"ရှိပါတယ် ထောင်မှူးကြီး။ သူက ဓားမြှောင်နဲ့ ကျွန်တော့်ဆီကို ပြေးလာပါတယ်။ ကျွန်တော့်ကိုယ်ကို ကျွန်တော် ခုခံကာကွယ်ပိုင်ခွင့် ရှိပါတယ်။ အဲဒီအချိန်က ကျွန်တော့် ကိုယ်ပေါ်မှာလည်း အဝတ်အစား မရှိဘူး"

"ဟုတ်ပါတယ်၊ ဒီအချိန်တုန်းက ဒီကောင့် ကိုယ်ပေါ်မှာ အဝတ်အစား မရှိပါဘူး"

ရဲအရာရှိက ဝင်ထောက်ပေးပြန်၏။

"အင်း ဒါဆိုရင်တော့ ကိုယ့်ဟာကိုယ် ခုခံကာကွယ်တဲ့ အမှုမှန်ပဲ၊ ဘယ်ကောင်နဲ့ ဖြစ်တာလဲ"

"ဒါစီတို့ရဲ့ ညီအစ်ကိုဝမ်းကွဲ တစ်ယောက်ပါပဲ"

ဟု ရဲအရာရှိက ဖြေ၏။

"အိုး ဒါဆို ဒါလောက်နဲ့ ပြီးသွားတာ မင်း အများကြီး ကံကောင်းတယ်။ ဒီမှာဗျို့ ခင်ဗျား စာရွက်တွေ"

ရဲအရာရှိထံသို့ စာရွက်များကို တွန်းပေးရင်း ထောင်မှူးကြီးက ပြောသည်။ နယူးအော်လင်းမြို့တွင် ဒါစီတို့ ညီအစ်ကိုများသည် မျက်နှာကြီးများ ဖြစ်ကြသည်။

"ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ရဲအရာရှိသည် သူ့စာရွက်များကို ကောက်ယူကာ နှုတ်ဆက်သွားသည်။ ထောင်မှူးကြီးကလည်း ယိုင်ရာမှ ထလာသည်။

"မင်း အသက် ဘယ်လောက် ရှိပြီလဲ"

"ဆယ့်ကိုးနှစ်"

"နယူးအော်လင်းလို မြို့မျိုးက ဟိုတယ်ပိုင်ရှင် မိန်းမတစ်ယောက်ရဲ့ ကိုယ်ရံတော်လုပ်ဖို့အတွက် မင်းအသက်က အလွန် ငယ်တာပဲကွ၊ ဘယ်လိုဖြစ်ပြီး ဒီအလုပ်ကို ရတာလဲ"

"ကျွန်တော် စစ်ထဲက ထွက်လာတဲ့အခါမှာ အလုပ်လက်မဲ့ ဖြစ်နေပါတယ်။ အဲဒီ မိန်းမကလည်း သေနတ်ပစ်မြန်တဲ့ လူတစ်ယောက် လိုနေပါတယ်။ ကျွန်တော်ကလည်း သေနတ်ပစ် အင်မတန် ကျွမ်းကျင်ပါတယ်။ မြန်လည်း မြန်ပါတယ်"

ထောင်မှူးကြီးသည် စားပွဲကိုပတ်ပြီး လျှောက်လာ၏။

"သိပ်မြန်တယ်။ အင်း ငါဟာ မမှန်တာ လုပ်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ ဒါပေမယ့် ဒုက္ခပေးတတ်တဲ့ အကောင်စားမျိုးကိုတော့ မလိုချင်ဘူး။ မင်းတို့အားလုံး မနက်စောစော ထရမယ်။ မင်းတို့ကို ခိုင်းတဲ့အလုပ် လုပ်ရမယ်၊ ငါ့လုပ်ငန်းမှာ အနှောင့်အယှက်ဖြစ်အောင် ဘာတစ်ခုမှ မလုပ်ရဘူး"

"ကျွန်တော် နားလည်ပါတယ် ထောင်မှူးကြီး"

ထောင်မှူးကြီးသည် သူ့ရုံးခန်းအဝသို့ ထွက်သွားပြီး အပြင်ဘက်သို့ ခေါင်းပြူကာ. . .

"မိုက်"

ဟု လှမ်းအော်ခေါ်သည်။ အလွန် ထွားကျိုင်းသော နီးဂရိုးကြီးတစ်ယောက် အပေါက်ဝမှာ ပေါ်လာသည်။

"အမိန့်ရှိပါ ထောင်မှူးကြီး"

"ဟောဒီ လူသစ်ကို ခေါ်သွား၊ ကြိမ်ဒဏ် ဆယ်ချက်ပေးလိုက်"

မက်ဇ်၏ မျက်နှာတွင် အံ့ဩရိပ်များ လွှမ်းသွားသည်။

"မင်းကို ငါ မုန်းလို့လုပ်တာ မဟုတ်ဘူး။ ကြိုတင်ကာကွယ်မှုဆိုတာ အမြဲတမ်း လုပ်ရတယ်။ သူများကို ဒုက္ခပေးရင် ဒီလိုပဲ ဒုက္ခခံရမယ်ဆိုတာ မင်းခေါင်းထဲမှာ အမြဲစွဲနေအောင် လုပ်တာ"

ဟု ထောင်မှူးကြီးက ခပ်သွက်သွက် ဝင်ပြောသည်။

"ချာတိတ် လာ"

နီဂရိုးနှင့်အတူ ထွက်လာခဲ့သည်။ နီဂရိုးကြီးသည် ထောင်ကြပ် ဖြစ်၏။ သူ့အသံက လှိုက်လှဲပြီး တစ်ဖက်သား၏ စိတ်ကို သက်သာရာ ရစေသည်။

"ကြိမ်ဒဏ်အတွက် မစိုးရိမ်ပါနဲ့ ချာတိတ်ရာ၊ ပထမ တစ်ချက်တည်းနဲ့ မင်း သတိမေ့သွားအောင် ရိုက်ပေးပါ့မယ်၊ ဒါမှ နောက်ကိုးချက်ကျရင် မင်း မနာတော့ဘူး"

* * *

ထိုနှစ် စောစောပိုင်း ပွဲတော်ရက်အချိန်က နယူးအော်လင်းမြို့သို့ မက်ဇ် ရောက်လာသည်။ လမ်းများအားလုံးမှာ လူများဖြင့် ပြည့်ကျပ်နေ၏။ အားလုံး ပျော်မြူးနေကြသည်။ ထို့ကြောင့်လည်း တက်ဆပ်ပြည်နယ် အနောက်ပိုင်းသို့ မသွားမီ တစ်ရက်တန်သည် နှစ်ရက်တန်သည်တော့ ဒီမှာပဲ အချိန်ဖြုန်းလိုက်ဦးမည်ဟု သူ စိတ်ကူးမိသည်။

သူသည် ဟိုတယ်ကလေးတစ်ခု၏ ဝင်းအတွင်းသို့ ဝင်ခဲ့ပြီး သူ့မြင်းကို မြင်းချည်တိုင်မှာ သွားချည်သည်။ ပြီးမှ အတွင်းသို့ဝင်ကာ ကစားဝိုင်းတစ်ခုမှာ ထိုင်သည်။

နောက် ခြောက်နာရီ ကြာသောအခါ ခုနစ်သုံးလုံးအကွက်ပေါ်သို့ တစ်ဆယ်တန် နှစ်ရွက်ကို ပစ်တင်လိုက်သည်။ သူ့မှာ ဒါပဲ ရှိတော့သည်။ သူ့မှာ ပါလာသမျှ ပိုက်ဆံအားလုံး သူ စီးလာသည့်မြင်း၊ အားလုံး ကုန်သွားပြီ။ သူ့ကျောပိုးအိတ်ထဲတွင်ရှိသည့် အဝတ်အစားများသာ ကျန်တော့သည်။ ကုလားထိုင်ကို နောက်သို့ တွန်းရင်း သူ မတ်တတ်ရပ်လိုက်၏။

"ကဲ ဒါ အပြတ်ပဲဗျို့။ ပါသမျှ ကုန်ပြီ။ ကျွန်တော့်မြင်းကို အစား သွားကျွေးလိုက်ဦးမယ်"

သူ့စကားဆုံးသောအခါ ကစားသမားတစ်ယောက်က သူ့ကို ကြည့်နေသည်။

"စပ်စုရတာတော့ အားနာပါရဲ့၊ မင်း ဘာ အလုပ်လုပ်မယ် စိတ်ကူးသလဲ"

မက်ဇ်က ပခုံးကို တွန့်လိုက်သည်။

"မပြောတတ်ဘူး၊ တစ်ခုခုပေါ့ဗျာ"

"ဘယ်လို အလုပ်မျိုးလဲ"

"ဘာအလုပ် ဖြစ်ဖြစ်၊ ကျုပ် မြင်းစီးကျွမ်းကျင်တယ်၊ တိရစ္ဆာန် ကောင်းကောင်း ကျောင်းတတ်တယ်"

ကစားသမားက မက်ဇ်ခါးမှ သေနတ်ကို မေးငေါ့ပြလိုက်သည်။

"အဲဒါရော ကျွမ်းကျင်ရဲ့လား"

"အတော်အသင့် ဆိုပါတော့"

ကစားသမားသည် ထိုင်ရာမှ ထလာ၏။

"ဒီနေ့ညတော့ မင်း သိပ်ကံမကောင်းဘူး"

"ခင်ဗျားလည်း သိပ်မနိမ့်ပါဘူး"

ကစားသမားသည် သူ့ကုတ်အင်္ကျီအတွင်းသို့ လက်နှိုက်လိုက်သည်။ သူ့လက် ပြန်ထွက်မလာသေးမီမှာပင် သူ့ကို ချိန်ထားသည့် မက်ဇ်၏လက်ထဲမှ သေနတ်ပြောင်းဝကို မြင်တွေ့လိုက်ရသည်။ မက်ဇ်၏သေနတ်သည် သူ ဘာမှ မသိလိုက်ရမီမှာပင် အလွန် လျင်မြန်

စွာ ထွက်လာခြင်း ဖြစ်သည်။

"ဒီလို အပေါ်ထတဲ့ လူမျိုးဟာ လွယ်လွယ်ကလေး သေသွားတတ်တယ်"
မက်ဇ်က သိမ်သိမ်မွေ့မွေ့ပင် ပြောသည်။ ထိုသူ၏ မျက်နှာပေါ်မှာ ပြုံးရောင်သန်း သွားသည်။ ပြီးတော့ လေးစားသောလေသံဖြင့် ပြောသည်။

"မင်း အလွန် တော်ပါတယ်"

မက်ဇ်က သူ့သေနတ်ကို သေနတ်အိမ် အတွင်းသို့ ပြန်ထည့်လိုက်၏။

"မင်းအတွက် ငါ အလုပ်ရှာပေးလိမ့်မယ်လို့ ထင်တယ်။ အမျိုးသမီးတစ်ယောက် အတွက် လုပ်ရမယ့် အလုပ်ပဲ၊ မင်း လုပ်ချင်တယ် ဆိုရင်ပေါ့လေ"

"အလုပ်ဟာ အလုပ်ပါပဲဗျာ။ ဒီအချိန်က ဇီဇာကြောင်နေရမယ့် အချိန် မဟုတ်ပါဘူး"

ဟု မက်ဇ်က ပြန်ပြောသည်။

* * *

နောက်တစ်နေ့ နံနက်တွင် မက်ဇ်နှင့် ကစားသမားတို့သည် နယူးအော်လင်းမြို့ရှိ အထူးခြား အဆန်းကြယ်ဆုံးသော အိမ်တစ်လုံး၏ ဧည့်ခန်းတွင် ထိုင်နေကြသည်။ ထိုအခိုက် အိမ်ဖော် အမျိုးသမီးတစ်ယောက် ထွက်လာသည်။

"မစ္စပလူဗီယာက ရှင်တို့ကို အခု လက်ခံတွေ့ပါလိမ့်မယ်။ ကျွန်မနဲ့ အတူတူ လိုက်ခဲ့ပါ"

ထိုအမျိုးသမီးနောက်သို့ သူတို့ လိုက်လာခဲ့ကြသည်။ ရှည်လျားပြီး အလွန် အဖိုးတန်သော လှေကားကြီးအတိုင်း တက်လာခဲ့သည်။ အမျိုးသမီးက အခန်းတံခါးတစ်ခုကို ဖွင့်ပေးသည်။ သူတို့ ဝင်သွားသောအခါ အရိုအသေပေးပြီး တံခါးကိုပိတ်ကာ ထွက်သွားသည်။ မက်ဇ်သည် ခြေနှစ်လှမ်းဝင်ပြီး ခပ်ကြောင်ကြောင် ရပ်နေမိသည်။

ဤသို့သော အခန်းမျိုးကို သူ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးဘူးခဲ့။ တစ်ခန်းလုံး အဖြူရောင်များ ဖြစ်သည်။ နံရံများကို အဖြူရောင်ပိုးထည်များဖြင့် ဖုံးအုပ်ထားသည်။ ပြတင်းပေါက် ခန်းဆီးများ၊ အိမ်ထောင်ပရိဘောဂများ၊ အိပ်ရာ အားလုံးတို့ကို အဖြူရောင်ပိုးထည်များဖြင့် ဖုံးအုပ်ထားသည်။ ကြမ်းပေါ်မှာ ခင်းထားသည့် ကော်ဇောသည်ပင်လျှင် အဖြူရောင် ဖြစ်ချေသည်။

"ဒီ သူငယ်လေးပဲလား"

ဟု ပျော့ပျောင်းစွာ မေးလိုက်သည့် အသံကို ကြားရသည်။

အသံလာရာသို့ မက်ဇ် လှည့်ကြည့်လိုက်သည်။ အမျိုးသမီးကို တွေ့ရသောအခါ အခန်းကြီးကို မြင်ရသည်ထက်ပင် ပို၍ အံ့ဩသွားမိသည်။ အမျိုးသမီးသည် အလွန် အရပ်ရှည်၏။ မိမိ အရပ်လောက်ပင် ရှည်၏။ သို့သော်လည်း သူ့မျက်နှာသည် အလွန် နုပျိုသည်။ အလွန့်အလွန်ကို နုပျိုလှသည်။ ဆံပင်များက ရှည်လျားသည်။ ခါးပေါ်သို့ရောက်အောင် ဝဲကျနေသည်။ ထိုဆံပင်များသည်လည်း အဖြူရောင်များပင် ဖြစ်ချေသည်။ ကစားသမားက လေးစားသောအသံဖြင့် ပြောသည်။

"မစ္စပလူဗီယာ၊ မက်ဇ်ဆင်းနဲ့ ကျွန်တော် မိတ်ဆက်ပေးပါရစေ"

မစ္စပလူဗီယာသည် မက်ဇ်ကို ခေတ္တ အကဲခတ် ကြည့်နေသေးသည်။

"ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ခင်ဗျာ၊ ဂုဏ်ယူပါတယ်"

မက်ဇ်က ခေါင်းညိတ်ပြရင်း ဖြေသည်။

မစ္စပလူဗီယာသည် ထိုင်ရာမှထလာကာ မက်ဇ်ကို ပတ်ပတ်လည်မှ လှည့်ကြည့်၏။ ပြီးတော့ သံသယမကင်းသောလေသံဖြင့် ပြောသည်။

"သူ့ကိုကြည့်ရတာ ငယ်လွန်းတယ်လို့ ထင်ရတယ်နော်"

"မှန်ပါတယ် ခင်ဗျာ၊ သူဟာ မကြာသေးခင်က ဖြစ်ခဲ့တဲ့ စပိန်နဲ့ တိုက်ရတဲ့စစ်ပွဲက ပြန်လာတဲ့ စစ်ပြန်တစ်ယောက်ပါပဲ"

ဟု ကစားသမားက ဝင်ပြောသည်။ အမျိုးသမီးက အမှတ်မထင် သူ့လက်ကို မြှောက်လိုက်ရင်း စကားကို ဖြတ်လိုက်သည်။

"ရှင် ထောက်ခံတယ်ဆိုရင် သူဟာ တကယ် အရည်အချင်းရှိမယ့် လူပါပဲ။ စိတ်ကျေ

နပ်စရာ ကောင်းပါလိမ့်မယ်။ ဒါပေမယ့် သူတစ်ကိုယ်လုံး ညစ်ပတ်နေတာပဲ"

"ကျွန်တော် ဖလော်ရီဒါကနေ မြင်းစီးပြီးလာတာပါ ခင်ဗျာ၊ အခုပဲ ရောက်လာတာပါ"

မက်ဇ်က သူ့အသံကို ထိန်းရင်း ဖြေသည်။

"သူ အလုံးအဖန်လည်း ကောင်းပါတယ်။ ရင်အုပ်ကျယ်တယ်၊ တင် မရှိဘူး အဝတ်အစားကောင်းကောင်း ဆင်လိုက်ရင် ကောင်းမယ်"

မစ္စပလူဗီယာသည် စောစောက သူ ထိုင်နေသည့် မှန်တင်ခုံရှိရာသို့ ပြန်လျှောက်သွားသည်။ ပြီးမှ သူတို့ဘက်သို့ ပြန်ကြည့်ရင်း မေးသည်။

"ဒီမှာ သူငယ် မင်း ဘာအလုပ်လုပ်ရမယ်ဆိုတာ သိသလား"

"မသိပါဘူး ခင်ဗျာ"

မက်ဇ်က ခေါင်းယမ်းပြသည်။

"မင်းဟာ ငါ့လုံခြုံရေးအတွက် တာဝန်ယူရမယ်။ ကိုယ်ရံတော်ပေါ့၊ ငါ့ရဲ့ ဟောဒီ အဆောက်အအုံကြီးထဲမှာ လုပ်ငန်းတွေ အများကြီး ရှိနေတယ်။ လူကြီးလူကောင်းတွေ တစားဖို့ အတွက် အောက်ထပ်မှာ အခန်းတွေ အများကြီး ရှိတယ်။ ပြီးတော့ တခြား ဖျော်ဖြေစရာတွေ လည်းရှိတယ်။ တို့အိမ်ကို လူတွေ သဘောအကျဆုံးပဲ၊ ဒါကြောင့် မနာလိုသူတွေ ပေါ်တယ်၊ တချို့က တို့ကို ရန်ရှာချင်ကြတယ်။ ဒီအန္တရာယ်တွေကြောင့် ကြိုတင်ကာကွယ်မှု လုပ်ထားဖို့ ငါ့မိတ်ဆွေတွေက ငါ့ကို အကြံပေးကြတယ်"

"ကျွန်တော် သဘောပေါက်ပါပြီ ခင်ဗျာ"

အမျိုးသမီး၏အသံ ပေါ်လာပြန်သည်။ အလွန် လုပ်ငန်းသဘောဆန်သော လေသံမျိုး ဖြစ်သည်။

"ငါ့အလုပ်ချိန်ဟာ မင်း အလုပ်ချိန်ပဲ၊ မင်းဒီမှာ တို့နဲ့အတူတူ နေရမယ်၊ မင်းကို လခ ဒေါ်လာ (၁၀၀)ပေးမယ်၊ အိမ်လခနဲ့ အစားအသောက်အတွက် တစ်လကို နှင်ဆယ်ဖြတ်မယ်၊ ပြီးတော့ ဒီအိမ်မှာ အလုပ်လုပ်နေကြတဲ့ မိန်းကလေးတွေနဲ့ ဘယ်လို အကြောင်းနဲ့မှ ရှုပ်ရှုပ်ထွေးထွေး မနေရဘူး၊ မပတ်သက်ရဘူး"

"ကောင်းပါပြီ ခင်ဗျာ"

မက်ဇ်က ခေါင်းညိတ်သည်။

မစ္စပလူဗီယာက ကစားသမားဘက်သို့ လှည့်ပြီးပြောသည်။

"ဒီလိုဆိုရင် သူ့ကို ရှင် အပ်ချုပ်ဆိုင်ကို ခေါ်သွားပါ။ သူ့ကို ဝတ်စုံခြောက်စုံ ချုပ်ပေးလိုက်ပါ၊ အဖြူသုံးစုံ၊ အနက်သုံးစုံ"

"အဆင်ပြေအောင် လုပ်ပေးလိုက်ပါ့မယ်"

ကစားသမားက ပြုံးပြီးပြောသည်။ သူ့နောက်သို့ မက်ဇ် လိုက်ခဲ့သည်၊ တံခါးဝ ရောက်သောအခါ ရပ်ပြီး နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ အမျိုးသမီးသည် မှန်တင်ခုံတွင် ထိုင်ရင်း သူ့ဆံပင်များကို ရှင်းနေရာမှ သူ့ကို လှမ်းကြည့်သည်။

"ကျေးဇူးတင်ပါတယ် အစ်မကြီး"

မက်ဇ်က ပြန်ပြော၏။

"မင်း ငါ့ကို မစ္စပလူဗီယာလို့ ခေါ်ပါ"

အမျိုးသမီးက အေးတိအေးစက်ဖြင့် ပြောသည်။

* * *

ကစားဝိုင်းများမှ မက်ဇ် ပြန်လာသောအခါ နံနက်သုံးနာရီ ထိုးပြီ၊ ညနေပိုင်းတွင် သူသည် တစ်နာရီလျှင် တစ်ကြိမ်ကျ လိုက်လံစစ်ဆေးရ၏။ သန့်ရှင်းရေးလုပ်နေကြသည့် အမျိုးသမီးများသည် အောက်ထပ်မှာ အလုပ်များနေကြသည်။ အခန်းများကို ရှင်းနေကြသည်၊ တံခါးဝမှာ သူ ခဏ ရပ်လိုက်၏။

"အားလုံး သော့ခတ်ပြီးပြီလား ဂျက်ကော့"

တံခါးစောင့်နီဂရိုးကို လှမ်းမေးလိုက်သည်။

"မီးခံသေတ္တာထက်တောင် စိတ်ချရပါတယ် မစ္စတာဆင်း"

"ကောင်းပါလေ့"

သူသည် လှေကားဆီသို့ လျှောက်လာပြီးမှ ရပ်ကာ နောက်သို့ ပြန်ကြည့်လိုက်သည်။

"မစ္စတာဒါစီ ပြန်သွားပြီလား"

"မပြန်သေးပါဘူး ခင်ဗျာ၊ ဒီည မစ္စအယ်လီနာနဲ့ပဲ အတူတူ အိပ်တော့မယ်တဲ့၊ သူတို့အတွက် မပူပါနဲ့ ခင်ဗျာ။ ရွှေရောင်အခန်းထဲကို ကျွန်တော် ရွှေ့ခိုင်းလိုက်ပါ့မယ်"

မက်ဇ်က ခေါင်းညိတ်ပြခဲ့ပြီး လှေကားဆီသို့ လျှောက်လာခဲ့သည်။ လွန်ခဲ့သည့်လအနည်းငယ်မှစပြီး ဒါစီသည် သူ့အတွက် ပြဿနာတစ်ရပ် ဖြစ်လာသည်။ ဒီအိမ်ကြီးရှင်မနှင့် တစ်ညတာမျှ အတူမနေရလျှင် သူ မကျေနပ်နိုင်အောင် ဖြစ်နေသည်။ ယနေ့ညလည်း အထစ်အငေါ့ကလေးတွေ ဖြစ်နေသည်။ ဒါစီသည် သူ့လိုဘ မပြည့်နိုင်သောကြောင့် စိတ်ကျေနပ်ပုံ မရ။

လှေကားထိပ်ရှိ အခန်းသို့ ရောက်သောအခါ တံခါးခေါက်ပြီး အတွင်းသို့ ဝင်သွားသည်။ သူ့အလုပ်ရှင်မသည် မှန်တင်ခုံမှာ ထိုင်နေသည်။ မိန်းကလေးတစ်ယောက်က သူ့ဆံပင်များကို ရှင်းပေးနေသည်။ သူ ဝင်လာသည်ကို မှန်ထဲမှတစ်ဆင့် မြင်လိုက်ရ၏။

"တံခါးတွေအားလုံး ပိတ်ပြီးပါပြီ မစ္စပလူဗီယာ"

ဟု သူ ပြောလိုက်သောအခါ အမျိုးသမီး၏ မျက်ခုံးများ ပင့်လာသည်။

"ဒါစီရော"

"ဟိုဘက်အစွန်က ရွှေရောင်ခန်းထဲမှာ အယ်လီနာနဲ့အတူ ရှိနေပါတယ်"

"ကောင်းတယ်"

မက်ဇ်သည် ထိုနေရာမှာပင် ရပ်ရင်း မစ္စပလူဗီယာကို ကြည့်နေသည်။ သူ့မျက်နှာတွင် စိတ်မချမ်းသာသည့်ပုံများ ပေါ်နေသည်။ ဆံပင်ရှင်းပေးနေသည့် မိန်းကလေးကို မစ္စပလူဗီယာက လက်ပြပြီး အခန်းပြင်သို့ ထွက်သွားခိုင်းလိုက်သည်။

"မောင်ရယ် ဘာတွေများ အလိုမကျ ဖြစ်လာပြန်တာတုံး"

"ဟုတ်တယ်။ ဒါစီပေါ့၊ ဒီကောင် လုပ်ပုံကိုင်ပုံတွေကို ကျုပ် မကြိုက်ဘူး။ ဒီကောင့်ကို ဒီလာခွင့် မပေးတော့ရင် ကောင်းမယ်ထင်တယ်"

"ဟာဟ ဒီလိုလုပ်လို့ ဘယ်ဖြစ်နိုင်ပါ့မလဲ မောင်ရယ်၊ သူတို့မိသားစုက မျက်နှာကြီးတွေ"

မစ္စပလူဗီယာသည် ပျော်မြူးစွာရယ်ရင်း သူ ရှိရာသို့ ထလာသည်။ ပြီးတော့ သူ့လည်ပင်းကို သိုင်းဖက်ကာ သူ့ကို နမ်းသည်။

"မမချစ်တဲ့ အင်ဒီးယန်းကလေးတော့ သဝန်တိုစိတ်တွေ များနေပါပြီကွယ်၊ မပူပါနဲ့ကွယ် မကြာခင် မေ့သွားမှာပါ။ လူငယ်ကလေးတွေဟာ ဒီအတိုင်းချည်းပါပဲ၊ မမ မြင်ခဲ့ဖူးပေါင်းများလှပါပြီ"

ခဏအကြာတွင် မစ္စပလူဗီယာနှင့် မက်ဇ်တို့သည် ခုတင်ပေါ်မှာ အတူယှဉ်တွဲအိပ်နေကြ၏။ တစ်ယောက်ကိုတစ်ယောက် တပ်မက်စွာ ပွေ့ဖက်ထားကြသည်။

ထိုအခိုက် တံခါးကို ညင်ညင်သာသာ ခေါက်သံကြားရသည်။ ဘာများ ဖြစ်လေသလဲဟု အံ့သြသွားမိသည်။ ရုတ်တရက် တံခါးပွင့်လာ၏။ အခန်းအတွင်းသို့ ဝင်လာသူကား ဒါစီ။

သူ ထရပ်လိုက်သောအခါ မိမိရင်ခွင်ထဲမှ မစ္စပလူဗီယာ လှိမ့်ထွက်သွားသည်ကို သိလိုက်ရသည်။ ပြီးတော့ ခုတင်ခြေရင်းမှ သူ့အသံ ထွက်လာသည်။

"ရှင် အခန်းထဲက ထွက်သွား လူယုတ်မာ"

ဒါစီသည် မစ္စပလူဗီယာကို ငေးကြည့်နေသေး၏။ သူ့မျက်လုံးများမှာ စိတ်ရိုင်းများဝင်နေပြီဖြစ်ကြောင်း တွေ့ရသည်။ သူ့အိတ်ထဲမှ လက်တစ်ဖက်ကို ဆွဲထုတ်လိုက်ပြီး ကြမ်းပေါ်သို့ ပိုက်ဆံများကို ကြဲချ၏။

"ဟောဒီမှာ မင်းအတွက် ဒေါ်လာတစ်ထောင် ယူလာခဲ့တယ်"

သူ အရက် သိပ်မူးနေပြီဖြစ်ကြောင်း သူ့အသံကြောင့် သိသာသည်။

မစ္စပလူဗီယာသည် ခုတင်ပေါ်မှ ခုန်ဆင်းကာ ဒါစီကို တံခါးဘက်သို့ တွန်းလွှတ်၏။ သူ့ကိုယ်ပေါ်မှာ အဝတ်အစား မရှိသည်ကိုပင် သူ သတိမပြုနိုင်တော့။ ပါးစပ်ကလည်း ငေါက်ငိုက်သည်။

"ရှင့်ကို ထွက်သွားလို့ ပြောနေတယ် မဟုတ်လား"

ဒါစီက မစ္စပလူဗီယာ၏ တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်နေသည်။

"ဘုရားရေ မင်းကို ငါ လိုချင်တယ်ကွာ"

ထိုအချိန်မှာပင် မက်ဇ်၏အသံ ပေါ်လာသည်။

"မစ္စပလူဗီယာ ပြောတာ ကြားတယ် မဟုတ်လား ဟော့ကောင်၊ ထွက်သွား"

ထိုအသံကြားတော့မှပင် မက်ဇ်ကို ဒါစီ သတိထားမိတော့သည်။ သူ့မျက်နှာမှာ ဒေါသကြောင့် ချက်ချင်း ရဲသွားသည်။

"မင်း မင်း ဒီအခွင့်အရေးကလေးပေးဖို့ မင်းကို ငါ အမြဲတမ်း တောင်းပန်နေရတယ်၊ အသနားခံနေရတယ်၊ ဒါပေမယ့် မင်းဟာ ငါ့ကို အမြဲတမ်း ရယ်စရာလုပ်လွှတ်တယ်"

စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ဒါစီ၏လက်ထဲမှာ ဓားမြှောင်တစ်ချောင်း ရောက်လာသည်။ လျှပ်ပြက်သလိုပင် မက်ဇ်ဆီသို့ ရောက်လာ၏။ မက်ဇ်က ကိုယ်ကိုလှိမ့်ပြီး ခုတင်အောက်သို့ ဆင်းလိုက်သည်။ ဓားက အိပ်ရာခင်းထဲသို့ နစ်ဝင်သွားသည်။ မက်ဇ်က ခေါင်းအုံးတစ်လုံးကို ကောက်ကိုင်ရင်း သူ့ကိုယ်ကိုကွယ်ကာ သူ့သေနတ်ချိတ်ထားသည့် နောက်ဘက်မှ ကုလားထိုင်ဆီသို့ ရွေ့ခဲ့သည်။ ဒါစီ၏ မျက်လုံးများမှာ ဒေါသကြောင့် မီးဝင်းဝင်း တောက်နေသည်။

"မင်းဟာ အမြဲတမ်း ရယ်စရာ လုပ်ပစ်တယ်။ အမြဲတမ်း ငါ့ကို ပမာမခန့်လုပ်တယ်"

"မင်း အသားမနာခင် ဒီအခန်းထဲက ထွက်သွားရင်ကောင်းမယ်"

မက်ဇ်က ပြော၏။ ဒါစီက ခေါင်းကို ယမ်းလိုက်၏။

"ငါ့ကို ရယ်သွမ်းသွေးစမ်းပါဦးကွ၊ မရဘူး၊ မင်း ရယ်လို့ မရတော့ဘူး၊ ဒီတစ်ခါ ငါ ရယ်မယ်"

ဒါစီက ဓားနှင့် လှမ်းထိုးရင်း ရယ်သည်။ ယခုတစ်ကြိမ်တွင် ဓားက မက်ဇ်ကိုင်ထားသည့် ခေါင်းအုံးထဲသို့ နစ်မြုပ်သွားသည်။ ပြီးတော့ နောက်ဘက်ရှိ နံရံကို ကျောခိုင်းမိသွားသော မက်ဇ် အပေါ်သို့ ဒါစီ၏ကိုယ် ယိုင်ကျလာသည်။ သေနတ်ပြောင်းဝမှ မီးပွင့်သွားသည်။ ဒါစီ၏ မျက်နှာပေါ်တွင် အံ့သြသည့် အမူအရာများပေါ်လာပြီး ဒူးထောက်လျက် ကျသွားရာမှ ကြမ်းပြင်ပေါ်သို့ လဲကျသွားတော့သည်။

မစ္စပလူဗီယာသည် မက်ဇ်ကို မော့ကြည့်ပြီး ဒါစီ၏ဘေးတွင် ဒူးထောက်ထိုင်ချကာ သွေးစမ်းကြည့်သည်။ ပြီးတော့ ဒါစီ၏လက်ကို ပြန်ချထားခဲ့သည်။

"မင်း သူ့ကို မသတ်သင့်ဘူး။ မင်းအလကားအကောင်၊ နွား"

ဟု စိတ်ဆိုးမာန်ဆိုးဖြင့် အော်သည်။

မက်ဇ်သည် မစ္စပလူဗီယာ၏ ရင်ဘတ်ကို ကြည့်လိုက်သည်။ ဒေါသကြောင့် ရင်သားများ ဆတ်ဆတ်တုန်နေသည်။

"ကျွန်တော် ဘာလုပ်ရမလဲ၊ ကျွန်တော့်ဆီကို ဓားနဲ့ လာနေပြီပဲ"

"လက်သီးနဲ့ ထိုးလိုက်ပါလား"

"ဩ ဓားနဲ့လာနေတဲ့လူကို ကျုပ်က တယ် မပြောလိုက်ချင်ဘူး"

မက်ဇ်လည်း စိတ်ဆိုးလာပြီ ဖြစ်သောကြောင့် ရိုင်းရိုင်းစိုင်းစိုင်း ပြန်အော်လိုက်သည်။

မစ္စပလူဗီယာသည် မက်ဇ်ကို ငေးကြည့်နေ၏။ ပြီးတော့ တိတ်ဆိတ်စွာပင် တံခါးပေါက်ဆီသို့ လျှောက်သွားကာ အောက်ထပ်ခန်းမကြီးဆီသို့ လှမ်းကြည့်သည်။ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ သေနတ်သံသည် ခေါင်းအုံးခံနေသောကြောင့် အသံဝပ်သွားသည်။ တံခါးကို ဖြည်းဖြည်းချင်းပိတ်ရင်း သူ ရပ်နေရာသို့ ပြန်လှည့်လာသည်။ ရှေ့သို့ ရောက်သောအခါ သူ့ရှေ့မှာ ဒူးထောက်ထိုင်ချရင်း သူ့ခြေထောက်များကို သိမ်းဖက်ထားသည်။

"မောင်ရယ်၊ စိတ်မဆိုးပါနဲ့ကွယ်၊ မမကို ဒီလို မအော်ပါနဲ့ကွယ်"

ဒါစီသည် သူတို့ဘေးမှာ လဲလျောင်းရင်း အသက်ကုန်နေပြီ ဖြစ်၏။ အလောင်းဘေး ကြမ်းပြင်ပေါ်တွင်မူ မက်ဇ်နှင့် ပလူဗီယာတို့ နှစ်ဦးကား တစ်ယောက်ကိုတစ်ယောက် ဖက်လျက်၊ မနက်မိုးလင်းသောအခါတွင် ပလူဗီယာသည် အလွန် တည်ငြိမ်စွာဖြင့်ပင် ရဲလက်သို့ မက်ဇ်ဆင်း

ကို အပ်လိုက်တော့သည်။

(၁၀)

အကျဉ်းထောင်၏ အရှေ့အနောက်နှင့် တောင်ဘက်တို့တွင် ကျယ်ပြောသည့် ရွံ့ညွန်အိုင်ကြီးများ ပတ်လည်ဝိုင်းကာ ကာဆီးထားသည်။ အပေါ်မျက်နှာပြင်ပေါ်၌ ရေစပ်စပ်ရှိရာ ထိုရေပေါ်တွင် အမြဲစိမ်းသည့် သစ်ပင်ကလေးများ ပေါက်နေကြ၏။ အကျဉ်းထောင်မှ ထွက်လာရာလမ်းသည် မြောက်ဘက်သို့သာ ရှိသည်။ မြောက်ဘက်တွင်လည်း ကာဂျွန်းလူမျိုးတို့ စိုက်ပျိုးထားသည့် လယ်ကွင်းများ ရှိသည်။ အကျဉ်းထောင်မှ မြောက်ဘက်သို့ (၁၆) မိုင်ခန့်သွားသော် ရွာငယ်တစ်ရွာ ရှိသည်။

ထောင်မှ ထွက်ပြေးသည့် အကျဉ်းသားများသည် များသောအားဖြင့် ထိုမြောက်ဘက်လမ်းကိုသာ ရွေးချယ်ကြရသည်။ ကျန်သည့် အရပ်သုံးမျက်နှာမှ ရွံ့ညွန်အိုင်ကြီးများမှာ မည်သည့်နည်းနှင့်မျှ ကျော်ဖြတ်၍ လွတ်မြောက်နိုင်မည် မဟုတ်ပေ။

မြောက်ဘက်လမ်းကို ရွေးပြန်တော့လည်း ကာဂျွန်းလူမျိုးများက ဖမ်းဆီးပြီး ထောင်သို့ ပြန်အပ်လေ့ရှိ၏။ ထောင်ပြေးတစ်ယောက်ကို ပြန်အပ်ခြင်းအားဖြင့် သူတို့အတွက် ဆုတော်ငွေ ဆယ်ဒေါ်လာရသည်။ သို့သော်လည်း ထောင် စတင်တည်ဆောက်ခဲ့သည်မှစ၍ နှစ်ပေါင်းနှစ်ဆယ်အတွင်း ထွက်ပြေးသည့်အမှု နှစ်မှုသာ ပေါ်ပေါက်ခဲ့ဖူးသေးသည်။

ဒီထောင်သို့ မက်ဇ် ရောက်လာသည်မှာ လအနည်းငယ် ကြာသွားပြီ။ မေလ တစ်ရက်နေ့ မနက်ပိုင်း၌ အစောင့်များက အိပ်ဆောင်များကို လိုက်လံစစ်ဆေးရင်း ဂျင်ရိဖ်အမည်ရှိ ထောင်သားတစ်ယောက် ပျောက်ဆုံးနေကြောင်း တွေ့ရသည်။ အစောင့်များက သက်ဆိုင်ရာထောင်မှူးသို့ အကြောင်းကြားကြသည်။

"ဒီကောင် မရှိတော့ဘူးလား"

ထောင်မှူးက ပြန်မေး၏။

"အိမ်သာထဲကနေ ဖောက်ပြီး ထွက်ပြေးတာပါ။ ကျွန်တော် ကြည့်ပြီးပြီ"

ဟု အစောင့်က ဖြေသည်။

"ဒါဆိုရင် မှောင်နေတုန်း ဟောဟို အုတ်နံရံကို ကျော်တက်ပြီး ထွက်သွားတာဖြစ်မယ်"

ဟု ထောင်မှူးက ထင်မြင်ချက်ပေးသည်။

"ဒီကောင် အတော်ရူးတဲ့အကောင်ပဲ၊ ကျွန်တော် ထောင်မှူးကြီးကို သတင်းသွားပို့လိုက်မယ်"

ထောင်သားများအားလုံး မီးဖိုချောင်ရှေ့မှာ တန်းစီရင်း ကော်ဖီနှင့် မုန့်များကို ယူကြရသည်။ ထောင်ကြပ်တစ်ယောက်သည် ထောင်ဗူးဝမှထွက်ပြီး ရွာရှိရာဘက်သို့ လျှောက်သွားသည်ကို မက်ဇ် မြင်လိုက်သည်။ အဆောင်တစ်ခု၏ နံရံကို ကျောမှီပြီး နံနက်စာကို စားနေတုန်းမှာပင် ထောင်ကြပ်သည် သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။

ထိုအခိုက် သူ့အနားသို့ မိုက် ရောက်လာသည်။ မိုက်သည် သူ ထောင်ထဲသို့ စရောက်သည့်နေ့က ကြိမ်ဒဏ်ဆယ်ချက်ရိုက်သည့် အလွန် ထွားကျိုင်းသော ထောင်ကြပ်နီဂရိုးကြီးဖြစ်သည်။ မက်ဇ်က သူ့ကို မော့ကြည့်သည်။

"သူတို့ မိအောင်ဖမ်းနိုင်ပါ့မလား"

"မင်းက ဘာများ အောက်မေ့လို့လဲ၊ ဒီကောင့်ကို ပြန်မိလာမှာ၊ မယုံရင် မင်းစောင့်ကြည့်"

ဟု နီဂရိုးထောင်ကြပ်က ပြန်ပြောသည်။

မိုက် ပြောသည်မှာ မှန်ပါသည်။ နောက်တစ်နေ့မနက် သူတို့ နံနက်စာအတွက် တန်းစီနေစဉ်မှာ ဂျင်ရိဖ် ပြန်ရောက်လာသည်။ လှည်းတစ်စီးပေါ်မှာ သူ ထိုင်လိုက်လာသည်။ ကာဂျွန်းအမျိုးသားနှစ်ယောက်သည် သူတို့၏ သေနတ်ရှည်ကြီးများဖြင့် ဂျင်ရိဖ်၏ တစ်ဖက်တစ်

နက်မှာ ရပ်နေကြသည်။

ညနေဘက် အလုပ်တာဝန်ပြီးဆုံး၍ သူတို့ပြန်လာကြသောအခါ ဂျင်ရိပ်ကို ကြိမ်ဒဏ်ပေးသည့်တိုင်မှာ ကိုယ်တုံးလုံး ချည်ထားသည်ကို တွေ့ကြရသည်။ ထောင်ကြပ်များက ထောင်သားများအားလုံးကို ထိုနေရာသို့ ခေါ်သွားသည်။ သူတို့ ညစာမစားမီ ပြစ်ဒဏ်ပေးသည်ကို ကိုယ်တွေ့ကြည့်ရန် ဖြစ်သည်။

ထောင်သားများအားလုံး တန်းစီပြီးသည်အထိ ထောင်မှူးကြီးက စောင့်နေသည်။

"ထောင်ကနေ ထွက်ပြေးဖို့ ကြိုးစားရင် ဘယ်လို ပြစ်ဒဏ်ခံရတယ်ဆိုတာ မင်းတို့မြင်ရမယ်။ ကြိမ်ဒဏ်ဆယ်ချက် အရိုက်ခံရမယ်၊ ပြီးတော့ လှောင်အိမ်ထဲမှာ ပိတ်ထားမယ်၊ (၁၅) ရက်ကြာမှ အပြင်ကို တစ်ရက်ထွက်ခွင့်ပေးမယ်"

ဟု ပြောရင်း မိုက်ဘက်သို့ လှည့်ကြည့်ပြန်သည်။

"တစ်ချက်တည်းနဲ့ ဒီကောင် သတိလစ်သွားတာကို ငါ မလိုချင်ဘူး။ သတိမလစ်စေနဲ့ဦး၊ သူလုပ်တဲ့ အလုပ်အတွက် သူ ဘယ်လို ခံရတယ် ဆိုတာကို နားလည်ပြီး နောက် တောင်းပန်ကန်မှန်း သိမယ်"

မိုက်က ခေါင်းညိတ်ပြပြီး ရှေ့သို့ တိုးသွားသည်။ မိုက်၏ နောက်ကျောမှ ကြွက်သားကြီးများသည် အမြောင်းထသွားသည်။ သူ့လက်ထဲမှ ကြာပွတ်က အကျဉ်းသား၏ ကိုယ်ပေါ်မှာ မြွေတစ်ကောင်လို သွားပတ်သည်။ မြင်ရသည်မှာ ခပ်သာသာကလေး ရိုက်လိုက်သည်ဟု ထင်ရ၏။ သို့သော် မိုက်က သူ့ကြာပွတ်ကို အကျဉ်းသားကိုယ်ပေါ်မှ ပြန်ဆွဲယူလိုက်သောအခါတွင် နီရဲသည့် ကြာပွတ်ရာ အရှည်ကြီးကို မြင်လိုက်ရပြီး ထိုနေရာမှ သွေးများ ယိုစီးကျလာသည်။

ခဏကြာသောအခါ အကျဉ်းသား၏ ကြောက်မက်ဖွယ် အော်ဟစ်သံ ပေါ်ထွက်လာသည်။ ကြာပွတ်သည် သူ့ကိုယ်ပေါ်သို့ မြွေတစ်ကောင်လို ရစ်ပတ်လိုက်ပြန်၏။ ဒီတစ်ကြိမ် အော်လိုက်သော အကျဉ်းသား၏အသံသည် သေဘေးနှင့် ရင်ဆိုင်တွေ့ကြုံနေရသကဲ့သို့ ရှိချေသည်။ ဆယ်ချက်ပြည့်ရန် သုံးချက်အလိုတွင် အကျဉ်းသားသည် ယဲ့ယဲ့ကလေးသာ ကျန်ဘော့၏။ တစ်ချက်ရိုက်ပြီးတိုင်း ထောင်မှူးကြီးက အနားသို့ ကပ်သွားကာ အကျဉ်းသားမျက်နှာပေါ်သို့ ရေနှင့်ပက်သည်။ ပြီးတော့ ဆက်ရိုက်ရန် အမိန့်ပေးသည်။

နောက်ဆုံးတွင် ဂျင်ရိဖ်သည် သတိလစ်ပြီး တိုင်မှာ တွဲလောင်း ဖြစ်နေသည်။ သူ့ကျောနှင့် သူ့ပခုံးပေါ်ရှိ ကြာပွတ်ရာများမှ သွေးများ ယိုစီးကျနေသည်။

"ဖြုတ်ချပြီး လှောင်အိမ်ထဲမှာ ပိတ်ထားလိုက်တော့"

ထောင်မှူးကြီးက အမိန့်ပေးသွားသည်။

ထောင်သားများသည် ညစာယူရန်အတွက် တိတ်ဆိတ်စွာ တန်းစီကြ၏။ မက်ဇ်တစ်တန်းစီရင်း လှောင်အိမ်ကို လှမ်းကြည့်သည်။ တကယ့် လှောင်အိမ်ပင် ဖြစ်ချေသည်။ လေးပေအမြင့်၊ လေးပေပတ်လည်ခန့်သာကျယ်သော သံမဏိချောင်းများဖြင့် ပြုလုပ်ထားသည့် လှောင်အိမ် ဖြစ်သည်။ အထဲတွင် လမ်းလျှောက်နိုင်ဖို့ ဝေးစွ၊ ခြေထောက်ကိုပင် ကောင်းစွာ ဆန့်၍မရနိုင်။ ထိုင်လိုက ထိုင်၊ မထိုင်ချင်လျှင် တိရစ္ဆာန်လို လေးဖက်ထောက်နေရုံသာ ရှိသည်။ နေဒဏ်နှင့် အခြား ရာသီဥတုဒဏ်များကို ကာကွယ်ပေးနိုင်မည့် အမိုးအကာများလည်း လုံးဝမရှိ။

ဂျင်ရိဖ်သည် ဤလှောင်အိမ်ထဲမှာ ရက်ပေါင်းသုံးဆယ် နေရမည်။ အဝတ်အစားဝတ်ခွင့် မပြု။ ဆေးဝါး ကုသမပေး။ ပေါင်မုန့်နှင့် ရေကိုသာ တိုက်ကျွေးထားသည်။ အခြားထောင်သားများကလည်း သူ့ကို စကား မပြောရ။ တစ်စုံတစ်ရာ မပေးရ။ ပြောလျှင်၊ ပေးလျှင် ထိုပြစ်ဒဏ်မျိုးကိုပင် ခံရမည်။

မက်ဇ်သည် ညစာကို ယူလာပြီး ထိုလှောင်အိမ်ကို မမြင်ရသည့် နေရာမှာ သွားထိုင်သည်။ စောစောက ကြိမ်ဒဏ်ပေးသည့် မြင်ကွင်းကြောင့် သူ စိတ်ထိခိုက်နေသည်။ သူတစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်နှင့် တဖြည်းဖြည်း စားနေသည်။

မိုက်က သူ့ဘေးမှာ လာထိုင်၏။ ထွားကျိုင်းသော နီဂရိုးကြီး၏မျက်နှာမှာ ချွေးပြန်နေသည်။ သူ့မျက်နှာကိုကြည့်ပြီး မက်ဇ်သည် ထမင်း မစားနိုင်တော့။ ထို့ကြောင့် ပန်းကန်ကို

ဝေးရာသို့ တွန်းပစ်ရင်း ဆေးနှင့်စက္ကူထုတ်ကာ ပွတ်ချွန်းတစ်လိပ် လိပ်နေမိသည်။

"မင်း မဆာဘူးလား"

မိုက်က မေးသည်။

မက်ဇ်သည် သူ့ကို ခဏငေးကြည့်နေသေး၏။ ပြီးမှ သူ့ပန်းကန်ထဲမှ စားစရာကို မြေကြီးပေါ်သို့ သွန်ချလိုက်သည်။ မိုက်က သူ့ကို အံ့ဩစွာ ကြည့်နေသည်။

"ဘာဖြစ်လို့ မင်း ဒီလို လုပ်ရတာလဲ"

"တခြား အလုပ်တွေကို ရှာမလုပ်ဘဲ ခင်ဗျား ဒီမှာ လာပြီး လာဖြစ်လို့ ထောင်ကြပ် လုပ်နေတယ်ဆိုတာ အခုမှပဲ ကျုပ် သိတော့တယ်။ ကြာပွတ်ကို ခင်ဗျား မြှောက်လိုက်တဲ့အခါမှာ လောကကြီး တစ်ခုလုံးကို ခင်ဗျား အနိုင်ရလိုက်သလိုပဲ"

ဟု မက်ဇ်က ပြန်ပြောသည်။

"မင်း ဒါကို စဉ်းစားနေတာပေါ့လေ"

နီဂရိုးကြီးက သဘောပေါက် နားလည်သည့် အကြည့်ဖြင့် ကြည့်ရင်း ပြောသည်။

"ဟုတ်တယ်၊ ကျွန်တော် ဒါကိုပဲ စဉ်းစားနေတာ"

မိုက်သည် မက်ဇ်ကို စိုက်ကြည့်နေ၏။ ပြီးတော့မှ တဖြည်းဖြည်းချင်း ပြောပြသည်။

"မင်း ဒီအကြောင်းတွေကို ဘာမှ မသိသေးပါဘူး။ ပြောပြရဦးမယ်၊ နှစ်ပေါင်းတော့ အတော်ကြာပြီပေါ့ကွာ။ ငါ ဒီကို ရောက်လာခါစတုန်းကပေါ့၊ လူတစ်ယောက်ကို သူတို့ အခုလိုပဲ ကြိမ်ဒဏ်ပေးတယ်။ အဲဒီလူကို ကြိုးလည်း ဖြေပေးလိုက်ရော သူ့တစ်ကိုယ်လုံး ကျောရော၊ ရင်ဘတ်ရော ဒဏ်ရာတွေ မွစာကျဲနေတယ်။ နောက် နှစ်ရက်လောက်ကြာတော့ သူ သေသွားတာပဲ၊ ကြိမ်ဒဏ်ပေးတဲ့ တာဝန်ကို ငါ စယူကတည်းက လူတစ်ယောက်မှ မသေသေးဘူး။ ကြိမ်ရိုက်လာတာ (၁၂) နှစ် ရှိပြီ၊ မင်း အနားက ကပ်မကြည့်ရလို့၊ ငါ့ကြာပွတ်ဟာ သူ့ရင်ဘတ်ပေါ်ကို ဘယ်တော့မှ မရောက်ရဘူး။ ငါ သိပါတယ်။ ငါ့အလုပ်နဲ့ ပတ်သက်ပြီး မင်းတို့ နားမလည်ဘူး။ ဒါပေမယ့် တစ်ယောက်ယောက်ကတော့ နားလည်ပါလိမ့်မယ်။ ဒါကြောင့်လည်း ငါ ဒီမှာ ဆက်လုပ်နေတာပေါ့ကွာ။ ဘယ်သူ့ကိုမှ မနာကျင်စေချင်ပါဘူး။ ဂျင်ရိဖ် အပေါ်မှာလည်း ဒီ စိတ်ထားမျိုး ငါ ထားပါတယ်"

မက်ဇ်သည် မြေကြီးပေါ်သို့သာ ငုံ့ကြည့်နေသည်။ မိုက်ပြောသည့် စကားများကို သူ စဉ်းစားနေသည်။ အကယ်၍ မိုက် မဟုတ်ဘဲ အခြား တစ်ယောက်ကသာ ကြိမ်ဒဏ်ပေးမည်ဆိုလျှင် ဂျင်ရိဖ် သေဖွယ်ရာသာ ရှိသည်။ သူသည် တိတ်ဆိတ်စွာပင် ဆေးဘူးကို မိုက်ဘက်သို့ တိုးပေးလိုက်၏။ စကားမူ တစ်ခွန်းမျှ မပြော။ သူကိုယ်တိုင်လည်း ပွတ်ချွန်းတစ်လိပ် လိပ်နေသည်။

သူတို့နှစ်ယောက်သည် အေးဆေးစွာပင် အိပ်ဆောင်ကိုမှီရင်း ဆေးလိပ်သောက်နေကြသည်။

* * *

ဂျင်ရိဖ် လှောင်အိမ်မှ ထွက်ခဲ့ရပြီး တစ်လခန့်ကြာသော နေ့တစ်နေ့ ဖြစ်သည်။ သူသည် မက်ဇ်ရှိရာ အိပ်ဆောင်အတွင်းသို့ ဝင်လာ၏။ တီရှတ်ဆွာန်တစ်ကောင်ကဲ့သို့ စိတ်ရိုင်းများပေါ်နေကြောင်း သူ့မျက်လုံးများထဲမှာ မြင်နေရသည်။ မက်ဇ်က လှဲနေရာမှ ထထိုင်လိုက်သည်။

"ငါ ဒီထောင်ထဲက လွတ်တော့မယ်"

ဟု ဂျင်ရိဖ်က မက်ဇ်ကို ပြောသည်။

"ကျုပ်တို့အားလုံး လွတ်ကြရမှာပဲ မဟုတ်လား"

ဟု မက်ဇ်က ပြန်မေးသည်။

"ဟေ့ကောင်လေး မနောက်စမ်းနဲ့၊ ငါ ဆိုလိုတာက"

"ကျုပ် ဆိုလိုတာကလည်း ဒါပါပဲဗျာ။ ဒါပေမယ့် လောလောဆယ်တော့ ဘယ်သူမှ မလွတ်သေးပါဘူး"

"ငါက လွတ်နိုင်တဲ့လမ်း တွေ့ထားပြီးပြီကွ၊ ဒါပေမယ့် တစ်ယောက်တည်းတော့ မဖြစ်ဘူး။ ဒါကြောင့် မင်းဆီ ငါလာတာ"

ဟု ဂျင်ရိဖ်က ပြောသည်။

"ဘာဖြစ်လို့ ကျုပ်ဆီကိုမှ လာရတာလဲ၊ ဒီထောင်ထဲမှာ လူတွေ အများကြီး"

"ဘာကြောင့်လဲဆိုတော့ သူတို့အားလုံးလိုလိုဟာ မြို့သားတွေကွ၊ ဒီကောင်တွေနဲ့ ဆိုရင် ရွံ့ညွန်ပြင်ကြီးထဲမှာပဲ အသက်ပျောက်သွားလိမ့်မယ်"

သူ့စကားကို ကြားရသောအခါ မက်ဇ်က နေရာပြင်ထိုင်သည်။

"ဒီလောက်ကျယ်တဲ့ ညွန်ပြင်ကြီးကို ဘယ်လို လူကရော လွတ်အောင် ပြေးနိုင်မှာလဲဗျ၊ မိုင်လေးဆယ်လောက် ကျယ်တယ်။ မိကျောင်းတွေကပေါ၊ မြွေတွေကပေါနဲ့၊ တစ်ခုတည်းသော လွတ်လမ်းက မြောက်ဘက်ပဲ၊ ရွာကို ဖြတ်ပြေး"

ဂျင်ရိဗ်၏ မျက်နှာပေါ်တွင် ခါးသီးသော အပြုံးတစ်ခု ပေါ်လာသည်။

"ငါလည်း ဒါကိုပဲ စဉ်းစားနေတာပေါ့။ အလွန် လွယ်တဲ့လမ်း၊ မြစ်ညင်းရိုးကလေးကို ကျော်၊ လမ်းပေါ်ကိုတက်၊ လျှောက်သာသွား၊ အလွန် လွယ်တာပေါ့။ ဒီကောင်တွေ တို့နောက်ကို ခွေးနဲ့တောင် လိုက်စရာ မလိုဘူး။ ကာဂွန်းတွေက တို့ကို အသာကလေးဖမ်းပြီး ဒီကို ပြန်ပို့လိုက်တာနဲ့ ကိစ္စပြီးသွားရော"

သူသည် နာကြည်းစွာပြောရင်း မက်ဇ်၏ဘေးမှာ ဒူးညွတ်ကာ ဆက်ပြောပြန်၏။

"ညွန်ပြင်ကြီးကို ဖြတ်ဖို့ပဲ၊ ငါတော့ ဒီတစ်လမ်းပဲ မြင်တယ်။ ငါ တွက်ကြည့်ပြီးပြီ။ တို့ လှေတစ်စင်း ရပြီးတော့"

"လှေတစ်စင်း၊ ပေါက်ပေါက်ရှာရှာဗျာ။ ဘယ်က သွားရမှာလဲ"

"အချိန်တော့ ယူရမှာပေါ့ကွာ။ ကောက်စိုက်ချိန် ရောက်တော့မယ်။ ထောင်မှူးကြီးက လယ်ပိုင်ရှင်ကြီးတွေဆီမှာ တို့ကို အလုပ်ခိုင်းလိမ့်မယ်။ ထောင်သားတွေဆိုတော့ အလုပ်သမားခပေးရတာ ဈေးသက်သာတယ် မဟုတ်လား။ အမှန်က ထောင်မှူးကြီး ပိုက်ဆံရပေါက်အတွက် အကြံအဖန် လုပ်တာပါကွာ။ အဲဒီ ကောက်စိုက်ချိန်ဆိုရင် လယ်ထဲမှာ ရေတစ်ဝက်လောက် ရောက်လာတာနဲ့ ပတ်လည်မှာ လှေတွေ ပြည့်လို့"

"ကျုပ်တော့ မပြောတတ်တော့ဘူးဗျာ"

မက်ဇ်က မယုံသလို ပြန်ပြောသည်။

"မင်းရဲ့ အဖိုးတန် အချိန်တွေကို ဒီထောင်ထဲမှာ နှစ်နှစ်လုံးလုံး ဖြုန်းတီးပစ်မလား၊ ဒါလောက် များပြားတဲ့ အချိန်တွေကို မင်း လွှတ်ပစ်လိုက်တော့မှာလား"

ဂျင်ရိဗ်၏မျက်လုံးများသည် တိရစ္ဆာန်ကဲ့သို့ ရိုင်းစိုင်းလာသည်။

"ကျွန်တော် စဉ်းစားဦးမယ်ဗျာ။ နောက်တော့ ခင်ဗျားကို ကျွန်တော် အဖြေပေးမယ်"

အိပ်ဆောင်အတွင်းသို့ မိုက်ဝင်လာသောကြောင့် ဂျင်ရိဗ်သည် အခြားတစ်နေရာသို့ ထသွားသည်။ ထောင်ကြပ်မိုက်သည် မက်ဇ်အိပ်နေရာသို့ တန်းတန်းမတ်မတ် လျှောက်လာပြီး ဒုံ့ဒိုးပင် မေးသည်။

"ညွန်ပြင်ကြီးကို ဖြတ်ပြီး ထွက်ပြေးဖို့ မင်းကို သူ လာဆွယ်နေတာ မဟုတ်လား"

မက်ဇ် အလွန် အံ့သြသွားသည်။

"ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

"ထောင်ထဲမှာ ရှိသမျှ လူတွေအကုန်လုံးကို ဒီကောင် ပြောပြီးပြီ။ ဘယ်သူကမှ လက်မခံဘူး။ မင်းကို မကြာခင် လာဆွယ်တော့မယ်ဆိုတာ ငါ တွက်ထားပြီးသား"

"ဗျို"

မက်ဇ် အလွန် အံ့သြသွား၏။

"ဒီအလုပ်ကို မလုပ်ချင်စမ်းပါနဲ့ ကလေးရယ်။ လွတ်နိုင်စရာအကြောင်း ရှိတယ်လို့ပဲ မြင်ဦးတော့၊ ဒီအလုပ်ကို မလုပ်ပါနဲ့။ ဒီကောင်ဟာ စိတ်ကောင်း မရှိဘူး။ ယုတ်မာတယ်၊ ကောက်ကျစ်တယ်၊ သူ လွတ်သွားမယ်ဆိုရင် ဘယ်သူ ဒုက္ခရောက်ရောက် အရေးစိုက်နေမယ့် အကောင် မဟုတ်ဘူး။ ဘယ်သူသေသေ ငတေမာပြီးရော အကောင်စားမျိုး"

အလွန် ထွားကျိုင်းသည့် ထောင်ကြပ်ကြီးသည် ခန္ဓာကိုယ်နှင့် မလိုက်အောင် နူးညံ့သိမ်မွေ့စွာ ပြောပြနေသည်။

မက်ဇ်သည် အိပ်စင်ပေါ်မှာ ကိုယ်ကို ဆန့်လိုက်၏။ အမှောင်ထဲသို့ ငေးကြည့်နေမိ

သည်။ သူ့အာရုံထဲမှာ ရောက်လာသော အချက်သည် ဂျင်ရိဖ် ပြောသွားသည့် (၂) နှစ်တည်းဟူသော အချိန် ဖြစ်သည်။ ဤမျှ ရှည်လျားသော အချိန်ကို သူ အဆုံးရှုံး မခံနိုင်။ (၂) နှစ်ဆိုလျှင် သူ့အသက် (၂၁) နှစ် ရှိသွားပေတော့မည်။

(၁၁)

"ဟေ့ ဒါမှ တကယ့် ထမင်းကွ"

မိုက်က မက်ဇ်၏ဘေးတွင် ဝင်ထိုင်ရင်း ပြောသည်။ သူ့ပန်းကန်ထဲမှာ ဝက်အူချောင်းများ၊ ဟင်းသီးဟင်းရွက်စိမ်းများ၊ အာလူးများဖြင့် ပြည့်မောက်နေသည်။

မက်ဇ်က သူ့ကို မော့ကြည့်၏။ သူက အေးဆေးစွာ ထမင်းစားနေသည်။ သူ ပြောသည်မှာ မှန်ပါသည်။ ထောင်မှာ စားခဲ့ရသည့် အစားအစာများထက် အလွန်အမင်း ပိုကောင်းနေသည်။ ထောင်မှာ တစ်ပတ်လုံးရသော အသားပုံစံသည် ယခုသည်မှာ တစ်နပ်စားရသည့် အသားလောက်ပင် မများ။ သို့သော် သူ မဆာ။ သူ အလွန် မောနေသည်။ တစ်နေကုန် ကုန်းပြီး ပျိုးနုတ်ခဲ့ရသောကြောင့် သူ့ခါးကို ပြန်ဆန့်၍မှ ရပါဦးတော့မည်လားဟု ထင်နေသည်။

ရိဖ်နှင့် အခြား တစ်ယောက်တို့သည်လည်း သူတို့ဘေးမှာပင် ထိုင်နေကြသည်။ ရိဖ်သည် သူ၏ပန်းကန်ထဲမှ အသားတုံးများကို အားပါးတရ စားနေသည်။

"ချာတိတ် ကောင်မလေး တစ်ယောက်ယောက် မစွဲသေးဘူးလားကွ"

ဟု ရိဖ်က မက်ဇ်ကို လှမ်းမေးသည်။

မက်ဇ်က ခေါင်းပြန်ခါပြလိုက်သည်။ မေးလည်း မေးစရာ ဖြစ်ပါသည်။ ငယ်ရွယ်သော၊ အလွန် သန်မာသော၊ ခြေသလုံးနှင့် ပေါင်ရင်းအထိ ကောင်းစွာ မြင်နိုင်လောက်သည့် ဂါဝန်တိုကလေးများကို ဝတ်ဆင်ထားကြသော ကာဂျွန်းအမျိုးသမီးလေးများ လယ်ပိုင်ရှင်ကြီးများပိုင်သည့် လယ်ထဲမှာ မိမိတို့ ထောင်သားများနှင့်အတူ ဒူးတင်ပေါင်ဖက် အတူအလုပ်လုပ်ခဲ့ကြသည်။ လယ်ထဲမှာ အလုပ်လုပ်ကြရင်းဖြင့် သူတို့ ဆံပင်များ လေထဲမှာ လွင့်နေသည်ကို စိတ်လှုပ်ရှားဖွယ် တွေ့ရသည်။ သူတို့ကိုယ်မှ ထွက်လာသည့် ကိုယ်သင်းရနံ့များကို ရှူရှိုက်ရသည်။ ထောင်သားများနှင့်အတူတူ အလုပ်လုပ်နေရသော်လည်း သူတို့သည် ကြောက်ရွံ့စိုးရိမ်မှု မရှိကြ။

"ကျွန်တော် သိပ်ပင်ပန်းနေပြီဗျာ"

မက်ဇ်က ပြောရင်း သူ့ပန်းကန်ကို အောက်သို့ ချထားလိုက်သည်။ ထို့နောက် သူ့ခြေမျက်စိများကို ပွတ်သပ်နေသည်။ ခြေချင်းခတ်ထားသောကြောင့် ထိုနေရာများမှာ အလွန်နာနေ၏။ ထိုခြေချင်းကြီး တန်းလန်းဖြင့် တစ်နေကုန် ရေထဲမှာ သွားလာလှုပ်ရှားနေရသဖြင့် ပိုဆိုးသည်။

"ငါတော့ မမောပါဘူးကွာ၊ တစ်နှစ်လုံး ဒီအချိန်ကိုပဲ စောင့်ခဲ့ရတာ။ ဒီမှာ တစ်ပတ်လာနေရတာဟာ နောက် တစ်နှစ်စာအတွက် အားအင်တွေ ပြည့်သွားတော့တာပဲ"

ဟု ရိဖ်၏ဘေးမှာ ထိုင်နေသော တစ်ယောက်က ဝင်ပြောသည်။

"ဟေ့ အင်ဒီးယန်း၊ ဒီအခွင့်အရေးမျိုးကို လက်လွတ်မခံနဲ့ကွ၊ ကာဂျွန်းမလေးတွေဟာ ကမ္ဘာပေါ်မှာ ဘယ်မိန်းမနဲ့မှ မတူဘူး"

ရိဖ်က ဝင်ပြောပြန်၏။

"မှန်လိုက်လေကွာ"

ဟု တစ်ယောက်က ထောက်ခံပြန်၏။

"ခင်ဗျားလည်း တစ်ယောက်ရပြီးပြီ မဟုတ်လား"

ရိဖ်က ထောင်ကြပ်မိုက်ကို လှမ်းမေးသည်။ မိုက်က ပြန်မဖြေ။ ထမင်းကိုသာ ငုံ့စားနေသည်။ ရိဖ်၏မျက်နှာ မည်းခနဲ ဖြစ်သွား၏။

"ခင်ဗျား လယ်ကွင်းထဲမှာ ဘာလုပ်ခဲ့တယ်ဆိုတာ ကျုပ် မြင်ပါတယ်ဗျာ။ သေနတ်ကြီးပိုက်ပြီး ယမ်းသလားနေတာ ကောင်မလေးတွေကို ဟန်ရေးပြနေတာ မဟုတ်လား"

မိုက်သည် ယခုအချိန်အထိ ဘာအဖြေမှ ပြန်မပေး။ ပန်းကန်ထဲမှာ ကျန်နေသေးသော ဟင်းရည်များကို နောက်ဆုံးကျန်သည့် ပေါင်မုန့်တစ်ဖဲ့ဖြင့် တို့ယူနေသည်။ ထိုပေါင်မုန့်ကို စားပြီးသောအခါ ကျေနပ်နှစ်သိမ့်စွာဖြင့် ပန်းကန်ကို ငုံ့ကြည့်လိုက်သည်။ နှုတ်မှလည်း နှစ်သိမ့်စွာ မြည်တမ်းလိုက်သည်။

"စားလို့ကတော့ ကောင်းပါပေ့ကွာ"

"ဟေ့ နီဂရိုးစုတ်၊ မင်းကို ငါ မေးနေတယ်ကွ"

ဟု ရိဖ်က ဒေါသဖြင့် လှမ်းအော်လိုက်သည်။

မိုက်သည် ပထမဦးဆုံးအကြိမ်အဖြစ် ရိဖ်ကို ငုံ့ကြည့်သည်။ သူသည် ဖျင်းရိပျင်းတွဲ အမူအရာမျိုးဖြင့် မက်ဇ်ကို ကျော်ပြီး ရိဖ်ကို ကုပ်မှကိုင်ကာ ဆွဲမြှောက်လိုက်၏။ ရိဖ်သည် သူ့လက်ထဲမှာ မြောက်ခနဲ ပါသွားသည်။ ခြေထောက်နှင့်မြေကြီး မထိတော့ဘဲ လေထဲမှာ တွဲလောင်း ဖြစ်နေသည်။

"ငါ့ကို မေးနေတယ်၊ ဟုတ်လား ထောင်သား"

မိုက်က ရိဖ်ကို ခပ်သာသာလှုပ်ရင်း မေး၏။

"မင်း တစ်ခု ကောင်းကောင်းမှတ်ထား၊ ငါက ထောင်ကြပ်၊ မင်းက ထောင်သား၊ ကျန်းကျန်းမာမာနေချင်ရင် မင်းပါးစပ်ကို ပိတ်ထား"

ရိဖ်၏လက်များသည် လေထဲမှာ တွယ်ရာမဲ့ ဖြစ်နေသည်။ သူ့မျက်နှာသည် ပြာနှမ်းလာ၏။ မိုက်က သူ့ကို အနည်းငယ်ထပ်ပြီး ခါယမ်းလိုက်သေးသည်။ ပြီးတော့မှ အဆောင်၏ နံရံဘက်သို့ လွှင့်ပစ်လိုက်သည်။ ရိဖ်သည် ငါးပေအကွာသို့ လွင့်သွားကာ နံရံနှင့် ဆောင့်မိပြီး ကြမ်းပေါ်သို့ ပုံကျသွား၏။ မိုက်ကို သူ ကြည့်နေသည်။ သူ့နှုတ်ခမ်းများ လှုပ်လာသော်လည်း မည်သည့်အသံမျှ ထွက်မလာတော့။ မိုက်က သူ့ကို ပြုံးကြည့်လိုက်သည်။

"ဘယ်လိုလဲကွ၊ ကျောင်းမှန်းကန်မှန်း သိသွားပြီလား"

မိုက်က သူ့ပန်းကန်ကို သူ ပြန်ကြည့်ရင်း ဘာမှ မဖြစ်သလို ဆက်ပြောပြန်၏။

"ဟင်းကျန်သေးသလား သွားကြည့်ဦးမယ်ကွာ၊ တကယ်ပဲ၊ ငါ စားဖူးခဲ့သမျှထဲမှာတော့ အရသာ အတွေ့ဆုံးပဲ"

မိုက် အဝေးသို့ ရောက်သွားသောအခါ ရိဖ်ကထပြီး ကြုံးဝါးပြန်၏။

"ဒီကောင်ကို ငါ သတ်မယ်။ ဘုရားစူးရပါစေရဲ့၊ ငါ ထောင်က မလွတ်ခင် တစ်နေ့နေ့ပေါ့။ ဒီ နီဂရိုးစုတ်ကို သတ်ဖြစ်အောင် သတ်ပြမယ်"

ထိုညက သူတို့အိပ်ဆောင်ထဲမှာ တီးတိုးသံများဖြင့် ပြည့်နေသည်။ မက်ဇ်သည် အိပ်စင်ပေါ်မှာ ခြေလက်တို့ကို ဆန့်လိုက်၏။ သက်သောင့်သက်သာ ရှိလာသည်။ စောစောကလို မပင်ပန်းမနွမ်းနယ်တော့ပါ။ သို့သော်လည်း သူ အိပ်မပျော်။

အစောင့်ဝင်လာပြီး သူတို့ကို စစ်ဆေးကြည့်ရှုကာ ပြန်ထွက်သွားသည်။ အစောင့် ပြန်ထွက်သွားသောအခါ တီးတိုးပြောသံများကို ပြန်ကြားလာရပြန်၏။

"သူတို့ မလာတော့ဘူး ထင်တယ်"

ဟူသော အသံတစ်သံ ထွက်လာသည်။

"လာမှာပါကွ၊ မပူပါနဲ့။ သူတို့ကို တို့အကြာကြီး စောင့်နေသလို သူတို့ကလည်း တို့ကို အကြာကြီး စောင့်နေရတာပါ"

ဟု တစ်ယောက်က ပြန်ဖြေသည်။

ထောင်သားတို့၏ လူးလွန့်သံများ၊ တီးတိုး စကားပြောသံများ၊ သက်ပြင်းချသံများဖြင့် အဆောင်ထဲတွင် ပြည့်နေသည်။

ခဏကြာသောအခါ အဆောင်တံခါး ပွင့်သွားသည်။ ကာဂျွန်းအမျိုးသမီးများ ဝင်လာကြသည်။ သူတို့သည် ဖိနပ်မစီးဘဲ ခြေသံမကြားအောင် ဝင်လာကြသောကြောင့် အသံက အလွန် တိုးတိတ်နေသည်။ ပြီးတော့ အဆောင်၏ အမှောင်တွင်းမှာ သူတို့ ပျောက်ကွယ်သွားကြသည်။ လက်တစ်ဖက်သည် မက်ဇ်၏မျက်နှာကို လာထိသည်။ တစ်ပြိုင်တည်း လေသံကလေးနှင့် မေးသည်ကိုပါ ကြားလိုက်ရသည်။

"မင်း အဘိုးကြီးလား၊ ချာတိတ်လား"

"ချာတိတ်"

မက်ဇ်ကလည်း တိုးတိုးကလေး ပြန်ဖြေသည်။ ခဏကြာတော့ သူ့လည်ပင်းကို နွေး ထွေးသည့် လက်များက သိုင်းဖက်လာသည်။

"မင်းနဲ့ အတူတူ နေလို့ရမလား"

"ဟုတ်ကဲ့"

မက်ဇ်၏စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ကာဂွန်းအမျိုးသမီးသည် သူ့ရင်ခွင်ထဲသို့ ရောက်လာလေတော့သည်။

* * *

လယ်တောသို့ သူတို့ ရောက်ရှိပြီး လေးရက်မြောက်နေ့တွင် မက်ဇ်ဆီသို့ ဂျင်ရိဗ် ရောက်လာပြန်သည်။ ပြီးတော့ ခပ်မြန်မြန်ပင် သူ ပြောသည်။

"မင်းကို စကားပြောဖို့ ငါ ချောင်းနေတာ။ ဟို နီဂရိုးကောင်ကို မလစ်နိုင်ဘူး။ ငါ လေ့တစ်စင်းရပြီ"

"ဘာဗျ"

"တိုးတိုး ပြောစမ်းပါကွာ။ အားလုံး စီစဉ်ပြီးပြီ။ ထောင်ရဲ့တောင်ဘက်မှာ စီစဉ်ထားတယ်"

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"ငါ့ကောင်မလေးနဲ့ ငါ စီစဉ်လိုက်တာပဲ"

"ခင်ဗျားကို ဒီကောင်မ လိမ့်သွားတာ မဟုတ်ဘူးနော်"

"မလိမ့်ပါဘူးကွ၊ ဒီကောင်မတွေက ဒါမျိုး ကြိုက်ပါတယ်၊ ငါလွတ်ရင် သူ့ကို နယူး အော်လင်းမြို့ကို ခေါ်သွားမယ်လို့ ပြောထားတယ်။ လှေက သူ့နေရာမှာ ရှိနေလိမ့်မယ်။ သူ့နေရာက လုံခြုံတယ်။ တို့ကို ရှာမတွေ့လို့ လက်လျှော့သွားတဲ့ အချိန်အထိ လုံလုံခြုံခြုံနဲ့ တို့ ပုန်းနေနိုင်တယ်"

ဟု ရိဗ်က ခပ်သုတ်သုတ် ပြောသည်။ ပြီးတော့ ခပ်သုတ်သုတ်ပင် ပြန်ထွက်သွား တော့သည်။

ထိုနေ့ညနေက မိုက်သည် မက်ဇ်ဘေးတွင် ထိုင်ရင်း ညစာစားနေသည်။ ပန်းကန်နှင့် ဇွန်းခက်ရင်းတို့ ထိသံများကို အကြာကြီးကြားနေရသည်။

"အခု ရိဗ်မှာ လှေရပြီဆိုတော့ မင်း သူနဲ့အတူတူ ပြေးတော့မှာလား"

မိုက်က ရုတ်တရက် မေးချလိုက်သည်။ မက်ဇ်က သူ့ကို ငေးကြည့်နေမိသည်။

"ခင်ဗျား သိနေပြီလား"

"ဒီလို နေရာမျိုးမှာ ဘာတစ်ခုမှ လျှို့ဝှက်ထားလို့ မရဘူးကွ"

မိုက်က ပြုံး၏။

"ကျွန်တော် မသိဘူး"

ဟု မက်ဇ်က ပြန်ဖြေသည်။

"မင်း ငါ့ကိုယုံပါ ကလေးရယ်၊ လှောင်အိမ်ထဲမှာ တစ်လနေရတယ်ဆိုတာဟာ မင်း ထပ်နေရဦးမယ့် တစ်နှစ်ခွဲထက် ပိုကြာတယ်"

နီဂရိုးထောင်ကြပ်က ရိုးသားစွာ ပြောပြသည်။

"ဒါပေမယ့် ကျွန်တော်တို့ လုပ်ရလိမ့်မယ် ထင်တယ်"

"မလုပ်ပါနဲ့ကွာ။ ပထမဆုံး ထောင်မှူးကြီးက မင်းတို့ကို ခွေးနဲ့ရှာမယ်၊ ရှာလို့မတွေ့ ဘူးထား။ ဒီရွှံ့ညွန်ပင်လယ်ကြီးအောက်မှာ မင်းတို့ ပျောက်သွားမှာပေါ့"

မိုက်က ဝမ်းနည်းသံဖြင့် ပြောသည်။

"ကျွန်တော်တို့ အဲဒီဘက်က ပြေးမယ်ဆိုတာ သူ ဘယ်လိုလုပ် သိမလဲ၊ ခင်ဗျား သွားပြောပြမှာလား"

မိုက်သည် စိတ်ထိခိုက်သွားပုံရ၏။

"မင်း သိပါတယ်ကွာ။ ငါဟာ ထောင်ကြပ်တစ်ယောက်ပါ။ ဒါပေမယ့် ငါတော့

မပြောဘူး။ ထောင်မှူးကြီးက သူဟာသူ သိမှာပဲ။ တစ်ယောက်တည်းဆိုရင် ဟောဒီဘက် ကုန်းပိုင်းက လမ်းကြောင်းတစ်လျှောက်ပဲ ပြေးမယ်။ နှစ်ယောက်ဆိုရင် ညွှန်ပြင်ကို ဖြတ်ပြေး လိမ့်မယ်၊ ဒါ ထုံးစံပဲ"

မက်ဇ်သည် ဆေးလိပ်ကို ဖွာရင်း ငြိမ်နေ၏။

"မပြေးပါနဲ့ ကလေးရယ်။ မင်းကို ငါ ကြာပွတ်နဲ့ မရိုက်ပါရစေနဲ့၊ ငါဟာ မင်းရဲ့ သူငယ်ချင်းပဲ ဖြစ်ချင်ပါတယ်"

မက်ဇ်သည် ထောင်ကြပ်ကြီးကို ကြည့်လိုက်၏။ ပြီးတော့ တဖြည်းဖြည်း ပြုံးလာ သည်။ နီဂရိုး၏ ကျယ်ပြန့်ကြီးမားသော ပခုံးပေါ်သို့ သူ့လက်ကို တင်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ခင်ဗျားဟာ ကျွန်တော့် သူငယ်ချင်းပါပဲ"

ဟု သူက အလေးအနက် ပြန်ပြောလိုက်သည်။

"မင်း သွားမှာပါပဲ၊ ငါ သိပါတယ်။ စဉ်းတော့ စဉ်းစားဦးပေါ့ကွာ"

မိုက်ကပြောပြီး ထိုင်ရာမှထကာ ဖြည်းညင်းစွာ ထွက်ခွာသွားသည်။ မက်ဇ်က သူ့ကို လှမ်းကြည့်နေသည်။ မိမိကိုယ်တိုင် မသိသည့်အကြောင်းများကို သူက ဘာကြောင့် သိနေရ သနည်းဟုလည်း စဉ်းစားနေမိသည်။

သို့သော်လည်း နောက်ညမှာပင် ရိဖ်နှင့်သူသည် ခြံစည်းရိုးကိုကျော်ပြီး ညွှန်ပြင်ရှိရာသို့ အရူးလို ထွက်ပြေးခဲ့ကြတော့သည်။ ထိုအခါကျမှပင် နီဂရိုးထောင်ကြပ်ကြီးမိုက် ပြောသော စကားများသည် မည်မျှမှန်ကန်ကြောင်း သူ သဘောပေါက် နားလည်လာသည်။

ဂျင်ရိဖ်သည် သစ်ပင်အောက်တွင် လှည့်ပတ်ရှာ၏။ ရွှံ့ညွှန်အတွင်း ဒူးဆစ်မြုပ်သည် အထိ ဆင်းရှာသည်။ ပြီးတော့ သူ့ပါးစပ်က ရေရွတ်လိုက်သည်။

"ခွေးဝဲစားမ၊ အလွန် ညာတတ်တဲ့ ကာဂျွန်းဖာမ"

ထိုနေရာတွင် မည်သည့်လှေမျှ မရှိချေတကား။

## (၁၂)

သူတို့သည် ကျူပင်တောထဲမှာ တိုးဝှေ့လာကြရ၏။ တစ်ခါတစ်ရံတွင် ရေက ခါး လောက် ရှိသည်။ တစ်ခါတစ်ရံတွင် ရင်ဆို့လောက် ရှိသည်။ အလွန် ဝေးသည့်နေရာမှ အမဲလိုက်ခွေးတစ်ကောင်၏ ဟောင်သံကိုလည်း ကြားနေကြရသည်။

ရိဖ်သည် သူ့ကိုယ်ပေါ်မှ မှက်များကို လက်နှင့် ရိုက်ချလိုက်သည်။

"တို့ကိုတော့ ပြန်မိတော့မှာပဲ"

ဟု ရိဖ်က ရောင်ကိုင်းနေသည့် နှုတ်ခမ်းများဖြင့် ပြောသည်။ သူ့ကို မက်ဇ် လှမ်းကြည့် သောအခါ သူ့မျက်နှာသည် မှက်ကိုက်ရာများဖြင့် ရောင်ကိုင်းနေပြီဖြစ်၏။ သူ့အဝတ်အစား များလည်း စုတ်ပြဲနေပြီ။ ရိဖ်က သူ့ကို ပြန်ကြည့်ရင်း မေးသည်။

"တို့ ဒီနေရာမှာပဲ ပတ်ချာလည်နေတယ်လို့ မထင်ဘူးလား။ အခု သုံးရက်ရှိလာပြီ။ တို့ ဘာမှ မတွေ့ရသေးဘူး"

"ဟုတ်တယ်၊ ကျွန်တော် ပြောတာလည်း ဒါပဲပေါ့။ ကျွန်တော်တို့ ဒီနေရာမှာပဲ ပတ်ချာလည်နေတယ်။ သူတို့ လက်ထဲ ပြန်ရောက်ဖို့ကတော့ သေချာနေပါပြီ"

ဟု မက်ဇ်က ပြန်ပြောသည်။

"ငါတော့ မတတ်နိုင်တော့ဘူးကွာ။ ဒီခြင်တွေ၊ မှက်တွေကိုက်တာနဲ့ပဲ ငါ ရူးတော့ မယ်၊ သူတို့ ပြန်မိချင်လည်း မိပစေတော့"

"ခင်ဗျား အမိခံနိုင်ပေမယ့် ကျွန်တော်တော့ အမိမခံနိုင်ဘူး။ ဒီလောက် ခရီးပေါက် အောင်လာပြီးမှတော့ ထောင်ကိုပြန်ပြီး လှောင်အိမ်ထဲမှာ မနေနိုင်ဘူး။ ကဲလာဗျာ ဆက်လျှောက် ကြဦးစို့"

မက်ဇ်က ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။ ရိဖ်က သူ့ကိုကြည့်ရင်း လှမ်းပြော၏။

"မှက်တွေ၊ ခြင်တွေက မင်းကိုတော့ ဒုက္ခမပေးပါလား ဒါဟာ မင်းရဲ့ အင်ဒီးယန်း

သွေးကြောင့် ဖြစ်မယ်ထင်တယ်။ ဒါမှမဟုတ် တစ်ခုခုကြောင့်ပဲ"

"ဟုတ်မှာပေါ့။ ကျုပ်က သူတို့ကို ပွတ်မချလို့လည်း ဖြစ်ချင်ဖြစ်မယ်၊ ကဲ လာဗျာ"

"တို့ ဒီမှာပဲ တစ်ညလောက် နားကြရအောင်လားကွာ"

"အား မိုးချုပ်ဖို့ နှစ်နာရီလောက် လိုသေးတယ်ဗျ။ ဆက်သွားရင် ကျုပ်တို့ နောက်ထပ် တစ်မိုင်လောက်တော့ ခရီးတွင်နိုင်သေးတယ်၊ သွားကြစို့"

မက်ဇ်သည် ပြောပြောဆိုဆိုဖြင့် ရေထဲသို့ ဆင်းလိုက်သည်။ နောက်သို့ လုံးဝ လှည့်မကြည့်ဘဲ ခရီးတွင်ဖို့ကိုသာ ကြိုးစားနေသည်။ နောက်ပိုင်းမှ ရိဖ် ယက်နေသည့် ရေသံများကို ကြားနေရသည်။ မိုးမချုပ်မီကလေးမှာပင် တောင်ကမူကလေးတစ်ခုကို တွေ့သဖြင့် နားကြသည်။

ရိဖ်သည် မြေပြင်ပေါ်မှာ ဆန့်ဆန့်ကြီး ဖြစ်နေ၏။ မက်ဇ်က သူ့ကို ငုံ့ကြည့်လိုက်သည်။ သူ့အတွက် စိတ်မကောင်း။ သို့သော်လည်း ရိဖ်၏မျက်နှာပေါ်မှာ အလွန် ကြီးမားသည့် မုန်းတီးစိတ်များ မီးလိုတောက်ခဲ့သည်ကို ပြန်စဉ်းစားမိသောအခါ သူ့ရင်ထဲမှ သနားစိတ်သည်လည်း အလိုလို ပျောက်ကွယ်သွားတော့၏။

မက်ဇ်သည် ဓားထုတ်ကာ ကြံတစ်ချောင်းကို ခုတ်ယူသည်။ ထို့နောက် အစွန်းတစ်ဖက်ကို ချွန်သည်။ ရေစပ်သို့ ဆင်းသွားကာ (၁၅) မိနစ်ခန့် ငြိမ်သက်စွာ ရပ်နေသည်။ ရေအောက်မှာ ကူးလာနေသော ငါးအရိပ်ကို သူ မြင်ရသည်။ သူနှင့် နီးလာသည်အထိ စောင့်နေသည်။ နီးလာသည်နှင့် တစ်ပြိုင်တည်း သူ့လက်ထဲမှ ကြံချောင်းအချွန်ကို ရေထဲသို့ ထိုးစိုက်ချလိုက်သည်။

ကြံချောင်းကို ရေပေါ်သို့ ဆွဲတင်လိုက်သောအခါ အဖျားအချွန်တွင် အတန်ငယ်ကြီးသော ငါးတစ်ကောင် ပါလာသည်။

"ဒီတစ်ခါတော့ ငါးကောင်းကောင်း ရပြီဗျို့"

ဟု ပြောရင်း ရိဖ် ရှိရာသို့ ပြန်လာသည်။ သူ့ဘေးမှာ ထိုင်ချရင်း ငါးကို အကြေးခွံခွာနေသည်။

"မီးမွှေးလိုက်ကွာ၊ တို့ ဖုတ်စားရအောင်"

ရိဖ်က ထထိုင်ရင်း ပြောသည်။ မက်ဇ်သည် ငါးအစိမ်းကို စားရင်း ခေါင်းခါပြလိုက်၏။

"မီးဖိုက ည်ော်နံ့ဟာ မိုင်ပေါင်းများစွာအထိ ရောက်တယ်ဗျ"

သူ့စကားကို ကြားသောအခါ ရိဖ်က ဒေါသတကြီး မတ်တတ်ရပ်လိုက်သည်။

"ဟေ့ကောင် ငါဟာ အရူး မဟုတ်ဘူးကွ။ မင်းလို အသုံးမကျတဲ့ အင်ဒီးယန်း မဟုတ်ဘူးကွ။ ငါ့ငါးကို ငါ ဖုတ်စားမယ်"

သူသည် အနီးတစ်ဝိုက်သို့ ထသွားပြီး ထင်းတုံးနှစ်တုံးကို ယူလာသည်။ မီးဖိုအတွက် ပြင်ပြီးသောအခါ အိတ်ထဲမှ မီးခြစ်ကိုနှိုက်၍ ခြစ်သည်။ သို့သော်လည်း မီးခြစ်မှာ ရေစိုနေသောကြောင့် မီးမတောက်တော့ချေ။ ဒေါသတကြီးဖြင့် ထပ်ခြစ်ပြန်၏။ သို့သော် ဘာမှ ထူးမလာ။

"ရေစိုတုန်းပဲကွာ"

မက်ဇ်ကမူ ငါးအစိမ်းကို စားမြဲစားနေ၏။ ငါးစိမ်းဖြစ်သောကြောင့် အဆီများပြီး အဝါးရခက်သည်။ တဖြည်းဖြည်းပင် သူ ဝါးနေ၏။

"မင်း မီးတောက်အောင် မလုပ်နိုင်ဘူးလား"

"ဘယ်လိုလဲ"

မက်ဇ်က ပြန်ကြည့်ရင်း မေးသည်။

"အင်ဒီးယန်းတွေ လုပ်သလိုလေကွာ။ တုတ်နှစ်ချောင်းကို ပွတ်တာပေါ့"

မက်ဇ်က ရယ်သည်။

"သစ်သားတွေက ဒါလောက် စိုထိုင်းနေတာ ဘယ်ရနိုင်ပါ့မလဲဗျ။ ရော့ ဟောဒီမှာ ငါး၊ တဖြည်းဖြည်း ဝါးရင် မဆိုးပါဘူး"

ရိဖ်က သူ ကမ်းပေးသည်ကိုယူပြီး ဝါးကြည့်သည်။ ခဏအကြာတွင် ထွေးထုတ်လိုက်၏။

"ငါ စားလို့ မရဘူးကွာ"

သူသည် ခေတ္တ ငြိမ်သက်နေ၏။ တစ်အောင့်ကြာသောအခါ သူ့ကိုယ်ကို လက်နှစ်ဖက်ဖြင့် ဖက်ထားရင်း. . .

"ချမ်းလိုက်တာကွာ မခံနိုင်အောင်ဘဲ"

ဟု ညည်းသည်။

မက်ဇ် သူ့ကို လှမ်းကြည့်သည်။ သူ့မျက်နှာပေါ်တွင် ချွေးသီးများကို မြင်ရသည်။ သူ့တစ်ကိုယ်လုံးလည်း တုန်နေသည်။

"အိပ်နေလိုက်ဦး။ မြက်တွေနဲ့ ကျွန်တော် ဖုံးပေးမယ်။ ခဏကြာရင် ခင်ဗျား နွေးသွားလိမ့်မယ်"

သူ့မျက်နှာကို စမ်းကြည့်သောအခါ ချစ်ချစ်တောက် ပူနေသည်ကို တွေ့ရသည်။ ငှက်ဖျားမိနေပြီဖြစ်ကြောင်း သူ သိလိုက်သည်။ ထို့ကြောင့်လည်း သူ့အိတ်ထဲမှ ဝီစကီစ်ကို ထုတ်ယူပြီး မီးဖိုလိုက်၏။ ရိဗ်သည် မြက်များအောက်တွင် ဆတ်ဆတ်တုန်ရင်း ညည်းတွားနေ၏။ ကောင်းကင်သို့ မက်ဇ် မော့ကြည့်လိုက်သောအခါ မိုးလင်းတော့မည်ကို သိရသည်။ အမှတ်မထင် သက်ပြင်းချမိသည်။ မိမိကို ထောင်မှူးကြီး ပြန်လည်ဖမ်းမိသွားသည်အထိ မည်မျှကြာအောင် စောင့်ရဦးမည်နည်းဟု တွေးမိသည်။

ထိုင်နေရင်းမှာပင် ငိုက်မျဉ်းနေမိ၏။ ထူးခြားသည့် အသံတစ်ခုကြောင့် သူ နိုးလာသည်။ ငါးထိုးသည့် ကြံချွန်ကို ကောက်ကိုင်လိုက်သည်။ အသံကို ထပ်ကြားရပြန်၏။ အလွန်ကျယ်သော အသံဖြစ်၏။ ကြံချွန်ကို အသင့်ကိုင်ထားလိုက်သည်။ မည်သို့ဆိုစေ သူ့တွင် လက်နက်ဆို၍ ဤတစ်ခုသာ ရှိသည်။

မိုက်သည် သူ့အနားမှာ လာရပ်၏။ သူ့လက်ထဲမှာ ရိုင်ဖယ်သေနတ်ကို ကိုင်ထားသည်။

"မင်း တော်တော်မိုက်မဲတဲ့ ကလေးပဲ။ ဒီနေရာမျိုးမှာ မီးဖိုရသလား"

ဟု သူ့ကို ပြန်ပြောသည်။

မက်ဇ်က မတ်တတ်ရပ်သည်။ အားလုံး ပြီးသွားပြီဖြစ်ကြောင်း သူ နားလည်လိုက်ပါပြီ။

"သူ သိပ်ဖျားနေတယ်ဗျာ"

မိုက်သည် ရိဗ်ထံသို့ လျှောက်သွားသည်။

"ဟုတ်တာပေါ့။ ထောင်မှူးကြီးပြောတာ သိပ်မှန်တာပဲ။ ညွန်ထဲမှာ သုံးရက်ကြာပြီးရင် ဒီကောင် ဖျားရမယ်လို့ ပြောတယ်"

မိုက်သည် မီးဖိုဘေးမှာထိုင်ချရင်း သူ့လက်များကို မီးကင်နေသည်။

"မီးလှုံလိုက်ရတော့မှပဲ နေသာထိုင်သာရှိသွားတယ်။ မင်း ဒီနားမှာစောင့်ပြီး အဦနီ ပြုန်းနေဖို့ မကောင်းဘူး"

"ဒါကလွဲလို့ ကျွန်တော် ဘာလုပ်ရမလဲဗျာ"

"သူသာဆိုရင် မင်းကို စောင့်နေတော့မှာ မဟုတ်ဘူး။ ပစ်ထားခဲ့မှာပဲ"

"ဒါပေမယ့် အခုဟာက သူမှ မဟုတ်ဘဲ၊ ကျွန်တော်ပဲ"

မက်ဇ်က ပြန်ပြော၏။ မိုက်သည် မြေပြင်ကို စိုက်ကြည့်နေ၏။

"ဟုတ်ပါပြီလေ အခုဆိုရင် မင်း သွားဖို့ ကောင်းပြီ"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"မင်း သွားတော့"

မိုက်က မာမာကျောကျော ပြောလိုက်သည်။

"ကျွန်တော်တို့ကို လိုက်ရှာနေတဲ့ တခြား အဖွဲ့တွေကရော"

"နောက်ထပ် နှစ်နာရီလောက်နဲ့တော့ မင်းကို သူတို့ မိဦးမှာ မဟုတ်ဘူး။ ဂျင်ရိုဖ်ကို မိတာနဲ့ သူတို့ ကျေနပ်သွားကြမှာပါ"

မက်ဇ်သည် မိုက်ကို ကြည့်နေသည်။ ထို့နောက် ညွန်ပြင်ကြီးကို လှမ်းကြည့်သည်။ ခဏကြာသောအခါ သူ့ခေါင်းကို ဖြည်းလေးစွာ ယမ်းခါလိုက်၏။

"ဒီအလုပ်မျိုးကို ကျွန်တော် မလုပ်ရက်ဘူးဗျာ"

"မင်းဟာ ငါထင်ထားတာထက်တောင် ပိုပြီး မိုက်နေပါပေါ့လား။ သူ့ထိုက်နဲ့ သူ့ကံ

ပေါ့ကွ"

"ကျွန်တော်တို့ ထွက်ပြေးတုန်းက နှစ်ယောက်အတူတူ၊ ထောင်ကို ပြန်ရမယ်ဆိုရင်လည်း နှစ်ယောက်အတူတူပဲ ပြန်မယ်"

"ခက်တဲ့ ကလေးပဲ။ ကဲ မီးတွေကို ရေထဲကို ပစ်ချလိုက်ပါတော့ကွာ"

မိုက်က ထိုင်ရာမှထရင်း အားလျှော့သံဖြင့် ပြောသည်။

မက်ဇ်သည် မီးပုံကို ရေထဲသို့ ကန်ချလိုက်သည်။ သူ နောက်သို့ ပြန်လှည့်ကြည့်သော အခါ မိုက်က ရိဖ်ကို ထမ်းနေကြောင်း တွေ့ရသည်။ မက်ဇ်က ညွန်များအတွင်းသို့ ပြန်ဆင်းလိုက်၏။ ထောင်သို့ပြန်ရန် ခြေဦးလှည့်လိုက်ခြင်း ဖြစ်သည်။

"မင်း ဘယ်ကိုသွားဦးမလို့လဲ"

မိုက်၏အသံက နောက်မှ ပေါ်လာ၏။ မက်ဇ်က ပတ်လည်ကို လှည့်ကြည့်နေသည်။ မိုက်က ဆန့်ကျင်ဘက်အရပ်သို့ လက်ညှိုးညွှန်ပြသည်။

"ဒီညွန်တွေကို လွန်ဖို့ ဟောဒီလမ်းအတိုင်းသွား၊ (၂၅) မိုင်လောက်ပဲ သွားရမယ်"

"ခင်ဗျား ဒီလို မလုပ်သင့်ပါဘူး မိုက်၊ ထောင်အမှုထမ်းတစ်ယောက်အနေနဲ့ ထောင်သား ထွက်ပြေးနိုင်အောင် မကူညီသင့်ပါဘူး"

သူစကားဆုံးသောအခါ မိုက်က ခေါင်းညိတ်သည်။

"မှန်တယ် ကလေး၊ မင်း ပြောတာ မှန်တယ်။ ငါဟာ ထောင်သား မဟုတ်ဘူး။ ငါ သွားချင်ရင် ဘယ်အရပ်ကိုမဆို သွားနိုင်တယ်။ ငါ ထောင်ကို ပြန်မသွားရင်လည်း သူတို့ ဘာမှ မပြောနိုင်ဘူး"

"ဒါပေမယ့် ကျွန်တော် လွတ်အောင် ခင်ဗျား ကူညီတာကရော"

"သူတို့ ငါ့ကိုမိရင် တို့အားလုံးကို မိတာနဲ့ အတူတူပဲ။ ဘယ်လိုပဲဖြစ်ဖြစ် မင်းကို ငါ ကြာပွတ်နဲ့ မရိုက်ချင်ဘူး။ မင်း သိတယ် မဟုတ်လား။ ငါ မလုပ်ရက်ဘူး။ တို့နှစ်ယောက်ဟာ တကယ့် သူငယ်ချင်းပဲ"

ဟု မိုက်က ရိုးရိုးသားသားပင် ပြန်ပြောသည်။

* * *

ရှစ်ရက်မြောက်နေ့တွင် ညွန်ပြင်ကြီးမှ သူတို့ လွတ်မြောက်လာကြသည်။ ခြောက်သွေ့သော မြေမာပေါ်သို့ ရောက်သောအခါကျမှပင် အသက်ဝအောင် ရှူနိုင်ကြတော့သည်။ အလွန်ဝေးကွာသေးသည့် တစ်နေရာမှ မီးခိုးတလူလူ တက်နေသည်ကို မက်ဇ်က လှမ်းတွေ့လိုက်သည်။

"ဟော ဟိုမှာဗျို့။ မြို့တစ်မြို့တော့ တွေ့ပြီ။ အစားကောင်းကောင်းလေးတော့ စားရတော့မှာပဲ"

ဟု မက်ဇ်က စိတ်အားထက်သန်စွာ ပြောသည်။

"မလောနဲ့ဦး။ မြို့ဆိုရင် ကုန်တိုက်ကြီးတစ်ခုတော့ ရှိရမယ်။ ဒီနေ့ည ဝင်ဖောက်ကြရအောင်"

ဟု ရိဖ်က ဝင်ပြောသည်။ ရိဖ်သည် အဖျားပျောက်သွားပြီ ဖြစ်သော်လည်း အသားများ ဝါနေသေးသည်။

မက်ဇ်က မိုက်ကို မော့ကြည့်သည်။ နီဂရိုးကြီးက ခေါင်းညိတ်ပြသည်။

ထိုနေ့ည သန်းခေါင်ကျော် နှစ်နာရီအချိန်တွင် ကုန်တိုက်ကြီးကို သူတို့ ဖောက်ထွင်းဝင်ကြသည်။ အပြင်သို့ ပြန်ထွက်လာသောအခါ အဝတ်အစားသစ်များ၊ သေနတ်များနှင့် ဖြစ်နေကြတော့သည်။ ပိုက်ဆံလည်း (၁၈) ဒေါ်လာ ရခဲ့သည်။

မက်ဇ်က မြင်းဇောင်းတွင်းရှိ မြင်းသုံးကောင်လောက်ကိုပါ ယူခဲ့ချင်သည်။ သို့သော် ရိဖ်က ကန့်ကွက်သည်။

"မလုပ်နဲ့ဦး။ မြင်းနဲ့ဆိုရင် ခြေရာခံလိုက်လာတာနဲ့ တို့ကို ပြန်မိသွားလိမ့်မယ်။ လမ်းမကြီးပေါ်က မသွားဘဲ တောလမ်းအတိုင်း တို့သွားမယ်။ နှစ်ရက်၊ သုံးရက်နေမှ မြင်းရှာကြတာပေါ့"

နောက် နှစ်ရက်ကြာသောအခါ သူတို့အားလုံး မြင်းကိုယ်စီနှင့် ဖြစ်နေကြပြီ။ နောက် လေးရက်ကြာသောအခါ မြို့ငယ်ကလေးတစ်ခုမှ ဘဏ်တိုက်တစ်ခုကို ဝင်စီးကြသည်။ ပြန်ထွက်

လာသောအခါ သူတို့လက်ထဲမှာ ဒေါ်လာတစ်သောင်းရှစ်ထောင် ပါလာသည်။ နောက် ဆယ် မိနစ်ကြာသောအခါ တက်ဆပ်ပြည်နယ်သို့ သွားရာလမ်းပေါ်တွင် သူတို့ ရောက်နေကြပြီ ဖြစ်၏။

(၁၃)

မက်ဇ်သည် ဖီ့ဝပ်မြို့သို့ ရောက်လာသည်။ နယူးအော်လင်းမြို့မှ ရထားဖြင့် လိုက်ပါလာမည့် ဂျင်ရိဖ်၏သမီးကို ကြိုဆိုရန် ဖြစ်သည်။

ဆံပင်ညှပ်ဆိုင်မှ ထိုင်ခုံပေါ်တွင် ထိုင်ရင်း သူ့ကိုယ်သူ မှန်ထဲမှာ ကြည့်နေမိသည်။ သူ့မျက်နှာသည် အသက် အလွန်ငယ်သော ကလေးတစ်ယောက်၏ မျက်နှာမျိုး မဟုတ်တော့။ မုတ်ဆိတ်မွေးနှင့် ပါးသိုင်းမွေးများကို ကောင်းစွာ သထားသည်။ သူ့ရုပ်သည် အင်ဒီးယန်းနှင့် မတူတော့။

"ဘယ်လောက် ကျသလဲ"

"ဆံပင်ညှပ်တာက ပြားငါးဆယ်၊ မုတ်ဆိတ်မွေး သတာက ပြားနှစ်ဆယ်"

မက်ဇ်က တစ်ဒေါ်လာတန် ငွေဒင်္ဂါးတစ်ပြားကို ပစ်ပေးခဲ့ပြီး အပြင်သို့ ထွက်ခဲ့သည်။ ခိုက်လည်း သူနှင့်အတူ လိုက်လာသည်။

"ရထားဆိုက်ခါနီးပြီ။ ကျွန်တော်တို့ ဘူတာရုံထဲကို သွားကြစို့"

လွန်ခဲ့သည့် သုံးနှစ်ခွဲက ဤဖီ့ဝပ်မြို့သို့ သူတို့သုံးယောက် ရောက်လာခဲ့ကြသည်။ ထိုစဉ်က သူတို့ လက်ထဲမှာ ဒေါ်လာ ခုနစ်ထောင် ပါခဲ့သည်။ အခွဲချည်းကျန်သည့် ဘဏ်တိုက်နှစ်ခုနှင့် အလောင်းနှစ်လောင်းကို မြို့တစ်မြို့တွင် ထားခဲ့ပြီး သည်မြို့သို့ သူတို့ ရောက်လာကြခြင်း ဖြစ်သည်။ သူတို့ ကံကောင်းပါသည်။ သူတို့ကို မည်သူကမှ မယုံသင်္ကာ မဖြစ်။

"မြို့အနေအထားကတော့ အလွန် ကောင်းပုံပဲ။ ကျွန်တော် ဒီမြို့ထဲကို ဝင်လာရင်း ဘဏ်တိုက်နှစ်ခုကို တွေ့ခဲ့တယ်"

ဈေးပေါသည့် ဟိုတယ်ကလေးတစ်ခုထဲတွင် သူတို့ ထိုင်နေကြသည်။ ရိဖ်က ကုလားထိုင်မှာထိုင်နေရင်း မက်ဇ်ကို မော့ကြည့်သည်။

"မလုပ်နဲ့ ငါ ဒုက္ခရောက်ပြီးပြီ"

"ဘာဖြစ်လို့လဲ၊ နိပ်ပုံပေါ်သားပဲ"

ဟု မက်ဇ်က ပြန်မေး၏။

"မနိပ်နဲ့ မောင်။ နောက်ဆုံး ဒီမြို့က ဘဏ်တွေကြောင့် ငါ ဒုက္ခရောက်ပြီး ထောင်ထဲ ရောက်လာတာပေါ့။ ဘယ်လိုလုပ် ထွက်ရမှန်း မသိဘူး။ အထဲရောက်ပြီးရင် ထွက်ပေါက်ကို ဘယ်လိုမှ ပြန်ရှာလို့ မရတော့ဘူး"

ရိဖ်က စီးကရက်ညှိရင်း ပြန်ပြောသည်။

"ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"တရားဝင်တဲ့ လုပ်ငန်း တစ်ခုခုလုပ်ဖို့ ရှာကြရအောင်။ အခွင့်အလမ်းတွေ အများကြီး ရှိပါတယ်။ မြေတွေလည်း ဈေးသက်သာတယ်။ ပြီးတော့ တက်ဆပ်ပြည်နယ်ဟာ ဖွံ့ဖြိုးတိုးတက်စ ပြုနေပြီ"

ရိပ်ဖ်က စီးကရက်ဖွာရင်း ပြောသည်။

လုပ်ငန်းကိုင်ငန်းရှာရင်းဖြင့်ပင် ဖီ့ဝပ်မြို့နှင့် (၆၅) မိုင်ကွာဝေးသည့် မြို့ငယ်ကလေး တစ်ခုတွင် လုပ်ငန်းတစ်ခုကို ဂျင်ရိဖ်က ရှာတွေ့လာသည်။ ပျော်ပွဲစားရုံကလေးနှင့် ကစားဝိုင်းများဆောင်သောအလုပ် ဖြစ်သည်။ (၂)နှစ် မပြည့်မီမှာပင် ထိုမြို့တွင် သူသည် အရေးပါအရာရောက်သော မြို့မျက်နှာဖုံးတစ်ယောက် ဖြစ်လာတော့သည်။ ထိုမှတစ်ဆင့် ပျော်ပွဲစားရုံ ဘေးမှာပင် ဘဏ်တိုက်ငယ်တစ်ခုကို သူ စတင်တည်ထောင်သည်။ မကြာမီ မြေအချို့ကို ပိုင်ဆိုင်လာသည်။ မြို့သူမြို့သား အများစုတို့က မြို့တော်ဝန် ဝင်ရောက်အရွေးခံရန်ပင် သူ့ကို တိုက်တွန်းလာကြတော့၏။

မြို့ပြင်မှာ အတန်ငယ်ကျယ်သည့် ခြံတစ်ခုကို သူ ဝယ်သည်။ ထိုခြံထဲမှာ အိမ်

ဆောက်ပြီး ပျော်ပွဲစားရုံကို နေရာရွှေ့လိုက်သည်။ ဘဏ်တိုက်နှင့် ပျော်ပွဲစားရုံကို နေရာခွဲပစ်လိုက်ခြင်း ဖြစ်သည်။ ပျော်ပွဲစားရုံကိုမူ မိုက်နှင့် မက်ဇ်တို့က ဆက်လက်လုပ်ကိုင်သွားကြသည်။

တစ်ချိန်တုန်းက ရိဖ်သည် ပျော်ပွဲစားရုံနှင့် ကစားဒိုင်များကို ပိုင်ဆိုင်ခဲ့သူဖြစ်ကြောင်းကို အချိန် အနည်းငယ် အတွင်းမှာပင် လူအများက မေ့လျော့သွားကြတော့သည်။ သည်လိုဖြင့် ထိုမြို့ပေါ်တွင် သူဌေးကလေးတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သည်။

အရာရာ ပြည့်စုံနေပြီ ဖြစ်သောကြောင့် လူအများက သူ့ကို ပိုမို လေးစားစေရန် မိသားစုနှင့် တင့်တောင့်တင့်တယ်နေဖို့သာ လိုတော့သည်။ သူ့အရပ်ဖြစ်သော နယူးအော်လင်းမြို့သို့ သူ လှမ်းစုံစမ်းကြည့်သည်။ သူ့ဇနီးသည်သည် ကွယ်လွန်ခဲ့ပြီး သူ့သမီးကလေးမှာ မိခင်ဘက်မှ ဆွေမျိုးများနှင့်အတူ နေထိုင်လျက်ရှိကြောင်း သိရသည်။ သမီးထံသို့ သံကြိုးရိုက်ပြီး ခေါ်သည်။ မတ်လ (၈)ရက်နေ့တွင် ဖို့ဝပ်မြို့သို့ ရထားဖြင့် ရောက်လာမည်ဟု သမီးထံမှ အကြောင်းပြန်လာသည်။

ရိဖ်၏သမီးကိုကြိုရန် မိုက်နှင့် မက်ဇ်တို့ ရောက်လာကြခြင်း ဖြစ်၏။ ရထားရပ်ပြီး ခရီးသည်များ ဆင်းကြသောအခါ ပလက်ဖောင်းပေါ်သို့ သူတို့ လှမ်းကြည့်နေသည်။

"ဘယ်လိုပုံမျိုးလဲ မင်းသိသလား"

ဟု မိုက်က မေးသည်။

"သူ့အဖေကလည်း သေသေချာချာ မပြောနိုင်ဘူး။ သူနဲ့ မတွေ့တာတောင် ဆယ်နှစ်ရှိပြီတဲ့"

တစ်စတစ်စဖြင့် ခရီးသည်များ ပါးလာသည်။ ပလက်ဖောင်းပေါ်တွင် မိန်းမပျို တစ်ယောက်သာ ကျန်တော့သည်။ သူ့ပတ်လည်မှာ အထုပ်အပိုးများ ပတ်ချာဝိုင်းနေ၏။ ပတ်ဝန်းကျင်သို့လည်း ကြီးကန်းတောင်းမှောက် လှည့်ကြည့်နေသည်။ မိုက်က မက်ဇ်ကို လှမ်းမေးသည်။

"အဲဒီ အမျိုးသမီး မဖြစ်နိုင်ဘူးလားကွ"

မက်ဇ်က ပခုံးကို တွန့်ပြရင်း မိန်းမပျိုရှိရာသို့ သူတို့နှစ်ယောက် လျှောက်လာခဲ့ကြသည်။ အနားရောက်သော် မက်ဇ်က သူ့ဦးထုပ်ကို ချွတ်လိုက်၏။

"မစ္စရိဖ်လို့ ထင်ပါတယ်"

မိန်းမပျို၏ မျက်နှာပေါ်တွင် စိတ်အေးသွားသည့် အမူအရာများ ပေါ်လာသည်။

"မှန်ပါတယ်ရှင်၊ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်မ ရိုက်လိုက်တဲ့ ကြေးနန်းကို ဖေဖေ မရဘူးလားလို့ စဉ်းစားနေတာ"

ဟု ဝမ်းသာအားရ ပြန်ပြောသည်။

"ကျွန်တော့် နာမည် မက်ဇ်ဆင်းပါ။ ခင်ဗျားကို ကြိုရအောင် ခင်ဗျားအဖေက ကျွန်တော်တို့ကို လွှတ်လိုက်ပါတယ်"

"ဟုတ်လား ကျွန်မလည်း ထင်တယ်။ ဖေဖေ ဘယ်လောက် အလုပ်များသလဲဆိုရင် ကျွန်မတို့ဆီကို ပြန်မရောက်တာတောင် ဆယ်နှစ်ရှိသွားပြီ"

သူ့အဖေ ထောင်ကျနေသည့်အကြောင်းကို သူ သိဟန်မတူဟု မက်ဇ် နားလည်လိုက်သည်။

"ကဲ လာ၊ နန်းတော်ဟိုတယ်မှာ ခင်ဗျားအတွက် ကျွန်တော်တို့ အခန်း စီစဉ်ထားတယ်။ ဟိုမှာ ရေကလေးမိုးကလေး ချိုးပါဦး။ ပြီးတော့ ဒီတစ်ည အိပ်ရမယ်။ ကျွန်တော်တို့ မြို့ကလေးကို ရောက်ဖို့ နှစ်ရက် ခရီးသွားရမယ်။ ဒါကြောင့် မနက်ဖြန်မနက်ကျမှ ခရီးဆက်ကြတာပေါ့"

မကြာခင် ဟိုတယ်သို့ သူတို့ ရောက်လာကြသည်။

နောက် မိနစ်နှစ်ဆယ် ကြာသောအခါ ထိုမိန်းမပျိုနှင့် မက်ဇ်သည် ချစ်သူဘဝသို့ ရောက်သွားကြတော့၏။

မက်ဇ်၏ဘဝတွင် ပထမဦးဆုံးအကြိမ် အချစ်ပန်း ပွင့်လန်းရခြင်း ဖြစ်လေသည်။

* * *

ဂျင်ရိဖ်၏ မွေးမြူရေးခြံရှိ အိမ်ရှေ့မှ မြင်းချည်တိုင်တွင် မက်ဇ်က သူ့မြင်းကို ချည်

သည်။ ပြီးတော့ အိမ်ပေါ်သို့ တက်လာသည်။ တံခါးခေါက်လိုက်သောအခါ ရိဖ်၏သမီးက တံခါးလာဖွင့်ပေးသည်။ သူ့မျက်နှာသည် နွမ်းနယ်နေ၏။ ငိုထားပုံလည်း ရသည်။

"ဪ ရှင်လား အထဲဝင်ပါ"

သူ့အသံကလည်း တိုးလှသည်။ သူ့နောက်မှ ဧည့်ခန်းတွင်းသို့ လိုက်လာခဲ့သည်။ မက်ဇ်က သူ့ကို လှမ်းဖက်လိုက်သောအခါ သူ့လက်ထဲမှ ရုန်းထွက်သွား၏။

"ဘာဖြစ်တာလဲ ဘက်တီ"

"ရှင်ဟာ ထောင်ထွက်တစ်ယောက်ဖြစ်ကြောင်း ဘာဖြစ်လို့ ကျွန်မကို အစက မပြော ခဲ့တာလဲ"

ဟု သူ့ကို မကြည့်ဘဲ မေးသည်။

"ဒါဟာ ဘာများ ထူးဆန်းလို့လဲ။ ထောင်ထွက်ဆိုတော့ရော ဘာဖြစ်သလဲ"

သူက အေးတိအေးစက် ပြန်မေးသည်။

"ထူးခြားတယ် ကျွန်မအဖို့ ထူးခြားတယ်။ ကျွန်မသာ ကြိုတင်သိခဲ့မယ်ဆိုရင် ထောင်ထွက်တစ်ယောက်ကို ချစ်မိခဲ့မှာ မဟုတ်ဘူး"

"ကဲ မင်း အခု သိပြီ။ ဒီအခြေအနေ ရောက်ကြမှတော့ ဘာဖြစ်တော့မှာလဲကွာ"

"ဖြစ်တယ် ဖြစ်တယ်။ အို ကျွန်မကို ဘာမှ မမေးပါနဲ့တော့၊ ကျွန်မ စိတ်တွေ သိပ်ရှုပ် ကုန်ပြီ"

"မင်းအဖေက တခြားဘာများ ပြောသေးသလဲ"

"ရှင့်ကို လက်မထပ်ရဘူးတဲ့။ ထောင်ထွက်ဖြစ်တဲ့အကြောင်း တစ်ခုတည်းကြောင့် မဟုတ်ဘူးတဲ့။ ရှင်ဟာ. . . ရှင်ဟာ အင်ဒီးယန်းကပြားလည်း ဖြစ်သတဲ့"

ဘက်တီသည် သူ့လက်များကို သူ ပြန်ငုံ့ကြည့်နေသည်။

"ဒီကိစ္စလေးကြောင့် မင်း ငါ့ကို မချစ်နိုင်တော့ဘူးလား"

"ကျွန်မ ရင်ထဲမှာ ဘယ်လို ခံစားနေရမှန်း မသိတော့ပါဘူးရှင်"

သူ့လက်ချောင်းကလေးများကို သူ ချိုးလိမ်နေသည်။

မက်ဇ်က ဘက်တီအနားသို့ တိုးကပ်သွားပြီး သူ့ကိုယ်လုံးကို ဆွဲယူလိုက်သည်။

"မနေ့ည ကပွဲတုန်းက မင်းကိုယ့်ကို နမ်းခဲ့တယ်။ ပြီးတော့လည်း ကိုယ့်ကို ချစ်ပါ တယ်လို့ မင်း ပြောခဲ့တယ်။ ကိုယ့်စိတ်ဟာ လုံးဝ မပြောင်းသေးပါဘူး ဘက်တီ"

ခဏကြာအောင် ဘက်တီသည် မလှုပ်မယှက် ရပ်နေ၏။ ပြီးတော့မှ သူ့ရင်ခွင်တွင်းက ရုန်းထွက်လိုက်သည်။

"ရှင် ကျွန်မ အသားကို မထိနဲ့"

"မင်း ကိုယ့်ကို ဘာမှ ကြောက်စရာ မရှိပါဘူး"

"ကျွန်မကို မထိနဲ့လို့ ပြောတယ် မဟုတ်လား"

ဒီတစ်ကြိမ်တွင် သူ့အသံထဲမှာ ငိုသံပါလာသည်။ ဒီအသံကြားရတော့ မက်ဇ်က ကောင်းစွာ သဘောပေါက်လိုက်ပါပြီ။ ထို့ကြောင့် စကားတစ်လုံးမျှ မပြောတော့ဘဲ ချာခနဲ လှည့်ထွက်ခဲ့တော့သည်။

သူသည် မြို့ထဲရှိ ဘဏ်တိုက်သို့ တောက်လျှောက် မြင်းစီးလာခဲ့သည်။ ဘဏ်တိုက် ရောက်သောအခါ နောက်ဘက်ရှိ ဂျင်ရိဖ်၏ ရုံးခန်းသို့ တန်းလာခဲ့သည်။ ရိဖ်က သူ့စားပွဲကြီးမှာ ထိုင်နေရင်း မော့ကြည့်သည်။

"ဟေ့ကောင် မင်း အပေါက်က ဘာ အပေါက်လဲ"

"ကျုပ်ကို အရူးလုပ်ဖို့ မကြိုးစားချင်ပါနဲ့။ ဒီမှာ ရိဖ်၊ ခင်ဗျားသမီးအတွက် အင်မတန် ကောင်းတဲ့ အလုပ်တစ်ခုကို ခင်ဗျား လုပ်ပြီးသွားပြီ မဟုတ်လား"

"အဲဒါ ဘာဖြစ်သလဲ"

ရိဖ်က သူ့ကုလားထိုင်မှာ နောက်မှီချရင်း မခိုးမခန့် ရယ်သည်။

"ဘာဖြစ်ရမလဲ၊ ကျုပ်ကို လက်ထပ်ပါ့မယ်လို့ မနေ့ညက ခင်ဗျားသမီးက ကတိပေးပြီးသား"

"ဒီထက်ပိုပြီး အဆင်ပြေတာ ငါ စီစဉ်ပေးမယ်"

"တော်ပါပြီဗျာ ခင်ဗျားတို့နဲ့ ဝေးရာကိုပဲ ကျုပ် သွားပါတော့မယ်"

ရိဖ်က သူ့ကို ခေတ္တစိုက်ကြည့်နေသည်။

"မင်း တကယ် ပြောတာလား"

"တကယ် ပြောတာ"

သူက ခေါင်းပြန်ညိတ်၏။

"မင်း နီဂရိုးကြီးကိုပါ ခေါ်သွားမှာလား"

"ဟုတ်တယ်။ ခင်ဗျားဆီက ကျုပ်တို့ ရှယ်ယာတွေရရင် သွားမယ်"

ရိဖ်သည် ကုလားထိုင်ကို တစ်ဖက်သို့လှည့်ပြီး သူ့နောက်ရှိ မီးခံသေတ္တာထဲမှ ငွေစက္ကူအချို့ကို နှိုက်ယူသည်။ ပြီးတော့ မက်ဇ်၏ ရှေ့စားပွဲပေါ်သို့ ပစ်ချလိုက်သည်။

"အဲဒီမှာ"

မက်ဇ်က ငွေများကို ကြည့်၏။ ပြီးတော့ ရိဖ်ကို ကြည့်၏။ ပြီးမှ ငွေများကို ကောက်ယူကာ ရေကြည့်သည်။

"ဒေါ်လာငါးရာထဲပါလား"

"မင်းက ဘယ်လောက် ရသင့်တယ် ထင်ထားလို့လဲ"

"ကျုပ်တို့သုံးယောက် ဖို့ဝပ်မြို့ထဲကို ဝင်လာတုန်း ဒေါ်လာခုနစ်ထောင် ပါခဲ့တယ်။ ကျုပ်တစ်ယောက်တည်းရဲ့ ဝေစုကိုက ဒေါ်လာနှစ်ထောင့်သုံးရာ ရသင့်တယ်။ ကျုပ်တို့ ပျော်ပွဲစားရုံကလည်း တစ်ပြားမှ မရှုံးဘူး။ မိုက် ရသင့်တဲ့ ဝေစုပါထည့်ပေါင်းရင် အနည်းဆုံး ငါးထောင် ရသင့်တယ်"

မက်ဇ်က စားပွဲပေါ်ရှိ စီးကရက်ကို ကောက်ယူမီးညှိဖွာရင်း ပြောသည်။ ရိဖ်က ပခုံးကို တွန့်လိုက်၏။

"ကောင်းပြီလေ။ အလုပ်တွေ အများကြီး တို့ အတူတူ လုပ်ခဲ့ကြတာပဲ။ ဒီရွေ့ဒီမျှ ရရမယ်လို့ မင်းထင်ရင် မင်းထင်သလောက် ရရမှာပေါ့"

သူက ငွေများကို ရေတွက်ပြီး ထုတ်ပေးသည်။ မက်ဇ်က ကောက်ယူကာ ဘောင်းဘီအိတ်ထဲသို့ ထည့်လိုက်၏။

"မင်း ဒီငွေတွေနဲ့ အလွယ်တကူသွားလို့ ရလိမ့်မယ်တော့ ငါ မထင်ဘူး"

မက်ဇ်က ဘာမှ မပြောတော့ဘဲ လှည့်ထွက်ခဲ့သည်။ ပျော်ပွဲစားရုံသို့ တန်းပြန်ခဲ့သည်။ ပျော်ပွဲစားရုံရှေ့သို့ ရောက်သောအခါ နောက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်၏။

ရဲအရာရှိနှင့် ရဲသားနှစ်ယောက်က သူ့ကို ဝိုင်းထားကြသည်။ သူတို့ လက်ထဲမှာလည်း သေနတ်များကို အသင့်ကိုင်ထားပြီး ဖြစ်သည်။ သူတို့နှင့်အတူ ရိဖ်ကိုလည်း တွေ့ရသည်။

"ဘာလုပ်တာလဲဗျ"

ဟု မက်ဇ်က ရဲအရာရှိကို မေးသည်။

"သူ့ကို ရှာကြည့်ပါ၊ သူ ခိုးသွားတဲ့ပိုက်ဆံတွေ တွေ့ပါလိမ့်မယ်"

ဟု ရိဖ်က ရဲအရာရှိကို ပြောသည်။

"ခိုးသွားတယ်၊ ဒီလူ ရူးနေပြီပဲ။ ဒါ ကျုပ်ပိုက်ဆံ၊ ကျုပ်ကို သူ ပေးစရာရှိတဲ့ ပိုက်ဆံ"

"မင်းလက်ကို မင်းသေနတ်နဲ့ ဝေးဝေးထား"

ရဲအရာရှိက ပြောရင်း သတိနှင့်ကပ်လာသည်။ သူ့အိတ်ထဲသို့ နှိုက်ကြည့်သောအခါ ငွေစက္ကူများ ထွက်လာသည်။

"တွေ့တယ် မဟုတ်လား။ ကျွန်တော့်ဆီက ခိုးသွားတာ ဒီငွေတွေပါပဲ"

ဟု ရိဖ်က လှမ်းပြော၏။

"ခွေးလို အကောင်မျိုး"

ဟု မက်ဇ်က အော်ရင်း ရိဖ်ထံသို့ တစ်ဟုန်ထိုး ပြေးဝင်လိုက်သည်။ သို့သော်လည်း သူ မရောက်မီမှာပင် ရဲအရာရှိက သူ့ခေါင်းကို သေနတ်ဖြင့် ဆီးရိုက်သဖြင့် လဲကျသွားတော့သည်။

ထိုသို့ ဖြစ်နေကြသည်ကို ပျော်ပွဲစားရုံအပေါ်ထပ်မှနေ၍ မိုက်က လှမ်းမြင်နေရသည်။ ရိဖ်က မက်ဇ်အနားသို့ ကပ်သွားပြီး အပေါ်မှ စီးကြည့်နေသည်။

"ကပြားဆိုတဲ့အကောင်များဟာ မယုံကြည်ရဘူးဆိုတာ ကျုပ် သိခဲ့ဖို့ ကောင်းသဗျ"

"ဒီကောင်ကို အချုပ်ထဲပို့လိုက်"

ဟု ရဲအရာရှိက အမိန့်ပေးသည်။

"ပျော်ပွဲစားရုံပေါ်ကိုတက်ပြီး သူ့သူငယ်ချင်း နီဂရိုးကိုပါ ဖမ်းကြရအောင်၊ ဒီကိစ္စမှာ ဟိုကောင်လည်း ပါမှာပဲ"

ဟု ရိဖ်က ဆက်ပြောသည်။

ရဲအရာရှိသည် ပျော်ပွဲစားရုံကို မော့ကြည့်ပြီး လျှောက်လာသည်ကို မိုက်က မြင်လိုက်သည်။ သူ အချိန်ဖြုန်းမနေတော့။ နောက်ဖေးလှေကားမှဆင်းပြီး မြို့ပြင်သို့ ထွက်ခဲ့လေတော့သည်။

* * *

ရိဖ်သည် သူ့ခြံသို့ ပြန်ရာလမ်းတစ်လျှောက် မြင်းစီးပြီး ပြန်လာခဲ့သည်။ သူ အတော်စိတ်ချမ်းသာနေသည်။ သူ့ဘဝတွင် ပထမဦးဆုံးအကြိမ်အဖြစ်နှင့် လုံခြုံမှုကို ရလိုက်ပြီဟု နားလည်လာသည်။ မက်ဇ်သည် ဘာမှ လာပြောရဲတော့မည် မဟုတ်။ ဖွင့်ပြောလျှင်လည်း သူ့ကိုယ်သူ ပိုအပြစ်ကြီးအောင် လုပ်ခြင်းနှင့်သာ တူပေတော့မည်။ နီဂရိုးဆိုသည့် အကောင်လည်း လွတ်ရာကျွတ်ရာသို့ ထွက်ပြေးပြီ။ သူ့ဒုက္ခကို သူ ရှာပေတော့မည်ဟု သဘောထားလိုက်သည်။

ထိုသို့ တွေးလာဆဲမှာပင် ကြာပွတ်တစ်ချောင်းသည် သစ်ပင်များ နောက်ကွယ်မှ ရုတ်တရက် ထွက်လာကာ သူ့ကို ရစ်ပတ်လိုက်သည်။ ပြီးတော့ သူ့ကို မြင်းပေါ်မှ အောက်သို့ နောက်ပြန် ဆွဲချလိုက်သည်။

ချောက်ချားစွာဖြင့် သူ ထရပ်ရန် ကြိုးစားသည်။ သေနတ်ကိုလည်း ဆွဲထုတ်ရန် လက်ပြင်သည်။ သို့သော် ကြာပွတ်က သူ့လက်များကို နောက်တစ်ချက် ရစ်ပတ်ပြန်သည်။ မိုက်သည် သူ့ထံသို့ တဖြည်းဖြည်းချင်း လျှောက်လာ၏။ အလွန်ကြီးသည့် ကြာပွတ်ကြီးတစ်ချောင်းကို သူ့လက်မှာ ပတ်ထားသည်။

ရိဖ်က ထိတ်လန့်စွာ ညည်းတွားလိုက်သည်။

အလွန်ကြီးသည့် ကြာပွတ်သည် သူ့ကိုယ်ပေါ်သို့ ကျလာပြန်၏။ မြေကြီးပေါ်သို့ ပက်လက်လန်ကျသွားသည်။ ရိဖ်က ဘေးဖက်တွားပြီး ပြေးရန် ကြိုးစား၏။ သို့သော်လည်း သူ့ကိုယ်လုံးကို မြွေကဲ့သို့ လာလာပတ်သော ကြာပွတ်က သူ့ကို သွားခွင့် မပြု။ သူ ပြန်ကြည့်လိုက်သောအခါ ကြာပွတ်ကိုင်ထားသောမိုက်၏ လက်တစ်ဖက်သည် လေထဲသို့ မြောက်သွားသည်ကို မြင်လိုက်ရသည်။

သူ ဟစ်အော်လိုက်စဉ်မှာပင် ကြာပွတ်က သူ့ကိုယ်ကို ရစ်ပတ်လိုက်ပြန်သည်။

နောက်တစ်နေ့ မနက်စောစောတွင် ရဲအရာရှိနှင့် ရဲသားများ ထိုလမ်းအတိုင်း မြင်းစီးလာကြရင်း လမ်းဘေးမှာ လဲကျသေဆုံးနေသည့် အလောင်းတစ်လောင်းကို တွေ့ကြရသည်။

ညတုန်းကလည်း အချုပ်ခန်းမှ သံတိုင်များကို တစ်စုံတစ်ယောက်က ဖြတ်ခဲ့သည်။ ပြီးတော့ မက်ဇ် လွတ်မြောက်ထွက်ပြေးသွားသည်။

ရဲသားတစ်ယောက်က လမ်းဘေးမှ အလောင်းကို ပထမဦးဆုံး စတွေ့ခြင်း ဖြစ်၏။ သူ့မြင်းကို အနားသို့ရွှေ့ကာ ငုံ့ကြည့်လိုက်သည်။

ရဲအရာရှိနှင့် အခြားရဲသားများလည်း ရောက်လာကြသည်။ တစ်ကိုယ်လုံးတွင် ကြာပွတ်ရာများ ပွစာကျဲနေသည်။

"ဘဏ်သူဌေး ရိဖ်နဲ့ တူတယ်"

ဟု ရဲသားတစ်ယောက်က ပြောသည်။

ရဲအရာရှိကလည်း အနားသို့ တိုးကပ်ပြီး ငုံ့ကြည့်လိုက်သည်။

"ဟုတ်တယ်။ ဘဏ်သူဌေးရိဖ်ပေါ့။ ဟုတ်ပါပြီ။ လူတစ်ယောက်ကို ဒီလို ကြာပွတ်နဲ့ ရိုက်သတ်နိုင်တဲ့သူဆိုရင်တော့ လူဝီစီယာနာအကျဉ်းထောင်က ကြိမ်ဒဏ်ပေးတဲ့ ထောင်ကြပ်ပဲ ဖြစ်ရမယ်"

ဟု မှတ်ချက်ချလိုက်သည်။

(၁၄)

စပိန်ဘာသာဖြင့် အမည်တပ်ထားသော ရွာ၏အမည်များသည် ရှည်လည်း ရှည်လျား၏၊ အမေရိကန်တို့အဖို့ အသံအထွက်ရလည်း ခက်၏။ ထို့ကြောင့်လည်း နောက်ဆုံးတော့ ကိုယ့်အမှတ်အသားနှင့် ကိုယ့်အမည်များ ပေးထားကြတော့သည်။

ပုန်းခိုစရာနေရာ။

ဥပဒေကို ဆန့်ကျင်မိသဖြင့် ပြေးရလွှားရသောအခါတွင် လုံခြုံသည့် ပုန်းခိုစရာနေရာသည် အလွန် အဖိုးတန်၏။ ကွင်းပြင်များထဲတွင် ဖြစ်သလို အိပ်ရသောအခါ၊ အမဲသားခြောက်နှင့် ပဲဘူးကို ရက်များလကြာ စားလာရသောအခါ ပို၍တန်ဖိုးကြီးလာ၏။ ပုန်းခိုစရာနေရာတစ်ခုကိုရရန် အလွန် ကြီးမားသည့်တန်ဖိုးကို ပေးရတတ်သည်။ သို့သော်လည်း ပေးထိုက်ပါပေသည်။

ပြည်နယ်တစ်ခုမှ အခြား ပြည်နယ်တစ်ခုသို့ နယ်ခြားကိုကျော်ပြီး လေးမိုင်ခန့် ဝင်လိုက်လျှင် ဟိုဘက်ပြည်နယ်က ဥပဒေသည် အရာ မရောက်တော့ပေ။

ဒီနေရာသည် မက်ဆီကိုပြည်နယ်ထဲတွင် အမေရိကန်ဝီစကီကို အမြဲတမ်း ရနိုင်သည့်နေရာ ဖြစ်သည်။ သို့သော် ဈေးကတော့ လေးဆခန့် ပိုများသည်။

ရွာသူကြီးသည် ပျော်ပွဲစားရုံ၏ အတွင်းဘက်မှ စားပွဲတွင် ထိုင်ရင်း ဝင်လာသည့် အမေရိကန်နှစ်ယောက်ကို ကြည့်နေမိသည်။ သူတို့သည် တံခါးပေါက်နှင့်နီးသည့် စားပွဲမှာ ထိုင်ကြ၏။ အငယ်ဖြစ်သူက အရက် လှမ်းမှာသည်။ သူ မှာသောအရက်သည် အပေါ်စားဖြစ်သော တက်ကွေလာ အရက်ပြင်း ဖြစ်၏။

သူကြီးက သူတို့ကို စိတ်ဝင်စားစွာ စိုက်ကြည့်နေမိသည်။ မကြာမီမှာပင် သူတို့အဝေးသို့ ထွက်ခွာသွားကြပေတော့မည်။ သူတို့ ဘာလုပ်တော့မည်ကို ကောင်းစွာ အကဲခတ်၍ ရသည်။

သူတို့ ရောက်လာစဆိုလျှင် အကောင်းဆုံးဝီစကီ မှာသောက်သည်။ အကောင်းဆုံး ဟိုတယ်မှာ တည်းသည်။ ဈေးအကြီးဆုံး မိန်းမများနှင့် တွဲသည်။ သူတို့လက်ထဲမှာ ပိုက်ဆံနည်းလာသောအခါ သူတို့ အသုံးစရိတ်များကို လျှော့ချလိုက်ကြသည်။ ပထမဦးဆုံး တည်းခန်းကောင်းကောင်းမှ ဈေးပေါသော တည်းခိုခန်းသို့ ပြောင်းရွှေ့နေသည်။ ပြီးတော့ မိန်းကလေးများကို မောင်းထုတ်လိုက်သည်။ နောက်ဆုံးတွင် သူတို့ သောက်နေကျ ဝီစကီကိုလည်း မသောက်တော့။ ယခုလို အပေါ်စား တက်ကွေလာအရက်ကို မှာသောက်ကြပြီဆိုလျှင် သူတို့ တစ်ရပ်တစ်ကျေးသို့ သွားကြဦးတော့မည်ဆိုသည့် လက္ခဏာ ဖြစ်သည်။

သူကြီးသည် သူ့အရက်ကို သူ မြန်မြန်သောက်လိုက်၏။ အမေရိကန်နှစ်ယောက် အနက် အငယ်ဖြစ်သူကို လှမ်းကြည့်လိုက်မိပြန်သည်။ သူ့စိတ်ထဲမှာ ငယ်စဉ်က အကြောင်းများကို ပြန်ပြောင်း စဉ်းစားနေမိသည်။ အင်ဒီးယန်းသွေး ပါသူများသည် စစ်တိုက်တော်ကြကြောင်း သူငယ်စဉ်က ကြားဖူးခဲ့သည်။ ယခု သူ မြင်နေရသော အမေရိကန်နှစ်ယောက်အနက် အငယ်သည် အင်ဒီးယန်းသွေးပါသူ ဖြစ်သည်။

သူတို့နှစ်ယောက်ကို စတင်မြင်ဖူးခဲ့သည့် လွန်ခဲ့သော သုံးနှစ်ခန့်က မြင်ကွင်းများကို သူ ပြန်လည် မြင်ယောင်နေမိသည်။

ဤအမေရိကန်နှစ်ယောက်သည် ပျော်ပွဲစားရုံကလေးအတွင်းသို့ တိတ်ဆိတ်စွာ ဝင်လာခဲ့ကြ၏။ သူတို့ ကိုယ်ပေါ်ရှိ အဝတ်အစားများတွင် ဖုန်များ ပေကျံနေသည်။ ထိုစဉ်ကလည်း ယခု သူတို့ ထိုင်နေကြသည့် တံခါးပေါက်မှ စားပွဲမှာပင် ထိုင်ခဲ့ကြသည်။

သူတို့ စားပွဲပေါ်သို့ အရက်ပုလင်းနှင့် ဖန်ခွက်များ ရောက်လာသောအချိန်တွင် အရက်ကောင်တာမှ လူကြီးတစ်ယောက်က သူတို့ စားပွဲနားသို့ ကပ်သွားသည်။ လူငယ်ဖြစ်သူကို ငုံ့ကြည့်သည်။ ကျန်တစ်ယောက်ကိုမူ ဂရုမစိုက်။

"ဒီ ပျော်ပွဲစားရုံထဲမှာ နီဂရိုး လက်မခံဘူး"

ဟု သူက ပြောသည်။

လူငယ်က မော့မကြည့်။ သူ့သူငယ်ချင်း၏ အရက်ခွက်ကို အရင် ဖြည့်ပေးသည်။ ပြီးမှ သူ့ခွက်ကို သူ ဖြည့်သည်။ အရက်ခွက်ကို အေးဆေးစွာပင် မြှောက်လိုက်သည်။

သို့သော် အရက်ခွက်သည် သူ့ပါးစပ်သို့ ရောက်မလာ။ မြေကြီးပေါ်သို့ လွင့်ကျကာ ကွဲသွား၏။ စားပွဲနားမှာ ရပ်နေသူက ပုတ်ချလိုက်ခြင်း ဖြစ်သည်။

"မင်း နီဂရိုးကို အခု မောင်းထုတ်လိုက်"

ဟု အော်ပြောသည်။ ပြီးလျှင် သူတို့ကို ခဏစိုက်ကြည့်နေပြီး သူ၏ မူလနေရာဖြစ်သော အရက်ကောင်တာဆီသို့ ပြန်လျှောက်သွားသည်။

နီဂရိုးက ထိုင်ရာမှထရန် ပြင်လိုက်သည်။ သို့သော် အငယ်ဖြစ်သူက မျက်ရိပ်ပြပြီး ပြန်ထိုင်ခိုင်းလိုက်သည်။

အငယ်ဖြစ်သူသည် ထိုင်ရာမှထကာ အရက်ကောင်တာဆီသို့ ခပ်မှန်မှန်ပင် လျှောက်သွားသည်။ ထိုအခါကျမှပင် အငယ်ဖြစ်သူသည် ကိုယ်လုံးကိုယ်ဖန် သေးငယ်သူ မဟုတ်ကြောင်း နီဂရိုးနှင့် ယှဉ်ပြိုင်လျှင်သာ ငယ်သည်ဟု ပြောနိုင်ကြောင်းကို သူကြီးက သတိထားမိသည်။

"ဒီဥပဒေကို ဘယ်သူ လုပ်တာလဲ"

ဟု သူက အရက်ရောင်းသူကို မေးသည်။

"သူကြီး လုပ်တာပါ"

အရက်ရောင်းသူက ဆိုင်နောက်ဘက်ဆီရှိ စားပွဲသို့ လှမ်းကြည့်ရင်း ပြောသည်။

အမေရိကန်သည် နောက်ဘက်ရှိ စားပွဲဆီသို့ လျှောက်လာ၏။ သူ့မျက်လုံးများကို မြင်ရသောအခါ သူကြီးက အံ့အားသင့်သွားသည်။ အလွန် မာကျောနေသည်။ ပြီးတော့ အပြာရောင်။ သူက စပိန်ဘာသာဖြင့် မေးသည်။ သို့သော်လည်း ကျူဘားလူမျိုးဝဲသလို ဝဲနေသည်။

"ဟိုကောင် ပြောတာ အမှန်ပါပဲလား ခင်ဗျာ"

"မဟုတ်ပါဘူး။ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်ပြီး စားကြသောက်ကြတာပဲ၊ ဘယ်သူမဆို သောက်နိုင်ပါတယ်"

ဟု သူကြီးက ပြန်ဖြေသည်။

သူက ခေါင်းညိတ်ပြပြီး အရက်ကောင်တာသို့ ပြန်သွားသည်။ သူ့သူငယ်ချင်းကို မောင်းထုတ်သူ၏ ရှေ့တည့်တည့်မှာ ရပ်လိုက်သည်။

"ကျုပ် သူငယ်ချင်း ကျုပ်နဲ့အတူတူ နေနိုင်တယ်လို့ သူကြီးက ပြောတယ်"

ထိုသူက သူ့ဘက်သို့ ပြန်လှည့်ရင်း ဒေါသတကြီးဖြင့် အော်၏။

"ဟေ့ကောင် နယ်စပ်ကို ကျော်နေပြီကွ၊ ဘယ်ကောင် ပြောတာမှ ဂရုမစိုက်ဘူး။ အမိုးတစ်ခုထဲအောက်မှာ နီဂရိုးတွေနဲ့ ငါ အရက် မသောက်နိုင်ဘူး"

ထိုသူငယ်က အေးအေးဆေးဆေးပင် ပြန်ပြောသည်။

"ကျုပ် သူငယ်ချင်းဟာ ကျုပ်နဲ့ အတူစားတယ်၊ ကျုပ်နဲ့ အတူသောက်တယ်၊ ကျုပ်နဲ့ အတူအိပ်တယ်၊ ဒါကြောင့် သူ မသွားဘူး"

သူသည် တည်တည်ငြိမ်ငြိမ်ပင် သူ့စားပွဲသို့ ပြန်လှည့်သွားသည်။

သူ ကုလားထိုင်မှာ ထိုင်ပြီးချိန်မှာပင် ထိုလူကြီး၏ ဒေါသတကြီး အသံက ထွက်လာပြန်၏။

"ဒါလောက်တောင် နီဂရိုးချစ်တဲ့အကောင်၊ နီဂရိုးနဲ့အတူ အိပ်ချင်တဲ့အကောင်၊ မင်း သေနတ်ကောင်နဲ့ အတူအိပ်ချင်သေးရဲ့လားဆိုတာ ကြည့်ကြသေးတာပေါ့ကွာ"

သေနတ်သံ တစ်ချက် မြည်ဟိန်းသွားသည်။

အမေရိကန်လူငယ်သည် ယမ်းငွေ့များ တလူလူလွင့်နေသည့် သေနတ်ကို ကိုင်ကာ ရပ်နေလိုက်သည်။

အာကျယ်ကြီးကား သူ့သေနတ်ကို အိတ်အပြင်ရောက်အောင်ပင် ဆွဲထုတ်ချိန် မရလိုက်။ ကြမ်းပြင်ပေါ်မှာ လဲကျသေဆုံးနေတော့သည်။

"ဒီရွာရဲ့ ဖော်ရွေမှုနဲ့ အိမ်ရှင်ကောင်းပီသမှုကို အနှောင့်အယှက် ပြုမိတဲ့အတွက် တောင်းပန်ပါတယ် ခင်ဗျာ"

ဟု သူက ဝဲတဲတဲဖြစ်နေသော စပိန်စကားဖြင့် တောင်းပန်သည်။

သူကြီးက ကြမ်းပြင်ပေါ်မှ သေနေသူကို ငုံ့ကြည့်ပြီး ပခုံးကို တွန့်လိုက်သည်။

"ကိစ္စ မရှိပါဘူး။ မင်း မှန်ပါတယ်။ ဒီကောင် သတ္တိမရှိဘဲ ဝင်ရှုပ်တာ"

ဟု ပြောသည်။

ထိုသို့သော အဖြစ်အပျက်သည် သုံးနှစ်ခန့် ကြာမြင့်ခဲ့ပြီ။ သူကြီးသည် သက်ပြင်း တစ်ချက်ချ၏။ ဒီသူငယ်မှာ သတ္တိ ရှိသည်။ အလွန် သတ္တိ ရှိသည်။ ကျားတစ်ကောင်ကဲ့သို့ အလွန် သတ္တိရှိသောသူငယ် ဖြစ်သည်။ သူ့သေနတ်ကိုလည်း ကြည့်ပါဦး။ ထုတ်လိုက်သည်ကို ဘယ်သူမှ မမြင်လိုက်ရ။ ပစ်လိုက်သည်ကို ဘယ်သူမှ မမြင်လိုက်ရ။ သေနတ်သံကြားပြီး လဲသူကလဲကာ ယမ်းငွေ့တလူလူ ထွက်နေသည့် သူ့လက်ထဲက သေနတ်ကိုသာ မြင်လိုက်ကြရသည်။ ထိုအခါကျမှပင် 'ဤလိုပါလား'ဟု နားလည်လိုက်ကြရသည်။ ထိုမျှ မြန်သည်။

သူတို့ သူငယ်ချင်းနှစ်ယောက်သည် တစ်နှစ်တစ်နှစ်လျှင် အကြိမ်ပေါင်းများစွာ ဤရွာမှ တိတ်ဆိတ်စွာပင် ပျောက်ကွယ်သွားကြလေ့ရှိ၏။ ပြီးတော့ တိတ်ဆိတ်စွာပင် ပြန်ရောက်လာတတ်ကြ၏။ တစ်ခါတစ်ရံ ရက်သတ္တပတ် အတော်ကြာသည်။ ရံဖန်ရံခါ ဆိုသလိုလည်း လပေါင်းများစွာ ကြာနေတတ်သည်။ သူတို့ ပြန်လာတိုင်း သူတို့မှာ ငွေကြေး အမြောက်အမြား ပါလာတတ်သည်။ အခန်းခများကို ပေးနိုင်သည်။ အမျိုးသမီးများအတွက် ငွေကုန်ခံနိုင်သည်။ ဝီစကီများကို ပြန်သောက်နိုင်ကြပြန်သည်။

အမြဲတမ်းဆိုသလို သူတို့သည် အထီးကျန်များကဲ့သို့ ဖြစ်နေတတ်သည်ကိုလည်း သူကြီးက အကဲခတ်မိသည်။ ထို့ကြောင့်လည်း သူတို့ကို ကရုဏာသက်မိနေပြန်သည်။ သူတို့ နှစ်ယောက်သည် ဤရွာသို့ ရောက်လာကြလေ့ရှိသော အခြားသူများနှင့် မတူ။ သူတို့ နေပုံထိုင်ပုံကို ကြည့်ရခြင်းအားဖြင့် သူတို့သည် ပျော်ရွှင်ပုံ မရ။

ယခုလည်း သူတို့နှစ်ယောက်သည် အပေါ်စား တက်ကွေလာအရက်ပြင်းကို သောက်နေကြပြန်ပြီ။ သူတို့သည် ဤသို့ ပြုလုပ်ကာ အကြိမ်ပေါင်း မည်မျှရှိအောင် ထွက်ခွာသွားပြီး နောက် ပြန်မလာဘဲ နေလေမည်နည်း။ ဤရွာ သို့မဟုတ် ဤကမ္ဘာမြေပေါ် သို့ပါ ပြန်မလာဘဲ နေကြလေမည်နည်း။

* * *

မက်ဇ်က တက်ကွေလာကို သောက်နေသည်။ ပြီးတော့ သံပရာသီးစိတ်ကို ကိုက်လိုက်သည်။ သူ့ပါးစပ်ထဲမှာ ခံတွင်းရှင်းသွားသည်။ မိုက်ကို သူ လှမ်းကြည့်လိုက်၏။

"ကျွန်တော်တို့မှာ ပိုက်ဆံ ဘယ်လောက်ကျန်သေးသလဲ"

"သုံးပတ်စာလောက်ပဲ ကျန်တော့မယ်"

မိုက်က အနည်းငယ် စဉ်းစားပြီး ဖြေသည်။

"ကျွန်တော်တို့ သေသေချာချာ ပွဲပေါက်တစ်ခုကိုတော့ ကြံရမယ်။ ပြီးရင်တော့ ကျွန်တော်တို့ ကာလီဖိုးနီးယားကိုပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် နီဗားဒါးကိုပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ကျွန်တော်တို့ကို ဘယ်သူမှ မသိနိုင်တဲ့ တစ်နေရာရာကိုပဲဖြစ်ဖြစ် သွားကြဖို့ကောင်းပြီ။ ဒီနေရာမှာက ပိုက်ဆံ အသုံးမခံဘူးဗျာ။ စရိတ်ကြီးတယ်"

မက်ဇ်က စီးကရက်လိပ်ရင်း ပြောသည်။

"ဟုတ်တယ်၊ ပြီးတော့ တို့နှစ်ယောက် လူချင်းခွဲကြမှလည်း ဖြစ်မယ်။ တို့နှစ်ယောက် အတူတူ တွဲနေလို့ မဖြစ်ဘူး။ အထူးသဖြင့် ငါ့ကိုမြင်ရင် အားလုံး ပေါ်ကုန်လိမ့်မယ်။ ငါနဲ့အတူ သွားနေတဲ့အတွက် မင်းကို ဆိုင်းဘုတ်တပ်ပေးထားသလို ဖြစ်လိမ့်မယ်"

"ခင်ဗျား ကျွန်တော့်ကို ခွာချင်နေပြီလား"

မက်ဇ်က သူ့အရက်ခွက်ထဲသို့ အရက်ထပ်ဖြည့်ရင်း ပြန်မေးသည်။ မိုက်က အလေးအနက် ပြန်ပြောသည်။

"ဒီလိုပဲ လုပ်ရလိမ့်မယ်ထင်တယ်၊ မင်း တစ်နေရာရာမှာ သွားပြီး အခြေစိုက်သင့်တယ်။ မင်းဘဝကိုမင်း ထူထောင်သင့်တယ်။ ဒီအလုပ်တွေကို မင်း ဆက်မလုပ်သင့်တော့ဘူး"

မက်ဇ်က သံပရာစေ့ကို ထွေးထုတ်လိုက်သည်။

"ကျွန်တော်တို့နှစ်ယောက် ကောင်းတူဆိုးဖက်ပဲဗျာ။ ကျွန်တော်တို့ ဒီတစ်ချီ ပိုက်ဆံ ဟုတ္တိပတ္တိရရင်တော့ ကာလီဖိုးနီးယားကို သွားကြမယ်"

တံခါးပွင့်ပြီး ဆံပင်နီနီနှင့် ကောင်းဘွိုင်တစ်ယောက် ဝင်လာသည်။ သူသည် မိုက်တို့၏ စားပွဲဆီသို့ လျှောက်လာကာ ကုလားထိုင်လွတ် တစ်လုံးတွင် ဝင်ထိုင်သည်။

"ဒီနေရာကို ချာလီဒေါ်ဘ်ဆိုတဲ့ အကောင်ကြီး အချိန်ကောင်းမှာ ရောက်လာတာနဲ့ တူတယ်။ မင်းတို့ ဗိုက်ထဲမှာရှိတဲ့ ကလီစာတွေကို တက်ကွေလာက စားကုန်တော့မှာပဲ။ ဟေ့ တို့ဖို့ ဝီစကီတစ်လုံး ယူခဲ့"

ချာလီသည် ရယ်ရွှန်းပတ်ရွှန်း ပြောရင်းဖြင့် အရက်ကောင်တာသို့ လှမ်းအော်သည်။

အရက်ရောင်းသူက ဝီစကီတစ်ပုလင်းနှင့် ဖန်ခွက်များလာတင်ပေးပြီး ထွက်သွားသည်။ ချာလီက ခွက်များအားလုံးကို ဝီစကီဖြည့်ပေးပြီး သူ့အရက်ကို သူ သောက်နေသည်။

"မင်း ဘာဖြစ်လို့ ပြန်လာတာလဲ ချာလီ။ မင်း ရီနိုမြို့ကို သွားပြီလို့ ငါ ထင်နေတာ"

ဟု မက်ဇ်က မေးသည်။

"ဟုတ်တယ်၊ ဒါပေမယ့် ငါ့ဘဝမှာ အကောင်းဆုံးသော အခွင့်ကောင်းကြီးတစ်ခုကို တွေ့လို့ ပြန်လာတာ။ အလုပ် လုပ်ဖို့ကောင်းတဲ့ အလုပ်ကြီး"

"ဘယ်လို အလုပ်မျိုးလဲ"

မက်ဇ်က စားပွဲပေါ်သို့ ကိုယ်ကိုကိုင်းပြီး မေးသည်။ ချာလီက သူ့အသံကို နှိမ့်ချ လိုက်၏။

"ဘဏ်တိုက် အသစ်တစ်ခုကွ၊ ငါ ကြားခဲ့တဲ့အကြောင်း မနှစ်က ပြောပြခဲ့တာ မင်း မှတ်မိသေးသလား။ ဒီကောင်တွေ တက်ဆပ်မှာ ရေနံတူးနေကြတယ် ဆိုတာလေ။ အခု ဒီကောင် တွေ အောင်မြင်နေပြီကွ။ ရေနံကလည်း ဘယ်လောက် ထွက်သလဲဆိုရင် ရေတွင်းတူးသလို လွယ်လွယ်တူးရုံနဲ့ ရေထွက်သလို ထွက်နေတယ်။ ဒီကောင်တွေ ရောင်းမကုန်နိုင်အောင် ဖြစ်နေကြတယ်။ ဒါကြောင့် အဲဒီက ဘဏ်တိုက်လည်း အရမ်းကောင်းစားနေတော့တာပေါ့"

"ကြိုက်ပြီ။ စည်းကမ်းက ဘယ်လိုလဲ"

မက်ဇ်က မေး၏။

"ဒေသခံတစ်ယောက် ရှိတယ်။ သူက အားလုံး စီစဉ်ထားတာ၊ တို့က ကူညီရုံပဲ။ သူက ဝေစုနှစ်စု ယူမယ်။ တို့က တစ်ယောက် တစ်စုစီရမယ်"

"တရားပါတယ်၊ မိုက် ဘယ်လို သဘောရသလဲ"

"ဘယ်တော့ အလုပ်စမလဲ"

မိုက်က ခေါင်းညိတ်ရင်း မေးသည်။ ချာလီက မိုက်ကို လှည့်ကြည့်၏။

"နှစ်ဆန်း နှစ်ရက်နေ့၊ နောက်ထပ် တူးရမယ့် ရေနံတွေ ရောင်းရလို့ ဘဏ်မှာ ငွေသီးနေတဲ့အချိန်၊ လုပ်မယ်ဆိုရင်တော့ မနက်ဖြန်ပဲ တို့ ခရီးစကြရအောင် မင်းတို့ကို ခေါ်ဖို့ ငါ ဒီကို ပြန်လာရတာ သုံးပတ်တောင် အချိန်ကုန်သွားတယ်"

(၁၅)

ပျော်ပွဲစားရုံအတွင်းသို့ ချာလီဒေါ်ဘ်၏ နောက်မှ မက်ဇ်က ဝင်လိုက်သွားသည်။ အထဲမှာ ရေနံတူးသူများ၊ ကောင်းဘွိုင်များဖြင့် ပြည့်ကျပ်နေသည်။ ကစားဝိုင်းများလည်း ပွစာကျဲ နေသည်။ စားကြ၊ သောက်ကြ၊ ကစားကြဖြင့် အစွမ်းကုန် ပျော်မြူးနေကြသည်။

"မင်းကို ငါ ပြောခဲ့တယ် မဟုတ်လား။ ဒီမြို့မှာ တကယ့်ကို ရွှေမိုးငွေမိုး ရွာနေပြီကွ"

ချာလီက မက်ဇ်ကို ပြန်ပြောရင်း ရှေ့သို့ ဦးဆောင်သွား၏။ အရက်ကောင်တာ အနီးမှာ လူတစ်ယောက် ရပ်နေသည်။ ထိုသူထံသို့ ဦးတည်သွား၏။

ထိုသူက ချာလီကို ပြန်ကြည့်ရင်း အသံတိုးတိုးဖြင့် ပြောသည်။

"မင်း သွားတာကလည်း ကြာလှချည်လားကွ"

"ဟုတ်တယ်။ ခရီးက အဝေးကြီး။ မြင်းစီးရတာ အက်ဒ်"

"အပြင်မှာ စကားပြောရအောင်"

အက်ဒ်သည် ပြောပြောဆိုဆိုဖြင့် ငွေဒင်္ဂါးတစ်ပြားကို ကောင်တာပေါ်သို့ ပစ်ပေးခဲ့ရင်း အပြင်သို့ ထွက်သွား၏။ မသွားမီ မက်ဇ်ကို တစ်ချက်ကြည့်သွားသည်။

အရောင်ဖျော့တော့ပြီး အကဲခတ်ရခက်သော မျက်လုံးများကို မက်ဇ် မြင်လိုက်ရသည်။ သူ့အရွယ်သည် ငါးဆယ်တွင်းလောက်တော့ ရှိမည်ဖြစ်၏။ ဒီလူကို တစ်နေရာရာမှာ မြင်ဖူးခဲ့သည်ဟု မက်ဇ် ထင်သည်။ သို့သော်လည်း မည်သည့်နေရာဟု မမှတ်မိ။

ထိုသူသည် အပြင်က ရပ်စောင့်နေသည်။ သူတို့ ထွက်လာသောအခါ တစ်နေရာသို့ ဦးဆောင်ပြီး ထွက်သွားသည်။ သူတို့သည် အက်ဒ်သွားရာ အမှောင်ရိပ်ဆီသို့ နောက်က လိုက်လာခဲ့ကြသည်။ တစ်နေရာရောက်တော့ သူ ရပ်စောင့်နေပြီး စိတ်ဆိုးသောအသံဖြင့် ဆီးပြောသည်။

"လူလေးယောက်လုပ်မှဖြစ်မှာလို့ မင်းကို ငါ ပြောခဲ့တယ်"

"နောက်တစ်ယောက် ရှိပါတယ် အက်ဒ်၊ သူ မြို့ပြင်က စောင့်နေတယ်"

ဟု ချာလီက မြန်မြန်ပြန်ဖြေသည်။

"ကောင်းပြီ၊ မင်းတို့ မနက်ဖြန် ဒီနေရာကို အချိန်မီ ရောက်အောင်လာ။ မနက်ဖြန်ည သောကြာနေ့ည၊ စနေနေ့ဆိုရင် လစာထုတ်ပေးရတယ်။ ဒါကြောင့် ဘဏ်ဥက္ကဋ္ဌနဲ့ ငွေကိုင်စာရေးဟာ သောကြာနေ့ညမှာ ညဆယ်နာရီအထိ အလုပ်လုပ်ကြတယ်။ သူတို့ အလုပ်ပြီးလို့ နောက်ဖေးပေါက်က ထွက်လာတာနဲ့ တစ်ပြိုင်နက်တည်း သူတို့ကို ဖမ်းပြီး အထဲပြန်ဝင်ခိုင်းမယ်။ ဒါမှ မီးခံသေတ္တာကို တို့မဖောက်ဘဲ သူတို့ကို ဖွင့်ခိုင်းနိုင်မယ်"

"ကျွန်တော့်ဘက်ကတော့ သေချာပြီ။ မင်းရော ဘယ်လိုလဲ မက်ဇ်"

ချာလီက မက်ဇ်ဘက်သို့ လှည့်မေးပြီး. . .

"သူတို့မှာ သေနတ်ပါမလား"

မက်ဇ်က အက်ဒ်ကို ကြည့်ပြီးမေးသည်။

"ပါမယ်ထင်တယ်။ ပစ်ရခတ်ရမှာ မင်း ကြောက်သလား"

"မကြောက်ပါဘူး။ ဘာတွေနဲ့ ရင်ဆိုင်ရမယ်ဆိုတာ ကြိုတင်ပြီး သိထားချင်တဲ့ သဘောပါပဲ"

မက်ဇ်က ခေါင်းယမ်းရင်း ပြန်ပြော၏။

"ဒေါ်လာငါးသောင်း၊ ပိုချင်လည်း ပိုနိုင်တယ်"

"ငွေငါးသောင်း"

ဟု ရေရွတ်ရင်း ချာလီက လေချွန်လိုက်သည်။

"မင်းတို့ ဒီနေရာကို တစ်ယောက်ပြီးမှ တစ်ယောက်လာ။ တိုးတိုးတိတ်တိတ်လာ၊ တခြားလူ မမြင်စေနဲ့။ ညကိုးနာရီတိတိမှာ ဘဏ်နောက်ဘက်မှာ တို့ ဆုံမယ်"

အက်ဒ်သည် ထိုမျှပြောပြီး မက်ဇ်ကို တစ်ချက်ကြည့်ပြီး ထွက်သွားသည်။ မလှမ်းမကမ်းရောက်မှ ပြန်လှည့်လာကာ မက်ဇ်ကိုကြည့်ပြီး မေးသည်။

"မင်းကို အရင်တုန်းက တစ်နေရာရာမှာ ငါ မြင်ဖူးခဲ့သလားလို့"

မက်ဇ်က သူ့ပခုံးကို တွန့်လိုက်၏။

"ဟုတ်မှာပေ့ါ။ ကျွန်တော်ကလည်း နေရာတကာ ရောက်တဲ့အကောင်၊ ဒါကြောင့် ကျွန်တော့်ကို ခင်ဗျား မျက်မှန်းတန်းမိနေတာ ဖြစ်ပါလိမ့်မယ်"

"ဟုတ်မှာပေ့ါလေ၊ မနက်ဖြန် ညလောက်ဆိုရင် ပြန်မှတ်မိမလား မသိဘူး"

သူသည် ထိုမျှပြောပြီး ထွက်သွား၏။ မက်ဇ်က လမ်းပေါ်မှာ သူ ပျောက်သွားသည်အထိ ငေးကြည့်နေသည်။

"ဒီလူနဲ့ ပတ်သက်လို့ တစ်ခုခုတော့ ရှိရမယ်။ ငါ့ရင်ထဲမှာ သူ ဘယ်သူလဲဆိုတာ သိချင်စိတ်တွေ ဖြစ်နေတယ်"

"ကဲ သွားစို့၊ တော်တော်ကြာ မိုက်က တို့တစ်ခုခု ဖြစ်နေပြီထင်ပြီး စိတ်ပူနေလိမ့်မယ်"

ချာလီက ရယ်ရင်းပြောသည်။

* * *

"ကိုယ့်နေရာကိုယ် ယူထား။ သူတို့ လာနေကြပြီ"

အက်ဒ်က လေသံဖြင့် ပြောသည်။

မက်ဇ်သည် တံခါးပေါက်အနီးရှိ နံရံကို ကိုယ်ဖြင့် ကပ်နေလိုက်သည်။ အက်ဒ်နှင့် ဒွာလီက တစ်ဖက်မှ စောင့်နေသည်။ ဘဏ်အတွင်းမှ လူနှစ်ယောက် စကားပြောရင်း တံခါးဝဆီသို့ လျှောက်လာသည့် အသံကို ကြားနေရသည်။

တံခါးပွင့်သည်နှင့် တစ်ပြိုင်တည်း သူတို့အားလုံး လှုပ်ရှားလိုက်ကြကာ ထွက်လာသူများကို အတွင်းသို့ ပြန်တွန်းပို့လိုက်သည်။

"ဘာဖြစ်တာလဲကွ"

ဟူသော အသံတစ်သံ အတွင်းဘက် အမှောင်ထဲမှ ထွက်လာသည်။ ထိုအသံနှင့် တစ်ဆက်တည်း ရိုက်သံကြားလိုက်ရပြီး လူတစ်ယောက် လဲကျသွားသံကိုပါ ကြားလိုက်ရ၏။

"မသေချင်ရင် ပါးစပ်ပိတ်ထား။ သူတို့ကို နောက်ခန်းထဲ သွင်းလိုက်"

အက်ဒ်၏အသံ ထွက်လာ၏။

မက်ဇ်သည် လဲကျနေသူကို ကြမ်းပြင်ပေါ်မှာ တရွတ်တိုက် ဆွဲလာသည်။ ထိုအခိုက် ဒီးခြစ်သံကြားရပြီး နောက်ဘက် အခန်းတွင်း၌ ဖန်မီးအိမ် အလင်းရောင် ပျော့ပျော့ကလေး ပေါ်လာ၏။ မက်ဇ်က သူ ဆွဲယူလာသည့် လူကို အခန်းတွင်းမှာ ချထားသည့်တိုင်အောင် ထိုသူသည် မလှုပ်တော့။

"ရှေ့တံခါးကို သွားကြည့်စမ်း"

အက်ဒ်၏အသံ မဆုံးမီမှာပင် မက်ဇ်သည် အရှေ့တံခါးဆီသို့ ပြေးလာခဲ့၏။ အပြင်သို့ သူ လှမ်းကြည့်လိုက်သည်။ လမ်းမပေါ်တွင် မည်သူ တစ်စုံတစ်ယောက်မျှ မရှိ။

"စိတ်ချရတယ်၊ ဘယ်သူမှ မရှိဘူး"

"ကောင်းတယ်၊ စကြရအောင်။ ကဲ မီးခံသေတ္တာ ဖွင့်စမ်း"

အက်ဒ်သည် တစ်ဆက်တည်းပင် ဘဏ်မှ လူကို ပြောလိုက်သည်။ ထိုသူသည် အသက်ခြောက်ဆယ်ခန့် အဘိုးကြီး ဖြစ်သည်။ ကြမ်းပြင်ပေါ်မှာ လဲနေသူကို ကြည့်ပြီး အလွန်ဘရာ ထိတ်လန့်နေသည်။

"ကျွန်တော် ကျွန်တော် မဖွင့်တတ်ပါဘူး။ မစ္စတာဂေါ်ဒွန် တစ်ယောက်တည်း ဖွင့်တတ်တာပါ။ သူက ဘဏ်ရဲ့ ဥက္ကဋ္ဌပါ။ သူတစ်ယောက်တည်းပဲ ဘယ်လို ဖွင့်ရမယ်ဆိုတာ သိပါတယ်"

"သူ သတိရအောင် လုပ်လိုက်စမ်း"

အက်ဒ်က မက်ဇ်ကို အမိန့်လှမ်းပေးသည်။ မက်ဇ်သည် လဲနေသူ၏ဘေးမှာ ဒူးထောက်လိုက်ရင်း မျက်နှာကို ဆွဲလှည့်ကြည့်သည်။ သူ့ခေါင်းသည် မြင်မကောင်းအောင် ကြေနေသည်။

"မရနိုင်တော့ဘူး။ ခင်ဗျား လက်လွန်သွားပြီ"

ကျန်လူတစ်ယောက်ထံမှ 'ဘုရား' တလိုက်သည့်အသံကို ကြားရသည်။ အက်ဒ်က သူ့ထံသို့ လျှောက်သွားသည်။

"ကဲ မီးခံသေတ္တာကို ခင်ဗျားဖွင့်၊ ဘာမှ မဖြစ်သေးခင်ဖွင့်"

"ဒါပေမယ့် ဒါပေမယ့်၊ ကျွန်တော် မဖွင့်တတ်ပါဘူး"

အက်ဒ်သည် ထိုသူ၏မျက်နှာကို ဖြတ်ရိုက်လိုက်၏။ ထိုသူမှာ တစ်ဖက်သို့ တစောင်းလဲကျသွားသည်။ ပြီးတော့ ကြောက်ကြောက်လန့်လန့်ဖြင့် သူ မဖွင့်တတ်ကြောင်း၊ လျှို့ဝှက်ဖွင့်နည်းကို ဘဏ်ဥက္ကဋ္ဌ တစ်ယောက်တည်းသာသိကြောင်း အမျိုးမျိုး ရှင်းပြသည်။ အက်ဒ်က မကျေနပ်။ ထိုသူကို နောက်တစ်ချက်ရိုက်ရင်း ဇွတ်ဖွင့်ခိုင်းနေသည်။

"ကျွန်တော် မဖွင့်တတ်ရိုး အမှန်တကယ်ပါဗျာ။ ဟောဟို အံဆွဲထဲမှာ ဒေါ်လာ ငါးထောင် ရှိပါတယ်။ အဲဒါကို ယူပါ။ ကျွန်တော့်ကို မရိုက်ပါနဲ့"

အက်ဒ်သည် သူ ညွှန်ပြသည့် အံဆွဲကို သွားဖွင့်ပြီး ငွေများကို ထုတ်ယူကာ သူ့အိတ်ထဲသို့ ထိုးထည့်ထားသည်။ ထို့နောက် ပြန်လာပြီး ထိုသူကို နှိပ်စက်ပြန်သည်။

"သူ အမှန်ကို ပြောနေတာ ဖြစ်ပါလိမ့်မယ်"

မက်ဇ်က သူ့ပခုံးကို လှမ်းတို့ပြီး ပြောသည်။

"အမှန်ပြောသလား။ မပြောဘူးလားဆိုတာ ခုချက်ချင်း သိရမယ်။ မင်း အိမ်ရှေ့ တံခါးမှာပဲ သွားနေချည်"

မက်ဇ်က အရှေ့ဘက်သို့ ပြန်ထွက်လာခဲ့၏။

"သူ့ကို ကုလားထိုင်မှာ ကြိုးနဲ့ ချည်လိုက်"

ချာလီက ကြိုးနှင့်တုပ်လိုက်၏။ အက်ဒ်သည် မီးဖိုနားသို့သွားကာ မီးဖိုထဲမှ မီးသွေးဆွသည့် သံချောင်းကို မီးရဲအောင် ဖုတ်နေသည်။ မီးရဲသောအခါ ထိုသံချောင်းကို ကိုင်ပြီး ပြန်လာသည်။

"ခင်ဗျား ဘာလုပ်မလို့လဲ"

ဟု ချာလီက မေးသည်။

"ဒီ သံပူနဲ့ သူ့မျက်လုံးနဲ့ ထိတဲ့အခါကျတော့ အမှန်ကို ပြောမှာပေါ့ကွာ"

"အက်ဒ်၊ နေပါဦး။ ဒီလူ ညာနေတယ်ထင်ရင် သတ်ပစ်လိုက်"

ချာလီက ဝင်ကန့်ကွက်၏။

"အဲဒါ ခက်တာပေါ့၊ မင်းတို့လို ဒီခေတ်လူငယ်တွေနဲ့ အလုပ်လုပ်ရတာ အဲဒါမျိုးတွေ ခက်တာပေါ့။ ဒီလို မလုပ်ရင် ဒီမီးခံသေတ္တာ မပွင့်ဘူး။ အရင် (၁၂) နှစ်လောက်တုန်းက ရပ်စ်တီဟာရစ်ရယ်၊ တွမ်ဒေါ့ရယ်၊ ငါရယ် ကျွဲပစ်မုဆိုးနဲ့ သူ့မိန်းမ အင်ဒီးယန်းမကို ဒီလိုလုပ်ပြီး ပါးစပ် အဖွင့်ခိုင်းခဲ့ရသေးတယ်။ သူတို့က ပါးစပ်ဖွင့်ရမှာ တယ်ဝန်လေးကြတာပဲ"

မက်ဇ်၏ ရင်ထဲမှာ အလုံးဆို့သွားသည်။ လဲကျမသွားအောင် နီးရာနံရံကို လှမ်းကိုင်လိုက်ရသည်။ သူ့မျက်လုံးများကို ခဏ မှိတ်လိုက်သည်။ သူ့အိမ်ထဲမှ မြင်ကွင်းသည် တရေးရေး ပြန်ပေါ်လာ၏။ အဖေသည် တွဲလောင်းဖြစ်နေ၏။ အမေသည် ကြမ်းပေါ်က သွေးအိုင်ထဲမှာ မြင်မကောင်း ဖြစ်နေ၏။ သူ့အိမ်ကို ဝါးမျိုနေသည့် မီးတောက်များသည် လိမ္မော်ရောင်ဖြစ်ကာ ကောင်းကင်ပေါ်သို့ ထိုးတက်သွား၏။

မက်ဇ်သည် ခေါင်းကို ခါလိုက်သည်။ သူ့စိတ်များ ပုံမှန်ပြန်ဖြစ်သွားသည်။ အခန်း အလယ်ဘက်သို့ သူ ပြန်လျှောက်လာသည်။

"အဘိုးကြီးက ရွှေတွေကို တစ်နေရာရာမှာ ဖွက်ထားတယ်။ ဒါကို ဒေါ်ချ် တစ်မြို့လုံး ကလည်း သိကြတယ်"

သူ့စကား မဆုံးမီ သူတို့ဆီသို့ ပြန်လျှောက်လာသည့် မက်ဇ်ကို သူ တွေ့သွားသည်။

"ဟေ့ကောင် ဘာလာလုပ်တာလဲ။ အိမ်ရှေ့မှာ စောင့်ပါလို့ မင်းကို ငါ ပြောထားတယ် မဟုတ်လား"

ဟု လှမ်းအော်လိုက်သည်။ မက်ဇ်က သူ့ကို ငုံ့ကြည့်သည်။

"အဲဒီ ရွှေတွေ ခင်ဗျားရခဲ့ရဲ့လား"

အမည် အဖော်ရခက်သည့် အရိပ်အယောင်များ အက်ဒ်၏မျက်နှာပေါ်မှာ ဖြတ်သန်းသွားသည်။

"ခင်ဗျား မရခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ရွှေမှ မရှိဘဲ"

မက်ဇ်က ဆက်ပြောသည်။

"မင်း ဘယ်လိုလုပ်သိတာလဲ"

အက်ဒ်က ပြန်မေး၏။

"ကျုပ် သိတာပေါ့။ ကျုပ်ဟာ မက်ဇ်ဆင်းပဲ"

အက်ဒ်သည် ချက်ချင်း မှတ်မိလိုက်၏။ သူ့သေနတ်ကို ဆွဲလိုက်သည်။ မက်ဇ်က သေနတ်ကို ခြေထောက်ဖြင့် လှမ်းကန်ပစ်လိုက်သည်။ အက်ဒ်သည် လွင့်ကျသွားသော သေနတ် နောက်သို့ ခုန်အုပ်လိုက်သည့် အချိန်တွင် မက်ဇ်က စောစောက မီးရဲနေသည့် သံချောင်းကို ဆွဲယူလိုက်သည်။ မက်ဇ်၏ လက်ထဲမှ သံပူချောင်းသည် အလွန် လျင်မြန်စွာ လှုပ်ရှားသွားသည်။

ကြောက်လန့်တကြား အော်လိုက်သောအသံ အက်ဒ်ထံမှ ထွက်လာ၏။ သူ့မျက်လုံး

နှစ်ဖက်စလုံး မမြင်ရတော့ပြီ။ သူ့လက်ထဲမှ သေနတ်က အသံတစ်ချက်မြည်ပြီး ကြမ်းပြင်ပေါ်သို့ လွတ်ကျကာ သူပါ လဲကျသွားတော့သည်။

"လစ်ကြစို့၊ တစ်မြို့လုံး ရောက်လာကြတော့မယ်"

ချာလီက သူ့ပခုံးကိုဆွဲရင်း အပြင်သို့ ထွက်ခဲ့ကြသည်။ တံခါးဝတွင် မိုက်သည် မြင်းများကို အသင့်ပြင်ရင်း စောင့်နေ၏။ သူတို့သည် သေနတ်သံ ဆူညံနေသည့် မြို့ကို နောက်မှာထားခဲ့ကာ မြင်းများဖြင့် ကျော့ခိုင်း ထွက်လာကြတော့၏။

* * *

နောက် သုံးရက်ကြာသောအခါ တောင်ခြေတစ်ခုရှိ ဂူငယ်တစ်လုံး အတွင်းသို့ သူတို့ ရောက်နေကြသည်။ မက်ဇ်သည် ဂူဝင်ပေါက်မှ အတွင်းသို့ ပြန်ဝင်လာပြီး မိုက်ကို ငုံ့ကြည့်လိုက်သည်။

"မိုက်၊ ဘယ်လို နေသေးလဲ"

"မသက်သာပါဘူး ကလေးရယ်။ မသက်သာပါဘူး"

မိုက်၏ အသံသည် ပျော့နေ၏။ မည်းနက်သော မိုက်၏မျက်နှာသည် အညိုရောင်သို့ ပြောင်းကာ ချောင်ကျနေသည်။

"ကျွန်တော် စိတ်မကောင်းဘူးဗျာ။ ကျွန်တော်တို့မှာ ရေကုန်ပြီ"

မက်ဇ်သည် သူ့ကိုယ်ကို မိုက်အပေါ်သို့ကိုင်းရင်း မိုက်၏မျက်နှာကို သုတ်ပေးသည်။

"ကိစ္စ မရှိပါဘူး ကလေးရယ်။ ငါ နေရတော့မှာ မဟုတ်ပါဘူး"

မလှမ်းမကမ်းမှ ချာလီ၏အသံ ပေါ်လာသည်။

"မကြာခင် အရုဏ်တက်တော့မယ်။ တို့သွားကြဖို့ ကောင်းပြီ"

"မင်း သွားတော့ ချာလီ။ ငါ မိုက်နဲ့အတူတူ နေခဲ့မယ်"

မိုက်သည် အိပ်ရာမှ ထထိုင်၏။ သူ့ကိုယ်ကို ဂူ၏နံရံမှာ မှီထားသည်။

"အရူးမထစမ်းပါနဲ့ ကလေး"

"ကျွန်တော် ခင်ဗျားနဲ့ နေမယ်"

မက်ဇ်က သူ့ခေါင်းကို ယမ်းသည်။ မိုက်က ပြုံး၏။ မက်ဇ်၏လက်ကို သူ့လက်ဖြင့် သင်သာစွာ ညှစ်လိုက်သည်။

"တို့နှစ်ယောက်ဟာ သူငယ်ချင်းနော်။ ဟုတ်တယ် မဟုတ်လား ကလေး။ တကယ့် သူငယ်ချင်းနော်"

မက်ဇ်က ခေါင်းညိတ်၏။

"ပြီးတော့ မင်းကို လူဆိုးတစ်ယောက်ဖြစ်အောင် ငါလုပ်ခဲ့ဖူးသလား။ မလုပ်ခဲ့ဖူးဘူး နော်၊ ငါဟာ သေရမယ့်လူပါ။ မင်းလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ပါဘူး"

မက်ဇ်သည် စီးကရက်တစ်လိပ်လိပ်ပြီး မီးညှိကာ မိုက်၏ပါးစပ်မှာ တပ်ပေးလိုက်သည်။

"စကားမပြောနဲ့၊ နားလိုက်ပါဦး"

"ငါ့ခါးပတ်ကို ဖြေလိုက်စမ်း"

မက်ဇ်သည် သူ့သူငယ်ချင်း၏ ကိုယ်ပေါ်သို့ ခါးကိုင်းလိုက်ရင်း ခါးပတ်ကို ဖြုတ်လိုက်သည်။

"အခုမှ နေသာထိုင်သာ ရှိသွားတယ်။ ခါးပတ်ထဲကို ကြည့်လိုက်စမ်း"

ခါးပတ်အတွင်းဘက်ကို လှန်ကြည့်လိုက်သောအခါ ငွေစက္ကူများကို တွေ့ရသည်။ မိုက်က ပြုံးလိုက်၏။

"ဒေါ်လာငါးထောင်ရှိတယ်။ အသုံးလိုရင်ရအောင် ငါ သိမ်းထားတာ။ တို့ ဒီလုပ်ငန်း တွေ မလုပ်တော့တဲ့ တစ်နေ့မှာ သုံးဖို့ အခု အချိန်ကျပြီ"

မက်ဇ်သည် စီးကရက်တစ်လိပ်လိပ်ကာ မီးညှိရင်း သူ့သူငယ်ချင်းကို ကြည့်နေသည်။ မိုက်က ချောင်းတစ်ချက် ဆိုးလိုက်၏။

"ဒီအလုပ်မျိုးတွေ လုပ်ဖို့အတွက် မင်း လူဖြစ်လာတာ နှစ်ပေါင်းသုံးဆယ်လောက် နောက်ကျသွားတယ်။ မင်းတို့ ငါတို့လို သေနတ်သမားတွေအတွက် ဒီကမ္ဘာပေါ်မှာ နေရာ မရှိတော့ဘူး။ တို့က အချိန်နှောင်းမှ ဒီအလုပ်တွေကို ထလုပ်နေကြတယ်"

မက်ဇ်က သူ့ကို ကြည့်နေသည်။

"ကျွန်တော် မသွားဘူးဗျာ"

ဟုလည်း ပါးစပ်မှ ရေရွတ်နေသည်။

"မင်း ဆက်မမိုက်ချင်ပါနဲ့တော့ကွာ"

"မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့ဗျာ"

ဟု မက်ဇ်က ပြုံးရင်း ပြန်ပြောသည်။

"ငါ ဒီမှာ နေခဲ့နိုင်ပါတယ်။ မင်း မြောက်ပိုင်းကို သွားတော့။ မင်းကို သူတို့ ဘယ်တော့မှ မမိနိုင်ပါဘူး"

မိုက်သည် စကားပြောရင်းမှ ချောင်းဆိုးလာပြီး သွေးများကို အန်ချလိုက်သည်။ ပြီးတော့ မက်ဇ်ကို လှမ်းကိုင်သည်။

"ငါ မတ်တတ်ရပ်ချင်တယ်၊ ထူပေးစမ်း"

မက်ဇ်က သူ့ကိုယ်လုံးကြီးကို ဆွဲထူပေးလိုက်သည်။ မိုက်သည် မက်ဇ်၏ကိုယ်ကို တွဲမှီရင်း သူတို့နှစ်ယောက် ဂူပေါက်ဝဆီသို့ တဖြည်းဖြည်းချင်း လျှောက်လာကြ၏။ တောင်စောင်းမှ လေအနည်းငယ် တိုက်ခတ်လာသည်။ မက်ဇ်သည် သူ့ကို မြေကြီးပေါ် သို့ ချပေးလိုက်သည်။

"ငါ ဒီမှာပဲ နေခဲ့တော့မယ်။ ကဲ ငါ ပြောတာကို မင်း သတိရတယ် မဟုတ်လား ကလေး။ မှန်ရာကို လုပ်တော့။ တိုက်ခိုက်ခိုးဆိုးနေတာတွေ ရပ်တော့။ သေနတ်သေနတ်ချင်း ပစ်တာခတ်တာတွေ ရပ်တော့၊ ငါ့ကို ကတိပေးပါ ကလေးရယ်"

"ကျွန်တော် ကတိပေးပါတယ်ဗျာ"

သူ့အသံ ကြေကွဲနေပြီ။

"မင်း ဒီကတိကို ချိုးဖောက်ရင် ဘေးမျိုးစုံနဲ့ တွေ့လိမ့်မယ်။ ကဲ သွားပေတော့ ကလေး။ ရောင်နီတောင် ပျိုးလာပြီ"

မိုက်သည် သူ့ဘေးမှ ရိုင်ဖယ်သေနတ်ကို ကောက်ကိုင်ထားလိုက်သည်။

မက်ဇ်သည် သူ့ကို ကျောခိုင်းခဲ့ကာ မြင်းရှိရာသို့သွားပြီး မြင်းပေါ် တက်လိုက်၏။ ပြီးတော့ မိုက်ကို ပြန်ကြည့်မိသည်။ နီဂရိုးကြီးသည် သူ့ကို ဘယ်သောအခါမှ ပြန်လှည့်ကြည့်တော့မည် မဟုတ်။ မက်ဇ်က မြင်းကို ဖနောင့်ဖြင့်တို့ရင်း ထွက်လာခဲ့သည်။

နောက်ထပ် တစ်နာရီမျှ မကြာမီမှာပင် အခြား တောင်ကြောတစ်ခုပေါ် သို့ မက်ဇ် ရောက်နေပြီ ဖြစ်သည်။ နေလည်း လုံးလုံးလျားလျား ထွက်လာပြီ။ နောက်ပိုင်းတွင် ဘာသံမှ မကြားရဘဲ တိတ်ဆိတ်နေခြင်းအတွက် သူ တွေးနေမိသည်။ ဒီအချိန်လောက်ဆိုလျှင် နောက်ပိုင်းမှ ပစ်ခတ်တိုက်ခိုက်သံများကို ကြားရလိမ့်မည်ဟု သူ မျှော်လင့်ထားခဲ့၏။

မိုက်၏ မြင်ကွင်းမှ သူ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်တည်း မိုက်တစ်ယောက် ကွယ်လွန်သွားပြီဖြစ်ကြောင်းကိုမူ ဘယ်သောအခါတွင်မှ သူ သိတော့မည် မဟုတ်ချေ။

* * *

သူ့မျက်နှာပေါ် မှ ပါးသိုင်းမွေးများ၊ မုတ်ဆိတ်မွေးများကို ရိတ်ပစ်လိုက်သည့်အတွက် သူ မနေတတ်မထိုင်တတ် ဖြစ်နေသည်။ မီးဖိုထဲသို့ သူ ဝင်သွားသောအခါ ချာလီက စားပွဲမှာ ထိုင်ရင်း သူ့ကို လှမ်းကြည့်လိုက်သည်။

"ဘုရား ဘုရား၊ မင်းကို ငါ ဘယ်တုန်းကမှ မသိဘူးခဲ့ပါကလား"

ချာလီ၏အသံကို ကြားသောအခါ သူ့ဇနီးမာသာက လှည့်ကြည့်၏။ မက်ဇ်ကို တွေ့သောအခါ သူလည်း ပြုံးသွားသည်။

"ရှင်ဟာ ကျွန်မ ထင်ထားတာထက်တောင် ငယ်နေသေးတယ်၊ ပြီးတော့ ခန့်ချောကြီး ရှင့်"

မက်ဇ်၏ မျက်နှာပေါ်မှာ ရှက်သွေးဖြာသွားသည်။ ပြီးတော့ ကုလားထိုင်ပေါ်မှာ ရှက်ကိုးရှက်ကန်းဖြင့် ထိုင်ချသည်။

"ကျုပ် ဒီကနေ တခြားကို သွားဖို့ အချိန်ကျပြီလို့ ထင်တယ်"

ချာလီနှင့် သူ့ဇနီးမာသာတို့သည် တစ်ယောက်ကိုတစ်ယောက် ကွက်ခနဲ ကြည့်လိုက်

ကြ၏။

"ဘာဖြစ်လို့လဲ။ တို့လုပ်ငန်းကို မင်းလည်း တစ်ဝက်ပိုင်တာပဲ။ ဒါကို မင်း ကျောခိုင်း သွားလို့ ဘယ်ဖြစ်ပါ့မလဲ"

ချာလီ၏စကားကို ကြားသောအခါ မက်ဇ်သည် သူ့မျက်နှာကို အကဲခတ်နေသည်။ လက်ကလည်း စီးကရက်တစ်လိပ်ကို လိပ်နေသည်။

"တို့ ဒီနေရာမှာနေလာတာ သုံးလတောင် ရှိသွားပြီ။ တို့တွေ ကလေးကစားသလို လုပ်နေကြတာ ရပ်ဖို့ ကောင်းပါပြီကွာ။ ဒီလုပ်ငန်းကလေးနဲ့တော့ တို့နှစ်ယောက်စလုံး လူဖြစ်တော့မှာ မဟုတ်ဘူး"

သူတို့အားလုံး စကားမပြောဘဲ တိတ်ဆိတ်နေကြသည်။ မက်ဇ် ပြောသည်မှာ မှန်ပါသည်။ ခြံတစ်ခြံကို ရဖို့အတွက် ငွေကြိုတင်ပေးထားသည့်တိုင်အောင် ယခုအချိန်တွင် သူတို့နှစ်ယောက်စလုံးအတွက် လုံလောက်သောခြံကို ရနိုင်တော့မည် မဟုတ်။

"ရှင့်ကို တစ်ယောက်ယောက် မှတ်မိသွားရင် ဘယ်လိုလုပ်မလဲ။ အလိုရှိကြောင်း ကြော်ငြာထားတဲ့ ရှင့်ပုံကြီးတွေက ဒီအနောက်တောင်ပိုင်းက ရဲစခန်းတိုင်းမှာ ရှိနေတာ"

ဟု မာသာက ဝင်ပြောသည်။ မက်ဇ်က သူ့မေးစေ့ကို ပွတ်နေရင်း ပြုံးသည်။

"ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးတွေ မရှိဘူးဆိုရင် ကျုပ်ကို မမှတ်မိနိုင်ပါဘူး"

"နာမည်ပြောင်းဖို့လည်း မင်း စဉ်းစားဦး"

ဟု ချာလီက ပြော၏။

"ဟုတ်တယ်။ ပြောင်းသင့်တယ်၊ ပြောင်းပြီဆိုမှတော့ အားလုံး ပြောင်းပစ်ရမယ်"

သူသည် မီးခိုးများကို မှုတ်ထုတ်ရင်း စဉ်းစားနေသည်။

သို့သော်လည်း သူ မှည့်ရမည့် နာမည်သစ်ကို သူ စဉ်းစား၍မရ။ အလွန် ပူပြင်းသည့် နီဗားဒါးပြည်နယ်၏ နေရောင်အောက်မှာ ရပ်နေခိုက်၊ အဘိုးကြီးမစ္စတာကော့ကို မော့ကြည့်နေခိုက်၊ မစ္စတာကော့၏ သားငယ်ကလေး ဂျိုနတ်စ်ကို လှမ်းကြည့်နေခိုက်အထိ နာမည်သစ်ကို သူ စဉ်းစား၍ မရသေး။ နီဗားဒါးပြည်နယ်၏ ပူပြင်းလှသော နေရောင်အောက်မှာ ရပ်နေသည့် သူ့ကို အဘိုးကြီးက နာမည်မေးလိုက်သောအခါကျမှာပင် နာမည်သစ်သည် သူ့ခေါင်းထဲသို့ အလွယ်တကူ ရောက်လာတော့သည်။ သူ့ဘဝ တစ်လျှောက်လုံးအတွက် သူ ပိုင်ဆိုင်သော သူ့နာမည် ဖြစ်လာသည်။

စမစ်၊ နီဗားဒါးစမစ်။

အလွန် ကောင်းသည့် နာမည် ဖြစ်သည်။ ဒီနာမည်သည် သူ့ဘဝဇာတ်ကြောင်းများကို ဘာတစ်ခုမှ ပြန်မဖော်။

ကြောက်လန့်သော မျက်လုံးများဖြင့် သူ့ကို ကြည့်နေသည့် ကလေးငယ်ကို သူ ငုံ့ကြည့်လိုက်သည်။ ကလေးငယ်သည် သူ့လက်ထဲမှ မည်းနက်နေသည့် သေနတ်ကိုလည်း ကြည့်နေသည်။ သူ့သေနတ်ကို သေနတ်အိတ်ထဲသို့ ပြန်ထည့်လိုက်သည်ကိုလည်း ကလေးငယ်က လိုက်ကြည့်နေသည်။ သူ ဖြည်းဖြည်း ပြုံးလိုက်၏။

"ကဲ. . . အငယ်၊ မင်း အဖေပြောတာ ကြားတယ် မဟုတ်လား လာ"

သူသည် သူ့မြင်းဆီသို့သွားပြီး အိမ်နောက်ဘက် အလုပ်သမားများအတွက် ပေးထားသောအိမ်သို့ လာခဲ့သည်။ ကလေးငယ်က သူ့အမိန့်ကို ကျိုးနွံစွာဖြင့် သူ့နောက်မှ ခုန်ပေါက်ကာ ပြေးလိုက်လာသည်။ ပြီးတော့ နောက်ဘက်မှ ကလေး၏အသံကို သူ ကြားရသည်။

"ကျွန်တော်တို့နဲ့ အတူတူနေမယ်ဆိုတာ တကယ် ပြောတာလား"

ဟု ကလေးက သူ့ကို မေးသည်။

"တကယ်ပေါ့ကွ"

သူ ထပ်ပြုံးလိုက်မိပြန်၏။

မြင်းပေါ်မှာ ပါလာသည့် သူ့ပစ္စည်းများကို သူ မြန်မြန်ချနေသည်။ သူ နောက်သို့ ပြန်လှည့်လိုက်သောအခါ သူ့ကို စောင့်ကြည့်နေဆဲဖြစ်သည့် ကလေးကို တွေ့ရပြန်သည်။

"ကျွန်တော်တို့နဲ့ တကယ် နေမှာလား"

"အင်း"

"တကယ် အမြတ်မ်းလား။ တခြားလူတွေ ထွက်ပြေးသလို မပြေးဘူးနော်၊ ကျွန်တော့် အမေ ထွက်ပြေးသလို မပြေးဘူးနော်"

ကလေးက ထပ်တွန့်တက်ပြန်သည်။

ကလေးငယ်၏ မျက်လုံးများသည် သူ့အသည်းနှလုံးထဲသို့ ထိုးဖောက်ဝင်ရောက်လာသည်။ ကလေးငယ်၏ဘေးမှာ သူ ဒူးထောက်ထိုင်ချလိုက်၏။

"မင်း နေစေချင်သလောက် မင်းနဲ့အတူတူ နေပါ့မယ်ကွယ်"

သူ့စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ကလေးက သူ့လည်ပင်းကို သိုင်းဖက်လိုက်သည်။ ပြီးတော့ သူ့မျက်နှာတွင်းသို့ ကလေး၏ပါးပြင်မှာ ရောက်လာသည်။ ကလေး၏ အသက်ရှူသံသည် အလွန် နူးညံ့ပြီး နွေးထွေးနေ၏။

"ကျွန်တော် ဝမ်းသာလိုက်တာ။ ကဲ. . . ကျွန်တော့်ကို မြင်းစီးသင်ပေးတော့"

ဟု ကလေးက ပြောသည်။

နီဗားဒါးသည် ကိုယ်ကို မတ်မတ်ရပ်လိုက်၏။ ကလေးငယ်က သူ့ခြေထောက်များကို ဟီးလေးခိုထားဆဲ ဖြစ်သည်။ သူသည် အပြင်သို့ ထွက်လာခဲ့ပြီး သူ့မြင်း၏ ကုန်းနှီးပေါ်သို့ ကလေးကို တင်ပေးလိုက်သည်။ ပြီးတော့ မြင်းကျောကုန်းပေါ်သို့တက်ပြီး ကလေး၏ဘေးမှာ ထိုင်ချလိုက်သောအချိန်တွင် သူ့ပေါင်ပေါ်မှာ တွဲလောင်းခိုနေသည့် သူ့သေနတ်သည် အလွန် တရာ လေးနေသည်ဟု သူ့စိတ်ထဲမှာ ခံစားလိုက်ရတော့သည်။

"ငါ အခု ပြန်လာခဲ့မယ်"

ပြောပြောဆိုဆို မြင်းပေါ်မှ ဆင်းလိုက်သည် အိမ်ဆီသို့ ပြန်လျှောက်လာပြီး ခါးပတ်များကိုဖြုတ်ကာ တစ်နေရာမှာ ချိတ်ထားလိုက်သည်။ ပြီးမှ အရောင်လက်နေသော နေရောင်အောက်သို့ သူ ပြန်ထွက်လာခဲ့သည်။

ထိုအချိန်မှစ၍ သူ့ခါးပေါ်တွင် သေနတ်ကို လုံးဝ ပြန်မချိတ်တော့။

## (၁၆)

ရီနာသည် ပလက်ဖောင်းပေါ်သို့ ဆင်းလိုက်၏။ ညနေစောင်း နေရောင်သည် ပလက်ဖောင်းပေါ်မှာ အရိပ်မျိုးစုံ ထိုးနေသည်။ ယူနီဖောင်းဝတ်ထားသည့် အရပ်ရှည်ရှည် ကားမောင်းသမားက ရှေ့သို့ တိုးလာပြီး အလေးပြုလိုက်သည်။

"မစ္စတာလိုးလား ခင်ဗျာ"

ရီနာက ခေါင်းညိတ်ပြ၏။

"မစ္စတာစမစ်က သူကိုယ်တိုင် လာမကြိုနိုင်တာကို ခွင့်လွှတ်ဖို့ တောင်းပန်ခိုင်းလိုက်ပါတယ် ခင်ဗျာ။ သူ စတူဒီယိုမှာ အစည်းအဝေး ရှိနေပါတယ်။ ညနေ အရက် အတူတူ သောက်ကြရအောင် အချိန်မီ ပြန်လာပါ့မယ်လို့ ကျွန်တော့်ကို ပြောခိုင်းလိုက်ပါတယ် ခင်ဗျာ"

ရီနာက ခေါင်းညိတ်ပြလိုက်ပြန်၏။ အရပ်မြင့်သောဒရိုင်ဘာ ခေါ်ရာသို့ သူ လိုက်လာခဲ့သည်။ ဘူတာရုံအပြင်သို့ ရောက်သောအခါ အလွန် တောက်ပြောင်ပြီး ခန့်ညားထည်ဝါလှသည့် ပီးယားစ်အဲရိုး အမျိုးအစား ဇိမ်ခံမော်တော်ကားကြီးကို တွေ့ရသည်။ ဒရိုင်ဘာက အလွန် သွက်လက်စွာ ကားတံခါးကို ဖွင့်ပေးထားနှင့်၏။ ကားပေါ်သို့ သူရောက်သောအခါ တံခါးကို ပြန်ပိတ်ပေးသည်။ တံခါးလက်ကိုင်ပေါ်မှ ရွှေရောင်လက်နေသည့် အမှတ်အသား စာလုံးကလေးများသည် ရီနာ့မျက်လုံးကို ဖမ်းယူလိုက်သည်။

ရီနာသည် စီးကရက်သောက်ရန် အိတ်များကိုစမ်းပြီး ရှာနေစဉ် ဒရိုင်ဘာ၏ အသံက အသံချဲ့စက်ကလေးမှတစ်ဆင့် ပေါ်လာကာ သူ ထိုင်နေသည့် နောက်ခန်းအတွင်းသို့ ရောက်လာသည်။

"ညာဘက်ဘေးက အံကလေးထဲမှာ ရှိပါတယ် ခင်ဗျာ"

ရီနာ မော့ကြည့်သောအခါ ဒရိုင်ဘာ၏အပြုံးကို နောက်ကြည့်မှန်ထဲမှတစ်ဆင့်

လှစ်ခနဲ မြင်တွေ့လိုက်ရသည်။ မော်တော်ကားသည် ငြိမ့်ညောင်းစွာ ထွက်လာသည်။ ရီနာက ဦးကရက်ကို မီးညှိဖွာရှိုက်ရင်း ကားတွင်းသို့ လှည့်လည် အကဲခတ်နေမိသည်။

ရွှေဖြင့်ပြုလုပ်ထားသော အမှတ်အသား စာလုံးကလေးများသည် နေရာတကာမှာ ရှိနေ၏။

နောက်ဘက်သို့ ခေါင်းမှီချလိုက်၏။ ဘာကြောင့် မိမိ အံ့ဩနေရပါလိမ့်ဟု စဉ်းစား မိသည်။ သတင်းစာများမှတစ်ဆင့် သူ့အကြောင်းကို ကောင်းကောင်းသိခဲ့ရပြီ မဟုတ်လား။ အီတာလီတောင်ကုန်းပေါ်တွင် ဧကလေးဆယ်ကျယ်သည့် ခြံဝင်းကြီးအတွင်း၌ အခန်းပေါင်း သုံးဆယ်ပါရှိသော အိမ်ကြီးတစ်ဆောင်ကို ဆောက်လုပ်ပိုင်ဆိုင်ထားသူ ဖြစ်သည်။ သို့သော် လည်း သတင်းစာများမှာ သူ့အကြောင်းကို ဖတ်ခဲ့ရစဉ်က မျက်စိနှင့်မမြင်၍ မခံစားတတ်ခဲ့။ မျက်စိမှိတ်ပြီး စဉ်းစားနေမိသည်။ ထိုအခါကျမှပင် အမှန်တကယ် ဖြစ်နေပါကလားဟု သူ သတိရတော့သည်။

သူ အရှေ့ဘက်သို့ ပြန်လာခဲ့ပြီးနောက် ငါးလအကြာတွင် ဖြစ်သည်။ ဈေးဝယ်ရန် နယူးယောက်မြို့သို့ သူ ရောက်သွားစဉ် သူ့အဖေ၏မိတ်ဆွေ ဘဏ်သူဌေးတစ်ယောက်နှင့် တွေ့သည်။ ထိုဘဏ်သူဌေးက သူ အစုရှယ်ယာပါသော ရုပ်ရှင်ကုမ္ပဏီတစ်ခုက ရိုက်ကူးသည့် ရုပ်ရှင်ကားတစ်ကား၏ အထူးပွဲကို လာရောက်ကြည့်ရှုပါရန် ဖိတ်ကြားခဲ့သည်။

"ရုပ်ရှင်ကားနာမည်က ဘာလဲ"

ဟု ရီနာက ပြန်မေးခဲ့၏။

"ငြိမ်းချမ်းသော ကျေးရွာမှ ရဲအရာရှိ နော်မန်ရုပ်ရှင်ကုမ္ပဏီက ရိုက်တာ။ ရိုက်ခဲ့သမျှ ကားတွေထဲမှာ အကောင်းဆုံးပဲလို့ မစ္စတာနော်မန်က ပြောတယ်။ အနောက်ပိုင်းသား ကောင်းဘွိုင်ဇာတ်လမ်း"

ဟု ဘဏ်သူဌေးက ပြောပြသည်။

"အနောက်ပိုင်းသားတွေအကြောင်းတော့ ငြီးငွေ့နေပြီ။ အဲဒီမှာ သွားနေခဲ့တုန်းက ဒါတွေပဲ ကြည့်နေရတယ်"

"မစ္စတာနော်မန်က ပြောတယ်။ သူ ဇာတ်လိုက်အသစ်တစ်ယောက် တင်ထားတယ် တဲ့။ နာမည်က နီဗားဒါးစမစ်၊ အကောင်းဆုံးမင်းသားပဲလို့ ပြောတာပဲ"

"ဘာ နာမည်က ဘယ်သူ"

"နီဗားဒါးစမစ်၊ သူ့နာမည်အရင်းပဲတဲ့။ ရုပ်ရှင်သမားတွေက နာမည်ရင်း သုံးခဲတယ်။ နာမည်လှလှကလေးတွေ ရွေးတတ်ကြတယ်"

"ကျွန်မ လိုက်ကြည့်မယ်"

ရီနာက ချက်ချင်း အဖြေပေးလိုက်သည်။

ရုပ်ရှင်ရုံအတွင်းသို့ ဝင်လာရင်း ထိုအကြောင်းများကို ရီနာ ပြန်သတိရနေမိသည်။ အပြင်က မီးရောင်အောက်မှာ လူအုပ်ကြီး တိုးနေသည်။ ယောက်ျားများ၊ မိန်းမများ၊ ကြိတ်ကြိတ် တိုးနေကြသည်။ ရုပ်ရှင်ရုံတွင်း၌မူ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသည့် ပရိသတ်များ။

ရုံတွင်းမှာ မီးများ မှိတ်သွားသောအခါ အားလုံး ငြိမ်သွားသည်။ ရုပ်ရှင်၏ နောက်ဆုံး အပိုင်းကို ရီနာ သတိရနေသည်။

အခန်းတစ်ခုထဲမှာ ရဲအရာရှိတစ်ဦး ထိုင်နေ၏။ ငြိမ်းချမ်းသောကျေးရွာမှ ရဲအရာရှိ ဖြစ်သည်။ သူသည် သူ့သေနတ်ကို ကောက်ကိုင်လိုက်သည်။ ဒီသေနတ်ကို ဘယ်သောအခါ တွင်မှ မကိုင်ပါတော့ဘူးဟု သူ သစ္စာဆိုထားခဲ့သောသေနတ် ဖြစ်သည်။

တဖြည်းဖြည်းနှင့် အနီးကပ်မြင်ကွင်းသို့ ကင်မရာရွေ့လာသည်။ သူ့မျက်နှာပေါ်မှာ ရှိနေသည့် မွေးညင်းကလေးများ၊ အပြောက်အစက်ကလေးများကို မြင်နိုင်လောက်သည်အထိ အနီးကပ် ရွေ့ယူလာသည်။ သေနတ်ကို သူ မျှော်ကြည့်နေ၏။

သူ့စိတ်ထဲမှာ ခံစားနေရသည်များကို ရီနာ မြင်နေရသည်။ သူ့ဆုံးဖြတ်ချက်ကြောင့် စိတ်ဒုက္ခရောက်နေရကြောင်းကို သူ နှုတ်ခမ်းကိုက်လိုက်ပုံက ပေါ်လွင်နေသည်။ လေးထောင့် ပယ်စပ်ကျသော မေးရိုးကြီးများ ထောင်လာသည်။ အင်ဒီးယန်းလူမျိုးတို့၏ မေးရိုးကြီးများ

ဖြစ်သည်။

ရဲအရာရှိသည် ထိုင်ရာမှ ဖြည်းဖြည်းထကာ ရဲစခန်းအပြင်သို့ ထွက်လာသည်။ တောက်ပသောနေရောင်သည် သူ့မျက်နှာပေါ်သို့ ကျလာသည်။ သူ့ခေါင်းပေါ်မှ ဦးထုပ်အမည်းကြီးကို ရှေ့သို့ဆွဲချကာ မျက်လုံးပေါ်သို့ နေရောင်မကျအောင် ကွယ်လိုက်သည်။ လူသူကင်းမဲ့နေသော လမ်းမအတိုင်း သူ လျှောက်လာ၏။ မြို့သူမြို့သားများက အိမ်များထဲမှနေ၍ သူ့ကို ချောင်းမြောင်းကြည့်နေကြသည်။ မည်သူ့ကိုမျှ သူ လှည့်မကြည့်။ ရှေ့သို့သာ တစ်စိုက်မတ်မတ်သွားနေသည်။ အရောင်ပြယ်လွင့်စပြုနေသည့် သူ့အင်္ကျီပေါ်တွင် အပူဒဏ်ကြောင့် ထွက်လာသောချွေးများကို မြင်နေရသည်။ သူ့ရင်ဘတ်ပေါ်မှ ရဲအရာရှိတံဆိပ်သည် နေရောင်တွင် တလက်လက် ဖြစ်နေသည်။

လူတစ်ယောက်သည် အလွန် အဖိုးတန်သည့် အဝတ်အစားများကို ဝတ်ဆင်ထားသည်။ ပြောင်လက်သော သူ့ဖိနပ်ပေါ်တွင်မူ ဖုန်များ ကပ်နေသည်။ သူ့သေနတ်၏ လက်ကိုင်သည် ဆင်စွယ် ဖြစ်သည်။ သူ့မျက်လုံးထဲမှာ မုန်းတီးရွံရှာမှုများ ပေါ်လွင်နေသည်။ သူ့လက်တစ်ဖက်သည် သူ့သေနတ်အိတ်ပေါ်မှာ မြွေလို လှုပ်ရှားနေသည်။

သူနှင့်ရဲအရာရှိသည် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြ၏။ ထိုသူ၏ မျက်နှာတွင် တိုက်ရခိုက်ရတော့မည်ကို အလွန် ပျော်ရွှင်သည့် အမူအရာများ ပေါ်လာသည်။ ရဲအရာရှိ၏ မျက်နှာပေါ်တွင်မူ ဝမ်းနည်းကြေကွဲမှုများ ပေါ်လွင်နေသည်။ တိုက်လိုခိုက်လိုစိတ်၊ ပစ်လိုခတ်လိုစိတ် မရှိ။

ထိုသူက အရင် စလှုပ်သည်။ သူ့လက်သည် သေနတ်ရှိရာသို့ ရောက်သွားသည်။ သို့သော် မျက်စိနှင့် ကြည့်၍ပင် မမီလိုက်အောင် လျင်မြန်သော အရှိန်ဖြင့် ရဲအရာရှိ၏ လက်ထဲသို့ သေနတ် ရောက်လာသည်။ ထိုသူသည် မြေပြင်ပေါ်သို့ နောက်ပြန် လဲကျသွားသည်။ သူ့လက်ထဲမှ သေနတ်လည်း လွတ်ကျသွားသည်။ သူ့မျက်လုံးများ ပြူးနေသည်။ မြေပြင်တွင် သူ့ကိုယ်သည် တွန့်လိမ်နေသည်။ သူ့ကိုယ်တွင်းသို့ နောက်ထပ် ကျည်ဆန်နှစ်တောင့် ထပ်ဝင်သွားသောအခါကျမှ ငြိမ်သွားသည်။

ရဲအရာရှိသည် ထိုနေရာတွင် ခဏတ္တ ရပ်နေသေး၏။ ပြီးတော့ သူ့သေနတ်ကို အိတ်တွင်းသို့ဖြည်းလေးစွာ ပြန်ထည့်သည်။ သေသူကို ကျော်ခိုင်းကာ လမ်းမအတိုင်း လျှောက်သွားသည်။

လူအများသည် လမ်းမပေါ်သို့ ပြုံဆင်းလာကြ၏။ ရဲအရာရှိကို သူတို့ ဝိုင်းကြည့်နေကြသည်။ သူတို့ မျက်လုံးများသည် တိုက်ပွဲကို အားရသည့်အနေဖြင့် ဝင်းလက်နေကြသည်။ ရဲအရာရှိသည် မည်သူ့ကိုမျှ ပြန်လှည့်မကြည့်။

လူအုပ်ထဲမှ မိန်းကလေးတစ်ယောက် ထွက်လာပြီး ခုံပေါ်သို့ တက်လိုက်သည်။ ရဲအရာရှိက မိန်းကလေး၏ ရှေ့မှာ ရပ်နေသည်။

မိန်းကလေး၏ မျက်လုံးများသည် မျက်ရည်များဖြင့် ပြည့်နှက်နေ၏။

ရဲအရာရှိ၏ မျက်လုံးများမှာမူ ပြူးကျယ်နေသည်။ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။ စက်ဆုပ်မုန်းတီးသည့် အမူအရာများ သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။ ဒီလို တိုက်ရခိုက်ရအောင် တောင်းဆိုခဲ့သည့် မိန်းကလေးကို မုန်းတီးရွံရှာလာသည်။ ကိုယ့်ဖို့သာ ကိုယ်သိကြသော မြို့သူမြို့သားများကို စိတ်ချဉ်ပေါက်လာသည်။

ရဲအရာရှိ၏ လက်တစ်ဖက်သည် မြောက်တက်သွားကာ သူ့ရင်ဘတ်ပေါ်မှ ရဲအရာရှိတံဆိပ်ကို ဆွဲဖြုတ်ယူလိုက်သည်။ ပြီးတော့ မိန်းကလေးရပ်နေသည့် ခြေထောက်အနီး ဖုန်များထဲသို့ ပစ်ချကာ ကျောခိုင်းထွက်သွားသည်။

မိန်းကလေးသည် သူ့ခြေထောက်အနီးမှ ရဲအရာရှိတံဆိပ်ကို ချောက်ချားစွာ ငုံ့ကြည့်သည်။ ပြီးတော့ ထွက်သွားသော ရဲအရာရှိကို လှမ်းကြည့်သည်။ သူ့နောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်သည်။ သို့သော် မလိုက်ဘဲ ရပ်မြဲရပ်နေသည်။

လမ်း၏ ဟိုဘက်အဆုံးတွင် ရဲအရာရှိသည် မြင်းပေါ်သို့တက်ပြီး တောင်ကုန်းများရှိရာဘက်သို့ ထွက်ခွာသွားတော့သည်။ သူ့ပခုံးများသည် နိမ့်တုံမြင့်တုံ ဖြစ်နေသည်။ သူ့ဦးခေါင်းသည် ငိုက်စိုက်ကျနေသည်။ အလွန် စူးရှတောက်ပြောင်သည့် နေရောင်အောက်မှ မြင်ကွင်းတွင်

တဖြည်းဖြည်း ကွယ်ပျောက်သွားတော့သည်။

ရုံတွင်းမှာ မီးများ ပြန်လင်းလာသည်အထိ တိတ်ဆိတ်နေသည်။ ရီနာသည် သူ့ဘေးမှ ဘဏ်သူဌေးဘက်သို့ လှည့်ကြည့်လိုက်၏။ ဘဏ်သူဌေးကလည်း သူ့ကို ပြန်ကြည့်ရင်း ပြောသည်။

"ငါ့ဘဝမှာ ရုပ်ရှင်ကြည့်ပြီး ဒီလို ခံစားရတာ ဒါ ပထမဦးဆုံး အကြိမ်ပဲ"

"ဟုတ်တယ်။ ကျွန်မလည်း ဒီလိုပဲ"

"ဟောဟိုမှာ ဘာနီနော်မန်၊ သူ့ကိုသွားပြီး ချီးကျူးစကားပြောရမယ်"

ဟု ပြောရင်း ရီနာ၏လက်မောင်းကို ဆွဲခေါ်ခဲ့သည်။

ရုပ်ရှင်ကို ချီးကျူးသူများ ပတ်လည်ဝိုင်းနေသောကြောင့် သူတို့နှစ်ယောက် အတော်တိုးဝှေ့ပြီး လာရသည်။ နော်မန်သည် လူဝကြီးတစ်ယောက်ဖြစ်၏။ သူ့မျက်လုံးများသည် တောက်ပြောင်နေသည်။

"နီတားဒါးစမစ် ဘယ်လိုနေသလဲ၊ ဒီလို ကောင်းပုံမျိုး မြင်ဖူးရဲ့လား၊ တွမ်မစ်လို မင်းသားမျိုးနဲ့ ကားတစ်ကားရိုက်ပါလို့ ပြောကြဦးမလား"

ဟု နော်မန်က ဆီးမေးသည်။

ဘဏ်သူဌေးသည် အလွန် သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်လိုက်၏။ ထို့ကြောင့် ရီနာက သူ့ကို မော့ကြည့်မိသည်။ သူသည် အလွန် ရယ်ခဲ့သူ ဖြစ်သည်။

"တွမ်မစ် ဟုတ်လား။ ကျုပ်တို့ မင်းသားကို ဘယ်ယှဉ်နိုင်တော့မှာလဲဗျာ"

"ဟောဒီကားဟာ အနည်းဆုံး အသားတင် ဒေါ်လာနှစ်သန်းမြတ်မယ်။ ပြီးတော့ နီတားဒါးစမစ်နဲ့ပဲ နောက်ထပ်ကားတစ်ကား ကျုပ် ရိုက်တော့မယ်"

ဟု နော်မန်က ဘဏ်သူဌေး၏ပခုံးကို ပုတ်ရင်း ပြောလိုက်လေသည်။

မော်တော်ကားကြီးသည် တောင်ကုန်း၏ အောက်ခြေရှိ လမ်းအတိုင်း မောင်းလာခဲ့သည်။

သံတံခါးများဖြင့် ပြုလုပ်ထားသော ဂိတ်ဝကြီးမှ ဝင်လာခဲ့သည်။ ဂိတ်ဝတွင်လည်း "န/စ"ဟူသည့် အထိမ်းအမှတ် စာတမ်းကလေးကို မြင်တွေ့ခဲ့ရသည်။ မော်တော်ကားသည် လမ်းကျဉ်းကလေးအတိုင်း တောင်ကုန်းထိပ်ပေါ်သို့ ရောက်အောင် မောင်းတက်လာခဲ့၏။ ပြတင်းပေါက်ကို ကျော်ကြည့်လိုက်သောအခါ အလွန် ကြီးမားသည့် အိမ်ကြီးတစ်ဆောင်ကို ရီနာ မြင်တွေ့ရသည်။ အမိုးများသည် အဖြူရောင်ဖြစ်ရာ ဝင်လုဆဲ နေရောင်အောက်မှာ လိမ္မော်ရောင် တောက်နေသည်။

ရီနာသည် ဒီမြင်ကွင်းများကို ကြည့်နေရင်း သူ့စိတ်ထဲမှာ ထူးထူးဆန်းဆန်း ခံစားချက်များ ပေါ်လာသည်။ ဤနေရာတွင် မိမိ ဘာလာလုပ်နေသနည်း။ ဤနီတားဒါးသည် သူ သိသော နီတားဒါး မဟုတ်တော့။ ချက်ချင်းပင် သူ့လက်ကိုင်အိတ်ကို ဖွင့်လိုက်သည်။ နီတားဒါး ပို့လိုက်သည့် ကြေးနန်းစာကို ရှာသည်။ ပြီးတော့ ဖတ်ကြည့်သည်။ ထိုအခါကျမှ သူ့စိတ်များ တည်ငြိမ်လာသည်။

လွန်ခဲ့သောလက ဆွစ်ဇာလန်နိုင်ငံမှနေ၍ နီတားဒါးထံသို့ သူ ကြေးနန်းတစ်စောင် ရိုက်ခဲ့သည့်အကြောင်းကို ပြန်အမှတ်ရနေသည်။ နီတားဒါးနှင့် ရီနာတို့ လမ်းခွဲခဲ့ကြပြီးနောက် သုံးနှစ်အကြာတွင် ပြန်လည်ရရှိသော အဆက်အသွယ် ဖြစ်သည်။

ထို သုံးနှစ်အတွင်း ရီနာသည် တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသွားလာနေခဲ့၏။ ပထမခြောက်လကို ဘော့စတွန်တွင် အချိန်ဖြုန်းခဲ့သည်။ နောက် လန်ဒန်၊ ပဲရစ်၊ ရောမ၊ မက်ဒရစ်၊ ကွန်စတန်တီနိုပယ်၊ ဘာလင်။ သူ ရောက်ခဲ့ရာအရပ်တွင် ဧည့်ခံပွဲတွေ၊ အလိုရမ္မက်ကြီးသူတွေ၊ အသွေးယူ၊ အသားယူလိုသူတွေ၊ သူ သွားလေရာ အရပ်တိုင်းတွင် ထိုကဲ့သို့သော လူမျိုးတွေကိုသာ တွေ့နေရ၏။ ထို့ကြောင့်လည်း သူသည် အထီးကျန်ဘဝသို့ ရောက်လာသည်။ အထီးကျန်ဘဝကို သူ ကြောက်ရွံ့ထိတ်လန့်လာပြန်သည်။

တစ်မနက်တွင် ဇူးရစ်မြို့၌ တောက်ပသော နေရောင်ကြောင့် သူ အိပ်ရာမှ နိုးလာသည်။ သူ့ကိုယ်ပေါ်တွင် အဝတ်အစား မရှိ။ သူ့ကိုယ်ပေါ်မှာ အိပ်ရာခင်း အဖြူတစ်ထည်ကို ခြုံအုပ်ထားသည်။ ပါးစပ်ထဲမှာ ခြောက်ကပ်နေသည်။ သူ အလွန် ရေငတ်နေသည်။ သူသည် အနီးရှိ ခုံပေါ်သို့ လှမ်းစမ်းလိုက်သည်။ ဘာတစ်ခုမှ မရှိ။ ထိုအခါကျမှပင် မိမိအခန်း မဟုတ်

ကြောင်း သတိထားမိတော့သည်။

အခန်းထဲမှာ သူ မတ်တတ်ရပ်လိုက်သည်။ အခန်းသည် ဥရောပပုံစံဖြစ်ပြီး အလွန် အဖိုးတန်သော ပစ္စည်းများဖြင့် ပြင်ဆင်မွမ်းမံထားသည်။ ရီနာသည် ပတ်လည်သို့လှည့်ပြီး သူ့အဝတ်အစားများကို ရှာကြည့်၏။ မတွေ့။ တစ်စကလေးမှ မတွေ့။ ဘယ်အရပ်သို့ သူ ရောက်နေသည်ကိုလည်း စဉ်းစားမရအောင် ဖြစ်သွားသည်။

စားပွဲပေါ်တွင် စီးကရက်နှင့် မီးခြစ်ကို တွေ့ရသောကြောင့် တစ်လိပ်ယူပြီး မီးညှိဖွာလိုက်သည်။ စူးစူးဝါးဝါး အရသာများကို ခံစားလိုက်ရသည်။ ထိုအချိန်တွင် တံခါးပွင့်လာ၏။

ချောမောလှပသော မိန်းမတစ်ယောက် အခန်းတွင်းသို့ ဝင်လာသည်။ ရီနာ အိပ်ရာမှနိုးပြီး ထထိုင်နေသည်ကို မြင်ရသောအခါ သူ အံ့ဩသွားပုံရသည်။ ပြီးတော့ သူ့နှုတ်ခမ်းပေါ်မှာ အပြုံးများ ပေါ်လာသည်။ ရီနာ ရှိနေရာ ခုတင်ဆီသို့ လျှောက်လာသည်။

"ဪ အိပ်ရာကတောင် နိုးနေပြီကိုး"

ဟု ပြောရင်း ရီနာ၏နှုတ်ခမ်းကို နမ်းသည်။ ရီနာ၏ မျက်လုံးများ ပြူးကျယ်သွား၏။

"ရှင် ဘယ်သူလဲ"

"အို အချစ်ရယ်၊ မင်း ကိုယ့်ကို မမှတ်မိတော့ဘူးလား"

ရီနာက ခေါင်းကို ယမ်းပြသည်။

"ကောင်းပြီ၊ ဒါဆိုရင်တော့ မင်း မှတ်မိမှာပဲ"

ဟု ပြောပြောဆိုဆို ရီနာကို ပွေ့ဖက် နမ်းရှုံ့ပြန်သည်။ ရီနာက ထိုအမျိုးသမီးကို တွန်းပစ်လိုက်၏။

ထိုအခိုက် အခန်းတံခါး ပွင့်လာပြန်သည်။ ယောက်ျားတစ်ယောက် ရှန်ပိန်ပုလင်းကို ကိုင်ရင်း ဝင်လာသည်။ သူက ရီနာတို့ကို ကြည့်ပြီး ပြုံးပြသည်။

"ဟော တို့တွေအားလုံး ပြန်နိုးလာကြပြန်ပြီ။ တို့ပွဲကြီးက ပျင်းစရာကောင်းနေတာ"

သူသည် ရီနာတို့ဆီသို့ ဖြတ်လျှောက်လာရင်း ရှန်ပိန်ပုလင်းကို ရီနာဆီသို့ ကမ်းပေးလိုက်သည်။

"ရော့ သောက်လိုက်ပါဦး။ အခုလိုအချိန်မျိုး အိပ်ရာက နိုးလာရင် ရေ အင်မတန် ငတ်တတ်တယ်"

ရီနာသည် သူ့နားထင်စများကို လက်ဖြင့် စမ်းကြည့်၏။ အကြောများ ထောင်နေသည်ကို စမ်းမိသည်။ ဤအဖြစ်အပျက်သည် အိပ်မက်မက်နေခြင်းသာ ဖြစ်ရမည်။ အမှန်တကယ်ဖြစ်နေခြင်း မဟုတ်နိုင်။ မဖြစ်နိုင်။

"ခေါင်းကိုက်နေသလား၊ အက်စ်ပရင် ယူပေးမယ်လေ"

ယောက်ျားက ရီနာ၏ခေါင်းကို ပွတ်သပ်ပြီး အပြင်သို့ ပြန်ထွက်သွားပြန်သည်။ ရီနာက ဘေးမှ အမျိုးသမီးကို ပြန်ကြည့်လိုက်ပြန်သည်။

"ကျေးဇူးပြုပြီးတော့ရှင် ပြောပါဦး။ ကျွန်မတို့ ဘယ်ကိုရောက်နေကြတာလဲ၊ ကျွန်မ ဘာကိုမှ မမှတ်မိတော့ဘူး"

"ဇူးရစ်မြို့မှာလေ၊ ဖီးလစ်ရဲ့ အိမ်မှာ"

"ဇူးရစ်၊ ဖီးလစ် အခုန ထွက်သွားတာ ဖီးလစ်လား"

"မဟုတ်ဘူး။ သူက ကားလ်၊ ကိုယ့်ယောက်ျား၊ မင်း မမှတ်မိဘူးလား"

"ကျွန်မ ဘာမှ မမှတ်မိဘူး"

ရီနာက ခေါင်းယမ်းရင်း ဖြေသည်။

"အရင် သုံးပတ်က ပဲရစ်မြို့ မြင်းပွဲမှာ တို့ တွေ့ခဲ့ကြတာလေ။ အဲဒီတုန်းက ဖီးလစ်ရဲ့ ဟိုဘက်ဘေးမှာ မင်း တစ်ယောက်တည်းရယ်လေ၊ မင်း သူငယ်ချင်းက မလာဖြစ်ဘူး၊ မှတ်မိသလား"

ရီနာသည် မျက်စိမှိတ်ပြီး စဉ်းစားကြည့်သည်။ တဖြည်းဖြည်း မှတ်မိစပြုလာသည်။ ထိုမြင်းပွဲတွင် အလွန် လှသည့် မြင်းအနီကို ရီနာက ပလေးလောင်းသည်။ လက်မှတ်ရုံ၏ ဘေးမှာ ရပ်နေသည့် ယောကျ်ားတစ်ယောက်က ရီနာ လောင်းသည်ကို မြင်သောအခါ. . .

"ခင်ဗျား ရွေးတာ မှန်လိုက်တာဗျာ။ အလွန် ပညာဉာဏ် ရှိတာပဲ၊ အဲဒီမြင်းက ကျွန်တော့်မြင်းဗျ။ ကျွန်တော်က မြို့စားပါ"

ရီနာသည် ရေးတေးတေး သတိပြန်ရလာ၏။

"လက်မှတ်ရုံဘေးက မြို့စားဆိုတာလား"

ဟု အမျိုးသမီးကို ရီနာက မေးကြည့်သည်။ အမျိုးသမီးက ပြုံးပြသည်။

"မင်း သတိရလာပြီ၊ ပဲရစ်မှာ တို့ပွဲကလေးတစ်ပွဲ လုပ်ကြ[illegible]လေ။ ဒါပေမယ့် ပုလ့်န်းလို့ ဖိလစ်ရဲ့အိမ်ကို တို့ပြောင်းလာကြတ[illegible] အ[illegible]စ်ပတ်တောင် ပြည့်သွားပြီ"

"နှစ်ပတ်"

ရီနာသည် သူ့ကိုယ်သူ မယုံနိုင်အောင် ဖြစ်နေသည်။ အမျိုးသမီးက ခေါင်းညိတ်ပြသည်။

"တို့ ပွဲကလေးက သိပ်ပျော်စရာကောင်းတယ်ကွယ်။ မင်းဟာ သိပ်လှတဲ့ မိန်းကလေး"

ရီနာသည် ထိုအမျိုးသမီးကို စကားမပြန်နိုင်တော့ဘဲ ငေးကြည့်နေမိသည်။ ထိုအခိုက် ကားလ်ဆိုသူ ပြန်ဝင်လာသည်။ သူ့လက်တစ်ဖက်တွင် အက်စ်ပရင်ပုလင်း၊ ကျန်လက်တစ်ဖက်တွင် ရှန်ပိန်ပုလင်းကို ကိုင်လာသည်။ သူ့နောက်မှလည်း မြို့စားဆိုသော လူတစ်ယောက် ပါလာသည်။

"ဓာတ်ပုံတွေ ကြည့်ပါဦး။ ကြိုက်ရဲ့လား ရီနာ"

ဟု ပြောပြောဆိုဆို မြို့စားဆိုသူက သူ့ဘေးသို့ ဓာတ်ပုံများ ပစ်ချလိုက်သည်။

ရီနာသည် သူ့ဘေးအိပ်ရာပေါ်သို့ ကျလာသည့် ဓာတ်ပုံများကို ငုံ့ကြည့်လိုက်သည်။ ဓာတ်ပုံများကို မြင်သည်နှင့် တစ်ပြိုင်တည်း ရင်ထဲမှာ အလုံးကြီး ဆို့သွားသည်။

ကိုယ်တုံးလုံးပုံများ၊ မဖြစ်နိုင်။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ မိမိ၏ပုံများ မဖြစ်နိုင်ဟု သူ့စိတ်ကို သူ တင်းလိုက်သည်။ သို့သော် အဖြစ်မှန်တရားသည် သူ့ရှေ့မှောက်မှာ ရောက်နေပြီ။ ယခု မိမိဘေးမှ ရပ်နေသော အမျိုးသမီးရယ်၊ အမျိုးသားနှစ်ယောက်ရယ်၊ ပြီးတော့ မိမိရယ် ဖြစ်ချင်တိုင်းဖြစ်နေကြသည့် အပြာပုံများ။

ရီနာသည် ကိုးကွယ်ရာမဲ့သူလို သူတို့ကို မော့ကြည့်နေမိသည်။ သူတို့ အားလုံးက သူ့ကို ပြုံးကြည့်နေကြသည်။

"ကျွန်မ အဝတ်ဝတ်ပါရစေရှင်။ မ[illegible]ပြုပြီးတော့"

ရီနာ့အသံသည် တစ်ဆို့နေ၏။ ဟုန်လှုပ်ချောက်ချားနေ၏။ ကြောက်ရွံ့စိုးရိမ်နေ၏။ ယူကျုံးမရ ဖြစ်နေ၏။

"ဝတ်ရပါတယ်ကွယ်။ မင်း အဝတ်တွေ ဟောဟို ဗီရိုထဲမှာ"

ဟု အမျိုးသမီးက ပြောသည်။

ရီနာသည် အိပ်ရာပေါ်မှထသွားပြီး မျက်နှာသစ်သည်၊ ရေချိုးသင့်၊ မချိုးသင့် စဉ်းစားနေသေးသည်။ ပြီးတော့မှ မချိုးရန်ဆုံးဖြတ်ပြီး မျက်နှာသာသစ်သည်။ ဤနေရာမှာ ကြာကြာမနေသင့်။ ဤနေရာမှ အမြန်ဆုံး ထွက်ခွာသွားဖို့ အရေးကြီးသည်။ သူ အဝတ်လဲနေတုန်းမှာပင် သူတို့အားလုံး အခြား အခန်းတစ်ခုသို့ ကူးသွားကြ၏။

အဝတ်အစားဝတ်ပြီးသည်နှင့် တစ်ပြိုင်တည်း အခန်းအပြင်သို့ ထွက်ခဲ့သည်။ သူတို့အားလုံးက သူ့ကို ကြည့်နေကြသည်။ ရီနာသည် သူတို့ကို ဘာမှ မပြော၊ ကြည့်လည်းမကြည့်ဘဲ အပြင်သို့ ထွက်ရန် ခြေလှမ်းပြင်လိုက်၏။

"မစွစ်ကော့၊ ခင်ဗျား ပိုက်ဆံအိတ် မေ့ကျန်နေပြီ"

ဟု ကားလ်ဆိုသူက လှမ်းပြောသည်။ ရီနာသည် တိတ်ဆိတ်စွာပင် သူ ကမ်းပေးနေသော ပိုက်ဆံအိတ်ကို လှမ်းယူသည်။ သူ့မျက်နှာကိုမူ မကြည့်။ လုံးဝ မကြည့်။

"ခင်ဗျား အိတ်ထဲမှာ ဓာတ်ပုံတစ်စုံ ကျွန်တော် ထည့်ပေးလိုက်တယ်။ အမှတ်တရပေါ့"

ဟု သူက ဆက်ပြောသည်။

ရီနာက အိတ်ကို ဖွင့်လိုက်၏။ အထဲမှ ဓာတ်ပုံများကို ဆွဲထုတ်ပြီး သူ့ကို ပြန်ပေးသည်။

"မလိုချင်ဘူး"

ဟုလည်း တုံးတိတိ ပြောလိုက်သည်။ ထိုသူက ဓာတ်ပုံများကို လက်ထဲမှာ ဝှေ့ယမ်း

ရင်း. . .

"ယူသွားပါ၊ ကျွန်တော်တို့မှာ နဂ္ဂတစ် ရှိနေတာပဲ။ ကျွန်တော်တို့ လိုချင်ရင် အချိန်မရွေး ကြိုက်သလောက် ယူလို့ရပါတယ်"

ဟု ပြောသည်။ ရီနာသည် သူ့မျက်နှာကို တဖြည်းဖြည်း မော့ကြည့်လိုက်၏။ သူ့မျက်နှာက ပြုံးနေသည်။

"ကော်ဖီသောက်ရင်း ကျွန်တော်တို့ အလုပ်စကားပြောကြရအောင်လား"

ဟုလည်း အလွန် ယဉ်ကျေးသိမ်မွေ့သော လေသံမျိုးဖြင့် ပြောသည်။

ဒီလိုဖြင့်ပင် ထိုနဂ္ဂတစ်များအတွက် ဒေါ်လာတစ်သောင်း ပေးလိုက်ရတော့ သည်။ ရီနာသည် ထိုအခန်းထဲမှ ထွက်ခွာမလာမီ ဓာတ်ပုံနှင့် နဂ္ဂတစ်များ အားလုံးကို မီးရှို့ခဲ့သည်။ သူတို့ဆီမှ ထွက်လာပြီးသည်နှင့် နီတားဒါးထံသို့ ကြေးနန်းတစ်စောင် ရိုက်လိုက်၏။

*ကျွန်မ ဘယ်တုန်းကနဲ့မှ မတူအောင် အထီးကျန်ဘဝ ရောက်နေပြီ။ သိပ်ကိုလည်း တုန်လှုပ်ချောက်ချားနေပါတယ်။ ရှင် ကျွန်မရဲ့ သူငယ်ချင်းအဖြစ်နဲ့ပဲ ရှိနေတုန်းပဲလား။*

နောက်နေ့တွင် နီတားဒါးထံမှ ကြေးနန်း ပြန်ရောက်လာသည်။ ဒေါ်လာငါးထောင် နှင့် ငွေရစ်ပြီးမှ ကယ်လီဖိုးနီးယားသို့ လိုက်လာနိုင်ရန် လေယာဉ်လက်မှတ်များပါ ပါလာသည်။

မော်တော်ကားက တောင်ကုန်းထိပ်သို့ မောင်းတက်နေဆဲမှာပင် ရီနာသည် သူ့လက်ထဲမှ ကြေးနန်းကို တစ်ကြိမ် ပြန်ဖတ်ကြည့်လိုက်၏။ ကြေးနန်းစာရွက်ပေါ်မှ စာလုံးများသည် သူသိသော နီတားဒါး၏ အမူအကျင့်အတိုင်း စရိုက်အတိုင်းသာ ဖြစ်သည်။ သို့သော်လည်း ယခု သူ ကြုံတွေ့နေရသည့် နီတားဒါး၏ဘဝနှင့်ကား လားလားမှ မအပ်စပ်။

*ငါဟာ မင်းရဲ့သူငယ်ချင်း ဖြစ်နေတုန်းပါပဲ။*

ကြေးနန်းသည် တိုတောင်း၏။ အောက်က. . .

"နီတားဒါး"

ဟု လက်မှတ်ထိုးထားသည်။

(၁၇)

နီတားဒါးသည် ကုလားထိုင်နောက်မှီပေါ်သို့ မှီချလိုက်ရင်း ပတ်လည်သို့ လှည့်ကြည့် လိုက်သည်။ သဘောထားချင်း မတိုက်ဆိုင်မှုများကြောင့် အခန်းတွင်းမှာ တိတ်ဆိတ်ငြိမ်သက် နေသည်။ ဒင်ပီးယားစ်က အလွန် ချိုပြုံးသည့်မျက်နှာ၊ အလွန် ယဉ်ကျေးသိမ်မွေ့သည့် အမူအရာ ဖြင့် တိတ်ဆိတ်မှုကို ဖျက်ဆီးလိုက်သည်။

"ယခုအချိန်ဟာ ငွေရေးကြေးရေး ပြောနေရမယ့်အချိန် မဟုတ်ဘူးလို့ ကျွန်တော် ထင်တယ် ဘာနီ။ ဒါကို မဖြစ်မနေ လုပ်ချင်တဲ့ဆန္ဒ ကျွန်တော့်တို့မှာ ရှိတယ်။ လုပ်ဖို့ အချိန်လည်း တန်နေပြီ။ ကျွန်တော်တို့ တစ်နှစ်လုံးလုံး ပယ်ထားခဲ့တဲ့ အနောက်ပိုင်းသားတွေအကြောင်း ရေးထားတဲ့ ဇာတ်ညွှန်းကို ဖြစ်အောင်ရိုက်ချင်တယ်"

ဘားနဒ်နော်မန်က စားပွဲပေါ်သို့ ငုံ့ကြည့်သည်။ အပြာရောင် ဖုံးထားသော ဇာတ်ညွှန်း စာအုပ်ကို သူ့လက်တစ်ဖက်ဖြင့် လှုပ်ကစားနေသည်။ အလေးအနက် ဆုံးဖြတ်ချက် ချလိုက်ပြီ ဖြစ်ကြောင်း အမူအရာများ သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။

"ဒီဇာတ်ညွှန်းကြောင့် ကျွန်တော် ပြောနေတာ မဟုတ်ဘူး ဒင်။ ကျွန်တော့်ကို ယုံပါ။ အင်မတန်ကောင်းတဲ့ ဇာတ်ညွှန်းဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဟုတ်တယ် မဟုတ်လား အယ်လ်စတာ"

ဗွန်အယ်လ်စတာဘက်သို့ လှည့်ပြီး ထောက်ခံချက် တောင်းလိုက်သည်။

"ဟုတ်တာပေါ့။ ကျွန်တော် ဖတ်ဖူးခဲ့သမျှ ဇာတ်ညွှန်းတွေထဲမှာတော့ အကောင်းဆုံးပဲ"

ဟု ဒါရိုက်တာ ဗွန်အယ်လ်စတာက ထောက်ခံသည်။

"ဒီလိုဆိုရင် ဘာဖြစ်လို့ ကျွန်တော်တို့ မရိုက်ကြတာလဲ"

ကိုယ်စားလှယ်ဒင်ပီးယားစ်ကမေး၏။ နော်မန်က ခေါင်းကို ယမ်းလိုက်သည်။

"အချိန်ကောင်း မဟုတ်တော့ဘူး။ ကျုပ်တို့ ကုမ္ပဏီမှာလည်း ကမောက်ကမတွေ ဖြစ်ကုန်ပြီ။ ဝါနာဘရားသားက ရိုက်နေတဲ့ အသံထွက်ရုပ်ရှင်က မကြာခင် ရုံတင်တော့မယ်။ နယူးယောက်မြို့မှ အလင်းရောင်များ ဆိုတဲ့ ဇာတ်ကား။ အဲဒီကားသာ ရုံတင်ပြလိုက်ရင် အသံ ဘိတ်ကားတွေရဲ့ ဇာတ်သိမ်းခန်းပဲလို့ တချို့က ထင်နေကြပြီ"

ဒင်ပီးယာ့စ်က ရယ်၏။

"ရုပ်ရှင်ဟာ ရုပ်ရှင်ပါပဲဗျာ။ မင်းသား၊ မင်းသမီးရဲ့ အသံကိုမှ နားထောင်ချင်သပ ဆိုရင် ပြဇာတ် သွားကြည့်ကြပေါ့"

နော်မန်က နီဗားဒါးဘက်သို့ လှည့်ပြီးပြောသည်။ သူ့အသံသည် သားဖြစ်သူကို အဖေကပြောသည့် လေသံမျိုး ဖြစ်သည်။

"ဒီမှာ နီဗားဒါး။ မင်းကို ချောက်ကျအောင်များ တို့လုပ်ဖူးသလား။ တို့ဆီကို မင်း ရောက်လာတဲ့ ပထမဦးဆုံးနေ့ကစပြီး မင်း အကျိုးရှိဖို့ပဲ လုပ်ခဲ့တယ်။ လမ်းမှန်ကိုပဲ ညွှန်ပြခဲ့ တယ်။ ငွေလိုချင်လို့ ပြောနေတာဆိုရင် ဘာပြဿနာမှ မရှိဘူး။ ပြော ဘယ်လောက် လိုချင်သလဲ"

သူ့ကို နီဗားဒါးက ပြန်ပြုံးပြသည်။

"ငွေကြေးကိစ္စ မဟုတ်ပါဘူး ဘာနီ။ ဒါကို ခင်ဗျား သိပါတယ်။ တနင်္ဂနွေတစ်ပတ်ကို ဒေါ်လာတစ်သောင်းဆိုတာ ဘယ်လိုလူအတွက်မဆို လုံလောက်နေပါပြီ။ အမြတ်တော်ကြေး ခုနစ်ရာခိုင်နှုန်းအထိ တက်သွားဦး၊ လုံလောက်နေပါပြီ"

"ကျွန်တော်တို့က ဒီဇာတ်လမ်းကို ပြောနေတာ။ ကျွန်တော် ဖတ်ခဲ့ဖူးသမျှ တွေထဲမှာ တော့ ပထမဆုံးနဲ့ အကောင်းဆုံး ဇာတ်လမ်းပဲ"

နော်မန်က ဆေးပြင်းလိပ်တစ်လိပ်ကို လှမ်းယူလိုက်သည်။ နီဗားဒါးက ကုလားထိုင် နောက်မှီပေါ်သို့ ကိုယ်ကို မှီချလိုက်ပြန်သည်။ ဒီဇာတ်ညွှန်းအကြောင်းကို သူ ပထမဦးဆုံး စတင်ကြားရသည့် အကြောင်းများကို ပြန်သတိရနေသည်။ လွန်ခဲ့သည့်နှစ်က ဖြစ်သည်။ နေဝင် ချိန်သေနတ်သံ ရုပ်ရှင်ကားကို သူ ရိုက်ကူးနေခိုက်က ဖြစ်သည်။

ထိုစဉ်က ဇာတ်ညွှန်းရေးဆရာ တစ်ယောက် သူ့ထံသို့ ရောက်လာသည်။ မျက်မှန်နှင့် အသားအရေ ဖြူဖတ်ဖြူရော် လူငယ်တစ်ယောက် ဖြစ်သည်။

"မစ္စတာစမစ်၊ ကျွန်တော် စကား နည်းနည်းလောက်ပြောလို့ ရမလား"

"ရတာပေါ့"

နီဗားဒါးသည် မိတ်ကပ်ခြယ်ပေးနေသူထံမှ သူ့မျက်နှာကို ဇာတ်ညွှန်းရေးဆရာ ဘက်သို့ လှည့်လိုက်သည်။

"ကျွန်တော် မတ်ဝေ့စ်ပါ"

"ဟုတ်ပြီ မတ်။ ကိုယ် ဘာလုပ်ပေးရမလဲ"

"ကျွန်တော့်မှာ ဇာတ်ညွှန်းတစ်ခု ပါပါတယ်။ ခင်ဗျား ဖတ်ကြည့်စေချင်ပါတယ်။ ဒီဇာတ်လမ်းရဖို့အတွက် ကျွန်တော် (၂) နှစ်လောက် သုတေသန ပြုခဲ့ရပါတယ်။ အနောက် တောင်ဘက်ဒေသမှာ နောက်ဆုံး ပေါ်ပေါက်ခဲ့တဲ့ သေနတ်သမားတစ်ယောက်ရဲ့ အကြောင်းပါ ပဲ။ ဒီဇာတ်လမ်းဟာ တခြား သေနတ်သမား ဇာတ်လမ်းတွေနဲ့ လုံးဝ မတူဘဲ ခြားနားတယ်လို့ ကျွန်တော် ထင်ပါတယ်"

"ကိုယ်ဖတ်ကြည့်ပါ့မယ်။ ဝမ်းသာပါတယ်။ နာမည်က ဘာလဲ"

ရုပ်ရှင်မင်းသား၊ မင်းသမီးတို့ ပြောလေ့ပြောထရှိသည့် စကားမျိုးဖြင့်ပင် ပြန်ပြော သည်။ လူတိုင်းသည် သူတို့၏ ဇာတ်လမ်းများကို ဖတ်ကြည့်စေချင်ကြ၏။ ပြီးတော့ သူတို့၏ ဇာတ်လမ်းအားလုံးသည်လည်း အကောင်းဆုံးချည်းဖြစ်ကြောင်း ပြောတတ်ကြ၏။

"တစ်ကောင်ကြွက်လို့ ပေးထားပါတယ်"

ဟု ပြောရင်း ဇာတ်ညွှန်းစာအုပ်ကို သူ့လက်သို့ ကမ်းပေးသည်။

ဇာတ်ညွှန်းစာအုပ်သည် သူ့လက်ထဲမှာ အလွန် လေးနေ၏။ နောက်ဆုံး စာမျက်နှာသို့ လှန်ကြည့်လိုက်ရင်း ဇာတ်ညွှန်းရေးဆရာကို မယုံသလို မော့ကြည့်သည်။ သာမန် ဇာတ်ညွှန်း များထက် သုံးဆခန့် ပိုရှည်နေသည်ကို တွေ့ရ၏။

"အတော် ရှည်တာပဲ"

"ဟုတ်ပါတယ်၊ အတော်ရှည်ပါတယ်၊ ဒါပေမယ့် ဘယ်နေရာမှာ ဖြတ်ရမယ် ဆိုတာကို ကျွန်တော်တော့ မမြင်ဘူး။ အကြောင်းအရာတိုင်းဟာ အဖြစ်မှန်တွေချည်းပါပဲ။ လွန်ခဲ့တဲ့ (၂) နှစ်လုံးလုံး ကျွန်တော် အနောက်တောင်ပိုင်းကို သွားပြီး လေ့လာခဲ့ပါတယ်။ အရပ်ပေါင်းစုံကို ရောက်ခဲ့ပါတယ်။ သတင်းစာအဟောင်းတွေကို ပြန်လှန်ပြီး စုဆောင်းခဲ့ပါတယ်"

နီဟားဒါးက မိတ်ကပ်လိမ်းသူဘက်သို့ ပြန်လှည့်လိုက်သည်။ ဇာတ်ညွှန်းကိုမူ သူ့လက်ထဲမှာပင် ကိုင်ထားသည်။

"နောက်တော့ အဲဒီ ဇာတ်လိုက်က ဘာဖြစ်သွားသလဲ"

"ဘယ်သူမှ မသိကြဘူး။ တစ်နေ့ကျတော့ သူ ပျောက်သွားပြီး သူ့သတင်းကို ဘယ်သူမှ မကြားကြတော့ဘူး။ သူဟာ တောင်ပေါ်ဒေသတစ်နေရာမှာ သေသွားတာဖြစ်မယ်လို့ အများက ထင်ကြပါတယ်"

"ဇာတ်လမ်းသစ်တွေဟာ ကောင်းစမြဲပါပဲ။ အပ်ကြောင်းထပ်နေတဲ့ ဇာတ်လမ်းတွေ၊ ဇာတ်လိုက်တွေကို လူတွေကလည်း ငြီးငွေ့နေကြပြီ။ ဒါထက် သူ့နာမည်က ဘယ်သူတဲ့လဲ"

"ဆင်း၊ မက်ဇ်ဆင်း"

ဇာတ်ညွှန်းရေးဆရာ၏ အသံသည် လေထဲမှာ ပျံ့ဝဲလာသည်။

နီဟားဒါးလက်ထဲမှ ဇာတ်ညွှန်းစာအုပ်သည် ကြမ်းပြင်ပေါ်သို့ ရုတ်တရက် လွတ်ကျသွားသည်။ သူ့မျက်နှာမှာ သွေးရောင်လွှမ်းသွားသည်။

"မင်းပြောတာ ဘာ"

ဟု ခြောက်ကပ်စွာ ပြန်မေးလိုက်၏။

"မက်ဇ်ဆင်း၊ မကြိုက်ရင် ကျွန်တော်တို့ နာမည်ပြောင်းနိုင်ပါတယ်။ ဒါပေမယ့် ဒါဟာ သူ့နာမည် အရင်းပါပဲ"

နီဟားဒါးက ခေါင်းကို ယမ်းလိုက်သည်။ အောက်သို့ ငုံ့ကြည့်သောအခါ ဇာတ်ညွှန်းစာအုပ်သည် ကြမ်းပြင်ပေါ်မှာ ရှိနေသည်။ မတ်ဝေ့စ်က ကောက်ယူပြီး သူ့ကို ကမ်းပေးလိုက်သည်။ သူသည် အသက်ကို ဝအောင်ရှူလိုက်၏။ သူ့စိတ်ကို သူ ပြန်ထိန်းနိုင်သောအခါတွင် စာအုပ်ကို လှမ်းယူရင်း ပြုံးပြလိုက်သည်။

"ကျေးဇူးတင်ပါတယ် မစ္စတာဇမစ်၊ ကျွန်တော် ဒီဇာတ်လမ်းကို အင်မတန် ကြိုက်နေပါတယ်။ သိပ် ကျေးဇူးတင်ပါတယ်"

ရက်သတ္တတစ်ပတ်ကြာသည့်တိုင်အောင် နီဟားဒါးသည် ထိုဇာတ်ညွှန်းကို မဖတ်နိုင်။ သူ မဖတ်ရဲ။ သူ့စိတ်ကိုသူ မနိုင်ဖြစ်နေသည်။ တစ်ညဦး ညစာစားအပြီးတွင် စာကြည့်ခန်းသို့ သူ လာခဲ့သည်။ ဗွန်အယ်လ်စတာသည် စာကြည့်ခန်းထဲမှ သူ့ကို စောင့်နေ၏။ သူ ရောက်သွားသောအခါ ထိုဇာတ်ညွှန်းထဲတွင် နစ်မြုပ်နေသည့် အယ်လ်စတာကို သူ တွေ့ရသည်။

"ခင်ဗျား ဒီဇာတ်ညွှန်းကြီး ဒီထဲမှာ ပစ်ထားတာ ဘယ်လောက်ကြာပြီလဲ"

ဟု သူ့ကို ဆီးမေးသည်။

"တစ်ပတ်လောက် ရှိပြီ။ ဇာတ်ညွှန်းရေးဆရာတွေအကြောင်း ခင်ဗျားလည်း သိသားပဲ။ သူတို့ ရေးထားသမျှ အကောင်းချည်း ပြောကြတာ၊ ဖတ်ကြည့်တော့ ကောင်းရော ကောင်းရဲ့လား"

ဗွန်အယ်လ်စတာက ဇာတ်ညွှန်းစာအုပ်ကို စာအုပ်ပေါ်သို့ဖြည်းညင်းစွာ တင်လိုက်သည်။

"ကောင်းတယ် ဆိုတာထက်ကို ဟိုဘက် တစ်ဘူတာ လွန်သေးတယ်။ အလွန် ကောင်းတဲ့ဇာတ်လမ်းပဲ။ ခင်ဗျား ရိုက်မယ်ဆိုရင် ကျွန်တော် ဒါရိုက်တာ လုပ်ချင်ပါတယ်"

နီဟားဒါး၏ အိပ်ရာဘေးမှ မီးသည် ထိုည ညဥ့်နက်သည်အထိ လင်းနေသည်။ ဒါရိုက်တာ ပြောသွားသည့်စကားကို နီဟားဒါး သဘောပေါက်လာသည်။ ဇာတ်ကောင်စရိုက်ကို အလွန် ပေါ်လွင်အောင် ဖော်ထားသည်။ ဇာတ်ကောင်သည် အထီးကျန်ဖြစ်၏။ နာကြည်းခြင်းနှင့် ဝမ်းနည်းခြင်းများ ရောစွက်ထားသည်။ သူ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့် ပတ်သက်၍လည်း လိုလိုလားလား ကျူးလွန်ခဲ့ခြင်း မဟုတ်ကြောင်း ဖော်ထားသည်။ သူ့အသက် ရှင်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားသည့်သဘောကို အသားပေးထားသည်။

ရိနာက လျှောက်သွားပြီး ကောက်ကိုင်လိုက်သည်။ ပြင်သစ်ပြည်ဖြစ် တယ်လီဖုန်း အသစ်ဖြစ်သည်။ ဥရောပမှ သူ ပြန်ရောက်လာကတည်းက ဤတယ်လီဖုန်းမျိုးကို ယခု ပထမဦးဆုံး အကြိမ် ပြန်လည်တွေ့မြင်ဖူးခြင်း ဖြစ်သည်။ သူ မြင်နေကျ "န/စ"ဟူသော အထိမ်းအမှတ် စာလုံးကလေးကို ယခု တယ်လီဖုန်း၏ ဒိုင်ခွက်ပေါ်တွင်လည်း တွေ့ရပြန်သည်။

"ဟဲလို"

တစ်ဖက်မှ နီဟားဒါး၏အသံ ပေါ်လာသည်။

"ဟေ့ သူငယ်ချင်း၊ ဘယ်လိုလဲကွ၊ မင်း အဆင်သင့် ဖြစ်နေပြီလား"

"နီဟားဒါးလား"

ရိနာက အံ့ဩတကြီး အော်လိုက်သည်။

"မင်းမှာ တခြားသူငယ်ချင်း ရှိသေးလို့လား"

ရိနာက ရယ်သည်။

"ကျွန်မ အထုပ်အပိုးတွေတောင် မဖြေရသေးဘူး။ ပြီးတော့ အံ့ဩနေတယ်"

"ဘာကိုလဲ"

"အကုန်လုံးပဲပေါ့။ နေရာထိုင်ခင်းရော၊ ကြီးကျယ်ခမ်းနားတာရော၊ ဒါမျိုး တစ်ခါမှ ကျွန်မ မမြင်ဖူးဘူး"

"ဒါလောက်တောင်လည်း မဟုတ်ပါဘူးကွယ်၊ အိမ်က နည်းနည်းတော့ ကျယ်တာပေါ့လေ၊ ဒါပေမယ့် ဒါကိုပဲ အိမ်လို့ ကိုယ်ကခေါ်တယ်"

နီဟားဒါးက လေသံကလေးဖြင့် ပြန်ပြောသည်။ ရိနာက ပျော်ပျော်ရွှင်ရွှင်ကြီး ရယ်လိုက်သည်။

"အို နီဟားဒါး၊ ကျွန်မဖြင့် အခုထိကို မယုံနိုင်ဘူးရှင်၊ ဒါလောက်ကြီးတဲ့အိမ်၊ ဒါလောက်ကောင်းတဲ့အိမ်ကြီးကိုများ ရှင် ဘယ်လို ဆောက်လိုက်ပါလိမ့်။ အရင် နီဟားဒါးနဲ့ မတူတော့ဘူးနော်"

"ဒါက တစ်ပိုင်းပေါ့ ရိနာရယ်၊ ဦးထုပ်ဖြူကြီးကြီးရယ်၊ အရောင်မျိုးစုံတောက်နေတဲ့ ပုံဆန်းဆန်းအကျႌရယ်၊ ပြီးတော့ အရောင်တောက်နေတဲ့ ဖိနပ်ရယ် ဆိုတာမျိုးတွေပေါ့။ ရုပ်ရှင်မင်းသားဆိုတာ ဒါမျိုးတွေ လုပ်ရတယ်။ ကြောင်ကြောင်ကျားကျားပေါ့ကွာ။ အဲဒီလို မလုပ်ရင် ရုပ်ရှင်မင်းသား မဖြစ်ဘူး"

"နေရာတကာမှာရော နငယ်ရယ်၊ စလုံးရယ် ရှိသလား"

"ရှိတာပေါ့။ ဒါပေမယ့် မင်း ဒါတွေ စိတ်မဝင်စားပါနဲ့ကွာ၊ ဟောလီးဝုဒ်မှာက အရူးတွေချည်းပဲ"

"ရှင့်ကို ပြောစရာတွေ အများကြီးရှိသေးတယ်။ ရှင် ဘယ်တော့ အိမ်ပြန်ရောက်လာမှာလဲ"

"ကိုယ် အခု အိမ်ပြန်ရောက်နေပြီလေ။ အိမ်အောက်ထပ် ဘားခန်းထဲမှာ မင်းကို စောင့်နေတယ်"

နီဟားဒါးက ရယ်ရင်း ပြန်ဖြေသည်။

"ကျွန်မ တစ်အောင့်နေရင် အောက်ကို ဆင်းခဲ့မယ်။ ဒါပေမယ့် ရှင့်ဘားခန်းဆိုတာကြီးကို ကျွန်မ ဘယ်လို ရှာပြီး လာရမှာလဲ။ ရှင့်အိမ်ကြီးက ကြီးကျယ်လွန်းတယ်"

"ကိုယ့်အိမ်မှာ လမ်းပြဖို့ အင်ဒီးယန်းတွေ ခန့်ထားတယ်။ မင်းကိုကြိုဖို့ အင်ဒီးယန်း တစ်ယောက် လွှတ်ပေးလိုက်မယ်"

တယ်လီဖုန်းကိုချပြီး မှန်တင်ခုံသို့ ပြန်လျှောက်ခဲ့သည်။ သူ နှုတ်ခမ်းကို ဆေးဆိုးပြီး ဒီနိမှာပင် ညင်သာသော တံခါးခေါက်သံကို ကြားလိုက်ရသည်။

ရိနာသည် အခန်းကို ဖြတ်ကျော်ပြီး တံခါးဆီသို့ သွားသည်။ အခန်းဝမှာ ရပ်နေသူ တား နီဟားဒါးစမစ်။

"ကျွန်တော် တောင်းပန်ပါတယ် အစ်မကြီးခင်ဗျာ"

နီဟားဒါးက အရိုအသေပေးရင်း နောက်ပြောင်သလိုလို ပြောသည်။

"အစ်မကြီးကို အခေါ်ခိုင်းဖို့ အင်ဒီးယန်းတွေကို ကျွန်တော် ရှာပါတယ်ခင်ဗျာ။ ဒါပေမယ့် ဒီတစ်ဝိုက်မှာ အင်ဒီးယန်းဆိုလို့ ကျွန်တော်တစ်ယောက်ကလွဲပြီး ဘယ်သူမှ မရှိတဲ့အတွက်ကြောင့် ကျွန်တော်ပဲ လာပါတယ်ခင်ဗျာ"

"အိုး. . . နီတားဒါး"

ရီနာက ညုံ့ညုံ့သက်သက်ကလေး ခေါ်လိုက်သည်။

ပြီးတော့ ရုတ်ခြည်းပင် နီတားဒါး၏ ရင်ခွင်ထဲသို့ သူ ရောက်သွားတော့သည်။ ကျယ်ပြောသည့် နီတားဒါး၏ ရင်အုပ်ကြီးထဲသို့ သူ့မျက်နှာကို မြှုပ်ထားလိုက်သည်။ ပျော်လွန်းသဖြင့် သူ့မျက်လုံးမှ စီးထွက်လာသည့် မျက်ရည်များသည် နီတားဒါး၏ အင်္ကျီရင်ဘတ်မှာ ရွှဲရွှဲစိုလျက်။

♣ ♣ ♣

# ဂျိုနတ်စ်
## (၁၉၃၀)
## စာအုပ်သုံး

### (၁)

ညာဘက်အတောင်ပံကို လော့စ်အိန်ဂျယ်လိစ်မြို့၏ မီးရောင်များ လာဟပ်သည်။ လေယာဉ်မှူးအခန်းတွင်း ကျွန်တော့်ဘေးမှာ ထိုင်နေသည့် ဘတ်ဇ်ကို ကျွန်တော် ကြည့်လိုက်သည်။

"တို့ ပြန်ရောက်ပြီ"

ဘတ်ဇ်က ပြုံးပြရင်း သူ့လက်မှ နာရီကို ငုံ့ကြည့်သည်။

"စံချိန်သစ်တစ်ခုလည်း တို့ တင်လိုက်ပြန်ပြီ ထင်တယ်"

ဟု ဘတ်ဇ်က ပြန်ပြော၏။

"စံချိန်သစ်တွေ ထားပိုက်စမ်းပါကွာ၊ ငါ လိုချင်တာ လေကြောင်းကန်ထရိုက်ရဖို့ တစ်ခုပဲ"

"အခုဆိုရင် တို့ရမှာ သေချာသွားပါပြီ။ ဒီလေယာဉ်ပျံကလေးက တို့ကို အာမခံချက်ပေးလိုက်ပြီပဲ"

ကျွန်တော်သည် မြို့ကိုကျော်ပြီး ဘားဘင့်လေယာဉ်ကွင်းသို့ ဦးတည်ပျံသန်းခဲ့သည်။ ရှီကာဂိုမှ လော့စ်အိန်ဂျယ်လိစ်မြို့သို့ ပျံသန်းရန် လေကြောင်းကန်ထရိုက်ကို ကျွန်တော်တို့ရမည်ဆိုပါက တစ်ပြည်လုံး အနှံ့အပြားသို့ လေယာဉ်ခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းရန် အစီအစဉ်သည် မကြာမီ အောင်မြင်တော့မည် ဖြစ်သည်။ နောက်တစ်ဆင့် ခြေလှမ်းသစ်သည် ရှီကာဂိုမှ နယူးယောက်သို့ ပျံသန်းရေး ဖြစ်သည်။

"ဖို့က စက်သုံးလုံးတပ် လေယာဉ်လုပ်ဖို့ စီစဉ်နေတယ်လို့ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။ ဒါဆိုရင် ခရီးသည် (၃၂) ယောက်အထိ တင်နိုင်မယ်"

ဟု ဘတ်ဇ်က ပြောသည်။

"သူတို့ ဘယ်တော့လောက် အောင်မြင်မှာလဲ"

"နောက် နှစ်နှစ် သုံးနှစ်လောက် လိုပါသေးတယ်။ ဒါဟာ သူတို့ရဲ့ နောက်ထပ်ခြေလှမ်းသစ်ပဲ"

"တို့က သူတို့ကို စောင့်မနေနိုင်တော့ဘူး။ သူတို့ အတွေ့အကြုံတွေ စောင့်ကြည့်နေမယ်ဆိုရင် ငါးနှစ်လောက် ကြာသွားမယ်။ နှစ်နှစ်အတွင်းမှာ တို့က အဆင်သင့်ဖြစ်နေအောင် လုပ်ရမယ်"

"နှစ်နှစ်၊ ဘယ်လိုလုပ်လို့ရမလဲ၊ မဖြစ်နိုင်တာဘဲ"

ဟု ဘတ်ဇ်က ကျွန်တော့်ကိုကြည့်ရင်း ပြောသည်။

"တို့ အခု ပျံနေတာ လေယာဉ်ပျံ ဘယ်နှစ်စင်း ရှိသလဲ"

"သုံးဆယ့်လေးစင်းလောက် ရှိတယ်"

"တို့ နောက်ထပ် လေကြောင်းကန်ထရိုက်အသစ် ထပ်ရမယ် ဆိုရင်ကော"

"ဒီနှစ်ဆ၊ ဒါမှမဟုတ် သုံးဆလောက် ဖြစ်သွားမှာပေါ့။ ဘာဖြစ်လို့လဲ"

"လေယာဉ်ပျံ ထုတ်လုပ်သူတွေဟာ တို့လိုတဲ့ လေယာဉ်ပျံအပြင် တခြား လေယာဉ်ပျံတွေကိုလည်း လုပ်ကြရဦးမယ် မဟုတ်လား"

ဟု ကျွန်တော်က ပြန်မေးသည်။

"တို့လေယာဉ်ပျံ တို့လုပ်ဖို့ မင်း ပြောနေတာလား၊ မလွယ်ဘူး ကိုယ့်လူ၊ စက်ရုံတည်နေတာနဲ့တင် နှစ်နှစ်လောက် အချိန်ကုန်သွားမယ်"

"တည်ပြီးသား စက်ရုံတစ်ခု ဝယ်လိုက်ရင် ဖြစ်ပါတယ်ကွာ"

ဟု ကျွန်တော်က ပြန်ဖြေသည်။ ဘတ်ဇ်သည် စဉ်းစားနေသေး၏။

"လော့ခ်ဟိ၊ မာတင်၊ ကားတစ်ရိုက် ရှိသမျှ စက်ရုံတွေက အလုပ်သိပ်ဖြစ်နေကြတယ်။ ဘယ်လာ ရောင်းပါ့မလဲ။ ဝင်းသရော့ လေယာဉ်ပျံ ထုတ်လုပ်ရေး စက်ရုံတစ်ခုလည်း ရှိတယ်။ စစ်တပ်ကနေထိုက် မရကတည်းက သူတို့ အလုပ်တွေ ရပ်နေကာ"

"ပင်း အတွေး မဆိုးဘူး ဘတ်ဇ်"

"ဒါပေမယ့် မရပါဘူး။ အဘိုးကြီး ဝင်သရော့နဲ့ ငါ အတူတူ ပေ့ပ်ခဲ့ဖူးတယ်။ ဘယ်တော့မှ သူ မရောင်းဘူးလို့ ပြောတယ်"

ကျွန်တော်တို့ လေယာဉ်ပျံသည် ဘားဘင့်လေဆိပ်ပေါ်သို့ ရောက်လာပြီ ဖြစ်၏။ လေယာဉ်ကွင်း၏ တောင်ဘက်ဖျား ဝင်းသရော့စက်ရုံ တည်ရှိရာဘက်သို့ ကျွန်တော်က လေယာဉ်ပျံကို မောင်းလာခဲ့သည်။ ကျွန်တော်က ဘတ်ဇ် ထိုင်နေသည့်ဘက်သို့ လေယာဉ်ပျံကို စောင်းပေးလိုက်သည်။ အောက်သို့ သူ အလွယ်တကူ မြင်နိုင်ရန် ဖြစ်သည်။

"အဲဒီအောက်ကို တစ်ချက်လောက် ငုံ့ကြည့်လိုက်စမ်းပါဦး သူငယ်ချင်းရယ်"

ဝင်းသရော့စက်ရုံ တည်ရှိရာနေရာမှာ မှောင်နေသည်။ သို့သော်လည်း မီးမောင်းကြီးနှစ်ခုက ထိုးပေးထားသောကြောင့် စက်ရုံခေါင်မိုးကို ကောင်းစွာ မြင်နေရသည်။ ကတ္တရာရေနံသုတ်ထားသည့် ဝင်းသရော့၏ စက်ရုံခေါင်မိုး မည်းမည်းပေါ်တွင် အလွန် ကြီးမားသည့် စာလုံးဖြူကြီးများက ထင်းထင်းကြီးပေါ်နေသည်။

ကော့လေယာဉ်ပျံစက်ရုံ

ကွင်းပေါ်သို့ ကျွန်တော်တို့ ဆင်းလိုက်သည်နှင့် တစ်ပြိုင်တည်း ကျွန်တော်တို့ ဂျက်လာဂါဂို သတင်းထောက်များ ရောက်လာသည်။ ဓာတ်ပုံရိုက် လျှပ်တစ်ပြက် မီးများသည် တဖျတ်ဖျတ် ပွင့်နေသည်။

"ပင်ပန်းနေပြီလား မစ္စတာကော့"

ဟု သတင်းထောက်တစ်ယောက်က မေးသည်။

"မပန်းပါဘူးဗျာ၊ ပန်းကလေးလို လန်းလျက်ပါပဲ"

ဟု ကျွန်တော်က ရှည်နေပြီဖြစ်သည့် ပါးသိုင်းမွေးများကို ပြန်စမ်းရင်း ပြုံးလျက် ဖြေလိုက်သည်။ ထိုအခိုက်မှာပင် ခဲတစ်လုံးကို ကျွန်တော် တက်နင်းမိသောကြောင့် ခြေထောက်နာသွားသည်။ လေယာဉ်ပျံဆီသို့ ပြန်လှည့်ပြီး ဘတ်ဇ်ကို ကျွန်တော် လှမ်းအော်လိုက်သည်။

"ဟေး ငါ့ဖိနပ် ပစ်ချလိုက်စမ်းပါ သူငယ်ချင်း"

သတင်းထောက်များဘက်မှာ ပွဲကျသွားသည်။ ကျွန်တော် ဖိနပ်စီးနေသည်ကို သူတို့ ဓာတ်ပုံ တစ်ဖျတ်ဖျတ် ရိုက်ကြပြန်သည်။ ဘတ်ဇ်လည်း လေယာဉ်ပျံပေါ်မှ ဆင်းလာပြီး ကျွန်တော့်ဘေးမှာ လာရပ်သည်။ သူတို့ ဓာတ်ပုံရိုက်ကြပြန်သည်။ အဆောက်အအုံရှိရာသို့ ကျွန်တော်တို့ ထွက်လာသောအခါ သတင်းထောက်တစ်ယောက်က မေးသည်။

"အခုလို အိမ်ပြန်ရောက်လာရတော့ စိတ်ထဲမှာ ဘယ်လိုနေပါသလဲ"

"ကောင်းပါ့ဗျာ"

"အလွန် ကောင်းတာပေါ့"

ဟု ဘတ်ဇ်ကလည်း ဝင်ပြောသည်။

လွန်ခဲ့သည့် ငါးရက်က ပဲရစ်မြို့မှ ကျွန်တော်တို့ ထွက်ခဲ့ကြသည်။ ပြီးတော့ နယူးဖောင်လင်း၊ နယူးယောက်၊ ရှီကာဂို၊ လော့စ်အိန်ဂျယ်လိစ် ငါးရက်ခရီး ဖြစ်သည်။ သတင်းထောက်တစ်ယောက်က သူ့လက်ထဲမှ စာရွက်ကို လှုပ်ယမ်းရင်း မေးပြန်သည်။

"ရှိကာဂိုနဲ့ လော့စ်အိန်ဂျယ်လိစ်ကို ပျံသန်းတဲ့ စံချိန်ကိုလည်း ခင်ဗျားတို့ ချိုးလိုက်ပါတယ်။ ဒီတစ်ခေါက်တည်းနဲ့ ခင်ဗျားတို့ စံချိန်ငါးခုကို ချိုးလိုက်တာပါပဲ"

ဟု သူက မေးသည်။

"တစ်နေ့ စံချိန်တစ်ခု ချိုးတာပေါ့ဗျာ။ ဒါနဲ့ပတ်သက်ပြီး ဘာမှ ပြောစရာ မရှိပါဘူး"

ကျွန်တော်က ပြုံးရင်း ဖြေသည်။

"ဒီလို စံချိန်ချိုးနိုင်တဲ့အတွက် လေကြောင်းကနေထိုက်ရမယ်လို့ ထင်ပါသလား"

သူတို့၏နောက် အဆောက်အအုံအပေါက်ဝတွင် လက်ပြနေသော မက်အယ်လစ္စဘာကို ကျွန်တော် လှမ်းမြင်ရသည်။

"ကျွန်တော့် လုပ်ဖော်ကိုင်ဖက် ဘတ်ဇ်ကို ဆက်မေးကြပါ။ ခင်ဗျားတို့ သိချင်တာတွေ သူ အဖြေပေးပါလိမ့်မယ်"

ကျွန်တော်သည် ပြောပြောဆိုဆိုဖြင့် သူတို့ကြားထဲမှ တိုးထွက်ခဲ့သည်။ ကျွန်တော် မက်အယ်လစ္စတာဆီသို့ လျှောက်လာချိန်တွင် သူတို့သည် ဘတ်ဇ်ကို ဝိုင်းနေကြ၏။

"မင်းတို့ ဒီကို အချိန်မှန် ရောက်လာကြလိမ့်မယ်လို့ မထင်မိဘူး"

ဟု မက်အယ်လစ္စတာက ဆီးပြောသည်။

"ကျွန်တော် ပြောခဲ့သားပဲ။ ကိုးနာရီ ကျွန်တော် ပြန်ရောက်မယ်လို့"

သူက ကျွန်တော့် လက်မောင်းကို လှမ်းဆွဲခေါ်သည်။

"ငါ့မှာ ကားပါတယ်။ တို့ဘဏ်ကို တန်းသွားကြရအောင်။ မင်းကို ခေါ်ခဲ့မယ်လို့ သူတို့ကို ငါ ပြောထားတယ်"

"ခဏနေပါဦး၊ ဘယ်သူတွေကို ပြောထားတာလဲ"

"ထိုးဆေးပလတ်စတစ်ပုံလောင်းစက်နဲ့ ပတ်သက်လို့ မင်း တောင်းတဲ့ဈေးအတိုင်း ပေးဖို့အတွက် စောင့်နေကြတဲ့လူတွေ၊ ဒူးပွန့်တောင် သူတို့နဲ့အတူတူ ပါလာတယ်"

ဟု ပြောရင်း မက်အယ်လစ္စတာက ကျွန်တော့်ကို ကားဆီသို့ ဆွဲခေါ်ပြန်၏။

"နေပါဦးဗျာ။ ကျွန်တော် အိပ်ရာနဲ့ ကျောနဲ့ မထိခဲ့ရတာ ငါးရက်ရှိသွားပြီ။ တစ်ကိုယ်လုံးလည်း နာကျင်နေပြီ။ သူတို့ကို ကျွန်တော် မနက်ဖြန်တွေ့မယ်"

"မနက်ဖြန် သူတို့က အခု ဟိုမှာ စောင့်နေကြပြီ"

"မတတ်နိုင်ဘူးဗျာ။ စောင့်ကြပေစေတော့"

"ဒါပေမယ့်ကွာ၊ သူတို့က မင်းကို ဒေါ်လာဆယ်သန်းတောင် ပေးမှာ၊ တစ်ဆင့်ခံလိုင်စင်ကလေး ပေးရုံနဲ့ ဒါလောက်ရတာ နည်းသလား"

"အလကားပါဗျာ။ အစက သူတို့ လိုချင်ရင် ရနိုင်ခဲ့သားပဲ၊ အဲ့ဒီတုန်းက ဥရောပမှာ သူတို့ အားလုံး ရှိတယ်။ ဒါပေမယ့် သူတို့ ဈေးများပြီး မယူလို့ ကျွန်တော် ဝယ်ခဲ့တာ။ အခု ကျွန်တော် အောင်မြင်တော့မှ သူတို့ အငမ်းမရ ဖြစ်လာကြတာ၊ မနက်ဖြန်အထိ စောင့်ကြစေ"

ကျွန်တော်သည် ကားထဲသို့ ဝင်လိုက်၏။

"ဘီဗာလီ တောင်ကုန်းဟိုတယ်ကို မောင်း"

မက်အယ်လစ္စတာသည် ကျွန်တော့်ဘေးမှာ ဝင်ထိုင်၏။ သူ့ကို ကြည့်ရသည်မှာ စိတ်တိုင်းမကျ ဖြစ်နေပုံရသည်။

"မနက်ဖြန် အင်း သူတို့ စောင့်ချင်ကြမှာ မဟုတ်ဘူး"

မော်တော်ကား စထွက်လာသည်။ ကျွန်တော်က မက်အယ်လစ္စတာ၏ မျက်နှာကို ကြည့်ရင်း ပြုံးမိ၏။ သူ့အတွက် အနည်းငယ်တော့ စိတ်မကောင်း ဖြစ်မိပါသည်။ ဤကိစ္စသည် သိပ်မလွယ်သည့် ကိစ္စဖြစ်ကြောင်း ကျွန်တော် သိထားသည်။

"ကျွန်တော် ပြောပါပြီကောဗျာ။ ခြောက်နာရီလောက်တော့ မျက်စိကလေး မှိတ်လိုက်ပါရစေဦး။ အဲဒီနောက် ကျွန်တော်တို့ တွေ့နိုင်ပါတယ်"

"နောက် ခြောက်နာရီဆိုရင် မနက် သုံးနာရီကြီး ဖြစ်နေမှာပေါ့"

"ဟုတ်တယ်လေ။ သူတို့ဟိုတယ်က ကျွန်တော့်အခန်းကို ခေါ်လာပါ။ အဲဒီအချိန်မှာ

သူတို့ကိုတွေ့ဖို့ ကျွန်တော် အဆင်သင့် ဖြစ်နေမယ်"

* * *

ကျွန်တော့် အခန်းထဲမှာ မော်နီကာဝင်းသရော့ ထိုင်နေသည်။ ကျွန်တော် ဝင်သွားသောအခါ ခုတင်ပေါ်မှထပြီး သူ့လက်ထဲမှ စီးကရက်ကို ချသည်။ ပြီးတော့ ကျွန်တော့်ဆီကို ပြေးလာကာ ဆီးကြိုနမ်းသည်။

"ဒိုး. . . နှုတ်ခမ်းမွေးတွေ စူးလိုက်တာ"

ရယ်သံတစ်ဝက်ဖြင့် သူက ပြော၏။

"မင်း ဒီမှာ ဘာလုပ်နေတာလဲ။ ကိုယ်က လေယာဉ်ကွင်းမှာ မင်းကို ရှာနေတာ"

"ဟုတ်တယ်။ ကျွန်မ ဟိုက လာကြိုနေမလို့ပဲ။ ဒါပေမယ့် ကျွန်မကို ဖေဖေ မြင်သွားမှာပေါ့"

ဟု မော်နီကာက မြန်မြန်ဖြေ၏။

သူ ပြောသည်မှာ မှန်ပါသည်။ သူ့ဖခင် အေမော့စ်ဝင်းသရော့သည် လူတကာကို အလွန် ဒုက္ခပေးတတ်သူ ဖြစ်သည်။ သူကိုယ်တိုင်လည်း အမြဲ ဒုက္ခရောက်နေတတ်သည်။ ဤသို့ ဖြစ်နေရခြင်းမှာ အချိန်ကို ကောင်းစွာ မပိုင်းခြားတတ်သောကြောင့် ဖြစ်သည်။ သူ့အလုပ်ထဲသို့လည်း မိန်းမများ ဝင်အရှုပ်ခံသည်။ မော်နီကာသည် သူ၏တစ်ဦးတည်းသောသမီး ဖြစ်သည်။ သည်သမီးကလေးကိုတော့ အလိုလိုက်ရှာပါသည်။ သမီးအတွက် ကြီးမားသော မျှော်လင့်ချက်ထားသူလည်း ဖြစ်သည်။

"ကိုယ့်ဖို့ အရက်ကလေးတစ်ခွက်လောက် စပ်လိုက်စမ်းပါကွာ၊ ရေချိုးလိုက်ဦးမယ်။ ကိုယ့်ကိုယ်နဲ့တောင် ကိုယ်မခံနိုင်တော့ဘူး"

ကျွန်တော်သည် ပြောရင်း သူ့ကိုကျော်ပြီး အိပ်ခန်းဆီသို့ လျှောက်သွားသည်။

မော်နီကာက အရက်ခွက်ကို ကိုင်ရင်း အိပ်ခန်းတွင်းသို့ ကျွန်တော့်နောက်မှ လိုက်လာ၏။

"ဟောဒီမှာ အရက်လည်းအဆင်သင့်၊ ပြီးတော့ ရေချိုးဖို့ ကြွေရေကန်ထဲမှာလည်း ရေအသင့်"

သူ့လက်ထဲမှ အရက်ခွက်ကို ကျွန်တော် လှမ်းယူသည်။

"ကိုယ် ဒီကို ဘယ်အချိန် ပြန်ရောက်မယ်ဆိုတာ မင်း ဘယ်လိုလုပ် သိသလဲ"

"ရေဒီယိုက ကြားတာ"

မော်နီကာက ပြုံးပြန်၏။ အရက်ကို ကျွန်တော် တစ်ကျိုက် ကျိုက်လိုက်စဉ် ကျွန်တော့်ဆီသို့ သူ လျှောက်လာသည်။

"ရေမချိုးပါနဲ့ဦးကွယ်၊ အဲဒီ ချွေးနံ့ကလေးကို ကြိုက်လွန်းလို့"

ဟု ပြောရင်း ကျွန်တော် အရက်ခွက်ကို နီးရာစားပွဲပေါ်သို့ တင်လိုက်စဉ်မှာပင် ကျွန်တော့်ရင်ခွင်ထဲသို့ သူ ရောက်လာသည်။

* * *

ရေသည် ကြက်သီးနွေးကလေးမျှလောက် ရှိနေသောကြောင့် ချိုးကောင်းလှသည်။ ကျွန်တော့်ကျောဘက်ကို ဆပ်ပြာတိုက်သော်လည်း မမီ။

"ပေး. . . ပေး ကျွန်မ တိုက်ပေးမယ်"

ကျွန်တော့်လက်ထဲမှ ဆပ်ပြာကိုယူပြီး ကျောဘက်ကို တိုက်ပေးနေသည်။ ပြီးတော့ အဝတ်ဖြင့်လည်း သေချာစွာ တိုက်ပေးနေ၏။

"ဆက်တိုက်ပါ၊ သိပ်ကောင်းတာပဲ"

"ရှင်ဟာ တကယ့် ကလေးလေးလိုပဲ။ ရှင့်ကို ပြုစုပေးဖို့ လူတစ်ယောက်တော့ လိုနေပြီ"

ကျွန်တော်က မျက်လုံးဖွင့်ပြီး သူ့ကို မော့ကြည့်မိ၏။

"ကိုယ်လည်း စဉ်းစားဖူးတယ်။ ဂျပန်အမျိုးသား အိမ်ဖော်ကလေး တစ်ယောက်လောက် ခေါ်ထားမလားလို့"

"ဂျပန်ယောကျ်ားကလေးက ဒီလို ဘယ်လုပ်ပေးမလဲ"

သူ့လက်ချောင်းကလေးများသည် ကျွန်တော့်ပခုံးပေါ်သို့ ရောက်လာသည်။

"နောက်ကို နည်းနည်းလှန်လိုက်"

ကျွန်တော့် တစ်ကိုယ်လုံးကို ရေဝတ်ဖြင့် တိုက်ပေးနေဆဲမှာပင် တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ မော်နီကာက တယ်လီဖုန်းကို လှမ်းယူပြီး ကျွန်တော့်ကို ပေးသည်။ တစ်ဖက်မှ စကားပြောနေသူသည် မက်အယ်လစ္စတာ ဖြစ်သည်။ ဟိုတယ်အောက်ထပ် ဧည့်ခန်းမှာ သူ ရောက်နေပြီ ဆို၏။

"မနက်သုံးနာရီမှ လာပါလို့ ကျွန်တော် ပြောထားသားပဲဗျာ"

"အခု သုံးနာရီထိုးနေပြီလေ။ အပေါ်ကို တို့ တက်လာခဲ့ရမလား၊ ဝင်းသရော့လည်း ပါလာတယ်။ သူက မင်းနဲ့ တွေ့စရာရှိတယ်လို့ ပြောတယ်"

ကျွန်တော် မော်နီကာကို မော့ကြည့်မိသည်။ ကျွန်တော် လိုချင်သည်မှာ ဒါပဲ ဖြစ်သည်။ သူ့အဖေက အပေါ်ထပ်သို့ တက်လာ၊ ကျွန်တော့် အခန်းထဲဝင်၊ သူ့သမီး မော်နီကာသည် ကျွန်တော်နှင့် အတူရှိနေသည်ကို တွေ့။ သို့သော်. . .

"မတက်ခဲ့နဲ့"

ဟု ကျွန်တော် မြန်မြန်ဖြေလိုက်မိသည်။

"ကျွန်တော် ရေချိုးတုန်းတန်းလန်း၊ သူတို့ကို ဘားခန်းထဲ ခေါ်သွားပြီး တစ်ခုခု တိုက်ထားလိုက်ပါ"

"ဘားတွေ အကုန်ပိတ်ကုန်ပြီ"

"ကောင်းပြီ။ ဒါဖြင့်ရင် ကျွန်တော် ဧည့်ခန်းထဲမှာ လာတွေ့မယ်"

ဟု ကျွန်တော်က ပြန်ဖြေလိုက်၏။

"အလုပ်ကိစ္စ ပြောကြဖို့အတွက် ဧည့်ခန်းက ဘယ်ကောင်းပါ့မလဲ၊ လွတ်လွတ်လပ်လပ် မရှိဘူး။ သူတို့က ဘယ်သဘောကျပါ့မလဲ။ မင်းဆီကို တို့ ဘာဖြစ်လို့ တက်မလာရတယ်ဆိုတာ ငါတော့ နားမလည်နိုင်တော့ဘူး"

"ဘာဖြစ်လို့လဲဆိုတော့ သူတို့ စိတ်ခုစရာကလေးတစ်ခု ရှိနေတယ်"

"အဲဒါ ဘာဖြစ်သလဲ သူတို့လည်း သဘောထားကြီးတဲ့ ပုဂ္ဂိုလ်တွေပါကွ"

မက်အယ်လစ္စတာသည် အလွန် သဘောကျစွာ ရယ်သည်။

"ဟိုကလေးမ၊ မော်နီကာဝင်းသရော့"

တစ်ဖက်တယ်လီဖုန်းတွင် တိတ်ဆိတ်သွားသည်။ ခဏကြာမှ သက်ပြင်းချသံကို ကြားရသည်။

"ဒုက္ခပါပဲ။ မင်းအဖေ ပြောတာ အင်မတန် မှန်တာပဲ။ ဒီအလုပ်တွေကို မင်း ဘယ်တော့မှ ရပ်မှာ မဟုတ်ဘူး။ ဟုတ်တယ် မဟုတ်လား"

"ခင်ဗျားတို့ အသက်အရွယ်လောက် ရောက်တော့လည်း အလိုလို ရပ်သွားမှာပေါ့ဗျာ"

"မပြောတတ်တော့ပါဘူးကွာ။ ဧည့်ခန်းထဲမှာ စကားပြောဖို့တော့ သူတို့က ကြိုက်ကြမှာ မဟုတ်ဘူး"

သူက စိတ်ပျက်လက်ပျက်ဖြင့် ပြန်ပြောသည်။

"သူတို့ လွတ်လွတ်လပ်လပ် ပြောချင်တယ်ဆိုရင် နေရာတစ်ခု ကျွန်တော် သိတယ်"

"ဘယ်မှာလဲ"

"ယောက်ျားအိမ်သာခန်းလေ။ ဓာတ်လှေကား အလွန်ကလေးမှာ၊ ကျွန်တော် ငါးမိနစ်အတွင်း ရောက်လာမယ်။ အဲဒီမှာ လွတ်လပ်ပါတယ်"

တယ်လီဖုန်းကို ကျွန်တော် ချပြီး ထရပ်သည်။ မော်နီကာကို လှမ်းကြည့်လိုက်မိ၏။

"မျက်နှာသုတ်ပဝါ လှမ်းလိုက်စမ်းပါ။ ကိုယ်အောက်ကို သွားပြီးတော့ မင်းအဖေကို တွေ့ရဦးမယ်"

(၂)

ကျွန်တော့် ပါးပြင်များကို လက်ဖြင့်ပွတ်ရင်း ယောက်ျားအိမ်သာခန်းထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ ကျွန်တော့်ပါးပြင်သည် ကြမ်းနေ၏။ ကျွန်တော် မုတ်ဆိတ် မရိတ်ခဲ့ရသည်မှာ

ငါးရက် ရှိပြီ။ ကျွန်တော် ပြုံးရင်း သူတို့ကို ကြည့်လိုက်မိ၏။ သူတို့အားလုံး ကိုယ့်အလုပ်နှင့်ကိုယ် စိတ်ဝင်စားနေကြသည်။ ကျွန်တော် ဝင်လာသည်ကိုပင် လှည့်မကြည့်ကြ။

"လူကြီးမင်းများ ခင်ဗျာ၊ အစည်းအဝေး စကြရအောင်"

ဟု ကျွန်တော်က ပြောလိုက်သည်။

သည်တော့မှ ကျွန်တော့်ကို မော့ကြည့်ကြသည်။ သူတို့ထဲက တစ်ယောက်ယောက်၏ မသဲမကွဲ ရေရွတ်သံကိုလည်း ခပ်တိုးတိုးကြားရသည်။ မက်အယ်လစ္စတာက ကျွန်တော့်ဆီသို့ လျှောက်လာရင်း စကား စပြောသည်။

"ငါ ပြောရဦးမယ် ဂျိုနတ်စ်၊ အစည်းအဝေးလုပ်ဖို့ မင်း ရွေးထားတဲ့နေရာက တော်တော် အရုပ်ဆိုးနေတယ်"

သည်လို မတော်တရော်နေရာကြီးမှာ ချိန်းဆိုတွေ့ဆုံသည့်အတွက် ကျန်လူများ စိတ်သက်သာရာ ရစေရန် ပြောခြင်းဖြစ်ကြောင်း ကျွန်တော် သဘောပေါက်ပါသည်။ ထို့ကြောင့် ကျွန်တော့် စိတ်ထဲမှာ ဘာမှ မဖြစ်။ သူ့ဘောင်းဘီကို လှမ်းကြည့်မိသည်။

"ဟုတ်ပါပြီ။ ဒါပေမယ့် စကား စမပြောခင် ဘောင်းဘီကြယ်သီးကလေး တပ်လိုက်ပါဦး"

ကျွန်တော့်စကား ဆုံးသည်နှင့်တစ်ပြိုင်တည်း သူ့တစ်မျက်နှာလုံး ရဲသွားသည်။ သူ့လက်များလည်း ချက်ချင်း ဘောင်းဘီကြယ်သီးရှိရာသို့ ရောက်သွား၏။ ကျွန်တော်က ရယ်ရင်း အခြား လူများဘက်သို့ လှည့်လိုက်သည်။

"သက်သောင့်သက်သာ မရှိတဲ့ ဒီလိုနေရာမျိုးကို ရွေးလိုက်ရတဲ့အတွက် ဝမ်းနည်းပါတယ် ခင်ဗျာ။ ဒါပေမယ့် ကျွန်တော့်အခန်းထဲမှာ သိပ်ကျပ်နေပါတယ်။ သေတ္တာတစ်လုံးတည်းနဲ့ ကျွန်တော့်တစ်ခန်းလုံး ပြည့်နေပါတယ်"

သူတို့အထဲတွင် ကျွန်တော် ဘာဆိုလိုသည်ကို သိသူမှာ အေမော့စ်ဝင်းသရော့တစ်ဦးတည်းသာ။ သည်ဒီကိစ္စမျိုးနှင့် ပတ်သက်လာလျှင် ကျွန်တော်တို့နှစ်ယောက်သည် မြွေမြွေချင်း ခြေမြင်သူများ ဖြစ်သည်။ အဖြစ်မှန်ကို ငါ သိပါတယ်ဟူသည့် အပြုံးမျိုး သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။

အကယ်၍ ကျွန်တော် ပြောနေသည်မှာ သူ့သမီးအကြောင်း ဖြစ်သည်ကိုသာ သိမည်ဆိုပါက သူ့မျက်နှာပေါ်တွင် မည်သို့သော အမူအရာမျိုး ပေါ်လာမည်နည်းဟု ကျွန်တော် စဉ်းစားကြည့်မိ၏။

မက်အယ်လစ္စတာသည် နေသာထိုင်သာ ကျသွားပြီ ဖြစ်၏။ မိတ်ဆက်ပေးပြီးသည်နှင့်တစ်ပြိုင်တည်း အလုပ်ကိစ္စကို စကြသည်။ မက်က ရှင်းပြသည်။ ကျွန်တော်တို့ စက်ရုံမှ ထုတ်လုပ်သည့် ထိုးဆေးထုတ်လုပ်သော ပလတ်စတစ်ပုံလောင်းစက်ကို တစ်ဆင့်ခံ လိုင်စင်ယူလိုကြကြောင်း ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီကြီး သုံးခုက ကမ်းလှမ်းကြောင်း၊ ၎င်းတို့အနက် ယခု ကုမ္ပဏီသည် ငွေကို ကြိုတင်ပေးကာ ခိုင်နှုန်းများကိုလည်း ပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခု ကုမ္ပဏီနှင့် အရင် စကားပြောခြင်းဖြစ်ကြောင်း ရှင်းပြသည်။

"ငွေကို ဘယ်သူ အာမခံမလဲ"

ဟု ကျွန်တော် မေးသောအခါ မက်က လူတစ်ယောက် ကို လက်ညှိုးညွှန်ပြသည်။

"ဟောဟိုက မစ္စတာရှက်ဖီးပါပဲ။ မစ္စတာရှက်ဖီးဟာ ကျော့စတီးဝပ်ကုမ္ပဏီရဲ့ အစုဝင် တစ်ယောက် ဖြစ်ပါတယ်"

ရှက်ဖီးကို ကျွန်တော် လှမ်းကြည့်သည်။ စတီးဝပ်၊ မော်ဂန်၊ လီမင့် စသူတို့သည် စီးပွားရေးရပ်ကွက်ဖြစ်သည့် ဝေါလမ်းမကြီးမှာ နာမည်ကောင်းသူများ ဖြစ်သည်။ သူ့မျက်နှာကို ကျွန်တော် မြင်ဖူးသည်ထင်၏။ ထို့ကြောင့် စဉ်းစားနေမိသည်။ မှတ်မိပါပြီ။

အက်ဖ်၊ မာတင်ရှက်ဖီး၊ နယူးယောက်၊ ဘော့စတွန်၊ ဆောက်သမ်တမ်၊ ပမ်းဘီချ်၊ ဟားဗတ် စသောမြို့ကြီးများရှိ စီးပွားရေးတက္ကသိုလ်များမှ အလွန် မြင့်မားသော ဂုဏ်ထူးဆောင် စီးပွားရေးဘွဲ့များကို အပ်နှင်းခြင်း ခံရသူ ဖြစ်သည်။ စစ်ဖြစ်သောအခါ အမေရိကန်တပ်မတော်တွင် ဗိုလ်မှူးအဆင့်ဖြင့် (၁၉၁၇-၁၈)နှစ်များ၌ တာဝန်ထမ်းဆောင်ခဲ့သည်။ သူ့ရဲကောင်းဘွဲ့

တံဆိပ် သုံးခုရခဲ့သည်။ ပိုလိုချန်ပီယံ ဖြစ်သည်။ ယခု အသက်. . . ရုပ်ရည်အားဖြင့် (၃၅) မှတ်တမ်းများအရ. . . (၄၂)။

လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ဖေဖေ့ဆီသို့ သူ လာခဲ့သည်ကို ကျွန်တော် မှတ်မိနေသည်။ ဖေဖေ့ကုမ္ပဏီထဲသို့ ငွေထပ်ထည့်ပြီး တိုးချဲ့ရန် ဖြစ်သည်။ ဖေဖေက လက်မခံဘဲ ငြင်းပယ်ခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ဖေဖေက ကျွန်တော့်ကို အောက်ပါအတိုင်း ပြောပြခဲ့ဖူးသည်။

*"ငါ့သား သူတို့လုပ်ချင်တဲ့ အစီအစဉ်တွေဟာ ဘယ်လောက်ပဲ ကောင်းကောင်း၊ သူတို့ ငါးများချိတ်ကို မဟပ်မိစေနဲ့၊ ဘာကြောင့်လဲဆိုတော့ လုပ်ငန်းကြီးတစ်ခုလုံးကို သူတို့ကပဲ ဦးစီးပြီးလုပ်သွားလိမ့်မယ်။ မင်း ဘာမှ လုပ်ရတော့မှာ မဟုတ်ဘူး။ သူတို့က မင်းကို ပိုက်ဆံတော့ ပေးလိမ့်မယ်။ လောကမှာ ပိုက်ဆံက အရေးမကြီးဘူး။ လုပ်ပိုင်ခွင့်က အရေးကြီးတယ်။ အဲဒီ လုပ်ပိုင်ခွင့်ကိုတော့ သူတို့က ပေးမှာ မဟုတ်ဘူး"*

ဖေဖေ ပြောခဲ့သည့် စကားများကို ကျွန်တော် ပြန်ကြားယောင်နေမိသည်။ ကျွန်တော်သည် ရှက်ဖီးကို ပြန်ကြည့်ပြန်၏။

"ပေးချေရမယ့်ငွေတွေနဲ့ ပတ်သက်ပြီး ခင်ဗျား ဘယ်လို အာမခံချက်ပေးမလဲ"

ကျွန်တော့်စကား ဆုံးသောအခါ စာကြည့်နှင့် အဝေးကြည့်မှန် နှစ်ထပ်ရောထားသည့် မျက်မှန်နောက်မှ သူ၏ မျက်လုံးများသည် အရောင်တောက်လာသည်။

"ကျွန်တော်တို့က တခြားနဲ့ ကန်ထရိုက် လုပ်ထားပါတယ် မစ္စတာကော့"

သူ့အသံသည် အံ့ဩစရာကောင်းလောက်အောင် လေးနက်နေသည်။ သူသည် ကျွန်တော် မေးသည်ကို မဖြေ။ သို့သော်လည်း ကန်ထရိုက်စာချုပ်ပေါ်တွင်ရှိမည့် စတီးဝပ် ကုမ္ပဏီကသာ အာမခံရမည် ဖြစ်သည်။

"ကျွန်တော် မေးတာကို မဖြေရသေးဘူးနော် မစ္စတာရှက်ဖီး။ ငွေနဲ့ပတ်သက်ပြီး ဘယ်လို အာမခံချက်ပေးမှာလဲလို့ ကျွန်တော် မေးခဲ့ပါတယ် ခင်ဗျာ။ ကျွန်တော်ဟာ ဘဏ်လုပ်ငန်းရှင်တစ်ယောက် မဟုတ်ပါဘူး။ ပြီးတော့ ဝေါလမ်းမကြီးက စီးပွားရေးသမားလည်း မဟုတ်ပါဘူး။ ကျွန်တော်ဟာ ဗဟုသုတ အလွန် နည်းပါးတဲ့ လူငယ်လေးတစ်ယောက်သာ ဖြစ်ပါတယ်။ သူ့အဖေဆုံးသွားတဲ့အတွက် ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းကထွက်ပြီး မလွှဲသာမရှောင်သာ အလုပ်ဝင်လုပ်နေရသူ ဖြစ်ပါတယ်။ ဒီအလုပ်သဘောတွေကိုလည်း ကျွန်တော် နားလည်တာ မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော် ဘဏ်ကိုသွားပြီး ငွေချေးတဲ့အခါမှာ ဒီအကြောင်းတွေကို သိခဲ့ရပါတယ်။ သူတို့ ကျွန်တော့်ကို ငွေမချေးခင်မှာ သူတို့နဲ့ပတ်သက်ပြီး အာမခံချက် တစ်ခုခု ပေးရမယ်လို့ တောင်းဆိုခဲ့ပါတယ်။ မြေတို့လို၊ အပေါင်ပစ္စည်းတစ်ခုခုလို၊ အာမခံစာချုပ်လို ဆိုတာမျိုးတွေပေါ့လေ။ တန်းဖိုးရှိတာ တစ်ခုခု တောင်းပါတယ်။ ကျွန်တော် အခု မေးတာကလည်း အဲဒီအတိုင်းပါပဲ"

ဟု ကျွန်တော်က အလွန် နူးညံ့သိမ်မွေ့စွာ ပြောသည်။

သူက အေးတိအေးစက်ပြုံးရင်း ပြန်မေး၏။

"ဟုတ်ပါပြီ မစ္စတာကော့။ အခု လုပ်တဲ့ ကုမ္ပဏီကြီးတွေရဲ့ ငွေရေးကြေးရေးကို မယုံကြည် စိတ်မချလို့လား"

"ကျွန်တော် ဒီလိုဆိုလိုတဲ့သဘောလည်း မဟုတ်ပါဘူး မစ္စတာရှက်ဖီး။ ကျွန်တော့်ထက် အသက်အရွယ်လည်း ပိုကြီးတဲ့ပုဂ္ဂိုလ်တွေ၊ အတွေ့အကြုံလည်း ပိုများတဲ့ ပုဂ္ဂိုလ်တွေ၊ အသိပညာလည်း ပိုကြီးတဲ့ ပုဂ္ဂိုလ်တွေက အခုခေတ်ကာလဟာ ဘာမှ မရေရာတဲ့ ခေတ်ကာလ ဖြစ်တယ်လို့ ကျွန်တော့်ကို ပြောကြပါတယ်။ စီးပွားရေးလုပ်ငန်းတွေလည်း အားလုံး ကျဆင်းပြီး ဈေးကွက်တွေ ပျောက်နေပါတယ်တဲ့။ တစ်ပြည်လုံးမှာရှိနေတဲ့ ဘဏ်တိုက်တွေလည်း ငွေကြေးမလုံမလောက် ဖြစ်နေကြပြီတဲ့။ နောင်တစ်နေ့မှာ ဘာဖြစ်မယ်ဆိုတာကိုလဲ ဘယ်သူမှ မပြောနိုင်ပါဘူးတဲ့။ ဒါကြောင့် ကျွန်တော့်ကို ဘယ်လို ငွေပေးမလဲဆိုတာကို သိချင်တာပါ၊ ဒါပါပဲ"

"ကုမ္ပဏီသစ်က ရှာလို့ရလာတဲ့ ဝင်ငွေပေါ်ကနေပြီး ခင်ဗျားငွေကို ပေးပါ့မယ်လို့ အာမခံပါတယ်"

"ဟုတ်ပြီ။ ကျွန်တော်က တစ်ဆင့်ခံ လိုင်စင်ကို ခွင့်ပြုလိုက်မယ်။ အဲဒီအခါမှာ ခင်ဗျားတို့က ပိုက်ဆံရမယ်။ အဲဒီ ပိုက်ဆံပေါ်ကနေပြီး ရာခိုင်နှုန်းနဲ့ ပေးသွားမယ်လို့ ဆိုလိုတာပေါ့"

ကျွန်တော်က ခေါင်းကို တဆတ်ဆတ် ညိတ်နေမိသည်။

"ဒီအတိုင်းပါပဲ"

ကျွန်တော်က စီးကရက်တစ်လိပ်နှိုက်ပြီး မီးညှိသည်။

"အခုအထိ ကျွန်တော် နားမလည်နိုင်သေးဘူးဗျာ။ ဘာဖြစ်လို့ ငွေအားလုံးကို တစ်ခါတည်း မပေးနိုင်ကြတာလဲ"

"ဒေါ်လာဆယ်သန်း ဆိုတာ အလွန် များတဲ့ငွေပဲ၊ အဲဒီ ကုမ္ပဏီကြီးတွေအဖို့ကိုလည်း အလွန် များတဲ့ငွေပါ။ ဒါကြောင့် ကျွန်တော်တို့ ဒီမှာ စကား လာပြောနေကြတာပါ"

"ဪ ကျွန်တော့်ကို ကြိုတင်ငွေပေးမယ်လို့ ဆိုလိုတာပေါ့"

"အို မဟုတ်ပါဘူး။ ဒီလိုဆိုလိုတာ မဟုတ်ပါဘူး။ ကျွန်တော်တို့မှာ ကုမ္ပဏီအသစ်အတွက် ငွေရင်းငွေနှီးတွေ မြှုပ်နှံရဦးမယ်။ အစုရှယ်ယာတွေ ရှာရဦးမယ်။ အဲဒါတွေအတွက်ကချည်း ဒေါ်လာသန်းပေါင်း မြောက်မြားစွာ ကုန်ရမှာပါ"

ဟု သူက ကျွန်တော့်အမေးကို ခပ်သွက်သွက် ပြန်ငြင်းရင်း ရှင်းပြသည်။

"ခင်ဗျားရဲ့ ပွဲခ အပါအဝင်လား"

"ဟုတ်ပါတယ်၊ ဒါက ထုံးစံပါပဲ"

"ထုံးစံဆိုတာ ဟုတ်ပါတယ်လေ"

သူက ကျွန်တော့်ကို အားတက်သရော ကြည့်လိုက်သည်။ မျက်မှောင်ကုတ်ပြီး ကြည့်လိုက်သည်။

"မစ္စတာကော့၊ ကျွန်တော်တို့ အနေအထားနဲ့ပတ်သက်ပြီး ကန့်ကွက်ချင်လို့လား"

"မဟုတ်ပါဘူးဗျာ။ ကျွန်တော်နဲ့ ဘာဆိုင်တာမှတ်လို့။ ကိုယ်နဲ့မဆိုင်တဲ့အလုပ်ကို ဘယ်လို လုပ်ပါ၊ ဘယ်လို ကိုင်ပါလို့ ကျွန်တော် မပြောနိုင်ပါဘူး။ ကျွန်တော့်အလုပ်နဲ့ ကျွန်တော်တောင် ဂျင်ခြေလည် ဖြစ်နေတာပါ"

"ဒါပေမယ့် ကျွန်တော်တို့ လုပ်ငန်းနဲ့ပတ်သက်ပြီး မစ္စတာကော့ သံသယဖြစ်နေတယ်လို့ ကျွန်တော် ထင်ပါတယ်"

"ဟုတ်ပါတယ်။ ကျွန်တော် ထုတ်လုပ်ထားတဲ့ ပစ္စည်းတွေကို တစ်ဆင့်ခံလိုင်စင်ယူတဲ့အတွက် ကျွန်တော်ဟာ ဒေါ်လာဆယ်သန်း ရရမယ်လို့ ထင်ထားတာလည်း ပါပါတယ်။ အခုတော့ ကျွန်တော်ဟာ ဒေါ်လာဆယ်သန်း ရရမယ်ဆိုတဲ့ အာမခံချက်ပဲရတယ်။ ငွေလက်ငင်းရဖို့နဲ့၊ ငွေလက်ငင်းမပေးဘဲ အာမခံချက်သာ ပေးမယ်ဆိုတဲ့ အချက်နှစ်ချက်ထဲမှာ ကွဲလွဲနေတာ နှစ်ခုပါပါတယ်။ ပထမအချက်က ကျွန်တော့်ကို ငွေလက်ငင်း အကြေပေးလိုက်မယ်ဆိုရင် ကျွန်တော်က အပြီးအပိုင် ရောင်းလိုက်တဲ့သဘောပဲ၊ ဒုတိယအချက်က ငွေလက်ငင်းမပေးဘဲ အာမခံချက်သာ ပေးတယ်ဆိုတဲ့အတွက် ခင်ဗျားတို့ လုပ်ငန်းထဲမှာ ကျွန်တော်က အစုရှင်တစ်ယောက်အဖြစ် ပါဝင်လာတယ်လို့ ကျွန်တော် နားလည်ပါတယ်။ ကျွန်တော် အစုရှင်အဖြစ်နဲ့ ပါလာရတဲ့နေရာမှာလည်း ကန့်သတ်ချက်ကြီးနဲ့ ဖြစ်နေပါတယ်"

"ဒီ သဘောတူညီချက်ကို ခင်ဗျား ကန့်ကွက်ပါသလား မစ္စတာကော့"

"မကန့်ကွက်ပါဘူး။ ကျွန်တော်ဟာ ဘယ်နေရာမျိုးကို ရောက်သွားသလဲဆိုတာ သိရအောင် မေးကြည့်တာပါ"

"ကောင်းပါလေ့ဗျာ။ ဒါဖြင့်ရင် ကျွန်တော်တို့ လက်မှတ်ထိုးဖို့ ပြင်ဆင်ကြရအောင်" ရှက်ဖီးသည် အလုံးကျသွားသည့် အပြုံးမျိုးဖြင့် ပြုံးလိုက်သည်။

"နေပါဦးလေ။ ဒီအဆင့် မရောက်သေးပါဘူး"

ဟု ကျွန်တော် ပြောလိုက်သောအခါ သူ့မျက်နှာပေါ်မှ စိတ်အေးသွားသည့် အပြုံးသည် ချက်ချင်း ကွယ်ပျောက်သွားတော့သည်။

"ဒီလို စွန့်စားရမယ့် အလုပ်တစ်ခုထဲမှာ ကျွန်တော် အစုရှင်တစ်ယောက်အနေနဲ့ ဒါရမယ်ဆိုရင် ကျွန်တော့် စက်ပစ္စည်းများအတွက် ဒေါ်လာဆယ့်ငါးသန်း သတ်မှတ်ပေးရပါ

မယ်။ ဆယ်သန်းနဲ့ မရပါဘူး"

ခေတ္တတော့ သူတို့အားလုံး အံ့အားသင့်ပြီး တိတ်ဆိတ်သွားကြသည်။ ပြီးမှ အားလုံးက စကားပြောရန် တစ်ပြိုင်တည်း ပါးစပ်ဟလိုက်ကြသည်။

"ခင်ဗျား ဆယ်သန်းနဲ့ သဘောတူခဲ့တာပဲ"

ဟု ရှက်ဖီးက ကန့်ကွက်ပြောဆိုသည်။

"မဟုတ်ရပါဘူးဗျာ။ ခင်ဗျားနဲ့ ကျွန်တော်နဲ့တွေ့တာ ဒါ ပထမဦးဆုံးအကြိမ်ပဲ"

သည်နေရာတွင် မက်အယ်လစ္စတာက ဝင်ပြောသည်။

"နေပါဦး ဂျိုနတ်စ်၊ ဆယ်သန်းနဲ့ ကမ်းလှမ်းတာကို မင်း နားထောင်နေခဲ့တယ်လို့ ငါ နားလည်ပါတယ်"

"ဟုတ်တယ်။ ကျွန်တော် နားထောင်နေခဲ့တယ်"

"မင်းအတွက် ကောင်းဖို့ကို ငါ လုပ်ခဲ့ပါတယ်။ စောစောက သဘောတူ စေ့စပ်ခဲ့ကြတဲ့အတိုင်း မလုပ်ဘူးဆိုရင် ဒီအမှုထဲမှာ ငါ မပတ်သက်ချင်ဘူး။ စောစောက သဘောတူထားကြတဲ့အတိုင်း မလုပ်ဘူးဆိုရင် ငါ အလုပ်က ထွက်တယ်"

သူ့မျက်နှာပေါ်တွင် ရှေ့နေတစ်ယောက်၏မာနမျိုးကို ကျွန်တော် မြင်တွေ့လိုက်ရသည်။

"ခင်ဗျား ကြိုက်သလို ဆုံးဖြတ်နိုင်တယ်"

ကျွန်တော်ကလည်း သူ့ကို မျက်နှာထားဖြင့် ကြည့်နေသည်။ မက်သည် ဒေါသထွက်သာပုံရ၏။

"မင်းဟာ မင်းကိုယ်မင်း သိပ်အထင်ကြီးလွန်းတယ်။ မင်းပါးစပ်မှာ နို့နံ့မစင်ခင်ကတည်းက မင်း ဒီအကျင့်ရှိခဲ့တာကို ငါ သိတယ်"

ကျွန်တော်လည်း သူ့စကားကြောင့် ထောင်းခနဲ ဒေါသထွက်သွားသည်။

"ခင်ဗျားဟာ ရှေ့နေပီပီ မနေဘူး။ ကျုပ် အလုပ်ထဲမှာ ဝင်စွက်တယ်၊ ဆုံးဖြတ်ချက်ကို ကျုပ် ချချင်သလို ချနိုင်တယ်။ ဒါတွေအားလုံး ကျုပ် ပိုင်တဲ့ပစ္စည်း၊ ရောင်းပစ်ပစ်၊ အလကားပေးပစ်ပစ်၊ ကျုပ် ကြိုက်တာ ကျုပ် လုပ်နိုင်တယ်။ ခင်ဗျားဟာ ကျုပ်ပေးတဲ့လခကိုယူပြီး ကျုပ် အလုပ်ကို လုပ်ပေးနေရတဲ့လူ၊ ခင်ဗျား ဒါကို မြဲမြဲမှတ်ထား"

မက်၏ မျက်နှာသည် တဖြည်းဖြည်း ဖြူဖတ်ဖြူရော် ဖြစ်လာသည်။ သူ့ခေါင်းထဲမှာ အလွန် အလုပ်များသွားပြီဖြစ်ကြောင်း ကျွန်တော် အကဲခတ်မိလိုက်သည်။ သူ့ကို တစ်နှစ်လျှင် ဒေါ်လာတစ်သိန်း ကျွန်တော် ပေးထားသည်။ အမြတ်အစွန်းပေါ်တွင်လိုက်၍ လုပ်အားဆုများကိုလည်း ပေးသေးသည်။ ပြီးတော့ အိမ်အလကားနေခွင့် ပေးထားသည်။ သူ့ကလေးများ၏ ကျောင်းစရိတ်အားလုံးကိုလည်း ကျွန်တော်က တာဝန်ယူထားသည်။ သည်ပတ်ဝန်းကျင်မှာ သူ ရရှိနေသည့် အရှိန်အဝါသည်လည်း ကျွန်တော့်ကြောင့် ဖြစ်သည်။ တစ်နှစ်လျှင် ဝင်ငွေ ခြောက်သောင်းမျှသာ ရနိုင်သည့်အလုပ်ကိုစွန့်ပြီး ကျွန်တော့်ဆီတွင် ဝင်လုပ်ခဲ့သည်နှင့် ပတ်သက်၍လည်း သူ ပြန်စဉ်းစားသင့်သည်။

သို့သော် သူနှင့်ပတ်သက်၍ ကျွန်တော် စိတ်မကောင်း မဖြစ်နိုင်တော့။ သူ ဘာလုပ်ခဲ့သည်ကို သူ ကောင်းစွာသိသည်။ ကျွန်တော့်ဆီမှာ အလုပ်ဝင်စဉ်က သူ လိုချင်သည့် စည်းကမ်းချက်များအတိုင်း ကန်ထရိုက်စာချုပ်ကို သူ့သဘောနှင့် သူ ရေးဆွဲခဲ့သည်။ ကျွန်တော် ဘာတစ်ခုမှ မငြင်းဆိုခဲ့။ သူ ပိုက်ဆံလိုချင်သည်။ သူ လိုချင်သည့် ပိုက်ဆံကို ကျွန်တော်က ပေးသည်။ သည်ကိစ္စများနှင့် ပတ်သက်ပြီး သူက စောဒကတက်ချင်သေးသပဆိုလျှင် အလွန် အချိန်နောက်ကျသွားပြီ ဖြစ်သည်။

အခြားသူများကို ကျွန်တော် လှည့်ကြည့်လိုက်သည်။ သူတို့အားလုံးက ကျွန်တော်တို့နှစ်ယောက်ကို ကြည့်နေကြသည်။ မက်အတွက် သူတို့ စိတ်ကောင်းသည် ဖြစ်စေ၊ စိတ်မကောင်းသည် ဖြစ်စေ သူတို့ ကျွန်တော့် အခွင့်အရေးတစ်ခု ပေးရမည်ဖြစ်ကြောင်း နားလည်လိုက်သည်။ ထို့ကြောင့် ကျွန်တော့်အသံကို အလွန် ရင်းနှီးသည့် အသံမျိုးသို့ပြောင်းကာ ကျွန်တော်က စကားပြန်ဆက်လိုက်သည်။

"ကဲပါ မက်။ ဒါတွေ ထားလိုက်ပါတော့။ အဓိပ္ပာယ်မရှိတာတွေ ကျွန်တော်တို့နှစ်ယောက်ကြားကို ရောက်လာအောင် ကျွန်တော်တို့ လုပ်လိုက်ကြတာပဲ။ မေ့ပစ်လိုက်ပါ။ သဘောတူညီမှုတစ်ခု ကျွန်တော်တို့ ပြန်လုပ်ကြတာပေါ့။ အရေးအကြီးဆုံးက ခင်ဗျားအလုပ်အတွက် ကန်ထရိုက်စာချုပ်အသစ်တစ်ခု ပြန်လုပ်ဖို့ပဲ။ ဒါမှပဲ တခြား သူခိုး၊ ဓားပြတွေက ခင်ဗျားကို ကျွန်တော့်ဆီက မသွားအောင် အကာအကွယ် လုပ်နိုင်မယ်"

သူ့မျက်နှာထဲမှာ စိတ်သက်သာရာ ရသွားသည့် အရိပ်အယောင်များကို ကျွန်တော်မြင်တွေ့လိုက်ရသည်။

"ကောင်းပါတယ် ဂျိုနတ်စ်။ တို့နှစ်ယောက်ဟာ သိပ်ကို အလုပ်ပင်ပန်းနေကြလို့ ဒီလို ဖြစ်သွားရတာပါ။ ငါက ဒီကိစ္စ စေ့စပ်နေရလို့ ပင်ပန်းတယ်။ မင်းက စံချိန်သစ်တင်တဲ့ ပျံသန်းမှုကို လုပ်ခဲ့ရတဲ့အတွက် ပင်ပန်းတယ်။ မင်း ငါ့ကို ပြောခဲ့တာနဲ့ ပတ်သက်ပြီး ငါ နားလည်မှု လွဲသွားတာပါ"

မက်သည် အခြားသူများဘက်သို့ လှည့်လိုက်သည်။

"ကျွန်တော် ဝမ်းနည်းပါတယ် လူကြီးမင်းများ ခင်ဗျာ။ ဒါဟာ ကျွန်တော့် အမှားပါ။ လူကြီးမင်းများကို လမ်းမှားရောက်အောင် ကျွန်တော် တွန်းပို့တာ မဟုတ်ပါဘူး။ မစ္စတာကော့ ပြောခဲ့တာကို ကျွန်တော် နားလည်မှု လွဲသွားလို့ ဖြစ်ရတာပါ။ ကျွန်တော် တောင်းပန်ပါတယ်"

မက်က အလွန် နူးညံ့ပျော့ပျောင်းစွာ ရှင်းပြပြီး တောင်းပန်သည်။ အခန်းထဲမှာ တိတ်ဆိတ်နေသည်။ မည်သူကမျှ စကားမပြော။ ကျွန်တော်သည် ပြုံးပြီးထလိုက်သည်။ အပေါ်သွားရန် ခြေလှမ်းလိုက်ရင်း. . .

"ဒီကိစ္စကလေးအတွက် ကျွန်တော်တို့ အစည်းအဝေးကို ရပ်ပစ်လိုက်ဖို့အကြောင်း မရှိပါဘူး"

ဟု ပြောခဲ့သည်။

အခန်းထဲမှာ ပထမဦးဆုံး စတင်လှုပ်ရှားသူသည် ရှက်ဖီး ဖြစ်သည်။ သူ့လူများနှင့် တီးတိုးတိုင်ပင်နေသည်။ ကျွန်တော် ပြန်ဝင်လာသောအခါ ရှက်ဖီးက ဆီးပြောသည်။

"ဒီလို လုပ်ကြရအောင်၊ ခင်ဗျားကလည်း လျှော့ပေး၊ ကျွန်တော်တို့ကလည်း တိုးပေးမယ်၊ (၁၂) သန်းခွဲ"

သည်လုပ်ငန်းကို သူတို့ အလွန် လိုချင်နေကြပြီဖြစ်ကြောင်း ထင်ရှားသည်။ ဤမျှ အချိန်တိုတိုကလေးအတွင်း နှစ်သန်းခွဲ တိုးလာသည်။ ကျွန်တော်သည် ခေါင်းယမ်းလိုက်မိသေး၏။ ပြီးမှ ခေါင်းထဲမှာ အကြံတစ်ခု ပေါ်လာသည်။

"ခင်ဗျား အကြောင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အဖေဆီက အများကြီး ကြားခဲ့ဖူးပါတယ် မစ္စတာရှက်ဖီး။ ခင်ဗျားဟာ တကယ့် အားကစားစိတ်ဓာတ် အပြည့်အဝရှိတဲ့ လူလို့ ဖေဖေက ပြောဖူးပါတယ်။ ပြီးတော့ ဘယ်အရာမှာမဆို အလောင်းအစား လုပ်လေ့လည်း ရှိတယ်လို့ ဆိုပါတယ်"

သူ့မျက်နှာပေါ်မှာ အပြုံးရိပ် ပေါ်လာသည်။

"ဟုတ်ပါတယ်။ တစ်ချိန်ကတော့ ဟုတ်ခဲ့ပါတယ်"

"ကျန်တဲ့ နှစ်သန်းခွဲအတွက် ခင်ဗျားနဲ့ ကျွန်တော် အလောင်းအစား လုပ်ရအောင်ပါ။ ခင်ဗျား ဟိုနေရာကရပ်ပြီး ဟောဟိုက ကြွေခွက်ထဲကို ရောက်အောင် ရှူးရှူး လှမ်းပန်းရမယ်။ ရောက်အောင် ပန်းနိုင်ရင် (၁၂) သန်းခွဲ၊ မရောက်ရင် (၁၅) သန်း"

လေးပေအကွာတွင်ရှိသော ကြွေခွက်ကို ကျွန်တော်က လက်ညှိုးထိုးပြသည်။ သူ့ပါးစပ် ဟောင်းလောင်းပွင့်သွားသည်။

"မစ္စတာကော့"

"ကျွန်တော့်ကို ရင်းရင်းနှီးနှီးပဲ ဂျိုနတ်စ်လို့ ခေါ်နိုင်ပါတယ်။ ဒါဟာ ဒေါ်လာနှစ်သန်းခွဲတန်တယ် ဆိုတာကို သတိရပါ"

ကျန်လူများကို သူ လှည့်ကြည့်၏။ အားလုံးကလည်း သူ့ကို ကြည့်နေကြသည်။ ပြီးတော့ ကျွန်တော့်ကို ကြည့်ကြသည်။ နောက်ဆုံး မာလွန်ဆေးကုမ္ပဏီမှ ကိုယ်စားလှယ်က

ဝင်ပြောသည်။

"ဒေါ်လာနှစ်သန်းခွဲတောင် မာတင်၊ ကျုပ် ဆိုရင်တော့ လုပ်တယ်"

ရှက်ဖီးသည် ခေတ္တ အမ်းတမ်းတမ်း ဖြစ်နေသေးသည်။ မက်ကို သူ လှမ်းကြည့်သည်။ မက်က သူ့အကြည့်ကို မခံဘဲ မျက်နှာလွှဲလိုက်သည်။ ပြီးတော့ ကြွေခွက်ဆီသို့ သူ လျှောက်သွားသည်။ သူ့လက်နှစ်ဖက်ကလည်း ဘောင်းဘီကြယ်သီးဆီသို့ ရောက်သွားသည်။ သူက ကျွန်တော့်ကို ပြန်ကြည့်သည်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ ဘာမှ မဖြစ်။ သူ ဘာမှ မလုပ်။ ထိုနေရာမှာပင် မတုန်မလှုပ် သူ ရပ်နေသည်။ သူ့တစ်မျက်နှာလုံးမှာ ရဲရဲနီနေပြီး ခဏကြာသွားသည်။ နောက်ထပ် တစ်ခဏကြာသွားပြန်သည်။ သူ့မျက်နှာသည် နီမြန်နေသည်။ သူ ရှူရှူမပန်းရဲ။

တိတ်ဆိတ်မှုကို ကျွန်တော်က စတင်ဖောက်ဖျက်လိုက်သည်။

"ကောင်းပြီ မစ္စတာရှက်ဖီး။ ကျွန်တော် အရှုံးပေးလိုက်ပါတယ်၊ ခင်ဗျား အနိုင်ရပါတယ်။ ဒါကြောင့် ဆယ့်နှစ်သန်းခွဲနဲ့ ကျွန်တော် သဘောတူပါတယ်"

သူသည် ကျွန်တော့်မျက်နှာကို စိန်းစိန်းကြည့်နေ၏။ ကျွန်တော့်စိတ်ထဲမှာ ဘာရှိသည်ကို အကဲခတ်နေသည်။ ကျွန်တော်က ကျွန်တော့်မျက်နှာကို ဘာမှ မဖြစ်သလို လုပ်ထားလိုက်သည်။ ကျွန်တော်က သူ့ဆီသို့ လက်ကို ဆန့်တန်းပေးလိုက်သည်။ ခေတ္တတော့ သူ ကြောင်ငေးကြည့်နေသေး၏။ ပြီးတော့မှ ကျွန်တော့်လက်ကို ဝမ်းသာအားရ ဖမ်းဆွဲလိုက်သည်။

"ကျွန်တော် ခင်ဗျားကို ရင်းရင်းနှီးနှီးပဲ မာတင်လို့ ခေါ်နိုင်မလား"

ဟု ကျွန်တော်က မေးသည်။

သူက ခေါင်းညိတ်ပြသည်။ ပါးလွှာသော သူ့နှုတ်ခမ်းပေါ်မှာ အပြုံးပန်းများ ပွင့်လာသည်။

"ရင်းရင်းနှီးနှီးပဲ ခေါ်ပါဗျာ"

ကျွန်တော်ကလည်း ရင်းရင်းနှီးနှီးပင် သူ့လက်ကို လှုပ်ယမ်းလိုက်သည်။

"မာတင် ဘောင်းဘီကြယ်သီးလေး ပြန်တပ်လိုက်ပါဦးနော်"

(၃)

မက်အယ်လစ္စတာသည် ကန်ထရိုက်စာချုပ်တွင် လိုအပ်သည့် အပြောင်းအလဲများကို ပြုလုပ်ပြီး ထိုနေရာမှာပင် ကျွန်တော်တို့ လက်မှတ်ရေးထိုးလိုက်ကြသည်။ ဧည့်ခန်းထဲသို့ ကျွန်တော်တို့ ထွက်လာသောအခါ နံနက် လေးနာရီခွဲ ရှိပြီ။ ဓာတ်လှေကား ရှိရာသို့ ကျွန်တော် သွားမည်အပြုတွင် အေမော့စ်ဝင်းသရော့က ကျွန်တော့်ပခုံးကို လှမ်းဆွဲလိုက်သည်။ ကျွန်တော်က သူနှင့် စကား မပြောချင်ပါ။

"မနက်အထိ မစောင့်နိုင်ဘူးလား အေမော့စ်။ ကျွန်တော် မအိပ်ရသေးဘူး"

ကျွန်တော် အိပ်ချင်သည် ဆိုခြင်းမှာ ဘာအတွက်ဖြစ်သည်ကို နားလည်ပါသည် ဟူသည့် အပြုံးမျိုး သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။ ကျွန်တော့်ပခုံးကို သူ ညှစ်လိုက်သည်။

"မင်း အိပ်ချင်တာဟာ ဘာအတွက်ဆိုတာ ငါ သိပါတယ် ကလေးရယ်၊ ဒါပေမယ့် အခုဟာက အရေးကြီးလွန်းလို့"

"အရေးကြီးလည်း မတတ်နိုင်ဘူးဗျာ"

ဓာတ်လှေကားတံခါး ပွင့်လာသည်။ ကျွန်တော် အတွင်းသို့ ဝင်လိုက်၏။ အေမော့စ်တလည်း ကျွန်တော်နှင့်အတူ ဝင်လိုက်လာသည်။ ဓာတ်လှေကားမောင်းသူက တံခါးပိတ်ရန် ပြင်လိုက်သည်။

"ခဏနေပါဦး"

ဟု ကျွန်တော်က တားလိုက်၏။ တံခါးပွင့်သွားသောအခါ ကျွန်တော် အပြင်သို့ ပြန်ထွက်လိုက်သည်။

"ကဲ. . . ပြော၊ ဘာလဲ"

ထိုင်ခုံတစ်ခုရှိရာသို့ လျှောက်လာခဲ့ပြီး ထိုင်လိုက်သည်။

"နောက်ထပ် ငွေတစ်သောင်းလောက် ငါ လိုနေပြန်ပြီ"

ဟု သူက ပြောသည်။

သူ့ကို ကျွန်တော် စိုက်ကြည့်နေမိသည်။ သူ ဘိုင်ကျနေသည်ဆိုခြင်းမှာ အံ့ဩစရာ အကြောင်း မရှိ။ ငွေလုပ်သည့်စက်က ငွေစက္ကူများကို အချိန်မီ ရိုက်မပြီးမီမှာပင် သူ့လက်ထဲက ငွေစက္ကူများ ကုန်သွားတတ်သည့် လူစားမျိုး ဖြစ်သည်။

"ခင်ဗျား ရှယ်ယာအတွက် ရတဲ့ပိုက်ဆံတွေ ဘယ်ရောက်ကုန်ပြီလဲ"

"ကုန်ပြီ။ ငါ့မှာ ကြွေးတွေ ဘယ်လောက် ပတ်ချာဝိုင်းနေတယ်ဆိုတာ မင်း သိတယ် မဟုတ်လား"

ကျွန်တော် သိပါတယ်။ လူတိုင်းသည် သူ့အကြွေးရှင်များ ဖြစ်သည်။ ဒေါ်လာ ငါးသောင်းသည် သူ့အကြွေးရှင်များ၊ သူ၏ ဇနီးဟောင်းများကို ခွဲဝေပေးလိုက်ခြင်းဖြင့် ကုန်ပြီ ဖြစ်သည်။ သူ့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ သူသည် ကုမ္ပဏီအတွက် တစ်ခုခု တော့ လုပ်ပေးနိုင်ဖို့ကောင်းသည်။ သည်တိုင်းပြည်တွင်းရှိ အတော်ဆုံး လေယာဉ်ပျံပုံစံ ထုတ်လုပ်သူများထဲမှာ သူလည်းတစ်ယောက် အပါအဝင် ဖြစ်ခဲ့သည်။

"ဒီလို ကြိုတင်ငွေ ပေးဖို့ဆိုတာ ခင်ဗျား ကန်ထရိုက်စည်းကမ်းထဲမှာ မပါဘူးနော်"

"ငါ သိပါတယ်ကွာ။ ဒါပေမယ့် သိပ်ကို အရေးကြီးလွန်းလို့ နောက်ကို ငါ မတောင်း တော့ပါဘူး။ ကတိပေးပါတယ်။ အခုဟာက မော်နီကာအတွက်"

"မော်နီကာ သူ ဘာဖြစ်လို့လဲ"

သူ့ကို ကျွန်တော် ကြည့်လိုက်၏။ သည်လိုဆိုလျှင်တော့ သိပ်မဆိုး။

"အင်္ဂလန်မှာရှိတဲ့ သူ့အမေဆီကို ပို့ထားချင်တယ်။ ဒီသမီးအတွက် ကုန်ကျစရိတ် တွေက များလွန်းတယ်။ ငါ မတတ်နိုင်ဘူး။ သူ့ကိုလည်း ငါ ထိန်းလို့မရဘူး။ အကောင် တစ်ကောင်နဲ့လည်း ရှုပ်နေတယ်ကွာ"

"ဘယ်ကောင်လဲဆိုတာ မသိဘူးလား"

သူက ခေါင်းယမ်းပြသည်။

"မသိလို့ပေါ့ကွာ၊ သိရင် ဒီကောင်ကို ငါ သတ်မယ်။ ငါ့သမီးက အပြစ်မဲ့။ ဘာမှ နားလည်သေးတာ မဟုတ်ဘူး"

ကျွန်တော် ဣန္ဒြေမပျက်အောင် မျက်နှာကို ခပ်တည်တည် လုပ်ထားလိုက်သည်။ အချစ်တွင် မျက်စိ မရှိ။ သို့သော် မိဘများက ပိုပြီး ကန်းတတ်ကြသည်။

"ခင်ဗျား သူ့ကို ပြောမပြဘူးလား"

"ပြောဖို့ ငါ ကြိုးစားပါတယ်၊ ဒါပေမယ့် အပြောမခံဘူး။ ဒီခေတ်လူငယ်တွေ အကြောင်း မင်း သိတဲ့အတိုင်းပဲ။ ကျောင်းမှာ အတတ်ပေါင်းစုံတတ်ခဲ့ကြတာ။ သူတို့ကို ဘာမှ သွန်သင်ဆုံးမလို့ မရဘူး။ သူ (၁၆)နှစ်သမီးတုန်းက သူ့ကျောင်းလွယ်အိတ်ထဲမှာ မဟုတ်တဲ့ စာအုပ်တွေ တွေ့ခဲ့ရတယ်"

ထိုစဉ်ကတည်းက သမီးကို သူ ဆုံးမခဲ့ဖို့ကောင်းသည်။ ယခု သုံးနှစ်လောက်နောက် ကျသွားပြီ။ မော်နီကာသည် ယခု (၁၉)နှစ် ရှိနေပြီ ဖြစ်၏။

"ခင်ဗျားလိုလူမျိုးက တစ်ခုခုလုပ်ဖို့ ကောင်းတာပေါ့ဗျ"

"ဘယ်လို လုပ်ရမှာလဲ။ အခန်းထဲထည့်ပြီး သော့ပိတ်ထားရမှာလား"

ကျွန်တော်က သူ့ကို ခေါင်းယမ်းပြလိုက်သည်။

"ခင်ဗျားဟာ သူ့အဖေ ပီသအောင် နေဖို့ကောင်းတာကို ပြောတာ"

"အောင်မယ် မင်းက ဘာကြောင့်များ ဒီကိစ္စမျိုးမှာ ဒါလောက် ကျွမ်းကျင်သွားရတာ လဲ။ မင်းကိုယ်တိုင် သားသမီးရပြီးရင် ဒီစကားမျိုး မင်း မပြောဘူး"

ကျွန်တော့်မှာ အဖေ ရှိခဲ့ကြောင်း။ ထိုအဖေသည် သူ့ဘဝတစ်ခုလုံး သူ့အလုပ်ထဲမှာသာ မြုပ်နှံထားကြောင်း၊ ထို့ကြောင့် အဖေမဲ့သော သားအဖြစ်မျိုးနှင့် ကျွန်တော် ငြီးငွေ့ခဲ့ရ ကြောင်း၊ ကျွန်တော့်ခြေထောက်ပေါ်မှာသာ ကျွန်တော် ရပ်ခဲ့ရကြောင်းများကို ကျွန်တော် ပြောပြလိုက်ဖို့ ကောင်းသည်။

"ကဲ ပိုက်ဆံကိစ္စက ဘယ်လိုလဲ"

"ကျွန်တော် ပေးမယ်"

ဟု ပြောရင်း သူ့အပေါ် မုန်းတီးစိတ်သည် ကျွန်တော့်ရင်ထဲမှာ ရုတ်တရက် ဖြစ်ပေါ်လာသည်။ သည်လိုလူမျိုးကို ကျွန်တော့်အနားမှာ ဘာကြောင့် ထားတော့မည်နည်း။ သူတို့သည် မှော့နှင့်တူ၏။ တွယ်မိလျှင် မခွာတော့။

"ကျွန်တော့်မှာ အကြောင်းတစ်ခု ရှိနေတဲ့အတွက် ခင်ဗျားကို ကျွန်တော် နှစ်သောင်းခွဲပေးမယ်"

"တကယ်လား ဂျိုနတ်စ်"

အံ့ဩခြင်းနှင့် စိတ်အေးသွားခြင်းတည်း ဟူသော အမူအရာများသည် သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။

"ဒါပေမယ့် စည်းကမ်းချက်တစ်ခုကိုတော့ ခင်ဗျား လိုက်နာရမယ်"

"ဘာကို ဆိုလိုတာလဲ"

ဟု သူက သတိထားသည့် အကြည့်မျိုးဖြင့် ကြည့်ရင်းမေးသည်။

"ခင်ဗျား အလုပ်ကထွက်တဲ့ နုတ်ထွက်စာကို ကျွန်တော် လိုချင်တယ်"

"ဝင်းသရော့ လေယာဉ်စက်ရုံကလား"

သူက မယုံကြည်သော လေသံမျိုးဖြင့် မေး၏။

"ကော့လေယာဉ်ပျံ ထုတ်လုပ်ရေးစက်ရုံက"

ကျွန်တော်က တည့်တည့်ပင် ပြန်ပြောသည်။ ဝင်းသရော့စက်ရုံကို သူ မပိုင်တော့။ ဝင်းသရော့စက်ရုံလည်း မဟုတ်တော့။ သူ့မျက်နှာပေါ်မှ အရောင်များ ပြယ်လွင့်သွားသည်။

"ဒါပေမယ့် ဒါပေမယ့် ဒီစက်ရုံကြီးဟာ ငါစပြီး တည်ထောင်ခဲ့တာပါကွာ။ မလွဲသာလို့ မင်းကို ရောင်းခဲ့ရတာပါ။ ဒီစက်ရုံအကြောင်းမှန်သမျှ အားလုံးကို ငါ သိပါတယ်။ ပြီးတော့ လေယာဉ်ပျံ အသစ်တစ်စင်း တည်ဆောက်ဖို့လည်း ငါ အစီအစဉ်တွေ ချထားတယ် မဟုတ်လား။ ဒီလေယာဉ်ပျံကို စစ်တပ်က အလွန် ကြိုက်မှာပါ"

"ပေးတဲ့ပိုက်ဆံကို ယူပါ အေမော့စ်။ ခင်ဗျား လုပ်စရာ ဒီတစ်လမ်းပဲ ရှိတယ်"

ကျွန်တော်သည် ထိုမျှသာပြောပြီး ဓာတ်လှေကား အခန်းတွင်းသို့ ဝင်လိုက်သည်။

"အပေါ်ကိုသွားရမလား မစ္စတာကော့"

ဟု လျှပ်စစ်လှေကားမောင်းသူက တံခါးပိတ်လိုက်ပြီး မေးသည်။ အလွန် အသုံးကျသောမေးခွန်း ဖြစ်သည်။ အပေါ်ထပ်မှတစ်ပါး အခြား ဘယ်သွားစရာများ ရှိသေးသနည်း။ ကျွန်တော်တို့ ရပ်နေခြင်းသည် မြေညီထပ်မှာ ဖြစ်သည်။

"ဟော့ကောင် ဧရဲပြည်ကို မောင်း"

ကျွန်တော် စိတ်မရှည်စွာဖြင့် အော်ပစ်လိုက်မိသည်။

ကျွန်တော် ဝင်သွားသောအခါ မော်နီကာသည် ခုတင်ပေါ်ရှိ ကျွန်တော့်၏ ညဝတ်အင်္ကျီများပေါ်မှာ လဲလျောင်းနေသည်။ အိပ်မပျော်တစ်ချက် ပျော်တစ်ချက် ဖြစ်နေ၏။ မျက်လုံးများကို ဖွင့်ကြည့်သည်။

"အားလုံး အဆင်ပြေရဲ့လား"

ကျွန်တော်က ခေါင်းညိတ်ပြ၏။ ရှပ်အင်္ကျီကိုချွတ်ပြီး ကုလားထိုင်ပေါ်သို့ ကျွန်တော် လှမ်းပစ်လိုက်သည်ကို သူ ကြည့်နေသည်။

"ဖေဖေက ဘာဖြစ်လို့ တွေ့ချင်တာတဲ့လဲ"

"သူ ထွက်စာပေးတာ"

အိပ်ရာပေါ်မှာ သူ ထထိုင်လိုက်သည်။ သူ့မျက်လုံးများသည် အံ့ဩမှုကြောင့် ပြူးကျယ်သွား၏။

"သူက ထွက်တယ်"

ကျွန်တော်က ခေါင်းညိတ်ရုံသာ ညိတ်သည်။

"ဘာဖြစ်လို့လဲ၊ ကျွန်မ အံ့ဩလိုက်တာ"

"သူကပြောတာ မင်းအတွက် တစ်ခုခု လုပ်ပေးရမယ်တဲ့။ အဖေတစ်ယောက် အဖြစ်နဲ့ မင်းနဲ့အတူတူနေဖို့ အချိန်လိုတယ်တဲ့"

သူသည် ကျွန်တော့်ကို ခဏကြည့်နေသေး၏။ ပြီးတော့မှ ရယ်ချလိုက်သည်။

"ဖြစ်မှဖြစ်ရလေတယ်၊ ကျွန်မ ဘဝတစ်လျှောက်လုံးမှာ အဖေတစ်ယောက်အနေနဲ့ သူ ဂရုစိုက်တာမျိုးကို လိုချင်တုန်းကတော့ ဂရုမစိုက်ခဲ့ဘူး။ အခု မလိုတော့မှ သူက ကျွန်မကို အဖေအဖြစ်နဲ့ ဂရုစိုက်ချင်ပြန်သတဲ့"

"သူ ဂရုစိုက်တာကို မလိုချင်တော့ဘူးလား"

သူ ခေါင်းညိတ်ပြပြီး ကျွန်တော့်ဆီသို့ လျှောက်လာသည်။ ကျွန်တော့်ရင်ဘတ်မှာ ခေါင်းမှီထားရင်း ဖြည်းလေးစွာ ပြောနေသည်။ သူ ပြောနေပုံမှာ ကလေးငယ်တစ်ယောက်က ပြောပြနေသကဲ့သို့ ဖြစ်သည်။ သို့သော်လည်း သူ့အသံများမှာ ယုံကြည်ချက် အပြည့်အဝ ပါနေသည်။

"မလိုတော့ပါဘူး မောင်ရယ်။ ဘယ်တော့မှ မလိုတော့ပါဘူး။ ကျွန်မဘဝမှာ မောင် ရှိနေပြီပဲ။ မောင်ဟာ ကျွန်မအဖို့ အားလုံးပဲ။ အဖေလည်း ဟုတ်တယ်၊ အစ်ကိုလည်း ဟုတ်တယ်၊ ချစ်သူလည်း ဟုတ်တယ်"

ကျွန်တော်သည် သူ့ဆံပင်များကို ညင်သာစွာ ပွတ်သပ်ပေးနေမိ၏။ အကြင်နာ တရားနှင့် ကရုဏာတရားသည် ကျွန်တော့်ရင်ထဲသို့ ရုတ်ခြည်းရောက်လာသည်။ (၁၉) နှစ် အရွယ်၌ အထီးကျန်ဖြစ်ရသည့် ဒုက္ခကို ကျွန်တော် ကောင်းကောင်း ခံစားတတ်ပါသည်။ သူ့ကို ကျွန်တော် ကိုယ်ချင်းစာနိုင်ပါသည်။

သူသည် ကျွန်တော့်ရင်ခွင်မှာမှီရင်း မျက်လုံးများကို မှိတ်ထားသည်။ သူ့နဖူးပေါ်မှာ ကျွန်တော့် နှုတ်ခမ်းများကို ဖိကပ်ထားလိုက်မိသည်။

"အိပ်ကြရအောင် ကလေးရယ်၊ မိုးထိန်ထိန်လင်းတော့မယ်"

ခဏအကြာမှာပင် သူ အိပ်ပျော်သွားတော့သည်။ ကျွန်တော့်လက်မောင်းပေါ်မှာ ခေါင်းအုံးအိပ်နေသည်။ ကျွန်တော်သည် တော်တော်နှင့် အိပ်မပျော်။ နေထွက်လာပြီး အခန်း တွင်းသို့ နေရောင်ဖြာကျလာသည်အထိ သူ့မျက်နှာကလေးကို ကျွန်တော် စိုက်ကြည့်နေမိသည်။

အသုံးမကျတဲ့ အေမော့စ်ဝင်းသရော့။ အသုံးမကျတဲ့ ဂျိုနတ်စ်ကော့။ ကိုယ့်သား ကိုယ့်သမီးကို ဂရုစိုက်ရကောင်းမှန်း မသိ။ ဖခင်မေတ္တာကို ပေးရကောင်းမှန် မသိ။ အကြင်နာ တရားကို ပေးရကောင်းမှန်း မသိ။ ဘဝတွင် ရှိသမျှအချိန်အားလုံးကို သူတို့အလုပ်ထဲ၌ မြှုပ်နှံ ထားတတ်ကြသူများ ဖြစ်သည်။ သူတို့အားလုံးကို ကျွန်တော် ကျိန်ဆဲလိုက်မိသည်။

ကျွန်တော် မပျော်တစ်ဝက် ပျော်တစ်ဝက်ဖြစ်နေခိုက်တွင် ကျွန်တော့်ဘေးမှာ သူ လူးလွန့်လိုက်သည်ကို ကျွန်တော် သိလိုက်သည်။ ပြီးတော့ ကျွန်တော် အိပ်ပျော်သွားသည်။ အမှောင်၊ ပြီးတော့ ကြယ်မလင်းသည့်ည၊ နှစ်ခြိုက်စွာ ကျွန်တော် အိပ်ပျော်သွားသည်။

နောက်တစ်နေ့ ညနေတွင် ရီနိုမြို့ရှိ ဘုရားရှိခိုးကျောင်းကလေး၌ ကျွန်တော်တို့နှစ် ယောက် လက်ထပ်လိုက်ကြလေတော့သည်။

(၄)

မီးစုန်းတပ်ထားသည့် ငါးများချိတ်ကို ရေမျက်နှာပြင်ပေါ်မှာ ကျွန်တော် ရှပ်တိုက်ပြီး ဆွဲနေသည်။ မြင်နေရသည့် ငါးသလောက်ရှိသော နေရာပေါ်မှာ ဆွဲယူနေခြင်း ဖြစ်သည်။ ငါးမျှားချိတ်ကို ဟပ်တော့မည်ဖြစ်ကြောင်း ကျွန်တော့် စိတ်ထဲမှာ အလိုလိုသိလာသည်။ ကျွန်တော် မှန်ပါသည်။ ငါးမျှားချိတ်ကို ထိုးဟပ်လိုက်၏။ ခဏကြာလျှင် ရုန်းရင်းဖြင့် သူနှင့် ကျွန်တော် အပြန်အလှန် ဆွဲကြရတော့မည် ဖြစ်၏။ ကျွန်တော် နေသားတကျဖြစ်အောင် နေရာပြင်လိုက်စဉ်မှာပင် မောနီကာ၏အသံကို ကြားရသည်။

"ဂျိုနတ်စ်"

တိတ်ဆိတ်မှုကို သူ့အသံက ဖျက်ဆီးလိုက်သည်။ ငါးမျှားချိတ်မှာ ချိတ်မိနေပြီဖြစ်

သည့် ငါးသည် စမ်းချောင်းငယ်၏ ရေအောက်သို့ ထိုးဆင်းသွား၏။ ကြိုးကို ပြန်ဆွဲပြီး ကျွန်တော် နောက်သို့ ပြန်မလှည့်မိမှာပင် ကျွန်တော်တို့၏ ပျားရည်ဆမ်းခရီးသည် ပြီးဆုံးသွားပြီ ဖြစ်ကြောင်း ကျွန်တော် သိလိုက်တော့သည်။

"ဘာတုံး"

မော်နီကာသည် ဘောင်းဘီတိုကလေးနှင့် ရပ်နေ၏။

"တယ်လီဖုန်းလာတယ်၊ လော့စ်အိန်ဂျယ်လိစ်ကတဲ့"

"ဘယ်သူလဲ"

"မပြောတတ်ဘူး။ မိန်းမတစ်ယောက်ပဲ၊ သူ့နာမည် မပြောဘူး"

ဟု မော်နီကာက ပြန်ဖြေသည်။

စမ်းချောင်းဘက်သို့ ကျွန်တော် ပြန်လှည့်ကြည့်လိုက်သည်။ ရေထဲမှာ အလင်းရောင် မရှိတော့။ ငါးလည်း လွတ်သွားပြီ၊ ပြီးသွားပါပြီ။ တစ်နေ့တာအတွက် ငါးဖမ်းခြင်းလုပ်ငန်းသည် ပြီးဆုံးခြင်းသို့ တိုင်ခဲ့ပြီ။

ကမ်းဘက်သို့ ကျွန်တော် ပြန်လျှောက်လာခဲ့၏။

"ကိုင်ထားဦးလို့ ပြောလိုက်ကွာ၊ ငါ အခု လိုက်လာခဲ့မယ်"

မော်နီကာသည် ခေါင်းညိတ်ပြပြီး အိမ်ငယ်ဆီသို့ ပြန်လျှောက်သွားသည်။ ငါးမျှားကြိုးများကို ကျွန်တော် ပြန်ရစ်နေသည်။ ဘယ်သူကများ ခေါ်ပါလိမ့်ဟု ကျွန်တော် စဉ်းစားရင်း အံ့ဩနေမိသည်။ သည်တောပိုင်းက ခြံထဲမှာ ကျွန်တော့် အိမ်ငယ်ကလေးတစ်ခုရှိကြောင်း သိသူ အလွန် နည်းသည်။

စမ်းချောင်းထဲမှ ကျွန်တော် တက်ခဲ့သည်။ အမှောင်ကြီးစိုးလာပြီ။ တော၏အသံများကို စတင်ကြားရစပြုပြီ ဖြစ်သည်။ သစ်ပင်များပေါ်မှ ပုစဉ်းရင်ကွဲအော်သံများ ဆူညံလာသည်။

ငါးမျှားတံကို အိမ်နံရံဘေးမှာ ချထားခဲ့ပြီး အတွင်းသို့ ဝင်ခဲ့၏။ မော်နီကာသည် ဘယ်လီဖုန်းအနီးရှိ ကုလားထိုင်တစ်လုံးမှာ ထိုင်ရင်း မဂ္ဂဇင်းတစ်အုပ်ကို တောင်လှန်မြောက်လှန် သုပ်နေသည်။ တယ်လီဖုန်းကို ကျွန်တော် ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"မစ္စတာကော့လား"

"ဟုတ်ပါတယ်"

"ခဏလေးစောင့်ပါ၊ လော့စ်အိန်ဂျယ်လိစ် ပြောနိုင်ပါပြီ။ ရှင် ပြောချင်သူ ရောက်လာပြီ"

ဟု အော်ပရေတာက ပြောသည်။ တယ်လီဖုန်းလိုင်း ဆက်ပေးသံကိုပါ ကြားလိုက်ရ၏။

"ဂျိုနတ်စ်လား"

"ရီနာလား"

"ဟုတ်ပါတယ်၊ ရှင့်ကို ဖမ်းမိဖို့ ကျွန်မ ကြိုးစားနေတာ သုံးရက်ရှိသွားပြီ။ ရှင် ဘယ်မှာ ရှိတယ်ဆိုတာ ဘယ်သူကမှ မပြောဘူး။ နောက်မှ အဲဒီ တောအိမ်ကလေးကို ကျွန်မ သတိရတယ်"

"ဘယ်ဆိုးလို့တုံး"

ဟု ပြောရင်း တယ်လီဖုန်းကိုကျော်ပြီး မော်နီကာကို လှမ်းကြည့်မိ၏။ သူသည် မဂ္ဂဇင်းပေါ်မှ မျက်လုံးကိုမခွာ။ သို့သော်လည်း ကျွန်တော်တို့ စကားပြောနေသည်ကို သူ နားထောင်နေကြောင်း ကျွန်တော် သိပါသည်။

"ကြုံတုန်း ရှင် လက်ထပ်လိုက်တဲ့အတွက် ဝမ်းသာကြောင်း ပြောပါရစေ၊ ရှင် သိပ်ပျော်နေလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။ ရှင့်သတို့သမီးက တကယ် လှတာပဲ"

"သူ့ကို မင်း သိလို့လား"

"မသိပါဘူး၊ သတင်းစာတွေထဲမှာ သူ့ဓာတ်ပုံကိုတွေ့လို့"

"အိုး ကျေးဇူးတင်ပါတယ်။ မင်း တယ်လီဖုန်းဆက်တာ ဒီအကြောင်းပြောဖို့တော့ မဟုတ်နိုင်ပါဘူး"

"အစစ်ပေါ့။ ကျွန်မ ရှင့် အကူအညီ လိုနေပြီ"

ရိနာသည် သူ့ထုံးစံအတိုင်း လိုရင်းကို တိုက်ရိုက်ပြောသည်။

"မင်း နောက်ထပ် ငွေတစ်သောင်း လိုချင်ရင်ယူပါ။ မင်းကို ငါ အမြဲတမ်း ခွင့်ပြုထားသားပဲ"

"အခုဟာက အဲဒီ ပိုက်ဆံထက် များတယ်။ သိပ်ကို များတယ်"

"ဘယ်လောက် ပိုများလို့လဲ"

"ဒေါ်လာနှစ်သန်း"

"ဘာ ဒါလောက်များတဲ့ပိုက်ဆံတွေ မင်းက ဘာလုပ်မလို့လဲ"

"ကျွန်မအတွက် မဟုတ်ဘူး။ နီဗားဒါး အတွက်၊ သူ ဒုက္ခရောက်နေပြီ။ သူ့ရှိတာတွေ ကုန်တော့မယ်"

"ဟ ငါ သိသလောက်က သူ သိပ်ကောင်းစားနေတာ မဟုတ်လား။ သူ့ဝင်ငွေဟာ တစ်နှစ်ကို ငါးသိန်းရှိတယ်လို့ သတင်းစာတွေက ရေးနေတာပဲ"

"ဟုတ်ပါတယ်။ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

ကျွန်တော်သည် စီးကရက်တစ်လိပ် နှိုက်ယူလိုက်ပြီး ဘေးတစ်ဝိုက်မှာ မီးခြစ်ကို လိုက်စမ်းနေသည်။ ကျွန်တော် မီးခြစ်ရှာနေသည်ကို မော်နီကာ မြင်ကြောင်း ကျွန်တော် သိသည်။ သို့သော်လည်း မမြင်ချင်ယောင်ဆောင်ကာ မဂ္ဂဇင်းမှ မျက်နှာကို မခွာ။

"ငါ နားထောင်နေတယ်"

"နီဗားဒါးက ရုပ်ရှင်ကားတစ်ကား ရိုက်တယ်။ သူ့ရှိသမျှ ပုံအောလိုက်တာပဲ။ ဒီကားကို တစ်နှစ်ကျော်ကျော် ရိုက်ခဲ့ရတာ။ အခုတော့ အားလုံး လွဲကုန်ပြီ။ သူတို့က ဒီကားကို အခု မဖြန့်ချင်ကြတော့ဘူး"

"ဘာဖြစ်လို့လဲ သူ့ကားက မနိပ်လို့လား"

"မဟုတ်ပါဘူး။ ဒါကြောင့် မဟုတ်ဘူး။ သူ့ကားက အနိပ်စား၊ အလွန် ကောင်းတယ်။ ဒါပေမယ့် အသံထွက်ရုပ်ရှင်တွေ ထွက်နေကြပြီ မဟုတ်လား။ ဒါကြောင့် ရုပ်ရှင်ရုံတွေကလည်း အသံထွက်ကားတွေပဲ ပြချင်တယ်"

"သူက ဘာဖြစ်လို့ အသံထွက်ကား မရိုက်တာတဲ့လဲ"

"ဒီကားကို သူ စရိုက်ခဲ့တာ တစ်နှစ်ကျော်သွားပြီ။ အသံထွက်ကားတွေ အခုလို အများကြီးထွက်လာလိမ့်မယ်လို့ ဘယ်သူကမှ မျှော်လင့်မထားကြဘူး။ အခုတော့ ဘဏ်က သူတို့ချေးထားတဲ့ငွေတွေ ပြန်တောင်းနေပြီ။ နော်မန်ကလည်း ကြိုတင်ငွေ လုံးဝ ထုတ်မပေးတော့ဘူး။ သူ့ရုပ်ရှင်ကားတွေထဲမှာ ငွေတွေ မြုပ်နေတယ်လို့ အကြောင်းပြတယ်"

"နားလည်ပြီ"

"ရှင် သူ့ကို ကူညီပါ ဂျိုနတ်စ်။ သူ့ဘဝတစ်ခုလုံးဟာ ဒီကားပေါ်မှာ တည်နေတယ်။ သူရှုံးရင် သူ့ဘဝ နာလန်မထူတော့ဘူး"

"နီဗားဒါးက ဒီလောက် ပိုက်ဆံကို ဘယ်တုံးကမှ ဂရုမစိုက်ခဲ့ပါဘူး"

ဟု ကျွန်တော်က ပြန်ပြောသည်။

"အခုဟာက ငွေကိစ္စ မဟုတ်ဘူး။ သူ့သိက္ခာနဲ့ ပတ်သက်နေတယ်။ ဒီကားနဲ့ ပတ်သက်နေတယ်။ သူ သိပ်ယုံထားတယ်။ အနောက်ပိုင်းသားတွေဟာ ဘယ်လို လူမျိုးတွေ ဖြစ်တယ် ဆိုတာကို သူ ပြချင်နေတာ"

ဟု ရိနာက မဆိုင်းမတွ ပြန်ဖြေသည်။

"အလကားပါကွာ၊ ဒါမျိုးတွေ ဘယ်သူကမှ ဂရုမစိုက်ပါဘူး"

"ရှင် သူ့ကားတွေ ကြည့်ဖူးသလား"

"မကြည့်ဖူးဘူး"

"ပိတ်ကားပေါ်မှာ သူ့ကို ရှင်မြင်ရရင် အံ့အားသင့်သွားမယ်"

"မဖြစ်နိုင်တာဘဲ။ သူ့ရုပ် ဘယ်လိုဆိုတာ ငါ သိနေတာပဲ"

"ရှင် သူ့ကို ကူညီမှာလား"

ရိနာ၏ အသံသည် အားလျော့သွားပုံရသည်။

"ပြဿနာတွေက အများကြီးကွာ ငါ ဘယ်လိုလုပ် ကူညီရမလဲ"

"ရှင် အရေးတကြီး ပြဿနာပေါ်ပြီး သေရေးရှင်ရေး ဖြစ်နေတုန်းကတော့ နီဟားဒါးက ရှင့်ကို ကူညီခဲ့တာ ကျွန်မ မှတ်မိနေသေးတယ်"

သူ ဘာကို ဆိုလိုသည်ကို ကျွန်တော် သိပါသည်။ ကော့လက်နက်ခဲယမ်းမီးကျောက် စက်ရုံမှ သူ့အစုရှယ်ယာများ ကျွန်တော့်ကို ပေးခဲ့သည့်အကြောင်းကို ဆိုလိုခြင်း ဖြစ်သည်။

"ဒါက ဒေါ်လာနှစ်သန်း မတန်ပါဘူးကွ"

"မတန်ဘူးလား။ အခုဆိုရင် ဘယ်လောက် တန်နေပြီလဲ"

ကျွန်တော်သည် ခေတ္တရပ်နေလိုက်၏။ ယခုအချိန်ထိတော့ ထိုမျှ မတန်သေး။ သို့သော် နောက် ငါးနှစ်လောက်ဆိုလျှင် ထိုငွေမျှပင် တန်ဖိုးရှိနေပေတော့မည်။

"သူမှာ ဒါလောက် ဒုက္ခရောက်နေတယ်ဆိုရင် ဘာဖြစ်လို့ သူကိုယ်တိုင် ငါ့ကို မခေါ်တာလဲ"

"နီဟားဒါးက မာနကြီးတယ်။ ရှင်လည်း သိသားပဲ"

"နေစမ်းပါဦး။ မင်းက ဘာဖြစ်လို့ ဒီကိစ္စမှာ ဒါလောက် စိတ်ဝင်စားနေရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူက ကျွန်မ သူငယ်ချင်းပဲ။ ကျွန်မ အကူအညီလိုတဲ့အခါမှာ သူက ဘယ်တော့မှ အစစ်အဆေး အမေးအမြန်း ထူမနေတော့ဘူး"

"မင်းကို ငါ ဘာမှ ကတိမပေးသေးဘူး။ ဒါပေမယ့် ဒီနေ့ညပဲ လော့စ်အိန်ဂျယ်လိစ်ကို ငါ လေယာဉ်ပျံနဲ့ လာခဲ့မယ်။ မင်းကို ဘယ်မှာ တွေ့ရမလဲ"

"ကျွန်မ နီဟားဒါးအိမ်မှာပဲနေမယ်။ ဒါပေမယ့် ရှင် ကျွန်မကို တခြားတစ်နေရာမှာ တွေ့ပါ။ ရှင့်ကို ကျွန်မခေါ်တာ သူ မသိစေချင်ဘူး"

"ကောင်းပြီ။ ညသန်းခေါင်မှာ ဘီဗာလီတောင်ကုန်းဟိုတယ်မှာ ငါ ရှိမယ်"

တယ်လီဖုန်းကို ကျွန်တော် ချလိုက်သည်။

"ဘယ်သူလဲ"

ဟု မော်နီကာက မေးသည်။

"ငါ့အဖေရဲ့ မိန်းမ"

ကျွန်တော်သည် သူ့ကို ပြန်ပြောရင်း အိပ်ခန်းဆီသို့ လျှောက်လာခဲ့သည်။

"ပစ္စည်းတွေ သိမ်းတော့ကွာ။ မင်းကို အိမ်ပြန်ပို့ခဲ့မယ်။ အလုပ်ကိစ္စနဲ့ ငါ လော့စ်အိန်ဂျယ်လိစ်ကို ဒီနေ့ည သွားရမယ်"

"ကျွန်မတို့ ဒီကိုရောက်တာ အခုမှ ငါးရက်တည်း ရှိသေးတယ်။ ကျွန်မတို့ ပျားရည်ဆမ်းခရီးအဖြစ် (၁၄) ရက်နေမယ်လို့ ရှင် ကတိပေးခဲ့တယ် မဟုတ်လား"

"အခုဟာက အရေးပေါ်ကိစ္စကွာ"

သူသည် အိပ်ခန်းတွင်းသို့ လိုက်လာသည်။

"ငါးရက်တည်းနဲ့ ပြန်လာတယ်ဆိုတော့ ဘေးလူတွေက ဘာပြောကြမလဲ"

"ဘယ်သူ ဘာပြောပြောကွာ။ ဘာဖြစ်လို့ ဂရုစိုက်ရမှာလဲ"

မော်နီကာ ငိုတော့သည်။

"မသွားဘူး"

ဟုလည်း ပါးစပ်မှပြောရင်း ခြေဆောင့်နေတော့၏။

"မသွားချင်ရင် နေခဲ့ပေါ့"

ကျွန်တော် စိတ်ဆိုးမာန်ဆိုးဖြင့် အော်လိုက်သည်။

"ငါ တောင်အောက်မှာ ကားသွားယူမယ်။ ငါ ပြန်လာတဲ့အထိ မင်း အဆင်သင့် မဖြစ်သေးဘူးဆိုရင် မင်းကို ထားခဲ့ပြီး ငါ သွားမယ်"

မိန်းမများသည် ထိုအတိုင်းသာ ဖြစ်ကြ၏။ လက်ထပ်ပေးသည့် ဘုန်းကြီးရှေ့တွင် နှစ်ယောက်အတူ ရပ်ပြီး ဆုံးမစကားကို နားထောင်နေစဉ်က ကောင်း၏။ အပြင်သို့ ရောက်သည်နှင့် တစ်ပြိုင်တည်း အားလုံး ကပြောင်းကပြန်များ ဖြစ်တော့သည်။

လက်မထပ်မီကတော့ ယောကျ်ားတစ်ယောက်သည် အလွန် ကြီးကျယ်မည်ဖြစ်၏။

ရှင်ဘုရင်တမျှ ဖြစ်၏။ အရိပ် တကြည့်ကြည့်နှင့် နေမည် ဖြစ်၏။ စီးကရက်ကို မီးညှိပေးမည်။ နောက်ကျောကို ချေးတွန်းပေးမည်။ မျက်နှာကို ပွတ်သပ်ပေးမည်။ ခေါင်းအုံးကလေး ပြင်ပေးမည်။

လက်ထပ်ပြီးပြီဆိုသည်နှင့်တစ်ပြိုင်တည်း စာအုပ်ကြီးအတိုင်း ဖြစ်လာတော့သည်။ ကိုယ့်အလုပ်များကို ကိုယ်လုပ်ရတော့မည်။ ထိုမျှသာမကသေး သူတို့အလုပ်များကိုပါ ကိုယ်က လုပ်ပေးရတော့မည်။ သူ့ဆေးလိပ်ကို မီးညှိပေးရမည်။ သူ့အနွေးထည်ကို သယ်ပေးရမည်။ သူ့အတွက် ကားတံခါးကို ဖွင့်ပေးရမည်။ ဤသို့ လုပ်ခွင့်ပေးသည့်အတွက်၊ သူ့ကို ပြုစုယုယခွင့် ပေးသည့်အတွက် ယောကျ်ားလုပ်သူကပင် မိန်းမကိုပြန်ပြီး ကျေးဇူးတင်ရဦးမည်။

အိမ်ရှေ့သို့ ကားမောင်းလာခဲ့ပြီး ဟွန်းတီးလိုက်သည်။ မော်နီကာသည် အိတ်ငယ် တစ်လုံးကိုဆွဲပြီး ထွက်လာသည်။ ကားနားရောက်သောအခါ ကျွန်တော် တံခါးဖွင့်ပေးသည် အထိ ပေပြီးစောင့်နေသည်။ ကျွန်တော်ကလည်း ဖွင့်မပေးဘဲ ပေပြီး နေလိုက်သည်။ ထိုအခါ ကျမှ သူ့ဘာသာသူ ဖွင့်ပြီး ဝင်ထိုင်သည်။ သူ စိတ်ကောက်နေပုံရသည်။ ကျွန်တော်တို့ အိမ်ပြန် ရောက်အောင် နှစ်နာရီကြာ မောင်းရသည်။ တစ်ချိန်လုံးပင် သူ့မျက်နှာမှာ အပူရုပ်ကို ဆောင်ထား သည်။ တစ်လမ်းလုံး သူက စကားမပြော။ ကျွန်တော်ကလည်း မပြော။

အိမ်ရှေ့မှာ ကားထိုးရပ်လိုက်သောအခါ ည ကိုးနာရီ ထိုးပြီ။ ထုံးစံအတိုင်းပင် ရိုဘဲယားသည် အိမ်ဝမှာ အသင့်ရှိနေ၏။ မော်နီကာ၏ အထုပ်အပိုးများကို သူ ဆီးကြိုယူသည်။ ကျွန်တော်က ကားထဲမှာ ထိုင်မြဲထိုင်နေသည်။ ရိုဘဲယား၏မျက်နှာတွင် မည်သို့မျှ ထူးခြားပုံ မပေါ်။ ကျွန်တော့်ကိုလှမ်းကြည့်ပြီး မော်နီကာဘက်သို့လှည့်ကာ ဦးညွှတ်အရိုအသေပြုပြီး နှုတ်ဆက်သည်။

"ကောင်းသောညနေခင်းပါ မစ္စတာကော့။ အိပ်ခန်းကို ကျွန်တော် အသင့်ပြင်ထားပြီး ပါပြီ ဖြစ်ပါတယ်ခင်ဗျာ"

ရိုဘဲယားက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး အိမ်ထဲသို့ လှည့်ဝင်သွားသည်။

မော်နီကာ စကားပြောသောအခါ သူ့အသံသည် တိုးပင်တိုးလင့်ကစား အလွန် မာထန်နေသည်။

"ဘယ်လောက်ကြာမှာလဲ"

"အလုပ်ကိစ္စ ပြီးတဲ့အထိ နေရမှာပေါ့"

ကျွန်တော်က ပခုံးကို တွန့်ပြလိုက်သည်။ တစ်ဆက်တည်းပင် ကျွန်တော့် ဒေါသစိတ် သည် ပြေလျော့သွားသည်။ ကျွန်တော်တို့ လက်ထပ်သည်မှာ ငါးရက်မျှသာ ရှိသေးသည် မဟုတ်ပါလား။

"အတတ်နိုင်ဆုံး ကိုယ် မြန်မြန်ပြန်ခဲ့ပါ့မယ်နော်"

"သိပ်မလောပါနဲ့၊ အလုပ်ကိစ္စပဲ ဖြည်းဖြည်းပေါ့"

သူသည် ငေါ်တော့တော့ပြောပြီး အိမ်ထဲသို့ လှည့်ဝင်သွားသည်။ ကျွန်တော့်ကို တစ်ချက်မျှပင် ပြန်လှည့်မကြည့်တော့။

ကျွန်တော်သည် ဒေါသတကြီးဖြင့် ဂီယာထိုးလိုက်ပြီး စက်ရုံရှိရာသို့ ကားကို မောင်း ထွက်ခဲ့သည်။ ကျွန်တော့် ဝါကိုလေယာဉ်ပျံကလေးကို စက်ရုံအနောက်ဘက်ရှိ ကွင်းထဲမှာ ထားသည်။ ဒေါသဖြင့်ပင် လေယာဉ်ပျံပေါ်သို့ တက်လိုက်သည်။ ပေ နှစ်ထောင့်ငါးရာ အမြင့် သို့ရောက်ပြီး လော့စ်အိန်ဂျယ်လိစ်မြို့သို့ ဦးတည်ပျံသန်းလာသည်အထိ ကျွန်တော့်ရင်ထဲမှ ဒေါသသည် မပြေသေး။

## (၅)

ကျွန်တော့် လက်ထဲမှ အဖုံးအပြာနှင့် ဇာတ်ညွှန်းစာအုပ်ကို ငုံ့ကြည့်မိသည်။ ပြီးတော့ ရီနာကို မော့ကြည့်လိုက်သည်။ သူသည် ဘာမှ မပြောင်း။ ကိုယ်လုံးသွယ်သွယ် တောင့်တောင့် တင်းတင်းပင် ဖြစ်သည်။ သူ့ရင်နှင့် တင်များသည် ယခင်ကအတိုင်း ဖွံ့ထွားဆဲ၊ တင်းရင်းနေဆဲ ပင် ဖြစ်သည်။ တစ်ခုပဲ ပြောင်းသည်။ သူ့မျက်လုံးမှာ သူ့ကိုယ်သူ ယုံကြည်စိတ်ချသည့် အမူအရာ

များကို တွေ့ရခြင်း ဖြစ်သည်။ ယခင်က ဒီလို အရိပ်အယောင်မျိုး မရှိခဲ့။

"ဖတ်ဖို့ အချိန်မရတော့ဘူး ထင်တယ်"

ဟု ကျွန်တော်က သူ့ကို ပြောသည်။

"ဟုတ်ပါတယ်။ ရှင် ရုပ်ရှင်ကြည့်ရအောင် စတူဒီယိုမှာ ကျွန်မ စီစဉ်ထားတယ်။ အခုဆိုရင် သူတို့ စောင့်နေကြရောပေါ့"

"မင်း ဒီရောက်နေတာ ဘယ်လောက် ကြာပြီလဲ"

"တစ်နှစ်ခွဲလောက်ရှိပြီ။ ကျွန်မ ဥရောပက ပြန်ရောက်လာကတည်းက ဆိုပါတော့"

"ဒီရောက်ကတည်းက နီဗားဒါးနဲ့ပဲ အတူတူနေတာလား"

ရီနာက ခေါင်းညိတ်ပြ၏။

"သူနဲ့ပဲ အတူတူ အိပ်သလား"

"ဟုတ်တယ်။ သူဟာ ကျွန်မအပေါ်မှာ အင်မတန်ကောင်းတဲ့လူပါ"

"မင်းကရော သူ့အပေါ်မှာ ကောင်းရဲ့လား"

ကျွန်တော် မေးသောအခါ ကျွန်တော့်ကို သူ ကြည့်မြဲကြည့်နေသည်။ ခဏကြာမှ ခပ်သွက်သွက် ပြန်ဖြေသည်။

"ထင်တာပဲ။ ဒါတွေ အရေးမကြီးပါဘူးလေ။ ကျွန်မ ဘာဖြစ်ဖြစ် ကျွန်မနဲ့ ပတ်သက်ပြီး ရှင် စိတ်ဝင်စားစရာအကြောင်း မရှိပါဘူး"

"ငါ့အဖို့ ထူးဆန်းနေလို့ပါ။ ဘာကြောင့်များ ဒီကိစ္စမှာ မင်း အလွန်အမင်း စိတ်ဝင်စားနေရတာလဲဆိုတာ အံ့ဩနေတယ်"

ကျွန်တော်က ထိုင်ရာမှထရင်း လက်ထဲမှ ဇာတ်ညွှန်းစာအုပ်ကို စားပွဲပေါ်သို့ တင်လိုက်သည်။

"ရှင် မသိပါဘူး"

"ဒါဖြင့် ဘာလဲ။ ပိုက်ဆံ အတွက်လား"

"မဟုတ်ပါဘူး။ လူ၊ တကယ့်လူသားဆန်တဲ့ လူကြီးတစ်ယောက်အတွက် လုပ်နေတာ။ လူငယ်ယောကျ်ားကလေးတွေလို မဟုတ်ဘူး"

"အချိန်တန်ရင်တော့ ငါလည်း လူကြီးတစ်ယောက် ဖြစ်လာလိမ့်မယ်ထင်တယ်"

"ရှင်လက်ထပ်တာ ငါးရက်ပဲ ရှိသေးတယ်"

သူ့ကို ကျွန်တော် ငုံ့ကြည့်မိသည်။ ကျွန်တော့်စိတ်ထဲမှာ အဟောင်းတို့ အသစ် ပြန်ဖြစ်လာသည်။

"ကဲ သွားကြစို့။ ငါ တစ်ညလုံး အချိန်ပေးနိုင်မှာ မဟုတ်ဘူး"

ရုပ်ရှင်ပြခန်း အမှောင်တွင်းမှာ ကျွန်တော် ထိုင်နေသည်။ ကျွန်တော့်တစ်ဖက်မှာ ရီနာ၊ ကျွန်တစ်ဖက်မှာ ရုပ်ရှင်ဒါရိုက်တာ ဗွန်အယ်လစ္စတာ။

ရီနာ ပြောခဲ့သည်မှာ မမှားပါ။ ရုပ်ရှင်သည် အလွန် ကောင်းသည့် ကားတစ်ကား ဖြစ်သည်။ နီဗားဒါးသည် ဤကားကို ယုံကြည်ချက်အပြည့်၊ အားမာန်အပြည့်ဖြင့် ရိုက်ကူးထားသည်။

သူ မည်မျှ အားမာန်ကြီးမားကြောင်းကို ကျွန်တော် ကောင်းကောင်းသိခဲ့ပါသည်။ သို့သော် ယခုကားတွင် ပို၍ အားမာန်ကြီးနေသည်။ ပို၍ ယုံကြည်ချက် ပြင်းထန်နေသည်။ မည်သူမျှ သတိမထားဘဲ နေမိမည် မဟုတ်။ သူသည် (၁၆) နှစ်သား ကလေးအရွယ် မြင်းစီး၍ တောင်တန်းများရှိရာဘက်သို့ ထွက်ခွာသွားသည့် အခန်းမှ ဇာတ်လမ်းစသည်။ ဇာတ်လမ်းဆုံးသောအခါ သူသည် အသက် (၂၅) နှစ်အရွယ် ဖြစ်နေသည်။ ဇာတ်လမ်းစသည်မှ ဆုံးသည်အထိ သူ့အသက်ကို အကဲဖမ်း၍ပင် မရနိုင်။ ဇာတ်ကားသည် သံစုံသွင်း အသံတိတ်ကား ဖြစ်သည်။

မီးများ ပြန်ပွင့်လာသောအခါ ကျွန်တော်သည် သက်ပြင်းချရင်း ကုလားထိုင်နောက်မှီပေါ်သို့ မှီချလိုက်သည်။ စီးကရက်ကို လိုက်စမ်းရှာသည်။ ဇာတ်လမ်းသည် ကျွန်တော့်စိတ်အာရုံများကို ကြီးစိုးဖမ်းစားထားသည်။ ဗွန်အယ်လစ္စတာကို ကြည့်ပြီး ကျွန်တော်က ပြောသည်။

"နယူးအော်လင်းတုန်းက မိန်းမတစ်ယောက်၊ နောက်ထောင်ကျရဲ့သမီး တစ်ယောက်

စုစုပေါင်း သူတို့နှစ်ယောက်ကလွဲပြီး တစ်ဇာတ်လုံးမှာ တခြား မိန်းကလေးတွေနဲ့ ဘာမှ မဖြစ်ခဲ့ဘူးနော်"

"အနောက်ပိုင်းဒေသမှာ စည်းကမ်းချက်တချို့ရှိတယ်။ အဲဒီထဲမှာ တခြားမိန်းမတွေလည်း ပါတယ်"

ဟု ဒါရိုက်တာက ပြုံးပြီး ဖြေသည်။

"ဘာဖြစ်လို့လဲ"

"ဇာတ်လိုက်ရဲ့ အကျင့်စာရိတ္တဟာ သန့်ရှင်းရမယ်။ သူဟာ စံပြဖြစ်နေရမယ်။ ဘယ်လို ရာဇဝတ်မှုမျိုးကိုမဆို ကျူးလွန်နိုင်တယ်။ ဒါပေမယ့် ကာမေသုမိစ္ဆာစာရကံကိုတော့ ထိန်းရမယ်"

ကျွန်တော်က သဘောကျစွာ ရယ်လိုက်ရင်း ထိုင်ရာမှ ထသည်။

"ကျွန်တော့် မေးခွန်းအတွက် ခွင့်လွှတ်ပါ။ ဒါပေမယ့် သီချင်းတွေကို အသံသွင်းထားသလို စကားပြောသံတွေကိုရော အသံသွင်းလို့ မရဘူးလား"

"ကျွန်တော်တို့ လုပ်ချင်တာပေါ့။ ဒါပေမယ့် အသံတိတ်ဖလင်နဲ့ အသံထွက်ဖလင်က မတူဘူး။ အသံထွက်ဖလင်ကျတော့ စကားပြောတဲ့ အမြန်နှုန်းအတိုင်း စက်ကို မောင်းရတယ်။ အသံတိတ်ကျတော့ ပိုပြီး မြန်မြန်မောင်းရတယ်။ စကားပြောတာကို စာတမ်းတွေ ထိုးရသေးတယ် မဟုတ်လား"

ကျွန်တော် ခေါင်းညိတ်လိုက်၏။ စက်မှုပညာသဘော၊ အတတ်ပညာသဘောကို ကျွန်တော် နားလည်လိုက်သည်။ ဤကမ္ဘာတွင် စက်မှုပညာသဘော၊ အတတ်ပညာသဘောနှင့် ကင်းကွာ၍ ဘာမှ မရှိနိုင်။ သည်လုပ်ငန်းကို ကျွန်တော် စိတ်ဝင်စားစ ပြုလာ၏။ စက်မှုလုပ်ငန်း မပါလျှင် ဤလုပ်ငန်းသည် ဘာမှ မဖြစ်နိုင်တော့။

"ကျွန်တော်နဲ့ ဟိုတယ်ကို လိုက်ခဲ့ပါ။ ဒီကိစ္စအတွက် စကားနည်းနည်းပြောချင်တယ်"

သတိပေးသည့် အကြည့်မျိုးကို ရီနာ၏မျက်လုံးထဲမှာ ကျွန်တော် မြင်လိုက်ရ၏။ ရီနာသည် ဗွန်အယ်လ်စတာကို တစ်ချက်ကြည့်လိုက်သည်။ ပြီးတော့ ကျွန်တော့်ဘက် ပြန်လှည့်လာသည်။ ထို့နောက် ခပ်သွက်သွက်ပင် သူ ဝင်ပြောသည်။

"အခု မနက်လေးနာရီတောင် ထိုးနေပြီ။ နီဇားဒါးကို အသိမပေးဘဲ ကျွန်မတို့ လုပ်နေတာတွေလည်း ဒါလောက်နဲ့ တော်လောက်ပြီ ထင်ပါတယ်"

"ကောင်းပြီလေ၊ အခုမနက် သူတို့ကို ခေါ်ပြီး ဟိုတယ်ကိုလာပါ။ မနက်ရှစ်နာရီ ဟုတ်ပြီလား"

ကျွန်တော်က ဘာမှ မဖြစ်သလို မှန်တမ်းပြောသည်။

"ရှစ်နာရီ ကောင်းပါတယ်"

"ဟိုတယ်ကို ကျွန်တော် လိုက်ပို့ပေးပါရစေ မစ္စတာကော့"

ဗွန်အယ်လ်စတာက လိုလိုလားလား ပြောသည်။ ကျွန်တော်က ရီနာကို လှမ်းကြည့်လိုက်၏။ မသိမသာ ခေါင်းယမ်းပြသည်ကို ကျွန်တော် မြင်ရသည်။

"ကျေးဇူးတင်ပါတယ်။ ရီနာ အိမ်အပြန်မှာ ကျွန်တော့်ကို ဝင်ပို့ပေးသွားပါလိမ့်မယ်"

ဟိုတယ်ရှေ့မှာ ကားထိုးရပ်လိုက်သည်အထိ ရီနာသည် လုံးဝ စကားမပြောဘဲ လိုက်လာသည်။

"ဗွန်အယ်လ်စတာဟာ သိပ်စိတ်စောနေတယ်။ အသံထွက်ကား တစ်ခါမှ မရိုက်ဖူးဘူး။ ဒီကားကို သူ ရိုက်ချင်နေတယ်။ ကားက သိပ်ကောင်းနေတယ် မဟုတ်လား။ ဒီကားထွက်လာရင် သူ ပြန်ပြီး အောင်မြင်လာမှာ"

"သူ ချောက်ချားနေတယ်လို့ ဆိုလိုတာလား"

"ဟောလီးဝုဒ်မှာ ရှိသမျှ လူတိုင်း ချောက်ချားနေကြတာပဲ။ ဂါဘိုနဲ့ ဂေးလ်ဘတ်တို့လို ထိပ်တန်းမင်းသား မင်းသမီးတွေကအစ အောက်ဆုံးအလွှာအထိပဲ။ အသံထွက်ရုပ်ရှင်ကားတွေဟာ သူတို့ဘဝကို ဘယ်လို ပြောင်းလဲပစ်မလဲဆိုတာ ဘယ်သူမှ မသေချာဘူး။ ဂျွန်ဂေးလ်ဘတ်ရဲ့ အသံက သိပ်ဆိုးတယ်တဲ့၊ ဒါကြောင့် အမ်ဂျီအမ်က သူနဲ့ ကားဆက်ရိုက်ဖို့ စာမချုပ်တော့ဘူး"

"နီဗားဒါး အသံကရော"
"ကောင်းတယ်၊ သိပ်ကောင်းတယ်။ ကျွန်မတို့ ဟိုတစ်နေ့က အသံစမ်းပြီးပြီ"
"အင်း စိတ်ပူစရာတစ်ချက် လျော့သွားတာပေါ့"
"ရှင် ဒါကို လုပ်တော့မလား"
ဟု သူက မေးသည်။
"လုပ်မယ်ဆိုရင် ငါ့အတွက် ဘာရမှာလဲ"
"ပိုက်ဆံအများကြီး ရနိုင်တာပေါ့"
"မလိုချင်ပါဘူးကွာ။ တခြားနည်းနဲ့ ပိုက်ဆံတွေ အများကြီးရအောင် ငါ ရှာနိုင်ပါတယ်"
သူ့မျက်လုံးများ ကျွန်တော့်ဘက်သို့ ပြန်ရောက်လာပြန်သည်။ သူ့အသံသည် အေးတိအေးစက်ဖြစ်နေ၏။
"ရှင် ဘာမှ မပြောင်းလဲသေးဘူးနော်"
"မပြောင်းပါဘူး။ ဘာဖြစ်လို့ ပြောင်းရမှာလဲ။ တခြားလူတွေ ဒီလိုပဲ ပြောင်းလဲကြသလား။ မင်းရော ပြောင်းလဲသွားပြီလား"
ရီနာ့လက်ကို ကျွန်တော် လှမ်းကိုင်လိုက်သည်။ သူ့လက်များသည် ရေခဲလို အေးနေ၏။
"နေစမ်းပါဦး။ နီဗားဒါးအတွက် ဘာဖြစ်လို့ မင်း ဒါလောက်တောင် စေတနာတွေထားနေရတာလဲ။ သူ့ကို မင်း ဘယ်လောက်ပေးချင်တာလဲ"
"သူ့ကို ကူညီရာသာ ရောက်မယ်ဆိုရင် ကျွန်မမှာ ရှိသမျှအားလုံးကို ပေးမှာပဲ"
ကျွန်တော့်စိတ်ထဲမှာ ဝမ်းနည်းကြေကွဲလာသည်။ ကျွန်တော့်ကို ဒီလိုစကားမျိုး ပြောမည့်သူ ဘယ်နှစ်ယောက် ရှိသနည်း။ တစ်ယောက်မှ ကျွန်တော် မမြင်။ ကျွန်တော်သည် သူ့လက်ကို လွှတ်ပေးပြီး ကားပေါ်မှ ဆင်းခဲ့သည်။
"ဒီလိုဆိုရင် ဂျူနတ်စ် ရှင် ဆုံးဖြတ်လိုက်ပြီလား"
"နေပါဦးလေ၊ ငါ လေ့လာစရာ၊ သိစရာတွေ အများကြီး ကျန်ပါသေးတယ်"
"အို"
ဟု ရေရွတ်ရင်း စိတ်ပျက်သည့် အမူအရာဖြင့် နောက်သို့ မှီချလိုက်သည်။
"ဒါပေမယ့် မပူပါနဲ့။ တကယ်လို့ ငါ လုပ်ဖြစ်မယ်ဆိုရင်လည်း မင်းအတွက် လုပ်ပေးတာပဲ ဖြစ်ရပါစေ့မယ်"
"ကျွန်မ သိပါတယ်။ ဒါကလွဲပြီး တခြား ဘာမှလဲ ကျွန်မ မမျှော်လင့်တော့ပါဘူး"
ကားသမားကို ရီနာက အချက်ပေးလိုက်သည်။
မော်တော်ကားသည် အဝေးသို့ မောင်းထွက်သွား၏။ ကျွန်တော်လည်း ဟိုတယ်ထဲသို့ ဝင်လာခဲ့ကာ ကျွန်တော့်အခန်းရှိရာသို့ တက်ခဲ့သည်။ ပြီးတော့ ဇာတ်ညွှန်းကို ဖွင့်ဖတ်သည်။ တစ်နာရီခွဲခန့် ကြာသွား၏။ ကျွန်တော် အိပ်ပျော်သောအခါ ခြောက်နာရီ ထိုးပေပြီ။

(၆)

ကျွန်တော့် ခေါင်းရင်း ခပ်လှမ်းလှမ်းရှိ တယ်လီဖုန်းခေါင်းလောင်း မြည်နေသံကို ကြားရသည်။ ခေါင်းကိုယမ်းပြီး ကျွန်တော် ဇက်ချိုးလိုက်သည်။ နာရီကို ကြည့်သောအခါ ခုနစ်နာရီထိုးပြီး၍ မိနစ်အနည်းငယ် စွန်းနေပေပြီ။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။
"မစ္စတာကော့လား။ ကျွန်တော် ဗွန်အယ်လစ္စတာပါ။ အစောကြီးလာပြီး နှောင့်ယှက်ရတာ ဝမ်းနည်းပါတယ်။ ကျွန်တော် အောက်ထပ်ဧည့်ခန်းထဲမှာ မစ္စတာနော်မန်နဲ့ အတူတူရောက်နေပါတယ်။ နီဗားဒါးနဲ့ ခင်ဗျား မတွေ့ခင်မှာ ခင်ဗျားကို ကျွန်တော်တို့ အရေးတကြီးတွေ့ချင်နေပါတယ်"
"နော်မန် ဆိုတာ ဘယ်သူလဲ"
ကျွန်တော်သည် အိပ်ချင်စိတ်ပြေပြီး ခေါင်းကြည်လင်လာရန် ကြိုးစားနေရဆဲပင်ဖြစ်၏။

"နော်မန်ရုပ်ရှင်ကုမ္ပဏီက ဘားနဒ်၊ ဘီ၊ နော်မန်ပါ။ အခု ရုပ်ရှင်ကိုဖြန့်တဲ့ ကုမ္ပဏီပါပဲ။ နီဟားဒါးနဲ့ ခင်ဗျားနဲ့ ဆွေးနွေးကြတဲ့အခါမှာ အဆုံးအဖြတ် မှားသွားမှာကို မစ္စတာနော်မန်က စိုးရိမ်နေပါတယ်။ ဒါကြောင့် ခင်ဗျားကို သူ ကူညီချင်ပါတယ်တဲ့"

"ကျွန်တော် ဘာဖြစ်လို့ အကူအညီ လိုရမှာလဲ။ နီဟားဒါးအကြောင်း ကျွန်တော် အသိဆုံးပေါ့"

ကျွန်တော့်စကား ဆုံးသောအခါ သူ့အသံသည် လျှို့ဝှက်သည့် လေသံမျိုးသို့ ပြောင်းသွားသည်။

"နီဟားဒါးက ကောင်းပါတယ်။ ဘာပြဿနာမှ မရှိပါဘူး။ သူ့ကိုယ်စားလှယ် ဒင်ပီးယာ့စ်အကြောင်းပါ။ ဒီလူက အင်မတန် လည်တယ်။ ဒါကြောင့် သူတို့နဲ့ မဆွေးနွေးခင်မှာ မစ္စတာနော်မန်က ခင်ဗျား သိသင့်သိထိုက်တာ တချို့ကို ပြောပြထားချင်ပါတယ်တဲ့"

စီးကရက်တစ်လိပ်ကို ကျွန်တော် လှမ်းဆွဲသည်။ ဗွန်အယ်လစ္စတာသည် အချိန်လုံးဝ မဖြုန်း။ ကျွန်တော့်ဆီက ပိုက်ဆံအနံ့ရလိုက်သည်နှင့် တစ်ပြိုင်တည်း သူ့ဆရာထံသို့ တန်းပြေးသူ ဖြစ်သည်။ သူတို့ ဘာလိုချင်သည်ကို ကျွန်တော် မသိ။ သို့သော်လည်း နီဟားဒါးအတွက် မကောင်းတာဖြစ်မည်ကိုမူ ကျွန်တော် အတပ်သိလိုက်သည်။

"အဲဒီမှာ ခဏစောင့်ပါဦး။ ကျွန်တော် အဝတ်အစားလဲလိုက်ဦးမယ်"

တယ်လီဖုန်းချပြီး စီးကရက်ကို ပြီးအောင် မီးညှိသည်။ မျက်နှာဖုံးအပြာနှင့် ဇာတ်ညွှန်းစာအုပ်ကို ကျွန်တော် ကြည့်မိပြန်သည်။ တယ်လီဖုန်းကို ကျွန်တော် ပြန်ကောက်ကိုင်၏။ တိုနီမိုရိုနီ၏ တောင်ကြားအိမ်ဖုန်းနံပါတ်ကို အော်ပရေတာအား ပြောပြပြီး တောင်းလိုက်သည်။

"အိပ်ရာက နိုးရတာ ဝမ်းနည်းပါတယ် တိုနီ။ ကျွန်တော် ဂျိုနတ်စ်ပါ"

သူ၏ ပျော့ပျောင်းသည့်အသံ တယ်လီဖုန်းထဲမှာ ပေါ်လာသည်။

"ကိစ္စ မရှိပါဘူး ဂျိုနတ်စ်။ ကျုပ် စောစော နိုးတတ်ပါတယ်။ ဒါထက် ခင်ဗျား လက်ထပ်လိုက်တဲ့သတင်း ကြားရလို့ ဝမ်းသာကြောင်း ပြောပါရစေ"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ကျွန်တော် အိမ်မှ ထွက်လာသည့် အချိန်ကစ၍ မော်နီကာကို ပထမဦးဆုံးအကြိမ် ကျွန်တော် ပြန်သတိရခြင်း ဖြစ်သည်။

"နီဟားဒါးစမစ်ရဲ့ ရုပ်ရှင်ကားသစ်ကို ခင်ဗျားတို့ဘဏ်က ငွေချေးတာလား"

"တစ်ကောင်ကြွက် ဇာတ်ကားလား"

"ဟုတ်ပါတယ်"

"ဟုတ်တယ်၊ ကျုပ်တို့ဘဏ်က ချေးတာ"

"ဒါနဲ့ ပတ်သက်လို့ ဘယ်လိုများ ရှိသလဲ"

"ကားကောင်းတစ်ခုပါပဲ။ အသံထွက်ဆိုရင် ပိုကောင်းမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကားကောင်းတစ်ခုပါ"

"ကားကောင်းလို့ထင်ရင် ဘာဖြစ်လို့ ကြွေးတွေ ပြန်တောင်းနေရတာလဲ"

"မေးခွန်းတစ်ခု ကျုပ် ပထမဆုံး မေးပါရစေ ဂျိုနတ်စ်။ ခင်ဗျား ဘာအတွက် စိတ်ဝင်စားတာလဲ။ အတိအကျ သိပါရစေ"

ဟု မိုရိုနီက ပြန်မေးသည်။

"အခု အထိတော့ ကျွန်တော်လည်း အတိအကျ မသိသေးဘူး"

ကျွန်တော်ကလည်း ပွင့်ပွင့်လင်းလင်းပင် ဖြေသည်။

"နီဟားဒါးဟာ ကျွန်တော့်မိတ်ဆွေပါ။ ဒါကြောင့် ဘာပြဿနာ ပေါ်နေတယ်ဆိုတာ ကျွန်တော် သိချင်တာပါပဲ။ ဘာဖြစ်လို့ ခင်ဗျားတို့ဘဏ်က ကြွေးပြန်တောင်းနေရတာလဲ"

"ကျွန်တော်တို့ အလုပ်ကို ဘယ်လို လုပ်တယ်ဆိုတာ ခင်ဗျားသိတဲ့ အတိုင်းပါပဲ။ မစ္စတာစမစ်ရဲ့ အပေါင်ပစ္စည်းရယ်၊ နော်မန်ရုပ်ရှင်ကုမ္ပဏီရဲ့ အာမခံချက်ရယ်ကြောင့် မစ္စတာစမစ်ကို ကျုပ်တို့ဘဏ်က ငွေချေးတယ်။ အခု ဘာနီနော်မန်က သူ့ကိုယ်ပိုင် ရုပ်ရှင်ကားတွေ ရိုက်ဖို့အတွက် သူ့ပိုက်ဆံ ပြန်လိုချင်တယ်။ ဒါကြောင့် သူ့အာမခံချက်ကို ပြန်ရုပ်သိမ်းတယ်။

ဒီလိုဆိုတော့ ကျွန်တော်တို့က အလိုအလျောက်ပဲ ကြွေးပြန်တောင်းရတော့တာပေါ့"

"နီဗားဒါး ဘာဖြစ်သွားနိုင်သလဲ"

"သူ အကြွေးမဆပ်နိုင်ရင် သူ့ရုပ်ရှင်ကို ပိတ်မယ်။ အပေါင်ပစ္စည်းတွေကို သိမ်းမယ်။ ချေးထားတဲ့ငွေတွေ ပြန်ရသည်အထိ ပစ္စည်းတွေကို ထုခွဲမယ်"

"ရုပ်ရှင်ကားကိုရော ဘယ်လို လုပ်မှာလဲ။ လွှင့်ပစ်လိုက်မှာလား"

"အို မဟုတ်ပါဘူး"

သူက ခပ်သာသာကလေး ရယ်သည်။

"ဖြန့်ချိဖို့အတွက် နော်မန်ကုမ္ပဏီကို ပြန်လွှဲပေးမယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ဘားနဒ် နော်မန်ကို သူ့ငွေတွေ ပြန်ရအောင် အခွင့်အရေးပေးလိုက်တဲ့သဘောပဲ။ သူ့ငွေက ဒေါ်လာ လေးသိန်းလောက်ပါနေတယ်။ သူ့ငွေတွေ ပြန်ရပြီးရင် ပိုတာ ဘဏ်ကိုပေးမယ်။ ဘဏ်အကြွေး ကျေသွားရင် ကျန်တာ စမစ်ကိုပေးမယ်"

ဇာတ်ရှုပ်ကြီး၏အစကို ကျွန်တော် သဘောပေါက်နားလည်စ ပြုပြီ။

"ငွေပိုလာဖို့ရော အလားအလာကောင်းရဲ့လား"

"သိပ်မကောင်းဘူး။ လောလောဆယ် သဘောတူထားချက်အရဆိုရင် ဖြန့်ချိရေး နှုန်းထားက အင်မတန် သက်သာနေတယ်။ နီဗားဒါးရဲ့ ပိုက်ဆံက အရင် ရမယ်။ ကျုပ်တို့က ကြွေးပြန်တောင်းပြီး ရုပ်ရှင်ကားကို သိမ်းလိုက်မယ်ဆိုရင် ဖြန့်ချိရေးနှုန်းထားက သုံးဆအထိ တက်သွားမယ်။ နီဗားဒါးရဲ့ငွေက နောက်ဆုံးကျန်သလောက် ရမယ်"

"ဖြန့်ချိခကို ဘယ်သူက ရမှာလဲ။ ဘဏ်က ရမှာလား"

ဟု ကျွန်တော် မေးသောအခါ မိုရိုနီက ထပ်ရယ်ပြန်သည်။

"မဟုတ်ပါဘူး။ ဘားနဒ်နော်မန် ရမှာပေါ့။ သူက ဖြန့်ချိသူပဲ"

ယခုမှပဲ အားလုံး ဇာတ်ရည်လည်တော့သည်။ ကျွန်တော့်ကို အကြံဉာဏ်ပေးရန် အောက်ထပ်မှာ စောင့်နေကြသူများသည် အလွန် ကြီးကျယ်သူများ ဖြစ်ကြချေသည်တကား။ သူတို့သည် နီဗားဒါးကို အမဲဖမ်းနေကြခြင်း ဖြစ်သည်။ နီဗားဒါး၏ ကိုယ်စားလှယ်သည် ဤဇာတ်ရှုပ်ကြီးထဲတွင် မည်မျှတော်သနည်းဟု ကျွန်တော် စဉ်းစားကြည့်မိသည်။

"မေးခွန်းတစ်ခုလောက် မေးပါရစေဦး တိုနီ။ နှောင့်ယှက်ရတာ အားနာပါတယ်။ အခု တစ်ကောင်ကြွက်ဇာတ်ကားကို အသံထွက်ကားအဖြစ် ပြန်ရိုက်မယ်ဆိုရင် ငွေဘယ် လောက် ကုန်နိုင်သလဲ"

"ခဏနော်"

ဟု ပြောပြီး သူ့ဘက်က ခေတ္တငြိမ်သွားသည်။

"အသံတိတ်ကား ရိုက်တုန်းက သုံးခဲ့တဲ့ ဆက်တင်တွေဟာ အခုအထိ ရှိနေတုန်းပဲ၊ အဝတ်အစားအားလုံးလည်း ရှိနေတယ်။ ဒါတွေကတင် ကုန်ကျစရိတ်အားလုံးရဲ့ တစ်ဝက် လောက် တန်နေပြီ။ လိုရင် နောက်ထပ် တစ်သန်းပေါ့။ သူတို့ ကံကောင်းရင် လျော့နိုင်ပါသေးတယ်"

"တစ်သန်းရော တန်ရဲ့လား"

မိုရိုနီဘက်က ခဏဆိုင်းသွားပြန်သည်။

"ရုပ်ရှင်တွေနဲ့ ပတ်သက်ပြီး ကျုပ် အကဲမဖြတ်ခဲ့ဖူးဘူး။ ဘာမဆို အမျိုးမျိုး ဖြစ်သွား နိုင်တယ် မဟုတ်လား"

"ဒီတစ်ချီတော့ ထင်မြင်ချက်ကလေး ပေးစမ်းပါ။ ကြားလူတစ်ယောက်ယောက်ရဲ့ အကြံဉာဏ်ကို ကျွန်တော် အရေးတကြီး လိုနေပါတယ်"

"ကျုပ် ရထားတဲ့ အစီရင်ခံစာတွေအရ ဆိုရင်တော့ အင်မတန် ကောင်းနိုင်တဲ့ လုပ်ငန်း တစ်ခုပါပဲ"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ကျွန်တော့်ကို အခွင့်အရေးတစ်ခု ပေးပါဦး။ ဒီနေ့ ညနေပိုင်းမှာ ကျွန်တော် အကြောင်းပြန်ပါ့မယ်။ ကျွန်တော် အကြောင်းမပြန်မချင်း ဘာမှ ဆက်မလုပ်ပါနဲ့ဦး။ နော်မန်နေရာမှာ ကျွန်တော် ဝင်ပြီး အာမခံဖြစ်လိမ့်မယ် ထင်ပါတယ်"

"ဒီလိုဆိုရင် ခင်ဗျား နောက်ထပ် ငွေတစ်သန်း လိုလိမ့်မယ်"

"မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော့်လက်ဟာ နောက်ထပ် ငွေချေးစာချုပ်ပေါ်မှာ လက်မှတ်ထိုးဖို့ အင်မတန် ကောင်းနေပါသေးတယ်"

ကျွန်တော်တို့ချင်း နှုတ်ဆက်ကြသောအခါ မိုရိုနီသည် ပျော်ပျော်ရွှင်ရွှင် ရယ်မောလိုက်သည်။ သူ စိတ်မပူပါ။ ထိုးဆေးထုတ်လုပ်သည့် စက်များအတွက် လိုင်စင်ကို ကျွန်တော် ရောင်းထားပြီး ဖြစ်ကြောင်း၊ ထို့အတွက် ကြိုတင်ငွေကို ကျွန်တော် အလွယ်တကူ ရနိုင်ကြောင်း မိုရိုနီ ကောင်းကောင်းသိပါသည်။ ဘဏ်လုပ်ငန်းရှင်တို့သည် ဤအတိုင်းသာ ဖြစ်၏။ မိမိတွင် အပေါင်ပစ္စည်း အလုံအလောက်ရှိနေမည်ဆိုလျှင် လိုသလောက်ငွေကို အလွယ်တကူ ပေးကြစမြဲ ဖြစ်သည်။

တယ်လီဖုန်းကိုချရင်း နာရီကိုကြည့်လိုက်သောအခါ ခုနစ်နာရီခွဲပေပြီ။ တယ်လီဖုန်းကို ကျွန်တော် ကောက်ကိုင်လိုက်၏။ ထိုသို့ ကိုင်ပြီးမှပင် ကျွန်တော့်စိတ် တစ်မျိုးပြောင်းသွားသည်။ သူတို့ထိုက်နှင့် သူတို့ကံ ဖြစ်ချင်ရာဖြစ်စေတော့။ ကျွန်တော့်ကို တွေ့လိုသပဆိုလျှင် စောင့်ကြပါစေ။ တယ်လီဖုန်း ပြန်ချခဲ့ပြီး ရေချိုးခန်းသို့ ကျွန်တော် ဝင်ခဲ့သည်။

ကျွန်တော် ရေချိုးနေခိုက် တယ်လီဖုန်း သုံးကြိမ် မြည်သေးသည်။ ကျွန်တော်ကမူ ရေချိုးမပျက်။ ကျွန်တော် ရေချိုးခန်းမှ ထွက်လာသောအခါ ရှစ်နာရီ ထိုးနေပေပြီ။ ထိုအခိုက် တယ်လီဖုန်း မြည်ပြန်၏။ ဗွန်အယ်လစ္စတာပင် ဖြစ်သည်။ သူ့အသံသည် တိုးပြီး မကောင်းကြံသည့် အသံမျိုး ဖြစ်နေသည်။

"နီဗားဒါးရယ်၊ သူ့ကိုယ်စားလှယ်ရယ်၊ ရီနာရယ် အပေါ်ကို တက်လာနေကြပြီ။ ကျွန်တော်တို့ကို သူတို့ မြင်မသွားဘူး"

"ကောင်းပါပြီ"

ဟု ကျွန်တော်က ပြန်ပြောသည်။

"ဒီလိုဆိုရင် ကျွန်တော်တို့ ဘယ်လိုလုပ် တွေ့ကြမလဲ"

"သိပ်နောက်ကျသွားပြီ ထင်တယ်။ နီဗားဒါးရဲ့ ကိုယ်စားလှယ်နဲ့ ကျွန်တော် စကားပြောရတော့မယ်။ မစ္စတာနော်မန်ကို ပြောပြလိုက်ပါ။ သူ့ကမ်းလှမ်းချက်ကို ကျွန်တော် တန်ဖိုးထားပါတယ်လို့။ ကျွန်တော် အကူအညီလိုမယ်ဆိုရင် သူ့ကို ကျွန်တော် တွေ့ပါ့မယ်"

သူ့ဘက်က မကျေနပ်သည့် အသံမျိုးကို ကျွန်တော် ကြားရသည်။ သဘောကျစွာ ကျွန်တော် ရယ်မိ၏။ သူ့ဆရာကြီးကို သူ မည်သို့ ရှင်းပြမည်နည်းဟု ကျွန်တော် တွေးမိသည်။ ကျွန်တော် အင်္ကျီဝတ်လိုက်သည့် အချိန်မှာပင် တံခါးခေါက်သံကို ကြားရသည်။

"ဝင်ခဲ့ပါ"

တံခါးဖွင့်သံကြားရသည်။ ကျွန်တော်လည်း အင်္ကျီကြယ်သီးများ တပ်ပြီးပြီဖြစ်သောကြောင့် ဖိနပ်လိုက်ရှာသည်။ သို့သော် ဖိနပ်က အိပ်ရာ၏ဟိုဘက်မှာ ရောက်နေသည်။ အကြောင်း မထူးတော့သဖြင့် ဖိနပ်မစီးဘဲ အပြင်ခန်းသို့ ကျွန်တော် ထွက်ခဲ့သည်။

ရီနာသည် ညောင်စောင်းပေါ်မှာ ထိုင်နေ၏။ နီဗားဒါးနှင့် အခြားလူတစ်ယောက်တို့က အခန်းလယ်မှာ ရပ်နေကြသည်။ နီဗားဒါး၏ မျက်နှာသည် တဖြည်းဖြည်း ပြုံးလာသည်။ သူ့လက်တစ်ဖက်ကို ဆန့်တန်းလိုက်ကာ အားပါးတရကြီး ခေါ်လိုက်သည်။

"ဂျိုနတ်စ်"

သူ့လက်ကို ကျွန်တော် ခပ်ကြောင်ကြောင်ပင် ဆွဲယူလိုက်၏။ ကျွန်တော်တို့ နှစ်ယောက်သည် သူစိမ်းတစ်ရံဆံများ မဟုတ်သဖြင့် တစ်ယောက်နှင့်တစ်ယောက် ယခုလို လက်ဆွဲနှုတ်ဆက်ကြရသည်မှာ တစ်မျိုးကြီး ဖြစ်နေသည်။

"နီဗားဒါး"

သူသည် မျက်မှောင် အနည်းငယ် ကုတ်လိုက်သောကြောင့် သူ့မျက်ဝန်းများတွင် အရေတွန့်ကလေးများကို မြင်ရသည်။

သို့သော်လည်း ခဏချင်းနှင့် ပြန်ပျောက်သွားသည်။ ကျွန်တော့်ကို သူ စိုက်ကြည့်နေသည်။

"ငါ့သားကြီး၊ မင်းဟာ တစ်နေ့တခြား မင်းအဖေနဲ့ ပိုတူလာတော့တာပဲနော်"

"ခင်ဗျားကို ကြည့်ရတာလည်း အင်မတန် ကျန်းမာနေပုံပဲ။ ဒါထက် နေစမ်းပါဦး။

ဒီအဝတ်စုတ်တွေကို ဘာဖြစ်လို့ ဝတ်ထားတာလဲ”

သူသည် ရှက်ကိုးရှက်ကန်းဖြင့် သူ့ကိုယ်သူ ပြန်ကြည့်၏။

“ရုပ်ရှင်ထဲမှာ ဒီအဝတ်အစား ဝတ်ရမယ့်အခန်း ရိုက်နေတာလေ။ ကလေးတွေက ဒါမျိုး သဘောကျတယ်”

ဟု ပြောရင်း သူ့အိတ်ထဲမှ ဆေးအိတ်နှင့်စက္ကူကို ဆွဲထုတ်ကာ စီးကရက် လိပ်နေသည်။

“မင်းအကြောင်းတွေကို သတင်းစာထဲမှာ အမြဲ ဖတ်နေရပါတယ်။ ပဲရစ်ကနေ သော့စ်အိန်ဂျယ်လိစ်ကို လေယာဉ်ပျံနဲ့ပြန်တာတို့၊ မိန်းမရတာတို့ပေါ့။ အားလုံးပါပဲ။ မင်းမိန်းမ ကော ပါလာသလား”

ကျွန်တော်က ခေါင်းယမ်းပြလိုက်သည်။ သူ ကျွန်တော့်ကို စိုက်ကြည့်နေ၏။ မော်နီကာနှင့် ကျွန်တော်တို့ကြားတွင် ပြဿနာတစ်ခုခုပေါ်ပြီဖြစ်ကြောင်း သူ ရိပ်မိသွားသည်ကို ကျွန်တော် သိလိုက်သည်။ ကျွန်တော့်ပါးစပ်ဟသည်နှင့် အူဘယ်နှစ်ခွေရှိသည်ကို သူ ကောင်းစွာ သိပါသည်။ သူ့ကို ကျွန်တော် ဘာတစ်ခုမှ လျှို့ဝှက်ဖုံးကွယ်ထား၍ မရ။

“မနိပ်လိုက်တာကွာ သူ့ကို ငါ တွေ့ချင်တာ”

စကားလမ်းကြောင်း ပြောင်းချင်သောကြောင့် အခြားသူများကို ကျွန်တော် လှည့် ကြည့်လိုက်သည်။ နီဗားဒါးကလည်း သူ့ကိုယ်သူ ချက်ချင်း ပြန်သတိရသွားသည်။

“အိုး မေ့နေတယ်။ ဟောဒါ ဒင်ပီးယာ့စ်၊ ငါ့ကိုယ်စားလှယ်ပဲ”

ကျွန်တော်တို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

“ကျွန်တော် ညက ခင်ဗျားရုပ်ရှင်ကို ကြည့်ပြီးပြီ။ ကျွန်တော် သဘောကျပါတယ်။ ခင်ဗျား ဒီအတိုင်း လွှတ်လိုက်ဖို့တော့ မကောင်းဘူး”

ကျွန်တော်သည် အချိန်မဆွဲတော့ဘဲ အလုပ်ကိစ္စကိုသာ တန်းပြောတော့သည်။

“အသံထွက်ကားတွေလည်း တာရှည်မခံနိုင်ဘူးထင်တယ်”

ဟု နီဗားဒါးက ပြန်ပြောချိန်တွင်. . .

“နီဗားဒါး၊ ဒါ မဟုတ်သေးပါဘူးဗျာ”

ဟု ပီးယာ့စ်က ဒေါသဖြင့် စကားဝင်ဖြတ်လိုက်သည်။ ပြီးမှ ကျွန်တော့်ဘက် လှည့်ပြီး ပြောသည်။

“ဒီဇာတ်ကားကို နီဗားဒါးက အသံတိတ်ပဲ ရိုက်ချင်ခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့ ကားစရိုက်ပြီးတာနဲ့ တစ်ပြိုင်တည်း ကျွန်တော်တို့ မှားပြီဆိုတာ သိရတော့တယ်။ အသံထွက် ကားအဖြစ် ပြောင်းရိုက်ဖို့ ကျွန်တော်တို့ ကြိုးစားကြပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့ မလုပ်နိုင်တော့ဘူး”

“ဘာဖြစ်လို့လဲ”

“နော်မန်က ခွင့်မပြုတော့ဘူး။ အဲဒီအချိန်က သူ့မှာ အသံဖမ်းစက်တစ်လုံး ရှိနေတယ်။ အဲဒီစက်နဲ့ စတူဒီယိုကို သူ့ကိုယ်ပိုင် ဇာတ်ကားတွေအတွက်ပဲ အသုံးပြုတော့တယ်။ ကျွန်တော်တို့ ရိုက်လက်စအတိုင်း အသံတိတ်ကားပဲ ဆက်ရိုက်ဖို့၊ တကယ်လို့ မရိုက်ရင် သူ့အာမခံချက်တွေကို ပြန်ရုပ်သိမ်းမယ်လို့ အကျပ်ကိုင်တော့တာပဲ”

ဇာတ်ရှုပ်ကြီးသည် ယခုမှ ပိုပြီး ရုပ်လုံးပေါ်လာတော့သည်။ သည်လုပ်ငန်းကြီး ကတည်းက နီဗားဒါးတို့ သွေးစုပ်ခံခဲ့ကြရခြင်း ဖြစ်သည်။ နီဗားဒါးကို ကျွန်တော် လှမ်းကြည့်မိ သည်။ သူ့ကို ကျွန်တော် နားမလည်နိုင်ပါ။ သူသည် အလွန် ဖဲကစားတော်သူ ဖြစ်သည်။ ယခုမှ ဘာကြောင့် သူ ခံရသနည်း။ သူက ကျွန်တော့်ကို အကဲခတ်နေသည်။

“မင်း ဘာစဉ်းစားနေတယ် ဆိုတာ ငါ သိပါတယ် သားရယ်။ ဒီရုပ်ရှင်ကားကို ပြစ်မနေ ငါ ရိုက်ချင်တာပဲရှိတယ်။ တခြား ဘာမှ မလိုချင်တော့ဘူး”

“နော်မန်က ဘယ်လိုလဲ။ ဒီဇာတ်ကား ပြီးအောင်ရိုက်နိုင်ဖို့အတွက် ဘာဖြစ်လို့ သူတို့က ငွေ မပေးချင်တော့တာလဲ”

“သူတို့လည်း ငွေကျပ်နေပြီ။ ဒါကြောင့် ဘဏ်က ကြွေးပြန်တောင်းနေတာ”

“ဒီနေရာမှာ ကစားကွက်တွေ အများကြီးပါပဲဗျာ။ သူတို့ ဆင်ထားတဲ့အကွက်ထဲကို

ကျွန်တော်တို့ ရောက်သွားတာပါ။ ဘဏ်က ကြွေးပြန်တောင်းအောင် ဘာနီနော်မန်က လုပ်တယ်။ ပြီးတော့ ဒီဇာတ်ကားကို ဘဏ်က သူတို့လက် ပြန်အပ်ပေးမယ်။ ဒီကားကို သူ အလကားရတဲ့သဘော ဖြစ်သွားမယ်။ သုံးပုံပုံတစ်ပုံလောက်ပဲ သူ ငွေကုန်ရတော့မယ်"

ဟု ပီးယာ့စ်က ဝင်ရှင်းပြသည်။

"ကားပြီးသွားအောင် ဆက်ရိုက်မယ်ဆိုရင် ငွေ ဘယ်လောက်ကုန်မလဲ"

"တစ်သန်းလောက်တော့ ကုန်မယ်"

နီတားဒါးက ဝင်ဖြေသည်။

"ဘဏ်က ပြန်တောင်းနေတဲ့ အကြွေးပါ အပါအဝင်ပေါ့"

ဟု ပီးယာ့စ်က ဖြည့်စွက်ပြော၏။ ထို့ကြောင့် ကျွန်တော်က သူ့ဘက်ကို လှည့်မေးသည်။

"ဒီဇာတ်ကားကို နော်မန်ကပဲ ဖြန့်မှာပဲလား"

"ဟုတ်ပါတယ်။ သူတို့ ကန်ထရိုက်ပေါ်း တစ်သောင်းလောက်ရထားတယ်။ တကယ်လို့ အသံထွက်သာ ဖြစ်မယ်ဆိုရင် ဘယ်ရုပ်ရှင်ကမှ မငြင်းဘူး"

"တကယ်လို့ အသံတိတ် ဆိုရင်ကော"

"ကန်ထရိုက် (၁၅၀၀) လောက်က ငှားပြမယ် ဆိုရင်တောင် အတော် ကံကောင်းလှပြီ လို့ ဆိုရမယ်။ သူတို့အားလုံးက အသံထွက်ကားတွေကိုပဲ ပြချင်နေကြတယ်"

"ကျွန်တော် ဘာလုပ်သင့်တယ်လို့ ခင်ဗျား ထင်သလဲ"

နီတားဒါးကို ကျွန်တော် လှမ်းမေးသည်။

နီတားဒါးသည် ခဏ ငိုင်နေ၏။ ပြီးမှ ကျွန်တော့်ကို သေသေချာချာ စိုက်ကြည့်သည်။

"ငါသာ မင်းနေရာမှာဆိုရင် ဒီမေးခွန်း မေးမိမှာ မဟုတ်ဘူး။ ဘာမဆို မင်းလုပ်နိုင်တာပဲ"

သူက ပွင့်လင်းစွာပင် ပြောသည်။

ပီးယာ့စ်က သူ့ကို လှမ်းကြည့်သည်။ သူ့အမူအရာသည် စိတ်ဆိုးနေပုံရသည်။ သူ့အဖို့တော့ ကျွန်တော်သည်လည်း နောက်ထပ် သွေးစုပ်ဦးမည့်သူတစ်ယောက်သာ ဖြစ်နေ၏။ သို့သော်လည်း သူ့အခွင့်အရေးများရဖို့အတွက်မူ ကျွန်တော်သည် နီတားဒါးအဖို့ တစ်စုံတစ်ခုကို လုပ်ပေးနိုင်သူဖြစ်ကြောင်း သူ အသိအမှတ်ပြုလိုက်ပုံရသည်။

ကျွန်တော် သူ့ကို ခေတ္တ ကြည့်နေမိ၏။ ထိုနောက် ရီနာ့ကို ငုံ့ကြည့်လိုက်သည်။ သူသည် ထိုင်ခုံပေါ်မှာ ထိုင်နေသည်။ သူ့မျက်နှာတွင် ခံစားမှု တစ်စုံတစ်ရာကို မတွေ့ရ။ သို့သော်လည်း မျက်လုံးများကမူ ကျွန်တော့်ကို တောင်းပန်သည့်အကြည့်မျိုးဖြင့် ကြည့်နေသည်။ နီတားဒါးဘက်သို့ ကျွန်တော် ပြန်လှည့်သည်။

"ကျွန်တော် ဆက်ရိုက်မယ်။ ဒါပေမယ့် စည်းကမ်းချက်တစ်ခုနဲ့လုပ်မယ်။ ဘာလဲဆိုတော့၊ ကျွန်တော် ပိုင်တဲ့ကား ဖြစ်ရမယ်။ ဒီကားကို ပြန်ရိုက်မယ်ဆိုရင် ကျွန်တော် ကြိုက်သလိုပဲ လုပ်ရမယ်။ ကျွန်တော့် အဆုံးအဖြတ်ကိုပဲ လက်ခံရမယ်။ ဆင်ခြေဆင်လက် မလိုချင်ဘူး။ လူတိုင်းလူတိုင်းဟာ ကျွန်တော် ပြောတဲ့အတိုင်းသာ လုပ်ရမယ်။ ခင်ဗျားလည်း အပါအဝင်ပဲ။ ကျွန်တော် မအောင်မြင်ရင် ဖြစ်လာသမျှ ဘေးဒဏ်အားလုံးကို ကျွန်တော် ခံမယ်"

နီတားဒါးက ခေါင်းညိတ်ပြသည်။ သည်စကားလုံးများကိုပင် ကျွန်တော့်အဖေသည် မကြာခဏပြောခဲ့ကြောင်း သူ ကောင်းစွာ သိပါသည်။ တစ်ဖက်က လောင်းကြေး အင်မတန် မြင့်နေသောအချိန်တွင် မည်သို့ အနိုင်ရအောင် လုပ်မည်ဖြစ်ကြောင်းကိုလည်း နီတားဒါးပင် ကျွန်တော့်ကို သွန်သင်ပေးခဲ့သည်။

"ဒါပေမယ့် ရုပ်ရှင်လုပ်ငန်းကို ခင်ဗျား သိသလား"

ဟု ပီးယာ့စ်က ဖြတ်ပေးသည်။

"ဘာမှ မသိဘူး။ နေပါဦး၊ အသံထွက်ရုပ်ရှင်ရိုက်ကြတဲ့ လူတွေထဲက ခင်ဗျား ဘယ်နှစ်ယောက်သိသလဲ။ အဲဒီ လူတွေကရော အသံထွက်ရုပ်ရှင်လုပ်ငန်းကို နားလည်ခဲ့ကြလို့လား"

ကျွန်တော့်အမေးသည် သူ့ပါးစပ်ကို ပိတ်လိုက်ခြင်း ဖြစ်၏။ ကျွန်တော် ပြောသည်မှာ အမှန်ပဲ ဖြစ်သည်။ ဤလုပ်ငန်းသည် လုပ်ငန်းသစ် ဖြစ်၏။ ကြိုတင်တတ်ကျွမ်းထားခဲ့သူများ

မရှိ။ နီတားဒါးဘက်သို့ ကျွန်တော် ပြန်လှည့်လိုက်၏။

"ဘယ်လိုလဲ"

"မပြောတတ်ဘူးလေ။ မင်းပန်းပေါ်ကို အားလုံး တင်ပေးလိုက်ပြီပဲ။ ငါ့ဘက်က ဘာမှ ချွန်းနိုင်စရာအကြောင်း မရှိတော့ဘူး"

ဟု သူက ဖြည်းဖြည်းပြောသည်။

"ခင်ဗျား မှားတာပေါ့။ ဒီနေရာမှာ နာမည်ပျက်သွားရင် ခင်ဗျားဘဝလည်း ပြီးသွားပြီ"

ဟု ပီးယာ့စ်က ဝင်ပြောသည်။

"အထိုက်အလျောက်လည်း ကျွန်တော် လုပ်ခဲ့ပြီးပါပြီ။ နာမည်ပျက်တာ မပျက်တာ ပုပင်သောကရောက်ဖို့ အရွယ်လည်း မဟုတ်တော့ပါဘူး။ ကျွန်တော်လည်း အသက်ကလေး ရလာပါပြီ"

ဟု နီတားဒါးက ပြုံးရင်း ပြောသည်။

"ဘယ်လိုလဲ နီတားဒါး"

သူက လက်ကို ဆန့်တန်းပေးသည်။ သူ့မျက်လုံး တစ်ဝိုက်မှာ ရှိနေသည့် ပုပင်သောက ရိပ်များသည် ချက်ချင်း ပျောက်ကွယ်သွားတော့သည်။ သူ ပြန်ငယ်လာပြန်ပြီ။

"သဘောတူပါတယ် အငယ်"

သူ့လက်ကို ကျွန်တော် ဆွဲယူလိုက်သည်။ ပြီးတော့ တယ်လီဖုန်းဆီသို့ သွားသည်။ ဘဏ်တိုက်ရှိ မိုရိုနီကို လှမ်းဆက်သည်။

"ချေးငွေတွေအားလုံး ကော့လက်နက်ခဲယမ်းမီးကျောက်စက်ရုံနာမည်နဲ့ ပြောင်းဖို့ အစီအစဉ်လုပ်ပေးပါ"

"ကံကောင်းပါစေ ဂျိုနတ်စ်။ ဒီအလုပ်ကို ခင်ဗျား လုပ်တော့မှာပဲလို့ ကျုပ် ထင်ပြီးသားပါ"

"ခင်ဗျားက ကျွန်တော့်ထက်တောင် ပိုသိနေပါသလား"

"ဒါကြောင့် အောင်မြင်တဲ့ ဘဏ်လုပ်ငန်းရှင်တစ်ယောက် ဖြစ်လာတာပေါ့"

ဟု မိုရိုနီက ပြန်ပြောသည်။ တယ်လီဖုန်းချပြီး သူတို့ဘက်သို့ ကျွန်တော် ပြန်လှည့်လာသည်။

"ကောင်းပြီ။ ကျွန်တော် အလုပ်စမယ်။ နံပါတ်တစ် ပွန်အယ်လစ္စတာကို ထုတ်ပစ်"

နီတားဒါး၏ မျက်နှာတွင် ချောက်ချားတုန်လှုပ်သွားသည်။ ပြီးတော့ သူက ကန့်ကွက်စကားပြောသည်။

"ပွန်အယ်လစ္စတာက ဒီလုပ်ငန်းထဲမှာ အကောင်းဆုံးလူပါ။ ငါ ရိုက်ခဲ့သမျှ ကားတွေ အားလုံးကို သူပဲ ဒါရိုက်တာလုပ်ခဲ့တယ်။ ပြီးတော့ ပထမဦးဆုံး ငါ့ကိုတွေ့ပြီး စင်ပေါ်တင်ပေးလိုက်တာလည်း သူပဲ"

"အလကားလူ။ ခင်ဗျား ဒုက္ခဖြစ်နေပြီလို့ သူထင်ရင် မိနစ်မဆိုင်းဘဲ ခင်ဗျားကို ရောင်းစားမယ်၊ မနက်ခုနစ်နာရီက ဘာနီနော်မန်ကို ခေါ်ပြီး ဒီကို ရောက်လာသေးတယ်။ ကျွန်တော့်ကို အလကားပဲတင်းနဲ့ အကြံဉာဏ်ကောင်းတွေ ပေးချင်လို့တဲ့။ ကျွန်တော် လက်ခံပြီး စကား မပြောလိုက်ဘူး"

"ကဲ ဒီနောက်ကနေ ဘာနီကြိုးကိုင်နေတာပါလို့ ကျုပ် ပြောခဲ့တာ ယုံပြီ မဟုတ်လား"

ဟု ပီးယာ့စ်က နီတားဒါးကို မေး၏။

"နီတားဒါး ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ၊ ဒီကားဟာ ကျွန်တော့်ကား၊ ကျွန်တော် ပြောတဲ့အတိုင်းလုပ်"

နီတားဒါးက ဘာမှ မပြောတော့ဘဲ ခေါင်းညိတ်သည်။

"နံပါတ်နှစ် လုပ်ရမှာက ပီးယာ့စ်ပဲ။ သုံးရက်အတွင်းမှာ အသံထွက်ကားတွေ ရနိုင်သလောက်ကြည့်ချင်တယ်။ စီစဉ်ပေးပါ။ နောက်ရက်သတ္တတစ်ပတ်ကုန်ရင် ခင်ဗျားတို့ အားလုံးတို နယူးယောက်မြို့ကို ပို့မယ်။ သုံးလေးရက်လောက် ဇာတ်ရုံတွေမှာ အချိန်ဖြုန်းရမယ်။ ဟိုမှာ ကျုပ်တို့ ရှိနေတုန်း ဒါရိုက်တာတစ်ယောက်လောက်တော့ ရွေးနိုင်ရမှာပေါ့။ လုပ်ကြည့်ရအောင်"

စီးကရက်မီးညှိရန် ကျွန်တော် စကားဖြတ်လိုက်သည်။ နီတားဒါးကို ရုတ်တရက်

လှမ်းကြည့်လိုက်မိ၏။

"ဘာကို ပြုံးနေတာလဲ"

"ကိုယ့်စကား ကိုယ်ပြန်သဘောကျလို့ပါ။ မင်းဟာ မင်းအဖေနဲ့ တစ်နေ့တခြား ပိုတူလာတယ်လို့"

သူ့ကို ကျွန်တော် ပြန်ပြုံးပြခဲ့သည်။ ထိုအခိုက်မှာပင် စားပွဲထိုးက နံနက်စာများ ယူလာသည်။ နီဗားဒါးနှင့် ပီးယာ့စ်သည် ရေချိုးခန်းဘက်သို့ ထွက်သွားကြ၏။ ရီနာနှင့် ကျွန်တော်သာ ကျန်ခဲ့သည်။ ကျွန်တော့်အား အေးချမ်းစွာ ကြည့်နေသည်ကို တွေ့ရသည်။

"ရှင်ကိုယ်တိုင်သာ ဒီအလုပ်ကို လုပ်မယ်ဆိုရင် ရှင် တကယ့် လူသားတစ်ယောက် ဖြစ်လာမယ်လို့ ကျွန်မ ထင်တယ်"

သူက နူးညံ့စွာ ပြောသည်။ ကျွန်တော်က သူ့မျက်လုံးများကို စိုက်ကြည့်နေမိသည်။

"မိကျောင်းမင်း ရေခင်းလာပြမနေစမ်းပါနဲ့ ရီနာရယ်။ ဒီအလုပ်ကို ဘာကြောင့် ငါ ဝင်လုပ်တယ်ဆိုတာ တို့နှစ်ယောက် သိပါတယ်။ ညတုန်းက တို့နှစ်ယောက် သဘောတူခဲ့ကြ တယ် မဟုတ်ဘူးလား"

သူ့မျက်နှာပေါ်က နူးညံ့သော အရိပ်အယောင်များ ချက်ချင်း ကွယ်ပျောက်သွား သည်။ အနာပေါ် တုတ်ကျသွားပြီဖြစ်ကြောင်း ကျွန်တော် သိလိုက်သည်။

"ခုချက်ချင်း ရှင့်ကို ကျွန်မ ဒုက္ခပေးလိုက်ရမလား"

"နေပါဦးလေ၊ စောင့်ပါရစေဦး"

ကျွန်တော်က အပြုံးဖြင့် ပြောသည်။ ထိုအချိန်မှာပင် တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသည်။

"ကိုင်လိုက်စမ်းပါကွာ"

ရီနာက တယ်လီဖုန်း ကောက်ကိုင်ပြီး စကားပြောနေသည်။ ပြီးတော့ ကျွန်တော့် ဘက်သို့ လှမ်းပေးသည်။

"ရှင့် မိန်းမ"

"ဟဲလို. . . မော်နီကာ"

တစ်ဖက်က ပြန်ပြောသောအသံသည် ဒေါသသံများ ပြည့်နေသည်။

"အလုပ်ကိစ္စအတွက် သွားတဲ့ဆရာကြီး၊ ရှင့်ကို ကျုပ် တယ်လီဖုန်းခေါ်တော့ အပေါ စား ပြည့်တန်ဆာမတစ်ယောက်က ပြန်ထူးတယ်။ ရှင့်မိထွေးပါလို့ ပြောဦးမှာပဲ မဟုတ်လား"

"အစစ်ပေါ့ဗျာ"

ဒေါသဖြင့် ဖုန်းပစ်ချလိုက်သံကို ကြားရပြီး ကျွန်တော့်လက်ထဲမှ တယ်လီဖုန်းသည် အသံတိတ်သွားတော့သည်။ တယ်လီဖုန်းကို ကျွန်တော် ခဏငေးကြည့်နေမိ၏။ ပြီးတော့ ဟက်ဟက်ပက်ပက် ကျွန်တော် ရယ်လိုက်မိသည်။

အရာရာသည် အလွန် မှန်နေ၏။

ပြီးတော့ အလွန်လည်း မှားနေသည်။

(၇)

ပြတင်းပေါက်ကို ကျော်ပြီး ကွင်းထဲသို့ ကျွန်တော် ကြည့်လိုက်သည်။ လေယာဉ်ပျံ ပေါင်း များစွာတို့သည် ပြေးလမ်းပေါ်တွင် စက်နှိုးနေကြသည်။ အနီ၊ အဖြူနှင့် အပြာရောင် ခြယ်ထားသည့် ဒိုင်စီအေ ဟူသော စာလုံးများသည် လေယာဉ်ပျံများ၏ အတောင်ပံအောက် ဘေးတစ်ဖက်တစ်ချက်စီတွင် တောက်ပနေသည်။ စိမ်ကိန်းစာရွက်များကို ကျွန်တော် ငုံ့ကြည့်ပြီး ပုံစံထုတ်လုပ်သူကို မော့ကြည့်မိသည်။

မော်ရစ်ဆေသည် အသက် ငယ်သေးသည်။ ကျွန်တော့်ထက်ပင် ငယ်သေးသည်။ အမ်အိုင်တီတက္ကသိုလ်မှ သူ ဘွဲ့ရခဲ့သည်။ လေယာဉ်ပျံ အင်ဂျင်နီယာနှင့် ပုံစံထုတ်လုပ်မှုများ ကို အဓိကဘာသာအဖြစ် သင်ကြားတတ်မြောက်ခဲ့သည်။ သူသည် လေယာဉ်မောင်းသူ မဟုတ်။

စက်နှစ်လုံးတပ် လေယာဉ်တစ်စင်း၏ ပုံစံကို သူ ဆွဲပြီး တင်ပြသည်။

သူ့နှာခေါင်းပေါ်သို့ လျှောကျလာသည့် မျက်မှန်ကို သူ ပြန်ပြီး ပင့်တင်သည်။

"ကျွန်တော် တွက်ထားတာ ပြောရမယ်ဆိုရင် အတောင်ပံတွေကို အလေးချိန် လျှော့လိုက်ရင် ကုန်လည်း ပိုတင်နိုင်မယ်။ ဓာတ်ဆီအစားလည်း သက်သာသွားမယ်လို့ ကျွန်တော် ထင်ပါတယ် မစ္စတာကော့။ ကျွန်တော်တို့ လေယာဉ်မှူးတွေကလည်း မြင်ကွင်းကို မျက်စိနဲ့ တိုက်ရိုက်ကြည့်ပြီး လေကြောင်းကို ထိန်းနိုင်ပါတယ်"

"ကျွန်တော်လိုချင်တာကတော့ အလေးချိန်များများ ပိုတင်နိုင်ဖို့နဲ့ အမြန်နှုန်းကို မြှင့်နိုင်ဖို့ပါပဲ"

ဟု ကျွန်တော်က ပြောသည်။

"ကျွန်တော် တွက်တာတွေမှန်ရင် လေယာဉ်မှူးနဲ့ တွဲဖက်လေယာဉ်မှူးအပြင် ခရီးသည်ချည်းပဲ (၂၀) တင်နိုင်မယ်။ တစ်နာရီကို မိုင် (၂၅၀) မြန်အောင် မောင်းနိုင်မယ်။ ဆီအပြည့် ထည့်ထားရင် ခြောက်နာရီတိတိ တောက်လျှောက် ပျံနိုင်မယ်"

"ကျွန်တော်တို့ ဒီကနေပြီး နယူးယောက်အထိ ပျံမယ်ဆိုရင် ရီကာဂိုတစ်မြို့မှာသာ ရပ်ဖို့လိုတယ်လို့ ဆိုလိုတာလား။ ကျုပ်တော့ မယုံဘူး"

ဟု ဘတ်ဇ်က ဝင်ပြောသည်။

"ဒါက ကျွန်တော် တွက်ထားတဲ့ အဖြေတွေပါပဲ။ မစ္စတာဒါလ်တန်"

မော်ရစ်ဆေက ယဉ်ကျေးသိမ်မွေ့စွာ ပြောသည်။

ဘတ်ဇ်က ကျွန်တော့်ကို လှမ်းကြည့်၏။

"ဘယ်လိုတုံး သူငယ်ချင်း။ ဒီလို အရှုံးစီမံကိန်းမျိုးပေါ်မှာ မင်း ပိုက်ဆံတွေကို မင်း လွှင့်ပစ်ချင်ရင် ပစ်နိုင်တယ်။ ငါတော့ အဆုံးမခံနိုင်ဘူး။ ဒီလို အဓိပ္ပာယ် မရှိတာတွေ ငါ စိတ်ကူးခဲ့ပေါင်းများလှပြီ"

"ပထမတစ်စင်း စတည်ဖို့ ငွေဘယ်လောက် ကုန်မလဲ"

ကျွန်တော်က ဘတ်ဇ်ကို ဘာမှ ပြန်မပြောဘဲ မော်ရစ်ဆေကိုသာ လှမ်းမေးသည်။

"လေးသိန်း၊ ဒါမှမဟုတ် ငါးသိန်းလောက် ကုန်မယ်။ နောက်ပိုင်းဆိုရင်တော့ နှစ်သိန်း ခွဲလောက်နဲ့ ကျွန်တော်တို့ လုပ်နိုင်မှာပါ"

ဒါလ်တန်က လှောင်ရယ် ရယ်လိုက်သည်။

"ငါးသိန်းလောက်နဲ့ လေယာဉ်ပျံတစ်စင်း လုပ်မှာလား။ ဒါ ရူးတာပဲ။ တို့ပိုက်ဆံ တွေတော့ ပြန်ရတော့မှာ မဟုတ်ပါဘူး"

အနောက်ဘက်ကမ်းခြေမှ အရှေ့ဘက်ကမ်းခြေသို့ ရထားဖြင့် ပထမတန်းက စီးသွား မည်ဆိုလျှင် ဒေါ်လာလေးရာကျော် ပေးရသည်။ အချိန်အနေဖြင့်လည်း လေးရက်လုံးလုံး ကြာမည်။ အစားအသောက်စရိတ်ပါဆိုလျှင် ခရီးသည်တစ်ယောက်သည် ဒေါ်လာငါးရာကျော် ကုန်ကျမည် ဖြစ်သည်။

လေယာဉ်ပျံတစ်စင်းအနေဖြင့် ထိုခရီးစဉ်ကို တစ်ခေါက်ပျံလျှင် ဒေါ်လာ ခုနစ်သောင်း ရမည်။ ကုန်စည်များတင်သည့် စရိတ်ပါပေါင်းလျှင် ရှစ်သောင်းခွဲရမည်။ တစ်ပတ်လျှင် ငါးခေါက် ပျံမည်ဆိုပါက ရက်သတ္တပတ် (၂၀) အတွင်း ကုန်ကျထားသည့် ငွေများကို စရိတ်ပါ နုတ်ပြီး အားလုံး ပြန်ရနိုင်မည် ဖြစ်သည်။ ဒီအတိုင်းသာဆိုလျှင် လေယာဉ်ပျံပေါ်တွင် အစားအသောက် ကိုပင် အခမဲ့ကျွေးနိုင်သေးသည်။

နာရီကို ငုံ့ကြည့်သောအခါ ကိုးနာရီထိုးနေပြီကို တွေ့ရသည်။ ကျွန်တော် ထိုင်ရာမှ ထလိုက်၏။

"ကျွန်တော် စတူဒီယိုကို သွားရဦးမယ်။ ပထမအခန်း ဒီနေ့ စရိုက်မယ်"

ဒါလ်တန်၏မျက်နှာတွင် ဒေါသကြောင့် နီရဲသွားသည်။

"ထိုင်ပါဦး ဂျိုနတ်စ်။ ဒီမှာ အလုပ်မပြီးသေးပါဘူး။ လွန်ခဲ့တဲ့ တစ်လခွဲလုံးလုံး မင်း အဓိပ္ပာယ် မရှိ စတူဒီယိုထဲမှာပဲ အချိန်တွေ ဖြုန်းနေခဲ့တယ်။ မင်း အဲဒီ အသုံးမကျတဲ့ ရုပ်ရှင်တွေ လုပ်နေမယ့်အစား လေယာဉ်ပျံတွေ လုပ်ရမယ်။ မလုပ်နိုင်ရင် စက်ရုံတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ

ဖြစ်ကုန်လိမ့်မယ်"

ကျွန်တော်က သူ့ကို မပြုံးဘဲ ခပ်တည်တည် ကြည့်နေလိုက်သည်။

"ငါ့တာဝန်အရတော့ တို့လုပ်ဖို့ လေယာဉ်ပျံတစ်စင်း ရနေပြီပဲ"

"မင်းမှာ ဘာမှ မရှိပါဘူး။ ဒီပုံစံကိုလုပ်ဖို့ ပြောတာတော့ မဟုတ်ပါဘူးနော်"

ကျွန်တော်က ခေါင်းညိတ်ပြပြီး မော်ရစ်ဆေဘက်သို့ လှည့်လိုက်သည်။

"အဲဒီပုံစံအတိုင်း လေယာဉ်ပျံတစ်စင်း အမြန်ဆုံးလုပ်ပါ"

"နေစမ်းပါဦး။ မင်း ရူးနေပြီလား။ အိုင်စီအေ ဒုက္ခဖြစ်သွားအောင် မင်း လုပ်နေတာလား။ ငါ တစ်ဝက်ပိုင်တယ် ဆိုတာကို မမေ့ပါနဲ့"

ဟု ဒါလ်တန်က အော်ပြောသည်။

"ကျန်တဲ့တစ်ဝက်ကို ကော့လက်နက်ခဲယမ်းမီးကျောက်စက်ရုံက ပိုင်တယ် ဆိုတာကိုလည်း မင်း မမေ့ပါနဲ့။ အိုင်စီအေပိုင်တဲ့ လေယာဉ်ပျံတွေ အားလုံးကို ကော့လက်နက်ခဲယမ်းမီးကျောက်စက်ရုံက အာမခံချက်ထားတယ် ဆိုတာကိုလည်း မင်း မမေ့ပါနဲ့။ အခုဆိုရင် စာချုပ်သက်တမ်းတွေ စေ့နေပြီ။ ငါ့အာမခံကို ပြန်ရုပ်သိမ်းလိုက်ရင် ပြည်တွင်းလေကြောင်းသယ်ယူပို့ဆောင်ရေးလိုင်းဆိုတဲ့ အိုင်စီအေက လေယာဉ်ပျံတွေ အားလုံး ငါ့လက်ထဲကို ရောက်မယ်ဆိုတာကိုလည်း မင်း မမေ့ပါနဲ့"

သူသည် ကျွန်တော့်မျက်နှာကို ဒေါသဖြင့် ခေတ္တစိုက်ကြည့်နေသည်။ ခဏအကြာတွင် သူ့မျက်နှာပေါ်၌ အပြုံးရိပ်ပေါ်လာ၏။

"အင်း မင်းအကြောင်းကို ငါ ကောင်းကောင်းသိဖို့လိုတယ် ဂျိုနတ်စ်၊ အန်စာဝိုင်းမှာ မင်းကို ငါ ရှုံးပြီး ငါ့ဝါကိုလေယာဉ်ပျံကလေး ထိုးအပ်လိုက်ရကတည်းက မင်းအကြောင်းကို ငါ နားလည်ခဲ့ဖို့ ကောင်းတယ်။ သင်ခန်းစာယူခဲ့ဖို့ ကောင်းတယ်"

ကျွန်တော်ကလည်း သူ့ကို ပြန်ပြုံးပြသည်။

"မင်းဟာ လေကြောင်းလုပ်ငန်းမှာ အင်မတန်တော်တဲ့ လူတစ်ယောက်ပါပဲ ဘတ်ဇ်။ လေယာဉ်ပျံတွေ မှန်မှန်ပျံနိုင်ဖို့ကိုပဲ မင်း လုပ်ပါ။ လေယာဉ်ပျံထုတ်လုပ်တဲ့အလုပ်ကို ငါနဲ့ထားခဲ့။ မင်းမပါဘဲ သူဌေးဖြစ်အောင် ငါ လုပ်ပေးပါ့မယ်"

"ကောင်းပြီလေ။ ဒါပေမယ့် ဒီလေယာဉ်ပျံကို မင်း ဆောက်ခိုင်းတာတော့ မှားပြီထင်တယ်။ တို့နှစ်ယောက်စလုံး လံကွတ်တီပဲ ကျန်အောင် ရှုံးသွားနိုင်တယ် သူငယ်ချင်း"

ကျွန်တော်သည် သူ့ကို ဘာမှ ပြန်မပြောတော့ဘဲ မော်တော်ကားရှိရာသို့ လျှောက်လာခဲ့သည်။ ငွေရအောင် မည်သို့လုပ်ရမည် ဟူသည့် အလွန်ရိုးသော ဥပဒေသများကို ရှင်းပြနေ၍လည်း အကြောင်းထူးမည် မဟုတ်။ ကော့လေယာဉ်ထုတ်လုပ်ရေးစက်ရုံမှ လေယာဉ်ပျံအစင်းနှစ်ဆယ်ကို အိုင်စီအေက မှာယူရမည် ဖြစ်သည်။ ထိုအတွက် အိုင်စီအေနှင့် ကော့လေယာဉ်ပျံထုတ်လုပ်ရေးစက်ရုံက အပေါင်ပစ္စည်းများကို ကော့လက်နက်ခဲယမ်းမီးကျောက်စက်ရုံသို့ လွှဲအပ်ရမည်။ ထို့ကြောင့် လေယာဉ်ပျံများ မတည်ဆောက်မီမှာပင် ဘဏ်မှ ငွေကို ကော့လက်နက်စက်ရုံက ထုတ်ယူပေးနိုင်မည်။ အကယ်၍ ဆောက်လုပ်သည့် လေယာဉ်ပျံများ မကောင်းပါက ကော့လက်နက်စက်ရုံက အမြတ်တော်ကြေးများ လျှော့ပေးခြင်းဖြင့် ပြီးသွားမည် ဖြစ်သည်။

"မင်း ရုပ်ရှင်လုပ်ငန်းကြီး အောင်မြင်ပါစေ သူငယ်ချင်း"

ကျွန်တော် ကားထဲသို့ ဝင်ထိုင်သောအခါ ဘတ်ဇ်က ပြောသည်။ ကျွန်တော် ဘာမှ ပြန်မပြောခဲ့။

* * *

နော်မန်စတူဒီယိုဝင်းအတွင်းဝင်ရာ ဂိတ်ဝသို့ ကျွန်တော် ကွေ့ဝင်လိုက်သောအခါ အစောင့်က ထွက်ကြည့်ပြီး လက်ပြနှုတ်ဆက်သည်။

"ကောင်းသောမနက်ပါ မစ္စတာကော့"

ကျွန်တော် ပြန်ပြုံးပြခဲ့ပြီး ကျွန်တော့်ကားရပ်ရမည့် နေရာသို့ မောင်းလာခဲ့သည်။ ကျွန်တော့်ကား ရပ်ရမည့်နေရာတွင် "မစ္စတာကော့"ဟူသော စာလုံး ရေးထားသည်။ ငွေရှင်တစ်

ယောက်အား ဘယ်လို အကြိုက်ပေးရမည်ကို ရုပ်ရှင်သမားတို့ ကောင်းစွာသိကြ၏။ ထမင်းစားခန်းထဲတွင်လည်း သီးသန့်စားပွဲနှင့် ကုလားထိုင်တွင် ကျွန်တော့်အမည် ရေးထိုးပေးထားသည်။ သီးသန့်အဆောက်အအုံ တစ်လုံးလည်း ရသည်။ ထိုအဆောက်အအုံတွင် ကျွန်တော့်အတွက် ရုံးခန်းများနှင့် အတွင်းရေးမှူးနှစ်ယောက်ပါ ထားပေးသည်။ အရက်ဗီရို၊ ရေခဲသေတ္တာ၊ သီးသန့်ရေချိုးခန်း၊ သီးသန့်အဝတ်အစားလဲခန်း၊ အစည်းအဝေးခန်းနှင့် အတွင်းရေးမှူးနှစ်ယောက်အတွက် ရုံးခန်းနှစ်ခု စသည်ဖြင့် ပြင်ဆင်ထားသည်။

ကျွန်တော်သည် ကျွန်တော့်အဆောက်အအုံ၏ နောက်ဘက်တံခါးမှ ရုံးခန်းအတွင်းသို့ တောက်လျှောက် ဝင်လာခဲ့သည်။ ကျွန်တော့်စားပွဲတွင် ထိုင်ရုံသာ ရှိသေးသည်။ ကျွန်တော့်အတွင်းရေးမှူးနှစ်ယောက်အနက် တစ်ယောက်ဝင်လာသည်။ သူ့လက်ထဲတွင် မှတ်စုစာအုပ်နှင့် ခဲတံနှင့်။

"ကောင်းသောမနက်ပါ မစ္စတာကော့။ ကျွန်မ လိုက်ရေးပေးဖို့ ပြောစရာများ ရှိပါသလားရှင်"

ကျွန်တော်က ခေါင်းယမ်းပြသည်။ သည်လောက် ဆိုလျှင်တော့ သည်ကောင်မတွေ သိကြဖို့ကောင်းပြီ။ လွန်ခဲ့သည့် ရက်သတ္တပါတ်ပတ်စလုံး ကျွန်တော် ရောက်လာတိုင်း ဒီမိန်းကလေးသည် ဒီအတိုင်းလာပြီး မေးစမြဲဖြစ်၏။ ညွှန်ကြားချက်များ၊ မှတ်တမ်းများ၊ စာများ၊ မည်သည့်အကြောင်းအရာကိုမျှ ကျွန်တော် မရေးခဲ့၊ သူတို့ကို နှုတ်တိုက်ချမပေးခဲ့။ ရေးစရာရှိလျှင် မက်အယ်လစ္စတာကို ကျွန်တော် ခေါ်သည်။ သူ့ကို ရေးခိုင်းသည်။ ဥပဒေရေးရာအတိုင်ပင်ခံ၏ အလုပ်သည် ဤအလုပ်များကို လုပ်ရမည်။

ကျွန်တော့်စားပွဲပေါ်ရှိ တယ်လီဖုန်းခေါင်းလောင်း မြည်သောအခါ သူက ကောက်ကိုင်သည်။

"မစ္စတာကော့ ရုံးခန်းကပါ ရှင်"

တစ်ဖက်က ပြောသည်ကို ခဏနားထောင်နေပြီး ကျွန်တော့်ဘက် လှည့်လာသည်။

"ရိုက်ကွင်းနံပတ်ကိုးမှာ အစမ်းလေ့ကျင့်လို့ ပြီးပါပြီတဲ့ရှင်။ ပထမဆုံးအခန်းကို စရိုက်ဖို့ အဆင်သင့် ဖြစ်နေပါပြီတဲ့။ မစ္စတာကော့ လာကြည့်မလား မကြည့်ဘူးလားဆိုတာကို သိချင်ပါတယ်တဲ့"

"ငါ လာနေပြီလို့ ပြောလိုက်"

ကျွန်တော် ထိုင်ရာမှ ထလိုက်သည်။ ရိုက်ကွင်းနံပါတ်ကိုးသည် အစွန်ဆုံးတွင် ဖြစ်သည်။ နယူးအော်လင်းမြို့ ပုံစံ ဆက်တင်များကို ကျွန်တော်တို့ အစွန်ဆုံးအကွက်မှာ ဆောက်လုပ်ထား၏။ အခြားအကွက်များမှ အသံများ မနှောင့်ယှက်နိုင်စေရန် ဖြစ်သည်။ အုတ်လမ်းအတိုင်း ကျွန်တော် လျှောက်လာသည်။ ထိုအခိုက် စာပို့လုလင်တစ်ယောက်သည် စက်ဘီးစီးပြီး အခြားအမှုဆောင်ရုံး တစ်ရုံးသို့ လာနေသည်ကို တွေ့ရသည်။ သူ စက်ဘီးထောင်ပြီး အပေါ်သို့ တက်သွားခိုက် ကျွန်တော်က ဆွဲယူပြီး စီးထွက်ခဲ့သည်။ ထိုကလေး၏ လှမ်းအော်သံကို နောက်ပိုင်းမှ ကြားသည်။

အကွက်နံပါတ်ကိုးအတွင်းသို့ ကျွန်တော် ထိုးကွေ့လိုက်သောအခါ လူတစ်ယောက်နှင့် တိုက်မိတော့မလို ဖြစ်သွား၏။ ထိုသူသည် ထိုနေရာမှာရပ်ပြီး အလွန် အံ့အားသင့်သည့်ပုံစံမျိုးဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ သူကား ဘာနီနော်မန် ဖြစ်လေသည်။

"ဘယ်လို ဖြစ်လာတာလဲ မစ္စတာကော့။ ခင်ဗျား အခုလို ဖြစ်သလိုလာတာ မတော်ပါဘူး။ ကားလှမ်းခေါ် နိုင်သားပဲဗျာ"

ဟု သူက ပြောသည်။ ကျွန်တော်က နံရံမှာ စက်ဘီးကို မှီပြီး ထောင်နေသည်။

"ကျွန်တော့်မှာ အချိန်မရှိဘူး မစ္စတာနော်မန်။ သူတို့ စရိုက်ဖို့ အဆင်သင့် ဖြစ်နေပြီလို့ ကျွန်တော့်ကို ပြောတယ်။ သူတို့ ဟိုမှာ ဖြုန်းတီးနေကြတာက ကျွန်တော့်ပိုက်ဆံနဲ့ ကျွန်တော့် အချိန်တွေ"

ပထမအခန်းကို ရိုက်ရန် သူတို့ အသင့်ဖြစ်နေကြ၏။ ဟိုတယ်ပိုင်ရှင် အမျိုးသမီးနှင့် လူငယ်ကလေး မက်ဇ်တို့ ပထမဦးဆုံး စတင် တွေ့ကြသည့် အခန်း ဖြစ်သည်။ အမှန်တော့

ဤအခန်းသည် ဤရုပ်ရှင်၏ ပထမဆုံးအခန်း မဟုတ်။ သို့သော်လည်း သူတို့သည် ဤအတိုင်းသာ ပြုလုပ်လေ့ရှိကြ၏။ ဇာတ်လမ်း၏ အလယ်မှ အခန်းများကို အရင် ရိုက်ကြသည်။ ပြီးတော့မှ အစနှင့် အဆုံးခန်းများကို ရိုက်သည်။ အားလုံးပြီးသောအခါ ကားဆက်သူက အစီအစဉ် အတိုင်း တည်းဖြတ်ကာ ကားဆက်ပေးသည်။

ဟိုတယ်ပိုင်ရှင်အဖြစ် သရုပ်ဆောင်သူမှာ မင်းသမီးစင်သီယာရန်းဒေါလ် ဖြစ်သည်။ နော်မန်ကုမ္ပဏီ၏ အအောင်မြင်ဆုံး၊ အားအကိုးဆုံး ထိပ်တန်းမင်းသမီးတစ်လက် ဖြစ်သည်။ ရုပ်ရှင်ထဲတွင်မူ ဤမင်းသမီးသည် အလွန် လင်စိတ် သားစိတ်မွန်သူ ဖြစ်၏။ သို့သော် လူကိုယ်တိုင်မူကား ကျွန်တော့်ကို တစ်ခါမျှ လာမမွန်သေး။ သူသည် မှန်တင်ခုံမှာ ထိုင်နေသည်။ မိတ်ကပ်ခြယ်သူနှစ်ယောက်နှင့် ဆံပင်ပြင်သူနှစ်ယောက်တို့က သူ့ကို အလှပြင်ပေးနေသည်။

နီဗားဒါးသည် အခြားထောင့်တစ်ထောင့်တွင် ကျွန်တော့်ကို ကျောပေးရပ်ကာ ရီနာနှင့် စကားပြောနေသည်။ ကျွန်တော် ဝင်သွားသောအခါ ကျွန်တော့်ကို လှည့်ကြည့်သည်။ သူသည် အလွန် ငယ်ရုပ်ပေါက်နေ၏။ သူ့ကို ကျွန်တော် စတွေ့တုန်းကထက် ပိုပြီး ငယ်ရုပ်ပေါက်နေသည်။ သူတို့ မည်သို့ မိတ်ကပ်ခြယ်လိုက်သည်ကို ကျွန်တော် မသိ။ သူ့မျက်လုံးများသည်ပင်လျှင် လူငယ်ကလေးတစ်ယောက်၏ မျက်လုံးများကဲ့သို့ ဖြစ်နေပါသည်။ သူက ကျွန်တော့်ကို ဖြည်းဖြည်းချင်း ပြုံးပြသည်။

"အငယ် တို့လုပ်ငန်းစကြပြီ"

"ဟုတ်ကဲ့။ ကျွန်တော်တို့ လုပ်ငန်းစကြပြီ"

ထိုအခိုက် လူတစ်ယောက်၏ အော်သံကို ကြားရသည်။

"ကိုယ့်နေရာ ကိုယ်ယူပါ"

"ငါ့အခန်း ရိုက်ရတော့မယ်"

ဟု နီဗားဒါးက ပြောသည်။

ရီနာသည် ရိုက်ကွင်းဆီသို့ လှမ်းကြည့်နေ၏။ ကျွန်တော်လည်း သူတို့ကို ကျောခိုင်းပြီး တစ်ဖက်သို့ လှည့်လိုက်သည်။ လူတစ်ယောက်နှင့် ရင်ဆိုင်တိုက်မိတော့မလို ဖြစ်သွားသည်။ ရိုက်ကွင်းကို လာကတည်းက ဟိုလူနှင့် တိုက်မိမလို သည်လူနှင့် တိုက်မိမလို ဖြစ်နေသည်။ ထို့ကြောင့် ကိုယ့်ခြေ၊ ကိုယ့်လက်ကလေး မကျိုးမီ ဤနေရာမှ မြန်မြန်ခွာရန် ကျွန်တော် ဆုံးဖြတ်လိုက်၏။

အသံဖမ်းရုံကလေးအနီးမှာ ကျွန်တော် ရပ်နေသည်။ ဤနေရာမှ အားလုံးကိုလည်း မြင်နိုင်၏။ ကြားနိုင်၏။ ရုပ်ရှင်ရိုက်သည်မှာ မည်သည့်အတွက်ကြောင့် ငွေကုန်ကြေးကျ များရခြင်းဖြစ်ကြောင်း ယခုမှ ကျွန်တော် သဘောပေါက်တော့သည်။ ထိုအခန်းကလေးကိုပင် ဆယ့်တစ်ကြိမ်တိုင်တိုင် ပြန်ရိုက်နေ၏။ အသံဖမ်း အင်ဂျင်နီယာသည် သူ့စက်ခလုတ်များပေါ်မှာ အလုပ်ရှုပ်နေသည်။ သူ့နားရွက်နှစ်ဖက်မှာ နားကြပ်များ ချိတ်ထားသည်။ သူ့လက်များက ခလုတ်များပေါ်တွင် အရူးလက်လို ပြေးလွှားလှုပ်ရှားနေသည်။ သူ့ပါးစပ်ကလည်း တစ်စုံတစ်ရာကို ကျိန်ဆဲနေသည်။ ပြီးတော့ ဒိုင်ခွက်များဖြင့် အလုပ်ရှုပ်ပြန်၏။

"စက် တစ်ခုခုတစ်ခု ဖြစ်လို့လား"

ဟု ကျွန်တော်က မေးသည်။ သူ ကျွန်တော့်ကို ကြည့်သည်။ သူ့အမူအရာကို ကြည့်ခြင်းအားဖြင့် ကျွန်တော် မည်သူဖြစ်ကြောင်း သူ သိပုံမပေါ်။

"စက် ဘာမှ မဖြစ်ဘူး"

"တစ်ခုခုကြောင့်များ ခင်ဗျား စိတ်တိုနေတာလား"

ကျွန်တော်က မေးပြန်၏။

"ဟေ့လူ ဒီမှာ ကြည့်စမ်း။ ခင်ဗျားရော ကျုပ်ရော ကိုယ့်အလုပ်ကိုယ်လုပ်ကြဖို့ လိုတယ်။ ဟုတ်တယ် မဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"လူတစ်ယောက် ကောင်းတာလုပ်နေတာကို ကြည့်ပါ။ အားပေးပါလို့ သူ့ငွေ မစွတာ ဂျိုနတ်စ်ကော့က ကျုပ်တို့ အားလုံးကို ပြောတယ်။ သူ ပြောတဲ့အတိုင်း ခင်ဗျား လုပ်ပါ။

ဘာမေးခွန်းမှ လာမမေးပါနဲ့။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ကျွန်တော်က ပြန်ဖြေ၏။

"အခု ကျုပ်အလုပ်ကို အကောင်းဆုံးဖြစ်အောင် ကျုပ် လုပ်တယ်။ ဒါပေမယ့် ကျုပ် ဘုရား မဟုတ်ဘူး။ လူတွေရဲ့ အသံကိုတော့ ပြောင်းလဲမပေးနိုင်ဘူး"

သူ့ကို ကျွန်တော် ကြည့်နေမိသည်။ နီဗားဒါး၏အသံကို စမ်းကြည့်စဉ်က ကောင်းပါသည်ဟု ရီနာ ပြောခဲ့သည်။

"နီဗားဒါးစမစ်ကို ပြောတာလား"

"မဟုတ်ဘူး၊ သူက ကောင်းတယ်။ ဟိုမင်းသမီး၊ အသံဆိုတာ ပါးစပ်က ထွက်ရတယ်။ အခု သူ့အသံက မျက်လုံးက ထွက်နေသလိုပဲ"

ဟု ခေါင်းယမ်းပြီး ပြန်ဖြေသည်။

အသံဖမ်း အင်ဂျင်နီယာသည် အသံဖမ်းစက်ဘက်သို့ ပြန်လှည့်သွားသည်။ သူ့နားရွက်နှစ်ဖက်မှာ တပ်ထားသည့် နားကြပ်များကို ကျွန်တော်က ရုတ်တရက် လှမ်းဆွဲကာ ဖြုတ်ယူလိုက်သည်။ သူက ဒေါသတကြီးဖြင့် ကျွန်တော့်ကို လှည့်အော်၏။

"ဟေ့ကောင် ဘာအပေါက်လဲ။ လူဝါးဝလှချည်လားကွ၊ ခွေးမသား"

ကျွန်တော် သူ့ကို ဘာမှ မပြော။ နားကြပ်များကို တပ်လိုက်သည်။ သူသည် ဒေါသဖြင့် ကျွန်တော့်ကို ရပ်ကြည့်နေ၏။

နီဗားဒါး စကားပြောနေသည်။ အသံကောင်း၏။ ပြီးတော့ စင်သီယာရန်းဒေါလ် စကား စပြောသည်။ ကျွန်တော့်နားကိုလည်း ကျွန်တော် မယုံကြည်နိုင်အောင် ဖြစ်သွားသည်။ မျက်စိကိုလည်း မယုံကြည်နိုင်အောင် ဖြစ်သွားသည်။ စင်သီယာ၏အသံသည် အလွန်တရာ ဆိုးဝါးလွန်းလှ၏။ ပြာသိုလတွင် အိမ်နောက်ဖေးမှာ မိတ်လိုက်သည့်ကြောင်များ အော်နေကြသကဲ့သို့ နားအခံရခက်လှသည်။ နားကြပ်များကို ဖြုတ်ပြီး သူ့လက်ထဲသို့ ထိုးထည့်ခဲ့သည်။ ကျွန်တော် လှည့်အထွက်တွင် ကျွန်တော့်ကို သူ လှမ်းဆွဲ၏။ ကျွန်တော်က ဒေါသတကြီးဖြင့် သူ့ကို တွန်းပစ်ခဲ့သည်။

"ကတ်"

ဟု အော်သံကို ကြားလိုက်ရသည်။ ရိုက်ကွင်းနေရာတွင် အသံများ လုံးဝ တိတ်ဆိတ်သွားသည်။ လူတိုင်းက ကျွန်တော့်ကို ငေးစိုက်ကြည့်နေကြသည်။ ဒေါသဖြင့် ကျွန်တော် ဝင်လာသည်ကို သူတို့အားလုံး သိကြသည်။

တစ်စုံတစ်ယောက်သည် ကျွန်တော့်ကို တစ်ပတ်ရိုက်လိုက်ပြီ ဖြစ်၏။ သည်လို တစ်ပတ်ရိုက်ပုံမျိုးကို ကျွန်တော် မကြိုက်။ ကျွန်တော် ဘာကြောင့် ရိုက်ကွင်းအတွင်းသို့ ဝင်လာသည်ကိုလည်း မင်းသမီးလုပ်သူက သိပုံရ၏။ သတိဖြင့် အကဲခတ်သလို ကျွန်တော့်ကို ကြည့်နေသည်။ ကျွန်တော့်ကို ပြုံးပြရန် သူ ကြိုးစားပါသေးသည်။

ဘာနီနော်မန်သည် ရိုက်ကွင်းအတွင်းသို့ အူယားဖားယားဖြင့် ပြေးဝင်လာသည်။ မင်းသမီး၏ မျက်နှာပေါ်တွင် အားကိုးရာရသွားသည့် အမူအရာမျိုး ရုတ်တရက် ပေါ်လာသည်။ ဇာတ်လမ်းတစ်ခုလုံးကို ကျွန်တော် သိလိုက်ပါပြီ။ ကျွန်တော့်ဆီသို့ ဘာနီ လှည့်အလာတွင် ဘာနီ၏ လက်မောင်းကို မင်းသမီးက လှမ်းကိုင်လိုက်သည်။

"မစ္စတာကော့။ တစ်ခုခုများ မှားသွားသလား"

ဟု ဘာနီက ကျွန်တော့်ကို မေးသည်။

"ဟုတ်တယ်။ ဟောဒီ ကောင်မ၊ သူ့ကို ဒီနေရာက မောင်းထုတ်လိုက်။ သူ့ကို ကျုပ် အလုပ်ထုတ်ပစ်လိုက်ပြီ"

ဟု ကျွန်တော်က ဒေါသဖြင့် ပြန်အော်သည်။

"ဒီလို လုပ်လို့ မဖြစ်နိုင်ပါဘူး မစ္စတာကော့။ ဒီကားအတွက် သူဟာ စာချုပ်ထားတဲ့ မင်းသမီးပါ"

"ချုပ်ထားတော့ရော ဘာဂရုစိုက်ရမှာလဲ။ ကျုပ်နဲ့ ချုပ်တဲ့စာချုပ် မဟုတ်ဘူး။ ကျုပ်

ဖောင်တိန်ထဲက မင်တစ်စက်ကိုတောင်မှ ဒီကောင်မ ညှစ်ယူလို့ မရဘူးမှတ်ထား"

ဘာနီသည် ကျွန်တော့်ကို ကြည့်နေ၏။ သူ့မျက်နှာမှာ သွေးဆုတ်သွားသည်။ ကျွန်တော် ဘာပြောသည်ကို သူ ကောင်းကောင်း သဘောပေါက်ပါသည်။ ဤဇာတ်ကားတွင် ဤမင်းသမီးကို သုံးပါမည်ဟု စာချုပ်ခြင်းသည် ကျွန်တော် မဟုတ်။ ထို့ကြောင့် ထိုစာချုပ်သည် ကျွန်တော့်ကို မည်သို့မျှ ဒုက္ခမပေးနိုင်။

"ဒီလို လုပ်တာမျိုးဟာ ရုပ်ရှင်နယ်မှာ ထုံးတမ်းစဉ်လာ မဟုတ်ပါဘူး။ ပြီးတော့ မစ္စရန်းဒေါလ်ဟာ အလွန် အရေးကြီးတဲ့ မင်းသမီးတစ်ယောက်ပါ"

ဟု သူက ကန့်ကွက် ပြောဆိုသည်။

"ဘုရားအမေ ဖြစ်နေပေစေ။ ကျုပ် ဂရုမစိုက်ဘူး"

သူ့စကားကို ဖြတ်ပြောပြီး ကျွန်တော့်လက်မှ နာရီကို ငုံ့ကြည့်လိုက်သည်။

"ငါးမိနစ်အတွင်း ဒီကောင်မကို ဒီအထဲက မောင်းထုတ်ပါ။ မောင်းမထုတ်ရင် ရိုက်နေတဲ့ ရုပ်ရှင်ကို ကျုပ် ရပ်ပစ်မယ်။ ပြီးတော့ ခင်ဗျားကို တရားစွဲမယ်။ ခင်ဗျား တစ်သက်လုံးက မကြုံဘူးတဲ့ ဒုက္ခမျိုးနဲ့တွေ့ပြီး တရားဆိုင်ရမယ်"

* * *

ကျွန်တော့်အမည် ရေးထိုးထားသည့် ရွက်ဖျင်ကုလားထိုင်ပေါ်မှာ ကျွန်တော် ထိုင်နေသည်။ ပြီးတော့ ပတ်လည်သို့ လှည့်ကြည့်မိသည်။ ရိုက်ကွင်း တစ်ခုလုံးသည် သဲကန္တာရလို ခြောက်သွေ့သွား၏။ လူအနည်းငယ်သာ ပစ္စည်းများကို ရွှေ့ပြောင်းနေကြသည်။ အသံဖမ်း အင်ဂျင်နီယာကို လှမ်းကြည့်လိုက်သောအခါ အသံထိန်းစက်ခုံပေါ်မှာ ကိုယ်ကိုကိုင်းပြီး အလုပ်များနေသည်။ နားကြပ်များသည် သူ့ခေါင်းမှာ တွဲလောင်းချိတ်နေကြဆဲ ဖြစ်၏။ ကျွန်တော် မောဟိုက်နွမ်းရိစွာဖြင့် မျက်လုံးကို မှိတ်လိုက်သည်။ ထိုအချိန်သည် ညဆယ်နာရီထိုးနေပေပြီ။

ကျွန်တော့်ဆီသို့ လျှောက်လာသည့်ခြေသံ ကြားရသောကြောင့် မျက်စိဖွင့်ကြည့်လိုက်သည်။ ဒင်ပီးယာ့စ် ဖြစ်သည်။ အခြား ကုမ္ပဏီများမှ မင်းသမီးတစ်လက် ငှားရန် သူ့ကို တယ်လီဖုန်း ဆက်ခိုင်းခဲ့သည်။

"ဘယ်လိုလဲ"

ကျွန်တော်က ဆီးမေး၏။

သူက ခေါင်းယမ်းပြသည်။

"မရဘူး။ အမ်ဂျီအမ်ကလည်း ဂါဘိုကို မငှားနိုင်ဘူးတဲ့။ သူတို့ အသံထွက်ကား တစ်ကားရိုက်ဖို့ စီစဉ်ထားကြတယ်"

"မာရီယွန်းဒေးဗီးစ်ရော"

"ကျွန်တော် သူနဲ့လည်း ပြောပြီးပါပြီ။ ဇာတ်လမ်းကို သူ ကြိုက်ပါတယ်တဲ့။ ဒါပေမယ့် ဒီအခန်းမှာ သရုပ်ပေါ်အောင် သူ လုပ်နိုင်လိမ့်မယ် မထင်ဘူးတဲ့။ ကျွန်တော်တို့ စင်သီယာ ရန်းဒေါလ်နဲ့ပဲ ပြန်ရိုက်ကြရင် ကောင်းမယ်။ ဒီတိုင်း ထိုင်နေလို့တော့ တစ်နေ့ကို ဒေါ်လာသုံး သောင်းလောက် ခင်ဗျားအဖို့ အလကား ကုန်နေလိမ့်မယ်"

စီးကရက်မီးညှိပြီး သူ့ကို ကျွန်တော်က ကြည့်သည်။

"ဒီလုပ်ငန်းကို အခုချက်ချင်း ရပ်ပြီး ဒီနေရာကနေ ကျုပ် ချက်ချင်း ထွက်သွားနိုင်တယ်။ ဘယ်လောက်ကုန်ကုန် ကျုပ် ဂရုမစိုက်ဘူး၊ နားလည်လား"

"ကျွန်တော်တို့ နယူးယောက်သွားပြီး မင်းသမီးတစ်လက်လောက် ရှာရရင် မကောင်းဘူးလား"

"အချိန်မရှိဘူး"

ထိုအချိန်မှာပင် ရီနာ ရောက်လာသည်။ အသားညှပ်ပေါင်မုန့်များကို သူ ယူလာသည်။

"ဆာနေမယ်ထင်လို့ ယူလာတာ"

ဟု ရီနာက ပြောသည်။ ကျွန်တော့်က မုန့်တစ်ခုကို ယူသောအခါ ရီနာက ပီးယာ့စ်ကို ကမ်းပေးပြန်သည်။

"ကျေးဇူးတင်ပါတယ် မစ္စမာလိုး"

ရီနာသည် စောစောက သူ ထိုင်နေသည့် နီဗားဒါးနေရာသို့ ပြန်သွားပြီး ထိုင်နေသည်။

"သူ့လိုအသံမျိုးရှိတဲ့ အမျိုးသမီးတစ်ယောက်ယောက်ရအောင် မရှာနိုင်တာတော့ ဆိုးတယ်ဗျာ"

အသံဖမ်း အင်ဂျင်နီယာသည် အသားညှပ်ပေါင်မုန့်ကို ပလုတ်ပလောင်းစားရင်း ပြောသည်။ သူ့ကို ကျွန်တော် လှမ်းကြည့်လိုက်၏။

"ခင်ဗျား ဘာကို ပြောတာလဲ"

"သူ့အသံဟာ အင်မတန် ကောင်းတဲ့ အသံပဲ"

"ရီနာကို ပြောတာလား"

"ဟုတ်ပါတယ်။ ဓာတ်ပုံရိုက်လို့လည်း လှမယ့်ရုပ်မျိုး၊ တကယ့် မိန်းမပီသတဲ့ မိန်းမ"

ဟု စားလက်စများကို မျိုချရင်း ပြန်ပြောသည်။ ပီးယာ့စ်ဘက်သို့ ကျွန်တော် လှည့်ကြည့်သည်။

"ဘယ်လို ထင်သလဲ"

"ဖြစ်နိုင်ပါတယ်"

သူက အယုတ်မလွန် ပြန်ဖြေ၏။

"သွားကြစို့"

ကျွန်တော် ထိုင်ရာမှ ထလိုက်၏။

ရီနာကို အသံဖမ်းခွက် အတွင်းသို့ စကားပြောခိုင်းသောအခါ ကျွန်တော် ရယ်စရာ လုပ်နေသည်ဟု သူက ထင်သည်။ ရိုက်ကွင်းမှာ လိုအပ်သည့် လူအားလုံးကို ရိုက်ကွင်းတွင်းသို့ ပြန်လာရန် ကျွန်တော် ခေါ်ခိုင်းလိုက်သည်။ ထိုအချိန်အထိ ကျွန်တော် ဘာလုပ်နေသည်ကို ရီနာ နားမလည်။ မနက် နှစ်နာရီတွင် ကျွန်တော်တို့ အသံစမ်းကြသည်။ နီဗားဒါးနှင့် ရီနာကို တစ်ခန်းရိုက်ကြည့်သည်။ ထိုဖလင်များကို ကူးခိုင်းပြီး ရုပ်ရှင်စမ်းသည့် အခန်းထဲမှာ ကျွန်တော်တို့ ပြကြည့်ကြသည်။ ထိုအချိန်တိုင်အောင်လည်း ရီနာက အလေးအနက် မထင်မှတ်သေး။

ပိတ်ကားပေါ်တွင် သူလိုလှသည့် မင်းသမီးကို ကျွန်တော် တစ်ခါမျှ မမြင်ဖူးဘူးသေးခဲ့။ ကြည့်ရသူ အားလုံး ပါးစပ်ဟောင်းလောင်း ဖြစ်ကုန်ကြသည်။

"အိမ်ပြန်ပြီး အိပ်လိုက်။ မနက်ဖြန် ခြောက်နာရီမှာ လိုအပ်တဲ့ အဝတ်အစားတွေ ဝတ်ပြီး အရောက်ပြန်ခဲ့။ မနက်ကိုးနာရီမှာ တို့ ရုပ်ရှင် စရိုက်မယ်"

ဟု ကျွန်တော်က သူ့ဘက်လှည့်ပြီး ပြောလိုက်သည်။ ရီနာက ခေါင်းကို တွင်တွင် ယမ်း၏။

"အိုး ဂျိုနတ်စ်၊ ဒါလောက် နောက်ရရင် တော်ရောပေါ့။ ကျွန်မ ဝင်မလုပ်ချင်ပါဘူး"

"မနက်ကိုးနာရီတိတိမှာ ဒီအခန်းကို မင်း စရိုက်ရမယ်။ ငါ့ကို ဒီထဲ ဆွဲသွင်းတာ မင်း၊ ငါ မဟုတ်ဘူး။ သတိရတယ် မဟုတ်လား"

ဟု ကျွန်တော်က ပြန်အော်လိုက်သည်။

နီဗားဒါးကို ကျွန်တော် လှမ်းကြည့်သောအခါ သူ့မျက်နှာပေါ်တွင် ပဟေဠိဆန်သော အမူအရာမျိုးကို မြင်တွေ့နေရသည်။ သူ့မျက်လုံးများကို သေသေချာချာ ကြည့်သောအခါ ဘာမှ မသိသည့် အမူအရာများကို မြင်ရပြန်သည်။

"ရီနာ လုပ်ကိုလုပ်ရမယ်။ ခင်ဗျား သေသေချာချာ ကြည့်ထား"

ကျွန်တော်က ဒေါသဖြင့် အော်လိုက်မိပြန်၏။ ပြီးတော့ အခန်းတွင်းမှ တစ်ရှိန်ထိုး ထွက်လာခဲ့သည်။ အခန်းတွင်းရှိ လူအားလုံးသည် တုန်လှုပ်ချောက်ချားသော မျက်နှာများဖြင့် ကျန်နေရစ်ခဲ့ကြသည်။

(၈)

မျက်စိတစ်ဖက်ကို တဖြည်းဖြည်း ဖွင့်ကာ လက်မှ နာရီကိုကြည့်လိုက်သောအခါ နှစ်နာရီထိုးနေပြီ ဖြစ်သည်။ အိပ်ရာမှ ကျွန်တော် လူးလဲထလိုက်၏။ ကျွန်တော့် တစ်ခေါင်းလုံး

နာကျင်ကိုက်ခဲနေသည်။ ကျွန်တော် ကျယ်လောင်စွာ ညည်းမိ၏။ ထိုအခိုက်မှာပင် တံခါးပွင့်လာသည်။ ဝင်လာသူမှာ ဒင်ပီးယာ့စ် ဖြစ်သည်။ ခရမ်းချဉ်သီးဖျော်ရည်နှင့်တူသော ဖန်ခွက်တစ်ခွက်ကို ကိုင်လာသည်။

"ဒါ သောက်လိုက်ပါဦး။ ခေါင်းကိုက်ပျောက်ပြီး ကြည်လင်လာလိမ့်မယ်"

သူ ပြောသည့်အတိုင်း သောက်သောအခါ အရသာက ခပ်ဆိုးဆိုးပင် ဖြစ်သည်။ သို့သော်လည်း သူ ပြောသည်မှာ မှန်ပါသည်။ ခဏအကြာတွင် ကျွန်တော့်ခေါင်းများ ကြည်လင်လာသည်။ အိပ်ခန်းကို လှည့်ကြည့်သောအခါ ဘာမှ မရှိ။

"ကောင်မလေးတွေ ဘယ်ရောက်ကုန်ပြီလဲ"

"ကျွန်တော် ပိုက်ဆံပေးပြီး အိမ်ပြန်ပို့လိုက်ပြီ"

ဟု သူက ပြန်ဖြေ၏။

"ကောင်းတယ်။ ကျုပ် စတူဒီယိုကို သွားဦးမယ်။ သူတို့ ကိုးနာရီမှာ စရိုက်လိမ့်မယ်"

ထိုင်ရာမှထရင်း ကျွန်တော်က ပြော၏။ ဒင်က ပြုံးသည်။

"မစ္စတာကော့ မအားလို့ မလာနိုင်ဘူး။ ညနေမှ လာနိုင်မယ်လို့ ကျွန်တော် ဖုန်းဆက်ပြီး ပြောထားပါတယ်။ အိပ်ရေးဝအောင် အိပ်လိုက်ဖို့ကောင်းတယ်ထင်ပြီး ကျွန်တော် ပြောလိုက်တာပါ။ ညက ပင်ပန်းထားတယ် မဟုတ်လား"

သူ့ကို ကျွန်တော် ပြန်ပြုံးပြမိသည်။ မှန်ပါသည်။

တစ်ညတုန်းက ဒင်သည် ကျွန်တော့်ဆီကို ရောက်လာသည်။ ပြီးတော့ မြို့ထဲသွားရန် ပြောသည်။ ကျွန်တော်တို့နှစ်ယောက် ထွက်ခဲ့ကြရင်း အလုပ်ကိစ္စကို ပြောမိသည်။ မြို့ထဲသို့ ကျွန်တော် မရောက်တော့။ လမ်းခုလတ်ရှိ စားသောက်ဆိုင်တစ်ခုသို့ ဝင်ပြီး စားရင်းသောက်ရင်း စကားပြောကြသည်။ သူက ကျွန်တော့်ကို လုပ်ငန်းနှင့်ပတ်သက်၍ အကူအညီပေးလိုပါသည်ဟု ပြောခဲ့သည်။ ကျွန်တော့်ကို အမဲဖမ်းနေကြလေသလားဟု ကျွန်တော် စဉ်းစားမိသည်။

ဒင်၏ ဂျပန်အမျိုးသား အိမ်ဖော်ကလေးက စားစရာများ ယူလာပေးသည်။ ကျွန်တော် ရေချိုးခန်းမှ အထွက်တွင် အဆင်သင့် ရောက်လာခြင်း ဖြစ်သောကြောင့် ဆာဆာနှင့် ထိုင်စားလိုက်သည်။ ကြက်ဥခြောက်လုံး ကုန်သွား၏။ ဝက်အူချောင်းအသေး တစ်ဒါဇင် စားပစ်လိုက်သည်။ ပြီးတော့ လေးခွက်မြောက် ကော်ဖီပန်းကန်ကို ပြန်ချရင်း သူ့ကို ပြုံးပြလိုက်သည်။

"ဘယ်လို နေသေးသလဲ"

ဟု သူက မေးသည်။

"သိပ်ကောင်းတာပဲ။ တစ်ခါမှ ဒီလောက် ဇိမ်မကျဖူးဘူး"

ကျွန်တော့်ကိုယ်ကျွန်တော် သက်သာအောင် နေလိုက်၏။ အမှန်တကယ်လည်း သက်သောင့်သက်သာ ဖြစ်လာသည်။ ဟိုတစ်ညက သူ ပြောခဲ့သည့် အလုပ်ကိစ္စကို သွားသတိရသည်။

"နေပါဦး။ အလုပ်ကိစ္စပြောစရာရှိတယ်လို့ ဟိုညက ပြောတယ် မဟုတ်လား"

ကျွန်တော်သည် ဒင်ပီးယာ့စ်ကို လှမ်းမေးရင်း သူ့ကို ကြည့်နေမိသည်။ သည်လူသည် သိပ်မဆိုး။ သည်လိုလူမျိုးသည် ကျွန်တော့်အတွက် အသုံးဝင်နိုင်သည်။

"ကျွန်တော့် ကိုယ်စားလှယ်လုပ်ငန်းတွေ အားလုံး ဒီမနက်ပဲ အမ်စီအေကို ရောင်းလိုက်ပြီ"

ဟု သူက ပြောသည်။

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ခင်ဗျားနဲ့ အလုပ်လုပ်တော့မယ်"

"ခင်ဗျားလုပ်ပုံက စွန့်စားရာ မကျလွန်းဘူးလား။ ကျုပ်က ဒီကားတစ်ကားတည်း ရိုက်မှာ။ ဒါပြီးသွားရင် ခင်ဗျား ဘာလုပ်မလဲ"

ဟု ကျွန်တော်က ပြန်မေးသည်။

"ဒါက ခင်ဗျား ပြောတာကိုး၊ ခင်ဗျား စိတ်ထဲမှာ ယုံကြည်နေတဲ့အတိုင်း ပြောတာတော့ မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော်က ဒီလို မထင်ဘူး။ ခင်ဗျား ဒီလုပ်ငန်းကို သဘောကျ

နေပါပြီ။ တခြားလူတွေလည်း ဒီလို ဖြစ်စမြဲပါပဲ။ ဒါကြောင့် ဒီလုပ်ငန်းကို ခင်ဗျား ခွာမသွားနိုင်ပါဘူး။ နောက် ဆက်လုပ်မှာပါပဲ။ ကျွန်တော် သေချာပါတယ်"

ဟု သူက ပြုံးရင်း ပြောသည်။

ကျွန်တော်က ကော်ဖီကို သောက်လိုက်သည်။ ကျွန်တော် ကြိုက်တတ်သည့် ကော်ဖီ ကြမ်းခါးခါး ဖြစ်သည်။

"ခင်ဗျား ကျုပ်ကို ဘယ်လို အကူအညီမျိုးတွေ ပေးနိုင်မှာလဲ"

"ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး ကျွန်တော် အားလုံး သိတယ်။ ညစ်ပတ်နည်းတွေ၊ ကလိမ်ကျနည်းတွေ အကုန်သိတယ်။ ခင်ဗျား ဒါတွေ အကုန်သိအောင် လေ့လာရမယ်ဆိုရင် အချိန် အများကြီး ကုန်လိမ့်မယ်။ ခင်ဗျားဟာ အလုပ် အလွန်များတဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့် ခင်ဗျား အချိန်တွေ အလကား ကုန်မသွားရအောင် ကျွန်တော် ကူညီနိုင်ပါတယ်"

"နမူနာတစ်ခုလောက် ပြောပြစမ်းပါဦး"

"ဆိုပါတော့။ ကျွန်တော်ဆိုရင် လူတိုင်းလူတိုင်းကို စိတ်တိုင်းကျ စမ်းသပ်မကြည့်ရသေးဘဲနဲ့တော့ ရုပ်ရှင်ကို စမရိုက်ဘူး"

ဟု သူက ပြော၏။

"ဒါ ကျုပ် သိပြီးသားပါ။ ကျုပ် မသိသေးတာမျိုး တစ်ခုလောက် ပြောပြစမ်းပါ"

သူ့နောက်ကျောဘက်မှာ ရှိသည့် အဖုံးအပြာနှင့် ဇာတ်ညွှန်းစာအုပ်ကို သူ လှမ်းယူသည်။

"ကျွန်တော်တို့ အစမ်းရိုက်ကြည့်ကြသလို ရီနာက ပိတ်ကားပေါ်မှာ ကောင်းနေမယ်ဆိုရင် ကျွန်တော်တို့ ဒီဇာတ်လမ်းထဲမှာ နည်းနည်းပါးပါး ပြောင်းပစ်ရမယ်။ ရီနာကို အသားပေးပြီးရိုက်မယ်။ ဒီလို ပြောင်းလိုက်ရင် ကျွန်တော်တို့အဖို့ ဒေါ်လာလေးသိန်းလောက် သက်သာသွားမယ်"

"ဘယ်လိုကြောင့် သက်သာမှာလဲ"

"သူ့အခန်းကို အသားပေးရင် နယူးအော်လင်းမြို့က ဇာတ်ဝင်ခန်းတွေကို ဆက်တင်ထဲမှာ ခပ်များများ ရိုက်ရမယ်။ အဲဒီလို ရိုက်ရင် အပြင်ခန်းတွေမှာ ရိုက်ရမယ့် ရက်ငါးပတ်စာလောက် သက်သာသွားနိုင်တယ်။ အပြင်ခန်းရိုက်မယ်ဆိုရင် ကျွန်တော်တို့ သုံးနေတဲ့ အသံဖမ်းမိုက်ကရိုဖုန်းတွေ ကောင်းမယ်၊ မကောင်းဘူး ဆိုတာလည်း ဘယ်သူမှ မသိဘူး"

"ရီနာကို အသားပေးရိုက်ရင် နီဗားဒါးက ဘယ်လို ဖြစ်မလဲ။ သူ့အခန်းတွေ ဖြတ်ပစ်ရမှာပေါ့"

"နီဗားဒါးကိစ္စက ကျွန်တော်နဲ့ မဆိုင်တော့ဘူးလေ။ ကျွန်တော့်ကိုယ်စားလှယ်လုပ်ငန်းတွေ အမ်စီအေကို ရောင်းလိုက်ပြီဖြစ်တဲ့အတွက် အမ်စီအေနဲ့ပဲ သူ့ကိစ္စက ဆိုင်လိမ့်မယ်။ ကျွန်တော်ဟာ အခု ခင်ဗျားအတွက် အလုပ်လုပ်နေပြီ ဖြစ်တဲ့အတွက် ကျွန်တော် ကြည့်ရမှာက ခင်ဗျားအတွက်ပဲ ဖြစ်တယ်။ ခင်ဗျားက ဒီကားပေါ်မှာ အနုပညာခံစားချက် သိပ်များနေတယ်။ အရေးအကြီးဆုံးက ငွေရအောင် လုပ်ဖို့ပဲ"

ကော်ဖီပန်းကန်ကို ကျွန်တော် လှမ်းဆွဲယူလိုက်သည်။ ရီနာ ခေါ်သဖြင့် သည်နေရာသို့ ရောက်လာသည့် အချိန်မှစပြီး ပထမဦးဆုံးအကြိမ် ကျွန်တော် ပုံမှန်အနေအထားသို့ ပြန်ရောက်ခြင်း ဖြစ်သည်။ အတွေးအခေါ်၊ အသိဉာဏ်၊ စိတ်ဓာတ်များ အားလုံးတို့ ပုံမှန်အခြေသို့ ပြန်ရောက်လာသည်။ စောစောပိုင်းကမူ သူ ခေါ်လို့သာ ရောက်လာသည်။ အကြောင်းပေါ်သဖြင့်သာ ဤအလုပ်ကို ဝင်လုပ်နေရသည်။ ကျွန်တော်သည် ဘာတွေလုပ်မိပြီး ဘာတွေ ဆက်လုပ်ရဦးမည်ကို မသိ။ ယခု ကျွန်တော် သိပြီ။ ကျွန်တော် ဘယ်ရောက်နေသည်၊ ဘာလုပ်နေသည်၊ ဘာလုပ်သင့်သည်ကို ကျွန်တော် သိပြီ။

"ကောင်းပြီ၊ ခင်ဗျား အလုပ်အတွက် လခ ဘယ်လို ယူမယ်လို့ စိတ်ကူးထားသလဲ"

"ကျွန်တော် လခ မယူချင်ဘူး။ လုပ်ငန်းတစ်ခုလုံးရဲ့ တန်ဖိုးအပေါ်မှာ ဆယ်ရာခိုင်နှုန်း ပေးရမယ်။ ကျွန်တော့် ကုန်ကျစရိတ်ကို ကျခံရမယ်"

ကျွန်တော်က ရယ်ပစ်လိုက်၏။

"ခင်ဗျား ကိုယ်စားလှယ် လုပ်ငန်းတွေကို ရောင်းလိုက်ပြီလို့ ခင်ဗျား ပြောတယ် ထင်ပါတယ်"

"ဟုတ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော် ဘာတွေ ပြန်ရသင့်တယ် ဆိုတာကို မှန်းထားတာပေါ့"

"ကျုပ်ကို သူငယ်နှပ်စားများ အောက်မေ့နေသလား။ ခင်ဗျား ကုန်ကျစရိတ်တော့ ဘယ်ပေးနိုင်မလဲ"

"ဖြစ်ပါတယ်။ လခနဲ့လုပ်ရမယ် ဆိုရင်လည်း ကုန်ကျစရိတ် မယူဘဲနဲ့ လုပ်နိုင်ပါတယ်။ ဒါပေမယ့် လိုအပ်တာတွေ ကျွန်တော် သုံးခွင့် မရှိဘဲနဲ့ ခင်ဗျားအတွက် အကောင်းဆုံး အလုပ်တွေကို ကျွန်တော် လုပ်ပေးနိုင်မယ်လို့ ခင်ဗျား ထင်သလား။ ဒီမြို့မှာ အရေးအကြီးဆုံးက ငွေပဲ။ လူတိုင်းဟာ ငွေအကြောင်းပဲ ပြောနေကြတာ"

"ခင်ဗျားကို အမြတ်ရဲ့ ဆယ်ရာခိုင်နှုန်းပဲပေးမယ်။ အစုရှယ်ယာ ထည့်ခွင့်မပေးဘူး"

ကျွန်တော့်ကို သူ အကဲခတ်နေသည်။

"ကျွန်တော့် ကုန်ကျစရိတ်အတွက်ရော"

"ပေးမယ်"

သူက ကျွန်တော့်ကို လက်ကမ်းပေးသည်။

"သဘောတူပြီဗျာ"

* * *

ရိုက်ကွက် နံပါတ်ကိုးသို့ ကျွန်တော်တို့ ရောက်သွားသောအချိန်သည် သုံးနာရီ ထိုးနေပေပြီ။ ရိုက်ကွင်းထဲမှာ လူတိုင်း အလုပ်များနေကြသည်။ နောက်တစ်ခန်း ရိုက်ရန် ဖြစ်သည်။ နီဗားဒါးသည် တစ်ဖက်စွန်းမှာ ရပ်နေသည်။ ရီနာကိုမူ မတွေ့ရ။ အသံဖမ်း အင်ဂျင်နီယာနားမှာ ကျွန်တော် ရပ်နေသည်။

"ဘယ်လိုနေသလဲ"

"အသံ သိပ်ကောင်းပါတယ်"

ဟု သူက ကျွန်တော့်ကို ပြုံးပြပြီး ပြန်ဖြေသည်။

သူ့ကို ကျွန်တော် ပြုံးပြခဲ့ပြီး နီဗားဒါးရှိရာသို့ လျှောက်လာခဲ့သည်။ နီဗားဒါးသည် ဒါရိုက်တာအသစ်နှင့် စကားပြောနေသည်။ ကျွန်တော် ရောက်သွားသောအခါ သူတို့ နှစ်ယောက်စလုံး ကျွန်တော့်ဘက်သို့ လှည့်ကြည့်ကြသည်။

"မင်းသမီးသစ် ဘယ်လိုနေသလဲ"

"အစဆိုတော့ ကင်မရာကြောက်နေတာပေါ့။ ဒါပေမယ့် နောက်ပိုင်း ကောင်းသွားမှာပါ"

ဟု ဒါရိုက်တာအသစ်က ဖြေသည်။

"သိပ်ကို အောင်မြင်သွားမယ့် မင်းသမီးပဲ။ ဇာတ်ညွှန်းကို သူကတောင် ရှေ့ကနေပြီး ငါ့ကို ကြောင်းပေးနေသေးတယ်"

ဟု နီဗားဒါးက အားပါးတရ ပြောသည်။

"ကျွန်တော်တို့ အဆင်သင့်ဖြစ်ပြီ မစ္စတာကာရိုး"

လက်ထောက်ဒါရိုက်တာတစ်ဦးက လာပြောသည်။ ဒါရိုက်တာက ခေါင်းညိတ်ပြလိုက်သောအခါ လက်ထောက်ဒါရိုက်တာက ကျန်လူများဘက်သို့ လှမ်းအော်သည်။

"ကိုယ့်နေရာ ကိုယ်ယူပါ"

ကင်မရာရှေ့သို့ နီဗားဒါး ထွက်သွားသောအခါ ဒါရိုက်တာသည် ကင်မရာအနီးမှာ သွားရပ်နေသည်။ ကျွန်တော် နောက်သို့ လှည့်လိုက်သောအခါ ဘေးဘက်မှ ဝင်လာသည့် ရီနာကို တွေ့ရသည်။

သူ့ကို ကျွန်တော် မြင်သောအခါ ကျွန်တော့် မျက်စိကို ကျွန်တော် မယုံကြည်နိုင်အောင် ဖြစ်ရသည်။ ရှည်လျားသည့် သူ၏ ငွေရောင်ဆံပင်များကို ခေါင်းပေါ်တွင် ထုံးထားသည်။ ရင်သားများကိုလည်း တင်းကျပ်နေအောင် စည်းထုပ်ထားသဖြင့် ယောကျ်ားကလေး

တစ်ယောက်နှင့် တူနေသည်။ မိန်းမတစ်ယောက်၏ ခန္ဓာကိုယ် ကောက်ကြောင်းများ လုံးဝ မရှိတော့။ နှုတ်ခမ်းကို သွယ်သွယ်ကလေး ဆေးဆိုးထားသည်။ မျက်ခုံးမွေးကို မျှင်မျှင်ကလေး ဖြစ်အောင် ခဲတံနှင့် ဆွဲထားသည်။ ရီနာသည် မိန်းမတစ်ယောက်နှင့် မတူတော့။ ကြော်ငြာထဲက ကာတွန်းရုပ်နှင့် တူနေတော့သည်။

ဒင်၏ မျက်နှာပေါ်တွင်မူ ဘာမှ မခံစားရသလို ရှိနေသည်။ ကျွန်တော့်ကို သူ လှမ်းကြည့်သည်။

"သူတို့ တော်တော်ကြိုးစားလုပ်ထားကြတာပဲ။ ရီနာဆိုရင် တကယ့် သရုပ်ပေါ်နေပြီ" ဟု ဒင်က ပြောသည်။

"မိန်းမနဲ့မှ မတူတော့ဘဲ"

"ဟုတ်တယ်လေ၊ သူတို့ တမင် လုပ်ထားကြတာပဲ"

"ဘာဖြစ်လို့ ဒီလို လုပ်ရမှာလဲ။ ကျုပ် မကြိုက်ဘူး"

ဒင်ပီးယာ့စ်၏ မျက်နှာပေါ်တွင် ခပ်ယဲ့ယဲ့ အပြုံးကလေး ပေါ်လာသည်။

"ခင်ဗျား မကြိုက်ဘူးဆိုရင် ပြောင်းခိုင်းလိုက်ပါ။ ခင်ဗျားက ပိုင်ရှင်ပဲ။ ဒီကားဟာ ခင်ဗျားကားပဲ"

သူ့ကို ကျွန်တော် ခဏ ကြည့်လိုက်မိသည်။ ရိုက်ကွင်းထဲသို့ ဝင်ပြီး ကျွန်တော် သောင်းကျန်းပစ်လိုက်ချင်သည်။ သို့သော်လည်း ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ထိန်းလိုက်၏။ မနေ့က အဖြစ်မျိုးကို ကျွန်တော် ထပ်မလုပ်သင့်။

လူအားလုံး စိတ်ဓာတ်ကျသွားအောင် ကျွန်တော် ထပ်မလုပ်သင့်။

"ကားရိုးကို ကျုပ် တွေ့ချင်တယ်လို့ ပြောလိုက်"

ဒင်ပီးယာ့စ်က ခေါင်းညိတ်ပြသည်။

"သိပ်ကောင်းတယ်။ ဒီကိစ္စကို သူနဲ့ပဲ ပြောသင့်တယ်"

ဟု ပြောရင်း ဒါရိုက်တာရှိရာသို့ သူ လျှောက်သွားသည်။

ခဏကြာသောအခါ ဒါရိုက်တာက ဆယ်မိနစ်နားရန် အမိန့်ပေးပြီး ကျွန်တော့်ဆီသို့ လျှောက်လာသည်။ သူ စိုးရိမ်နေသည်ကို ကျွန်တော် မြင်ရသည်။

"စိတ်တိုင်းမကျတာ ဘာများ တွေ့နေပါသလဲ မစ္စတာကော့"

"မင်းသမီး မိတ်ကပ်နဲ့ အဝတ်အစားကို ဘယ်သူက အတည်ပြုလိုက်တာလဲ"

ဒါရိုက်တာသည် ကျွန်တော့်ကို ကြည့်၏။ ပြီးတော့ ရီနာကို လှမ်းကြည့်သည်။

"ဆင်ယင်ထုံးဖွဲ့မှုဌာနနဲ့ မိတ်ကပ်ဌာနက အတည်ပြုလိုက်တာပါ။ အပြည့်အစုံလုပ်ပေးဖို့ နီဗားဒါးကလည်း သူတို့ကို ပြောပါတယ်"

"နီဗားဒါးက"

ဒါရိုက်တာက ခေါင်းညိတ်ပြသည်။ ဒင်ကို ကျွန်တော် လှမ်းကြည့်လိုက်၏။

"ဆယ်မိနစ်အတွင်း သက်ဆိုင်တဲ့ လူတွေအားလုံး ကျုပ် ရုံးခန်းထဲမှာ ရှိနေပါစေ"

"ကောင်းပါပြီ ဂျိုနတ်စ်"

ကျွန်တော် လှည့်ထွက်ခဲ့သည်။

(၉)

ရုံးခန်းကို ကျွန်တော် လှည့်ကြည့်လိုက်သည်။ ဤရုံးခန်းသည် ကျွန်တော်တို့အားလုံး ဆံ့လောက်အောင် ကျယ်ဝန်းပေသည်။ ဤကဲ့သို့ ကျယ်ဝန်းသည့် အခန်းမျိုးဖြစ်အောင်လည်း သူတို့ ကြိုတင် စီစဉ်ထားကြခြင်း ဖြစ်သည်။

ဒင်သည် ကျွန်တော့် လက်ဝဲဘက်ဘေးတွင် ထိုင်သည်။ ဒါရိုက်တာသစ် ကာရိုးသည် သူ့ဘေးမှာ ထိုင်၏။ ရီနာနှင့် နီဗားဒါးက ခုံရှည်တစ်လုံးပေါ်မှာ ထိုင်နေကြသည်။ သူတို့နှင့် မျက်နှာချင်းဆိုင်တွင် ကင်မရာတွေ၊ နောက်တစ်ဖက်တွင် မိတ်ကပ်ခြယ်သူ၊ ပြီးတော့ ဝတ်စားဆင်ယင်မှုဌာန အကြီးအကဲ၊ ထိုမိန်းမသည် ပိန်ပိန်ပါးပါး ဖြစ်၏။ သူ့အသက်ကို အမှန်းရခက်

သည်။ မျက်နှာက ကလေးမျက်နှာ ဖြစ်သည်။ သို့သော်လည်း ခေါင်းမှဆံပင်များက ဖြူနေပြီ။ ကျွန်တော့်အတွင်းရေးမှူးက ကျွန်တော့် ညာဘက်မှာ သူ့ထုံးစံအတိုင်း ခဲတံနှင့် မှတ်စုစာအုပ်နှင့် ထိုင်သည်။

စီးကရက်တစ်လိပ်ကို ကျွန်တော် မီးညှိလိုက်၏။

"မနေ့ညက ကျုပ်တို့ အစမ်းရိုက်ကြည့်တာ ခင်ဗျားတို့ အားလုံး မြင်ပြီးပြီ။ အင်မတန် ကောင်းတယ်။ ဒီနေ့ညနေကျတော့ မင်းသမီးဟာ ဘာဖြစ်လို့ မနေ့က အစမ်းရိုက်တုန်းကလို မကောင်းဘဲ ဖြစ်နေရတာလဲ"

မည်သူကမျှ ပြန်မဖြေ။

"ရီနာ ထစမ်း"

ရီနာသည် တိတ်ဆိတ်စွာ ထိုင်ရာမှထရင်း ကျွန်တော့်ကို ကြည့်နေသည်။ အခန်းထဲမှ လူများကို ကျွန်တော် လှည့်ကြည့်လိုက်ပြန်၏။

"သူနာမည် ဘယ်သူလဲ"

ဒါရိုက်တာက ချောင်းဆိုးရင်းရယ်ကာ ကျွန်တော့် အမေးကို ဖြေသည်။

"မစ္စတာကော့။ သူ့နာမည်ကို လူတိုင်း သိကြပါတယ်"

"ဟုတ်ရဲ့လား။ ဒါဖြင့် ဘယ်သူလဲ"

"ရီနာမာလိုး"

"ဒါဖြင့်ရင် ဘာကြောင့် ရီနာမာလိုးနဲ့ မတူအောင် ဖြစ်နေတာလဲ။ ကလာရာဘိုးတို့၊ မာရီယွန်ဒေးဗီးစ်တို့၊ စင်သီယာရန်းဒေါလ်တို့ဟာ သူတို့ကိုယ်ပိုင် ရုပ်တွေ ပေါ်လွင်ကြတယ်။ ရီနာမာလိုးကျတော့ ဘာဖြစ်လို့ ရီနာမာလိုးနဲ့ မတူရတာလဲ"

"ရှင် နားမလည်တဲ့အတွက် ကျွန်မ စိုးရိမ်မိပါတယ် မစ္စတာကော့"

ကျွန်တော်က အသံလာရာဘက်သို့ လှည့်ကြည့်သည်။

"မင်း ဘယ်သူတုံး"

သူက ကျွန်တော့်ကို ပြန်ကြည့်နေရင်း ဖြေသည်။

"အိုင်လင်းဂေးလတ်ပါ။ ကျွန်မ ဝတ်စားဆင်ယင်မှု ပုံစံလုပ်တဲ့သူပါ"

"ကောင်းပြီ မစ္စဂေးလတ်။ ကျုပ် နားမလည်ဘူးလို့ မင်း ပြောလိုက်တာဟာ ဘာတုံး"

"မစ္စမာလိုးဟာ အင်မတန် ခေတ်ရှေ့ပြေးတဲ့ အဝတ်အစားကို ဝတ်ဆင်ရပါမယ်။ ကျွန်မတို့ဟာ ဇာတ်လမ်းဖြစ်ပွားတဲ့ အချိန်ကာလကိုလည်း ကြည့်ရပါတယ်။ အဲဒီ အချိန်ကာလရဲ့ အဝတ်အစားမျိုးကိုလည်း ဝတ်ဆင်ဖို့လိုပါတယ်။ ဒါပေမယ့် အခြေခံကတော့ ခေတ်ရှေ့ပြေးနေဖို့ လုပ်ရပါတယ်။ အမျိုးသမီး အများစုဟာ ဒါကြောင့် ရုပ်ရှင်ကြည့်ကြတာပါ။ ရုပ်ရှင်ထဲက ဖက်ရှင်တွေကို သူတို့ အတုခိုးကြပါတယ်"

"ရုပ်ရှင်ကြည့်ပရိသတ် အတုခိုးဖို့ ဖက်ရှင်ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ မစ္စဂေးလတ်၊ အဲဒီ ဖက်ရှင်ဟာ မိန်းကလေးတစ်ယောက်ကို ယောကျ်ားကလေးတစ်ယောက်နဲ့ တူသွားအောင် မဖြစ်စေရဘူး။ ဘယ်ယောကျ်ားကမှ ဒီပုံမျိုးကို စိတ်မဝင်စားဘူး"

"မစ္စဂေးလတ်ကို အပြစ်မဆိုပါနဲ့ ဂျိုနတ်စ်၊ ဒီလိုလုပ်ဖို့ ငါ ခိုင်းလိုက်တာပါ"

ဟု နီဗားဒါးက ဝင်ပြောသည်။ သူ့ကို ကျွန်တော် လှမ်းကြည့်လိုက်သည်။

"ခင်ဗျား ခိုင်းတာလား"

သူက ခေါင်းညိတ်သည်။

ဤကိစ္စသည် အနေးနှင့်အမြန် ပေါ်ပေါက်လာရမည်သာဖြစ်ကြောင်း ကျွန်တော် တွက်ဆခဲ့ပြီး ဖြစ်၏။ ကျွန်တော့် အသံကို နှိမ့်ပြီး အေးစက်စက်ဖြင့် ကျွန်တော် ပြန်ပြောသည်။

"အခု လုပ်နေတာဟာ ကျုပ် ပိုက်ဆံ၊ အားလုံး နားလည်ထားတာက ကျုပ်ဟာ ပိုင်ရှင်။ ဒါကြောင့် အခုအချိန်ကစပြီး ခင်ဗျား ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ပါ။ ခင်ဗျား မင်းသား ဆိုရင် မင်းသားအလုပ်ပဲ လုပ်ပါ။ ကျန်တာအားလုံး ကျုပ်ဒုက္ခနဲ့ကျုပ် ရှိပေစေ။ ကျုပ်လုပ်ငန်းမှာ နောက် ဘယ်တော့မှ ဝင်မရှုပ်နဲ့"

နီဗားဒါး၏ နှုတ်ခမ်းများ တင်းတင်းစေ့သွားသည်။ စိတ်ထိခိုက်သွားသည့် အမူအရာ

မျိုး သူ့မျက်လုံးများထဲမှာ ပေါ်လာသည်။ ကျွန်တော် တစ်ဖက်သို့ မျက်နှာလွှဲလိုက်သောကြောင့် သူ မည်မျှ စိတ်ထိခိုက်သွားသည်ကို ကျွန်တော် မမြင်ရ။ ရီနာကလည်း စိတ်ထိခိုက်သည့် အမူအရာမျိုးဖြင့် ကျွန်တော်တို့နှစ်ယောက်ကို အကဲခတ်နေသည်။

"ရီနာ"

ရီနာသည် သူ့မျက်နှာ အမူအရာကို ချက်ချင်းပြင်ရင်း ကျွန်တော့်ကို လှမ်းကြည့်သည်။

"ရေချိုးခန်းထဲကိုသွား၊ မင်းမျက်နှာပေါ်ကဟာတွေ အကုန်လုံး ရေနဲ့ဆေးပစ်။ ပြီးတော့ မင်း ဖြီးလိမ်းနေကျအတိုင်း ဖြီးလိမ်းပြီး ပြန်လာခဲ့"

ရီနာသည် တိတ်ဆိတ်စွာ ထွက်သွားသည်။ ကျွန်တော်လည်း ကျွန်တော့်စားပွဲနောက်မှ ကုလားထိုင်သို့ ပြန်လာခဲ့သည်။ အခန်းတွင်းသို့ ရီနာ ပြန်ရောက်လာသည်အထိ မည်သူကမျှ စကားမပြော။

သူ့ပါးစပ်သည် မူလအတိုင်း ပြန်ကျယ်လာသည်။ နှုတ်ခမ်းများ ပြန်ပြည့်လာသည်။ မျက်ခုံးမွေးများသည်လည်း သဘာဝအတိုင်း ပြန်လှလာသည်။ ငွေရောင်ဆံပင်များသည် ခါးပေါ်သို့ ဝဲကျနေ၏။ သို့သော် တစ်ခုခု လိုနေပြန်သည်။ သူ့ကိုယ်လုံး လျှော့တိလျှော့ရဲဖြစ်နေသော အဝတ်အစားများအောက်မှာ သူ့ကိုယ်လုံးသည် တစ်ဖြောင့်တတန်းကြီး ဖြစ်နေသေး၏။

"အခန်းထဲကို ပြန်သွား၊ မင်းကိုယ်လုံးကို ထုပ်ပြီး ကျပ်စည်းသလို စည်းထားတာတွေ အားလုံး ချွတ်ပစ်"

အားလုံးသည် တိတ်မြဲတိတ်နေကြ၏။ ရီနာက ကျွန်တော်ပြောသည့်အတိုင်း လုပ်သည်။ သည်တစ်ကြိမ် သူ ပြန်ထွက်လာသောအခါတွင် ရီနာသည် မိန်းမပီသသော မိန်းမတစ်ယောက် ဖြစ်နေတော့သည်။ ဒီအချက်ကို အားလုံးကလည်း သဘောပေါက်ကြပုံရသည်။

"ကျုပ် လိုချင်တာ ဒါပဲ။ ကဲ ပြန်ရိုက်မယ်"

ရီနာသည် ခေါင်းညိတ်ပြီး တစ်ဖက်သို့ လှည့်သွားသည်။ သို့သော်လည်း မစ္စဂေးလတ်၏အသံက သူ့ခြေလှမ်းများကို ရပ်တန့်သွားစေသည်။

"သူ့ကို ဒီအတိုင်း ကျွန်မတို့ ဓာတ်ပုံရိုက်လို့ မရပါဘူး"

ကျွန်တော်က မစ္စဂေးလတ်ကို လှမ်းကြည့်လိုက်သည်။

"မင်း ဘာပြောတာတုံး"

မစ္စဂေးလတ်က ထိုင်ရာမှ ထသည်။

"ဒီအတိုင်း ကျွန်မတို့ ရုပ်ရှင်ရိုက်လို့ မရပါဘူး။ သူ့ရင်သားတွေက သိပ်လှုပ်နေပါတယ်"

"လှုပ်တော့ ဘာဖြစ်သတုံး။ ရင်သားဟာ လှုပ်နေရမယ်ဆိုတာ ထုံးစံပဲ"

ကျွန်တော်က အားပါးတရ ရယ်မိသည်။ ထိုအခါ မစ္စဂေးလတ်က ခပ်သွက်သွက် ဝင်ပြောသည်။

"လှုပ်နေရမယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ပိတ်ကားပေါ်ကျတော့ ကြည့်လို့မရပါဘူး။ သိပ်ကို အကြည့်ရဆိုးနေတတ်ပါတယ်။ လီ ဟုတ်တယ် မဟုတ်လား"

ဟု ကင်မရာဆရာဘက်သို့ပါ လှမ်း၍ ထောက်ခံချက် တောင်းလိုက်သည်။

"မှန်ပါတယ် မစ္စတာကော့။ ဒီအတိုင်းရိုက်ရင် သဘာဝနဲ့ မတူတော့ပါဘူး"

ဟု ကင်မရာဆရာကလည်း ဝင်ထောက်ခံသည်။

"ဘရာစီယာတစ်မျိုး ဝတ်ခိုင်းကြည့်ပါဦးမယ်"

ဟု မစ္စဂေးလတ်က ပြောသည်။

"ကောင်းပြီ စမ်းကြည့်ပါဦး"

ခဏအကြာတွင် သူနှင့်ရီနာတို့ ရေချိုးခန်းအတွင်းမှ ပြန်ထွက်လာကြလေသည်။ ကျွန်တော့်ဆီသို့ မျက်နှာပြုပြီး လျှောက်လာကြ၏။ စောစောက ထုပ်ထားသည်ထက်တော့ ပို၍ ကြည့်ကောင်းလာသည်။ သို့သော် အကောင်းကြီး မဟုတ်သေး။ ကျွန်တော် သဘောမကျနိုင်သေး။ ထို့ကြောင့် ထိုင်ရာမှထပြီး ရီနာ့ဆီသို့ လျှောက်သွားသည်။

"ပြစမ်း"

ရီနာက မော့ကြည့်သည်။ သူ့မျက်လုံးများသည် အဝေးကြီးတစ်နေရာမှ အကြောင်းအရာတစ်ခုကို လှမ်းမျှော်စဉ်းစားနေသည့် မျက်လုံးမျိုး ဖြစ်သည်။ သို့သော် ဘာမှ မဖြစ်သလိုပင် အပေါ်မှ အင်္ကျီကို အောက်သို့ လျှောချပြီး လက်ဖြင့် ကိုင်ထားပြသည်။

"ညာဘက်လှည့်"

ကျွန်တော်က ပြော၏။

"ဘယ်ဘက်လှည့်"

နောက်သို့ဆုတ်ပြီး သေသေချာချာ ကြည့်မိသည်။ ယခုမှ ကျွန်တော် သဘောပေါက်တော့သည်။ သူ လှည့်လိုက်သောအခါ ဘရာစီယာက ဆွဲထားသောကြောင့် ရင်သားက ပြားပြားသွားသည်။ မစ္စဂေးလတ်ကို ကျွန်တော် ကြည့်လိုက်၏။

"ပခုံးသိုင်းထားတဲ့ ကြိုးတွေကို ဖြုတ်လိုက်ရင် ရမလား မသိဘူး"

"လုပ်ကြည့်ပါ့မယ်"

အိုင်လင်းဂေးလတ်က ပခုံးကို တွန့်ရင်း ရီနာအနီးသို့ တိုးကပ်သွားသည်။ ပြီးတော့ ပခုံးမှာ သိုင်းထားသည့် ဘရာစီယာကြိုးများကို ဖြုတ်ချလိုက်သည်။

ရီနာသည် မလှုပ်မယှက် ရပ်မြဲရပ်နေ၏။ သူ့မျက်လုံးများသည် ကျွန်တော့် ပခုံးကို ကျော်ပြီး အဝေးသို့ ငေးမြဲသာ ငေးနေသည်။

"ကဲ. . . လှည့်ပြစမ်း"

ဘရာစီယာသည် ထုပ်ပြီးဆွဲထားမြဲ ဆွဲထားနေ၏။

"အား မဖြစ်သေးဘူး။ ဒါလည်း မကြိုက်သေးဘူး"

"တခြားတစ်နည်းနဲ့ ကျွန်မ ကြိုးစားကြည့်ပါဦးမယ်"

"ကောင်းပြီ"

မိနစ် အနည်းငယ် ကြာသောအခါ သူတို့နှစ်ယောက် ပြန်ထွက်လာပြန်၏။ ဘရာစီယာအစား ကြိုးများဖြင့် သိုင်းထားသည်။ သူ လမ်းလျှောက်သောအခါ ရင်သားတို့သည် မလှုပ်ရှားတော့။ သို့သော်လည်း ပဲရစ်မြို့မှ ပလတ်စတာအရုပ်နှင့် တူနေသည်။

"အဲဒီကြိုး တချို့ကို ဖြုတ်ပစ်လိုက်လို့ ရမလား"

"အခုအတိုင်း ကြည့်ကောင်းနေပြီလို့ ကျွန်မ ထင်ပါတယ် မစ္စတာကော့။ သူ့ရင်သားနဲ့ ပတ်သက်ပြီး ရှင် ဘာဖြစ်လို့ ဒါလောက် စိုးရိမ်နေတာသလဲဆိုတာ ကျွန်မတော့ စဉ်းစားလို့ မရတော့ဘူး။ သူ့ခြေထောက်တွေဟာ အင်မတန် လှပါတယ်။ ဒီခြေထောက်ရဲ့အလှကို တစ်ဝကြီး ကြည့်စမ်းပါ"

ဟု မစ္စဂေးလတ်က ပြန်ပြောသည်။

"ဒီမှာ မစ္စဂေးလတ်၊ မင်းဟာ ယောကျာ်းတစ်ယောက် မဟုတ်တဲ့အတွက် ကျုပ်ဘာလိုချင်တယ်ဆိုတာ မင်း နားမလည်နိုင်ဘူး။ ခြေထောက်တွေကို ကြည့်ချင်သပဆိုရင် ကျုပ်လမ်းမပေါ် သွားပြီး ထိုင်ကြည့်နေရုံပေါ့။ မိန်းမမျိုးစုံရဲ့ ခြေထောက်မျိုးစုံကို မြင်ရမယ်။ ကျုပ်မေးတာကို ဖြေပါ"

"မဖြစ်နိုင်ပါဘူး။ ကျွန်မတို့ ကြိုးတွေဖြုတ်ပစ်လိုက်လို့ မရနိုင်ပါဘူး"

ဟု သူက ယဉ်ကျေးစွာ ဖြေသည်။

"တကယ်လို့ ကြိုးစတချို့ကို ကျွန်မတို့ ဖြုတ်ပစ်လိုက်ရင် အထဲမှာ ဘာမှ ဝတ်မထားသလို ဖြစ်သွားပါလိမ့်မယ်။ ကျန်တဲ့ ကြိုးလောက်နဲ့ ထိန်းမထားနိုင်တော့ပါဘူး"

ရီနာသည် တစ်ဖက်သို့ လှည့်သွား၏။ ပြန်လှည့်လာသောအခါ သူ့လက်တစ်ဖက်တွင် ကြိုးစတချို့ကို ကိုင်ထားပြီး ကျန်လက်တစ်ဖက်က အင်္ကျီကို ရင်ဘတ်ပေါ်တွင် စုကိုင်ထားသည်။ သူ့မျက်နှာသည် မည်သို့မျှ မခံစားရသလို ဟန်ဆောင်ထားသည်။

ကျွန်တော်က သူ့လက်ထဲမှ ကြိုးစများကိုယူပြီး စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။ ပြီးတော့ သူ စုကိုင်ထားသည့် အင်္ကျီကို အောက်သို့ ဆွဲချလိုက်သည်။ သူ့ရင်သားကို လုံးကြွပြီး ပုံပေါ်လာအောင် ကျွန်တော် လက်ဖြင့် မပြလိုက်သည်။

"ဒီမှာ မြင်တယ် မဟုတ်လား။ ကျုပ် လိုချင်တာ ဒါပဲ"

ကျွန်တော် ဆိုလိုသည်ကို သူ နားလည်ချင်မှ နားလည်လိမ့်မည်။ သို့သော်လည်း အခန်းတွင်းရှိ ယောက်ျားများအားလုံးသည် ရီနာ့ထံမှ မျက်လုံးမခွာကြတော့။

"ရှင် လိုချင်တာဟာ မဖြစ်နိုင်ပါဘူး မစ္စတာကော့။ ရီနာဟာ ထွားကျိုင်းတဲ့ မိန်းကလေးပါ။ (၃၈) လက်မ ရှိပါတယ်။ ဒီရင်သားကို ဒီလို ပုံစံမျိုးပေါ်လာအောင် ဘယ်ဘရာစီယာကမှ ထိန်းပေးနိုင်မှာ မဟုတ်ပါဘူး။ ကျွန်မဟာ အဝတ်အစားပုံစံတီထွင်သူသာ ဖြစ်ပါတယ် မစ္စတာကော့။ အလုံးအထည်တွေ၊ အဆောက်အအုံတွေကို တည်ဆောက်တဲ့ အင်ဂျင်နီယာ မဟုတ်ပါဘူး"

ကျွန်တော်သည် ရီနာကို လွှတ်လိုက်ပြီး ဒိုင်လင်းဂေးလတ်ဘက်သို့ လှည့်လိုက်သည်။

"ကျေးဇူးတင်ပါတယ် မစ္စဂေးလတ်။ အပြုံသဘောနဲ့ ပေးတဲ့ အကြံဉာဏ်ကို ဒီအစည်းအဝေး စကတည်းက ဒါပထမဆုံး ကြားရခြင်းပါပဲ"

မိနစ်နှစ်ဆယ် မပြည့်မီမှာပင် မော်ရစ်ဆေ ရောက်လာသည်။

"ကျုပ်မှာ ပြဿနာနည်းနည်း ပေါ်နေတယ် မော်ရစ်ဆေ။ ခင်ဗျားရဲ့ အကူအညီ လိုနေတယ်"

သူ့မျက်နှာပေါ်မှာ စိုးရိမ်သည့် အရိပ်အယောင်များ လွင့်စဉ် ကွယ်ပျောက်သွားသည်။ သူသည် ပတ်ဝန်းကျင်ကို ရှက်ကိုးရှက်ကန်း လှည့်ကြည့်သည်။

"ကျွန်တော် တတ်နိုင်သမျှ ကူညီပါ့မယ် မစ္စတာကော့"

"ရီနာ ရပ်စမ်း"

ရီနာသည် ခပ်ဖြည်းဖြည်းရပ်ရင်း ကျွန်တော်တို့ဘက်သို့ လျှောက်လာသည်။ မော်ရစ်ဆေ၏ မျက်လုံးများသည် သူ့မျက်မှန်နောက်မှာ ပြူးကျယ်သွားသည်။ အချိန်ရှိသမျှ လေယာဉ်ပုံများထဲမှာသာ နှစ်မြှုပ်ထားသည့် သူ့စိတ်များသည် အခြားတစ်ခုတွင် ပြောင်းလဲဝင်စားလိုက်သဖြင့် ကျွန်တော် ဝမ်းသာမိပါသည်။

"သူ့ရင်သားတွေ မလှုပ်နိုင်အောင် ထိန်းထားနိုင်တဲ့ ဘရာစီယာ ကျုပ်တို့ ရှာလို့မရဘူး။ ကြည့်ရင် သဘာဝအတိုင်းလည်း ဖြစ်ရမယ်၊ ခင်ဗျား ပုံစံတစ်ခု လုပ်ပေးပါ"

သူသည် ကျွန်တော့်ဘက်သို့ ပြန်လှည့်လာ၏။ တုန်လှုပ်ချောက်ချားသည့် အမူအရာများကို သူ့မျက်နှာပေါ်မှာ မြင်နေရသည်။

"မစ္စတာကော့၊ ကျွန်တော့်ကို နောက်နေတာလား ခင်ဗျာ"

"ကျုပ်ဘဝမှာ တစ်ခါမှ ဒါလောက် အလေးအနက်ပြောတာ မရှိသေးဘူး"

"ဒါပေမယ့်. . . ဒါပေမယ့် ကျွန်တော် ဘရာစီယာအကြောင်း ဘာမှ မသိပါဘူး။ ကျွန်တော်က လေယာဉ်ပျံတည်ဆောက်တဲ့ အင်ဂျင်နီယာပါ"

"ဒါကြောင့် ခင်ဗျားကို ကျုပ် ခေါ်တာပေါ့။ ပေါင်ချိန် ထောင်ပေါင်းများစွာ တင်နိုင်တဲ့ လေယာဉ်ပျံတွေကို ခင်ဗျား လုပ်နိုင်တယ်။ ဒါကြောင့် ဒီလောက် အသေးအမွှားလေးကို ခင်ဗျား လုပ်နိုင်ရမယ်။ လေယာဉ်ပျံနဲ့စာရင် ရင်သားရဲ့အလေးချိန်ဟာ ဘာမှ မဖြစ်လောက်ဘူး။ ဒီအလေးချိန်ကို ခံထားနိုင်အောင် လုပ်ပေးပါ"

မစ္စဂေးလတ်ဘက်သို့ ကျွန်တော် လှည့်လိုက်သည်။

"သူ သိချင်တာတွေအားလုံး ပြောပြလိုက်ပါ"

ဂေးလတ်က ကျွန်တော့်ကို ကြည့်နေရာမှ မော်ရစ်ဆေဘက်သို့ လှည့်သွားသည်။

"ကျွန်မ ရုံးခန်းထဲမှာ သွားလုပ်ကြရင် ကောင်းမလား မသိဘူး။ ရှင် လိုချင်တာတွေ အားလုံး ဟိုမှာ ရှိပါတယ်"

မစ္စဂေးလတ်ပြောနေခိုက်တွင် မော်ရစ်ဆေသည် ရီနာ၏ ရင်ဘတ်ကိုသာ ငေးစိုက်ကြည့်နေသည်။ အခိုက်အတန့်အားဖြင့် သူ တစ်ခုခု ဖြစ်သွားပြီလားဟု ကျွန်တော် ထင်မိသည်။ ပြီးတော့မှ ကျွန်တော့်ဘက်သို့ သူ လှည့်လာသည်။

"ကျွန်တော် တစ်ခုခုတော့ လုပ်နိုင်ပါလိမ့်မယ် ထင်ပါရဲ့"

"ခင်ဗျားလုပ်နိုင်မယ်ဆိုတာ ကျုပ် သိပါတယ်"

ကျွန်တော်က ပြုံးရင်းပြော၏။

"ကျွန်တော် ဘာကတိမှတော့ မပေးပါရစေနဲ့ဦး။ ဒါပေမယ့် တော်တော်တော့ စိတ်ဝင်စားစရာကောင်းတဲ့ ပြဿနာကလေးပဲ"

"သိပ် စိတ်ဝင်စားဖို့ ကောင်းတာပေါ့"

မော်ရစ်ဆေသည် မစ္စဂေးလတ်ဘက်သို့ လှည့်လိုက်သည်။

"ဇောက်နဲ့လုံးပတ် တိုင်းတဲ့ ကွန်ပါနှစ်ခုလောက်များ မရနိုင်ဘူးလား။ ကျွန်တော်တို့ အင်ဂျင်နီယာစကားနဲ့ဆိုရင် လျှောက္ကလို့ ခေါ်ပါတယ်"

"ရှင် အဲဒါတွေနဲ့ ဘာလုပ်ဖို့လဲ"

မော်ရစ်ဆေက သူ့ကို အံ့ဩသလို ပြန်ကြည့်နေသည်။

"အဲဒါတွေမရရင် ရင်သားရဲ့ ဇောက်နဲ့လုံးပတ်ကို ကျွန်တော်တို့ ဘယ်လိုလုပ် တိုင်းမလဲ"

မစ္စဂေးလတ်က မော်ရစ်ဆေကို နားမလည်သလို ငေးကြည့်နေသေးသည်။ ပြီးတော့မှ သူ့လက်ကို ဆွဲခေါ် သွားသည်။

"အင်ဂျင်နီယာဌာနမှာတော့ ရပါလိမ့်မယ်။ ရီနာ တို့နဲ့ လိုက်ခဲ့"

နောက် တစ်နာရီကျော်ကျော် ကြာသောအခါ မော်ရစ်ဆေ ပြန်ရောက်လာသည်။ သူ့လက်ထဲမှာ ကိုင်လာသည့် စာရွက်တစ်ရွက်ကို လှုပ်ယမ်းပြသည်။

"ကျွန်တော်တို့ လုပ်လို့ရပြီထင်တယ်။ နည်းလမ်းကို တွေ့တော့မှ အလွန် လွယ်တဲ့ ကိစ္စပဲ။ သူ့ရင်သားတွေက ဘေးနှစ်ဖက်စလုံးကို ယိမ်းထိုးပြီး ယမ်းခါနေတယ်။ အဲဒီ အလေးချိန်ကို အလယ်မှာ ဖမ်းထားနိုင်ဖို့ လိုတယ်"

သူ့ကို ကျွန်တော် ကြည့်မိသည်။ သူ ပြောနေသော စကားများသည် စက်မှုပညာနှင့် အချုပ်အလုပ်ပညာများရောနေသည့် စကားများ ဖြစ်သည်။ ကျွန်တော်က နားမလည်။ သူက လည်း စိတ်အားထက်သန်စွာ ရှင်းပြနေ၏။

"အဓိကအချက်က အလေးချိန်ကို ထိန်းထားနိုင်မယ့် အင်အားလိုတယ်။ လှည်းထောက်ခွ ပုံစံကြိုးနဲ့ ထိန်းရမယ်။ အောက်ပိုင်းမှာ တွဲလောင်းကျနေတာကို အလိုက်သင့် တောင့်ခံထားနိုင်အောင် ထိန်းထားရမယ့် အခြေခံသဘောပါ။ နားလည်ရဲ့လား"

ကျွန်တော်က ခေါင်းယမ်းပြသည်။

"နားမလည်ဘူး။ ဆက်ပြောပါ"

"တံတားတစ်ခုပေါ် မှာ မော်တော်ကားမောင်းသွားရင်း မလှုပ်အောင် ထိန်းထားတဲ့ အောက်ခံသဘောကို သိတယ် မဟုတ်လား"

"ကောင်းကောင်း နားမလည်ဘူး"

"တံတားတုန်ခါမှုကို ထိန်းသိမ်းတဲ့ နည်းလမ်းအတိုင်း လုပ်ရမှာပါ။ အပေါ် က အလေးချိန်နဲ့ ဖိအားများလေ၊ အဲဒီ ဖိအားကို တောင့်ခံထားနိုင်တဲ့ အင်အား လိုလေပဲ။ မော်တော်ကား အောက်ခံ သဘောနဲ့လည်း အတူတူပါပဲ။ ချိုင့်ထဲကို ကျတယ်။ ကမူပေါ် တက်တယ်။ ဒါပေမယ့် အောက်ခံ စပ်စပင်းရှင်းကောင်းတဲ့အတွက် ကားပေါ် က လူဟာ ခုန်မသွားဘူး။ မြောက်မသွားဘူး။ အဲဒီ သဘောပါ"

သူက ကျွန်တော် နားလည်နိုင်မည့် စကားလုံးများကို ရွေးပြီး ရှင်းပြနေသည်။ သို့သော်လည်း ကျွန်တော် နားမလည်။ မင်းသမီးတစ်ယောက်၏ ရင်သားမလှုပ်အောင် ထိန်းနိုင်မည့် ဘရာစီယာ လုပ်ခိုင်းရာတွင် တံတားဆောက်လုပ်သည့် အတတ်ပညာများ၊ မော်တော်ကား စပ်စပင်းရှင်းများပါ ရောဝင်လာသောကြောင့် ကျွန်တော် ပိုနားရှုပ်လာသည်။ မည်သို့ဆိုစေ၊ ကျွန်တော် လိုချင်သည့်အရာဖြစ်လျှင် တော်ပြီ။

သိပ်မစောင့်ရပါ။ ရီနာ ဝင်လာသည်။ သူသည် အခန်းအလယ်မှာ ရပ်ရင်း အပေါ် မှ အင်္ကျီကို ချွတ်ပြသည်။ ပြန်ပြင်ထားသော ဘရာစီယာ ပေါ် လာသည်။

"မစ္စတာကော့ဆီကို လျှောက်သွားပါ"

ဟု ဂေးလတ်က ပြောသည်။

ရီနာက ကျွန်တော့်ဆီကို ဖြည်းဖြည်းချင်း လျှောက်လာသည်။ သူ့ကိုယ်ပေါ် မှ ကျွန်တော့်မျက်လုံးကို ခွာ၍ မရတော့။ ကျွန်တော့်ရှေ့မှာ လာရပ်ပြီး ကျွန်တော့်ကို ငုံ့ကြည့်

သည်။ ပြီးတော့ ကျွန်တော့်ကို မေးသည်။ ယနေ့တစ်ညလုံးတွင် ရီနာ ပထမဦးဆုံးအကြိမ် စကားပြောခြင်း ဖြစ်သည်။

"ကောင်းရဲ့လား"

ကျွန်တော်သည် သူ့မျက်လုံးများကို လှမ်းကြည့်မိသည်။ သူကလည်း ကျွန်တော့် မျက်လုံးများကိုပင် ပြန်ကြည့်နေသည်။ အေးတိအေးစက် မျက်လုံးများဖြင့် ကျွန်တော့်ကို အကဲ ခတ်နေသည်။ တစ်စုံတစ်ခုအတွက် ကျွန်တော့်ကို အကဲခတ်ပြီဆိုလျှင် သူမသည် ဒီအတိုင်းပင် ကြည့်လေ့ရှိ၏။ ပြီးတော့ တစ်ဖက်သို့ လှည့်သွားသည်။

"တစ်ခုကျန်သေးတယ် မစ္စဂေးလတ်။ မနက်ဖြန် ကားစရိုက်ရင် အခု ဝတ်နေတဲ့ အဖြူအစား အနက်ရောင်ကို ဝတ်ပါစေ။ ဒီဇာတ်ကားထဲမှာ ရီနာဟာ ကြေးစားဖြစ်တယ်။ အပျိုစင်လေး မဟုတ်ဘူး။ ဒါကို လူတိုင်း သိရမယ်"

"ကောင်းပါပြီ မစ္စတာကော့၊ ကျွန်မတို့ဟာ ဖက်ရှင်ဆန်း ဘစ်ခုကို ထွင်လိုက်နိုင်ပြီ လို့ ကျွန်မ ထင်ပါတယ်။ ကျွန်မ အစက မစ္စတာကော့ပေါ်မှာ အထင်လွဲခဲ့ပါတယ်။ ဒီကား ရုံပေါ် ရောက်ပြီးရင် တစ်ကမ္ဘာလုံးမှာရှိတဲ့ မိန်းမတွေ အားလုံးဟာ မစ္စမာလိုးရဲ့ဖက်ရှင်အတိုင်း လိုက်လုပ်ကြပါလိမ့်မယ်"

ကျွန်တော်က သူ့ကို ပြုံးပြလိုက်သည်။

"ကျုပ်တို့ ဖက်ရှင်သစ်ထွင်နေတာ မဟုတ်ဘူး။ ကျုပ်တို့ မမွေးခင် ကမ္ဘောကမ္ဘာတည်း က မိန်းမတွေဟာ မိန်းမနဲ့ပဲ တူခဲ့ကြတယ်။ အခုလည်း မိန်းမကို မိန်းမနဲ့တူအောင် ပြင်ပေးနေတာ"

သူသည် ကျွန်တော့်ကို ခေါင်းညိတ်ပြပြီး အပြင်သို့ ထွက်သွားတော့သည်။ အစည်း အဝေးလည်း ပြီးပြီ။ အားလုံး အပြင်သို့ ထွက်သွားကြသည်။ နောက်ဆုံးမှ ထွက်သူမှာ နီဗားဒါး ဖြစ်သည်။ ကျွန်တော်က သူ့ကို လှမ်းခေါ်သဖြင့် ပြန်လာပြီး ကျွန်တော့်ရှေ့မှာ ဝင်ထိုင်သည်။

ကျွန်တော့် အတွင်းရေးမှူးကို ကျွန်တော် လှမ်းကြည့်သောအခါ သူ့နေရာမှာပင် သူ ရှိနေသေး၏။ သူ့လက်ထဲမှ မှတ်စုစာအုပ်တွင် လက်ရေးတိုများ ရေးမှတ်ထားသည်ကို တွေ့ရသည်။

"မင်းက မသွားဘဲ ဒီမှာ ဘာလုပ်နေတာလဲ"

"အစည်းအဝေးမှတ်တမ်းအတွက်ပါ ရှင်"

"ဘာအတွက်ကွ"

"ဒါဟာ ကုမ္ပဏီရဲ့စည်းကမ်း ဖြစ်ပါတယ်။ အစည်းအဝေးတိုင်းကို မှတ်တမ်းတင်ရ ပါတယ်။ ပြီးရင် အားလုံးကို မိတ္တူပေးရပါတယ်ရှင်"

"အဲဒီစာအုပ် ငါ့ပေးစမ်း"

သူ ကမ်းပေးလာသည့် မှတ်စုစာအုပ်ကို အမှိုက်ခြင်းထဲသို့ ထည့်ပြီး ကျွန်တော် မီးရှို့ပစ်လိုက်သည်။ သူ့ကို ကျွန်တော် ပြန်ပြီး မော့ကြည့်သောအခါ ထိတ်ထိတ်လန့်လန့်ဖြင့် ကျွန်တော့်ကို ကြည့်နေသည်ကို တွေ့ရသည်။

"ကဲ မင်း သွားနိုင်ပြီ။ ဒီအခန်းထဲက အစည်းအဝေးမှတ်တမ်းတွေ အပြင်ကိုရောက် တယ်လို့ကြားရရင် မင်း တခြားမှာ အလုပ်ရှာတော့"

နီဗားဒါးဘက်သို့ ကျွန်တော် လှည့်ကြည့်သောအခါ သူ ပြုံးနေသည်ကို တွေ့ရသည်။

"ကျွန်တော် စောစောတုန်းက အစည်းအဝေးမှာ ပြောခဲ့တာနဲ့ ပတ်သက်ပြီး စိတ်မ ကောင်းပါဘူး နီဗားဒါး"

"ကိစ္စ မရှိပါဘူး အငယ်။ အမှန်က ငါကလည်း ပါးစပ်ပိတ်နေနိုင်ဖို့ ကောင်းတာ"

"ဒီမြို့မှာ ရှိနေတဲ့ လူတွေက ကျွန်တော့်ကို သွေးစုပ်ဖို့ ရောက်လာတဲ့အကောင်လို့ ထင်နေကြတယ်။ ဒါ မမှန်ဘူးဆိုတာ ခင်ဗျားနဲ့ ကျွန်တော် နှစ်ယောက်ပဲ သိပါတယ်။ လူတွေ ဒီလို ပြောနေတာ ရပ်သွားအောင် ကျွန်တော် လုပ်ပစ်ရမယ်။ ကျွန်တော် သည်းမခံနိုင်ဘူး"

"ငါ နားလည်ပါတယ် အငယ်။ မင်းအဖေလည်း ဒီလိုပဲ ပြောခဲ့တာပဲ။ ခေါင်းဆောင် ဆိုတာ တစ်ယောက်တည်းပဲ ရှိရမယ်။ တစ်မိန့်တစ်ခွန်းပဲ ဖြစ်ရမယ်"

ရုတ်ခြည်းပင် ကျွန်တော်တို့နှစ်ယောက် မည်သို့ ကြီးပြင်းလာကြကြောင်း ကျွန်တော်

သဘောပေါက်လိုက်သည်။ ကလေးဘဝကို ကျွန်တော် ပြန်စဉ်းစားမိသည်။ ကျွန်တော် ဒုက္ခရောက်တိုင်း၊ အခက်အခဲပေါ်တိုင်း နီတာဒါးဆီသို့သာ ပြေးခဲ့ရသည်။ ယခု သည်လို မဟုတ်တော့။ အားလုံး ပြောင်းပြန် ဖြစ်သွားပြီ။ နီတာဒါးသည် ကျွန်တော့်အပေါ်မှာ တည်မှီနေရပြီဖြစ်၏။

"ကျေးဇူးတင်ပါတယ် နီတာဒါး။ ဘာကိုမှ ပူပန်စိုးရိမ်မနေပါနဲ့။ စိတ်ထဲမှာလည်း ဘာမှ မထားပါနဲ့။ အားလုံး အဆင်ပြေသွားမှာပါပဲ"

ဟု ကျွန်တော်က ကြိုးစား၍ ပြုံးရင်း ပြောမိသည်။

သူ နေရာမှထပြီး အပြင်သို့ ထွက်သွားသည်ကို ကျွန်တော် ငေးကြည့်နေမိသည်။ သူ ထွက်သွားပြီးနောက် ဒင်ပီးယာ့စ် ဝင်လာသည်။

"ခင်ဗျား မနက်က ပြောသလိုပဲ ကျုပ်တို့ ဒီဇာတ်ညွှန်းကို ပြင်မယ်၊ ဇာတ်ညွှန်းရေးဆရာတွေဆီကို ပို့လိုက်ပါ"

သူက အဓိပ္ပာယ်ကို နားလည်သည့်အနေဖြင့် ပြုံးသည်။

"ကျွန်တော် အဆင်သင့် လုပ်ထားပြီးပါပြီ"

## (၁၀)

ရက်သတ္တပတ်လေးပတ်ဖြင့်ပင် ကျွန်တော်တို့ဇာတ်ကား ပြီးစီးသွားတော့သည်။ ကျွန်တော်တို့ ဇာတ်ညွှန်း ပြောင်းလိုက်သည်ကို နီတာဒါး သိ၏။ သို့သော်လည်း ထိုကိစ္စနှင့် ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ မပြော။ နောက်နှစ်ပတ်ကြာသောအခါ အစမ်းပွဲကို ကျွန်တော်တို့ ကြည့်ကြသည်။

ကျွန်တော် ရောက်သွားသောအခါ အတန်ငယ် နောက်ကျနေပြီ ဖြစ်၏။ စတူဒီယိုမှ ကြော်ငြာတာဝန်ခံက ကျွန်တော့်ကို ဆီးကြိုသည်။

"နေရာနည်းနည်းပဲ ကျန်ပါတော့တယ် မစ္စတာကော့"

ဟု သူက ဆီးတောင်းပန်သည်။

အောက်ထပ်သို့ လှမ်းကြည့်သောအခါ စတူဒီယို၏ ဧည့်သည်များဖြင့် ပြည့်နေသည်။ နေရာတိုင်း၊ အတန်းတိုင်းမှာ လူများ ကျပ်နေသည်။ စတူဒီယိုရှိ နော်မန်မှအစ အောက်ဆုံး အဆင့်အထိ လူအားလုံး ဖြစ်သည်။ သူတို့အားလုံး ကျွန်တော့်ကို စောင့်နေကြခြင်း ဖြစ်သည်။

အပေါ်ထပ်သို့ ကျွန်တော် တက်သွားစဉ်မှာပင် မီးများ မှိတ်သွားသည်။ အမှောင်တွင်းမှာ စမ်းပြီး ကျွန်တော့်နေရာသို့ လျှောက်လာခဲ့၏။ ကျွန်တော့် ပတ်လည်တွင် ကလေးများ၊ လူငယ်များဖြင့် ပြည့်နေသည်။

ပိတ်ကားပေါ်မှာ ကျွန်တော့်နာမည်ကြီး ပေါ်လာသည်။

ဂျိုနတ်စ်ကော့ တင်ဆက်သည်

ကျွန်တော့်ရင်ထဲမှာ ရယ်ချင်စိတ်ပေါ်လာသည်။ သို့သော်လည်း စာတမ်းများ ထိုးပြီး၍ ရုပ်ရှင်ကား စပြသောအခါ ရယ်ချင်စိတ် ပျောက်သွားသည်။ ဆယ်မိနစ်ခန့်ကြာသောအခါ ကျွန်တော့်စိတ်ထဲမှာ မငြိမ်မသက် ဖြစ်လာပြန်သည်။ ကျွန်တော့်ဘေးတစ်ဝိုက်မှ လူငယ်များသည် ရုပ်ရှင်ကားကို အဖျင်းပြောနေကြ၏။ "ရိုးနေသော ကောင်းဘွိုင်ကားကြီးပါကွာ" ဟူသော သဘော ဖြစ်သည်။

"တစ်ခုခု ထူးခြားမယ်ထင်လို့ လာကြည့်တာ။ ဒီပုတ်ထဲက ဒီပဲတွေပါပဲ"

ဟု ပြောကြသည်။

ထို့နောက် ပိတ်ကားပေါ်တွင် ရီနာ ပေါ်လာသည်။ ငါးမိနစ်ခန့်ကြာသောအခါ ပတ်ဝန်းကျင်ကို ကျွန်တော် လှည့်ကြည့်မိသည်။ လူငယ်အားလုံးတို့သည် ပိတ်ကားပေါ်မှ မျက်လုံးမခွာကြတော့။ သူတို့ ပါးစပ်များ ဟောင်းလောင်းပွင့်နေသည်။ အသက်ရှူသံက လွဲ၍ သူတို့ထံမှ ဘာသံမှ မကြားရတော့။

ကျွန်တော့်ဘေးမှာ ထိုင်နေသော လူငယ်တစ်ယောက်သည် သူ့ဘေးမှ မိန်းကလေး

၏လက်ကို တင်းတင်းကိုင်ထားသည်။ နောက်ဆုံး ရီနာက နီဟားဒါးကို သူ့အိပ်ရာပေါ်သို့ ဆွဲချလိုက်သောအခါ ထိုလူငယ်သည် ထိုးထိုးထွန့်ထွန့်ဖြင့် တွန့်သွားသည်။ ပါးစပ်မှလည်း "ဘုရား ဘုရား"ဟု ရေရွတ်သံကို ကြားလိုက်ရသည်။ မိန်းကလေး၏လက်ကို သူ့ရင်ဘတ်ပေါ်မှာ ဆွဲကပ်ထားလိုက်သည်။

စီးကရက်ကို စမ်းရင်း ကျွန်တော် ပြုံးမိ၏။

ရုပ်ရှင်ပြီး၍ ဧည့်ခန်းတွင်းသို့ ကျွန်တော် ဝင်သောအခါ နီဟားဒါးပတ်လည်မှာ လူငယ်တွေ ဝိုင်းနေကြသည်။ လူငယ်များ ဝိုင်းကမ်းပေးနေကြသည့် အော်တိုစာအုပ်များကို နီဟားဒါးက လက်မလည်အောင် လက်မှတ်ထိုးပေးနေရသည်။ အခြားတစ်နေရာတွင်မူ ရီနာ၏ ပတ်လည်၌ သတင်းထောက်များ ဝိုင်းဝိုင်းလည်နေကြ၏။ ရီနာဘေးတွင် နော်မန်က အလွန် ဂုဏ်ယူသော အဖေ၏ ပုံစံမျိုးဖြင့် ရှိနေသည်။

လူတစ်စု၏အလယ်မှာ ခင်ပီးယာ့စ် ရပ်နေသည်။ ကျွန်တော် ဝင်လာသည်ကို မြင်သောအခါ သူက မော့ကြည့်သည်။

"ခင်ဗျား လုပ်တာ မှန်လိုက်တာဗျာ။ ရီနာဟာ အကုန်လုံးကို လှုပ်ရှားသွားအောင် လုပ်နိုင်လိုက်တယ်။ ကျွန်တော်တို့ ဒေါ်လာဆယ်သန်းရမှာ သေချာတယ်"

ဟု ကျွန်တော့်ကို လှမ်းပြောသည်။

သူ့ကို ကျွန်တော် မျက်ရိပ်ပြပြီး ကားရှိရာသို့ ထွက်လာခဲ့သည်။ ကျွန်တော့်နောက်က သူ လိုက်လာသည်။

"အားလုံး ပြီးသွားရင် ရီနာကို ကျုပ် ဟိုတယ်လွှတ်လိုက်"

သူက ကျွန်တော့်ကို စိုက်ကြည့်နေ၏။

"ခင်ဗျား သိပ်ပင်ပန်းနေပြီ မဟုတ်လား"

"ဆရာ မလုပ်နဲ့။ ကျုပ် ခိုင်းတာလုပ်"

"သူက မလာဘူး ဆိုရင်ကော"

"လာရမယ်"

ကျွန်တော် သူ့ကို အော်ပစ်ခဲ့၏။

သန်းခေါင်ကျော် တစ်နာရီထိုးသောအခါ တံခါးခေါက်သံ ကြားရသည်။ ကျွန်တော့် အရက်ပုလင်းလည်း တစ်ဝက်ကျိုးပြီ။ ကျွန်တော် ထသွားပြီး တံခါးဖွင့်ပေးလိုက်၏။

အခန်းတွင်းသို့ ရီနာ ဝင်လာသောအခါ ကျွန်တော် တံခါးပိတ်ထားခဲ့သည်။ ရီနာက ကျွန်တော်နှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ဘယ်လိုလဲ"

ဟု သူက မေးသည်။

ကျွန်တော်က သူ့ကို အိပ်ခန်းဆီသို့ သွားခိုင်းသည်။ သူက ပခုံးကိုတွန့်ပြီး မထုံတက်တေး အမူအရာဖြင့် အိပ်ခန်းဆီသို့ လျှောက်သွားသည်။

"ကျွန်မ ဒီကို လာမယ်လို့ နီဟားဒါးကို ပြောခဲ့တယ်"

"ဘာဖြစ်လို့ အဲဒီလို အသုံးမကျတဲ့ အလုပ်တွေ လုပ်တာတုံး"

ကျွန်တော်က သူ့ကို တအားလှမ်းဖက်ရင်း မေးသည်။

"နီဟားဒါးနဲ့ကျွန်မ လက်ထပ်တော့မလို့။ ပထမဆုံး ရှင့်ကို ဒီအကြောင်း ပြောပြချင်တယ်လို့ နီဟားဒါးကို ပြောခဲ့တယ်"

ကျွန်တော့်နားများကို ကျွန်တော် မယုံကြည်နိုင်အောင် ဖြစ်သွားသည်။ ထို့ကြောင့် သူ့ကို ကျွန်တော် စိတ်ရှိလက်ရှိ အော်ပစ်လိုက်၏။

"မယူရဘူး။ မင်း သူ့ကို မယူရဘူး၊ ငါ ခွင့်မပြုဘူး။ သူဟာ အဘိုးကြီး ဖြစ်နေပြီ။ ဒီကားရုံတင်ပြပြီးရင် မင်းဟာ ဒီလောကမှာ အင်မတန် ကြီးကျယ်အောင်မြင်တဲ့ မင်းသမီးဖြစ်လာမယ်"

"ကျွန်မ သိပါတယ်"

"သိတယ်ဆိုရင် ဘာဖြစ်လို့ မင်း သူ့ကို ယူရမှာလဲ၊ ဘယ်သူ့ကိုမှ မယူရဘူး။ သူ့ကို

လည်း မယူရဘူး"

"ကျွန်မ လိုတဲ့အခါမှာ ကျွန်မကို သူ ကူညီတယ်။ အခု ကျွန်မ အလှည့်၊ ကျွန်မကို သူ လိုနေပြီ"

"မင်းကို သူ လိုနေပြီ ဟုတ်လား။ ဘာအတွက်လဲ။ သူ့ခြေထောက်ပေါ်မှာ သူ ရပ်နိုင်ပြီဆိုပြီး သိပ်ဘဝင်မြင့်သွားပြီလား"

"ဒီလို မဟုတ်ပါဘူး။ ရှင် သိပါတယ်"

"မင်းကို အောင်မြင်ကျော်ကြားတဲ့ မင်းသမီးဖြစ်အောင် လုပ်ပေးမယ်ဆိုတာ ငါ့အကြံဉာဏ်ကွ"

"ကျွန်မကို မင်းသမီးဖြစ်အောင် လုပ်ပေးပါလို့ ရှင့်ကိုလည်း မပြောခဲ့ရပါလား"

ရီနာက ဒေါသတကြီးဖြင့် ပြန်ပြောသည်။

"ကျွန်မ မင်းသမီးလည်း မဖြစ်ချင်ဘူး။ ရှင်ဘာတွေ လုပ်နေတယ်ဆိုတာ ကျွန်မ မသိဘူးများ ထင်နေသလား ဟင်၊ မူရင်းဇာတ်လမ်းက သူ့အခန်းတွေကို ရှင် ဖြတ်ချပစ်တယ်။ မဟုတ်ဘူးလား။ ပြီးတော့ ကျွန်မ အခန်းတွေကို ထပ်ဖြည့်ပြီး ရှင် ထင်သလို လုပ်ပစ်လိုက်တယ် မဟုတ်လား။ ရှင့်ကိုယ်ကျိုးအတွက် ရှင်လုပ်နေတာ မဟုတ်ဘူးလား။ ရှင် သူ့ဘဝကို ဖျက်ဆီးပစ်လိုက်တာပဲ မဟုတ်လား"

"အဲဒီတုန်းကတော့ မဖြတ်ပါနဲ့ မပြင်ပါနဲ့လို့ မင်း ငါ့ကို မပြောခဲ့ပါလား။ ရုပ်ရှင်နယ်မှာ သူ ကျစပြုနေပြီဆိုတာ တို့နှစ်ယောက်စလုံး သိတယ်။ တခြားကုမ္ပဏီတွေမှာ ကောင်းဘွိုင်အသစ်တစ်မျိုး ပေါ်နေပြီ။ သီချင်းဆိုတဲ့ ကောင်းဘွိုင်၊ သေနတ်အစား ဂီတာကို ကိုင်ကုန်ကြပြီ"

"ရှင် အကုန်သိတယ်၊ ရှင် အကုန်သိတယ်"

ရီနာသည် ပြောရင်းဆိုရင်းပင် ဒေါသတကြီးဖြင့် ကျွန်တော့်မျက်နှာကို လက်ဖြင့် ဖြတ်ရိုက်လိုက်သည်။ ကျွန်တော့်မျက်နှာမှာ စစ်ခနဲ နာကျင်သွားသည်။

"ရှင် အကုန်သိတယ်။ အဲဒါကြောင့် ကျွန်မကို သူ လိုချင်တာ"

ကျွန်တော့် ရင်ထဲမှာ ဒေါသများ ပေါက်ကွဲလာသည်။ ထို့ကြောင့် သူ့ပခုံးကို ဆွဲကိုင်ကာ တရကြမ်း ခါယမ်းပစ်လိုက်သည်။

"ငါက ဘာလုပ်ရမှာလဲ။ ငါ့အတွက်တော့ မင်း မစဉ်းစားဘူးလား။ ဒီအလုပ်ကို ငါ လာလုပ်တာ ဘာအတွက်လို့ မင်း ထင်သလဲ။ နီဗားဒါးအတွက် မဟုတ်ဘူး။ မင်းအတွက်၊ မင်းအတွက် လာလုပ်တာ။ ဒီအလုပ်ကို ငါ လာလုပ်တာဟာ မင်းကို လိုချင်လို့လာလုပ်တယ်ဆိုတာ မင်း မသိဘူးလား။ မင်း စဉ်းစားမကြည့်ဘူးလား"

ရီနာသည် ကျွန်တော့်မျက်နှာကို ဒေါသဖြင့် စိုက်ကြည့်နေ၏။

"ရှင် ဘယ်တုံးကမှ ဘယ်သူ့ကိုမှ လိုချင်ခဲ့တဲ့လူ မဟုတ်ဘူး ဂျိုနတ်စ်၊ ဟင်း . . . ရှင့်အကြောင်း မသိရင် ခက်မယ်။ ရှင့်ကိုယ်ရှင်ပဲ လိုချင်တယ်။ ရှင့်ကိုယ်ကျိုး တစ်ခုတည်းကိုပဲ ရှင် ကြည့်တယ်။ ရှင် တခြားလူအပေါ်မှာ စာနာထောက်ထားတတ်တဲ့လူဆိုရင် ရှင့်မိန်းမကို တစ်ယောက်တည်း ထားခဲ့မှာ မဟုတ်ဘူး။ ရှင့်ရင်ထဲမှာ အကြင်နာတရားလေးတစ်ခုလောက် ထားတတ်တယ် ဆိုရင်တောင် ရှင့်မိန်းမဆီ ရှင် ပြန်မှာပေါ့။ ဒါမှမဟုတ် ရှင့်မိန်းမကို ဒီကို ခေါ်မှာပေါ့။ ရှင် အတ္တသမား"

"ငါ့မိန်းမကို ဒီကိစ္စထဲ ဆွဲမထည့်နဲ့"

ကျွန်တော့်လက်ထဲမှ သူ ရုန်းထွက်လိုက်သည်။ သူ့ရှေ့ပိုင်းမှ အင်္ကျီသည် ထက်ခြမ်းကွဲပြီး ခါးပေါ်သို့ ပုံကျသွားသည်။ သူ့ကို ကျွန်တော် တင်းတင်းကျပ်ကျပ် ဖက်ထားမိပြန်သည်။

"ရီနာ. . . ရီနာ"

ကျွန်တော်သည် သူ့နှုတ်ခမ်းများကို တွေ့အောင်ရှာသည်။ သူက ရုန်းသည်။ ကျွန်တော်က မလွှတ်။ တဖြည်းဖြည်းဖြင့် ကျွန်တော့် ရင်ခွင်ထဲမှာ သူ ငြိမ်သက်သွားသည်။ သူ့နှုတ်ခမ်းများ ကျွန်တော့်ဆီသို့ ရောက်လာသည်။ သူ့လက်နှစ်ဖက်ဖြင့် ကျွန်တော့် လည်ပင်းကို တင်းကျပ်စွာ ပြန်ဖက်ထားသည်။ ထိုအခိုက် ကျွန်တော်တို့ နောက်ဘက်မှ တံခါးဖွင့်သံကြားရသည်။

"ဘယ်ကောင်လဲကွ၊ ထွက်သွားစမ်း"

ကျွန်တော်က လှည့်မကြည့်ဘဲ အော်သည်။

"ထွက်သွားရမယ့်အချိန် မဟုတ်တော့ဘူး ဂျိုနတ်စ်"

ရီနာကို ခုတင်ဘက်သို့ ပြန်တွန်းလွှတ်လိုက်ပြီး နောက်သို့ ကျွန်တော် တဖြည်းဖြည်း လှည့်ကြည့်လိုက်သည်။ ကျွန်တော့် ယောက္ခမနှင့် အခြားယောကျ်ားတစ်ယောက်တို့ ရပ်နေကြ၏။ သူတို့နောက်တွင် ရပ်နေသူကား မော်နီကာ။ မော်နီကာကို ကျွန်တော် ငေးကြည့်လိုက်မိ၏။ သူမှာ ကိုယ်ဝန်ကြီးနှင့်။

"မော်နီကာကို သူ့အမေဆီပို့ဖို့အတွက် ငွေတစ်သောင်းပေးရမှာကျတော့ သိပ်များလွန်းတယ်လို့ မင်း ထင်ခဲ့တယ် မဟုတ်လား"

အမေဆော့စ်ဝင်းသရော့၏ အသံသည် အောင်နိုင်သူတစ်ယောက်၏ အသံမျိုးကဲ့သို့ ဖြစ်သည်။

"အခု မင်း ငါ့သမီးကို ကွာပေးဖို့အတွက် ဘယ်လောက် တန်မယ်ထင်သလဲ။ ပြောစမ်းပါဦးကွ"

မော်နီကာကို ကျွန်တော် ငေးကြည့်နေမိသည်။ ပြီးတော့ ကျွန်တော့်ကိုယ် ကျွန်တော် ကျိန်ဆဲမိသည်။ အမေဆော့စ်ဝင်းသရော့ ယခုလို ရယ်နိုင်နေသည်မှာ အံ့သြစရာအကြောင်း မရှိတော့။ မော်နီကာနှင့် ကျွန်တော်သည် လက်မထပ်မီ တစ်လမပြည့်မီကမှ တွေ့ရခြင်း ဖြစ်သည်။ ကျွန်တော့်မျက်စိသည် အ•ရိုင်းပင် ဖြစ်ပါ၏။ ဤသို့ အရိုင်းပင် ဖြစ်လင့်ကစား အရွယ်အစားကို ကြည့်၍ သူ့ကိုယ်ဝန်သည် ငါးလခန့်ရှိနေပြီဟု ကျွန်တော် မှန်းဆ၍ရသည်။ ငါးလရှိပြီဆိုလျှင် ကျွန်တော်တို့ လက်ထပ်သည့်အချိန်က သူ့ကိုယ်ဝန်သည် နှစ်လ ရှိနေရပေလိမ့်မည်။

ကျွန်တော့်ကိုယ်ကို ကျွန်တော်ထပ်ပြီး ကျိန်ဆဲလိုက်မိပြန်သည်။ လူငယ်တွေလောက် အသုံးမကျသောသူသည် ဘယ်မှာမှ မရှိ။ ကျွန်တော့်အဖေသည် ဤစကားကို အမြဲတမ်း ပြောလေ့ ရှိ၏။ အဖေ မှန်ပါသည်။

မော်နီကာ၏ ဝမ်းတွင်းမှာ တည်ရှိနေပြီဖြစ်သည့် သန္ဓေသားသည် ကျွန်တော်၏ သန္ဓေသား မဖြစ်နိုင်တော့ပါချေတကား။

♣ ♣ ♣

## ရီနာမာလိုးအကြောင်း

## စာအုပ်လေး

### (၁)

ဖတ်နေသောမဂ္ဂဇင်းကို ရီနာက ဂရုတစိုက်ပိတ်သည်။ ထိုနေရာမှာ စာရွက်တစ်ရွက်၏ထောင့်ကို ချိုးပြီး မှတ်လိုက်သည်။ ပြီးတော့ သူ့ကိုယ်ပေါ်မှာ လွှမ်းထားသည့် ပိတ်ဖြူပေါ်သို့ စာအုပ်ကို တင်လိုက်၏။

"ဘာလိုချင်သလဲ ရီနာ"

အိုင်လင်း၏အသံက ခုတင်ဘေးရှိ ကုလားထိုင်ပေါ်မှ ပေါ်လာသည်။ သူ့ကို ရီနာက လှမ်းကြည့်လိုက်၏။ သူ့မျက်နှာ ချောင်ကျနေသည်။

"မလိုချင်ပါဘူး။ ဘယ်နှစ်နာရီ ထိုးပြီလဲ"

အိုင်လင်းက သူ့လက်မှ နာရီကို ငုံ့ကြည့်သည်။

"သုံးနာရီ"

"အို ဆရာဝန်က သူ ဘယ်အချိန်လာမယ် ပြောသွားသလဲ"

"လေးနာရီ၊ မင်းအတွက် ကိုယ်ဘာလုပ်ပေးရမလဲ ရီနာ"

ရီနာက ခေါင်းကို ယမ်းလိုက်သည်။

"မလိုပါဘူးကွယ်။ ကျေးဇူးတင်ပါတယ်။ ကိုယ်နေသာပါတယ်"

ရီနာက မဂ္ဂဇင်းကို ပြန်ယူပြီး စာရွက်များကို လှန်လျှောနေသည်။ ပြီးတော့ ပြန်ပစ်ချလိုက်ပြန်သည်။

"ဘယ်တော့များမှ ကိုယ့်ကို ဒီဆေးရုံက ဆင်းခွင့်ပေးပါ့မလဲကွယ်"

အိုင်လင်းသည် ကုလားထိုင်မှထလာပြီး ခုတင်ဘေးမှာ ရပ်နေသည်။

"မပူပါနဲ့။ မင်းမကြာခင် ဆင်းရတော့မှာပါ။ ဆင်းသွားပြီးတာ့မှ မင်း ဒီကို ပြန်လာချင်ဦးမယ် ရီနာ။ အခုက အနားယူရတယ်။ ဟိုမှာက မနားရဘူး။ စတူဒီယိုကလည်း မင်းကို ဆေးရုံက မြန်မြန် ဆင်းစေချင်လှပြီ။ ဒါမှ သူတို့ မဒမ်ပွန်ပါဒို ဇာတ်ကားကို ရိုက်နိုင်ကြမယ်"

ရီနာက သက်ပြင်းချသည်။

"ဒီဓာတ်ပြားဟောင်းကြီးပဲ ပြန်ဖွင့်တာပဲလား။ ဒီဇာတ်လမ်းဟောင်းကြီးကို စင်ပေါ်က ချလိုက်၊ ဖုန်သုတ်လိုက်၊ အကြီးအကျယ် ကြော်ငြာလိုက်၊ ပြီးတော့ ဒါကြီးကို စင်ပေါ် ပြန်တင်ထားလိုက်၊ ဒါပဲ လုပ်နေကြတာပေါ့"

"ဒီတစ်ခါတော့ မဟုတ်တော့ဘူး ထင်တယ်။ နယူးယောက်မှာ ရှိနေတဲ့ ဘာနီနော်မန်နဲ့ ကိုယ်နဲ့ မနေ့ကပဲ ဖုန်းနဲ့ စကားပြောလိုက်ရသေးတယ်။ သူ စာရေးဆရာအသစ် တစ်ယောက်ရတယ်တဲ့။ ဇာတ်ညွှန်းကို ပြန်ပြင်ပြီးပြီတဲ့။ အခု သိပ်ကောင်းသွားပြီတဲ့။ နော်မန်က ပြောတယ်"

ထိုစကားကို ကြားသောအခါ ရီနာက ရယ်သည်။

"သိပ်ကောင်းသွားပြီတဲ့လား။ ဘယ်သူက ပြန်ရေးတာတဲ့လဲ။ ယူဂျင်အိုနေးလ်လား"

"မင်း သိနေတာပဲ"

"မသိပါဘူး၊ ရမ်းပြောပစ်လိုက်တာ။ တကယ်ပဲ အိုးနေးလ်ကို ဘာနီ ရထားပြီတဲ့လား"

ရီနာက ခေါင်းယမ်းရင်း ပြန်မေးသည်။

အိုင်လင်းက ခေါင်းညိတ်ပြသည်။

"ဇာတ်ညွှန်းကို အိုးနေးလ် ပြင်ပြီးတာနဲ့ တစ်ပြိုင်တည်း မိတ္တူတစ်ခုကို မင်းဆီကို ပို့ပေးနိုင်လိမ့်မယ်လို့ ထင်တယ်တဲ့"

ရီနာ စိတ်ဝင်စားလာ၏။ သည်တစ်ချီတော့ ဘာနီသည် တကယ်ပြောနေခြင်း ဖြစ်လိမ့်မည်ဟု သူ ထင်သည်။ သူ့ရင်ထဲမှာ စိတ်ဓာတ်များ တက်ကြွလာပြန်သည်။ အိုးနေးလ်သည် တကယ့် စာရေးဆရာ ဖြစ်သည်။ ဟောလီးဝုဒ်မှာ ရှိနေကြသည့် သာမန် စာရေးဆရာမျိုး မဟုတ်။ ထိုဇာတ်လမ်း အမှန်တကယ် ကောင်းလာအောင် ပြုပြင်နိုင်သည့်သူ ဖြစ်သည်။ ချက်ချင်းဆိုသလို ရီနာ စိတ်ဓာတ်ကျသွားပြန်၏။

"ဘယ်နှစ်နာရီ ထိုးပြီလဲ"

"သုံးနာရီ ဆယ်မိနစ်"

ရီနာက သူ့ခေါင်းအုံးပေါ် သို့ ပြန်ပြီး မှီချလိုက်သည်။

"အပြင်ထွက်ပြီး ကော်ဖီကလေး ဘာလေး သောက်လိုက်ပါဦးလား"

"ရပါတယ်"

အိုင်လင်းက ပြုံးပြီး ဖြေသည်။

"မင်းဒီမှာ တစ်နေ့လုံး အချိန်ကုန်နေပြီ"

"ကိုယ်ဒီမှာပဲ နေချင်တယ်"

"ကော်ဖီ သွားသောက်လိုက်ပါဦးလေ။ ဆရာဝန်မလာခင် ကိုယ်လည်း ခဏလောက် မှိန်းလိုက်ချင်တယ်"

ရီနာက သူ့မျက်လုံးများကို မှိတ်ရင်း ပြောသည်။

အိုင်လင်းသည် ခုတင်ဘေးမှာ ရပ်နေသည်။ ရီနာ အိပ်ပျော်သွားပြီး အသက်မှန်မှန် ရှူသောအခါကျမှ ကိုယ်ပေါ်မှာ စောင်ကို ညင်ညင်သာသာကလေး ခြုံပေးသည်။ ပြီးတော့ ရီနာ့မျက်နှာကို သူ ငုံ့ကြည့်နေမိ၏။ မျက်လုံးဝိုင်းကြီးများ မှိတ်နေပြီ။ ပါးပြင်နှစ်ဖက်တို့သည် ပိန်ကျနေ၏။ မေးရိုးများ၊ ပါးရိုးများ ထင်းထင်းကြီး ပေါ်နေသည်။ နဖူးပေါ်မှ ဆံစကလေးများကို သပ်ပေးကာ နှုတ်ခမ်းကလေးကို နမ်းပြီး အပြင်သို့ သူ ထွက်ခဲ့သည်။

အပြင်ခန်းမှာ သူနာပြုဆရာမတစ်ယောက် ထိုင်နေသည်။

"ကျွန်မ အပြင်သွားပြီး ကော်ဖီသောက်လိုက်ဦးမယ်။ သူ အိပ်နေပြီ"

ဟု ဆရာမကို ပြောသောအခါ ဆရာမက ပြန်ပြုံးပြ၏။

"စိတ်မပူပါနဲ့ မစ္စဂေးလတ်၊ သူ့အဖို့က အိပ်နေတာဟာ အကောင်းဆုံးပါပဲ"

အိုင်လင်းသည် ခေါင်းညိတ်ပြီး စင်္ကြံဘက်သို့ ထွက်ခဲ့သည်။ သူ့ရင်ထဲမှာ ကျပ်နေသည်။ လွန်ခဲ့သည့်ရက်များက ဆီးနှင်းများ ကျခဲ့သည်။ ဆီးနှင်းတောထဲမှာ သူ အအေးမိခဲ့သေးသည်။ လျှပ်စစ်လှေကားပေါ်မှ ဆင်းပြီး ကော်ဖီဆိုင်သို့ လျှောက်လာခဲ့၏။

ကော်ဖီဆိုင်မှ တံခါးကို ဖွင့်မည်ပြုသည့်အချိန်အထိ သူသည် သတိလစ်သူလို ဖြစ်နေသည်။ ဆရာဝန်က သူ့ကို လှမ်းခေါ်သည်ကို သူ မကြား။

"မစ္စဂေးလတ်၊ ကျွန်တော် ခင်ဗျားနဲ့အတူတူ ကော်ဖီလိုက်သောက်လို့ ရမလား"

ဟု ထပ်ပြောသောအခါကျမှ သူ ကြားသည်။

"ရပါတယ်ရှင်"

ဆရာဝန်က ပြန်ပြုံးပြီး တံခါးကို သူ့အတွက် ဖွင့်ပေးသည်။ ထောင့်မှ စားပွဲတစ်လုံးသို့ သူတို့လာပြီး ထိုင်ကြသည်။ ဆရာဝန်က လက်မြှောက်ပြပြီး ခဏအကြာတွင် ကော်ဖီနှစ်ခွက် ရောက်လာသည်။

"မုန့်စားပါဦးလား။ ခင်ဗျား တစ်ခုခု စားလိုက်ရင် ကောင်းမယ်ထင်တယ်။ နောက်ထပ် လူနာတစ်ယောက် ထပ်ကုနေရပါဦးမယ်ဗျာ"

ဆရာဝန်က သူ့ကိုမေးရင်း ရယ်သည်။

"ကျေးဇူးတင်ပါတယ်။ ကော်ဖီသောက်ပဲ တော်ပါပြီ"

"ကော်ဖီ ကောင်းတယ်"

ဆရာဝန်က သူ့ကော်ဖီခွက်ကို ပြန်ချလိုက်ရင်း ပြောသည်။ အိုင်လင်းကလည်း ခေါင်းညိတ်ပြသည်။

"ရီနာ အိပ်နေတယ်"

သူ့ခေါင်းထဲသို့ ပထမဦးဆုံး ရောက်လာသည့်အကြောင်းကိုပင် သူက ပြောသည်။

"ကောင်းပါတယ်။ ဒါနဲ့ မစ္စမာလိုးမှာ ဆွေမျိုးတွေ မရှိဘူးလား"

ဆရာဝန်က မေးသည်။ သူ့မျက်လုံးများသည် မျက်မှန်နောက်မှာ တောက်ပနေသည်။

"မရှိဘူး"

အိုင်လင်းက မြန်မြန် ပြန်ဖြေ၏။ ပြီးတော့ စိတ်ရှုပ်ထွေးသည့် အမူအရာများ သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။ ဆရာဝန်ကို သူ ပြန်ကြည့်ပြီး မေးလိုက်၏။

"ဆိုလိုတာက"

"မဟုတ်ပါဘူး၊ ဘာမှ မဆိုလိုပါဘူး။ ဒီလို ကိစ္စမျိုးဆိုတာက သူနဲ့အရင်းဆုံးဆွေမျိုးကို ကျွန်တော်တို့ သိထားဖို့ လိုတယ်လေ။ တစ်စုံတစ်ခု ဖြစ်ခဲ့ရင်ပေါ့"

"ကျွန်မ သိသလောက်တော့ ရီနာမှာ ဆွေမျိုး မရှိပါဘူး"

ဆရာဝန်က သူ့ကို မယုံသလို ကြည့်လိုက်သည်။

"သူ့ယောကျ်ားကော"

"ဘယ်သူလဲ"

အိုင်လင်းကလည်း နားမလည်သလို ပြန်မေးသည်။

"နီဗားဒါးစမစ်နဲ့ သူ လက်ထပ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်။ ဒါပေမယ့် သူတို့နှစ်ယောက် ကွာရှင်းလိုက်ကြတာ သုံးနှစ်လောက် ရှိသွားပြီ။ အဲဒီနောက် ဒါရိုက်တာ ကလော်ဒီဒန်ဘာနဲ့ လက်ထပ်သေးတယ်"

"သူနဲ့လည်း ကွာရှင်းလိုက်တာပဲလား"

"မဟုတ်ပါဘူး။ လက်ထပ်ပြီး တစ်နှစ်ကျော်ကျော်အကြာမှာ သူ့ကိုယ်သူ သတ်သေသွားတယ်"

"အိုး စိတ်မကောင်းစရာပါပဲ။ လွန်ခဲ့တဲ့ နှစ်တွေတုန်းက ကျွန်တော် အဲဒီအကြောင်းတွေနဲ့ ကင်းကွာနေခဲ့တယ်ဗျာ"

"တကယ်လို့ သူ့အတွက် တစ်ခုခု လုပ်ဖို့လိုမယ်ဆိုရင် ကျွန်မ လုပ်ပေးနိုင်ပါတယ်။ ကျွန်မဟာ သူရဲ့ အရင်းနှီးဆုံးသူငယ်ချင်းပါပဲ။ ပြီးတော့ သူ့ကိုယ်စားလှယ်အဖြစ်နဲ့လည်း ကျွန်မကို လုပ်ပိုင်ခွင့် လွှဲပေးထားပါတယ်"

ဆရာဝန်က သူ့ကို တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။ ဆရာဝန်၏ စိတ်ထဲမှာ ဘာရှိနေသည်ကို သူ့မျက်မှန်နောက်ရှိ မျက်လုံးများကို ကြည့်ခြင်းဖြင့် အိုင်လင်းက ကောင်းစွာ သိနေသည်။ အိုင်လင်းက ဂရုမစိုက်သလို သူ့ခေါင်းကို မတ်လိုက်သည်။ သူ ဘာထင်ထင် အရေးစိုက်စရာ မဟုတ်ပါ။ ယခု အချိန်တွင် မည်သူက ဘာထင်ထင် အရေးစိုက်စရာ မဟုတ်တော့ပါ။

"သွေးစစ်ယားတာ အဖြေ သိရပြီလား"

ဆရာဝန်က ခေါင်းညိတ်ပြသည်။ အိုင်လင်းက သူ့အသံကို တည်ငြိမ်အောင် ထိန်းရင်း ပြန်မေးသည်။

"သွေးကင်ဆာလား"

"မဟုတ်ဘူး၊ ဦးနှောက်မြွေးရောင်တဲ့ရောဂါလို့ ထင်တယ်"

ဆရာဝန်၏စကားကို ကြားရသောအခါ အိုင်လင်းအဖို့ မျှော်လင့်ချက် ရောင်ခြည်များ ကင်းဝေးသွားသည်။

"မျှော်လင့်ချက်ရော ရှိရဲ့လား"

"အင်မတန် နည်းပါတယ်။ တကယ်လို့ အသက်ရှင်မယ်ဆိုရင်လည်း ဘယ်လို ပုံစံမျိုး

ဖြစ်လာမယ်ဆိုတာ မပြောနိုင်ဘူး"

ဟု ပြောရင်း ဆရာဝန်သည် အိုင်လင်းကိုပင် အကဲခတ်နေသည်။

"ဘာကို ဆိုလိုတာလဲ"

"ဦးနှောက်မြေးရောင်တယ် ဆိုတာက ဦးနှောက်ထဲမှာ ရောဂါးပိုးဝင်လာတာက စဖြစ်တာ။ နောက်လေးရက် သို့မဟုတ် ငါးရက်ကြာရင် ရောဂါပိုးတွေက ဦးနှောက်ထဲမှာ စပြီး တိုက်ခိုက်လိမ့်မယ်၊ အဲဒီအချိန်ကျရင် အပြင်းအထန်ဖျားမယ်။ အဲဒီလို ဖျားပြီးတော့မှပဲ သူ့ဦးနှောက်ဟာ ဘယ်လောက် ပျက်စီးသွားတယ် ဆိုတာကို ပြောနိုင်မယ်"

"သူ့စိတ်ဟာ ဘာကိုမှ မမှတ်မိနိုင်တော့ဘူးလို့ ဆိုလိုတာလား"

အိုင်လင်း၏ အမူအရာသည် ပို၍ ချောက်ချားလာသည်။ ပို၍ သောကပိုလာသည်။

"ကျွန်တော်လည်း မပြောနိုင်သေးဘူး။ ဦးနှောက်ပျက်စီးသွားတယ်ဆိုရင် ဖြစ်နိုင်တာတွေ အများကြီးပဲ။ သတိလည်း လစ်နေနိုင်တယ်။ ကိုယ်တစ်ခြမ်းလည်း သေသွားနိုင်တယ်။ သူ့နာမည်ကို သူ သိချင်လည်းသိမယ်။ မသိချင်လည်း မသိဘူး။ သူ့ဦးနှောက် ဘယ်ဘက်အပိုင်းက ပျက်စီးသွားသလဲ ဆိုတာပေါ်မှာ တည်တယ်"

အိုင်လင်း၏ စိတ်ထဲမှာ ကြောက်ရွံ့လာသည်။ ထို့ကြောင့် အသက်ကို သူ မြန်မြန်ရှူလိုက်၏။ သူ့မျက်နှာမှာ ချက်ချင်း သွေးဆုတ်သွားသည်။

"အသက်ကို တအားရှူလိုက်၊ ပြီးတော့ ရေနည်းနည်း သောက်လိုက်"

ဟု ဆရာဝန်က ပြောသည်။ ဆရာဝန်ပြောသည့်အတိုင်း သူ လုပ်တော့မှ သူ့မျက်နှာမှာ သွေးရောင် ပြန်လွှမ်းလာသည်။

"ကျွန်မတို့ တစ်ခုခုလုပ်နိုင်တာများ ရှိသေးသလား။ ဘာဖြစ်ဖြစ်ပေါ့လေ"

"နည်းလမ်းရှိသမျှတော့ ကျွန်တော်တို့ အကုန်လုပ်နေတာပါပဲ။ ဒါပေမယ့် ဒီရောဂါအကြောင်းကို ကျွန်တော်တို့ နည်းနည်းပဲ သိသေးတယ်။ ဒီရောဂါ ဘာကြောင့်ဖြစ်ရတယ်ဆိုတာ ရောထွေးနေသေးတယ်။ ပူတဲ့တိုင်းပြည်တွေမှာတော့ ဒီရောဂါးပိုးကို သယ်လာတဲ့ ခြင်တို့၊ ငှက်များတို့ ကိုက်ရာက စဖြစ်တာပဲ။ ကျွန်တော်တို့ အမေရိကန်တိုင်းပြည်နဲ့ တချို့ဒေသတွေမှာတော့ ဘာကြောင့် စဖြစ်ရတယ်ဆိုတာ မထင်ရှားသေးဘူး။ အကြောင်းရင်းကို အတိအကျရှာလို့ မရသေးဘူး"

"ကျွန်မတို့ အာဖရိကကို သွားပြီး ပြန်လာတာ သုံးလလောက်ပဲ ရှိသေးတယ်။ ဟိုမှာ မုဆိုးရှင်သွားရိုက်တာ"

"ကျွန်တော် သိတယ်။ မစ္စမာလိုးက ကျွန်တော့်ကို ပြောပြဖူးတယ်။ ကျွန်တော် သိသက်ာတဲ့အထဲမှာ ဒါဟာ နံပါတ်တစ် အကြောင်းပဲ"

"ဒါပေမယ့် တခြား ဘယ်သူမှ မဖျားကြပါဘူးရှင်၊ ကျွန်မတို့ ဟိုမှာ သုံးလလောက် နေခဲ့ကြတာ၊ အတူနေ အတူသွားပဲ"

ဆရာဝန်က ပခုံးကို တွန့်လိုက်သည်။

"ကျွန်တော် ပြောသလိုပေါ့။ ဖြစ်ရတဲ့အကြောင်းရင်း အမှန်ကို ကျွန်တော်တို့ မသိဘူး"

"ကျွန်မကျတော့ ဘာကြောင့် ဒီရောဂါ မဖြစ်ပါလိမ့်နော်။ သူ အသက်ရှင်နေဖို့ ကောင်းပါတယ်။ သူ့မှာ လုပ်စရာတွေ အများကြီးရှိသေးတယ်"

အိုင်လင်း၏ စကားသံတွင် ကြေကွဲဝမ်းနည်းမှုများ ပြည့်နေသည်။ ဆရာဝန်က စားပွဲကိုကျော်ပြီး သူ့လက်ကို နှစ်သိမ့်သည့် အနေဖြင့် ကိုင်လိုက်သည်။ ဆရာဝန်၏လက်သည် နူးနေ၏။ ယခင့်ယခင် သူ ထိတွေ့ခဲ့ဖူးသည့် ယောကျာ်းများနှင့် မတူ။ အတွေ့ထူးနေသည်။

"ကျွန်တော့်ဘဝမှာ ဒီလို မေးခွန်းမျိုး ကြားခဲ့ရတာ ဘယ်နှစ်ကြိမ်လောက် ရှိနေပြီလဲ ဆိုတာ မမှတ်မိတော့ဘူး။ ဒါပေမယ့် ကျွန်တော် ဆရာဝန်စဖြစ်ကတည်းက ကနေ့ထက်တိုင်အောင် ဘယ်လို အဖြေမျိုးပေးရမှန်းလဲ မသိဘူး"

အိုင်လင်းက ကျေးဇူးတင်နှစ်သက်သည့် အကြည့်မျိုးဖြင့် ဆရာဝန်ကို ပြန်ကြည့်သည်။

"ကျွန်မတို့ သူ့ကို တစ်ခုခုပြောပြသင့်တယ်လို့ ထင်ပါသလား"

ဆရာဝန်၏ မျက်လုံးနက်များသည် သူ့မျက်မှန်နောက်တွင် ပြူးကျယ်သွားသည်။

"ဘာထူးမှာလဲ၊ သူ့အိပ်မက်နဲ့ပဲ သူ နေပါစေတော့ဗျာ"

*  *  *

အခန်းအပြင်ဘက်မှ အသံတိုးတိုးများကို ရီနာ ကြားနေရသည်။ သူသည် အလွန် ပင်ပန်းနေ၏။ ဂယောက်ဂယက်လည်း ဖြစ်နေ၏။ အရာအားလုံးတို့သည် မှုန်ဝါးဝါး ဖြစ်နေသည်။ အိပ်မက်များ ပြန်မက်ရလေဦးမည်လားဟု နားဝေတိမ်တောင်ဖြင့် သူ တွေးနေသည်။ သူ့စိတ်ကို လာပြီး နှိုးဆွနေသည် ထင်၏။

ကောင်းပါသည်။ အိပ်မက်ကလေး လာပါပြီ။

အင်မတန် နူးညံ့ပျော့ပျောင်းစွာ၊ အင်မတန် သက်သောင့်သက်သာစွာဖြင့် သူ့စိတ်ကို သူ လျှော့ထားလိုက်သည်။ ရီနာသည် အိပ်မက်နိုင်ငံအတွင်းသို့ ပို၍ပို၍ ရောက်သွားသည်။ သူသည် သတိလစ်နေရင်း ပြုံးကာ ခေါင်းအုံးဘက်သို့ မျက်နှာကို စောင်းလိုက်သည်။

ယခုဆိုလျှင် သူ့ပတ်လည်မှာ အိပ်မက်တွေ ဝိုင်းဝိုင်းလည်နေပြီ။ သူငယ်စဉ် ကလေး ဘဝကတည်းက အမြဲမက်ခဲ့သည့် သေခြင်းတရားတည်းဟူသော အိပ်မက်များသည် သူ့ပတ် လည်မှာ ပတ်ချာဝိုင်းနေချေပြီတကား။

(၂)

ခြံတွင်းရှိ အိုမင်းလှပြီဖြစ်သော သစ်တော်ပင်ကြီးများ၏ အရိပ်အောက်မှာ အေးနေ သည်။ ရီနာသည် မြက်ခင်းပေါ်မှာ ထိုင်နေ၏။ ပျဉ်ပြားတစ်ချပ်၏ ပတ်လည်မှာ အရုပ်များကို နေရာချထားပေးနေသည်။

"ဟဲ့ စူဇီ အစားမငမ်းစမ်းနဲ့"

ရီနာက ဆံပင်အနက်ကလေးနှင့် အရုပ်ကို ပြောသည်။ အရုပ်ကလေး၏ မည်းနက် သော မျက်လုံးများက မျက်တောင်မခတ်ဘဲ သူ့ကို စိုက်ကြည့်နေသည်။

"အို စူဇီ။ ညည်းအင်္ကျီပေါ်ကို ဟင်းတွေ ဖိတ်ကျနေပြီ။ ငါတော့ ညည်းကို အဝတ် လဲပေးရဦးတော့မှာပါပဲ"

ရီနာက စိတ်ကူးဖြင့် ပြော၏။ ပြီးတော့ အရုပ်ကလေးမှ အဝတ်များကို ချွတ်ယူကာ စိတ်ကူးဖြင့် အဝတ်လျှော်ပေးနေ၏။ စိတ်ကူးဖြင့် မီးပူတိုက်လိုက်သည်။

"ကဲ အခုကစပြီး သန့်သန့်ပြန့်ပြန့်နေရမယ်"

ဟုလည်း စိတ်ဆိုးဟန်ဖြင့် ပြော၏။ ပြီးတော့ တခြား အရုပ်တစ်ခုဘက်သို့ လှည့်လိုက် ပြန်သည်။

"မနက်စာစားလို့ မြိန်ရဲ့လား မေရီ။ ကုန်အောင်စားလိုက်။ ဒါမှ ညည်းဝပြီး အားရှိ လာမှာ"

ရီနာသည် မကြာခဏလည်း အိမ်ကြီးဆီသို့ လှမ်းကြည့်မိသည်။ ယခုလို သူ တစ် ယောက်တည်း နေနေရသည့်အတွက် သူ ပျော်နေသည်။ တစ်ယောက်တည်း အလွန် နေရခဲ သည်။ သူသည် လိုနေသည်ဆိုလျှင် အိမ်ဖော်တစ်ယောက်မဟုတ် တစ်ယောက်က သူ့ကို အိမ်တွင်းသို့ ခေါ်သွင်းစမြဲ ဖြစ်၏။ ပြီးလျှင် သူ့အမေက သူ့ကို ဆူစမြဲ ဖြစ်၏။ ခြံကြီးထဲတွင် မဆော့ရဟု တားမြစ်စမြဲ ဖြစ်၏။ အိမ်ကြီးနှင့်ဝေးသည့် မီးဖိုချောင်၏ တံခါးနားမှာသာ နေရမည် ဟု ပြောစမြဲ ဖြစ်၏။

သို့သော်လည်း ထိုနေရာတွင် သူ မနေချင်။ ထိုနေရာက ပူ၏။ ပြီးတော့ မြက်ခင်း မရှိ။ ဖုန်တွေသာရှိ၏။ မြင်းဇောင်းနှင့်နီးသောကြောင့် မြင်းချေးစော်လည်း နံ၏။ သူ့အမေက ဘာကြောင့် သည်လို ပညတ်နေမှန်း ရီနာ မသိ။ ခြံထဲမှာ သူ ကစားနေသည်ကို မစ္စတာမာလိုးတို့ လင်မယားကိုယ်တိုင် မြင်လျှင်မှ သူ့ကို ဘာမှ မပြော။ တစ်ကြိမ်တုန်းက သူ ကစားနေသည်ကို မစ္စတာမာလိုးက မြင်သည်၊ မစ္စတာမာလိုးသည် သူ့ကို ကောက်ချီပြီး သူ့ခေါင်းပေါ်မှာ မြှောက် သည်။ ပြီးတော့ သူ့မုတ်ဆိတ်မွေးများဖြင့် သူ ရယ်လာသည်အထိ သူ့မျက်နှာကို ပွတ်ပေးခဲ့သေး သည်။

သို့သော် သူ ပြန်လာသောအခါ သူ့အမေသည် အလွန် စိတ်ဆိုးနေ၏။ သူ့တင်ပါးကို နှိုက်ပြီး သူတို့အခန်းတွင်းသို့ ခေါ်သွားသည်။ ထိုတစ်ညနေလုံး အပြင်သို့ ထွက်ခွင့်မရတော့။ အခန်းတွင်းမှာ ဤသို့ နေရခြင်းသည် အဆိုးဝါးဆုံး အပြစ်ပေးခံရခြင်း ဖြစ်သည်။ အစားအသောက်များကို အမေ ချက်ပြုတ်နေခိုက်တွင် မီးဖိုချောင်အတွင်း၌ သူ နေချင်သည်။ ဟင်းနံ့ ကျွေးနံ့များသည် အလွန် အရသာရှိသည်။ မစ္စတာမာလိုးတို့ ရခဲ့ဖူးသမျှသော ထမင်းချက်များထဲတွင် သူ့အမေသည် အတော်ဆုံးဟုလည်း လူတိုင်းက ပြောကြသည်။

ခြေသံကြားသဖြင့် သူ လှည့်ကြည့်သည်။ ရော်နယ်မာလိုးသည် သူ့ဘေးမှာ လာရပ်နေသည်။ ရီနာက စူဇီကို ထမင်းပြီးအောင် ကျွေးပြီး သူ့ကို လှည့်ပြောသည်။

"ညစာ စားဦးမလား လက်ဒီ"

ရော်နယ်မာလိုးက မာနကြီးတစ်ခွဲသားဖြင့် နှာခေါင်းရှုံ့သည်။ သူသည် ရှစ်နှစ်သား ရှိနေချေပြီ။

"စားစရာလည်း ငါ မမြင်ပါလား"

"ဒီမှာ မမြင်ဘူးလား"

ဟု ပြောရင်း ကစားသည့် အရုပ်ပန်းကန်ကလေးကို ထိုးပြသည်။

"ရော့၊ စားလိုက်၊ သိပ်ကောင်းတယ်"

ရော်နယ်က စားဟန်ပြုသည်။ တစ်အောင့်နေတော့ သူ ငြီးငွေ့လာသဖြင့် ထိုင်ရာမှ ထလိုက်သည်။

"ငါ ဆာလာပြီ။ တကယ့် ထမင်း သွားစားတော့မယ်"

"စားစရာ မရှိဘူး"

ဟု သူက ပြောသည်။

"ဘာလို့ မရှိရမှာလဲ"

"မေမေ ဖျားနေတုန်းပဲ။ ဘယ်သူမှ ထမင်း မချက်ကြဘူး"

"တစ်ခုခုတော့ ရမှာပေါ့"

သူက စိတ်ချလက်ချပြောသည်။

သူ ထွက်သွားရာနောက်သို့ ရီနာက လိုက်ကြည့်နေသေး၏။ ပြီးတော့မှ သူ့အရုပ်များဘက်သို့ ပြန်လှည့်လာသည်။ အိမ်ပေါ်ထပ်ကို တာဝန်ယူရသည့် အိမ်ဖော်မော်လီ ဆင်းလာသောအခါ အမှောင်သန်းစပြုပြီ။ ရီနာကို လာခေါ်ခြင်း ဖြစ်၏။ မော်လီ၏ တစ်မျက်နှာလုံးသည် ငိုထားသောကြောင့် ရဲရဲနီနေသည်။

"ကလေးရေ လာ၊ မင်းအမေက တွေ့ချင်လို့တဲ့"

အမေ့ပတ်လည်တွင် ရထားထိန်း ပီတာ၊ အိမ်အောက်ထပ်ကို တာဝန်ယူရသည့် မေရီနှင့် ပန်းကန်ခွက်ယောက်ဆေးသူ အယ်နီတို့ ဝိုင်းနေသည်ကို မြင်ရသည်။ သူတို့ ဝင်သွားသောအခါ အားလုံးက လမ်းဖယ်ပေးသည်။ လက်ဝါးကပ်တိုင်ကို ကိုင်ထားသော အဝတ်နက်နှင့် လူကြီးတစ်ယောက်ကိုလည်း တွေ့ရသည်။

အမေ့ခုတင် အနီးမှာ ငြိမ်သက်စွာရပ်ရင်း အမေ့ကို ကြေကွဲစွာ ကြည့်နေမိသည်။ အမေသည် အလွန် လှ၏။ မျက်နှာသည် အလွန် ဖြူပြီး တည်ငြိမ်နေသည်။ ငွေရောင်တောက်နေသည့် ဆံပင်များကို နောက်သို့ လှန်ချထားသည်။ ရီနာက အမေ့အနားသို့ ပို၍ကပ်လိုက်သည်။

အမေ့နှုတ်ခမ်းများ လှုပ်လာသည်။ သို့သော် အမေ ဘာပြောသည်ကို သူ မသိ။ မကြားရ။ အဝတ်နက်နှင့် လူကြီးက သူ့ကို ကောက်ချီပြီး. . .

"မေမေ့ကို နမ်းလိုက်ပါကလေး"

ဟု ပြောသည်။

ရီနာက ကျိုးနွံစွာဖြင့် အမေ့ပါးကို နမ်းသည်။ အမေ့ပါးပြင်သည် အလွန် အေးနေသည်။ အမေက ပြုံးပြီး မျက်လုံးများကို ပြန်မှိတ်သွားသည်။ ချက်ချင်းပင် မျက်လုံးများ ပြန်ပွင့်လာကာ အပေါ်သို့ မော့ကြည့်နေသည်။ သို့သော် သူ ဘာကိုမှ မမြင်နိုင်တော့။ အဝတ်နက်နှင့်

လူကြီးသည် ရီနာကို အခြားလက်တစ်ဖက်သို့ မြန်မြန်ပြောင်းချီရင်း အမေ့မျက်လုံးများကို ပိတ်ပေးလိုက်သည်။

မော်လီက ရီနာကို လှမ်းယူသည်။ အမေ့ကို ရီနာ ပြန်ကြည့်သည်။ အမေ အိပ်နေပြီ။ အမေသည် အလွန် လှ၏။ မနက်စောစော အိပ်ရာမှ အနိုးတွင် အိပ်ရာပေါ်၌ တွေ့ရမြဲဖြစ်သော အမေ လှသကဲ့သို့ပင် ယခုလည်း လှနေသည်။

အခန်းတွင်းသို့ ရီနာ လှည့်ကြည့်သည်။ မိန်းကလေး အားလုံး ငိုနေကြပြီ ဖြစ်၏။ ရထားထိန်းပီတာ၏ မျက်လုံးထဲမှာလည်း မျက်ရည်စများကို မြင်နေရသည်။ မော်လီကို မော့ကြည့်သည်။

"ဘာဖြစ်လို့ ငိုတာလဲ။ မေမေ သေပြီလား"

သူ့ မျက်လုံးမှာလည်း မျက်ရည်များ ပြည့်နေသည်။ မော်လီက ရီနာကို ပို၍ တင်းကျပ်စွာ ပွေ့လိုက်သည်။

"ဩော် ကလေးရယ်။ တို့က မင်းအမေကို ချစ်လို့ ငိုကြတာပါ"

မော်လီသည် ရီနာကို ချီရင်း အပြင်သို့ ထွက်ခဲ့သည်။ သူတို့နောက်မှာ တံခါးပိတ်သွားသည်။ ရီနာက မော်လီကို မော့ကြည့်သည်။

"မနက်ဖြန် မနက်စာချက်ဖို့ မေမေ အချိန်မီ နိုးပါ့မလား"

မော်လီသည် သူ့ကို ငုံ့ကြည့်သည်။ သူ နားလည်လိုက်ပါသည်။ အိမ်နောက် တံခါးအနီးတွင် သူ ဒူးထောက်ထိုင်ချလိုက်သည်။

"အို သနားစရာကောင်းတဲ့ ကလေးရယ်။ မိဘမဲ့ကလေးရယ်"

ရီနာက မော်လီကို မော့ကြည့်ပြန်၏။ သူ့မျက်လုံးထဲမှာလည်း မျက်ရည်များ ရောက်လာပြီ။ သို့သော် မိမိဘာကြောင့် ငိုမိမှန်းကို သူ မသိ။

မီးဖိုချောင်အတွင်း၌ အိမ်အလုပ်သမားများအားလုံး ညစာစားနေကြချိန်တွင် ပီတာဝင်လာသည်။ ရီနာက သူ့ကို မော့ကြည့်ရင်း ရယ်သည်။

"ဒီမှာကြည့် မစ္စတာပီတာ။ ကျွန်မမှာ အိုက်စကရင် သုံးခုတောင် ရှိတယ်"

မော်လီက သူ့ကို ငုံ့ကြည့်ပြန်၏။ မော်လီ မျက်လုံးများတွင် မျက်ရည်များ ပြည့်လာပြန်၏။

"စားလိုက်သမီးလေး၊ အိုက်စကရင်ကုန်အောင် စားလိုက်"

သူတို့ကို မော့ကြည့်ရင်း ရီနာ စဉ်းစားမိပြန်သည်။ သူတို့အားလုံး ဘာကြောင့် ငိုနေကြသနည်း။ သူ့ကို စကားပြောတိုင်း သူတို့အားလုံး ငိုကြသည်ကို သူ နားမလည်နိုင်ပါ။ အိမ်မှာလုပ်သည့် အိုက်စကရင်ကို ဇွန်းနှင့် ခပ်စားလိုက်သည်။ အလွန်အေး အလွန်ချိုပါ၏။

"ဆရာ့ကို အခုပဲ ငါ ပြောခဲ့တယ်။ မြင်းဇောင်းပေါ်မှာရှိတဲ့ ငါ့အခန်းထဲမှာ ပြောင်းထားရင် ကောင်းမယ်တဲ့။ ဘုန်းတော်ကြီးနိုလန်ကလည်း စိန့်သောမတ် ဘုရားရှိခိုးကျောင်းမှာ ဆုတောင်းပြီး သင်္ဂြိုဟ်မယ်လို့ ပြောတယ်"

ဟု ပီတာက ပြောသည်။

"မဖြစ်နိုင်ဘူး ထင်တယ်။ သူ ကက်သလစ်ဘာသာဝင် ဟုတ်၊ မဟုတ်မှ မသေချာတာ။ ဒီအိမ်မှာ သူ နေလာတာ သုံးနှစ်ရှိပြီ။ တစ်ခါမှ ဘုရားရှိခိုးကျောင်းကို သွားတာ မတွေ့ဖူးဘူး"

"ဘုရားရှိခိုးကျောင်း မသွားတာနဲ့ ဘာဆိုင်လို့လဲ။ ဘုန်းတော်ကြီးနိုလန်ရှေ့မှာ သူ ဝန်ခံခဲ့ပြီပဲ။ ဘုန်းတော်ကြီးနိုလန်ရဲ့ အဆုံးအမကို သူ နာခံခဲ့ပြီပဲ။ သူဟာ ကက်သလစ်ဘာသာဝင်ဖြစ်ကြောင်း ဘုန်းတော်ကြီးနိုလန်က လက်ခံသွားပြီပဲ"

ဟု ပီတာက စိတ်ဆိုးမာန်ဆိုးဖြင့် ပြောသည်။

မိန်းကလေးအားလုံးထဲတွင် အသက်အကြီးဆုံးဖြစ်သည့် အိမ်အောက်ထပ်ကို တာဝန်ယူရသော အိမ်ဖော်မေရီက ခေါင်းညိတ်သည်။

"ဘုန်းတော်ကြီးနိုလန် မှန်ပါတယ်။ ဘုရားရှိခိုးကျောင်းကို သူ မသွားတာကတော့ အကြောင်းရှိလို့ ဖြစ်မှာပေါ့။ သူ အမှားတစ်ခုခု လုပ်ခဲ့မိလို့ ဖြစ်မှာပေါ့။ ဒါပေမယ့် အရေးအကြီးဆုံးက သူ့ဘဝဇာတ်သိမ်းချိန်မှာ ဘုရားရှိခိုးကျောင်းကို ပြန်ရောက်လာဖို့ပဲ မဟုတ်လား"

ဝိတာက ခေါင်းညိတ်ပြရင်း တံခါးဆီသို့ ထွက်သွားသည်။ ပြီးမှ ပြန်လှည့်လာကာ. . .

"မော်လီ၊ ဒီညတော့ ကလေးကို မင်းနဲ့ပဲ သိပ်လိုက်။ သူ့အမေအလောင်းကို နေရာရွှေ့ဖို့ ငါ လူသွားခေါ်ဦးမယ်။ အစီအစဉ်တွေလုပ်ဖို့ မစ္စတာကောလင်းကို လွှတ်ပေးမယ်လို့လည်း ဘုန်းတော်ကြီးက ပြောသွားတယ်။ ကုန်ကျစရိတ်တွေကို ဘုရားရှိခိုးကျောင်းက ခံမယ်တဲ့"

ဟု ပြန်ပြော၏။

"ကောင်းပါလေ့ရှင်"

ဟု မေရီနှင့် အယ်နီတို့က ပြောသည်။

"အိုက်စကရင် နည်းနည်း စားချင်သေးတယ်"

ရီနာက ပူဆာသည်။

ထိုအခိုက် တံခါးခေါက်သံကြားသောကြောင့် မော်လီက တံခါးသွားဖွင့်သည်။ ဖွင့်ပြီးသည်နှင့် လေသံဖြင့် ဆီးပြောလိုက်သည်။

"အို မမပါလား"

"ကလေး ဘယ်လို နေသလဲလို့ လာကြည့်တာပါကွယ်"

ဟု ဂျရယ်ဒိုင်းမာလိုးက ပြောသည်။ မော်လီက နောက်သို့ဆုတ်ပြီး လမ်းဖယ်ပေးသည်။

"အထဲဝင်ပါဦးလား မမ"

မစ္စစ်မာလိုးက အိပ်ရာပေါ်သို့ လှမ်းကြည့်လိုက်သည်။ ရီနာသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေပြီ ဖြစ်၏။ စူဇီနှင့် မေရီအမည်ရှိ သူ့အရုပ်နှစ်ခုသည် သူ့ဘေးမှာ ရှိနေသည်။ ငွေရောင်ဖြူဆွတ်နေသည့် သူ့ဆံပင်ကလေးများကို ထိပ်ပေါ်မှာ ဖဲကြိုးဖြင့် စုပြီးချည်ထားသည်။

"သူ နေကောင်းရဲ့လား"

"နေကောင်းပါတယ် မမ၊ ကလေးက သိပ်အံ့ဩပြီး၊ ပင်ပန်းသွားတယ်။ သူ ဘာမှ နားမလည်တာဘဲ ဂျေးဗူးတင်ရမလို ဖြစ်နေတယ်။ သူက သိပ်ငယ်သေးတယ်"

ဂျရယ်ဒိုင်းမာလိုးသည် ကလေးကို ကြည့်ပြန်၏။ ကလေးကိုကြည့်နေရင်း သည်ကလေးအမေ ကွယ်လွန်သလို မိမိကွယ်လွန်မည်ဆိုလျှင် မည်သို့ ရှိခြိမ့်မည်နည်းဟု တွေးနေမိသည်။ သားကလေးလက်ဒီသည် အမိမဲ့သားကလေးအဖြစ် ကျန်ရစ်ခဲ့ရှာလိမ့်မည်။ မည်သို့ဆိုစေ သူ့သားကလေးမှာ အဖေတော့ ရှိနေသေးသည်။

ရီနာ၏ အမေကို သူ စတင်ငှားသည့်နေ့က အကြောင်းများကို ပြန်သတိရနေမိသည်။ သူ့လုပ်သက်သည် မများသေးသော်လည်း သူ့အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများက ကျေနပ်စရာ ကောင်းနေသည်။

"ကျွန်မမှာ သမီးကလေးတစ်ယောက်တော့ ရှိပါတယ် မမရယ်။ ကလေးလေးပါ။ နှစ်နှစ်ပဲ ရှိပါသေးတယ်"

ဟု မတတ်တတတ် အင်္ဂလိပ်စကားဖြင့် ပြောသည်။

"မင်း ယောကျ်ားကရော မစ္စစ်အော်စတာလတ်"

"ငါးဖမ်းလှေနဲ့ သူ ထွက်သွားတာ၊ သမီးကလေးကိုတောင် သူ မြင်မသွားဖူးဘူး"

ဟု ပြောပြီး မစ္စစ်အော်စတာလတ်သည် ခေတ္တ ငေးနေသည်။ ပြီးမှ သူ့စကားကို ဆက်ပြောသည်။

"ကျွန်မတို့ ကလေးရတာ နောက်ကျတယ်။ ကျွန်မတို့ ဖင်လန်လူမျိုးတွေက ငယ်ငယ်ရွယ်ရွယ်နဲ့လည်း လက်ထပ်လေ့ မရှိကြပါဘူး။ ကိုယ့်ဘဝကိုယ် ထူထောင်နိုင်တဲ့ အချိန်အထိ ကျွန်မတို့ စောင့်ကြတယ်။ ကျွန်မ ယောကျ်ားဆုံးပြီးတဲ့နောက်မှာ စုဆောင်းထားတဲ့ ငွေကလေးတွေနဲ့ ကျွန်မ နေခဲ့ပါတယ်။ နောက်တော့ ကျွန်မ အလုပ်ထွက်လုပ်ရတော့တာပါပဲ"

မစ္စစ်မာလိုးက ခေတ္တ စဉ်းစားနေသည်။ နှစ်နှစ် သမီးကလေးသည် မည်သို့များ အနှောင့်အယှက် ဖြစ်လာမည်နည်းဟု စဉ်းစားခြင်း ဖြစ်သည်။

"ရီနာ့အတွက် မပူပါနဲ့ မမရယ်။ ကလေးက လိမ္မာပါတယ်။ ဆိုးသွမ်းတဲ့ကလေး မဟုတ်ပါဘူး။ မမတို့ကို အနှောင့်အယှက် မဖြစ်စေရပါဘူး။ ကျွန်မ အခန်းမှာပဲ ကျွန်မနဲ့

အတူတူ နေရပါစေမယ်။ ဒီအိမ်မှာ သူပါ လာနေတဲ့အတွက် ကျွန်မ လုပ်ခထဲက ပိုက်ဆံဖြတ်ပါ"
မစ္စစ်မာလိုးသည် သမီးကလေးတစ်ယောက်လိုချင်ခဲ့၏။ သို့သော်လည်း လက်ဒီကို မျက်နှာမြင်ပြီးနောက် ကလေးရနိုင်တော့မည် မဟုတ်ကြောင်း ဆရာဝန်က ပြောခဲ့သည်။ ထို့ကြောင့် လက်ဒီအတွက်လည်း ကလေးဖော်ရသည်ဟု သူ သဘောထားလိုက်သည်။ လက်ဒီသည် တစ်ဦးတည်းသောသား၊ ကလေးဖော်ကလည်း မရှိ၊ အလိုလည်းလိုက်ထားသောကြောင့် ယခု အတော်ဆိုးနေပြီ။ သူက ရုတ်တရက် ပြုံးပြလိုက်၏။
"ကိစ္စမရှိပါဘူးလေ။ မင်းဆီက ပိုက်ဆံမဖြတ်ပါဘူး မစ္စစ်အော်စတာလတ် ကလေးလေးပဲ၊ ဘယ်လောက် စားနိုင်မှာမှတ်လို့"
ထိုအကြောင်းများသည် သုံးနှစ်ကြာခဲ့ပြီ။ ရီနာ့အမေ ပြောခဲ့သည်မှာ မှန်ပါသည်။ ရီနာသည် မည်သည့် ဒုက္ခကိုမျှ မပေးခဲ့။ မိမိတို့ကို အနှောင့်အယှက် မပေးခဲ့။
"ကလေးကိစ္စကို ဘယ်လို စီစဉ်ရမလဲ မမ"
မော်လီက တိုးတိုးမေးသည်။
"မမလည်း မပြောတတ်သေးဘူး။ မစ္စတာမာလိုးကတော့ မနက်ဖြန် မြို့ကိုသွားပြီး သူ့အမျိုးတွေကို ရှာမယ်လို့ ပြောတယ်"
ကလေးအကြောင်းကို ပထမဦးဆုံးအကြိမ်အဖြစ် သူ စဉ်းစားမိသည်။
"တစ်ယောက်မှ တွေ့နိုင်မှာ မဟုတ်ဘူး မမ။ သူတို့မှာ ဆွေမျိုးမရှိဘူးလို့ သူ့အမေ မကြာခဏ ပြောဖူးတယ်။ သြော် သနားစရာကောင်းတဲ့ ကလေးရယ်။ ဒါဆိုရင်တော့ မိဘမဲ့ကလေးများဂေဟာကိုပဲ ပို့ရတော့မှာပဲ"
မော်လီ၏ စကားကို ကြားသောအခါ မစ္စစ်မာလိုး၏ ရင်ထဲမှာ ဆို့ကျပ်လာသည်။ ရီနာကို သူ ငုံ့ကြည့်လိုက်၏။ ကလေးငယ်သည် အေးချမ်းစွာ အိပ်ပျော်နေသည်။ မစ္စစ်မာလိုးကိုယ်တိုင်လည်း မျက်ရည်ဝိုင်းလာသည်။
"ကဲ မငိုနဲ့တော့ မော်လီ။ သူ မိဘမဲ့ကလေးများဂေဟာကို မရောက်ရပါဘူး။ သူ့ဆွေမျိုးတစ်ယောက်ယောက်ကိုတော့ မစ္စတာမာလိုး တွေ့အောင်ရှာနိုင်ပါလိမ့်မယ်"
"မတွေ့ရင်ရော မမ"
"အဲဒီကျတော့လည်း တစ်ခုခုလုပ်ဖို့ စဉ်းစားကြတာပေါ့ကွယ်"
မစ္စစ်မာလိုးသည် စကားဆုံးသည်နှင့် အပြင်သို့ထွက်ကာ အိမ်ဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ အပြင်မှာ ပီတာတို့လူစု အလုပ်ရှုပ်နေသည်။ သူတို့နှင့် ရင်ဆိုင်တိုးနေသောကြောင့် သူတို့ကို လမ်းဖယ်ပေးလိုက်သည်။ ပီတာက သူ့ကို တောင်းပန်သည်။
ဘာသာအော်စတာလတ်၏ အလောင်းကို သူတို့ နေရာပြောင်းနေကြခြင်း ဖြစ်သည်။ ဘာသာအော်စတာလတ်ကို ဖင်လန်နိုင်ငံရှိ တံငါသည်ရွာကလေးတစ်ရွာတွင် မွေးဖွားခဲ့သည်။ ယခုတော့ တစ်ရပ်တစ်ကျေးက ဘုရားရှိခိုးကျောင်းထဲမှာ သူ့အသုဘ အခမ်းအနားကို ကျင်းပရပေတော့မည်။ တစ်ရပ်တစ်ကျေးက မြေပုံကလေးထဲမှာ သူ့ကိုယ်ခန္ဓာ လဲလျောင်းအိပ်စက်ရပေတော့မည်။

(၃)

ဇနီးသည်သည် ခေါင်းငိုက်စိုက်ကျကာ ထိုင်နေကြောင်း မစ္စတာဟာရစ်ဆန်မာလိုးက တံခါးဝမှ လှမ်းမြင်လိုက်သည်။ အခန်းကို ဖြတ်ကာ ဇနီးသည်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ ဇနီး၏ နောက်ကျောပေါ်မှ ကိုယ်ကိုကိုင်းကာ ပါးပြင်ကို နမ်းလိုက်သည်။ သူ့ဇနီးထံမှ ကြားရမြဲဖြစ်သည့် ပျော်သလို၊ ထိတ်လန့်သလို အသံကို ပြန်ကြားရသည်။
"အိုး ဟာရီ၊ အခိုင်းအစေတွေ ချောင်းကြည့်နေရင် ဘယ့်နှယ်လုပ်မလဲ"
"မပူပါနဲ့ကွာ၊ ဒီနေ့ည သူတို့ ပါတီပွဲကလေးနဲ့ သူတို့ အလုပ်ရှုပ်နေကြတာပါ။ မေရီတောင် ဝတ်ကောင်းစားလှဝတ်လို့"
"ပါတီ မဟုတ်ပါဘူး"
"ကဲ ထားလိုက်ပါကွာ၊ ညစာ မစားခင် ရှယ်လီနည်းနည်း သောက်ရအောင်လား"

"မာတီနီ သောက်ရရင် မကောင်းဘူးလားကွယ်။ စိတ်မဆိုးနဲ့နော်"

ဟာရစ်ဆန်မာလိုးက အံ့ဩသလို လှည့်ကြည့်လိုက်သည်။ သူတို့ ပျားရည်ဆမ်းခရီးအဖြစ် ဥရောပသို့ သွားခဲ့ကြစဉ်က ပဲရစ်မြို့ရှိ ဟိုတယ်တစ်ခုတွင် အရက်ရောင်းသူတစ်ဦးက မာတီနီတစ်မျိုးကို စပ်ပေးခဲ့ဖူးသည်။ ထိုအချိန်မှစပြီး ဤစကားသည် သူတို့နှစ်ယောက်အဖို့ မေတ္တာတရားနှင့် ပတ်သက်သော အချက်ပေးသည့် အထိမ်းအမှတ်ပင် ဖြစ်သည်။

"ရပါတယ်"

ဟု ပြောရင်း လူခေါ် ခေါင်းလောင်းကြိုးကို ဆွဲလိုက်သည်။ မေရီ ရောက်လာသည်။

"ရေခဲခွဲပြီး နည်းနည်းယူခဲ့ပါ မေရီ"

မိန်းကလေးက အရိုအသေပေးပြီး ပြန်ထွက်သွားသည်။ သူသည် အရက်ထားရာ ဗီရိုသို့လာပြီး ဂျင်ပုလင်းကို ထုတ်ယူသည်။ ပြီးတော့ ပြင်သစ်ဗားမောက်အရက်နှင့် လိမ္မော်ရည် အခါးပုလင်းကိုပါ ထုတ်သည်။ အရက်ခြင်သည့်ခွက်ဖြင့် ဂျင်အရက်ကို သုံးခွက်ခြင်ပြီး အရက်စပ်သည့်ခွက်ထဲသို့ ထည့်သည်။ ပြီးတော့ ဗားမောက်တစ်ခွက်၊ နောက်ဆုံး လိမ္မော်ရည် အခါးလေးစက်ထည့်သည်။ ထိုအချိန်မှာပင် ရေခဲများ ရောက်လာသောကြောင့် ရေခဲများပါ အချိန်အဆနှင့် ထည့်ပြီး အရက်စပ်သည့်ခွက်ကို လှုပ်နေသည်။

နောက်ဆုံး ကောင်းစွာ သမသွားသောအခါ ဖန်ခွက်နှစ်ခွက်ထဲသို့ သတိထားပြီး ငှဲ့ထည့်သည်။ အညီအမျှထည့်ပြီးသောအခါ သံလွင်သီးတစ်လုံးစီ ထပ်ထည့်လိုက်သည်။ ဖန်ခွက်တွင်းမှာ အပြည့်ဖြစ်နေ၏။ နောက်ထပ်တစ်စက်မျှ ထည့်ရုံဖြင့် လျှံကျနိုင်သည်။ တစ်စက်လျော့ ပြန်လျှင်လည်း ပြည့်သည်ဟု မဆိုသာ။ ဂျရယ်ဒိုင်းမာလိုးက အရက်ကို မြည်းကြည့်လိုက်သည်။

"သိပ် အရသာ ရှိတာပဲ"

"ကျေးဇူးတင်ပါတယ်"

ဖန်ခွက်ကို ပြန်ချပြီး ဇနီးဖြစ်သူကို ငေးကြည့်နေမိ၏။ မိန်းမများသည် အသက်အရွယ် ရလာသည့်အခါကျမှ ပို၍ အလှကြွယ်လာသည် ဆိုသောစကားမှာ မှန်ကြောင်း သူ စဉ်းစားနေမိသည်။ သူ့ဇနီးကို သူ အလွန် ချစ်ပါသည်။

"ဘာသာရဲ့ ဆွေမျိုးတွေနဲ့ ပတ်သက်ပြီး ဘာများ ထပ်ထူးသေးသလဲ"

ဟာရစ်ဆန်မာလိုးက ခေါင်းကို ယမ်းလိုက်၏။

"ဘယ်မှာမှ ရှာလို့မတွေ့ဘူး။ ဥရောပမှာတော့ ရှိချင်ရှိမှာပေါ့လေ။ ဒါပေမယ့် သူတို့ ဘယ်မြို့က လာတယ်ဆိုတာကို မသိဘူး မဟုတ်လား"

"ဒုက္ခပဲနော်၊ ကလေးလေးအတွက် ဘာလုပ်ရပ့်မလဲ"

ဂျရင်းဒိုင်းမာလိုးက စိတ်မကောင်းသည့် အသံဖြင့် ပြောသည်။

"ကိုယ်လည်း မပြောတတ်တော့ဘူး။ ဆိုင်ရာတွေနဲ့ ပြောကြည့်ပြီး မိဘမဲ့ကလေးများ ဂေဟာကိုပဲ ပို့ရလိမ့်မယ်ထင်တယ်"

"အဲဒီကိုတော့ မပို့ပါနဲ့"

ဟု ဂျရယ်ဒိုင်းက ချက်ချင်း ပြန်ပြောသည်။

"နည်းလမ်းတော့ မမြင်တော့ဘူး"

"ဒီအိမ်မှာပဲ သူ့ကို ထားလို့ မဖြစ်ဘူးလား"

"မဖြစ်နိုင်ဘူး။ တရားဥပဒေက ရှိသေးတယ်။ မိဘမဲ့ကလေးကို ဒီလို ခေါ်ထားမယ်ဆိုရင် သူတို့ ပိုတောင် သဘောကျဦးမယ်ထင်တယ်"

"ကိုယ်လည်း မပြောတတ်ဘူး။ တစ်ခုတော့ ရှိတယ်။ ဒီကလေးကို ကိုယ်တို့ မွေးစားလိုက်မယ်ဆိုရင်တော့ သူတို့ ဘာမှ ပြောနိုင်တော့မှာ မဟုတ်ဘူး"

"ဟာရီ သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲကွယ်"

ဂျရယ်ဒိုင်းက ပြုံး၍ပြောရင်း ထိုင်ရာမှထကာ သူ့ယောက်ျားဆီသို့ လျှောက်သွားသည်။

"ဟုတ်ပါရဲ့ ဘာဖြစ်လို့ ကျွန်မ ဒါကို မစဉ်းစားမိသလဲ မသိဘူး"

"ဘာကို စဉ်းစားရမိတာလဲ"

"ရီနာကို မွေးစားဖို့လေ၊ ရှင့်အတွက် ကျွန်မ ဂုဏ်ယူပါတယ်ရှင်။ ဒါလောက်ကောင်း

တဲ့အကြံဉာဏ်တွေ ရှင့်ဆီမှာ ရှိတာပဲ။ ရှင်အကုန်လုံးကို နားလည်တယ်နော်"

ဟာရစ်ဆန်သည် ဇနီးဖြစ်သူကို စကားမပြောဘဲ ငေးကြည့်နေသည်။ ဇနီးက သူ့လည်ပင်းကို လက်များဖြင့် လာသိုင်းဖက်သည်။

"သမီးကလေးတစ်ယောက် မောင်လိုချင်နေတာ မဟုတ်လားကွယ်။ ညီမလေး တစ်ယောက်ရတဲ့အတွက် လက်ဒီလည်း သိပ်ပျော်မှာပဲ"

ဂျုရယ်ဒိုင်းက ဟာရစ်ဆန်၏ နှုတ်ခမ်းကို နမ်းလိုက်သည်။

"ကျွန်မတို့ နောက်ထပ် မာတီနီတစ်ခွက် သောက်ကြဦးစို့နော်"

* * *

ဒန်ဒီဂျင်ကာလာဟန်သည် သူ့ရုံးခန်းအလယ်မှာရပ်ရင်း သူတို့ကို ကြည့်နေသည်။ သူ့မေးစေ့ကို သူပွတ်ရင်း စဉ်းစားနေသည်။

"ခင်ဗျားပြောတာ တော်တော်တော့ ခက်တဲ့အလုပ်ပဲ"

"ဒါပေမယ့်ရှင်၊ ဒီကိစ္စကို မြို့တော်ဝန်ကြီး လုပ်ပေးရင် ရနိုင်ပါတယ်"

ဂျုရယ်ဒိုင်းမာလိုးက ချက်ချင်း စကားဖြတ်ပြောသည်။

မြို့တော်ဝန်က ခေါင်းကို ယမ်းလိုက်သည်။

"ဒီကိစ္စဟာ ခင်ဗျား ထင်ထားသလို မလွယ်ပါဘူး။ သာသနာရေးဘက်က ကန့်ကွက် ကြလိမ့်မယ်။ သူ့အမေက ကက်သလစ်ပဲ။ ခင်ဗျားတို့က ပရိုတက်စတင့် ဖြစ်နေတယ်။ ကက် သလစ်ဘာသာဝင်တစ်ဦးကို ပရိုတက်စတင့်ဘာသာဝင်တစ်ဦးက မွေးစားပိုင်ခွင့် မရှိဘူး"

ဂျုရယ်ဒိုင်းသည် တစ်ဖက်သို့ လှည့်သွားသည်။ အလိုမပြည့်သဖြင့် စိတ်ညစ်သွားပုံ ရသည်။ သည်နေရာမှာပင် သူ့ယောက်ျား၏ အလွန် လိမ္မာပါးနပ်သည့် အရည်အချင်းကို ပထမဆုံးအကြိမ်အဖြစ်နှင့် တွေ့ရတော့သည်။

သူ့ယောက်ျားက စိတ်အားထက်သန်စွာဖြင့် ရှေ့သို့ တိုးလိုက်သည်။ သူ့အသံသည် လည်း အလွန် ခိုင်မာသည့် လေသံမျိုး ဖြစ်နေသည်။ သည်အသံမျိုးကို တစ်ကြိမ်တစ်ခါမျှ မကြားဖူးဘူးခဲ့။

"သူ့အမေဟာ ဘယ်တုံးကမှ ကက်သလစ်ဘာသာဝင် မဖြစ်ခဲ့ပါဘူးဆိုတဲ့ အထောက် အထားကို ကျွန်တော် ပြနိုင်မယ်ဆိုရင် ကန့်ကွက်နိုင်ဦးမလား ခင်ဗျာ။ တကယ်ကတော့ သူတို့ အထင်မှားနေကြတာပါ မြို့တော်ဝန်ကြီး ခင်ဗျာ"

မြို့တော်ဝန်က သူ့ဘက်သို့ လှည့်ကြည့်သည်။

"ခင်ဗျားမှာ အထောက်အထား ရှိသလား"

"ရှိပါတယ်။ ဟောဒီမှာ သူ့အမေရဲ့ နိုင်ငံကူးလက်မှတ်နဲ့ ကလေးရဲ့ မွေးစာရင်း။ သူတို့က ပရိုတက်စတင့် ဘာသာဝင်ဖြစ်ကြောင်း ဟောဒီနှစ်ခုက အခိုင်အမာ ပြထားပါတယ်"

သူသည် စာရွက်များကို ထုတ်ပြရင်း ပြောသည်။

မြို့တော်ဝန် ဒန်ဒီဂျင်ကာလာဟန်သည် စာရွက်များကို ယူကြည့်ရင်း လေ့လာနေသည်။

"ခင်ဗျားမှာ ဒါတွေရှိနေရက်သားနဲ့ သူတို့ ကက်သလစ်ဘုရားရှိခိုးကျောင်းမှာ ဆုတောင်းပွဲလုပ်ကြတာကို ဘာဖြစ်လို့ မတားခဲ့သလဲ"

"ဒီဟာတွေကို ဒီနေ့မှရတာပါ ခင်ဗျာ။ ဒါကြောင့် မတားနိုင်ခဲ့တာပါ။ ပြီးတော့လည်း ကွယ်လွန်သွားပြီဖြစ်တဲ့သူ့အတွက်လည်း ဘာမှ အကြောင်း မထူးပါဘူး။ ဂိုဏ်းကွဲတာကလွဲလို့ ခရစ်ယာန်ဘာသာဝင်တို့ရဲ့ ထုံးစံအတိုင်း သူ့ကို သင်္ဂြိုဟ်ကြတာပါပဲ"

ဒန်ဒီဂျင်က ခေါင်းညိတ်ပြီး စာရွက်များကို ပြန်ပေးသည်။

"ဒီအကြောင်းသိရင် ဘုန်းတော်ကြီးနိုလန်တော့ ဒုက္ခပဲ။ ဂိုဏ်းချုပ်ကြီးက ကြိုက်မှာ မဟုတ်ဘူး"

"ဂိုဏ်းချုပ်ကြီး မသိနိုင်ပါဘူး ခင်ဗျာ"

ဒန်ဒီဂျင်က သူ့ကိုကြည့်ပြီး စဉ်းစားနေသည်။ သို့သော် စကားတော့ မပြော။

"နောက်နှစ်မှာ ရွေးကောက်ပွဲတွေ လုပ်ရတော့မယ်နော်"

ဟု မာလိုးက မေးသည်။ ဒန်ဒီဂျင်က ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်၊ ထုံးစံအတိုင်း ရွေးကောက်ပွဲပါပဲ"

"တခြား ရွေးကောက်ပွဲနဲ့ မဲဆွယ်ပွဲတွေလည်း ရှိဦးမယ်နော်။ ကိုယ်စားလှယ်လောင်း တစ်ယောက်အနေနဲ့ မဲများများရဖို့အတွက် ရံပုံငွေလည်း လိုမှာပေါ့"

"ခင်ဗျားအဖေနဲ့ ကျွန်တော်တွေ့ခဲ့ဖူးတာကို အရင်က ကျွန်တော် ပြောပြဖူးသလား"

ဟု ဒန်ဒီဂျင်က ပြုံးပြရင်း ပြန်မေးသည်။ မာလိုးကလည်း ပြန်ပြုံးပြသည်။

"ပြောမပြဖူးပါဘူး ခင်ဗျာ။ ဒါပေမယ့် ကျွန်တော့်အဖေကတော့ မကြာခဏ ပြောပါတယ်။ မြို့တော်ဝန်ကြီးကို သူ့ ရုံးခန်းထဲကနေ မောင်းထုတ်လိုက်တဲ့အကြောင်းကို ပြောတဲ့ အကြိမ်ပေါင်း မနည်းတော့ပါဘူး"

မြို့တော်ဝန်က ခေါင်းညိတ်ပြသည်။

"မှန်ပါတယ်၊ ခင်ဗျားအဖေဟာ အင်မတန် စိတ်တိုတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပဲ။ ကျွန်တော်က သူ့ဆီသွားပြီး ရွေးကောက်ပွဲရံပုံငွေ နည်းနည်းပါးပါးထည့်ဖို့ အလှူခံရုံကလေးပါ ဗျာ။ အရင် နှစ်ပေါင်းနှစ်ဆယ်လောက်က ဖြစ်တာပေါ့။ ကျွန်တော်က မြို့တော်ကောင်စီဝင် အဖြစ် အရွေးခံတယ်။ အဲဒီတုန်းက ကျုပ်ကို ဘာပြောလိုက်တယ်ဆိုတာရော သိသလား"

မာလိုးက ခေါင်းကို ယမ်းလိုက်သည်။

"ခွေးဖမ်းတဲ့အကောင်အဖြစ်နဲ့ ကျုပ် အရွေးခံရရင်တောင် ဒီမြို့မှာ သူ မနေတော့ ဘူးတဲ့၊ ဘုရားစူးရစေရဲ့တဲ့။ ခင်ဗျားအဖေ ကျုပ်ကို ပြောလွှတ်တာ"

ဒန်ဒီဂျင်သည် အားရပါးရ ရယ်ရင်း ပြောသည်။

"ရွေးကောက်ပွဲရံပုံငွေ ခင်ဗျား လှူတယ်လို့ ကြားရင် သူ ကြိုက်မှာ မဟုတ်ဘူး"

"ကျွန်တော့်အဖေဟာ ကျွန်တော့်အဖေပါပဲ။ သူ့ကို ကျွန်တော် အင်မတန် လေးစား ပါတယ်။ ဒါပေမယ့် ကျွန်တော့် ပိုက်ဆံကို ကျွန်တော် ကြိုက်သလို သုံးနိုင်ပါတယ်။ ကျွန်တော် ကြိုက်တဲ့ နိုင်ငံရေးကို လုပ်နိုင်ပါတယ်။ ဒါက ကျွန်တော့်အလုပ်ပါ။ သူ့အလုပ် မဟုတ်ပါဘူး"

"ခင်ဗျားတို့မှာ တခြား သားသမီးရှိသေးသလား"

"သားလေးတစ်ယောက် ရှိပါတယ်။ နာမည်က လက်ဒီတဲ့။ အခု ရှစ်နှစ်ရှိပြီ"

ဂျရယ်ဒိုင်းက ဝင်ဖြေသည်။ ဒန်ဒီဂျင်က ပြုံးနေသည်။

"ဟုတ်လား၊ တစ်နေ့မှာ အမျိုးသမီးတွေ မဲပေးခွင့်ရမယ်ဆိုရင် ဒီကလေးမလေးက လည်း အရွယ်ရောက်လာမယ်ဆိုရင် ခင်ဗျားတို့ဆီက အမျိုးသမီးမဲတစ်မဲတော့ ကျွန်တော် ရနိုင်မှာ မဟုတ်တော့ဘူး ထင်တယ်"

"အဲဒီမဲကို ရရပါစေ့မယ်လို့ ကျွန်မ ကတိပေးပါတယ် မြို့တော်ဝန်ကြီး၊ အမျိုးသမီး တွေသာ မဲပေးခွင့်ရပါစေ။ ကျွန်မ အိမ်မှာရှိနေတဲ့ အမျိုးသမီးတွေအားလုံးရဲ့ မဲကို မြို့တော်ဝန် ကြီး ရရပါစေ့မယ်"

ဟု ဂျရယ်ဒိုင်းက ခပ်သွက်သွက် ကတိပေးလိုက်သည်။

မြို့တော်ဝန်က အားပါးတရ ပြုံးသည်။ ဂျရယ်ဒိုင်းကိုလည်း ကိုယ်ကိုကိုင်းကာ အရို အသေပေးလိုက်သည်။

"နိုင်ငံရေးသမားတွေရဲ့ အားနည်းချက်ဟာ ဒါပါပဲ။ ဒီလိုစကားမျိုးကို အင်မတန် ကြိုက်ကြတာလား"

နောက်တစ်နေ့တွင် မြို့တော်ဝန်ကြီး၏ အတွင်းရေးမှူး တီမိုသီကယ်လီသည် ဟာ ရစ်ဆန်မာလိုးရှိရာ ဘဏ်တိုက်သို့ ရောက်လာသည်။ ရွေးကောက်ပွဲရံပုံငွေအဖြစ် ထည့်ဝင်သော ငါးရာတန်ချက်လက်မှတ်ကို ယူသွားသည်။ ပြီးတော့ မြူနီစီပယ်တရားရုံးတွင်ရှိသည့် တရားသူ ကြီးတစ်ဦး၏ အမည်ကို ပြောပြကာ သူ့ဆီသို့သွားပြီး အစီအစဉ်များ ပြုလုပ်နိုင်ကြောင်းကို လည်း မာလိုးကို အကြံပေးသွားသည်။

ထိုရုံးမှာပင် ကလေးမွေးစားသည့် စာချုပ်များကို ပြုလုပ်ကြသည်။ အလွန် လျင်မြန် စွာ၊ အလွန် လွယ်ကူအေးချမ်းစွာနှင့် တရားဥပဒေဘောင်ဝင်အောင် ပြုလုပ်နိုင်ခဲ့ကြသည်။

တရားသူကြီးအခန်းထဲမှ သူ ထွက်လာသောအခါတွင် ကာထရီနာအော်စတာလတ် အမည်ပါသော မွေးဖွားစာရင်း သက်သေခံလက်မှတ်သည် တရားသူကြီး၏အခန်းထဲမှာ ကျန်

နေရစ်၏။

သူ့အိတ်ထဲတွင်မူ သူ့သမီး ရီနာမာလိုးအမည်ဖြင့် မွေးဖွားစာရင်း သက်သေခံလက်မှတ်အသစ် ပါလာခဲ့လေတော့သည်။

(၄)

သဲသောင်ပြင်ပေါ်တွင် အလွန် ကြီးသည့် ထီးကြီးတစ်လက်ကို စိုက်ထောင်ထားသည်။ ထီးအောက်အရိပ်ထဲတွင် ဂျရယ်ဒိုင်းမာလိုးက ရွက်ဖျင်ကုလားထိုင် တစ်လုံးပေါ်မှာ ထိုင်နေသည်။ ပိုးထီးသည် သူ့ဘေးမှာ ရှိနေ၏။ သူ့လက်ထဲမှ ယပ်တောင်ဖြင့် သူ့ကိုယ်သူ ခတ်နေသည်။

"ဒီလောက်ပူတဲ့ နွေရာသီမျိုး တစ်ခါမှ မကြုံဖူးပါဘူး။ အရိပ်ထဲမှာတောင် ဒီဂရီ (၉၀) လောက်ရှိမယ် ထင်တယ်"

ဂျရယ်ဒိုင်းသည် အသက်မရှူနိုင်ဘဲ ပြောနေသည်။

သူ့ယောက်ျားသည် သူ့ဘေးမှာထိုင်ရင်း သတင်းစာကို စိတ်ဝင်စားစွာ ဖတ်နေသည်။ ဘော့စတွန်မြို့မှထုတ်သည့် သတင်းစာသည် သူတို့ပင်လယ်ကမ်းခြေသို့ တစ်ရက်နောက်ကျပြီးမှ ရောက်လာလေ့ရှိသည်။ သူသည် သတင်းစာကိုဖတ်ရင်း စိတ်ပျက်စွာဖြင့် ညည်းလိုက်သည်။

"ဘာပြောတာလဲ ဟာရီ"

သူက လက်ထဲမှ သတင်းစာကိုခေါက်ပြီး သူ့ဇနီးကို လှည့်ကြည့်သည်။

"ဝီလ်ဆင်ပေါ့၊ အလကားလူ"

"ဘာဖြစ်လို့လဲ"

"နိုင်ငံပေါင်းချုပ်အသင်းကိစ္စပေါ့။ ဥရောပကို သူ သွားမယ်လို့ ပြောနေတယ်။ ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိသွားအောင်တဲ့"

"အင်မတန်ကောင်းတဲ့ စိတ်ကူးပေါ့။ ကျွန်မတို့ ကံကောင်းသွားတာပေါ့။ လက်ဒီက လည်း စစ်ထဲဝင်ဖို့ ငယ်သေးတယ် မဟုတ်လား။ နောက်တစ်ကြိမ်ဆိုရင် တစ်မျိုးတစ်ဖုံ ပြောင်းသွားနိုင်တယ်"

ဂျရယ်ဒိုင်းက ပြုံးရင်းပြောသည်။

"နောက်တစ်ကြိမ်ဆိုတာ မရှိနိုင်တော့ပါဘူးကွာ။ ဂျာမနီက တောက်လျှောက် ခေါင်းထောင်နေတော့မှာပဲ။ ဒါပေမယ့် တို့ကို သူတို့ ဘာလုပ်နိုင်မှာလဲ။ သူတို့က သမုဒ္ဒရာကြီးရဲ့ ဟိုဘက်ခြမ်းမှာပဲ။ သူတို့နောက်ထပ် စစ်ဖြစ်ချင်သေးသပဆိုရင် သူတို့ချင်း တိုက်ကြဖို့ပဲ ရှိတော့တယ်။ တို့က ထိုင်ကြည့်နေရုံပဲ"

ဂျရယ်ဒိုင်းက သူ့ပခုံးကို တွန့်လိုက်သည်။

"ထီးအောက်ကို တိုးထိုင် ဟာရီ။ နေသိပ်ပူနေပြီ။ အသားတွေတောင် ရဲနေပြီ"

ဟာရီဆန်လိုးသည် ကုလားထိုင်ကိုရွှေ့ရင်း ထီးရိပ်အောက်သို့ ဝင်လာသည်။ ကုလားထိုင် နောက်မှီမှာမှီရင်း သက်ပြင်းတစ်ချက်ချကာ သတင်းစာကို ပြန်ကြည့်နေပြန်၏။

ထိုအချိန်မှပင် ရီနာသည် သူ့အမေရှေ့သို့ ရုတ်တရက် ရောက်လာသည်။

"ထမင်းစားပြီးတာ တစ်နာရီလောက် ရှိသွားပြီမေမေ။ သမီး ရေသွားချိုးနိုင်မလား"

"ရေသွားချိုးရမလားလို့ ပြောရတယ်"

သမီး မှားပြောသည့် အင်္ဂလိပ်စကားကို ဂျရယ်ဒိုင်းက အလိုအလျောက် ပြင်ပေးမိလျက်သား ဖြစ်သွား၏။ ရီနာကို မော့ကြည့်လိုက်သည်။ ယခု နွေရာသီမှာပင် ရီနာသည် အလွန် ထွားလာသည်။ သူ့ကို (၁၃) နှစ်သမီးဟု ပြောလျှင်ပင် ယုံကြည်နိုင်စရာ မရှိ။

သူ့အသက်နှင့်ဆိုလျှင် အရပ်က မြင့်လွန်းနေသည်။ ငါးပေသုံးလက်မ ရှိသည်။ သူ့ထက် သုံးနှစ်ကြီးသည့် သူ့အစ်ကို လက်ဒီထက် တစ်လက်မသာ နိမ့်သည်။ သူ့ဆံပင်များသည် ငွေရောင်လို ဖွေးဖွေးဖြူနေသည်။ အသားကလည်း နုညက်လွန်းလှသည်။ မျက်လုံးများက မည်းနက်နေ၏။ ခြေတံများသည် ရှည်လျားဖြောင့်စင်းကာ အလွန် လှပနေသည်။ တင်တွေ

ရင်တွေလည်း ကောင်းစွာ ဖွံ့ဖြိုးနေပြီ။ ယခုလို ရေကူးဝတ်စုံ ဝတ်ထားလိုက်သောအခါ (၁၆) နှစ်သမီး အပျိုကြီးဖားဖားနှင့် မခြား။

"သမီး ရေသွားချိုးရမလား မေမေ"

ရီနာက မေးပြန်၏။

"သွားချိုးချေသမီး၊ ဒါပေမယ့် သတိထားနော်၊ ကမ်းနဲ့ အဝေးကြီးကို ရောက်အောင် မကူးနဲ့။ သမီးလေး လက်ပန်းကျနေလိမ့်မယ်"

သူ ဆက်ပြောနေသော်လည်း ရီနာကမူ ပင်လယ်ဘက်ဆီသို့ ထွက်သွားနှင့်နေပြီ ဖြစ်၏။ ဂျရယ်ဒိုင်းမာလိုးသည် သမီးကို လှမ်းကြည့်ရင်း ပြုံးနေမိသည်။ ရီနာသည် အမြဲတမ်း ဤအကျင့်မျိုးကို ကျင့်တတ်သည်။ အခြား မိန်းကလေးများနှင့် မတူ။ မိန်းကလေးတွေလို မကစား။ ရေကူးလည်း အလွန် ကျွမ်းကျင်သည်။ ယောကျ်ားကလေးများကိုပင် သူ နိုင်အောင် ကူးနိုင်သည်။ သူသည် ရေကိုလည်း မကြောက်။ နေကိုလည်း မကြောက်။ သူ့အသားများသည် အလွန်တရာ နူးညံ့ပြီး အလွန်တရာ ဖြူဆွတ်သော်လည်း ဒါတွေကို ဂရုစိုက်မနေ။

ဟာရီဆန်မာလိုးသည် သတင်းစာဖတ်နေရာမှ ခေါင်းမော်လာ၏။

"မနက်ဖြန် ကိုယ် မြို့ကို ပြန်ဦးမှ ဖြစ်မယ်။ စတင်းဒစ်ရှ် ချေးငွေတွေနဲ့ ပတ်သက်ပြီး စာရင်းပိတ်စရာ ရှိတယ်"

"သွားလေ"

ရေထဲတွင် ဆော့ကစားနေကြသည့် ကလေးများထံမှ အသံများ လွင့်ပျံ့လာသည်။

"ရီနာနဲ့ပတ်သက်လို့တော့ ကျွန်မတို့ တစ်ခုခု လုပ်ပေးမှဖြစ်မယ်ထင်တယ်"

ဟု ဂျရယ်ဒိုင်းက စဉ်းစားရင်း ပြောသည်။

"ရီနာ ဘာဖြစ်လို့လဲ"

"ရှင် သတိမထားမိဘူးလား။ သမီးလေး ဘယ်လောက် ထွားလာသလဲ"

"အင်း ဒါပေမယ့် သမီးလေးက ကလေးပဲ ရှိသေးတာ"

ဂျရယ်ဒိုင်းက ပြုံးမိသည်။ အဖေများနှင့် ပတ်သက်သော ဆိုရိုးစကားသည် အလွန်မှန်၏။ သူတို့သည် သားဖြစ်သူများ၏ အကြောင်းကိုသာ အများဆုံး ပြောလေ့ရှိကြသည်။ သို့သော် ဖခင်တိုင်းသည် သမီးများနှင့် ပတ်သက်လာလျှင် သူတို့စိတ်ထဲက ကြည်နူးနှစ်သက်နေသည်များကို လျှို့ဝှက်မျိုသိပ်ထားတတ်ကြစမြဲ ဖြစ်၏။

"သမီးဟာ မနှစ်ကတည်းက အရွယ်ရောက်နေပြီရှင့်"

သူက သတင်းစာကို ပြန်ကြည့်နေပြန်၏။ သူ့ဇနီး ပြောသည်ကို သူ နားလည်သည်။ သို့သော်လည်း ရှင်းရှင်းလင်းလင်းတော့ မဟုတ်။ သမီးနှင့်ပတ်သက်ပြီး သူတို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးသည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်သည်။ သတင်းစာမှ မျက်လုံးကိုခွာပြီး ကလေးများ ရေကူးနေရာသို့ လှမ်းမျှော်ကြည့်၏။ ရီနာကို ရှာကြည့်သည်။ သို့သော် မတွေ့ရ။

"သမီးကို ပြန်ခေါ်လိုက်ရင် မကောင်းဘူးလား။ ရေနက်ထဲကို သွားနေရင် အန္တရာယ် ရှိတယ်"

ဂျရယ်ဒိုင်းက သူ့ခင်ပွန်းကို ပြုံးကြည့်နေမိ၏။ စိတ်ထဲမှာလည်း အကြင်နာတရားများ ပေါ်လာသည်။ ကိုယ့်ယောကျ်ားအကြောင်း ကိုယ်ကောင်းကောင်းသိပါသည်။ သူ စိုးရိမ်ခြင်းမှာ ရေကို မဟုတ်။ ယောကျ်ားလေးများကို စိုးရိမ်ခြင်း ဖြစ်သည်။

"မပူပါနဲ့။ ဘာမှ မဖြစ်နိုင်ပါဘူး။ ရှင့်သမီးက ငါးလောက် ကျွမ်းကျင်တယ်"

မာလိုးက ဇနီးကို ပြန်ကြည့်သည်။

"သမီးနဲ့ မင်း စကားပြောရင် မကောင်းဘူးလား။ သူ သိသင့် သိထိုက်တာတွေ ရှင်းပြတာပေါ့ကွာ။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ကိုယ်နဲ့လက်ဒီနဲ့ စကားပြောကြသလိုလေ"

ဂျရယ်ဒိုင်း၏ အပြုံးသည် စိတ်တိုင်းမကျသော အမူအရာသို့ ပြောင်းသွားသည်။ သူ့ယောကျ်ားသည် သူ့ကိုယ်သူ အလွန် ယုံကြည်သူ ဖြစ်သည်။

"မလိုပါဘူး မောင်ရယ်။ ကျွန်မ ရှင်းပြနေစရာ မလိုပါဘူး။ သဘာဝက သူ့ကို သင်ပေးသွားမှာပေါ့။ အကြောင်းပေါ်လာတဲ့အခါမှာ ဒီလိုပဲ အလိုလို တတ်သွားကြတာပဲ"

"အိုး"

ဟု တစ်ချက်သာ ညည်းရင်း သူ ငြိမ်သွားသည်။

"ရီနာဟာ ကံကောင်းပါတယ်။ ကလေးဘဝကနေ လူကြီးအဖြစ် ပြောင်းလဲလာခဲ့တဲ့ အခါမှာ တချို့ကလေးတွေလို စိတ်ချောက်ချားစရာအကြောင်းတွေနဲ့ မကြုံခဲ့ရဘူး။ ဒီကလေးမှာ ဘာအပြစ်အနာအဆာမှ မရှိဘူး။ သူ့အသားအရေကို ကြည့်ဦးမလား၊ မှဲ့ကလေးတစ်လုံး၊ ဖုကလေးတစ်ဖုတောင် မရှိဘူး။ ကြည်လင်နေတာပဲ"

ဂျရယ်ဒိုင်းက ပင်လယ်ဘက်ဆီသို့ ပြန်လှည့်သွားပြီး ငေးကြည့်နေပြန်သည်။

"သူ့အတွက် ဘရာစီယာကလေးတွေတော့ ဝယ်ပေးဦးမှပဲ"

မာလိုးက ဘာမှ မပြော။

"သမီးရဲ့ ရင်သားက သိပ်ထွားတယ်။ ကျွန်မလောက်ကို ရှိနေပြီ။ ဒီထက်တော့ ပိုပြီးကြီးမသွားဘူးလို့ ထင်ရတာပဲ။ သမီးဟာ အလွန်လှမယ့် မိန်းကလေး"

"ဒါပေါ့၊ အလွန် လှရမှာပေါ့" သူက တဖြည်းဖြည်း ပြုံးရင်း ပြောသည်။

ဂျရယ်ဒိုင်းသည် သူ့လက်ကို လှမ်းကိုင်ရင်း ပြုံးပြလိုက်သည်။ သူဘာဆိုလိုလိုက်သည်ကို သူတို့နှစ်ယောက်စလုံး သိပါသည်။ ရီနာသည် သူတို့၏ သမီးကလေးအရင်းအဖြစ်သာ သူတို့ သဘောထားခဲ့ကြသည်။ ယုံလည်းယုံကြည်ခဲ့ကြသည်။ မွေးစားသမီးကလေးဟု တစ်ခါဘူးမျှ မစဉ်းစားဘူးခဲ့ကြ။

"ကျွန်မ ဒီနေ့ည မြို့ထဲကို ရှင်နဲ့လိုက်ခဲ့ရင် ဖြစ်မလား။ ဟိုတယ်တစ်ခုမှာ တစ်ညနေလောက် နေရရင် သိပ်ကောင်းမှာပဲ"

"သိပ်ကောင်းတာပေါ့"

"ကလေးတွေကို မော်လီ ကြည့်ပါလိမ့်မယ်။ မနက်ဖြန် မပြန်ခင် မနက်ပိုင်းမှာ ကျွန်မ ဈေးဝယ်ချိန်ရမယ်"

မာလိုးကလည်း ပြန်ပြုံးပြသည်။

"ကောင်းပါ့ဗျာ။ ဒီမှာနေရတာကလည်း အိမ်မှာ လူနည်းနည်းရှုပ်နေတယ်။ ဟိုတယ်ကို ဖုန်းဆက်ပြီး မာတီနီနှစ်ခွက်လောက် စပ်ထားလိုက်စမ်းပါလို့ ပြောထားရမယ်။ ကိုယ်တို့နှစ်ယောက် ရောက်သွားချိန်ဆိုရင် အဆင်သင့်ဖြစ်နေရောပေါ့"

ဂျရယ်ဒိုင်းက သူကိုင်ထားသည့် သူ့ယောကျ်ား၏လက်ကို ဆောင့်ပြီး လွှတ်ချလိုက်သည်။ ပြီးတော့ ရယ်သံတစ်ဝက်ဖြင့် ပြောသည်။

"ဒါပဲ စိတ်ကူးနေ"

* * *

မလှမ်းမကမ်းရှိ ဒိုင်ဗင်ထိုးသည့် စင်ရှိရာသို့ ရီနာသည် အေးအေးသက်သာ ရေကူးလာသည်။ ထိုအပေါ်တွင် သူ့အစ်ကိုလက်ဒီသည် သူ့သူငယ်ချင်း တော်မီရန်းဒေါလ်နှင့် အတူတူ ရှိနေလိမ့်မည်ဖြစ်၏။ အနားသို့ ရောက်သွားသောအခါ နှစ်ယောက်စလုံး ပက်လက်လှန် အိပ်ရင်း မိုးပေါ်သို့ မျက်နှာမော့ထားကြသည်။ လှေကားမှ ရီနာတက်သွားသောအခါ သူတို့နှစ်ယောက် အိပ်နေရာမှ ထထိုင်လိုက်ကြ၏။ ရီနာ ရောက်လာသည်ကို လက်ဒီက မကြိုက်။

"ဟိုမှာ မိန်းကလေးတွေနဲ့သွားပြီး ဘာဖြစ်လို့ မနေတာလဲ"

"နင်တို့ ဒီကိုလာပြီး နေနိုင်သလို ငါလည်း လာနေနိုင်တယ်"

ဟု သူက ပြန်ပြောသည်။ အသက်ရှူမှန်လာသောအခါ သူ့ရေကူးဝတ်စုံမှ ပခုံးသိုင်းကြိုးကို နေရာတကျဖြစ်အောင် ပြင်လိုက်သည်။ ဤဝတ်စုံသည် သူနှင့် အလွန် ကျပ်နေပြီဖြစ်၏။

"နေပါစေကွာ"

တော်မီက မော့ကြည့်ရင်း ဝင်ပြောသည်။

ရီနာက မျက်စိကို ဒေါင့်ကပ်ပြီး မသိမသာကြည့်လိုက်သည်။ သူ့ကိုယ်လုံးကို စိုက်ကြည့်နေသည့် တော်မီ၏မျက်လုံးများကို မြင်ရသည်။ သူ့ရင်ထဲမှာ နွေးခနဲ ဖြစ်သွားသည်။ သူ့ကိုယ်သူ ပြန်ကြည့်တော့လည်း သူနှင့် မတော်တော့သည့် ရေကူးဝတ်စုံသည် ရှုက်ဖိုကြီးငယ် အသွယ်သွယ်များကို ကောင်းစွာ မလုံချင်တော့။

လက်ဒီကလည်း သူ့ကိုပင် စိုက်ကြည့်နေသည်။ ရီနာသည် လက်နှစ်ဖက်ကို ဘေးသို့ချလိုက်သည်။ ဤအကြောင်းကြောင့် မိမိကို ဤနေရာတွင် လက်ခံသည်ဆိုလျှင် ကြည့်ကြပါစေတော့။ သူတို့နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်နေလိုက်သည်။

ကြာတော့လည်း အနေကျပ်ချင်သလို ဖြစ်လာသည်။ သူတို့နှစ်ယောက်ကို လှမ်းကြည့်မိပြန်၏။ ယခုဆိုလျှင် သူတို့နှစ်ယောက်စလုံးက သူ့ကို ခိုးကြောင်ခိုးဝှက် ကြည့်နေခြင်း မဟုတ်တော့။ ပြောင်ကြည့်နေကြပြီ ဖြစ်သည်။

"နင်တို့ ဘာကြည့်နေတာလဲ"

ရုတ်တရက် သူ မေးလိုက်သောအခါ ချက်ချင်း မျက်နှာလွှဲသွားကြ၏။ တော်မီက ရေထဲသို့ ငုံ့ကြည့်နေသည်။ လက်ဒီက ဖောင်ကို လှမ်းကြည့်နေသည်။

"ငါ မြင်တယ်နော်။ နင်တို့နှစ်ယောက်စလုံး ငါ့ရင်ဘတ်ကို ကြည့်နေကြတာ"

ယောကျ်ားကလေးနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကြည့်လိုက်ကြ၏။

"တော်မီ လာကွာ၊ လူရှုပ်လာပြီ"

ပြောပြောဆိုဆိုဖြင့် ရေထဲသို့ ဒိုင်ဗင်ထိုး ဆင်းသွားသည်။ သူ့သူငယ်ချင်းလည်း လိုက်သွားသည်။ သူတို့နှစ်ယောက် ကမ်းဘက်ပြန်ကူးသွားသည်ကို ရီနာ ကြည့်နေသေး၏။ ပြီးတော့မှ ကျောခင်းအိပ်ရင်း ကောင်းကင်ကို မော့ကြည့်ကာ စဉ်းစားနေမိသည်။ ယောကျ်ားကလေးများသည် ထူးဆန်းသည့် သတ္တဝါများဖြစ်သည်ဟု သူ ထင်သည်။

ရီနာသည် သူ့ကိုယ်သူ ပြန်ကြည့်နေမိ၏။ တစ်ခါဖူးမျှ ဤသို့ သေသေချာချာ ကြည့်ဖူးခြင်း မရှိ။ သူ အင်မတန် ထွားကျိုင်းနေပါပေါ့ကလား။

(၅)

မှန်ရှေ့မှာ ရီနာ ရပ်နေသည်။ သူ့ကိုယ်သူ မှန်ထဲမှာ သေသေချာချာ ကြည့်သည်။ ဘရာစီယာ ပခုံးကြိုးများကို နေသားတကျဖြစ်အောင် လုပ်သည်။ ထို့နောက် သူ့နောက်ဘက်ရှိ အိပ်ရာပေါ်မှာ ထိုင်နေသည့် မေမေ့ဘက်သို့ လှည့်လိုက်သည်။

"မေမေ ကြည့်ပါဦး၊ ဘယ်လိုနေသလဲ"

"အစွန်ဆုံးကချိတ်ကို တပ်ကြည့်လိုက်လေ"

ဂျရယ်ဒိုင်းက ပြန်ပြောသည်။

"တပ်ထားတာပဲ မေမေ၊ ဒါပေမယ့် မရဘူး။ သိပ်ကျပ်တယ်။ သမီး ဝတ်လို့မရတော့ဘူး"

ဂျရယ်ဒိုင်းက ခေါင်းညိတ်ပြလိုက်သည်။ နောက်တစ်ကြိမ်ဆိုလျှင် သည့်ထက်ပိုကြီးသည့်အရွယ်ကို ဝယ်မှ ဖြစ်တော့မည်။ သို့သော်လည်း သမီးလို ကိုယ်လုံးကိုယ်ထည် ပါးပါးကလေးအတွက် နံပါတ် (၃၄) သည် ဤမျှအထိ ကျပ်နေလိမ့်မည်ဟု မည်သူက ထင်မည်နည်း။

ရီနာသည် မှန်ဘက်သို့ ပြန်လှည့်ပြီး သူ့ကိုယ်သူ ကြည့်ပြန်သည်။ သူ အလွန် ကျေနပ်နေသည်။ မေမေက သူ့ကို အကဲခတ်ကြည့်နေကြောင်း မှန်ထဲမှာ သူ မြင်ရသည်။

"ပြီးတော့ ရေကူးဝတ်စုံလည်း ဝယ်ပေးပါဦး မေမေ။ သမီးမှာရှိတာက သိပ်သေးနေပြီ"

"မေမေလည်း စဉ်းစားနေပါတယ် သမီးရယ်။ အဝတ်အစားအသစ်တွေလည်း ဝယ်ပေးမှာပေါ့။ အခု မနက်စာစားပြီးရင် ဖေဖေ မော်တော်ကားနဲ့ လိုက်ပို့ပေးလိမ့်မယ်"

ရီနာ၏ မျက်နှာပေါ်မှာ ပျော်မြူးသည့် အပြုံးများ ပေါ်လာသည်။ သူ့အမေ၏ လည်ပင်းကို ပြေးဖက်လိုက်သည်။

"ကျေးဇူးတင်လိုက်တာ မေမေရယ်"

ဂျရယ်ဒိုင်းသည် သမီး၏ခေါင်းကို သူ့ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်သည်။ ပြီးတော့ သမီး၏ခေါင်းကို နမ်းမိသည်။ သမီး၏ မျက်လုံးများကိုလည်း ငုံ့ကြည့်မိသည်။

"သမီး နေကောင်းတယ်နော်"

"နေကောင်းပါတယ် မေမေ။ မေမေက ပြောတယ် မဟုတ်လား။ သမီး ကြီးလာပြီလို့"

"ဒါပေမယ့် သမီးအသက် အငယ်ကလေးပဲ ရှိပါသေးတယ်ကွယ်။ ကလေးဘဝ ဆိုတာ နေရတာ အချိန်တိုတိုကလေးရယ်"

မေမေ့စကားများကို ရီနာ စဉ်းစားကြည့်သည်။ သို့သော် ကောင်းစွာ နားမလည်။

* * *

လက်ဒီသည် တစ်ဖက်ကိုလှည့်ပြီး ဘောလုံးကို လှစ်ခနဲ လှမ်းပစ်လိုက်သည်။ နောက် တစ်ယောက်က နေရာသို့ ပြန်ပို့ပေးလိုက်သည်။ လက်ဒီသည် ဖုန်များထဲသို့ ဒူးထောက်လျက် ကျသွားသဖြင့် ဖုန်များ ထောင်းခနဲ ထလာသည်။ ဖုန်များ ရှင်းသွားသဖြင့် ကြည့်လိုက်သောအခါ သူတို့ပွဲမှာ အချိန်စေ့၍ ပြီးသွားချေပြီ။

ကစားဖော်များက လက်ဒီကို ဝိုင်းချီးကျူးကြသည်။ လူစုကွဲသွားသောအခါ တော်မီနှင့် သူတို့နှစ်ယောက်သာ ကျန်ရစ်ခဲ့တော့သည်။ ကမ်းခြေဘက်သို့ သူတို့ ပြန်လျှောက်လာခဲ့ကြ၏။

"ဒီညနေ မင်း ဘာလုပ်မလဲ"

ဟု တော်မီက မေးသည်။

"လုပ်စရာ မရှိပါဘူး"

ဟု လက်ဒီက ပြန်ဖြေသည်။ သူ စဉ်းစားနေသည်မှာ ဘော့စ်ဘောသမားတစ်ယောက် ဖြစ်လာရန်သာ ဖြစ်သည်။ လာမည့်ရာသီတွင် ဘာရင်တန်တက္ကသိုလ်မှ ဘော့စ်ဘောသင်းကို ပို၍ ကောင်းလာအောင် ပြုလုပ်ဖို့ကိုသာ စဉ်းစားနေမိသည်။ ဂိုးသွင်းမှန်ရန် ညနေတိုင်း တစ်နာရီခန့် လေ့ကျင့်ရမည်ဟု သူ ဆုံးဖြတ်မိသည်။ ဝေါလ်တာဂျွန်ဆင်သည် အပေါက်တစ်ခု အတွင်းသို့ ဂိုးသွင်းကျင့်ရင်းဖြင့် လူတော်ဖြစ်လာသည်ဟု ပြောကြသည်။

"ဟုဂျစ်ပ်ဆန်က ရုပ်ရှင်ကားသစ် ပြနေတယ်"

"ငါ ဘော်စတွန်တုန်းက ကြည့်ပြီးပြီ။ ဂျူး ဘယ်တော့ ဒီကို လာမလဲ"

ဟု လက်ဒီက မေးသည်။

"ငါ့ညီမ ဝမ်းကွဲလား"

"ဒီနာမည်မျိုးနဲ့ တခြားလူများ မင်းမှာ ရှိသေးလို့လား"

"ဒီ စနေဆိုရင် ရောက်လိမ့်မယ်ထင်တယ်"

"သူ ရောက်လာရင် သူ့ကို ခေါ်ပြီး တို့ရုပ်ရှင်သွားကြည့်ကြရအောင်"

"သိပ်ကောင်းတဲ့အကြံပေါ့။ ဒါပေမယ့် မင်းအတွက်တော့ ဟုတ်ပါရဲ့။ မင်းဘေးမှာ ငါ့နှမက ထိုင်ဖို့ အဖော်ရပြီ။ ငါက ဘယ်သူ့ကို အဖော်ခေါ်သွားရမလဲ"

"မပြောတတ်ဘူးလေကွာ"

တော်မီသည် သူနှင့်အတူတူ လမ်းလျှောက်လာ၏။ ခဏကြာသောအခါ လက်ဖျောက်တီးလိုက်ရင်း. . .

"ငါ သိပြီ"

ဟု ပြောသည်။

"ဘယ်သူတုံး"

"မင်းညီမ ရီနာ"

"ရီနာလား ကလေးလေး ရှိသေးတာပဲကွ"

ဟု လက်ဒီက ပြန်ပြော၏။

တော်မီက ရယ်သည်။

"ဘယ်က ကလေးရမှာလဲကွ၊ လူကောင်ကြီး ဘယ်လောက် ထွားနေပြီလဲ၊ မင်း မမြင်ဘူးလား။ ဟိုနှစ်ပတ်လောက်တုန်းက ဖောင်ပေါ်မှာတောင် တွေ့ခဲ့ကြသေးတယ်လေ"

"ဒါပေမယ့် ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်ကွ"

"ငါ့ညီမဂျူးကလည်း ဆယ့်လေးနှစ်ပဲ ရှိပါသေးတယ်ကွာ၊ မနှစ်က မင်းနဲ့တွေ့တုန်းကမှ ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်"

လက်ဒီက တော်မီကို ကြည့်နေမိသည်။ သူ ပြောသည်မှာ မှန်ပါသည်။ ရီနာသည် လူကောင်ကြီး ထွားလာပြီဖြစ်၏။

"ကောင်းပြီလေ၊ မင်း ပြောကြည့်ပေါ့။ သိပ်တော့ မကောင်းဘူး။ ငါ့အမေကလည်း လိုက်ခွင့်ပေးမှာ မဟုတ်ဘူး ထင်တယ်"

"မင်းကပါ ကူပြောရင်တော့ ခွင့်ပြုမှာပေါ့ကွ"

တော်မိက သေချာပေါက် ပြောနေသည်။

"ငါ ရေသွားချိုးပြီး အဝတ်လဲလိုက်ဦးမယ်ကွာ၊ မင်းနဲ့ ကမ်းခြေမှာ ပြန်တွေ့မယ်"

"အိုကေ၊ တွေ့မယ်"

ဟု တော်မိက ပြန်ပြောသည်။

ဘော့စ်ဘောကစားပွဲမှ ပြန်ရောက်လာပြီးနောက် အိမ်ထဲဝင်လိုက်သောအခါ အေးချမ်းသွားသည်။ တစ်အိမ်လုံးသည် တိတ်ဆိတ်နေ၏။ လက်ဒီသည် မီးဖိုဆီသို့ လျှောက်သွားသည်။

"မော်လီ"

ပြန်ထူးသံ မကြားရ။ ထိုအခါကျမှပင် ယနေ့ ကြာသပတေးနေ့ဖြစ်ကြောင်း သတိရသည်။ မော်လီ၏ နားရက် ဖြစ်သည်။ အပေါ်ထပ်မှ အသံကြားသဖြင့် လှေကားအတိုင်း တက်ခဲ့သည်။

"မေမေလား"

သို့သော် မေမေ့အသံ မကြားရဘဲ ရီနာ့အသံသာ ပြန်ပေါ်လာသည်။

"မေမေတို့ အကုန်လုံး မြို့ကိုသွားကြတယ်။ ဧည့်သည်တွေနဲ့ ညစာစားမလို့တဲ့"

"အိုး"

ဟု ပြန်အော်ခဲ့ရင်း မီးဖိုဆီသို့ ပြန်လာခဲ့သည်။ ရေခဲဘူးကိုဖွင့်ပြီး နို့တစ်ပုလင်းနှင့် ကိတ်မုန့်များယူကာ စားပွဲပေါ်မှာ တင်သည်။ နို့ပုလင်းကိုဖွင့်ပြီး ပုလင်းလိုက် မော့နေသည်။ လက်တစ်ဖက်ဖြင့် ကိတ်မုန့်များကို ဖဲ့စားသည်။ စားပြီးတော့မှပင် အချိုမစားရန် သူ ဆုံးဖြတ်ထားသည်ကို သတိပြန်ရသည်။

ထိုင်းမှိုင်းစွာဖြင့် သူ ထိုင်နေမိ၏။ ထိုအခိုက် ရေချိုးခန်းတံခါး ပိတ်သံကြားရပြီး ရီနာ၏ အခန်းဘက်သို့ လျှောက်သွားသည့် ခြေသံကိုပါ ကြားရသည်။ သည်လို မွန်းလွဲပိုင်းတွင် အိမ်မှာ ရီနာ ဘာလုပ်နေသနည်းဟု သူ စဉ်းစားနေမိသည်။ အခါတိုင်းဆိုလျှင် သူ့သူငယ်ချင်း မိန်းကလေးများနှင့် ကမ်းခြေသို့ ဆင်းသွားမြဲ ဖြစ်၏။

တော်မိ ပြောသည်မှာ မှန်နိုင်ပါသည်။ ရီနာ အရွယ်ရောက်နေပြီဟု တော်မိက ပြောခဲ့သည်။ ဖောင်ပေါ်မှာ သူတို့ ထိုင်ခဲ့ကြသည်ကို သူ ပြန်သတိရနေမိသည်။ ရီနာသည် တော်မိ၏ ညီမဝမ်းကွဲထက်ပင် ဖွံ့ထွားနေသေးသည်။

သူ့စိတ်ကို သူ ပြန်ထိန်းလိုက်သည်။ ရီနာအကြောင်းကို သူ မစဉ်းစားတော့ရန် ဆုံးဖြတ်လိုက်သည်။ စားပြီးသွားသော ပုလင်းနှင့် လင်ဗန်းကို ရေဆေးကြွေဇလုံထဲသို့ ထည့်ခဲ့ပြီး အပေါ်ထပ်သို့ သူ တက်လာသည်။ ရေချိုးပြီးလျှင် ကမ်းခြေသို့ ပြန်သွားဦးမည်။

ရီနာ၏အခန်းသည် လှေကားထိပ်မျက်နှာချင်းဆိုင်မှာ ဖြစ်သည်။ တံခါးတစ်ခြမ်း ဟင့်နေသည်ကို တွေ့ရသည်။ ထိုရှေ့မှ ဖြတ်လျှောက်လာသောအခါ အခန်းထဲမှ မီးရောင်က အပြင်သို့ထွက်နေသည်။ သူ လှမ်းကြည့်မိသောအခါ ရီနာသည် အခန်းကို ဖြတ်လျှောက်လာပြီး မှန်ရှေ့မှာ ရပ်နေသည်။

ထို့နောက် သူ့ကိုယ်ပေါ်မှ ဘရာစီယာနှင့် အတွင်းခံတို့ကို ချွတ်ချလိုက်သည်။ ထို အဝတ်များကို ကိုင်ပြီး အခန်းတစ်ဖက်သို့ လျှောက်သွားပြန်၏။ ပြီးတော့ ရေကူးဝတ်စုံကို ကိုင်ကာ မှန်ဆီသို့ ပြန်လျှောက်လာပြန်သည်။ မှန်ထဲမှာပေါ်နေသည့် သူ့ကိုယ်လုံးကို အတန်ကြာအောင် ဘယ်လှည့်ညာလှည့်ကာ ကြည့်နေပြန်သည်။ ပြီးတော့မှ ရေကူးဝတ်စုံများကို ဝတ်သည်။

လက်ဒီ၏ရင်ထဲမှာ အသက်ရှူကျပ်လာသည်။ သူသည် ခြေသံ မကြားအောင် သူ့အခန်းဆီသို့ လျှောက်ခဲ့သည်။ သူ့အခန်းသို့ရောက်သောအခါ နဖူးပေါ်မှ ချွေးများကို သုတ်လိုက်သည်။ သူ့စိတ်ကို သူ ပြန်ထိန်းသည်။ ဤကိစ္စကို နောက်ထပ် မစဉ်းစားတော့ရန်လည်း ဆုံးဖြတ်သည်။

လောလောဆယ် စိတ်ကို ထိန်းနိုင်ရန်အတွက် တစ်ခုခုဖြင့် အစားထိုးရမည်ဟု သူ နားလည်သည်။ ထို့ကြောင့် စားပွဲမှ အံဆွဲကို ဆွဲဖွင့်သည်။ ပြင်သစ်ပြည်မှလာသော ဓာတ်ပုံ

ပြာများကို ထုတ်ကြည့်သည်။ ခဏကြာတော့ မှန်တင်ခုံမှာတင်ခဲ့ပြီး ရေချိုးခန်းသို့ သူ ဝင်ခဲ့သည်။

ရေကို ဝအောင်ချိုးလိုက်၏။ ရေချိုးပြီး သူ့ကိုယ်ပေါ်မှ ရေများခြောက်အောင် သုတ်နေစဉ်မှာပင် ခြေသံကြားရသည်။ ရီနာ၏ခြေသံ ဖြစ်သည်။ ချက်ချင်းပင် မှန်တင်ခုံပေါ်မှာတင်ခဲ့သည့် ဓာတ်ပုံများကို သူ ပြေးသတိရလိုက်သည်။ မျက်နှာသုတ်ပဝါကို ကမန်းကတမ်းကောက်ပတ်ပြီး အပြင်သို့ ပြေးထွက်လာခဲ့သည်။

သူ နောက်ကျသွားပါပြီ။ အခန်းထဲသို့ သူ ရောက်လာသောအခါ ရီနာသည် မှန်တင်ခုံနားမှာရပ်ကာ သူ ထားခဲ့သည့် ဓာတ်ပုံများကို ကြည့်နေပြီ ဖြစ်၏။

"လက်ဒီ၊ ဒီဓာတ်ပုံတွေ ဘယ်ကရသလဲ"

ဟု ဆီးမေးသည်။ သူ့အသံသည် လှုပ်ရှားနေ၏။

"ငါ့ ပြန်ပေးစမ်း"

သူက တောင်းရင်း ရီနာ့ဆီသို့ လျှောက်သွား၏။

"မပေးဘူး၊ ကြည့်လို့ မပြီးသေးဘူး"

ရီနာက တစ်ဖက်သို့လှည့်လိုက်၏။ လက်ဒီက သူ့ကို လှမ်းဆွဲသောအခါ လှစ်ခနဲ ရှောင်ထွက်သွားသည်။ ခုတင်၏ အခြားတစ်ဖက်မှာ သွားရပ်နေသည်။

"ပြီးအောင် ကြည့်ဦးမယ်၊ ကြည့်ပြီးရင် ပြန်ပေးမယ်"

"မကြည့်ရဘူး"

သူက အော်ရင်း သူ့ကိုယ်ကို ခုတင်ပေါ်သို့ ဝမ်းလျားထိုးချလိုက်ပြီး ရီနာကို လှမ်းဆွဲသည်။

ရီနာက သူ့လက်မှလွတ်အောင် အရုန်းတွင် သူ့လက်သည် ရီနာ၏ ရေကူးဝတ်စုံ ပခုံးသိုင်းကြိုးကို ဆွဲမိလျက်သား ဖြစ်နေ၏။ သူ့လက်ထဲက ဓာတ်ပုံများ လွတ်ကျသွားသည်။ ပြီးတော့ ခုတင်ပေါ် သူ့ဘေးမှာ လဲကျလာသည်။ ရီနာက ဓာတ်ပုံများကို ပြန်ကောက်ရန် ရုန်းသည်။ သူကလည်း ပခုံးသိုင်းကြိုးကို မလွှတ်တမ်းကိုင်ကာ ချုပ်ထားသည်။ ရီနာက ဆောင့်အရုန်းတွင် သူ့လက်ထဲသို့ ကြိုးပြတ်ပြီး ပါလာတော့သည်။ ရီနာ့ကိုယ်ပေါ်မှ ရေကူးဝတ်စုံသည် အောက်သို့ လျှောကျသွား၏။

"နင် ငါ့အင်္ကျီကြိုးကို ဖြတ်ပစ်လိုက်ပြီ"

ရီနာက သူ့ကိုကြည့်ပြီး ပြောသည်။ သူ ဘာမှ ပြန်မပြော။

"စောစောကလည်း အခန်းထဲမှာ ငါ အဝတ်ချွတ်ပြီးလဲနေတာကို နင် အခန်းဝကနေ ကြည့်နေတယ်။ မှန်ထဲက ငါ မြင်တယ်"

လက်ဒီက ဘာမှ ပြန်မပြော။ သူ့ရင်ထဲမှာ မုန်တိုင်းကျနေပြီ။

"လူဆိုး"

ရီနာက တစ်ချက်ရယ်ရင်း လက်ဒီ၏ရင်ခွင်တွင်းသို့ လှဲချလိုက်လေတော့သည်။

(၆)

ရုပ်ရှင်ပြနေသည့် တစ်ချိန်လုံး တော်မီသည် ရီနာကို တတွတ်တွတ် စကားပြောနေ၏။ ဟိုဟာ ကျွေးလိုက်၊ သည်ဟာ ကျွေးလိုက်ဖြင့်လည်း အလုပ်ရှုပ်နေသည်။ လက်ဒီကမူ စိတ်မချမ်းသာစွာဖြင့် ရုပ်ရှင်ပြီးအောင် သည်းခံကြည့်နေလိုက်သည်။

ရုပ်ရှင်ပြီး၍ အိမ်ပြန်ကြသောအခါ တော်မီတို့အိမ်ရှေ့မှာ ရပ်ကြသည်။

"တစ်ခုခု ဝင်စားပါဦးလား"

ဟု တော်မီ၏ ညီမဝမ်းကွဲ ဂျူးက ပြောသည်။

"တော်ပြီကွာ။ ရှစ်နာရီထိုးနေပြီ။ မမှောင်ခင် ပြန်ခဲ့မယ်လို့ မေမေ့ကို ပြောခဲ့တယ်"

လက်ဒီက ခေါင်းယမ်းရင်း ပြန်ပြောသည်။ ရီနာကမူ ဘာမှ ပြန်မပြော။

"ရီနာ့ကို ပြန်ပို့ပြီးရင် ပြန်လာခဲ့ဦးမလား"

ဟု ဂျူးက မေးပြန်၏။

"မလာနိုင်တော့ဘူးထင်တယ်။ ငါ ပင်ပန်းနေပြီ၊ စောစောအိပ်တော့မယ်"

လက်ဒီကလည်း ငွတ်ငြင်းသည်။

ဂျုံး၏ မျက်နှာပေါ်မှာ အလိုမကျသည့် အမူအရာများ ပေါ်လာသည်။ ဘာစကားမှ မပြောတော့ဘဲ အိမ်ဘက်သို့ လှည့်ထွက်သွားတော့သည်။ တော်မီကသာ သူတို့ကို နှုတ်ဆက်သည်။

လက်ဒီနှင့် ရီနာသည် တိတ်ဆိတ်စွာပင် အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့ကြ၏။ သူတို့အိမ်ပြန်ရောက်သောအခါ မှောင်နေပေပြီ။ အိမ်တံခါးကို လက်ဒီက ဖွင့်ပေးသည်။ ရီနာ ဝင်သွားသောအခါ သူက ဝင်မလိုက်။ ရီနာက သူ့ကို ပြန်ကြည့်၏။

"အထဲ မဝင်ဘူးလား"

"မဝင်သေးဘူး၊ ငါ အပြင်မှာ ခဏထိုင်ချင်သေးတယ်"

ဟု လက်ဒီက ပြန်ပြောသည်။

"ဒီလိုဆို ငါလည်း အပြင်မှာနေဦးမယ်"

ရီနာက တံခါးပြန်ပိတ်ခဲ့ပြီး အပြင်သို့ ထွက်လိုက်လာသည်။ တံခါးပိတ်သံသည် အိမ်ထဲသို့ရောက်သွား၏။

"သားနဲ့သမီးလား"

ဟု ဂျရယ်ဒိုင်းမာလိုးက လှမ်းမေးသည်။

"ဟုတ်ပါတယ် မေမေ၊ သမီးတို့ အပြင်မှာ ခဏထိုင်ရမလား။ ဒီည သိပ်အိုက်တာပဲ မေမေ"

ရီနာက ပြန်ဖြေသည်။

"နေနေ၊ ဒါပေမယ့် နာရီဝက်ပဲနော်၊ ရှစ်နာရီခွဲရင် သမီး အိပ်ရမယ်"

"ဟုတ်ကဲ့ပါ မေမေ"

လက်ဒီသည် အပြင်က ခုံဆီသို့ လျှောက်လာပြီး ထိုင်သည်။ ရီနာကလည်း သူ့ဘေးမှာ ဝင်ထိုင်သည်။

"ဂျုံးက ဘာဖြစ်လို့ နင့်ကို ပြန်လာဖို့ ခေါ်နေတာလဲ"

"မသိဘူး"

လက်ဒီက ရီနာကို လှည့်မကြည့်။

"နင့်ကို သူ ကြိုက်နေသလား"

"လုံးဝ မဟုတ်ဘူး"

"ငါ အဲဒီကောင်မကို ကြည့်လို့မရဘူး၊ အဲဒီကောင်မက ဟိုဒင်း ကြောင်. . . ကြောင်"

"ကြောင်သူတော် ကြွက်သူခိုး"

ရီနာ ဆက်မပြောတတ်တော့သည့်အတွက် သူက ဖြည့်စွက်ပေးလိုက်သည်။

"ဘာဖြစ်လို့ မင်းဒီလို ပြောနိုင်သလဲ"

"ရုပ်ရှင်ပြနေတုန်း တော်မီက ငါ့လက်ကိုချည်း လိုက်ကိုင်နေတယ်။ ငါက အကိုင်မခံတော့ ဂျုံးကို ကိုင်တယ်။ ဟိုကောင်မက ငြိမ်လို့၊ ဒါပေမယ့် သူ ဘာမှ မဖြစ်သလိုဘဲ။ ရုပ်ရှင်ကိုပဲ ကြည့်နေတယ်။ တစ်ချိန်လုံး ငြိမ်နေတာ မတွေ့ဘူးလား။ နင့်ဆီက သကြားလုံး တောင်းတဲ့ တစ်ခါပဲ စကားပြောတယ်"

လက်ဒီသည် ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။

"ငါကတော့ သူ့လို ကြောင်သူတော်ကြွက်သူခိုး မဟုတ်ပါဘူးနော်"

ရီနာက လက်ဒီကို လှမ်းဖက်၏။ လက်ဒီက အိမ်တွင်းသို့ လှမ်းကြည့်သည်။

"ဖေဖေ သတင်းစာဖတ်နေတယ်။ မေမေ ဆွယ်တာထိုးနေတယ်။ ငါ မြင်ပြီးပြီ။ သူတို့ ထွက်မလာပါဘူး"

လက်ဒီ ဘာမှ ပြန်မပြောတော့။ ရီနာက လက်ဒီ၏အိတ်ထဲမှ လက်ကိုင်ပဝါကို ဆွဲထုတ်ယူလိုက်သည်။

နာရီကို ဂျရယ်ဒိုင်း မော့ကြည့်သောအခါ ရှစ်နာရီခွဲပေပြီ။ ထိုအချိန်မှာပင် ရီနာ ဝင်လာသည့်အသံကို ကြားရသည်။ သမီး၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်နေသည်ကို တွေ့ရသည်။ အလွန် ပျော်ရွှင်နေသည့် မျက်နှာအမူအရာကိုလည်း မြင်ရသည်။

မေမေ့ကို သူက ပြုံးပြသည်။ မေမေက ပြန်ပြုံးပြသည်။

"ရုပ်ရှင်ကြည့်ရတာ ပျော်တယ် မဟုတ်လား သမီး"

"သိပ်ပျော်တာပဲ မေမေ၊ ရုပ်ရှင်ကြည့်ရတာ စိတ်ချမ်းသာတယ်၊ ဒီမှာနေရင် ညနေတိုင်းကျတော့ ကမ်းခြေမှာ ကလေးတွေ မီးတောက်အောင်ဆော့ပြီး ပြေးလွှားနေတာ မြင်ရတာ မျက်စိနောက်တယ်"

ဂျရယ်ဒိုင်းက ရယ်သည်။

"မနေ့တုန်းက အဲဒီကလေးတွေထဲမှာ သမီးလည်း ပါတာပဲ မဟုတ်ဘူးလား"

"ဒါပေမယ့် သမီး နောက်မပါတော့ဘူးမေမေ။ သမီး ကလေး မဟုတ်တော့ဘူးနော် မေမေ"

"ကလေး မဟုတ်တော့ပါဘူး သမီးရယ်။ သမီးကြီးလာပြီ"

"ဟုတ်တယ်နော် မေမေ၊ သမီး လူကြီးဖြစ်ပြီနော်"

"ကဲ သွားအိပ်တော့ အပျိုမကြီး၊ သမီး နားလိုက်ဖို့ကောင်းပြီ"

ဟု မေမေက နှစ်ခြိုက်စွာရယ်ရင်း ပြောသည်။ ရီနာသည် မေမေ့ပါးကို ငုံ့နမ်းလိုက်သည်။

"ဂွတ်ဒ်နိုက် မေမေ"

ပြီးတော့ အခန်းတစ်ဖက်ရှိ ဖေဖေ့ထံသို့ လျှောက်သွားကာ ဖေဖေ့ပါးကို နမ်းသည်။

"ဂွတ်ဒ်နိုက် ဖေဖေ"

အခန်းထဲမှ ရီနာ ပြေးထွက်သွားသည်။ လှေကားပေါ်သို့ ပြေးတက်သွားသည့် ခြေသံကိုပါ ကြားရသည်။ ဟာရစ်ဆန်မာလိုးသည် လက်ထဲမှ သတင်းစာကို နှိမ့်ချလိုက်ပြီး သူ့ဇနီးကို လှမ်းပြောသည်။

"သမီး သိပ်ပျော်နေပုံရတယ်"

"ဒါပေါ့၊ ယောက်ျားကလေးနဲ့ ပထမဦးဆုံးအကြိမ် တွဲပြီး သွားခွင့်ရတဲ့ မိန်းကလေးတိုင်းဟာ ပျော်တာပဲ"

ဟာရစ်ဆန်မာလိုးက သတင်းစာကို ပစ်ချလိုက်သည်။

"အပြင်ခဏ ထွက်ထိုင်ကြရင် မကောင်းဘူးလား"

သူတို့လင်မယားနှစ်ယောက် အပြင်သို့ ထွက်လာကြသည်။

"လက်ဒီ"

"ကျွန်တော် ဒီမှာပါ မေမေ"

အသံကြားရာသို့ လှည့်ကြည့်သောအခါ ထိုင်ရာမှ ထရပ်လိုက်သည့် လက်ဒီကို သူတို့ တွေ့ရသည်။

"ပျော်ခဲ့ရဲ့လား"

"ပျော်ပါတယ်"

သူက တိုတိုတုတ်တုတ်ပင် ပြန်ဖြေသည်။

"ရီနာနဲ့ သွားရတာ အဆင်ပြေတယ် မဟုတ်လား၊ ဘာအခက်အခဲ ပေါ်သေးသလဲ"

"မပေါ်ပါဘူး"

"ညီမလေးကို ခေါ်သွားရတာ ငါ့သား ပျော်ပုံ မရပါဘူး"

"ဘာမှ မဖြစ်ပါဘူး မေမေ"

သံပြတ်ဖြင့် သူက ခပ်မာမာ ပြန်ပြောသည်။

"ငါ့သား တစ်ခါတလေကျတော့လည်း ဖေဖေတို့အနေနဲ့ ဒီလို လုပ်ပေးသင့်တယ်။ မလုပ်ချင်ပေမယ့်လည်း လုပ်ပေးရတာပဲ။ ညီမလေးတစ်ယောက်ကို စောင့်ရှောက်ဖို့ တာဝန်ရှိတယ်။ ဒီတာဝန်ကို အစ်ကိုတွေက ယူရတယ်"

"ဘာမှ မဖြစ်ပါဘူးလို့ ကျွန်တော် ပြောပြီးပြီ မဟုတ်လား ဖေဖေ"

လက်ဒီက သူ့အဖေကို ပြန်အော်ပစ်လိုက်သည်။

"ဟဲ့. . . ဟဲ့ လက်ဒီ"

သူ့အမေက ထိတ်လန့်တကြား အော်လိုက်မိ၏။ လက်ဒီ၏ခေါင်းသည် စိုက်ကျသွားသည်။ ပြီးတော့မှ အသံတိမ်တိမ်ဖြင့် ထွက်လာသည်။

"ကျွန်တော် မှားသွားပါတယ် ဖေဖေ၊ တောင်းပန်ပါတယ်"

မေမေသည် သူ့ဆီသို့ လျှောက်သွားပြီး သူ့မျက်နှာကို သေသေချာချာ ကြည့်သည်။

"သား နေကောင်းရဲ့လား။ မင်းမျက်နှာကို ကြည့်ရတာ မရွှင်ဘူး။ မျက်နှာလည်း ချွေးတွေနဲ့ပါလား။ မေမေ သုတ်ပေးမယ်နော်"

ပြောပြောဆိုဆိုဖြင့် လက်ဒီ၏ အိတ်ထဲမှ လက်ကိုင်ပဝါကို နှိုက်ကြည့်သည်။

"လက်ကိုင်ပဝါလည်း မရှိပါလား။ ဘယ်ရောက်သွားသလဲ လက်ဒီ။ မင်း အိမ်က ထွက်သွားတုန်းက အိတ်ထဲမှာ ထည့်သွားတာ မေမေ မြင်လိုက်ပါတယ်"

စောစောကအကြောင်းကို လက်ဒီ ပြန်သတိရ၏။ သူ့အိတ်ထဲမှ လက်ကိုင်ပဝါကို စောစောက ရီနာ နှိုက်ယူခဲ့သည်။

"ပျောက်သွားပြီထင်တယ် မေမေ"

မေမေက သူ့နဖူးကို စမ်းကြည့်ပြန်သည်။

"သားမဖျားဘူးဆိုတာ သေချာပါတယ်နော်"

"ကဲ. . . သား၊ သွားအိပ်လိုက်တော့၊ နားလိုက်"

ဟု ဖေဖေက ဝင်ပြော၏။

"ဟုတ်ကဲ့ဖေဖေ၊ ဂွတ်ဒ်နိုက်"

လက်ဒီသည် မေမေ၏ပါးကို နမ်းကာ အိမ်ထဲသို့ လှစ်ခနဲ ဝင်ပြေးသွားသည်။

"ကလေး ဘာများ ဖြစ်လာပါလိမ့်"

"ဘာဖြစ်တယ်ဆိုတာ ကိုယ်သိပါတယ်ကွာ"

"ရှင်သိတယ်"

"ကလေးက ပျက်စီးနေတာ မဟုတ်လား။ သူ့တစ်သက်လုံးမှာ သူ လိုချင်တာမှန်သမျှ အကုန်ရခဲ့တယ်။ သူ့ကို တို့က သိပ်အလိုလိုက်ထားခဲ့တာ။ ဒါကြောင့် ဒီလို ဖြစ်တာပေါ့။ သူက ရန်းဒေါလ်တို့ ခြံထဲမှာ ထိုင်ချင်သေးတယ်။ တော်မီရဲ့ညီမနဲ့ အတူတူထိုင်ပြီး တစ်ခုခု စားချင်သေးတယ်။ စကားပြောချင်သေးတယ်။ ဒါပေမယ့် မင်းသမီးကပါနေတော့ သူ နေချင်သလို နေလို့မရဘူး၊ ဒါပဲ"

"ဟာရီ၊ အတွေးမခေါင်လွန်းဘူးလား"

"မင်း မသိပါဘူးကွာ၊ ငါ ပြောတာကိုယုံ၊ ယောကျ်ားကလေးတွေအကြောင်း ငါ့လောက် မင်း မသိပါဘူး။ သူ့မှာ စည်းကမ်းကလေး လိုနေတယ်။ မင်း ရီနာကိုလည်း ဒီလိုပဲ ဖျက်ဆီးတာပဲ။ ကလေးလိုချင်တာ မှန်သမျှ အကုန်ပေးတယ်၊ အရမ်း အလိုလိုက်တယ်၊ သမီးလည်း မကြာခင် အကျင့်ပျက်သွားမှာပဲ၊ မင်း ကြည့်နေ"

မာလိုးက စကားဖြတ်ပြီး သူ့ဆေးတံကို ကောက်ကိုင်သည်။

"ရှင် ဘာကို မကျေနပ်နေတယ်ဆိုတာ ကျွန်မ သိပါတယ်။ ကလေးတွေ လူလားမြောက်လာတာကို ရှင် မကြိုက်ဘူး မဟုတ်လား။ သူတို့ကို ကလေးကလေးတွေ အဖြစ်နဲ့ပဲ ရှင် အမြဲတမ်း ကြည့်နေချင်တာ မဟုတ်လား"

"မဟုတ်ပါဘူးကွာ၊ ဒါပေမယ့် သူတို့ကို မင်း ဖျက်ဆီးထားတယ်ဆိုတာတော့ မင်း ခံရမယ်"

"နည်းနည်းပါးပါးတော့ ဟုတ်ပါလိမ့်မယ်"

ဟု ဂျရယ်ဒိုင်းက ဝန်ခံသည်။ ထို့ကြောင့် ဟာရစ်ဆန်မာလိုးက ပြုံးလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် နောက်လဆိုရင် သူတို့ ကျောင်းကို ပြန်ကြရတော့မယ်။ အဲဒါကောင်းတယ်၊ ဘာရင်တန် တက္ကသိုလ်ဟာ လက်ဒီအတွက် နေရာကောင်းပဲ"

"ဟုတ်ပါတယ်၊ ဂိုန်းဗင်းဆင့်ကျောင်းက ရီနာကို လက်ခံလိုက်တဲ့အတွက်လည်း ကျွန်မ ဝမ်းသာပါတယ်။ သမီးကို လူကြီးပီသလာအောင် သူတို့ ပြုစုပျိုးထောင်ပေးနိုင်ကြပါလိမ့်မယ်"

နွေရာသီကျောင်းပိတ်ရက်သို့ ရောက်တိုင်း လက်ဒီ ရင်နာရသည်။ စိတ်ဆင်းရဲရ

သည်။ ရှုးမတတ် ဝေဒနာကို ခံစားရသည်။ နွေရာသီကျောင်းပိတ်ရက်ရောက်လျှင် အိမ်မှာ သူတို့နှစ်ယောက် ပြန်ဆုံကြစမြဲ ဖြစ်သည်။

အခြား ယောကျ်ားကလေးများနှင့် ရီနာ တွဲသည်ကို မြင်လျှင် သူ မကြိုက်။ သဝန်တို စိတ်များ သူ့ရင်ထဲမှာ ကြီးစိုးလာသည်။

သည်ကိစ္စကြီးသည် မထွေးနိုင် မမျိုနိုင်သောကိစ္စကြီး ဖြစ်ကြောင်းကိုလည်း သူ သိသည်။ တစ်နေ့မဟုတ်တစ်နေ့ သည်ကိစ္စကြီးကို ဖေဖေနှင့် မေမေတို့ သိကြတော့မည်။ ထိုအကြောင်းများကို စဉ်းစားမိတိုင်း လက်ဒီသည် မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင် ဖြစ်ရစမြဲပင်။

သို့သော်လည်း သူ့ကို ရီနာက ကြည့်သောအခါ၊ ပြုံးပြသောအခါ၊ ထိတွေ့သောအခါ ကြောက်စိတ်များ၊ စိုးရိမ်စိတ်များသည် အားလုံး ပျောက်ကွယ်သွားပြန်၏။ အရာရာကို ကျေနပ် နှစ်သိမ့်နေပြန်၏။ လောကအားလုံး သာယာနေပြန်၏။ ပြီးသည်နှင့်တစ်ပြိုင်တည်း စိုးရိမ်စိတ်နှင့် ကြောက်ရွံ့စိတ်များသည် သူ့ကို ပြန်လည် ကြီးစိုးလာပြီး ခြောက်လှန့်ပြန်တော့သည်။

ထို့ကြောင့်လည်း နွေရာသီကိုရောက်မှာ စိုးနေသည်။ နွေရာသီ ရောက်ပြန်တော့ လည်း နွေရာသီကို မြန်မြန် ကုန်ဆုံးစေချင်သည်။ ကျောင်းများ မြန်မြန် ပြန်ဖွင့်စေချင်သည်။ ကျောင်းများ ပြန်ဖွင့်မှ သည်ဒုက္ခက ကင်းငြိမ်းမည်။ ကျောင်းပြန်ရောက်သောအခါ သူ့စိတ်ကို သူ တင်းသည်။ နောက်တစ်ကြိမ် နွေရာသီကျောင်းပိတ်ရက်ပြန်သွားလျှင် မိမိစိတ်ကို ပြောင်း တော့မည်ဟု ဆုံးဖြတ်သည်။ ရီနာလည်း စိတ်ပြောင်းသွားလိမ့်မည်ဟု သူ မျှော်လင့်သည်။

သည်အဖြစ်မျိုးကို ရပ်တန်းက ရပ်သင့်ပြီ။ သည်အကြောင်းကိုလည်း ရီနာကို ပြောပြရမည်။ ရပ်ကို ရပ်ကြရမည်။ သည်အဖြစ်သည် မှား၏။

တစ်နွေကုန်သောအခါတိုင်း သည်လို ဆုံးဖြတ်ချက်မျိုးကိုပင် ချမှတ်ကာ ကျောင်းသို့ ပြန်လာရစမြဲ ဖြစ်သည်။

(၇)

"ငါ့မှာ ကိုယ်ဝန်ရှိနေပြီ။ ငါ ကလေးရတော့မယ်"

ဟု ရီနာက ပြောသည်။

သည်စကားကို ကြားရသောအခါ လက်ဒီ၏ တစ်ကိုယ်လုံး သွက်သွက်ခါအောင် တုန်သွားသည်။ ရင်ထဲမှာ မီးတောင်ပေါက်ကွဲသွားသည်။ တစ်နေ့သောအခါတွင် သည်အတိုင်း ဖြစ်လာလိမ့်မည်ဟု သူ တွေးထင်ထားခဲ့သည်။ လွန်ခဲ့သည့်နှစ် နွေကျောင်းပိတ်ရက်များ ကတည်းက သည်စကားမျိုးကို ကြားရလိမ့်မည်ဟု သူ မှန်းဆခဲ့သည်။ သည်လိုဖြင့် နွေကျောင်း ပိတ်ရက် နှစ်ကြိမ် ကုန်ဆုံးခဲ့သည်။ မျှော်လင့်ထားသည့်အတိုင်း ယခု ကြားရပါပြီ။

"မင်း ဘယ်လိုလုပ် သိသလဲ"

"ဟိုဟာအလာ နောက်ကျနေပြီ၊ တစ်ခါမှ ဒီလို နောက်မကျဖူးဘူး"

ဟု ရီနာက အေးအေးဆေးဆေးပင် ပြန်ဖြေသည်။ လက်ဒီသည် သဲသောင်ပြင် ပေါ်သို့ ငုံ့ကြည့်နေသည်။

"ဒီလိုဆိုရင် မင်း ဘာလုပ်မလဲ"

"မပြောတတ်ဘူး၊ မနက်ဖြန်အထိ စောင့်ကြည့်လို့မှ ထူးမလာဘူးဆိုရင်တော့ မေမေ့ ကို ဖွင့်ပြောရတော့မှာပဲ"

ရီနာသည် ပင်လယ်ပြင်ဆီသို့ ငေးမျှော်ကြည့်နေသည်။ ငွေရောင်တောက်နေသည့် သူ့ဆံပင်များသည် နေရောင်အောက်မှာ ပြိုးပြက်နေသည်။

"မင်း. . . မင်း မေမေ့ကို တို့အကြောင်းတွေ ပြောပြလိုက်မှာလား"

"မပြောပါဘူး"

ရီနာက ချက်ချင်း ပြန်ဖြေ၏။ လက်ဒီ၏ပါးစပ် လှုပ်လာပြန်သည်။ သို့သော် သူ တစ်စုံတစ်ရာ မမေးမိမှာပင် ရီနာက စကား ဆက်ပြောသည်။

"တော်မီနဲ့လား၊ ဘေလ်နဲ့လား၊ ဒါမှမဟုတ် ဂျိုးနဲ့လား မသိဘူးလို့ မေမေ့ကို ပြောမယ်"

ရီနာသည် ယခုထက်တိုင်အောင် သူ့ကို လှည့်မကြည့်။ အဝေးသို့သာ ငေးနေသည်။ သည်လို ပြောပြန်တော့လည်း သူ့ရင်ထဲမှာ မနာလိုစိတ်များ ကြီးမားလာပြန်၏။

"မင်း သူတို့နဲ့ရော ဖြစ်ခဲ့သလား"

ယခုမှပင် နက်မှောင်သည့် ရီနာ၏မျက်လုံးများသည် သူ့ဆီသို့ ပြန်ရောက်လာ၏။

"မဖြစ်ပါဘူး၊ တကယ် မဖြစ်ခဲ့ပါဘူး။ မင်းတစ်ယောက်ထဲပါ၊ ယုံပါကွယ်"

"မေမေက သူတို့ကို သွားမေးရင် ဘယ်နဲ့လုပ်မလဲ။ မင်းလိမ်တာပေါ်သွားမှာပေါ့"

"မေးမှာ မဟုတ်ပါဘူး။ မေမေ့ကို စပြောကတည်းက ဘယ်သူနဲ့ဖြစ်တယ်ဆိုတာ အတိအကျ မသိဘူးလို့ ပိတ်ပြောထားမှာပေါ့"

ရီနာက အလွန် သေချာသည့် အသံမျိုးဖြင့် ပြန်ပြောသည်။

ရီနာကို လက်ဒီ ကြည့်နေမိသည်။ အစစအရာရာတွင် ရီနာသည် သူ့ထက်ပင် ရင့်ကျက်နေသည်ကို တွေ့ရသည်။

"မေမေ ဘာလုပ်မယ်လို့ မင်းထင်သလဲ"

ရီနာက ပခုံးကို တွန့်ပြလိုက်သည်။

"မပြောတတ်ဘူး၊ မေမေလည်း ဘာမှ လုပ်နိုင်မယ် မထင်ပါဘူး"

ရီနာသည် ကမ်းခြေရှိ သူငယ်ချင်းများရှိရာသို့ ထွက်သွားသည်။ လက်ဒီက လှမ်းကြည့်နေသည်။ ပြီးတော့ သူ့ကိုယ်ကို သဲထဲမှာ လူးလှိမ့်နေမိ၏။ သူ့ခေါင်းကို သူ့လက်ပေါ်မှာတင်ရင်း ကျယ်လောင်စွာ ညည်းတွားလိုက်သည်။ ယခုတော့ သည်ပြဿနာကြီး ဖြစ်လာပြီ။ သည်လို ဖြစ်လာမည်ကို သူ အမြဲတမ်း စဉ်းစားခဲ့မိသည်။ သည်လိုဖြစ်ဖို့အကြောင်း ဖန်လာသည်မှာ လွန်ခဲ့သည့် ရက်သတ္တပတ် အနည်းငယ်က ညတစ်ည၏ အဖြစ်အပျက်ကြောင့် ဖြစ်သည်။

သည်နွေကျောင်းပိတ်ရက် သူတို့ ပင်လယ်ကမ်းခြေသို့ အလာတွင် နှစ်ယောက်စလုံး ဆုံးဖြတ်ချက် ကိုယ်စီနှင့်လာကြသည်။ ရပ်တန်းက ရပ်မည်ဖြစ်ကြောင်း အပြန်အလှန် ကတိထားခဲ့ကြသည်။

သို့သော် ကတိစကားသည် ကတိစကားအဖြစ်သာ တည်နေသည်။ သည်ကတိကို ကျိုးပေါက်အောင် ဖျက်ဆီးလိုက်သည့်အရာသည် လိမ္မော်ရည်တစ်ပုလင်းက စသည်။

ထိုညနေက မိုးရွာသည်။ အိမ်ထဲမှာလည်း သူတို့နှစ်ယောက်သာ ရှိသည်။ အပြင်မှာ မိုးရွာနေသော်လည်း အိမ်ထဲမှာ အလွန် ပူအိုက်နေသည်။ လက်ဒီ၏ တစ်ကိုယ်လုံးမှာ ချွေးများ ရွှဲနေသည်။ ထို့ကြောင့် ရေခဲဘူးထဲမှာ သူထည့်ထားသည့် လိမ္မော်ရည်ပုလင်းကို သွားယူသည်။ သို့သော် ထိုပုလင်း မရှိတော့။

သူလည်း စိတ်ပေါက်ပေါက်ဖြင့် အိမ်ပေါ်သို့တက်ခဲ့သည်။ ရီနာ၏ အခန်းတံခါးသည် ပွင့်နေ၏။ သူ လှမ်းကြည့်လိုက်သောအခါ ရီနာသည် ခုတင်ပေါ်မှာ လှဲအိပ်နေသည်။ သို့သော် သူ့လက်ထဲတွင်မူ လိမ္မော်ရည်ပုလင်းကိုကိုင်ပြီး သောက်နေသည်။ လက်ဒီသည် စိတ်ဆိုးဆိုးဖြင့် ဝင်သွား၏။

"မင်း ငါ့လိမ္မော်ရည်ပုလင်းကို ဘာလုပ်နေတာလဲ"

ရီနာက ဂရုမစိုက်။ ပုံမပျက်နေရင်းမှ မထိလေးစားပြောသည်။

"သောက်နေတာလေ၊ ဘာလုပ်နေတယ်ထင်လို့လဲ"

လိမ္မော်ရည်များသည် သူ့ပါးစပ်ကထွက်ပြီး ကိုယ်ပေါ်သို့ စီးကျသွား၏။ ကိုယ်ပေါ်မှ ဘစ်ဆင့် အိပ်ရာခင်းပေါ်သို့ စီးကျသွားပြန်သည်။ လက်ဒီသည် မလှုပ်မယှက် ကြည့်နေမိ၏။

"နည်းနည်း သောက်ဦးမလား"

လက်ဒီက ခုတင်ဆီသို့ လျှောက်သွားပြီး ရီနာ့လက်ထဲမှ လိမ္မော်ရည်ပုလင်းကို ဆွဲယူသည်။ ရီနာသောက်နေသကဲ့သို့ ပုလင်းလိုက်ပင် မော့လိုက်သည်။ ရီနာသောက်ထားသောကြောင့် ပုလင်းအဝသည် ပူနွေးနေ၏။

သူ့ရင်ထဲမှာလည်း ပူနွေးလာပြီ။ ရီနာကို သူ ငုံ့ကြည့်လိုက်သည်။

"မင်း စိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ သိပါတယ်ကွယ်"

ဟု ရီနာက မထိတထိ ပြောသည်။

ပြီးတော့ ပြုံးပြီး သူ့ကို မော့ကြည့်နေသည်။ ရီနာ့ကို လက်ဒီ ဖက်လိုက်သည်။ ဆုံးဖြတ်ချက်များ ကျိုးပေါက်ကြရပြန်ပြီ။

* * *

လက်ဒီသည် သောင်ပြင်ပေါ်မှာ ကိုယ်ကိုလူးလိုက်ပြန်၏။ ယခုတော့ သွားပြီ၊ အားလုံး သွားပြီ။ မနက်ဖြန်ဆိုလျှင် မေမေ သိသွားတော့မည်။ အားလုံးက မိမိကိုသာ အပြစ်ဖို့ကြမည်။ အမှန်ကလည်း မိမိ အပြစ်ပင် ဖြစ်သည်။ သူ့ကိုယ်ပေါ်သို့ အရိပ်တစ်ခု ထိုးကျလာသည်။ မော့ကြည့်သောအခါ ရီနာဖြစ်နေသည်။ ရီနာသည် သူ့ဘေး သဲပြင်ပေါ်မှာ ထိုင်ချ၏။

"တို့ ဘာလုပ်ကြရင် ကောင်းမလဲ လက်ဒီ"

ဟု ရီနာက မေးသည်။

"ငါလည်း မသိတော့ဘူးကွာ"

ဟု ခြောက်ကပ်စွာ သူ ပြန်ဖြေသည်။

"တို့နှစ်ယောက်ဟာ ဘာမှ မတော်ကြဘူးဆိုရင်လဲ တခြားကို ထွက်ပြေးပြီး လက်ထပ်လိုက်ရုံပဲ၊ အခုတော့"

"ငါသိပါတယ်"

ရီနာ၏မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာသည်။ ပြီးတော့ တစ်ပေါက်ချင်း ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာသည်။

"မငိုပါနဲ့ကွာ"

"ငါ. . . ငါမတတ်နိုင်တော့ဘူး၊ မထိန်းနိုင်တော့ဘူး၊ သိပ်ကြောက်နေပြီ"

ရီနာက ငိုရင်းပြော၏။

"ဘယ်လိုပဲဖြစ်ဖြစ်ကွာ၊ ကိုယ် မင်းကို အလွန် ချစ်ပါတယ်"

"ဟုတ်ပါတယ်၊ ငါလည်း မင်းကို တကယ်ချစ်တာပဲ၊ တခြား မိန်းကလေးတွေနဲ့ မင်း တွဲသွားရင်တောင် ငါ ရင်နာတယ်၊ သည်းမခံနိုင်ဘူး။ ဒါကြောင့် ဒီလို ဖြစ်ကုန်ကြရတာ"

သူတို့စိတ်ကို သူတို့ဘာသာ ပြန်ထိန်းလိုက်ပြီး ကလေးငယ်များကဲ့သို့ပင် ထိုင်နေရာမှ ထသွားကြတော့သည်။

* * *

လက်ဒီသည် သူ့ရွက်လှေကလေးကို တက်မကိုင်ရင်း ဦးပိုင်းမှာ ထိုင်လိုက်လာသည့် မေမေ့ကို လှမ်းကြည့်နေမိသည်။ ကောင်းကင်မှာ မိုးရိပ်တိမ်ရိပ်များ ပေါ်လာသည်။ လေပြင်းတစ်ချက်ကြောင့် ရွက်လှေသည် တစ်ဖက်သို့ ဆွဲသွား၏။ လက်ဒီက သူ့ရွက်လှေကို ထိန်းရင်း လမ်းကြောင်းအမှန်သို့ ဦးပြန်တည်လိုက်သည်။ ကောင်းကင်တွင် မုန်တိုင်းကျတော့မည့် အရိပ်အယောင်များကို မြင်နေရသည်။ ကမ်းခြေသို့ ပြန်လှည့်ရတော့မည့်အချိန်ဖြစ်ကြောင်း သူ သိသည်။ ထို့ကြောင့် ရွက်လှေကို ကမ်းဆီသို့ ပြန်လှည့်ပြီး ရွက်တိုက်လာခဲ့သည်။

"ပြန်လှည့်တော့မှာလား"

ဟု မေမေ လှမ်းမေးသည်ကို ကြားရသည်။

"ဟုတ်ကဲ့ မေမေ"

ဤရွက်လှေပေါ်တွင် မေမေပါလာသည်မှာ ထူးတော့ ထူးဆန်းနေသည်။ သို့သော်လည်း မေမေက မိမိနှင့် ရွက်လှေအတူလိုက်စီးချင်သည်ဟု ဆိုသည်။ အမှန်တော့ သားဖြစ်သူ စိတ်ဒုက္ခရောက်နေသည်ကို မြင်ရသောကြောင့် တမင်လိုက်လာခဲ့ခြင်း ဖြစ်သည်။

"သား ဒီနေ့မနက် သိပ်ကို ငြိမ်ချက်သားကောင်းတာပဲ၊ စကားလည်း မပြောဘူး"

မေမေနှင့် မျက်လုံးချင်း မဆိုင်မိအောင် သူ မျက်နှာလွှဲနေသည်။

"လှေကို ထိန်းနေရလို့ပါ မေမေ"

"သားနဲ့သမီး ဘာများ ဖြစ်နေကြသလဲလို့ မေမေ စဉ်းစားနေတယ်။ သားတို့ နှစ်ယောက်စလုံး တစ်ခုခု ဖြစ်နေကြသလိုပဲ"

သူ ဘာမှ ပြန်မဖြေ။ ကောင်းကင်ပေါ်မှ မုန်တိုင်းကျတော့မည့် မိုးသားများကိုသာ

သူ မော့ကြည့်နေသည်။ ရီနာအကြောင်းကို သူ စဉ်းစားမိသည်။ ပြီးတော့ သူ့အကြောင်း၊ နောက်တော့ သူ့မိဘများအကြောင်း၊ သူ့ရင်ထဲမှာ ကြေကွဲဝမ်းနည်းလာသည်။ သူ့မျက်လုံးများ ပူလာသည်။ သူ အတတ်နိုင်ဆုံး ထိန်းလိုက်ပါ၏။

"အို. . . သား၊ ဘာဖြစ်လို့ ငိုနေတာလဲ"

မေမေ့အသံသည် ထိတ်လန့်တုန်လှုပ်သွားသော အသံမျိုး ဖြစ်၏။

နောက်ဆုံးတွင်တော့ သူ မထိန်းနိုင်တော့။ ရှိုက်ကြီးတငင် ငိုချလိုက်မိတော့သည်။ မေမေ့လက်က သူ့ခေါင်းကို လာကိုင်သည်။ ပြီးတော့ သူ့ခေါင်းကို မေမေက ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်သည်။ သူငယ်စဉ် ကလေးဘဝတုန်းက သူ့ကို ယုယနှစ်သိမ့်ခဲ့သည့်အတိုင်း ဖြစ်သည်။

"ဘာဖြစ်လို့လဲ သား၊ ပြောစမ်း၊ ဘာဖြစ်လို့လဲ"

"မဖြစ်ပါဘူး၊ ဘာမှ မဖြစ်ပါဘူး"

အထစ်ထစ် အငေါ့ငေါ့ဖြင့် သူ ပြန်ပြောသည်။ မျက်ရည်များကို သူ သုတ်ပစ်လိုက်သည်။ မေမေက သူ့ခေါင်းကို ညင်သာစွာ ပွတ်သပ်ပေးနေသည်။

"တစ်ခုခုတော့ ဖြစ်နေပါပြီကွယ်၊ မေမေ သိပါတယ်။ မေမေ့ကိုပြောစမ်း လက်ဒီ၊ ဘာပဲဖြစ်ဖြစ် မေမေ့ကိုပြော၊ မေမေ နားလည်ပါတယ်၊ ပြီးတော့ သားကိုလည်း မေမေ ကူညီဖြေရှင်းပေးမှာပေါ့"

မေမေက နူးညံ့သိမ်မွေ့စွာ ပြောသည်။

"မေမေ ဘာမှ လုပ်မပေးနိုင်ပါဘူး မေမေရယ်။ မေမေတင် မဟုတ်ဘူး။ ဘယ်သူမှ ဖြေရှင်းမပေးနိုင်တဲ့ ပြဿနာ"

ငိုရင်း သူက ပြန်ပြော၏။

"ပြောပါဦးလေ၊ မေမေ ဘာလုပ်ပေးနိုင်မလဲဆိုတာ သိရတာပေါ့"

လက်ဒီသည် ဘာမှ ပြန်မဖြေ။ မေမေ့ကို သူ အကဲခတ်နေသည်။ မည်သည့်ပြဿနာ ပေါ်နေသည်ကို မေမေလည်း မသိ။ မေမေ့ရင်ထဲမှာ စိုးရိမ်ထိတ်လန့်မှုများ ပေါ်လာသည်။

"ရီနာနဲ့များ ပတ်သက်နေသလားသားရယ်၊ ပြောစမ်းပါဦး"

မေမေ့စကားကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် သူ့ရင်ထဲမှာ အလုံးကြီးကျသွားသည်။ စိတ်သက်သာရာ ရသွားသည်။ သူ့မျက်နှာ အတန်ငယ် ကြည်လင်လာသည်။

"ဟုတ်တယ် မေမေ၊ ဟုတ်ပါတယ်။ သူ. . . သူ ကလေးရတော့မယ်။ ကျွန်တော့် ကလေး၊ ကျွန်တော် မှားပါတယ် မေမေရယ်၊ အခု သူ ကလေးရတော့မယ်"

လက်ဒီသည် ရှိုက်ကြီးတငင် ငိုချလိုက်၏။ သည်းသည်းထန်ထန် ငိုပစ်လိုက်၏။ ဆောက်တည်ရာမရသူလို ဟစ်ပစ်လိုက်၏။

"အို. . . မဟုတ်တာ"

"ဟုတ်ပါတယ် မေမေ"

သူ့မျက်နှာသည် တင်းမာသွား၏။ ခက်ထန်မာကျောသွား၏။

ဂျရယ်ဒိုင်း၏ မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာသည်။ ပြီးတော့ သူ့မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ငိုချလိုက်မိသည်။ သည်ကိစ္စသည် မဖြစ်နိုင်။ သူ့သားသမီးများ သည်လို မဖြစ်ရ။ သူတို့နှင့်ပတ်သက်ပြီး ကြီးမားစွာ မျှော်လင့်ချက်ထားခဲ့သည်။ သူတို့ အလိုရှိသမျှကိုလည်း ပေးခဲ့သည်။ အစစအရာရာ အလိုလိုက်ခဲ့သည်။

ခဏကြာတော့ သူ့စိတ်ကိုသူ ပြန်ထိန်းနိုင်လာသည်။ တည်ငြိမ်မှုရလာသည်။

"မေမေတို့ ပြန်လှည့်ကြရင် ကောင်းမယ်ထင်တယ်"

သူ့အသံသည်လည်း တည်ငြိမ်လာပြီ ဖြစ်၏။

"ပြန်လှည့်နေပါတယ် မေမေ"

တက်မကို ကိုင်ထားသည့် သူ့လက်များကို သူ ငုံ့ကြည့်မိသည်။ ပြီးတော့မှ သူ့နှုတ်ဖျားမှ စကားများ ထွက်လာသည်။

"ကျွန်တော့်ရင်ထဲကို ဘယ်လို စိတ်ရိုင်းတွေ ဝင်လာတယ်ဆိုတာ ကျွန်တော် မသိပါဘူး မေမေ။ ဒီစိတ်ရိုင်းတွေကြောင့် ဒုက္ခရောက်ရတာပါ"

သူသည် အသနားခံသည့် အကြည့်၊ ကြောက်ရွံ့သည့် အကြည့်မျိုးဖြင့် မေမေ့ကို ကြည့်သည်။ သူ့အသံများသည်လည်း တင်းမာနေသည်။

"ကျွန်တော် ဝမ်းနည်းပါတယ် မေမေ"

"ကိစ္စမရှိပါဘူး သားရယ်"

သူတို့နှစ်ယောက်စလုံး ခေတ္တ ငြိမ်သက်နေကြသည်။ လှိုင်းလုံးများက လှေနံရံကို ကြမ်းတမ်းစွာ ပြေးလာရိုက်ခတ်လိုက်ကြ၏။

"ရီနာကို အပြစ်မတင်ပါနဲ့မေမေ။ သူဟာ ကလေးလေးပါပဲ၊ ဒါတွေ အားလုံးဟာ ကျွန်တော့် အပြစ်တွေပါ"

လှိုင်းလုံးများ ကြမ်းလာသောကြောင့် မေမေ ကြားရစေရန် သူ့အသံကို မြှင့်ပြီး ပြောသည်။ လက်ဒီကို ဂျရယ်ဒိုင်းက မော့ကြည့်သည်။

"ရီနာဟာ အင်မတန် လှတဲ့ ကလေးပါ လက်ဒီ။ သားရဲ့ညီမလေးကို ဘယ်သူမှ မချစ်ဘဲနေနိုင်မှာ မဟုတ်ပါဘူး"

လက်ဒီသည် မေမေနှင့် မျက်လုံးချင်းဆိုင်ကြည့်လိုက်၏။

"ကျွန်တော် သူ့ကိုချစ်တယ် မေမေ၊ သူဟာ ကျွန်တော့်ညီမလည်း မဟုတ်ပါဘူး။ ဘာသွေးမှလဲ မတော်စပ်ပါဘူး"

ဂျရယ်ဒိုင်း ဘာမှ ပြန်မပြော။

"သူ့ကို ကျွန်တော့်ညီမလေးလို ချစ်လို့မရဘူးလို့ပြောရင် မှားများသွားမလား မေမေ၊ သူ့ကို ကျွန်တော် ချစ်နေတာက တစ်မျိုး"

တစ်မျိုး၊ ဂျရယ်ဒိုင်းက 'တစ်မျိုး'ဟူသော စကားလုံးကို စဉ်းစားကြည့်နေသည်။ ဤစကားသည် မှန်သောစကား ဖြစ်သည်။

"ကျွန်တော် ပြောတာ မှားသွားပြီလား မေမေ"

သားဖြစ်သူကို ကြည့်မိ၏။ ဂျရယ်ဒိုင်းသည် သူ့ကို ရှင်းမပြနိုင်။ ထို့အတွက် စိတ်မကောင်းဖြစ်ရသည်။

"မမှားပါဘူးသားရယ်၊ တစ်နည်းနည်းနဲ့တော့ ဖြေရှင်းလို့ ရရမှာပေါ့"

သူက အသက်ကို အားပါးတရ ရှူပစ်လိုက်၏။ သူ့ရင်ထဲမှာ စိတ်သက်သာရာ ရသွားသည်။ အနည်းဆုံး မေမေ နားလည်သဘောပေါက်သွားပြီ။ ပြီးတော့ မေမေက သူတို့ကို အပြစ်မပြော။

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ မေမေ"

"ပထမဆုံး လုပ်ရမှာကတော့ ဒီကိစ္စကို မေမေတို့ သဘောပေါက်နားလည်ကြောင်း ရီနာကို ဖွင့်ပြောပြဖို့ပဲ။ ဒါမှ သမီးကလေး စိတ်ချမ်းသာသွားမယ်။ ထိတ်လန့်ချောက်ချားနေတာတွေ ပျောက်သွားမယ်"

လက်ဒီသည် မေမေ့လက်များကို ဆွဲယူကာ သူ့ပါးစပ်မှာ ကပ်ထားမိသည်။

"မေမေဟာ ကျွန်တော်တို့အပေါ်မှာ အလွန့်အလွန် ကောင်းတဲ့ မေမေပါပဲ မေမေရယ်"

မေမေ၏မျက်နှာကို ချမ်းမြေ့ကြည်နူးစွာကြည့်ရင်း သူ တိုးတိုးကလေး ပြောလိုက်သည်။

တကယ်ဆိုတော့ ထိုစကားလုံးများသည် သူ ပြောနိုင်သည့် နောက်ဆုံး စကားလုံးများ ဖြစ်ချေသည်။

သူ့စကားဆုံးသည်နှင့် တစ်ပြိုင်တည်း မုန်တိုင်းကျလိုက်သည်။ လေကြမ်းသည် သူတို့ ရွက်လှေကလေးကို တွန်းလှန်ရင်း ဒေါသတကြီးဖြစ်နေသည့် လှိုင်းလုံးကြီးများ၏အောက်သို့ ပို့ဆောင်လိုက်လေတော့သည်။

* * *

အလောင်းနှစ်လောင်းကို ကမ်းခြေသို့သယ်လာပြီး သဲသောင်ပြင်မှာ ချထားလိုက်သည်။ ရီနာက လေးလံထိုင်းမှိုင်းသော အကြည့်မျိုးဖြင့် ကြည့်နေသည်။

သဲသောင်ပြင်ပေါ်မှ အလောင်းနှစ်လောင်း။

လက်ဒီနှင့် မေမေ။

အမျိုးအမည် ဖော်မပြတတ်သည့် နာကျင်မှုမျိုး သူ့ရင်ထဲမှာ ခံစားလာရသည်။ လက်ဒီနှင့် မေမေ၏ အလောင်းဘေး သဲပြင်ပေါ်သို့ ဒူးထောက်ထိုင်ချလိုက်သည်။ သူ့မျက်လုံးများကို မှိတ်လိုက်၏။ မျက်ရည်တို့သည် တစိမ့်စိမ့် ယိုစီး၍ ကျလာလေတော့သည်။

(၈)

မာဂရက်ဘရက်ဒလေသည် စားပွဲပေါ်သို့ ငုံ့ကြည့်မိ၏။ စိတ်ပျက်လက်ပျက်ဖြင့် ငုံ့ကြည့်ခြင်း ဖြစ်သည်။ သူ သင်ကြားရသည့် သိပ္ပံသင်တန်းမှ ကျောင်းသူတို့၏ လေ့ကျင့်ခန်းစာအုပ်များသည် စားပွဲပေါ်မှာ ရှိနေသည်။ စာအုပ်များကို တစ်ဖက်သို့တွန်းရင်း ထိုင်ရာမှ ထသည်။ ပြတင်းပေါက်ရှိရာသို့ ထသွားပြီး စိတ်မသက်မသာဖြင့် အပြင်သို့ ငေးကြည့်နေသည်။ သူ ငြီးငွေ့နေပြီ။ သံပတ်ပေးထားသည့် စက်ရုပ်လို နေ့စဉ်နှင့်အမျှ လုပ်ကိုင်ဆောင်ရွက်နေရသည့် တစ်ပုံစံတည်းသော အလုပ်များကို စိတ်ကုန်ခန်းမိပြီ။

အပြင်မှာ အမှောင်သန်းစ ပြုနေပြီ။ ယနေ့ထက်တိုင်အောင် စယ်လီထံမှစာ ဘာဖြစ်လို့ ရောက်မလာသနည်းဟု စဉ်းစားရင်း အံ့သြနေမိသည်။ ယခုဆိုလျှင် စယ်လီထံမှစာ မရသည်မှာ ရက်သတ္တပတ် နှစ်ပတ်ကြာသွားပြီ။ ယခင်က သည်လို မဟုတ်။ စယ်လီထံမှစာသည် တစ်ပတ်လျှင် နှစ်စောင်ရောက်စမြဲ ဖြစ်သည်။ စယ်လီသည် အခြားတစ်ယောက်ကိုများ တွေ့နေပြီလား။ မိမိတို့၏ လျှို့ဝှက်ချက်ကလေးများကို ပြောပြနိုင်သည့် တိုးတိုးဖော် နောက်တစ်ယောက်များ တွေ့နေပြီလား။

အပြင်မှ ခပ်ဆိုင်းဆိုင်း တံခါးခေါက်သံ ကြားရသည်။

"ဝင်ခဲ့ပါ"

"မစ္စဘရက်ဒလေအတွက် စာတစ်စောင် တမင်လာပို့ပါတယ် ခင်ဗျာ"

စာပို့လုလင် သောမတ်စ် ဖြစ်သည်။

"ကျေးဇူးတင်ပါတယ် သောမတ်စ်"

မာဂရက်ဘရက်ဒလေသည် စာပို့သမားထံမှ စာကို အပြေးကလေး သွားယူသည်။ ပြီးတော့ တံခါးပိတ်ခဲ့ပြီး စာကို ငုံ့ကြည့်လိုက်သည်။ သူ အလွန် ပျော်သွားသည်။ သူ့လက်ထဲမှ စာသည် စယ်လီ၏စာ ဖြစ်သည်။ စယ်လီ၏လက်ရေး ဖြစ်သည်။ သူ့စားပွဲဆီသို့ ပြန်လျှောက်သွားရင်း စာကို အလျင်စလို ဖောက်လိုက်၏။

*ချစ်ရတဲ့ ပက်ဂီ. . .*

*ကိုယ်မနေ့ကပဲ လက်ထပ်လိုက်တယ်။*

အပြင်မှ တံခါးခေါက်သံသည် အလွန် တိုးတိတ်၏။ ထို့ကြောင့် ပထမ မကြား။ တံခါးခေါက်သံ ပြန်ပေါ်လာပြန်သည်။ သည်တစ်ကြိမ်တော့ အသံက ပိုကျယ်လာသည်။ သူ ခေါင်းထောင်ကြည့်လိုက်၏။

"ဘယ်သူလဲ"

"ရီနာမာလိုးပါ မစ္စဘရက်ဒလေ၊ ခဏလောက် တွေ့ခွင့်ပြုပါ"

ဆရာမသည် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ရာမှ ထလိုက်၏။

"ခဏနေဦး"

တံခါးဘက်သို့ ပြန်အော်ရင်း ရေချိုးခန်းဆီသို့ လျှောက်လာခဲ့သည်။ မှန်ထဲမှာ သူ့ကိုယ်သူ ကြည့်သည်။ မျက်လုံးများသည် ရဲရဲနီပြီး ရောင်ကိုင်းနေ၏။ ဆရာမ၏ အသက်သည် (၂၆) နှစ်မျှသာ ရှိသေးသည်။ သို့သော်လည်း သူ့အသက်ထက် ပို၍ ဆယ်နှစ်ခန့် အိုစနာသွားသည်။ သူ့နှုတ်ခမ်းပေါ်မှ ဆိုးဆေးများနှင့် မျက်နှာပေါ်မှ မိတ်ကပ်များကို လက်ကိုင်ပဝါဖြင့် သုတ်ပစ်လိုက်သည်။ မှန်ထဲမှာ သူ့ကိုယ်သူ ပြန်ကြည့်လိုက်ပြန်သည်။ ဆယ်နှစ်၊ ဟုတ်ပါသည်။ စယ်လီနှင့် သူသည် ဆယ်နှစ်လုံးလုံး မခွဲဘဲ တပူးတွဲတွဲ နေခဲ့ကြသည်။ ယခု ဇာတ်သိမ်းပြီ။

တံခါးဘက်သို့ သူ ပြန်လျှောက်လာခဲ့သည်။

"ဝင်ခဲ့တော့"

ရီနာက ဆရာမမျက်နှာကို ကြည့်မိသည်။ ဆရာမ ငိုထားကြောင်း သိသာသည်။

"ကျွန်မ ဝမ်းနည်းပါတယ် ဆရာမ။ ဆရာမကို နှောင့်ယှက်သလို ဖြစ်နေပြီ။ ကျွန်မ နောက်မှ ပြန်လာခဲ့ပါ့မယ်"

ဆရာမက ခေါင်းယမ်းသည်။

"ကိစ္စ မရှိပါဘူး။ ဘာအကြောင်းရှိသလဲ ပြော"

သူ့စားပွဲရှိရာသို့ ပြန်လျှောက်ခဲ့ရင်း မေးသည်။ ရီနာက တံခါးပိတ်ခဲ့ပြီး သူ့ဆီသို့ လျှောက်လာသည်။

"စနေနေ့ည ကပွဲကို ကျွန်မ မတက်ရင် ဖြစ်မလားလို့"

မာဂရက်ဘရက်ဒလေက ရီနာကို ကြည့်နေ၏။ ပထမတော့ သူ့နားကိုပင် သူ မယုံချင်။ တစ်လတစ်ကြိမ် ကျင်းပမြဲဖြစ်သည့် ကပွဲကို လက်လွှတ်ရခြင်းသည် အလွန် ကောင်းသည့် အခွင့်အရေးကြီးကို လက်လွှတ်ဆုံးရှုံးရခြင်း ဖြစ်သည်ဟု ကျောင်းသူကျောင်းသားများ အားလုံးက သတ်မှတ်ထားကြသည်။ မိန်းကလေးတို့သည် ဤအခွင့်အရေးကို လက်လွှတ်မခံနိုင်ကြ။ ကျောင်းသားများ သူတို့ထံသို့ ဝင်ခွင့်ရခြင်းသည် ဤအချိန်တစ်ချိန်သာ ဖြစ်သည်။ ယောကျ်ား ကလေးများနှင့်အတူတွဲ၍ ကခွင့်ရှိသောအချိန်လည်း ဖြစ်သည်။

"ဆရာမတော့ နားမလည်ဘူး"

"ကျွန်မ မသွားချင်လို့ပါ၊ တခြား မဟုတ်ပါဘူး"

သူ မသွားချင်ရသည့်အကြောင်းမှာ ယောကျ်ားလေးများက သူ့ကို မကြည်ဖြူသော ကြောင့်ဟု မဖြစ်တန်ရာ။ ဤအကြောင်း မဖြစ်နိုင်ကြောင်း ဆရာမ သေသေချာချာ သိသည်။ ရီနာသည် အသက် (၁၆)နှစ်သာ ရှိသေးသည်။ ကိုယ်လုံးကိုယ်ထည် သွယ်သွယ်လျလျဖြင့် အလွန် လှသည့် ကျောင်းသူကလေး ဖြစ်သည်။ ကပွဲတိုင်းတွင် သူ့ပတ်လည်၌ ယောကျ်ား ကလေးများ ဝိုင်းဝိုင်းလည်နေစမြဲ ဖြစ်သည်။ ပြီးတော့ မာလိုးမိသားစုဆိုလျှင် ဘောစတွန်မှာ လူတိုင်း သိသည်။ အလွန် နာမည်ကြီးသည်။ ရီနာ၏အဖေသည် ဘဏ်လုပ်ငန်းရှင် မုဆိုးဖိုတစ်ဦး ဖြစ်သည်။

"ဆန်းတော့ အတော်ဆန်းတာပဲ။ မင်းမှာ အကြောင်းပြချက်တော့ ရှိရမယ်"

ရီနာသည် ကြမ်းပြင်ပေါ်သို့ ငုံ့ကြည့်မြဲ ကြည့်နေ၏။ ဘာမှ ပြန်မဖြေ။ မာဂရက် ဘရက်ဒလေက ပြုံးလိုက်သည်။

"ကဲ ပြော၊ ဆရာမကို ပြောပြနိုင်ပါတယ်။ ဆရာမအသက်ဟာ မင်းထက်ပိုပြီး ဘယ် လောက်မှ ကြီးတာ မဟုတ်ပါဘူး။ ဆရာမ နားလည်နိုင်ပါတယ်"

သူက ရင်းနှီးသောအသံ၊ ရင်းနှီးသော အသုံးအနှုန်းများဖြင့် ပြော၏။

ရီနာက ဆရာမကို မော့ကြည့်လိုက်ပြန်၏။ ကြောက်ရွံ့သည့်အမူအရာလည်း သူ့မျက် နှာပေါ်မှာ ပေါ်လာပြန်သည်။ ခဏကြာတော့ ကြောက်စိတ်များ ပျောက်သွားကာ ကြမ်းပြင် ပေါ်သို့ သူ ငုံ့ကြည့်နေပြန်သည်။

ဆရာမက ထိုင်ရာမှထပြီး ရီနာ ရှိရာသို့ လျှောက်လာ၏။ ပြီးတော့ ရီနာ၏လက်ကို ဆွဲကာ ကုလားထိုင်မှာ ထိုင်ခိုင်းသည်။

"မင်း တစ်ခုခုကို ကြောက်နေသလား"

ဟု သူက ညင်သာစွာ မေးသည်။

"ကျွန်မကိုယ်ကို သူတို့ ထိတာကိုင်တာ ကျွန်မ မခံနိုင်ဘူး"

သူက တိုးတိုးပဲ ဖြေသည်။

"သူတို့၊ ဘယ်သူတို့လဲ"

ဆရာမအသံသည် သဘောမပေါက်နိုင်သည့် အသံမျိုး ဖြစ်သည်။

"ယောကျ်ားကလေးတွေ သူတို့က ကျွန်မကိုပဲ ကိုင်ချင်တွယ်ချင်နေကြတာ၊ ကျွန်မ အသားတွေက မခံနိုင်ဘူး။ ကရုံ ကမယ်၊ စကားပြောရုံ ပြောမယ်ဆိုရင်တော့ ကိစ္စ မရှိပါဘူး။ ဒါပေမယ့် သူတို့က ဒါလောက်နဲ့ ကျေနပ်ကြတာ မဟုတ်ဘူး။ တစ်နေရာရာကို ကျွန်မ

တစ်ယောက်တည်းကို ထုတ်သွားဖို့ပဲ ကြိုးစားနေကြတယ်"

"ဘယ်ကောင်လေးတွေလဲ၊ ယောက်ျားလေးတွေ လာခွင့်ကို မကြာခင် တို့ပိတ်တော့မှာပဲ"

ဆရာမ၏အသံက အတန်ငယ် မာသွားသည်။

ရီနာက ထိုင်ရာမှ ထလိုက်သည်။

"ကျွန်မ သွားတော့မယ်၊ ယောက်ျားလေးတွေကို လာခွင့်မပေးတာနဲ့လည်း မဆိုင်ပါဘူး"

ဟု သူက တည်တည်ကြီးပြောသည်။ ပြီးတော့ တံခါးဘက်သို့လှည့်ကာ ခြေလှမ်းပြင်လိုက်သည်။

"ခဏနေဦး"

မာဂရက်ဘရက်ဒလေ၏အသံက ဆရာမတစ်ယောက်အနေဖြင့် အမိန့်ပေးသည့်အသံမျိုး ဖြစ်သွားသည်။ ရီနာက သူ့ကို ပြန်လှည့်ကြည့်သည်။

"သူတို့ထဲက တစ်ယောက်ယောက်က မင်းကို ဘာလုပ်သေးသလဲ၊ ထိရုံ ကိုင်ရုံထက် ပိုသေးသလား"

ရီနာက ခေါင်းယမ်းပြသည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ခြောက်နှစ်"

"ဒီအသက်အရွယ်ရောက်ပြီဆိုရင် ယောက်ျားလေးတွေဟာ ဒါမျိုးချည်းပဲဆိုတာ မင်းသိဖို့ကောင်းတယ်"

ရီနာက ခေါင်းညိတ်ပြပြန်သည်။

"မင်းအရွယ်တုန်းက ဆရာမလည်း ဒီစိတ်မျိုးပေါ်ခဲ့တယ်၊ မင်း ခံစားရသလိုပဲ ခံစားခဲ့ရတယ်"

"ဟုတ်လား၊ ဒီလို စိတ်မျိုးပေါက်တာ ကျွန်မတစ်ယောက်တည်းပဲ ရှိမယ်လို့ ထင်နေတာ၊ တခြားမိန်းကလေးတွေတော့ ဒီလို စိတ်မျိုးရှိမယ် မဟုတ်ဘူး ထင်နေတာ"

ဟု ရီနာက ပြန်ပြောသည်။ သူ့အသံသည် စိတ်သက်ရာရသွားသည့် အသံမျိုးဖြစ်သည်။

"သူတို့ဟာ အရူးချည်းပဲ"

ဆရာမအသံက ဒေါသသံဖြင့် ထန်သွားပြန်၏။ ပြီးတော့ သူ့ကိုယ်သူ ချက်ချင်းပြန်ထိန်းလိုက်သည်။ ဣန္ဒြေဆယ်လိုက်သည်။ သူ့ရင်ထဲမှာ ဖြစ်ပေါ်လာသည့် ဒေါသကို အခြားသူ မသိသင့်။

"ဆရာမ လက်ဖက်ရည်တစ်ခွက်လောက် ဖျော်သောက်မလို့ မင်းရော သောက်ပါဦးလား"

"ဆရာမ အပန်းမကြီးဘူး ဆိုရင်ပေါ့လေ"

"အပန်းမကြီးပါဘူးကွယ်။ ကဲ. . . ထိုင်၊ သက်သာသလို နေလိုက်ဦး၊ ဆရာမ လက်ဖက်ရည် ဖျော်လိုက်မယ်"

မာဂရက်ဘရက်ဒလေသည် လက်ဖက်ရည်ဖျော်ရန် ထသွား၏။ ထိုအချိန်မှာပင် သူ့စိတ်ထဲ၌ လှုပ်ရှားနေပြီဖြစ်ကြောင်း သူ သိလိုက်သည်။

* * *

"အခုအချိန်ကစပြီး ရီနာ ကောလိပ်ကျောင်းကို ပြန်တက်ရမယ့် အချိန်အထိ ဥရောပတိုက်ရဲ့ နွေရာသီဟာ သိပ်ကောင်းပါတယ်။ ရီနာအဖို့ နေသာထိုင်သာ ရှိမယ်လို့ ကျွန်မထင်ပါတယ်"

ဟု မာဂရက်ဘရက်ဒလေက ပြောသည်။

ဟာရစ်ဆန်မာလိုးက ကုလားထိုင်နောက်မှီပေါ်မှာ ကျောမှီထိုင်နေရင်းမှ အဖိုးတန်စားပွဲခင်း ခင်းထားသောစားပွဲကို ကျော်ပြီး ဆရာမကို ကြည့်မိသည်။ ပြီးတော့ ဆရာမနှင့်မျက်နှာချင်းဆိုင် ထိုင်နေသည့် ရီနာကို ကြည့်သည်။ သူ့စိတ်ထဲမှာ ယုံကြည်စိတ်ချမှုများ ပေါ်

လာသည်။ ဆရာမ၏အသက်သည် သုံးဆယ်တွင်းလောက်တော့ ရှိနိုင်ပြီဟု သူ ခန့်မှန်းကြည့်သည်။ ရိုးသားပုံကိုလည်း တွေ့ရသည်။ အဝတ်အစားကိုလည်း ရိုးရိုးသားသားပင် ဝတ်ဆင်ထားသည်။ ပျံတန်တန်ကလက်တက်တက် မိန်းကလေးမျိုး မဟုတ်။ သူ ပြောပုံဆိုပုံမှာလည်း လေးလေးနက်နက်ရှိသည်။ တည်တည်တံ့တံ့ရှိသည်။

"သမီး ဉရောပတိုက်ကို သွားလည်ဖို့နဲ့ ပတ်သက်ပြီး ကျွန်တော့်ဇနီးနဲ့ ကျွန်တော်လည်း မကြာခဏ ပြောဖူးခဲ့ကြပါတယ်"

ဟာရစ်ဆန်မာလိုးက သွေးတိုးစမ်းသည့်သဘောဖြင့် ပြန်ပြော၏။

"မိန်းကလေးတစ်ယောက်အဖို့ ဉရောပတိုက် မရောက်ဖူးဘူးဆိုရင် လူဖြစ်ကျိုး မနပ်သေးဘူးလို့တောင် ဆိုရပါလိမ့်မယ်"

ဟု ဆရာမက ပြန်ပြောသည်။

မာလိုးက ခေါင်းညိတ်သည်။ သမီးတစ်ယောက် လူလားမြောက်လာအောင် မွေးမြူရေး၊ လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် မြေတောင်မြှောက်ပေးရေး ဟူသည်မှာ အလွန်ကြီးမားသည့် တာဝန် ဖြစ်သည်။ သည်အကြောင်းကို သူ ကောင်းစွာ သဘောမပေါက်ခဲ့။ နားမလည်ခဲ့။ လွန်ခဲ့သော လအတန်ကြာက ဧည့်ခန်းတွင်းသို့ သူ ဝင်အလာ ရီနာကို တွေ့ရသည့်နေ့ကမှ ဤအကြောင်းများကို သူ သဘောပေါက်ခဲ့သည်။

ထိုနေ့က ရီနာသည် အပြာရင့်ရောင် အဝတ်များကို ဝတ်ဆင်ထားသည်။ ထို့ကြောင့် သူ့အရွယ်နှင့် မလိုက်အောင် ရင့်နေသည်။ ငွေရောင်ဆံပင်များသည် ခပ်မှိန်မှိန် အလင်းရောင်ထဲတွင် တောက်ပနေသည်။

"ဟော ဖေဖေ"

"ဟင် သမီး၊ ဘာဖြစ်လို့ အိမ်ပြန်လာတာလဲ"

သူ အံ့သြသွား၏။

"ဘယ်သူမှ မရှိတဲ့ ဒီအိမ်ကြီးကို ဖေဖေတစ်ယောက်တည်း ပြန်လာပြီး အဖော်မရှိဘဲနဲ့ တစ်ယောက်တည်းနေရတာ ဖေဖေ့အဖို့ ဘယ်လောက် ဒုက္ခကြီးမလဲဆိုတာ သမီး စဉ်းစားမိတယ် ဖေဖေ။ ဒါကြောင့် သမီးကျောင်းက ခဏပြန်လာတာ။ ဖေဖေနဲ့ ခဏလောက် အတူတူနေဖို့"

"ဒါပေမယ့်. . . ဒါပေမယ့် သမီး စာတွေ နောက်ကျနေမှာပေါ့"

"ရပါတယ် ဖေဖေ၊ သမီး လိုက်နိုင်ပါတယ်"

"ဒါပေမယ့်"

"သမီးကိုတွေ့ရတာ ဖေဖေ ဝမ်းမသာဘူးလားဟင်"

သူ့စကားကိုဖြတ်ပြီး ရီနာက မေးသည်။

"သိပ်ဝမ်းသာတာပေါ့ သမီးရယ်"

သူက မြန်မြန်ပြန်ဖြေသည်။

"ဒါဖြင့်ရင် သမီးကို ဘာဖြစ်လို့ ဖေဖေ မနမ်းတာလဲ"

ရီနာက သူ့ပါးကို ထိုးပေးသည်။ ဖေဖေက နမ်း၏။

ကိုယ်ကို သူ မတ်လိုက်သောအခါ ရီနာက သူ့လည်ပင်းကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်ထားသည်။

"ကဲ. . . ဖေဖေ့ကို သမီး နမ်းမယ်"

သူ့နှုတ်ခမ်းကို ရီနာက နမ်းသည်။ ရီနာ့နှုတ်ခမ်းများသည် နွေးထွေးနေသည်။ ရီနာက ရုတ်တရက် ရယ်ချလိုက်၏။

"ဟင်. . . ဖေဖေ့ နှုတ်ခမ်းမွေးတွေက ယားတယ်"

"သမီး ဒီစကားကို အမြဲပြောတယ်၊ သမီး ငယ်ငယ်ကလေးထဲက ဖေဖေ့ကို မွှေးမွှေးပေးပြီးရင် ဒီလိုပဲ ပြောလေ့ရှိတယ်"

သူက သမီးကို ငုံ့ကြည့်ရင်း ပြုံးနေသည်။

"ဒါပေမယ့် သမီး ကလေးလေး မဟုတ်တော့ဘူးနော်၊ ဟုတ်တယ်နော် ဖေဖေ"

သမီးကို ကြည့်မိသည်။ မှန်ပါသည်။ ကလေးငယ်ကလေး မဟုတ်တော့။ အရွယ်ရောက်သည့် အပျိုကြီးဖားဖား ဖြစ်နေပြီ။ အလွန် လှသော အပျိုကြီးဖြစ်နေပြီ။

"ဟုတ်ပါတယ်"

ဟု သူ ပြန်ဖြေ၏။

ရီနာသည် အရက်ဗီရိုဘက်သို့ လှည့်သွားသည်။

"ညစာ မစားခင် ဖေဖေ နည်းနည်းသောက်လိုက်ဦးနော်"

အရက်ပုလင်းများသည် အဆင်သင့်ရှိနေ၏။ ဗီရိုဆီသို့ သူ လျှောက်သွားသည့် အချိန်တွင် ရီနာသည် ရေခဲခွဲနေ၏။

"ဘာချက်ထားသလဲ သမီး"

"ဖေဖေကြိုက်တတ်တဲ့ ကြက်သားရိုးစ်ရယ်၊ အာလူးကက်တလိပ်ရယ်၊ မော်လီကို ချက်ခိုင်းထားတယ်"

"ကောင်းတယ်"

သူက ဝီစကီပုလင်းကိုယူရန် လက်လှမ်းလိုက်သည်။ သို့သော်လည်း ရီနာ၏အသံကြောင့် သူ့လက်များသည် ရပ်သွားကြ၏။

"မာတီနီ မသောက်ဘူးလား ဖေဖေ၊ ဖေဖေ မာတီနီ မသောက်တာ ကြာလှပြီ"

သူ ခဏ ငိုင်သွားသည်။ ပြီးတော့မှ ဂျင်ပုလင်းကို ဣန္ဒြေမပျက် လှမ်းယူရင်း မာတီနီ စပ်နေသည်။ သူ့ဇနီး ကွယ်လွန်သွားသည့် အချိန်မှစ၍မာတီနီကို သူ စပ်မသောက်ခဲ့တော့သည်မှာ ယနေ့တိုင်အောင် ဖြစ်သည်။

"သမီးရော နည်းနည်းသောက်ရမလား ဖေဖေ၊ သမီး (၁၆) နှစ် ကျော်လာပြီ။ သမီးတို့ ကျောင်းက မိန်းကလေးတွေကို သူတို့မိဘတွေက သောက်ခွင့်ပြုကြတယ်"

သူသည် သမီးကို ပြန်လှည့်ကြည့်ရင်း အခြားဖန်ခွက်တစ်ခုအတွင်းသို့ တစ်ဝက်ခန့် ထည့်ပြီး ပေးလိုက်သည်။ ရီနာက ပြုံးရင်း ဖန်ခွက်ကို နှုတ်ခမ်းနှင့် တေ့လိုက်သည်။

"သိပ် အရသာရှိတာပဲ"

ရီနာက ပြောသည်။ ကွယ်လွန်သူ ဇနီးသည် ဂျရယ်ဒိုင်းမာလိုး ပြောလေ့ပြောထရှိသည့် စကားလုံးအတိုင်း တစ်သဝေမတိမ်း ဖြစ်သည်။ သူ့ရင်ထဲမှာ စစ်ခနဲ နာကျင်သွားသည်။ ရုတ်တရက် ကျလာသည့် မျက်ရည်များကို သူ မထိန်းနိုင်တော့။ မျက်ရည်ကျလာသည်ကို ရီနာ မမြင်စေရန် တစ်ဖက်သို့ မြန်မြန်လှည့်လိုက်၏။

သို့သော်လည်း သူ မအောင်မြင်ပါ။ ရီနာက သူ့အင်္ကျီစကိုဆွဲပြီး လှည့်လိုက်သောကြောင့် သူ့မျက်ရည်များကို မြင်သွားသည်။

"ဩော်. . . ဖေဖေရယ်၊ ဖေဖေ့ကို သမီး သိပ်သနားတာပဲ"

ထိုညက ညစာစားပြီးသောအခါ သူ ထိုင်နေသည့် ကုလားထိုင်လက်တန်းပေါ်သို့ ရီနာ လာထိုင်သည်။

"သမီး ကျောင်းကို ပြန်မသွားတော့ဘူး၊ အိမ်မှာပဲနေပြီး ဖေဖေ့ကို ပြုစုမယ်"

"သမီး ခဏလေးနဲ့ ပျင်းသွားမှာပေါ့။ ကျောင်းမှာတွေ့ရတဲ့ ပျော်စရာတွေ၊ ယောက်ျားလေးတွေနဲ့တွေ့ရတဲ့ စိတ်လှုပ်ရှားမှုကလေးတွေကို သမီး ဘယ်ခံစားရတော့မှာလဲ"

ဟု သူက ပြုံးရင်း ပြန်ပြော၏။

"ယောက်ျားကလေးတွေ၊ ဟွန်း သူတို့မရှိဘဲ သမီး နေနိုင်ပါတယ်။ အလကားကောင်တွေ၊ လူကို အမဲဖျက်ဖို့လောက်ပဲ လိုက်ချောင်းနေတဲ့အကောင်တွေ၊ သမီး နည်းနည်းမှ သည်းခံလို့ မရဘူး"

ရီနာက စိတ်ဆိုးမာန်ဆိုးဖြင့် ပြောသည်။ ဟာရစ်ဆန်မာလိုးက သဘောကျစွာ ရယ်နေသည်။

"သမီး သဘောကျတာက လူကြီးလူကောင်း၊ ကောင်လေးတွေ မဟုတ်ဘူး၊ ကောင်လေးတွေဆိုတာ သူတို့ လိုချင်တာ တစ်ခုပဲသိတယ်။ တစ်ဖက်လူရဲ့ အလိုကို ဘာမှ သိကြတာ မဟုတ်ဘူး ဖေဖေ။ တစ်ကိုယ်ကောင်းသမားတွေ၊ အတ္တတွေ"

ရီနာက ဒေါသဖြင့်ပင် ပြောနေသည်။ သူကလည်း သမီးကို သဘောကျသည့်အနေဖြင့် ရယ်မြူရယ်နေသည်။

"သမီးက အခု ငယ်သေးလို့ ပြောတာပါကွယ်၊ သမီး အသက်ကြီးလာတဲ့ အခါကျတော့ အိမ်ထောင်ပြုရမယ်၊ သားတွေ၊ သမီးတွေ ရရမယ်။ အဲဒီအခါကျတော့ သမီး ကောင်းကောင်း နားလည်လာမှာပါ"

ရီနာသည် သူ့လက်များအတွင်းမှ ရုတ်တရက် ရုန်းထလိုက်သည်။ ပြီးတော့ ဒေါသတကြီးဖြင့် သူနှင့် မျက်နှာချင်းဆိုင်မှာ ရပ်သည်။

"မယူဘူး၊ သမီး ဘယ်တော့မှ ယောကျာ်း မယူဘူး။ ဘယ်တော့မှ ကလေး မမွေးဘူး။ အဲဒီ ကောင်လေးတွေရဲ့ ညစ်ပတ်တဲ့လက်တွေနဲ့ထိတာကို ဘယ်တော့မှ မခံဘူး"

"ရီနာ"

သူက စိုးရိမ်စိတ်ဖြင့် အော်လိုက်မိသည်။

"ဖေဖေ၊ ဖေဖေလည်း သမီးကို နားမလည်ပါလားနော်။ သမီးရဲ့ စိတ်ဓာတ်ကို ဘယ်သူမှ နားမလည်နိုင်ကြပါလား"

ရီနာက ရုတ်တရက် ငိုချလိုက်၏။ ပြီးတော့ နောက်သို့လှည့်ကာ သူ့အိပ်ခန်းဆီသို့ လှစ်ခနဲ ပြန်ပြေးသွားတော့သည်။

* * *

ဟာရစ်ဆန်မာလိုးသည် ထိုအဖြစ်အပျက်ကလေးကို ပြန်ပြီး စဉ်းစားနေမိသည်။ သမီးကို အတွေ့အကြုံရင့်ကျက်အောင် ပြုလုပ်ပေးရမည်ကို ထိုစဉ်ကပင် သူ နားလည်ခဲ့သည်။ သဘောပေါက်ခဲ့သည်။ ယခု ရှေ့မှာထိုင်နေသည့် ဆရာမနှင့် ရီနာကို သူ လှမ်းကြည့်လိုက်သည်။ ရီနာ၏မျက်လုံးများသည် မျှော်လင့်ချက်ဖြင့် အရောင်တဖိတ်ဖိတ် လက်နေသည်။

"သမီးရဲ့ မေမေသာ အသက်ရှင်နေဦးမယ်ဆိုရင် မစ္စဘရက်ဒလေ၊ ကျွန်တော်တို့ သမီးကလေးကို ခင်ဗျားလို ယုံကြည်စိတ်ချရသူရဲ့ လက်ထဲကို အပ်လိုက်ရတဲ့အတွက် ကျွန်တော့် မိန်းမဟာ ကျွန်တော် ပျော်သလိုပဲ အင်မတန် ပျော်မှာ သေချာပါတယ်"

ဟု သူက လူကြီးပီပီပင် ပြန်ပြောသည်။

မာဂရက်ဘရက်ဒလေသည် စွပ်ပြုတ်ပန်းကန်ဆီသို့ ခေါင်းကို အလျင်အမြန် ငုံ့ချပစ်လိုက်သည်။ ထို့ကြောင့် သူ့မျက်နှာတွင် ရုတ်တရက် ပေါ်လာသည့် အောင်ပွဲခံလိုက်ရသော အမူအရာကို ဟာရစ်ဆန်မာလိုး မမြင်လိုက်နိုင်တော့။

"ကျေးဇူးတင်ပါတယ် မစ္စတာမာလိုး"

အလွန်တရာ ဣန္ဒြေသိက္ခာရှိလေဟန် ဆောင်ထားသည့် တုံ့ပြန်သံသည် မာဂရက်ဘရက်ဒလေထံမှ ပေါ်ထွက်လာလေတော့သည်။

## (၉)

လွတ်လပ်ရေးအထိမ်းအမှတ် လစ်ဘာတီအရုပ်နှင့် အဲလစ်ကျွန်းများကို ကျော်လာသည်အထိ သူတို့နှစ်ယောက်သည် လီဗိယာသန် သင်္ဘောကြီး၏ ကုန်းပတ်ပေါ်တွင် မတ်တတ်ရပ်နေကြဆဲ ဖြစ်သည်။ သင်္ဘောအောက်ရှိ ရေများသည် စိမ်းလာ၏။ ကမ်းကို သူတို့ မမြင်ကြရတော့။

"အံ့သြနေသလား"

မာဂရက်ဘရက်ဒလေက မေးသည်။

ရီနာ၏မျက်လုံးများသည် တဖျပ်ဖျပ် အရောင်တောက်နေ၏။

"အိပ်မက်နဲ့ တူလိုက်တာ"

မာဂရက်က ပြုံးသည်။

"ပိုပိုပြီးတော့ ကောင်းလာမှာ၊ ကဲ အခန်းထဲသွားကြစို့လား၊ ညစာမစားခင် နည်းနည်းလောက် အနားယူလိုက်ကြရအောင်"

"ကျွန်မ နည်းနည်းမှ မပင်ပန်းသေးဘူး"

ဟု ရီနာက ကန့်ကွက်သည်။

"တော်တော်ကြာ ပင်ပန်းလာမှာပါကွယ်၊ တို့ ဒီသင်္ဘောပေါ်ကို ရောက်နေတာ ခြောက်ရက်ရှိသွားပြီ။ နောက် ကြည့်စရာတွေ အများကြီး၊ အချိန်တွေလည်း အများကြီး ကျန်သေးတာပဲ"

ရီနာသည် ခေါင်းညိတ်ပြပြီး အခန်းထဲသို့ ဝင်လာခဲ့ကြသည်။

ဟာရစ်ဆန်မာလိုးသည် သူ့သမီးအတွက် အကောင်းဆုံးများကို စီစဉ်ပေးထားသည်။ သူတို့ စီးရသည့် အခန်းသည် ပထမတန်းက အခန်း ဖြစ်သည်။ အခန်းထဲမှာ သီးခြားအိပ်ရာနှစ်ခု၊ ပြီးတော့ သီးခြားရေချိုးခန်းနှစ်ခုဖြင့် အလွန် ကြေးကြီးပေးရသော ပထမတန်းစား အခန်း ဖြစ်သည်။

ရီနာအတွက် အဝတ်အစားသစ်အချို့ ဝယ်သွားရန်လိုလိမ့်ဦးမည်ဟု ပြောစဉ်ကလည်း လုံးဝ လက်မနှေး။ ဒေါ်လာတစ်ထောင်တန် ချက်လက်မှတ်ကို ချက်ချင်း ရေးပေးလိုက်သည်။ ထိုမျှနှင့် မလုံလောက်သေးလျှင်လည်း ပေးဦးမည်ဖြစ်ကြောင်း ပြောသည်။

နယူးယောက်မှာ သူတို့ အဝတ်အစား အနည်းငယ်သာ ဝယ်သည်။ ကျန်သည်တို့ကို ပဲရစ်မြို့ရောက်မှ ထပ်ဝယ်မည်။ သို့သော်လည်း မာဂရက်သည် ရီနာကို ဘာမှ မပြောဘဲ ပဲရစ်သို့ လှမ်းမှာထားသည်။ ပဲရစ်မှနေ၍ သင်္ဘောပေါ်သို့အရောက် ပို့ပေးမည် ဖြစ်သည်။ ထိုပစ္စည်းများ ရောက်လာသောအခါ ရီနာ အံ့ဩသွားသည့် မျက်နှာမျိုးကို သူ ကြည့်ချင်သည်။

သူတို့ သမုဒ္ဒရာထဲ၌ ရှိနေခိုက်မှာပင် ပဲရစ်မှ အထုပ်များ ရောက်လာသည်။ သို့သော်လည်း ရီနာက ဂရုမစိုက်။ အချိန်ကို စောင့်ရပေလိမ့်ဦးမည်။ မာဂရက်သည် အပေါ်မှ ဝတ်ရုံပါးကို ချွတ်လိုက်ပြီး ကုလားထိုင်မှာ ထိုင်၏။ သူ့ပိုက်ဆံအိတ်ကိုဖွင့်ကာ စီးကရက်ဘူးကို ထုတ်ယူသည်။ သူ စီးကရက်တစ်လိပ်ကို ထုတ်ပြီး မီးညှိပြီးသောအခါကျမှ ရီနာ သူ့ကို ကြည့်နေကြောင်း သတိထားမိသည်။ သူ ဆေးလိပ်သောက်သည်ကို ရီနာ တစ်ခါမျှ မမြင်ဖူးဘူးခဲ့။

"တစ်လိပ်သောက်လေ"

ရီနာဆီသို့ စီးကရက်ဘူးကို ကမ်းပေးသည်။

ရီနာက မလှုပ်မယှက် ကြည့်နေသည်။

"သောက်ပါ၊ ကောင်းတယ်၊ မင်း ဟိုရောက်ရင်လည်း ဥရောပသူတွေ အားလုံးလိုလို စီးကရက်သောက်ကြတာ တွေ့ရလိမ့်မယ်။ တို့လို သိပ်တောကျတာ မဟုတ်ဘူး"

ဟု မာဂရက်ဘရက်ဒလေက တိုက်တွန်းနေပြန်၏။

ရီနာသည် စီးကရက်တစ်လိပ်ကိုယူပြီး မီးညှိဖွာလိုက်သည်။ ပြီးတော့ သီးပြီး ချောင်းဆိုးနေသည်။

"မီးခိုးကို မရှိုက်လိုက်နဲ့"

ရီနာသည် စီးကရက်ကို ပါးစပ်မှာခဲရင်း တဖြည်းဖြည်းချင်း ဖွာနေသည်။

"ဘယ်လိုနေသလဲ"

"မဆိုးပါဘူး ဆရာမ"

မာဂရက်ဘရက်ဒလေက ရီနာကို ကြည့်လိုက်၏။

"အခုဆိုရင် တို့နှစ်ယောက် ခရီးအတူတူသွားနေကြပြီ။ တို့အဆောင်အယောင်တွေ ဖယ်လိုက်ကြရအောင်ပါကွာ။ အခုအချိန်ကစပြီး ကိုယ့်ကို ပက်ဂီလို့ပဲ ခေါ်ပါ"

ပြောရင်းဆိုရင်းပင် ထိုင်ရာမှ သူ ထရပ်သည်။

"မင်း ရေအရင်ချိုးမလား ရီနာ"

"မချိုးသေးဘူး ဆရာမ၊ ဆရာမ ချိုးချင်ရင် အရင် ချိုးလိုက်လေ"

မာဂရက်က ခေါင်းယမ်း၏။ ပြီးတော့ ပြုံး၏။

"ပက်ဂီလေ"

"ဟုတ်ကဲ့၊ ပက်ဂီ"

"ဒီလိုမှပေါ့"

ဟု မာဂရက်က ပြောသည်။

* * *

ရေချိုးခန်းမှ ရီနာ ထွက်လာသည်ကို မာဂရက်က ကြည့်နေသည်။ သူ့ကိုယ်ပေါ်မှာ မျက်နှာသုတ်ပဝါကို ပတ်ထားသည်။ ဖြူဖွေးပြီး ရှည်လျားသော ဆံပင်များသည် ပခုံးပေါ်သို့ ကျနေသည်။ ပို၍ပင် ငွေရောင်တောက်နေသည်။ ညင်ညင်သာသာ တံခါးခေါက်သံကြား ရသည်။ ရီနာက သူ့ကို စူးစမ်းသလို လှမ်းကြည့်၏။

"ကိုယ် ရှယ်ရီ မှာထားတယ်။ ပင်လယ်ထဲကို ရောက်လာတဲ့ ပထမနေ့မှာ သောက်သင့်တယ်။ မင်းအဖို့ ခံတွင်းလိုက်လာလိမ့်မယ်။ ပြီးတော့ လှိုင်းမမူးတော့ဘူး"

မာဂရက်က ရှင်းပြသည်။ စားပွဲထိုးလက်ထဲမှ ဖန်းကိုလှမ်းယူပြီး ရီနာကို ဖန်ခွက် တစ်ခွက် ပေးသည်။ ခွက်ကို မြှောက်ပြီး သူတို့နှစ်ယောက် သောက်လိုက်ကြ၏။

"ကောင်းတယ်"

ဟု ရီနာက ပြောသည်။

"မင်း ကြိုက်တယ်ဆိုရင် ကိုယ် ဝမ်းသာပါတယ်ကွယ်"

ရီနာသည် ဖန်ခွက်ကို စားပွဲပေါ်မှာ ပြန်တင်ထားခဲ့၏။

"ဒီနေ့ည အင်္ကျီအပြာရောင်အသစ်ကို ဝတ်ရမလား"

မာဂရက်က ငုံ့ကြည့်ပြီး အံ့သြသွား၏။

"ပထမတန်း ခရီးသည်တွေအတွက် ညစာစားတဲ့ အခန်းဟာ အခမ်းအနား တက်သလို ဝတ်စုံပြည့်နဲ့သွားပြီး စားရတယ် ရီနာ"

"ဝတ်စုံပြည့်ကလည်း ကျွန်မမှာ နည်းနည်းပဲ ရှိတယ်။ တစ်စုံယူဝတ်ရမှာပေါ့လေ"

"ကျောင်းကပွဲတွေတုန်းက ဝတ်ခဲ့တဲ့ ပုံဆိုးဆိုး အဝတ်တွေတော့ မဟုတ်ပါဘူးနော်"

စိတ်ထိခိုက်သည့် အမူအရာ ရီနာ၏ မျက်နှာပေါ်မှာ ပေါ်လာသည်။

"အဲဒါတွေဟာ သိပ်လှတယ်လို့ ကျွန်မ ထင်တယ်"

"ကလေးတွေ အတွက်တော့ ဟုတ်မှာပေါ့၊ ဒါပေမယ့် ဥရောပကို ခရီးသွားတဲ့ အရွယ် ရောက်ပြီး အမျိုးသမီးတွေ အတွက်တော့ မဟုတ်ဘူး"

"ဒါဆိုရင်တော့ ဘာဝတ်ရမှန်း မသိတော့ဘူး"

ရီနာက စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်၏။ မာဂရက်၏ အကြံအစည်သည် အထမြောက်ချေပြီ။

"ဟောဟို မင်းအိပ်ရာပေါ်က အထုပ်တွေဟာ မင်းအတွက်ပဲ။ အဲဒီ တစ်ခုခုထဲမှာ မင်းဝတ်ဖို့ တွေ့လိမ့်မယ်"

သူက ပုံမှန်လေသံဖြင့် ပြောသည်။

အထုပ်များကို ရီနာ ဖြေလိုက်သောအခါ မာဂရက် မျှော်လင့်ထားသည့် အမူအရာကို ရီနာ၏ မျက်နှာပေါ်မှာ မြင်ရလေတော့သည်။ ရီနာသည် အနက်ရောင် ဂါဝန်ကြီးကို ဝတ်သည်။ လှပသော သူ၏ပခုံးသားများက ထင်ရှားစွာ ပေါ်လွင်နေသည်။ လှပသော သူ့ကိုယ်လုံး၏ အချိုးအဆက်များကိုလည်း ကောင်းစွာ ရုပ်လုံးကြွစေသည့် ဂါဝန် ဖြစ်သည်။

ညစာစားသည့် ခန်းမအတွင်းသို့ သူတို့နှစ်ယောက် ဝင်သွားသောအခါ ယောကျ်ား တိုင်း၏ မျက်လုံးများသည် သူတို့ကိုယ်ပေါ်မှ မခွာနိုင်ဘဲ လိုက်လာကြ၏။

စားပွဲမှာ ထိုင်မိသည်တွင် မာဂရက်က ရီနာ၏လက်ကို ပွတ်သပ်လိုက်သည်။

"မင်း သိပ်ချစ်စရာကောင်းတာပဲကွယ်"

* * *

မာဂရက်သည် သူ့ကိုယ်ပေါ်မှ အဝတ်များကို ပုံချလိုက်ပြီး ကိုယ်လုံးပေါ် မှန်ကြီးထဲမှာ ကြည့်နေသည်။ သူ့ရင်သည် ပြား၏။ ယောကျ်ားနှင့် မခြား။ သူ့တင်သည် ပြား၏။ ယောကျ်ားနှင့် မခြား။

ညဝတ်အင်္ကျီကို ဝတ်သည်။ ဘောင်းဘီကို ဝတ်သည်။ သူ ဝတ်သည့် အဝတ်များ အားလုံးသည် ယောကျ်ားများဝတ်သည့် အဝတ်များသာ ဖြစ်သည်။ မည်းနက်သော သူ၏

ဆံပင်များကို နောက်သို့လှန်ကာ ကလစ်နှင့် ညှပ်လိုက်သည်။ သူ့ကိုယ်သူ မှန်ထဲမှာ ပြန်ကြည့် ပြန်၏။ သူ အမျိုးသမီးတစ်ဦးဖြစ်ကြောင်း အကဲခတ်မိသူ အလွန် ရှားပါးလိမ့်မည်။ ကောင်းပါ သည်။ ရေချိုးခန်းထဲမှ သူ ထွက်ခဲ့သည်။

"ရီနာ အဝတ်လဲတော့လေ"

ရီနာက သူ့ကို အံ့ဩတကြီး ကြည့်နေသည်။

"ဆရာမ. . . ပက်ဂီ၊ အဲဒီ အဝတ်တွေက"

"သဘောကျလို့လား"

မာဂရက်က ပြုံးနေသည်။

ရီနာက ခေါင်းညိတ်သည်။ မာဂရက် အလွန် သဘောကျသွားသည်။

"တရုတ်ပြည်ဖြစ် ဘရိုကိတ်လေ၊ သူငယ်ချင်းတစ်ယောက်က ဆန်ဖရန်စစ္စကိုကနေ ပို့ပေးတာ။ ပုံကတော့ ကိုယ့်ဟာကိုယ်ညှပ်ပြီး ချုပ်တာပဲ"

ရီနာက ကုလားထိုင်မှထပြီး ညဝတ်ချည်ထည်တစ်ထည်ကို ယူကာ ရေချိုးခန်းဘက် သို့ ခြေလှမ်းလိုက်သည်။

"ခဏနေဦး ရီနာ"

မာဂရက်သည် ဗီရိုထဲမှ အထုပ်ငယ်ကလေးတစ်ခု ယူပေးသည်။

"မင်းအတွက်ဝယ်လာတဲ့ ညဝတ်အင်္ကျီ"

အထုပ်ကို ရီနာ ဖြေနေခိုက် သူက မျက်နှာရိပ်မျက်နှာကဲကို စောင့်ကြည့်နေသည်။

"အို တကယ့် ပိုးထည်တွေပါလား"

"မင်းမှာ ကျောင်းတုန်းက ဝတ်ခဲ့တဲ့ အဝတ်တွေချည်း ရှိတာ မဟုတ်လား။ စိတ်ပျက် လွန်းလို့"

ရီနာက အထုပ်ကို ငုံ့ကြည့်သည်။

"တစ်ထည်နဲ့တစ်ထည် အရောင်ချင်းလည်း မတူဘူး၊ ဘယ်အရောင်ကို အရင် စဝတ် ရမှန်းတောင် မသိတော့ဘူး"

"ဒီနေ့ည အဖြူရောင်ကလေးကို ဝတ်လိုက်ပါလား"

"အိုကေ"

ရီနာသည် အဖြူရောင် ညဝတ်ထည်အင်္ကျီကို ကောက်ယူကာ ရေချိုးခန်းဆီသို့ ထွက်သွားသည်။ အခန်းတွင်းသို့ ဝင်ခါနီးကျမှ နောက်ပြန်လှည့်ကြည့်ပြီး ပြောသည်။

"ကျွန်မတော့ ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး ပက်ဂီရယ်။ အကုန်လုံးကို ကျွန်မ အံ့ဩအောင် လုပ်နိုင်နေတော့တာပဲ"

မာဂရက်က အလွန် ပျော်ရွှင်စွာ ရယ်သည်။

"ကိုယ်ကလည်း မင်းကို အခုလို အံ့အားသင့်သွားစေချင်တာ"

ထိုစကားပြောပြီး ရီနာကို ကြည့်နေဆဲမှာပင် သူ အကြံတစ်ခု ရလာသည်။

"ဒီအခန်းထဲမှာ ကိုယ်တို့နှစ်ယောက်တည်း ပွဲကလေးတစ်ပွဲလောက် ကျင်းပကြရ အောင်၊ မကောင်းဘူးလား ရီနာ၊ မင်း အဝတ်လဲနေတုန်း ကိုယ် ရှန်ပိန်တစ်ပုလင်း မှာထားလိုက် မယ်။ တို့ချည်းပဲ ပါတီကလေးတစ်ခု လုပ်ကြတာပေ့ါ"

"သိပ်ပျော်စရာကောင်းမှာပဲ၊ ကျွန်မလည်း ရှန်ပိန်သိပ်သောက်ချင်တာ၊ ဒါပေမယ့် ဖေဖေက ဘယ်တော့မှ သောက်ခွင့် မပေးဘူး"

မာဂရက်က တယ်လီဖုန်းဆီသို့ လက်လှမ်းပြုရင်းပြောသည်။

"တို့နှစ်ယောက်တည်းပဲ လျှို့ဝှက်ထားတာပေ့ါကွယ်၊ မင်းဖေဖေကို ကိုယ် ဘယ်တော့မှ ပြန်မပြောပါဘူး"

* * *

ရီနာသည် လက်ထဲမှ ဖန်ခွက်ကို ပြန်ချရင်း တစ်ခစ်ခစ်ရယ်တော့၏။ မာဂရက်က သူ့ကုလားထိုင်နောက်မှီကိုမှီရင်း ရှန်ပိန်ခွက်ကို ကိုင်ထားမြဲ ဖြစ်သည်။

"ဘာတွေများ သဘောကျနေတာလဲ"

"ကျွန်မကိုယ်ကို လှုပ်လိုက်တိုင်း အင်္ကျီက တွန့်တွန့်သွားပြီး အရောင်တဖျပ်ဖျပ် တောက်တောက်လာတယ်"

"အဲဒါဟာ တည်ငြိမ်တဲ့လျှပ်စစ်ဓာတ်၊ ပိုးချည်မျှင်ထဲမှာ လျှပ်စစ်ဓာတ်ပါတယ်"

ဟု မာဂရက်က ပြောသည်။

"ကျွန်မ သိတယ်၊ ကျောင်းတုန်းက ပက်ဂီ အတန်းမှာပဲ သင်ခဲ့ရသေးတယ်။ အပြာရောင်လက်နေတယ်၊ မြင်ရလား"

"မမြင်ဘူး"

"မီးပိတ်လိုက်မယ်လေ၊ မှောင်သွားတော့မှ မြင်ရမှာ"

ရီနာက မီးကိုပိတ်ပြီး မာဂရက်ရှေ့မှာ သွားရပ်နေသည်။

"ကြည့်"

ဟု ပြောရင်း အင်္ကျီပေါ်မှာ သူ့လက်များကို လှုပ်ပြသည်။ သူ့လက်ရွေ့သွားရာ တစ်လျှောက်တွင် မီးစုန်းလို အပြာရောင်ကလေးများ လက်သွားသည်။ ရီနာက သူ့ဖန်ခွက်ကို ကောက်ယူကာ လက်ကျန်ရှင်းလိုက်သည်။ ပြီးတော့ မာဂရက်ဆီသို့ ဖန်ခွက်ကို ကမ်းပေးသည်။

"နည်းနည်းရဦးမလား ပက်ဂီ"

"ရတာပေါ့ကွယ်"

မာဂရက်က ရီနာ၏ ဖန်ခွက်ကို ဖြည့်ပေး၏။

"ရှန်ပိန်ဆိုတာ ဝိုင်ကနေ ဖောက်ယူတာပဲ မဟုတ်လား။ ဒါပေမယ့် အရသာက ပိုကောင်းတယ်၊ မချိုဘူး"

ရီနာက ဖန်ခွက်ထဲမှ ရှန်ပိန်ကို သောက်ရင်း ပြောသည်။

"ဒီထဲမှာ နည်းနည်းအိုက်လာတယ်နော်၊ မအိုက်ဘူးလား"

"ဟုတ်တယ်၊ အိုက်လာတယ်၊ ပန်ကာဖွင့်လိုက်ရမလား"

"အို အို၊ မလုပ်နဲ့။ ကိုယ်တို့ အအေးမိသွားလိမ့်မယ်။ ကိုယ်အင်္ကျီ ချွတ်လိုက်မယ်"

မာဂရက်က ကမန်းကတမ်းပြောရင်း အင်္ကျီချွတ်လိုက်သည်။

"သီချင်းနားထောင်မလား"

ရီနာ မေးသောအခါ မာဂရက်က ခေါင်းညိတ်ပြသည်။

"ကောင်းတယ်၊ အခုဆိုရင် ကပွဲခန်းမက သံစုံတီးဝိုင်းတီးနေပြီ"

ခလုတ်ဖွင့်သောအခါ ကပွဲခန်းမမှတီးနေသည့် သံစုံတီးဝိုင်း၏ တေးသံများ အခန်းတွင်းမှာ ပြည့်လာသည်။ ရီနာသည် ထိုင်ရာမှထကာ တေးသွားအတိုင်း လိုက်၍ကနေသည်။

"ကျွန်မ ကချင်တယ်"

ဟုလည်း ပါးစပ်က ပြောသေးသည်။ အခန်းကို လှည့်ပြီး သူကလေ၏။ သူ့ကိုယ်ပေါ်ရှိ ညဝတ်ပိုးထည်မှ အပြာရောင်လဲ့လဲ့ကလေးများ တဖျပ်ဖျပ် တောက်နေသည်။

"ကိုယ်လည်း ကချင်တယ်ကွာ"

ဟုပြောရင်း မာဂရက်လည်း ထိုင်ရာမှ ထလာသည်။ ပြီးတော့ ရီနာ အနားသို့လာကာ ဦးညွှတ်လိုက်သည်။

"ကျွန်တော် အတူတူ ကနိုင်ပါသလား မစ္စမာလိုး"

"ဒီကကြိုးတစ်ခုတော့ ကနိုင်ပါတယ် မစ္စဘာရက်ဒလေ၊ တခြား ကကြိုးတွေအတွက်တော့ တခြားအမျိုးသားများက စရံရိုက်ထားပြီးကြပါပြီရှင်"

မာဂရက်က ခေါင်းယမ်းပြသည်။

"မစ္စတာဘာရက်ဒလေလို့ ခေါ်ပါ"

"ဟုတ်ကဲ့ရှင်၊ ဒီကကြိုးတစ်ပုဒ်တော့ ကျွန်မနဲ့ ကနိုင်ပါတယ် မစ္စတာဘာရက်ဒလေ"

မာဂရက်က ရီနာ၏ သိမ်ကျဉ်သောခါးကလေးကို လက်နှင့်သိုင်းကိုင်သည်။ ပြီးတော့ တေးသွားအတိုင်း သူတို့နှစ်ယောက် ကကြသည်။ တေးသံဆုံးသွားသောအခါ တစ်ယောက်ကို တစ်ယောက် ပြုံးကြည့်ကြသည်။

"တို့ ရှန်ပိန် နည်းနည်းသောက်ကြဦးစို့လား"

မာဂရက်က ခွက်များကို ဖြည့်ပေးသည်။

"မင်း သိပ်အကကောင်းတာပဲ ရီနာ"

"ကျေးဇူးတင်ပါတယ်၊ ပက်ဂီက ခေါင်းဆောင်ပြီး ကသွားတာပဲ။ ကျောင်းကပွဲမှာ လာကတဲ့ ယောကျ်ားကလေးတွေထက်တောင် သာသေးတယ်။ ပက်ဂီက နေရာတကာ တော်တာပဲနော်။ ကလိုက်လို့ ခေါင်းတောင် နည်းနည်းမူးလာတယ်"

"မင်း အိပ်ရာပေါ်မှာ ခဏလှဲနေလိုက်"

"ကျွန်မတို့ကပွဲ ပျက်သွားမှာပေါ့"

"သွားအိပ်နေလိုက်ပါ။ ကိုယ် မင်းဘေးမှာ လာထိုင်နေမယ်"

ရီနာသည် သူ့ခုတင်ရှိရာသို့ လျှောက်သွားပြီး အိပ်ရာပေါ်မှာ လှဲလိုက်သည်။ မာဂရက်က ဘေးမှာ ထိုင်နေသည်။

"သက်သာရဲ့လား"

"အခန်းက လည်နေတယ်"

"မျက်စိမှိတ်ထား"

ရီနာက မာဂရက် ပြောသည့်အတိုင်း မျက်စိမှိတ်ထားသည်။ မာဂရက်သည် ရီနာ၏ နဖူးနှင့်ဆံပင်များကို လက်ဖြင့်ပွတ်သပ်ပေးနေ၏။

"အဲဒီလိုလုပ်ပေးတာ ကောင်းတယ်၊ သက်သာသွားပြီ"

"ရှန်ပိန် နည်းနည်းသောက်လိုက်ဦး"

မာဂရက်က ရှန်ပိန်ခွက်ကို လှမ်းယူပေးသည်။ ရီနာက တစ်ငုံ ငုံပြီး မာဂရက်လက်သို့ ဖန်ခွက်ကို ပြန်ပေးလိုက်၏။

"ဥရောပကို အတူတူသွားရတာ ကျွန်မ သိပ်ဝမ်းသာတာပဲ။ အစတုန်းက ကျွန်မမှာ ရင်းနှီးတဲ့ မိန်းကလေးသူငယ်ချင်း မရှိခဲ့ဖူးဘူး။ ကျောင်းမှာရှိတဲ့ ဟာတွေကတော့ အလကား ဟာတွေ၊ အချိန်ရှိသရွေ့ လင်ကြောင်းသားကြောင်းပဲ ပြောနေကြတာ"

"ဟုတ်တယ်၊ အဲဒီကလေးတွေကတော့ အလကားပဲ၊ ဒါကြောင့် မင်းကို ကိုယ် သဘောကျတာ။ မင်း ကိုယ့်ဆီကိုလာတုန်းကလေ၊ မင်းက သူတို့နဲ့မတူဘူး။ ရင့်ကျက်တယ်"

"လက်ဒီ ဆုံးသွားကတည်းက ယောကျ်ားလေးတွေဆိုရင် အထိ မခံချင်တော့ဘူး"

"ဘယ်သူ၊ လက်ဒီ. . ."

"ကျွန်မအစ်ကို၊ ယောကျ်ားတွေထဲမှာဆိုရင် အစ်ကိုနဲ့ ဖေဖေ့ကိုပဲ ကျွန်မ သဘောကျတယ်"

"မင်းအစ်ကိုက သိပ်တော်တယ်ထင်တယ်"

"တော်တယ်၊ ကျွန်မ သူ့ကို သိပ်ချစ်တယ်"

"ဒါ အဆန်းလား၊ မိန်းကလေးတိုင်းဟာ သူတို့အစ်ကိုတွေကို ချစ်ကြတာပဲ"

ဟု မာဂရက်က ပြန်ပြောသည်။

"သူက ကျွန်မရဲ့အစ်ကိုအရင်း မဟုတ်ဘူးလေ။ ကျွန်မက မွေးစားသမီး"

"မင်း သူ့ကို ချစ်တယ်ဆိုတာ မင်း ဘယ်လိုလုပ် သိသလဲ"

မာဂရက်၏ စိတ်ထဲမှာ မနာလိုစိတ်ကလေး ငြိတွယ်လာသည်။

"ကျွန်မ သိတာပေါ့။ ပြီးတော့ သူကလည်း ကျွန်မကို ချစ်တယ်"

"မင်းတို့ မင်းတို့ ဘာဖြစ်ကြသေးလဲ"

မာဂရက်၏ ရင်ထဲမှ မနာလိုစိတ်သည် ရုတ်တရက် ကြွတက်လာ၏။

"ကျွန်မ ဘယ်သူ့ကိုမှ ဒီအကြောင်း မပြောဖူးဘူး"

"ကိုယ့်ကိုတော့ ပြောပြပါကွယ်။ ကိုယ်တို့နှစ်ယောက်က သူငယ်ချင်းပဲ။ ကိုယ်တို့နှစ်ယောက်ကြားမှာ ဘာတစ်ခုမှ လျှို့ဝှက်မထားသင့်ပါဘူး"

"ကျွန်မကို စိတ်မဆိုးဘူးနော်"

"မဆိုးပါဘူး၊ ပြောပါ"

ရီနာက သူတို့အဖြစ်ကို ပြန်ပြောပြသည်။ ဇာတ်လမ်းဆုံးသောအခါ ရီနာ ငိုတော့သည်။

"လက်ဒီ ဆုံးသွားရတာဟာ ကျွန်မ အပြစ်ပါ။ အမှန်ကတော့ မေမေ့အစား ကျွန်မ

သေသွားသင့်တယ်။ မေမေ မသေသင့်ဘူး။ ကျွန်မသာ သေသွားရင် ဒီအိပ်မက်ဆိုးတွေကို လည်း ကျွန်မ မက်မနေရတော့ဘူးပေါ့။ အခုလည်း တော်ပါပြီလေ။ ဘယ်အိပ်မက်ကိုမှ ကျွန်မ မမက်ချင်တော့ပါဘူး"

"မက်ပါ၊ မင်းအိပ်မက်ကို မင်း ပြန်မက်နိုင်ပါတယ်"

ဟု မာဂရက်က ခပ်ဖြည်းဖြည်း ပြောသည်။ သူ့ခေါင်းကိုလည်း ပွတ်ပေးနေသည်။

"တော်ပြီ၊ မမက်တော့ဘူး"

"မက်ပါ၊ ကိုယ် နားထောင်ပါ့မယ်"

ရီနာက အငိုရပ်လိုက်သည်။ ပြီးတော့ မာဂရက်၏မျက်နှာကို ကြည့်ပြီး အကဲခတ်နေသည်။

"တကယ်လား"

"တကယ်ပါ"

ရီနာသည် အသက်ကို ပြင်းပြင်းရှူလိုက်၏။

"ကျွန်မ သေသွားတယ်လို့ အိပ်မက်တယ်၊ ကျွန်မဘေးမှာ လူတွေဝိုင်းလို့၊ သူတို့ အားလုံး ငိုနေကြတယ်။ သူတို့ ကျွန်မကို သိပ်ချစ်တာ၊ ဘာကြောင့်လဲဆိုတော့ ကျွန်မ မသေဖို့ကို သူတို့အားလုံးက ဝိုင်းတောင်းပန်နေကြတယ်။ ဒါပေမယ့် ကျွန်မ ဘယ်တတ်နိုင်တော့မှာလဲ။ ကျွန်မက သေပြီလေ"

မာဂရက်၏ရင်ထဲမှာ လှုပ်ရှားသည်။ သူသည် ထိုင်ရာမှ ထလိုက်၏။ ပြီးတော့ သူက တိုးတိုးပြောသည်။

"မျက်စိမှိတ်ထား ရီနာ၊ မင်းအိပ်မက်ကို ကိုယ်တို့ သရုပ်ဖော်ရအောင်၊ ကိုယ့်ကို ဘယ်သူ ဖြစ်စေချင်သလဲ"

ရီနာက ရှက်ကိုးရှက်ကန်းဖြင့် မော့ကြည့်သည်။

"လက်ဒီ လုပ်"

"ကောင်းပြီ ကိုယ်က လက်ဒီလုပ်မယ်။ ကဲ မင်း မျက်လုံးတွေကို မှိတ်ထားလိုက်တော့"

မာဂရက်က ရီနာကို ငုံ့ကြည့်၏။ ချက်ချင်းပင် သူ့မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာသည်။ စိုးရိမ်စိတ်သည် သူ့ရင်ထဲမှာ ကြီးစိုးလာသည်။ ကြောက်စိတ်သည် သူ့ကို ဝါးမျိုလိုက်သည်။ ရီနာ သေပြီ။ ရီနာ တကယ် သေပြီ။ သူ တကယ် ဝမ်းနည်းမိပြီ။

"ရီနာ"

ငိုရှိုက်ရင်း အက်ကွဲတစ်ဆို့သောအသံဖြင့် ခေါ်သည်။

"မသေပါနဲ့ ရီနာရယ်၊ မသေပါနဲ့"

ရီနာက မလှုပ်။ မျက်လုံးများကို မှိတ်မြဲမှိတ်ထားသည်။ မာဂရက်က သူ့ဘေးမှာ ဒူးထောက်ထိုင်သည်။

"မသေပါနဲ့ ရီနာရယ်၊ မင်းမရှိရင် ကိုယ် ဘယ်လို နေရမှာလဲ"

ရီနာက မျက်လုံးဖွင့်ကြည့်သည်။ သူ့မျက်နှာပေါ်မှာ ကျေနပ်နှစ်သိမ့်သော အပြုံး ကလေးတစ်ခု မထင်မရှား ရှိနေသည်။ မာဂရက်က ရီနာကို နမ်းလိုက်သည်။

"ပက်ဂီ၊ တကယ် ငိုနေတာပဲ"

မာဂရက်၏ ပါးပြင်များကို သူ့လက်နှင့် ကိုင်ကြည့်သည်။ မျက်ရည်များကို စမ်းမိသည်။ ကျေနပ်စွာဖြင့် သူ့မျက်လုံးများကို သူ ပြန်မှိတ်နေလိုက်သည်။

မာဂရက်သည် ငိုနေဆဲ ဖြစ်၏။ ရီနာ့ကိုယ်ပေါ်မှ ညဝတ်အင်္ကျီကို မာဂရက်က လက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

ပြီးတော့ မာဂရက်၏ ပူနွေးသော နှုတ်ခမ်းများသည် ရီနာ၏ နှုတ်ခမ်းများပေါ်မှာ လာပြီး ဖိကပ်နေတော့သည်။

"ရီနာရယ်၊ မင်းဟာ ကမ္ဘာပေါ်မှာ အလှဆုံး မိန်းကလေးပါပဲကွယ်"

(၁၀)

လက်မှ နာရီကို ငုံ့ကြည့်သောအခါ နှစ်နာရီခွဲနေပေပြီ။

"ကျွန်မ သွားတော့မှပဲ"

"မနက်စာ စားပြီးပြီးချင်း သွားတော့မှာလား။ အဲဒီလို မလုပ်ကောင်းဘူး။ မသွားခင် အရက်ကလေး နည်းနည်းလောက် သောက်သွားပါဦး"

ဝတ်လုံတော်ရ ဂျက်ဒက်စ်ချမ်းက သူ့လက်များကို ဆန့်တန်းရင်းပြောသည်။ ရီနာက သူ့ကို ပြုံးကြည့်သည်။

"ဒါပေမယ့် ကျွန်မ"

"မင်း ပဲရစ်မှာနေတာ တစ်နှစ်ပဲ ကျော်လာပြီ။ လူတစ်ယောက်ဟာ မနက်စာစားပြီး တာနဲ့တစ်ပြိုင်နက်တည်း ချက်ချင်း ထမသွားရဘူးဆိုတာ မင်း မသိသေးဘူးနော်။ ဘယ်လောက်ပဲ အရေးကြီးကြီး ခဏတော့ စောင့်ရတယ်"

သူက ရီနာကို စကားပြောမခံဘဲ ဖြတ်ပြီးပြောသည်။ ထိုအခိုက် သူတို့အနီးမှ ဖြတ်လျှောက်သွားသည့် စားပွဲထိုးကို လှမ်းခေါ်သည်။ စားပွဲထိုးက ခါးညွတ်ရင်း သူတို့အနားမှာ လာရပ်သည်။ ရီနာက ကုလားထိုင်မှာ ပြန်ထိုင်နေလိုက်သည်။ ဂျက်ဒက်စ်ချမ်းက ရီနာကို

"ဘာသောက်မလဲ"

ဟူသည့် အကြည့်မျိုးဖြင့် ကြည့်နေသည်။

"ပါနော့၊ ရေခဲများများ"

ဒက်စ်ချမ်းက စားပွဲထိုးကို လှမ်းကြည့်၏။ စားပွဲထိုးက ခေါင်းညိတ်ပြသည်။

"ကျွန်တော် ကြားပါတယ် ခင်ဗျာ၊ ရေခဲများများ။ လူကြီးမင်းအတွက်တော့ ထုံးစံအတိုင်းပဲပေါ့နော်"

ဒက်စ်ချမ်း ခေါင်းညိတ်ပြသောအခါ စားပွဲထိုး ထွက်သွားသည်။ ရီနာဘက်သို့ ဒက်စ်ချမ်း လှည့်လာသည်။

"မင်း ပန်းချီသင်တာ ဘယ်လိုနေလဲ၊ တိုးတက်ရဲ့လား"

"ရှင် သိတဲ့အတိုင်းပဲလေ၊ ကျွန်မတော့ ပန်းချီဆရာ ဘယ်နည်းနဲ့မှ ဖြစ်နိုင်မှာ မဟုတ်ဘူး"

ရီနာက ရယ်ရင်းပြော၏။

"ဒါပေမယ့် မင်း စိတ်ချမ်းသာတယ် မဟုတ်လား"

ရီနာက အပြင်ဘက်သို့ မျှော်ကြည့်လိုက်သည်။ မေလပင်ဖြစ်သော်လည်း ပဲရစ်မြို့သို့ မေလ၏သဘာဝသည် ပီပီပြင်ပြင် ရောက်လာစမြဲ မဟုတ်။ မေလ၏ လေပြည်လေညင်း လောက်သာလျှင် ရောက်လာစမြဲ ဖြစ်သည်။ မော်တော်ကား ဒရိုင်ဘာများ၊ အမျိုးသမီးများသည် အင်္ကျီပါးပါးလျားလျားများကို စတင် ဝတ်ဆင်နေကြပြီ ဖြစ်၏။ သူတို့ ကိုယ်ပေါ်တွင် အချိန်ကြာမြင့်စွာ ဝတ်ခဲ့ရသည့် အနွေးထည်များကို ချွတ်စပြုကြပြီ။

"ကိုယ်မေးတာ မင်း မဖြေသေးဘူးနော်"

ရီနာက သူ့ဘက်သို့ ပြန်လှည့်သောအချိန်မှာပင် စားပွဲထိုး ပြန်ရောက်လာသည်။

"ကျွန်မ စိတ်ချမ်းသာပါတယ်"

အရက်ခွက်များကို မြှောက်ပြီး နှုတ်ဆက်ကာ သောက်ကြသည်။

"မင်း သူငယ်ချင်းရော၊ ဘယ်လိုလဲ"

"ပက်ဂီလား၊ ဟန်ကျပါတယ်။ သူဟာ ကျွန်မအပေါ်မှာ သိပ်ကောင်းလွန်းတယ်။ သူသာမရှိရင် ကျွန်မ ဘယ်လို နေရမယ်မှန်းတောင် မသိဘူး"

"မင်း ဘယ်လိုလုပ်သိသလဲ။ မင်းမှ မကြိုးစားဘူးသေးဘဲ။ မင်း လုပ်နိုင်တာတွေ အများကြီးရှိတာပေါ့။ မင်းဟာ အင်မတန် ငယ်သေးတယ်၊ အင်မတန်လည်း လှတယ်၊ မင်း ပေါက်ကျားယူနိုင်တယ်၊ ကလေးတွေ မွေးနိုင်တယ်၊ ပြီးတော့လည်း"

"ရှင့်မိန်းမလည်း ဖြစ်နိုင်တယ် မဟုတ်လား"

ရီနာက ရယ်ပြီး သူ့စကားကို အတင်းဖြတ်ပြောလိုက်သည်။ သူကလည်း ပြန်ပြုံးပြရင်း ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ကိုယ့်မိန်းမလည်း ဖြစ်နိုင်သေးတာပဲ။ ဒါပေမယ့် ကိုယ့်စည်းကမ်းတွေ

ကိုတော့ မမေ့ရဘူး"

ရီနာက သူ့မျက်နှာကို ကြည့်နေသည်။

"ရှင်ဟာ အင်မတန် ကြင်နာတတ်တဲ့လူပါ ဂျက်"

တစ်ညနေတုန်းက ဂျက်ဒက်စ်ချမ်း ပြောခဲ့သည့် စည်းကမ်းများကို ရီနာ ပြန်သတိရနေသည်။

ပဲရစ်မြို့သို့ ရီနာနှင့် ပက်ဂီတို့ရောက်လာပြီး လအနည်းငယ် ကြာသောအခါ သူတို့ အိမ်ခန်းတစ်ခန်း ငှားနေကြသည်။ ဖေဖေကလည်း ပဲရစ်မှာ တစ်နှစ်နေခွင့်ပြုသည်။ ပက်ဂီသည် တက္ကသိုလ်တွင် အလုပ်ရမည် ဖြစ်၏။ ပက်ဂီကို အလုပ်ပေးမည့် ပါမောက္ခက တစ်ညနေတွင် ညစ်ခံပွဲလုပ်သည်။ ထိုဧည့်ခံပွဲသို့ ရီနာကိုပါ ပက်ဂီက ခေါ်သွားသည်။

ဧည့်ခံပွဲသို့ရောက်သောအခါ ရီနာသည် တစ်ကိုယ်တည်း ဖြစ်နေ၏။ ပြင်သစ်စကားကို သူ လည်လည်ဝယ်ဝယ် မပြောတတ်သေး။ အများထဲမှာရောဖို့ ခက်နေသည်။ ထို့ကြောင့်လည်း အခန်းထောင့်တစ်နေရာသို့လာကာ မဂ္ဂဇင်းစာအုပ် တစ်အုပ်ကို တောင်လှန်မြောက်လှန် လုပ်နေသည်။ ထိုအခိုက် ခေါ်သံကြားသဖြင့် မော့ကြည့်မိသည်။

အသားညိုညို ပိန်ပိန်ပါးပါး လူကြီးတစ်ယောက် ရပ်နေသည်။ နားသယ်စပ်တွင် သူ့ဆံပင်များသည် ဖြူစပြုနေပြီ ဖြစ်၏။ သူက သိမ်မွေ့စွာ ပြုံးပြနေ၏။ ရီနာကလည်း သူ တတ်သလောက် ပြင်သစ်စကားဖြင့် ပြန်နှုတ်ဆက်သည်။

"ကျုပ် အင်္ဂလိပ်စကား ပြောပါတယ်"

ဟု သူက ခပ်သွက်သွက်ပြော၏။ ရီနာက ပြုံးလိုက်မိသည်။

"မင်းလို အင်မတန်လှတဲ့ မိန်းကလေးတစ်ယောက်က မဂ္ဂဇင်းတစ်အုပ်နဲ့ ဘာလုပ်ဖို့ အချိန်တွေဖြုန်းနေရတာလဲ။ မင်းကို ဒီလို အရှူးလုပ်ဖို့ ဘယ်သူကများ ဒီကို ခေါ်လာရတာလဲ"

"ကျွန်မရဲ့ အမျိုးသမီးသူငယ်ချင်းနဲ့ လိုက်လာတာပါ။ သူက ဒီတက္ကသိုလ်မှာ အခုမှ အလုပ်ရတာလေ"

ပက်ဂီကို လက်ညှိုးထိုးပြရင်း သူက ပြော၏။ ပက်ဂီသည် ပါမောက္ခတစ်ဦးနှင့် တစ်နေရာမှာ စကားပြောနေသည်။

"ဪ"

ဟု သူက ရေရွတ်သည်။ သူ့မျက်နှာပေါ်တွင်လည်း ထူးဆန်းသည့်အမူအရာ ပေါ်လာသည်။

"ရှင်ရော ဘယ်သူနဲ့ လာတာလဲ၊ အဖော် မပါဘူးလား"

သူက ပခုံးတွန့်ပြသည်။

"မပါဘူး၊ ကိုယ်က မင်းကို တွေ့မှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ လာတာ၊ တကယ်ပါပဲ"

ရီနာက သူ့ကို တစ်ချက်ကြည့်လိုက်၏။ သူ့လက်မှာ လက်ထပ်လက်စွပ် ဝတ်ထားသည်ကို တွေ့ရသည်။ ပြင်သစ်အမျိုးသား အများအပြားဘို့သည် လက်ထပ်လက်စွပ် ဝတ်လေ့ရှိကြသည်။

"ရှင့်စကားကို ကျွန်မ ယုံမယ်လို့ ထင်သလား။ ရှင့်မိန်းမက ဘယ်လို ပြောမလဲ"

သူသည် ပြုံးရင်း ရီနာနှင့်အတူ ရော၍ရယ်လိုက်သည်။

"ကျုပ် မိန်းမက အင်မတန် နားလည်တတ်ပါတယ်ဗျာ၊ သူက ကျုပ်နဲ့ လိုက်မလာနိုင်ဘူး။ ကိုယ်ဝန် နေ့စေ့လစေ့ကြီးနဲ့၊ ကိုယ်ဝန်ကြီးမှ ဟောဒီလောက်ကြီး ရှိတယ်"

သူက သူ့ဗိုက်ရှေ့တွင် သူ့လက်ကို အကြီးကြီး ဝိုင်းပြလိုက်သည်။ ရီနာ ပျော်သွား၏။ ထို့ကြောင့် အလွန် သဘောကျစွာ ရယ်လိုက်မိသည်။ သူကလည်း ရီနာနှင့်အတူတူ လိုက်ရယ်သည်။ ထိုအခိုက်မှာပင် ပက်ဂီ၏အသံကို ကြားရ၏။

"သိပ်ပျော်နေပြီလား ရီနာ"

ထို့နောက် ရက်အတန်ကြာခဲ့သည်။ တစ်နေ့လယ်တွင် ရီနာသည် အခန်းမှာ တစ်ယောက်တည်း ရှိနေ၏။ ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ ဆက်သူသည် ဂျက်ဖြစ်၏။ ထိုနေ့က သူတို့နှစ်ယောက် နေ့လယ်စာ အတူစားဖြစ်ကြသည်။ ထို့နောက်

ပိုင်းမှာတော့ အကြိမ်ကြိမ်၊ မြောက်မြားစွာသော အကြိမ်ကြိမ်။

ထို့နောက် တစ်ညနေ သူတို့နှစ်ယောက်သည် အခါတိုင်းလိုပင် အရက်ခွက်ကိုယ်စီဖြင့် အချိန်ဖြုန်းနေကြ၏။

"မင်းဟာ ဘာဖြစ်လို့ ယောကျ်ားတွေကို ဒါလောက် ကြောက်နေရတာလဲ"

ဟု သူက ဆိုင်းမဆင့် ပတ်မပိုးဘဲ ဒဲ့ဒိုးမေးချလိုက်သည်။ ရီနာ၏ လည်ချောင်းထဲမှာ ပူသွားသည်။ မျက်နှာလည်း ရှက်သွေးဖြင့် ရဲလာသည်။

"ရှင် ဘာဖြစ်လို့ ဒီလို ပြောနိုင်ရတာလဲ"

"ကိုယ့်စိတ်ထဲမှာ ဒီလိုပဲ ထင်နေတယ်၊ အလိုလို သိနေတယ်"

ရီနာက အရက်ခွက်ကို ပြန်ကြည့်နေ၏။ ဘာမှ ပြန်မဖြေ။

"မင်း သူငယ်ချင်းကြောင့် ထင်တာလို့တော့ မဖြစ်နိုင်ဘူးထင်ပါရဲ့"

"ဒါက ပက်ဂီနဲ့ မဆိုင်ပါဘူး၊ သူက ကျွန်မရဲ့ ငယ်သူငယ်ချင်းကောင်း တစ်ယောက်ပဲ၊ ဒီထက် မပိုဘူး"

ဂျက်က ငါ သိပါတယ် သာလီကာရယ် ဟူသည့် အပြုံးမျိုးဖြင့် ပြုံးသည်။

"မင်း ရောက်နေတာ ပြင်သစ်နော်၊ မမေ့ဘူး မဟုတ်လား။ ဘာမှ အမှား မဖြစ်နိုင်ပါဘူးကွယ်။ ဒီလိုဟာမျိုးတွေကို တို့ နားလည်ပါတယ်၊ ဒါပေမယ့် မင်းကိုတော့ ကိုယ် နားမလည်ဘူး။ မင်းဟာ ဒီလိုနေရမယ့် မိန်းကလေးတစ်ယောက် မဟုတ်ဘူး"

ရီနာ မျက်နှာပူလာသည်။

"ရှင်နဲ့တော့ ဆိုင်မယ် မထင်ပါဘူး"

"ဟုတ်ပါတယ်၊ ကိုယ်နဲ့တော့ မဆိုင်ပါဘူး။ ဒါပေမယ့် မင်း ဒီအချိန်ဖြုန်းနေတာကိုတော့ မကြည့်ချင်ဘူး"

ဟု သူက ရယ်ပြီး ပြောသည်။

"ရှင့်အတွက် ဘာများ ထူးခြားလာမယ် ထင်လို့လဲ"

ဂျက်က ရီနာ၏မျက်လုံးများကို စိုက်ကြည့်နေသည်။

"ဘာကြောင့်လဲဆိုတော့ ကိုယ်ကလူကြီး၊ လူငယ်တစ်ယောက် မဟုတ်ဘူး။ ကိုယ်ဟာ မင်း စိတ်ချမ်းသာအောင် တတ်နိုင်တဲ့လူ၊ လူငယ်တွေ ဆိုတာက ဒီလို မဟုတ်ဘူး။ နွားသိုးလို အကောင်စားတွေ၊ သူတို့ဖို့ပဲ သူတို့ သိတယ်။ သူများအတွက် ကြည့်ကြတာ မဟုတ်ဘူး၊ နားလည်ကြတာ မဟုတ်ဘူး။ ဒါကြောင့် မင်းဘဝမှာ မိန်းမတစ်ယောက်နဲ့ပဲ ပေါင်းနေသင့်တယ်လို့ မထင်ပါနဲ့။ ပေါင်းသင့်တဲ့ယောကျ်ားတွေ လောကကြီးမှာ အများကြီး ရှိတယ်"

"ရှင့်လို လူမျိုးလား"

ရီနာက ငေါ့တော့တော့ ပြန်မေးသည်။

"ဟုတ်တာပေါ့ ။ ကိုယ်လိုလူမျိုးပေါ့ ၊ မင်းကြည့်ပါလား ၊ မင်းကို ကိုယ်ချိန်းပြီး ထပ်ကာထပ်ကာ တွေ့နေတာ၊ မင်းကို စိတ်ဝင်စားလို့ပေါ့"

ရီနာက ရုတ်တရက် ရယ်ချလိုက်သည်။

"အနည်းဆုံးတော့ ရှင်ဟာ အမှန်ကို ပြောနေတာပေါ့လေ"

"ကျုပ်ဟာ သစ္စာတရားကို အင်မတန် ယုံကြည်သက်ဝင်တဲ့လူပေါ့ ခင်ဗျာ"

* * *

လအနည်းငယ် ကြာပြီးနောက် တစ်နေ့လယ်ခင်းတွင် ဖြစ်သည်။ ထိုနေ့က မိုးရွာနေသည်။ သူ့အခန်းသို့ ရီနာ ရောက်သွားသည်။ သူသည် ကြင်နာတတ်ကြောင်း၊ တစ်ဖက်သား၏ အလိုကို နားလည်သူဖြစ်ကြောင်း၊ သူ့အလိုသာ သူ သိသူမဟုတ်ကြောင်း ရီနာ သဘောပေါက်ခဲ့သည်။

"ဂျက်"

ရီနာ၏ ခေါ်သံကိုကြားသောအခါ ဂျက်သည် မှန်တင်ခုံရှေ့တွင် အင်္ကျီကြယ်သီးတပ်နေရာမှ သူ့ဘက်သို့ ပြန်လှည့်လာသည်။ ပြီးတော့ ခုတင်ပေါ်မှ ရီနာကို ငုံ့ကြည့်သည်။

"ကျွန်မ ရှင့်မိန်းမ ဖြစ်ရရင်ကောင်းမှာပဲလို့ စဉ်းစားနေမိတယ်"

ရီနာက သိမ်မွေ့စွာ ပြောသည်။

"မင်း ဒီစကားပြောလိမ့်မယ် ဆိုတာ ကိုယ် မျှော်လင့်ထားပြီးသားပါ။ ဒါကြောင့်လည်း ဒီအခန်းကို ကိုယ်ငှားထားတာပေါ့။ မင်း ဒီနေ့ညပဲ ပြောင်းလာခဲ့တော့လေ"

"ဒီကို ပြောင်းရမယ်လား"

ရီနာက အံ့အားသင့်သွားသည်။ ဂျက်က ခေါင်းညိတ်ပြသည်။

"ဒီအခန်းကို မင်း မကြိုက်ဘူးဆိုရင် တခြားအခန်းတစ်ခု ကိုယ်ရှာမယ်"

"ဒီလို ပြောင်းလာလို့တော့ မဖြစ်ဘူးထင်တယ်၊ ပက်ဂီက ဘယ်လို လုပ်မလဲ"

"ဘယ်လို လုပ်ရမလဲ၊ ပက်ဂီ သူ့ဟာသူ နေပေစေပေါ့"

"ကျွန်မတို့ ဒီအတိုင်းပဲနေလို့ မရဘူးလား၊ တွေ့ချင်တဲ့အခါကျတော့ ဒီမှာ လာတွေ့ကြတာပေါ့"

"ဒီကို မင်း ပြောင်းမလာနိုင်ဘူးလို့ ဆိုလိုတာလား"

ရီနာက ခေါင်းယမ်းလိုက်သည်။

"ကျွန်မ ပြောင်းလာနိုင်မှာ မဟုတ်ပါဘူး။ အိမ်ကို ထိန်းသိမ်းဖို့ ကျွန်မ ရှိမှဖြစ်မှာ၊ ပက်ဂီတစ်ယောက်တည်း မဖြစ်ဘူး။ ပြီးတော့ ကျွန်မ ဒီလို ဖြစ်နေတယ်ဆိုတာ ဖေဖေကြားရင် သတ်လိမ့်မယ်"

"ဩော် မင်း ယောက်ျားလျာကြီးနဲ့ အတူတူ နေနေတာကိုတော့ မင်းအဖေက စိတ်မပူဘူးလား"

ဟု ဂျက်က စိတ်အချဉ်ပေါက်ပေါက်ဖြင့် ခါးခါးသီးသီး ပြန်မေးသည်။

"ကျွန်မ အဖေအကြောင်းကို ရှင် မသိပါဘူး။ သူက ဘော့စတွန်မှာ၊ ဘယ်တော့မှ ဖေဖေ ဒီလိုတွေးမှာ မဟုတ်ဘူး"

"ဒါဖြင့် သူတို့က ဘယ်လို တွေးမလဲ၊ မင်းရဲ့ ယောက်ျားလျာကြီးအကြောင်းကို ဘယ်လို ထင်မလဲ"

"သူ့အရှိကို အရှိတိုင်းပဲ ထင်မှာပေါ့၊ ကျွန်မရဲ့ဆရာမ၊ ကျွန်မရဲ့အဖော်"

ဂျက်က သံပြတ်ဖြင့် ရယ်သည်။

"ဩ. . . မင်းကို သင်ကြားပြသပေးခဲ့တဲ့ ဆရာမ ဖြစ်ခဲ့တာကိုး"

"ကဲ. . . ဂျက်၊ မဆိုင်တာတွေ ပြောမနေနဲ့တော့၊ ကျွန်မတို့ ဒီအတိုင်းပဲ နေသွားကြလို့ မဖြစ်ဘူးလား"

"မင်း ဒီကို ပြောင်းမလာနိုင်ဘူးပေါ့"

"မလာနိုင်ဘူး၊ ရှင် နားမလည်သေးဘူးလား၊ ကျွန်မ ပြောင်းမလာနိုင်ဘူး"

ဂျက်သည် နေရာမှထကာ မှန်တင်ခုံသို့ ပြန်သွားသည်။ သူ့အင်္ကျီကြယ်သီးများကို ပြီးအောင် ဆက်တပ်သည်။ ပြီးတော့ လည်စည်းကို ကောက်ယူသည်။

"ဒီကို ပြောင်းလာလို့လည်း အကြောင်းထူးလာစရာ ကျွန်မ မမြင်ပါဘူး။ ရှင်က မိန်းမနဲ့၊ ဘယ်လောက်များ အချိန်များများ ပေးနိုင်မှာလဲ"

"အကြောင်းထူးတာပေါ့"

ဂျက်သည် ရီနာကို စေ့စေ့ကြည့်ကာ အကဲခတ်ရင်း အေးတိအေးစက် ပြောသည်။

"အကြောင်းထူးသတဲ့လား၊ ကျွန်မအတွက် ဘာမှ အကြောင်းမထူးဘဲနဲ့ ရှင့်အတွက် ဘာတွေများ အကြောင်းထူးနေသလဲ"

"မယားအပေါ်မှာ လင်က သစ္စာမရှိရင် မယားကလည်း လင်အပေါ်မှာ သစ္စာ မရှိဘူး။ လင်က မယားအပေါ်မှာ သစ္စာရှိရင် မယားကလည်း လင်အပေါ်မှာ သစ္စာရှိတယ်"

"ဒါပေမယ့် ပက်ဂီက ယောက်ျားမှ မဟုတ်ဘဲ"

"ယောက်ျားတော့ မဟုတ်ဘူး၊ ဒါပေမယ့် ယောက်ျားထက် ဆိုးတယ်"

ဂျက်က နာကြည်းစွာ ပြန်ပြောသည်။

ရီနာသည် သူ့ကို ဘာမှ ပြန်မပြောတော့ဘဲ ငြိမ်နေခဲ့သည်။

ထိုအကြောင်းများကို ယခု ပြန်သတိရနေမိသည်။ ချိန်းထားသည့် အချိန်ကို သတိရသဖြင့် အတွေးပြတ်ပြီး သည်ဟိုတယ်ထဲမှာ ဂျက်နှင့်ထိုင်နေသည့်အကြောင်းသို့ စိတ်ပြန်လည်လာသည်။ ထို့ကြောင့် ဖန်ခွက်ထဲမှ ပါနော့ကို ကုန်အောင်သောက်လိုက်သည်။

"ကျွန်မ သွားတော့မှထင်တယ်။ ကျွန်မ သုံးနာရီ အရောက်လာခဲ့မယ်လို့ ပါဗန်ကို ပြောခဲ့တယ်"

"ပါဗန်လား၊ မင်း ပန်းပုထု သင်နေပြန်ပြီလား"

"မဟုတ်ပါဘူး၊ ကျွန်မက ကိုယ်ဟန်ပြတာပါ"

ပန်းပုဆရာကြီးပါဗန် ဘာလုပ်နေသည်ကို ဂျက် သိသည်။ သူ လိုချင်သော ပန်းပုရုပ်တစ်ခုအတွက် ကိုယ်ဟန်ပြမယ် မိန်းကလေးပေါင်း မြောက်မြားစွာကို အသုံးပြုခဲ့ပြီးပြီ။ စံပြပန်းပုရုပ်တစ်ခုရရေးကို သူ အမြဲကြိုးစားနေခဲ့၏။ သို့သော်လည်း ယခုအချိန်အထိ မအောင်မြင်သေး။ ရီနာသည် ရင်သား အလွန် လှသည့် အမျိုးသမီး ဖြစ်သည်။ သည်ရင်သားအလှကိုပင် ပါဗန် ထုလိမ့်မည်ဟု သူ စဉ်းစားမိသည်။

သူ့အကြည့်ကို ရီနာ မြင်သောအခါ အဓိပ္ပာယ်ကို ရီနာ နားလည်လိုက်၏။ ထို့ကြောင့်လည်း သဘောကျစွာ ရယ်လိုက်သည်။

"မဟုတ်ပါဘူး၊ အဲဒါကို မဟုတ်ပါဘူး"

"အဲဒါ မဟုတ်ဘူးလား၊ ဒါဖြင့် ဘာလဲ"

"အဲဒါတွေက သိပ်ကြီးလွန်းတယ်လို့ သူက ပြောတယ်"

"အရူးပါကွာ၊ အနုပညာသည်တွေမှန်သမျှ အရူးချည်းပဲ။ ဒါမဟုတ်ရင် ဘာကို ပန်းပုထုတာလဲ"

ရီနာက သူ့နားနားသို့ကပ်ပြီး တိုးတိုးပြောသည်။ ပြီးတော့ ရီနာသည် အလွန် သဘောကျစွာ ရယ်နေသည်။

"ဒါကို သူက ဘာဖြစ်လို့ သဘောကျရတာတဲ့လဲ"

"သိပ်လှတာပဲတဲ့၊ ဘယ်မိန်းကလေးနဲ့မှ မတူဘူးတဲ့"

ရီနာက အလွန် သဘောကျစွာဖြင့် ရယ်လိုက်ပြန်၏။

ဂျက်၏ပါးပြင်ကိုနမ်းပြီး အပြင်သို့ ရီနာ ထွက်ခဲ့သည်။

(၁၁)

ရီနာသည် သုံးထပ်မှာရှိသော သူတို့အခန်းသို့ ခပ်သုတ်သုတ် တက်လာသည်။ ပန်းပုထုသည့် စတူဒီယိုတွင် သူ ထင်သည်ထက် အချိန် ပိုကြာသွားသည်။ ပက်ဂီ ပြန်မရောက်မီ ညစာအသင့်ဖြစ်အောင် ပြင်ဆင်ဖို့တော့ အချိန်ရှိသေးသည်။

ရေချိုးကြွေရေကန်ထဲမှ ရေများနွေးရန် ဓာတ်ငွေ့ပိုက်ကို ဖွင့်ပြီး မီးတို့ခဲ့သည်။ ပြီးတော့ သူ ဝယ်လာခဲ့သည့် ကြက်ကို ဟင်းချက်သည်။ ပေါင်မုန့် လှီးသည်။ ဒိန်ခဲများကို စားပွဲပေါ်မှာ အသင့်တင်သည်။ ညစာအတွက် အားလုံး ပြင်ဆင်၍ ပြီးသွားသည်။

နာရီကို ငုံ့ကြည့်သည်။ ရေချိုးကြွေရေကန်ထဲမှ ရေလည်း နွေးလောက်ပြီ။ ရေချိုးဖို့အချိန်တော်ပြီ။ ရေကို စမ်းကြည့်သောအခါ အလောတော်လောက် ဖြစ်နေသည်ကို တွေ့ရသည်။ အခန်းထဲသို့ ပြန်လာပြီး အဝတ်အစားများ ချွတ်မည်ပြုစဉ်မှာပင် တံခါးဖွင့်သံ ကြားရသည်။

"ဒီနေ့ စောသားပဲ"

ပက်ဂီက ဘာမှ ပြန်မပြောဘဲ သူ့ကို စိန်းစိန်းကြည့်နေသည်။ သူ့အကြည့်သည် အေးတိအေးစက်လည်း နိုင်သည်။ ရီနာက ပခုံးတွန့်လိုက်သည်။ ပက်ဂီသည် ဤအတိုင်းဖြစ်၏။ အခု ကောင်းချင်လျှင် ကောင်းနေတတ်သည်။ မကောင်းချင်လျှင်လည်း ချက်ချင်း ပြောင်းသွားတတ်သည်။

"အဲဒီ စားပွဲပေါ်မှာ ဝိုင်နဲ့ဒိန်ခဲ ရှိတယ်၊ ညစာမစားခင် စားချင်စားလိုက်ဦး"

ဟု ပြောပြီး ရီနာက ရေချိုးခန်းဘက်သို့ ခြေလှမ်းလိုက်သည်။ ပက်ဂီက သူ့ကိုဆွဲပြီး

မျက်နှာချင်းဆိုင် ရပ်လိုက်၏။

"ဒက်စ်ချမ်းကို မတွေ့ပါနဲ့တော့လို့ ငါ ပြောခဲ့တယ်"

ပက်ဂီကို ရီနာ ကြည့်နေ၏။ သည်အကြောင်းကြောင့် ပက်ဂီ မရွှင်မပျ ဖြစ်နေခြင်း ဖြစ်ကြောင်း ယခုမှ သဘောပေါက်တော့သည်။ မိမိတို့ စားသောက်ဆိုင်အတွင်း၌ အတူ စားသောက်နေခဲ့ကြသည်ကို တစ်ယောက်ယောက်က မြင်သွားပေလိမ့်မည်။ ပြီးတော့ ပက်ဂီကို ပြောပြလိမ့်မည်။ ပက်ဂီသည် အလွန် သဘောထားသေး၏။ အလွန် သဝန်ကြောင်၏။ အခြား ယောကျ်ားများနှင့် တွဲသည်ကို သည်လောက် မဟုတ်။ ဒက်စ်ချမ်းနှင့် တွဲသည်ကို သူ နည်းနည်း ကလေးမျှ သည်းမခံနိုင်။

"သူက မနက်စာစားဖို့ ဖိတ်လို့ သွားစားတယ်။ ဖိတ်နေတာကို မသွားရင် ဘယ် ကောင်းပါ့မလဲ၊ ရိုင်းရာကျမှာပေါ့"

ဟု ရီနာက အေးအေးပဲ ပြန်ပြောသည်။ ပက်ဂီနှင့် သူ ရန်မဖြစ်ချင်။

"ဒါဖြင့်ရင် တစ်နေ့ခင်းလုံး မင်း ဘယ်ပျောက်နေတာလဲ။ မင်း အနုပညာကျောင်းမှာ လည်း မရှိဘူး။ အိမ်မှာလည်း မရှိဘူး။ ဒီနှစ်နေရာစလုံးကို ငါ ဖုန်းဆက်ကြည့်တယ်။ ငါ ဘယ်လောက် စိတ်ပူရတယ် အောက်မေ့သလဲ"

ပက်ဂီ၏လေသံသည် အလွန် မာကျောနေသည်။

"ကျွန်မ ကျောင်းတက်ချင်စိတ် မရှိလို့ မတက်တာ"

"မင်း သူ့အခန်းကို သွားနေတာ မဟုတ်ဘူးလား"

ပက်ဂီ၏ မျက်လုံးထဲတွင် ဒေါသခိုးများ လျှံနေပြီ။

"မသွားပါဘူး"

ရီနာကလည်း သူ့မျက်နှာကို ပြန်ကြည့်နေသည်။

"ညနေ လေးနာရီလောက်တုန်းက ငွေရောင်ဆံပင်နဲ့ မိန်းကလေးတစ်ယောက် သူနဲ့ အတူတူ သူ့ခန်းထဲဝင်သွားတာကို မြင်တဲ့လူက မြင်တယ်"

ရီနာသည် မျက်ခုံးကို ပင့်လိုက်၏။

"ပဲရစ်မြို့မှာ ငွေရောင်ဆံပင်နဲ့ မိန်းမဆိုလို့ ကျွန်မတစ်ယောက်တည်းပဲ ရှိသလား"

"သူ့ကို ဖုန်းဆက်တော့လည်း သူ ဖုန်းမကိုင်ဘူး"

ပက်ဂီက အတပ်စွပ်စွဲရင်း ဆက်မေးသည်။

"သူ့တယ်လီဖုန်းကို သူ မကိုင်တဲ့အတွက် သူ့ကို ကျွန်မက အပြစ်တင်ရမလား"

ရီနာက လှောင်ပြုံး ပြုံးပစ်လိုက်သည်။

ပက်ဂီ၏ လက်တစ်ဖက်သည် မြောက်သွား၏။ ပြီးတော့ ရီနာ၏ မျက်နှာကို ဖြတ်ရိုက်ချလိုက်သည်။

"နင် လိမ်တာ"

ရီနာသည် သူ့ပါးကို လက်တစ်ဖက်ဖြင့် အုပ်လိုက်၏။ ပြီးတော့ ပက်ဂီကို မော့ကြည့်မိ သည်။

ကျန်သေးသည့်ပါးတစ်ဖက်ပေါ်သို့ ပက်ဂီ၏လက်က အရှိန်ပြင်းစွာ ကျလာပြန်သည်။ ထို့နောက် ရီနာ၏ပခုံးကို ဆုပ်ကာ ကြမ်းကြမ်းတမ်းတမ်း လှုပ်ခါလိုက်သည်။

"အမှန်အတိုင်း ပြောစမ်း"

"အမှန်ပြောနေတာပဲ"

ဟု ရီနာက ပြန်အော်ရင်း ပက်ဂီကို ရုတ်တရက် ပြန်ရိုက်ပစ်လိုက်သည်။

အမှတ်တမဲ့မို့ ရီနာ၏လက်ချက်ဖြင့် နောက်သို့ လဲကျသွားသည်။ သူ့မျက်နှာပေါ်တွင် နာကျင်သည့်ဝေဒနာကို ခံစားလိုက်ရသည်။

"မင်းကို ငါ ဘယ်လောက် ချစ်တယ်ဆိုတာ သိရဲ့သားနဲ့ မင်း ဒီလို လုပ်ရသလား"

သူ့ကို ရီနာက စိုက်ကြည့်နေသည်။ အာခံလိုသည့်စိတ်များ သူ့ရင်ထဲမှာ ပေါ်လာ သည်။ ပထမဦးဆုံးဖြစ်ပေါ်ဖူးသော အာခံလိုစိတ် ဖြစ်သည်။

ပက်ဂီသည် ရီနာ၏ခြေထောက်များကို ပြေး၍ဖက်လိုက်သည်။ ပြီးတော့ သူ့မျက်နှာ

ကို ရီနာ၏ခြေထောက်နှစ်ချောင်းကြားမှာ မြှုပ်နှံထားသည်။

"အဲဒီလို အကြည့်မျိုးကြီးနဲ့တော့ မကြည့်ပါနဲ့ကွယ်။ တောင်းပန်ပါတယ် ရီနာရယ်။ ကိုယ့်ကို စိတ်မဆိုးပါနဲ့၊ ကိုယ် ဝမ်းနည်းပါတယ်။ ကိုယ် ရူးသွားပြီထင်တယ်။ မနာလိုစိတ်တွေကြောင့် ကိုယ် ရူးသွားတာပါ"

အရိုက်ခံရသည့် ဒဏ်ချက်ကြောင့် ရီနာ၏မျက်နှာမှာ နာကျင်လာသည်။ ချက်ချင်းဆိုသလိုပင် သူ့စိတ်များ အလွန် ပင်ပန်းနွမ်းနယ်သွား၏။

"နောက် ဒီလို ဘယ်တော့မှ လက်မပါနဲ့၊ ဘယ်တော့မှ မလုပ်နဲ့"

ဟု ရီနာက ခြောက်ကပ်စွာ ပြောသည်။

"မလုပ်တော့ပါဘူး၊ မလုပ်တော့ပါဘူး၊ ကိုယ် သည်းမခံနိုင်လွန်းလို့ပါ။ တဏှာရူးရဲ့လက်တွေနဲ့ မင်းကို ကိုင်တာ ထိတာ၊ ကိုယ် သည်းမခံနိုင်လွန်းလို့ပါ"

"ဂျက်ဟာ တဏှာရူး မဟုတ်ဘူး။ ယောကျ်ား၊ တကယ့် ယောကျ်ားအစစ်၊ အတုမဟုတ်ဘူး"

ရီနာက ပက်ဂီကို ငုံ့ကြည့်ရင်း ပြောသည်။ သူ့အသံထဲတွင် ကျေနပ်မှုများလည်း ရောပါနေသည်။

"ကိုယ့်ကို ခွင့်လွှတ်ပါ ရီနာရယ်၊ ကိုယ်ဟာ မင်းကို အစစအရာရာ သွန်သင်ခဲ့တဲ့သူပါ။ ကိုယ့်ကို စိတ်မဆိုးပါနဲ့"

"ရှင် လိုချင်တာအတွက်ပဲ ရှင် သင်တာပဲ၊ အချစ်နဲ့ပတ်သက်ပြီး ဘယ်လို ခံစားရမယ်ဆိုတာ ရှင် သင်ပေးဖူးလို့လား။ အချစ်ကို ဘယ်လို ပေးရမယ်ဆိုတာ ရှင် သင်ပေးဖူးလို့လား"

ပက်ဂီသည် သည်းထန်စွာ ရှိုက်၍ ငိုကြွေးလိုက်သည်။

* * *

ပန်းပုဆရာကြီးပါဗန်က သူ ထုလုပ်ထားသည့် ပန်းပုရုပ်ဖွင့်ပွဲ အခမ်းအနား ပြုလုပ်ရန် ဖိတ်ကြားထားသည့်ပွဲ ဖြစ်သည်။ ထိုအခမ်းအနားသို့ အမ်ရှုဆင်းသည် အချိန်စောပြီး ရောက်လာ၏။ အချိန်သည် ညနေခြောက်နာရီမျှသာ ရှိသေးသည်။ ထို့ကြောင့်လည်း သူ ထိုင်နေကျ အခန်းထောင့်တစ်နေရာသို့ သွားထိုင်ကာ ရှပ်အင်္ကျီကို ချွတ်သည်။ ပြီးတော့ သပ်ရပ်စွာ ခေါက်ပြီး ကြမ်းပေါ်မှာ ချသည်။ တစ်ဖန် ဖိနပ်ကို ချွတ်ပြန်သည်။ စောစောက ချထားသည့် အင်္ကျီနားမှာ ထားသည်။ သူသည် ခြေအိတ်ဝတ်လေ့ရှိသူ မဟုတ်။

အားလုံးပြီးလျှင် တင်ပျဉ်ခွေထိုင်ကာ ကျောနောက်ဘက်မှ အုတ်နံရံကို မှီသည်။ မျက်စိကို မှိတ်သည်။ အခန်းထဲမှာ မည်သူတို့ မည်သို့ပင်ရှိစေကာမူ သူ အာရုံ မစိုက်တော့။ အခြားသူများကလည်း သူ့ကို မနှောင့်ယှက်ကြ။ သည်လိုဖြင့် ကမ္မဋ္ဌာန်းဘာဝနာကို စီးဖြန်းတော့သည်။

ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းရင်း သည်နေ့ည သည်နေရာတွင် တစ်စုံတစ်ခု ထူးထူးခြားခြား ဖြစ်တော့မည်ကို သူ့အာရုံထဲမှာ အလိုလို သိလာသည်။

အခန်းထဲမှာ တဖြည်းဖြည်း လူများလာသည်။ အဝင်တံခါးပေါက်အနီးတွင် ပန်းပုရုပ်တစ်ခု ရှိနေသည်။ ပန်းပုရုပ်ကို အဝတ်အုပ်ထားပြီး အပေါ်မှ မီးတစ်ပွင့်ကို ဖွင့်ထားသည်။ ထိုအခိုက် တံခါးပွင့်ပြီး ဧည့်သည်နှစ်ယောက် ဝင်လာသည်။ ငွေရောင်ဆံပင်ရှိသော အမေရိကန် အမျိုးသမီးကလေးနှင့် သူ၏ငယ်သူငယ်ချင်း အမျိုးသမီးဖြစ်ကြောင်း အမ်ရှုဆင်း သိလိုက်သည်။

အခမ်းအနားဖွင့်ချိန်ရောက်သောအခါ ပန်းပုဆရာကြီးပါဗန်က မိန့်ခွန်း စပြောသည်။ သူ ပြောသောစကားများသည် အထူးအဆန်းများ မဟုတ်။ ယနေ့ တစ်ညနေလုံး ပြောနေသည့် စကားများပင် ဖြစ်သည်။ ယခင်ကလည်း အကြိမ်ကြိမ်ပြောခဲ့သည့် စကားများပင် ဖြစ်သည်။ သူ့စကား ဆုံးသည်နှင့်တစ်ပြိုင်တည်း ပါဗန်သည် ရုတ်တရက် ငိုချလိုက်၏။ သူသည် အလွန် အကျွံလည်း အရက်သောက်ထား၏။ ကိုယ်ကိုပင် ကောင်းစွာ မဟန်နိုင်။ ငိုရင်းတန်းလန်းမှာပင် ပန်းပုရုပ်ပေါ်၌ လွှမ်းအုပ်ထားသည့်အဝတ်ကို သူက ဆွဲဖယ်ပစ်လိုက်သည်။

အခန်းတွင်းရှိ လူများအားလုံး ငြိမ်ကျသွားသည်။ အဝတ်အောက်မှ ပေါ်လာသည့် ပန်းပုရုပ်ကို အားလုံးက ဝိုင်းဝန်းငေးစိုက်ကြည့်နေကြသည်။

အီတလီမှလာသော ကျောက်ဖြူသားဖြင့် ထုလုပ်ထားသည်။ လူသာမန်၏ သုံးပုံ

တစ်ပုံ အရွယ်အစားခန့်မျှ ရှိသည်။ ပန်းပုရုပ်သည် ခေါင်းပေါ်မှ မီးရောင်အောက်တွင် အသက်ဝင်နေသကဲ့သို့ ထင်မှတ်ရသည်။ အောက်ခံခုံပေါ်မှာ ခြေဖျားထောက်ပြီး ရပ်နေသည်။ ခေါင်းကို မိုးပေါ်သို့ မော့ထားပြီး လက်နှစ်ဖက်က ယင်းမျက်နှာကို ပင့်တင်ထားသကဲ့သို့ရှိသည်။ သူချစ်သော နေမင်းကို မျှော်နေသည့်ဟန်။

ခဏကြာသောအခါ ဝေဖန်သံများ၊ ချီးမွမ်းသံများဖြင့် အခန်းထဲမှာ ပြန်လည်လှုပ်ရှား အသက်ဝင်လာသည်။ ချီးကျူးစကားဆိုကြသည့်အထဲတွင် လူတစ်ယောက်ကား မပါ။ သူသည် လီယိုကာဒီးယား ဖြစ်၏။ ပန်းချီပန်းပုများကို ဝယ်ပြီး တစ်ဆင့်ပြန်ရောင်းသူ ဖြစ်သည်။ လူလုံးလူဖန် ခပ်သေးသေး ဖြစ်သည်။ ဆံပင်ဖြူဖြူနှင့် ငွေစကားကို အလွန် ပြောတတ်သူ ဖြစ်သည်။

နောက်ဆုံး၌ မည်သူက မည်သို့ပင် မှတ်ချက်ချစေ၊ လီယိုကာဒီးယား၏ အဆုံးအဖြတ်သည်သာလျှင် အတည်ဖြစ်ပေသည်။ ဤပန်းပုရုပ်သည် မည်ရွေ့မည်မျှ တန်သည်ဟု သူဆုံးဖြတ်လျှင် ဆုံးဖြတ်သည့်အတိုင်းသာ ဖြစ်ရချေမည်။ တန်ဖိုးကို သူသာလျှင် သတ်မှတ်စမြဲ ဖြစ်သည်။

ပါဗန်က အနုပညာကုန်သည်ကြီးအနီးသို့ တိုးကပ်သွား၏။

"လူကြီးမင်း ဘယ်လို သဘောရပါသလဲ ခင်ဗျား"

လီယိုကာဒီးယားသည် ပါဗန်ကို လှည့်မကြည့်။ ဤအကျင့်သည်လည်း သူ ပြုလုပ်နေကျအကျင့် ဖြစ်သည်။ သူ စကားပြောသောအခါတွင် မည်သူ့ကိုမျှ ကြည့်လေ့ မရှိ။ အထူးသဖြင့် အနုပညာပစ္စည်းများ ဝယ်ယူရေးနှင့်ပတ်သက်ပြီး ဈေးစကားပြောသည့် အခါတိုင်းတွင် သူသည် သက်ဆိုင်ရာအနုပညာသည်ကို ကြည့်လေ့ မရှိ။

"ဒီပန်းပုရုပ်က ရောင်းပန်းတော့ တယ်မကောင်းလှဘူး"

ဟု သူက ပြောသည်။

"ဘာ ရောင်းပန်းလှမလှ ခင်ဗျားကို ကျုပ် မေးတာ မဟုတ်ဘူး။ ကျုပ် လက်ရာ ဘယ်လို နေသလဲဆိုတာကို မေးနေတာ"

ဟု ပါဗန်က စိတ်ဆိုးမာန်ဆိုးဖြင့် အော်လိုက်သည်။

"ခင်ဗျား လက်ရာကလည်း အခါတိုင်းလိုပါပဲ"

လီယိုကာဒီးယားကလည်း ပြောမြဲအတိုင်း ပြောသည်။ ပါဗန်သည် သူ၏ပန်းပုရုပ်ဆီသို့ လက်များကို ဆန့်တန်းလိုက်၏။

"သေသေချာချာ ကြည့်စမ်းပါဦး၊ ကိုယ်လုံးကိုယ်ထည် တည်ဆောက်ထားပုံကို ကြည့်စမ်းပါဦး။ မိန်းကလေးတစ်ယောက်တည်းကို ကြည့်ပြီး ထုထားတာ မဟုတ်ဘူး။ မျက်နှာက တစ်ယောက်၊ ကိုယ်လုံးအစိတ်အပိုင်းတွေက တစ်ပိုင်းကို တစ်ယောက်စီကြည့်ပြီး ထုထားတဲ့ ပန်းပု၊ ကိုယ်ဟန်ပြမယ်ပေါင်းများစွာ ပေါင်းလိုက်တော့မှ တစ်ခုတည်းဖြစ်လာတဲ့ ပန်းပုရုပ်၊ ခင်ဗျား သေသေချာချာကြည့်၊ ဘယ်လောက် ခြောက်ပြစ်ကင်း သဲလဲစင်ဖြစ်တဲ့ ပန်းပုလည်း မျက်လုံးတွေကိုကြည့်၊ အဲဒါ တစ်ယောက်၊ ပါးရိုးတွေကိုကြည့်၊ အဲဒါ နောက်တစ်ယောက်၊ နှာခေါင်းကိုကြည့်၊ အဲဒါ"

ထိုနေရာမှာပင် ပါဗန်၏စကား ရပ်သွားသည်။ အရုပ်ကို သူ သေသေချာချာ စိုက်ကြည့်နေသည်။ ပြီးတော့ လေသံကလေးဖြင့် တိုးတိုးရေရွတ်လိုက်သည်။

"နှာခေါင်း"

နံရံနားမှာကပ်နေကြသည့် ကိုယ်ဟန်ပြမယ်များထံသို့ သူ လှမ်းကြည့်သည်။

"ဝိုင်တစ်ပုလင်းလောက် ယူခဲ့ကြစမ်းပါကွာ။ အင်း နှာခေါင်း"

သူသည် အရုပ်ကို ကြည့်ရင်း ရေရွတ်နေပြန်သည်။

"ခင်ဗျား ဘာဖြစ်လို့ နှာခေါင်းအကြောင်းတော့ ကျုပ်ကို မပြောတာလဲ"

လီယိုကာဒီးယားကို သူက မေးသည်။ သို့သော် လီယိုကာဒီးယားကမူ ဘာမှ ပြန်မဖြေ။ နှာခေါင်းတွင် တစ်စုံတစ်ရာ မှားယွင်းနေကြောင်း ပြောရမည့်အချိန်လည်း မဟုတ်။ ကိုယ့်သိက္ခာကို ကိုယ်ဆည်ထားရမည့် အချိန် ဖြစ်သည်။

"ဆောက်ယူခဲ့စမ်း"

ပါဗန်သည် သူ့လူများဆီသို့အော်ရင်း ကုလားထိုင်တစ်လုံးပေါ်သို့ မတ်တတ်ရပ်သည်။ ပြီးတော့ ပန်းပုရုပ်၏နှာခေါင်းပေါ်သို့ သူ၏ဆောက်ကို သိမ်သိမ်မွေ့မွေ့ကလေးတင်ကာ ဆောက်ပုတ်ဖြင့် လိုအပ်သလို ပြုပြင်သည်။ စိတ်တိုင်းကျသောအခါကျမှ ယင်း နှာခေါင်းကို အဝတ်စဖြင့် သုတ်လိုက်သည်။ ကျောက်သားသည် ပို၍ အရောင်တောက်ပလာသည်။

ပါဗန်သည် သူ့အရုပ်ကို သူ ပြန်ကြည့်ရင်း ကြောက်မက်ဖွယ်ကောင်းသော အသံမျိုးဖြင့် အော်ဟစ်လိုက်ပြန်၏။

"မှားသွားပြီ၊ မှားသွားပြန်ပြီ၊ ကျုပ် မှားပြီးလုပ်လိုက်မိပြီ။ ခင်ဗျား ဘာဖြစ်လို့ အရူးထတဲ့အလုပ်တွေ ကျုပ်ကို လုပ်ခိုင်းရတာလဲ"

လီယိုကာဒီးယားသည် ဘာမှ မပြော။ ငြိမ်မြငြိမ်နေ၏။

ပါဗန်သည် ပန်းပုစားပွဲဘက်သို့ လှည့်လိုက်ပြန်သည်။ သူ့မျက်လုံးထဲမှာ မျက်ရည်များပြည့်နေပြီ။ ပြီးတော့ အရုပ်ဘက်သို့ မျက်နှာလှည့်လိုက်ပြန်သည်။ ရုတ်ခြည်းပင် သူ့လက်ထဲမှာ ရှိနေသည့် ဆောက်ပုတ်ဖြင့် ပန်းပုရုပ်၏ဦးခေါင်းကို တအားလွှဲရိုက်ပစ်လိုက်တော့သည်။

အရုပ်၏ဦးခေါင်းကျိုးပြီး ကြမ်းပေါ်သို့ လွင့်စဉ်ကျသွားသည်။ ပါဗန်သည် ဆောက်ပုတ်ဖြင့်ပင် ပန်းပုရုပ်အကျိုးကို တအားဆက်ရိုက်ပြန်၏။ လက်နှစ်ဖက်ကျိုးပြီး ကြမ်းပြင်ပေါ်သို့ ကျသွားပြန်သည်။ ပြီးတော့ ပခုံး၊ နောက်ပြီးတော့ ရင်သားအပိုင်း။ ပန်းပုရုပ်သည် အောက်ခံခုံပေါ်တွင် အပိုင်းပိုင်းကျိုးပဲ့ကာ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတော့သည်။

ပါဗန်သည် အကျိုးအပဲ့များကြားမှာ ဒူးထောက်ထိုင်ချလိုက်၏။ ပြီးတော့ သူ့လက်ထဲမှ ဆောက်ပုတ်ကိုလည်း လွှပ်ယမ်းနေသည်။ သူ့မျက်နှာမှာ မျက်ရည်များ အိုင်ထွန်းနေပြီ။ နာကြည်းစွာဖြင့် သူ အော်ငိုသည်။

"ငါ ချစ်တယ်၊ ငါ မင်းကို ချစ်တယ်၊ ဒါပေမယ့် ငါ့အပေါ်မှာ မင်း သစ္စာဖောက်သွားပြီ"

နောက်ဆုံးတွင် သူသည် ပင်ပန်းတကြီးဖြင့် ကြမ်းပြင်ပေါ်သို့ ကိုယ်ကို လှဲချလိုက်သည်။

သူ့အနားသို့ ဧည့်သည်များ ရောက်လာကြသည်နှင့် တစ်ပြိုင်တည်း ပါဗန်သည် အကျိုးအပဲ့များကြားမှာ တစ်စုံတစ်ရာကို ရှာဖွေနေသည်။ နောက်ဆုံး သူ လိုချင်သောအရာကို သူ ရသည်။ ထိုအရာကို လက်ထဲမှာကိုင်ပြီး ထိုင်ရာမှ ထလိုက်သည်။ ပြီးတော့ ပန်းပုပွဲစား၏ မျက်နှာရှေ့မှာ ထိုအရာကို လှုပ်ယမ်းပြနေသည်။

"ကျုပ် ဘယ်နေရာမှာ မှားသွားတယ်ဆိုတာ အခု ကျုပ် သိပြီ။ ကျုပ် ပြောတာ မှန်တယ် မဟုတ်လား လူကြီးမင်း"

လီယိုကာဒီယားက ပန်းပုဆရာ၏ လက်ထဲမှ အရုပ်ကျိုးတစ်ပိုင်းကို ကြည့်နေသည်။ ယခုအချိန်အထိ ဘာကို ဆိုလိုကြောင်း သူ မသိသေး။ သို့သော် ယခု တစ်ချိန်တွင်လည်း သူ ဖြေချိန် မရလိုက်။ ထို့ကြောင့် အလွန် သတိထားပြီး ခေါင်းကိုသာ ညိတ်ပြလိုက်ရသည်။

"ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ပါပဲဗျာ။ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ဟာ အင်မတန် ကြီးမားပါပေတယ်။ ကျုပ် စိတ်ရူးပေါက်ပြီး ဖျက်ဆီးပစ်တဲ့ အထဲမှာ ဒီအလှဆုံး အစိတ်အပိုင်းကလေး ပျက်စီးမသွားတာ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့်ပါပဲ"

လူအုပ်ကြီးသည် ပါဗန် ရှိရာသို့ သူ့ထက်ငါဦး တိုးဝှေ့လာကြသည်။ ပါဗန် ကိုင်ထားသည့်အရာမှာ မည်သည့်အရာ ဖြစ်လေသနည်းဟု ဝိုင်းအုံကြည့်ကြသည်။ ပါဗန်၏လက်ထဲမှာ ပန်းပုရုပ်၏ ခါးအောက်ပိုင်းအပြတ် ကိုင်ထားသည်ကို တွေ့ကြရသည်။ ထို့ကြောင့်လည်း မည်သူကမျှ နားမလည်။ အချင်းချင်း လက်တို့ပြီး. . .

"အဲဒါ ဘာလဲ"

ဟု မေးကြသည်။

"ခင်ဗျားတို့ အရူးတွေပဲ၊ ခင်ဗျားတို့ ဘယ်နေရာကနေပြီး လူဖြစ်လာကြတယ်ဆိုတာ တောင်မှ သတိမရကြတော့ဘူးလား။ ဒါဟာ မိန်းမတစ်ယောက်ရဲ့ အလှဆုံးအပိုင်း"

ပါဗန်က သံကုန်အော်လိုက်သည်။

သူသည် လက်ထဲမှ အရုပ်ပိုင်းကို ကြည့်နေသည်။ တဖြည်းဖြည်း သူ့မျက်နှာပေါ်တွင် ကျေနပ်နှစ်သိမ့်မှုများ ပေါ်လာသည်။

လီယိုကာဒီးယားသည် ပါဗန်၏လက်ထဲမှ အရုပ်ကျိုးကို ထပ်ကြည့်လိုက်ပြန်၏။ သူ ချက်ချင်း သဘောပေါက် နားလည်လိုက်သည်။ အီဂျစ် မင်းညီမင်းသားငယ် တစ်ယောက် အကြောင်းကိုလည်း ပြေး၍သတိရလိုက်သည်။ ထိုမင်းသားငယ်သည် ဤအရုပ်ကျိုးကလေးကို များစွာ နှစ်သက်သဘောကျပေလိမ့်မည်။ ထို့ကြောင့်လည်း သူသည် မဆိုင်းမတွ အော်ပြောလိုက်သည်။

"ဖရန့်ငွေ တစ်ထောင်"

ပါဗန်က ပွဲစား၏မျက်နှာကို လှမ်းကြည့်သည်။ သူ့စိတ်ထဲမှာ ယုံကြည်စိတ်ချမှုများ ပိုမို ခိုင်မြဲလာသည်။

"ဖရန့်တစ်ထောင် ဟုတ်လား"

ဟုလည်း ငေါ့တော့တော့ မေးလိုက်သည်။

"ဒါဖြင့် တစ်သောင်းငါးထောင်ဗျာ ကဲ"

လီယိုကာဒီးယားက ထပ်ပြော၏။

အနုပညာကို ဖန်တီးထုတ်လုပ်ကြသည့် အနုပညာသည်များနှင့် ထိုပစ္စည်းကို ဝယ်ယူ ရောင်းဝယ်ဖောက်ကားနေကြသော ပွဲစားတို့ချင်း ကြုံတွေ့ကြရသည့် ပဋိပက္ခသည် စလာပြီ။ အနုပညာသည်က ကိုယ့်ပစ္စည်းကို တန်ဖိုးထားသည်။ ကုန်သည်ပွဲစားတို့က ဈေးပေါပေါနှင့် အချောင်ရကြဖို့ အချောင်လိုက်သည်။ ပါဗန်သည် သူ့မိတ်ဆွေ အနုပညာသည်များဘက်သို့ လှည့်လိုက်သည်။

"ကြည့်ပါဦးဗျာ၊ ကျုပ်ကို တစ်သောင်းငါးထောင်ပဲ ပေးနိုင်မယ်တဲ့"

အနုပညာသည်များဘက်သို့ လှည့်အော်ပြီး ပွဲစားဘက်သို့ သူ ပြန်လှည့်လာသည်။

"နှစ်သောင်းငါးထောင်က ခြူးတစ်ပြားမှ အပွန်း မခံနိုင်ဘူး။ နောက်ပြီးတော့ ဒီအစိတ် အပိုင်းကို ထုနိုင်ဖို့ ကိုယ်ဟန်ပြပေးတဲ့ အမျိုးသမီးကိုလည်း ဝယ်တဲ့သူက ကော်မရှင် ပေးရမယ်"

လီယိုကာဒီးယား၏ မျက်နှာသည် ကြမ်းပြင်ပေါ်သို့ ငုံ့ကျသွားသည်။

"ကိုယ်ဟန်ပြမယ်ကို ကျုပ် မသိရဘဲနဲ့ ဘယ်လိုလုပ်ပြီး ကော်မရှင်ပေးနိုင်မလဲ"

ပါဗန်က အခန်းကို လှည့်ကြည့်သည်။ ကိုယ်ဟန်ပြမယ်များသည် တစ်ယောက်ကို တစ်ယောက် စိတ်ဝင်တစား ကြည့်ကြသည်။ ထိုအစိတ်အပိုင်းကလေးအတွက် မိမိတို့ထဲမှ မည်သူများ ကိုယ်ဟန်ပြခဲ့လေသနည်းဟု စဉ်းစားကြသည်။ သို့သော် ဤအစိတ်အပိုင်းသည် သူတို့ထဲမှ တစ်ယောက်နှင့်မျှ မဆိုင်။ ပါဗန်က တစ်ယောက်ကို လက်ညှိုးထိုးလိုက်သည်။

"မင်း. . . မင်း၊ လာ၊ ဒီကို လာခဲ့"

လူအားလုံးက ပါဗန် လက်ညှိုးထိုးရာသို့ လိုက်ကြည့်ကြသည်။ သူ လက်ညှိုးညွှန် ရာမှာ ရပ်နေသူကား ရီနာ ဖြစ်ချေသည်။ ရီနာ၏မျက်နှာမှာ သွေးရောင်လွှမ်းသွားသည်။ ပြီးတော့ ပါဗန်က သူ့ကို ဆွဲခေါ်လိုက်၏။ ပန်းပုရုပ်အနီးမှာ ရပ်စေသည်။ ထိုမှတစ်ဖန် ပွဲစားဆီသို့ ခေါ်လာသည်။ ရီနာကို လီယိုကာဒီးယားက ကြည့်သည်။ သို့သော်လည်း သာမန် ကြည့်လိုက် သည့် သဘောမျှသာ ဖြစ်သည်။ ပြီးတော့ သူ့မျက်နှာကို တခြားသို့ လွှဲသွားသည်။

"သဘောတူပြီ"

ပန်းပုဆရာ၏ မျက်နှာပေါ်တွင် အလွန် ကျေနပ်နှစ်သိမ့်သည့် အောင်ပွဲခံသည့် အမူအရာများ ပေါ်လာသည်။ ရီနာကို သူ့လက်နှစ်ဖက်ဖြင့် မြှောက်ယူလိုက်သည်။ ပြီးတော့ ပါးပြင်နှစ်ဖက်စလုံးကို စိတ်လှုပ်ရှားစွာဖြင့် နမ်းလိုက်သည်။

"မင်း ထာဝရ တည်မြဲသွားပြီ။ ကမ္ဘာတည်သမျှ တည်မြဲအောင် မင်းရဲ့အလှကို ကျောက်တုံးပေါ်မှာ ငါ ထုဦးမယ်"

ရီနာက ရယ်သည်။ အလွန် ပေါကြောင်ကြောင်နိုင်သည့် အလုပ် ဖြစ်သည်။ သူတို့ အားလုံး ရူးကုန်ကြပြီ။ ပါဗန်က သီချင်းစဆိုသည်။ ရီနာကိုလည်း သူ၏လက်များဖြင့်ဆွဲယူကာ အခန်းကို လှည့်ပြီးကသည်။ ပန်းပုရုပ် အောက်ခံခုံတစ်ခုပေါ်သို့ ရီနာကို မြှောက်တင်လိုက်

သည်။ တစ်ဆက်တည်းမှာပင် ရီနာ၏ ကိုယ်ပေါ်မှာ ရှိနေသော အဝတ်များကို ကြမ်းကြမ်းတမ်းတမ်း ဆွဲဆုတ်လိုက်သည်။ ရီနာသည် အောက်ခံခုံပေါ်မှ ကျမသွားအောင် ကိုယ်ကို ထိန်းထားရသည်။ အာမေဋိတ်သံများသည် တစ်ခန်းလုံးမှာ ပြည့်လျှံသွား၏။

ပါဗန်ကပင် ရီနာကို အောက်သို့ ချပေးသည်။ ပြီးတော့ သူ့လက်ထဲမှ အဝတ်များကို ရီနာ၏ကိုယ်ပေါ်သို့ လွှမ်းခြုံပေးသည်။ ရီနာက ရေချိုးခန်းအတွင်းသို့ ပြေးဝင်သွားသည်။ တစ်အောင့်ကြာသောအခါ ပြန်ထွက်လာ၏။

သူ့ကို ပက်ဂီ စောင့်နေသည်။ ရီနာ ထွက်လာသောအခါ ပက်ဂီက သူ့လက်ကို ဆွဲခေါ်၏။ သူတို့နောက်မှာ တံခါးပိတ် ကျန်ရစ်ခဲ့သည်။

သူတို့ ရောက်သွားသည့် နေရာနှင့် အမ်ရှုဆင်း ထိုင်နေသည့် နေရာသည် ကန့်လန့်ကာကလေးတစ်ခုသာ ခြားသည်။ ထို့ကြောင့်လည်း သူတို့နှစ်ယောက် ပြောနေကြသည့် စကားများကို သူ ကောင်းစွာ ကြားနေရသည်။

"မင်း ရှုးနေသလား"

"ဒါ သိပ်အရေးမကြီးပါဘူး ပက်ဂီရယ်"

"သတင်းစာတွေထဲမှာ ဒီအကြောင်းပါလာရင် ဘယ့်နှယ်လုပ်မလဲ၊ ပြီးတော့ သတင်းစာ အားလုံးရဲ့ မျက်နှာဖုံးမှာ ပါတော့မယ်။ ဘော့စတွန်က သတင်းစာတွေက ဝိုင်းရေးကြတော့မယ်။ ဒီအကြောင်းကို မင်း မစဉ်းစားမိဘူးလား"

"ကျွန်မဖြင့် သတင်းစာတွေက တပ်ကြမယ့် ခေါင်းစဉ်ကြီးတွေကိုတောင် မျက်စိထဲမှာ မြင်ယောင်လာပြီ။ ဘော့စတွန် မြို့သူကလေးကို ပဲရစ်တွင် အလှဘုရင်မအဖြစ် ရွေးခြင်း"

ရီနာက ရယ်ရင်း ပြန်ပြောသည်။

"ညည်းက ဒါကို သိပ်ဂုဏ်ယူနေတယ်ပေါ့လေ"

"ဘယ့်နှယ်ကြောင့် မယူရမှာလဲ။ ကျွန်မ တစ်သက်လုံး ဒီလို ဖြစ်ဖို့ကို ကြိုးစားလာခဲ့ရတာ"

"အဲဒီလို ဖြစ်တဲ့အခါကျတော့ ပဲရစ်မှာ ရှိနေကြတဲ့ ယောက်ျားတွေက ညည်းနောက်ကို တကောက်ကောက် လိုက်နေကြမှာပေါ့။ ညည်းက ဒါမျိုးတွေကို သဘောကျနေတဲ့ မိန်းမ မဟုတ်လား"

"သဘောကျချင် ကျမှာပေါ့။ ကျွန်မဟာ အရွယ်ရောက်နေပြီပဲ၊ ကဲ တော်ပါတော့၊ ပေါက်ကရတွေ လျှောက်ပြောမနေပါနဲ့"

လက်ဖြင့် ပြင်းပြင်းထန်ထန် ရိုက်သည့်အသံကို ကြားလိုက်ရသည်။ ပြီးတော့ အလွန် စိတ်ဆိုးသည့် အသံလည်း ထွက်ပေါ်လာ၏။

"ဘာမှ တန်ဖိုးမရှိတဲ့ နင့်လို မိန်းမမျိုးကို ဟောဒီလိုပဲ လုပ်ရတယ်"

ခေတ္တမျှ တိတ်သွားသည်။ ပြီးတော့မှ အသံများ ပြန်ပေါ်လာသည်။

"ရှင် ဒီလို လက်မပါနဲ့လို့ ကျွန်မ ပြောခဲ့တယ် မဟုတ်လား"

နောက်ထပ် ရိုက်သံကို အမ်ရှုဆင်းက ကြားရပြန်သည်။

"နင့်ကို ဒီလိုလုပ်မှ နားလည်မယ်"

ခဏတိတ်သွားပြန်သည်။ ပြီးတော့မှ အသံပြန်ထွက်လာသည်။

"ရီနာ"

ကျားများကို လိမ္မာရေးခြားရှိအောင် သင်ကြားပြသပေးသူသည် ကျားလှောင်အိမ်ထဲသို့ ရောက်သွားသည်တွင် မိမိကို ရန်ပြန်မူတော့မည့်ကျားနှင့် ရင်ဆိုင်ရသောအခါ ဖြစ်ပေါ်တတ်သည့် အသံမျိုးဖြစ်ကြောင်း အမ်ရှုဆင်းက ရိပ်မိလိုက်သည်။

"ရီနာ၊ မင်း ဘာလုပ်တာလဲ၊ ဖိနပ်ကို ချလိုက်"

ခဏအတွင်းမှာပင် အလန့်တကြားအော်သံနှင့်အတူ လူတစ်ယောက် လဲကျသွားသည့်အသံကို ကြားရသည်။ ထိုမှ တစ်ဆက်တည်း လှေကားအတိုင်း အောက်သို့ လိမ့်ဆင်းသွားသည့်အသံကိုပါ ဆက်ကြားရသည်။ ထိုနေရာသို့ ပထမဦးဆုံး ရောက်သွားသူမှာ အမ်ရှုဆင်းပင် ဖြစ်သည်။

ရီနာသည် လှေကားထိပ်တွင် ရပ်နေသည်။ လှေကားအောက်သို့ ငုံ့ကြည့်နေသည်။

သူ့ဖိနပ်သည် သူ့လက်ထဲမှာ ကိုင်လျက်သား ရှိနေဆဲပင်။ အမ်ရှူးဆင်းက ရီနာ့လက်ထဲမှ ဖိနပ်ကို ယူပြီး သူ့ခြေထောက်မှာ စီးပေးသည်။

"သူ့ကို ကျွန်မ လက်ဖျားနဲ့တောင် မတို့လိုက်ပါဘူး"

"ကျွန်တော် သိပါတယ်"

အမ်ရှူဆင်းက တိုးတိုးပြော၏။

ရီနာသည် ရုတ်တရက်ပင် အမ်ရှူဆင်း၏ ကိုယ်ပေါ်သို့ ယိုင်ကျသွားသည်။ အမ်ရှူဆင်းက ဆီးယူထိန်းထားလိုက်ရသည်။ ရီနာ၏ရင်များ တဆတ်ဆတ် တုန်နေကြောင်း သတိထားမိသည်။

"သူ ချော်ပြီးတော့ အဲဒီ လှေကားအတိုင်း ကျသွားတာပါ"

"ဘယ်သူ့ကိုမှ ဘာမှ မပြောနဲ့၊ ကျွန်တော် ပြောမယ်"

အမ်ရှူဆင်းက အမိန့်ပေးသည့် အသံမျိုးဖြင့် ခပ်တိုးတိုး ပြန်ပြောသည်။

သူတို့နောက်ဘက်မှ တံခါးပွင့်လာပြီး ဧည့်သည်နှစ်ယောက် ဝင်လာကြသည်။ အမ်ရှူဆင်းက ရီနာ၏ကိုယ်ကို ထိန်းထားရင်း သူတို့ဘက်သို့ လှည့်ကြည့်သည်။

"လူတစ်ယောက် မတော်တဆ အောက်ကို လိမ့်ကျသွားလို့ ဆရာဝန်တစ်ယောက် ခေါ်ပေးပါ"

သူ့ပခုံးပေါ်မှာ မှီရင်း ရီနာ ငိုနေပြီကို သူ သိသည်။ ရီနာကို သူ ငုံ့ကြည့်၏။ ပြီးတော့ သူ့စိတ်ထဲမှာ ကျေနပ်သွားသည်။

သည်ကိုရောက်လာတုန်းက အခန်းထောင့်မှာ သူ ထိုင်ရင်း ကမ္ဘဌာန်းဘာဝနာ စီးဖြန်းခဲ့သည်။ သည်နေ့ည၊ သည်နေရာတွင် တစ်ခုခု ထူးထူးခြားခြား ဖြစ်တော့မည်ဟု သူ့စိတ်ထဲက အလိုလို သိခဲ့သည်။ ယခု သူ့စိတ်အာရုံထဲမှာ သိမြင်ခဲ့သည့်အတိုင်း မှန်ပြီ။ သည်လို မှန်သဖြင့် သူ့ဉာဏ်စဉ်သည် ကောင်းစွာ တိုးတက်လာပြီဖြစ်ကြောင်း သူ သဘောပေါက်သည်။ ထို့ကြောင့်လည်း ကျေနပ်နှစ်သိမ့်ခြင်း ဖြစ်သည်။

(၁၂)

အခန်းတွင်းသို့ ဂျက် ဝင်လာသောအခါ ရီနာသည် နံရံအနီးတွင် ခြေထောက်နှစ်ချောင်းမိုးပေါ် ထောင်ပြီး အုန်းပင်စိုက်နေသည်ကို တွေ့ရသည်။ သူ၏ ဖြူဆွတ်သော ဆံပင်များသည် ကြမ်းပြင်ပေါ်သို့ ငွေရည်များ ဖိတ်စဉ်ကျနေသကဲ့သို့ ရှိသည်။

"ဘာတွေများ လုပ်နေတာလဲ"

ဟု သူက သိမ်မွေ့စွာ မေးသည်။ ရီနာက ပြန်ပြုံးပြသည်။

"အုန်းပင် စိုက်နေတာလေ"

"အုန်းပင်စိုက်နေတာတော့ မြင်သားပေါ့၊ ဘာဖြစ်လို့ လုပ်နေတာလဲလို့ မေးတာ"

"အမ်ရှူဆင်းက ပြောတယ်၊ ဒီလို လုပ်တာဟာ ဦးနှောက်အတွက် အလွန် ကောင်းတယ်တဲ့၊ ဦးနှောက်ကို သွေးနဲ့ ဆေးလိုက်တာနဲ့ အတူတူပဲတဲ့။ ကမ္ဘာကြီးကို အမြင်သစ်နဲ့ မြင်ရမယ်တဲ့၊ သူ ပြောတာ မှန်တယ်။ ရှိရှိသမျှ အရာဝတ္ထုတွေအားလုံးကို ပြောင်းပြန် မြင်နေရတယ်"

"အုန်းပင်စိုက်နေတဲ့ ကောင်မလေးတစ်ယောက်ကို ဘယ်လို နမ်းရမယ်ဆိုတာရော အမ်ရှူဆင်းက ပြောပြမထားဘူးလား"

"မပြောဘူး၊ ကျွန်မဟာ ကျွန်မ ပြန်စဉ်းစားနေတယ်"

ရီနာက ရယ်ရင်း အနေအထားကို ပြင်လိုက်၏။ သူ့ပုံသည် လှည်းထောက်ခွကို ပြောင်းပြန် ထောင်ထားသကဲ့သို့ ဖြစ်နေသည်။ ဂျက်က သူ့အနားသို့ သွားပြီး နမ်းလိုက်သည်။ ရီနာသည် အလွန် သဘောကျစွာ ရယ်ရင်း ကြမ်းပြင်ပေါ်သို့ ပြန်ကျလာသည်။

"မင်း ရယ်သံကြားရတာ သိပ်ကြည်နူးစရာကောင်းတာပဲ၊ တစ်ခါမှ ဒါလောက် မရယ်ဖူးဘူးနော်"

"အရင်တုန်းက ပျော်မှ မပျော်ခဲ့ဘဲ"

"ဒါဖြင့် အခု ပျော်နေပြီလား"

"သိပ်ပျော်တာပဲ"

ရီနာ၏မျက်လုံးများထဲမှာ တကယ် ပျော်နေသည့် အရိပ်အယောင်များကို ဂျက် မြင်ရသည်။ ဟိုစောစောပိုင်း တစ်ညတုန်းက သူ မြင်ခဲ့ရသည့် ရီနာ၏ မျက်နှာမျိုး မဟုတ်။ ထိုနေ့ညက ဂျက်၏ တယ်လီဖုန်း မြည်လာသည်။

"မွန်ဇွာ ဒက်စ်ချမ်းလား ခင်ဗျာ"

တစ်ဖက်က ခပ်တိုးတိုး မေးသည်။

"ဟုတ်ပါတယ်"

ဟု သူက အိပ်ချင်မူးတူးဖြင့် ဖြေသည်။

"နှောင့်ယှက်မိတဲ့အတွက် တောင်းပန်ပါတယ်။ ကျွန်တော့်နာမည် အမ်ရှဆင်း ဖြစ်ပါတယ်။ ကျွန်တော် ခင်ဗျားရဲ့သူငယ်ချင်း ရီနာမာလိုးနဲ့ အတူတူ ရှိနေပါတယ်။ ခင်ဗျားရဲ့ အကူအညီကို သူ လိုနေပါတယ်"

တစ်ဖက်က ပြင်သစ်ဘာသာဖြင့် ပြောနေသည်။ သို့သော်လည်း အင်္ဂလိပ်သံ ဝဲသလိုလို ရှိနေသည်။ သေသေချာချာ နားထောင်သောအခါတွင်မူ အင်္ဂလိပ်လို ဝဲခြင်းလည်း မဟုတ်။

"တော်တော် အရေးကြီးသလား"

"အင်မတန် အရေးကြီးပါတယ် ခင်ဗျာ။ မစ္စဘရက်ဒလေ လေယာဉ်ပေါ်က လိမ့်ကျပြီး အနိစ္စ ရောက်သွားပါတယ်။ ရဲတွေအဖို့လည်း တော်တော် အခက်တွေ့နေပါတယ်"

"မစ္စတာမာလိုးနဲ့ ကျွန်တော် စကားပြောချင်ပါတယ်"

"မဖြစ်နိုင်ပါဘူး ခင်ဗျာ။ တယ်လီဖုန်းရှိရာကို သူ လာလို့မရနိုင်တဲ့အခြေအနေပါ။ သိပ်ကို ထိတ်လန့်နေပါတယ်"

"အခု ခင်ဗျားတို့ ဘယ်မှာလဲ"

"ပန်းပုဆရာကြီးပါဗန်ရဲ့ စတူဒီယိုမှာပါ၊ နေရာကို သိပါတယ်နော်"

"သိပါတယ်၊ ကျွန်တော် နာရီဝက်အတွင်း ရောက်အောင်လာခဲ့ပါ့မယ်။ ကျွန်တော် ရောက်မလာခင် ဘယ်သူနဲ့မှ စကားမပြောပါစေနဲ့ဦး"

"ကျွန်တော်လည်း ဒီအတိုင်းပဲ ပြောထားပါတယ်၊ ခင်ဗျား မရောက်မချင်း ဘယ်သူနဲ့မှ စကား မပြောစေရပါဘူး"

ပါဗန်၏စတူဒီယိုသို့ ဂျက် ရောက်သွားသောအခါ ရဲများက ရီနာကို အဝတ်အစားလဲ သည့်အခန်းကလေး တစ်ခုအတွင်းမှာ သီးခြား ထိုင်ခိုင်းထားကြောင်း ဆီးပြောသည်။

"လူကြီးမင်းရဲ့ မိတ်ဆွေဟာ သိပ်ကို စိတ်ချောက်ချားနေပါတယ်။ ကျွန်တော် ဆရာဝန်လည်း ခေါ်ခိုင်းထားပါတယ်"

ဟု ရဲအရာရှိက ဂျက်ကို ဆီးပြောသည်။

"သိပ်ကို ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဘာဖြစ်တယ်ဆိုတာ ကျွန်တော့်ကို ပြောပြနိုင် မလား။ မိတ်ဆွေတစ်ယောက်က တယ်လီဖုန်းဆက်ခေါ်လိုက်လို့ ကျွန်တော် အခုပဲ ရောက်လာ ပါတယ်"

"သိပ်အရေးမကြီးလှပါဘူး ခင်ဗျာ၊ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ မစ္စဘရက်ဒလေဟာ လေယာဉ် ပေါ်ကနေပြီး လိမ့်ကျသွားပါတယ်။ အဲဒီအချိန်တုန်းက သူနဲ့အတူတူ မစ္စမာလိုးတစ်ယောက်ပဲ ရှိနေပါတယ်။ ဒါကြောင့် သူ့ဆီက အစစ်ခံချက်ကို ကျွန်တော်တို့ ယူဖို့ရှိပါတယ်"

ဂျက်က ခေါင်းညိတ်ပြသည်။ သည်မျှမကပင် ရဲအနေဖြင့် လုပ်သင့်ပေသေးသည်။

"ကျွန်တော် အခန်းထဲကို သွားလို့ရမလား"

"သွားလို့ရပါတယ် ခင်ဗျာ"

အခန်းထဲရောက်သောအခါ ရီနာကို ကြည့်လိုက်၏။ သို့သော် ရီနာသည် သူ့ကို မြင်ပုံ မရ။ ရီနာသည် ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်နေသည်။ သူ့ဘေးမှာ ပေါင်းထုပ်နှင့် အရပ်ရှည်ရှည် ပန်ချာပီတစ်ယောက် ရပ်နေသည်။

"မွန်ဇွာ ဒက်စ်ချမ်းလား ခင်ဗျာ"

"မှန်ပါတယ် မွန်ဇွာဆင်း"

အမ်ရှုဆင်းက ရီနာကို စကားပြောသည်။ သူသည် ကလေးငယ်တစ်ယောက်ကို ပြောနေသကဲ့သို့ တိုးတိတ်ညင်သာစွာ ပြောနေသည်။

"ခင်ဗျားမိတ်ဆွေ မွန်ဇွာဒက်စ်ချမ်း ရောက်လာပြီလေ"

ရီနာက မော့ကြည့်သည်။ သို့သော်လည်း သူ မြင်ပုံမရ။ မှတ်မိပုံ မရ။ သူ့မျက်လုံးများသည် ကြောင်မြကြောင်နေသည်။ ဂျက်က စူးစမ်းသည့်အကြည့်မျိုးဖြင့် အမ်ရှုဆင်းကို လှည့်ကြည့်သည်။

"ဖြစ်တုန်းက ကျွန်တော် အနားမှာ ရှိနေပါတယ်။ သူ့သူငယ်ချင်း ဒီလို ဖြစ်သွားရတာနဲ့ပတ်သက်ပြီးတော့ သူ့ကို အပြစ်တင်မှာ သိပ်စိုးရိမ်နေပါတယ်။ သူ့စိတ်တွေလည်း သိပ်ကို ချောက်ချားနေပါတယ်"

"ဒီကိစ္စမှာ ရီနာများ ပတ်သက်နေသလား"

"ကျွန်တော်တော့ ရဲကို ရှင်းပြခဲ့ပါတယ်။ သူနဲ့ပတ်သက်နိုင်တဲ့ အကြောင်းအရာမျိုး မတွေ့ရပါဘူး"

"ရီနာကရော ရဲတွေကို ဘာပြောသေးသလဲ"

"သူတို့နဲ့ ဘာမှ မပြောတာ ကောင်းတယ်လို့ ကျွန်တော် ထင်ပါတယ်"

ဟု အမ်ရှုဆင်းက ပြန်ပြောသည်။

"ခင်ဗျား ဆရာဝန်လား"

"ကျွန်တော် ကျောင်းသားပါ မွန်ဇွာ"

"ဒီလိုဆိုရင် သူတို့ကို စကားမပြောအောင် ရီနာကို ခင်ဗျား ဘယ်လိုလုပ် ညွှန်ကြားထားသလဲ"

ဂျက်က အမ်ရှုဆင်းကို ကြည့်နေသည်။

"ဘာစကားမှ မပြောနဲ့လို့ဘဲ ကျွန်တော် ပြောလိုက်တာပါပဲ"

"သူကရော နားထောင်ရဲ့လား"

"သူလည်း ဘာမှ မတတ်နိုင်ရှာပါဘူး"

အမ်ရှုဆင်းက ခေါင်းညိတ်ပြရင်း ပြန်ဖြေသည်။

"ကျွန်တော်ရော သူ့ကို စကားပြောနိုင်ပါသလား"

"ပြောချင်တယ်ဆိုရင် ပြောနိုင်ပါတယ်၊ ဒါပေမယ့် ဒီနေရာမှာ ပြောမယ့်အစား တခြားနေရာမှာ သွားပြောဖို့ ကျွန်တော် အကြံပေးပါရစေ။ သူ ပြောတာနဲ့ပတ်သက်ပြီး အထင်အမြင်လွဲသွားမှာစိုးလို့ပါ"

"ဒါပေမယ့် ရဲတွေက ဆရာဝန် အခေါ်ခိုင်းထားတယ် မဟုတ်လား၊ ဆရာဝန်က ဘာပြောမလဲ"

"မစ္စရီနာဟာ လုံးဝ ချောက်ချား တုန်လှုပ်နေပါတယ်လို့ပဲ ဆရာဝန်က ပြောမှာ သေချာပါတယ်"

အမ်ရှုဆင်းက ပြုံးရင်း ပြန်ပြောသည်။

ဆရာဝန် ရောက်လာသောအခါတွင်လည်း အမ်ရှုဆင်း ပြောသကဲ့သို့ပင် ဆရာဝန်က မှတ်ချက်ချသည်။ ဂျက်က ရဲအရာရှိကို လှည့်ကြည့်သည်။

"တကယ်လို့ ကျွန်တော့်ကို ခွင့်ပြုနိုင်မယ်ဆိုရင် မစ္စမာလိုးကို သူ့အိမ်အရောက် ကျွန်တော် လိုက်ပို့ပါရစေ။ ကျွန်တော်တို့ ဆရာဝန်နဲ့ စစ်ဆေးပြီးရင် မနက်ဖြန် ညနေကျတော့ သူ့စစ်ချက်ကို ယူနိုင်အောင် ခင်ဗျား ရုံးခန်းအရောက် ကျွန်တော် ပြန်ခေါ်ခဲ့ပါ့မယ်"

ရဲအရာရှိက ခွင့်ပြုလိုက်သည်။ တက္ကစီထဲသို့ ရောက်သောအခါ ဂျက်က ရီနာ၏ အိမ်လိပ်စာကို တက္ကစီဒရိုင်ဘာအား ပြောပြသည်။

"မစ္စမာလိုးအနေနဲ့ ဒီအချိန်မှာ သူ့အခန်းကို မပြန်တာ ကောင်းတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဟိုအခန်းပြန်ရောက်ရင် ဆုံးသွားတဲ့ သူ့သူငယ်ချင်းနဲ့

ပတ်သက်ပြီး သတိရစရာတွေ ပြန်တွေ့နေရပါလိမ့်မယ်"

ဂျက်သည် ခဏ စဉ်းစားနေ၏။ ပြီးတော့ သူ၏ အခြားလိပ်စာကို ပြောပြလိုက်သည်။

အမ်ရှုဆင်းက အိပ်ခန်းတွင်းသို့ ဝင်သွားသောအခါ ရီနာသည်လည်း တိတ်ငြိမ်စွာ လိုက်သွား၏။ ဂျက်က နောက်ဘက်တွင် တံခါးကို ပိတ်ခဲ့သည်။ အမ်ရှုဆင်းက ရီနာကို ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်စေ၏။

"ကဲ ကျွန်တော် ဘာမှ မပြောတော့ဘူး။ ခင်ဗျား ကြိုက်တာ ပြောနိုင်ပြီ"

ဟု အမ်ရှုဆင်းက ပြောသည်။

ရီနာ၏ခေါင်းက အနည်းငယ် မော့လာသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ နိုးလာသူကဲ့သို့ ရီနာ၏မျက်လုံးများ ပုတ်ခတ်ပုတ်ခတ် ဖြစ်နေသည်။ နောက်ဆုံး ဂျက်ကို သူ မြင်သွားပုံရသည်။ သူ့မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာပြီး ဂျက်၏ ရင်ခွင်တွင်းသို့ ပြေးဝင်လိုက်သည်။

"ဂျက် ဂျက် ရှင်လာမယ်ဆိုတာ ကျွန်မ သိတယ်"

ဟု ပြောရင်း ငိုတော့သည်။

"ရှူး ဘာမှ မကြောက်ပါနဲ့တော့၊ အားလုံး အဆင်ပြေသွားမှာပါ"

တံခါးဖွင့်သံနှင့် ပိတ်သံကြားရသည်။ နောက်ဘက်သို့ ဂျက် လှည့်ကြည့်လိုက်သောအခါ အမ်ရှုဆင်း ထွက်သွားပြီကို မြင်ရသည်။

နောက်နေ့တွင် ရဲအရာရှိရုံးသို့ သူတို့ သွားကြသည်။ လိုအပ်သည့် စစ်ချက်များ ပေးပြီးသောအခါ ရီနာ၏ ပစ္စည်းများ အားလုံးကို ဂျက်၏ အခန်းကလေးသို့ သယ်ယူခဲ့ကြသည်။ နောက်နှစ်ရက်အကြာ တစ်ညတွင် အခန်းတွင်းသို့ ဂျက်ဝင်လိုက်သောအခါ ကုလားထိုင်မှထလာသည့် အမ်ရှုဆင်းကို ဂျက် တွေ့ရသည်။

"အမ်ရှုဆင်းဟာ ကျွန်မ သူငယ်ချင်းပါပဲ"

ဟု ရီနာက တုံ့ဆိုင်းဆိုင်းဖြင့် ပြောပြသည်။ ဂျက်က ရီနာကို ကြည့်၏။ ပြီးတော့ ပန်ချာပီကို ကြည့်သည်။ ဂျက်သည် ရှေ့သို့ လျှောက်သွားရင်း လက်ထုတ်ပေးလိုက်သည်။

"သူဟာ မင်းရဲ့ သူငယ်ချင်းဆိုရင် ကိုယ်ရဲ့သူငယ်ချင်းလည်း ဖြစ်တာပေါ့"

ပန်ချာပီ၏ ဖြူဖွေးသော သွားများ လက်သွားသည်။ ထိုအချိန်မှစပြီး သူတို့ သုံးယောက်သည် မကြာခဏဆိုသလို ညစာ အတူစားလေ့ ရှိကြသည်။ တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ်လောက်တော့ စားဖြစ်ကြသည်။

* * *

ဂျက်သည် အခန်းတံခါးသော့ကို ဖွင့်ပြီး ရီနာကို အတွင်းသို့ အရင် ဝင်ခိုင်းလိုက်သည်။ ပြီးမှ သူ ဝင်လိုက်လာသည်။

ရီနာသည် အခန်းတွင်းသို့ ရောက်သောအခါ အဝတ်အစားများလဲပြီး ယောဂီများ ထိုင်သလို တင်ပျဉ်ခွေထိုင်သည်။ လက်နှစ်ဖက်ကို လက်မချင်းဆိုင်ကာ ပေါင်ပေါ်တွင် တင်ထားသည်။

"ဘာလုပ်မလို့လဲ"

ဟု ဂျက်က အံ့ဩပြီးမေးသည်။

"ကမ္မဋ္ဌာန်းထိုင်မလို့လေ၊ မအိပ်ခင် ငါးမိနစ်လောက် ကမ္မဋ္ဌာန်းထိုင်လိုက်ရင် စိတ်သက်သာရာရတယ်၊ ခန္ဓာကိုယ်က အကြောခြင်တွေလည်း လျော့သွားတယ်လို့ အမ်ရှုဆင်းက ပြောတယ်"

ဂျက်က အင်္ကျီများ ချွတ်နေ၏။ အဝတ်လဲရင်းမှလည်း ရီနာကို မှန်ထဲက တစ်ဆင့် လှမ်းကြည့်နေသည်။

"ကိုယ့်အနေနဲ့တော့ အမ်ရှုဆင်းကို မနာလိုစရာတွေ ဖြစ်လာပြီနော်"

"ဒီအတိုင်းဆိုရင်တော့ ကျွန်မ သိပ်ကို စိတ်မချမ်းမသာ ဖြစ်ရမှာပဲ၊ မနာလိုဘူးဆိုရင် သူ့ကို ကျွန်မ ဆက်မတွေ့တော့ဘူး"

"ကိုယ့်အတွက်တော့ သူ့ကို မတွေ့ဘဲ နေသင့်ပါတယ်"

"ကောင်းပြီလေ၊ ရှင့်ကို ကျွန်မက ချစ်တယ် မဟုတ်လား။ သူဟာ ကျွန်မရဲ့သူငယ်ချင်း၊ ကျွန်မရဲ့ဆရာ သက်သက်ပါပဲ"

"သူဟာ မင်းရဲ့သူငယ်ချင်းဆိုရင် ကိုယ့်ရဲ့သူငယ်ချင်းလည်း ဖြစ်တာပေါ့၊ ဒါကြောင့် မင်းတို့ချင်း ဆက်ဆံရေး ပျက်ပြားသွားရမယ် ဆိုရင်လည်း ကိုယ် စိတ်မကောင်းပါဘူးလေ"

ရီနာက ပြုံးသည်။ ဂျက်ကလည်း ရီနာကို ပြန်ကြည့်ရင်း ပြုံးသည်။

"တို့သူငယ်ချင်းဆီက ဘာတွေများ မင်း ဒီနေ့ သင်ခဲ့ရသေးသလဲ"

"ကလေးဘဝကတည်းက ကျွန်မ စိတ်တွေဟာ ချောက်ချားခဲ့တယ်။ အသေဆိုးနဲ့ သေရမှာကို ကြောက်ခဲ့တယ်။ အဲဒီ ကြောက်စိတ်တွေက မကြာခင် လွတ်မြောက်တော့မယ်လို့ အမ်ရှူဆင်းက ပြောတယ်"

"ကောင်းတာပေါ့၊ ဘယ်လို ပျောက်သွားမှာတဲ့လဲ"

"ကလေးရနိုင်ဖို့အတွက် ယောဂီအကျင့်တွေကို သူက ကျွန်မကို သင်ပြပေးတယ်။ ယောဂီကျင့်စဉ်တွေက ကျွန်မကိုယ်ကို ကျွန်မ ပြန်ထိန်းနိုင်လာမယ်တဲ့"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာတဲ့လဲ၊ လေ့ကျင့်ခန်း ဆိုတာ ကလေးရှိနေတဲ့ အချိန်ကျမှ လိုတာ မဟုတ်လား"

"ကျွန်မလည်း သိပါတယ်"

ဟု ရီနာက ပြန်ဖြေသည်။ သူ့အသံထဲတွင် အဓိပ္ပာယ် တစ်ခုခု ရှိနေကြောင်း ဂျက်က အကဲခတ်လိုက်မိသည်။ ရီနာသည် ကမ္ဘဋ္ဌာန်းထိုင်သည့် ပုံစံအတိုင်းပင် ဆက်ထိုင်ရင်း စိတ်ကို တည်ငြိမ်အောင် ကျင့်နေသည်။

"ဒီအကြောင်းက ဘယ်လိုလုပ်ပြီး ပေါ်လာတာလဲ"

"ရှင့်ကြောင့်ပေါ့၊ ဒေါက်တာဖော်နေးက ပြောတယ်။ ကျွန်မ ကလေးရတော့မယ်တဲ့"

ဂျက်သည် ရုတ်တရက်ပင် ရီနာ၏ဘေးသို့ ရောက်သွားသည်။ ပြီးတော့ ရီနာကို သူ့ရင်ခွင်တွင်းသို့ ဆွဲယူလိုက်သည်။ လက်ရှိ သူ့ဇနီးနှင့် ကွာရှင်းပြတ်စဲမည်ဖြစ်ကြောင်း၊ ထိုအခါတွင် ပြင်သစ်တောင်ပိုင်းရှိ သူတို့မိသားစုအိမ်ကလေးတွင် ကလေးမျက်နှာမြင်နိုင်မည် ဖြစ်ကြောင်းများကို တတွတ်တွတ် ပြောပြသည်။ ရီနာက ဂျက်၏နှုတ်ခမ်းပေါ်သို့ သူ့လက်များကို တင်ပြီး ပိတ်လိုက်သည်။

"တော်ပါတော့၊ အမေရိကန်တွေလို အရူးမထချင်စမ်းပါနဲ့၊ အမေရိကန် ဆိုတာက အရူးထတိုင်း လင်မယား ကွာရှင်းပြတ်စဲကြနေတာ သူတို့အဖို့က ဘာမှ အထူးအဆန်း မဟုတ်ဘူး။ ဒါပေမယ့် ဒီမှာတော့ ဒီလို မဟုတ်ဘူးလေ၊ ရှင် မိန်းမနဲ့ ကွာရှင်းလိုက်ရင် ရှင့်လုပ်ငန်း ထိခိုက်သွားမှာပေါ့။ ရှင့်ရဲ့ရှေ့နေလုပ်ငန်းကို ဖျက်ဆီးလိုက်တာနဲ့ အတူတူ ဖြစ်သွားမှာပေါ့။ ဒီအကြောင်းတွေ မပြောပါနဲ့တော့၊ ကျွန်မ ရှင့်ကလေးကို မွေးပါ့မယ်။ ပြီးတော့လည်း ဒီအတိုင်း ဆက်နေကြရင် ဖြစ်တာပါပဲ"

"ဒါပေမယ့် မင်းအဖေက ဒီအကြောင်းတွေ သိသွားရင် ဘယ်လိုလုပ်မလဲ"

"သူ သိဖို့မလိုပါဘူး။ ကျွန်မ အိမ်ကို အလည်ပြန်တဲ့အခါမှာ ကျွန်မ မတော်တဆ အိမ်ထောင်ကျခဲ့တယ်လို့ ပြောပြလိုက်ရုံပေါ့"

ရီနာသည် ထိုမျှသာပြောပြီး ရယ်နေလိုက်သည်။ ပြီးတော့ ဂျက်ကို ရေချိုးခန်းဘက်သို့ တွန်းလွှတ်သည်။

"ကဲ ရေသွားချိုးတော့၊ ဒီနေ့အဖို့ ဒါလောက် အံ့ဩစရာတွေတွေ့ရရင် တော်ရောပေါ့။ ကျွန်မဖို့ ဘော်စတွန်က သတင်းစာတွေ ပါသလား"

"ကိုယ့်လက်ဆွဲအိတ်ထဲမှာ"

ရေချိုးခန်းထဲသို့ သူ ဝင်ခဲ့သည်။ ရေသည် နွေးနွေးကလေးရှိနေ၏။ ရေချိုးလိုက်သဖြင့် လန်းဆန်းလာသည်။

ရေချိုးခန်းအပြင်သို့ သူ ထွက်ခဲ့သောအခါ ရီနာသည် အိပ်ခန်းထဲမှာ မရှိတော့။ ဧည့်ခန်းသို့ သူ ထွက်လာသောအခါ စားပွဲမှာထိုင်နေသော ရီနာကို တွေ့ရသည်။ သတင်းစာများကို ငုံ့ဖတ်နေသည်။ သူ့တစ်ကိုယ်လုံး တုန်လှုပ်နေသည်ကိုလည်း တွေ့ရသည်။

"ရီနာ"

ရီနာက သူ့ဘက်သို့ တဖြည်းဖြည်း လှည့်ပြီး မော့ကြည့်သည်။ ဤမျှ စိတ်ဒုက္ခ ခံစားနေရသည့် မျက်နှာမျိုးကို သူတစ်သက်တွင် မမြင်ဖူးဘူးခဲ့။ သူ့ဘဝမှာ ရှိရှိသမျှသော မျှော်လင့်ချက်များအားလုံး ကုန်ဆုံးပြိုကွဲသွားသည့် အမူအရာမျိုး ဖြစ်သည်။

"ကျွန်မ ကလေး မရနိုင်တော့ဘူး ဂျက်"

ရီနာက မျှော်လင့်ချက်ကုန်ဆုံးသည့် လေသံမျိုးဖြင့် ပြောသည်။

"ဘာပြောတယ်"

သူ့အသံလည်း လည်ချောင်းထဲမှာ တစ်ဆို့နေသည်။ ရီနာ၏ မျက်လုံးထဲတွင် မျက်ရည်များ ပြည့်လာသည်။

"ကျွန်မ အိမ်ကို ပြန်တော့မယ်"

"ဘာဖြစ်လို့လဲ"

ဟု သူက ပြန်အော်မေးမိသည်။ သူ့ရင်ထဲမှာ နာကျင်မှုများ ပေါ်လာသည်။ ရီနာက သတင်းစာများကို လှမ်းကြည့်သည်။ ထို့ကြောင့်လည်း သတင်းစာများရှိရာသို့ သူ လျှောက်လာခဲ့သည်။ သတင်းစာ တစ်မျက်နှာလုံး ပြည့်နေသည့် ခေါင်းစဉ်ရှည်ကြီးကို တွေ့လိုက်ရသည်။

ဟာရစ်ဆန်မာလိုးကို တရားဆွဲလိုက်ခြင်း

မိသားစုဘဏ်ဆုံးရှုံးသွားရသည့် ရာဇဝတ်မှုတွင် ပတ်သက်နေခြင်း

အစရှိသော ခေါင်းစဉ်များ ဖြစ်သည်။ ခေါင်းစဉ်၏အောက်တွင် သုံးကော်လံအရွယ် ထည့်ထားသော ဟာရစ်ဆန်မာလိုး၏ ဓာတ်ပုံကို တွေ့ရသည်။ ဂျက်သည် ရီနာ၏ပခုံးများကို ယုယစွာကိုင်လိုက်သည်။

"ဖြစ်ရလေ အချစ်ရယ်"

"ဒီကလေးကိုတော့ ကျွန်မ လိုချင်တာ အမှန်ပါပဲ ဂျက်ရယ်"

ရီနာ၏ လေသံကလေးကို မနည်းအားယူပြီး နားထောင်ရသည်။

"ကိစ္စ မရှိပါဘူးကွယ်။ နောက်ကလေးတစ်ယောက်ကျမှ တို့မွေးကြတာပေါ့။ ဒီကိစ္စ ပြီးသွားရင် မင်း ပြင်သစ်ကို ပြန်လာမှာပဲ မဟုတ်လား"

သူ့ရင်ခွင်ထဲမှာ ရီနာက လူးလွန့်နေသည်။

"မဖြစ်နိုင်တော့ဘူး၊ နောက်ထပ် ကလေး မရနိုင်တော့ဘူးလို့ ဒေါက်တာဖော်နေးက ပြောတယ်"

## (၁၃)

ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ရုံးခန်းအတွင်းရှိ မျက်နှာကြက်မှ ပန်ကာသည် ပျင်းရိငြီး ငွေ့ဖွယ်ကောင်းလောက်အောင် တဝီဝီ အသံမြည်ရင်း လည်နေသည်။ ဩဂုတ်လ၏ အပူရှိန်ကြောင့် အခန်းတွင်း၌ ပူအိုက်နေသည်။ အလွန်ကြီးသည့် စားပွဲကြီးတစ်လုံးရှေ့ရှိ ကုလားထိုင်မှာ ရီနာ့ကို အမျိုးသားအတွင်းရေးမှူးက အထိုင်ခိုင်းသည်။

ရီနာက ကုလားထိုင်မှာ ဝင်ထိုင်သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ဘေးမှာ ထိတ်ထိတ်ပျာပျာဖြင့် ရပ်နေသော အတွင်းရေးမှူးလုပ်သူကို ရီနာက ကြည့်နေမိ၏။ ပြည်နယ်အုပ်ချုပ်ရေးမှူးက စာရွက်များကို လက်မှတ်ထိုးသောအခါ ထိုးပြီးသည့် စာရွက်များကို တစ်ရွက်ပြီးတစ်ရွက် သူက ကောက်ယူနေသည်။ နောက်ဆုံးစာရွက်ကို ကောက်ယူပြီးသောအခါ အခန်းအပြင်သို့ သူ ထွက်သွားသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးက ဆေးပြင်းလိပ်တစ်လိပ်ကို ကောက်ယူသည်။ ရီနာက သူ့လှုပ်ရှားမှုများကို ကြည့်နေသည်။ သူက ရီနာကို ပြန်ကြည့်သည်။ ဥပမိရုပ် အလွန်ကောင်းသည့် ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်ကြောင်း ရီနာက အကဲခတ်မိသည်။

"ကျုပ် ဆေးလိပ်သောက်တာ စိတ်မရှိနဲ့နော် မစ္စမာလိုး"

ရီနာက ခေါင်းယမ်းပြသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြုံးသည်။ ဓားသေးသေးကလေးကို ယူပြီး ဆေးပြင်းလိပ် ဖင်ပိုင်းကို ညှိနေသည်။ ပြီးမှ မီးခြစ်ကောက်ယူကာ မီးညှိသည်။ မီးခိုးလိပ်များ အပေါ်သို့ လွင့်တက်သွားသည်။ အမျိုးကောင်း ဟာဗနာဆေးရွက်မှထွက်လာသည့် အနံ့မွှေးမွှေးကလေးကို ရှူရှိုက်လိုက်ရသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြုံးပြန်သည်။

"ကျုပ်ရဲ့သမားတော်က ခွင့်ပြုထားတဲ့အထဲမှာ ဆေးလိပ်သောက်တာနဲ့ တခြား တစ်ခုနှစ်ခုလောက်ပဲ ကျန်တော့တယ်လေ"

ဟု ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြော၏။ သူ့အသံသည်လည်း သာယာသည့်အသံပင် ဖြစ်သည်။ သူ ပြောသည်မှာ ကောင်းစွာ ပြန့်နှံ့သွားနိုင်သည့် အသံမျိုး ဖြစ်သည်။ ပြီးတော့ စားပွဲဆီသို့ သူ့ကိုယ်ကို ကိုင်းလိုက်သည်။

"ကျုပ်က အသက်တစ်ရာအစိတ်လောက်အထိ အသက်ရှည်လိမ့်မယ်လို့ မျှော်လင့် ထားတာ၊ ကျုပ်ရဲ့ သမားတော်လည်း ပြောပါတယ်။ ဆေးလိပ်သောက်တာ ဖြတ်လိုက်ရင် နေရမှာပါပဲတဲ့"

"ပြည်နယ်အုပ်ချုပ်ရေးမှူးကြီး အသက်ရှည်လိမ့်မယ်လို့ ကျွန်မလည်း ယုံကြည်ပါတယ် ရှင်"

ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ကုလားထိုင်နောက်မှီပေါ်သို့ ကျောမှီလိုက်သည်။ သူ့မျက်နှာပေါ်တွင် လောကွတ်စကားပြောသည့် အမူအရာကလေးများကို မြင်လိုက်ရသည်။

"အမှန်အတိုင်း ပြောရရင်တော့ ကျုပ် အသက်ရှည်တာ တိုတာကို ဂရုမစိုက်ပါဘူး။ ကျုပ် သေသွားတဲ့အခါမှာ ကျုပ်မှာ ရန်သူတွေ ကျန်မနေရစ်ခဲ့ဖို့ဘဲ ကျုပ် အဓိကထားပါတယ်။ ကျုပ် တစ်သက်လုံး ဒီရည်ရွယ်ချက် အောင်မြင်ဖို့ကိုပဲ လုပ်ခဲ့တယ်"

ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောရင်း ရယ်သည်။ ရီနာကလည်း သူနှင့်အတူ ရော၍ ရယ်သည်။ ထိုအခိုက်အတန့်ကလေးတွင် ရီနာသည် သူလာရင်း ကိစ္စကိုပင် မေ့လျော့သွား တော့သည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးက ရီနာကို လှမ်းကြည့်ပြန်သည်။ ပြုဖွယ်ရှိသည်တို့ကို အချိန် ကုန်မခံဘဲ ဆောင်ရွက်ရန် သူ့စိတ်ထဲမှာ ပေါ်လာပြန်သည်။ မိန်းကလေးကို ကြည့်ရသည်မှာ စိတ်ချမ်းသာစရာ ဖြစ်သည်။ သူ့ဆံပင်များသည် ငွေရောင်တောက်ကာ အလွန် လှပနေသည်။ ထိုအခိုက်မှာပင် သူ့ကို ပြန်ကြည့်နေသော ရီနာ၏မျက်လုံးများကိုပါ သူ မြင်တွေ့လိုက်ရ၏။

"မင်းကို မွေးစားဖို့ စာချုပ်တွေ ကျုပ် လုပ်ပေးလိုက်တဲ့ အချိန်တုန်းက မင်းဟာ ကလေးလေးပဲ ရှိသေးတယ်နော်"

ရီနာကလည်း ပြည်နယ်အုပ်ချုပ်ရေးမှူး စိတ်သက်သာရာရပါစေတော့ ဟူသော သဘောဖြင့် ပြန်ပြောသည်။

"ပြည်နယ်အုပ်ချုပ်ရေးမှူးကြီးဟာ ဘယ်လောက်အထိ အကြင်နာတရား ကြီးမား ကြောင်း၊ ကျွန်မကို မွေးစားနိုင်ဖို့အတွက် အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက် ပေးကြောင်းများကို ဖေဖေနဲ့မေမေက မကြာခဏ ပြောကြပါတယ်ရှင်"

သူက ခေါင်းညိတ်သည်။ ရီနာ၏မိဘများသည် ရီနာကို အမှန်အတိုင်း ပြန်ပြောကြ ခြင်း ဖြစ်သည်။

"မင်းအသက် ဆယ့်ရှစ်နှစ် ရှိပြီထင်တယ်"

"နောက်လဆိုရင် ကျွန်မ (၁၉) နှစ် ရှိပါပြီ"

ဟု ရီနာက ခပ်မြန်မြန် ပြန်ပြောသည်။

"အင်း မင်း ကလေးဘဝကတည်းက မတွေ့ရတော့တာဘဲ၊ အခုမှ ပြန်တွေ့ရတော့တယ်"

ပြည်နယ်အုပ်ချုပ်ရေးမှူးသည် သူ့မျက်နှာကို ပြန်၍ တည်လိုက်သည်။ ဆေးလိပ်ပြာ ခံခွက်အတွင်းမှာ ဆေးပြင်းလိပ်ကို ဂရုတစိုက် ထည့်သည်။

"မင်း ဘာကိစ္စအတွက် ကျုပ်ကို လာတွေ့တယ်ဆိုတာ သိပ်ပါတယ်၊ ဒီအမှုကြီးထဲမှာ မင်းရဲ့အဖေ ရောပါနေတဲ့အတွက် ကျုပ် စိတ်မကောင်းဘူး ဆိုတာကို ပြောပါရစေ"

"ဖေဖေ့ကို စွဲချက်တင်ထားတာတွေကိုရော လေ့လာပြီးပါပြီလားရှင်"

"သတင်းစာတွေမှာ ဖတ်ရတာလောက်ပါပဲ"

"ဖေဖေ့မှာ အပြစ်ရှိတယ်လို့ရော ထင်ပါသလား"

ပြည်နယ်အုပ်ချုပ်ရေးမှူးက ရီနာကို လှမ်းကြည့်သည်။

"ဘဏ်လုပ်ငန်းဆိုတာ နိုင်ငံရေးနဲ့ အတူတူပါပဲ၊ စိတ်ဓာတ်ရေးရာအရ မှန်ကန်ပြီး တရားဥပဒေရေးရာအရ မှားတာတွေ အများကြီးရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တရားရုံးရဲ့ အဆုံးအဖြတ်သာလျှင် နောက်ဆုံး အတည်ဖြစ်လာတာပါပဲ"

"ပြည်နယ်အုပ်ချုပ်ရေးမှူးကြီး ဆိုလိုတာက အခု ကိစ္စဟာ စွဲချက်မတင်နိုင်ဘူးလို့ ဆိုလိုပါသလားရှင်"

ဟု ရီနာက ခပ်သွက်သွက် ပြန်မေးသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူး၏ စိတ်ထဲမှာ ကျေနပ်သွားသည်။ သူသည် လျင်မြန်ဖျတ်လတ်သူများကို သဘောကျ၏။ ထက်မြက်သူများကို နှစ်သက်၏။ ထိုသို့သော သူမျိုးနှင့် လွတ်လွတ်လပ်လပ် အမြင်ချင်း ဖလှယ်လိုသည်။ သို့သော်လည်း နိုင်ငံရေးတွင် ဤသို့ ပြုလုပ်၍ မရသည်မှာ အလွန် ဆိုးဝါးလွန်းလှသည်။

"ကျုပ်က အပြစ်တွေဘက်ကချည်း ကြည့်ချင်တဲ့သူ မဟုတ်ပါဘူး။ အခုဟာကတော့ မလွယ်ဘူး။ တရားဥပဒေ ဆိုတာက ကိုယ်လိုချင်သလို ဆွဲယူလို့ရတာမျိုး မဟုတ်ဘူး။ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေ၊ တုံ့ပြန်မှုတွေ၊ အလိုဆန္ဒတွေနဲ့ ကိုက်ညီအောင် ပြုလုပ်ထားရတာတွေဖြစ်တယ်၊ ဒါကြောင့်မို့လို့လည်း တရားဥပဒေတွေဟာ အလွန် အပြောင်းအလဲ လုပ်ခဲတာပေါ့၊ ပြင်ဆင်ခဲတာပေါ့၊ ဒီလိုနဲ့ နောက်ဆုံးတော့ တရားဥပဒေအရ မှန်ကန်တာနဲ့ စိတ်ဓာတ်ရေးရာအရ မှန်ကန်တာတွေချင်း တူညီသွားလိမ့်မယ်လို့ ကျုပ်တို့ ယုံကြည်နေကြတာပါပဲ"

"အဲဒီလို တူညီသွားမယ့်အချိန်ကိုရောက်အောင် စောင့်ဖို့အတွက်တော့ ကျွန်မ အဖေဟာ အလွန် အသက်ကြီးနေပြီ ထင်ပါတယ်ရှင်၊ ဘယ်သူမှ အဲဒီအချိန်ကိုရောက်အောင် စောင့်နိုင်ကြလိမ့်မယ် မထင်ပါဘူး။ ပြည်နယ်အုပ်ချုပ်ရေးမှူးကြီးကိုယ်တိုင် အသက် (၁၂၅) နှစ်တိုင်အောင် နေရမယ် ဆိုရင်လည်း အဲဒီအချိန်ကို မမီနိုင်ပါဘူး"

"တစ်ခါတစ်ရံမှာ ဆုံးဖြတ်ချက်တွေဟာ ခေါင်းဆောင်မှုကို အန္တရာယ် ဖြစ်စေတတ်တယ်။ အခုကိစ္စမှာလည်း မင်းရဲ့အဖေဟာ ငွေချေးဖို့ ခွင့်ပြုလိုက်တဲ့အတွက် အန္တရာယ်နဲ့ တွေ့ရတာပါပဲ။ ဘယ်သူကိုမှ မတိုင်ပင်ဘဲ ဒီဆုံးဖြတ်ချက်ကို သူ ချခဲ့တယ်။ သူ မှန်တယ်ထင်လို့ ချခဲ့တာပဲ။ သူသာ ငွေမချေးရင် စက်ရုံတွေ ပိတ်ရတော့မယ်၊ အလုပ်သမားပေါင်းများစွာ အလုပ်လက်မဲ့ ဖြစ်ရတော့မယ်။ စက်ရုံတွေမှာ ငွေကြေးထည့်ဝင်ထားတဲ့ အစုရှယ်ယာရှင်တွေလည်း ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ရလိမ့်မယ်။ ဒါကြောင့် သူ ငွေချေးလိုက်တာဟာ စိတ်ဓာတ်ရေးရာအရ မှန်ကန်တယ်၊ ဒါပေမယ့် တရားဥပဒေအရတော့ တစ်မျိုး ဖြစ်သွားပြီ။ ဘဏ်လုပ်ငန်းရဲ့ အဓိကအချက်ဟာ ငွေချေးသူတွေ စိတ်ချမ်းသာအောင် လုပ်ပေးဖို့ဆိုတာ မှန်တယ်၊ ဒါပေမယ့် လုံလောက်တဲ့ အာမခံချက်တွေ ရှိရမယ်။ အပေါင်ပစ္စည်းတွေ ရှိရမယ်။ မင်းအဖေက ဒါတွေကို ကြည့်မနေတော့ဘဲ လုပ်ငန်းတွေ ပျက်စီးသွားမှာစိုးလို့ ငွေချေးလိုက်တယ်၊ အခုတော့ အားလုံးက မင်းအဖေခေါင်းပေါ် ကိုပဲ ပုံချလိုက်ကြတယ်"

"ဘဏ်ရဲ့အခြေအနေတွေ ပျက်ပြားမသွားဖို့အတွက် ဖေဖေရဲ့ဘဝကြီး တစ်ခုလုံးကို အပျက်စီးခံပြီး ကယ်ဆယ်လိုက်တယ်လို့ရော မပြောနိုင်ဘူးလား"

"မပြောနိုင်ပါဘူး"

"ဒီလိုဆိုရင် ဖေဖေ့အတွက် ပြည်နယ်အုပ်ချုပ်ရေးမှူးကြီး ဘာများ လုပ်ပေးနိုင်ပါသလဲရှင်"

ရီနာက စိတ်ချောက်ချား တုန်လှုပ်စွာဖြင့် မေးသည်။

"နိုင်ငံရေးသမားကောင်း တစ်ယောက်ဟာ အများပြည်သူတွေရဲ့ အလိုဆန္ဒကို ဆန့်ကျင်ပြီး လုပ်လေ့လုပ်ထ မရှိပါဘူး။ အခုဆိုရင် အများက ဓားစာခံ ရှာနေကြပြီ။ မင်းအဖေက ခုခံချေပမယ် ဆိုရင်လည်း သူပဲ ရှုံးမှာပဲ၊ ထောင်ဒဏ်ဆယ်နှစ်ကနေ ဆယ့်ငါးနှစ်အထိ အပေးခံရလိမ့်မယ်၊ ဒီအခါကျရင် ကျုပ်လည်း ရာထူးရှိတော့မှာ မဟုတ်တဲ့အတွက် သူ့ကို

ဘယ်နည်းနဲ့မှ သက်ညာခွင့်ကို ပေးနိုင်တော့မှာ မဟုတ်ဘူး"

ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ပြာခံခွက်ထဲမှာ ဆေးပြင်းလိပ်ကို ကောက်ယူကာ သူ့လက်ထဲမှာ လှိမ့်နေသည်။

"မင်းအဖေက အပြစ်ကို ဝန်ခံအောင် ဝိုင်းကူပြောပေးပါ၊ တရားရုံးရဲ့ အဆုံးအဖြတ်ကို နာခံပါ့မယ်လို့ ဝန်ခံခိုင်းပေးပါ။ အဲဒီလိုဆိုရင် သူ့ကို တစ်နှစ်ကနေ သုံးနှစ်အထိပဲ ထောင်ဒဏ်ပေးဖို့ ကျုပ် စီစဉ်ပေးမယ်၊ ဆယ့်ငါးလအတွင်းမှာ သူ့ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်မယ်"

ရီနာက သူ့ကို စိုက်ကြည့်နေသည်။

"ပြည်နယ်အုပ်ချုပ်ရေးမှူးကြီး တစ်ခုခု ဖြစ်သွားရင် ဘယ်လို လုပ်မလဲ"

ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြုံးသည်။

"ကျုပ် အသက် (၁၂၅) နှစ် ရှည်အောင်နေမယ်ဆိုတာ မှတ်မိတယ် မဟုတ်လား။ ဒါပေမယ့် ကျုပ် အဲဒီလောက် အသက်မရှည်ရင်လည်း မင်းအဖေ မရှုံးနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လနှစ်ဆယ်အတွင်းမှာ မင်းအဖေဟာ လွတ်ငြိမ်းချမ်းသာခွင့်ရရမှာပါပဲ"

ရီနာသည် ထိုင်ရာမှ ရပ်လိုက်၏။ ပြီးတော့ ပြည်နယ်အုပ်ချုပ်ရေးမှူးဆီသို့ လက်ကို ဆန့်တန်းပေးလိုက်သည်။

"ကျွန်မကို လက်ခံတွေ့တဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးကြီး အသက် (၁၂၅) နှစ် ရှည်ပါလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်"

* * *

ရီနာသည် သံဆူးကြိုးများနားမှာရပ်ရင်း ဖေဖေ လျှောက်လာသည်ကို စောင့်ကြည့်နေသည်။ ဖေဖေ့မျက်လုံးများသည် လှုပ်ရှားမှုကင်းမဲ့နေ၏။ ဆံပင်များလည်း ဖြူလှပြီ။ အကျဉ်းသားဝတ်စုံကို ဝတ်ထားသည့် ဖေဖေ့ အသားအရေတို့သည်လည်း ခြောက်သွေ့နေသည်။

"ဖေဖေ"

မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဖေဖေ ထိုင်မိသည်နှင့် တစ်ပြိုင်တည်း ရီနာက ပျော့ပျောင်းစွာ ခေါ်လိုက်သည်။

"ရီနာ"

သူက ပြုံးပြနိုင်ရန် ကြိုးစားရင်း ပြန်ထူးသည်။

ရီနာက ပူပင်သောကကြီးမားစွာဖြင့် မေးလိုက်မိ၏။

"အဆင်ပြေတယ် မဟုတ်လား ဖေဖေ၊ သူတို့က"

"အဆင်ပြေပါတယ် သမီးရယ်၊ သူတို့က ဖေဖေ့ကို ကောင်းကောင်းထားကြပါတယ်။ ဖေဖေ့ကို စာကြည့်တိုက်မှာ တာဝန်ပေးထားတယ်၊ ဖေဖေက စာရင်းအင်းတွေလုပ်ပြီး ထိန်းသိမ်းပေးနေရတယ်၊ စာအုပ်တွေ ပျောက်လွန်းလွန်းလို့"

ရီနာက သူ့ကို မျက်လုံးတစ်ချက်ဝင့်ကြည့်လိုက်သည်။ ဖေဖေ နောက်ပြောင် ပြောနေသည်မှာ သေချာသည်။ သူတို့နှစ်ယောက်ကြားမှာ ခေတ္တ တိတ်ဆိတ်သွား၏။

"စတန်ဝိုက်ဆီက စာတစ်စောင် ဖေဖေ ရတယ်၊ ဖေဖေတို့အိမ်အတွက် ဒေါ်လာ ခြောက်သောင်းနဲ့ လာဝယ်နေတယ်တဲ့"

ဟု သူက စပြောသည်။

စတန်ဝိုက်သည် ဖေဖေ၏ရှေ့နေ ဖြစ်သည်။

"ကောင်းပါတယ် ဖေဖေ၊ သူတို့ ပြောတာတွေ ကြားရတာကတော့ ဒါလောက် ရမယ်လို့တောင် သမီး မထင်ဘူး။ သိပ်ကြီးတဲ့အိမ်တွေကို လူကြိုက်နည်းတယ် မဟုတ်လား"

"တချို့ ဂျူးတွေက သဘောကျကြတယ်၊ ဒါကြောင့် ဒါလောက်များများ ပေးတာပေါ့"

"ဒါလောက် များများကြီးလည်း မလိုပါဘူး ဖေဖေရယ်။ ဖေဖေ ထောင်က လွတ်လာတဲ့အခါကျရင် ကျွန်မတို့သားအဖ နေနိုင်စားနိုင်ရင် တော်ပါပြီ"

"ငွေလည်း သိပ်တော့ကျန်မှာ မဟုတ်ပါဘူး။ ကြွေးတွေမြီတွေဆပ်၊ စတန်ဝိုက်ကို ရှေ့နေခပေးပြီးရင် ဒေါ်လာတစ်သောင်းလောက်ပဲ ကျန်မှာပါ"

ဟု သူက ရီနာကို ငေးကြည့်ရင်း ပြောသည်။

"ပိုက်ဆံများများ မလိုပါဘူး။ ဖေဖေ အလုပ်ပြန်လုပ်နိုင်တဲ့အထိ သမီးတို့ ဖြစ်သလို နေသွားလို့ရပါတယ်"

သည်တစ်ကြိမ်တွင် ဖေဖေ၏အသံသည် နာကြည်းသံ ပါလာသည်။

"ဖေဖေ့ကို ဘယ်သူက အလုပ်ပေးတော့မလဲ သမီးရယ်၊ ဖေဖေဟာ ဘဏ်လုပ်ငန်းရှင်တစ်ယောက် မဟုတ်တော့ဘူး။ ထောင်ကျတစ်ယောက် ဖြစ်သွားပြီ"

"ဒီစကားမျိုး မပြောပါနဲ့ ဖေဖေရယ်၊ ဖေဖေ့မှာ အပြစ် မရှိဘူး။ ဖေဖေ့ အမှားမဟုတ်ဘူးဆိုတာ လူတိုင်း သိကြပါတယ်။ ဖေဖေ့ ကိုယ်ကျိုးအတွက် ဘာတစ်ခုမှ လုပ်တာ မဟုတ်ဘူးဆိုတာ အားလုံး သိနေကြတာပဲ"

"အဲဒါ ပိုဆိုးတာပေါ့ သမီးရယ်၊ သူခိုးကမှ သူ့အတွက်ခိုးတယ်လို့ ဖြေသာသေးတယ်။ ကိုယ့်အကျိုးကျေးဇူးလည်း ဘာမှ မရှိဘဲ လုပ်တဲ့လူလောက် မိုက်မဲတာ ရှိဦးမလားလို့ ပြောကြမှာပေါ့"

"အမှန်တော့ ဖေဖေ့ကို ဥရောပကို သမီးခေါ်သွားမိဖို့ ကောင်းတယ်၊ သမီးတို့သား အဖ ဟိုမှာ နေလိုက်ကြဖို့ ကောင်းတယ်။ အဲဒီလိုသာ လုပ်မိခဲ့ရင် ဒီအဖြစ်မျိုးနဲ့လည်း ဖေဖေ ကြုံရမှာ မဟုတ်ဘူး"

"သမီးဖို့ ဖေဖေ ဘာမှ လုပ်မပေးနိုင်ခဲ့တဲ့အတွက် ဖေဖေ မှားပါတယ်"

"မဟုတ်တာဘဲ ဖေဖေရယ်၊ ဖေဖေ မမှားပါဘူး"

"သမီးအတွက်ပဲ ဖေဖေ စဉ်းစားနေတယ်။ ညဆိုရင်လည်း ဖေဖေ အိပ်လို့ မပျော်ဘူး။ သမီး ဘာတွေများ လုပ်နေလေမလဲလို့ စဉ်းစားနေမိတယ်"

"သမီးအတွက် မပူပါနဲ့ဖေဖေ၊ သမီး အလုပ်တစ်ခု ရှာလုပ်မယ်"

"ဘာလုပ်မှာလဲ"

"မသိသေးဘူး ဖေဖေ၊ တစ်ခုခုတော့ ရမှာပေါ့"

ဟု ရီနာက ခပ်မြန်မြန် ပြန်ဖြေသည်။

"ဒါလည်း လွယ်တာ မဟုတ်ဘူး။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် သမီးက ဘာမှ သင်ရသေးတာ မဟုတ်ဘူး။ သမီး လက်ထပ်နိုင်ဖို့ အခွင့်အရေးတွေကိုလည်း ဖေဖေ ဖျက်ဆီးပစ်လိုက်သလို ဖြစ်နေပြီ"

ဟာရစ်ဆန်မာလိုးက သူ့လက်များကို ငုံ့ကြည့်နေရင်းက ပြောသည်။

"ဒီကိစ္စတွေကို သမီး စိတ်မကူးသေးပါဘူး၊ ဘော်စတွန်မှာရှိတဲ့ လူလတ်ပိုင်းတွေဟာ အလကားပါပဲ။ သမီးအဖို့တော့ သူတို့ဟာ လူငယ်ကလေးတွေနဲ့ ဘာမှ မခြားဘူး။ သူတို့ သည်းညည်းကို သမီး မခံနိုင်ဘူး။ သမီး အိမ်ထောင်ပြုမယ်ဆိုရင်လည်း ရင့်ကျက်ပြီးဖြစ်တဲ့ လူကြီးသန့်သန့်ကိုပဲ ယူမှာပါပဲ"

ဟု ရီနာက ရယ်မောရင်း ပြန်ပြောသည်။

"သမီး တစ်နေရာကိုသွားပြီး အနားယူလိုက်ဖို့ ကောင်းတယ်၊ သမီးကို ကြည့်ရတာ သိပ်ပင်ပန်းနေပုံရတယ်၊ ပိန်လည်းပိန်တယ်"

"ဖေဖေ လွတ်လာတဲ့အခါမှာ သမီးတို့နှစ်ယောက် အတူတူသွားမယ်လေ၊ ဥရောပကို သွားမယ် ဖေဖေ။ ရိဗီးရားမှာ နေရာတစ်နေရာ တွေ့ထားတယ်။ တစ်နှစ်ကို ဒေါ်လာနှစ်ထောင်လောက်ပဲ ကုန်နိုင်တယ်၊ သမီးတို့ အဲဒီမှာ အနားသွားယူကြတာပေါ့"

"ဖေဖေ လွတ်တဲ့အချိန်အထိ စောင့်ရမယ်ဆိုရင် အကြာကြီးပေါ့။ သမီးက အခု ချက်ချင်းကို အနားယူဖို့ ကောင်းနေတာ"

ဟု သူက ပြန်ပြောသည်။

"အကြောင်းများ ရှိနေလို့လား ဖေဖေ"

"ဖေဖေ့ညီဝမ်းကွဲ ဖော့စတာဆီကို ဖေဖေ စာရေးလိုက်တယ်။ သူနဲ့သူ့မိန်းမဘက်တီတို့က သမီးကို သူတို့ဆီ လာနေစေချင်ကြတယ်၊ သူတို့ဆီမှာ သာသာယာယာလည်း ရှိပါတယ်တဲ့၊ ဖေဖေ ထောင်ကလွတ်တဲ့အထိ သူတို့နဲ့အတူ သမီး နေနိုင်ပါတယ်တဲ့"

"အဝေးကြီးပဲ ဖေဖေရယ်၊ ဖေဖေ့ဆီကို မကြာခဏ ထောင်ဝင်စာလာတွေ့လို့ မရ

တော့ဘူးပေါ့"

ရီနာက ခပ်သွက်သွက်ပြန်ပြောရင်း သံတိုင်များကြားမှနေ၍ ဖေဖေ၏ လက်ကို လှမ်းဆွဲလိုက်သည်။ ဖေဖေက ရီနာ၏လက်ချောင်းကလေးများကို ဆုပ်ကိုင်နေသည်။

"အဲဒါက ပိုကောင်းပါတယ် သမီးရယ်၊ ဖေဖေ့ကို သမီး မကြာခဏ လာတွေ့နေရင် သမီးရော ဖေဖေရော မကြာခဏ စိတ်မချမ်းမသာ ဖြစ်နေကြရမယ် မဟုတ်လား"

"ဒါပေမယ့် ဖေဖေ"

အချိန်စေ့ပြီ ဖြစ်သောကြောင့် အစောင့် ရောက်လာသည်။ ဖေဖေလည်း ထိုင်ရာမှ ထရပ်လိုက်သည်။

"ဘာတွေလုပ်ရမယ် ဆိုတာနဲ့ပတ်သက်ပြီး စတန်ဝှိုက်ကို ဖေဖေ ညွှန်ကြားချက် ပေးထားပြီးပြီ၊ သမီးလည်း ဖေဖေပြောတဲ့အတိုင်း လုပ်ပါ။ ဟိုမှာ သွားပြီး အနားယူလိုက်ပါ"

ဖေဖေ တစ်ဖက်သို့ လှည့်ပြီး ထွက်သွားသည်။ ရီနာသည် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေသည်။ နောက်ဆုံး သူ့မျက်လုံးများထဲတွင် မျက်ရည်များ ပြည့်လာသောကြောင့် မြင်ကွင်းတို့သည် ဝိုးတဝါး ဖြစ်သွားသည်။

ထိုအချိန်မှစပြီး လပေါင်းများစွာကြာအောင် ဖေဖေနှင့် ပြန်မတွေ့တော့။ ဥရောပသို့ ပျားရည်ဆမ်းခရီး သွားတော့မည်ဆဲဆဲ အချိန်ကျမှပင် ဖေဖေနှင့် တစ်ကြိမ်ပြန်တွေ့ရသည်။ ရီနာသည် သူ့ခင်ပွန်းကိုပါခေါ်ကာ ထောင်သို့သွားပြီး ဖေဖေနှင့် ထောင်ဝင်စာတွေ့ခဲ့သည်။

"ဖေဖေ၊ ဒီမှာ ဂျိုနတ်စ်ကော့"

ရီနာက အလွန် ရှက်နေသော အသံဖြင့် မိတ်ဆက်ပေးသည်။

ဟာရစ်ဆန်မာလိုးသည် သူ့အသက်အရွယ်လောက်ရှိသော လူတစ်ယောက်ကို သမက်အဖြစ်နှင့် တွေ့ရသည်။ သူ့ထက်ပင် အသက်ကြီးချင် ကြီးနိုင်သေးသည်။ သို့သော်လည်း လူငယ်တစ်ယောက်ကဲ့သို့ပင် နုနယ်ပြီး ကျန်းမာသန်းစွမ်းပုံရသည်။ အနောက်ပိုင်းသားတို့နှင့် တူသူတစ်ယောက် ဖြစ်၏။

"ဖေဖေ့အတွက် သမီးတို့ ဘာလုပ်ပေးရဦးမလဲ ဖေဖေ"

"ကျွန်တော်တို့ ဘာမဆိုလုပ်ပေးဖို့ အဆင်သင့်ပါပဲ မစ္စတာမာလိုး"

ဟုလည်း ဂျိုနတ်စ်ကော့က ရီနာ၏စကားကို ဆက်ပြောသည်။

"ကိစ္စ မရှိပါဘူး၊ ကိစ္စ မရှိပါဘူး၊ ကျေးဇူးတင်ပါတယ်"

မစ္စတာကော့က ဟာရစ်ဆန်မာလိုးကို ကြည့်သည်။ မာလိုးကလည်း ကော့ကို ပြန်ကြည့်သည်။ ကော့သည် လေးလေးနက်နက် ပြောနေခြင်းဖြစ်ကြောင်း သိသာသည်။ သူ့မျက်လုံးများက ဖော်ပြနေသည်။

"ကျွန်တော့်လုပ်ငန်းတွေကို ကျွန်တော် တိုးချဲ့နေပါတယ်၊ မစ္စတာမာလိုး ထောင်ထဲက မထွက်ခင် အစီအစဉ် တစ်ခုခု မဆုံးဖြတ်သေးခင် ကျွန်တော့်နဲ့ ဆွေးနွေးစေချင်ပါတယ်။ ကျွန်တော့်လုပ်ငန်းတွေ တိုးချဲ့ရာမှာ ငွေကြေးထပ်ပြီး မြှုပ်နှံဖို့နဲ့ ပတ်သက်လို့ အကူအညီလိုနေပါတယ်၊ မစ္စတာမာလိုးလို ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်မျိုးတစ်ယောက်ကို ကျွန်တော် လိုနေပါတယ်"

"အင်မတန် စာနာတတ်တဲ့အတွက် ကျေးဇူးတင်ပါတယ် မစ္စတာကော့"

ဂျိုနတ်စ်ကော့က ရီနာဘက်သို့ လှည့်လာသည်။

"ကိုယ့်ကို ခွင့်ပြုပါဦး၊ မင်းတို့ သားအဖချင်း နှစ်ယောက်တည်း စကားပြောချင်ကြဦးမှာပေါ့၊ ကိုယ် အပြင်က စောင့်နေမယ်"

ရီနာက ခေါင်းညိတ်ပြသည်။ ဖေဖေနှင့် ဂျိုနတ်စ်ကော့တို့ နှုတ်ဆက်ကြသည်။ ခဏကြာသောအခါ သားအဖနှစ်ယောက်သာ ကျန်တော့ပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။

"သူနဲ့ပတ်သက်ပြီး ဘယ်လို ထင်သလဲဖေဖေ"

"ဘာဖြစ်လို့လဲ၊ သူဟာ ဖေဖေနဲ့ သက်တူရွယ်တူလောက်ပဲ"

ရီနာက ပြုံးသည်။

"ဖေဖေ့ကို သမီး ပြောခဲ့တယ် မဟုတ်လား။ ရင့်ကျက်ပြီးဖြစ်တဲ့ လူကြီးတစ်ယောက်ကို

ပဲ သမီးလက်ထပ်ယူမယ်လို့ လူငယ်တွေကို သမီး သဘောမကျဘူး"

"ဒါပေမယ့်. . . ဒါပေမယ့် သမီးဟာ အင်မတန် ငယ်သေးတယ်၊ ရှေ့ဆက်ပြီး သမီး လှုလုပ်ရမယ့်အချိန်တွေ အများကြီး ကျန်သေးတယ်။ သမီး ဘာကြောင့် သူ့ကို လက်ထပ်လိုက်ရတာလဲ"

ရီနာက သိမ်သိမ်မွေ့မွေ့ကလေး ပြုံးလိုက်ပြန်သည်။

"ဘာကြောင့်လဲဆိုတော့ သူဟာ အင်မတန် ချမ်းသာတယ် ဖေဖေ၊ ပြီးတော့ တစ်ယောက်တည်း"

"သူဟာ ချမ်းသာလို့ လက်ထပ်လိုက်တာလား၊ ဒါမှမဟုတ် ဖေဖေ့ကို သူက စောင့်ရှောက်နိုင်အောင် လက်ထပ်လိုက်တာလား"

ဟု သူက ပြန်မေးသည်။ သူ့ကို အလုပ်ပေးလိုကြောင်း ကမ်းလှမ်းသွားသည့် မစ္စတာ ကော့၏ စကားကိုလည်း ပြန်သတိရလိုက်သည်။

"မဟုတ်ပါဘူး ဖေဖေ၊ သူ့ကို လက်ထပ်တာ ဒီအကြောင်းတွေကြောင့် လုံးဝ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာအတွက်လဲ၊ ဘာကြောင့် သူ့ကို လက်ထပ်တာလဲ"

"သမီးကို စောင့်ရှောက်ဖို့ပါပဲ ဖေဖေ"

ရီနာက ရိုးရိုးကလေးပင် ပြန်ပြောသည်။

"ဒါပေမယ့် ရီနာ"

သူက ကန့်ကွက်ရန် ဟန်ပြင်လိုက်သည်။ ရီနာက သူ့စကားကို ချက်ချင်း ဝင်ဖြတ်ပစ်သည်။

"ဘာပဲဖြစ်ဖြစ် ဖေဖေ၊ သမီးကိုယ်သမီး စောင့်ရှောက်နိုင်မှာ မဟုတ်ဘူးလို့ ဖေဖေကိုယ်တိုင်ပဲ ပြောခဲ့တာ မဟုတ်လား၊ ဒါကြောင့် ဖေဖေ့အမျိုးတွေဆီ သမီးကို ပို့ထားခဲ့တာ မဟုတ်လား"

သူ ဘာမှ ပြန်မဖြေတော့။ သူ့အဖို့ ဘာမှလဲ ဖြေစရာ မရှိတော့။ ပြောစရာစကားလည်း မရှိတော့။ သူတို့သားအဖသည် ခပ်ကြောင်ကြောင်ပင် ခေတ္တ ရပ်နေကြပြီးနောက် ခွဲခဲ့ကြသည်။

သူ့အိပ်ဆောင်သို့ ပြန်ရောက်သောအခါ သေးငယ်သည့် ခုတင်ပေါ်မှာ လှဲအိပ်လိုက်သည်။ ပြီးတော့ မျက်နှာကြက်ကို မော့ကြည့်ရင်း စဉ်းစားနေမိသည်။ သမီးနှင့်ပတ်သက်၍ သူ ဘာတာဝန်တွေ ချွတ်ယွင်းခဲ့သနည်း။ မည်သည့်နေရာတွင် သူ မှားခဲ့သနည်း။

မာကျောသည့် ကောက်ရိုးခေါင်းအုံးပေါ်သို့ မျက်နှာကို မှောက်ချလိုက်၏။ မျက်ရည်ပူများ ထွက်လာသည်။ သူ့ရင်ထဲမှာ ယူကျုံးမရ ဖြစ်လာသည်။ ထိုနေ့ည ညဥ့်နက်ပိုင်းတွင် ထောင်အမှုထမ်းများက သူ့ကို ဆေးရုံသို့ တင်ပေးကြရသည်။ သူ့အပူချိန်သည် ဒီဂရီ (၁၀၂) ရှိနေသည်။ နောက် သုံးရက်ကြာသောအခါ အဆုတ်အအေးမိသည့်ရောဂါဖြင့် သူ ကွယ်လွန်သွားတော့သည်။

သူ ကွယ်လွန်ချိန်တွင် ရီနာနှင့် ဂျိုနတ်စ်ကော့တို့သည် ပျားရည်ဆမ်းခရီးအဖြစ် ဥရောပသို့သွားရာ လမ်းခုလတ် ပင်လယ်တွင်းသို့ ရောက်ရှိနေကြပြီ ဖြစ်သည်။

## (၁၄)

အိပ်မက်ထဲမှာ ဓားထက်ထက်ဖြင့် အထိုးခံရသကဲ့သို့ ရီနာ၏နားထင်များ အလွန်နာကျင်လာသည်။ သည်ရောဂါကို ခံစားနေရသည့် ဒုက္ခမှ လွတ်မြောက်အောင် ထွက်ပြေး၍ ရမည်ဆိုလျှင် ထွက်ပြေးလိုက်ချင်သည်။ ပြီးတော့ သူသည် အထီးကျန်အဖြစ်နှင့် ကျန်နေတော့၏။ တစ်ယောက်ပြီးတစ်ယောက် သူ့ဆီမှ ထွက်ပြေးပျောက်ကွယ်သွားကြသည်။ သူ တစ်ယောက်တည်း ကျန်နေတော့သည်။ အသက်ကို ဝအောင်ရှူလိုက်သည်။ အိပ်မက်များလည်း ထွက်ပြေးလွင့်ပြယ်သွားကြပြီ။ သူ အိပ်ရာမှ ကောင်းစွာ နိုးလာ၏။

မျက်လုံးများကို ဖွင့်ပြီး သူ ရောက်နေသည့် ဆေးရုံခန်းကို လှည့်ကြည့်မိသည်။ သို့သော် သူ မမှတ်မိ။ နောက်မှ သူ မည်သည့်နေရာသို့ ရောက်နေကြောင်း အမှတ်ရတော့သည်။ ခုတင်ဘေးရှိ စားပွဲပေါ်တွင် ပန်းများထိုးစိုက်ထားသည်။ သူ အိပ်ပျော်နေခိုက်မှာပင် သူတို့ ယူလာခဲ့ကြသည့်ပန်းများ ဖြစ်နိုင်၏။

ရီနာသည် ခေါင်းကို တဖြည်းဖြည်းချင်း လှည့်လိုက်သည်။ ပြတင်းပေါက်အနီးရှိ ပက်လက်ကုလားထိုင်ကြီးတစ်လုံးပေါ်မှာ ငိုက်နေသော အိုင်လင်းကို တွေ့ရသည်။ အပြင်ဘက်မှာ ညမှောင်နေပြီ။ အိုင်လင်းသည် တစ်ညနေလုံး ငိုက်မျဉ်းနေခဲ့၏။

"ကိုယ် အရမ်းခေါင်းကိုက်နေတယ်၊ မခံနိုင်တော့ဘူး။ အက်စ်ပရင်များ မရနိုင်ဘူးလား"

အိုင်လင်း၏ခေါင်းက ရှေ့သို့ငိုက်လာသည်။ ရီနာကို စူးစမ်းသလို ကြည့်နေ၏။ ရီနာက ပြုံးပြသည်။

"ကိုယ် တစ်ညနေလုံး အိပ်ပျော်သွားတယ်"

"တစ်ညနေလုံး. . . တစ်ညနေလုံးနော်၊ အင်း ဟုတ်တယ်"

အိုင်လင်းက ထပ်ပြောရင်း ဝန်ခံလိုက်သည်။ ရီနာ သတိမေ့နေသည်မှာ ရက်သတ္တတစ်ပတ်လုံးလုံး ရှိသွားပြီ။ ယခု ပထမဦးဆုံးအကြိမ်အဖြစ် ပြန်လည်သတိရလာခြင်း ဖြစ်သည်။

"ကိုယ် သိပ်ပင်ပန်းနေတယ်၊ နေ့ဘက်မှာ ကိုယ် အိပ်မိရင် ဒီလိုပဲ ခေါင်းကိုက်တော့တာပဲ၊ အက်စ်ပရင်ပဲ ရှာပေးစမ်းပါ"

ဟု ရီနာက ဆက်ပြောနေသည်။

"သူနာပြုဆရာမကို ခေါ်လိုက်မယ်"

"နေပါစေ၊ ကိုယ်ခေါ်လိုက်မယ်"

ရီနာသည် ခေါင်းရင်းဘက်ရှိ လူခေါ်ခေါင်းလောင်း ခလုတ်ကိုနှိပ်ရန် လက်မြှောက်လိုက်၏။ သို့သော် သူ့လက်များကို မြှောက်၍ မရ။

ထို့ကြောင့် လက်ကို ငုံ့ကြည့်မိသည်။ သူ့လက်ကို ခုတင်၏ဘေးမှာ ကြိုးဖြင့် ချည်ထားသည်။ လက်မောင်းကို အပ်တစ်ချောင်းသွင်းထားပြီး ပိုက်ဖြင့် ဆက်ထား၏။ ပိုက်အတိုင်း လိုက်ကြည့်သောအခါ ပုလင်းတစ်လုံးကို တွေ့ရသည်။

"ဘာလုပ်ထားသလဲ"

"မင်း အနားယူနေတုန်းမှာ အစားအစာ ကျွေးနေမယ်ဆိုရင် မင်းကို အနှောင့်အယှက်ပေးသလို ဖြစ်နေမယ်လို့ ဆရာဝန်က ပြောတယ်၊ အခုလို ဂလူးကို့စ် သွင်းထားတာ အကောင်းဆုံးပဲတဲ့"

အိုင်လင်းသည် ပြောပြောဆိုဆိုဖြင့် ခုတင်ရှိရာသို့ ခပ်သွက်သွက်လာကာ လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်သည်။

သူနာပြုဆရာမ ဝင်လာသည်။ ခုတင်ဆီသို့ မြန်မြန်လျှောက်လာပြီး အိုင်လင်းအနားမှာ ရပ်နေသည်။ ပြီးတော့ ရီနာ့ကို ငုံ့ကြည့်သည်။

"နိုးနေပြီလား"

ဟု ဆရာမက အလွန် တာဝန်ကျေပွန်သည့် အမူအရာမျိုးဖြင့် မေးသည်။ ရီနာက ပြန်ပြုံးပြသည်။

"နိုးနေပြီ၊ ရှင်က လူသစ်ပဲ၊ ဟုတ်တယ်နော်၊ ကျွန်မ မမှတ်မိဘူး"

ဆရာမက အိုင်လင်းကို လှမ်းကြည့်လိုက်၏။ သည်ဆေးရုံသို့ ရီနာ ရောက်လာပြီး အစစ်အဆေးခံစဉ်ကတည်းက ဤသူနာပြုဆရာမသည် တစ်လျှောက်လုံး တာဝန်ကျခဲ့သူဖြစ်သည်။

"ကျွန်မက ညဘက် သူနာပြုဆရာမပါ၊ အခုပဲ ရောက်လာတယ်"

ဟု သူနာပြုဆရာမက တည်တည်ငြိမ်ငြိမ်ပင် ပြန်ဖြေသည်။

"ကျွန်မ ညနေပိုင်းမှာ အိပ်မိရင် အမြဲတမ်း ခေါင်းကိုက်တတ်တယ်၊ အက်စ်ပရင်ကလေးများ မရနိုင်ဘူးလား"

"ကျွန်မ ဆရာဝန် ခေါ်ပေးပါ့မယ်"

ရီနာက အိုင်လင်းဘက်သို့ ပြန်လှည့်လာသည်။

"မင်း သိပ်ပင်ပန်းနေရောပေါ့၊ အိမ်ပြန်ပြီး အနားယူလိုက်ပါဦးလား၊ ဒီမှာ တစ်နေကုန်နေနေရတာပဲ"

"ကိုယ် မပင်ပန်းပါဘူး၊ ဒီနေ့ညနေ နည်းနည်း အိပ်ရပါတယ်"

အဝင်ပေါက်သို့ ရီနာ လှမ်းကြည့်လိုက်ချိန်မှာပင် ဆရာဝန်ဝင်လာသည်။ ဆရာဝန်သည် ခုတင်ဘေးမှာရပ်ရင်း သူ့မျက်မှန်နောက်မှ မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။

"ကောင်းသော ညနေခင်းပါ မစ္စမာလိုး၊ ကောင်းကောင်း အနားယူလိုက်ရတယ် မဟုတ်လား"

ရီနာက ပြုံးပြသည်။ ပြီးတော့ မျက်မှောင်ကုတ်လိုက်သည်။

"ကောင်းကောင်း အနားယူလိုက်ရပါတယ် ဒေါက်တာ၊ ဒါကြောင့် ကျွန်မ ခေါင်းကိုက်ကျန်ခဲ့ပြီလေ၊ သိပ်ဆိုးတဲ့ ခေါင်းကိုက်ပုံမျိုးပဲ"

ဆရာဝန်က ရှေ့သို့တိုးလာပြီး ရီနာ၏လက်ကို ကောက်ယူကာ သွေးစမ်းကြည့်သည်။

"သိပ်ဆိုးတယ်လား၊ ဘယ်လို ဆိုးတာလဲ"

"မေ့နေတဲ့ နာမည်တွေကို စဉ်းစားလိုက်ရင် သိပ်ဆိုးတာပဲ။ ဒေါက်တာကိုလည်း ကျွန်မ သိတယ်၊ ဒီမှာ ရှိနေတဲ့ ကျွန်မ သူငယ်ချင်းကိုလည်း ကျွန်မ သိတယ်၊ ဒါပေမယ့် နာမည်ခေါ်ဖို့ စဉ်းစားလိုက်ရင် ခေါင်းက သိပ်ကိုက်လာတာပဲ၊ နာမည်ကိုလည်း မေ့သွားရော"

ဆရာဝန်က ရီနာ၏လက်ကို ပြန်ချပေးရင်း ရယ်သည်။

"ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ တချို့လူတွေဆိုရင် ဒီလို ခေါင်းကိုက်ပြီးရင် ကိုယ့်နာမည်ကိုတောင် ကိုယ် မမှတ်မိဘူး။ ခင်ဗျားက ဒါလောက် မဆိုးသေးပါဘူး၊ ဟုတ်တယ် မဟုတ်လား"

"ဒါလောက် မဆိုးပါဘူး"

ဟု ရီနာက ပြန်ဖြေသည်။

ဆရာဝန်သည် သူ့အိတ်ထဲမှ ဓာတ်မီးသေးသေးကလေးကို ဆွဲထုတ်သည်။ ပြီးတော့ ရီနာ၏ ကိုယ်ပေါ်သို့ ခါးကိုင်းလာသည်။

"ခင်ဗျားမျက်စိကို ကျွန်တော် ဒါလေးနဲ့ ကြည့်မယ်နော်။ ဒါမှ ကျွန်တော် ကောင်းကောင်းမြင်ရမှာ၊ ခင်ဗျား ခေါင်းကိုက်တာဟာ ဘာကြောင့်မှ မဟုတ်ဘူး။ မျက်လုံးမှာရှိတဲ့ အကြောတွေကို အားပြုလွန်းလို့ ကိုက်တာ ဆိုတာကို သိနိုင်မယ်၊ မကြောက်နဲ့နော်"

"မကြောက်ပါဘူး ဒေါက်တာ၊ ကျွန်မ ပဲရစ်မှာနေတုန်းကလည်း ဆရာဝန်တစ်ယောက်က အဲဒါမျိုးလေးနဲ့ ကျွန်မကို စစ်ဆေးကြည့်ဖူးတယ်။ သူက ကျွန်မ သိပ်ပြီးတုန်လှုပ်ချောက်ချားနေတယ်လို့ထင်တာ၊ ဒါပေမယ့် မဟုတ်ပါဘူး၊ အိပ်မွေ့ချခံရသလို ဖြစ်နေတာပါ"

ဆရာဝန်က သူ၏လက်မကို မျက်လုံးထောင့်မှာထားရင်း မျက်ခွံကို လှန်သည်။ ပြီးတော့ သူ့လက်ထဲရှိ ဓာတ်မီးကလေး၏ ခလုတ်ကို နှိပ်လိုက်သည်။ အလင်းရောင်တန်းကလေး ထွက်လာသည်။

"ခင်ဗျား အမေနာမည် ဘယ်လို ခေါ်သလဲ"

ဟု သူက မေးရိုးမေးစဉ်မေးသလို မေးသည်။

"ကာထရီနာအော်စတာလတ်"

ရီနာက ချက်ချင်း ပြန်ဖြေသည်၊ ပြီးတော့ ရယ်သည်။

"တွေ့တယ် မဟုတ်လား ဒေါက်တာ၊ ကျွန်မ ခေါင်းကိုက်ရောဂါဟာ ဒါလောက် မဆိုးပါဘူးလို့ ကျွန်မ ပြောတယ် မဟုတ်လား။ ကျွန်မ နာမည်ကို ကျွန်မ သိနေတုန်းပဲ"

"ခင်ဗျား အဖေနာမည် ဘယ်သူလဲ"

ဆရာဝန်သည် အခြားမျက်လုံးတစ်ဖက်ကို ပြောင်းကြည့်ရင်း မေးသည်။

"ဟာရစ်ဆန်မာလိုး၊ ကဲ တွေ့တယ် မဟုတ်လား၊ ဖေဖေ့နာမည်ကိုလည်း ကျွန်မ သိနေတာပဲ"

"ခင်ဗျား နာမည် ဘယ်သူလဲ"

ဆရာဝန်က မျက်လုံး၏ထောင့်ကို သေသေချာချာ ကြည့်ရင်း မေးပြန်သည်။
"ရီနာမာလို၊ ကျွန်မကို လှိမ့်လို့မရပါဘူး ဒေါက်တာရယ်"
ရီနာက အသံကျယ်ကျယ်ဖြင့် ရယ်ရင်း ပြန်ဖြေသည်။
"ကျွန်တော် သိပါတယ်၊ မစ္စမာလိုးကို ကျွန်တော် လှိမ့်လို့ မရပါဘူး"
ဆရာဝန်သည် ဓာတ်မီးမှုံးကို ပိတ်ရင်း ကိုယ်ကိုဆန့်၍ ရပ်လိုက်ကာ ရီနာကို ပြုံးပြနေသည်။
ထိုအခိုက် တံခါးဘက်မှ လှုပ်ရှားသံများ ကြားရသည်။ လှည့်ကြည့်လိုက်သောအခါ ဆေးရုံအမှုထမ်းနှစ်ယောက်တို့သည် အလွန်ကြီးပြီး လေးထောင့်စပ်စပ်ပုံမျိုးရှိသည့် စက်တစ်လုံးကို လှည်းပေါ်တင်ပြီး တွန်းဝင်လာသည်။ ဆရာဝန်၏ဘေးခုတင်အနီးသို့ တွန်းပို့ပေးကြသည်။
"ဒီစက်ဟာ တုံ့ပြန်မှုကို လျှပ်စစ်နဲ့တိုင်းတဲ့ ကိရိယာ ဖြစ်တယ်၊ ဦးနှောက်က အာရုံကြောတွေရဲ့ တုံ့ပြန်မှုကို တိုင်းနိုင်တယ်၊ ဒီစက်နဲ့ တိုင်းကြည့်လိုက်ရင် ဘာကြောင့် ခေါင်းကိုက်ရတာလဲဆိုတဲ့ အဖြေကို သေသေချာချာ သိရမယ်။ ဒီတော့ ပျောက်သွားအောင် ကျွန်တော်တို့ ကုပေးနိုင်မှာပေါ့"
ဆရာဝန်က အေးအေးဆေးဆေးပင် ရီနာကို ရှင်းပြနေသည်။
"ကြည့်ရတာတော့ တော်တော်ရှုပ်မယ့်ပုံပဲနော်"
ဟု ရီနာက မှတ်ချက်ချသည်။
"မရှုပ်ပါဘူး၊ သိပ်ရှင်း သိပ်လွယ်တယ်၊ တကယ်ပါ၊ ကျွန်တော်တို့ ဒီစက်နဲ့ စမ်းသပ်ကြည့်ရင်း ကျွန်တော် ရှင်းပြသွားပါ့မယ်"
"အက်စ်ပရင် သောက်လိုက်ရုံနဲ့ ပျောက်သွားနိုင်တဲ့ ခေါင်းကိုက်ရောဂါကလေးကို ဒေါက်တာတို့ ကြီးကြီးကျယ်ကျယ်လုပ်ပြီး စမ်းသပ်နေကြတာပဲလို့ ကျွန်မ ထင်ပါတယ်"
ဆရာဝန်က ရီနာနှင့်အတူရောပြီး ရယ်မောနေသည်။
"ဟုတ်တာပေါ့၊ ကျွန်တော်တို့ ဆရာဝန်တွေအကြောင်းကို ခင်ဗျားက ကောင်းကောင်းကြီး သိနေတော့တာကိုး၊ ကြီးကြီးကျယ်ကျယ် စမ်းသပ်မပြဘဲ ဆေးပြားလေး ပေးလိုက်ရုံနဲ့ဆိုရင် လူနာဆီက ပိုက်ဆံတောင်းလို့ ဘယ်ကောင်းတော့မလဲ၊ မဟုတ်ဘူးလား"
ရီနာက အလွန် သဘောကျစွာ ရယ်၏။ ဆရာဝန်က အိုင်လင်းဘက်သို့ လှည့်ကြည့်သည်။ အပြင်သို့ ထွက်ပေးရန် အချက်ပြသည်။ ပြီးတော့ ရီနာဘက်သို့ ပြန်လှည့်လာသည်။ ရီနာက အပြင်သို့ထွက်ရန် ခြေလှမ်းပြင်နေသည့် အိုင်လင်းကို လှမ်းကြည့်သည်။
"ပြီးရင် မင်း ပြန်လာဦးမယ် မဟုတ်လား"
ဟု လှမ်းမေးသည်။
အိုင်လင်းက နောက်သို့ လှည့်ကြည့်၏။ ဆေးရုံအမှုထမ်းနှစ်ယောက်သည် စမ်းသပ်စက်ကို မီးခလုတ်များတွင် စတင်တပ်ဆင်နေကြပြီ ဖြစ်၏။ သူနာပြုဆရာမသည် ဆရာဝန်လိုသည်များကို ကူညီလုပ်ကိုင်ပေးစ ပြုနေပြီ။
"ပြန်လာမှာပေါ့"
ဟုပြောရင်း အိုင်လင်း အပြင်သို့ ထွက်ခဲ့သည်။
တံခါးကို ညင်ညင်သာ ပိတ်ပေးခဲ့သည်။
နောက်ထပ် တစ်နာရီခန့်ကြာသောအခါ ဆရာဝန်သည် အခန်းပြင်သို့ ထွက်လာ၏။ အိုင်လင်းနှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ပြီးတော့ သူ့အိတ်ထဲမှာ စမ်းပြီး စီးကရက်ဘူးကို ထုတ်ယူသည်။ အိုင်လင်းကိုတစ်လိပ် ကမ်းပေးကာ သူ့အတွက်လည်း တစ်လိပ်နှိုက်ယူ၏။
"ဘယ်လိုလဲ ဒေါက်တာ"
အိုင်လင်းသည် နှုတ်ခမ်းကို တင်းတင်းကိုက်ထားရင်း မေးသည်။
"သေသေချာချာ ထပ်စမ်းသပ်ပြီးမှ ကျွန်တော်တို့ အတိအကျ ပြောနိုင်မယ်၊ ဒါပေမယ့် အာရုံကြောတွေကို ထိခိုက်နေပြီဆိုတာနဲ့ ပတ်သက်လို့တော့ သေချာတဲ့ လက္ခဏာတွေကို တွေ့နေရပြီ"

"ဒေါက်တာရယ်၊ ကျေးဇူးပြုပြီးတော့ ကျွန်မ နားလည်နိုင်မယ့် ရိုးရိုးစကားလုံးနဲ့ ရှင်းပြပေးပါ"

ဆရာဝန်က အသက်ကို ပြင်းပြင်းရှူလိုက်၏။

"အာရုံကြောတွေတစ်ဝိုက်မှာ ပျက်စီးနေပြီဆိုတာကို ဦးနှောက်က ပြနေပြီ။ ဒါကြောင့် သူ့အသိဟာ မကောင်းနိုင်တော့ဘူး။ နေ့တိုင်းမြင်နေကျ တွေ့နေကျဖြစ်တဲ့ ရိုးရိုး အရာဝတ္ထုတွေ၊ နာမည်တွေ၊ နေရာတွေ၊ အချိန်တွေကိုတောင် မမှတ်မိနိုင်တော့ဘူး၊ ကုန်ဆုံးသွားတဲ့ အချိန်တွေကို သူ မမှတ်မိနိုင်တော့ဘူး၊ အခုလောလောဆယ် ပစ္စုပ္ပန်အချိန်ကလေးမှာ ကြုံတွေ့နေရတာလောက်ကိုပဲ သတိရတော့မယ်၊ သူ့ရဲ့ မသိစိတ်က အဲဒီ အကြောင်းအရာတွေကို မှတ်မိနိုင်အောင် ကြိုးစားနေတယ်၊ ဒါကြောင့် ခေါင်းကိုက်ရောဂါ ဝင်လာတာ"

"အခု တနင်္ဂနွေ တစ်ပတ်လုံးမှာ ဒီတစ်ကြိမ်ပဲ တော်တော်လေး သက်သာရ ရလာတယ်၊ ဒါရော ကောင်းတဲ့လက္ခဏာ မဟုတ်ဘူးလား ဒေါက်တာ"

အိုင်လင်းက မျှော်လင့်ခြင်း ကြီးစွာဖြင့် မေးသည်။

"ခင်ဗျား စိတ်ထဲမှာ ဘယ်လို ခံစားနေရတယ် ဆိုတာကို ကျွန်တော် နားလည်နိုင်ပါတယ်၊ မလိုအပ်ဘဲ အကောင်းဘက်ကချည်း စဉ်းစားကြည့်နေတာလည်း မကောင်းပါဘူး။ ဒါပေမယ့် လူ့ခန္ဓာကိုယ် ဖွဲ့စည်းထားပုံ ဆိုတာကလည်း အင်မတန် ရှုပ်ထွေးတဲ့ စက်တစ်ခုလိုပါပဲ။ အထိုက်အလျောက် ပြန်ကောင်းလာတယ် ဆိုတာလည်း သူ့ရဲ့ ပင်ကိုသက်လုံကောင်းတဲ့အတွက် ကြောင့်လို့ ပြောရမှာပါပဲ၊ ဒါပေမယ့် ဒီအာရုံကြောတွေ ပျက်စီးလာတဲ့အတွက် အဖျားရှိန် သိပ်တက်လာလိမ့်မယ်၊ အလွန် မြင့်တက်လာတဲ့ အဖျားရှိန်ဟာ သူ့အာရုံကြောတွေကို ပြန်ပြီး ဖျက်ဆီးပစ်လိမ့်ဦးမယ်၊ အဲဒီ အဖျားရှိန် မတက်မီကလေးမှာပဲ နည်းနည်းကောင်းလာတဲ့ သဘောပါ"

"စောစောကလို သတိပြန်မေ့သွားဦးမယ်လို့ ဆိုလိုတာလား ဒေါက်တာ"

"အခု သူ့ရဲ့အဖျားရှိန်ဟာ စပြီး တက်စပြုနေပြီ"

ဟု ဆရာဝန်က ပြန်ဖြေသည်။

အိုင်လင်းက နေရာမှ ထလိုက်သည်။ ပြီးတော့ အခန်းတံခါးဆီသို့ ပြေးသွားသည်။

"သူ ပြန်ပြီး သတိမေ့မသွားခင် ကျွန်မ စကားပြောလို့ရမလား ဒေါက်တာ"

"ဝမ်းနည်းပါတယ်၊ ခင်ဗျား အခန်းအပြင်ဘက်ကို ထွက်သွားလို့ မိနစ်နှစ်ဆယ် လောက်အကြာမှာပဲ သူ့အပူချိန်ဟာ စတက်ခဲ့ပါတယ်၊ သူ သက်သာအောင် ကျွန်တော် ဆေး ပေးထားခဲ့ပြီ၊ အခုဆိုရင် သူ အိပ်ပျော်နေပြီ"

အိုင်လင်းသည် တံခါးကို တွေတွေကြီး စိုက်ကြည့်နေသည်။

"ဘုရား. . . ဘုရား ဘယ်လောက်တောင် ကြာမှာလဲ ဒေါက်တာ၊ ဒီဝေဒနာကြီးကို ဘယ်လောက် ကြာအောင်များ သူ ခံစားနေရမှာလဲ"

ဆရာဝန်က အိုင်လင်း၏လက်မောင်းကို ဆွဲယူလိုက်သည်။

"ကျွန်တော်လည်း မပြောတတ်သေးဘူး၊ ခင်ဗျားအိမ်ကို ကျွန်တော် ကားနဲ့ လိုက်ပို့ ပေးပါရစေလား၊ ဒီညတော့ ခင်ဗျားလည်း ဘာမှ မတတ်နိုင်တော့ပါဘူး၊ ယုံပါ။ သူ အိပ်ပျော် နေပြီ"

"ကျွန်မ ကျွန်မ ခဏလေးလောက်မှ မကြည့်ရဘူးလား ဒေါက်တာရယ်"

ဟု အိုင်လင်းက တုံ့ဆိုင်းဆိုင်းဖြင့် မေးသည်။

"ကြည့်ရပါတယ်၊ ဒါပေမယ့် ခင်ဗျားကို ကျွန်တော် သတိပေးလိုက်မယ်၊ သူ့ရုပ်ကို မြင်ရလို့ ခင်ဗျားစိတ်တွေ ချောက်ချားမသွားပါနဲ့၊ ကျွန်တော်တို့ စက်နဲ့စမ်းသပ်လို့ရအောင် သူ့ဆံပင်တွေ အကုန်လုံးကို ရိတ်ပစ်လိုက်ရပါပြီ"

* * *

အိုင်လင်းသည် သူ့ရုံးခန်းတံခါးကို ပိတ်ခဲ့ပြီး စားပွဲဆီသို့ လျှောက်လာသည်။ ခွင့်ပြု ချက်ကို စောင့်နေသော ရုပ်ရှင်ကားသစ်အတွက် ရေးဆွဲထားသည့် အဝတ်အစားပုံစံ စာရွက် များသည် စားပွဲပေါ်မှာ ရှိနေသည်။ အိုင်လင်းက မီးဖွင့်ပြီး နံရံမှာ ကပ်ထားသည့် အရက်ဗီရို

ဆီသို့ လျှောက်လာသည်။

ဝီစကီပုလင်းကိုယူပြီး ဖန်ခွက်ထဲသို့ ထည့်၏။ ပြီးတော့ ရေခဲများ ထပ်ထည့်ကာ စားပွဲမှာ ပြန်ထိုင်သည်။ စားပွဲပေါ်မှာ ရှိနေသည့် အဝတ်အစားပုံစံ ဒီဇိုင်းများကို ကြည့်ရင်း အရက်ကို ငုံလိုက်သည်။

ခေါင်းပေါ်မှ မီးပွင့်ကို ဖွင့်ပြီး စံပြမယ်ပုံ လူရုပ်ဆီသို့ ကုလားထိုင်ကို ဆွဲလှည့်သည်။ ထိုအရုပ်ပေါ်တွင် စိတ်ကူးဖြင့် အဝတ်အစားများကို ဆင်ကြည့်နေသည်။

သို့သော်လည်း သူ့မျက်လုံးများသည် မျက်ရည်များဖြင့် ဝါးနေ၏။ အောက်ခံခုံပေါ်တွင် ရပ်နေသည့် အရုပ်ကို သူ မမြင်။ ရီနာ ရပ်နေသည်ကိုသာ သူ မြင်နေသည်။ ရီနာ၏ခေါင်းပေါ်မှ ငွေရောင်တောက်နေသည့် ဆံပင်များသည် ဖွာလန်ကြဲကာ တွဲလောင်းကျနေသည်။

အိုင်လင်းက ပါးစပ်မှ ရှေ့ရွတ်ရင်း ဟစ်၍ ငိုလိုက်မိသည်။ သူ့မျက်လုံးထဲမှာ မျက်ရည်များ ပိုများလာသည်။ သို့သော်လည်း သူ့မျက်လုံးထဲတွင်မူ ရီနာ ရပ်နေသည်ကိုသာ သဲသဲကွဲကွဲ မြင်နေရသည်။ ရီနာသည် ဖြူဖွေးသည့် ပိုးဝတ်ရုံကြီးကိုဝတ်ရင်း အောက်ခံခုံပေါ်မှာ ရပ်နေသည်။

ကြုံခဲ့သည်မှာ ကြာပါပြီ။ ယခုမှ ပြန်ရေတွက်ကြည့်လျှင် ငါးနှစ်ပင် ရှိခဲ့ပြီ။ ရီနာ ဝတ်ထားသည့် အဖြူရောင်ဂါဝန်ကြီးသည် သူ လက်ထပ်သည့် အဝတ်အစား ဖြစ်၏။ နီဟားဒါးစ မစ်နှင့် ရီနာ လက်ထပ်ခဲ့စဉ်က ဖြစ်သည်။

## (၁၅)

အစကတော့ မင်္ဂလာပွဲကို တိတ်တိတ်ဆိတ်ဆိတ် ပြုလုပ်ရန် ဖြစ်သည်။ သို့သော်လည်း နောက်ဆုံးတော့ ကြော်ငြာသဘောဖြင့် ပြုလုပ်ရာမှ အလွန် ကြီးကျယ်သွားတော့သည်။ တစ်ကောင်ကြွက်ဇာတ်ကားကို ရိုက်ကူးပြီးချိန်လည်းဖြစ်လေရာ ထိုဇာတ်ကားမှ ဇာတ်လိုက်နှစ်ဦးကို အကြီးအကျယ်ကြော်ငြာရန် ဒေးဗစ်ဝုဖ်က စီစဉ်ခဲ့သည်။

ဒေးဗစ်ဝုဖ်သည် အလွန် ရာထူးသေးငယ်သူ ဖြစ်၏။ အောက်တန်းစားရေးထက် တစ်ဆင့်သာမြင့်သည်။ သူ ရသော တစ်ပတ်အတွက် လုပ်ခသည် သုံးဆယ့်ငါးဒေါ်လာသာ ဖြစ်၏။ သို့သော်လည်း အမျိုးသမီးများနှင့်ပတ်သက်ပြီး အလွန် စွံသူ ဖြစ်သည်။ ထို့ကြောင့် သာမန်ရာထူးကလေးမှ အလွန် ကြီးကျယ်သည့်နေရာသို့ သူ ရောက်လာခဲ့သည်။

ဘာနီနော်မန်သည် သူ၏ဘကြီးအရင်း ဖြစ်၏။ သူ့အမေ၏ အပြစ်ဆိုခြင်းမှ ကင်းလွတ်နိုင်ရန် ဘာနီက သူ့ကို အလုပ်ပေးခဲ့ခြင်း ဖြစ်သည်။သို့သော်လည်း ဒေးဗစ်ကို သူ့ အခန်းထဲသို့ ဝင်ခွင့်မပေးရန် သူ၏အတွင်းရေးမှူးသုံးယောက်စလုံးကို အမိန့်ပေးထားသည်။

ဒေးဗစ်၏အသက်သည် ယခုမှ နှစ်ဆယ့်သုံးနှစ်သာ ရှိသေးသည်။ သည်အချိန်မှာပင် အလွန်ကောင်းသည့် အခွင့်အရေးကြီးတစ်ခု သူ့လက်ထဲသို့ ရောက်လာတော့သည်။ အမျိုးသမီးကလေးများနှင့် နယူးယောက်မြို့တွင် ရုပ်ရှင်ကြည့်နေရင်း ထိုအခွင့်အလမ်းပေါ်လာခြင်း ဖြစ်နိုင်သည်ဟု ဆိုပါကလည်း မမှားနိုင်။

သူ့ဘေးမှ မိန်းကလေးက ပြောလိုက်သည့်စကားကို ပထမတော့ သူ ကောင်းကောင်း မကြားလိုက်။ ထို့ကြောင့် ထပ်မေးရသည်။

"မင်း ဘာပြောလိုက်တယ်"

"နီဟားဒါးစမစ်ရဲ့ လက်ထပ်ပွဲကို သွားရရင် ကောင်းမှာပဲလို့ ပြောတာပါ"

"အလကားပါကွာ၊ မကြီးကျယ်ပါဘူး"

"အရေးကြီးတဲ့လူတွေ လာကြမှာ မဟုတ်လား၊ ရိုးရိုးအချိန်ဆိုရင် သူတို့ကို မြင်ချင်လို့ ဘယ်လွယ်ပါ့မလဲ"

"ငါ ဘာလုပ်ပေးနိုင်မလဲ စဉ်းစားဦးမယ်"

သူသည် ခဏ စဉ်းစားနေ၏။ မကြာမီမှာပင် အကြံကောင်းတစ်ခုကို သူ ရလိုက်သည်။

* * *

ဘာနီနော်မန်သည် သူ့အလုပ်နှင့်ပတ်သက်ပြီး အလွန် ဂုဏ်ယူသည့်သူ ဖြစ်သည်။

နံနက် ခုနစ်နာရီထိုးလျှင် သူ၏မော်တော်ကားကြီးဖြင့် ဂိတ်ဝမှ ဝင်လာလေ့ရှိသည်။ ပြီးတော့ သူ့ရုံးအဆောက်အအုံရှေ့မှာ ကားကို ရပ်ပြီး ရုံးခန်းတွင်းသို့ သူ ဝင်လာမည်။ ရုံးသို့ စောစော ရောက်သည်မှာ ကောင်းသည်ဟု သူ ပြောလေ့ရှိသည်။ သူ့အတွင်းရေးမှူးများကို ခေါ်မည်။ စာရေးစရာ ရှိသည်များကို ရေးမည်။ ညွှန်ကြားဖွယ်ရာ ရှိသည်များကို ညွှန်ကြားမည်။ ထိုသို့ လုပ်ကိုင်ဖွယ် ရှိသည်များကို စောစောစီးစီး ပြုလုပ်ထားခြင်းအားဖြင့် တစ်နေကုန် သူ အားလပ် နေမည် ဖြစ်သည်။ နောက်ထပ် ရောက်လာမည့် ဧည့်သည်များကို လွတ်လွတ်လပ်လပ် တွေ့ နိုင်သည်။ သူ့ရုံးခန်းတံခါးသည် ထိုနည်းဖြင့် တစ်လျှောက်လုံး ဖွင့်ထားမြဲ ဖြစ်၏။

ယနေ့လည်း ထုံးစံအတိုင်း သူ့ရုံးခန်းသို့ စောစောရောက်လာသည်။ အလွန် ရှုပ်ထွေး သည့်လုပ်ငန်းကြီးတစ်ခုကို တစ်ယောက်တည်းက ကိုင်တွယ်ဖြေရှင်းနေရသည်မှာ အလွန် ခက်ခဲကြောင်း သူ စဉ်းစားနေမိသည်။ ပြဿနာ၊ နေရာတိုင်းမှာ ပြဿနာ ရှိနေတတ်သည်။

အခန်းတံခါးကို ဖွင့်ပြီး သူ့စားပွဲရှိရာသို့ လျှောက်လာခဲ့သည်။ ထိုအချိန်မှာပင် ခုံတစ် လုံးပေါ်တွင် အိပ်နေသည့် သူ့တူဖြစ်သူ ဒေးဗစ်ဝုဖ်ကို သူ လှမ်းတွေ့လိုက်ရသည်။ ဒေးဗစ်၏ ပတ်လည်မှာ စာရွက်များဖြင့် ပွစာကြဲနေသည်။ ဘာနီ၏ရင်ထဲမှာ ဒေါသစိတ်များ တဖွားဖွား ပေါ်လာသည်။ ထို့ကြောင့် အခန်းကိုဖြတ်လျှောက်သွားပြီး ခုံပေါ်မှာ ဒေးဗစ်ကို ဆွဲထူလိုက်၏။

"မင်း ဘာဖြစ်လို့ ငါ့အခန်းထဲမှာ လာအိပ်နေရတာလဲ၊ ဟင်. . . "

ဒေးဗစ်သည် အိပ်ရာမှ ထလိုက်သည်။ ခပ်ကြောင်ကြောင် ဖြစ်နေသည်။ သူ့မျက်လုံး များကို ပွတ်နေသည်။

"ကျွန်တော် အိပ်ဖို့လာတာ မဟုတ်ပါဘူး။ စာရွက်အချို့ကို ရှာရင်း အိပ်ပျော်သွား တာပါ"

"စာရွက်တွေ ဟုတ်လား၊ ဘာစာရွက်တွေလဲ"

ဘာနီသည် တအားပြန်အော်ရင်း စာရွက်များကို ငုံ့ကြည့်လိုက်သည်။ ပြီးတော့ စာရွက်တချို့ကို ဆွဲယူလိုက်သည်။

"ဒါ တစ်ကောင်ကြွက် ဇာတ်ကားအတွက် ထုတ်လုပ်ရေး ကန်ထရိုက်စာချုပ်တွေပဲ၊ ငါ့ရဲ့လျှို့ဝှက်ဖိုင်တွေပဲ၊ မင်း ဒါတွေနဲ့ ဘာလုပ်နေတာလဲ"

"ကျွန်တော် ရှင်းပြပါရစေဦး"

ဟု ဒေးဗစ်က အပြေးအလွှား ဝင်ပြောသည်။ ယခုမှ သူ ကောင်းစွာ အိပ်ရာမှ နိုးလာခြင်း ဖြစ်သည်။

"ဘာဖြေရှင်းချက်မှ မလိုချင်ဘူး၊ သွား ထွက်သွား၊ မင်း ငါးမိနစ်အတွင်း ထွက်မသွား ရင် အစောင့်ကို ငါ ခေါ်လိုက်မယ်၊ ပြီးရင် မင်းကို ကန်ထုတ်ခိုင်းမယ်။ သွား ထွက်သွား၊ မင်းကိုလည်း ငါ အလုပ်က ထုတ်ပစ်လိုက်ပြီ။ ငါ့ စတူဒီယိုထဲမှာ သူလျှို မလိုချင်ဘူး။ ငါ့ညီမ အရင်းရဲ့သားက အခု သူလျှိုဖြစ်နေတယ်၊ ထွက်သွား"

"ဩော် ဒီလိုကြေးလား အန်ကယ်ဘာနီ"

ဒေးဗစ်က ပြန်မေးရင်း ထိုင်ရာမှ ထ၏။

"ဒီလိုကြေးပေါ့ကွ၊ မနေ့ညက ညတစ်ဝက်လုံးလုံး မင်းအမေက ငါ့ကို တယ်လီဖုန်းနဲ့ စကားပြောနေတယ်၊ သူ့သားလေး ပြန်မလာလို့ တစ်နေရာရာမှာ တစ်ခုခုဖြစ်နေပြီလားလို့ စိတ်ပူတဲ့အကြောင်းပြောလို့၊ သားလုပ်တဲ့အကောင်ကတော့ ငါ့အခန်းထဲမှာ သူခိုးကျင့်သူခိုးကြံ လာကြံနေတာကိုး၊ ဟင် တော်တော်ကောင်းတယ်၊ သွား အခု ချက်ချင်း ထွက်သွား"

"အန်ကယ်ဘာနီ ဘာသိလို့လဲ"

"ဟေ့ကောင်၊ ဘာလို့ မသိရမှာလဲကွ၊ ဒီစတူဒီယိုထဲမှာ အပ်ကျတာကိုတောင် သိတယ် နားလည်ရဲ့လား၊ ဒီလုပ်ငန်းကို ငါ တည်ထောင်ခဲ့တာကွ၊ နေ့ရောညရော ခွေးလို အလုပ်လုပ် လာတဲ့အကောင်ကွ၊ အားလုံး သိတယ်"

ဘာနီနော်မန်သည် သူ့စားပွဲဆီသို့ ပြန်လျှောက်သွားပြီး ကုလားထိုင်မှာ ဝင်ထိုင်လိုက် သည်။ သူ့ရင်ဘတ်ပေါ်မှာ သူ့လက်ကိုတင်ရင်း ညည်းတွားနေသည်။ သူ့သွေးအရင်းက သူ့ကို သစ္စာဖောက်ရပါမည်လားဟု မကျေမနပ် ဖြစ်နေသည်။ ပြီးတော့ ဆေးပုလင်းကို ထုတ်ယူပြီး

ဆေးများကို သောက်နေသည်။ မျက်လုံးများကို မှိတ်ထား၏။ ဒေးဗစ်က သူ့ဦးလေးကို ကြည့်လိုက်သည်။

"အန်ကယ်ဘာနီ နေကောင်းတယ်နော်"

နော်မန်ဘာနီက မျက်လုံးများကို တဖြည်းဖြည်း ဖွင့်ကြည့်ပြန်၏။

"ဟော့ကောင် မင်း မသွားသေးဘူးလား၊ သွား ထွက်သွား"

ဟု သံကုန်အော်လိုက်ပြန်သည်။

"ကျွန်တော် ဒီနေ့မနက် ဒီကို ဘာဖြစ်လို့လာတယ်ဆိုတာ အန်ကယ် မသိဘူးနော်၊ သိပ်အရေးကြီးလွန်းလို့လာတာ"

နော်မန်က မျက်လုံးများကိုဖွင့်ပြီး သူ့ကို လှမ်းကြည့်ပြန်၏။

"မင်းမှာ အရေးကြီးတဲ့ကိစ္စ ရှိတယ်ဆိုရင် တခြားလူတွေ လာတွေ့သလို လာတွေ့ပါလားကွ၊ ငါ့အခန်းတံခါးက အမြဲဖွင့်ထားတာ"

"ဖွင့်ထားတယ် ဟုတ်လား"

ဒေးဗစ်က အလွန် သဘောကျသလို ရယ်လိုက်သည်။

"ဘုရားသခင် ကိုယ်တော်တိုင် ကြွလာရင်တောင်မှ အန်ကယ့်လူတွေက အန်ကယ်နဲ့ တွေ့ခွင့်ပေးမှာ မဟုတ်ဘူး"

"ဟော့ကောင်၊ ဒီကိစ္စထဲမှာ ဘာသာရေးကိစ္စတွေ ဆွဲထည့်မလာနဲ့၊ မင်း ငါ့ဝါဒတွေ သိတယ် မဟုတ်လား။ လူတိုင်းအပေါ်မှာ ငါ တစ်တန်းစားတည်း ဆက်ဆံတယ်၊ တစ်ယောက်ယောက်က ငါ့ကို တွေ့ချင်တယ်ဆိုရင် ငါ့ရဲ့နံပါတ်သုံး အတွင်းရေးမှူးကို ပြောရမယ်။ နံပတ်သုံးက နံပါတ်နှစ် အတွင်းရေးမှူးကို ပြောပြလိမ့်မယ်။ နံပါတ်နှစ်က နံပါတ်တစ် အတွင်းရေးမှူးကို ပြောပြမယ်၊ နံပါတ်တစ်က အရေးကြီးသလား၊ မကြီးဘူးလားဆိုတာ စဉ်းစားလိမ့်မယ်၊ အရေးကြီးတယ်၊ တွေ့ခွင့်ပေးသင့်တယ်လို့ ဆုံးဖြတ်ရင် ငါ့ကိုပြောမယ်၊ ပြီးရင် ငါ့ကို မင်း တွေ့ရမှာပဲ မဟုတ်လား။ ဒီအတိုင်းပဲ မင်း လုပ်ရမယ်၊ ဒီလို ခိုးကြောင်ခိုးဝှက် မလုပ်နဲ့၊ ငါ့ရဲ့ လျှို့ဝှက်ဖိုင်တွေကို ဒီလိုလာပြီးကြည့်မယ်မကြံနဲ့၊ ကဲ မင်း ထွက်သွားတော့"

"ကောင်းပြီလေ၊ သွားပါ့မယ်၊ ဒါပေမယ့် ကျွန်တော် ဒီအခန်းထဲက အပြင်ကို ရောက်သွားတာနဲ့ တစ်ပြိုင်တည်း အန်ကယ် ကောင်းကောင်းသိစေမယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်နဲ့အတူတူ အန်ကယ်ဟာ ဒေါ်လာတစ်သန်းလောက်ကို လွှင့်ပစ်လိုက်လို့ပဲ"

ဒေးဗစ် က ပြောပြောဆိုဆိုဖြင့် အပေါက်ဆီသို့ လျှောက်လာခဲ့သည်။

"ဟော့ကောင် ခဏနေဦး၊ ငါဟာ တရားသဖြင့် လုပ်တတ်တဲ့လူပါကွ၊ အရေးကြီးတဲ့ကိစ္စ ငါ့ကို ပြောစရာရှိတယ်လို့ မင်း စောစောကပြောတယ် မဟုတ်လား၊ ကဲပြော၊ ငါ နားထောင်နေတယ်"

ဘာနီနော်မန်၏ လေသံသည် ချက်ချင်း ပြောင်းသွားသည်။ ဒေးဗစ်က တံခါးကို ပိတ်ထားခဲ့သည်။

"ရုပ်ရှင် ရုံမတင်ခင် နောက်လထဲမှာ နီဗားဒါးစမစ်နဲ့ ရီနာမာလိုးတို့ လက်ထပ်ကြလိမ့်မယ်"

"မင်း ငါ့ကို အဓိပ္ပာယ် မရှိတာတွေ လာပြောနေတာပဲ၊ သူတို့လက်ထပ်တာ ဘယ်သူက ဂရုစိုက်ရမှာလဲကွ၊ သူတို့ မင်္ဂလာဆောင်အတွက် ငါ့ကိုတောင် မဖိတ်ဘူး။ ပြီးတော့ နီဗားဒါး ဆိုတာလည်း ကျနေပါပြီကွ"

နော်မန်က စိတ်မဝင်စားသလို ပြောသည်။

"နီဗားဒါး ကျလာပြီဆိုတာတော့ ဟုတ်ချင် ဟုတ်မှာပေါ့၊ ဒါပေမယ့် ရီနာမာလိုးက ဒီလို မဟုတ်ဘူးနော်၊ အန်ကယ် ရုပ်ရှင်ကြည့်ပြီးပြီလား"

"ငါ ကြည့်ပြီးပါပြီကွာ၊ တို့ ဒီနေ့တောင် အထူးပွဲပြဦးမှာပဲ"

"အဲဒီလို အထူးပွဲပြပြီးတာနဲ့ တစ်ပြိုင်တည်း ဒီမင်းသမီးဟာ ကုမ္ပဏီတွေ ဝိုင်းဝိုင်းလည်နေတဲ့ မင်းသမီးဖြစ်တော့မယ်"

တူဖြစ်သူကို သူ သေသေချာချာ ကြည့်လိုက်၏။ အသိအမှတ်ပြု လေးစားသည့် အမူအရာများ သူ့မျက်လုံးထဲမှာ ပေါ်လာသည်။

"ကျွန်တော် သိထားသလောက်တော့ သူနဲ့ ဘယ်ကုမ္ပဏီနဲ့မှ စာမချုပ်ရသေးဘူး။ အန်ကယ်နဲ့ ဒီနေ့မနက် စာချုပ်လိုက်နိုင်တာပဲ၊ နောက်ပြီးတော့"

ဘာနီနော်မန်သည် ခေါင်းတညိတ်ညိတ် လုပ်နေ၏။

"နောက်ပြီးတော့ ဒီမင်္ဂလာဆောင်ကိစ္စမှာ စီစဉ်ပေးမယ့်အကြောင်း အန်ကယ်က သူတို့ကို ပြောပါ။ စတူဒီယိုကပေးတဲ့ မင်္ဂလာလက်ဆောင် သဘောမျိုးပေါ့၊ ဟောလီးဝုဒ်မှာ ပေါ်ခဲ့သမျှတွေထဲမှာ အကြီးကျယ်ဆုံးဖြစ်သွားအောင် ကျွန်တော်တို့ လုပ်နိုင်တယ်၊ ဒါဆိုရင် နောက်ထပ် ဒေါ်လာငါးသန်းလောက်တော့ ပြေးမလွတ်ဘူး"

"တို့နဲ့ ဘာဆိုင်သလဲကွာ၊ ရုပ်ရှင်ကားက တို့ပိုင်တဲ့ကားမှ မဟုတ်ဘဲ ဒီကားက မြတ်တာနဲ့ တို့နဲ့ ဘာမှ မဆိုင်ဘူး"

"ကျွန်တော်တို့က ဖြန့်ချိရေး စရိတ်ရမှာပဲ အန်ကယ်၊ မဟုတ်ဘူးလား။ ငါးသန်းပေါ် မှာ နှစ်ဆယ့်ငါးရာခိုင်နှုန်းဆိုတာ တစ်သန်းနဲ့ နှစ်သိန်းနှစ်သောင်းရှိတယ် မဟုတ်လား။ ကျွန်တော်တို့ စတူဒီယိုမှာ တစ်နှစ်လုံး ကုန်ကျစရိတ်ရဲ့တစ်ဝက်ကျေသွားပြီ။ မင်္ဂလာဆောင်မှာ ကျွန်တော်တို့ ကုန်ကျစရိတ်တွေ အားလုံးကိုလည်း ကြော်ငြာခထဲမှာ စာရင်းပြလိုက်ရုံပဲ။ ဒီလို ကြော်ငြာခထဲမှာ စာရင်းပြလိုက်ရင် ကျွန်တော်တို့ ကုမ္ပဏီက တစ်ပြားမှ ကုန်စရာ မရှိဘူး။ ဂျိုနတ်စ်ကော့ရဲ့ဇာတ်ကားဖြစ်တဲ့အတွက် ကုန်ကျစရိတ်တွေကို သူ ခံရလိမ့်မယ်"

ဒေးဗစ်ဝုဖ်သည် သူ့အစီအစဉ်များကို ယုံယုံကြည်ကြည်ကြီး ပြောပြနေသည်။

နော်မန်သည် ထိုင်ရာမှ ထလိုက်၏။ သူ့မျက်လုံးထဲမှာ မျက်ရည်များကို မြင်နေရသည်။

"ငါ သိတယ်၊ သွေးဟာ စကားပြောတာပဲ။ ကဲ ငါ့တူ အခုအချိန်ကစပြီး မင်း ငါ့အတွက် အလုပ်လုပ်ပေတော့၊ မင်းဟာ ငါ့ရဲ့လက်ထောက်ပဲ။ ဟိုဘက်အခန်းမှာ မင်းအတွက် ရုံးခန်းလုပ်ပေးဖို့ ကောင်မကလေးတွေကို ငါ ပြောလိုက်မယ်၊ ငါ့မှာ သားရှိခဲ့မယ် ဆိုရင်တောင် ဒီလို အကြံဉာဏ်မျိုးကို ငါ့သားက ပေးနိုင်မှာ မဟုတ်ဘူး"

"တစ်ခု ကျန်သေးတယ်"

"တစ်ခု ကျန်သေးတယ် ဟုတ်လား၊ ဘာလဲ"

နော်မန်က ပြန်ထိုင်သည်။

"ကျွန်တော်တို့နဲ့ တစ်နှစ်လောက်ဆက်ပြီး ရုပ်ရှင်ရိုက်ဖို့ မစ္စတာကော့ကို ပြောရမယ်"

နော်မန်က သူ့ခေါင်းကို ယမ်းခါလိုက်သည်။

"အိုး ဒါတော့ မဖြစ်ဘူး။ ဒီလို အကောင်မျိုး မရှိလည်း တို့ဟာတို့ လုပ်လို့ရတယ်"

"ရုပ်ရှင်နဲ့ပတ်သက်ပြီး သူ့မှာ ဇရှိတယ်နော် အန်ကယ်၊ အခု ရိုက်လိုက်တဲ့ တစ်ကောင်ကြွက်ကို ကြည့်ပါလား"

"ကြက်ကန်း ဆန်းအိုးတိုးသွားတာပါကွာ"

"မဟုတ်သေးဘူးနော် အန်ကယ်၊ ဒီကားရိုက်ရာမှာ ကျွန်တော် အစအဆုံးရှိနေတာ၊ ဒီကားနဲ့ပတ်သက်ပြီး အမှန်ကတော့ သူ ဘာမှ လုပ်စရာ မရှိဘူး။ တကယ်လို့ ဒီကားဟာ သူ့ကား မဟုတ်ရင် ရီနာမာလိုးဟာလည်း ဘယ်နည်းနဲ့မှ ရုပ်ရှင်မင်းသမီးဖြစ်လာမှာ မဟုတ်ဘူး။ ကျွန်တော် တွေ့ခဲ့ဖူးသမျှတွေထဲမှာတော့ အင်မတန် ကြည့်တတ်မြင်တတ်တဲ့လူ"

"အလကား အရှုပ်ပါကွာ၊ ဒီလိုကောင်မျိုး ဒီမှာ ရှိနေမှာကို ငါ မကြိုက်ဘူး။ ရုပ်ရှင် တစ်ကားလောက်ရိုက်ရုံနဲ့ အားရမယ့် အကောင်စားမျိုး မဟုတ်ဘူး။ မကြာခင် အားလုံးကို မျိုသွားမယ့် လူစားမျိုး၊ သူဟာ အစုရှယ်ယာတွေနဲ့ ခွဲဝေပြီး လုပ်ချင်တဲ့လူစားမျိုး မဟုတ်ဘူးကွ"

နော်မန်သည် ထိုင်ရာမှထပြီး သူ့တူရှိရာသို့ လျှောက်သွားသည်။

"ဒီအကြံအစည်ကတော့ မဖြစ်နိုင်ပါဘူးကွာ၊ ဒါပေမယ့် မင်းပြောတဲ့ တခြားကိစ္စတွေကိုတော့ ငါ သဘောကျတယ်။ ဒီနေ့မနက်ပဲ တို့ မင်းသမီးဆီသွားပြီး စာချုပ်မယ်၊ ပြီးတော့ မင်္ဂလာဆောင်မှာ တို့လုပ်ချင်တဲ့ အစီအစဉ်ကိုလည်း ပြောပြမယ်။ နီဗားဒါးကတော့ ကြိုက်မှာ မဟုတ်ဘူး၊ ဒါပေမယ့် သူ လုပ်ရမှာပါပဲ၊ နောက်ဆုံးကျရင် သူ့ပိုက်ဆံကို သူ ပြန်ရမယ်၊ ပြီးရင် သူ့မှာ ဘာအခွင့်အရေးမှ ရှိတော့မှာ မဟုတ်ဘူး"

* * *

မင်္ဂလာဆောင် သတင်းကားကို ဂျိုနတ်စ်ကော့ရှိရာသို့ ပို့ပေးကြသည်။ ထိုအချိန်က မစ္စတာကော့သည် ဥရောပသို့ ရောက်နေ၏။

ကော့သည် ရုပ်ရှင်ပြခန်းကလေး အတွင်းသို့ ဝင်သွားသည်။ သူ လန်ဒန်မြို့သို့ ရောက်နေခိုက် ဖြစ်သည်။ သူ ထိုင်ခုံမှာ ထိုင်ပြီးသောအခါ အခန်းတွင်းမှ မီးများ ပိတ်သွားပြီး တေးသံများဖြင့် ပြည့်လာသည်။ ပိတ်ကားပေါ်မှာ စာလုံးများ ပေါ်လာသည်။

နော်မန်သတင်းကား

ပထမဦးဆုံးနှင့် အကောင်းဆုံးရုပ်ရှင်

နောက်ဘက်မှ သတင်းကြေညာသူ၏အသံ ထွက်လာသည်။ ဘုရားရှိခိုးကျောင်း တစ်ဝိုက်တွင် ရှိနေသည့် လူအုပ်ကြီးကို ကင်မရာက အဝေးမှ ရိုက်ပြသည်။

*"ဟောလီးဝုဒ်ရုပ်ရှင်မြို့တော်မှာ ရှိနေကြတဲ့ လူတွေအားလုံး၊ တစ်ကမ္ဘာလုံးမှာ ရှိနေကြတဲ့ ရုပ်ရှင်ဝါသနာအိုးများ အားလုံးဟာ နီဗားဒါးစမစ်နဲ့ ရီနာမာလိုးတို့ရဲ့ လက်ထပ်မင်္ဂလာပွဲ အကြောင်းကို အလွန် စိတ်ဝင်စားနေကြပါတယ်။ သူတို့နှစ်ယောက်ဟာ ဆိုရင် မကြာခင်မှာ ဘားနဒ်၊ ဘီ၊ နော်မန်က ဖြန့်ချီတော့မယ့် တစ်ကောင်ကြွက်ဇာတ်ကားထဲက မင်းသား မင်းသမီးများ ဖြစ်ကြပါတယ်"*

ကောင်းဘွိုင် အဝတ်အစားဝတ်ကာ မြင်းဖြူကြီးကိုစီးပြီး ဘုရားရှိခိုးကျောင်းဆီသို့ လာနေသည့် နီဗားဒါးသည် ပိတ်ကားပေါ်မှာ ပေါ်လာ၏။

*"သူကတော့ သတို့သားပဲ ဖြစ်ပါတယ်၊ ကမ္ဘာကျော်တဲ့ ကောင်းဘွိုင်မင်းသားကြီး နီဗားဒါးစမစ်ပါပဲ၊ သူဟာ အင်မတန် ကျော်ကြားပြီး လိမ္မာလှတဲ့ သူ့မြင်းဖြူကြီးကိုစီးပြီး ဘုရားရှိခိုးကျောင်းကို အခုလို ရောက်ရှိလာပါတယ်"*

နီဗားဒါးသည် မြင်းပေါ်မှဆင်းပြီး ဘုရားရှိခိုးကျောင်းအတွင်းသို့ ဝင်သွားသည်။ လူအုပ်ကြီးက ကြိတ်ကြိတ်ခဲ တိုးဝှေ့နေကြရာ ရဲအဖွဲ့ဝင်များက လက်ချင်းဆက်ပြီး လူအုပ်ကြီးကို ထိန်းနေရသည်။ ဘာနီနော်မန်ပေါ်လာပြီး ရီနာကို တွဲခေါ်ရန် လှည့်လာသည်။ ရီနာသည် လူအုပ်ကြီးဘက်သို့လှည့်ပြီး ပြုံးပြနေ၏။ ပြီးတော့ နော်မန်က ကမ်းပေးသည့်လက်ကို ဆွဲကိုင်ကာ ဘုရားရှိခိုးကျောင်းအတွင်းသို့ ဝင်သွားသည်။ ကင်မရာက သူတို့ကို အနီးကပ်ရိုက်ပြသည်။

*"သူကတော့ သတို့သမီးပဲ ဖြစ်ပါတယ် ခင်ဗျာ။ အင်မတန် ချစ်စရာကောင်းတဲ့ ရီနာမာလိုးပါပဲ၊ တစ်ကောင်ကြွက်ဇာတ်ကားရဲ့ခေါင်းဆောင်မင်းသမီး ဖြစ်ပါတယ်။ ဟောလီးဝုဒ်က ရုပ်ရှင်ထုတ်လုပ်သူ ဘားနဒ်၊ ဘီ၊ နော်မန်ရဲ့လက်ကို တွဲမှီကိုင်ဆွဲပြီး လိုက်လာပါတယ်၊ မစ္စမာလိုး ဝတ်ဆင်ထားတဲ့ မင်္ဂလာဝတ်စုံကတော့ ဆင်စွယ်နှစ်ရောင် ဖြစ်ပါတယ်။ ဒီမင်္ဂလာဝတ်စုံကို ပုံစံထုတ်လုပ်သူကတော့ အိုင်လင်းဂေးလတ် ဖြစ်ပါတယ်။ ဘားနဒ်၊ ဘီ၊ နော်မန် ထုတ်လုပ်တဲ့ တစ်ကောင်ကြွက်ဇာတ်ကားထဲမှာ အင်မတန် အံ့သြစရာကောင်းတဲ့ အဝတ်အစားတွေကို မစ္စမာလိုးဝတ်ဆင်တာ တွေ့ရပါလိမ့်မယ်၊ အဲဒီ အဝတ်အစား အားလုံးကို ဒီဇိုင်းပုံ ထုတ်လုပ်ပေးသူကတော့ အိုင်လင်းဂေးလတ်ပဲ ဖြစ်ပါတယ်"*

ကင်မရာသည် နီဗားဒါးနေထိုင်ရာ ဘီဗာလီတောင်ကုန်းပေါ်ရှိ နေအိမ်၏ အပြင်ဘက်မှ မြင်ကွင်းကို ရိုက်ပြသည်။ လူပေါင်းများစွာတို့သည်လည်း ထိုနေရာမှာ ရှိနေကြသည်။ နီဗားဒါး၏ အိမ်အပြင်ဘက် မြင်းခင်းပေါ်ရှိ မဏ္ဍပ်ကြီးတစ်လုံးကို ရိုက်ပြသည်။

*"နန်းတော်တမျှ ကြီးကျယ်ခမ်းနားတဲ့ နီဗားဒါးရဲ့ အိမ်ဝင်းအတွင်းမှာရှိတဲ့ မြက်ခင်းပြင်ပေါ်မှာ ဆောက်လုပ်ထားတဲ့ မဏ္ဍပ်ကြီးကတော့ ဘားနဒ်၊ ဘီ၊ နော်မန်စတူဒီယို အလုပ်သမားများက တည်ဆောက်ပေးကြတဲ့ မင်္ဂလာမဏ္ဍပ်ကြီးပဲ ဖြစ်ပါတယ်။ သတို့သမီးနဲ့ သတို့သား အတွက် လက်ဆောင်ပေးတဲ့ မဏ္ဍပ်ကြီးပါပဲ။ ဒီမင်္ဂလာမဏ္ဍပ်ဟာ ဧည့်ပရိသတ်ပေါင်းတစ်ထောင်ကို ချောင်ချောင်ချိချိနဲ့ တစ်ပြိုင်တည်း ဧည့်ခံကျွေးမွေးနိုင်အောင် ကြီးမားတဲ့ မဏ္ဍပ်ကြီးပဲ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ဒါလောက်ကြီးတဲ့ မဏ္ဍပ်ကြီးကို မဆောက်လုပ်ဖူးသေးကြပါဘူး။ ကဲ အခုအချိန်ကစပြီး နာမည်ကျော် ဧည့်သည်တော်ကြီးများကို ကျွန်တော်တို့ နှုတ်ဆက်ကြပါစို့ ခင်ဗျာ"*

ကင်မရာသည် မြက်ခင်းပေါ်ရှိ ဧည့်ပရိသတ်များဘက်သို့ လှည့်သွားသည်။ နာမည်

ကြီးမင်းသား၊ မင်းသမီးများ၊ နာမည်ကျော် သတင်းစာဆရာများ၊ ဆောင်းပါးရှင်များ၊ ရုပ်ရှင်ဝေဖန်သူများကို ရိုက်ပြပြီး ကြေညာသူက တစ်ဦးချင်း၏ အမည်များကိုပြောကာ မိတ်ဆက်ပေးသည်။ ကင်မရာသည် အိမ်ပေါက်ဝသို့ ရောက်လာပြန်၏။ နီဗားဒါးနှင့် ရီနာတို့နှစ်ယောက် အိမ်အဝမှာ ရပ်နေကြသည်။ ခဏကြာသောအခါ နော်မန်သည် သူတို့နှစ်ယောက်ကြားသို့ ရောက်လာ၏။ ရီနာသည် နှင်းဆီပန်းများနှင့် သစ်ခွပန်းများ ရောစည်းထားသော အလွန်ကြီးမားသည့် ပန်းစည်းကြီးကို ကိုင်ထားသည်။

*"ဟောဒီမှာ ကြည်နူးချမ်းမြေ့နေကြတဲ့ သတို့သမီးနဲ့ သတို့သားကို ထပ်ပြီး မြင်တွေ့နိုင်ကြပါတယ် ခင်ဗျာ။ သူတို့နဲ့အတူတူ မြင်ရတဲ့ ပုဂ္ဂိုလ်ကြီးကတော့ နာမည်ကျော် ရုပ်ရှင်ထုတ်လုပ်သူ ဘားနဒ်၊ ဘီ၊ နော်မန် ဖြစ်ပါတယ်။ အခုဆိုရင် သတို့သမီးက သူ့လက်ထဲက ပန်းစည်းကို ဖွဲ့နပဲကြီးစွာ စောင့်နေကြတဲ့ သူ့အချစ်တော် ပရိသတ်ကြီးထဲကို ပစ်ပြီးပေးပါတော့မယ်"*

မိန်းမပျို ချောချောကလေးများဆီသို့ ရီနာ ပန်းစည်းပစ်ပေးပုံကို ကင်မရာက ရိုက်ပြသည်။ ပန်းစည်းကို ရလိုက်သူသည် ဆံပင်နီနီနှင့် မိန်းမပျိုကလေးတစ်ယောက် ဖြစ်သည်။ ကင်မရာက ထိုမိန်းမပျိုဆီသို့ ရွေ့သွားပြီး အနီးကပ် ရိုက်ပြပြန်သည်။

*"ပန်းစည်းကို ဖမ်းမိလိုက်သူက မစ္စအင်န်ဘယ်ရီ ဖြစ်ပါတယ်၊ သတို့သမီးနဲ့ အလွန်ရင်းနှီးတဲ့ မိန်းမပျိုကလေးတစ်ဦးပါပဲ၊ ဆံပင်နီနီကလေးတွေနဲ့ အလွန် လှပတဲ့ မစ္စဘယ်ရီဟာ တစ်ကောင်ကြွက်ဇာတ်ကားထဲမှာ အလွန် အရေးပါတဲ့ အခန်းက ပါဝင်သရုပ်ဆောင်သူ ဖြစ်ပါတယ်။ နော်မန်ရုပ်ရှင်ကုမ္ပဏီနဲ့လည်း စာချုပ်ထားသူ ဖြစ်ပါတယ်"*

နောက်ဆုံးတွင် ကင်မရာသည် နီဗားဒါး၊ ရီနာနှင့် နော်မန်တို့ သုံးဦးကို အနီးကပ် ရိုက်ပြပြီး သတင်းကားပြီးဆုံးသွားတော့သည်။ နောက်ဆုံးအခန်းတွင် နော်မန်သည် သတို့သမီးနှင့်သတို့သားကြားတွင် ရပ်နေသည်။ သူ့လက်တစ်ဖက်သည် နီဗားဒါး၏ပခုံးကို ဖခင်က သားကို ဖက်ထားသည့်ဟန်မျိုးဖြင့် ဖက်ထားသည်။ ကျန်လက်တစ်ဖက်သည် ရီနာ၏တင်ပါးပေါ်တွင် ကျရောက်နေလေဟန်ဖြင့် ပျောက်ကွယ်နေသည်။ သူတို့သုံးယောက်စလုံး၏အပြုံးများဖြင့် သတင်းကား ပြီးဆုံးသွားခြင်း ဖြစ်သည်။

မီးများ ပြန်လင်းလာသောအခါ ဂျိုနတ်စ်သည် ထိုင်ရမှထပြီး မပြုံးမရယ်ဘဲ ထွက်လာခဲ့၏။ သူ့စိတ်ထဲမှာ တစ်စုံတစ်ရာကို စဉ်းစားလာသည်။ ရီနာ၏နောက်ကျောဘက်တွင် ပျောက်ကွယ်နေသည့် နော်မန်၏ ဘယ်ဘက်လက်အကြောင်း ဖြစ်သည်။

ပျောက်ကွယ်နေသည့် ထိုလက်တွင် မည်သို့သော လျှို့ဝှက်ချက်တွေ ရှိနေသနည်း။

## (၁၆)

မိမိရုံး၏အပြင်ဘက်မှာ တံခါးဖွင့်သံကို အိုင်လင်း ကြားရသောအချိန်သည် ညရှစ်နာရီကျော်ပြီ။ ဆွဲလက်စ ပုံစံများကို စားပွဲပေါ်သို့ ပြန်တင်ပြီး လက်မှာပေနေသည့် ဆေးများကို ပွတ်နေမိသည်။ အဝင်ပေါက်ကို လှမ်းကြည့်လိုက်စဉ်မှာပင် ရီနာ ဝင်လာသည်။

"စောင့်ခိုင်းထားရတာ အားနာလိုက်တာ အိုင်လင်းရယ်၊ ဒီနေ့ည အချိန်ပိုရိုက်ကြရသေးတယ်"

ဟု ရီနာက အခန်းတွင်းသို့ ဝင်လာရင်း တောင်းပန်စကား ပြောသည်။

"ကိစ္စ မရှိပါဘူး၊ ကိုယ်လည်း အလုပ်တွေ လက်စသတ်စရာ ရှိနေတယ်၊ မင်းကို ကြည့်ရတာ သိပ်ပင်ပန်းနေပုံရတယ်၊ နားလိုက်ဦး၊ မင်း နောက်ကျမယ်ဆိုတာ ကြားလို့ ကော်ဖီနဲ့ မုန့် မှာထားတယ်"

အိုင်လင်းက ပြုံးရင်း ပြန်ပြောသည်။

"ကျေးဇူးပဲ၊ မောတယ်ကွာ"

ဟု ပြောရင်း ရီနာက ကုလားထိုင်မှာ ဝင်ထိုင်သည်။ ခြေထောက်မှ ဖိနပ်ကိုချွတ်ပြီး ဘေးသို့ ကန်ထုတ်လိုက်သည်။

အိုင်လင်းက ဓာတ်ဘူးထဲမှ ကော်ဖီကို ပန်းကန်ထဲသို့ထည့်ပြီး ရီနာ့ဘက်သို့ ကမ်းပေး

သည်။ ရီနာက ကော်ဖီကို တစ်ကျိုက် သောက်လိုက်၏။

"ကောင်းတယ်၊ ဒါပေမယ့် ကိုယ်မဆာဘူး"

"တစ်ကောင်ကြွက်ကား ရိုက်ပြီးကတည်းက တစ်နှစ်လုံးလုံး မင်း တစ်ပတ်တောင် အနားမရခဲ့ဘူး မဟုတ်လား၊ ဇာတ်ကားသုံးကားကို တစ်ကားပြီးတစ်ကား ဆက်ရိုက်နေခဲ့ရတယ်။ နောက်အပတ်ဆိုရင် နောက်တစ်ကား စရိုက်ရဦးတော့မယ်။ ဒါလောက် မနားတမ်း ရိုက်နေရတာတောင် မင်း လဲမသွားတာ အံ့ပါရဲ့"

ရီနာက အိုင်လင်းကို မော့ကြည့်သည်။

"အလုပ်လုပ်နေရတာကို သဘောကျတယ်"

"ကိုယ်လည်း သဘောကျတာပါပဲ၊ ဒါပေမယ့် စည်းကမ်းတော့ ရှိရမှာပေါ့"

ရီနာက ဘာမှ ပြန်မပြောတော့ဘဲ ကော်ဖီကို တမြုံ့မြုံ့သောက်ရင်း သတင်းဂျာနယ်ကို အမှတ်မထင် ကောက်ယူသည်။ ပြီးတော့ ပျင်းရိငြီးငွေ့စွာဖြင့် စာမျက်နှာများကို လှန်နေသည်။ ပြီးတော့ ခေါင်းစဉ်တစ်ခုကို ဖတ်ပြီး အိုင်လင်းဘက်သို့ လှမ်းပေးသည်။

"ဒီသတင်း ဖတ်ပြီးပြီလား"

အိုင်လင်းက သတင်းဂျာနယ်ကို လှမ်းကြည့်သည်။ ခေါင်းစဉ်များက သူ့မျက်လုံးကို ဖမ်းယူထားလိုက်သည်။

ဝင်ငွေအများဆုံးရသည့် တစ်ကောင်ကြွက်ဇာတ်ကားကြီး. . .

ယခုနှစ်အတွင်း၌ ရုပ်ရှင်ဇာတ်ကားများ၏ ဝင်ငွေမှာ အကြီးအကျယ် ကျဆင်းလာသည်၊ ထို့ကြောင့်လည်း ရုပ်ရှင်ထုတ်လုပ်သူများနှင့် ရုပ်ရှင်ကုမ္ပဏီများသည် ခြေသံပါအောင် ညည်းညူနေကြသည်၊ ထိုကြားထဲကပင် တစ်ကောင်ကြွက်ဇာတ်ကားသည် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ဝင်ငွေ ဒေါ်လာငါးသန်းကျော်သည်အထိ ရှိခဲ့ကြောင်း သိရသည်၊ ထိုရုပ်ရှင်ကားကို ထုတ်လုပ်ခဲ့သည်မှာ တစ်နှစ်ပင် မပြည့်သေးချေ၊ ယနေ့ထက်တိုင် အမေရိကန် ပြည်ထောင်စုတွင် မပြရသေးသည့် နေရာပေါင်း မြောက်မြားစွာ ကျန်နေသေးသည်၊ ကမ္ဘာသို့လည်း ပြန့်ချဦးမည်ဖြစ်ရာ အနည်းဆုံး ဝင်ငွေ ဆယ်သန်း အထိ ရှိလာလိမ့်မည်ဟု ခန့်မှန်းကြသည်၊ အခြားဇာတ်ကားများ ဝင်ငွေကျဆင်းနေခိုက် မကြုံဖူးဘူးအောင် ဝင်ငွေများပြားစွာ ရရှိသော ဇာတ်ကား ဖြစ်သည်၊ တစ်ကောင်ကြွက်ဇာတ်ကားကို နော်မန်ရုပ်ရှင်ကုမ္ပဏီက ဖြန့်ချိသည်၊

ဇာတ်ကားကိုထုတ်လုပ်သူမှာ လူငယ် သန်းကြွယ်သူဌေးကြီးဂျိုနတ်စ်ကော့ ဖြစ်သည်၊ သူသည် အနောက်ပိုင်းသား ဖြစ်သည်၊ သို့သော်လည်း ပဲရစ်မှ လော့စ်အိန်ဂျယ်လိစ်သို့ လေယာဉ်ပြင့်ပျံသန်းကာ ယခင်က စံချိန်များကို ချိုးခဲ့သူအဖြစ် ထင်ရှားကျော်ကြားသူ ဖြစ်သည်၊

အိုင်လင်းက သတင်းဂျာနယ်ကိုင်ထားရင်း ရီနာကို မော့ကြည့်သည်။

"သူတို့အားလုံး သူတို့ငွေတွေ ပြန်ရသွားကြပြီတဲ့လား"

ဟု ရီနာက မေးသည်။

"ရရောပေါ့၊ ဘာနီက သူတို့ကို ကလိမ်မကျဘူး ဆိုရင်ပေါ့လေ"

ရီနာက ပြုံးမိသည်။ သူ့ရင်ထဲမှာလည်း စိတ်သက်သာရာ ရသွားသည်။ ယခုလောက် ဆိုရင် နီဗားဒါးသည် သူ့ငွေများအတွက် ပူပင်သောက ရောက်စရာအကြောင်း မရှိတော့။ ရီနာက အသားညှပ်ပေါင်မုန့်ကို ကောက်ယူစားသည်။

"အခု ချက်ချင်းပဲ ဆာလာတယ်"

အိုင်လင်းက သူ့ကို ကြည့်နေသည်။ ရီနာသည် မုန့်ကို မြန်မြန်စားရင်း ဆေးလိပ် တစ်လိပ်ကို ယူကာ မီးညှိဖွာနေသည်။

မနက်ဖြန်မနက်တွင် ရီနာတို့ မနက်စာ စားနေပုံကို စကရင်စတားမဂ္ဂဇင်းက လာရောက်ဓာတ်ပုံရိုက်မည်ဟု ချိန်းဆိုထားသည်ကို သူ သတိရသွားသည်။

"ကဲ ဟိုအဝတ်တွေ ဝတ်ကြည့်ရအောင်၊ မနက်ကျရင် စကရင်စတားမဂ္ဂဇင်းနဲ့တွေ့ဖို့ ချိန်းထားသေးတယ်၊ အခုမှ သတိရတယ်"

ကော့ကင်ဘားတန်းပေါ်က မိန်းမပျို အမည်ရှိ ဇာတ်ကားရိုက်ရန် စီစဉ်ထားသည်။ ထိုကားသည် ဘားဆပ်က ဇာတ်ကားဖြစ်သောကြောင့် ရီနာအတွက် ဘားဆပ်က အဝတ်

အစားများ လိုသည်။ ထိုအဝတ်အစားများကို အိုင်လင်းက ပုံစံထုတ်ပြီး ချုပ်လုပ်ထားသည်။

ရီနာသည် သူ့ကိုယ်ပေါ်မှ အဝတ်များကိုချွတ်ကာ အိုင်လင်း ပုံစံထုတ်ထားသည့် အဝတ်များကို ဝတ်ကြည့်သည်။ သို့သော်လည်း အသားကပ် အဝတ်များ ဖြစ်နေသောကြောင့် သူတစ်ယောက်တည်း ဝတ်၍ မရ။

"အိုင်လင်းရေ သိပ်ကျပ်တာပဲ၊ ဝတ်လို့ မရဘူး"

ဟု လှမ်းပြောသည်။

"နောက်တစ်ထည် ဝတ်ကြည့်ပါဦး"

စုစုပေါင်း ခြောက်ထည် ချုပ်ထားသည်။ နောက်တစ်ထည်ကို ဝတ်ကြည့်ပြန်သည်။ အလွန် ကျပ်နေသည်။ ထို့ကြောင့် အိုင်လင်းက သူ့ကို ကူဝတ်ပေးရသည်။

ဤမျှလှသော မိန်းကလေးနှင့် ထိတွေ့နေရသော အိုင်လင်း၏ စိတ်ထဲမှာ လှုပ်ရှား လာသည်။ နူးညံ့နွေးထွေးသော ရီနာ၏ အသားကို ထိရင်း သူ့လက်များ ကတုန်ကယင် ဖြစ် လာသည်။

အလားတူပင် ရီနာ၏ ရင်ထဲမှာလည်း လှုပ်ရှားလာသည်။ အိုင်လင်း၏ အထိအတွေ့ များကို သာယာနေမိသည်။

နောက်ဆုံးတွင်တော့ အိုင်လင်းသည် ရီနာကို ရုတ်တရက် ဖက်လိုက်၏။ သူ့မျက်နှာကို ရီနာ၏ ကိုယ်ထဲမှာ မြှုပ်ထားမိသည်။ ပါးစပ်ကလည်း တတွတ်တွတ် ပြောမိသည်။

"ရီနာရယ် ဘာဖြစ်လို့များ သူနဲ့လက်ထပ်လိုက်ရတာလဲကွယ်"

* * *

ထုံးစံအတိုင်းပင် မနက်လေးနာရီခွဲမှာ နီဟားဒါး အိပ်ရာက နိုးသည်။ သူသည် မြင်းဇောင်းသို့ ဆင်းလာခဲ့၏။ ထုံးစံအတိုင်းပင် ရီနာ၏ အခန်းနှင့် သူ့အခန်းကိုကူးသည့် တံခါးကို ပိတ်ထားခဲ့သည်။ သူ အပြင်ထွက်သွားကြောင်း ရီနာ သိနိုင်ရန် ဖြစ်သည်။

အိမ်ဖော်တစ်ဦးသည် ကော်ဖီထည့်ထားသော မတ်ခွက်ကိုကိုင်ကာ သူ့ကို စောင့်နေ သည်။ ထုံးစံအတိုင်း နှုတ်ဆက်စကားများ ပြောကြသည်။ နီဟားဒါးက ကော်ဖီကို ကုန်အောင် သောက်သည်။ သောက်ပြီးသောအခါ မြင်းဇောင်းဆီသို့ ဆက်လျှောက်လာသည်။ မြင်းဇောင်း များကို တစ်ခုပြီးတစ်ခုကြည့်ရင်း လျှောက်ခဲ့သည်။ နောက်ဆုံး သူ၏လက်ရွေးစင် မြင်းဖြူကြီး ဝှစ်တေကိုထားရာဇောင်းသို့ ရောက်လာ၏။ ထိုရှေ့မှာရပ်ပြီး သူ့မြင်းဖြူကြီးကို နှုတ်ဆက်သည်။

အလွန် လိမ္မာရေးခြားရှိသည့် မြင်းဖြူကြီးက နီဟားဒါး၏လက်ကို နှာခေါင်းဖြင့် ပြန် ပွတ်ရင်း နှုတ်ဆက်သည်။ ပြီးတော့ ထုံးစံအတိုင်း နီဟားဒါးလက်ထဲမှ သကြားခဲကိုရှာသည်။ တွေ့သောအခါ လျှာဖြင့် လျက်ယူသည်။

တံခါးဖွင့်ပြီး အတွင်းသို့ ဝင်ခဲ့သည်။ မြင်း၏ လည်ဆံမွေးများကို ပွတ်သပ်ပေးသည်။

"ဘာ လေ့ကျင့်ခန်းမှ မလုပ်ကြလို့ တို့ကိုယ်လုံးတွေ နည်းနည်းဝလာပြီကွ၊ ဒါကြောင့် နည်းနည်းလောက် လေ့ကျင့်ခန်း လုပ်လိုက်ကြရအောင်"

ဟု နီဟားဒါးက မြင်းဖြူကြီးကို လူတစ်ယောက်ကဲ့သို့ စကားပြောနေသည်။ မြင်းဖြူကြီး ကလည်း နားလည်ဟန်ပြသည်။

မြင်းထိန်းက ကုန်နှီးများ ယူလာပေး၏။ နီဟားဒါးသည် ကုန်နှီးများဆင်ပြီး မြင်းဖြူကြီး ကို အပြင်သို့ ဆွဲထွက်ခဲ့သည်။

အိမ်ဖြူကြီး၏ရှေ့သို့ရောက်သည်တွင် မြင်းကြီးပေါ်သို့ လွှားခနဲ ခုန်တက်ပြီး တောင် ခြေမှာ သူ လုပ်ထားသည့် လေ့ကျင့်ကွင်းဆီသို့ စီးလာခဲ့သည်။ လေ့ကျင့်ကွင်းသို့ ရောက် သောအခါ ထုံးစံအတိုင်းပင် အလိုလို လေ့ကျင့်မြဲအတိုင်း အစုန်အဆန် စီးနေမိသည်။

ထိုအခိုက် သတင်းဂျာနယ်ကရေးသည့် သတင်းအကြောင်းကို သူ စဉ်းစားမိသည်။ ထိုသို့ စဉ်းစားမိသည်နှင့်တစ်ပြိုင်တည်း သူ့နှုတ်ခမ်းကို တင်းတင်းစေ့ထားမိ၏။ သူသည် ယခုနှစ် အတွင်း ဝင်ငွေအကောင်းဆုံးသော ဇာတ်ကားထဲက ဇာတ်လိုက် ဖြစ်သည်။ သို့သော်လည်း အခြားဇာတ်ကားများရိုက်ရန် မည်သူကမျှ သူ့ကို လာမကမ်းလှမ်းကြ။ အနောက်ပိုင်းသားတို့၏ ကောင်းဘွိုင်ဇာတ်ကားများ ခေတ်ကုန်ချိန်လည်း ဖြစ်သည်။ ထိုကားမျိုးကို ရိုက်ရသည်မှာ

ငွေကုန်ကြေးကျလည်း များ၏။

ထို့ကြောင့်လည်း မိမိအကျပိုင်းသို့ ရောက်လာပြီဟု သူ နားလည်မိသည်။ ထိုသို့ အကျပိုင်းသို့ ရောက်လာသည်မှာ မိမိတစ်ယောက်တည်း မဟုတ်။ တွမ်မစ်၊ မေးနတ်၊ ဂျစ်ပ်ဆန်၊ ဟွီလ်တ်။ သူတို့အားလုံးလည်း မိမိကဲ့သို့ပင် အကျပိုင်းသို့ ရောက်နေကြပြီကို နီဗားဒါး စဉ်းစားမိသည်။

မေးနတ်သည် သူ မကျရေးအတွက် အစွမ်းကုန် ကြိုးစားနေသည်။ ယူနီဗာဆယ် ကုမ္ပဏီအတွက် ဆူလွယ်နပ်လွယ်များကို ရိုက်ကူးပေးနေသည်။ ဇာတ်ကားတစ်ကားကို ငါးရက်မျှဖြင့် အပြီးရိုက်ကူးနေခြင်း ဖြစ်သည်။ ထိုကားများအနက် ကားတစ်ကားကို နီဗားဒါး ကြည့်ဖူး၏။ ခပ်ညံ့ညံ့ကား ဖြစ်သည်။ အသံလည်း မကောင်းလှ။ ဇာတ်ကောင်များ စကားပြောသည်ကိုပင် ကောင်းစွာ နားမလည်နိုင်။

တွမ်မစ်လည်း သူ့ဘဝရပ်တည်နိုင်ရေးအတွက် လုံးပမ်းနေရရှာသည်။ ဥရောပသို့ သွားကာ တိရစ္ဆာန်ရိုင်းပြပွဲများ ပြသရန် စီစဉ်နေသည်။ သူ့အစီအစဉ်များအတိုင်း ဖြစ်လာမည်ဆိုလျှင် သူ အောင်မြင်ပေလိမ့်မည်။

ယခု အနောက်ပိုင်းကောင်းဘွိုင်ဇာတ်လိုက်များသည် ပုံစံတစ်မျိုး ပြောင်းလာကြပြီ ဖြစ်သည်။ သူတို့လက်တွင် သေနတ်များအစား ဂီတာများကို ကိုင်လာကြပြီ။ သေနတ်များ ပစ်နေကြသည့်အစား သီချင်းဆိုနေကြပြီ။ ထိုသို့ အချိုးပြောင်းလဲလာသည်ကို စဉ်းစားမိရင်း စိတ်တိုင်းမကျ ဖြစ်နေမိသည်။

သူ့အိမ်ကြီးကို သူ မော့ကြည့်မိပြန်၏။ အလွန် ကြီးမားသည့်အိမ်ကြီး ဖြစ်သည်။ ဒေါ်လာနှစ်သိန်းခွဲတန်သည်။ သည်အိမ်ကြီးကို စနစ်တကျ ထားနိုင်ရန်အတွက် အိမ်စေနှစ်ဆယ်ကို ခန့်ထားရသည်။ သူသည် သူ့ဝင်ငွေများကို ပြန်လည် တွက်ချက်နေမိသည်။

တစ်ကမ္ဘာလုံးမှာ စီးပွားပျက်ကပ်လည်း ဆိုက်နေသည်။ ထို့ကြောင့် တက်ဆပ်မှာရှိသည့် သူ၏ နွားမွေးမြူရေးခြံသည် ဝင်ငွေကျဆင်းလာ၏။ အိတ်ထဲက ငွေစိုက်ရတော့မည့် အခြေအနေမျိုးသို့ ရောက်နေသည်။ နီဗားဒါးစမစ် အရုပ်ကလေးများနှင့် နီဗားဒါးစမစ် ကောင်းဘွိုင်ဝတ်စုံများ ပြုလုပ်ရောင်းချနေကြသူများထံမှ ခိုင်ကြေးများလည်း မရတော့။ သူ့အရုပ်နှင့် သူ့ဝတ်စုံအစား အခြားဇာတ်လိုက်များ၏ အရုပ်နှင့် ဝတ်စုံများကို ပြုလုပ်ရောင်းချနေကြပြီ ဖြစ်သည်။ သူ ရနိုင်သည့် ဝင်ငွေသည် တိရစ္ဆာန်ရိုင်းပြပွဲတွင် သူ ထည့်ဝင်ထားသည့် အစုမှ ဝင်ငွေနှင့် သူ စွန့်ပစ်ထားခဲ့သည့် မွေးမြူရေးခြံတစ်ခုမှ ဝင်ငွေသာလျှင် ဖြစ်တော့သည်။ ထိုဝင်ငွေကလည်း တစ်လမှ ဒေါ်လာနှစ်ထောင်သာ ရှိသည်။ သူ့အိမ်ကြီး၏ စရိတ်တစ်ခုတည်းကပင် လစဉ် ဒေါ်လာခြောက်ထောင် ကုန်ကျနေသည်။

ကုန်ကျစရိတ်များကို မိမိလည်း အချိုးကျ ကျခံပါမည်ဟု ရီနာက ပြောပါ၏။ သို့သော်လည်း သူက လက်မခံ။ သည်တာဝန်သည် ယောကျာ်း၏တာဝန်သာ ဖြစ်ရမည်ဟု သူ ခံယူထားသည်။ တစ်ကောင်ကြွက်ဇာတ်ကားအတွက် ဘဏ်က ချေးယူခဲ့သည့်ငွေများကို ပြန်ဆပ်ပြီးသည်မှာ မှန်သည်။ သို့သော်လည်း သည်မျှကြီးမားသည့်အိမ်ကြီးကို သူ ဆက်လက်ထိန်းသိမ်းထားနိုင်တော့မည် မဟုတ်တော့။ သည်အိမ်ကြီးကို ရောင်းပစ်လိုက်ရန် သူ စိတ်ကူးမိချေပြီ။

အိမ်ကို ရောင်းမည်ဆိုလျှင် ရှုံးမည်။ သာလ်ဘတ်က ဒေါ်လာတစ်သိန်းခွဲသာ ပေးမည်ဟု ကမ်းလှမ်းနေသည်။ မည်သို့ဆိုစေ သူတို့ကို ရောင်းလိုက်လျှင် ပွဲခတော့ သက်သာသွားပေမည်။

သူ့စိတ်များကို သူ ပြန်တင်းလိုက်သည်။ ထိုအခိုက် မလှမ်းမကမ်းမှာရှိသော တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသည်။ တယ်လီဖုန်းရှိရာသို့ မြင်းစီးလာရင်းမှာပင် သည်အိမ်ကို ရောင်းလိုက်ရန် သူ ဆုံးဖြတ်ချက် ချလိုက်သည်။ ထိုသို့ ဆုံးဖြတ်လိုက်သောအခါ သူ့စိတ်သက်သာရာ ရသွားသည်။ ယနေ့ည စတူဒီယိုမှ ရီနာ ပြန်လာလျှင် သည်အကြောင်းကို ပြောပြရမည်။

တယ်လီဖုန်းရှိရာသို့ မြင်းစီးရင်းသွား၏။ မြင်းပေါ်မှပင် တယ်လီဖုန်းကို ကောက်ယူနားထောင်သည်။

"မစ္စတာစမစ်လား ခင်ဗျာ"

ဘဏ္ဍာစိုး၏ အသံ ဖြစ်သည်။

"ဟုတ်တယ် ဂျိမ်းစ်"

"မစ္စစ်စမစ်က နံနက်စာ အတူစားဖို့ သူရိယအခန်းထဲမှာ စောင့်နေတဲ့အကြောင်း အကြောင်းကြားခိုင်းလို့ပါ ခင်ဗျာ"

နီဟားဒါးသည် ရုတ်တရက် ခပ်အမ်းအမ်း ဖြစ်သွား၏။ ဤအိမ်တွင် မည်သူ အရေးကြီးကြောင်း အိမ်ဖော်များ သိလာကြပုံရသည်။ တစ်ချိန်တုန်းက ရီနာကို ဆက်ဆံကြသလို ဂျိမ်းစ်သည် ယခုလည်း သူ့ကို ဆက်ဆံလာပြန်ပြီ ဖြစ်၏။ တစ်ဖက်မှ ဂျိမ်းစ်၏အသံ ပြန်ပေါ်လာပြန်၏။

"မစ္စတာစမစ် လာပါလိမ့်မယ်လို့ မစ္စစ်စမစ်ကို ပြောလိုက်ရမလား ခင်ဗျာ၊ စကရင်စတားမဂ္ဂဇင်းက ဓာတ်ပုံဆရာတွေနဲ့ မစ္စစ်စမစ်နဲ့တွေ့ဖို့ ချိန်းထားကြပါတယ်"

ယခုမှပင် အကြောင်းရင်းမှန်ကို သိရတော့သည်။ နီဟားဒါး၏စိတ်ထဲမှာ ထိခိုက်လာသည်။ ရီနာနှင့်သူတို့ နံနက်စာ အတူမစားကြရသည်မှာ လပေါင်းများစွာ ကြာမြင့်ခဲ့ပြီ။ ယခုတော့ မဂ္ဂဇင်းအတွက် သူတို့နှစ်ယောက် နံနက်စာကို အတူစားပြကြရမည် ဖြစ်သောကြောင့် ဤသို့ ဖိတ်ခြင်း ဖြစ်သည်။

သည်လို စဉ်းစားမိပြန်တော့လည်း စိတ်မကောင်း ဖြစ်မိပြန်သည်။ အမှန်တော့ ရီနာ၏ အမှား မဟုတ်။ ရီနာသည် နေ့ရောညပါ ဆက်တိုက်ဆိုသလို ရုပ်ရှင်ကို မနားတမ်း ရိုက်ခဲ့ရသည်။

"မြင်းကို ဇောင်းထဲမှာ ထားပြီးပြီးချင်း ငါ လာခဲ့မယ်လို့ ပြောလိုက်"

* * *

"နီဟားဒါးရဲ့ ပန်းကန်ထဲကို ကော်ဖီငွဲ့ထည့်ပေးနေတဲ့ ပုံကလေးတစ်ပုံလောက် ထပ်ရိုက်ပါရစေ၊ ဒါပြီးရင် အားလုံး ပြီးပါပြီ"

ဟု ဓာတ်ပုံဆရာက ပြောသည်။

နီဟားဒါးက ပန်းကန်ကိုကောက်ပြီး ရီနာဘက်သို့ ကမ်းပေးလိုက်သည်။ ရီနာက ငွေကရားထဲမှကော်ဖီများကို နီဟားဒါး၏ ပန်းကန်ထဲသို့ ထည့်ပေးသည်။ သူတို့မျက်နှာများမှာ လုပ်ငန်းသဘောအရ အလိုအလျောက် ပြုံးနေကြသည်။

ပြီးတော့ ထုံးတမ်းစဉ်လာအတိုင်း စားကြ၊ သောက်ကြ၊ စကားပြောကြဖြင့် ကိစ္စပြီးဆုံးခဲ့သည်။ ဓာတ်ပုံဆရာများ ပြန်သွားသောအခါ အခန်းထဲမှာ ခဏတိတ်နေသည်။ ပထမဆုံး စကားစပြောသူမှာ နီဟားဒါး ဖြစ်သည်။

"မြန်မြန်ပြီးသွားတာပဲ ဝမ်းသာရသေးတယ်"

"ကျွန်မလည်း ဝမ်းသာတာပါပဲ၊ အင်း ကျွန်မ သွားဦးမှ၊ မိတ်ကပ်လိမ်းဖို့ ခုနစ်နာရီခွဲမှာ ချိန်းထားတာ ရှိနေတယ်"

ဟု ရီနာက နံရံပေါ်မှနာရီကို လှမ်းကြည့်ရင်း ပြောသည်။

ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်း မြည်လာသဖြင့် ရီနာက သွားကောက်ကိုင်သည်။ ရီနာ ပြောနေသည်ကို နီဟားဒါးလည်း ကြားနေရသည်။

"ကောင်းသောမနက်ပါ လိုဝယ်လာ၊ မဟုတ်ပါဘူး။ ကိုယ် အိပ်ရာက ထနေပါပြီ။ နီဟားဒါးနဲ့ ကိုယ်နဲ့ အခုပဲ မနက်စာ စားလို့ပြီးတယ်။ ဟုတ်တယ်၊ မှန်ပါတယ်၊ ကောင်းကင်ဘားတန်းပေါ်က မိန်းမပျို့ဇာတ်ကားလေ၊ ဟုတ်တယ်၊ ကိုယ် သရုပ်ဆောင်ရမယ့် အခန်းက ကောင်းပါတယ်၊ မဟုတ်ဘူး၊ နော်မန်က ဂေဘယ်လ်ကို မငှားတော့ဘူးတဲ့လား၊ ဟုတ်လား၊ နီဟားဒါးလား၊ သူနဲ့ဆိုရင်လည်း သဘာဝကျပါတယ်၊ ခဏစောင့်ဦးနော်၊ နီဟားဒါးနဲ့ ပြောလေ"

ရီနာက တယ်လီဖုန်းစကားပြောခွက်ကို လက်ဖြင့်ပိတ်ပြီး နီဟားဒါးကို လှမ်းပြောသည်။

"ပါဆန်က စကား ပြောမလို့တဲ့၊ စတန့်မင်းသားအဖြစ်နဲ့ ရှင့်ကို ငှားဖို့ နော်မန်က မနေ့က ဆုံးဖြတ်လိုက်သတဲ့၊ လိုဝယ်လာက ဇာတ်လမ်းကို ပြန်စစ်နေတယ်"

"ဘာဖြစ်တာတဲ့တုံး၊ အမ်ဂျီအမ်က ဂေဘယ်လ်ကို မပေးဘူးတဲ့လား"

နီဗားဒါးက ခြောက်ကပ်ကပ် ပြန်မေးသည်။

"မမိုက်မဲစမ်းပါနဲ့၊ တယ်လီဖုန်း ပြောလိုက်ပါဦး"

"ဟဲလို လိုဝယ်လာ"

"ကျွန်မ ဝမ်းသာကြောင်း ပြောပါရစေ နီဗားဒါး၊ ရှင့်ဇနီးနဲ့ အတူတူပြန်ပြီး ရုပ်ရှင်တစ်ကား ရိုက်ရဦးမယ်ဆိုတော့ ဝမ်းသာစရာပေါ့"

"နေပါဦး လိုဝယ်လာ၊ သိပ်လောမကြီးပါနဲ့ဦး၊ ကိုယ် ရုပ်ရှင်မရိုက်တော့ဘူး"

နီဗားဒါးက ရယ်ရင်း ပြန်ပြောသည်။

"ရုပ်ရှင် မရိုက်တော့ဘူး ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ကိုယ် တိရစ္ဆာန်ရိုင်းပြပွဲနဲ့ လိုက်သွားဖို့ ဆုံးဖြတ်ပြီးပြီ။ ဒါဆိုရင် အနည်းဆုံး ခြောက်လတော့ကြာမယ်၊ ကိုယ် ခရီးသွားနေတုန်း ရီနာက ကိုယ့်တို့အတွက် တခြားအိမ်တစ်လုံး ရှာရလိမ့်မယ်။ အိမ်ခပ်သေးသေးနဲ့ဆိုရင် ကိုယ်တို့နှစ်ယောက်အတွက် ပိုပြီး အဆင်ပြေသွားမယ်"

"ဘာတဲ့၊ တောင်ကုန်းပေါ်က အိမ်ကြီးကို ရောင်းလိုက်တော့မှာလား"

"ဟုတ်တယ်"

"သာလ်ဘတ်ကိုလား၊ သူက သဘောကျနေတယ်လို့ ကြားမိတယ်"

"မပြောတတ်သေးဘူး၊ အိမ်ကို ကြိုက်တယ်လို့ ပြောနေတဲ့လူတွေတော့ အများကြီးပဲ"

"ရုပ်ရှင်ရိုက်ဖို့များ စိတ်ကူးရင်တော့ ကျွန်မကို အသိပေးပါနော်"

"စိတ်ချ"

"ရှင်တို့လင်မယားနှစ်ယောက်ကြားမှာတော့ ဘာပြဿနာမှ မရှိပါဘူးနော်"

နီဗားဒါးက ရယ်သည်။

"လိုဝယ်လာ၊ မင်း သိပါတယ်ကွာ"

"ဝမ်းသာပါတယ်ရှင်၊ ရှင်တို့လင်မယားဟာ အင်မတန် ကောင်းတဲ့ လူတွေပါ။ ကျွန်မနဲ့တော့ အဆက်အသွယ် မဖြတ်လိုက်ပါနဲ့နော်"

"မဖြတ်ပါဘူး"

လိုဝယ်လာက နှုတ်ဆက်ပြီးသည်နှင့် နီဗားဒါးက တယ်လီဖုန်း ပြန်ချခဲ့သည်။ သည်အကြောင်းများကို ဤကဲ့သို့ ထုတ်ဖော်ပြောရန် သူ ရည်ရွယ်မထားခဲ့။ သို့သော်လည်း အကြောင်းက ဆိုက်လာသောကြောင့် မပြောမဖြစ်၍ ပြောလိုက်ရသည်။

ရီနာ၏မျက်နှာသည် ဒေါသကြောင့် ဖြူဖွေးနေသည်။

"တစ်ကမ္ဘာလုံးကို ဒီအကြောင်း မကြေညာခင် ကျွန်မကို ပထမဆုံး ရှင် ပြောပြသင့်တာပေါ့"

"ပြောခွင့်က ဘယ်မှာကြုံလို့လဲ၊ တို့နှစ်ယောက် စကားမပြောရတာ လပေါင်းများစွာကြာပြီ မဟုတ်လား၊ ဒါပထမဦးဆုံးအကြိမ် ပြောရတာ မဟုတ်လား၊ နောက်ပြီးတော့ ဒီရုပ်ရှင်အကြောင်း မင်းငါ့ကို ကြိုပြီး ပြောထားသင့်တာပေါ့"

နီဗားဒါးကလည်း ဒေါသဖြင့် ပြန်ပြောသည်။

"မနေ့က တစ်နေ့လုံး ရှင့်ကို ဘာနီ တယ်လီဖုန်းဆက်နေတယ်၊ ရှင် တယ်လီဖုန်းမှ လာမကိုင်ဘဲ"

"ဖြီးတာပါကွာ၊ မနေ့က တစ်နေကုန် ငါ အိမ်မှာ ရှိနေတယ်။ ဘာ တယ်လီဖုန်းမှ မလာပါဘူး။ ငါ့ကို သူတို့ ငှားမယ်ဆိုတဲ့အကြောင်းကိုတော့ သူတို့ ပြောပြသင့်တာပေါ့၊ ဒါမှ မဟုတ် မင်းက ပြောပြသင့်တာပေါ့"

"ရှင့် မြင်းဇေးင်းတွေနဲ့ပဲ အချိန်ကုန်နေတာကိုး။ အပြင်ကိစ္စကလေးများလည်း စိတ်ဝင်စားဦးမှပေါ့။ ဒီလို စိတ်ဝင်စားရင် အပြင်မှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ ရှင် သိမှာပေါ့"

"ဘာတွေ ဖြစ်နေတယ်ဆိုတာ ငါ သိပါတယ်ကွာ၊ ဒီမှာ ဒါရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး။ အိုက်တင်တွေ လုပ်ပြမနေစမ်းနဲ့"

နီဗားဒါးက စိတ်ဆိုးမာန်ဆိုးဖြင့် ပြောသည်။

"ဒို မလိုပါဘူး၊ နေစမ်းပါဦး။ ရှင် ကျွန်မကို ဘာအတွက် လက်ထပ်တာလဲ"

ရီနာကလည်း နှုတ်လုံပြန်ထိုးသည်။

"မင်းကရော ဘာအတွက် ငါ့ကို လက်ထပ်တာလဲ"

နီဗားဒါးကလည်း ခါးသီးစွာဖြင့် ပြန်မေးသည်။

တစ်ယောက်ကိုတစ်ယောက် သူတို့ ကြည့်နေကြ၏။ ထိုအခိုက်မှာပင် အမှန်တရားကို သူတို့နှစ်ယောက်စလုံး သိနားလည်လိုက်ကြ၏။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် အဆုံးရှုံး မခံနိုင်ကြ။ တစ်ယောက်၏ အကူအညီကို တစ်ယောက်လိုနေကြပြီ။ ထို့ကြောင့်လည်း သူတို့လက်ထပ်ခဲ့ကြခြင်း ဖြစ်သည်။ ထိုအကြောင်းကို စဉ်းစားမိသည်နှင့် တစ်ပြိုင်တည်း သူတို့နှစ်ယောက်စလုံး ရင်ထဲမှဒေါသများ ပြေပျောက်သွားကြသည်။

"ကိုယ် ဝမ်းနည်းပါတယ်ကွာ"

ဟု နီဗားဒါးက ချက်ချင်း ပြောသည်။

ရီနာသည် ကော်ဖီကရားကို ငုံ့ကြည့်နေသည်။

"ကျွန်မလည်း ဝမ်းနည်းပါတယ်။ ကျွန်မ ပြောခဲ့တယ် မဟုတ်လား၊ ကျွန်မဟာ လူတွေကို ဖျက်ဆီးနေတဲ့လူပါလို့၊ ကျွန်မဟာ ရှင့်အတွက် ဘာမှ အသုံးကျတဲ့မိန်းမ မဟုတ်ဘူး"

"မရူးစမ်းပါနဲ့၊ ဒါဟာ မင်းရဲ့အမှား မဟုတ်ပါဘူး။ တစ်နေ့တော့ ဒီလိုပဲ ဖြစ်လာရမှာပါ။ လုပ်ငန်းတွေဟာ အားလုံး အသွင်ပြောင်းနေကြပြီ"

"လုပ်ငန်းအကြောင်း ကျွန်မ ပြောနေတာ မဟုတ်ပါဘူး။ ရှင်နဲ့ကျွန်မအကြောင်းကို ပြောနေတာပါ။ အမှန်တော့ ရှင့်ကို မိသားစုအရသာ ပေးနိုင်တဲ့ မိသားစုဘဝမျိုးကို ဖန်တီးပေးနိုင်တဲ့သူ တစ်ယောက်ယောက်နဲ့ ရှင် အိမ်ထောင်ပြုသင့်တယ်၊ ကျွန်မက ရှင့်ကို ဘာမှ မပေးနိုင်ဘူး မဟုတ်လား"

"မင်း တစ်ယောက်တည်း အပေါ် ချည်းပဲ အပြစ်တွေပုံချလို့ ဘယ်ဖြစ်မှာလဲ၊ တို့နှစ်ယောက်စလုံး ကိုယ့်နည်းကိုယ့်ဟန်နဲ့တော့ လုပ်ခဲ့ကြတာပဲ မဟုတ်လား။ ဒါပေမယ့် တို့လုပ်သလို ဖြစ်မလာဘူး။ ဖြစ်သင့်ဖြစ်ထိုက်တာတွေ အကောင်အထည် ပေါ် မလာဘူး။ တို့နှစ်ယောက်စလုံး အမှားတွေကို လုပ်မိခဲ့ကြတယ်၊ အဆုံးမတော့ ဒါပါပဲ"

"အခု စရိုက်မယ့် ကားသစ် မပြီးခင်တော့ ကျွန်မ ရှင်နဲ့ကွာလို့ မဖြစ်သေးဘူး ထင်တယ်၊ ဒါပေမယ့် ရုပ်ရှင်မပြီးခင်ဘဲ ကွာပေးစေချင်ရင်လည်း ကွာပေးပါ့မယ်"

ရီနာ၏အသံသည် အလွန် တိုး၏။

"ကိစ္စ မရှိပါဘူး၊ ကိုယ်စောင့်နိုင်ပါတယ်"

သူကလည်း တည်တည်ငြိမ်ငြိမ်ပင် ပြန်ပြောသည်။

ရီနာက နာရီကို မော့ကြည့်သည်။

"ဟောတော့၊ ဒုက္ခပဲ၊ ကျွန်မ နောက်ကျနေပြီ၊ မြန်မြန်ပြေးမှ"

ရီနာက ပြောပြောဆိုဆို တံခါးဆီသို့ သုတ်ခြေတင်လိုက်သည်။ တံခါးအဝသို့ ရောက်သောအခါ နီဗားဒါးကို ပြန်လှည့်ကြည့်သည်။

"ရှင်ဟာ အခုအထိ ကျွန်မရဲ့ သူငယ်ချင်းပဲလား"

နီဗားဒါးက ခေါင်းညိတ်ပြသည်။ သူ့ကို ပြုံးပြနေသော ရီနာကိုလည်း အပြုံးဖြင့်ပင် ပြန်တုံ့ပြန်လိုက်သည်။ သို့သော် သူ့အသံသည် အလွန် လေးလေးနက်နက် ပြောသောအသံ ဖြစ်လေသည်။

"ကိုယ်ဟာ အမြဲတမ်း မင်းရဲ့သူငယ်ချင်း ဖြစ်နေမှာပါ"

ရီနာသည် တံခါးဝမှာ ခေတ္တရပ်နေသေး၏။ ထိုအခိုက် ရီနာ၏မျက်လုံးထဲတွင် မျက်ရည်များ ရုတ်တရက် ပြည့်လာသည်ကို သူ မြင်လိုက်ရသည်။ ပြီးတော့ ရီနာသည် နောက်သို့လှည့်ကာ အခန်းတွင်းမှ ပြေးထွက်သွားသည်။

နီဗားဒါးက ပြတင်းပေါက်သို့ သွားရပ်ကာ အပြင်သို့ ကြည့်နေသည်။ ရီနာသည် မော်တော်ကားပေါ် သို့ တက်သွား၏။ ဒရိုင်ဘာက တံခါးကို ပိတ်ပေးသည်။ ပြီးတော့ တောင်အောက်သို့ မောင်းဆင်းသွားသော မော်တော်ကားသည် သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

သူ မ,-တင်ထားသည့် ခန်းဆီးကို ပြန်ချထားခဲ့သည်။

ထိုအချိန်မှစပြီး ရီနာသည် အိမ်သို့ လုံးဝ ပြန်မလာတော့။ ထိုနေ့ညက အိုင်လင်း၏ အခန်းမှာ ရီနာ သွားအိပ်သည်။ နောက်တစ်နေ့တွင် ဟိုတယ်သို့ ပြောင်းသွားသည်။

နောက် သုံးလကြာသောအခါ ရီနိုမြို့တရားရုံးမှာ သူတို့နှစ်ယောက် ကွာရှင်းပြတ်စဲကြသည်။

အကြောင်းပြချက်ကား စိတ်သဘောချင်း မတိုက်ဆိုင်သောကြောင့်။

(၁၇)

အန်ကယ်ဘာနီ၏ ရုံးခန်းအတွင်းမှ ဒေါသဖြင့် တံခါးဆောင့်ပိတ်သံကို ဒေးဗစ်ကြားလိုက်ရသည်။ ထို့ကြောင့် ထိုင်ရာမှ ခပ်မြန်မြန်ထပြီး ရုံးခန်းနှစ်ခုကို ဆက်ထားသည့် တံခါးမှတစ်ဆင့် ဝင်လာခဲ့သည်။ အန်ကယ်ဘာနီသည် ကုလားထိုင်ပေါ်မှာ ထိုင်နေသည်။ သူ့မျက်နှာမှာ ဒေါသကြောင့် ရဲရဲတောက်နေသည်။ အသက်ကိုလည်း ပြင်းပြင်းရှူနေသည်။ ပြီးတော့ ဆေးပုလင်းကို သူ့လက်ထဲမှာ လှုပ်ယမ်းနေသည်။ ဒေးဗစ်က ဖန်ခွက်တစ်ခွက်ထဲသို့ ရေမြန်မြန် ထည့်ပေးလိုက်၏။

"ဘာဖြစ်လို့လဲ အန်ကယ်"

ဘာနီနော်မန်သည် ဆေးနှစ်ပြားကိုသောက်ပြီး ရေသောက်သည်။ ပြီးတော့ ဖန်ခွက်ကို စားပွဲပေါ်သို့ပြန်ချကာ ဒေးဗစ်ကို မော့ကြည့်သည်။

"မင်းရဲ့ဦးလေး ငါ့ညီလူဝီနဲ့ အတူတူသွားပြီး အပ်ချုပ်ဆိုင် ဖွင့်နေတာကမှ ကောင်းသေးတယ်ကွာ။ ဘာကြောင့်များ ငါ မလုပ်မိပါလိမ့်"

ဒေးဗစ်က ဘာမှ ပြန်မဖြေ။ အဖြေ တောင်းနေခြင်း မဟုတ်ကြောင်းလည်း သူ သိသည်။ ထို့ကြောင့် နော်မန် ဆက်ပြောမည့် စကားကိုသာ စောင့်ပြီး နားထောင်နေသည်။

"တစ်နေ့ကို အကျီင်္ဆယ်လောက်၊ တစ်ရာလောက် သူတို့ ချုပ်တယ်။ အားလုံးဟာ တည်တည်ငြိမ်ငြိမ်ပဲ၊ အေးအေးချမ်းချမ်းပဲ၊ ညဆိုရင် သူ အိမ်ကိုပြန်တယ်၊ ညစာစားတယ်၊ အိပ်တယ်၊ ဘာသောကမှ မရှိဘူး။ ဘာရောဂါမှ မဖြစ်ဘူး၊ လူတစ်ယောက်ဟာ ဒီလိုပဲ နေသင့်တယ်၊ အင်မတန် သက်သောင့်သက်သာ ရှိတယ်၊ ခွေးတစ်ကောင်လို မဟုတ်ဘူး။ ငါ့လို မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

ဒေးဗစ်က မေးပြန်သည်။

"တို့ကုမ္ပဏီဟာ ငွေတွေ သိပ်ရှုံးနေပြီဆိုလို့ အစုရှင်တွေကို ရှင်းပြဖို့ နယူးယောက်ကို ငါ ပြေးခဲ့ရတယ်။ ရုပ်ရှင်ရုံတွေက အလုပ်သမားတွေကလည်း သပိတ်သံ ပေးနေကြတယ်၊ ဒါကြောင့် ရုပ်ရှင်ရုံတွေကို ပိတ်မပစ်ဖို့ ငါ မနည်းကြိုးစားပြီး ပြောခဲ့ရတယ်၊ အဲဒီအချိန်မှာပဲ ဥရောပက သတင်းရောက်လာတယ်၊ ဂျာမနီမှာရှိတဲ့ တို့ပိုင် ပစ္စည်းတွေ၊ ရုံးတွေ၊ ရုပ်ရှင်ရုံတွေ အားလုံးကို ဟစ်တလာက သိမ်းပစ်လိုက်ပြီတဲ့၊ အားလုံးပေါင်း ဒေါ်လာနှစ်သန်းလောက် ရှိမယ်၊ ပြီးတော့ အစုရှင်တွေက ငါ့ကို ဝိုင်းပြီး အပြစ်တင်ကြသေးတယ်။ တို့ရိုက်နေတဲ့ ကားတွေဟာ ဘာမှ ဂုဏ်သိက္ခာ မရှိဘူးတဲ့၊ ဒါကြောင့် ဘာရော့ဒ်ဝေးမှာ အင်မတန် နာမည်ကြီးနေတဲ့ ဆန်းစပေါ့ဆိုတဲ့ ပြဇာတ်ကို ငါ ဝယ်လာခဲ့တယ်၊ ဒီပြဇာတ်ဟာ အင်မတန် အနုပညာဂုဏ်မြောက်သတဲ့။ သူတို့ပြောကြတာ၊ သူတို့ပြောကြတာ၊ ငါတော့ ဘာမှ နားမလည်ဘူး"

အခုတော့ အင်မတန် အနုပညာဂုဏ် မြောက်ပါတယ်ဆိုတဲ့ ဟာကြီးနဲ့ ငါ့ရဲ့ဒုက္ခဖြစ်နေပြီပေါ့။ ဟောလီးဝုဒ်မှာရှိတဲ့ ဒါရိုက်တာတွေ အကုန်လုံးကိုလည်း ငါ ပြောပြီးပါပြီ၊ ဒါပေမယ့် ဘယ်သူကမှ ဒီကားကို မရိုက်ချင်ကြဘူး။ တော်ပါသေးရဲ့၊ လူမိုက်တစ်ယောက် တွေ့လာလို့၊ ပြဇာတ်ဒါရိုက်တာလေ၊ ကလော်ဒီဒန်ဘာတဲ့၊ ဒါရိုက်တာခက ငါးသောင်း။

ငွေလည်း ကုန်လှပြီ၊ ဘာမှ အလုပ် မဖြစ်သေးဘူး။ ဒါကြောင့် မင်းသမီးဂါဘိုကို ငှားဖို့ကြိုးစားတယ်။ မအောင်မြင်ဘူး၊ ငှားပေးမယ့်လူတွေက ငါ့မှာ ရှိတဲ့ငွေဟာ မဖြစ်စလောက်ဘဲတဲ့၊ ပြီးတော့ ဂါဘိုကိုယ်တိုင်ကလည်း ယူဂျင်းအိုနေးလ်ရဲ့ ကားတစ်ကားကို ရိုက်နေသတဲ့၊

ဒါကြောင့် ဂျက်ဝါနာကို လှမ်းခေါ်ရတယ်၊ ဘက်တီဒေးဗီးစ်ကို ငှားပေးဖို့၊ သူက ခဏစောင့်ပါဦးဆိုလို့ တယ်လီဖုန်းကိုင်ပြီး ဆယ်မိနစ်လုံးလုံး စောင့်နရတယ်။

ဒီကောင် ဘာလုပ်တယ်ဆိုတာ မသိတာမှတ်လို့ကွာ၊ နယူးယောက်မှာရှိတဲ့ သူ့ညီကို တယ်လီဖုန်းဆက်ခေါ်နေတယ်လေ။ ငါက နယူးယောက်ကနေပြီး တယ်လီဖုန်းကြီး ကိုင်စောင့်နေရတယ်၊ သူ့ညီက နယူးယောက်မှာပဲ ငါနဲ့နှစ်လမ်းကွာမှာ ရှိနေတယ်။ ဒီနားမှာ သူ့ညီကို ငါ ခေါ်ရင် ငွေတစ်ကျပ်လောက် ကုန်ရုံနဲ့ ပြီးသွားမှာ၊ ငါ ပြောချင်လိုက်တာ ပါးစပ်ကို ယားနေတာပဲ။

ဆယ်မိနစ်ကြာတော့မှ ဂျက်က ငါ့ကို ပြန်ထူးတယ်။ အဝေးပြော တယ်လီဖုန်းပြောခက ဒေါ်လာကိုးဆယ့်ငါးဒေါ်လာ ကုန်သွားပြီ။ သူက ဘာပြောလဲဆိုတော့ ခင်ဗျားကံကောင်းတယ်တဲ့၊ မင်းသမီးဘက်တီဒေးဗီးစ်ဟာ ဘယ်ကုမ္ပဏီနဲ့မှ စာမချုပ်သေးဘူးတဲ့၊ စက်တင်ဘာလအထိ ရမယ်တဲ့၊ ဈေးကတော့ တစ်သိန်းခွဲတဲ့၊ ကြည့်လေ၊ ဒီကောင်တွေလုပ်ပုံက၊ ဒါကြောင့် ငါ့က ပြန်ပြောတယ်၊ ခင်ဗျား မင်းသမီး ရနေတာကမှ အမြင့်ဆုံးသုံးသောင်း၊ သုံးသောင်းခွဲလို့၊ တကယ်ပါပဲ၊ ဒီထက်လည်း မပိုပါဘူး။

ဒီတော့ သူက မေးတယ်။ ခင်ဗျားက ဘယ်လောက် ပေးချင်လို့လဲတဲ့၊ ငါက ငါးသောင်းလို့ ပြောတယ်။ သူက ခုနစ်သောင်းခွဲတော့ ပေးပါတဲ့။ ကြည့်နော်၊ စောစောက တောင်းတော့ တစ်သိန်းခွဲ၊ ငါက ခြောက်သောင်းနှစ်ထောင့်ငါးရာ ပေးမယ်ဆိုတော့ သူက ကြိုက်ပြီတဲ့၊ ငါလည်း သဘောတူလိုက်တယ်၊ ငါ တယ်လီဖုန်း ပြန်ချလိုက်တော့ ဖုန်းပြောခ (၁၃၅) ဒေါ်လာ ထွက်သွားပြီ။

ဒါကြောင့် ငါက ဝေါလ်လမ်းမကို ပြန်သွားပြီး အစုရှင်တွေကို ပြောပြတယ်။ ဆန်းစပေါ့ကိုလည်း ဝယ်လိုက်ပြီလို့၊ မင်းသမီးအဖြစ်နဲ့လည်း ဘက်တီဒေးဗီးစ်ကို ရမယ်လို့၊ သူတို့က ဝမ်းသာကြတယ်၊ ငါ့ကို ချီးကျူးကြတယ်၊ ငါလည်း ဟောလီးဝုဒ်ကို ပြန်လာခဲ့တယ်"

နော်မန်သည် တစ်ဆက်တည်း စကားပြောရသောကြောင့် မောသွားကာ ရေခွက်ကို ကမန်းကတမ်း လှမ်းဆွဲပြီး ရေများကို ကုန်အောင်သောက်လိုက်သည်။

"ဒါလောက် ဒုက္ခရောက်ရတယ်ဆိုရင် တော်ရောပေါ့ကွာ၊ ဟုတ်တယ်မဟုတ်လား"

ဒေးဗစ်က ခေါင်းညိတ်ပြသည်။

"မတော်သေးဘူး မောင်ရေ့၊ ဒီနေ့မနက် ဒီရုံးကို ငါ ရောက်လာတော့ နောက်ထပ် ဒုက္ခတစ်ခုနဲ့ ထပ်တိုးပြန်တာပါပဲ။ ဒီမှာ စောင့်နေတာက ရီနာမာလိုးလေ၊ ငါကလည်း သူ့ကို ဝမ်းသာအားရ နှုတ်ဆက်ပါတယ်။ သူက လှိုက်လှိုက်လှဲလှဲ မရှိဘူး၊ သူက အထောက်တော် သတင်းစာကြီး ငါ့ကို ထိုးပြပြီး ဒီသတင်း အမှန်ပဲလားလို့ မေးတယ်"

အထောက်တော်သတင်းစာကို ငုံ့ကြည့်လိုက်တော့ ဆန်းစပေါ့ဇာတ်ကားကို ဘက်တီးဒေးဗီးစ်နဲ့ ရိုက်မယ်ဆိုတဲ့သတင်း၊ ငါကလည်း ဒါဘာဖြစ်သလဲလို့ မေးတယ်၊ သူ ရိုက်နေတဲ့ ကားထဲမှာ သူ့ကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးထားကြောင်းလည်း ငါက ပြောပြတယ်။ ဒါပေမယ့် သူက ဘာပြောသလဲဆိုတော့ အခု ဆန်းစပေါ့မှာ သူ ဝင်မရိုက်ရရင် အခု ရိုက်နေတဲ့ ကားကိုလည်း မရိုက်ဘူးတဲ့ကွာ၊ ပြောပြောဆိုဆိုနဲ့ အခန်းထဲက ထွက်သွားတယ်။ သူ စိတ်ကျေနပ်အောင် ငါ အတတ်နိုင်ဆုံး ကြိုးစားပါတယ်။ ဒါပေမယ့် မရဘူး၊ ဟောလီးဝုဒ်မှာရှိတဲ့ လူတကာနဲ့ သူ တည့်တယ်၊ လူတာကာနဲ့ အတူအိပ်တယ်၊ ငါ့ကျတော့မှ ရီနာမာလိုးဟာ ဘာဖြစ်နေတယ် မသိဘူး"

ဒေးဗစ်က ခေါင်းညိတ်သည်။ နော်မန် ပြောသည်မှာ မှန်ပါသည်။ ရီနာ၏သတင်းများကို သူတို့ ကြားနေရသည်။ ယခုအခါ ရီနာသည် အဝတ်အစားပုံစံ ထုတ်လုပ်သည့် အမျိုးသမီး အိုင်လင်းဂေးလတ်နှင့် ညားနေကြသည်ဟုလည်း ပြောကြသည်။

"ဒီလိုဆိုရင် အန်ကယ် ဘာလုပ်မလဲ"

"ဘာလုပ်ရမလဲကွာ၊ သူ တောင်းဆိုတဲ့အတိုင်း ဒီကားမှာ သူ့ကိုပဲ ထည့်ရိုက်ရတော့မှာပေါ့၊ သူ ထွက်သွားရင် အခု ရှုံးနေတာထက် ပိုပြီးတော့ ရှုံးသွားလိမ့်မယ်"

နော်မန်က ဆေးပြင်းလိပ်ကို လှမ်းဆွဲသည်။

"ဒီနေ့ညနေ သူ့ကို တယ်လီဖုန်းဆက်ပြီး ဒီအကြောင်း ပြောပြရလိမ့်မယ်"

ဆေးပြင်းလိပ်ကို မီးညှိနေသောကြောင့် သူ့စကားကို ဖြတ်ထားသည်။

"အင်း ဒီလိုလည်း မကောင်းသေးဘူး၊ ဒီနေ့ညနေ သူ့အိမ်ကို မင်း သွားပြီးတော့ ဒီအကြောင်း ပြောပြကွာ"

"ကျွန်တော် သွားပြောပေးပါ့မယ်"

ဟု ပြောရင်း ဒေးဗစ်က သူ့အခန်းသို့ပြန်ရန် နောက်သို့ လှည့်လိုက်သည်။

"ခဏနေဦးဟေ့"

ဒေးဗစ်က ပြန်လှည့်လာသည်။

"နယူးယောက်မှာတုန်းက ဝါးဒေါ့ဖ်ဟိုတယ်မှာ နောက်ဆုံးည ငါ ဘယ်သူနဲ့ တွေ့ခဲ့တယ်ထင်သလဲ၊ မင်း သူငယ်ချင်းနဲ့ တွေ့ခဲ့တယ်"

"ကျွန်တော့်သူငယ်ချင်း၊ ဘယ်သူလဲ"

"ဟုတ်တယ်၊ မင်း သိပါတယ်ကွာ၊ ဟိုအရှူးဟာလေ၊ လေယာဉ်ပျံမောင်းတဲ့ အကောင်လေကွာ၊ ဂျိုနတ်စ်ကော့"

"ဟုတ်လား၊ သူ့ကြည့်ရတာ ဘယ်လိုနေသလဲ"

သူ့ဘကြီးပြောပြပုံကို ဒေးဗစ်က သဘောကျသွားသည်။ အမှန်တော့ ကော့နှင့် ဒေးဗစ်တို့သည် စကားပင် ကောင်းစွာ ပြောဖူးကြသည် မဟုတ်။

"သူတို့ပုံစံအတိုင်းပေါ့၊ ခြေညှပ်ဖိနပ်နဲ့၊ လည်စည်းမပါဘူး၊ ဒီလိုပုံမျိုးနဲ့များ ဘာတွေလုပ်နေသလဲ မသိပါဘူးကွာ။ သူ ရုပ်ရှင်ကားတစ်ကားရိုက်နေကြောင်း သတင်းစာတွေထဲမှာ ငါ ဖတ်ရတယ်၊ ဒါကြောင့် သူ့ကို သုံးလိုက်ရရင် ဘယ်လောက် ကောင်းမလဲလို့ ငါ စဉ်းစားနေတယ်၊ တို့ကုန်စရာရှိတာတွေကို သူက စိုက်ကုန်ပေါ့ကွာ

သူနဲ့တွေ့တုန်းက မနက်နှစ်နာရီကြီးကွ၊ မိန်းမနှစ်ယောက်ကို ဘယ်တစ်ယောက် ညာတစ်ယောက်ထားလို့ကွ၊ ငါက သူ့ကို သွားပြီး နှုတ်ဆက်ပါတယ်။ သူက တစ်ခါမှ မမြင်ဘူးတဲ့ လူလို ငါ့ကို ကြည့်နေတယ်၊ ဒါကြောင့် ငါ ဘယ်သူဖြစ်ကြောင်း ပြောပြရတယ်၊ ဒီတော့မှ သူက ပြန်နှုတ်ဆက်တယ်"

ဒါပေမယ့် သူ တကယ်မှတ်မိသလား၊ မမှတ်မိဘူးလား ဆိုတာတော့ မသေချာဘူး။ သူ့မျက်နှာမှာလည်း မုတ်ဆိတ်မွေးတွေ ဗရပျစ်နဲ့၊ မြင်မကောင်းဘူး။ သူ့ကောင်မလေးနှစ်ယောက်ဟာ မင်းသမီးတွေပဲတဲ့၊ ဒါပေမယ့် နာမည်တွေကိုတော့ ပြောမပြနိုင်ဘူးတဲ့၊ ဘာကြောင့်လဲဆိုရင် ငါက လုပြီး စာချုပ်သွားမှာစိုးလို့တဲ့၊ ဒါကြောင့် မိန်းကလေးတစ်ယောက်ကို သူ သဘောကျနေပြီဆိုရင် ကော့လက်နက်ခဲယမ်းမီးကျောက်ကုမ္ပဏီနာမည်နဲ့ပဲ သူ စာချုပ်တော့တယ်တဲ့၊ ဒါမှ ရီနာမာလိုးတုန်းက သူ့ဆီက ငါလုပြီး စာချုပ်သွားသလို မလုပ်နိုင်မှာတဲ့။

ငါကလည်း သဘောမကျပေမယ့် ပြုံးနေရတာပေါ့ကွာ၊ ဒါနဲ့ ငါက ပြောပြတယ်။ ကျွန်တော်တို့ဆီက ခင်ဗျား ခွာသွားတာ သိပ်မြန်လွန်းတယ်လို့၊ တစ်ခုခုတော့ ရာဇဝင်တွင် ကျန်ရစ်ခဲ့အောင် လုပ်ထားခဲ့ဖို့ ကောင်းတယ်လို့၊ အခု ခင်ဗျားရိုက်နေတဲ့ ဇာတ်ကားနဲ့ ပတ်သက်လို့လည်း စကား ပြောချင်ပါတယ်လို့။

ဒီတော့ သူက အခု ပြောရင် မရဘူးလားတဲ့၊ ငါကလည်း ရပါတယ်လို့ ပြောလိုက်တယ်။ သူက ကောင်းပြီဆိုပြီး ကောင်မလေးတွေဆီကို ပြန်သွားတယ်၊ မင်းတို့ စောင့်နေကြဦးလို့ ပြောတယ်၊ ပြီးတော့ ငါ့ဆီပြန်လာပြီး ငါ့ကို ဆွဲခေါ်တယ်။ အပေါ်ထပ်က ကျွန်တော့်ရုံးခန်းကို သွားမယ်တဲ့။

ငါက အံ့ဩပြီး သူ့ကို မော့ကြည့်တယ်။ ဒီဟိုတယ်မှာ ခင်ဗျားရုံးခန်း ရှိသလားလို့ မေးကြည့်တယ်။ သူက ဘာပြောလဲဆိုတော့ အမေရိကန်တစ်ပြည်လုံးမှာ ကျုပ် ကိုယ်ပိုင်ရုံးခန်း မရှိတဲ့ဟိုတယ် တစ်ခုမှ မရှိဘူးတဲ့ကွာ၊ တကယ့်ကောင်ပဲ၊ ဒါနဲ့ တို့လည်း အပေါ်ထပ်ကို တက်ခဲ့တယ်။ သူ့ရုံးခန်းထဲကိုရောက်တော့ ဘာမှတော့ ထူးထူးခြားခြား မရှိဘူး၊ အားလုံး ရှင်းလင်းပြီး သန့်ရှင်းနေတယ်၊ ဧည့်သည်အတွက် ကုလားထိုင်တစ်လုံး ချပေးထားတာ တွေ့ရတယ်။ တို့ စကားပြောကြတဲ့အခါကျတော့ သူက မပြုံးတော့ဘူးကွ။

သူ့ရုပ်ရှင်ကို ဘယ်ကနေ ဖြန့်ရမယ်ဆိုတာ သူ မဆုံးဖြတ်ရသေးဘူးတဲ့။ သူ လက်ခံနိုင်တဲ့ စည်းကမ်းတွေရအောင် စောင့်နေတယ်တဲ့။ ငါကလည်း ကောင်းပါတယ်လို့၊ ဒါပေမယ့် ခင်ဗျား ရုပ်ရှင်ကားအကြောင်း ဘာမှ မသိရသေးဘဲနဲ့ ကျုပ်က ဘာပြောတတ်မှာလဲလို့ ငါက ပြန်ပြောတယ်။ သူက ကမ္ဘာစစ်တုန်းက လေသူရဲတွေအကြောင်း ရိုက်ထားတဲ့ကားတဲ့၊ ဒီဇာတ်ကားအတွက် လေယာဉ်ပျံအဟောင်း အစင်းပေါင်းငါးဆယ်လောက် သူ ဝယ်လိုက်တယ်တဲ့။

ငါက စစ်ကားတွေ သိပ်မစွံတော့တဲ့အကြောင်း ပြောပြတယ်။ ဒါပေမယ့် ခင်ဗျားနဲ့ ကျုပ်နဲ့ ကံစပ်တယ်လို့၊ အရင်တစ်ခါ လုပ်ကြတုန်းကလည်း အောင်မြင်တယ်လို့၊ ဒါကြောင့် ကျုပ် လုပ်ကြည့်မယ်၊ ခင်ဗျား စည်းကမ်းတွေက ဘယ်လိုလဲလို့ ငါက မေးကြည့်တယ်။ သူက စတူဒီယို ကုန်ကျစရိတ်အတွက် ဆယ်ရာခိုင်နှုန်း၊ ဖြန့်ချိစရိတ်အတွက် ဆယ့်ငါးရာခိုင်နှုန်းပေးမယ်လို့ ပြောတယ်။

ငါက မဖြစ်နိုင်ဘူးလို့၊ ကျုပ်တို့ စတူဒီယို ကုန်ကျစရိတ်အတွက် အနည်းဆုံး နှစ်ဆယ့်ငါးရာခိုင်နှုန်းယူတယ်လို့ ပြန်ပြောတယ်။ သူက တွက်ပြမယ်တဲ့၊ သူ ရထားတဲ့ တို့ကုမ္ပဏီရဲ့ နှစ်ပတ်လည်အစီရင်ခံစာအရ ဆိုရင် ကုန်ကျစရိတ်ဟာ နှစ်ဆယ့်တစ်ရာခိုင်နှုန်းပဲ ရှိတယ်တဲ့။ အခုအတိုင်း ကုန်ကျစရိတ်တွေကို ထပ်ဖြတ်မယ်ဆိုရင် သုံးဆယ့်ခြောက်ရာခိုင်နှုန်းအထိတောင် တက်လာမှာပါတဲ့။

ငါက ကျုပ်တို့ ဒါရိုက်တာအဖွဲ့က သဘောတူမှာ မဟုတ်ဘူးလို့ ပြောပြတယ်။ သူက သူတို့ သဘောတူမှာပါတဲ့၊ သူတို့ကို နှစ်နှစ်လောက် အချိန်ပေးလိုက်ရင် သဘောတူကြမှာပါတဲ့၊ ပြီးတော့ သူက ခင်ဗျား ထိုင်နေတာ ကြာလှပြီတဲ့။ အပေါ့သွားလိုက်ပါဦးလားတဲ့။ ငါက အံ့ဩပြီး ရေချိုးခန်းဘက် ထွက်လာခဲ့တယ်။ ပြန်ထွက်လာတော့ သူ မရှိတော့ဘူး။ နောက်တစ်နေ့ ရထားမထွက်ခင်အထိ သူ ဘယ်မှာရှိမလဲလို့ ရှာသေးတယ်။ ဒါပေမယ့် သူ့ရုံးက လူတွေကတောင် သူ ဘယ်မှာရှိတယ် ဆိုတာကို မသိကြဘူး။ သူ လုံးဝ ပျောက်သွားတော့တာပဲ၊ တကယ့်ကောင်ကွာ"

"ကျွန်တော် ပြောသားပဲ၊ ဒီလူဟာ ရုပ်ရှင်လုပ်ငန်းကို ချက်ချင်း တတ်မယ့်လူလို့၊ သူ တွက်တာလည်း မှန်ပါတယ်"

"ဘယ်လောက် မှန်မှန်ကွာ၊ ငါ့ပါးစပ်ထဲက အစာကိုတော့ သူ့ကို အန်မကျွေးနိုင်ဘူး"

* * *

"ကျွန်တော်နဲ့ လိုက်ခဲ့ပါခင်ဗျာ။ မစ္စမာလိုး စောင့်နေပါတယ်"

ဘဏ္ဍာစိုးက ရိုရိုသေသေဖြင့် ဆီးကြိုပြောသည်။

ဒေးဗစ်က ခေါင်းညိတ်ပြပြီး သူ့နောက်သို့ လိုက်ခဲ့သည်။ အခန်းတစ်ခုရှေ့သို့ ရောက်သောအခါ ဘဏ္ဍာစိုးက တံခါးခေါက်သည်။

"မစ္စတာဝုဖ် ရောက်နေပါပြီ ခင်ဗျာ"

"ဝင်ခဲ့ပါလို့ ပြောလိုက်ပါ"

အတွင်းမှ ရီနာမာလိုး၏အသံ ပေါ်လာသည်။

ဘဏ္ဍာစိုးက ခေါင်းညိတ်အရိုအသေပြုပြီး အခန်းတံခါးကို ဖွင့်ပေးသည်။ အတွင်းမှာ အလင်းရောင် များပြားသောကြောင့် ဒေးဗစ်က မျက်လုံးကို မှေးလိုက်မိသည်။ ကာလီဖိုးနီးယား နေရောင်ခြည်သည် သူ့ကိုယ်ပေါ်သို့ ကျလာသည်။ အမိုးသည် မှန်အတိဖြင့် ပြုလုပ်ထားသော အမိုးလုံး ဖြစ်သည်။ အကာများကိုလည်း မှန်များဖြင့်သာ ကာရံထားသည်။

အခန်း၏တစ်ဖက်ခြမ်းတွင် ကန့်လန့်ကာတစ်ခု ကာထားသည်။ ထိုနောက်မှ ရီနာ၏ အသံ ပေါ်လာပြန်၏။

"ဒေးဗစ်ရေ ကြိုက်တာသာ ယူသောက်ပေတော့၊ ကိုယ် အခု ထွက်ခဲ့မယ်"

အခန်းကို လှည့်ကြည့်ပြီး အရက်ထားသည့် နေရာကို ရှာသည်။ ပတ္တူစများဖြင့် ဖုံးအုပ်ထားသည့် ကုလားထိုင်များသည် အခန်းထဲမှာ ပွနေသည်။ ကြမ်းပြင်တစ်ခုလုံးကိုလည်း ဖြူဆွတ်သော ကော်ဇောဖြင့် ဖုံးအုပ်ထားသည်။ ကန့်လန့်ကာနောက်မှ အိုင်လင်းဂေးလတ် ထွက်လာသည်။ သူသည် ယောကျ်ားတစ်ယောက်ကဲ့သို့ ဝတ်စားထား၏။

"ဟဲလို ဒေးဗစ်၊ မင်းအတွက် ကိုယ် အရက်ထည့်ပေးမယ်"

"ကျေးဇူးပဲ အိုင်လင်း"

"ကိုယ့်ဖို့လည်း မာတီနီတစ်ခွက် စပ်လိုက်ပါဦး"

အတွင်းမှ ရီနာက လှမ်းအော်သည်။ အိုင်လင်းက ပြန်မဖြေ။ ဒေးဗစ်ကို ကြည့်သည်။

"ဘာ သောက်မလဲ"

"ဝီစကီနဲ့ ရေနဲ့၊ ရေခဲ နည်းနည်းပဲထည့်"

အိုင်လင်းက သူ ပြောသည့်အတိုင်း အရက် ထည့်ပေးသည်။

"ကိုယ့်ဖို့ မာတီနီ အဆင့်သင့်ဖြစ်ပြီလား"

ရီနာက လှမ်းအော်ပြန်၏။

ဒေးဗစ် လှည့်ကြည့်သောအခါ အခန်းထဲမှထွက်လာသော ရီနာကို တွေ့ရသည်။ အဖြူရောင်အဝတ်များကို ဝတ်ထားသည်။ ဒေးဗစ်နှင့် အပြန်အလှန် နှုတ်ဆက်ကြရင်း ရီနာက သူ့အရက် ဘယ်မှာလဲဟု မေးသည်။

"ဒေးဗစ်က အလုပ်ကိစ္စအတွက်လာတာ၊ အလုပ်စကားပြောပြီးတဲ့အထိ မစောင့်နိုင်ဘူးလား"

ဟု အိုင်လင်းက ပြန်ပြောသည်။

"ဆရာကြီး မလုပ်စမ်းပါနဲ့၊ လုပ်စမ်း၊ မာတီနီတစ်ခွက် စပ်ပေးစမ်း"

ရီနာက ခပ်ထန်ထန်ပြန်ပြောပြီး ဒေးဗစ်ဘက်သို့ လှည့်လာသည်။

"ကိုယ် ခပ်ငယ်ငယ်ကတည်းက ဖေဖေက ကိုယ့်ကို မာတီနီတိုက်ခဲ့တာ၊ ရေသောက်သလို ကိုယ်သောက်နိုင်တယ်။ ဒါကို အိုင်လင်းက နားမလည်ဘူး"

"ဒီမှာရော့"

အိုင်လင်းအသံကလည်း ပြတ်ပြတ်ပင်။ ရီနာက မာတီနီကိုယူကာ ဒေးဗစ်နှင့် နှုတ်ဆက်ပြီး သောက်သည်။ ဒေးဗစ်ကို ထိုင်ခိုင်းပြီး သူကိုယ်တိုင်လည်း ကုလားထိုင် တစ်လုံးမှာ ဝင်ထိုင်သည်။

"မင်းတို့အိမ်က တယ်ကောင်းတာပဲ"

ဒေးဗစ်က လေအေးနှင့် ပြောသည်။

"ဟုတ်တယ်၊ အိုင်လင်းနဲ့ ကိုယ်တို့နှစ်ယောက် ပြင်ထားကြတာလေ၊ အိုင်လင်းဟာ အရောင်ရွေးတာမှာ သိပ်တော်တယ်၊ အိုင်လင်းကို အနုပညာဒါရိုက်တာအဖြစ်နဲ့ ခိုင်းကြည့်ဖို့ မင်းဘကြီးကို ပြောလိုက်စမ်းပါ ဒေးဗစ်ရယ်၊ တကယ် အံ့ဩစရာ ကောင်းလောက်အောင် သူ လုပ်ပြပါလိမ့်မယ်"

"ရီနာ၊ ဒေးဗစ်လာတာ ကိုယ့်အကြောင်း ပြောဖို့လာတာ မဟုတ်ဘူး"

ဟု အိုင်လင်းက ဝင်ပြောသည်။

"အန်ကယ်ဘာနီကို ကိုယ် ပြောလိုက်ပါ့မယ်။ အိုင်လင်း တကယ် တော်တာ ကိုယ် သိပါတယ်"

"တွေ့တယ် မဟုတ်လား။ အိုင်လင်းဟာ အင်မတန် စည်းကမ်းကြီးလွန်းတယ်၊ အမှန်တော့ ကိုယ်တွေ့ခဲ့ဖူးသမျှထဲမှာတော့ အိုင်လင်းဟာ အတော်ဆုံးပဲ"

ရီနာသည် အရက်ကုန်သွားသည့် သူ့လက်ထဲမှ ဖန်ခွက်ကို အိုင်လင်းဘက်သို့ လှမ်းပေးလိုက်သည်။

"ထပ်ထည့်ပါဦး"

ဒေးဗစ်က ရီနာကို လှမ်းကြည့်မိသည်။ သည်လိုပုံမျိုးဖြင့်သာ ရီနာ အရက်သောက်နေမည်ဆိုပါက သူ့ကိုယ်အလေးချိန် အများကြီးကျသွားမည် ဖြစ်သည်ဟု တွေးနေမိသည်။ သို့သော်လည်း သူ့အတွေးများကို ရီနာက ဖြတ်ပစ်လိုက်သည်။

"မင်းအဘိုးကြီးက ဘာတဲ့လဲ၊ ကိုယ့်ကို ဆန်းစပေါ့ထဲမှာ ထည့်ရိုက်မတဲ့လား"

"ကိုယ့် အဘိုးကြီးအကြောင်းကို မင်း နားလည်ပါတယ် ရီနာ၊ ကုမ္ပဏီမှာ မင်းဟာ အင်မတန် အရေးကြီးပါတယ်၊ သိပ်မနိပ်တဲ့ ရုပ်ရှင်ကားထဲမှာ သူက မင်းကိုထည့်ပြီး သုံးချင်တာ

မဟုတ်ဘူး"

ရီနာက အိုင်လင်းထံမှ အရက်ခွက်ကို လှမ်းယူသည်။

"အလကား ပါကွာ၊ ဒီကားမှာ ကိုယ်သရုပ်မဆောင်နိုင်ဘူးလို့ သူက ထင်နေတာပါ။ ကိုယ်က လုပ်ပြလိုက်ချင်စမ်းတယ်"

"မင်းဟာ အင်မတန် တော်တဲ့ မင်းသမီးတစ်ယောက်ဖြစ်ကြောင်း သူ သိပါတယ် ရီနာ၊ မင်းဟာ တစ်သန်းမှာတစ်ယောက်ပေါ်လာတတ်တဲ့ မင်းသမီးမျိုးပါ။ အမှန်ကတော့ မင်းကို သူက ကာကွယ်ချင်တဲ့ သဘောပါပဲ"

"ကိုယ့်ဟာကိုယ် ကာကွယ်မှာပေါ့ ဒေးဗစ်ရယ်၊ ကဲ ပြောစမ်းပါဦး၊ ကိုယ်ရိုက်ရမှာလား၊ မရိုက်ရဘူးလား"

"ရိုက်ရမှာပါ"

"ကောင်းတယ်"

ရီနာသည် ကုလားထိုင်မှ ထလိုက်သည်။ အနည်းငယ် ယိုင်သွားသည်။ သူ အတန်ငယ် မူးနေပြီဖြစ်ကြောင်း သတိထားလိုက်မိသည်။

"မင်း အဘိုးကြီးကလည်း ကိုယ့်ကို အချဉ်ဖမ်းချင်နေတာပါ"

ရီနာ၏ စကားဆုံးသောအခါ သူတို့နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။

(၁၈)

ရီနာမာလိုးကို မမြင်မတွေ့မီအချိန်အထိ ကလော်ဒီဒန်ဘာ၏ ဘဝတစ်လျှောက်လုံးတွင် ချစ်မြတ်နိုးစရာဟူ၍ သုံးမျိုးသာ ရှိခဲ့ဖူးသည်။ သူ့အမေကိုချစ်ခြင်း၊ သူ့ကိုယ်သူချစ်ခြင်းနှင့် ဇာတ်ခုံပေါ်မှ အနုပညာကိုချစ်ခြင်းတည်းဟူသော သုံးမျိုး ဖြစ်သည်။

ဟင်းမ်လက် အမည်ရှိ ပြဇာတ်သည် နယူးယောက်မြို့ပေါ်ရှိ ဇာတ်ရုံများတွင် အလွန်နာမည်ကြီးခဲ့သည်။ နောက်ပိုင်း၌ သူ တင်ဆက်ကပြခဲ့သည့် ဆန်းစပေါ့ အမည်ရှိ ပြဇာတ်သည်လည်း ဟင်းမ်လက်ကဲ့သို့ နာမည်ကြီးကာ သူ့အမည်ကို ထိပ်တန်းသို့ရောက်အောင် တင်ပို့ပေးခဲ့သည်။

ဆန်းစပေါ့သည် ဇာတ်ကောင်သုံးကောင်၏ ဇာတ်လမ်း ဖြစ်သည်။ မိန်းကလေးတစ်ယောက်နှင့် ယောကျ်ားနှစ်ယောက်တို့သည် အလွန် ကျယ်ပြောသည့် သဲကန္တာရကြီး၏ အစွန်းများတွင် တသီးတခြားစီ နေကြသည်။ နောက်ဆုံး မိန်းကလေးနှင့် ထိုယောကျ်ားနှစ်ယောက်တို့ တွေ့ဆုံကြကာ မိန်းကလေးကို သူရကိုယ်ရ လုကြသည့် ဇာတ်လမ်း ဖြစ်သည်။

ဇာတ်လမ်းတွင် စကားပြောသည့် အခန်းက များ၏။ လှုပ်ရှားမှု နည်း၏။ သို့သော်လည်း ဘရော့ဒ်ဝေး ဇာတ်ရုံများတွင် တစ်နှစ်လုံးလုံး ပြသခဲ့ရသည်။ ထိုအခိုက်မှာပင် နော်မန်သည် ဒန်ဘာဆီသို့ ရောက်လာ၏။ ဇာတ်လမ်းကို သူ ဝယ်ပြီးကြောင်း၊ ဒန်ဘာကို ရုပ်ရှင်ဒါရိုက်တာအဖြစ် တာဝန်ပေးလိုကြောင်းများ ပြောသည်။ ဒန်ဘာကလည်း မဆိုင်းမတွပင် လက်သင့်ခံခဲ့သည်။ သည်လိုဖြင့် ကာလီဖိုးနီးယားသို့ သူ ရောက်လာကာ ရုပ်ရှင်ကားအတွက် ဇာတ်လိုက်မင်းသမီးကိစ္စကို ဆွေးနွေးကြသည်။

"ရီနာမာလိုးလား၊ ဒါပေမယ့် ကျွန်တော် ထင်တာက ဘက်တီဒေးဗီးစ်က သရုပ်ဆောင်မယ် ဆိုသလားလို့"

ဟု နော်မန်ကို သူက ပြန်မေးသည်။

"ဝါနာဘရားသားရုပ်ရှင်က ကျုပ်ကို အကျပ်ကိုင်နေတယ်ဗျာ။ ဒါနဲ့ နောက်ဆုံးတော့ ရီနာမာလိုးကိုပဲ ရိုက်ဖို့ ဆုံးဖြတ်လိုက်တယ်"

နော်မန်က ယုံကြည်စိတ်ချမှုအပြည့်ဖြင့် ပြောနေသည်။

"တခြားလူ မရှိတော့ဘူးလားဗျ၊ ဇာတ်ခုံပေါ်မှာ ဒီပြဇာတ်ကိုကတဲ့ မင်းသမီးဆိုရင်ကော"

"အဲဒီ မင်းသမီးကျတော့လည်း နာမည် မရှိဘူး။ အခု ကားက အရေးကြီးတယ်၊ ကျွန်တော်တို့ မရှုံးအောင် လိုအပ်တဲ့ကာကွယ်မှုတွေလည်း လုပ်ထားရမယ်၊ ရီနာမာလိုး ရိုက်ခဲ့

သမျှကားတွေဟာ ဝင်ငွေကောင်းခဲ့တာချည်းပဲ"

"ဝင်ငွေကောင်းတာတော့ ဟုတ်တာပေါ့လေ၊ ဒါပေမယ့် ဒီဇာတ်လမ်းမှာ သူ သရုပ်ဆောင်နိုင်ပါ့မလား"

"ရီနာထက်တော်တဲ့ မင်းသမီး ဟောလီးဝုဒ်မှာ မရှိတော့ပါဘူးဗျာ၊ ခင်ဗျားက ဒါရိုက်တာပဲ။ ဒီနေ့ညနေ ဇာတ်ညွှန်းပါယူပြီး သူ့အိမ်ကို ကိုယ်တိုင်သွားတွေ့ကြည့်လိုက်ပါဦး"

"ဒါပေမယ့် မစ္စတာနော်မန်"

သို့သော်လည်း ဒန်ဘာကို နော်မန်က စကားပြောခွင့် မပေးတော့။ သူ့လက်ကို ဖမ်းဆွဲပြီး အခန်းဝဆီသို့ လျှောက်လာရင်း သူ့စကားကို ဖြတ်ပြောသည်။

"တရားသဖြင့် ဖြစ်အောင်ပဲလုပ်ပါ မစ္စတာဒန်ဘာ၊ ရီနာကို အခွင့်အရေးပေးလိုက်ပါဦး၊ သူနဲ့ လုပ်ကြည့်ပါ၊ နည်းနည်းပါးပါး ဆွေးနွေးကြည့်ပါ။ ဒီဇာတ်ကို သူ နိုင်အောင် မကနိုင်ဘူး ထင်ရင် ကျွန်တော်တို့ တစ်မျိုးလုပ်ကြသေးတာပေါ့"

ထုတ်လုပ်သူ နော်မန်သည် အလွန် လိမ္မာပါးနပ်စွာဖြင့် သူ့ကို အချိုသတ်လိုက်သည်။ ပြီးတော့ သူ့ကို အခန်းပြင်သို့ပို့ပေးပြီး အတွင်းသို့ ပြန်ဝင်သွားသည်။ ဒန်ဘာသည် အတွင်းရေးမှူး အမျိုးသမီးသုံးယောက်အနားတွင် ယောင်ချာချာဖြင့် ကျန်ခဲ့သည်။ မိန်းကလေးများက သူ့ကို ဝိုင်းကြည့်နေကြသည်။ ဒန်ဘာက ဣန္ဒြေဆည်လိုက်ပြီး တံခါးဝနှင့်အနီးဆုံး မိန်းကလေးဆီသို့ လျှောက်သွားသည်။

"မစ္စမာလိုး ဘယ်မှာနေတယ်ဆိုတာများ မင်း ပြောမပြနိုင်ဘူးလား"

မိန်းကလေးက ပြုံးသည်။

"နေရာပြောပြတာထက် ပိုအဆင်ပြေတာကို လုပ်ပေးနိုင်ပါတယ် မစ္စတာဒန်ဘာ၊ ရှင့်ကို မော်တော်ကားနဲ့ပို့ပေးဖို့ ကျွန်မ အစီအစဉ် လုပ်ပေးပါ့မယ်"

ထိုနေ့ညနေက ရီနာမာလိုးထံသို့မသွားမီ ကလောဒီဒန်ဘာသည် ရုပ်ရှင်ရုံသို့သွားကာ ရီနာမာလိုးပါဝင်သည့် ဇာတ်ကားတစ်ကားကို ကြည့်သည်။ ရီနာသည် ချောမောလှပသည့် မင်းသမီး ဖြစ်သည်မှာ မှန်၏။ သို့သော်လည်း ယခု သူရိုက်မည့် ဇာတ်ကားထဲမှ မိန်းကလေးမျိုး မဟုတ်။ ဇာတ်လမ်းအရ ရိုက်ရမည့်ကားထဲမှ မိန်းကလေးသည် ထိတ်လန့်ကြောက်ရွံ့နေရမည်။ ဝမ်းနည်းကြေကွဲနေရမည်။ ရီနာက ဤသို့သော အချိုးအစားမျိုး မဟုတ်။

ရုပ်ရှင်ရုံမှထွက်ခဲ့ပြီး ဟိုတယ်သို့ ပြန်လာသည်။ မော်တော်ကားက ဟိုတယ်တွင် သူ့ကို လာခေါ်မည် ဖြစ်သည်။ ရီနာကို မင်းသမီးအဖြစ် တင်ရိုက်ရမည်ဆိုသဖြင့် သူ့တွင် စိတ်အနှောင့်အယှက် ဖြစ်နေမိသည်။ ထို့ကြောင့်လည်း သူ့မိခင်ထံသို့ သူ ဖုန်းဆက်သည်။ သူ့တွင် စိတ်အနှောင့်အယှက် တစ်စုံတစ်ရာ၊ သို့မဟုတ် ထူးခြားမှုတစ်စုံတစ်ရာပေါ်တိုင်း မိခင်ထံသို့ သူ ဖုန်းဆက်မြဲ ဖြစ်သည်။

"ဒီဇာတ်ကားထဲမှာ သူတို့ ရိုက်စေချင်တဲ့မင်းသမီးဟာ ဘယ်သူလဲ သိသလား မေမေ"

"ဘယ်သူတဲ့လဲ"

သူ့အမေက သူ့ပုံစံအတိုင်း တည်ငြိမ်စွာ မေးသည်။

"ရီနာမာလိုးတဲ့"

"မဟုတ်တာဘဲ"

သူ့အမေ၏အသံသည် တုန်လှုပ်သွားသည့် အသံ ဖြစ်သည်။

"ဟုတ်တယ် မေမေ၊ မစ္စတာနော်မန်က ပြောတယ်။ ဘက်တီဒေးဗီးစ်ကို သူတို့ငှားလို့ မရဘူးတဲ့"

"ကောင်းပြီလေ၊ ဒါဖြင့်ရင်လည်း ငါ့သား အိမ်ကို ပြန်ခဲ့ပေါ့၊ မစ္စတာနော်မန်ကို ပြောပြလိုက်ပါ။ မင်းဟာ ကိုယ့်သိက္ခာကို ကိုယ်ထိန်းဖို့လိုပါတယ်လို့၊ ဒါကြောင့် စောစောက ပြောထားတဲ့ ဘက်တီဒေးဗီးစ် မရလို့ တခြားတစ်ယောက်ကို အစားထိုးရတယ်ဆိုရင် မရိုက်နိုင်ဘူးလို့ ပြောပြလိုက်ပေါ့"

"ဒါပေမယ့် မစ္စမာလိုးနဲ့တွေ့ကြည့်ဦးမယ်လို့ မစ္စတာနော်မန်ကို ကျွန်တော် ပြောလိုက်ပြီးပြီ မေမေ။ သူကလည်း ပြောပါတယ်၊ ကျွန်တော် မကြိုက်ဘူးဆိုရင် နောက်တစ်ယောက်

ပြောင်းတာပေါ့တဲ့"

"ဒါဆိုရင်လည်း ကောင်းတာပဲ၊ ဒါပေမယ့် မင်းရဲ့ဂုဏ်သိက္ခာဟာ အရေးအကြီးဆုံးပဲ ဆိုတာကို မမေ့နဲ့၊ မင်း အပြည့်အဝ စိတ်တိုင်းမကျဘူးဆိုရင် အိမ်ကိုသာ ပြန်ခဲ့"

"ဟုတ်ကဲ့ မေမေ"

အပြန်အလှန် နှုတ်ဆက်ပြီး တယ်လီဖုန်းချခဲ့သည်။

* * *

ဧည့်ခန်းတွင်းမှာ သူ ထိုင်စောင့်နေတုန်း ရီနာမာလိုး ဝင်လာသည်။ တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံကို ဝတ်ထားသည်။ ငွေရောင်ဖြူဆွတ်သည့် ဆံပင်များကို နောက်ဘက်တွင် ကလစ်နှင့် ညှပ်ထားသည်။

ရီနာက နှုတ်ဆက်ရင်း လက်ကို ကမ်းပေးသည်။ ရီနာ၏ လက်ချောင်းကလေးများ သည် အလွန် သန်မာကြောင်း ဒန်ဘာ သတိထားလိုက်မိသည်။

"ရှင့်ကို ကျွန်မ တွေ့ချင်နေတာ၊ ရှင့်ကောင်းသတင်းတွေ ကျွန်မ အများကြီး ကြားဖူး ပါတယ် မစ္စတာဒန်ဘာ"

"ကျွန်တော်လည်း ခင်ဗျားရဲ့ အောင်မြင်ကျော်ကြားမှုတွေကို အများကြီး ကြားဖူးပါ တယ်"

သူက ပြုံးပြသည်။

ရီနာက သူ့ကို မော့ကြည့်သည်။ ပြီးတော့ ပြုံးသည်။ သူ့ကို ပထမဦးဆုံး ပြုံးပြသည့် အပြုံး ဖြစ်သည်။

"ဆန်းစပေါ့ ဇာတ်ကားမှာ ဘာဖြစ်လို့ ကျွန်မ ဒါလောက် ဝင်ရိုက်ချင်နေရသလဲ ဆိုတာ ရှင် သိပါလိမ့်မယ်"

"ခင်ဗျား ဇာတ်ညွှန်းဖတ်ပြီးပြီလား"

ရီနာက ခေါင်းညိတ်ပြသည်။

"မင်းသမီးက အိမ်ထဲကိုဝင်လာတဲ့အခါမှာပြောတဲ့ ပထမဆုံးစကားလုံးတွေကို မှတ် မိသလား"

"မှတ်မိပါတယ်"

"အဲဒီအတိုင်း ကျွန်တော့်ကို ပြန်ပြောပြစမ်းပါ"

ဟု ပြောရင်း သူက ဇာတ်ညွှန်းကို ကမ်းပေးလိုက်သည်။ ရီနာက ဇာတ်ညွှန်းကို လှမ်းယူသည်။ သို့သော်လည်း ဖွင့်မကြည့်ဘဲ စကားလုံးများကို ရွတ်သည်။

"ကျွန်မနာမည် မေရီ ဟုတ်ပါတယ်၊ ဒါပါပဲ။ ကျွန်မ နာမည် မေရီလို့ ထင်တယ်"

"တဖတ်သလိုဖြစ်နေတယ် မစ္စမာလိုး၊ ခင်ဗျားက ဇာတ်လမ်းကို မစဉ်းစားဘဲကိုး၊ ဒီတော့ ခံစားချက် မပါတော့ဘူးပေါ့။ မိန်းကလေးဟာ သူ့နာမည်ကို ပြန်မှတ်မိနိုင်ဖို့ ကြိုးစားနေ ရတဲ့သဘောပါအောင် ပြောပါ။ သူ့နာမည်ကို ပြန်စဉ်းစားရင်းနဲ့ ဒီနာမည်တော့ ဟုတ်နိုင် ကောင်းရဲ့လို့ မသေမချာ စဉ်းစားနေတဲ့သဘောမျိုးဖြစ်အောင် ပြောပါ"

ရီနာသည် သူ့ကို ငြိမ်ပြီး ကြည့်နေသည်။ ပြီးတော့ ထိုင်ရမှုထကာ မီးဖိုဆီသို့ လျှောက်သွားသည်။ သူ့လက်များကို မီးဖိုပေါ်သို့တင်ပြီး နွေးလာအောင် ကင်နေသည်။ ဒန်ဘာ ကို ကျောခိုင်းထားသည်။ ကလစ်ဖြင့် စုချည်ထားသည့် သူ့ဆံပင်များကို ဖြေချလိုက်သည်။ ကျောပေါ်သို့ ဆံပင်များ ပြန့်ကျလာသည်။ ဒန်ဘာနှင့် မျက်နှာချင်းဆိုင် ကြည့်လိုက်၏။

"ကျွန်မနာမည် မေရီ ဟုတ်ပါတယ်၊ ဒါပါပဲ၊ ကျွန်မနာမည် မေရီလို့ ထင်တယ်"

ဟု ပြောသည်။ စကားပြောသည်နှင့် တစ်ပြိုင်တည်း သူ့မျက်နှာပေါ်မှာ အမူအရာပါ ပေါ်လာသည်။

အလွန် သရုပ်ပါကြောင်း သူ သိလိုက်သည်။ သူ သဘောကျသွားပါပြီ။

* * *

ဘာနီနော်မန်သည် ရိုက်ကွင်းရှိရာသို့ ဆင်းလာခဲ့သည်။ ယနေ့သည် ဤဇာတ်ကား ၏နောက်ဆုံးအခန်း ရိုက်ရက် ဖြစ်သည်။ သည်အကြောင်းများကို စဉ်းစားရင်း သူ့ခေါင်းကို

ယမ်းခါနေမိသည်။ သည်ဇာတ်လမ်းကိုဝယ်ပြီး သည်ဒါရိုက်တာကို ငှား၍ ရိုက်ခိုင်းမိခြင်းမှာ ငါးပါးသာမက သံယာစင်ပါ မှောက်ခဲ့ရသည်။

ပထမဦးဆုံးအနေဖြင့် သတ်မှတ်ထားသော ကားရိုက်ရက်ကို တစ်လ ရွှေ့ပစ်ခဲ့ရသည်။ ဒါရိုက်တာက မင်းသမီးကို စိတ်တိုင်းကျ ဇာတ်တိုက်မည်ဟုဆိုကာ ရက်ပေါင်း သုံးဆယ်လုံးလုံး ဇာတ်တိုက်နေသည်။ ရီနာကို ပြောပြန်တော့လည်း မရ။ ဒန်ဘာက ရိုက်ပါတော့ဟု မပြောမချင်း သူ မရိုက်ဟု ဆိုသည်။ ထို့ကြောင့်လည်း ထိုတစ်လအတွက် ဒေါ်လာတစ်သိန်းခွဲ အလဟဿ ကုန်ခဲ့ရသည်။ ကားမရိုက်ဖြစ်သော်လည်း ငှားထားပြီးဖြစ်သည့် လခစားများကို လခမပေး၍ မဖြစ်။

ထိုမျှ မကသေး။ သူတို့ဇာတ်ခုံပေါ်မှာ ဇာတ်ကခဲ့သည့်အတိုင်း တစ်သဝေမသိမ်းတူအောင် ဆက်တင်များကို ပြင်ဆောက်သည်။ သို့ဖြင့် နောက်ထပ် ငွေငါးသောင်း ထွက်သွားပြန်သည်။ ထိုမျှနှင့်လည်း အားမရနိုင်သေး။ အသံများကို တစ်ခုချင်း စစ်ဆေးနေသည်။ စကားလုံးတိုင်းသည် ပီသရမည်ဟု ဒန်ဘာက ပြောသည်။ ဇာတ်ခုံပေါ်မှာ ပြောသည့်အတိုင်း ပီသရမည်။ ဝါး မနေရ။ ပါးစပ်ပေါက်နှင့် အသံနှင့် လွဲမနေရဟုဆိုကာ ယိုပေါက်မရှိအောင် စစ်ဆေးနေသည်။ နော်မန် အတော် ဒေါသထွက်နေသည်။ 'ခွေးကောင်ကြီး၊ ကိုယ်ချင်းစာတရား မရှိ၊ သူ့ပိုက်ဆံမဟုတ်တိုင်း ဖြုန်းတီးပစ်နေသည်'ဟုလည်း စိတ်ထဲက ကျိတ်ပြီး ကျိန်းဝါးမိသည်။

သတ်မှတ်ထားသည့်ရက်ထက် သုံးလ နောက်ကျမှ ကားရိုက်ပြီးသည်။ ဒေါ်လာ တစ်သန်းခွဲ တက်တက်ပြောင်သွားသည်။ ရိုက်ကွင်းတွင် မီးများ ထိန်ထိန်လင်းနေသောကြောင့် သူ့မျက်လုံးများကို မှေးလိုက်သည်။

ဘုရားသခင်ကိုပင် ကျေးဇူးတင်ရပေဦးတော့မည်။ ယနေ့သည် နောက်ဆုံးနေ့ ဖြစ်၏။ နောက်ဆုံးအခန်း ဖြစ်၏။

ဤအခန်းသည် မင်းသမီးက အိမ်ငယ်တစ်လုံးရှိရာသို့ မနက်ပိုင်း ရောက်လာကာ အခန်းတံခါး ဖွင့်ကြည့်ရမည်။ အထဲမှာ ယောကျ်ားနှစ်ယောက် သေနေသည်ကို တွေ့ရမည်။ အသက်ငယ်သောသူက အသက်ကြီးသောသူကို သတ်ပြီး နောက်ဆုံး သူ့ကိုယ်သူ ပြန်သတ်သေသွားသော အခန်း ဖြစ်သည်။ မင်းသမီးက လူနှစ်ယောက် သေနေသည်ကို မြင်သောအခါ အနည်းငယ် ငိုရမည်။ ပြီးတော့ သဲကန္တာရကြီးရှိရာသို့ တစ်ယောက်တည်း ထွက်လာခဲ့ရမည်။ ရိုက်ရမည့်အခန်းသည် ဤမျှသာ ဖြစ်သည်။ ဘာမှ မမှားနိုင်။ ဆယ်မိနစ်သာ ကြာမည်။ ဒါပြီးလျှင် ရင်ထဲက အလုံးကြီး ကျသွားပြီ။

"နေရာယူ"

အမျိုးသား ဇာတ်လိုက်နှစ်ယောက်သည် အိမ်ငယ်၏ တံခါးအနီးတွင် လှဲနေကြသည်။ လက်ထောက် ဒါရိုက်တာနှင့် ဇာတ်လမ်းမှတ်တမ်းတင်သော အမျိုးသမီးက သူတို့နှစ်ယောက်၏ နေရာနှင့် ပုံစံများ မှန်မမှန် စစ်ဆေးသည်။ စောစောက ရိုက်ယူခဲ့သည့် စတေလ်ဓာတ်ပုံများနှင့် တိုက်ဆိုင်ကြည့်ကာ အနည်းငယ် ပြင်ဆင်ပေးသည်။

ဒန်ဘာ ခေါင်းညိတ်ပြသည်ကို နော်မန် မြင်လိုက်ရသည်။ ကလက်ရိုက်သံကို ကြားလိုက်ရသည်။ ပြီးတော့ ဒန်ဘာက လှမ်းအော်သည်။

"အမူအရာလုပ်တော့"

နော်မန်က သူ့ဘာသာသူ ပြန်ပြုံးလိုက်မိ၏။ သေချာအောင် လုပ်ကြသည့်သဘောသာ ဖြစ်သည်။ အိမ်တံခါးက တဖြည်းဖြည်း ပွင့်လာသည်။ ရီနာ ပေါ်လာပြီး လူနှစ်ယောက်ကို ငုံ့ကြည့်သည်။

ကင်မရာကို ဒေါ်လီ ဆွဲယူလာသည်။ ရီနာကို အနီးကပ်ရိုက်သည်။ ရီနာက ခေါင်းကို တဖြည်းဖြည်းမော့ရင်း ကင်မရာကို စိုက်ကြည့်သည်။ ခဏကြာသွားသည်။ နောက် တစ်ခဏ ကြာသွားသည်။

"ငို. . . ငိုတော့၊ အသုံးမကျဘူး၊ ငိုတော့"

ဒန်ဘာက တအား အော်ပြောသည်။

ရီနာက မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် လုပ်၏။ ဘာမှ ဖြစ်မလာ။

"ကတ်"

ဒန်ဘာသည် အော်ရင်း ရီနာရှိရာသို့ လျှောက်သွားသည်။ ရီနာကို စိုက်ကြည့်နေသည်။

"ဒီအခန်းမှာ မင်း ငိုရမယ်ဆိုတာ သတိတော့ရပါတယ်နော်"

ဟု ဒန်ဘာက သရော်သလိုလို၊ လှောင်သလိုလို ပြောသည်။

ရီနာက ခေါင်းညိတ်ပြသည်။

ဒန်ဘာသည် ကင်မရာအနီးသို့ ပြန်လာခဲ့၏။ ရီနာက အိမ်ငယ်ဆီသို့ ပြန်လျှောက်သွားသည်။ သူ့နောက်မှ တံခါးပိတ်ထားသည်။ လက်ထောက် ဒါရိုက်တာနှင့် ဇာတ်လမ်းမှတ်တမ်းတင်သည့် အမျိုးသမီးက နေရာနှင့်ပုံစံများ မှန်မမှန် စစ်ဆေးကြပြန်သည်။ မှန်သောအခါ ရိုက်ကွင်းထဲမှ ထွက်လာခဲ့ကြသည်။

"စတော့"

"ဆင်း (၁၁၇)၊ ကတ် (၂)"

ကလက်ရိုက်သူက အခန်းနှင့်ရိုက်ကွက်ကိုအော်ကာ ကလက်ရိုက်ပြီး ကင်မရာရှေ့မှ လွတ်အောင် မြန်မြန် ခုန်ထွက်သွားသည်။

"အမူအရာ"

လှုပ်ရှားမှုအားလုံးတို့သည် စောစောကအတိုင်း တစ်သဝေမတိမ်း ဖြစ်သည်။ ကင်မရာကို ရီနာ မော့ကြည့်သည်အထိ အတူတူ ဖြစ်သည်။ မျက်တောင်မခတ်။ မျက်လုံးများသည် ခြောက်သွေ့နေသည်။ ရုတ်ခြည်းပင် ရီနာက ဘေးသို့ ထွက်လိုက်သည်။

"ကတ်"

ဒန်ဘာက အော်ရင်း ရှေ့သို့ ထွက်သွားပြန်သည်။

"ကျွန်မ ဝမ်းနည်းပါတယ် ကလော်ဒီ၊ ကျွန်မ ငိုလို့ကို မရဘူး။ ကျွန်မတို့ မိတ်ကပ်သုံးရင် ပိုကောင်းမယ်ထင်တယ်"

ဟု ရီနာက ဆီးပြောသည်။

"မိတ်ကပ်၊ မျက်ရည်ကျတဲ့မိတ်ကပ်ယူခဲ့"

စိတ်ထက်သန်နေသူ လက်ထောက်တစ်ဦးက အော်ပြောသည်။

နော်မန်က ခေါင်းညိတ်မိသည်။ သည်နေရာတွင် ငွေကုန်ကြေးကျခံနေစရာ အကြောင်းမရှိ။ ပိတ်ကားပေါ် ရောက်သောအခါတွင် ဘာမှ ထူးခြားမည် မဟုတ်။ ထိုမျှသာမကသေး၊ တစ်ခါတစ်ရံတွင် မိတ်ကပ်က မျက်ရည်အစစ်ထက်ပင် ပိုကောင်းနေတတ်သေးသည်။ မိတ်ကပ်များသည် ဆီစက်ကလေးတွေလို ကျလာတတ်သည်။

ဒန်ဘာက လှည့်ကြည့်သည်။

"မိတ်ကပ် မလိုချင်ဘူး"

"မိတ်ကပ် မလိုချင်ဘူး၊ မျက်ရည်အစစ်ကျ"

သူ၏လက်ထောက် ဒါရိုက်တာကလည်း ဒန်ဘာ၏စကားအတိုင်း ကျယ်လောင်စွာအော်လိုက်သည်။

ဒန်ဘာက ရီနာကို ကြည့်သည်။

"အခု အခန်းဟာ ဒီဇာတ်ကားရဲ့ နောက်ဆုံးအခန်းပဲ၊ လူနှစ်ယောက် မင်းအတွက်ကြောင့် သေသွားပြီ၊ ဒါကြောင့် မင်း မျက်ရည်ကျရမယ်၊ သူတို့အတွက် ဝမ်းနည်းလို့ကျတာ မဟုတ်ဘူး။ မင်းအတွက်လည်း ကျတာ မဟုတ်ဘူး၊ ဒါပေမယ့် မင်းခန္ဓာကိုယ်ထဲမှာ အသည်းနှလုံးရှိတယ်ဆိုတာ ပြရုံလောက်ပဲ။ သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်ဘူး။ မင်းဟာ မိန်းမတစ်ယောက်ဖြစ်ကြောင်း ပြရုံလောက်ပဲ။ မင်းဟာ တိရစ္ဆာန် မဟုတ်ဘူး၊ နားလည်လား"

ရီနာက ခေါင်းညိတ်ပြသည်။

"ကောင်းပြီ၊ ဒါဖြင့်ရင် ပြန်ရိုက်မယ်"

ဒန်ဘာသည် ကင်မရာရှိရာသို့ ပြန်လာ၏။ မှန်ဘီလူးပေါက်မှ ချောင်းကြည့်သည်။ ရီနာ ပေါ်လာသည်။ တံခါးပွင့်လာသည်။ လူနှစ်ယောက်ကို ငုံ့ကြည့်သည်။ ပြီးတော့ ဒေါ်လီ

တွန်းလာသည့် ကင်မရာ သူ့အနားသို့ရောက်သောအခါ ကင်မရာကို တဖြည်းဖြည်း မော့ကြည့်သည်။

"ငိုတော့၊ အခု ငိုတော့"

ဒန်ဘာက လေသံကလေးဖြင့် ပြောသည်။ ရီနာက ကင်မရာကို စိုက်ကြည့်နေသည်။ ဘာမျက်ရည်မှ ထွက်မလာ။

"ကတ်"

ဒန်ဘာသည် ဒေါသတကြီးဖြင့် ကင်မရာရှေ့သို့ ထွက်လာသည်။

"မင်းဟာ ဘယ်လို မိန်းမမျိုးလဲ"

"ကျွန်မ တောင်းပန်ပါတယ် ကလော်ဒီ"

"ငါးလလုံးလုံး ဒီကားကို တို့ရိုက်နေကြတယ်၊ ငါဟာ နေ့မအိပ် ညမအိပ် လုပ်နေရတယ်။ အကြောင်းတစ်ခုတည်းအတွက် ငါ ဒီလောက် အပင်ပန်းခံနေတာ၊ မင်းဟာ တကယ့်မင်းသမီးဖြစ်ကြောင်း ပြချင်တယ်ဆို၊ ကောင်းပြီ ငါ အစွမ်းရှိသမျှ လုပ်ပေးနေတယ်။ ဒီနောက်ဆုံးအခန်းကလေးကျမှ မင်း အသုံးမကျတာနဲ့ ဒီကားရဲ့ ဂုဏ်သိက္ခာကို ငါ အကျမခံနိုင်ဘူး။ မင်းဟာ မင်းသမီးကောင်းတစ်ယောက် ဖြစ်ချင်တယ် မဟုတ်လား၊ ကောင်းပြီ၊ လုပ်ပြပါ၊ ဖြစ်အောင်လုပ်ပြပါ"

ဒန်ဘာသည် ရီနာကို ကျောခိုင်းပြီး ကင်မရာဘက်သို့ ပြန်လာသည်။ နော်မန်က သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားလိုက်မိသည်။ ပိုက်ဆံတွေ အလကား ဖြုန်းတီးပစ်နေသည်ကို သူ မကြည့်ရဲတော့။ သည်ဇာတ်ကားရိုက်နေသည့်အတွက် တစ်နေ့လျှင် ဒေါ်လာ တစ်သောင်း ကုန်ကျနေရသည်။ သည်အကြောင်းများကို ဒန်ဘာ သိဖို့ကောင်းပါသည်။

"အမူအရာ"

နော်မန်သည် လက်များကိုဖယ်ပြီး လှမ်းကြည့်သည်။ သည်တစ်ကြိမ်တွင် ဒန်ဘာက လေသံသာသာကလေးဖြင့် ရီနာအား ပြောပြနေသည့် အသံများကို ကြားနေရသည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကဲ အပြင်ထွက်လာတော့၊ သူတို့ကို ငုံ့ကြည့်လိုက်၊ ပထမ ပေါလ်ကိုကြည့်၊ နောက် ဂျိုးဇက်ကိုကြည့်၊ ဂျိုးဇက်ရဲ့ လက်ထဲက သေနတ်ကို ကြည့်လိုက်၊ ဟုတ်ပြီ ဟုတ်ပြီ၊ ဘာဖြစ်တယ် ဆိုတာကို မင်း သိတယ်။ ကဲ အပေါ်ကို မော့ကြည့်တော့၊ မင်း စဉ်းစားနေတယ်၊ သူတို့ သေကုန်ကြပြီ၊ မင်း သူတို့နှစ်ယောက်ကို မချစ်ဘူး၊ ဒါပေမယ့် သူတို့နဲ့အတူတူ မင်း နေခဲ့တယ်၊ သူတို့ကို မင်း အသုံးချခဲ့တယ်၊ မင်း တစ်ခါမှ မခံစားရဘူးတဲ့ အသိစိတ်ကလေး တစ်ခု မင်း စိတ်ထဲမှာ ပေါ်လာတယ်။ ဒါဟာ မင်းရဲ့အဖေ၊ ဒါမှမဟုတ် မင်းရဲ့ အစ်ကို၊ ဒါမှ မဟုတ် မင်း တစ်ခါမှ မရခဲ့ဘူးတဲ့ မင်းရဲ့ ရင်သွေးကလေး၊ အခု သူဟာ မင်းရဲ့ခြေထောက်နားက သဲပြင်ပေါ်မှာ လဲသေနေပြီ၊ မင်း ခြေထောက်အောက်က သဲပြင်ပေါ်မှာ အလောင်း နှစ်လောင်း ရှိနေပြီ၊ ဟုတ်ပြီ၊ မျက်ရည်ကျတော့၊ ငိုတော့"

နော်မန်သည် မျက်နှာပေါ်မှ လက်များကိုဖယ်ပြီး လှမ်းကြည့်မိပြန်သည်။ သည်တစ်ကြိမ်တော့ ရိုက်ကွင်းထဲမှ ရီနာကို လှမ်းကြည့်ခြင်း ဖြစ်သည်။ ကင်မရာက ကွယ်နေသည်။ ထို့ကြောင့် ဘေးတစ်ဖက်သို့ တိုးပြီး ကြည့်သည်။ ရီနာ ငိုနေပြီ။ တကယ့်မျက်ရည်များ၊ ဒန်ဘာက လေသံဖြင့် အဆက်မပြတ် ပြောနေတုန်း ဖြစ်သည်။

"မျက်ရည်တော့ ထွက်လာပြီ၊ ဒါပေမယ့် မျက်လွှာကို ပြန်ချလိုက်ဦး၊ ဘာကြောင့်လဲ ဆိုတော့ မင်း ဘာကြောင့် ငိုနေတယ် ဆိုတာကို မင်းကိုယ်တိုင် မမှတ်မိနိုင်ဘူး၊ ဒါကြောင့် မျက်ရည်မကျစေနဲ့တော့။ မျက်လုံးတွေ ခြောက်သွားပေစေတော့။ မင်း နောက်ကို ပြန်လှည့်လိုက်၊ သဲကန္တာရကြီးထဲကို မျှော်ကြည့်လိုက်၊ အဲဒီ သဲကန္တာရကြီးထဲမှာ တစ်ယောက်ယောက်က မင်းကို စောင့်နေတယ်၊ တစ်ယောက်တည်း စောင့်နေတယ်၊ မင်း စိတ်ကူးထဲမှာ ဖြစ်နေတာ၊ သူ့ကိုတွေ့အောင် သဲကန္တာရကြီးထဲမှာ ရှာရမယ်။ အဲဒီအခါကျတော့မှ မင်းဟာ ဘယ်သူလဲ ဆိုတာကို မင်း တကယ် သိတော့မယ်၊ သဲကန္တာရကြီးဘက်ကို စပြီး လမ်းလျှောက်တော့၊ ဖြည်းဖြည်း ဖြည်းဖြည်း ဖြည်းဖြည်း"

ရီနာ တဖြည်းဖြည်း လမ်းစလျှောက်သည်နှင့် တစ်ပြိုင်တည်း ဒန်ဘာ၏အသံသည် တိမ်ဝင်သွားတော့သည်။ နော်မန်က ပတ်ဝန်းကျင်သို့ လှည့်ကြည့်သည်။ လူအားလုံးသည်

ရီနာကို စိုက်ကြည့်နေကြသည်။ ရီနာမှတစ်ပါး ဘာကိုမှ သူတို့ သတိမရကြတော့။ အားလုံးကို မေ့သွားပြီ။ နော်မန်၏ မျက်လုံးထဲမှာလည်း မျက်ရည်များ စို့လာသည်။ မြင်ကွင်းသည် သူ့ကို လည်း ဖမ်းစားထားလိုက်ပါပြီကော။

"ကတ်"

ဒန်ဘာက အော်ပြောသည်။ အောင်ပွဲခံလိုက်သည့် အသံမျိုး ဖြစ်သည်။

"ဒီဖလင်ကို အခု ချက်ချင်း သွားကူးစမ်းဟေ့"

ဒန်ဘာသည် ပက်လက်ကုလားထိုင်အတွင်းသို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူ အလွန် ပင်ပန်းသွားပြီ။

ရိုက်ကွင်းမှာ အသံများ ပြန်ဆူညံလာသည်။ လူအားလုံးက ဝိုင်းဝန်း ဩဘာပေးကြ သည်။ အရယ်အပြုံးနည်းသည့် သူများပင် ကျေကျေနပ်နပ်ကြီး ပြုံးနေကြသည်။ နော်မန်သည် ထိုင်ရာမှ ထပြေးကာ ရီနာ၏လက်ကို သွားဆွဲသည်။

"ကောင်းလိုက်တာ ကလေးရယ်၊ မယုံနိုင်လောက်အောင်ကို ကောင်းတာပဲ"

ရီနာက နော်မန်ကို ပြန်ကြည့်သည်။ သို့သော်လည်း သူ့စိတ်များသည် ဤနေရာတွင် မရှိ။ အဝေးသို့ ရောက်နေသည်။ ထို့ကြောင့် ဘာကိုမှ မမြင်။ မကြား။ ခဏကြာတော့ သူ့စိတ် များ ပြန်လည်လာသည်။ သူ့မျက်လုံးများ ပြန်ကြည်လင်လာသည်။ ဒန်ဘာကို လှမ်းကြည့်သည်။ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေသည်။ သူ့ပတ်လည်မှာ ကင်မရာဆရာများ၊ ရုပ်ရှင် အလုပ်သမားများဖြင့် ဝိုင်းဝိုင်းလည်နေသည်။ ပြီးတော့မှ နော်မန်ကို သူ ပြန်ကြည့်သည်။

"တကယ်ပဲ ကောင်းတယ် ထင်သလား"

"ကောင်းတယ် မထင်ရင် ပြောပါ့မလား ကလေးရယ်၊ မင်း ငါ့အကြောင်းကို ကောင်း ကောင်း သိပါတယ်၊ အခုကစပြီး တနင်္ဂနွေနှစ်ပတ်လောက် ကောင်းကောင်း အနားယူလိုက်ပါ။ နောက်ကား ရိုက်ဖို့လည်း အားလုံး အဆင်သင့်ဖြစ်နေပြီ"

ဟု နော်မန်က ကြည်ကြည်နူးနူး ပြုံးကာပြောသည်။

ရီနာက တစ်ဖက်သို့ လှည့်ကြည့်လိုက်သည်။ သူတို့ဆီလာနေသည့် ဒန်ဘာကို ကြည့် နေမိသည်။ ပင်ပန်းနွမ်းနယ်သည့် အရေးအကြောင်းများကို အသက်လေးဆယ်ရှိပြီဖြစ်သော ဒန်ဘာ၏မျက်နှာပေါ်တွင် မြင်ရသည်။ အနားသို့ရောက်လာသောအခါ ရီနာက ဒန်ဘာ၏ လက်ကို ဆွဲယူဆုပ်ကိုင်သည်။

"ကျေးဇူးတင်ပါတယ်ရှင်"

ဒန်ဘာက ပြုံးသည်။ ရုပ်ရှင်ဇာတ်ကား တစ်ကား ရိုက်ကူးပြီးစီးလျှင် ရုပ်ရှင်သမားများ ပြောလေ့ပြောထရှိသည့်အတိုင်း သူက ပြောသည်။

"မင်းဟာ အင်မတန် ပညာရင့်ကျက်တဲ့ မင်းသမီးပါပဲ မစ္စမာလိုး၊ မင်းနဲ့ ဇာတ်ကား ရိုက်ရတဲ့ အခွင့်ထူးကြီးတစ်ရပ်ကို ကျုပ် ရလိုက်ပါတယ်"

ရီနာက သူ့ကို ကြည့်၏။ သူ့ရင်ထဲမှာ တစ်စုံတစ်ရာကို ခံစားလာရသည်။

"ရှင် သွားတော့မလို့လား"

"ကျုပ် အနားယူလိုက်မှ ကောင်းမယ်၊ ဒီဇာတ်ကား စရိုက်ကတည်းက ကျုပ် တစ်ညမှ မအိပ်ခဲ့ရသေးဘူး"

"ကျွန်မ စီစဉ်ပေးမယ်၊ အိုင်လင်း"

ရီနာက ဒန်ဘာကိုပြောရင်း အိုင်လင်းကို လှမ်းခေါ်သည်။ လူအုပ်ကြားတစ်နေရာမှ အိုင်လင်း ထွက်လာသည်။

"ဂျိမ်းစ်ကို ဖုန်းလှမ်းဆက်လိုက်ပါ၊ မစ္စတာဒန်ဘာအတွက် အိမ်က ဧည့်သည်ဆောင် အခန်းကို ပြင်ဆင်ထားပေးဖို့ ပြောလိုက်ပါ"

"နေပါဦး မစ္စမာလိုး၊ ခင်ဗျားကို အလုပ်ပို မပေးပါရစေနဲ့"

ဟု ဒါရိုက်တာက ဝင်ပြောသည်။

"ဘာမှ မရှိတဲ့ ဟိုတယ်ခန်းကြီးထဲကို ရှင့်ကို ပြန်သွားစေချင်တယ်လို့ ထင်ပါသလား ကလော်ဒီ"

"ဒါပေမယ့် အမေ့ကို ကတိပေးထားတယ်၊ ရုပ်ရှင်ရိုက်လို့ ပြီးပြီးချင်း ဖုန်းဆက်ပါ့မယ်လို့"

"အိမ်ကနေဆက်ရင်လည်း ရတာပါပဲ။ ကျွန်မမှာ တယ်လီဖုန်းတွေ ရှိပါတယ်။ တကယ်ပါ၊ ယုံပါ"

နော်မန်က ဒန်ဘာ၏ပခုံးကို ပုတ်လိုက်သည်။

"ရီနာ ပြောတဲ့အတိုင်း လက်ခံလိုက်ပါ ဒန်ဘာ၊ ခင်ဗျား အနားယူဖို့ ကောင်းတယ်။ ဒီဖလင်တွေကို နှစ်လခွဲလောက် တည်းဖြတ်ဖို့က ရှိသေးတယ် မဟုတ်လား။ ဒါပေမယ့် စိတ်မပူပါနဲ့။ အင်မတန် ကြီးကျယ်တဲ့ ဇာတ်ကားကြီးတစ်ကားကို ခင်ဗျား ရိုက်ပြီးသွားပါပြီ။ ခင်ဗျားတို့နှစ်ယောက် အကယ်ဒမီဆုရမယ်ဆိုရင် ကျွန်တော်တော့ မအံ့သြတော့ဘူး"

ထိုစကားကို နော်မန် ပြောစဉ်က တကယ် ယုံကြည်သောကြောင့် ပြောခြင်း မဟုတ်။

သို့သော်လည်း ထိုဇာတ်ကားကြောင့် ရီနာနှင့် ကလော်ဒီဒန်ဘာတို့နှစ်ယောက် အကယ်ဒမီဆုကို အမှန်တကယ်ပင် ရကြလေတော့သည်။

(၁၉)

နယ်လီယာဒန်ဘာသည် အသက်ခြောက်ဆယ့်သုံးနှစ် ရှိပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်းဆဲ ဖြစ်၏။ အခန်းကို ဖြတ်လျှောက်ပြီး သူ့သားကို ငုံ့ကြည့်ရင်း. .

"တယ်လည်း ဒုက္ခကြီး ပါလားနော်"

ဟု ညည်းညူမိသည်။

သားထိုင်နေသော ကုလားထိုင်ဘေးမှာ ထိုင်ပြီး သား၏ခေါင်းကို ပွေ့ယူကာ ဆံပင်များကို ပွတ်သပ်ပေးနေသည်။

"ဒီမိန်းမအကြောင်း သား သေသေချာချာသိဖို့အတွက် အချိန် ဘယ်လောက်တောင်ကြာမလဲလို့ မေမေ တွေးနေတာ၊ ဒီမိန်းမနဲ့ လက်မထပ်ပါနဲ့လို့ အစက မေမေ ပြောခဲ့သားပဲ"

ကလော်ဒီက ဘာမှ ပြန်မပြော။ ပြောစရာလည်း မလို။ အမေ့ရင်ခွင်ထဲမှာ နေရသည်မှာ အစစအရာရာ လုံခြုံသည်။ သူ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက အမေသည် သူ့ကို လုံခြုံမှုပေးခဲ့သည်။ ကျောင်းမှာ အခြားကျောင်းသား တစ်ယောက်ယောက်နှင့် သူ ရန်ဖြစ်လာလျှင်လည်း မေမေက သိနှင့်သည်။ သူ့ကို နှစ်သိမ့်သည်။ အခက်အခဲ တစ်စုံတစ်ရာ ကြုံလျှင်လည်း သူ စိတ်ချမ်းသာအောင် အမေက တတ်နိုင်သည်။ သူ အခက်အခဲ ကြုံနေရသည်ကို ပြောမပြဘဲနှင့် အမေက သိနှင့်သည်။

ရီနာနှင့် သူ လက်ထပ်လိုက်သည့်အတွက် အမေကလည်း ကာလီဖိုးနီးယားသို့ ပြောင်းလိုက်လာခဲ့ရသည်။

သူ စိတ်ဒုက္ခရောက်ရသော အချိန်မျိုးတွင် အမေသည် သူ့အိပ်ရာဘေးမှာ တစ်ပတ်လုံးလုံးထိုင်ကာ ပြုစုနေတတ်၏။ သူ့ကို အစားအသောက်ကျွေးမည်။ သူ့အတွက် သတင်းစာများ ယူလာပေးမည်။ တစ်ခါတစ်ရံ သူတို့သားအမိ သဘောကျသည့် စာအုပ်ကို ဖတ်ပြမည်။ သည်လို အချိန်မျိုးသည် သူ့ဘဝတွင် အလွန် စိတ်ချမ်းသာရသည့် အချိန်မျိုးဖြစ်ခဲ့သည်။

သူ ငါးနှစ်သားအရွယ်က အဖေ ဆုံးခဲ့သည်။ ထို့ကြောင့်လည်း အမေသည် သူ့အမေလည်း ဟုတ်၏။ သူ့အဖေလည်း ဟုတ်၏။ သူတို့သည် အချမ်းသာကြီး မဟုတ်သော်လည်း မတောင့်မတ၊ မကြောင့်မကြတော့ နေနိုင် စားနိုင်ခဲ့ကြသည်။

"ငါ့သား အိမ်ကို ခဏပြန်သွားဦး၊ ယူစရာရှိတာကလေးတွေ ပြန်ယူပြီး ဒီမှာ ပြန်လာအိပ်၊ မနက်ကျတော့ သူနဲ့ ကွာရှင်းဖို့ကိစ္စကို မေမေတို့ စီစဉ်ကြတာပေါ့"

အမေ့လက်မောင်းပေါ်မှာ တင်ထားသည့် သူ၏ခေါင်းကို သူ မော့လိုက်သည်။ အမေ့ကို ကြည့်သည်။

"ဒါပေမယ့် မေမေ၊ ရှေ့နေကို ဘယ်လို ပြောရမှန်းမသိအောင် ဖြစ်နေတယ်"

"မပူပါနဲ့သားရယ်၊ မေမေ အားလုံး စီစဉ်ပေးပါ့မယ်"

အမေက ယုံယုံကြည်ကြည် ပြောသည်။

အမေ ပြောသည့်စကားများကို ကြားရသောအခါ သူ အလွန် အားရှိသွားသည်။ သို့သော်လည်း အိမ်သို့ ပြန်ရောက်၍ ရီနာ၏ကားရပ်ထားသည်ကို တွေ့သောအခါ သူ့စိတ်ထဲမှာ ဖြစ်ပေါ်ခဲ့သည့် အားမာန်စိတ်များသည် ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြပြန်သည်။ ရီနာနှင့် ရင်ဆိုင်ရမည်ကို သူ မရွံ့မရဲ ဖြစ်နေသည်။

နာရီကို ငုံ့ကြည့်သောအခါ (၁၁) နာရီသာ ရှိသေးသည်။ ရီနာသည် နေ့လယ်စာစားဖို့ အတွက် စတူဒီယိုသို့ သွားစရာရှိကြောင်း သူ သိသည်။ ထို့ကြောင့် ရီနာ စတူဒီယိုသို့ ထွက်သွား တော့မှပင် အိမ်သို့ ပြန်လာတော့မည်ဟု သူ ဆုံးဖြတ်သည်။ အိမ်နှင့် မလှမ်းမကမ်းရှိ အရက် ဆိုင်သို့ သူ လျှောက်လာခဲ့သည်။ ရီနာ၏ မော်တော်ကား ထွက်သွားလျှင် ထိုဆိုင်မှ လှမ်းမြင်ရ မည် ဖြစ်၏။

အရက်ဆိုင်တွင်းသို့ ဝင်လာသောအခါ အတွင်းမှာ လူရှင်းနေသည်။ ဘားဖွင့်သော် လည်း သောက်နေသူ တစ်ယောက်ကိုသာ တွေ့ရသည်။ ဆိုင်တွင်းသို့ သူ ရောက်သည့်အခါတွင် သူ အအေးမိချင်သလိုဖြစ်နေကြောင်း သတိထားမိသည်။ ထိုသို့ အအေးမိသည့်အခါတိုင်းတွင် အမေက သူ့ကို အရက်နှင့်ရေနွေးကိုရော၍ တိုက်လေ့ရှိသည်။

"ဝီစကီနဲ့ရေနွေး"

သူ့စကားကို ကြားသောအခါ အရက်ရောင်းသူက သူ့ကို ကြည့်နေ၏။ ထူးဆန်းသလို လည်း ဖြစ်နေသည်။

"ရေနွေးနဲ့လား"

"ဟုတ်တယ်၊ ရေနွေး"

မလှမ်းမကမ်းရှိ အရက်သောက်နေသူကလည်း သူ့ကို လှမ်းကြည့်သည်။ အသက် ခပ်ငယ်ငယ်ပင် ဖြစ်သည်။

ကလော်ဒီက အရက်ခွက်ကို ယူသောက်လိုက်၏။ ဗိုက်ထဲမှာ နွေးသွားသည်။ အပြင်သို့ လှမ်းကြည့်သောအခါ အပြင်မှာ မိုးရွာနေပြီ။ အရက်ခွက်ကို ကောက်ကိုင်လိုက်သော အခါ ခွက်ထဲမှာ ကုန်နေပြီဖြစ်၏။ သူ အံ့သြသွားသည်။ တစ်ခွက် ထပ်သောက်ဦးမည်။ အချိန် တွေ ရှိသေးသည်။ ယခုအချိန်ဆိုလျှင် ရီနာ ဘာတွေလုပ်နေမည်ကို သူ သိသည်။ အရက် ရောင်းသူကို လှမ်းပြီး အချက်ပြလိုက်သည်။

ယခုအချိန်ဆိုလျှင် မှန်တင်ခုံရှေ့မှာ ရီနာ ထိုင်နေလိမ့်မည်။ သူ့မျက်နှာကို လိမ်းခြယ် နေလိမ့်မည်။ ပြီးလျှင် သူ့ဆံပင်များကို ရှင်းလိမ့်မည်။ ရီနာသည် ဘယ်သောအခါမှ အချိန်မှန် သော မိန်းကလေး မဟုတ်။ ချိန်းထားသည်ဆိုလျှင် တစ်နာရီလောက်တော့ နောက်ကျစမြဲ ဖြစ်သည်။ တစ်ခါတစ်ရံ ထို့ထက်ပင် နောက်ကျတတ်သေးသည်။ သည်လို နောက်ကျသည်များ ကို သူ သည်းမခံနိုင်ခဲ့။ သို့သော်လည်း အခြားသူများက ဘာမှ မဖြစ်သလို ရီနာကို ခွင့်လွှတ်ကြ စမြဲ ဖြစ်သည်။

ကလော်ဒီသည် အရက်ခွက်ကို ငုံ့ကြည့်လိုက်သည်။ ကုန်နေပြန်ပြီ။ နောက်တစ်ခွက် မှာလိုက်သည်။

သူ့စိတ်ထဲမှာ အတော်သက်သာရာ ရလာသည်။ ရီနာ အိမ်ပြန်ရောက်သောအခါ မိမိပစ္စည်းများ မရှိတော့သည်ကို တွေ့သဖြင့် အံ့သြလိမ့်မည်။ မိမိသည် မည်မျှ ယောက်ျားပီသသူ ဖြစ်ကြောင်း သဘောပေါက်လိမ့်မည်။ ထို့နောက် ရှေ့နေထံမှတစ်ဆင့် ကွာရှင်းပြတ်စဲကြောင်း အကြောင်းကြားစာရလျှင် ပို၍ပင် အံ့သြလိမ့်ဦးမည်။ မိမိသည် မည်မျှ ယောက်ျားပီသကြောင်း သူ သဘောပေါက်လိမ့်မည်။

မိမိတို့ အိမ်ထောင်ဦးညတုန်းကတော့ မိမိကို ယောက်ျား မဟုတ်ဟု ရက်ရက်စက်စက် ပြောခဲ့သည်။ နာနာကြည်းကြည်း ပြောခဲ့သည်။

"ရှင် ဒီလို လူစားမျိုးလား၊ ဒါဖြင့်ရင် ဘာဖြစ်လို့ ကျွန်မကို လက်ထပ်ခဲ့ရတာလဲ"

ဟု ရီနာက မေးခဲ့သည်။ ပြီးတော့လည်း မိမိကို အလွန် အထင်သေး စက်ဆုပ် ရွံရှာသည့် အကြည့်မျိုးဖြင့် ကြည့်ခဲ့သည်။ သူ လူကဲခတ်များပြီဟု နောင်တကြီးစွာရသော

အမူအရာမျိုးကိုလည်း ရီနာ၏ မျက်လုံးများထဲမှာ မြင်ခဲ့ရသည်။

"ကိုယ့်ကို အဲဒီလို အကြည့်မျိုးနဲ့ မကြည့်ပါနဲ့ကွာ၊ ကိုယ် တောင်းပန်ပါတယ်။ မင်းကို ကိုယ်ချစ်လွန်းလို့ လက်ထပ်ခဲ့တာပါ၊ တခြား ဘာအတွက်မှ မဟုတ်ပါဘူး။ ကိုယ်ဟာ တခြား ယောက်ျားတွေလို မဟုတ်ပါဘူး"

ဟု သူ တောင်းပန်ခဲ့သည်။

"ခင်ဗျား ဘာပြောတယ်"

အသံကြားတော့မှ ကလော်ဒီဒန်ဘာ၏စိတ်များ ပြန်လည်လာသည်။ လှည့်ကြည့်သောအခါ အလှမ်းမကမ်းမှာ အရက်သောက်နေသည့် လူငယ်ကို တွေ့ရသည်။ ထိုလူငယ်က သူ့ကို ကြည့်နေသည်။

"ကျွန်တော့်ကို ခင်ဗျား တစ်ခုခု ပြောလိုက်သလားလို့ပါ။ ဝမ်းနည်းပါတယ်"

ဟု ထိုလူငယ်က ပြောသည်။

ဖြစ်နိုင်ပါသည်။ ကလော်ဒီ၏စိတ်ကူးများသည် စကားလုံးအဖြစ် ပါးစပ်မှ ပွင့်ထွက်သွားခြင်း ဖြစ်ပေလိမ့်မည်။ တစ်စုံတစ်ရာကို စိတ်ကူးနေမိသည့်အချိန်တိုင်းလိုမှာပင် သူ့ပါးစပ်က စကားလုံးများအဖြစ် ပွင့်ထွက်သွားလေ့ရှိသည်။ ထို့ကြောင့်လည်း ရှက်ကိုးရှက်ကန်းဖြင့် လူငယ်ကို ပြန်ကြည့်မိသည်။ ပြီးတော့ ဣန္ဒြေဆည်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒီနေ့ဟာ မိုးတွေရွာပြီး စိတ်ပျက်စရာကောင်းတယ်လို့ ပြောတာပါ၊ မဟုတ်ဘူးလား"

သူက ချော့လဲရောထိုင်လိုက်သည်။ လူငယ်က ပြတင်းပေါက်ကိုကျော်ပြီး အပြင်သို့ ကြည့်ကာ သူ့ဘက်သို့ ပြန်လှည့်လာသည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ အလွန် စိတ်ပျက်စရာကောင်းတဲ့နေ့ပါ"

သူက ယဉ်ကျေးသိမ်မွေ့စွာ ပြန်ပြောသည်။ ကလော်ဒီက သူ့ကို ကြည့်မိသည်။ လူကောင်းကလေးတစ်ယောက် ဖြစ်နိုင်သည်။ ရုပ်ရည် သန့်ပြန့်ချောမောသည်။ ရုပ်ရှင်မင်းသား လည်း ဖြစ်ချင်ဖြစ်နိုင်သည်။ လူငယ်၏ခွက်ကို လှမ်းကြည့်လိုက်သောအခါ အရက်ကုန်နေသည်ကို တွေ့ရသည်။ သူ့ခွက်ကို သူ ငုံ့ကြည့်သောအခါ အရက်က ကုန်နေပြန်သည်။

"မင်းအတွက် ငါ အရက်ဝယ်တိုက်ရမလား"

လူငယ်က ခေါင်းညိတ်ပြသည်။

"ကျွန်တော် ဘီယာတစ်ခွက်လောက် သောက်ချင်ပါတယ်၊ ကျေးဇူးတင်ပါတယ်"

အရက်ရောင်းသူကို လှမ်းခေါ်ပြီး သူတို့ အရက်ခွက်များထဲသို့ အရက် ထပ်ထည့်ခိုင်းသည်။

နောက်ထပ် အရက်သုံးခွက်ခန့်မျှ သောက်ပြီးချိန်မှာပင် ရီနာ၏မော်တော်ကား ထွက်သွားသည်ကို မြင်တွေ့လိုက်ရသည်။ ရီနာ မရှိသည့်အချိန်တွင် သူ အလိုရှိသည်ကို ပစ္စည်း အနည်းငယ်ကိုယူပြီး အမေ့ဆီသို့ ပြန်တော့မည်ဟု သူ စိတ်ကူးကာ အိမ်သို့ ထွက်လာခဲ့သည်။

ခေါင်းလောင်းကို သူ နှိပ်သည်။ ဘယ်သူမှ ပေါ်မလာ။ နောက်တစ်ကြိမ် နှိပ်သည်။ တိတ်မြဲတိတ်လျက်။ ထိုအခါကျမှပင် ယနေ့ ကြာသပတေးနေ့ဖြစ်ကြောင်း၊ အိမ်ရှိ အခိုင်းအစေအားလုံး ရက်အားရကြသည့်နေ့ဖြစ်ကြောင်း သူ သတိရသည်။ ထို့ကြောင့် အိတ်ထဲမှာ ပါလာသည့် သော့ဖြင့် တံခါးဖွင့်ဝင်ခဲ့သည်။ အိမ်ထဲသို့ရောက်သောအခါ ဗီရိုထဲမှ လက်ဆွဲအိတ်တစ်လုံးကို ထုတ်ယူပြီး သူ့အဖော်ကို ပေးလိုက်သည်။

"အဲဒီ အံဆွဲထဲက ပစ္စည်းတွေ ဒီအိတ်ထဲကိုထည့်၊ ငါ တခြားအိတ်တစ်လုံး သွားယူဦးမယ်"

သူ တစ်ဖက်ခန်းသို့ ဝင်ခဲ့သည်။ ပြန်ထွက်လာသောအခါ လူငယ်သည် ရီနာ၏ ဓာတ်ပုံကိုကိုင်ပြီး ကြည့်နေသည်။

"သူက ဘယ်သူလဲ"

"ငါ့မိန်းမ၊ သူ အိမ်ပြန်လာတဲ့အခါ ငါ မရှိတော့ဘူး ဆိုတာကို သိရင် သူ ဘယ်လောက် အံ့ဩလိုက်မလဲ"

"ခင်ဗျားက ရီနာမာလိုးရဲ့ ယောက်ျားလား"

ကလော်ဒီက ခေါင်းညိတ်ပြသည်။

"ဒါပေမယ့် အခုအချိန်ကစပြီး သူယောက်ျား မဟုတ်တော့ဘူးပေါ့ကွာ၊ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့်ပါပဲ"

"ဘာဖြစ်လို့ ခင်ဗျား ဒီလို ထွက်သွားချင်ရတာလဲ"

ဟု လူငယ်က သူ့ကို အထူးအဆန်းသဖွယ်ကြည့်ပြီး မေးသည်။

ကလော်ဒီသည် လူငယ်၏လက်ထဲမှ ဓာတ်ပုံကိုဆွဲယူပြီး နံရံဆီသို့ ပစ်ခွဲလိုက်သည်။ မှန်ကွဲများ ကော်ဇော်ပေါ်သို့ ကျသွားသည်။ ပြီးတော့ ဒေါသဖြင့် ရေချိုးခန်းသို့ လာခဲ့၏။ ရေပိုက်ခေါင်းကို ဖွင့်သဖြင့် ရေကျသံကို ကြားသောအခါ တစ်ခါက ရီနာနှင့် အိုင်လင်းတို့ နှစ်ယောက်ကို သူမြင်ခဲ့ဖူးသည့်မြင်ကွင်းကို ပြန်သတိရလိုက်သည်။

ရီနာသည် စားပွဲပေါ်မှာ အိပ်နေ၏။ အိုင်လင်းက ဘေးမှရပ်ပြီး ရီနာ၏ တစ်ကိုယ်လုံးကို နှိပ်နယ်ပေးနေသည်။ သူတို့ကိုယ်ပေါ်မှာ ဘာမှ မရှိ။ သူဝင်သွားသည်ကို နှစ်ယောက်စလုံးက မြင်သည်။ သို့သော် အရေးမစိုက်။ အိုင်လင်းကသာ နောက်သို့ နည်းနည်းခွာလိုက်သည်။ ရီနာက အခွာမခံ။ အိုင်လင်းကို လှမ်းဆွဲသည်။ ဘေးရှိရေချိုးခန်းမှ ရေကျနေသံကို ကြားရသည်။

"အိုင်လင်းရယ်၊ ကိုယ့်ကို နမ်းစမ်းပါ"

ဟု ပြောသည်။ သူတို့ မျက်နှာနှစ်ခု ပူးကပ်သွားသည်နှင့် တစ်ပြိုင်တည်း သူ အခန်းအပြင်သို့ ထွက်လာခဲ့သည်။ ရီနာ၏ လျှောင်ပြောင် ရယ်မောသံသည် နောက်မှာ ကျန်ခဲ့သည်။ ထိုစဉ်ကလည်း ယခု ရေကျသံမျိုးကို ကြားနေခဲ့ရသည်။

သူသည် ရေချိုးချင်စိတ် ပေါက်လာ၏။ ထို့ကြောင့် ဇိမ်ခံပြီး ရေချိုးနေမိသည်။ ရေချိုးပြီးသောအခါ သူနှင့်အတူ မျက်နှာသုတ်ပဝါ ပါမလာကြောင်း သိသဖြင့် အပြင်က လူငယ်ထံမှ လှမ်းတောင်းသည်။

လူငယ်သည် မျက်နှာသုတ်ပဝါကို အပြင်မှ လှမ်းမပေးဘဲ ရေချိုးခန်းအတွင်းသို့ ဝင်လိုက်လာသည်။

"အဲဒီမှာထားခဲ့"

ဟု သူက ပြောသည်။ သို့သော် လူငယ်သည် ပေကပ်ကပ်ဖြင့် ထွက်မသွားဘဲ ရပ်နေသည်။ ကလော်ဒီ၏ စိတ်ထဲမှာ ကြောက်စိတ်များ ဝင်လာသည်။

"ဟေ့ကောင်၊ ထွက်သွား ငါ အော်လိုက်ရမလား"

"အပိုတွေ လုပ်မနေစမ်းပါနဲ့ဗျာ၊ လူတစ်ယောက်မှ မရှိတာ ခင်ဗျား အော်လို့ကော ဘယ်သူက ကြားမှာလဲ"

လူငယ်သည် ဇွတ်ဝင်လာ၏။ ပြီးတော့ သူ့မျက်နှာကို လက်ဖြင့် ဖြတ်ရိုက်ချလိုက်သည်။ တစ်ဖက်သို့ သူလဲသွားသည်။ နောက်ထပ် ဘယ်နှစ်ချက် ရိုက်ချလိုက်သည် မသိ။ ဘာတွေ ဖြစ်ကုန်သည် မသိ။ အိပ်မက်ဆိုးများကို သူမက်နေသည်။

သူ ကောင်းစွာ သတိရသဖြင့် ကြည့်သောအခါ လူငယ်လည်း အခန်းထဲမှာ မရှိတော့။ စားပွဲပေါ်မှာ တင်ခဲ့သည့် သူ့ပိုက်ဆံများသည်လည်း မရှိတော့။ သူလည်း ခုတင်ပေါ်သို့ ပြန်ရောက်နေသည်။ ခုတင်ပေါ်မှ ဖြည်းဖြည်းထပြီး ရေချိုးခန်းတွင်းသို့ ပြန်ဝင်ခဲ့သည်။ ရေပန်းအောက်မှာ ပြန်ထိုင်သည်။

ထိုအချိန်မှာပင် သူ့ဘဝကို သူကောင်းစွာ သဘောပေါက် နားလည်မိတော့သည်။

ကလော်ဒီသည် ကြေကွဲဝမ်းနည်းစွာဖြင့် သည်းထန်စွာ ငိုကြွေးလိုက်မိလေတော့၏။

(၂၀)

ဒေးဗစ်သည် ရေချိုးခန်းတံခါးဝမှာ ရပ်ကြည့်နေသည်။ သူ့ရင်ထဲမှာ အော်ဂလီဆန်လာသည်။ သွေးတို့သည် နေရာတကာမှာ ရှိနေကြ၏။ ကြမ်းပေါ်မှာ၊ နံရံမှာ၊ ရေချိုးကြွေရေကန်ထဲမှာ။

သည်အကြောင်းကို စကြားရစဉ်က သူနားကိုပင် သူ မယုံကြည်နိုင်ခဲ့။ လွန်ခဲ့သည့်

မိနစ်သုံးဆယ်လောက်တုန်းက သူ့အခန်းတံခါးပွင့်ပြီး အန်ကယ်ဘာနီ ဝင်လာသည်။ အန်ကယ်ဘာနီ၏ မျက်နှာသည် သွေးရောင်လွှမ်းနေသည်။ တစ်စုံတစ်ရာကြောင့် သူ စိတ်ထိခိုက်သည့်အခါတိုင်း ဤသို့ ဖြစ်စမြဲပင်။

"ရီနာမာလိုးရဲ့အိမ်ကို သွားစမ်း၊ ဒန်ဘာ သူ့ကိုယ်သူ သတ်သေသွားလို့တဲ့"

ဟု နော်မန်က ဒေးဗစ်ကို ပြောသည်။

စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ဒေးဗစ်သည် အခန်းဝသို့ လျှောက်လာနေပြီ ဖြစ်၏။

"ရီနာမာလိုးကို သေသေချာချာ ဂရုစိုက်လိုက်၊ သူ့ကို ဘာမှ အဖြစ်မခံနိုင်သေးဘူး။ ဒေါ်လာနှစ်သန်းလောက် ရနိုင်တဲ့ ရုပ်ရှင်ကားက အခုအထိ ဖြန့်ရသေးတာ မဟုတ်ဘူး"

ဟုလည်း နော်မန်က သတိထပ်ပေးလိုက်သေးသည်။

ဒေးဗစ်သည် ဟာရီရစ်ချတ်ကို ခေါ်ပြီး ထွက်ခဲ့သည်။ ဟာရီရစ်ချတ်သည် ယခင်က ရဲအဖွဲ့မှ တပ်ကြပ်ကြီးဖြစ်ပြီး ယခု သူတို့ စတူဒီယို လုံခြုံရေးအဖွဲ့၏ အကြီးအကဲ ဖြစ်သည်။ ဟာရီက သူ့ကို ဖြတ်လမ်းမှ ခေါ်လာသောကြောင့် မိနစ်နှစ်ဆယ်မျှဖြင့် ရီနာတို့ အိမ်သို့ရောက်လာသည်။

သူတို့ရောက်သွားသောအခါ ဆေးရုံအမှုထမ်း လူငယ်နှစ်ယောက်က ဒန်ဘာ၏ အလောင်းကို အဝတ်ဖြူဖြင့်ဖုံးပြီး ထမ်းစင်ပေါ်သို့ တင်နေသည်။ သူတို့ ထွက်လာသောအခါ ဒေးဗစ်က ဘေးသို့ရှောင်ပြီး လမ်းဖယ်ပေးသည်။ သူ့ရင်ထဲမှ အန်ချင်သောစိတ်ကို သက်သာအောင် ဆေးလိပ်တစ်လိပ်နှိုက်ပြီး မီးညှိဖွာလိုက်သည်။ ထိုအခိုက် လှေကားဆီမှ ငိုသံကြားရသည်။ ရီနာသည် ဆရာဝန်ထံမှထွက်ပြေးပြီး ဒန်ဘာ၏ အလောင်းဆီသို့ ပြေးသွားသည် ထင်သည်။ ထို့ကြောင့် ပြတင်းပေါက်သို့ပြေးကာ ငုံ့ကြည့်မိသည်။ မြင်ရသူမှာ ရီနာ မဟုတ်။ ဒန်ဘာ၏မိခင် ဖြစ်သည်။

သူ့ကို ရဲနှစ်ယောက်က ချုပ်ထားသည်။ သူတို့ အနားမှဖြတ်ပြီး အလောင်းကို သယ်သွားသောအခါ အဘွားကြီးက ရဲများလက်မှ အတင်းရုန်းကန်ထွက်နေသည်။

"သားလေး. . . သားလေး ငါ့သားလေးကို ကြည့်ပါရစေဦး"

ဆေးရုံအမှုထမ်းများက သူတို့ကိုကျော်ပြီး အပြင်သို့ သယ်သွားသည်။ သတင်းထောက်များ ဝိုင်းအုံနေကြသည်ကိုလည်း တွေ့ရသည်။ အဘွားကြီး အော်ဟစ်ငိုယိုဆဲဆိုနေကြသည်ကိုလည်း တွေ့ရသည်။

"ဘာမှ မဟုတ်ဘူး။ ငါ့သားကို ဟိုမိန်းမသတ်တာ၊ ဟိုမိန်းမ သတ်တာ၊ ဟို မိန်းမသတ်တာ၊ ငါ့သား ငါ့ဆီကို ပြန်လာတော့မယ် ဆိုတာသိလို့ သတ်တာ"

"အဘွားကြီးကို တခြားခေါ်သွားပါ"

ဟု ဒေးဗစ်က ပြောသည်။ အိုင်လင်းလည်း သူ့အနားသို့ ရောက်လာသည်။

"ဟုတ်တယ်၊ အဘွားကြီးကို တခြား ခေါ်သွားပါ။ သူ အော်ငိုနေတာကို ရီနာကြားလို့ မဖြစ်ဘူး။ မကြားအောင်လုပ်ပါလို့ ဆရာဝန်က ပြောနေတယ်"

ဒေးဗစ်က ဟာရီရစ်ချတ်ကို လှမ်းကြည့်ပြီး အချက်ပေးသည်။ ရစ်ချတ်က ခေါင်းညိတ်ပြီး ရဲအဖွဲ့ဝင်များထံသို့သွားကာ တစ်စုံတစ်ရာကို ပြောပြနေသည်။ ရဲအဖွဲ့ဝင် တစ်ယောက်က အဘွားကြီး၏ပါးစပ်ကိုပိတ်ပြီး အခြားတစ်ယောက်က ဆွဲခေါ်ကာ အပြင်သို့ ထွက်သွားကြသည်။ ခဏအကြာတွင် တိတ်ဆိတ်သွားသည်။

နောက်ဘက်သို့ ဒေးဗစ် ပြန်ကြည့်သောအခါ အိုင်လင်း မရှိတော့ပေ။ ရစ်ချတ်ဆီသို့ သူ လျှောက်လာသည်။

"အဘွားကြီးကို ဒေါက်တာကိုလ်တန်ရဲ့ဆေးရုံကို ပို့လိုက်ပါလို့ ကျွန်တော် ပြောလိုက်တယ်"

ဒေးဗစ်က ခေါင်းညိတ်ပြသည်။ ဒေါက်တာကိုလ်တန်၏ဆေးရုံသည် ရုပ်ရှင်နှင့် ပတ်သက်သူများကို အများဆုံး လက်ခံကုသပေးနေသည့် ဆေးရုံ ဖြစ်သည်။

"စတူဒီယိုကို တယ်လီဖုန်းဆက်စမ်းပါ၊ ခင်ဗျား လူနှစ်ယောက်လောက်ကို ခေါ်ပြီး ဒီမှာ အစောင့်ချထားပေးပါ။ ရဲအဖွဲ့ဝင်တွေ ပြန်သွားတဲ့အခါမှာ သတင်းထောက်တွေ ဝင်မလာ

စေချင်ဘူး"

"ကျွန်တော် အားလုံး စီစဉ်ထားပြီးပါပြီ"

ဟု ရစ်ချတ်က ပြန်ပြောသည်။ ပြီးတော့ သူ့ကိုလက်ဆွဲပြီး ဧည့်ခန်းဘက်သို့ ခေါ်သည်။

"ဧည့်ခန်းထဲတွင် စုံထောက်အရာရှိ စတန်လေ ထိုင်နေသည်။ သူ့ရှေ့မှာ မှတ်စုစာအုပ်ကလေးတစ်ခုဖွင့်ပြီး ချထားသည်။ သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။

"အလွန် စိတ်မကောင်းစရာပါပဲ မစ္စတာစတန်လေ၊ ဘယ်လိုဖြစ်တယ်လို့ ထင်ပါသလဲ"

ဟု ဒေးဗစ်က မေးသည်။

"အမှန်တော့ သူ့ကိုယ်သူ သတ်သေသွားတာပါပဲ၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ သံသယဖြစ်နေတာ တစ်ခုရှိတယ်"

"ဘာကိုလဲ"

"တခြားလူတွေကို ကျွန်တော်တို့ စောင့်ကြည့်နေသလိုပဲ မစ္စတာဒန်ဘာကိုလည်း ကျွန်တော်တို့ စောင့်ကြည့်နေပါတယ်။ သူ ဒီကိုမလာခင်ကလေးမှာပဲ အရက်ဆိုင်မှာ လူငယ်တစ်ယောက်နဲ့ အရက်သောက်နေခဲ့တယ်။ အဲဒီတုန်းက သူ့လက်ထဲမှာ ငွေတွေ တော်တော်များများတွေ့ရတယ်။ အခု အဲဒီငွေတွေ မရှိတော့ဘူး။ သူ့မျက်နှာပေါ်မှာလည်း ရိုက်ထားတဲ့ ဒဏ်ရာနှစ်ချက် တွေ့ရတယ်။ သူနဲ့အတူ အရက်သောက်နေတဲ့ ကောင်လေးရဲ့ပုံသဏ္ဌာန်ကို အရက်ရောင်းသူဆီက ကျွန်တော်တို့ သိနိုင်ပါလိမ့်မယ်။ ဒါဆိုရင်တော့ ကျွန်တော်တို့ မိအောင်ဖမ်းနိုင်မှာပါပဲ"

ဒေးဗစ်က စတန်လေကို ကြည့်လိုက်သည်။

"ဘာထူးဦးမှာလဲ၊ ဒန်ဘာဟာ သူ့ကိုယ်သူ သတ်သေတာပဲဖြစ်တယ်ဆို၊ ဟိုကောင်လေးကရော ဘာထပ်ပြောနိုင်ဦးမှာလဲ"

"တချို့မိန်းမလျာတွေမှာ ဖြစ်တတ်တာတွေ ရှိတယ်။ ကျွန်တော်တို့မှာ စာရင်းရထားတာတွေလည်း ရှိတယ်။ သူတို့ရဲ့ လုံခြုံရေးကို ကျွန်တော်တို့က တတ်နိုင်သလောက် လုပ်ပေးပါတယ်၊ အခုလည်း ဒီစာရင်းတွေနဲ့လိုက်ကြည့်ရင် ပေါ်လာမှာပါပဲ"

ဒေးဗစ်သည် စတန်လေ၏စကားကို ကြားရသောအခါမှ မှန်ကန်ကြောင်း စဉ်းစားမိသည်။ ထို့ကြောင့် စတန်လေ၏ အတွေးအခေါ်များ မှန်ကန်ကြောင်း ချီးကျူးစကားပြောကာ ရီနာ၏အိပ်ခန်းတွင်းသို့ ဝင်ခဲ့သည်။ အိုင်လင်းက သူ့ကို မော့ကြည့်သည်။

"ဘယ်လိုနေသေးသလဲ"

"ဆရာဝန်က ဆေးထိုးပေးလိုက်တယ်လေ၊ လုံးဝ အိပ်ပျော်သွားပြီ"

ဒေးဗစ်က အရက်ထည့်သည့် ဗီရိုဆီသို့ လျှောက်သွားပြီး ဖွင့်လိုက်သည်။

"မင်း အရက်နည်းနည်းသောက်လိုက်ဦး အိုင်လင်း၊ ကိုယ်လည်း သောက်မယ်၊ ဝီစကီသောက်မယ် မဟုတ်လား"

အိုင်လင်းက ဘာမှ ပြန်မဖြေ။ ဒေးဗစ်က ဖန်ခွက်နှစ်ခွက်ထဲသို့ထည့်ပြီး ပြန်လှည့်လာသည်။ အိုင်လင်းကို တစ်ခွက်ပေးပြီး သူက တစ်ခွက်ကိုင်ကာ ကုလားထိုင်မှာ ဝင်ထိုင်သည်။

"အင်မတန် စိတ်မချမ်းသာစရာကောင်းတာပဲ"

ဟု အိုင်လင်းက ညည်းသည်။ ဒေးဗစ် က ဘာမှ ပြန်မပြော။ သူ့အရက်ကိုသာ သောက်ရင်း စဉ်းစားနေသည်။ အိုင်လင်းက အရက်တစ်ကျိုက်သောက်ပြီး သူ့ကို လှမ်းပြောသည်။

"ရီနာက နေ့လယ်စာစားဖို့ ချိန်းထားတာ တစ်ခုရှိလို့ ကိုယ်တို့နှစ်ယောက် သွားကြတယ်။ စတူဒီယိုကနေပြီး ဒီအိမ်ကို ပြန်ရောက်တော့ လေးနာရီခွဲလောက် ရှိနေပြီ။ ကိုယ်တို့အဝတ်လဲဖို့ အပေါ်ကိုတက်ခဲ့တယ်။ ရီနာက ကလော်ဒီရဲ့ ရေချိုးခန်းဆီက ရေသံကြားတယ်လို့ပြောတယ်။ ဒီနေ့ အိမ်က အခိုင်းအစေတွေ နားရက်မို့လို့ သွားကြည့်စမ်းပါလို့ ကိုယ့်ကိုပြောတယ်။ တစ်ခုခု ဖြစ်နေပြီလို့ သူ ထင်တယ်နဲ့ တူပါတယ်။ ကိုယ် သွားကြည့်တော့ တွေ့ရတာပါပဲ။ ဘာဖြစ်နေတယ်ဆိုတာ သူ မမြင်စေချင်ဘူး။ ဒါပေမယ့် ကိုယ် ရဲကို တယ်လီဖုန်းလှမ်းဆက်တုန်းမှာပဲ အားလုံးကို သူ မြင်သွားပြီ၊ ကိုယ် ဖုန်းဆက်ပြီး ပြန်လာတော့ ရေချိုးခန်း

အဝမှာ ရီနာ ရပ်နေတာကို တွေ့ရတော့တာပဲ”

အိုင်လင်းက သူ့လက်ထဲမှ ဖန်ခွက်ကိုချပြီး ဆေးလိပ်လှမ်းယူသည်။ ထို့ကြောင့် ဒေးဗစ်က ဆေးလိပ်ကမ်းပေးလိုက်သည်။ ဆေးလိပ်ကိုဖွာပြီး အိုင်လင်းက ဆက်ပြောပြန်သည်။

“ရီနာဟာ အခန်းဝမှာ ရပ်နေတယ်၊ ကလော်ဒီကို ငုံ့ကြည့်နေတယ်၊ ပြီးတော့ အိုင်ထွန်းနေတဲ့ သွေးတွေကို ကြည့်နေတယ်။ သူ့ပါးစပ်ကလည်း ထပ်ကာတလဲလဲ ပြောနေတယ်။ သူ့ကို ငါ သတ်တာ၊ သူ့ကို ငါ သတ်တာ၊ တခြားလူတွေကို ငါ သတ်ခဲ့သလို သူ့ကိုလည်း ငါ သတ်လိုက်မိပြီလို့ တတွတ်တွတ်ပြောနေတယ်၊ ပြီးတော့ သူ ငိုတော့တာပဲ”

ဒေးဗစ်က သူ့ဖန်ခွက်ကို ငုံ့ကြည့်သောအခါ အရက်ကုန်နေပြီဖြစ်သဖြင့် ထပ်ဖြည့်ရန် ထလာသည်။

“ကိုယ် နားမလည်တာ တစ်ခုရှိတယ်။ ဘာဖြစ်လို့ ကလော်ဒီကို ရီနာ လက်ထပ်ရတာလဲ”

ဟု သူက အိုင်လင်းကို မေးသည်။ အိုင်လင်းကလည်း ဒေါသသံဖြင့် ပြန်ဖြေသည်။

“အဲဒါပေ့ါ၊ သူ့ကို ဘယ်သူမှ နားလည်ဖို့ မလွယ်ဘူး ဒေးဗစ်။ မင်းတို့နဲ့ကျတော့ ရုပ်ရှင်တွေအကြောင်းပြောမယ်၊ သူ ငွေများများရဖို့ပြောမယ်၊ ဒါပေမယ့် အဲဒါတွေက အလကား ဟာတွေ၊ သူ တကယ်လိုချင်တာ အဲဒါတွေ မဟုတ်ဘူး။ ကလော်ဒီကို သူ ဘာဖြစ်လို့ လက်ထပ် တာလဲ ဆိုတာ ကိုယ် ပြောပြမယ်၊ သူက ကလော်ဒီ ယောက်ျားတစ်ယောက် ဖြစ်လာအောင် လို့ လက်ထပ်တာတဲ့၊ အခုတော့ ယောက်ျားတစ်ယောက် ဖြစ်မလာဘဲ သူ ငိုနေရပြီလေ”

ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ ဒေးဗစ်က သူ ပြောမည်ဆိုပြီး ထသွားသည်။

“ဟဲလို”

“အခုပြောတာ ဘယ်သူလဲ”

“ဒေးဗစ်ဝုဖ်”

“ဂျိုနတ်စ်ကော့ စကားပြောနေတယ်”

တစ်ဖက်က ပြန်ပြော၏။

“ဂျိုနတ်စ်ကော့ အခု ကျွန်တော် နော်မန်နဲ့အတူတူ”

သို့သော် ဒေးဗစ်၏စကားကို တစ်ဖက်က အဆက်မခံဘဲ ဖြတ်ပြောသည်။

“ငါ သိတယ်၊ မင်းကို ငါ သတိရပါတယ်၊ မင်းဟာ ဘာနီကို ဒုက္ခမျိုးစုံပေးနေတဲ့ ချာတိတ် မဟုတ်လား။ ကလော်ဒီအကြောင်းကို ရေဒီယိုက အခုပဲ ငါ ကြားလိုက်ရတယ်။ ရီနာ ဘယ်လို နေသေးသလဲ”

“သူ အိပ်နေပြီ၊ ဆရာဝန်က အိပ်ဆေးထိုးပေးထားတယ်”

ထို့နောက် အသံများ တိတ်သွားသည်။ အချိန်အတန်ကြာ တိတ်ဆိတ်နေသည်။ ဒေးဗစ်က လိုင်းပြတ်သွားပြီဟု ထင်၏။ သို့သော်လည်း ခဏအကြာမှာပင် ဂျိုနတ်စ်၏အသံ ပြန်ပေါ်လာသည်။

“အားလုံး ထိန်းထိန်းသိမ်းသိမ်း လုပ်ထားနိုင်တယ် မဟုတ်လား”

“လုပ်ထားနိုင်တယ်လို့ ထင်ပါတယ်”

“ကောင်းတယ်၊ ဆက်ထိန်းထားပါ၊ အကူအညီလိုရင် ငါ့ကို ပြောပါ”

“စိတ်ချပါ ခင်ဗျာ”

“အခုလို မင်း ကူညီတဲ့ကျေးဇူးတွေကို ငါ မမေ့ပါဘူး”

ဂျိုနတ်စ်၏အသံ ထိုမျှသာပေါ်လာပြီး တယ်လီဖုန်း ချသွားသံကို ကြားရသည်။ ဒေးဗစ်က တယ်လီဖုန်းပြန်ချခဲ့ပြီး အိုင်လင်းဘက်သို့ ပြန်လာသည်။

“ဂျိုနတ်စ်ကော့ ဆက်တာ”

အိုင်လင်းက သူ့ကို မော့မကြည့်။ ဒေးဗစ်က တယ်လီဖုန်းကို ပြန်ငေးကြည့်မိသည်။ ဂျိုနတ်စ်ကော့သည် လောကွတ်စကားလေး ပြောဖို့လောက်အတွက်တော့ အချိန်ကုန် ခံတတ် သည့် လူစားမျိုး မဟုတ်ကြောင်း သူ ကြားခဲ့ဖူးသည်။ ထိုအတိုင်းမှန်လျှင် ဂျိုနတ်စ်သည် အခြား အကြောင်းတစ်ခုခုကြောင့် ဆက်ခြင်းသာလျှင် မုချ ဖြစ်ရပေမည်။

ရီနာမာလိုး၏ အိပ်ခန်းတံခါးကိုကြည့်နေရင်း လွန်ခဲ့သည့်လေးလခန့်ကအကြောင်းကို ပြန်စဉ်းစားနေမိသည်။ ထိုစဉ်က သူသည် အန်ကယ်ဘာနီ၏ အခန်းထဲမှာ ထိုင်နေသည်။ ထိုအခိုက် ရီနာ ဝင်လာသည်။ အန်ကယ်ဘာနီနှင့် စကားပြောကြသည်၊ ဇာတ်ကားတစ်ကား ပြီးသဖြင့် အနားယူရာမှ ရီနာ ပြန်လာခြင်း ဖြစ်သည်။

"မင်း နောက်ထပ် ရုပ်ရှင်ကားတစ်ကားရိုက်ရင်း အနားယူခရီး ထွက်ရဦးမှာပါ"

ဟု နော်မန်က ရီနာကို ပြောသည်။ ရီနာက ရယ်နေသည်။

"ဘယ်ကို ခရီးထွက်ရမှာလဲ"

"အာဖရိကကို၊ အင်မတန် ကောင်းတဲ့ တောတွင်းဇာတ်လမ်းတစ်ခု ငါ ရထားတယ်"

"ကျွန်မ သိပါတယ်၊ ဒေးဗစ်ရေ မင်း အဘိုးကြီးက ကိုယ့်ကို မိန်းမတာဇံ လုပ်ခိုင်းဦးမလို့ကွ"

ရီနာကပြောရင်း ရယ်နေသည်။ ရီနာ ထွက်သွားသောအခါ နော်မန်နှင့်ဒေးဗစ်တို့ စကား ဆက်ပြောကြသည်။

"ရီနာကို ကြည့်ရတာ ပိုပြီးတည်ငြိမ်လာတယ်နော် အန်ကယ်"

"ဟုတ်တာပေါ့၊ အသက်ကလည်းရလာပြီ မဟုတ်လား။ တည်ငြိမ်ရမယ့် အရွယ် ရောက်ပြီလေ"

နော်မန်ကပြောရင်း ထိုင်ရာမှထကာ ဒေးဗစ်ဆီသို့ လျှောက်လာသည်။

"တို့ကုမ္ပဏီရဲ့ အစုရှင်တွေ အစည်းအဝေးက လာမယ့်မတ်လမှာ လုပ်မှာဆိုတော့ အချိန်ခြောက်လပဲ ကျန်တော့တယ်"

"ကျွန်တော်တို့ အစုရှယ်ယာတွေကို ဘယ်သူတွေ ရောင်းပစ်နေတယ်ဆိုတာ အခု အထိ အန်ကယ် မသိသေးဘူးလား"

"မသိသေးဘူး၊ ငါလည်း နေရာတိုင်း ရောက်ပါတယ်၊ စုံစမ်းပါတယ်၊ ပွဲစားတွေဆီကို ရော၊ ဘဏ်တွေကိုရော၊ ကုမ္ပဏီအစုရှယ်ယာဝယ်တဲ့ လူတွေဆီရော နှံ့နေပြီ၊ ဘယ်သူမှ မသိဘူး။ ဒါပေမယ့် တို့ကုမ္ပဏီရဲ့ အစုရှယ်ယာတွေကတော့ တစ်နေ့တခြား လျော့လျော့လိုက်လာတယ်။ ငါ တတ်နိုင်သလောက် ရှယ်ယာတွေကို ပြန်ဝယ်ပါတယ်။ ဈေးရသမျှငွေတွေ၊ တောင်းရသမျှ ငွေတွေနဲ့ဝယ်ပြီး ထိန်းပါတယ်၊ ဒါပေမယ့် ငါ ငွေသာကုန်ရော၊ ရှယ်ယာတွေ ပျောက်ကုန်တာကို ထိန်းလို့မရနိုင်အောင် ဖြစ်နေတယ်"

နော်မန်သည် ဆေးပြင်းလိပ်ကို မီးမညှိဘဲ ကိုက်နေသည်။

"ရီနာမာလိုးပါမယ့် ကားသစ်ကို ကျွန်တော်တို့ ကြော်ငြာလိုက်ရင်တော့ ကျွန်တော်တို့ ရှယ်ယာတွေ ဈေးပြန်ကောင်းလာမှာပါ အန်ကယ်ဘာနီ၊ ဘာကြောင့်လဲဆိုတော့ ရီနာမာလိုး ဟာ ကောင်းကောင်းပိုက်ဆံရှာတတ်တယ်ဆိုတာ လူတိုင်းသိကြတယ် မဟုတ်လား"

"ဒီလိုပဲ မျှော်လင့်ရတာပဲ၊ နေရာတကာမှာ တို့အရှုံးပေါ်နေတယ်။ ရုပ်ရှင်ရုံတွေ လည်း ရှုံးနေတယ်။ ငါ့အဆုံးအဖြတ်လည်း မှားခဲ့တယ်ကွာ။ ရုပ်ရှင်ရုံတွေကို ငါ မဝယ်သင့်ဘူး၊ ဒါတွေ ဝယ်မယ့်အစား တို့ရှယ်ယာတွေ ဈေးတက်သွားအောင်သာ လုပ်သင့်တယ်၊ ရုပ်ရှင် အကြောင်းပဲ ငါ သိတာပဲ၊ ဝေါလ်လမ်းမက ကြားပွဲစားတွေစကားကို အရင် ဆယ်နှစ်လောက်က နားယောင်ခဲ့လို့ ဒီလို ဖြစ်ရတာ၊ ငါ့ကုမ္ပဏီကြီးကို ရောင်းနေရတဲ့ အခြေအနေမျိုးကို ရောက်နေပြီ၊ ငါတို့ကုမ္ပဏီက ရှယ်ယာတွေကို ဘယ်သူက ပိုင်သွားတယ်ဆိုတာကလေးတောင်မှ မသိရဘူး"

ဒေးဗစ်က ထိုင်ရာမှထသည်။

"ဒါတွေ တွေးပူမနေပါနဲ့ အန်ကယ်ရယ်၊ အစည်းအဝေးက ခြောက်လတောင် ကျန် သေးတာပဲ၊ ဒီအတွင်းမှာ အများကြီး အပြောင်းအလဲတွေ ဖြစ်လာနိုင်ပါတယ်"

"ဟုတ်တာပေါ့၊ အဆိုးဆုံးလည်း ဖြစ်နိုင်တယ်"

ထိုနေ့က နော်မန်နှင့်သူ စကားပြောပြီး သူ့အခန်းသို့ သူ ပြန်လာကာ စဉ်းစားနေခဲ့ သည်။ သူ့ဘကြီးတွင် မည်သည့် ရန်သူများရှိနေပြီနည်း။ ဤမျှ များများစားစား ရှယ်ယာများကို ဝယ်နိုင်သူ၊ ကုမ္ပဏီကြီးတစ်ခုလုံး တန်ဖိုးမရှိတော့အောင် လုပ်နိုင်သူသည် မည်သူဖြစ်မည်နည်း ဟု စဉ်းစားခဲ့သည်။

ယခု ရီနာ၏အခန်းမှာ ထိုင်စဉ်းစားရင်း သူ ချက်ချင်း အဓိပ္ပာယ်ပေါ်လာသည်။ ထို့ကြောင့် တယ်လီဖုန်းကို အလိုအလျောက် ကောက်ကိုင်မိလျက်သား ဖြစ်သွားသည်။ သို့သော် သူ့စိတ်ကို သူ ပြန်ထိန်းပြီး ပြန်ချထားခဲ့သည်။

သူ့အတွေးများသည် မှန်ကန်ကြောင်း နောက်ခြောက်လကြာသည့် အခါကျမှ သိရသည်။ အိုင်လင်းက ရီနာကို ဆေးရုံတင်ပေးသည့်အချိန် ဖြစ်သည်။ တောတွင်းဘုရင်မဇာတ်ကားကို အာဖရိကသို့ သူတို့ သွားရိုက်ပြီး ပြန်အလာတွင် ရီနာ အကြီးအကျယ် ဖျားသည်။ ထို့ကြောင့် ဆေးရုံသို့တင်ရခြင်း ဖြစ်သည်။ ရုပ်ရှင်ကားကို ရုံတင်မပြရသေး။ ထို့ကြောင့် ရီနာ ဆေးရုံတက်နေရသည့်အကြောင်းကို သတင်းစာများက မသိအောင် ဒေးဗစ်က ထိန်းထားနိုင်ခဲ့သည်။

(၂၁)

"ဂျီနတ်စ်ကော့၊ တစ်ချိန်လုံး ငါ့ကို ဒုက္ခပေးနေတာ ဒီကောင်ပဲ၊ မင်း စောစောက ဘာဖြစ်လို့ ငါ့ကို မပြောရတာလဲ"

နော်မန်သည် ဒေါသတကြီးဖြင့် ပြောနေ၏။

ဒေးဗစ်က ဟိုတယ်ပြတင်းပေါက်ကိုကျော်ပြီး အပြင်ဘက်ရှိ ပန်းခြံသို့ လှမ်းမျှော်ကြည့်နေသည်။

"ကျွန်တော် မသိဘူး အန်ကယ်၊ ခန့်မှန်းကြည့်တာပေါ့"

"သိသိ မသိသိ၊ မင်းစောစောက ငါ့ကို ပြောခဲ့ဖို့ကောင်းတယ်"

"ပြောပြတော့ရော ဘာလုပ်လို့ ရမှာလဲ၊ သူပါပဲလို့ ပြစရာလည်း ကျွန်တော့်မှာ အထောက်အထား မရှိဘူး။ အထောက်အထားရှိဦးတော့ရော၊ သူ့ကို ပြန်ချဖို့ အန်ကယ့်မှာ ပိုက်ဆံမှ မရှိတာ"

နော်မန်သည် ပါးစပ်မှ ဆေးပြင်းလိပ်ကို ဆွဲဖြုတ်လိုက်၏။ ပြီးတော့ ဆေးပြင်းလိပ်ကို စိုက်ကြည့်နေပြီး ဒေါသတကြီးဖြင့် လွှင့်ပစ်လိုက်သည်။ ဒေးဗစ်ဘက်သို့လည်း လှည့်ပြီး ဒေါသဖြင့် မေးသည်။

"ငါ ဒုက္ခပေါင်းစုံနဲ့ ရင်ဆိုင်ရအောင် သူ ဒါလောက် သဲကြီးမဲကြီး လိုက်လုပ်နေတာက သူ့ကို ငါ ဘာများလုပ်မိလို့လဲ"

ဒေးဗစ်က အဖြေမပေး။

"ဘာမှ မလုပ်ဘူး၊ သူ ဒုက္ခရောက်အောင် ငါ ဘာမှ မလုပ်ဖူးဘူး။ သူ ပိုက်ဆံရအောင်သာ ငါ လုပ်ပေးတယ်၊ ပိုက်ဆံတွေ များများရတော့ ငါ့ကို လည်းပင်းလှီးတာပဲ။ ဒါကို မင်း သင်ခန်းစာယူပါ၊ ဘယ်လို လူကိုမှ မျက်နှာသာမပေးနဲ့၊ ဘယ်လို လူအတွက်မှ ပိုက်ဆံရှာမပေးနဲ့၊ ကိုယ့်အတွက်သာကိုယ်လုပ်၊ သူများအတွက် လုပ်ပေးမိရင် မင်း နောက်ကျောကို ဓားနဲ့ထောက်ပြီသာမှတ်"

ဒေးဗစ်သည် သူ့ဘကြီး၏ ဒေါသဖြစ်နေသော မျက်နှာကို မော့ကြည့်မိသည်။ မျက်နှာသည် ဒေါသဖြစ်လွန်းသောကြောင့် ပြာနေသည်။ သည်မျက်နှာကိုကြည့်ရင်း အစုရှင်များ အစည်းအဝေးနေ့က မြင်ကွင်းကို ပြန်သတိရနေမိသည်။

* * *

နော်မန်သည် အစည်းအဝေးခန်းထဲသို့ ဣန္ဒြေရရ ဝင်သွားသည်။ သူ့မျက်နှာပေါ်တွင်လည်း ယခင်လများက မတွေ့ခဲ့ဘူးသည့် ယုံကြည်စိတ်ချမှုမျိုးကို တွေ့နေရသည်။ မဲပေးခွင့်ကိုယ်စားလှယ်လွှဲစာများသည် ယခင်နှစ်များကအတိုင်းပင် အနည်းငယ်သာ ပြန်ရောက်လာ၏။ အစုရှင် (၂၅) ရာခိုင်နှုန်းတို့ကသာ ပြန်ပို့ပေးသည်။ သူတို့ စိတ်ဝင်စားကြသည်မှာ မဲပေးရေး မဟုတ်။ အမြတ်ငွေ ခွဲဝေရေးသာလျှင် ဖြစ်သည်။ ယခုလည်း ထိုအတိုင်းပင် ဖြစ်သည်။ နော်မန်မှာ သူ့၏နာမည်ဖြင့် ရှစ်ရာခိုင်နှုန်း ရှိသည်။ ထို့ကြောင့်လည်း ယခု ပြန်လာသည့် (၂၅) ရာခိုင်နှုန်းနှင့် ပေါင်းလျှင် (၃၃) ရာခိုင်နှုန်းရှိနေလေရာ သူ့ကိုယ်သူ အလွန် စိတ်ချနေသည်။

အစည်းအဝေးသို့ တက်လာကြသူများမှာလည်း အခါတိုင်းလိုပင် ဖြစ်သည်။ စီးပွား

ရေးလုပ်ငန်းများမှ အနားယူနေကြသည့် အဘိုးကြီးများ၊ အဘွားကြီးများသာ ဖြစ်သည်။ ကျန်လူများမှာ ဒါရိုက်တာအဖွဲ့ဝင် လူကြီးများ၊ ကုမ္ပဏီ၏ ဌာနဆိုင်ရာအကြီးအကဲများ ဖြစ်သည်။

အစည်းအဝေး စသောအခါ အစစအရာရာ ထုံးတမ်းစဉ်လာအတိုင်း ဖြစ်သည်။ ဒါရိုက်တာအဖွဲ့ဝင်လူကြီးများ အမည်စာရင်းကိုတင်သွင်းရန် နော်မန်က စကားစပြောသည့် အချိန်မှာပင် တစ်ခုခုတော့ မှားပြီဟု သူ ထင်လိုက်သည်။ သူ စကားစပြောသည်နှင့် တစ်ပြိုင်တည်း ကိုယ်စားလှယ်လုပ်နေသူ ဒင်ပီးယာ့စ်နှင့် လူတစ်ယောက်ဝင်လာပြီး ကုလားထိုင်များမှာ ထိုင်ကြသည်။ ကျန်တစ်ယောက်ကို နော်မန် ကောင်းစွာ မမှတ်မိ။ မြင်ဖူးသလိုလိုတော့ ရှိသည်။

ဒုတိယဥက္ကဋ္ဌ (ရောင်းဝယ်ဖောက်ကားရေး)က နော်မန် ခွင့်ပြုပြီးဖြစ်သော ဒါရိုက်တာအဖွဲ့ဝင်လူကြီးများ၏ အမည်စာရင်းကို တာဝန်ကျေပွန်စွာ ဖတ်ပြသည်။ တခြား ဒုတိယဥက္ကဋ္ဌ (ရုပ်ရှင်ရုံများ စီမံခန့်ခွဲရေး)က တာဝန်ကျေပွန်စွာဖြင့် အဆိုကို ထောက်ခံသည်။ နောက် ဒုတိယဥက္ကဋ္ဌ (နိုင်ငံခြားဆက်သွယ်ရေး) ဖြစ်သူကလည်း တာဝန်ကျေပွန်စွာဖြင့်ပင် အမည်စာရင်းတင်သွင်းခြင်းကို ပိတ်လိုက်ပြီဖြစ်ကြောင်း ကြေညာသည်။

ထိုအချိန်မှာပင် ပီးယာ့စ်က ထိုင်ရာမှ ထရပ်သည်။

"ဥက္ကဋ္ဌကြီး ခင်ဗျား၊ ဒါရိုက်တာအဖွဲ့အတွက် အမည်စာရင်းတင်သွင်းစရာ ကျွန်တော်တို့မှာ အများကြီး ကျန်နေပါသေးတယ်"

"ခင်ဗျားမှာ တင်သွင်းပိုင်ခွင့် မရှိဘူး"

ဟု နော်မန်က သဘာပတိနေရာမှ လှမ်းအော်သည်။

"ကုမ္ပဏီရဲ့ ဘိုင်လောဥပဒေအရ ဘယ်အစုရှင်မဆို သူ ကြိုက်နှစ်သက်တဲ့ သူကို ဒါရိုက်တာအဖွဲ့ဝင်လူကြီးအဖြစ် အမည်စာရင်း တင်သွင်းခွင့် ရှိပါတယ်"

ဒင်ပီးယာ့စ်ကလည်း ပြန်ပြောသည်။ နော်မန်က သူ၏ ဒုတိယဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးများကို ပြန်လှည့်ကြည့်သည်။

"ဒါ မှန်သလား"

ဥပဒေအကျိုးဆောင်က ခေါင်းညိတ်ပြသည်။

"ခင်ဗျားကို အလုပ်ထုတ်ပစ်လိုက်ပြီ၊ အလကားကောင်ကြီး"

ဟု ဥပဒေအကျိုးဆောင် ကြားလောက်ရုံလေသံဖြင့် ပြန်ကြိမ်းသည်။ ပြီးတော့ ပီးယာ့စ်ဘက်သို့ လှည့်ပြီး ပြန်အော်သည်။

"ဒါ တရားမဝင်ဘူး။ ကုမ္ပဏီကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင် ညစ်ပတ်တာ၊ ကလိမ်ကျတာ"

ပီးယာ့စ်၏ဘေးတွင် ထိုင်နေသူက ထသည်။

"မစ္စတာပီးယာ့စ် တင်သွင်းတဲ့ အမည်စာရင်းဟာ တရားဥပဒေများနဲ့ ကိုက်ညီပါတယ်။ တရားဥပဒေအရ သူ့မှာ ဒီအခွင့်အရေးရှိကြောင်း စစ်ဆေးကြည့်နိုင်ပါတယ်"

ထိုအခါကျမှပင် သူ့ကို နော်မန် မှတ်မိတော့သည်။ သူကား မက်အယ်လစ္စတာ။ ဂိုနတ်စ်ကော့၏ရှေ့နေ မက်အယ်လစ္စတာ။ နော်မန်သည် သူ့စိတ်ကိုငြိမ်အောင် ပြန်ထိန်းလိုက်သည်။

"ငွေပင်ငွေရင်းအစုရှင်ဖြစ်ကြောင်း သက်သေပြနိုင်ပါ့မလား"

"ပြနိုင်ပါတယ်"

မက်အယ်လစ္စတာက ပြုံးသည်။

"သက်သေခံကိုပြပါ၊ ကျုပ်မှာ ဒီလို တောင်းဆိုနိုင်တဲ့ အခွင့်အရေးရှိတယ်"

"တောင်းဆိုပိုင်ခွင့် ရှိပါတယ်"

ဟု မက်အယ်လစ္စတာက ပြောရင်း နော်မန်ဆီသို့သွားကာ ငွေပင်ငွေရင်း အစုရှင်လက်မှတ်တစ်စောင်ကို ထုတ်ပြသည်။

နော်မန်က ငုံ့ကြည့်သည်။ ဒင်ပီးယာ့စ်၏အမည်ဖြင့် အစုဆယ်စု ထုတ်ပေးထားသော ငွေပင်ငွေရင်း အစုရှင်လက်မှတ်အစစ်ပင် ဖြစ်သည်။

"ခင်ဗျားမှာ ဒီတစ်ခုတည်းပဲ ရှိသလား"

မက်အယ်လစ္စတာက တစ်ကြိမ် ထပ်ပြုံးလိုက်ပြန်သည်။

"သက်သေခံ အထောက်အထားပြတယ်ဆိုရင် လုံလောက်ပါပြီ"

မက်အယ်လစ္စတာတို့လက်တွင် ငွေပင်ငွေရင်း အစုရှယ်ယာများ မည်မျှရှိကြောင်းကို သိနိုင်ရန် နော်မန်က ကြိုးစားသော်လည်း မက်၏အဖြေကြောင့် ပျက်ပြားသွားတော့သည်။

"ကျွန်တော် အမည်စာရင်း ဆက်တင်ရမလား ခင်ဗျာ"

ဟု မက်က မေးသည်။

နော်မန်က ခေါင်းညိတ်ပြသောအခါ ပီးယာ့စ်သည် အဖွဲ့ဝင်ကိုးယောက်ရှိသည့် ဒါရိုက်တာအဖွဲ့အတွက် ဒါရိုက်တာလူကြီးလောင်းခြောက်ဦးတို့၏ အမည်စာရင်းကို တင်သွင်းသည်။ ကိုးယောက်သာရှိသော အဖွဲ့တွင် ခြောက်ယောက်ဝင်လာခြင်းသည် သူတို့ကြိုက်နှစ်သက်ရာကို အနှောင့်အယှက်ကင်းကင်းဖြင့် စိတ်တိုင်းကျ လုပ်နိုင်မည်ဖြစ်သော အရေအတွက်ပင် ဖြစ်လေသည်။ ပီးယာ့စ်နှင့် မက်အယ်လစ္စတာတို့၏ အမည်မှအပ ကျန်အမည်များသည် နော်မန်အတွက် မကြားဖူးဘူးသော နာမည်စိမ်းများ ဖြစ်နေသည်။

မဲစာရင်းများ ရေတွက်မည်ပြုသောအခါတွင် မက်အယ်လစ္စတာက မဲပေးပိုင်ခွင့် ကိုယ်စားလှယ်လွှဲစာများကို တင်သွင်းသည်။ အားလုံး (၄၁) ရာခိုင်နှုန်းရှိသည်။ (၂၆) ရာခိုင်နှုန်းသည် ဂျိုနတ်စ်ကော့၏ အမည်ဖြင့်ဖြစ်ပြီး ကျန် (၁၅) ရာခိုင်နှုန်းသည် အမည်အမျိုးမျိုးဖြင့် ဖြစ်သည်။ နော်မန်၏လက်တွင် ရှိနေသည်မှာ (၃၃) ရာခိုင်နှုန်းသာ ဖြစ်သည်။ သို့ဖြင့် ပီးယာ့စ်တို့ တင်သွင်းသည့် ဒါရိုက်တာအဖွဲ့ဝင်လူကြီး ခြောက်ယောက်စလုံး ရွေးချယ်ခြင်းခံရတော့သည်။

နော်မန်သည် သူ့လူများကို တိတ်ဆိတ်စွာ ပြန်လှည့်ကြည့်၏။ သူတို့ကို ခေတ္တအကဲခတ်ကြည့်နေသေးသည်။ ပြီးတော့မှ စောစောက သူတို့ တင်ခဲ့သည့် အမည်စာရင်းထဲမှ ခြောက်ဦး၏အမည်စာရင်းများကို ပြန်လည်ရုပ်သိမ်းသည်။ သူ့အမည်၊ ဒေးဗစ်၏အမည်နှင့် ဒုတိယဥက္ကဋ္ဌတစ်ယောက်၏ အမည်သုံးခုကိုသာ ချန်ထားသည်။ အစည်းအဝေး ပြီးဆုံးသွားပြီ။ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို ထိုနေ့ညနေမှာပင် ပြုလုပ်မည်ဖြစ်ကြောင်း သူက ကြေညာသည်။ တာဝန်နှင့်ရာထူးများ ခွဲဝေရန်အတွက် မဲနှင့်ရွေးကောက်တင်မြှောက်ရန် ဖြစ်သည်။

နော်မန်သည် တိတ်ဆိတ်စွာပင် အခန်းအပြင်သို့ ထွက်သွားသည်။ သူ စိတ်ထိခိုက်သောအခါတွင် ဖြစ်လေ့ရှိသည့်အတိုင်း သူ့မျက်နှာသည် ဒေါသကြောင့် ပြာနှမ်းနေသည်။ အခန်းဝမှ ပီးယာ့စ်က စောင့်နေသည်။

"ဘာနီ၊ ဒါရိုက်တာအဖွဲ့ အစည်းအဝေးမစခင် တစ်မိနစ်လောက် စကားပြောချင်တယ်"

နော်မန်က သူ့ကို ပြန်ကြည့်သည်။

"သစ္စာဖောက်တွေနဲ့ စကား မပြောဘူး။ ဟစ်တလာနဲ့ သွားပြောကြ"

ဟု ပြောကာ အခန်းပြင်သို့ ထွက်သွားတော့သည်။

ဒင်ပီးယာ့စ်သည် ဒေးဗစ်ဘက်သို့ လှည့်လိုက်သည်။

"ဒေးဗစ်၊ မင်းအဘိုးကြီးကို ကြည့်ပြောစမ်းပါဦး။ သူ့ရဲ့ရှယ်ယာတွေကို သုံးသန်းနဲ့ ဝယ်ဖို့ မစ္စတာကော့က ငါ့ကို တာဝန်လွှဲလိုက်တယ်။ ဒေါ်လာသုံးသန်းဆိုတာ သူ့ရှယ်ယာတွေ တကယ်တန်တာထက် နှစ်ဆဖြစ်နေပြီ။ သူက မရောင်းဘူးဆိုရင် မစ္စတာကော့ကကုမ္ပဏီကို ဖျက်ပစ်မယ်တဲ့။ ရှယ်ယာတွေအားလုံး စက္ကူစုတ်ဖြစ်အောင် လုပ်ပစ်မယ်တဲ့"

"ကျွန်တော် ပြောကြည့်ဦးမယ်လေ"

ဟု ပြောရင်း ဒေးဗစ်သည် နော်မန်နောက်သို့ ပြေးလိုက်သွားသည်။

* * *

နော်မန်သည် သူ့အခန်းထဲမှာ လူးလာခေါက်တုံ့ လမ်းလျှောက်ရင်း မနားတမ်း ကြုံးဝါးနေသည်။ အစုရှင်များ၏ မဲဆန္ဒဖြင့် ဂျိုနတ်စ်ကော့ကို ပြန်တိုက်မည်ဖြစ်ကြောင်း၊ ဘာနီ နော်မန်သည် သူ ထင်ထားသလို အလကားကောင် မဟုတ်သည်ကို ပြရမည်ဖြစ်ကြောင်း၊ သည်လုပ်ငန်းကြီးတစ်ခုလုံးကို မိမိ ခြေဖဝါး၊ လက်ဖဝါးဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း။

"ခဏနေပါဦး အန်ကယ်"

ဟု ဒေးဗစ်က ဝင်တားသည်။ အဘိုးကြီး အသုံးမကျသည့် အကြောင်းများကို သည့်ထက်ပင်ပို၍ သူ သိခဲ့ပြီးပြီ ဖြစ်သည်။ လူ့ဘဝဆိုသည်မှာ မည်သို့သောအရာ ဖြစ်ကြောင်းကို

တစ်စုံတစ်ရာက အဘိုးကြီးကို ပြရတော့မည့်အချိန် ရောက်လာပြီလည်း ဖြစ်သည်။

"အန်ကယ်က အစုရှင်တွေရဲ့ မဲဆန္ဒနဲ့ သူ့ကို ပြန်တိုက်မယ်ဟုတ်လား။ ပိုက်ဆံနဲ့ မတိုက်ဘဲ ပါးစပ်နဲ့တိုက်မှာလား။ ပြီးတော့ တကယ် တိုက်ကြပြီဆိုရင် အစုရှင်တွေကရော အန်ကယ့်ဘက်က လိုက်ကြမယ်လို့ ထင်သလား၊ လွန်ခဲ့တဲ့လေးနှစ်လောက်ကစပြီး ဒီကုမ္ပဏီဟာ တဖြည်းဖြည်း အရှုံးပြလာတာ မဟုတ်လား။ ဒီကာလအတွင်းမှာ ကျွန်တော်တို့ ရိုက်နိုင်ခဲ့တဲ့ ကားဟာ တစ်ကောင်ကြွက်ပဲ မဟုတ်လား။ ဒီကားဟာလည်း ဂျိုနတ်စ်ကော့ပိုင်တဲ့ ကားပဲ မဟုတ်လား။ ကျွန်တော်တို့ ပိုင်တဲ့ကား မဟုတ်ဘူး။ ဒီနေ့ အအောင်မြင်ဆုံးဖြစ်နေတဲ့ ကားရော ဘယ်ဟာလဲ၊ ကောင်းကင်ပေါ်က လေသူရဲများ မဟုတ်လား။ ဒါလည်း ဂျိုနတ်စ်ကော့ရဲ့ကားပဲ၊ ကျွန်တော်တို့ကား မဟုတ်ဘူး။ အဲဒီကားကိုလည်း အန်ကယ့်ကို ဖြန့်ချိဖို့ ကမ်းလှမ်းရက်သားနဲ့ အန်ကယ် လက်မခံခဲ့ဘူး။ အန်ကယ် မလိုးရမှာစိုးလို့ မဟုတ်လား။ သူ့ကိုကျော်ပြီး အန်ကယ် လုပ်နိုင်လိမ့်မယ်လို့ တခြားလူတွေက ယုံကြည်ကြမယ် ထင်သလား"

"ဩ. . . ငါတူရဲ့ပါးစပ်က ဒီလို စကားမျိုးတွေ ထွက်လာသလား။ အသားထဲက လောက်ထွက်တယ်ဆိုတာ ဒါမျိုးပေါ့"

"ဒါတွေ ထားလိုက်တော့ အန်ကယ်၊ သွေးသားဆိုတာ ဘာမှ မဆိုင်ဘူး။ ကျွန်တော် အမှန်တရားတွေကို ပြောနေတာ"

"အမှန်တရားတွေကို ပြောနေတာလား"

နော်မန်က ဒေးဗစ်ကို ပြန်အော်သည်။

"မင်းက အမှန်တရားကို လိုချင်တာလား၊ ကောင်းပြီ၊ မင်းကြည့်၊ ဆန်းစပေါ့ဇာတ်လမ်းကို ဘယ်သူ သွားဝယ်ပြီး ရိုက်ခိုင်းတာလဲ။ ဒီကားဟာ အကယ်ဒမီဆုတွေ တသီကြီး ရတယ် မဟုတ်လား။ အဲဒါ ဘယ်သူ့ကြောင့်လဲ၊ ငါ့ကြောင့်ကွ ငါ့ကြောင့်"

အဘိုးကြီး၏ဒေါသသည် ပို၍ပို၍ ပေါက်ကွဲလာသည်။ ဒေါသပေါက်ကွဲသည့်ကြားမှပင် သူ့ကိုယ်သူ သိဒ္ဓိတင်လိုက်ချေသေးသည်။

"အဲဒီကားကလည်း ဒေါ်လာတစ်သန်းလောက် ရှုံးခဲ့တာပဲ မဟုတ်လား"

ဒေးဗစ်ကလည်း စိတ်အချဉ်ပေါက်ပေါက်ဖြင့် တည့်တည့်ပင် မေးထည့်လိုက်သည်။ သည်ကုမ္ပဏီအကြောင်းကို ကကြီးမှ အ,အထိ သူ ကောင်းကောင်းသိသည် မဟုတ်ပါလား။

"ဒါ ငါ့အပြစ်လား၊ ဒီကားကို မရိုက်ခင် သူတို့ကို ငါပြောတယ် မဟုတ်လား၊ မရဘူး။ သူတို့က ဂုဏ်သိက္ခာကို လိုချင်တယ်။ ဒါကြောင့် သူတို့လိုချင်တဲ့ ဂုဏ်သိက္ခာပဲ သူတို့ရတယ်၊ ပိုက်ဆံမရဘူး"

အဘိုးကြီး ပြောသည်မှာ မှန်ပါသည်။ ကျန်အစုရှင်များက ဂုဏ်နှင့်သိက္ခာနှင့် ပြည့်စုံနိုင်မည့်ဇာတ်ကားကို ရိုက်ပေးစေလိုကြသည်။ သူတို့ အလိုကျရိုက်ပေးသည်။ ဂုဏ်သိက္ခာကို ရပါသည်။ ငွေကိုကား သူတို့ မရခဲ့ကြ။

"ဒါတွေ ပြီးသွားပါပြီ အန်ကယ်။ ဒီအကြောင်းတွေကို အခု ပြန်ပြောနေလို့ အပိုပါပဲ။ ဘယ်သူကမှလည်း ဒါတွေ ပြန်ပြီး အလေးထားနေကြတော့မှာ မဟုတ်ပါဘူး"

"ဟ ဘယ်သူမှ အလေးမထားပေမယ့် ငါ အလေးထားတယ်ကွ၊ ဒါဟာ ငါ့အသွေး၊ ငါ့အသား၊ ငါ့အသက်၊ အခု ငါ မသေသေးဘူး။ ရီနာမာလိုးနဲ့ ကားတစ်ကားရိုက်မယ့်အကြောင်းကို ကြေညာလိုက်ရင် ငါ လိုချင်သလောက် မဲတွေရမယ်"

ဒေးဗစ်သည် သူ့ဘကြီးကို ခဏစိုက်ကြည့်ကာ အကဲခတ်နေသေးသည်။ ပြီးတော့ တယ်လီဖုန်းရှိရာသွားပြီး တယ်လီဖုန်း ကောက်ကိုင်သည်။

"ကျွန်တော် အဝေးကို ခေါ်ချင်ပါတယ်။ ကာလီဖိုးနီးယားပြည်နယ်၊ စန်တာမော်နီကာမြို့၊ ကိုယ်လ်တန်ဆေးရုံ၊ အခန်းနံပါတ် (၃၀၉)၊ ကျေးဇူးပြုပါဗျာ"

သူ့ဘကြီးကို သူ လှမ်းကြည့်သည်။ နော်မန်သည် ပြတင်းပေါက်မှကျော်ပြီး အပြင်သို့ ငေးနေသည်။

"ဒိုင်လင်းလား၊ ကိုယ် ဒေးဗစ်ပါ။ ရီနာ ဘယ်လို နေသေးသလဲ"

"မကောင်းဘူး"

ဟု အိုင်လင်းက ပြောသည်။ သူ့အသံသည် အလွန် တိုးသောကြောင့် မနည်းနား စိုက်ပြီး ထောင်ရသည်။

"ဆရာဝန်က ဘာပြောသေးသလဲ"

ငိုသံကို တယ်လီဖုန်းထဲမှတစ်ဆင့် ဒေးဗစ် ကြားရသည်။

"နေပါဦးကွာ၊ နောက်မှ ငိုစမ်းပါ။ အခြေအနေပြောပါဦး"

"ဆရာဝန်က ပြောတယ်၊ သူ မြောနေပြီတဲ့၊ အခု တစ်ချိုဟာ သိပ်ဆိုးတယ်တဲ့၊ သူ့အသက် ပြန်ရှင်အောင် ဘယ်လိုလုပ်ရမှန်း သူလည်း မသိတော့ဘူး"

တစ်ဖက်မှ တယ်လီဖုန်းပြန်ချသွားသံကို ကြားရသည်။ သူ့လက်ထဲမှ တယ်လီဖုန်းသည် အသံတိတ်သွားပြီ။ ဒေးဗစ်က နော်မန်ဘက်သို့ ပြန်လှည့်လာသည်။

"ရီနာဟာ အနကယ့်အတွက် ဘာရုပ်ရှင်မှ ထပ်ရိုက်မပေးနိုင်တော့ဘူး။ ဘယ်သူ့ အတွက်မှ ရိုက်မပေးနိုင်တော့ဘူး၊ အခု ဆေးရုံပေါ်မှာ မြောနေပြီ"

ဘာနီနော်မန်သည် ဒေးဗစ်ကို ငေးကြည့်နေ၏။ သူ့မျက်နှာမှာ သွေးဆုတ်သွား သည်။ ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ် ပြန်ကျသွားသည်။

"ဘုရား ဘုရား ဒါဆိုရင် တို့ကုမ္ပဏီ ဘာတွေ ဖြစ်ကုန်တော့မှာလဲ။ တို့အသက်ရှင်ဖို့ ရပ်တည်ဖို့အတွက် သူ့တစ်ယောက်တည်း အားကိုးရာရှိတော့တာ၊ သွားပါပြီကွာ၊ တို့ကုမ္ပဏီ တော့ ရေစုန်မျောပါပြီ။ ဂျိုနတ်စ်ကော့လည်း တို့ကို ဒုက္ခမပေးနိုင်တော့ပါဘူး"

"ဘာကို ဆိုလိုတာလဲ"

"မင်း မသိဘူးလား"

"ဘာကို သိရမှာလဲ"

"ဂျိုနတ်စ်ဆိုတဲ့အကောင်က တို့ကုမ္ပဏီကို လိုချင်တာ မဟုတ်ဘူးကွ၊ သူ လိုချင်တာ က ကောင်မလေးကို လိုချင်တာ၊ ဒီတစ်ခုပဲ သူ လိုချင်တာ"

"ဘယ်လို ကောင်မလေးလဲ"

ဒေးဗစ်က ဘာနီနော်မန်ကို ငေးကြည့်နေသည်။ သူ့ဘကြီး ဘာဆိုလိုသည်ကို သူ သဘောမပေါက်နိုင်အောင် ဖြစ်နေသည်။ ထို့ကြောင့်လည်း နားဝေတိမ်တောင်ဖြင့် သူ့ဘကြီးကို ပြန်မေးမိသည်။

"ရီနာမာလိုးကို လိုချင်တာ၊ ဝါးဒေါ့ဖ်ဟိုတယ်မှာ သူနဲ့ငါတွေ့ခဲ့တာကို ပြောပြဖူးတယ် မဟုတ်လား။ သူက ကောင်မနှစ်ကောင်နဲ့လေ၊ ငါကမေးတော့ သူ့တို့ဟာ မင်းသမီးတွေတဲ့၊ ဒါပေမယ့် နာမည် ပြောမပြနိုင်ဘူးတဲ့၊ ဘာကြောင့်လဲဆိုတော့ နာမည် သိသွားရင် ရီနာမာလိုးကို သူ့ဆီက ငါ မ,ထုတ်ခဲ့သလို မ,ထုတ်သွားဦးမှာ စိုးလို့တဲ့"

ဒေးဗစ်၏ခေါင်းထဲမှာ အသိဉာဏ် ဝင်လာသည်။ ကလော်ဒီဒန်ဘာ သူ့ကိုယ်သူ သတ်သေစဉ်က ဂျိုနတ်စ်ကော့ဆီ တယ်လီဖုန်းဆက်ဖူးသည်။ သူသည် ဝမ်းနည်းစကား၊ လောကွတ်စကားလေး ပြောရုံမျှလောက်အတွက် အချိန်ကုန်ခံပြီး တယ်လီဖုန်းဆက်တတ်သည့် လူစားမျိုး မဟုတ်ကြောင်း သူ ကြားဖူးခဲ့သည်။ ထို့ကြောင့်လည်း အကြောင်းတစ်ခုခု ရှိရမည်ဟု သူ စဉ်းစားခဲ့ဖူးသည်။ ထိုစဉ်တုန်းက ရီနာမာလိုး၏ အခြေအနေကို သူ မေးခဲ့ခြင်း ဖြစ်သည်။ ဒေးဗစ်သည် သူ့ဘကြီးကို လေးစားအထင်ကြီးသွားသည်။

ကွက်ကျော် အလွန် မြင်တတ်သော ဂျိုနတ်စ်ကော့၏အကြောင်းကို စဉ်းစားနေမိ သည်။ ဂျိုနတ်စ်ကော့သည် နေရာတကာတွင် အလွန်တရာ ဖွံ့ကျသည့် လူစားတစ်ယောက်ဖြစ် ပါကလားဟုလည်း သဘောပေါက် နားလည်လိုက်မိတော့သည်။

"ဒီလိုဆိုရင် ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

ဒေးဗစ်က သူ့ဘကြီးကို လှမ်းမေးသည်။ အရုပ်ကြိုးပြတ် ထိုင်နေသည့် နော်မန်၏ မျက်နှာပေါ်တွင် စိတ်အားလျော့လိုက်သည့် အမူအရာများကို မြင်တွေ့ရသည်။

တကယ်ဆိုတော့ သူ့အနေဖြင့် ကိုးကွယ်ရာ မရှိတော့ပြီ။ ရေနစ်သူတစ်ယောက်အဖို့ လှမ်းကိုင်ဆွဲယူစရာ ကောက်ရိုးပင်ကလေးတစ်ပင်မျှပင် မရှိရှာတော့။

"ဘာလုပ်ရမလဲ၊ တို့ပါးစပ်တွေ ပိတ်ထားရုံပေါ့၊ ရီနာမာလိုးအကြောင်း မပြောဘဲ

ဖုံးထားရုံပေါ့။ ပြီးတော့ တို့အစည်းအဝေးကို သွားမယ်။ သူက ငါ့ရှယ်ယာတွေကို သုံးသန်းပေးမယ်လို့ ပြောတယ်။ ငါ့အသည်းတော့ ကွဲတာပေါ့ကွာ၊ ဒါပေမယ့် မတတ်နိုင်တော့ဘူး။ ငါးသန်းရအောင် တောင်းရမယ်"

* * *

မျက်လုံးများကို ရီနာ ဖွင့်ကြည့်လိုက်သည်။ သည်တစ်ကြိမ်တွင်တော့ အိပ်မက်များက သူ့ထံမှ ထွက်ပြေးမသွားတော့။ အရာရာသည် အခါတိုင်းထက် ပို၍ကြည်လင်နေသည်။ အားလုံး အစစ်အမှန်များသာ ဖြစ်နေသည်။ ရီနာသည် ခဏကြာအောင် ငြိမ်ငြိမ်ကလေး နေသည်။ သူ့ခေါင်းနှင့်ရင်ဘတ်ပေါ်တွင် မိုးကာပေးထားသည့် ပလတ်စတစ်အမိုးများကို ကြည့်နေမိသည်။ ပြီးမှ သူ့ခေါင်းကို တဖြည်းဖြည်း လှည့်သည်။

အိုင်လင်းသည် ကုလားထိုင်မှာ ထိုင်နေ၏။ သူ့ကို စောင့်ကြည့် အကဲခတ်နေ၏။ အိုင်လင်းကို စိတ်မပူရန် သူ ပြောပြချင်သည်။ ဘာကိုမှလည်း ကြောက်စရာ မရှိတော့။ သည်လိုပင် သူ အကြိမ်ပေါင်းများစွာ ဖြစ်ဖူးခဲ့ပြီ။ အိပ်မက်များထဲမှာ ကျင်လည်ခဲ့ရပြီးပြီ။

အိုင်လင်းက ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ ထရပ်သည်။ ရီနာက သူ့ကို မော့ကြည့်ပြီး ပြုံးပြနေသည်။

"အခု စကားပြောနေတာ ကိုယ်အစစ်ပါ အိုင်လင်း၊ ကိုယ် သတိမမေ့ပါဘူး၊ သတိကောင်းနေပါတယ်"

ရီနာ အလွန် အားနည်းနေသည်။ သူ့အသံကို မနည်းအားစိုက်ပြီး နားထောင်နေရသည်။

"ရီနာ"

အိုင်လင်းက မိမိ၏လက်ကို လာကိုင်ကြောင်း ရီနာ စိတ်ထဲက သိလိုက်သည်။

"ရီနာ"

မိမိကိုယ်မိမိ ကြိုးစား၍ ထိန်းနေသည့်ကြားမှပင် အိုင်လင်း၏ အသံသည် ဆို့နစ်သွားသည်။ ငိုသံပါသွားသည်။ ရင်ထဲမှာ တင်းကျပ်ပူလောင်လျက် ရှိချေပြီ။

"မငိုပါနဲ့ အိုင်လင်းရယ်"

ရီနာက လေသံကလေးဖြင့် ပြောသည်။ နံရံပေါ်မှာရှိသည့် ပြက္ခဒိန်ကို လှမ်းကြည့်သည်။ သို့သော်လည်း ဝေးနေသောကြောင့် သဲသဲကွဲကွဲ မမြင်ရ။

"ဒီနေ့ ဘာနေ့လဲ"

"သောကြာနေ့"

"(၁၃) ရက်လား"

ရီနာက ပြုံးရန်ကြိုးစားသည်။ အိုင်လင်း၏ မျက်နှာပေါ်တွင် အပြုံးရိပ်ပေါ်လာသည်ကို ရီနာ မြင်လိုက်ရသည်။ ပြီးတော့ သူ့ပါးပြင်ပေါ်သို့ မျက်ရည်များလည်း လိမ့်ဆင်း စီးကျလာသည်။

မျက်ရည်မကျမိအောင် အိုင်လင်းက ကြိုးစားထိန်းသည်။ သို့သော် သူ မအောင်မြင်။ ရုတ်တရက် လိမ့်ဆင်း စီးကျလာသည့် မျက်ရည်များကို ရီနာ မမြင်အောင် သူ တစ်ဖက်သို့ လှည့်လိုက်သည်။

သို့သော်လည်း ရီနာကို သူ ကျောမခိုင်းနိုင်။ မျက်နှာ မလွှဲနိုင်။ မည်သို့ဆိုစေ ဝေဒနာဆိုးကို မချိမဆန့် ခံစားနေရသည့် သည်မျက်နှာကလေးကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေချင်သည်။ သည်မျက်နှာကလေးကို ငေးစိုက်ကြည့်နေခြင်းအားဖြင့် အထိုက်အလျောက်တော့ သူ စိတ်သက်သာရာ ရပါသည်။

"ဂျိုနတ်စ်ကို ခေါ်ပေးပါ၊ ကိုယ် သူ့ကို တွေ့ချင်တယ်"

အလွန် အားနည်းသော အသံဖြင့် ရီနာက ပြောသည်။

ရီနာသည် မျက်လုံးများကို မှိတ်ထားလိုက်၏။ သူ့ခုတင်ဘေးသို့ အိုင်လင်း ပြန်လာသောအခါကျမှ မျက်လုံးများကို ပြန်ဖွင့်သည်။

"မင်း သူနဲ့ အဆက်အသွယ်ရပြီးပြီလား"

ရီနာက လေသံဖြင့်ပင် ဆီးမေးသည်။

"သူ နယူးယောက်မှာ ရှိနေတယ်လို့ သူ့ရုံးက ပြောတယ်။ ဒါပေမယ့် သူ့ကို ဘယ်လို တွေ့အောင်ရှာရမယ်ဆိုတာ သူတို့လည်း မသိကြဘူး"

အိုင်လင်းက ခေါင်းကို ယမ်းပြရင်း ပြန်ပြောသည်။

"သူ ဘယ်ကိုပဲရောက်နေနေ တွေ့အောင်ရှာပေးပါ"

ရီနာက ပြုံးပြသည်။

"မင်း ကိုယ့်ကို အရှူးထပ်လုပ်လို့ မရတော့ပါဘူး။ ဒီလို အိုက်တင်မျိုးတွေကို ကိုယ် အများကြီးလုပ်ခဲ့ဖူးပါပြီ။ သူ့ကို ရအောင်ခေါ်ပေးပါ။ သူ ဒီကို ရောက်မလာမချင်း ကိုယ် မသေဘူး"

အလွန်တရာ မှေးမှိန်သည့် အပြုံးကလေးတစ်ခု ရီနာ၏ မျက်နှာပေါ်မှာ ပေါ်လာသည်။

"ဘယ်လိုဖြစ်ဖြစ် အခုလို တနင်္ဂနွေတစ်ပတ်ကုန်တော့မယ့်နေ့မျိုးမှာ ဘယ်သူမှ မသေဘူး။ ဘာကြောင့်လဲဆိုတော့ ဒီတစ်ပတ်အတွက် သတင်းစာတွေမှာ သတင်းထည့်ဖို့ နေရာမရှိတော့ဘူး"

ဟု လေသံသဲ့သဲ့ကလေးဖြင့် ရီနာက ဆက်ပြောနေသည်။

♣ ♣ ♣

# ဂျိုနတ်စ် (၁၉၃၅)

## စာအုပ်ငါး

## (၁)

စီအေ (၄) လေယာဉ်ပျံကို ကျွန်တော် မောင်းလာခဲ့သည်။ စိတ်ကြိုက်အမြင့်သို့ ရောက်လာအခါ ကုလားထိုင် နောက်မှီပေါ်သို့ ကိုယ်ကိုမှီချကာ ခါးဆန့်သည်။ အမြန်နှုန်းကို ကြည့်သောအခါ မိုင်သုံးရာရှိနေပြီကို တွေ့ရသည်။ အတ္တလန်တိတ်သမုဒ္ဒရာသည် ကျွန်တော်တို့ လေယာဉ်ပျံအောက်မှာ ရှိ၏။ ကျွန်းရှည်ကျွန်းသည်းလည်း ကျွန်တော်တို့နောက်မှာ ကျန်နေရစ်ခဲ့ပြီ။

"ဘယ်လို သဘောရသလဲ ဗိုလ်မှူးကြီး"

ကျွန်တော့်ဘေးမှာ ထိုင်နေသည့် လေတပ်ဗိုလ်မှူးကြီးကို ကျွန်တော်က လှမ်းမေးသည်။ အင်ဂျင်နှစ်လုံး၏ အသံက ဆူညံနေသည်။ ကျွန်တော်တို့ ခေါင်းပေါ်ရှိ ပလတ်စတစ်အုပ်ဆောင်းကို လေတိုးနေသည့် အသံကလည်း ရှိသေးသည်။ ထို့ကြောင့် သူ ကြားလောက်အောင် ကျွန်တော်က အော်မေးသည်။

သူက ခေါင်းသာ ညိတ်ပြသည်။ ကျွန်တော့်ဘက်သို့ ပြန်လှည့်မကြည့်။ အမြန်နှုန်းဒိုင်ခွက်ကိုသာ ကြည့်နေသည်။ ဒုဗိုလ်မှူးကြီး ဖော်ရက်စတာသည် လေယာဉ်မှူးကောင်းတစ်ယောက် ဖြစ်သည်။ လေယာဉ်အကြောင်းကို ကောင်းစွာ နားလည်သူလည်း ဖြစ်သည်။ ရှစ်ဗယ့် လေယာဉ်ကွင်းတွင် ကျန်ခဲ့သော ဗိုလ်ချုပ်လိုလူစားမျိုး မဟုတ်။ ကျွန်တော်တို့၏ လေယာဉ်ပျံကို စစ်ဆေးကြည့်ရှုရန်အတွက် ထိုဗိုလ်ချုပ်ကို စစ်ဌာနက ကျွန်တော်တို့ထံသို့ လွှတ်လိုက်သည်။

သူက ကျေနပ်ပြီဆိုလျှင် ပြဿနာ များများစားစား မရှိနိုင်တော့။ သို့သော်လည်း သူ့ကို ကျွန်တော် တွေ့လျှင်တွေ့ချင်း သူ ဘယ်လို လူစားမျိုးဖြစ်သည်ကို ကျွန်တော် သိလိုက်သည်။

လေယာဉ်ပျံထားသည့်ရုံထဲသို့ သူ လျှောက်လာသည်။ သူ့ဘေးမှာ စကားတွေ ဖောင်လောက်အောင် ပြောလာသည့် မောရစ်ဆေ ပါလာသည်။ သူ့လက်ထောက်နှစ်ယောက်က နောက်မှ လိုက်လာသည်။ တစ်ယောက်က ဗိုလ်မှူးကြီး၊ နောက်တစ်ယောက်က ဗိုလ်ကြီး၊ သူတို့အားလုံး၏ ရင်ဘတ်များပေါ်တွင် အတောင်ပံတံဆိပ်များ တပ်ဆင်ထားခြင်း မရှိ။

ဗိုလ်ချုပ်သည် ရုံဝမှာရပ်ပြီး စီအေ (၄ ) လေယာဉ်ကို ကြည့်နေသည်။ မနှစ်သက်သည့် အမူအရာကို သူ့မျက်နှာပေါ်တွင် ကျွန်တော် မြင်တွေ့လိုက်ရသည်။

"အရုပ်ဆိုးတယ်၊ ဖားပြုတ်နဲ့တူနေတယ်"

ဟု သူက မှတ်ချက်ချသည်။

သူ့အသံသည် လေယာဉ်ဦးခန်းမှာ ရှိနေသည့် ကျွန်တော့်ဆီသို့ လွင့်လာသည်။ နောက်ဆုံး စစ်ဆေးမှုများ ပြုလုပ်ပြီးသောအခါ အောက်သို့ ကျွန်တော် ခုန်ဆင်းခဲ့၏။ ဖိနပ်ကို ကျွန်တော် စီးမထား။ သူတို့ဆီသို့ ကျွန်တော် လျှောက်လာခဲ့သည်။ ပုံစံနှင့်ပတ်သက်၍ သူ ဘယ်လောက် နားလည်သနည်း။ သူ့ခေါင်းထဲမှာ ဦးနှောက် မရှိ၊ အသိဉာဏ် မရှိဟု ကျွန်တော် စဉ်းစားနေသည်။

"မစွတာကော့"

ခေါ်သံကြား၍ နောက်လှည့်ကြည့်သောအခါ စက်ဆရာကို တွေ့ရသည်။ သူ့မျက်နှာပေါ်တွင် အချိုးမပြေသော အပြုံးတစ်မျိုးကို မြင်ရသည်။ ဗိုလ်ချုပ်၏မှတ်ချက်ကို သူလည်း ကြားရ၏။

"ဘာလိုချင်လို့တုံး"

"ကျွန်တော် လေယာဉ်ပျံကို အပြင်ထုတ်တော့မလို့၊ ဒီဖိနပ် ပြားသွားမှာ စိုးတာနဲ့"

သူ့ကို ပြန်ကြည့်ပြီး ကျွန်တော်က ပြုံးပြသည်။ ပြီးတော့ သူ လာပေးသည့် ဖိနပ်ကို စီးပြီး ဗိုလ်ချုပ်နှင့် မောရစ်ဆေတို့ရှိရာသို့ ဆက်လျှောက်လာခဲ့သည်။

မောရစ်ဆေ၏လက်ထဲတွင် လေယာဉ်ပျံနှင့်ပတ်သက်သည့် စာရွက်များ ကိုင်ထားသည်။ ဗိုလ်ချုပ်ကိုလည်း သူ ရှင်းပြနေသည်။

"ကော့လေယာဉ်ပျံ နံပါတ် (၄) ဟာ နှစ်ယောက်စီး ဖုံးကြိတိုက်လေယာဉ်ပျံအဖြစ် ကျွန်တော်တို့ တီထွင်ထားပါတယ် ခင်ဗျာ။ မိုင်ပေါင်းနှစ်ထောင် ခရီးအကွာအဝေးထိအောင်လည်း မောင်းနှင်ပျံသန်းနိုင်ပါတယ်၊ တစ်နာရီကို အနည်းဆုံး မိုင် (၂၄၀) နဲ့ အမြန်ဆုံး (၃၆၀) အထိ မောင်းနိုင်ပါတယ်၊ စက်သေနတ် ဆယ်လက်၊ စက်အမြောက်နှစ်လက်၊ ဗုံးအလေးချိန် ပေါင်တစ်ထောင်ကိုလည်း သယ်နိုင်ပါတယ်"

မောရစ်ဆေ ရှင်းပြနေသည့် အချိန်မှာပင် လေယာဉ်ပျံကို ကျွန်တော်ကလည်း လှည့်ကြည့်နေ၏။ လေယာဉ်ပျံ၏ပုံစံသည် တော်လှန်တည်ထွင်ထားသည့် ပုံစံပင် ဖြစ်သည်။ ကျားသစ်နက်တစ်ကောင် ထိုင်နေသလားဟု ထင်မှတ်ရသည်။

"အလွန် စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ကျုပ် မေးခွန်းတစ်ခုလောက်တော့ မေးချင်သေးတယ်"

ဟု ဗိုလ်ချုပ်ပြောသံကို ကျွန်တော် ကြားလိုက်သည်။

"အမိန့်ရှိပါ ခင်ဗျာ"

မောရစ်ဆေက ပြန်မေးသည်။

ဗိုလ်ချုပ်က ပြုံးသည်။ သူ့လက်ထောက် နှစ်ယောက်ကို ပြန်ကြည့်သည်။ သူ့လက်ထောက်နှစ်ယောက်ကလည်း မသိမသာ ပြန်ပြုံးပြသည်။ ဗိုလ်ချုပ်၏နှုတ်ဖျားမှ သူ ပြောနေကျ ရယ်စရာ စကားတစ်ခွန်းခွန်း ထွက်လာလိမ့်မည်ဟု ကျွန်တော် ထင်သည်။

"ကျုပ်တို့ စစ်တပ်က လူတွေဟာ ဒီလို တော်လှန်တဲ့ လေယာဉ်ပျံပေါင်း အစင်းသုံးရာလောက်ကို နှစ်စဉ် ကြည့်နေကြရတာပါပဲ။ ဒီလေယာဉ်ပျံကရော ကောင်းကင်ပေါ်မှာ တကယ် ပျံလို့ ရပါ့မလား"

ကျွန်တော်သည် သည့်ထက်ပို၍ ရေငုံ မနေနိုင်တော့။ ဒေါသကို မထိန်းနိုင်တော့။ သည်လေယာဉ်ပျံကို တည်ဆောက်ရသည့်အတွက် ကျွန်တော် ဒေါ်လာတစ်သန်းကုန်ကျသည်။ ထို့ကြောင့်လည်း ကျွန်တော် ဝင်ပြောရတော့သည်။

"ဗိုလ်ချုပ်တို့ စစ်တပ်မှာရှိနေတဲ့ လေယာဉ်ပျံတွေ အကုန်လုံးက သူ့ဖင်ဖျားကိုတောင် မမီအောင် သူ ပျံနိုင်ပါတယ်။ တစ်ကမ္ဘာလုံးက လေယာဉ်ပျံတွေလည်း သူ့ဖင်ဖျားကို မမီနိုင်ပါဘူး။ ယုတ်စွအဆုံး ဝီလီမက်ဆာရှမစ် တည်ဆောက်နေတဲ့ တိုက်လေယာဉ်ပျံအသစ်တွေကတောင် သူ့ဖင်ဖျားကို မမီနိုင်ပါဘူး။ မီဖို့နေနေသာသာ ဖင်ဖျားကိုတောင် မြင်တွေ့ရမှာ မဟုတ်ပါဘူး"

ဗိုလ်ချုပ်က ကျွန်တော့်ကို လှည့်ကြည့်သည်။ သူ့မျက်နှာပေါ်တွင် အံ့သြသွားသည့် အရိပ်အယောင်ကို ကျွန်တော် မြင်လိုက်ရသည်။ စက်ဆီများ နေရာအနှံ့ပေနေသည့် ကျွန်တော့်ကိုယ်ပေါ်သို့ သူ့မျက်လုံးများ ရောက်သွားသည်။

မောရစ်ဆေက မြန်မြန် ဝင်မိတ်ဆက်ပေးသည်။

"ဗိုလ်ချုပ်ဂက်စ်၊ သူက ဂျိုနတ်စ်ကော့ပါ"

ဗိုလ်ချုပ် စကားမပြောနိုင်မီမှာပင် သူ့နောက်ဘက်မှ အသံတစ်သံ ထွက်လာသည်။

"ဝီလီမက်ဆာရှမစ် ဘာလေယာဉ်ပျံတွေ တည်ဆောက်နေတယ် ဆိုတာကို ခင်ဗျား

ဘယ်လိုလုပ်သိသလဲ"

ကျွန်တော် မြင်သာသောနေရာသို့ သူ လျှောက်လာသည်။ ဗိုလ်ချုပ်သည် လက်ထောက်နှစ်ယောက် ခေါ်လာခြင်း မဟုတ်။ သုံးယောက်ခေါ်လာခြင်း ဖြစ်သည်။ စောစောက ထိုသူကို ကျွန်တော် မတွေ့။ ငွေဖြင့် ပြုလုပ်ထားသည့် အတောင်ပံတံဆိပ်သည် သူ့ရင်ဘတ်ပေါ်မှာ အရောင်လက်နေသည်။ သူ့ပခုံးပေါ်ရှိ ငွေသံလွင်ခက်ဖြင့် ပန်ရနေသည်။ သူ့အသက်သည် (၄၀) နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ သူ့ရင်ဘတ်ပေါ်တွင် သူရဲကောင်းဆုတံဆိပ်နှစ်ခုကိုလည်း တပ်ဆင်ထားသည်။

"သူကိုယ်တိုင်က သူ့ပါးစပ်နဲ့ ကျုပ်ကို ဖွင့်ပြောလိုက်တာ"

ကျွန်တော်က တိုတိုတုတ်တုတ် ပြန်ဖြေသည်။

ဒုဗိုလ်မှူးကြီး၏ မျက်နှာပေါ်တွင် အလွန် သိချင်သည့် အမူအရာများ ပေါ်လာသည်။

"ဝီလီ နေကောင်းရဲ့လား"

ကျွန်တော် ပြန်မဖြေနိုင်မီမှာပင် ဗိုလ်ချုပ်၏အသံ ထွက်လာသည်။

"လေယာဉ်ပျံကြည့်ဖို့လာတာ၊ သူငယ်ချင်းတွေ သာကြောင်းမာကြောင်းမေးကြဖို့လာတာ မဟုတ်ဘူး"

သည်တစ်ကြိမ် အံ့ဩရသူမှာ ကျွန်တော် ဖြစ်သည်။ ဒုဗိုလ်မှူးကြီးကို ရုတ်တရက် လှမ်းကြည့်လိုက်သောအခါ မျက်နှာပိုးသတ်လိုက်သည်ကို မြင်ရသည်။

"မှန်ပါတယ် ဗိုလ်ချုပ်"

သူက မြန်မြန်ပြန်ပြောရင်း လေယာဉ်ပျံကို လှမ်းကြည့်သည်။

"ဘာနဲ့တူတယ် ထင်သလဲ ဖော်ရက်စတာ"

ဖော်ရက်စတာက ချောင်းတစ်ချက်ဟန့်ပြီး လည်ချောင်းရှင်းသည်။

"စိတ်ဝင်စားစရာ ကောင်းပါတယ် ဗိုလ်ချုပ်"

သူက ကျွန်တော့်ဘက်သို့ လှည့်ပြီး မေးသည်။

"အပေါ်ထောင်တက်လို့ရအောင် ပန်ကာကို အရှင် လုပ်ထားသလား"

ကျွန်တော်က ခေါင်းညိတ်ပြသည်။ အထဲမှာ မီးရောင် အနည်းငယ်သာ ရှိသည်။ ဤမျှ အားနည်းသော အလင်းရောင်ထဲမှာ သူမြင်အောင် ကြည့်တတ်သဖြင့် သူ့အရည်အချင်းကို ကျွန်တော် လေးစားမိသည်။

"အတောင်ပံတွေကို နောက်ကို နည်းနည်းကွေးထားတဲ့အတွက် သာမန် ကွင်းထက် လေးဆလောက်ကျယ်မှ ပျံတက်လို့ရမယ်"

"ဟုတ်ပါတယ်"

ဟု ကျွန်တော်က ဝင်ဖြေသည်။ လေယာဉ်ပျံအကြောင်း ကောင်းကောင်း နားလည်သူတစ်ဦး သူတို့အထဲမှာ ပါလာသည့်အတွက် ဘုရားသခင်ကိုပင် ကျေးဇူးတင်ရပေဦးတော့မည်။

"ဘာနဲ့တူသလဲလို့ ကျုပ် မေးထားတယ် မဟုတ်လား ဖော်ရက်စတာ"

ဗိုလ်ချုပ်က ခပ်ဆတ်ဆတ် ထပ်မေးပြန်သည်။ ဖော်ရက်စတာ၏ မျက်နှာပေါ်တွင် မျက်နှာပိုးသတ်လိုက်သည်ကို တွေ့လိုက်ရပြန်သည်။

"မြင်နေကျပုံမျိုး မဟုတ်ပါဘူး ခင်ဗျာ၊ ထူးခြားနေပါတယ်"

ဗိုလ်ချုပ်က ခေါင်းညိတ်သည်။

"ကျုပ် ထင်တာလည်း ဒါပဲ၊ အရုပ်ဆိုးတယ်၊ ဖားပြုတ်တစ်ကောင်ထိုင်နေတဲ့ အတိုင်းပဲ"

သည်အဘိုးကြီး ကြောင်ပုံများကို သည့်ထက်ပိုပြီး ကျွန်တော် သည်းမခံနိုင်အောင် ဖြစ်လာသည်။

"မယ်ရွေးပွဲမှာ အဆုံးအဖြတ်ပေးသလို လေယာဉ်ပျံကိုလည်း ပုံသဏ္ဍာန်ကြည့်ပြီး အဆုံးအဖြတ် ပေးနေတာလား ဗိုလ်ချုပ်"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် အဆင့်မီတဲ့ ပုံစံနဲ့ ပတ်သက်ပြီး အသိအမှတ်ပြုထားတာ ရှိပါတယ်။ ဥပမာပြောရရင် မနေ့က ကျုပ်တို့ ကြည့်ခဲ့တဲ့ ကားတစ်တိုက်လေယာဉ်ပျံအသစ် ဆိုကြပါစို့၊ အဲဒီ လေယာဉ်ပျံက လေယာဉ်ပျံနဲ့တူတယ်၊ ဗုံးတစ်လုံးကို အတောင်နှစ်ခု

တပ်ထားတာမျိုး မဟုတ်ဘူး"

"အဲဒီကားတစ် လေယာဉ်ပျံတွေ သယ်နိုင်တာထက် ဒီလေယာဉ်ပျံက လက်နက်ခဲယမ်းမီးကျောက်ကို နှစ်ဆ ပိုသယ်နိုင်တယ်၊ မိုင်ပေါင်း (၇၅၀) ပိုပြီး ပျံနိုင်တယ်။ ပေ (၅၀၀၀) ပိုမြင့်အောင် ပျံတက်နိုင်တယ်။ တစ်နာရီမှာ မိုင် (၈၀) နှုန်း ပိုမြန်အောင် ပျံနိုင်တယ်။ ဗိုလ်ချုပ်ပြောနေတဲ့ ကားတစ်လေယာဉ်ပျံထက် အစစအရာရာ သာတယ်၊ ဒီလေယာဉ်ပျံနဲ့ ယှဉ်ပျံရင် အားလုံး ဖွတ်ကျားချည်းပဲ"

ဟု ကျွန်တော်က ကြက်ခေါင်းဆိတ်မခံ ပြန်ပြောသည်။

"ကားတစ်က လေယာဉ်ပျံကောင်းတွေ လုပ်နိုင်တယ်"

ဗိုလ်ချုပ်ကလည်း မလျှော့ဘဲ ခပ်မာမာ ပြောသည်။

သူ့ကို ကျွန်တော် လှမ်းကြည့်လိုက်မိ၏။ သူနှင့်ဆက်ပြီး အချေအတင် ပြောနေ၍လည်း အကြောင်းထူးတော့မည် မဟုတ်။ ကျောက်ရုပ်ကို ပြောရသည်ကမှ သဘောပေါက်လွယ်နားလည်လွယ်လိမ့်ဦးမည်။

"သူတို့ မလုပ်နိုင်ဘူးလို့ ကျွန်တော် ပြောနေတာ မဟုတ်ပါဘူး။ ကားတစ်ဟာ လေယာဉ်ပျံကောင်းတွေကို နှစ်ပေါင်းများစွာ လုပ်နိုင်ခဲ့ပါတယ်။ ကျွန်တော် ပြောနေတာက ဟောဒီ လေယာဉ်ပျံကတော့ အားလုံးထဲမှာ အကောင်းဆုံးပဲလို့ ပြောနေတာပါ"

ဗိုလ်ချုပ်ဂက်စ်သည် မောရစ်ဆေဘက်သို့ လှည့်လိုက်သည်။

"မင်းတို့ စက်ပြင်ဆရာက တယ်ပြီး ဆင်ခြေဆင်လက်များတာပဲ၊ ကိုင်း အစမ်းမောင်းတာကို ကြည့်ရအောင်"

မောရစ်ဆေသည် ထိတ်လန့်သော အမူအရာဖြင့် ကျွန်တော့်ကို လှမ်းကြည့်သည်။ ဗိုလ်ချုပ်သည် ကျွန်တော့်နာမည်ကို မှတ်မိပုံမပေါ်။ ထို့ကြောင့် ကျွန်တော် မည်သူဖြစ်ကြောင်း သူ မသိ။ ကျွန်တော်က မောရစ်ဆေကို ခေါင်းညိတ်ပြခဲ့ပြီး လေယာဉ်ပျံထားသည့် ရုံအတွင်းသို့ ပြန်လှည့်လာခဲ့သည်။

"လေယာဉ်ပျံကို အပြင်ထုတ်လိုက်တော့"

ရပ်စောင့်နေသည့် စက်ဆရာများကို ကျွန်တော် လှမ်းပြောလိုက်သည်။

မောရစ်ဆေ၊ ဗိုလ်ချုပ်ဂက်စ်နှင့် သူ့လက်ထောက်သုံးယောက်တို့ အပြင်သို့ ထွက်သွားကြသည်။ ကျွန်တော် အပြင်သို့ ထွက်လာသောအခါ မောရစ်ဆေနှင့် အခြားသူများသည် ဗိုလ်ချုပ်အနားမှာ ဝိုင်းနေကြသည်။ သို့သော်လည်း ဖော်ရစ်စတာသည် သူတို့နှင့် မလှမ်းမကမ်းတွင် အမျိုးသမီး ခပ်ငယ်ငယ်တစ်ယောက်နှင့် စကား ရပ်ပြောနေသည်။ ကျွန်တော်က အမျိုးသမီးကို အမှတ်မထင် လှမ်းကြည့်လိုက်သည်။ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်ပင်ဖြစ်၏။ သူ့မျက်လုံးများကို ကြည့်ရုံဖြင့် ကျွန်တော် နားလည်လိုက်သည်။

ပြေးလမ်းပေါ်သို့ ရောက်နှင့်နေပြီဖြစ်သည့် လေယာဉ်ပျံဆီသို့ ကျွန်တော် လိုက်သွားသည်။ နောက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်သောအခါ မောရစ်ဆေကို တွေ့ရပါသည်။

"ဗိုလ်ချုပ်ကို ဒီလို ဆက်ဆံဖို့ မကောင်းပါဘူး ခင်ဗျာ"

"ဒီလို အဘိုးကြီးတွေကို ဒီလို ဆက်ဆံမှ ဖြစ်တယ်။ သူ့ပတ်လည်မှာ ပုတ်သင်ညိုတွေချည်းပဲ၊ သူ ပြောသမျှ အားလုံး ခေါင်းဝိုင်းညိတ်နေကြတာ"

"သူ့ကို ဈေးရောင်းရတာလည်း ခက်တယ်၊ ကားတစ်က သူတို့ လေယာဉ်ပျံတစ်စင်းကို ဒေါ်လာတစ်သိန်းခွဲနဲ့ ရောင်းတယ်။ ကျွန်တော်တို့က နှစ်သိန်းနှစ်သောင်း ငါးထောင်လောက်ဆိုရင် ကောင်းမယ်"

"ကြက်ချေးနဲ့ ကြက်သား ဘယ်တူပါ့မလဲ၊ ဖို့ဒ်ကားအတွက် ပေးရတဲ့ဈေးမျိုးနဲ့ ကားဒီးလက်ကားကို ဝယ်လို့ရမလား"

ဟု ကျွန်တော်က သူ့ကို ပြန်မေးသည်။

သူသည် ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ပြီးတော့မှ သူ့ပခုံးများကို တွန့်ပြသည်။

"ဒါတော့ ခင်ဗျား ပိုက်ဆံပဲလေ"

ဗိုလ်ချုပ်ဆီသို့ သူ ပြန်လျှောက်သွားသည်ကို ကျွန်တော် ကြည့်နေမိသည်။ သူသည်

အလွန် အောင်မြင်သည့် လေယာဉ်ပျံ အင်ဂျင်နီယာတစ်ယောက် ဖြစ်နိုင်၏။ သို့သော်လည်း ဈေးသည်ကောင်း တစ်ယောက်တော့ မဖြစ်နိုင်ချေ။ စက်ဆရာများဘက်သို့ ကျွန်တော် လှည့်လိုက်သည်။

"အဆင်သင့်ပဲလား"

"မစ္စတာကော့ကို စောင့်နေကြတာပါပဲ ခင်ဗျာ"

"အိုကေ"

ဟု ပြောရင်း လေယာဉ်ပျံပေါ်သို့ ကျွန်တော် တက်ခဲ့သည်။ တစ်ယောက်ယောက်က ကျွန်တော့်ခြေထောက်ကို ဆွဲထားကြောင်း သိသဖြင့် ငုံ့ကြည့်သောအခါ ဒုဗိုလ်မှူးကြီး ဖော်ရစ်စတာကို တွေ့ရသည်။

"ကျွန်တော်ပါ လိုက်လာရင် ဖြစ်မလား"

"ရပါ့ဗျာ၊ တက်ခဲ့လေ"

"ကျေးဇူးပါပဲ၊ ဒါနဲ့စကားမစပ် ခင်ဗျား နာမည်ကို ကျွန်တော် မသိရသေးဘူး"

"ဂျိုနတ်စ်ကော့"

"ကျွန်တော့်နာမည် ရော်ဂျာဖော်ရက်စတာပါ"

သူက ကျွန်တော့်ကို လက်ကမ်းပေးသည်။

စောစောက သူ့နာမည်ကြားခဲ့ကတည်းက သူ မည်သူဖြစ်ကြောင်း ကျွန်တော် သိခဲ့ဖို့ ကောင်းသည်။ သို့သော်လည်း ကျွန်တော် မသိခဲ့။ ယခု သူ့အမည်ကို ကြားရမှပင် သူ့ကို ကျွန်တော် ကောင်းကောင်း သိတော့သည်။

ရော်ဂျာဖော်ရက်စတာ၊ ဂျာမန်လေယာဉ်ပျံ (၂၂) စင်းကို ပစ်ချနိုင်ခဲ့သည့် သူရဲကောင်း ဖြစ်သည်။ သူသည် ကျွန်တော် ကလေးဘဝကတည်းက အားကျခဲ့ရသော သူရဲကောင်းကြီး တစ်ယောက် ဖြစ်နေသည်။

"ကျွန်တော် ဗိုလ်မှူးအကြောင်းတွေကို အများကြီး ကြားဖူးပါတယ်ဗျာ"

ဟု ကျွန်တော်က ပြောသည်။ သူသည် ပြုံးရာမှ ရယ်လာသည်။

"ကျွန်တော်လည်း ခင်ဗျား အကြောင်းတွေကို အများကြီး ကြားဖူးပါတယ်"

ကျွန်တော်တို့နှစ်ယောက်စလုံး ပြိုင်တူရယ်ကြသည်။ ကျွန်တော်က သူ့လက်ကို ဆွဲတင်သည်။ လေယာဉ်ပျံ အတောင်ပံပေါ်သို့ ရောက်ပြီးနောက် လေယာဉ်ဦးခန်းအတွင်းသို့ သူ ကြည့်၏။ ပြီးတော့ ကျွန်တော့်ကို ပြန်လှည့်ကြည့်ပြန်သည်။

"လေထီး မပါဘူးလား"

"ကျွန်တော်က ဘယ်တော့မှ လေထီးကို မသုံးဘူး။ ကိုယ့်စိတ်ကိုယ် မသန့်ဘူး၊ ကိုယ့်ကိုယ်ကိုယ် မယုံဘူး ဆိုတာ ပြနေသလိုပဲ"

သူက ရယ်သည်။

"ဗိုလ်မှူး လိုချင်ရင် ကျွန်တော် တစ်ခုယူပေးပါ့မယ်"

"ဘာလုပ်ရမှာတုံးဗျာ"

ဟု ပြောရင်း သူက ရယ်ပြန်၏။

သမုဒ္ဒရာအတွင်း မိုင်သုံးဆယ်ခန့် ရောက်လာသောအခါ ကျွန်တော်က စီအေ (၄) လေယာဉ်ပျံ၏ အစွမ်းများကို စတင် ပြတော့သည်။

မျဉ်းမတ်ကဲ့သို့ ကောင်းကင်ပေါ်သို့ ထောင်တက်သည်။ အမြင့်ပေ (၁၄၀၀၀) သို့ ရောက်လာသည်။ လေယာဉ်ပျံသည် အပ်ဖျားပေါ်တွင် ယင်ကောင်တစ်ကောင် ကနေသကဲ့သို့ ဖြစ်နေသည်။ ပြီးတော့ အောက်ဘက်သို့ မတ်မတ်ကြီး ဦးစိုက်ချလိုက်သည်။ အမြန်နှုန်းသည် တစ်နာရီလျှင် မိုင် (၅၀၀) နှုန်းသို့ ရောက်လုလု ရှိနေပြီဖြစ်ကြောင်း ဒိုင်ခွက်က ပြနေသည်။

အမြင့်ပေ (၁၂၀၀)အမြင့်သို့ ရောက်လာသည်။ ဖော်ရက်စတာသည် သူ့ကိုယ်သူ မနည်းထိန်းနေရသည်။ အမြင့်ပေ (၈၀၀) သို့ ရောက်လာသည်။ ထိုအခါကျမှပင် သူ့ကိုယ်သူ ကောင်းစွာ ထိန်းနိုင်တော့သည်။ ကျွန်တော်တို့ လေယာဉ်ပျံသည် ရေမျက်နှာပြင်နှင့်ထိရန် ပေ (၂၀) ပင် မလိုတော့ချေ။ ထိုအခါကျမှပင် ကျွန်တော်တို့ အပေါ်သို့ ပြန်ထောင်ပြီး

တက်ခဲ့တော့သည်။

"ကျုပ် ဒီလို မစွန့်စားဘူးတာ ကြာပါပြီဗျာ၊ ဒီလို ကျွမ်းစိုက်ချတဲ့ အချိန်မှာ အတောင်ပံတွေ ပြုတ်ထွက်မကုန်ဘူး ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

ဟု ဖော်ရက်စတာက မေးသည်။

"ဘယ်သူ သိမလဲဗျာ၊ ဒါပေမယ့် ပြုတ်နိုင်သလား မပြုတ်နိုင်ဘူးလား ဆိုတာ စမ်းသပ်ကြည့်ဖို့ဟာ ဒီအချိန် အကောင်းဆုံးပဲ"

သူကရယ်ပြီး သူ့ရှေ့ရှိ ဒိုက်ခွက်များကို ကြည့်နေသည်။

"တကယ့် လေယာဉ်ပျံပါပဲဗျာ၊ စောစောက ခင်ဗျား ပြောခဲ့သလိုပါပဲ၊ ကောင်းကင်မှာ တကယ် ပျံနိုင်တဲ့ လေယာဉ်ပျံပါပဲ"

"ဒီစကား ကျွန်တော့်ကို မပြောပါနဲ့၊ အောက်မှာ ကျန်ခဲ့တဲ့ အဘိုးကြီးကို သွားပြောပါ"

"ကျွန်တော် ကြိုးစားပါ့မယ်၊ ဒါပေမယ့် ကျွန်တော့်စကားက ဘယ်လောက် ထိရောက်မလဲတော့ မသိဘူး။ ခင်ဗျား အပေါ်မှာပဲ အားလုံး တည်နေတာပါ။ ကျွန်တော်တို့ ပြန်လှည့်ကြရအောင်"

မောရစ်ဆေနှင့် စစ်သားများ ကွင်းထဲမှာ ရပ်နေသည်ကို ကျွန်တော် လှမ်းမြင်ရသည်။ ကျွန်တော်တို့ကို စောင့်ကြည့်နေကြခြင်း ဖြစ်သည်။ ကျွန်တော်က ကွင်းပေါ်မှာ တစ်ပတ်ဝဲရင်း ဖော်ရက်စတာ၏ ပခုံးကို ကိုင်လိုက်သည်။ သူက ကျွန်တော့်ကို လှည့်ကြည့်သည်။

"ပထမတစ်ပတ် ဝဲရုံနဲ့ ဗိုလ်ချုပ်ခေါင်းပေါ်က ဦးထုပ် လွင့်ကျသွားစေရမယ်၊ တစ်ဆယ်ကြေးလောင်းမလား"

သူ ခဏ ကြောင်နေသေးသည်။ ပြီးတော့မှ ပြုံးလာသည်။

"စိန်လိုက်"

ကျွန်တော်သည် ပေ (၁၀၀၀) အမြင့်မှနေ၍ (၁၅) ပေ အမြင့်သို့ ဦးစိုက်ပြီး ထိုးဆင်းလိုက်သည်။ သူတို့ ရပ်နေရာသို့ ကျွန်တော် ဦးတည်မောင်းလိုက်သည့်အခါတွင် သူတို့အားလုံး မျက်နှာပေါ်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည့် အမူအရာများကို မြင်ရသည်။ သူတို့ ခေါင်းပေါ်က ရှပ်ပျံရင်း ကောင်းကင်သို့ မတ်မတ်ကြီး ထောင်တက်လိုက်သည်။ စက်ကုန်မြင့်လိုက်သောကြောင့် ပန်ကာများက မွှတ်နေအောင် လည်သွားသည်။

ကျွန်တော် လှည့်ကြည့်သောအချိန်နှင့် လွင့်ကျသွားသည့် ဗိုလ်ချုပ်၏ဦးထုပ်နောက်သို့ ဗိုလ်ကြီးတစ်ယောက် ပြေးလိုက်သွားသည့်အချိန်သည် တစ်ထပ်တည်း ဖြစ်နေ၏။ ဖော်ရက်စတာ၏ ပခုံးကို ကျွန်တော် ပုတ်လိုက်ပြန်သည်။ သူ ပြန်လှည့်ကြည့်ပြီး မျက်ရည်ထွက်သည်အထိ တဟားဟား ရယ်တော့၏။

ခိုတစ်ကောင် မိမိ၏အိမ်သို့ ပြန်လာပြီး နားလိုက်ဘိသကဲ့သို့ ကျွန်တော်၏ လေယာဉ်ပျံသည် ကွင်းပေါ်သို့ ညင်သာစွာ ဆင်းသက်လာသည်။ ခေါင်းပေါ်မှ ပလတ်စတစ် အုပ်ဆောင်းကို လှန်ချပြီး၊ လေယာဉ်ပျံပေါ်မှ ကျွန်တော်တို့ ဆင်းကြသည်။ စောင့်နေသည့် လူအုပ်ရှိရာသို့ ပြန်လျှောက်လာရင်း ဖော်ရက်စတာကို ကျွန်တော် လှမ်းကြည့်မိပြန်သည်။ သူသည် မပြုံးမရယ်တော့။ မျက်နှာပိုးသတ်ထားသည်ကို တွေ့ရပြန်သည်။

ဗိုလ်ချုပ်သည် ဦးထုပ်ပြန်ဆောင်းထားပြီး ဖြစ်နေသည်ကို တွေ့ရသည်။

"ဘယ်လိုလဲ ဖော်ရက်စတာ၊ ဘယ်လို ထင်သလဲ"

ဖော်ရက်စတာက ဗိုလ်ချုပ်၏မျက်နှာကို ကြည့်သည်။

"ဒီနေ့ ကောင်းကင်မှာ ရှိနေတဲ့ လေယာဉ်ပျံတွေ အားလုံးထဲမှာ အကောင်းဆုံး တိုက်လေယာဉ်ပျံဖြစ်ကြောင်း လုံးဝ သံသယဖြစ်စရာ မလိုပါဘူး ဗိုလ်ချုပ်"

ဖော်ရက်စတာက သံမှန်ဖြင့် ပြောသည်။ လှုပ်ရှားမှုလည်း မပါ။

"စစ်ဆေးရေးအဖွဲ့ကိုခေါ်ပြီး ကျွန်တော် ပြောတာ မှန်မမှန် ချက်ချင်း စစ်ဆေးကြည့်ဖို့ အကြံပေးပါရစေ ဗိုလ်ချုပ်"

ဟုလည်း ဆက်ပြောသည်။

"ဆုံးဖြတ်ဖို့နေရာမှာ တခြား စဉ်းစားဖို့အကြောင်းတွေ အများကြီး ရှိသေးတယ်

ဖော်ရက်စတာ၊ ဒီလို လေယာဉ်ပျံမျိုးဟာ ဘယ်လောက် တန်တယ်ဆိုတာ သိသလား"

ဟု ဗိုလ်ချုပ်က အေးစက်စက် ပြန်မေးသည်။

"မသိပါဘူး ခင်ဗျာ၊ ကျွန်တော့်တာဝန်က လေယာဉ်ပျံရဲ့ အနေအထား အခြေအနေကို ကြည့်ဖို့ တစ်ခုတည်းပါပဲ"

"ကျုပ်ဟာ တာဝန်က ဒီထက် ပိုပြီး ကြီးတာပေါ့၊ ကျုပ်တို့ဟာ အင်မတန် တင်းကျပ်တဲ့ စည်းကမ်းတွေနဲ့ လုပ်နေရတယ်။ ငွေကို ချွေတာနေရတယ် ဆိုတာ မမေ့ပါနဲ့"

"ကောင်းပါပြီ ဗိုလ်ချုပ်"

"ဒါကို ခေါင်းထဲမှာ အမြဲမှတ်ထားပါ၊ မောင်တို့ လေတပ်က လူတွေပေးတဲ့အကြံဉာဏ်တိုင်းကိုသာ လက်ခံနေရမယ် ဆိုရင် တပ်မတော်ကြီးတစ်ခုလုံး တစ်လရပ်တည်ဖို့တောင် ပိုက်ဆံကျန်တော့မှာ မဟုတ်ဘူး"

ဗိုလ်ချုပ်ဂက်စ်က ဆက်ပြောသည်။

ဖော်ရက်စတာ၏ မျက်နှာမှာ ရဲလာသည်။

"ကောင်းပါပြီ ဗိုလ်ချုပ်"

ကျွန်တော် သူ့ကိုကြည့်နေမိသည်။ သည်အလုပ်ကို ဘာကြောင့်များ သူ လုပ်နေသနည်းဟု ကျွန်တော် တွေးပြီး အံ့ဩနေမိသည်။ ဖော်ရက်စတာလို ပုဂ္ဂိုလ်သည် သူ၏ ဂုဏ်သိက္ခာကို အပထား၊ တပ်မတော်မှထွက်ပြီး လေကြောင်းကုမ္ပဏီ တစ်ခုခုမှာ အလုပ်ဝင်လုပ်လျှင် ယခု သူ ရနေသည့်လစာထက် အဆနှစ်ဆယ်လောက် ပိုရနိုင်သည်။

ဗိုလ်ချုပ်က မောရစ်ဆေဘက်သို့ လှည့်လိုက်သည်။

"ကဲ မစ္စတာမောရစ်ဆေ၊ ဒီလေယာဉ်ပျံရဲ့ တန်ဖိုးရယ်၊ တခြား ကျုပ်တို့ သိချင်တာတွေရယ်ကို ဘယ်သူနဲ့ စကားပြောရမလဲ"

"မစ္စတာကော့နဲ့ ပြောနိုင်ပါတယ် ခင်ဗျာ"

"ကောင်းတယ်၊ ဒါဖြင့် ရုံးထဲကိုသွားပြီး သူ့ကို ဖုန်းဆက်ခေါ်ကြရအောင်"

"ရုံးထဲကိုသွားဖို့ မလိုပါဘူး ဗိုလ်ချုပ်၊ ကျွန်တော်တို့ ဒီမှာပဲ စကားပြောနိုင်ကြပါတယ်"

ကျွန်တော်က ခပ်မြန်မြန် ဝင်ပြောသည်။

ဗိုလ်ချုပ်က ကျွန်တော့်ကို လှည့်ကြည့်သည်။ ပြီးတော့ သူ့နှုတ်ခမ်းမှာ အပြုံးများ ရောက်လာသည်။ သူ ထင်ထားသည်မှာ လွဲပြီဟု သိလိုက်သော အပြုံးမျိုး။

"စိတ်ထဲမှာ ဘယ်လိုမှ မရှိပါဘူး သားရယ်။ နာမည်တွေနဲ့ လူနဲ့ မဟပ်မိလို့ပါ"

"ကိစ္စမရှိပါဘူး ဗိုလ်ချုပ်"

"မောင့်အဖေနဲ့ ကျုပ်နဲ့ဟာ မိတ်ဟောင်းဆွေဟောင်းတွေပါပဲ၊ ပြီးခဲ့တဲ့ ကမ္ဘာစစ်ကြီးတုန်းကဆိုရင် မောင့်အဖေဆီက လက်နက်ခဲယမ်းမီးကျောက်တွေ ကျုပ် အများကြီး ဝယ်ခဲ့ရတာပေါ့၊ မောင့်အနေနဲ့ စိတ်မရှိဘူး ဆိုရင် ဒီကိစ္စကို မောင့်အဖေနဲ့ ပြောချင်ပါတယ်။ ဘယ်လိုရည်ရွယ်ချက်နဲ့မှ မဟုတ်ပါဘူး။ မိတ်ဟောင်းဆွေဟောင်းတွေ ပြန်တွေ့ကြတဲ့ သဘောပါပဲ၊ ပြီးတော့လည်း ကျုပ်တို့နှစ်ယောက် အဆင်ပြေအောင် လုပ်နိုင်ကြပါလိမ့်မယ်။ မောင့်ဖခင်ကလည်း ဒီကိစ္စမှာ သူကိုယ်တိုင် ပြောချင်ဆိုချင်ပေလိမ့်မယ်လို့ ထင်ပါတယ်"

ကျွန်တော့်မျက်နှာမှာ သွေးဆုတ်သွားကြောင်း ကျွန်တော် သိလိုက်သည်။ ထို့ကြောင့်လည်း ကျွန်တော့်ကိုယ်ကျွန်တော် အစွမ်းကုန် ထိန်းသိမ်းလိုက်ရသည်။ လူတစ်ယောက်၏ လောင်းရိပ်အောက်မှာ မည်မျှကြာအောင် နေနေရဦးမည်နည်း။ ကျွန်တော်သည် ဣန္ဒြေမပျက်အောင် အသံကို ထိန်းပြီး ပြန်ပြောရသည်။

"ဗိုလ်ချုပ်နဲ့လည်း ဖေဖေ စကားပြောချင်လိမ့်မယ် ဆိုတာ သေချာပါတယ်၊ ဒါပေမယ့် ကျွန်တော်နဲ့ပဲပြောပါ ခင်ဗျား။ ဗိုလ်ချုပ် သူနဲ့ စကားမပြောနိုင်ပါဘူး"

"ဘာဖြစ်လို့ မပြောနိုင်ရမှာလဲ"

သူ့အသံသည် ချက်ချင်း မာကျောသွား၏။

"ဖေဖေ ဆုံးသွားတာ ဆယ်နှစ်လောက် ရှိသွားပါပြီ"

ကျွန်တော်သည် ပြောပြောဆိုဆိုပင် သူ့ကို ကျောခိုင်းပြီး လေယာဉ်ပျံရုံရှိရာသို့

ထွက်လာခဲ့သည်။

(၂)

နောက်ဘက်တွင်ရှိသည့် အခန်းငယ်ကလေးသို့ ကျွန်တော် ဆက်လာခဲ့၏။ ထိုအခန်းသည် မောရစ်ဆေ ရုံးခန်းအဖြစ် အသုံးပြုနေသည့် အခန်း ဖြစ်သည်။ အခန်းတံခါး ပိတ်ခဲ့ပြီး စားပွဲရှိရာသို့ ဖြတ်လျှောက်လာခဲ့သည်။ ကျွန်တော့်အတွက် အမြဲထားပေးသော ဝီစကီပုလင်းကို ယူပြီး ခွက်ထဲမှာ ထည့်သည်။ လည်ချောင်းတွင်းသို့ ပူခနဲ ဝင်သွားသည်။ ကျွန်တော့်လက်ကို ပြန်ကြည့်သောအခါ တဆတ်ဆတ် တုန်နေသည်။

လောကတွင် မသေနိုင်သော လူစားမျိုး ရှိသည်။ သူတို့ အလောင်းကို မြေကြီးထဲမှာ မြှုပ်မည်လား၊ မီးသင်္ဂြိုဟ်မည်လား၊ ပင်လယ်သမုဒ္ဒရာအောက်သို့ ပစ်ချမည်လား၊ သို့သော်လည်း မသေနိုင်သည့် လူစားမျိုး ရှိသေးသည်။ သူတို့အကြောင်းကို ပြောနေကြသူတွေ ရှိနေတတ်သည်။ တစ်ခါတစ်ရံ သူတို့ကို အမှတ်ရမိရာမှ အမှန်ကို လုပ်ကိုင်မိသည်များလည်း ရှိတတ်သည်။

တစ်မနက်တွင် အိမ်နောက်ဘက်ရှိ မြင်းဇောင်းများသို့သွားရင်း ဖေဖေ ပြောဖူးသည့် စကားကို ကျွန်တော် အမှတ်ရမိသည်။ ထိုစဉ်က ဖေဖေသည် ရီနာနှင့် လက်ထပ်ပြီးစ အချိန် ဖြစ်သည်။

နီတားဒါးသည် မြင်းသစ်တစ်ကောင်ကို ကျင့်ပေးနေ၏။ အခြေအနေကို ကြည့်ရန် အိမ်နောက်သို့ ကျွန်တော် ဆင်းခဲ့သည်။ မနက် ငါးနာရီသာ ရှိသေးသည်။ သို့သော်လည်း သဲကန္တာရထဲမှာ နေထွက်စပြုပြီ။

မြင်းသည် အလွန် ရိုင်းနေ၏။ နီတားဒါးကို အတက်မခံ။ ကဆုန်ပေါက်ပြီး ခါချနေသည်။ နောက်ဆုံး ခါချရုံသာမက နီတားဒါး၏ ကိုယ်ပေါ်သို့ လှဲချရန်ပင် ကြိုးစားသည်။ နီတားဒါးသည် မြဲအပြင်သို့ရောက်အောင် ရှောင်ထွက်လိုက်ရသည်။

"တော်တော်ဆိုးတဲ့ မြင်းကွာ"

ဟု နီတားဒါးက ပြောသည်။

"ဒီမြင်းကို ဘာလုပ်ဦးမှာလဲ"

ကျွန်တော်က သိချင်ဇောဖြင့် မေးကြည့်သည်။ နီတားဒါး မြင်းပေါ်က ကျသည်ကို ကျွန်တော် အလွန် မြင်ရခဲ့သည်။

မြင်းကိုဖမ်းပြီး ပြန်ဆွဲလာသည်ကို နီတားဒါးက ကြည့်နေသည်။

"တစ်ခါလောက် စီးကြည့်ဦးမယ်၊ မရရင်တော့ မလှုပ်နိုင်အောင် ဆော်ပစ်ရမယ်"

"ဒီမြင်းကို မင်း အဲဒီအတိုင်းပဲ လုပ်ရမှာ"

ကျွန်တော်တို့ နောက်ဘက်မှ ဖေဖေ့အသံ ပေါ်လာသည်။ နီတားဒါးနှင့်ကျွန်တော်က နောက်သို့ လှည့်ကြည့်ကြသည်။ ဖေဖေသည် စက်ရုံသို့သွားရန် အဝတ်အစား လဲထားပြီးဖြစ်၏။ ဝတ်စုံနှင့် လည်စည်းကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။

"ဒီကောင့် နှုတ်သီးကို မင်း ခြင်းစွပ်ထားရမှာပေါ့၊ ဒါမှ မင်းကို မကိုက်နိုင်မှာ"

"ဘယ်သူမှ ဒီကောင်နား မကပ်ရဲဘူး။ လက်တစ်ဖက် အဆုံးခံမှ သူ့အနားကပ်လို့ရမှာ"

နီတားဒါးက ဖေဖေ့ကို ကြည့်ရင်း ပြန်ဖြေသည်။

"အဓိပ္ပာယ် မရှိတာကွာ"

ဖေဖေ့အသံက ခပ်ထန်ထန် ဖြစ်သည်။ မြဲစည်းရိုးပေါ်မှကျောက္ကင်းအတို တစ်ခုကို ယူပြီး မြင်းဇောင်းအတွင်းသို့ ဖေဖေ ဝင်သွားသည်။

မြင်းက မြေကြီးကို ခွာဖြင့် ရှပ်နေသည်။ ဖေဖေ့ကိုလည်း ဒေါသဖြစ်သည့် မျက်လုံးများဖြင့် ကြည့်နေသည်။ မက်ဆီကန်နှစ်ယောက်က သူတို့၏ ကျော့ကွင်းများဖြင့် မြင်းဇက်ကို စွတ်ပြီး တင်းတင်းကိုင်ထားကြသည်။ ဖေဖေက မြင်း၏နှာတံကို ကိုင်မည်ပြုသောအခါ မြင်းက ရှေ့ခြေဖြင့် လှမ်းပေါက်သည်။ လွတ်ရုံကလေး ရှောင်လိုက်နိုင်သည်။

ဖေဖေသည် ခဏရပ်နေသေး၏။ မြင်း၏မျက်စိနှစ်လုံးကို သေသေချာချာ ကြည့်

နေပြီး ရှေ့တိုးသွားပြန်သည်။ မြင်းက ခေါင်းကို ခါယမ်းလိုက်ပြီး ခွာနှင့်ခုတ်ပြန်သည်။ သို့သော် မခုတ်မိလိုက်။

မြင်းသည် တကယ် ရိုင်းနေပြီဖြစ်၏။ ဒေါသလည်း ကြီးနေပြီဖြစ်၏။ သူ့ကျောပေါ်တွင် တက်စီးသူကို ခါချသည့်အလား တစ်ကိုယ်လုံး တွန့်လိမ်ခုန်ပေါက်နေသည်။ မက်ဆီကန်နှစ်ယောက်က သူတို့လက်ထဲမှ ကြိုးများကို တင်းတင်းကိုင်ရင်း မြင်းကို ငြိမ်အောင် ထိန်းနေကြသည်။ ခဏအကြာတွင် ငြိမ်သွားသောအခါ ဖေဖေက ရှေ့တိုးသွားပြန်သည်။

"မင်းလောက်များတော့ကွာ"

ဟု ဖေဖေကပြောရင်း မြင်းကို ကြည့်နေသည်။ မြင်းက ဖေဖေ့ကိုကိုက်ရန် ကြိုးစားသည်။ လက်ကို လွတ်ရုံကလေး ရှောင်လိုက်သောကြောင့် ဖေဖေ့လက်နှင့် မြင်း၏ခေါင်း သွားတိုက်မိသည်။

"လွှတ်ပေးလိုက်စမ်း"

ဟု ဖေဖေက ပြောသောအခါ မက်ဆီကန်နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် မျက်လုံးချင်းဆိုင် ကြည့်နေကြသည်။ မြင်းခေါင်းနှင့် ဖေဖေ့ခေါင်းသည် အမြင့်ချင်း အတူတူလောက် ဖြစ်နေ၏။ ဖေဖေ လက်မြှောက်လိုက်သောအခါတွင် မြင်းက လှုပ်ရှားလာသည်။ သွားကိုဖြဲပြီး ကိုက်ရန်ကြိုးစားသည်။ ခွာဖြင့်လည်း ပေါက်ရန်ကြိုးစားသည်၊ ယခုအချိန်တွင် မြင်းက ရှေ့သို့ တိုးလိုက်လာသည်။ ဖေဖေက နောက်သို့ ဆုတ်ပေးသည်။

ဖေဖေ လက်သီးဆုပ်သည်ကို ကျွန်တော် တွေ့လိုက်ရ၏။ ပြီးတော့ ခေါင်းပေါ်သို့ မြှောက်သွားသည်။ မြင်းကလည်း မြေကြီးကို ခွာများဖြင့် ရှပ်နေသည်။ ထိုအခိုက်မှာပင် ဖေဖေ၏လက်သီးသည် တူနှင့်ထုလိုက်သလို မြင်း၏မျက်လုံးနှစ်လုံး အထက်နားသို့ ကျသွားသည်။ လက်သီးနှင့် ထိုးလိုက်သောအသံသည် ဗုံးခပ်သေးသေး တစ်လုံး ပေါက်ကွဲသလောက် ပြင်းထန်သည်။ အိမ်ဘက်သို့ပင် ပဲ့တင်သံ ထွက်သွားသည်။ မြင်းသည် ခဏကြာအောင် မလှုပ်မယှက် ရပ်နေသေး၏။ တဖြည်းဖြည်းနှင့် ဒူးထောက်လျက် ကျသွားသည်။ စောစောက အလွန် သန်မာသည့် ခြေထောက်များသည် ယခု မျှော့ကြိုးလို ပျော့သွား၏။

ဖေဖေက ရှေ့သို့တိုးသွားကာ လည်ပင်းကို လက်ဝါးဖြင့် ရိုက်ချလိုက်ပြန်သည်။ မြင်းရိုင်းလည်း ဘေးသို့စောင်းပြီး လဲကျသွား၏။ ခဏငြိမ်နေသည်။ ပြီးတော့မှ ခေါင်းထောင်ပြီး ဖေဖေ့ကို မော့ကြည့်သည်။ မက်ဆီကန်နှစ်ယောက်၊ နီဗားဒါးနှင့် ကျွန်တော်တို့လေးယောက်ကလည်း မလှုပ်မယှက် ရပ်ကြည့်နေကြသည်။ ထောင်ထားသော မြင်းခေါင်း၏ အရိပ်သည် နံနက်နေရောင်ဖြင့် တစ်ဖက်သို့ ကျနေသည်။ သို့သော်လည်း ဖေဖေ့အရိပ်က သူ့အရိပ်ထက် ပိုရှည်ပြီး မိုးနေသည်။ ဖေဖေနှင့်မြင်းသည် အပြန်အလှန် စိုက်ကြည့်နေကြသည်။ မြင်းက အလွန် ကျယ်လောင်စွာ ဟီလိုက်ပြီး မြေကြီးပေါ်သို့ ခေါင်းစိုက်ကျသွားတော့သည်။

ဖေဖေသည် မြင်းကိုငုံ့ကြည့်ပြီး ပါးချပ်ကြိုးကိုယူကာ မြင်း၏ပါးစပ်ထဲသို့ ထည့်လိုက်သည်။ ပြီးတော့ မြင်းကို ဆွဲထူပေး၏။ မြင်း၏ ခြေထောက်များသည် တဆတ်ဆတ် တုန်နေသည်။ သူ့ရှေ့မှ ဖေဖေ ဖြတ်လျှောက်လာသည့်အချိန်တွင်လည်း သူ့ခေါင်းကို မော့မလာတော့။

"ဒီကောင် မင်းကို ဘာဒုက္ခမှ မပေးတော့ဘူး"

ဖေဖေက ကျော့ကွင်းကို ခြံစည်းရိုးပေါ်သို့ ပစ်တင်ရင်း အိမ်ဘက်သို့ ပြန်သွားသည်။ ပြီးတော့ နောက်သို့ ပြန်လှည့်မကြည့်ဘဲ ကျွန်တော့်ကို ခေါ်သည်။

"သား၊ ဖေဖေနဲ့အတူတူ မနက်စာစားမယ်"

"ဟုတ်ကဲ့ဖေဖေ"

ဖေဖေ့နောက်သို့ ကျွန်တော် လိုက်သွားသောအချိန်တွင် နီဗားဒါးသည် မြင်းဇောင်းဆီသို့ ပြန်လျှောက်သွား၏။ အိမ်ဝသို့ ရောက်သောအခါ ဖေဖေနှင့်ကျွန်တော်က နီဗားဒါးကို ပြန်လှည့်ကြည့်သည်။ မြင်းပေါ်သို့ နီဗားဒါး တက်လိုက်၏။ မြင်းသည် အလွန် ကျိုးနွံသွားပြီ ဖြစ်လေသည်။

"မြင်းတချို့ဟာ လူတွေလိုပဲ၊ ငယ်ထိပ်ကို နာနာနှက်ပေးမှ ကျောင်းမှန်းကန်မှန်း သိတတ်ကြတယ်"

ဖေဖေက ကျွန်တော့်ဘက်လှည့်ပြီး မပြုံးမရယ်ဖြင့် ပြောသည်။

"မြင်းအကြောင်းကို ဖေဖေ ဒါလောက် သိမယ်လို့ ကျွန်တော် မထင်ခဲ့ဘူး။ မြင်းဇောင်းကို ဖေဖေ တစ်ခါမှ လာတာမှ မဟုတ်တာ"

"ဟုတ်တယ်၊ ဖေဖေက သားကိုပဲ ဂရုစိုက်နေတာကိုး၊ လောကမှာ သား လေ့လာစရာတွေ အများကြီးရှိသေးတယ်"

ကျွန်တော်က သဘောကျစွာ ရယ်မိသည်။

"မြင်းခေါင်းကို ဖေဖေ ရိုက်လိုက်တာကို ကျွန်တော် လေ့လာလိုက်မိပါတယ်"

"ဒါလည်း လေ့လာစရာပေါ့ကွ၊ ဖေဖေ ဒီလို မလုပ်မချင်း နို့တားဒါး စီးလို့မှမရတာ၊ အဲဒါကြောင့်. . ."

ဖေဖေက ကျွန်တော့်ဘက် ပြန်လှည့်သည်။ ဖေဖေသည် အလွန် ထွားကျိုင်းသူဖြစ်သည်။ အရပ်က ခြောက်ပေရှိသည်။ သို့သော်လည်း ကျွန်တော်က ဖေဖေ့ထက် ပိုမြင့်သည်။

"အဲဒါကြောင့် ငါ့သားဟာ ဘယ်လောက်ပဲကြီးလာလာ၊ ဖေဖေ့ ဖိနပ်ကို ဖေဖေက စီးခွင့်မပေးသေးသမျှ သားဟာ လူကြီးမဖြစ်သေးဘူး"

ဟု ဖေဖေက ခပ်ဖြည်းဖြည်း ပြောသည်။

ထိုအဖြစ်အပျက်သည် (၁၂) နှစ်လုံးလုံး ကြာမြင့်ခဲ့ပြီ။ သို့သော်လည်း ယခုပင် ဖေဖေ ပြောနေသည့်အလား ကျွန်တော် ပြန်လည် ကြားယောင်နေမိသည်။

ကျွန်တော်သည် ဖေဖေ၏ လောင်းရိပ်အောက်မှ ယခုထက်တိုင်အောင် မလွတ်နိုင်သေး။ ဖေဖေ ပြောခဲ့သည့် စကားများကို ပြန်လည် ကြားယောင်နေမိသဖြင့် မိမိကိုယ်မိမိ ပြန်ပြီး ဒေါသထွက်မိသည်။ ထို့ကြောင့် စားပွဲကို လက်သီးဖြင့် ထိုးလိုက်မိသည်။ ကျွန်တော့်လက်မှာ ကျင်ခနဲ နာသွားသည်။

"မစ္စတာကော့"

အံ့ဩတကြီးဖြင့် ကျွန်တော် မော့ကြည့်လိုက်သည်။ မောရစ်ဆေသည် အခန်းဝမှာ ရပ်နေ၏။ သူ့ပါးစပ်သည် ပွင့်နေ၏။ သူ့ကို မြင်သောအခါကျမှ ကျွန်တော်လည်း သတိပြန်ရလာသည်။

"အဲဒီမှာ ရပ်မနေနဲ့၊ အထဲကိုဝင်ခဲ့"

ကျွန်တော်က လှမ်းအော်သည်။ တုံ့ဆိုင်းဆိုင်းဖြင့် သူ ဝင်လာသည်။ ခဏအကြာတွင် ဖော်ရက်စတာပါ ရောက်လာပြီး သူတို့နှစ်ယောက် အခန်းတွင်းသို့ ခပ်ဖြည်းဖြည်း ဝင်လာကြ၏။

"ထိုင်ကြဗျာ၊ ရော့ အရက်သောက်"

ကျွန်တော်က သူတို့ဘက်သို့ ပုလင်းကို တွန်းပေးလိုက်သည်။ ဖော်ရက်စတာက ဖန်ခွက်ထဲ ထည့်သောက်သည်။

"ဒါထက် ခင်ဗျား အဘိုးကြီး ဘယ်ရောက်သွားပြီလဲ"

"မြို့ထဲပြန်သွားတယ်၊ မီလွာသုံးစက္ကူထုတ်တဲ့ လူတစ်ယောက်နဲ့ ချိန်းထားတယ်"

"အဲဒီ စက္ကူကိုတော့ သူကိုယ်တိုင် ကောင်းကောင်း စစ်ဆေးကြည့်နိုင်ပါလိမ့်မယ်"

ကျွန်တော်က ရယ်လိုက်သည်။ ဖော်ရက်စတာကလည်း ဝင်ရယ်သည်။ မောရစ်ဆေသာလျှင် မရယ်မပြုံးဘဲနှင့် ထိုင်နေသည်။ ကျွန်တော်က သူ့ဆီသို့ ပုလင်းကို တွန်းပေးလိုက်ပြန်သည်။ သူက ခေါင်းခါပြ၏။

"ကျွန်တော်တို့ အခု ဘာလုပ်ကြမလဲ"

ကျွန်တော်သည် သူ့ကို ခဏ စိုက်ကြည့်နေမိသည်။ ပြီးတော့မှ အရက်ပုလင်းကိုယူပြီး ကျွန်တော့်ခွက်ထဲသို့ ဖြည့်ထည့်လိုက်သည်။

"အမေရိကန်ပြည်ထောင်စုကို စစ်ကြေညာရရင် ကောင်းမလားလို့ အခုပဲ စဉ်းစားနေတယ်။ ကျုပ်တို့ လေယာဉ်ပျံတွေဟာ ဘယ်လောက် ကောင်းတယ် ဆိုတာ သူတို့ သိအောင် လုပ်ပြဖို့ ဒီတစ်လမ်းပဲ ရှိတော့တယ်"

မောရစ်ဆေသည် ယခုအချိန်အထိလည်း မရယ်မပြုံးသေး။

"ကျွန်တော် ဆွဲခဲ့သမျှ ပုံစံတွေထဲမှာ စီအေ (၄) လေယာဉ်ပျံဟာ အကောင်းဆုံးပါပဲဗျာ"

"အဲဒီတော့ ဘာဖြစ်သလဲ၊ ခင်ဗျား ပိုက်ဆံ တစ်ပြားကုန်ရတာမှ မဟုတ်ဘဲ။ ကျုပ်ကုန်ရတာပဲ၊ လေယာဉ်ပျံလုပ်တာကလွဲပြီး တခြားရော ခင်ဗျား ဘာလုပ်တတ်လို့လဲ။ တခြားကိစ္စကို ခင်ဗျား စိတ်ဝင်စားတတ်တဲ့လူ မဟုတ်ဘူး။ ရိနာမာလိုးအတွက် ဘရာစီယာလေးတစ်ခုပဲ ခင်ဗျား တီထွင်ပေးဖူးတယ်"

ကျွန်တော် ပြောသည်မှာ အမှန် ဖြစ်ပါသည်။ မောရစ်ဆေသည် လေယာဉ်ပျံ တည်ဆောက်သည့် အလုပ်ကလွဲပြီး အခြား ဘာကိုမှ စိတ်ဝင်စားသူ မဟုတ်ချေ။ မက်အယ်လစ္စတာက သူ့ကို ကောင်းစွာ အကဲခတ်မိခဲ့သည်။ သူ့ကို လစာကောင်းကောင်း ပေးထားသည်။ သူ တီထွင်သည့် လေယာဉ်ပျံများသည် ကော့လေယာဉ်ကုမ္ပဏီ၏ နာမည်သာ ခံယူရမည်။ မက်အယ်လစ္စတာက မောရစ်ဆေကို ခိုင်ကြေးအဖြစ် ဆယ်ရာခိုင်နှုန်းပေးသည်။ လုပ်သက်ဆုလည်း ပေးသေးသည်။ ထို့ကြောင့်လည်း ကုမ္ပဏီတွင် သူ့အစုသည် ဒေါ်လာတစ်သိန်းအထိ ရှိလာပြီ ဖြစ်သည်။ ကျွန်တော့် ကုမ္ပဏီ၏ အစုများသည် ဈေးကွက်တွင်လည်း အလွန် ဈေးကောင်းနေသည်။

မောရစ်ဆေသည် ကျွန်တော့်ကို ဘာမှ ပြန်မပြော။ သူ ပြန်ပြောလိမ့်မည်ဟု၍လည်း ကျွန်တော် မမျှော်လင့်။ သူသည် ငွေကို ဂရုစိုက်သူ မဟုတ်။ ငွေအတွက် လူဖြစ်လာသူ မဟုတ်။ အလုပ်လုပ်ဖို့အတွက် အသက်ရှင်နေခြင်း ဖြစ်သည်။

သောက်လက်စ အရက်ကို ကျွန်တော် လက်စသိမ်းလိုက်သည်။ ယခု တည်ဆောက်ပြီးသည့် လေယာဉ်ပျံများ မရောင်းရလျှင် ကျွန်တော် ငွေပေါင်းများစွာ ဆုံးရှုံးပေမည်။ သန်းနှင့်ချီပြီး ဆုံးရှုံးမည် ဖြစ်သည်။ သည်လိုတော့လည်း အဖြစ်မခံနိုင်။

"ကျွန်တော် တစ်ခုခုများ လုပ်ပေးနိုင်မလား မသိဘူး"

ဟု ဖော်ရက်စတာက ဝင်ပြောသည်။

မောရစ်ဆေ၏ မျက်နှာတွင် မျှော်လင့်ချက် ရောင်ခြည်များ ပေါ်လာသည်။

"ဗိုလ်မှူး လုပ်ပေးနိုင်မယ်လား"

ဖော်ရက်စတာက ပခုံးတွန့်ပြသည်။

"လုပ်ပေးနိုင်မလား မသိဘူးလို့ ကျွန်တော် ပြောတာပါ"

"ဘာကို ဆိုလိုတာလဲ"

ကျွန်တော်က ဖော်ရက်စတာကို ကြည့်ပြီး မေးသည်။

"ကျွန်တော် တွေ့ခဲ့ဖူးသမျှထဲမှာ ဒီလေယာဉ်ပျံဟာ အကောင်းဆုံးပါပဲ။ ဒီအဘိုးကြီးရဲ့ မိုက်မဲမှုကြောင့်တော့ ကျွန်တော်တို့ ဒီလေယာဉ်ပျံကို အဆုံးမခံနိုင်ဘူး"

"ကျေးဇူးတင်ပါတယ်ဗျာ၊ တစ်ခုခုသာ လုပ်ပေးနိုင်မယ် ဆိုရင်တော့ ကျွန်တော်တို့ သိပ်ဝမ်းသာမှာပါပဲ"

ဖော်ရက်စတာက ပြုံးသည်။

"ခင်ဗျား ကျေးဇူး ကျွန်တော့်အပေါ်မှာ ဘာမှ မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်ဟာ ခေတ်နောက်ပြန်ဆွဲနေတဲ့ လူကြီးတွေလို မဟုတ်ပါဘူး။ တော်တော်ကြာ ရန်သူက ထတိုက်တဲ့အခါ ကျွန်တော်တို့လက်ထဲမှာ လေယာဉ်ပျံကောင်း မရှိရင် ခံနေရလိမ့်မယ်။ ဒါမျိုးတော့ အဖြစ်မခံနိုင်ဘူး"

သူ ပြောသည်မှာ မှန်သဖြင့် ကျွန်တော်က ခေါင်းညိတ်ပြသည်။

"သူတို့ မကြာခင် စစ်ကြေညာကြတော့မှာပါ။ အားလုံး အဆင်သင့်ဖြစ်နေပြီလို့ ဟစ်တလာက ဆုံးဖြတ်တာနဲ့ တစ်ပြိုင်တည်း စစ်တိုက်ကြတော့မှာပဲ"

"ဘယ်တော့လောက် ဖြစ်မယ်လို့ ခင်ဗျား ထင်သလဲ"

"သုံးနှစ်၊ ဒါမှမဟုတ် လေးနှစ်ပေါ့၊ လေ့ကျင့်ပြီး လေယာဉ်မှူးနဲ့ လေယာဉ်ပျံတွေ အလုံအလောက်ရှိလာတဲ့ အခါမျိုးပေါ့"

ဟု ကျွန်တော်က ပြန်ပြောသည်။

"သူ ဘယ်ကရမလဲ၊ အခုထက်ထိ မရသေးဘူး မဟုတ်လား"

"သူ ရတော့မယ်၊ အခုဆိုရင်လည်း ဂလိုက်ဒါ (စက်မဲ့လေယာဉ်) သင်တန်းကျောင်းတွေက လေယာဉ်မှူးတစ်သောင်းကို လတိုင်း မွေးထုတ်ပေးနေပြီ၊ မက်ဆာရှမစ်ကလည်း သူတို့ရဲ့ အမ်အီး (၁၀၉) လေယာဉ်ပျံတွေကို စထုတ်နေကြပြီ"

"ဟစ်တလာဟာ မက်ဂီနေ့လေယာဉ်တွေကို မသုံးဘဲ ပစ်ပယ်ထားမယ်ဆိုရင် အင်အားသိပ်ကြီးလာမှာ မဟုတ်ဘူးလို့ ကျွန်တော်တို့ စစ်ဦးစီးဌာနက ထွက်လာတယ်"

"ပစ်ပယ်ထားမှာ မဟုတ်ဘူး၊ ထပ်တိုးချဲ့ပြီး လုပ်မှာ"

ဟု ကျွန်တော်က ပြန်ပြောသည်။

"ဒါဆိုရင်တော့ ကျွန်တော်တို့ဘက်ကလည်း လိုအပ်တာတွေ ပြင်ဆင်ရတော့မှာပေါ့၊ ကျွန်တော်တို့ လေယာဉ်ပျံတွေကိုလည်း ကျွန်တော်တို့ ပြန်ဆန်းစစ်ရတော့မယ်။ ဒါထက် နေပါဦး။ ခင်ဗျား ပြောနေပုံက ကိုယ်တိုင်သိထားတဲ့အတိုင်းပဲ"

ဟု သူက ကျွန်တော့်ကို နားမလည်သလိုကြည့်ရင်း မေးသည်။

"ကျွန်တော် သိတာပေါ့၊ လွန်ခဲ့တဲ့ကိုးလလောက်ကမှ ကျွန်တော် ဂျာမနီက ပြန်လာခဲ့တာပဲ"

"အို ဟုတ်တာပေါ့၊ ကျွန်တော် သတိရပြီ။ ခင်ဗျားအကြောင်းနဲ့ ပတ်သက်ပြီး သတင်းစာတွေမှာတောင် ပါသေးတာပဲ၊ ခင်ဗျား မကောင်းကြောင်း ရေးတာထင်တယ်၊ ဟုတ်တယ် မဟုတ်လား"

ကျွန်တော်က ရယ်မိသည်။

"ဟုတ်ပါတယ်၊ လူတချို့က ကျွန်တော့်ကို နာဇီ လိုလားသူ၊ နာဇီဘက်တော်သားလို့ စွပ်စွဲကြတာပါ"

"ဂျာမနီက ရိချ်ဘဏ်ကို ဒေါ်လာတစ်သန်း ခင်ဗျား လွှဲပေးလိုက်တယ် မဟုတ်လား"

ကျွန်တော်က ဖော်ရက်စတာကို တစ်ချက်ကြည့်လိုက်မိသည်။ သူသည် ရိုးပုံရိုးပန်းထင်ရသော်လည်း လူအတစ်ယောက် မဟုတ်ကြောင်း ကျွန်တော် အကဲခတ်လိုက်မိသည်။

"ငွေကြေးတွေ တခြားတိုင်းပြည်ကို လွှဲပြောင်းမပေးရလို့ သမ္မတရှစ်ဗယ့် အမိန့် မထုတ်ခင် တစ်နေ့မှာပဲ ကျွန်တော် လွှဲပေးလိုက်တယ်"

"အမိန့်ထုတ်တော့မယ် ဆိုတာ သိတယ် မဟုတ်လား။ တစ်ရက်လောက် စောင့်လိုက်ရင် ခင်ဗျား ပိုက်ဆံမကုန်ဘူးပေါ့"

"မစောင့်နိုင်ဘူး၊ ဂျာမနီကို ဒီငွေ ပေးကိုပေးမှ ဖြစ်မယ်"

"ဘာဖြစ်လို့လဲ၊ ဂျာမနီဟာ ကျွန်တော်တို့ရဲ့ အတွင်းကျိတ်ရန်သူ ဆိုတာ ခင်ဗျားလည်း သိသားပဲ မဟုတ်လား၊ တစ်နေ့မှာ သူနဲ့ပဲ ကျွန်တော်တို့ စစ်ဖြစ်ရမှာ"

"ဂျူးလူမျိုးတစ်ယောက်ကို ငွေပေးပြီး ရွေးယူလိုက်တာပါဗျာ"

"ကျွန်တော်နဲ့ အလွန် ရင်းနှီးတဲ့ သူငယ်ချင်း တချို့ဟာလည်း ဂျူးလူမျိုးတွေပါပဲ။ ဒါပေမယ့် သူငယ်ချင်းတစ်ယောက်အတွက်တော့ ဒေါ်လာတစ်သန်းကြီးတောင် မပေးနိုင်ပါဘူး"

ဟု ဖော်ရက်စတာက ပြောသည်။

သူ့ကို ကျွန်တော် ခဏကြာမျှကြည့်နေပြီး ကျွန်တော့်အရက်ခွက်ထဲကို အရက်ထပ်ဖြည့်သည်။

"ကျွန်တော့်မိတ်ဆွေ ဂျူးကတော့ ပေးကို ပေးထိုက်တဲ့လူပါပဲ"

* * *

သူ့အမည်သည် အော်တိုစထရပ်စ်မာ ဖြစ်သည်။ သူသည် ကြွေထည်လုပ်ငန်းများတွင် အမျိုးအစား ကောင်းမကောင်း စစ်ဆေးပေးရသည့် အင်ဂျင်နီယာ ဖြစ်ခဲ့သည်။ ထို့နောက် ကြွေထည်လုပ်ငန်းမှ ပလတ်စတစ်လုပ်ငန်းသို့ ပြောင်းလုပ်သည်။

အမေရိကန် ဆေးကုမ္ပဏီများသို့ ဒေါ်လာ (၁၂) သန်းခွဲဖြင့် ကျွန်တော် ရောင်းလိုက်သည့် ထိုးဆေး ပလတ်စတစ်ပုံလောင်းစက်သည် သူ တီထွင်သော ပုံစံ ဖြစ်သည်။ အော်တိုစထရပ်စ်မာထံမှ ကျွန်တော်က ဝယ်ယူပြီး အမေရိကန် ဆေးကုမ္ပဏီများကို တစ်ဆင့် ပြန်ရောင်းစားခြင်း ဖြစ်သည်။

စောစောပိုင်းက သူနှင့်ကျွန်တော် သဘောတူညီခဲ့သည်မှာ သူ့ကို နှစ်စဉ် ခိုင်ကြေး ပေးသွားရန် ဖြစ်သည်။ သို့သော်လည်း နှစ်ပေါင်း အတန်ကြာသောအခါ စထရစ်စ်မာက ထိုသဘောတူညီချက်ကို ပြောင်းလဲချင်လာသည်။ ထိုနှစ်သည် (၁၉၃၇) ခုနှစ် ဖြစ်၏။ ဟစ်တလာ အာဏာရလာစအချိန် ဖြစ်သည်။

ဥရောပတိုက်သို့ တစ်နှစ် တစ်ကြိမ် ကျွန်တော် အလည်သွားလေ့ရှိပါသည်။ တစ်နှစ်တွင် ကျွန်တော် ဘာလင်မြို့သို့ရောက်နေခိုက် ကျွန်တော် တည်းခိုရာဟိုတယ်သို့ အော်တို စထရစ်စ်မာ ရောက်လာသည်။ သူ တီထွင်ထားသည့် ပုံလောင်းစက်အတွက် ခိုင်ကြေးကို မယူလိုတော့ကြောင်း၊ ဒေါ်လာတစ်သန်းဖြင့် အပြီးအပြတ် ရောင်းလိုကြောင်း ပြောသည်။ ထိုငွေ တစ်သန်းရမည်ဆိုလျှင် အမေရိကန်ပြည်ထောင်စုသို့ သူ သွားရောက်နေထိုင်ခွင့်ရမည်ဟု ဆိုသည်။ ငွေတစ်သန်းကို သူ ရမည်မဟုတ်။ နာဇီများကို ရံပုံငွေအဖြစ် ပေးရမည်။ သို့မှသာ သည်နိုင်ငံမှ သူ ထွက်ခွာခွင့် ရမည်ဟု ဆိုသည်။

ကျွန်တော့်အနေဖြင့် ဘာမှ ငြင်းစရာ မရှိ။ သူ့ကို နှစ်စဉ် ခိုင်ကြေးပေးနေရမည်ဆိုပါက တစ်သန်းမက ပေးရမည် ဖြစ်သည်။ သို့သော်လည်း ဘာကြောင့် ဤကဲ့သို့ သူ တောင်းကြောင်းကို ကျွန်တော် နားမလည်။ ထို့ကြောင့် သူ့ကို မေးကြည့်မိသည်။

သူသည် ထိုင်ရာမှထကာ ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။

"ဘာကြောင့်လဲလို့ ကျွန်တော့်ကို မေးတယ် မဟုတ်လား ဟားကော့၊ ဘာကြောင့်လဲ ဆိုတာ သိချင်ရင် ဟောဟိုမှာ ကြည့်ပါ"

သူက အလွန်ဝဲသော အင်္ဂလိပ်စကားဖြင့် ပြောသည်။ ပြီးတော့ အပြင်ဘက်သို့ လက်ညှိုးထိုးပြသည်။

ကျွန်တော် ထိုင်ရာမှထသွားပြီး သူ ညွှန်ပြရာကို ကြည့်မိသည်။ ရှပ်ညိုဝတ်ထားသော လူငယ်တစ်စုသည် အသက် အတန်ငယ်ကြီးပြီဖြစ်သည့် လူကြီးတစ်ယောက်ကို ဝိုင်းဝန်း ရိုက်နှက် ထိုးကြိတ်နေကြသည်။ အရိုက်ခံရသူသည် လမ်းဘေးမှာ လဲနေ၏။ သူ့နှာခေါင်းမှလည်း သွေးများ ယိုစီးကျနေ၏။ ရှပ်ညိုဝတ်ထားသည့် လူငယ်များသည် ထိုသူကို ခဏ စောင့်ကြည့်နေကြသေးသည်။ ပြီးမှ ခြေထောက်များဖြင့် အချက်ပေါင်းများစွာ ကန်ကျောက်ထားခဲ့ပြီး အခြားသို့ ထွက်သွားကြသည်။

ကျွန်တော်က စထရစ်စ်မာဘက်သို့ လှည့်ပြီး စူးစမ်းသလို ကြည့်သည်။

"အရိုက်ခံရသူဟာ ဂျူးလူမျိုးပါပဲ ဟားကော့"

သူက ခပ်တိုးတိုး ပြောပြသည်။

"အဲဒါ ဘာဖြစ်သလဲ၊ သူက ဘာဖြစ်လို့ ရဲကို မခေါ်တာလဲ"

စထရစ်စ်မာက လက်ညှိုးထိုးပြပြန်သည်။ သူပြသည့်နေရာတွင် ရဲသားနှစ်ယောက် ရပ်နေသည်။

"သူတို့အားလုံး မြင်နေရတာပဲ"

"မြင်နေရင် ဘာဖြစ်လို့ သူတို့က ဝင်မတားတာလဲ"

"မတားရဘူးလို့ သူတို့ကို ညွှန်ကြားထားတယ်။ ဂျူးလူမျိုးတွေဟာ ဂျာမန်ဥပဒေအောက်မှာ ဘာအကျိုးခံစားခွင့်မှ မရှိဘူးလို့ ဟစ်တလာက ပြောတယ်"

"ဒါနဲ့ ခင်ဗျားနဲ့ ဘာဆိုင်သလဲ"

"ကျွန်တော်လည်း ဂျူးပဲလေ"

သူက ရိုးရိုးပင် ပြန်ဖြေသည်။ ကျွန်တော် ခဏငြိမ်နေမိသည်။ စီးကရက်တစ်လိပ် ထုတ်ပြီး မီးညှိဖွာနေသည်။

အမှန်တော့ အော်တိုစထရစ်စ်မာသည် ဂျူးလူမျိုး မဟုတ်။ သူကိုယ်တိုင်ကမူ ဂျာမန်လူမျိုးဖြစ်ပြီး သူ့ဇနီးကသာ ဂျူးလူမျိုး ဖြစ်သည်။ သည်အန္တရာယ်များကို ကြိုတင်မြင်သောကြောင့် ဇနီးနှင့်သမီးကို အမေရိကန်ပြည်ထောင်စုသို့ သူ ကြိုတင်ပို့ထားခဲ့သည်။

"ဒေါ်လာတစ်သန်းကို ခင်ဗျားအတွက် ကျွန်တော် ဘာသုံးပေးစေချင်သလဲ"

"ကျွန်တော့်ဆီက တစ်စုံတစ်ခု အကြောင်းမကြားမချင်း ခင်ဗျားဆီမှာပဲ သိမ်းထား

ပေးပါ။ ကျွန်တော့် မိန်းမနဲ့ သမီးက အမေရိကန်ပြည်ထောင်စုကို ရောက်နေကြပါပြီ။ ကျွန်တော် ဒီမှာ အဆင်ပြေနေကြောင်း သူတို့ကို ပြောပြပေးမယ်ဆိုရင် သိပ်ကို ကျေးဇူးတင်ပါတယ်"

"ဘာဖြစ်လို့ သူတို့နောက်ကို ခင်ဗျား လိုက်မသွားတာလဲ"

"အချိန်ကျရင်တော့ သွားမှာပါပဲ။ လောလောဆယ် ကျွန်တော့်မှာက အနှောင်အဖွဲ့တွေ ရှိနေတယ်ဗျာ။ အခုလို စိတ်ရှုပေါက်ပြီး ထင်ရာလုပ်နေကြတာတွေ တစ်နေ့မှာတော့ ပပျောက်သွားကောင်းပါရဲ့လို့ ကျွန်တော် မျှော်လင့်ပါတယ်"

မည်သို့ပင်ဆိုစေ သူ ဆိုလိုသည်များ၊ သူ့မျှော်လင့်ချက်များကို ကျွန်တော် ကောင်းစွာ သဘောမပေါက်နိုင်ခဲ့။ ထို့နောက် တစ်နှစ်ကျော်အကြာ လေတပ်ဗိုလ်ချုပ်ကြီးရိချ်မာစ်ချော၏ ရုံးခန်းတွင် ထိုင်နေသောအခါကျမှ စထရပ်စ်မာ ဆိုလိုသည့်အကြောင်းများကို ကျွန်တော် သဘောပေါက်တော့သည်။

"တစ်ကမ္ဘာလုံးမှာရှိတဲ့ ဂျူးလူမျိုးတွေဟာ ကျုပ်တို့ ဂျာမနီမှာရှိတဲ့ ဂျူးလူမျိုးတွေလိုပဲ ဇာတ်သိမ်းခန်းကို ရောက်နေကြပါပြီ။ ဂျူးတွေကို တိုက်ရမယ့် ကျုပ်တို့ရဲ့ ဘာသာရေးစစ်ပွဲမှာ ပင်လယ်ရပ်ခြားမှာရှိနေကြတဲ့ ကျုပ်တို့မိတ်ဆွေတွေ၊ မဟာမိတ်တွေကပါ ပူးပေါင်းလာမယ်ဆိုရင် ကျုပ်တို့က ဝမ်းသာအားရ ကြိုဆိုပါတယ်"

ကျွန်တော်သည် ငြိမ်နေ၏။ သူ ဆက်ပြောမည့် စကားကိုသာ စောင့်နားထောင်နေသည်။

"မောင်နဲ့ကျုပ်နဲ့ဟာ လေယာဉ်ပျံသမားတွေဆိုတော့ ကျုပ်တို့ အချင်းချင်း နားလည်မှု ရှိပါတယ်"

"မှန်ပါတယ် ခင်ဗျာ"

ကျွန်တော်က ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ကောင်းတယ်၊ ကဲ ဒီလိုဆိုရင် ကျုပ်တို့ အချိန်မဖြုန်းကြစို့နဲ့။ အခု အတည်ပြုလိုက်တဲ့ ဥပဒေသစ်အရဆိုရင် အော်တိုစထရပ်စ်မာပိုင်တဲ့ ပစ္စည်းတွေကို ရိုင်ချ်ဘဏ်က သိမ်းရတော့မယ်။ စထရပ်စ်မာကို မောင်ပေးစရာရှိတဲ့ငွေကို ရိုင်ချ်ဘဏ်တိုက်ကို လွှဲပြောင်းပေးဖို့ မောင့်ကို ဒီမှာ ညွှန်ကြားထားကြောင်း ကျုပ်တို့ နားလည်ပါတယ်"

ညွှန်ကြားထားကြောင်း ဆိုသည့် စကားလုံးကို ကျွန်တော် မကြိုက်။

သို့သော် ကျွန်တော် ဘာမှ မပြောသာ။

"ဟားစထရပ်စ်မာကိုတွေ့ဖို့ ကျွန်တော် ကြိုးစားခဲ့ပါသေးတယ်"

နာဇီခေါင်းဆောင် လေတပ်ဗိုလ်ချုပ်ကြီးက ပြုံးသည်။

"စထရပ်စ်မာ အတော် နေမကောင်း ဖြစ်နေပါတယ်။ ဒါကြောင့် သူ့ကို ဆေးရုံ တင်ထားရပါတယ်"

"ကောင်းပါပြီ ဗိုလ်ချုပ်ကြီး ခင်ဗျား"

ကျွန်တော်က ပြောပြောဆိုဆို ထိုင်ရာမှထသည်။

"ရိုင်ချ်ဘဏ်တိုက်ဟာ သူ့မိတ်ဆွေတွေကို ဘယ်တော့မှ မမေ့ပါဘူး"

ဗိုလ်ချုပ်ကြီးရိချ်မာစ်ချောက ပြောသည်။ ပြီးတော့ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ ဂျာမန်လူငယ် စစ်ဗိုလ်တစ်ယောက် အခန်းဝမှာ ရပ်လာသည်။ ဗိုလ်ချုပ်ကြီးကို နာဇီတို့ အလေးပြုပုံအတိုင်း "ဟိုင်း ဟစ်တလာ"ဟု ပါးစပ်ကအော်ကာ လက်ကိုမြှောက်ပြီး အလေးပြုသည်။ ဗိုလ်ချုပ်ကြီးက အလေးပြန်ပြုပြီး ကျွန်တော့်ဘက်သို့ လှည့်လာသည်။

"ဗိုလ်ကြီးမြူယယ်လာက မက်ဆာရှမစ်စက်ရုံကိုရောက်အောင် မောင့်ကို စောင့်ရှောက်ပြီး လိုက်ပို့ပေးပါလိမ့်မယ်။ ညစာစားပွဲကျရင် မောင့်ကို ကျုပ် ထပ်တွေ့ပါဦးမယ် ဟားကော့"

မက်ဆာရှမစ်စက်ရုံကြီးက ကျွန်တော့် မျက်လုံးများကို ကောင်းကောင်း ဖွင့်ပေးလိုက်တော့သည်။ သည်စက်ရုံကို မြင်ရသောအခါကျမှ ကျွန်တော် အမြင်ပိုကျယ်လာသည်။ သည်စက်ရုံကြီးကဲ့သို့ လေယာဉ်ပျံကို မြောက်မြားစွာ တည်ဆောက်ထုတ်လုပ်နေသည့် စက်ရုံမျိုး အမေရိကန်ပြည်ထောင်စုတွင် လုံးဝ မရှိသေး။ သည်စက်ရုံက လေယာဉ်ပျံများ ထုတ်လုပ်နေပုံသည် ကျွန်တော်တို့ တိုင်းပြည်ရှိ ဒက်ထရွိုက်မြို့မှ မော်တော်ကားစက်ရုံများက မော်တော်ကား

များ အမြောက်အမြား ထုတ်လုပ်နေသည်နှင့်ပင် တူနေတော့သည်။

မက်ဆာရှမစ်၏ ဂူးခန်းထဲမှာ အမ်အီး (၁၀၉) လေယာဉ်ပျံပုံစံငယ်ကို တွေ့ရသည်။ သို့သော်လည်း ကျွန်တော် နှစ်ခါပြန် မကြည့်ခဲ့ပါ။ မထူးခြားသော လေယာဉ်ပျံပင်ဖြစ်ကြောင်း ကျွန်တော် သိသည်။ သည့်ထက်ကောင်းအောင် ကျွန်တော်တို့ ပြုလုပ်နိုင်ပါသည်။

ထိုနေ့ည ညစာစားပွဲတွင် လေတပ်ဗိုလ်ချုပ်ကြီးရိခ်ျမာစ်ချောသည် ကျွန်တော့်ကို ထောင့်တစ်ထောင့်သို့ ခေါ်သွားသည်။

"ကျုပ်တို့ စက်ရုံနဲ့ ပတ်သက်ပြီး မောင် ဘယ်လို ထင်ပါသလဲ"

"ကျွန်တော် အလွန်ပဲ အထင်ကြီးမိပါတယ် ဗိုလ်ချုပ်ကြီး ခင်ဗျား"

"မောင့် စက်ရုံကို ကာလ်းဖိုးနီးယားမှာ ဝယ်ယောင်ပြီးနောက်မှ ကျုပ်တို့ ဒီစက်ရုံကို တည်တာ၊ ဒါပေမယ့် မောင့်စက်ရုံထက် အများကြီး ပိုကြီးတယ်"

ဗိုလ်ချုပ်ကြီးက ပြုံးရင်းပြောသည်။

"မှန်ပါတယ် ခင်ဗျား"

ကျွန်တော် ထောက်ခံလိုက်ရသည်။ ပြီးတော့ ကျွန်တော့်စက်ရုံအကြောင်းကို သူတို့ မည်ကဲ့သို့ သိရှိသွားလေသနည်းဟု စဉ်းစားမိသည်။ တစ်ပြိုင်တည်းမှာပင် ကျွန်တော့်စက်ရုံ သည် တစ်စုံတစ်ရာ လျှို့ဝှက်ထားသည့် စက်ရုံမဟုတ်ကြောင်း သတိရကာ သဘောပေါက်သွား သည်။ ယခုအချိန်အထိ ကျွန်မဟော့စက်ရုံမှ လေယာဉ်ပျံကို အစိုးရက မဝယ်သေး။ ထို့ကြောင့် လျှို့ဝှက်ထားစရာအကြောင်း မရှိ။ ကျွန်တော်တို့ ထုတ်လုပ်နေသည့် လေယာဉ်ပျံများမှာ ခရီး သည်တင် လေကြောင်းကုမ္ပဏီအတွက်သာ ဖြစ်လေသည်။

ဗိုလ်ချုပ်ကြီးက အလွန် သဘောကျစွာဖြင့် ရယ်နေသည်။ ပြီးတော့ ဟစ်နေရာသို့ ထွက်သွားသည်။ ခဏအကြာတွင် ပြန်ရောက်လာပြန်သည်။ ကျွန်တော့်ကို လေသံဖြင့် တိုးတိုး စကားပြောသည်။

"ဒါထက် စကားမစပ်၊ ကျုပ်တို့ကို မောင်က ကူညီပြီး ပူးပေါင်းဆောင်ရွက်ပေးတဲ့ အတွက် ကျုပ်တို့ ခေါင်းဆောင်ကြီး ဟစ်တလာက မောင့်ကို အထူးပဲ ကျေးဇူးတင်နေပါတယ်။ မောင့်ဆီက ငွေကို ကျုပ်တို့ ဘယ်တော့လောက်ရမယ်လို့ ခေါင်းဆောင်ကြီး ဟစ်တလာကို ကျုပ် အစီရင်ခံရမလဲ"

ကျွန်တော်က ဗိုလ်ချုပ်ကြီး၏ မျက်နှာကို ကြည့်သည်။

"နယူးယောက်မှာရှိတဲ့ ကျွန်တော့်ရုံးခန်းထဲကို အော်တိုစထရပ်စ်မာ ဝင်လာတဲ့နေ့မှာ ရရပါစေ့မယ် ဗိုလ်ချုပ်ကြီး ခင်ဗျား"

သူက အံ့ဩသည့် အမူအရာဖြင့် ကျွန်တော့်ကို ပြန်ကြည့်သည်။

"ဒီလိုဆိုရင်တော့ ခေါင်းဆောင်ကြီး ဟစ်တလာက သဘောကျလိမ့်မယ် မထင်ဘူး။ မောင်ဟာ ကျုပ်တို့ရဲ့ မိတ်ဆွေဖြစ်ကြောင်း ကျုပ်က ခေါင်းဆောင်ကြီးကို အစီရင်ခံထားခဲ့ဖူးတယ်"

"ကျွန်တော်ဟာလည်းပဲ ဟားစထရပ်စ်မာရဲ့ မိတ်ဆွေဖြစ်ပါတယ် ဗိုလ်ချုပ်ကြီး ခင်ဗျာ"

ကျွန်တော့်ကို သူ နောက်ထပ်တစ်ခါ ကြည့်ပြန်သည်။

"ဒီအတိုင်းဆိုရင်တော့ ခေါင်းဆောင်ကြီးကို ကျုပ် ဘယ်လို အစီရင်ခံရမှန်းတောင် မသိတော့ဘူး။ ကျုပ်တို့ မောင့်ဆီက ပိုက်ဆံမရဘူး ဆိုတာကိုသာ သူ သိရင်တော့ အင်မတန် မကျေမနပ် ဖြစ်လိမ့်မယ်"

"ဒီကိစ္စမှာ သူ မကျေမနပ်ဖြစ်အောင် ကျွန်တော်တို့ ဘာဖြစ်လို့ လုပ်ကြမလဲ ခင်ဗျာ။ အော်တိုစထရပ်စ်မာ ကျွန်တော့်ဆီကို ရောက်လာတာနဲ့ တစ်ပြိုင်တည်း ကျွန်တော် ငွေတစ်သန်း ပေးမှာပါပဲ၊ သူ့ကို ဒီတိုင်းပြည်က ထွက်ခွင့်ပေးလိုက်ရင် ဗိုလ်ချုပ်ကြီးတို့ရော ကျွန်တော်ပါ နှစ်ဦးနှစ်ဝ အကျိုးရှိပါတယ်။ နှမ်းတစ်ပွင့်နဲ့ ဆီမဖြစ်နိုင်သလို အော်တိုစထရပ်စ်မာဆိုတဲ့ ဂျူးလူမျိုးတစ်ယောက် အတွက်ကြောင့်တော့ ဗိုလ်ချုပ်ကြီးတို့ ဂျာမနီနိုင်ငံအဖို့ ဘာမှ ထူးခြား လာနိုင်စရာအကြောင်း မရှိပါဘူး"

သူက တဖြည်းဖြည်းချင်း ခေါင်းကို တဆတ်ဆတ် ညိတ်နေသည်။

"အင်း ဒီစကားအတိုင်း အစီရင်ခံမှပဲ ကောင်းတော့မှာပဲ"

ထိုအခါ အမေရိကန်ကြီးလေ့ကျင့်ရေးတွင် နယူးယောက်မြို့၏ ကျွန်ုပ်တို့၏ ရုံးခန်း အတွင်းသို့ ကိုယ်လုံးကိုယ်ထည် ပါးလျားသော ဂျာမန်အင်ဂျင်နီယာတစ်ယောက် ဝင်လာသည်။ သူကား အော်တိုစထရပ်စ်မားပင် ဖြစ်သည်။

"ခင်ဗျား အခု ဘာလုပ်ဖို့ အစီအစဉ်ရှိသလဲ"

ဟု ကျွန်တော်က မေးသည်။

"ပထမဆုံးလုပ်ရမှာကတော့ ကိုလိုရာဒိုမှာရှိတဲ့ ကျွန်တော့်မိသားစုတွေဆီကို သွားပြီး ခဏအနားယူမယ်၊ ပြီးရင် အလုပ်ရှာရမှာပေါ့ဗျာ။ ကျွန်တော် သူဌေး မဟုတ်တော့ဘူးလေ"

ကျွန်တော်က သူ့ကို ပြုံးပြသည်။

"ကျွန်တော့်ဆီမှာ လာလုပ်ပါ၊ ခင်ဗျားအတွက် ကြိုတင်လစာငွေအဖြစ်နဲ့ ဒေါ်လာ တစ်သန်းပေးဖို့ ကျွန်တော် စဉ်းစားပါ့မယ်"

ကျွန်တော့် ရုံးခန်းထဲမှ သူ ထွက်သွားသည်နှင့် တစ်ပြိုင်တည်း စီအေ (၄) ဗုံးကြဲတိုက် လေယာဉ်ပျံများကို တည်ဆောက်ရန် မောရစ်ဆေအား ကျွန်တော် အမိန့်ပေးလိုက်တော့သည်။ ကျွန်တော့် တွေးထင်ယူဆချက်များ မှန်ကန်မည်ဆိုလျှင် ကျွန်တော်တို့တွင် အချိန်များများ စားစား မရှိတော့။ မကြာမြင့်တော့သည့် အချိန်ကာလအတွင်းမှာပင် ဂျာမနီနှင့် စစ်ဖြစ်ရတော့မည်ဟု ကျွန်တော် ခန့်မှန်းတွက်ဆမိသည်။ သို့သော်လည်း သည်အကြောင်းကို အမေရိကန် စစ်ဌာနက ယုံကြည်လာအောင် ပြုလုပ်ရန်မှာ ပလွယ်ကူ။

ကျွန်တော်သည် စားပွဲကိုကျော်ပြီး ဖော်ရက်စတာကို လှမ်းကြည့်လိုက်၏။

"မြို့ထဲကို ကျွန်တော်ပြန်ပြီး ဝါရှင်တန်ကို ဖုန်းဆက်သည်။ စစ်ရုံးမှာ ကျွန်တော်နဲ့ ရင်းတဲ့ မိတ်ဆွေတွေ ရှိနေပါသေးတယ်။ ဗိုလ်ချုပ်ဂက်ဒစ်ကိုလည်း ကျွန်တော် ပြောပြမယ်။ သူ သဘောတူလာအောင်တော့ ကျွန်တော် နားချနိုင်ကောင်းပါရဲ့"

ဟု ဖော်ရက်စတာက ကျွန်တော့်ကို ပြောပြသည်။

"ကောင်းပါလေ့ဗျာ"

နာရီကို ငုံ့ကြည့်သောအခါ (၁၂) နာရီခွဲနေပြီ ဖြစ်၏။ ယခုအချိန်လောက်ဆိုလျှင် အစုရှင်များ အစည်းအဝေး ပြီးလောက်ပြီ။ မက်အယ်လစ္စတာနှင့် ဒင်ပီးယာ့စ်တို့လည်း နော်မန်ကို ချုပ်ကိုင်မှုများပြုလုပ်ပြီး ဟိုတယ်သို့ ပြန်ရောက်နေကြလိမ့်မည်။

"ကျွန်တော်လည်း ဝါးဒေါ့ဖ်ဟိုတယ်မှာ တစ်နာရီ ချိန်းထားတာရှိတယ်။ ကျွန်တော်နဲ့ လိုက်ခဲ့ပါလား"

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော်လည်း နေ့လယ်စာစားဖို့ ချိန်းထားတာရှိနေတယ်။ ပျက်လို့ မဖြစ်ဘူး"

ဟု ဖော်ရက်စတာက ဝမ်းသာအားရ ပြန်ပြောသည်။

သူသည် ဝါးဒေါ့ဖ်ဟိုတယ်သို့ ကျွန်တော်နှင့် လိုက်လာခဲ့သည်။ ဟိုတယ်သို့ ရောက် သောအခါ အပေါ်ထပ်သို့တက်ရန် ကျွန်တော် ထွက်လာစဉ် သူက ဥဒေါင်းခန်းမအတွင်းသို့ ဝင်သွားသည်။ ကျွန်တော် ဓာတ်လှေကားစောင့်နေခိုက် အမျိုးသမီးတစ်ယောက် ထလာပြီး သူ့အား ဆီးကြိုသည်ကို မြင်ရသည်။ မနက်က လေယာဉ်ပျံကွင်းမှာ သူနှင့် စကားပြောနေသည့် အမျိုးသမီးပင် ဖြစ်သည်။ အမျိုးသမီးသည် မည်သည့်အတွက်ကြောင့် လေယာဉ်ပျံကွင်းမှာ သူ့ကို စောင့်မနေဘဲ သည်မှာလာပြီး စောင့်နေရသနည်းဟု ကျွန်တော် တွေးနေမိသည်။

ဖော်ရက်စတာနှင့် ယင်းအမျိုးသမီးကို စားပွဲထိုးချုပ်က ထောင့်တစ်ထောင့်မှ လူမမြင် နိုင်သည့် စားပွဲတစ်လုံးဆီသို့ ပို့ပေးသည်။ ဝင်ပေါက်သို့ ကျွန်တော် လျှောက်သွားပြီး စားပွဲထိုး ချုပ် ပြန်လာသည်အထိ စောင့်နေမိသည်။

"ဟော မစ္စတာကော့၊ တစ်ယောက်တည်း ထမင်းစားမလို့လား"

ဟု သူက ပြုံးရွှင်စွာ နှုတ်ဆက်သည်။

"မစားပါဘူးကွာ၊ မင်းကို တစ်ခု မေးချင်လို့"

ကျွန်တော်သည် အမြဲတမ်း အဆင်သင့် ဖြန့်ထားလေ့ရှိသည့် သူ့လက်အတွင်းသို့ တစ်ဒေါ်လာ ထည့်ပေးလိုက်သည်။

"ဗိုလ်မှူးကြီး ဖော်ရက်စတာနဲ့သွားတဲ့ အမျိုးသမီးဟာ ဘယ်သူလဲ"

"သူလား မဒမ်ဂက်ဒစ်လေ၊ ဗိုလ်ချုပ်ဂက်ဒစ်ရဲ့ ဇနီး"

ကျွန်တော် မောတ်လေ့ကားဆီသို့ ပြန်လာရင်း ဧည့်ခန်းအတွင်းမှာ ဗိုလ်ချုပ်ဂက်ဒစ် ရှိမရှိ လှမ်းကြည့်မိသည်။ တစ်နေရာရာမှာ သူ ရှိနေနိုင်သည်။ သူနှင့် ဖော်ရက်စတာတို့ ခက်ဆံပုံကို ကြည့်ရခြင်းအားဖြင့် ကြည်းတပ်အရာရှိနှင့် လေတပ်အရာရှိတို့ကြား ကွဲပြဲမှုမ်ားကက် ပိုနိုင်ကြောင်း ခန့်မှန်း၍ရသည်။

ကျွန်တော် ကြည့်နေဆဲမှာပင် အမျိုးသား ဒိမ်သာဘက်ဆီသို့ ဧည့်ခန်းကို ဖြတ်ပြီး လျှောက်သွားသော ဗိုလ်ချုပ်ကို မြင်လိုက်ရသည်။ သူ ဒေါသဖြစ်နေပုံရသည်။ သူ့မျက်နှာသည်လည်း ရဲနေ၏။ နဖူးမှာလည်း ဇောချွေးများပြန်နေသည်။ သူနောက်တွင် တံခါးပိတ်သွားသည် အထိ ကျွန်တော် စောင့်ကြည့်နေသေးသည်။ ပြီးတော့မှ အပေါ်ထပ်သို့ ကျွန်တော် တက်လာခဲ့သည်။

စီအေ (၄) လေယာဉ်ပျံဖြင့် ယနေ့နံနက်က ရစဗယ့်လေယာဉ်ကွင်းသို့ ဆင်းခဲ့သည့် အချိန်မှစ၍ စိတ်မသက်သာခဲ့ရ။ ယခု ပထမဦးဆုံးအကြိမ် ရင်ထဲက အလုံးကျသွားသည်။ အရာရာတို့သည် နေရာမှန်များသို့ ရောက်လာကြပြီကော။

ဘာကိုမှ ပူပင်သောက ရောက်စရာမလိုတော့။ တစ်ခုသာ ရှိသည်။ စစ်တပ်က ကျွန်တော်၏ လေယာဉ်ပျံများကို မည်မျှ များများဝယ်မည်နည်း။

(၃)

ကျွန်တော့်အတွက် အရေးအကြီးဆုံးမှာ ရေဝအောင်ချိုးပြီး တစ်ရေးအိပ်လိုက်ရန် ဖြစ်သည်။ မနက်က (၅) နာရီအထိ မအိပ်ခဲ့ရ။ အဝတ်များချွတ်ပုံခဲ့ပြီး ရေချိုးခန်းအတွင်းသို့ ဝင်ခဲ့သည်။ ကျွန်တော် ရေချိုးနေခိုက် အပြင်ရှိ တယ်လီဖုန်းခေါင်းလောင်းသည် မကြာခဏ မြည်နေသည်၊ မြည်ပါစေ။

ကျွန်တော် အပြင်ရောက်သောအခါ တယ်လီဖုန်းကောက်ကိုင်ပြီး ညနေလေးနာရီ အထိ မည်သူ့ကိုမျှ တယ်လီဖုန်းဆက်ခွင့် မပေးရန် အော်ပရေတာကို ပြောသည်။

"ဒါပေမယ့် မစ္စတာကော့ ပြန်ရောက်လာလာချင်း မက်အယ်လစ္စတာက သူ့ကို ခေါ်ဖို့ ကျွန်မကို မှာထားပါတယ်ရှင်။ သိပ်အရေးကြီးတယ်လို့ သူက ပြောပါတယ်"

"ညနေ (၄) နာရီတိတိမှာ သူ့ကို ခေါ်ပါ"

တယ်လီဖုန်းထဲသို့ ကျွန်တော် ပြန်အော်ပြီး ချထားခဲ့သည်။ ခေါင်းနှင့် ခေါင်းအုံးထိသည်နှင့် တစ်ပြိုင်တည်း ကျွန်တော် အိပ်ပျော်သွားသည်။ ကလေးငယ်တစ်ယောက်ကဲ့သို့ပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခြင်း ဖြစ်သည်။

တယ်လီဖုန်းက မြည်ပြန်သည်။ ထို့ကြောင့် ကျွန်တော် လန့်နိုးသွားသည်။ လက်မှ နာရီကို ကြည့်မိသောအခါ (၄) နာရီတိတိရှိပြီကို တွေ့ရသည်။ တစ်ဖက်မှလူသည် မက်အယ်လစ္စတာ ဖြစ်သည်။

"တစ်နေ့ခင်းလုံး မင်းကို ကျုပ်ရှာနေတာ၊ ဘယ်ချောင်သွားပြီး ဘာလုပ်နေတာလဲ"

"အိပ်နေတာလေ"

"အိပ်နေတယ်၊ ကောင်းပါကွာ၊ နော်မန်တို့ရုံးမှာ ဒါရိုက်တာအဖွဲ့ အစည်းအဝေး ရှိတယ်လေ၊ ဒီအချိန်ဆိုရင် ဟိုကို တို့ရောက်နေဖို့ကောင်းပြီ"

ဟု မက်က ကျွန်တော့်ကို ပြန်အော်သည်။

"ကျွန်တော့်ကိုမှ ပြောမထားတာ"

"ဘယ်လိုလုပ်ပြီး သွားပြောရမလဲ၊ မင်းတယ်လီဖုန်းကိုမှ မင်းမကိုင်တာ"

* * *

"ဗိုလ်ချုပ်ဂက်ဒစ်ကို ဖုန်းဆက်ပေးစမ်းပော့၊ သူ ဒီဟိုတယ်မှာပဲ တည်းနေတယ်ထင်တယ်"

ကျွန်တော်က တယ်လီဖုန်းအော်ပရေတာကို လှမ်းပြောသည်။ ပြီးတော့ စီးကရက်တစ်လိပ်ညှိရင်း စောင့်နေသည်။

"ဗိုလ်ချုပ် ဂက်ဒစ် စကားပြောနေတယ်"

"ဗိုလ်ချုပ်၊ ကျွန်တော် ဂျိုနတ်စ်ကော့ပါ။ ကျွန်တော့်အခန်းမှာ ကျွန်တော် ရှိနေပါတယ်။ အပေါ်ဆုံးထပ်၊ နံပါတ် (၃၁၁၅)။ ကျွန်တော် ဗိုလ်ချုပ်နဲ့ စကားပြောချင်ပါတယ်"

ဗိုလ်ချုပ်၏အသံက အေးတိအေးစက် ဖြစ်သည်။

"ကျုပ်တို့ ဆွေးနွေးစရာ ဘာအကြောင်းမှ မရှိဘူး၊ စကားပြောစရာလည်း မရှိဘူး။ မောင်ဟာ တယ်ရိုင်းတဲ့ လူငယ်တစ်ယောက်ပါလား"

"ကျွန်တော့်ကိစ္စအတွက် ဆွေးနွေးဖို့ မဟုတ်ပါဘူး ဗိုလ်ချုပ်၊ ဗိုလ်ချုပ်ကတော် ကိစ္စပါ"

ကျွန်တော်က သူ့စကားကို ဖြတ်လိုက်သည်။

"ကျုပ်မိန်းမကိစ္စလား၊ ကျုပ်တို့အလုပ်နဲ့ သူနဲ့ ဘာဆိုင်သလဲ"

"အင်မတန် ဆိုင်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ် ဗိုလ်ချုပ် ခင်ဗျား။ ဗိုလ်ချုပ်ကတော်ဟာ ဒီနေ့ တစ်နာရီတုန်းက ဥဒေါင်းခန်းမမှာ ဘယ်သူနဲ့တွေ့တယ်ဆိုတာ ဗိုလ်ချုပ်ရော ကျွန်တော်ရော သိပါတယ်။ လူပုဂ္ဂိုလ်ချင်း အဆင်မပြေတာနဲ့ စီအေ (၄) လေယာဉ်ပျံဝယ်တာကို ကန့်ကွက်မယ်ဆိုရင် စစ်ရုံးချုပ်က လက်ခံလိမ့်မယ်လို့ကော့ ကျွန်တော် မထင်ပါဘူး"

တယ်လီဖုန်းထဲမှာ အသံတိတ်နေသည်။

"စကားမစပ် မေးပါရစေ ဗိုလ်ချုပ်၊ ဗိုလ်ချုပ် ဘာသောက်ပါသလဲ"

"စကော့ချ်ဝီစကီ"

သူ အလိုအလျောက် ဖြေမိလျက်သား ဖြစ်သွားသည်။

"ကောင်းပါတယ် ခင်ဗျာ၊ ကျွန်တော် ဒီမှာ ဝီစကီတစ်လုံးနဲ့ ဗိုလ်ချုပ်ကို စောင့်နေပါ့မယ်။ (၁၅) မိနစ်လောက်ကြာရင် ကျွန်တော်တို့ တွေ့ကြရအောင်လား"

သူ့ဘက်မှ ဘာမှ ပြန်မဖြေနိုင်မီ တယ်လီဖုန်းကို ကျွန်တော် ပြန်ချထားလိုက်သည်။ ကျွန်တော့် အခန်းစားပွဲထိုးကို ဖုန်းလှမ်းဆက်လိုက်သည်။ သူ့ဖုန်းအကိုင်ကို စောင့်နေခိုက် တံခါးခေါက်သံ ကြားရသည်။

"ဝင်ခဲ့ပါ"

မက်အယ်လစ္စတာနှင့် ပီးယာ့စ်တို့ ဝင်လာကြသည်ကို အိပ်ရာပေါ်မှ ကျွန်တော် လှမ်းမြင်ရသည်။ သူတို့သည် ကျွန်တော့်အိပ်ခန်းအတွင်းသို့ တောက်လျှောက်ဝင်လာကြသည်။ မက်၏မျက်နှာသည် ထုံးစံအတိုင်း ပူပင်သောက ရောက်နေပုံမျိုး ဖြစ်၏။ ဒင်ပီးယာ့စ်၏ မျက်နှာကမူ အနည်းငယ် ပြုံးနေသည်။ သူ အလိုရှိသည့် အရာအားလုံးကို သူ ရခဲ့ပြီ မဟုတ်ပါလား။

စားပွဲထိုး ပြန်ထူးသည့်အသံကို တယ်လီဖုန်းထဲမှာ ကြားရသည်။ သူ့ဘေးမှ ဗန်းသံကြားသည်နှင့် ကျွန်တော် ဆာလာသည်။ မနက်စောစောက မနက်စာစားပြီးသည်မှ ယခုအချိန်အထိ ဘာမှ မစားရသေး။ ဆင်းဒဝစ်သုံးခု၊ နို့တစ်ပုလင်း၊ ကော်ဖီကြမ်းတစ်အိုး၊ စကော့ချ်ဝီစကီတစ်ပုလင်း၊ ဘော်တွန်းဝီစကီ နှစ်ပုလင်း မှာလိုက်သည်။ ကျွန်တော် တယ်လီဖုန်း ပြန်ချပြီး မက်တို့ကို ကြည့်သည်။

"အခြေအနေ ဘယ်လိုလဲ"

"ဘာနီက ခေါင်းမာနေသေးတယ်၊ ကျွန်တော်တို့က သဘောလောက် ပြလိုက်တော့မှ သူ နားလည်သွားတယ်"

ဒင်က ဖြေသည်။

"သူ့ရှယ်ယာကိစ္စရော"

"မပြောတတ်သေးဘူး ဂျိုနတ်စ်၊ သူက ဒင်ကို စကား မပြောတော့ဘူး"

ဟု မက်က ဝင်ဖြေ၏။

"ဒေးဗစ်ဝုဖ်ကို ကျွန်တော် ပြောခဲ့ပါတယ်။ အဘိုးကြီးကို နားချလိုက်ပါလို့၊ မရောင်းဘူးဆိုရင် ကုမ္ပဏီတစ်ခုလုံးကို ကျွမ်းထိုးမှောက်ခုံဖြစ်သွားအောင် လုပ်ပစ်မယ်လို့"

ဒင်က အပြေးအလွှား ဝင်ဖြေသည်။

"ပုဒ်မ (၇၂၂) ကို အဆင်သင့် လုပ်ထားရဲ့လား"

မက်ကို ကျွန်တော် လှမ်းမေးသည်။ အရှုံးပေါ်သဖြင့် ကုမ္ပဏီကို သိမ်းယူလိုကြောင်း တရားစွဲရန် ဖြစ်သည်။

"လက်ဆွဲအိတ်ထဲမှာ အဆင်သင့်ရှိနေပြီ၊ ဒီနေ့မနက် အစည်းအဝေး မစခင်က တို့ရှေ့နေတွေနဲ့ နည်းနည်းဆွေးနွေးလိုက်တယ်။ ကုမ္ပဏီကို သိမ်းဖို့တော့ သိပ်မလွယ်ဘူးလို့ သူတို့က ပြောကြတယ်"

"ခင်ဗျားကလည်း သိပ်မပိုင်ဘူးလို့ ထင်နေသလား"

"သိပ်မပိုင်လှဘူးထင်တယ်၊ နော်မန်ဟာ တော်တော် ဉာဏ်များတဲ့ အဘိုးကြီး၊ သူ့ကို အလွယ်တကူတော့ ခြိမ်းလို့ခြောက်လို့ရမယ် မထင်ဘူး။ ကုမ္ပဏီကိုသာသိမ်းရင် မင်းက ပိုရှုံး သွားနိုင်တယ်ဆိုတာ သူ သိတယ်"

"တော်တော်ယုတ်မာတဲ့ အဘိုးကြီးဗျာ၊ သူ ဒုက္ခဖြစ်နေတာကို ကျွန်တော် ဝင်ကယ် တာမှ သူ အကယ်မခံဘူးလား"

"မင်းဖြစ်ချင်တာ ဖြစ်ပါလိမ့်မယ်လို့တော့ မျှော်လင့်ရတာပဲ"

"မကြာခင် နည်းလမ်းတော့ တွေ့ပါလိမ့်မယ်။ ဒါထက် ရီနာနဲ့ အဆက်အသွယ် ရပလား"

ကျွန်တော်က တစ်ဆက်တည်း ဒင်ဘက်သို့ လှည့်မေးသည်။ သူက ခေါင်းခါပြသည်။

"နေရာတွေ နှံ့နေပြီ၊ အဆင်ကို မပြောဘူး၊ အိမ်ကလည်း ဘာအဖြေမှ မရဘူး။ စတူဒီယိုကလည်း သူ ဘယ်မှာ ရှိနေတယ်ဆိုတာကို မသိဘူး၊ လိုဝယ်လာကိုလည်း ကျွန်တော် ရှာပြီး မေးပါသေးတယ်။ သူလည်း မသိဘူး"

"ဆက်ရှာပါဦး၊ ရီနာ့ကို တွေ့မှဖြစ်မယ်၊ ကုမ္ပဏီကိုပြန်ပြီး ထူထောင်ဖို့အတွက် ကျွန်တော်တို့မှာ အားကိုးစရာဆိုလို့ ရီနာ တစ်ယောက်ပဲ ရှိပါတယ်။ ပါရာမောင့်ကုမ္ပဏီက ဒီမီးလီးကိုလည်း ကျွန်တော် ရထားပါပြီ"

ဟု ဒင်က ဆက်ပြောသည်။

"ပါရာမောင့်ကရော ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ်၊ ဒီနေ့မနက်ပဲ ငွေကော့ဆီက ကြေးနန်း ကျွန်တော် ရတယ်။ အိတ်ထဲမှာ ပါလာပါတယ်"

"ကောင်းတယ်"

ကမ္ဘာပေါ်တွင် ရိုက်ဖူးခဲ့သမျှ အားလုံးထဲ၌ ဤရုပ်ရှင်ကားသည် အကြီးအကျယ်ဆုံး သော ရုပ်ရှင်ကား ဖြစ်ရမည်။ ဆေးရောင်စုံရိုက်ရန် စီစဉ်ထားသည်။ ကုန်ကျစရိတ်ချည်း ဒေါ်လာခြောက်သန်းကျော်မည် ဖြစ်သည်။ မေရီမဂ္ဂဒါလင်း၏ ဇာတ်လမ်းဖြစ်ပြီး ကျွန်တော်တို့ က ဇာတ်ကားအမည်ကို အလင္ကိမဟု အမည်ပေးထားသည်။

"မင်း တစ်ခုခုတော့ စဉ်းစားထားဦးနော်၊ ရီနာမာလိုးက မရိုက်ချင်ဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ"

ဟု မက်အယ်လစ္စတာက မေးသည်။

"သူ ရိုက်မှာပါ၊ နော်မန်ကုမ္ပဏီကို ကျွန်တော် ဘာဖြစ်လို့ လိုချင်နေတယ်ထင်သလဲ၊ ရီနာမာလိုးကြောင့် လိုချင်နေတာ၊ ဒီကုမ္ပဏီမှာ ဘာတန်ဖိုးရှိလို့လဲ၊ ရီနာကို စာချုပ်ထားတာ တစ်ခုပဲ တန်ဖိုးရှိတာ မဟုတ်လား"

"ကုမ္ပဏီနဲ့ စာချုပ်ထားတာ မှန်ပေမယ့် ဇာတ်ညွှန်းကို သူ သဘောကျမှ ရိုက်မယ်ဆို တာ စာချုပ်ထဲမှာ ပါတယ်နော်"

"သူ သဘောကျရမှာပေါ့ဗျာ"

မှန်ပါသည်။ သည်ဇာတ်လမ်းကို သူ လက်ခံရပါမည်။ သူ့အတွက်ပင် ရည်စူးပြီး ကျွန်တော် တမင်ရေးခိုင်းခဲ့ခြင်း ဖြစ်၏။

စားပွဲထိုးဝင်လာသောအခါ ခုတင်ပေါ်မှအောက်သို့ ခြေတွဲလွဲချပြီး ကျွန်တော် ထိုင်သည်။ စားပွဲထိုးက စားပွဲကို ကျွန်တော်နှင့် တည့်တည့်မှာ လာချသည်။ ကျွန်တော် မည်မျှ

ဆာနေသည် မသိ၊ စားပွဲထိုး ထွက်မသွားမီမှာပင် ဆင်းဒဝစ်တစ်ခု၊ နို့တစ်ဝက်ကို သောက်ပြီး ဖြစ်နေတော့သည်။

နောက်ထပ် ဆင်းဒဝစ်ကို စားတုန်းတန်းလန်းမှာပင် ဗိုလ်ချုပ် ရောက်လာသည်။ ဒင်က ဗိုလ်ချုပ်ကို ကျွန်တော့် အိပ်ခန်းတွင်းသို့ ခေါ်လာသည်။ ကျွန်တော်က သူတို့ကို မိတ်ဆက်ပေးပြီး အပြင်ထွက်ပေးရန် မက်နှင့် ဒင်ကို တောင်းပန်လွှတ်လိုက်သည်။

"ထိုင်ပါ ဗိုလ်ချုပ်၊ စားပွဲပေါ်မှာ စကော့ချ်ဝီစကီ ရှိပါတယ်။ ဗိုလ်ချုပ် ကြိုက်သလို ထည့်သောက်ပါ"

"ကိစ္စ မရှိပါဘူး၊ ကျေးဇူးတင်ပါတယ်"

သူက ခပ်ပြတ်ပြတ်ပင် ပြောသည်။ ပြီးတော့ ရပ်မြဲရပ်နေသည်။

ကျွန်တော်က ပခုံးကိုတွန့်ပြပြီး တတိယမြောက် ဆင်းဒဝစ်ကို ကောက်ယူသည်။ ပြီးတော့ ပြောစရာရှိသည်ကို တောက်လျှောက် ပြောချလိုက်သည်။

"ဖော်ရက်စတာကို စစ်တပ်ထဲက ကျွန်တော် ဆွဲထုတ်လိုက်မယ်ဆိုရင် ဗိုလ်ချုပ် အတွက် ဘယ်လို တန်ဖိုးများရှိမလဲ"

"သူ့ကို ကျုပ်က စစ်တပ်က ထွက်သွားစေချင်တယ်လို့ ဘာကြောင့် မောင်က ထင်ရ တာလဲ"

ကျွန်တော်သည် ပလုပ်ပလောင်း ဖြစ်နေသည့် ဆင်းဒဝစ်များကို မျိုချလိုက်၏။

"ကျွန်တော်တို့ သွယ်ဝိုက်ပြောမနေကြတော့ဘဲ တည့်တည့်ပြောတာပဲ ကောင်းပါ တယ် ဗိုလ်ချုပ်။ ကျွန်တော်ဟာ ကောင်းကောင်း အရွယ်ရောက်နေပြီဖြစ်တဲ့ လူငယ် တစ်ယောက်ပါ။ ကျွန်တော့်မှာ မျက်စိရှိတယ်၊ မြင်တတ်တယ်၊ သိတတ်တယ်၊ ကျွန်တော် လိုချင်တာက ကျွန်တော့် လေယာဉ်ပျံ စီအေ (၄) ကို တရားသဖြင့် မျှမျှတတနဲ့ စစ်ဆေးဖို့ပါပဲ၊ ဒါဟာ ဗိုလ်ချုပ်နဲ့ ဆိုင်ပါတယ်။ တခြား ဘာနှောင်ကြိုးမှ ကျွန်တော့်ဘက်က မရှိပါဘူး"

"အခုရော မောင့်လေယာဉ်ပျံကို ကျုပ်က တရားသဖြင့် မျှမျှတတ မစစ်ဆေးဘူးလို့ မောင်က ထင်သလား၊ ဘာကြောင့် ဒီလို ထင်ရတာလဲ"

သူ့မျက်နှာပေါ်က တင်းမာမှုများ လျော့ပါးသွားသည်ကို ကျွန်တော် မြင်ရသည်။ ခဏတော့ သူ့အတွက် ကျွန်တော် စိတ်မကောင်း ဖြစ်မိသေးသည်။ သူ့ပခုံးပေါ်မှာ ရှိနေသော ဗိုလ်ချုပ်ရာထူး အဆောင်အယောင်များသည် ဘာတန်ဖိုးမှ မရှိ။ သူသည် မိန်းမ ငယ်ငယ် ကလေးကို ထိန်းသိမ်းနေရသည့် အဘိုးကြီးတစ်ယောက်မျှသာ ဖြစ်သည်။ ကိုယ့်ဒုက္ခ ကိုယ်မရှာ သင့်တော့ကြောင်း ကျွန်တော် ပြောလိုက်ချင်သည်။ ဖော်ရက်စတာ မဟုတ်လျှင်လည်း သူ့ဇနီး ငယ်ငယ်ကလေးသည် အခြားတစ်ယောက်ယောက်နှင့် ဖောက်ပြန်မည်သာ ဖြစ်သည်။

"ကျုပ် အရက်သောက်တော့မယ်"

"ကြိုက်သလိုထည့်ပြီး သောက်ပါခင်ဗျာ"

သူသည် ပုလင်းကိုဖွင့်ကာ ဖန်ခွက်ထဲသို့ထည့်ပြီး ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်သည်။

"ကျုပ်မိန်းမဟာ မိန်းမဆိုးလေးတစ်ယောက်တော့ မဟုတ်ပါဘူး မစ္စတာကော့။ သူဟာ အသက်ငယ်သေးတယ်၊ ဆင်ဆင်ခြင်ခြင် မနေတတ်သေးဘူး၊ ဒါပါပဲ"

သူသည် ကျွန်တော့်ကို အရူးလုပ်နေခြင်း မဟုတ်။ သို့သော်လည်း သူ့ကိုယ်သူ ဘာကြောင့် အရူးလုပ်နေသနည်းဟု ကျွန်တော် တွေးပြီး အံ့ဩမိသည်။

"မိန်းကလေးငယ်ငယ်တွေရဲ့ အကြောင်းကို မောင်လည်း သိပါတယ်။ သူတို့က ယူနီဖောင်းနဲ့ တောက်တောက်ပြောင်ပြောင် ကြွားကြွားရွားရွားကိုသာ သူတို့ မြင်တတ်ကြတာ၊ သဘောကျတာ၊ ဖော်ရက်စတာလို လူမျိုး ဆိုပါတော့၊ သူတို့ သိပ်ကြိုက်ပေ့၊ ရင်ဘတ်ပေါ်မှာ ငွေတောင်ပံတံဆိပ်နဲ့၊ ပြီးတော့ သူ့ရဲကောင်းဘွဲ့ တံဆိပ်ကလည်း နှစ်ခုနဲ့"

ကျွန်တော်က ဘာမှ ပြန်မပြောဘဲ ခေါင်းသာညိတ်ပြပြီး ကော်ဖီကြမ်းကို ထည့်နေသည်။

"သူ ကျုပ်ကို လက်ထပ်တုန်းက ကျုပ်ဟာလည်း အဲဒီလို စစ်သားမျိုးလို့ သူ ထင်ခဲ့ တာ၊ သိပ်မကြာပါဘူး၊ ကျုပ်ဟာ ဘာကောင်မှ မဟုတ်ဘူး၊ စစ်တပ်အတွက် ဈေးဝယ်ပေးနေရ

တဲ့ ပွဲစားလိုအကောင် တစ်ကောင်ပဲဆိုတာ သူ သိတော့တာပဲ"

သူသည် သူ့ဖန်ခွက်ထဲသို့ အရက်ထပ်ထည့်ပြီး ကျွန်တော့်ကို လှမ်းကြည့်ပြန်သည်။

"ဒီကနေ့ စစ်တပ်ဆိုတာ အင်မတန် ရှုပ်ထွေးတဲ့ စက်တစ်ခုနဲ့တူတယ် မစ္စတာကော့။ ရှေ့တန်းမှာရောက်နေတဲ့ စစ်သားတစ်ယောက် ရပ်တည်နိုင်ရေးအတွက် နောက်ပိုင်းမှာ လိုအပ်တာတွေ လုပ်ပေးဖို့ အနည်းဆုံး စစ်သားငါးယောက်က ခြောက်ယောက်အထိ လိုတယ်။ အဲဒီလို ရှေ့တန်းက စစ်သားတွေအတွက် အကောင်းဆုံး လုပ်ပေးနိုင်တဲ့အတွက်ကိုပဲ ကျုပ် အမြဲတမ်း ဂုဏ်ယူပါတယ်"

"ကျွန်တော် ယုံကြည်ပါတယ် ဗိုလ်ချုပ်"

ကျွန်တော်က ကော်ဖီခွက်ကို ပြန်ချရင်း ပြောသည်။

သူသည် ထိုင်ရာမှထပြီး ကျွန်တော့်ကို ငုံ့ကြည့်သည်။ ကျွန်တော့်စိတ်ထင် ဖြစ်ချင်လည်းဖြစ်မည်။ သို့သော်လည်း သူ စကားပြောသောအခါ သူ့အရပ်သည် ပို၍မြင့်လာပြီး သူ့ကိုယ်လုံးသည် ပို၍ ဖြောင့်ဖြောင့်စင်းစင်း ဖြစ်လာသည်။

"ဒီအကြောင်း တစ်ခုတည်းအတွက် မောင်နဲ့စကားပြောဖို့ ကျုပ် ဒီကို တက်လာခဲ့တာပါ မစ္စတာကော့။ ကျုပ်မိန်းမ အကြောင်းကြောင့် ကျုပ် တက်လာတာ မဟုတ်ပါဘူး။ မောင့်လေယာဉ်ပျံကို မနက်ဖြန် မနက်ကျရင် စစ်ဆေးရေးအဖွဲ့က ရစ်ဗယ့်လေဆိပ်မှာ စစ်ဆေးကြည့်ကြပါတော့မယ်။ ကျုပ်လေယာဉ်ကွင်းက မြို့ထဲကို ပြန်ရောက်ရောက်ချင်း မောင့်လေယာဉ်ပျံကို ဝယ်ဖို့အတွက် ဆိုင်ရာကို အကြံပေးလိုက်ပြီးပါပြီ။ ဒီအကြောင်းကိုလည်း မောင့်ရဲ့ အင်ဂျင်နီယာ မစ္စတာမောရစ်ဆေကို တယ်လီဖုန်းဆက်ပြီး ကျုပ်ကိုယ်တိုင် အကြောင်းကြားပြီးပါပြီ၊ မောင့်ကို သူ ပြောပြခွင့် မကြုံသေးဘူးထင်တယ်"

အံ့သြတကြီးဖြင့် သူ့ကို ကျွန်တော် မော့ကြည့်မိသည်။ ကျွန်တော့် တစ်ကိုယ်လုံးမှာ ရှက်သွေးများ လွှမ်းသွားသည်။ ရှက်လိုက်သည့်ဖြစ်ခြင်း၊ ကျွန်တော့်ပါးစပ်ပေါက်က ဟောင်ဖွာဟောင်ဖွာ မလုပ်မိ မောရစ်ဆေကို တယ်လီဖုန်းဆက်ကြည့်ရမည် ဟူသော အသိဉာဏ်ကလေး လောက်တော့ ကျွန်တော့်မှာ ရှိခဲ့ဖို့ကောင်းသည်။

ဗိုလ်ချုပ်၏မျက်နှာပေါ်တွင် အပြုံးရိပ်ကလေးတစ်ခု သန်းသွားသည်။

"ကဲ သဘောပေါက်ပြီ မဟုတ်လား မစ္စတာကော့၊ မောင့်လေယာဉ်ပျံတွေ ကျုပ်ဝယ်ဖို့အတွက်ကြောင့် ဖော်ရက်စတာကို တပ်ထဲက ဆွဲထုတ်ဖို့ မလိုပါဘူး။ မောင့်လေယာဉ်ပျံတွေကို စစ်ဆေးပြီးတာနဲ့ တစ်ပြိုင်တည်း စစ်တပ်က ဝယ်မှာပါပဲ"

သူ ထွက်သွားပြီး ပိတ်ထားခဲ့သည့်တံခါးကို ကျွန်တော် ငေးကြည့်နေမိသည်။ ကျွန်တော်သည် စီးကရက်တစ်လိပ် မီးညှိပြီး အားရပါးရ ဖွာနေသည်။

"ဖော်ရက်စတာလား၊ ကျွန်တော် ဂျိနတ်စ်ကော့ပါ။ ကျွန်တော် အခု ဝါးဒေါ့ဖ်ဟိုတယ် အပေါ်ဆုံးထပ်မှာ ရှိနေတယ်။ ခင်ဗျားနဲ့ စကား ပြောချင်ပါတယ်"

"ကျွန်တော်လည်း ခင်ဗျားနဲ့ စကား ပြောချင်နေတယ်။ ခင်ဗျား လေယာဉ်ပျံကို မနက်ဖြန် မနက်ကျရင် သူတို့ စစ်ကြတော့မယ်"

ဟု သူက ပြန်ပြောသည်။

"ကျွန်တော် သိတယ်၊ ဒါကြောင့် ခင်ဗျားနဲ့ စကား ပြောချင်တာ"

ဆယ်မိနစ်အတွင်း ကျွန်တော့်အခန်းသို့ သူ ရောက်လာသည်။ သူ့မျက်နှာသည် ရဲနေ၏။ တစ်နေ့ခင်းလုံး အရက်ပုလင်းနှင့်ဖက်ပြီး လုံးထွေးနေခဲ့ပုံရသည်။

"အဘိုးကြီး အမြင်မှန်ရသွားတယ်နဲ့ တူတယ်"

ဟု သူက ပြောသည်။

"ခင်ဗျား တကယ် ထင်တာလား"

သူ အရက်ထည့်နေခိုက် ကျွန်တော်က မေးသည်။

"သူနဲ့ပတ်သက်လို့တော့ ခင်ဗျား ကြိုက်သလို ပြောနိုင်ပါတယ်၊ ကြိုက်သလို မှတ်ချက်ချနိုင်ပါတယ်၊ ဒါပေမယ့် ဗိုလ်ချုပ်ဂက်ဒစ်ဟာ စစ်သားကောင်းတစ်ယောက်ပဲ၊ သူ့အလုပ်ကို သူ လုပ်တာပဲ"

"ကျွန်တော်ဖို့လည်း အရက်ထည့်လိုက်ပါဦး"

ကျွန်တော်က လှမ်းတောင်းသည်။ သူက ခွက်တစ်ခုယူပြီး အရက်ထည့်ကာ ကျွန်တော့်ကိုပေးသည်။

"ဒီအချိန်ဟာ ခင်ဗျား စစ်တပ်ကထွက်ဖို့ အကောင်းဆုံးအချိန်လို့ ကျွန်တော်ထင်တယ်"

ကျွန်တော့်စကားကို ကြားသောအခါ ကျွန်တော့်ကို သူ စိုက်ကြည့်နေသည်။

"ဘာစိတ်ကူးတွေများ ခင်ဗျား ရနေသလဲ"

"အခုအချိန်ကစပြီး ကျွန်တော်တို့ ကော့လေယာဉ်စက်ရုံဟာ စစ်တပ်နဲ့ အလုပ်တွေ အများကြီး လုပ်ရတော့မယ်လို့ ကျွန်တော် ထင်တယ်။ လေယာဉ်ပျံတစ်စင်းမှာ စစ်တပ်က ဘာတွေ လိုချင်တယ်ဆိုတာ သိတဲ့ လူတစ်ယောက်လောက် ကျွန်တော် လိုချင်တယ်၊ ကျွန်တော်တို့အတွက် မိတ်ဆွေတွေ ရှာပေးရမယ်၊ အဆက်အသွယ်တွေ လုပ်ပေးရမယ်၊ ကျွန်တော်ဆိုလိုတာ ခင်ဗျား နားလည်ပါတယ်နော်"

"နားလည်ပါတယ်၊ ဗာဂျီးနီးယားဂက်ဒစ်နဲ့ နောက်ထပ် ကျွန်တော် အဆက်အသွယ် မလုပ်နဲ့တော့ပေါ့ဗျာ၊ သူနဲ့ ထပ်ရှုပ်နေမယ်ဆိုရင် ကုမ္ပဏီအတွက် မကောင်းဘူး၊ ဒါပဲ မဟုတ်လား"

"အဲဒါမျိုးပဲ ဆိုပါတော့"

ဟု ကျွန်တော်ကလည်း ခပ်အေးအေးပင် ပြန်ပြောသည်။

သူက အရက်တစ်ကျိုက် သောက်လိုက်သည်။

"ဒီလို ပြင်ပစက်ရုံလုပ်ငန်းနဲ့ပတ်သက်ပြီး ကျုပ် ဘယ်လောက် ကောင်းကောင်းလုပ်နိုင်မယ်ဆိုတာ မသိဘူး။ ကျွန်တော်ဟာ ကလေးဘဝကတည်းက လေတပ်ထဲမှာ တစ်လျှောက်လုံး နေလာတာ"

"လုပ်မကြည့်သေးသမျှတော့ ဘယ်တော့မှ သိမှာ မဟုတ်ဘူး။ ခင်ဗျား ချစ်တဲ့ လေတပ်ကို ပိုကောင်းအောင် လုပ်ချင်ရင်တော့ အပြင်ထွက်လုပ်တာက ပိုသေချာတယ်။ လေတပ်ထဲမှာနေပြီး အကြံဉာဏ်တွေ ပေးနေလို့တော့ အောင်မြင်မှာ မဟုတ်ဘူး။ ခင်ဗျား စိတ်ကူးထဲက အကြံဉာဏ်တွေကို အကောင်အထည် ဖော်ချင်တယ်ဆိုရင် ကျုပ်စက်ရုံမှာ ဘယ်သူကမှ ခင်ဗျားကို မတားဘူး။ ခင်ဗျားကြိုက်တဲ့ လေယာဉ်ပျံကိုလုပ်၊ စစ်တပ်ကဝယ်၊ ဒီလိုဆိုရင် ခင်ဗျားချစ်တဲ့၊ ကောင်းစေချင်တဲ့ လေတပ်ဟာ ပိုကောင်းလာရော မဟုတ်လား"

"အကြံဉာဏ်တွေ ဟုတ်လား။ ဘယ်သူ့ကို ပြောရမှာလဲ၊ ခင်ဗျားကိုလား၊ ဗိုလ်ချုပ်ဂက်ဒစ်ကိုလား"

သူက ကျွန်တော့်ကို ကြည့်ရင်း မေးသည်။

"ကျွန်တော့်ကို ပြောရမှာ၊ မနက်တုန်းက မောရစ်ဆေရဲ့ရုံးခန်းထဲမှာ ကျွန်တော်တို့ စကားနည်းနည်း ပြောပြီးကတည်းက ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်တယ်။ သူတို့ စီအေ (၄) လေယာဉ်ပျံကို ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ ခင်ဗျားကိုခန့်ဖို့ ကျွန်တော် ဆုံးဖြတ်ခဲ့တယ်"

သူက ကျွန်တော့်ကို ပြုံးကြည့်သည်။

"ကျွန်တော်လည်း ဒီနေ့မနက်ပဲ ဆုံးဖြတ်ချက်ချခဲ့ပါတယ် ခင်ဗျားကများ ကျွန်တော့်ကို အလုပ်ပေးမယ်ဆိုရင် လက်ခံဖို့"

"ဘယ်ရာထူးမျိုးက စလုပ်ချင်သလဲ"

"အမြင့်ဆုံးပေါ့၊ စစ်တပ်ဆိုတာ ဘယ်သူကိုမှ ဂရုမစိုက်ဘူး။ အမြင့်ဆုံးလူကိုမှ လေးစားတာ"

သူက မဆိုင်းမတွ ဖြေသည်။

"ကောင်းတယ်၊ ခင်ဗျား ကော့လေယာဉ်စက်ရုံရဲ့ ဥက္ကဋ္ဌသစ်ဖြစ်ပြီ၊ လခ ဘယ်လောက် လိုချင်သလဲ"

"ခင်ဗျားက ကျွန်တော့်ကို ကြိုက်တဲ့ရာထူး ရွေးခိုင်းတယ်။ ကျွန်တော်က ခင်ဗျားကို ကြိုက်တဲ့လစာ သတ်မှတ်ဖို့ အခွင့်အရေး ပြန်ပေးရမှာပေါ့"

"တစ်နှစ်ကို ဒေါ်လာ နှစ်သောင်းငါးထောင်၊ နေစရာ အိမ်နဲ့ ကုန်ကျစရိတ်ပေးမယ်"

သူက လေချွန်လိုက်သည်။

"ခင်ဗျား ဒါလောက်အများကြီး ပေးဖို့တောင် မကောင်းဘူး။ အခု ကျွန်တော် ရနေတဲ့ လစာရဲ့ လေးဆတောင် ဖြစ်သွားပြီ"

"နောင် ခင်ဗျား ကျွန်တော့်ဆီမှာ လစာတိုးတောင်းဖို့ ကြံမယ်ဆိုရင် ဒီစကားကို သတိပြန်ရပါ"

ကျွန်တော်တို့ နှစ်ယောက်စလုံး ပျော်ပျော်ပါးပါး ရယ်လိုက်ကြကာ အရက် ဆက်သောက်ကြသည်။

"လေယာဉ်ပျံမှာ နည်းနည်းပါးပါး ပြုပြင်ပြောင်းလဲစရာကလေးတွေ ရှိတယ်။ မနက်ဖြန်မနက် သူတို့မစမ်းခင်မှာ ခင်ဗျားကို ကျွန်တော် ပြောပြချင်တယ်"

ထိုအချိန်မှာပင် မက်အယ်လစ္စတာ ဝင်လာသည်။

"ခြောက်နာရီထိုးနေပြီ ဂျိုနတ်စ်၊ ဟိုက လူတွေကို ဘယ်လောက်ကြာကြာ စောင့်ခိုင်း ထားလို့ရမယ်လို့ မင်းထင်သလဲ။ အခုပဲ ဒေးဗစ်ဝုဖ်ဆီကို ဒင်ဖုန်းဆက်တယ်၊ နော်မန်က သွားတော့မယ် တကဲကဲ လုပ်နေတယ်တဲ့"

"ကျွန်တော် ဘောင်းဘီဝတ်ပြီးတာနဲ့ တစ်ပြိုင်တည်း အတူတူ လိုက်ခဲ့မယ်"

ကျွန်တော် အင်္ကျီကြယ်သီး တပ်နေဆဲမှာပင် တယ်လီဖုန်း မြည်လာသည်။

"နားထောင်လိုက်စမ်းပါဗျာ"

"လေယာဉ်ပျံမှာ ပြောင်းလဲဖို့ ကိစ္စကလေးတွေ ဘယ်လိုလုပ်ရမှာလဲ"

တယ်လီဖုန်းကို မက်အယ်လစ္စတာ ကောက်ကိုင်လိုက်စဉ်မှာပင် ဖော်ရစ်စတာက ကျွန်တော့်ကို လှမ်းမေးသည်။

"ကွင်းကိုသွားပါ၊ မောရစ်ဆေးနဲ့လုပ်ပါ"

"လော့စ်အိန်ဂျယ်လိစ်က လှမ်းခေါ်နေတယ်"

မက်က စကားပြောခွက်ကို လက်ဖြင့်ပိတ်ပြီး ကျွန်တော့်ကို လှမ်းပြောသည်။

"တို့မှာ အချိန်သိပ်မရှိတော့ဘူးနော်"

ဟုလည်း ဆက်ပြောသေးသည်။

ကျွန်တော် သူ့ကို လှမ်းကြည့်သည်။

"ကျွန်တော် အစည်းအဝေးထွက်သွားပြီလို့သာ ပြောလိုက်ပါဗျာ၊ နောက်နှစ်နာရီ ကြာရင် နော်မန်ရုံးကို ဆက်ပါလို့"

(၄)

ဆောင်းဝင်စပြုပြီ။ သို့သော်လည်း အမျိုးသမီးတို့၏ ကိုယ်ပေါ်တွင် နွေရာသီဝတ်စုံ များကို မြင်တွေ့နေရဆဲပင် ရှိသေးသည်။ အနွေးထည်များကိုမူ ပခုံးပေါ်မှာ အသင့်တင်ထား ကြပြီ။

ဆဌမမြောက် အဲဗင်နယူးတွင်လည်း အမျိုးသမီးများ လမ်းမပေါ်သို့ ထွက်လာကြ သည်ကို တွေ့ရသည်။ သို့သော်လည်း အငှားကားစောင့်စီးကြသည့် မိန်းကလေးများကား မဟုတ်။ မြေအောက်ရထားဆီသို့သာ အူယားဖားယား သွားနေကြသည်။ တစ်နေ့တာ အလုပ် ချိန်ကုန်ဆုံးသွားပြီ ဖြစ်သောကြောင့် သူတို့ ဝမ်းသာနေကြပုံရသည်။

နယူးယောက်မြို့သည် အလွန် ကြီးကျယ်သည့် မြို့ကြီးတစ်မြို့ ဖြစ်သည်။ လူနေတိုက် တာ အိမ်ခြေအဆောက်အအုံများ ပြွတ်သိပ်နေသောကြောင့် လေကောင်းလေသန့်ကိုလည်း မရနိုင်။ အလုပ်အကိုင်လည်း အလွန် ရှားပါးနေသည်။ အလုပ်ကိုင် ရှာဖွေဆက်သွယ်ပေးရေး အေဂျင်စီများရှေ့ရှိ ဆိုင်းဘုတ်ကြီးများပေါ်တွင်လည်း အလုပ်အကိုင် အမျိုးအစားများကို မြေဖြူ ဖြင့် ရေးသားဖော်ပြထားသည်။ သို့သော်လည်း လုပ်ခ အလွန်တရာ နည်းပါးသည့်အလုပ်များ ဖြစ်သည်။

သည်မြို့ကြီးတွင် ငွေရှိမည်ဆိုက ဘာကိုမဆို ရနိုင်သည်။ အကောင်းဆုံးနေရာ၊

အကောင်းဆုံး အစားအစာ၊ ဈေးအကြီးဆုံးသော မိန်းမ လိုရာရနိုင်သည်။

ကျွန်တော် လျှောက်လာစဉ် အမျိုးသမီးအုပ်ထဲမှ အမျိုးသမီးတစ်ယောက်က ကျွန်တော့်ဆီသို့ လျှောက်လာသည်။

"ဒီနေ့အဖို့တော့ ရှင်ဟာ ပထမဦးဆုံး ကံထူးသူပါပဲ"

ကျွန်တော်က သူ့ကို ပြန်ပြုံးပြသည်။ သူက ကျွန်တော် လက်ခံသည်ဟု ယူဆလိုက်ပုံရ၏။ ထို့ကြောင့် ကျွန်တော့်ဆီသို့ ဆက်လျှောက်လာသည်။

"ကျောင်းမှာ ရှင် မသင်ခဲ့ရတာတွေ တတ်သွားရစေမယ်"

"ယုံပါ့ဗျာ"

မက်နှင့်ဒင်က ရှေ့သို့ လွန်သွားပြီးမှ နောက်သို့ ပြန်လှည့်ကြည့်သည်။ မက်က ကျွန်တော့်ကို ကြည့်နေသည်။ မက်၏မျက်နှာပေါ်တွင် အလိုမကျ ငြူစူသည့် အမူအရာများကို မြင်ရသည်။ အမျိုးသမီးကလည်း သူတို့ကို မျက်လုံးတစ်ချက် ဝေ့လိုက်သည်။ ပြီးတော့ ကျွန်တော့်ဘက်သို့ ပြန်လှည့်လာသည်။

"ရှင့်သူငယ်ချင်းတွေကိုလည်း ပြောလိုက်ပါ။ အထူးနှုန်း၊ ငါးဒေါ်လာလို့"

ကျွန်တော် အိတ်ထဲမှ ဒင်္ဂါးတစ်ပြားနိုက်ပြီး သူ့လက်ထဲသို့ ထည့်ပေးခဲ့သည်။

"နောက်များမှပဲကွာ"

ကျွန်တော် ထည့်ပေးလိုက်သည့် ပိုက်ဆံကိုကြည့်၍ ပြုံးကာ လမ်းတစ်ဖက်ရှိ လက်ဖက်ရည်ဆိုင်သို့ ထွက်သွားသည်။

အစည်းအဝေးခန်းအတွင်းသို့ ဝင်လာသည်အထိ ကျွန်တော့် မျက်နှာပေါ်မှ အပြုံးသည် မပျောက်သေး။ ကျောင်းတွင် ကျွန်တော် မသင်ဘူးခဲ့သည်များကို သူက သင်ပေးမည်တဲ့။

စားပွဲရှည်ကြီး၏ထိပ်တွင် နော်မန် ထိုင်နေသည်။ သူ့ညာဘက်တွင် ဒေးဗစ်ဝုဖ်၊ သူ့ဘယ်ဘက်တွင် စတူဒီယို၌ ကျွန်တော် တွေ့ဖူးခဲ့သော ဘဏ္ဍာရေးမှူး အားနက်စ်ဟော်လေတို့ ထိုင်နေကြသည်။ စားပွဲ၏ သည်မှာဘက်တွင် ကျွန်တော်တို့ အမည်စာရင်းတင်ထားသည့် ပွဲစားနှစ်ယောက်၊ ဘဏ်လုပ်ငန်းရှင် တစ်ယောက်နှင့် စာရင်းကိုင် တစ်ယောက်တို့ ထိုင်နေကြသည်။

ဒင်နှင့်မက်သည် စားပွဲတစ်ဖက်ခြမ်းမှာ ဝင်ထိုင်ပြီး ကျန်စားပွဲထိပ်တစ်ဖက်ရှိ ကုလားထိုင်ကို ကျွန်တော့်အတွက် နေရာလုပ်ပေးသည်။ ကျွန်တော် ဝင်ထိုင်သည်နှင့် တစ်ပြိုင်တည်း ဘာနီက ထိုင်ရာမှထသည်။

"ခဏနေပါဦး မစ္စတာကော့၊ အခု အစည်းအဝေးဟာ ဒါရိုက်တာအဖွဲ့ အစည်းအဝေးသာ ဖြစ်တယ်။ ကျုပ်သာ ခင်ဗျားဆိုရင် ဒီလို ဝင်မထိုင်ဘူး၊ ထွက်သွားမှာပဲ"

ကျွန်တော်သည် အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ကာ အေးအေးဆေးဆေးပင် တစ်လိပ် မီးညှိနေသည်။

"ဒီလိုဆိုရင်လည်း ထွက်သွားလေ၊ ဒီအစည်းအဝေးပြီးသွားရင် ဒီမှာ ခင်ဗျား လုပ်စရာ အလုပ် ဘာမှ ရှိတော့မှာ မဟုတ်ဘူး"

"လူကြီးမင်းများ ခင်ဗျား၊ လူကြီးမင်းများ ခင်ဗျား"

မက်အယ်လစ္စတာက ကမန်းကတန်း ဝင်ပြောသည်။

"အင်မတန် အရေးကြီးတဲ့ အစည်းအဝေးမှာ ဒီလို မဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ ကုမ္ပဏီရဲ့ ရှေ့ရေးကို ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ ဘာတွေ လုပ်မယ်ဆိုတာကို ဆုံးဖြတ်ကြရမှာ ဖြစ်ပါတယ်။ တစ်ယောက်ကို တစ်ယောက် မယုံကြည်ဘူးဆိုရင် ကျွန်တော်တို့ ဘယ်ပြဿနာကိုမှ ဖြေရှင်းလို့ရမှာ မဟုတ်ပါဘူး"

ဟု မက်က ဆက်ပြောသည်။

"မယုံကြည်ရဘူး၊ ဟုတ်လား။ သူ့ကို ကျုပ်က ယုံကြည်စိတ်ချလိမ့်မယ်လို့ ခင်ဗျားက မျှော်လင့်နေသလား၊ ကျုပ် နောက်ကျောနားက ကပ်ပြီး ကျုပ်ပိုင်တဲ့ ကုမ္ပဏီကို ခိုးယူသွားတဲ့လူ"

ဘာနီနော်မန်က ဒေါသဖြင့် ပြန်အော်သည်။

"ခင်ဗျား ရှယ်ယာတွေကို လူတစ်ကာ ဝယ်နိုင်အောင် ဈေးထဲမှာ ပြောင်းချရောင်းနေတာပဲ၊ ကျုပ် ဝယ်တာပေါ့"

"ဘယ်စျေးနဲ့ဝယ်တာလဲ၊ စျေးတွေကျကုန်အောင် သူ လုပ်ပစ်တယ်။ စျေးကျတော့မှ သူ ဝယ်တာ၊ တကယ့် တန်ဖိုးထက် လျှော့ပေးပြီး သူ ဝယ်ခဲ့တာ၊ ကုမ္ပဏီမှာ ဘယ်လောက် အခြေအနေ ယိုင်သွားသွား သူ ဂရုစိုက်တာ မဟုတ်ဘူး။ ပြီးတော့ လာလာချေသေးတယ်။ ကျုပ်ပိုင်တဲ့ ရှယ်ယာတွေကို စျေးပေါပေါနဲ့ အချောင်ဝယ်ဦးမလို့တဲ့"

ဘာနီက သံကုန်အော်နေသည်။

ကျွန်တော်ကမူ မိမိကိုယ်မိမိ သဘောကျစွာဖြင့် ပြုံးနေမိသည်။ အဘိုးကြီးသည် ကျွန်တော့်ကို မိန်းမကောင်းလျှာပါး ရန်တွေ့ဖို့လောက်ကိုသာ အာရုံစိုက်နေသည်။ အစည်းအဝေးတွင် ကျွန်တော် ဝင်ထိုင်နေခြင်းနှင့် ပတ်သက်ပြီး သူ မေ့သွားပုံရသည်။

"ခင်ဗျားကို ကျွန်တော် ပေးတဲ့စျေးဟာ အပြင်မှာ ကျုပ် ဝယ်လို့ရခဲ့တဲ့ စျေးထက် တစ်ဆတောင် ပိုသေးတယ်"

"အပြင်စျေး ဆိုတာလည်း ခင်ဗျား လုပ်နေတဲ့စျေးပဲ"

"ဒီကုမ္ပဏီကို ကျွန်တော် အုပ်ချုပ်နေတာ မဟုတ်ရပါဘူးဗျာ။ ခင်ဗျားပဲ အုပ်ချုပ်နေတာပါပဲ၊ လွန်ခဲ့တဲ့ ခြောက်နှစ်လုံးလုံး ခင်ဗျား အုပ်ချုပ်ခဲ့ပြီး ကုမ္ပဏီလည်း အရှုံးတွေပေါ်ခဲ့ရတယ် မဟုတ်လား"

"ခင်ဗျားဆိုရင်ကော၊ အမြတ်ပေါ်အောင် အုပ်ချုပ်နိုင်မယ် ထင်လို့လား"

သူက ထိုင်ရာမှထပြီး စားပွဲကို ပတ်လျှောက်လာရင်း မေးသည်။

"ကိုယ့်ကိုယ်ကိုယ် မယုံကြည်ရင် ဒေါ်လာခုနစ်သန်း အကုန်ခံပြီး ဘယ်ဝယ်ပါ့မလဲဗျာ"

သူ့မျက်လုံးများသည် ဒေါသဖြင့် အရောင်တောက်ကာ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ပြီးတော့ သူ့ကုလားထိုင်သို့ ပြန်သွားသည်။ ခဲတံတစ်ချောင်းကို ကောက်ကိုင်ပြီး သူ့ရှေ့ရှိ စားပွဲကို ခေါက်သည်။

"နော်မန်ရုပ်ရှင်ကုမ္ပဏီရဲ့ ဒါရိုက်တာအဖွဲ့ ပုံမှန်အစည်းအဝေး စတင်ကျင်းပပါပြီ။ ဒေးဗစ်၊ တို့အတွင်းရေးမှူး အသစ်တစ်ယောက် မရွေးကောက်ရသေးခင် ဒီအစည်းအဝေးမှာ အခမ်းအနားမှူးအဖြစ်နဲ့ မင်းတာဝန်ယူပါ"

သူ့အသံကို သူ ထိန်းရင်း ပြောသည်။

"အစည်းအဝေးကျင်းပဖို့ အထမြောက်တဲ့ ဒါရိုက်တာအဖွဲ့ဝင်ဦးရေ အပြည့်အစုံ တက်တယ်။ ပြီးတော့ ဖိတ်ကြားချက်အရ မစ္စတာကော့လည်း အစည်းအဝေးကိုတက်တယ်၊ ဒေးဗစ်၊ မစ္စတာကော့ဟာ ဒါရိုက်တာအဖွဲ့ဝင်အချို့ရဲ့ ဖိတ်ကြားချက်အရ အစည်းအဝေးကို တက်လာကြောင်းနဲ့ ဒီလို တက်လာတာကို ဥက္ကဋ္ဌက ကန့်ကွက်ကြောင်း မှတ်တမ်းတင်ပါ"

ဟု အဘိုးကြီးက ဆက်ပြောသည်။ ပြီးတော့ ကျွန်တော့်ကို လှမ်းကြည့်သည်။ သူ့ပြောစကားနှင့် ပတ်သက်၍ ကျွန်တော်က မည်သို့ တုံ့ပြန်မည်နည်း ဟူသည့် သဘောမျိုးဖြစ်သည်။ သို့သော်လည်း ကျွန်တော်က မည်သို့မျှ မဖြစ်သလို ထိုင်မြဲထိုင်နေသည်။

"အခု ကျွန်တော်တို့ ပထမဦးဆုံးလုပ်ရမယ့် အလုပ်ကို လုပ်ရပါမယ်။ ဒါက ဘာလဲဆိုတော့ လာမယ့်နှစ်အတွင်း ကုမ္ပဏီကို အုပ်ချုပ်သွားရမယ့် တာဝန်ရှိ အလုပ်အမှုဆောင်တွေ ရွေးဖို့ပါပဲ"

ကျွန်တော်က မက်အယ်လစ္စတာကို ခေါင်းညိတ်ပြလိုက်သည်။ မက်က ထိုင်ရာမှ ထသည်။

"ဥက္ကဋ္ဌကြီးခင်ဗျာ၊ ဥက္ကဋ္ဌကြီးနဲ့ မစ္စတာကော့နဲ့ အစုရှယ်ယာ အရောင်းအဝယ်ကိစ္စ ပြီးပြတ်အောင် ဆွေးနွေးပြီးသည်အထိ ကျွန်တော်တို့ အစည်းအဝေးကို ရွှေ့ဆိုင်းထားဖို့ ကျွန်တော် အကြံပေးပါတယ်"

"ကျုပ် ရှယ်ယာတွေကို ရောင်းချင်နေတယ်လို့ ခင်ဗျားက ထင်နေသလား၊ ဒီကုမ္ပဏီအပေါ် ကျုပ်ရဲ့ ယုံကြည်မှုဟာ အခါတိုင်းလိုပဲ အပြည့်အဝ ရှိတယ်။ အောင်မြင်အောင် ဘယ်လို အလုပ်တွေ လုပ်သွားမယ်ဆိုတာ ကျုပ် အားလုံး စီစဉ်ထားပြီးဖြစ်တယ်။ ခင်ဗျားတို့က ကျုပ်ကို ကန့်ကွက်မယ်ကြံရင် ခင်ဗျားတို့ကို အစုရှင်တွေရဲ့ မဲဆန္ဒတွေနဲ့ တိုက်ပစ်မယ်။ ခင်ဗျားတို့ တစ်သက်လုံးက မကြုံခဲ့ဖူးတဲ့ တိုက်ခိုက်မှုမျိုးနဲ့ တွေ့သွားစေရမယ်"

သူ့စကားကို ကြားရသောအခါ မက်အယ်လစ္စတာပင် ပြုံးသွားသည်ကို တွေ့ရသည်။ သူ မည်သည့် မဲဆန္ဒရှင်နှင့် တိုက်မည်နည်း။ ကျွန်တော်တို့လက်ထဲမှာ ကုမ္ပဏီ၏ အစု (၄၁) ရာခိုင်နှုန်းကို ပိုင်ထားပြီ ဖြစ်သည်။

"ကုမ္ပဏီ အပေါ်မှာ ကျွန်တော်တို့ ရိုးရိုးသားသား စိတ်ထားသလို ဥက္ကဋ္ဌကြီးကလည်း ရိုးသားပါတယ်ဆိုရင် ဒီစကားမျိုးကို မပြောပါဘူး။ တကယ်လို့ ဥက္ကဋ္ဌကြီးက ကျွန်တော်တို့ကို မဲနဲ့တိုက်မယ်ဆိုရင်လည်း ဥက္ကဋ္ဌကြီး ကျွန်တော်တို့ကို မနိုင်နိုင်ပါဘူး"

ဟု မက်အယ်လစ္စတာက ပြုံးနေရင်းမှပင် လှမ်းပြောသည်။

ဘာနီ၏မျက်နှာပေါ်တွင် ကောက်ကျစ်သည့် အရိပ်အယောင်များ ပေါ်လာသည်။

"ခင်ဗျားတို့ ထင်နေသလို ကျုပ်ဟာ ငတုံး ငအ မဟုတ်ဘူး။ ကျုပ် တစ်ညနေလုံး အလုပ်တွေ များနေတယ်၊ ခင်ဗျားတို့ကို မဲနဲ့ပြိုင်မယ်ဆိုရင် ကျုပ်ကို ထောက်ခံမယ့် အစုဝင် အရေအတွက် လုံလောက်အောင် ရှိနေပြီ။ ကျုပ်ကုမ္ပဏီကို ကျုပ်လက်လွတ် အဆုံးခံမှာ မဟုတ်ဘူး။ နဖူးကချွေး ခြေမ ကျအောင် ကျုပ်ကြိုးစားပြီး ဒီကုမ္ပဏီကို ထူထောင်ခဲ့ရတာ၊ မစ္စတာကော့ဟာ ဒါလောက်ငွေတွေ ပေါများနေတယ်ဆိုရင် သူ့မိတ်ဆွေ ရောင်းရင်းတွေဖြစ်တဲ့ နာဇီတွေကို သွားလှူပါ၊ ကျုပ်ရှယ်ယာတွေကိုတော့ ခုနစ်သန်းပေးတောင် ကျုပ် မရောင်းဘူး"

နော်မန်သည် စားပွဲကို လက်သီးနှင့်ထုကာ ပြောသည်။

ထိုင်ရာမှ ကျွန်တော် ထရပ်သည်။ ဒေါသဖြစ်လာသောကြောင့် ကျွန်တော့်နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ အော်တိုစထရပ်စ်မာတို့ ဂျူးမိသားစုကို ကယ်တင်နိုင်ရေးအတွက် နာဇီတို့အား ကျွန်တော် ငွေတစ်သန်းပေးခဲ့ဖူးသည်။ ထိုအဖြစ်မှန်ကို မည်သူမျှ မသိ။ နာဇီကို ကျွန်တော် ငွေလှူသည်ဟုသာ အများက နားလည်နေသည်။ သတင်းစာများကလည်း ထို အတိုင်းပင် ရေးခဲ့ကြသည်။

"ကျုပ်က ငွေခုနစ်သန်းပေးမယ် ဆိုရင် ဒီငွေတွေကို ဘာလုပ်မလဲလို့ မစ္စတာနော်မန် ကို မေးချင်ပါတယ်။ ဂျူးအမျိုးသားများ ကယ်ဆယ်ရေးရန်ပုံငွေအတွက် လှူမလား"

"ကျုပ် ပိုက်ဆံကို ကျုပ် ဘယ်လိုသုံးသုံး မစ္စတာကော့အပူ နှစ်ပြားသား မပါဘူး။ ကျုပ်ဟာ သူ့လို ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးလည်း မဟုတ်ပါဘူး။ ကျုပ်ကိုယ်ပိုင် ကုမ္ပဏီမှာ ကျုပ်ပိုင်တဲ့ ရှယ်ယာဟာ နည်းနည်းကလေးပါ"

သူကလည်း ကျွန်တော့်ကို ပြန်အော်သည်။

ကျွန်တော်က သဘောကျစွာ ပြုံးလိုက်သည်။

"မစ္စတာနော်မန်၊ ခင်ဗျား ချမ်းသာတဲ့ ငွေတွေ၊ ခင်ဗျားပိုင်တဲ့ ပစ္စည်းစာရင်းတွေကို ကျုပ် ဒီအစည်းအဝေးမှာ ဖတ်ပြလိုက်ရမလား၊ ခင်ဗျား နာမည်နဲ့ရော၊ ခင်ဗျားမိန်းမ နာမည်နဲ့ရောလေ"

ဘာနီသည် နားထွေးသွားဟန်ဖြင့် ကျွန်တော့်ကို ကြည့်နေသည်။

"စာရင်း ဘာစာရင်းလဲ"

မက်အယ်လစ္စတာကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ သူက လက်ဆွဲအိတ်ထဲမှ စာရွက်တစ်ရွက်ကိုထုတ်ပြီး ကျွန်တော့်ကို လှမ်းပေးသည်။

"မေနော်မန်အမည်နဲ့ ဘော့စတွန်မြို့က လုံခြုံရေးအမျိုးသားဘဏ်မှာ အပ်ထားတဲ့ ငွေက (၁၄,၀၀၀၀၀)၊ နယူးယောက်မြို့က မင်ဟက်တန်ကုမ္ပဏီဘဏ်မှာ အပ်ထားတာက (၂၁၀၀၀၀၀)၊ လော့စ်အိန်ဂျယ်လိစ်က ပိုင်အိုးနီးယား နေရှင်နယ်ထရပ်စ် ကုမ္ပဏီမှာ အပ်ထား တာက (၇၀၀၀၀၀)၊ နယူးယောက်မြို့က လီမန်ဘရားသားဘဏ်မှာ အပ်ထားတဲ့ငွေက (၃၁၅၀၀၀၀)၊ ပြီးတော့ တစ်ပြည်လုံးမှာ နေရာအနှံ့ဖြန့်ပြီး ခွဲအပ်ထားတာက ဒေါ်လာ ခြောက် သိန်းကျော် ခုနစ်သိန်းလောက်ရှိတယ်။ ဒါတွေအပြင် မစ္စစ်နော်မန်ဟာ ဘီဗာလီဟေးတောင်ကုန်း နားမှာ မြေဧကတစ်ထောင် ပိုင်ထားသေးတယ်။ အဲဒီမြေတွေဟာ တစ်ဧကကို ဒေါ်လာ နှစ်ထောင်လောက် အနည်းဆုံး တန်ပါတယ်"

"ခင်ဗျား ဒီစာရင်းတွေ ဘယ်က သွားရလာတာလဲ"

သူက ကျွန်တော့်ကို စိုက်ကြည့်နေသည်။

"ဘယ်ကရတယ်ဆိုတာ အရေးမကြီးပါဘူး"

အဘိုးကြီးသည် သူ့တူဘက်သို့ လှည့်သွားသည်။ ပြီးတော့ အသံကျယ်ကျယ်ဖြင့် ပြောသည်။

"တွေ့တယ်မဟုတ်လား ဒေးဗစ်၊ ငါ့မိန်းမဟာ သူပိုင်တဲ့ ငွေတွေကို မပျောက်ပျက်ရအောင် ဘယ်လောက် အစုအဆောင်း ကောင်းသလဲ"

သူသာ အဘိုးကြီးတစ်ယောက် မဟုတ်ခဲ့လျှင် ကျွန်တော် ရယ်မိပေလိမ့်မည်။ သူ့တူ၏ မျက်နှာပေါ်တွင် ဤငွေနှင့် ပစ္စည်းများ၏အကြောင်းမှန်ကို သိရှိထားပုံမပေါ်။ သူ့စိတ်ထဲမှာ ရှုပ်ထွေးနေပုံ ရသည်။

အဘိုးကြီးက ကျွန်တော့်ဘက်သို့ ပြန်လှည့်ကြည့်သည်။

"ကျုပ်မိန်းမက သူ့ပိုက်ဆံကို သူ စုဆောင်းထားတယ်၊ ဒါကို ခင်ဗျားမှာ ဓားပြတိုက်ယူပိုင်ခွင့်များ ရှိနေသလား"

"လွန်ခဲ့တဲ့ ခြောက်နှစ်အတွင်းမှာ ကုမ္ပဏီဟာ ငွေ (၁၁) သန်းလောက် ရှုံးခဲ့တယ်၊ ကုမ္ပဏီက ဒီလို အရှုံးပေါ်နေတဲ့အချိန်မှာ ခင်ဗျားမိန်းမက နှစ်စဉ် ဒေါ်လာတစ်သန်းလောက် နာမည် အမျိုးမျိုး၊ စာရင်း အမျိုးမျိုးနဲ့ စုဆောင်းနိုင်ခဲ့တယ်ဆိုတာ ကျုပ်အဖို့တော့ အင်မတန် ထူးဆန်းနေတယ်"

ဘာနီ၏ မျက်နှာမှာ ရဲသွားသည်။

"ကျုပ်မိန်းမဟာ သူ့အရင်းအနှီးတွေနဲ့ သူ အင်မတန် လိမ္မာတဲ့ မိန်းမပါ။ သူ့ကို ကျုပ်ဘာမှ ပြန်ကြည့်နေဖို့ မလိုဘူး"

"ဟုတ်ပါတယ်၊ ပြန်ကြည့်ဖို့ မလိုဘူးဆိုတာ ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် နော်မန်ကုမ္ပဏီကို ပစ္စည်းသွင်းဖို့၊ လိုတာတွေ ရောင်းဖို့အတွက် မလိုအပ်ဘဲနဲ့ ခင်ဗျားမိန်းမကို ခင်ဗျား ခန့်ခဲ့တယ်။ ဒါကြောင့် ကုမ္ပဏီက ခင်ဗျားမိန်းမကို အသားလွတ် ပွဲခတွေ ပေးနေရတယ်။ အရောင်းကိုယ်စားလှယ်အနေနဲ့ ဒီကုမ္ပဏီကနေပြီး အနည်းဆုံး ငါးရာခိုင်နှုန်းက ဆယ့်ငါးရာခိုင်နှုန်းအထိ ခင်ဗျားမိန်းမ မယူခဲ့ပါဘူးလို့ ခင်ဗျား ငြင်းရဲသလား"

သူသည် သူ့ကုလားထိုင်ပေါ်မှာ ပြန်ထိုင်ချလိုက်သည်။

"ဒါ ဘာဖြစ်သလဲ၊ ဒါဟာ စီးပွားရေးလုပ်ငန်းတွေရဲ့ လုပ်ရိုးလုပ်စဉ်ပဲ၊ သူဟာ ကျုပ်တို့ကုမ္ပဏီရဲ့ အရောင်းကိုယ်စားလှယ်ဖြစ်တယ်၊ ဒါကြောင့် ကျုပ်တို့ကုမ္ပဏီက ပေးရမယ့် ကော်မရှင်ကို သူ ဘာကြောင့် ယူခွင့်မရှိရမှာလဲ"

သည်လောက်ဆိုလျှင် သည်အဘိုးကြီး ကလိမ်ကျနေသည်မှာ လုံလောက်ပေပြီ။

"ကောင်းပြီ မစ္စတာနော်မန်၊ အရှုးချီးပန်း စကားတွေ ပြောနေတာရပ်ကြစို့၊ ခင်ဗျား ရှယ်ယာတွေကို ကျုပ်ပေးတဲ့ ဈေးဟာ တရားမျှတတာထက်တောင် နည်းနည်း ပိုသေးတယ်၊ ခင်ဗျား ရောင်းမလား မရောင်းဘူးလား ဒါပဲပြော"

"ဒေါ်လာသုံးသန်းခွဲနဲ့တော့ မရောင်းနိုင်ဘူး၊ ငါးသန်းပေးမှ"

"ခင်ဗျားရဲ့လက်ရှိအခြေအနေဟာ ဈေးဆစ်နေရမယ့် အခြေအနေမျိုး မဟုတ်ဘူး မစ္စတာနော်မန်၊ ကျုပ် ကမ်းလှမ်းတာကို လက်မခံရင် ကုမ္ပဏီကို ဒေဝါလီခံပစ်မယ်။ ခင်ဗျားမိန်းမကို ခင်ဗျားက တရားဝင်ငွေတွေ ပေးခဲ့ပါတယ်လို့ ဆိုတယ် မဟုတ်လား။ ခင်ဗျားကို ရာဇဝတ်မှုနဲ့ တရားစွဲမယ်၊ ဒီကုမ္ပဏီကို ဒုက္ခဖြစ်အောင် လုပ်နေတာဟာ ပြည်ထောင်စုတရားဥပဒေနဲ့ ငြိစွန်းနေတယ်ဆိုတာ ခင်ဗျား သိတယ် မဟုတ်လား။ အစုရှယ်ယာတွေကို ဈေးမှာ ခင်ဗျား ချရောင်းကတည်းက ဥပဒေနဲ့ ခင်ဗျား ငြိနေခဲ့ပြီ။ အဲဒီတော့ ထောင်ထဲကနေပြီး ခင်ဗျား ရှင်းပေါ့ဗျာ"

"ခင်ဗျား ကျုပ်ကို တရားမစွဲရဲပါဘူး"

"မစွဲရဲဘူး ဟုတ်လား"

ကျွန်တော်က မက်အယ်လစ္စတာဘက်သို့ လက်ကမ်းလိုက်သည်။ သူက ပုဒ်မ - (၇၂၂) ဖြင့် တရားစွဲရန် စီစဉ်ထားသည့် စာရွက်များပေးသည်။ ထိုစာရွက်များကို ဘာနီ၏ရှေ့သို့ ကျွန်တော် ပစ်ချလိုက်၏။

"အဲဒါတွေဟာ ခင်ဗျားကို တရားစွဲဖို့ ပြင်ဆင်ထားတဲ့ စာရွက်တွေပဲ၊ ခင်ဗျား အစုတွေကို မရောင်းရင် မနက်ဖြန်ကျရင် အဲဒီစာရွက်တွေ ရုံးတော်ကို ရောက်နေပြီမှတ်"

သူသည် စာရွက်များကို ငုံ့ကြည့်နေ၏။ ပြီးတော့ ကျွန်တော့်ဘက်သို့ လှည့်လာသည်။ ကျွန်တော့်ကို အလွန် ရွံရှာမုန်းတီးသည့် အမူအရာများ သူ့မျက်နှာပေါ်မှာ ပေါ်လွင်နေသည်။

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကို ဒီလိုလိုက်ပြီး တိုက်ခိုက်နေရတာလဲ၊ ဂျူးတွေကို အင်မတန် မုန်းလို့ ကျုပ်ကို ဒီလို လုပ်နေတာလား၊ ကျုပ်ဟာ ခင်ဗျားကို ကူညီဖို့ပဲ အမြဲတမ်း ကြိုးစားခဲ့တယ်"

ကျွန်တော်သည် ထိုင်ရာမှထပြီး သူ့ဆီ လျှောက်သွားသည်။ ပြီးတော့ သူ့ကို ကုလားထိုင်မှ ဆွဲထုတ်ကာ သူ့ကျောကို နံရံမှာကပ်ပြီး တွန်းထားလိုက်သည်။

"ဒီမှာ သေသေချာချာကြည့် ဂျူးစုတ်။ ကျုပ်အပေါ်မှာ ခင်ဗျား ဒါလောက် ကလိမ်ကျရရင် တော်တော့။ ခင်ဗျား ကျုပ်ကို ကူညီပါရစေလို့ ပြောတဲ့အခါတိုင်းမှာ ကျုပ်အိတ်ထဲက ရှိသမျှကို ခင်ဗျား ခါးပိုက်နှိုက်လို နှိုက်နှိုက်သွားခဲ့တယ်။ နောက်ထပ် ကျုပ် ခါးပိုက်အနှိုက်မခံနိုင်တော့လို့ လုပ်နေတာ"

"နာဇီ"

ဟု အော်ရင်း ကျွန်တော့်ကို တံတွေးဖြင့် ထွေးသည်။

သူ့ကို ကျွန်တော် တဖြည်းဖြည်း လွှတ်ပေးလိုက်ပြီး မက်အယ်လစ္စတာဘက်သို့ လှည့်လာခဲ့သည်။

"စာရွက်တွေ သိမ်းလိုက်ပါ၊ ကုမ္ပဏီက ငွေတွေခိုးမှုနဲ့ နော်မန်တို့ လင်မယား နှစ်ယောက်စလုံးကို ရာဇဝတ်ကြောင်းအရ တရားစွဲပါ"

အပေါက်ဝဘက်သို့ ကျွန်တော် လှည့်ထွက်ခဲ့သည်။

"ခဏနေဦး"

ဘာနီ၏အသံက ကျွန်တော့်ခြေလှမ်းများကို တန့်သွားစေသည်။ မျက်နှာပေါ်မှာ နာကြည်းသည့် အပြုံးမျိုးကို တွေ့ရသည်။

"ကျုပ် နည်းနည်းပါးပါး စိတ်မတည်မငြိမ် ဖြစ်သွားတာနဲ့တော့ ခင်ဗျား အရှုံးလို ထွက်သွားဖို့ မလိုပါဘူး"

ကျွန်တော်က သူ့ကို စိုက်ကြည့်နေသည်။

"ပြန်လာပါ"

သူကခေါ်ရင်း စားပွဲမှာ ပြန်ထိုင်သည်။

"ဒီကိစ္စကို မိနစ်ပိုင်းအတွင်းမှာ ပြီးသွားအောင် ကျုပ်တို့နှစ်ယောက် ဖြေရှင်းလို့ ရပါတယ်။ လူကြီးလူကောင်းများလိုပေါ့"

*   *   *

ပြတင်းပေါက်နားမှာ ကျွန်တော် ရပ်နေသည်။ ဘာနီက သူ၏ ငွေပင်ငွေရင်း အစုရှယ်ယာများကို လွှဲပြောင်းပေးကြောင်း လက်မှတ်ရေးထိုးနေသည်။ ကျွန်တော်က သူ့ကို ကြည့်နေသည်။ သူ ထိုင်နေပုံသည် ပုံပျက်ပန်းပျက် ဖြစ်၏။ သူ့ဘဝကြီးတစ်ခုလုံးနှင့် ပတ်သက်၍ သူ လက်မှတ်ရေးထိုးနေပုံမှာလည်း သာမန်အားဖြင့် သနားစရာကောင်းသည်။ သို့သော်လည်း သည်အဘိုးကြီးသည် နည်းနည်းကလေးမျှ သနားစရာကောင်းသော အဘိုးကြီး မဟုတ်။ ကျွန်တော့်စိတ်ထဲမှာ ထိုအတိုင်းပင် ခံစားနေရသည်။

သူသည် အတ္တသမားကြီး ဖြစ်သည်။ ကောက်ကျစ်စဉ်းလဲသည်။ ဘာစည်းဘာကမ်းမှမထား။ ဘာသစ္စာတရားမှ မရှိ။ ဘယ်သူသေသေ ငတေမာပြီးရော လူစားမျိုးကြီး ဖြစ်သည်။ ရသာမည်ဆိုလျှင် ဘနဖူး သိုက်တူးမည့် လူစားမျိုး ဖြစ်သည်။ မည်သို့ဆိုစေ စာချုပ်များပေါ်တွင် သူ လက်မှတ်ရေးထိုးနေသည်ကို ကြည့်နေရင်း သူ့ခန္ဓာကိုယ်တွင်းမှ နှလုံးသွေးများသည် ဖောင်တိန်နှစ်ဖျားမှတစ်ဆင့် စာရွက်ပေါ်တွင် ထင်သွားသည်ဟု ကျွန်တော် ထင်သည်။

ပြတင်းပေါက်သို့ ပြန်လှည့်ပြီး အပြင်ဘက်သို့ ငေးကြည့်နေမိသည်။ ကျွန်တော်တို့ ရပ်နေသည့်နေရာသည် အထပ်သုံးဆယ်မြောက်တွင် ဖြစ်သည်။ ထိုအပေါ်မှ လမ်းမပေါ်သို့

ငုံ့ကြည့်မိသည်။ လူများကို ခပ်သေးသေးသာ မြင်ရသည်။ သူတို့သည် အိပ်မက်သေးသေး ကလေးများကို မက်နေကြသည်။ အစီအစဉ် သေးသေးကလေးများကို ချနေကြသည်။ မနက်ဖြန်သည် စနေနေ့ဖြစ်လေရာ သူတို့၏ရက်အား ဖြစ်သည်။ ထို့ကြောင့် ဆိပ်ကမ်းသို့ သူတို့သွားကြမည်။ သို့မဟုတ် ပန်းခြံတစ်ခုခုသို့ သွားကြမည်။

အကယ်၍ သူတို့မှာ ပိုက်ဆံရှိမည်ဆိုလျှင် နယ်ဘက်တစ်နေရာသို့ မော်တော်ကား မောင်းပြီး သွားကြပေလိမ့်မည်။ သူတို့သားမယားများ၊ သားသမီးများနှင့် မြက်ခင်းစိမ်းစိမ်းများ ပေါ်တွင် ထိုင်ကြပေလိမ့်မည်။ သူတို့ပန်းခဲ့သမျှ၊ နွမ်းခဲ့သမျှများကို ပြေပျောက်သွားအောင် အပန်းဖြေကြပေလိမ့်မည်။ အလွန် ကံကောင်းသည့်သူများ ဖြစ်ပါသည်။

သူတို့သည် သားသမီး မချစ်တတ်သော ဖခင်မှ ပေါက်ဖွားလာသူများ မဟုတ်။ သူတို့ ပတ်လည်တွင် ကိုယ့်အကျိုးစီးပွား ဖြစ်ထွန်းရေး၊ အခွင့်အရေးရရေးကိုသာ အာရုံစိုက်နေသူများ ဝိုင်းဝိုင်းလည်မနေ။

ကျွန်တော့်ရင်ထဲမှာ နာကျင်လာသည်။ အမှန်တော့ လူ့ဘဝဟူသည်မှာ ထိုအတိုင်းသာ ဖြစ်သင့်သည်။ သို့သော် ကျွန်တော်သည် သူတို့လို ဖြစ်မလာ။ သည်နေရာမှာ ကျွန်တော် ရောက်နေသည်။ သည်နေရာကို ကျွန်တော် သဘောကျမိသည်။ နှစ်သက်နေမိသည်။

ကျွန်တော့်ဘဝသည် ကောင်းကင်ပေါ်သို့ တစ်ယောက်ထီးတည်း ရောက်နေရသည့် ဘဝမျိုး ဖြစ်သည်။ မည်သည့်အရာကို လုပ်နိုင်သည်၊ မည်သည့်အရာကို မလုပ်နိုင်ဟု ပြောပြမည့်သူ မရှိ။ ကျွန်တော့်ဘဝတွင် ကျွန်တော့်ပါးစပ်က ထွက်လာသည်များသည် ဥပဒေများ ဖြစ်နေသည်။ ကျွန်တော့်ပတ်ဝန်းကျင်တွင် ရှိရှိသမျှလူတို့သည် သူတို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ကျွန်တော် ပြောသည့်အတိုင်း လုပ်ကြရမည်။ ကျွန်တော် နေခိုင်းသည့်အတိုင်း နေကြရမည်။ ကျွန်တော် သွားခိုင်းသည့်အတိုင်း သွားကြရမည်။

ကျွန်တော်သည် အမြင့်ဆုံးမှာ ကြာနိုင်သမျှကြာအောင် နေရမည်။ အကြာကြီး နေရမည်။ သို့မှသာ လူအများက ကျွန်တော့်နာမည်ကို ပြော်ကြမည်။ ကျွန်တော့်နာမည်ကို သိကြမည်။ ကျွန်တော့်အကြောင်းကို ပြောဆိုကြရမည်၊ ဟုတ်ပါသည်။ ကျွန်တော့်အကြောင်းသာ ဖြစ်ရပါမည်။ ကျွန်တော့်အဖေအကြောင်း မဖြစ်စေရ။

ကျွန်တော် ပြတင်းပေါက်မှလှည့်ပြီး စားပွဲဆီသို့ ပြန်လာခဲ့သည်။ စာချုပ်များကို ကောက်ယူကြည့်သည်။ 'ဘားနဒ်၊ ဘီ၊ နော်မန်'ဟူ၍ မှန်မှန်ကန်ကန် လက်မှတ်ထိုးထားသည်ကို တွေ့ရသည်။

ဘာနီက ကျွန်တော့်ကို မော့ကြည့်သည်။ သူ ပြုံးရန် ကြိုးစားပါသေး၏။ သို့သော် မအောင်မြင်ရှာပါ။

"အရင်နှစ်ပေါင်းများစွာတုန်းက ဘာနီနော်မန်နိုဗစ်ဆိုတဲ့ ဂျူးလူမျိုးတစ်ယောက်ဟာ သူ့ရဲ့ပထမဦးဆုံး ကုမ္ပဏီတစ်ခုကို စတုတ္ထအဲဗင်းနယူးမှာ စတင်တည်ထောင်ခဲ့တယ်။ အဲဒီတုန်းကတော့ တစ်နေ့သောအခါကျရင် သူ့ကုမ္ပဏီကို ဒေါ်လာသုံးသန်းခွဲထဲနဲ့ ရောင်းပစ်ရလိမ့်မယ်လို့ ဘယ်သူကမှ မထင်ခဲ့ကြဘူး"

ရုတ်ခြည်းပင် ဘာကိုမှ ဂရုမစိုက်လိုတော့သည့်စိတ် ကျွန်တော့်ရင်ထဲမှာ ပေါ်လာသည်။ ကျွန်တော် သူ့အတွက် ဝမ်းနည်းစိတ်လည်း မထားနိုင်တော့။ သူသည် ကုမ္ပဏီကို ထင်တိုင်း အဓမ္မကျင့်ခဲ့၏။ လုယက်ယူခဲ့၏။ အနည်းဆုံး ဒေါ်လာ (၁၅) သန်းလောက်ကို မတရားသောနည်းများဖြင့် သူ ရယူခဲ့ပြီးပြီ ဖြစ်သည်။ သူ့အပေါ် ခွင့်လွှတ်စရာအကြောင်းဆို၍ သည်ကုမ္ပဏီကို သူ စတင်တည်ထောင်ခြင်း တစ်ခုသာလျှင် ရှိသည်။

"ဒါကိုလည်း ခင်ဗျား လိုချင်လိမ့်ဦးမယ်လို့ ကျုပ် ထင်ထားပါတယ်"

ဟု ပြောရင်း သူ့အိတ်ထဲမှ စာရွက်ခေါက်တစ်ခုကို ဆွဲထုတ်လိုက်သည်။

သူ့လက်ထဲမှယူပြီး ကျွန်တော် ဖွင့်ကြည့်သည်။ ကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ်မှ လည်းကောင်း၊ ဒါရိုက်တာအဖွဲ့ သဘာပတိအဖြစ်မှ လည်းကောင်း နုတ်ထွက်ကြောင်း သူ၏ နုတ်ထွက်စာ ဖြစ်သည်။ အံ့သြမှုဖြင့် သူ့ကို ကျွန်တော် လှမ်းကြည့်သည်။

"ကိုင်း ခင်ဗျားကို ကျုပ် ဘာလုပ်ပေးနိုင်စရာ ရှိသေးသလဲ"

"မရှိပါဘူး"

ဟု ကျွန်တော်က ပြန်ပြောသည်။

"ခင်ဗျား မှားတာပေါ့ မစ္စတာကော့"

သူသည် တယ်လီဖုန်းဆီသို့ လျှောက်သွား၏။

"အော်ပရေတာ၊ မစ္စတာနော်မန် စကားပြောနေတယ်၊ မစ္စတာကော့ကို စောစောက ခေါ်နေတဲ့ တယ်လီဖုန်း အခု စကားပြောလို့ရပြီ"

သူက တယ်လီဖုန်းကို ကျွန်တော့်ဆီသို့ လှမ်းပေးသည်။

"ခင်ဗျား တယ်လီဖုန်း"

မည်သို့မျှ မဖြစ်သော အမူအရာမျိုးဖြင့် ကျွန်တော့်ကို ပြောသည်။ တယ်လီဖုန်းကို ကျွန်တော် ယူပြီး နားထောင်သောအခါ အော်ပရေတာ၏အသံကို ကြားရသည်။

"လော့စ်အိန်ဂျယ်လိစ်၊ မစ္စတာကော့ လိုင်းပေါ်ရောက်နေပြီ၊ ပြောပါ"

အော်ပရေတာ၏ လိုင်းဆက်ပေးသံကို ကြားရသည်။ ပြီးတော့ နောက်ထပ် လိုင်းဆက်ပေးသံကို ကြားရပြီး တစ်ဖက်က တယ်လီဖုန်းကို ခေါ်နေသံကြားရ၏။ ဘာနီက ကျွန်တော့်ကို မျက်မှောင်ကုတ်ကြည့်ပြီး အပေါက်ဝဘက်သို့ ထွက်သွားသည်ကို မြင်ရသည်။ ပြီးတော့ နောက်သို့ ပြန်လှည့်ပြီး သူ့တူကို ခေါ်သည်။

"ဒေးဗစ်၊ လာ သွားကြစို့"

ဒေးဗစ်ဝုဖ်သည် ကုလားထိုင်မှထပြီး ထွက်လိုက်သွားရန် ဟန်ပြင်၏။

"မင်း နေခဲ့"

ကျွန်တော်က စကားပြောခွက်ကို လက်ဖြင့်ပိတ်ပြီး သူ့ကို လှမ်းပြောသည်။

ဒေးဗစ်သည် အဘိုးကြီးကို လှမ်းကြည့်၏။ ပြီးတော့ သူ့ခေါင်းကို ခါယမ်းလိုက်ပြီး ကုလားထိုင်မှာ ပြန်ထိုင်သည်။ အဘိုးကြီးကလည်း သူ့ပခုံးကို တွန့်လိုက်သည်။

"ငါ့သွေး ငါ့သားထဲကရော ဘာများ မျှော်လင့်စရာ ရှိသေးလို့လဲ"

ဟု ပြောပြီး အပြင်သို့ ထွက်သွားသည်။

"ဂျိုနတ်စ်ကော့လား"

မိန်းမတစ်ယောက်၏အသံ ကျွန်တော့်နားထဲသို့ ဝင်လာသည်။ သည်အသံကို ကျွန်တော် ကြားဖူးသလိုလို ရှိနေ၏။ သို့သော် မမှတ်မိ။

"စကားပြောနေပါတယ်၊ အခု ပြောတာ ဘယ်သူလဲ"

"အိုင်လင်းဂေးလတ်ပါ၊ ကျွန်မရှင့်ကို တယ်လီဖုန်းနဲ့ တစ်နေ့လုံး ရှာနေပါတယ်။ ရီနာ. . . ရီနာ"

သူ့အသံသည် တိမ်ပြီး ပျောက်ကွယ်သွားတော့သည်။

ကျွန်တော့်ရင်ထဲမှာ ထိတ်သွားသည်။

"မစ္စဂေးလတ်၊ ရီနာ ဘာဖြစ်သလဲ"

"ရီနာ မြောနေပြီ မစ္စတာကော့၊ ရှင့်ကို သူ တွေ့ချင်နေတယ်"

စကားဆုံးသည်နှင့် အိုင်လင်း၏ငိုသံ ထွက်လာသည်။

"မြောနေတယ် ဟုတ်လား"

ကျွန်တော်က ပြန်မေးသည်။ ကျွန်တော် မယုံနိုင်ပါ။ ရီနာသည် ရေတိမ်နစ်သွားနိုင်သည့် မိန်းမစား မဟုတ်။

"ဟုတ်ပါတယ် မစ္စတာကော့၊ ဦးနှောက် အမြေးရောင်တဲ့ရောဂါ၊ မစ္စတာကော့ကို မြန်မြန် လာစေချင်ပါတယ်။ ရီနာ ဘယ်လောက် ကြာကြာခံမယ် ဆိုတာ ဆရာဝန်တွေ ကိုယ်တိုင်လည်း မပြောနိုင်တော့ပါဘူး။ ကျွန်မတို့ စန်တာမောနီကာက ကိုလ်တန်ဆေးရုံမှာ ရှိနေကြပါတယ်။ မစ္စတာကော့ လာမယ်လို့ ကျွန်မ ပြောပြလိုက်ရမလား"

"ငါ လမ်းတစ်ဝက်ရောက်နေပြီလို့ ပြောလိုက်"

ကျွန်တော် တယ်လီဖုန်းကို ချက်ချင်း ပစ်ချလိုက်သည်။

သည်အစည်းအဝေးသို့မလာမီ ဟိုတယ်တုန်းကလည်း လော့စ်အိန်ဂျယ်လိစ်မှ ဖုန်းဆက်သေးသည်။ ကျွန်တော် စကား မပြောခဲ့။ အစည်းအဝေးသွားပြီဟု ပြောခိုင်းခဲ့သည်။

ဒေးဗစ်ဝုဖ်ကို ကျွန်တော် လှမ်းကြည့်သည်။ သူ့မျက်နှာပေါ်တွင် ထူးဆန်းသော အမူအရာကို မြင်ရသည်။

"ဒီကိစ္စ မင်း သိသလား"

"သိပါတယ်"

သူခေါင်းညိတ်ဖြေရင်း ထိုင်ရာမှ ထရပ်သည်။

"ဘာဖြစ်လို့ စောစောက ငါ့ကို မပြောတာလဲ"

"ကျွန်တော် ဘယ်လိုလုပ် ပြောနိုင်မလဲ၊ ဒီကိစ္စ ခင်ဗျား သိသွားမှာကို ကျွန်တော့် ဘကြီးက သိပ်လန့်နေတာ၊ ခင်ဗျား သိသွားရင် သူ့ရှယ်ယာတွေကို ဝယ်တော့မှာ မဟုတ်ဘူး"

အခန်းထဲမှာ ပုံပန်းပျက်လောက်အောင်ပင် တိတ်ဆိတ်သွားသည်။ တယ်လီဖုန်းကို ကျွန်တော် ကောက်ကိုင်လိုက်ပြန်သည်။ ရုစဗယ့်လေယာဉ်ကွင်းရှိ မောရစ်ဆေ၏ တယ်လီဖုန်းနံပါတ်ကို အော်ပရေတာအား ပြောပြပြီး ဆက်ခိုင်းလိုက်သည်။

"ကျွန်တော်ရော အန်ကယ် ဘာနီနဲ့အတူတူ အလုပ်ထွက်ရတော့မလား ခင်ဗျာ"

ဟု ဒေးဗစ်ဝုဖ်က မေးသည်။

ကျွန်တော်က ခေါင်းခါပြလိုက်၏။

ကျွန်တော်သည် ပိပိရိရိ သပ်သပ်ရပ်ရပ်ကြီးကို အနှုပ်ခံလိုက်ရပြီ ဖြစ်သည်။ ဘာမှ တန်ဖိုးမရှိတော့သည့် ကုမ္ပဏီကြီးကို ကျွန်တော် ဝယ်မိလျက်သား ဖြစ်နေချေပြီ။ သို့သော် ကျွန်တော့်တွင် စောဒကတတက်ပိုင်ခွင့် မရှိတော့။ စည်းကမ်းဥပဒေများ အားလုံးကို ကျွန်တော် သိပါသည်။

ယခုအချိန်တွင် ဤကိစ္စများသည် ဘာမှ အရေးတကြီး မဟုတ်တော့။ ဘာမှ အကြောင်း မဟုတ်တော့။

ယခု အရေးအကြီးဆုံးသည် ရီနာပင် ဖြစ်သည်။

တယ်လီဖုန်းကို မောရစ်သည် တော်တော်နှင့် လာမကိုင်။ ထိုသို့ စောင့်နေရသည်ကို သည်းမခံနိုင်တော့ဘဲ ကျွန်တော် ကလော်ဆဲနေမိသည်။

ရီနာဆီသို့ ကျွန်တော် အချိန်မီရောက်ရန် တစ်ခုတည်းသောနည်းလမ်းသည် စစ်တပ်ကဝယ်ရန် မနက်ဖြန် စစ်ဆေးကြည့်တော့မည်ဆိုသော စီအေ (၄) လေယာဉ်ပျံဖြင့် သွားရန် တစ်လမ်းသာရှိတော့သည်။

(၅)

လေယာဉ်ပျံထားသည့်ရုံထဲမှာ ရှိသမျှလူအားလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ လျှပ်စစ်ဂဟေဆော်သူများသည် မျက်နှာဖုံးများကို စွပ်ရင်း လေယာဉ်ပျံအတောင်ပံပေါ်မှာ အလုပ်များနေကြသည်။ လေယာဉ်၏ အတောင်ပံတစ်ဖက်တစ်ချက်ပေါ်တွင် ဓာတ်ဆီအပိုတိုင်ကီကို တပ်ဆင်နေကြခြင်း ဖြစ်သည်။ အခြား စက်ပြင်ဆရာများကလည်း လေယာဉ်ပျံပေါ်မှာရှိသည့် အခြား ပစ္စည်းများကို ဖြုတ်ချနေကြသည်။ သို့သော်လည်း ယခုအချိန်အထိ လေယာဉ်ပျံကို ပျံသန်းမသွားနိုင်သေး။ စောင့်ရသည်မှာ ကြာလွန်းသည်။ အလွန့်အလွန်ကို ကြာလွန်းသည်။ ကျွန်တော် စိတ်မရှည်နိုင်အောင် ဖြစ်နေမိသည်။

ကျွန်တော့်ဆီသို့ မောရစ်ဆေ လျှောက်လာသောအခါတွင် ကျွန်တော့်လက်မှ နာရီကို ငုံ့ကြည့်လိုက်မိသည်။ (၁၂) နာရီထိုးနေပြီ။ ယခုအချိန်ဆိုလျှင် ကာလီဖိုးနီးယား ပြည်နယ်၌ ကိုးနာရီခန့် ရှိရောမည်။

"ဘယ်လောက် ကြာဦးမလဲ"

ဟု ကျွန်တော်က သီးမေးသည်။

"သိပ်မကြာတော့ပါဘူး၊ လေယာဉ်ပျံပေါ်မှာ မလိုတဲ့ပစ္စည်းတွေအားလုံး ဖြုတ်ချပြီး

ပါပြီ၊ ကျန်တာက ပေါင် (၁၄၀၀) လောက်ပဲ လေးပါလိမ့်မယ်"

မောရစ်ဆေက သူ့လက်ထဲမှာရှိသော စာရွက်ကို ငုံ့ကြည့်ရင်းပြောသည်။

အရှေ့အလယ်ပိုင်းဆီလောက်တွင် မုန်တိုင်းကျနေကြောင်း ကျွန်တော်တို့ တိုင်းထွာကြည့်သည့် မိုးလေဝသသတင်းများအရ သိရသည်။ မုန်တိုင်းငြိမ်သည့်အချိန်အထိ မစောင့်ဘဲ ကျွန်တော် သွားမည်ဆိုလျှင် တောင်ဘက်မှပန်းပြီး ပတ်သွားရမည် ဖြစ်သည်။ ထိုသို့ မုန်တိုင်းကို ကွင်းရှောင်သွားရမည်ဆိုပါက ကျွန်တော်တို့ ဓာတ်ဆီ (၄၃) ရာခိုင်နှုန်း ပိုသုံးရမည်ဟု မောရစ်ဆေက တွက်ပြသည်။ အနည်းဆုံး (၇) ရာခိုင်နှုန်း ခြေစောင့်လက်စောင့် အပိုဆောင်ထားရဦးမည်။

"မနက်အထိ ဘာဖြစ်လို့ မစောင့်နိုင်တာလဲ၊ ရာသီဥတု ကောင်းလာနိုင်ပါတယ်။ ဒီလိုဆိုရင် ကွင်းရှောင်မနေရဘဲ တည့်တည့်မောင်းသွားလို့ ရတာပေါ့"

ဟု မောရစ်ဆေက ပြောသည်။

"မစောင့်ဘူး၊ ကိုယ့်လူ တယ်လျှာရှည်ပါလား"

"ဘုရားကယ်တော်မူပါလို့ တ,ရမလို ဖြစ်နေပြီဗျာ၊ ဒီလေယာဉ်ပျံလည်း နောက်ထပ်ဘယ်တော့မှ မြေပြင်က ကြွတက်နိုင်တော့မှာ မဟုတ်ပါဘူး။ ဒါလောက်တောင် ကိုယ့်ကိုယ်ကိုယ် သတ်သေချင်ရင် သေနတ်နဲ့ ဘာဖြစ်လို့ ပစ်သတ်မသေတာလဲ"

မောရစ်ဆေက ကျွန်တော့်ကို နားမလည်သလို ရေရွတ်နေသည်။

ကျွန်တော်က လေယာဉ်ပျံကိုသာ လှမ်းကြည့်နေမိသည်။

ရီနာ့ထံသို့ ကျွန်တော် အမြန်ဆုံးရောက်ဖို့ လိုသည်။ မုန်တိုင်းငြိမ်အောင် စောင့်နေရမည်ဆိုလျှင် နောက်ကျသွားမည်။ လမ်းမှာ ဆီဝင်ထည့်ရမည်ဆိုလျှင် ဖင့်နွှေးမည်။ ထို့ကြောင့် လေယာဉ်ပျံပေါ်မှ ရှိသမျှပစ္စည်းများအားလုံး ဖြုတ်ချခိုင်းပြီး အလေးချိန်လျှော့ခြင်း ဖြစ်သည်။ ဖြုတ်ချသည့် ပစ္စည်းများအစား ဓာတ်ဆီတိုင်ကီအပိုတပ်ကာ ဆီပိုထည့်သွားရမည်။ သို့မှသာ မနားမနေ မောင်းနိုင်မည် ဖြစ်သည်။

"ရေဒီယိုက ဘယ်လောက် လေးသလဲ"

"ပေါင် (၅၁၀) လေးတယ်၊ ခင်ဗျား ရေဒီယိုကိုတော့ ချထားခဲ့လို့ မဖြစ်ဘူး။ ခင်ဗျား ဘယ်ရောက်နေတယ်ဆိုတာ ဘယ်လိုလုပ် သိမလဲ၊ ရာသီဥတုအခြေအနေကိုရော ဘယ်လိုလုပ် သိမလဲ"

သူက ခပ်မြန်မြန်ဖြေရင်း ကျွန်တော့်ကို စိုက်ကြည့်နေသည်။

"လေယာဉ်ပျံတွေမှာ ရေဒီယို မတပ်ခင်ကတည်းက ကျုပ်မောင်းလာတာ၊ ဖြုတ်ချလိုက်"

မောရစ်ဆေသည် လေယာဉ်ဆီသို့ ပြန်လှည့်သွားသည်။ သူ့ခေါင်းကိုလည်း တွင်တွင်ယမ်းနေသည်။ ကျွန်တော့်ခေါင်းထဲမှာ အကြံတစ်ခု ပေါ်လာပြန်သည်။ ထို့ကြောင့် သူ့ကို လှမ်းမေးသည်။

"လေယာဉ်မှူးအတွက် အောက်ဆီဂျင်ပေးတဲ့စက်က ဘယ်လောက် လေးသလဲ"

"တိုင်ကီအပါအဝင် ပေါင် (၆၇၀) လေးတယ်"

"အဲဒါပါ ဖြုတ်ချခဲ့၊ ကျုပ် နိမ့်နိမ့်မောင်းမယ်"

"ရော့ကီးတောင်တန်းကြီးကို ကျော်ရဦးမယ်ဆိုတော့ အောက်ဆီဂျင်မပါလို့ ဘယ်ဖြစ်မလဲဗျာ၊ ဒုက္ခပါပဲ"

"အောက်ဆီဂျင်ဘူးသေးကို ကျုပ် ထိုင်ခုံနောက်မှာ တင်ပေးလိုက်"

ကျွန်တော်သည် ရုံးခန်းထဲသို့ ပြန်လာခဲ့ပြီး လော့စ်အိန်ဂျယ်လိစ်ရှိ ပြည်တွင်းလေကြောင်းသယ်ယူပို့ဆောင်ရေးရုံးမှ ဘတ်ဇ်ဒါလ်တန်ကို တယ်လီဖုန်း လှမ်းဆက်သည်။ ရုံးမှပြန်သွားပြီ ဖြစ်သောကြောင့် အော်ပရေတာက သူ့အိမ်သို့ တစ်ဆင့်ဆက်ပေးသည်။

"ဘတ်ဇ်လား၊ ကျွန်တော် စကားပြောနေတယ်"

"မောင်ရင့်အသံ ဘယ်တော့များမှ ကြားရပါ့မလဲလို့ ကိုယ် စဉ်းစားနေတာ"

"ကိုယ့်အတွက် တစ်ခု လုပ်ပေးစမ်းပါ"

"လုပ်ပေးမယ်၊ ဘာလဲပြော"

သူက၊ ချက်ချင်း မဆိုင်းမတွ ပြန်ဖြေသည်။

"ဒီနေ့ည မင်းဆီကို ကိုယ်လေယာဉ်ပျံနဲ့ လာခဲ့မယ်၊ တို့လေယာဉ်ပျံဂိုဒေါင်တွေ အားလုံးရဲ့ အမိုးပေါ်မှာ မိုးလေဝသအခြေအနေ အချက်ပြတာတွေ လုပ်ခိုင်းပေးထားစမ်းပါ"

"မောင်ရင့် ရေဒီယို ဘာဖြစ်လို့လဲ"

"ကိုယ် စီအေ (၄) ကို မောင်းလာမယ်၊ မနားတမ်း မောင်းမယ်။ ဒါကြောင့် လေယာဉ်ပျံပေါ်မှာ အပိုပစ္စည်း ဘာမှ အတင်မခံနိုင်ဘူး"

ဘတ်ဇ်က လေချွန်လိုက်သည်။

"သူငယ်ချင်း၊ ဘယ်တော့မှ ဒီအလုပ်မျိုး မလုပ်ပါနဲ့"

"ဟော့ကောင်၊ မင်း ငါ့ကို ဆရာမလုပ်နဲ့၊ ညဆိုရင် မီးနဲ့အချက်ပြ၊ နေ့ဆိုရင် ခေါင်မိုးပေါ်ကို ဆေးသုတ်ပြီး အချက်ပြ"

"ကောင်းပြီ၊ သူငယ်ချင်းလာမယ့် လမ်းကြောင်းပြော"

"ကိုယ်အခု မဆုံးဖြတ်ရသေးဘူး၊ မုန်တိုင်းကျနေတယ်၊ မုန်တိုင်းကို ကွင်းရှောင်ရမယ်။ ဒါကြောင့် ရှိရှိသမျှ လေယာဉ်ကွင်းတိုင်းက တို့လေယာဉ်ပျံဂိုဒေါင်တွေ အားလုံးမှာ လုပ်ခိုင်းထားပါ"

"စိတ်ချ၊ ကံကောင်းပါစေ သူငယ်ချင်း"

ကျွန်တော် တယ်လီဖုန်းကို ပြန်ချလိုက်သည်။ ဘတ်ဇ်ကို ကျွန်တော် သဘောကျသည်မှာ ဤ အကြောင်းများလည်း ပါသည်။ အလွန် အားထားရသောသူ ဖြစ်သည်။ ဘာကြောင့်လဲ၊ ဘယ်မှာလဲ၊ ဘာလုပ်ဖို့လဲ အစရှိသည့် အဓိပ္ပာယ်မရှိသော မေးခွန်းများကို မေးနေခြင်းဖြင့် အကြောင်းမဲ့ အချိန်မဖြုန်း။ သူသည် ကျွန်တော် ခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း လုပ်တတ်သူ ဖြစ်၏။ သူ ဂရုစိုက်သည်မှာ ကျွန်တော်တို့၏ လေကြောင်းလုပ်ငန်း တစ်ခုတည်းသာ ဖြစ်သည်။ ကျွန်တော်တို့၏ အိုင်စီအေလေကြောင်း ကုမ္ပဏီသည်လည်း အမေရိကန်ပြည်ထောင်စုတွင် အကြီးဆုံးနှင့် အအောင်မြင်ဆုံးသော လေကြောင်းကုမ္ပဏီတစ်ခု ဖြစ်နေပေပြီ။ တစ်ပြည်လုံးမှာ ကျွန်တော်တို့ ကွင်းများ၊ ကျွန်တော်တို့ လေယာဉ်ပျံများ၊ ကျွန်တော်တို့ ဂိုဒေါင်များ ရှိနေပြီ။

စားပွဲပေါ်မှ ဘော်ဘွန်အရက်ပုလင်းကို လှမ်းယူပြီး ဖြည်းဖြည်းချင်း သောက်နေမိသည်။ ထို့နောက် ကွပ်ပျစ်ပေါ်သို့သွားကာ ခြေပစ်လက်ပစ် အိပ်ချလိုက်သည်။ ကျွန်တော့် ခြေထောက်များကို တစ်ဖက်စွန်းတွင် တွဲလောင်းချထားသည်။ စက်ဆရာများ လက်စသတ်နေကြကတည်းက ကျွန်တော် နည်းနည်းမျှ အနားမယူခဲ့ရသေး။ ထို့ကြောင့် မျက်လုံးများကို မှိတ်လိုက်သည်။

ကျွန်တော့်အနီးသို့ မောရစ်ဆေ ရောက်လာမှန်း သိလိုက်သည်။ ထို့ကြောင့် မျက်လုံးဖွင့်ကြည့်သည်။

"အဆင်သင့် ဖြစ်ပလား"

သူ့ကို မော့ကြည့်ပြီး ကျွန်တော့်က မေးသည်။

သူက ခေါင်းညိတ်ပြသည်။ ကျွန်တော်လည်း ကွပ်ပျစ်ပေါ်မှ ဆင်းကာ လေယာဉ်ဂိုဒေါင်ထဲသို့ လှမ်းကြည့်မိသည်။ ဘာမှ မရှိ။

"လေယာဉ်ပျံ ဘယ်ရောက်သွားပြီလဲ"

"အပြင်ထုတ်ထားပါတယ်၊ အဆင်သင့်ဖြစ်အောင် စက်လည်း နှိုးထားပါတယ်"

"ကောင်းဗျာ"

ကျွန်တော် နာရီကို ငုံ့ကြည့်သောအခါ မနက်သုံးနာရီထိုးပြီး၍ မိနစ်အနည်းငယ် စွန်းနေကြောင်း တွေ့ရသည်။ သူသည် ကျွန်တော်နှင့်အတူ ရေစင်သို့ လိုက်လာသည်။

"ခင်ဗျား သိပ်ပင်ပန်းနေပြီ၊ တကယ်ပဲ သွားမှာလားဗျာ"

ရေအေးများဖြင့် ကျွန်တော် မျက်နှာသစ်နေသည်ကိုကြည့်ပြီး သူက မေးသည်။

"သွားကို သွားရမယ်"

"အင်မတန် ဇွတ်တရွတ်နိုင်တဲ့လူပဲ၊ ခင်ဗျားဖို့ အမဲသားဆင်းဒဝစ် ခြောက်ခု၊ ကော်ဖီကြမ်း ဓာတ်ဘူးကြီးနဲ့ တစ်လုံးအပြည့် လေယာဉ်ပေါ်မှာ တင်ထားပြီးပြီ"

"ကျေးဇူးပါပဲ"

ကျွန်တော်က အပြင်သို့သွားရန် ခြေလှမ်းပြင်လိုက်သည်။ သူက ကျွန်တော့်ကို လက်ဖြင့်လှမ်းဆွဲပြီး ပုလင်းအဖြူ သေးသေးကလေးတစ်ပုလင်း ပေးသည်။

"ကျွန်တော် ဆရာဝန်ကို လှမ်းခေါ်တယ်၊ သူက ခင်ဗျားအတွက် ဒါ ပေးသွားတယ်"

"ဘာတွေတုံး"

"ဆေးအသစ်ပဲ၊ ဘင်ဇာဒရင်းတဲ့၊ အိပ်ချင်လာရင်တစ်လုံးသောက်၊ အိပ်ချင်ပြေသွားလိမ့်မယ်၊ သတိတော့ထား၊ အများကြီးမသောက်နဲ့၊ အိပ်ပျော်သွားပြီး အိမ်ခေါင်မိုးတွေကို လေယာဉ်ပျံနဲ့ လျှောက်တိုက်ကုန်လိမ့်မယ်"

ကျွန်တော်တို့နှစ်ယောက် လေယာဉ်ပျံရှိရာသို့ ထွက်လာကြသည်။

"တိုင်ကီထဲမှာ ဓာတ်ဆီလေးပုံတစ်ပုံ မကျန်ဘဲနဲ့ စပယ်ယာတိုင်ကီတွေကို မဖွင့်ပါနဲ့၊ ဓာတ်ဆီလက်ကျန်များနေရင် စပယ်ယာတိုင်ကီက ဆီကို ဆွဲမယူနိုင်ဘဲ ဖြစ်နေလိမ့်မယ်"

"စပယ်ယာတိုင်ကီတွေ အလုပ်လုပ်တယ် မလုပ်ဘူး ဘယ်လို သိမလဲ"

"သူတို့ အလုပ်မလုပ်ရင် မီတာက လေးပုံတစ်ပုံမှာပဲ ပြနေလိမ့်မယ်"

ကျွန်တော်သည် သူ့ကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။ သို့သော်လည်း တစ်စုံတစ်ရာ ပြန်မပြောတော့ဘဲ ဆက်လျှောက် လာခဲ့သည်။ အတောင်ပံပေါ် သို့ ကျွန်တော် တက်ပြီး ဦးခန်းဘက်သို့ လှည့်လိုက်ချိန်တွင် ကျွန်တော့်ဘောင်းဘီခြေထောက်စ တစ်ဖက်ကို လက်တစ်ဖက်က လှမ်းဆွဲသည်။ ကျွန်တော် ပြန်လှည့်ကြည့်သည်။

ဖော်ရက်စတာသည် ကျွန်တော့်ကို မော့ကြည့်နေ၏။ ထိတ်လန့်တုန်လှုပ်သည့် အမူအရာများကိုလည်း သူ့မျက်နှာပေါ် မှာ မြင်ရသည်။

"ဒီလေယာဉ်ပျံကို ခင်ဗျား ဘာလုပ်မလို့လဲ"

"ကာလီဖိုးနီးယားကို သွားမလို့လေ"

"မနက်မှာ စစ်ဆေးဖို့က ဘယ်လို လုပ်ရမှာလဲ၊ ဒီလေယာဉ်ပျံကို စစ်ဖို့ စတိဖ်ရန်းဒေါလ်ကိုတောင် ကျွန်တော် ခေါ်လာခဲ့ပြီ"

ဟု ဖော်ရက်စတာက ကျွန်တော့်ကို အော်ပြောသည်။ မနေ့ညနေကပင် သည်ကုမ္ပဏီ၏ဥက္ကဋ္ဌအဖြစ် သူ့ကို ကျွန်တော် ခန့်ခဲ့သည်။

"မတတ်နိုင်ဘူး၊ အစီအစဉ် ဖျက်ပစ်လိုက်"

"ဒါပေမယ့် ဗိုလ်ချုပ်ကို ဘယ်လိုလုပ် ပြောရမလဲ၊ သူ့ကို ဘယ်လိုလုပ် ရှင်းပြရမလဲ၊ ဒီအတိုင်းဆိုရင် ဒီလေယာဉ်ပျံကို သူ ဘယ်ဝယ်တော့မှာလဲ"

ဟု သူက အော်မြဲအော်သည်။

ကျွန်တော်သည် လေယာဉ်မှူးနေရာတွင် ဝင်ထိုင်ပြီး သူ့ကို ပြန်ငုံ့ကြည့်လိုက်သည်။

"ဒါက ကျုပ် ပူစရာမလုပ် မဟုတ်ဘူး ခင်ဗျား ပူရမယ့်အလုပ်"

ဟု သူ့ကို ကျွန်တော် ပြန်ပြောသည်။

"လေယာဉ်ပျံ တစ်ခုခုဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ"

ကျွန်တော်သည် ချက်ချင်းပင် ကိုယ့်ဟာကိုယ် သဘောကျပြီး ပြုံးလိုက်မိသည်။ ဖော်ရက်စတာနှင့်ပတ်သက်၍ ကျွန်တော့် အကဲဖြတ်ချက်၊ ဆုံးဖြတ်ချက် မှန်သွားပြီ။ သူသည် ပထမတန်းစား အုပ်ချုပ်ရေးမှူးကောင်းတစ်ယောက် ဖြစ်နေပြီ။ သူသည် ကျွန်တော့်အတွက် နှစ်ပြားသားပင် မပူ။ လေယာဉ်ပျံတစ်ခုတည်းအတွက်သာ ပူတတ်သူ ဖြစ်သည်။ သည်လို လူမျိုးကို ကျွန်တော် ကြိုက်သည်။ သူ့အလုပ်၊ သူ့တာဝန်ကို သူ သိသည်။

"တစ်ခုခုဖြစ်သွားရင် နောက်တစ်စင်း ထပ်လုပ်၊ ခင်ဗျားဟာ ဒီကုမ္ပဏီရဲ့ ဥက္ကဋ္ဌပဲ"

ဟု ကျွန်တော်က ပြန်ပြီး အော်ပြောခဲ့သည်။

သူတို့ကို လက်ပြကာ ဘရိတ်များကို ကျွန်တော် ဖြုတ်သည်။ ပြေးလမ်းပေါ် သို့ ရောက်အောင် မောင်းယူခဲ့သည်။ လေတိုက်ရာဘက်သို့ ဦးခေါင်းကိုလှည့်ရပ်ပြီး အင်ဂျင်များကို စစ်ဆေးသည်။ စိတ်တိုင်းကျသည့်တွင် ပြေးလမ်းအတိုင်း အရှိန်ယူခဲ့သည်။ မြေပြင်အမြန်နှုန်း မိုင် (၁၄၀) သို့ ရောက်သောအခါ အပေါ် သို့ ဆွဲတင်လိုက်သည်။ လေယာဉ်သည် အလွယ်

တကူပင် ကောင်းကင်သို့ ထိုးတက်လာခဲ့သည်။

ပေလေးထောင်အမြင့်သို့ ရောက်သောအခါ လေယာဉ်ကို တည့်မတ်ပြီး တောင်ဘက်စူးစူးသို့ ဦးတည်ပျံသန်းလာသည်။ ခူဝံကြယ်သည် ကျွန်တော်၏ နောက်ကျောတည့်တည့်မှာ ရှိနေ၏။ ကြည်လင်ပြီး မည်းမှောင်နေသော ကောင်းကင်တွင် မျက်တောင် တဖျပ်ဖျပ်ခတ်နေသည်ကို တွေ့ရသည်။ ကြည်လင်နေသည့်ကောင်းကင်ကို မြင်ရသောအခါ မိုင်ပေါင်းတစ်ထောင်ခန့်အကွာတွင် မုန်တိုင်းကျနေသည် ဆိုခြင်းကို ယုံဖို့ပင် ခပ်ခက်ခက် ဖြစ်သည်။

ပစ်ဘာ့ဂ်မြို့ပေါ်သို့ ရောက်သောအခါ ကျွန်တော် ငယ်စဉ်က နီဗားဒါး ပြောပြဖူးသည့် အကြောင်းတစ်ခုကို သွားသတိရမိသည်။ သူသည် ခူဝံကြယ်ကို လက်ညှိုးထိုးပြရင်း ကျွန်တော့်ကို ပြောသည်။

"အခုလို ခူဝံကြယ် မှိတ်တုတ်မှိတ်တုတ် ဖြစ်နေပြီဆိုရင် တောင်ဘက်ကို လေမုန်တိုင်းလာနေပြီလို့ အင်ဒီးယန်းတွေက ယုံကြည်ကြတယ်"

ကျွန်တော်သည် ခူဝံကြယ်ကို ပြန်ကြည့်မိပြန်၏။ အမှန်ပင် မျက်တောင်ခတ်နေသည်။ ထိုအခိုက်မှာပင် နီဗားဒါး ပြောသည့်စကားတစ်ခုကိုပါ ပြန်ကြားနေသေးသည်။ ယခုလို အချိန်မျိုးတွင် လေကြောင်းအတွင်းသို့ဝင်ပါက အနောက်ဘက်သို့ အမြန်ဆုံး ရောက်နိုင်သည်ဟု သူက ပြောပြဖူးသည်။

ကျွန်တော့်စိတ်ကို ကျွန်တော် တင်းလိုက်သည်။ အင်ဒီးယန်းတို့ ပြောသည့်စကားများ မှန်မည်ဆိုလျှင် အနောက်ဘက် အလယ်ပိုင်းလောက်တွင် လေကြောင်းနှင့် ကျွန်တော် တွေ့ရမည်။ ထိုအခါတွင် လေမုန်တိုင်းသည် ကျွန်တော်၏ တောင်ဘက်သို့ ရောက်သွားမည်။ ထို့ကြောင့် လေကြောင်းအတွင်းသို့ ကျွန်တော့်လေယာဉ်ပျံကို ကွေ့ပြီးဝင်လိုက်သည်။ အရပ်ဒေသကိုပြသော အိမ်မြှောင်ကို စစ်ဆေးကြည့်နေရာမှ ကျွန်တော်၏ ညာဘက်သို့ ကြည့်လိုက်သောအခါတွင် ခူဝံကြယ်သည် တောက်ပစွာဖြင့် တဖျပ်ဖျပ် ကခုန်နေသည်ကိုပင် တွေ့ရပြန်သည်။

* * *

ကျွန်တော့်ကျောထဲမှာ တုတ်ချောင်းထည့်ထားသလို တောင့်နေ၏။ ပခုံးများ၊ လက်များ၊ ခြေထောက်များအားလုံး ကိုက်ခဲနေကြပြီ ဖြစ်သည်။ မျက်လုံးကိုလည်း မဖွင့်နိုင်လောက်အောင် မျက်တောင်များ လေးလာသည်။ မျက်တောင်များ စင်းကျလာပြီး မျက်လုံးမှိတ်စ အပြုမှာပင် ဓာတ်ဘူးကို ကျွန်တော် လှမ်းဆွဲလိုက်၏။ အခွံပဲ ကျန်တော့သည်။

နာရီကို ငုံ့ကြည့်သည်။ ရုစဗယ့်လေယာဉ်ကွင်းမှ ကျွန်တော် ပျံတက်လာခဲ့သည်မှာ (၁၂) နာရီကြာသွားပြီဖြစ်ကြောင်း တွေ့ရသည်။ အိတ်ထဲကို စမ်းကြည့်မိသည်။ မောရစ်ဆေပေးလိုက်သည့် ဆေးပုလင်းကို တွေ့သဖြင့် နှိုက်ယူကာ ပါးစပ်ထဲသို့ တစ်လုံးပစ်ထည့်လိုက်သည်။

မိနစ်အနည်းငယ်အတွင်း ဘာမှ မထူးခြား၊ ဘာမှ မဖြစ်။ သို့သော် တစ်အောင့်အကြာတွင် ထူးခြားလာသည်။ နေသာထိုင်သာ ဖြစ်လာသည်။ သက်သောင့်သက်သာ ရှိလာသည်။ အသက်ကိုဝအောင်ရှူပြီး မိုးကုပ်စက်ဝိုင်းဆီသို့ ကြည့်မိသည်။ ရော့ကီးတောင်တန်းများနှင့် မဝေးတော့ကြောင်း ခန့်မှန်းမိသည်။ နောက် (၂၅) မိနစ်လောက်ကြာလျှင်ပင် ကျွန်တော့်မြင်ကွင်းအတွင်းသို့ တောင်တန်းကြီးများ ရောက်လာတော့သည်။

ဓာတ်ဆီအနည်းအများပြသည့်ဂိတ်ကို ကြည့်သောအခါ လေးပုံတစ်ပုံသာ ကျန်တော့ကြောင်း ပြနေသည်။ စပယ်ယာတိုင်ကီများကို ကျွန်တော် ဖွင့်သည်။ အနောက်အလယ်ပိုင်းတွင် လေမုန်တိုင်းကို ကျွန်တော် ဖြတ်ကျော်ခဲ့ရသဖြင့် တစ်နာရီလောက် ဓာတ်ဆီ ပိုကုန်သွားသည်။

လေယာဉ်ကို အပေါ်သို့ထောင်တက်ရင်း အင်ဂျင်သံများကို နားထောင်ကြည့်သည်။ အင်အားအပြည့်ဖြင့် ပုံမှန်လည်ပတ်နေသံကို ကြားရသည်။ အင်ဂျင်သံသည် အာရုံကြောများအထဲသို့ပင် ထိုးဖောက်ဝင်ရောက်လာသည်ဟု ထင်ရသည်။ နောက်မှီပေါ်သို့ ကိုယ်ကို မှီချလိုက်သည်။ လေယာဉ်ပျံသည် တောင်တန်းများကို စတင်ဖြတ်ကျော်နေပြီဖြစ်၏။ အနည်းငယ်မောပန်းလာပြန်သည်။ ထို့ကြောင့် ဆေးတစ်ပြားကိုယူပြီး ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

အမြင့်ပေ (၁၂၀၀၀) သို့ ရောက်လာသောအခါ အနည်းငယ် ချမ်းစိမ့်စိမ့် ဖြစ်လာ

သည်။ ချွတ်ထားသည့် ခြေညှပ်ဖိနပ်ကို ပြန်စီးပြီး နောက်မှာရှိသည့် အောက်ဆီဂျင်ပိုက်ကို ယူတပ်သည်။ ချက်ချင်း ဆိုသလိုပင် လေယာဉ်ပျံသည် ပေပေါင်း (၃၀၀၀) လောက် ခုန်တက်သွားသည်ဟု ကျွန်တော် ခံစားလိုက်ရ၏။ ဒိုင်ခွက်ကို လှမ်းကြည့်သောအခါ ပေ (၁၂၄၀၀)သာ ရှိသည်။

အောက်ဆီဂျင်ပိုက်ကို တစ်ချက်စုပ်ယူလိုက်ပြန်၏။ ကျွန်တော့် ခန္ဓာကိုယ်အတွင်းမှာ အားအင်များ ပြည့်ဖြိုးလာသည်။ သည်တောင်လောက်ကိုတော့ လက်အိတ် မစွပ်ဘဲ လက်ချည်း သက်သက်ဖြင့်ပင် ကျွန်တော် ကျော်ဖြတ်ပျံသန်းနိုင်ရမည်။ စိတ်ဓာတ်သာလျှင် အရေးအကြီးဆုံး ဖြစ်သည်။ အိန္ဒိယပြည်ရှိ ယောဂီကြီးများသည် စိတ်ဓာတ်ကိုသာ အဓိကထားကြသည်။ ဖြစ်နိုင်ရမည်ဟု ယုံကြည်လျှင် ဖြစ်သည်။ အရေးအကြီးဆုံးမှာ စိတ်ဓာတ်ကြံ့ခိုင်ဖို့၊ ယုံကြည်မှုရှိဖို့သာ ဖြစ်သည်ဟု ဆိုကြသည်။

ရီနာ. . .

ကျွန်တော့်ပါးစပ်မှ ကျယ်ကျယ်လောင်လောင် အော်မိတော့မည်ကဲ့သို့ ဖြစ်သွားသည်။ ဒိုင်ခွက်ကို ကြည့်လိုက်သောအခါ အမြင့်ပေ (၉၅၀၀) ပြနေသည်။ လေယာဉ်သည် တဖြည်းဖြည်း နိမ့်ကျလာသည်။ မောင်းထိန်းတံကို နောက်သို့ ဆွဲတင်လိုက်၏။ တောင်များသည် ကျွန်တော့်အောက်သို့ ရောက်သွားကြပြန်သည်။

ကျွန်တော့်နဖူးပေါ်မှ ချွေးများကို သပ်ချလိုက်သည်။ ကျွန်တော့်ပါးပြင်များသည် မျက်ရည်များဖြင့် နစ်နေသည်။ ကျွန်တော့် စိတ်ထဲမှာ ပေါ်ပေါက်ခဲ့သည့် အားမာန်များသည် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြပြန်၏။

ကျွန်တော် ချစ်သော ရီနာ။ ကျွန်တော့် အသည်းနှလုံးထဲမှာ အမြဲတမ်း ကြီးစိုးနေသည့် ရီနာ။ သူ့အသက်ကိုမှ ကျွန်တော် မီနိုင်ပါဦးမည်လား။ အသည်းနှလုံးထဲမှာ နာကျင်မှုကို စတင် ခံစားလာရသည်။

မောရစ်ဆေက ဆေးနှင့် အောက်ဆီဂျင်ကို သတိထားသုံးရန် သတိပေးလိုက်သည်။ လေယာဉ်ကို သတိဖြင့် ကျွန်တော် ထိန်းလိုက်သည်။

မိုင်လေးရာလောက် ကျွန်တော် ဆက်လက် မောင်းနှင်ရဦးမည်။ သည်အတွင်း အောက်ဆီဂျင် ကုန်သွား၍မဖြစ်။

(၆)

မွန်းလွဲ (၂) နာရီတွင် ဘားဘင့်လေဆိပ်သို့ ကျွန်တော် ဆင်းခဲ့သည်။ ကောင်းကင်ပေါ်မှာ စုစုပေါင်း (၁၅) နာရီ ကျွန်တော် ကြာခဲ့သည်။ ကော့လေယာဉ်များထားရာ ဂိုဒေါင်သို့ လေယာဉ်ပျံကို ရွေ့ယူလာခဲ့၏။ ပြီးတော့ စက်များကိုသတ်ကာ အောက်သို့ ခုန်ချလိုက်သည်။ အင်ဂျင်သံများကို ယခုတိုင် ကျွန်တော့်နားထဲမှာ ကြားနေသေးသည်။

မြေကြီးပေါ်သို့ ကျွန်တော် ရောက်သည်နှင့် တစ်ပြိုင်တည်း လူအုပ်ကြီးက ကျွန်တော်ကို ဝိုင်းထားကြသည်။ သူတို့ထဲမှ အချို့ကို ကျွန်တော် မှတ်မိသည်။ သတင်းထောက်များ။

"မိတ်ဆွေတို့၊ ဝမ်းနည်းပါတယ်ဗျာ၊ အင်ဂျင်သံကြောင့် ကျွန်တော့်နားတွေ သိပ်အူနေတယ်၊ ခင်ဗျားတို့ပြောတာ ကျွန်တော် ဘယ်နည်းနဲ့မှ မကြားနိုင်ပါဘူး"

ကျွန်တော်သည် ပြောပြောဆိုဆိုဖြင့် သူတို့အထဲမှ တိုးထွက်သည်။ အဆောက်အအုံဆီသို့ ကျွန်တော် လျှောက်ခဲ့သည်။ ဘတ်ဇ်က ကျွန်တော့်ကို စောင့်နေသည်။ သူ့မျက်နှာသည် ပြုံးပြုံးကြီးဖြစ်နေ၏။ ကျွန်တော့်လက်ကို တင်းတင်းကျပ်ကျပ် ဆီးကြိုဆွဲယူသည်။သူ့နှုတ်ခမ်းများ လှုပ်သည်ကို တွေ့ရ၏။ သို့သော်လည်း ပထမပြောသည့် စကားလုံးများကို မကြားရ။

"အရှေ့ဘက်ကမ်းခြေကနေ အနောက်ဘက်ကမ်းခြေဆီကို ပျံသန်းတဲ့စံချိန်သစ်ကို သူငယ်ချင်း တင်လိုက်ပြန်ပြီ"

ယခုအချိန်တွင် စံချိန်သစ်သည် အကြောင်းမဟုတ်။ ရီနာသည်သာလျှင် အဓိက။

"ကိုယ့်ဖို့ ကားစောင့်ခိုင်းထားရဲ့လား"

"ဟို မျက်နှာစာဂိတ်မှာ"

ဘတ်ဇ်က ပြန်ဖြေ၏။

သတင်းထောက်တစ်ယောက် ရှေ့သို့ အတင်းတိုးဝင်လာပြီး အော်မေးသည်။

"မစ္စတာကော့ ရီနာမာလိုး မသေခင် တွေ့နိုင်ဖို့အတွက် အခုလို တောက်လျှောက် လေယာဉ်ပျံ မောင်းလာတယ်ဆိုတာ ဟုတ်ပါသလား"

ကျွန်တော်က ဘာမှ ပြန်မဖြေ။

"ရီနာမာလိုးရဲ့ ကန်ထရိုက်စာချုပ်ကို လိုချင်လို့ နော်မန်ရုပ်ရှင်ကုမ္ပဏီကို ဝယ်တယ် ဆိုတာ မှန်ပါသလား မစ္စတာကော့"

မော်တော်ကားထဲမှာ ကျွန်တော် ဝင်ထိုင်လိုက်သည့် အချိန်အထိ သူတို့သည် မေးခွန်းပေါင်းမြောက်မြားစွာကို စက်သေနတ်ပစ်သလို မေးနေကြဆဲ ဖြစ်သည်။ မော်တော်ကား က စထွက်သည်။ မော်တော်ဆိုင်ကယ်နှင့်ရဲသားက ကျွန်တော့်ရှေ့မှ စထွက်ပြီး ဥဩကို တောက် လျှောက်ဆွဲသွားသည်။ ကျွန်တော်တို့ရှေ့မှ ယာဉ်ထိန်းရဲက လမ်းရှင်းပေးပြီး ဦးဆောင်ခေါ်သွား သောကြောင့် ကျွန်တော်တို့ မြန်မြန်မောင်း၍ရခြင်း ဖြစ်သည်။

"ရီနာအတွက် ကိုယ်ဝမ်းနည်းပါတယ် ဂျိုနတ်စ်၊ သူဟာ မင်းအဖေရဲ့မိန်းမဆိုတာ ကိုယ်မသိခဲ့ဘူး"

ဟု ဘတ်ဇ်က ပြောသည်။

"ဒီအကြောင်း သတင်းစာတွေထဲမှာ ပါတယ်။ နော်မန်စတူဒီယိုက သတင်းထုတ် ပေးတယ်။ ရီနာကိုတွေ့ဖို့ မင်း ဒီကို လေယာဉ်ပျံနဲ့လာနေပြီဆိုတဲ့အကြောင်းလည်း ပါတယ်"

ကျွန်တော်သည် နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်။ ရုပ်ရှင်လုပ်ငန်းဟူသည်မှာ သည်အတိုင်းပင်ဖြစ်၏။ အမြောက်အပင့်တွေ အလွန် များသည်။ မကောင်းဆိုးဝါးများလို အလွန် စိတ်ပျက်စရာကောင်းသည့် လူတန်းစားများ ဖြစ်သည်။

"ကိုယ့်မှာ ကော်ဖီဘူးနဲ့ ဆင်းဒဝစ် ပါလာတယ်။ သူငယ်ချင်း စားချင်ရင် ဒီမှာ"

ကော်ဖီကို ကျွန်တော် လှမ်းယူသည်။ ကော်ဖီကြမ်းပူပူသည် ကျွန်တော့်ရင်ထဲမှာ အတန်ငယ် သက်သာသွားစေသည်။ အပြင်သို့ ကျွန်တော် လှမ်းကြည့်လိုက်၏။ ကျွန်တော့် ကျောများ နာကျင်ကိုက်ခဲလာပြန်သည်။ ဆေးရုံသို့ မသွားမီ ရေချိုးလိုက်ရလျှင် ကောင်းမည်ဟု စိတ်ကူးနေမိသည်။ သို့သော် အချိန် မဖြုန်းနိုင်တော့။ ရီနာကို အမြန်ဆုံး တွေ့ချင်ပြီ။

ကိုလ်တန်ဆေးရုံသည် ဆေးရုံနှင့်မတူဘဲ ဟိုတယ်နှင့် ပိုတူနေသည်။ ပစိဖိတ် သမုဒ္ဒရာကြီး၏ ကမ်းခြေမှာ ဆောက်လုပ်ထားသည်။ သည်ဆေးရုံသို့ရောက်ရန် ပင်လယ် ကမ်းရိုးတန်းအတိုင်း အဝေးပြေးလမ်းမကြီးပေါ်မှ မောင်းလာခဲ့ရသည်။ လမ်းက ကျဉ်း၏။ ပင်လယ်လေညင်းက တသုန်သုန် တိုက်ခတ်နေ၏။ ဆေးရုံအဝ သံတံခါးကြီးမှာ အစောင့် တစ်ယောက်က စောင့်နေသည်။ သက်သေခံ လက်မှတ်များကို ပြပြီးမှသာလျှင် အတွင်းသို့ ဝင်ခွင့်ရမည် ဖြစ်၏။

ဒေါက်တာကိုလ်တန်သည် ကာလီဖိုးနီးယားပြည်နယ်သား မဟုတ်။ လွတ်လွတ်လပ် လပ်နှင့် လုံလုံခြုံခြုံနေခွင့်ရသည့် ဆေးရုံတစ်ရုံရှိဖို့လိုကြောင်း သူ သဘောပေါက်ပြီး သည်နေရာ မှာ သည်ဆေးရုံကို လာရောက်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ရုပ်ရှင်မင်းသား မင်းသမီးများ သည် ကလေးမျက်နှာမြင်သည့် ကိစ္စမှအစ ရောဂါပေါင်းစုံတို့ကို ဤဆေးရုံသို့ပင် လာရောက် ကုသလေ့ရှိကြသည်။ သံတံခါးကြီးကိုကျော်ပြီး ဆေးရုံဝင်း အတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်တည်း လုံလုံခြုံခြုံနှင့် လွတ်လွတ်လပ်လပ် အပန်းဖြေနိုင်ကြသည်။ ဆေးရုံအတွင်းသို့ မည်သည့်သတင်းထောက်ကိုမျှ ဝင်ခွင့်မပေး။

ဂိတ်စောင့်သည် ကျွန်တော်တို့ကို စောင့်နေ၏။ မော်တော်ဆိုင်ကယ်ရဲသား ရောက် သည်နှင့်တစ်ပြိုင်တည်း တံခါးကို အသင့်ကြိုတင် ဖွင့်ထားနှင့်သည်။ သတင်းထောက်များက ကျွန်တော်တို့ကို အော်ပြီး မေးခွန်းများ ထုတ်နေကြသည်။ ဓာတ်ပုံဆရာများကလည်း တရစပ် ဓာတ်ပုံရိုက်နေကြသည်။ သတင်းထောက် တစ်ယောက်သည် မောင်းလာသည့် ကျွန်တော်တို့ ကားပေါ်သို့ တွယ်ကပ်ဖက်တက်ပြီး ဂိတ်ဝသို့ ရောက်အောင်လိုက်လာသည်။ ဂိတ်ဝတွင်ရှိနေ

သည့် အခြားအစောင့်တစ်ယောက်က သူ့ကို ကားပေါ်မှ ဆွဲချလိုက်သည်။ ကျွန်တော်က ဘတ်ဇ်ကို လှည့်ကြည့်သည်။

"အင်မတန် ဖွဲကြီးတဲ့လူတွေ၊ နည်းနည်းလေးမှ အလျှော့မပေးဘူးနော်"

ဘတ်ဇ်၏မျက်နှာသည် တည်သွား၏။

"အခုအချိန်ကစပြီး သူငယ်ချင်း ဒါတွေနဲ့ ယဉ်ပါးသွားတော့မှာပါ ဂျိုနတ်စ်၊ သူငယ်ချင်းလုပ်သမျှ ဘာမဆို သတင်းဖြစ်တော့မယ်"

ကျွန်တော်က သူ့ကို ပြန်ကြည့်ပြီး ပြောသည်။

"မဟုတ်ပါဘူးကွာ၊ ဒီနေ့တစ်ရက်တည်း ဖြစ်နေကြတာပါ။ မနက်ဖြန်ကျတော့လည်း နောက်တစ်ယောက် ပြောင်းသွားမှာပေါ့"

ဘတ်ဇ်က သူ့ခေါင်းကို ယမ်းပြသည်။

"မင်းက ကောင်းကင်ပေါ် ရောက်နေတော့ ဒီနေ့သတင်းစာလည်း မဖတ်ရသေးဘူး။ ရေဒီယိုတွေလည်း နားမထောင်ရသေးဘူး၊ ဒါကြောင့် အောက်မှာ ဘာဖြစ်နေတယ်ဆိုတာ မင်း ဘာမှ မသိသေးဘူး၊ မင်းကို အခု တစ်တိုင်းပြည်လုံးက သိသွားကြပြီ။ မင်း ဘာပဲလုပ်လုပ် ပြည်သူလူထုက စိတ်ဝင်စားတော့မယ်။ သူငယ်ချင်း လေယာဉ်မောင်းလာတဲ့သတင်းကို အသံလွှင့်ရုံအားလုံးက နာရီဝက်တစ်ခါ သတင်းကြေညာပေးနေတယ်။ အိပ်ဇာမိုင်းနားသတင်းစာက မနက်ဖြန်ကစပြီး မင်း အတ္ထုပ္ပတ္တိကို အခန်းဆက် ဖော်ပြလိမ့်မယ်။ လင်းဒ်ဘတ် နာမည်ကြီးခဲ့ပြီးတဲ့နောက် ဒီတိုင်းပြည်မှာ အခုတစ်ခါ မင်းဟာ နာမည် အကြီးဆုံးလူတစ်ယောက် ဖြစ်လာပြန်ပြီ"

"ဘာဖြစ်လို့ မင်း ဒီလို ပြောနိုင်တာလဲ"

ဘတ်ဇ်က ပြုံးသည်။

"ဒီနေ့ထုတ် အိပ်ဇာမိုင်းနားသတင်းစာက စရေးပြီလေ၊ မင်း ဓာတ်ပုံမျက်နှာပြည့်ကြီးနဲ့၊ 'ဟောလီးဝုဒ်ရဲ့ လူထူးလူဆန်း ဂျိုနတ်စ်ကော့ရဲ့ ဘဝအကြောင်းကို ဖတ်ပါ'တဲ့၊ တင်ပြမယ့်သူက အက်ဒီလာရော်ဂျာစိန့်ဂျွန်း"

သူ့မျက်နှာကို ကျွန်တော် စိုက်ကြည့်နေမိသည်။ သတင်းစာဆရာများနှင့် ကျွန်တော် ယဉ်ပါးရတော့မည်ဖြစ်ကြောင်း ခန့်မှန်းမိလိုက်ပါပြီ။ စိန့်ဂျွန်းသည် နယ်နယ်ရရ ဆောင်းပါးရှင် မဟုတ်။ သာမန်အကြောင်းအရာများကို ရေးသူ မဟုတ်။ ယခုအတိုင်းဆိုလျှင် ကျွန်တော့် အကြောင်းရေးရန် သူတို့ သတင်းစာအုပ်ချုပ်ရေးအဖွဲ့ကလည်း ခွင့်ပြုလိုက်ပြီဆိုသည့်သဘော ဖြစ်သည်။

ယခုအချိန်မှစ၍ ကျွန်တော်သည် အလှပြင်ငါးများမွေးသည့် ဖန်ပေါင်းချောင် အတွင်းမှာသာ နေရပေတော့မည်။

မော်တော်ကားရပ်သောအခါ တံခါးမှူး ထွက်လာသည်။

"ဟောသည်လမ်းအတိုင်း သွားနိုင်ပါတယ် မစ္စတာကော့"

ဟု သူက လေးလေးစားစား ပြောသည်။

သူ ပြသည့်အတိုင်း ဆေးရုံအတွင်းသို့ ကျွန်တော် ဝင်လိုက်ခဲ့သည်။ ယူနီဖောင်းအဖြူဝတ်ထားသည့် သူနာပြုဆရာမကလေးတစ်ဦးက စားပွဲတစ်လုံးတွင် ထိုင်နေရာမှ ကျွန်တော့်ကို ပြုံးပြီး ဆီးကြိုနှုတ်ဆက်သည်။ ပြီးတော့ အနက်ရောင်သားရေဖုံး ဖုံးထားသည့် မှတ်ပုံတင်စာအုပ်ကို ညွှန်ပြသည်။

"မစ္စတာကော့ ကျွန်မတို့ဆေးရုံရဲ့ စည်းကမ်းက ဧည့်သည်များ လက်မှတ်ထိုးရပါတယ်ရှင်"

ကျွန်တော်က ခပ်မြန်မြန်ပင် လက်မှတ်ထိုးသည်။ သူက စားပွဲအောက်မှ ခလုတ်တစ်ခုကို နှိပ်သည်။ ခဏအကြာတွင် အခြားသူနာပြုဆရာမတစ်ယောက် ပေါ်လာသည်။

"ကျွန်မ နောက်ကို လိုက်ခဲ့ပါ မစ္စတာကော့၊ မစ္စမာလိုးအခန်းကို ကျွန်မ ပို့ပေးပါ့မယ်"

ကျွန်တော်သည် ဧည့်ခန်း၏နောက်ဘက်ရှိ ဓာတ်လှေကားဆီသို့ သူနှင့်အတူ လိုက်လာခဲ့သည်။ ခလုတ်ကို သူက နှိပ်သည်။ ပြီးတော့ သူ့မျက်နှာပေါ်တွင် အလိုမကျသည့် အမူ

အရာကလေး ပေါ်လာသည်။

"မစ္စတာကော့အတွက် အဆင်မပြေမှုကလေးဖြစ်ရတာ အားနာလိုက်တာရှင်၊ ကျွန်မတို့ ခဏကလေးတော့ စောင့်ရပါလိမ့်မယ်။ ဓာတ်လှေကားနှစ်ခုစလုံး ခွဲစိတ်ခန်းကို တက်သွားကြပါတယ်"

ဟိုတယ်တစ်ခုနှင့်တူအောင် မည်မျှပင် ကြိုးစားပြုပြင်ထားစေကာမူ ဆေးရုံသည် ဆေးရုံပဲဖြစ်၏။ ဧည့်ခန်းကို ကျွန်တော် လှည့်ကြည့်နေမိသည်။

ဓာတ်လှေကားတံခါး ပိတ်လိုက်သည်နှင့် တစ်ပြိုင်တည်း စီးကရက်တစ်လိပ် ထုတ်သည်။ အနံ့သည် အခြားဆေးရုံများ၏ အနံ့အတိုင်းပင် ဖြစ်သည်။ အရက်ပျံနံ့များ၊ ပိုးသတ်ဆေးအနံ့များကို ရှူရှိုက်နေရသည်။ ဖျားနာခြင်းနှင့် သေခြင်းတရားကို သည်နေရာမှာ တွေ့ရသည်။

ကျွန်တော့်လက်များ တဆတ်ဆတ် တုန်နေသည်ကို သူနာပြုဆရာမကလေး မမြင်ရအောင် ဖုံးကွယ်နေသည့်အနေဖြင့် မီးခြစ်ထုတ်ပြီး ကျွန်တော် မီးညှိလိုက်၏။

ဓာတ်လှေကားရပ်ပြီး တံခါးပွင့်သွားသည်။ အလွန် သန့်ရှင်းသည့် စင်္ကြံအတိုင်း လျှောက်လာခဲ့သည်။ သူနာပြုဆရာမနောက်မှ ကျွန်တော် လိုက်သွားရင်း စီးကရက်ကို အားပါးတရ ဖွာရှိုက်နေမိ၏။ ပြီးတော့ တံခါးတစ်ခုရှေ့တွင် သူ ရပ်လိုက်သည်။

"စိတ်မရှိပါနဲ့ မစ္စတာကော့ ဆေးလိပ်ကလေးကို အပြင်မှာပဲ ထားခဲ့ပေးပါနော်"

အဝါရောင်ဖြင့် ခပ်သေးသေး အချက်ပြမီးကလေးကို ကျွန်တော် မော့ကြည့်မိသည်။

ဆေးလိပ်မသောက်ရ

အတွင်းမှာ အောက်ဆီဂျင်ပေးနေသည်။

နောက်ထပ် တစ်ချက်ဖွာပြီး တံခါးဘေးရှိ အမှိုက်ထည့်သည့် ပုံတွင်းမှာ ထည့်ခဲ့သည်။ ထိုနေရာတွင် ရပ်နေရင်း ကျွန်တော်၏ စိတ်ထဲမှာ ကြောက်စိတ်များ ဝင်လာသည်။ သူနာပြုဆရာမသည် ကျွန်တော့် အနီးသို့ရောက်လာကာ တံခါးဖွင့်ပေးသည်။

"အတွင်းကို ဝင်နိုင်ပါပြီ မစ္စတာကော့"

တံခါးပွင့်သွားသောအခါ အခြား အခန်းကလေးတစ်ခုကို တွေ့ရသည်။ သူနာပြုဆရာမကလေးတစ်ယောက်သည် ကုလားထိုင်မှာထိုင်ရင်း မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေသည်။ ကျွန်တော် ဝင်သွားသောအခါ ကျွန်တော့်ကို မော့ကြည့်သည်။

"ဝင်ခဲ့ပါ မစ္စတာကော့၊ ကျွန်မတို့ မျှော်နေကြပါတယ်"

ကျွန်တော် ဖြည်းဖြည်းချင်း ဝင်သွားသည်။ နောက်ဘက်မှ တံခါးပိတ်သံကို ကြားရသည်။ ကျွန်တော့်နောက်မှ လိုက်လာသည့်ခြေသံလည်း ပျောက်သွားသည်။ မျက်နှာချင်းဆိုင်တွင် အခြား တံခါးပေါက်တစ်ခုကို တွေ့ရပြန်သည်။ သူနာပြုဆရာမက ဖွင့်ပေးသည်။

"မစ္စတာမာလိုး ဒီအခန်းထဲမှာ ရှိနေပါတယ်ရှင်"

တံခါးပေါက်မှာ ကျွန်တော် ရပ်နေမိသည်။ ပထမတွင် ရီနာကို ကျွန်တော် မမြင်ရ။ အိုင်လင်းဂေးလတ်၊ ဆရာဝန်တစ်ယောက်နှင့် သူနာပြုဆရာမတစ်ယောက်တို့သည် ခုတင်နားမှာ ရပ်နေကြသည်။ ကျွန်တော့်ကို ကျောခိုင်းထားကြ၏။ ထို့နောက် အချက်ပေးသံကြားသဖြင့် သူတို့အားလုံး ကျွန်တော့်ဘက်သို့ တစ်ပြိုင်တည်း လှည့်ကြည့်ကြသည်။ ခုတင်ဆီသို့ ကျွန်တော် လျှောက်သွားသည်။ သူနာပြုဆရာမက တခြားသို့ ထွက်သွားသည်။ အိုင်လင်းနှင့် ဆရာဝန်က လူချင်းခွဲကာ ကျွန်တော် ဝင်သာအောင် လမ်းဖယ်ပေးသည်။

သည်တော့မှပင် သူ့ကို ကျွန်တော် မြင်ရတော့သည်။

သူ့ပေါင်မှ ပခုံးသို့တိုင်အောင် ပတ်တီးများ စည်းထားသည်။ သူ အိပ်နေသည်ဟု ထင်ရ၏။ မျက်နှာကလေးမှတစ်ပါး ပတ်တီးများ စည်းထားသည်။ အမြဲတမ်း ငွေရောင်တောက်ပနေခဲ့သည့် သူ့ဆံပင်များသည်လည်း ပတ်တီးအောက်မှာ ဖုံးကွယ်နေကြပြီ ဖြစ်သည်။

မျက်လုံးများကို မှိတ်ထားသည်။ မျက်ခွံအောက်မှာ အရေးအကြောင်းကလေးများကို မြင်နေရသည်။ အသားများသည် ပါးရိုးများပေါ်မှာ ကပ်နေ၏။ အရိုးနှင့် အရေကြားတွင် အသားမရှိတော့သလို ထင်ရသည်။ ပါးနှစ်ဖက်စလုံး နက်ရှိုင်းစွာ ဟောက်ပက်ဖြစ်နေသည်။ အလွန် လှပပြီး အမြဲတမ်း နွေးထွေးနေခဲ့သည့် နှုတ်ခမ်းများသည် အနည်းငယ် တိုဝင်နေပြီ

ဖြစ်သည်။

ကျွန်တော်သည် ထိုနေရာမှာပင် ခဏကြာအောင် မလှုပ်မယှက် ရပ်နေမိသည်။ သူ အသက်ရှူသည်ကို မမြင်ရ။ ထို့ကြောင့် ဆရာဝန်ကို လှမ်းကြည့်လိုက်သည်။ ဆရာဝန်က ခေါင်းညိတ်ပြသည်။ ပြီးတော့ လေသံဖြင့် ပြောသည်။

"အသက်ရှိပါသေးတယ်၊ ဒါပေမယ့် ငွေ့ငွေ့ပဲ"

သူ့ကို ကျွန်တော် စကားပြောလို့ရမလား"

"ပြောကြည့်ပါ မစ္စတာကော့၊ ဒါပေမယ့် သူ ဘာအဖြေမှ ပြန်မပေးနိုင်ရင် စိတ်မပျက်ပါနဲ့၊ သူ ဒီလို ဖြစ်နေခဲ့တာ ဆယ်နာရီလောက် ကြာသွားပြီ။ သူ စကားပြန်ပြောနိုင်ရင်လည်း မစ္စတာကော့ကို မှတ်မိချင်မှ မှတ်မိပါလိမ့်မယ်"

ရီနာဘက်သို့ ကျွန်တော် ပြန်လှည့်ပြီး တိုးတိုးကလေး ခေါ်ကြည့်မိသည်။

"ရီနာ ကိုယ်လေ ဂျိုနတ်စ်လာပြီလေ"

ရီနာသည် မလှုပ်။ ကျောက်ရုပ်လို ငြိမ်နေသည်။ ကျွန်တော်သည် သူ့ကိုယ်ပေါ်ရှိ စောင်အောက်သို့ လက်ကိုသွင်းပြီး သူ့လက်ကလေးကို စမ်းကြည့်သည်။ အသာယာ ညှစ်ကြည့်သည်။ အေးပြီး ပျော့စိစိ ဖြစ်နေ၏။

ကျွန်တော့်ရင်ထဲမှာ တောင်ပြိုကျသလို ရုတ်ခြည်း ခံစားလိုက်ရသည်။ သူ့လက်များ အေးစက်နေပြီ။ သူ ကွယ်လွန်နှင့်ပြီ။ ရီနာ ကွယ်လွန်သွားပါပြီ။

သူ့ခုတင်ဘေးမှာ ကျွန်တော် ဒူးထောက်ထိုင်ချလိုက်သည်။ သူ့ကိုယ်ပေါ်မှ အဝတ်အစားများကို ဆွဲခွာပစ်လိုက်သည်။ ပြီးတော့ သူ့ကိုယ်ပေါ်သို့ ကျွန်တော် ခါးကိုင်းပြီး ငုံ့ကြည့်သည်။

"ရီနာ၊ ရီနာရယ်၊ ကိုယ်လေ၊ ဂျိုနတ်စ်လေ၊ ရီနာ မသေပါနဲ့ဦး၊ ရီနာလေး မသေပါနဲ့ ဦးကွယ်၊ ကိုယ်တောင်းပန်ပါတယ်၊ မသေပါနဲ့ဦး၊ ကိုယ့်ကို မစောင့်တော့ဘူးလား အချစ်ရယ်"

သူ့လက် အနည်းငယ် လှုပ်လာသည်ဟု ကျွန်တော် ထင်သည်။ သူ့ကို ကျွန်တော် သေသေချာချာ ငုံ့ကြည့်သည်။ ကျွန်တော့် ပါးပြင်များပေါ်မှာ မျက်ရည်များ သမုဒ္ဒရာ ဖြစ်နေပြီ။ သူ့လက် လှုပ်ရှားမှုသည် ပိုပြီး သိသာလာ၏။ ပြီးတော့ သူ့မျက်လုံးများ တဖြည်းဖြည်း ပွင့်လာသည်။ ကျွန်တော့် မျက်နှာကို မော့ကြည့်နေသည်။

စစချင်းတော့ သူ့မျက်လုံးများသည် ဇဝေဇဝါ ဖြစ်နေပုံရ၏။ ကျွန်တော့်ကို မမြင်ဘဲ အဝေးသို့ ငေးကြည့်နေပုံရ၏။ ထို့နောက် တဖြည်းဖြည်း ကြည်လင်လာသည်။ နှုတ်ခမ်းပေါ်မှာ အပြုံးရိပ်ကလေး ပေါ်လာသည်။

"ဂျိုနတ်စ်. . . မောင်လာမှာပဲဆိုတာ သိတယ်"

လေသံသဲ့သဲ့ဖြင့် သူက ပြောသည်။

"စောစောက အကြောင်းကြားပါတော့လား အချစ်ရယ်"

ရီနာသည် နှုတ်ခမ်းကိုလှုပ်၏။ သို့သော် အသံမထွက်၊ လေသံမျှသာ ထွက်လာသည်။

"ဘယ်လို အကြောင်းကြားရမှန်း မသိခဲ့ဘူး"

"မစ္စတာမာလို၊ အခုနေ အနားယူလိုက်ဖို့ ကောင်းပါတယ်"

ဆရာဝန်၏အသံက ကျွန်တော့်နောက်မှ ပေါ်လာသည်။

ရီနာ၏ မျက်လုံးများသည် ကျွန်တော့်ပခုံးကို ကျော်ပြီး ကြည့်သည်။ ပြီးတော့ လေသံကလေးဖြင့်ပင် ပြန်ပြောသည်။

"ဟင့်အင်း အနားမယူပါရစေနဲ့၊ ကျွန်မ ကြာကြာမနေရတော့ပါဘူး၊ ကျွန်မချစ်သူကို ကျွန်မ စကားပြောပါရစေ"

ကျွန်တော်က ဆရာဝန်ကို လှည့်ကြည့်သည်။

"ကောင်းပြီလေ၊ ဒါပေမယ့် ခဏပဲနော်"

ကျွန်တော့် နောက်ဘက်တွင် တံခါးပိတ်သံကို ကြားရသည်။ ကျွန်တော်သည် ရီနာ၏ လက်ကို ကြည့်နေမိ၏။ သူ့လက်သည် မြောက်လာပြီး ကျွန်တော်၏ပါးပြင်ကို ပွတ်သပ်နေသည်။ သူ့လက်ချောင်းကလေးများကို ကျွန်တော်ယူပြီး ကျွန်တော့် နှုတ်ခမ်းများဖြင့် ဖိကပ်စုပ်ယူထားမိသည်။

"မောင့်ကိုတွေ့ရမှ ဖြစ်မယ့်အကြောင်း ရှိနေတယ်"

"ဘာဖြစ်လို့ ဒါလောက်တောင် အကြာကြီး စောင့်နေရတာလဲ ရီနာရယ်"

"မောင့်ကို တွေ့ဖို့ စောင့်နေတာပေါ့၊ ရှင်းပြဖို့"

"ရှင်းပြရမယ့်အချိန် မဟုတ်တော့ပါဘူးကွယ်"

"ကျွန်မကို နားလည်ပါ မောင်ရယ်၊ မောင့်ကို ပထမဆုံး စတွေ့တဲ့အချိန်ကတည်းက ချစ်ခဲ့တာပါ၊ ဒါပေမယ့် ကြောက်တယ်။ ကျွန်မဟာ ကျွန်မကိုချစ်သူတိုင်းအတွက် ပြိုဟ်ဆိုးပါပဲ။ မေမေနဲ့ အစ်ကိုဟာ ကျွန်မကိုချစ်လို့ သေခဲ့ကြရတယ်။ ဖေဖေဟာလည်း ကျွန်မအတွက် အသည်းကွဲပြီး ထောင်ထဲမှာ သေခဲ့ရတယ်"

"တော်ပါတော့ကွယ်၊ ဒါတွေဟာ မင်းရဲ့အပြစ်တွေ မဟုတ်ပါဘူး"

"ကျွန်မ မာဂရက်ကို တွန်းချပြီး သတ်ခဲ့တယ်။ ကျွန်မရင်သွေးကလေးကိုလည်း မမွေးမီကတည်းက ဖျက်ချပစ်ခဲ့တယ်၊ နီဗားဒါးရဲ့ဘဝကိုလည်း ကျွန်မ ခိုးယူခဲ့တယ်။ ကလော်ဒီ ဟာလည်း ကျွန်မကြောင့် သူ့ကိုယ်သူ သတ်သေသွားရတယ်"

"ဒါတွေဟာ ဖြစ်ရမယ့်တရားတွေပါ ရီနာရယ်။ မင်းကို ဘာမှ အပြစ်ဆိုစရာ မရှိပါဘူး"

"အပြစ်ရှိတာပေါ့"

ရီနာက နာကြည်းစွာဖြင့် ကျွန်တော့်ကို ပြန်ပြောသည်။

"မောင့်ကိုရော ကျွန်မ ဘာလုပ်ခဲ့သလဲ ကြည့်၊ မောင့်အိမ်ထောင် ပျက်စီးခဲ့ရတယ်။ အမှန်တော့ အဲဒီညတုန်းက မောင်ရှိရာ ဟိုတယ်ကို ကျွန်မ မလာသင့်ဘူး"

"ဒါက ကိုယ့်အမှားပါ အချစ်ရယ်။ မင်းလာဖို့ ကိုယ်က ခေါ်ခဲ့တာ မဟုတ်လား"

"မဟုတ်ပါဘူး။ ကျွန်မကကို တမင်လာတာပါ။ မောင့်ကို ချစ်လို့၊ မောင့်ကို လိုချင်လို့၊ မောင့်မိန်းမ ရောက်လာတဲ့အချိန်မှာပဲ ကျွန်မ မှားသွားပြီဆိုတာ သိလိုက်မိပါတယ်"

"မဟုတ်ပါဘူး အချစ်ရယ် သူ တမင် ရည်ရွယ်ချက်နဲ့ ရောက်လာတာ၊ မောင့်ဆီက ငွေညှစ်ဖို့ သူတို့သားအဖ ရောက်လာတာ၊ သူ့ဗိုက်ထဲမှာ ရှိနေတဲ့ကလေးကလည်း မောင့်ကလေး မဟုတ်ပါဘူး"

ကျွန်တော်လည်း စိတ်အချဉ်ပေါက်ပေါက်ဖြင့် ပြန်ပြောမိသည်။

"ဒါက ဘာများ ထူးခြားသွားသလဲ၊ မောင်နဲ့မတွေ့ခင် တစ်ယောက်ယောက်နဲ့ သူ တွေ့ချင်တွေ့ခဲ့မှာပေါ့၊ ဒါပေမယ့် သူ့ကို လက်ထပ်တဲ့အခါမှာ ဒါကို မောင် သိဖို့ကောင်းတယ်။ မောင်နဲ့ရတဲ့ကိုယ်ဝန် မဟုတ်ဘူးဆိုရင် ဒီကလေးကို ဘာဖြစ်လို့ သူ မွေးခဲ့သလဲ၊ မောင် ပြောတာ ကို ကျွန်မ မယုံဘူး"

"အဲဒါကြောင့် ပြောတာပေါ့ ရီနာ၊ သူ လိုချင်တာက မောင့်ပိုက်ဆံပဲ၊ သူ စိတ်ဝင်စား တာက မောင့်ပိုက်ဆံပဲ၊ မောင်တို့ ကွာရှင်းကြတော့ သူ ငွေငါးသိန်း ယူသွားတယ် မဟုတ်လား"

"ဒါ မမှန်ပါဘူး မောင်ရယ်၊ မောင့်ကို သူ ချစ်ပါတယ်၊ ဟိုတယ်မှာ ကျွန်မတို့ နှစ်ယောက်ကို လာတွေ့တုန်းက သူ ဘယ်လို ခံစားနေရတယ်၊ ဘယ်လောက် အသည်းနာ ရတယ်ဆိုတာ သူ့မျက်လုံးထဲမှာ ကျွန်မ မြင်လိုက်ရပါတယ်။ ကျွန်မတို့ မိန်းမချင်းပါ၊ မောင် ထက်ပိုပြီး ကျွန်မ နားလည်ပါတယ်။ တကယ်လို့ သူ့အဖို့ ပိုက်ဆံဟာ သိပ်အရေးကြီး နေတယ်ဆိုရင် အဲဒီ ပိုက်ဆံတွေအားလုံး သူ့အဖေကို ဘာဖြစ်လို့ ပေးလိုက်တာလဲ"

"ဒီကိစ္စတော့ ကိုယ် မသိဘူး"

"မောင် မသိတာတွေ အများကြီး ရှိပါသေးတယ်ကွယ်၊ မောင့်အဖေအကြောင်း၊ မောင့်မိန်းမအကြောင်း မောင် မသိတာတွေ အများကြီး ရှိပါသေးတယ် မောင်ရယ်။ ဒါပေမယ့် မောင့်ကို ပြောပြဖို့ ကျွန်မမှာ အချိန် မရှိတော့ဘူး။ ဒီအကြောင်းကလေးပဲ ပြောနိုင်ခဲ့တော့မယ်။ မောင့်ရဲ့ အိမ်ထောင်ကို ကျွန်မ ဖျက်ဆီးလိုက်တာပါ။ မောင့်ရဲ့ သမီးကလေးဆို မောင့်ရဲ့ နာမည်မပါဘဲ လောကမှာ လူဖြစ်နေရရှာပြီ။ ဒါဟာ ကျွန်မကြောင့် ဖြစ်ရတာပါ။ ဒါ့အတွက် ကျွန်မ စိတ်ချမ်းသာအောင် လုပ်ပါရစေ"

ရီနာက လေသံသဲ့သဲ့ဖြင့် ဆက်ပြောနေသည်။

ရီနာသည် မျက်လုံးကို မှိတ်လိုက်ပြန်၏။ ပြီးတော့ လေသံကလေးဖြင့် ပြန်ပြော၏။

"ကျွန်မပိုင်တဲ့ပစ္စည်းလည်း သိပ်များများစားစားတော့ မကျန်တော့ပါဘူး။ ကျွန်မဟာ ငွေကို ချွေချွေတာတာနဲ့ စုတတ်ခဲ့တဲ့ မိန်းမ မဟုတ်ဘူး။ ဒါပေမယ့် ကျန်သမျှကလေးတွေ ကလေးကိုပေးဖို့ မောင့်ကို အမွေထိန်း ခန့်ချင်တယ်။ ကျွန်မ စိတ်ချမ်းသာအောင် လုပ်ပေးပါ့ မယ်ဆိုတာ ကတိပေးပါ မောင်ရယ်"

ကျွန်တော် သူ့ကို ငုံ့ကြည့်လိုက်သည်။

"ကတိပေးပါတယ်"

ရီနာက ယဲ့ယဲ့ကလေး ပြုံးသည်။

"ကျေးဇူးတင်ပါတယ် ဂျိနတ်စ်ရယ်၊ မောင့်ကို ဟစ်သက်လုံး ကျွန်မ အားကိုးခဲ့ရတာပါ"

"နည်းနည်း အနားယူလိုက်ပါလား"

"ဘာလုပ်ဖို့လဲ၊ နောက်ထပ် တစ်ရက်နှစ်ရက်လောက်ဆက်ပြီး အသက်ရှင်ဖို့ အနား ယူရမှာလား။ ကျွန်မ ခေါင်းထဲမှာ ရှုမတတ်ဝေဒနာတွေ ဆက်ခံစားရအောင်လို့လား၊ မဖြစ်ပါ ဘူး မောင်ရယ်။ အင်မတန် အခံရဆိုးပါတယ်။ ကျွန်မ သေချင်ပါပြီ၊ ဒါပေမယ့် ကျွန်မ ဒီနေရာ မှာ မသေပါရစေနဲ့၊ ကျွန်မကို အပြင်ခေါ်သွားပေးပါ။ မိုးကောင်းကင်ကို တစ်ခါလောက်ကြည့် ပါရစေ"

"ဒေါက်တာ"

ကျွန်တော်က သူ့ကို စိုက်ကြည့်ရင်း ကန့်ကွက်ရန် ကြံလိုက်စဉ်မှာပင် ရီနာက ထပ်တောင်းပန်ပြန်သည်။

"အပြင်ကိုခေါ်သွားပေးပါ မောင်ရယ်"

ကျွန်တော့်ကို သူ ပြုံးပြနေ၏။ ကျွန်တော်ကလည်း သူ့ကို ပြန်ပြုံးပြလိုက်သည်။ ပြီးတော့ အောက်ဆီဂျင်ဘူးနှင့် ပိုက်များကို ဘေးသို့ ဖယ်လိုက်သည်။ သူ့ကို ကျွန်တော် ကြင်နာ ယုယစွာ ပွေ့ယူလိုက်၏။ သူ့ကိုယ်လုံးသည် ကျွန်တော့်လက်ထဲမှာ ငှက်မွေးကလေးလို အလွန် တရာ ပေါ့ပါးနေသည်။

"မောင့်ရင်ခွင့်ထဲမှာ တစ်ခါပြန်ပြီး အခုလိုနေရတာ စိတ်ချမ်းသာလိုက်တာ အချစ်ရယ်"

ရီနာ့နဖူးကို ညင်သာစွာဖြင့် တမြတ်တနိုး ကျွန်တော် ငုံ့နမ်းပြီး နေရောင်ရမည့် အပြင်သို့ ထွက်ခဲ့သည်။

"သစ်ပင်တစ်ပင်ဟာ ဘယ်လောက်တောင် စိမ်းလန်းစိုပြည်သလဲ ဆိုတာကိုတောင် ကျွန်မ မမှတ်မိတော့ဘူး"

ရီနာက လေသံပျော့ပျော့ကလေးဖြင့် ပြောသည်။

"ဘော်စတွန်က သုသာန်မှာ အင်မတန် စိမ်းလန်းစိုပြည်တဲ့ ဝက်သစ်ချပင်ကြီး တစ်ပင်ရှိတယ်။ ဒါလောက် စိမ်းစိုတဲ့ အပင်ကို မောင် မြင်ဖူးဦးမှာ မဟုတ်ဘူး။ ဘော်စတွန်ကို ပြန်ချင်တယ်ကွယ်။ အချစ်ကို ပြန်ပို့ပေးပါ မောင်ရယ်၊ နော်"

"မောင် ပို့ပေးပါ့မယ် အချစ်ရယ် စိတ်ချပါ။ မောင် ပို့ပေးပါ့မယ်။ အချစ် သွားချင်တဲ့ ဘယ်လို နေရာမျိုးကိုမဆို ရောက်အောင် မောင် ပို့ပေးပါ့မယ်"

"အသုဘကျရင် အုတ်အော်သောင်းတင်း ဖြစ်အောင် မလုပ်စေနဲ့နော်။ လူတွေ အများကြီး မလာပါစေနဲ့မောင်။ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ငြိမ်းငြိမ်းချမ်းချမ်းကလေး သေပါရ စေကွယ်။ ရုပ်ရှင်သမားတွေဆိုတာ အုတ်အော်သောင်းတင်း အင်မတန် လုပ်ချင်ကြတာ"

"မောင် သိပါတယ်"

"အချစ်အတွက် နေရာရှိနေပါသေးတယ်၊ ဖေဖေ့ဘေးနားမှာလေ၊ မောင် သိတယ် နော်၊ မောင့်ကို သိပ်ချစ်တယ်ကွယ် အချစ်ရယ်"

ရီနာ၏အသံသည် အလွန်တရာတိုးပြီး တိမ်ဝင်သွားသည်။

ကျွန်တော့်ရင်ဘတ်ပေါ်မှာ မှေးတင်ထားသည့် ရီနာ၏လက်များသည် အရုပ်ကြိုး ပြတ်သလို အောက်သို့ကျသွားသည်။ သူ့ကိုယ်သည်လည်း ကျွန်တော့်၏လက်ထဲမှာ ရုတ်တရက် အနည်းငယ် ပိုလေးလာသည်ဟု ထင်ရသည်။ ကျွန်တော် သူ့ကို ငုံ့ကြည့်လိုက်၏။ သူ့မျက်နှာကို

ကျွန်တော့် ပခုံးပေါ်မှာ အပ်ထားသည်။ အပြင်ဘက်ရှိ သစ်ပင်များကို ကျွန်တော် လှမ်းကြည့်သည်။

သို့သော်လည်း သစ်ပင်များကို ကျွန်တော် မမြင်ရတော့။ ကျွန်တော့် မျက်လုံးအစုံတွင် ကန်ပေါင်ကျိုးသလို မျက်ရည်များ လျှံနေပြီ။ မျက်ရည် သမုဒ္ဒရာများ။

ကျွန်တော် အခန်းထဲသို့ ပြန်လာသောအခါ အိုင်လင်းနှင့် ဆရာဝန်ကို အခန်းထဲမှာ တွေ့ရသည်။ ကျွန်တော်သည် တိတ်ဆိတ်စွာပင် ရီနာကို ပွေ့ယူလာခဲ့ပြီး သူ့ခုတင်ပေါ်သို့ တယုတယ ပြန်တင်ပေးသည်။ ကျွန်တော့် ကိုယ်ကို ကျွန်တော် ပြန်မတ်သည်။

သူတို့ကို ကျွန်တော် စကားပြောဖို့ ကြိုးစားကြည့်သည်။ သို့သော် ရုတ်တရက် အသံထွက်မလာ။ ခဏအကြာ အသံထွက်လာသောအခါတွင်လည်း ကျွန်တော့်အသံသည် အက်ကွဲနေပြီ။

"နေရောင်အောက်မှာပဲ သေပါရစေတဲ့"

ကျွန်တော့်ရင်ထဲမှ အသည်းနှလုံး အားလုံးတို့သည်လည်း အစိတ်စိတ်အမွှာမွှာ ကွဲကြေကုန်ကြပါပြီတည်း။

(၇)

အနက်ရောင် သမ္မာကျမ်းစာအုပ် သေးသေးကလေးကို ဘုန်းတော်ကြီးက ဖတ်နေသည်။ သူ့နှုတ်ခမ်းများ ဖြည်းဖြည်းကလေး လှုပ်ရှားနေသည်ကို ကျွန်တော်က မော့ကြည့်နေမိသည်။ ခဏအကြာတွင် သူက သမ္မာကျမ်းစာအုပ်ကို ပြန်ပိတ်ရင်း ကျွန်တော်တို့ကို မော့ကြည့်သည်။ ပြီးတော့ တဖြည်းဖြည်း ထွက်ခွာသွားသည်။ ခဏကြာသောအခါတွင် ကျန်လူများလည်း ဘုန်းတော်ကြီးနောက်မှ ထွက်လိုက်သွားကြသည်။

အုတ်ဂူဘေးမှာ အိုင်လင်းနှင့်ကျွန်တော် နှစ်ယောက်တည်း ကျန်ခဲ့သည်။ အလွန်စိမ်းလန်းစိုပြည်သည့် ဝက်သစ်ချပင်ကြီးသည် ကျွန်တော်တို့ ခေါင်းပေါ်မှာ မိုးလျက်။

အိုင်လင်းသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာ ရပ်နေသည်။ ဝတ်စုံအနက်၊ ဦးထုပ်အနက်နှင့် မျက်နှာဖုံးအနက်ကလေးများကို ဝတ်ဆင်ထားသည်။

"ပြီးသွားပါပြီ"

အလွန် မောပန်းနွမ်းနယ်နေသည့် အသံဖြင့် တိုးတိုးကလေး သူက ပြောသည်။

ကျွန်တော်က ခေါင်းညိတ်ပြပြီး အုတ်ဂူလုပ်နေသည့် ပန်းရန်ဆရာများကို ကြည့်သည်။ ဘာမှ မဟုတ်တော့။ ရီနာမာလို တည်းဟူသော အမည်ကလေးမှတစ်ပါး အခြားဘာဆိုဘာမှ မဟုတ်တော့။

"သူ ဖြစ်ချင်တာတွေ၊ သူ စိတ်ချမ်းသာမယ့်ဟာတွေ အားလုံးကို တို့လုပ်ပေးပြီးပါပြီ"

"ဟုတ်ပါတယ်၊ ကျွန်မတို့နှစ်ယောက်စလုံး တာဝန်ကျေကြပါတယ်"

ကျွန်တော်တို့နှစ်ယောက်သည် ငြိမ်သက်စွာရပ်နေကြ၏။ ကျွန်တော်တို့၏ ရင်ထဲတွင်ကား ဘာမှ မရှိ။ ဟာလာဟင်းလင်း။ သုသာန်အတွင်း၌ ပန်းရန်ဆရာများနှင့် ကျွန်တော်တို့နှစ်ယောက်သာ ကျန်တော့သည်။ ကျွန်တော်က အသက်ကို ပြင်းပြင်းရှူလိုက်သည်။ သွားချိန်တန်ပြီ။

"မင်းကို ဟိုတယ်ပြန်ပို့ပေးရမလား"

အိုင်လင်းက ခေါင်းခါသည်။

"ကျွန်မ ဒီမှာနေခဲ့ချင်ပါသေးတယ် မစ္စတာကော့"

"မင်း ဘာမှ မဖြစ်ပါဘူးနော်၊ နေကောင်းတယ် မဟုတ်လား"

သူ့မျက်နှာကို အုပ်ထားသည့် ဇာပါးအနက်ကလေးအောက်မှ မျက်လုံးများသည် ကျွန်တော့်ဘက်သို့ တစ်ချက် ဝေ့ကြည့်လိုက်ကြောင်း သတိထားလိုက်မိသည်။

"ကျွန်မ ဘာမှ မဖြစ်ပါဘူး မစ္စတာကော့၊ သန်းခေါင်ထက်လည်း ညဥ့်မနက်နိုင်တော့ပါဘူးရှင်"

"မင်းအတွက် ကားတစ်စင်း စောင့်ခိုင်းထားခဲ့မယ်။ ကိုယ်သွားတော့မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် မစ္စတာကော့"

ကျွန်တော်သည် သုသာန်လမ်းမဘက်ဆီသို့ တံ့ဆိုင်းလေးပင်သည့် ခြေလှမ်းများဖြင့် ထွက်ခဲ့သည်။ ခပ်လှမ်းလှမ်းတွင် ထိန်းမနိုင်သိမ်းမရ ဖြစ်နေသည့် လူအုပ်ကြီးကို မြင်ရသည်။ သူတို့ အလွန်တရာ သိချင်နေကြသည်။ မြင်ချင်၊ ကြည့်ချင်နေကြသည်။ ရဲအဖွဲ့ဝင်များက လက်ချင်းယှက်ပြီး လူအုပ်ကြီးကို တားထားရသည်။ ကျွန်တော် သုသာန်အထွက် ဂိတ်ဝသို့ ရောက်လာသောအခါ လူအုပ်ဆီမှ ပို၍ ဆူလာသည့် အသံများကို ကြားရသည်။

ရီနာသည် သည်လိုလူအုပ်ကြီးဖြင့် ခမ်းခမ်းနားနား သေရမည်ကို မကြိုက်၊ တိတ်တိတ်ဆိတ်ဆိတ်ဖြင့် ငြိမ်းငြိမ်းချမ်းချမ်း သေပါရစေဟု ကျွန်တော့်ကို ပြောခဲ့သည်။

ရီနာ၏ အကြိုက်အတိုင်း ဖြစ်စေရန် ကျွန်တော် အစွမ်းကုန် ကြိုးစားပါသည်။ သို့သော်လည်း နာမည်ကျော် ရုပ်ရှင်မင်းသား၊ မင်းသမီးများနှင့်ပတ်သက်၍ လူအုပ်ကြီးများကို ထိန်းသိမ်း၍ကား ရစကောင်းမည် မဟုတ်ပေ။

ဒရိုင်ဘာက မော်တော်ကားတံခါး ဖွင့်ပေးသဖြင့် ကျွန်တော် အထဲသို့ ဝင်ထိုင်သည်။ တံခါးကို ပြန်ပိတ်ပေးပြီး မောင်းသည့်နေရာသို့ သူ ပြန်သွားထိုင်သည်။ မော်တော်ကားဘီးများ စတင်လိမ့်လာသည်။

"ဘယ်ကို မောင်းရမလဲ ခင်ဗျာ၊ ဟိုတယ်ကို ပြန်သွားမှာလား"

ကျွန်တော်က နောက်ကိုပြန်လှည့်ကာ နောက်ဘက်မှန်ကို ကျော်ပြီး ကြည့်မိသည်။ ကျွန်တော်တို့ကားသည် ကုန်းမော့ကလေးပေါ် သို့ ရောက်လာသည်။ ထို့ကြောင့် သုသာန်တွင်းမှ အိုင်လင်းကို လှမ်းမြင်ရသည်။ အိုင်လင်းသည် အုတ်ဂူဘေးမှာ ထိုင်နေ၏။ ဝတ်စုံအနက်များ အောက်မှာ သေးသေးကလေး ဖြစ်နေ၏။ သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားသည်။ ကျွန်တော့်တို့ကားသည် အကွေ့တစ်ခုကို ချိုးကွေ့လိုက်သောကြောင့် ကျွန်တော့်မြင်ကွင်းမှ အိုင်လင်း ပျောက်ကွယ်သွားတော့သည်။

"ဟိုတယ်ကို ပြန်ရမလား ခင်ဗျာ"

ဒါရိုက်ဘာက မေးပြန်သည်။

ကျွန်တော်သည် ကိုယ်ကိုမတ်ပြီး စီးကရက်လှမ်းယူကာ မီးညှိသည်။

"မပြန်ဘူး၊ လေယာဉ်ကွင်းကိုမောင်း"

ဆေးလိပ်ကို အားရပါးရ ဖွာလိုက်သည်။ ကျွန်တော် ဝေးရာကို ပြေးချင်ပြီ။ ရီနာ အပြီးအပိုင် လဲလျောင်းနေသည့် ဘော်စတွန်မြို့မှ ပြေးချင်ပြီ။ သေခြင်းတရားရှိရာအရပ်မှ ပြေးချင်ပြီ။ အိပ်မက်ဆိုးများ မက်ရာအရပ်မှ ပြေးချင်ပြီ။ တမ်းတလွမ်းမောဖွယ်ရာများ ကျွန်တော့်မှာ တစ်ပုံတစ်ပင်ကြီး ရှိနေပြီ။

သည်သို့သော တမ်းတလွမ်းမောစရာများနှင့် ဝေးရာသို့ ပြေးချင်ပြီ။

ကျွန်တော့်ရင်ထဲမှ အသည်းနှလုံး မှန်သမျှတို့သည်လည်း ရီနာ၏ အုတ်ဂူအတွင်းမှာ ကျန်ရစ်ခဲ့ပြီ မဟုတ်လား။

* * *

နားထဲမှာ စူးစူးဝါးဝါးအသံများ ကြားနေရသည်။ ထို့ကြောင့် အလွန် ရှည်သည့် လှေကားအနက်ကြီးပေါ် သို့ ကျွန်တော် တက်ခဲ့သည်။ ကျွန်တော့်ခေါင်းပေါ် မှာ အလင်းရောင် ရှိနေသည်။ ထိုအလင်းရောင်ရှိရာသို့ တက်ခဲ့သည်။ ကျွန်တော် ပို၍ အမြင့်ပိုင်းသို့ ရောက်လာလေလေ၊ ဆူညံသံများက ပိုလာလေလေ ဖြစ်သည်။ မျက်လုံးများကို ဖွင့်ပြီး ကြည့်မိသည်။

ပြတင်းပေါက်၏အပြင်ဘက်မှာ တတိယ အဲဗင်းနယူးကို လှမ်းမြင်နေရသည်။ လူပေါင်းများစွာတို့သည် ပလက်ဖောင်း ကျဉ်းကျဉ်းကလေးပေါ် မှာ တိုးဝှေ့သွားလာနေကြသည်ကို မြင်ရသည်။ ထို့နောက် မီးရထားထွက်သွားသည်ကို တွေ့ရသည်။ အခန်းထဲမှာ တိတ်ဆိတ်သွားသည်။ ကျွန်တော့် မျက်လုံးများ ကြည်လင်လာအောင် ကြိုးစားသည်။

မှောင်နေသည့် အခန်းငယ်ကလေးတစ်ခု ဖြစ်သည်။ နံရံမှာ ကပ်ထားသည့် စက္ကူဖြူများသည် အညိုရောင်အဖြစ်သို့ပင် အရောင်ပြောင်းစ ပြုနေပြီ။ ပြတင်းပေါက်နားမှာ စားပွဲငယ်တစ်လုံး ရှိသည်။ ထိုစားပွဲအထက် နံရံပေါ်တွင် ခရစ်တော်၏ပုံတော်ကို ချိတ်ထားသည်။ အိပ်ရာအဟောင်း တစ်ခုပေါ် မှာ ကျွန်တော် ရောက်နေသည်။ ခုတင်အောက်သို့ ခြေထောက်

ချပြီး ကျွန်တော် မတ်တတ်ရပ်လိုက်သည်။ ကျွန်တော့်ခေါင်းများသည် ပြုတ်ကျသွားတော့မည်ကဲ့သို့ ခံစားရသည်။

"ဟော ရှင် နိုးလာပြီလား"

အသံကြားရာဘက်သို့ ကျွန်တော် ခေါင်းကို လှည့်ရန် ကြိုးစားသည်။ သို့သော်လည်း ခေါင်းကို လှည့်၍ မရ။ အမျိုးသမီးက ကျွန်တော့်ရှေ့သို့ လာရပ်သည်။ သူ့မျက်နှာကို မြင်ဖူးသလိုလို ထင်မိသည်။ သို့သော် ကျွန်တော် ဘာမှ မမှတ်မိ။ မည်သည့်နေရာတွင် မြင်ခဲ့ဖူးမှန်းမသိ။ ကျွန်တော့်မျက်နှာများကို စမ်းကြည့်သောအခါ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးများသည် ကျားလျှာလို ကြမ်းနေသည်ကို တွေ့ရသည်။

"ငါ ဒီရောက်နေတာ ဘယ်လောက် ကြာပြီလဲ"

ကျွန်တော် မေးသည်ကို ကြားသောအခါ အမျိုးသမီးက ရယ်သည်။

"တစ်ပတ်လုံးလုံး ရှိသွားပြီ၊ ရှင် ဒီတစ်သက်မှာတော့ ရေငတ်မပြေတော့ဘူးလို့ ကျွန်မက တွေးနေတာ"

ဟု သူက ပြန်ဖြေသည်။

"ငါ အရက်သောက်နေတာလား"

"ဟောဟိုမှာ မြင်တဲ့အတိုင်းပဲ"

ဟု သူက ပြောသည်။

သူ မေးငေါ့ပြရာသို့ ကျွန်တော် လိုက်ကြည့်သောအခါ ကြမ်းပြင်ပေါ်တွင် ဝီစကီပုလင်းအခွံ (၃၀) ခန့်ကို တွေ့ရသည်။ ကျွန်တော့်ဇက်ပိုးကို ကျွန်တော် ပြန်ပြီး ပွတ်သပ်မိ၏။ သည်လောက် ခေါင်းကိုက်နေသည်မှာ အံ့သြဖွယ် မရှိ။

"ငါ ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"ရှင် ဘာမှ သတိမရဘူးလား"

ကျွန်တော်က ခေါင်းခါပြလိုက်သည်။

"ဆဌမအဲဗင်းနယူးမှာရှိတဲ့ စတိုးဆိုင်တစ်ခုရှေ့မှာ ကျွန်မ ရပ်နေတုန်း ရှင် ရောက်လာတယ်။ ကျွန်မ လက်ကိုဆွဲပြီးတော့ ငါ ကျောင်းမှာ မသင်ခဲ့ရတဲ့ သင်ခန်းစာတွေ သင်ပေးတော့လို့ ပြောတယ်။ ကျွန်မတို့ အရက်ဆိုင်ကိုသွားပြီး အရက်နည်းနည်း သောက်ကြတယ်။ ရှင် အရက်ရောင်းတဲ့လူနဲ့ ရန်ဖြစ်တယ်။ ဒါကြောင့် ကျွန်မ ဒီကို ခေါ်လာခဲ့တာ"

ကျွန်တော့်မျက်လုံးများကို ပွတ်လိုက်၏။ ကျွန်တော် သတိရစပြုပြီ။ ကျွန်တော်သည် ဘော်စတွန်မှ နယူးယောက်မြို့သို့ လေယာဉ်ပျံဖြင့် ပြန်လာခဲ့ပြီး လေဆိပ်မှနေ၍ ဆဌမအဲဗင်းနယူးရှိ နော်မန်စတူဒီယိုသို့ သွားသည်။ လမ်းခုလတ်မှာပင် အရက်သောက်ချင်လာ၏။ ထို့နောက်ပိုင်း အဖြစ်အပျက်များကို ကျွန်တော် ကောင်းကောင်း မမှတ်မိတော့။ ရေဒီယိုဆိုင်တစ်ခုရှေ့တွင် အမျိုးသမီးတစ်ယောက်ကို ကျွန်တော် တွေ့သည်။ ဟိုတစ်လောက ကျွန်တော့်အား ကျောင်းမှာ မသင်ခဲ့ရသည်များကို သင်ပေးမည်ဟု ပြောသည့် အမျိုးသမီးဖြစ်သည်ဟု ကျွန်တော် ထင်သည်။

"ဟိုတစ်လောက အမျိုးသမီးဟာ မင်းပဲလား"

သူက ရယ်ပြန်၏။

"မဟုတ်ပါဘူး၊ ရှင် သိပ်မူးနေတယ်။ ဘယ်မိန်းမပဲဖြစ်ဖြစ် ရှင့်အတွက် ဘာမှ ထူးတော့မှာ မဟုတ်ဘူး။ အဲဒီလောက်ကို မူးနေတာ၊ ရှင် လိုချင်တာက မိန်းမ မဟုတ်ဘူးလေ။ ရှင် သိပ်ပြီး ကြေကွဲဝမ်းနည်းနေတယ်၊ အသည်းကွဲနေတယ်ပေါ့"

ကျွန်တော် ထိုင်ရာမှ ထသောအခါ ကျွန်တော့်ကိုယ်ပေါ်တွင် အတွင်းခံဘောင်းဘီကလေးသာ ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် သူ့ကို လှမ်းကြည့်မိသည်။

"ရှင့်အဝတ်တွေကို ကျွန်မ ပင်းမင်း ပေးထားတယ်၊ ရှင် ရေချိုးလိုက်ဦး၊ ကျွန်မ သွားယူပေးမယ်"

"ရေချိုးခန်းက ဘယ်မှာလဲ"

သူက တံခါးပေါက်တစ်ခုကို လက်ညှိုးထိုးပြသည်။

"ရေပန်းတော့ မရှိဘူး၊ ဒါပေမယ့် ရေနွေးတော့ အလုံအလောက်ရှိပါတယ်။ စင်ပေါ်မှာ မုတ်ဆိတ်ရိတ်တဲ့ ဓားလည်းရှိတယ်"

ကျွန်တော် ရေချိုးခန်းမှ ပြန်ထွက်လာသောအခါ အဝတ်အစားများ အဆင်သင့်ရောက်နေသည်ကို တွေ့ရ၏။

"ရှင့်ပိုက်ဆံတွေ မှန်တင်ခုံပေါ်မှာ"

ကျွန်တော် အင်္ကျီကြယ်သီးများတပ်ပြီး အင်္ကျီစများကို ဘောင်းဘီထဲသို့ ထိုးထည့်ရင်း မှန်တင်ခုံဆီသို့ လျှောက်သွားသည်။

"ရှင့်အတွက် ဝီစကီဝယ်ပေးတာကလွဲပြီး ရှင် ပါလာတဲ့ပိုက်ဆံတွေ အကုန်လုံးရှိပါတယ်"

ကျွန်တော်သည် ပိုက်ဆံများကို ကောက်ယူရင်း သူ့ကို လှမ်းကြည့်မိသည်။

"မင်း ဘာဖြစ်လို့ ငါ့ကို ဒီ ခေါ်လာတာလဲ"

သူက ပခုံးများကို တွန့်ပြ၏။

"ကျွန်မတို့ အိုင်းရစ်အမျိုးသမီးတွေဟာ တစ်မျိုးပဲ၊ အရက်မူးသမားကို သဘောကျတယ်၊ ခွင့်လွှတ်နိုင်တယ်"

ကျွန်တော့်လက်ထဲမှ ပိုက်ဆံများကို ငုံ့ကြည့်မိသည်။ ဒေါ်လာနှစ်ရာလောက်တော့ ရှိပေလိမ့်မည်။ ငါးဒေါ်လာကို အိတ်ထဲထည့်ပြီး ကျန်သည့်ငွေများအားလုံးကို မှန်တင်ခုံပေါ်မှာ တင်ထားခဲ့သည်။

အမျိုးသမီးသည် ပိုက်ဆံများကို အေးအေးဆေးဆေး ကောက်ယူကာ ကျွန်တော်နှင့်အတူ တံခါးပေါက်ဆီသို့ လိုက်လာသည်။

"ရီနာမာလိုး တကယ် သေသွားပြီဆိုတာ ရှင့်စိတ်ထဲမှာ ယုံတယ်နော်၊ ကမ္ဘာပေါ်မှာ ရှိသမျှ ဝီစကီတွေကို ရှင် ကုန်အောင်သောက်ပစ်ရင်လည်း သူဟာ ရှင့်အတွက် အသက်ပြန်ရှင်လာတော့မှာ မဟုတ်ပါဘူး၊ ကိုယ့်စိတ်ကို ဖြေလိုက်ပေါ့ရှင်ရယ်၊ သူ တကယ် သေသွားပြီပဲ"

သူနှင့်ကျွန်တော်သည် ခဏကြာအောင် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြ၏။ ပြီးတော့ သူက တံခါးကိုပိတ်သည်။ ပြည့်တန်ဆာမကတောင် ကျွန်တော့်ကို တရားချနေပါပေါ့လား။

ကျွန်တော်က မှောင်မည်းနေသည့် လှေကားအတိုင်း ဆင်းလာသည်။ တတိယအဲဗင်းနယူးနှင့် (၈၂) လမ်းထောင့်ရှိ ဆေးဆိုင်တစ်ဆိုင်သို့ ဝင်ကာ မက်အယ်လစ္စတာထံသို့ တယ်လီဖုန်းဆက်သည်။

"မင်း ဘယ် ငရဲပြည်ကိုများ ရောက်နေတာလဲကွာ"

ဟု သူက မေးသည်။

"အရက်သောက်နေတယ်လေ၊ ရီနာရဲ့သေတမ်းစာ စာချုပ်ရပြီးပြီလား"

"ရပြီးပြီ၊ မင်းကို တို့ တစ်မြို့လုံး ပိုက်စိပ်တိုက်ပြီး ရှာနေတာ၊ ဘယ်မှရှာလို့ မတွေ့ဘူး။ ရုပ်ရှင်ကုမ္ပဏီမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာရော မင်း သိရဲ့လား၊ အားလုံး အိမ်မြှောင်အမြီးပြတ်ဖြစ်ကုန်ကြပြီ"

"ရီနာရဲ့သေတမ်းစာ ဘယ်မှာလဲ"

"မင်းအခန်းက စားပွဲပေါ်မှာ၊ အဲဒီပေါ်မှာ တင်ထားခဲ့လို့ မင်း ပြောတယ် မဟုတ်လား၊ ရုပ်ရှင်ကုမ္ပဏီအတွက် တို့အမြန်ဆုံး အစည်းအဝေးလုပ်ရင်လုပ်၊ မလုပ်ရင် မင်း အရင်းအနှီးတွေအတွက် ဘာမှ မပူနဲ့တော့၊ တစ်ပြားမှ ကျန်တော့မှာ မဟုတ်ဘူး"

"ကောင်းပြီ၊ ဒီနေ့ညသန်းခေါင်ကျော် တစ်နာရီ ချိန်းလိုက်၊ ကျွန်တော့်အခန်းကို လာပါ"

ကျွန်တော်သည် သူ ဘာမှ ပြန်မဖြေနိုင်မီ တယ်လီဖုန်းကို ပြန်ချထားခဲ့သည်။

* * *

တက္ကစီကားခထုတ်ပေးပြီး အိမ်များရှေ့ရှိ လမ်းဘေး ပလက်ဖောင်းအတိုင်း လမ်းလျှောက်လာခဲ့သည်။ မြက်ခင်းပေါ်မှာ ကလေးများ ကစားနေကြသည်။ သူတို့က ကျွန်တော့်ကို

စူးစမ်းသည့် အကြည့်မျိုးဖြင့် ကြည့်နေကြ၏။ အိမ်အားလုံးလိုလိုမှာ တံခါးများ ဖွင့်ထားကြသော ကြောင့် အိမ်နံပါတ်ကို ကျွန်တော် ကြည့်မရအောင် ဖြစ်နေသည်။

"ဘာ ရှာနေတာလဲ ခင်ဗျ"

ဟု ကလေးတစ်ယောက်က မေးသည်။

"ဝင်းသရော့၊ မော်နီကာ ဝင်းသရော့အိမ်ရှာတာ"

"သမီးလေးတစ်ယောက်နဲ့ မဟုတ်လား၊ ငါးနှစ်အရွယ်လောက် ကလေးလေးလေ"

"ဟုတ်ပါလိမ့်မယ်"

"ရှေ့ဆက်လျှောက်သွားရင် လေးလုံးမြောက်အိမ်"

ကလေးကို ကျေးဇူးတင်ကြောင်းပြောပြီး လျှောက်လာခဲ့သည်။ စတုတ္ထမြောက် အိမ်ဝ သို့ ရောက်သောအခါ နာမည် ဆိုင်းဘုတ်ကို ကြည့်မိ၏။ လူခေါ်ခေါင်းလောင်းအောက်မှာ ဆိုင်းဘုတ်ကို မြင်ရသည်။

"ဝင်းသရော့"

ခေါင်းလောင်းကို နှိပ်သော်လည်း အတွင်းမှ လူသံ မကြားရ။ ထို့ကြောင့် ခေါင်း လောင်းကို တစ်ကြိမ် ထပ်နှိပ်ပြန်သည်။

"သူ အလုပ်က ပြန်မရောက်သေးပါဘူး။ အလုပ်က အပြန်မှာ ကလေးထိန်းကျောင်း ကိုဝင်ပြီး သူ့သမီးကို အရင် ခေါ်သေးတယ်"

ဟု တစ်ဖက်အိမ်မှ လူတစ်ယောက်က ကျွန်တော့်ကို လှမ်းပြောသည်။

"သူ ဘယ်အချိန်လောက် အိမ်ကို ပြန်ရောက်တတ်ပါသလဲ"

"အခု ရောက်တော့မှာပါပဲ"

နာရီကို ကြည့်သောအခါ ခုနစ်နာရီထိုးရန် (၁၅) မိနစ် လိုသေးသည်။ နေဝင်သွားပြီ ဖြစ်သောကြောင့် အပူလည်း သက်သာလာသည်။ လှေကားထစ်မှာ ထိုင်ချရင်း စီးကရက်ညှိကာ သောက်နေမိသည်။ ကျွန်တော့်ခံတွင်းများ ပျက်လာပြီး ခေါင်းစကိုက်လာသည်။

စီးကရက်တစ်လိပ် ကုန်သောအခါ မော်နီကာ ပြန်လာသည်ကို မြင်ရသည်။ သူ့ရှေ့မှ ကလေးငယ်တစ်ယောက်က လျှောက်လာသည်။

ကျွန်တော် ထိုင်ရာမှထသောအခါ ကလေးငယ်က သူ့ခြေထောက်များကိုစုံရပ်ပြီး ကျွန်တော့်ကို ကြည့်နေသည်။ သူ့နှာခေါင်းကလေးကို ရှုံ့ပြီး မျက်လုံးနက်ကလေးကို တဖျတ်ဖျတ် ခတ်နေသည်။ ပြီးတော့ သူ့အမေကို လှမ်းပြောသည်။

"မေမေ သမီးတို့အိမ်လှေကားမှာ လူတစ်ယောက် ရပ်နေတယ်"

မော်နီကာကို ကျွန်တော် ကြည့်၏။ ကျွန်တော်တို့နှစ်ယောက်သည် ခဏကြာအောင် ရပ်ပြီး တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေမိကြသည်။ မော်နီကာသည် ဘာမှ အပြောင်း အလဲ မရှိ။ အလုပ်သွားစဉ် ဝတ်သည့် အဝတ်အစားရိုးရိုးကို ဝတ်ထားသည်။ ဆံပင်ပုံကမူ ယခင်က ပုံစံမျိုး မဟုတ်။ ထူးခြားသည်မှာ သူ၏မျက်လုံးများ ဖြစ်သည်။ သည်မျက်လုံးများသည် ယခင်ကလို မဟုတ်။ တည်ငြိမ်နေသည်။ ယုံကြည်စိတ်ချမှုများ ရှိနေသည်။ သူ၏လက်တစ်ဖက် လှုပ်ရှားလာကာ ကလေးကို ကောက်ချီသည်။

"ဟုတ်တယ် ဂျိုအန်း၊ အဲဒါ မေမေ့ မိတ်ဆွေပေါ့"

ကလေးက ပြုံးလာသည်။

"ဟဲလို"

ဟု ကလေးက နှုတ်ဆက်သည်။

"ဟဲလို"

ကျွန်တော်က ကလေးကို ပြန်နှုတ်ဆက်ပြီး မော်နီကာကိုပါ နှုတ်ဆက်သည်။

"ဟဲလို ဂျိုနတ်စ်၊ နေကောင်းတယ်နော်"

"ကောင်းပါတယ်၊ ကိုယ်မင်းကို တွေ့ချင်လို့လာတာ"

"ဘာအတွက်လဲ၊ ကိစ္စတွေအားလုံး ရှင်းပြီးပြီလို့ ကျွန်မ ထင်ပါတယ်"

ဟု မော်နီကာက ပြန်ပြောသည်။

"တို့နှစ်ယောက်ကိစ္စ မဟုတ်ပါဘူး။ ကလေးအတွက်ပါ"

ဟု ကျွန်တော်က ခပ်မြန်မြန် ပြန်ပြောလိုက်ရသည်။

မော်နီကာသည် ကလေးကို တင်းတင်းပွေ့လိုက်သည်။ ပြီးတော့ သူ့အမူအရာ ပြောင်းသွားသည်။ ထိတ်လန့်စိုးရိမ်သည့် အမူအရာတစ်မျိုးလည်း သူ့မျက်လုံးထဲမှာ ပေါ်လာသည်။

"ဂျိုအန်းနဲ့ပတ်သက်လို့ ဘာကိစ္စများလဲ"

"မစိုးရိမ်ပါနဲ့၊ စိတ်ပူစရာအကြောင်း မဟုတ်ပါဘူး"

"ကောင်းပြီလေ၊ ကျွန်မတို့ အထဲသွားကြရအောင်"

သူ တံခါးဖွင့်သဖြင့် ဘေးသို့ ကျွန်တော်က ဖယ်ပေးသည်။ ပြီးတော့ သူ့နောက်မှ ဧည့်ခန်း ကျဉ်းကျဉ်းကလေးထဲသို့ ဝင်လိုက်ခဲ့သည်။ ကလေးကို သူ့လက်ထဲမှ ချပေးလိုက်၏။

"သမီး အခန်းထဲကို သွားပြီးတော့ အရုပ်နဲ့ကစားနေနော်"

ကလေးငယ်က ပျော်ရွှင်သည့်အမူအရာဖြင့်ရယ်ကာ ဧည့်ခန်းထဲမှ ထွက်သွားသည်။ ကျွန်တော့်ဘက်သို့ မော်နီကာ ပြန်လှည့်လာသည်။

"ကြည့်ရတာ သိပ်ပင်ပန်းနေသလိုပဲ၊ စောင့်နေရတာ ကြာပြီလား"

"မကြာသေးပါဘူး"

ကျွန်တော်က ခေါင်းကိုခါပြသည်။

"ထိုင်လေ၊ ကျွန်မ ကော်ဖီဖျော်လိုက်ဦးမယ်"

သူက အေးအေးပင် ပြောသည်။

"ဒုက္ခမရှာပါနဲ့လေ၊ ကိုယ် အချိန်သိပ်မရဘူး"

"ကိစ္စ မရှိပါဘူး။ ကျွန်မအတွက် အပန်းမကြီးပါဘူး။ ကျွန်မတို့ဆီ တစ်ခါတစ်ရံမှ ဧည့်သည်လာတာပါ"

မီးဖိုခန်းဘက်သို့ သူ ထွက်သွားသည်။ ကျွန်တော်သည် ကုလားထိုင်ထဲမှာ ကိုယ်ကို နှစ်မြှုပ်ထိုင်လိုက်၏။ ပြီးတော့ အခန်းကို လှည့်ကြည့်မိသည်။ သည်လိုဆင်းရဲသား ရပ်ကွက်မျိုးတွင် ဘာကြောင့် သူ လာနေသည်ကို ကျွန်တော် မစဉ်းစားတတ်။ အိမ်ထောင်ပရိဘောဂ ပစ္စည်းများသည် အကောင်းစားများ မဟုတ်။ ဈေးပေါပေါဖြင့် ရနိုင်သည့် ပစ္စည်းများသာ ဖြစ်သည်။ သို့သော်လည်း သပ်သပ်ရပ်ရပ်တော့ ပြင်ဆင်ထားသည်။

အခန်းတွင်းသို့ မော်နီကာ ပြန်ဝင်လာသည်။ အငွေ့တထောင်းထောင်းထနေသည့် ကော်ဖီကြမ်းတစ်ခွက်ကို ကိုင်လာသည်။ ပြီးတော့ ကျွန်တော့်ဘေးမှ စားပွဲပေါ်သို့ ချသည်။

"သကြားနှစ်ဇွန်းနော်"

ဟု သူက မေးသည်။

"ဟုတ်ပါတယ်"

မော်နီကာသည် သကြားနှစ်ဇွန်းကို လျင်မြန်စွာ ထည့်ပေးသည်။ ကော်ဖီကို ကျွန်တော် သောက်လိုက်သောအခါ သက်သောင့်သက်သာ ရှိသွားသည်။

"ကော်ဖီကောင်းသားပဲ"

"ဂျိုဝါရှင်တန် ခေါ်တယ်"

"ဘာ အဓိပ္ပာယ်လဲ"

"အလုပ်သမကလေးတွေရဲ့ မိတ်ဆွေလို့ ဆိုတာပေါ့။ ချက်ချင်း ပျော်တယ်လေ၊ အချိန်မကုန်ဘူး၊ သောက်နေကျသွားရင်တော့ သိပ်အညံ့စားကြီး မဟုတ်တော့ပါဘူး"

"နောက်ထပ်ရော ဘာရနိုင်ဦးမလဲ"

"အက်စပရင်နှစ်ပြားလောက် သောက်လိုက်ပါလား၊ ရှင် ခေါင်းကိုက်နေပြီ"

"မင်း ဘယ်လိုလုပ် သိသလဲ"

မော်နီကာက ပြုံးသည်။

"တစ်ခါတုန်းက ကျွန်မတို့နှစ်ယောက် ခဏ လက်ထပ်ဖူးကြတယ်လေ၊ မှတ်မိရဲ့လား၊ ရှင် ခေါင်းကိုက်ပြီဆိုရင် နဖူးပေါ်မှာ အတွန့်ကလေးတွေ ပေါ်လာရော"

"နှစ်ပြားလောက်ပေးပါကွယ်၊ ကျေးဇူးပါပဲ"

ကျွန်တော် အက်စပရင်နှစ်ပြား သောက်ပြီးသောအခါ သူက ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်သည်။ ပြီးတော့ ကျွန်တော့်ကိုကြည့်ပြီး အကဲခတ်နေသည်။

"ဒီလိုနေရာမျိုးမှာ ကျွန်မကိုတွေ့ရတော့ မအံ့ဩဘူးလား"

"နည်းနည်းတော့ အံ့ဩတယ်၊ မင်းကို ငါ ပေးလိုက်တဲ့ပိုက်ဆံတွေ မင်း မသုံးဘူးဆိုတာကို ငါ သိတာ ဘာမှ မကြာသေးဘူး။ ဘာဖြစ်လို့ မသုံးတာလဲ"

"ကျွန်မ လိုလည်းမလိုချင်ဘူး။ ပြီးတော့ ဖေဖေကလည်း ငွေလိုချင်နေတယ်။ ဒါကြောင့် သူ့ကို ကျွန်မ အကုန်ပေးလိုက်တယ်။ သူ့လုပ်ငန်းအတွက် သူ ငွေလိုနေလို့တဲ့"

"မင်း လိုချင်တာက ဘာလဲ"

မော်နီကာသည် ခပ်ဆိုင်းဆိုင်းလုပ်နေပြီးမှ ပြန်ဖြေသည်။

"ကျွန်မ လိုချင်တာက အခု ရှိနေတဲ့ သမီးကလေး ဂျီအန်းပဲ၊ ပြီးတော့ သားအမိနှစ်ယောက်တည်း အေးအေးနေချင်တယ်။ သမီးလေး လူတစ်လုံးသူတစ်လုံးဖြစ်အောင် အစွမ်းရှိသမျှ ပျိုးထောင်ပေးမယ်။ ဒီအရှေ့ဘက်ပိုင်းကို လာပြီး ကလေးမျက်နှာမြင်ဖို့အတွက် ကျွန်မမှာ ငွေအလုံအလောက် ရှိတယ်။ နောက် ကလေး နည်းနည်းကြီးလာတော့ ကျွန်မ အလုပ်ရှာလုပ်တယ်။ အတွင်းရေးမှူးအလုပ်ရတယ်၊ တစ်ပတ်ကို ဒေါ်လာ (၇၀)"

ပန်းကန်ထဲမှ ကော်ဖီလက်ကျန်ကိုသောက်ရင်း ကျွန်တော် ခဏ ငြိမ်နေသည်။

"အမေ့စ်ရော ဘယ်လိုလဲ"

မော်နီကာက သူ့ပခုံးများကို တွန့်ပြသည်။

"ကျွန်မလည်း မသိဘူး၊ သူ့သတင်းကို မကြားရတာ လေးနှစ်ရှိပြီ။ ကျွန်မ ဒီမှာနေတယ်ဆိုတာ ရှင် ဘယ်လိုလုပ်ပြီးတော့ သိလာတာလဲ"

"ရီနာ ပြောလို့"

မော်နီကာသည် ဘာမှ မပြော။ ပြီးတော့ သက်ပြင်းချသည်။ သူ့မျက်နှာပေါ်တွင် ကရုဏာတရားများကို ကျွန်တော် မြင်ရသည်။

"ကျွန်မ စိတ်မကောင်းပါဘူး ဂျိုနတ်စ်၊ ရှင်ကတော့ ယုံချင်မှယုံမယ်၊ ကျွန်မ တကယ်ကို စိတ်မကောင်းဖြစ်မိပါတယ်။ သူ့အကြောင်းကို သတင်းစာတွေမှာ ကျွန်မ ဖတ်ရတယ်။ အင်မတန် သနားစရာကောင်းတာပဲ၊ ရောဂါကလည်း ကြောက်စရာကောင်းလိုက်တာနော်၊ ဒီလို ခံစားရမှာများ ကြောက်မိပါရဲ့"

"ရီနာမှာ ဆွေမျိုးမကျန်ခဲ့ဘူး။ ဒါကြောင့် ကိုယ် ဒီကို ရောက်လာတာ"

နားမလည်သည့် အမူအရာကို မော်နီကာ၏ မျက်နှာပေါ်မှာ တွေ့လိုက်ရ၏။

"ကျွန်မ နားမလည်ဘူး"

"ရီနာက ကျန်ခဲ့တဲ့ သူ့ပစ္စည်းတွေ အားလုံးကို မင်း သမီးကို လွှဲပေးခဲ့တယ်။ ဘယ်လောက် တန်ဖိုးရှိမယ် ဆိုတာတော့ ငါလည်း သေသေချာချာ မသိသေးဘူး။ အမြတ်တော်ကြေးနဲ့ ကြွေးတွေ ဆပ်ပြီးရင် သုံးလေးသောင်းလောက်တော့ ရှိမယ်ထင်တယ်။ ငါ့ကိုလည်း အမွေထိန်းအဖြစ် တာဝန်ပေးခဲ့တယ်။ ပစ္စည်းတွေအားလုံး ကလေးလက်ထဲကို ရောက်ရပါစေမယ်လို့ ကတိပေးလိုက်ရတယ်"

မော်နီကာ၏ မျက်နှာသည် ချက်ချင်း ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး မျက်ရည်များ စီးကျလာသည်။

"သူ ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ၊ သူ ကျွန်မကို ပေးစရာအကြောင်း ဘာမှ မရှိပါဘူး"

"တို့အိမ်ထောင်ရေး အဆင်မပြေ ဖြစ်သွားရတာဟာ သူ့အပြစ်ပဲလို့ သူ့ကိုယ်သူ အပြစ်တင်နေတယ်"

"ကျွန်မတို့ အိမ်ထောင်ပျက်ရတာကလည်း ကျွန်မတို့နှစ်ယောက်ရဲ့ အပြစ်ပါ။ ပြီးတာတွေလည်း ပြီးပါပြီလေ၊ အဟောင်းတွေ အသစ်မဖြစ်ချင်တော့ပါဘူး"

သူ့ကို ကျွန်တော် ခဏကြည့်နေမိသေးသည်။ ပြီးတော့မှ ထိုင်ရာမှ ထလိုက်သည်။

"ဟုတ်တယ် မော်နီကာ၊ အားလုံး ပြီးခဲ့ပါပြီ။ မက်အယ်လစ္စတာနဲ့ အဆက်အသွယ်လုပ်ပါ။ စာချုပ်စာတမ်းတွေအားလုံး မင်းအတွက် အဆင်သင့် လုပ်ထားပြီး ဖြစ်နေလိမ့်မယ်"

ကျွန်တော်က အပေါက်ဆီသို့ ခြေစလှမ်းရင်း ပြောသည်။
သူက ကျွန်တော့်မျက်နှာကို မော့ကြည့်ပြန်၏။
"ညစာလေး စားသွားလိုက်ပါလား၊ ကြည့်ရတာ သိပ်ပင်ပန်းနေပြီ"
ဟု သူက ကြင်ကြင်နာနာ ပြောသည်။
ကျွန်တော် အရက်အသောက်များပြီး အရက်နာကျနေသည်ကို သူ သိသည်။ ထို့ကြောင့်လည်း သည်စကားကို ပြောခြင်း ဖြစ်သည်။
"နေပါစေတော့ကွယ်၊ ကိုယ် ပြန်ရမယ်၊ အလုပ်ကိစ္စအတွက် ချိန်းထားတာတွေ ရှိနေသေးတယ်"
ကျွန်တော်ကလည်း သိမ်မွေ့စွာပင် ပြန်ပြောပါသည်။
မော်နီကာ၏ မျက်နှာပေါ်တွင် စိတ်ထိခိုက်သော၊ နာကြည်းသော အရိပ်အယောင်များကို မြင်ရသည်။
"အို ဟုတ်ပါရဲ့၊ ကျွန်မ မေ့သွားတယ်၊ ရှင့်အလုပ်ကိစ္စကို "
"ဟုတ်တယ်၊ အလုပ်ကိစ္စပဲ"
"နောက်လည်း လာလည်ဦးမယ်ဆိုရင် ကျွန်မ သိပ်ကျေးဇူးတင်မှာပဲ"
ကျွန်တော် တစ်စုံတစ်ရာ ပြန်၍ အဖြေမပေးနိုင်မီ တစ်ဖက်သို့လှည့်ပြီး ကလေးကို လှမ်းခေါ်သည်။
"ဂျိုအန်းရေ၊ အပြင်ထွက်ခဲ့ဦး၊ ဧည့်သည်ကို နှုတ်ဆက်လိုက်ပါဦး သမီးရယ်"
ကလေးငယ်သည် အခန်းတစ်ခုအတွင်းမှ ထွက်လာ၏။ သူ့လက်ထဲမှာ အရုပ်ကလေးတစ်ခု ပါလာသည်။ အနားရောက်သောအခါ ကျွန်တော့်ကို မော့ကြည့်ပြီး ပြုံးပြသည်။
"ဒါ ကျွန်မ အရုပ်ကလေး"
"သိပ်လှတဲ့ အရုပ်ကလေးပဲကွယ်"
ကျွန်တော်ကလည်း သူ့ကို ပြန်ပြုံးပြသည်။ ဂျိုအန်းက ကျွန်တော့်ကို လက်ကမ်းပေးပြီး အားပါးတရ နှုတ်ဆက်သည်။
"ဂွတ်ဘိုင်၊ ကျွန်မတို့အိမ်ကို လာလည်ဦးနော်၊ တစ်ခါတလေပေါ့၊ မကြာခင် ပြန်လာနော်"
ကျွန်တော်က သူ့လက်ကိုဆွဲပြီး ပြုံးပြသည်။
"လာခဲ့ဦးမှာပေါ့ကွယ်၊ ဂွတ်ဘိုင်နော်"
ဂျိုအန်းသည် ကျွန်တော့်ကို ပြုံးပြကာ သူ့လက်ကလေးကို ပြန်ရုပ်ပြီး အခန်းထဲမှ ပြေးထွက်သွားပါသည်။
"ကဲ သွားမယ် မော်နီကာ၊ မင်း အကူအညီလိုရင် ကိုယ့်ကို တယ်လီဖုန်းဆက်ပါ"
"ကိစ္စမရှိပါဘူး ဂျိုနတ်စ်၊ ကျေးဇူးတင်ပါတယ်၊ ဂျိုအန်းသာ နားလည်မယ်ဆိုရင် သူလည်း ရှင့်ကို ကျေးဇူးတင်မှာပဲ"
ကျွန်တော်က သူ့လက်ကို ဆွဲယူထားရင်း သူ့ကို ပြုံးကြည့်သည်။
"သမီးကလေးက အလိမ္မာကလေးပဲ"
"ဂွတ်ဘိုင် ဂျိုနတ်စ်"
ဟု ကျွန်တော့်ကို သူက နှုတ်ဆက်လိုက်သည်။
သူ့လက်ကို ပြန်ရုပ်ပြီး တံခါးဝမှာ ရပ်ကျန်နေခဲ့သည်။ ကျွန်တော် ထွက်လာသည်ကို လှမ်းကြည့်နေသည်။
"ဂျိုနတ်စ်"
သူက လှမ်းခေါ်၏။ ထို့ကြောင့် ကျွန်တော် သူ့ဘက်သို့ ပြန်လှည့်လိုက်သည်။
"ဘာလဲ မော်နီကာ"
မော်နီကာသည် ခဏကြာအောင် အိုးတိုးအမ်းတမ်း ဖြစ်နေသည်။ ပြီးမှ ရယ်ချသည်။
"ဘာမှ မဟုတ်ပါဘူး ဂျိုနတ်စ်၊ အနားမယူဘဲ သိပ်အပင်ပန်းခံပြီး အလုပ်တွေကို မလုပ်ပါနဲ့လို့ ပြောမလို့ပါ"

ကျွန်တော်ကလည်း ပြန်ရယ်မိသည်။

"မလုပ်ဖြစ်အောင် ကိုယ် ကြိုးစားပါ့မယ်"

မော်နီကာက တံခါးကို မြန်မြန် ပိတ်လိုက်သည်။ ကျွန်တော်လည်း အပြင်သို့ထွက်ပြီး လျှောက်လာခဲ့သည်။

ဖောရက်စ်ပေးလ်ပေါ်မှ ကွင်းစ်ရပ်ကွက်။ အလွန် ချောင်ကျသည့် ရပ်ကွက်များ ဖြစ်သည်။ လမ်းခြောက်လမ်းလောက်ကျော်အောင် လျှောက်ပြီးမှပင် တက္ကစီငှား၍ ရတော့သည်။

* * *

"ဒါပေမယ့် ကုမ္ပဏီအတွက် ကျွန်တော်တို့ ဘယ်လို လုပ်ကြမလဲ"

ဟု ဒေးဗစ်ဝုဖ်က မေးသည်။

စားပွဲကိုကျော်ပြီး သူ့ကို ကျွန်တော် လှမ်းကြည့်သည်။ ကျွန်တော် ဘော်ဘွန်း ဝီစကီ ပုလင်းကို ဆွဲယူကာ ကျွန်တော့်ဖန်ခွက်တွင်းသို့ ထပ်ဖြည့်ပြီး ပြတင်းပေါက်ဆီသို့ လျှောက်လာခဲ့သည်။ ပြီးတော့ နယူးယောက်မြို့ကြီးကို အပေါ်မှ စီးကြည့်နေမိသည်။

"အလင်္ဂီမဇာတ်ကားကိစ္စရော ဘယ်လို လုပ်ရမှာလဲ၊ ဘာလုပ်မယ်ဆိုတာတော့ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချဖို့ ကောင်းပြီ။ မင်းသမီးဂျိန်းဟာလိုးကို ငှားဖို့ကိစ္စနဲ့ပတ်သက်ပြီး အမ်ဂျီအမ်ကုမ္ပဏီကိုလည်း ကျွန်တော် ပြောထားတယ်"

ဟု ဒင်ပီးယားစ်ကလည်း ဆက်ပြောပြန်သည်။

သူ့ဘက်သို့ ဒေါသဖြင့် ကျွန်တော် ပြန်လှည့်လိုက်ပြီး အော်လိုက်သည်။

"ဟာလိုးကို ကျုပ် မလိုချင်ဘူး၊ ဒီကားဟာ ရီနာရဲ့ကား နားလည်လား"

"ဒုက္ခပါပဲဗျာ၊ ဒီဇာတ်ညွှန်းကို လွှင့်ပစ်လို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ဒီဇာတ်ညွှန်းအတွက် ငွေငါးသိန်းလောက်တောင် ကုန်ထားပြီးပြီ"

ဟု ဒင်က အံ့ဩသည့်ပုံဖြင့် ပြောသည်။

"ဘယ်လောက်ကုန်ကုန် ကျုပ် ဂရုမစိုက်ဘူး။ အမှိုက်ပုံထဲ ပစ်လိုက်မယ်"

ကျွန်တော်ကလည်း အော်မြဲပြန်အော်သည်။

အခန်းထဲမှာ တိတ်သွားသည်။ ကျွန်တော် ပြတင်းပေါက်ဘက်သို့ ပြန်လှည့်သည်။ ကျွန်တော့်ဘယ်ဘက်တွင် ဘရော့ဒ်ဝေးလမ်းမကြီး ရှိသည်။ ထိန်ထိန်ညီးနေသည့် မီးရောင်များသည် ကောင်းကင်သို့ပင် အရောင်တက်ဟပ်နေသလား ထင်မှတ်ရသည်။ ကျွန်တော့် ညာဘက်တွင် အရှေ့မြစ်ကို တွေ့ရသည်။ ထိုအရှေ့မြစ်၏ ဟိုဘက်ကမ်းတွင် ကွင်းစ်ရပ်ကွက် တည်ရှိရာ ဖောရက်စ်ပေးလ်။ ကျွန်တော်သည် ကိုယ့်ဘာသာကိုယ် ပြုံးရင်း အရက်ခွက်ကို မော့လိုက်သည်။

တစ်ခုတော့ မော်နီကာ မှန်သည်။ ကျွန်တော်သည် အနားမယူဘဲ အလုပ် အလွန် လုပ်သည်တဲ့။

ကျွန်တော့် ကျောပေါ်မှာ လူပေါင်း မြောက်မြားစွာရှိသည်။ စီးပွားရေးလုပ်ငန်းပေါင်း မြောက်မြားစွာ ရှိသည်။

ကော့ လက်နက်ခဲယမ်းမီးကျောက်စက်ရုံ၊

ကော့ ပလတ်စတစ်စက်ရုံ၊

ကော့ လေယာဉ်ပျံစက်ရုံ၊

ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးကုမ္ပဏီ၊

ထို့မှုမက. . .

ယခု ရုပ်ရှင်ကုမ္ပဏီတစ်ခု။ ကျွန်တော် မလိုချင်ဘဲနှင့် ကျွန်တော့်လက်ထဲသို့ ရောက်လာသည့် ရုပ်ရှင်ကုမ္ပဏီ။

"ကဲ ဂျိုနတ်စ်၊ မင်း ဘာလုပ်မယ် စိတ်ကူးသလဲ"

မက်အယ်လစ္စတာက ကျွန်တော့်ကို ခပ်အေးအေးပင် လှမ်းမေးသည်။

ကျွန်တော်သည် စားပွဲရှိရာသို့ ပြန်လျှောက်သွားပြီး ကုန်သွားသည့် အရက်ခွက်ထဲသို့ အရက် ထပ်ဖြည့်သည်။

ယခုအချိန်မှစပြီး ရှေ့လျှောက်၍ ကျွန်တော် ဘာလုပ်ရမည်ကို ယခုပင် ကျွန်တော်

သဘောပေါက်နားလည်လိုက်ပြီ ဖြစ်သည်။ ကျွန်တော် လိုချင်သည်များကို သူတို့က လုပ်ကိုင်ပေးရမည်။ သူတို့ မည်မျှ လုပ်နိုင်သည်ကို ပြရန်မှာ သူတို့တာဝန် ဖြစ်သည်။

ဒင်ပီးယာ့စ်ကို ကျွန်တော် လှမ်းကြည့်သည်။

"တခြားလူတွေ လုပ်ကိုင်နေတာထက် ပိုပြီး ကောင်းအောင် ရုပ်ရှင်လုပ်ငန်းမှာ ခင်ဗျား လုပ်နိုင်တယ်လို့ အမြဲတမ်း ပြောတယ်၊ ကောင်းပြီ၊ ထုတ်လုပ်ရေးလုပ်ငန်းကို ခင်ဗျား တာဝန်ယူ"

သူ မည်သည့်အဖြေမျှ ပြန်မပေးနိုင်မီမှာပင် ဒေးဗစ်ဝုဖ်ဘက်သို့ ကျွန်တော် လှည့်လိုက်သည်။

"ဒီကုမ္ပဏီကြီး ဘာဖြစ်သွားမလဲဆိုတာကို မင်းဟာ အမြဲတမ်း ပူပင်သောက ရောက်နေတတ်တဲ့ကောင်၊ အခုအချိန်ကစပြီး မင်း ကောင်းကောင်းကြီး ပူပင်သောက ရောက်နိုင်ပြီ။ အရောင်းဌာန၊ ရုပ်ရှင်ရုံတွေကိစ္စ၊ အုပ်ချုပ်ရေး အဲဒါတွေနဲ့ ကျန်တာအားလုံး မင်း တာဝန်ယူ"

ပြတင်းပေါက်ဘက်သို့ ကျွန်တော် ပြန်လှည့်လာခဲ့သည်။

"ကောင်းတယ် ဂျိုနတ်စ်၊ ဒါပေမယ့် ရာထူးအမည်တွေ ဘယ်လို တပ်ရမယ်လို့ တို့ကို မင်း မပြောရသေးဘူး"

ဟု မက်အယ်လစ္စတာက ကျွန်တော့်ကို လှမ်းပြောသည်။

"မက်၊ ခင်ဗျားက အုပ်ချုပ်ရေးဘုတ်အဖွဲ့ရဲ့ သဘာပတိ၊ ဒင်ပီးယာ့စ်က ကုမ္ပဏီရဲ့ ဥက္ကဋ္ဌ၊ ဒေးဗစ်က ဒုတိယဥက္ကဋ္ဌ"

ဖန်ခွက်ထဲမှ လက်ကျန်ကို ကျွန်တော် မော့သောက်သည်။

"မေးစရာ ရှိသေးသလား"

သူတို့ချင်း တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။ ပြီးတော့မှ မက်က ကျွန်တော့်ဘက်သို့ လှည့်လာသည်။

"မင်း တခြားသွားနေတုန်း လိုအပ်တာတွေကို ဒေးဗစ်က တွက်ထားတယ်၊ ခါတိုင်းနှစ်တွေ ထုတ်လုပ်တဲ့ စံချိန်အတိုင်း ဒီနှစ်မှာ ဆက်ထုတ်မယ်ဆိုရင် ငွေသုံးသန်းလိုလိမ့်မယ်တဲ့"

"ဒေါ်လာတစ်သန်း ပေးမယ်၊ အဲဒါနဲ့ ဖြစ်အောင်လုပ်"

"ဒါပေမယ့် ဂျိုနတ်စ်၊ ကျွန်တော်တို့ကို ပိုက်ဆံမပေးဘူးဆိုရင် ရုပ်ရှင်ကောင်းတွေကို ကျွန်တော် ဘယ်လိုလုပ်ပြီး ထုတ်လုပ်နိုင်ပါ့မလဲ"

ဒင်ပီးယာ့စ်က ကမန်းကတန်း ဝင်ပြောသည်။

"မလုပ်နိုင်ရင် ခင်ဗျားထွက်၊ လုပ်နိုင်တဲ့လူ ရှာခန့်မယ်"

ကျွန်တော်က ဒေါသဖြင့် ပြန်အော်သည်။

ဒင်၏မျက်နှာသည် ဖြူသွားသည်။ သူ့အမှားကို သူ နောင်တရသည့်အနေဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ မည်သည့်အဖြေကိုမျှ ပြန်မပေး။ တခြားလူများကို ကျွန်တော် လှည့်ကြည့်သည်။

"ခင်ဗျားတို့အားလုံးလည်း ဒါကို မြဲမြဲမှတ်ထား၊ ဒီနေ့စပြီး လူတိုင်းကို ကိုယ့်တာဝန်နဲ့ကိုယ် အပြီးအပိုင်ပေးတယ်။ ကျုပ် ဘာမှ လှည့်မကြည့်ဘူး။ ကိုယ့်အလုပ်ကိုကိုယ် အောင်မြင်အောင်လုပ်၊ မအောင်မြင်ရင် ကိုယ်ဖြစ်ကိုယ်ခံ၊ အလုပ်ကထွက်၊ အခုအချိန်ကစပြီး ကျုပ်ကို ဘယ်သူမှ စိတ်အနှောင့်အယှက် မပေးရဘူး။ နေရာတကာမှာ ကျုပ် လိုက်ပါမနေနိုင်ဘူး။ အသေးအမွှားကအစ ကျုပ်ကို ပြောနေစရာ မလိုဘူး၊ ကျုပ်ကို လူကိုယ်တိုင်တွေ့ဖို့ မကြိုးစားပါနဲ့၊ လုံးဝ တွေ့ခွင့်မပေးဘူး။ ခင်ဗျားတို့ကို ကျုပ် လိုချင်ရင် ကျုပ်ခေါ်မယ်၊ ကျုပ်ကို တစ်ခုခု အစီရင်ခံစရာ ရှိတယ်ဆိုရင် စာနဲ့ရေးပါ။ ပြီးတော့ ကျုပ်ရုံးကို ပို့ထားပါ။ ကဲ ဒါလောက်ပါပဲ လူကြီးမင်းများခင်ဗျာ ဂွတ်နိုက်"

ဟု သူတို့ကို ကျွန်တော် နှင်ထုတ်လိုက်သည်။

ကျွန်တော် စကားဆုံးသည်နှင့် တစ်ပြိုင်နက်တည်း ချက်ချင်းပင် သူတို့ အားလုံး တိတ်တိတ်ဆိတ်ဆိတ် ထွက်သွားကြတော့သည်။ သူတို့နောက်မှာ ကျွန်တော့်အခန်းတံခါး ပိတ်ကျန်ရစ်ခဲ့သည်။ ကျွန်တော့်စိတ်ထဲမှာလည်း ဒေါသစိတ်များ ကျန်နေရစ်ခဲ့သည်။

ပြတင်းပေါက်ကိုကျော်ပြီး ကြည့်လိုက်သည်။ ဖောရက်စ်ပေးလ်ကို မြင်ရပြန်သည်။ သည်လို အရပ်မျိုးမှာ မည်သို့သော စာသင်ကျောင်းမျိုး ရှိနေသနည်း။ ဂျိုအန်း တက်လောက်မည့် မည်သို့သောကျောင်းမျိုး ရှိနေသနည်း။

ခွက်ထဲမှ လက်ကျန်အရက်ကို ကျွန်တော် မော့လိုက်သည်။ သို့သော် ကျွန်တော့် ရင်ထဲမှာ တင်းကျပ်နေသော ခံစားချက်သည် ပြေပျောက်မသွား။ ချက်ချင်းပင် မိန်းမ တစ်ယောက်လောက် လိုချင်လာသည်။ ထို့ကြောင့် တယ်လီဖုန်းကောက်ကိုင်ပြီး အောက်ထပ်ရှိ ရိုင်ယိုကလပ်မှ စားပွဲထိုးချုပ်ကို လှမ်းဆက်သည်။

"ဂျို့စ်. . . မင်းတို့ တီးဝိုင်းမှာ သီချင်းဆိုတဲ့ ကောင်မ၊ ဟိုဒင်း ခပ်ကျယ်ကျယ်. . . "

"မျက်လုံးဆရာ မျက်လုံး ကျွန်တော် သိတယ် နာရီဝက်အတွင်း ဆရာ့အခန်းကို ရောက်လာရပါစေ့မယ်"

တယ်လီဖုန်းကိုချပြီး အရက်ပုလင်းကိုယူကာ ခွက်ထဲသို့ ဖြည့်ရင်း ပြတင်းပေါက်ဆီသို့ ပြန်လျှောက်လာခဲ့မိပြန်သည်။ ယနေ့ည သင်ခန်းစာတချို့ကို ကျွန်တော် ရလိုက်ပြီ ဖြစ်သည်။

လူအများ ဘာလိုချင်သည် ဆိုခြင်းကို သိရမည်။ သူတို့ လိုချင်သည့်အရာကို ပေးရမည်။ ထိုအခါတွင် သူ့အိုးနှင့်သူ့ဆန် တန်ရုံဖြစ်လာကြလိမ့်မည်။ မော်နီကာသည် ကွင်းစ် ရပ်ကွက်ကဲ့သို့သော ဆင်းရဲသားရပ်ကွက်ကလေးမှာနေသည်။ သို့မှသာ သူ့ဝင်ငွေကလေးနှင့် သူ့သမီးကို သူ ထိန်းကျောင်းမွေးမြူနိုင်မည် ဖြစ်သည်။

ဒင်ပီးယားစ်သည် ကျွန်တော် ကြိမ်းမောင်းခဲ့သည်များ၊ စော်ကားခဲ့သည်များကို စားမြုံ့ပြန်နေလိမ့်မည်။ ထို့ကြောင့်လည်း ရုပ်ရှင်များကို သူ ထုတ်လုပ်နိုင်လိမ့်မည်။

ဒေးဗစ်ဝုဖ်ကလည်း သူ့ဘကြီးထက်ပို၍ ကောင်းအောင် ကုမ္ပဏီကို အုပ်ချုပ်နိုင်ကြောင်း လုပ်ပြလိမ့်မည်။

ပြီးတော့ မယ်လစ္စတာသည်လည်း ကျွန်တော် ပေးခဲ့သည့်တာဝန်များကို တစ်သဝေ မတိမ်းဖြစ်အောင် ထမ်းဆောင်ပေလိမ့်မည်။

လူတိုင်းမှာ သူ့တန်ဖိုးနှင့် သူ ရှိသည်။ သူ့အလိုဆန္ဒနှင့် သူ ရှိသည်။ သူ့မျှော်မှန်းချက်နှင့် သူ ရှိသည်။ ငွေအတွက်၊ ရာထူးအာဏာအတွက်၊ အောင်မြင်ကျော်ကြားမှုအတွက်၊ မိန်းမအတွက် တစ်ခုခု ဖြစ်နိုင်သည်။ သူတို့ ဘာအလိုရှိသည်ကို သိရန်သာ အရေးကြီးဆုံး ဖြစ်သည်။

တံခါးခေါက်သံ ကြားရသည်။

"ဝင်ခဲ့"

အမျိုးသမီး ဝင်လာသည်။ သူ့မျက်လုံးများက ကျယ်သည်။ နက်သည်။ တောက်ပြောင်သည်။ မည်းနက်သော ဆံပင်သည် တင်ပါးပေါ်သို့ရောက်အောင် ဝဲကျနေသည်။ သူက ကျွန်တော့်ကို ပြုံးပြသည်။

" အဲဒီမှာ အရက်သောက်၊ ပြီးရင် ဒီကို လာခဲ့"

"ကျွန်မကို ဒီလိုအစားထဲက အောက်မေ့လို့လား"

သူက ကျွန်တော့်ကို ခပ်ထန်ထန် ပြောရင်း အပေါက်ဝဘက်သို့ ခြေလှမ်းပြင်သည်။

"ဟဲ့ နင့်ကို ငွေ (၅၀၀) ပေးရင် ဒီအစားထဲက မဟုတ်ဘူးလို့ နင့်ပါးစပ်ပေါက်က ထွက်ဦးမှာလား"

သူ ကျွန်တော့်ဘက်သို့ ပြန်လှည့်လာသည်။ သူ့နှုတ်ခမ်းမှာ ပြုံးနေသည်။

မင်ဟတ်တန်ဘက်တွင် မီးရောင်တွေ တထိန်ထိန် တညီးညီး ရှိနေသလောက် ကွင်းစ်ရပ်ကွက်ဘက်မှာ အရောင်မှိန်လွန်းသည်။ ရှိနေသည့် မီးများသည်လည်း တောက်တောက်ပြောင်ပြောင် မရှိ။ လင်းလင်းထိန်ထိန် မဟုတ်။ ရုတ်ခြည်း ဆိုသလိုပင် ကျွန်တော့်ရင်ထဲမှာ ဒေါသများ ပေါက်ကွဲလာသည်။ ထို့ကြောင့် ပြတင်းပေါက်ရှိ ခန်းဆီးကြိုးကို အောက်သို့ ဆောင့်ဆွဲချလိုက်သည်။ ခန်းဆီးက ပြတင်းပေါက်ကို ပိတ်သွားသည်။ နယူးယောက်မြို့ကြီး၏ မြင်ကွင်းကို ခန်းဆီးက ဖုံးကွယ်ပေးလိုက်၏။

ကျွန်တော် နောက်သို့ ပြန်လှည့်လာသည်။ မိန်းကလေးက ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ကျွန်တော် ခိုင်းသည့်အတိုင်း သူ လုပ်ပြီးပြီ။

"ဘာဖြစ်လို့ ခန်းဆီးချလိုက်ရတာလဲ၊ အပြင်ကနေပြီး ဘယ်သူမှ ဒီအထဲကို မမြင်နိုင်ပါဘူး"

"ကွင်းစ်ရပ်ကွက်ကို ကြည့်ရတာ ငါ စိတ်ကုန်လွန်းလို့ဟ"

အခန်းကိုဖြတ်ပြီး သူ့ဆီသို့ ကျွန်တော် လျှောက်လာခဲ့၏။

♣ ♣ ♣

## ဒေးဗစ်ဝုဖ်အကြောင်း
## စာအုပ်ခြောက်

(၁)

ဒေးဗစ်ဝုဖ်သည် ဟိုတယ်ခန်းထဲသို့ ဝင်လာပြီး သူ့ကိုယ်ပေါ်မှ အဝတ်အစားများကိုပင် မချွတ်တော့ဘဲ အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်သည်။ ပြီးတော့ မည်းမှောင်နေသည့် မျက်နှာကြက်ကို မော့ကြည့်နေမိသည်။ ညသည် အလွန် အိုမင်းနေသည်ဟု ထင်ရ၏။ အမှန်တော့ (၁) နာရီကျော်ကျော်သာ ရှိသေးသည်။ သို့သော်လည်း အလွန် ညဉ့်နက်နေပြီဟု သူ ထင်သည်။

သူသည် အလွန် မောပန်းနေ၏။ ချက်ချင်းပင် ကြည်လင်ရှင်လန်းသော စိတ်မျိုးကို ခံစားရပြန်သည်။ သူသည် အလွန် စိတ်ဓာတ်တက်ကြွလာပြန်၏။ ချက်ချင်းပင် စိတ်နှလုံး ထိခိုက်သွားပြန်သည်။ အောင်ပွဲခံလိုက်ရသည်ဟု စိတ်ထဲမှာ ဖြစ်ပေါ်လာပြန်၏။ ချက်ချင်းပင် မိမိ အရှုံးနှင့် ရင်ဆိုင်လိုက်ရပြီဟု ခံစားမိပြန်သည်။ သူ့စိတ်များသည် မတည်ငြိမ်။

မည်သို့ဆိုစေ ယခု ဖြစ်ပေါ်လာသည့် အခြေအနေသည် သူ့အဖို့ အခွင့်အလမ်းများ စတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။ သူ့စိတ်ထဲမှာ ကျိတ်ပြီးထားခဲ့သည့် မျှော်မှန်းချက်များ၊ ရည်စူးချက်များ၊ အိပ်မက်များ စတင် အကောင်အထည်ပေါ်လာခြင်း ဖြစ်သည်။ သို့ဆိုလျှင် မည်သည့်အတွက်ကြောင့် ဤသို့ စိတ်မတည်မငြိမ်နိုင်ဘဲ စိတ်လှုပ်ရှားနေရမည်နည်း။

သည့်အရင်အခါများက ဤကဲ့သို့သော အခြေအနေများကို တစ်ခါဖူးမျှ မရခဲ့။ သူ ဘာလိုချင်သည်ကို သူ ကောင်းကောင်း သိခဲ့သည်။ သူ လိုချင်သည့်အရာမှာ အလွန် ရိုးစင်း ပါသည်။ ထိပ်တန်းသို့ ရောက်ရန်သာ ဖြစ်သည်။ ရာထူးကြီးကြီးရရန်သာ ဖြစ်သည်။

ယခုလို ခံစားလာရသည်မှာ မစ္စတာကော့ကြောင့် ဖြစ်သည်။ အခြားသူကြောင့် မဖြစ်နိုင်။ အခြားအကြောင်းကြောင့် မဖြစ်နိုင်။ အခြားသူများ၏ စိတ်ထဲမှာလည်း ယခု မိမိ ခံစားနေရသလို ခံစားရအောင် ကော့က တတ်နိုင်သလားဟုလည်း သူ တွေးကြည့်မိသည်။

မစ္စတာကော့သည် ရီနာ အသက်မကုန်မီ တွေ့နိုင်ရန်အတွက် အနောက်ဘက် ကမ်းခြေသို့ သွားခဲ့သည်။ ထိုသို့ မသွားမီကလေးက သူ့ရင်ထဲမှာ ထိတ်လန့်တုန်လှုပ်မှုများကို ခံစားခဲ့ရသည်။ သို့သော်လည်း ယနေ့ည မစ္စတာကော့ကို သူ့ဟိုတယ်မှာ သွားတွေ့သောအခါ ကော့ကို မြင်လျှင်မြင်ချင်းပင် သူ့ရင်ထဲမှ ချောက်ချားတုန်လှုပ်မှုများသည် ကြက်ပျောက်ငှက် ပျောက် ပျောက်ကွယ်သွားတော့သည်။

ကော့ကို နောက်ဆုံးတွေ့ပြီး ယခုတစ်ကြိမ် ပြန်တွေ့ရခြင်းမှာ (၁၅) ရက်ခြားခဲ့သည်။ ထို (၁၅) ရက်အတွင်း၌ ကုမ္ပဏီသည် ကျွမ်းထိုးမှောက်ခုံ ဖြစ်တော့မည်ကဲ့သို့ ထင်မှတ်ရသည်။ နယူးယောက်မြို့ရှိ ရုံးမှ အမှုထမ်းအားလုံးသည် တစ်ယောက်နှင့်တစ်ယောက် နှစ်ကိုယ်ကြား စကားပြောနေကြရသည့် အချိန်လည်း ဖြစ်သည်။ သူတို့၏ ဘဝရှေ့ရေးသည် ဘာမှ မရေရာ၊ မသေချာတော့။ စိုးရိမ်မှုများသည် တစ်ယောက်မှတစ်ယောက်သို့ ကူးစက်နေသည်။ ကြားနေ မြင်နေရသော်လည်း သူလည်း ဘာမှ မတတ်နိုင်။ ဘာမှ ပြောမပြနိုင်။ ကုမ္ပဏီကို ဖျက်သိမ်း တော့မည်လော။ သူ ဘာမှ မသိ။ အလုပ်သမားအားလုံး ကြောက်ရွံ့စိုးရိမ်နေကြသကဲ့သို့

သူကိုယ်တိုင်လည်း ချောက်ချားနေရသည်။

ယခု နောက်ဆုံးတွင်မူ ကော့သည် တစ်ဝက်သာကျန်သည့် ဝီစကီတစ်လုံးနှင့် သူ့အခန်းထဲမှာ ထိုင်နေသည်ကို တွေ့ရသည်။ သူ့ကို ကြည့်ရသည်မှာ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို ခံထားရသကဲ့သို့ ထင်ရသည်။ ကော့ကို သူတို့ မတွေ့ရသည်မှာ နှစ်ပတ်မျှသာ ရှိသေးသည်။ ထိုနှစ်ပတ်အတွင်း၌ ကော့သည် အများကြီး ပြောင်းလဲသွားသည်။ သူ၏ ပင်ပန်းနွမ်းနယ်မှုများ၊ စိတ်ဒုက္ခရောက်ရမှုများသည် အရေးအကြောင်းများ အဖြစ်နှင့် သူ့ပါးပြင်ပေါ်မှာ ထင်လာသည်။ ပါးရေနားရေတွန့်သလို ဖြစ်လာသည်။ သူ့မျက်လုံးများကို သေသေချာချာ စိုက်ကြည့်သောအခါတွင်လည်း သူသည် ခန္ဓာကိုယ်ပေါ်တွင်သာ ဗဟိဒ္ဓသဏ္ဌာန်အရ ပြောင်းလဲသွားခြင်း မဟုတ်၊ သူ၏အတွင်းစိတ် အဇ္ဈတ္တသဏ္ဌာန်ပါ ပြောင်းလဲသွားခြင်း ဖြစ်ကြောင်း အကဲခတ်မိနိုင်သည်။

ပထမဆုံးတော့ ဒေးဗစ်ဝုဖ်သည် အဖြစ်မှန်ကို အကဲမဖမ်းမိလိုက်။ တဖြည်းဖြည်းမှ သူ သဘောပေါက်လာသည်။ ကော့သည် အထီးကျန် ဖြစ်သွားပြီ။ သူသည် မိမိတို့ကို အလိုရှိသောအခါ အခြားကမ္ဘာတစ်ခုမှ မိမိတို့ထံသို့ ရောက်လာလိမ့်မည်။ သူ လိုချင်သည်များကို လုပ်ခိုင်းမည်။ သူ ဖြစ်စေချင်သည်များကို ဖန်တီးခိုင်းမည်။ သူ့ရည်ရွယ်ချက်များ အောင်မြင်ပြီဆိုလျှင် အခြားကမ္ဘာသို့ သူတစ်ဦးတည်းပင် ပြန်သွားလိမ့်မည်။

သူတို့သုံးယောက် ကော့၏အခန်းမှ ထွက်လာကြစဉ်က တစ်ယောက်နှင့် တစ်ယောက် စကားမပြောမိဘဲ တိတ်ဆိတ်စွာပင် ဆင်းလာကြသည်။

သူတို့ ဧည့်ခန်းသို့ ရောက်သောအခါ သန်းခေါင်ယံပြပွဲကြည့်ရန် လာကြသည့် လူအုပ်ကြီးနှင့် တိုးသောအခါကျမှ သူတို့ပတ်လည်မှာ ဆူဆူညံညံ ဖြစ်လာသည်။

"တိတ်ဆိတ်တဲ့ တစ်နေရာလောက်ရှာပြီး ကျုပ်တို့ စကားနည်းနည်း ပြောကြရအောင်"

မက်အယ်လစ္စတာက ပြောသည်။

"အမျိုးသားဘားခန်းက ကောင်းတယ်။ မပိတ်သေးဘူးဆိုရင်ပေါ့လေ"

ပီးယာ့စ်က အကြံပေးသည်။

ဘားခန်းသည် ဖွင့်ထားဆဲပင် ဖြစ်သည်။ စားပွဲထိုးက အရက်ခွက်များကို ယူလာပေးသောအခါ မက်အယ်လစ္စတာက ခွက်ကို မြှောက်ပြီး ဆုတောင်းသည်။ ကျန်နှစ်ယောက်ကလည်း မက်နှင့်အတူ ဆုတောင်းကြသည်။

ဖန်ခွက်များ စားပွဲပေါ်သို့ ပြန်ချပြီးသောအခါ မက်သည် စကားမပြောသေးမိ ဒေးဗစ်နှင့်ဒင်ကို တစ်ယောက်ပြီးတစ်ယောက် ကြည့်သည်။

"ကဲ အခုအချိန်ကစပြီး တာဝန်အားလုံးဟာ ကျုပ်တို့ အားလုံးရဲ့ ပခုံးပေါ်ကို ရောက်လာပြီ၊ ကျုပ် ထမ်းဆောင်ရမယ့် တာဝန်ကို အစွမ်းကုန် လုပ်ပေးချင်ပါတယ်။ ဒါပေမယ့် ကျုပ်က ဥပဒေသမား ဖြစ်နေတယ်။ ရုပ်ရှင်လုပ်ငန်းအကြောင်းဆိုတာကို နကန်းတစ်လုံးမှ နားလည်တာ မဟုတ်ဘူး။ ကျုပ် တတ်နိုင်တာကတော့ ကုမ္ပဏီကို ပြန်လည်ဖွဲ့စည်းဖို့နဲ့ပတ်သက်ပြီး ဂျိုနတ်စ်ကို ရှင်းပြဖို့ပဲ။ သူလည်း လက်ခံထားခဲ့ပြီးသားပါ"

ဤကိစ္စသည် ဒင်ပီးယာ့စ်ရခဲ့သည့် အကြံဉာဏ် ဖြစ်သည်။ အစုရှင်ဟောင်းများနေရာတွင် အသစ်များကို အစားထိုးရေး၊ ကြွေးမြီစာရင်းများ ရှင်းလင်းရေး၊ ကုမ္ပဏီ၏ အပေါင်ပစ္စည်းများကို အမှန်တကယ်ရှိသည့် ပစ္စည်းများဖြင့် ပြောင်းလဲရေး စသည်တို့ ဖြစ်သည်။

နောက်ထပ် မက်အယ်လစ္စတာက တင်ပြသည့်အချက်မှာ သူတို့နှစ်ယောက်၏ ကန်ထရိုက်ကိစ္စ ဖြစ်သည်။ ဒေးဗစ်နှင့် ဒင်ပီးယာ့စ်တို့ကို ခုနစ်နှစ် စာချုပ်မည်။ လစာကို တစ်နှစ်လျှင် ဒေါ်လာ (၆၅၀၀၀) က စပေးမည်။ နှစ်စဉ် ဒေါ်လာ (၁၃၀၀၀) နှစ်တိုးရမည်။ နေအိမ်စရိတ်ပေးမည်။ လုပ်သက်ဆု ပေးမည်။ အကယ်၍ ကုမ္ပဏီက မြတ်လျှင် အမြတ်ငွေထဲမှ (၂) ခွဲရာခိုင်နှုန်းကို ပေးမည်။ ကုမ္ပဏီတွင် အစုရှယ်ယာအဖြစ် ပြန်လည်ထည့်ဝင်လိုက ထည့်ဝင်ခွင့်ပြုမည်။ ငွေသားကို လိုချင်ပါသည် ဆိုလျှင်လည်း ငွေသားကိုပင် ထုတ်ယူခွင့်ပြုမည်။

"ပြောစရာကတော့ ဒါပါပဲ၊ ဘာမေးစရာ ရှိသေးသလဲ"

ဟု မက်က မေးသည်။

"အင်မတန် ကောင်းပါတယ်၊ ဒါပေမယ့် ကျုပ်တို့ကို ထုတ်ပေးမယ့် ငွေတစ်သန်းကုန်

သွားရင် ကျုပ်တို့ကို ဂျိုနတ်စ်ကော့က အလုပ်ဆက်ခိုင်းပါ့မယ်ဆိုတဲ့ ဘာ အာမခံချက်ရှိသလဲ၊ ဘာမှ မရှိဘူး။ သူ့အစုရှယ်ယာတွေ တန်ဖိုးကျမသွားဖို့ကိုပဲ သူ ကြိုးစားတယ်"

ဟု ပီးယာ့စ်က ပြောသည်။

"ခင်ဗျား မှန်တယ်၊ ခင်ဗျားတို့ လုပ်လို့ မအောင်မြင်ရင် သူ့အစုရှယ်ယာတွေ ဈေးကျ မသွားစေရပါဘူးဆိုတဲ့ အာမခံချက်ရော သူ့အဖို့ ရှိသလား၊ မရှိဘူး။ ဒီကိစ္စဟာ ခင်ဗျားတို့ နှစ်ယောက်စလုံးအပေါ်မှာ တည်နေတယ်။ ခင်ဗျားတို့ အောင်မြင်အောင် လုပ်နိုင်သလား။ မလုပ်နိုင်ဘူးလားဆိုတာပေါ်မှာ တည်နေတယ်"

"ဒါပေမယ့် ဒေးဗစ် တွက်ထားတဲ့အတိုင်း မှန်မယ်ဆိုရင် ကျုပ်တို့ ပထမဆုံးရုပ်ရှင် ကားရိုက်လို့ တစ်ဝက်ကျိုးတဲ့အချိန်မှာ ကျုပ်တို့ လခထုတ်စရာတောင် ငွေရှိတော့မှာ မဟုတ်ဘူး။ ဂျိုနတ်စ် ဘာစိတ်ကူးတွေ ပေါက်နေမှန်း မသိဘူး။ ငွေမရှိဘဲနဲ့ ရုပ်ရှင် ဘယ်လို ရိုက်မလဲ"

ဟု ဒင်ပီးယာ့စ်က ပြောပြန်သည်။

"တစ်သန်းတန် ရုပ်ရှင်ကားတွေ ရိုက်မယ်လို့ ဘယ်သူ ပြောသလဲ"

ဒေးဗစ်က ခပ်အေးအေးပင် ဝင်မေးသည်။

ရုတ်ခြည်းဆိုသလိုပင် ပြဿနာအားလုံးတို့သည် ဒေးဗစ်အဖို့ ရှင်းသွားတော့၏။ ဂျိုနတ်စ် ဘာလုပ်သည်ဆိုခြင်းကို ဒေးဗစ် သဘောပေါက်စ ပြုလာသည်။ အစတုန်းက မိမိကို ရုပ်ရှင်ထုတ်လုပ်ရေးတွင် တာဝန်မပေးသောကြောင့် ဒေးဗစ်အနေဖြင့် စိတ်ပျက်မိခဲ့သေးသည်။ သူ့အခန်းဝတွင် ဥက္ကဋ္ဌဟူသော ဆိုင်းဘုတ်ကို သူ တပ်ချင်ခဲ့သည်။ သို့သော် ကော့သည် ထောပတ်ကို ဓားဖြင့် လှီးလိုက်သကဲ့သို့ လုပ်ငန်းကြီးတစ်ခုလုံးကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ဖြတ်တောက်လိုက်ခြင်း ဖြစ်သည်။

အမှန်တော့ ရုပ်ရှင်ထုတ်လုပ်ရေး ဆိုသည်မှာ ကုမ္ပဏီ၏ထုတ်ကုန်ကို ထုတ်လုပ်ပေးသည့် ဌာနသာ ဖြစ်သည်။ ဘာမှ အရေးမကြီး။ အရေးကြီးသည်မှာ သူ ကိုင်ရသည့် ဌာနများ ဖြစ်သည်။ အုပ်ချုပ်ရေး၊ အရောင်းဌာနနှင့် ရုပ်ရှင်ရုံများ ဆိုသည်မှာ ငွေရအောင်ရှာပေးသည့် ဌာနများ ဖြစ်သည်။ ထိုဌာနများ အားလုံးသည် သူ၏ အုပ်ချုပ်မှုအောက်မှာ ဖြစ်သည်။ စတူဒီယို ကြိုးကိုင်ထားသည့်နေရာမှာ ငွေ ဖြစ်သည်။ ထိုငွေကို ကြိုးကိုင်ပြီး ရအောင်ရှာရမည့်သူမှာ မိမိ ဖြစ်သည်။ ထိုသို့ ဒေးဗစ် တွေးမိလာသည်။

"ငွေတစ်သန်းဆိုရင် ကျွန်တော်တို့ ရုပ်ရှင်ဆယ်ကားရိုက်လို့ရပါတယ်။ ပဥ္စမမြောက် ကားမရိုက်ခင်မှာ ပထမဆုံးကားက ငွေပြန်ဝင်နေပြီပဲ"

ဟု ဒေးဗစ်က ပြောသည်။

"ငါကတော့ မလုပ်နိုင်ဘူး။ ဒီလို ဆူလွယ်နပ်လွယ်တွေ လုပ်ဖို့ ငါ ဒီလုပ်ငန်းထဲ ဝင်လာတာ မဟုတ်ဘူး။ တခြား ကုမ္ပဏီတွေသာ ဒီလို အပေါ်စား ဇာတ်ကားတွေကို ရိုက်မှာ"

ဟု ဒင်က ချက်ချင်း ပြန်ပြောသည်။

"ကိုလံဘီယာတို့၊ ဝါနာဘရားသားတို့၊ အာရ်ကေအိုတို့လည်း ဒါလောက်တောင် သိက္ခာတွေ ထိန်းမနေကြပါဘူး"

ဒေးဗစ်၏အသံသည် အနည်းငယ် မာကျောလာသည်။

"သူငို့ မထိန်းချင်နေပေါ့၊ ငါကတော့ ငါ့သိက္ခာကို ဆယ်ရမယ်"

ဒင်ကလည်း ပြန်အော်သည်။

သူ့စကားကို ကြားသောအခါ ဒေးဗစ်သည် ပေါက်ကွဲလေတော့၏။

"ခင်ဗျားကြီး အဖြီးအဖြန်းတွေ လုပ်မနေစမ်းပါနဲ့ဗျာ။ ရုပ်ရှင်လုပ်ငန်းဆိုတာ အောင်မြင်ဖို့ပဲ၊ ခင်ဗျားကားကို လူမကြိုက်တော့ဘူးဆိုရင် ခင်ဗျားသိက္ခာကိုလည်း ဘယ်သူကမှ သတိရတော့မှာ မဟုတ်ပါဘူး။ ဒီကုမ္ပဏီကို ဂျိုနတ်စ်ကော့ ဝယ်ဖြစ်အောင် ခင်ဗျား ဆွယ်လာ တာဆိုတာ လူတိုင်းသိတယ်။ သူ ဝယ်ဖြစ်မှ ခင်ဗျား ရုပ်ရှင်ထုတ်လုပ်သူဖြစ်မှာ မဟုတ်လား။ ခင်ဗျား အခု ထွက်သွားတာနဲ့ တစ်ပြိုင်တည်း ခင်ဗျားသိက္ခာဆိုတာ နှစ်ပြားဖိုးတောင် ကျန်ခဲ့မှာ မဟုတ်ဘူး"

"ဘယ်သူက ထွက်သွားဖို့ စကားပြောနေလို့တုံး"

ဒေးဗစ်သည် သူ့ကုလားထိုင်မှာ သက်သာသလို ထိုင်လိုက်သည်။ သူ့စိတ်ထဲမှာ အားမာန်များ ရောက်လာသည်။ သူ့ဘကြီးသည် ဤအလုပ်ကို ဘာကြောင့် ဤမျှ မက်မောနေခြင်းဖြစ်ကြောင်း ယခုမှ သူ သဘောပေါက်လာသည်။

"မစ္စတာကော့ ပြောတာ ခင်ဗျား ကြားတယ် မဟုတ်လား။ ခင်ဗျား ဖြစ်အောင်မလုပ်နိုင်ရင် တခြားတစ်ယောက် လုပ်လိမ့်မယ်ဆိုတာ"

ပီးယာ့စ်သည် ဒေးဗစ်မျက်နှာကို စိုက်ကြည့်နေသည်။ ပြီးတော့ မက်အယ်လစ္စတာကို လှမ်းကြည့်သည်။ မက်၏မျက်နှာပေါ်တွင် မည်သည့် အရိပ်အယောင်ကိုမျှ မမြင်ရ။

"မင်း ပြောစရာ ဒါပဲရှိတယ် မဟုတ်လား။ ကောင်းပြီ၊ ငါ လုပ်မယ်ဆိုရင် မင်းက ဘာလုပ်ပေးနိုင်မှာလဲ"

ဒင်က ပြန်မေးသည်။

"ခင်ဗျားရဲ့ ရုပ်ရှင်ထုတ်လုပ်ရေး အစီအစဉ်တွေအားလုံး ချောချောမောမော ဖြစ်အောင် ကျုပ် လုပ်ပေးမယ်"

ဟု ဒေးဗစ်က ပြန်ဖြေသည်။

"ဘယ်လိုလုပ်မှာလဲ"

မက်အယ်လစ္စတာက ဝင်မေးသည်။ သူ့မျက်နှာသည် စိတ်ဝင်စားဟန် ပြလာသည်။

"ကျွန်တော်တို့ ကုမ္ပဏီတစ်ခုလုံးမှာရှိနေတဲ့ အမှုထမ်း (၄၀) ရာခိုင်နှုန်းကို မနက်ဖြန်ကစပြီး အလုပ်က ရပ်စဲလိုက်မယ်"

"အင်း ဒီနည်းက သိပ်တော့ မလွယ်ဘူးထင်တယ်။ ဆူပူမှုတွေ ဖြစ်လာနိုင်တယ်။ အဲဒီလို အခြေအနေမျိုးနဲ့ ကုမ္ပဏီကို လည်ပတ်လို့ ရနိုင်မယ်ထင်သလား"

ဟု မက်က မေးသည်။

ဒေးဗစ်သည် မက်၏မျက်နှာကို ကြည့်ပြီး အကဲခတ်နေသည်။ ဤမေးခွန်းသည် သူ့ကို တစ်မျိုးတစ်ဖုံ စစ်ဆေးစူးစမ်းသည့် မေးခွန်းပင် ဖြစ်သည်။

"လည်ပတ်လို့ရနိုင်ပါတယ်"

"ဒီအတိုင်းဆိုရင်တော့ ကျုပ်တို့မှာ မိတ်ကောင်းဆွေကောင်းတွေ ရနိုင်တော့မှာ မဟုတ်ဘူး"

ပီးယာ့စ်က ဝင်ပြောသည်။

"ဂရုမစိုက်ပါဘူးဗျာ၊ ကျွန်တော်တို့က ကျော်ကြားဖို့ လုပ်နေတာ မဟုတ်ဘူး။ ဒါဟာ အစပဲ ရှိသေးတယ်။ ဘယ်သူ့ကိုပဲ ထိခိုက်ထိခိုက် ကျွန်တော်တော့ ဂရုမစိုက်နိုင်ဘူး။ ကမ္ဘာမီးလောင်သားကောင်ချနင်းတဲ့ သဘောမျိုးပဲ။ အရေးကြီးတာက ကုမ္ပဏီ ပျက်စီးမသွားအောင် ထိန်းသိမ်းဖို့"

မက်အယ်လစ္စတာက ဒေးဗစ်ကို ကြည့်နေသည်။ သူ့မျက်နှာပေါ်တွင် အနည်းငယ် ပြုံးသွားသည်ကို ဒေးဗစ် မြင်လိုက်ရသည်။ မက်က ဒင်ဘက်သို့ လှည့်သွားသည်။

"ဘယ်လို သဘောရသလဲ"

"ဒီအတိုင်းပဲ လုပ်ရလိမ့်မယ်ထင်တယ်။ ဂျိုနတ်စ်ကရော သူ့ကို တကယ် ခန့်မှာလား"

ဒင်၏မျက်နှာသည်လည်း ပြုံးနေသည်။

မက်က သူ၏လက်ဆွဲအိတ်ကို ဆွဲယူသည်။

"ကန်ထရိုက်စာချုပ်က ဒီမှာ ရှိနေပြီ။ ဂျိုနတ်စ်က ဒီနေ့ည လက်မှတ်ထိုးစေချင်တယ်တဲ့"

ဒေးဗစ်က မက်ကိုကြည့်ပြီး မေးသည်။

"ဒင်ရော စာမချုပ်ဘူးလား"

"ဒါရိုက်တာအဖွဲ့ အစည်းအဝေးလုပ်တဲ့နေ့ကပဲ သူ လက်မှတ်ထိုးပြီးပြီ"

ဒေးဗစ်၏ စိတ်ထဲမှာ ဒေါသစိတ် ဝင်လာပြန်သည်။ ကိစ္စအားလုံးကို လုပ်ကိုင်ပြီးနေကြပြီဖြစ်ကြောင်း ယခုမှ သိရသည်။ ဘာဖြစ်လာနိုင်သေးသနည်း ဟူသော သဘောဖြင့် သူ့ကို စောင့်ကြည့်နေကြသည့် သဘော ဖြစ်သည်။ မည်သို့ဆိုစေ ယခု အချိန်ကျမှတော့ ဘာမှ မတတ်နိုင်ပြီ။ အားလုံး ပြီးကုန်ကြပြီ မဟုတ်လား။ သက်ပြင်းချလိုက်ပြီး မက်အယ်လစ္စတာ

လှမ်းပေးသည့် ဖောင်တိန်ကို ယူသည်။

ယခုမှ အစသာရှိသေးသည်။ သူတို့အားလုံးသည် အပြင်လူများ ဖြစ်ကြသည်။ ကုမ္ပဏီအကြောင်းကို မိမိသိသလို သူတို့သိဖို့ အချိန်အများကြီး ယူကြရဦးမည်ဟု ဒေးဗစ်က တွေးမိသည်။ သူတို့ သိရှိနားလည်လာကြသည့်အခါတွင် အားလုံး အဆင်ပြေသွားမည်သာ ဖြစ်သည်။

ကန်ထရိုက်စာချုပ်ကို လက်မှတ်ထိုးလိုက်သည်နှင့် တစ်ပြိုင်တည်း တာဝန်အားလုံး တို့သည် သူ့ပခုံးပေါ်သို့ ကျရောက်လာချေတော့သည်။

* * *

အိပ်ခန်းနှစ်ခန်းကို ဆက်ထားသည့် အခန်းတံခါး ပွင့်လာပြီး ဒေးဗစ်၏ အခန်းတွင်းသို့ မီးရောင်ဝင်လာသည်။

"ရောက်နေပြီလား ဒေးဗစ်"

ဒေးဗစ်သည် အိပ်ရာမှထပြီး ခြေထောက်များကို ခုတင်အောက်သို့ တွဲလွဲချကာ အိပ်ရာဘေးမှ မီးကိုဖွင့်သည်။

"ပြန်ရောက်ပြီ အန်ကယ်ဘာနီ"

အခန်းတွင်းသို့ နော်မန် ဝင်လာသည်။

"မင်း သူ့ကို တွေ့ခဲ့သလား"

ဒေးဗစ်က ခေါင်းညိတ်ပြပြီး စီးကရက် လှမ်းယူကာ မီးညှိနေသည်။

"တွေ့ခဲ့ပါတယ်၊ သူ အင်မတန် စိတ်ထိခိုက်နေပုံရတယ်။ ရီနာ သေသွားတဲ့အတွက် သူ တော်တော် ခံစားနေရပုံပဲ"

နော်မန်က ရယ်သည်။

"သူ့အတွက်တော့ ငါက ဝမ်းမနည်းနိုင်ပေါင်၊ ငါ့ကို သူ ကောင်းကောင်း ဒုက္ခပေး လိုက်ပြီးကတည်းက သူ့ကို နည်းနည်းကလေးမှ မသနားနိုင်ဘူး။ မင်းကိုရော သူက အလုပ်ပေး သေးသလား"

နော်မန်သည် ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူရင်း နာနာကြည်းကြည်း ပြောသည်။

ဒေးဗစ်က ခေါင်းညိတ်ပြသည်။

"ဘာအလုပ်လဲ"

"အမှုဆောင် ဒုတိယဥက္ကဋ္ဌ"

နော်မန်၏မျက်ခုံးများ မြင့်တက်သွားသည်။ ပြီးတော့ စိတ်ဝင်စားစွာဖြင့် မေးသည်။

"ဟုတ်လား၊ ဒီလိုဆိုရင် ဥက္ကဋ္ဌက ဘယ်သူလဲ"

"ဒင်ပီးယားစ်၊ သူက ရုပ်ရှင်ထုတ်လုပ်ရမယ်၊ ကျွန်တော်က ကျန်တာတွေ အားလုံး ကြီးကြပ်ရမယ်။ အုပ်ချုပ်ရေးတို့၊ အရောင်းဌာနတို့၊ ရုပ်ရှင်ရုံတို့ပေါ့"

အဘိုးကြီးသည် သဘောကျစွာဖြင့် ဆေးပြင်းလိပ်ကို သူ့ပါးစပ်မှာ တပ်လိုက်သည်။ အလွန် နှစ်သက်သဘောကျသည့် အပြုံးတစ်ခုလည်း သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။

"ကောင်းပါလေ့ဗျာ၊ မင်းအတွက် ငါ ဂုဏ်ယူပါတယ်။ မင်းဟာ တစ်နေ့မှာ ကောင်း စားရမယ်လို့ ငါ အမြဲပြောခဲ့တာပဲ"

အဘိုးကြီးက သူ့ပခုံးကိုပုတ်ပြီး ပြောသည်။

ဒေးဗစ်က အံ့သြတကြီးဖြင့် အဘိုးကြီးကို ကြည့်မိသည်။ ဤသတင်းကို ကြားရလျှင် ဤအမူအရာမျိုးဖြင့် တုံ့ပြန်လိမ့်မည်ဟု သူ မျှော်လင့်မထားမိ။ မိမိကို သစ္စာဖောက်အဖြစ်သာ စွပ်စွဲလိမ့်မည်ဟု သူ ထင်ခဲ့သည်။

"အန်ကယ်ဘာနီ တကယ် ပြောနေတာလား"

"တကယ် ပြောတာပေါ့ကွ၊ ငါ့ညီမအရင်းရဲ့ သားတစ်ယောက်အတွက် တခြား ဘာကို များ ငါက မျှော်လင့်နေရဦးမှာလဲ"

သူက လှိုက်လှဲစွာ ပြောပြန်သည်။ ဒေးဗစ်က သူ့မျက်နှာကို စိုက်ကြည့်နေသည်။

"ကျွန်တော် ထင်တာက"

"ဘာထင်ရမှာလဲ၊ ဘာများ ထူးဦးမှာလဲ၊ ပြီးတာတွေ ပြီးသွားပြီပဲကွာ၊ အခုအချိန်ကစပြီး တို့တူဝရီးနှစ်ယောက် တိုင်တိုင်ပင်ပင် လုပ်ကြရတော့မယ်။ မင်း အိပ်မက်တောင် မမက်ခဲ့ဘူးတဲ့ ပိုက်ဆံတွေရအောင် ဘယ်လို လုပ်ရမယ်ဆိုတဲ့ နည်းလမ်း မင်းကို ငါ ပြမယ်"

အဘိုးကြီးသည် ပြုံးမြုံးမြုံးလျက်ရှိသည်။

"ပိုက်ဆံတွေ အများကြီး"

"သိပ်ဟုတ်တာပေါ့ကွ၊ ဂျူးကို မုန်းတဲ့ကောင်ဟာ ဂျူးကို အမြဲမုန်းစမြဲပဲကွ၊ ရန်သူဆိုတာ အမြဲတမ်း ရန်သူပဲဖြစ်မှာပေါ့ကွာ၊ မင်းရဲ့ အုပ်ချုပ်မှုအောက်မှာ မင်း ဘာတွေလုပ်နေနေ ဘယ်သူမှ မသိနိုင်ဘူး။ တို့ကုမ္ပဏီကို ပစ္စည်းသွင်းနေတဲ့ လူတွေအားလုံးကို မနက်ဖြန်ကျရင် ပြောရမယ်။ အရင် သဘောတူညီထားခဲ့တာတွေ အတိုင်း ဆက်လုပ်မယ်လို့၊ အဲဒီအပေါ်ကနေ မင်း (၂၅) ရာခိုင်နှုန်း ကော်မရှင်ရမယ်"

"(၂၅) ရာခိုင်နှုန်း၊ ဟုတ်လား"

"ဒါပေါ့ကွ၊ ဘာဖြစ်လို့လဲ၊ ဒါလောက်နဲ့ မင်းက မကျေနပ်နိုင်သေးဘူးလား"

ဒေးဗစ်က ဘာမှ ပြန်မဖြေ။

"ကဲ ကောင်းပြီ။ ငါဟာ မင်းရဲ့ဘကြီး၊ မတရားတာ မလုပ်ပါဘူးကွာ၊ (၅၀) ရာခိုင်နှုန်း ပေးမယ်"

ဒေးဗစ်သည် စီးကရက်ကို ပြာခံခွက်ထဲသို့ ထည့်လိုက်သည်။ ပြီးတော့ ထိုင်ရမှထပြီး ပြတင်းပေါက်ဆီသို့ တိတ်ဆိတ်စွာပင် လျှောက်လာခဲ့သည်။ ပြတင်းပေါက်မှနေ၍ လမ်းတစ်ဖက်ရှိ ပန်းခြံကို လှမ်းမျှော်ကြည့်လိုက်သည်။

"ဘာဖြစ်တာလဲ ငါ့တူရဲ့၊ တို့တူဝရီးနှစ်ယောက် တစ်ယောက်တစ်ဝက်ခွဲယူတာ တရားတယ် မဟုတ်လား။ ငါ့ကျေးဇူးတွေ မင်းအပေါ်မှာ အများကြီး ရှိပါတယ်ကွာ။ ဒီနေရာမှာ ငါသာ မဟုတ်ခဲ့ရင် မင်း ဒီလို ရာထူးကြီးမျိုးရလာဖို့ ဘယ်နည်းနဲ့မှ အခွင့်အရေး မပေါ်နိုင်ဘူး"

အန်ကယ်ဘာနီက သူ့ကျောဘက်မှနေ၍ လှမ်းပြောနေသည်။ အဘိုးကြီး အပေါ်၌လည်း စိတ်အချဉ်ပေါက်လာသည်။ ထို့ကြောင့် နောက်ဘက်သို့ ပြန်လှည့်ပြီး အဘိုးကြီးကို ကြည့်သည်။

"ကျေးဇူးတွေရှိတယ် ဟုတ်လား။ ကျွန်တော့်ကို တန်ရာတန်ဖိုးတွေများ အန်ကယ်ဘာနီ ပေးခဲ့ဖူးလို့လား။ ကျွန်တော့်လခ တစ်ပတ်ကို ဒေါ်လာ (၃၅၀)နဲ့ နှစ်ပေါင်းများစွာ ကျွန်တော် နေခဲ့ရတယ် မဟုတ်လား။ ကျွန်တော့်လခ တိုးပေးဖို့ပြောတိုင်း ကုမ္ပဏီရှုံးနေတယ်ဆိုပြီး ကျွန်တော်ကို အန်ကယ်ဘာနီ အမြဲတမ်း အော်ငေါက်ထုတ်ခဲ့တယ်။ ဒါပေမယ့် နှစ်စဉ် ငွေတစ်သန်းလောက်ကိုတော့ ကိုယ့်အိတ်ထဲ ကိုယ်ပြန်ထည့်ခဲ့တယ် မဟုတ်လား"

"ဒါက တခြားပါကွာ၊ မင်း နားမလည်ပါဘူး"

ဒေးဗစ်က ဒေါသဖြစ်သဖြင့် လှောင်ရယ် ရယ်လိုက်သည်။

"ကျွန်တော် နားလည်ပါတယ် အန်ကယ်ဘာနီ၊ သေသေချာချာ နားလည်ပါတယ်။ အန်ကယ် ဒေါ်လာ (၁၅) သန်းကို ရှင်းရှင်းကလေးရသွားတာ ကျွန်တော် သေသေချာချာ နားလည်တာပေါ့။ အန်ကယ် အသက်တစ်ထောင်ရှည်အောင် နေရဦးမယ်ဆိုရင်တောင် စားမကုန် သုံးမကုန် ဖြစ်နေပြီ။ ဒါတောင်မှ နောက်ထပ် လိုချင်သေးတယ်၊ လောဘမသတ်နိုင်ဘူး"

"အဲဒါ ဘာဖြစ်သလဲ၊ ငါ အလုပ်လုပ်တယ်၊ ဒါကြောင့် ငါ့ပိုက်ဆံ ယူပိုင်ခွင့်ရှိရမယ်။ ဟိုကောင်က ငါ့ကို အလုပ်ထဲက ကန်ထုတ်လိုက်တဲ့အတွက် ငါက အားလုံးကို စွန့်လွှတ်လိုက်ရတော့မှာလား" ·

"ဟုတ်တယ်"

"ဩ မင်းက ဘက်လိုက်သွားပြီကိုး၊ ဟင်. . . မင်းရဲ့ သွေးရင်းသားရင်းကို ခြေစုံကန်ပြီး နာဇီကောင်ဘက်ကို ဘက်လိုက်သွားပြီကိုး"

အဘိုးကြီးက သူ့ကို မျက်မှောင်ကုတ် ကြည့်သည်။ သူ့မျက်နှာပေါ်မှာ ဒေါသရိပ်များကို မြင်ရသည်။ ဒေးဗစ်က သူ့ကို စိုက်ကြည့်နေမိသည်။

"ကျွန်တော် ဘက်လိုက်စရာ မလိုပါဘူး အန်ကယ်ဘာနီ။ ဒီကုမ္ပဏီဟာ အန်ကယ်

ပိုင်တာမှ မဟုတ်တော့ဘဲ"

"ငါ မပိုင်ပေမယ့် အုပ်ချုပ်နေတဲ့လူက မင်း မဟုတ်ဘူးလား"

"မှန်တယ်၊ အုပ်ချုပ်နေတာက ကျွန်တော်၊ အန်ကယ် မဟုတ်ဘူး"

"ဒီလိုဆိုရင် မင်းတစ်ယောက်တည်းပဲ အားလုံးကို လက်ဝါးကြီးအုပ်ထားပြီး ခွတုတ်တော့မယ်ပေါ့"

ဒေးဗစ်က ဘာမှ ပြန်မပြောတော့။ သူ့ကို ကျောခိုင်းလိုက်သည်။ ထိုတစ်ခဏတွင် သူတို့အခန်းထဲမှာ တိတ်ဆိတ်သွားသည်။ ပြီးတော့ ဘာနီ၏ ဒေါသသံ ထွက်လာသည်။

"မင်းဟာ ဟိုကောင်ထက်တောင် ပိုပြီး ယုတ်မာနေတော့တာကိုး၊ အနည်းဆုံး ဟိုကောင်က သူ့သွေးသားကို ပြန်ပြီး သစ္စာမဖောက်ဘူးကွ"

"သွားပါတော့ အန်ကယ်ဘာနီ။ ကျွန်တော် ပင်ပန်းနေပြီ။ အိပ်ချင်တယ်"

ဒေးဗစ်က နောက်သို့ လှည့်မကြည့်ဘဲ ပြောသည်။

အဘိုးကြီးသည် စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်သွားပြီး အခန်းတံခါးကို ဆောင့်ပိတ်ခဲ့သည်။ သူသည် စိတ်ပင်ပန်းစွာဖြင့် ပြတင်းပေါက် ပေါင်ကိုမှီနေမိသည်။ သည်ကိစ္စတွေ ပြီးပြီးခြင်း အဘိုးကြီး ကာလီဖိုးနီးယားသို့ မပြန်ဘဲ နယူးယောက်မှာ ကပ်နေခြင်းသည် ဤ အကြောင်းကြောင့်ဖြစ်ကြောင်း ယခုမှ သူ သဘောပေါက်သည်။ သူ့လည်ချောင်းထဲမှာ ဆို့လာ၏။ ရုတ်ခြည်း ဆိုသလိုပင် သူ ငိုချင်စိတ်ပေါက်လာသည်။

လမ်းမပေါ်မှ ခေါင်းလောင်းသံသည် အပေါ်သို့ လွင့်တက်ကာ ပြတင်းပေါက်မှ တစ်ဆင့် သူ့ဆီသို့ ရောက်လာသည်။ ထို့ကြောင့် အောက်သို့ သူ ငုံ့ကြည့်မိသည်။ ခေါင်းလောင်းသံသည် ပို၍ ကျယ်လာသည်။ ပဥ္စမအဲဗင်းနယူးမှ (၅၉) လမ်းသို့ ကွေ့သွားသည့် လူနာတင်ကားကို မြင်ရသည်။ ထိုကားမှ ထွက်ပေါ်လာသည့် ခေါင်းလောင်းသံ ဖြစ်သည်။ သူသည် နောက်သို့ ပြန်လှည့်ကာ အခန်းကိုဖြတ်ပြီး ခုတင်ရှိရာသို့ တဖြည်းဖြည်း လျှောက်လာခဲ့သည်။ ခေါင်းလောင်းသံ သဲ့သဲ့ကို သူ့နားထဲမှာ ကြားယောင်နေမိသည်။ သူ့ဘဝသည် သည်လို ခေါင်းလောင်းသံမျိုးဖြင့် စခဲ့ရခြင်း ဖြစ်သည်။

အဝတ်အစားဟောင်းဝယ်သည့် မြင်းလှည်းပေါ်မှာ သူနှင့်သူ့ဖခင်သည် အတူထိုင်၏။ ထိုင်ရသည့်ခုံသည် သစ်သားခုံ ဖြစ်သည်။ သူတို့မြင်းလှည်းမှာ ဆွဲထားသည့် ခေါင်းလောင်းကို တွင်တွင်ခေါက်ခဲ့ရသည်။ ယခု ကြားရသည့် အသံမျိုးပင် ဖြစ်သည်။

## (၂)

ရစ်ဗင်တန်လမ်းပေါ်မှာ သူတို့၏ မြင်းလှည်းသည် တရွေ့ရွေ့ သွားနေသည်။ ခေါင်းလောင်းသံကလည်း တချွင်ချွင်။ သူတို့နောက်မှာရှိသည့် နွားလှည်းများမှ နွားခလောက်သံများကိုလည်း ပျင်းရိငြီးငွေ့ဖွယ် ကောင်းလောက်အောင် ကြားနေရသည်။ သူတို့ဘေးမှာလည်း လက်တွန်းလှည်းများ၊ ချယ်ဂါလီများ ရှိနေသည်။ နွေရာသီ ဖြစ်သောကြောင့် ခေါင်းပေါ်မှ နေသည် ချစ်ချစ်တောက် ပူပြင်းနေသည်။ သူသည် မြင်းဇက်ကြိုးကို စိတ်မပါသလို ကိုင်ထားသည်။ မြင်းကို လမ်းကြောင်းတည့်မတ်ပေးရန် မလို။ လမ်းထဲမှာ လူများဖြင့် ပြည့်ကျပ်နေသည်။ မြင်းက သူ့လမ်းကို သူ သွားလိမ့်မည်။ လူနည်းနည်းရှင်းလျှင် တစ်လက်မချင်း ရှေ့သို့ တိုးသွားလိမ့်မည်။

"အဝတ်ဟောင်းတွေ ဝယ်တယ်"

သူ့အဖေ၏ သီချင်းဆိုသလို ဟစ်လိုက်သည့် အသံသည် ဈေးဖြစ်နေသော လမ်းမပေါ်ကို လွှမ်းသွား၏။

လမ်းနှစ်ဖက်ရှိ အဆောက်အအုံများ၏ အထက်ထပ်များမှ ကြားနိုင်ရန် အသံကိုလည်း မြှင့်အော်ရသည်။

"အဝတ်ဟောင်းတွေ ဝယ်တယ်"

လမ်းဘေးမှာရှိသည့် အဖေ့ကို သူ လှမ်းကြည့်သည်။ အဖေသည် အပေါ်ထပ်

ပြတင်းပေါက်များကို မော့ကြည့်နေသည်။ တစ်စုံတစ်ယောက်က ပြတင်းပေါက်တစ်ခုခုမှ ထွက်၍ခေါ်နိုးနိုးဖြင့် ရှာခြင်း ဖြစ်သည်။ အဖေ့ဦးထုပ်သည် အလွန် ကြီးသော ဝိုင်းဝိုင်းကားကား ဦးထုပ်ကြီး ဖြစ်သည်။ သည်ဦးထုပ်သည် ဂျာမနီမှ လာကတည်းက ပါလာသည့် ဦးထုပ် ဖြစ်သည်။ သူ၏ နေရင်းတိုင်းပြည်ဟောင်းမှ ဦးထုပ် ဖြစ်သောကြောင့်လည်း အဖေက ဂုဏ်ယူသည်။ အဖေ ဝတ်ထားသည်မှာ အနက်ရောင်ဝတ်စုံ ဖြစ်သည်။ ထို့ကြောင့်လည်း ပူပြင်းသည့် နေရောင်အောက်တွင် အဖြူရောင်ထက် အနက်ရောင်က အပူဒဏ်ကို ပိုခံနေရပုံ ပေါ်သည်။

"ဟေး အဝတ်ဟောင်းဝယ်တဲ့လူ"

အသံလာရာသို့ အဖေ လှမ်းကြည့်သည်။ မမြင်ရသောကြောင့် ဘေးဘက်သို့ ရွှေ့ကြည့်သည်။ သို့သော်လည်း လှမ်းခေါ်သည့် အမျိုးသမီးကြီးကို ဒေးဗစ်က အရင် စမြင်သည်။ အဘွားကြီးသည် ငါးထပ်ရှိ ပြတင်းပေါက်တစ်ခုမှနေ၍ လက်ယမ်းပြနေသည်။

"မစ္စစ်ဆက်ပါစတိန်း ခေါ်နေတာ အဖေ"

"ငှါများ ကန်းနေတယ် ထင်သလားကွ"

ဟု အဖေက သူ့ကို ပြန်အော်သည်။ ပြီးတော့ မှ အပေါ်သို့ မော့ကြည့်ကာ မေးသည်။

"ခင်ဗျား မစ္စစ်ဆက်ပါစတိန်း မဟုတ်လား"

"မစ္စတာဝုဖ် မဟုတ်လား"

အဘွားကြီးကလည်း အောက်သို့ ပြန်အော်မေးသည်။

"ဟုတ်တယ်၊ ခင်ဗျားမှာ ဘာရောင်းစရာ ရှိသလဲ"

"အပေါ်တက်ခဲ့ပါ၊ ဒီကျတော့ ပြမယ်"

"အနွေးထည်တော့ မယူဘူးနော်၊ ဝယ်တဲ့လူ မရှိဘူး"

အဖေက အပေါ်သို့မော့ပြီး အော်ပြောသည်။

"အနွေးထည်လို့ ဘယ်သူက ပြောလို့လဲ၊ အပေါ်ကိုသာ တက်ခဲ့ပါ၊ ပြပါ့မယ်"

"မြင်းကို ဟိုနားမှာ ချည်ထားလိုက်၊ ပြီးရင် ပစ္စည်းတွေ သယ်ရအောင် အပေါ်ကို လိုက်ခဲ့"

အဖေက လက်တွန်းလှည်းနှစ်ခုကြားမှ လပ်နေသည့်နေရာကို လက်ညှိုးထိုးပြသွားသည်။

ဒေးဗစ်က ခေါင်းညိတ်ပြသည်။ အဖေက အိမ်ဆီသို့ ထွက်သွားပြီး လှေကားအတိုင်း တက်သွားသည်။ သူလည်း မြင်းကိုချည်ပြီး အဖေ သွားရာနောက်သို့ လိုက်ခဲ့သည်။

လှေကားသည် မှောင်နေ၏။ မီးလည်း ထွန်းထားမပေး။ တံခါးပေါက်တစ်ခုသို့ ရောက်သောအခါ တံခါးခေါက်သည်။ ချက်ချင်းပင် တံခါးပွင့်လာသည်။ ဖြူနေသည့် ဆံပင်များကို ငယ်ထိပ်ပေါ်တွင် စုချည်ထားသည့် မစ္စစ်ဆက်ပါစတိန်း ရပ်နေသည်ကို တွေ့ရသည်။

"လာ. . . လာ"

မီးဖိုချောင်အတွင်းသို့ ဒေးဗစ် ဝင်လိုက်ခဲ့၏။ စားပွဲမှာ အဖေ ထိုင်နေသည်ကို တွေ့ရသည်။ အဖေ့ရှေ့မှာ ကိတ်မုန့်တစ်ပန်းကန် ချထားသည်ကိုလည်း တွေ့ရသည်။

"လက်ဖက်ရည်သောက်မလား ဒေးဗစ်"

ဟု အဘွားကြီးက ဒေးဗစ်ကို လှမ်းမေးသည်။

"ကိစ္စမရှိပါဘူး မစ္စစ်ဆက်ပါစတိန်း"

အဘွားကြီးက သံဘူးအနီကလေးတစ်ခုကို လှမ်းယူသည်။ ဖွင့်ပြီး အထဲမှ လက်ဖက်ခြောက်ကို ဂရုတစိုက်ဖြင့် နှစ်ဇွန်းခပ်ယူကာ ရေနွေးထဲသို့ ထည့်သည်။ စောစောက လိပ်နေသည့် လက်ဖက်ခြောက်များသည် ရေနွေးနှင့်တွေ့သောအခါ ပြန့်ကားသွားသည်။ ထိုလက်ဖက်ရည်များကို ဖန်ခွက်တစ်ခုထဲသို့ထည့်ကာ အဖေ့ရှေ့မှာ ချပေးသည်။ ကော်ဖီကြမ်းကဲ့သို့ အရောင်က မည်းလှသည်။

အဖေက အိုးတစ်လုံးထဲမှ သကြားကိုယူပြီး နှုတ်ခမ်းကြားမှာ ညှပ်ထားသည်။ ပြီးမှ လက်ဖက်ရည်ကိုသောက်သည်။ ပါးစပ်အပြည့် ငုံထားပြီးမှ မျိုချကာ ပါးစပ်ကလည်း "အား"ဟု အော်လိုက်သေးသည်။

"ကောင်းတယ် မဟုတ်လား၊ ဒါ တကယ့် လက်ဖက်ရည်အစစ်၊ ကျွန်မတို့တိုင်းပြည်

မှာ သောက်ခဲ့ရတဲ့ လက်ဖက်ရည်မျိုးပေါ့၊ ဒီမှာ သောက်နေရတဲ့ ရောင်းတမ်းလက်ဖက်ရည်မျိုး တွေ မဟုတ်ဘူး"

မစ္စစ်ဆက်ပါစတိန်းက ပြုံးရင်း အဖေ့ကို မေးသည်။

အဖေက ခေါင်းညိတ်ပြပြီး ဖန်ခွက်ကို ကောက်ယူကာ သောက်ပြန်သည်။ စားပွဲပေါ်သို့ ပြန်ချလိုက်သောအခါ ဖန်ခွက်အတွင်း၌ ဘာမှ မကျန်တော့။ ပြီးသည်နှင့် တစ်ပြိုင်တည်း လုပ်ငန်းအကြောင်းကို စတော့သည်။

"ကဲ ဘယ်မှာလဲ မစ္စစ်ဆက်ပါစတိန်း"

သို့သော် အဘွားကြီးက အလုပ်အကြောင်းကို မစသေး။ ဒေးဗစ်ကို ကြည့်နေသည်။

"လူချောကလေးပဲ၊ ရှင့်သား ဒေးဗစ်ကို မြင်ရတော့ ကျွန်မသား ဟောင်းဝပ်ကို သွားသတိရတယ်။ သူ့အရွယ်တုန်းက ဟောင်းဝပ်လည်း ဒီအတိုင်းပဲ"

ဟု ပြောရင်း ကိတ်မုန့်ကို ဒေးဗစ်အား လှမ်းပေးသည်။

"တစ်ခုယူစားပါဦး၊ အိမ်မှာ ငါကိုယ်တိုင် ဖုတ်ထားတာ"

ဒေးဗစ်က တစ်ခုယူပြီး ပါးစပ်ထဲသို့ထည့်ကာ ကိုက်ကြည့်သည်။ အလွန် မာသော ကိတ်မုန့် ဖြစ်သည်။ ခြောက်ကပ်ပြီး ဝါး၍ပင် မရ။

"နောက်တစ်ခု ထပ်ယူပါဦး၊ မင်း ပိန်တယ်၊ များများစားပေး"

ဒေးဗစ်က ခေါင်းယမ်းပြသည်။

"ကဲ မစ္စစ်ဆက်ပါစတိန်း၊ ကျုပ်က အလုပ်များတယ်ဗျ။ နောက်ကျနေမယ်၊ ခင်ဗျား မှာ ရောင်းစရာရှိတယ်ဆို"

"ကျွန်မနောက် လိုက်ခဲ့"

အဘွားကြီးက ခေါင်းညိတ်ခေါ်သည်။ အဘွားကြီးနောက်သို့ သူတို့သားအဖ နှစ်ယောက် လိုက်သွားကြသည်။ အခန်းကျဉ်းကလေး တစ်ခုအတွင်းရှိ အိပ်ရာပေါ်တွင် ယောကျ်ားဝတ် ရှပ်အင်္ကျီများ၊ ကုတ်အင်္ကျီများ၊ ရှူးဖိနပ်များကို တွေ့ရသည်။

အဖေသည် အင်္ကျီများကို သွားကောက်ယူကြည့်သည်။

"အနွေးထည်တွေပဲ၊ ဒါတွေအတွက် လေးထပ်ကြီးလုံးလုံးကို ကျုပ် အပင်ပန်းခံပြီး တက်လာရသလားဗျာ"

"အသစ်တွေအတိုင်းပါပဲ မစ္စတာဝုဖ်၊ ကျွန်မသား ဟောင်းဝပ်နဲ့ သူ့မိန်းမအဝတ်တွေ၊ သူတို့က ကယ်တင်ခြင်းတပ်ကို လှူကြတော့မလို့၊ ကျွန်မက ဒီကို ပို့ပေးပါလို့ လှမ်းတောင်းတာနဲ့ ပို့ပေးတာ"

ဒေးဗစ်၏အဖေက ဘာမှ မပြော။ အဝတ်များကိုသာ အမြန်ဆုံး ရွေးချယ်နေသည်။

"ကျွန်မသား ဟောင်းဝပ်က ဘရွန့်ဇ်မြို့မှာ နေတာလေ၊ ဂရင်းကွန်ကို့စ်အရပ်မှာ အိမ်သစ်ကြီးဆောက်ထားတယ်၊ ကျွန်မသားက ဆရာဝန်ကြီးပေါ့"

အဘွားကြီးက သူ့သားအကြောင်းကို ကြွားဝါပြောဆိုနေသည်။

"နှစ်ဒေါ်လာပေးမယ်"

သူ့ကို အဖေက ဈေးပြောသည်။

"မစ္စတာဝုဖ်၊ ဒါတွေဟာ အနည်းဆုံး ဒေါ်လာ (၂၀) တန်တယ်"

အဘွားကြီးက အံ့ဩသလို ပြောသည်။

"ကျုပ် ဝယ်နေတာက ဒီတိုင်းပြည်ထဲကို ပြေးလာတဲ့ ဂျူးလူမျိုးတွေ ကူညီထောက်ပံ့ရေးအသင်းကို ပေးဖို့ဝယ်နေတာ။ ကယ်တင်ခြင်းတပ်ကိုလှူတာထက် ပိုအကျိုးရှိပါတယ်ဗျာ"

အဖေက ပခုံးကိုတွန့်ပြရင်း ပြောသည်။

သူတို့နှစ်ယောက် အပြန်အလှန် ဈေးဆစ်နေကြသည်ကို ဒေးဗစ်က စိတ်မဝင်စား တစ်ချက်၊ ဝင်စားတစ်ချက်ဖြင့် နားထောင်နေသည်။ သည်အဝတ်များကို ထွက်ပြေးလာသည့် ဂျူးလူမျိုးများ ကူညီထောက်ပံ့ရေးအသင်းအတွက် ဝယ်ခြင်းဖြစ်သည်ဟု အဖေက ပြောသည်ကို သူ ကြားလိုက်ရသည်။ အမှန်တော့ သည်အဝတ်များ အိမ်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်တည်း အမေက လျှော်တန်တာလျှော်၊ ပြင်သင့်သည်ပြင်၊ မီးပူတိုက်သင့်သည်တိုက် စသည်ဖြင့်

လိုအပ်သလို လုပ်မည်။ ပြီးလျှင် ထိုအဝတ်များသည် တစ်ပတ်ရစ်အဝတ်များ ရောင်းသည့် ဆိုင်များ၏တန်းပေါ်မှာ ချိတ်ထားသည်ကို မြင်ရမည်သာ ဖြစ်သည်။

"ဆယ်ဒေါ်လာတော့ပေးပါ။ ဒီထက်နည်းရင် ကျွန်မ မရောင်းဘူး။ ကျွန်မသားက သူ့မော်တော်ကားနဲ့လာပြီး ဒီအဝတ်တွေ ပေးသွားတာ၊ သူ့ကားအတွက် ဓာတ်ဆီဖိုးကလေး လောက်မှ မရရင် မဖြစ်ဘူး"

အဘွားကြီးက ဈေးပြောရင်း သူ့သားမှာ မော်တော်ကားရှိကြောင်း ထည့်ပြော လိုက်ပြန်၏။

"ငါးဒေါ်လာဗျာ၊ တစ်ပြားမှ ပိုမပေးနိုင်တော့ဘူး"

"ခြောက်ဒေါ်လာတော့ ပေးပါရှင်၊ ဒါလောက်မှ မရရင် ကျွန်မသား ဓာတ်ဆီဖိုး တောင် မကျေလို့ပါ"

အဘွားကြီးကလည်း ဇွတ်တင်းခံနေသည်။ အဖေ့ကို မျက်မှောင်ကုတ်ပြီး ကြည့်နေ သည်။

"ခင်ဗျားသားက ကိုယ်ပိုင်မော်တော်ကားကြီးနဲ့၊ ကိုယ်ပိုင်အိမ်ကြီးနဲ့၊ ဘာနဲ့၊ ညာနဲ့၊ သူဌေးကြီးမို့ ကျုပ်က ပေးရမှာလား"

"ကဲ ငါးဒေါ်လာခွဲတော့ ပေးပါရှင်၊ ကျွန်မ အများကြီး လျှော့ပေးထားတာပါ"

ဒေးဗစ်၏အဖေက အဘွားကြီးကို မော့ကြည့်သည်။ ပြီးတော့ သူ့ကုတ်အင်္ကျီအနက် အောက်သို့ လက်များလျှိုသွင်းသည်။ သူ့ခါးပတ်တွင် ဖိနပ်ကြိုးနှင့် တွဲချည်ထားသည့် ပိုက်ဆံ အိတ်ကို ဆွဲထုတ်သည်။ ပိုက်ဆံအိတ်ကိုဖွင့်ရင်း ပါးစပ်မှလည်း ညည်းတွားနေသည်။

"ငါးဒေါ်လာခွဲ ကျုပ်တော့ ရှုံးပါပြီဗျာ"

ဒေးဗစ်ကိုလှမ်းပြီး မျက်ရိပ်ပြကာ ပိုက်ဆံများကို ရေတွက်နေသည်။ ဒေးဗစ်က ကုတ်အင်္ကျီလက်နှစ်ဖက်ဖြင့် ပြန်ချည်လိုက်သည်။ ပြီးတော့ ပခုံးပေါ်တင်ထမ်းကာ လှေကားဆီ သို့ ဆင်းလာခဲ့သည်။ အဝတ်ထုပ်ကို လှည်းပေါ်သို့ပစ်တင်ပြီး လှည်းရှေ့ဘက်သို့ လှည့်လာသည်။ မြင်းဇက်ကြိုးများကို ချည်နှောင်ပြီးသောအခါ လှည်းပေါ်သို့ တက်ခဲ့၏။

"ဟေး. . . ဒေးဗစ်"

လမ်းဘေးပလက်ဖောင်းပေါ်သို့ လှမ်းကြည့်သောအခါ မိမိကို ပြုံးကြည့်နေသည့် အရပ်ရှည်ရှည်ဖြင့် လူငယ်တစ်ယောက်ကို တွေ့ရသည်။

"မင်းကို ငါ တစ်နေ့လုံးလိုက်ရှာနေတာ"

ဟု ထိုလူငယ်က ပြောသည်။

"တို့က ဘရွတ်ကလင် ရောက်နေတာကွ၊ ငါ့အဖေ အခု ရောက်လာတော့မယ်"

ဒေးဗစ်က ပြန်ဖြေသည်။

"ငါ မြန်မြန်သွားမှာပါကွ၊ ဒီနေ့ည မင်း မြင်းလှည်းကိုယူလာနိုင်ရင် ရှောက်ကီက ဆယ်ဒေါ်လာ ပေးမယ်လို့ ပြောတယ်။ မြို့ထဲကို ပစ္စည်းပို့စရာရှိနေလို့"

"ဒီနေ့က သောကြာနေ့ကွ"

"ဒါကြောင့် ပြောတာပေါ့၊ သောကြာနေ့ညဆိုရင် လမ်းပေါ်မှာ ဘယ်သူမှ ရှိမှာ မဟုတ်ဘူး။ ညဘက်မှာ တို့ဘာလုပ်နေတယ်ဆိုတာ ဘယ်သူမှလဲ သိမှာ မဟုတ်ဘူး။ ပြီးတော့ မြင်းလှည်းကလည်း အဝတ်ဟောင်းဝယ်တဲ့ မြင်းလှည်းကွ၊ ဒီလိုင်စင်ကို မြင်ရင် ရဲကလည်း တို့ကို ဒုက္ခမပေးနိုင်ဘူး"

"ငါ ကြိုးစားကြည့်ဦးမယ်လေ၊ ဘယ်အချိန်လဲ နီဒယ်လ်နိုစ်"

"ကိုးနာရီ၊ ရှောက်ကီတို့ မော်တော်ကားဂိုဒေါင် နောက်ဘက်၊ ဟိုမှာ မင်း အဘိုးကြီး ပြန်လာနေပြီ၊ နောက်မှ တွေ့မယ်ဟေ့"

အဖေ ရောက်လာသည်။

"မင်း ဘယ်သူနဲ့ စကားပြောနေတာလဲ"

"သူငယ်ချင်းတစ်ယောက်နဲ့ပါ အဖေ"

"အိုက်ဆီဒိုရှဝပ်ဇ် မဟုတ်ဘူးလား"

"ဟုတ်တယ် အဖေ၊ နီဒယ်လ်နို့စ်"

"ဒီကောင်တွေနဲ့ မပေါင်းနဲ့ဒေးဗစ်၊ တို့ မကြိုက်ဘူး။ အလကားကောင်တွေ၊ ရှော်ကီတို့ ကားဂိုဒေါင်နားမှာ မဖြတမ်းစတည်းချနေတဲ့ အကောင်တွေနဲ့ အတူတူပဲ၊ မြင်မြင်သမျှ အကုန် လျှောက်ခိုးနေတဲ့ သူခိုးကလေးတွေ"

ဒေးဗစ်၏အဖေက ခပ်ပြတ်ပြတ်ပြောသည်။ ဒေးဗစ်က ခေါင်းညိတ်ပြသည်။

"မြင်းကို ဇောင်းထဲသွင်းထားလိုက်၊ ငါ ဘုရားသွားရှိခိုးလိုက်ဦးမယ်။ ည (၇) နာရီမှာ ညစာစားဖို့ အသင့်ပြင်ထားပါလို့လည်း မင်းအမေကို ပြောလိုက်၊ ကြားလား"

* * *

အက်စ်သာဝုဖ်သည် ဘုရားစင်ရှေ့မှာ ရပ်နေသည်။ ဘုရားဝတ်ပြုသည့်အခါ အသုံးပြုသည့်တဘက်ကို ခေါင်းပေါ်မှာ အုပ်ထားသည်။ ဖယောင်းတိုင်များကို သစ်သားမီးခြစ်ဖြင့် ထွန်းသည့်အခါ အဝါရောင်မီးများ လင်းလာသည်။ မီးခြစ်ဆံများကို စားပွဲအောက်သို့ ဂရုတစိုက် ပစ်ချသည်။ ပြီးတော့ ဖယောင်းတိုင်များ ကောင်းစွာ မီးစွဲသည်အထိ စောင့်ကြည့်နေ၏။ ထို့နောက် ဘုရားဝတ်ပြုသည်။

ပထမဆုံး သားဖြစ်သူ ဒေးဗစ်အတွက် ဆုတောင်းသည်။ ဒေးဗစ်သည် သူတို့အသက်ကြီးသောအခါမှ လူဖြစ်လာသည့် ကလေး ဖြစ်သည်။ ကလေးရချိန် တန်သော်လည်း မရသဖြင့် ဝုဖ်နှင့် အက်စ်သာသည် အားလျှော့လိုက်၏။ ထိုအချိန်မှစပြီး ဘုရားသခင်ကို မမေ့မလျော့ သူတို့ ဝတ်ပြုခဲ့ကြသည်။ သားသမီးရတနာ ရပါမည့်အကြောင်း။

ဂျာမနီနိုင်ငံတွင် အက်စ်သာနှင့် ဝုဖ်တို့ ပထမဦးဆုံး တွေ့ကြစဉ်က ဝုဖ်သည် ကျောင်းသား ဖြစ်သည်။ ထိုစဉ်က ဝုဖ်စ်သည် ပိန်ပိန်ပါးပါး ဖြစ်၏။ သေးသေးကွေးကွေး ဖြစ်၏။

သူတို့ လက်ထပ်ပြီးသောအခါ အက်စ်သာဖခင်၏ အလုပ်မှာပင် ဝုဖ်က ဝင်ရောက်လုပ်ကိုင်သည်။ ထိုအချိန်မှာပင် ဂျူးလူမျိုးတို့၏ ကံကြမ္မာသည် ဂျာမနီနိုင်ငံတွင် ဆိုးဝါးလာတော့၏။ ညဘက်ဆိုလျှင် အိမ်များကို စွန့်ခွာထားခဲ့ပြီး တောတွင်းမှာ ဝင်ရောက်ပုန်းအောင်း အိပ်ခဲ့ကြရသည်။ အကြောင်းရှိသဖြင့် အိမ်မှာနေရသည် ဆိုလျှင်လည်း တံခါးများကို အလုံပိတ်ထားကြရသည်။

တစ်ညတွင် သည်အကြောင်းများကို စဉ်းစားရင်း စိတ်မချမ်းမသာ ဖြစ်နေသည်။ သူ့အစ်ကိုတစ်ယောက်သည် အမေရိကန်သို့ ရောက်ရှိနေပြီး အလုပ်အကိုင်ဖြင့် ဟန်ကျပန်ကျ ဖြစ်နေ၏။ သူ့အစ်ကိုက ရေးလိုက်သည့်စာအကြောင်းကို ခင်ပွန်းဖြစ်သူ ဝုဖ်အား ပြောပြနေမိသည်။

"ကျွန်မတို့ ယုန်တွေလိုပဲ ထောင်ချောက်ထဲမှာ နေကြမလား၊ ကျွန်မတို့ကို သတ်မယ့်လူတွေအလာကို ထောင်ချောက်ထဲကနေပြီး စောင့်နေရမှာလား"

အက်စ်သာက သူ့ယောကျ်ားကိုမေးရင်း ငိုသည်။

သည်ရန်များမှ လွတ်မြောက်ရန်အတွက် အက်စ်သာ၏အစ်ကိုသည် အမေရိကန်ပြည်ထောင်စုသို့ ထွက်ပြေးလွတ်မြောက်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း သူတို့မိသားစုများမှာမူ သည်အန္တရာယ်များကြားမှာပင် ကျန်ရစ်နေရသည်။

သည်လိုဖြင့်ပင် တစ်ညတွင် ရန်သူများ ရောက်လာသည်။ အိမ်အပြင်ဘက်မှ မြင်းခွာသံများ ကြားရသည်။ တစ်ဆက်တည်း ဆိုသလိုပင် အိမ်တံခါးကို သေနတ်ဒင်ဖြင့် ရိုက်ဖွင့်သည့် အသံကိုပါ ကြားကြရပြန်သည်။

"ပြေး ပြေး သမီးတို့ ပြေးကြတော့၊ အိမ်နောက်ဘက်တံခါးကနေပြီး လယ်ကွင်းထဲကို ဖြတ်ပြေးကြ၊ သူတို့ မြင်နိုင်မှာ မဟုတ်ဘူး"

ဟု အက်စ်သာ၏အဖေက လေသံဖြင့်ပြောရင်း သူတို့လင်မယားကို တွန်းလွှတ်သည်။

ဝုဖ်သည် အက်စ်သာ၏လက်ကိုဆွဲရင်း အိမ်နောက်ဘက်သို့ ပြေးထွက်ခဲ့သည်။ အပေါက်မှ ထွက်ခါနီးတွင် ရပ်ပြီး သူ့ယောက္ခမများ လိုက်မလာသောကြောင့် ပြန်ခေါ်သည်။

"တို့ မလိုက်ဘူး၊ ဒီမှာ တစ်ယောက်မှမတွေ့ရင် လယ်ကွင်းထဲကို သူတို့ လိုက်ရှာကြလိမ့်မယ်။ မင်းတို့သာ လွတ်အောင်ပြေးကြ၊ တို့ နေခဲ့မယ်၊ ဂျူးလူမျိုးဆိုတာ အလွယ်တကူနဲ့

မသေနိုင်ကြောင်း သူတို့ သိအောင် ပြရမယ်"

သည်လိုဖြင့် သူတို့လင်မယား ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။ နောက် လအနည်းငယ် ကြာသောအခါ အမေရိကန်ပြည်ထောင်စုသို့ သူတို့နှစ်ယောက် ရောက်လာကြသည်။ အမေရိကန်သို့ရောက်ပြီး နှစ်ပေါင်းနှစ်ဆယ်ခန့်ကြာမှ ဒေးဗစ်ကို မွေးသည်။

အက်စ်သာသည် သားအတွက် ဆုတောင်းပြီးသောအခါ ခင်ပွန်းအတွက် ဆုတောင်း၏။ နောက်ဆုံးမှာ သူ့အစ်ကို ဘားနဒ်နော်မန်အတွက် ဆုတောင်းသည်။

ဘားနဒ်သည် ယခုအခါ ကာလီဖိုးနီးယားပြည်နယ်မှာ ရုပ်ရှင်လုပ်ငန်းဖြင့် ကြီးပွားနေ၏။ အစ်ကိုဖြစ်သူ ကျန်းမာစေကြောင်း လုပ်ငန်းကိုင်ငန်း ကြီးပွားပါစေကြောင်းများကို ဆုတောင်းပြီးသောအခါ မီးဖိုချောင်သို့ ထလာခဲ့သည်။ ညစာအတွက် လိုအပ်သည်များကို ပြင်ဆင်သည်။ ညစာပြင်နေတုန်း အိမ်ရှေ့တံခါးဖွင့်သံ ကြားရသည်။

"ဒေးဗစ်လား"

"ဟုတ်တယ် အမေ"

အက်စ်သာသည် ညစာအတွက် ပြင်ဆင်ပြီးစီးပြီ ဖြစ်သောကြောင့် ဖွန်းကိုချခဲ့ပြီး နောက်ဘက်သို့ လှည့်လာခဲ့သည်။ သူ့သားကို မြင်ရသော အခါတိုင်း သားအတွက် ဂုဏ်ယူမဆုံး၊ ပီတိဖြစ်၍မဆုံး၊ ကျေနပ်မဆုံး ဖြစ်ရစမြဲပင်။ ကိုယ်လုံးကိုယ်ထည် ဖြောင့်ဖြောင့်စင်းစင်း၊ အရပ်မြင့်မြင့် ဖြစ်သည်။

"အဖေ ဘုရားသွားရှိခိုးတယ်။ ည (၇) နာရီကျမှ ပြန်လာမယ်တဲ့"

အမေက သူ့ကို ပြုံးပြသည်။

"ဟုတ်လား၊ ဒီလိုဆိုရင်လည်း သား လက်သွားဆေးတော့၊ ညစာ ပြင်ထားပြီးပြီ"

## (၃)

ရှော်ကီ၏မော်တော်ကားရုံ နောက်ဘက်သို့သွားရန် လမ်းကြားထဲသို့ ချိုးကွေ့လိုက်စဉ်မှာ ပင်နီဒယ်နဲ့စ် အူယားဖားယား ရောက်လာသည်။

"ဒေးဗစ် မဟုတ်လားဟေ့"

"မင်းက ဘယ်သူထင်လို့လဲ"

ဟု ဒေးဗစ်က ပြန်နောက်သည်။

"မင်း လာမယ် မလာဘူး မသေချာလို့ကွ၊ အခု ဆယ်နာရီပဲ ထိုးနေပြီ"

"အဘိုးကြီးအိပ်မှ မြင်းလှည်းက ထုတ်လို့ရတာကွ"

ဒေးဗစ်က မြင်းလှည်းကို ကားရုံ နောက်နားမှာ ရပ်သည်။

ခဏကြာသောအခါ ရှော်ကီ ထွက်လာသည်။ ပြောင်နေသော သူ၏ခေါင်းသည် မီးရောင်မှိန်မှိန်မှာ အရောင်တောက်နေသည်။ သူ့အရပ်က ခပ်ပြတ်ပြတ် ဖြစ်၏။

"မင်း နောက်ကျလိုက်တာကွာ"

ဟု ရှော်ကီက ပြောသည်။

"ဘာဖြစ်ဖြစ် ကျုပ် ရောက်အောင်လာတာပဲ မဟုတ်လား"

ရှော်ကီသည် သူ့ကို ဘာမှ ပြန်မပြောတော့ဘဲ နီဒယ်လ်နဲ့စ်ဘက်သို့ လှည့်သွားသည်။

"သံပုံးတွေ စတင်တော့ကွာ၊ မင်းကို သူ ကူလုပ်ပေးပါလိမ့်မယ်"

ဒေးဗစ်သည် မြင်းလှည်းပေါ်မှ ဆင်းပြီး ရှော်ကီနောက်သို့ လိုက်သွားသည်။ ကားရုံထဲမှာ မီးတစ်ပွင့်ကိုသာ ဖွင့်ထားသောကြောင့် အလင်းရောင်က အားနည်းနေသည်။ သို့သော်လည်း သံပုံးများ တန်းစီချထားသည်ကိုမူ မြင်နိုင်သည်။ ဒေးဗစ်က ရပ်ပြီး လေချွန်လိုက်၏။

"ခင်ဗျားတို့ဟာက ပုံး (၄၀) လောက်ရှိမယ်"

"ဒီကောင် ဘယ်ဆိုးလို့တုံး၊ မှန်းတတ်သားပဲ"

ဟု ရှော်ကီက ပြောသည်။

"ဒါဆို ပေါင်ချိန် (၄၀၀) လောက်လေးမယ်၊ ကျုပ် မြင်းအိုမကြီးက ဒီလောက်တော့

ဘယ်နိုင်ပါ့မလဲဗျ"

ရှော်ကီက သူ့ကို လှမ်းကြည့်သည်။

"မင်း အရင်တစ်ခါကလည်း ဒါလောက် သယ်ဖူးပါတယ်ကွာ"

"မသယ်ဖူးပါဘူးဗျာ၊ အရင် တစ်ခါတုန်းက ပုံး (၃၀) ထဲပါ။ ဒါပေမယ့် ဒီတစ်ခါတော့ မရတော့ဘူး။ လှည်းပေါ်မှာ အရက် ဂါလံပေါင်း (၂၀၀)နဲ့ ကျုပ် မြင်းမကြီး လဲသေနေတာ တွေ့ရင် မလွယ်ဘူး။ အဘိုးကြီး သိသွားလို့ ကျုပ် အိမ်ပေါ်က ခြေနဲ့မဆင်းရဘဲ ခေါင်းနဲ့ ဆင်းရလိမ့်မယ်"

"ဒီတစ်ခါပါပဲကွာ၊ ပုံး (၄၀) ပို့ပေးပါ့မယ်လို့ ဂျင်နော်ရီယိုကို ငါ ကတိပေးထားပြီးသား ဖြစ်နေလို့ပါ"

ဟု ရှော်ကီက ပြောသည်။

"ခင်ဗျား ထရပ်ကားတွေနဲ့တော့ ဘာဖြစ်လို့ မပို့တာလဲဗျ"

"ကားနဲ့ပို့လို့ မဖြစ်လို့ပေါ့ကွာ၊ ရဲတွေက စောင့်ကြည့်နေတာ။ မင်းတို့ မြင်းလှည်း ဆိုရင် သူတို့ကလည်း ဂရုစိုက်တာ မဟုတ်ဘူး"

"မဖြစ်ဘူးဗျာ၊ (၂၅) ပုံးပဲ အများဆုံး သယ်နိုင်မယ်"

ရှော်ကီက ဒေးဗစ်ကို စိုက်ကြည့်နေသည်။

"ဒီတစ်ခါတော့ လုပ်ပါကွာ၊ (၂၅) ဒေါ်လာ ပေးမယ်။ ကဲ ငါ ကတိပေးပြီးသား ဖြစ်နေလို့ပါ"

ဒေးဗစ်သည် ငြိမ်နေ၏။ ဒေါ်လာ (၂၀) ဆိုသည်ကပင် သူ့အဖေ တနင်္ဂနွေတစ်ပတ် ရှာ၍မရနိုင်သောငွေ ဖြစ်သည်။ တစ်ပတ်လုံးတွင် နေပူမရှောင် မိုးရွာမရှောင် စနေနေ့မှတစ်ပါး ကျုံးရုန်းလုပ်ရသည်။ သို့သော်လည်း ဤမျှငွေကိုရရန် မလွယ်ကူ။

"(၂၅) ဒေါ်လာ ပေးမယ်ကွာ"

ရှော်ကီက ထပ်ပြောပြန်သည်။

"ကောင်းပြီဗျာ၊ ဒီတစ်ခါတော့ လုပ်မယ်"

"ကဲ ဒါဖြင့် တင်တော့ဟေ့"

ရှော်ကီက သံပုံးများကို စတင်တော့သည်။

ပစ္စည်းများတင်ပြီး မြို့ထဲသို့ လာကြသောအခါ လှည်းပေါ်မှာ ဒေးဗစ်တစ်ယောက် တည်း ထိုင်လိုက်လာသည်။ မြင်းအိုမကြီးသည် ကုန်းတက်ကို တဖြည်းဖြည်း တက်လာသည်။ ထောင့်တစ်ထောင့်တွင် ထရပ်ကားတစ်စင်းနှင့် ဆုံသောကြောင့် ဒေးဗစ်က လှည်းကိုရပ်ပေး ထားသည်။ ထိုအချိန်မှာပင် ရဲသားတစ်ယောက် တဖြည်းဖြည်း လျှောက်လာသည်။

"ညအချိန်မတော်ကြီး ဘာထွက်လုပ်တာလဲ ဒေးဗစ်"

ဒေးဗစ်သည် လှည်းနောက်ပိုင်းသို့ ကမန်းကတန်း လှည့်ကြည့်သည်။ အရက်ပုံးများ အားလုံးကို တာရပတ်ဖြင့် ဖုံးအုပ်ထားသည်။ ထိုအပေါ်တွင် အဝတ်ဟောင်းများ တင်ထားသည်။

"အဝတ်ဟောင်းတွေဗျာ၊ ဈေးကောင်းကောင်း ရမယ်ဆိုလို့"

"မင်းအဖေရော ဘယ်သွားသလဲ"

"ဒီနေ့ သောကြာနေ့ည ခင်ဗျ"

"အို့ ဟုတ်သားပဲ၊ မင်း အခုလို ထွက်လာတာ မင်းအဖေ သိရဲ့လား"

ဟု ရဲသားက ဒေးဗစ်ကို မော့ကြည့်ရင်း မေးသည်။ ဒေးဗစ်က ခေါင်းယမ်းပြသည်။ ရဲသားက ရယ်သည်။

"မင်းတို့ ကလေးတွေဟာ ဒီအတိုင်းချည်းပဲ"

"အဖေ မသိခင် ပြန်ရောက်အောင် ကျွန်တော် ပြန်မှာပါ"

ဒေးဗစ်က ပြောပြောဆိုဆိုဖြင့် မြင်းကို စမောင်းသည်။ ရဲသားက ဘေးသို့ ဖယ်ပေး သည်။ မလှမ်းမကမ်းသို့ သူ ရောက်သောအခါ ရဲသားက သူ့ကို လှမ်းပြောသံကြားရသည်။

"မင်းအဖေကို ပြောလိုက်စမ်းပါကွာ၊ ကိုးနှစ်သားကလေးနဲ့တော်မယ့် အဝတ်အစား များတွေ့ရင် ကြည့်ထားပေးစမ်းပါလို့၊ ငါ့သားမိုက်ကယ်က အရင်အဝတ်တွေနဲ့ မတော်တော့ဘူး"

"ကျွန်တော် ပြောလိုက်ပါ့မယ် ခင်ဗျာ"

မြင်းဇက်ကြိုးကို ဒေးဗစ်က ဖြည်းဖြည်းချင်း လျှော့ပေးလိုက်သည်။ ပစ္စည်းများ ချသည့် ပလက်ဖောင်းဘေးသို့ မြင်းလှည်းကိုကပ်ပြီး ရပ်သောအခါ ရော်ကီနှင့် နီဒယ်လ်နှစ်တို့ သည် ထိုနေရာတွင် ရောက်နှင့်နေကြပြီ ဖြစ်၏။ ပြီးတော့ လှည်းပေါ်မှ အရက်ပုံးများကို သူတို့ ချနေသည်ကို ဂျင်နော်ရီယိုက စောင့်ကြည့်နေသည်။

ထိုအခိုက်မှာပင် အမှောင်တွင်းမှ စုံထောက်များ ရုတ်ခြည်း ပေါ်လာသည်။ သူတို့ လက်ထဲမှာ သေနတ်များ ကိုင်ထားကြသည်။

"ဟေ့ကောင်တွေ ရပ်လိုက်"

ဒေးဗစ် လန့်သွားသည်။ သူ့လက်ထဲမှာလည်း အရက်ပုံးကြီး တန်းလန်းနှင့်ဖြစ်သည်။ သူသည် လက်ထဲမှ ပုံးကိုပစ်ချပြီး ထွက်ပြေးရလျှင် ကောင်းမလားဟု စိတ်ကူးမိသည်။ သို့သော် မြင်းလှည်းက ကျန်ခဲ့မည်။ သူ့အဖေကို မည်သို့ ပြန်ပြောရမည်နည်း။

"ဟေ့ကောင်၊ မင်းလက်ထဲက ပုံးကိုချလိုက်"

စုံထောက်တစ်ယောက်က သူ့ကို လှမ်းအော်သည်။

ဒေးဗစ်က ပုံးကိုချပြီး သူတို့ကို လှမ်းကြည့်သည်။

"ဟိုနံရံမှာ သွားကပ်နေ"

"ခင်ဗျား ဒါမျိုး မလုပ်သင့်ဘူး ဂျိုး"

ဟု စုံထောက်တစ်ယောက်က ဂျင်နော်ရီယိုကို လှမ်းပြောသည်။

ဂျင်နော်ရီယိုက ပြုံးနေသည်။ သူ့မျက်နှာပေါ်တွင် ဘာမှ မဖြစ်သည့် အမူအရာမျိုးကို ဒေးဗစ် တွေ့နေရသည်။

"အိမ်ထဲ ခဏဝင်ပါဦး ဆရာရယ်၊ ကျွန်တော် ရှင်းပြပါရစေ"

ဂျင်နော်ရီယိုက စုံထောက်ကို ပြောပြသည်။

စုံထောက်အရာရှိသည် ဂျင်နော်ရီယိုနှင့်အတူ အိမ်တွင်းသို့ ဝင်လိုက်သွားသည်။ မိမိတို့အားလုံး အဖမ်းခံကြရပြီဟု ဒေးဗစ် ထင်သည်။ သို့သော်လည်း ဆယ်မိနစ်ခန့်ကြာသော အခါ သူတို့နှစ်ယောက် ပြန်ထွက်လာကြသည်။ နှစ်ယောက်စလုံး ပြုံးနေကြသည်။

"ပြီးသွားပါပြီ သူငယ်ချင်းတို့၊ တို့ မှားတာပါ။ မစ္စတာဂျင်နော်ရီယိုက အားလုံးရှင်း ပြလိုက်ပါတယ်။ ကဲ. . . သွားကြစို့"

စုံထောက်အရာရှိက ပြောသည်။ သူတို့ ရုတ်ခြည်း ရောက်လာကြသကဲ့သို့ ချက်ချင်း ပင် ပြန်လည် ပျောက်ကွယ်သွားကြသည်။ ဒေးဗစ်က ပါးစပ်ကို ဟောင်းလောင်းဖွင့်ပြီး ငေးကြည့် နေမိသည်။

* * *

သူတို့ အိမ်ပြန်လာသောအခါ နီဒယ်လ်နှစ်သည် မြင်းလှည်းပေါ်တွင် သူ့ဘေးမှာ ထိုင်လိုက်လာသည်။ မြင်းဇောင်းမှာ မြင်းနှင့်လှည်းကို သွားထားခဲ့ပြီး လမ်းမပေါ်သို့ သူတို့ တက်လာခဲ့ကြသည်။

"မင်းကို ငါ ပြောသားပဲ၊ အားလုံး အစီအစဉ် လုပ်ထားပြီးသားပါလို့"

နီဒယ်လ်နှစ်က ပြောသည်။

ဒေးဗစ်က သူ့ကို ကြည့်သည်။ သူ့အိတ်ထဲမှာ (၂၅) ဒေါ်လာ ရှိလာသော်လည်း သည်အလုပ်မျိုးကို သူ လန့်နေသည်။ သူတို့ဟာ သူတို့ ဘယ်လောက်ပင် သေချာသေချာ၊ သူ မစွန့်စားရဲ။

"တော်ပြီကွာ၊ နောက်တော့ ဒါမျိုး ဘယ်တော့မှ မလုပ်ဘူး"

"မင်း သိပ်ကြောက်သွားသလား"

နီဒယ်လ်နှစ်က ရယ်သည်။

"ဟာ လန့်တာပေါ့ကွ၊ တခြားနည်းနဲ့ ရှာစားရင်လည်း ဖြစ်ပါတယ်ကွာ"

"ရှာတွေ့ရင် ငါ့လည်း လက်တို့ပါဦး သူငယ်ချင်း"

နီဒယ်လ်နှစ်က ရယ်မြဲရယ်နေသည်။

"ရှော်ကီတို့ အိမ်အပေါ်ထပ်မှာ တရုတ်မနှစ်ကောင် ရှိတယ်ကွ၊ တို့ လိုချင်ရင် ဒီနေ့ည ရမယ်လို့ သူက ပြောတယ်"

ဟု နီဒယ်လ်နိုစ်က ပြောသည်။

ဒေးဗစ်က ဘာမှ ပြန်မပြော။ သူ့စိတ်ထဲမှာ လှုပ်ရှားလာသည်။

* * *

ဒေးဗစ် သူတို့ လမ်းထဲသို့ ချိုးဝင်လိုက်သောအချိန်သည် သန်းခေါင်ကျော် တစ်နာရီ ထိုးပြီဖြစ်ကြောင်း နာရီစင်မှ နာရီက ပြနေသည်။ သူတို့အိမ်ရှေ့မှာ ရဲကားတစ်စင်း ရပ်ထားသည်ကို တွေ့ရသည်။ အိမ်ဘက်ဆီသို့ အာရုံစိုက်ပြီး ကြည့်နေကြသည့် လူအုပ်ကြီးကိုလည်း မြင်ရသည်။

ဒေးဗစ် လန့်သွားသည်။ တစ်ခုခုတော့ ဖြစ်ပြီဟု တွေးလိုက်မိသည်။ ရဲများ သူ့ကို လာဖမ်းခြင်းသာ ဖြစ်ရမည်။ နောက်ကြောင်းကို ပြန်လှည့်ပြေးရန် ပြင်လိုက်၏။ သို့သော်လည်း သူ့စိတ်က အိမ်ဆီသို့ သွားချင်နေသည်။

"ဘာဖြစ်တာလဲဗျ"

ဟု အနီးရှိလူတစ်ယောက်ကို မေးကြည့်သည်။

"မပြောတတ်ဘူး၊ ရဲသားတစ်ယောက်ပြောတာတော့ အပေါ်ထပ်မှာ လူတစ်ယောက် မေ့နေတယ် ဆိုလားပဲ"

ဒေးဗစ်သည် ချက်ချင်းပင် လူအုပ်ကို တိုးဝှေ့ပြီး အိမ်ပေါ်သို့ ပြေးတက်လာခဲ့သည်။ လှေကားအတိုင်း ပြေးတက်လာခိုက် သူတို့အခန်းရှိရာ တတိယထပ်ဆီမှ အမေ၏ငိုသံကို ကြားနေရသည်။

အခန်းဝတွင် အမေသည် ရဲသားနှစ်ယောက်၏ ပခုံးကိုလှုပ်ကာ သူ့ယောက်ျား အမည်ကိုခေါ်ရင်း ငိုနေသည်။

"အမေ ဘာဖြစ်လို့လဲ"

အမေက သူ့ကိုကြည့်သည်။ သို့သော် သူ့ကို မြင်ပုံမရ။

"ဆရာဝန်ကို ခေါ်တာ၊ ရောက်လာတော့ ရဲတွေပဲရောက်လာတယ်"

အမေသည် ပြောရင်းဖြင့် တစ်ဖိုတည်း ငိုနေသည်။ ဒေးဗစ်သည် အမေ ကြည့်ရာသို့ လိုက်ပြီး ကြည့်သည်။ ရေချိုးခန်းတံခါး ပွင့်နေသည်ကို တွေ့ရသည်။ အတွင်း၌ သူ့အဖေ ထိုင်နေသည်။ ဦးခေါင်းတွင် ချွေးများသီးနေသည်။ ပါးစပ်နှင့်မျက်လုံးများလည်း ပွင့်နေသည်။

"ဓာတ်ငွေ့ရပြီလို့ ရှင် ပြောတယ် မဟုတ်လား၊ ဒီဓာတ်ငွေ့ကြောင့် ရှင် သေရမယ် လို့တော့ ကျွန်မကို ဘာဖြစ်လို့ ပြောမသွားတာလဲ"

ဟု သူ့အမေက ပြောရင်းငိုပြန်သည်။

(၄)

"သူ့ပညာရေး ဆုံးခန်းတိုင်မရောက်သေးခင် သူ့အဖေ ဆုံးသွားတာ ငါ့အပြစ်လား။ သူ့ကို အလုပ်လုပ်ခိုင်းပြီးတော့ ညကျောင်းတက်ခိုင်းပေါ့"

အန်ကယ်ဘာနီက ဒေါသဖြင့် ပြောသည်။

ဒေးဗစ်သည် ကုလားထိုင်အစွန်းမှာထိုင်ပြီး သူ့အမေကို ကြည့်နေသည်။ ဘာမှ ဝင်မပြော။ အမေကသာ ပြောသည်။

"အလျှုခံနေတာ မဟုတ်ဘူး ဘာနီ၊ ဒေးဗစ်က အလုပ်လိုချင်နေတယ်၊ ဒါကြောင့် အလုပ်တစ်ခုလောက်ပေးဖို့ ပြောနေတာ"

နော်မန်က မသက်သာသော အကြည့်မျိုးဖြင့် တူဖြစ်သူကို ကြည့်သည်။

"ငါ့ကုမ္ပဏီမှာ ဒုတိယဥက္ကဋ္ဌ အလုပ်မျိုးကို မင်းက လိုချင်နေသလား၊ ဟုတ်လား"

ဒေးဗစ်က ဒေါသဖြင့် ထိုင်ရာမှထသည်။

"ကျွန်တော် အပြင်သွားမယ် အမေ၊ အန်ကယ်ဘာနီအကြောင်း လူတွေပြောနေတာ

မှန်တာပဲ"

"ငါ့အကြောင်းပြောတယ် ဟုတ်လား။ ဘာတွေ ပြောကြတာလဲ"

ဟု နော်မန်က လှမ်းအော်သည်။

"အဖေ့ကိစ္စအတွက် ဘုရားရှိခိုးကျောင်းကို သွားတုန်းက သူတို့က ပြောတယ်။ အဖေ့အသုဘကို မင်းဘကြီး မလာတာဟာ ပိုက်ဆံကုန်မှာစိုးလို့တဲ့။ တစ်ယောက်ယောက်က အလှူခံနေရင် ပိုက်ဆံလှူနေရမှာ စိုးလို့တဲ့"

"ကာလီဖိုးနီးယားကနေပြီး ဒီကို နေ့ချင်းပေါက်အောင် ငါက လာရမလား၊ ငါ့မှာ အတောင်ပေါက်နေတာ မဟုတ်ဘူးကွ"

ဒေးဗစ်က ဘာမှ မပြောဘဲ တံခါးဘက်သို့ ခြေဦးလှည့်လိုက်သည်။

"ခဏနေဦး ဒေးဗစ်"

ဟု အမေက လှမ်းခေါ်သည်။ ပြန်လှည့်လာသောအခါ အမေက သူ့အစ်ကိုဘက်သို့ လှည့်ပြောသည်။

"စစ်မဖြစ်ခင်တုန်းက ရှင့်အလုပ်အတွက် ရှင် ဒေါ်လာငါးရာ လိုနေတယ် မဟုတ်လား၊ ရှင့်ကို ဒီငွေ ဘယ်သူ ပေးခဲ့သလဲ"

အက်စ်သာက သူ့အဖြေကို ခဏစောင့်နေသေးသည်။ စောင့်ရင်း သူ့ဟာသူ ပြန်ပြောနေသည်။

"အဝတ်အစားဟောင်းတွေ ရောင်းဝယ်စားနေတဲ့ ရှင့်ယောက်ဖကပဲ ရှင့်ကို ထုတ်ပေးခဲ့တယ် မဟုတ်လား။ သူက ရှင့်ကို ပိုက်ဆံပေးတယ်၊ ရှင်က သူ့ကို စာရွက်တစ်ရွက် ပြန်ပေးခဲ့တယ်၊ အဲဒီစာရွက် အခုအထိ ရှိသေးတယ်။ ကျွန်မတို့ငွေ ပြန်ပေးပါလို့များ တောင်းခဲ့ဖူးသလား"

"စာရွက် ဟုတ်လား၊ ဘာ စာရွက်လဲ"

နော်မန်က ပြန်မေးသည်။

"ရှိပါတယ်၊ ရှင့်ကို ငွေပေးလိုက်တဲ့ ညကတည်းက သေတ္တာထဲမှာ ထည့်ထားတာ၊ ဒီအတိုင်းပဲ ရှိသေးတယ်"

"ငါ့ကို ပြစမ်းပါဦး"

အက်စ်သာ အခန်းထဲမှ ထွက်သွားသည်ကို ဘာနီက လှမ်းကြည့်နေသည်။ စဉ်းစားရင်းဖြင့် သူ သတိရစ ပြုလာပြီ။ စိန်ရုပ်ရှင်ကုမ္ပဏီကို သူဝယ်ပြီး နော်မန်ရုပ်ရှင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွင့်ခဲ့သည်။ ထိုစဉ်က သူ့ယောက်ဖထံလာပြီး ငွေချေးသည်။ ထိုငွေကို နော်မန်ကုမ္ပဏီတွင် ငါးရာခိုင်နှုန်း အစုရှင်အဖြစ် ထည့်ပေးမည်ဟုပြောပြီး ပေးခဲ့သည့် အစုရှယ်ယာလက်မှတ် ဖြစ်သည်။ သည်အကြောင်းများကို သူ လုံးဝ မေ့နေသည်။ မည်သို့ဆိုစေ ရှေ့နေကောင်းတစ်ယောက်၏လက်သို့ ဤလက်မှတ် ရောက်သွားမည် ဆိုပါက ငွေအမြောက်အမြား ဖြစ်အောင်လုပ်နိုင်သော လက်မှတ် ဖြစ်နေသည်။

သူ့ညီမသည် အခန်းတွင်းသို့ ပြန်လာပြီး သူ့ကို စာရွက်တစ်ရွက် လှမ်းပေးသည်။ စာရွက်သည် အရောင်ပင် ပြောင်းနေပြီ။ သို့သော်လည်း 'စက်တင်ဘာ (၇) ရက်၊ (၁၉၁၂) ခုနှစ်'ဟူသော နေ့စွဲများသည် ထင်ရှားလျက် ရှိသည်။ ယခုဆိုလျှင် (၁၄) နှစ်ကြာသွားပြီ။ သူ့ညီမကို သူ ပြန်ကြည့်၏။

"ကိုယ့်ဆွေထဲမျိုးထဲက လူကို ပြန်ခန့်ထားရမယ်ဆိုတာ ငါ့စည်းကမ်းကို ဆန့်ကျင်နေတယ်။ လုပ်ငန်းအတွက် မကောင်းဘူး"

"ဒေးဗစ်ဟာ အစ်ကို့တူတော်တယ်လို့ ဘယ်သူက သိမှာလဲ၊ ပြီးတော့လည်း အစ်ကို့အပေါ်မှာ ကိုယ့်ဆွေမျိုးရင်းချာထက် ဘယ်သူက ပိုကောင်းဦးမှာလဲ"

သူ့ညီမကို ခဏငေးကြည့်နေသေးသည်။ ပြီးတော့ ထိုင်ရာမှ သူ ထသည်။

"ကောင်းပြီလေ၊ ငါ ခန့်မယ်၊ ငါ့စည်းကမ်းကိုတော့ ကျော်လွန်ပြီး လုပ်ရာရောက်တာပေါ့၊ မင်း ပြောသလို သွေးဟာ ရေထက်ပိုပြီး ပြစ်တယ်ဆိုတာ မှန်ပါတယ်။ မြစ်နားက (၄၃) လမ်းမှာ တို့ကုန်တိုက်တစ်ခုရှိတယ်၊ သူ့ကို အဲဒီမှာ ခန့်ပေးလိမ့်မယ်၊ မင်း အဲဒီကိုသွား"

"ကျေးဇူးတင်ပါတယ် အန်ကယ်ဘာနီ"

ဒေးဗစ်က ဝမ်းသာအားရ ပြောသည်။

"မင်းဟာ ငါ့တူဖြစ်ပါတယ်ဆိုတဲ့ စကားကိုတော့ လုံးဝ မပြောနဲ့၊ ဒီစကားတစ်ခွန်း ကြားရရင် မင်း အလုပ်ပြုတ်ပြီသာမှတ်"

"ကျွန်တော် ရှောင်နေပါ့မယ် အန်ကယ်ဘာနီ"

နော်မန်သည် အပေါက်ဝဆီသို့ ထွက်လာသည်။ အပေါက်ဝ မရောက်မီ ပြန်လှည့်လာသည်။ သူ့လက်ထဲမှ စာရွက်ကို ခေါက်ပြီး သူ့အိတ်ထဲသို့ ထည့်နေသည်။

"ဒီစာရွက်ကို ငါ ပြန်ယူသွားမယ်၊ ငါ ရုံးကို ပြန်ရောက်တဲ့အခါမှာ မင်းဆီကို သူတို့ ဒေါ်လာ (၅၀၀) နဲ့ (၁၄) နှစ်အတွက် အတိုးပါပို့ပေးလိမ့်မယ်၊ အတိုးက သုံးရာခိုင်နှုန်း"

သူ့ညီမ၏မျက်နှာပေါ်မှာ စိတ်မကောင်းဟန် ပေါ်လာသည်။

"အဲဒီလောက်ငွေ ပေးနိုင်မယ် ထင်လို့လား အစ်ကို၊ သိပ်အရင်မလိုပါဘူး။ ဒေးဗစ် အလုပ်ရပြီ ဆိုရင်လည်း ကျွန်မတို့ နေလောက်စားလောက်ပါလိမ့်မယ်"

"တတ်နိုင်တာ၊ မတတ်နိုင်တာ အပထားလေ၊ ဘာနီနော်မန် ဆိုတဲ့လူဟာ စကား မတည်ဘူးလို့ပြောတာ မခံနိုင်ဘူး"

ဟု ခန့်ခန့်ညားညားကြီး ပြောသွားသေးသည်။

* * *

ဟတ်ဆန်မြစ်ကမ်းပါးတွင် တည်ရှိနေသည့် အဆောက်အအုံကြီးသည် အညိုရောင် သန်းပြီး ညစ်ပတ်နေသည်။ အဆောက်အအုံ၏ နောက်ဘက်တွင် ပစ္စည်းအတင်အချ ပြုလုပ်သည့် ဓာတ်လှေကားကြီးနှစ်ခု ရှိသည်။ အရှေ့ဘက် အဝင်ပေါက်တွင် လူများ တက်ရန် ဆင်းရန်ဖြစ်သော ဓာတ်လှေကားယ်သုံးခု ရှိသည်။ မနက်ရှစ်နာရီမှ ညခြောက်နာရီအထိ အလုပ်သမားများ အလုပ်လုပ်နိုင်လောက်အောင် နေရာကျယ်ဝန်းသည်။

အဆောက်အအုံကြီးကို ကုမ္ပဏီငါးခုတို့က ခွဲဝေပိုင်ဆိုင်ကြသည်။ အောက်ဆုံးထပ် သည် မော်တော်ယာဉ် အပိုပစ္စည်းများ ရောင်းချသည့် ကုမ္ပဏီ ဖြစ်သည်။ ဒုတိယထပ်က အလှကုန်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီ ဖြစ်သည်။ တတိယထပ်တွင် ဓာတ်ပြားကုမ္ပဏီ၊ စတုတ္ထထပ်တွင် ဟင်နရီဖရန့်စ်ကုမ္ပဏီများ ရှိကြပြီး ပဉ္စမနှင့် ဆဋ္ဌမအထပ်များသည် နော်မန် ရုပ်ရှင်ကုမ္ပဏီပိုင်သော အထပ်များ ဖြစ်သည်။

ဒေးဗစ်သည် အစောကြီး ရောက်သွား၏။ ခြောက်ထပ်သို့ ရောက်သောအခါ ဓာတ် လှေကားထဲမှ သူ ထွက်ခဲ့သည်။ သံမဏိစင်များ၊ သစ်သားနှင့်လုပ်ထားသည့်စင်များ တစ် လျှောက် သူ လျှောက်လာခဲ့သည်။ စင်များ အဆုံးတွင် ပြတင်းပေါက်များကိုတွေ့ပြီး ထိုပြတင်း ပေါက်များ အနီးတွင် စားပွဲ၊ ကုလားထိုင်များ ရှိသည်။ ခုံများကို ကျောချင်းကပ်ပြီး ချထားသည်။

"ဘယ်သူမှ မရှိကြဘူးလား ခင်ဗျာ"

ဒေးဗစ်က အော်မေးကြည့်သည်။ သို့သော်လည်း မည်သည့်အသံမျှ မကြားရ။ စားပွဲပေါ်ရှိ နာရီများကို ကြည့်သောအခါ (၇) နာရီခွဲသာ ရှိသေးသည်ကို တွေ့ရသည်။

ဓာတ်လှေကားတံခါး ပွင့်လာပြီး ထိုအထဲမှ ဓာတ်လှေကားမောင်းသူက ခေါင်းပြူကာ ဒေးဗစ်ကို ကြည့်သည်။

"တစ်ယောက်ယောက်များ ခေါ်လိုက်သလားလို့"

ဟု သူက မေးသည်။ ဒေးဗစ်က သူ့ဆီသို့ လျှောက်သွားသည်။

"ကျွန်တော် အလုပ်ကိစ္စအတွက် ဖိုမင်ကိုတွေ့ဖို့လာတာ"

"ဩော် . . . မင်းပဲလား"

"ဘာကို ပြောတာလဲ"

ဒေးဗစ် နားရှုပ်သွား၏။

"လူသစ် ဆိုတာလေ၊ အဘိုးကြီးနော်မန်ရဲ့တူဆိုတာ"

ဒေးဗစ်က ဘာမှ ပြန်မဖြေ။ သူ အလွန် အံ့ဩသွားသည်။ ဓာတ်လှေကားမောင်းသူ က တံခါးမပိတ်မီ သူ့ကို ပြောသွားသည်။

"အခုအချိန်တော့ ဘယ်သူမှ မရှိဘူး။ ရှစ်နာရီ မထိုးမချင်း ဘယ်သူမှ မလာကြဘူး"

ဓာတ်လှေကားသည် အောက်သို့ ပြန်ဆင်းသွား၏။ ဘာစကားမှ မပြောရန် ဘာနီက သူ့ကို ပြောခဲ့သည်။ ယခု သူ ဘာမှ မပြော။ သို့သော်လည်း သူတို့အားလုံး သိနေကြသည်။ သည်အကြောင်းကို သူ့ဘကြီးသိလျှင် မည်သို့ ရှိမည်နည်း။ ဒေးဗစ်သည် စားပွဲကုလားထိုင်များ ရှိရာသို့ ပြန်လျှောက်လာခဲ့သည်။

နံရံမှာ ကပ်ထားသည့် ပိုစတာကြီးများ ရှေ့မှာရပ်ပြီး လိုက်ကြည့်နေသည်။ ရုပ်ရှင် ပိုစတာကြီးများ ဖြစ်သည်။ ထိုသို့ ပိုစတာများကို ကြည့်နေဆဲမှာပင် ဓာတ်လှေကားရပ်သံ ကြားရသည်။ နောက်ပြန်လှည့်ခဲ့ပြီး စောင့်နေသည်။

အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ ဆံပင်နီကြောင်ကြောင်နှင့် လူတစ်ယောက် အထုပ်ထုပ် သည့် စားပွဲတစ်ခုနားမှာ ရပ်နေသည်ကို တွေ့ရသည်။ ထိုသူ၏ မျက်နှာသည် စိုးရိမ်ကြောင့်ကြ နေသည့် မျက်နှာမျိုး ဖြစ်သည်။ ဒေးဗစ်ကို သူ ကြည့်နေသည်။

"ကျွန်တော် ဒေးဗစ်ဝုဖ်ပါ။ ဒီမှာ အလုပ်တစ်ခုလောက်ရဖို့ ဖိုမင်နဲ့ တွေ့ချင်လို့ပါ"

"ငါ ဖိုမင်ပဲ"

ထိုသူက တစ်ဖက်သို့လှည့်ပြီး စားပွဲတစ်ခုမှာ သွားထိုင်သည်။

"ငါ့နာမည် ဝဂ္ဂနာ၊ ဂျက်ဝဂ္ဂနာ"

"တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာဝဂ္ဂနာ"

ဒေးဗစ်က လက်ကမ်းပေးသည်။ ထိုသူက ဒေးဗစ်၏လက်ကို ဆွဲယူနှုတ်ဆက်သည်။ သူ နှုတ်ဆက်ပုံမှာ မတည်မငြိမ်၊ မရေမရာ ပုံမျိုး ဖြစ်သည်။

"မင်းဟာ နော်မန်ရဲ့တူပဲ"

သူ ပြောပုံကလည်း စွပ်စွဲသလို ပုံမျိုး ဖြစ်သည်။

ထိုသူသည် အလွန် ကြောက်ရွံ့စိုးရိမ်သွားကြောင်း ဒေးဗစ် သိလိုက်သည်။ ဘာကြောင့် ဤမျှ ကြောက်ရွံ့တကြီး ဖြစ်နေရသနည်း။ အန်ကယ်ဘာနီနှင့် မိမိတို့ သွေးချင်းသားချင်း တော်ရုံမျှဖြင့် ဤမျှလောက် ထိတ်လန့်တုန်လှုပ်သွားစရာ အကြောင်း မရှိ။ မည်သို့ဆိုစေ ဤ အကြောင်းကို သူက စတင် ပြောဆိုခြင်း မဟုတ်။ သို့သော်လည်း လူတိုင်းက မိမိတို့ တူဝရီး တော်ကြောင်းကို သိနေကြသည်။

"ဘယ်သူမှတော့ မသိဘူး ထင်ပါရဲ့၊ ငါကတော့ သိနေတယ်၊ ထိုင်ကွာ"

စားပွဲနားမှ ကုလားထိုင်ကို သူက လက်ညှိုးညွှန်ပြသည်။ ပြီးတော့ စာရွက်တစ်ရွက်ကို ထုတ်ယူပြီး ဒေးဗစ်ဘက်သို့ တွန်းပေးသည်။

"အဲဒီ လျှောက်လွှာပုံစံထဲမှာ ဖြည့်ကွာ၊ ဆွေမျိုးထဲက ဒီကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ သူ ရှိ၊ မရှိဆိုတဲ့ နေရာကျရင် ဘာမှ မဖြည့်ဘဲ ကွက်လပ်ထားခဲ့"

"ဟုတ်ကဲ့ ခင်ဗျား"

ဝဂ္ဂနာသည် နေရာမှထပြီး တခြားသို့ ထွက်သွားသည်။ ဓာတ်လှေကား ရပ်သံဖွင့်သံ ကြားရပြန်သည်။ လူများ ဝင်လာသည်ကိုလည်း တွေ့ရသည်။ လူအားလုံးက သူတို့၏စားပွဲ များသို့ သွားကြရင်း ဒေးဗစ်ကို ကြည့်သွားကြသည်။ ဒေးဗစ်က ပုံစံကို ဆက်ဖြည့်နေသည်။

ရှစ်နာရီထိုးသောအခါ ခေါင်းလောင်းထိုးသံ ကြားရသည်။ အခန်းထဲမှာ လှုပ်ရှားသံ များ ပေါ်လာသည်။ တစ်နေ့တာ လုပ်ငန်းများ စတင် ဆောင်ရွက်ကြခြင်း ဖြစ်သည်။

ဝဂ္ဂနာ ပြန်လာသောအခါ ဒေးဗစ်က သူ့လျှောက်လွှာကို လှမ်းပေးသည်။ သူက လျှောက်လွှာကို အလေးအနက်မထားဘဲ ပေါ့ပေါ့တန်တန် ကြည့်သည်။

"ကောင်းတယ်"

ဟု စိတ်မပါသလို ပြောသည်။ ပြီးတော့ စားပွဲပေါ်တင်ခဲ့ကာ တခြားသို့ ပြန်ထွက် သွားပြန်သည်။

သူ့ကို ဒေးဗစ်က ကြည့်ပြီး အကဲခတ်နေသည်။ အထုပ်ထုပ်သည့် စားပွဲတစ်ခုသို့ သွားပြီး ထိုစားပွဲရှိ လူတစ်ယောက်နှင့် ၁၊ ၇ ကို ကျောပေးပြီး စကားပြောနေကြသည်။ မိမိ အကြောင်းကိုပင် ဆွေးနွေးနေကြခြင်း ဖြစ်မည်ဟု ဒေးဗစ် ခန့်မှန်းမိသည်။ ဒေးဗစ်၏ စိတ်ထဲမှာ

လည်း ရွံ့တွန့်တွန့် ဖြစ်လာသည်။ ထို့ကြောင့် စိတ်သက်သာလို သက်သာငြား စီးကရက်တစ်လိပ် ထုတ်ပြီး မီးညှိဖွာနေသည်။ ဝဂ္ဂနာသည် သူ့ကို လှမ်းကြည့်ပြီး ပို၍ သောကရောက်သွားပုံရ၏။

"မင်း ဒီမှာ ဆေးလိပ်မသောက်ရဘူးကွ၊ ဟိုမှာ ရေးထားတာ မဖတ်တတ်ဘူးလား"

ဟု ဒေးဗစ်ကို လှမ်းအော်ပြောသည်။

"အို မသိလို့ပါဗျာ"

ဒေးဗစ်က ပြောပြီး ပတ်လည်မှာ ပြာခံခွက် ရှာကြည့်သည်။ မတွေ့၊ ရုတ်ခြည်းပင် အလုပ်သမားအားလုံးက အလုပ်များကိုရပ်ပြီး သူ့ကို ဝိုင်းကြည့်နေကြသည်။ သူ့စိတ်ထဲမှ စိုးရိမ်စိတ်များသည် နဖူးပေါ်သို့ ချွေးများအဖြစ် ပေါ်ထွက်လာသည်။

"မင်း သောက်ချင်ရင် အိမ်သာထဲမှာ သွားသောက်"

ဝဂ္ဂနာက ပြောရင်း နောက်ဘက်သို့ လက်ညှိုးထိုးပြသည်။ ဒေးဗစ်လည်း စကြံ အတိုင်း နောက်ဘက်သို့ လျှောက်လာခဲ့သည်။ နောက်ဘက်တွင် အမျိုးသားများအိမ်သာကို တွေ့ရသည်။ အပေါ့သွားရန်ပါ အတွင်းသို့ သူ ဝင်ခဲ့၏။

သူ့နောက်က တံခါးဖွင့်သံ ကြားရသည်။ ပြန်လှည့်ကြည့်သောအခါ သူ့ဘေးမှာ လူတစ်ယောက် လာရပ်သည်။ သူ့ကို ပြုံးကြည့်နေသောကြောင့် ထိုသူ၏ ပါးစပ်ထဲမှာ ရွှေသွား များ ပြည့်နေကြောင်း တွေ့ရသည်။

"မင်း ချိမ်းဝှဖ်ရဲ့သား မဟုတ်လား"

ဟု ထိုသူက ဂျူးဘာသာဖြင့် မေးသည်။

ဒေးဗစ်က ခေါင်းညိတ်ပြသည်။

"ငါ့နာမည် ယစ်ဇ်ချတ်မာဂေါလစ်၊ မင်းအဖေနဲ့အတူတူ အလုပ်လုပ်ခဲ့ဖူးတယ်"

ဟု သူက ပြော၏။ ထို့ကြောင့် ဒေးဗစ်ကလည်း သိချင်ဇောဖြင့် ပြန်မေးသည်။

"ဒီမှာ အလုပ်လုပ်ပါသလား ခင်ဗျာ"

"ဒါပေါ့ကွ၊ အပေါ့သွားဖို့လောက်အတွက် ဒါလောက် နေရာကြီးကို တက်လာတယ် များ ထင်လို့လား"

ဟု ပြောပြီး သူ အသံကို နှိမ့်ချကာ နှစ်ကိုယ်ကြားစကားမျိုးဖြင့် ပြောသည်။

"မင်းဘကြီးက မင်းကို ဒီမှာ အလုပ်ခန့်လိုက်တာဟာ သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲကွာ"

"သိပ်ကောင်းတယ် ဟုတ်လား"

"သိပ်ကောင်းတာပေါ့၊ အခုဆိုရင် သူတို့ စိတ်ပူနေကြရပြီ၊ ဒီကောင်တွေ ထင်တိုင်း ကြံနေကြတာ ကြာပြီ။ မင်း လုပ်ရမယ့် အလုပ်ကတော့ လက်မှတ်တွေကို စစ်ဆေးကြည့်ဖို့ပဲ"

"လက်မှတ်တွေ ဟုတ်လား"

"ဟုတ်တယ်၊ သင်္ဘောတင်ဖို့ လက်မှတ်တွေ၊ ငါက တစ်နေ့ကို အထုပ်သုံးထုပ် ပြီး အောင်ထုပ်တယ်၊ ဒီကောင်တွေ တစ်ပတ်လုံးနေလို့တောင်မှ သုံးထုပ်မပြီးကြဘူး။ ဒါကြောင့် ငါကတော့ ဘာမှ ပူစရာ မရှိဘူး။ ဒီကောင်တွေတော့ သူတို့အလုပ်အတွက် သူတို့ ပူကြပေတော့ ပေါ့ကွာ"

ယခုမှပင် ဒေးဗစ်သည် ပထမဦးဆုံး အနေဖြင့် သဘောပေါက်နားလည်စ ပြုလာ တော့သည်။ အလုပ်သမားများသည် သူ့ကို ကြောက်နေကြ၏။ သူတို့ အလုပ်အတွက် သူ့ကို ကြောက်နေကြခြင်း ဖြစ်သည်။

"သူတို့ ကျွန်တော့်ကို ကြောက်ဖို့ မလိုပါဘူးဗျာ။ သူတို့ အလုပ်ပြုတ်အောင်လည်း ကျွန်တော် မလုပ်ပါဘူး"

ဒေးဗစ်က ပြန်ပြောသည်။

"မလုပ်ဘူးလား"

မာဂေါလစ်၏မျက်နှာပေါ်တွင် နားမလည်သည့် အမူအရာများ ပေါ်လာသည်။

"မလုပ်ပါဘူး။ ကျွန်တော် ဒီကိုလာတာက ကျွန်တော်ကိုယ်တိုင် အလုပ်လိုချင်လို့ လာတာ"

မာဂေါလစ်၏မျက်နှာပေါ်တွင် စိတ်တိုင်းမကျသည့် အမူအရာများ ပေါ်လာပြန်

သည်။ ပြီးတော့ သူ့ကို မျက်မှောင်ကုတ် ကြည့်သည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ မင်းဟာ သူတို့ အလုပ်ပြုတ်အောင် မလုပ်ဘူး နော်၊ သူတို့ကို ငါ ပြောပြလိုက်မယ်"

အဘိုးကြီးသည် အပြင်သို့ထွက်သွားရင်း အဝရောက်သောအခါကျမှ သူ့ကို ပြန်လှည့် ပြောသည်။

"မင်းဘကြီးဟာ ဘယ်ဘက်လက်က ဘာလုပ်နေတယ် ဆိုတာကို ညာဘက်လက်က မသိအောင် လုပ်တတ်တဲ့လူပဲဆိုတာ မင်းက ငါ့ကို သတိပေးလိုက်တာပဲဟေ့"

တံခါးပိတ်ပြီး မာဂေါလစ် ထွက်သွားသည်။ ဒေးဗစ်လည်း စီးကရက်တိုကို ပစ်ချခဲ့ ကာ အပြင်သို့ ထွက်လာခဲ့သည်။ စကြံတစ်ဝက်သို့ရောက်သောအခါ ဝဂ္ဂနာနှင့် တွေ့သည်။

"မင်း ကုတ်နဲ့ ကော်တတ်ရဲ့လား"

"အထုပ်ကြီးတွေကို ကော်တာမျိုးလား"

"ဟုတ်တယ်၊ အဲဒါမျိုးကို ပြောတာ"

ဖိုမင်က ခေါင်းညိတ်ပြသည်။

"ဖြစ်ပါတယ်"

ဒေးဗစ်က ပြန်ဖြေသည်။

"ကောင်းတယ်၊ သင်္ဘောတင်ဖို့ လက်ကမ်းကြော်ငြာ ငါးသိန်းရှိတယ်။ အောက်ထပ် က ပလက်ဖောင်းပေါ်မှာ၊ အဲဒါတွေကို အပေါ်တင်ခဲ့"

## (၅)

ပလက်ဖောင်းပေါ်မှာ ပစ္စည်းများ စုပုံနေသည်။ ပစ္စည်းများ အတင်အချ လုပ်နေ သည့် ဓာတ်လှေကားလည်း အလုပ်များနေသည်။ ထရပ်ကားပေါင်းများစွာတို့သည် ပလက် ဖောင်းကို ဖင်ထိုးထားကြသည်။ ပစ္စည်းတင်သူများ၊ ချသူများသည်လည်း ဥဒဟို သွားလာ နေကြသည်။ ပလက်ဖောင်းဘေးရှိ အုတ်နံရံတွင် ပစ္စည်းအမျိုးအမည်ပေါင်း များစွာတို့ စုပုံနေ သည်ကို တွေ့ရသည်။ ထို့ကြောင့် ဒေးဗစ်က ဓာတ်လှေကားမောင်းသူကို သွားမေးကြည့်သည်။

"အပေါ်ကို ကျွန်တော် တင်ပေးရမယ်ဆိုတဲ့ ပစ္စည်းက ဘယ်ဟာတွေလဲဗျ"

"ပလက်ဖောင်းလူကြီးကို မေးကြည့်၊ ငါက ဓာတ်လှေကားပဲ မောင်းတာ"

ဟု ထိုသူက ပခုံးကိုတွန့်ပြပြီး ပြန်ပြောသည်။

"ပလက်ဖောင်းလူကြီးဆိုတာ ဘယ်သူလဲ"

ဓာတ်လှေကားမောင်းသူက လူတစ်ယောက်ကို ညွှန်ပြသည်။ ကိုယ်လုံးကိုယ်ထည် ကြီးကြီး၊ ရှပ်အင်္ကျီနှင့် ဖြစ်သည်။ သူ့အသားအရေများသည် အရက် အလွန်အကျွံ သောက်သူ၏ အသားအရေများကဲ့သို့ နီရဲနေသည်။ ဒေးဗစ်က သူ့ဆီသို့ လျှောက်သွားသည်။

"ဘာလိုချင်လို့တုံး"

ဟု ထိုသူက ဆီးမေးသည်။

"ရုပ်ရှင်လက်ကမ်းကြော်ငြာတွေ အပေါ်ကို တင်ပေးဖို့ မစ္စတာဝဂ္ဂနာက ကျွန်တော့်ကို ခိုင်းလိုက်ပါတယ်"

ထိုသူက ဒေးဗစ်ကို သေသေချာချာ စိုက်ကြည့်သည်။

"ဝဂ္ဂနာက ခိုင်းလိုက်တာလား၊ ဆမ် ဘယ်မှာလဲ"

"ဘယ်သူလဲ ဆမ် ဆိုတာ"

ဒေးဗစ်က သူ့ကို ပြန်ကြည့်သည်။

"ဆမ်ဆိုတာ ပစ္စည်းလက်ခံတဲ့ စာရေးလေကွာ၊ မင်း မသိဘူးလား"

"ကျုပ်က ဘယ်လိုလုပ်ပြီး သိရမှာလဲဗျ"

ဒေးဗစ်လည်း ဒေါသထွက်လာသည်။

ပလက်ဖောင်းလူကြီးဆိုသူက ဓာတ်လှေကားမောင်းသူကို လှမ်းကြည့်ပြီး မေးသည်။

"ဆမ်က သူ့ကို ဘာအလုပ်ပေးလိုက်တာလဲ၊ ဆမ် ဘယ်မှာလဲ"

"မပြောတတ်ဘူး။ စောစောကတော့ အပေါ်က အထုပ်ထုပ်တဲ့ စားပွဲမှာ တွေ့ခဲ့တာပဲ"

ပလက်ဖောင်းလူကြီးက ဒေးဗစ်ဘက်သို့ လှည့်လာပြီး နံရံဆီသို့ လက်ညှိုးထိုးပြသည်။

"ဟောဟိုမှာ၊ နံရံနားက"

ရုပ်ရှင်လက်ကမ်းကြော်ငြာများကို အထုပ်များထုပ်ကာ သစ်သားစင်များပေါ်တွင် တင်ထားသည်။ အောက်ခံခုံ လေးခုရှိသည်။ ခုံတစ်ခုပေါ်တွင် ကြော်ငြာစာရွက်ပေါင်း တစ်သိန်းနှစ်သောင်းငါးထောင်စီ ရှိသည်။

ဒေးဗစ်သည် အထုပ်များအောက်သို့ ကုတ်ကိုသွင်းကာ ကုတ်၏အစွန်သို့ သွားပြီး အပေါ်တက်ရပ်သည်။ သို့သော် သူ့ကိုယ်အလေးချိန်သည် ပေါင်တစ်ရာ့သုံးဆယ်မျှသာ ရှိရာ အထုပ်များသည် တုတ်တုတ်မျှမလှုပ်။ ထို့ကြောင့် နောက်သို့ လှည့်လာသောအခါ ရယ်ပြီး ကြည့်နေသည့် ပလက်ဖောင်းလူကြီးကို တွေ့ရသည်။

"ကျွန်တော့်ကို ကူပြီး မ,ပေးနိုင်မလား ခင်ဗျာ"

ထိုသူက ရယ်ပြန်သည်။

"ငါ့အလုပ်နဲ့ငါကွ၊ လူကြီးတစ်ယောက်လုပ်ရမယ့် အလုပ်ကိုလုပ်ဖို့ အဘိုးကြီးနော်မန်က ကလေးတစ်ယောက်ကို ငှားလာတာကိုး"

ဟု သူက ဆက်ပြောသေးသည်။

ပလက်ဖောင်းပေါ်မှာ ရယ်သံများ ဆူသွားသည်။ ဒေးဗစ်က ပတ်လည်ကို လှည့်ကြည့်သည်။ ဓာတ်လှေကားမောင်းသူ၊ ထရပ်ကားဒရိုင်ဘာများ အားလုံးတို့သည် သူ့ကို ကြည့်ပြီး ရယ်နေကြသည်။ ဒေးဗစ် ရင်ထဲမှာ ဒေါသဖြစ်လာသည်။ ကုမ္ပဏီပိုင်ရှင်၏ တူတစ်ယောက် ဒုက္ခရောက်သည်ကို သူတို့ စောင့်ကြည့်နေကြခြင်း ဖြစ်သည်။ အမှတ်မထင်ပင် အိတ်ထဲမှ ဆေးလိပ်နှိုက်ပြီး တစ်လိပ်ကို မီးညှိလိုက်သည်။

"ဟေ့ ပလက်ဖောင်းပေါ်မှာ ဆေးလိပ်မသောက်ရဘူးကွ၊ မင်း သောက်ချင်ရင် လမ်းပေါ်မှာသွားသောက်"

ဟု ပလက်ဖောင်းလူကြီးက ပြောသည်။

သူ့ကို ခဏကြည့်ပြီး ဘာမှ မပြောဘဲ တိတ်ဆိတ်စွာပင် လမ်းမပေါ်ကို လျှောက်လာခဲ့သည်။ ဝိုင်းရယ်ကြသည့် အသံကို နောက်ပိုင်းမှ ကြားရပြန်သည်။ တစ်ဆက်တည်းမှာပင် ပလက်ဖောင်းလူကြီး၏ အသံကိုလည်း ကြားရသေးသည်။

"အဲဒီ ဂျူးဆိုတဲ့ကောင်၊ သူ့နေရာမှန်ကို သူ သိအောင် တို့ ပြရလိမ့်မယ်"

ဒေးဗစ်သည် အဆောက်အအုံဘေးသို့ လျှောက်လာပြီး ဆေးလိပ်ညှိနေသည်။ သူတို့အားလုံးသည် ဘာကြောင့် မိမိကို မနာလိုဖြစ်နေကြသနည်း။ ဘာကြောင့် မိမိကို ချောက်တွန်းနေကြသနည်းဟု စဉ်းစားမိသည်။ အပေါ်ထပ်မှာ တွေ့ခဲ့ရသည့် ဖိုမင်ဝဂ္ဂနာ ဆိုသူလည်း အတူတူပင် ဖြစ်သည်။ မိမိ၏ကိုယ်အလေးချိန်ဖြင့် ဤအလုပ်ကို မလုပ်နိုင်မှန်း သူ သိဖို့ကောင်းပါလျက်နှင့် ခိုင်းသည်။

လမ်း၏တစ်ဖက်သို့ သူ လှမ်းကြည့်သောအခါ ကားပြင်သည့် ဝပ်ရှော့တစ်ခုကို တွေ့သဖြင့် စိတ်ကူးရလာသည်။ ထရပ်ကားကြီးများကို မ,သည့် လေဂျိုက်တစ်ခုကို စက်ပြင်ဆရာထံမှ ပြားငါးဆယ်ပေးပြီး သူ ငှားခဲ့သည်။ သစ်သားအောက်ခံခုံအောက်သို့ ဂျိုက်ကိုထည့်ပြီး မြှောက်သောအခါ အထုပ်များသည် အလွယ်တကူ မြောက်တက်လာသည်။

ငါးမိနစ် မပြည့်မီအချိန်မှာပင် ပိုစတာအထုပ်ကြီး လေးထုပ်စလုံးကို ဓာတ်လှေကားအတွင်းသို့ သွင်းပြီး ဖြစ်သွားသည်။

"ကဲ အပေါ်သာ ယူသွားပေတော့"

ဟု ဒေးဗစ်က ဓာတ်လှေကားမောင်းသူကို ပြောသည်။ သူ့ကိုယ်သူလည်း သဘောကျစွာဖြင့် ပြုံးနေမိသည်။ တံခါးမပိတ်မီကလေးမှာပင် ပလက်ဖောင်းလူကြီး၏မျက်နှာပေါ်မှာ မနှစ်မြို့သည့် အမူအရာကို သူ မြင်ခဲ့ရသေးသည်။

စာတိုက်ထေ့ကားတံခါး ပွင့်လာသောအခါ အထုပ်အပိုး ထုပ်နေကြသည့် လူများ အားလုံးက သူ့ကို ဝိုင်းကြည့်နေကြသည်။

"ခဏနေပါဦး၊ ဘယ်မှာထားရမလဲလို့ မစ္စတာဝဂ္ဂနာကို သွားမေးလိုက်ဦးမယ်"

ဖိုမင်၏စားပွဲသို့ ရောက်သောအခါ မည်သူ့ကိုမျှ မတွေ့ရ။ ဘေးသို့ လှည့်ကြည့်သည် တွင် အားလုံးက သူ့ကို ဝိုင်းကြည့်နေကြကြောင်း မြင်ရသည်။

"မစ္စတာဝဂ္ဂနာ ဘယ်သွားသလဲ"

အလုပ်သမားများသည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကြ၏။ နောက်ဆုံးတော့ မာဂေါလစ်က ဝင်ပြောသည်။

"အိမ်သာထဲမှာ၊ ဆေးလိပ်သွားသောက်နေတယ်"

ဒေးဗစ်သည် စကြံအတိုင်း လျှောက်လာခဲ့၏။ ဖိုမင်သည် စီးကရက်သောက်ရင်း အခြားလူတစ်ယောက်နှင့် ရပ်ပြီး စကားပြောနေသည်။

"မစ္စတာဝဂ္ဂနာ"

ဖိုမင်က နောက်ပြန်လှည့်ကြည့်သည်။ သူ့မျက်နှာပေါ်တွင်လည်း ထူးဆန်းသည့် အမူအရာကို မြင်တွေ့ရသည်။

"ဘာကိစ္စလဲ ဒေးဗစ်၊ ပိုစတာတွေ အပေါ်ကို မတင်နိုင်ဘူးလား"

ဒေးဗစ်က ဖိုမင်ကို စိုက်ကြည့်နေသည်။ သူလည်း အတူတူပဲ ဖြစ်သည်။ အားလုံး သော အလုပ်သမားများသည် အတူတူပဲ ဖြစ်သည်။ ဒေးဗစ်သည် စိတ်ပေါက်ပေါက်ဖြင့် တအား ရယ်ချလိုက်သည်။ အန်ကယ်ဘာနီကပြောတော့ သူတူဖြစ်ကြောင်း မသိအောင် လုံးဝ ဖုံးကွယ် ထားရမည်ဟုဆိုသည်။ ယခုတော့ အားလုံးက သူ့ကို သိနေကြသည်။

"ကောင်းပြီ၊ မင်း မလုပ်နိုင်ဘူးဆိုရင် ငါ့ကိုပြော"

"အားလုံး အပေါ်ရောက်လာပြီ၊ ဘယ်နေရာ ထားရမယ်ဆိုတာပဲ သိချင်လို့"

"အပေါ်ကို အားလုံး မင်းယူလာပြီ ဟုတ်လား"

ဝဂ္ဂနာက မေးသည်။ သူ့အသံသည် စိတ်ပျက်သွားသည့် အသံမျိုးလည်း ဖြစ်သည်။

"မှန်ပါတယ် ခင်ဗျား"

"ကောင်းတယ်၊ သူတို့ကို စကြံအမှတ် (၅) မှာထားရမယ်၊ မင်းကို ငါ နေရာပြမယ်"

ဝဂ္ဂနာက သူ့လက်ထဲမှ စီးကရက်တိုကို ပစ်ချခဲ့သည်။

ဒေးဗစ် ပစ္စည်းများကို နေရာချထားပြီးသောအခါ (၁၀) နာရီခွဲပြီ ဖြစ်သည်။ နောက်ဆုံးအထုပ်ကို နေရာချပြီးသောအခါ သူ့ကိုယ်ကို ဆန့်လိုက်သည်။ သူ့တစ်ကိုယ်လုံးမှာ ချွေးရွှဲနေသည်။ သူ့အတွက် အမေ ချုပ်ပေးထားသည့် ရှပ်အင်္ကျီ အဖြူသန့်သန့်ကလေးသည် ဖုန်များဖြင့် ညစ်ပတ်နေ၏။ နဖူးမှချွေးများကို လက်ဖြင့်သပ်ချလိုက်ပြီး ဖိုမင်ဆီသို့ လျှောက်လာ ခဲ့သည်။

"နောက်ထပ် ကျွန်တော် ဘာလုပ်ရဦးမှာလဲ"

"အထုပ်အားလုံးပေါင်း (၅၀၀) မဟုတ်လား"

ဒေးဗစ်က ခေါင်းညိတ်ပြသည်။ ဖိုမင်က သူ့ဘက်သို့ စာရွက်တစ်ရွက် တွန်းပေးသည်။

"ဒါဆိုရင် အဲဒီ လက်ခံဖြတ်ပိုင်းပေါ်မှာ လက်မှတ်ထိုး"

ဒေးဗစ်က ခဲတံကို ကောက်ကိုင်ရင်း စာရွက်ကို ကြည့်နေမိသည်။ လက်ကမ်းကြော်ငြာ များအတွက် ငွေတောင်းခံလွှာ ဖြစ်သည်။ ပိုစတာအထုပ် (၅၀၀)၊ တစ်ထုပ်လျှင် တစ်ဒေါ်လာ၊ စုစုပေါင်း ဒေါ်လာ (၅၀၀) ဟု ရေးထားသည်။ အဖိုးတန်သော စာရွက်ပင် ဖြစ်သည်။ အောက် နားမှာ သူက လက်မှတ်ထိုးသည်။ ထိုအခိုက် ဖိုမင်၏ စားပွဲပေါ်မှာ တယ်လီဖုန်းခေါင်းလောင်း မြည်သည်။ ဖိုမင်က ကောက်ကိုင်သည်။

"ကုန်တိုက်ကပါ"

တစ်ဖက်က ပြောနေသည့် အသံကို ဒေးဗစ်သည် သဲ့သဲ့သာ ကြားရ၏။ ထို့ကြောင့် မသဲကွဲ။

"ဟုတ်ပါတယ် မစ္စတာဘွန်း၊ အခုပဲ သူတို့ ရောက်လာကြပါတယ်"

ဝဂ္ဂနာက ဒေးဗစ်ကို မော့ကြည့်သည်။

"အဲဒီကြော်ငြာတွေထဲက နမူနာတစ်ရွက်ယူခဲ့စမ်း"

တယ်လီဖုန်းကို လက်ဖြင့်အုပ်ပြီး ဒေးဗစ်ကို ပြောသည်။

ဒေးဗစ်က ခေါင်းပြန်ညိတ်ပြခဲ့ပြီး စက်ကြီးဘက်သို့ ပြေးထွက်ခဲ့သည်။ အထုပ်ထဲမှ နမူနာတစ်ရွက်ကိုယူပြီး ဖိုမင်ဆီသို့ ပြန်လာခဲ့သည်။ ဝဂ္ဂနာက လှမ်းယူကြည့်သည်။

"မဟုတ်ဘူး မစ္စတာဘွန်း၊ တစ်ရောင်တည်းရယ်"

တယ်လီဖုန်းထဲတွင် ကြားနေရသည့် တစ်ဖက်မှ အသံသည် အနည်းငယ် မာလာသည်။ ဖိုမင်၏မျက်နှာသည် မသက်မသာ ဖြစ်သွားပုံရ၏။ ပြီးတော့ တယ်လီဖုန်းကို ဖြည်းလေးစွာ ပြန်ချသည်။

"အဲဒါတွေကို ဝယ်မယ့် မစ္စတာဘွန်း"

ဒေးဗစ်က ခေါင်းညိတ်ရုံသာ ညိတ်ပြသည်။ ဘာမှ ပြန်မပြော။ ဝဂ္ဂနာက လည်ချောင်းရှင်းလိုက်သည်။

"အခု တို့ရတဲ့ ကြော်ငြာတွေက အရောင်နှစ်ရောင် ဖြစ်ရမယ်တဲ့"

ဒေးဗစ်က အဖြူအမည်းသာ ရိုက်ထားသည့် ကြော်ငြာစာရွက်ကို ငုံ့ကြည့်သည်။ သည်အတွက် သူတို့ ဘာကြောင့် ပျာပျာသလဲ ဖြစ်နေကြသည်ကို သူ နားမလည်။ နောက်ဆုံးတော့လည်း သည်ဟာများကို လွှင့်ပစ်ကြမည်သာ ဖြစ်သည်။ ထို့ကြောင့် တစ်ရောင်နှင့် နှစ်ရောင်သည် ဘာများ ထူးခြားပါသနည်း။

"မစ္စတာဘွန်းက ဒါတွေကို ဖျက်လိုက်တော့လို့ ပြောတယ်"

ဒေးဗစ်က သူ့ကို အံ့ဩတကြီး ကြည့်လိုက်သည်။

"ဖျက်ပစ်ရမယ် ဟုတ်လား"

ဝဂ္ဂနာက ခေါင်းညိတ်ပြပြီး ထိုင်ရာမှထသည်။

"အဲဒါတွေ အကုန်လုံးကို အောက်ထပ် ပြန်ပို့လိုက်တော့ကွာ၊ တို့နေရာ ရှင်းရမယ်။ ညနေကျရင် ဒီနေရာကို တခြားပစ္စည်းတွေ လာဦးမယ်"

ဒေးဗစ်က ပခုံးကိုသာ တွန့်ပြလိုက်သည်။ ဝိုင်းဝန်းညစ်ပတ်နေကြသည့် လုပ်ငန်းသာဖြစ်ကြောင်း သူ သဘောပေါက်လာသည်။ ပိုက်ဆံ တစ်ပြားမျှ မရဘဲ ဤပစ္စည်းကို လွှင့်ပစ်ရမည်ဆိုခြင်းကို နားမလည်နိုင်။ သို့သော်လည်း မိမိအလုပ် မဟုတ်။

"ကျွန်တော် အောက်ပြန်ချလိုက်မယ်လေ"

ပလက်ဖောင်းပေါ်သို့ အထုပ်များဖြင့် သူ ပြန်ရောက်လာသောအချိန်သည် (၁၂) နာရီခွဲပြီ။ ပထမအထုပ်ကို တွန်းလိုက်စဉ်မှာပင် ပလက်ဖောင်းလူကြီး ပေါ်လာသည်။

"ဟေး မင်း ဒါတွေ ဘယ်ယူသွားမလို့လဲ"

"ဖျက်ဆီးပစ်ဖို့"

ပလက်ဖောင်းလူကြီးသည် ဓာတ်လှေကားအတွင်းသို့ လာကြည့်၏။

"ဖျက်ဆီးပစ်ရမယ် ဟုတ်လား၊ ဒါတွေ အကုန်လုံးလား"

"ဟုတ်တယ်၊ ကျွန်တော် ဘယ်နားမှာ သွားထားရမလဲ"

"မင်း ဒါတွေထားဖို့ နေရာ မရှိဘူး၊ အပေါ်ထပ်ကို ပြန်သွား၊ ဝဂ္ဂနာကိုပြော၊ ငါးဒေါ်လာပေးရင် ငါ တာဝန်ယူမယ်လို့"

ဒေးဗစ် ဒေါသဖြစ်လာပြန်သည်။ အပေါ်ထပ်ရောက်သောအခါ ဝဂ္ဂနာသည် သူ့စားပွဲမှာ ရှိနေ၏။

"ပလက်ဖောင်းလူကြီးက ငါးဒေါ်လာပေးရင် သူ တာဝန်ယူမယ်လို့ ပြောတယ်"

"ဟာ ဟုတ်တာပေါ့၊ ငါ မေ့သွားတယ်"

ပြောပြောဆိုဆိုပင် အံဆွဲထဲမှ သံဘူးတစ်ခုကိုထုတ်ပြီး ဖွင့်ကာ ငါးဒေါ်လာ နှိုက်ပေးသည်။ ဒေးဗစ်က ငုံ့ကြည့်နေသည်။

"ဒါတွေအတွက် တကယ်ပဲ သူ့ကို ငါးဒေါ်လာပေးမှာလား"

သူက မယုံကြည်သလို မေးသည်။ ဝဂ္ဂနာက ခေါင်းညိတ်ပြသည်။

"အဲဒါတွေက စက္ကူအကောင်းတွေပဲဗျာ၊ ကျွန်တော့်အဖေဆိုရင် ဒါမျိုးရဖို့များ တပင်တပန်း ရှာရတာပါ။ အဟောင်းဆိုင် သွားရောင်းရင်တောင် အနည်းဆုံး ဒေါ်လာငါးဆယ် ၊ ၂ယ်"

"ဒါတွေ သွားရောင်းနေဖို့ တို့မှာ အချိန်မရှိဘူး။ ဟောဒီမှာ သူ့ကို ငါးဒေါ်လာ ပေးလိုက်၊ ပြီးတော့ ဒီကိစ္စကို မေ့ပစ်လိုက်"

ဒေးဗစ်က သူ့ကို စိုက်ကြည့်နေမိသည်။ သည်လုပ်ငန်းကို သူ ဘယ်လိုမှ နားမလည် တော့။ သူတို့သည် ဒေါ်လာ (၅၀၀) တန်ပစ္စည်းများကို ပိုက်ဆံတစ်ပြားမျှ မရဘဲ လွှင့်ပစ်ကြ သည်။ ပြီးတော့ ရောင်းစားလျှင် ဒေါ်လာ (၅၀) ရနိုင်ပါလျက်နှင့် အခြားလူတစ်ယောက်ကို ငါးဒေါ်လာပေးပြီး ဖျက်ဆီးခိုင်းဦးမည်။

သည်အတိုင်းဆိုလျှင် သူ့ဘကြီးသည် အများပြောနေကြသလို လူတော်တစ်ယောက် မဟုတ်နိုင်တော့။ သည်အခွင့်အရေးမျိုးကိုသာ သူ့ဖခင်ရခဲ့မည်ဆိုလျှင် သန်းကြွယ်သူဌေး ဖြစ်နေလောက်ပြီ။ သူသည် အသက်ကို ဝအောင်ရှူလိုက်၏။

"ကျွန်တော် နေ့လယ်စာစားဖို့ အချိန်တစ်နာရီရမလား မစ္စတာဝဂ္ဂနာ"

"ရတာပေ့ါ၊ တို့လည်း စားကြတာပဲ"

"အခုကစပြီး ကျွန်တော် နေ့လယ်စာစားချိန်အဖြစ် ယူလို့ရမလား"

"မင်း ပိုစတာတွေကို ကြည့်လုပ်ပြီးရင် နားနိုင်ပြီ"

"တကယ်လို့ ခင်ဗျားမှာ အနှောင့်အယှက် မဖြစ်ဘူးဆိုရင် ကျွန်တော် နေ့လယ်စာ စားတဲ့အချိန်မှာ အဲဒီပိုစတာတွေကို ကျွန်တော့်ဟာကျွန်တော် လက်ပြောင်းယူလိုက်မယ်"

"ငါ့အဖို့က ကိစ္စမရှိပါဘူး။ ရပါတယ်။ ဒါပေမယ့် မင်း နေ့လယ်စာစားဖို့က တစ်နာရီ တည်း အချိန်ရတာ"

ဒေးဗစ်က တယ်လီဖုန်းကို လှမ်းကြည့်သည်။

"ကျွန်တော် တယ်လီဖုန်း ပြောလို့ရမလား"

ဝဂ္ဂနာက ခေါင်းညိတ်ပြသည်။ ဒေးဗစ်သည် ရှော်ကီ၏ ကားဂိုဒေါင်ရှိ နံဒယ်လ်နံပါတ် ကို လှမ်းခေါ်သည်။

"မင်း ထရပ်ကားတစ်စီး ယူလာရင် ငါ့ဆီကို အမြန်ဆုံး ဘယ်လောက်နဲ့ ရောက်နိုင်မလဲ"

ဒေးဗစ်က လိုရင်းကိုသာ တန်းပြောလိုက်သည်။

"မိနစ်နှစ်ဆယ်ပေ့ါကွာ"

ဟု ပြောပြီး ခဏ အသံတိတ်သွားသည်။ ပြီးတော့မှ ပြန်ပေါ်လာသည်။

"ရှော်ကီက ပြောတယ်၊ ထရပ်ကားအတွက် ဆယ်ဒေါ်လာ ပေးရမယ်တဲ့"

"သဘောတူတယ်လို့ ပြောလိုက်၊ ပြီးတော့ သံဘရပ်ရှ် နှစ်ခုလည်းယူခဲ့၊ တို့ လုပ်စရာ ရှိတယ်"

ဒေးဗစ်က မြန်မြန်ပြောသည်။

"ကောင်းပြီ"

"ဟုတ်ပြီ၊ ငါရှေ့က ထွက်စောင့်နေမယ်"

ဒေးဗစ်က တယ်လီဖုန်း ချလိုက်သောအခါ ဝဂ္ဂနာက စိုးရိမ်ထိတ်လန့်သည့် အမူ အရာဖြင့် ကြည့်သည်။

"ငါ့သဘောကတော့ ဘာဒုက္ခမှ မရှာစေချင်ဘူးကွာ"

ဒေးဗစ်က သူ့ကို စိုက်ကြည့်နေသည်။ သူတို့ ဤမျှလောက် သူ့ကို ကြောက်နေကြ သည်ဆိုလျှင် သူ့ကို သည်အလုပ်မျိုး လုပ်ခိုင်းဖို့မကောင်း။ ယခုမှတော့ သူတို့ ကြောက်လန့် အောင် တစ်ခုခုတော့ လုပ်ရပေတော့မည်။

"ဘာဒုက္ခလဲဆိုတာ ခင်ဗျား သိရပါလိမ့်မယ် မစ္စတာဝဂ္ဂနာ၊ (၅၀) ရနိုင်တဲ့ပစ္စည်းကို အဆုံးခံရုံတင်မကဘဲ၊ ငါးဒေါ်လာပါ ထပ်ပေးလိုက်သေးတယ်ဆိုတာကို အန်ကယ်ဘာနီ သိသွား တဲ့အခါကျတော့ ဒုက္ခ ဆိုတာကို ခင်ဗျား သိမှာပါ"

ဖိုမင်၏မျက်နှာသည် သွေးဆုတ်သွားသည်။ သူ့နဖူးပေါ်တွင်လည်း ဇောချွေးများ

ပြန်လာသည်။

"ဒီစည်းကမ်းတွေကို ငါလုပ်တာ မဟုတ်ပါဘူး၊ ဝယ်တဲ့လူက ပြောတာကို ငါက လုပ်ရတာပါ"

"ကောင်းပြီ၊ ဒီလိုဆိုရင် ခင်ဗျား ဘာမှ ပူစရာမလိုဘူး"

ဝဂ္ဂနာသည် ငါးဒေါ်လာကို သူ့ဘူးထဲသို့ ပြန်ထည့်လိုက်သည်။ အံဆွဲကို သော့ခတ်သည်။ ပြီးတော့ ထလိုက်သည်။

"ငါလည်း နေ့လယ်စာ သွားစားတော့မှာပဲ"

သူ ထွက်သွားသောအခါ ဒေးဗစ်က ဗိုမင်၏ ကုလားထိုင်မှာ ဝင်ထိုင်သည်။ စီးကရက်တစ်လိပ်ကိုထုတ်ပြီး သောက်နေလိုက်သည်။ ဆေးလိပ်မသောက်ရဟူသော တားမြစ်ချက်စာတန်းများကို ဂရုစိုက်မနေတော့။ အထုပ်ထုပ်သည့် စားပွဲများမှ လူများက သူ့ကို အကဲခတ်ကြည့်နေကြသည်။ သူကလည်း သူတို့ကို မတုန်မလှုပ်ပင် ပြန်ကြည့်သည်။ မိနစ် အနည်းငယ်ကြာသောအခါ နေ့လယ်စာစားရန် သူတို့ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြတော့သည်။ အခန်းထဲမှာ ကျန်နေရစ်သူသည် မာဂေါလစ် တစ်ဦးတည်းသာ ဖြစ်သည်။

အဘိုးကြီးက သူ့စားပွဲမှနေ၍ လှမ်းကြည့်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး မင်း ငါ့စကားကို နားထောင်ပါ။ ဒီကိစ္စကလေးလောက်နဲ့တော့ မင်း အသတ်မခံချင်ပါနဲ့၊ အောက်ထပ်က တိုနီဆိုတဲ့အကောင်ဟာ ဂျူးတွေကို မုန်းနေတဲ့ အကောင်ကွ၊ တခြား အလုပ်တစ်ခုပေးဖို့ မင်းဘကြီးကို ပြောပြပါကွာ"

"ကျွန်တော် ပြောလို့ ဘယ်ဖြစ်ပါ့မလဲဗျာ၊ ဒီအလုပ်ကလေးရဖို့တောင် မနည်းပြောယူရတာ၊ နောက်ထပ် သွားပူဆာပြန်ရင် ဒီအလုပ်ကတောင် အလုပ်ထုတ်ခံနေရမှာ သေချာတယ်"

အဘိုးကြီးက သူ့ဆီ လျှောက်လာပြီး အသံတိုးတိုးဖြင့် ပြောသည်။

"အခု သူတို့ ဘယ်ကို သွားကြတယ်ဆိုတာ မင်း သိသလား။ သူတို့ အကုန်လုံးလေ၊ နေ့လယ်စာစားဖို့ သွားကြတာ မဟုတ်ဘူး။ သူတို့ လမ်းပေါ်မှာ စောင့်နေကြပြီ။ တိုနီက မင်းကို သတ်တာကို ကြည့်ဖို့စောင့်နေကြပြီ"

ဒေးဗစ်က စဉ်းစားရင်း စီးကရက်ကို ခပ်ပြင်းပြင်း ဖွာနေသည်။

"ပိုက်ဆံလေး ငါးဒေါ်လာဟာ ဘယ်လောက်များ အရေးကြီးလို့လဲဗျာ"

"အဲဒီအကောင်ဟာ ဒီအဆောက်အအုံမှာ ရှိနေတဲ့ ကုမ္ပဏီတိုင်းက ငွေကို ရအောင် ယူနေတဲ့အကောင်၊ သူက စားပေါက်တွေဖန်ထားတာ၊ မင်း ရောက်လာတဲ့အတွက် သူ့စားပေါက်တော့ အပိတ်မခံနိုင်ဘူး။ အားလုံးကလည်း သူ့ကို ကြောက်နေကြတယ်၊ မင်းကို အရှုံးပေးလိုက်ရင် သူ့ကို ဘယ်သူကမှ ဂရုစိုက်ကြတော့မှာ မဟုတ်ဘူး"

"အလကားကောင်၊ သူခိုးပဲ၊ ကျွန်တော်က ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ချင်တဲ့ကောင်၊ ကျွန်တော် ဘာမှ ဝင်မရှုပ်ပါဘူး။ သူ့စားပေါက်နဲ့သူ စားပါစေပေါ့။ ကျွန်တော်နဲ့ ဘာဆိုင်သလဲ"

ဒေးဗစ်သည် ကုလားထိုင်မှထပြီး စီးကရက်တိုကို ကြမ်းပေါ်သို့ ပစ်ချခဲ့သည်။ ပြီးတော့ ဖနောင့်နှင့် ခြေပစ်သည်။ သူ့စိတ်ထဲမှာ အခံရခက်လာသည်။ အားလုံးသည် မိုက်မဲနေကြသည့်သူများသာ ဖြစ်သည်။ မိမိသည် သူတို့ထက်ပို၍ ဘာမှ မတော်နိုင်။ သူတို့ ပြင်ဆင်ထားသည့် ထောင်ချောက်အတွင်းသို့ မိမိလည်း ဝင်ရတော့မည်သာ ဖြစ်သည်။ သူသည် အောက်သို့ ဆင်းမလာချင်။ သူတို့နှင့် ရန်မဖြစ်ချင်။ ရန်ဖြစ်သည့်သတင်းကို အန်ကယ်ဘာနီ ကြားလျှင် သူ အလုပ်လက်မဲ့ ဖြစ်ရချေတော့မည်။ သို့သော်လည်း မတတ်နိုင်ပြီ။

နီဒယ်လ်နိုစ်သည် အောက်ထပ်မှာ စောင့်နေ၏။

"ထရပ်ကား ဘယ်မှာလဲ"

"လမ်းဟိုဘက်မှာ ငါ ဘရပ်ရှ်တွေ ယူခဲ့တယ်၊ မင်း အတုံးယူမလား၊ အချွန်ယူမလား"

"အချွန်ပေး"

နီဒယ်လ်နိုစ်ပေးသည့် ဘရပ်ရှ်ကိုယူပြီး အိတ်ထဲမှာ ထည့်ထားလိုက်သည်။ သံချွန်များသည် နေရောင်မှာ တောက်နေသည်ကို အိတ်ထဲသို့ မထည့်မီ သူ တွေ့လိုက်သည်။

"ဒီကောင့်ကို တို့ ဘယ်လို ရှင်းမလဲ၊ တရုတ်နည်းလား"

တရုတ်နည်း ဟူသည်မှာ တရုတ်တန်းတွင် အများသုံးသည့်နည်း ဖြစ်သည်။ တစ်ယောက်က ရှေ့က၊ တစ်ယောက်က နောက်က၊ သားကောင်သည် ရှေ့က လူဆီသို့ တိုးသွားခိုက် နောက်ကလူက အပြတ်ရှင်းခြင်း ဖြစ်သည်။ ထိုသို့ဖြစ်သည့် ကိစ္စမျိုးဆယ်ခုတွင် ကိုးခု၌ ခံရသူသည် မည်သူက မည်သည့်လက်နက်ဖြင့် မည်သို့ လုပ်လိုက်ကြောင်းကိုပင် မသိလိုက်ကြရပေ။ ဒေးဗစ်က ခေါင်းယမ်းပြသည်။

"ကိစ္စမရှိဘူး၊ ဒီကောင်ကြီးကို ငါ့ဟာငါ ရှင်းပစ်မယ်"

"ကိုယ့်လူ၊ မင်း ကြွသွားမှာပေါ့၊ ဟိုကောင်ကြီးက မင်းထက် အများကြီး ကြီးတဲ့ကောင်" ဟု နီဒယ်လ်နို့စ်က ပြောသည်။

"ငါ ဒုက္ခရောက်နေပြီဆိုရင် မင်း လာကယ်"

"မင်း ဒုက္ခရောက်ပြီဆိုရင် ငါ ဘာမှ လုပ်ချိန်ရလိုက်မှာ မဟုတ်ဘူး။ ဒေး တစ်ခုပဲ လုပ်ချိန်ရမယ်၊ မင်းကို မြေမြှုပ်ဖို့"

ဒေးဗစ်က သူ့သူငယ်ချင်းကိုကြည့်ပြီး ရယ်လိုက်သည်။

"ငါ သေသွားရင် ကုန်ကျစရိတ်တွေအကုန်လုံး အန်ကယ်ဘာနီဆီမှာ တောင်းကွာ၊ ဒါ သူ့အကြံအစည်တွေပဲ၊ ကဲ သွားစို့"

## (၆)

သူတို့ တကယ် စောင့်နေကြသည်။ မာဂေါလစ် ပြောသည်မှာ မှန်ပါသည်။ နော်မန်ကုမ္ပဏီသာ မဟုတ်။ ဤအဆောက်အအုံတွင်ရှိသော ကုမ္ပဏီတိုင်းမှ အလုပ်သမားများအားလုံး သိနေကြသည်။ အလှကုန်ပစ္စည်းကုမ္ပဏီနှင့် ဟင်နရီဖရန့်စ်ကုမ္ပဏီမှ မိန်းကလေးများပင် ထိုနေရာသို့ရောက်ကာ စောင့်နေကြသည်ကို တွေ့ရသည်။

အပြင်မှာ ပူလှသည်။ ဒေးဗစ်၏ အင်္ကျီအောက်တွင် ချွေးစို့လာသည်။ ပလက်ဖောင်းပေါ်မှာ အသံပေါင်းစုံ ကြားနေရသည်။ လူအားလုံးသည် နေ့လယ်စာ စားချင်ယောင်ဆောင်နေကြသည်။ ယခုတော့ သူတို့ ဟန်မဆောင်နိုင်ကြတော့။ စကားပြောခြင်း၊ အစာစားခြင်းများကိုပါ သူတို့ မေ့ကုန်ကြပြီ ဖြစ်သည်။

သူတို့သည် အလွန် စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေကြခြင်းဖြစ်ကြောင်း သူ အကဲခတ်မိသည်။ လူအုပ်ကြီးကို သူ လှမ်းကြည့်လိုက်သည်။ အထုပ်ထုပ်သည့်နေရာမှ လူပေါင်းတော်တော်များများကို သူ မှတ်မိသည်။ သူ ဖြတ်လျှောက်သွားသောအခါ သူ့ကို မသိမသာ အကဲခတ် ကြည့်သလို ကြည့်ကြသည်။

ရုတ်ခြည်း ဆိုသလိုပင် သူ့စိတ်ထဲမှာ မချမ်းမသာ ဖြစ်လာသည်။ အလွန် ရူးသည့် အလုပ်မျိုး ဖြစ်သည်။ မိမိသည် ဇာတ်လိုက် မဟုတ်။ သူရဲကောင်း မဟုတ်။ သည်အလုပ်ကလေးမှာ မြဖို့အတွက် လူကို သတ်ရမည်ဆိုလျှင် ဘာအဓိပ္ပာယ် ရှိမည်နည်း။ ထိုအခိုက် ပလက်ဖောင်းလူကြီးကို သူ မြင်လိုက်သည်။ အားလုံးကို သူ မေ့သွားသည်။

သည်နေရာသည် တောကြီးမျက်မည်းနှင့် တူလာသည်။ ကိုယ်ပိုင်စိုးရာ နယ်မြေကလေးကို ထိန်းသိမ်းထားနိုင်ရေးအတွက် တိုက်ခိုက်လုယက်နေကြရသည့် တောတွင်းတိရစ္ဆာန်ရိုင်းများလို ဖြစ်လာသည်။ မိမိ ပိုင်ဆိုင်ထားသည်များ၊ မိမိ ရရှိနိုင်သည့် အခွင့်အရေးများကို တစ်ပါးသူက လုယူမသွားအောင် ခုခံတိုက်ခိုက်နေကြရသည့် သဘော ဖြစ်သည်။

သည်သဘောများကို သဘောပေါက် နားလည်လိုက်သည်နှင့် တစ်ပြိုင်တည်း ဒေးဗစ်၏ စိတ်ထဲမှာ သတ္တိများပေါ်လာသည်။ ကမ္ဘာကြီးသည် ဤအတိုင်း ဖြစ်၏။ အန်ကယ်ဘာနီလည်း ဤအတိုင်းဖြစ်၏။ သူသည် သူ့ကုမ္ပဏီမှာ ထိပ်ဆုံးက ဖြစ်သည်။ သူလည်း သူ့နည်းသူ့ဟန်ဖြင့် ရှင်ဘုရင် ဖြစ်သည်။ ဘာနီသည် သူ့စည်းစိမ်ချမ်းသာများ ဆုံးရှုံးသွားရမည်ကို ပူပင်သောကရောက်ပြီး အိပ်မပျော်နိုင်သည့် ညပေါင်း မည်မျှများပြားလေမည်နည်းဟု သူ စဉ်းစားကြည့်မိသည်။

ရှင်ဘုရင်ဖြစ်လျှင် အခြားသူများထက်ပိုပြီး ပူပင်သောက ရောက်ရတော့မည်။ စိုးရိမ်

ကြောင့်ကြ ကြီးမားရတော့မည်။ အဘယ်ကြောင့်ဆိုသော် သူသည် လူအားလုံးထက်ပိုပြီး ဆုံးရှုံးနိုင်သောကြောင့် ဖြစ်သည်။ ရှင်ဘုရင် ဆိုသူများသည်လည်း လူသားများသာ ဖြစ်သည်။ သို့သော် သာမန်လူများထက် သူတို့မှာ ပိုင်ဆိုင်မှုများသည်။ စည်းစိမ်ချမ်းသာများသည်။ ဩဇာအာဏာကြီးသည်။ ထို့ကြောင့်လည်း ရှင်ဘုရင်တို့သည် အာဏာစွန့်ရမည်၊ ဆုံးရှုံးရမည်ကို ကြောက်လန့်ကြခြင်း ဖြစ်သည်။ ပူပင်ကြရခြင်း ဖြစ်သည်။

ရှင်ဘုရင်တို့ နတ်ရွာစံလျှင် အိမ်ရှေ့မင်းသားများက ရာထူးကို ဆက်ခံလိမ့်မည်။ ယခုလည်း သည်အတိုင်းသာ ဖြစ်ရမည်။ ပလက်ဖောင်းလူကြီးသေလျှင် သူ လူကြီးဖြစ်လာရမည်။ အန်ကယ်ဘာနီ သေလျှင် ထိုနေရာကို သူ ရရမည်။ သူ ငယ်ပင်ငယ်လင့်ကစား ကမ္ဘာ့နိယာမအတိုင်း ဖြစ်ရမည်။ တစ်နေ့သောအခါတွင် ထိပ်ဆုံးသို့ မိမိ ရောက်ရမည်။

"အဲဒီကား သွားယူလာခဲ့"

လမ်းတစ်ဖက်တွင် ရပ်ထားသော မော်တော်ကားဆီသို့ နီဒယ်လ်နို့စ်က ထွက်သွားသည်။ ဒေးဗစ်က လေဂျိုက်အကြီးစားကြီးကို ဆွဲယူကာ အထုပ်များ ထားရာဆီသို့လာသည်။ ပထမအထုပ်ကို ဂျိုက်နှင့် မပြီးချိန်တွင် နီဒယ်လ်နို့စ်၏ကား ရောက်လာသည်။ ကားကို အလော တော် ဖင်ထိုးပေးသည်။

"ငါ ဘာကူညီလုပ်ရဦးမလဲ"

နီဒယ်လ်နို့စ်က ရှေ့ခန်းမှ ဆင်းလာရင်း မေးသည်။

"နေပေစေ၊ ရတယ်"

ဒေးဗစ်သည် ပြောပြောဆိုဆိုဖြင့် ဂျိုက်ပေါ်သို့ ရောက်နေပြီဖြစ်သည့် အထုပ်ကို ကားပေါ်သို့ တွန်းတင်လိုက်သည်။ ပလက်ဖောင်းလူကြီးကို လှမ်းကြည့်သောအခါ သူ့ကို မလှုပ်မယှက် ရပ်ကြည့်နေသည်ကို တွေ့ရသည်။ ဒုတိယအထုပ်ကို သယ်ရန် ပြန်လှည့်လာသောအခါတွင်လည်း သူသည် နေရာမှ မရွေ့။

လမ်းပေါ်မှာ လူအုပ်ကလည်း သူတို့ကို ဝိုင်းကြည့်နေကြသည်။ မည်သူမျှ စကားမပြောကြ။ အသက်ကိုသာ ပြင်းပြင်းရှူနေကြသည်။ နောက်ဆုံးအထုပ်ကို တင်ပြီးသောအခါ ပလက်ဖောင်းလူကြီးသည် ရှေ့သို့တိုးလာပြီး ဒေးဗစ်နှင့် မျက်နှာချင်းဆိုင်မှာ ခြေစုံရပ်လိုက်သည်။

"ငါ့ကို ငါးဒေါ်လာပေးမှ ဒီမော်တော်ကားကို ထွက်ခွင့်ပေးနိုင်မယ်၊ ကြားလား ဂျူးစုတ်၊ မပေးရင် ဒီနေရာက နည်းနည်းမှ မရွေ့နဲ့"

ဟု သူက ခပ်ပြတ်ပြတ် လေသံမျိုးဖြင့် လာပြောသည်။

ဒေးဗစ်သည် သူ့အိတ်ထဲသို့ နှိုက်ကြည့်သည်။ ဘရပ်ရှ်မှ သံချွန်များသည် ရေခဲလို အေးစက်ပြီး ချွန်ထက်နေသည်ကို သူ့လက်များဖြင့် စမ်းမိသည်။

"ခင်ဗျားကို ပေးစရာတစ်ခုရှိပါတယ်ဗျ"

ဒေးဗစ်က ခပ်မြန်မြန်ပြန်ပြောရင်း သူ့ဆီသို့ တိုးသွားသည်။ သူ့လက်ကိုမူ အိတ်ထဲမှ မထုတ်သေး။

"ဒါဆို မဆိုးပါဘူး၊ မင်း အလိမ္မာသားပဲ"

သူက ထိုမျှသာပြောပြီး ဒေးဗစ်ကို ကြည့်နေသည့် မျက်လုံးများကို လူအုပ်ကြီးဘက်သို့ ရွှေ့လိုက်သည်။ ထိုအချိန်ကလေးမှာပင် ဒေးဗစ် အိတ်ထဲမှ သံချွန်များတပ်ထားသည့် ဘရပ်ရှ်သည် သူ့မျက်နှာတွင်းသို့ စူးဝင်သွားသည်။ နာကျင်မှုကြောင့် အော်ဟစ်ညည်းတွားသံ ထွက်လာသည်။ ဒေးဗစ်က လက်ကို ပြန်ရုပ်လိုက်သောအခါ ပလက်ဖောင်းလူကြီး၏ မျက်နှာသည် အမှည့်လွန်နေသည့် ဖရဲသီးကို ခွဲထားသကဲ့သို့ ရှိချေသည်။

သူက ကြမ်းတမ်းစွာ ဆဲဆိုရေရွတ်ရင်း ဒေးဗစ်ကို လက်သီးဖြင့် လှမ်းထိုးသည်။ ချိုစောင်းကို ထိသွားသည်။ အလွန် ပြင်းထန်သည့် လက်သီးချက်ဖြစ်ကြောင်း ဒေးဗစ် သိလိုက်သည်။ လက်မြန်နိုင်မှ တော်ကာကျတော့မည် သို့မဟုတ်လျှင် သူ့ကို အသေသတ်တော့မည် ဖြစ်သည်။ မူးနောက်သွားသည့်ခေါင်းကို ယမ်းခါလိုက်သည်။ ထိုသူသည် သူ့ဆီသို့ ဦးတည်ပြီး ပြေးလာနေ၏။ သူက မျက်နှာကို ဆီးရိုက်ပြန်သည်။ သို့သော် လက်ဖြင့်ခံလိုက်သောကြောင့် မျက်နှာကို မထိ။

နောက်တစ်ချက် ထပ်ရိုက်သောအခါကျမှ သေသေချာချာ ရိုက်မိပြီး ပလက်ဖောင်း လူကြီးသည် လေဂျိုက်ကြီးအနားသို့ လဲကျသွားသည်။ ဒေးဗစ်သည် အချိန်မဆိုင်းတော့ဘဲ လေဂျိုက်၏လက်ကိုင်ကို ဆွဲယူကာ သူ့ခေါင်းပေါ်သို့ ဖိချလိုက်သည်။ အောက်ခံသမံတလင်းနှင့် သူ့မျက်နှာ အပ်သွားသည်။ မျက်နှာမှသွေးများ စီးကျလာသည်ကို မြင်ရသည်။

ဒေးဗစ်က ကိုယ်ကို ဆန့်လိုက်သည်။ သူ့ရင်များ တဒိတ်ဒိတ်ခုန်နေသည်။ လူအုပ်ကြီးကို မော့်မ်းကြည့်သောအခါ တဖြည်းဖြည်း လူစုခွဲသွားကြသည်ကို မြင်ရသည်။ သူတို့အားလုံး၏ မျက်နှာပေါ်တွင် ကြောက်ရွံ့သည့် အမူအရာကို မြင်ရသည်။ နီဒယ်လ်နီ့စ်သည် ကားပေါ် တက်ပြီးမှ လဲနေသည့် ပလက်ဖောင်းလူကြီးကို ငုံ့ကြည့်သည်။

"ဒီကောင်ကြီး သေများသွားပြီလား"

ဒေးဗစ်က ပခုံးကို တွန့်ပြသည်။ ပြီးတော့ သံဘရပ်ရှ်ကို သူ့ငယ်ချင်း၏ အိတ်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။

"ကဲ မင်း ကားမောင်းသွားပေတော့"

နီဒယ်လ်နီ့စ်က ခေါင်းညိတ်ပြပြီး ကားမောင်းထွက်သွားသည်။ ဒေးဗစ်က လမ်းတစ်ဖက်သို့ လျှောက်လာခဲ့သည်။ ထိုအချိန်မှာပင် ဝဂ္ဂနာနှင့် ရဲတစ်ယောက် ရောက်လာသည်။ ရဲက ဒေးဗစ်ကို ကြည့်ပြီး မေးသည်။

"ဘာဖြစ်တာလဲ"

"မတော်တဆ ဖြစ်သွားတာပါပဲ"

ဟု ဒေးဗစ်က ပြန်ဖြေသည်။

ရဲက လဲနေသည့် ပလက်ဖောင်းလူကြီးကို ငုံ့ကြည့်သည်။

"လူနာတင်ကား ခေါ်ပါ၊ ကိုယ်ပေါ်မှာပိနေတဲ့ ဂျိုက်ကြီးကို ဝိုင်းဖယ်ပေးကြပါဦး"

ဒေးဗစ်သည် ထိုနေရာမှလှည့်ပြီး ထွက်လာခဲ့သည်။ ပစ္စည်းများ အတင်အချလုပ်သည့် ဓာတ်လှေကားအပေါ်သို့ တက်လိုက်ခဲ့သည်။ ပြီးတော့ ရေချိုးခန်းသို့ တောက်လျှောက်သွားသည်။ မျက်နှာသစ်သည်။ သူ့ချိုင်းစောင်းမှ လက်သီးဒဏ်ချက်ကို ရေဖြင့်ဆွတ်ကာ သက်သာအောင်လုပ်သည်။ ထိုအခိုက် နောက်ဘက်မှ တံခါးဖွင့်သံကြားရသည်။ သူ လှည့်ကြည့်သောအခါ မျက်နှာသုတ်ပဝါတစ်ထည်ကိုင်ပြီး စောင့်နေသော မာဂရေလစ်ကို တွေ့ရသည်။

"မင်း မျက်နှာသုတ်ပဝါ လိုမယ်ထင်လို့"

"ကျေးဇူးပါပဲ ခင်ဗျာ"

ဒေးဗစ်က မျက်နှာသုတ်ပဝါကို ရေနွေးထဲသို့ထည့်ပြီး သူ့ခေါင်းမှ ရောင်နေသည့်နေရာကို ဖိပေးသည်။ အနွေးဓာတ်ကြောင့် အများကြီး သက်သာလာသည်။ မျက်လုံးများကို သူ မှိတ်ထားလိုက်မိ၏။ အောက်ဘက်မှ လူနာတင်ကား ထွက်သွားသည့်အသံကို ကြားရသည်။

"မင်း ဘာမှ မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး၊ ကောင်းပါတယ်"

ဒေးဗစ်က ပြန်ဖြေသည်။

အဘိုးကြီး ထွက်သွားသည့်ခြေသံနှင့် တံခါးပိတ်သံများကို ကြားရသည်။ ဒေးဗစ်သည် သူ့မျက်နှာပေါ်မှ မျက်နှာသုတ်ပဝါကိုဖယ်ပြီး မှန်ထဲမှာ သူ့ကိုယ်သူ ကြည့်သည်။ သူ့ နားသယ်စပ်တွင် အနည်းငယ် ရောင်နေသည်မှအပ သူ့မျက်နှာသည် ဘာမှ မဖြစ်။ မျက်နှာကို ရေအေးဖြင့် ဆွတ်ကာ ခြောက်အောင်သုတ်ပြီး မျက်နှာသုတ်ပဝါကို တန်းပေါ်တင်လှန်းခဲ့သည်။

အပြင်ထွက်လာသောအခါ လှေကားထိပ်နားတွင် အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။ အပြာရောင်အင်္ကျီကို ဝတ်ဆင်ထားသည်။ သူ့အင်္ကျီပေါ်တွင် ဟင်နရီဖရန့်စ် ဟူသောစာကို ရေးထားသောကြောင့် စတုတ္ထထပ်ရှိ ဟင်နရီဖရန့်စ် ပဋိသန္ဓေတားဆေးနှင့် အနာရောဂါကာကွယ်ဆေးများ ထုတ်လုပ်သည့် ကုမ္ပဏီမှ အလုပ်သမကလေးတစ်ဦး ဖြစ်ကြောင်း သိရသည်။ ဒေးဗစ်က သူ့ရှေ့မှာ ရပ်သည်။ သူ့ကို မြင်ဖူးသလိုလို ရှိသည်။ စောစောက ရန်ပွဲကို လာကြည့်သည့် ပရိသတ်ထဲမှ တစ်ယောက်ဖြစ်မည်ဟု သူ ကောက်ချက်ချသည်။

မိန်းကလေးက သူ့ကို ပြုံးပြသည်။ အလွန် အရုပ်ဆိုးသည့်သွားများ ပေါ်လာသည်။

"ရှင်ဟာ နော်မန်ရဲ့တူဆိုတာ အမှန်ပဲလား"

ဒေးဗစ်က ခေါင်းညိတ်ပြသည်။

"ရှင်တို့ ရုပ်ရှင်စတေပုံတွေရိုက်တဲ့ ဌာနက ဖရက်ဒီဂျူးက ပြောတယ်၊ ကျွန်မဟာ ရုပ်ရှင်မင်းသမီး ဖြစ်နိုင်တယ်တဲ့၊ ပြီးတော့ ကျွန်မကိုလည်း သူ ဓာတ်ပုံအမျိုးမျိုး ရိုက်ပေးထားတယ်"

"ဟုတ်လား"

"ကျွန်မမှာ အဲဒီပုံတွေ ရှိတယ်၊ ကြည့်မလား"

"ကြည့်တာပေါ့"

အမျိုးသမီးက ပြုံးပြပြီး ဓာတ်ပုံများကို ထုတ်ပေးသည်။ ဓာတ်ပုံများကို သူ ယူကြည့်၏။ ဖရက်ဒီ ဆိုသူကို သူ မသိ။ သို့သော်လည်း ဓာတ်ပုံကောင်းထွက်အောင် ရိုက်တတ်သူ ဖြစ်သည်။ မပြုံးမရယ်ဘဲ ရိုက်ထားသော ဓာတ်ပုံများမှာ ယခုအပြင်မှာ လူကိုယ်တိုင် တွေ့နေရသည်ထက် အများကြီး ပိုကြည့်ကောင်းနေသည်။ အဝတ်အစားမပါသည့် ပုံများက ပိုကြည့်ကောင်းသည်။

"ကြိုက်ရဲ့လား"

"ကောင်းသားပဲ"

"ဒါဖြင့် ယူထားလိုက်တော့"

ဟု အမျိုးသမီးက ပြောသည်။

"ကျေးဇူးပါပဲ"

"ကြုံကြိုက်တဲ့အခါကျရင် ရှင့်ဘကြီးကို ပြလိုက်ပါ။ အမျိုးသမီးပေါင်း မြောက်မြားစွာဟာ ဒီလိုနည်းနဲ့ပဲ ရုပ်ရှင်မင်းသမီး ဖြစ်လာကြရတာ"

ဟု သူက ခပ်သွက်သွက် ပြောသည်။ ဒေးဗစ်က ခေါင်းညိတ်ပြသည်။

"အောက်မှာ ခုန ရန်ဖြစ်ခဲ့ကြတာ ကျွန်မ တွေ့တယ်၊ တိုနီတော့ ဒီတစ်ခါ ကျောင်းမှန်းကန်မှန်း သိသွားတာပေါ့"

"ခင်ဗျားက သူ့ကို သဘောမကျဘူးလား"

"ဘယ်သူမှ သူ့ကို သဘောမကျဘူး၊ ဒါပေမယ့် အားလုံးက သူ့ကို ကြောက်နေကြရတာ၊ ရဲက ကျွန်မကို မေးတယ်၊ ဘာဖြစ်တာလဲတဲ့၊ ကျွန်မက မတော်တဆဖြစ်တာလို့၊ မော်တော်ကားလေဂျိုက်ကြီးက သူ့ကိုယ်ပေါ် လဲကျသွားတာပဲလို့"

ဒေးဗစ်က အမျိုးသမီး၏ မျက်လုံးများကို ကြည့်သည်။ မျက်လုံးများ အရောင်တောက်နေသည်ကို မြင်ရသည်။

"ရှင် မဆိုးဘူး၊ ရှင့်ကို ကျွန်မ သဘောကျတယ်"

အမျိုးသမီးက ပြောပြောဆိုဆို သူ့အိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူပြီး သူ့ကိုပေးသည်။ အက်စပရင်ဘူးကလေးနှင့်တူ၏။ ဘူးပေါ်မှစာကို ဖတ်ကြည့်သောအခါ 'ဟင်နရီဖရန့်စ်' ဟူသောစာကို တွေ့ရသည်။

"ဘာမှ မပူပါနဲ့၊ ကျွန်မတို့ ထုတ်လုပ်နေတဲ့ ဆေးတွေထဲမှာ အကောင်းဆုံးပဲ၊ သတင်းစာတွေထဲမှာ ဖတ်ရမှာပေါ့၊ ဒီဆေးက ကျွန်မကိုယ်တိုင် သေသေချာချာစစ်ဆေးပြီး ထည့်လာတာ"

"ကျေးဇူးတင်ပါတယ်"

"ကျွန်မ အလုပ်ဝင်ချိန်ရောက်ပြီ၊ နောက်မှ တွေ့ဦးမယ်နော်"

အမျိုးသမီးကပြောပြီး လှေကားဘက်သို့ ပြန်လှည့်သွားသည်။

"တွေ့သေးတာပေါ့"

ဟု ဒေးဗစ်က ပြန်ပြောရင်း သူ့လက်ထဲမှ ဘူးကလေးကို ဖွင့်ကြည့်သည်။ ဆေးများအောက်မှ စာရွက်ကလေးတစ်ရွက် ထွက်လာသည်။ စာရွက်ပေါ်တွင် 'ဘက်တီ' ဟူသော အမည်နှင့် တယ်လီဖုန်းနံပါတ်ကို ခဲတံဖြင့် ရေးထားသည်ကို တွေ့ရသည်။

အလုပ်ခွင်သို့ ဒေးဗစ် ပြန်ရောက်သွားသောအခါ ဝဂ္ဂနာသည် သူ့စားပွဲမှာ ထိုင်နေသည်ကို တွေ့ရသည်။

"မင်း ကံကောင်းတယ်၊ တိုနီ နံရိုးနှစ်ချောင်းကျိုးသွားတယ်လို့ ဆရာဝန်က ပြောတယ်၊ မျက်နှာမှာလည်း (၁၂) ချက် ချုပ်ရမယ်တဲ့"

"သူ ကံကောင်းတယ်၊ ဒါဟာ မတော်တဆ ဖြစ်တာပဲဗျာ"

ဟု ဒေးဗစ်က ပြန်ပြောသည်။ ဖိုမင်သည် သူ့စားပွဲပေါ်သို့ ပြန်ငုံ့လိုက်၏။

"ပျက်သွားတဲ့ မော်တော်ကားဂျိုက်ကို ပြန်ပြင်ဖို့ လမ်းဟိုဘက်က ဝပ်ရှော့က ဆယ်ဒေါ်လာ လိုချင်တယ်တဲ့"

"ကျွန်တော် မနက်ဖြန် ပေးလိုက်ပါ့မယ်"

"မလိုတော့ပါဘူး၊ ငါ ပေးလိုက်ပြီ"

ဟု ဖိုမင်က ပြန်ပြောသည်။

"ကျေးဇူးတင်ပါတယ်"

ဖိုမင်က ဒေးဗစ်ကို မော့ကြည့်သည်။ ဒေးဗစ်က ပြန်အကြည့်နှင့် မျက်လုံးချင်း ဆုံမိကြသည်။

"ဒီနေ့မနက် ဖြစ်ရတာမျိုး နောက်ထပ် မဖြစ်စေချင်ပါဘူး၊ အားလုံး အဆင်ပြေအောင် တို့ ပြန်စလုပ်ကြရင် ကောင်းမယ်"

ဒေးဗစ်က သူ့ကို ခဏ စိုက်ကြည့်နေသေးသည်။ ပြီးတော့ သူ ပြုံးလာသည်။ ဝဂ္ဂနာဆီသို့ သူ့လက်ကို ကမ်းပေးလိုက်သည်။

"ကျွန်တော့်နာမည် ဒေးဗစ်ဝုဖ်ပါ ခင်ဗျား၊ ကျွန်တော် အလုပ်တစ်ခုလောက်ရဖို့ အတွက် ဖိုမင်နဲ့ တွေ့ပါရစေ"

ဟု ဒေးဗစ်က ပြောသည်။

ဖိုမင်က ဒေးဗစ်၏လက်ကိုကြည့်ပြီး ထိုင်ရာမှထသည်။ သူ့လက်ကို တင်းတင်း ကျပ်ကျပ် ဆွဲကိုင်သည်။

"ကျုပ်နာမည် ဂျက်ဝဂ္ဂနာပါ၊ ဖိုမင်ပါပဲ၊ ကျုပ်အလုပ်သမားတွေနဲ့ မောင့်ကို မိတ်ဆက်ပေးပါရစေ"

အထုပ်ထုပ်နေကြသည့် စားပွဲများဘက်သို့ ဒေးဗစ် လှည့်လိုက်သည်။ အားလုံးက သူ့ကို ပြုံးပြနေကြသည်။ ရုတ်ခြည်း ဆိုသလိုပင် သူတို့အားလုံးသည် စိမ်းမနေတော့။ အားလုံး သူ့မိတ်ဆွေများ ဖြစ်သွားကြတော့သည်။

## (၇)

နယူးယောက်မြို့ရှိ ရုံးခန်းအတွင်းသို့ ဘားနဒ်နော်မန် ဝင်လာသောအချိန်သည် မနက် ဆယ်နာရီ ဖြစ်သည်။ သူ့မျက်လုံးများသည် အရောင်တောက်နေကြသည်။ ဟိုတယ်ပေါ်မှ ဆင်းပြီး လမ်းအနည်းငယ် လျှောက်လာရသောကြောင့် ဆောင်းလေတိုးသဖြင့် သူ့ပါးများသည် ပန်းရောင် ဖြစ်နေသည်။

"ကောင်းသောမနက်ပါ မစ္စတာနော်မန်၊ ကာလီဖိုးနီးယားက လာရတာ ချောချော မောမောပဲ မဟုတ်ပါလား"

သူ ဝင်လာသောအခါ သူ့အတွင်းရေးမှူး အမျိုးသမီးက ဆီးကြိုနှုတ်ဆက်သည်။ သူက ပြန်ပြုံးပြခဲ့သည်။ ပြီးတော့ သူ၏သီးသန့်ရုံးခန်းအတွင်းသို့ ဝင်ခဲ့သည်။ အခန်းထဲ ရောက်သောအခါ ပြတင်းပေါက်ဖွင့်ပြီး လေအေးကို ရှူရှိုက်နေသည်။ စိတ်လက်ကြည်လင် သွားသည်။ ကာလီဖိုးနီးယားမှာတုန်းက တစ်နေ့လည်း ဒီအလုပ်၊ တစ်နေ့လည်း ဒီအလုပ်ဖြင့် လုံးလည်လိုက်နေသကဲ့သို့ မဟုတ်။

စားပွဲသို့ ပြန်လာပြီး ကုလားထိုင်မှာ ထိုင်သည်။ ဆေးပြင်းလိပ် တစ်လိပ်ယူပြီး သောက်သည်။ ဆေးပြင်းလိပ်သည်ပင်လျှင် နယူးယောက်မြို့မှာ သောက်ရသည်က ပိုပြီး အရသာရှိသလို ဖြစ်နေသည်။ အချိန်ရမည်ဆိုလျှင် ဒီလန်စေလမ်းရှိ ရတနာစားသောက်ဆိုင်မှာ နေ့လယ်စာ သွားစားလိုက်ဦးမည်ဟုလည်း စိတ်ကူးမိသည်။

စားပွဲပေါ်မှာရှိသည့် အစီရင်ခံစာများကို ဖတ်သည်။ ကျေနပ်စရာများတွေ့သော ကြောင့် ခေါင်းညိတ်မိသည်။ နယူးယောက်မြို့မှာ ရှိနေသည့် နော်မန်ကုမ္ပဏီပိုင် ရုပ်ရှင်ရုံများနှင့် ပတ်သက်သည့် အစီရင်ခံစာများကို ဖတ်ကြည့်သည်။ သူပိုင် ရုပ်ရှင်ရုံများအနက် အကြီးဆုံးဖြစ်သည့် ဘရော့ဒ်ဝေးလမ်းပေါ်မှ နော်မန်ရုပ်ရှင်ရုံနှင့် ပတ်သက်သော အစီရင်ခံစာကို ကြည့်သည်။ ရုပ်ရှင်များသာမက ပြဇာတ်များကိုပါ တစ်ပြိုင်တည်း ကပြနေသည်။ ပြီးတော့ အခြား ရုပ်ရှင်ရုံများကို ကြည့်သည်။

ပန်းခြံရုပ်ရှင်ရုံနှင့် ပတ်သက်သော အစီရင်ခံစာကို ကြည့်သည်။ ထိုအစီရင်ခံစာတွင် လွန်ခဲ့သည့် နှစ်လခန့်မှစပြီး အပတ်စဉ်ဝင်ငွေသည် ပျမ်းမျှခြင်း ဒေါ်လာ (၄၂၀၀) ရှိနေသည်ကို တွေ့ရသည်။ တစ်ခုခုတော့ မှားနေပြီဟု သူ ထင်၏။ ထိုရုပ်ရှင်ရုံသည် တတိယတန်းစား ရုပ်ရှင်ရုံ ဖြစ်သည်။ ဆောက်ထားသည့် နေရာမှာလည်း (၁၄) လမ်းတွင် ဖြစ်သောကြောင့် နေရာက မကောင်း။ ချောင်ကျလှသည်။ ထို့ကြောင့် ယခင်တုန်းက တစ်ပတ်ဝင်ငွေသည် ဒေါ်လာ (၃၀၀၀) ထက် တစ်ခါဖူးမျှ ကျော်လွန်ခဲ့ခြင်း မရှိ။ ယခု ဒေါ်လာ (၄၂၀၀) ဖြစ်နေသည် ဆိုတော့ တစ်ခုခု မှားနေသောကြောင့်သာ ဖြစ်ရမည်။

အစီရင်ခံစာကို ဆက်ဖတ်သည်။ အလုပ်သမားများကို ဆုကြေးပေးသည့် အခန်းသို့ ရောက်လာသည်။ ဆုငွေအဖြစ် တစ်ပတ်လျှင် ဒေါ်လာ (၃၀၀) ပေးထားကြောင်းကို တွေ့ရသည်။ တယ်လီဖုန်းကို သူ ကောက်ကိုင်သည်။ တစ်ယောက်ယောက်တော့ အရူးထပြီဟု သူ စဉ်းစားမိသည်။ လုပ်အားဆုငွေကို ဤမျှပေးရန် သူ တစ်ခါမျှ ခွင့်မပြုခဲ့၊ ယခု တစ်ယောက် ယောက်က မတော်တလျော် ဝင်လုပ်နေသောကြောင့် ဤသို့ မှားလာခြင်း ဖြစ်နိုင်သည်။ အစီရင်ခံစာကြီးတစ်ခုလုံးသည် မှားနေပြီ ဖြစ်သည်။

"အမိန့်ရှိပါ မစ္စတာနော်မန်"

သူ့အတွင်းရေးမှူး၏အသံ တယ်လီဖုန်းထဲမှာ ပေါ်လာသည်။

"ဘာနီကို အခုချက်ချင်း လာပါလို့ ပြောလိုက်စမ်း"

ဟု ပြောပြီး ဖုန်းကို ပြန်ချသည်။ ဘားနက်စ်ဟော်လေသည် ကုမ္ပဏီ၏ဘဏ္ဍာရေးမှူး ဖြစ်သည်။

ခဏအကြာမှာပင် ဘားနက်စ်ဟော်လေ ဝင်လာသည်။ သူ့မျက်လုံးများပေါ်သို့ ထူထဲသည့် သူ၏ မျက်မှန်အရိပ်က ထိုးကျနေသည်။

"နေကောင်းလား ဘာနီ၊ လမ်းမှာ ချောချောမောမောပဲ မဟုတ်လား"

နော်မန်က သူ၏စားပွဲပေါ်မှ အစီရင်ခံစာကို လက်ဖြင့်ပုတ်ပြသည်။

"ပန်းခြံရုံက ဘာဖြစ်တာလဲ၊ ဒါလေးတောင် မှန်အောင် မလုပ်နိုင်ကြဘူးလား"

"ပန်းခြံရုံ ဟုတ်လား။ ကျွန်တော် ကြည့်ပါရစေဦး"

ဟော်လေက နားမရှင်းလိုက်။

နော်မန်က အစီရင်ခံစာကို လှမ်းပေးပြီး ကုလားထိုင်ပေါ်သို့ ကိုယ်ကိုမှီချသည်။ ပြီးတော့ ဆေးပြင်းလိပ်ကို ဖွာနေသည့် ဟော်လေက သူ့ကို မော့ကြည့်သည်။

"ကျွန်တော်တော့ ဘာအမှားမှ မတွေ့ဘူး"

"မတွေ့ဘူးလား၊ ဒီပန်းခြံရုံကို စဆောက်ကတည်းက တစ်ပတ်ကို ဝင်ငွေ (၃၀၀၀) ထက် တစ်ခါမှ မပိုဘူးဆိုတာ ကျုပ် မသိဘူးများ အောက်မေ့နေသလား။ ကျုပ် ဒီလောက်တော့ နွားမကျသေးဘူး"

"ဒီအစီရင်ခံစာမှာပါတဲ့ ဝင်ငွေဟာ အမှန်ပဲ ဘာနီ၊ ကျွန်တော်တို့ စာရင်းစစ်တွေက အပတ်တိုင်း စစ်နေကြတာပဲ"

"အလုပ်သမားတွေကို ပေးတဲ့ဆုငွေကရော၊ လွန်ခဲ့တဲ့ နှစ်လမှာ ဒေါ်လာ (၂၄၀၀) တောင်ပေးထားတယ်၊ ကျုပ်ကို အရူးများ မှတ်နေသလား၊ ဒါလောက်ပေးဖို့ ကျုပ် တစ်ခါမှ ခွင့်မပြုခဲ့ဖူးဘူး"

နော်မန်က ဟော်လေကို မကျေမနပ်ကြည့်ပြီး ပြောသည်။

"ဘာနီ ခွင့်ပြုခဲ့ဖူးပါတယ်၊ နာတာလူးပွဲတော် ပြီးကတည်းက မန်နေဂျာရဲ့ဆုငွေကို

(၂၅) ရာခိုင်နှုန်းအထိ တိုးပေးဖို့ ဘာနီ ဆုံးဖြတ်ခဲ့ပါတယ်"

"အဲဒါက ဝင်ငွေအများဆုံးရှိတဲ့ ရုပ်ရှင်ရုံတွေအတွက် သတ်မှတ်ပေးတာပဲ၊ ဒီအတိုင်းသာ ပေးနေရရင် ကျုပ်တို့ ရှိသမျှကုန်လိမ့်မယ်၊ ပန်းခြံရုံအတွက် တစ်ပတ်ကို ကျုပ်တို့ ငွေဘယ်လောက်သုံးသလဲ"

"သုံးထောင်"

နော်မန်က အစီရင်ခံစာကို ပြန်ငုံ့ကြည့်ပြန်သည်။

"ဒါဟာ ကလိမ်ကျတာပဲ၊ တော့ပ်မန်ဟာ ကျုပ်တို့ကို အကန်းထင်ပြီး ခိုးနေတာပဲ၊ သူ မဟုတ်တာ မလုပ်ဘူးဆိုရင် ဝင်ငွေဟာ ဘာဖြစ်လို့ (၄၂၀၀) အထိ တက်လာရမှာလဲ"

"ပန်းခြံရုံကို အခု အုပ်ချုပ်နေတာ တော့ပ်မန် မဟုတ်ပါဘူး၊ သူ အူအတက်ပေါက်နေလို့ နာတာလူးပွဲတော်ပြီးကတည်းက ခွင့်ယူထားတယ်"

"ဒီအပေါ်မှာ သူ လက်မှတ်ထိုးထားတာပဲ"

"အဲဒါက ရာဘာတံဆိပ်တုံးပါ၊ မန်နေဂျာအားလုံးမှာ ရာဘာတံဆိပ်တုံး လုပ်ထားကြတာပဲ"

"ဒါဖြင့် ဘယ်သူ အုပ်ချုပ်နေတာလဲ၊ ဘယ်ကောင်က တစ်ပတ်ကို ဆုငွေ သုံးထောင်ထုတ်ယူနေတာလဲ"

ဟော်လေက စိတ်မသက်မသာဖြင့် နော်မန်ကို ကြည့်သည်။

"ကျွန်တော်တို့ ဘယ်လိုမှ မတတ်နိုင်ဘူး ဘာနီ၊ တော့ပ်မန် နေမကောင်းတာက ကျွန်တော်တို့ ကျဉ်းထဲကျပ်ထဲ ကျနေတုန်းဖြစ်တာ၊ တခြားတာဝန်ပေးရမယ့်လူလည်း မရှိဘူး"

"ကျုပ်ကို တည့်တည့်ပြောစမ်း၊ ဘယ်ကောင်တုံး"

"ခင်ဗျား တူပါ၊ ဒေးဗစ်ဝုဖ်"

ဟော်လေက မပြောချင်ပြောချင်ဖြင့် ပြန်ပြောသည်။

နော်မန်သည် သူ့နဖူးကို လက်ဖြင့် ပြန်ရိုက်လိုက်သည်။

"အိုး ကျုပ် သိဖို့ကောင်းတာပေါ့ဗျာ"

"ကျွန်တော်လည်း တခြားနည်း မရှိတော့ဘူး။ ဒါပေမယ့် ဒီကလေးဟာ အလုပ်ကို အင်မတန် ကောင်းကောင်းလုပ်ပါတယ်။ သူ လုပ်တာတွေလည်း မှန်ပါတယ်၊ အနီးတစ်ဝိုက်မှာ ရှိတဲ့ ကုမ္ပဏီတွေ၊ စတိုးဆိုင်တွေ အကုန်လုံးကို သူ ပေါင်းထားတယ်၊ သူတို့ကို လက်ကမ်းကြော်ငြာတွေ တစ်ပတ်မှာနှစ်ခါဝေတယ်၊ လူဝင်နည်းတဲ့ တနင်္လာနေ့နဲ့ အင်္ဂါနေ့ ညပွဲတွေကို မိသားစုပွဲ ဆိုပြီးတော့ အထူးပွဲပြတယ်၊ မိသားစု တစ်စုလုံးကို (၇၅) ပြားနဲ့ ဝင်ခွင့်ပြုတယ်၊ ဒါကြောင့် ဝင်ငွေတိုးလာတာလည်း ဖြစ်ပါတယ်၊ သူ ရောင်းနေတဲ့ မုန့်ပဲသရေစာတွေကလည်း ရောင်းကောင်းနေတယ်"

"သူ ဒီလို ဝင်ငွေကောင်းအောင်လုပ်နေတဲ့အတွက် ကျုပ်တို့မှာ ကုန်ကျစရိတ် ဘယ်လောက် ပိုများလာသလဲ"

ဟော်လေ၏ မျက်နှာပေါ်တွင် စိတ်မသက်သာသည့် အမူအရာ ပေါ်လာပြန်သည်။

"နည်းနည်းတော့ ပိုကုန်ပါတယ်၊ ဒါပေမယ့် ငွေပိုဝင်လာတာနဲ့ နှိုင်းစာရင် ကုန်ရကျိုးနပ်ပါတယ်"

"ဒီလိုဆိုရင် အတိအကျ ပြောစမ်းပါ"

ဟော်လေက အစီရင်ခံစာကို ကောက်ကိုင်ကြည့်သည်။ ပြီးတော့မှ သူ့လည်ချောင်းကို ရှင်းသည်။

"တစ်ပတ်ကို (၈၀၀) ကနေပြီး (၈၅၀) ကြားမှာ ကုန်ပါတယ်"

"တစ်ပတ်ကို (၈၀၀) ကနေပြီး (၈၅၀) ကြား၊ ဒါ လူဝါးဝတာပဲဗျ၊ ပိုလာတဲ့ ဝင်ငွေတွေကို ကျုပ်တို့က ဘယ်လောက်ရလို့တုံး၊ သူကတော့ တစ်ပတ်ကို ငွေသုံးရာ သူ့အိတ်ထဲပြန်ထည့်နေတယ်"

နော်မန်သည် ထိုင်ရာမှထပြီး အော်ပြောသည်။ ပြတင်းပေါက်သို့ လျှောက်သွားပြီး အပြင်သို့ သူ ကြည့်နေသည်။ အပြင်က လေအေးဝင်လာသောကြောင့် ဒေါသဖြင့် ပြတင်းပေါက်

ကို ပိတ်ခဲ့သည်။ နယူးယောက်မြို့၏ ရာသီဥတုသည် ဆိုးဝါးနေ၏။ နေရောင်ခြည်ကလေးဖြင့် နွေးနွေးထွေးထွေး ရှိနေသော ကာလီဖိုးနီးယားမှာလို မဟုတ်။

"ဝင်ငွေတွေ အကုန်လုံးကို တွက်ကြည့်ရင် ကျွန်တော်တို့ အတွက်လည်း အရင်က ထက် တစ်ပတ်ကို (၁၅၀) လောက် ပိုဝင်နေပါသေးတယ်၊ အရင်က ကျွန်တော်တို့ တစ်ပတ်ဝင်ငွေ စုစုပေါင်းဟာ (၃၀၀၀) ရှိခဲ့တယ်၊ အခု သူက (၈၅၀) လောက်ပိုသုံးတဲ့အတွက် (၄၂၀၀) ဝင်လာ တယ်၊ သူက ဆုငွေ (၃၀၀) ယူတော့ ကျွန်တော်တို့အဖို့ အရင်ကထက် ငွေ (၁၅၀) တော့ ပိုလာတာပေါ့"

"ကျုပ်တို့ငွေတွေ ဒါလောက်ကြီး သုံးပစ်ပြီး သူက (၃၀၀) ယူ၊ ကျုပ်တို့က (၁၅၀) ယူဆိုတာ တရားသလား၊ ဒီအတွက် သူ့ကို ကျေးဇူးတင်ရဦးမှာလား"

နော်မန်သည် စိတ်ဆိုးမာန်ဆိုးဖြင့် သူ့လက်ထဲမှ ဆေးပြင်းလိပ်တိုကို ပြာခွက်ထဲသို့ ပစ်ချလိုက်သည်။

"ကျုပ် နယူးယောက်ကိုလာတိုင်း မဟုတ်တာ တစ်ခုခုတော့ အမြဲ တွေ့နေရတာပဲ၊ ဒါမျိုးချည်းပဲ တွေ့နေရတယ်၊ အရင် တစ်နှစ်ခွဲက ကျုပ် တစ်ခါလာတယ်၊ ကုန်တိုက်မှာ သူ အလုပ်လုပ်နေတယ်၊ ကျုပ်တို့အတွက် ဝင်ငွေ နည်းနည်းပိုလာအောင် လုပ်ပေးတာတော့ မှန်ပါရဲ့၊ ဒါပေမယ့် ကျုပ်တို့ ရတာထက် သူက အမြဲပိုရနေတယ်၊ လက်ကမ်းကြော်ငြာ အဟောင်းတွေကို သူက ရောင်းစားတယ်၊ ကျုပ်တို့က နည်းနည်းရတယ်၊ သူက တစ်နှစ်ကို ဒေါ်လာ (၁၀၀၀) ရတယ်၊ ပြီးတော့ ညစ်ညမ်းတဲ့ ဓာတ်ပုံတွေကို ကျုပ်တို့ ပုံနှိပ်စက္ကူတွေနဲ့ကူးပြီး သူက ရောင်းစား တယ်၊ တစ်နှစ်ကို ဒေါ်လာ (၂၀၀၀) လောက် သူက ရနေတယ်၊ ကျုပ်တို့ ရုပ်ရှင်ရုံတွေမှာ ရောင်းတဲ့ မုန့်ပဲသရေစာတွေကိုလည်း သူက လက်ဝါးကြီးအုပ်ပြီး ကိုယ်စားလှယ်ယူထားတယ်၊ ဒီအတိုင်းဆက်ပြီး လုပ်ခွင့်ပေးနေရင် ကျုပ်တို့အားလုံး ထောင်ထဲ ရောက်ကုန်တော့မယ်"

"ဒါပေမယ့် ဘာနီ၊ ကျွန်တော်တို့ ကုန်တိုက်ဟာ ဘယ်တုံးကမှ ချောချောမောမော မဖြစ်ခဲ့ဘူး၊ သူ ရောက်လာမှ အကုန်လုံး အဆင်ပြေသွားတာတော့ ကျွန်တော်တို့ ဝန်ခံရမှာပါ။ အလကားလွှင့်ပစ်ရမယ့် ပစ္စည်းတွေကို သူ ရောင်းချပေးလို့ ကျွန်တော်တို့ ကုမ္ပဏီမှာ ဝင်ငွေ တိုးလာခဲ့ပါတယ်"

"ဩ ကျုပ်တို့အတွက်များ ဒါတွေကို ဒီကောင်က လုပ်ပေးနေတယ် ခင်ဗျား ထင်သလား၊ မကြောင်စမ်းပါနဲ့ဗျာ၊ ဒီကောင်ရတဲ့ လခက တစ်ပတ်မှ (၁၇) ဒေါ်လာရယ်။ ဒါပေမယ့် သူ အလုပ်လာရင် ဒေါ်လာ (၂၃၀၀) တန် မြကားကြီးနဲ့၊ ဒါလည်း ကြည့်ဦး"

နော်မန်သည် ဆေးပြင်းလိပ်တစ်လိပ် ထုတ်ယူပြီး မီးညှိဖွာရှိုက်နေ၏။ ပြီးတော့ ဟော်လေကို ကြည့်ပြန်သည်။

"ကျုပ်က ဒါကြောင့် သူ့ကို နော်မန်ကုမ္ပဏီမှာ လက်ထောက်မန်နေဂျာအဖြစ် ခန့်ခဲ့ တယ်၊ အကုန်လုံး အဆင်ပြေသွားမယ်လို့ ကျုပ်က ထင်ခဲ့တယ်၊ ကျုပ်က အိပ်ကောင်းခြင်းအိပ်၊ စားကောင်းခြင်းစားရပြီလို့ ထင်ခဲ့တာ၊ ဘယ်ဟုတ်မလဲ ဒုက္ခရောက်ရသေးတာပဲ၊ ကျုပ်တို့ အတွက် ဝင်ငွေပိုရအောင် ရှာတာတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် သူကလည်း သူ့အိတ်ထဲကို ငွေတွေ အများကြီး ပြန်ထည့်နေတာ မဟုတ်လား၊ ငွေရှာတော်တာတော့ မှန်ပါတယ်၊ အအုပ်အချုပ်ကောင်းတာတော့ မှန်ပါတယ်၊ ကြံရည်ဖန်ရည်ရှိတာတော့ မှန်ပါတယ်၊ ဒါပေမယ့် သူ ရနေတဲ့ ဝင်ငွေဟာ ကျုပ်တို့ ကုမ္ပဏီရဲ့ ဒုတိယဥက္ကဋ္ဌရတဲ့ လစာထက်တောင် များသေးဗျား"

ဟော်လေက နော်မန်ကို လှမ်းကြည့်သည်။

"အဲဒီအတိုင်း လုပ်လိုက်ရင် အကောင်းဆုံးပဲ"

"ဘာကို ပြောတာလဲ"

"သူ့ကို ဒုတိယဥက္ကဋ္ဌ ခန့်လိုက်ပေါ့"

"ဒါပေမယ့် သူက ကလေးပဲ ရှိသေးတာပဲ"

ဟု နော်မန်က ပြန်ဖြေသည်။

"လွန်ခဲ့တဲ့လက သူ (၂၁) နှစ်ပြည့်သွားပြီ၊ သူဟာ လူတော်တစ်ယောက်ပါ၊ ဒီလို လူငယ်မျိုးတစ်ယောက် ကျွန်တော်တို့ဘက်မှာ ရှိထားဖို့ ကောင်းပါတယ်"

"မဖြစ်ပါဘူး၊ အခု သူ လခ ဘယ်လောက်ရနေသလဲ"

နော်မန်က ဟော်လေကို ကြည့်၍ စဉ်းစားရင်းမေးသည်။

"တစ်ပတ်ကို (၃၅) ဒေါ်လာ"

ဟော်လေက မဆိုင်းမတွ ဖြေသည်။

"သူ့ကို ဒီကနေပြီး ကြော်ငြာဌာနကို ပြောင်းပေးလိုက်၊ ဟိုမှာဆိုရင် ဒီကောင် ဘာဒုက္ခမှ ပေးနိုင်တော့မှာ မဟုတ်ဘူး၊ ကျုပ်ကိုယ်တိုင် စောင့်ကြည့်မယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ချက်ချင်းပဲ ပြောင်းပေးလိုက်ပါ့မယ်"

ဟော်လေသည် ပြောပြောဆိုဆိုပင် ထိုင်ရာမှထပြီး အပြင်သို့ ထွက်သွားသည်။

နော်မန်သည် ဟော်လေ ထွက်သွားသည်ကို လှမ်းကြည့်ရင်း တယ်လီဖုန်းကို ကောက်ကိုင်သည်။ သူ့ညီမကို တယ်လီဖုန်းဆက်ပြီး ဘာမှ မပူရန်၊ ကာလီဖိုးနီးယားသို့ ပြောင်းလိုက်ခဲ့ရန်၊ ပြောင်းရွှေ့စရိတ်များကို မိမိက ပေးမည်ဖြစ်ကြောင်း ပြောပြရန် ဖြစ်သည်။ နောက်မှ သူ သတိရသည်။ သူ့ညီမအိမ်တွင် တယ်လီဖုန်း မရှိ။ အောက်ထပ်ရှိ ကိတ်မုန့်ဆိုင်မှ တယ်လီဖုန်းကို ဆက်ပြီး ခေါ်ခိုင်းမှ ဖြစ်မည်။ နော်မန်က ဖုန်းကို ပြန်ချလိုက်သည်။

နေ့လယ်စာစားပြီးလျှင် သူကိုယ်တိုင် သူတို့အိမ်သို့ သွားလိုက်မည်။ သူ့ညီမသည် အမြဲတမ်း အိမ်တွင်ရှိသူ ဖြစ်သည်။

နော်မန်၏ စိတ်ထဲမှာ ဂုဏ်ယူသည့်စိတ်ဓာတ်များ ပေါ်လာပြန်သည်။ သူ့တူသည် အလွန် ထက်မြက်သည့် ကလေးဖြစ်ကြောင်း သူ သဘောပေါက်သောကြောင့် ဖြစ်သည်။ ခပ်ကြောင်ကြောင် အတွေးအခေါ်များ ရှိပင်ရှိလင့်ကစား လူတော်တစ်ယောက်ဖြစ်ကြောင်းကို သူ လက်ခံသည်။ သူ့အဖေထံမှ သွန်သင်ချက်များကို သူ မရခဲ့။ ယခု မိမိကသာ ကောင်းကောင်း သွန်သင်ပေးမည်ဆိုလျှင် အလွန် ကြီးပွားလာနိုင်သည့် ကလေးဖြစ်ကြောင်း သူ စဉ်းစားမိသည်။

နော်မန်သည် သူ့ကိုယ်သူ သဘောကျစွာပြုံးရင်း အစီရင်ခံစာကို ကောက်ကိုင်လိုက်သည်။ သူ့ညီမပြောသည်မှာ မှန်၏။

သွေးသည် ရေထက်ပြစ်၏။

(၈)

စတူဒီယိုဂိတ်ဝသို့ နီဗားဒါးစမစ် ရောက်လာသောအခါတွင် ကုမ္ပဏီလုံခြုံရေး တပ်ဖွဲ့မှ အကြီးအကဲ ဟာရီရစ်ချတ်သည် ဂိတ်ဝမှာ ရှိနေ၏။ နီဗားဒါးကို မြင်သောအခါ လုံခြုံရေး အစောင့်တဲကလေးအတွင်းမှ ထွက်လာပြီး နှုတ်ဆက်သည်။

"အခုလို ပြန်တွေ့ရတာ သိပ်ဝမ်းသာပါတယ် မစ္စတာစမစ်"

"ဝမ်းသာပါတယ် ဟာရီ"

နီဗားဒါးက ပြုံးရင်း ဟာရီရစ်ချတ် ကမ်းပေးသောလက်ကို ဆွဲယူနှုတ်ဆက်သည်။

"ကျွန်တော်တို့ မတွေ့ကြတာ တော်တော်ကြာပြီနော်"

ဟု ရစ်ချတ်က ပြောသည်။

"ဟုတ်တယ်၊ ခုနစ်နှစ်ရှိသွားပြီ၊ ကိုယ် ဒင်ပီးယာ့စ်နဲ့ ချိန်းထားလို့"

သူတို့ချင်း မတွေ့ကြသည်မှာ ခုနစ်နှစ်ရှိသွားပြီ၊ (၁၉၃၀) ခုနှစ်က 'တစ်ကောင်ကြွက်' ဇာတ်ကားရိုက်ပြီးကတည်းက ဖြစ်သည်။

"ဟုတ်တယ်၊ သူ စောင့်နေတယ်၊ နော်မန်ရဲ့ရုံးဟောင်းမှာ ရှိတယ်"

နီဗားဒါးက ကားကီယာထိုးသည်။ ရစ်ချတ်က နောက်ဆုတ်ပြီး ဖယ်ပေးရင်း ပြောသည်။

"အားလုံး အဆင်ပြေပါစေဗျာ၊ ကျွန်တော်တော့ ဟိုတုန်းက ကျွန်တော်တို့ အတူတူ လုပ်ခဲ့ကြသလို ပြန်လုပ်ချင်ပါတယ်"

ဟု ရစ်ချတ်က ဆက်ပြောသည်။

နီဗားဒါးသည် သူ့ကို ပြုံးပြခဲ့ပြီး အမှုဆောင်အဖွဲ့ရုံးရှိရာသို့ ကားကို မောင်းလာခဲ့သည်။ သည်စတူဒီယိုမှာ ဘာမှ အပြောင်းအလဲ မရှိ။ ယခင်ကအတိုင်းပင် ဖြစ်သည်။ ဘာမှ

လျှို့ဝှက်မထား။ ဘယ်သူတွေ ဘာလုပ်နေသည်၊ ဘာစီစဉ်နေသည်ကို အားလုံးက သိကြသည်သာ ဖြစ်သည်။

သူထံသို့ ဒင်ပီးယာ့စ် ရိုက်လိုက်သည့် ကြေးနန်းကို သူ ပြန်သတိရနေသည်။ အိမ်သို့ သူ ပြန်လာသောအခါ ဒင်၏ကြေးနန်းကို တွေ့ရခြင်း ဖြစ်သည်။

ရုပ်ရှင်ရိုက်ဖို့ကိစ္စအတွက် အရေးတကြီးတွေ့ချင်သည်။

အမြန်ဆုံး ဆက်သွယ်ပါရန်။

ဒင်ပီးယာ့စ်။

ကြေးနန်းသည် ဤမျှသာ ဖြစ်သည်။ သူ ကြေးနန်းဖတ်နေခိုက်တွင် မာသာ ဝင်လာသည်။ မာသာသည် ချက်ပြုတ်နေရာမှ ထွက်လာသောကြောင့် သူ့ကိုယ်ပေါ်တွင် မီးဖိုချောင်အဝတ်အစားများ ရှိနေသည်။

"နေ့လယ်စာ အသင့်ဖြစ်နေပြီနော်"

ဟု မာသာက ပြောသည်။ နီဗားဒါးက သူ့လက်ထဲမှ ကြေးနန်းကို လှမ်းပေးသည်။

"ဒင်ပီးယာ့စ်က ကိုယ်နဲ့ ရုပ်ရှင်ရိုက်ချင်လို့တဲ့"

"သူတို့ တစ်ခုခုတော့ ဒုက္ခတွေ့နေကြပြီနဲ့ တူတယ်၊ ရှင့်ကို နှစ်ပေါင်းများစွာ အဆက်ဖြတ်ပစ်ပြီးမှ အခုလို ပြန်ကမ်းလှမ်းတယ်ဆိုတော့ တခြား ဘာကြောင့်မှ မဖြစ်နိုင်ဘူး"

နီဗားဒါးက သူ့စိတ်ထဲတွင် မည်သို့မျှ မခံစားရသလို ပုံမျိုးဖြင့် ပခုံးကိုတွန့်ပြသည်။

"ဒါကြောင့်တော့ ဟုတ်မယ်မထင်ဘူး။ ဂျိုနတ်စ်က ဘာနီနော်မန်လို လူစားမျိုး မဟုတ်ဘူး။ သူ့လက်ထဲကို ရုပ်ရှင်ကုမ္ပဏီရောက်ကတည်းက အပြောင်းအလဲတွေ ဖြစ်ခဲ့တယ်နဲ့ တူတယ်"

"ကျွန်မလည်း ဒီလိုပဲ ထင်ပါတယ်၊ ရှင့်ကို သူတို့ပြန်ပြီး ရုပ်ရှင်ရိုက်မှာကိုသာ ကျွန်မက မလိုလားတာပါ"

မာသာသည် ထိုမျှသာပြောပြီး မီးဖိုခန်းထဲသို့ ပြန်ဝင်သွားသည်။

နီဗားဒါးက မာသာကို လိုက်ကြည့်နေသည်။ သည်အကြောင်းများကြောင့်လည်း မာသာကို သူ သဘောကျခြင်း ဖြစ်သည်။ အလွန် အားကိုးရသည်။ မာသာသည် မည်သူ့အတွက်မျှ မစဉ်းစား၊ သူ့ကိုယ်သူ အတွက်လည်း သူ မစဉ်းစား၊ နီဗားဒါးအတွက်သာ သူ့ဘဝကို မြှုပ်နှံထားသည့် မိန်းမ ဖြစ်သည်။

မာသာသည် နီဗားဒါး၏သူငယ်ချင်း ချာလီဒေါ်ဘ်၏ ဇနီး ဖြစ်သည်။ ချာလီ ကွယ်လွန်သွားပြီးနောက် သူတို့နှစ်ယောက် လက်ထပ်ခဲ့ကြသည်။ အိမ်ထောင်သက်ပင် နှစ်နှစ်ရှိခဲ့ပြီ။ အမှန်တော့ ဤကဲ့သို့သော မိန်းမမျိုးကို သူ လက်ထပ်သင့်ခဲ့သည်မှာ ကြာပြီ။ နီဗားဒါးသည် မီးဖိုအတွင်းသို့ လိုက်လာခဲ့သည်။

"မာချီဆန်ဆီကဝယ်တဲ့ မြေကကွက်တစ်ထောင်ကိစ္စနဲ့ ပတ်သက်ပြီး လော့စ်အိန်ဂျယ်လိစ်ကဘဏ်ကို သွားရဦးမယ်၊ လမ်းကြုံနေတဲ့ အတူတူတော့ ဒင်ပီးယာ့စ်ကို ဝင်တွေ့လိုက်တာ မမှားပါဘူး။ သူတို့ အစီအစဉ်က ဘာလဲဆိုတာ သိရတာပေါ့"

"ဟုတ်ပါတယ်၊ လမ်းကြုံနေတော့ မထောင်းသာဘူးပေါ့"

မာသာကပြောရင်း ကော်ဖီအိုးကို စားပွဲပေါ်သို့ တင်ပေးသည်။

"မင်းပါ လိုက်ခဲ့လေ၊ ကားနဲ့သွားမယ်၊ သံအမတ်ဟိုတယ်မှာ တို့ တည်းကြတာပေါ့၊ ဟိုတုန်းက တို့ သွားတည်းခဲ့ကြသလိုပေါ့ကွာ"

မာသာက သူ့ကို လှမ်းကြည့်သည်။ မာသာ၏မျက်လုံးထဲမှာ အရောင်တောက်နေသည်။ အဆင်ပြေမည်ဆိုလျှင် နီဗားဒါး ရုပ်ရှင်ပြန်ရိုက်လိုကြောင်းကို သူ သိသည်။ အမှန်တော့ ငွေရေးကြေးရေးအတွက် ရိုက်ခြင်း မဟုတ်။ သူတို့မှာ ငွေ မလို။ နီဗားဒါးကို လူချမ်းသာကြီးတစ်ယောက်ဟု ဆိုနိုင်လောက်ပါသည်။ အနောက်ပိုင်း တိရစ္ဆာန်ရိုင်းပြပွဲသည်လည်း နီဗားဒါးပိုင်သော ပြပွဲပင် ဖြစ်သည်။ သူတို့အဖို့ ဝင်ငွေကောင်းနေသည်။ မာသာ၏ ကွယ်လွန်သူယောက်ျား ချာလီနှင့် နီဗားဒါးတို့ စပ်တူဝယ်ခဲ့သည့် မွေးမြူရေးခြံကြီးလည်း ရှိသေးသည်။ ထိုခြံကလည်း ဝင်ငွေကောင်းနေသည်။ ယခု သူတို့နေသည့် တက်ဆပ်ပြည်နယ်မှ

မွေးမြူရေးခြံသည်လည်း ဝင်ငွေကောင်းနေသော ခြံကြီးပင် ဖြစ်သည်။

ထို့ကြောင့်လည်း ငွေရေးကြေးရေးအတွက် မဟုတ်။ သူပိုင်သည့် ခြံကြီးထဲမှာ ရေနံထွက်နေသည်။ သူ့ခြံနှင့်ဆက်လျက် ခြံတွင်လည်း ရေနံ ထွက်နေသည်။ ထိုခြံကို ပိုင်သောသူများက သူ့ခြံတစ်ပိုင်းကိုရောင်းရန် ဒေါ်လာသန်းချီပေးပြီး ဝယ်နေသည်။ သို့သော် နီဗားဒါးက မရောင်း၊ သူ့ခြံ၏အလှကို အပျက်မခံနိုင်၊ တောင်ကုန်းကလေးများဖြင့် သာယာသည်။ ရေနံတွင်းများဖြင့် ဆူဆူညံညံ ရှုပ်ရှုပ်ထွေးထွေး မနေချင်။ ထို့ကြောင့် ငွေရေးကြေးရေးအတွက် ရုပ်ရှင်ရိုက်လိုခြင်း မဟုတ်ကြောင်း မာသာလည်း သိပါသည်။

လမ်းမပေါ်မှာ သူ လမ်းလျှောက်သွားလျှင် ကလေးများသည် သူ့နောက်မှ တတန်းတန်းဖြင့် လိုက်ခဲ့ကြဖူး၏။ သို့သော် ယခု မဟုတ်တော့။ ဟိုတုန်းက ဖြစ်သည်။ ထိုအကြောင်းများကိုလည်း သူ ပြန်သတိရနေသည်။ ယခု သူသည် ကလေးများသိသော ဇာတ်လိုက်တစ်ယောက် မဟုတ်တော့။ သူတို့သည် အခြားဇာတ်လိုက်များကို အစားရနေကြပြီ။

အမှန်တော့ သူ ရုပ်ရှင်ပြန်ရိုက်လိုခြင်းမှာ ဂျိုနတ်စ်ကြောင့် ဖြစ်ရမည်ဟု မာသာ စဉ်းစားမိသည်။ ဂျိုနတ်စ်သည် သူ ဘယ်တုံးကမှ မရခဲ့ဘူးသည့် သူ့သား ဖြစ်သည်။ သူ့ဘဝတွင် ဂျိုနတ်စ်ကို မည်သူနှင့်မျှ အစားမထိုးနိုင်။ မာသာကိုပင်လျှင် ဂျိုနတ်စ်၏နေရာတွင် အစားမထိုးနိုင်သော နီဗားဒါး ဖြစ်သည်။ ထိုမျှအထိ ဂျိုနတ်စ်ကို နီဗားဒါး ချစ်သည်။ ထိုအကြောင်းကို စဉ်းစားမိသောအခါ မာသာသည် နီဗားဒါးအတွက် စိတ်မကောင်းဖြစ်လာ၏။

"ဘယ်လို သဘောရသလဲ၊ အဲဒီလို သွားကြရင် မကောင်းဘူးလား"

နီဗားဒါးက မာသာကို မော့ကြည့်ရင်း မေးသည်။

နီဗားဒါးအပေါ် ကြင်နာသည့် စိတ်များ ပိုမို များပြားလာသည်။ သနားစိတ်များ ပိုလာသည်။ နီဗားဒါးကို သနားသည့် စိတ်များ မကြာခဏ ပေါ်ခဲ့ဖူး၏။ သူတို့နှစ်ယောက် အလွန် ငယ်စဉ်ကတည်းက သည်စိတ်မျိုးဖြစ်ပေါ်ခဲ့စမြဲ ဖြစ်သည်။ မာသာသည် ကွယ်လွန်သူ ခင်ပွန်း ချာလီနှင့် အတူနေထိုင်စဉ်က ဖြစ်သည်။ သည်တုန်းက သူ့ခင်ပွန်းနှင့် နီဗားဒါးတို့သည် ဥပဒေများကို ရှောင်တိမ်းရင်း ဝရမ်းပြေးများအဖြစ် ရီနိုမြို့နားမှာ နေခဲ့ကြရဖူးသည်။ ထိုစဉ်က နီဗားဒါးသည် အထီးကျန်တစ်ယောက် ဖြစ်သည်။

မာသာက သူ့ကို ပြန်ကြည့်ပြီး ရှက်ပြုံးပြုံးရင်း ပြောသည်။

"ဒီလို သွားလို့ရရင် သိပ်ကောင်းမှာပဲလို့ ကျွန်မ ထင်တယ်"

* * *

"အကြံကုန် ဂဠုန်ဆားချက် အလုပ်တွေ လုပ်နေရတာပဲဗျာ၊ ကျုပ်တို့က ရုပ်ရှင်မရိုက်နိုင်တော့ဘူးလေ။ စက်ရုံ ဖြစ်နေပြီ၊ တစ်လ တစ်လ လည်ပတ်နိုင်ဖို့အတွက် မနည်းလုပ်နေရတယ်"

ဟု ဒင်ပီးယာ့စ်က ပြောသည်။

နီဗားဒါးသည် သူ့ကုလားထိုင်ပေါ်မှာ သက်သာသလို ထိုင်ရင်း ပြန်ပြုံးပြသည်။

"ယုံပါတယ်၊ ခင်ဗျားကို ကြည့်ရတာနဲ့ကို သိသာပါတယ်၊ ခင်ဗျားက ဒီလုပ်ငန်းကို အပျက်မခံနိုင်ဘူး မဟုတ်လား"

"တာဝန်တွေက ကျွန်တော့်ကို ဒုက္ခပေးနေတာပါဗျာ၊ ဒါပေမယ့်လည်း ဒါက အလုပ်ပဲ မဟုတ်လား"

"ရပ်တည်နိုင်ရေးအတွက်တော့ အလုပ်လုပ်နေရမှာပဲ မဟုတ်လား"

"အင်း ကျုပ် လုပ်နေရတာနဲ့ ပတ်သက်ပြီး ခင်ဗျားအဖို့ ကျုပ်အပေါ်မှာ သနားကရုဏာသက်စရာအကြောင်း မရှိဘူးလို့ ထင်ပါတယ် နီဗားဒါး"

သူတို့နှစ်ယောက် ပြိုင်တူရယ်လိုက်ကြ၏။ ဒင်ပီးယာ့စ်က စားပွဲကို ငုံ့ကြည့်သည်။ သူ့မျက်နှာ ပြန်မော့လာသောအခါ သူ့အမူအရာသည် လေးနက်နေသည်။

"ကျုပ် ပို့လိုက်တဲ့ ကြေးနန်းကိုတွေ့ရတော့ ခင်ဗျား အံ့သြမနေဘူးလား"

"ဒါကြောင့် ကျုပ် အခု ဒီကို ရောက်လာတာပေါ့"

နီဗားဒါးက ခေါင်းညိတ်ပြရင်း ဖြေသည်။

"ခင်ဗျား ရောက်လာတဲ့အတွက် ဝမ်းသာတယ်ဗျာ၊ ဒီအစီအစဉ်ကို လုပ်တာနဲ့ တစ်ပြိုင်တည်း ကျုပ် ခင်ဗျားကို ပထမဦးဆုံး သတိရတာပဲ"

"ကျေးဇူးတင်ပါတယ်၊ အလုပ်က ဘာလဲ၊ ပြောပါဦး"

ဒင်၏မျက်လုံးများသည် ပို၍ ဝိုင်းလာ၏။ စိတ်ထိခိုက်သည့် အမူအရာမျိုးကို သူက လုပ်ပြနေခြင်း ဖြစ်သည်။

"နီဗားဒါးကလေး၊ အရင်တုန်းက ခင်ဗျားကို ကျွန်တော် ဒီအတိုင်းပဲ ခေါ်ခဲ့တယ်နော်။ မိတ်ဟောင်းဆွေဟောင်းတွေ ပြန်တွေ့ကြတော့ ဒီအတိုင်းခေါ်ပြောပြီး စကားပြောရတာ ကောင်းပါတယ်ဗျာ၊ ကျုပ်က ခင်ဗျားရဲ့ ကိုယ်စားလှယ်လည်း ဖြစ်ခဲ့ဖူးတာ မဟုတ်လား။ ခင်ဗျားကို ရုပ်ရှင်မင်းသားဖြစ်လာအောင် ဘယ်သူက လုပ်ပေးခဲ့တာလဲ"

နီဗားဒါးကလည်း ပြုံးသည်။

"တိရစ္ဆာန်ရိုင်းပြပွဲကြီးက ရမယ့် ကော်မရှင်ထက် ပိုရမယ့်အလုပ်ကိုမြင်လို့ ကျုပ်ပြပွဲကြီးကို ရောင်းပစ်ရအောင် လုပ်ပစ်လိုက်တာရော ဘယ်သူလဲ"

ပီးယာ့စ်က လက်ခါပြသည်။

"ဒါက နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီဗျာ။ ခင်ဗျား ဒီကိစ္စကြီး ပြန်ပြောတာ ကျွန်တော် ဖြင့် အံ့သြမိပါရဲ့"

"ခင်ဗျား မှတ်မိအောင် အဖြစ်အပျက်မှန်ကို ပြန်ပြောပြတာပါ၊ ကဲ ခင်ဗျား ကိစ္စက ဘာလဲ၊ ပြောစမ်းပါဦး"

ဟု နီဗားဒါးက မေးသည်။

"ဒီကနေ့ ရုပ်ရှင်တွေ ဘယ်လို ဖြစ်နေတယ်ဆိုတာ ခင်ဗျား သိတယ် မဟုတ်လား။ ပထမတန်းစာ ရုပ်ရှင်တွေ၊ ဒုတိယတန်းစား ရုပ်ရှင်တွေ၊ စွန့်စားခန်း ရုပ်ရှင်တွေ၊ ကောင်းဘွိုင်ကားတွေ ဖြစ်သလို ရိုက်နေရတယ်။ စီစဉ်ထားတဲ့အတိုင်း မဖြစ်ဘဲ ဆယ်ရာခိုင်နှုန်းလောက်ပဲ အကောင်အထည်ပေါ်တယ်၊ ဒါကြောင့် ကျွန်တော်တို့ အကြံကုန်ဂဠုန်ဆားချက်တဲ့ အလုပ်မျိုး လုပ်နေရတယ်လို့ ပြောတာပါ။ ရုပ်ရှင်ကောင်းကို မရိုက်နိုင်တော့ဘူး၊ စက်ရုံလို ဖြစ်နေပြီ၊ ကျုပ်တို့ ကန်ထရိုက်တွေကို မိတ်မပျက် ဆက်ဆံနိုင်ရင်တောင် ကံကောင်းလှပြီလို့ ဆိုရမယ်"

"ကားများများ ပိုထွက်နိုင်အောင် လုပ်ရမှာပေါ့၊ ဒါမှ ခင်ဗျားတို့ ပြဿနာတွေကို ဖြေရှင်းလို့ရမှာ မဟုတ်လား"

ဟု နီဗားဒါးက မေးသည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့မှာ ငွေများများ မရှိဘူး၊ တစ်ကား ထွက်သွားပြီး အဲဒီကားက ငွေပြန်ဝင်လာမှ နောက်တစ်ကားကို ရိုက်နိုင်တယ်"

ဒင်က ပြုံးရင်း ပြောသည်။

"ခင်ဗျားတို့ ဒီအခြေအနေမျိုး ရောက်နေတယ်လို့ ကျွန်တော် မကြားမိခဲ့ဘူး"

"ဒီအခက်အခဲတွေကို ကျော်လွှားနိုင်အောင် လုပ်ရတော့မယ်၊ ခင်ဗျားကို ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်နော်"

နီဗားဒါးက ခေါင်းညိတ်ပြသည်။

"ဂျိုနတ်စ်က ကျွန်တော်တို့ကို ငွေလုံလောက်အောင် မပေးဘူး။ ကျွန်တော်က အပြစ်ပြောနေတာ မဟုတ်ပါဘူး။ ဂျိုနတ်စ် မှန်ချင် မှန်နိုင်ပါတယ်၊ လွန်ခဲ့တဲ့နှစ်က ဆိုရင်လည်း ငွေတစ်ပြားမှ မရှုံးခဲ့ပါဘူး၊ ဒါတောင် ငါးနှစ်အတွင်းမှာ လွန်ခဲ့တဲ့နှစ်ဟာ အဆိုးဆုံးနှစ်ပဲ၊ ဒီနှစ်တော့ ကျွန်တော်တို့ အရောင်းဌာနက ကောင်းဘွိုင်ကား (၁၄) ကားလောက် ရောင်းနိုင်လိမ့်မယ်လို့ တွက်ထားတယ်"

"ဒါဆို မဆိုးပါဘူး၊ ကောင်းသားပဲ"

ဟု နီဗားဒါးက ပြောသည်။

"အဲဒီကားတွေကို ရိုက်ဖို့ ကျွန်တော်တို့မှာ ငွေရှိတာ မဟုတ်ဘူး။ ဒါပေမယ့် ခင်ဗျား သရုပ်ဆောင်မယ်ဆိုရင် ငွေချေးမယ်လို့ ဘဏ်က ပြောတယ်"

"ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

"မစ္စတာမိုရိုနီနဲ့ ကျွန်တော်ကိုယ်တိုင် စကားပြောခဲ့ရတာပါ။ ဒါဟာ သိပ်ကောင်းတဲ့ စိတ်ကူးပဲလို့ သူက ပြောတယ်"

"ငွေ ဘယ်လောက် ကြိုပေးမတဲ့လဲ"

"တစ်ကားကို ဒေါ်လာလေးသောင်း"

"ဖလင်နဲ့ နဂ္ဂတစ် ကုန်ကျစရိတ်အတွက်ပဲပေါ့"

နီဗားဒါးက ရယ်ရင်း မေးသည်။ ဒင်ပီးယာ့စ်က ခေါင်းညိတ်ပြသည်။ နီဗားဒါးသည် ထိုင်ရာမှ ထလိုက်၏။

"ကျေးဇူးပါပဲဗျာ"

"ခဏနေပါဦး နီဗားဒါး၊ ဆုံးအောင် ပြောပါရစေဦး၊ ခင်ဗျားကို ဒီလာဖို့ခေါ်တာ ပိုက်ဆံမရနိုင်တဲ့အလုပ်ကို လုပ်ခိုင်းဖို့ခေါ်တယ် မထင်ပါနဲ့"

ဟု ဒင်က ကမန်းကတန်း လှမ်းတားရင်း ပြောသည်။

နီဗားဒါးက ကုလားထိုင်မှာ ပြန်ထိုင်သည်။

"ဆူလွှယ်နပ်လွှယ် ကားတွေအပေါ်မှာ ခင်ဗျား ဘယ်လို သဘောထားတယ် ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ကျွန်တော့်ကို ယုံပါ၊ အခုဟာတွေက မတူပါဘူး၊ တစ်ကောင်ကြွက်ဇာတ်ကားရိုက်တုန်းက ဆက်တင်တွေ အခုအထိ ကျွန်တော်တို့မှာ ရှိနေပါသေးတယ်။ သူတို့ကိုပြုပြင်ပြီး ဆေးလေးဘာလေး သုတ်လိုက်ရင် အသစ်လို ကောင်းသွားမှာပဲ၊ ကျွန်တော့်ဆီက အကောင်းဆုံး လူတွေကိုသုံးမယ်၊ ခင်ဗျားကြိုက်တဲ့ ဒါရိုက်တာ၊ ခင်ဗျားကြိုက်တဲ့ ဇာတ်ညွှန်းရေးဆရာလည်း ရွေးခွင့်ရှိတယ်ဗျာ။ ဒါဆိုရင်တောင် ခင်ဗျားအတွက် သိပ်များနေပြီ မဟုတ်လား၊ ခင်ဗျား ပြန်တက်လာမှာပါ နီဗားဒါးကလေးရယ်"

"ဒါဆိုရင်တော့ မဆိုးပါဘူး၊ ကျုပ်အတွက်ကရော ဘယ်လောက် ရမှာလဲ၊ ကွမ်းဖိုးဆေးဖိုးလောက်လား"

"ဒီလို မဟုတ်ပါဘူး။ ခင်ဗျားအဖို့ ကောင်းအောင် ကျုပ် လုပ်ထားပါတယ်၊ ကျုပ်လူတွေနဲ့ တွက်ခိုင်းထားတယ်ဗျာ၊ အခု သမ္မတရုစဖဲ့ကလည်း အခွန်တွေ နင်းကန်ကောက်နေတာ မဟုတ်လား၊ အဲဒါတွေလည်း ခင်ဗျား ပေးရသက်သာအောင် ခင်ဗျားအဖို့လည်း တကယ် အကျိုးရှိအောင် ဖြစ်စေမယ့် နည်းလမ်းပါ"

နီဗားဒါးက ဒင်ပီးယာ့စ်ကို စိုက်ကြည့်နေသည်။

"ပိုကောင်းလာမယ့် နည်းလား"

"ရုပ်ရှင်တစ်ကားကို ခင်ဗျားအတွက် ဒေါ်လာတစ်သောင်း ပေးမယ်၊ ဒါဆိုရင် ခင်ဗျား တစ်ပတ်ကို (၅၀၀၀) ရမယ်ဆိုတဲ့ သဘောပေါ့၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က တစ်ကားကို နှစ်ပတ်နဲ့အပြီး ရိုက်မှာကိုး၊ နောက်ပြီးတော့ ခုနစ်နှစ်ကြာတဲ့အခါမှာ အဲဒီ ရုပ်ရှင်ကားကို ခင်ဗျား အပိုင်ရမယ်၊ နဂ္ဂတစ်ရော ပေါ့စတစ်ရော အကုန်ရမယ်၊ အားလုံးပိုင်မယ်၊ တကယ်လို့ ခင်ဗျားက ပြန်ရောင်းချင်သပ ဆိုရင်လည်း ကျွန်တော်တို့က အဲဒီကားကို ခင်ဗျားဆီက ပြန်ဝယ်မယ်"

နီဗားဒါး၏မျက်နှာသည် မည်သို့မျှ မထူးခြားသလို ရှိနေသည်။

"ပြောနေပုံကတော့ ဘာနီနော့်မန် ပြောနေတဲ့ ပုံစံမျိုးပဲဗျို့"

နီဗားဒါး၏ စကားကို ကြားသောအခါ ပီးယာ့စ်က ပြုံးသည်။

"မတူတာ တစ်ခုက နော့်မန်က ခင်ဗျားကို ခေါင်းပုံဖြတ်တယ်၊ ခင်ဗျားဆီက အဆီကို ညှစ်ယူတယ်၊ ကျွန်တော်က မလုပ်ဘူး၊ ဒီကုမ္ပဏီကြီး အလုပ်ဖြစ်နေဖို့ပဲ လိုလားတယ်"

"ဘယ်လို ဇာတ်လမ်းတွေကို ကျုပ်တို့ ရိုက်ကြမှာလဲ"

"ဒါတော့ ကျုပ် ဘာမှ စဉ်းစား မထားသေးဘူး၊ ခင်ဗျားနဲ့ ပြောပြီးမှ စဉ်းစားရမယ့်အလုပ်၊ ဇာတ်လမ်းကို ခင်ဗျား အလေးထားတတ်တဲ့အတွက် ကျွန်တော် အများကြီး လေးစားကြောင်း ခင်ဗျား သိတယ် မဟုတ်လား"

နီဗားဒါးက ပြုံးသည်။ ဇာတ်လမ်းနှင့် ပတ်သက်၍ ပီးယာ့စ် ဘာမှ စဉ်းစားမထားကြောင်း သူ သိသည်။

"အရေးအကြီးဆုံးကတော့ ရုပ်ရှင်ကြည့်ပရိသတ် ယုံကြည်နိုင်လောက်တဲ့ ယုတ္တိရှိတဲ့ ဇာတ်လမ်းမျိုးဖြစ်ဖို့ပဲ"

ဟု နီဗားဒါးက ပြောသည်။

"ကျုပ်လည်း ဒီအတိုင်းပဲ စဉ်းစားထားတာပဲ၊ ခင်ဗျား ဟန်အတိုင်းပေါ့ဗျာ၊ စွန့်စားခန်းတွေ ခင်ဗျား အမြဲရိုက်ခဲ့သလိုပေါ့၊ ဟိုတုန်းက ရိုက်ခဲ့တဲ့ စတန့်ခန်းတွေ မှတ်မိတယ် မဟုတ်လား"

နီဗားဒါးက ခေါင်းယမ်းပြသည်။

"အင်း အဲဒါမျိုးတော့ မဖြစ်ဘူးထင်တယ်၊ ကျုပ်ခေါင်းက ဆံပင်တွေက ဖြူနေပြီ၊ ဘယ်သူကမှ ကျုပ်ကို ယုံကြတော့မှာ မဟုတ်ဘူး"

"ဆေးအနက် ဆိုးလို့ရပါတယ်"

ပီးယာ့စ်က သူ့ခေါင်းမှ ဆံပင်များကို ကြည့်ပြီး ပြောသည်။ နီဗားဒါးက ပြုံးသည်။

"မလုပ်ပါနဲ့ဗျာ၊ ဒီဆံပင်အဖြူနဲ့ပဲ နေသားကျနေပါပြီ"

"ရပါတယ်လေ၊ ကျုပ်တို့လုပ်လို့ ရနိုင်တဲ့နည်းလမ်းတွေ ရှိပါတယ်၊ ခင်ဗျားဆီက စကားပြန်ရတာနဲ့ တစ်ပြိုင်တည်း ကျုပ်တို့ စကြမယ်"

ပီးယာ့စ်၏ စကားဆုံးသောအခါ နီဗားဒါးသည် ထိုင်ရာမှ ထလိုက်၏။

"နည်းနည်းတော့ စဉ်းစားဦးမယ်လေ၊ မာသာနဲ့လည်း တိုင်ပင်ဦးမယ်၊ ပြီးရင် ခင်ဗျားကိုပြောပါ့မယ်"

"ခင်ဗျား မိန်းမထပ်ရတာကြားတယ်၊ အခုမှပဲ ဝမ်းသာစကား ပြောပါရစေတော့ဗျာ"

နီဗားဒါးသည် သူ့ကို ကျေးဇူးတင်စကားပြောပြီး အပြင်သို့ ထွက်ခဲ့သည်။ အခန်းဝသို့ ရောက်သောအခါ ခေတ္တရပ်ပြီး နောက်သို့ ပြန်လှည့်ကြည့်သည်။

"စကားမစပ်ဗျာ၊ ဂျိုနတ်စ်တစ်ယောက်ရော နေကောင်းရဲ့လား"

သူတို့နှစ်ယောက် စတွေ့ကတည်းက ပထမဦးဆုံးအကြိမ်အဖြစ် ပီးယာ့စ်သည် အမ်းတမ်းတမ်း ဖြစ်သွား၏။

"ကောင်းတယ်လို့ ထင်တာပဲ"

"ထင်တာပဲ၊ ဟုတ်လား၊ ဘာဖြစ်လို့လဲ၊ ခင်ဗျား သူနဲ့ မတွေ့ဘူးလား"

"နယူးယောက်မှာ တွေ့ပြီးကတည်းက နောက်ထပ် မတွေ့တော့ဘူး၊ နှစ်နှစ်လောက် ရှိပြီ၊ ကျွန်တော်တို့ ကုမ္ပဏီကို သိမ်းတုန်းက နောက်ဆုံး တွေ့တာပေါ့"

"အဲဒီကတည်းက မတွေ့တာလား။ သူ စတူဒီယိုကို မလာဘူးလား"

နီဗားဒါးက နားမလည်သလို ပြန်မေးသည်။

ပီးယာ့စ်သည် စားပွဲပေါ်သို့ ငုံ့ကြည့်နေ၏။ သည်အကြောင်းကြောင့် သူ အနေရအထိုင်ရာ ခက်သွားပုံရသည်။

"ဘယ်သူမှ သူ့ကို ထပ်မတွေ့ကြရတော့ပါဘူး၊ တစ်ခါတလေ ကျုပ်တို့ ကံကောင်းတဲ့အခါကျရင် သူက တယ်လီဖုန်း လှမ်းဆက်လို့ သူနဲ့ စကားပြောခွင့် ရလိုက်တာပဲ ရှိတယ်၊ တစ်ခါတလေ သူ ဒီကို လာတယ်။ ဒါပေမယ့် အမြဲတမ်း သန်းခေါင်သန်းလွဲမှ လာတယ်၊ ဘယ်သူမှ မရှိတော့တဲ့ အချိန်ကျမှလာတယ်၊ သူ ရောက်လာကြောင်း စာတိုကလေး ရေးထားခဲ့လို့သာ ကျုပ်တို့ သိကြရတာ"

"အရေးတကြီး ကိစ္စတစ်ခုခု ပေါ်လာရင် ဘယ်လိုလုပ်မလဲ"

"မက်အယ်လစ္စတာကို ပြောပြရတယ်၊ မက်က ဂျိုနတ်စ်ကို ပြောပြဖို့သင့်တယ် ထင်ရင် သူ့ဟာသူ ပြောတယ်၊ တစ်ခါတစ်ရံကျတော့ ဂျိုနတ်စ်ကိုယ်တိုင် ကျုပ်တို့ကို တယ်လီဖုန်း လှမ်းဆက်တယ်၊ များသောအားဖြင့်တော့ ဘာလုပ်ရမယ် ဆိုတာကို မက်ကိုပဲ ပြောလေ့ရှိတယ်။ မက်က ကျုပ်တို့ကို တစ်ဆင့်ပြန်ပြောပြတယ်"

မိမိ၏ အကူအညီကို ဂျိုနတ်စ် လိုနေပြီဖြစ်ကြောင်း နီဗားဒါး သဘောပေါက်လိုက်သည်။ သူသည် ပီးယာ့စ်ကို လှမ်းကြည့်၏။

"ဒီလိုဆိုရင် ဂျိုနတ်စ်နဲ့တွေ့ပြီးမှ ဒီကိစ္စကို ကျုပ် အဆုံးအဖြတ်ပေးမယ်"

"မလွယ်ဘူးထင်တယ်၊ သူ့ကို ဘယ်သူမှ မတွေ့ကြရဘူးလို့ ကျုပ် ပြောတယ် မဟုတ်လား"
"ရုပ်ရှင်ကို ကျုပ် ပြန်ပြီးရိုက်စေချင်တယ် မဟုတ်လား"
ဟု နီဗားဒါးက မေးသည်။
ပီးယာ့စ်က သူ့ကို စိုက်ကြည့်နေသည်။
"ဒီတိုင်းပြည်ထဲမှာတောင် သူ မရှိဘူး ထင်တယ်၊ သူ့သတင်း မကြားရတာ တစ်လ လောက်ရှိနေပြီ။ ဘယ်ရောက်နေမှန်း ဘယ်သူမှ သိကြတာ မဟုတ်ဘူး"
နီဗားဒါးသည် တံခါးကိုဖွင့်ရင်း ပြန်ပြောခဲ့သည်။
"သူ့ကို ကျုပ် စောင့်နိုင်ပါတယ်"

(၉)

"ညစာစားပြီးတဲ့ အချိန်အထိ နေမှာလား ဒေးဗစ်"
"ကျွန်တော် မနေနိုင်ဘူး အမေ၊ အမေ ဘယ်လိုနေသလဲဆိုတာ သိရအောင် လာကြည့်ရုံပဲ"
ဟု ဒေးဗစ်က ပြန်ပြောသည်။
"အမေက ဘယ်လိုနေရမလဲ၊ ခါတိုင်းလိုပဲပေါ့၊ အဆစ်ရောင်ရောဂါရဲ့ ဒုက္ခပဲ ခံနေရ တာပေါ့၊ မခံနိုင်လောက်အောင်လည်း မဟုတ်ဘူး၊ သက်သာသွားတာလည်း မဟုတ်ဘူး၊ ခါတိုင်း လိုပဲပေါ့"
"နေရောင်ထဲကို မကြာခဏ ထွက်ပေးဖို့ ကောင်းတယ်အမေ၊ နေရောင်ခြည် ကောင်းကောင်းရရင် အမေ နယူးယောက်မှာ နေခဲ့ရတုန်းကလို သက်သာမှာပါ"
"သားလေးတစ်ယောက် ရှိပါတယ်၊ ကိုယ့်သားလေးကို မတွေ့ရဘူး၊ ဟိုတယ်မှာပဲ နေနေတယ်၊ သုံးလကြာမှ တစ်ခေါက်လောက် ပြန်လာချင်လာတယ်၊ ဘာပဲဖြစ်ဖြစ် ဒီလို သူ ပြန်လာတာပဲ ဝမ်းသာရသေးတော့တယ်"
ဟု မစ္စစ်ဝုဖ်က ပြောသည်။
"ဒါတွေ ပြောမနေပါနဲ့ အမေရယ်၊ ကျွန်တော် ဘယ်လောက် အလုပ်များတယ်ဆို တာ အမေလည်း သိသားပဲ"
"မင်းဘကြီး အန်ကယ်ဘာနီကျတော့ သူ့အိမ်ကို ညတိုင်းပြန်နိုင်တယ် မဟုတ်လား"
"အချိန်အခါတွေက တူတော့တာ မဟုတ်ဘူး အမေ"
ဒေးဗစ်က အမှန်ကိုမပြောဘဲ လွှဲပြောလိုက်ရသည်။ အန်ကယ်ဘာနီသည် မိန်းမ ကြောက်ရသူဖြစ်ကြောင်း ဟောလီးဝုဒ်တစ်မြို့လုံးက သိကြသည်။ သည်အကြောင်းကို အမေ့ အား ပြောပြ၍မဖြစ်။ အန်ကယ်ဘာနီ အပြင်မှာ အချိန်ဖြုန်းနေလျှင် အန်တီမေက သတ်လိမ့် မည်။ အစိုးရက ရန်သူကို မျက်ခြည်ပြတ် မခံသည်ထက်ပင် အန်တီမေက အန်ကယ်ဘာနီကို ပိုပြီး အလစ်မပေးဘဲထားသည်။
"မင်း ဒီရောက်နေတာ တစ်ပတ်ရှိပြီ၊ အမေနဲ့ အခုတွေ့တာ ဒုတိယအကြိမ်ပဲ ရှိသေး တယ်၊ ညစာစားချိန်အထိတောင် မနေနိုင်ဘူးလား"
"ကျွန်တော် မကြာခင် တစ်ရက်မှာ ပြန်လာပြီး စားနိုင်အောင်လုပ်ပါ့မယ် အမေ၊ ကျွန်တော် ကတိပေးပါတယ်"
မစ္စစ်ဝုဖ်သည် သား၏စကားကို ကြားသောအခါ ကျေနပ်သယောင် ရှိသွားသည်။
"ကြာသပတေးနေ့ည ပြန်ခဲ့ပါ"
ဟုလည်း ချက်ချင်း ကောက်ပြောသည်။
ဒေးဗစ်က အမေ့ကို အံ့သြသလို ကြည့်နေသည်။
"ကြာသပတေးနေ့ညလား၊ ဘာဖြစ်လို့ ဒါလောက်မြန်မြန်ကြီး စီစဉ်ရတာလဲ အမေ"
အသိရခက်သောအပြုံးကို အမေ့မျက်နှာပေါ်မှာ မြင်ရသည်။
"လူတစ်ယောက်နဲ့ တွေ့ပေးစရာရှိလို့၊ သိပ်ပြီး လိမ္မာရေးခြားရှိတဲ့ မိန်းကလေး

တစ်ယောက်ကွယ်"

"ဟော အမေကလည်း လုပ်တော့မယ်"

"မိန်းကလေးတစ်ယောက်နဲ့တွေ့တာ ဘာဖြစ်သလဲ ဒေးဗစ်၊ အင်မတန် လိမ္မာတဲ့ မိန်းကလေး၊ အင်မတန်တော်တဲ့ မိန်းကလေး၊ အမေ့စကားကို ယုံပါ၊ သူတို့မိသားစုက ပိုက်ဆံလည်း ချမ်းသာတယ်၊ မိန်းကလေးက ကောလိပ်ကျောင်းသူ"

"ဒါပေမယ့် အမေ၊ ကျွန်တော် ဘယ်မိန်းကလေးမှ မတွေ့ချင်သေးဘူး၊ ကျွန်တော့်မှာ အချိန်မရှိဘူး"

"မင်းမှာ အချိန်မရှိဘူး ဟုတ်လား၊ မင်းအသက် (၃၀) ရှိနေပြီ၊ မိန်းမယူရမယ့် အရွယ်ကွယ်၊ ဆွေကောင်းမျိုးကောင်း၊ မိန်းကလေးကလည်း အလိမ္မာ၊ ဒါမျိုးကို ယူရမယ်၊ ညကလပ်က ကောင်မတွေနဲ့ မင်း တစ်ဘဝလုံးကို အချိန်ဖြုန်းပစ်နေလို့ ဖြစ်နိုင်တာ မဟုတ်ဘူး"

"ဒါက အလုပ်ကိစ္စပဲ အမေ၊ ကျွန်တော့်အလုပ်ကိုက သူတို့နဲ့ တွေ့နေရမှာ"

"မင်း လုပ်ချင်တဲ့အလုပ်ကျရင် အလုပ်ကိစ္စလို့ ပြောတယ်၊ မလုပ်ချင်တဲ့ အလုပ်ကျရင်လည်း အလုပ်ကိစ္စကိုပဲ အကြောင်းပြတယ်၊ ကဲ ပြောစမ်း၊ မင်း ညစာစားဖို့ လာမလား၊ မလာဘူးလား"

ဒေးဗစ်သည် အမေ့ကို ခဏစိုက်ကြည့်နေသေး၏။ ပြီးတော့မှ မည်သို့မျှ မတတ်နိုင်သည့် အမူအရာမျိုးဖြင့် ပခုံးကို တွန့်လိုက်သည်။

"ကောင်းပြီလေ၊ ကျွန်တော် လာခဲ့ပါ့မယ်၊ ဒါပေမယ့် ကျွန်တော် စောစော ပြန်သွားဖို့ကိုတော့ မမေ့နဲ့နော်၊ ကျွန်တော့်မှာ အလုပ်တွေအများကြီး"

အမေက ကျေနပ်စွာ ပြုံးလိုက်သည်။

"ကောင်းတယ်၊ ဒါဖြင့်ရင် နောက်ကျမနေနဲ့၊ ခုနစ်နာရီတိတိ အရောက်လာခဲ့"

သူ ဟိုတယ်သို့ ပြန်ရောက်သောအခါ ဒင်ပီးယာ့စ်ထံသို့ တယ်လီဖုန်းဆက်ရန် အကြောင်းကြားထားသည်ကို တွေ့ရသည်။ သူ့ကို စောင့်နေသည် ဆိုသောကြောင့် တယ်လီဖုန်း လှမ်းဆက်ရသည်။

"ဘာကိစ္စလဲ ဒင်"

"ဂျိုနတ်စ် ဘယ်မှာ ရှိတယ်ဆိုတာ သိသလား၊ သိပ်အရေးကြီးတယ်၊ နီဗားဒါးကို ငါတို့ ရနိုင်ဖို့ တစ်နည်းပဲ ရှိတယ်၊ ဂျိုနတ်စ်ကိုယ်တိုင် သူ့ကို ပြောမှရမှာ"

ဟု ဒင်ပီးယာ့စ်က ပြန်ပြောသည်။

"သူ တကယ် လက်ခံမယ်လို့ ထင်သလား"

ဒေးဗစ်က ပြန်မေးသည်။ နီဗားဒါး လက်ခံလိမ့်မည်ဟု သူ မယုံကြည်။ နီဗားဒါးသည် ငွေလိုသူ မဟုတ်။ ပြီးတော့ ဆူလွယ်နပ်လွယ်ကားများကို နှစ်သက်သူလည်း မဟုတ်ကြောင်း လူတိုင်းသိသည်။

"သူ လက်ခံလိမ့်မယ်၊ ဂျိုနတ်စ်နဲ့ သူနဲ့ စကားပြောပြီးရင် လက်ခံလိမ့်မယ်၊ ဂျိုနတ်စ်ရဲ့စကားဆိုရင် ဘာဖြစ်ဖြစ် သူပယ်မှာ မဟုတ်ဘူး"

"ကျွန်တော်ကိုယ်တိုင်လည်း ဂျိုနတ်စ်ကို စကားပြောချင်နေတာ၊ အရှုံးပြနေတဲ့ ကုမ္ပဏီတွေကို အစိုးရက ဆော်တော့မယ်နော်"

"သိတယ်၊ သမဂ္ဂကလည်း တို့ကို လည်ပင်းညှစ်စပြုနေပြီ၊ ဘယ်လောက်ကြာကြာ ထိန်းထားနိုင်မယ်ဆိုတာ မသိဘူး၊ လွန်ခဲ့တဲ့ နှစ်ပတ်လည် အစီရင်ခံစာတွေလည်း သူတို့ မြင်နေကြရတာပဲ။ အခု ဒုက္ခဖြစ်နေပေမယ့် နောက်နှစ်မှာ ငါတို့ မြတ်မယ်ဆိုတာ သူတို့ သိနေကြတယ်"

ဟု ဒင်ပီးယာ့စ်က ပြန်ပြောသည်။

"မက်ကို ပြောပြရရင် ကောင်းမယ်ထင်တယ်၊ (၂) နှစ်လုံးလုံး ဘာအစည်းအဝေး ကလေးမှ မလုပ်ခဲ့ဘူးဆိုတာ လွန်လွန်းနေပြီ"

သို့သော်လည်း ဂျိုနတ်စ် မည်သည့်နေရာသို့ ရောက်နေသည်ကို မက်အယ်လစ္စတာ ကိုယ်တိုင်ပင် မသိဘဲ ဖြစ်နေသည်။ တယ်လီဖုန်း ပြန်ချလိုက်သောအခါ ဒေးဗစ်၏ရင်ထဲမှာ

စိုးရိမ်စိတ်များ ပေါ်လာသည်။ ဘာမှ မရှိသည့် ဟာလာဟင်းလင်းပြင်ကြီးထဲမှာ အလုပ်လုပ်နေရသကဲ့သို့ ရှိသည်။ ဘယ်ကိုပဲ လှည့်ကြည့်ကြည့် ဘာကိုမှ မမြင်ရ။ ဘာမှ မရှိ။ သဘောတူညီမှုတွေ တစ်ခုပြီးတစ်ခု လုပ်နေကြသည်။ သဘောတူညီမှုတွေ တောင်လိုပုံလာသည်။ သူများကိုသာ အားကိုးနေရသည်။ ကိုယ့်ခြေထောက်ပေါ်တွင် ကိုယ်မရပ်နိုင်။

ဂျိုနတ်စ်သည် မည်သည့်အတွက်ကြောင့် မိမိတို့ကို ဤကဲ့သို့ ဖြစ်နေအောင် လုပ်ထားခဲ့ကြောင်း သူ မတွေးတတ်။ သူသည် ဤလုပ်ငန်းကို အခြားလုပ်ငန်းများကဲ့သို့ စိတ်ဝင်စားပုံ မပြ။ ကော့လေယာဉ်စက်ရုံသည် နေ့ချင်းညချင်း ကြီးထွားလာ၏။ သည်တိုင်းပြည်ရှိ အကြီးဆုံး စက်ရုံကြီးများထဲမှာ တစ်ရုံအပါအဝင် ဖြစ်သည်။ ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးကုမ္ပဏီသည် ဤတိုင်းပြည်တွင် အကြီးဆုံး ဖြစ်နေပြီ။ ကော့လက်နက်ခဲယမ်းမီးကျောက်စက်ရုံ၊ ကော့ပလတ်စတစ်စက်ရုံများသည် အခြားစက်ရုံကြီးများ အားလုံးကို ကျော်လွန်ပြီး အပေါ်စီးရနေသည်။

သို့သော်လည်း ရုပ်ရှင်လုပ်ငန်းအတွင်းသို့ ဂျိုနတ်စ် ဝင်လာသောအခါတွင် ဤသို့ မဟုတ်။ မျက်နှာလွှဲခဲပစ် လုပ်နေသည်။ သည်အတိုင်းသာ ဆက်လုပ်နေမည်ဆိုလျှင် တစ်နေ့တွင် ပြဿနာတွေနှင့် ဂျိုနတ်စ် ရင်ဆိုင်ရတော့မည်။ သည်လုပ်ငန်းကို ဆက်လုပ်ချင်သည် ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ လုပ်နေခိုက်တွင် အလုပ်ဖြစ်အောင် လုပ်ပေးရမည်။ ရပ်လိုက်သည်နှင့် တစ်ပြိုင်တည်း လုပ်ငန်းအားလုံး ပျက်စီးသွားမည်။ ရုပ်ရှင်လုပ်ငန်းသည် အခြားလုပ်ငန်းများနှင့် မတူ။ အလွန် လျှင်မြန်စွာ ပေါက်ကွဲတတ်သော လုပ်ငန်းမျိုး ဖြစ်သည်။

ဒေးဗစ်သည် သူ အစွမ်းရှိသမျှ ကုမ္ပဏီပျက်စီးမသွားအောင် လုပ်နေသည်။ သို့သော်လည်း သည်အလုပ်ကို တကယ် လုပ်ချင်သည်ဆိုလျှင် တကယ် အောင်မြင်နိုင်မည့် ကြီးကြီးကျယ်ကျယ် ဇာတ်ကားများကို ရိုက်ပြရမည်။

ဇာတ်ကားကောင်းများကို ရိုက်ချင်သည်။ သို့သော် ငွေ မရှိ။ အခြားကုမ္ပဏီများ အောင်မြင်နေကြသည်။ သူတို့ အောင်မြင်သည်မှာ ငွေလုံးငွေရင်းနှင့် လုပ်နိုင်ကြသောကြောင့် ဖြစ်သည်။ မိမိတို့တွင် ငွေ မရှိ။ ဂျိုနတ်စ်က လုံလောက်အောင် ငွေ မပေး။ မသေရုံတစ်မည်သာ မိမိတို့ လူးလိမ့်နေရသည်။ တစ်ခုခု ကြီးကြီးကျယ်ကျယ် လုပ်ချင်သည်ဆိုလျှင် မိမိတို့ ဘာမှ မတတ်နိုင်။ ဂျိုနတ်စ် ခွင့်ပြုမှသာ ဖြစ်နိုင်သည်။

အခြားကုမ္ပဏီကြီးများက မိမိတို့ကို ကမ်းလှမ်းနေသည်များ ရှိသည်။ အခွင့်အရေးကောင်းများကို မိမိတို့ ရနိုင်သည်။ ငွေပုံကြီးများကို ရနိုင်သည်။ ငွေများများ ပေးနိုင်လျှင် မင်းသားကောင်းကောင်းရမည်။ မင်းသမီးကောင်းကောင်းရမည်။ သူတို့နှင့်ရိုက်လျှင် သန်း (၂၀) ဆိုလည်း အသာကလေး ရနိုင်သည်။

သို့သော် သည်လိုအချိန်မျိုးတွင် ဂျိုနတ်စ် ဘယ်မှာနည်း။ ရွှေတံခါးကြီးကို ဖွင့်နိုင်သည့် တစ်ချောင်းတည်းသောသော့ကို ကိုင်ထားသူ ဂျိုနတ်စ်ကော့ ဘယ်မှာနည်း။

"မစ္စတာအာဗင်ရှဝပ်ဇ် တယ်လီဖုန်း ဆက်နေပါတယ်"

ဟု အတွင်းရေးမှူးက ရုံးတွင်းပြော တယ်လီဖုန်းဖြင့် ဒေးဗစ်ကို ပြောသည်။

"သူ ဘာလိုချင်လို့တဲ့တုံး၊ အာဗင်ဇ်ရှဝပ်ဆိုတဲ့လူ တစ်ယောက်မှ ငါ မသိပါဘူး"

ဒေးဗစ်က အံ့ဩသွားသည်။

"သူက မစ္စတာဝုဖ်ကို သိတယ်လို့ ပြောပါတယ်။ သူ့နာမည် နီဒယ်လ်နို့စ်လို့လည်း ပြောပြပါလို့ ကျွန်မကို ပြောပါတယ်"

"နီဒယ်လ်နို့စ်၊ သူက ဘာဖြစ်လို့ ဒီနာမည်ကို အရင် မပြောတာလဲ၊ လိုင်းဆက်ပေးလိုက်"

ဒေးဗစ်က သဘောကျစွာ ရယ်ရင်း ပြောသည်။

အတွင်းရေးမှူးက တယ်လီဖုန်း လိုင်းဆက်ပေးသည့်အသံကို ဖုန်းထဲမှာ ကြားလိုက်ရသည်။

"နီဒယ်လ်နို့စ်၊ ခွေးကောင်၊ မင်း နေကောင်းရဲ့လား"

နီဒယ်လ်နို့စ်က သိမ်သိမ်မွေ့မွေ့ကလေး ရယ်သည်။

"ကောင်းပါတယ် သူငယ်ချင်း၊ မင်းရော ဒေးဗစ်"

"ကောင်းပါတယ်ကွာ၊ ငါ ခွေးလိုကို အလုပ်လုပ်နေရတယ်"

"ငါ သိပါတယ်၊ မင်း ကောင်းကြောင်းသတင်းတွေ ငါ အများကြီး ကြားပါတယ်ကွာ၊ အိမ်နီးချင်း သူငယ်ချင်းတစ်ယောက် ကောင်းစားနေတယ်ဆိုတာ ကြားရတော့ ဝမ်းသာတာပေါ့ သူငယ်ချင်းရယ်"

ဟု နီဒယ်လ်နီ့စ်က ပြန်ပြောသည်။

"ဒါလောက်လည်း မကောင်းစားပါဘူးကွာ၊ ဘာမှ မဟုတ်သေးပါဘူး"

ငယ်သူငယ်ချင်းများသည် မည်မျှလောက် ကောင်းကျိုးပေးနိုင်သနည်း ဟူသည်ကို ဒေးဗစ်က ခန့်မှန်းကြည့်နေသည်။ ရာနှုန်းပြည့်လား၊ တစ်ဝက်လား။

"ဘာပဲဖြစ်ဖြစ်၊ မင်းအလုပ်က အရေးကြီးတဲ့ အလုပ်ပါပဲကွ"

"ငါ့အတွက်တော့ သိပ်မဆိုးဘူး ထားပါတော့၊ မင်းရော ဘယ်လိုနေသလဲ၊ အခု ဒီကို ဘာလာလုပ်တာလဲ"

ဒေးဗစ်က စကားလမ်းကြောင်း ပြောင်းလိုသောကြောင့် ပြန်မေးသည်။

"ငါလည်း အဆင်ပြေပါတယ်၊ ငါ ဒီကို ပြောင်းလာပြီကွ၊ ရေအေးကွင်းဘက်မှာ အိမ်တစ်လုံး ဝယ်ထားတယ်"

ဒေးဗစ်က လေချွန်လိုက်မိ၏။ သူ့သူငယ်ချင်း ကောင်းစားနေသည်မှာ ထင်ရှားသည်။ ထိုနေရာမျိုးတွင် အိမ်တစ်လုံး ဝယ်နိုင်ဖို့ ဆိုသည်မှာ အနည်းဆုံး ဒေါ်လာ (၇၅၀၀၀) လောက် ပေးမှ ရနိုင်သည်။

"ကောင်းပါလေ့ သူငယ်ချင်းရာ၊ ရစ်ဗင်တန်လမ်းမှာ နေခဲ့ရတဲ့ ဘဝထက် အများကြီး သာလာတာပေါ့ကွာ၊ ဟုတ်တယ် မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ သူငယ်ချင်း၊ မင်းနဲ့ငါ တွေ့ချင်တယ် ဒေးဗစ်"

"ငါလည်း မင်းနဲ့ တွေ့ချင်ပါတယ်ကွ၊ ဒါပေမယ့် ငါ ဒီက ထလို့ မရနိုင်ဘူး၊ ခွာမရ အောင် ဖြစ်နေတယ်ကွာ"

နီဒယ်လ်နီ့စ်၏အသံသည် အေးအေးဆေးဆေးပင် ပြောမြဲဖြစ်၏။ သို့သော် သည် တစ်ချီတော့ သူက ဇွတ်ပြောလာသည်။

"ငါ သိတယ် ဒေးဗစ်၊ အခု ကိစ္စက အရေးမကြီးရင် သူငယ်ချင်းကို ငါ အနှောင့် အယှက် မပေးပါဘူး"

ဒေးဗစ်သည် ခဏစဉ်းစားနေ၏။ သူငယ်ချင်းချင်း တွေ့ရရုံသက်သက် မဟုတ်တော့ ချေ။ မည်သည့်ကိစ္စမျိုးက အရေးကြီးနိုင်နေသနည်း။

"ဘာအရေးကြီးတာလဲ၊ ပြောလေ၊ မင်း ငါ့စတူဒီယိုကို လာခဲ့ပါလား၊ တို့နေ့လယ်စာ အတူတူစားကြတာပေါ့၊ မင်းကိုလည်း ငါ ဒီထဲမှာ လှည့်ပြမယ်"

"ဒါလည်း သိပ်မနိပ်ဘူး သူငယ်ချင်း၊ တို့ကို တခြားလူ မတွေ့နိုင်တဲ့ တခြားနေရာမှာ တွေ့ချင်တယ်"

"မင်းအိမ်ကို ငါ လာရင်ကော"

"ဒါလည်း မကောင်းဘူး၊ ငါ့အိမ်က အခိုင်းအစေတွေက မြင်လိမ့်မယ်၊ စားသောက် ဆိုင်တစ်ခုခုမှာလည်း မကောင်းဘူး၊ တစ်ယောက်ယောက်က တို့ကို တွေ့သွားနိုင်တယ်"

ဟု နီဒယ်လ်နီ့စ်က ပြန်ပြောသည်။

"တယ်လီဖုန်းနဲ့ ပြောလို့ မဖြစ်ဘူးလား"

နီဒယ်လ်နီ့စ်က ရယ်သည်။

"တယ်လီဖုန်းတွေကိုလည်း ငါ စိတ်မချဘူး သူငယ်ချင်း"

"ခဏကွာ၊ ငါ စဉ်းစားဦးမယ်"

ဒေးဗစ်က ပြောရင်း ချက်ချင်းပင် သတိရလိုက်သည်။

"ငါ ဒီနေ့ည အမေ့အိမ်မှာ ပြန်ပြီး ညစာစားဖို့ စီစဉ်ထားတာ ရှိတယ်၊ မင်း ငါနဲ့ ထမင်းလိုက်စားပါလား၊ အမေက ဝက်စ်ဝုဒ်က ပန်းခြံအိမ်မှာ"

"ဒါ သိပ်ကောင်းတယ်၊ ကြက်သားတုံးကလေးတွေ ပေါလောမျောနေတဲ့ စွပ်ပြုတ်

တော့ မင်းအမေ ချက်ဦးမှာပဲ မဟုတ်လား"

ဒေးဗစ်က ရယ်သည်။

"သေချာတာပေါ့၊ မင်း ခံတွင်းတွေ့ပြီး ငါ့အိမ်က မခွာနိုင်ဘဲတောင် ဖြစ်နေဦးမယ်"

"ကောင်းပြီ သူငယ်ချင်း၊ ဘယ်အချိန်လဲ"

"ခုနစ်နာရီ"

"ငါ လာခဲ့မယ်"

ဒေးဗစ်သည် တယ်လီဖုန်းကို ပြန်ချလိုက်သည်။ နီဒယ်လ်နို့စ် ဘာပြောချင်သည်ကို သိလိုစိတ်များ စောနေမိသည်။ သို့သော်လည်း ကြာကြာစဉ်းစားချိန် မရလိုက်၊ ဒင်ပီးယာ့စ် သူ့အခန်းထဲသို့ ဝင်လာသောကြောင့် တွေးလက်စ ပြတ်သွားသည်။ ဒင်သည် ပူပင်သောက ရောက်နေပုံရ၏။ သူ့နဖူးပေါ်မှာ ချွေးသီးချွေးပေါက်များကို မြင်ရသည်။

"ရှဝပ်ဇ်ဆိုတဲ့လူ တယ်လီဖုန်းဆက်တယ် မဟုတ်လား"

"ဟုတ်တယ်"

ဒေးဗစ်က အံ့ဩသွားသည်။

"မင်း သူနဲ့တွေ့မှာလား"

"ဒီည တွေ့မယ်"

"ဘုရားသခင် ကျေးဇူးပါပဲကွာ"

ဒင်ပီးယာ့စ်သည် ဒေးဗစ်ရှေ့ရှိ ကုလားထိုင်မှာ ဝင်ထိုင်သည်။ ပြီးတော့ လက်ကိုင် ပဝါထုတ်ကာ သူ့မျက်နှာပေါ်မှ ချွေးသီးချွေးပေါက်များကို သုတ်နေသည်။

ဒေးဗစ်က စူးစမ်းသည့် အကြည့်မျိုးဖြင့် သူ့ကို ကြည့်နေမိသည်။

"ကျွန်တော့် ငယ်သူငယ်ချင်း တစ်ယောက်နဲ့တွေ့တာ ဘာများ အရေးကြီးနေလို့လဲ"

"သူ ဘယ်သူလဲဆိုတာ မင်း မသိသေးဘူးလား"

ဒင်က ဒေးဗစ်ကို မေးသည်။

"သိပ် သိတာပေါ့ဗျာ၊ ကျွန်တော်နဲ့ ရစ်ဗင်တန်လမ်းမှာ ဟိုဘက်အိမ် ဒီဘက်အိမ် နေခဲ့တာပဲ၊ ကျောင်းသွားတော့လည်း အတူတူပဲ"

ဒင်ပီးယာ့စ်က ခပ်ပြတ်ပြတ် ရယ်လိုက်သည်။

"အရှေ့ဘက်ဖျားက မင်းရဲ့ငယ်သူငယ်ချင်းဟာ ခရီးအဝေးကြီး လာရတာပဲ၊ သူ့ကို ဒီဘက်ပို့လိုက်တာ ခြောက်လရှိသွားပြီ၊ ဘီအော့ဖ်နဲ့ ဘရောင်းကုမ္ပဏီတွေ ဒုက္ခရောက်ကြ ကတည်းကပေါ့၊ သူဟာ အလုပ်သမားသမဂ္ဂ ခေါင်းဆောင်တစ်ယောက်ပေါ့၊ ဒါပေမယ့် အနောက်ပိုင်းက ဆင်ဒီကိတ်တစ်ခုရဲ့ ထိပ်တန်းရာထူးကြီးလည်း ရထားတဲ့လူ"

ဒေးဗစ်သည် စကားမပြောနိုင်တော့ဘဲ သူ့ကို ငေးကြည့်နေမိသည်။

"သူ့ကို မင်း ပြောရင်တော့ ရပါလိမ့်မယ်ထင်တယ်၊ ဘုရားသခင်မှ သိတော့မှာပဲကွာ၊ ငါတော့ ဘယ်လိုမှ ကြိုးစားလို့ မရတော့ဘူး၊ မင်းလည်း အဆင်ပြေအောင် မလုပ်နိုင်ဘူးဆိုရင် တော့ တို့တွေ တစ်ပတ်အတွင်းမှာ အလုပ်မရှိကြတော့ဘူး၊ တို့တွေ ဘယ်တုံးကမှ မမြင်ခဲ့ဘူးတဲ့ အကြီးမားဆုံး၊ အဆိုးဝါးဆုံး အလုပ်သမားသပိတ်ကြီးနဲ့ ရင်ဆိုင်ရတော့မယ်၊ အကုန်လုံး ပိတ်ပစ် ရတော့မယ်၊ စတူဒီယိုရော၊ ရုပ်ရှင်ရုံတွေရော အားလုံး ရှိရှိသမျှ ပိတ်ပစ်ရတော့မယ်"

## (၁၀)

ဒေးဗစ်သည် အမေနှင့်အတူ မီးဖိုချောင်အတွင်းသို့ လိုက်သွားရင်း ပြင်ဆင်ထား သည့် ညစာစားပွဲကို ကြည့်မိသည်။ လူငါးယောက်စာအတွက် ထိုင်ခုံများ ပြင်ဆင်ထားသည်။

"လူတွေအများကြီး ထမင်းလာစားမယ်လို့ ကျွန်တော့်ကို အမေ ပြောမထားပါလား"

အမေက သူ့ကို ပြန်လှည့်မကြည့်၊ မီးဖိုပေါ် မှအိုးကိုသာ ကြည့်နေရင်းမှ ပြန်ပြောသည်။

"လိမ္မာတဲ့ မိန်းကလေးတစ်ယောက်ဟာ မိဘတွေမပါဘဲ သူစိမ်းယောက်ျားကလေးကို တစ်ယောက်တည်း လာတွေ့ရမလား"

"ဒီလိုဆိုရင် ဧည့်သည်တစ်ယောက်အတွက်လည်း ပြင်ပေးပါဦးအမေ၊ ကျွန်တော့် ငယ်သူငယ်ချင်းတစ်ယောက်ကို ဖိတ်ထားတယ်"

"ဒီနေ့ညဖိတ်တာလား"

"ဟုတ်တယ် အမေ၊ အလုပ်ကိစ္စ"

ထိုအခိုက် ခေါင်းလောင်းသံ မြည်လာသည်။ အချိန်မှာ (၇) နာရီတိတိ ဖြစ်သည်။

"ကျွန်တော် သွားဖွင့်လိုက်မယ် အမေ"

ဟု သူက မြန်မြန်ပြောသည်။ နီဒယ်လ်နိူစ် ဖြစ်မည်ဟု သူ ထင်သည်။

တံခါးဖွင့်လိုက်သောအခါတွင် ဆံပင်ဖြူဖြူနှင့် အသက်ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။ သူ့ဘေးတွင် သူ့အသက်အရွယ်ခန့်ပင် ရှိသည့် အမျိုးသမီးကြီးတစ်ဦး၊ ပြီးတော့ မိန်းမပျိုကလေးတစ်ဦး၊ အဘိုးကြီး၏ မျက်နှာပေါ်တွင် စိတ်စောနေသည့် အမူအရာကို တွေ့ရသည်။ ဒေးဗစ်ကို မြင်သောအခါ ပြုံးပြပြီး လက်ကမ်းပေးသည်။

"မင်း ဒေးဗစ်ပဲ ဖြစ်ရမယ်၊ ကျုပ် အော်တိုစထရပ်စ်မာပါ"

"ဝမ်းသာပါတယ် မစ္စတာစထရပ်စ်မာ၊ နေကောင်းပါရဲ့လား"

ဒေးဗစ်က အဘိုးကြီး၏လက်ကို ဆွဲယူနှုတ်ဆက်သည်။

"ကျုပ်ဇနီး ဖရီဒါ၊ ဟိုဟာက သမီး ရိုဇာ"

မစ္စတာစထရပ်စ်မာက မိတ်ဆက်ပေးသည်။

ဒေးဗစ်က ပြုံးပြီး နှုတ်ဆက်သည်။ မစ္စစ်စထရပ်စ်မာက သူ့သမီးကို ဂျာမန်ဘာသာဖြင့် တစ်စုံတစ်ခု ပြောသည်။ မိန်းမပျိုက ပြုံးပြီး ပြန်နှုတ်ဆက်သည်။

"ဝမ်းသာပါတယ်၊ နေကောင်းပါရဲ့လား"

မိန်းမပျိုပြောသည့် အသံထဲတွင် ဒေးဗစ် အကဲဖမ်း၍ မရနိုင်သည့် အဓိပ္ပာယ်မျိုး ပါနေသည်ဟု ထင်ရသည်။ သူသည် အရပ်ခပ်ပြတ်ပြတ် ဖြစ်၏။ ငါးပေလေးလက်မခန့်သာ ရှိပေလိမ့်မည်။ ကိုယ်လုံးကိုယ်ထည်က ငါးရံ့ကိုယ် ဖြစ်သည်။ ဆံပင်နက်သည်။ မျက်လုံး ညိုသည်။ မျက်တောင်များကရှည်ပြီး ကော့နေသည်။ ယနေ့ ညစာစားပွဲကို မိမိ စိတ်မပါသလို အမျိုးသမီးလည်း စိတ်မပါကြောင်း သေသေချာချာ ကြည့်မိတော့မှ ဒေးဗစ် အကဲခတ်မိတော့သည်။

"ဘယ်သူလဲ ဒေးဗစ်"

မီးဖိုထဲမှ အမေက လှမ်းအော်မေးသည်။

"အိမ်ထဲကို ကြွပါ ခင်ဗျာ၊ မစ္စတာစထရပ်စ်မာတို့ မိသားစု လာကြပြီ အမေ"

ဒေးဗစ်က ဧည့်သည်များကို အိမ်တွင်းသို့ ဖိတ်ခေါ်ရင်း အမေ့ကိုလည်း ပြန်ဖြေသည်။

"ဧည့်ခန်းထဲခေါ်သွားပြီး ဧည့်ခံလိုက်ပါ၊ အရက်လည်း အဆင်သင့်ရှိတယ်"

ဟု အမေက လှမ်းပြောသည်။

ဒေးဗစ်သည် သူတို့နောက်မှာ တံခါးပိတ်ခဲ့ပြီး ရိုဇာဘက်သို့ လှည့်လိုက်သည်။

"အပေါ်ကအင်္ကျီ သိမ်းပေးရမလား"

ရိုဇာက ခေါင်းညိတ်ပြပြီး သူ့အပေါ်အင်္ကျီကို ချွတ်ပေးသည်။ အတွင်းမှာ ဝတ်ထားသော အဝတ်အစားများသည် ရိုးရိုးအဝတ်အစားများသာ ဖြစ်သည်။

သူ့အမေက ဂျာမန်ဘာသာဖြင့် တစ်စုံတစ်ရာ ပြောပြန်သည်။ ရိုဇာက ဒေးဗစ်ကို မော့ကြည့်သည်။

"မေမေက ပြောတယ်၊ ရှင်နဲ့ဖေဖေနဲ့ အရက်သောက်ပါတဲ့၊ ကျွန်မတို့ မီးဖိုထဲကို သွားပြီ ရှင့်အမေကို ကူညီလုပ်ပေးပါ့မယ်"

ဒေးဗစ်က သူ့ကို ငုံကြည့်မိပြန်သည်။ သူ့အသံကို သတိထားမိပြန်သည်။ အသံက ခပ်ဝဲဝဲ ဖြစ်သည်။ သူ့အဖေကဲ့သို့ ဝဲသောအသံ ဖြစ်သည်။ သူတို့သားအမိနှစ်ယောက် မီးဖိုခန်းဘက်သို့ ထွက်သွားသည်။ စထရပ်စ်မာက သူနှင့်အတူ ဧည့်ခန်းထဲသို့ လိုက်လာရင်း ပြုံးနေသည်။

စားပွဲပေါ်မှာ ဝီစကီပုလင်းနှင့် ဖန်ခွက်များ တင်ထားသည်ကို တွေ့ရသည်။ သို့သော်

လည်း ဝီစကီသည် စကော့ချ်ဝီစကီ မဟုတ်။ ဂျူးလူမျိုးများ အခမ်းအနားတိုင်းတွင် သောက်လေ့ရှိသည့် ဝီစကီ ဖြစ်သည်။ အစဉ်အလာယဉ်ကျေးမှုကို ထိန်းသိမ်းသည့်အနေဖြင့် အမေက ဤဝီစကီကို ဧည့်ခံခြင်း ဖြစ်မည်ဟု ဒေးဗစ် ထင်သည်။ သို့သော်လည်း ဒေးဗစ်က သည်အရက်ကို မကြိုက်။

မစ္စတာစထရပ်စ်မာကမူ ထိုသို့ ဟုတ်ပုံမရ။ ဝီစကီပုလင်းကို ကောက်ယူကြည့်ပြီး ဒေးဗစ်ဘက်သို့ လှည့်ပြောသည်။

"အား တယ်ကောင်းတဲ့ အရက်ပဲ"

ဒေးဗစ်ကလည်း သူ့ကို ပြန်ပြုံးပြကာ သူ့လက်ထဲမှ ပုလင်းကို လှမ်းယူသည်။

"ဒီအတိုင်း သောက်မလား၊ ရေနဲ့ သောက်မလား ခင်ဗျာ"

"ဒီအတိုင်းပဲ သောက်ပါ့မယ်"

ဖန်ခွက်တစ်လုံးထဲသို့ ထည့်ပြီး ဒေးဗစ်က သူ့ကို ကမ်းပေးသည်။ တစ်ဆက်တည်းလည်း တောင်းပန်လိုက်သည်။

"ကျွန်တော်ကတော့ ရေနည်းနည်း ထည့်သောက်ပါရစေ"

ထိုအခိုက် ရိုဇာ ဝင်လာသည်။ ရေနှင့် အမြည်းများ သယ်လာသည်။

"ဒါတွေ လိုမှာပဲထင်လို့"

ရိုဇာက ပြုံး၍ပြောရင်း စားပွဲပေါ်မှာ တင်ပေးသည်။

"ကျေးဇူးတင်ပါတယ်"

ရိုဇာ ထွက်သွားသောအခါ ဒေးဗစ်က သူ့အရက်ကို ရေအနည်းငယ်ရောပြီး သူတို့နှစ်ယောက် ခွက်များမြှောက်၍ ဆုတောင်းကာ သောက်ကြသည်။ အဘိုးကြီးက အသောက်များသွားသောကြောင့် သီးသလို ဖြစ်သွားသည်။ သူ့မျက်လုံးထဲမှာ မျက်ရည်များပင် ဝဲလာသည်။ ပြီးတော့ ပါးစပ်ကလည်း ပြောလိုက်သေးသည်။

"အင်မတန် အရသာ ရှိတာပဲ"

ဒေးဗစ်က ခေါင်းညိတ်ပြရင်း သူ့အရက်ကို သူ သောက်၏။ ရေရောထားလင့်ကစား အရသာကတော့ ခပ်ဆိုးဆိုးပင်။ သို့သော်လည်း ဟန်ဆောင်သောက်ရင်း အဘိုးကြီးအား နောက်ထပ် ဖြည့်ပေးသည်။ သည်လိုဖြင့် သူတို့နှစ်ယောက် လေပေးဖြောင့်လာကြသည်။

"မောင့် ကောင်းကြောင်းတွေကို ကျုပ် အများကြီး ကြားဖူးပါတယ် ဒေးဗစ်"

ဒေးဗစ်က ခေါင်းညိတ်ပြသည်။ ပြုံးလည်း ပြုံးနေရသေးသည်။ ဧည့်သည်ကို ဧည့်ခံရသည်မှာ သည်လိုပင် လုပ်ရချေမည်။ ယဉ်ကျေးဖော်ရွေစွာ ပြုံးပြနေရသောကြောင့် သူတို့ ပြန်သွားလျှင် တစ်မျက်နှာလုံးများ ရောင်ကိုင်းနေတော့မလားဟု ထင်မှတ်ရသည်။

"ဟုတ်တယ်၊ မောင့်အကြောင်းတွေကို ကျုပ် ကြားခဲ့တာကြာပြီ၊ တွေ့ချင်နေတာလည်း ကြာပြီ၊ ကျုပ်တို့နှစ်ယောက်စလုံးက လူတစ်ယောက်တည်းအတွက် အလုပ်လုပ်နေကြတာ မဟုတ်လား"

ဟု အဘိုးကြီးက သူ့စကားကို ဆက်ပြောပြန်၏။

"တစ်ယောက်တည်းအတွက်လား"

"ဟုတ်တယ်လေ၊ ဂျိုနတ်စ်ကော့ပေါ့၊ သူ့အတွက် မောင်က ရုပ်ရှင်လုပ်ငန်းတွေ လုပ်ပေးနေရတယ်၊ ကျုပ်က သူ့အတွက် ပလတ်စတစ်လုပ်ငန်းတွေ လုပ်ပေးနေရတယ်၊ မောင့်အမေကို မနှစ်တုန်းက ကျုပ်တို့ ဘုရားရှိခိုးကျောင်းမှာ တွေ့ခဲ့ကြတာ၊ စကားစပ်မိကြရင်းနဲ့ လက်စသတ်တော့ ကျုပ်ဇနီး ဖရီဒါနဲ့ မောင့်အဖေနဲ့ဟာ မောင်နှမနှစ်ဝမ်းကွဲ တော်နေမှန်း သိရတော့တယ်၊ မောင့်မိသားစုနဲ့ ကျုပ်မိသားစုဟာ တစ်ရပ်တည်း၊ တစ်မြို့တည်းက လာခဲ့ကြတာကလား"

မစ္စတာစထရပ်စ်မာသည် သူ့ခွက်ထဲက အရက်ကို သောက်ပြန်သည်။ စောစောကလိုပင် ချောင်းဆိုးပြန်သည်။ ပြီးတော့ ဒေးဗစ်ကို မျက်ရည်များ ဝေနေသည့် မျက်လုံးဖြင့် ကြည့်ပြန်သည်။

"ကမ္ဘာဟာ ကျဉ်းကျဉ်းကလေးပါ"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျဉ်းကျဉ်းကလေးပါ"

ဒေးဗစ်က ခေါင်းညိတ်ပြီး ထောက်ခံလိုက်ရသည်။ ထိုအခိုက် မီးဖိုဘက်မှ အမေ့အသံ ထွက်လာသည်။

"ဘယ်လိုလဲ ဒေးဗစ်၊ ညစာက အဆင်သင့် ဖြစ်နေပြီ၊ မင်းသူငယ်ချင်းက အခုထက်ထိ မရောက်သေးပါလား"

"ရောက်ခါနီးပါပြီ အမေ"

"ည (၇) နာရီလို့ မပြောလိုက်ဘူးလား"

အမေက မယုံသလို မေးပြန်၏။

ဒေးဗစ်က ခေါင်းညိတ်ပြသည်။

"ဒါဖြင့်ရင် ဘာကြောင့် ရောက်မလာသေးတာလဲ၊ ဘယ်အချိန် ထမင်းစားရမယ်ဆိုတာ သူ မသိဘူးလား၊ ဒီအချိန် မစားရင် အားလုံး အေးကုန်လို့ သွန်ပစ်လိုက်ရတော့မှာပေါ့"

ထိုအခိုက်မှာပင် ခေါင်းလောင်းတီးသံ ကြားရသည်။ ဒေးဗစ်က တံခါးဆီသို့ လျှောက်သွားသည်။

"ပြောရင်းဆိုရင်းပဲ လာပါပြီ အမေ"

တံခါးပေါက်တွင် သူ ရပ်နေသည်။ အရပ်က မြင့်သည်။ ကြည့်ကောင်းသည်။ သို့သော်လည်း အလွန် ပိန်သည်။ မျက်လုံးများက မည်းနက်သည်။ မြင်မြင်ချင်း ဒေးဗစ်က ငယ်ရုပ်ကို ကောင်းစွာ ဖမ်းလိုက်နိုင်သည်။ သူ့နှာခေါင်းသည် ချွန်ပြီး ကောက်နေသည်။ ထို့ကြောင့်လည်း ငယ်စဉ်က သူ့ကို သူငယ်ချင်းများက နီဒယ်လ်နိုစ်ဟု ခေါ်ခဲ့ကြခြင်း ဖြစ်သည်။ သူက ဒေးဗစ်ကို လက်ကမ်းပေးသည်။

"တွေ့ရတာ ဝမ်းသာတယ် ဒေးဗစ်"

သူတို့နှစ်ယောက်သည် လှိုက်လှိုက်လှဲလှဲ လက်ဆွဲနှုတ်ဆက်ကြသည်။

"လာ သူငယ်ချင်း၊ အဘွားကြီး ဒေါကန်နေပြီ၊ ညစာက အဆင်သင့်ပြင်ပြီးနေပြီ"

သူတို့နှစ်ယောက် ဧည့်ခန်းထဲသို့ ဝင်လာခဲ့ကြသည်။ စထရပ်စ်မာသည် ထိုင်ရာမှထ၏။ ဒေးဗစ်၏ အမေက နီဒယ်လ်နိုစ်ကို မယုံသင်္ကာမျက်လုံးများဖြင့် ကြည့်သည်။ ဒေးဗစ်က အခန်းထဲမှာ ရှိသောသူများကို လှည့်ကြည့်သည်၊ ရိုဇာသည် ဧည့်ခန်းထဲမှာ မရှိ။

"အမေ၊ အာဗင်ရှဝပ်ဇ်လေ၊ မှတ်မိတယ် မဟုတ်လား"

"ဟဲလို မစ္စစ်ဝုဖ်"

"အာဗင်ရှဝပ်ဇ်၊ ကောင်းကောင်း မှတ်မိတာပေါ့၊ မင်းနှာခေါင်းက ဘာဖြစ်တာလဲ"

"အမေကလည်း"

ဒေးဗစ်က သူ့အမေကို တားသည်။

"ကိစ္စမရှိပါဘူး ဒေးဗစ်၊ ကျွန်တော် ပြင်ပြီး ခွဲစိတ်ထားတာပါ မစ္စစ်ဝုဖ်"

"ဒါလောက်သေးတဲ့ နှာခေါင်းနဲ့ မင်း ဘယ်လိုများ အသက်ရှူသလဲ၊ မင်း အလုပ်လုပ်နေပြီလား ရှဝပ်ဇ်၊ ဒါမှမဟုတ် ရော့်ကီတို့ ကားဂိုဒေါင်နားမှာပဲ ရှုပ်နေကြတုန်းလား"

အဘွားကြီးက ရန်လိုသည့် သဘောမျိုးဖြင့် ဆက်ပြောနေပြန်သည်။ ထို့ကြောင့်လည်း ဒေးဗစ်က မြန်မြန် ဝင်ပြောရသည်။

"အမေ၊ သူ ဒီကို ပြောင်းလာပြီလေ"

"ကဲ ထမင်းဆာပြီ မစ္စစ်ဝုဖ်၊ ဒီနေ့ညတော့ ကောင်းကောင်း စားရတော့မှာပဲလို့ တွေးပြီး တစ်နေ့လုံး ဆာနေတာ"

ဟု နီဒယ်လ်နိုစ်က စကားလမ်းကြောင်း ပြောင်းပစ်လိုက်သည်။

"အေး မင်း လိမ်လိမ်မာမာ နေနော်၊ သောကြာနေ့တိုင်း ညစာ လာစားပါလား"

"စိတ်ချပါ မစ္စစ်ဝုဖ်"

"ကောင်းတယ်၊ စွပ်ပြုတ်နွေးပြီလား သွားကြည့်လိုက်ဦးမယ်"

နီဒယ်လ်နိုစ်နှင့် ထရပ်စ်မာတို့ကို မိတ်ဆက်ပေးမည်အပြုတွင် အခန်းတွင်းသို့ ရိုဇာ ဝင်လာသည်။ သူသည် အဝင်ပေါက်မှာ ရပ်နေ၏။ သူ့မျက်နှာပေါ်တွင် အံ့ဩသည့် အမူအရာကို

မြင်ရသည်။ ပြီးတော့ ပြုံးရင်း အခန်းတွင်းသို့ ဝင်လာသည်။

"ဟော မစ္စတာရှုဝပ်ဇ်၊ ဒီမှာ လာတွေ့နေကြရတာ ဘယ်လောက် အံ့ဩစရာ ကောင်းသလဲ"

အာဗင်က မော့ကြည့်ပြီး သူ့လက်ကို ဆန့်တန်းပေးလိုက်သည်။

"ဟော ဒေါက်တာ၊ ကျွန်တော့် သူငယ်ချင်း ဒေးဗစ်နဲ့ ဒေါက်တာနဲ့ သိနေကြတာကိုး"

"ကျွန်မတို့ချင်း ဒီနေ့ညနေမှ တွေ့ကြတာပါ"

အာဗင်၏လက်ကို ဆွဲယူရင်း ရိုဇာက ပြောသည်။ အာဗင်က ဒေးဗစ်ကို လှည့်ကြည့်သည်။

"ကိုယ့်နှာခေါင်းကို ဒေါက်တာ စထရပ်စ်မာ ခွဲပေးတာပေါ့၊ သိပ်တော်တဲ့ ဆရာဝန်ကွ၊ မနှစ်က လင်ဒါဒေးဗီးကို ခွဲစိတ်ကုသပေးခဲ့တာ သူပေါ့"

ဒေးဗစ်သည် ရိုဇာကို စိတ်အားထက်သန်စွာ ကြည့်နေသည်။ ရိုဇာ ဆရာဝန်ဖြစ်ကြောင်း မည်သူကမျှ သူ့ကို ပြောမပြခဲ့၊ ရုပ်ရှင်မင်းသမီး လင်ဒါဒေးဗီးကို ခွဲစိတ်ကုသခြင်းသည် အလွန် ကြီးကျယ်သော ခွဲစိတ်ကုသမှု တစ်ခု ဖြစ်သည်။ လင်ဒါသည် မော်တော်ကား မှောက်ရာမှာ မျက်နှာတွင် ဒဏ်ရာရခဲ့သည်။ ယင်းမျက်နှာကို အသားအစားထိုး ကုသပေးခြင်းဖြင့် သူ ရုပ်ရှင်ပြန်ရိုက်၍ ရခြင်း ဖြစ်သည်။ သူ့အလှသည် ပျက်မသွား။

စထရပ်စ်မာတို့ လင်မယားက သူ့ကို ငေးကြည့်နေကြကြောင်း ဒေးဗစ် သတိထားမိသည်။ ထို့ကြောင့် ရိုဇာကို သူ ပြုံးပြလိုက်သည်။

"ဒေါက်တာ ကျုပ် စကားပြောချင်နေတဲ့ လူဟာ ဒေါက်တာပါပဲ၊ အခုလို ဗြုန်းခနဲ တွေ့လိုက်ရတော့ ရင်ထဲမှာ ဟာသွားတာပဲ"

ရိုဇာသည် သူ့ကို ဝမ်းသာသည့် အမူအရာဖြင့် ကြည့်သည်။ စောစောက သူ့မျက်နှာပေါ်တွင် စိုးရွံ့မှုများကို တွေ့ရသည်။ ယခု မရှိတော့။

"ရင်ထဲမှာ ဟာသွားရင် ရှင့်အမေ ချက်ထားတဲ့ စွပ်ပြုတ်ကလေးနဲ့ ဖြည့်လိုက်ကြရအောင်လား"

ဟု ရိုဇာက ပြုံးရင်းပြောသည်။

"ငါ ချက်ထားတဲ့ စွပ်ပြုတ်အကြောင်းပြောတာ ဘယ်သူလဲ၊ ကဲ အားလုံးလာကြ၊ အကုန် အေးကုန်တော့မယ်"

မစ္စစ်ဝုဖ်က အခန်းတွင်းသို့ အရေးတကြီး ဝင်လာရင်း ပြောလိုက်သည်။

## (၁၁)

"ကျွန်မကိုတော့ ခွင့်လွှတ်ကြပါ၊ ကျွန်မ လူနာတစ်ယောက်ကို ကြည့်ဖို့ ဆေးရုံကို ခဏ ပြေးရဦးမယ်၊ ပြီးမှ ပြန်လာခဲ့မယ်နော်"

ရိုဇာက ညစာစားပြီးသည်နှင့် သူ့နာရီကို ငုံ့ကြည့်ပြီး ပြောသည်။

"အနှောင့်အယှက် မဖြစ်ဘူးဆိုရင် ဆေးရုံကို ကိုယ် ကားမောင်းပြီး ပို့ပေးပါ့မယ်"

ဟု ဒေးဗစ်က ရိုဇာကို ပြောသည်။

"ဒုက္ခမရှာပါနဲ့လေ၊ ကျွန်မမှာ ကားပါလာပါတယ်"

ရိုဇာက ပြုံးသည်။

"ကိစ္စမရှိပါဘူး၊ အနည်းဆုံး မင်းအတွက် အဖော်ရတာပေါ့"

ဒေးဗစ်က သိမ်မွေ့စွာ ပြောသည်။

"ကျွန်တော်လည်း သွားမှာပဲ၊ အင်မတန် အရသာရှိတဲ့ ညစာကျွေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မစ္စဝုဖ်၊ ငယ်ငယ်က အိမ်ကိုတောင် ပြန်လွမ်းလာတယ်ဗျာ"

နီဒယ်လ်နိုဗ်ကလည်း ထိုင်ရာမှထရင်း ပြောသည်။

"ဟုတ်ပြီ၊ လိမ်လိမ်မာမာနေနော်၊ နောက်ထပ်လည်း လာခဲ့ဦး"

ဟု ဒေးဗစ်၏ အမေက ပြောသည်။

"ကျွန်မတို့ သိပ်မကြာပါဘူး"

ဟု ရှိဇာက ဒေးဗစ်၏ အမေကို ပြောသည်။

"ရပါတယ်၊ ရပါတယ်၊ အေးအေးဆေးဆေးသာ သွားကြပါ၊ တို့ ဒီမှာ လူကြီးတွေ စကားပြောချိန် ရတာပေါ့"

"ကိုယ် စိတ်မကောင်းပါဘူး အာဗင်၊ တို့ စကားပြောဖို့တောင် အခွင့်မသာတော့ဘူး။ မနက်ဖြန် ကိုယ်တို့ ပြန်ချိန်းကြရင် ကောင်းမလား"

· အိမ်အပြင်သို့ ထွက်လာကြရင်း ဒေးဗစ်က စပြောသည်။

"ကိုယ်တို့ အခု ပြောလို့ရသားပဲ၊ ရှိဇာကို ယုံကြည်ရပါတယ်၊ ဟုတ်တယ် မဟုတ်လား ဒေါက်တာ"

အာဗင်က အေးအေးဆေးဆေးပင် ပြောသည်။

"ကျွန်မ ကားထဲမှာ စောင့်နေမယ်လေ"

ဟု ရှိဇာကပြောရင်း ကားဆီသို့ သွားရန် ဟန်ပြင်သည်။ ဒေးဗစ်က လှမ်းတားသည်။

"မသွားပါနဲ့၊ ရပါတယ်၊ မင်း မနေ့က ကိုယ့်ကို ဖုန်းဆက်တော့ ကိုယ် ဘာမှန်း နားမလည်ဘူး။ ကိုယ်တို့ အလုပ်သမား ပြဿနာတွေကို အများဆုံး တာဝန်ယူပြီး ကိုင်တာက ဒင်ပီးယာ့စ်"

"ဟုတ်တယ် ဒေးဗစ်၊ ကိုယ်လည်း ခန့်မှန်းမိပါတယ်"

"ကိုယ်တို့တွေ အလုပ်သမားသပိတ်နဲ့ ရင်ဆိုင်ရတော့မယ်လို့ ဒင်က ပြောတယ်၊ ကိုယ်တို့ မတတ်နိုင်တာကိုလည်း မင်း သိမယ်လို့ ထင်ပါတယ်၊ တို့ ဒုက္ခဖြစ်တော့မယ်"

"ကိုယ် သိပါတယ်၊ ဒါကြောင့် မင်းတို့ကို အကူအညီပေးဖို့ ကိုယ် ကြိုးစားနေတာ၊ ဒါပေမယ့် တစ်ခုခုတော့ လုပ်ပေးမှဖြစ်မယ့် အခြေအနေနဲ့ ကိုယ် ကြုံနေရတယ်"

ဟု အာဗင်က ပြန်ဖြေသည်။

"ဘာဖြစ်လို့လဲ၊ သပိတ်မှောက်ဖို့ကိစ္စမှာ မင်း ပါဖို့များ ပြောနေကြလို့လား၊ စီးပွားပျက် ကပ်ဆိုက်နေတာကို မင်းတို့အဖွဲ့ဝင်တွေ သိကြသားပဲ"

"ဟုတ်ပါတယ်၊ သူတို့က သပိတ်မမှောက်ချင်ကြပေမယ့် ကွန်မြူနစ်တွေက ဒီပြဿ နာထဲကို ဝင်လာပြီ၊ ရုပ်ရှင်ကုမ္ပဏီတွေမှာရှိတဲ့ အလုပ်သမားတွေကို သူတို့က မြှောက်ပေးနေ ကြတာ၊ ထိပ်တန်းဇာတ်လိုက်မင်းသား မင်းသမီးတွေ ဝင်ငွေသိပ်ကောင်းနေကြသလို အလုပ် သမားတွေကျတော့ ဘာဖြစ်လို့ ဝင်ငွေ မကောင်းကြရတာလဲဆိုပြီး သွေးထိုးပေးနေတာ"

"ဘီအော့ဖ်နဲ့ ဘရောင်း ကုမ္ပဏီတွေက ဘယ်လိုဖြစ်တာလဲ"

"ဒီကောင်တွေ အလကားကောင်တွေပါ၊ နှစ်ဖက်လှတွေ၊ ခွတုတ်တွေ၊ ဒါကြောင့် တို့ တွယ်ပစ်လိုက်တာ"

"မင်းတို့လူတွေ စမွေးတဲ့မီးကြောင့် တို့ပါ ဒုက္ခရောက်ရအောင် မင်းတို့ လုပ်နေကြ သလားလို့ ထင်စရာ ဖြစ်လာတယ်၊ မင်းက ကွန်မြူနစ်တွေကို အကြောင်းပြပြီး လုပ်နေတာ များလား"

ဒေးဗစ်၏ စကားကို ကြားသောအခါ အာဗင်က ပြုံးသည်။

"အကြောင်းပြနေတယ်လို့ ဆိုချင်လည်း ဆိုပေါ့လေ၊ ဒါပေမယ့် ကွန်မြူနစ်တွေဟာ ဒီကိစ္စမှာ သိပ်တက်ကြွနေကြတယ်၊ သူတို့က လုပ်ခတွေ တိုးပေးဖို့၊ လခတွေ တိုးပေးဖို့ကိုသာ အဓိကထားပြီး တောင်းနေကြတာ၊ ပြီးတော့ အတတ်ပညာရှင်များထဲကို သူတို့ ပိုပြီး ထိုးဖောက် စည်းရုံးနေကြတယ်၊ အခုဆိုရင် အတတ်ပညာရှင်များ သမဂ္ဂကို သူတို့ ကိုင်လာကြပြီ၊ ကွန်မြူနစ် တွေ တောင်းပေးလို့ တခြားကုမ္ပဏီ တချို့မှာရှိတဲ့ အတတ်ပညာရှင်တွေ လုပ်ခပိုရကြတာကို လည်း သူတို့ သိတယ်၊ အတတ်ပညာရှင်များ သမဂ္ဂရွေးကောက်ပွဲလည်း နီးလာပြီ၊ အခု အခြေ အနေအတိုင်းဆိုရင် ရွေးကောက်ပွဲမှာ ကွန်မြူနစ်တွေ အနိုင်ရလာဖို့ များနေတယ်၊ မင်းလည်း သိတဲ့အတိုင်းပဲ၊ အဲဒီအခါကျတော့ ကွန်မြူနစ်တွေနဲ့ ညှိနှိုင်းရတာ သိပ်ခက်သွားလိမ့်မယ်"

ဒေးဗစ်က အာဗင်ကို ကြည့်နေသည်။

"ဒီလိုဆိုရင် တို့ ကွန်မြူနစ်တွေနဲ့ ဆွေးနွေးမလား၊ မင်းနဲ့ ဆွေးနွေးမလားလို့ မင်း

အကြံပေးနေတာပေါ့၊ မင်းတို့ သမဂ္ဂဝင်တွေကရော ဘယ်လို သဘောထားမလဲ၊ သူတို့ ပြောစရာ ဘာတွေရှိသလဲ"

"အလုပ်သမားတွေ လိုချင်နေကြတာက သူတို့ လစာ မြှင့်ပေးဖို့ပဲ၊ သူတို့လစာတွေ မြှင့်နိုင်သမျှ အမြင့်ဆုံးရအောင် လုပ်ပေးနိုင်တဲ့ လူကို သူတို့ လက်ခံမှာပဲ၊ အခုဆိုရင်ပဲ ကွန်မြူနစ်တွေကစပြီး စည်းရုံးစပြုနေပြီ"

အာဗင်က စီးကရက်ထုတ်ပြီး မီးညှိနေသည်။ သူ့မီးခြစ်သည် ရွှေမီးခြစ် ဖြစ်သည်။ သူ မီးခြစ်ထုတ်အယူလိုက်တွင် သူ့ချိုင်းအောက်၌ ပခုံးသိုင်းအိတ်ဖြင့် ထည့်ထားသည့် သေနတ်ကို တွေ့ရသည်။ ဒေးဗစ်က သူ မီးညှိပြီးသည်အထိ ငြိမ်ပြီး စောင့်ကြည့်နေသည်။

ရွှေမီးခြစ်နှင့် သေနတ်။

တိုင်းပြည်၏ အရှေ့ဘက်ခြမ်းနှင့် နယူးယောက်မြို့မှ ငယ်သူငယ်ချင်း နှစ်ယောက်သည် တိုင်းပြည်၏ အနောက်ဘက်ခြမ်းရှိ ပူအိုက်သော ကာလီဖိုးနီးယားပြည်နယ်၏ ကြယ်များနှင့် ပြည့်နေသော မိုးကောင်းကင်အောက်မှာ ရပ်ပြီး စကားပြောနေကြသည်။ သူတို့ ပြောနေကြသည့် အကြောင်းအရာများသည် ငွေ၊ အာဏာနှင့် ကွန်မြူနစ်ဝါဒများအကြောင်း။

ဤပြဿနာအတွင်းသို့ ဘာကြောင့် အာဗင် ဝင်လာသနည်း ဆိုသည်ကို သူ နားမလည်နိုင်အောင် ဖြစ်နေသည်။ အမှန်တော့ သည်ကိစ္စများသည် သူနှင့် ဘာမှ မဆိုင်ဟု သူ ထင်သည်။

"ဒီလိုဆိုရင် ကိုယ့်ဘာလုပ်ပေးရမလဲ"

ဟု ဒေးဗစ်က မေးသည်။

"တစ်နာရီကို လုပ်ခ (၂၅) ပြား တိုးပေးဖို့နဲ့ အလုပ်ချိန်ကို တစ်ပတ်မှာ (၃၅) နာရီအထိ လျှော့ချပေးဖို့ ကွန်မြူနစ်တွေက တောင်းနေပြီ၊ ဒါကြောင့် တို့က ကြားဝင်ပြီး တစ်နာရီကို ငါးပြား တိုးပေးဖို့ရယ်၊ အလုပ်ချိန်ကို တစ်ပတ်မှာ (၃၇) နာရီခွဲ သတ်မှတ်ပေးဖို့ရယ်ကို တို့က ဖျန်ဖြေပေးတယ်၊ ဒါပေမယ့် ဒင်ပီးယာ့စ်က သူ့မှာ ဘာမှ လုပ်ပိုင်ခွင့် မရှိဘူးလို့ ပြောတယ်၊ မစ္စတာကော့နဲ့လည်း သူ မတွေ့ရဘူးလို့ ပြောတယ်၊ ကိုယ်စောင့်နေတာ သုံးလရှိသွားပြီ၊ ဒီထက်ပိုပြီး ကိုယ်တို့ မစောင့်နိုင်တော့ဘူး။ ဒီအတိုင်း မင်းတို့ ထိုင်နေကြရင် အလုပ်သမားသပိတ်နဲ့ မင်းတို့ ရင်ဆိုင်ရလိမ့်မယ်၊ အလုပ်သမားလည်း နာတယ်၊ မင်းတို့လည်း နာတယ်၊ ဒါပေမယ့် မင်းတို့က ပိုနာမယ်၊ ကုမ္ပဏီဟာ လုံးဝ ပျက်စီးသွားလိမ့်မယ်၊ တို့မှာ တခြားအလုပ်တွေလည်း အများကြီးရှိသေးတယ်၊ နောက်ဆုံးကျတော့ တကယ် အနိုင်ရသွားမှာက ကွန်မြူနစ်တွေ ဖြစ်သွားလိမ့်မယ်"

ဒေးဗစ်သည် ခဏဆိုင်းနေသည်။ သူသည်လည်း ဒင်ပီးယာ့စ်ထက်ပို၍ မည်သည့် အာဏာမျှ မရှိပါ။ သို့သော်လည်း ဂျိုနတ်စ်ကို တွေ့အောင်စောင့်ရန် အချိန် မရှိတော့၊ သည်ကိစ္စတွင် ဂျိုနတ်စ် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ သူသည် ဂျိုနတ်စ် ဒုက္ခမရောက်အောင် လုပ်ရပေတော့မည်။ သူက သက်ပြင်းချလိုက်၏။

"ကောင်းပြီ၊ တစ်နာရီ (၅) ပြား၊ တစ်ပတ် (၃၇) နာရီခွဲ၊ သဘောတူတယ်"

အလင်းရောင်ထဲတွင် လက်သွားသော အာဗင်၏ သွားများကို မြင်လိုက်ရသည်။ ဒေးဗစ်၏ပခုံးကို သူက ခပ်သာသာ ပုတ်လိုက်သည်။

"ဒါမှပေါ့ သူငယ်ချင်းရယ်၊ မင်း တစ်ခုခု ဒုက္ခရောက်အောင် ကိုယ်မလုပ်ခဲ့ဘူးလို့ဘဲ ထင်ပါတယ်။ မနက်ဖြန်ကျရင် ဖျန်ဖြေရေးကော်မတီနဲ့ ဒင်ပီးယာ့စ်နဲ့ တွေ့မယ်၊ သူတို့ကို ကြေညာချက် ထုတ်ခိုင်းလိုက်တော့မယ်"

အာဗင်သည် ရိုဇာဘက်သို့ ပြန်လှည့်သည်။

"ဒေါက်တာတို့ပွဲကလေးကို လာပြီး နှောင့်ယှက်မိတဲ့အတွက် ဝမ်းနည်းပါတယ်၊ ဒါပေမယ့် အခုလို ပြန်တွေ့ကြရတဲ့ အတွက်လည်း ဝမ်းသာပါတယ်"

"ကိစ္စမရှိပါဘူး မစ္စတာရှဝပ်ဇ်"

အာဗင် ထွက်သွားသည်ကို သူတို့နှစ်ယောက်က ကြည့်နေသည်။ အာဗင်သည် ကက်ဒီးလက်ကားကြီးပေါ်သို့ တက်သွား၏။ စက်နှိုးပြီးတော့မှ ခေါင်းထွက်လာပြီး သူတို့ကို

လှမ်းအော်ပြောသည်။

"ဟေး မင်းတို့ သိသလား"

"ဘာကို သိရမှာတုံး"

ဒေးဗစ်က ပြန်မေးသည်။ အာဗင်က ရယ်ရင်း ပြန်ပြောသည်။

"မင်းအမေ ပြောတဲ့စကားအတိုင်း ပြောရမယ်ဆိုရင် မင်းတို့ နှစ်ယောက်ဟာ အလွန် ရှေ့သွားနောက်လိုက်ညီတဲ့ အတွဲပါပဲဗျာ"

အာဗင် လမ်းအကွေ့မှာ ချိုးကွေ့ပြီး ပျောက်ကွယ်သွားသည်အထိ သူတို့က လှမ်းကြည့်နေကြသည်။ ဒေးဗစ်က ရိုဇာကို ငုံ့ကြည့်သောအခါ မျက်နှာပေါ်မှာ ရှက်သွေးဖြာနေသည်ကို မြင်ရသည်။ ရိုဇာ့လက်ကိုဆွဲပြီး သူ ထွက်ခဲ့သည်။

"ကိုယ့်ကားက လမ်းဟိုဘက်မှာ"

ဆေးရုံသို့လာသည့် လမ်းတစ်လျှောက်လုံးလိုမှာပင် ရိုဇာသည် နှုတ်ဆိတ်လျက် ပါလာ၏။

"တစ်ခုခု အနှောင့်အယှက်များ ဖြစ်နေသလား ဒေါက်တာ"

"အခု ရှင် နှောင့်ယှက်လိုက်တာပေါ့။ လူတိုင်းက ကျွန်မကို ဒေါက်တာလို့ခေါ်တယ်၊ ဒါပေမယ့် ရှင်ကျတော့ ရိုဇာလို့ခေါ်မှ ကျွန်မ ကြိုက်မယ်"

ဒေးဗစ်က ပြုံးသည်။

"ဘာတွေများ စဉ်းစားနေတာလဲ ရိုဇာ"

"ကျွန်မတို့အားလုံး အမေရိကကို ထွက်ပြေးလာကြတာဟာ သူတို့ အန္တရာယ်တွေက လွတ်ဖို့ ထွက်ပြေးလာကြတာ"

"သူတို့ အန္တရာယ် . . . ဟုတ်လား"

"ဂျာမနီမှာနဲ့ ဘာထူးသလဲ၊ နာဇီတွေ၊ လူဆိုးဂိုဏ်းသားတွေ၊ အခု သူတို့လည်း အတူတူပဲ၊ သူတို့ ပြောကြတာလည်း အတူတူပဲ၊ ကွန်မြူနစ်တွေ အန္တရာယ်ကနေ ကာကွယ်ပေးမယ်တဲ့၊ ဒီလိုပြောပြီး ဂျာမနီပြည်ကြီးကိုလည်း နာဇီတွေ သိမ်းလိုက်ကြတာပဲ မဟုတ်လား"

ရိုဇာက လေသံမာမာဖြင့် ပြောသည်။

"ကိုယ့်သူငယ်ချင်း အာဗင်ရှဝပ်ဇ်ကို နာဇီလို့ ပြောနေတာလား"

"ရှင့်သူငယ်ချင်းဟာ နာဇီ မဟုတ်ပါဘူး။ ဒါပေမယ့် ဘာမှ မထူးခြားဘူး၊ အာဏာက သူ့ကို လှုံ့ဆော်ပေးနေတယ်လေ၊ ရှင့်သူငယ်ချင်းဟာ အင်မတန် အန္တရာယ်ကြီးတဲ့လူ၊ သူ သေနတ်ယူလာတာ တွေ့တယ် မဟုတ်လား"

"တွေ့ပါတယ်"

"ရှင်ကသာ ငြင်းလိုက်မယ်ဆိုရင် သူ ဘာလုပ်မလဲလို့ ကျွန်မ စဉ်းစားနေမိတယ်"

"ဘာမှ မလုပ်ပါဘူး၊ နီဒယ်လ်နို့စ်ဟာ ကိုယ့်ကို ဘာမှ ဒုက္ခပေးမယ့်လူ မဟုတ်ပါဘူး"

ရိုဇာက သူ့ကို လှစ်ခနဲ ကြည့်လိုက်သည်။

"ဟုတ်တယ်၊ သေနတ်နဲ့တော့ ဒုက္ခမပေးပါဘူး၊ သူ့မှာ တခြားလက်နက်ပါလာသေးတယ်လေ၊ စီးပွားရေးလက်နက်ပေါ့၊ ရှင့်လုပ်ငန်းကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားနိုင်တဲ့ စီးပွားရေးလက်နက်၊ ဒါပေမယ့် လူတစ်ယောက်ဟာ အသုံးပြုမယ်လို့ မရည်စူးဘဲနဲ့တော့ သေနတ်ကို ယူမလာဘူး၊ အနေးနဲ့အမြန်ပေါ့"

ဒေးဗစ်သည် ဆေးရုံရှေ့မှာ မော်တော်ကားကို ရပ်လိုက်သည်။

"ကိုယ် ဘာလုပ်သင့်တယ်လို့ မင်း ထင်သလဲ၊ နှစ်ပေါင်းများစွာ ကိုယ် ကြိုးစားခဲ့တာတွေအားလုံး ပျက်စီးသွားအောင် အာဗင် တောင်းတာတွေ ငြင်းလိုက်ရမှာလား၊ ယုံယုံကြည်ကြည်နဲ့ ဒီကုမ္ပဏီထဲမှာ ငွေအရင်းအနှီး မြှုပ်နှံထားတဲ့ လူတွေအားလုံး ပျက်စီးဆုံးရှုံးကုန်အောင် လုပ်လိုက်ရမှာလား၊ ကိုယ်တို့ အလုပ်သမားတွေအားလုံး အလုပ်လက်မဲ့ဘဝနဲ့ လမ်းပေါ်ရောက်ကုန်အောင် လုပ်ရမှာလား၊ ကိုယ့်အလုပ်သမားတွေက သူတို့အတွက် ကိုယ်စားလှယ်ကောင်းတစ်ယောက်ကို ရွေးမပေးလိုက်နိုင်တာဟာ ကိုယ့်အပြစ်လား၊ သူတို့မှာ ရိုးသားတဲ့ သမဂ္ဂ မရှိတာဟာ ကိုယ့်အမှားလား"

ဒေးဗစ်သည် သူ့ကိုယ်သူ သတိမထားမိနိုင်ဘဲ ဒေါသဖြင့် မေးလိုက်သည်။ ရုတ်တရက်ပင် ရိုဇာက သူ့ဘက်သို့ ကိုယ်ကိုကိုင်းပြီး ကားလက်ကိုင်ပေါ်မှ ဒေးဗစ်၏လက်ကို ဆုပ်ကိုင်လိုက်သည်။ ရိုဇာ့လက်များသည် နွေးနေသည်။

"မဟုတ်ပါဘူး၊ ရှင့်အမှား မဟုတ်ပါဘူး၊ ရှင် မှန်တယ်ထင်တာကို လုပ်လိုက်တာပါပဲ"

တံခါးစောင့်သူသည် မော်တော်ကားတံခါးကို လာဖွင့်ပေးရင်း ရိုဇာကို နှုတ်ဆက်သည်။

"ကောင်းသော ညနေခင်းပါ ဒေါက်တာစထရပ်စ်မာ"

"ကောင်းသော ညနေခင်းပါ ပိုတာ၊ ဒေးဗစ် ကျွန်မ အလုပ်လုပ်တဲ့နေရာကို လိုက်ကြည့်ပါလား"

ရိုဇာက တံခါးစောင့်ကို ပြန်နှုတ်ဆက်ပြီး ဒေးဗစ်ဘက်သို့ တစ်ဆက်တည်း လှည့်မေးသည်။

"မင်း အလုပ်ထဲမှာ ကိုယ် ဝင်မပါချင်ပါဘူး၊ ကားထဲကပဲ ကိုယ် စောင့်နေမယ်"

ရိုဇာက ပြုံးပြီး ဒေးဗစ်၏လက်ကို ဆုပ်ကိုင်လိုက်သည်။

"လာပါ ရှင်ရယ်၊ ရှင် လိုက်မှပဲ ကျွန်မ စိတ်ချမ်းသာတော့မှာပါ၊ ရှင့်အလုပ်ထဲမှာ ကျွန်မ ဝင်ပြောမိတာနဲ့ ပတ်သက်ပြီး ကျွန်မကို စိတ်မဆိုးဘူးဆိုရင် လိုက်ခဲ့ပါ၊ ဒီလိုလိုက်မှ ရှင် စိတ်မဆိုးဘူးဆိုတာ ကျွန်မ ယုံမှာပေါ့"

ယခုမှပင် ဒေးဗစ် ရယ်နိုင်သည်။ ရိုဇာက သူ့လက်ကို ကိုင်မြဲကိုင်ကာ ကားထဲမှ ဆင်းပြီး လှေကားရှိရာသို့ ဆွဲခေါ်လာခဲ့သည်။

* * *

ကလေးမကလေး၏ မျက်နှာပေါ်မှ ပတ်တီးများကို ရိုဇာက ညင်ညင်သာသာ ဖြေနေသည်။ ဒေးဗစ်က အခန်းဝမှ လှမ်းကြည့်နေ၏။ ရိုဇာက တစ်ဖက်သို့ လက်ကမ်းလိုက်သောအခါ သူနာပြုဆရာမက လိုသည့်ပစ္စည်းကို အသင့်ထည့်ပေးသည်။

"နည်းနည်းလေး နာမယ်နော် မေရီ၊ ဒါပေမယ့် မလှုပ်နဲ့နော်၊ စကားလည်း မပြောရဘူး၊ ကြားလား"

ရိုဇာက ကလေးကို ချိုချိုသာသာ ပြောသည်။ ကလေးက ခေါင်းညိတ်ပြသည်။

"ကောင်းပြီ၊ ကဲ ငြိမ်ငြိမ်ကလေးနေ ဟုတ်ပြီ၊ ငြိမ်ငြိမ်ကလေးနေ"

ရိုဇာက ချော့မော့သည့်လေသံဖြင့် ဆက်တိုက် ရေရွတ်နေသည်။ သူ့လက်ကလည်း ကလေး၏နှုတ်ခမ်းကို လက်ထဲမှ ဓားဖြင့်ခြစ်ပြီး ချုပ်နေသည်ကို တွေ့ရသည်။ ကလေး၏ မျက်လုံးထဲမှ မျက်ရည်များ ကျလာသည်။ ကလေး ခေါင်းယမ်းလိုက်တော့မည်ဟု ဒေးဗစ်က ထင်၏။ သို့သော် ကလေးက မလှုပ်၊ မယမ်း။

"ကဲ. . . ကောင်းသွားပြီ၊ မေရီဟာ သိပ်သတ္တိကောင်းတာပဲကွယ်"

သူနာပြုဆရာမက ကျွမ်းကျင်စွာဖြင့် ကလေး၏ပါးစပ်ကို ပတ်တီးများ စည်းပေးနေသည်။

"မနက်ဖြန် မနက်ဆိုရင် ပတ်တီးဖြေပေးမယ်၊ အဲဒီတော့ မင်း အိမ်ပြန်လို့ရပြီပေါ့ မေရီ"

ရိုဇာ၏ စကားကို ကြားသောအခါ ကလေးက သူ့ဘေးရှိစားပွဲပေါ်မှ စာရွက်နှင့် ခဲတံကိုယူပြီး တစ်စုံတစ်ရာရေးသည်။ ပြီးတော့ ရိုဇာကို လှမ်းပေးသည်။ ရိုဇာက စာရွက်ကို ငုံ့ကြည့်ပြီး ပြုံး၏။

"မနက်ဖြန်မနက် ပတ်တီးတွေ ဖြေပြီးရင်ပေါ့"

ကလေး၏ မျက်လုံးထဲမှာ အပြုံးရိပ်များကို မြင်ရ၏။ ရိုဇာသည် ဒေးဗစ်ဘက်သို့ ပြန်လှည့်လာသည်။

"ကဲ မေမေတို့ဆီကို ကျွန်မတို့ ပြန်ကြရအောင်"

"ကလေးမလေးက ချစ်စရာကောင်းတယ်နော်"

ဓာတ်လှေကားစောင့်နေရင်း ဒေးဗစ်က ပြောသည်။

"ဟုတ်တယ်"

"သူက ဘာဖြစ်တာလဲ"

"နှုတ်ခမ်းပဲ့တာလေ၊ မွေးကတည်းက ပါလာတယ်၊ အခုတော့ ကောင်းသွားပါပြီ၊

လူ့ရယ်စရာ ဖြစ်မနေတော့ဘူးပေါ့"

ထိုစကားကို ပြောသောအခါ ရိုဇာ၏အသံသည် ဂုဏ်ယူဝမ်းမြောက်သည့် အသံမျိုး ပေါက်နေသည်။

တံခါးပွင့်လာသဖြင့် ဓာတ်လှေကားအတွင်းသို့ သူတို့ ဝင်ခဲ့ကြသည်။ ရိုဇာကို ကလေးမ ကလေး ပေးလိုက်သည့် စာရွက်ကလေးသည် ရိုဇာ၏ လက်ထဲမှာပင် ရှိနေသေးသည်။ ဒေးဗစ်က ယူဖတ်ကြည့်သည်။ ကလေးလက်ရေးကလေးဖြင့် . . .

*ကျွန်မ ဘယ်တော့ စကားပြောလို့ရမလဲ*

ဟူသော စာတန်းကလေး။

"မင်းလည်း စိတ်ချမ်းသာမှာပေါ့"

ဒေးဗစ်က ရိုဇာကို မေးသည်။

"ဟုတ်တယ်၊ အသားကို အစားထိုးပြီး ကုတယ်ဆိုတာ နှာခေါင်းတစ်ခုထဲ၊ နှုတ်ခမ်း တစ်ခုထဲ ကုလို့ရတာမျိုး မဟုတ်ဘူး။ လူ့ခန္ဓာကိုယ်ပေါ်မှာ ပျက်စီးယိုယွင်းနေတဲ့ အစိတ်အပိုင်း တွေ အကုန်လုံး ကုလို့ရတယ်၊ ပြုပြင်ပေးလို့ရတယ်၊ သာမန်လူ့အဖြစ် ပြန်ရောက်သွားအောင် လုပ်ပေးတာပေါ့၊ အခု မေရီကိုကြည့်လေ၊ သူလည်း လူကောင်းပကတိ ပြန်ဖြစ်သွားပြီ"

သူတို့သည် အရှေ့ဘက်တံခါးပေါက်ရှိရာသို့ ဧည့်ခန်းကို ဖြတ်ပြီး လျှောက်လာခဲ့ကြ သည်။ ရိုဇာကို လေးစားသည့်စိတ်များ သူ့ရင်ထဲမှာ ပေါ်လာသည်။ တံခါးစောင့်က သူတို့ကို အရိုအသေ ဆီးပေးသည်။

"မော်တော်ကားကို ကျွန်တော် သွားယူလာပေးပါ့မယ် ခင်ဗျား"

မော်တော်ကားများ ရပ်သည့်နေရာသို့ သူ လျှောက်သွားနေစဉ်မှာပင် အလွန် ကြီးမားသည့် ဇိမ်ခံကားကြီးတစ်စင်း သူတို့ဆီသို့ မောင်းလာကာ သူတို့ရှေ့တည့်တည့်မှာပင် ရပ်သည်။ ဒေးဗစ်က အမှတ်တမဲ့ လှမ်းကြည့်ပြီး စီးကရက်ထုတ်ကာ ရိုဇာကို တစ်လိပ်လှမ်း ပေး၏။

"စီးကရက် ရိုဇာ"

စီးကရက်ကို ရိုဇာ နှိုက်ယူလိုက်သည့် အချိန်တွင် မော်တော်ကား တံခါးဖွင့်သံကို ကြားရသည်။ တစ်လိပ်ကို သူ့ပါးစပ်မှာ ခဲကာ ရိုဇာ၏ဆေးလိပ်ကို မီးညှိပေးသည်။

"မင်း ငါနဲ့ တွေ့ချင်နေတယ်ဆို ဒေးဗစ်"

ဒေးဗစ်က နောက်သို့လှည့်လိုက်သည်။ သူ့လက်ထဲမှ မီးခြစ် လွတ်ကျသွားတော့ မတတ် အံ့ဩထိတ်လန့်သွားသည်။ ရှပ်အင်္ကျီအဖြူ ဝတ်ထားသူသည် မော်တော်ကားတံခါးမှ ခေါင်းပြူထွက်နေသည်။

သူကား ဂျိုနတ်စ်ကော့။

ဒေးဗစ်သည် ပါးစပ်ဟောင်းလောင်းဖြင့် သူ့ကို ငေးကြည့်နေမိသည်။

ပြီးတော့မှ စိတ်မှတ်မထင်ပင် ရိုဇာကို လှည့်ကြည့်သည်။ ရိုဇာ၏ မျက်လုံးများသည် ထူးဆန်းနေသည်။ ရိုဇာ ထိတ်လန့်နေသည်ဟု ဒေးဗစ်က ထင်သည်။ ထို့ကြောင့် ရိုဇာကို သူ့လက်ဖြင့် လှမ်းကိုင်သည်။

တစ်ချိန်တည်းမှာပင် ဂျိုနတ်စ်၏အသံက နောက်မှ ပေါ်လာပြန်သည်။

"ကိစ္စမရှိဘူး ဒေးဗစ်၊ ရိုဇာကိုပါ မင်းနဲ့အတူတူ ခေါ်လာနိုင်ပါတယ်"

(၁၂)

ရိုဇာသည် ကားကူရှင်၏ နောက်မှီပေါ်သို့ ကိုယ်ကိုမှီချလိုက်သည်။ သူ့ဘေးမှာ ထိုင်နေသည့် ဒေးဗစ်ကို ကြည့်၏။ ပြီးတော့ ဂျိုနတ်စ်ကို ကြည့်၏။ ကားထဲမှာ မှောင်နေသည်။ လမ်းမီးတိုင်များမှ တစ်ချက်တစ်ချက် ဝင်လာသော မီးရောင်ကြောင့်သာ ဂျိုနတ်စ်၏မျက်နှာကို မြင်ရသည်။

"မင်းအဖေ နေကောင်းရဲ့လား ရိုဇာ"

"ဟုတ်ကဲ့ ကောင်းပါတယ် မစ္စတာကော့၊ ဖေဖေက မစ္စတာကော့အကြောင်းကို မကြာခဏ ပြောပြလေ့ရှိပါတယ်"

မမြင်ရသော်လည်း ဂျိုနတ်စ် ပြုံးလိုက်ကြောင်းကို ရိုဇာ သိသည်။

"ကိုယ်က လေးလေးစားစား နှုတ်ဆက်ကြောင်း သူနဲ့တွေ့ရင် ပြောပြလိုက်ပါနော်"

"စိတ်ချပါ မစ္စတာကော့"

ကမ်းခြေတစ်လျှောက်ရှိ အဝေးပြေးလမ်းမကြီးပေါ်သို့ ရောက်သောအခါ မော်တော်ကားအရှိန်သည် ပို၍မြန်လာ၏။ ရိုဇာက ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်သည်။ သူတို့ကားသည် စန်တာဘာဘရာသို့ ဦးတည်ပြီး မြောက်ဘက်သို့ မောင်းနေသည်။

"ငါ့ကို မင်း တွေ့ချင်နေတဲ့အကြောင်း မက်အယ်လစ္စတာက ပြောတယ် ဒေးဗစ်"

ဒေးဗစ်က သူ့ကိုယ်ကို ရှေ့သို့ ကိုင်းသည်။

"ကျွန်တော်တို့ လုပ်ပိုင်ခွင့်ရှိသမျှတွေတော့ အားလုံး လုပ်ပြီးပါပြီ ဂျိုနတ်စ်၊ ကျွန်တော်တို့ ရှေ့ဆက်ပြီး လုပ်ကြဖို့အတွက် ခင်ဗျားဆီက သဘောတူညီမှုရဖို့ လိုပါတယ်"

"လုပ်စရာရှိတာကို ဘာဖြစ်လို့ ဆက်မလုပ်ကြတာလဲ၊ အခု မင်းတို့ လုပ်ခဲ့ကြတာတွေနဲ့ ပတ်သက်ပြီး ငါ ကျေနပ်ပါတယ်၊ အရှုံးမပေါ်အောင် မင်းတို့ လုပ်ခဲ့ကြပြီပဲ၊ အခုကစပြီး ရှေ့လျှောက် မြတ်ဖို့ပဲပေါ့"

ဂျိုနတ်စ်၏အသံသည် လှုပ်ရှားမှုကင်းမဲ့သော အသံမျိုး ဖြစ်သည်။

"ကျွန်တော်တို့ ကြာကြာ လုပ်နိုင်ကြတော့မှာ မဟုတ်ပါဘူး။ အလုပ်သမားသမဂ္ဂက လုပ်ခတိုးပေးဖို့ တောင်းနေပြီ၊ မပေးရင် သပိတ်မှောက်မယ်တဲ့၊ ဒါဆိုရင် ကျွန်တော်တို့ အမြတ်ငွေကုန်မှာပဲ"

"မှောက်ပေစေပေါ့၊ ဘာဖြစ်လို့ တိုးပေးရမှာလဲ"

ဂျိုနတ်စ်၏အသံသည် စောစောကအတိုင်း လှုပ်ရှားမှု ကင်းမဲ့ဆဲပင် ဖြစ်သည်။

"တိုးပေးဖို့ ကျွန်တော် သဘောတူလိုက်ပြီးပြီ"

ဒေးဗစ်က ပြန်ဖြေသည်။

မော်တော်ကားထဲမှာ ခဏကြာအောင် တိတ်ဆိတ်သွားသည်ကို ရိုဇာ သတိထားလိုက်မိသည်။ အမှောင်ထဲမှာမို့ မျက်နှာများကို မမြင်ရနိုင်သော်လည်း ရိုဇာက တစ်ယောက်ပြီး တစ်ယောက်ကို လှည့်ကြည့်နေမိသည်။

"မင်း သဘောတူလိုက်ပြီလား၊ ဒါပေမယ့် အလုပ်သမားသမဂ္ဂကိစ္စက ဒင်ပီးယာ့စ်တာဝန်ယူရမယ့်ကိစ္စပဲ၊ သူ့အလုပ်ပဲ"

ဂျိုနတ်စ်၏အသံသည် အေးတိအေးစက် ဖြစ်လာ၏။

"ဒီနေ့ညအထိ သူ့အလုပ်ဆိုတာ မှန်ပါတယ်၊ ကုမ္ပဏီကို ထိခိုက်ဖို့ အခြေအနေကို ရောက်နေပါပြီ၊ ဒါကြောင့် ကျွန်တော် ဝင်ပြီး တာဝန်ယူလိုက်ပါတယ်"

ဒေးဗစ်၏အသံသည် မှန်တမ်းအသံ ဖြစ်သည်။ စကားမှားမသွားအောင် သတိထားပြီး ပြောနေပုံလည်း ရသည်။ သူ့အဖြေကို ကြိုက်မည် မကြိုက်မည်ကို မသေချာသဖြင့် သွေးတိုးစမ်းသည့် သဘောလည်းပါသည်။

"ဒင်က ဘာဖြစ်လို့ မဖြေရှင်းနိုင်ရတာလဲ"

"ဘာကြောင့်လဲဆိုတော့ သူ မေးတာတွေကို ဂျိုနတ်စ်က တစ်ခါမှ စကားပြန်မပေးဘူး၊ ခင်ဗျားရဲ့ ခွင့်ပြုချက်မရဘဲ သူ ဘာမှ လုပ်ခွင့်မရှိဘူးလို့ သူက ယုံကြည်နေတယ်"

"မင်းကတော့ ဒီလို မဟုတ်ဘူးပေါ့"

"မှန်ပါတယ်"

"ငါ့ရဲ့ ခွင့်ပြုချက်ကို ရမှုဖြစ်မယ်လို့ သူက နားလည်ထားပါလျက်နဲ့ မင်းက မလိုဘူးလို့ ဘာကြောင့် ဆုံးဖြတ်ရတာတုံး"

ဂျိုနတ်စ်၏အသံသည် ပို၍ အေးစက်လာသည်။

မီးခြစ်ခြစ်သံကို ရိုဇာ ကြားရသည်။ ဒေးဗစ်သည် မီးခြစ်ပြီး စီးကရက်ညှိနေသည်။ သူ့မျက်နှာရှေ့မှာ မီးတောက်က ယိမ်းကနေသည်။ ပြီးတော့ ငြိမ်းသွားသည်။ မှောင်ထဲမှာ

စီးကရက်မီးကိုသာ မြင်ရသည်။

"ဘာကြောင့်လဲဆိုတော့ ဒီကုမ္ပဏီကြီး ပျက်စီးသွားတာကို ခင်ဗျား လိုလားတယ် ဆိုရင် လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက ကျွန်တော့်ကို ပြောခဲ့မှာပဲလို့ ကျွန်တော် ကောက်ချက်ချ မိပါတယ်"

"ငါ့ကိုတွေ့ချင်တာ တခြား ဘာကိစ္စ ရှိသေးသလဲ"

ဂျိုနတ်စ်က ဒေးဗစ်ကို ပြန်မဖြေဘဲ နောက်ထပ် မေးခွန်းတစ်ခု ထပ်မေးသည်။

"လုပ်ငန်းတွေ အများကြီး ပေါင်းလုပ်တာကို အစိုးရက ထိန်းချုပ်တော့မယ်၊ ကျွန်တော်တို့ ရုပ်ရှင်ရုံတွေနဲ့ စတူဒီယိုကို တခြားစီခွဲပစ်ဖို့ ပြောနေပြီ။ အစိုးရကို ကျွန်တော်တို့ အဖြေ ပြန်ပေးရမယ်၊ ဒီအကြောင်းတွေ အားလုံး ခင်ဗျားဆီကို ကျွန်တော် အစီရင်ခံစာပို့ခဲ့တာ တော်တော်ကြာပါပြီ"

ဂျိုနတ်စ်က ထိုကိစ္စကို စိတ်မဝင်စားသလို ပြန်ပြောသည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာလုပ်ရမယ်ဆိုတာ မက်ကို ငါ ပြောထားပြီးသားပါ။ စစ်ပြီး တဲ့အချိန်အထိ တို့ စောင့်ရမယ်၊ ရုပ်ရှင်ရုံတွေ ဈေးကောင်းရတဲ့အချိန်အထိ စောင့်ရမယ်၊ စစ်ပြီးသွားရင် ငွေကြေးဟာ ဖောင်းပွလာစမြဲပဲ"

"ကျွန်တော်တို့နိုင်ငံက စစ်ထဲမဝင်ဘူးဆိုရင် ဘယ်လို လုပ်မလဲ"

"တို့ စစ်ဖြစ်ရလိမ့်မယ်၊ လာမယ့် မကြာခင်နှစ်များအတွင်းမှာ တို့နိုင်ငံ စစ်ထဲဝင်ရ လိမ့်မယ်၊ ဟစ်တလာဟာ တို့ကို စစ်မတိုက်လို့ မဖြစ်ဘူး၊ သူတိုင်းပြည်ကို သူ ကတိပေးထား ခဲ့တာပဲ၊ စစ်ကို သူ ချဲ့ရတော့မှာပေါ့"

ရိုဇာ၏စိတ်ထဲမှာ တင်းကျပ်လာသည်။ ဂျိုနတ်စ် ပြောသည်မှာ မှန်သည်။ တစ်နှင့် တစ်ကိုပေါင်းလျှင် နှစ်ဖြစ်သကဲ့သို့ စစ်သည်လည်း မလွဲမသွေ ဖြစ်ရမည်။ ဂျာမနီက အနိုင်ရ သွားမည်ဆိုလျှင် မိမိတို့ ဘာလုပ်ကြမည်နည်း။ တစ်ကမ္ဘာလုံးကို ဂျာမနီက အုပ်ချုပ်တော့မည် ဆိုလျှင် မိမိတို့ ဘယ်အရပ်သို့ သွားနေရမည်နည်း။

ရိုဇာသည် ဒေးဗစ်ကို ကြည့်နေမိ၏။ အမေရိကန်လူမျိုးများသည် စစ်နှင့်ပတ်သက်၍ အနည်းငယ်သာ သိကြသည်။ ဤကမ္ဘာစစ်ကြီးအတွင်းသို့ သူတို့ ဝင်မတိုက်ဘဲ ရှောင်တိမ်း၍ ရမည်ဟု သူတို့ ယုံကြည်နေကြသလား။

"ဒီလိုဆိုရင် ကျွန်တော်တို့ဟာ တစ်လှေထဲစီးတွေ ဖြစ်နေကြပြီပဲ၊ စီးပွားရေးလုပ်ငန်း နဲ့ ပတ်သက်ပြီး တကယ် အမြတ်အစွန်း ရနိုင်မယ့် လုပ်ငန်းတွေကို ကျွန်တော်တို့ လုပ်ကြရ တော့မှာပေါ့"

"ဒါကြောင့်မို့လို့ မင်း ဘွန်နာနဲ့ ရုပ်ရှင်တွေ ထုတ်လုပ်ဖို့ စကားပြောခဲ့တာလား"

ဒေးဗစ် အလွန် အံ့ဩသွားသည်ကို ရိုဇာ သတိထားမိလိုက်သည်။ ယနေ့ညနေတွင် ပထမဦးဆုံးအကြိမ် သူ အံ့ဩခြင်း ဖြစ်သည်။

"ဟုတ်ပါတယ်"

ဟု ပြန်ဖြေသည့် လေသံကလည်း မရေရာသည့် လေသံမျိုး ဖြစ်နေသည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ့သဘောထားကို အရင်ဆုံး မမေးဘဲနဲ့ မင်းသဘောနဲ့မင်း လုပ်ပိုင်ခွင့်ရှိတယ်လို့ မင်း ထင်သလား"

ဂျိုနတ်စ်၏အသံသည် တည်တည်ငြိမ်ငြိမ်ပင် ဖြစ်၏။

"လွန်ခဲ့တဲ့ တစ်နှစ်လောက်က ဇနပ်နဲ့ ဆွေးနွေးခွင့်ပေးဖို့ ကျွန်တော် စာရေးပြီး ခင်ဗျားဆီမှာ ခွင့်တောင်းခဲ့ပါသေးတယ်၊ ကျွန်တော် ဘာအဖြေမှ မရခဲ့ဘူး၊ ဇနပ်လည်း မြေခွေး ရုပ်ရှင်ကုမ္ပဏီနဲ့ စာချုပ်သွားပါတယ်"

"သူနဲ့ ဆွေးနွေးစေချင်ရင် မင်းကို ငါ အကြောင်းပြန်မှာပေါ့၊ ဘွန်နာ ဇာတ်ကားတွေ ထုတ်လုပ်နိုင်သလို ဒင်က မထုတ်နိုင်ဘူးလို့ ဘာကြောင့် မင်း ထင်ရသလဲ"

ဂျိုနတ်စ်က ခပ်ပြတ်ပြတ် မေးသည်။

ဒေးဗစ်သည် ငိုင်သွား၏။ သူ့လက်ထဲမှ ဆေးလိပ်တိုကို ပြာခွက်ထဲသို့ ထည့်လိုက်သည်။

"ကျွန်တော့်မှာ အကြောင်းနှစ်ခု ရှိပါတယ်၊ ပထမတစ်ချက်က ဒင်နဲ့ ပတ်သက်ပါ

တယ်။ သူဟာ စတူဒီယို အုပ်ချုပ်ရေးလုပ်ငန်းတွေကို နိုင်နိုင်နင်းနင်း အုပ်ချုပ်တတ်ကြောင်း တွေ့ရပါသည်။ စတူဒီယိုကြီး အကောင်းဆုံး လည်ပတ်နေနိုင်ဖို့အတွက် သူဟာ အစီအစဉ်တွေ အပြည့်အဝ ရေးဆွဲထားနိုင်ပါတယ်၊ လည်ပတ်အောင်လည်း လုပ်နိုင်ပါတယ်၊ ဒါပေမယ့် သူ့ချွတ်ယွင်းချက် တစ်ခုက သူ့မှာ တီထွင်ဖန်တီးနိုင်တဲ့ အရည်အချင်း မရှိတာပါဘဲ၊ ဘွန်နာတို့ ဇနပ်တို့ဟာ တီထွင်ဖန်တီးနိုင်တဲ့ လူတွေပါ၊ အကြံဉာဏ်ကောင်းတွေ၊ စိတ်ကူးကောင်းတွေ ရအောင်ရှာနိုင်ပြီး အဲဒီ အကြံဉာဏ်တွေ၊ စိတ်ကူးတွေကိုလည်း အောင်မြင်ကြီးကျယ်တဲ့ ရုပ်ရှင်ဇာတ်ကားကြီးတွေဖြစ်အောင် တီထွင်ဖန်တီးနိုင်တဲ့ လူတွေ ဖြစ်ပါတယ်”

ဒေးဗစ်သည် ဂျိုနတ်စ်ကို ငေးကြည့်နေသည်။ လမ်းမီးတိုင်တစ်ခုကို သူတို့ ကျော်ဖြတ်လာခဲ့သည်။ မီးရောင်ကြောင့် ဂျိုနတ်စ်၏မျက်နှာကို ခဏ မြင်လိုက်ရသည်။ သူ့မျက်နှာပေါ်တွင် မည်သည့် ခံစားချက်မျိုးမျှ မရှိ။

“တီထွင် ဖန်တီးနိုင်မှု ဆိုတာဟာ ရုပ်ရှင်ထုတ်လုပ်သူနဲ့ ကုမ္ပဏီအုပ်ချုပ်သူတွေမှာ အင်မတန် ကွာခြားပါတယ်၊ ဒင်ဟာ ကုမ္ပဏီအုပ်ချုပ်ရေးမှူးကောင်းတစ်ယောက်ဖြစ်တာ မှန်ပါတယ်၊ ရုပ်ရှင်ထုတ်လုပ်သူဟာ တီထွင်ဖန်တီးနိုင်တဲ့ အရည်အချင်းမျိုးရှိဖို့ အင်မတန် အရေးကြီးပါတယ်။ သူဟာ တခြားလူတွေထက် ပိုပြီး ရုပ်ရှင်ကောင်းကို ထုတ်လုပ်နိုင်ကြောင်း သူ့ကိုယ်သူလည်း ယုံကြည်ဖို့ လိုပါတယ်၊ တခြားလူတွေကလည်း သူ့အပေါ်မှာ ယုံကြည်မှုရှိနေဖို့ လိုပါတယ်။ ဒီလိုအရည်အချင်းမျိုး ခင်ဗျားမှာ ရှိတယ်လို့ ကျွန်တော် ယုံကြည်ပါတယ် ဂျိုနတ်စ်၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားဟာ ကားနှစ်ကားကိုပဲ ထုတ်လုပ်ခဲ့ဖူးပါတယ်၊ နှစ်ကားစလုံး အောင်မြင်တယ်၊ ဒင်ပီးယာ့စ်ဟာ ဇာတ်ကားပေါင်း (၅၀) ကျော်လောက် ထုတ်လုပ်တာတောင် တစ်ကားမှ မအောင်မြင်ပါဘူး”

“နောက်တစ်ချက်က ဘာလဲ”

ဂျိုနတ်စ်က မေးသည်။ ဒေးဗစ် ပြောနေသည့် စကားများကို ဘာမှ ခွန်းတုံ့မပြန်။ ဒေးဗစ်၏ မှတ်ချက်ကို ရိုးဂျာက လက်ခံသည်။ ထို့ကြောင့်လည်း မှောင်ထဲမှာပင် ပြုံးလိုက်မိသည်။

“ဒုတိယအချက်က ငွေကြေး ဖြစ်ပါတယ်၊ ငွေလိုချင်ရင် ငွေရှိဖို့ လိုပါတယ်၊ ရုပ်ရှင်ကားကောင်းနှစ်ကား သုံးကား ရိုက်မယ်ဆိုရင် ဒေါ်လာငါးသန်းလောက် လိုပါတယ်၊ ဒီလောက်ငွေကို ခင်ဗျား မထည့်ချင်ခဲ့ဘူး၊ အရင်းမစိုက်ချင်ခဲ့ဘူး၊ ဘွန်နာက သူ့ငွေနဲ့ သူ လာလုပ်တယ်၊ တစ်နှစ်ကို သူ ကားလေးကား ရိုက်မယ်၊ ကျွန်တော်တို့ စိုက်ရတဲ့အရင်းက ဘာမှ မများဘူး၊ ကျွန်တော်တို့က ဖြန့်ချိရေးအတွက် ငွေရမယ်၊ အမြတ်ပေါ်က ဝေစုကိုလည်း ရဦးမယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဘက်က နာစရာ မရှိဘူး၊ ကျွန်တော်တို့ ရှုံးစရာအကြောင်းလည်း မရှိဘူး၊ ဒီအတိုင်း လုပ်မယ်ဆိုရင် အုပ်ချုပ်ရေးလုပ်ငန်းဆိုတာ ဘာမှ အရေးမကြီးတော့ဘူး၊ ကျွန်တော်တို့ လုပ်ချင်တာကို ကူညီပြီး လုပ်ပေးဖို့ပဲ ရှိတော့တယ်”

“ဒီလို လုပ်လိုက်တဲ့အတွက် ဒင်အနေနဲ့ ဘာမှ လုပ်စရာ မရှိတော့ဘူးလို့ မင်းက ထင်သလား”

“ဒင်ရဲ့ ကိစ္စက ကျွန်တော်နဲ့ မဆိုင်ပါဘူး၊ ခင်ဗျား တာဝန်ပါ၊ ကျွန်တော့်တာဝန်က ကုမ္ပဏီနဲ့ ပတ်သက်တယ်၊ ကုမ္ပဏီကြီးပွားဖို့ပဲ ကျွန်တော် တာဝန် ယူရမယ်၊ ဒင်အဖို့လည်း လုပ်စရာတာဝန်တွေ အများကြီး ရှိနေသေးတာပဲ”

ဒေးဗစ်က ခပ်ဆိုင်းဆိုင်း ပြန်ဖြေသည်။

“မင်း ဖြစ်စေချင်တာ ဒီအတိုင်း မဟုတ်ပါဘူး၊ ဘယ်အလုပ်မဆို ဆရာနှစ်ယောက်နဲ့ လုပ်လို့ မရဘူး”

ဒေးဗစ်သည် ငြိမ်ကျသွား၏။

“ကောင်းပြီ၊ ဘွန်နာနဲ့ သဘောတူညီမှုရအောင် မင်း ဆက်လုပ်ပါ၊ ဒင်ဟာ ဒီကိစ္စမှာ ဘာမှ ဝင်မရှုပ်စေရဘူး၊ မင်းကို လုပ်ပိုင်ခွင့် အပြည့်ပေးတယ်”

ဂျိုနတ်စ်က ခပ်ပြတ်ပြတ် ပြောသည်။ သူ့စကားသည် အလွန် ပြတ်သားသော စကား ဖြစ်သည်။

“မစ္စတာဝုဖ်ရဲ့ ကားရှိတဲ့နေရာကို ပြန်လှည့်တော့ ရိုဘဲယား”

ဂျိုနတ်စ်က ကားမောင်းနေသူဘက်သို့ လှည့်ပြောသည်။

"ကောင်းပါပြီ ခင်ဗျာ"

ဂျိုနတ်စ်က သူတို့ဘက်သို့ လှည့်လာသည်။

"ငါ နီဗားဒါးနဲ့ တွေ့ပြီးပြီ၊ တို့အတွက် သူ ဇာတ်ကားတွေ ရိုက်ပေးလိမ့်မယ်"

"သိပ်ကောင်းတာပေါ့၊ ဒီလိုဆိုရင် ဇာတ်လမ်းနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေ ကျွန်တော်တို့ ရှာရမယ်"

"မလိုပါဘူး၊ တို့မှာ အဆင်သင့် ဆောက်ထားပြီးသားပဲ၊ တစ်ကောင်ကြွက်ဇာတ်ကားထဲက မက်ဇ်ဆင်းရဲ့ အခန်းကို ဆွဲထုတ်ယူပြီး ဆက်ရိုက်မယ်၊ နီဗားဒါးကိုလည်း ငါ ပြောပြီးပြီ"

"ကျွန်တော်တို့ ဆက်ရိုက်လို့ ဘယ်ရမလဲ၊ တစ်ကောင်ကြွက်ဇာတ်ကား အဆုံးတုန်းက မက်ဇ်ဆင်းက တောထဲကို မြင်းစီးပြီး ထွက်သွားရင်း အဆုံးသတ်ခဲ့တာ မဟုတ်လား၊ သူ တောင်ကုန်းတွေပေါ်မှာ သေလိမ့်မယ်ဆိုတဲ့ သဘောပဲ"

ဂျိုနတ်စ်က ပြုံးသည်။

"သူ မသေဘူးလို့ လုပ်မှာပေါ့၊ သူ အသက်ရှင်လျက်ပဲ ရှိတယ်၊ တခြားနာမည် မှည့်ထားတယ်၊ ဘာသာရေးလုပ်ငန်းတွေကို လုပ်နေတယ်၊ သူ့ဘဝတစ်လျှောက်လုံးမှာ တခြားလူတွေကို ကူညီနေတယ်၊ နောက်ဆုံးအချိန်ကျတော့မှပဲ သူ့သေနတ်ကို အသုံးချတော့တယ် ဆိုတာမျိုးပေါ့၊ နီဗားဒါးကလည်း သဘောကျတယ်"

ဒေးဗစ်သည် ဂျိုနတ်စ်ကို ငေးကြည့်နေမိသည်။ ဤဇာတ်လမ်းမျိုးကို နီဗားဒါး မကြိုက်ဘဲ နေစရာအကြောင်း မရှိပါ။ ပထမအောင်မြင်ခဲ့သည့် ဇာတ်လမ်းကို အခန်းဆက် ပြန်ရိုက်ခြင်း ဖြစ်သည်။ သည်လို အခွင့်အရေးမျိုးကို ငြင်းပယ်သည့် ကောင်းဘွိုင်ဇာတ်လိုက် ရှိနိုင်မည် မဟုတ်ပါ။ ဤအချက်သည်ပင် သူ ပြောခဲ့သော တီထွင်ဖန်တီးနိုင်စွမ်းရှိသည့် အရည်အချင်း ဖြစ်သည်။ ပါရမီ ဖြစ်သည်။

ဂျိုနတ်စ်တွင် ဤအရည်အချင်း အမှန်ပင်ရှိသည်။

ဆေးရုံသို့ မော်တော်ကား ပြန်ရောက်လာသည်။ ဂျိုနတ်စ်က သူ့ကိုယ်ကိုကိုင်းပြီး တံခါးဖွင့်ပေးသည်။

"မင်းတို့ ဒီမှာ ဆင်းနိုင်ပြီ"

* * *

အစည်းအဝေးသည် ဤမျှနှင့်ပင် ပြီးဆုံးသွားပြီ ဖြစ်၏။

အနက်ရောင် ဇိမ်ခံကားကြီး ထွက်ခွာကွယ်ပျောက်သွားသည်အထိ ဒေးဗစ်နှင့်ရိုဇာ သည် ထိုနေရာမှရပ်ပြီး ကြည့်နေကြသည်။ ဒေးဗစ်က ကားတံခါးဖွင့်ပေးသည်။ ရိုဇာက သူ့ကို ပြန်ကြည့်သည်။

"ဒီညဟာ ရှင့်အတွက် အလွန် ကြီးကျယ်တဲ့ ညပဲနော်"

"ဟုတ်တယ်၊ အင်မတန် ကြီးကျယ်တဲ့ ညပါပဲ"

"ကျွန်မကို ပြန်မပို့နဲ့တော့လေ၊ ကျွန်မ တက္ကစီငှားပြီး ပြန်မယ်၊ ရှင့်စိတ်ထဲမှာ ဘယ်လို ခံစားနေရမယ်ဆိုတာ ကျွန်မ နားလည်ပါတယ်"

ဒေးဗစ်က ရိုဇာကို ငုံ့ကြည့်သည်။ သူ့မျက်နှာသည် စိတ်အားထက်သန် တက်ကြွ နေသည်။ ပြီးတော့ သူက ပြုံးသည်။

"တစ်နေရာရာကို သွားပြီး တစ်ခုခု သောက်ကြမယ်ဆိုရင် မင်း ဘာပြောမလဲ"

ရိုဇာသည် ခေတ္တ ကြောင်အမ်းအမ်း ဖြစ်နေ၏။

"မာလီဘူးကမ်းခြေမှာ ကျွန်မ အိမ်ကလေး ရှိတယ်၊ ဒီကနေပြီး သိပ်မဝေးပါဘူး၊ ရှင် သဘောကျမယ်ဆိုရင် ကျွန်မတို့ အဲဒီကို သွားကြရအောင်"

(၁၅) မိနစ်ခန့် ကြာသောအခါ ရိုဇာ၏ အိမ်ကလေးသို့ သူတို့ ရောက်သွားကြသည်။

"အိမ်ထဲမှာ ပွနေတာတွေ့ရင် စိတ်ပျက်မသွားနဲ့နော်၊ ကျွန်မမှာ သိမ်းဖို့ဆည်းဖို့ အချိန်မရခဲ့လို့ပါ"

ရိုဇာက အိမ်တံခါးကို သော့ဖွင့်ရင်း ပြောသည်။

ရှိဇာက အတွင်းသို့ ဝင်ပြီး မီးဖွင့်ပေးသည်။ ကျယ်ဝန်းသည့် ဧည့်ခန်းအတွင်းသို့ ဒေးဗစ် ဝင်လိုက်လာသည်။ တကယ်လည်း အခန်းထဲမှာ ပွနေသည်။ ကုလားထိုင်များသည် ဟိုတစ်လုံး သည်တစ်လုံး ရှိနေ၏။ စားပွဲငယ်နှစ်လုံး ရှိသည်။ တစ်ဖက်စွန်းတွင် မီးဖိုရှိသည်။ တစ်ဖက်ခြမ်းကို မှန်အပြည့်ကာထားသည်။ ထိုဘက်ခြမ်းသည် သမုဒ္ဒရာပြင်ကျယ်ကို မျက်နှာမူထားသည့် အခြမ်း ဖြစ်သည်။ ထိုရှေ့တွင် အပြီးမသတ်သေးသော ပန်းချီကားတစ်ချပ်ကို ဒေါက်ပေါ်မှာ တွေ့ရသည်။ စုတ်တံနှင့် ဆေးများသည် ကြမ်းပြင်ပေါ်မှာ ရှိနေသည်။

"ဘာသောက်မလဲ"

ဟု ရှိဇာက မေးသည်။

"စကော့ဝီစကီ၊ ရှိရင်ပေါ့လေ"

"ရှိပါတယ်၊ ထိုင်ဦးနော်၊ ကျွန်မ ဖန်ခွက်နဲ့ ရေခဲ ယူလိုက်ဦးမယ်"

ရှိဇာက အခြား အခန်းတစ်ခုအတွင်းသို့ ဝင်သွားသည်။ ဒေးဗစ်က ပန်းချီကား ဘက်သို့ ပြန်လှည့်ကြည့်သည်။ ပစိဖိတ်သမုဒ္ဒရာပေါ်တွင် နေဝင်သွားသည့် ဆီဆေးရှုမျှော်ခင်း ပန်းချီကား ဖြစ်သည်။ ရေသည် မည်းနက်နေ၏။ ကောင်းကင်တွင် အနီရောင်၊ အဝါရောင်နှင့် လိမ္မော်ရောင်များ တောက်နေသည်။ ရေခဲနှင့်ဖန်ခွက် ထိသံကြားသဖြင့် နောက်သို့ သူ ပြန်လှည့် လိုက်သည်။ ရှိဇာက သူ့ကို ဖန်ခွက်တစ်ခွက် ကမ်းပေးသည်။

"မင်း ဆွဲတဲ့ကားလား"

ဖန်ခွက်ကို လှမ်းယူရင်း ဒေးဗစ်က မေးသည်။ ရှိဇာက ခေါင်းညိတ်ပြသည်။

"ကျွန်မ ပန်းချီဆွဲ မတော်ဘူး၊ စန္ဒရားတီးလည်း မတော်ဘူး၊ ဒါပေမယ့် အပန်းဖြေ တဲ့အနေနဲ့ ဒါတွေပဲ လုပ်နေရတယ်၊ ကျွန်မက ဘယ်ဘက်မှာမှ မတော်တော့ ဒါလေးတွေနဲ့ပဲ စိတ်ဖြေရတယ်"

"လူတော်ဆိုတာ ရှားပါတယ်၊ ဒါပေမယ့် မင်းဟာ အင်မတန်တော်တဲ့ ဆရာဝန် တစ်ယောက် ဖြစ်တယ်ဆိုတာတော့ ကိုယ် ကြားဖူးပါတယ်"

ရှိဇာက ဒေးဗစ်ကို ကြည့်သည်။

"အထိုက်အလျောက်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မ လူတော်တစ်ယောက် တော့ မဟုတ်ပါဘူး၊ ဒီကနေ့ည ရှင် ပြောတာဟာ သိပ်ပွင့်လင်းတာပဲ၊ သိပ်လည်း မှန်တာပဲ"

"ဘယ်ဟာလဲ"

"တီထွင်ဖန်တီးနိုင်စွမ်းရှိတဲ့ အရည်အချင်း ဆိုတာလေ၊ ဘယ်သူမှ မလုပ်နိုင်တဲ့ အလုပ်ကို လုပ်နိုင်တာ၊ အောင်မြင်ကြီးကျယ်တဲ့ ခွဲစိတ်ကုသတဲ့ ဆရာဝန်ဖြစ်ဖြစ်၊ သမားတော် ဖြစ်ဖြစ် ဒီအရည်အချင်းမျိုး ရှိဖို့ကောင်းတယ်၊ ကျွန်မဟာ အလုပ်ကို သိပ်ကြိုးစားပြီး လုပ်တယ်၊ ဒီထက်ပိုပြီး ဘာမှ ဖြစ်မလာဘူး"

"ဒါကတော့ မင်းကိုယ်မင်း လျှော့ပြီးတွက်နေတာပါ"

"လျှော့တွက်တာ မဟုတ်ပါဘူး၊ ကျွန်မဟာ ပါရမီရှိတဲ့ အင်မတန် ထူးချွန်တဲ့ ဆရာဝန်ကြီးတွေရဲ့ သင်ကြားမှုကို ခံခဲ့ရတယ်၊ ကျွန်မ အဖေဟာလည်း ထူးချွန်တဲ့ ပါရမီရှင်ပါပဲ၊ ကမ္ဘာပေါ်မှာ ဘယ်သူမှ မလုပ်နိုင်ကြတဲ့ ပလတ်စတစ်လုပ်ငန်းနဲ့ ကြွေထည်လုပ်ငန်းကို သူ ကောင်းကောင်း လုပ်တတ်တယ်၊ ဖေဖေ့မိတ်ဆွေ ဆစ်ဂ်မန်ဖရွိုက်၊ ကျွန်မ ပြင်သစ်မှာ တွေ့ခဲ့တဲ့ ပန်းချီဆရာကြီးပီကာဆို၊ အင်္ဂလန်ကောလိပ်တုန်းက ကျွန်မကို စာသင်ပေးခဲ့တဲ့ စာရေးဆရာကြီး ဂျော့ဘားနဒ်ရှောဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ထူးချွန်တဲ့ ပါရမီရှင်တွေပါ၊ သူတို့ဟာ အတတ်ပညာ ချင်း၊ ကျွမ်းကျင်မှုချင်း မတူကြပေမယ့် သူတို့မှာ တူညီတာတစ်ခု ရှိတယ်၊ ဘာလဲဆိုတော့ တခြားလူ မလုပ်နိုင်တာကို တီထွင်ဖန်တီးနိုင်တဲ့ အရည်အချင်းပဲ၊ ဟုတ်တယ်၊ ကျွန်မကိုယ် ကျွန်မ သိတယ်၊ ကျွန်မဟာ တီထွင်ဖန်တီးနိုင်စွမ်းရှိတဲ့ ပါရမီရှင် မဟုတ်ဘူး၊ ထူးချွန်သူ မဟုတ်ဘူး"

ဒေးဗစ်က ရှိဇာကို ကြည့်နေသည်။

"ကိုယ်လည်းပဲ ထူးချွန်တဲ့ ပါရမီရှင် မဟုတ်ဘူး"

ဒေးဗစ်သည် ကျယ်ပြောသည့် သမုဒ္ဒရာပြင်ကျယ်ကြီးကို လှမ်းကြည့်လိုက်သည်။

ရှိဇာက သူ့ဘေးမှာ လာရပ်သည်။

"ကိုယ်လည်းပဲ ထူးချွန်တဲ့ ပါရမီရှင်တချို့ကို တွေ့ခဲ့ဖူးတယ်၊ နော်မန်ရုပ်ရှင်ကုမ္ပဏီကို စပြီး တည်ထောင်ခဲ့တဲ့ အန်ကယ်ဘာနီဟာ ထူးချွန်တဲ့ ပါရမီရှင်ပဲ၊ လူဆယ်ယောက်လောက် လုပ်ရမယ့်အလုပ်တွေ အားလုံးကို သူတစ်ယောက်တည်း လုပ်နိုင်တယ်၊ ဂျိုနတ်စ်ကော့လည်း အတူတူပဲ၊ ဒါပေမယ့် သူ ဘယ်နေရာမှာ တော်တယ်၊ ထူးချွန်တယ်ဆိုတာ ကိုယ် သေသေချာချာ မပြောနိုင်သေးဘူး၊ သူ လုပ်နိုင်တဲ့ အလုပ်တွေက သိပ်များလွန်းနေတယ်၊ နေရာတကာမှာ သူဟာ ထူးထူးချွန်ချွန်လုပ်နိုင်တဲ့ ပါရမီရှင် ဖြစ်နေတယ်"

"ရှင် ပြောတာကို ကျွန်မ သဘောပေါက်ပါတယ်၊ ကျွန်မ အဖေကလည်း ဂျိုနတ်စ်နဲ့ ပတ်သက်ပြီး ဒီအတိုင်း ပြောဖူးတယ်"

ဒေးဗစ်က ရှိဇာကို ငုံ့ကြည့်သည်။

"သိပ်ဝမ်းနည်းစရာ ကောင်းတာပဲ၊ ဟုတ်တယ်နော်၊ ဘာမှ မထူးချွန်တဲ့ သာမန်လူနှစ်ယောက်ကတော့ ဒီနေရာမှာရပ်ပြီး ပစိဖိတ်သမုဒ္ဒရာကြီးကို လှမ်းမျှော်ကြည့်နေကြရတယ်"

"သိပ်ကြီးတဲ့ သမုဒ္ဒရာကြီးပေါ့"

ရှိဇာ၏ မျက်လုံးများသည် ပျော်မြူးလာ၏။

"အကြီးဆုံး သမုဒ္ဒရာကြီးလေ၊ ကမ္ဘာပေါ်မှာ အကျယ်ဆုံးသော သမုဒ္ဒရာကြီးပေါ့၊ ဒီသမုဒ္ဒရာကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ ကိုယ်တို့ အရက်သောက်ကြရအောင်လား"

ဒေးဗစ်က ပြောရင်း အရက်ခွက်ကို မြှောက်လိုက်သည်။

သူတို့နှစ်ယောက်သည် အရက်ကို ပြိုင်တူ သောက်လိုက်ကြပြီး သမုဒ္ဒရာပြင်ကျယ်ကြီးဘက်သို့ ပြန်လှည့်ကာ ငေးကြည့်နေကြပြန်သည်။

"အိုက်လာတယ်နော်၊ ရေကူးဖို့ ကောင်းလောက်အောင်ကို အိုက်လာတယ်"

ဟု ဒေးဗစ်က ပြောသည်။

"ဘာမှ မထူးချွန်တဲ့ သာမန်လူနှစ်ယောက် ရေသွားပြီး ကူးကြမယ်ဆိုရင် သမုဒ္ဒရာကြီးက ကန့်ကွက်လိမ့်မယ်လို့တော့ ကျွန်မ မထင်ဘူး"

ဒေးဗစ်သည် ရှိဇာကိုကြည့်ရင်း တဖြည်းဖြည်း ပြုံးလာသည်။

"ကိုယ်တို့ ရေကူးလို့ ရနိုင်မလား"

ရှိဇာက ရယ်သည်။

"သိပ်ရတာပေါ့၊ ပစ္စည်းထားတဲ့ အခန်းထဲမှာ ရေကူးဝတ်စုံတွေ ရှိပါတယ်"

* * *

ဒေးဗစ်သည် ရေထဲမှ ကမ်းပေါ်သို့ တက်လာပြီး ခင်းထားသည့် စောင်ပေါ်မှာ ထိုင်နေသည်။ ရှိဇာ ကမ်းပေါ်သို့ ပြေးတက်လာသည်ကို သူ ကြည့်နေသည်။ ရှိဇာသည် ဆရာဝန်တစ်ယောက်ဖြစ်ကြောင်းကို ဒေးဗစ် မေ့သွားသည်။ ချစ်စရာကောင်းသည့် အမျိုးသမီးတစ်ယောက် အဖြစ်နှင့်သာ သူ မြင်နေသည်။

ရှိဇာက သူ့ဘေးမှာ လာထိုင်ရင်း သူ့ကိုယ်ပေါ်သို့ မျက်နှာသုတ်ပဝါ ပတ်လိုက်သည်။

"ရေဟာ ဒါလောက် အေးလိမ့်မယ်လို့ ကျွန်မ မထင်ဘူး"

ဒေးဗစ်က စီးကရက် လှမ်းယူရင်း ရယ်သည်။

"သိပ်ကောင်းတာပဲ၊ ကိုယ်တို့ ငယ်ငယ်တုန်းက အရှေ့မြစ်မှာ သွားပြီး ရေကူးကြဖူးတယ်၊ မြစ်ထဲကရေက အခု ရေလို မဟုတ်ဘူး"

ဒေးဗစ်က လက်ထဲမှ စီးကရက်ကို မီးညှိကာ ရှိဇာအား လှမ်းပေးသည်။

"အခု ပိုကောင်းသလား"

ဟု ရှိဇာက မေးသည်။

"ဆရာဝန်ရဲ့ အမိန့်အတိုင်း နာခံတာပါပဲဗျာ၊ အကြောအခြင်တွေကို လျော့သွားတာပဲ"

"ကောင်းတယ်"

ဟု ရှိဇာက ပြန်ပြောရင်း သူတို့နှစ်ယောက် ရယ်ကြသည်။

"အမေက မင်းနဲ့တွေ့ဖို့အတွက် ညစာလာစားဖို့ ခေါ်တုန်းက ကိုယ် စိတ်သိပ်မပါဘူး"

ဟု ဒေးဗစ်က ခပ်ရှက်ရှက်ဖြင့် ပြောသည်။

"ဟုတ်တယ်၊ ကျွန်မလည်း ဒီအတိုင်းပဲ၊ ရှင်ဟာ အလကားလူလို့ပဲ ကျွန်မ ထင်ခဲ့တာ"

ရိုဇာသည် ဒေးဗစ်၏ ရင်ခွင်ထဲသို့ ရောက်လာသည်။ ရိုဇာ၏ နှုတ်ခမ်းသည် သမုဒ္ဒရာရေကြောင့် ငန်နေသည်။ ပြီးတော့ နွေးနေသည်။

(၁၃)

ရိုဇာသည် အိမ်ကလေးထဲသို့ ဝင်လာပြီး အိပ်ခန်းဆီသို့ တောက်လျှောက် ဝင်သွားသည်။ စားပွဲပေါ်မှ နာရီကို လှမ်းကြည့်သောအခါ ည (၆) နာရီ သတင်းလာချိန်ဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ရေဒီယိုရှိရာသို့ လာပြီး ဖွင့်ထားခဲ့သည်။ သူ အဝတ်လဲနေခိုက်တွင် ရေဒီယိုမှ သတင်းကြေညာသူ၏ အသံ ပေါ်လာသည်။

*သဲကန္တာရ မြေခွေး*

*ဟု အမည်တွင်ကာ နာမည်ကြီးနေသော ဂျာမန်ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် သဲကန္တာရ အတွင်းရှိ သဲများ၏အရသာကို ယနေ့ ကောင်းစွာ သိရှိသွားပြီ ဖြစ်ပါသည်။ ဗြိတိသျှ ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီ၏တပ်များက သဲမုန်တိုင်းကြီး ဆင်ဘိသကဲ့သို့ ရွမ်းမဲလ်၏ တပ်များကို အရှိန်အဟုန် ပြင်းထန်စွာဖြင့် တိုက်ခိုက်ကြပါသည်။ သဲကန္တာရ မြေခွေးကြီး၏တပ်များသည် ကြံ့ကြံ့ခံနိုင်စွမ်း မရှိတော့ဘဲ တိုဘရွတ်မြို့ဘက်သို့ သေပြေးရှင်ပြေး ဆုတ်ခွာပြေးကြရပါသည်။ ရွမ်းမဲလ်၏ အုပ်ချုပ်မှုအောက်မှ အီတာလျံတပ်သားပေါင်း များစွာတို့သည် မောင်ဂိုမာရီ၏ တပ်များထံတွင် အစုလိုက် အပြုံလိုက် လက်နက်ချကြပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ နန်းရင်းဝန်ကြီး ဝင်စတန် ချာချီက လန်ဒန်မြို့တွင် ယနေ့ ထုတ်ဖော်ပြောသည်မှာ. . .*

ရိုဇာက ရေဒီယိုကို ပိတ်ပစ်လိုက်သည်။ စစ်သတင်းများ၊ အခြား ဘာမှ မဟုတ်၊ စစ်သတင်းများ၊ ယနေ့ စစ်သတင်းကို မကြားချင်၊ မှန်ထဲမှာ ပေါ်နေသည့် သူ့ကိုယ်သူ ပြန်ကြည့်မိသည်။

သူ့ဝမ်းဗိုက်ကိုလည်း သူ စမ်းကြည့်မိသည်။ အနည်းငယ် တင်းနေသည်၊ သို့သော် သူ့ခန္ဓာကိုယ်သည် ပုံပန်းမပျက်၊ ယခင်အတိုင်းပင် ဖြောင့်စင်းလျက်ရှိသည်။ မည်သို့ဆိုစေ မကြာမီမှာပင် သူ့ဝမ်းဗိုက်သည် လုံးဝန်းလာတော့မည် ဖြစ်ပါသည်။ ဒေါက်တာမေယာ ပြောသည့်စကားကို ပြန်ကြားယောင်မိသဖြင့် ရိုဇာ ပြုံးမိသည်။

"ဘယ်လိုဖြစ်တာလဲ ဒေါက်တာ၊ ခင်ဗျား ကိုယ်ဝန်ရှိနေပါပေါ့လား"

ဒေါက်တာမေယာသည် အလွန် အံ့အားသင့်နေပုံရ၏။

ရိုဇာက အလွန် သဘောကျစွာ ရယ်သည်။

"ကျွန်မလည်း ဒီလိုပဲ ထင်မိလို့ပါ ဒေါက်တာ"

"ဒီလိုဆိုရင် ဒီလိုဆိုရင်"

"လန့်မသွားပါနဲ့ ဒေါက်တာ၊ အမျိုးသမီးတွေဟာ တစ်နေ့တော့ ဒီလိုပဲ ဖြစ်ရမယ်ဆိုတာ အားလုံး သိပြီးသားပဲ"

ရိုဇာက ခပ်အေးအေးပင် ပြန်ပြောခဲ့သည်။ ယခုတော့ သူ့ကိုယ်သူ ဂုဏ်ယူမိသည်။ ဂုဏ်ယူစိတ်နှင့်အတူ ပျော်လည်း ပျော်မိသည်။ သည်လို စိတ်ချမ်းသာမှုမျိုးကို တစ်ကြိမ်တစ်ခါမျှ သူ မခံစားရဘူးသေးချေ။ ကိုယ်ဝန်ဆောင်ရမည်ကို ယခင်က တွေးပြီး ကြောက်ခဲ့မိသည်။ ကိုယ်ဝန်ဆောင်နေရလျှင် အလုပ်ခွင်နှင့် ဝေးသွားမည် စိုးသောကြောင့် ဖြစ်သည်။

ယခု သည်လို မဟုတ်တော့။ ကိုယ်ဝန်ဆောင်ရမည်ကို သူ သဘောကျလာသည်။ ကိုယ်ဝန်ဆောင်ရသည့် ဘဝကို သူ တောင့်တလာသည်။ လောကတွင် မည်သည့် ယောကျ်ားမျှ ကလေးမမွေးနိုင်၊ မိန်းမများသာလျှင် ကလေးမွေးနိုင်သည် မဟုတ်လော။

ရိုဇာသည် ရေချိုး၏။ ပြီးတော့ မှန်ထဲမှာ သူ့ကိုယ်သူ ပြန်ကြည့်ပြန်၏။ သူ့အသားအရေများသည် သန့်ရှင်း ကြည်လင်နေသည်။ သူ့မျက်လုံးများသည် တဖျတ်ဖျတ် အရောင်

တောက်နေကြသည်။

သူ့ကိုယ်ပေါ်မှ ရေများကို ခပ်မြန်မြန် ခြောက်အောင် သုတ်သည်။ သည်အချိန်ဆိုလျှင် တယ်လီဖုန်းနားမှာ သူ ထိုင်စောင့်နေချင်သည်။ (၇) နာရီထိုးလျှင် နယူးယောက်မြို့ရှိ ဒေးဗစ်က သူ့ကို တယ်လီဖုန်း ဆက်လိမ့်မည်။ သည်အကြောင်းကို ပြောပြသောအခါ အလွန်ပျော်သွားသည့် ဒေးဗစ်၏ အသံကို နားထောင်ချင်သည်။

* * *

ဒေးဗစ်သည် သားရေဖုံးဖြင့် ချုပ်ထားသည့် ငွေစာရင်း စာအုပ်ကို ဖွင့်ကြည့်သည်။ ယခုနှစ် အမြတ်ငွေသည် ဒေါ်လာခြောက်သန်း ရှိသည်။ မနှစ်က နှစ်သန်းလောက် မြတ်ခဲ့သည်။ သည်အမြတ်စာရင်းများကို ကြည့်ခြင်းဖြင့် လွန်ခဲ့သည့် သုံးနှစ်ကစ၍ ဘွန်နာနှင့် သူ အလုပ်တွဲဘက် လုပ်ခဲ့သည့်အတွက်ကြောင့် ဤအမြတ်များကို ရခြင်းဖြစ်ကြောင်း သူ နားလည်သည်။

မှန်ပါသည်။ ဘွန်နာသည် သူ့အတွက် အမြတ်ငွေ ကောင်းကောင်းရအောင် လုပ်ပေးနိုင်ခဲ့သည်။ ဤအမြတ်ငွေများ အားလုံးလိုလိုသည် ဘွန်နာ ထုတ်လုပ်သည့် ဇာတ်ကားများမှ ရခဲ့ခြင်း ဖြစ်သည်။ ဘွန်နာသည် သူ့ငွေကို သူ စိုက်ထုတ်ရင်းနှီးကာ ရုပ်ရှင်ကားကောင်းများကို ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။

သည်နေရာတွင် ဘွန်နာသာ မဟုတ်ဘဲ ဂျိုနတ်စ်ကော့ကိုယ်တိုင် ငွေစိုက်ထုတ်ပြီး ရုပ်ရှင်များ ထုတ်လုပ်ခွင့်ရမည်ဆိုလျှင် ယခုနှစ်၏ အမြတ်ငွေသည် ဒေါ်လာဆယ်သန်းထက် လျော့နည်းမည် မဟုတ်။

မည်သို့ဆိုစေ ဒေးဗစ်၏စိတ်ကို အနှောင့်အယှက် ဖြစ်စေသည့် အကြောင်းတစ်ခု ရှိနေသည်။ ဂျိုနတ်စ်သည် သူပိုင်သော ငွေရင်းမြှုပ်နှံသည့် အစုများကို ဈေးကောင်းရသဖြင့် ရောင်းစားနေသည်။ ကုမ္ပဏီထဲမှာ သူ ထည့်ထားသည့် အရင်းအနှီးများ အားလုံးလောက်ကို သူ ပြန်ရနေပြီ ဖြစ်သည်။ သူ့ကိုယ်ပိုင် အစုရှယ်ယာသည် (၂၃) ရာခိုင်နှုန်းမှ လျော့မသွား။ ထို့ကြောင့်လည်း အမြတ်များကို ရောင်းစားနေခြင်းဖြင့် သူ ထည့်ထားသည့် ငွေကိုလည်း ပြန်ရသည်။ ကုမ္ပဏီတွင် သူပိုင်နေသည့် အစု (၂၃) ရာခိုင်နှုန်းသည် သူ့အဖို့ အလကားရသော အစုများလို ဖြစ်နေသည်။

မိမိတို့ ကုမ္ပဏီကို (၂၃) ရာခိုင်နှုန်းဆိုသော အစုသည် ကောင်းစွာ ထိန်းချုပ်နိုင်သည့် ဩဇာလွှမ်းနိုင်သည့် အစုပင် ဖြစ်သည်။ သို့သော်လည်း ကျန်အစုများကို တစ်စုံတစ်ယောက်က ဝယ်နေသည်။ အန်ကယ်ဘာနီ လက်ထက်တုန်းက ဂျိုနတ်စ်က အစုများကို တိတ်တဆိတ် ဝယ်ယူနေသကဲ့သို့ ယခုလည်း တစ်စုံတစ်ယောက်က အစုများကို ဝယ်ယူနေကြောင်း သတင်းများ ကြားနေရသည်။

သည်အတိုင်းသာဆိုလျှင် ဂျိုနတ်စ်သည် ဘက်မှားပြီး ရပ်တည်မိနေပြီလောဟု ဒေးဗစ် တွေးမိသည်။

တစ်နေ့တွင် ရှဖီးအမည်ရှိ ပွဲစားတစ်ယောက်သည် ဒေးဗစ်ကို လာတွေ့သည်။ မိမိတို့ ကုမ္ပဏီမှ အစုများကို ဝယ်ယူနေသည့် ဆင်ဒီကိတ်၏ အကြီးအကဲသည် ရှဖီးဖြစ်ကြောင်း၊ ကုမ္ပဏီကို ကြိုက်သလို ကြိုးဆွဲနိုင်သည့် အစုရှယ်ယာများလည်း သူတို့လက်တွင် ရှိနေပြီဖြစ်ကြောင်း ကောလာဟလသတင်းများလည်း ထွက်နေသည်။

ဒေးဗစ်က သူ့ကို စူးစမ်းသော အကြည့်မျိုးဖြင့် ကြည့်နေမိသည်။

"နှစ်ဦးနှစ်ဖက် အကျိုးတူပြဿနာတွေကို ဆွေးနွေးနိုင်ဖို့အတွက် မစ္စတာကော့နဲ့ တွေ့နိုင်ဖို့ ကျွန်တော်တို့ တစ်နှစ်ပတ်လုံး ကြိုးစားခဲ့ကြတယ်၊ ဒါပေမယ့် မအောင်မြင်ဘူး၊ မစ္စတာကော့ ဘယ်မှာရှိနေတယ် ဆိုတာတောင် ဘယ်သူမှ မသိကြဘူး၊ ဘယ်သူမှလဲ သူ့ကို တွေ့အောင် မရှာနိုင်ကြဘူး၊ ကျွန်တော်တို့ ရေးသမျှစာတွေကိုလည်း ဘယ်တော့မှ အကြောင်း မပြန်ဘူး"

ဟု ရှဖီးက ပြောသည်။

"မစ္စတာကော့ဟာ သိပ်အလုပ်များပါတယ်"

"ကျွန်တော် သိပါတယ်၊ ဘာပဲဖြစ်ဖြစ် သူနဲ့ အရင်တွေ့ပြီး ဆွေးနွေးဖို့ လိုနေပါတယ်၊

သူ့အခြေအနေ ဘယ်လို ဖြစ်နေပြီဆိုတာလောက်တော့ အနည်းဆုံး ကျွန်တော် ပြောပြနိုင်တာပေါ့"

ရှဖီးသည် စကားကိုရပ်ကာ ရွှေစီးကရက်ဘူးကို အိတ်ထဲမှ ထုတ်သည်။ ဖွင့်ပြီး စီးကရက်ထုတ်ကာ ပါးစပ်မှာ ခဲသည်။ မီးညှိပြီးသောအခါ ရွှေစီးကရက်ဘူးကို ဂရုတစိုက်၊ တရိုတသေဖြင့် အိတ်ထဲသို့ ပြန်ထည့်သည်။ ပြီးတော့ မီးခိုးလုံးများကို မှုတ်ထုတ်ကာ စကား ဆက်ပြောသည်။

"ကျွန်တော်တို့ သည်းခံနိုင်စွမ်း ကုန်သွားပါပြီ၊ ကျွန်တော်တို့ဟာ ဒီကုမ္ပဏီရဲ့ လုံလောက်တဲ့ အစုငွေတွေကိုလည်း ရထားပါပြီ၊ အမြတ်အစွန်းရအောင်လုပ်ဖို့ အခွင့်အရေး တွေကို ကုမ္ပဏီက မယူဘဲ မျက်နှာလွှဲခဲ့ပစ် လုပ်နေမယ်ဆိုရင် ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားအောင် လုပ်နိုင်တဲ့ အစုရှယ်ယာ အရေအတွက်ကို ကျွန်တော်တို့ ရထားပါတယ်"

"အမြတ်ကိစ္စနဲ့ ပတ်သက်ရင်တော့ အစုရှင်တွေအနေနဲ့ သိပ်ပြီး ပြောစရာရှိနိုင်လိမ့် မယ်လို့ ကျွန်တော် မထင်ပါဘူး၊ အထူးသဖြင့် ဒီနှစ်မှာမြတ်တဲ့ အမြတ်ငွေကို ကြည့်ရင်ပဲ ကျွန်တော်တို့ကို အပြစ်ဆိုစရာ လုံးဝ မရှိနိုင်ဘူး"

ဟု ဒေးဗစ်က ပြန်ပြောသည်။

"ခင်ဗျားရဲ့ သစ္စာရှိမှုကို ကျွန်တော် လေးစားပါတယ် မစ္စတာဝုဖ်၊ ဒီကိစ္စနဲ့ ပတ်သက် ပြီး ခင်ဗျားရော ကျွန်တော်ပါ ကောင်းကောင်း သိကြပါတယ်၊ ကျွန်တော်တို့ အစုရှင်တွေက အခုထက်ပိုပြီး နှစ်ဆမြတ်ချင်တယ်၊ အဲဒီလို နှစ်ဆမြတ်လာနိုင်မယ့် ရုပ်ရှင်မျိုးကို ရိုက်ချင်ကြ တယ်၊ ဒါပေမယ့် မစ္စတာကော့မှာ ဒီလို စိတ်ထားမျိုး မရှိဘူး။ အမြတ်များများရချင်တဲ့ စိတ်ထား မျိုး မရှိတဲ့အပြင် ကုမ္ပဏီမှာ ငွေကုန်ကြေးကျများအောင် ဝန်ထုပ်ဝန်ပိုးကြီးတွေ လာတင်တတ် ပါသေးတယ်၊ ဥပမာဆိုရင် ဘိုလီဗတ်ပန်းခြံဟိုတယ်မှာ ဖြစ်ခဲ့တာမျိုးပေါ့"

ဘိုလီဗတ်ပန်းခြံပြဿနာကို မိမိ မည်မျှကြာအောင် ဆက်လက် ကြားနေရဦးမည် နည်းဟု ဒေးဗစ် တွေးပြီး ရင်လေးမိသည်။ သည်ကိစ္စကို မိမိတို့ကုမ္ပဏီတွင် လျှို့ဝှက်ထားသော် လည်း အားလုံး သိနေကြသော ကိစ္စ ဖြစ်သည်။

သည်ကိစ္စပေါ်ခဲ့သည်မှာ နှစ်နှစ်ကြာခဲ့ပြီ။

မိန်းကလေးတစ်ယောက်ကိုထားရန် ဂျိုနတ်စ်က ဟိုတယ်မှာ အခန်းတစ်ခန်း ငှား သည်။ သို့သော်လည်း ဟိုတယ်က ငြင်းဆန်သည်။

ဂျိုနတ်စ်က ထိုသို့ ငြင်းဆန်ရပါမည်လားဆိုကာ ဟိုတယ်၏ အထပ်ပေါင်းများစွာကို ရုပ်ရှင်ကုမ္ပဏီအမည်သုံးပြီး ငှားပစ်လိုက်သည်။ အထပ်ပေါင်းများစွာကို ငှားရမ်းကြောင်း သဘောတူညီစာချုပ် လက်မှတ်ရေးထိုးသည့် နေ့မှာပင် ရုပ်ရှင်ကုမ္ပဏီမှာ အလုပ်လုပ်နေကြ သည့် မိန်းကလေးအားလုံးကို ဟိုတယ်သို့ ရွှေ့ပြောင်းနေစေသည်။

မိန်းကလေးသုံးဆယ်ကျော်တို့ ဟိုတယ်ထဲသို့ တရုန်းရုန်း ဝင်လာကြသောအခါ အားလုံး မျက်လုံးပြူးကုန်ကြသည်။ တည်းခိုနေသည့် ဧည့်သည်များ၊ ဟိုတယ်အုပ်ချုပ်သူများ အားလုံး ထိတ်လန့်တကြား ဖြစ်ကုန်ကြသည်။

သည်သတင်းသည် သတင်းစာများ၏ သည်းခြေကြိုက်သတင်း ဖြစ်သွားတော့၏။ ထိုမိန်းကလေးများအားလုံး ကုမ္ပဏီမှာ တစ်နှစ် အလုပ်လုပ်၍ ရသောဝင်ငွေသည် ဟိုတယ် အခန်းခ တစ်လစာပင် မရှိကြောင်း သတင်းစာများက ရေးကြသည်။

ဖြစ်ပွားခဲ့သည်မှာ ကြာပြီ။ ဂျိုနတ်စ်သည် (၁၅) နှစ်စာချုပ်ပြီး ငှားရမ်းပစ်လိုက်ခြင်း ဖြစ်၏။ ကုမ္ပဏီမှာ ငွေပေါင်းများစွာ ကုန်ကျရသည်မှာ မှန်သည်။ ယခုတော့ ဟိုတယ်ကလည်း သဘောတူစာချုပ်ကို ဖျက်ချင်သည်။ မိန်းကလေးများ အားလုံးသည် ဟိုတယ်ထဲမှ အခြားသို့ ပြောင်းရွှေ့ကုန်ကြပြီ ဖြစ်သည်။ သို့သော် ဂျိုနတ်စ်က စာချုပ်ကို အဖျက်မခံ။

ယခုတော့ သူ ငှားထားသည့် အထပ်ပေါင်းများစွာသည် လူ မရှိတော့ဘဲ ကျီးနှင့် ဖုတ်ဖုတ် ဖြစ်နေသည်။

ဒေးဗစ်သည် စားပွဲပေါ်သို့ ကိုယ်ကိုကိုင်းလိုက်သည်။

"ဒါပေမယ့် မစ္စတာကော့ဟာ ကျွန်တော်တို့ ကုမ္ပဏီက သူ့အတွက် ဘာစရိတ်မှ ထုတ်မယူဘူးနော်၊ ဘာအမြတ်ကိုမှလဲ ခွဲမယူဘူး"

ရှဖီးက ပြုံးသည်။

"အုပ်ချုပ်ခစရိတ်တွေကို မစ္စတာကော့က ထုတ်ယူမယ် ဆိုရင်လည်း ကျွန်တော်တို့ အနေနဲ့ ကန့်ကွက်စရာ မရှိပါဘူး၊ ဒါပေမယ့် မှန်တာကို ပြောရရင်တော့ မစ္စတာကော့ဟာ တက်တက်ကြွကြွ မရှိတာ၊ စိတ်ထက်သန်မှု မရှိတာကို ကျွန်တော်တို့ မကျေနပ်ကြတာပါပဲ၊ ဒီကုမ္ပဏီမှာ သူ ပါလာကတည်းက ဘုတ်အဖွဲ့အစည်းအဝေး တစ်ခုကိုများ သူ တက်ခဲ့ဖူးလို့လား"

"မစ္စတာကော့ဟာ ကုမ္ပဏီရဲ့ ရှယ်ယာအများစုကို ဝယ်ထားတဲ့လူ ဖြစ်ပါတယ်၊ ဒီကုမ္ပဏီကို သူ စိတ်တိုင်းကျ ကြိုးကိုင်နိုင်လောက်တဲ့ ရှယ်ယာကို ဝယ်ထားသူ ဖြစ်ပါတယ်၊ ဒါကြောင့် သူ့ကို သာမန်လခစား တစ်ယောက်လိုတော့ တွက်လို့ မရနိုင်ပါဘူး"

"ဒါကိုလည်း ကျွန်တော် လက်ခံပါတယ်၊ ဒါပေမယ့် ဒီကနေ့ သူ ပိုင်ထားတဲ့ အစု ရှယ်ယာဟာ ကုမ္ပဏီကို ကြိုးကိုင်နိုင်လောက်အောင် အင်အားရှိသေးတယ်လို့ ယုံကြည်ပါ သလား၊ အခု ကျွန်တော်တို့မှာ ရှိနေတဲ့ အစုဟာ သူ့အစုထက် များနေပါပြီ၊ ကျွန်တော်တို့ဟာ ကုမ္ပဏီရဲ့ ပြဿနာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ကြိုက်သလို လုပ်ပိုင်ခွင့်ရှိနေပါပြီ"

"ခင်ဗျားရဲ့ အကြံပေးချက်ကို မစ္စတာကော့ဆီ ရောက်အောင် ဝမ်းမြောက်ဝမ်းသာနဲ့ ကျွန်တော် ပို့ပေးပါ့မယ်"

"ပို့ပေးဖို့လည်း လိုလိမ့်မယ် မထင်ပါဘူး၊ အစည်းအဝေးခေါ်ပေးဖို့ ကျွန်တော်တို့ မေတ္တာရပ်ခံတာတွေကို အကြောင်းမပြန်ဘဲ နေတာကိုက သူ စိတ်မဝင်စားတော့ဘူးဆိုတာ ထင်ရှားနေပါပြီ"

ဟု ရှဖီးက ဒေးဗစ်၏စကားကို ပုတ်ချလိုက်သည်။

"ဒီကိစ္စအတွက်ဆိုရင် ခင်ဗျား ဘာဖြစ်လို့ ကျွန်တော့်ဆီကို မလာတာလဲ"

ဟု ဒေးဗစ်က မေးသည်။ စကားပိုတွေကို သူတို့ ပြောပြီးကြပြီ။ အခု လိုရင်းကို ပြောရတော့မည်။ သူတို့ စိတ်ထဲတွင် ဘာတွေရှိနေသည်ကို သိရန် မေးရချေတော့မည်။

ရှဖီးက ရှေ့သို့ ကိုယ်ကိုကိုင်းလိုက်သည်။

"ဒီကုမ္ပဏီရဲ့ အောင်မြင်မှုတွေဟာ ခင်ဗျား ကြိုးစားလို့၊ ခင်ဗျား ချမှတ်တဲ့ လုပ်ငန်းစဉ်တွေ မှန်ကန်လို့ဆိုတာ ကျွန်တော်တို့ သေသေချာချာ နားလည်ကြပါတယ်၊ ခင်ဗျားရဲ့ အရည်အချင်းကိုလည်း ကျွန်တော်တို့ အလွန်တရာမှ လေးစားကြပါတယ်၊ ဒီကုမ္ပဏီမှာ ခင်ဗျားရဲ့ နေရာမှန်ဖြစ်တဲ့ ဥက္ကဋ္ဌနေရာကို ခင်ဗျား ရသင့်တယ်လို့လည်း ကျွန်တော်တို့ သဘော ရပါတယ်၊ ကျွန်တော်တို့က ခင်ဗျားကို အာဏာကုန်လွှဲအပ်ပြီး ဥက္ကဋ္ဌအဖြစ်နဲ့ တင်မြှောက် ချင်ပါတယ်"

ရှဖီးက စီးကရက်တိုကို ပြာခွက်ထဲသို့ ထည့်ရင်းပြောသည်။

ဒေးဗစ်က သူ့ကို စိုက်ကြည့်နေသည်။ ယခုမှပင် ရုပ်လုံးပေါ်လာပြီ ဖြစ်သည်။ ထို့ကြောင့်လည်း အလွန် သတိကြီးစွာဖြင့် သူက ပြန်ပြောသည်။

"အင်မတန် ဝမ်းသာစရာကောင်းတဲ့ စကားပါပဲ၊ လက်ရှိ အခြေအနေတွေအတိုင်း ထားဖို့ ကျွန်တော်က ပြောမယ်ဆိုရင် ဘယ်လို သဘောထားမလဲ၊ ခင်ဗျားရဲ့ အကြံဉာဏ်တွေထဲ က တချို့ကို လက်ခံဖို့ မစ္စတာကော့ကို ကျွန်တော်က တိုက်တွန်းပေးမယ်ဆိုရင်ကော ဘယ်လိုလဲ၊ ခင်ဗျားတို့အနေနဲ့ ကျေနပ်နိုင်ပါ့မလား"

ရှဖီးက ခေါင်းယမ်းပြသည်။

"ခင်ဗျားရဲ့ ရိုးသားမှုတွေကို ကျွန်တော်တို့ လေးစားပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ လက်မခံနိုင်ပါဘူး။ ကျွန်တော်တို့ အလေးအနက် ယုံကြည်နေတာက မစ္စတာကော့ဟာ ကုမ္ပဏီ တိုးတက်ကြီးပွားမှုကို မလိုလားဘူး ဆိုတာပါပဲ"

"ကျွန်တော်ကသာ ခင်ဗျားတို့ပေးတဲ့ အကြံဉာဏ်ကို မယူဘူးဆိုရင် ခင်ဗျားတို့က အစုရှယ်ယာဝင် မဲဆန္ဒရှင်တွေနဲ့ ပြန်တိုက်မှာလား"

"ပြန်တိုက်ဖို့ လိုမယ် မထင်ပါဘူး၊ ကျွန်တော်တို့ လက်ထဲမှာ အဆုံးအဖြတ် ပေးနိုင်တဲ့ အစုတွေ ရှိထားတဲ့အကြောင်း ကျွန်တော် ပြောပြီးပါပြီနော်၊ ပွဲစားတွေကလည်း ကျွန်တော်တို့ကို ငါးရာခိုင်နှုန်း အစုပေးပြီးပါပြီ"

ရှဖီးက ပြောပြောဆိုဆိုဖြင့် သူ့အိတ်ထဲမှ စာရွက်ကို ဆွဲထုတ်ပြီး ဒေးဗစ်ကို ကမ်းပေးသည်။

"ဟောဒါက ဘွန်နာရဲ့ သဘောတူညီကြောင်း စာရွက်ပါ။ သူပိုင်တဲ့ အစုတွေကို ဒီဇင်ဘာ (၁၅) ရက်နေ့မှာ ကျွန်တော်တို့ကို ရောင်းဖို့ သဘောတူပြီးပြီ၊ နောက်အပတ် ဒီဇင်ဘာ (၁၅) ရက်ဟာ ကုမ္ပဏီရဲ့ နှစ်ပတ်လည်အစည်းအဝေး မဟုတ်လား။ ဘွန်နာရဲ့ (၁၀) ရာခိုင်နှုန်းကို ပေါင်းလိုက်ရင် ကျွန်တော်တို့မှာ (၃၈) ရာခိုင်နှုန်း ရှိသွားပါပြီ။ ခင်ဗျားပိုင်တဲ့ ငါးရာခိုင်နှုန်း ကျွန်တော်တို့ကို ထောက်ခံသည်ဖြစ်စေ၊ မထောက်ခံသည်ဖြစ်စေ ကျွန်တော်တို့ လက်ထဲမှာ ရှိနေတဲ့ အင်အားဟာ ကုမ္ပဏီကို ကောင်းကောင်းထိန်းနိုင်တဲ့ အင်အားပါပဲ၊ မဲဆန္ဒရှင်တွေရဲ့ ထောက်ခံမှုနဲ့ ဆုံးဖြတ်မယ် ဆိုရင်လည်း မစ္စတာကောဟာ (၃၀) ရာခိုင်နှုန်းထက်ပိုပြီး မဲမပေးနိုင်ပါဘူး"

ဒေးဗစ်က စာရွက်ကို ကောက်ယူကြည့်သည်။ ဝန်ခံချက် အမှန်ပင် ဖြစ်သည်။ ဘွန်နာ၏ လက်မှတ်အမှန်လည်း ဖြစ်သည်။ ရှဖီးဆီသို့ သူက စာရွက်ကို တိတ်ဆိတ်စွာ ပြန်တွန်းပေးလိုက်သည်။ ရုတ်ခြည်း ဆိုသလိုပင် နော်မန်ကုန်တိုက်တွင် သူ ပထမဦးဆုံး အလုပ်ဝင်သည့် နေ့ကအကြောင်းကို ပြန်ပြီး အမှတ်ရမိသည်။ ရှင်ဘုရင် ဟူသည်မှာ သေကို သေရမည်။ ဗိုလ်ကျနေသူသည် ကျကို ကျဆုံးရမည်။ သို့သော်လည်း ယခုကိစ္စသည် နော်မန်ကုန်တိုက်ကလို ပလက်ဖောင်းလူကြီး မဟုတ်၊ ဂျိုနတ်စ်ကော့ ဖြစ်နေသည်။

ရုတ်တရက်တော့ သူ ဘာကို ဆုံးဖြတ်ရမည် မသိ။ ဂျိုနတ်စ် အကြောင်းကလည်း မရေမရာ ဖြစ်သည်။ သို့သော် ရှဖီးတို့ကိုရော ဘယ်လောက် ယုံကြည်ရမည်နည်း။ မိမိကို နှောင်ကြိုးများတည်းပြီး အကြီးအကဲခန့်မည်ဟု ဆိုသည်။ မည်မျှ ယုံကြည်ရမည့် စကားနည်း။ ဒေးဗစ်က သက်ပြင်းချလိုက်၏။ ဥက္ကဋ္ဌနေရာကို သူ ဘာကြောင့် မရောက်ရမည်နည်း။ နော်မန်ကုန်တိုက်သို့ သူ အလုပ်စဝင်သည့် ပထမဦးဆုံးနေ့ကတည်းက သူ ရည်မှန်းချက်ထားခဲ့သည် မဟုတ်လား။

* * *

ရိုဇာသည် သတင်းစာကိုချပြီး စီးကရက် လှမ်းဆွဲသည်။ နာရီကို ကြည့်သောအခါ ညရှစ်နာရီ ထိုးပြီးနေပြီ။ သည်အချိန်ဆိုလျှင် နယူးယောက်မြို့တွင် ည (၁၁) နာရီထိုးပြီး ဖြစ်သည်။ သည်လောက်ဆိုလျှင်တော့ ဒေးဗစ် ဖုန်းဆက်ဖို့ကောင်းပြီ။ အပြင်သွားစရာရှိ၍ နောက်ကျမည် ဆိုလျှင်လည်း အခါတိုင်းက ရိုဇာကို အသိပေးခဲ့မြဲ ဖြစ်သည်။

တစ်ခုခုများ ဖြစ်နေပြီလား။ သည်နေရာမှ မိုင်ပေါင်း (၃၀၀၀)ခန့် ဝေးသည့် နယူးယောက်မြို့၏ လမ်းပေါ်က တစ်နေရာမှာ တစ်ခုခုများ ဒုက္ခတွေ့နေသလား သို့သော် ရိုဇာ ဘာမှ မသိ။ ဖုန်းဆက်ရမည့် အချိန်ထက် အများကြီး နောက်ကျနေပြီ။

ရိုဇာသည် ဖုန်းကိုကောက်ကိုင်ပြီး ဒေးဗစ်နေသည့် နယူးယောက်မြို့မှ ဟိုတယ်ကို ခေါ်လိုက်သည်။ မိုင်ပေါင်း ဤမျှဝေးလင့်ကစား တစ်ဖက်မှ ချက်ချင်း ပြန်ထူးသည်။ ပြီးတော့ ဒေးဗစ်၏ အခန်းကို ဆက်ပေးသည်။ ဒေးဗစ်၏ တယ်လီဖုန်းသည် တော်တော်နှင့် ပြန်မထူး။ အကြာကြီး ခေါ်နေရသည်။

"ဟဲလို"

ဒေးဗစ်၏အသံက တိုးသည်။ ပြီးတော့ သတိထားနေသည့် အသံမျိုးလည်း ဖြစ်သည်။

"ဒေးဗစ် ရှင် ဘာမှ မဖြစ်ဘူးနော်"

"မဖြစ်ပါဘူး၊ ကောင်းပါတယ်"

"ကျွန်မ စိတ်ပူနေတယ်၊ ဘာဖြစ်လို့ တယ်လီဖုန်း မဆက်တာလဲ"

"ကိုယ် အစည်းအဝေး တန်းလန်းဖြစ်နေလို့"

"အခု တစ်ယောက်တည်းလား၊ အိပ်ခန်းထဲမှာလား"

"ဟုတ်တယ်"

ဒေးဗစ်၏အသံသည် တိုးနေဆဲ၊ သတိနှင့် ပြောနေဆဲပင် ဖြစ်သည်။

"ခုတင်ပေါ်မှာ ထိုင်နေသလား"

"ဟုတ်တယ်"

"ကျွန်မ ခုတင်ပေါ်မှာ အိပ်နေတယ်"

တစ်ဖက်မှ မီးခြစ်ခြစ်သံကို ရိုဇာ ကြားရသည်။ ပြီးမှ ဒေးဗစ်၏အသံ ထွက်လာပြန်သည်။

"ဒီအပတ်ကုန်ရင် မင်းဆီကို ကိုယ် လာခဲ့ပါ့မယ်"

"ကျွန်မတော့ အဲဒီလောက်ကြာအောင် မစောင့်နိုင်ဘူး။ ရှင်ရော စောင့်နိုင်သလား"

"မစောင့်နိုင်ပါဘူး၊ ဒီမှာ ရိုဇာ"

"အိုး. . . ဒေးဗစ်၊ ကျွန်မ မစောင့်နိုင်တော့ဘူး"

"ရိုဇာ. . . ကိုယ်လေ"

ဒေးဗစ်၏ အသက်ရှူသံကိုပင် ကြားရသည်။

"ကျွန်မလေ. . . ကျွန်မလေ. . . ဝမ်းသာစရာသတင်း ပြောပြစရာရှိနေတယ် မောင်ရယ်"

ရိုဇာက အသက်ကို ပြင်းပြင်းရှူလိုက်ရင်း ပြန်ပြောသည်။

"မနက်ဖြန်အထိ မစောင့်နိုင်ဘူးလား ရိုဇာ၊ ကိုယ့်မှာ အင်မတန် အရေးကြီးတဲ့ အစည်းအဝေးတစ်ခု ထိုင်နေတုန်း တန်းလန်းမို့ပါ"

ရိုဇာသည် ကြောင်အမ်းအမ်းဖြစ်သွားပြီး ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။ ဒေးဗစ်က သူ့စကားဆက်ကို နားထောင်နေသည်ဟု ထင်သည်။

"ရိုဇာက သိပ်လိမ္မာတာပဲကွယ်၊ ဒါပဲနော်"

ရိုဇာ ဘာမှ ပြန်မဖြေနိုင်မီမှာပင် တစ်ဖက်မှ တယ်လီဖုန်းချသွားသည့် အသံကို ကြားရသည်။ လက်ထဲမှဖုန်းကို ရိုဇာက ဒေါသဖြင့် ကြည့်နေမိသည်။ ပြီးမှ ပြန်တင်ထားလိုက်သည်။

ပြာခွက်ထဲမှာ မီးမသေသေးသည့် စီးကရက်တိုကို လှမ်းဆွဲသည်။ နှာခေါင်းထဲသို့ အနံ့ဆိုးဝင်လာသောကြောင့် ဒေါသဖြင့် ပြာခွက်ထဲမှာပင် ပြန်ခြေပစ်လိုက်သည်။ ခေါင်းအုံးပေါ်မှာ မျက်နှာအပ်ကာ ခဏငြိမ်နေမိသည်။

မိမိ ဖုန်းမဆက်သင့်ဟု ရိုဇာ တွေးမိသည်။ သူ အလုပ်များနေပါသည်ဟုလည်း ဒေးဗစ်က ပြောထားဖူးသည်။ ရေချိုးခန်းထဲသို့ ရိုဇာ ထလာပြီး မှန်ထဲမှာ သူ့ကိုယ်သူ ကြည့်နေမိသည်။

သည်အဖြစ်မျိုးကို နားလည်မှု ရှိသင့်သည်ဟုလည်း သူ့ကိုယ်သူ ပြန်ပြောနေမိသည်။ ဒေးဗစ် တယ်လီဖုန်းဆက်သည့် အခါပေါင်းများစွာတွင်လည်း မိမိကိုယ်တိုင် ဖုန်းရှိရာသို့ မလာနိုင်လောက်အောင်ပင် အလုပ်များခဲ့ဖူးကြောင်းများကို ပြန်စဉ်းစားမိသည်။

သူ့မျက်လုံးထဲမှာ မျက်ရည်များ အိုင်ထွန်းနေသည်ကို တွေ့သောအခါ သူ့ကိုယ်သူ ပြန်ပြီး အံ့ဩမိပြန်သည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကြသည်။ ရိုဇာက လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်လိုက်သည်။

ဤသို့သော အပြုအမူသည်ပင်လျှင် မိန်းမသားဟု ဆိုရလေမည်လား။

## (၁၄)

ကုလားထိုင်ဆီသို့ လျှောက်သွားပြီး ဝင်ထိုင်သော အမျိုးသမီးကို မောရစ်ဘွန်နာက မျက်တောင်မခတ် စိုက်ကြည့်နေသည်။ အမျိုးသမီး၏ အလှကို အလွန် နှစ်သက်သည့် စိတ်ထားဖြင့် စိုက်ကြည့်နေခြင်း ဖြစ်သည်။ သူ့ကိုယ်ပေါ်မှာ သည်အတိုင်း မြင်နေရသော ရှိုက်ဖိုကြီးငယ် အသွယ်သွယ်တို့သည် အံ့မခန်း ဖြစ်သည်။ သည်အမျိုးသမီးသည် ကြေးစားပဲ ဖြစ်သည်။ သို့သော်လည်း ကြေးစားနှင့်တူသော ရုပ်ဆိုး၍ သူ့ကိုယ်ပေါ်မှာ တစ်ပြားသားမျှ မရှိ။

"ရှင် တော်တော် အရုပ်ဆိုးတယ်နော်"

အမျိုးသမီးက ပြောသောအခါ သူက ပြုံးမိသည်။ သူ့ကိုယ်သူလည်း မှန်ထဲမှာ လှမ်းကြည့်လိုက်သည်။ အမှန်ပင်၊ သူ့မျက်နှာသည် မြင်းကဲ့သို့သော မျက်နှာမျိုး ဖြစ်သည်။

"ရော့ ဒါခြုံထား၊ နို့မဟုတ်ရင် မျောက်နဲ့တူတယ်"

အမျိုးသမီးက မျက်နှာသုတ်ပဝါတစ်ထည်ကို သူ့ဆီသို့ လှမ်းပေးသည်။ ပြီးတော့

သူ့ဟာသူ သဘောကျသည့်အလား တခစ်ခစ် ရယ်နေသည်။

"မင်းစိတ်ထဲမှာ ဘယ်လိုနေသလဲ"

"ဘယ်လိုမှ မနေပါဘူး၊ ရှင့်ကို ကောင်းကောင်းမွန်မွန် ပြုစုနေသားပဲ"

"မင်း ဟန်မျှားဆောင်နေသလားလို့ပါ"

"ကျွန်မက ဘာဖြစ်လို့ ဟန်ဆောင်ရမှာလဲ၊ ဒါက ကျွန်မ အလုပ်ပဲ"

မောရစ်ဘွန်နာက ဘာမှ ပြန်မပြောတော့။ သူ့ကိုသာ ငေးကြည့်နေသည်။ အမျိုးသမီးက စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်နေသည်။ ပြီးတော့မှ သူ့ကို လှမ်းကြည့်သည်။

"ဒီမှာကြည့်၊ ရှင့်ကို ကျွန်မ ညစာကောင်းကောင်း ကျွေးတယ်၊ အကောင်းဆုံး ညစာကို ကျွေးတယ်၊ ပြီးရင် ရှင့်သူငယ်ချင်းတွေကို ပြန်ပြောပြပါ၊ ဂျင်နီဒင်တန်ဆိုတဲ့ အမျိုးသမီး ကတော့ ရှာမှရှားတဲ့ အမျိုးသမီးပဲလို့"

မောရစ်ဘွန်နာက ရယ်ရင်း ထိုင်ရာမှ ထသည်။ သူ့ကိုယ်ပေါ်မှ မျက်နှာသုတ်ပဝါ သည် ကြမ်းပြင်ပေါ်သို့ လျှောကျသွားသည်။ ဂျင်နီဒင်တန်က ရယ်ပြန်သည်။

"သေသေချာချာ ကြည့်တော့လည်း ရှင်ဟာ ကျွန်မ ထင်တာထက်တောင် အသက် ငယ်ပါသေးတယ်"

"အဲဒီတော့"

ဘွန်နာက ဂျင်နီဒင်တန်ကို စိုက်ကြည့်နေသည်။

"ညသန်းခေါင်အထိ ဒေါ်လာ (၂၀၀) လေ၊ ရှင် ပေးပြီးပြီ၊ အခု သန်းခေါင်လည်း တိုင်ပြီ၊ မနက်အထိ ဆက်နေချင်သေးသပဆိုရင် နောက်ထပ် ဒေါ်လာ (၃၀၀)၊ ဒါပေမယ့် မနက်စာ အလကား ကျွေးမယ်"

ဘွန်နာက ရယ်သည်။

"တခြား အမျိုးသမီးတွေထက်တောင် မင်းက ပိုဆိုးနေပါသေးလား၊ ကောင်းပြီကွာ၊ သဘောတူတယ်"

"ကဲ. . . လာ"

ဂျင်နီက သူ့ကို ပြုံးပြပြီး ခေါ်သည်။

ပြတင်းပေါက်အနီးရှိ အနှိပ်ခံသည့် စားပွဲကို မေးငေါ့ပြပြီး ထိုစားပွဲပေါ်မှာ တက်အိပ် ခိုင်းသည်။ ထို့နောက် အနီးရှိ ဆေးထည့်သည့် ဗီရိုကလေးအတွင်းမှ မုတ်ဆိတ်ရိတ်ဓားကို ထုတ်သည်။

"ဘာလုပ်မလို့လဲ"

"မုတ်ဆိတ်ရိတ်ဓားဟာ ဘာသုံးရသလဲ"

"ဟ. . . ဒီနေ့ပဲ ငါ မုတ်ဆိတ်ရိတ်ထားတာပါကွ"

"လူမိုက်၊ ရှင့် မုတ်ဆိတ်မွေးကို ရိတ်မှာ မဟုတ်ပါဘူး၊ ရင်ဘတ်ပေါ်က ဟာကို ရိတ်မလို့"

"ဒါပေမယ့်"

"ငြိမ်ငြိမ်နေ၊ ရှင့်ကို ဓားမထိစေရဘူး၊ ကျွန်မ ဆေးရုံမှာ အလုပ်လုပ်တုန်းက အမြတ်မ်း ဒါမျိုးတွေနဲ့ ရိုးနေပြီ"

"မင်း ဆေးရုံမှာ လုပ်ခဲ့ဖူးသလား"

"ဟုတ်တယ်၊ ကျွန်မ အသက်နှစ်ဆယ်အရွယ်မှာ သူနာပြုကျောင်းက အောင်ခဲ့တာ"

"ဘာဖြစ်လို့ မင်း အလုပ်ထွက်ပစ်တာလဲ"

"တစ်လမှာ (၆၅) ဒေါ်လာ၊ တစ်နေ့မှာ အလုပ်ချိန်က (၁၈) နာရီ"

ဘွန်နာက ရယ်သည်။ ဂျင်နီက မရယ်။ သူ့အလုပ်ကိုသာ သူ လုပ်နေသည်။ တစ်အောင့်ကြာသောအခါ ဗီရိုထဲရှိ လျှပ်စစ်ဖြင့် အကြောများကို နှိပ်ပေးသည့် ကိရိယာ ကလေးကို ယူသည်။ ပလတ်ပေါက်မှာတပ်ပြီး သူ့ကိုယ်ပေါ်တွင် အကြောများ လျော့အောင် တဖြည်းဖြည်း နှိပ်ပေးနေသည်။ စံပယ်နံ့သင်းသည့် ဆေးရည်တစ်မျိုးကိုလည်း သူ့ကိုယ်ပေါ်မှာ သုတ်လိမ်းပေးသည်။

"ကဲ. . . ဒီပေါ်မှာပဲ ငြိမ်ငြိမ်ကလေး ခဏနေလိုက်ဦး"

ရေချိုးကြွေရေကန်ရှိရာသို့ သွားပြီး အပူအအေးကို စိတ်တိုင်းကျ စမ်းသပ်ကြည့်နေသည်။ ခဏကြာတော့ သူ့ကို လှမ်းခေါ်ကာ ရေစိမ်ခိုင်းသည်။

"အကြောအခြင်တွေ လျော့သွားအောင် ခြေတွေ လက်တွေ ဆန့်ထားလိုက်ဦး၊ ကျွန်မ ပြန်လာခဲ့မယ်"

ဂျင်နီသည် ရေချိုးခန်းအပြင်သို့ ထွက်သွား၏။ ခဏအကြာ ပြန်ဝင်လာသောအခါတွင် ရှန်ပိန်အရက်ပုလင်းနှင့် ပုလင်းငယ်ကလေးတစ်လုံး ကိုင်လာသည်ကို တွေ့ရသည်။ ရှန်ပိန်ပုလင်းကို ကြမ်းပေါ်မှာ ချထားပြီး လက်တစ်ဖက်ရှိ ပုလင်းငယ်ကလေးကို အဖုံးဖွင့်သည်။ ရေထဲသို့ အစက်အနည်းငယ်ကို ထည့်သည်။ တစ်ခန်းလုံး စံပယ်နံ့ကြိုင်သွားသည်။

ထို့နောက် ကြမ်းပေါ်မှ ရှန်ပိန်ပုလင်းကို ကောက်ယူကာ အဆို့တွင် ရစ်ပိုင်းထားသည့် ကြေးနန်းကြိုးကလေးများကို အလွန် ကျွမ်းကျင်စွာ ဖယ်ထုတ်သည်။ ပြီးတော့မှ အဆို့ကို ဖွင့်သည်။ ပုလင်းဖွင့်သံနှင့်အတူ ရှန်ပိန်များက သူ့လက်ပေါ်သို့ လျှံကျသွားသည်။

"မင်း ဖန်ခွက်ယူလာဖို့တော့ မေ့သွားပြီနဲ့တူတယ်"

ဘွန်နာက ဂျင်နီ လုပ်သမျှကို မမိတ်မသုန် စောင့်ကြည့်နေရင်းမှ မေးသည်။

"မမိုက်မဲစမ်းပါနဲ့၊ လူရူးတွေသာ ဒါမျိုးသောက်တာ၊ အခုက ရေချိုးဖို့၊ ဘာနဲ့မှ မတူအောင် ကောင်းတယ်"

သူက ပြောရင်းဆိုရင်းပင် ရှန်ပိန်ပုလင်းကို သူ့ကိုယ်ပတ်လည်ရှိ ရေထဲသို့ လှည့်ပြီး လောင်းထည့်ပေးသည်။ ရှန်ပိန်များက အသားကို ထိသောအခါ စစ်စစ် စစ်စစ်ဖြင့် အရသာတစ်မျိုးကို ခံစားရသည်။ ထူးခြားသော အရသာတစ်မျိုး။ မည်သည့် စည်းစိမ်နှင့်မျှ မတူသော စည်းစိမ်တစ်မျိုး။

ဂျင်နီသည် စီးကရက်တစ်ဘူးကို ယူ၏။ အထဲမှ တစ်လိပ် ထုတ်ယူကာ မီးညှိသည်။ ဆေးခြောက်နံ့လိုလို အနံ့တစ်မျိုးကို ရသည်။

"ရော့၊ နှစ်ဖွာပဲဖွာ၊ ပိုမဖွာနဲ့နော်"

"တော်ပါပြီကွာ၊ ငါ ဒါမျိုး ဘယ်တုံးကမှ မသောက်ဘူး"

"လျှာမရှည်စမ်းနဲ့၊ အလကား အချိန်ကုန်တယ်"

ဂျင်နီက ပြောပြောဆိုဆိုဖြင့် သူ့နှုတ်ခမ်းမှာ လာတပ်ပေးသည်။ မတတ်သာသည့်အဆုံး ဘွန်နာက ဖွာလိုက်သည်။ သူ့ခန္ဓာကိုယ်သည် လေထဲသို့ မြောက်သွားသည်ဟု ထင်မှတ်လိုက်ရသည်။

* * *

မည်သည့်အချိန်က သည်စိတ်ကူးကိုရခဲ့ကြောင်း ဘွန်နာ ကိုယ်တိုင်ပင် မသိ။ သူ အိပ်ပျော်သွားစဉ်ကရသော စိတ်ကူးလား။ ဘယ်အချိန်ကရသည့် စိတ်ကူးဖြစ်ကြောင်းကို သူ စဉ်းစားမရတော့ချေ။ သို့သော်လည်း အရေးမကြီး။ စိတ်ကူးသည့် စိတ်ကူးပဲ ဖြစ်သည်။ နံနက်စာ စားဖို့ သူ ဆင်းလာရင်း ယုံကြည်စိတ်ချသည့် စိတ်များ ပိုမို ကြီးမားခိုင်မြဲလာသည်။

သူ ဆင်းလာသည့်အသံကို ကြားသောအခါ ထမင်းစားခန်းထဲမှ ဂျင်နီဒင်တန်က သူ့ကို လှည့်ကြည့်သည်။

"ကောင်းသော မနက်ခင်းပါ မစ္စတာဘွန်နာ၊ ဆာနေပြီလား"

"မဆာသေးပါဘူး"

သူသည် နံနက်စာအဖြစ်နှင့် ဟုတ်တိပတ်တိ မစားခဲ့သည်မှာ ကြာပြီ။ ကော်ဖီသောက်နှင့်၊ ဖျော်ရည်သောက်နှင့် ပြီးခဲ့သည်မှာ ကြာပြီ။ ထို့ကြောင့်လည်း မနက်ဆိုလျှင် ဆာရကောင်းမှန်းပင် မသိတော့။ ဂျင်နီဒင်တန်၏ ခြေထောက်တစ်ဖက် ရွေ့သွားပြီး ကြမ်းပြင်ပေါ်ရှိ လူခေါ်ခေါင်းလောင်း ခလုတ်အပေါ် နင်းလိုက်သည်ကို မြင်ရသည်။

"ဖျော်ရေသောက်နှင့်ပါဦး၊ ခဏကြာရင် မနက်စာ ရောက်လာပါလိမ့်မယ်"

ဘွန်နာက ကုလားထိုင်မှာ ဝင်ထိုင်သည်။ ဖျော်ရည်ကိုသောက်ရင်း ဂျင်နီကို သေသေချာချာ ကြည့်သည်။ ယခု နံနက်ခင်း အလင်းရောင်နှင့်ဆိုတော့ သူ့အလှကို ပို၍ ထင်ရှားစွာ

တွေ့ရသည်။

ဆံပင်ကို နောက်မှာ သေသပ်စွာ ခိုင်ခိုင်မြဲမြဲ စည်းထားသည်။ တင်းရင်းသော လက်မောင်းများသည် အားကစားအင်္ကျီလက်နှင့် အံဝင်ခွင်ကျ ဖြစ်နေသည်။ စကတ်တိုတို ကိုလည်း ဝတ်ထားသည်။

ထိုအခိုက် တံခါးပွင့်ပြီး မက်ဆီကန် အမျိုးသမီးကြီး ဝင်လာသည်။ အလွန် ကြီးသည့် ဗန်းတစ်ချပ်ထဲတွင် စားစရာများ အပြည့်ပါလာသည်။ မက်ဆီကန် အမျိုးသမီးကြီးသည် နားမကြားသူ တစ်ယောက်ကဲ့သို့ စားပွဲပေါ်မှာရှိသည့် ဖန်ခွက်အလွတ်များကို သိမ်းယူကာ ချက်ချင်း ပြန်လည် ပျောက်ကွယ်သွားသည်။

"ကိုယ်ကြိုက်သလို၊ ကိုယ်စားတတ်သလိုသာ စားပါ မစ္စတာဘွန်နာ"

နံနက်စာသည် အကောင်းစားများချည်း ဖြစ်၏။ ဝက်ပေါင်ခြောက်၊ အမဲသား၊ အသည်းကင်၊ အသားကင်၊ ကြက်ဥကြော်၊ ကြက်သားရိုးစ် စသည်ဖြင့် စုံစေ့အောင်ပင် မရေတွက်နိုင်တော့။ စားကြည့်သောအခါတွင်လည်း အလွန် အရသာထူးသည့် အစားအစာများ ဖြစ်နေသည်။ ဂျင်နီကလည်း သူ့ဘာသာသူ ကြိုက်ရာကို ယူစားနေသည်။

"အကောင်းစားတွေချည်းပါလား"

ဟု သူက အံ့ဩတကြီးနှင့် ပြောမိသည်။ တစ်အိမ်လုံးမှာရှိနေသည့် အိမ်ထောင်ပရိဘောဂ၊ အသုံးအဆောင် အားလုံးတို့သည်လည်း အလွန် အထက်တန်းကျသည့် အကောင်းစားပစ္စည်းများချည်း ဖြစ်သည်။

"ဒီအိမ်မှာ အပေါစား ဘာမှ မရှိပါဘူး"

ဂျင်နီက ပြုံးပြုံးရွှင်ရွှင်း ပြန်ပြောသည်။

"မင်း ဒီနေ့မနက် တင်းနစ်သွားရိုက်တယ် ထင်တယ်"

"ဟုတ်ပါတယ်၊ ကျွန်မ မနက်တိုင်း နှစ်နာရီ မှန်မှန်ကစားတယ်"

"ဘယ်မှာ သွားကစားသလဲ"

"ဘဲလ်အဲယားမှာ၊ ဖရန်ကီဂါဒနာနဲ့ ကျွန်မ နေ့တိုင်း ကစားလေ့ရှိပါတယ်"

ဘွန်နာ၏ မျက်ခုံးများ မြင့်တက်သွားသည်။ ဖရန်ကီဂါဒနာသည် ဤတိုင်းပြည်ရှိ နာမည် အကျော်ဆုံးသော တင်းနစ်နည်းပြဆရာများထဲမှာ တစ်ယောက်အပါအဝင် ဖြစ်သည်။ အလွန်လည်း ဈေးကြီးသည်။ သူနှင့် တစ်နာရီကစားလျှင် သူ့ကို အနည်းဆုံး (၂၅) ဒေါ်လာ ပေးရသည်။

"သူလည်း မင်းရဲ့ ဖောက်သည်ပဲလား"

"ကျွန်မ ဖောက်သည်တွေနဲ့ ကျွန်မ ဘယ်တော့မှ မကစားပါဘူး၊ လုပ်ငန်းကိုင်ငန်း အတွက် အနှောင့်အယှက် ဖြစ်တတ်တယ်။ တခြားလူတွေ ပိုက်ဆံပေးကစားသလို ကျွန်မလည်း သူ့အချိန်ကို တန်ရာတန်ဖိုးပေးပြီး ဝယ်ယူတာပါပဲ"

"ဘာဖြစ်လို့လဲ"

"လေ့ကျင့်ခန်းလိုချင်လို့လေ၊ ဒါကြောင့် ကျွန်မကိုယ်လုံး အချိုးအစားဟာ မပျက်ဘဲ ရှိနေတာ မဟုတ်လား"

"ကောင်းတယ်၊ မင်း တခြားအလုပ် လုပ်ဖို့များ စိတ်ကူးဖူးသလား"

"ဘာကို ပြောတာလဲ၊ ကျွန်မ သူနာပြုသင်တန်းအောင်ခဲ့တယ်လို့ ပြောဖူးတယ် မဟုတ်လား"

ဂျင်နီက ပြန်မေးသည်။

"အဲဒါကို ပြောတာ မဟုတ်ပါဘူး၊ မင်း ရုပ်ရှင်ရိုက်ဖို့ မကြိုးစားဖူးဘူးလား"

ဟု ဘွန်နာက ပြန်မေးသည်။

ဂျင်နီဒင်တန်က အလွန် သဘောကျစွာဖြင့် ရယ်သည်။

"ကျွန်မရဲ့ ဇာတိဟာ ကာလီဖိုးနီးယားပြည်နယ် ဖြစ်ပါတယ် မစ္စတာဘွန်နာ။ ရုပ်ရှင် မင်းသမီး ဖြစ်ချင်လို့လာတဲ့ မိန်းကလေးပေါင်း မြောက်မြားစွာ ဘယ်ဘဝ ရောက်သွားကြတယ် ဆိုတာ ကျွန်မ မြင်တွေ့နေရတာပဲ၊ ကျွန်မ မျက်စိအောက်မှာပဲ သူတို့ဘဝဟာ ဈေးပေါပေါနဲ့

ပျက်စီးသွားကြရရှာတယ်"

"ကျုပ် ဆိုလိုတာက ဒီလိုပါ။ ကျုပ် ဘယ်သူလဲဆိုတာ မင်း သိသလား"

မောရစ်ဘွန်နာက စိတ်အားထက်သန်စွာဖြင့် မေးသည်။

"ကျွန်မ ကောင်းကောင်းသိပါတယ် မစ္စတာဘွန်နာ၊ သတင်းစာတွေထဲမှာ ကျွန်မ ဖတ်နေရတာပဲ၊ ရှင်ဟာ ဟောလီးဝုဒ်မှာ အင်မတန် အောင်မြင်ကြီးကျယ်တဲ့ ထုတ်လုပ်သူတွေ ထဲမှာ တစ်ယောက်အပါအဝင်ပါပဲ"

"ဒီလိုဆိုရင် ကျုပ် ဘာပြောနေတယ်ဆိုတာ သိတယ် မဟုတ်လား"

"ဒါပေမယ့် ကျွန်မက ရုပ်ရှင်မင်းသမီးမှ မဟုတ်ဘဲ"

ဂျင်နီက ပြုံးမိသည်။

"မနေ့ညက မင်း ပြောတာ ဒီလို မဟုတ်ပါဘူး"

"ဒါက တခြားပါလေ၊ ကျွန်မ အလုပ်အကြောင်းကို ဘေးဖယ်ထားပါ။ ကျွန်မ ရုပ်ရှင် ဝင်ရိုက်မယ်ဆိုရင် တစ်ပတ်ကို ဒေါ်လာတစ်ထောင် ဝင်ငွေရှိလာဖို့ ဘယ်လောက် ကြာအောင် ကြိုးစားနေရမယ်ဆိုတာ ကျွန်မ သိပါတယ်"

"မင်း ဘယ်လိုလုပ် သိနိုင်မလဲ၊ တို့မှာ ဇာတ်ညွှန်းတစ်ခု ရှိတယ်။ ခေါင်းဆောင် မင်းသမီး ရှာနေတာ ငါးနှစ်တောင် ကြာသွားပြီ၊ ရီနာမာလိုးအတွက် တို့ရေးခဲ့တဲ့ ဇာတ်ညွှန်း၊ ဒီဇာတ်လမ်းမှာ မင်း ခေါင်းဆောင်နိုင်မယ်လို့ ကျုပ် ထင်တယ်"

ဂျင်နီက ရယ်သည်။

"မရှုးချင်စမ်းပါနဲ့ ရှင်ရယ်၊ ရီနာမာလိုးဟာ ပိတ်ကားပေါ်မှာ အချောဆုံးမင်းသမီး၊ ကျွန်မ ဘယ်ယှဉ်နိုင်မှာလဲ၊ လမင်းကို ပိုစုန်းကြူးက တက်ပြိုင်သလို ဖြစ်သွားမှာပေါ့"

မောရစ်ဘွန်နာသည် ပို၍ စိတ်အားထက်သန်လာသည်။

"မင်းမှာ သူနဲ့တူတဲ့ အချက်တွေ အများကြီးရှိတယ်"

"ဟုတ်ပါလိမ့်မယ်၊ ရီနာဟာ နည်းနည်းတော့ ရိုင်းတယ်လို့ ကျွန်မ ကြားဖူးတယ်"

"ဒါလည်း မှန်ပါတယ်။ ဒါပေမယ့် ကျုပ် ဆိုလိုတာက ဒါ မဟုတ်ဘူး၊ မင်း မနက်ဖြန် ကျရင် ကျုပ်တို့ စတူဒီယိုကို လာခဲ့ပါ။ အစမ်းရိုက်ကြည့်ရအောင်၊ မစွံဘူး ဆိုရင်လည်း မေ့ပစ် လိုက်တာပေါ့၊ စွံတယ်ဆိုရင် လူတစ်ယောက်ရဲ့ သဘောတူခွင့်ပြုချက်ကိုတော့ ကျုပ် ရဖို့လိုတယ်၊ ခွင့်ပြုချက်ရရင် တစ်ပတ်ကို ဒေါ်လာ (၂၀၀၀) မင်း ရမယ်"

ဘွန်နာက ဂျင်နီဘက်သို့ ကိုယ်ကိုကိုင်းရင်း စိတ်အားထက်သန်စွာ ပြောသည်။

" (၂၀၀၀) ကြီးများတောင်မှလား၊ ကျွန်မကို နောက်မနေစမ်းပါနဲ့"

ဘွန်နာက ခေါင်းယမ်းပြသည်။

"ပိုက်ဆံနဲ့ ပတ်သက်လာရင် ကျုပ် ဘယ်တော့မှ မနောက်ဘူး"

"ကောင်းပြီ၊ ကျွန်မက လုပ်မယ်ဆိုရင်ကော ဘယ်သူ့ရဲ့ ခွင့်ပြုချက်ကို ယူရမှာလဲ"

ဂျင်နီကလည်း စိတ်ပါဝင်စားလာ၏။

"ဂျိုနတ်စ်ကော့"

"ဟုတ်လား၊ ဒီလိုဆိုရင်လည်း ကျွန်မတို့ ဒီကိစ္စကို မေ့ပစ်လိုက်ကြပါစို့၊ ဒီမြို့ပေါ်မှာ ရှိတဲ့ မိန်းကလေးတချို့ဆီက ကျွန်မ ကြားရသလောက်တော့ ဂျိုနတ်စ်ကော့ဆိုတဲ့ လူဟာ အလကား အီးပေါ်လောကြီးတဲ့"

(၁၅)

အာဗင်သည် ဒေးဗစ်နှင့်အတူ ဧည့်ခန်းတွင်းသို့ ပြန်လိုက်လာသည်။ ရိုဇာက စားပြီး သည့် ပန်းကန်များကို ဆေးရင်း ကျန်ရစ်ခဲ့သည်။

"မောင်ရင့်အမျိုးသမီးက ပိုလို့တောင် ကြည့်ကောင်းနေတယ်"

မီးဖိုရှေ့ရှိ ကုလားထိုင်မှာ ဝင်ထိုင်ကာ လက်များကိုဆန့်တန်းရင်း အာဗင်က ပြောသည်။

"ဟုတ်တယ်"

ဒေးဗစ်က ခေါင်းညိတ်ပြရင်း စိတ်မပါသလို ဖြေသည်။

"မင်း တစ်ခုခုကို စဉ်းစားနေတယ်ထင်တယ် ဒေးဗစ်"

အာဗင်က ဒေးဗစ်ကို ကြည့်ပြီး မေးသည်။

"ခါတိုင်းအကြောင်းတွေပါပဲကွာ"

"ငါ ကြားတာတော့ ဒီလို မဟုတ်ပါဘူး"

"ဘာတွေများ ကြားလို့တုံး"

ဒေးဗစ်၏လေသံသည် အနည်းငယ် မာသွားသည်။

"မင်းလူကို သူတို့ အကျပ်ကိုင်နေကြပြီ ဆိုတာလေ"

အာဗင်က လေသံကို နှိမ့်ပြောသည်။

"တခြားရော ဘာကြားသေးသလဲ"

"မင်းကသာ ပူးပေါင်းလာမယ်ဆိုရင် လူသစ်တွေက မင်းကို ဥက္ကဋ္ဌရာထူး ပေးမယ်တဲ့၊ ဘွန်နာကလည်း သူ့အစုတွေကို သူတို့ကို ရောင်းလိုက်ပြီလို့လည်း ပြောနေကြတာပဲ"

ဒေးဗစ်သည် ဘာမှ ပြန်မပြောဘဲ ငြိမ်နေ၏။ သည်မှာ ဘာတွေဖြစ်နေသည်ကို ဂျိုနတ်စ် မသိနိုင်ဟူ၍တော့ သူ မယုံကြည်။ သို့သော်လည်း မသိ ဆိုသည်မှာလည်း ဖြစ်နိုင်စရာ အကြောင်း ရှိနေသည်။

"ဘယ်လိုလဲ ဘာမှ မပြောတော့ဘူးလား"

ဟု အာဗင်က မေးသည်။

"ဒီအကြောင်းတွေ မင်း ဘယ်လိုလုပ် သိတာလဲ"

အာဗင်က သူ့ပခုံးကို တွန့်ပြသည်။

"တို့မှာလည်း အစုရှယ်ယာ ရှိတယ်လေ၊ သူတို့က ငါ့ကို လာတွေ့တယ်။ သူတို့ပွဲစားတွေနဲ့လည်း အဆက်အသွယ် လုပ်ထားပြီးပြီတဲ့၊ တို့ ဘာလုပ်မယ် ဆိုတာကို သူတို့က သိချင်ကြတယ်"

"အစုက ဘယ်လောက်ရှိသလဲ"

"ရှစ်သောင်း၊ ကိုးသောင်းလောက်ပေါ့၊ ဒါလောက် အစုဆိုရင်လည်း မင်းအဖို့ မက်လောက်စရာ ကောင်းပါတယ်"

"ဘာလုပ်မယ်ဆိုတာရော မင်းတို့ ဆုံးဖြတ်ပြီးကြပြီလား"

ဒေးဗစ်က ပြန်မေးရင်း စိတ်ထဲမှ တွက်နေမိသည်။ ဤအစုသည် အရေးကြီးနိုင်သော အစု ဖြစ်သည်။ သုံးရာခိုင်နှုန်းကျော်ကျော် ရှိသောကြောင့် မလေးမစား လုပ်၍မရ။

"မဆုံးဖြတ်ရသေးဘူး၊ တို့ကတော့ ရိုးရိုးပဲ၊ ငွေရှိရာဘက်ကို လိုက်မှာပဲ၊ ငွေရနိုင်တဲ့ဘက်ကို လိုက်မှာပဲ၊ ဒါနဲ့ပတ်သက်ပြီး သူတို့ စီစဉ်နေတာတွေက အားရစရာ ကောင်းနေတယ်။ ငွေရင်းထပ်မြှုပ်မယ်၊ အမြတ်ကို နှစ်ဆဖြစ်လာအောင် လုပ်မယ်လို့ သူတို့က ပြောနေကြတယ်"

ဒေးဗစ်က ခေါင်းညိတ်ပြသည်။ စီးကရက်ယူကာ ပါးစပ်မှာ ခဲထားသည်။ မိမိ အကြောင်းကြားသည်များကို ဂျိုနတ်စ်သည် မည်သည့်အတွက်ကြောင့် အကြောင်းမပြန်သနည်း။ သုံးကြိမ်တိုင်တိုင် အဆက်အသွယ်ရဖို့ ကြိုးစားခဲ့သည်။ တစ်ကြိမ်မျှ အကြောင်းမပြန်။ ယခုလောက် ဆိုလျှင်တော့ သူ သိနေလောက်ပြီဟု ယူဆရသည်။ နောက်ဆုံး တစ်နေရာသို့ ဆက်သွယ်ကြည့်သောအခါ ဂျိုနတ်စ်သည် ဤတိုင်းပြည်အတွင်းမှာ မရှိဟု သိရသည်။ ထိုသတင်းသာ အမှန်ဖြစ်လျှင် ဂျိုနတ်စ် ပြန်လာချိန်တွင် သည်မှာ သူတို့စိတ်တိုင်းကျ လုပ်ပြီး ကိုင်ပြီး ဖြစ်နေတော့မည်မှာ သေချာသည်။

"မင်း ဘာလုပ်မလဲ ဒေးဗစ်"

"မသိဘူး၊ ငါ ဘာလုပ်ရမှန်း မသိဘူး"

"မင်း ဒီအတိုင်းနေလို့ မရတော့ဘူးနော်၊ ရှုံးသွားတဲ့ လူအဖို့ ဒီကမ္ဘာပေါ်မှာ နေစရာမြေ မရှိဘူး"

"ငါ သိတယ်"

ဒေးဗစ်က ခေါင်းညိတ်ပြသည်။ သူသည် ပါးစပ်မှာခဲထားသည့် စီးကရက်ကို မီးညှိ

လိုက်သည်။

"ဒါပေမယ့်ကွာ ဘယ်လို ဖြစ်နေသလဲဆိုတော့ မစ္စတာကော့က တို့ကို သိပ်ဂရုမစိုက်လှဘူး။ တစ်ခါတစ်ရံ တို့ လုပ်ချင်တာကို နည်းနည်းပါးပါး ခွင့်ပြုတာတော့ ရှိတာပေါ့၊ သူဟာ ရုပ်ရှင်ကို ကောင်းကောင်း ထုတ်လုပ်နိုင်တဲ့ လူဆိုတာလည်း ငါ သိတယ်။ ဒီလုပ်ငန်းကိုလည်း သူ တကယ် စိတ်ဝင်စားခဲ့တာပါ။ ဒါကြောင့် ဒီကုမ္ပဏီကြီးကို သူ ဝယ်လိုက်တာပေါ့၊ ရှမ်းတို့လူစုလို၊ ပွဲစားတွေလို ငွေမျက်နှာကိုသာကြည့်ပြီး ဒီအလုပ်ကို သူ လုပ်နေတာ မဟုတ်ပါဘူး။ အရှုံးနဲ့အမြတ် ဆိုတာတော့ ရှိတာပေါ့ကွာ"

"ဒါပေမယ့် ဟိုလူတွေ လက်ထဲမှာက အစုရှင်မဲ အများစုကို ရနေကြပြီ"

ဟု အာဗင်က ပြောသည်။

"ဟုတ်ပါတယ်"

ဒေးဗစ်သည် စီးကရက်ကို ပြာခွက်ထဲသို့ ထည့်ခြွေရင်း ဒေါသသံဖြင့် ပြန်ဖြေမိသည်။

အာဗင်သည် ခဏ ငြိမ်နေ၏။ ပြီးတော့မှ ပြုံးလာသည်။

"မင်းကို ငါ ပြောတယ် မဟုတ်လား၊ ငါတို့မှာ ရှိနေတဲ့ မဲပေးပိုင်ခွင့်တွေကို စုပြီး မင်းကို ငါ ပေးမယ်၊ ဘယ်ဟာ အကောင်းဆုံးလဲ ဆိုတာကို မင်း ဆုံးဖြတ်ပြီးရင် တို့အတွက် သူတို့ကို မဲပေးပေးပါ"

ဒေးဗစ်က အာဗင်ကို စိုက်ကြည့်နေသည်။

"ဒီအတိုင်း မင်း လုပ်ပြီးပြီလား"

"ငါ မြင်တာကတော့ တခြားနည်းလမ်း မရှိတော့ဘူး။ တို့ ငယ်ငယ်က ဈော်ကီရဲ့ ကားကိုဒေါင်နားက အရက်ပုန်းတွေ သယ်ခဲ့ကြတာ မှတ်မိတယ် မဟုတ်လား"

အာဗင်က ရယ်ရင်း ပြောသည်။

"ဟောဒီမှာ ကော်ဖီလာပြီ"

ရိုဇာသည် ကော်ဖီပန်းကန်များ ထည့်ထားသည့် ဗန်းကိုသယ်ရင်း ဝင်လာသည်။

"ဟောဗျာ ချောကလက်ကိတ်မုန့်တွေရောပါလား"

အာဗင်က အံ့ဩဟန်ဖြင့် ပြန်ပြောသည်။

"ဟုတ်ပါတယ်၊ ကျွန်မကိုယ်တိုင် အိမ်မှာဖုတ်တာ"

ရိုဇာက လောကွတ်ပိုသည့်အနေဖြင့် ရယ်သည်။

* * *

"အိုး. . . ဒေါက်တာ"

အာဗင်သည် ကုလားထိုင်နောက်မှီမှာ မှီလိုက်သည်။ ရိုဇာကို ကြည့်ရင်း သူ့မျက်လုံးများကို ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။

"နောက်တစ်ခု စားပါဦးလား"

"သုံးခုတောင် စားပြီးပြီ၊ နောက်တစ်ခုသာ ထပ်စားရရင်တော့ ကျွန်တော့်ဗိုက်ကို နဂိုပုံမျိုး ပြန်ဖြစ်အောင် ဒေါက်တာ ခွဲစိတ်ကုသပေးရလိမ့်မယ်နော်"

"ဒါဖြင့် ကော်ဖီနည်းနည်း သောက်လိုက်ပါဦး"

ရိုဇာသည် အာဗင်၏ ပန်းကန်ထဲသို့ ကော်ဖီ ထပ်ဖြည့်ပေးသည်။ ဖြည့်ပြီးသောအခါ ကိတ်မုန့်ပန်းကန်များကို စုထပ်နေသည်။

"မောင်ရင့်ကို တစ်ခုမေးရဦးမယ်၊ ဂျင်နီဒင်တန်ဆိုတဲ့ နာမည် ကြားဖူးပြီးပြီလား"

"ဂျင်နီဒင်တန်၊ မကြားဖူးဘူး"

ဒေးဗစ်က ခေါင်းကို ယမ်းပြသည်။

"ငါ မေ့သွားလို့ ဒီအချိန်ဟာ တခြားကိစ္စကို မင်း ဘာမှ စိတ်မဝင်စားနိုင်တဲ့ အချိန်ဘဲ"

အာဗင်က ရိုဇာကို မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း ပြောသည်။

"သူ ဘာဖြစ်လို့လဲ၊ ကျွန်မ ဂျင်နီဒင်တန်ကို သိတယ်"

ဟု ရိုဇာက မေးသည်။

"သိသလား၊ ဘယ်မှာ သိခဲ့တာလဲ ဒေါက်တာ"

"ဆေးရုံတစ်ရုံမှာ၊ လေးနှစ်လောက် ရှိသွားပြီ၊ ဒီနာမည်မျိုးနဲ့ သူနာပြုဆရာမ တစ်ယောက် သိခဲ့ဖူးတယ်"

"အရပ် (၅) ပေ (၆) လက်မ၊ မျက်လုံးနက်နက်၊ အညိုနုရောင် ဆံပင်ရှည်ရှည်၊ ကိုယ်လုံးကိုယ်ပေါက်လှလှ၊ လမ်းလျှောက်ရင် အလွန် စိတ်ဝင်စားစရာ ကောင်းတယ်"

အာဗင်က ပုံသဏ္ဍာန်ကို ပြောပြနေသည်။

"ညို့ဇာတ်များတယ်လို့ ဆိုချင်တာ မဟုတ်လား"

ရှိဇာက ရယ်ပြီး မေးသည်။

"ဟုတ်တယ်၊ ကျွန်တော် ဆိုချင်တာ အဲဒါပဲ"

"ကျွန်မ သိခဲ့တာ သူပဲ ဖြစ်မှာပဲ"

"သူ ဘာဖြစ်လို့လဲ"

ဒေးဗစ်က မေးသည်။

"ဂျင်နီဟာ လော့စ်အိန်ဂျယ်လိစ်မှာ ဈေးအကြီးဆုံး မိန်းကလေးပဲ၊ တောင်ပေါ်မှာ အခန်းခြောက်ခန်းပါတဲ့ အိမ်ကြီးတစ်လုံးနဲ့နေတယ်၊ သူ့ကို တွေ့ချင်တယ်ဆိုရင် ကြိုပြီးခွင့်တောင်းထားရတယ်၊ သူ ခွင့်ပေးတဲ့ရက်မှာ တွေ့ရတယ်၊ ဟိုတယ်ကို ခေါ်သွားလို့ မလိုက်ဘူး၊ ကြိုပြီး ခွင့်တောင်းတာတောင်မှ နှစ်ပတ်၊ သုံးပတ်ကြာမှ တွေ့ခွင့်ရတယ်၊ တစ်ပတ်မှာ သူက ငါးရက်ပဲ အလုပ်လုပ်တယ်"

"ကျွန်မ ယောက်ျားကိုလာပြီး ဆွယ်တရားဟောနေတယ်ဆိုရင် ဆက်မပြောပါနဲ့တော့၊ အခု ရပ်ပါ"

ရှိဇာက ဝင်ဖြတ်ပြောသည်။ သူ့မျက်နှာပေါ်တွင်မူ ပြုံးလျက်ရှိသည်။

အာဗင်ကလည်း ပြုံးနေသည်။

"ဒီအပတ် စောစောပိုင်းတုန်းက မောရစ်ဘွန်နာ သူနဲ့သွားတွေ့တယ်၊ နောက် တစ်နေ့ကျတော့ စတူဒီယိုကိုခေါ်ပြီး ဂျင်နီကို ရုပ်ရှင်အစမ်းရိုက်ကြည့်တယ်တဲ့၊ သူ သိမ်းထားတဲ့ ဇာတ်ညွှန်းအဟောင်းထဲက အခန်းတချို့ကို ဆေးရောင်စုံရိုက်ကြည့်တာ၊ ဘာသာရေးအခန်းပဲတဲ့၊ ရိုက်ကွင်းအမှတ် (၁၂) မှာရှိတဲ့ ရေကန်ကြီးထဲက တက်လာတဲ့အခန်းလို့ ပြောတယ်၊ ကောင်း လွန်းလှချည်ရဲ့လို့ ပြောနေကြတယ်၊ နှစ်ရက်အတွင်း စတူဒီယိုတစ်ခုလုံးမှာ ဒီသတင်း ပြန့်သွားတယ်၊ ထပ်ပြပါဦးလို့ ဘွန်နာကို တစာစာ ပူဆာနေကြသတဲ့"

ဘာသာရေးအခန်းနှင့် ပတ်သက်၍ ဇာတ်ညွှန်း တစ်ခုတည်းရှိသည်ကို ဒေးဗစ် သတိရသည်။

"ဇာတ်ညွှန်းနာမည် မမှတ်မိဘူးလား၊ အလင်္ကာမ ဆိုတာများလား"

ဟု ဒေးဗစ်က မေးသည်။

"ဖြစ်နိုင်တယ်"

"အဲဒီ ဇာတ်လမ်းမှန်ရင်တော့ ရီနာမာလိုး မသေခင်က ရီနာအတွက် မစ္စတာကော့ ရေးခဲ့တဲ့ ဇာတ်ညွှန်းပဲ"

"ဘယ်သူ့အတွက် ရေးထားတဲ့ ဇာတ်ညွှန်း ဆိုတာတော့ ကိုယ့်အဖို့ အရေးမကြီးပါဘူး၊ အစမ်းရိုက်ထားတဲ့ကားကို မင်း ကြည့်ရရင် မနေ့ာခွေသွားမယ်၊ ငါ ကြည့်တာ နှစ်ခါရှိပြီ၊ ကြည့်ပြီးသူတိုင်းက တသသ ပြောနေကြတယ်"

"မနက်ဖြန် ငါ ကြည့်မယ်"

"ကျွန်မလည်း ကြည့်ချင်တယ်"

ဒေးဗစ်က ရှိဇာကို လှည့်ကြည့်သည်။ ပြီးတော့ သူ ပြုံးလိုက်မိသည်။ ရုပ်ရှင်ကို ရှိဇာ စိတ်ဝင်စားကြောင်း ယခု ပထမဦးဆုံးအကြိမ် ပြောခြင်း ဖြစ်သည်။

"မနက်ဆယ်နာရီထိုးရင် စတူဒီယိုကို အရောက်လာခဲ့၊ ကိုယ်တို့နှစ်ယောက် ကြည့်ကြတာပေါ့"

"ကိုယ့်မှာလည်း အရေးကြီးတဲ့ အစည်းအဝေး မရှိဘူးဆိုရင် လာခဲ့ဦးမယ်လေ"

ဟု အာဗင်က ပြောသည်။

* * *

ဒေးဗစ်သည် ပြတင်းပေါက်နားမှာ ထိုင်ကာ သမုဒ္ဒရာပြင်ကျယ်ကြီးကို လှမ်းမျှော်ကြည့်နေမိသည်။ ရေချိုးခန်းထဲမှာ ရိုဇာ ရေချိုးနေသံကို ခပ်သဲ့သဲ့ ကြားနေရသည်။ ရိုဇာအကြောင်းကို စဉ်းစားရင်း သူ ပြုံးနေမိသည်။ ရိုဇာအတွက်လည်း သူ စိတ်ချမ်းသာမိသည်။

သူ့နောက်ဘက်မှ တံခါးဖွင့်သံကြားသဖြင့် လှည့်ကြည့်သောအခါ ရိုဇာ ရပ်နေသည်ကို တွေ့ရသည်။ ရိုဇာ၏ မျက်နှာပေါ်တွင် ရွှင်မြူးနေသည့် အမူအရာကို မြင်ရသည်။

"ကိုယ့်ကို တစ်ခုခု ပြောစရာရှိနေတယ် မဟုတ်လား၊ ကဲ. . . ပြော"

"မဟုတ်ပါဘူး ဒေးဗစ်၊ မယားတစ်ယောက်ရဲ့ တာဝန်ဟာ သူ့အရှင်သခင်က ပြောတာကို နားထောင်ဖို့ပါပဲ"

ရိုဇာ၏ မျက်လုံးများသည် စိတ်ဓာတ်တက်ကြွနေသည်။

"ကိုယ့်ဟာကိုယ်တော့ အရှင်သခင်လို့ မထင်ပါဘူးကွယ်"

"တစ်ခုခုများ ဖြစ်နေသလား ဒေးဗစ်"

"ကိုယ်လည်း မသိဘူး"

ဒေးဗစ်သည် သူ ကြုံတွေ့နေရသည်များ အားလုံးကို ရိုဇာအား ရှင်းပြသည်။ ရိုဇာ တယ်လီဖုန်းဆက်သည့်ညက ရှဖီးနှင့် ဆွေးနွေးခဲ့သည်များမှအစ ယခု နောက်ဆုံး ဖြစ်နေသည့် အခြေအနေများအထိ ပြောပြသည်။ ရိုဇာသည် သူ့ဆီသို့ လျှောက်လာပြီး သူ့ခေါင်းကို လက်ဖြင့် ပွေ့ယူသည်။

"သနားစရာကောင်းလိုက်တဲ့ ဒေးဗစ်ရယ်၊ ပြဿနာတွေကလည်း များလိုက်တာနော်"

"ကိုယ်ဟာ ဆုံးဖြတ်ချက် တစ်ခုခုကို အမြန်ဆုံး ချရတော့မယ်၊ ကိုယ် ဘာလုပ်သင့်တယ်လို့ မင်း ထင်သလဲ"

ရိုဇာက သူ့ကို ကြည့်နေသည်။ ရိုဇာ၏ မျက်လုံးများသည် အရောင်တောက်နေကြ၏။

"ရှင် ဘာကို ဆုံးဖြတ် ဆုံးဖြတ်၊ ကျွန်မတို့အတွက်ကတော့ အမှန်ပဲ ဖြစ်မှာပဲဆိုတာ ကျွန်မ ယုံကြည်ထားပါတယ်"

"တို့အတွက်"

ရိုဇာက တဖြည်းဖြည်း ပြုံးလာသည်။ သူသည် မိန်းမတစ်ယောက်ဖြစ်ကြောင်း သူ့ကိုယ်သူ ပြန်ပြီး နားလည်လိုက်သည်။ သူ့အသံလည်း အလွန် တိုးတိတ်ပြီး ပျော်ရွှင်နေသည့် အသံ ဖြစ်သည်။

"ကျွန်မတို့ ကလေးရတော့မယ်"

## (၁၆)

ရုပ်ရှင်ခန်းထဲမှ ထွက်လာသောအခါ သူတို့ခေါင်းပေါ်မှ နေရောင်သည် အလွန်တရာ ချစ်ချစ်တောက်ပူနေသည်။ ဒေးဗစ်၏ ရုံးခန်းရှိရာသို့ တိတ်ဆိတ်စွာပင် သူတို့ လျှောက်လာခဲ့ကြသည်။

"အစမ်းရိုက်ထားတဲ့ ရုပ်ရှင်ကို ဘယ်လို သဘောရသလဲ ဒေးဗစ်၊ ဒီကားကို ကြည့်မိတော့ ငါ မိန်းမယူလိုက်မိတာ မှားသွားပြီလို့များ မထင်မိဘူးလား"

ရိုဇာက သူ့ယောက်ျားကို လှမ်းစသည်။

ဒေးဗစ်က ရိုဇာကို ကြည့်ပြီးရယ်သည်။ သူ့ရုံးခန်းကိုဖွင့်ပြီး အတွင်းရေးမှူးကို ကျော်ကာ လျှောက်လာခဲ့ကြသည်။ ဒေးဗစ်က သူ့စားပွဲ နောက်သို့သွားကာ ကုလားထိုင်မှာ ဝင်ထိုင်သည်။

ရိုဇာက သူနှင့်မျက်နှာချင်းဆိုင်ရှိ သားရေကုလားထိုင် တစ်လုံးပေါ်မှာ ဝင်ထိုင်သည်။ ဒေးဗစ်၏ အမူအရာသည် တစ်စုံတစ်ရာကို စဉ်းစားနေသည့် အမူအရာမျိုးပင် ဖြစ်သည်။ ရိုဇာက စီးကရက်တစ်လိပ် ထုတ်ပြီး မီးညှိဖွာသည်။

"မင်း ဘယ်လိုထင်သလဲ ရိုဇာ"

"ယောကျ်ားတွေ အားလုံး အရှုးအမူးဖြစ်ကုန်အောင် သူ ဘာဖြစ်လို့ လုပ်နိုင်တယ်ဆို တာ ကျွန်မ အခုမှပဲ သဘောပေါက်တော့တယ်၊ အဝတ်ကလေး မလွှတလုံနဲ့ ရေထဲကတက်လာ တဲ့အခန်းဟာ ကျွန်မ မြင်ဖူးသမျှတွေထဲမှာတော့ အကောင်းဆုံးအခန်းပဲ"

"အစမ်းရိုက်ထားတဲ့ ရုပ်ရှင်ကို မေ့ပစ်လိုက်စမ်းပါ၊ ဒီအမျိုးသမီးနဲ့ ပတ်သက်ပြီး မင်း ဘယ်လိုထင်သလဲ"

ရိုဇာသည် စီးကရက်ကို အားရအောင်ဖွာပြီး မပြုံးတော့ဘဲ အတည်ပြောသည်။

"အင်မတန် အံ့သြစရာကောင်းတာပဲ၊ ကျွန်မ အသည်းနှလုံးတွေ အကုန်လုံးကို ဆွဲနုတ်ယူသွားသလား အောက်မေ့ရတယ်၊ ခြေတော်အစုံကို သူက လေးဖက်တွားပြီး လိုက်တယ်၊ ခြေတော်ကို နမ်းနိုင်ဖို့ သူ ကြိုးစားတာလေ၊ ကျွန်မဖြင့် ကြည့်နေရင်း သူနဲ့အတူတူတောင် ရောပြီး ငိုနေမိတော့တယ်၊ တကယ့် မျက်ရည်လား၊ မိတ်ကပ်လားဟင်"

"တကယ့် မျက်ရည်တွေ၊ အစမ်းရိုက်ကြည့်တဲ့အခါမှာ၊ ဘယ်တော့မှ မိတ်ကပ်ကို မသုံးဘူး"

ဒေးဗစ်က ရိုဇာကို ကြည့်ရင်း ပြောသည်။

ဒေးဗစ်၏ရင်ထဲမှာ ဇောပြန်လာသည်။ ရိုဇာက သူ ရှာဖွေနေသော အဖြေကို ပေးလိုက်ခြင်း ဖြစ်လေသည်။ ရီနာမာလိုးကို ပထမဦးဆုံး ပိတ်ကားပေါ်မှာ စတင်မြင်ဖူးစဉ်တုန်း ကပင် သည်လိုခံစားမှုမျိုးကို သူ မခံစားခဲ့ရ။

ဒေးဗစ်သည် စားပွဲပေါ်မှ စာရွက်တစ်ရွက်ကို ကောက်ယူကာ တစ်စုံတစ်ရာကို ရေးနေသည်။ ရိုဇာက သိချင်စိတ်ဖြင့် စားပွဲကိုပတ်ပြီး သူ့ဘက်သို့ လျှောက်သွားသည်။ သူ့ပခုံး ကိုကျော်ပြီး ငုံ့ကြည့်သောအခါ သူ ရေး၍ပြီးသွားပြီဖြစ်ရုံမက တယ်လီဖုန်းကိုပင် ကောက်ကိုင် နေပြီ။

*ဂျုံနတ်စ်. . .*

*အခုအချိန်ဟာ ရုပ်ရှင်လုပ်ငန်းကို ပြန်လုပ်ကြဖို့ အချိန်ကျနေပြီလို့ ထင်ပါတယ်။ အကျိုးအကြောင်း သိပါရစေ။*

*ဒေးဗစ်*

"ရီနိုမြို့မှာ ရှိနေတဲ့ မက်အယ်လစ္စတာကို ဆက်ပေးစမ်းပါ"

ဒေးဗစ်က ဖုန်းထဲသို့ ပြောရင်း ရိုဇာကို မော့ကြည့်ပြီး ပြုံးပြသည်။ ရိုဇာကလည်း ပြန်ပြုံးပြကာ သူ့ကုလားထိုင်သို့ ပြန်လာထိုင်သည်။

"ဟဲလို. . . မက်၊ ကျွန်တော် မေးခွန်းနှစ်ခု မေးချင်တယ်"

ဒေးဗစ်က ပြောသည်။

ရိုဇာ၏ရင်ထဲမှာ ဂုဏ်ယူစိတ်များ ပေါ်လာသည်။ သူ့ယောကျ်ား အလုပ်လုပ်သည့် စတူဒီယိုသို့ လိုက်လာမိသည့်အတွက် ဝမ်းသာနေမိသည်။ သူ့ယောကျ်ားသည် မည်သို့သော အလုပ်အကိုင်တွင် မည်မျှကြီးမားသည့် တာဝန်များကို ထမ်းဆောင်နေကြောင်း စောစောက ကောင်းစွာ သဘောမပေါက်ခဲ့။

"ပထမ မေးခွန်းက မင်းသမီးတစ်ယောက်ကို ကော့လက်နက်ခဲယမ်းမီးကျောက် စက်ရုံနဲ့ ကန်ထရိုက်စာချုပ် ချုပ်လို့ ရနိုင်မလား။ အရေးကြီးတဲ့ အကြောင်းတွေ ရှိနေလို့ပါ"

ဒေးဗစ်သည် တစ်ဖက်မှ ပြန်ပြောသည်ကို နားထောင်ရင်း သက်သာရာ ရသွားသလို ရှိသည်။

"ကောင်းပါပြီ၊ ဒုတိယမေးခွန်း၊ ကျွန်တော့်မှာ ရုပ်ရှင်အပိုင်းတစ်ပိုင်း ရှိပါတယ်။ ဂျုံနတ်စ် ကြည့်စေချင်ပါတယ်၊ သူ့ဆီရောက်အောင် ပို့ပေးနိုင်မလား"

တစ်ဖက်မှ စကားကို သူ ခဏစောင့်နားထောင်နေသည်။

"တခြား ပြောစရာ မရှိတော့ပါဘူး၊ ရုပ်ရှင်ကားကို (၂) နာရီအတွင်း လော့စ်အိန်ဂျယ် လိစ်မှာရှိတဲ့ ခင်ဗျား ရုံးအရောက် ပို့လိုက်ပါ့မယ်၊ ကျေးဇူးတင်ပါတယ် မက်၊ ဒါပါပဲ"

ဒေးဗစ်က တယ်လီဖုန်းခလုတ်ကို ဆက်ပြီးနှိပ်ပြန်၏။

"မစ္စဝီလ်ဆင်၊ ဖလင်ဆေးတဲ့ ကူးတဲ့ဌာနက ဂျက်စ်လီးကို ဆက်ပေးစမ်းပါ၊ ပြီးရင်

မင်း ငါ့ဆီလာခဲ့ဦး"

ဒေးဗစ်က တယ်လီဖုန်းကိုင်ထားရင်း စီးကရက် ထုတ်သည်။ ရှိဇာက မီးခြစ်ကာ စားပွဲကိုကျော်ပြီး ညှိပေးသည်။ ရှိဇာကို သူက ပြန်ပြုံးပြသည်။

တယ်လီဖုန်းထဲမှ ဂျက်စ် ပြန်ထူးသည့် အချိန်မှာပင် သူ့အတွင်းရေးမှူး မစ္စဝီလ်ဆင်လည်း တံခါးဝသို့ ရောက်လာသည်။

"ဂျက်စ် ခင်ဗျားဆီကို စာကလေးတစ်စောင် ကျူပ် အခု ပို့လိုက်မယ်၊ အဲဒီစာကို ဓာတ်ပုံရိုက်ပြီးတော့ ဂျင်နီဒင်တန် စမ်းရိုက်ထားတဲ့ အပိုင်းတို့ရဲ့အဆုံးမှာ ထည့်ကူးပေးပါ၊ အခု ချက်ချင်း လုပ်ပေးပါ"

"အကြမ်းကူးထားတာကို သိတယ် ဂျက်စ်၊ ဒီအပိုင်းကို ကော်ပီ တစ်ခု ကူးပါ၊ ကျွန်တော် ရေးထားတဲ့စာကို အဆုံးမှာ ကူးထည့်ပါ၊ ပြီးတော့ ကော့လေယာဉ်ပျံစက်ရုံမှာ ရှိနေတဲ့ မက်အယ်လစ္စတာရဲ့ အတွင်းရေးမှူးဆီကို ပို့ပေးပါ၊ အခု နေ့ခင်း အရောက်ပို့ပေးပါ"

"ရှင် ဆုံးဖြတ်ချက် ချလိုက်ပြီလား"

ဒေးဗစ်သည် တယ်လီဖုန်းကို ပြန်ချရင်း ရှိဇာအား ခေါင်းညိတ်ပြသည်။

"ကိုယ် အလုပ်ကြီးတစ်ခုကို စလုပ်ပြီ၊ ကိုယ်မှားရင် သူတို့နိုင်မယ်၊ ကိုယ်ရှုံးမယ်၊ ကိစ္စမရှိဘူး"

သူ့စကားကို ကြားသောအခါ ရှိဇာက ပြုံးသည်။

"အခုအချိန်ဟာ လူတစ်ယောက်ကို ခွဲစိတ်ကုသတဲ့ အချိန်မျိုးလိုပဲ၊ ရှင်ဟာ ခွဲစိတ်ကုသတဲ့ ဆရာဝန် ဆိုပါတော့၊ ရှင့်လက်ထဲမှာ ဓားကိုင်ထားတယ်၊ ရှင့်ရှေ့မှာရှိနေတဲ့ လူနာရဲ့ ဗိုက်ကိုလည်း ဖွင့်ပြီးပြီ၊ စာအုပ်တွေထဲမှာ ရေးထားတဲ့အတိုင်းဆိုရင် ရှင် လုပ်နိုင်တဲ့ အလုပ်တွေဟာ အများကြီးပဲ၊ လုပ်နိုင်တဲ့ နည်းလမ်းတွေဟာလည်း အများကြီးပဲ၊ ဒါပေမယ့် ရှင် လုပ်ရမယ့် တစ်ခုတည်းသော အလုပ်ကတော့ မှန်တဲ့အတိုင်း လုပ်ဖို့ပဲ၊ အခုဆိုရင် ရှင် ဆုံးဖြတ်ချက် ချလိုက်ပြီ၊ ဒါဟာ ရှင် လုပ်ရမယ့် ရှင့်အလုပ်၊ ရှင် သွားရမယ့် ရှင့်ရဲ့လမ်း၊ ဘယ်လိုပဲ အကျပ်ကိုင်မှုတွေ ရှိနေနေ၊ စာအုပ်တွေက ဘယ်လိုပဲ ရေးထားထား ဘာမှ မဆိုင်တော့ဘူး၊ ကိုယ့်လမ်းကိုယ် လျှောက်ရတော့မယ်၊ အခု ဒါကိုပဲ ရှင် လုပ်နေတာပဲ မဟုတ်လား ဒေးဗစ်၊ ကိုယ့်လမ်းကိုယ် လျှောက်နေတာပဲ မဟုတ်လား"

ရှိဇာသည် ပြုံးလျက်ပင် သူ့ကို အေးအေးဆေးဆေး ပြောနေသည်။

ရှိဇာကို သူ စိုက်ကြည့်နေမိသည်။ ရှိဇာ့မှာ ကြီးမားသော အသိဉာဏ်များ ရှိနေကြောင်း သူ သဘောပေါက်သည်။ ထို့ကြောင့်လည်း မဆိုင်းမတွ သူက ပြန်ပြောသည်။

"ဟုတ်တယ် ရှိဇာ၊ ကိုယ့်လမ်းကိုယ်လျှောက်နေပြီ"

သူ့တစ်သက်တွင် ဤမျှခိုင်မာသည့် ဆုံးဖြတ်ချက်မျိုး၊ စိတ်ထားမျိုး တစ်ကြိမ်တစ်ခါမျှ မပေါ်ဘူးခဲ့။ ရှိဇာ ပြောသည်မှာ မှန်ပါသည်။ မိမိသည် ကိုယ့်လမ်းကိုယ်လျှောက်နေပေပြီ။

* * *

ဂျင်နီဒင်တန်သည် ဧည့်ခန်းရှိ စားပွဲမှာ ထိုင်နေသည်။ လစဉ်ရှင်းပေးရမည့် ငွေများအတွက် ချက်လက်မှတ်တွင် လက်မှတ်ရေးထိုးနေသည်။ ထိုအချိန်မှာပင် တံခါးမှ ခေါင်းလောင်း မြည်လာ၏။ မက်ဆီကန်အဘွားကြီးက တံခါးဆီသို့ လျှောက်သွားသည်။ ဂျင်နီက စားပွဲပေါ်သို့ ပြန်ငုံ့ကြည့်သည်။

သူ့အကြောင်း သူ ပြန်စဉ်းစားရင်း မိမိကိုယ်ကိုမိမိ ပြန်အပြစ်တင်နေမိသည်။ အမှန်တော့ ရုပ်ရှင်အစမ်းရိုက်ခြင်းကို သူ လက်မခံသင့်ခဲ့ပေ။ ယခုတော့ လူတကာက သည်ကားကို ကြည့်ပြီးနေကြပြီ။ လူတကာ၏ပါးစပ်မှာ သည်အကြောင်းများ ရောက်နေပြီ။ လူတကာက သူ့ကို နောက်လားပြောင်လားနှင့် လုပ်နေကြပြီ။ ဟောလီးဝုဒ်တစ်မြို့လုံးမှာ ဟိုးလေးတကျော်ကျော် ဖြစ်သွားရာ လူလေးယောက်လောက်ကပင် ဖုန်းဆက်ပြီး သူ့ကို ချီးကျူးကြောင်း ရွှတ်နောက်နောက်ဖြင့် လှမ်းပြောကြသည်။

မိမိသည် မင်းသမီးမဟုတ်ကြောင်း သူ သိသည်။ သို့သော်လည်း ဤသို့ အနောက်အပြောင်ခံရအောင် သူ ဘာကြောင့် သဘောတူခဲ့သနည်း။ ရုပ်ရှင်ရိုက်ကွင်းမှာ သူ ရပ်နေခဲ့စဉ်က

မိမိကိုယ်မိမိ အလွန် လည်သည်ဟု ထင်ခဲ့သည်။ သို့သော်လည်း ချက်ချင်းပင် ထိုအသိတရားများ ကွယ်ပျောက်သွားကာ သာမန်လူတစ်ယောက် ဖြစ်သွားသည်။

ကင်မရာရှေ့မှာ ရပ်နေစဉ်က မိမိကိုယ်မိမိ ဂျင်နီဒင်တန် ဖြစ်သည်ဟုပင် သူ မထင်တော့။ ဇာတ်ညွှန်းကို သူ ဖတ်ပြီးသား ဖြစ်သည်။ ထို့ကြောင့်လည်း သူ့ကိုယ်သူ ဇာတ်လမ်းထဲမှ မေရီမဂ္ဂဒါလင်း ဖြစ်နေပြီဟု စိတ်ထဲမှာ ယုံကြည်နေသည်။ ထို့ကြောင့်လည်း စိတ်ပါလက်ပါကြီး သရုပ်ဆောင်ပစ်လိုက်မိသည်။

ဘေးမှာရှိနေသူများက သူ့ကို ဝိုင်းရယ်နေကြသည်။ ရယ်ကြစမ်းပါစေ။ သူ မမှု။ ဂျင်နီက ဇာတ်လမ်းအတိုင်း ငိုချလိုက်သည်။ ဤအကျင့်သည် သူ ကလေးဘဝကတည်းက ရခဲ့သည့်အကျင့် ဖြစ်သည်။ မည်သူတွေ မည်သို့ပင်ပြောကြစေ၊ မည်သူတွေက သူနှင့် ပတ်သက်၍ မည်သို့ပင် ဟားတိုက်ကြပါစေ၊ လှောင်ပြောင်ကြပါစေ ကိုယ့်လမ်းကိုယ် လျှောက်ရုံသာ ရှိသည်။

အစမ်းရိုက်ကြည့်စဉ်က ဘေးမှသူများက ဝိုင်းရယ်ကြသည်။ ယခုတော့ ထိုသို့ ရယ်ကြသည်ကို ဘာမှ အံ့ဩစရာ မရှိတော့။ ဘွန်နာသည် သူ့ကို နောက်ထပ် ဘာမှ အကြောင်းမကြားခြင်းကို ထောက်ရှုခြင်းအားဖြင့် ပြက်လုံးတစ်ခုကို လုပ်သွားသည်မှာ သေချာနေသည်။

မက်ဆီကန်အမျိုးသမီးကြီး ပြန်ဝင်လာသည့် ခြေသံကို ကြားရသည်။

"မစ္စတာဝုဖ်က တွေ့ချင်လို့တဲ့"

ဝုဖ်။

သူ့အသိထဲတွင် သည်နာမည်မျိုး မရှိ။ ရဲအဖွဲ့မှ လူသစ်တစ်ယောက် ဖြစ်ချင်ဖြစ်နိုင်သည်။ ဂျင်နီသည် ရဲစခန်းကို လက်ဖက်ရည်ဖိုး ပေးနေရသည်။ လစဉ်ပေးနေရသောငွေကို လူသစ်တစ်ယောက်လာပြီး တောင်းလိမ့်မည်ဟု သူ့ကို ရဲစခန်းက ပြောထားဖူးသည်ကို သတိရမိသည်။

"ရုပ်ရှင်ကုမ္ပဏီကလို့ ပြောပါတယ်"

အိမ်ဖော် မက်ဆီကန်အဘွားကြီးက ဆက်ပြောသည်။

"အိုး. . . ခေါ်ခဲ့"

အဘွားကြီး ထွက်သွားသည်နှင့် တစ်ပြိုင်တည်း ဂျင်နီသည် သူ့စားပွဲဘက်သို့ ပြန်လှည့်သည်။ စားပွဲပေါ်မှာ ရှိနေသည့် စာရွက်စာတမ်းများ၊ အကြွေးစာရင်းများ၊ ငွေတောင်းခံလွှာများ၊ ချက်စာအုပ်များကို အံဆွဲထဲသို့ ကမန်းကတန်း ထည့်လိုက်သည်။ အိမ်ဖော်အဘွားကြီး ပြန်ဝင်လာသောကြောင့် မော့ကြည့်လိုက်သည့်အခါ လူငယ်တစ်ယောက် ပါလာသည်ကို တွေ့ရသည်။

ဂျင်နီက ကုလားထိုင်မှာ ထိုင်ရင်း အေးတိအေးစက် အမူအရာဖြင့် ကြည့်နေသည်။

"ရှင့်ကို ဘွန်နာ လွှတ်လိုက်တာလား"

"မဟုတ်ပါဘူး၊ ကျုပ် ဒီကိုလာတာတောင် ဘွန်နာ မသိပါဘူး၊ အကြောင်းတစ်ခုကြောင့် လာတာ"

"အိုး. . . ကျွန်မကို စမ်းရိုက်ထားတာ ရှင် ကြည့်ပြီးပြီလား"

ဂျင်နီက သူ ဘာကြောင့်လာသည်ကို ချက်ချင်း သိသွားသည်။

ဒေးဗစ်က ခေါင်းညိတ်ပြသည်။

"ဒီလိုဆိုရင် ရှင် ပြန်တော့၊ ကြိုတင်ရက်ချိန်း တောင်းမထားဘဲနဲ့ ကျွန်မ ဘယ်သူ့ကိုမှ လက်ခံမတွေ့ဘူး"

ဂျင်နီ၏လေသံက ပို၍ အေးစက်မာကျောလာသည်။

ဒေးဗစ်၏ မျက်နှာပေါ်တွင် အပြုံးရိပ် ပေါ်လာသည်။ ဂျင်နီသည် ပို၍ ဒေါသထွက်လာ၏။

"ကျွန်မ ရုပ်ရှင်ကို ဆက်မပြနဲ့တော့လို့ ဘွန်နာကိုလည်း ပြောပြလိုက်ပါ၊ တကယ်လို့ မရပ်ဘဲ ဆက်ပြနေရင် သူ တစ်နေ့မှာ သိပ်ပြီး နောင်တရသွားပါလိမ့်မယ်၊ သိပ်ပြီးဝမ်းနည်းသွားရလိမ့်မယ်"

ဒေးဗစ်က ရယ်သည်။ သူ၏ မျက်နှာအမူအရာသည် ပို၍ အလေးအနက်သဘော ထားသည့် ဟန်မျိုး ပေါ်လာသည်။

"ဆက်မပြတော့ဖို့ လုပ်ထားပြီးခဲ့ပါပြီ မစ္စဒင်တန်"

"ဟုတ်လား၊ ဆက်ပြနေမယ်ဆိုရင် ကျွန်မ လုပ်ငန်းကို ဖျက်ဆီးပစ်နေတာနဲ့ အတူတူပဲ"

ဂျင်နီဒင်တန်၏ လေသံသည် ဒေါသသံများ လျော့ပါးသွား၏။

"ဒီအလုပ်ကို ခင်ဗျား ရပ်လိုက်ဖို့ကောင်းပြီလို့ ကျုပ် ထင်ပါတယ်"

ဒေးဗစ်က အေးအေးဆေးဆေးပင် ပြောသည်။

ဂျင်နီက သူ့ကို စိုက်ကြည့်နေသည်။ မျက်လုံးများသည် အဝိုင်းသား ဖြစ်နေကြ၏။

"ရှင် ဘာကိုဆိုလိုတာလဲ"

"ခင်ဗျားနားမလည်မှာ ကျုပ် စိုးရိမ်မိပါတယ်"

ဒေးဗစ်က ပြောပြောဆိုဆို သူ့အိတ်ထဲမှ ကဒ်ပြားကလေးတစ်ခုကို ထုတ်ယူပြီး ဂျင်နီကို လှမ်းပေးသည်။ ဂျင်နီက ကတ်ပြားကို ငုံ့ကြည့်သည်။ ဖောင်းကြွစာလုံးများဖြင့် တန်ဖိုးကြီးစွာ ပြုလုပ်ထားသည့် ကတ်ပြား ဖြစ်သည်။ ဒေးဗစ်ဝုဖ် ဟူသော အမည်ပါသည်။ အမည်သည် ဘာမှ မဆန်း။ သို့သော်လည်း ကတ်ပြား၏အောက် ထောင့်တစ်နေရာတွင် အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဟူသော ဂုဏ်ထူးဖြင့် မောရစ်ဘွန်နာ အလုပ်လုပ်နေသော ရုပ်ရှင် ကုမ္ပဏီ အမည်ပါသည်ကို တွေ့ရသည်။

ယခုမှ သူ မည်သူဖြစ်ကြောင်း ဂျင်နီ မှတ်မိတော့သည်။ သူ့အကြောင်းကို သတင်းစာ များတွင် အကြိမ်ကြိမ် ဖတ်ဖူးခဲ့သည်။ အလွန် တော်သည့် လူငယ်တစ်ယောက်ဖြစ်ကြောင်း သတင်းစာများက သူနှင့်ပတ်သက်၍ မကြာခဏ ချီးကျူးရေးသားလေ့ ရှိသည်။ ဂျိုနတ်စ်ကော့ ၏ တပည့်တစ်ယောက်လည်း ဖြစ်သည်။ ဂျင်နီက သူ့ကို မော့ကြည့်သည်။

ဒေးဗစ်၏နှုတ်ခမ်းများမှ အပြုံးရိပ်များ ပြေးနေဆဲပင် ဖြစ်သည်။

"မေရီမဂ္ဂဒါလင်းအခန်းမှာ ခင်ဗျား ဝင်ပြီး သရုပ်ဆောင်ချင်သလား"

ချက်ချင်း ဆိုသလိုပင် ဂျင်နီ၏ရင်ထဲမှာ ထိတ်လန့်စိတ်များ ပေါ်လာသည်။ ထို့ကြောင့်လည်း ခပ်ဆိုင်းဆိုင်းဖြင့် စကားကို တစ်လုံးချင်း ပြန်ပြောသည်။

"ကျွန်မ မသိဘူး၊ ကျွန်မ ထင်ထားတာက ဒါတွေ အားလုံးဟာ ဘွန်နာက ပြက်လုံး ထုတ်သွားတယ်လို့ပဲ ထင်ပါတယ်"

"ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်၊ သူ့စိတ်ထဲမှာ ဘယ်လို ရှိတယ်ဆိုတာ ကျုပ် မသိဘူး။ ဒါပေမယ့် ကျုပ် အဖို့တော့ ပြက်လုံး မဟုတ်ဘူး။ ရယ်စရာ မဟုတ်ဘူး။ ခင်ဗျားဟာ အင်မတန် အောင်မြင်တဲ့ ရုပ်ရှင်မင်းသမီး ဖြစ်လာနိုင်တယ်လို့ ကျုပ် ထင်တယ်။ ကျုပ် ဇနီးကလည်း ဒီအတိုင်း ထင်တယ်"

ဒေးဗစ်က ဒင်တန်၏ စကားမဆုံးမီမှာပင် ခပ်မြန်မြန် ဝင်ပြောသည်။

ဂျင်နီသည် နားမလည်သလို၊ စူးစမ်းသလိုဖြင့် ဒေးဗစ်ကို ကြည့်နေသည်။

"ကျုပ်ဇနီးက ရိုဇာထရပ်စ်မာ၊ ခင်ဗျားကို သူ သိတယ်တဲ့၊ လွန်ခဲ့တဲ့ လေးနှစ်လောက် က ဆေးရုံတစ်ခုမှာ အတူတူ လုပ်ခဲ့ကြဖူးတယ်တဲ့"

ဂျင်နီ၏ မျက်လုံးထဲတွင် သတိရသည့် အရိပ်အယောင်များကို မြင်ရသည်။

"ဒေါက်တာ စထရပ်စ်မာကို ပြောတာလား၊ ရုပ်ရှင်မင်းသမီး လင်ဒါဒေးဗီးရဲ့ မျက်နှာ ကို ခွဲစိတ်ကုသတဲ့ ဆရာဝန်လေ"

ဒေးဗစ်က ခေါင်းညိတ်ပြသည်။ ပြီးတော့ ပြုံးနေသည်။

"အဲဒီ ခွဲစိတ်တဲ့နေ့တုန်းက ကျွန်မက သူနာပြုဆရာမချုပ်၊ ဒေါက်တာ စထရပ်စ်မာ ဟာ အလွန် တော်ပါတယ်ရှင်"

"ကျေးဇူးတင်ပါတယ်၊ ဒီလိုဆိုရင် မေရီမဂ္ဂဒါလင်း အဖြစ်နဲ့ သရုပ်ဆောင်ချင်သလား"

ရုတ်ခြည်း ဆိုသလိုပင် ဂျင်နီ၏ စိတ်ထဲတွင် ဤကမ္ဘာပေါ်၌ အလွန် ကြီးကျယ်သူ ဖြစ်လိုစိတ် ပေါ်လာသည်။

"လုပ်ချင်ပါတယ်"

"ခင်ဗျားရဲ့ အဖြေဟာ ဒါပဲဖြစ်ရမယ်လို့ ကျုပ် မျှော်လင့်ထားခဲ့ပြီးသားပါ"

သူက ပြောရင်းဆိုရင်းပင် အိတ်ထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်သည်။

"ဘွန်နာက သူ ဘယ်လောက်ပေးမယ်လို့ ပြောသွားသလဲ"

"တစ်ပတ်ကို ဒေါ်လာ (၂၀၀၀)"

ဒေးဗစ်သည် ဖောင်တိန်ကို ထုတ်ယူပြီး စာရွက်ပေါ်တွင် ရေးနေသည်။ ထို့ကြောင့် ဂျင်နီက ခပ်မြန်မြန် ဖြတ်ပြောသည်။

"ခဏနေပါဦး မစ္စတာဝုဖ်၊ ဘွန်နာက ကျွန်မကို နောက်သွားတယ်ဆိုတာ ကျွန်မ သိပါတယ်၊ ရှင့်အနေနဲ့ ကျွန်မကို ဒါလောက် အများကြီးပေးဖို့ မလိုပါဘူး"

"သူ နောက်သွားတာ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် ကျုပ် မနောက်ဘူး။ သူက (၂၀၀၀) ပေးမယ်လို့ပြောတယ်၊ ခင်ဗျား အဲဒီလောက်ပဲ ရရမယ်၊ ရော့ သေသေချာချာ ဖတ်ကြည့်ပါဦး"

ဒေးဗစ်က စာရွက်ကို လှမ်းပေးသည်။ ဂျင်နီက စာရွက်ကို ငုံ့ကြည့်ပြီး သူ့အမည်နှင့် လစာကိုသာ ဖတ်မိသည်။

"ကျွန်မ လက်မှတ်ထိုးရမလား"

ဒေးဗစ်က ခေါင်းညိတ်ပြသည်။

"ကန်ထရိုက်စာချုပ်ဆိုတာ လက်မှတ်ထိုးဖို့ လွယ်သလောက် နောက် မလုပ်ချင်တော့ရင် ဖျက်ဖို့ ခက်တယ်နော်"

ဂျင်နီက ကုလားထိုင်ပေါ်မှာ သက်သာသလို ပြန်ထိုင်ရင်း ကန်ထရိုက်စာချုပ်ကို စဖတ်သည်။

"ကော့လက်နက်ခဲယမ်းမီးကျောက်စက်ရုံဆိုတာ ပါနေပါလား"

"ဟုတ်တယ်၊ အရေးကြီးရင် ကျုပ်တို့ ဒီလိုပဲလုပ်တယ်၊ မစ္စတာကော့ဟာ ရုပ်ရှင်ကုမ္ပဏီကို ပိုင်သူပဲ"

"အိုး"

ဂျင်နီသည် စာချုပ်ကိုဖတ်၍ ပြီးသွား၏။ မြန်မြန်ပင် လက်မှတ်ထိုးကာ ဒေးဗစ်ကို ပြန်ပေးသည်။

"အခု ကျွန်မတို့ ဘာလုပ်ကြရမလဲ"

သူက မေးသည်။ မျက်နှာပေါ်မှာ ပြုံးနေသည်။ ဒေးဗစ်က စာချုပ်ကို အိတ်ထဲသို့ ပြန်ထည့်သည်။

"ပထမ ကျုပ်တို့လုပ်ရမယ့်အလုပ်က ခင်ဗျား နာမည်ကို ပြောင်းပစ်ဖို့ပဲ"

"ဒီနာမည်နဲ့ရော ဘာဖြစ်လို့လဲ"

"လူပေါင်းများစွာက ဒီနာမည်ကို သိနေကြတယ်၊ နောက်ကျရင် အနှောင့်အယှက် ဖြစ်လာနိုင်တယ်"

ဂျင်နီသည် ခဏစဉ်းစားနေ၏။ ပြီးတော့မှ အားပါးတရ ရယ်သည်။

"ကျွန်မတော့ သိပ်ဂရုမစိုက်ပါဘူး"

ဒေးဗစ်ကလည်း ခေါင်းယမ်းသည်။

"ခင်ဗျား ဂရုမစိုက်ရင် ကျုပ်လည်း ဂရုမစိုက်ဘူး၊ ဒါပေမယ့် အလုပ်က ရှိသေးတယ်"

ဂျင်နီက ရယ်ပြန်သည်။ ဘယ်သူတွေ ဘာထင်ကြ ထင်ကြပေါ့။

"ဒီအိမ်က အိမ်ပိုင်လား၊ ငှားထားတာလား"

ဒေးဗစ်က အိမ်ကို မျက်လုံးဝေ့ကြည့်ရင်း မေးသည်။

"ငှားထားတာ"

"ကောင်းတယ်၊ အိမ်ကို ပိတ်ခဲ့ပါ၊ ပြီးတော့ တခြားမှာ ခဏသွားနေပါ၊ ဒီသဲကန္တာရနဲ့ဝေးတဲ့ တစ်နေရာရာပေါ့၊ ပမ်းစပရိန်းကို ဖြစ်ဖြစ် သွားနေပါ။ ခင်ဗျား ဘယ်မှာရှိနေတယ်ဆိုတာကို ကျုပ်က လွဲပြီး ဘယ်သူမှ မသိပါစေနဲ့"

"ကောင်းပါပြီ၊ နောက်ပြီးတော့ ကျွန်မ ဘာလုပ်ရမလဲ"

"စောင့်နေပါ၊ ကျုပ်တို့ လာတဲ့အချိန်အထိ စောင့်နေပါ"

(၁၇)

"ဆောရီးပဲ ဒေးဗစ်၊ မင်းကို ဘယ်လိုမှ ငါ အကူအညီ မပေးနိုင်တော့ဘူး"

ဟု ဒင်ပီးယာ့စ်က ပြောသည်။ သူ့မျက်နှာက ပြုံးနေသော်လည်း မျက်လုံးများကမူ အေးစက်စက် အမူအရာ ပေါ်နေသည်။

"ဘာဖြစ်လို့လဲ"

"အစုရှယ်ယာတွေ ရောင်းပစ်လိုက်တာ တစ်နှစ်လောက်ရှိသွားပြီ"

"ရှဖီးကိုလား"

ဒေးဗစ်က မေးသည်။

ဒင်က ခေါင်းညိတ်ပြသည်။

"ခင်ဗျား ဘာဖြစ်လို့ ဂျိုနတ်စ်နဲ့ အဆက်အသွယ် မလုပ်တာလဲ"

"မလုပ်ချင်တော့လို့ပဲ၊ ငါ့ကို သူ ထင်တိုင်း အသုံးချပြီးပြီ၊ အခက်အခဲပေါင်းစုံနဲ့ ကြုံခဲ့ရတဲ့ နှစ်ပေါင်းများစွာ အတွင်းမှာ သူ့အတွက် ငါ အလုပ်လုပ်ပေးခဲ့ပြီးပြီ၊ ကုမ္ပဏီကြီး လည်ပတ်နေနိုင်ဖို့အတွက် မလုပ်သင့်တဲ့အလုပ်တွေကိုလည်း ငါ လုပ်ခဲ့ပြီ၊ ရုပ်ရှင်ကောင်းကောင်းကို ရိုက်တော့မယ်လည်းလုပ်ရော သူဟာ ဘွန်နာကို ကုမ္ပဏီထဲဆွဲသွင်းပြီး ငါ လုပ်မယ့်အလုပ်တွေကို လုပ်ခိုင်းတော့တာပဲ"

ဟု ဒင်က ဒေါသဖြင့် ပြန်ပြောသည်။

"ခင်ဗျားလည်း သူ့ကို ပြန်အသုံးချတာပဲ မဟုတ်လား။ ခင်ဗျား ရုပ်ရှင်ထုတ်လုပ်သူ ဖြစ်ချင်တာနဲ့ ဒီကုမ္ပဏီကို သန်းပေါင်းများစွာပေးပြီး ဂျိုနတ်စ် ဝယ်ဖြစ်အောင် ခင်ဗျား ဆွယ်လာခဲ့တာပဲ မဟုတ်လား၊ သူ့ကြောင့်ပဲ ခင်ဗျား သူဌေးကြီးတစ်ယောက် ဖြစ်လာတာပဲ မဟုတ်လား၊ ဒီကုမ္ပဏီထဲကို ဘွန်နာ ဝင်လာတဲ့အချိန်မှာ ခင်ဗျားဟာ ကိုယ်စားလှယ် ပြန်ဖြစ်နေပြီ။ ပွဲစားဘဝ ပြန်ရောက်နေပြီ၊ ရုပ်ရှင်ထုတ်လုပ်သူ မဟုတ်တော့ဘူး၊ ဒါကို လူတိုင်း သိနေကြတာပဲ"

"ငါ့ကို ဘာအခွင့်အရေးမှ သူ မပေးခဲ့ဘူးလေ၊ အခုတော့ သူ့အလှည့်ရောက်ပြီ၊ ခွေးတော့ နည်းနည်းစို့သွားမှာပေါ့ကွာ၊ ဒီအခါမှာ သူ ဘယ်လိုနေမယ်ဆိုတာ မြင်ချင်စမ်းပါဘိ"

ဒင်ပီးယာ့စ်သည် သရော်သလိုရယ်ရင်း ထိုင်ရာမှထကာ အပေါက်ဆီသို့ ထွက်သွားသည်။ အပေါက်ဝရောက်သောအခါကျမှ နောက်သို့ ပြန်လှည့်ကြည့်သည်။ သူ့မျက်နှာပေါ်တွင် စိတ်ဆိုးနေသည့် အမူအရာများ မရှိတော့။

"အခြေအနေ အားလုံးကို အမြဲသိနေအောင် လုပ်ထားပါ ဒေးဗစ်၊ အမ်ဂျီအမ် ကုမ္ပဏီက ထရေစီနဲ့ ကလပ်ဂေဘယ်လ်ကို ငါ ငှားမယ်ဆိုရင် ရနိုင်စရာ အကြောင်းရှိနေသည်။ မင်း ငါနဲ့အတူတူ ပေါင်းလုပ်မယ်ဆိုရင် ငှားလို့ရမှာပဲ"

ဒေးဗစ်က ခေါင်းညိတ်နေသည်။ ဒင်ပီးယာ့စ် ထွက်သွားသောအခါ သူ့စားပွဲကို သူ ပြန်ငုံ့ကြည့်ရင်း စဉ်းစားနေမိသည်။ စီးပွားရေးလုပ်ငန်း ဆိုသည်မှာ သည်အတိုင်း ဖြစ်သည်။ ပီးယာ့စ်သည် တွေ့တွေ့ဆိုင်ဆိုင် တိုင်ပင်ဖို့ ဘာမှ မကြိုးစား။ ငွေတစ်သန်းလောက် အမြတ်ရရုံဖြင့် ကုမ္ပဏီကို ရောင်းစားသူ ဖြစ်သည်။ အမှန်တော့ ဂျိုနတ်စ်ကော့နှင့် ပုဂ္ဂိုလ်ရေးအရ မည်သို့မျှ မသက်ဆိုင်။ ကုမ္ပဏီထဲမှာ ပါနေသည့် သူ့အစုကို သူ့သဘောအတိုင်း ရောင်းပိုင်ခွင့် ရှိသည်မှာ မှန်သည်။ သို့သော်လည်း သူ စဉ်းစားဖို့ကောင်းသေးသည်။

ဒေးဗစ်သည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

"အမိန့်ရှိပါ မစ္စတာဝုဖ်"

"ဘွန်နာကို သူ့ရုံးမှာ တယ်လီဖုန်း ဆက်ကြည့်စမ်း၊ ရှိရင် ငါ ချက်ချင်း တွေ့ချင်တယ်"

"ဘယ်မှာ တွေ့ချင်တာလဲ၊ ရှင့်ရုံးမှာလား၊ သူ့ရုံးမှာလား"

သူ့အတွင်းရေးမှူးက ပြန်မေးသည်။

ဒေးဗစ်က တစ်ယောက်တည်း ပြုံးလိုက်မိသည်။ စဉ်းကမ်းအရ ရာထူးတာဝန်အရ

ဆိုလျှင် ဘွန်နာသည် မိမိရုံးသို့ လာတွေ့ရမည်သာ ဖြစ်သည်။ သို့သော်လည်း ရုပ်ရှင်သမားများ၏အကျင့်သည် ဤအတိုင်းသာ ဖြစ်သည်။ ယခုဆိုလျှင် သည်ကုမ္ပဏီ ဘာဖြစ်တော့မည်ကို ကုမ္ပဏီရှိ လူတိုင်းက စောင့်ကြည့်နေကြသည်။ မိမိ၏ အတွင်းရေးမှူးကပင်လျှင် မိမိ၏ရာထူးသည် မည်သို့မည်ပုံ ဖြစ်သွားမည်ကို မသေချာဘဲ ဖြစ်နေပုံရသည်။

"ငါ့ရုံးကို ခေါ်လိုက်"

သူ စမ်းသပ်သည့် သဘောဖြင့်ပြောပြီး ဖုန်းကို ပြန်ချထားသည်။

* * *

နောက်ထပ် (၄၅) မိနစ်ခန့် ကြာသောအခါ သူ့ရုံးတွင်းသို့ ဘွန်နာ ဝင်လာသည်။ အခြေအနေသည် သိပ်မဆိုးလှ။ သူတို့၏ ဆက်ဆံရေး မည်မျှအရေးကြီးသည်ကို အဆုံးအဖြတ်ပေးရန်သာ ဖြစ်သည်။ ဘွန်နာသည် အခန်းကို ဖြတ်လျှောက်လာပြီး ဒေးဗစ် စားပွဲရှေ့ရှိခုံမှာ ဝင်ထိုင်သည်။

"အနှောင့်အယှက်ပေးရတာ ဝမ်းနည်းပါတယ် မောရစ်"

ဒေးဗစ်က အလွန် ယဉ်ကျေးသိမ်မွေ့စွာ ဆီးကြိုတောင်းပန်သည်။

"အရေးမကြီးပါဘူး ဒေးဗစ်၊ မနက်ပိုင်းလုပ်တဲ့ ထုတ်လုပ်ရေး အစည်းအဝေးပြီးအောင် ထိုင်နေရလို့"

ဘွန်နာကလည်း ဒေးဗစ် ကဲ့သို့ပင် ယဉ်ကျေးသိမ်မွေ့စွာ ပြန်ဖြေသည်။

"ကောင်းပါတယ်၊ ဒီလိုဆိုရင် အချိန်နည်းနည်းတော့ ရတယ် မဟုတ်လား"

"ဇာတ်လမ်းစိစစ်ရေးအတွက် အစည်းအဝေးတက်ချိန်ရောက်နေပြီ"

ဘွန်နာက သူ့လက်မှ နာရီကိုကြည့်ရင်း ပြောသည်။

"ဇာတ်ညွှန်းရေးဆရာတွေဟာ စောင့်နေကျပါဗျာ"

ဒေးဗစ်က ပြုံးပြောသည်။ ဘွန်နာက ဒေးဗစ်ကို သိလိုစိတ်ဖြင့် ကြည့်နေသည်။ အမှတ်တမဲ့ပင် သူ့လက်တစ်ဖက်သည် အကျီအောက်သို့ ရောက်သွားပြီး ကုတ်နေ၏။ ဒေးဗစ်က သတိပြုမိလိုက်သောကြောင့် ပြုံးနေသည်။

"အင်ပျဉ် ထနေပြန်ပြီလား"

ဟုလည်း မေးလိုက်သည်။

"ဇာတ်လမ်းကြားပြီးပြီ မဟုတ်လား"

ဟု ဘွန်နာက ဒေးဗစ် မေးသည်ကို မဖြေဘဲ ပြန်မေးသည်။

ဒေးဗစ်က ခေါင်းညိတ်ပြသည်။ ဘွန်နာသည် သူ့ကိုယ်ပေါ်မှ ယားနာကို ပြောင်ပြောင်ပင် ကုတ်နေတော့၏။

"ကျုပ်ကတော့ ဒါကိုပဲ လုပ်ရတော့မှာပဲ၊ လုပ်လည်း လုပ်သင့်ပါတယ်၊ ခင်ဗျား ဂျင်နီကို ကြိုးစားကြည့်ပါဦး။ ခင်ဗျားတို့မှာ ရှိနေတဲ့ ဇာတ်ညွှန်းအဟောင်းအတွက် သူဟာ အဆင်ပြေနိုင်တဲ့ မိန်းကလေးပဲ"

"ဟုတ်ပါတယ်၊ စမ်းရိုက်ထားတာကို ကြည့်ပြီးပြီ"

"အစမ်းရိုက်ပြီး ကူးထားတာတွေကို ဘာဖြစ်လို့ ခင်ဗျား ယူသွားရတာလဲ"

ဘွန်နာက ဒေးဗစ်ကို ကြည့်ပြီးမေးသည်။

"ယူရမယ် မောရစ်၊ အဇ္ဇလီမ ဆိုတဲ့ ဇာတ်ညွှန်းဟာ ကျုပ်တို့ပိုင်တာ မဟုတ်ဘူး။ မစ္စတာကော့ရဲ့ ကိုယ်ပိုင်ဇာတ်ညွှန်း၊ မစ္စတာကော့ဟာ ဘယ်လို လူစားမျိုး ဆိုတာလဲ ခင်ဗျား သိတယ်၊ ကျုပ် ဒုက္ခ အရောက်မခံနိုင်ဘူး"

ဘွန်နာက ဘာမှ မပြောဘဲ ဒေးဗစ်ကို ကြည့်နေသည်။ ယခုအချိန်သည် ခြောက်လုံးလှန့်လုံးတွေ လုပ်နေရတော့မည့် အချိန်မဟုတ်ကြောင်း ဒေးဗစ်က ဆုံးဖြတ်မိသည်။ ကိစ္စကို တည့်တည့်ပြောတော့မှ ဖြစ်မည်။

"ခင်ဗျား အစုတွေ သူတို့ကို ရောင်းဖို့ ခင်ဗျားက သဘောတူကြောင်း လက်မှတ်ထိုးထားတာ ရှဖီးက ကျုပ်ကို ပြတယ်"

ဘွန်နာက ခေါင်းညိတ်သည်။ သူယားနာကို သူ မကုတ်တော့။

"သူ ပြမယ်လို့ ထင်သားပဲ"

"ဘာဖြစ်လို့ ခင်ဗျား ရောင်းတာလဲ၊ ရောင်းချင်ရင် ဘာဖြစ်လို့ မစ္စတာကော့ကို မပြောတာလဲ"

ဒေးဗစ်က မေးသည်။ ဘွန်နာသည် ခဏငြိမ်နေသေး၏။

"ဘာဖြစ်ရမှာလဲ၊ သူ့ကို ကျုပ် တစ်ခါမှ မတွေ့ရဘူး၊ သုံးနှစ်လုံးလုံး သူ့အတွက် ကျုပ် အလုပ်လုပ်ပေးခဲ့တယ်၊ သုံးနှစ်အတွင်းမှာ ကျုပ်ကို တစ်ခါလေးမှ တွေ့ဖော်မရတဲ့ လူနောက်ကို ကျုပ် တတန်းတန်းနဲ့ လိုက်နေစရာ မလိုတော့ပါဘူး။ ပြီးတော့ ကျုပ် ကန်ထရိုက် သက်တမ်းက နောက်လဆိုရင် ကုန်ပြီ။ အသစ်ပြန်ပြီး စာချုပ်ဖို့နဲ့ ပတ်သက်လို့လည်း ကျုပ်ကို ဘယ်သူကမှ လာမပြောဘူး။ မက်အယ်လစ္စတာဆီကတောင် ဘာသံမှ မကြားရဘူး"

ဘွန်နာသည် အင်ပျဉ်ကို ကုတ်ပြန်၏။ ဒေးဗစ်က စီးကရက် မီးညှိသည်။

"ကျွန်တော့်ဆီကို ခင်ဗျား ဘာဖြစ်လို့ မလာတာလဲ၊ ဒီကုမ္ပဏီထဲကို ရောက်အောင် ခင်ဗျားကို ကျုပ် ဆွဲသွင်းခဲ့တာ မဟုတ်လား"

"မှန်ပါတယ် ဒေးဗစ်၊ ကျုပ်လာဖို့ ကောင်းတယ်၊ ဒါပေမယ့် မစ္စတာကော့ရဲ့ သဘောတူညီချက်မရဘဲ ခင်ဗျားလည်း ဘာမှ လုပ်ပိုင်ခွင့် မရှိဘူးဆိုတာ လူတိုင်း သိနေကြတာပဲ၊ သူ့ဆီက သဘောတူညီချက်ကို ခင်ဗျား ရအောင်လုပ်နိုင်တဲ့ အချိန်မှာ ကျုပ် ကန်ထရိုက် သက်တမ်းက ဆုံးနေတဲ့အချိန် ဖြစ်တော့မယ်၊ လူတိုင်းက ကျုပ်ကို လူပေါကြီးအဖြစ်နဲ့ ကြည့်တာကို ကျုပ် မခံနိုင်ဘူး"

ဒေးဗစ်သည် စီးကရက်ကို ပြင်းပြင်းဖွာရှိုက်ရင်း သူ့ကို ကြည့်နေမိသည်။ သူတို့ရုပ်ရှင်သမားများသည် အားလုံး သည်ပုံစံများအတိုင်း ဖြစ်သည်။ အလွန် အမြင်ကျဉ်းသည်။ ကိုယ့်အတွက်သာ ကိုယ်ကြည့်ကြသည်။ အဓိပ္ပာယ်မရှိသော မာနတံခွန်များကို လွှင့်ထူထားတတ်ကြသည်။

ဘွန်နာက တိတ်ဆိတ်နေမှုကို စပြီး ဖျက်လိုက်သည်။

"ရှဖီးက ပြောတယ်၊ ကျုပ်တို့ကို သူ ကြည့်ပါ့မယ်တဲ့၊ ရှဖီးက ခင်ဗျားနဲ့ ကျုပ်ကို လိုချင်နေတယ်၊ သိတယ်မှုတ်လား၊ သူ့လက်ထဲကို ကုမ္ပဏီရောက်တာနဲ့ တစ်ပြိုင်တည်း စနစ်သစ်တွေနဲ့ လုပ်မယ်တဲ့၊ ရုပ်ရှင်တွေရိုက်ဖို့ ငွေတွေထုတ်ပေးမယ်တဲ့၊ ကျုပ်တို့အတွက် အမြတ်ငွေကိုလည်း စနစ်သစ်နဲ့ ခွဲပေးမယ်တဲ့၊ ရှယ်ယာလည်း ထည့်ခွင့်ပေးမယ်တဲ့"

"အဲဒီလိုလုပ်ဖို့ သူ သဘောတူညီကြောင်း ခင်ဗျားကို စာရေးပေးထားသလား"

"စာတော့ ရေးပေးမထားပါဘူး။ သူ့လက်ထဲကို ကုမ္ပဏီမရောက်သေးဘဲနဲ့ သူ စာချုပ်လက်မှတ်ထိုးလို့ မဖြစ်ဘူးလေ၊ ဒါပေမယ့် သူ ပေးတဲ့ကတိဟာ ယုံကြည်ရပါတယ်၊ သူလည်းဘကယ့် ပုဂ္ဂိုလ်ကြီးတစ်ယောက်ပဲ၊ သူဟာ ကော့လို လူစားမျိုး မဟုတ်ဘူး။ အခု နေ့းလိုက်၊ အခု ပြေးလိုက် ဖြစ်တတ်တဲ့ ဝေါက်သီးမျိုး မဟုတ်ဘူး"

"မစ္စတာကော့ဟာ ခင်ဗျားအပေါ်မှာ ကတိပျက်ဖူးသလား"

ဘွန်နာက ခေါင်းယမ်းသည်။

"မပျက်ဖူးပါဘူး၊ ဖျက်ဖို့ အခွင့်အရေးလည်း သူ မရဘူးလေ၊ ကျုပ်က ကန်ထရိုက်စာချုပ်နဲ့ မဟုတ်လား၊ အခုတော့ သက်တမ်းကုန်တော့မယ်၊ သူ့ကို ဘာအခွင့်အရေးမှ မပေးနိုင်တော့ဘူး"

ဒေးဗစ်က ညည်းတွားမိသည်။

"ခင်ဗျားလည်း အန်ကယ်ဘာနီလို လူစားပါပဲ၊ သူဟာ ရုပ်ရှင်ထုတ်လုပ်ရမယ့်အစား ရှဖီးတို့လို လူမျိုးရဲ့စကားကို နားယောင်ပြီး ရှယ်ယာတွေထဲမှာပဲ နစ်မြုပ်နေတယ်၊ နောက်ဆုံးတော့ သူ့ကုမ္ပဏီကြီးကို သူ လက်လွှတ်လိုက်ရတော့တာပဲ၊ ခင်ဗျားလည်း ဒီအတိုင်းဖြစ်နေပြီ၊ ရှဖီးက ခင်ဗျားကို ကန်ထရိုက်စာချုပ် မချုပ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကုမ္ပဏီကို သူ ထိန်းချုပ်ထားနိုင်တာမှ မဟုတ်ဘဲ၊ ခင်ဗျား အတော်မိုက်မဲတဲ့လူပဲ၊ သူ ခြယ်လှယ်နိုင်ပါပြီပဲ ဆိုပါတော့၊ သူ ပေးထားတဲ့ကတိအတိုင်း မလုပ်နိုင်တော့ပါဘူးဆိုရင် ခင်ဗျား ဘာသွားလုပ်

မလဲ"

"ကျုပ် ဘကြီး အန်ကယ်ဘာနီလည်း ဒီလိုပဲ တွေးခဲ့တာပဲ၊ နောက်ဆုံးကျတော့ သူ မရှိလည်း လုပ်ငန်းကြီးကတော့ မှန်မှန်လည်ပတ်နေတာပဲ၊ လုပ်ငန်းလည်ပတ်ဖို့အတွက် ရှမီးဟာ တစ်ယောက်ယောက်ကို အချိန်မရွေးရနိုင်တဲ့လူ၊ အမ်ဂျီအမ်က ရှာရီက ရှမီးပေးမယ့် အလုပ်ကို စောင့်နေတယ်၊ ခင်ဗျား ဒါတွေ သိရဲ့လား၊ ယူနီဗာဆယ်ကုမ္ပဏီက မက်တီဖောက်ခ်ဇ်ကလည်း ဆင့်ဟိုဒင်းကို ခွေးမျှော်သလို မျှော်နေတယ်၊ ခင်ဗျား သိသလား"

ဒေးဗစ်သည် စိတ်ပေါက်ပေါက်ဖြင့် ငေါ့တော့တော့ ပြောပစ်လိုက်သည်။ ပြီးတော့ စိတ်ပျက်လက်ပျက်ဖြင့်လည်း ကုလားထိုင်မှာ ပြန်ထိုင်သည်။

"ကျုပ်တို့ မပါဘဲ ဒီကုမ္ပဏီကြီးကို သူဆက်ပြီး လုပ်မသွားနိုင်ဘူးလို့ ခင်ဗျား ထင်နေတုန်းပဲလား"

ဘွန်နာက ဒေးဗစ်ကို ကြည့်နေသည်။ သူ့မျက်နှာသည် တဖြည်းဖြည်း ဖြူရော်စ ပြုလာသည်။

"ဒါပေမယ့် ကျုပ် ဘာတတ်နိုင်တော့မှာလဲ ဒေးဗစ်၊ သဘောတူကြောင်း လက်မှတ် ထိုးလိုက်ပြီးပြီ။ ဒါကို ကျုပ်ဘက်က ဖျက်ရင် ရှမီးက ကျုပ်ကို အပြတ်ဆော်ပစ်လိမ့်မယ်"

ဘွန်နာက လေပျော့ကလေးနှင့် ပြောသည်။

ဒေးဗစ်က ဆေးလိပ်ကို ခပ်ဖြည်းဖြည်း ပြန်ချသည်။

"ကျုပ် မှတ်မိသလောက်တော့ ဒီဇင်ဘာ (၁၅) ရက်နေ့မှာ ခင်ဗျားပိုင်တဲ့ အစုရှယ်ယာ တွေကို အကုန်ရောင်းပေးမယ်လို့ ရှမီးကို ခင်ဗျား သဘောတူခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်"

"အဲဒီကျရင် ခင်ဗျား လက်ထဲမှာ အစုတစ်စုတည်းပဲ ရှိနေတယ်ဆိုရင် ဘာဖြစ်မတုံး၊ အဲဒီနေ့မှာ ခင်ဗျား ပိုင်နေတဲ့ အစုတစ်စုတည်းကိုပဲ သူ့ကို ရောင်းလိုက်မယ်ဆိုရင် သူ ဘာပြော နိုင်မှာလဲ၊ ခင်ဗျားဘက်က ကတိဖျက်ရာ ဘယ်ရောက်တော့မလဲ"

"ဒါပေမယ့် ဒီဇင်ဘာ (၁၅) ရက်ဆိုတာ နောက်အပတ်နော်၊ အဲဒီနေ့မတိုင်ခင် ကျုပ် အစုတွေကို ဘယ်သူက ဝယ်နိုင်မှာလဲ"

"ဂျီနတ်စ်ကော့ပေါ့"

"ကောင်းပြီ၊ အချိန်မီ ခင်ဗျား သူနဲ့ အဆက်အသွယ်မရရင် ဘယ်လိုလုပ်မလဲ၊ အဲဒီ အခါကျတော့ ကျုပ် ဒေါ်လာလေးသန်း ဆုံးသွားမယ်၊ ဈေးမှာ ချရောင်းရင်လည်း ဈေးအနှိမ် ခံရမယ်"

"ခင်ဗျား ပိုက်ဆံရအောင် ကျုပ် လုပ်ပေးမယ်"

ဒေးဗစ်က သူ့ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။ ပြီးတော့ အလွန် ပျော့ပျောင်းသည့် လေသံဖြင့် ဆက်ပြောသည်။

"ဒီမှာ မောရစ်၊ ခင်ဗျားရဲ့ ကန်ထရိုက်စာချုပ်အသစ်ကို ခင်ဗျားကိုယ်တိုင် အခု ချက်ချင်း ရေးပေတော့"

* * *

"ဒေါ်လာလေးသန်း၊ ဒါလောက်များတဲ့ ငွေတွေများ ငါ့မှာရှိနေတယ်လို့ မင်း ဘယ်လိုလုပ်ပြီး ထင်လိုက်တာလဲ သူငယ်ချင်းရယ်"

အာဗင်က ခြူသံပါအောင် ညည်းလိုက်သည်။

ဒေးဗစ်က သူ့သူငယ်ချင်းကို စိုက်ကြည့်နေ၏။

"လုပ်မနေစမ်းပါနဲ့ သူငယ်ချင်းရယ်၊ သိပ်အရေးကြီးလွန်းလို့ပါ"

"ဒီအစုတွေကို သူ မဝယ်ချင်တော့ပါဘူးလို့ မစ္စတာကော့ကပြောရင် ဘယ်လို လုပ်မလဲ"

အာဗင်က တည်ငြိမ်သောအသံဖြင့် ပြန်မေးသည်။

"သူက အဲဒီလို ပြောလာတဲ့အခါကျရင် ငါ ဘယ်လို လုပ်ရမလဲ၊ ဒီစက္ကူစုတ်တွေကို အိမ်သာထဲမှာ သွားသုံးပစ်ရမှာလား၊ အခုဆိုရင် မင်းဟာ ငါ့သူငယ်ချင်းပါ၊ ဒီလိုလုပ်လိုက်တဲ့

အတွက် ငါ မှားသွားရင် ငါဟာ ဘယ်သူ့သူငယ်ချင်းမှ မဖြစ်နိုင်တော့ဘူး။ ငါ့ကိုလည်း သူများ ဓားခုတ်ရာ လက်ဝင်လျှိုတဲ့အကောင်၊ တော်တော်အသုံးမကျတဲ့ အကောင်လို့ ပြောကြလိမ့်မယ်"

"ဒါလောက်ကြီးလည်း ဆိုးမသွားနိုင်ပါဘူးကွာ"

"မဆိုးဘူး မပြောနဲ့နော်၊ အခု ငါ လုပ်နေတဲ့ အလုပ်ကိုလည်း အပြုတ်တော့ မခံနိုင်ဘူးမောင်"

အာဗင်က စိတ်ဆိုးသောအသံဖြင့် ပြောသည်။

ဒေးဗစ်က ခဏကြာအောင် သူ့ကို စိုက်ကြည့်နေသည်။

"ကိုယ် ဝမ်းနည်းပါတယ် သူငယ်ချင်း၊ မင်းကို ဒီလိုလုပ်ပါလို့ ပြောပိုင်ခွင့် ငါ့မှာ မရှိဘူး"

ဒေးဗစ်က ပြောပြောဆိုဆိုပင် တံခါးပေါက်ဘက်သို့ လှည့်ပြီး ထွက်ခဲ့သည်။ သို့သော်လည်း သူ့သူငယ်ချင်း၏ အသံက သူ့ခြေလှမ်းများကို ရပ်တန့်သွားစေသည်။

"ဟေး သူငယ်ချင်း၊ ခဏနေပါဦး၊ မင်း ဘယ်ကို သွားမလို့လဲ"

ဒေးဗစ်က ဘာမှ ပြန်မဖြေဘဲ သူ့ကိုသာ ရပ်ကြည့်နေသည်။

"ဒီအစုတွေကို မင်းအတွက် ငါ စိုက်ဝယ်ပေးမထားပါဘူးလို့ မင်းကို ငါ အတိအကျ ပြောမိလို့လားကွာ"

* * *

"မင်းဘကြီးဟာ မင်းအပေါ်မှာ အဖေတစ်ယောက်လို ကောင်းတဲ့လူ၊ ဒါပေမယ့် မင်းဟာ သားတစ်ယောက်အနေနဲ့များ သူ့ကို ပြန်ကောင်းခဲ့ဖူးရဲ့လား၊ မင်းအတွက် သူ ဘာတွေ လုပ်ပေးခဲ့တယ် ဆိုတာကို ကျေးဇူးတင်ရကောင်းမှန်းရော သိရဲ့လား၊ ဝေးသေးတယ်၊ သူ အသက်ရှင်နေတုန်းမှာ သူ့ကို မင်း ဘာမှ ကျေးဇူးတုံ့ပြန်ခဲ့တဲ့လူ မဟုတ်ဘူး၊ ယုတ်စွအဆုံး ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကလေးတစ်လုံးတောင် မင်း မပြောခဲ့ဖူးဘူး"

အန်တီမေသည် အိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်ပြီး မျက်လုံးမှ မျက်ရည်များကို သုတ်နေသည်။ သူ့လက်တွင် ဝတ်ထားသည့် (၁၂) ကာရက်ရှိသော စိန်လက်စွပ်ကြီးက အရောင်တဖျတ်ဖျတ် လက်သွားသည်။

ဒေးဗစ်သည်လည်း မသက်မသာဖြင့် သူ့ကုလားထိုင်ပေါ်သို့ နောက်မှီချလိုက်သည်။

"တော်ပါသေးတယ်၊ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် မင်းအဒေါ်ဟာ အိုကြီးမစွမ်းဖြစ်ကာမှ ဆင်းဆင်းရဲရဲနဲ့ မနေရတာ၊ အိမ်စုတ်နဲ့ မနေရတာ"

အန်တီမေက ဆက်နေပြန်သည်။

အခန်းသည် အလွန် ကျယ်သည့် အခန်းကြီး ဖြစ်နေသည်။ အခန်းထဲမှာ အနည်းငယ် အေးသလို ဖြစ်လာသည်။ နှာမွှန်ချင်သလိုလည်း ဖြစ်လာသည်။ အမှန်တကယ် အေးသည်လား၊ မအေးသည်လားကိုမူ ဒေးဗစ် သေသေချာချာမသိ၊ ဤအိမ်သို့ရောက်လာပြီး ဤဧည့်ခန်းထဲမှာ ထိုင်တိုင်း သည်လိုဝေဒနာမျိုးကို သူ ခံစားရစမြဲ ဖြစ်သည်။

"ကျွန်တော် မီးထည့်ပေးရမလား အန်တီ"

"မင်း အေးနေသလား ဒေးဗစ်"

အန်တီမေက ပြန်မေးသည်။

"မဟုတ်ပါဘူး၊ အန်တီ အေးများ နေသလားလို့ပါ"

ဟု ဒေးဗစ်က ပခုံးကိုတွန့်ပြရင်း ပြန်ပြောသည်။

"အေးတယ် ဟုတ်လား၊ မင်းအဒေါ်ဟာ အမြဲတမ်း အအေးခံနိုင်တယ်ကွယ့်၊ ငါ ပိုက်ဆံကို ချွေတာနိုင်လွန်းလို့၊ တစ်ပြားကိုနှစ်ပြားမှတ်ပြီး ခွာနိုင်လွန်းလို့ ဒီလိုအိမ်မျိုးမှာ ငါ နေနိုင်သေးတာပေါ့"

မီးထည့်ရမည်ကိုပင် နှမြောနေသည့် အဘွားကြီးက ပြန်ပြောသည်။

ဒေးဗစ်က နာရီကို ငုံ့ကြည့်သည်။

"ကျွန်တော် ပြန်ဖို့တောင် နောက်ကျနေပြီ အန်တီ၊ ကျွန်တော် သွားတော့မှ ဖြစ်မယ်၊ မဲပေးခွင့်ကိုယ်စားလှယ်အဖြစ် ကျွန်တော့်ကို လွှဲပေးမှာလား"

အဘွားကြီးက သူ့ကို မော့ကြည့်သည်။

"ဘာလုပ်ပေးရမှာလဲ၊ သူခိုးပြုတ်မကျအောင် မဲပေးနိုင်ဖို့ မင်းကို ကိုယ်စားလှယ်လွှဲရမှာလား၊ မဖြစ်နိုင်တာ၊ ဒီကောင်ဟာ မင်းဘကြီးရဲ့ လက်ထဲကနေပြီး ဒီကုမ္ပဏီကို ခိုးယူသွားတာ မဟုတ်လား"

"ဒီကုမ္ပဏီကို ဘယ်သူမှ မခိုးပါဘူး အန်တီ၊ ဘယ်လိုပဲဖြစ်ဖြစ် အန်ကယ်ဘာနီဟာ ဒီကုမ္ပဏီကို လက်လွှတ်ရတော့မယ့် အခြေအနေမျိုးကို ဆိုက်လာတာပါ၊ မစ္စတာကော့လိုလူမျိုးနဲ့ သူ တွေ့ရတာ အင်မတန် ကံကောင်းပါတယ်၊ သူ့ကို အလွယ်တကူ ထွက်သွားခွင့်ပေးခဲ့တဲ့လူ"

"ကံကောင်းတယ် ဟုတ်လား"

အဘွားကြီး၏ အသံသည် ဒေါသဖြင့် ကျယ်လောင်လာပြန်၏။

"သူ ပိုင်သမျှ အစုတွေအားလုံး ကုန်တာပဲ မဟုတ်လား။ ငါ ပိုင်တဲ့ အစုကလေး (၂၅၀၀၀) ပဲကျန်တာ၊ ကျန်တဲ့အစုတွေ ဘယ်ရောက်ကုန်သလဲ၊ ဟင် ပြောစမ်းပါဦး၊ ဘယ်ရောက်ကုန်သလဲ"

"အဲဒီအစုတွေအတွက် အန်ကယ်ဘာနီ ဒေါ်လာသုံးသန်းခွဲတောင် ရခဲ့တာပဲ"

"အဲဒါ ဘာဖြစ်သလဲ၊ ပြောစမ်းပါဦး၊ သူ့အစုတွေဟာ သူ ရတာထက် သုံးဆလောက်တန်တယ် မဟုတ်လား"

"တစ်ပြားမှ မတန်တော့ပါဘူး အန်တီရယ်၊ အန်ကယ် ဘာနီဟာ ကြောက်ရမှန်းလန့်ရမှန်းတောင် မသိတော့ဘဲ ကုမ္ပဏီကို ခိုးခဲ့တာ၊ ဒါကို အန်တီ သိရဲ့လား၊ အစုရှယ်ယာလက်မှတ်တွေဟာ စက္ကူစုတ်လောက်တောင်မှ တန်ဖိုးရှိတော့တာ မဟုတ်ဘူး"

ဒေးဗစ်ကလည်း ဒေါသကို မထိန်းနိုင်တော့ဘဲ အန်တီမေကို ပြန်အော်သည်။

"ဩော် . . . မင်းက မင်းဘကြီးကို သူခိုးလို့ ခေါ်လိုက်တယ်ပေါ့၊ ထွက်သွား၊ ငါ့အိမ်ထဲက အခု ချက်ချင်း ထွက်သွား"

အဘွားကြီးသည် မခံမရပ်နိုင် ဖြစ်လာသည်။ ဒေါသဖြင့် ထိုင်ရာမှထပြီး တံခါးပေါက်ဆီသို့ လက်ညှိုးထိုးပြကာ မောင်းထုတ်သည်။

အဘွားကြီးကို သူ ခဏ စိုက်ကြည့်နေသေးသည်။ ပြီးတော့မှ တံခါးပေါက်ဆီသို့ သူ လျှောက်လာသည်။ တစ်စုံတစ်ရာကို သူ သတိရသောကြောင့် ရုတ်တရက် ခြေလှမ်းများကို ရပ်လိုက်၏။ သူ့ဘကြီးသည် သူ့ကို သည်အတိုင်းပင် သူ့ရုံးခန်းထဲမှ မောင်းထုတ်ခဲ့ဖူးသည်။ သည်စကားလုံးများအတိုင်းပင် ပြောကာ မောင်းထုတ်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ဒေးဗစ်သည် သူ လိုချင်သည့်အရာကို ရအောင်လုပ်နိုင်ခဲ့သည်။ အန်တီမေသည် အန်ကယ်ဘာနီထက် ပိုပြီး စိတ်ကြီးသည်မှာ မှန်သည်။ လောဘရမ္မက်လည်း ပိုကြီးသူ ဖြစ်သည်။ ဒေးဗစ်က နောက်သို့ ပြန်လှည့်လိုက်သည်။

"အန်တီ ပိုင်နေတာဟာ အခု ငွေနှစ်သောင်းခွဲ အမှန်ပဲ၊ ရာခိုင်နှုန်းနဲ့တွက်ကြည့်မယ်ဆိုရင် တစ်ရာခိုင်နှုန်းပဲရှိမယ်။ ဒါပေမယ့် အခုအချိန်အထိ အထိုက်အလျောက် တန်ဖိုးရှိနေသေးတယ်၊ အနည်းဆုံး အန်တီရဲ့ အတိုးရင်းပွားတွေနဲ့ ပတ်သက်ပြီး ကိုယ့်သွေးကိုယ့်သားထဲက ကြည့်ရှုစောင့်ရှောက်ပေးမယ့်လူ ရှိနေသေးတယ်၊ ရှဖီးကို ကိုယ်စားလှယ် လွှဲပေးကြည့်လိုက်စမ်းပါ။ ဘာတွေ ဖြစ်သွားမလဲလို့၊ အန်ကယ်ဘာနီကို လမ်းပေါ် ရောက်သွားအောင် လုပ်ပစ်လိုက်တဲ့လူစားမျိုး၊ အဲဒီလူကို မဲပေးခွင့် ကိုယ်စားလှယ်လွှဲစာ ပေးကြည့်စမ်းပါလား၊ အန်တီရဲ့ အတိုးရင်းပွားတွေကို ကြည့်ပေးဖို့ ကျွန်တော်လည်း အဲဒီကုမ္ပဏီမှာ ရှိတော့မှာ မဟုတ်ဘူး။ အဲဒီအခါကျတော့မှ အန်တီ ရှယ်ယာလက်မှတ်တွေဟာ စက္ကူစုတ်ပြန်ဖြစ်ကုန်မယ်"

အန်တီမေက သူ့ကို ခဏစိုက်ကြည့်နေသည်။

"ဒါ အမှန်ပြောနေတာလား"

အဘွားကြီးသည် အပြေးအလွှား စိတ်တွက် တွက်နေကြောင်း ဒေးဗစ် အကဲခတ်မိသည်။

"နောက်ဆုံးစကားလုံးအထိ တစ်လုံးမကျန် မှန်တယ်"

အန်တီမေက သက်ပြင်းချရင်း ပြောသည်။

"ဒါဖြင့် လာ၊ မင်းအတွက် ကိုယ်စားလှယ်လွှဲစာ လက်မှတ်ထိုးပေးမယ်၊ ငါ အကြံဉာဏ်လိုချင်ရင် မင်းဆီက တောင်းဖို့လည်း မင်းအန်ကယ်ဘာနီက ငါ့ကို မှာသွားပါတယ်။ ဒေးဗစ်ဆိုတဲ့ သူငယ်ဟာတဲ့ သူ့ပခုံးနှစ်ဖက်ပေါ်မှာ အင်မတန် ကောင်းတဲ့ခေါင်း ရှိတယ်တဲ့"

အဘွားကြီးသည် စကားပြောရင်းတန်းလန်းဖြင့် ဗီရိုဆီသို့ ထသွားသည်။ စာရွက်တချို့ကို ထုတ်ယူသည်။ ပြီးတော့ စာရေးစားပွဲဆီသို့ သွားသည်။ ဖောင်တိန်ယူပြီး လက်မှတ်ထိုးကာ ဒေးဗစ်ကို လှမ်းပေးသည်။ ဒေးဗစ်က အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်သည်။

"ကျေးဇူးတင်ပါတယ် အန်တီမေ"

အန်တီမေက သူ့ကို မော့ကြည့်ပြီး ပြုံးပြသည်။ ထိုမျှမကသေး သူ့ပခုံးကို တယုတယ ပွတ်သပ်လိုက်သောအခါ ဒေးဗစ်သည် မယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားသည်။

"မင်းဘကြီးနဲ့ အန်တီဟာ တစ်ခါမှ သားသမီးရဖူးတာ မဟုတ်ဘူး၊ သူဟာ မင်းကို သားအရင်းလိုကို သဘောထားတာပါကွယ်၊ မင်းအတွက် သူ ဘယ်လောက် ဂုဏ်ယူခဲ့တယ်ဆိုတာ မင်း မသိဘူး၊ သူ ကုမ္ပဏီကနေ အနားယူခဲ့ပြီးတဲ့နောက် သတင်းစာတွေမှာ မင်းအကြောင်းပါလာတိုင်း မင်းကောင်းကြောင်း၊ တော်ကြောင်းကို ပြောလို့ဆုံးတော့တာ မဟုတ်ဘူး"

မုဆိုးမကြီးဘဝ ရောက်နေရှာပြီဖြစ်သော အန်တီမေကို သူက ကရုဏာသက်လိုက်မိသည်။

"ကျွန်တော် သိပါတယ် အန်တီ"

အဘွားကြီးက ကြိုးစားပြီး ပြုံးပြန်သည်။

"အင်မတန် လှတဲ့ မိန်းမလည်း မင်း ရနေပြီ၊ သူစိမ်းလို မနေပါနဲ့ကွယ်၊ ငါနဲ့အတူတူ လက်ဖက်ရည်သောက်ရအောင် တစ်ခါတလေတော့လည်း မင်းမိန်းမကို ခေါ်လာဖို့ကောင်းပါတယ်"

ဒေးဗစ်သည် အဘွားကြီး၏ ကိုယ်လုံးကို သိမ်း၍ဖက်ပြီး အဘွားကြီး၏ ပါးပြင်ကို နမ်းလိုက်သည်။

"ကျွန်တော် ခေါ်ခဲ့ပါ့မယ် အန်တီမေ၊ မကြာခင် ခေါ်ခဲ့ပါ့မယ်"

* * *

"ရှင် နောက်ကျလိမ့်မယ်လို့ မစ္စဗီလ်ဆင်က ပြောတယ်၊ ဒါကြောင့် ကျွန်မ ဒီက လာစောင့်နေတာ၊ ကျွန်မတို့ အပြင်မှာ ညစာ ထွက်စားကြရင် ကောင်းမလား"

ဒေးဗစ် စတူဒီယိုသို့ ပြန်လာပြီး သူ့ရုံးခန်းထဲသို့ ဝင်လိုက်သောအခါ သူ့ကို စောင့်နေသည့် ရိုဇာက ဆီးပြောသည်။

"ကောင်းတာပေါ့"

"အဆင်ပြေခဲ့ရဲ့လား"

ဒေးဗစ်သည် သူ့ကုလားထိုင်ပေါ်သို့ လေးလေးပင်ပင် ထိုင်ချလိုက်၏။

"အန်တီမေက သူ့ကိုယ်စား မဲပေးခွင့်ကိုယ်စားလှယ်လွှဲစာ ကိုယ့်ကို ပေးလိုက်တယ်"

"ဒီလိုဆိုရင် ရှင် (၁၉) ရာခိုင်နှုန်းတောင် မဲပေးခွင့်ရှိသွားပြီပေါ့"

"ဂျိုနတ်စ်ကသာ ကိုယ့်ကို မထောက်ခံဘူးဆိုရင် ဒါတွေဟာ ဘာမှ မဖြစ်လောက်သေးပါဘူးကွယ်၊ ဂျိုနတ်စ်က ပြန်မဝယ်ဘူးဆိုရင် သူ ဝယ်ထားတဲ့ အစုတွေ ရှဖီးကို ရောင်းလိုက်မယ်လို့ အာဗင်ကလည်း ပြောတယ်"

ရိုဇာက ထိုင်ရာမှထရင်း ပြောသည်။ သူ့အသံသည် အလွန် လက်တွေ့ဆန်သော လေသံ ဖြစ်နေသည်။

"ကောင်းပါတယ်၊ ရှင် အစွမ်းရှိသမျှ အကုန်လုပ်ပြီးပြီပဲ၊ ကဲ. . . လာ၊ ညစာ သွားစားကြစို့"

ဒေးဗစ် ထိုင်ရာမှ ထလိုက်စဉ်မှာပင် သူ့အတွင်းရေးမှူး ဝင်လာသည်။

"လန်ဒန်က ကြေးနန်းတစ်စောင် လာပါတယ် မစ္စတာဝုဖ်"

ဒေးဗစ်က စာအိတ်ကို ကြည့်ပြီး ဖောက်သည်။

အလင်္ဂာမ ရုပ်ရှင် စရိုက်ဖို့ မတ် (၁) ရက်နေ့ကို သတ်မှတ်ပါ။

ကော့

ဒေးဗစ်က ကြေးနန်းကို ရိုဇာအား လှမ်းပေးမည်အပြုမှာပင် တံခါးပွင့်လာသည်။ သူ့အတွင်းရေးမှူး မစ္စဝီဆင် ဝင်လာပြန်သည်။

"နောက်ထပ် ကြေးနန်းတစ်စောင်လာပြန်ပြီ မစ္စတာဝုဖ်"

ဒေးဗစ်က အလျင်အမြန်ပင် စာအိတ်ကို ဖွင့်လိုက်သည်။ ကြေးနန်းကို မျက်မှောင်ကုတ်ပြီး ဖတ်နေသည်။ ပြီးတော့ ချက်ချင်းပင် သူ့ရင်ထဲမှ သောကအားလုံး လွင့်ပြယ်သွားတော့သည်။

ရှဖီးဆိုတဲ့အကောင် လိုချင်သမျှငွေအားလုံး မက်အယ်လစ္စတာဆီမှာ အဆင်သင့်ဖြစ်နေပြီ၊ သူ့ကို ပေးလိုက်ပါ။

ပထမကြေးနန်းကဲ့သို့ပင် "ကော့"ဟု လက်မှတ်ထိုးထားသည်။ ကြေးနန်းနှစ်စောင်စလုံးကို ရိုဇာအား လှမ်းပေးလိုက်သည်။ ရိုဇာသည် ကြေးနန်းနှစ်စောင်စလုံးကို ဖတ်ပြီး အရောင်တဖိတ်ဖိတ်တောက်နေသည့် မျက်လုံးများဖြင့် သူ့ကို မော့ကြည့်သည်။

"ကျွန်မတို့ မှန်ပြီပေါ့"

ရိုဇာက အလွန် စိတ်အားထက်သန်စွာ ပြောသည်။ ဒေးဗစ်က ရိုဇာ၏ကိုယ်လုံးကလေးကို မြှောက်ယူလိုက်၏။ ထိုအချိန်မှာပင် တတိယအကြိမ်မြောက် တံခါးပွင့်လာပြန်သည်။

"ဘာကိစ္စလဲ မစ္စဝီလ်ဆင်"

ဒေးဗစ်က မနှစ်မြို့သည့် လေသံမျိုးဖြင့် ပြန်မေးသည်။

အတွင်းရေးမှူးသည် တံခါးပေါက်မှာပင် ကြောင်အမ်းအမ်းဖြင့် ရပ်နေသည်။

"ကျွန်မ အခုလို နှောင့်ယှက်မိတာ ဝမ်းနည်းပါတယ် မစ္စတာဝုဖ်၊ ဒါပေမယ့် နောက်ထပ် ကြေးနန်းတစ်စောင် အခုပဲ ထပ်ရောက်ပြန်ပါတယ်"

"ကောင်းပြီ၊ ဘာဖြစ်လို့ အဲဒီမှာ ရပ်နေတာလဲ၊ လာ. . . ယူခဲ့"

ဒေးဗစ်က ရိုဇာကို ကြည့်သည်။ ပြီးတော့ ကြေးနန်းကို လှမ်းပေးသည်။

"ဒီကြေးနန်းက ကိုယ့်တို့နှစ်ယောက်စလုံးနဲ့ ဆိုင်တယ်၊ မင်း ဖွင့်"

ရိုဇာက ကြေးနန်းကို ငုံ့ကြည့်သည်။ ပြီးတော့ ဒေးဗစ်ကို မော့ကြည့်သည်။ အပြုံးပန်းတစ်ပွင့်သည် ရိုဇာ့မျက်နှာပေါ်မှာ ပွင့်လာသည်။

ရိုဇာ့လက်ထဲမှ ကြေးနန်းကို သူ ငုံ့ကြည့်သည်။

ကံကောင်းကြပါစေ၊ အမွှာပူးကလေး မွေးလိမ့်မယ်လို့ မျှော်လင့်တယ်။

ဤကြေးနန်းကိုမူကား. . .

ဂျိုနတ်စ်

ဟု လက်မှတ်ထိုးထားလေ၏။

♣ ♣ ♣

# ဂျိုနတ်စ်
## (၁၉၄၀)
## စာအုပ်ခုနစ်

(၁)

"တော်တော် မိုက်မဲတာပဲ"

စိအေတီ (၂၀) လေယာဉ်ပျံကြီးကို ကောင်းကင်ပေါ်သို့ ပျံတက်ရင်း ဖော်ရစ်စတာက ရေရွတ်သည်။ ကျွန်တော်တို့၏ နောက်တွင် စပစ်ဖိုင်းယား အမျိုးအစား စစ်လေယာဉ်ပျံများက အုပ်စုဖွဲ့ပြီး ပျံသန်းလိုက်လာသည်။

"ဘာတွေ မိုက်မဲနေတာလဲ"

ကျွန်တော်သည် တွဲဖက်လေယာဉ်မှူး ထိုင်ခုံမှာထိုင်နေရင်းက ပခုံးပေါ် ကျော်ပြီး သူ့ကို လှမ်းကြည့်ရင်း မေးသည်။ မီးခိုးတလူလူဖြစ်နေသော လန်ဒန်မြို့ကြီး၏ နံနက်ခင်း မြင်ကွင်းသည် နောက်မှာ ကျန်ရစ်ခဲ့သည်ကို မြင်နေရသည်။ မနေ့ညက ဗုံးကြဲခံခဲ့ရသည့်အတွက် နေရာပေါင်းများစွာတို့မှာ မီးများတောက်လောင်နေဆဲပင် ဖြစ်သည်။

"ဘာတွေ မိုက်မဲနေတာလဲ၊ ဒီလေယာဉ်ပျံကိုတော့ သူတို့ မဝယ်ဘူး။ ဒါပေမယ့် ဘီ (၁၇) အမျိုးအစား လေယာဉ်ပျံတွေကို ကျုပ်တို့ ထုတ်ပေးနိုင်သလောက် သူတို့က ဝယ်မယ်။ သူတို့လေတပ်ကို ပေမီဒေါက်မီဖြစ်လာအောင် ဒီကောင်တွေ အများကြီးလုပ်ရဦးမယ်ဆိုတာ ကျုပ်တို့ နှစ်ယောက်စလုံး သိနေကြတာပဲ"

ကျွန်တော်က ဖော်ရက်စတာကို ဆက်ပြောသည်။

"ဒီအကြောင်းကို ပြောနေတာ မဟုတ်ပါဘူး"

ရော်ဂျာဖော်ရက်စတာက ပြန်ပြောသည်။

"အင်ဂျင်နံပါတ် တစ်နဲ့နှစ် စစ်မယ်"

နောက်ဘက်မှာရှိသော မောရစ်ဆေက လှမ်းပြောသည်။

"အင်ဂျင်နံပါတ် သုံးနဲ့လေး စစ်မယ်၊ ဓာတ်ဆီ လျှော့လိုက်ပါ"

မောရစ်ဆေက ဆက်ပြောနေသည်။

"စစ်ပါ"

ဖော်ရက်စတာက နောက်သို့ ပြန်ပြောရင်း အင်ဂျင်များ မှန်သွားစေရန် ဆီကို အလောတော် ညှိပေးလိုက်သည်။ ပြီးမှ ကျွန်တော့်ဘက် ပြန်လှည့်ပြောသည်။

"ကျုပ်တို့ သုံးကောင်စလုံး ဒီလေယာဉ်ပျံပေါ် ရောက်နေတာကို မိုက်မဲတယ်လို့ ပြောတာ၊ ဒီလေယာဉ်ပျံ ပျက်ကျသွားလို့ ကျုပ်တို့ သုံးကောင်စလုံး သေကုန်ရင် ဘယ့်နှယ် လုပ်မလဲ၊ စက်ရုံကို ဘယ်သူက အုပ်ချုပ်တော့မလဲ"

ကျွန်တော်က သူ့ကို ရယ်ပြလိုက်သည်။

"အတော် ပူတတ်တဲ့လူပဲ"

ကျွန်တော်က ရယ်နေသော်လည်း သူက အတည်ပေါက်ကြီးဖြင့် ပြန်ပြောသည်။

"ခင်ဗျားက ကျုပ်ကို ပူခိုင်းထားတာကိုး၊ ကုမ္ပဏီရဲ့ဥက္ကဋ္ဌဆိုတာ ပူရမယ်၊ အထူးသဖြင့် ကျုပ်တို့ တစ်ရှိန်ထိုး ကြီးပွားနေတဲ့အခါမှာ ပိုပြီး ပူရမယ်၊ မနှစ်က ကျုပ်တို့ဝင်ငွေ စုစုပေါင်း ဒေါ်လာ (၃၅) သန်းကျော်ခဲ့တယ်၊ ဒီနှစ်ဆိုရင် စစ်လေယာဉ်ပျံတွေ လုပ်ပေးနေရတဲ့အတွက် သန်းပေါင်း (၁၀၀) ကျော် ဝင်လာတော့မယ်၊ ဒါကြောင့် ကျုပ်တို့ တစ်စုံတစ်ရာ ဖြစ်သွားရင် တာဝန်ယူပြီး ဆက်လုပ်သွားနိုင်မယ့်လူကို ကျုပ်တို့ အဆင်သင့် ရှာထားရတော့မယ်"

ကျွန်တော်သည် စီးကရက်တစ်လိပ်ထုတ်၍ မီးညှိဖွာရင်း မီးခိုးများကို ဖောက်ပြီး သူ့ကို လှမ်းကြည့်လိုက်သည်။

"ကျုပ်တို့က ဘာဖြစ်မှာမို့လို့လဲ၊ ခင်ဗျား ဘုရင့်လေတပ်မတော်ကို မနာလိုဖြစ်ပြီး လေတပ်ထဲ ပြန်ဝင်သွားရင်တော့ မပြောတတ်ဘူး"

ဖော်ရက်စတာက ကျွန်တော့်ပါးစပ်မှ စီးကရက်ကို လှမ်းဆွဲကာ သူ့ပါးစပ်မှာတပ်ပြီး သောက်နေသည်။

"ခင်ဗျား ဒီထက် ပိုသိပါတယ် ဂျိုနတ်စ်ရယ်၊ ကျုပ် ဒီကောင်တွေနဲ့ အလုပ်လုပ်လို့ မဖြစ်ပါဘူး။ အလကား အကောင်တွေပါ၊ ကျုပ် လေသူရဲ ပြန်ဖြစ်လာမယ် ဆိုရင်တောင်မှ ခင်ဗျားနဲ့ ခွဲမသွားပါဘူး"

သူ ပြောသည့်စကားထဲမှာ အဓိပ္ပာယ် အမျိုးမျိုး ပါနေသည်။ စစ်သည် ကျွန်တော်တို့ကို တွန်းတင်ပေးနေပြီ ဖြစ်၏။ ကျွန်တော်တို့ ဘယ်တုံးကမှ အိပ်မက် မမက်ခဲ့ဘူးလောက်အောင် လေယာဉ်ပျံများကို ထုတ်လုပ်ပေးရတော့မည်။ သို့သော်လည်း ယခုအချိန်အထိ သူတို့ လိုသမျှ ထုတ်လုပ်ပေးနိုင်သည့် စွမ်းအား ကျွန်တော်တို့မှာ မရှိသေး။

"ကနေဒါက စက်ရုံကို အုပ်ချုပ်ဖို့ ကျုပ်တို့ တစ်ယောက်ယောက်ကို တာဝန်ပေးရတော့မယ်"

သူ ပြောသည်ကို ကျွန်တော်က ခေါင်းညိတ်ပြီး ထောက်ခံသည်။ သူ ပြောသည်မှာ မှန်ပါသည်။ အမြော်အမြင်ကြီးမားသည့် စကား ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုမှာရှိသော စက်ရုံမှ ပစ္စည်းအစိတ်အပိုင်းများကို ထုတ်လုပ်သည်။ ပြီးတော့ ကနေဒါနိုင်ငံရှိ ကျွန်တော်တို့ စက်ရုံသို့ သင်္ဘောဖြင့် ပို့ပေးသည်။ ကနေဒါနိုင်ငံရှိ စက်ရုံမှာ လေယာဉ်ပျံများကို ဆင်သည်။ ပြီးသောအခါ ကနေဒါလေတပ်မတော်က အင်္ဂလန်သို့ ပျံသန်းပို့ဆောင်ပေးသည်။ ထိုနည်းအားဖြင့် လေယာဉ်ပျံတစ်စင်းလျှင် ရက်သတ္တပတ်သုံးပတ် စောပြီးစီးအောင် ကျွန်တော်တို့ အချိန်ခိုးယူနိုင်ကြသည်။

ထိုသို့ လုပ်ကိုင်နေသည့်အတွက် ကျွန်တော်တို့မှာ အဘက်ဘက်က အဆင်ပြေနေသည်။ ဗြိတိသျှအစိုးရနှင့် ကနေဒါအစိုးရတို့သည် စက်ရုံထဲမှာ ငွေအရင်းအနှီး မြှုပ်နှံနေကြသည်။ ထိုနည်းအားဖြင့် ကျွန်တော်တို့မှာ သက်သာသည့် အကြောင်းနှစ်ခုလည်း ရှိ၏။

ပထမအကြောင်းသည် ကနေဒါနိုင်ငံတွင် လေယာဉ်ပျံများကို တည်ဆောက်ခြင်းအားဖြင့် အမြတ်ခွန် သက်သာသည်။ အတိုးလည်း မပေးရ။ အမေရိကန်ပြည်ထောင်စုမှာ သတ်မှတ်သော ပြန်းတီးယိုယွင်းမှု နှုန်းထားထက်လည်း လေးဆပိုပေးသည်။

ဒုတိယအကြောင်းမှာ ဗြိတိသျှအစိုးရက သဘောကျခြင်း ဖြစ်သည်။ ကနေဒါနိုင်ငံသည် ပေါင်စတာလင်ငွေကြေး နယ်ပယ်အတွင်းမှာ ရှိသောကြောင့် ကျွန်တော်တို့ကို နိုင်ငံခြားငွေဖြင့် ပေးချေရန် မလို။ ဒေါ်လာဖြင့် ပေးချေရန် မလို။ သူတို့ပိုင် ပေါင်စတာလင်ဖြင့်ပင် ပေးချေနိုင်သည်။

"ကောင်းပြီ၊ သဘောတူတယ်၊ ဒါပေမယ့် အလုပ်ကြီးကြီးကျယ်ကျယ် မလုပ်ဖူးဘူးတဲ့ အကောင်ကိုတော့ မခန့်နဲ့၊ အတွေ့အကြုံရင့်တဲ့လူကို ခန့်ပါ၊ မောရစ်ဆေလို လူစားမျိုးပေါ့၊ ဒါပေမယ့် သူ့ကိုတော့ မပေးနိုင်ဘူးနော်၊ ခင်ဗျားစိတ်ထဲမှာ ဘယ်သူ့ကို စိတ်ကူးထားသလဲ"

"စိတ်ချပါ၊ ဒါပေမယ့် ခင်ဗျားတော့ သဘောကျမယ် မထင်ဘူး"

ဖော်ရက်စတာက ကျွန်တော့်ကို အကဲခတ်သည့် အကြည့်မျိုးဖြင့် ကြည့်သည်။

ကျွန်တော်က သူ့ကို ပြန်စိုက်ကြည့်သည်။

"ပြောစမ်းပါဦး"

"အမော့စ်ဝင်းသရော့"

"မလိုချင်ဘူး"

"ဒီလုပ်ငန်းကြီးကို လုပ်နိုင်မယ့်လူဆိုလို့ သူတစ်ယောက်ပဲ ရှိတယ်၊ နောင်ဆိုရင် သူ့ကို ရနိုင်တော့မှာ မဟုတ်ဘူး။ အခြေအနေတွေဟာ တစ်ဟုန်ထိုး တက်နေတယ်။ တခြား စက်ရုံတစ်ခုခုက သူ့ကို အပိုင်စီးသွားလိမ့်မယ်"

"စီးပေစေ၊ အလကားလူ၊ အချိန်ရှိသမျှ အရက်သောက်နေတဲ့ အရက်သမား၊ သူ လုပ်ခဲ့သမျှ အလုပ်တွေအားလုံး ပျက်စီးခဲ့တာချည်းပဲ"

"လေယာဉ် ဘယ်လို ထုတ်ရတယ်ဆိုတာ သူ သိတယ်၊ ခင်ဗျားတို့နှစ်ယောက် ဘာဖြစ်ခဲ့တယ်ဆိုတာ ကျုပ် သိတယ်။ ဒါပေမယ့် ဒီကိစ္စဟာ အလုပ်နဲ့မဆိုင်ဘူး"

ဖော်ရက်စတာကလည်း ခေါင်းမာမာဖြင့် တင်းခံသည်။

ကျွန်တော်က ဘာမှ ပြန်မပြော။ ကျွန်တော်တို့ရှေ့တွင် အုပ်စုဖွဲ့ပျံသန်းနေသည့် စပစ်ဖိုင်းယား လေယာဉ်ပျံများကို လှမ်းမြင်ရသည်။ ခေါင်းဆောင်လေယာဉ်ပျံသည် တစ်ဖက်သို့ စောင်းလိုက်၏။ ရေဒီယိုဖွင့်ရန် အချက်ပေးခြင်း ဖြစ်သည်။ ဖော်ရက်စတာက ရှေ့မှခလုတ်ကို လှမ်းဖွင့်သည်။

"ပြောပါ ကပ္ပတိန်"

ဖော်ရက်စတာက ရေဒီယိုစကားပြောခွက်နှင့်ကပ်ပြီး ပြန်ပြောသည်။

ကျွန်တော်က အောက်သို့ ငုံ့ကြည့်သည်။ အတ္တလန္တိတ်သမုဒ္ဒရာ၏ ညိုမောင်းနေသော ရေပြင်က ကျွန်တော့်ကို ပြန်ကြည့်နေသယောင်ထင်ရသည်။ ဗြိတိသျှကမ်းရိုးတန်းနှင့် မိုင်ပေါင်း (၁၀၀) ခန့်အကွာသို့ ကျွန်တော်တို့ ရောက်လာကြပြီ ဖြစ်သည်။

"ကောင်းပြီ ကပ္ပတိန်၊ ကျေးဇူးတင်ပါတယ်"

ဖော်ရက်စတာက ပြန်ပြောသည်။

"အိမ်ကို ချောချောမောမော ပြန်ရောက်ကြပါစေ၊ လေယာဉ်ပျံကြီးကြီးတွေ ပို့ပေးဖို့ လည်း မမေ့နဲ့ဦး၊ လာမယ့် နွေရာသီဆိုရင် ကျုပ်တို့လိုပြီ"

ဖော်ရက်စတာက ရယ်သည်။ ဗြိတိသျှတို့၏လက်တွင် သူတို့ကို အကာအကွယ်ပေး နိုင်လောက်သည့် လေတပ်အင်အား မရှိ။

"ရပါစေမယ် ကပ္ပတိန်"

"ကောင်းပြီ၊ ရေဒီယိုပိတ်တော့"

စပစ်ဖိုင်းယား လေယာဉ်ပျံသည် အတောင်ပံကို ယိမ်းထိုးပြပြီး သူတို့ လေယာဉ်ပျံချင်း ခပ်ကွာကွာ ဖြန့်လိုက်ကြသည်။ သူတို့ နိုင်ငံဘက်သို့ ပြန်မောင်းသွားကြသည်။ အသံများ တိတ်သွားသည်။ ကျွန်တော်တို့ လေယာဉ်ပျံတစ်စင်းတည်းသာ ကျွန်တော်တို့ အပြန်ခရီးပေါ်မှာ ပျံသန်းနေတော့သည်။

ခါးမှခါးပတ်ကို ဖြုတ်ပြီး ကျွန်တော် ထိုင်ရာမှ ထလိုက်၏။

"ခင်ဗျား တစ်ယောက်တည်း ဖြစ်မယ်ဆိုရင် နောက်ပိုင်းမှာ နည်းနည်းသွားမှိန်းလိုက် ဦးမယ်"

ရော်ဂျာက ခေါင်းညိတ်ပြသည်။ ကျွန်တော် နောက်ဘက်သို့သွားရန် လေယာဉ်မှူး အခန်းတံခါးကို အဖွင့်တွင် သူက လှမ်းပြောသည်။

"ကျုပ်ပြောတာကို စဉ်းစားဦးနော်"

"ဝင်းသရော့အကြောင်း ပြောတာဆိုရင် မေ့ပစ်လိုက်"

မောရစ်ဆေသည် ပျံသန်းမှုအင်ဂျင်နီယာအဖြစ်နှင့် လိုက်ပါလာသူ ဖြစ်သည်။ ကျွန်တော် နောက်ဘက်သို့ လာသောအခါ အင်ဂျင်နီယာ ထိုင်ခုံပေါ်မှာ စိတ်ပျက်လက်ပျက်ဖြင့် ထိုင်နေသည်ကို တွေ့ရသည်။

ကျွန်တော် ဝင်လာသည်ကို တွေ့သောအခါ မော့ကြည့်ပြီး. . .

"ကျွန်တော်တော့ နားမလည်နိုင်တော့ဘူးဗျာ"

ဟု ဝမ်းနည်းပက်လက်ဖြစ်သည့် အသံမျိုးဖြင့် ပြောသည်။

ခုံအစွန်းမှာ ကျွန်တော် ဝင်ထိုင်သည်။

"ဒါက လွယ်လွယ်ကလေး တွက်ကြည့်လို့ ရပါတယ်၊ ကိုယ်တို့ ဒီလေယာဉ်ပျံကြီးက လူကိုးယောက်ပါရမယ်၊ ဘီ (၁၇) လေယာဉ်က အမှုထမ်းငါးယောက်တည်းနဲ့ ပျံလို့ရတယ်၊ ဒီတော့ ကောင်းကင်မှာ လေယာဉ်ပျံနှစ်ဆတိုးပြီး ပျံနေနိုင်တာပေါ့၊ ဂျာမနီကို အသွားအပြန်က အလွန်ဆုံး မိုင် (၂၀၀၀) ပဲ ရှိတာပဲ၊ ဒါကြောင့် မိုင် (၅၀၀၀) ပျံနိုင်တဲ့ လေယာဉ်ပျံ သူတို့ မလိုဘူး။ ကုန်ကျစရိတ်ကလည်း ကိုယ်တို့ လေယာဉ်ပျံကြီးရဲ့ တစ်ဝက်ကျော်ကျော်ကလေးလောက် ရှိတာ မဟုတ်လား"

"ဒါပေမယ့် ဒီလေယာဉ်ပျံက ပေတစ်သောင်း ပိုမြင့်အောင် ပျံနိုင်တယ်၊ တစ်နာရီမှာ မိုင် (၂၀၀) ပိုမြန်တယ်၊ ဒါတင်မကသေးဘူး၊ ဗုံးကျပြန်တော့လည်း နှစ်ဆ ပိုသယ်နိုင်တယ်" မောရစ်ဆေက ပြန်ပြောသည်။

"မောင်ရင်က ခေတ်ရှေ့ကို ရောက်လွန်းနေတယ် မောရစ်ဆေ၊ သူတို့အဖို့ အခု အချိန်မှာ ဒီလိုလေယာဉ်ပျံမျိုးကို ဝယ်ဖို့ မတတ်နိုင်သေးဘူး၊ အဆင်သင့် မဖြစ်သေးဘူး"

သူ စိတ်ထိခိုက်သွားသည်ကို ကျွန်တော် အကဲခတ်လိုက်မိသည်။ သူ့အတွက် ကျွန်တော် စိတ်မကောင်း ဖြစ်မိပါသည်။ ကျွန်တော် ပြောသည့်စကားမှာ အမှန် ဖြစ်ပါသည်။ ကျွန်တော် ငွေရဖို့အတွက်သာ သူ စိတ်စောနေသည်။ ကျွန်တော့်အဖို့ဆိုလျှင် မောရစ်ဆေသည် ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးသော လေယာဉ်ပျံအင်ဂျင်နီယာတစ်ယောက် ဖြစ်ပါသည်။

"မေ့ပစ်လိုက်ပါ၊ စိတ်မပူပါနဲ့၊ တစ်နေ့ကျတော့ သူတို့ ဒီလို လေယာဉ်ပျံမျိုးကို ဝယ်ရမှာပါ၊ အစင်းပေါင်းထောင်နဲ့ချီပြီး သူတို့ သုံးကြရတော့မှာပါ"

"ဒီစစ်ပွဲမှာတော့ သုံးခွင့်ရတော့မှာ မဟုတ်ပါဘူးဗျာ"

သူက စိတ်ပျက်အားလျှော့သည့် လေသံဖြင့် ပြောပြန်သည်။ ပြီးတော့ ဓာတ်ဘူးကို လှမ်းယူသည်။

"ရော်ဂျာအတွက် ကော်ဖီ သွားပေးဦးမှ ထင်တယ်"

ကော်ဖီဘူးကိုယူပြီး လေယာဉ်မှူးအခန်းဆီသို့ လျှောက်သွားသည်။ ကျွန်တော်က ခုံပေါ်မှာ ကိုယ်ကို ဆန့်လိုက်သည်။ အင်ဂျင်လေးလုံး၏ စက်သံများသည် ကျွန်တော့်နားထဲမှာ တစ်ဝီဝီ မြည်နေသည်။ မျက်လုံးများကို ကျွန်တော် မှိတ်လိုက်သည်။

အင်္ဂလန်မှာ ရက်သတ္တပတ်သုံးပတ် ကြာခဲ့သည်။ တစ်ညမျှ အချိန်ပြည့်အောင် ကောင်းစွာ မအိပ်ခဲ့ရ။ ဂျာမန်တို့ လာကြသည့်ဗုံးများနှင့် မိန်းကလေးများကြားမှာသာ အချိန်ကုန်နေခဲ့ရသည်။

ဗုံးများနှင့် မိန်းကလေးများ. . . ဗုံးများ. .

မိန်းကလေးများ. . . ဗုံးများ. . . မိန်းကလေးများ။

ကျွန်တော် အိပ်ပျော်သွားသည်။

* * *

ဂျာမန်တို့ ကြဲချလိုက်သည့် ဗုံးသည် အနားမှာလာပြီး ပေါက်ကွဲသည်ဟု ထင်လိုက်ရ၏။ ညစာစားပွဲလည်း ယိမ်းခါသွားသည်။

"ကျွန်မ သမီးလေးအတွက်ပဲ စိတ်ပူပါတယ် မစ္စတာကော့"

ကျွန်တော့်ညာဘက်မှာ ထိုင်နေသည့် ဆံပင်ဖြူဖြူ ပိန်ပိန်ပါးပါး အမျိုးသမီးကြီးက ကျွန်တော့်ကို ပြောသည်။

အမျိုးသမီးကြီးကို ကျွန်တော် ငုံ့ကြည့်ပြီး ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်နေသည့် မောရစ်ဆေကို လှမ်းကြည့်သည်။ သူ့မျက်နှာသည် ဖြူပြီး ထိတ်လန့်နေပုံရသည်။ သူ့အိမ်တံခါးဝ၌ ဗုံးလာကျချိန်တွင် အမေရိကန်ပြည်ထောင်စုမှာ လုံလုံခြုံခြုံ နေနေရသည့် သမီးအတွက် သူက စိတ်ပူနေသည်။ သူ စိတ်ပူသည် ဆိုခြင်းမှာလည်း ဟုတ်ကောင်း ဟုတ်ပါလိမ့်မည်။ အမျိုးသမီးကြီးကား မော်နီကာ၏ အမေ ဖြစ်သည်။

"မော်နီကာ ကိုးနှစ်သမီးကတည်းက ကျွန်မနဲ့ မတွေ့တော့တာ၊ အခုဆိုရင် နှစ်ပေါင်း

(၂၀) တောင်ရှိသွားပြီ၊ သူ့အကြောင်းကို မကြာခဏ ကျွန်မ စဉ်းစားမိပါတယ်"

ဟု မစွစ်ဟုမ်းက စိတ်ထိခိုက်သည့် အသံဖြင့် ဆက်ပြောသည်။

မကြာခဏတော့ စဉ်းစားမိစရာ အကြောင်းမရှိဟု ကျွန်တော့်စိတ်ထဲမှာ တွေးနေမိသည်။ မိခင်များအကြောင်းကို ကျွန်တော် မကြာခဏ စဉ်းစားလေ့ရှိပါသည်။ မိခင်များသည်လည်း ဖခင်များနှင့် ဘာမှ မထူးခြား။ သူတို့အကြောင်းကိုသာ သူတို့ အရင် စဉ်းစားကြမည်ဖြစ်သည်။ သူတို့ ကိုယ်ကိုသာ သူတို့ ချစ်မည် ဖြစ်သည်။ မော်နီကာနှင့် ကျွန်တော်သည် ဘဝတူဟုလည်း ဆိုနိုင်သည်။ ကျွန်တော်၏ မိခင်သည် ကျွန်တော် ငယ်စဉ်ကတည်းက ကွယ်လွန်ခဲ့သည်။ မော်နီကာ၏ မိခင်သည် မော်နီကာ ငယ်စဉ်ကတည်းက အခြား ယောကျ်ား တစ်ယောက်နောက်သို့ လိုက်ပြေးခဲ့သည်။

မော်နီကာ၏ မိခင်က ကျွန်တော့်ကို မော့ကြည့်နေသည်။ မျက်လုံးများသည် မရန်းပြာရောင် တောက်နေသည်။ မျက်တောင်ကော့များက ရှည်လျားကော့ပျံနေသည်။ သူ့အလှများ အားလုံးသည် သူ့သမီးထံသို့ ဆင်းသက်သွားခဲ့သည်။

"အမေရိကကိုပြန်ရောက်ရင် မော်နီကာနဲ့များ တွေ့ဦးမလား မစ္စတာကော့"

"မသေချာဘူး မစွစ်ဟုမ်း၊ မော်နီကာက အခု နယူးယောက်မှာ နေတယ်၊ ကျွန်တော် နေတာက နီဗားဒါးပြည်နယ်"

မစွစ်ဟုမ်းသည် ခေတ္တငြိမ်နေသည်။ ကျွန်တော့်ကို စိတ်မကောင်းသည့် မျက်လုံးများဖြင့်လည်း ကြည့်ပြန်သည်။

"ရှင် ကျွန်မကို သိပ်မနှစ်မြို့ဘူးလို့ ထင်တယ်၊ ဟုတ်တယ် မဟုတ်လား မစ္စတာကော့"

"ကျွန်တော့် စိတ်ထဲမှာ ဒီလိုတော့ မရှိပါဘူး။ ကျွန်တော့်အမူအရာက အဲဒီလို ဖြစ်နေတယ် ဆိုရင်တော့ ဝမ်းနည်းပါတယ် မစွစ်ဟုမ်း"

ဟု ကျွန်တော်က ခပ်မြန်မြန် ပြန်ပြောလိုက်ရသည်။

မစွစ်ဟုမ်းက ပြုံးသည်။

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ရှင်နဲ့ စတွေ့တုန်းက ကျွန်မ ဘယ်သူဖြစ်ကြောင်း ပြောလဲပြောရော ရှင် ကျွန်မကို မနှစ်မြို့ဘူးလို့ ကျွန်မ ထင်ခဲ့ပါတယ်။ ကျွန်မအကြောင်းကို အမေ့ာစ်က ရှင့်ကို ပြောပြထားတယ်လို့ ကျွန်မ ထင်ပါတယ်။ လူတစ်ယောက်နဲ့ ကျွန်မ ထွက်ပြေးတဲ့အကြောင်း၊ သမီးလေးတစ်ယောက်နဲ့ သူ့ကို ပစ်ထားခဲ့တဲ့အကြောင်း သူ ပြောပြထားတယ်လို့ ကျွန်မ ထင်ပါတယ်"

"ဝင်းသရော့နဲ့ ကျွန်တော်နဲ့ ဒါလောက် မရင်းနှီးခဲ့ကြပါဘူး၊ ခင်ဗျားအကြောင်းကိုလည်း တစ်ခါမှ မဆွေးနွေးခဲ့ပါဘူး"

"ကျွန်မကိုယုံပါ မစ္စတာကော့၊ ကျွန်မ သမီးကလေးကို ကျွန်မ စွန့်ပစ်လိုက်တာ မဟုတ်ပါဘူး၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့လည်း သမီးကလေး နားလည်သဘောပေါက်စေချင်ပါတယ်"

မစွစ်ဟုမ်းက ခပ်တိုးတိုးပြောသည်။ သို့သော်လည်း သူ့အသံသည် အနည်းငယ် မာလာသည်။

ဘာမှ မပြောင်းလဲ။ အားလုံး အတူတူပဲ ဖြစ်သည်။ မိဘများက သားသမီးများ အကြောင်းကို နားလည်သဘောပေါက်ရန် ပိုပြီး အရေးကြီးသည်။

"အမေ့ာစ်ဝင်းသရော့ဟာ မိန်းမလိုက်စားတယ်၊ ပြီးတော့. . . လူလိမ်"

မစွစ်ဟုမ်းက အေးအေးပင် ပြောသည်။သူ့အသံထဲတွင် နာကြည်းမှု၊ ရွံမုန်းမှုများ၊ အာဃာတထားမှုများ မပါ။

"ကျွန်မတို့ အိမ်ထောင်သက် ဆယ်နှစ်ဟာ ကျွန်မအဖို့တော့ ငရဲခံစားနေရတဲ့ ဘဝပါပဲ။ လက်ထပ်ပြီးစ ပျားရည်ဆမ်းခရီးထွက်တဲ့ အချိန်မှာတောင်မှ တခြား အမျိုးသမီးတွေနဲ့ ရှုပ်နေတာကို ကျွန်မကိုယ်တိုင် လက်ပူးလက်ကျပ်မိခဲ့တယ်။ နောက်ဆုံး ရိုးသားတဲ့ လူကောင်း တစ်ယောက်နဲ့ ကျွန်မ မေတ္တာမျှမိခဲ့တယ်၊ အဲဒီအချိန်မှာတောင် အကျပ်ကိုင်ပြီး သမီးကို သူ ရအောင်ယူလိုက်တယ်၊ သမီးကိုမပေးခဲ့ရင် ကျွန်မ နောက်ယောကျ်ား ဗြိတိသျှအစိုးရ အလုပ်က

နေပြုတ်အောင် လုပ်မယ်လို့ ခြိမ်းခြောက်တယ်"

ကျွန်တော် သူ့ကို ကြည့်နေမိသည်။ အေမော့စ်သည် ဤကဲ့သို့ ညစ်ပတ်တတ်သည့် လူစား ဖြစ်သည်။ ကျွန်တော် ကောင်းကောင်း သိခဲ့ပါသည်။

"ဒီအကြောင်းတွေ မော်နီကာဆီ စာရေးပြီး ပြောပြဖူးသလား"

"သူ့အဖေအကြောင်းတွေကို သူ့သမီးဆီရေးပြီး ပြောပြလို့ ဘယ်သင့်တော်ပါ့မလဲ"

ကျွန်တော်က ဘာမှ ပြန်မပြော။

"အရင် ဆယ်နှစ်လောက်ကတော့ သမီးကို ကျွန်မနဲ့အတူ နေနိုင်အောင် ပို့ပေးမယ်လို့ အေမော့စ်ဆီက အကြောင်းကြားဖူးတယ်။ ကျွန်မဆီ သမီးရောက်လာတော့မှပဲ ဒီအကြောင်းတွေကို သူ သဘောပေါက်အောင် ပြောပြတော့မယ်လို့ ကျွန်မ ပိုင်းဖြတ်ခဲ့တယ်။ ရှင်နဲ့ သမီးတို့ လက်ထပ်ကြတဲ့အကြောင်း သတင်းစာတွေထဲမှာ ဖတ်လိုက်ရတယ်၊ သမီးလည်း ကျွန်မဆီကို လုံးဝ ရောက်မလာတော့ဘူး"

စားပွဲထိုးဝင်လာပြီး စားပြီးသော ပန်းကန်များကို သိမ်းဆည်းသွားသည်။ နောက်ထပ် စားပွဲထိုးတစ်ယောက် ဝင်လာကာ ကော်ဖီပန်းကန်များ ချပေးသည်။ သူ ပြန်ထွက်အသွားတွင် ကျွန်တော်က မစ္စစ်ဟုမ်းကို လှမ်းမေးသည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာလုပ်ပေးစေချင်ပါသလဲ မစ္စစ်ဟုမ်း"

သူ့မျက်လုံးများသည် ကျွန်တော့်ကိုကြည့်ပြီး အကဲခတ်နေသည်။ ခဏကြာတော့ သူ့မျက်လုံးများထဲတွင် မျက်ရည်စများကို မြင်ရသည်။ သူ စကားပြောသောအခါ သူ့အသံသည် မှန်မှန်ပင် ဖြစ်သည်။

"သူနဲ့များ တွေ့ဖြစ်မယ်ဆိုရင် ကျွန်မ မေးတဲ့အကြောင်း ပြောပြပေးပါ၊ ပြီးတော့ ကျွန်မဆီကို စာရေးမယ်ဆိုရင် သိပ်ဝမ်းသာမှာပဲ ဆိုတာလည်း ပြောပြပေးပါ"

"စိတ်ချပါ၊ ကျွန်တော် ပြောလိုက်ပါ့မယ်"

ကျွန်တော်က ခေါင်းညိတ်ဖြေသည်။

စားပွဲထိုးက ကျွန်တော်တို့ ပန်းကန်များထဲသို့ ကော်ဖီဖြည့်ပေးသည်။ ထိုအခိုက်မှာ ဗုံးတစ်လုံးကျပြီး ကွဲပြန်သည်။ ငြိမ်းချမ်းနေသည့်ကာလ လန်ဒန်မြို့ကြီးတွင် မိုးကြိုးများ ထစ်ချုန်းသကဲ့သို့ ကျယ်လောင်စွာ မြည်ဟည်းသွားသည်။

* * *

ကျွန်တော် မျက်လုံးများ ဖွင့်လိုက်သောအခါ အင်ဂျင်လေးလုံးမှ ကျယ်လောင်သည့် အသံသည် ကျွန်တော့်နားထဲသို့ ပြေးဝင်လာသည်။ မောရစ်ဆေသည် ဘေးက ခုံတစ်လုံးပေါ်မှာ ဇက်လည်ကျပြီး ငိုက်နေသည်။ ကျွန်တော် ထိုင်သောအခါ သူက မျက်လုံးများ ဖွင့်ကြည့်သည်။

"ကိုယ် ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသလဲ"

"လေးနာရီလောက်ကြာမယ်"

"ရော်ဂျာကို နားခိုင်းလိုက်ဦးမှပဲ"

ကျွန်တော်က မတ်တတ်ရပ်ရင်း ပြောသည်။ မောရစ်ဆေက ကျွန်တော့်ကို လှမ်းကြည့်နေသည်။

"ခင်ဗျား သိပ်ကို ပင်ပန်းနေပုံပဲ၊ အိပ်နေတုန်းကများ ဟောက်လိုက်တာ၊ ကျွန်တော်တို့ လေယာဉ်ပျံမှာ အင်ဂျင်လေးလုံးပဲ ရှိတယ်၊ ဘယ့်နှယ်ကြောင့် အခု အင်ဂျင်ငါးလုံး ဖြစ်သွားသလဲလို့တောင် ထင်မိတယ်"

တွဲဖက်လေယာဉ်မှူး ထိုင်ခုံမှာ ကျွန်တော် ဝင်ထိုင်သည်။

"ခင်ဗျား နည်းနည်း သွားပြီး နားလိုက်ပါဦး၊ ကျုပ်တို့ ဘယ်ကို ရောက်နေကြပြီလဲ"

"ဟောဒီနေရာ"

ဖော်ရက်စတာက ကျွန်တော်တို့နှစ်ယောက်ကြားရှိ မြေပုံပေါ်မှာ လက်ထောက်ပြသည်။ ကျွန်တော်က ငုံ့ကြည့်သည်။ သမုဒ္ဒရာအတွင်းသို့ မိုင် (၁၀၀၀) ခန့်သာ ရောက်သေးသည်။

"ခရီး သိပ်မတွင်ဘူး"

ဖော်ရက်စတာက ခေါင်းညိတ်ပြသည်။

"လေဆန်ကို မောင်းနေရတယ်"

ကျွန်တော် လေယာဉ်ထိန်းမောင်းတံကို ဆွဲယူလိုက်သည်။ လေယာဉ်ပျံကို ကျွန်တော် ကောင်းစွာ ထိန်းမိပြီ ဖြစ်သောအခါ သူ့ဘက်လှည့်ပြီး. . .

"ရပြီ"

ဟု ပြောလိုက်သည်။

ဖော်ရက်စတာက သူ့မောင်းတံကို လျှော့ချလိုက်ပြီး ထိုင်ရာမှထသည်။

"နည်းနည်းတော့ သွားအိပ်လိုက်ဦးမှ ထင်တယ်"

"ကောင်းတယ်"

ကျွန်တော်က လေကာမှန်ကိုဖောက်ပြီး ရှေ့သို့ ကြည့်နေရင်းမှ ပြန်ပြောသည်။ မိုးစရွာတော့မည်။

"နာရီ နည်းနည်းလောက် ကြာအောင်တော့ ခင်ဗျား မျက်လုံးတွေကို ဖွင့်ထားလို့ ရပါသေးတယ်နော်"

"ကြိုးစားမယ်"

ဖော်ရက်စတာက ရယ်သည်။

"ခင်ဗျားဟာ ကျုပ်ထက်ပဲ ပိုပြီး အစွမ်းထက်နေတာလား၊ ဒါမှမဟုတ် ကျုပ်ကလည်း အသက်ကြီးသွားလို့လားတော့ မပြောတတ်ဘူး။ ကျုပ်တော့ အံ့ဩတယ်၊ အင်္ဂလန်မှာ ရှိရှိသမျှ မိန်းမတွေ အကုန်လုံးနဲ့များ ခင်ဗျား တွေ့တော့မှာလားလို့တောင် ထင်ခဲ့မိတယ်ဗျာ"

ကျွန်တော်က သူ့ကို မော့ကြည့်ပြီး ပြုံးသည်။

"ဗုံးတွေက သိပ်ကြံနေတာကိုးဗျ၊ ဒါပဲ လုပ်စရာရှိတော့တာပေါ့"

သူက ရယ်ပြီး နောက်ဘက်သို့ ထွက်သွားသည်။ ကျွန်တော်လည်း လေယာဉ်ပျံကို ထိန်းပြီး ဆက်မောင်းလာခဲ့သည်။

အမှန်တော့ ကျွန်တော့်စိတ်ထဲတွင် ထိုသို့ ရှိခဲ့သလိုပင် မိန်းကလေးများ၏ စိတ်ထဲတွင်လည်း ထိုသို့ပင် ရှိမည်ဟု ကျွန်တော် ထင်သည်။ လန်ဒန်မြို့ကို ဂျာမန်များက တရစပ် ဗုံးကြဲချနေသည်။ သူတို့လည်း ထိတ်လန့်တကြား ဖြစ်နေကြသည်။ သည်လိုအချိန်မျိုးတွင် သူတို့လည်း အပေါင်းအဖော်ကလေးနှင့်တော့ နေချင်ကြပေလိမ့်မည်။

နှင်းများ သိပ်သိပ်သည်းသည်း ကျလာပြန်သည်။ လေကာမှန်ပေါ်မှ ရေသုတ်တံကို ဖွင့်သည်။ သို့သော်လည်း နှင်းများ ထူထပ်နေသောကြောင့် ရေသုတ်တံ မရွေ့နိုင်၊ နှင်းပျော်ရန် ရေပိုက်ခေါင်းကို ဖွင့်လိုက်သည်။ လေက ရှေ့မှ ပြင်းထန်စွာ တိုက်နေသည်။ လေယာဉ်အမြန်နှုန်းသည် လျော့ကျနေသည်။ လေကြောင်း၏ အထက်သို့တက်ပြီး ပျံရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။

တိမ်တိုက်များကို ဖောက်ပြီး အပေါ်သို့ တဖြည်းဖြည်း မြင့်တက်လာသည်။ အမြင့်ပေ (၁၃၀၀၀) သို့ ရောက်သောအခါ တိမ်တိုက်နှင့် လွတ်သွားသည်။ တောက်ပသည့်နေရောင်ကိုလည်း ရလာသည်။ လေကြောင်းနှင့်လည်း လွတ်သွားသည်။ လေယာဉ်ပျံကို ကျွန်တော် ကောင်းစွာ ထိန်းနိုင်ပြီ။

ရာသီဥတုက ကြည်လင်ကောင်းမွန်၏။ အပြန်လမ်းသည် အရာရာ ချောမွေ့ ငြိမ်သက်လျက် ရှိသည်။

(၂)

ဓာတ်လှေကားမှ ကျွန်တော် ထွက်လာခဲ့သောအခါ တံခါးဝတွင် ရပ်နေသည့် ရိုဘဲယားကို တွေ့ရသည်။ အချိန်မှာ မနက် (၅) နာရီ ဖြစ်သည်။ ရိုဘဲယား၏ အမူအရာသည် လန်းဆန်းကြည်လင်နေ၏။ အဖြူရောင်ရှပ်အင်္ကျီ သန့်သန့်ရှင်းရှင်းနှင့် ကျွန်တော့်ကို ပြုံးလျက် ကြိုနေသည်။

"ကောင်းသော မနက်ခင်းပါ မစ္စတာကော့၊ ချောချောမောမော ပျံသန်းနိုင်ခဲ့ပါသလား"

"ချောချောမောမောပါပဲ၊ ကျေးဇူးပဲ ရှိဘဲယား"

"ဧည့်ခန်းထဲမှာ မစ္စတာမက်အယ်လစ္စတာ ရှိနေပါတယ်၊ သူ ည ရှစ်နာရီကတည်းက လာစောင့်နေတာပါ ခင်ဗျာ"

"ကောင်းပြီ၊ သူနဲ့ စကားသွားပြောလိုက်မယ်"

ဧည့်ခန်းဆီသို့ ကျွန်တော် ခြေလှမ်းလိုက်သည်။

"ဆင်းဒဝစ်နဲ့ ကော်ဖီ ကျွန်တော် ပြင်လိုက်ပါ့မယ်ခင်ဗျာ"

ကျွန်တော့်ခြေလှမ်းများကို ရပ်ပြီး သူ့ကို ပြန်လှည့်ကြည့်မိသည်။ နီဂရိုးကြီးသည် ထောင်ထောင်မောင်းမောင်းဖြင့် အလွန် နုပျိုနေသည်။ သူ့ဆံပင်များသည် ထူထဲမည်းနက်လျက် ရှိ၏။ သူ့ကိုယ်လုံးသည် အလွန် သန်မာထွားကျိုင်းလှသည်။

"ဟေး. . ရှိဘဲယား၊ ကျုပ် ကြိုက်တာတွေ ခင်ဗျား သိတာပဲ၊ ခင်ဗျားလက်ရာ ကျုပ် မစားရတာကြာပြီ"

ရှိဘဲယားက ကျွန်တော့်ကို ပြန်ပြုံးပြသည်။ သူ့အပြုံးသည် ကျွန်တော်၏ အစေခံ တစ်ယောက်အနေဖြင့် ပြုံးပြခြင်း မဟုတ်။ ကျွန်တော် အလွန် အားကိုးရသော သူငယ်ချင်း၊ မိတ်ဆွေအနေဖြင့် ပြုံးပြခြင်း ဖြစ်သည်။

"ကျွန်တော်လည်း စိတ်တိုင်းကျ ချက်မကျွေးရတာ ကြာပါပြီခင်ဗျာ"

ဧည့်ခန်းဘက်သို့ ကျွန်တော် ဆက်လျှောက်ခဲ့သည်။ ရှိဘဲယားသည် ကျွန်တော်၏ မိတ်ဆွေအဆင့်ထက်လည်း သာသည်ဟု ဆိုရမည်။ တစ်နည်းဆိုရသော် ကျွန်တော့်ကို ထိန်း ကျောင်းပေးနေသည့် အထိန်းတော်တစ်ယောက်ဟု ဆိုလျှင်လည်း မှားမည် မဟုတ်။

ရီနာ ကွယ်လွန်ပြီးစက ကျွန်တော် အလွန် စိတ်ထိခိုက်ခဲ့ရသည်။ ထိုအချိန်က ရှိဘဲယားသာ မရှိလျှင် ကျွန်တော်၏ ဘဝသည် မည်သို့မည်ပုံ ပြောင်းလဲသွားမည်ကို ကျွန်တော် မခန့်မှန်းနိုင်။

ကျွန်တော် နယူးယောက်မှ ရီနိုသို့ ပြန်ရောက်လာစဉ်က ကျွန်တော် အလွန်အမင်း စိတ်ဆင်းရဲနေသောအချိန် ဖြစ်သည်။ မည်သည့်အလုပ်ကိုမျှ မလုပ်ချင်။ အရက်ကိုသာ သောက်နေချင်သည်။ အားလုံးကို မေ့ပစ်လိုက်ချင်သည်။ အရက်မူးနေလျှင် ရီနာကို မေ့နေနိုင်မည်။

သဲကန္တာရအတွင်းမှာ နေထိုင်သည့် အင်ဒီးယန်းလူမျိုးတစ်ယောက်က မြင်းတစ် ကောင်ကို အကြမ်းပတမ်းစီးသကဲ့သို့ ကျွန်တော့်အဖေသည် ကျွန်တော့်ပခုံးပေါ်မှာ ဝန်ထုပ်ဝန်ပိုး များစွာကို တင်ပေးခဲ့သည်ဟု ကျွန်တော့်စိတ်ထဲမှာ ထင်မှတ်နေမိသည်။ ကျွန်တော် လက်ထပ် ယူလိုခဲ့သည့် မိန်းကလေးကို အဖေက လက်ထပ်ယူခဲ့သည်။ ရီနာသည် အဖေ့ဇနီး ဖြစ်ခဲ့ရသည်။ ယခု အဖေ့ဇနီးဆုံးသည်။ ကျွန်တော်က ဘာကြောင့် ငိုနေရသနည်း။ ဘာကြောင့် ဤမျှ စိတ်ဒုက္ခရောက်နေရသနည်း။

တစ်မနက်ခင်းတွင် ဖြစ်သည်။ ကျွန်တော်တို့ ခြံတွင်းမှ နီဗားဒါးနေသည့် အိမ်၏ နောက်ဘက် ဖုန်များ သဲများထဲမှာ ဖြစ်သည်။ အိပ်ရာမှနိုးပြီး မျက်လုံးဖွင့်ကြည့်သောအခါ ကျွန်တော့်ကို ငုံ့ကြည့်နေသည့် ရှိဘဲယားကို တွေ့ရသည်။ အလုပ်သမားများ တန်းလျား၏ အိမ်နံရံကိုမှီရင်း အရက်ပုလင်းထဲမှ လက်ကျန်ကို ကျွန်တော် အကုန်သောက်မိခဲ့ကြောင်း ဇဝေဇဝါ မှတ်မိနေသည်။ မနေ့ညက ဖြစ်နိုင်သည်။ ခေါင်းကို တစ်ဖက်သို့ ဖြည်းညင်းစွာ ယမ်းကြည့်၏။ ဝီစကီပုလင်းခွံတစ်လုံးကို တွေ့ရသည်။

ဖုန်များထဲမှာ လက်ကို ထောက်ကြည့်သည်။ ကျွန်တော့်ခေါင်းသည် အလွန် ကိုက်နေ၏။ ပါးစပ်လည်း ခြောက်ကပ်နေသည်။ မတ်တတ်ရပ်ရန် ကျွန်တော် ကြိုးစားကြည့်သည်။ မည်သည့် ခွန်အားမျှ မရှိတော့ကြောင်း သတိထားမိသည်။

ရှိဘဲယားက ကျွန်တော့်ကို ပွေ့ယူပြီး ထူပေးသည်။ မြေကြီးပေါ်မှာ တဖြည်းဖြည်း ကျွန်တော် လမ်းလျှောက်ကြည့်သည်။

"ကျေးဇူးပဲ၊ အရက်သောက်လိုက်ရင် ကောင်းသွားမှာပါ"

"ဝီစကီ မရှိတော့ပါဘူး မစ္စတာကော့"

သူ့အသံက အလွန် နူးညံ့သည်။ အလွန်လည်း တိုးသည်။

ထို့ကြောင့် ကျွန်တော် သဲသဲကွဲကွဲ မကြားလိုက်။

"ဘာပြောတယ် ရိုဘဲယား"

"အရက် မရှိတော့ပါဘူး မစ္စတာကော့၊ ဒါလောက်ဆိုရင် အရက်သောက်တာကို ရပ်လိုက်ဖို့ကောင်းပြီ ထင်ပါတယ်"

ပြုံးကျယ်သော သူ၏မျက်လုံးသည် မည်သို့သော ခံစားချက်မျှ ရှိပုံမရ။

ထောင်းခနဲ ကျွန်တော် ဒေါသထွက်သွားသည်။ သူ့အနားမှလည်း ကျွန်တော် ထွက်လာခဲ့သည်။

"မင်းကိုယ်မင်း ဘာကောင်များ အောက်မေ့နေသလဲ၊ ငါ သောက်ချင်ရင် သောက်ကို သောက်ရမယ်"

ရိုဘဲယားက ခေါင်းကိုယမ်းသည်။

"ဝီစကီ မရှိတော့ပါဘူးခင်ဗျာ၊ မစ္စတာကော့ ကလေး မဟုတ်ပါဘူး။ အချိန်ရှိသမျှ အရက်ထဲမှာ နှစ်မြုပ်ထားလို့ မဖြစ်နိုင်ပါဘူး။ ကိုယ်လုပ်ရမယ့် အလုပ်တွေမှာ အားလုံး အနှောင့် အယှက် ဖြစ်ကုန်ပါလိမ့်မယ်"

သူ့ကို ကျွန်တော် စိုက်ကြည့်နေမိသည်။ ဒေါသစိတ်သည် ကျွန်တော့်ရင်ထဲမှာ ပေါက်ကွဲလာသည်။

"မင်းကို အလုပ်ထုတ်လိုက်ပြီ၊ မလိုချင်ဘူး၊ ငါ့ကို ဆရာလာလုပ်လို့ မရဘူးကွ"

ကျွန်တော် အသံကုန်အော်လိုက်မိ၏။

အိမ်ဘက်သို့ ကျွန်တော် လှည့်ထွက်ခဲ့သည်။ သူ့လက်တစ်ဖက်က ကျွန်တော့်ပခုံးကို ကိုင်ပြီး သူ့ဘက်သို့ ကျွန်တော့်ကို ဆွဲလှည့်သည်။ သူ့မျက်နှာပေါ်မှာ ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များကို အထင်းသား ကျွန်တော် မြင်နေရသည်။

"ကျွန်တော် ဝမ်းနည်းပါတယ် မစ္စတာကော့"

"ဟေ့. . . တောင်းပန်ဖို့ မလိုဘူးကွ"

"ကျွန်တော် ပြောမိတဲ့စကားတွေအတွက် ကျွန်တော် တောင်းပန်နေတာ မဟုတ်ပါဘူး မစ္စတာကော့"

သူက ကျွန်တော့်ကို တိုးတိုးပင် ပြန်ပြောသည်။ တစ်ဆက်တည်းမှာပင် အလွန် ကြီးမားသည့် သူ၏လက်သီးတစ်လုံးသည် ကျွန်တော့်မျက်နှာဆီသို့ လျှပ်ပြက်သလို ရောက်လာသည်။ ရှောင်တိမ်းနိုင်ဖို့ ကျွန်တော် ကြိုးစားကြည့်သေးသည်။ သို့သော် ကျွန်တော့် ခန္ဓာကိုယ်ထဲတွင် မည်သည့်ခွန်အားမျှ မရှိတော့။ သို့ဖြင့်ပင် အမှောင်ထဲသို့ ကျွန်တော် ပြန်ရောက်သွားပြန်တော့သည်။

ယခုတစ်ကြိမ် ကျွန်တော် အိပ်ရာမှ နိုးလာသောအခါတွင် ကျွန်တော့် အိပ်ရာပေါ်မှာ ပြန်ရောက်နေကြောင်း တွေ့ရသည်။ အိပ်ရာက အလွန် သန့်ရှင်းနေသည်။ မီးဖိုထဲမှာ မီးထည့်ထားသည်ကို တွေ့ရသည်။ ကျွန်တော် အလွန် အားနည်းနေသည်။ တစ်ဖက်သို့ လှည့်ကြည့်သောအခါ ကုလားထိုင်မှာ ထိုင်နေသော ရိုဘဲယားကို တွေ့ရသည်။ သူ့ဘေးက စားပွဲပေါ်တွင်လည်း စွပ်ပြုတ်တစ်ခွက် တင်ထားသည်။

"စွပ်ပြုတ်ပူပူကလေးတစ်ခွက် ကျွန်တော် အဆင်သင့် လုပ်ထားပါတယ်"

"ခင်ဗျား. . . ဘာဖြစ်လို့ ကျုပ်ကို ဒီနေရာ ခေါ်လာရတာလဲ"

"တောင်ပေါ်က လေကို ရှူရရင် နေကောင်းသွားမယ်"

"မနေဘူး"

ကျွန်တော်သည် အိပ်ရာမှထရန် ကြိုးစားလိုက်၏။ သည်နေရာသည် ကျွန်တော်၏ တောပိုင်းကခြံ ဖြစ်သည်။ သည်နေရာမှာ ကျွန်တော် အကြိမ်ပေါင်းများစွာ လာရောက် နေထိုင်ခဲ့ဖူးပြီ။ နောက်ဆုံးအကြိမ်သည် မော်နီကာနှင့် ပျားရည်ဆမ်းခရီးထွက်ချိန်က ဖြစ်သည်။

ရိုဘဲယား၏ ကြီးမားသောလက်ကြီးက ကျွန်တော့်ကို ခေါင်းအုံးပေါ်သို့ ပြန်တွန်းချသည်။

"ဒီမှာ နေကိုနေရမယ်"

သူက တိတ်ဆိတ်စွာပင် ပြောသည်။ ပြီးတော့ စားပွဲပေါ်မှ စွပ်ပြုတ်ပန်းကန်ကို

လှမ်းယူသည်။ တစ်ဖွန်းခပ်ပြီး ကျွန်တော်၏ ပါးစပ်နားသို့ တိုးပေးသည်။

"သောက်"

သူ့အသံသည် အမိန့်ပေးသံ၊ ပိုင်စိုးပိုင်နင်းအသံ ဖြစ်နေ၏။ ကျွန်တော် သတိမထား လိုက်မိချိန်မှာပင် ပါးစပ်ဟပေးမိလျက်သား ဖြစ်နေသည်။ ပူးနွေးသည့် စွပ်ပြုတ်သည် ပါးစပ်ထဲသို့ ဝင်လာ၏။

"တော်ပြီ၊ မသောက်ချင်တော့ဘူး"

မည်းနက်သည့် သူ၏မျက်လုံးများကို ကျွန်တော် ခဏငေးကြည့်နေမိသည်။ ကျွန်တော့် ရင်ထဲမှာ နာကျင်လာသည်။ ဤလောကတွင် ကျွန်တော်သည် အဖော်မဲ့သော အထီးကျန် ဘဝသို့ ရောက်နေပါပြီကောလားဟု တွေးမိသည်။ တစ်သက်တွင် မည်သည့်အခါကမျှ ဤစိတ် မျိုး မပေါ်ပေါက်ဖူးခဲ့။ ရုတ်ခြည်း ဆိုသလိုပင် ကျွန်တော် ငိုချမိတော့သည်။

ရှိဘဲယားက စွပ်ပြုတ်ခွက်ကို စားပွဲပေါ်သို့ ပြန်တင်သည်။

"ငိုလိုက် မစ္စတာကော့၊ ငိုလိုက်၊ အားရအောင် ငိုပစ်လိုက်၊ မျက်ရည်က ဝီစကီလို ကိုယ့်ကို ဒုက္ခပေးတာ မဟုတ်ဘူး။ စိတ်သက်သာသွားအောင် ငိုသာငိုပစ်လိုက်"

ညနေပိုင်း၌ ကျွန်တော် အိပ်ခန်းထဲမှ ထွက်လာသောအခါ ရှိဘဲယားသည် ခုံတစ်လုံး ပေါ်မှာ ထိုင်နေသည်။ နေရောင်ခြည်သည် ထွန်းလင်းနေသည်။ ပတ်ဝန်းကျင်သည် စိမ်းလန်း စိုပြည်နေသည်။ သစ်ပင်များ၊ ချုံငယ်များ၊ ပန်းမန်များသည် တောင်ခြေလျှောတစ်လျှောက် တွင် စိမ်းလန်းစိုပြည်နေကြသည်။ စိမ်းလန်းစိုပြည်သည့် မြင်ကွင်း၏အဆုံးမှာ အဝါရောင် သဲများဖြင့် အတိပြီးသော သဲကန္တာရကို မြင်ရသည်။ ကျွန်တော် တံခါးဖွင့်သောအခါ ရှိဘဲယားက ထိုင်ရာမှထသည်။

ဝရန်တာဆီသို့ ကျွန်တော် လျှောက်ခဲ့ပြီး အောက်သို့ ငုံ့ကြည့်သည်။ ကျွန်တော်တို့ သည် လူသူမနီးသည့် နေရာမှာ ရောက်နေကြသည်။ ရှိဘဲယားဘက်သို့ ကျွန်တော် ပြန်လှည့် ကြည့်၏။

"ညစာအတွက် ဘာရှိသလဲ ရှိဘဲယား"

ရှိဘဲယားက ပခုံးများကို တွန့်လိုက်သည်။

"အမှန်အတိုင်း ပြောပါရစေ မစ္စတာကော့၊ မစ္စတာကော့ ဘာစားချင်သလဲဆိုတာ သိချင်တာနဲ့ ကျွန်တော် စောင့်နေပါတယ်"

"ဟောဟိုနားမှာ စမ်းချောင်းကလေးတစ်ခု ရှိတယ်၊ ခင်ဗျား အမြဲတွေ့နေရတဲ့ ငါးသလောက်ကြီးတစ်ကောင် အဲဒီ စမ်းချောင်းထဲမှာ ရှိနေတယ်"

"ငါးသလောက်ဟင်းဆိုရင် အင်မတန် ကောင်းပါတယ် မစ္စတာကော့"

သူက ပြုံးပြီးပြောသည်။

ထိုနေ့မှစပြီး သည်တောင်ပေါ်စခန်းမှာ ကျွန်တော် နှစ်နှစ်နီးပါး ကြာမြင့်အောင် ရှိဘဲယားနှင့် နှစ်ယောက်တည်း နေထိုင်ခဲ့သည်။ မြို့သို့ ကျွန်တော် လုံးဝ မပြန်။ မက်အယ် လစ္စတာမှတစ်ပါး အခြားမည်သူ့ကိုမျှလည်း အလာမခံ၊ ရှိဘဲယားက တစ်ပတ်တွင် တစ်ကြိမ် မြို့သို့ပြန်ပြီး လိုအပ်သည်များကို ဝယ်သည်။

ကျွန်တော်၏ လုပ်ငန်းများအားလုံးသည် မှန့်မှန်ကြီး တိုးတက်ကြီးပွားလျက် ရှိသည်။ စီးပွားရေးလုပ်ငန်းတစ်ခု ဟူသည်မှာ လုပ်နည်းကိုင်နည်းများ မှန်ကန်၍ ကြီးပွားချိန်ရောက်ပြီ ဆိုသောအခါတွင် ထိုကြီးပွားမှုကို ဆွဲချ၍မရနိုင်တော့ပေ။ ထိုနည်းအတိုင်းပင် ကျွန်တော်၏ လုပ်ငန်းများအားလုံးသည် ရုပ်ရှင်လုပ်ငန်းတစ်ခုမှအပ အဆမတန် တိုးပွားလျက်ရှိနေကြပြီ ဖြစ်သည်။ ရုပ်ရှင်လုပ်ငန်းကမူ ကျွန်တော် ငွေကြေးမမြုပ်နှံသည့် အကြောင်းလည်းပါသည်။ သို့သော် ကျွန်တော့်အဖို့ မည်သို့မျှ အရေးမကြီး။

တစ်ပတ်လျှင် သုံးကြိမ်မျှ မက်အယ်လစ္စတာကို ကျွန်တော် တယ်လီဖုန်းဆက်သည်။ ဤမျှဆိုလျှင် ပြဿနာပေါင်းစုံကို ကျွန်တော် ကောင်းစွာ ဂရုစိုက်ပြီး ဖြေရှင်းပေးနိုင်ပြီ ဖြစ်၏။ တစ်လလျှင် တစ်ကြိမ်ကျ မက်အယ်လစ္စတာက ကျွန်တော့်ထံသို့ ရောက်လာတတ်သည်။ ထိုသို့ ရောက်လာသည့်အခါတိုင်း ကျွန်တော် လက်မှတ်ထိုးရမည့် စာရွက်စာတမ်းများ၊ ကျွန်တော်

ဖတ်ရှုလေ့လာရမည့် အစီရင်ခံစာများဖြင့် ပြည့်နေသည့်အိတ်တစ်လုံး ပါလာစမြဲ ဖြစ်သည်။

မက်အယ်လစ္စတာသည် အလွန် ယုံကြည်စိတ်ချရသည့် သူတစ်ဦး ဖြစ်သည်။ မိမိတို့ ကုမ္ပဏီအကြောင်းများကိုသာမက၊ အခြားကုမ္ပဏီများ ရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲများကိုလည်း သူ၏ အစီအရင်ခံစာများထဲမှာ ထည့်သွင်းရေးသားတတ်သည်။ ထို့ကြောင့်လည်း ကျွန်တော့်အနေဖြင့် အစစအရာရာကို ချင့်ချိန်နိုင်းဆနိုင်သည်။

အချို့ အစည်းအဝေးများသည် ကျွန်တော်ကိုယ်တိုင် တက်သင့်သည့် အစည်းအဝေးများ ဖြစ်သည်။ သို့သော်လည်း ကျွန်တော် မတက်။ အရေးမကြီးသလို ထားလိုက်သည်။ ထိုကိစ္စများအားလုံးလည်း မက်အယ်လစ္စတာက ချောမွေ့သွားအောင် ဆောင်ရွက်ပေးနိုင်သူ ဖြစ်သည်။

ထို့ကြောင့်လည်း ကျွန်တော် မြို့သို့ မပြန်တော့။ မည်သူနှင့်မျှလည်း အတွေ့မခံတော့။ လိုသည့်ပစ္စည်းများကို ရိုဘဲယားက တစ်ပတ်တစ်ကြိမ် မြို့သို့ပြန်ပြီး ဝယ်ခြမ်းပေးသည်။ လူအားလုံးနှင့် ဝေးရာမှာ စိတ်အေးချမ်းသာနေရသည့်အတွက် ကျွန်တော် ကျေနပ်နေမိသည်။ ကျွန်တော် မည်သည့်အရပ်တွင် ရောက်နေသည်ကိုလည်း မက်အယ်လစ္စတာမှတစ်ပါး အခြား မည်သူတစ်စုံတစ်ယောက်မျှ မသိကြ။

ရီနာ ကွယ်လွန်ပြီးကတည်းက ရိုဘဲယား ခေါ်လာသောကြောင့် သည်တောင်ပေါ်စခန်းသို့ ကျွန်တော် ရောက်နေသည်မှာ တစ်နှစ်ခွဲခန့် ရှိသွားပြီ။ အမဲပစ်လိုက်၊ ငါးများလိုက်၊ အနားယူလိုက်ဖြင့် ကျွန်တော်၏ ကိုယ်ပေါ်တွင် အသားအရေတို့သည် မြို့ကြီးသား တစ်ယောက်နှင့်မတူတော့။ နေလောင်ထားသောကြောင့် အသားများ ညိုလာသည်။ တစ်ကိုယ်လုံးတွင် ကြွက်သားများ အမြှောင်းလိုက်ထကာ ကျန်းမာသန်စွမ်းနေသည်။

ဤတောင်ပေါ်၌ နှစ်နှစ်ခန့်ကြာသော တစ်နေ့တွင် ပထမဦးဆုံးသော ပြင်ပမှဧည့်သည်တစ်ယောက် ရောက်လာသည်။

ထိုနေ့က ကျွန်တော် အမဲပစ်ထွက်ခဲ့သည်။ တောတွင်းမှ ကျွန်တော် ပစ်၍ရခဲ့သည့် ရစ်နှစ်ကောင်ကို လက်ကဆွဲရင်း ညနေဘက်တွင် ကျွန်တော်၏ အိမ်ကလေးသို့ ပြန်ရောက်လာခဲ့သည်။ အိမ်ရှေ့မှာ ကျွန်တော် မမြင်ဖူးဘူးသည့် ကားတစ်စင်း ရပ်ထားသည်ကို တွေ့ရသည်။ ချက်ပလက် အမျိုးအစားဖြစ်ပြီး ကာလီဖိုးနီးယားပြည်နယ်လိုင်စင် ကပ်ထားသည်ကို တွေ့ရသည်။

ကျွန်တော်သည် ကားနားသို့သွားပြီး လက်ကိုင်နေရာမှ မှတ်ပုံတင်ကို ကြည့်လိုက်သည်။

*ရိုဇာစထရပ်စ်မာ၊*

*အမ်ဒီ၊ (၁၁၀၄) ကမ်းရိုးတန်းလမ်းမ၊ မာလီဘူး၊ ကာလီဖိုးနီးယားပြည်နယ်*

ဟူသော စာတန်းများကို တွေ့ရသည်။

ကျွန်တော် အိမ်ထဲသို့ ပြန်လှည့်ခဲ့သည်။ ကုလားထိုင်တစ်လုံးပေါ်တွင် စီးကရက်ထိုင်သောက်နေသည့် မိန်းမပျိုကလေးတစ်ယောက်ကို တွေ့ရသည်။ နက်မှောင်သော ဆံပင်များ၊ ညိုမောင်းသည့်မျက်လုံး၊ တုတ်ခိုင်သည့် မေးရိုးများနှင့် ဖြစ်သည်။

ထိုင်ရာမှ သူ ထရပ်သောအခါတွင် သွယ်လျသည့် ကိုယ်လုံး၊ တင်းရင်းသည့် တင်သားများကို ကျွန်တော် မြင်ရသည်။

"မစ္စတာကော့ မဟုတ်လား"

သူက မေးရင်း လက်ကိုကမ်းပေးသည်။ သူ့အမူအရာသည် ကျွန်တော်နှင့် သိကျွမ်းလိုစိတ် ပြင်းပြနေပုံရသည်။ စကားပြောပုံက အတန်ငယ် ဝဲသည်။

"ကျွန်မ ရိုဇာစထရပ်စ်မာ ဖြစ်ပါတယ်၊ အော်တိုစထရပ်စ်မာရဲ့ သမီးပါ"

ကျွန်တော်က သူ့လက်ကို ဆွဲယူသည်။ သူက ကျွန်တော့်လက်ကို တင်းတင်းကျပ်ကျပ် ပြန်ပြီး ဆုပ်ကိုင်ထားသည်။

"ကျုပ် ဒီမှာ ရှိနေတယ် ဆိုတာကို မင်း ဘယ်လိုလုပ် သိသလဲ"

ပြင်ပမှ လူတစ်ယောက် ရောက်လာသည်ကို ကျွန်တော် မလိုလား။ သို့သော်လည်း ကျွန်တော်၏ မနှစ်မြို့မှု ပေါ်မသွားအောင် အသံကိုထိန်းပြီး ပြန်မေးလိုက်သည်။

သူက စာအိတ်တစ်လုံးကိုထုတ်ပြီး ကျွန်တော့်ကို ပေးသည်။

"ကျွန်မ ရက်အားရလို့ ခရီးထွက်လာတာပါ၊ ဒီလမ်းက ဖြတ်သွားမယ်ဆိုတာ မက်အယ်လစ္စတာက သိတာနဲ့ ကျွန်မကို ဒီစာဝင်ပေးသွားဖို့ လူကြုံပါးလိုက်လို့"

ကျွန်တော်က စာအိတ်ကိုဖောက်ပြီး အထဲမှစာကို ဖတ်သည်။ ဘာမှ ထူးသော အကြောင်းမပါ။ အရေးကြီးသော အကြောင်းလည်း မဟုတ်။ ကျွန်တော်သည် စာအိတ်ကို စားပွဲပေါ်သို့ ပစ်ချလိုက်သည်။ အခန်းထဲသို့ ရိုဘဲယား ဝင်လာသည်။ ရိုဘဲယားသည် ကျွန်တော့်ကို လည်းကောင်း၊ ကျွန်တော် ပစ်လာသည့် ရစ်နှစ်ကောင်ကို လည်းကောင်း၊ သေနတ်ကို လည်းကောင်း ကြည့်ပြီး ရစ်နှစ်ကောင်နှင့် သေနတ်ကိုယူကာ မီးဖိုဘက်သို့ ပြန်ထွက်သွားသည်။

"ကျွန်မ လာပြီး နှောင့်ယှက်နေသလိုတော့ မဖြစ်ပါဘူးနော် မစ္စတာကော့"

ကျွန်တော်က သူ့ကို ငုံ့ကြည့်သည်။ ကျွန်တော့်စိတ်ထဲမှာ မည်သို့ပင် ခံစားရစေကာမူ သူ့တွင် အပြစ် မရှိပါ။ မက်အယ်လစ္စတာက လွှတ်လိုက်သောကြောင့် သူ ရောက်လာခြင်းသာ ဖြစ်သည်။ သည်တောင်ပေါ်မှာ ရိုဘဲယားနှင့် နှစ်ယောက်တည်းလည်း ကျွန်တော် တစ်သက်လုံး မနေနိုင်ပါ။ ထိုအကြောင်းကိုလည်း မက်က သတိပေးသည့် သဘောမျိုး ဖြစ်မည်ဟု ကျွန်တော် မှတ်ယူမိသည်။

"မဖြစ်ပါဘူး၊ ကျုပ် အံ့အားသင့်သွားတဲ့အတွက် စိတ်မရှိပါနဲ့၊ ကျုပ်တို့ဆီကို ဧည့်သည် မလာဖူးဘူး"

သူ ရုတ်တရက် ပြုံးလိုက်သည်။ သူ ပြုံးသောအခါ ထူးဆန်းသည့် အလှတစ်မျိုးကို သူ့မျက်နှာပေါ်မှာ ကျွန်တော် မြင်ရသည်။

"တခြားလူတွေကို အလာမခံတာ ကျွန်မ နားလည်ပါတယ် မစ္စတာကော့၊ ဒီနေရာမှာ ရှင်တို့နှစ်ယောက်တည်း နေရတာက နိဗ္ဗာန်ချမ်းသာ အတိုင်းပါပဲ၊ နှစ်ယောက်ထက် ပိုသွားရင် နိဗ္ဗာန်ဘုံကလေး ပျက်စီးသွားမှာပေါ့"

ကျွန်တော်က တစ်စုံတစ်ရာ ပြန်ဖြေခြင်းမပြု။

ကျွန်တော်၏ ခပ်စိမ်းစိမ်း အမူအရာကြောင့် သူသည် ကြောင်အမ်းအမ်း ဖြစ်နေလေသည်။ ခဏကြာတော့ တံခါးပေါက်ဘက်သို့ ခြေလှမ်းကို စလှမ်းလိုက်သည်။

"ကျွန်မ သွားတော့မှပဲ၊ ရှင့်ကို တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ ရှင့်အကြောင်းတွေကို ကျွန်မ အဖေဆီက အများကြီးကြားဖူးပါတယ်"

သူက ကြောင်အမ်းအမ်းဖြင့်ပင် ပြောသည်။

"ဒေါက်တာစထရပ်စ်မှာ"

သူက ကျွန်တော့်ဘက်သို့ ပြန်လှည့်ကြည့်သည်။ အံ့သြနေပုံလည်း ရသည်။

"အမိန့်ရှိပါ မစ္စတာကော့"

"ကျုပ်ကိုထပ်ပြီး ခွင့်လွှတ်ဖို့ တောင်းပန်ပါရစေဦး၊ ကျုပ် ဒီမှာ နေတာကြာတော့ ကျုပ်စရိုက်တွေ၊ အကျင့်တွေလည်း ပြောင်းကုန်ပါတယ်၊ မင်းအဖေ နေကောင်းရဲ့လား"

ကျွန်တော်က ကမန်းကတန်း တောင်းပန်ရင်း ပြောလိုက်မိသည်။

"ဖေဖေ နေကောင်းပါတယ်၊ စိတ်လည်း ချမ်းသာနေပါတယ်၊ ကျေးဇူးတင်ပါတယ် မစ္စတာကော့။ ဖေဖေ ဂျာမနီကနေ ထွက်လာလို့ရအောင် ဂျာမန်လေတပ် ဗိုလ်ချုပ်ကြီးကို ရှင် ဘယ်လို အကျပ်ကိုင်ခဲ့တယ် ဆိုတဲ့အကြောင်းကို ဖေဖေဟာ ပြောလို့ မဆုံးပါဘူး၊ ရှင်ဟာ အင်မတန် သတ္တိကောင်းတဲ့လူလို့လည်း ဖေဖေက ပြောပါတယ်"

"တကယ် သတ္တိကောင်းတာက မင်းရဲ့ အဖေပါ ဒေါက်တာ၊ သူ့အတွက် ကျုပ် လုပ်ပေးတာက မပြောပလောက်ပါဘူး"

ကျွန်တော်က ပြုံးမိသည်။

"ကျွန်မ အမေနဲ့ ကျွန်မအတွက်တော့ အင်မတန် ကြီးမားတဲ့ ကျေးဇူးပါပဲ မစ္စတာကော့"

ထိုစကားကို ပြောပြီးသောအခါ သူသည် ကြောင်အမ်းအမ်း ဖြစ်နေပြန်၏။

"ကျွန်မ သွားတော့မှပဲ ထင်တယ်"

"ညစာ စားသွားပါဦး၊ ကျုပ် ပစ်လာခဲ့တဲ့ ရစ်ကို ရိုဘဲယား ချက်နေပါတယ်။ တောသူ တောင်သားများ စားတဲ့တောဆန်နဲ့ ရစ်သားဟင်းကလေးနဲ့ စားရရင် မင်း မြိန်ပါလိမ့်မယ်"

သူ့မျက်လုံးများသည် ကျွန်တော့်ကို ကြည့်ရင်း တစ်စုံတစ်ရာကို အကဲခတ်နေသည်။ ပြီးမှ အဖြေပေးသည်။

"ဒီလိုဆိုလည်း နေပါ့မယ်၊ ဒါပေမယ့် စည်းကမ်းချက်တစ်ခုကိုတော့ လိုက်နာရမယ်၊ ကျွန်မကို ရိုဇာလို့ခေါ်ပါ၊ ဒေါက်တာလို့ မခေါ်ပါနဲ့"

"ကြိုက်ပြီ၊ ကဲ ပြန်ထိုင်၊ မင်း သောက်ဖို့ ရိုဘဲယားဆီမှာ တစ်ခုခု တောင်းလိုက်ဦးမယ်"

သို့သော်လည်း ရိုဘဲယားသည် အပေါက်ဝသို့ ရောက်နှင့်နေပြီ ဖြစ်သည်။ သူ့လက်ထဲမှာ မာတီနီများ ပါလာသည်။ ကျွန်တော်တို့ ညစာစားပြီးသော အချိန်သည် ရိုဇာ ပြန်ဖို့ အလွန် ညဉ့်နက်နေပြီ ဖြစ်သည်။ ထို့ကြောင့် ဧည့်သည်အတွက်ထားသည့် အခန်းကလေးကို ရိုဇာအိပ်ဖို့ ရိုဘဲယားက ပြင်ပေးသည်။ သူ့အိပ်ခန်းတွင်းသို့ ဝင်သွားသောအခါ ကျွန်တော်သည် ဧည့်ခန်းအတွင်းမှာ တစ်ယောက်တည်း ထိုင်ကျန်နေရစ်ခဲ့သည်။ ခဏကြာမှ ကျွန်တော့် အခန်းသို့ ထလာခဲ့သည်။

သည်အရပ်သို့ ရောက်လာမှ မဖြစ်စဖူး ကျွန်တော် မျက်လုံးကြောင်နေမိသည်။ အိပ်၍ မရနိုင်။ ကျွန်တော့်အိပ်ခန်းမှ မျက်နှာကြက်ပေါ်တွင် အရိပ်တစ်ခု လာကနေသည်ကို တွေ့ရသည်။ အခန်းဝမှလည်း အသံတစ်သံ ကြားရသောကြောင့် ကျွန်တော် ထထိုင်လိုက်သည်။

ရိုဇာသည် အခန်းဝမှာ ရပ်နေသည်။ ခဏအကြာတွင် အခန်းထဲသို့ ဝင်လာသည်။ ကျွန်တော့်အိပ်ရာဘေးမှာ ရပ်ပြီး ကျွန်တော့်ကို ငုံ့ကြည့်နေသည်။

"အလန့်တကြား ဖြစ်မနေပါနဲ့ တစ်ကိုယ်တော် မင်းသားကြီး၊ ဒီတစ်ညကလွဲပြီး ရှင့်ဆီက ကျွန်မ ဘာမှ ထပ်မတောင်းပါဘူး"

ရိုဇာက လေသံဖြင့် ပြောသည်။

"ဒါပေမယ့်. . . ရိုဇာ"

သူသည် ကျွန်တော့်ပါးစပ်များကို လက်နှင့်ပိတ်လိုက်ပြီး ကျွန်တော့် ရင်ခွင်ထဲသို့ ဝင်လာသည်။

"မက်အယ်လစ္စတာက ဘာကြောင့် ကျွန်မကို ဒီလာခိုင်းမှန်း အခုမှပဲ နားလည်တော့တယ်"

"ရိုဇာ၊ မင်း သိပ်လှတာပဲ"

ကျွန်တော်ကလည်း လေသံဖြင့်ပင် တိုးတိုးပြန်ပြောသည်။

ရိုဇာ၏ တိုးတိုးရယ်သံ ကြားရသည်။

"ကျွန်မ မလှဘူးဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမယ့် ရှင် ဒီလို ပြောတာကို ကြားရတဲ့အတွက် ကျွန်မ သိပ်ပျော်တာပဲ၊ ဖေဖေ့ကို သူ့လောက သူ ပြန်ရောက်အောင် ရှင် လုပ်ပေးခဲ့တဲ့ ကျေးဇူးရှိပါတယ်၊ ဒါကြောင့် ကျွန်မကလည်း တစ်ကိုယ်တော်မင်းသားကြီးကို သူ့လောက သူ ပြန်ရောက်အောင် ပို့ပေးဖို့ တာဝန်ရှိပါတယ်"

နောက်တစ်နေ့မနက် နံနက်စာ စားပြီး၍ ရိုဇာ ပြန်သွားသောအခါ ကျွန်တော်သည် ဧည့်ခန်းထဲသို့ စဉ်းစားရင်း ပြန်ဝင်လာခဲ့သည်။ ရိုဘဲယားက စားပွဲပေါ်ရှိ ပန်းကန်များကို သိမ်းနေရာမှ ကျွန်တော့်ကို မော့ကြည့်သည်။ ကျွန်တော်တို့နှစ်ယောက် ဘာစကားကိုမှ မပြောမိကြ။ ကျွန်တော်တို့ ပြောရန်လည်း မလို။ သည်တောင်ပေါ်စခန်းကို ကျွန်တော်တို့ ခွာသင့်ကြပြီဖြစ်ကြောင်း ကျွန်တော်တို့နှစ်ယောက်စလုံး သဘောပေါက် နားလည်ကြသည်။ ကမ္ဘာလောကကြီးနှင့် ခွဲခွာပြီး သည်နေရာကို ကျွန်တော်တို့နှစ်ယောက်တည်း နေခဲ့ကြသည်မှာ နှစ်နှစ်ပြည့်တော့မည်။

ကမ္ဘာလောကကြီးနှင့် သည့်ထက်ပို၍ ခွဲခွာမနေသင့်တော့။

* * *

ဧည့်ခန်းထဲသို့ ကျွန်တော် ဝင်သွားသောအခါ ညောင်စောင်းပေါ်တွင် မက်အယ်လစ္စတာ အိပ်ပျော်နေသည်ကို တွေ့ရသည်။ သူ့ဆီသို့ လျှောက်သွားပြီး သူ့ပခုံးကို ပုတ်လိုက်သောအခါ မျက်လုံးများဖွင့်ပြီး မော့ကြည့်သည်။

"ဟဲလို၊ ဂျိုနတ်စ်"

သူ့မျက်လုံးများကိုပွတ်ရင်း ထထိုင်သည်။ စီးကရက်တစ်လိပ်ကိုထုတ်ပြီး ဖွာနေသည်။

ခဏကြာသောအခါတွင် သူ အိပ်ချင်ပြေသွားပြီဖြစ်ကြောင်း တွေ့ရသည်။

"ရှဖီးက အစည်းအဝေးခေါ်ပေးဖို့ အကျပ်ကိုင်နေပြီ၊ ဒါကြောင့် မင်းနဲ့တွေ့ဖို့ စောင့်နေတာ"

သူနှင့်မျက်နှာချင်းဆိုင်မှ ကုလားထိုင်တွင် ကျွန်တော် ဝင်ထိုင်သည်။

"ငွေရင်းအစုတွေ ဒေးဗစ် ဝယ်ပြီးပြီလား"

"ဝယ်ပြီးပြီ"

"ရှဖီးရော ဒီအကြောင်း သိသွားပြီလား"

"မသိသေးဘူးထင်တယ်၊ သူ ပြောပုံဆိုပုံ ကြည့်ရတာတော့ သူ့အစုတွေ သူ့လက်ထဲမှာ ရှိနေသေးတယ်လို့ ယုံကြည်နေပုံပဲ၊ အစည်းအဝေး မထိုင်ခင်မှာ မင်းက အတွေ့ခံမယ်ဆိုရင် မင်းအစုတွေနဲ့ ပတ်သက်ပြီး ဘယ်လို ဆုံးဖြတ်ရမယ်ဆိုတာကို သူက အကြံပေးနိုင်မယ်တဲ့" မက်အယ်လစ္စတာက စီးကရက်တိုကို ပြာခွက်ထဲသို့ ထည့်ခြေရင်း ပြောသည်။

ကျွန်တော်က ရယ်သည်။ ခြေထောက်မှ ရှူးဖိနပ်ကိုချွတ်ပြီး ကန်ပစ်လိုက်သည်။

"အောင်မယ် အလွန် စိတ်ကောင်းရှိတဲ့ လူပါလား၊ အလကား ခွေးသူခိုး၊ ငရဲပြည်ကို အကြံသွားပေးချည်လို့ ပြောလိုက်စမ်းပါ"

"ခဏနေဦး ဂျိုနတ်စ်၊ ဘယ်လိုပဲဖြစ်ဖြစ်၊ မင်း သူနဲ့ တွေ့သင့်တယ်လို့ ငါ ထင်တယ်။ ဒီကောင် အများကြီး ဒုက္ခပေးနိုင်တယ်နော်၊ သူ့ဘက်ကလည်း ရာခိုင်နှုန်း (၃၀)လောက် မဲရထားတယ်"

"ရစမ်းပါစေဗျာ၊ ကျုပ်ကိုများ စမ်းချင်တယ်ဆိုရင် သူ့ခေါင်းမှာ ဆံပင်မွေးတစ်ချောင်းမှ မကျန်အောင် ကျုပ် ဆော်ပြလိုက်မယ်"

ကျွန်တော်က ဒေါသဖြင့် အပြတ်ပြန်ပြောသည်။

"ဘယ်လိုပဲဖြစ်ဖြစ် အတွေ့ခံလိုက်ပါ၊ အခုအချိန်မှာ သူနဲ့ပြိုင်တိုက်နေရင် နောက်ပြဿနာတွေ အများကြီး တက်လာစရာ ရှိတယ်"

ထုံးစံအတိုင်းပင် မက်အယ်လစ္စတာ ပြောသည်မှာ မှန်ပြန်သည်။ ကျွန်တော်လည်း ခြောက်နေရာတွင် တစ်ချိန်တည်း အလုပ် မလုပ်နိုင်။ တစ်ပြိုင်တည်း အလုပ် မလုပ်နိုင်။ 'အလင်္ကာမ' ဇာတ်ကားကို ကျွန်တော် ရိုက်လိုသည်ဆိုပါက မဖြစ်စလောက်သော အစုရှယ်ယာဝင်များ၏ အနှောင့်အယှက် မခံရဖို့လိုသည်။

"ကောင်းပြီ၊ သူ့ကို ဖုန်းဆက်ပြီး အခု လာပါလို့ ပြောလိုက်ပါ"

"အခု ချက်ချင်းလား၊ ဒုက္ခပါပဲ၊ အခုအချိန်က မနက်လေးနာရီကြီးလေကွာ"

"လေးနာရီကော ဘာဖြစ်လဲ၊ သူက တွေ့ချင်နေတဲ့လူပဲ"

တယ်လီဖုန်းရှိရာသို့ မက် ထသွားသည်။

"သူ့ကို ပြောပြီးရင် မိုရီနီကိုလည်း ဖုန်းလှမ်းဆက်ပါ၊ ရှဖီးရဲ့ အစုတွေဝယ်ဖို့ ငွေလိုချင်တယ်၊ အပေါင်ပစ္စည်းအဖြစ်နဲ့ ရုပ်ရှင်ရုံတွေ ပေးမယ်လို့ပြောပါ"

ဟု ကျွန်တော်က မက်ကို လှမ်းပြောသည်။

သည်ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်၏ ကိုယ်ပိုင်ပိုက်ဆံကို အသုံးချရန် အကြောင်းမရှိ။

(၃)

ကော်ဖီသောက်ရန် ပန်းကန်မြှောက်လိုက်သည့် ရှဖီးကို ကျွန်တော် ကြည့်ပြီး အကဲခတ်နေသည်။ သူ့ဆံပင်များ အနည်းငယ် ဖြူစပြုနေပြီ။ အနည်းငယ်လည်း ပိန်သည်။

အခြားသူ၏ ခြေထောက်ပေါ်တွင် သူ ရပ်မိသည့်အတွက် သူသည် အရှုံးကြီးရှုံးနေပြီဖြစ်သည်။ ကျွန်တော် ရှုံးနိုင်သည့် အရှုံးထက် သူ့အရှုံးက ပိုကြီးနေပြီ။

"ကျွန်တော် ဘယ်နေရာမှာများ မှားသွားသလဲ ဂျိုနတ်စ်၊ သူတို့ လုံလောက်အောင် ကျွန်တော် ငွေပေးချင်ပါတယ်"

သူက သံမှန်ဖြင့် ပြောသည်။ သူ့လေသံသည် ဆရာဝန်က လူနာကိုပြောသည့် လေသံမျိုး ဖြစ်သည်။

ကျွန်တော်က ကုလားထိုင်မှာ ပြန်ထိုင်ချသည်။

"ခင်ဗျား စိတ်ကူးဟာ မှန်ခဲ့ပါတယ်၊ မှားတာက ငွေတွေကို မမှန်မကန် သုံးနေတဲ့ အချက်ပဲ"

"ကျွန်တော် နားမလည်ဘူး"

"ရုပ်ရှင်သမားတွေဆိုတာ လူတစ်မျိုး၊ ဟုတ်တယ်၊ တခြားလူတွေ ငွေမက်ကြသလိုပဲ သူတို့လည်း ငွေမက်တယ်၊ ဒါပေမယ့် ငွေထက်ပိုပြီး သူတို့ မက်မောတာရှိသေးတယ်"

"ဩဇာအာဏာလား"

ကျွန်တော်က ခေါင်းကို ယမ်းပြသည်။

"တစ်ပိုင်းလည်း မှန်တယ်၊ သူတို့ အမက်မောဆုံး၊ အလိုချင်ဆုံးဟာ ရုပ်ရှင်ကားတွေ ရိုက်ဖို့ပဲ၊ ရိုးရိုးရုပ်ရှင်ကားကို ပြောတာ မဟုတ်ဘူး။ တကယ့် ရုပ်ရှင်ကားကောင်း၊ တစ်ကမ္ဘာလုံး ဟိုးဟိုးကျော်သွားမယ့် ရုပ်ရှင်ကားကောင်းမျိုးကို ပြောတာ၊ လူတိုင်းက သူတို့ကို အသိအမှတ်ပြုသွားနိုင်လောက်တဲ့ ကားကောင်းမျိုးကို ပြောတာ၊ ရုပ်ရှင်သမားတွေဟာ သူတို့ကို အနုပညာသည်တွေအဖြစ်နဲ့ လေးစားကြတယ်၊ ငွေတွေ ဘယ်လောက်ပဲ ပုံပေးပေး၊ သူတို့ လိုချင်တာက သူတို့ အနုပညာသည် ဖြစ်ဖို့ပဲ"

"ဒီလို ကားကောင်းတွေကို ခင်ဗျား ထုတ်လုပ်နိုင်ခဲ့တဲ့အတွက် ကျုပ်ပေးတဲ့ ကတိတွေထက် ခင်ဗျားပေးတဲ့ ကတိတွေကို သူတို့ပိုပြီး ယုံကြည်နေကြတာထင်တယ်"

"ကျုပ်လည်း ဒီလိုပဲ ထင်တယ်၊ ရုပ်ရှင်တစ်ကားကို ကျုပ် ထုတ်လုပ်တဲ့အခါမှာ ကျုပ်ဟာ သူတို့နဲ့အတူတူ ဝေမျှပြီးတော့ စွန့်စားနေတယ်လို့ သူတို့ ယုံကြည်နေကြတယ်၊ ကျုပ်ဟာ ပိုက်ဆံလုပ်နေတာ မဟုတ်ဘူး။ ကျုပ်မှာ ရှိသမျှတွေအားလုံးကို ကျုပ် စွန့်လွှတ်ပစ်လိုက်တယ်၊ မြှုပ်နှံပစ်လိုက်တယ်၊ ကျုပ်ရဲ့ ဂုဏ်သိက္ခာ၊ ကျုပ်ရဲ့လုပ်အား၊ ကျုပ်ရဲ့တီထွင်ဖန်တီးနိုင်တဲ့ စွမ်းရည်ပါရမီ အကုန်လုံးကို ပုံအောလိုက်တယ်"

"တီထွင်ဖန်တီးနိုင်တဲ့ စွမ်းရည်ပါရမီ ဟုတ်လား"

သူက ပြန်မေးသည်။

"ဟုတ်တယ်၊ ဒီစကားလုံးကို ဒေးဗစ်ဝုဖ်ဆီက ကျုပ် ရခဲ့တာ၊ ထုတ်လုပ်သူ တစ်ယောက်ရဲ့ အရည်အချင်းကို ဒေးဗစ်က အဲဒီပေတံနဲ့ တိုင်းကြည့်တယ်၊ အဲဒီလို ပါရမီမျိုးရှိတဲ့ လူဟာ ရုပ်ရှင်ကောင်းကို ထုတ်လုပ်နိုင်တယ်၊ ပါရမီမရှိရင် မထုတ်လုပ်နိုင်ဘူး၊ တိုတိုပြောရရင် သူတို့ ကျုပ်ကို ပိုပြီးသဘောကျတယ်၊ ဘာကြောင့်လဲ၊ သူတို့ ကြိုက်တာတွေကို ကျုပ်က အဆုံးအဖြတ် ပေးလို့ပဲ၊ သူတို့ကျေနပ်တဲ့ ရုပ်ရှင်မျိုးကို ကျုပ်က ထုတ်လုပ်ပေးနိုင်လို့ပဲ"

"ဒီလိုလား၊ ဒီလို အမှားမျိုးကို ကျွန်တော် နောက်ထပ် မလုပ်မိအောင် ရှောင်ရတော့မယ်"

ရှဖီးက စဉ်းစားရင်း ပြန်ပြောသည်။

"ခင်ဗျား နောက်ထပ် အမှားမလုပ်တော့ဘူးဆိုတာ ကျုပ် ယုံကြည်ပါတယ်"

ကျွန်တော်၏စိတ်ထဲမှာ မယုံသင်္ကာစိတ် ပေါ်လာသည်။ သည်ကိစ္စမျိုးနှင့် ပတ်သက်လာလျှင် ရှဖီးသည် အလွန် ဖျံကျသူ ဖြစ်သည်။ အယုံသွင်းတတ်သည်။ ရှဖီးသည် ရန်လိုသူ ဖြစ်၏။ ရန်လိုသော လူမျိုးသည် သက်သောင့်သက်သာနှင့် သေရရိုးထုံးစံ မရှိ။

သည်လုပ်ငန်းအတွင်းသို့ သူ ထိုးဖောက်ဝင်ရောက်လာခြင်းသည် သူ လုပ်နေကျ ပုံစံအတိုင်း ဖြစ်သည်။ သူသည် ငွေနှင့်ကစားသူ ဖြစ်သည်။ ငွေလိုသူများကို ငွေပြပြီး အပိုင်စီးတတ်သည်။ ယခုလည်း ငွေလိုနေသည့် ရုပ်ရှင်သမားများထံသို့ ငွေပိုက်ပြီး အပိုင်စီးရန် ဝင်လာခြင်း ဖြစ်သည်။ သူ ရိုးသားသည်ဆိုလျှင် ကျွန်တော်နှင့် ကြိုတင်ဆွေးနွေးခဲ့ဖို့ ကောင်းသည်။ ဆိုသို့လုပ်လျှင် မည်သည့် အခက်အခဲကိုမျှ တွေ့ရမည်မဟုတ်။

ယခုကိစ္စနှင့် ပတ်သက်၍ လန်ဒန်မှာ ကျွန်တော် ရုပ်ရှင်ကြည့်ခဲ့သည့်နေ့ကို ပြန်သတိရမိသည်။ အခြေခံသည် ထိုနေ့ရာကပင် စပေလိမ့်မည်။

ဂျင်နီဒင်တန်အား အစမ်းရိုက်ထားသည့် ကားတိုကို လန်ဒန်မြို့ရှိ ကျွန်တော်တို့၏ ရုပ်ရှင်ပြခန်းမှာ ကျွန်တော် ကြည့်ခဲ့သည်။ ကြည့်ပြီးသောအခါ ကျွန်တော်တို့၏ ဗြိတိသျှ အရောင်းမန်နေဂျာနှင့်အတူ သူ့ရုံးခန်းထဲသို့ ပြန်လာခဲ့ကြသည်။

သူ့ရုံးခန်းသို့ ဝင်သောအခါ တယ်လီဖုန်း ပြည်နေသည်။ သူက သွားကိုင်ပြီး မိနစ်အနည်းငယ်ကြာအောင် စကားပြောနေသည်။ ပြီးလျှင် ဖုန်းပြန်ချခဲ့ပြီး ကျွန်တော့်ကို မော့ကြည့်သည်။

"မစ္စတာအိန်ဂျယ်ရဲ့ ကိုယ်စားလှယ်ဆက်တာ၊ အခု သူတို့ ရုပ်ရှင်ထုတ်လုပ်နိုင်တော့မှာ မဟုတ်ဘူးတဲ့၊ စတူဒီယိုကို ဗုံးမှန်ပြီး လုံးဝ ပျောက်ကွယ်သွားတယ်တဲ့၊ တခြား ကုမ္ပဏီတွေ စာချုပ်ထားကြသလို အမေရိကန်ရုပ်ရှင်ကုမ္ပဏီတွေနဲ့ စာချုပ်ထားတာလည်း သူတို့မှာ မရှိဘူးတဲ့"

ဟု သူက ကျွန်တော့်ကို ပြန်ရှင်းပြသည်။

"ဒီလိုဆိုရင် သူတို့ ဘာလုပ်ကြမှာလဲ"

ကျွန်တော်က ပြန်မေးသည်။ စိတ်ထဲကမူ ဂျင်နီဒင်တန်အား ဖလင်စမ်းထားသည့် ကားတိုကလေးအကြောင်းကိုသာ စဉ်းစားနေမိသည်။ ရုပ်ရှင်ထုတ်လုပ်လိုစိတ်များ ကျွန်တော့်ရင်ထဲမှာ ပေါ်လာသည်။ ရီနာ ကွယ်လွန်သည့် အချိန်မှစ၍ ပထမဦးဆုံးအကြိမ် ဖြစ်ပေါ်လာသည့်ဆန္ဒ ဖြစ်သည်။ သူ ပြန်ဖြေသည်ကို စိတ်မပါသလိုပင် ကျွန်တော် နားထောင်သည်။

"ကျွန်တော်လည်း မသိဘူး၊ သူတို့မှာ ရုပ်ရှင်ရုံ (၄၀၀) လောက်ရှိတယ်၊ ခြောက်လအတွင်းမှာ သူတို့ကိုယ်ပိုင် ရုပ်ရှင်ကား မရိုက်နိုင်ရင် သူတို့ပိုင်တဲ့ ရုပ်ရှင်ရုံတွေ တစ်ဝက်လောက် ဖျက်ပစ်လိုက်ရမယ်"

"သိပ်ဆိုးတာပေါ့"

ကျွန်တော်က ပြန်ပြောသော်လည်း သိပ်ဂရုတစိုက် မထားမိ။ အိန်ဂျယ်သည် ကိုဒါကဲ့သို့ပင် ဥရောပအလယ်ပိုင်းမှ ရောက်လာသူ ဖြစ်သည်။ အင်္ဂလန် ရောက်သောအခါ ရုပ်ရှင်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ သို့သော်လည်း ကိုဒါက ရုပ်ရှင်ထုတ်လုပ်ရေးကို ဇောက်ချပြီး လုပ်နေချိန်တွင် အိန်ဂျယ်က ရုပ်ရှင်ရုံများကို ဝယ်သည်။ သူ့ရုပ်ရှင်ရုံများတွင် ပြဖို့ကားများကို သူ့စတူဒီယိုက ထုတ်လုပ်ပေးသည်။ အခြားကုမ္ပဏီများနှင့် ဆက်သွယ်မထား။ ထို့ကြောင့်လည်း ယခုလို သူ့စတူဒီယို ပျက်စီးပြီဆိုသောအခါ သူ့ရုံများမှာ တင်ပြဖို့ ရုပ်ရှင်ကား အခက်အခဲ ဖြစ်ပြီး လက်တိုင်းရိုးမျက် ဘဝသို့ ရောက်ရခြင်း ဖြစ်သည်။ သူ့အတွက် ဘာမှ ဝမ်းနည်းနေစရာ မလို။

အမေရိကန်ပြည်ထောင်စု အတွင်း၌ အိန်ဂျယ်ပိုင်သည့် ပစ္စည်းများမှာ ဒေါ်လာသန်း (၂၀) ဖိုးခန့် ရှိသည်ဟုလည်း ကျွန်တော် ကြားဖူးသည်။

ယခုမှပင် ရုပ်လုံးပေါ်လာတော့သည်။ အလွန် ပီရိသေသပ်စွာ လိမ်လည်ကြခြင်း ဖြစ်သည်။ အကောက်ကြံကြခြင်း ဖြစ်သည်။ အိန်ဂျယ်သည် သူ့ရုပ်ရှင်ရုံများ အရှိန်မပျက် လည်ပတ်နိုင်ရေးအတွက် ကျွန်တော်၏ ရင်ခွင်ထဲမှ ရုပ်ရှင်စတူဒီယိုကို ခိုးယူရန် ကြံစည်ခြင်းပင် ဖြစ်လေသည်။

ရှဖီးကို ကျွန်တော် လှမ်းကြည့်သည်။

"ငွေရင်း အစုတွေနဲ့ ပတ်သက်ပြီး အိန်ဂျယ်က ဘာလုပ်မယ်လို့ စီစဉ်ထားသလဲ"

ကျွန်တော်က သာမန် မေးရိုးမေးစဉ် မေးသည့်ပုံမျိုးဖြင့် မေးသည်။

"ကျွန်တော် မသိဘူး"

ဟု သူက ဖြေသေးသည်။ ပြီးတော့မှ ကျွန်တော့်ကို ကြည့်ပြီး အကဲခတ်နေသည်။

"အင်း အခုမှ ကျွန်တော် သဘောပေါက်တော့တယ်၊ ဒါကြောင့် ကျွန်တော်တို့ ဘာမှ လုပ်မရအောင် ဖြစ်နေတာကိုး၊ ခင်ဗျားက အကုန်လုံးကို သိနေပြီပဲ"

ဟု သူက ဝန်ခံစကား ပြောတော့သည်။

ကျွန်တော်က ဘာမှ ပြန်မဖြေ။ သူ့နောက်မှာရှိသော မက်အယ်လစ္စတာ၏ မျက်နှာပေါ်တွင် အံ့အားသင့်သွားသည့် အမူအရာကို တွေ့လိုက်ရသည်။ သို့သော်လည်း ကျွန်တော်က မမြင်ချင်ယောင် ဆောင်နေလိုက်သည်။

"ရုပ်ရှင်သမားတွေရဲ့ စရိုက်ကို ဒါကြောင့် ခင်ဗျား ကျွန်တော့်ကို ပြောပြနေတာကိုး"

ရှဖီးက ပြောသည်။ ကျွန်တော်က ပြုံးသည်။

"အဖြစ်ကတော့ ဒါပဲ မဟုတ်လား၊ အိန်ဂျယ်ဟာ ဘာမှ လုပ်စရာ မရှိတော့ဘူး၊ သူ့ရုပ်ရှင်တွေကို ပိတ်ပစ်ရတော့မယ်၊ တခြား ဘယ်နေရာမှာမှ သူ ရုပ်ရှင်ထုတ်လုပ်လို့ မရတော့ဘူး"

ရှဖီးသည် ငြိမ်ကျသွား၏။ သူ့မျက်လုံးများသည် စိုးရိမ်သောက ရောက်နေပြီ ဖြစ်ကြောင်း ဖော်ပြနေသည်။

"ကောင်းပါပြီ ကျွန်တော်၊ ခင်ဗျားစိတ်ထဲမှာ ဘာရှိပါသလဲ"

"အင်္ဂလန်မှာရှိနေတဲ့ နော်မန်ရုပ်ရှင်ဖြန့်ချိရေး အင်္ဂလန်လီမိတက်ကို အိန်ဂျယ်က ဝယ်မလား၊ အဲဒီလိုဆိုရင် ကျုပ်တို့ ထုတ်လုပ်တဲ့ ရုပ်ရှင်ကားတွေကို သူ ရမယ်၊ သူ့ရုပ်ရှင်ရုံတွေ ပိတ်မပစ်ရတော့ဘူးပေါ့"

"ဝယ်မယ်ဆိုရင် သူ ဘယ်လောက်ပေးရမလဲ"

ဟု ရှဖီးက မေးသည်။

"သူပိုင်တဲ့ ငွေရင်းအစုက ဘယ်လောက်ရှိသလဲ"

"ဒေါ်လာခြောက်သိန်းလောက် ရှိပါတယ်"

"အဲဒီ ငွေရင်းအစုရဲ့ လက်ရှိတန်ဖိုးအတိုင်း သူ ပေးရမယ်"

ဟု ကျွန်တော်က ပြန်ပြောသည်။

"ဒါဆိုရင် ဒေါ်လာငါးသိန်း ကျသွားမှာပေါ့၊ ဗြိတိသျှ နော်မန်ရုပ်ရှင်ဖြန့်ချိရေးက တစ်နှစ်မှ ဒေါ်လာသုံးသိန်းလောက် မြတ်တာ၊ ဒီနှုန်းနဲ့တွက်ရင် သူ့ငွေရင်းကို ပြန်ရဖို့ နှစ်ပေါင်း နှစ်ဆယ်လောက် စောင့်နေရလိမ့်မယ်"

"ဒါက ခင်ဗျားတို့ ကြိုက်သလိုလုပ်ပါ၊ သူပိုင်တဲ့ ရုပ်ရှင်ရုံပေါင်း လေးရာကို ပိတ်ထားရမယ်ဆိုရင် တစ်နှစ်ကို သူ စတာလင်ပေါင်တစ်သန်းကျော်လောက် နစ်နာနေလိမ့်မယ်"

ရှဖီးသည် ကျွန်တော့်ကို အတန်ကြာ ငေးကြည့်နေသည်။ ခဏကြာတော့မှ ထိုင်ရာမှ ထသည်။

"ခင်ဗျား တယ်လီဖုန်းနဲ့ ကျွန်တော် လန်ဒန်ကို ခေါ်လို့ရမလား၊ ကျွန်တော့်မှာ အချိန် မရှိတော့လို့ပါ၊ မစ္စတာအိန်ဂျယ် ရုံးဆင်းမသွားခင် မိအောင်ဖမ်းနိုင်မှ"

"ရပါတယ်၊ ခေါ်ပါ"

တယ်လီဖုန်းရှိရာသို့ သူ လျှောက်သွားသည်။ ကျွန်တော့် နာရီကို ငုံ့ကြည့်သောအခါ ကိုးနာရီ ထိုးနေပြီ။ လန်ဒန်မှာ နှစ်နာရီခန့် ရှိပြီ။ သည်အချိန်ဆိုလျှင် မည်သူမျှ ရုံးဆင်းကြဦးမည် မဟုတ်။ သူတို့သည် ညနေ ခြောက်နာရီအထိ သူတို့စားပွဲများမှာပင် ထိုင်နေကြပေဦးမည်။ အိန်ဂျယ်သည်လည်း ရှဖီးထံမှ တယ်လီဖုန်းကို စောင့်နေပေလိမ့်မည်။

ထိုနေ့ မွန်းလွဲပိုင်းမှာပင် အစီအစဉ်များအားလုံး ပြီးစီးသွားတော့သည်။ အိန်ဂျယ်နှင့် သူ၏ ရှေ့နေသည် နောက်အပတ်အတွင်းမှာ သဘောတူစာချုပ်များ လက်မှတ်ထိုးရန် နယူးယောက်မြို့သို့ ရောက်လာကြမည် ဖြစ်သည်။ သည်ကိစ္စနှင့် ပတ်သက်ပြီး တစ်ခုသာ ကသိက အောက် ဖြစ်နေသည်။ ကျွန်တော်သည် သူတို့ မရောက်မချင်း နယူးယောက်မြို့မှာ စောင့်နေရဦး မှာပါလား။

တယ်လီဖုန်းကို ကျွန်တော် လှမ်းကိုင်လိုက်သည်။

"ဘယ်ကို ဆက်မလို့လဲ"

မက်က လှမ်းမေးသည်။

"ဒေးဗစ်ဝုဖ်၊ သူဟာ ကုမ္ပဏီရဲ့ အုပ်ချုပ်ရေးအရာရှိ ဖြစ်သွားပြီ၊ သူ ဒီကိုလာပြီး စာချုပ်တွေ လက်မှတ်ထိုးရမယ်"

"ဖုန်းပြန်ချထားလိုက်၊ သူ နယူးယောက်မှာ ရောက်နေပြီ ငါ လာတုန်းက တစ်ပါတည်း ခေါ်ခဲ့တယ်"

မက်က ပြောသည်။

"ကောင်းပါလေ့ဗျာ"

ပြတင်းပေါက်ဆီသို့ လျှောက်လာပြီး အောက်သို့ ငုံ့ကြည့်မိသည်။

နယူးယောက်မြို့၏ မနက်ခင်း။ မော်တော်ကားများ ပွတ်သိပ်ခဲ ပြေးလွှားနေသည်ကို မြင်ရသည်။ အနားယူခွင့်ကလေး တစ်ချက်မျှ မရသည့်အတွက် စိတ်ထဲမှာ မသက်မသာ ဖြစ်လာသည်။ မက်အယ်လစ္စတာဘက်သို့ ကျွန်တော် ပြန်လှည့်လာခဲ့သည်။

"ဒီလိုဆိုရင် ဒေးဗစ်ကို ခေါ်လိုက်ပါ၊ ဇာတ်ကားတစ်ကားကို နှစ်လအတွင်းမှာ ကျွန်တော် စရိုက်မယ်၊ ဒါနဲ့ပတ်သက်ပြီး ဘာတွေလုပ်ရမယ်ဆိုတာ ကျွန်တော် သိချင်တယ်"

"ဘွန်နာကိုပါ ဒေးဗစ် ခေါ်လာခဲ့တယ်၊ ထုတ်လုပ်ရေးနဲ့ ပတ်သက်ပြီး အသေးစိတ်သူ ပြောပြလိမ့်မယ်"

မက်အယ်လစ္စတာကို ကျွန်တော် စိုက်ကြည့်နေမိ၏။ အရာရာကို သူတို့ တွေးပြီးဖြစ်သည်။ အသင့်ပြင်ဆင်ပြီး ဖြစ်သည်။ ကုလားထိုင်ပေါ်သို့ ကျွန်တော့်ကိုယ်ကို ပစ်ချလိုက်သည်။ တံခါးမှ ခေါင်းလောင်းမြည်သောကြောင့် ရိုဘဲယားက တံခါးသွားဖွင့်သည်။ ဖော်ရက်စတာနှင့် မောရစ်ဆေတို့နှစ်ယောက် ဝင်လာသည်။ သူတို့သည် အခန်းကို ဖြတ်ပြီး ကျွန်တော့်ဆီသို့ လျှောက်လာကြ၏။ ကျွန်တော်က သူတို့ကို မော့ကြည့်သည်။

"ကိုယ့်လူ ဒီနေ့မနက် ကာလီဖိုးနီးယားကို ထွက်သွားပြီလို့ ထင်နေတာ၊ အခုအထိ ဒီမှာပဲ ရှိနေသေးသလား၊ မောင်ရင် ဒီမှာရှိနေရင် လေယာဉ်ပျံအသစ် စလုပ်ဖို့ကိစ္စ ဘယ်ခွေးသူခိုးက သွားလုပ်မှာလဲ"

ကျွန်တော်က မောရစ်ဆေကို လှမ်းအော်မေးသည်။

"ကျွန်တော်တို့ ဟိုဒင်းမဖြစ်ရင် ဟိုဟာမလုပ်နိုင်ဘူး ထင်ပါတယ်"

ဟု မောရစ်ဆေက ခပ်မြန်မြန် ပြန်ဖြေသည်။

"ဘာ ဟိုဒင်းမဖြစ်ရင် ဟိုဟာ မလုပ်နိုင်ရမှာလဲ၊ ကယောင်ကတမ်းတွေ ပြောမနေစမ်းနဲ့၊ ကျုပ်တို့ လုပ်နိုင်ပါတယ်လို့ ကိုယ့်လူပဲ ပြောခဲ့တာ မဟုတ်လား။ ကျုပ်တို့ ကန်ထရိုက်စာချုပ် လက်မှတ်ထိုးတုန်းက ကိုယ့်လူလည်း ရှိနေတာပဲ"

ကျွန်တော်က ပြန်အော်သည်။

"ဖြည်းဖြည်းပြောပါ ဂျိုနတ်စ်၊ စိတ်အေးအေးထားစမ်းပါ၊ ကျုပ်တို့မှာ ပြဿနာတစ်ခု ရှိနေပါတယ်"

ဖော်ရက်စတာက ကြားဖြတ်ပြီး အေးအေးဆေးဆေး ဝင်ပြောသည်။

"ဘာပြဿနာတုံး"

"အမေရိကန်စစ်တပ်က စီအေ (၂၀၀) လေယာဉ်ပျံငါးစင်း လုပ်ပေးဖို့ အခုပဲ အော်ဒါပေးပါတယ်၊ ပထမအစင်းကို ဇွန်လကစပြီး အပ်ရမယ်၊ ဒီအတိုင်းဆိုရင် ဗြိတိသျှ ဘုရင့်လေတပ်မတော်အတွက် ဘီ (၁၇) လေယာဉ်ပျံတွေကို လုပ်နိုင်မှာ မဟုတ်တော့ဘူး၊ လေယာဉ်ပျံနှစ်မျိုးကို တစ်ပြိုင်တည်း လုပ်လို့မရဘူး၊ ဒါကြောင့် ဘယ်လေယာဉ်ပျံကို အရင် စလုပ်ရမယ်ဆိုတာ ခင်ဗျား ဆုံးဖြတ်ပေးပါ"

ကျွန်တော်က ဖော်ရက်စတာကို ကြည့်သည်။

"ကိုယ့်ဟာကိုယ် ဆုံးဖြတ်ပါလား၊ ခင်ဗျားက ကုမ္ပဏီရဲ့ဥက္ကဋ္ဌ မဟုတ်ဘူးလား"

ကျွန်တော်က ဖော်ရက်စတာကို အော်ပစ်လိုက်သည်။

"ကုမ္ပဏီပိုင်ရှင်က ခင်ဗျား၊ ဘယ်ကန်ထရိုက်ကို အရင် လုပ်စေချင်သလဲ"

ဖော်ရက်စတာကလည်း ကျွန်တော့်ကို ပြန်အော်သည်။

"နှစ်ခုစလုံးလုပ်၊ ကိုယ့်အိတ်ထဲ လာထည့်ပေးတဲ့ပိုက်ဆံကို ပုတ်ထုတ်ပစ်ဖို့ အလုပ်လုပ်နေတာ မဟုတ်ဘူး"

"ကောင်းပြီ၊ ဒီလိုဆိုရင် ကနေဒါမှာ ရှိနေတဲ့ စက်ရုံကို ချက်ချင်း လည်ခိုင်းရမယ်၊ ဘီ (၁၇) လေယာဉ်ပျံတွေကို ကနေဒါစက်ရုံမှာ လုပ်မှ လေယာဉ်ပျံနှစ်မျိုးကို တစ်ပြိုင်တည်း ထုတ်လို့ရမယ်"

"ဆက်လုပ်"

ကျွန်တော်က တိုတိုတုတ်တုတ်ပင် ပြောသည်။

"လုပ်မယ်၊ အမော့ဝင်းသရော့ကို ခန့်ပေး"

"ခင်ဗျားကို ကျုပ် ပြောပြီးပြီ၊ ဝင်းသရော့ မရှိဘူး"

"ဝင်းသရော့ မရှိရင် ကနေဒါစက်ရုံ မရှိဘူး၊ ခင်ဗျား ခေါင်းမာနေတဲ့အတွက် လူတွေကို ကျုပ် အသေမခံနိုင်ဘူး၊ အပျော်တမ်းသမားတွေ ထုတ်လုပ်ပေးတဲ့ လေယာဉ်ပျံ

အညံ့စားတွေနဲ့ ပျက်ကျပြီး လူတွေသေတာကို ကျုပ် မကြည့်နိုင်ဘူး"

"အောင်မာ တကယ့် သူ့ရဲကောင်းကြီးပါလား၊ သေပေစေ၊ ခင်ဗျား မောင်းနေတာ မဟုတ်ဘူး"

သူသည် အခန်းကိုဖြတ်ကာ ကျွန်တော် ထိုင်နေသည့် ကုလားထိုင်ဆီသို့ လျှောက်လာပြီး ကျွန်တော့်ကို ငုံ့ကြည့်သည်။ ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် သူ့လက်သီးနှစ်လုံး ကျွန်တော့် မျက်နှာနားမှာ ဝဲနေသည်ကို မြင်ရသည်။

"လန်ဒန်မှာတုန်းက ခင်ဗျားဟာ ကောင်မ အစုတ်အပဲ့တွေနဲ့ အလေလိုက်နေတယ်၊ မြင်သမျှကောင်မတွေကို လိုက်ငမ်းနေတယ်၊ ကျုပ်ကတော့ လေယာဉ်ပျံကွင်းတကာကိုသွားပြီး သူတို့ကို လေ့လာနေခဲ့ရတယ်၊ ခင်ဗျားကျောပေါ်ကို ဟိုကောင်တွေကြဲချတဲ့ဗုံး မကျအောင် ဘုရင့်လေတပ်မတော်က ကလေးတွေက လေယာဉ်ပျံအစုတ်တွေနဲ့ ကာကွယ်ပေးနေကြရတယ်၊ အဲဒီအချိန်မှာပဲ ကျုပ်တို့ ဘီ (၁၇) လေယာဉ်ပျံတွေကို ရောင်းရရင်ကောင်းမှာပဲလို့ ကျုပ်စိတ်ကို ဆုံးဖြတ်လိုက်တယ်၊ ဆုံးဖြတ်လိုက်တဲ့ အတိုင်းလည်း စာချုပ်ခွင့်ရခဲ့တယ်၊ ကျုပ်တို့ ရောင်းလိုက်တဲ့ လေယာဉ်ပျံတိုင်းဟာ ဒေါင်ဒေါင်မြည်တဲ့ လေယာဉ်ပျံတွေ ဖြစ်ရမယ်၊ ကျုပ်ကိုယ်တိုင် တက်ပြီး မောင်းရဲတဲ့ လေယာဉ်ပျံမျိုး ဖြစ်ရမယ်"

"နားထောင်လို့ တယ်ကောင်းပါလား၊ ဆက်ပြောပါဦးဗျာ၊ ဆက်ပြောပါဦး"

ကျွန်တော်က သူ့ကို ငေါ်တော့တော့ဖြင့် သရော်လိုက်သည်။

"ခင်ဗျား နာမည်ကြီးတပ်ထားတဲ့ လေယာဉ်ပျံဟာ ဒုတိယတန်းစားလေယာဉ်ပျံ ဖြစ်နေတာကို ခင်ဗျား သဘောကျသလား၊ ပိုက်ဆံတွေ အများကြီးတော့ ရပါရဲ့၊ ခင်ဗျားနာမည်နဲ့ လေယာဉ်ပျံဟာ အညံ့စားကြီး ဖြစ်နေတာကို သိပ်ကျေနပ်နေတာပဲလား"

သူ့ကို ကျွန်တော် စိုက်ကြည့်နေမိသည်။ သူ မှန်သည်။

သည်ကိစ္စမျိုးနှင့် ပတ်သက်၍ တစ်ခါက ဖေဖေ ပြောဖူးသည်။ ဖေဖေနှင့် ကျွန်တော်သည် တစ်ခါတုန်းက နီဗားဒါးပြည်နယ်ရှိ စက်ရုံထဲသို့ လမ်းလျှောက်ဝင်လာခဲ့ကြသည်။ စက်ရုံမှူး ဖြစ်သော ဂျိတ်ပလတ်သည် အစီရင်ခံစာတစ်ခုကိုကိုင်ပြီး ဖေဖေ့ဆီသို့ လာသည်။ ယမ်းမှုန့်များ အနံ့မကောင်းကြောင်း၊ အနံ့ကိုပြင်ပြီး ရောင်းလျှင် ငွေပေါင်းများစွာ ဆုံးရှုံးမှုမှ ကာကွယ်နိုင်မည် ဖြစ်ကြောင်းများ ပြောပြသည်။

ဖေဖေ့ဒေါသအိုးသည် ပေါက်ကွဲလေတော့၏။

*"ဆုံးရှုံးသွားတဲ့ ငါ့ဂုဏ်သိက္ခာကျတော့ ဘယ်သူက ပြန်ရအောင် လုပ်ပေးမှာလဲ၊ ဘူးတိုင်း ဘူးတိုင်းပေါ်မှာ ရှိနေတာက ငါ့နာမည်ကွ၊ အကုန်မီးရှို့ပစ်"*

ဖေဖေက အသံကုန် အော်ဟစ်လိုက်သည်။

"ကောင်းပြီ ရော်ကျာ၊ ဝင်းသရော့ကို ခန့်တော့"

ကျွန်တော် ဖြည်းဖြည်းပင် ပြန်ပြောမိသည်။

ဖော်ရက်စတာသည် ကျွန်တော့်ကို ခဏကြာအောင် ငေးကြည့်နေ၏။ ကျွန်တော့်ကို သူ စကားပြောသောအခါ သူ့အသံသည် အလွန် တည်ငြိမ်နေတော့သည်။

"ဝင်းသရော့ကို ခင်ဗျား ရှာပေးပါ၊ မောရစ်ဆေကို ကနေဒါစက်ရုံကို လွှတ်လိုက်မယ်၊ လုပ်ငန်းတွေ စခိုင်းမယ်၊ ကျွန်တော်က ကမ်းရိုးတန်းစက်ရုံကို သွားမယ်၊ လုပ်ငန်းတွေ စနှင့်မယ်"

"ဝင်းသရော့က ဘယ်မှာလဲ"

"ကျွန်တော်လည်း မသိဘူး၊ သူ့သတင်းကို နောက်ဆုံး ကြားရတာ နယူးယောက်မှာ ရှိတယ်လို့ ကြားတာပဲ၊ ဒီနေ့မနက် ကျွန်တော် လိုက်ရှာတော့ သူ ဘယ်မှာ ရှိတယ်ဆိုတာ ဘယ်သူမှ မသိဘူး၊ သူ ပျောက်နေတယ်"

ဟု ဖော်ရက်စတာက ပြန်ဖြေသည်။

(၄)

ကွင်းစ်ဘိုရိုဘံတားကို ကျော်ဖြတ်ပြီးသောအခါ ကျွန်တော်သည် မော်တော်ကားကူရှင်

ပေါ်သို့ ကိုယ်ကို မှီချထားလိုက်မိသည်။ သည်အရပ်သို့ ကျွန်တော် လာဖို့ဆုံးဖြတ်မိခဲ့သည့်အတွက် ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ နောင်တရမိသည်။ ကွင်းစီရပ်ကွက်သည် ကျွန်တော့်စိတ်ကို ထိခိုက်စေသော ရပ်ကွက် ဖြစ်သည်။ ပြတင်းပေါက်မှ အပြင်သို့ ကြည့်မိသည်။ ရိုဘဲယားက ကြီးမားလှသည့် ဗိမ်ခံကားကြီးကို အလွန် ကျွမ်းကျင်စွာဖြင့် မောင်းနေသည်။ ကျွန်တော်ကမူ မော်နီကာ ဤအရပ်တွင် လာရောက်နေထိုင်သည့်အတွက် စိတ်မချမ်းမသာ ဖြစ်နေမိသည်။

မော်တော်ကား ရပ်လိုက်သောအခါ အိမ်စုကလေးများကို မြင်ရသည်။ သည်မြင်ကွင်းကို ကျွန်တော် မှတ်မိနေပါသည်။ ဘာမှ အပြောင်းအလဲ မရှိ။ မြက်ခင်းသည်သာလျှင် ဆောင်းဥတုဒဏ်ကြောင့် အညိုရောင်ပေါက်ပြီး စိတ်ပျက်ဖွယ်ရာကောင်းနေသည်။ ကျွန်တော် ယခင်တစ်ခေါက်လာစဉ်က ဤမြက်ခင်းသည် စိမ်းစိမ်းစိုစို ရှိနေခဲ့၏။

"ဒီကစောင့်နေ"

ရိုဘဲယားကို ကျွန်တော် ပြောခဲ့ပြီး သုံးထစ်မျှသာရှိသည့် လှေကားပေါ်သို့ ကျွန်တော် တက်ခဲ့သည်။ လူခေါ် ခေါင်းလောင်းကို ကျွန်တော် နှိပ်သည်။ အိမ်ကြားများမှ လေအေးတစ်ချက်ဝှေ့လာသည်။ ကုတ်အင်္ကျီကော်လာများကို ကျွန်တော် ထောင်လိုက်သည်။ ချိုင်းကြားမှာ ညှပ်ထားသည့်အထုပ်ကို နေသားတကျဖြစ်အောင် ပြင်ကိုင်သည်။

တံခါးပွင့်လာပြီး ကလေးမကလေး ရပ်နေသည်။ ကျွန်တော့်ကို ကြည့်နေသည်။ ကလေး၏ မျက်လုံးများသည် မည်းနက်နေ၏။

"ဂျိအန်း. . . မဟုတ်လား"

ကလေးက တိတ်ဆိတ်စွာပင် ခေါင်းညိတ်ပြသည်။

ကလေးကို ကျွန်တော် ငေးကြည့်နေမိသည်။ ကလေးများသည် အကြီးမြန်ကြ၏။ နောက်ဆုံး ကျွန်တော် မြင်ခဲ့တုန်းက ကလေးသာသာကလေးသာ ဖြစ်သည်။

"ဂျိုနတ်စ်ကော့လေ၊ မင်းမေမေ အိမ်မှာရှိသလား"

"အထဲကို ဝင်ပါ"

ကြည်လင်သော ကလေးသံကလေးဖြင့် သူက ပြောသည်။ သူ့နောက်မှနေ၍ ဧည့်ခန်းတွင်းသို့ ကျွန်တော် ဝင်လိုက်ခဲ့သည်။ သူက ကျွန်တော့်ဘက်သို့ ပြန်လှည့်ကြည့်သည်။

"ထိုင်ပါ၊ မေမေ အဝတ်လဲနေတယ်၊ မကြာပါဘူးတဲ့"

ကျွန်တော်က ကုလားထိုင်တစ်လုံးမှာ ထိုင်သည်။ သူက ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ထိုင်သည်။ ပြူးကျယ်သော မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ သို့သော် ဘာစကားမှ မပြော။ သူ၏ ပွင့်လင်းရဲတင်းသောအကြည့်ကြောင့် ကျွန်တော်ပင် မနေတတ်မထိုင်တတ် ဖြစ်လာသည်။ ထို့ကြောင့် စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိဖွာနေမိသည်။ မီးခြစ်ဆံထည့်ရန် ပြာခွက်ကို ကျွန်တော် ရှာသည်။

"အဲဟိုဘက်မှာ"

ကျွန်တော့်ညာဘက် စားပွဲပေါ်မှ ပြာခွက်ကို လက်ညှိုးထိုးပြသည်။

"ကျေးဇူးတင်ပါတယ်"

"အခုလိုလာတာ ဝမ်းသာပါတယ်"

သူက ယဉ်ကျေးသိမ်မွေ့စွာပြောသည်။ ပြီးတော့ ပြန်ငြိမ်သွားပြန်သည်။ သူ့မျက်လုံးများကမူ ကျွန်တော့်ကိုသာ စောင့်ကြည့်နေသည်။ ဆေးလိပ်ကို ကျွန်တော် ဖွာရှိုက်ပြီး ခဏကြာအောင် တိတ်နေကြသေးသည်။ နောက်မှ ကျွန်တော်က သူ့ကို စကားစပြောသည်။

"မင်း မှတ်မိရဲ့လား ဂျိအန်း"

ကလေးသည် မျက်လွှာကို ချပစ်လိုက်သည်။ ချက်ချင်းပင် သူ ရှက်သွားပုံရသည်။ ဒူးဆစ်ပေါ်မှ ဂါဝန်စကလေးကို အောက်သို့ လက်ဖြင့်ဆွဲချနေသည်။ မိန်းကလေးများ၏ အမူအရာပင် ဖြစ်သည်။

"ဟုတ်ကဲ့"

ကျွန်တော်က ပြုံးသည်။

"နောက်ဆုံး မင်းကို တွေ့တုန်းက ငယ်ငယ်ကလေး၊ အခု သိပ်ထွားလာပြီ"

ကျွန်တော်က ကျွန်တော်၏ ဒူးဆစ်လောက်နေရာကို လက်ဖြင့်ပြရင်း ပြောသည်။

"ဟုတ်ပါတယ်၊ အဲဒီတုန်းက ဟိုနားမှာရပ်ပြီး ကျွန်မတို့ပြန်အလာကို စောင့်နေတာလေ"

ချိုင်းကြားမှအထုပ်ကို ကျွန်တော် ထုတ်ပြီး သူ့ကို လှမ်းပေးသည်။

"မင်းအတွက် လက်ဆောင်ယူလာတယ်၊ အရုပ်တစ်ရုပ်"

သူသည် ကျွန်တော့်ထံမှ အထုပ်ကို လှမ်းယူပြီး ကုလားထိုင်ပေါ်မှာ ထိုင်သည်။ အထုပ်ကို ဖြေကြည့်သည်။ သူ့မျက်လုံးများ ပြုံးလာကြပြီ။ အရုပ်ကလေးကိုမြှောက်ပြီး သူ ကြည့်နေသည်။

"သိပ်လှတာပဲ"

"မင်း သဘောကျမယ်လို့ ထင်ပါတယ်"

"သဘောကျပါတယ်၊ သိပ်ကြိုက်တာပဲ၊ ကျေးဇူးတင်ပါတယ်"

သူ့မျက်လုံးများမှာ ဣန္ဒြေဆည်သည့် အရိပ်အယောင်များ ပေါ်လာပြန်သည်။

တစ်အောင့်အကြာတွင် မော်နီကာ ဧည့်ခန်းတွင်းသို့ ဝင်လာသည်။ ဂျိုအန်းက အရုပ်ကို မြှောက်ပြီး သူ့အမေအား ပြသည်။

"မေမေ၊ မစ္စတာကော့ ယူလာတာ ကြည့်ပါဦး"

"ရှင့်ကိုတော့ သိပ်သတိရနေတော့မှာပဲ ဂျိုနတ်စ်"

မော်နီကာက ပြောသည်။

ကျွန်တော် မတ်တတ်ရပ်လိုက်သည်။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြသည်။ မော်နီကာ၏မူသည် မပျက်။ ပွဲလမ်းသဘင်သွားသည့် ဝတ်စုံကို ဝတ်ထားသည်။ နက်မှောင်သည့် ဆံပင်များက သူ့ပခုံးပေါ်မှာ ကျနေသည်။

ထိုအချိန်မှာပင် တံခါးခေါင်းလောင်းမြည်လာသည်။ ဂျိုအန်းတို့အရွယ် ကလေးမ ကလေးတစ်ယောက် ဝင်လာသည်။ ဂျိုအန်းသည် သူ့အရုပ်ကို တပြပြဖြင့် အလုပ်ရှုပ်နေသည်။ ကျွန်တော်တို့ ထွက်လာကြသည်ကိုပင် သူ နှုတ်မဆက်နိုင်အား။

ကျွန်တော်တို့ ထွက်လာကြသောအခါ ရိုဘဲယားသည် မော်တော်ကားတံခါးနားမှာ ရပ်နေသည်။

"ရိုဘဲယား၊ ပြန်တွေ့ရတာ ဝမ်းသာပါတယ်"

မော်နီကာက လက်ကမ်းပေးပြီး နှုတ်ဆက်သည်။

"ပြန်တွေ့ရတာ သိပ်ဝမ်းသာပါတယ် မစ္စမော်နီကာ"

ရိုဘဲယားက ပြောပြီး မော်နီကာ၏လက်ပေါ်သို့ ကိုယ်ကိုကိုင်းပြီး အရိုအသေပေးသည်။

မင်ဟတ်တန်ဘက်သို့ မော်တော်ကား ပြန်မောင်းလာခိုက်တွင် စိတ်ရှုပ်ဖွယ်ကောင်းသော ကွင်းစ်ရပ်ကွက်၏ မြင်ကွင်းများကို ကျွန်တော် ကြည့်နေမိသည်။

"မင်း ဘာဖြစ်လို့ ဒီနေရာမှာ လာနေချင်ရတာလဲ မော်နီကာ"

မော်နီကာက စီးကရက် လှမ်းယူသည်။ ကျွန်တော်က မီးခြစ်ပေးသည်ကို စောင့်နေသေးသည်။

"ရာသီဥတုကောင်းတဲ့ အခါမျိုးမှာ အိမ်ပြင်ထွက်ပြီး ဂျိုအန်း ကစားနိုင်တယ်၊ မြို့ထဲက လမ်းတွေမှာလို အန္တရာယ် မရှိဘူး၊ ကျွန်မလည်း သူ့အတွက် မပူရတော့ဘူးပေါ့၊ ပြီးတော့ ကျွန်မ ဝင်ငွေနဲ့လည်း ဒီလောက်ပဲ တတ်နိုင်တာ မဟုတ်လား။ မြို့ထဲမှာ နေတာထက်တော့ အများကြီး အခ်ပ္ပာယ်ရှိတာပေါ့"

"ကိုယ် ကြားရသလောက်တော့ မင်း အဆင်ပြေနေတယ်ဆိုတာပဲ သိရတယ်၊ တကယ်လို့ ဒီလို ဆင်ခြေဖုံးရပ်ကွက်မှာ နေချင်တယ်ဆိုရင် ဝက်စ်ချက်စတာရပ်ကွက်မျိုးမှာ ဘာဖြစ်လို့ မနေတာလဲ၊ ဒီရပ်ကွက်ထက်တော့ ပိုကောင်းတာပေါ့"

"အဲဒီမှာက ဈေးသိပ်ကြီးတယ်၊ ကျွန်မ ဝင်ငွေက ဒါလောက် မကောင်းသေးဘူး၊ ကျွန်မ ရာထူးက မဂ္ဂဇင်းတိုက်မှာ ရုံးမန်နေဂျာအဆင့်ပဲ ရှိသေးတယ်၊ အခု အယ်ဒီတာရာထူး မရသေးဘူးလေ"

"မင်းကို ကြည့်ရတာ အယ်ဒီတာတစ်ယောက်နဲ့ တူပါတယ်"

မော်နီကာက ပြုံးသည်။

"ကျွန်မကို ချီးကျူးစကားပြောတာလား၊ နောက်ပြောတာလား ဆိုတာတော့ ကျွန်မ မသိဘူးနော်၊ ကျွန်မတို့ စတိုင်လ်မဂ္ဂဇင်းက လူတွေဟာ ကိုယ့်စာဖတ်ပရိသတ်က အဲဒီလိုပဲ ထင်အောင် ဝတ်ကြစားကြပါတယ်"

ကျွန်တော် သူ့ကို ကြည့်နေမိသည်။ စတိုင်လ်မဂ္ဂဇင်းသည် နာမည်ကြီး ဖက်ရှင် မဂ္ဂဇင်းတစ်စောင် ဖြစ်သည်။

"ဘာဖြစ်လို့ မင်း အခုအထိ အယ်ဒီတာ မဖြစ်သေးတာလဲ"

မော်နီကာက ရယ်သည်။

"ကျွန်မက ရာထူးတစ်ဆင့် လိုသေးတယ်၊ ကျွန်မတို့မဂ္ဂဇင်းကို ပိုင်တဲ့ မစ္စတာဟာဒင် ဟာ ရှေးဆန်တယ်၊ အယ်ဒီတာတိုင်းဟာ မဂ္ဂဇင်းရဲ့ ပြဿနာပေါင်းစုံကို သိဖို့အတွက် အောက် ခြေကစပြီး လက်တွေ့လုပ်ငန်းတွေ အချိန်အတော်ကြာ လုပ်ရမယ်တဲ့၊ ဒါမှသာ မဂ္ဂဇင်းတစ် စောင် ဖြစ်လာအောင် ဘယ်လို လုပ်ရတယ်ဆိုတာ သိနိုင်ကြမယ်တဲ့၊ နောက်တစ်ခါ အယ်ဒီတာ နေရာပေါ်ရင်တော့ ကျွန်မကို ပေးမယ်လို့ မျှော်လင့်ချက်တော့ ပေးထားပါတယ်"

မစ္စတာဟာဒင်၏ အကြောင်းကို ကျွန်တော် ကောင်းကောင်း သိပါသည်။ သူသည် ခေတ်ဟောင်းက ပုံစံများအတိုင်း မဂ္ဂဇင်းထုတ်နေသူ ဖြစ်သည်။ ကတိကိုသာ သူ ပေးသည်။ ပိုက်ဆံမပေး။

"မင်းကို ကတိပေးထားတာ ဘယ်လောက်ကြာပြီလဲ"

"သုံးနှစ်ရှိပြီ၊ မကြာခင် အကောင်အထည် ပေါ်တော့မယ်လို့ ထင်ပါတယ်၊ ရုပ်ရှင် မဂ္ဂဇင်း အသစ်တစ်စောင်ထုတ်ဖို့ သူ အစီအစဉ်တွေ လုပ်နေတယ်၊ ဖိုတိုပလေးလို မဂ္ဂဇင်းမျိုး ပေါ့၊ အားလုံး ပြင်ပြီးပြီ၊ ငွေကြေးကိစ္စကြောင့် ကြန့်ကြာနေတာ"

ဟု မော်နီကာက ပြန်ပြောသည်။

"မင်းက အဲဒီမဂ္ဂဇင်းမှာ ဘာရာထူးရမှာလဲ"

"ဆောင်းပါးအယ်ဒီတာ၊ သိတယ် မဟုတ်လား၊ မင်းသား မင်းသမီးတွေနဲ့ ပတ်သက်ပြီး ဇာတ်လမ်းတွေ စီစဉ်ပေးရတာမျိုးလေ၊ အဲဒါမျိုးပေါ့"

ကျွန်တော်က သူ့ကို တစ်ချက် မျက်လုံးဝင့်ကြည့်လိုက်သည်။

"ဒီလိုဆိုရင် မင်း ဟောလီးဝုဒ်မှာ သွားနေရမှာပေါ့"

သူက ခေါင်းညိတ်ပြသည်။

"သွားနေရမယ်ထင်တယ်၊ ဒါပေမယ့် အဘိုးကြီးမှာက ငွေ မရှိသေးဘူး၊ ဒါကြောင့် ကျွန်မ ဒီမှာပဲ နေနေရသေးတယ်"

* * *

"သိပ်သဘောကျစရာကောင်းတဲ့ ညစာစားပွဲကလေးပါပဲ ဂျိုနတ်စ်၊ ပြီးတော့ ရှင်ဟာ အင်မတန် ချစ်စရာကောင်းတဲ့ အိမ်ရှင်ပါပဲ၊ ကဲ. . . ဘာကြောင့်လဲ ပြောပါဦး"

မော်နီကာသည် ကော်ဖီပန်းကန်ကို စားပွဲပေါ်သို့ ပြန်တင်ရင်း ကျွန်တော့်ကို ပြုံးပြီးမေးသည်။

"အကြောင်းပြစရာများ ရှိသေးလို့လားကွာ"

သူက ခေါင်းကို ယမ်းပြသည်။

"အကြောင်းပြဖို့တော့ မလိုပါဘူး၊ ဒါပေမယ့် ကျွန်မ ရှင့်အကြောင်းကို သိတယ်လေ၊ ရှင် သိပ်ချစ်စရာကောင်းနေပြီဆိုရင် ရှင် တစ်ခုခု လိုချင်နေပြီ"

စားပွဲထိုးက မော်နီကာ၏ စီးကရက်ကို မီးခြစ်ပြီး ညှိပေးနေသည်။ မီးညှိပြီးသည်အထိ ကျွန်တော်က စောင့်နေသည်။

"ကိုယ် အင်္ဂလန်က ပြန်ရောက်လာတာ မကြာသေးဘူး၊ ဟိုမှာ မင်းအမေနဲ့ တွေ့ခဲ့တယ်"

မော်နီကာသည် မျက်လွှာများကို ချလိုက်၏။

"တွေ့ခဲ့သလား"

"မင်းအမေက အတော် ကြည့်ကောင်းတာပဲ"

"သူ ကြည့်ကောင်းမယ်လို့ ကျွန်မလည်း စိတ်ကူးနဲ့ မှန်းကြည့်မိတယ်၊ ကျွန်မ မှတ်မိနိုင်သလောက်ပေါ့လေ"

မော်နီကာ၏အသံတွင် ခံပြင်းသည့်သဘောမျိုး ပါနေသည်ကို ကျွန်တော် သတိထားမိသည်။

"မင်း မှတ်ဉာဏ် အတော်ကောင်းတာပဲ၊ မင်းတို့ချင်း ကွဲသွားကြတုန်းက မင်းဟာ ကိုးအနှစ်အရွယ်လောက် ရှိဦးမှာပေါ့"

မော်နီကာ၏ မျက်လုံးများ မာကျောလာသည်။

"မမေ့နိုင်တာတော့ ရှိတာပေါ့ရှင်၊ ရှင့်အမေက ရှင့်ကို အလွန် ချစ်ပါတယ်လို့ ပြောတယ်၊ အဲဒီလိုပြောပြီး တစ်နေ့ကျတော့ ပျောက်သွားတယ်၊ နောက် ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုရင် ရှင့်စိတ်ထဲမှာ ဘယ်လို ခံစားရမလဲ"

"သူ့ဘက်ကတော့ ဒီလိုပဲ လုပ်ရမှာပေါ့၊ သူ့မှာ ခိုင်လုံတဲ့အကြောင်းလည်း ရှိမှာပေါ့"

"ဘာအကြောင်းပြချက်လဲ၊ ကျွန်မဆိုရင် ကိုးအနှစ်ကို ဒီလို ထားမပစ်ခဲ့နိုင်ဘူး"

မော်နီကာက စိတ်ဆိုးသောအသံဖြင့် ပြောသည်။

"မင်း သူ့ဆီကို စာရေးရင် သူ ပြောပြနိုင်ပါလိမ့်မယ်"

"ကျွန်မကို သူက ဘာပြောပြနိုင်မှာလဲ၊ တခြားလူတစ်ယောက်နဲ့ကြိုက်ပြီး အဲဒီလူနဲ့ ထွက်ပြေးသွားတဲ့အကြောင်းကို ပြောပြနိုင်မှာလား၊ ဒါကို ကျွန်မ နားလည်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မ နားမလည်နိုင်တာက ဘာဖြစ်လို့ သူနဲ့အတူတူ ကျွန်မကို ခေါ်မသွားတာလဲ ဆိုတာပဲ၊ ဒါနဲ့ပတ်သက်ပြီး ကျွန်မ မြင်တဲ့အကြောင်းကတော့ ကျွန်မကို သူ ဂရုမစိုက်ဘူး၊ မချစ်ဘူးဆိုတဲ့အကြောင်းပဲ"

"မင်းအမေအကြောင်းကို မင်း မသိဘူး၊ မင်းအဖေအကြောင်းကိုပဲ မင်း သိတယ်၊ မင်းအဖေဟာ လူတစ်ယောက်အပေါ်မှာ ဘယ်လို မုန်းတီးတတ်တယ် ဆိုတာကိုပဲ မင်း သိတယ်"

"ရှင့်လို လူမျိုးတစ်ယောက်ကိုလား"

ကျွန်တော့်မျက်လုံးများကို မော်နီကာက စိုက်ကြည့်နေသည်။

"ဟုတ်တယ်၊ ကိုယ့်လိုလူမျိုး၊ လော့စ်အိန်ဂျယ်လိစ်ဟိုတယ်မှာ ကိုယ် ရှိနေတဲ့ ညတုန်းက မင်းတို့သားအဖနှစ်ယောက် တက်လာတာမျိုး ဆိုပါတော့၊ သူဟာ မင်းအတွက် စဉ်းစားသလား၊ ဒါမှမဟုတ် ငါ့ဆီက တစ်ခုခု ရရမယ်ဆိုတာကို စဉ်းစားသလား"

မော်နီကာသည် ခဏငြိမ်နေသည်။ သူ့မျက်လုံးများသည် ပျော့ပျောင်းစ ပြုလာ၏။

"ကျွန်မ အမေလည်း ဒီလို အဖြစ်မျိုးနဲ့ ကြုံခဲ့ရတာလား"

ကျွန်တော်က ခေါင်းညိတ်ပြပြီး အေးအေးဆေးဆေးပင် ပြန်ပြောသည်။

"အဲဒီလို အဖြစ်မျိုးပဲ ဆိုပါတော့"

စားပွဲခင်းကို ငြိမ်သက်တိတ်ဆိတ်စွာ သူ ငုံ့ကြည့်နေသည်။ ကျွန်တော့်ကို သူ မော့ကြည့်သောအခါ သူ့မျက်လုံးများသည် ကြည်လင်နေပြီဖြစ်၏။

"ကျွန်မကို ဒါတွေ ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ဂျိုနတ်စ်၊ ကျွန်မ အများကြီး စိတ်သက်သာရာ ရသွားပါတယ်"

"ကောင်းပါတယ်"

စားပွဲထိုးက ကျွန်တော်တို့ ကော်ဖီပန်းကန်များကို လာဖြည့်ပေးသည်။

"စကားမစပ်၊ မင်းအဖေနဲ့ ပတ်သက်လို့များ နောက်ဆုံး ဘာကြားသေးသလဲ"

မော်နီကာက ခေါင်းကို ခါပြသည်။

"အရင်နှစ်နှစ်လောက်က ကျွန်မတို့ဆီလာပြီး ညစာစားတယ်၊ ပြီးတော့ ငွေတစ်ထောင် ချေးသွားတယ်၊ အဲဒါ သူ့ကို နောက်ဆုံး တွေ့လိုက်တာပဲ"

"သူ ဘယ်မှာရှိနေမယ်လို့ မင်း ထင်သလဲ"

"ဘာဖြစ်လို့လဲ"

"သူ့ကို ကနေဒါမှာ အလုပ်ကောင်းကောင်းတစ်ခု ပေးချင်တယ်၊ ဒါပေမယ့် သူ့ကို

ရှာမတွေ့ကြဘူး"

မော်နီကာက ထူးဆန်းသောအကြည့်မျိုးဖြင့် ကျွန်တော့်ကို ကြည့်နေသည်။

"ရှင့်ကို သူ ကောင်းကောင်း ဒုက္ခပေးခဲ့တာတောင် ရှင်က သူ့ကို အလုပ်ပေးဦးမလို့လား"

"ကိုယ့်မှာ တခြားနည်းလမ်း မရှိတော့ဘူး၊ သူ့ကို အလုပ်ပေးချင်လှလို့တော့ မဟုတ်ဘူး၊ ဒါပေမယ့် စစ်က ဆက်ဖြစ်နေပြီ မဟုတ်လား၊ သူလိုလူမျိုး တစ်ယောက်ရမှဖြစ်မယ့် အခြေအနေမျိုး ရောက်နေတယ်"

"လွန်ခဲ့တဲ့နှစ်ကတော့ သူ့ဆီက စာတစ်စောင်ရခဲ့သေးတယ်၊ တက်တာဘိုရိုလေဆိပ်မှာ မန်နေဂျာလုပ်နေတယ်လို့ ပြောတာပဲ"

"ကျေးဇူးပါပဲကွာ၊ ကိုယ် အဲဒီမှာ သွားရှာကြည့်ဦးမယ်"

မော်နီကာ၏ လက်တစ်ဖက်သည် စားပွဲကိုကျော်ပြီး ကျွန်တော့်လက်ကို လာဖိကိုင်ထားသည်။ ကျွန်တော်က အံ့ဩစွာဖြင့် သူ့ကို မော့ကြည့်မိသည်။ သူက ပြုံးနေသည်။

"ပြုန်းခနဲ ကျွန်မ စိတ်ထဲမှာ တစ်မျိုးဖြစ်လာတယ်၊ သိလား ဂျိုနတ်စ်၊ ရှင်ဟာ ခင်ပွန်းတစ်ယောက်လို ဆက်ဆံရတာထက် သူငယ်ချင်းတစ်ယောက်လို ဆက်ဆံရတာက ပိုပြီးကောင်းတဲ့ လူစားမျိုးပဲ"

(၅)

"တွေ့ခဲ့ရဲ့လား"

နောက်တစ်နေ့ ညနေပိုင်းတွင် ကျွန်တော် ဟိုတယ်သို့ ပြန်ရောက်သောအခါ ကျွန်တော့်ကို စောင့်နေသည့် မက်အယ်လစ္စတာက ဆီးမေးသည်။

"ဟိုလေဆိပ်က ထွက်သွားတာလည်း ကြာပြီတဲ့၊ လူတစ်ယောက်ကို ဒေါ်လာငါးရာ တန်ချက်လက်မှတ် အတုကြီး လိမ်ပေးသွားပြီး ပျောက်သွားတာပဲတဲ့"

ကျွန်တော်က ခေါင်းခါပြရင်း ပြန်ဖြေသည်။

"သူ့ကို တွေ့အောင်ရှာဖို့ကလည်း မလွယ်ပါလား၊ နောက် ဘယ်နေရာမှာများ ရှိဦးမယ်လို့ထင်သလဲ"

"မပြောတတ်တော့ပါဘူးဗျာ၊ ငွေ မရှိတဲ့ ချက်လိမ်ပေးမှုနဲ့ ထောင်ထဲများရောက်နေသလားမှ မသိတာ"

ကုတ်အင်္ကျီကို ကုလားထိုင်ပေါ် သို့ စိတ်ပျက်လက်ပျက်ဖြင့် ကျွန်တော် ပစ်တင်လိုက်သည်။

"ငါရော ဘာလုပ်ပေးစေချင်သလဲ"

ဟု မက်အယ်လစ္စတာက မေးသည်။

"မရှိပါဘူးဗျာ၊ သူ့ကိုရအောင် ရှာပေးပါ့မယ်လို့ ရော်ဂျာကို ကျွန်တော် ကတိပေးလိုက်မိပြီ၊ အလွတ်စုံထောက်အဖွဲ့ တစ်ခုကိုများ ရှာခိုင်းရရင် ကောင်းမလား၊ သူတို့တွေ့အောင် မရှာနိုင်ဘူး ဆိုရင်တောင် ကျွန်တော် ကြိုးစားပါတယ်ဆိုတာ ရော်ဂျာ သိသွားတာပေါ့၊ မစ္စတာဟာဒင်ကို ခေါ်ထားပြီးပြီလား"

မက်က ကျွန်တော့်ကို သိလိုစိတ်ဖြင့် ကြည့်နေသည်။

"ခေါ်ပြီးပြီ အခုပဲ ရောက်လာတော့မယ် ထင်တယ်၊ ဘာကိစ္စအတွက် သူနဲ့ တွေ့ချင်တာလဲ"

"ကျွန်တော် မဂ္ဂဇင်းထုတ်ဝေရေးလုပ်ငန်း လုပ်မလို့"

"ဘာဖြစ်လို့လဲ၊ မင်း သတင်းစာကိုတောင် မဖတ်တဲ့လူ"

မက်က ကျွန်တော့်ကို ပြန်မေးသည်။

ကျွန်တော် ရယ်မိသည်။ သတင်းစာကို ကျွန်တော် မဖတ်သည်မှာ အမှန်ပင်။

"ရုပ်ရှင်မဂ္ဂဇင်းတစ်စောင်ထုတ်ဖို့ မစ္စတာဟာဒင် စီစဉ်နေတယ်လို့ ကျွန်တော် ကြားတယ်။ ကျွန်တော်ကလည်း ရုပ်ရှင်ရိုက်မယ့်လူ မဟုတ်လား၊ ကိုယ့်ရုပ်ရှင်အတွက် ကြော်ငြာကောင်းကောင်း လုပ်ချင်ရင် ကိုယ်ပိုင်ရုပ်ရှင်မဂ္ဂဇင်း တစ်စောင်ရှိဖို့လိုတယ်၊ ရုပ်ရှင်မဂ္ဂဇင်းတစ်စောင် သူ ထုတ်နိုင်အောင် ကျွန်တော် လုပ်ပေးရင် တခြားသူပိုင်တဲ့ စာနယ်ဇင်းတွေမှာပါ

ကျွန်တော်တို့ ရုပ်ရှင်အကြောင်းတွေ ပါနိုင်တယ်၊ ဒီအတိုင်းဖြစ်ရင် တစ်လကို စောင်ရေ (၁၂) သန်းလောက်ရှိတဲ့ စာနယ်ဇင်းတွေမှာ ကျွန်တော်တို့ ရုပ်ရှင်အကြောင်း အမြဲပါနေမယ်"

မက်က ကျွန်တော့်ကို ဘာမှ ပြန်မပြော။ တံခါးခေါင်းလောင်း မြည်သံကြားရသည်။ ရိုဘဲယားက တံခါးသွားဖွင့်ပေးသည်။ ဝင်လာသူမှာ အက်စ်ဂျေ၊ ဟာဒင် ဖြစ်သည်။ အချိန်မှန်ပါပေ၏။ အခန်းတွင်းသို့ သူ ဝင်လာရင်း လက်ကို ကျွန်တော့်ဆီသို့ ဆန့်တန်းပေးသည်။

"ဂျိုနတ်စ်၊ တွေ့ရတာ ဝမ်းသာပါတယ် ငါ့တူရယ်"

ကျွန်တော်တို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။

"ကျွန်တော်ရဲ့ ဥပဒေရေးရာ အကြံပေးအရာရှိ မစ္စတာမက်အယ်လစ္စတာ၊ သိတယ်မဟုတ်လား"

ကျွန်တော်က သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။

"တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျား"

အက်စ်ဂျေဟာဒင်က မက်ကို နှုတ်ဆက်သည်။ သူ့မျက်နှာပေါ်တွင်လည်း ဝမ်းသာရိပ်ကို မြင်ရသည်။ ပြီးတော့မှ ကျွန်တော့်ဘက်သို့ ပြန်လှည့်လာသည်။

"မောင်က တွေ့ချင်တယ်ဆိုတဲ့ အကြောင်းကြားချက်ရတော့ ကျုပ်ဖြင့် အတော်အံ့ဩသွားတယ်၊ ငါ့တူကြီးမှာ ဘာများ အကြံအစည်ရှိနေပြန်သလဲ"

"ရုပ်ရှင်မဂ္ဂဇင်းတစ်စောင်ထုတ်ဖို့ စီစဉ်နေတယ်လို့ ကျွန်တော် ကြားမိတယ်"

ကျွန်တော်က သူ့ကိုကြည့်ရင်း ပြန်ပြောသည်။

"ဟုတ်တယ်၊ စဉ်းစားနေတယ်"

သူကလည်း ဝန်ခံသည်။

"အဲဒီမဂ္ဂဇင်း စထုတ်ဖို့အတွက် ခင်ဗျားမှာ ငွေကြေးလည်း အခက်အခဲ ပေါ်နေတယ်လို့ ကျွန်တော် ကြားပါသေးတယ်"

သူ့လက်နှစ်ဖက်ကို ဖြန့်ကားပြသည်။

"ထုတ်လုပ်ရေးလုပ်ငန်းအကြောင်းကို မောင်လည်း သိသားပဲ၊ ကျုပ်တို့မှာက အမြဲတမ်း ငွေကြေးအခက်အခဲ ရှိနေတာ"

ကျွန်တော် ပြုံးမိသည်။ သူ့စကားကိုသာ အခြားတစ်ယောက်ယောက်က ကြားမည်ဆိုလျှင် စားစရာ မရှိတော့သလောက် အခြေအနေ ဆိုးနေရှာပြီဟု ထင်မှတ်သွားပေလိမ့်မည်။ သို့သော်လည်း မည်မျှပင် ခြူသံပါအောင် သူ ညည်းနေစေကာမူ သူ့တွင် ပြည့်စုံပြီးသားဖြစ်နေသည်။ အက်စ်ဂျေဟာဒင်သည် သူ့လုပ်ငန်း ကြီးပွားတိုးတက်လာအောင် ပြုလုပ်ရာတွင် ဘာနီနော်မန်လို တစာစာ ညည်းညူရင်း လုပ်တတ်သူမျိုးပင် ဖြစ်သည်။

"ရှစ်နှစ်အတွင်းမှာ ပထမဦးဆုံး ကျွန်တော်ပိုင် ရုပ်ရှင်ကားကို စရိုက်တော့မလို့"

"ဝမ်းသာပါတယ် ဂျိုနတ်စ်၊ ဒီနှစ်တွေအတွင်း ကြားရသမျှ သတင်းတွေထဲမှာတော့ ဒါအကောင်းဆုံးသတင်းပါပဲ၊ မောင့်လိုလူမျိုး ရုပ်ရှင်ရိုက်မယ်ဆိုရင်တော့ အောင်မြင်မှာပါပဲ၊ ကျုပ် အစုရှယ်ယာတချို့ ဝယ်နိုင်မယ်ဆိုရင် အကြောင်းကြားပါနော်"

"ပြောပါ့မယ်"

"ကျုပ်မဂ္ဂဇင်းကလည်း မောင့်ရုပ်ရှင်ကို နေရာကောင်းပေးပြီး ကြော်ငြာပေးပါ့မယ်၊ မဂ္ဂဇင်းတစ်စောင်က ရေးတယ်ဆိုရင် အများကြီးတာသွားကြောင်း ကျုပ်တို့ သိကြသားပဲ မဟုတ်လား"

"ဒီကိစ္စကိုပဲ ကျွန်တော် ပြောချင်လို့ပါ အက်စ်ဂျေ၊ ခင်ဗျားဟာ စာနယ်ဇင်းပေါင်းများစွာ ပိုင်တယ်၊ ဒါပေမယ့် ရုပ်ရှင်မဂ္ဂဇင်းလေး တစ်စောင်လောက်မှ ပိုင်မထားဘူးဆိုရင် ရှက်စရာ ဖြစ်မနေပေဘူးလား"

"ဟုတ်တယ်၊ ကျုပ် စိတ်ထဲမှာလည်း ဒီအတိုင်းပဲ ရှိပါတယ်"

သူက မျက်မှောင်ကုတ်ပြီး ကျွန်တော့်ကို ကြည့်သည်။

"မဂ္ဂဇင်းတစ်စောင်ထုတ်မယ်ဆိုရင် ငွေရင်း ဘယ်လောက် လိုမလဲ"

"အိုး နှစ်သိန်း၊ သုံးသိန်းပေါ့၊ အနည်းဆုံး တစ်နှစ်လောက်တော့ ကောင်းကောင်းလုပ်လို့ရတယ်၊ တစ်နှစ်လောက် လုပ်လိုက်ပြီဆိုရင် မဂ္ဂဇင်းကို စောင်ရေတင်လို့ရပြီ၊ လူကြိုက်အောင်

လုပ်လို့ရပြီ၊ တည်မြဲအောင် လုပ်လို့ရပြီ"

"ဒီလိုမဂ္ဂဇင်းမျိုးဟာ အယ်ဒီတာအပေါ်မှာ တည်တယ် မဟုတ်လား၊ သူနဲ့ သင့်တော်မယ့် အယ်ဒီတာ၊ လုပ်နိုင်ကိုင်နိုင်တဲ့ အယ်ဒီတာရှိဖို့ လိုတယ် မဟုတ်လား"

"သိပ်မှန်တာပေါ့၊ ကျုပ်မှာလည်း အင်မတန် တော်တဲ့ အယ်ဒီတာတွေ ရှိပါတယ်၊ ထုတ်ဝေရေးလုပ်ငန်းကို မောင်လည်း သိပါတယ် ဂျိုနတ်စ်၊ ကျုပ်ဟာ အမြဲတမ်း အကြံသစ် ဉာဏ်သစ်တွေကို လိုချင်တဲ့လူပါ၊ သတင်းအသစ်အဆန်းတွေကို လိုချင်တဲ့လူပါ"

"ဒီလိုဆိုရင် ဆောင်းပါးအယ်ဒီတာအဖြစ်နဲ့ ဘယ်သူ့ကို ခန့်မလဲ"

"ဘာဖြစ်လို့လဲ ဂျိုနတ်စ်၊ မောင် သိပြီးပြီလို့ ကျုပ် ထင်ပါတယ်၊ မနေ့ညက မောင်နဲ့ အတူတူ ညစာစားတဲ့ မိန်းကလေးပေါ့"

သူ့မျက်လုံးကြီးများ ပြူးကျယ်လာသည်။ ပြီးတော့ သူ ဘာမှ မသိသည့် အနေမျိုးဖြင့် ပြောသည်။

ကျွန်တော် မရယ်ဘဲ မနေနိုင်။ ထို့ကြောင့်လည်း ရယ်ချလိုက်မိသည်။ အလွန် လူဝါးဝသည့် သတ္တဝါကြီး ဖြစ်သည်။ ကျွန်တော် ထင်ထားသည်ထက် ပိုပြီး သူက ဖျံကျနေသေးတော့သည်။ ဟိုတယ်မှာလည်း သူ့ကို သတင်းပေးမည့် သူလျှိုတွေ ရှိနေပါကလား။

သူ ပြန်သွားသောအခါ မက်အယ်လစ္စတာဘက်သို့ ကျွန်တော် လှည့်ခဲ့သည်။

"အိန်ဂျယ်နဲ့ သဘောတူစာချုပ်တွေ လက်မှတ်ထိုးဖို့လောက်တော့ ကျွန်တော် ဒီမှာ စောင့်နေဖို့ မလိုဘူးထင်တယ်၊ စောင့်ဖို့လိုသလား"

"မလိုဘူးထင်ပါတယ်၊ ဘာဖြစ်လို့လဲ"

သူက ဆတ်ခနဲ ကျွန်တော့်ကို လှည့်ကြည့်ရင်း မေးသည်။

"ကျွန်တော် ကာလီဖိုးနီးယားကို သွားချင်တယ်၊ ရုပ်ရှင်စရိုက်ဖို့ အလုပ်ကလည်း ရှိနေသေးတယ်၊ နယူးယောက်မှာ ကျွန်တော် နေလို့လည်း ဘာမှ အကြောင်းမထူးဘူး၊ အလုပ်လည်း မရှိဘူး"

"ဒေးဗစ်နဲ့ ဘွန်နာလည်း နယူးယောက်မှာ ရောက်နေကြတယ်၊ မင်း အခေါ်ကို သူတို့ စောင့်နေကြတယ်"

"ဒါဖြင့် ဒေးဗစ်ကို တယ်လီဖုန်းဆက်ပေးစမ်းပါ"

ခဏအကြာတွင် မက်က ကျွန်တော့်ကို ဖုန်းလှမ်းပေးသည်။

"ဟဲလို၊ ဒေးဗစ် . . . ရိုဇာ နေကောင်းရဲ့လား"

"ကောင်းပါတယ် ဂျိုနတ်စ်၊ သူ သိပ်ပျော်နေတယ်"

"ဟုတ်ပြီ၊ ကုမ္ပဏီအစုတွေနဲ့ ပတ်သက်ပြီး ဧရာမလုပ်ငန်းကြီးတွေကို မင်း ဆောင်ရွက်ခဲ့တဲ့အကြောင်း ငါ စဉ်းစားနေတယ်၊ နောက်တစ်ခုက နယူးယောက်မှာ ငါ မနေချင်ဘူး၊ အလန္တိမဂ္ဂဇင်းကို ဆက်ဖို့က အသင့်ဖြစ်နေပြီ မဟုတ်လား၊ ဒါကြောင့် ကာလီဖိုးနီးယားကို ငါ သွားမယ်"

"ဒါပေမယ့် ဂျိုနတ်စ်၊ ဘွန်နာကို ကျွန်တော် ခေါ်ခဲ့ပြီ နယူးယောက်မှာ ရောက်နေတယ်"

"ကောင်းပါတယ်၊ မင်းတို့ စတူဒီယိုကိုပဲ ပြန်ကြတော့၊ မင်းတို့ကို ငါ ဟိုမှာတွေ့မယ်၊ တို့ရုပ်ရှင်ရိုက်မှာကလည်း ဟိုမှာပဲ မဟုတ်လား"

"ကောင်းပါပြီ ဂျိုနတ်စ်၊ လေယာဉ်ပျံနဲ့ သွားမှာလား"

စိတ်တိုင်းမကျသည့် လေသံမျိုးကို သူ့အသံထဲမှာ ကျွန်တော် သတိထားမိသည်။

"ဟုတ်တယ်၊ နှစ်နာရီမှာထွက်မယ့် အိုင်စီအေလေယာဉ်ပျံနဲ့ လိုက်ဖြစ်မယ်ထင်တယ်၊ ဒီအတိုင်းဆိုရင် မနက်ဖြန်မနက်မှာ ကာလီဖိုးနီးယားကို ငါ ရောက်မယ်"

"ရိုဇာကိုလည်း ဖုန်းလှမ်းဆက်လိုက်ပါဦး ဂျိုနတ်စ်၊ ခင်ဗျားအသံကြားရရင် သူ သိပ်ဝမ်းသာမှာ"

"ဆက်လိုက်မယ် ဒေးဗစ်၊ ဒါထက် ဂျင်နီဒင်တန်ကို ငါ ဘယ်လိုလုပ် တွေ့နိုင်မလဲ၊ အလန္တိမဂ္ဂဇင်းမှာ ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်မယ့် မင်းသမီးကို ငါ တွေ့ထားဖို့ လိုတယ်ထင်တယ်"

"ပမ်းစပရိန်းမှာ သူ ရှိနေပါတယ်၊ ထရော်ပီကယ်ဖလားဝါးဟိုတယ်မှာ ဂျူဒီဘယ်လ်ဒင် ဆိုတဲ့ နာမည်နဲ့ မှတ်ပုံတင်ထားတယ်"

"ကျေးဇူးပဲကွာ၊ ဒါပဲနော်"

"ဟုတ်ကဲ့. . . ခင်ဗျာ၊ ချောချောမောမော ရောက်ပါစေ"

* * *

ပမ်းစပရိန်းမှာရှိသော ထရော်ပီကယ်ဖလားဝါးဟိုတယ်ရှေ့တွင် ကျွန်တော့်မော်တော်ကား ထိုးရပ်လိုက်သည့်အချိန်သည် ကာလီဖိုးနီးယား စံတော်ချိန် နံနက် (၁၁) နာရီခွဲ ဖြစ်သည်။ ဆိုင်ရာမှာ စုံစမ်းပြီး အိမ်နံပါတ် (၅) သို့ ကျွန်တော် လာခဲ့သည်။ တံခါးခေါက်ကြည့်သောအခါ မည်သူမျှ ပြန်မထူး။ တံခါးသော့ခတ်ထားခြင်းလည်း မရှိ။ ထို့ကြောင့် ဖွင့်ပြီး အတွင်းသို့ ဝင်ခဲ့သည်။

"မစ္စဒင်တန်"

ကျွန်တော် ခေါ်ကြည့်သည်။ မည်သူမျှ ပြန်မထူး။ ရေချိုးခန်းဆီမှ ရေချိုးသံကို ကြားနေရသည်။ ရေချိုးခန်းတံခါးကို ကျွန်တော် သွားဖွင့်ကြည့်သည်။ ကန့်လန့်ကာပေါ်တွင် လာထင်နေသည့် ကိုယ်လုံးပုံသဏ္ဌာန် ကောက်ကြောင်းများကို မြင်ရသည်။ သူသည် ရေပန်းအောက်မှာ ရေချိုးရင်း သီချင်းတစ်ပုဒ်ကို တိုးတိုးဆိုနေသည်။ စာသားကိုမူ သဲသဲကွဲကွဲ မကြားရ။

ကျွန်တော်သည် ရေချိုးခန်းတံခါးကို ပိတ်ခဲ့ပြီး ပြန်လာကာ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်နေမိသည်။ စီးကရက်တစ်လိပ်ကိုညှိရင်း ကန့်လန့်ကာကိုဖောက်ပြီး လှမ်းကြည့်နေမိသည်။ ကျွန်တော် ကြာကြာ မစောင့်ရပါ။

ရေပိတ်သံ ကြားရသည်။ ပြီးတော့ စီးကရက် မီးညှိမွှန်သဖြင့် ချေဆတ်သံပါ ကြားရသည်။

"စားပွဲထိုးတစ်ယောက်ယောက် အပြင်မှာရောက်နေရင် ငါ ထွက်မလာခင် အခန်းထဲက ထွက်သွားနော်၊ မသွားရင် မန်နေဂျာကို ငါ တိုင်လိုက်မယ်"

ဟု အတွင်းမှ လှမ်းအော်သည်။ အသံက တည်တည်ငြိမ်ငြိမ်ပင် ဖြစ်သည်။

ကျွန်တော်က ဘာမှ ပြန်မဖြေ။

ကန့်လန့်ကာဘေးမှ သူ့ခေါင်းပြူလာသည်။ မျက်နှာသုတ်ပဝါကို မမှီမကမ်း လှမ်းဆွဲနေသည်။ ကျွန်တော်က ထသွားပြီး မျက်နှာသုတ်ပဝါတစ်ထည်ယူကာ သူ့လက်ထဲသို့ ထည့်ခဲ့သည်။ မျက်နှာသုတ်ပဝါ သူ့ကိုယ်ပေါ်တွင် ပတ်နေသည်ကို ကန့်လန့်ကာဖောက်ပြီး ကျွန်တော် မြင်နေရ၏။ ထို့နောက် ကန့်လန့်ကာကို ဘေးသို့တွန်းဖယ်ပြီး သူ ထွက်လာသည်။ နက်မှောင်သည့် မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ သူ့မျက်လုံးထဲမှာ ကြောက်ရွံ့မှုကို လုံးဝ မတွေ့ရ။

"ဒီဟိုတယ်က အစောင့်ကောင်လေးတွေဟာ အင်မတန် ဆိုးတယ်၊ အချိန်မဟုတ် အခါမဟုတ် ဝင်ချင်ဝင်လာတတ်ကြတယ်"

ဟု သူက ပြောသည်။

"တံခါး သော့ခတ်ထားပါလား"

ရှေ့သို့ သူ တိုးလာသည်။

"ဘာလုပ်မှာလဲ၊ သူတို့မှာ သောတူတွေ ရှိနေကြတာပဲ"

ထိုင်ရာမှ ကျွန်တော်ထသည်။

"ဂျင်နီဒင်တန်"

"ကျွန်မ ဂျူဒီဘယ်လ်ဒင်၊ ရှင် ဘယ်ကလဲ၊ ရဲဘက်ကလား"

ကျွန်တော့်ကို စုံစမ်းသည့် မျက်လုံးများဖြင့် သူ ကြည့်နေသည်။

ကျွန်တော်က ခေါင်းယမ်းပြသည်။

"မဟုတ်ဘူး၊ ကိုယ်ပိုင်စုံထောက်"

ကျွန်တော့်ကို သူ ကြည့်နေသည်။ တဖြည်းဖြည်း ပြုံးလာသည်။

"အို. . . ကျွန်မ တွေ့ချင်လွန်းလို့ စောင့်နေပါတယ်ရှင်"

"ဘာလုပ်ဖို့လဲ"

ကျွန်တော်ကလည်း ပြန်ပြုံးပြသည်။

သူသည် ကျွန်တော့်အနားသို့ တိုးကပ်လာ၏။ ကျွန်တော့်လည်ပင်းကို သူ့လက်များဖြင့် သိုင်းဖက်လိုက်သည်။ ကျွန်တော့်မျက်နှာကို သူ့ဆီသို့ ဆွဲယူသည်။ ခြေဖျားထောက်ပြီး ကျွန်တော့်ကို နမ်းသည်။ သူ့မျက်လုံးများ ရယ်ပြုံးနေကြသည်။ သူ့ကိုယ်ပေါ်မှာ ပတ်ထားသည့် မျက်နှာသုတ်ပဝါက ကြမ်းပြင်ပေါ်သို့ ပုံကျသွားသည်။

"သူဌေးမင်း၊ ကန်ထရိုက်စာချုပ်ကို ကျွန်မ လက်မှတ်ထိုးဖို့ အချိန်ကျပြီ မဟုတ်ပါလားရှင်"

သူက လေသံတိုးတိုးကလေးဖြင့် ပြောသည်။

(၆)

လွန်ခဲ့သည့် ဆယ်နှစ်တုန်းက တစ်ကောင်ကြွက် ဇာတ်ကားကို ကျွန်တော် ရိုက်စဉ် အသုံးပြုခဲ့သည့် ကျွန်တော်၏ ရုံးအဆောက်အအုံပင် ဖြစ်သည်။ ဘာမှ မပြောင်းလဲသေး။ ကျွန်တော့်အတွက် ခန့်ထားပေးသည့် အတွင်းရေးမှူးများသာ ပြောင်းလဲသွားကြသည်။

"ကောင်းသော မနက်ပါ မစ္စတာကော့"

ကျွန်တော် ဝင်သွားသောအခါ အတွင်းရေးမှူးများက ဆီးကြိုနှုတ်ဆက်ကြသည်။

သူတို့ကို နှုတ်ဆက်ခဲ့ပြီး ရုံးခန်းအတွင်းသို့ ကျွန်တော် ဝင်ခဲ့သည်။ ဘွန်နာသည် အခန်းထဲမှာ ဆောက်တည်ရာမရသလို ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ ဒင်ပီးယာ့စ်က ပြတင်းပေါက်အနီးရှိ ခုံပေါ်မှာ ထိုင်နေသည်။ သူတို့ကို ကျွန်တော် လှမ်းကြည့်သည်။ ဘာမှ မပြောဘဲ ကျွန်တော့်စားပွဲရှိ ကုလားထိုင်သို့ သွားထိုင်သည်။

"ခင်ဗျားကို ဝိုင်းပြောပေးဖို့ ဒင်ပီးယာ့စ်ကို ကျွန်တော် ခေါ်လာခဲ့ပါတယ်၊ နာမည်ကြီး ရုပ်ရှင်မင်းသမီး မပါဘဲနဲ့ ဒါလောက် ငွေကုန်ကြေးကျများတဲ့ ဇာတ်ကားကို ရိုက်လို့မရနိုင်ပါဘူး"

ဟု ဘွန်နာက ဆီးပြောသည်။

"ကျုပ် လုပ်ချင်တာလုပ်တဲ့အခါမှာ ဒင်ဟာ ကျုပ် ယုံကြည်လာအောင် ဝိုင်းပြောပေးလို့ မရနိုင်ပါဘူး"

"အရင်မလိုပါနဲ့ဦး ဂျိုနတ်စ်၊ ခင်ဗျား ဘယ်လောက် စိတ်အားထက်သန်နေတယ် ဆိုတာကို ကျွန်တော် သိပါတယ်၊ ကျွန်တော်က ခင်ဗျား ကောင်းဖို့ကိုသာ အလေးပေးနေတဲ့လူပါ"

ဒင်ပီးယာ့စ်က ခပ်မြန်မြန် ဝင်ပြောသည်။

သူ့ဘက်သို့ ကျွန်တော် လှည့်ကြည့်လိုက်သည်။

"ကျုပ်ကို ဘာမှ မပြောဘဲ ရှမီးကို အစုရှယ်ယာတွေ ရောင်းပစ်လိုက်တာဟာ ကျုပ် ကောင်းစားတာကို မြင်ချင်လို့ လုပ်တာလား"

"ရှယ်ယာတွေက ကျွန်တော် ပိုင်တဲ့ဟာတွေပဲ၊ ဘယ်သူ့ကိုမှ ပြောဖို့မလိုပါဘူး၊ ပြီးတော့ ခင်ဗျားကိုရော ဘယ်သူက တွေ့အောင်ရှာနိုင်လို့လဲ၊ ကုမ္ပဏီကို ခင်ဗျား ပြန်မကြည့်တာ လူတိုင်းသိနေကြတာပဲ၊ ဒီလို ပြန်မကြည့်တာဟာ ခင်ဗျားရှယ်ယာတွေပါ တန်ဖိုးကျသွားအောင် လုပ်နေတာနဲ့ အတူတူပဲ မဟုတ်လား"

စီးကရက်ကို ကျွန်တော် လှမ်းယူသည်။ ခဏကြာသောအခါ ကျွန်တော်က ခေါင်းညိတ်ပြသည်။

"ခင်ဗျား မှန်တယ် ဒင်၊ ရှယ်ယာတွေဟာ ခင်ဗျား ပိုင်တာတွေပါပဲ၊ ကျုပ်အပေါ်မှာ ခင်ဗျား ဘာကျေးဇူးခံကျေးဇူးစားမှ မရှိပါဘူး။ ခင်ဗျားအလုပ်ကို ခင်ဗျားလုပ်တယ်၊ အဲဒီအတွက် ကျုပ်က လခပေးတယ်၊ ငါးနှစ်ကန်ထရိုက်စာချုပ်အရဆိုရင် ခင်ဗျား အခု ဆက်လုပ်နေနိုင်သေးတယ်၊ ကျုပ်ဟာ အမှားတစ်ခုကို လုပ်ခဲ့မိတယ်၊ ခင်ဗျားကို ကျုပ် စတွေ့တုန်းက ခင်ဗျားဟာ ကိုယ်စားလှယ်ပဲ၊ ပွဲစားပဲ၊ အမှန်တော့ ကျုပ်ကိစ္စကို ကျုပ်တစ်ယောက်တည်း လုပ်ခဲ့သင့်တယ်"

"ဒါကြောင့် နောက်ထပ်အမှားတစ်ခုကို ခင်ဗျား ထပ်ပြီး မလုပ်မိအောင် ကျွန်တော် ကြိုးစားနေတာပါ ဂျိုနတ်စ်၊ အလင္ဂီမဇာတ်ညွှန်းကို ရေးတဲ့အချိန်တုန်းက ဒီဇာတ်လမ်းဟာ ရီနာမာလိုးအတွက် ရေးခဲ့တာပါ။ အဲဒီအချိန်တုန်းက ရီနာဟာ အအောင်မြင်ဆုံး၊ အကျော်ကြား

ဆုံး မင်းသမီးပါပဲ၊ ဒီလို ဇာတ်လမ်းမျိုးမှာ ဘာအတွေ့အကြုံမှ မရှိဘဲ၊ ဘယ်သူမှလဲ မကြား ဖူးဘူးတဲ့ မိန်းကလေးတစ်ယောက်ကို သူချည်းထည့်ပြီး ရိုက်လို့ မရပါဘူး၊ တခြားနာမည်ကြီး ပြီးသား ဇာတ်ကောင်တွေနဲ့ သူ့ကို အားဖြည့်ပေးဖို့ လိုပါတယ်၊ ဒီလိုမှ မဟုတ်ရင် ရုပ်ရှင်ရုံထဲက ထွက်လာကြတဲ့အခါမှာ အားလုံးက ခင်ဗျားကို ဝိုင်းလှောင်ကြပါလိမ့်မယ်"

ကျွန်တော်က သူ့ကို နားမလည်သလို ကြည့်နေသည်။

"ဒီလိုဆိုရင် ကျုပ် ဘာလုပ်သင့်တယ်လို့ ခင်ဗျား ထင်သလဲ"

ကျွန်တော့်စကားကို ကြားရသောအခါ သူကိုယ်သူ ပိုပြီး ယုံကြည် စိတ်ချသွားပုံ ရသည်။

နာမည်ကြီး မင်းသားနှစ်ယောက်ကို ငှားပါ၊ ဒီမိန်းကလေးကို ခင်ဗျား ကြိုက်တယ်ဆို ရင် ခေါင်းဆောင်မင်းသမီး တင်ရိုက်ပါ။ ဒါပေမယ့် သူ့ကို ဘိုးဂတ်တို့လို၊ ထရေစီတို့လို၊ ကိုးလ်မင်း တို့လို၊ ကလပ်ဂေဘယ်တို့လို၊ အယ်ရိုဖလင်းတို့လို နာမည်ကြီးမင်းသားတွေနဲ့ အားဖြည့်ပေးပါ။ သူတို့ထဲက ဘယ်သူပဲဖြစ်ဖြစ် စိတ်ချရပါတယ်"

"သူတို့လိုရအောင် ခင်ဗျား ငှားပေးနိုင်မယ်လို့ ကျုပ် ထင်တယ်"

ကျွန်တော် ငေါ်လိုက်သည်ကို သူ သဘောပေါက်ပုံမရ။ ထို့ကြောင့်လည်း စကားမမှား အောင် ဆက်ပြောသည်။

"ကျွန်တော် ကူညီနိုင်မယ် ထင်ပါတယ်"

ကျွန်တော်သည် ထိုင်ရာမှထရပ်လိုက်သည်။

"ခင်ဗျား ဆယ်ရာခိုင်နှုန်းရအောင် ပွဲစားလုပ်နေတာပေါ့လေ၊ ကျုပ် အပေါ်မှာ ခင်ဗျားက စေတနာကောင်းတွေ ထားလိုက်တာပေါ့၊ အသုံးမကျတဲ့ အကောင်ကြီး ထွက်သွား၊ ခင်ဗျားမျက်ခွက်ကို ကျုပ်ခြေထောက်နဲ့ ကန်မထုတ်ခင် ဒီအခန်းထဲက ထွက်သွား၊ ကျုပ် ဒီကုမ္ပဏီမှာ ရှိနေသမျှ ကာလပတ်လုံး အရိပ်ကိုတောင် လာမနင်းနဲ့"

သူ့ကို ကျွန်တော် အော်ပြီး မောင်းထုတ်လိုက်သည်။

ကျွန်တော့်ကို သူ စိုက်ကြည့်နေသည်။ သူ့မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်လာ၏။ သူကလည်း ကျွန်တော့်ကို ပြန်အော်သည်။

"ခင်ဗျား ကျုပ်ကို ဒီလို မပြောပါနဲ့၊ ကျုပ်ဟာ ခင်ဗျား လက်ခုပ်ထဲကရေ မဟုတ်ဘူး၊ ခင်ဗျားသွန်လိုသွန် မှောက်လိုမှောက် လုပ်လို့မရဘူး"

"လုပ်တယ်၊ ခင်ဗျား ဘာအသုံးကျဖူးလို့လဲ၊ နီဗားဒါးကိုလည်း ခင်ဗျား ဒုက္ခရောက် အောင် လုပ်ခဲ့တယ်၊ ဒါပေမယ့် ကျုပ်ကို ဒါမျိုးလာလုပ်လို့ မရဘူး"

စားပွဲပေါ်မှာရှိသော ခလုတ်တစ်ခုကို ကျွန်တော် နှိပ်လိုက်သည်။ အတွင်းရေးမှူးတစ် ယောက် ဝင်လာသည်။

"အမိန့်ရှိပါ မစ္စတာကော့"

အမျိုးသမီးက အခန်းဝမှာ ရပ်ရင်း မေးသည်။

"မစ္စတာပီးယာ့စ်ကို အခုပဲ အလုပ်ထုတ်ပစ်လိုက်ပြီ"

ကျွန်တော်သည် အတွင်းရေးမှူးကို လှမ်းပြောသည်။ ဒင်း၏မျက်နှာပေါ်တွင် ဒေါသ ပေါက်ကွဲလာသည်ကို မြင်ရသည်။

"ခင်ဗျား ကောင်းကောင်း နောင်တရစေ့မယ် ဂျိုနတ်စ်"

သူ့နောက်တွင် တံခါးပိတ် ကျန်ရစ်ခဲ့သည်။ ဘွန်နာဘက်သို့ ကျွန်တော် လှည့်ကြည့်သည်။

"ကျွန်တော် ဝမ်းနည်းပါတယ် ဂျိုနတ်စ်၊ ဒီအကြောင်းတွေကို ကျွန်တော် မသိခဲ့ပါဘူး"

ဟု သူက ပြောသည်။

"ကိစ္စမရှိပါဘူး၊ ခင်ဗျားမှ မသိခဲ့ဘဲ"

ကျွန်တော်က အေးအေးပင် ပြန်ပြောသည်။

"ကျွန်တော်တို့ ဇာတ်ကားဟာ ရုပ်လုံးပေါ်လာပြီလို့ ဆိုနိုင်ပါတယ်၊ ကုန်ကျမယ့်ငွေက ဒေါ်လာသုံးသန်းလောက် ရှိပါမယ်၊ ဒီလောက် ငွေများများ ကုန်ရမယ်ဆိုရင်တော့ နာမည်ကြီး မင်းသားတွေနဲ့ အားဖြည့်ပေးဖို့တော့ လိုပါတယ်"

ကျွန်တော်က ခေါင်းခါသည်။

"နာမည်ကြီးဇာတ်ကောင်တွေဟာ ကြီးကျယ်ရိုးမှန်ပါတယ်၊ သူတို့ကို ကျွန်တော် မပုတ်ခတ်လိုပါဘူး၊ ဒါပေမယ့် ဒီအချိန်ဟာ သုံးရမယ့်အချိန် မဟုတ်ဘူး၊ ကျွန်တော်တို့ ဇာတ်လမ်းက သမ္မာကျမ်းစာပေါ်မှာ အခြေခံထားတဲ့ဇာတ်လမ်း၊ ပိတ်ကားပေါ်မှာ ပေါ်လာတဲ့ ဂျွန်နဲ့ပီတာကို ကြည့်မယ်ဆိုရင် ကြည့်တဲ့လူဟာ ဂျွန်နဲ့ပီတာအဖြစ်နဲ့ပဲ မြင်ရမယ်၊ ကလပ်ဂေဘယ် မဟုတ်ဘူး။ ထရေစီလို့ မမြင်ရဘူး။ ဒတ်ဂ်ဘိုဂတ်လို့ မထင်ရဘူး။ ဒါတင် မဟုတ်သေးဘူး၊ မင်းသမီးအခန်းဟာ အရေးအကြီးဆုံးအခန်း"

"ဒါပေမယ့် ဘယ်သူကမှ မင်းသမီးနာမည်ကို ကြားဖူးတာ မဟုတ်ဘူး"

"မကြားဖူးဘူးတော့ ဘာဖြစ်သလဲ၊ ကျုပ်တို့ရဲ့ ကြော်ငြာဌာနကြီးကို ဘာလုပ်ဖို့ ထားတာလဲ၊ ဒီဇာတ်ကားရိုက်ပြီးလို့ ရုံတင်ပြီးတဲ့အခါမှာ ဒီမင်းသမီးကို မသိတဲ့လူ ဒီကမ္ဘာပေါ်မှာ တစ်ယောက်မှ မရှိစေရဘူး။ အစမ်းရိုက်ကြည့်ဖို့ ခင်ဗျား ဆုံးဖြတ်ခဲ့တာ မဟုတ်လား၊ ရိုက်သင့် တယ်လို့လည်း ခင်ဗျား ထင်ခဲ့တယ် မဟုတ်လား၊ ဒီမိန်းကလေးအကြောင်းကို ခင်ဗျား သိတယ်၊ ပါတီတစ်ခုမှာ ခင်ဗျား ဒီမိန်းကလေးကို တွေ့ခဲ့တယ်"

ဘွန်နာသည် ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။

"ဒါက တခြား ကိစ္စပါ၊ အမှန်ကတော့ ကျွန်တော် ရယ်စရာလုပ်ခဲ့တာပါ။ တစ်ယောက် ယောက်က ဒါကို အလေးအနက် ထားလိမ့်မယ်လို့ ကျွန်တော် မတွေးမိခဲ့ပါဘူး"

"ဖလင် စမ်းရိုက်ထားတာကို ရုပ်ရှင်တစ်ကားလုံး မဟုတ်ဘူးနော်၊ နည်းနည်းကလေး၊ တစ်ကားလုံးကျရင် သူ သရုပ်ဆောင်နိုင်. . . "

"သရုပ်ဆောင်နိုင်တယ်၊ ဒါကိုလည်း ခင်ဗျား သိတယ်၊ ခင်ဗျား သိလို့ သူ့ကို အစမ်း ရိုက်ကြည့်တာ"

ကျွန်တော်က သူ့စကားကို အဆက်မခံဘဲ ဖြတ်ပြောပစ်လိုက်သည်။

မြင်းမျက်နှာကဲ့သို့ အလွန် အရုပ်ဆိုးသည့် မျက်နှာကြီးဖြင့် ကျွန်တော့်ကို သူ ကြည့် နေသည်။ သူ့ကိုယ်ပေါ်မှာရှိသည့် ယားနာများကို ကုတ်နေသည်။ သူ့အမူအရာသည် ထိတ်လန့် စိုးရိမ်နေပုံရသည်။

"ကျွန်တော်နဲ့ တွေ့ခဲ့တဲ့အကြောင်းကို ဂျင်နီဒင်တန်က ပြောပြပါသလား ခင်ဗျာ"

သူက ကြောင်အမ်းအမ်းဖြင့် မေးသည်။

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"တစ်ညနေလုံး သူ့ကို ခင်ဗျား စောင့်ကြည့်နေတဲ့အကြောင်း ပြောတယ်၊ ပြီးတော့ အစမ်းရိုက်ကြည့်ဖို့ ခင်ဗျား ပြောတဲ့အကြောင်းလည်း ပြောတယ်၊ လာနာတာနာကို အရက်ပွဲမှာ ခင်ဗျား တွေ့တယ်၊ ဂျင်နီဒင်တန်ကို ညစာစားပွဲမှာ ခင်ဗျား တွေ့တယ်၊ ဒါကို ခင်ဗျား ဘာလုပ် မလဲ"

သူ့ကိုမေးရင်း ကျွန်တော် ရယ်မိသည်။

ကျွန်တော့်ကို နားမလည်သလို သူ ကြည့်နေသည်။ တစ်ခုခုပြောမည် သူ ကြံ၏။ သို့သော်လည်း တယ်လီဖုန်းခေါင်းလောင်း မြည်လာသဖြင့် သူ စကားပြောချိန်မရ။ ကျွန်တော် ကောက်ကိုင်လိုက်သောအခါ အတွင်းရေးမှူးက ဆက်ခြင်း ဖြစ်သည်။

"မစ္စဒင်တန် ဆံပင်ပြင်လို့ ပြီးပါပြီရှင်၊ မစ္စတာကော့ ရုံးခန်းထဲကို ကျွန်မ လွှတ်လိုက် ရမလား"

"လွှတ်လိုက်"

ဖုန်းချပြီး ဘွန်နာဘက်သို့ ကျွန်တော် ပြန်လှည့်ခဲ့သည်။

"ဂျင်နီကို ဆံပင်သွားပြင်ခိုင်းထားတယ်၊ ကျုပ် ကြိုးစားကြည့်ချင်တဲ့ စိတ်ကူးတစ်ခု ရှိနေတယ်"

တံခါးပွင့်ပြီး အခန်းဝမှာ ဂျင်နီဒင်တန် ရပ်နေသည်။ သူသည် တဖြည်းဖြည်း ဝင်လာ ၏။ တုံ့ဆိုင်းတုံ့ဆိုင်းဖြင့် ဝင်လာ၏။ ကျွန်တော့်စားပွဲရှေ့ အခန်းလယ်သို့ ရောက်သောအခါ ရပ်နေသည်။ သူ့ဆံပင်များသည် ယခင်ကလောက် မရှည်တော့။ သူ့လည်ပင်းနှင့် ပခုံးပေါ်မှာ

ဝဲပျံကျနေသည်။ အရောင်လည်း လက်နေသည်။ အနည်းငယ်ညှိသောသူ့မျက်နှာနှင့် အလွန်လိုက်ဖက်နေသည်။

"ဘုရား. . . ဘုရား"

ဘွန်နာ၏အသံသည် ကြားရရုံကလေးမျှ ဖြစ်သည်။

ဘွန်နာကို ကျွန်တော် ကြည့်နေသည်။ သူ့အမူအရာသည် တစ်မျိုးတစ်ဖုံ ထူးဆန်းနေသည်။ သူ့နှုတ်ခမ်းများ တဖြည်းဖြည်း လှုပ်လာသည်။ သို့သော် ဂျင်နီ၏ကိုယ်ပေါ်မှ သူ့မျက်လုံးများကိုမူ မခွာ။

"အခု ရပ်နေတာ. . . အခု ရပ်နေတာ သူပဲနော်"

"သူပဲပေါ့ဗျာ"

ကျွန်တော်ကလည်း ဖြည်းဖြည်း ပြောသည်။ ဂျင်နီကို ကျွန်တော် လှမ်းကြည့်သည်။ ကျွန်တော် အသည်းနှလုံးထဲမှာ တင်းကျပ်လာသည်။

ရီနာ။

"သူ့အတွက် အဝတ်အစားတွေ ပုံစံထုတ်ပေးဖို့ အိုင်လင်းဂေးလတ်ကို လိုချင်တယ်"

ကျွန်တော်က ဘွန်နာကို ပျော့ပျောင်းစွာပင် လှမ်းပြောလိုက်သည်။

"ကျွန်တော်တော့ မသိဘူး။ သူ အနားယူလိုက်ပြီလို့ ပြောတာပဲ၊ အရှေ့ဘက်ကို သူ ပြောင်းသွားပြီ၊ ဘော်စတွန်မှာလား မသိဘူး၊ ကျွန်တော် ထင်တာပဲလေ"

ရီနာ၏ အုတ်ဂူဘေးတွင် ကျန်ရစ်ခဲ့သည့်ပုံကို ကျွန်တော် ပြန်ပြီး အမှတ်ရနေမိသည်။

"အိုင်လင်းဆီကို ဂျင်နီရဲ့ ဓာတ်ပုံပို့လိုက်၊ သူ လာလိမ့်မယ်"

ဘွန်နာက ထိုင်ရာမှထသွားပြီး ဂျင်နီနားမှာ ရပ်သည်။ ထိုနေရာမှနေ၍ ကျွန်တော့်ကို လှမ်းကြည့်နေသည်။

"အော်စတင်ဂေးလ်ဘတ်က ဒီဇာတ်ညွှန်းကို ကြိုက်တယ်လို့ ပြောတယ်၊ စမ်းရိုက်ထားတာကို ဒီနေ့ညနေ လာကြည့်မယ်တဲ့၊ ဂျင်နီကို သူ သဘောကျရင် သူ ရိုက်မယ်လို့ ပြောပါတယ်"

"ကောင်းတယ်"

နာမည်ကြီး ဒါရိုက်တာများသည် သည်အတိုင်းသာ ဖြစ်ကြသည်။ သူတို့ကို ဒေါ်လာနှစ်သိန်း ပေးရခြင်းသည် ဘာမှ အကြောင်းမဟုတ်။ မည်သည့် ရုပ်ရှင်ကားမဆို ဤမျှငွေကို သူတို့ ရကြသည်။ သို့သော်လည်း သူတို့အဖို့ အရေးအကြီးဆုံးသည် ဇာတ်ညွှန်း ဖြစ်သည်။ ပြီးတော့ သရုပ်ဆောင်မည့်သူများ ဖြစ်သည်။

ဘွန်နာသည် အပေါက်ဝဆီသို့ လျှောက်သွားသည်။ အဝရောက်သောအခါ ဂျင်နီကို ပြန်ကြည့်ပြီး နှုတ်ဆက်သည်။

"နောက် တွေ့သေးတာပေါ့"

"ဂွတ်ဘိုင် မစ္စတာဘွန်နာ"

ဂျင်နီက ယဉ်ကျေးသိမ်မွေ့စွာ ပြောသည်။

ဘွန်နာက ခေါင်းညိတ်ပြပြီး အပြင်သို့ ထွက်သွားသည်။

"ကျွန်မ အခု ထိုင်နိုင်ပါပြီလားရှင်"

ဂျင်နီက ကျွန်တော့်ကို လှမ်းမေးသည်။

"နေတတ်သလို နေပါ"

သူသည် ကျွန်တော့်ရှေ့ရှိ ကုလားထိုင်မှာ ဝင်ထိုင်ရင်း စာရွက်များနှင့် ကျွန်တော် အလုပ်ရှုပ်နေသည်ကို ငြိမ်သက်စွာ ငေးကြည့်နေသည်။ ကုန်ကျမည့် ငွေကြေးစာရင်းများ၊ ပြင်ဆင်ရေးဆွဲထားသည့် ဘတ်ဂျက်များ၊ ဆက်တင်များ ဆောက်လုပ်ရာတွင် ကုန်ကျနိုင်မည့် ခန့်မှန်းခြေ ငွေစာရင်းများကို ကျွန်တော် စစ်ဆေးကြည့်သည်။ ဘွန်နာ ပြောသည်မှာ မှန်သည်။ ဒေါ်လာသုံးသန်းလောက် ကုန်ကျမည့် ရုပ်ရှင်ကား ဖြစ်သည်။

"ကျွန်မ ရုပ်က သူနဲ့တူရဲ့လား"

ဂျင်နီက လေပျော့ကလေးဖြင့် ကျွန်တော့်ကို လှမ်းမေးသည်။

"ဘာ"

ကျွန်တော်က မျက်လုံးဝင့်လိုက်၏။

"ကျွန်မရုပ်က သူနဲ့တူရဲ့လားလို့"

"ဘာဖြစ်လို့ မေးတာလဲ"

ဂျင်နီက သူ့ခေါင်းကို ယမ်းနေသည်။

"ကျွန်မလည်း မသိဘူး။ ကျွန်မ ရယ်ချင်သလိုလိုကြီး ဖြစ်နေတယ်၊ ဒါပါပဲ၊ ကိုယ့်ဟာကိုယ် ငါပဲလို့ မထင်မိဘူး၊ တခြားလူတစ်ယောက်လို ကိုယ့်ဟာကိုယ် ပြန်ထင်နေမိတယ်၊ တစ္ဆေ သရဲလိုပေါ့"

ကျွန်တော်က ဘာမှ ပြန်မပြော။

"အစမ်းရိုက်ထားတာကို ကြည့်တော့ ရီနာမာလိုးလို့ ထင်ရရဲ့လား"

"ပိတ်ကားပေါ်မှာ ပေါ်ခဲ့ကြသမျှ မင်းသမီးတွေထဲမှာ ရီနာဟာ အကြီးကျယ်ဆုံး၊ အတော်ဆုံး၊ အအောင်မြင်ဆုံးကွ"

"ကျွန်မ သိပါတယ်၊ ဒါပေမယ့် ကျွန်မက သူ မဟုတ်ဘူး။ ဘယ်နည်းနဲ့မှ ရီနာမာလိုး မဖြစ်နိုင်ဘူး"

သူက ဖြည်းဖြည်းပင် ပြောသည်။

ကျွန်တော်က သူ့ကို စိုက်ကြည့်နေသည်။

"မင်းကို တစ်ပတ် ဒေါ်လာနှစ်ထောင် ပေးထားတယ်၊ ငါ ဘာခိုင်းခိုင်း မင်း လုပ်ရမယ်"

ဂျင်နီက ကျွန်တော့်ကို ဘာမှ ပြန်မပြော။ ကြည့်ရုံသာ ကြည့်နေသည်။ မျက်လွှာကို သူ ချသည်။ ကျိုးနွံကိုင်းရှိုင်းသည့် အမူအရာများ ပေါ်လာသည်။ သူ ဘာစဉ်းစားနေသည်ကို ကျွန်တော် မပြောနိုင်။

"မင်း တစ်ခုသိထားပါ။ မင်းလို မိန်းကလေးမျိုး ထောင်နဲ့ချီပြီး ဟောလီးဝုဒ်ကို နှစ်တိုင်း လာကြတယ်၊ သူတို့ထဲက ငါ ကြိုက်ရာကို ခေါ်ငင်ခေါက်ယူနိုင်တယ်၊ မင်း မလုပ်ချင်ဘူးဆိုရင် မင်း နေရာဟောင်းကို မင်း ပြန်၊ ဘွန်နာနဲ့ တွေ့ခဲ့တဲ့နေရာကို ပြန်သွားပြီး မင်း အလုပ်ဟောင်းကို မင်း ပြန်လုပ်ပါ"

သတိထားသည့် ပုံမျိုး သူ့မျက်လုံးထဲမှာ ပေါ်လာသည်။ ကျွန်တော့်ကို အနည်းငယ် လန့်သွားသည့် သဘောလည်း ဖြစ်သည်။

"ကျွန်မအကြောင်းကို ဘွန်နာက ပြောပြသလား"

"တစ်ခွန်းမှ မပြောဘူး၊ သူ ပြောဖို့လည်း မလိုဘူး ငါ သိချင်တာ အားလုံးကို မင်းကိုယ်တိုင်က ပြောပြီးပြီပဲ၊ မင်းတို့လို မိန်းကလေးတွေဟာ အထင်ကြီးရမယ့် ထုတ်လုပ်သူတွေကို ရှာနေကြတာပဲ၊ အခု မင်း ကံကောင်းသွားပြီ မင်း ငွေကိုရနေပြီ ကဲ စိတ်ထဲမှာ ဘာမှ မထားနဲ့တော့"

ဂျင်နီသည် အသက်ကို ခပ်ဖြည်းဖြည်း ရှူသည်။ သူ့မျက်လုံးထဲမှ စိုးရွံ့မှုများ ကွယ်ပျောက်သွားသည်။ ချက်ချင်းပင် သူ ပြုံးလာသည်။

"ကောင်းပါပြီဆရာ၊ ဆရာ ပြောသမျှအားလုံးကို မြေဝယ်မကျ နားထောင်ပါ့မယ်ရှင်"

စားပွဲကိုပတ်ပြီး သူ့ဆီသို့ ကျွန်တော် လျှောက်သွားသည်။ သူ့ကိုယ်လုံးကလေးကို ကျွန်တော် မြောက်ယူလိုက်သည်။ သူ့နှုတ်ခမ်းများသည် နူးညံ့၏။ နွေးထွေး၏။ ကျွန်တော် ငုံ့ကြည့်သောအခါ သူ့မျက်လုံးများ မှေးစင်းပြီး မှိတ်ထားသည်ကို တွေ့ရသည်။

အရေးကောင်းတုန်း ဒိန်းဒေါင်းဖျက်သလို ထိုအချိန်မှာပင် တယ်လီဖုန်းစုတ်က ခေါင်းလောင်း ထမြည်သည်။ သူ့ကို ချထားခဲ့ပြီး သူ့နောက်မှာရှိသည့် ဖုန်းကို ကောက်ကိုင်သည်။ ဆက်သူမှာ မက်အယ်လစ္စတာ ဖြစ်သည်။ နယူးယောက်မြို့မှ လှမ်းဆက်ခြင်း ဖြစ်သည်။

"အလွတ်စုံထောက်အဖွဲ့က ဝင်းသရော့ကို တွေ့ထားပြီ"

"ကောင်းတယ်၊ ဒီလိုဆိုရင် သူနဲ့အဆက်အသွယ်လုပ်ပြီး ကျွန်တော့်ဆီကို လာပါလို့ ပြောလိုက်ပါ"

"မလာဘူးလို့ သူက ပြောလိုက်တယ်တဲ့"

"ဒါဖြင့် မော်နီကာကို ခေါ်ပါ၊ သူနဲ့ စကားပြောခိုင်းပါ၊ မော်နီကာ ပြောတာကို သူ နားထောင်ပါလိမ့်မယ်"

"မော်နီကာနဲ့ တွေ့ပေးဖို့လည်း ငါ စီစဉ်ပြီးပြီ၊ ဒါပေမယ့် မော်နီကာက ဒီမှာ မရှိတော့ဘူး။ ဒီနေ့နေ့ခင်းကပဲ ကာလီဖိုးနီးယားကို နှစ်ဆယ်ရာစု မြေခွေးရုပ်ရှင်ကုမ္ပဏီနဲ့ လိုက်သွားပြီ၊ မင်း သူ့ကို လိုချင်တယ်ဆိုရင် မင်းကိုယ်တိုင် ကြိုးစားပေတော့"

ဟု မက်က ပြန်ပြောသည်။

"ကျွန်တော်က သိပ်အလုပ်များနေပြီဗျာ၊ နယူးယောက်ကို ပြန်လာဖို့ဆိုတာ မလွယ်ဘူး"

"မင်း ဒီကို ပြန်လာဖို့ မလိုပါဘူး။ အေမော့စ်ဝင်းသရော့က ရှီကာဂိုမှာ၊ အလွတ်စုံထောက်အဖွဲ့က သူ ဘယ်နေရာမှာ ရှိနေတယ်ဆိုတာ မင်းကို လိုက်ပြပေးလိမ့်မယ်"

"ရှီကာဂိုမှာလား၊ ကောင်းတယ်၊ သူ့ဆီကို ကျွန်တော် သွားနိုင်ပါလိမ့်မယ်"

ဖုန်းကိုချပြီး ဂျင်နီဘက်သို့ ပြန်လှည့်ခဲ့သည်။

"စနေ၊ တနင်္ဂနွေလည်း ရောက်လာပြီ၊ ကျွန်မ လုပ်စရာ အလုပ်လည်း ဘာမှ မရှိဘူး၊ ရှီကာဂိုဆိုတာ သိပ်ကြီးတဲ့ မြို့ကြီးပဲနော်"

ဂျင်နီက ပျော့ပျောင်းစွာ ပြောသည်။

"မင်း. . . လိုက်မလား"

ကျွန်တော်က မေးသည်။ သူက ခေါင်းညိတ်ပြသည်။

"လေယာဉ်ပျံနဲ့ သွားမှာလား"

သူက ခေါင်းညိတ်ပြရင်း မေးသည်။

"ဒါပေါ့ကွ"

(၇)

"ဒီလို ခရီးသွားရတာ သိပ်ကောင်းတာပဲနော်၊ လေယာဉ်ပျံတစ်စင်းလုံး ကျွန်မတို့ချည်းပဲ"

ဂျင်နီက ကျွန်တော့်ကိုကြည့်ပြီး ပြောသည်။

အိုင်စီအေ လေယာဉ်ပျံထဲမှ လူမရှိသည့် နေရာများကို ကျွန်တော် လှမ်းကြည့်မိသည်။ စတူဒီယိုမှနေ၍ ကျွန်တော် ဖုန်းလှမ်းဆက်သဖြင့် ဘတ်ဇ်က ကျွန်တော့်အတွက် အထူး လေယာဉ်ပျံတစ်စင်းကို သီးသန့် စီစဉ်ပေးခဲ့သည်။ လက်ပတ်နာရီကို ငုံ့ကြည့်သောအခါ ကိုးနာရီ ထိုးနေပြီကို တွေ့ရသည်။ ထို့ကြောင့် ရှီကာဂိုအချိန်နှင့် ကိုက်ညီစေရန် နောက်ထပ် နှစ်နာရီ တိုးလှည့်ထားလိုက်သည်။ ကျွန်တော့်နားထဲမှာ မြည်နေသောလေသံသည် ပြောင်းလဲလာ၏။ ကျွန်တော်တို့ လေယာဉ်ပျံ တဖြည်းဖြည်း ဆင်းလာခဲ့ပြီ။

"လေကြောင်းကုမ္ပဏီကြီးတစ်ခုကို ပိုင်ဖို့ဆိုတာ သိပ်ကို မလွယ်တာပဲနော်"

ဂျင်နီက ပြောသည်။ သူ့မျက်နှာသည် ပြုံးနေ၏။

"တစ်နေရာကို အရေးတကြီး ပြေးချင်ပြီဆိုရင် အဆင်ပြေတာပေါ့ကွာ"

"ကျွန်မဖြင့် နားမလည်တော့ဘူး"

"ဘာကို နားမလည်တာလဲ"

"ရှင့်ကိုပေါ့၊ ရှင့်ကိုကြည့်ရတာ ကျွန်မ စိတ်ထဲမှာ ထွေးနေပြီ၊ လူအားလုံးလိုလိုကို ကျွန်မ နားလည်နိုင်ပါတယ်၊ သူတို့ဟာ သူတို့ လိုချင်တာရဖို့ကို ရှာဖွေနေကြရတယ်၊ ကြိုးစားနေကြရတယ်၊ ရှင်ကတော့ ဒီလို မဟုတ်ဘူး၊ အားလုံး ပြည့်စုံပြီးသား"

"အားလုံး မဟုတ်ပါဘူး"

ကျွန်တော်တို့ အောက်မှာရှိသော ရှီကာဂိုမြို့၏ မီးရောင်များကို ဂျင်နီက မေငေ့ပြသည်။

"ဒီအောက်မှာ ရှိနေတာတွေကိုတော့ ရှင် မပိုင်ဘူးလို့ ဆိုလိုတာပေါ့"

"ဟုတ်တယ်၊ ငါ များများ မလိုချင်ဘူး၊ ငါ့မှာ ရှိနေတာလောက်နဲ့ပဲ ကျေနပ်ပြီ"

ဂျင်နီ၏ မျက်လုံးများ ဝေမှိုင်းလာသည်ဟု ကျွန်တော် ထင်သည်။

"ကျွန်မတို့ သိပ်အောင်မြင်သွားရင် ဘယ်လိုလုပ်မလဲ"

ကျွန်တော်က လက်ချောင်းကလေးများကို ချိုးနေမိသည်။

"ဘာဂရုစိုက်နေစရာရှိသလဲ၊ လွယ်လွယ်ပဲသွား၊ လွယ်လွယ်ပဲလာပေါ့"

"အခုလိုပဲလား"

"အခုလိုပဲပေါ့"

ဂျင်နီသည် ပြတင်းပေါက်ကိုကျော်ပြီး အပြင်သို့ ခဏငေးကြည့်နေသည်။ ခဏကြာတော့ ကျွန်တော့်ဘက်သို့ ပြန်လှည့်လာသည်။

"တစ်နည်းတစ်ဖုံအားဖြင့်တော့ ကျွန်မကို ရှင် ပိုင်နေပြီပေါ့နော်"

"ငါ ပြောတာက မင်းအကြောင်း မဟုတ်ပါဘူးကွာ၊ ဒီလေယာဉ်အကြောင်းကို ပြောတာပါ"

ဟု ကျွန်တော်က ပြန်ပြောသည်။

"ကျွန်မ သိပါတယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အားလုံး အတူတူပါပဲ၊ ရှင့်အတွက် အလုပ်လုပ်ပေးနေတဲ့ လူတွေအားလုံးကို ရှင်က ပိုင်တယ်လို့ ထင်မထားသည့်တိုင်အောင် အမှန်ကတော့ ရှင် ပိုင်တဲ့ လူတွေချည်းပါပဲ၊ ပိုက်ဆံဆိုတာ ဒါပဲ"

"ပိုက်ဆံဆိုတာ ငါ့အတွက် အဓိပ္ပာယ် အများကြီး ထွက်ပါတယ်"

"ဒီလိုဆိုရင်လည်း ဖိနပ်ကလေးတစ်ရန်လောက်တောင် ဘာဖြစ်လို့ ဝယ်မစီးရတာလဲ ရှင်ရယ်"

ကျွန်တော့်ခြေထောက်ကို ကျွန်တော် ငုံ့ကြည့်သည်။ ခြေအိတ်သာရှိသည်။

"မပူပါနဲ့၊ ငါ့မှာ ဖိနပ်ရှိပါတယ်၊ ဒီလေယာဉ်ပျံထဲမှာ တစ်နေရာရာမှာ ရှိနေလိမ့်မယ်"

ဂျင်နီက ရယ်သည်။ ပြီးတော့ တည်လာပြန်သည်။

"ရှင့်အဖို့တော့ အချိန်ကိုလည်း ပိုက်ဆံနဲ့ ဝယ်လို့ရနေတာပဲ၊ လူတွေကိုလည်း ရှင်ကြိုက်သလို ခိုင်းလို့ရတယ်၊ ရှင် ဖြစ်စေချင်တာတွေ ဖြစ်ရတယ်"

ကျွန်တော်သည် မျက်ခုံးကိုပင့်ပြီး သူ့ကို ကြည့်မိ၏။

"မင်းဟာ ရုပ်ရှင်မင်းသမီး သက်သက်သာ မဟုတ်ဘဲ တွေးခေါ်ပညာရှင်ကြီး တစ်ယောက် ဖြစ်နေတာကို ငါ မသိခဲ့ပါလားကွာ"

"ကျွန်မကိုယ်ကျွန်မ မင်းသမီးရယ်လို့ အခုအချိန်အထိ မထင်သေးဘူး"

"မင်း ဖြစ်ရမှာပေါ့ကွာ၊ မင်းသာ မင်းသမီးကောင်း ဖြစ်မလာရင်တော့ ငါ ရှုံးသွားမှာပဲ"

သူ့မျက်လုံးများသည် အလေးအနက် သဘောထားသည့် ပုံစံမျိုး ဖြစ်လာပြန်သည်။

"အဲဒီလိုဆိုရင် ရှင် သဘောမကျဘူးနော်၊ ဟုတ်လား"

"ဒါမျိုးကို ဘယ်သူမှ မကြိုက်ဘူး၊ ငါလည်း တခြားလူတွေနဲ့ ဘာမှ မထူးခြားတဲ့ သာမန်လူသား တစ်ယောက်ပဲ"

"ဒါဖြင့်ရင် ဒီအလုပ်ကို ဘာဖြစ်လို့ ရှင် လုပ်တာလဲ ဂျိုနတ်စ်၊ ရှင် လုပ်ဖို့မလိုပါဘူး၊ ရှင့်မှာ ငွေမှမလိုဘဲ၊ ဘာဖြစ်လို့ ရုပ်ရှင်ရိုက်ချင်ရတာလဲ၊ ဘာအတွက် ရိုက်ချင်ရတာလဲ"

ထိုင်ခုံပေါ်သို့ ကျွန်တော် ကျောမှီချလိုက်သည်။

"ဘာကြောင့်လဲဆိုတော့ ငါ့ကို လူတွေက သတိရစေချင်တယ်၊ လက်နက်လုပ်တဲ့ ယမ်းမှုန့်တွေ၊ လေယာဉ်ပျံတွေ၊ ပလတ်စတစ်လုပ်ငန်းတွေအပြင်ပေါ့ကွာ"

"ရုပ်ရှင်ကားကြောင့် သတိရနေတာထက် အဲဒီယမ်းမှုန့်တွေ၊ လေယာဉ်ပျံတွေကမှ ပိုပြီး အချိန်ကြာကြာ သတိရနေဦးမယ်"

သူ့ဘက်သို့ ကျွန်တော့်ခေါင်းကို လှည့်စောင်းလိုက်သည်။

"ဟုတ်ပါ့မလား၊ လူတစ်ယောက်အကြောင်းကို မင်း ဘယ်လို အမှတ်ရနေမလဲ၊ မင်းကို ကြောက်လန့်နေစရာ ကောင်းတာတွေ လုပ်ပေးခဲ့လို့ သတိရနေမှာလား၊ ဒါမှမဟုတ်ရင် ကမ္ဘာပေါ်မှာ အမြင့်ဆုံး အဆောက်အအုံကြီးတစ်ခုကို ဆောက်သွားတဲ့အတွက် သတိရနေမှာလား"

"အဲဒါတွေကိုလည်း သတိရရမှာပေါ့၊ ကြီးကြီးကျယ်ကျယ်တွေကို လုပ်ခဲ့တာ မဟုတ်လား"

သူက အေးအေးဆေးဆေးပင် ပြောနေသည်။

"မင်းဟာ တွေးခေါ်ပညာရှင်ပဲ၊ ယောက်ျားတွေအကြောင်းကို မင်း ကောင်းကောင်း နားမလည်ပါဘူး"

ကျွန်တော့်စကားဆုံးသောအခါ သူက ဟက်ဟက်ပက်ပက် ရယ်သည်။

"ကျွန်မဟာ မိန်းမအဖြစ်နဲ့ပဲ ဒီအသက်၊ ဒီအရွယ်အထိ တစ်လျှောက်လုံးနေခဲ့တယ်၊ မိန်းကလေးတစ်ယောက်က သူ နားလည်ဖို့ ကြိုးစားတဲ့အရာတွေထဲမှာ ယောက်ျားဆိုတာ ပထမဦးဆုံးအရာပဲရှင့်"

လေယာဉ်ပျံဘီးများ မြေပြင်နှင့် ထိလိုက်ပြီဖြစ်ကြောင်း ကျွန်တော် သိသည်။ လေယာဉ်ပျံ အရှိန်လျှော့သွားချိန်တွင် နောက်ဘက်ခုံနှင့် မဆောင့်မိစေရန် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်မိသည်။ ပြီးတော့မှ သက်သာသလို နေမိသည်။ အကျင့် ဟူသည်မှာ ရယ်စရာလည်း ကောင်း၏။ လေယာဉ်ပျံကို ကိုယ်တိုင် မောင်းနေသည်ဖြစ်စေ၊ မမောင်းသည်ဖြစ်စေ လေယာဉ်မှူးတစ်ယောက်၏ အကျင့်သည် ဖျောက်၍မရနိုင်စကောင်း။

တံခါးဖွင့်လိုက်ချိန်တွင် လေအေးက ဆီးကြိုနေသည်။ ဂျင်နီက သူ့ကိုယ်ပေါ်မှ ကုတ်အင်္ကျီပါးပါးကလေးကို တင်းကျပ်သွားအောင် ဆွဲခြုံနေသည်။ ကျွန်တော်တို့ လေယာဉ်ပျံမှ ဆင်းပြီး ကွင်းကိုပတ်ကာ ထွက်ပေါက်ဆီသို့ လျှောက်လာသောအခါတွင် ကွင်းပြင်ပေါ်၌ နှင်းပွင့်များ ဖွေးဖွေးဖြူနေသည်။

ဒရိုင်ဘာက ကျွန်တော့်ကို စောင့်နေသည်။ သူ့ဦးထုပ်ကို လက်နှင့်ထိပြီး အရိုအသေ ပေးသည်။

"လူကြီးမင်းရဲ့ကား အပြင်မှာ အသင့်စောင့်နေပါတယ် ခင်ဗျာ"

ကျွန်တော်တို့ ကားထဲသို့ ရောက်လာသည့်အချိန်အထိ ဂျင်နီ အလွန် ချမ်းနေသည်ကို တွေ့ရသည်။

"ဘယ်လောက် အေးမယ် ဆိုတာကို ကျွန်မ မစဉ်းစားမိခဲ့ဘူး"

လေးဆယ့်ငါးမိနစ် ကြာသောအခါ ဒရိတ်ဟိုတယ်သို့ ကျွန်တော်တို့ ရောက်လာကြသည်။ လက်ထောက်မန်နေဂျာက အပေါက်ဝမှ ဆီးကြိုနေသည်။

"ပြန်တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ မစ္စတာကော့ရဲ့ အခန်းကို အားလုံး အသင့်ဖြစ်အောင် ကျွန်တော်တို့ ပြင်ထားပါတယ်၊ ကာလီဖိုးနီးယားမှာရှိတဲ့ မစ္စတာကော့ရဲ့ရုံးက ဖုန်းဆက်ပြီး ကျွန်တော်တို့ကို အကြောင်းကြားပါတယ်"

သူက လက်ဖျောက်တစ်ချက် တီးလိုက်သည်။ မျက်လှည့်ပြလိုက်သလိုပင် ဓာတ်လှေကား ရောက်လာသည်။ ကျွန်တော်တို့အားလုံး အထဲသို့ ဝင်ကြသည်။

"ညကြီးစာစားဖို့အတွက် ကျွန်တော် အဆင်သင့် မှာထားပြီးပါပြီ မစ္စတာကော့"

"ကျေးဇူးပါပဲ ကာတာ၊ မောင်ရင့်စိတ်ကူး မဆိုးဘူး"

ကျွန်တော့်အခန်း၏ တံခါးကို ကာတာက ဖွင့်ပေးသည်။ ထမင်းစားခန်းထဲတွင် စားပွဲသေးသေးတစ်လုံးကို အသင့်ပြင်ထားသည်။ နံရံရှိ ဘားကောင်တာပေါ်တွင်လည်း အရက်ပုလင်းများက အသင့်ရှိနေနှင့်သည်ကို တွေ့ရသည်။

"အဆင်သင့် ဖြစ်ပြီဆိုရင် ခေါ်လိုက်ပါ မစ္စတာကော့၊ စားစရာတွေ ကျွန်တော်တို့ ချက်ချင်း ပို့လိုက်ပါ့မယ်"

"ခဏတော့ စောင့်ဦး၊ ရေကလေး မိုးကလေး ချိုးလိုက်ဦးမယ်"

"အင်မတန် ကောင်းပါတယ်ခင်ဗျာ"

ဂျင်နီကို ကျွန်တော် လှမ်းကြည့်သည်။ သူသည် အအေးဒဏ်ကို ခိုက်ခိုက်တုန် ခံနေရဆဲရှိသည်။

"ကာတာ"

"အမိန့်ရှိပါ မစ္စတာကော့"

"မစ္စဒင်တန်ဟာ ဒီက ဆောင်းရာသီအတွက် ဘာမှ ပြင်ဆင်လာချိန်မရဘူး၊ သူ့အတွက် အနွေးထည်ရနိုင်မယ်လို့ မင်း ထင်သလား"

ကာတာက ဂျင်နီကို မျက်လုံးဝေ့ကြည့်သည်။

"ကျွန်တော် စီစဉ်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်ခင်ဗျာ၊ ကတိုးရေသားမွေးအင်္ကျီ ဆိုရင် ကောင်းမလား"

"ကောင်းတယ်"

ဟု ကျွန်တော်က ပြန်ပြောသည်။

"ကောင်းပါပြီ ခင်ဗျာ၊ မဒမ် စိတ်တိုင်းကျတာကို ရွေးနိုင်အောင်လို့ မကြာခင်မှာဘဲ ကျွန်တော် ပို့ပေးလိုက်ပါ့မယ် ခင်ဗျာ"

"ကျေးဇူးတင်ပါတယ် ကာတာ"

ကာတာက ဦးညွှတ် အရိုအသေပေးပြီး ထွက်သွားသည်။ သူ့နောက်မှာ အခန်းတံခါး ပိတ်ကျန်ရစ်ခဲ့သည်။ ဂျင်နီက ကျွန်တော့်ဘက် လှည့်လာသည်။ သူ့မျက်လုံးများသည် ဝိုင်းစက် ပြူးကျယ်နေကြသည်။

"ရနိုင်ပါ့မလား၊ တခြားကိစ္စတွေမှာ ရှင့်ကို အထင်ကြီးတာထက် ဒီကိစ္စကိုပိုပြီး အထင် ကြီးသွားပြီ၊ အခု ဘယ်အချိန်ရှိပြီလဲ သိသလား"

ကျွန်တော်က လက်ပတ်နာရီကို ငုံ့ကြည့်သည်။

"(၁၂) နာရီထိုးပြီးလို့ ဆယ်မိနစ်"

"ဘယ်လိုလူမဆို. . . ဟုတ်တယ်၊ ဘယ်လိုလူမဆို ညသန်းခေါင်ကျော်ကြီးမှာ ကတိုး ရေသားမွေးအင်္ကျီ ဝယ်လို့ရမှာ မဟုတ်ဘူး"

"ဈေးကို တို့ သွားပြီးဝယ်မှာ မဟုတ်ဘူးလေ၊ သူတို့က ဒီကို ပို့ပေးမှာ"

ဂျင်နီသည် ကျွန်တော့်ကို စိုက်ကြည့်နေ၏။ ပြီးတော့ ခေါင်းညိတ်ပြသည်။

"ပြော်. . . ဒီလိုလား တခြားလူတွေနဲ့ မတူဘူးပေါ့"

"မတူဘူး"

"ကျွန်မကို ပြောပြစမ်းပါဦး၊ ဒီပတ်ဝန်းကျင်မှာ ရှင်ဟာ ဘာဖြစ်လို့ ဒါလောက်တောင် ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်နေရတာလဲ"

"လခပေးပြီး ငှားထားတာကိုးကွ"

"ဟိုတယ်တစ်ခုမှာ ဒါလောက် ကြီးကျယ်တဲ့အခန်းကြီးကို လခပေးပြီး အမြဲတမ်း ငှားထားတယ်လို့ ဆိုလိုတာလား"

"သိပ်ဟုတ်တာပေါ့၊ ရှီကာဂိုမြို့ကို ဘယ်အချိန်မှာ ငါ ရောက်လာမယ်ဆိုတာ ကြိုပြီး သိထားနိုင်တာမှ မဟုတ်ဘဲ"

"ရှင် ဒီကို နောက်ဆုံးရောက်တာ ဘယ်လောက် ကြာသွားပြီလဲ"

"တစ်နှစ်ခွဲလောက်တော့ ရှိသွားပြီ"

ကျွန်တော့်ပါးများကို ကျွန်တော် ပြန်ပွတ်နေမိသည်။

တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ ကျွန်တော်က ကောက်ကိုင်နားထောင်ပြီး ဂျင်နီဆီသို့ လှမ်းပေးသည်။

ဂျင်နီ၏ မျက်နှာပေါ်တွင် အံ့အားသင့်သည့် အမူအရာများ ပေါ်လာသည်။

"ကျွန်မ ဖုန်းလား၊ ကျွန်မ ဒီမှာ ရောက်နေတာကို ဘယ်သူကမှ မသိတာ"

ရေချိုးခန်းတွင်းသို့ ကျွန်တော် ဝင်ခဲ့သည်။ နောက် မိနစ်အနည်းငယ် ကြာသောအခါ တွင် ရေချိုးခန်းထဲမှ ကျွန်တော် ပြန်ထွက်လာခဲ့သည်။ ခုတင်အစွန်းမှာ ဂျင်နီ ထိုင်နေသည်။ သူသည် အံ့ဩတကြီး ဖြစ်နေ၏။

"သားမွေးထည် ရောင်းတဲ့လူက ဖုန်းလှမ်းဆက်တာ၊ ကျွန်မ ဘာအရောင်ကို ကြိုက် သလဲတဲ့၊ နုနုလား၊ ရင့်ရင့်လားတဲ့၊ ပြီးတော့ နံပါတ် ဘယ်လောက်လဲတဲ့"

ဟု ဂျင်နီက ကျွန်တော့်ကို ဆီးပြောသည်။

"နံပါတ် ဘယ်လောက်လို့ မင်းက ပြောလိုက်သလဲ"

"တစ်ဆယ်"

ကျွန်တော်က ခေါင်းခါပြသည်။

"နံပါတ် (၁၂) ကို မင်း ဝတ်လိမ့်မယ်လို့ ငါက တွေးနေတာ၊ ကတိုးသားမွေးအင်္ကျီ ဆိုရင် နံပါတ်တစ်ဆယ်ကို ဘယ်သူမှ မဝတ်ဘူး။ နံပါတ်တစ်ဆယ်ဆိုတာ သိပ်ဝတ်လို့ကောင်းတာ မဟုတ်ဘူး"

"ကျွန်မ မပြောဘူးလား၊ ရှင်ဟာ အရူးလို့၊ ဒါပေမယ့် သိပ်ချစ်စရာကောင်းတဲ့ အရူး"

ဂျင်နီသည် ကျွန်တော့်ရင်ခွင်တွင်းသို့ ပြေးဝင်လာ၏။

ကျွန်တော်က ကျယ်လောင်စွာ ရယ်လိုက်မိသည်။ ကတိုးသားမွေးအကျီသည် ဤအလုပ်ကလေးကို အမြဲတမ်း လုပ်နေပေရော့မည်။

(၈)

ကျွန်တော်တို့ ညကြီးစာစားပြီးသော အချိန်မှာပင် အလွတ်စုံထောက်ဌာနမှ လူရောက်လာသည်။ သူ့အမည်သည် ဆမ်ဗာတိုင်းလ် ဖြစ်သည်။ သူ ရောက်လာချိန်တွင် ဂျင်နီသည် စားတုန်းသောက်တုန်း ဖြစ်၏။ သူ့ကိုယ်ပေါ်မှာလည်း အနက်ရောင် ကတိုးသားမွေးအကျီကြီးကို ဝတ်ထားသည်။ သည်လို အကျီထူကြီးဖြင့် စားသောက်နေသည်မှာ ပုံပန်းပျက်နေသော်လည်း ဧည့်သည်က မည်သို့မျှ မထူးခြားသလို ကြည့်နေသည်။

"ရှီကာဂိုမှာ သိပ်အေးတာပဲနော်"

ဟု ဂျင်နီက သူ့အခြေအနေကို နားလည်ရန် ရှင်းပြသည်။

"မှန်ပါတယ် မဒမ်"

ဆမ်ဗာတိုင်းလ်က ယဉ်ကျေးသိမ်မွေ့စွာ ပြန်ဖြေသည်။

"ခင်ဗျားတို့ သူ့ကို ရှာရတာ အခက်အခဲများ တွေ့နေသေးသလား"

ဟု ကျွန်တော်က ဗာတိုင်းလ်ကို လှမ်းမေးသည်။

"သိပ်မတွေ့ပါဘူး ခင်ဗျာ၊ အကြွေးတောင်းပေးတဲ့ အေဂျင်စီတွေမှာ ကျွန်တော်တို့ လိုက်စစ်ကြည့်တယ်၊ ချက်လက်မှတ် အလိမ်တွေ တသီကြီး တွေ့တာပဲ၊ အဲဒီ ချက်လိမ်တွေနဲ့ မီးခိုးကြွက်လျှောက်လိုက်ရင်း ရှီကာဂိုမြို့မှာ ခြေရာလာခံမိတယ်၊ လူမှုဖူလုံရေးဌာနမှာ ကျွန်တော်တို့ တစ်ခါ သွားစစ်ကြည့်တယ်၊ လူတွေဟာ နာမည်ကို ပြောင်းချင်ပြောင်းကြမယ်၊ ဒါပေမယ့် လူမှုဖူလုံရေးဌာနကိုတော့ သူတို့ လိမ်လို့မရဘူး မဟုတ်လား၊ သူ့နာမည်ကို အေမော့စ်ကျော်ဒန်လို့ ပြောင်းထားတယ်"

"သူ ဘယ်မှာ အလုပ်လုပ်နေသလဲ"

ကျွန်တော်က သိချင်ဇောဖြင့် မေးသည်။

"မော်တော်ကားဝပ်ရှော့တစ်ခုမှာ မက်ကင်းနစ် လုပ်နေတယ်၊ သူ့အရက်ဖိုးလောက်တော့ ရပါတယ်၊ အရက်ကိုတော့ အရမ်းသောက်နေတာပဲ"

"သူ ဘယ်မှာနေသလဲ"

"ဘော်ဒါဆောင်ကလေးတစ်ခုမှာ၊ ဒါပေမယ့် အိပ်ချိန်လောက်ပဲ သူ အခန်းကလေးကို ပြန်တာပါ၊ ကျန်တဲ့အချိန် အားလုံးတော့ လာပီရီဆိုတဲ့ ကလပ်တစ်ခုမှာ အမြဲနေတာပဲ၊ လာပီရီက ချွတ်ဖော်ကပွဲတွေကတဲ့ ညကလပ်လေ၊ သူတို့က အားလပ်ချိန် မရှိဘူး၊ မိန်းကလေးတွေ အဆက်မပြတ် တစ်ယောက်ပြီးတစ်ယောက် တက်ကနေကြတာ"

အေမော့စ်သည် ဘာမှ မပြောင်းလဲသေးဟု ကျွန်တော် ထင်သည်။ မိန်းကလေးများ ရှိသည့်အရပ်ကို သူ သွားနေသေးဆဲပင် ဖြစ်သည်။ ကော်ဖီပန်းကန်ကို ကျွန်တော် တွန်းဖယ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်တို့ သူ့ကို သွားခေါ်ကြရအောင်"

"ကျွန်မ အဆင်သင့်ဖြစ်နေပါပြီ"

ဂျင်နီက ဝင်ပြောသည်။

ဗာတိုင်းလ်က ဂျင်နီကို လှမ်းကြည့်သည်။

"ဒီမှာ နေခဲ့ရင် ကောင်းမလား မသိဘူး မဒမ်၊ ဘာကြောင့်လဲဆိုတော့ သွားရမယ့် နေရာက သိပ်မကောင်းလှပါဘူး၊ မသင့်တော်ဘူး ထင်ပါတယ်"

"ဘာဖြစ်သေးလဲ၊ အကျီအသစ်ကလေးဝတ်ရမယ့် အခွင့်အရေးကြီးတော့ အဆုံးမခံနိုင်ဘူးတော်ရေ့"

* * *

သည်လမ်းပေါ်တွင် ချွတ်ဖော်က ကသည့် ညကလပ်ပေါင်း နှစ်ဆယ်ခန့် ရှိသည်။

လာပီရီသည်လည်း ၎င်းတို့အနက်မှ တစ်ခု ဖြစ်သည်။ အခြား ကလပ်များနှင့် ဘာမှ မခြား။ ပြတင်းပေါက်များအားလုံးကို ဝတ်လစ်စားလစ် မိန်းကလေးများ၏ ပုံများဖြင့် ပိတ်ထားသည်။

မေဘယ်လင်း၊ ချာလင်း၊ ဒါလင်း. . . ပြီးတော့ လက်မလွှတ်သင့်သည့် ရှိစီတွတ်ကပ်စ် သူတို့အားလုံး ယနေ့ည ကပြကြမည်။

စသည်ဖြင့်. . .

ကြီးမားသည့် ဇိမ်ခံကားကြီး ထိုးရပ်လိုက်သောအခါ တံခါးမှူးသည် သူ့နှုတ်ခမ်းအစွန်းနှစ်ဖက်တွင် နားရွက်နှစ်ဖက်ချိတ်သွားသည်အထိ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်သည်။ အလွန် ပီတိဖြစ်စွာဖြင့်လည်း တံခါးကို ဖွင့်ပေးသည်။

"ကြိုဆိုပါတယ် လူကြီးမင်းများ ခင်ဗျား၊ ကမ္ဘာအရပ်ရပ်က ဧည့်သည်တော်ကြီးတွေ လာပီရီကို လာလေ့ရှိပါတယ်"

သူတို့အားလုံး ဂရုတစိုက် ကြိုဆိုကြသည်။ တံခါးမှူးသည် ကလပ်အတွင်းရှိ ဝတ်စုံအနက်ရောင် ဝတ်ထားသည့် လူခပ်သေးသေး တစ်ယောက်ဆီသို့ ခြေကုန်သုတ်သွားသည်။ အဝတ်အစားကျပ်ကျပ်ကလေးများကို ဝတ်ထားသည့် မိန်းကလေးတစ်ဦးက ကျွန်တော်တို့၏ ကုတ်အင်္ကျီများကို ဆီးကြိုယူသည်။ ဂျင်နီ ဇာမူ ခေါင်းခါပြပြီး သူ့ကိုယ်ပေါ်မှအင်္ကျီကို ချွတ်မပေးဘဲ ဝတ်မြဲဝတ်ထားသည်။ မှောင်နေသည့် အခန်းကျဉ်းကလေးတစ်လျှောက် သူတို့နောက်သို့ ကျွန်တော်တို့ လိုက်ခဲ့ကြသည်။ အခန်းထဲမှာ မီးခိုးများ မွှန်နေသည်။ ဇာတ်ခုံရှေ့တည့်တည့် ရှိနေရာမှာ ကျွန်တော်တို့ကို နေရာချထားပေးသည်။

ကနေသည့် မိန်းကလေးသည် ကျွန်တော်တို့ ခေါင်းပေါ်မှာ ရောက်နေသည်။ တီးဝိုင်းက စည်းချက်လေးလေး တီးပေးနေသည်။ ကနေသည့် မိန်းကလေးက အဝေးသို့ လှမ်းကြည့်ပြီး ပြုံးပြနေသည်။

"မင်းတို့ဆီမှာရှိတဲ့ အကောင်းဆုံး ရှန်ပိန်နှစ်ပုလင်းယူခဲ့"

ကျွန်တော်က အရက် မှာသည်။ သည်နေရာသည် ဝီစကီ မှာသောက်ရမည့် နေရာ မဟုတ်။

ရှန်ပိန်မှာသည့် အသံကို ကြားသောအခါ ကနေသည့် မိန်းကလေးက ကျွန်တော့်ကို ငုံ့ကြည့်သည်။ စည်းချက်နှင့် ကနေသည်မှာလည်း ခေတ္တတန့်သွားသည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မိသောအခါ သူက ပြုံးပြသည်။

ထိုအချိန်မှာပင် ဂျင်နီက သူ့ကိုယ်ပေါ်မှ သားမွေးအင်္ကျီကို နောက်သို့ လှန်ချပြီး ကုလားထိုင်နောက်မှီပေါ်သို့ တင်သည်။ ပြီးတော့ ခေါင်းပေါ်မှ ဦးထုပ်ကိုလည်း ချွတ်လိုက်သည်။ ရှည်လျားသည့် ငွေရောင်ဆံပင်များသည် အရောင်တဖိတ်ဖိတ် လက်သွားကာ သူ၏ ပခုံးပေါ်သို့ လျှောကျလာသည်။ မီးရောင်အဟပ်လိုက်တွင် ဆံပင်တို့သည် ပြိုးပြိုးပြက်ပြက် အရောင်လက်နေကြသည်။ ကနေသော မိန်းကလေး၏ မျက်နှာပေါ်မှ အပြုံးသည် ဂျင်နီကို မြင်သောအခါ ချက်ချင်း ပျောက်သွားသည်။

ဂျင်နီကို ကျွန်တော် လှည့်ကြည့်သောအခါ သူကလည်း ကျွန်တော့်ကို ပြန်ကြည့်ပြီး ပြုံးပြနေသည်။

"မီးတောက်ကို မီးတောက်နဲ့ ပြန်ရှို့ပစ်လိုက်တာပေါ့၊ ဘာရမလဲ"

ဟု ဂျင်နီက ကျွန်တော့်ကို ပြောသည်။

ကျွန်တော်က ရယ်နေသည်။ အင်္ကျီအဖြူဝတ်ထားသည့် စားပွဲထိုးသည် ရှန်ပိန်ပုလင်းနှစ်လုံးနှင့်အတူ ပြန်ရောက်လာသည်။ ဖန်ခွက်သုံးလုံးကို လျင်မြန်ဖျတ်လတ်စွာ စားပွဲပေါ်မှာ တင်သည်။ ထို့နောက် ရှန်ပိန်ပုလင်းကို ဖွင့်သည်။ အသံမြည်ပြီး အဖုံးပွင့်သွားသည်။ ပုလင်းဘေးသို့ ရှန်ပိန်များ စီးကျလာသည်။ ဖန်ခွက်များထဲသို့ သူက ဖြည့်ပေးသည်။ ကျွန်တော် မြည်းကြည့်သည်ကို ခဏစောင့်နေပြီး ဘေးသို့ ဖယ်ပေးသည်။

ရှန်ပိန်သည် ကောင်းစွာ မအေးသေးဘဲ နွေးနေသေး၏။ သို့သော်လည်း အကောင်းစားဖြစ်သည်။ ပုလင်းကို ကြည့်သောအခါ ဟိတ်ဆီအက်-၁၉၃၇ ဟူသောတံဆိပ်ကို တွေ့ရသည်။ ကျွန်တော့်ဘေးစားပွဲပေါ်ရှိ ဘီလ်စာရွက်ကလေးကိုလည်း ကျွန်တော် တွေ့ရသည်၊

ဒေါ်လာ (၈၀)။

"တက္ကစီနဲ့လာမယ်ဆိုရင် တစ်ပုလင်းကို ဒေါ်လာနှစ်ဆယ်ပဲ ယူပါတယ်"

ဟု ဗာတိုင်းလ်က ရှင်းပြသည်။

"ကျုပ်တို့ လမ်းလျှောက်လာမယ်ဆိုရင် ဘယ်လောက် ယူမလဲ"

"တစ်ပုလင်းကို (၁၅) ဒေါ်လာပဲ ယူပါတယ်"

ဗာတိုင်းလ်က ပြုံးသည်။

ကျွန်တော်တို့ ခွက်များကိုမြှောက်ပြီး နှုတ်ဆက်ကာ သောက်ကြသည်။ စားပွဲထိုးသည် ကျွန်တော်တို့ဖန်ခွက်များကို ထပ်ဖြည့်ပေးပြန်၏။ ပြီးလျှင် ဘေးသို့ ချက်ချင်း ဖယ်ပေးကာ နောက် တစ်ပုလင်းကို ဖောက်ရန် ပြင်ပြန်သည်။ ကျွန်တော်က သူ့လက်ကို ဖမ်းဆွဲလိုက်သည်။

"သိပ်မလောပါနဲ့ သူငယ်ချင်းရယ်၊ ပထမပုလင်းကိုပဲ ကုန်အောင် သောက်စမ်းပါရစေဦး"

သူက ကျွန်တော့်ကို စိုက်ကြည့်ပြီး ခေါင်းညိတ်ပြသည်။ ကျန်သည့်ပုလင်းကို မှောင်း ထောင်ချိုင့်တွင်းသို့ထည့်ကာ ပြန်ထွက်သွားသည်။ တီးဝိုင်းက အဆုံးသတ်လိုက်သည်။ ချွတ်ဖော် ကနေသည့် မိန်းကလေး ဝင်သွားသည်။ ဩဘာသံအချို့ကို ကြားရသည်။

"ဟောဟိုက ဘားရဲ့အဆုံးမှာ သူ ထိုင်နေပါတယ်"

ဟု ဗာတိုင်းလ် ညွှန်ပြသည်။

ကျွန်တော် လှမ်းကြည့်သည်။ ထိုနေရာတွင် မီးရောင် သိပ်မလင်းလှ။ လူတစ်ယောက် သည် ကောင်တာပေါ်တွင် ခါးကိုင်းနေပြီး သူ့လက်ထဲ၌ ဖန်ခွက်တစ်လုံးကိုင်ထားသည့်ပုံကိုသာ ကျွန်တော် မြင်ရသည်။

"ကျွန်တော် သူနဲ့ သွားတွေ့လိုက်မယ်"

"ကျွန်တော် လိုက်ပြီး အကူအညီပေးဖို့ လိုမယ်ထင်ပါသလား ခင်ဗျာ"

ဗာတိုင်းလ်က မေးသည်။

"နေပေစေ၊ ခင်ဗျား ဒီမှာ မစ္စဒင်တန်နဲ့ အတူတူနေခဲ့ပါ"

မီးများ ပြန်မှောင်သွားပြီး နောက်ထပ် မိန်းကလေးတစ်ယောက် ဇာတ်ခုံပေါ်သို့ ရောက်လာသည်။ ဘားရှိရာသို့ ကျွန်တော် လျှောက်လာစဉ် အမှောင်ထဲမှ မိန်းကလေးတစ် ယောက်က ကျွန်တော့်ကို လှမ်းကိုင်သည်။

"တစ်ယောက်ယောက်ကိုများ လိုက်ရှာနေတာလားရှင်"

သူက လေသံဖြင့် မေးသည်။ ယခုပင် ဇာတ်ခုံပေါ်မှ ဆင်းလာသည့် မိန်းကလေး ဖြစ်သည်။

သူ့ကို ကျွန်တော် ဘာမှ မပြောခဲ့ဘဲ အေမော့စ်ထိုင်နေရာ ဘားဆီသို့ ဆက်လျှောက် လာခဲ့သည်။ သူ့ဘေးရှိ လွတ်နေသော ခွေးခြေပေါ်သို့ ကျွန်တော် တက်ထိုင်သော်လည်း သူ မော့မကြည့်။

"ဘီယာတစ်လုံးပေး"

အရက်ရောင်းသူကို ကျွန်တော် လှမ်းပြောသည်။ ကျွန်တော် နေသားတကျ မထိုင်ရ သေးမီမှာပင် အရက်ပုလင်းက ရှေ့သို့ ရောက်လာသည်။

အေမော့စ်ကို ကျွန်တော် လှည့်ကြည့်သည်။ သူ့မျက်လုံးများသည် ဇာတ်ခုံပေါ်မှ မခွာ။ သူ့ကို မြင်သည်နှင့် တစ်ပြိုင်တည်း ကျွန်တော် တုန်လှုပ်သွားမိသည်။ သူ အလွန် အိုစာနေပြီ။ ဆံပင်များအားလုံး ဆွတ်ဆွတ်ဖြူနေပြီ။ ကျဲတိကျဲတောက် ပေါက်နေကြသည်။ အလွန်တရာလည်း ပိန်နေသည်။ အရိုးပေါ်အရေတင် ဖြစ်နေသည်။

သူ့လက်ထဲမှ ခွက်ကို မြှောက်သည်။ သူ့လက်များ တဆတ်ဆတ် တုန်နေသည်ကို မြင်ရသည်။ နီညိုရောင်ပေါက်နေသည့် မှဲ့ခြောက်များကိုလည်း သူ့လက်ပေါ်တွင် မြင်ရသည်။ ကျွန်တော် သူ့အကြောင်းကို စဉ်းစားနေမိ၏။ သူ သည်လောက် အိုစာသွားရန် အကြောင်းမရှိ။ သူ့အသက်သည် (၅၅)နှစ်ခန့်သာ ရှိသေးသည်။ သူ့မျက်လုံးများကို ကျွန်တော် မြင်သောအခါကျ မှပင် အဖြေရတော့သည်။

သူသည် အရာရာမှာ ရှုံးနိမ့်နေသူ ဖြစ်သည်။ သူ့ဘဝတွင် ဘာမှ မရှိတော့။ မည်သို့

သော အိပ်မက်ကောင်းများကိုမျှ သူ မမက်နိုင်တော့။ သည်လိုဖြင့်ပင် သူ တဖြည်းဖြည်း ကျသွားတော့မည်။ အကျပိုင်း၊ ပြီးတော့ နောက်ထပ်အကျပိုင်း။ သေသည့်အချိန်အထိ အကျပိုင်းနှင့်သာ သူ လုံးထွေးသွားရတော့မည်။

"ဟဲလို. . . အေမော့စ်"

ကျွန်တော်က ဖြည်းညင်းသက်သာ ခေါ်ကြည့်သည်။

သူ့အရက်ခွက်ကို ပြန်ချပြီး ကျွန်တော့်ဘက်သို့ တဖြည်းဖြည်း ခေါင်းလှည့်လာသည်။ မျက်ရည်များဖြင့် ရီဝေနေသော၊ သွေးကဲ့သို့လည်း ရဲနေသော မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်သည်။

"ထွက်သွားစမ်း၊ ဟိုမှာ ငါ့ကောင်မလေး ကနေတယ်"

သူက ဒေါသသံဖြင့် ကျွန်တော့်ကို ခပ်တိုးတိုးပြောသည်။ အရက်မူးနေသည့်အသံဖြစ်သည်။

ဇာတ်ခုံပေါ်သို့ ကျွန်တော် လှမ်းကြည့်သောအခါ ဆံပင်နီနီဖြင့် မိန်းကလေးတစ်ယောက် ကနေသည်ကို မြင်ရသည်။ တီးလုံးဆုံးသွားသည်အထိ ကျွန်တော် စောင့်နေသည်။ ကကြိုး ဆုံးသွားသောအခါကျမှ ကျွန်တော် စကားပြန်ပြောသည်။

"ခင်ဗျားအတွက် ကျွန်တော် အကြံပေးစရာ တစ်ခုရှိပါတယ် အေမော့စ်"

"ငါ စိတ်မဝင်စားဘူးလို့ မင်းအကောင်တွေကို ငါ ပြောလိုက်ပြီးပြီ"

သူက ကျွန်တော့်ဘက် လှည့်ကြည့်ရင်း ပြောသည်။

ကျွန်တော်သည် သည်နေရာမှထွက်ပြီး အပြင်သို့ လျှောက်သွားချင်စိတ် ပေါက်လာသည်။ အလွန် အေးချမ်းနေသည့် ဆောင်းညကြီးတွင် လျှောက်သွားပစ်လိုက်ချင်သည်။ သို့သော်လည်း ကျွန်တော် မလုပ်ဖြစ်။ ဖော်ရက်စတာကို ပေးခဲ့မိသည့် ကတိတစ်ခုကြောင့်လည်း မဟုတ်။ သူသည် မော်နီကာ၏အဖေ ဖြစ်နေသောကြောင့် သည်နေရာမှာပင် ကျွန်တော် ဆက်ထိုင်နေမိသည်။

အရက်ရောင်းသူ ရောက်လာသောကြောင့် ကျွန်တော်တို့နှစ်ယောက်အတွက် အရက်ထပ်မှာလိုက်သည်။

"မော်နီကာကိုလည်း ဒီအလုပ်အကြောင်း ကျွန်တော် ပြောပြပြီးပြီ၊ သူလည်း သိပ်ဝမ်းသာနေတယ်"

သူသည် ကျွန်တော့်ဘက်သို့ ပြန်လှည့်ပြီး ကြည့်ပြန်၏။

"မော်နီကာဟာ ဘယ်တော့မှ အသုံးကျတာ မဟုတ်ဘူး။ အလကား အရှုံးမ"

သူက နာကြည်းသံမျိုးဖြင့် ပြောသည်။ ပြီးတော့ ရယ်ပြန်သည်။

"မင်း သိတယ် မဟုတ်လား။ သူက မင်းကို ကွာချင်တာ မဟုတ်ဘူး။ အမှန်တော့ သူ ရှုံးသွားတာကွ၊ ဒါပေမယ့် နောက်ကျတော့လည်း မင်းကို သူ မကွာချင်ပြန်ဘူး။ သူက ပြောတယ်၊ မင်းကို သူ ချစ်တယ်တဲ့"

အေမော့စ်ဝင်းသရော့က ဆက်ပြောပြန်သည်။

ကျွန်တော်က ဘာမှ ပြန်မပြော။ သူက ရယ်ပြန်သည်။

"ဒါပေမယ့် ငါက သူ့ကို မင်းနဲ့ကွာခိုင်းတယ်။ မင်းဟာ ငါ့လို အကောင်မျိုးပဲလို့၊ မိန်းမအနံ့ရရင် နည်းနည်းလေးမှ မထိန်းနိုင် မသိမ်းနိုင်တဲ့ အကောင်စားလို့ ငါက သူ့ကို ပြောပြတယ်"

"ဒါတွေ ပြီးသွားပါပြီဗျာ၊ ကြာလှပါပြီ"

တုန်ယင်နေသည့် လက်များဖြင့် အရက်ခွက်ကို ကောင်တာပေါ်သို့ ပြန်တင်သည်။

"မပြီးသေးဘူးကွ"

ဟု သူက ကျွန်တော့်ကို ပြန်အော်သည်။

"ငါ့ကုမ္ပဏီထဲကနေပြီး မင်း ငါ့ကို ကန်ထုတ်ပစ်လိုက်တာကို ငါ မေ့သွားပြီလို့ မင်း ထင်သလား။ ငါ့လုပ်ငန်းတွေအားလုံး ပျက်သွားအောင် မင်း လုပ်ပစ်လိုက်တာတွေ အကုန်လုံးကို ငါ မေ့သွားပြီလို့ မင်း ထင်သလား၊ ငါ ဘာမှ ပြန်ပြီး အစမပျိုးနိုင်တော့တာကို မေ့သွားပြီလို့ မင်း ထင်သလား၊ ငါ အရှုံးမဟုတ်ဘူးကွ၊ မင်းအကောင်တွေက ငါ့ကို တစ်ပြည်လုံးမှာ လိုက်ရှာ

နေကြတာ ငါ မသိဘူးများ အောက်မေ့နေသလား"

သူက ကျွန်တော့်ကို လှောင်ရယ် ရယ်ပြန်သည်။

သူ့ကို ကျွန်တော် ကြည့်နေမိသည်။ သူ အလွန် ဖျားနေသည်။ ကျွန်တော် ထင်ထားခဲ့သည်ထက် သူ့ကျန်းမာရေး အခြေအနေသည် ပိုဆိုးနေသည်။

"အခု မင်းက လာပြန်ပြီ၊ မရိုးသားတဲ့ အကြံဉာဏ်တွေနဲ့ ငါ့ဆီကို လာပြန်ပြီ၊ ဟုတ်တယ် မဟုတ်လား။ မင်း ကောင်းစားအောင် ငါက လုပ်ပေးလိမ့်မယ်များ မှတ်နေသလားကွ၊ ငါ့စီမံကိန်းတွေကို သူတို့ သဘောကျလာပြီဆိုရင် မင်းက ငါ့ကို အသုံးချလို့မရအောင် ကန်ထုတ်ဖို့ လုပ်နေတယ် ဆိုတာကို ငါ မသိဘူးများ မှတ်နေသလား"

သူသည် ခုံပေါ်မှဆင်းပြီး ကျွန်တော့်ဆီသို့ လျှောက်လာသည်။ သူ့လက်သီးများကလည်း တယမ်းယမ်း ဖြစ်နေသည်။

"ဟုတ်တယ်မဟုတ်လား ဂျိုနတ်စ်၊ ငါပြောတာ မင်း ကြားတယ် မဟုတ်လား"

ကျွန်တော် ခွေးခြေပေါ်မှဆင်းပြီး သူ့လက်များကို ဖမ်းကိုင်လိုက်သည်။ သူ့လက်ကောက်ဝတ်များသည် အလွန်တရာ ပိန်နေသည်။ အရိုးသာ ကျန်တော့သည်။ သူ့လက်မောင်းနှစ်ဖက်ကို ကိုင်လိုက်မိသည်နှင့် တစ်ပြိုင်တည်း သူ့ကိုယ်လုံးသည် ကျွန်တော့်ပေါ်သို့ ပြိုလဲကျလာသည်။ သူ့ခေါင်းသည် ကျွန်တော့်ရင်ဘတ်ပေါ်မှာ ရှိနေသည်။

ကျွန်တော် သူ့ကို ငုံ့ကြည့်သောအခါ သူ့မျက်လုံးများမှာ မျက်ရည်များပြည့်နေသည်ကို တွေ့ရသည်။ သို့သော်လည်း အားကိုးရာမဲ့နေသည့် အမူအရာမျိုးကိုလည်း ကျွန်တော် မြင်ရသည်။

"ငါ သိပ်ပင်ပန်းနေပြီ ဂျိုနတ်စ်၊ ငါ့ကို မရှာကြပါနဲ့တော့ကွာ၊ ကျေးဇူးပြုပြီး ငါ့ကို ဒုက္ခမပေးကြပါနဲ့တော့ ငါ သိပ်ပင်ပန်းနေပြီ။ ငါ ဘာမှ မလုပ်. . ."

စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ကျွန်တော့်လက်ထဲမှ လျှောထွက်ကာ ကြမ်းပြင်ပေါ်သို့ ပုံကျသွားတော့သည်။သူ့နောက်မှာ ရောက်လာသည့် ဆံပင်နီနီနှင့် ကချေသည်မက အော်လိုက်သောကြောင့် တီးဝိုင်းက အသံများလည်း တိတ်သွားသည်။ ချက်ချင်းပင် ကျွန်တော်တို့အနားသို့ လူအများ ဝိုင်းအုံရောက်လာကြသည်။ လူတစ်ယောက်က ကျွန်တော့်ကိုဆွဲပြီး လွှင့်ပစ်လိုက်သောကြောင့် ဘားကောင်တာနှင့် ကျွန်တော့်ကျော ပြေးဆောင့်သည်ကို သတိထားမိသည်။ ပြီးတော့ ဝတ်စုံနက် ဝတ်ထားသည့် အလွန် ကြီးမားသော လူကြီးတစ်ယောက်နှင့် ကျွန်တော် မျက်နှာချင်းဆိုင်မိနေသည်ကို တွေ့ရသည်။

"မင်း ဘာလုပ်တာလဲ"

ဟု ဗလကြီးက မေးသည်။

"ဂျိုး. . . လွှတ်လိုက်"

နောက်ဘက်မှ ဗာတိုင်းလ်၏အသံ ထွက်လာသည်။ ထိုသူက နောက်သို့ လှည့်ကြည့်သည်။

"အော် ဆမ်လား"

ကျွန်တော့်ရင်ထဲမှ တင်းကျပ်မှုများ ပြေလျှော့သွားသည်။

အမေ့ာစ်ကို ကျွန်တော် ငုံ့ကြည့်သည်။ ဂျင်နီသည် သူ့ဘေးမှာ ဒူးထောက်ထိုင်ရင်း သူ့ကိုယ်ပေါ်မှ အဝတ်အစားများကို ကြယ်သီးဖြုတ်ကာ လုပ်ပေးနေသည်။ လည်စီးကိုလည်း ဖြေပေးသည်။ ကျွန်တော်က ကိုယ်ကိုကိုင်းပြီး ကြည့်သည်။

"သူ သတိလစ်သွားသလား"

ဂျင်နီက ကျွန်တော့်ကို မော့ကြည့်သည်။

"သတိလစ်တာထက်တောင် ပိုဆိုးတယ်ထင်တယ်၊ သူ သိပ်ကိုယ်ပူနေတယ်၊ သူ့အိမ်ကို ပြန်ပို့တာ အကောင်းဆုံးပဲ"

"ကောင်းပြီ"

ကျွန်တော်က ဂျင်နီကို ပြန်ပြောပြီး အိတ်ထဲမှ ပိုက်ဆံကိုထုတ်ကာ ကောင်တာပေါ်သို့ ငွေတစ်ရာ တင်ပေးသည်။

"ငါ့တို့ စားပွဲမှာ ကျတဲ့ငွေအတွက်"

ကျွန်တော်က ပြောရင်း မော့ကြည့်သောအခါ ဆံပင်နီနီဖြင့် အမျိုးသမီးကို တွေ့ရသည်။ သူ့မျက်လုံးထဲမှာ မျက်ရည်များပြည့်ကာ ပါးပြင်ပေါ်သို့ စီးကျနေသည်။ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ နောက်ထပ် ငွေတစ်ရာကို ထုတ်ယူပြီး သူ့လက်ထဲသို့ ထည့်ပေးလိုက်သည်။

"မင်းမျက်ရည်တွေ သွားသုတ်ပစ်လိုက်"

ကျွန်တော်သည် အေမော့စ်၏ ကိုယ်ကိုပွေ့ယူပြီး တံခါးပေါက်ဆီသို့ လျှောက်လာခဲ့သည်။ သူ့ကိုယ်အလေးချိန်က အလွန် ပေါ့နေသောကြောင့် ကျွန်တော် အံ့ဩမိသည်။ ဗာတိုင်းလ်သည် ကျွန်တော်တို့ ကုတ်အင်္ကျီများကိုယူပြီး ကျွန်တော်နှင့် အပြင်သို့ ထွက်လိုက်လာသည်။

"သူနေတဲ့အိမ်က ဟိုဘက်နှစ်လမ်းကျော်ကလေးမှာပဲ ရှိတယ်"

ကားပေါ်သို့ အေမော့စ်ကို ကျွန်တော် တင်သည့်အချိန်မှာပင် ဗာတိုင်းလ်က ပြောသည်။

သူ့အိမ်သို့ ရောက်သောအခါ အလွန် ညစ်ပတ်သည့် အိမ်ဖြစ်ကြောင်း တွေ့ရသည်။ ကြောင်နှစ်ကောင်သည် အိမ်ပေါက်ဝမှာ ထိုင်နေသည်။ ကားမှန်ပေါက်မှနေ၍ အိမ်ကို ကျွန်တော် လှမ်းကြည့်လိုက်၏။ သည်လိုအိမ်မျိုးသည် လူမမာတစ်ယောက်အဖို့ နေအပ်သည့် အိမ်မျိုး မဟုတ်။

ဒရိုင်ဘာက ကားပေါ်မှဆင်းပြီး နောက်ဘက်မှတံခါးကို လာဖွင့်ပေးသည်။ ကျွန်တော်သည် တံခါးကိုလှမ်းဆွဲပြီး ပြန်ပိတ်လိုက်သည်။

"ဟိုတယ်ကို ပြန်မောင်း"

ကူရှင်ပေါ်မှာ ခြေပစ်လက်ပစ် ဖြစ်နေသည့် အေမော့စ်ကို ကျွန်တော် ငုံ့ကြည့်မိသည်။ သူ ဖျားနေရုံမျှလောက်နှင့်တော့ ကျွန်တော့်စိတ်ထဲတွင် ဤမျှ ထိခိုက်မိမည် မဟုတ်။ သို့သော်လည်း အခြေအနေများက အနည်းငယ်များ ပြောင်းလဲသွားမည်ဆိုလျှင် ကျွန်တော်၏ အဖေ အရင်းတစ်ယောက် လဲလျောင်းနေသကဲ့သို့ ကျွန်တော် မှတ်ယူမိမည် ဖြစ်လေသည်။

## (၉)

ဆရာဝန်သည် ခေါင်းကို ယမ်းခါရင်း အခန်းထဲမှ ထွက်လာသည်။ သူ့နောက်က ဂျင်နီလည်း ထွက်လိုက်လာသည်။

"မနက်ကျတော့ သူ အိပ်ရာကနိုးရင် ကောင်းသွားမှာပါ၊ တစ်ယောက်ယောက်က သူ့ကို ဆိုဒီယမ်အမစ်တားလ် ကျွေးလိုက်တယ်နဲ့ တူတယ်"

"ဘာလဲ"

"အိပ်ဆေး"

ဂျင်နီက ဝင်ဖြေသည်။

ကျွန်တော် ပြုံးမိသည်။ ကျွန်တော် တွေးသည်မှာ မှန်သည်။ ကျွန်တော်သည် အေမော့စ်ကို မရ၍ မဖြစ်။ ထိုအကြောင်းကို ဗာတိုင်းလ် သိသည်။ ထို့ကြောင့်လည်း ကျွန်တော့် လက်ထဲမှ အေမော့စ် လွတ်မသွားအောင် သူ အရယူပေးခြင်း ဖြစ်ပေလိမ့်မည်။

"သူ အားသိပ်ပြတ်နေပြီ၊ အရက်သောက်တာ သိပ်များနေတယ်၊ အစားကျတော့ သိပ်မစားဘူး။ အဖျားလည်း ရှိနေတယ်၊ ဒါပေမယ့် ဂရုတစိုက်လုပ်လိုက်ရင် နေကောင်းသွားမှာပါ"

ဟု ဆရာဝန်က ပြောသည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ကျွန်တော်က ပြောရင်း ထိုင်ရာမှထသည်။

"ကိစ္စမရှိပါဘူး မစ္စတာကော့၊ မနက်ကျရင် ကျွန်တော် တစ်ခေါက်လာကြည့်ပါဦးမယ် ဒီကြားထဲမှာတော့ မစ္စဒင်တန်က သူ့ကို အချိန်နဲ့ ဆေးတိုက်ပေးပါလိမ့်မယ်"

"စိတ်ချပါ ဒေါက်တာ"

ဆရာဝန်လည်း ခေါင်းညိတ်ပြပြီး ထွက်သွားတော့သည်။ ဂျင်နီကို ကျွန်တော် လှမ်းကြည့်သည်။

"ခဏလေးနေဦး၊ ဒီအဘိုးကြီးကို တစ်ညလုံးထိုင်ပြီး ကြည့်နေလို့ မဖြစ်သေးဘူး"

"ကျွန်မအတွက် အရေးမကြီးပါဘူး၊ လူနာကို စောင့်ရတာ ကျွန်မဘဝမှာ ဒါ ပထမ အကြိမ် မဟုတ်ပါဘူး"

"လူနာ၊ ဟုတ်လား"

ဂျင်နီက ကျွန်တော့်ကို ပဟေဠိဆန်ဆန် ကြည့်နေသည်။

"သူနာပြု အတတ်သင်ကောလိပ်က ကျွန်မ ဘွဲ့ရခဲ့တာ တစ်ခါမှ ပြောမပြရသေးဘူးလား"

ကျွန်တော်က ခေါင်းယမ်းပြသည်။

"စန်ဖရန်စစ္စကိုမှာရှိတဲ့ စိန့်မေရီ သူနာပြု အတတ်သင်ကောလိပ်ကျောင်းက ဘွဲ့ရတာ၊ (၁၉၃၅) ခုနှစ်ကပေါ့၊ တစ်နှစ်လောက် သူနာပြုဆရာမလုပ်ပြီး အလုပ်က ထွက်ခဲ့တယ်"

"ဘာကြောင့် ထွက်ခဲ့တာလဲ"

"ငြီးငွေ့လာလို့"

ကျွန်တော့်ကို မော့ကြည့်ရင်း သူက ဖြေသည်။

ကျွန်တော် တစ်စုံတစ်ရာ ထပ်ပြောရန် မလိုတော့။ သူ့အလုပ်အကိုင်ကိစ္စနှင့် ကျွန်တော် မည်သို့မျှ မသက်ဆိုင်ပေ။

"အရက်သောက်လိုက်ဦးမလား"

ဘားဆီသို့ ကျွန်တော် လျှောက်လာရင်း မေးသည်။

ဂျင်နီက ခေါင်းခါပြသည်။

"မသောက်တော့ဘူး၊ ကျွန်မတို့နှစ်ယောက်စလုံး မအိပ်ဘဲ တစ်ညလုံး စောင့်နေကြလို့ တော့ မဖြစ်ဘူးထင်တယ်၊ ရှင် သွားအိပ်ပြီး နားလိုက်ပါဦးလား"

ကျွန်တော်က သူ့ကို မေးခွန်းထုတ်သည့် အကြည့်မျိုးဖြင့် ကြည့်မိသည်။

"ကျွန်မက အရေးမကြီးပါဘူး၊ မနက်ကျတော့ ကျွန်မ အိပ်နိုင်သားပဲ"

သူက ပြောပြောဆိုဆိုဖြင့် ကျွန်တော့်ဆီသို့လျှောက်လာပြီး ကျွန်တော့်ပါးပြင်ကို နမ်းသည်။

"ဂွတ်ဒ်နိုက်. . . ဂျိုနတ်စ်၊ ပြီးတော့ ကျေးဇူးတင်ပါတယ်၊ ရှင်ဟာ အလွန် စိတ်ကောင်းရှိတဲ့ လူပဲလို့ ကျွန်မ ထင်ပါတယ်"

ကျွန်တော်က သဘောကျစွာ ရယ်သည်။

"မင်းကို အင်္ကျီပါးပါးကလေးနဲ့ ရှိကာဂိုမြို့ထဲမှာ လမ်းလျှောက်မနေရအောင် လုပ်ပေးတာကိုရော သတိမရတော့ဘူးလား"

"ရှင်ဝယ်ပေးတဲ့ အင်္ကျီအတွက်လည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒီဟာ တစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ ရှင့်အကြောင်းကို သူ ပြောနေတာတွေ ကျွန်မ ကြားပါတယ်၊ ဒါတောင် သူ့ကို ရှင် ခေါ်လာနိုင်သေးတယ်နော်"

"ကိုယ် ဘာတတ်နိုင်မှာလဲကွာ၊ သူ အဲဒီနေရာမှာ မေ့ပြီးလဲနေတာကို ဒီအတိုင်း ထားခဲ့ရမှာလား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး။ ကဲ. . . သွားအိပ်လိုက်တော့"

သူ့မျက်လုံးများသည် ပြုံးကျယ်နေကြ၏။

အိပ်ခန်းထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ ပိန်းပိတ်အောင်မှောင်ပြီး စိတ်ပျက်စရာ ကောင်းသောည ဖြစ်သည်။

ကျွန်တော် အိပ်မက်မက်နေမိသည်။ အိပ်မက်ထဲတွင် အမေ့စ်ဝင်းသရော့နှင့် ကျွန်တော့်အဖေသည် အခန်းထဲမှာ ကျွန်တော့်ကို လိုက်ဖမ်းနေကြသည်။ ကျွန်တော့်ကို လိုက်ဖမ်းရင်းနှင့် တစ်စုံတစ်ရာကိုလည်း အော်ပြောနေကြသည်။ သို့သော်လည်း သူတို့ ပြောသည့်စကားများကို ကျွန်တော် နားမလည်။ ဘာသာစကားတစ်မျိုးဖြင့် သူတို့ ပြောနေကြခြင်း ဖြစ်သည်။ ပြီးတော့ ဂျင်နီ သို့မဟုတ် ရီနာသည် အခန်းတွင်းသို့ ဝင်လာ၏။ အဖြူရောင်အဝတ်ကို ဝတ်ဆင်ထားသည်။ အမေ့စ်နှင့် အဖေသည် သူ့ကို လိုက်ဖမ်းကြပြန်၏။ သူတို့ မဖမ်းနိုင်အောင် ကျွန်တော်က ဝင်တားသည်။ နောက်ဆုံးတွင် အခန်းထဲမှ သူ လွတ်သွားအောင် ကျွန်တော် လုပ်ပေးလိုက်နိုင်သည်။ အခန်းတံခါးလည်း ပိတ်သွားသည်။

အပြင်ရောက်သောအခါ သူ့လက်မောင်းများကို ကျွန်တော် ဆွဲယူလိုက်သည်။

ထိုအခါတွင် မော်နီကာ ဖြစ်နေသည်ကို တွေ့ရ၏။ ကျွန်တော့်လက်ထဲမှာ မော်နီကာ ငိုနေသည်။ ထိုအချိန်မှာပင် တစ်စုံတစ်ယောက်က ကျွန်တော့်ကို နောက်ဘက်သို့ ဆွဲဖယ်ပစ်လိုက်သည်။ နံရံနှင့် ကျောခိုင်းမိသောအခါ လာပီရီကလပ်မှ ဗလကြီးနှင့် ကျွန်တော် မျက်နှာချင်းဆိုင် ဖြစ်နေသည်။ ကျွန်တော့်မျက်လုံးများကို မီးဝင်းဝင်းတောက်အောင် သူ လုပ်နေသည်။ အလင်းရောင်သည် ပို၍လင်းလာသည်။ ပို၍ပို၍ လင်းလာသည်။

ကျွန်တော့်မျက်လုံးကို ဖွင့်ပြီး မျက်တောင်ခတ်ကြည့်သည်။ နေရောင်သည် ပြတင်းပေါက်ကိုကျော်ပြီး အခန်းတွင်းကို ဝင်လာသည်။ နံနက် ရှစ်နာရီထိုးပြီ။

ဂျင်နီသည် ဧည့်ခန်းထဲမှာ ထိုင်နေသည်။ ကော်ဖီတစ်အိုးနှင့် စားစရာအချို့လည်း စားပွဲပေါ်မှာ ရှိနေသည်။

"နိုးလာပြီလား၊ ကော်ဖီသောက်တော့မလား"

ကျွန်တော် ခေါင်းညိတ်ပြပြီး အေမော့စ်၏ အခန်းရှိရာသို့ လျှောက်လာခဲ့သည်။ ခုတင်ပေါ်မှာ ပက်လက် အိပ်ပျော်နေသည်။ အိပ်နေပုံမှာ ကလေးငယ်တစ်ယောက် အိပ်နေသကဲ့သို့ရှိသည်။ တံခါးပြန်ပိတ်ပေးခဲ့ပြီး ဂျင်နီ ရှိရာသို့ ပြန်လှည့်လာကာ ဘေးမှာ ကျွန်တော် ဝင်ထိုင်သည်။

"မင်း သိပ်ပင်ပန်းနေရောပေါ့"

ကော်ဖီပန်းကန်ကို ဆွဲယူရင်း ကျွန်တော်က ပြောသည်။

"နည်းနည်းပါပဲ၊ ခဏကြာရင် ကောင်းသွားမှာပါ။ ရှင့်အကြောင်းတွေကို သူ အများကြီးပြောတာပဲ"

"ဟုတ်လား၊ ကိုယ့်မကောင်းကြောင်းတွေပဲ ပြောတာ မဟုတ်လား"

"ရှင်တို့ အိမ်ထောင်ပျက်ပြားသွားအောင် လုပ်မိခဲ့တယ်ဆိုပြီး သူ့ကိုယ်သူ အပြစ်ပြန်တင်နေတယ်"

"တို့ အားလုံး နည်းနည်းစီ မှားကြတာပါပဲကွာ၊ ကိုယ် မှားတာရယ်၊ ကိုယ့်မိန်းမ မှားတာရယ်တွေထက် ပိုပြီးတော့လည်း သူ့အမှားက မကြီးပါဘူး"

"ရီနာမာလိုးရော"

"ရီနာနဲ့တော့ လုံးလုံး မဆိုင်ပါဘူး၊ အမှန်ကတော့ အဲဒီအချိန်က ကိုယ်တို့နှစ်ယောက်စလုံးဟာ ငယ်ကြသေးတယ်၊ ဒီအသက်အရွယ်မျိုးနဲ့ ကိုယ်တို့ လက်မထပ်သင့်သေးဘူး"

ဂျင်နီသည် ကော်ဖီပန်းကန်ကို လှမ်းယူပြီး သောက်နေသည်။

"မင်း သွားပြီး နားလိုက်ပါတော့လား"

"ဆရာဝန်လာတဲ့ အချိန်အထိ ကျွန်မ စောင့်နေရင် ကောင်းမယ်ထင်တယ်"

"သွားသာအိပ်နေပါ၊ ဆရာဝန်လာရင် မင်းကို နှိုးမယ်"

"ကောင်းပြီလေ"

ဂျင်နီသည် အိပ်ခန်းဆီသို့ လျှောက်သွားသည်။ အခန်းဝသို့ ရောက်ကာမှ ပြန်လှည့်လာပြီး ကုလားထိုင်ပေါ်တွင် တင်ထားသည့် ကတိုးသားမွေးအင်္ကျီကိုယူသည်။

"အနွေးထည် မလိုပါဘူးကွ၊ အိပ်ခန်းထဲမှာ ကိုယ် အပူငွေ့ပေးထားလို့ နွေးနေပါတယ်"

"အနံ့သိပ်ကောင်းလို့"

ကတိုးသားမွေးအင်္ကျီကို သူက မျက်နှာတွင်အပ်၍ နမ်းပြရင်း ပြောသည်။

အိပ်ခန်းတွင်းသို့ သူ ဝင်သွားသည်။ ကော်ဖီပန်းကန်ထဲသို့ ကော်ဖီဖြည့်ရင်း ကျွန်တော် ချက်ချင်း ဆာလာသည်။ ထို့ကြောင့် ဖုန်းကောက်ကိုင်ပြီး နံနက်စာများ လာပို့ရန် မှာသည်။

ကျွန်တော် နံနက်စာစားနေခိုက် အေမော့စ် ထွက်လာသည်။ သူ့ကိုယ်ပေါ်မှာ စောင်တစ်ထည် ပတ်ထားသည်။ ကျွန်တော့်ဆီသို့ လျှောက်လာပြီး ကျွန်တော့်ကို ငုံ့ကြည့်သည်။

"ငါ့အဝတ်အစားတွေ ဘယ်ကောင် ခိုးသွားပြီလဲကွ"

နေ့ခင်းဘက် အလင်းရောင်တွင် မြင်ရသောအခါ ညတုန်းက မီးရောင်ထဲမှာလောက် သူ့အသားအရေများ မဆိုးလှ။

"ကျွန်တော် လွှင့်ပစ်လိုက်ပြီ၊ ထိုင်လေ၊ မနက်စာစားပါဦး"

သူ ရပ်မြဲရပ်နေသည်။ ဘာစကားမှ မပြော။ ခဏကြာတော့ အခန်းကို လှည့်ကြည့်သည်။

"ဟို မိန်းကလေး ဘယ်ရောက်သွားပြီလဲ"

"အိပ်နေတယ်၊ သူ တစ်ညလုံး ခင်ဗျားကို ထိုင်စောင့်နေရလို့ မအိပ်ရဘူး"

"ငါ သတိလစ်သွားတယ်ထင်တယ်"

သူက ခဏစဉ်းစားနေပြီး ကျွန်တော့်ကို မေးသည်။ အမှန်ကတော့ မေးသည်ထက် သူ့ဟာသူ ဝန်ခံသည့် သဘောမျိုး ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က ဘာမှ ပြန်မဖြေဘဲ ငြိမ်နေလိုက်သည်။

"ဟုတ်တယ်၊ ငါ ထင်တယ်၊ ငါ့ကို တစ်ကောင်ကောင် အိပ်ဆေးခတ်လိုက်တယ်နဲ့ တူတယ်"

သူ ညည်းညည်းညူညူပြောသည်။ သူ့နဖူးကို သူ စမ်းကြည့်နေသည်။

"အစာနည်းနည်း စားလိုက်ပါဦး၊ အားရှိသွားအောင်"

"ငါ အရက်နည်းနည်း သောက်ချင်သေးတယ်"

"ကြိုက်သလိုသာသောက်၊ ဟိုမှာ ဘားရှိတယ်"

အရက်ထားသည့်နေရာကို ကျွန်တော်က ပြသည်။ သူ ထသွားပြီး ဖန်ခွက်ထဲသို့ အရက်ထည့်ကာ မော့ချလိုက်သည်။ 'အား' ဟူသော မြည်သံကို ကြားရသည်။နောက်တစ်ကျိုက် မြန်မြန် မော့ပြန်သည်။ ညိုပုပ်ပုပ်ဖြစ်နေသည့် သူ့မျက်နှာပေါ်မှာ သွေးရောင်လွှမ်းလာသည်။

ကျွန်တော် ထိုင်နေသည့် စားပွဲသို့ သူ ပြန်လာသည်။ သူ့လက်ထဲမှာ ဝီစကီပုလင်းကို ကိုင်ထားဆဲ ဖြစ်သည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်မှာ ဝင်ထိုင်သည်။

"မင်း ငါ့ကို ဘယ်လိုလုပ်ပြီး ရှာတွေ့တာလဲ"

"လွယ်ပါတယ်ဗျာ၊ ခင်ဗျား လျှောက်ပေးခဲ့တဲ့ ချက်လက်မှတ်အလိမ်ကြီးတွေနောက်ကို ခြေရာခံလိုက်ရင် ရတာပေါ့"

"အို. . ."

အာမေဋိတ်သံ တစ်ခွန်းပြုကာ သူ ငြိမ်သွားသည်။ ပြီးတော့ ဖန်ခွက်ထဲသို့ အရက်ထည့်သည်။ သို့သော် မသောက်ဘဲ စားပွဲပေါ်သို့ ပြန်တင်ထားသည်။ ရုတ်ခြည်း ဆိုသလိုပင် သူ့မျက်လုံးများသည် မျက်ရည်များဖြင့် ပြည့်လာ၏။

"တခြားလူတစ်ယောက်သာဆိုရင် ငါ့ဘဝဟာ ဒါလောက် ဆိုးသွားစရာ အကြောင်း မရှိဘူး။ အခုတော့ မင်းမို့လို့"

ကျွန်တော်က ဘာမှ ပြန်မပြော။ အစားကို စားမြဲသာ စားနေသည်။

"အသက်ကြီးပြီး အိုမင်းမစွမ်းရှိလာတဲ့အခါမှာ ဘယ်လောက် ဒုက္ခကြီးတယ်ဆိုတာကို မင်း မသိဘူး။ မင်း ငါ့ကို အလုပ်က ထုတ်ပစ်ခဲ့တယ် မဟုတ်လား"

"ကျွန်တော် ထုတ်ပစ်တာ မဟုတ်ပါဘူး။ ထုတ်ပစ်ရအောင် ခင်ဗျားဟာခင်ဗျား လုပ်ခဲ့တာပဲ"

အရက်ခွက်ကို သူ ကောက်ကိုင်လိုက်ပြန်သည်။

"ကျွန်တော် ပြောနေတဲ့အလုပ်ကို ခင်ဗျား စိတ်မဝင်စားဘူးဆိုရင် သောက်ပါ၊ အရက်ကို အခုအတိုင်းသာ ဆက်သောက်နေပါ"

သူ အရက်ခွက် အမြှောက်လိုက်မှာပင် ကျွန်တော်က လှမ်းပြောသည်။

ကျွန်တော့်ကို တိတ်ဆိတ်စွာပင် သူ စိုက်ကြည့်နေသည်။ ပြီးတော့ သူ့လက်ထဲမှ အရက်ခွက်ကို ငုံ့ကြည့်သည်။ သူ့လက်သည် တဆတ်ဆတ် တုန်နေသည်။ ဖန်ခွက်ထဲမှ ဝီစကီများသည် ဘောင်ဘင်ခတ်ကာ စားပွဲခင်းပေါ်သို့ ဖိတ်စဉ်ကျနေသည်။

"ဘာဖြစ်လို့ ငါ့အပေါ်မှာ မင်း ချက်ချင်း ကောင်းလာရတာလဲ"

"ခင်ဗျား အပေါ်ကောင်းတာ ကျွန်တော် မဟုတ်ပါဘူး"

ကျွန်တော်က ကော်ဖီပန်းကန်ကို လှမ်းယူရင်း သူ့ကို ပြုံးပြသည်။

"ကျွန်တော် ဘာမှ မပြောင်းလဲသေးပါဘူး။ ခင်ဗျားဟာ ကနေ့ထက်တိုင်အောင် ကမ္ဘာပေါ်မှာ ကြောက်စရာအကောင်းဆုံး လူတစ်ယောက်ပဲဆိုတာ ကျွန်တော် ယုံကြည်တုန်းပါပဲ၊

ဒါပေမယ့် ကျွန်တော့်သဘောအရဆိုရင် ခင်ဗျားကို မရှာဘူး၊ မခန့်ဘူး၊ အခုတော့ ကနေဒါက စက်ရုံကို ဖော်ရက်စတာက ခင်ဗျား အုပ်ချုပ်စေချင်တယ်၊ ခင်ဗျားအကြောင်းကို ကျုပ် သိသလောက် ဟိုခွေးသူခိုးက မသိသေးဘူး။ ခင်ဗျားဟာ အင်မတန် ကြီးကျယ်တဲ့ လူကြီး တစ်ယောက်လို့ သူက ထင်နေတုန်းရှိသေးတယ်"

"ရော်ဂျာ ဖော်ရက်စတာလား"

သူက မေးသည်၊ သူ့လက်ထဲက ဝီစကီခွက်သည် စားပွဲပေါ်သို့ တဖြည်းဖြည်း ကျလာသည်။

"စစ်ပြီးစတုန်းက ငါလုပ်တဲ့ လေယာဉ်ပျံ လစ်ဘာတီ (၅) ကို သူ စမ်းခဲ့တာပေါ့၊ သူ မောင်းခဲ့ဖူးသမျှ လေယာဉ်ပျံတွေထဲမှာ အကောင်းဆုံး လေယာဉ်ပျံပါပဲလို့ သူ ပြောခဲ့ဖူးတယ်"

သူ့ကို ကျွန်တော် ကြည့်နေမိသည်။ သူပြောသည့် အချိန်သည် နှစ်ပေါင်းနှစ်ဆယ် ကြာခဲ့ပြီ။ ထို့နောက်ပိုင်းတွင် ပို၍ပို၍ ကောင်းသော လေယာဉ်ပျံများ ကမ္ဘာပေါ်မှာ ပေါ်ပေါက် နေပြီ ဖြစ်၏။ သို့သော်လည်း လစ်ဘာတီ (၅) ကို အမေ့ာ်စ်က သတိရနေသေးသည်။ ထိုလေ ယာဉ်ပျံသည် သူ့ဘဝကို တစ်ရှိန်ထိုး တိုးတက်အောင်မြင်စေခဲ့သည့် လေယာဉ်ပျံလည်း ဖြစ်သည်။

အလုပ်ကို လက်ခံတော့မည့် အရိပ်အယောင်များ သူ့မျက်နှာပေါ်၌ ပေါ်လာသည်ကို ကျွန်တော် တွေ့ရသည်။ ကျွန်တော် အမြဲ မြင်ဖူးခဲ့သည့် အမူအရာ ဖြစ်သည်။

"စည်းကမ်းချက်တွေက ဘယ်လိုလဲ"

ဟု သူက မေးသည်။

ကျွန်တော်က ပခုံးများကို တွန့်ပြလိုက်သည်။

"ခင်ဗျားနဲ့ ရော်ဂျာနဲ့ ညှိကြပေါ့"

"ကောင်းတယ်၊ မင်းနဲ့သာ အလုပ်စကား ပြောရမယ်ဆိုရင် ငါ မလုပ်ဘူး။ ဘယ်လောက် ပေးပေး မလုပ်ဘူး"

သိက္ခာဆည်လိုက်သည့် အမူအရာများ သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။ ပြီးတော့ ထိုင်ရာမှ ထသည်။ သူ့အိပ်ခန်းဆီသို့ ပြန်လျှောက်သွားသည်။ အဝရောက်တော့မှ နောက်ပြန် လှည့်ပြီး ကျွန်တော့်ကို ကြည့်နေသည်။

"ငါ့ အဝတ်အစားတွေ ဘယ်လိုလုပ်ရမှာလဲ"

"အောက်ထပ်မှာ အထည်ဆိုင်ရှိတယ်၊ ဖုန်းဆက်ပြီးတော့ ခင်ဗျား လိုချင်တဲ့ အဝတ်မှာပါ"

အခန်းထဲသို့ သူ ပြန်ဝင်သွားသည်။ စီးကရက်ကို ကျွန်တော် လှမ်းဆွဲသည်။ သူ ဖုန်းဆက်နေသည့်အသံကို သဲ့သဲ့ကြားရသည်။ ကျွန်တော်သည် ကုလားထိုင်မှာ သက်သာသလို ထိုင်ရင်း စီးကရက်ကို အားပါးတရ ဖွာနေမိသည်။

အဝတ်အစားများ ရောက်လာသောအခါ သူ့အိပ်ခန်းထဲသို့ ကျွန်တော် ပို့ပေးလိုက် သည်။ တံခါးခေါင်းလောင်း မြည်သောကြောင့် ကျွန်တော် သွားဖွင့်ပေးသည်။ ကျွန်တော်ကိုယ် ကျွန်တော် စားပွဲထိုး ဖြစ်နေပြီဟု ထင်မိသည်။

"ဟဲလို၊ မစ္စတာကော့"

ကလေးသံကို ကျွန်တော် ကြားရသည်။ အံ့ဩတကြီး ကျွန်တော် ငုံ့ကြည့်လိုက်သည်။ ဂျိုအန်းသည် သူ့အမေဘေးမှာ ရပ်နေ၏။ လက်တစ်ဖက်က ကျွန်တော် ဝယ်ပေးခဲ့သည့် အရုပ်ကို ကိုင်ပြီး ကျန်လက်တစ်ဖက်က သူ့အမေ၏အင်္ကျီစကို ဆွဲထားသည်။

"မက်အယ်လစ္စတာက ကျွန်မကို ကြေးနန်းရိုက်လို့ ရထားစီးလာရင်း ရထားပေါ်မှာပဲ သူ့ကြေးနန်းကို ရတယ်၊ ရှင် ဒီမှာ ရှိနေလိမ့်မယ်လို့ သူက ပြောတယ်၊ ဖေဖေ့ကို ရှာလို့ တွေ့ပြီလား"

မော်နီကာက ရှင်းပြသည်။

ကျွန်တော် မတုန်မလှုပ်ရပ်ပြီး သူ့ကို ကြည့်နေမိသည်။ သည်နေရာမှာ မက်အယ်လစ္စတာ အတွက် လွဲသွားပြီဟု ကျွန်တော် ထင်သည်။ ရီကာဂိုမှာ ရထားက သုံးနာရီကြာအောင်ရပ် သည်။ ထိုအချိန်အတွင်း ကျွန်တော့်ကို မော်နီကာ လာတွေ့နိုင်သည်။ အကယ်၍ မော်နီကာကို ကျွန်တော်က မတွေ့ချင်ရင် မည်သို့ရှိမည်နည်း။ ကျွန်တော် ရှိသည့်နေရာကို သူ ပြောမပြသင့်။

ကျွန်တော်၏ ခွင့်ပြုချက်ကို သူ အရင်တောင်းသင့်သည်။

"ဖေဖေ့ကို ရှာလို့တွေ့ပြီလား"

မော်နီကာက ထပ်မေးသည်။

"တွေ့ပြီ"

"အို ကောင်းလိုက်တာ ကျွန်မ ဆာတယ်"

ဂျိုအန်းက ကျွန်တော်တို့ နံနက်စာစားထားသည့် စားပွဲကို လက်ညှိုးထိုးပြပြီး ပြောသည်။ ပြီးတော့ ကုလားထိုင်တစ်လုံးပေါ်သို့ တွယ်တက်ကာ အစားတစ်ခုကို ကောက်ကိုင်သည်။ ကျွန်တော်ကလည်း အံ့ဩတကြီးဖြင့် သူ့နောက်သို့ လိုက်သွားမိသည်။

မော်နီကာက တောင်းပန်သည့် အမူအရာဖြင့် ကျွန်တော့်ကို မော့ကြည့်သည်။

"ကျွန်မ ဝမ်းနည်းပါတယ် ဂျိုနတ်စ်၊ ကလေးဆိုတာ ဒီလိုပဲ"

"မစ္စတာကော့နဲ့အတူတူ သမီးတို့ နံနက်စာစားမယ်လို့ ရထားပေါ်တုန်းက မေမေ ပြောခဲ့တယ် မဟုတ်လား"

ဟု ဂျိုအန်းက လှမ်းပြောသည်။

"ဂျိုအန်း"

မော်နီကာ၏မျက်နှာ ရဲသွားသည်။

"ကိစ္စမရှိပါဘူး၊ အထဲဝင်လေ"

ကျွန်တော်က လှမ်းပြောတော့မှ အခန်းတွင်းသို့ မော်နီကာ ဝင်လာသည်။

"မင်းတို့အတွက် မနက်စာ ကိုယ်မှာလိုက်မယ်"

ကျွန်တော်က တယ်လီဖုန်းရှိရာသို့ ထလာခဲ့သည်။

"ကျွန်မအတွက်တော့ ကော်ဖီပဲမှာပေးပါ"

မော်နီကာသည် ပြုံးနေ၏။ သူ့ကိုယ်ပေါ်မှ ကုတ်အင်္ကျီကို ချွတ်လိုက်သည်။

"ဆရာဝန်ရောက်နေပြီလား ဂျိုနတ်စ်"

မော်နီကာက လှည့်ကြည့်သည်။

ကျွန်တော်ကလည်း ပြန်လှည့်ပြီး ငေးကြည့်နေမိသည်။

တံခါးဝမှာ ဂျင်နီ ရပ်နေသည်။ ငွေရောင်ဆံပင်များသည် နက်ပြောင်နေသည့် ကတိုးသားရေအင်္ကျီပေါ်မှာ အရောင်တောက်နေသည်။

မော်နီကာ၏မျက်နှာပေါ်မှ အပြုံးသည် ပျောက်ကွယ်သွား၏။ ကျွန်တော့်ဘက်သို့ သူ ပြန်လှည့်လာသောအခါ သူ့မျက်လုံးများသည် အေးစက်နေပုံရသည်။

"ကျွန်မ တောင်းပန်ပါတယ် ဂျိုနတ်စ်၊ ရှင့်ဆီကိုမလာခင် အရင်ကြိုပြီး တယ်လီဖုန်းဆက်ထားသင့်တယ်ဆိုတာ ဒါလောက်ကြာအောင် မေ့ပြီ ပေါင်းခဲ့မှတော့ ကျွန်မ သိဖို့ကောင်းတယ်"

မော်နီကာသည် ဂျိုအန်းဆီသို့ လျှောက်သွားပြီး လက်ကို ဆွဲလိုက်သည်။

"သမီး လာ သွားကြမယ်"

ကျွန်တော် ဘာပြောရမှန်း မသိမီမှာပင် သူတို့သားအမိ တံခါးဝသို့ ရောက်သွားကြပြီ ဖြစ်သည်။

"ခဏနေပါဦး မော်နီကာ"

စိတ်ထိခိုက်သည့်အသံဖြင့် ကျွန်တော် လှမ်းအော်ပြောသည်။ သို့သော် ကျွန်တော့် စကားကို အေမော့စ်က ဝင်ဖြတ်လိုက်သည်။

"ဟော. . . အတော်ပဲ သမီးရေ၊ ဖေဖေတို့ အတူတူ သွားကြရအောင်"

အေမော့စ်၏အသံမှာ တည်ငြိမ်နေသည်။

သူ့ဘက်သို့ ကျွန်တော် ပြန်လှည့်ကြည့်သည်။ မနေ့ညက ဘားထဲမှာ ကျွန်တော်တို့ တွေ့ခဲ့ရသည့် ဖျားပြီး ညစ်ပတ်ပေရေနေသော သူ့ရုပ်သည် ပျောက်သွားပြီး ဖြစ်သည်။ ယခု ရပ်နေသူသည် အိုရုပ် အလွန် ပေါက်နေသော အေမော့စ် ဖြစ်သည်။ သစ်လွင်သော အဝတ်အစားများကို သပ်သပ်ရပ်ရပ် ဝတ်စားထားသည်။ တကယ့် ထိပ်တန်းအုပ်ချုပ်ရေးမှူးကောင်းကြီး တစ်ယောက်၏ အမူအရာမျိုးကို တွေ့ရသည်။

သူ့မျက်နှာပေါ်တွင် အပြုံးရိပ်ကလေးကို မြင်ရသည်။ တံခါးဆီသို့ သူ လျှောက်သွားသည်။ တံခါးပေါ်မှာ လက်တင်ပြီးသောအခါ ဂျင်နီဘက်သို့ လှည့်ကြည့်သည်။ သူ့ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။

"ကျုပ်နဲ့ ကျုပ်သားသမီးတွေကလည်း မနှောင့်ယှက်ချင်ကြပါဘူးဗျာ"

ဟု ပြောသည်။ ထို့နောက် တံခါးပိတ်သွားသည်။

ဒေါသဖြင့် တံခါးဆီသို့ ကျွန်တော် လျှောက်သွားသည်။ တံခါးကို ကျွန်တော် ဖွင့်သောအခါ ဓာတ်လှေကားတံခါးဖွင့်သံနှင့် ပိတ်သံကို ကြားရသည်။ ပြီးတော့ အခန်းထဲမှာ လုံးဝ တိတ်ဆိတ်သွားတော့သည်။

"ကျွန်မ စိတ်မကောင်းပါဘူး ဂျိုနတ်စ်၊ ရှင် စိတ်အနှောင့်အယှက်ဖြစ်အောင် ကျွန်မ လုပ်တာ မဟုတ်ပါဘူး"

ဟု ဂျင်နီက ပြောသည်။

ကျွန်တော်က သူ့ဘက်ကို လှည့်ကြည့်သည်။ သူ့မျက်လုံးများသည် ပြူးကျယ်နေကာ ကရုဏာသက်နေသည့် အမူအရာများကို မြင်ရသည်။

"မင်း အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး။ ဒီကိစ္စတွေ ဖြစ်ခဲ့တာက ကြာလှပြီ"

ဟု ကျွန်တော်က ပြောသည်။

ကျွန်တော်သည် ဘားရှိရာသို့သွားပြီး အရက်ထည့်သည်။ စိတ်ချမ်းသာစရာကောင်းနေသည့် အချိန်ကလေးသည် ပျက်စီးသွားပြီ ဖြစ်သည်။ အရာရာ ချောမွေ့အဆင်ပြေနေသည့် အခြေအနေကလေးသည် ပျက်စီးသွားပြီ ဖြစ်သည်။ ကျွန်တော်သည် အရက်သောက်ပြီး ဂျင်နီဘက်သို့ လှည့်လာခဲ့သည်။

"မင်း အရင်က ကတိုးသားမွေးအင်္ကျီ ဝတ်ဖူးလား"

ဟု ကျွန်တော်က သူ့ကို စိတ်ဆိုးဆိုးဖြင့် မေးသည်။

ဂျင်နီ၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲခြင်းနှင့် နားလည်သဘောပေါက်ခြင်းကို မြင်ရသည်။

"မဝတ်ဖူးပါဘူးရှင်"

ခွက်ထဲသို့ နောက်ထပ် ကျွန်တော် အရက်ထည့်ပြန်သည်။ ထပ်မော့လိုက်ပြန်သည်။ ကျွန်တော်တို့နှစ်ယောက် တိတ်ဆိတ်စွာ ရပ်နေကြသည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။ အတန်ကြာ တိတ်ဆိတ်နေကြသည်။ နောက်ဆုံးတွင်မှ ကျွန်တော်က စပြောသည်။

"မင်း ဘာမှ မဖြစ်ဘူးနော်"

ဂျင်နီ၏ မျက်လုံးများသည် ကျွန်တော့်ကိုယ်ပေါ်မှ မခွာ။ ကျွန်တော့်ကို ကြည့်ရင်း တဖြည်းဖြည်း ခေါင်းညိတ်ပြသည်။

သူ့လက်များကိုမြှောက်၍ ဆန့်တန်းကာ ကျွန်တော့်ဆီသို့ လာသည်။ သူ့ကိုယ်ပေါ်မှ သားမွေးအင်္ကျီသည် သူ့ရင်ဘတ်ပေါ်မှာ ပွင့်သွားသည်။ ပြီးတော့ သူ့ကိုယ်ပေါ်မှ လျှောကျသွားသည်။

သူ စကားပြောသောအခါတွင် သည်ကိစ္စမျိုးသည် သည်လိုပဲ ဖြစ်ရမည်ဟု သူ ရှေးမဆွကတည်းက နားလည်သဘောပေါက်ထားကြောင်း ပေါ်လွင်နေသည်။ ကျွန်တော့်ကို လေသံကလေးဖြင့် ပြောခြင်း ဖြစ်သည်။

"မေမေ့ရင်ခွင်ထဲကို ဝင်ခဲ့ပါ သားလေးရယ်"တဲ့။

♣ ♣ ♣

# ဂျင်နီဒင်တန် အကြောင်း

## စာအုပ်ရှစ်

## (၁)

ဂျင်နီသည် ခန်းဆီးတပ်ဆင်ထားသည့် တံခါးပေါက်ကိုဖြတ်ကာ ကင်မရာရှိရာသို့ လျှောက်လာသည်။ ဒါရိုက်တာက အော်လိုက်သည်။

"ကတ် . . . သိမ်းတော့"

ပြီးသွားပြီ။ ရုပ်ရှင်ရိုက်၍ ပြီးစီးသွားပြီ ဖြစ်သည်။

ဂျင်နီသည် ထိုနေရာမှာ မလှုပ်မယှက် ရပ်နေမိသည်။ အင်အားကောင်းသည့် မီးလုံးကြီးများ ငြိမ်းသွားသည်။ ဂျင်နီက မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။ ဩဂုတ်လ၏ ပူပြင်းသောနေရောင်သည် သူ့ခေါင်းပေါ် သို့ ကျလာသည်။ မိမိ အလွန် ပင်ပန်းနေပြီဖြစ်ကြောင်းလည်း သူ့ကိုယ်သူ သတိထားမိသည်။ ခပ်လှမ်းလှမ်းမှ ခေါင်းလောင်းတီးသံကို ကြားရသည်။ တစ်ပြိုင်တည်းမှာပင် လူအားလုံး လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ ရယ်မောသံများ၊ စကားပြောသံများဖြင့် ဆူညံလာသည်။

တစ်စုံတစ်ယောက်က ဂျင်နီ၏ လက်ထဲသို့ ရေဖန်ခွက်တစ်လုံး လာထည့်ပေးသည်ကို သိလိုက်ရသည်။ ဂျင်နီက ချက်ချင်း သောက်လိုက်၏။ ရင်ထဲမှာ အေးသွားသည်။ အမောပြေသလို ရှိသွားသည်။ ရုတ်ခြည်း ဆိုသလိုပင် ဂျင်နီသည် ချမ်းစိမ့်စိမ့် ဖြစ်လာ၏။ အဝတ်အစားဝတ်ပေးသူက ဂျင်နီ၏ ကိုယ်ပေါ် သို့ အဝတ်တစ်ထည်ကို လွှမ်းခြုံပေးသည်။

"ကျေးဇူးတင်ပါတယ်"

ဂျင်နီက လေသံဖြင့် တိုးတိုးပြောသည်။

"ကိစ္စမရှိပါဘူး၊ နေကောင်းတယ်နော်"

ဟု သူက မေးသည်။ ဂျင်နီက ကြောင်အမ်းအမ်းဖြင့် ပြန်မော့ကြည့်သည်။

"ကောင်းပါတယ်"

ဂျင်နီက ပြန်ပြောသည်။ မိတ်ကပ်ခြယ်သူက ဂျင်နီ၏မျက်နှာကို အဝတ်တစ်ခုဖြင့် သုတ်ပေးသည်။ ဂျင်နီ၏နှာခေါင်းထဲမှာ အနံ့တစ်မျိုး ရလာသည်။ အမျှားကြီး နေသာထိုင်သာ ရှိသွားသည်။

"မစ္စဒင်တန်၊ ခဏ လှဲနေလိုက်ပါဦး၊ ခင်ဗျား သိပ်ပင်ပန်းနေပြီ"

ဟု မိတ်ကပ်ဆရာက ပြောသည်။

ဂျင်နီက အဝတ်အစားလဲသည့် အခန်းကျဉ်းကလေးထဲသို့ ဝင်လာခဲ့သည်။ အပြင်မှာရှိသော လူအားလုံး ပျော်မြူးနေကြသည်။ အပြန်အလှန် ချီးကျူးသံများဖြင့် ကျွက်ကျွက်ညံနေသည်။ နောက်ထပ် ဇာတ်ကား ဆက်ရိုက်ဖို့အကြောင်းများကိုလည်း ပြောနေကြသည်။ သူတို့အားလုံးသည် ဂျင်နီကို မေ့နေကြဟန်တူ၏။

ဂျင်နီက တံခါးပိတ်ထားခဲ့သည်။ ခုတင်တစ်လုံးပေါ် မှာ ခြေပစ်လက်ပစ် လှဲအိပ်ချလိုက်သည်။ မျက်လုံးများကို မှိတ်ထားသည်။ သည်ရုပ်ရှင်ကို သုံးလဖြင့် အပြီးရိုက်ရန် စီစဉ်ခဲ့သည်။ သို့သော်လည်း ငါးလတိုင်တိုင် ကြာသွားသည်။ နေ့ရောညပါ ရိုက်ကြရသည်။ မနက်

ငါးနာရီတွင် အိပ်ရာမှထပြီး ညသန်းခေါင်ကျမှ အိပ်ရာထဲသို့ ပြန်ရောက်ခဲ့ရသော ရက်များ ဖြစ်သည်။ တစ်ခါတစ်ရံ သန်းခေါင်ထက်ပင် ပို၍ နောက်ကျသေးသည်။

ဂျင်နီသည် ချမ်းစိမ့်စိမ့် ဖြစ်လာပြန်၏။ ထို့ကြောင့် သိုးမွေးစောင်ကို အပေါ်သို့ ဆွဲခြုံသည်။ တစ်ကိုယ်လုံးလည်း တုန်နေသည်။ တစောင်းအိပ်ရင်း ခြေထောက်နှစ်ချောင်းကို ကွေးလိုက်သည်။ တဖြည်းဖြည်း နွေးလာသည်။ သက်သာရာလည်း ရလာသည်။

ဂျင်နီ မျက်လုံးဖွင့်လိုက်သောအခါ မျက်နှာချင်းဆိုင်မှ ကုလားထိုင်တစ်လုံးတွင် အိုင်လင်းဂေးလတ် ထိုင်နေသည်ကို မြင်ရသည်။ အိုင်လင်းဂေးလတ် အခန်းတွင်းသို့ ဝင်လာသည် ကို သူ မသိလိုက်။

"ဟဲလို ကျွန်မ အကြာကြီးများ အိပ်ပျော်သွားသလား"

ဂျင်နီက အိပ်ရာမှ ထထိုင်ရင်း မေးသည်။

"တစ်နာရီလောက်ပါပဲ၊ ဒါလောက်တော့ မင်း အိပ်သင့်တယ်"

"ကျွန်မ စိတ်ထဲတစ်မျိုးပဲ၊ ကျွန်မ ဒီလို မအိပ်သင့်ဘူး ထင်တယ်၊ ဒါပေမယ့် ကျွန်မ သိပ်အားနည်းနေတယ်"

"အာရုံ သိပ်စိုက်ခဲ့ရတယ် မဟုတ်လားကွယ်၊ ပင်ပန်းတာပေါ့၊ ဒါပေမယ့် မင်း ပူစရာ မလိုတော့ပါဘူး။ ဒီကား ရုံတင်တာနဲ့ တစ်ပြိုင်တည်း မင်းဟာ အလွန် ကြီးကျယ်အောင်မြင်တဲ့ မင်းသမီး ဖြစ်သွားပြီ၊ ထိပ်တန်းမင်းသမီးတစ်ယောက် ဖြစ်သွားပြီ"

"ကျွန်မလည်း မျှော်လင့်ပါတယ်၊ အားလုံး အင်မတန် ကြိုးစားကြတာပဲ၊ သူတို့အား လုံး ကိုယ်ရောစိတ်ရော ရုပ်ရှင်ထဲမှာပဲ မြှုပ်ထားကြတာပဲနော်၊ သူတို့အပေါ်မှာသာ ကျွန်မ စိတ်ပျက်မိရင် ဒါလောက် ပင်ပန်းတဲ့ဒဏ်ကို ကျွန်မ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး"

"ဟုတ်တာပေါ့၊ မနားတမ်း အပြေးအလွှား လုပ်နေကြရတဲ့အထဲမှာ မင်းဟာ အလွန် အပင်ပန်းခံနိုင်တာပဲ၊ မင်း အပူလေးတစ်ခွက်လောက် သောက်လိုက်ဖို့ကောင်းမယ် ထင်တယ်"

အိုင်လင်းက ထိုင်ရာမှထရင်း ဂျင်နီကို ငုံ့ကြည့်ကာ ပြောသည်။

အိုင်လင်းက ချောကလက်ဘူးကို လှမ်းယူရာ ဂျင်နီက ပြုံးပြီး ကြည့်နေသည်။

"ချောကလက်လား"

"ဘာဖြစ်လို့လဲ၊ မင်းအဖို့ လက်ဖက်ရည်ထက်ပိုပြီး အားရှိတာပေါ့၊ အစားအသောက် လည်း မင်း မရှောင်ရတော့ပါဘူး။ ရုပ်ရှင်က ရိုက်လို့ပြီးသွားပြီပဲ၊ ကြိုက်တာစားနိုင်ပါတယ်"

"ဟုတ်ပါရဲ့၊ ဝမ်းသာလိုက်တာရှင်၊ ကျွန်မဖြင့် အစားအသောက်ဆင်ခြင်ရ၊ ဘာဆင် ခြင်ရနဲ့ မသက်သာဘူး။ ကျွန်မ ဒါကြီးတွေ ချွတ်လိုက်မှထင်တယ်"

ဂျင်နီသည် မတ်တတ်ရပ်ရင်း သူ့ကိုယ်ပေါ်မှ ရုပ်ရှင်ရိုက်သည့် အဝတ်အစားများကို ချွတ်ရန်ပြင်သည်။

အိုင်လင်းက ခေါင်းညိတ်ပြသည်။ ဂျင်နီ အဝတ်လဲနေသည်ကို ကြည့်နေမိသည်။ အချိုးအဆစ် ပြေပြစ်သည့် ဂျင်နီ၏ ကိုယ်လုံးကလေးကို အဝတ်အစားပုံစံ ထုတ်လုပ်သူ၏ မျက်စိများဖြင့်ကြည့်ရင်း စဉ်းစားနေမိသည်။

ယခုလိုကြည့်နေရင်း ဂျိုနတ်စ်ကို သူ ကျေးဇူးတင်နေမိသည်။ ဂျိုနတ်စ်က ဂျင်နီ၏ ဓာတ်ပုံကိုပေးပို့ပြီး သူ့ကို လှမ်းခေါ်ခြင်း ဖြစ်သည်။ အိုင်လင်းဂေးလတ်သည် ဟောလီးဝုဒ်သို့ ပြန်မလာချင်တော့။ သည်ပတ်ဝန်းကျင်၊ သည်လုပ်ငန်း၊ သည်ဒုက္ခများကို သူ မခံစားချင်တော့။ တစ်ယောက်နှင့်တစ်ယောက် မနာလိုမှုများ၊ ချောက်တွန်းမှုများကို ရွံမုန်းသောကြောင့် ပြန်မလာ လိုခြင်း ဖြစ်သည်။

ထိုအရာအားလုံးထက် ပို၍ သူ ကြောက်ခြင်းမှာ အဟောင်းများ အသစ်ပြန်ဖြစ်မည့် အရေးပင် ဖြစ်လေသည်။

ဂျိုနတ်စ် ပို့ပေးသည့် ဓာတ်ပုံကို သူ သေသေချာချာ လေ့လာကြည့်ခဲ့သည်။ ဓာတ်ပုံ ကိုကြည့်ရင်း အတိတ်အကြောင်းများကို သူ ပြန်သတိရလာသည်။ ဂျိုနတ်စ်သည် ဂျင်နီကို ဘာကြောင့် သဘောကျပြီး ရွေးချယ်ခြင်း ဖြစ်ကြောင်းကိုလည်း နားလည်လာသည်။ ရီနာနှင့် တူသည့်အချက် အတော်များများ ဂျင်နီတွင် ရှိနေကြောင်း သူ သတိထားမိသည်။

ဓာတ်ပုံထဲမှ ဂျင်နီ၏မျက်လုံးများကို ကြည့်မိသောအခါ အလွန် အပြစ်ကင်းစင်သည့် မျက်လုံးများ ဖြစ်နေကြောင်း သတိထားမိသည်။ ကလေးငယ်တစ်ယောက်၏ မျက်လုံးများကဲ့သို့ အပြစ်ကင်းစင်နေသည်။ ဂျင်နီတွင် မည်သို့သော အတွေ့အကြုံများပင် ရှိခဲ့စေကာမူ၊ မည်သို့သော ရင့်ကျက်မှုများပင် ရှိခဲ့စေကာမူ မျက်လုံးများသည် ရိုးသားဖြူစင်နေသည်။

ဂျင်နီသည် ဘရာစီယာဝတ်ပြီးသည်နှင့် ဆွယ်တာအနက်ကို အောက်သို့ ဆွဲချသည်။ ထို့နောက် အိုင်လင်းအနားသို့ လာထိုင်ကာ အသင့်ဖျော်ထားသည့် ချောကလက်ပန်းကန်ကို ယူသောက်သည်။

"ကျွန်မဖြင့် ခေါင်းပေါ်မှာ ရွက်ထားရတဲ့ ဝန်ထုပ်ဝန်ပိုးကြီး ကျသွားသလိုပဲ၊ ဟာတာတာကြီး ဖြစ်ကျန်ရစ်ခဲ့တယ်"

ဂျင်နီက ချောကလက်ကို တစ်ကျိုက်သောက်ရင်း ပြောသည်။

"ရုပ်ရှင်တစ်ကား ရိုက်ပြီးသွားပြီဆိုရင် လူတိုင်း ဒီလိုပဲ ခံစားကြရတာပဲ"

အိုင်လင်းက ပြုံးရင်းပြောသည်။

"နောက်ထပ်တစ်ကား မရိုက်နိုင်တော့ဘူးလို့ ကျွန်မကိုယ် ကျွန်မ ထင်နေတယ်။ အခုလို စိတ်မျိုးလည်း နောက်ထပ် ပေါ်တော့မှာ မဟုတ်ဘူး။ ကျွန်မမှာ ဘာမှ မကျန်တော့ဘူး။ အားလုံး ဒီရုပ်ရှင်ကားထဲမှာ ပါသွားပြီ၊ ကုန်သွားပြီ"

အိုင်လင်းက ပြုံးပြန်သည်။

"နောက်ဇာတ်ကားရဲ့ ဇာတ်ညွှန်းကို မင်းလက်ထဲ သူတို့က ထည့်လိုက်တာနဲ့ တစ်ပြိုင်တည်း အဲဒီစိတ်တွေအားလုံး ပျောက်သွားလိမ့်မယ်"

"ဒီလိုပဲထင်သလား၊ ဒီလိုပဲ ဖြစ်တတ်သလား"

ဂျင်နီက ပြန်မေးသည်။

"ဒီအတိုင်းပဲပေါ့"

အိုင်လင်းက ခေါင်းညိတ်ပြသည်။

အပြင်မှ ဆူညံသံများသည် နံရံကိုဖောက်ပြီး အခန်းတွင်းသို့ ဝင်လာသည်။ ဂျင်နီက ပြုံးသည်။

"သူတို့ သိပ်ပျော်နေကြတယ်"

"မစ္စတာကော့က သူတို့ကို ထမင်းတစ်ပွဲ ကျွေးတယ်လေ၊ ကြိုက်သလောက် အရက်သောက်ဖို့ ဘားလည်း ဖွင့်ပေးထားတယ်"

အိုင်လင်းက သူ့ခွက်ကို လက်စသိမ်းပြီး ပြန်ချထားသည်။ ထိုင်ရာမှထကာ ဂျင်နီက ငုံ့ကြည့်သည်။

"အမှန်တော့ မင်းကို နှုတ်ဆက်ဖို့ ကိုယ်လာတာ"

ဂျင်နီက နားမလည်သလို မော့ကြည့်နေသည်။

"ဟုတ်တယ်၊ ဒီနေ့ညရထားနဲ့ ဘော်စတွန်ကို ပြန်တော့မယ်"

"အို. . . "

ဟု ရေရွတ်ရင်း ဂျင်နီက ပန်းကန်ကိုချကာ ထိုင်ရာမှထသည်။ အိုင်လင်းဆီသို့လည်း လက်ကို ကမ်းပေးလိုက်သည်။

"ကျွန်မကို အစစအရာရာ ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ရှင် အင်မတန်တော်ကြောင်း ကျွန်မ ကြားခဲ့ဖူးတာ ကြာပါပြီ"

အိုင်လင်းက ဂျင်နီ၏ လက်ကို ဆွဲယူလိုက်သည်။

"အမှန်တော့ ကိုယ် ဟောလီးဝုဒ်ကို ပြန်မလာချင်ဘူး။ ဒါပေမယ့် အခု ပြန်လာပြီး မင်းအတွက် လုပ်ကိုင်ပေးရတဲ့အတွက် ကိုယ် ပျော်ပါတယ်"

သူတို့နှစ်ယောက်သည် ထုံးတမ်းစဉ်လာလို လက်ဆွဲနှုတ်ဆက်နေကြသည်။

"ကျွန်မတို့နှစ်ယောက် အတူတူ ပြန်ပြီး အလုပ်လုပ်ခွင့် ရလိမ့်ဦးမယ်လို့ ကျွန်မ မျှော်လင့်ပါတယ်"

အိုင်လင်းက အပေါက်ဝဘက်သို့ လျှောက်သွားသည်။ လမ်းတစ်ဝက်အရောက်တွင်

ဂျင်နီဘက်သို့ ပြန်လှည့်ကြည့်သည်။

"အတူတူ ပြန်လုပ်ကြရဦးမယ် ဆိုတာ သေချာပါတယ်၊ မင်း ကိုယ့်ကို အလိုရှိတဲ့ အခါမှာ စာရေးလိုက်၊ ကိုယ် လာခဲ့မယ်"

ဟု ပြောပြီး အပြင်ထွက်သွားသည်။

ခဏအကြာတွင် တံခါးပွင့်လာပြန်သည်။ ကြော်ငြာဌာနမှ မန်နေဂျာအယ်လ်ပက် ထရိုစယ်လီ ဝင်လာသည်။ သူ တံခါးအဖွင့်လိုက်တွင် အပြင်ဘက်ရှိ တီးဝိုင်းမှ အသံများ အခန်းတွင်းသို့ ဝင်လာသည်။

"မင်းသမီး လာလေ၊ ပါတီက သိပ်ကြီးကျယ်နေပြီ။ အားလုံး အရမ်းပျော်နေကြတယ်။ မစ္စတာကောဲက သံစုံတီးဝိုင်းကြီးတစ်ခုပါ ပို့ပေးလိုက်တယ်"

ဟု ကြော်ငြာမန်နေဂျာက ဝမ်းသာအားရ ပြောသည်။

"ခဏလေး. . . ခဏလေး"

ဂျင်နီက လက်ထဲမှစီးကရက်တိုကို ချသည်။ မှန်ဘက်သို့လှည့်ပြီး သူ့ဆံပင်များ သပ်သပ်ရပ်ရပ် ဖြစ်သွားအောင် စည်းနှောင်လိုက်သည်။

"မင်း ဒီအတိုင်း လိုက်လို့ မဖြစ်ဘူးထင်တယ်"

ဟု သူက ပြောသည်။

"ဘာဖြစ်လို့လဲ၊ ရုပ်ရှင်ရိုက်လို့ ပြီးသွားပြီပဲ"

အခန်းတွင်းသို့ သူ ဝင်လာသည်။ သူ့နောက်မှာ တံခါးပိတ်ကျန်ရစ်ခဲ့သည်။

"ဘာကြောင့်လဲဆိုတော့ လိုက်ဖ်မဂ္ဂဇင်းက ဒီနေ့လုပ်တဲ့ ပါတီကို သတင်းလာယူပြီး အပြည့်အစုံ ရေးလိမ့်မယ်။ အလွန် ကြီးကျယ်တဲ့ ရုပ်ရှင်ကားထဲက မင်းသမီးက ရိုးရိုးအဝတ်အစား ကလေးဝတ်ပြီး တက်တယ်ဆိုတော့ သူတို့ စာဖတ်ပရိသတ်က ဘယ်လို ထင်မလဲ၊ ဒီကားဟာ ဆယ်နှစ်အတွင်းမှာ ပထမဆုံးအကြိမ် အကြီးအကျယ်ဆုံး ရိုက်တဲ့ကားပဲ၊ ဒါကြောင့် ဇာတ်ဝင် ခန်းက အဝတ်ကိုတော့ ဝတ်ရမှာပေါ့ကွယ်"

"အဲဒါကြီးတော့ ကျွန်မ မဝတ်ချင်တော့ဘူး"

ဂျင်နီက ခေါင်းမာနေသည်။

"လုပ်ပါ ကလေးရယ်၊ သူတို့ကို ကိုယ် ကတိပေးထားခဲ့လို့ပါ"

"အဲဒီပုံမှ လိုချင်တယ်ဆိုရင်လည်း သူတို့ကို ဓာတ်ပုံအယ်လ်ဘမ် ပေးလိုက်ပေါ့"

"အခုအချိန်ဟာ ငြင်းနေရတော့မယ့်အချိန် မဟုတ်ပါဘူးကွယ်။ မင်းက လိမ္မာပါ တယ်၊ ဒီတစ်ခါပဲနော်၊ ကဲ. . . လဲလိုက်ပါ"

"ဒီအတိုင်း ကောင်းပါတယ် အယ်လ်၊ ဂျင်နီက မလဲချင်ဘူးဆိုရင် မလဲပါစေနဲ့"

နောက်ဘက်မှ အသံထွက်လာသည်။ ဘွန်နာ ဝင်လာပြီး ပြောခြင်း ဖြစ်သည်။ အလွန် အရုပ်ဆိုးသည့် သူ့မျက်နှာပေါ်မှာ အပြုံးကို မြင်ရသည်။

"နောက်တစ်ခုကလည်း ဒီအတိုင်းဆိုတော့ လိုက်ဖ်မဂ္ဂဇင်း အဖို့ အပြောင်းအလဲ တစ်မျိုး ဖြစ်သွားတာပေါ့"

ဘွန်နာကပင် ဆက်ပြောသည်။

"ခင်ဗျား သဘောကျတယ်ဆိုရင် ကောင်းပါပြီ မစ္စတာဘွန်နာ"

အယ်လ်ပက်ထရိုစယ်လီက ဘွန်နာကို လှမ်းကြည့်ပြီး ပြောသည်။

"ကဲ. . . ဒီအတိုင်းသွားလို့ရတယ်"

ဘွန်နာက ဂျင်နီဘက်သို့ လှည့်လာရင်း ပြုံးသည်။

ဂျင်နီက ဘာမှ ပြန်မပြော၊ သူ့ကိုသာ ကြည့်နေသည်။

"မင်းအကြောင်းကို ငါ စဉ်းစားနေခဲ့တယ်၊ မင်းဟာ အင်မတန် အောင်မြင်ကျော်ကြားတဲ့ ထိပ်တန်းမင်းသမီးတစ်လက် ဖြစ်လာတော့မှာ သေချာတယ်"

ဂျင်နီသည် ဘာမှ ပြန်မဖြေသေး။

"အလင်္ကီမဇာတ်ကားပြီးရင် နောက်ထပ် ကားဆက်ရိုက်ဖို့ကောင်းတယ်"

"ကျွန်မတော့ ဒီအကြောင်းကို မစဉ်းစားမိပါဘူး"

ဟု ဂျင်နီက ပြန်ပြောသည်။

"ဟုတ်တာပေါ့၊ မင်းလည်း မစဉ်းစားမိဘူး။ ဂျိုနတ်စ်လည်း မစဉ်းစားမိဘူး။ ဒီအလုပ်က မင်းတို့ရဲ့ အလုပ်မှ မဟုတ်ဘဲ။ ဒါပေမယ့် ဒါက ငါ့အလုပ်၊ ဂျိုနတ်စ်က သူ ရုပ်ရှင်ရိုက်ချင်လာပြီဆိုရင် ဖြစ်အောင်ရိုက်တယ်။ အောင်မြင်အောင်လုပ်တယ်။ ဒါပေမယ့် အဲဒီလိုစိတ်မျိုး သူ ပေါက်လာအောင်က နောက်ထပ် ရှစ်နှစ်လောက် စောင့်ရလိမ့်ဦးမယ်"

"အဲဒီတော့"

ဂျင်နီက ပြန်မေးသည်။ ဘွန်နာကိုလည်း သူ စိုက်ကြည့်နေသည်။ ဘွန်နာက သူ့ပခုံးများကို တွန့်ပြသည်။

"မင်း အလုပ်ဖြစ်နေအောင် ငါက လုပ်ပေးရမယ့်တာဝန် ရှိနေတယ်။ ဇာတ်ကားတစ်ကားနဲ့တစ်ကား ရှစ်နှစ်တောင် ကြာတယ်ဆိုရင် မင်းကို ပရိသတ်က မေ့သွားပြီပေါ့"

ဘွန်နာသည် သူ့အိတ်ထဲမှ စီးကရက်ဘူးကို ဆွဲထုတ်သည်။

"မက်ဆီကန်အဘွားကြီးက မင်းဆီမှာပဲ အလုပ်လုပ်နေတုန်းပဲလား"

"ဟုတ်ကဲ့"

"မင်း အရင်အိမ်မှာပဲလား"

"ဟုတ်ကဲ့"

"နောက်အပတ်ထဲကျရင်တော့ တစ်ညနေလောက် မင်းဆီကို လာခဲ့ဦးမယ်လို့ စိတ်ကူးနေတယ်။ တို့ ဇာတ်ကား ဆက်ရိုက်ကြဖို့အတွက် ငါ့မှာ ဇာတ်ညွှန်းတချို့ ရှိနေတယ်"

ဂျင်နီက ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။

"ဂျိုနတ်စ်လည်း ခရီးသွားနေပြီ။ အလုပ်ကိစ္စနဲ့ ကနေဒါကို သွားနေသတဲ့။ တစ်ခုတော့ ကံကောင်းပါတယ်ကွာ၊ မင်း သိတယ် မဟုတ်လား။ မင်းအကြောင်းကို ဂျိုနတ်စ် မသိသေးဘူး နော်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

ဂျင်နီက အသက်ကို ဖြည်းညင်းစွာ ရှူလိုက်မိသည်။

"ဗုဒ္ဓဟူးနေ့ ညလောက်တော့ လာဖြစ်လိမ့်မယ် ထင်တယ်"

"ကျွန်မဆီကို ပထမဆုံး ဖုန်းကြိုဆက်ကြည့်ရင် ကောင်းမယ်"

ဂျင်နီ၏ နှုတ်ခမ်းများသည် တင်းတင်းစေ့နေသည်။

"ဩော်. . . ဟုတ်တာပေါ့၊ ငါ မေ့သွားတယ်၊ ဘာမှ မပြောင်းလဲသေးပဲကိုး၊ ပြောင်းလဲသွားပြီလား"

"မပြောင်းပါဘူး"

ဂျင်နီက သူ့ကို ငြီးငွေ့စွာ မော့ကြည့်သည်။ ပြီးတော့ သူ့ကိုရှောင်ပြီး တံခါးအပေါက်ဘက်သို့ လျှောက်လာခဲ့သည်။ ထိတ်လန့်တုန်လှုပ်မှုများ သူ့ရင်ထဲမှာ ကြီးစိုးလာသည်။

ဘာမှ မပြောင်းလဲသေး။ ဂျင်နီ၏ဘဝသည် သူတို့ပြုသမျှ နုရမည့် အခြေမျိုးသို့ ဆိုက်ရောက်နေပါပေါ့ကလား။

## (၂)

အိပ်ရာမှ ဂျင်နီ နိုးလာသည်။ ပြတင်းပေါက်မှာ တပ်ထားသည့် ခန်းဆီး လှုပ်နေသည်ကို မြင်ရသည်။ မီးဖိုဘက်မှ ဟင်းနံ့များလည်း သူ့အခန်းတွင်းသို့ ဝင်လာသည်။ နွေရာသီ၏ ပူနွေးသောလေသည်လည်း အခန်းတွင်းသို့ ဝင်လာ၏။ သည်လို ဟင်းနံ့မျိုးကို သည်လိုအချိန်မှာ ရသည်ဆိုလျှင် ယနေ့သည် တနင်္ဂနွေနေ့ဖြစ်ကြောင်း သူ သိသည်။ ငယ်စဉ်ကလေးဘဝတုန်းကတော့ သည်နေ့ဆိုလျှင် အလွန် ပျော်သည်။

တနင်္ဂနွေနေ့ နံနက်တိုင်း အမေနှင့်အတူ ဘုရားရှိခိုးကျောင်းမှ အိမ်ပြန်ရောက်သည်တွင် ပါပါသည် အိပ်ရာမှ နိုးနေတတ်၏။ သူ့ကို ပြုံးလျက် ကြိုဆိုနေမြဲဖြစ်၏။ မုတ်ဆိတ်ကျင်စွယ်များကို သူ ကောင်းစွာ ရိတ်ပြီးပြီ။ ပါပါ့ ပါးစပ်ကတော့ ရမ်အရက်နံ့တသင်းသင်း ရနေတတ်သည်။

ပါပါသည် သူ့ကို ချိုင်းအောက်မှ မကာ လေထဲသို့ ပစ်မြှောက်ပြီး ပြန်ဖမ်းသည်။ ရင်ခွင်ထဲမှာ တင်းကျပ်စွာ ပွေ့ထားပြီး ပြောလေ့လည်း ရှိသည်။

"ဒီနေ့မနက် သမီးလေး ဘယ်လိုလဲကွ၊ ဘုရားရှိခိုးကျောင်းက ပြန်လာလို့ တရားတွေ သိပ်ရလာခဲ့သလား။ ကုသိုလ်တွေ အများကြီးရလာခဲ့ပြီလား"

စသည်ဖြင့် ပါပါက မေးလေ့ရှိသည်။ ပြီးတော့ ပါပါ ရယ်သည်။ ဂျင်နီလည်း ရယ်သည်။ တစ်ခါတစ်ရံ မေမေလည်း သူတို့သားအဖနှင့် အတူရောပြီး ဝင်ရယ်သည်။ ရယ်ရင်းလည်း မေမေက ပြောတတ်သည်။

"ဒီမှာ သောမတ်စ်ဒင်တန်၊ ဒီစကားဟာ ကိုယ့်သမီးကလေးကို အဖေ လုပ်သူက ပြောရမယ့်စကားလား။ ဘုရားမရှိ တရားမရှိတဲ့ ရှင့်ရဲ့ တိတ္ထိမျိုးစေ့တွေ သမီးကလေးကို ပေးနေတာလား"

ပါပါနှင့် မေမေသည် အသက်ငယ်ကြသေးသည်။ သူတို့ဘဝသည် အလွန် ပျော်ရွှင်ချမ်းမြေ့စရာကောင်းသည်။ အစစအရာရာလည်း အဆင်ပြေနေကြသည်။ ချမ်းချမ်းသာသာ မဟုတ်သော်လည်း ရသမျှဖြင့်ပင် ရောင့်ရဲတင်းတိမ်တတ်ကြသည်။

ညစာစားပြီးသောအခါ ပါပါသည် သူ့ကိုယ်သူ သပ်ရပ်ကျနစွာ ဝတ်ဆင်သည်။ ပြီးတော့ သမီးကိုလက်ဆွဲကာ သားအဖနှစ်ယောက် အပြင်သို့ ထွက်လာခဲ့ကြသည်။

သည်လို ထွက်လာခြင်းသည် စွန့်စားခန်းဖြစ်သည်ဟု ပါပါက ပြောလေ့ရှိသည်။ သူတို့ အိမ်ပြင်သို့ ရောက်သည်နှင့် တစ်ပြိုင်တည်း ပထမဦးဆုံးသော စွန့်စားခန်းနှင့် စတင်တွေ့ရသည်။

ပါပါက ဂျင်နီကို လက်တစ်ဖက်ဖြင့်ပွေ့ရင်း သူတို့ ရှေ့က ဖြတ်မောင်းသွားသည့် ဘတ်စ်ကားပေါ်သို့ ခုန်တက်လိုက်သည်။ ပြီးလျှင် ဘတ်စ်ကားသမားများကို အပြာနှင့် အဖြူရောင်ဖြင့် ရိုက်ထားသည့် လက်မှတ်ကို ထုတ်ပြလေ့ရှိသည်။ သည်ကုမ္ပဏီကပိုင်သော ဘတ်စ်ကားများ အားလုံးကို ပါပါ အခမဲ့စီးခွင့် ရှိသည်။

ပါပါက ဂျင်နီကို လက်ထဲမှာပွေ့ရင်း ကားရှေ့ပိုင်းသို့ရောက်အောင် တရွေ့ရွေ့တိုးသွားသည်။ ဒရိုင်ဘာနားသို့ ရောက်သောအခါ ဂျင်နီ၏မျက်နှာကို ကားအပြင်သို့ ထုတ်ပေးသည်။ အပြင်မှ လေအေးက ဂျင်နီ၏မျက်နှာကို လာတိုးသည်။ အသက်ရှူရခက်လောက်အောင်ပင် လေအေးအေးက မျက်နှာကို တိုးဝှေ့နေတတ်သည်။ သို့သော်လည်း သည်သို့ နေရသည်ကို ဂျင်နီ သဘောကျသည်။ ထို့ကြောင့်လည်း ကျယ်လောင်သောအသံဖြင့် ရယ်မိသည်။

"ဒါ. . . ကျွန်တော့်သမီးလေးလေ၊ ကျွန်တော့်ရဲ့ ဂျင်နီ ဝက်ဝံမပေါ့"

စသည်ဖြင့်လည်း ဘတ်စ်ကားစီး အခြားခရီးသည်များကို လှမ်းပြောတတ်သည်။ ဂျင်နီကိုလည်း မြှောက်ပြတတ်သည်။ သမီးကလေးအတွက် အလွန် ဂုဏ်ယူဝင့်ကြွားနေသည့် အမူအရာမျိုးကို ပါပါ့မျက်နှာပေါ်မှာ အမြဲမြင်ရသည်။

ကိုယ့်စိတ်ကူးနှင့်ကိုယ် လိုက်လာကြသည့် ခရီးသည်များသည် ပါပါ့အသံကို ကြားသောအခါ စိတ်ကူးပျက်ပြီး ဂျင်နီတို့သားအဖကို ကြည့်ကြသည်။ ဝိုင်းစက်လှပသော ဂျင်နီ၏ မျက်နှာကလေးပေါ်တွင် အလွန် ပျော်ရွှင်ချမ်းမြေ့နေသည့် အမူအရာကို မြင်ရသောအခါ သူတို့ အားလုံးသည် ကလေးတို့သားအဖနှင့် အတူရောရှိ စိတ်ကြည်နူးကြသည်။

ဂျင်နီတို့သားအဖသည် ပန်းခြံသို့ သွားကြသည်။ တစ်ခါတစ်ရံကျတော့ ဆိပ်ကမ်းကုန်ရုံများရှိရာသို့ သွားတတ်သည်။ ရေကူးသည်။ တစ်ခုခု စားသည်။ ပါပါက ဘီယာသောက်သည်။ ဘီယာခွက် အကြီးကြီးထဲမှာ အမြှုပ်တွေ ထနေသည်ကို မြင်ရသည်။

တစ်ခါတစ်ရံကျတော့လည်း တိရစ္ဆာန်ရုံသို့ သွားကြသည်။ ဆင်နှင့်မျောက်များကို ကျွေးရန် အစာများကို ဂျင်နီက သယ်လာတတ်သည်။ ညမိုးချုပ်၍ အိမ်သို့ ပြန်ကြသောအခါတွင် ဂျင်နီသည် အလွန် မောပန်းနေပြီ ဖြစ်၏။ တစ်ခါတစ်ရံတွင်မူ ပါပါ့လက်မောင်းများပေါ်မှာပင် အိပ်ပျော်ရင်း ပြန်ရောက်လာတတ်သည်။

နောက်တစ်နေ့သည် တနင်္လာနေ့ ဖြစ်သည်။ နောက်ထပ် တနင်္ဂနွေနေ့ကို ရောက်အောင် စောင့်ရသည်မှာ ကြာလွန်းသည်။ သည်မျှ အကြာကြီးကို ဂျင်နီ မစောင့်နိုင်။

ကလေးဘဝ ဟူသည်မှာ တနင်္ဂနွေနေ့များ မြန်မြန် ကုန်ဆုံးသွားသကဲ့သို့ ကုန်ဆုံးခြင်း မရှိ။ ထိုအရွယ်ကလွန်တော့ ကျောင်းသို့ ဂျင်နီ သွားရသည်။ သီလရှင်ဆရာမများကို အစပထမ က ကြောက်နေသည်။ သို့သော်လည်း ကြာရှည် မဟုတ်။ သူတို့က စာသင်ပေးသည်။ တဖြည်း ဖြည်း နေသားထိုင်သား ကျလာသည်။ သီလရှင်များကို ကြောက်သည့်စိတ် ပျောက်လာသည်။ ဆရာမများအဖြစ်နှင့် လက်ခံတတ်လာသည်။

ကလေးဘဝက သားအဖနှစ်ယောက် လျှောက်လည်ရသည့် တနင်္ဂနွေနေ့၏ အရသာ သည် ပြောင်းလာသည်။ မရပ်ဘဲ မောင်းနေသော ကားပေါ်သို့ ခုန်တက်သည့် အရသာမျိုး မဟုတ်တော့။ ဘာသာရေးကို ဆရာမများက သင်ကြားပေးပြီ ဖြစ်သောကြောင့် ပို၍ပို၍ လေးနက်လာသည်။ ငယ်စဉ်က ပျော်မဆုံးသည့် တနင်္ဂနွေနေ့၏ အရသာကလေးများ တစ်စ ထက်တစ်စ ပျောက်ကွယ်လာသည်။ ကြာတော့ ကောင်းကောင်းပင် မမှတ်မိချင်တော့။

ဂျင်နီသည် နှစ်ပေါင်း (၁၆) နှစ်တိုင်တိုင် အိုမင်းနေပြီဖြစ်သည့် သူ၏ခုတင်ပေါ်မှာ လဲလျောင်းရင်း ငယ်စဉ်က အကြောင်းများကို ပြန်လည် စဉ်းစားနေမိသည်။ ယနေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ တနင်္ဂနွေနေ့၏ အသံများကို နားစွင့်နေမိသည်။ ခဏတော့ တိတ်ဆိတ် နေသေးသည်။ တစ်အောင့်ကြာတော့မှ သူ့အမေ၏အသံ ပေါ်လာသည်။

"မစ္စတာဒင်တန်၊ ရှင့်ကို နောက်ဆုံးအနေနဲ့ ပြောမယ်၊ ဒီကနေ့တော့ ဘုရားရှိခိုး ကျောင်းကို ရှင် လိုက်ပြီး ဘုရားရှိခိုးဖို့ကောင်းပြီ"

ပါပါ့အသံက ဗလုံးဗထွေး ဖြစ်နေသည်။ ဘာတွေ ပြန်ပြောနေသည်ကို ဂျင်နီ မကြား ရ။ ဤအသံများသည် တနင်္ဂနွေနေ့၏ အသံများ ဖြစ်သည်။ တနင်္ဂနွေနေ့တိုင်း အမြဲတမ်း ကြားရလေ့ရှိသည်။ မေမေက ပါပါ့ကို. . .

"ရှင့်ကို နောက်ဆုံးအနေနဲ့ပြောမယ်"

ဟူသော စကားကိုလည်း တနင်္ဂနွေနေ့တိုင်း ပြောလေ့ရှိသည်။

ဂျင်နီက အိပ်ရာပေါ်မှ မထသေး။ သူ့စိတ်ကူး မျက်လုံးထဲမှ ပါပါနှင့် မေမေတို့နှစ် ယောက် မည်သို့မည်ပုံ ဖြစ်နေသည်ကို အထင်းသား မြင်ယောင်နေမိသည်။

ပါပါသည် အိပ်ရာပေါ်မှာ အိပ်နေတုန်း ဖြစ်ရမည်။ သူ့မျက်နှာတွင် မုတ်ဆိတ် မရိတ်ရသေး။ စနေနေ့ညက သောက်ထားသည့် ဘီယာက အရှိန်မသေသေးဘဲ ရှိမည်။ သူ့ကိုယ် ပေါ်မှာ အတွင်းခံသိုးမွေးထည်ကို ဝတ်ထားလိမ့်မည်။ ကြီးမားသည့် ခုတင်ကြီးပေါ်တွင် မျက်နှာ ကို ခေါင်းအုံးနှင့် အပ်ထားလိမ့်မည်။

မေမေ၏ အသံကို ကြားရပြန်သည်။

"ဒီ တနင်္ဂနွေနေ့တော့ ရှင် သေချာပေါက် လာပါလိမ့်မယ်လို့ ကျုပ်က ဖာသာဟက် ဒလေကို ကတိပေးထားခဲ့ပြီ၊ ရှင့်အတွက် ရှင် ဂရုမစိုက်ပေမယ့် ရှင့်မိန်းမနဲ့ ရှင့်သမီးကလေး အတွက်တော့ ဂရုစိုက်ဦးမှပေါ့"

ပြန်ပြောမည့် အသံကို မကြားရ။ တံခါးပိတ်သံ ကြားရသည်။ မီးဖိုချောင်အတွင်းသို့ မေမေ ဝင်သွားခြင်း ဖြစ်သည်။ ဂျင်နီသည် အိပ်ရာမှ ထလိုက်၏။ ခုတင်အောက်ရှိ ခြေညှပ်ဖိနပ် ကို ရှာသည်။ တော်တော်နှင့် မတွေ့။ တွေ့သောအခါ ထိုင်ရာမှထသည်။ အခန်းကို ဖြတ်ပြီး လျှောက်လာသောအခါတွင် ညဝတ်အင်္ကျီက သူ့ဒူးဆစ်မှာ ဝဲနေသည်။ ရေချိုးခန်းသို့သွားရန် မီးဖိုခန်းကို ဖြတ်လာခဲ့သည်။ မီးဖိုနားမှ မေမေက လှည့်ကြည့်သည်။

"ဘုရားရှိခိုးကျောင်းကို သွားဖို့ မေမေ ချုပ်ပေးထားတဲ့ အင်္ကျီအပြာလေးကို ဝတ်နော် သမီးလေး"

"ဟုတ်ကဲ့ မေမေ"

ဟု သူ ပြန်ပြောခဲ့သည်။

သွားများကို ဂရုစိုက်တိုက်သည်။ ကျန်းမာရေးသင်ခန်းစာ သင်တုန်းက စာသင်ခန်းထဲ တွင် သီလရှင်ဖီလိုမီနာ သင်ခဲ့သည့်စကားများကို ပြန်ကြားနေမိသည်။ သွားပွတ်တံဖြင့် အပေါ် အောက်ထောင်လိုက် တိုက်ရမည်။ အပေါ်သွားဖုံး၊ အောက်သွားဖုံးများကို ထိအောင်တိုက်ရ မည်။ ထိုသို့ တိုက်မှ စားကြွင်းစားကျန်များ ပြောင်မည်။ စားကြွင်းစားကျန်များ ပြောင်မှ

သွားခိုင်သည်။ အလျားလိုက် မတိုက်ရ။ စသည်ဖြင့်. . .

ဂျင်နီက မှန်ထဲတွင် သူ့သွားများကို ကြည့်မိသည်။ အလွန် သန့်ရှင်းသည်။ အလွန် ဖြူစင်သည်။ အလွန် လှပညီညာသည်။

သန့်ရှင်းမှုကို ဂျင်နီ အလွန် မြတ်နိုးသည်။ မာစီအထက်တန်းကျောင်းမှာ မိမိနှင့်အတူ ကျောင်းတက်နေကြသည့် အခြားသော မိန်းကလေးများကဲ့သို့ မဟုတ်။ သူတို့သည်လည်း ဂျင်နီကဲ့သို့ပင် ဆင်းရဲသားရပ်ကွက်များမှ လာရောက်ကျောင်းတက်ကြသူများ ဖြစ်သည်။ သူတို့သည် တစ်ပတ်လျှင် တစ်ကြိမ်ကျ စနေနေ့ရောက်မှ ရေချိုးလေ့ရှိကြသည်။ ဂျင်နီကတော့ ညတိုင်း ရေချိုးသည်။ ဓာတ်ငွေ့မတတ်နိုင်လျှင် ရေကိုကျိုပြီး ရေနွေးစပ်ကာ ရေချိုးသည်။

မှန်ထဲမှာ သူ့မျက်နှာကို သူ ကြည့်နေသည်။ မျက်လုံးများက ညိုမောင်းနေသည်။ သူနာပြုဆရာမလေးများ၏ ခေါင်းမှာဆောင်းသည့် ဖြူဖြူခေါင်းဆောင်းကလေးကို စိတ်ကူးဖြင့် ခေါင်းပေါ်သို့ တင်ကြည့်သည်။ ထိုအခါတွင် ဤမျက်နှာကလေးသည် မည်ကဲ့သို့ ပြောင်းလဲသွားမည်နည်းဟု စိတ်ကူးယဉ်ကြည့်မိသည်။

မကြာမီမှာပင် ဆုံးဖြတ်ချက်တစ်ခုကို သူ ချမှတ်ရပေတော့မည်။ အထက်တန်းကျောင်းမှ ကျောင်းဆင်းပွဲကို နောက်လတွင် ကျင်းပတော့မည် ဖြစ်သည်။ စိန့်မေရီ သူနာပြုအတတ်သင်ကောလိပ်ကျောင်းသို့ စကောလားရှစ်ဖြင့် ပညာသင်ကြားခွင့်သည် လူတိုင်း ရနိုင်သော အခွင့်အရေး မဟုတ်။

သီလရှင်များက ဂျင်နီကို သဘောကျသည်။ မာစီအထက်တန်းကျောင်းသို့ ရောက်ကတည်းက ဂျင်နီသည် အတန်းတိုင်း၊ စာမေးပွဲတိုင်းမှာ အမှတ်ကောင်းကောင်းဖြင့် ထိပ်ဆုံးမှ အောင်မြင်ခဲ့စမြဲ ဖြစ်သည်။

မိမိသည် ယခုခေတ် အခြားမိန်းကလေးများကဲ့သို့ မဟုတ်ကြောင်း၊ တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်းသို့ မှန်မှန်လာပြီး ဝတ်ပြုကြောင်း၊ ဘာသာတရားတွင် အလွန် ကိုင်းရှိုင်းကြောင်းဖြင့်လည်း ဘုရားရှိခိုးကျောင်းမှ ဖာသာဟက်ဒလေက မာစီအထက်တန်းကျောင်းအုပ် သီလရှင်ကြီး မာသာမေရီအားနက်စ်ထံသို့ ထောက်ခံစာလည်း ရေးပေးထားသည်။

ဤမျှ ဘာသာတရားတွင် ကိုင်းရှိုင်းသည့် ဆင်းရဲနွမ်းပါးသော မိန်းကလေးတစ်ယောက်အတွက် ထိုက်တန်သည့် ချီးမြှင့်မှုကို ပြုသင့်ကြောင်းဖြင့်လည်း ဘုန်းတော်ကြီး ဖာသာဟက်ဒလေက ကျောင်းအုပ်သီလရှင်ကြီးအား ဆက်လက် အကြံပေးထားသေးသည်။

စိန့်မေရီ သူနာပြုအတတ်သင်ကောလိပ်သို့ တစ်နှစ်လျှင် တစ်ယောက်ကျသာ ပညာသင်ဆုပေးပြီး စေလွှတ်လေ့ရှိသည်။ ထိုတစ်ဦးတည်းသော ကျောင်းသူသည် ဘာသာတရားတွင်လည်း လွန်စွာ ကိုင်းရှိုင်းရမည် ဖြစ်သည်။ ကျောင်းစာတွင်လည်း တစ်ပါးသူများထက် ပိုမို ထူးချွန်သူ ဖြစ်ရမည်။ ထိုသို့သော ကျောင်းသူမျိုးရအောင် ကော်မတီဖြင့် စိစစ်ရွေးချယ်လေ့ရှိသည်။ ထိုကော်မတီကို ဂိုဏ်းချုပ်ဘုန်းတော်ကြီးက ဦးဆောင်သည်။

ယခုနှစ်အတွက် ရွေးချယ်ခံရသူသည် ဂျင်နီဒင်တန် ဖြစ်သည်။ အကယ်၍ သူနာပြုဆရာမအဖြစ် လုပ်လိုပါသည်ဟု ဂျင်နီက ဆုံးဖြတ်လျှင် သူ့ကို စေလွှတ်မည် ဖြစ်သည်။ ယနေ့နံနက် ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုပြီးသောအခါတွင် သီလရှင်ကြီးမာသာမေရီအားနက်စ်ထံသို့ ဂျင်နီကိုယ်တိုင် သွားကာ အဖြေပေးရမည် ဖြစ်သည်။

"ဘုရားသခင်ရဲ့ သနားကရုဏာတော်ကြောင့် ဖြစ်လာတာပဲ၊ ဒါပေမယ့် ဆုံးဖြတ်ချက်ကိုတော့ မင်းက ချရလိမ့်မယ်။ မကျန်းမမာတဲ့ လူတွေ၊ အားကိုးရာမဲ့နေတဲ့ လူတွေကို ကူညီစောင့်ရှောက်ဖို့ဆိုတာက မင်း တကယ် စိတ်ပါဝင်စားတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်ချင်မှတော့ ဖြစ်မှာပေါ့လေ"

ဟု သီလရှင်စစ္စတာဆိုင်ရီလ်က သူ့ကို ပြောဖူးသည်။ ကော်မတီက သူ့ကို ပညာသင်ဆုပေးရန် ဆုံးဖြတ်လိုက်သည့်အကြောင်းကို ခေါ်ပြောစဉ်က ပြောသွားခြင်း ဖြစ်သည်။

ထိုစဉ်က သီလရှင်ဆိုင်ရီလ်သည် ဂျင်နီကို မော့ကြည့်နေသည်။ ဂျင်နီ၏ကိုယ်လုံးသည် သွယ်သွယ် ဖြစ်သည်။ အရပ်မြင့်သည်။ သူ့ကိုယ်ပေါ်၌ အရွယ်ရောက်ပြီး အမျိုးသမီးများ ရှိအပ်သည့် ကိုယ်လုံးကိုယ်ပေါက်များ ရှိနေပြီ ဖြစ်သည်။ သူ့မျက်လုံးများသည် အညိုရောင်

ဖြစ်သည်။ အလွန် အပြစ်ကင်းစင်နေသည်။ ဂျင်နီက ဘာမှ ပြန်မပြော။ သီလရှင်က သူ့ကို ပြုံးကြည့်နေသည်။

"မင်း စဉ်းစားဖို့အချိန် တစ်ပတ်ရပါတယ် ဂျင်နီ၊ နောက် တနင်္ဂနွေနေ့ကျရင် မာသာ အားနက်စ်ဆီကိုသွားပြီး မင်း အဖြေကို ပေးပါ"

ဂျင်နီကို ပညာသင်ဆုပေးရန် ရွေးချယ်လိုက်ကြောင်း ကြားရသောအခါတွင် ပါပါသည် ယမ်းပုံမီးကျ ဖြစ်နေ၏။

"ကလေးရဲ့ဘဝကို ဘယ်လိုဖြစ်အောင် လုပ်ပစ်လိုက်ကြတာလဲ၊ ညစ်ပတ်နေတဲ့ လူတွေရဲ့ အညစ်အကြေးတွေကို သုတ်သင်ပေးနေရမှာလား၊ ဒါတင် မကသေးဘူး။ နောက်ဆုံးကျတော့ ကလေးကို သီလရှင်ဖြစ်အောင် သူတို့ လုပ်ကြလိမ့်ဦးမယ်၊ ဒါတွေကို မင်း သိရဲ့လား"

ပါပါက မေမေ့ဘက်သို့ လှည့်အော်သည်။

"ဒါတွေအားလုံး မင်း လုပ်တာ၊ မင်း ခေါင်းပေါ်တင်ပြီး ကိုးကွယ်နေတဲ့ ဘုန်းကြီးတွေနဲ့ မင်းနဲ့ လုပ်လိုက်ကြတာ၊ ကလေးဟာ သူ့ဘဝကို သူ ရှာပါစေလား။ သူ့လမ်းကြောင်းကို သူ ရွေးချယ်ပါစေလား"

မေမေ့မျက်နှာသည် ဖြူနေ၏။

"ရှင် မဟုတ်တမ်းစကားတွေ ပြောမနေနဲ့၊ ဘာသာတရားကို စော်ကားတဲ့စကားတွေ ပြောမနေနဲ့ သောမတ်စ်ဒင်တန်၊ ဘုန်းတော်ကြီး ဖာသာဟက်ဒလေနဲ့ ရှင် တစ်ခါလောက် စကား သွားပြောကြည့်ရင် ဒီစကားမျိုး ရှင် ပြောမှာ မဟုတ်ဘူး။ ရှင် ဘယ်လောက် မှားနေပြီဆိုတာကို ရှင် ကောင်းကောင်း သိသွားမယ်၊ ကိုယ့်သမီးကလေးက ဘာသာရေးတာဝန်တွေကို သမ်းဆောင်တော့ရော ဘာဖြစ်ရမှာလဲ၊ ကျုပ်ကတော့ ကိုယ့်သမီးကလေး သီလရှင် ဖြစ်သွားမယ်ဆိုရင် အမေတစ်ယောက်အနေနဲ့ ဂုဏ်ယူတယ်၊ ကိုယ့်သမီးကလေးကို ဘုရားသခင်ရဲ့သမီးတော် အဖြစ်နဲ့ ဆက်ကပ်ရတာဟာ ဘာများ မှားသွားသလဲ"

"အင်း. . . မင်း သမီးလေး ကြီးလာတဲ့အခါမှာ သူ့ဘဝက ပျော်ရွှင်ချမ်းမြေ့စရာ ကောင်းတာတွေကို မင်း မတရားခိုးယူသွားဘယ် ဆိုတာသိရင် ဘယ်လို လုပ်မလဲ၊ ဘယ်သူ့ကို အပြစ်တင်ရမှာလဲ"

ပါပါက ဂျင်နီဘက်သို့ လှည့်လာပြီး ငုံ့ကြည့်သည်။ ပြီးတော့ ပျော့ပျောင်းညင်သာသည့် လေသံဖြင့် ပြောသည်။

"ဂျင်နီဝက်ဝံမ၊ သမီးက သူနာပြုဆရာမ ဖြစ်ချင်ပါတယ်ဆိုရင် ပါပါက ကန့်ကွက်နေဘာ မဟုတ်ဘူးနော်၊ ပါပါ ပြောနေတာက သမီး ဘာလုပ်ချင်သလဲ၊ ဘာဖြစ်ချင်သလဲ၊ သမီးလုပ်ချင်တာကိုလုပ်၊ သမီး ဖြစ်ချင်တာကိုလုပ်၊ သမီးမေမေနဲ့ ပါပါတို့အတွက် ဘာမှ အရေးမကြီးဘူး။ သမီးစိတ်ထဲမှာ ရှိတာကိုလုပ်၊ ပါပါ ပြောတာ သမီး သဘောပေါက်တယ် မဟုတ်လား သမီး"

ပါပါက လေးလေးပင်ပင် သက်ပြင်းချသည်။

"နားလည်ပါတယ် ပါပါ"

ဂျင်နီက ခေါင်းညိတ်ဖြေသည်။

ပါပါသည် ဂျင်နီကို ငုံ့ကြည့်ပြန်၏။ သူ့အသံသည် နူးညံ့ပျော့ပျောင်းနေပြန်သည်။

"ဂျင်နီဝက်ဝံမလေး၊ ပါပါ့ကို ပြောစမ်း၊ သမီးကရော သူနာပြုဆရာမ ဖြစ်ချင်သလား"

ဂျင်နီက ပါပါ့ကို မော့ကြည့်သည်။ ညိုမောင်းသည့် သူ့မျက်လုံးများသည် ကြည်လင်တောက်ပနေကြသည်။

"သမီး ထင်ပါတယ် ပါပါ"

"ကောင်းတယ် ဝက်ဝံမလေး၊ သမီးက ဖြစ်ချင်တယ်ဆိုရင် ပါပါ သဘောကျတယ်၊ ကျေနပ်တယ်"

သောမတ်စ်ဒင်တန်က အလွန် တည်ငြိမ်သောအသံဖြင့် အေးအေးချမ်းချမ်း ပြောသည်။

မေမေက သူ့ကို လှမ်းကြည့်သည်။ သူ့မျက်နှာပေါ်တွင် အောင်ပွဲခံလိုက်သည့် အမူအရာများကို တွေ့နေရသည်။

"ဘုရားသခင်ရဲ့ အလိုဆန္ဒကို ဆန့်ကျင်လို့ မရဘူးဆိုတာ ရှင် ဘယ်တော့များမှ

သဘောပေါက်ပါ့မလဲ မသိဘူးနော်"

ပါပါက ပြန်ဖြေမည် ကြံသေးသည်။ ပြီးတော့ သူ့နှုတ်ခမ်းများကို တင်းတင်းပြန်ပိတ်ကာ အိမ်ထဲမှ အပြင်သို့ ထွက်သွားတော့သည်။

* * *

သီလရှင်ဆိုင်ရီလ်သည် ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသည့် တံခါးကြီးကို ခေါက်လိုက်သည်။ အတွင်းမှ "ဝင်ခဲ့ပါ" ဟူသည့် ပြတ်သားကြည်လင်သောအသံ ပြန်ထွက်လာသည်ကို ကြားရသည်။ စစ္စတာဆိုင်ရီလ်က ဂျင်နီကို အရင်ဝင်ရန် မျက်နှာရိပ်ပြသည်။

ဂျင်နီက ရှေ့မှ ဝင်သည်။ စစ္စတာဆိုင်ရီလ်က နောက်မှ လိုက်လာသည်။

"ဂျင်နီဒင်တန်ဆိုတာ သူပါပဲ မာသာ"

အနက်ရောင် သီလရှင်အဝတ်အစားကို ဝတ်ဆင်ထားသည့် အရွယ်လတ်ပိုင်းလောက်သာ ရှိဦးမည်ဖြစ်သော သီလရှင်ကြီးက မော့ကြည့်သည်။ သူ့လက်ထဲမှာ တစ်ဝက်သာ သောက်ရသေးသည့် လက်ဖက်ရည်ပန်းကန်ကို ကိုင်ထားသည်။ သူက ဂျင်နီကို စူးရှတောက်ပြောင်သည့် မျက်လုံးများဖြင့် အကဲခတ် စူးစမ်းကြည့်နေသည်။ ခဏတော့ ပြုံးလာသည်။ ဖြူဖွေးညီညာသည့် သွားများ ပေါ်လာသည်ကို မြင်ရသည်။

"မင်းဟာ ဂျင်နီဒင်တန်ကိုး"

ဟု ပြောရင်း လက်ကမ်းပေးသည်။

ဂျင်နီသည် ဒူးကို ချက်ချင်း ညွှတ်ချလိုက်ကာ သီလရှင်ကြီး၏ လက်ပေါ်ရှိလက်စွပ်ကို နမ်းလိုက်သည်။

"မှန်ပါတယ် မာသာ"

ဂျင်နီက ပြန်ဖြေကာ ကိုယ်ကို မတ်လိုက်သည်။ သီလရှင်ကြီး၏ စားပွဲရှေ့မှာ ဆန့်ဆန့်ထားပြီး ရပ်နေသည်။

မာသာမေရီအားနက်စ်၏ မျက်နှာပေါ်တွင် အပြုံးရိပ်ပေါ်လာပြန်သည်။

"သက်သာသလို နေနိုင်ပါတယ် သမီးရယ်၊ မာသာက မင်းကို ကိုက်မစားပါဘူး"

ဂျင်နီက မနေတတ်မထိုင်တတ်သလို ပြုံးသည်။ မာသာက မျက်ခုံးများကို ပင့်လိုက်သည်။

"မင်း လက်ဖက်ရည်တစ်ခွက်လောက် သောက်လိုက်ရင် မကောင်းဘူးလား၊ မာသာတော့ လက်ဖက်ရည်တစ်ခွက်လောက် သောက်လိုက်ရရင် နေကောင်းထိုင်သာ ဖြစ်သွားတယ်"

ဟု ပြောသည်။

"ကောင်းပါတယ် မာသာ"

ဂျင်နီက ပြန်ဖြေသည်။

မာသာက စစ္စတာဆိုင်ရီလ်ကို မော့ကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ကျွန်မ ဖျော်လိုက်ပါ့မယ် မာသာ"

ဟု စစ္စတာဆိုင်ရီလ်က မြန်မြန် ပြောလိုက်သည်။

"မာသာ့ဖို့ပါ နောက်တစ်ခွက် ဖျော်လိုက်ပါဦးကွယ်"

မာသာက ဂျင်နီဘက်သို့ လှည့်လာသည်။ သူ့မျက်နှာသည် ပြုံးနေသည်။

"မာသာက လက်ဖက်ရည် ကောင်းကောင်းကို သိပ်ကြိုက်တာ၊ ဒါကြောင့် အမြဲတမ်း အသင့်ထားတယ်၊ ဆေးရုံတွေမှာသုံးတဲ့ လက်ဖက်ရည်အပေါစားမျိုး မဟုတ်ဘူး။ တကယ့်လက်ဖက်ခြောက်စစ်စစ်၊ အိုးထဲမှာ ကောင်းကောင်း ကျသွားအောင် နှပ်ထားရတယ်၊ မင်း မထိုင်တော့ဘူးလား သမီးရယ်"

နောက်ဆုံး ပြောလိုက်သည့်စကားကို ဂျင်နီ ကောင်းစွာ မကြားလိုက်ရ။

"ဘာအမိန့် ရှိပါသလဲ မာသာ"

"သမီး မထိုင်တော့ဘူးလားလို့ မေးတာပါ၊ မာသာကို ကြောက်မနေပါနဲ့၊ ရင်းရင်းနှီးနှီး ဆက်ဆံပါ သမီးရယ်"

"ကောင်းပါပြီ မာသာ"

ဂျင်နီကပြောရင်း ကုလားထိုင်မှာ ဝင်ထိုင်သည်။ ကြောက်စိတ်သည် စောစောက

ထက်ပင် ပိုကြီးလာသည်။

မာသာက ဂျင်နီကို စိုက်ကြည့်နေသည်။

"သူနာပြုဆရာမလုပ်ဖို့ သမီး ဆုံးဖြတ်လိုက်ပြီးပြီလားကွယ်"

"ဆုံးဖြတ်ပြီးပါပြီ မာသာ"

မာသာ၏ စူးစမ်းသည့် မျက်လုံးများသည် ဂျင်နီကို စိုက်ကြည့်နေဆဲ ဖြစ်၏။ ချက်ချင်း ဆိုသလိုပင် မေးခွန်းတစ်ခုကိုလည်း ကောက်ကာငင်ကာ မေးလိုက်သည်။

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲ"

ဂျင်နီက မာသာ၏ မေးခွန်းကြောင့် အံ့ဩသွားသည်။ ထို့ကြောင့် ဘာပြန်ဖြေရမှန်း မသိအောင် ဖြစ်သွားပြီး မာသာ၏ စကားအတိုင်း လိုက်ရေရွတ်မိသည်။

"ဘာကြောင့်လဲ"

သူ မော့ကြည့်လိုက်ပြန်သည်။ မာသာ၏ မျက်လုံးများနှင့် သွားဆိုင်ကြည့်မိသည်။

"ကျွန်မ မသိပါဘူး မာသာ၊ ဒီအကြောင်းကို ကျွန်မ တစ်ခါမှ မစဉ်းစားဖူးပါဘူး မာသာ"

"သမီးအသက် ဘယ်လောက် ရှိသွားပြီလဲ"

"နောက်လ ကျောင်းဆင်းပွဲမတိုင်ခင် တစ်ပတ်အလိုမှာ (၁၇)နှစ်ထဲကို ရောက်ပါပြီ မာသာ"

"သူနာပြုဆရာမဖြစ်ဖို့၊ နာမကျန်းဖြစ်နေတဲ့လူတွေကို ရောဂါပျောက်ကင်းသက်သာအောင် ပြုစုပေးဖို့ သမီးကလေး အစကတည်းက ရည်မှန်းချက်ထားခဲ့တာ မဟုတ်လား"

ဂျင်နီက ခေါင်းကို ယမ်းပြပြီး ပွင့်လင်းရိုးသားစွာပင် ဖြေသည်။

"မဟုတ်ပါဘူး မာသာ၊ အခု အသက်အရွယ်ရောက်အောင် ကျွန်မ တစ်ခါမှ မစဉ်းစားခဲ့ဖူးပါဘူး မာသာ"

"သူနာပြုဆရာမတစ်ယောက် ဖြစ်လာဖို့ဆိုတာ အင်မတန် ခက်ခဲတဲ့အလုပ်ပါ သမီးရယ်၊ စိန့်မေရီ သူနာပြုအတတ်သင်ကောလိပ်ကျောင်းမှာ သမီးအဖို့ အနားရချိန်ဟာ အင်မတန်နည်းလိမ့်မယ်၊ နေ့ခင်းဘက်မှာ မင်း အလုပ်လုပ်ရမယ်၊ လက်တွေ့ လေ့လာရမယ်၊ ညဘက်မှာ ကျောင်းတက်ရမယ်၊ တစ်လမှာ တစ်ရက်ပဲ အိမ်ကို ပြန်ခွင့်ရမယ်၊ မင်းရဲ့ ချစ်သူကတော့ သဘောကျမှာ မဟုတ်ဘူး"

မာသာသည် လက်ဖက်ရည်ပန်းကန်မှ လက်ကိုင်ကိုင်းကို သူနှင့် ဆန့်ကျင်ရာဘက်သို့ လှည့်လိုက်သည်။

"ကျွန်မမှာ ချစ်သူ မရှိသေးပါဘူး မာသာ"

"ဒါပေမယ့် သမီး မိုက်ကယ်ဟာလိုရန်နဲ့ တွဲနေတယ် မဟုတ်လား။ စနေနေ့တိုင်းလည်း သူနဲ့ တင်းနစ်ကစားတယ် မဟုတ်လား။ သူဟာ သမီးရဲ့ ချစ်သူ မဟုတ်ဘူးလား"

ဂျင်နီက ရယ်သည်။

"မဟုတ်ပါဘူး မာသာ၊ သူဟာ ကျွန်မရဲ့ ချစ်သူ မဟုတ်ပါဘူး။ ဒီသဘောမျိုးနဲ့ တွဲနေတာ မဟုတ်ပါဘူး။ သူက ကျွန်မနဲ့ တင်းနစ်ရိုက်ဖက်ပါပဲ။ တစ်နေ့မှာ သူ့ကို အနိုင်ရအောင် ကျွန်မ ကစားပြမယ်"

ဂျင်နီက ပြောရင်း ရယ်ချင်လာသည်။ ရယ်လည်း ရယ်မိသည်။ သူ့တစ်သက်တွင် ရည်းစားသနားထားဖို့ တစ်ကြိမ်တစ်ခါမျှ စိတ်မကူးခဲ့ဘူးချေ။

"သမီးဟာ မနှစ်တုန်းက အမျိုးသမီး တင်းနစ်အသင်းခေါင်းဆောင် မဟုတ်လား"

ဂျင်နီက ခေါင်းညိတ်ပြသည်။

"စိန့်မေရီကောလိပ်ကျောင်းကိုရောက်ရင် သမီး တင်းနစ်ကစားချိန်လည်း ရမှာ မဟုတ်ဘူးနော်"

မာသာက ပြောသည်။

ဂျင်နီက ဘာမှ ပြန်မဖြေ။

"သူနာပြုဆရာမ ဖြစ်ချင်တာထက်ပိုပြီး တခြား ဖြစ်ချင်တာရော သမီးမှာ ရှိသေးသလား"

ဂျင်နီက ခဏ စဉ်းစားနေသည်။ ပြီးတော့မှ မာသာကို မော့ကြည့်သည်။

"အမေရိကန်ပြည်ထောင်စု တင်းနစ်ချန်ပီယံ ဟယ်လင်ဝေးလ်စ်ကို အနိုင်ကစားပြီး ချန်ပီယံ ဖြစ်ချင်ပါတယ် မာသာ"

မာသာက ရယ်သည်။ စစ္စတာဆိုင်ရီလ် လက်ဖက်ရည်ပန်းကန်များဖြင့် ပြန်ဝင်လာသည့် အချိန်အထိ မာသာသည် သဘောကျစွာဖြင့် ရယ်နေဆဲ ဖြစ်သည်။ ပြီးတော့မှ စားပွဲကို ကျော်ပြီး ဂျင်နီကို ကြည့်သည်။

"သမီး ဖြစ်မှာပါကွယ်၊ ပြီးတော့ အလွန်တော်တဲ့ သူနာပြုဆရာမတစ်ယောက်လည်း သမီး ဖြစ်မှာပါပဲ"

(၃)

တွမ်ဒင်တန်သည် လစာထုတ်ရန် လစာပေးသူရှေ့သို့ ရောက်လာသောအခါ တစ်ခုခု မှားနေပြီကို သတိထားမိသည်။ လစာထုတ်ပေးသူသည် အခါတိုင်းကဲ့သို့သော မျက်နှာမျိုး မဟုတ်။ သည်ဘတ်စ်ကား ကုမ္ပဏီမှာ (၁၅) နှစ်လုံးလုံး သူ အလုပ်လုပ်ခဲ့သည်။ သူနှင့် (၁၅) နှစ်လုံးလုံး ဆက်ဆံခဲ့သည်။ ယခုလို အမူအရာမျိုးကို တစ်ခါဖူးမျှ မတွေ့ခဲ့ရ။ လစာထည့်ထားသည့် စာအိတ်ကို လစာပေးသူက တွမ်ဒင်တန်ဆီသို့ တွန်းပေးသည်။

တွမ်က သူ့ကို ခဏငေးကြည့်နေသေးသည်။ ပြီးတော့မှ အခြားသူများကို လှည့်ကြည့်သည်။

လစာထုတ်ရန် သူ့နောက်တွင် တန်းစီနေသူများ။

တစ်စုံတစ်ခုဖြစ်ပြီကို သူတို့လည်း သိနေကြပုံရသည်။ သူ့ကို ကြည့်နေသည့် အကြည့်များက တစ်မျိုးတစ်ဖုံ ဖြစ်နေသည်။ အားလုံးက အဓိပ္ပာယ်တစ်မျိုးဖြင့် သူ့ကို ဝိုင်းကြည့်နေကြသောကြောင့် သူ ရှက်ကိုးရှက်ကန်း ဖြစ်လာသည်။ သူ လုပ်သက် (၁၅) နှစ်တွင် ဤအဖြစ်မျိုး မကြုံဖူးဘူးခဲ့။ ထို့ကြောင့်လည်း မနေတတ်မထိုင်တတ် ဖြစ်လာကာ မျက်လွှာကို အောက်သို့ချလိုက်သည်။ ခပ်လှမ်းလှမ်းသို့ လျှောက်လာသည်။ လစာထည့်ထားသည့် စာအိတ်သည် သူ့လက်ထဲမှာ ကိုင်လျက်သား ရှိနေသည်။

အခြေအနေ အရပ်ရပ်တို့ ဆိုးဝါးနေသည့်အကြောင်းကို မည်သူ တစ်စုံတစ်ယောက်ကမျှ သူ့ကို ပြောပြရန် မလို။ ထိုနှစ်သည် (၁၉၃၁) ခုနှစ် ဖြစ်သည်။ အခြေအနေအားလုံး ဆိုးနေကြောင်း သူ သိသည်။ သူ မောင်းသည့် ဘတ်စ်ကားပေါ်တွင် စီးနင်းလိုက်ပါလာကြသည့် ခရီးသည်များကို နေ့စဉ်ကြည့်ရင်းဖြင့်ပင် အားလုံး စီးပွားရေး ဒုက္ခရောက်နေကြကြောင်းကို သိနိုင်သည်။

ဝင်းအပြင်ဘက်သို့ သူ ရောက်လာသည်။ သူ ကြာရှည်မစောင့်နိုင်တော့။ ထို့ကြောင့် ထောင့်တစ်ထောင့်သို့ကပ်ပြီး စာအိတ်ကို ဖွင့်ကြည့်သည်။ အစိမ်းရောင်စာရွက်တစ်ရွက် ရှေးဦးစွာ ထွက်လာသည်။

သူ မယုံကြည်နိုင်။ မယုံကြည်သော မျက်လုံးများဖြင့် စာရွက်ကို စိုက်ကြည့်နေမိသည်။ မဖြစ်နိုင်။ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။ သည်စာရွက်သည် သူ့ကို မှားပြီး ပေးခြင်းသာ ဖြစ်ပေလိမ့်မည်။ သူ့လုပ်သက်သည် တစ်နှစ် မဟုတ်၊ နှစ်နှစ် မဟုတ်၊ ငါးနှစ်လည်း မဟုတ်၊ (၁၅) နှစ် ရှိပြီ။ လုပ်သက် အလွန် ရင့်သည်။ (၁၅) နှစ် လုပ်သက်ရှိသူကို သူတို့ အလုပ်မဖြုတ်သင့်။

သို့သော်လည်း သူတို့က အလုပ်ဖြုတ်လိုက်ကြပြီ။ အားနည်းသည့် အလင်းရောင်အောက်မှာ စာရွက်ကို သူ ကြည့်နေမိသည်။ သူ့ကို အလုပ်ဖြုတ်လိုက်သည့်စာ။ အမှန်တော့ အလုပ်မဖြုတ်သင့်။ လစာသာ လျှော့သင့်သည်။ မိမိတို့ အလုပ်သမားသမဂ္ဂကလည်း အလုပ်မဖြုတ်ဘဲ လစာလျှော့ရန်ကိုသာ ပြောနေသည်။ သို့သော် ယခု အလုပ်ဖြုတ်ပြီ။

စာရွက်များကို အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။ သူ့ရင်ထဲမှာ စိုးရိမ်စိတ်များ၊ အားငယ်စိတ်များ၊ ဒေါသဖြစ်သည့် စိတ်များ ရောထွေးကာ ဗလောင်ဆူနေသည်။ ယခု အလုပ်ပြုတ်ပြီဆိုတော့ ဘာလုပ်စားမည်နည်း။ သူ တတ်ကျွမ်းသည်မှာ ကားမောင်းသည့် အလုပ်သာ

ဖြစ်သည်။ မော်တော်ကားအကြောင်းသာ သူ နားလည်သည်။ သူ ငယ်စဉ်တုန်းက ပန်းရန် အလုပ်သင်တော့ လုပ်ခဲ့ဖူး၏။

သူ ဆက်လျှောက်လာခဲ့သည်။ လမ်းဘေးမှာ လူတစ်စုကို တွေ့ရသည်။ သူတို့အားလုံး ယူနီဖောင်းအပြာများကို ဝတ်ထားကြသည်။ သူတို့အထဲမှာ တစ်ယောက်က သူ့ကို လှမ်းမေးသည်။

"ခင်ဗျားရော ရသလား ဒင်တန်"

တွမ်က သူ့ကို လှည့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ရတယ်"

"ကျွန်တော်တို့လည်း ရတယ်၊ လုပ်သက်ရင့်တဲ့ လူတွေအကုန်လုံးလိုလိုကို ထုတ်ပစ်တာ၊ လုပ်သက်ရင့်တဲ့ လူတွေက လစာများတယ် မဟုတ်လား၊ လူသစ်တွေကိုတော့ မထုတ်ဘူး"

ဟု တစ်ယောက်က ဆက်ပြောသည်။

"ခင်ဗျားတို့ သမဂ္ဂကို ရောက်ပြီးပြီလား"

ဟု တွမ်က ပြန်မေးသည်။

"ရောက်ပြီးလို့ ပြန်တောင်လာခဲ့ပြီ၊ အခန်းလည်း ပိတ်ထားတယ်။ အစောင့်က တနင်္လာနေ့မှ ပြန်လာခဲ့ပါတဲ့"

"ရီအိုဒန်ကိုရော ဖုန်းဆက်ကြည့်သေးသလား"

"သူ့အိမ်က ဖုန်းကို ဘယ်သူမှ မကိုင်ဘူး"

"ရီအိုဒန် ဘယ်မှာ ရှိတယ်ဆိုတာ တစ်ယောက်ယောက်တော့ သိမှာပဲ၊ သမဂ္ဂကို သွားပြီး အစောင့်ဆီမှာပဲ အထဲဝင်ခွင့်တောင်းကြမယ်။ သမဂ္ဂကြေးကို ကျုပ်တို့ အမြဲပေးနေရတာပဲ၊ ဘာဖြစ်လို့ ကျုပ်တို့ အစည်းအဝေး လုပ်ခွင့်မရှိရမှာလဲ"

တွမ်ဒင်တန်က ပြောသည်။

"ဒီအကြံအစည်ကောင်းတယ် တွမ်၊ ကျုပ်တို့နေရာတွေမှာ လူသစ်တွေ အစားထိုး မခံနိုင်ဘူး။ သူတို့ ဘာတွေပဲ ပြောနေနေပေါ့"

သူတို့အားလုံး သမဂ္ဂခန်းမရှိရာသို့ လျှောက်လာခဲ့ကြသည်။ တွမ်သည် တိတ်ဆိတ်စွာပင် လမ်းလျှောက်လာ၏။ သူသည် ကိုယ့်အဖြစ်ကိုယ် ပြန်စဉ်းစားရင်း မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။

မိမိတို့ လူဟောင်းများရသည့် လုပ်ခမှာ တစ်နာရီလျှင် ခြောက်ဆယ့်ငါးပြား ဖြစ်သည်။ လူသစ်များကို ငါးဆယ့်ငါးပြား ပေးသည်။ မိမိတို့ကို အလုပ်ဖြုတ်ပြီး လူသစ်များကို ငါးဆယ့်ငါးပြားပေးကာ မိမိတို့နေရာတွင် အစားထိုးခန့်ထားခြင်းဖြင့် ကုမ္ပဏီတွင် စရိတ်သက်သာလာမည်။ သို့သော်လည်း ဆယ်ပြားမျှသော ငွေသည် ကုမ္ပဏီအတွက် မည်မျှလောက် ကြီးမားသည့် ဆုံးရှုံးမှုကို ဖြစ်စေမည်နည်း။

မိမိတို့ကို အလုပ်မဖြုတ်ဘဲ လုပ်ခလျှော့လိုက်လျှင်လည်း ဖြစ်နိုင်သည်။ သို့သော်လည်း သည်ကိစ္စကို မည်သို့မည်ပုံ ဖြေရှင်းရမည်ကို သူ မသိ။ မစဉ်းစားတတ်။ ရီအိုဒန်ကို တွေ့ဖို့သာ အရေးကြီးသည်။ ရီအိုဒန်သည် မိမိတို့ အလုပ်သမားများသမဂ္ဂ၏ ခေါင်းဆောင်ဖြစ်သည်။

သူတို့ ရောက်သွားသောအခါ သမဂ္ဂခန်းမသည် မှောင်နေသည်။ အစောင့်အဘိုးကြီးကို တွေ့ရသည်။

"ရီအိုဒန် ဒီမှာ မရှိပါဘူးလို့ မင်းတို့ကို ငါ ပြောလိုက်တယ် မဟုတ်လား"

"ရီအိုဒန် ဘယ်မှာလဲ"

"ငါ မသိဘူး။ ကဲ မင်းတို့ ပြန်ကြတော့"

အဘိုးကြီးက ပြန်ဖြေရင်း အခန်းတံခါးကို ပိတ်သည်။

တွမ်က တံခါးကို ခြေထောက်ဖြင့်ကန်ပြီး ဖွင့်သည်။ အစောင့်အဘိုးကြီးသည် နောက်သို့ ယိုင်သွားသည်။ သူတို့အားလုံး အထဲသို့ ဝင်ခဲ့ကြသည်။

"မင်းတို့ အကုန်ထွက်သွားကြ"

အဘိုးကြီးက အော်သည်။

သို့သော် သူတို့အားလုံးက အဘိုးကြီးကို ဂရုမစိုက်ဘဲ အစည်းအဝေးခန်းမထဲသို့

ဝင်ခဲ့ကြသည်။ သူတို့လူစုသည် သုံးဆယ်ခန့် ရှိသည်။ ခန်းမထဲသို့ ရောက်လာသော်လည်း ဘာဆက်လုပ်ရမှန်းမသိဘဲ ကြောင်စိစိဖြင့် ရပ်နေကြသည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။

"ရီအိုဒန် ရုံးခန်းထဲကို သွားကြည့်ရအောင်၊ သူ ရှိချင်ရှိနေမယ်"

ဟု တွမ်က အကြံပေးသည်။

ရီအိုဒန်၏ ရုံးခန်းသည် အစည်းအဝေးခန်းမအဆုံးတွင် မှန်များဖြင့် သီးခြား ကာရံထားသည့် အခန်း ဖြစ်သည်။ သို့သော်လည်း ရီအိုဒန် မရှိ။ သူ့စားပွဲပေါ်တွင် ပြက္ခဒိန်တစ်ခု၊ မင်စုပ်တစ်ခု၊ ခဲတံတချို့သာ ရှိနေသည်။ ရုံးခန်းထဲသို့ သူတို့ ဝင်သွားသောအခါ နောက်ထပ် ခဲတံများနှင့် သမဂ္ဂဝင်ကြေး လက်ခံဖြတ်ပိုင်းများကို တွေ့ရသည်။

"မင်းတို့ ဒီနေရာက ထွက်မသွားကြသေးဘူးလား။ ငါ ရဲကို တိုင်မယ်"

အစောင့်အဘိုးကြီးပေါ်လာပြီး သူတို့ကို အော်ပြန်သည်။

"အဘိုးကြီး လာ ရှုပ်မနေစမ်းနဲ့"

ဟု ယူနီဖောင်းအပြာဝတ်ထားသည့် ဒရိုင်ဘာတစ်ယောက်က ပြန်အော်သည်။

"ဟုတ်တယ်။ ဒါ တို့ပိုင်တဲ့သမဂ္ဂ၊ တို့ ဝင်ကြေးပေးထားတာ၊ တို့ ငှားထားတာ၊ တို့ နေချင်သလို နေပိုင်ခွင့်ရှိတယ်"

ဟု နောက်တစ်ယောက်က အော်ပြန်သည်။

အဘိုးကြီးသည် နောက်ဘက်သို့ ပြန်ထွက်သွားပြီး ပျောက်ကွယ်သွားတော့သည်။ လူအချို့က တွမ်ကို ဝိုင်းကြည့်နေကြသည်။

"ကျွန်တော်တို့ အခု ဘာလုပ်ကြမလဲ"

"ကျွန်တော်တို့ တနင်္လာနေ့ကျမှ ပြန်လာကြရင် မကောင်းဘူးလား၊ ရီအိုဒန် ဘာပြောမယ်ဆိုတာ နားထောင်ကြသေးတာပေါ့"

တစ်ယောက်က အကြံဝင်ပေးပြန်သည်။

"မပြန်ဘူး၊ တနင်္လာနေ့ဆိုရင် ဘာမှ လုပ်နိုင်ကြတော့မှာ မဟုတ်ဘူး။ ဒီပြဿနာကို ဒီနေ့ရှင်းမှ ဖြစ်မယ်"

ဟု တွမ်က ခပ်ပြတ်ပြတ် ပြန်ပြောသည်။

"ဘယ်လို ရှင်းမလဲ"

ဟု တစ်ယောက်က မေးပြန်သည်။

တွမ်သည် ခဏစဉ်းစားနေ၏။

"ကျုပ်တို့မှာ အားကိုးစရာဆိုလို့ သမဂ္ဂပဲ ရှိတယ်။ ကျုပ်တို့အတွက် သမဂ္ဂက တစ်ခုခု လုပ်ပေးရမယ်"

"ရီအိုဒန် မရှိဘဲနဲ့ ဘာလုပ်လို့ရမှာလဲ"

"ရီအိုဒန်ဟာ သမဂ္ဂ မဟုတ်ဘူး။ ကျုပ်တို့ အလုပ်သမားထုသာ သမဂ္ဂ ဖြစ်တယ်။ သူ့ကို ကျုပ်တို့ ရှာလို့မတွေ့ရင် ကျုပ်တို့ဘာသာ ကျုပ်တို့ ရှင်းမယ်"

တွမ်ကပြောပြီး လူတစ်ယောက်ကို လှမ်းကြည့်သည်။

"ပတ်ထရက်၊ ခင်ဗျားက အမှုဆောင်အဖွဲ့ထဲမှာ ပါတဲ့လူ။ ဒီလို ကိစ္စမျိုးကျရင် ရီအိုဒန် ဘာလုပ်တတ်သလဲ"

ပက်ထရစ်က သူ့ခေါင်းပေါ်မှ ဦးထုပ်ကိုချွတ်ပြီး ခေါင်းကို ကုတ်နေသည်။

"ကျွန်တော်လည်း မသိဘူး။ ဒါပေမယ့် ကျွန်တော် ထင်တာက ပထမဆုံး အစည်းအဝေးခေါ်တယ်ထင်တယ်"

"ကောင်းပြီ၊ အဲဒီလိုဆိုရင် ခင်ဗျား ကုမ္ပဏီကို ပြန်သွားပြီး နေ့ပိုင်းအလုပ်သမားတွေ အားလုံး အစည်းအဝေးတက်ဖို့ အခု ချက်ချင်း ပြန်ခဲ့ပါလို့ ပြောပါ"

ဟု တွမ်က ပြန်ပြောသည်။

သူတို့အားလုံး စိတ်စောနေကြသည်။ အချို့က အလုပ်ရုံဆီသို့ ပြန်သွားကြသည်။ အချို့က ထိုနေရာမှာပင် ရပ်ရင်း စောင့်နေကြသည်။

"အစည်းအဝေး လုပ်မယ်ဆိုရင် ကျွန်တော်တို့ အစည်းအဝေး အစီအစဉ်ရှိဖို့လိုတယ်။ အစီအစဉ်မရှိဘဲ အစည်းအဝေးလုပ်လို့ မရဘူး"

တစ်ယောက်က အော်ပြောသည်။

"ကုမ္ပဏီက ကျုပ်တို့ကို အလုပ်ထုတ်ပစ်တဲ့ကိစ္စ ဆွေးနွေးမယ်၊ ဒါ အစီအစဉ်ပဲပေါ့"

ဟု တွမ်က ပြန်ပြောသည်။

အားလုံးက သဘောတူကြသည်။

"ဒါမှန်တယ်၊ ကျုပ်တို့မှာ လုပ်ပိုင်ခွင့် ရှိတယ်"

"အစည်းအဝေးလုပ်ရတာ အာခြောက်လာတယ်ဗျာ၊ ရေသိပ်ဆာလာပြီ"

တစ်ယောက်က ထအော်ပြန်သည်။

"ဘီယာစည်တစ်လုံး သွားဝယ်ရင် မကောင်းဘူးလား"

တစ်ယောက်က အကြံပေးသည်ကို အများက သဘောတူကြသည်။ ထို့ကြောင့် ချက်ချင်းပင် ငွေစုပြီး ဘီယာ ပြေးဝယ်ကြသည်။ သူတို့ ပြန်လာကြသောအခါ ဘီယာစည်ကို စားပွဲပေါ်မှာ တင်ထားသည်။ ဘီယာခွက် ကိုယ်စီနှင့် ဖြစ်ကုန်ကြသည်။

"ကဲ ကျုပ်တို့ လုပ်ငန်းစကြစို့။

* * *

အစည်းအဝေးခန်းထဲမှာ အလုပ်သမားပေါင်း တစ်ရာကျော်ခန့် ရောက်လာသည်။ တစ်ယောက်တစ်ပေါက် စကားပြောသံများဖြင့် ဆူညံနေသည်။ ပထမ ဘီယာစည်သည် ခန်းသွားပြီ ဖြစ်၍။ နောက်ထပ် စည်သစ်နှစ်လုံး ထပ်ရောက်နေသည်။

တွမ်သည် ရီအိုဒန်၏ ရုံးခန်းထဲမှ ရလာသော တင်းပုတ်ဖြင့် စားပွဲကို ထုလိုက်သည်။

"အစည်းအဝေး စကြစို့"

ဟု ပါးစပ်ကလည်း အော်သည်။ တင်းပုတ်ဖြင့်လည်း စားပွဲကို အချက်ပေါင်းများစွာ ထုပြီး ပရိသတ်ကို ငြိမ်အောင် ထိန်းနေသည်။ သို့သော်လည်း လူအနည်းငယ်ကသာ အာရုံစိုက်သည်။

"တိတ်ကြပါ၊ တွမ် ဘာပြောသလဲဆိုတာကို နားထောင်ကြပါ"

ဟု တစ်ယောက်က ထအော်သည်။

အသံများ ငြိမ်သွားသည်။ တီးတိုးပြောသံများကိုသာ ကြားရသည်။ ခဏအကြာတွင် အားလုံးက တွမ်ဒင်တန်ကို အာရုံစိုက်နေကြသည်။ တွမ်က ချောင်းဟန့်ပြီး အသံကို ရှင်းလိုက်သည်။ ပရိသတ်ရှေ့တွင် စကားပြောရသောကြောင့် သူ့စိတ်များသည် မတည်ငြိမ်ဘဲ ထိတ်လန့်နေသည်။

"ကုမ္ပဏီက အလုပ်သမားငါးဆယ်ကို ဒီကနေ့ကစပြီး အလုပ်က ထုတ်ပစ်လိုက်ပါတယ်။ ဒါကြောင့် ဒီအစည်းအဝေးကို ကျွန်တော်တို့ ခေါ်ယူ ကျင်းပတာ ဖြစ်ပါတယ်။ ဘာဖြစ်လို့ ဒီလို ထုတ်ပစ်တယ် ဆိုတာကို ရီအိုဒန်ကလည်း ကျွန်တော်တို့ကို ပြောမပြပါဘူး။ သမဂ္ဂဟာ ကျွန်တော်တို့ အလုပ်အကိုင် လုံခြုံမှုအတွက် လုပ်ပေးဖို့ လိုပါတယ်။ အခုဆိုရင် ကျွန်တော်တို့အတွက် ခေါင်းဆောင်မှုပေးပြီး ဆောင်ရွက်ပေးရမယ့် ရီအိုဒန် ဘယ်ရောက်နေတယ်ဆိုတာကိုတောင် ကျွန်တော်တို့ မသိပါဘူး။ ဒီနေ့ အလုပ်ထုတ်ခံရတဲ့ အလုပ်သမား အားလုံးဟာ လုပ်သက်ရင့်တဲ့ အလုပ်သမားတွေချည်း ဖြစ်ပါတယ်။ ဒီအလုပ်သမားတွေကို ဘာကြောင့် ပြန်ခန့်မပေးနိုင်ဘူး ဆိုတာကိုလဲ အကြောင်းမပြပါဘူး"

ပရိသတ်၏ ဩဘာပေးသံကြီး ပေါ်လာသည်။

"ခင်ဗျားတို့ ဘီယာသောက်နေကြတုန်းမှာ စည်းမျဉ်းဥပဒေကို ကျွန်တော် ဖတ်ကြည့်နေပါတယ်။ အသင်းသား နှစ်ဆယ့်ငါးဦးထက်မနည်း တက်ရောက်တဲ့ အစည်းအဝေးက သပိတ်မှောက်ဖို့ကို ဆုံးဖြတ်နိုင်တယ်လို့ စည်းမျဉ်းဥပဒေက ဆိုပါတယ်။ အခု ဒီမှာ အစည်းအဝေး တက်လာတာက နှစ်ဆယ့်ငါးယောက်ထက် ကျော်ပါတယ်။ ဒါကြောင့် တနင်္လာနေ့ကစပြီး ကျွန်တော်တို့ သပိတ်မှောက်ဖို့ ဆုံးဖြတ်နိုင်ပါတယ်။ ကျွန်တော်တို့ကို အလုပ်ပြန်မခန့်ဘူး ဆိုရင် ပေါ့လေ"

"သပိတ်. . . သပိတ်. . . မှောက်. . . မှောက်"

အလုပ်သမားများက ဝိုင်းအော်ကြပြန်သည်။

"ကျွန်တော်တို့မှာ နှစ်ပေါင်းများစွာကြာအောင် ကုမ္ပဏီအပေါ်မှာ သစ္စာရှိရှိနဲ့ အလုပ်လုပ်ခဲ့ကြပါတယ်။ ရိုးရိုးသားသား လုပ်ကိုင်ခဲ့ကြပါတယ်။ ဒါကြောင့် ကုမ္ပဏီဟာ ကျွန်တော်တို့ကို အခုလို အလွယ်တကူနဲ့ ကန်ထုတ်ပစ်ဖို့ အခွင့်အရေး မရှိပါဘူး"

"မှန်တယ်၊ မှန်တယ်"

"စကားကို သိပ်ပြီး အလွန်အကျွံ မပြောနဲ့နော်၊ ဒီလူအုပ်ထဲမှာ သူလျှိုရှိနေနိုင်တယ်"

အနောက်ဘက်ခပ်ကျကျမှ လူတစ်ယောက်က လှမ်းအော်ပြောသည်။

"သူလျှိုရှိနေရင်လည်း ဒီမှာ ကျုပ်တို့ ဘာတွေ လုပ်နေတယ်ဆိုတာ ကုမ္ပဏီကို သွားပြန်ပြောပါစေ၊ ကျုပ်တို့ကို မောင်းမထုတ်နိုင်ဘူးဆိုတာ လုပ်ပြရမယ်"

တွမ်က ပြန်အော်သည်။ ပရိသတ်က ဩဘာ ဝိုင်းပေးကြသည်။ တွမ်က ငြိမ်ရန် လက်လှမ်းပြသည်။

"သပိတ်မှောက်ဖို့ကို ကျွန်တော်တို့ အခု ဆုံးဖြတ်ကြမယ်၊ သဘောတူတဲ့လူက သဘောတူကြောင်း ပြောပါ"

လူအားလုံး ငြိမ်သွားကြသည်။ တစ်ယောက်ကို တစ်ယောက် စူးစမ်းသလို ကြည့်နေကြသည်။ ထိုအခိုက် နောက်ဘက်မှ တံခါးပွင့်လာသည်။ ဝင်လာသူမှာ ရီအိုဒန် ဖြစ်သည်။

"သပိတ်မှောက်ဖို့ စကားတွေ ဘာဖြစ်လို့ ပြောနေကြတာလဲ"

ဟု မေးရင်း သူ ဝင်လာသည်။

အားလုံး အံ့ဩတကြီးဖြင့် သူ့ကို လှည့်ကြည့်နေကြသည်။ သူ့ကို မြင်သောအခါ အလုပ်သမားများ စိတ်သက်သာရာ ရသွားကြသည်။ ယခု ရီအိုဒန် ရောက်လာပြီ။ မိမိတို့ ဘာလုပ်ရမည်ကို သူက ပြောပြလိမ့်မည်။ ခေါင်းဆောင်မှုပေးလိမ့်မည်။ မှန်ရာကိုသာ သူ လုပ်လိမ့်မည်။ အလုပ်သမားများအတွက် သူ တောင်းဆိုပေးလိမ့်မည်ဟု သူတို့ အားလုံးက ယုံကြည်ကြသည်။

"ဟဲလို. . . တွမ်"

ရီအိုဒန်က တွမ်ကို လှမ်းနှုတ်ဆက်သည်။ တွမ် ရှိနေရာကို လျှောက်လာပြီး လက်ကမ်းပေးသည်။ တွမ်က သူ့လက်ကို ဆွဲယူနှုတ်ဆက်သည်။ ရီအိုဒန်နှင့် ပထမဦးဆုံး အကြိမ် လက်ဆွဲနှုတ်ဆက်ဖူးခြင်း ဖြစ်သည်။

"သမဂ္ဂက ကျွန်တော်တို့အတွက် တစ်ခုခု လုပ်ပေးနိုင်မယ်ထင်လို့ ကျွန်တော်တို့ ဒီကို လာကြတာပါ"

"မှန်တာပေါ့ တွမ်၊ ခင်ဗျားတို့ အခုလို ဒီကိုလာကြတာလည်း မှန်ပါတယ်"

ရီအိုဒန်က နှစ်သိမ့်သည့် လေးသံမျိုးဖြင့် ပြောသည်။

တွမ်သည် စိတ်သက်သာရာရသည့်အနေဖြင့် သက်ပြင်းချလိုက်မိသည်။ သူတို့ ယခုလိုလာပြီး အစည်းအဝေးခန်းတွင်းသို့ ဝင်သောကြောင့် ရီအိုဒန် စိတ်များဆိုးလေမည်လားဟု စောစောက စဉ်းစားမိခဲ့သေးသည်။ ပရိသတ်ဘက်သို့ ရီအိုဒန် လှည့်ပြီး လက်မြှောက်ပြသည်ကို တွမ်က ငေးကြည့်နေသည်။ အခန်းထဲမှာ ငြိမ်သွားသည်။

"ခင်ဗျားတို့ ကျုပ်ကို ရှာမတွေ့တာက အလုပ်သမားတွေ အလုပ်ဖြုတ်ခံရတာ ကြားကြားချင်း ကုမ္ပဏီကိုသွားပြီး ကျုပ် အရေးဆိုနေလို့ ဖြစ်တယ်။ အစည်းအဝေးခေါ်ဖို့လည်း အချိန်မရလိုက်ဘူး။ ဒါပေမယ့် သမဂ္ဂအနေနဲ့ ဒီလို လုပ်ပိုင်ခွင့်ရှိတယ်"

ပရိသတ်က ဩဘာပေးသည်။ တစ်ယောက်ကိုတစ်ယောက်လည်း ကြည့်ကြသည်။

"နောက်ပြီးတော့ ခင်ဗျားတို့အားလုံးကို ဒီအစည်းအဝေးခန်းမအရောက် မဆိုင်းမတွ ခေါ်ပြီး အစည်းအဝေးကျင်းပတဲ့ တွမ်ဒင်တန်ကို ကျေးဇူးတင်ကြောင်းကိုလည်း ကျွန်တော် ထုတ်ဖော် ပြောပါရစေ။ ဒီလို လုပ်လိုက်တာဟာ ခင်ဗျားတို့ အားလုံး သိကြတဲ့အတိုင်းပဲ သမဂ္ဂဟာ မိမိတို့ရဲ့ အရင်းနှီးဆုံးသော မိတ်ဆွေဖြစ်တယ်လို့ တွမ် ယုံကြည်ထားကြောင်း ပြတာပါပဲ"

ပရိသတ်က ဩဘာပေးကြပြန်သည်။ တွမ်၏မျက်နှာမှာ ရှက်သွေးဖြင့် ရဲလာသည်။ ရီအိုဒန်က ပရိသတ်ဘက်သို့ ပြန်လှည့်သည်။

"ကျွန်တော်ဟာ တစ်နေ့ခင်းလုံး အလုပ်များနေခဲ့ပါတယ်။ ကုမ္ပဏီအုပ်ချုပ်သူများနဲ့ တိုက်ပွဲဝင်နေခဲ့ပါတယ်။ နောက်ဆုံးမှာ အထိုက်အလျောက်တော့ ကျွန်တော် အောင်ပွဲရခဲ့ပါတယ်"

အလွန် ကျယ်လောင်သည့် ဩဘာသံကြီးကြောင့် မျက်နှာကြက်ပင်လျှင် ဘုန်းလှုပ်သွားသည်ဟု ထင်မှတ်လိုက်ရသည်။ ရီအိုဒန်၏ မျက်နှာသည် ပြုံးနေသည်။ လက်တစ်ဖက်ကို သူ မြှောက်ပြပြန်သည်။

"အခု ဝမ်းမသာကြနဲ့ဦး မိတ်ဆွေတို့၊ ကျုပ် ပြောတာ အထိုက်အလျောက်သာ အောင်ပွဲရတယ်လို့ ပြောတာပါ။ ဒါပေမယ့် ဒါဟာ အစပိုင်းပဲ ရှိပါသေးတယ်။ နောက်လကျရင် ကျုပ်နဲ့ ထပ်တွေ့ပါဦးမယ်လို့လည်း သူတို့က ကတိပေးကြပါတယ်"

"ကျွန်တော်တို့ကို အလုပ်ပြန်ခန့်မှာလား"

ဟု တွမ်က ကြားဖြတ် ဝင်မေးသည်။

"အဖြုတ်ခံရတဲ့ လူတွေထဲက ဆယ်ယောက်ကို ပြန်ခန့်မယ်လို့ အုပ်ချုပ်ရေးအဖွဲ့က ပြောတယ်။ နောက်လကျရင် နောက်ထပ် ဆယ်ယောက် ပြန်ခန့်ပေးဖို့ကိုလည်း သဘောတူတယ်"

အခန်းထဲမှာ တိတ်ဆိတ်သွားသည်။ လူအားလုံးသည် ချောက်ချားစွာဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။

"အထုတ်ခံရတဲ့ အလုပ်သမားက ငါးဆယ်တောင် ကျော်သေးတယ်။ ဒါလောက် အများကြီးထဲက ဆယ်ယောက်ထဲ ပြန်ခန့်မယ်ဆိုတာ ဘာအဓိပ္ပာယ်ရှိသလဲ"

ဟု တွမ်က အားလုံးကြားအောင် အော်ပြောသည်။

"အခုဟာ အစပဲရှိသေးတယ် တွမ်၊ အားလုံးကို တစ်ပြိုင်တည်း ပြန်ခန့်ဖို့ဆိုတာ ဘယ်ဖြစ်နိုင်မလဲ"

ရီအိုဒန်က တွမ်ကို လှည့်ပြောသည်။

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ကျုပ်တို့အားလုံးကိုတော့ သူတို့ ဖြုတ်ချင်ရင် တစ်ပြိုင်တည်း ဖြုတ်လို့ရသလား"

"ဒါက တခြားလေ၊ လုပ်ငန်းကိုင်ငန်း မကောင်းတဲ့အချိန်မှာ ကုမ္ပဏီက ဖြုတ်ပိုင်ခွင့်ရှိတယ်"

"ကျွန်တော်တို့ သိပါတယ်။ ကျွန်တော်တို့ ပြောနေတာက သူတို့ လုပ်နည်းကိုင်နည်း မမှန်တာကို ပြောနေတာ။ သမဂ္ဂနဲ့ သဘောတူညီထားတာတွေကို သူတို့ မလိုက်နာဘူး။ လုပ်သက်ရင့်တဲ့ အလုပ်သမားတွေကို သူတို့ ဂရုမစိုက်ဘူး။ တစ်နာရီကို (၆၅) ငါးပြား ရနေတဲ့ အလုပ်သမားတွေကို ဖြုတ်ပြီး (၃၅) ပြားရတဲ့ အလုပ်သမားတွေနဲ့ သူတို့ အလုပ်ဆက်လုပ်ကြတာကို ကျွန်တော်တို့က ပြောနေတာ"

"ကျုပ် သိပါတယ်"

ရီအိုဒန်၏အသံသည် မာကျောလာသည်။

"ဒါပေမယ့် အခု ဆယ်ယောက်ကို ပြန်ခန့်ပေးမယ်ဆိုတာ သူတို့ဘက်က အစပဲရှိသေးတယ်။ လူငါးဆယ်စလုံး လမ်းပေါ် ရောက်သွားတာနဲ့စာရင် ဆယ်ယောက် အလုပ်ပြန်ရတာက အများကြီး တော်သေးတယ်။ အခု ခင်ဗျားတို့အထဲက ဆယ်ယောက် အလုပ်ပြန်ဝင်ခွင့်ရမယ်၊ နောက်လကျရင် နောက်ထပ် ဆယ်ယောက် အလုပ်ပြန်ဝင်ခွင့်ရမယ်၊ ဘာမှ မရတာနဲ့စာရင် အများကြီး တော်တယ်၊ ခင်ဗျားတို့ သပိတ်မှောက်မယ်ဆိုရင်လည်း ကုမ္ပဏီက ဂရုစိုက်မှာ မဟုတ်ဘူး။ သူတို့လုပ်ငန်းတွေ ရပ်ထားလိုက်ရတဲ့အတွက် သူတို့မှာ အရှုံးတောင် သက်သာသေးတယ်လို့ သူတို့က ပြောမှာပေါ့"

ဟု ရီအိုဒန်က ဆက်ပြောသည်။

"ကျွန်တော်တို့ သဘောတူပါတယ်။ ဆယ်ယောက် အလုပ်ပြန်ရတာဟာ တစ်ယောက်မှ ပြန်မရတာထက် အများကြီး တော်ပါတယ်။ ရီအိုဒန် ပြောတာကို သဘောကျပါတယ်"

အလုပ်သမားတစ်ယောက်က ထအော်ပြောသည်။

တွမ်က ဒေါသတကြီးဖြင့် မတ်တတ်ရပ်ပြီး အော်ပြောပြန်သည်။

"မလိုချင်ဘူး။ ကျုပ်တို့ အားလုံးကို ကုမ္ပဏီက ပြန်ခန့်ပေးရမယ်၊ ကျုပ်တို့အားလုံးမှာ တခြားလူ အလုပ်လုပ်သလိုပဲ လုပ်ပိုင်ခွင့်ရှိတယ်။ ကျွန်တော်တို့ အားလုံးက လုပ်ခကို (၆၅)ပြား အစား (၅၅) ပြားလျှော့ချတာကို လက်ခံမယ်ဆိုရင် ကျွန်တော်တို့အားလုံးကို ကုမ္ပဏီက ပြန်ခန့်ပေးရမယ်"

ရီအိုဒန်က လှောင်ရယ် ရယ်သည်။

"သူ ပြောတာ၊ ကြားကြတယ် မဟုတ်လား မိတ်ဆွေတို့၊ နောက်ထပ် လစာအဖြတ်ခံရမှာကို ခင်ဗျားတို့ သဘောကျကြသလား"

ပရိသတ်ထဲမှာ ကျွက်ညံကျွက်ညံ ဖြစ်နေသည်။

"အလုပ်က အဖြုတ်ခံရတာနဲ့စာရင် လစာအလျှော့ခံရတာက သက်သာသေးတယ်"

ဟု တွမ်က ပြောသည်။

ရီအိုဒန်က တွမ်ကို ကြည့်သည်။ သူ့မျက်လုံးထဲတွင် စောစောတုန်းကလို မိတ်ဆွေ ကြည့်ကြည့်သည့် သဘောမပါတော့။ သူ အလွန် ဒေါသဖြစ်လာသည်။ စောစာပိုင်းက သူ အိမ်မှာရှိနေစဉ် တယ်လီဖုန်းလာသည်။ ဒရိုင်ဘာတစ်ယောက် ခေါင်းဆောင်ပြီး သမဂ္ဂမှ အစည်း အဝေးခန်းအတွင်းသို့ဝင်ကာ သပိတ်မှောက်ဖို့ လှုံ့ဆော်နေကြောင်း ကုမ္ပဏီမန်နေဂျာက ပြောပြ စဉ်ကလည်း သူ ဒေါသဖြစ်ခဲ့ရသေးသည်။

ပရိသတ်ဘက်သို့ သူ ပြန်လှည့်သည်။

"ကျုပ်တို့ ဒီကိစ္စကို ဒီနေရာမှာ အခုပဲ အဆုံးအဖြတ်ယူမယ်၊ ခင်ဗျားတို့ ရွေးရမှာက ဆယ်ယောက် အလုပ်ပြန်ဝင်မလား။ သပိတ်မှောက်မလားဆိုတာပဲ ဖြစ်တယ်"

"ခဏနေပါဦး"

တွမ်က ကန့်ကွက်သည်။

"ခင်ဗျား အဆိုပြုချက်ကို လူအားလုံးက ပယ်ချလိုက်ပြီပဲ၊ မိတ်ဆွေတို့၊ အလုပ်ပြန် လုပ်ချင်တဲ့လူတွေ လက်ထောင်ပါ"

ရီအိုဒန်က အော်ပြောသည်။

အလုပ်သမားပေါင်း ကိုးဆယ်လောက်က လက်ထောင်ကြသည်။

"မလုပ်ချင်တဲ့လူ"

တွမ်၏ ဘေးနားမှ အနည်းငယ်သော လက်များသာ အပေါ်သို့ မြောက်လာသည်။

"အလုပ်ပြန်လုပ်ဖို့ ထောက်ခံတဲ့ လူကများတယ်၊ ဒါကြောင့် ခင်ဗျားတို့အားလုံး ကိုယ့်အိမ်ကို ကိုယ်ပြန်ကြပါ၊ အဖြုတ်ခံရတဲ့အထဲက ဘယ်သူတွေ အလုပ်ပြန်ဝင်ရမယ်ဆိုတာကို တနင်္လာနေ့ကျရင် ခင်ဗျားတို့ကို ပြောမယ်"

အစည်းအဝေးခန်းထဲမှ လူများ တဖြည်းဖြည်း ထွက်ခွာသွားကြသည်။ တွမ်က ရီအိုဒန်ကို လှမ်းကြည့်သည်။ သို့သော် ရီအိုဒန်က သူနှင့် မျက်နှာချင်းဆိုင်မခံဘဲ သူ့ရုံးခန်း အတွင်းသို့ ဝင်သွားသည်။ တွမ်ကို ကျောခိုင်းပြီး ဖုန်းကောက်ဆက်နေသည်ကို တွေ့ရသည်။

အပေါက်ဝဘက်သို့ တွမ် လျှောက်လာခဲ့သည်။ တချို့က တွမ်ကို ကြည့်ကြသည်။ ပြီးတော့ ချက်ချင်းပင် တွမ်နှင့် မျက်နှာချင်းဆိုင်ရမည်ကို ရှက်ဘိအလား တခြားသို့ ထွက်သွား ကြသည်။ အပေါက်ဝသို့ ရောက်သောအခါ နောက်သို့ ပြန်လှည့်ကြည့်မိသည်။ ရီအိုဒန်သည် တယ်လီဖုန်းနှင့် စကားပြောနေဆဲပင် ဖြစ်သည်။

ညသည် ကြည်လင်နေ၏။ ရာသီဥတုက ခပ်နွေးနွေးရှိသည်။ ပင်လယ်အော်ဘက်မှ လေအေးက တစ်ချက်တစ်ချက် တိုက်ခတ်လာသည်။ တွမ်က စဉ်းစားရင်း လျှောက်လာခဲ့ သည်။ အလုပ်ပြန်ဝင်ခွင့်ရသည့် ကံကောင်းသူ ဆယ်ယောက်ထဲတွင် မိမိ မပါနိုင်ကြောင်း ကိုလည်း စဉ်းစားမိသည်။ အလွန် သေချာသည်။ ရီအိုဒန် စိတ်ဆိုးနေကြောင်း သူ မြင်ခဲ့ရသည်။ လမ်းချိုးကိုကွေ့ပြီး ဟိုဘက်တစ်လမ်းကျော်ရှိ မော်တော်ကားမှတ်တိုင်သို့ သူ လျှောက်လာခဲ့ သည်။ သူ့မှာရှိနေသည့် မော်တော်ကား အခမဲ့စီးခွင့်လက်မှတ်သည် တန်ဖိုးမှ ရှိပါဦးမည်လားဟု သူ တွေးနေမိသည်။

မှောင်နေသည့် လမ်းပေါ်သို့ ရောက်သောအခါ လူနှစ်ယောက် ပေါ်လာသည်။

တစ်ယောက်က သူ့အနားတွင် ရပ်သည်။

"မီးခြစ်များ မရှိဘူးလား"

ဟု တွမ်ကို မေးသည်။

"ရှိပါတယ်"

ဟု တွမ်က ပြန်ဖြေသည်။ သူ့အိတ်ထဲမှ မီးခြစ်ကို ထုတ်သည်။ အလုပ် မရှိတော့သော်လည်း မီးခြစ်တော့ ရှိပါသေးသည်။ မီးခြစ်ကိုခြစ်ပြီး သူက ပေးသည်။ ထိုသူ၏ မျက်လုံးများသည် ချက်ချင်း မာကျောသွားကြောင်း တွေ့ရသည်။ နောက်ဘက်မှလည်း ခြေသံကြားရသည်။ သူ နောက်သို့ လှည့်ကြည့်ချိန် မရလိုက်မီမှာပင် သူ့နောက်စေ့ကို တစ်စုံတစ်ရာက ပြင်းထန်စွာ လာထိသည်။ ရှေ့သို့ ဒူးထောက်လျက်ကျသွားသည်။

ရှေ့မှာ ရှိနေသည့် လူ၏ ခြေထောက်နှစ်ချောင်းကြားသို့ ကျသွားခြင်း ဖြစ်သည်။ ရှေ့မှ လူက သူ့ပေါင်ကြားကို ခြေထောက်ဖြင့် ကန်လိုက်ပြန်သည်။ ထို့ကြောင့် နောက်သို့လန်ပြီး ပလက်ဖောင်းစောင်းမှာ ကျသွားသည်။ သူ့ကို ခြေထောက်ဖြင့် ဆက်တိုက် ကန်နေသဖြင့် တဖြည်းဖြည်း သူ လိမ့်သွားသည်။ နောက်ဆုံး လမ်းဘေးရေမြောင်းထဲသို့ ကျသွားသည်။

သူ့လခကလေး ထည့်ထားသည့် အိတ်ထဲသို့ လက်တစ်ဖက် ရောက်လာကြောင်းကို သတိထားမိသည်။ ထိုလက်ကို ကြောက်ကြောက်လန့်လန့်ဖြင့် သူ ချုပ်ကိုင်နိုင်ရန် ကြိုးစားသည်။ တစ်ဆက်တည်းမှာပင် ပါးစပ်ကလည်း တောင်းပန်သည်။

"မလုပ်ပါနဲ့ခင်ဗျာ၊ ကျွန်တော့် လခကလေးပါ၊ ဒါလေးတော့ ချမ်းသာပေးကြပါဗျာ၊ ကျွန်တော့်မှာ ဒါပဲ ရှိပါတယ်ခင်ဗျာ။ ဒါလေးတော့ မလုပ်ကြပါနဲ့"

ထိုသူက ရယ်သည်။ နောက်ဆုံးအနေဖြင့်လည်း တွမ်၏ခေါင်းကို ချိန်ပြီး ကန်ပစ်ခဲ့သည်။

သူ့ခေါင်းဆီသို့ အလွန် ကြီးမားသည့် ဖိနပ်ကြီးတစ်ဖက် ရောက်လာသည်ကို မြင်ရသည်။ သို့သော် သူ ရှောင်နိုင်စွမ်း မရှိတော့။ မျက်လုံးထဲမှာ မီးဝင်းဝင်းတောက်သွားပြီး တစ်ဖက်သို့ လဲကျသွားသည်။ လမ်းဘေးရေမြောင်းထဲမှာ ရေများက သူ့ကိုယ်ပေါ်မှဖြတ်၍ စီးဆင်းနေကြသည်။ ရေထဲမှာ မျက်နှာနစ်မသွားအောင် စိုးရိမ်တကြီးဖြင့် ခေါင်းကို မော့ထားသည်။ ခဏကြာတော့ မိုးရွာလာသည်။

သူ့တစ်ကိုယ်လုံး နာကျင်နေသည်။ တဖြည်းဖြည်း လဲရာမှ သူ ထသည်။ ကောင်းကောင်း မရပ်နိုင်။ ဒယီးဒယိုင် ဖြစ်နေသည်။ လမ်းဘေးဓာတ်မီးတိုင်မှ မီးပွင့်က မှိတ်တုတ်မှိတ်တုတ်ဖြစ်ပြီး ငြိမ်းသွားတော့သည်။ မိုးလင်းပြီ။ နံနက်ခင်း၏ ရောင်ခြည်များ သူ့ပတ်လည်မှာ လင်းလာသည်။

သူ၏ အပြာရောင် ကားဒရိုင်ဘာဦးထုပ်ကလေးသည် ရေမြောင်းထဲမှာ ကျနေသည်ကို တွေ့ရသည်။ သူနှင့် မဝေးလှ။ ထို့ကြောင့် ဒူးထောက်ပြီး ကောက်ယူကာ အင်္ကျီစဖြင့် သုတ်နေသည်။ လမ်းထောင့်ဆီသို့ တဖြည်းဖြည်း လျှောက်လာခဲ့သည်။ ဆေးဆိုင်ထောင့်မှ မှန်ရှေ့မှာရပ်ပြီး သူ့ကိုယ်သူ ကြည့်သည်။

သူ့ကိုယ်ပေါ်က ယူနီဖောင်းသည် စုတ်ပြဲ ပြတ်သတ်နေသည်။ ကြယ်သီးများ ပြုတ်ထွက်နေသည်။ နှာခေါင်းသည် ရောင်ကိုင်းနေ၏။ မျက်လုံးတစ်ဖက်မှာလည်း သပြေသီးမှည့်ရောင် ဖြစ်နေသည်။ သွားများ ကျိုးနေကြောင်း လျှာဖြင့် စမ်းကြည့်သဖြင့် သိရသည်။

မှန်ထဲမှာ သူ့ကိုယ်သူ ကြည့်နေရင်းဖြင့် တုန်လှုပ်ချောက်ချားလာသည်။ တဖြည်းဖြည်းဖြင့်လည်း သူ နားလည်သဘောပေါက်လာသည်။ ရီအိုဒန်၏ လက်ချက်ပင် ဖြစ်ရမည်။ အလွန် သေချာပါသည်။ သူ ထွက်လာသည့် အချိန်တွင် ရီအိုဒန်သည် တယ်လီဖုန်းဆက်နေသည်ကို တွေ့ခဲ့ရသေးသည် မဟုတ်ပါလား။

မော်တော်ကားကုမ္ပဏီတွင် မည်သည့်အခါတွင်မျှ သူ အလုပ်ပြန်ရတော့မည် မဟုတ်ကြောင်းကို ရုတ်ခြည်းပင် သူ သဘောပေါက်နားလည်လိုက်သည်။ သူ့ကိုယ်သူ ရပ်ကြည့်နေရင်း ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာသည်။ အားလုံး မှားသွားပြီ။ အားလုံး ပြီးသွားပြီ။ အလုပ်လည်း ပြုတ်ပြီ။ ပိုက်ဆံလည်း တစ်ပြားမျှ မရှိတော့။ အဆိုးဆုံးမှာ ဇနီးဖြစ်သူ အယ်လင် ဒင်တန်ကို ပြောပြရမည့် အရေး ဖြစ်သည်။

သူ မည်သို့ ကြုံတွေ့ခဲ့ရသည်ကို သူ့ဇနီးက လုံးဝ မယုံကြည်။ အရက်မူးလွန်ပြီး ဖြစ်လာသည်ဟုသာ ပြောသည်။ အမှန်တော့ ထိုညက ဘီယာကလေးတစ်ခွက်မျှသာ သူ သောက်ခဲ့ရသည်။

(၄)

"တစ်နေ့တစ်နေ့ ဒီနေရာမှာ အချိန်ကုန်အောင် ထိုင်ရင်း သတင်းစာထဲမှာ ဘယ်လို မဟာအလုပ်အကိုင်ကြီးများ ရလေမလဲလို့ ရှာဖွေနေတာနဲ့ပဲ ရှင့်အဖို့ အချိန်ကုန်တော့မှာပဲလား"

အယ်လင်ဒင်တန်က သူ့ကို ငေါ်တော့တော့ ပြောသည်။

ဂျင်နီ၏ နေ့လယ်စာဘူးကို ဖယောင်းစက္ကူဖြင့် ပတ်နေသော အယ်လင်ဒင်တန်၏ မျက်နှာသည် သုန်မှုန်နေ၏။ တွမ်က ဘာမှ ပြန်မပြော။ သတင်းစာကိုသာ ဆက်ဖတ်နေသည်။ ဂျင်နီဒင်တန် အခန်းထဲသို့ ဝင်လာသည်။

"ကောင်းသောမနက်ပါ မေမေ၊ ကောင်းသော မနက်ပါ ပါပါ"

"ကောင်းသောမနက်ပါ ဂျင်နီဝက်ဝံမ၊ ဒီနေ့မနက် ဘယ်လိုလဲ သမီးလေး"

တွမ်က သမီးကို ပြုံးပြသည်။

"ကောင်းပါတယ် ပါပါ"

အာမခံကုမ္ပဏီတွင် လက်နှိပ်စက်စာရေးမအဖြစ် လွန်ခဲ့သည့်လက ဂျင်နီ အလုပ်ရခဲ့သည်။ တွမ် အလုပ်ပြုတ်ပြီး ငါးပတ်အကြာ၊ ဂျင်နီ ကျောင်းဆင်းပွဲအပြီး နှစ်ပတ်အကြာတွင် ရခြင်း ဖြစ်သည်။

"မကြာခင် ပါပါ အလုပ်တစ်ခုခု ရပါလိမ့်မယ်၊ အဲဒီအခါကျတော့ သမီး စီစဉ်တဲ့အတိုင်း စိန့်မေရီကျောင်းကို သွားနိုင်ပါလိမ့်မယ်"

"နှုတ်ခမ်းနီတွေ ဆိုးထားတာ များလှချည့်လား ဂျင်နီ၊ နည်းနည်းသွားပြန်လျှော့လိုက်"

အယ်လင်က လှမ်းပြောသည်။

တွမ်က သမီးကို လှမ်းကြည့်သည်။ သူ ပြောသလောက် ထူထူပိန်းပိန်းကြီး ဆိုးထားခြင်း မဟုတ်ပေ။ သူ မော်တော်ကားမောင်းစဉ်က နံနက်တိုင်း သူ့ကားပေါ်မှာ မြင်ခဲ့ရသည့် မိန်းကလေးများလောက်ပင် မထူ။

"အို. . . မေမေကလည်း သမီးက ကျောင်းတက်နေတာမှ မဟုတ်တော့ဘဲ၊ အခု ရုံးမှာ အလုပ်လုပ်နေပြီဆိုတော့ သပ်သပ်ရပ်ရပ် ဖြစ်အောင်တော့ လုပ်ရမှာပေါ့"

"သပ်သပ်ရပ်ရပ် ဖြစ်ပေစေ၊ အခုလို ဆေးခြယ်ထားတာမျိုး မလုပ်နဲ့"

"အယ်လင်ကလည်းကွာ ကလေး စိတ်ချမ်းသာသလို နေပါစေ"

ဟု တွမ်က ခပ်ဖြည်းဖြည်း ဝင်ပြောသည်။ အယ်လင်က သူ့ကို စိတ်ဆိုးမာန်ဆိုးဖြင့် ကြည့်သည်။

"ရှင့်လုပ်စာ တစ်ပြားမှ မရှိဘဲ ဘာမှ ဝင်ပြောမနေနဲ့၊ သမီးနဲ့ မယားကို ရှာကျွေးနိုင်ရင်ပြော"

တွမ်က ဇနီးဖြစ်သူကို ကြည့်နေမိသည်။ အယ်လင်၏မျက်နှာသည် အလွန်တရာ သုန်မှုန်နေသည်။ ဂျင်နီက ကြင်နာသော အပြုံးကလေးဖြင့် တွမ်ကို ကြည့်သည်။ သမီးဖြစ်သူ၏ သည်လို အကြည့်မျိုးကို ခံရခြင်းသည် ပို၍ဆိုးသည်။ သမီးဖြစ်သူက မိမိကိုပြန်ပြီး သနားရသည့် ဘဝမျိုးကို သူ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့မိ။ ဒေါသဖြင့် ပေါက်ကွဲထွက်တော့မည့်စကားလုံးများ ထွက်မလာနိုင်စေရန် သူ့နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်ရသည်။

"ဟော သမီးနောက်ကျတော့မှာပဲ၊ သွားတော့မယ်နော် ပါပါ၊ မေမေ"

ဂျင်နီသည် စားပွဲပေါ်မှစက္ကူအိတ်ကို ကောက်ကိုင်ကာ အပြင်သို့ ပြေးထွက်သွားတော့သည်။

လှေကားအတိုင်း ပြေးဆင်းသွားသည့် ခြေသံကို တွမ် နားထောင်နေမိသည်။ ခဏနေတော့ သတင်းစာကို ပြန်ငုံ့ဖတ်နေမိပြန်သည်။

"နောက်ထပ် ကော်ဖီတစ်ခွက်လောက်များ ရနိုင်ဦးမလားကွာ"

"မရဘူး၊ ရှင် တစ်ခွက်သောက်ပြီးပြီပဲ၊ သမီးလေး ရတာက တစ်ပတ်မှ (၁၁) ဒေါ်လာရယ်၊ ရှင်က ကော်ဖီ ဘယ်နှစ်ခွက် သောက်နိုင်မယ်များ ထင်နေသလဲ"

"ဒါပေမယ့် မင်း အဲဒီမှာ ကော်ဖီရှိနေသားပဲ မဟုတ်လား။ အဆင်သင့် ဖျော်ပြီးသားပဲကွာ"

"မနက်ဖြန် မနက်ကျတော့ ပြန်နွေးပြီး သောက်ရမယ်တော့"

တွမ်သည် သတင်းစာကို ဂရုတစိုက် ခေါက်နေ၏။ ထိုင်ရာမှထကာ ရေချိုးခန်းဆီသို့ လျှောက်သွားသည်။ ဘုံဘိုင်ခေါင်းကိုဖွင့်ပြီး မုတ်ဆိတ်ရိတ်ဘရပ်ရှ်နှင့် ဓားကို ယူသည်။ ဘုံဘိုင်ခေါင်းအောက်မှာ လက်ခံကြည့်သည်။ ရေက အလွန် အေးနေသည်။

"အယ်လင်ရေ မုတ်ဆိတ်ရိတ်ချင်လို့ ရေနွေးကလေးများ မရနိုင်ဘူးလားကွယ်"

"ရေအေးနဲ့ပဲရိတ်၊ ဓာတ်ငွေ့က နည်းနည်းရှိတာ၊ သမီး ရေချိုးဖို့ ချန်ထားရဦးမယ်"

တွမ်သည် မှန်ထဲက သူ့မျက်နှာကို ကြည့်မိသည်။ ဒဏ်ရာဒဏ်ချက်များ ပျောက်သွားပြီ ဖြစ်သော်လည်း နှာခေါင်းက အနည်းငယ် ကောက်နေသည်။ ရှေ့သွားနှစ်ချောင်းကလည်း ငုတ်တိုသာ ကျန်သည်။

တွမ်သည် မုတ်ဆိတ်ရိတ်ဓားများကို ချထားခဲ့ကာ မီးဖိုဆီသို့ လျှောက်လာခဲ့သည်။ ချက်ပြုတ်နေသည့် အယ်လင်၏ ပခုံးပေါ်သို့ လက်တစ်ဖက် တင်လိုက်သည်။

"အယ်လင်. . . အယ်လင် တို့ဘဝမှာ ဘာတွေများ လာဖြစ်နေတယ် မသိဘူးနော်"

သူက စိတ်မချမ်းမြေ့စွာဖြင့် ညင်ညင်သာသာ ပြောသည်။

အယ်လင်သည် သူ့မျက်နှာကို ခဏကြာအောင် စိုက်ကြည့်နေသည်။ ပြီးတော့ သူ့ပခုံးပေါ်မှ တွမ်၏ လက်များကို ပုတ်ချလိုက်သည်။

"မထိနဲ့ သောမတ်စ်ဒင်တန်၊ ကျုပ်အသားကို မထိနဲ့"

"ဘာဖြစ်လို့လဲ အယ်လင်၊ ဘာဖြစ်လို့လဲ၊ အခု ဖြစ်နေတာတွေဟာ ငါ့အမှားတွေ မဟုတ်ပါဘူးကွာ၊ ငါ့အပြစ်တွေ မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဖြစ်နေရတာပါ"

သူ့အသံသည် အရာရာကို အရှုံးပေးသည့် အသံမျိုး ဖြစ်သည်။

"အောင်မယ်၊ လာလာချေသေး၊ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဖြစ်နေတာတဲ့။ ရှင်တစ်ယောက်ပဲ ဒီလိုစကားမျိုး ပြောဖူးသေးတယ်။ အရက်တွေ ရှင် ထင်သလို သောက်ပြီး ရမ်းကားချင်တိုင်း ရမ်းကားခဲ့လို့ ဒီလိုဖြစ်နေရတာ မဟုတ်ဘူးလား၊ ရှင် အသုံးမကျတာကို ဘုရားသခင်အပေါ် ပုံမချပါနဲ့"

တွမ်သည် အသက်ကို ဖြည်းဖြည်း ရှူသည်။ မီးဖိုခန်းထဲမှ ပြန်ထွက်လာကာ ရေချိုးခန်းသို့သွားပြီး ရေအေးများဖြင့်ပင် မုတ်ဆိတ်ရိတ်နေလိုက်သည်။ အယ်လင်သည် ဘယ်တုံးကမှ ယခုလို နှုတ်သီးကောင်းလျှာပါး မဟုတ်ခဲ့။

အယ်လင်ဖစ်ဇ်ဂျရယ် ဘဝတုန်းက ကပွဲမှာ သောမတ်စ်ဒင်တန်နှင့် စတွေ့ခဲ့ကြခြင်း ဖြစ်သည်။ အလွန် ချောမောလှပသည့် မိန်းမပျိုကလေး ဖြစ်သည်။ မျက်လုံးများသည် အမြဲတမ်း ရယ်နေသည်။ ထိုနေ့ ညတုန်းက ကပွဲတွင် ရှိရှိသမျှ မိန်းကလေးများထဲတွင် အယ်လင်သည် အချောဆုံး ဖြစ်သည်။

သူတို့နှစ်ယောက် စတင်တွေ့သည့် အချိန်သည် (၁၉၁၂) ခုနှစ် ဖြစ်သည်။ နောက်နှစ်မှာ သူတို့ လက်ထပ်ကြသည်။ နောက်တစ်နှစ်အကြာတွင် ဂျင်နီကို မျက်နှာမြင်သည်။

တွမ်သည် ထိုအချိန်ကတည်းက မော်တော်ကား ဒရိုင်ဘာ ဖြစ်သည်။ စစ်ထဲမှ သူ ပြန်ရောက်သောအခါ ယခုနေသည့် အိမ်ခန်းကလေးသို့ သူတို့ ပြောင်းလာခဲ့ကြသည်။ နောက်တစ်နှစ်အကြာတွင် သားကလေးတစ်ယောက် မွေးပြန်သည်။

သို့သော် သားငယ်သည် ကမ္ဘာလောကကြီးအလယ်တွင် နှစ်နှစ်ထက်ပို၍ နေခွင့် မကြုံလိုက်ရှာ။ သားကို သင်္ဂြိုဟ်သည့် အချိန်က ဂျင်နီသည် ရှစ်နှစ်သမီးသာ ရှိသေးသည်။ ဘာဖြစ်သည်ကို ကောင်းစွာ သိနားလည်သေးသော အရွယ် မဟုတ်။

ထိုအချိန်မှစပြီး အယ်လင်သည် နေ့တိုင်း သားဖြစ်သူ၏ အုတ်ဂူသို့ သွားသည်။ သွားတိုင်းလည်း ဂျင်နီကို သူနှင့်အတူ ခေါ်သွားလေ့ရှိသည်။ နောက်ပိုင်းတွင် ဘုရားရှိခိုးကျောင်းသို့ မှန်မှန် သွားသည်။ ဂျင်နီကိုမူ ခေါ်သွားမြဲပင်။ သူတို့သားအမိ ဝတ်မပျက်စတမ်း ဘုရားရှိ

ခိုးကျောင်းသို့ သွားနေကြသည်ကို စောစောပိုင်းကတော့ တွမ် သတိမထားမိခဲ့။ ဘုရားရှိခိုးကျောင်းကို အကြည်ညိုလွန်နေခြင်းမှာ အယ်လင်၏ သဘာဝပင် ဖြစ်သည်ဟုသာ သဘောထားခဲ့သည်။

သို့သော်လည်း နောက်ပိုင်းကြာလာသောအခါ ထိုသို့ မဟုတ်တော့။ ဘုန်းတော်ကြီးများ၏ သွန်သင်ဆုံးမချက်ကြောင့် တွမ်နှင့် လင်မယားအဖြစ် မဆက်ဆံတော့ချေ။ နောက်ထပ် သားသမီးရတနာ မရလိုတော့သောကြောင့် ဖြစ်သည်ဟု ဆိုသည်။ အကယ်၍ သားသမီးရတနာ ရမည်ဆိုပါက တွမ်၏ တိတ္ထိစိတ်ထားများကြောင့် ဖြိုဟ်မွေမည့် ဘားသမီးရတနာကိုသာ ရမည်ဟု ဆိုသည်။

တွမ်သည်လည်း ထိုအချိန်မှစ၍ ဘုရားရှိခိုးကျောင်းဝင်းအတွင်းသို့ လုံးဝ ခြေမချတော့။

(၅)

အယ်လင်ဒင်တန်သည် ဘုရားရှိခိုးကျောင်းအတွင်းမှာ ဒူးထောက်ပြီး ထိုင်နေသည်။ သူ့ပါးစပ်က ဘုရားရှိခိုးခြင်း မပြု။ သူ့စိတ်သည် အလွန် တည်ငြိမ်နေသည်။ သမာဓိတရားကို ကောင်းစွာ ရနေသည်။

ကွယ်လွန်သွားသည့် သားငယ်ကလေးအကြောင်းကို စဉ်းစားနေမိသည်။ သားငယ်သည် အုတ်ဂူအတွင်းမှာ ငြိမ်းချမ်းစွာဖြင့် အပြီးတိုင် လဲလျောင်းနေပြီဖြစ်ကြောင်း သူ သိသည်။

သားငယ် မသေဆုံးမီက အခန်းထဲမှာ အလွန် အေးနေသည်။ အခန်းတွင်း၌ ဘာကြောင့် သည်မျှလောက် အေးနေကြောင်းကို သူ မသိ။ သတိရသောကြောင့် သားငယ်ကို ကြည့်သောအခါ သားငယ်သည် ပြာနှမ်းနေပြီ ဖြစ်သည်။ အကုသိုလ်တရားတို့သည် မိမိတို့ကို ဖြိုဟ်မွေပြီဟု သူ သိလိုက်သည်။ သည်လိုဖြင့် သားငယ်သည် ရေတိမ်တွင် နစ်လေတော့သည်။

ဘုန်းတော်ကြီး ဖာသာဟက်ဒလေက သူ့ကြေကွဲပူဆွေးမှုများကို သက်သာရာ ရစေခဲ့သည်။

"ကိုယ့်ကိုယ်ကိုယ် အပြစ်မဆိုနဲ့ ချစ်သမီး၊ ဘုရားသခင်က ပေးသနားတော်မူတယ်၊ ဘုရားသခင်က ပြန်လည် သိမ်းပိုက်တော်မူတယ်။ ဘုရားသခင်ရဲ့ အလိုတော်ကျအတိုင်းသာ ဖြစ်ပျက်နေကြရတာ ဖြစ်တယ်"

ထိုအချိန်မှစပြီး ဘုရားရှိခိုးကျောင်းသို့လာကာ သူ၏ အကုသိုလ်တရားများကို အကြိမ်ပေါင်းများစွာ ဝန်ခံခဲ့သည်။ အကြိမ်ပေါင်း ထောင်နှင့်ချီ၍ ရှိလောက်ပြီ ဖြစ်သည်။ သို့သော်လည်း အကုသိုလ်များသည် သူ့ဘဝတွင် ကုန်ဆုံးနိုင်တော့မည်ဟု သူ မထင်။ ဘုန်းတော်ကြီးများက သူ့ကို တရားပြသည်။ စိတ်သက်သာရာ သက်သာကြောင်းအတွက် စိတ်ချမ်းသာဖွယ် စကားများကို ပြောသည်။ သို့သော် မပြေပျောက်နိုင်ခဲ့။

* * *

ဂျော်နီဘာ့ခ်သည် စီးကရက်တိုကိုဖွာပြီး ရေမြောင်းထဲသို့ ပစ်ချလိုက်သည်။ သူ့ကို ကြည့်ရသည်မှာ ပျင်းရိငြီးငွေ့နေပုံရသည်။ သူ့ဘေးမှ သူ့သူငယ်ချင်းက သူ့ကို စကားလှမ်းပြောသည်။

"တက်စီ အလုပ်များနေတယ်ဆိုရင် တို့ဟာတို့ သွားကြည့်ရအောင်ကွာ"

"တက်စီက အမြဲ အလုပ်များနေတာပဲကွ၊ ငနဲတစ်ကောင်ကို သူ ဆေးပေးလိုက်တယ်လို့လည်း ကြားတယ်။ ငါတော့ ဒီကောင်မလေးဆီက တစ်ခါမှ အခွင့်အရေး မကြုံဖူးဘူး"

ဂျော်နီက စီးကရက်တစ်လိပ် ထုတ်ပြန်သည်။ လမ်းမဆီသို့လည်း စိတ်ပျက်သည့် အမူအရာဖြင့် ကြည့်နေသည်။ စီးကရက်ညှိရင်း သူ့သူငယ်ချင်းကို လှမ်းပြောပြန်သည်။

"ငါတော့ ကောင်မလေးတစ်ကောင်လောက် လိုချင်တယ်ကွာ၊ ဘယ်သူနဲ့မှ ဘာမှ မဖြစ်သေးတဲ့ အပျိုစစ်စစ်ပေါ့"

"ဘယ်လိုလုပ် ရနိုင်မလဲကွ"

"နည်းလမ်းရှိတယ် အင်ဒီ၊ ငါ့မှာ နည်းလမ်းရှိတယ်"

"မင်း ပြောပုံက ပိုင်လှချည်လား"
အင်ဒီက ဂျော်နီကို ကြည့်ပြီး မေးသည်။
"ပိုင်ဆို ငါ့မှာ ဆေးကောင်းတစ်လက် ရှိနေတယ်။ ဘယ်လိုမျိုးမဆို မနေနိုင်ဘူး"
ဟု သူက ခေါင်းညိတ်ပြရင်း ပြန်ဖြေသည်။
"ဟုတ်ရဲ့လား ဂျော်နီ၊ ဘာဆေးတုံး"
"မော်စကာကင်သရိုက်လို့ခေါ်တယ်"
"ဘယ်လိုဟာလဲ"
"တော်းကလည်း အလိုက်တာကွာ၊ စပိန်ရွှေယင်ကောင် လို့ခေါ်တယ်။ ဆရာဝန်က သူ အပေါ်ထပ် ခဏသွားတုန်း ငါ့ကို စတိုခန်းစောင့်ခိုင်းထားခဲ့တယ်၊ အဲဒီတုန်းက ငါ တိုထားလိုက်တာ"
ဂျော်နီ၏ စကားကိုကြားသောအခါ အင်ဒီသည် အလွန် စိတ်ဝင်စားလာပုံရသည်။
"ဘယ်အမျိုးသမီးကိုမဆို လုပ်လို့ရသလား"
"သိပ်ရတာပေါ့ကွ၊ သူ့အစား တစ်ခုခုထဲကို ထည့်ထားရတယ်။ အဲဒါဆိုရင် သူ မနေနိုင်တော့ဘူး"
ထိုအခိုက် ဆရာဝန် ဝင်လာသည်။
"ဂျော်နီ ဆိုင်ခဏကြည့်ထားစမ်းဟေ့၊ ငါ အပေါ်ထပ်ကို ခဏ သွားလိုက်ဦးမယ်"
"စိတ်ချပါ ဒေါက်တာ"
နောက်ဘက်မှ တံခါးကိုဖွင့်ပြီး ဆရာဝန် ဝင်သွားသည်ကို သူတို့နှစ်ယောက် စောင့်ကြည့်နေကြသည်။ ကောင်တာနောက်ဘက်သို့ ဂျော်နီ ဝင်လာပြီး ငွေစာရင်းစာအုပ်ထားသည့် စားပွဲကိုမှီပြီး ထိုင်နေသည်။
"ကိုကာကိုလာ တစ်ခွက်လောက် သောက်ရအောင်ကွာ"
ဟု အင်ဒီက ပြောသည်။
"ထည့်မပေးအားသေးဘူး ကိုယ့်လူ၊ ကိုယ် ဆိုင်စောင့်နေရသေးတယ်"
ဂျော်နီသည် စားပွဲအံဆွဲများကို တစ်ခုပြီးတစ်ခု ဖွင့်ကြည့်နေသည်။
"ကိုကာကိုလာ တစ်ခွက်လောက် ပေးပါ"
ကိုကာကိုလာ ဖျော်ရည်စက်နားမှ မိန်းကလေးသံတစ်ခု ထွက်လာသည်။ သူတို့နှစ်ယောက်စလုံး အလျင်အမြန် လှမ်းကြည့်လိုက်ကြသည်။ ဂျော်နီက အံဆွဲများကို မြန်မြန်ပြန်ပိတ်သည်။
"ရပါတယ် ဂျင်နီ"
"ဒေါက်တာ ဘယ်သွားသလဲ"
"အပေါ်ထပ်ကို ခဏ တက်သွားတယ်"
"သူ မြင်သွားတယ်ကွ၊ တို့ ဘာလုပ်နေတယ်ဆိုတာ သူ သိတယ်"
ဟု အင်ဒီက ဂျော်နီကို လေသံဖြင့် တိုးတိုးကပ်ပြောသည်။
ဂျော်နီသည် အင်ဒီကိုကြည့်ရင်း ကိုကာကိုလာ ဖျော်ရည်စက်ဆီသို့ ထသွားသည်။ ဂျင်နီ သိကောင်း သိပေလိမ့်မည်။ သူ့မျက်နှာပေါ်မှာ မချိုမချဉ် အပြုံးမျိုးကို မြင်နေရသည်။ သို့သော်လည်း ဂျော်နီက ဘာမှ မဖြစ်သကဲ့သို့ ဖန်ခွက်ထဲသို့ ကိုကာကိုလာ ထည့်နေသည်။
"မိုက်ကယ်ဟာလိုရန်ဆီက ဘာကြားသေးသလဲ ဂျင်နီ"
ဂျင်နီက ခေါင်းခါပြသည်။
"အစက တို့ ဒီနေ့ည ရုပ်ရှင်သွားမလို့၊ ဘာကယ်လေက သူ ပြန်ရောက်မလာဘူး သူ့ပညာသင်ဆုအတွက်တော့ ဘာမှ မဖြစ်ဘူးလို့ ထင်ရတာပဲ"
အင်ဒီက ဂျော်နီအနားသို့ ကပ်လာသည်။
"သူ့ဖန်ခွက်ထဲကို ထည့်မလား"
ဟု လေသံဖြင့် မေးသည်။
သူ ဘာဆိုလိုသည်ကို ဂျော်နီက သဘောပေါက်လိုက်သည်။ သူ မော့ကြည့်သော

အခါ ယခင် သူ သတိမထားမိခဲ့သည့် ဂျင်နီ၏ အလှကို မြင်ရသည်။ ဂျင်နီသည် ရှိက်ဖိုကြီးငယ် အသွယ်သွယ်ဖြင့် အပျိုကြီးဖြစ်နေပြီ။ ဂျော်နီက သူ့အိတ်ထဲမှ စက္ကူထုပ်တစ်ခုကို ထုတ်ယူပြီး ဂျင်နီ၏ ကိုကာကိုလာဖန်ခွက်ထဲသို့ ထည့်လိုက်သည်။

ဂျင်နီသည် စာအုပ်စင်ပေါ်မှ မဂ္ဂဇင်းတစ်စောင်ကို ဆွဲယူကာ ကုလားထိုင်တစ်လုံးမှာ သွားထိုင်နေသည်။ ဂျော်နီက ဖန်ခွက်ကို ငုံ့ကြည့်သည်။ အပေါ်မှာ ဆေးမှုန်ကလေးများ ပေါ်လောမျောနေသည်။ ထို့ကြောင့် နောက်ထပ် ကိုကာကိုလာနည်းနည်း ထပ်ထည့်လိုက်သည်။ ထို့နောက် ဂျင်နီအနားသို့ သွားချပေးသည်။

"ဒီည မင်း အပြင်ထွက်လာတာ မိုးချုပ်လှချည်လား"

ဟုလည်း ဂျော်နီက ဂျင်နီကို လှမ်းမေးသည်။

"ဒီနေ့ စနေနေ့ညလေ၊ အိမ်ထဲမှာ သိပ်ပူတာ၊ ဒါကြောင့် လေညင်းခံရအောင်ဆိုပြီး ထွက်လာတာ"

ဂျင်နီက ကိုကာကိုလာဖိုး ပိုက်ဆံကို ကောင်တာပေါ်သို့ တင်ပေးလိုက်သည်။

ဂျင်နီ သောက်သည်ကို ဂျော်နီက အလွန် စိတ်အားထက်သန်စွာဖြင့် စောင့်ကြည့်နေသည်။

"ဘယ်လိုနေသလဲ၊ ကောင်းရဲ့လား"

"နည်းနည်းတော့ ချိုတယ်"

"ဆိုဒါနည်းနည်း ထပ်ထည့်ပေးမယ်လေ"

ဟု ပြောပြီး ဂျော်နီက ထပ်ထည့်သည်။ ပြီးတော့ မည်သို့နေသနည်းဟု မေးကြည့်သည်။

"ပိုကောင်းလာတယ်၊ ကျေးဇူးပါပဲ"

ဂျော်နီက ဂျင်နီပေးသည့် ပိုက်ဆံကိုယူပြီး စားပွဲဆီသို့ ပြန်လာကာ အံဆွဲထဲ ထည့်လိုက်သည်။

"မင်း လုပ်လိုက်တာ ငါ မြင်တယ်"

ဟု အင်ဒီက ပြောသည်။

"တိတ်တိတ်နေ"

ဂျင်နီသည် ကိုကာကိုလာကိုသောက်ရင်း မဂ္ဂဇင်းစာမျက်နှာများကို လှန်လှောကြည့်နေသည်။ ဆေးဆိုင်အတွင်းသို့ ဆရာဝန် ပြန်ဝင်လာချိန်တွင် ဂျင်နီ့ဖန်ခွက်သည် တစ်ဝက်ကျိုးနေပြီ ဖြစ်၏။

"အကုန် အဆင်ပြေတယ် မဟုတ်လားဟေ့ ဂျော်နီ"

"အဆင်ပြေပါတယ် ဒေါက်တာ"

"ကျေးဇူးပါပဲကွာ၊ ကိုကာကိုလာ သောက်ဦးမလား"

"မသောက်တော့ပါဘူး ခင်ဗျာ၊ မနက်ဖြန်ကျမှ တွေ့တော့မယ်"

"ဘာဖြစ်လို့ အစောကြီး ပြန်ထွက်လာတာလဲ၊ သူ ဘာဖြစ်တယ်ဆိုတာ တို့မမြင်ရတော့ဘူးပေါ့"

အပြင်ရောက်သောအခါ အင်ဒီက ဂျော်နီကို အပြစ်တင်သည်။

"တို့ သိနိုင်ပါတယ်ကွ"

ဂျော်နီက ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး အတွင်းသို့ လှမ်းကြည့်သည်။

ဂျင်နီ၏ ဖန်ခွက်သည် ကုန်သွားပြီဖြစ်၏။ ထိုင်ခုံပေါ်မှဆင်းပြီး မဂ္ဂဇင်းကို စင်မှာ သွားပြန်တင်သည်။ ထို့နောက် အပြင်သို့ ထွက်လာသည်။ ဂျော်နီက သူနှင့် မျက်နှာချင်းဆိုင်မိအောင် ဆိုင်ခန်းဝက သွားစောင့်သည်။

"အိမ်ပြန်တော့မှာလား ဂျင်နီ"

ဂျင်နီက ခဏရပ်ပြီး သူ့ကို ပြန်ပြုံးပြသည်။

"ငါ ပန်းခြံကို သွားမလားလို့၊ ဟိုမှာက ပင်လယ်ဘက်က တိုက်လာတဲ့လေ ရတယ်"

"တို့ပါ အတူတူ လိုက်ခဲ့မယ်လေ၊ စိတ်မဆိုးဘူးနော်"

ဂျော်နီက ဘာကြောင့် မိမိနှင့် လမ်းအတူတူ လျှောက်လိုက်ချင်သည်ကို ဂျင်နီ

အံ့ဩပြီး စဉ်းစားနေမိသည်။ ယခင်တုန်းက မိမိကို ဂျော်နီ စိတ်မဝင်စားခဲ့ဘူးချေ။

* * *

မော်တော်ကားကုမ္ပဏီနှင့် မျက်နှာချင်းဆိုင်ရှိ အရက်ဆိုင်ထဲမှ တွမ်ဒင်တန် ထွက်လာသည့်အချိန်သည် ည ဆယ်နာရီထိုးနေပြီ ဖြစ်၏။ သူ အရက်သောက်ထားသည်။ ဝမ်းနည်းကြေကွဲသော၊ ငိုညည်းရသော၊ မပျော်ပိုက်သော အရက်သောက်ခြင်းမျိုး ဖြစ်သည်။လမ်းကိုကျော်ပြီး သူ ယခင်လုပ်ခဲ့သည့် မော်တော်ကားကုမ္ပဏီကို မျှော်ကြည့်မိသည်။ သူ မောင်းခဲ့သည့်ကားကို မြင်ရသည်။ သို့သော်လည်း သူနှင့် ဘာမှ မဆိုင်တော့။ သူ မောင်းရသည့်ကား မဟုတ်တော့။ သည်ကားကို အခြားတစ်ယောက်ယောက်က မောင်းနေပြီ။

သူ့ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာသည်။ သူသည် အရာရာမှာ ရှုံးနိမ့်သူဖြစ်သည်။ မောင်းစရာ ကား မရှိ၊ အလုပ်အကိုင် မရှိ၊ အိမ်ပြန်လျှင်ပင် ဇနီးအဖြစ် ဆက်ဆံရမည့် မိန်းမ မရှိ။ သည်အချိန်လောက်ဆိုလျှင် သူ့ဇနီးသည် ဘုရားရှိခိုးကျောင်းထဲမှာ ဘုရားဝတ်ပြုနေပေလိမ့်မည်။

ဇနီးဖြစ်သူသည် ယောက်ျားနှင့် အတူနေဖို့ထက် ဘုရားရှိခိုးဖို့လောက်သာ အာရုံစိုက်နေသည်။ မိမိလက်ထဲမှာ ပိုက်ဆံနှစ်ဒေါ်လာလောက်ရှိမည်ဆိုလျှင် မည်သည့်နေရာသို့ သွားရမည်ဖြစ်ကြောင်း တွမ် သိသည်။ မက်ဂီတို့အိမ်မှ ကောင်မကလေးများသည် ယောက်ျား တစ်ယောက်ကို မည်သို့ ပြုစုရမည်ဖြစ်ကြောင်း ကောင်းကောင်း သိကြသည်။ ကိုယ့်အိတ်ကို ကိုယ် ပြန်စမ်းကြည့်မိသည်။ စမ်းမိသည့် ပိုက်ဆံများကို ဂရုတစိုက် ရေတွက်နေမိသည်။ (၃၅) ပြားသာရှိသည်။ မက်ဂီတို့ အိမ်သို့ မသွားလောက်။

အရက်ဆိုင်ထဲသို့ ပြန်သွားပြီး အရက်သောက်လိုစိတ် ပေါ်လာပြန်သည်။ တစ်ခွက်စာလောက်တော့ ပိုက်ဆံရှိသေးသည်။ သည်ပိုက်ဆံကို အကုန်သောက်မိလျှင် တနင်္လာနေ့ရောက်ပါက အယ်လင်ထံမှာ မုန့်ဖိုးတောင်းရပေဦးတော့မည်။

သူသည် ဒေါသဖြင့် အကြွေများကို အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ ပိုက်ဆံ တစ်ပြားစီအတွက် ပူပင်သောက ရောက်နေရမည်ဆိုလျှင် အရက်သောက်၍လည်း ဘာမှ အဓိပ္ပာယ် မရှိ။ သူ ငိုချင်လာသည်။ အိမ်ဘက်သို့ တဖြည်းဖြည်း လမ်းလျှောက်ပြန်လာခဲ့သည်။

သူ အိမ်ပြန်ရောက်ပြီး နောက်နာရီဝက်ခန့် ကြာသောအခါကျမှ အယ်လင် ပြန်ရောက်လာသည်။ တွမ်သည် မှောင်နေသည့် မီးဖိုခန်းအတွင်းရှိ စားပွဲမှာ ထိုင်နေသည်။ အယ်လင် မီးဖွင့်သည်ကို စိတ်မချမ်းမသာသော အကြည့်မျိုးဖြင့် သူ မော့ကြည့်နေမိသည်။

"ရှင် ဒါလောက်စောစော ပြန်လာလိမ့်မယ် မထင်ဘူး။ ဘာဖြစ်လို့ ပြန်လာတာလဲ၊ ဆိုင်မှာ အရက်ကုန်ပြီလား"

တွမ်က ဘာမှ ပြန်မပြော။ အခန်းအပြင်ဘက်သို့ အယ်လင် ထွက်သွားသည်။ ခဏကြာတော့ ဂျင်နီ၏ အိပ်ခန်းတံခါးကို ဖွင့်သံကြားရသည်။ နောက် ပိတ်သံကြားရသည်။ မီးဖိုတွင်းသို့ အယ်လင် ပြန်ဝင်လာသည်။

"ဂျင်နီ ဘယ်မှာလဲ"

"ငါလည်း မသိဘူး၊ မိုက်ကယ်နဲ့ အပြင်သွားချင်သွားနေမှာပေါ့"

"မိုက်ကယ်က ဘာကယ်လေမှာပဲ ရှိသေးတာ၊ ကျွန်မ ဘုရားရှိခိုးကျောင်းကို သွားတုန်းက ဂျင်နီ အိမ်မှာ ကျန်ခဲ့တာပဲ၊ သူ စောစောအိပ်မယ်လို့တောင် ကျွန်မကို ပြောလိုက်သေးတယ်"

"အိုက်တယ် မဟုတ်လားကွာ။ လေညင်းခံရအောင် အပြင်သွားချင်လည်း သွားမှာပေါ့"

"အပြင်ကို ဒီလိုတစ်ယောက်တည်းသွားတာ ကျွန်မ မကြိုက်ပါဘူး"

"ကလေးကို မချုပ်ချယ်ပါနဲ့ အယ်လင်ရယ်၊ သမီးဟာ အရွယ်ရောက်နေပြီပဲ"

စင်ပေါ်မှာ ရှိသည့်အိုးကို အယ်လင်က ယူပြီး ရေထည့်သည်။ ပြီးတော့ မီးဖိုးပေါ်မှာ တင်သည်။ ဓာတ်ငွေ့ကို ဖွင့်ပြီး မီးတို့လိုက်၏။

"ရှင် လက်ဖက်ရည်တစ်ခွက်လောက် သောက်လိုက်ဦးမလား"

တွမ်က အံ့ဩတကြီးဖြင့် အယ်လင်ကို မော့ကြည့်မိသည်။ ညတိုင်းတွင် လက်ဖက်ရည်သောက် မခေါ်သည်မှာ ကြာပြီ။ ထို့ကြောင့်လည်း ဝမ်းသာအားရဖြင့် ခေါင်းညိတ်ပြလိုက်

မိသည်။

အယ်လင်က စင်ပေါ်မှ ပန်းကန်များကိုယူပြီး စားပွဲပေါ်မှာ ချသည်။ ထို့နောက် တွမ်နှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်မှာ ဝင်ထိုင်ရင်း ရေနွေးဆူအောင် စောင့်နေသည်။ အယ်လင်သည် စိတ်ပူနေပုံလည်း ရ၏။

"စိတ်မပူပါနဲ့ကွယ်၊ သမီး အခုပဲ ပြန်ရောက်လာတော့မှာပါ"

ဟု တွမ်က ပြောသည်။ အယ်လင် အပေါ်တွင်လည်း ကရုဏာစိတ်များ ဖြစ်ပေါ်မိသည်။

အယ်လင်က သူ့ကို မော့ကြည့်သည်။ ကြည့်နေရင်းဖြင့် မိမိယောကျ်ားအပေါ်တွင် မိမိ မည်သို့ ဆက်ဆံနေခဲ့ကြောင်းများကို သတိပြန်ရလာသည်။ ရင်ထဲမှာလည်း ဝမ်းနည်းလာသည်။ ပါးပြင်ပေါ်သို့ မျက်ရည်များ ကျလာသည်။

"ကျွန်မ သိပ်စိတ်မကောင်း ဖြစ်မိပါတယ် တွမ်၊ ကျွန်မ စိတ်ထဲမှာ ဘာတွေဖြစ်နေမှန်း ကျွန်မ မသိတော့ဘူး။ ကျွန်မတို့ အကုသိုလ်တွေဟာ မကုန်နိုင်သေးဘူးလားလို့ ကျွန်မ စဉ်းစားနေမိတယ်"

"ကိုယ် သိပါတယ် အယ်လင်၊ ကိုယ် သိပါတယ်"

တွမ်ကလည်း ညင်ညင်သာသာပင် ပြန်ပြောသည်။

ထိုအချိန်မှာပင် ရဲသား ရောက်လာသည်။

ဂျင်နီသည် ပန်းခြံတွင်း၌ မတရားပြုကျင့်ခြင်းခံရပြီး အရိုက်အနှက်လည်း ခံထားရကြောင်း ရဲသားက ပြောပြသည်။

မိမိတို့၏ဘဝသည် အပြီးတိုင် ဆုံးရှုံးသွားပြီဖြစ်ကြောင်း အယ်လင်နှင့် တွမ်တို့၏ မျက်နှာများပေါ်တွင် အထင်အရှား ပေါ်လာလေတော့သည်။

(၆)

တွမ်ဒင်တန်တို့ သားအမိသားအဖ သုံးယောက်သည် ဘုရားရှိခိုးကျောင်းအတွင်းမှ ထွက်လာကြသည်။ အပြင်မှာ နေသာနေသည်။ စူးစမ်းသည့် မျက်လုံးများဖြင့် သူတို့ကို ဝိုင်းကြည့်ခြင်းကို ခံခဲ့ရသဖြင့် သူတို့စိတ်ထဲတွင် မချမ်းမသာ ဖြစ်နေသည်။ သမီးသည် ထိုသို့ အကြည့်ခံရသောကြောင့် လွန်မင်းစွာ ရှက်နေသည်ကို သတိထားမိသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်က အထိုးအကြိတ် အရိုက်အနှက် ခံခဲ့ရသည့် ဒဏ်ရာများသည် သူ့မျက်နှာပေါ်တွင် ကောင်းစွာ မပျောက်ချင်သေးချေ။ ဂျင်နီသည် ခေါင်းအောက်ငုံ့ပြီး လမ်းလျှောက်နေသည်။

"ဂျင်နီ ဝက်ဝံမရေ ခေါင်းမော့ပြီး လမ်းလျှောက်စမ်း သမီး၊ သူတို့သားတွေ ရှက်ရမယ့် အလုပ်ပါ။ သမီးနဲ့ ဘာမှ မဆိုင်ဘူး"

တွမ်က သမီးကို လှမ်းပြောသည်။

ဂျင်နီ၏ မျက်နှာမော့လာသည်။ ဝမ်းသာသော အပြုံးဖြင့် ပါပါ့ကို ပြုံးပြသည်။

"မင်းရော အတူတူပဲ အယ်လင်၊ မျက်နှာကြီးအောက်စိုက်ပြီး လမ်းမလျှောက်စမ်းနဲ့"

သူ့ဇနီးကိုလည်း လှမ်းပြောသည်။

မည်သို့ဆိုစေ အယ်လင် အလွန် စိတ်ချမ်းသာနေသည်။ သူ့ခင်ပွန်း ယနေ့ ဘုရားရှိခိုးကျောင်းသို့ သူတို့နှင့်အတူတူ လိုက်လာပြီး ဘုရားဝတ်ပြုသောကြောင့် ဖြစ်သည်။ ထိုနေ့မနက်က အိမ်တွင် ဖြစ်ခဲ့ကြသည့် အကြောင်းများကို ပြန်သတိရနေမိသည်။ အယ်လင်သည် ဘုရားရှိခိုးကျောင်းသို့သွားရန် အဝတ်အစားများ လဲပြီး ဖြစ်သည်။ အသင့်ဖြစ်သောအခါ ဂျင်နီကို ခေါ်ရန် သမီးအခန်းကို သွားဖွင့်သည်။ ကုလားထိုင်တစ်လုံးမှာထိုင်ပြီး ပြတင်းပေါက်ကိုကျော်၍ ငေးနေသည့် ဂျင်နီကို မြင်ရသည်။

"အဝတ်အစား မလဲသေးဘူးလား ဂျင်နီ၊ ဘုရားဝတ်ပြုဖို့ သွားရအောင် အချိန်ကျနေပြီလေ"

"သမီး မလိုက်တော့ဘူး မေမေ"

ဂျင်နီက စိတ်မပါသလို ပြန်ပြောသည်။

"ဒါပေမယ့် သမီးဆေးရုံကဆင်းကတည်းက ဘုရားရှိခိုးကျောင်းကို တစ်ခေါက်မှ မလိုက်သေးဘူး။ သမီး အိမ်အပြင်ထွက်ရမှာ သိပ်လန့်နေတယ်"

"သမီး အပြင်ကို ထွက်ပါတယ် မေမေ၊ လူတိုင်းက သမီးကို ဝိုင်းကြည့်နေကြတယ်။ သူတို့အနားက သမီး ဖြတ်သွားရင်လည်း လေချွန်တဲ့လူက ချွန်ကြတယ်။ သမီး သည်းမခံနိုင်ဘူး။ ဒါကြောင့် ဘုရားရှိခိုးကျောင်းလည်း မလိုက်တော့ဘူး။ လူတွေက ဝိုင်းကြည့်ကြဦးမှာ"

ဂျင်နီက မီးခင်ဘက်သို့ ပြန်လှည့်ကြည့်ပြီး ပြောသည်။ နက်မှောင်နေသည့် သူ့မျက်လုံးများသည် အလင်းရောင် အားနည်းသည့် အခန်းတွင်းမှာ ပို၍ နက်မှောင်နေကြသည်။

"သမီးက ဘုရားသခင်ရဲ့ အလိုတော်ကို ဆန့်ကျင်နေတာပဲ၊ ဘုရားရှိခိုးကျောင်းမှာ သွားပြီး ဘုရားဝတ်မပြုရင် သမီး အကုသိုလ်တွေ ဘယ်မှာ ပြေပျောက်တော့မှာလဲ"

"သမီးက ဘာအကုသိုလ်တွေ လုပ်ခဲ့လို့ ပြေပျောက်အောင် လုပ်ရမှာလဲ"

ခင်ပွန်း ဖြစ်သူ၏အသံက နောက်မှ ပေါ်လာသည်။ အယ်လင်က နောက်ဘက်သို့ လှည့်လိုက်သည်။ သူ့ဒေါသသည် ပိုမို ကြီးထွားလာသည်။

"ဒီအိမ်ထဲမှာ တိတ္တိတစ်ယောက် ရှိနေတာ လွန်လှပြီ၊ နောက်ထပ် တိတ္တိတစ်ယောက် မလိုချင်ဘူး။ သွား အဝတ်လဲချေ၊ ဒါမှမဟုတ်ရင် ညည်းကို ငါ ဆွဲခေါ်ရလိမ့်မယ်"

အယ်လင်က သူ့ယောကျ်ားကို ပြန်အော်ရင်း သမီးဘက်သို့ လှည့်ပြောသည်။

"သမီး မလိုက်တော့ဘူး မေမေ၊ သမီး မခံနိုင်လွန်းလို့ပါ"

အယ်လင်သည် ဂျင်နီ ရှိရာသို့ ဝုန်းခနဲ တိုးသွားသည်။ ဂျင်နီကိုရိုက်ရန် လက်တစ်ဖက်ကိုလည်း မြှောက်လိုက်သည်။ သို့သော် သံမဏိကဲ့သို့ မာကျောသော လက်တစ်ဖက်က မြှောက်ထားသည့် သူ့လက်ကို ချုပ်ကိုင်လိုက်သည်။ နောက်သို့ ပြန်လှည့်ကြည့်သောအခါ သူ့ယောကျ်ားကို မြင်ရသည်။ အခါတိုင်းက သူ့ယောကျ်ား၏ မျက်လုံးများသည် နူးညံ့အေးချမ်း၏။ မျက်နှာသည် ဒေါသကင်းရှင်း၏။ ယခု ထိုသို့ မဟုတ်။ မျက်လုံးများက ဒေါသဖြင့် တောက်ပြောင်နေသည်။ မျက်နှာက တင်းမာနေသည်။

"ကလေး စိတ်ချမ်းသာတာ လုပ်ပါစေ၊ မင်း ရူးနေသလား"

အယ်လင်က ယောကျ်ားဖြစ်သူကို ခဏ ငေးကြည့်နေသေးသည်။ ကြည့်နေရင်းပင် သူ့ရင်ထဲမှာ ဒေါသများ ပြေပျောက်လျော့ပါးသွားသည်။ သူ့တစ်ကိုယ်လုံးလည်း အားပြတ်သူလို ဖြစ်သွားသည်။ မျက်ရည်များ ယိုစီးကျဆင်းလာသည်။

"ဘုန်းတော်ကြီး ဖာသာဟက်ဒလေက သမီးကို ခေါ်လာရမယ်ပြောလို့၊ သမီး စိတ်သက်သာရာရသွားအောင် သူ ဆုတောင်းပေးမယ်တဲ့"

သူ့ယောကျ်ားက သူ့လက်ကို လွှတ်ပေးလိုက်သည်။ မြှောက်ထားသည့် လက်သည် အရုပ်ကြိုးပြတ်လို ကျသွားသည်။ တွမ်က ဂျင်နီဘက်သို့ လှည့်လိုက်သည်။

"သမီး ဘုရားရှိခိုးကျောင်းကို မလိုက်ချင်တာဟာ သမီးကို လူတွေက ဝိုင်းကြည့်ကြလို့ပဲလား သမီး"

တွမ်က သမီးကို ယုယစွာ မေးသည်။

ဂျင်နီက ဘာမှ ပြန်မဖြေဘဲ ခေါင်းညိတ်ပြသည်။

"ပါပါလည်း သမီးနဲ့အတူတူ လိုက်ခဲ့မယ်ဆိုရင် သမီး သွားမလား"

ဂျင်နီသည် ပါပါ့ကို မော့ကြည့်သည်။ ပါပါ့မျက်နှာပေါ်တွင် မေတ္တာတရားများ၊ အကြင်နာတရားများကို မြင်ရသည်။ ခဏအကြာမှာပင် သူက ခေါင်းညိတ်ပြသည်။

"သွားမယ် ပါပါ"

"ကောင်းပြီ ဒါဖြင့်ရင် သမီး အဝတ်အစားလဲတော့၊ ပါပါ မုတ်ဆိတ် မြန်မြန်ရိတ်လိုက်မယ်"

တွမ်သည် နောက်သို့ ပြန်လှည့်ပြီး အခန်းတွင်းမှ ခပ်သုတ်သုတ် ထွက်သွားသည်။ အယ်လင်က သူ့ကို မျက်တောင်မခတ် လိုက်ကြည့်နေသည်။ အလွန်လည်း အံ့သြနေသည်။ မည်သို့ ပြောင်းလွဲကုန်သည်ကိုပင် နားမလည်နိုင်တော့။

ဘုရားရှိခိုးကျောင်းအတွင်းသို့ သူတို့ ဝင်သွားကြသောအခါ လူအများက သူတို့ကို ကြည့်နေကြသည်။ သို့သော် တွမ်က ဂရုမစိုက်။ အိမ်က ထွက်ကတည်းက သမီးကလေး၏

လက်ကို ကိုင်ဆွဲပြီး သူ လာခဲ့သည်။ ဘုရားရှိခိုးကျောင်းအတွင်းသို့ ဝင်လာသောအခါတွင်လည်း သမီး၏လက်ကို သူ မလွှတ်။ ဘုရားဝတ်ပြုရန် ဒူးထောက်ထိုင်သောအခါတွင်လည်း သူ ပြုံးနေသည်။

အမှန်တော့ ဘုရားရှိခိုးကျောင်းအတွင်းသို့ သူတို့ ဝင်လာစဉ်က အခြေအနေသည် ဒါလောက်မဆိုး။ သူတို့ ဝတ်ပြုအပြီး ပြန်ထွက်သောအခါကျမှ အခြေအနက ပိုဆိုးလာသည်။ နံနက်ခင်း နေရောင်ခြည်သည် ထွန်းလင်းတောက်ပနေသည်။ ဘုရားရှိခိုးကျောင်း၏ လှေကားထစ်များအတိုင်း သမီးလက်ကို တင်းတင်းကိုင်ရင်း သူတို့ ဆင်းလာကြသည်။ လူအားလုံးက သူတို့ကို စူးစမ်းသည့်မျက်လုံးများဖြင့် ဝိုင်းကြည့်နေကြသည်။ သူတို့ သားအမိ သားအဖ သုံးယောက်သည် တိတ္ထိများကဲ့သို့ ဖြစ်နေသည်။

"အားလုံး ပြီးသွားပါပြီ"

လမ်းထောင့်ချိုးကို ချိုးကွေ့ရင်း တွမ်က အေးအေးချမ်းချမ်း ပြောသည်။

လမ်းကိုဖြတ်ပြီး တစ်ဖက်ထောင့်ရှိ ဆေးဆိုင်ဘက်သို့ သူတို့ လျှောက်ခဲ့ကြသည်။ လူငယ်တစ်သိုက်သည် ဆေးဆိုင်ရှေ့တံခါးမှာမှီရင်း ထိုင်နေကြသည်။ တနင်္ဂနွေနေ့ဖြစ်သောကြောင့် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားကြသည်။ တွမ်တို့ ရောက်သွားသောအခါ ယောက်ျားကလေးများက ဝိုင်းကြည့်နေကြသည်။ တွမ်က သူတို့ကို ဒေါသဖြင့် ပြန်ကြည့်သည်။ သူတို့အားလုံး မျက်နှာများကို အောက်သို့ ငုံ့ပစ်လိုက်ကြသည်။ တွမ်တို့မိသားစုသည် ထိုထောင့်ကိုဖြတ်ပြီး အိမ်ဘက်သို့ လျှောက်လာသည်။

ထိုအခိုက်မှာပင် ဝါးခနဲ ဝိုင်းရယ်လိုက်ကြသံကို နောက်ဘက်မှ ကြားရသည်။ တွမ်၏ ရင်ထဲတွင် ထောင်းခနဲ ဒေါသထွက်လာသည်။ ထို့ကြောင့် သမီးလက်ကို လွှတ်ခဲ့ပြီး ယောက်ျားကလေးများ စုထိုင်နေသည့် နေရာသို့ ပြန်လှည့်လာသည်။ လူငယ်များက တွမ်ကို အံ့အားသင့်သည့် အမူအရာများဖြင့် ဝိုင်းကြည့်သည်။ ပြီးတော့ သူတို့မျက်နှာများ အောက်သို့ ငုံ့သွားကြပြန်သည်။

"မင်းတို့ ဘာများ ရယ်စရာတွေ့နေကြသလဲကွ၊ ငါ့လည်း ပြောပြကြစမ်းပါဦး၊ ငါလည်း မင်းတို့နဲ့အတူတူ ရောရယ်ရအောင်"

တွမ်ကို သူတို့ ဝိုင်းကြည့်နေကြသည်။ အားလုံး ရှက်ကိုးရှက်ကန်း ဖြစ်နေကြသည်။ ပြီးတော့ သူတို့ မျက်နှာများကို အောက်သို့ ပြန်ချသွားကြပြန်သည်။ တစ်ယောက်ကိုတစ်ယောက် လည်းကြည့်ပြီး အကဲခတ်နေကြသည်။ သူတို့ အမူအရာကို မြင်ရသဖြင့် မိမိ၏ ငယ်စဉ်ဘဝကို ပြန်သတိရမိသည်။ ဓာတ်ပုံပြာများကို လူငယ်တို့သဘာဝ ဝိုင်းဝန်းကြည့်ရှုသည့်အခါ လူကြီးတစ်ယောက်ကမိလျှင်လည်း ဤသို့ပင် ရှက်ကိုးရှက်ကန်း ဖြစ်တတ်ကြသည်။

ထိုအကြောင်းကို စဉ်းစားမိသောအခါ သူ့ရင်ထဲမှ ဒေါသသည် လျော့ပါးသွားသည်။

"ကဲ မင်းတို့ ဒီနေရာက တခြားကိုသွားကြတော့၊ ငါ့ကို လှောင်တာမျိုး၊ ငါ့မိသားစုထဲက တစ်ယောက်ယောက်ကို လှောင်တာမျိုး နောက်တစ်ခါ ကြားရမယ်ဆိုရင် မင်းတို့ကို တစ်ဖွဲ့စီ ဖွဲ့ပစ်မယ်၊ ကြားလား"

သူတို့အထဲမှ အရပ်အမြင့်ဆုံး ယောက်ျားကလေးက တွမ်နှင့် မျက်နှာချင်းဆိုင်နေရာသို့ တိုးလာသည်။ သူ့အရပ်သည် တွမ်ထက် မြင့်သည်။ မချိုမချဉ် အပြုံးမျိုးဖြင့် သူက တွမ်ကို ငုံ့ကြည့်နေသည်။

"ဒါ လွတ်လပ်တဲ့တိုင်းပြည်၊ ဒီနေရာမှာ ကျွန်တော်တို့ နေချင်ရင် နေပိုင်ခွင့်ရှိတယ်"

ဟု ထိုလူငယ်က ပြောသည်။

တွမ်၏ ရင်ထဲမှ ဒေါသသည် ပေါက်ကွဲသွားပြန်၏။ ထို့ကြောင့် လူငယ်၏အကျီစကို ရုတ်တရက် ဆွဲယူကာ ဒူးထောက်လျက်ဖြစ်သွားအောင် နှိမ်ချလိုက်သည်။

"လွတ်လပ်တယ် ဟုတ်လား။ ဒီလမ်းထောင့်မှာ အုပ်စုနဲ့ထိုင်ပြီး ဘယ်မိန်းကလေးကို မုဒိန်းကျင့်ရပါ့မလဲလို့ လွတ်လွတ်လပ်လပ် စဉ်းစားနေခွင့်ကို လွတ်လပ်ခွင့်လို့ ပြောတာလား"

တွမ်က ဒေါသတကြီးအော်ရင်း လက်ဝါးကိုဖြန့်၍ ရိုက်ရန်ရွယ်လိုက်သည်။

လူငယ်၏ မျက်နှာပေါ်တွင် စောစောက ပမာမခန့် အမူအရာမျိုး ရှိခဲ့သည်။ ယခု

ထိုအမူအရာပျောက်သွားပြီး ကြောက်လန့်ဟန် ပေါ်လာသည်။

"ကျွန်တော်တို့ကို ဘာဖြစ်လို့ ဒီလိုပြောရတာလဲ မစ္စတာဒင်တန်၊ မစ္စတာဒင်တန်ရဲ့ သမီးကို မတရားကျင့်တာ ကျွန်တော်တို့မှ မဟုတ်ဘဲ"

ထိုစကားကို ကြားလိုက်ရသောအခါ သူ့တစ်ကိုယ်လုံးမှာရှိသော သွေးများ ခဲသွားပြီဟု ထင်မိလိုက်သည်။ သူ ရပ်မြဲရပ်နေသည်။ ရိုက်ရန်ရွယ်သည့် လက်ကလည်း ရွယ်မြဲရွယ်ထားသည်။ လူငယ်ကို စိုက်ကြည့်နေသည်။ သူတို့သည် ဂျင်နီကို မတရားကျင့်သူများ မဟုတ်။ ကိုယ့်သမီးကို ကိုယ်ကြိုက်သလို ဆုံးမနိုင်သည်။ သမီးနှင့် ပတ်သက်၍ မည်သို့မျှ အပြစ်မရှိသော အခြားသူများကို မိမိ ဘာမှ လုပ်ပိုင်ခွင့် မရှိ။ သူ့လက်ကို သူ ပြန်ချလိုက်သည်။ ပြီးတော့ လူငယ်ကို တစ်ဖက်သို့ တွန်းပစ်လိုက်သည်။

သူတို့ကို တစ်ယောက်ချင်း လိုက်ကြည့်နေမိသည်။ သူတို့သည် လူငယ်ကလေးများသာ ဖြစ်ကြ၏။ ယုတ်မာသည့် အလုပ်ကို ပြုလုပ်ခဲ့သည့် လူငယ်နှစ်ယောက်ကြောင့် လူငယ်အားလုံးကို သူ မုန်းတီးမနေသင့်။ လူငယ်ကလေး ပြောသည်မှာ မှန်သည်။ သူတို့သည် အပြစ်ရှိသူများ မဟုတ်ကြ။

အားငယ်သည့်စိတ် ဝင်လာပြန်သည်။ တစ်စုံတစ်ယောက်သော သူသည် အပြစ်ရှိသည်ဟုဆိုလျှင် မိမိသည် အပြစ်အရှိဆုံး၊ အပြစ်အကြီးဆုံးသော သူ ဖြစ်နိုင်သည်ဟု တွေးမိသည်။ သူမှာ အလုပ်နှင့်အကိုင်နှင့် ကျကျနန နေနိုင်ခဲ့မည်ဆိုလျှင် ဤအဖြစ်မျိုး ဖြစ်ပွားဖွယ်ရာ အကြောင်း မရှိ။

"မင်းတို့ ဒီနေရာက ထွက်သွားကြတော့၊ နောင် ဒီနေရာက ငါ ဖြတ်လျှောက်လို့ ဒီလိုအကြည့်မျိုးနဲ့ ငါ့ကိုကြည့်ရင် မင်းတို့နဲ့ ငါနဲ့ တွေ့မယ်"

လူငယ်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကြ၏။ တွမ်ဒင်တန်ကို သနားကရုဏာသက်သည့် အရိပ်အယောင်များကို သူတို့မျက်နှာများပေါ်တွင် မြင်ရသည်။ လူငယ်များသည် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲဖြင့် ထိုနေရာမှ ထွက်ခွာသွားကြတော့သည်။

သူသည် လမ်းထောင့်မှ ခဏကြာအောင် တစ်ယောက်ထီးတည်း ရပ်နေမိသည်။ တုန်လှုပ်ချောက်ချားမှုများ သူ့ရင်ထဲမှာ ပေါ်ပေါက်လာသည်။ ဇနီးနှင့် သမီးတို့ရှိရာသို့ လျှောက်လာခဲ့သည်။ ဇနီးနှင့်သမီးက သူ့ကို စောင့်နေသည်။ သမီး၏လက်ကို ပြန်ဆွဲယူကာ အိမ်ဘက်သို့ လျှောက်လာခဲ့ကြသည်။

"အားလုံး ပြီးသွားပါပြီ"

ဟု ဘုရားရှိခိုးကျောင်းက ထွက်လာစဉ်က သူ ပြောခဲ့သည်။

သို့သော် မပြီးသေး။ ဘာတစ်ခုမှ မပြီးသေး။ သူ အသက်ရှင်နေရသမျှ ကာလပတ်လုံး ပြဿနာပေါင်းစုံတို့နှင့် ဆက်လက် ရင်ဆိုင်နေရဦးမည်သာ ဖြစ်ကြောင်း သူ သဘောပေါက်လာသည်။

* * *

စက်တင်ဘာလ၏ လေသည် အေးနေသည်။ ဆောင်းဦးပေါက်လေအဖြစ် အစပျိုးလာခြင်း ဖြစ်သည်။ ဂျင်နီက ဘတ်စ်ကား ပြတင်းပေါက်မှ ကျော်ကြည့်သည်။ သူ ဆင်းရမည့် မှတ်တိုင်တွင် အဖေ စောင့်နေသည်ကို လမ်းခတ်မီးတိုင်အောက်မှာ မြင်ရသည်။ အဖေသည် ဂျင်နီ အပြန်ကို ညစဉ်ညတိုင်း ဤမှတ်တိုင်မှလာပြီး စောင့်ကြိုလေ့ရှိသည်။ မှတ်တိုင်တွင် ကားရပ်သောကြောင့် ဂျင်နီလည်း ဆင်းခဲ့သည်။

"ဟဲလို ပါပါ"

"ဟေး ဂျင်နီဝက်ဝံမ"

သားအဖနှစ်ယောက် ဘေးချင်းယှဉ်ပြီး အိမ်ဘက်သို့ ပြန်လျှောက်လာကြသည်။

"ဒီနေ့ ဘာထူးသေးသလဲ ပါပါ"

"ပါပါလည်း နားမလည်တော့ပါဘူး သမီးရယ်၊ ဘယ်မှာမှ အလုပ် မရှိတော့ဘူး"

တွမ်က ခေါင်းကို ယမ်းပြရင်း ပြန်ဖြေသည်။

"တစ်နေ့တော့ အဆင်ပြေသွားမှာပေါ့ ပါပါရယ်"

"ပါပါလည်း ဒီလိုပဲ မျှော်လင့်ထားတာပါပဲ၊ သမ္မတရွေးကောက်ပွဲ ပြီးသွားရင်တော့ အားလုံး ကောင်းလာပါလိမ့်မယ် ထင်တယ်။ စီးပွားရေးလုပ်ငန်းတွေ သိပ်ကျဆင်းပြီး အလုပ်လက်မဲ့တွေ များနေတာနဲ့ ပတ်သက်ပြီး ရုစဗဲ့က ဖြေရှင်းပေးမယ်လို့ပြောတယ်။ တခြားသမ္မတလောင်းနဲ့စာရင် အလုပ်သမားတွေအတွက် သူက မျှော်လင့်ချက် အများကြီး ပေးနိုင်သေးတယ်၊ ဒီနေ့ အလုပ်လုပ်ရတာကော အဆင်ပြေရဲ့လား သမီး"

"အဆင်ပြေပါတယ် ပါပါ"

ဂျင်နီက ပြန်သာဖြေရသည်။ ရုံးတွင် အလုပ်လုပ်ရသည်များကို သူ ဘဝင်မကျလှ။ ကုမ္ပဏီ၏ ကိုယ်စားလှယ်ပေါင်း များစွာတို့သည် ရုံးတွင်းရုံးပြင် အဝင်အထွက်များ၌ စားပွဲရှေ့မှာ ရပ်ကြသည်။ ဂျင်နီနှင့် စကားပြောကြသည်။ အချို့က ဂျင်နီကို သူတို့နှင့် အပြင်သို့လိုက်ရန် ချိန်းဆိုကြသည်။ ဂျင်နီက ယဉ်ကျေးသိမ်မွေ့စွာပင် ငြင်းပယ်ရသည်။ ဂျင်နီကို သူတို့ ဘယ်လို သဘောထားသည်ကို ဂျင်နီ သိသည်။ ထို့ကြောင့်လည်း စိတ်မချမ်းမသာ ဖြစ်ရသည်။

"သမီးကို ညတိုင်း လာကြိုဖို့ မလိုပါဘူး ပါပါ၊ သမီးတစ်ယောက်တည်း အိမ်ပြန်ရတာ မကြောက်ပါဘူး"

ဂျင်နီက ရုတ်တရက် သူ့အဖေကို ပြောသည်။

"သမီး မကြောက်တာ ပါပါ သိပါတယ်၊ ပထမဦးဆုံးနေ့ သမီးကို ပါပါ လာကြိုက တည်းက သိပါတယ်။ ဒါပေမယ့် သမီးကို ပါပါ ကြိုချင်တယ်၊ ပါပါ့မှာ အလုပ်မရှိဘူး မဟုတ်လား။ သမီးကို ညတိုင်း လာကြိုနေရတော့ အလုပ်တစ်ခု လုပ်နေရသလို စိတ်ထဲမှာ ခံစားရတယ်"

ဂျင်နီက ဘာမှ ပြန်မဖြေ။ သားအဖနှစ်ယောက် အတန်ကြာ တိတ်ဆိတ်စွာဖြင့် ဆက်လျှောက်လာကြသည်။

"သမီးက ပါပါ့ကို မကြိုစေချင်တော့လို့လား"

"မဟုတ်ပါဘူး ပါပါ၊ ပါပါ ကြိုချင်တယ်ဆိုရင် ကြိုပါ"

သူတို့အိမ်လှေကားရင်းသို့ ရောက်လာကြသည်။ ဂျင်နီက လှေကားကို စတက်သည်။ ပါပါက ဂျင်နီ၏လက်ကို ညင်သာစွာ ကိုင်သည်။

"ပါပါတို့ အပေါ်ကို မတက်ကြဦးစို့နဲ့လေ၊ ဒီမှာ ခဏထိုင်ပြီး သမီးနဲ့ ပါပါ စကား နည်းနည်းလောက် ပြောကြရအောင်"

ဂျင်နီက ပါပါ့ကို ကြည့်သည်။ ပါပါ့မျက်နှာသည် စိတ်အားထက်သန်နေပုံရသည်။

"ဘာပြောချင်လို့လဲ ပါပါ"

"သမီး အမေကိုတော့ ဘာမှ မပြောရသေးဘူး။ ဘုန်းတော်ကြီး ဖာသာဟက်ဒလေကို ပါပါ ဒီနေ့ သွားတွေ့တယ်"

"ဟုတ်ကဲ့"

"သမီး အကျင့်စာရိတ္တ ကောင်းကြောင်းနဲ့ပတ်သက်ပြီး ရုံးတော်မှာ သူ လာပြီး သက်သေမခံနိုင်ဘူးတဲ့။ ဒီလို သက်သေလိုက်တာဟာ ဘုရားရှိခိုးကျောင်းရဲ့ စည်းမျဉ်းတွေကို ဆန့်ကျင်ရာ ရောက်တယ်တဲ့၊ သမီး ကျောင်းက သီလရှင်များကလည်း ဒီအတိုင်းပဲ"

"အို. . ."

ဂျင်နီသည် ဤမျှသာ ပြန်ပြောနိုင်သည်။ ရင်ထဲမှာ စိတ်မချမ်းမသာ ဖြစ်လာသည်။ သူတို့အိမ်သို့ ရှေ့နေလာစဉ်က ပြောသွားသည့် စကားများကို ဂျင်နီ ပြန်သတိရနေသည်။ ရှေ့နေ ပြောသည့်စကားများသည် မှန်နေပြီဖြစ်၏။

တစ်ရက်တွင် မိမိတို့အိမ်သို့ တရားခံအကျမှ ရှေ့နေ ရောက်လာသည်။ မီးဖိုခန်းမှ စားပွဲတွင်ထိုင်ရင်း မိမိတို့နှင့် စကားပြောခဲ့ကြသည်။

"မစ္စတာဘာ့ခ်နဲ့ မစ္စတာတင်နာတို့က ကျွန်တော့်ကို ခင်ဗျားနဲ့ တွေ့ခိုင်းပါတယ်။ သူတို့ အင်မတန် စိတ်မကောင်း ဖြစ်နေကြတာကိုလည်း ခင်ဗျား သိပါလိမ့်မယ်။ အခုလို မတော်တဆ ဖြစ်ရတာကို ဖျောက်ဖျက်လို့ ရမယ်ဆိုရင် သူတို့ကလည်း ဖျောက်ဖျက်ပစ်ချင်နေ ကြပါတယ်"

ဟု ရှေ့နေက အဖေနှင့် ဂျင်နီကို ရှင်းပြသည်။

အဖေ့မျက်နှာသည် ဒေါသကြောင့် ရဲလာသည်။

"ပထမအချက်က မစ္စတာကွန်နာ၊ အခု ကိစ္စက မတော်တဆဖြစ်တာ မဟုတ်ဘူး။ ဟိုကောင်လေးနှစ်ယောက်က မုဒိန်း"

ရှေ့နေက လက်မြှောက်ပြပြီး အဖေ့စကားကို တားသည်။ သူပင် စကားကို ဆက်ပြောသည်။

"သူတို့ ဘာဆက်လုပ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့အားလုံး သိကြပါတယ်၊ ဒါပေမယ့် ဒီကိစ္စကို သေသေချာချာ စဉ်းစားပါ မစ္စတာဒင်တန်၊ ဒီကိစ္စကြီးကို ရုံးတင် စစ်ဆေးနေကြရင် ခင်ဗျားသမီးအဖို့ ဘယ်လောက် စိတ်နာကြည်းစရာ ကောင်းနေမလဲ၊ အုတ်အော်သောင်းတင်း ဖြစ်ပြီး ပိုလို့သာ အရှက်တကွဲ အကျိုးနည်းဖြစ်မယ်၊ ဒါတင် မကသေးဘူး တရားခံနှစ်ယောက်ကို ရုံးတော်က အပြစ်မရှိဘူးလို့ ဆုံးဖြတ်လိုက်ရင်ကော ဘယ်လိုလုပ်မလဲ"

အဖေက ရယ်သည်။

"အပြစ်မရှိဘူး ဟုတ်လား။ သူတို့ကို ရဲက ဖမ်းလာတုန်းက ကျွန်တော် ရဲစခန်းမှာ ရှိနေတာပဲ၊ သူတို့ ဒီလို လုပ်မိတဲ့အတွက် စိတ်မကောင်းကြောင်း ငိုကြီးချက်မနဲ့ပြောနေကြတာ ကျွန်တော်ကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားခဲ့ရတာပဲ"

"သူတို့ ဘာပြောပြော မစ္စတာဒင်တန်၊ ဒါက အရေးကြီးတာ မဟုတ်ဘူး။ ရုံးတော်မှာ သူတို့ရဲ့ ထွက်ချက်ကသာ အရေးကြီးတာ၊ ရဲစခန်းမှာ ဘာပဲ ထွက်ခဲ့ထွက်ခဲ့ အရေးမကြီးဘူး။ နောက်တစ်ခုကလည်း ပန်းခြံကိုသွားဖို့ သူတို့က ခေါ်တာ မဟုတ်ဘူး။ ခင်ဗျားသမီးက ခေါ်လို့ လိုက်သွားရပါတယ်လို့လည်း သူတို့ဘက်က ပြောနိုင်သေးတယ်"

ဟု ရှေ့နေက ရှင်းပြသည်။

"ဒီလိုဆိုရင် သူတို့ သက်သေပြနိုင်မှာပေါ့"

တွမ်က ဒေါသဖြင့် ပြန်ပြောသည်။

"သူတို့ သက်သေကို ခင်ဗျားဘက်က ဖျက်ပစ်ဖို့ မလွယ်ဘူး။ သူတို့က နှစ်ယောက်၊ ခင်ဗျားသမီးက တစ်ယောက်တည်း၊ ဘယ်သူ့စကားကို ပိုယုံရမလဲ၊ နောက်ပြီးတော့ သူတို့သားများဟာ အကျင့်စာရိတ္တကောင်းသူတွေဖြစ်ကြောင်းလည်း သက်သေခံမယ့်လူတွေ သူတို့ဘက်က အများကြီး ရနိုင်နေတယ်၊ ဒီအတိုင်းဆိုရင် ခင်ဗျားဘက်ကလည်း ခင်ဗျားသမီး အကျင့်စာရိတ္တ ကောင်းကြောင်း သက်သေပြရလိမ့်မယ်"

"သူခိုးကပဲ လူပြန်ဟစ်နေတဲ့ ပုံမျိုးလားဗျာ"

အဖေ့ဒေါသသည် ပို၍ ကြီးမားလာသည်။

"မှန်ပါတယ်။ ဒီအတိုင်းပါပဲ၊ ဒီလို အမှုမျိုးမှာ တရားလိုသာ အရှုံးများတတ်ကြတယ်"

ရှေ့နေက ခေါင်းညိတ်ပြပြီး ဖြေသည်။

"ကျွန်တော့်သမီးရဲ့ ဂုဏ်သိက္ခာက သက်သေထူပါလိမ့်မယ်ဗျာ၊ စိန့်ပေါ်ဘုရားရှိခိုးကျောင်းက ဘုန်းတော်ကြီးဖာသာဟက်ဒလေနဲ့ မာစီအထက်တန်းကျောင်းက သီလရှင်တွေက ကျွန်တော့်သမီး အကျင့်စာရိတ္တကောင်းကြောင်းကို ရုံးတော်မှာ သက်သေခံကြပါလိမ့်မယ်"

နားလည်ရခက်သော အပြုံးမျိုးကို ရှေ့နေက ပြုံးနေသည်။ တစ်စုံတစ်ရာကို လျှို့ဝှက်ထားသည့် အပြုံးမျိုး ဖြစ်သည်။ ပြီးတော့မှ အေးအေးသက်သာ ပြောသည်။

"ကျွန်တော် သိပ်မထင်ဘူး မစ္စတာဒင်တန်၊ ကျွန်တော် သိပ်မထင်ဘူး"

ရှေ့နေသည် ဂျင်နီကို လှည့်ကြည့်သည်။ ပြီးတော့မှ တွမ်ဘက်သို့ လှည့်ကြည့်ပြီး ဆက်ပြောပြန်သည်။

"ကျွန်တော့် အမှုသည်များက ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ကို တာဝန်လွှဲထားပါတယ်။ တကယ်လို့ မစ္စတာဒင်တန်တို့ဘက်က အမှုကို ပြန်လည်ရုပ်သိမ်းပေးပါ့မယ်ဆိုရင် သူတို့ဘက်က လျော်ကြေးအဖြစ်နဲ့ ဒေါ်လာတစ်ထောင် ပေးပါ့မယ်တဲ့"

"ထုံးစံအတိုင်းပဲ ဆက်လုပ်ပါ မစ္စတာကွန်နာ၊ မတော်မတရားလုပ်ပြီးမှ ပိုက်ဆံနဲ့ လျော်ကြေးပေးလို့ ရနိုင်တာမျိုး မဟုတ်ပါဘူး"

အဖေက ပြောရင်းဆိုရင်း ထိုင်ရာမှထရပ်သည်။

ရွှေနေကလည်း ထိုင်ရာမှ ထသည်။ သူ့အိတ်ထဲမှ ကတ်ပြားကလေးတစ်ခုကို ထုတ်ပြီး စားပွဲပေါ် သို့တင်ကာ အပေါက်ဝဆီသို့ လျှောက်သွားသည်။

"ရုံးတော်မှာ အမှုမတင်ခင်များ ခင်ဗျား စိတ်ကို ပြောင်းလိုက်တယ်ဆိုရင် ကျွန်တော့် ရုံးကို အချိန်မရွေး လာနိုင်ပါတယ် မစ္စတာဒင်တန်"

ထိုအကြောင်းများကို ဂျင်နီ ပြန်စဉ်းစားနေမိသည်။ ထိုနေ့က ရွှေနေပြောသွားသည့် အတိုင်းပင် ယခု ဘုန်းတော်ကြီးနှင့် သီလရှင်များက ရုံးတော်သို့ လာရောက်ပြီး ဂျင်နီ အကျင့် စာရိတ္တကောင်းကြောင်းကို သက်သေမခံနိုင်ကြတော့ဟု ဆိုချေပြီ။

"ဒီလိုဆိုရင် သမီးတို့ ဘာလုပ်ကြမလဲ ပါပါ"

"ဖာသာဟက်ဒလေက ပြောတယ်၊ သမီးမေမေကိုလည်း သူတို့ ပြောပြလိုက်ပြီးပြီတဲ့၊ သုံးပတ်လောက် ရှိသွားပြီတဲ့"

ဂျင်နီက ပါပါ့ကို စိုက်ကြည့်နေသည်။

"ဒါဖြင့် မေမေ အားလုံး သိပြီးပြီပေါ့၊ ဒါပေမယ့် သမီးတို့ကို ဘာမှ ပြန်မပြောဘူးနော်"

ဟွမ်က ခေါင်းညိတ်ပြသည်။ ဂျင်နီ၏ ရင်ထဲမှာ နာကျင်လာသည်။ မေမေ အလွန် ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်သည့် ဘုရားသခင်သည် တစ်ခုခု မှားပြီလားဟု တွေးမိသည်။ ဘုရားသခင်ကို အလွန် ယုံကြည်စွာ ဆည်းကပ်ကိုးကွယ်နေသည့် လူသားတစ်ယောက်၏ သမီးကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ခွင့်ပြုတော့မည်လားဟု ဂျင်နီ စဉ်းစားနေမိသည်။

"ဖာသာဟက်ဒလေက ပြောသေးတယ်၊ သမီး စိန့်မေရီကောလိပ်ကျောင်းကို သွားဖို့ အတွက် စာသင်ဆုကို အခုထက်ထိ ခွင့်ပြုထားတုန်းပါပဲတဲ့။ သမီး သွားချင်တယ်ဆိုရင် အဆင် သင့်ပါပဲတဲ့"

ရုတ်ခြည်း ဆိုသလိုပင် ဂျင်နီ ရယ်ချလိုက်သည်။ မိမိ အကျင့်စာရိတ္တကောင်းကြောင်း ကိုတော့ ရုံးတော်မှာလာပြီး သူတို့ ထောက်ခံချက်မပေးနိုင်ကြ။ သို့သော်လည်း မိမိ စာသင်ခွင့် ရအောင်တော့ သူတို့က ပေးကမ်းစွန့်ကြလိုက်ကြဦးမည်။ ထိုသဘောနှစ်မျိုးကို ဂျင်နီ နားမလည် နိုင်တော့။ တစ်ခု ဆုံးရှုံးအောင်လုပ်ပြီး အခြားတစ်ခုဖြင့် အစားထိုးကာ လျော်ကြေးပေးသည့် သဘောထားမျိုးလော။

တွမ်က အံ့ဩတကြီးဖြင့် သမီးကို မော့ကြည့်သည်။

"သမီး ဘာဖြစ်လို့ ရယ်တာလဲ"

ဂျင်နီက အရယ်ရပ်သည်။ အဖေ့ကို ပြန်ကြည့်သည်။ သူ့မျက်နှာပေါ်တွင် အပြုံး ရိပ်ပင် မရှိတော့။

"ဘာမှ မဟုတ်ပါဘူး ပါပါ၊ ဟိုနေ့ကလာတဲ့ ရွှေနေနဲ့ ပါပါ သွားတွေ့သင့်တယ် ထင်တယ်"

"ဒါဖြင့် သမီး ဒေါ်လာတစ်ထောင်ကို ယူတော့မယ်ပေါ့"

ဂျင်နီက ခေါင်းညိတ်ပြသည်။

"ပြီးတော့ စိန့်မေရီကောလိပ်ကျောင်းကိုလည်း သမီး ကျောင်းသွားတက်မယ်၊ သူတို့ ပေးတဲ့ ပညာသင်ဆုကို ယူမယ်၊ ဒီလိုလုပ်မှပဲ သမီး မရှိတုန်းမှာ ပါပါတို့ ရပ်တည်နေကြလို့ ဖြစ်မှာပေါ့"

"သမီး ပိုက်ဆံကို ပါပါ လက်မခံဘူး"

"လက်ခံရမယ် ပါပါ၊ အနည်းဆုံး ပါပါ အလုပ်ပြန်ရပြီး ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်တည်နိုင်တဲ့ အချိန်အထိတော့ ပါပါ လက်ခံရမယ်"

ဂျင်နီက နူးညံ့ပျော့ပျောင်းစွာ ပြောပြသည်။

တွမ်၏ မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာသည်။ ရုတ်ခြည်း ဆိုသလိုပင် သမီးကို သူ ဆွဲပွေ့ယူလိုက်သည်။

"ပါပါ့ကို ချစ်သလား ဂျင်နီဝက်ဝံမလေးရယ်၊ နေရာတကာမှာ ဆုံးရှုံးပြီး အရာရာမှာ အားငယ်နေရတဲ့၊ သနားစရာကောင်းလှတဲ့ သမီးလေးရဲ့ ပါပါ့ကို ချစ်သလားကွယ်၊ ပြောစမ်းပါဦး"

"ပါပါ့ကို သမီး ဘယ်လောက် ချစ်တယ်ဆိုတာ ပါပါ သိပါတယ်"

ဂျင်နီက မြန်မြန် ပြန်ဖြေသည်။ ပါပါ့ရင်ခွင်မှာ မျက်နှာအပ်ထားသည်။ တစ်ယောက်ကိုတစ်ယောက် ဖက်ထားကြသည်။ သားအဖနှစ်ယောက်သည် နာကြည်းစွာဖြင့် ရင်ပွင့်မတတ် ငိုကြသည်။

အေးချမ်းတိတ်ဆိတ်ပြီး ကြယ်များလက်နေသည့် ဆောင်းဦးည၏ အမှောင်ထဲမှာ လှေကားအတိုင်း တက်လာကြသော သားအဖနှစ်ယောက်၏ ခြေသံများသည် လေးကန်နေကြသည်။

(၇)

ခွဲစိတ်ခန်းထဲတွင် ထွန်းထားသည့် အားကောင်းသော လျှပ်စစ်မီးလုံးများမှ တဖျပ်ဖျပ် မြည်သည့် အသံကိုသာ ကြားနေရသည်။ ခွဲစိတ်သည့် စားပွဲပေါ်တွင် ဝဝဖိုင့်ဖိုင့် ကိုယ်ခန္ဓာရှိသော လူချမ်းသာ အဘွားကြီး လဲလျောင်းနေသည်။

ဒေါက်တာဂရန့်၏ လက်များသည် အလွန် လျင်မြန်စွာ လှုပ်ရှားနေသည်။ အလွန် ကျွမ်းကျင်သည်။ အလွန် သေချာသည်။ အဘွားကြီး၏ဗိုက်ကို ဖွင့်ပြီး ပေါက်နေသည့်အူအတက်ကို ဖြတ်ထုတ်နေသည်။ ခဏကြာတော့ သူ၏ လေးနက်သောအသံက တိတ်ဆိတ်မှုကို ချိုးဖောက်လိုက်သည်။

“ကဲ ပြန်ပိတ်ပေးနိုင်ပါပြီ ဒေါက်တာလော့ဘ်”

ဒေါက်တာဂရန့်သည် ခွဲစိတ်သည့်စားပွဲမှ အခြားတစ်ဖက်သို့ ပြန်လှည့်သည်။ သူနာပြုဆရာမတစ်ယောက်က ဒေါက်တာ၏ မျက်နှာပေါ်တွင် သီးနေသော ချွေးများကို သုတ်ပေးသည်။ ယင်းဆေးရုံမှ ခွဲစိတ်ကုဆရာဝန်က ဖွင့်ထားသည့် လူနာ၏ဝမ်းဗိုက်ကို ပြန်ချုပ်ပေးရန် ပြင်ဆင်သည်။

ဂျင်နီက အထက်တန်းသူနာပြုဆရာမ ခရစ္စတိုဖာကို လှမ်းကြည့်သည်။ အထက်တန်း သူနာပြုဆရာမက ဘာပြောဦးမည်နည်းဟု စူးစမ်းခြင်း ဖြစ်သည်။ ခရစ္စတိုဖာက တစ်စုံတစ်ရာ မျက်ရိပ်ပြခြင်း မရှိ။

“အပ်”

ဒေါက်တာလော့ဘ်က ပြောရင်း လက်တစ်ဖက် ကမ်းပေးသည်။ အလိုအလျောက်ပင် သူ့လက်ထဲသို့ ဂျင်နီက အပ်ကို ထည့်ပေးမိလျက်သား ဖြစ်နေသည်။ ထိုအချိန်မှစ၍ ဂျင်နီအဖို့ မော့ကြည့်ရန်အချိန် မရတော့။ အလွန် အလုပ်များနေသည်။ သို့သော်လည်း အထက်တန်း သူနာပြု ခရစ္စတိုဖာက သူ့ကိုကြည့်ပြီး အကဲခတ်နေကြောင်း သိသည်။ ထို့ကြောင့် အနေရ အထိုင်ရ ခက်နေသည်။ ပထမဦးဆုံးအကြိမ်တုန်းကလိုပင် စိတ်ထဲမှာ ခံစားနေရသည်။ ပထမဦးဆုံးအကြိမ်သည် သုံးနှစ်ကြာခဲ့ပြီ။ နောက်လဆိုလျှင်ပင် ဤသူနာပြုကောလိပ်မှ ဂျင်နီ ဘွဲ့ယူရတော့မည်။

အမှန်တော့ ခရစ္စတိုဖာက ချီးကျူးသည့်အကြည့်ဖြင့် သူ့ကို ကြည့်နေခြင်း ဖြစ်သည်။ သူ သင်ကြားပို့ချပေးရသည့် အတန်းထဲတွင် သည်ကလေးမသည် အထက်မြတ်ဆုံး၊ အတော်ဆုံး ဖြစ်သည်။ ခွဲစိတ်ကုသမှုတွင် ဂျင်နီကဲ့သို့ တော်သောမိန်းကလေးသည် တစ်ရာတစ်ယောက် အလွန် ရှားလှသည်။ ခွဲစိတ်ရာတွင် တာဝန်ထမ်းဆောင်ရသည့် သူနာပြုဆရာမတစ်ယောက်အဖို့ လိုအပ်သည့် အရည်အချင်းပေါင်း မြောက်မြားစွာရှိသည်။ ထိုအရည်အချင်းများ အားလုံး ဂျင်နီတွင် ပြည့်စုံနေသည်။

သွေးကို မြင်ရုံမျှဖြင့် လန့်တတ်သူ မဟုတ်။ ဤကောလိပ်သို့ ပထမဦးဆုံးရောက်လာပြီး ပထမဦးဆုံးအကြိမ် ကြုံတွေ့ရစဉ်ကတည်းက ဂျင်နီသည် တည်တည်ငြိမ်ငြိမ် ရှိခဲ့သည်။ ဂျင်နီသည် အခြား ဘာကိုမှ စိတ်မဝင်စားတော့။ ဘာကိုမှ မကြားတော့။ လိုအပ်သည့် ခွဲစိတ်ကိရိယာများနှင့် ခွဲစိတ်ကုဆရာဝန်၏ ကြားမှာသာ သူ့စိတ်များကို မြှုပ်နှံထားကာ သွက်လက်ဖျတ်လတ်စွာ လှုပ်ရှားနေသည်။

ခွဲစိတ်ရာတွင် ခွဲစိတ်ကုဆရာဝန်နှင့် ခွဲစိတ်ကုလက်ထောက် သူနာပြုဆရာမတို့သည်

စကားပြောနေချိန် မရ။ ဆရာဝန် ဘာလိုသည်ကို ဆရာမက ကောင်းစွာ သိရမည်။ ပစ္စည်း မမှားအောင် ယူပေးတတ်ရမည်။ အချိန်မှန်ရမည်။ မြန်ရမည်။ အချိန်နောက်ကျနေလျှင် လူနာ ဒုက္ခရောက်သွားနိုင်သည်။ ပစ္စည်းကိရိယာမှားလျှင် အားလုံး ကသောင်းကနင်း ဖြစ်သွားနိုင်သည်။

နောက်ဆုံး အရေးအကြီးဆုံးသော အချက်သည် သန့်စွမ်းမှု တောင့်တင်းမှု ဖြစ်သည်။ ခွဲစိတ်ကုလက်ထောက် သူနာပြုဆရာမတစ်ယောက်အဖို့ မည်မျှ သန်မာတောင့်တင်းရန် လို ကြောင်းကို သာမန်လူများ မသိကြ။

ခွဲစိတ်ခြင်းခံနေရသည့် လူနာ၏ဘေးတွင် နာရီပေါင်းများစွာ ရပ်နေနိုင်ရမည်။ ရောဂါ သည် မည်မျှကြာမြင့်အောင် ခွဲစိတ်ကုသရမည်ကို မည်သူမျှ အတိအကျမသိနိုင်။ ခြေထောက် များ မထောက်နိုင်လောက်အောင် ကိုက်ခဲချင် ကိုက်ခဲလာမည်။ ကျောများ ဆန့်မရတော့ လောက်အောင် ပင်ပန်းချင် ပင်ပန်းလာမည်။ သို့သော်လည်း မိမိ ထမ်းဆောင်ရမည့် တာဝန်များ ကို မမှားမယွင်းရအောင် ထမ်းဆောင်နိုင်ရမည်။ ထိုလူနာကို ခွဲစိတ်ပြီးသောကြောင့် လှည်းဖြင့် တွန်းပြီး ပြန်ယူသွားလိမ့်မည်။ ထိုလူနာ ထွက်သွားသည်နှင့် တစ်ပြိုင်တည်း နောက်လှည်းတစ် စင်းက နောက်လူနာတစ်ယောက်ကို တင်ကာ ပြန်ဝင်လာလိမ့်ဦးမည်။ ထိုအခါတွင်လည်း ဆက် လက် တာဝန်ထမ်းဆောင်နိုင်ရမည်။

ဒေါက်တာလော့ဘ်က ခေါင်းမော့လာပြီး ခေါင်းညိတ်ပြသည်။

"ပတ်တီးစည်းတော့"

ဟုပြောရင်း သူ့လက်ပေါ်မှ လက်အိတ်များကို ချွတ်နေသည်။

ဂျင်နီက လူနာ၏ဝမ်းဗိုက်တွင် သပ်ရပ်စွာ ချုပ်ထားသည့် ချုပ်ရိုးနေရာများကို ကျွမ်းကျင်စွာဖြင့် ပတ်တီးစည်းပေးနေသည်။

အထက်တန်းသူနာပြုဆရာမကြီး ခရစ္စတိုဖာက ခေါင်းတညိတ်ညိတ်ဖြင့် ကြည့်နေ သည်။ အားလုံး ပြီးသွားပြီ။ လူနာကို တွန်းလှည်းပေါ် သို့တင်ပြီး လက်ထောက်များက ခွဲစိတ်ခန်း အပြင်သို့ သယ်ဆောင်သွားကြသည်။ အခန်းထဲရှိ မီးလုံးကြီးများ ပိတ်သံကို ကြားရသည်။ စိန့်မေရီဆေးရုံ၏ နံနက်ပိုင်း ခွဲစိတ်ကုသမှုသည် ပြီးဆုံးခြင်းသို့ ရောက်ရှိသွားပြီ ဖြစ်၏။

* * *

"အူအတက်ပေါက်တာကို အင်မတန် ကျွမ်းကျွမ်းကျင်ကျင်နဲ့ သူ ခွဲစိတ်ပေးတာ ဒီလအတွင်းမှာ ဒါ စတုတ္ထအကြိမ်ပဲ၊ ဘာကြောင့် သူ လာခွဲပေးတာလဲ"

ဂျင်နီက သူ့လက်များကို ဆေးရင်း တိုးတိုးရေရွတ်သလို မေးမိသည်။ ယင်းဆေးရုံမှ ခွဲစိတ်ကုဆရာဝန်က ရယ်သည်။

"ဒေါ်လာ နှစ်ရာငါးဆယ်တောင် ပေးတာပဲကွာ၊ ခွဲမပေးနိုင်ပါဘူးလို့ မင်း ဘယ်ငြင်း နိုင်ပါ့မလဲ"

"ဒါပေမယ့် သူကိုယ်တိုင်ခွဲဖို့ မလိုပါဘူး။ သူက နာမည်ကြီး ခွဲစိတ်ကုပါရဂူကြီးပဲ၊ သူ လုပ်စရာအလုပ်တွေနဲ့တောင် သူ့မှာ ဂျင်ခြေလည်ဖြစ်နေတာ"

ဂျင်နီက နားမလည်သလို ခပ်တိုးတိုးပင် ပြန်ပြောသည်။

"ဟုတ်တာပေါ့၊ ဒါပေမယ့် ဘယ်လောက်ကြီးတဲ့ ခွဲစိတ်ကုပါရဂူပဲဖြစ်ဖြစ် ထမင်းစားဖို့ တော့ လိုတာချည်းပဲ မဟုတ်လား။ သူတို့လည်း ပိုက်ဆံမက်ကြတာပဲ၊ တချို့ လူနာတွေကျတော့ အလကားကုပေးရတာလည်း ရှိသေးတယ်၊ အခု အဘွားကြီးက ချမ်းသာတယ်။ ဒါကြောင့် ဒေါက်တာဂရန့်ကိုယ်တိုင် လာပြီး ခွဲစိတ်ပေးတယ်၊ ပြီးရင် ကျသင့်တဲ့ ပိုက်ဆံကို သူ တောင်းယူ လိမ့်မယ်"

ဒေါက်တာလော့ဘ်က ရှင်းပြသည်။

"ဟော ဟော ဆရာဝန်ကြီးကိုယ်တိုင် ပြန်လာနေပြီ"

ဒေါက်တာလော့ဘ်က သူ့ကိုယ်ကို ဆန့်ပြီး လက်သုတ်ပဝါကို လှမ်းယူရင်း ပြောသည်။

ဂျင်နီကလည်း သူ့လက်ကို မျက်နှာသုတ်ပဝါဖြင့် သုတ်နေသည်။ ခွဲစိတ်ကုဆရာဝန် ကြီး၏ အသံက သူ့နောက်ကျောဘက်မှ ပေါ်လာသည်။

"မစ္စဒင်တန်"

"အမိန့်ရှိပါ ဒေါက်တာဂရန့်"

ဂျင်နီက နောက်ဘက်သို့ ခပ်မြန်မြန် ပြန်လှည့်ရင်း ဖြေသည်။

"နောက်လဆိုရင် မင်း ဘွဲ့ယူတော့မယ်လို့ ကျုပ် သိထားတယ်"

"ယူရလိမ့်မယ် ထင်ပါတယ်"

"မင်း စာမေးပွဲအောင်မှာ မပူရဘူးလို့ ကျုပ် ထင်တယ်။ အခုပဲ အထက်တန်းသူနာပြု ဆရာမကြီးခရစ္စတိုဖာနဲ့ ကျုပ် စကားပြောခဲ့တယ်။ သူက မင်းကို အင်မတန် ချီးကျူးပါတယ်။ ကျုပ်ကလည်း ချီးကျူးပါတယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ဘွဲ့ရပြီးရင် ဘာလုပ်မယ်ဆိုတာ စီစဉ်ထားပြီးပြီလား"

"မစဉ်းစားရသေးပါဘူး ဒေါက်တာ၊ ကျွန်မပြည်နယ်မှာ ပြန်ပြီး စာမေးပွဲဖြေရဦးမယ်။ ဆေးရုံကြီးတစ်ခုခုမှာတော့ အလုပ်ရနိုင်ပါလိမ့်မယ်လို့ ထင်ထားပါတယ်"

ဟု ဂျင်နီက ပြန်ဖြေသည်။

"ဆေးရုံတွေ အားလုံးကလည်း နည်းနည်းနဲ့ ကျဲကျဲ ဝိုင်းနေကြရတယ်"

ဒေါက်တာဂရန့် ပြောသည်ကို ဂျင်နီ သဘောပေါက်နားလည်ပါသည်။ ဆေးရုံအားလုံးသည် ရှိသင့်ရှိထိုက်သော ဆရာဝန်၊ ဆရာမများကို ခန့်ထားနိုင်ခြင်း မရှိကြ။ လိုသလောက် အမှုထမ်းများကို ခန့်ထားနိုင်အောင် ငွေကြေး မပြည့်စုံ။ အထူးသဖြင့် ခွဲစိတ်ခန်းများတွင် ပို၍ လျှော့ထားရသည်။ ခွဲစိတ်ခန်းတွင် တာဝန်ယူရသည့် ဆရာဝန်နှင့် သူနာပြုဆရာမများကို လစာ ပိုပေးရသောကြောင့် ဖြစ်သည်။

"ကျွန်မ သိပါတယ် ဒေါက်တာ"

ဂျင်နီက ပြန်ပြောသည်။ ဒေါက်တာဂရန့်သည် ခဏ ဆိုင်းနေသေးသည်။

"အခု ဒီကပြီးရင် မင်း ဘာလုပ်စရာရှိသေးသလဲ"

"ကျွန်မ အောက်က ဆိုင်ကိုသွားပြီး နေ့လယ်စာစားဖို့ပဲ ရှိပါတယ် ဒေါက်တာ"

"မင်းနဲ့ ကျုပ် စကားပြောချင်တယ်။ မင်း နေ့လယ်စာ သွားစားနိုင်ပါတယ်လို့လည်း ခရစ္စတိုဖာက ပြောတယ်၊ ဆင်းဒဝစ် သွားစားကြရင် မကောင်းဘူးလား"

"သိပ်ကောင်းပါတယ် ဒေါက်တာ"

"ကောင်းပြီ မင်းကို ကျုပ် ကားနားမှာ တွေ့မယ်၊ ပက်ကပ်ကားအနက်"

ဒေါက်တာဂရန့်က ပြုံးပြရင်း ပြောသည်။

"ကျွန်မသိပါတယ် ဒေါက်တာ"

ဂျင်နီက ခပ်မြန်မြန် ပြန်ဖြေသည်။ သူ့ကားကို သူနာပြု ဆရာမတိုင်း သိသည်။ သူ့ကားကို သူနာပြုဆရာမများ၏ အဆောင်နားမှာ ရပ်လေ့ရှိသည်။ သည်ဆေးရုံဝင်းအတွင်း၌ လာရပ်သည့် ကားများအနက် အဖိုးအတန်ဆုံးသော ကားလည်း ဖြစ်သည်။

"ဒီလိုဆိုရင် နောက် (၁၅) မိနစ်ကြာရင် တွေ့မယ်"

ဂျင်နီသည် စင်္ကြံသို့ထွက်လာခဲ့ပြီး ဓာတ်လှေကားခေါ်သည့် ခလုတ်ကို နှိပ်သည်။ တံခါးပွင့်သောကြောင့် အတွင်းသို့ ဝင်သောအခါ သူ့နောက်မှ ဒေါက်တာလော့ဘ်လည်း အပြေးအလွှား ဝင်လိုက်လာ၏။

"မင်းကို ဆင်းဒဝစ်နဲ့ နေ့လယ်စာကျွေးမယ်တဲ့"

"သူ ဘာလိုချင်သလဲဆိုတာ ကျွန်မ အံ့ဩနေမိတယ်"

ဟု ဂျင်နီက ပြန်ပြောသည်။

"သူ ဘာလိုချင်ဆိုတာ ကိုယ် သိပါတယ်။ သူတို့လို ပါရဂူကြီးများတော့ ကံကောင်းကြပါ့ဗျာ၊ ကိုယ်တို့လို လက်ထောက်ဆရာဝန်ကလေးတွေသာ အရေးစိုက်မယ့်လူ မရှိတာပါ"

"နေ့လယ်စာ ခေါ်ကျွေးရုံနဲ့ သူ ကံကောင်းပြီတဲ့လားရှင်"

ဒေါက်တာလော့ဘ်က ပြုံးနေသည်။ ဂျင်နီကလည်း သူ့ကို ပြန်ပြုံးပြသည်။

"ဒါတော့ မပြောတတ်ဘူးလေ၊ ဘာပဲဖြစ်ဖြစ် တစ်နေ့ကျရင်တော့ တစ်ယောက်ယောက်ကို မင်း ပြန်ချစ်ရဦးမှာပဲ မဟုတ်လား။ ဒီအတိုင်း အပျိုကြီးလုပ်နေလို့ ဘယ်ဖြစ်မှာလဲ"

သူက ရယ်ရင်းပြောသည်။ ဂျင်နီကလည်း သူနှင့်အတူတူ ရောရယ်သည်။

"ဖြစ်တာပေါ့၊ ဘယ်သူမှ မချစ်ဘူး"

ဟု ဂျင်နီက ပြန်ပြောသည်။ ပြောရင်းဖြင့် သူ့အကြောင်းကို သူ ပြန်စဉ်းစားနေမိသည်။ တော်ပါသေးသည်။ သူ ဘာဖြစ်ခဲ့သည်ကို သိသောသူ ဤအရပ်တွင် မရှိ။

"တကယ်ပါ၊ ကျွန်မဖြင့် ဘာဖြစ်လို့ သူ ကျွန်မနဲ့ စကားပြောချင်ရတာလဲဆိုတာ စဉ်းစားလို့ မရဘူး"

"မင်းကို သူ အလုပ်ပေးချင်လို့ ဖြစ်မှာပေါ့၊ ဒါကို မစဉ်းစားမိဘူးလား"

ဟု ဒေါက်တာလော့ဘ်က ပြန်ပြောသည်။

"ဒါလည်း စဉ်းစားပါတယ်၊ ဒါတစ်ခုထဲကြောင့်တော့လည်း မဟုတ်နိုင်ဘူး ထင်တယ်။ ကျွန်မကိုမှ ဘာဖြစ်လို့ ခန့်ချင်ရတာလဲ၊ ဒီမှာရှိနေကြတဲ့ အထဲက အတော်ဆုံးသူနာပြုဆရာမကို ခေါင်းခေါက်ပြီး သူရွေးခန့်နိုင်တာပဲ"

ဒေါက်တာလော့ဘ်က ရယ်သည်။ သို့သော်လည်း သူ့မျက်လုံးများက တည်နေသည်။

"ဒီမှာ ရှိနေကြတဲ့အထဲမှာ မင်းဟာ အတော်ဆုံးပါပဲ အချစ်ရယ်၊ ဒါလောက်ဆိုရင် မင်း သဘောပေါက်ဖို့ ကောင်းရောပေ့ါ"

ဂျင်နီက ရိသဲ့သဲ့လုပ်နေသည့် ဒေါက်တာလော့ဘ်ကို မျက်စောင်းခဲလိုက်သည်။ ဓာတ်လှေကားတံခါး ပွင့်လာသောကြောင့် သူတို့နှစ်ယောက် အပြင်သို့ ထွက်ခဲ့သည်။ ဂျင်နီက သူ့ကိုယ်ပေါ်မှ အဖြူရောင်ယူနီဖောင်းကို ပြန်ငုံ့ကြည့်သည်။

"ကျွန်မ အဝတ်သွားလဲလိုက်ရရင် ကောင်းမလား မသိဘူး"

"ဒီအတိုင်းသွားရင် ကိုယ် စိတ်ချမ်းသာမှာပါ။ ကိုယ့်အတွက်တော့ အပင်ပန်းခံပြီး လဲမနေပါနဲ့တော့၊ ကိုယ့်မျက်စိထဲမှာ မင်းဟာ အမြဲလှနေတာပါ"

ဒေါက်တာလော့ဘ်က ရယ်သည်။

ဂျင်နီကလည်း သူ့ကို မော့ကြည့်ရင်း ပြုံးမိသည်။ တစ်နေ့တွင် သည်ဆရာဝန်ပေါက်စ သည်လည်း အလွန် တော်သည့် ဆရာဝန် ဖြစ်လာမည်ကို ဂျင်နီ သိသည်။

"ရှင် အံ့အားသင့်သွားအောင် တစ်နေ့တော့ လုပ်ပြရဦးမယ်"

"ဆင်းဒဝစ် ပြန်ယူလာပြီး ကိုယ့်ကို အံ့အားသင့်သွားအောင် လုပ်မှာလား။ အဲဒီလို ဆိုရင် တခြားတစ်ယောက်ကို ချစ်ဖို့ ကိုယ် မကြိုးစားတော့ဘူးနော်"

ဂျင်နီ ကျောခိုင်းပြီး ထွက်လာချိန်တွင် ဒေါက်တာလော့ဘ်က ရယ်ရင်း နောက်မှ လှမ်းအော်နေသေးသည်။

* * *

ဒေါက်တာဂရန့်က စီးကရက်ဘူးထုတ်ပြီး ဂျင်နီကို လှမ်းကမ်းပေးသည်။ ဂျင်နီက တစ်လိပ်ယူသည်။ ဒေါက်တာဂရန့်က မီးခြစ်ပေးသည်။ မီးတောက်ကိုကျော်ပြီး သူ့မျက်လုံးများက ဂျင်နီကို ကြည့်နေသည်။

"နေ့လယ်စာ စားဖို့ဖိတ်တော့ မင်း အံ့ဩသွားမှာပဲလို့ ကိုယ် ထင်တယ်"

"အမှန်အတိုင်း ပြောရရင်တော့ သိပ်ကို သိချင်နေပါတယ်"

ဂျင်နီက ခေါင်းညိတ်ပြရင်း ပြန်ဖြေသည်။

ဒေါက်တာဂရန့်က ပြုံးသည်။

"မင်းစိတ်ထဲမှာ သိချင်စိတ် သိပ်ကြီးနေအောင် လုပ်မိတဲ့အတွက် ဝမ်းနည်းပါတယ်။ ဒါပေမယ့် မှန်တဲ့အတိုင်း ပြောရရင် အခုန ကိုယ်တို့နှစ်ယောက် နေ့လယ်စာစားနေတဲ့အချိန်မှာ ကိုယ့်အလုပ်တွေအားလုံးကို ကိုယ် မေ့နေမိတယ်။ အခုတော့ အလုပ်အကြောင်း ပြောချိန်တန်ပြီ လို့ ကိုယ် ထင်ပါတယ်"

ဂျင်နီက ဘာမှ ပြန်မဖြေ။

"မစ္စဒင်တန်၊ လွန်ခဲ့တဲ့တစ်နှစ်လုံးမှာ မင်းကို ကိုယ် စောင့်ကြည့်ပြီး အကဲခတ်နေခဲ့ တယ်။ မင်းဟာ ခွဲစိတ်တဲ့နေရာမှာ အင်မတန် အားကိုးလောက်တဲ့၊ ထူးထူးခြားခြားတော်တဲ့ မိန်းကလေးတစ်ယောက်ပါပဲဆိုတာ သိရတယ်။ ပထမဆုံး စတွေ့ကတည်းက မင်းကို ကိုယ်

သတိထားမိခဲ့ပါတယ်။ ချီးလည်း ချီးကျူးမိခဲ့ပါတယ်။ ခွဲစိတ်ကုဆရာဝန်တစ်ယောက်အနေနဲ့ မင်းဆီက အင်မတန် ထူးခြားပြောင်မြောက်တဲ့ အကူအညီတွေကို ကိုယ် ရခဲ့ပါတယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာဂရန့်"

"မင်းလည်း သိပြီးဖြစ်ပါတယ် မစ္စဒင်တန်၊ ကိုယ့်ဆေးခန်းနဲ့ ကိုယ်ဟာ အင်မတန် အလုပ်များပါတယ်၊ သမားတော်ကြီးပေါင်းများစွာကလည်း ခွဲဖို့စိတ်ဖို့ လိုလာပြီဆိုရင် လူနာတွေကို ကိုယ့်ဆီပဲ လွှတ်တော့တာပဲ၊ တော်ရုံတန်ရုံ ရောဂါမျိုးလောက်တော့ ကိုယ့်ဆေးခန်းမှာပဲ လာကုကြပါတယ်။ ဒီလိုကုတဲ့အတွက်လည်း လူနာတွေအတွက် စရိတ်စက သက်သာတာပါပါတယ်"

ဂျင်နီက ခေါင်းညိတ်ပြသည်။

"ဒီနေ့မနက်တော့ ကိုယ်နဲ့နှစ်ပေါင်းများစွာ အတူတူ အလုပ်လုပ်ခဲ့တဲ့ သူနာပြုဆရာမက ကိုယ့်ဆီက အလုပ်ထွက်တော့မယ်လို့ ပြောတယ်၊ သူက လက်ထပ်ပြီး ကာလီဖိုးနီးယားတောင်ပိုင်းကို ပြောင်းဖို့ စီစဉ်ထားပြီးပြီတဲ့၊ ဒီနေ့မနက် ဒီဆေးရုံကို ကိုယ်လာတော့ ခရစ္စတိုဖာနဲ့ စကားပြောခဲ့တယ်။ မင်းအကြောင်းပါပဲ၊ ကိုယ့်ဆီက ထွက်သွားမယ့် ဆရာမနေရာမှာ မင်းကို အစားထိုးမယ်ဆိုရင် အင်မတန် သင့်လျော်ပါတယ်လို့လည်း မစ္စခရစ္စတိုဖာက ပြောတယ်"

"ဒေါက်တာ ဆိုလိုတာက ဒေါက်တာ့ဆေးခန်းမှာ ကျွန်မလာပြီး အလုပ်လုပ်ပေးစေချင်တာလား"

ဒေါက်တာဂရန့်က ပြုံးသည်။

"ကိုယ်က ရှည်ရှည်ဝေးဝေး ပြောတတ်လို့ပါ။ အမှန်ကတော့ ဒါပါပဲ၊ မင်းကို လုပ်နိုင်မလုပ်နိုင် မေးချင်တာပါပဲ၊ မင်း စိတ်ဝင်စားရဲ့လား"

"စိတ်ဝင်စားပါတယ် ဒေါက်တာ၊ ဘယ်မိန်းကလေးက စိတ်မဝင်စားဘဲ နေနိုင်မှာလဲ"

"အလုပ်ကတော့ သက်သာလှမှာ မဟုတ်ဘူး။ ကိုယ့်ဆေးခန်းမှာ ခုတင်ကလည်း နည်းနည်းပဲ ရှိတယ်။ ကိုယ်တို့ ညဥ့်နက်အောင်လည်း လုပ်ရတတ်တယ်။ အခါအားလျော်စွာ လူနာတချို့ကို ကိုယ့်ဆေးခန်းမှာ ညသိပ်ထားတာ ရှိတတ်တယ်။ အဲဒီလို အခါမျိုးဆိုရင် ညလုံးပေါက် မင်း တာဝန်ယူရလိမ့်မယ်"

ဂျင်နီက ပြုံးသည်။

"ဒီမှာ ဒေါက်တာဂရန့်၊ ကျွန်မဟာ တစ်နေ့ကို ရှစ်နာရီ နှစ်ချိန် အလုပ်လုပ်တာပါ။ တစ်ချိန်နဲ့တစ်ချိန်ကြားမှာ လေးနာရီပဲ အိပ်ပါတယ်။ ဒေါက်တာ့ဆီမှာ လုပ်ရတာလောက်တော့ ပျော်ပွဲစားထွက်နေရတယ်လောက် အောက်မေ့မှာပေါ့"

ဒေါက်တာဂရန့်က ပြုံးသည်။ သူ့လက်တစ်ဖက်သည် စားပွဲကိုကျော်ပြီး ဂျင်နီ၏ လက်ကို လာကိုင်သည်။ သဘောကျသည့် အမူအရာ ဖြစ်သည်။ ဂျင်နီက သူ့ကို ပြန်ပြုံးပြသည်။ သူသည် လူတော်တစ်ယောက် ဖြစ်၏။ ခွဲစိတ်ကုပါရဂူတစ်ယောက် ဖြစ်၏။ သမားတော်ကြီးများက ရောဂါများကို ရှာဖွေစစ်ဆေးပြီး လိုအပ်လျှင် သူ့ထံသို့ လူနာများကို ပို့ပေးသည်။ ထိုလူနာများကို သူက ကုသပေးသည် စသည်ဖြင့် ဂျင်နီ နားလည်ထားခဲ့သည်။

သို့သော်လည်း သူ့အကြောင်းကို ဂျင်နီ နားလည်ခဲ့သည်မှာ သူ့ဆီသို့သွားပြီး အလုပ် မလုပ်မီ အချိန်ကသာ ဖြစ်သည်။ တကယ်သွား အလုပ်လုပ်ကြည့်သောအခါ အူအတက်ပေါက်သည့် ရောဂါများကိုသာ ခွဲစိတ်ကုသပေးနေသည် မဟုတ်။ ကလေးဖျက်ချသည့် အလုပ်များဖြင့်ပါ သူ အလုပ်များနေကြောင်းကို တွေ့ရတော့သည်။ အမှန်အတိုင်း ပြောရမည်ဆိုလျှင် သူသည် ကာလီဖိုးနီးယားပြည် တစ်ခုလုံးတွင် အလုပ်အများဆုံးသော ကလေးဖျက်ဆရာဝန်ကြီး တစ်ယောက် ဖြစ်နိုင်သည်။

သည်အကြောင်းများကို ဂျင်နီ ကောင်းကောင်းသိသည့် အချိန်တွင် ဂျင်နီအဖို့ ဘာမှ ပြဿနာမရှိတော့။ အဘယ်ကြောင့်ဆိုသော် ဂျင်နီသည် ဒေါက်တာဂရန့်နှင့် ချစ်မိကြပြီ ဖြစ်သောကြောင့်ပင်။

ထိုမျှသာမကသေး။ ဒေါက်တာဂရန့်သည် အိမ်ထောင်လက်ရှိနှင့် ဖြစ်သည်။ ကလေးသုံးယောက်လည်း ရှိသည်။ ဒါတွေကိုလည်း ဂျင်နီ ဂရုမစိုက်နိုင်တော့။

(၈)

ဂျင်နီသည် ဆေးခန်းအပေါ်ထပ်တွင် အခန်းရသည်။ ထိုအခန်းမှာပင် နေသည်။ ယနေ့ည အိမ်သို့ ပြန်မည်ဖြစ်သောကြောင့် အခန်းတံခါးကို ပိတ်ပြီးထွက်မည်အပြု တယ်လီဖုန်း ခေါင်းလောင်း မြည်သောကြောင့် ပြန်ဝင်ပြီး ကောက်ကိုင်သည်။

"ဒေါက်တာဂရန့်ရုံးကပါရှင်"

အောက်ကရုံးခန်းရှိ ဖုန်းနှင့် ဂျင်နီ၏အိပ်ခန်းမှ ဖုန်းကို တစ်လိုင်းတည်း ဆက်ထားခြင်း ဖြစ်သည်။

"ဂျင်နီလား"

တစ်ဖက်မှ လေသံဖြင့် မေးသည်။

"ဟုတ်ပါတယ်"

"မင်း အဲဒီမှာ ခဏစောင့်နေနိုင်ဦးမလား"

"ကျွန်မ အဖေနဲ့ အမေဆီ သွားတော့မယ့်ဆဲဆဲပဲ၊ သူတို့နဲ့ မတွေ့တာ သုံးပတ်ရှိသွား ပြီ၊ အခု တနင်္ဂနွေက တတိယ. . . "

ဂျင်နီ စကားဆက်ချိန် မရတော့။ တစ်ဖက်မှ ဖြတ်ပြောသည်။

"လာမယ့် အပတ်ထဲမှာ မင်း ပြန်လို့ရအောင် တစ်ရက်စီစဉ်ပေးပါ့မယ် ဂျင်နီ၊ ခဏစောင့်ပါကွယ်၊ ကိုယ် မင်းကို သိပ်တွေ့ချင်နေတယ်"

ဂျင်နီသည် ဖုန်းကိုကိုင်ရင်း မလှုပ်မယှက် ရပ်နေသည်။

"လုပ်ပါ ဂျင်နီရယ်၊ မင်းကိုမှ ဒီနေ့ည မတွေ့ရရင် ကိုယ် ရူးတော့မယ်"

တစ်ဖက်က ဇွတ်ပြောပြန်၏။

ဂျင်နီက နာရီကို မော့ကြည့်သည်။ ခုနစ်နာရီ ကျော်နေပြီ။ သည်အချိန်ကျမှ မြို့၏ ဤမှာဘက်ခြမ်းမှ ဟိုမှာဘမ်းခြမ်းသို့ ဖြတ်ပြန်ရမည်ဆိုလျှင် သူ့အဖေ အိပ်ချိန်ကျမှ သူ အိမ်ပြန် ရောက်နိုင်တော့မည် ဖြစ်သည်။ ပါပါသည် အလုပ်ရနေပြီဖြစ်ရာ နံနက်စောစော အလုပ်သွားရ သောကြောင့် ညပိုင်း စောစောအိပ်ရာဝင်လေ့ ရှိသည်။

"ကောင်းပြီလေ"

ဂျင်နီက ဖြည်းဖြည်းပင် ပြန်ပြောသည်။

တစ်ဖက်မှအသံသည် စိတ်သက်သာရာရသွားသည့် အသံမျိုး ဖြစ်သည်။

"ကောင်းတယ် ဂျင်နီ၊ ကိုယ် မိနစ်နှစ်ဆယ်အတွင်း ရောက်လာခဲ့မယ်၊ မင်းကို ကိုယ် ချစ်တယ်"

"ချစ်ပါတယ်"

ဂျင်နီက ပြန်ပြောသည်။ တစ်ဖက်မှ တယ်လီဖုန်းချသံ ကြားရသည်။ ဂျင်နီကလည်း ဖုန်းကို ဖြည်းညင်းစွာပြန်ချကာ သူ့ကိုယ်ပေါ်မှ ကုတ်အင်္ကျီကို ချွတ်သည်။ အဝတ်အစားဗီရိုထဲ မှာ ပြန်ထည့်သည်။ ကုလားထိုင်ပေါ်မှာ သွားထိုင်ပြီး စီးကရက်တစ်လိပ် မီးညှိကာ စဉ်းစားရင်း ဖွာနေမိသည်။

လွန်ခဲ့သည့်သုံးလက သည်ဆေးခန်းကို အလုပ်လာလုပ်စဉ်က မိမိတို့နှစ်ယောက် မေတ္တာမျှကြလိမ့်မည်ကို မည်သူကမျှ မစဉ်းစားမိခဲ့ကြ။ သူ့အကြောင်းကို သိသောအခါတွင် ဂျင်နီသည်လည်း ကိုယ့်စိတ်ကိုကိုယ် နိုင်အောင်မထိန်းနိုင်တော့။

သူ့ဇနီးသည်သည် ပျက်စီးနေသည့် သူဌေးသမီး ဖြစ်သည်။ မရှောင်သာသော အကြောင်းများကြောင့် ထိုမိန်းမနှင့် သူ လက်ထပ်ခဲ့ရသည်။ မိန်းမကလည်း သူ့ကို မချစ်။ သည်လိုဖြင့် ကလေးသုံးယောက် ရခဲ့ကြသည်။ မိန်းမက သူ့ကို ချစ်သောကြောင့် မဟုတ်။ သူတို့လက်ထဲမှ ဒေါက်တာဂရန့်ကို လွတ်မသွားစေရန် အနှောင်အဖွဲ့အဖြစ်နှင့် ကလေးမွေးလိုက် ခြင်း ဖြစ်သည်။

အိမ်ထောင်မသာယာသည့် အတွက်ကြောင့်လည်း အလုပ်ထဲမှာသာ သူ့အချိန်များ ကို မြှုပ်ထားခဲ့သည်။ သူ့အလုပ်အကြောင်းကိုလည်း ဂျင်နီ တဖြည်းဖြည်း သဘောပေါက်

နားလည်လာသည်။ အမျိုးသမီးတို့သည် သူ့ဆေးခန်းသို့ ဘာကြောင့် လာကြသနည်း။ သည်အကြောင်းများနှင့် ပတ်သက်၍လည်း သူက ဂျင်နီကို ရှင်းပြခဲ့ဖူးသည်။ သည်လို ရှင်းပြချိန်က သူ့မျက်နှာပေါ်တွင် အကြင်နာတရားများကို မြင်ရသည်။

"ကိုယ် ဘာလုပ်ရမှာလဲ ဂျင်နီ၊ သူတို့ဘဝ ပျက်စီးသွားအောင် ကိုယ်က မောင်းထုတ်ပစ်လိုက်ရမှာလား၊ မတော်တဆ တစ်ကြိမ်တစ်ခါ မှားမိတဲ့အတွက် သူတို့ဘဝကို ပျက်စီးခံရတော့မှာလား၊ ဒါမှမဟုတ် လူယုတ်မာတစ်ယောက်ယောက်ရဲ့ လက်ထဲကို သူတို့ ရောက်သွားအောင် လုပ်ရမှာလား၊ မကျွမ်းကျင်တဲ့ ဒေါက်တာ ရမ်းကုတွေ လက်ထဲကို သူတို့ ရောက်သွားရင် သူတို့အသက် ဆုံးရှုံးရမယ်။ သူတို့ကို ဒီအတိုင်း ရေတိမ်မှာ အနစ်ခံရမှာလား၊ ဘာသာရေးက တားမြစ်ထားတာတွေကို လိုက်နာပြီး သူတို့ ဒုက္ခရောက်အောင် လုပ်ရမှာလား၊ ဘာသာရေးဆိုတာကလည်း တချို့နေရာတွေကျတော့ တရားသေဆန်လွန်းပါတယ်။ နောက်ပြီးတော့ ကိုယ်တို့ဥပဒေကလည်း အကြောင်းခိုင်လုံရင် ကိုယ်ဝန်ဖျက်ပေးပိုင်ခွင့် ရှိတယ်လို့ ပြဋ္ဌာန်းထားတာပဲ၊ မကြာခင်မှာ တရားဝင်ကြေညာတော့မှာပဲ၊ ကမ္ဘာပေါ်မှာ ကိုယ်ဝန်ဖျက်ခွင့်ရတဲ့ တိုင်းပြည်တွေ အများကြီးရှိနေပါပြီ။ ကျူးဘား၊ ဒိန်းမတ်၊ ဆွီဒင် အများကြီးပါပဲ"

သူက စိတ်ရှည်လက်ရှည် ရှင်းပြသည့် လေးနက်သောအကြည့်မျိုးဖြင့်လည်း ဂျင်နီကို စိုက်ကြည့်ပြီး ပြောသည်။

"လူနာတွေကို ကိုယ် အစွမ်းရှိသမျှ ကူညီပါ့မယ်၊ နည်းလမ်းရှိသမျှနဲ့ ကုသပေးပါ့မယ်။ လူနာရောဂါပျောက်ကင်းဖို့အတွက် စိတ်ဓာတ်အရရော၊ ကိုယ်ခန္ဓာအရရော ကုသပေးပါ့မယ်လို့ ကိုယ်ဆရာဝန်အဖြစ် ဘွဲ့ယူတုန်းက ကျမ်းသစ္စာ ကျိန်ဆိုခဲ့ရတယ်။ ကိုယ့်အဖို့တော့ အဲဒီသစ္စာဟာ အားလုံးထက်ပိုပြီး အရေးကြီးတယ်လို့ သဘောပေါက်တယ်။ အင်မတန် သနားစရာကောင်းတဲ့ လူနာတစ်ယောက်က အားကိုးရာမဲ့ပြီး ကိုယ့်ဆီကို ရောက်လာတဲ့အခါမှာ ကိုယ် ငြင်းမလွှတ်နိုင်ဘူး။ ဘုရားသခင်ရဲ့ အလိုတော်ကျဆိုပြီး မျက်နှာလွှဲခဲ့ပစ် မလုပ်နိုင်ဘူး"

ထိုစကားသည် ဂျင်နီအဖို့ သဘောကျလက်ခံစရာ ဖြစ်လာသည်။ ဘာသာတရားနှင့် ပတ်သက်၍ ဂျင်နီ နားမလည်နိုင်သည့် အကြောင်းအရာပေါင်း မြောက်မြားစွာ ရှိနေသည်။ သည်အကြောင်းများကို ပြန်စဉ်းစားမိလျှင် ဂျင်နီ ရင်ထဲမှာ နာကျင်လာသည်။ မိမိ ကောင်းကျိုးကို လိုချင်သည်ဆိုလျှင် မိမိ တရားရုံးနှင့် ရင်ဆိုင်ရမည် ကြုံရစဉ်အခါက မိမိ အကျင့်စာရိတ္တကောင်းကြောင်းကို ဘာကြောင့် လာပြီး ထောက်ခံချက် မပေးနိုင်ကြသနည်း။ သက်သေခံချက် မပေးနိုင်ကြသနည်း။

ယခုတော့ တဖြည်းဖြည်း ဂျင်နီ သဘောပေါက်လာသည်။ အမျိုးသမီးပေါင်းများစွာတို့သည် ဒေါက်တာဂရန့်ထံသို့ အကူအညီ လာတောင်းကြသည်။ သားသမီး များသောကြောင့် ဝင်ငွေနှင့် မမျှမတ ဖြစ်နေသူများကို နောက်ထပ် သားသမီးဆက် များအောင် မကုသဘဲထားရမည်လား။ ကျောင်းသူကလေး တစ်ယောက်၊ ကျောင်းမှ ထွက်လာခါစ မိန်းမငယ်ကလေး တစ်ယောက်သည် မတော်မတရား မှောက်မှောက်မှားမှား ဖြစ်သည်။ သူ့ဒုက္ခနှင့်သူ ဖြစ်ချင်ရာ ဖြစ်စေတော့ဟု ပစ်ထားလိုက်ရမည်လော။

သူ့အပေါ်မှာ သည်လိုနားလည်လာခြင်းသည် သူ့ကို ချစ်မိဖို့အတွက် တစ်ဆင့်ကူးလာခြင်းလည်း ဖြစ်သည်။

သည်ဆေးခန်းသို့ ဂျင်နီ ရောက်လာပြီးနောက် တစ်လခန့်ရှိသော ညတစ်ညတွင် ဖြစ်သည်။ အပေါ်ထပ်ရှိ ဂျင်နီ နေရသော အခန်းမှာ ရှိနေစဉ် အောက်ထပ်မှ ဆူသံအချို့ကို ကြားရသည်။ နာရီကို လှမ်းကြည့်သောအခါ ရှစ်နာရီထိုးနေသည်ကို တွေ့ရ၏။

ပထမတော့ ဂျင်နီ၏ စိတ်ထဲမှာ ရှုပ်ထွေးသွားသည်။ ဆေးခန်းဖွင့်ချိန်ပင် ရှိသေးသည်ဟု ထင်မိသည်။ သို့သော်လည်း ယနေ့သည် အင်္ဂါနေ့ဖြစ်ရာ ဆေးခန်းဖွင့်သည့်ရက် မဟုတ်။ ဆေးခန်းဖွင့်ရက်သည် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များ ဖြစ်သည်။ ကော်ဖီအိုးအောက်မှ ဓာတ်ငွေ့မီးကိုပိတ်ပြီး အဝတ်တစ်ထည်ကို ကမန်းကတန်း ကောက်ဝတ်ကာ အောက်ထပ်သို့ ဆင်းခဲ့သည်။

ဒေါက်တာဂရန့်၏ သီးသန့်ရုံးခန်းတံခါးကို ဖွင့်ကြည့်လိုက်သောအခါ ကုလားထိုင်မှာ-

ထိုင်နေသည့် ဒေါက်တာဂရန့်ကို တွေ့ရသည်။ သူ့မျက်နှာသည် အလွန် ပင်ပန်းနွမ်းနယ်နေပြီး စိတ်ထိခိုက်နေပုံရသည်။

"တောင်းပန်ပါတယ် ဒေါက်တာ၊ ကျွန်မက ဒေါက်တာလို့ မထင်ဘူး၊ ဆူသံကြားလို့"

"ကိစ္စမရှိပါဘူး မစ္စဒင်တန်"

သူကလည်း ပင်ပန်းနွမ်းနယ်စွာ ပြုံးပြရင်း ပြန်ပြောသည်။

"ဂွတ်နိုက် ဒေါက်တာ"

ဂျင်နီက နှုတ်ဆက်ရင်း တံခါးပိတ်ရန် ပြင်လိုက်သည်။

"ခဏနေပါဦး မစ္စဒင်တန်"

သူက ရုတ်တရက် လှမ်းပြော၏။

"ဟုတ်ကဲ့ဒေါက်တာ"

ဂျင်နီက တံခါးပြန်ဖွင့်ရင်း သူ့ကို လှမ်းကြည့်သည်။

"ကိုယ်တို့ သိပ်အလုပ်များနေခဲ့ကြတယ်။ မင်းကို မေးချိန်မြန်းချိန်တောင် ကိုယ်မရခဲ့ဘူး။ ဒီမှာ အလုပ်လုပ်ရတာ ပျော်ရဲ့လား"

သူက ပြုံးပြရင်း မေးသည်။

"ဟုတ်ကဲ့၊ သိပ်ပျော်ပါတယ် ဒေါက်တာ"

"ဝမ်းသာပါတယ်"

"အိမ်ပြန်ဖို့ကောင်းပြီ ထင်ပါတယ် ဒေါက်တာ၊ ဒေါက်တာ သိပ်ကို ပင်ပန်းနေပုံပဲ"

"အိမ်လား ဒါဟာ ကျုပ်အိမ်ပဲ၊ ကျုပ် ဒီမှာပဲ တစ်နေရာရာမှာ အိပ်လိုက်တာပဲ"

သူ့နှုတ်ခမ်းပေါ်တွင် မဲ့ရွဲ့သည့် အပြုံးတစ်ခု ပေါ်လာသည်။

"ကျွန်မ. . . ကျွန်မ နားမလည်ဘူး ဒေါက်တာ"

"ဟုတ်ပါတယ်၊ မင်း နားမလည်နိုင်ပါဘူး။ မင်း နားလည်လိမ့်မယ်လို့လည်း ကိုယ် မျှော်လင့်မထားမိပါဘူး။ မင်းဟာ အင်မတန်ငယ်၊ အင်မတန် လှပါတယ်၊ ကိုယ့်လို လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ ဘဝမျိုး မဖြစ်သင့်ပါဘူး။ ကဲ အပေါ်ထပ်ကိုပြန်တော့ မစ္စဒင်တန်၊ ကိုယ် တိတ်တိတ်နေပါ့မယ်၊ မင်းကို အနှောက်အယှက် မဖြစ်အောင် နေပါ့မယ်"

ဒေါက်တာဂရန့်က နူးညံ့သိမ်မွေ့စွာ ပြောပြနေရင်း ထိုင်ရာမှထသည်။

စားပွဲပေါ်မှာရှိနေသည့် မီးရောင်အောက်တွင် သူ အလွန် ခံ့ညားနေကြောင်း ဂျင်နီ သတိထားမိလိုက်သည်။ တံခါးပေါက်မှာပင် ဂျင်နီ ရပ်ရင်း သူ့ကို ငေးကြည့်နေမိသည်။ သူ့ရင်ထဲမှာ အမျိုးအမည် ဖော်မပြတတ်သည့် စိတ်ဝေဒနာမျိုးကို ခံစားလာရသည်။

"ဒါပေမယ့် ကျွန်မ စိတ်ပူတယ် ဒေါက်တာ၊ ဒေါက်တာ သိပ် အလုပ်လုပ်လွန်းတယ်"

"ကိုယ် ဘာမှ မဖြစ်ပါဘူးလေ"

ခံစားမှုမရှိသော လေသံမျိုးဖြင့် သူက ပြောသည်။ ဂျင်နီကို သူ ပြန်ကြည့်သောအခါ သူတို့ မျက်လုံးချင်း ဆိုင်နေမိကြသည်။ နူးညံ့သိမ်မွေ့သည့် ဒေါက်တာဂရန့်၏ မျက်လုံးအကြည့်ဒဏ်မှ ဂျင်နီ ရုန်းမထွက်နိုင်အောင် ဖြစ်နေသည်။ ဂျင်နီ၏ ရင်ထဲမှာ တင်းကျပ်လာသည်။ ဒူးများ တုန်လာသည်။ ရပ်နေရာမှ လဲကျသွားတော့မည်ကဲ့သို့ ဖြစ်သောကြောင့် တံခါးပေါင်ကို ကမန်းကတန်း ကိုင်ထားလိုက်ရသည်။ သူ့နှုတ်ဖျားမှ ဘာ စကားမှ ထွက်မလာ။ မတုန်မလှုပ် ကျောက်ရုပ်လိုပင် ဒေါက်တာဂရန့်ကို ငေးကြည့်နေမိသည်။

"ဘာများဖြစ်လို့လဲ မစ္စဒင်တန်"

ဂျင်နီသည် ကြောက်လန့်တကြားဖြင့် ခေါင်းကို ယမ်းလိုက်သည်။

"မဖြစ်ပါဘူး"

လေသံမျှဖြင့် သူက ပြန်ပြောသည်။ သူ့မျက်လုံးများကိုလည်း ဒေါက်တာဂရန့်ထံမှ အခြားတစ်နေရာသို့ ပြောင်းကြည့်နိုင်ရန် ကြိုးစားသည်။

"မဖြစ်ပါဘူး"

ဟု နောက်တစ်ခွန်း ထပ်ပြောပြီး ရုတ်ခြည်းပင် နောက်ဘက်သို့ လှည့်ကာ ထိုနေရာမှ ပြေးထွက်လာခဲ့မိသည်။

ဂျင်နီ၏နောက်သို့ ဒေါက်တာဂရန့် လိုက်လာသည်ကို သူ သတိမထားမိခဲ့။ အခန်းတံခါးဝသို့ ရောက်သောအခါ ဂျင်နီကို နောက်မှ လှမ်းဆွဲထားသည်။

"မင်း ကိုယ့်ကို ကြောက်လို့လား ဂျင်နီ"

ဒေါက်တာဂရန့်က ခပ်ကြမ်းကြမ်းမေးသည်။

ဂျင်နီက မော့ကြည့်သည်။ ပြင်းထန်ဆိုးဝါးသည့် စိတ်ဝေဒနာတစ်ရပ်ကို ခံစားနေရကြောင်း သူ့မျက်လုံးများထဲမှာ ဂျင်နီ သတိထားမိသည်။ ဂျင်နီ၏ရင်ထဲမှာ တလှပ်လှပ် ဖြစ်လာသည်။ သူသာ ကိုင်မထားလျှင် လဲကျသွားတော့မည်ကဲ့သို့ ဖြစ်သွားသည်။

"ကြောက်လို့ မဟုတ်ပါဘူး"

လေသံကလေးဖြင့်သာ ပြန်ပြောနိုင်သည်။

"ဒါဖြင့်ရင် ဘာဖြစ်တာလဲ"

ဂျင်နီက မျက်လွှာချလိုက်သည်။ ဘာစကားမှ ပြန်မပြောနိုင်။ ပူနွေးသည့် သူ့လက်များ၏ အထိအတွေ့ကြောင့် ဂျင်နီ၏ ရင်ထဲမှာ မီးတောက်လာသည်။

"ကိုယ့်ကို ပြောစမ်း"

သူက ဂျင်နီ၏ ကိုယ်လုံးကို လှုပ်ခါပြီး မေးသည်။

"ကျွန်မ မပြောတတ်ဘူး"

ဂျင်နီက သူ့ကို မော့ကြည့်သည်။ မျက်လုံးထဲမှာလည်း မျက်ရည်များ ပြည့်လျှံလာသည်။

"မင်း ပြောတတ်ရမယ် ဂျင်နီ၊ ပြောနိုင်ရမယ်၊ မင်းစိတ်ထဲမှာ ဘယ်လို ခံစားနေရတယ်ဆိုတာ ကိုယ် သိတယ်။ ကိုယ့်စိတ်ထဲမှာ ခံစားနေရသလို မင်းလည်း ခံစားနေရတာ၊ မင်းအကြောင်းကို မစဉ်းစားဘဲ ကိုယ် အိပ်လို့ မပျော်ဘူး။ ကိုယ့်အနားမှာ မင်း မရှိဘဲ ကိုယ်နေလို့မရဘူး"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူးရှင်၊ ကျွန်မကို လွှတ်ပါ၊ ကျေးဇူးပြုပြီး ကျွန်မကို လွှတ်ပါ"

သန်မာသော သူ၏လက်များသည် ဂျင်နီ၏ မေးဖျားကို ကိုင်ပြီး မယူလိုက်သည်။

"မင်းကို ကိုယ်ချစ်တယ် ဂျင်နီ၊ ကိုယ် ချစ်တယ်"

ဂျင်နီက သူ့မျက်လုံးများကို စိုက်ကြည့်နေမိသည်။ တဖြည်းဖြည်းနှင့် သူ့မျက်နှာက နီးကပ်လာသည်။ နောက်တော့ ဂျင်နီ၏ နှုတ်ခမ်းပေါ်သို့ သူ့နှုတ်ခမ်း ပိကျလာသည်။ ဂျင်နီ၏ ရင်ထဲမှာ တောက်လောင်နေသော မီးသည် ပို၍ အပူရှိန် ပြင်းထန်လာသည်။ ဂျင်နီသည် မျက်နှာကို ဆောင့်ရုန်းလိုက်ရင်း အိပ်ခန်းတွင်းသို့ လှည့်ဝင်သည်။ သူကလည်း အခန်းတွင်းသို့ ဝင်လိုက်လာရင်း တံခါးကို ခြေထောက်နှင့်ကန်ကာ ဆောင့်ပိတ်သည်။

"မင်း ကိုယ့်ကို ချစ်တယ်၊ ပြောစမ်း၊ ချစ်တယ်လို့ ပြောစမ်း"

ဂျင်နီက သူ့ကို ငေးကြည့်ပြန်သည်။ ပြီးတော့ လေသံကလေးဖြင့် ပြောသည်။

"မချစ်ဘူး"

ဒေါက်တာဂရန့်က ရှေ့သို့ တိုးလာပြန်သည်။ ဂျင်နီ၏ လက်မောင်းနှစ်ဖက်ကို တင်းတင်းကိုင်ရင်း ပြင်းထန်သည့်ဝေဒနာကို ခံစားနေရသူပမာ ပြောပြန်သည်။

"ပြောစမ်း၊ ချစ်တယ်လို့ ပြောစမ်း"

ဂျင်နီ၏ ကိုယ်ခန္ဓာတွင် မည်သည့်ခွန်အားမျှ မရှိတော့။ မျက်လုံးများကိုလည်း သူ့ထံမှ မခွာနိုင်တော့။

"ချစ်ပါတယ်"

သူတို့၏ နှုတ်ခမ်းနှစ်ခုသည် ပူးကပ်သွားကြပြန်သည်။ ဒေါက်တာဂရန့်၏ လက်များသည် ဂျင်နီ၏ ကိုယ်ပေါ်မှာ လှုပ်ရှားနေသည်။ ခဏအကြာမှာပင် ဒေါက်တာဂရန့်က ဂျင်နီ၏ကိုယ်ကို ပွေ့ယူကာ အိပ်ခန်းတွင်းသို့ ဝင်ခဲ့သည်။

"မတော်ပါဘူးရှင်၊ မှားပါလိမ့်မယ်၊ ကျွန်မကို လွှတ်ပါတော့"

ဟု ဂျင်နီက တောင်းပန်ပါသေးသည်။ သို့သော်လည်း လေသံမျှသာ ကျန်တော့သည်။

* * *

မီးဖိုခန်းထဲမှ နာရီကို စားပွဲပေါ်မှကျော်ပြီး တွမ်ဒင်တန်က လှမ်းကြည့်သည်။ ဆယ်နာ

ရှိထိုးပြီး၍ မိနစ်အနည်းငယ် ဖွင့်နေသည်ကို မြင်ရသည်။ သတင်းစာများကို ပြန်ခေါက်လိုက်၏။

"ဒီအချိန်ကျမှတော့ သမီး ပြန်မလာတော့ဘူးနဲ့တူတယ်။ ငါလည်း အိပ်တော့မှ ထင်တယ်၊ ကိုယ့်ကို မကြာခင် ကြီးကြပ်ရေးမှူးရာထူး ပေးတော့မယ်လို့ အလုပ်ထဲက ကလေးတွေက ပြောနေကြတယ်။ ဒါကြောင့် အခုအချိန် အိပ်လိုက်မှ၊ ဒီအချိန်မျိုးမှာ မနက်ပိုင်း နောက်ကျနေလို့ မဖြစ်ဘူး"

"ရှင် ကွန်မြူနစ်တွေ ပြောတဲ့စကားကို သိပ်ယုံမနေနဲ့နော်၊ ရှင့်အလုပ်ကလေး ပြုတ်မသွားရင်ဘဲ ကံကောင်းတယ် အောက်မေ့ပါ"

ဟု အယ်လင်က ပြောသည်။

"ကွန်မြူနစ်တွေက နည်းနည်း ပိုကောင်းတယ်ဆိုတာ ငြင်းလို့ မရပါဘူးကွာ၊ အစက အချိန်ပိုင်းလုပ်နေရာက အခုလို အချိန်ပြည့် လုပ်ဖြစ်လာအောင် လုပ်ပေးတာလည်း ကွန်မြူနစ်တွေ လုပ်ပေးတာပါပဲ၊ မင်းလည်း သိပါတယ်။ သူတို့က အလုပ်သမားတွေဘက်က ရပ်တည်ကြတာ"

"ကွန်မြူနစ်ဆိုတာတွေက တိတ္ထိတွေ၊ ဖာသာဟက်ဒလေက ပြောတယ်၊ ကွန်မြူနစ်တွေဟာ ဘုရား တရား ယုံကြည်ကြတာ မဟုတ်ဘူးတဲ့၊ သူတို့ အာဏာရဖို့ကလေးအတွက် အလုပ်သမားတွေကို မြှောက်ပေးနေကြတာတဲ့၊ ရုရှားမှာလိုပေါ့တဲ့၊ သူတို့ အာဏာရတာနဲ့ တစ်ပြိုင်တည်း ဘုရားရှိခိုးကျောင်းတွေ အကုန်ပိတ်ပစ်ပြီး သာသနာ့ဝန်ထမ်းတွေ အားလုံးကို ကျွန်လုပ်ပစ်မှာတဲ့"

"သူတို့ တိတ္ထိဖြစ်တော့ရော ဘာအရေးလဲကွ၊ ငါ့ကို ဖာသာဟက်ဒလေက အလုပ်ရအောင်ရှာပေးနိုင်တာ မဟုတ်ဘူး။ ကွန်မြူနစ်တွေက ငါ့ကို အလုပ်ရှာပေးတာ၊ ဒါကြောင့် ငါ စားဖို့ရတယ်၊ နေဖို့ရတယ်၊ တို့ ဣန္ဒြေမပျက် နေနိုင်တယ်၊ ဖာသာဟက်ဒလေ ပြောတာတွေကို ငါ မယုံဘူး"

အယ်လင်က နာကြည်းသော အပြုံးမျိုးကို ပြုံးလိုက်သည်။

"ကောင်းပါ့တော်၊ အလွန် ကောင်းတဲ့ အိမ်ထောင်စုကို ကျုပ် ရနေပါပေ့ါကလား၊ ယောကျာ်းက ကွန်မြူနစ်၊ သမီးလုပ်တဲ့လူက အိမ်ကို ပြန်လာရကောင်းမှန်း မသိဘူး"

"သမီးက အလုပ်များနေလို့ ဖြစ်မှာပေ့ါကွာ၊ သမီး လုပ်နေရတဲ့ အလုပ်က အင်မတန် တာဝန်ကြီးတာ မင်းလည်း သိသားပဲ၊ တာဝန်တွေက သူ့ခေါင်းပေါ်မှာချည်းပဲ၊ သမီး ဘွဲ့ယူတုန်းကလည်း ကောလိပ်က ဆရာမတွေကပြောတယ် မဟုတ်လား။ အင်မတန် အရေးကြီးတဲ့ ဆရာဝန်နဲ့အတူတူ အလုပ်လုပ်ခွင့်ရတာ သမီးအဖို့ သိပ်ကံကောင်းတာပဲတဲ့"

"ဟုတ်ပါတယ်၊ ဒါပေမယ့် တစ်ခါတစ်ရံတော့ အိမ်ကို ပြန်လာဖို့ ကောင်းတာပေ့ါ။ စိန့်မေရီကောလိပ်ကျောင်းက ထွက်လာကတည်းက သူ တစ်ခါမှ ဘုရားရှိခိုးကျောင်းကို သွားပြီး ဝတ်မပြုသေးဘူးထင်တယ်"

"မင်း ဘယ်လိုလုပ် သိနိုင်မလဲ၊ ဒီဆန်ဖရန်စစ္စကိုမြို့မှာ မင်း ကိုးကွယ်နေတဲ့ ကျောင်း တစ်ကျောင်းတည်း ရှိတာ မဟုတ်ဘူးကွ"

"ကျုပ် သိပါတယ်။ အခု သူက ဝင်ငွေ သိပ်ကောင်းနေပြီ မဟုတ်လား။ ဒါကြောင့် ကျုပ်တို့လို ဆင်းရဲတဲ့ မိဘတွေကို လာတွေ့ရမှာ သူက ရှက်နေတာဖြစ်မှာပေ့ါ"

"သမီးအဖို့ ဒါလောက် ဘဝင်မြင့်သွားစရာအကြောင်းလည်း မရှိပါဘူးကွာ၊ မင်းလည်း သမီးအတွက် အမြဲတမ်း ဆုတောင်းနေတာပဲ၊ သမီး ပြန်လာတဲ့အခါကျတော့လည်း ကောင်လေးတွေက သမီးကို မထိတထိ နောက်လားပြောင်လား ဟားတိုက်လားနဲ့၊ ဒီလိုအခြေအနေမျိုးနဲ့ ဒီလို ပတ်ဝန်းကျင်ကို မိန်းကလေးတစ်ယောက်က ပြန်လာချင်ပါ့မလား"

အယ်လင်က သူ ပြောသည့်စကားများကို အရေးမစိုက်။

"သမီးမိန်းကလေးတစ်ယောက်ဟာ အိမ်နဲ့ ဒီလောက် ကင်းကွာနေတာ မကောင်းဘူး။ သူတို့ဘက်ပိုင်းမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ ရှင်လည်း သိတယ်။ ကျွန်မလည်း သိတယ်။ သူ့မယားနဲ့ ကိုယ်နေ၊ ကိုယ့်မယားနဲ့ သူကနေ၊ ဖြစ်ချင်တိုင်းဖြစ်နေကြတာ၊ ကျွန်မ သတင်းစာထဲမှာ ဖတ်ရတယ်"

"တို့သမီးလေးက အလိမ္မာလေးပါကွာ၊ သူ ဒီလို မဖြစ်နိုင်ပါဘူး"

"ကျွန်မတော့ သိပ်စိတ်မချဘူး။ ဒီလို စိတ်မျိုးပေါ်လာပြီဆိုရင် ခပ်ခက်ခက်ရယ်၊ ပျားရည်တစ်ဇွန်း သောက်ရသလိုဟာမျိုး၊ ပါးစပ်ထဲမှာတော့ အင်မတန် ချိုပါရဲ့ ဗိုက်ကိုတော့ ပြည့်တာ မဟုတ်ဘူး။ ဒီလို စိတ်မျိုးဆိုတာ ခက်တယ်"

"မင်းဟာ အခုထက်ထိ ကိုယ့်သမီးကို မယုံသေးဘူးလား။ ကိုယ့်သမီးအရင်းကို ဒီလိုပဲ ပြောရသလား"

"ရှင် စဉ်းစားကြည့်၊ သမီးဟာ ဘာဖြစ်လို့ ဟိုအမှုတုန်းက ရုံးမှာ ရင်မဆိုင်တာလဲ၊ ကိုယ့်ဘက်က အမှန်ဆိုရင် ဘာကြောက်စရာရှိသလဲ၊ အခုတော့ ဒီလို မဟုတ်ဘူး။ ငွေတစ်ထောင်ယူပြီး ကိုယ့်နာမည်ကို အစွန်းအထင်းခံတယ်။ အတန်းထဲရောက်သွားတဲ့ အစားမျိုးအဖြစ် ခံတယ်"

"ငါ သိထားသလိုပဲ ဒီကိစ္စကို မင်းလည်း သိခဲ့တာပါပဲ၊ မင်းရဲ့ ဘုရားရှိခိုးကျောင်းကို လည်း မင်း ကျေးဇူးတင်ဖို့ကောင်းတယ်။ ဂျင်နီဟာ အကျင့်စာရိတ္တကောင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပါတယ် ဆိုတာလောက်ကိုတောင် ရုံးတော်မှာလာပြီး သူတို့ သက်သေခံကြလို့လား။ ဘယ်လာမလဲကွ၊ ယောကျ်ားလေးတွေရဲ့ မိဘတွေကို သူတို့က ကြောက်နေရတာကိုး၊ ဟိုလူတွေက မလျှော့ဘူး၊ မတန်းတော့ဘူး ဆိုတာမျိုးကို သူတို့ ကြောက်နေတာကိုး။ ဒါတွေကို မင်း ပြန်မစဉ်းစားဘူးလား"

"ဘုရားရှိခိုးကျောင်းက သူ့ကို ကောလိပ်ကျောင်း ပို့ပေးတယ်။ သူ အလုပ်ရအောင် လုပ်ပေးတယ်။ သူတို့တာဝန်ကို သူတို့ လုပ်ကြတာပဲ၊ ကျေပွန်တာပဲ"

"ဒါဖြင့်ရင် မင်းက ဘာကို မကျေမနပ် ဖြစ်နေရတာလဲ"

*  *  *

အယ်လင်သည် အခန်းထဲမှာ တိတ်ဆိတ်စွာ ထိုင်နေသည်။ တွမ်က ဒေါသတကြီးဖြင့် ဖိနပ်ချွတ်ပြီး ပစ်ချနေသည့်အသံသာ အခန်းထဲမှာ ကြားနေရသည်။ အယ်လင်သည် ကုလားထိုင်မှထပြီး ရေနွေးကျိုရန် မီးဖိုဆီသို့ သွားသည်။

ရာသီဥတုက အေးလာသောကြောင့် အဆစ်အမြစ်များ ကိုက်ခဲလာသည်။ ရေနွေးဖြင့် ရေချိုးလိုက်လျှင် သက်သာသွားမည် ဖြစ်သည်။ မီးဖိုမှ ဓာတ်ငွေ့ခေါင်းကိုဖွင့်ပြီး မီးခြစ်နှင့် တို့လိုက်သည်။ မီးတောက်တက်လာပြီး ခဏချင်းပင် ပြန်ငြိမ်းသွားသည်။ မီတာကို လှမ်းကြည့်သောအခါ အနီရောင်အမှတ်ကလေး ပြနေသည်ကို တွေ့ရသောကြောင့် ဓာတ်ငွေ့ကုန်နေကြောင်း သိရသည်။

စားပွဲရှိရာသို့ ထသွားပြီး ပိုက်ဆံအကြွေထည့်သည့်အိတ်ကို ဖွင့်ကြည့်သည်။ မတ်စေ့ မရှိ။ အခြား အကြွေများသာ ရှိသည်။ တွမ်ဆီမှာတော့ မတ်စေ့ရှိနိုင်သည်။ သို့သော်လည်း တွမ်နှင့် စကား မပြောချင်တော့။ မနက်ဖြန်မနက် ဘုရားရှိခိုးကျောင်းမှ ပြန်ရောက်သောအခါကျမှ ရေနွေးနှင့် ရေချိုးတော့မည်ဟု ဆုံးဖြတ်ကာ ရေချိုးခန်းသို့ ဝင်ခဲ့သည်။ လက်ကျန်ရေနွေးအနည်းငယ်နှင့် မျက်နှာသစ်ပြီး အိပ်ခန်းသို့ ပြန်လာခဲ့သည်။

သူ အိပ်ခန်းသို့ ပြန်လာချိန်တွင် တွမ်သည် မီးဖိုခန်းထဲမှာ ရှိနေ၏။

တွမ်သည် ရေချိုးခန်းသို့ဝင်လာပြီး မျက်နှာသစ်သည်။ ရေ အလွန် အေးနေသည်ကို တွေ့ရသောကြောင့် ခပ်မြန်မြန် မျက်နှာသုတ်ပဝါနှင့် သုတ်လိုက်ရသည်။ အိတ်ထဲမှာ မတ်စေ့ စမ်းကြည့်သည်။ ဓာတ်ငွေ့မီတာဘူးထဲသို့ မတ်စေ့ကို ထည့်လိုက်သည်။ အနီရောင်အမှတ်ကလေး ပျောက်သွားသည်အထိ စောင့်ကြည့်နေသည်။ ထို့နောက် ကျေနပ်စွာဖြင့် ခေါင်းညိတ်သည်။

မနက်ဆိုလျှင် သူ့အတွက် လုံလောက်သောရေနွေးကို ရရှိပေလိမ့်မည်။ အိပ်ခန်းတွင်းသို့ သူ ဝင်လာခဲ့သည်။ အိပ်ခန်းတံခါးကို ဖွင့်ထားခဲ့မိသည်။

ခုတင်ပေါ်သို့ သူ တက်သောအခါတွင် အယ်လင်သည် တစ်ဖက်သို့ ကျောခိုင်းသွား၏။ သူ ပြုံးမိသည်။ မေတ္တာတရား၏ လွတ်လပ်ခွင့်ကို ကွန်မြူနစ်များက သူ့ကို သွန်သင်ပေးခဲ့သည်။ လူတိုင်းတွင် လွတ်လပ်စွာ ချစ်ခွင့်၊ မေတ္တာမျှခွင့် ရှိရမည်။ မေတ္တာကို အဓမ္မ လုမယူရ။ ထို့ကြောင့်လည်း သူ သဘောကျပြီး ပြုံးမိခြင်း ဖြစ်သည်။

သူ့မျက်လုံးများ တဖြည်းဖြည်း လေးလာသည်။ တစ်အောင့်ကြာတော့ အယ်လင်၏

ခပ်တိုးတိုးဟောက်သံကို ကြားနေရသည်။ သူ့မျက်လုံးများ ပို၍ လေးလာသည်။

မီးဖိုမှ ခါတ်ငွေ့ခေါင်းကို အယ်လင် ဖွင့်ပြီး ပြန်မပိတ်ခဲ့။ တစ်ဖန် တွမ်က ဓာတ်ငွေ့ ကုန်နေသည်ကို တွေ့သောကြောင့် ဓာတ်ငွေ့ရရန် မတ်စေ့တစ်စေ့ ထည့်ခဲ့သည်။ သူ မသိ။ တစ်ဖန် အိပ်ခန်းတံခါးကိုလည်း သူက မပိတ်မိခဲ့။

သူ့မျက်လုံးများ လေးသည်ထက် လေးလာသည်။ တဖြည်းဖြည်း မျက်တောင်များ စင်းလာကာ မျက်လုံးကို ဖွင့်မရတော့။ သည်လိုဖြင့်ပင် သူ့ဇနီး အယ်လင်ဒင်တန်နှင့်အတူ အိပ်ပျော်သွားသည်။

အမှန်တော့ မနိုးသော အိပ်ပျော်ခြင်းဖြင့် သူတို့ ဇနီးမောင်နှံ အိပ်ပျော်သွားကြခြင်းပင် ဖြစ်ချေသည်တကား။

* * *

ဂျင်နီသည် တွေ့မိတွေ့ရာ အဝတ်စကို ကမန်းကတန်း ဆွဲယူပြီး သူ့ကိုယ်ကို လုံခြုံ အောင် ဖုံးလိုက်သည်။ ပြူးကျယ်သော၊ ကြောက်လန့်တုန်လှုပ်သော မျက်လုံးများဖြင့်လည်း အပေါက်ဝမှာ ရပ်နေသည့် မိန်းမတစ်ယောက်ကို စိုက်ကြည့်နေသည်။ ခုတင်၏ ဟိုဘက်ခြမ်းတွင် ဒေါက်တာဂရန့်သည် အင်္ကျီကြယ်သီးများကို အလျင်အမြန် ပြန်တပ်နေ၏။

"ဟဲ့ . . . နင့်ဆီကိုလာချင်လို့ ငါ့လင်က ငါ့ကို ထားခဲ့တယ်ထင်သလား။ ငါ့လင် ဖောက်ပြန်တာ နင်ဟာ ပထမဆုံးလို့များ နင့်ကိုယ်နင် ထင်နေသလား။ ဟင် . . . ပြောစမ်း၊ အခုလို ငါ လက်ပူးလက်ကြပ်မိတာ ဘယ်နှစ်ကြိမ်ရှိနေပြီလို့ နင့်ကို ပြောမပြဘူးလား၊ နင့်ကို ငါ့လင်က အသည်းစွဲအောင် ချစ်နေတယ်လို့များ နင် ထင်နေသလား။ ပြောစမ်း "

ဂျင်နီသည် ဘာမှ ပြန်မဖြေ။ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ သူ့ရင်ထဲမှာ မည်သို့သော ဝေဒနာများကို ခံစားနေရကြောင်းကိုပင် သူ မသိတော့။

"ရောဘတ်၊ နင် ပြောပြလိုက်စမ်း၊ နင့်ကို ဒီနေ့ည ငါ လက်မခံလို့ နင် ဒီကိုလာတာပါ လို့ ပြောပြလိုက်စမ်း"

အမျိုးသမီးသည် ဒေါသတကြီးဖြင့် ဒေါက်တာဂရန့်ကို လှမ်းအော်သည်။

ဂျင်နီက ဒေါက်တာဂရန့်ကို လှမ်းကြည့်သည်။ သူ့မျက်နှာမှာ သွေး မရှိတော့ကြောင်း မြင်ရသည်။ ဂျင်နီနှင့် မျက်လုံးချင်း မဆိုင်မိအောင် သူ ရှောင်နေသည်။ ကုလားထိုင်ပေါ်မှ ကုတ်အင်္ကျီကို ကောက်ယူပြီး သူ့မိန်းမဆီသို့ လျှောက်သွားသည်။

"မင်း သိပ်ဒေါသကြီးနေပြီ၊ မင်းကို ကိုယ် အိမ်ပြန်ပို့ပေးပါ့မယ်"

အိမ်၊ အိပ်ပြန်ပို့ပေးမယ်။

ဂျင်နီ၏ ရင်ထဲမှာ နာကျင်လာသည်။ စောစောကပြောတော့ သူ့အိမ်သည် ဤနေရာ ပင် ဖြစ်ပါသည်။ မိမိတို့နှစ်ယောက် အတူတူနေကြသည့် အိမ် ဖြစ်ပါသည်။ သူ့မိန်းမနှင့်လည်း ဘာမှ မဆိုင်တော့ကြောင်းဖြင့် သူ ပြောခဲ့သည်။ ယခုတော့ အိမ်ပြန်ပို့ပေးမည်တဲ့။ အခြား အိမ်အကြောင်းကို ယခု သူ ပြောနေချေပြီ။ အခြား တစ်နေရာ။ ဤနေရာမှအပ အခြား တစ်နေရာ။

"အောင်မယ်၊ ငါ အမြဲ ဒေါသကြီးတာ နင် မသိဘူးလား ရောဘတ်။ ဒီတစ်ကြိမ် နောက်ဆုံးပါ။ ဒီတစ်ကြိမ် နောက်ဆုံးပါနဲ့ နင် ပြောခဲ့တဲ့ အကြိမ်ပေါင်း ဘယ်လောက် များသွားပြီ လဲ၊ ဟင် . . . ပြောစမ်း။ ဒီတစ်ယောက်ပြီး နောက်တစ်ယောက်၊ ဒီတစ်ယောက်ပြီး နောက် တစ်ယောက်၊ နင် ဘယ်လောက် များနေပြီလဲ။ ကောင်းပြီ၊ တို့သွားမယ်။ ဒါပေမယ့် နင် ပြောပြခဲ့ဦး"

"ကဲပါကွယ်၊ ထားလိုက်ပါတော့။ နောက်ကျတော့ ကိုယ် ပြောပြလိုက်ပါ့မယ်။ အခု မပြောပါရစေနဲ့"

ဂရန့်က လေပျော့ကလေးဖြင့် တောင်းပန်သည်။

"မလိုချင်ဘူး၊ အခု ပြော၊ အခု ချက်ချင်း ပြော၊ ဒေါက်တာဂရန့်ဆိုတာ ဆရာဝန်အတု၊ ဆရာဝန်အစစ် မဟုတ်ဘူး။ ဆရာဝန်ယောင်ဆောင်ပြီး ကလေးဖျက်နေတဲ့ အကောင်ဆိုတာ တစ်ကမ္ဘာလုံးက သိသွားအောင် အခု ပြောပြလိုက်စမ်း"

အမျိုးသမီးက ဒေါသတကြီးဖြင့် သံကုန်အော်နေသည်။

ဒေါက်တာဂရန့်သည် ဂျင်နီဘက်သို့ လှည့်လာ၏။

“မင်း အလုပ်ကထွက်တော့ မစ္စဒင်တန်၊ မင်း မြင်တယ် မဟုတ်လား။ မင်းကို ငါ မချစ်ပါဘူး။ ငါ့မိန်းမကိုပဲ ငါ ချစ်တယ်”

ဟု သူက ဗလုံးဗထွေးဖြင့် ပြောသည်။

တစ်ချိန်တည်းမှာပင် ဆန်ဖရန်စစ္စကိုမြို့၏ ဟိုဘက်ခြမ်းတွင် ပေါက်ကွဲသံကို လူအများ ကြားကြရသည်။ မီးသတ်ရဲဘော်များက လှေကားထောင်တက်ပြီး မီးသတ်ကာ မီးသွေးခဲဖြစ်နေသည့် အလောင်းနှစ်လောင်းကို သယ်ချနေကြသည်။

အမှန်တော့ သောမတ်စ်ဒင်တန်နှင့် ဇနီးဖြစ်သူ အယ်လင်ဒင်တန်တို့သည် မီးမလောင်မီကတည်းက ဓာတ်ငွေ့ပွင့်နေသောကြောင့် သေဆုံးခဲ့ကြပြီး ဖြစ်သည်။

(၉)

ဂျင်နီဒင်တန်ကို စတွေ့စဉ်က ချာလီစတင်းဟတ်စ်တ်သည် အသက် (၈၁) နှစ်ရှိပြီ ဖြစ်သည်။ (၁၉၃၆) ခုနှစ် နွေဦးရာသီ၏ တစ်မနက်ခင်း နံနက် ရှစ်နာရီလောက်တွင် ဖြစ်သည်။ ချာလီစတင်းဟတ်စ်တ်သည် စန်တာ မော်နီကာမြို့ ကိုလ်တန်ဆေးရုံ၏ ခွဲစိတ်ကုသခန်းထဲမှ ခွဲစိတ်ကုစားပွဲပေါ်မှာ လဲလျောင်းနေသည်။ ထိုနေ့က ဂျင်နီဒင်တန်က ခွဲစိတ်မှုဆိုင်ရာ သူနာပြု ဆရာမချုပ်အဖြစ်နှင့် တာဝန်ထမ်းဆောင်ရသည်။

သူ့ကိုယ်ပေါ်မှာ အဝတ်တစ်ခု လွှမ်းထားပေးသည်။ ခဏကြာတော့ ဂျင်နီသည် စားပွဲခြေရင်းဘက်သို့ သွားသည်။ သူ၏ ကိုယ်ခန္ဓာအောက်ပိုင်းကို ရှင်းပေးနေကြောင်း သူ သတိထားမိသည်။ သူ့စိတ်ထဲမှာ ရှက်ကိုးရှက်ကန်း ဖြစ်လာ၏။ အမှန်တော့ သူသည် တရားဝင် ဇနီး ငါးယောက်ယူခဲ့သည်။ မရေမတွက်နိုင်သော အငယ်အနှောင်းများ ထားခဲ့သည်။ သားသမီး (၄၀) ကျော် မွေးဖွားခဲ့သည်။ တရားဝင်ဇနီးများနှင့် မွေးဖွားသည့်သားသမီးမှာ ရှစ်ယောက်သာ ဖြစ်သည်။ သူ့လို မိန်းမများနှင့် ပတ်သက်၍ အတွေ့အကြုံများသော သူတစ်ယောက်အဖို့ ယခုလို ရှက်ဖို့အကြောင်း မရှိ။ သို့သော်လည်း သူ ရှက်နေမိသည်။

ဂျင်နီက သူ့တာဝန်များကို ဆောင်ရွက်ပြီးသောအခါ သူ့ကို မော့ကြည့်သည်။ သူ့စားပွဲဘေးသို့ ခပ်ဖြည်းဖြည်း လျှောက်လာသည်။ ထို့နောက် သူ့လက်ကို ကောက်ယူကာ သွေးစမ်းရင်း လက်မှ နာရီကို ကြည့်နေသည်။

“ဒေါက်တာကိုလ်တန် ဘယ်မှာလဲ”

ဟု သူက မေးသည်။

“အခုပဲ ရောက်လာပါလိမ့်မယ်၊ လက်ဆေးနေတယ်”

ဂျင်နီသည် သူ့လက်ကို ပြန်ချထားပေးခဲ့သည်။ သူ့နောက်မှ သူနာပြုဆရာမတစ်ယောက်ကိုလည်း တစ်စုံတစ်ရာ လှမ်းပြောသည်။ ထိုဆရာမက သူ့အနားသို့လာပြီး သူ့လက်မောင်းအတွင်းသို့ အပ်ကို ထိုးသွင်းသည်။

“ဟေး မြန်လှချည်လားကွ”

ဟု သူက ပြောသည်။

“ကျွန်မက မြန်မြန်ပဲ လုပ်တတ်ပါတယ်”

“အေး ငါလည်း မြန်မြန်ပဲ လုပ်တတ်တယ်”

“ကျွန်မ သိပါတယ်။ သတင်းစာတွေထဲမှာ ဖတ်နေရတာပဲ”

ဟု ဂျင်နီက ဝင်ပြောသည်။ ဂျင်နီ၏ မျက်လုံးများသည် ပြုံးနေကြောင်း သူ သတိထားလိုက်မိသည်။

ထိုအခိုက်မှာပင် ဒေါက်တာကိုလ်တန် ဝင်လာသည်။

“ဟဲလို မစ္စတာ စတင်းဟတ်စ်တ်၊ ဒီနေ့ လုပ်လိုက်ကြရအောင်လား”

“သဘောအတိုင်းပါပဲ၊ ကျုပ်ကတော့ သိပ်လုပ်ချင်တာ မဟုတ်ဘူး။ နောင် ကျုပ်ကို

ခင်ဗျားတို့ သားသတ်ရုံ ပြန်မပို့နိုင်ဘဲ ဖြစ်နေဦးမယ်"

ဒေါက်တာကိုလ်တန်က ရယ်သည်။

"သားသတ်ရုံ မဟုတ်ရပါဘူးဗျာ၊ ဆေးရုံပါ။ ဘာမှ မပူပါနဲ့၊ ကျောက်ကပ်မှာ ကျောက်တည်တာလောက်တော့ ကျွန်တော်တို့အဖို့ အသေးအဖွဲကလေးပါ"

"ဆရာဝန်တွေ ဒီလိုပဲ ပြောတတ်ကြတာပါပဲ။ ပါရဂူတစ်ယောက်ကို ခေါ်ရလာလို့ ဝမ်းသာပါတယ်။ ခင်ဗျားကိုသာ ခွဲခိုင်းရရင်တော့ ဘာမှ မချန်ဘဲ ကျွန်တော့်ကိုယ်မှာ ရှိသမျှဟာတွေကို ခင်ဗျား ဖြတ်ပစ်လိုက်မယ်ဆိုတာ သိပါတယ်"

ချာလီစတင်းဟတ်စ်တ်က နောက်ပြောင်ပြောသည်ကို ဒေါက်တာကိုလ်တန်က စိတ်မဆိုး။ သူတို့ချင်း ရင်းနှီးခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာပြီ။ သည်ဆေးရုံကို စတင်တည်ထောင်စဉ်က လိုအပ်သည့် ငွေအများဆုံးကို ချာလီစတင်းဟတ်စ်တ်က ကိုလ်တန်ကို ထုတ်ချေးခဲ့သည်အထိ ရင်းနှီးကြသည်။ ထို့ကြောင့် ဒေါက်တာကိုလ်တန်က ချာလီ နောက်ပြောင်ပြောသည်ကို ရယ်နေသည်။

ထိုအချိန်မှာပင် ခွဲစိတ်ကုဆရာဝန်ဝင်လာပြီး ဒေါက်တာကိုလ်တန်၏ ဘေးမှာ ရပ်သည်။

"အဆင်သင့်ဖြစ်ပြီလား မစ္စတာစတင်းဟတ်စ်တ်"

ဟု သူက မေးသည်။

"ကျုပ် ထုံးစံအတိုင်း အမြဲတမ်း အဆင်သင့်ပေါ့ဗျာ။ ကျုပ်ကို ခွဲစိတ်ကုသတဲ့အခါမှာ မိန်းကလေးတွေအတွက် တစ်ခုတော့ ချန်ထားပေးခဲ့ပါနော် ဒေါက်တာ"

ခွဲစိတ်ကုဆရာဝန်က ခေါင်းညိတ်ပြသည်။ ချာလီသည် မိမိ၏ အခြားလက်မောင်းတစ်ဖက်အတွင်းသို့ အပ်ထိုးသွင်းကြောင်း သိလိုက်သည်။ ထို့ကြောင့် မော့ကြည့်သောအခါ အနားမှာရပ်နေသည့် ဂျင်နီကို တွေ့ရသည်။

"မျက်လုံးညိုညိုနဲ့ ဆရာမလေး"

ဟု သူက ဂျင်နီကို ခေါ်သည်။ သူ၏ ဒုတိယဇနီးလား၊ တတိယဇနီးလား သူကောင်းစွာ မမှတ်မိတော့။ ထိုဇနီးသည်လည်း မျက်လုံးအညိုကလေးနှင့် ဖြစ်သည်ကို ပြန်သတိရနေမိသည်။ ဂျင်နီက သူ့ကို ကြည့်နေသည်။

"မင်း မျက်နှာပေါ်က မျက်နှာဖုံးကိုချွတ်လိုက်ရင် မင်းမျက်နှာကို ကျုပ် ကောင်းကောင်းမြင်ရမှာပဲ"

ဟု ချာလီက ဆက်ပြောသည်။ ဂျင်နီ၏မျက်လုံးများ ရယ်သွားသည်ကို ချာလီ မြင်လိုက်ရပြန်သည်။

"ဒေါက်တာက ခွင့်ပြုမယ် မထင်ဘူး။ ဒါပေမယ့် ခွဲစိတ်ပြီးသွားရင် ကျွန်မ ပြန်လာခဲ့မယ်လေ၊ လာလို့ရမလား"

"သိပ် ကောင်းတာပေါ့၊ မင်းဟာ သိပ်လှမယ်လို့ ကျုပ်က ထင်နေတာ"

သူ့နောက်မှာရှိနေသည့် မေ့ဆေးဆရာဝန်က ခေါင်းညိတ်ပြသည်ကိုမူ ချာလီ မမြင်လိုက်ရ။ ဂျင်နီက ခါးကိုကိုင်းပြီး သူ့မျက်နှာအနီးသို့ ငုံ့လာသည်။

"ကဲ မစ္စတာစတင်းဟတ်စ်တ်၊ တစ်ဆယ်ကစပြီး ရေရအောင်၊ ကျွန်မနဲ့အတူတူ လိုက်ဆိုပါနော်၊ တစ်ဆယ်၊ ကိုး၊ ရှစ်"

ဂျင်နီက သူ့ကို ပြောသည်။

"ခုနစ်၊ ခြောက်၊ ငါး၊ နှစ်၊ ကိုး၊ တစ်ဆယ်၊ ရှစ်၊ တစ်၊ သုံး၊ ခြောက်၊ လေး၊ တစ်၊ နှစ်"

တဖြည်းဖြည်းဖြင့် သူ့အသံပျောက်သွားတော့သည်။

မေ့ဆေးဆရာဝန်က ခွဲစိတ်ကုဆရာဝန်ကို မော့ကြည့်သည်။

"ရပါပြီ"

ခွဲစိတ်ကုဆရာဝန်သည် အလွန် ကျွမ်းကျင်စွာဖြင့် သူ၏ဗိုက်ကို ဖွင့်သည်။ ကျောက်ကပ်နှစ်ခုအနက် တစ်ခုကို ဖြတ်ထုတ်ယူလိုက်သည်။ ကျန်တစ်ခုကို တစ်ပိုင်းဖြတ်လိုက်သည်။ ဂျင်နီက လိုအပ်သည်များကို ကူညီပေးသည်။ ဂျင်နီသည် ထုတ်ယူပြီးသည့် ကျောက်ကပ်

များကို သူ့နောက်မှာ ရှိနေသည့် သူနာပြုဆရာမကို လှည့်မကြည့်ဘဲနှင့် ကမ်းပေးသည်။

"ဓာတ်ခွဲခိုင်းပါ"

ဟုသာ ပါးစပ်က လေသံဖြင့် ပြောသည်။

သူနာပြုဆရာမက ဂျင်နီ၏လက်ထဲမှ ကျောက်ကပ်ကိုယူပြီး လျင်မြန်စွာ ထွက်သွားသည်။ ခွဲစိတ်ကုဆရာဝန်နှင့် ဂျင်နီတို့က အလုပ်ရှုပ်မြဲ ရှုပ်နေကြသည်။

"ဓာတ်ခွဲခန်းက အဖြေကို မစောင့်တော့ဘူးလား"

ဟု ဒေါက်တာကိုလ်တန်က မေးသည်။ ခွဲစိတ်ကုဆရာဝန်က မော့မကြည့်။ အလုပ်လုပ်မြဲလုပ်နေရင်းမှ ပြန်ဖြေသည်။

"မလိုတော့ပါဘူး ဒေါက်တာ"

ဒေါက်တာကိုလ်တန်သည် ခပ်အမ်းအမ်း ဖြစ်သွား၏။

"ချာလီစတင်းဟတ်စ်တ်ဟာ သာမန်ပုဂ္ဂိုလ် တစ်ယောက်တော့ မဟုတ်ဘူး"

ဟု သူက ပြောသည်။

သာမန်ပုဂ္ဂိုလ် မဟုတ်ကြောင်းကို လူတိုင်း သိကြပါသည်။ သူ ဖြစ်ချင်သည်ဆိုလျှင် ပြည်နယ်အုပ်ချုပ်ရေးမှူး လုပ်မည်လား။ ဆီးနိတ်လွှတ်တော်အမတ် လုပ်မည်လား။ ဘာမဆို ဖြစ်နိုင်ခဲ့သည်။ တစ်ပြည်လုံး နေရာအနှံ့အပြားတွင် သူ ပိုင်သည့် သတင်းစာပေါင်း အစောင်နှစ်ဆယ်ကျော် ရှိသည်။ သူ့ဘဝတွင် လိုတရနေသူ ဖြစ်သည်။ ထို့ကြောင့်လည်း သူ ဘာကိုမှ မမျှော်ကိုးခဲ့။

ယခု သူ့ကို ခွဲစိတ်ကုသပေးနေသည့် ဆရာဝန်သည် ကမ္ဘာပေါ်ရှိ ထိပ်တန်း ခွဲစိတ်ကုပါရဂူများထဲမှ တစ်ယောက် ဖြစ်သည်။ ချာလီ၏ ဆီးရောဂါကို ခွဲစိတ်ကုသပေးရန် နယူးယောက်မှ တကူးတက ရောက်လာခြင်း ဖြစ်သည်။

ကျောက်ကပ်ကို ကောင်းစွာ ခွဲစိတ်ပြုပြင်ပြီးချိန်တွင် စောစောက ထွက်သွားသည့် သူနာပြုဆရာမ ပြန်ရောက်လာပြီး ဂျင်နီ၏ပခုံးကို တို့ကာ စာရွက်တစ်ရွက် ပေးသည်။ ဂျင်နီက ခွဲစိတ်ကုဆရာဝန်ကို လှမ်းပေးသည်။ စာရွက်ကို သူ့လက်ပေါ်မှကျော်ပြီး မြင်နေရ၏။ ဓာတ်ခွဲခန်း ရောဂါရှာဖွေရေးဌာနမှ ပို့လိုက်သည့် စစ်ဆေးတွေ့ရှိချက် ဖြစ်သည်။ စာလုံးများကို လက်နှိပ်စက်ဖြင့် ရိုက်ထားသည်။

*ကင်ဆာ၊ သွေးအဆိပ်၊ ခန္ဓာကိုယ်တွင်း တစ်နေရာမှ တစ်နေရာသို့ ရောဂါပြန့်ပွားနေသည်။*

ဆရာဝန်က မသိမသာ သက်ပြင်းချလိုက်သည်။ ထို့နောက် ဒေါက်တာကိုလ်တန်ဘက်သို့ လှည့်ပြောသည်။

"အခုဆိုရင် မစ္စတာစတင်းဟတ်စ်တ်ဟာ သာမန်ပုဂ္ဂိုလ်တစ်ယောက်ပဲ ဖြစ်သွားပါပြီ ဒေါက်တာ"

* * *

နောက်တစ်နေ့နံနက် ဆေးရုံခန်းအတွင်းသို့ ခွဲစိတ်ကုဆရာဝန် ဝင်လာသောအခါတွင် ချာလီစတင်းဟတ်စ်တ်သည် အိပ်ရာမှ နိုးနေပြီ ဖြစ်၏။ အခန်းထောင့်မှာရှိနေသော တယ်လီပရင်တာမှ သတင်းများ လက်ခံယူနေခိုက်လည်း ဖြစ်သည်။ ဆရာဝန်က ခုတင်နားသို့သွားပြီး ချာလီကို ငုံ့ကြည့်သည်။

"ကျွန်တော် လာနှုတ်ဆက်တာပါ မစ္စတာစတင်းဟတ်စ်တ်။ အခုမနက်ပဲ နယူးယောက်ကို ကျွန်တော် ပြန်ရမယ်"

ချာလီက သူ့ကို မော့ကြည့်ရင်း ပြုံးသည်။

"ဟော. . . ဒေါက်တာ၊ မောင့် အဖေဟာ အကျိုးချုပ်တဲ့လူဖြစ်ကြောင်း မောင့်ကို တစ်ယောက်ယောက်က ပြောမပြဘူးလား"

ဟု ချာလီက မေးသည်။

"ကျွန်တော့်အဖေဟာ အရင်က စက်ချုပ်ခဲ့ပါတယ် မစ္စတာ စတင်းဟတ်စ်တ်"

"ကျုပ် ကောင်းကောင်း သိတာပေါ့။ အခု စတင်တန်လမ်းပေါ်မှ စတိုးဆိုင်တစ်ခု

သူ ဖွင့်ထားတယ်။ မောင့် အကြောင်းတွေ ကျုပ် အများကြီး သိပါတယ်။ (၁၉၂၇) ခုနှစ်က မောင် ဘွဲ့ရတယ်။ စီတီးကောလိပ်က ဗင်ဇက်တီအသင်းမှာ မောင် ဥက္ကဋ္ဌ ဖြစ်ခဲ့တယ်။ ခွဲစိတ်ပါရဂူသင်တန်း တက်နေတုန်းက ပထမနှစ်မှာ မောင်ဟာ ဆိုရှယ်လစ်လူငယ်အဖွဲ့ထဲကို ဝင်ခဲ့တယ်။ ခွဲစိတ်ကုဆရာဝန်တွေထဲက အက်ဖ်အေစီအက်စ်ဘွဲ့ရတာ မောင် ပထမဦးဆုံး ပုဂ္ဂိုလ်ပဲ၊ မောင်ဟာ အခုအချိန်အထိ နယူးယောက်မြို့မှာ ဆိုရှယ်လစ်ပါတီဝင်ထားဆဲပဲ။ အခုလာမယ့် ရွေးကောက်ပွဲမှာ သမ္မတလောင်း နော်မန်တောမတ်စ်ကို မောင် မဲပေးမယ်"

ဆရာဝန်က ပြုံးသည်။

"ကျွန်တော့်အကြောင်းတွေ အများကြီးသိနေပါလား"

"အများကြီး သိတာပေါ့။ တခြား ဆရာဝန်တစ်ယောက်ယောက်နဲ့ ကျုပ် ခွဲရင် ဖြစ်တယ်ဆိုတာ မောင် မစဉ်းစားမိဘူးလား"

"ကျွန်တော်နဲ့ပတ်သက်ပြီး မစ္စတာစတင်းဟတ်စ်တ် စိတ်ပူခဲ့ဖို့ ကောင်းပါတယ်။ ကျွန်တော်တို့ ဆိုရှယ်လစ်တွေက မစ္စတာစတင်းဟတ်စ်တ်အပေါ် ဘယ်လို မြင်တယ်ဆိုတာ သိတယ် မဟုတ်လား"

ဆရာဝန်၏ စကားကို ကြားသောအခါ အဘိုးကြီးက အလွန် သဘောကျစွာဖြင့် ရယ်တော့သည်။

"အလကားပါ၊ မောင့်ကို ကျုပ် မြင်တာက မောင်ဟာ နံပါတ်တစ် ဆရာဝန်၊ နံပါတ်နှစ်ကမှ ဆိုရှစ်လစ်၊ ဒီမှာ ဒေါက်တာ၊ ရီပတ်ဘလီကင် သမ္မတလောင်းကို မောင် မဲပေးမယ်ဆိုရင် သုံးနှစ်အတွင်း မောင် သန်းကြွယ်သူဌေးဖြစ်အောင် ကျုပ် လုပ်ပေးမယ်"

ဆရာဝန်ကလည်း သူနှင့်အတူရောရယ်ရင်း ခေါင်းခါပြသည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ။ မချမ်းသာပါရစေနဲ့၊ ကျွန်တော် သိပ်ပြီး စိတ်ပူနေရပါဦးမယ်"

"ကျုပ် ဘယ်လိုနေသလဲလို့ မမေးတော့ဘူးလား ဒေါက်တာ၊ ကျုပ်ဆီကို ဒေါက်တာကိုလ်တန် လေးခေါက်ရောက်ပြီးပြီ၊ အခေါက်တိုင်းမှာ နေကောင်းရဲ့လား၊ ဘယ်လိုနေသလဲလို့ မေးတယ်"

ဆရာဝန်က ပခုံးကို တွန့်ပြသည်။

"ကျွန်တော် မေးဖို့ မလိုပါဘူး။ ဘယ်လိုနေတယ်ဆိုတာ ကျွန်တော် သိတာပဲ၊ နာနေတာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါ့ဗျာ။ အင်မတန် နာတယ်။ ကျုပ်ကို ဒေါက်တာကိုလ်တန်က ပြောသွားတယ်။ မောင် ထုတ်ယူလိုက်တဲ့ ကျောက်ဟာ ဘေ့စ်ဘောလ်လောက်တောင် ကြီးသတဲ့"

ဟု ချာလီက ပြန်ပြောသည်။

"ဟုတ်ပါတယ် အတော်ကြီးပါတယ်"

"ကျုပ် ဆီးသွားနိုင်အောင်လည်း ဆီးအိတ်တစ်ခုကို ချည်ပေးခဲ့တယ်လို့ ဒေါက်တာကိုလ်တန်က ပြောသွားသေးတယ်။ နောက်တစ်ခါ ပြန်ခွဲတဲ့အထိ ဆီးအိတ်နဲ့ပဲ နေရမယ်လို့ ပြောသွားတယ်"

"မှန်ပါတယ်၊ အတော်ကြာအောင်တော့ ဒါနဲ့ပဲ နေရဦးမယ်"

"မောင်တို့ နှစ်ယောက်စလုံး ကျုပ်ကို လာဖြီးနေကြတာပါ။ ကျုပ် အုတ်ဂူထဲမှာပဲ ဒါကြီးနဲ့နေရမယ်ဆိုတာ ကျုပ် သိပါတယ်။ ဒီအချိန်ကလည်း သိပ်ဝေးတော့တာ မဟုတ်ပါဘူး"

"ဒါနဲ့ပတ်သက်လို့တော့ ကျွန်တော် ဘာမှ ပြောဖို့ မလိုပါဘူး"

"မှန်တာပေါ့ မောင် ပြောဖို့မလိုပါဘူး။ ဒါကြောင့် ကျုပ် ပြောနေတာပေါ့။ ဒီမှာကြည့် ဒေါက်တာ၊ ကျုပ်ဟာ အသက် (၈၁) နှစ်ရှိနေပြီ။ ဒီအသက်အရွယ် ရောက်ပြီဆိုရင် ဘယ်သူမဆို သေခြင်းတရားကို စဉ်းစားနေကြပြီ။ သုဿာန်ကို ခြေတစ်ဖက်မက လှမ်းပြီးနေကြပြီ။ ဒါကို ကျုပ် ကောင်းကောင်း သိတာပေါ့။ ကျုပ်ကို သေသေချာချာ ကြည့်ပါဦး။ သေရမှာကို ကျုပ် မကြောက်ပါဘူး။ အဲဒီတော့ ကျုပ်ကို အဖြီးအဖြန်းတွေ လုပ်မနေပါနဲ့တော့။ ကျုပ် ဘယ်လောက်ကြာကြာ နေရဦးမလဲ"

ဆရာဝန်က အဘိုးကြီး၏ မျက်လုံးများကို စိုက်ကြည့်သည်။ ကြောက်လန့်သည့် အမူအရာကို လုံးဝ မမြင်ရ။ သိလိုဇော ပြင်းပြနေသည့် အမူအရာကိုသာ တွေ့ရသည်။ ထို့ကြောင့်လည်း သူ့စိတ်ကို သူ ပိုင်းဖြတ်လိုက်သည်။ ဒေါက်တာကိုလ်တန်သည် အဘိုးကြီးနှင့် ပတ်သက်ပြီး အတွက်မှားခဲ့သည်။ ချာလီသည် စိတ်ခိုင်သော အဘိုးကြီး ဖြစ်သည်။ ထို့အပြင် အမှန်တရားကို သိလိုသော အဘိုးကြီး ဖြစ်သည်။ သိထိုက်သူလည်း ဖြစ်သည်။

"ကံကောင်းမယ်ဆိုရင် သုံးလ၊ ဝေဒနာကို ဆက်ခံစားနေရဖို့အတွက် ကံဆိုးမယ်ဆိုရင် ခြောက်လ"

ဟု ဆရာဝန်က ပြောပြသည်။

ချာလီသည် မျက်တောင်ပင် မခတ်။ သို့သော်လည်း သူ့အမူအရာသည် စိုးရွံ့ထိတ်လန့်သွားပုံမျိုး လုံးဝ မရှိ။

"ကင်ဆာလား"

"ဟုတ်ပါတယ်။ သွေးအဆိပ် ဖြစ်နေတယ်။ ရောဂါက တစ်နေရာက တစ်နေရာကို ပြန့်ပွားနေတယ်။ ကျောက်ကပ်တစ်ခုလုံးကို ကျွန်တော် ထုတ်ပစ်လိုက်တယ်။ ကျန်တဲ့ကျောက်ကပ်ကလည်း တစ်ခြမ်းလောက် ဖြတ်ထုတ်လိုက်တယ်။ ဒါကြောင့် အထဲမှာ ဆီးအိတ်ကို ကျွန်တော် ထည့်ပေးထားရတာပေါ့"

ဟု ဆရာဝန်က ခေါင်းညိတ်ရင်း ပြန်ရှင်းပြသည်။

"ဒီလို ဆီးအိတ်အစားထိုးထည့်ထားတဲ့အတွက် သိပ်နာမလား"

"သိပ်နာမယ်၊ ဒါပေမယ့် ကျွန်တော်တို့ မော်ဖင်းထိုးပြီး သက်သာအောင် လုပ်ပေးရမယ်"

"ဒုက္ခပါပဲ၊ ကျုပ်ဘဝ တစ်လျှောက်လုံးမှာ မကြုံဘူးတာဆိုလို့ အခုလို မေ့မြောနေရတာပဲ ရှိတယ်။ ဒါမျိုးမှလာပြီး ဖြစ်မိအောင် ဖြစ်လိုက်သေးတယ်"

တယ်လီပရင်တာစက်က အသံမြည်လာပြန်သည်။ အဘိုးကြီးက စက်ရှိရာသို့ တစ်ချက် လှမ်းကြည့်သည်။ ပြီးတော့မှ ဆရာဝန်ဘက်သို့ ပြန်လှည့်လာကာဆက်မေးသည်။

"ကျုပ်ရဲ့ နောက်ဆုံးအချိန်ကို ဘယ်လိုလုပ် သိနိုင်မလဲ ဒေါက်တာ"

"ဆီးအိတ်ထဲက ဆီးကို စောင့်ကြည့်နေပါ။ ဆီးက နီသထက်နီလာပြီဆိုရင် ကျန်နေသေးတဲ့ကျောက်ကပ်ကို သွေးဖြတ်လာလို့ပဲ။ ဘာကြောင့်လဲဆိုရင် ကင်ဆာရောဂါက ကျောက်ကပ်ကို လုံးဝ မျိုသွားပြီ"

အဘိုးကြီး၏ မျက်လုံးများသည် တောက်ပြောင်နေသည်။ မည်သို့သော ခံစားချက်မျိုးမှ မရှိဘဲ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာတစ်ရပ်ကို နားထောင်နေသကဲ့သို့သာ ဖြစ်သည်။

"ကျုပ်ဟာ ဆီးအဆိပ်ဖြစ်ပြီး သေရမယ်ပေါ့"

"ဒီအတိုင်းပဲ ဖြစ်နိုင်ပါတယ်။ တခြားဘာမှ မဖြစ်ဘူးဆိုရင်ပေါ့လေ"

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်ကဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲနော်"

ချာလီက ပြောရင်း သဘောကျစွာ ရယ်သည်။ ဆရာဝန်ကလည်း သူနှင့်အတူရောပြီး ရယ်သည်။

"အဲဒီလိုဆိုရင် ပျော်စရာကောင်းတဲ့အချိန်တွေနဲ့ အတော်ကြီး လွဲသွားတော့မှာပေါ့"

"မောင်တို့ ဆိုရှယ်လစ်တွေက ကျုပ် သေရင် အများပြည်သူ ရုံးပိတ်ရက်အဖြစ်နဲ့များ ကြေညာမလား မသိဘူး"

"စောစောသေသွားရင် ကျွန်တော်တို့ ရန်ဖြစ်ဖို့ လူမရှိဘဲ ဖြစ်သွားမှာပေါ့ ခင်ဗျာ"

သူတို့နှစ်ယောက် ပြိုင်တူရယ်ကြသည်။ ဆရာဝန်က ချာလီထံသို့ လက်ကမ်းပေးသည်။

"ကဲ ကျွန်တော်သွားဖို့ အချိန်ကျပါပြီ မစ္စတာစတင်းဟတ်စ်တ်"

"နှုတ်ဆက်လိုက်ပါတယ် ဒေါက်တာ၊ ကျေးဇူးလည်း တင်ပါတယ်"

ချာလီက ဆရာဝန်၏လက်ကို ဆွဲကိုင်ရင်း ပြောသည်

"နှုတ်ဆက်ခဲ့ပါတယ် မစ္စတာစတင်းဟတ်စ်တ်၊ ဒီလိုအခြေအနေမျိုးအတွက် နှုတ်ဆက်ရတာ စိတ်မကောင်းပါဘူး"

ဆရာဝန်သည် အခန်းပေါက်ဘက်သို့ ထွက်လာခဲ့သည်။ သို့သော် ချာလီ၏အသံကို

သူ့ကို နောက်သို့ ပြန်လှည့်စေသည်။

"ကျုပ်ကို တစ်ခုလောက် အကူအညီ ပေးနိုင်မလား ဒေါက်တာ"

"ကျွန်တော် တတ်နိုင်တာ ဘာမဆို ကူညီပါ့မယ်"

"ခွဲစိတ်ခန်းထဲက ဟို သူနာပြုဆရာမကလေးဟာလေ၊ မျက်လုံးညိုညိုနဲ့"

ဟု ချာလီက ပြောသည်။ မည်သူ့ကို ဆိုလိုကြောင်း ဆရာဝန်က သိသည်။

"မစ္စဒင်တန်လား"

"အဲဒါ သူနာမည်ပဲလား"

ဆရာဝန်က ခေါင်းညိတ်ပြသည်။

"သူ့မျက်နှာပေါ်မှာ မျက်နှာဖုံးအုပ်မထားဘဲ ကြည့်ချင်တယ်ဆိုရင် သူ လာခဲ့ပါ့မယ်လို့ ပြောသွားတယ်။ ဒါကြောင့် မောင် အောက်ကိုသွားရင်းနဲ့ အဲဒီကလေးမ ကျုပ်နဲ့ လာပြီး နေ့လယ်စာစားဖို့ ဖိတ်တဲ့အကြောင်း ဒေါက်တာကိုလ်တန်ကို ဝင်ပြောပေးသွားနိုင်မလား"

ဆရာဝန်က ရယ်သည်။

"ပြောပေးပါ့မယ် မစ္စတာစတင်းဟတ်စ်တိ"

(၁၀)

ဂျင်နီသည် ရှန်ပိန်ပုလင်းကိုမြှောက်ပြီး ဖန်ခွက်အရှည်ထဲသို့ ထည့်သည်။ အမြှုပ်များ တက်လာပြီး ဖြည်းဖြည်းချင်း ပြန်ကျသွားသည်။ ထို့နောက် ဖန်ခွက်ကလေးတပ်ပြီး ချာလီစတင်းဟတ်စ်တိကို လှမ်းပေးသည်။

"သောက်လိုက်ပါဦး ချာလီ"

ချာလီက ဂျင်နီကို ပြုံးပြသည်။

"မင်းလည်း သောက်လိုက်ပါဦး။ ဒါမှ စိတ်တွေ ဘာတွေ ပျော်လာတာပေါ့"

"ကျွန်မ စိတ်ပျော်လာတော့ရော ချာလီ ဘာတတ်နိုင်တာမှတ်လို့"

"လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်လောက်က အကြောင်းတွေကို ပြန်သတိရတာပေါ့ကွာ။ အသက်နှစ်ဆယ်လောက် ပြန်ငယ်သွားတာပေါ့"

"အသက်လေးဆယ်လောက် ငယ်သွားရင် ပိုမကောင်းဘူးလား"

ချာလီက ဂျင်နီကို ခေါင်းယမ်းပြသည်။

"လေးဆယ်ဆိုတော့ ငယ်လွန်းတယ်။ ခြောက်ဆယ်လောက်မှ ကောင်းတာ၊ ရင့်ကျက်နေပြီ၊ ဒီအကြောင်းကို မင်း မသိပါဘူး"

စာကြည့်ခန်းထောင့်မှ တယ်ပရင်တာစက်က အသံမြည်လာသည်။ ဂျင်နီက ထသွားပြီး ရပ်စောင့်နေသည်။ စက်ရပ်သွားသောအခါ စက်ထဲမှ စာရွက်ကို ဆုတ်ယူပြီး ချာလီဆီသို့ ပြန်လာသည်။

"ရုစဗဲ့ကို ဒုတိယအကြိမ် သမ္မတအဖြစ်နဲ့ ဆက်အရွေးခံဖို့ ပါတီက သမ္မတလောင်းအဖြစ် ရွေးလိုက်ပြီတဲ့"

"ကျုပ် မျှော်လင့်ထားပြီးသားပါ။ အသုံးမကျတဲ့ အကောင်တွေ ဒုက္ခဖြစ်ကုန်တော့မယ်။ ကျုပ်အနေနဲ့ ဘာမှ ပူစရာ မရှိတော့ပါဘူးလေ။ ကျုပ်နဲ့လည်း ဆိုင်တော့တာမှ မဟုတ်ဘဲ"

တယ်လီဖုန်းခေါင်းလောင်း မြည်သည်။ လော့စ်အိန်ဂျယ်လိစ်မြို့ရှိ သတင်းစာတိုက်မှ တိုက်ရိုက် လှမ်းဆက်ခြင်း ဖြစ်သည်။ ဂျင်နီက ဖုန်းကို ကောက်ယူပြီး ချာလီကို ပေးသည်။

"စတင်းဟတ်စ်တိ"

ချာလီက ဖုန်းထဲသို့ ပြန်ပြောသည်။

တစ်ဖက်မှ ပြောနေသည့်အသံကို ဂျင်နီက မသဲမကွဲ ကြားနေရသည်။ တစ်ဖက်မှ ပြောသည်ကို နားထောင်နေသည့် ချာလီ၏ မျက်နှာသည် မည်သို့မျှ ထူးခြားပြောင်းလဲသွားခြင်း မရှိ။

"မင်းတို့ အလကားကောင်တွေ၊ မရေးရဘူး။ သမ္မတလောင်းအဖြစ် သူ လက်ခံ

ကြောင်း မိန့်ခွန်းပြောပြီးတဲ့အထိ စောင့်ပါ။ ဒါမှ သူ ပေးခဲ့တဲ့ကတိတွေထဲက ဘာတွေကို သူ ချိုးဖောက်ပစ်မယ်ဆိုတာ တို့ သိနိုင်မှာပေါ့။ ဒီအကြောင်းနဲ့ပတ်သက်ပြီး မနက်ဖြန်အထိ ဘာခေါင်းကြီးပိုင်းမှ မရေးရဘူး။ သတင်းစာအားလုံးကို ပြောလိုက်ပါ။ တယ်လီပရင်တာနဲ့ အကြောင်းကြားပါ"

ချာလီက ဖုန်းပြန်ချပြီး ဂျင်နီကို ကြည့်သည်။ ခဏအကြာမှာပင် တယ်လီပရင်တာစက်မှ အသံထွက်လာပြန်သည်။ ဂျင်နီက စက်ရှိရာသို့သွားပြီး ငုံ့ကြည့်သည်။ အဝါရောင် စက္ကူပေါ်တွင် အစိမ်းရောင်စာလုံးများ ပေါ်လာသည်။

*"ချားလ်စ်စတင်းဟတ်စ်တ်ထံမှ သတင်းစာတိုက်များအားလုံးသို့ ညွှန်ကြားချက်။ အရေးကြီးသည်။ သမ္မတလောင်းအဖြစ် ရွေးချယ်တင်မြောက်သည်ကို လက်ခံကြောင်း ရှစပဲ့ မိန့်ခွန်းမပြောမချင်း မည်သည့်သတင်းစာမျှ ထိုအကြောင်းနှင့် ပတ်သက်၍ ခေါင်းကြီးမရေးရ။ ပြန်ပြောမည်။ သမ္မတလောင်းအဖြစ် ရွေးချယ်တင်မြောက်သည်ကို လက်ခံကြောင်း ရှစပဲ့ မိန့်ခွန်း. . . "*

ဂျင်နီသည် တယ်လီပရင်တာနားမှ ခွာခဲ့သည်။ စက်ကမူ ဆက်ပြီး သတင်းပို့မြဲပို့နေသည်။

"ခုန အမိန့်ကို ပို့နေတာပါ"

"ကောင်းတယ်၊ ကဲ စက်ပိတ်ထားလိုက်တော့။ ဒါမှ တို့နှစ်ယောက် စကားကောင်းကောင်း ပြောလို့ရမယ်"

ဂျင်နီက ထသွားပြီး စက်ကိုပိတ်ခဲ့သည်။ ပြန်လာကာ သူနှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်မှာ ဝင်ထိုင်ရင်း စီးကရက်တစ်လိပ်ကို မီးညှိဖွာနေသည်။ ချာလီက ရှန်ပိန်ကို သောက်နေသည်။

"ကျုပ်ဆီမှာ အလုပ်မရှိတော့ရင် ဘာလုပ်ဖို့ စီစဉ်ထားသလဲ"

"ကျွန်မ ဘာမှ စဉ်းစားမထားသေးပါဘူး"

"မင်း စဉ်းစားဖို့ကောင်းပြီ။ ကျုပ်က ကြာကြာနေရတော့မှာ မဟုတ်ဘူး"

ဟု ချာလီက ပြောသည်။

"ကျွန်မကို အလုပ်က ထုတ်ပစ်ချင်ပြီလား"

ဂျင်နီက ပြုံးရင်းမေးသည်။

"မရှုးစမ်းပါနဲ့ကွာ၊ ကျုပ် ဒါလောက် အသက်ရှည်နေသေးတာက မင်းကို ခွဲမသွားချင်သေးလို့"

ချာလီ ပြောသည်မှာ အတည်ပေါက် ပြောနေခြင်းဖြစ်ကြောင်း ဂျင်နီ သတိထားမိသည်။

"ဒီစကားကို တကယ် ပြောတယ်ဆိုတာ ကျွန်မ ယုံပါတယ် ချာလီ"

"ကျုပ် တကယ် ပြောနေတာပါ"

ဂျင်နီသည် ထိုင်ရာမှထပြီး သူ့ကုလားထိုင် ရှိရာသို့လာကာ လက်တန်းပေါ်မှာ တင်ပါးလွှဲထိုင်ရင်း သူ့ပါးပြင်ကို နမ်းလိုက်သည်။

"ဟေး သူနာပြုဆရာမကြီး မစ္စဒင်တန်၊ မင်းတော့ ဒုက္ခရောက်တော့မှာ အမှန်ပဲ"

ဟု ချာလီက ရွှတ်နောက်နောက် ပြောပြန်သည်။

"အမှန်တော့ ကျွန်မကို စောစောကတည်းက တွေ့ခဲ့ဖို့ကောင်းတာ ချာလီ၊ ကျွန်မတို့ ချင်းတွေ့တာ သိပ်နောက်ကျတယ်"

ဂျင်နီသည် သူနှင့် တွေ့ခဲ့သည့်အကြောင်းကို ပြန်စဉ်းစားနေမိသည်။ ဆေးရုံတွင် သူ့ကို ခွဲစိတ်ကုသပြီး နောက်တစ်ရက်၌ သူနှင့်အတူသွားပြီး နေ့လယ်စာစားခဲ့သည်။ ထိုအချိန်ကတည်းက ချာလီကို ဂျင်နီ သဘောကျခဲ့သည်။

ဆေးရုံမှ အစားအစာများကို သူ ခံတွင်းမတွေ့။ ထို့ကြောင့် ဟိုတယ်မှ သီးခြားမှာယူကာ ဂျင်နီကို ကျွေးသည်။ ဟိုတယ်မှ စားပွဲထိုးနှစ်ယောက်ပါ ပါလာပြီး ပြင်ဆင်ပေးသည်။

ဂျင်နီ နေ့လယ်စာစားနေသည်ကို ချာလီက ခုတင်ပေါ်မှာ ထိုင်နေရင်း စောင့်ကြည့်နေသည်။ ဂျင်နီ သောက်နေသည်ကို သူ သဘောကျနေသည်။ အစားအသောက်ကြီး

သူများသည် အတ္တသမားများ ဖြစ်တတ်ကြသည်။ အခြားသူအတွက် မသိတတ်။ ကိုယ်ကျိုးကိုသာ ကိုယ်ကြည့်တတ်ကြသည်။ ထိုသို့ စဉ်းစားနေရင်း ချက်ချင်းပင် သူ ဆုံးဖြတ်ချက်ချလိုက်တော့သည်။ ယခုလို ချက်ချင်း ဆုံးဖြတ်ချက်ချခြင်းမှာ သူ၏ဝသီ ဖြစ်သည်။

"အချိန်အတော်ကြာတော့ ကျုပ် ဖျားနေဦးမယ်။ ဒါကြောင့် သူနာပြုဆရာမတစ်ယောက် ငှားထားဖို့လိုတယ်။ မင်း လုပ်နိုင်ပါ့မလား"

ကော်ဖီသောက်နေရာမှ ဂျင်နီက သူ့ကို မော့ကြည့်သည်။ အညိုရောင်မျက်လုံးများက အကဲခတ်နေသည်။

"အိမ်မှာ လူနာကိုလိုက်ပြီး ပြုစုဖို့အတွက် သီးခြား သူနာပြုဆရာမတွေ ရှိပါတယ် မစ္စတာစတင်းဟတ်စ်တ်၊ သူတို့က အဲဒီအတွက် အထူးသင်ကြားထားတာဆိုတော့ ကျွန်မထက်ပိုပြီး အဆင်ပြေပါတယ်"

"ကျုပ်က မင်းကို မေးနေတာလေ"

"ကျွန်မက လော့စ်အိန်ဂျယ်လိစ်ဆေးရုံကြီးမှာ အလုပ်ရှိပါတယ်။ ကျွန်မ အလုပ်ကလည်း ကောင်းပါတယ်။ တစ်ခါတစ်ရံကျတော့ အကူအညီပေးဖို့ တခြားဆေးရုံတွေက အခုကျွန်မကို ဒီဆေးရုံက ခေါ်သလို ခေါ်တာတွေလည်း ရှိပါတယ်။ ဒီလို အလုပ်မျိုးမှာပဲ ကျွန်မက ကျွမ်းကျင်ပါတယ်"

"လခ ဘယ်လောက်ရသလဲ"

"တစ်ပတ် (၈၅) ဒေါ်လာ၊ အခန်းပေးတယ်၊ ကားနဲ့ အကြိုအပို့ လုပ်တယ်"

"မင်းကို တနင်္ဂနွေတစ်ပတ်ကို ဒေါ်လာတစ်ထောင် ပေးမယ်။ အိမ်ပေးမယ်၊ ကားနဲ့ အကြိုအပို့ လုပ်မယ်"

"များလှချည်လား၊ ရယ်စရာကြီး ဖြစ်နေမှာပေါ့"

"ဟုတ်သလား၊ ကျုပ် ပေးနိုင်ပါတယ်။ ဒီနေ့မနက်ဘဲ ဆရာဝန်က ကျုပ်ကို ပြောသွားတယ်။ ကျုပ် နောက်ထပ် သုံးလပဲ အသက်ရှည်မယ်တဲ့။ ကျုပ်ဟာ အမြဲတမ်း အလုပ်ကိုမပေးနိုင်ရင် ယာယီ အလုပ်သမားတွေအတွက် အခုလိုပဲ လခပိုပြီး များများပေးတတ်ပါတယ်"

ကော်ဖီပန်းကန်ထဲသို့ စားပွဲထိုးက ကော်ဖီဖြည့်ပေးသည်ကို ဂျင်နီက ငုံ့ကြည့်နေသည်။

"ဒီဆေးရုံပေါ်မှာ နောက်ထပ် သုံးပတ်လောက် နေရဦးမှာပဲ။ ဒီအတောအတွင်းမှာ ကျွန်မ အလုပ်ထွက်ဖို့ နို့တစ်ပေးရမယ်၊ နို့တစ်ပေးဖို့အချိန်လည်း လိုသေးတယ်လေ၊ မစ္စတာစတင်းဟတ်စ်တ်က ကျွန်မကို ဘယ်တော့လောက်ကစပြီး အလုပ်ဝင်စေချင်တာလဲ"

"အခု ချက်ချင်း စပြီး ဝင်စေချင်တယ်။ နို့တစ်ပေးဖို့အတွက် မပူပါနဲ့။ မင်း ကျုပ်ဆီမှာ အလုပ် လာလုပ်တော့မယ်ဆိုတာကို ဒေါက်တာကိုလ်တန်ကိုရော၊ လော့စ်အိန်ဂျယ်လိစ်ဆေးရုံကြီးကိုရော ကျုပ် ပြောလိုက်ပြီးပြီ"

ဂျင်နီက သူ့ကို စိုက်ကြည့်နေသည်။ ခဏကြာတော့ လက်ထဲမှ ကော်ဖီပန်းကန်ကို ချပြီး ထသည်။ စားပွဲထိုးများကို မျက်ရိပ်ပြလိုက်သောကြောင့် အခန်းထဲရှိ အစားအသောက်များ တင်ထားသည့် စားပွဲကို အပြင်သို့ သယ်သွားကြသည်။

"ဟေး. . . ဘာလုပ်တာလဲ"

ဟု စတင်းဟတ်စ်တ်က မေးသည်။

ဂျင်နီသည် ဘာမှ ပြန်မဖြေ။ ခုတင်ခြေရင်းသို့သွားကာ ရောဂါအခြေအနေပြ ဇယားကို ဖြုတ်ယူသည်။ ခဏကြာအောင် ကြည့်ပြီး လေ့လာနေသည်။ ထို့နောက် ချာလီဆီသို့ ပြန်လာကာ သူ့လက်ထဲမှ ရှန်ပိန်ဖန်ခွက်ကို ဆွဲယူလိုက်သည်။

"အခုအချိန်ကစပြီး ကျွန်မ အလုပ်ဝင်ရမယ်ဆိုရင် အခု မစ္စတာစတင်းဟတ်စ်တ် အနားယူဖို့ အချိန်ရောက်ပြီ"

ဟု ဂျင်နီက ပြောသည်။

*　*　*

အချိန်များ ကုန်ခဲလွန်းလှသည်ဟု ချားလ်စ်စတင်းဟတ်စ်တ် စဉ်းစားနေမိသည်။ မည်သို့ပင်ဆိုစေ၊ အရာရာတို့သည် သူ့အဖို့ ကြည်လင်နေ၏။ အရေးကြီးသော ဆုံးဖြတ်ချက်များ

ကို ချမှတ်နိုင်လျက်ပင် ရှိ၏။ သူ ချမှတ်သည့် ဆုံးဖြတ်ချက်များသည်လည်း မှန်ကန်လျက်ရှိနေသေးသည်။ သို့သော် သေခြင်းတရားကိုမူကား ငြင်းဆန်၍ မရ။ သေမင်းထံတွင် အယူခံဝင်၍ မရဟုလည်း သူ စဉ်းစားမိသည်။

နာကျင်သည့် ဝေဒနာကို မချိမဆန့် ခံစားနေရသည်။ ဓားထက်ထက်ဖြင့် မွှန်းနေသကဲ့သို့ ခံစားနေရသည်။ ဝေဒနာကို ခံစားရသောကြောင့် သူ့မျက်နှာပေါ်မှာ ဟန်မဆောင်နိုင်အောင် ဖြစ်လာသည်။ ထိုသို့ ခံစားနေရသည်ကို ဂျင်နီက မြင်သည်။ သည်အကြောင်းကို ပါးစပ်ဖြင့် ပြောပြရန် မလို။ သူတို့နှစ်ယောက်စလုံး အကြိမ်များစွာ ကြုံတွေ့ခဲ့ရပြီ ဖြစ်သောကြောင့် မပြောဘဲနှင့် သိနေကြပြီ ဖြစ်သည်။

"အိပ်ရာ ဝင်လိုက်ပါတော့လား"

ဟု ဂျင်နီက ပြောသည်။

"မအိပ်ချင်သေးဘူးကွာ၊ မင်းနဲ့ စကားပြောနေချင်သေးတယ်"

"ကောင်းပြီ ဒါဖြင့်ပြော"

ဟု ဂျင်နီက ပြန်ပြော၏။

"မင်း ဆေးရုံမှာ ပြန်ပြီး အလုပ်မလုပ်တော့ဘူး မဟုတ်လား။ လုပ်ဦးမှာလား"

"ကျွန်မလည်း မပြောတတ်သေးဘူး။ စဉ်းလည်း မစဉ်းစားတတ်သေးဘူး"

"အခု ကျုပ်ဆီမှာ အလုပ်လုပ်နေရသလို မင်း ဘယ်အလုပ်မှာမှ ပျော်တော့မှာ မဟုတ်ဘူး။ မင်းကို ကျုပ် ဖျက်ဆီးလိုက်မိပြီ၊ အခု ရနေတဲ့ပိုက်ဆံမျိုး မင်း ဘယ်ရနိုင်တော့မှာလဲ"

ဂျင်နီက ရယ်သည်။

"သိပ်မှန်တာပဲ ချာလီ၊ ဒီအကြောင်းကို ကျွန်မလည်း စဉ်းစားမိတယ်၊ ဒီလို ဝင်ငွေမျိုးလည်း နောက်ထပ် ဘယ်တော့မှ ရတော့မှာ မဟုတ်ဘူး"

ချာလီက ဂျင်နီကိုကြည့်ရင်း စဉ်းစားနေသည်။

"ကျုပ်ရဲ့သေတမ်းစာထဲမှာ မင်းအတွက် တစ်ခုခု ထည့်ရေးပေးခဲ့လို့ ရတယ်၊ ဒါမှ မဟုတ်ရင်လည်း မင်းကို ကျုပ် လက်ထပ်လိုက်ရင် ဖြစ်တယ်။ ဒါပေမယ့် ကျုပ်ရဲ့သားသမီးတွေက ခံကြမှာ မဟုတ်ဘူး။ မင်းဟာ ကျုပ်အပေါ်မှာ မတော်ဩဇာသုံးပြီး ဒီအခွင့်အရေးတွေကို ယူပါတယ်လို့ ပြည်ထောင်စုတရားဥပဒေအရ တရားစွဲနိုင်တယ်။ အဲဒီအခါကျတော့မှ မင်း အများကြီး ပိုပြီး စိတ်ဆင်းရဲရလိမ့်မယ်"

ချာလီ စိုက်ကြည့်နေသည်ကို ဂျင်နီက ပြန်ကြည့်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မအတွက် ဒီလို စဉ်းစားဖော်ရတာကို ကျေးဇူးတင်ပါတယ် ချာလီ"

"ပိုက်ဆံများများ ရတဲ့အလုပ်ကို မင်းလုပ်ဖို့ ကောင်းတယ်၊ ဘာဖြစ်လို့ သူနာပြုဆရာမ လုပ်လိုက်ရတာလဲ၊ မင်းကိုယ်တိုင်က သူနာပြုဆရာမပဲ ဖြစ်ချင်တာလား"

"ကျွန်မ ဖြစ်ချင်တာက အမေရိကန်ပြည်ထောင်စုရဲ့ တင်းနစ်ချန်ပီယံ ဖြစ်ချင်တာ။ ဒါပေမယ့် စိန့်မေရီကောလိပ်ကျောင်းတက်ဖို့ ပညာသင်ဆုရတာနဲ့ သွားတက်လိုက်မိတယ်"

"တင်းနစ်ချန်ပီယံဖြစ်ရင်လည်း မင်း ငွေတွေ အများကြီးရနိုင်တာပဲ"

"ကျွန်မ သိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုတော့ သိပ်နောက်ကျသွားပြီ၊ ထိပ်တန်းတင်းနစ်ကစားသမားတစ်ယောက်ကို ငှားပြီး တစ်နေ့နှစ်နာရီလောက် ကစားရမယ်ဆိုရင်ပဲ ကျေနပ်ပါပြီ"

"ဟော. . . ကြည့်၊ မင်း အဲဒီလို ကစားမယ်ဆိုရင် တစ်နေ့ကို ငွေ တစ်ရာလောက် ကုန်ဦးမယ်"

ချာလီက သဘောကျသလို ပြောသည်။

"ဟုတ်တယ်၊ အခုတော့ ဆေးရုံမှာပဲ ပြန်ပြီး အလုပ်လုပ်ရတော့မှာပေါ့"

"ဆေးရုံမှာတော့ မင်း ပြန်မလုပ်သင့်ဘူး"

"ဘာဖြစ်လို့လဲ၊ ကျွန်မ တတ်ခဲ့တဲ့ပညာက ဒါပဲရှိတာ"

ဂျင်နီက ချာလီကို ကြည့်ရင်း ပြန်မေးသည်။

"မင်း သူနာပြုဆရာမအတတ်ကို မသင်ခင်ကတည်းက တခြားတစ်ခုခုကို လေ့လာခဲ့ဖို့ကောင်းတယ်။ မိန်းမတစ်ယောက်ဖြစ်လာဖို့ ဆိုပါတော့ကွာ"

"မဖြစ်ပါဘူး။ ကျွန်မ လေ့လာလို့ မဖြစ်ပါဘူး။ မိန်းမတစ်ယောက်လို တစ်ကြိမ်ပဲ နေလိုက်မိတယ်။ တစ်ချီတည်း ကျွန်မ ခံလိုက်ရတာပဲ"

ဂျင်နီက စိတ်ဆင်းရဲသည့် လေသံမျိုးဖြင့် ပြောသည်။

"ဆန်ဖရန်စစ္စကိုမြို့က ဒေါက်တာဂရန့်ကို ပြောတာလား"

"ဒီကိစ္စကို ဘယ်လိုလုပ် သိသလဲ"

"မှန်းကြည့်တယ် ဆိုပါတော့ကွာ၊ ဒါပေမယ့် ကျုပ်နဲ့ နီးနီးကပ်ကပ် ပေါင်းနေတဲ့ လူတွေအကြောင်းကို ကျုပ် သတင်းစာက လူတွေက စုံစမ်းပေးလေ့ရှိတယ်။ ဒေါက်တာဂရန့်ဟာ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး နာမည်ကြီးတယ်လေ၊ သူ့ဆီမှာ မင်း လုပ်တယ်၊ ပြီးတော့ ချက်ချင်း အလုပ်က ထွက်လာတယ်ဆိုတော့ စဉ်းစားစရာ ဖြစ်လာတာပေါ့၊ ဘယ်လို ဖြစ်ကြတာလဲ၊ သူ့မိန်းမက ဖမ်းမိသွားတာလား"

ဂျင်နီက ဖြည်းဖြည်းချင်း ခေါင်းညိတ်ပြသည်။

"အင်မတန် ကြောက်စရာကောင်းတာပဲ"

"သိပ်ပြီး စိတ်လှုပ်ရှားနေတဲ့ အခါမျိုးမှာ ဒီလိုပဲ ဖြစ်တတ်တယ်၊ ကျုပ်လည်း တစ်ကြိမ်မက ကြုံဖူးပါတယ်။ စိတ်လှုပ်ရှားမှုမျိုးနဲ့ ကြုံတဲ့အခါမှာ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်ဖို့ပဲ"

"ဘယ်လို ထိန်းသလဲ"

"ဗိုက်ဆံပေးပြီး ပျော်ပါးလိုက်တာပေါ့ကွာ"

"အို. . . ယောကျ်ားအဖို့တော့ ဟုတ်တာပေါ့၊ မိန်းမအဖို့တော့ ပျက်စီးသွားမှာပေါ့"

ဂျင်နီက တုန်လှုပ်သောအသံဖြင့် ပြောသည်။

ချာလီက ပြုံးသည်။

"အတန်းကိုရောက်မသွားတဲ့ အစားမျိုးလည်း ရှိပါတယ်"

"အို. . . ဘယ်လိုပဲဖြစ်ဖြစ် မိန်းမပျက်တော့ မိန်းမပျက်ပဲပေါ့"

"ဒီလို အခေါ်မရိုင်းတာလည်း ရှိတယ်လေ၊ ဖျော်ဖြေရေး တာဝန်ယူတဲ့သဘောမျိုးပေါ့၊ လူတွေကလည်း လေးစားတယ်။ နိုင်ငံခေါင်းဆောင်တွေ၊ ပညာရှင်ကြီးတွေကို အခကြေးငွေ များများယူပြီး ဖျော်ဖြေတဲ့သဘောပေါ့၊ သူတို့လည်း ဂုဏ်သိက္ခာမပျက်ဘူး။ ကိုယ့်မှာလည်း ဝင်ငွေကောင်းကောင်းရတယ်"

ဂျင်နီက ရယ်သည်။

"အဘိုးကြီး အတော်ညစ်တီးညစ်ပတ်နိုင်တာပဲ၊ မတော်တရော် အတော်ပြောတတ်တယ်။ ရှင် ပြင်သစ်ပို့စကဒ်တွေ ယူလာတာကကော"

ချာလီကလည်း ဂျင်နီနှင့်ရောပြီး လိုက်ရယ်သည်။

"ဘာဖြစ်တုံး၊ ညစ်ပတ်တဲ့ လူငယ်တစ်ယောက်ပဲ ဆိုပါတော့။ ဒါပေမယ့် ကျုပ် ဘယ်တုံးကမှ လူနုံလူအ မဖြစ်ခဲ့ဘူး။ ဒါကြောင့် မင်းကိုလည်း ကျုပ် အကြံပေးနေတာပေါ့။ ဇိမ်ရှိရှိနဲ့ နေချင်တယ်ဆိုရင် ကျုပ် ပြောတဲ့အတိုင်း ဖျော်ဖြေရေးတာဝန်ခံလုပ်၊ မင်း သင်လာခဲ့တဲ့ သူနာပြုအတတ်တွေကိုလည်း အသုံးချလို့ရတယ်။ ဒေါက်တာဂရန့်မိန်းမနဲ့ ပက်ပင်းပါတိုးတဲ့ အဖြစ်မျိုးနဲ့လည်း မကြုံရတော့ဘူး"

"ကဲ. . . သွားအိပ်ပေတော့ ချာလီ၊ မဟုတ်ရင် ဒီအတတ်တွေ ကျောင်းမှာ သွားသင်ဖို့ ကျွန်မကို အကြံပေးဦးမယ် မဟုတ်လား"

"သိပ် မှန်တာပေါ့ကွာ၊ ကျုပ်က ဒီဘက်မှာ ကျွမ်းကျင်ပြီးသား၊ စတင်းဟတ်စ်တ် လိင်မှုရေးရာ အတတ်သင်ကောလိပ်ဆိုပြီး ဖွင့်ရင်တောင်ရတယ်။ အဲဒီလို ကောလိပ်ကျောင်းမျိုး ဖွင့်ဖို့ ကျုပ်ကို အများက ဝိုင်းတိုက်တွန်းနေကြတာ"

အဘိုးကြီးသည် သူ့စကားကို သူ ပြန်သဘောကျကာ အူတက်မတတ် ရယ်သည်။ ရယ်နေရင်းမှာပင် ဗိုက်ထဲမှနာလာသည်။ သူ့မျက်နှာပေါ်မှာ ဖြူဖပ်ဖြူရော် ဖြစ်လာသည်။ နာကြင်သည့် ဝေဒနာ၊ ကြောက်ရွံ့သည့် ဝေဒနာများကို တစ်ပြိုင်တည်း ခံစားနေရကြောင်း

သူမျက်လုံးထဲမှာ မြင်နေရသည်။

ဂျင်နီက သူ့အနီးသို့ ထသွားရင်း လက်မောင်းပေါ်မှ အင်္ကျီကို မသည်။ ပြီးတော့ မော်ဖင်းဆေးတစ်လုံးကို မြန်မြန် ထိုးပေးလိုက်သည်။ အရိုးပေါ် အရေတင် ဖြစ်နေသည့် ချာလီ၏ လက်များက ဂျင်နီကို စိုးရိမ်တကြီး ကိုင်ထားသည်။

"သက်သာသလိုနေတော့ ချာလီ၊ ရယ်စရာတွေ သိပ်ပြောလို့ မဖြစ်ဘူး၊ ပိုနာလာလိမ့်မယ်"

ချာလီက ဂျင်နီ၏နှုတ်ခမ်းများကို ကိုင်ကြည့်ရင်း အားယူကာ ပြုံးပြသည်။

"သနားစရာကောင်းတဲ့ ဂျင်နီရယ်၊ သာမန်အချိန်မျိုးဆိုရင်တော့ မင်းကို ကျုပ် လက်ထပ်ယူပါတယ်။ ဒါပေမယ့် ကျုပ်က ကြာကြာနေရတော့မှာ မဟုတ်ဘူး။ ကျုပ်တို့ အခု ပြောနေကြတဲ့အကြောင်းတွေကိုတော့ မမေ့ပါဘူးလေ"

(၁၁)

သုံးရက်အကြာတွင် ချာလီနှင့် ဂျင်နီသည် ခြံထဲမှာဆင်းပြီး လေ့ကားထစ် မြက်ခင်းပြင်မှာ နံနက်စာ အတူစားကြသည်။ ထိုအခိုက် အညိုရောင်ရိုးလ်စ်ရွိုက်စ် မော်တော်ကားကြီး ခြံထဲသို့ ဝင်လာ၏။ သပ်ရပ်စွာ ဝတ်ဆင်ထားသည့် ဒရိုင်ဘာက တံခါးဖွင့်ပေးသည်။ ခဏကြာတော့ အမျိုးသမီးတစ်ယောက် ကားပေါ်မှ ဆင်းလာသည်။ ဂျင်နီတို့အနားသို့ ဘဏ္ဍာစိုး ရောက်လာသည်။

"မစ္စစ်ရှဝပ်ဇ်က တွေ့ချင်ပါသတဲ့ ခင်ဗျာ"

ချာလီစတင်းဟတ်စ်တ်က ပြုံးသည်။

"ခုံတစ်လုံးလာချပေး ဂျပ်ဆင်၊ တို့နဲ့အတူ စကားလာပြောပါလို့ မစ္စစ်ရှဝပ်ဇ်ကို ပြောလိုက်ပါ"

"ကောင်းပါပြီ ခင်ဗျာ"

ဘဏ္ဍာစိုးက ကိုယ်ကိုကိုင်းပြီး ဇာရှိအသေပြုကာ ပြန်လှည့် ထွက်သွားသည်။

ခဏကြာသောအခါ အမျိုးသမီးကြီး ရောက်လာသည်။

"ချာလီ၊ အခုလိုတွေ့ရတော့ စိတ်ချမ်းသာလိုက်တာ"

အဘွားကြီးက လက်ကမ်းပေးရင်း ပြောသည်။ သူ့အသံထဲမှာ အလွန် ပျော်ရွှင်နေကြောင်း အကဲခတ်၍ရနိုင်သည်။

စတင်းဟတ်စ်တ်က အဘွားကြီးလက်ကို ယူနမ်းသည်။

"အိုက်ဒါ၊ ကိုယ် ထိုင်ရာက မထနိုင်တာကို ခွင့်လွှတ်နော်။ မင်းဟာ ခါတိုင်းလိုပဲ ချောမြချော၊ လှမြလှနေတုန်းပါပဲလား"

"ရှင် ဘာတစ်ခုမှ မပြောင်းလဲသေးဘူးနော် ချာလီ၊ ဒီအသက်အရွယ်ကြီးထိအောင် မျက်နှာပြောင်တိုက်ပြီး ပလီတတ်သေးတာပဲ"

ချာလီက ရယ်နေသည်။ ရယ်ရင်း ဂျင်နီနှင့် မိတ်ဆက်ပေးသည်။

"အိုက်ဒါ၊ သူက ဂျင်နီဒင်တန်"

"ဝမ်းသာပါတယ်"

ဂျင်နီက ပြောသည်။ အဘွားကြီးက နှစ်လိုဖွယ်ရာ ရင်းနှီးလိုက်လှသည့် အပြုံးမျိုးဖြင့် ပြန်ပြုံးပြသည်။ အသက်မှာ ငါးဆယ်ကျော် ခြောက်ဆယ်တွင်းလောက် ဖြစ်မည်။ အဖိုးတန် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားသည်။ အဘွားကြီးက စတင်းဟတ် စ်တ်ဘက်သို့ ပြန်လှည့်သည်။

"ကျွန်မကို ဖုန်းနဲ့ပြောတာ သူပဲလား"

ချာလီက ခေါင်းညိတ်ပြသည်။ အဘွားကြီးက ဂျင်နီကို ပြန်လှည့်ကြည့်သည်။ ယခု တစ်ကြိမ် အပြုံးသည် ဂျင်နီ၏ အလှကို အသိအမှတ်ပြုသည့် အပြုံးမျိုး ဖြစ်သည်။

"ချာလီ၊ ရှင်ဟာ သေတွင်းထဲကို ခြေတစ်ဖက်ကျနေတာတောင်မှ ဒီလို အလှအပကလေးတွေကို ရွေးနိုင်သေးတယ်နော်"

ဂျင်နီသည် ပါးစပ်ဟရင်းသာ သူတို့နှစ်ယောက်ကို ငေးကြည့်နေမိသည်။ ချာလီက တော့ ရယ်မြဲရယ်နေသည်။ ထိုအခိုက် ဘဏ္ဍာစိုးက ကုလားထိုင်တစ်လုံး ယူလာချပေးသော ကြောင့် မစ္စစ်ရှဝပ်ဇ်က ဝင်ထိုင်သည်။

"မစ္စစ်ရှဝပ်ဇ်အတွက် ရှယ်ရီအရက်စပ်ပေးပါ ဂျပ်ဆင်"

ဂျပ်ဆင်က ကိုယ်ကိုညွတ်ပြီး ပြန်ထွက်သွားသည်။ စတင်းဟတ်စ်တ်က ဂျင်နီဘက်သို့ လှည့်ကြည့်သည်။

"ကျုပ်တို့နှစ်ယောက် ပြောနေကြတာတွေကို ကြားရတော့ မင်း အံ့ဩမှာပဲနော်"

ဂျင်နီက ခေါင်းသာညိတ်ပြသည်။ စကား ပြန်မပြောနိုင်သေး။

"ဟိုတစ်နေ့က ကျုပ် ပြောခဲ့တဲ့ ဖျော်ဖြေရေးလုပ်ငန်းမျိုးကို အရင် နှစ်ဆယ့်ငါးနှစ် လောက်က ရှီကာဂိုမြို့မှာ မစ္စစ်ရှဝပ်ဇ် ဖွင့်ခဲ့ဖူးတယ်"

မစ္စစ်ရှဝပ်ဇ်က ချာလီ၏လက်ကို လှမ်းကိုင်ပြီး ပွတ်သပ်ပေးနေသည်။

"ချာလီက အင်မတန် မှတ်ဉာဏ်ကောင်းတယ် ဂျင်နီ၊ အကုန်လုံးကို မှတ်မိတယ်။ ကိုယ် ရှယ်ရီကလွဲပြီး တခြား ဘာကိုမှ မသောက်တာလဲ သူ မှတ်မိတယ်။ ရှင်ကတော့ ဖန်ခွက်ရှည်ရှည်ထဲမှာ ရှန်ပိန်ထည့်ပြီး သောက်တုန်းပဲနော်"

"စရိုက်ဆိုတာ ဖျောက်ဖို့အခက်သားပဲ အိုက်ဒါ"

ဘဏ္ဍာစိုးက မစ္စစ်ရှဝပ်ဇ်၏ရှေ့တွင် ရှယ်ရီဖန်ခွက်ကို ချပေးသည်။

"အင်မတန် ကောင်းတဲ့ အရသာပဲ၊ ထိပ်တန်းဟိုတယ်ကြီးတွေမှာတောင် ဒါမျိုးမရနိုင် ဘူး။ အခုခေတ် မိန်းကလေးတွေကတော့ မာတီနီပဲ သောက်နေကြတာ မဟုတ်လား။ ကျွန်မတို့ ခေတ်ကို ပြန်သတိရတယ်"

မစ္စစ်ရှဝပ်ဇ်က အရက်ခွက်ကို ယူသောက်ရင်း ပြောသည်။

စတင်းဟတ်စ်တ်က ဂျင်နီကို လှမ်းကြည့်သည်။

"အိုက်ဒါက သူ့မိန်းကလေးတွေကို ရှယ်ရီကလွဲပြီး တခြား ဘာမှ မတိုက်ဘူး။ တခြား အရက်ကို သောက်ခွင့်မပေးဘူး"

ဟု ပြောသည်။

"ဝီစကီက ဦးနှောက်ကို ဝေစေတယ်"

မစ္စစ်ရှဝပ်ဇ်ကလည်း ထောက်ခံပြောသည်။

"စစ်ဖြစ်ခါနီးတုန်းက မင်းတို့အိမ်ကို ငါ လာလာပြီး ဆီးရောဂါအတွက် အနှိပ်ခံခဲ့တာ မင်း မှတ်မိသေးသလား"

"သေသေချာချာ မှတ်မိတာပေါ့"

သူတို့နှစ်ယောက်စလုံး ပြုံးနေကြသည်။ ချာလီက ဂျင်နီကို လှမ်းကြည့်သည်။

"ကျုပ် ဆီးရောဂါက အဲဒီတုန်းကတည်းက ဖြစ်နေခဲ့တာ။ ဆရာဝန်က တစ်လမှာ သုံးကြိမ်လောက် အနှိပ်ခံလိုက်ပါလို့ ပြောတယ်။ ဒါကြောင့် ကျုပ်က အိုက်ဒါတို့ဆီမှာ သွားပြီး သူ့ကလေးမကလေးတွေရဲ့ အနှိပ်ကို ခံခဲ့တယ်။ ဆရာဝန်က ပြောတာတော့ တစ်လသုံးကြိမ်ပဲ။ ကျုပ်က သဘောကျတာနဲ့ တစ်ပတ်သုံးကြိမ် အနှိပ်ခံတယ်"

"ဆရာဝန်က ရှင့်ကို ပြောမပြတာ ရှိပါသေးတယ်။ ကျွန်မတို့ ကုသပေးလိုက်တဲ့ အကြောင်းကို ဆရာဝန်ကို သွားပြန်ပြောသေးတယ် မဟုတ်လား။ အဲဒီတော့ ဆရာဝန်မျက်လုံး ပြူးမနေဘူးလား"

ဟု အိုက်ဒါက ဆက်ပြောသည်။

"ဆရာဝန်က ပြောတယ်၊ အိုက်ဒါကို လိုင်စင်မရှိဘဲ ဆေးကုမှုနဲ့ တရားစွဲရမယ်တဲ့"

သူတို့နှစ်ယောက် ရယ်ကြပြန်သည်။ သို့သော် ဂျင်နီက သူတို့ ဆိုလိုနေကြသည့် အဓိပ္ပာယ်များကို ကောင်းကောင်း နားမလည်။

"ဒါထက် နေပါဦး၊ အက်ဒ်ဘယ်ရီကို မှတ်မိသေးလား ချာလီ"

"ကောင်းကောင်း မှတ်မိတာပေါ့၊ အက်ဒ်ဘယ်ရီဆိုတဲ့ လူက ဘာသာရေးမှာ အလွန် ကိုင်းရှိုင်းတဲ့လူတစ်ယောက်၊ လောကီကိစ္စတွေဆိုတာ အားလုံး အကုသိုလ်အလုပ်ချည်းပဲလို့

သူက ထင်ထားတာ၊ တစ်နေ့ကျတော့ ပြည်နယ်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲအချိန် ရောက်လာရော၊ သူကလည်း ဝင်အရွေးခံမယ့် ပြည်နယ်အုပ်ချုပ်ရေးလောင်း၊ တစ်ညတော့ သူနဲ့ကျုပ်နဲ့ အရက် အတူတူသောက်ကြတယ်။ သူ တော်တော်မူးတဲ့အခါမှာ အိုက်ဒါတို့အိမ်ကို သူ့ကို ခေါ်သွားတယ်။ သူတော်ကောင်းကြီး အရူး အမဲသားကျွေးမိသလို ဖြစ်တော့တာပဲ၊ ဒီအကြောင်းကို သူ့တစ်သက်မှာ ဘယ်တော့မှ မမေ့နိုင်တော့ဘူး"

စတင်းဟတ်စ်တ်က အလွန် သဘောကျစွာ ရယ်သောကြောင့် မျက်ရည်များပင် ထွက်လာသည်။ ရယ်ရင်းနှင့် ဆက်ပြောပြန်သည်။

"အတော် သနားစရာကောင်းတဲ့ လူပါ။ ရွေးကောက်ပွဲမှာလည်း သူ ရှုံးသွားတယ်။ ဘာကြောင့် သူ ရှုံးရတယ်ဆိုတာကိုတောင်မှ သိမသွားဘူး။ သိမယ်ဆိုရင်လည်း သူ အရေးမစိုက်ပါဘူး။ စစ်ဖြစ်တော့ ကျုပ်တို့နှစ်ယောက် စစ်ထဲဝင်ကြတယ်။ အိုက်ဒါတို့ကလည်း အဲဒီလုပ်ငန်းကို ပိတ်ပစ်လိုက်ကြပြီ။ တပ်ထဲက ရိပ်သာမှာ သူက အရက်သောက်ရင်း အိုက်ဒါတို့အိမ်မှာ တွေ့ခဲ့ရတဲ့ အတွေ့အကြုံအကြောင်းကို ပြောလို့မဆုံးဘူး။ ဒီအတွေ့အကြုံကို သူ ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်တော့ဘူးတဲ့"

"ဟိုတုန်းကတော့ ခေတ်ကောင်းတယ် မဟုတ်လား ချာလီ၊ လုပ်လို့ကိုင်လို့ အင်မတန်ကောင်းတယ်။ ကျွန်မတို့ ဒီလိုခေတ်မျိုးကို နောက်ဘယ်တော့မှ ပြန်ကြုံရတော့မှာ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့ အဲဒီလုပ်ငန်းကို ပိတ်ပစ်လိုက်ရတာပါလဲ"

သိချင်ဇောဖြင့် ဂျင်နီက ဝင်မေးသည်။

"အကြောင်းတွေကတော့ အများကြီးပေါ့လေ၊ စစ်ဖြစ်နေတုန်း အချိန်နဲ့ စစ်ပြီးစအချိန်မှာ လုပ်ငန်းအပြိုင်အဆိုင်တွေ ပေါ်လာတာလည်း ရှိတယ်။ ပြီးတော့ မိန်းကလေးတွေကို ထိန်းသိမ်းရတာလည်း မလွယ်တော့ဘူး။ သူတို့က ဒီလို အကျအန မနေချင်ဘူး။ အတန်းထဲသွားပြီး လုံးကောက် လိုက်ချင်ကြတယ်။ ဒီလို အဆင့်အတန်းမြင့်တဲ့ လုပ်ငန်းကို စိတ်ဝင်စားတဲ့ မိန်းကလေးလည်း ရှာလို့မလွယ်ဘူး။ ရုပ်ရည်၊ စိတ်သဘောထား၊ အပြုအစု၊ အားလုံး ပြည့်စုံဖို့လိုတယ် မဟုတ်လား။ ကိုယ့်ဆီလာတဲ့ဧည့်သည် စိတ်ချမ်းသာအောင်၊ အစစ စိတ်တိုင်းကျအောင် ပြုစုနိုင်ဖို့ အရေးကြီးတယ်။ နောက် ကိုယ်ကလည်း ငွေ မလိုတော့ဘူးလေ။ ဒါကြောင့် ပိတ်ပစ်လိုက်တာပဲ"

မစ္စစ်ရှဝပ်ဇ်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"အိုက်ဒါက အင်မတန် ချမ်းသာတာကွယ့်၊ တစ်ပြည်လုံးက မြို့ကြီးတွေမှာဆိုရင် သူပိုင်တဲ့အိမ်တွေ အများကြီးရှိတယ်။ အဲဒါတွေ ငှားစားနေတဲ့ဝင်ငွေကကို နည်းတာ မဟုတ်ဘူး။ မင်းပိုင်တာတွေ အခုဆိုရင် တန်ဖိုး ဘယ်လောက်ရှိမလဲ အိုက်ဒါ"

"ဒေါ်လာခြောက်သန်းဖိုးလောက်တော့ ရှိမယ်ထင်တယ်။ ရှင့်လို ရှားရှားပါးပါး မိတ်ကောင်းဆွေကောင်း ရှိနေတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"

"ကဲ ဆေးရုံကိုပြန်ပြီး အလုပ်လုပ်ဖို့ စိတ်ကူးသေးသလား ဂျင်နီ"

စတင်းဟတ်စ်တ်က ဂျင်နီကို လှမ်းမေးသည်။

ဂျင်နီက ဘာမှ ပြန်မဖြေ။

"ဘယ်လိုလဲ ဂျင်နီ"

သူက ထပ်မေးပြန်သည်။

ဂျင်နီက သူ့ကို စိုက်ကြည့်နေသည်။ ပြီးတော့ အိုက်ဒါကို ကြည့်သည်။ သူတို့နှစ်ယောက်စလုံးက ဂျင်နီ၏ အဖြေကို စောင့်နေကြသည်။ စကားပြောဖို့ ဂျင်နီ ကြိုးစားကြည့်ပါသေးသည်။ သို့သော် မည်သည့်စကားမျှ ထွက်မလာ။

မစ္စစ်ရှဝပ်ဇ်က ဂျင်နီ၏လက်ကိုကိုင်ပြီး အားပေးသလို ပွတ်သပ်ပေးနေသည်။

"သူ့ကို စဉ်းစားဖို့အချိန် နည်းနည်းပေးလိုက်ပါဦး ချာလီ၊ မိန်းကလေးတစ်ယောက်အဖို့ သူ့ဘဝအတွက် သူ့ဟာသူ ဆုံးဖြတ်ပါစေ"

စတင်းဟတ်စ်တ်၏ မျက်နှာပေါ်တွင် သိလိုဇော ပြင်းပြနေသည့် အမူအရာကို မြင်ရသည်။ ပြီးတော့မှ သူက နူးညံ့သိမ်မွေ့စွာ ပြောသည်။

"မကြာခင်မှာပဲ သူ ဆုံးဖြတ်ချက် ချပါလိမ့်မယ်။ အချိန်လည်း သိပ်ကျန်တော့တာမှ မဟုတ်ဘဲ"

အချိန်မည်မျှ ကျန်သေးသည်ကို ထိုအချိန်က ချာလီကိုယ်တိုင် မသိခဲ့။ သို့သော်လည်း နောက်နှစ်ရက်ကြာသော အချိန်မှာပင် ဆုံးဖြတ်ရမည့် အခြေအနေသို့ ရောက်ခဲ့တော့သည်။

* * *

နောက်နှစ်ရက်ကြာသော မနက်ခင်းတွင် သူ့အခန်းသို့ ဝင်လာသည့် ဂျင်နီကို ချားလ်စ်စတင်းဟတ်စ်တ်က လှမ်းကြည့်နေသည်။

"ဒီနေ့တော့ ကျုပ် အိပ်ရာထဲမှာ နေမှပဲ ဖြစ်မယ်ထင်တယ် ဂျင်နီ"

ဟု သူက ဆီးပြောသည်။ သူ့အသံသည် အလွန် တိုးနေ၏။ ဂျင်နီက ခန်းဆီးများကို ဘေးသို့ ဆွဲဖယ်လိုက်သည်။ ပြတင်းပေါက်မှ ဝင်လာသည့် အလင်းရောင်ဖြင့် သူ့မျက်နှာကို ကြည့်သည်။ မျက်နှာမှာ သွေး မရှိတော့သလို ဖြူနေသည်။ ပါးရိုးများပေါ်မှာ အရေသာ ရှိတော့သည်။ ပြတင်းပေါက်မှ ဝင်လာသော အလင်းရောင်ကြောင့် သူ့မျက်လုံးများကို အနည်းငယ် မှေးထားသည်။

ဂျင်နီက သူ့ခုတင်ဘေးသို့ ဖြတ်လျှောက်သွားပြီး သူ့ကို ငုံ့ကြည့်သည်။

"ကျွန်မ ဆရာဝန်ခေါ်ပေးရမလား ချာလီ"

"ဆရာဝန်ကရော ဘာတတ်နိုင်တော့မှာလဲ"

သူက ပြန်မေးသည်။ ဝေဒနာကို အပြင်းအထန် ခံစားနေရသည့် အရေးအကြောင်းများသည် သူ့နဖူးပေါ်မှာ ပေါ်နေသည်။ ခုတင်ဘေးရှိ စားပွဲပေါ်မှ မျက်နှာသုတ်ပဝါအသေးကို ဂျင်နီကယူပြီး သူ့မျက်နှာကို သုတ်ပေးသည်။ ထို့နောက် စောင်ကိုလှန်ပြီး ဆီးအိတ်ကို ဖြုတ်ယူသည်။ ဆီးအိတ် အသစ်တစ်ခုကို အစားထိုး တပ်ပေးခဲ့ကာ ရေချိုးခန်းသို့လာပြီး သန့်ရှင်းပေးသည်။

"အတော် ဆိုးနေပြီလား"

ဂျင်နီ ပြန်ဝင်လာသောအခါ ချာလီက မေးသည်။ ဂျင်နီ၏ မျက်နှာကိုလည်း ကြည့်ပြီး အကဲခတ်နေသည်။

"နည်းနည်းဆိုးတယ်"

"ကျုပ် သိပါတယ်၊ မင်း ဝင်မလာခင်က ကျုပ် ကြည့်ပြီးပြီ။ ဆီးအရောင်က မည်းကြုတ်နေတာပဲ"

ချာလီက လေသံဖြင့် တိုးတိုးပြောသည်။

ဂျင်နီက ချာလီ၏ ကျောအောက်သို့ လက်လျှိုသွင်းကာ ကိုယ်ကို မတ်ပေးသည်။ သူ နေသာသည့် အနေအထားသို့ ရောက်သောအခါ အောက်မှ ခေါင်းအုံးခံပေးသည်။

"ဟိုရက်တွေတုန်းကလည်း တစ်ခါတလေ ဒီလိုပဲ ဆိုးခဲ့ဖူးပါတယ်"

"ကျုပ်ကို ကလေး မထင်ပါနဲ့ကွယ်၊ စိတ်သက်သာရာရအောင် ပြောမနေပါနဲ့။ ဒီနေ့ဟာ ကျုပ်ဘဝရဲ့ နောက်ဆုံးနေ့ပဲ ဆိုတာ ကျုပ် သိထားပြီးပါပြီ"

သူ့အသံသည် လေသံမျှသာ ဖြစ်သည်။ ဂျင်နီကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

"လိမ္မော်ဖျော်ရည် ကျွန်မ တိုက်မယ်။ သောက်လိုက်ရင် သက်သာသွားမှာပါ"

"မဟုတ်တာကွာ၊ လိမ္မော်ဖျော်ရည် ဘာလုပ်ရမှာလဲ၊ ကျုပ်ကို ရှန်ပိန်တိုက်"

ဂျင်နီက လိမ္မော်ဖျော်ရည်ခွက်ကို တိတ်ဆိတ်စွာပြန်ချပြီး ဖန်ခွက်အရှည်ကို ယူသည်။ ထို့နောက် ရှန်ပိန်ထည့်ကာ ဖန်ပြွန်ကလေး တပ်ပေးသည်။ ခွက်ကိုမူ ဂျင်နီကပင် ကိုင်ပေးထားသည်။

"ကိစ္စ မရှိပါဘူး။ ကျုပ်ဟာကျုပ် ကိုင်သောက်နိုင်ပါတယ်"

အခန်းထောင့်မှာရှိနေသည့် တယ်လီပရင်တာစက်မှ သတင်းပို့သည့်အသံ ကြားရသည်။ ဂျင်နီက စက်ရှိရာသို့ ထသွားသည်။

"ဘာတုံး"

"မနေ့ညက ရီပတ်ဘလီကင် ညစာစားပွဲမှာပြောတဲ့ မိန့်ခွန်း"

"ပိတ်လိုက်ပါ"

ရှန်ပိန်ခွက်ကို ဂျင်နီဆီသို့ လှည့်ပေးသည်။ ဂျင်နီက စားပွဲပေါ်မှာ ပြန်တင်ထားပေးသည်။ ထိုအခိုက် တယ်လီဖုန်း မြည်သည်။ ဂျင်နီကပင် ကောက်ကိုင်သည်။

"လော့စ်အိန်ဂျယ်လိစ်က ဆောင်းပါးအယ်ဒီတာ၊ မနေ့က သူ့ကို ဖုန်းဆက်တယ်ဆိုလို့ ပြန်ဆက်တာပါတဲ့"

"ဒီမြို့မှာ ကျုပ် ကွယ်လွန်တဲ့အကြောင်း သတင်းပေးနိုင်ဖို့ ဒစ်ထရေစီကို လွှတ်ပေးဖို့ ပြောလိုက်ပါ"

ချာလီ ပြောသည့်အတိုင်း ဂျင်နီကပြောပြီး သူ့ဘက်သို့ ပြန်လှည့်လာခဲ့သည်။ ဝေဒနာကို မချိမဆန့် ခံစားနေရကြောင်း သူ့မျက်နှာပေါ်မှာ ပေါ်လာပြန်သည်။

"ရှင့်သားကလည်း သူ လာဖို့လိုမယ်ဆိုရင် ဖုန်းဆက်ပါလို့ ကျွန်မကို ပြောထားပါတယ်"

"မဆက်နဲ့၊ အလကားကောင်၊ ကျုပ်သေမယ့်အချိန်ကို ဒီကောင် စောင့်နေတာကြာပြီ။ သတင်းစာတွေ အကုန်လုံးကို သူက ကိုင်ချင်တာလေ။ ကျုပ် မသာလဲချပြီးရော ကျုပ်သတင်းစာတွေအားလုံး ရှစဖဲ့ရဲ့အာဘော်တွေဖြစ်ကုန်မှာ သေချာတယ်"

ချာလီသည် ဝေဒနာကို ပိုပြီး ဆိုးဝါးစွာ ခံစားလာရ၏။ အလွန် သတ္တိကောင်းသူဖြစ်သော်လည်း ဟန်မဆောင်နိုင်လောက်အောင် ဖြစ်လာသည်။ ဂျင်နီက မော်ဖင်းထိုးပေးရန် ပြင်ဆင်သည်။

"အခု မထိုးပါနဲ့ဦး ဂျင်နီ၊ ကျေးဇူးပြုလို့ကွယ်"

ဂျင်နီက သူ့ကို ငုံ့ကြည့်သည်။ ပြီးတော့ ဆေးထိုးအပ်ကို ပြန်ချထားလိုက်သည်။

"ကောင်းပြီလေ၊ ထိုးချင်ပြီဆိုတဲ့အခါကျတော့ ပြောပါ"

ချာလီသည် ခေါင်းအုံးပေါ်မှာပြန်ပြီး မှိန်းနေသည်။ ဂျင်နီက သူ့မျက်နှာပေါ်မှ ချွေးများကို သုတ်ပေးသည်။ မျက်လုံးများကို ခဏ မှိတ်ထားသည်။ ခဏကြာတော့ ပြန်ဖွင့်ကြည့်သည်။ ထိုမျက်လုံးထဲတွင် ကြောက်ရွံ့မှုများကို တွေ့ရသည်။ သည်လို အမူအရာမျိုးကို သူ့မျက်နှာပေါ်တွင် ဘယ်တုံးကမှ မမြင်ဖူးဘူးခဲ့။

"အန်ချင်တယ်"

ဟု ပြောရင်း အားယူကာ အိပ်ရာမှ ထထိုင်သည်။ ဂျင်နီက သူ့ကို မှေးထားရင်း ဘေးမှ ထွေးခံကိုယူကာ သူ့ပါးစပ်အောက်မှာ အသင့်ခံပေးသည်။ ချောင်းတစ်ချက် ဆိုးပြီး အန်ချလိုက်သည်။ အန်ဖတ်များသည် မည်းနက်နေသည်။ ဂျင်နီက သူ့ပါးစပ်နှင့် မေးစေ့များကို သုတ်ပေးပြီး ခေါင်းအုံးပေါ်သို့ ပြန်လှဲချပေးသည်။

သူက မော့ကြည့်ပြန်သည်။ သူ့မျက်လုံးထဲမှာ မျက်ရည်များ ပြည့်နေသည်ကို မြင်ရသည်။ သို့သော်လည်း ပြုံးနိုင်ဖို့ကို သူ အားယူကြိုးစားနေသည်။

"ဘုရား. . . ဘုရား ပါးစပ်ထဲမှာ အင်မတန် အခံရဆိုးတဲ့ အရသာပဲ"

ဟု လေသံပျော့ပျော့ ဖြင့်ညည်းသည်။

ဂျင်နီက ဘာမှ ပြန်မပြော။ သူ့မျက်လုံးများကို မှိတ်ထားပြန်သည်။ ဂျင်နီက သူ့ကို ကြည့်ပြီး အကဲခတ်နေသည်။ ခဏနေတော့ သူက မျက်လုံးများကို မဖွင့်ဘဲ ပြောသည်။

"ဂျင်နီ ကျုပ် ဘယ်တုံးကမှ မဖြစ်ဘူး။ မကြုံဘူးတဲ့ သေခြင်းတရားဆိုတာ ကျုပ်ဆီကို လာနေပြီ။ မိုင်ပေါင်းများစွာကနေပြီး လာနေပြီ"

မျက်လုံးကို သူ ဖွင့်သည်။ ကြောက်ရွံ့မှုများသည် သူ့မျက်လုံးထဲတွင် မရှိတော့။ မျက်လုံးက အလွန် တည်ငြိမ်နေသည်။ သမာဓိကောင်းသူလို ဖြစ်နေသည်။ ဂျင်နီကို ကြည့်နေရင်းမှ တဖြည်းဖြည်းချင်း ပြုံးလာသည်။

"ကဲ. . . ရပြီ ဂျင်နီ၊ ဆေးထိုးလိုက်ပါတော့"

ဂျင်နီ၏မျက်လုံးများကို စိုက်ကြည့်ရင်း လေသံသဲ့သဲ့ဖြင့် သူက ပြောသည်။

ဂျင်နီက သူ့ကို မျက်တောင်မခတ် ကြည့်နေရင်းမှ နောက်ဘက်ကရှိ ဆေးထိုးအပ်ကို လှမ်းစမ်းသည်။ ရသောအခါ အကြောကိုရှာပြီး ထိုးသွင်းလိုက်သည်။ နောက်ဆေးတစ်လုံးကို ယူပြန်သည်။ နောက်ဆေးတစ်လုံးကို ဂျင်နီ၏လက်ထဲမှာ သူ မြင်ရသောအခါ ပြုံးပြသည်။

"ကျေးဇူးတင်ပါတယ် ဂျင်နီ"

ဟုလည်း လေသံဖြင့် ပြောသည်။

ဂျင်နီသည် ချာလီ၏အရေပြားသာရှိတော့သော နဖူးကို ငုံ့နမ်းသည်။

"ကျွန်မ နှုတ်ဆက်ပါတယ် ချာလီ၊ ဂွတ်ဘိုင်"

ချာလီသည် ခေါင်းအုံးပေါ်မှာ နှစ်မြုပ်ထားရင်း သူ့မျက်လုံးများကို မှိတ်လိုက်သည်။ ဂျင်နီက တစ်လုံးပြီးတစ်လုံး ဆက်ထိုးပေးသည်။ ခုတင်ဘေးရှိစားပွဲပေါ်မှာ ဆေးပုလင်းအခွံ ခြောက်ခု ရှိလာသည်။

ဂျင်နီက ဘေးမှာ ငြိမ်ငြိမ်ကလေး ထိုင်နေသည်။ ချာလီ၏ လက်ကောက်ဝတ်ကို ကိုင်ပြီး သွေးစမ်းနေသည်။ သွေးတိုးမှုသည် တဖြည်းဖြည်းချင်း မှိန်သွားသည်။ နောက်ဆုံး လုံးဝ ရပ်သွားတော့သည်။

ဂျင်နီက ခဏစောင့်ကြည့်နေသေးသည်။ သူ့လက်ကို တဖြည်းဖြည်း ပြန်ချပေးလိုက်ကာ ချာလီ၏ မျက်ခွံများကိုဆွဲ၍ မျက်လုံးပေါ်မှာ နေသားတကျဖြစ်အောင် ဖုံးပေးလိုက်သည်။ ထို့နောက် စောင်ကိုဆွဲပြီး မျက်နှာကိုပါ လုံအောင်အုပ်ပေးလိုက်သည်။

ဆေးထိုးအပ်များကို ယူနီဖောင်းအိတ်ထဲသို့ ပြန်ထည့်ရင်း ထိုင်ရာမှ ထသည်။ စိတ်ထိခိုက်မှုဖြင့် အခန်းကိုဖြတ်လျှောက်သွားကာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

ဂျင်နီသည် သူ့အခန်းသို့ ပြန်လာခိုက် လမ်းခုလတ်စင်္ကြံမှာ ဘဏ္ဍာစိုးနှင့် တွေ့သည်။ သူ့လက်ထဲမှာ စာအိတ်တစ်လုံး ကိုင်ထားသည်။

"မစ္စတာစတင်းဟတ်စ်တ်က ဒီစာအိတ်ကိုပေးဖို့ ကျွန်တော့်ကို မှာထားပါတယ် မစ္စဒင်တန်၊ ဒီနေ့မနက် မစ္စဒင်တန် မလာခင်က ကျွန်တော့်ကို ပေးထားတာပါ"

"ကျေးဇူးတင်ပါတယ် ဂျပ်ဆင်"

ဂျင်နီသည် အခန်းတံခါးကို ပိတ်လိုက်သည်။ အခန်းတွင်းသို့ လျှောက်လာရင်း စာအိတ်ကို ဖောက်လိုက်သည်။ အထဲမှ ဒေါ်လာငါးထောင် ထွက်လာသည်။ ငွေများနှင့်အတူ စာတိုကလေးတစ်စောင်လည်း ပါသည်။ လက်ရေးများသည် မညီမညာ၊ မသပ်မရပ်။

*ချစ်စွာသော ဂျင်နီ၊*

*အခုလောက်ဆိုရင် မင်းကို ကျုပ်နဲ့အတူတူ ဘာဖြစ်လို့ နေစေချင်တယ် ဆိုတာကို မင်း သဘောပေါက် နားလည်လောက်ပြီ ဖြစ်ပါတယ်။ ကျုပ် တစ်ခု နားမလည်တာက ကြောက်မက်ဖွယ်ကောင်းတဲ့ သေခြင်းတရားဟာ ဘာဖြစ်လို့ ဒါလောက် အချိန်အကြာကြီး ဆွဲထားသလဲ ဆိုတာပဲ ဖြစ်ပါတယ်။ သေရမယ့်အချိန်ကို ရောက်ဖို့ဟာ အချိန်တွေ အလွန် စောင့်ရပါတယ်။*

*ဒီစာနဲ့အတူ မင်းရဲ့လစာကိုလည်း တွေ့ပါလိမ့်မယ်။ ဒီငွေတွေကို မင်း ကြိုက်နှစ်သက်သလို သုံးနိုင်ခွင့်ရှိပါတယ်။ အချိန်တွေကို မင်း ဘာဖြစ်လို့ ဖြုန်းတီးပစ်နေမလဲ ဆိုတာကိုလဲ စဉ်းစားစေချင်ပါတယ်။ ဘာမှ မဖြစ်လောက်တဲ့ အခကြေးငွေ ကလေးနဲ့ ဒီအလုပ်ကို ဘာဖြစ်လို့ လုပ်နေတော့မလဲ၊ ကျုပ် ပေးခဲ့တဲ့ အကြံဉာဏ်တွေအရ အိုက်ဒါရဲ့ကျောင်းမှာ သွားပြီး ဒီငွေနဲ့ သင်တန်းတက်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ကျုပ် ပေးချင်တဲ့ နာမည်ကတော့ စတင်းဟတ်စ်တ် လိင်မှုရေးရာ အတတ်သင်ကောလိပ်ဆိုတာပါပဲ။ မင်းရဲ့ဘဝမှာ တင့်တောင့်တင့်တယ် နေနိုင်အောင် မင်း သွားသင့်တယ်လို့ ကျုပ် ထင်ပါတယ်။*

*မင်းကို ကျေးဇူးတင် ချစ်ခင်လျက်ပဲ ရှိပါတယ်။*

*ခင်မင်စွာဖြင့်*

*စီ၊ စတင်းဟတ်စ်တ်*

ဂျင်နီသည် ငွေနှင့်စာကို ကိုင်ထားရင်းပင် ဗီရိုရှိရာသို့ သွားသည်။ သူ့အဝတ်အစား အိတ်ကိုယူပြီး ခုတင်ပေါ်မှာ တင်သည်။ လိုအပ်သည့် အထုပ်အပိုးများ ထုပ်သည်။ သူပိုင်သည့် ပစ္စည်းများကို သိမ်းသည်။

နောက်တစ်နာရီ မပြည့်မီမှာပင် ဂျင်နီသည် တက္ကစီပေါ်မှဆင်းပြီး ဘုရားရှိခိုး ကျောင်းတစ်ခုအတွင်းသို့ ဝင်သွားသည်။ မယ်တော်မေရီ၏ ရုပ်တုတော်ရှေ့မှာ ဒူးထောက် ထိုင်သည်။ ဘုရားဝတ်ပြုပြီး နောက်တန်းပေါ်မှာ ဖယောင်းတိုင်မီးထွန်းသည်။

အပြင်ဘက်သို့ စကြံအတိုင်း ပြန်ထွက်လာရင်း အလှူခံသေတ္တာကိုတွေ့သဖြင့် ခေတ္တ ရပ်သည်။ ပိုက်ဆံအိတ်ကို ဖွင့်သည်။ အထဲမှ ပိုက်ဆံကိုထုတ်ယူပြီး အလှူခံသေတ္တာထဲသို့ ထည့်ခဲ့သည်။

ထိုနေ့ညတွင် ဂေါပကလူကြီးက အလှူခံသေတ္တာကို ဖွင့်သည်။ အကြွေများကြားတွင် သပ်ရပ်စွာခေါက်ထားသည့် ဒေါ်လာတစ်ထောင်တန် ငွေစက္ကူကို တွေ့ရသောအခါ ဝမ်းအသာ ကြီးသာပြီး အံ့ဩနေတော့သည်။

* * *

ဂျင်နီသည် တက္ကစီကားပေါ်မှ ဆင်းခဲ့သည်။ အိမ်အိုကြီးတစ်လုံး၏ ရှေ့တွင် ရိုးလ်စ် ရွိုက်စ်ကားအညိုကြီး ရပ်ထားသည်။ တက္ကစီဒရိုင်ဘာကို ပိုက်ဆံပေးပြီး အိမ်ကြီးရှိရာသို့လာကာ လူခေါ်ခေါင်းလောင်းကို နှိပ်သည်။

အိမ်တွင်းတစ်နေရာဆီမှ အသံကြားရသည်။ ခဏကြာသောအခါ တံခါးပွင့်ပြီး အစေ ခံတစ်ယောက် ထွက်လာသည်။

"ဒီကနေ ဝင်ပါရှင်"

အိုက်ဒါသည် ခုံရှည်ပေါ်မှာ ထိုင်နေသည်။ လက်ဖက်ရည်ဗန်းနှင့် စားစရာများက သူ့ရှေ့ရှိ စားပွဲပေါ်မှာ ရှိနေသည်။

"မေရီ၊ အဲဒီအိတ်ကို သွားသိမ်းထားလိုက်"

ဟု အိုက်ဒါက လှမ်းပြောသည်။

"ဟုတ်ကဲ့ပါရှင်"

အိမ်ဖော်က ရိုသေစွာ ပြန်ဖြေသည်။

ဂျင်နီ လှည့်ကြည့်သောအခါ သူ့အိတ်ကို မေရီ ဆိုသော အိမ်ဖော်အမျိုးသမီးက အခြား အခန်းတစ်ခုဆီသို့ ယူသွားသည်ကို မြင်ရသည်။ အိုက်ဒါဘက်သို့ ဂျင်နီ ပြန်လှည့်ကြည့်သည်။ အိုက်ဒါ၏ဘေး ခုံရှည်ပေါ်တွင် ပွင့်နေသောသတင်းစာကို မြင်ရသည်။ သတင်းစာပေါ်မှ ကြီး မားသည့် ခေါင်းစာလုံးအမည်းကြီးက အထင်းသား ပေါ်နေသည်။

**စတင်းဟတ်စ်တ် ကွယ်လွန်ခြင်း**

အိုက်ဒါက ထိုင်ရာမှထပြီး ဂျင်နီ၏လက်ကို ဆွဲသည်။ ထို့နောက် ခုံရှည်ပေါ်တွင် သူနှင့်ယှဉ်လျက် ထိုင်မိစေရန် ညင်သာစွာ ထိုင်ခိုင်းသည်။

"ထိုင်ပါ သမီးရယ်၊ မင်း လာမယ်ဆိုတာသိလို့ မျှော်နေတာပါ။ တို့ ရထားသွားမစီးခင် လက်ဖက်ရည်သောက်ဖို့တော့ အချိန်ရပါသေးတယ်"

"ရထားသွားစီးရမယ် ဟုတ်လား"

"ဟုတ်တာပေ့ါ သမီးရယ်၊ ရှီကာဂိုကို သွားရမယ်လေ၊ မိန်းကလေးတစ်ယောက်အဖို့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုကို စလုပ်ဖို့ အကောင်းဆုံးမြို့ဟာ အမေရိကန်မှာ ရှီကာဂိုတစ်မြို့ပဲ ရှိပါတယ်ကွယ်"

## (၁၂)

စစ်တပ်စခန်းချနေသော နေရာရှိ ဇာတ်ခုံပေါ်တွင် အလွန် ကြီးမားသည့် ကြော်ငြာ ဓာတ်ပုံကြီး (၂၄) ပုံကို ချိတ်ဆွဲထားသည်။ ထိုပုံသည် လိုက်ဖ်မဂ္ဂဇင်း မျက်နှာဖုံးမှာပါခဲ့သော အလွန် နာမည်ကြီးသည့် ဆေးရောင်စုံ ဓာတ်ပုံ ဖြစ်သည်။ ထိုပုံကြီးကို မော့ကြည့်ရင်း ထိုပုံရိုက်

သည့်နေ့က မြင်ကွင်းကို ဂျင်နီဒင်တန် ပြန်ပြီး သတိရနေမိသည်။ ဓာတ်ပုံဆရာသည် လှေကား ထောင်တက်ပြီး မျက်နှာကြက်နားမှာ ရောက်နေ၏။ ထိုအပေါ်မှစီး၍ အိပ်ရာပေါ်မှာရှိနေသော ဂျင်နီကို ကင်မရာဖြင့် ချိန်နေသည်။

ထိုနေရာမှကြည့်လျှင် ဂျင်နီ၏ ခြေထောက်သည် အလွန် ရှည်နေ၏။ ကင်မရာ မြင်ကွင်း၏ အပြင်ဘက်သို့ပင် ရောက်သွားသည်။ ခဏကြာတော့ လျှပ်တစ်ပြက် မီးပွင့်သွား သည်။ ဂျင်နီ၏မျက်လုံးများ ပြာသွားသည်။

ထိုအချိန်က အနက်ရောင်ညဝတ်စုံကို ဂျင်နီ ဝတ်ထားသည်။ လည်ပင်းမှ ခြေမျက်စိ အထိရှည်သော အင်္ကျီ ဖြစ်သည်။ ဂျင်နီ၏ ခန္ဓာကိုယ် အချိုးအဆက်များကို ကောင်းစွာပေါ်လွင် စေသည့် အဝတ် ဖြစ်သည်။ ရှည်လျားသည့် သူ၏ ငွေရောင်ဆံပင်များသည် အိပ်ရာဘေးသို့ ဖြာကျနေသည်။

လိုက်ဖ်မဂ္ဂဇင်းက ထိုဓာတ်ပုံကြီးကို မျက်နှာဖုံးမှ ဖော်ပြသည်။ ဓာတ်ပုံပေါ်တွင် အဖြူဖောက်ထားသည့် စာလုံးတစ်လုံး ရေးထားသည်။

ဒင်တန် . . .

အဖြစ်အပျက်သည် တစ်နှစ်ခန့် ကြာခဲ့ပြီ။ (၁၉၄၁) ခုနှစ် အောက်တိုဘာလအတွင်းက ဖြစ်သည်။ အလင်္ကာမဇာတ်ကားကို နယူးယောက်ရှိ ရုပ်ရှင်ရုံများမှာ ရုံတင်နေပြီ။

ဂျိုနတ်စ်နှင့် ဂျင်နီသည် ဝါးဒေါ့ဖ်ဟိုတယ် ဧည့်ခန်းအတွင်းသို့ ဖြတ်လျှောက်လာခဲ့ သည်။ သတင်းစာရောင်းသည့် ကောင်တာတွင် မဂ္ဂဇင်းပေါင်းစုံ၊ သတင်းစာပေါင်းစုံ ချိတ်ဆွဲ ထားသည်။ ထိုအထဲတွင် အထင်ရှားဆုံးမှာ လိုက်ဖ်မဂ္ဂဇင်း ဖြစ်သည်။ မဂ္ဂဇင်းအဖုံးမှာ ဂျင်နီ၏ ရောင်စုံဓာတ်ပုံကြီး ပါနေသည်။

"ဟိုမှာကြည့်ပါဦး"

ဟု ဂျင်နီက ရပ်ပြီး အံ့သြတကြီး ပြောသည်။ ဂျိုနတ်စ်က ပြုံးနေသည်။ သတင်းစာ ရောင်းသည့် ဆိုင်ရှိရာသို့ ဂျိုနတ်စ်က လျှောက်သွားပြီး လိုက်ဖ်မဂ္ဂဇင်းတစ်စောင်ကို ယူကာ ပိုက်ဆံပေးခဲ့သည်။ ဂျင်နီဆီသို့ ပြန်လျှောက်လာရင်း ဂျင်နီကို မဂ္ဂဇင်းပေးသည်။

ဓာတ်လှေကားအတွင်းသို့ ဝင်လာကြရင်း ဂျင်နီက မဂ္ဂဇင်းကို ဖွင့်ကြည့်သည်။ မိမိတို့ အကြောင်း ရေးထားသည်ကို တွေ့ရသည်။

> လေယာဉ်ပျံများ တည်ဆောက်သူ၊ လက်နက်ခဲယမ်းမီးကျောက်များ ထုတ်လုပ်သူ၊ ပလတ်စတစ်လုပ်ငန်းများ တီထွင်သူ၊ ငွေအမြောက်အမြား ရှာဖွေနိုင်သူ၊ သန်းပေါင်းများစွာ ကြွယ်ဝသည့် လူငယ် ဂျိုနတ်စ်ကော့ (လိုက်ဖ်မဂ္ဂဇင်း၊ ၁၉၃၉ ခုနှစ် အောက်တိုဘာလထုတ်ကို ကြည့်ပါ) သည်အခါအားလျော်စွာ ရုပ်ရှင်များကို လည်း ထုတ်လုပ်ခဲ့သည်။ (၁၉၃၀-ခုနှစ်က တစ်ကောင်ကြွက်ဇာတ်ကားကို လည်း ကောင်း၊ ၁၉၃၂-ခုနှစ်က ကောင်းကင်ပေါ်မှလေသူရဲများ ဇာတ်ကားကို လည်း ကောင်း ထုတ်လုပ်ခဲ့သည်)။ ယခုတစ်ဖန် မေရီမဂ္ဂဒါလင်း၏ ဇာတ်လမ်းကို ရုပ်ရှင် အဖြစ် ထုတ်လုပ်လိုက်ပြန်သည်။ ဇာတ်ကားအမည်ကို အလွန် ပွင့်လင်းသည့် သူ၏ ဝသီအတိုင်း အလင်္ကာမဟု အမည်ပေးထားသည်။

ထိုဇာတ်ကားသည် အမျိုးသမီးက အဓိကဦးဆောင်ရသည့် ဇာတ်ကား ဖြစ်သည်။ အရေးကြီးသည့် အမျိုးသမီးဇာတ်ဆောင်ကို မစ္စတာကော့ကိုယ်တိုင် ရွေးချယ်ပြီး သရုပ်ဆောင် စေခဲ့သည်။ အမျိုးသမီးကား ဂျင်နီဒင်တန် ဖြစ်သည်။

မစ္စဒင်တန်သည် ရုပ်ရှင်အတွေ့အကြုံ လုံးဝ မရှိသော်လည်း ရုပ်ရှင်ကြည့်ပရိသတ်ကို အဆွဲဆောင်နိုင်ဆုံးသော မင်းသမီးတစ်လက်အဖြစ် အောင်မြင်သွားတော့သည်။ ယခုလို ရုပ်ရှင် အတွေ့အကြုံ လုံးဝ မရှိခဲ့ဘူးသည့် မိန်းမပျိုတစ်ယောက်ကို ရွေးချယ်ပြီး အောင်မြင်အောင် ထိုးတင်နိုင်စွမ်းသည့် မစ္စတာကော့၏ အနုပညာမျက်စိမှာ ချီးကျူးဖွယ်ရာပင် ဖြစ်သည်။

မစ္စဒင်တန်၏ ကိုယ်အချိုးအစားမှာ (၃၇၊ ၂၁၊ ၃၆)ဖြစ်ရာ ရုပ်ရှင်ကြည့်မိသူ အစ်ကို ကာလသားတိုင်း မက်မပြေ ဖြစ်နေကြသည်။ သူ၏ အညိုရောင်မျက်လုံးများသည် အလွန် ညို့ဓာတ် အားကောင်းလှသည်။ ထိုမျက်လုံးများကို ကြည့်ခြင်းအားဖြင့် မစ္စဒင်တန်သည် လိမ္မာ

ပါးနပ်ခြင်း၊ အတွေ့အကြုံရင့်ကျက်ခြင်း၊ မေတ္တာတရားနှင့် ယဉ်ပါးခြင်း၊ သေခြင်းတရားကို ရင်ဆိုင်စုံခြင်း စသည့် အရည်အချင်းမျိုးစုံနှင့် ပြည့်စုံနေကြောင်း သိသာထင်ရှားလှသည်။

ရုပ်ရှင်ထဲတွင် သရုပ်ဆောင်သည်မှာလည်း သူမတူအောင် အံ့မခန်း တော်လှသည်။

ဓာတ်လှေကားတံခါး ပွင့်သွားသည်။ မိမိလက်ကို ဂျိုနတ်စ်က လာကိုင်ကြောင်း ဂျင်နီ သိလိုက်သည်။ မဂ္ဂဇင်းကိုပိတ်ပြီး ဂျိုနတ်စ်နှင့်အတူ အပြင်သို့ ထွက်လျှောက်လာသည်။

"သူတို့ တကယ်ပဲ ဒီအတိုင်း ယုံကြည်ကြသလားဟင်"

ဂျိုနတ်စ်က သူ့ကို ပြန်ပြုံးပြသည်။

"သူတို့ ယုံလို့ပေါ့၊ မဂ္ဂဇင်းတစ်စောင်မှာ ဒီလို ပါလာဖို့ဆိုတာ ငွေပေးလို့ရတာ မဟုတ်ဘူး။ မင်းဟာ အင်မတန် အောင်မြင်တဲ့ ထိပ်တန်းမင်းသမီးတစ်လက် ဖြစ်လာရမယ်လို့ ကိုယ် ပြောခဲ့ဖူးတယ် မဟုတ်လား"

သူတို့ အခန်းထဲသို့ ဝင်လာကြရင်း ဂျိုနတ်စ်က ပြောသည်။

ဂျင်နီသည် နောက်ထပ် ရုပ်ရှင်ကားတစ်ကားရိုက်ရန် ပြင်ဆင်နိုင်ဖို့အတွက် ကာလီဖိုးနီးယားသို့ ပြန်ရတော့မည် ဖြစ်သည်။ အခန်းတွင်းသို့ သူတို့ ရောက်လာသောအခါ စားပွဲပေါ်မှ ဇာတ်ညွှန်းကို ကောက်ယူပြီး စာရွက်များကို လှန်လှောကြည့်နေသည်။

"ကိုယ် မကြိုက်ဘူး"

"ကျွန်မလည်း မကြိုက်ဘူး။ ဒါပေမယ့် ဒီဇာတ်လမ်းဟာ အဆန်းတကြယ်တော့ ရှိတယ်လို့ မောရစ်က ပြောတယ်"

"ကိုယ် ဂရုမစိုက်ပါဘူးကွာ၊ ဒီဇာတ်ကားထဲမှာ မင်းကို ထည့်ရိုက်မယ်ဆိုတာကိုပဲ ကိုယ် မကြိုက်ဘူး"

ဂျိုနတ်စ်က ပြောပြောဆိုဆိုဖြင့် ဖုန်းရှိရာသို့ လျှောက်သွားပြီး ကောက်ကိုင်လိုက်သည်။

"ရှယ်ရီ နယ်သာလင်မှာရှိနေတဲ့ မစ္စတာဘွန်နာဖုန်းကို ဆက်ပေးစမ်း"

"မောရစ်၊ ဂျိုနတ်စ် စကားပြောနေတယ်၊ စတားအိုင်းစ်ဆိုတဲ့ ဇာတ်လမ်းကိစ္စ ဖျက်လိုက်တော့၊ ဒီကားမှာ ဒင်တန် ဝင်ရိုက်တာကို ကျုပ် မကြိုက်ဘူး"

သူက ဖုန်းတွင်းသို့ ခပ်ပြတ်ပြတ် ပြောသည်။

ဘွန်နာက အကြောက်အကန် ပြန်ငြင်းနေသည်ကို ကြားရသည်။

"ကျုပ် ဂရုမစိုက်ပါဘူး။ တခြား တစ်ယောက်ယောက် ထည့်ရိုက်၊ ဘယ်သူ. . . . ရီတာဟေးဝပ်၊ ရှရီဒင် ဘယ်သူဖြစ်ဖြစ် ခင်ဗျားကြိုက်တဲ့ မင်းသမီးနဲ့ရိုက်၊ အခုအချိန်ကစပြီးတော့ ကျုပ် သဘောမတူဘဲနဲ့ ဘယ်ဇာတ်ကားကိုမှ ဂျင်နီဒင်တန် မရိုက်ရဘူး"

တယ်လီဖုန်းကို သူ ချထားခဲ့သည်။ ဂျင်နီဘက်သို့ ပြန်လာသည်။ သူ့မျက်နှာသည် ပြုံးနေ၏။

"မင်း ကြားတယ် မဟုတ်လား"

"ကြားပါတယ် သူဌေးမင်း"

ဂျင်နီကလည်း ပြန်ပြုံးပြရင်း ဖြေသည်။

လိုက်ဖ်မဂ္ဂဇင်းက ဓာတ်ပုံသည် အလွန် အောင်မြင်ကျော်ကြားသွားသည်။ သွားလေရာရာမှာ ထိုဓာတ်ပုံကိုသာ တွေ့နေရသည်။ စာအုပ်ဆိုင်များပေါ်မှာ၊ ကြော်ငြာဆိုင်းဘုတ်များပေါ်မှာ နေရာတကာတွင် တွေ့နေရသည်။ ဂျင်နီသည်လည်း အလွန် နာမည်ကြီးသွားတော့သည်။ သူသည် တကယ့် အောင်မြင်ကျော်ကြားသော မင်းသမီး ဖြစ်ပါပေါ့ကလား။

ကာလီဖိုးနီးယားသို့ ပြန်ရောက်သောအခါ သူ့အတွက် ကန်ထရိုက်စာချုပ်အသစ်ကို ဂျိုနတ်စ်က သဘောတူခွင့်ပြုထားကြောင်းကိုလည်း တွေ့ရတော့သည်။

သို့သော်လည်း နောက်ထပ် တစ်နှစ်ကြာခဲ့ပြီ။ ပုလဲဆိပ်ကမ်းကိုလည်း ဂျပန်များက ဗုံးကြဲပြီ။ ဂျင်နီကမူကား နောက်ထပ် ရုပ်ရှင် လုံးဝ ရိုက်ခွင့်မရ။ သည်လို မရိုက်ရသော်လည်း အရေးမကြီးသေး။ အဘယ်ကြောင့်ဆိုသော် အလင်္ဂီမဇာတ်ကားသည် ယနေ့ထက်တိုင်အောင် ပွဲတိုင်း ရုံပြည့်နေဆဲ ဖြစ်သည်။ ရုပ်ရှင်ကုမ္ပဏီ စတင်တည်ထောင်ခဲ့သည်မှစ၍ ဝင်ငွေအများဆုံး

ရသည့် ဇာတ်ကားလည်း ဖြစ်သည်။

ဂျင်နီ၏ ပုံမှန်အလုပ်များသည် ပို၍ တင်းကျပ်လာသည်။ ရုပ်ရှင်ရုံတွင် သူ့ကား ရုံတင်သောအခါ ဖွင့်ပွဲအနေဖြင့် မျက်နှာသွားပြပေးရသည်။ တစ်ပြည်လုံး ရှိရှိသမျှသော ရုပ်ရှင်ရုံများသို့ လှည့်လည်ကာ ကြော်ငြာသဘောဖြင့် လူကိုယ်တိုင် ထွက်ပြရသည်။ ကာလီဖိုးနီးယားမှာ ပင် သူ နေထိုင်လျက်ရှိသည်။ မနက်ပိုင်း၌ စတူဒီယိုသို့ သွားရသည်။

စတူဒီယိုမှာ တစ်နေကုန် အချိန်ကုန်သည်။ မနက်ပိုင်းတွင် အမူအရာနှင့် ပတ်သက် သည့် သင်တန်းများကို တက်ရသည်။ ပြီးတော့ ထမင်းစားလာရောက်တွေ့ဆုံသည့် ဧည့်သည် များ၊ သတင်းစာဆရာများကို လက်ခံတွေ့ဆုံ၊ မွန်းလွဲပိုင်းနှင့် ညနေပိုင်းကျတော့ အသံ၊ အဆိုနှင့် အကသင်တန်းများ တက်။ သူတစ်ယောက်တည်း ဂျင်ခြေလည် ဖြစ်နေသည်။

ညဦးပိုင်းမှစ၍ သူ့တွင် အဖော်မရှိတော့။ ပင်တိုင်စံ မင်းသမီးဘဝသို့ ရောက်ရတော့ သည်။ သည်မြို့သို့ ဂျိုနတ်စ် ရောက်လာသည့် ရက်များမှာသာ ဂျိုနတ်စ်နှင့် အတူသွားပြီး အိပ်ခွင့်ရသည်။

ဒေးဗစ်ဝုဖ်တို့ လင်မယားနှင့်အတူတော့ မကြာခဏ ညစာ အတူစားဖြစ်သည်။ ဒေးဗစ်နှင့် ရိုဇာသည် သားကလေးတစ်ယောက် ရနေကြပြီ။ အလွန် ချစ်စရာကောင်းသည်။ ဟင်နရီဘားနဒ်ဟု အမည်ပေးထားသည်။ ဒေးဗစ်၏ အဖေအမည်နှင့် ဘကြီးအမည်ကို ပေါင်းပြီး မှည့်ထားခြင်း ဖြစ်သည်။

မည်သို့ပင်ဆိုစေ၊ အချိန်အများစုမှာတော့ အထီးကျန် ဖြစ်နေသည်။ သူနှင့်အတူ မက်ဆီကန်အဘွားကြီးသာ ရှိသည်။ သူသည် ဂျိုနတ်စ်၏ ဇနီးဖြစ်ကြောင်းလည်း လူတိုင်းက ပြောနေကြသည်။ အရပ်တကာမှာ ထိုသတင်း ပြန့်နေသည်။

သည်မြို့သို့ ဂျိုနတ်စ် ရောက်လာသည့်အခါများမှာတော့ မေတ္တာရည်လူးသော ပျော်ရွှင်စရာအချိန်များဖြစ်သည်မှာ မှန်သည်။ သို့သော် ဂျိုနတ်စ်ကလည်း ရောက်ခဲသည်။ သူ၏ အထီးကျန်ဘဝသည် ပို၍ပို၍ နက်ရှိုင်းလာသည်။

စတူဒီယိုမှာသွားပြီး ဇာတ်ညွှန်းပေါင်းများစွာကို တစ်ခုပြီးတစ်ခု ဖတ်သည်။ သူ ကြိုက်သည့် ဇာတ်ညွှန်းများကို မကြာခဏ တွေ့သည်။ ထိုအခါ ဂျိုနတ်စ်ကို ပြောပြသည်။ ဂျိုနတ်စ်က သူ ဖတ်ကြည့်ဦးမည်ပြောပြီး ယူသွားတတ်သည်။ ရက်ပေါင်း အတန်ကြာပြီး နောက်ဆုံး သူ ရလေ့ရှိသည့် အဖြေကား. . .

"မင်းနှင့် သင့်တော်သော ဇာတ်လမ်း မဟုတ်"

ဟူသော အဖြေသာ ဖြစ်နေတတ်သည်။ သည်အဖြေအတွက်လည်း သူ့မှာ အမြဲတမ်း အကြောင်းပြစရာ ရှိနေမြဲ ဖြစ်သည်။

တစ်ခါတုန်းကတော့ သူ မေးကြည့်ဖူးပါသည်။ မိမိတွင် ဘာအလုပ်မှ လုပ်စရာမရှိဘဲ နှင့် မည်သည့်အတွက်ကြောင့် မိမိကို လစာပေးထားသနည်း။ သည်လိုအခါမျိုးတွင် ဂျိုနတ်စ် သည် ခေတ္တငြိမ်နေတတ်၏။ ပြီးတော့ သူ ပြန်ပြောသည်။ သူ့အသံသည် အေးစက်သည်။ နောက်ဆုံး အဆုံးအဖြတ်လည်း ဖြစ်သည်။

"မင်းဟာ ရိုးရိုးမင်းသမီး မဟုတ်ဘူး။ အင်မတန် အောင်မြင်ကျော်ကြားတဲ့ မင်းသမီး၊ အောင်မြင်ကျော်ကြားတဲ့ မင်းသမီးဆိုတာ အဘက်ဘက်က ဟာကွက်၊ ချွတ်ယွင်းချက် လုံးဝ မရှိတဲ့ ဇာတ်ကားမျိုးကိုသာ ရိုက်ရမယ်" ဟူသတည်း။

လွန်ခဲ့သည့် ရက်အနည်းငယ်တုန်းက ကြော်ငြာဌာနမှူး အယ်လ်ပက်ထရိုစယ်လီ သည် စတူဒီယိုရှိ ဂျင်နီ၏ အဝတ်အစားလဲခန်းသို့ ရောက်လာသည်။

"စစ်စခန်းတစ်ခုမှာ တပ်မတော်သားတွေကို ဖျော်ဖြေဖို့ အစီအစဉ်တစ်ခုကို ဘော့ဟုပ် က စီစဉ်ထားတယ်။ မင်းလည်း ဝင်ပြီး ဖျော်ဖြေပေးစေချင်တယ်တဲ့"

ဂျင်နီက ဖတ်လက်စ ဇာတ်ညွှန်းတစ်ခုကို စားပွဲပေါ်သို့ ပြန်တင်ရင်း အယ်လ်ပက်ထရို စယ်လီဘက်သို့ လှည့်သည်။

"ကျွန်မ ဝင်ဖျော်ဖြေလို့ ရနိုင်ပါ့မလား"

ဂျင်နီက မေးသည်။ ဂျင်နီ ဆိုလိုသည့် အဓိပ္ပာယ်ကို သူတို့နှစ်ယောက်စလုံး နားလည်

ကြသည်။

"မစ္စတာကောက့်ကို ဘွန်နာ ပြောပြပြီးပြီ။ သူတို့နှစ်ယောက်စလုံးက သဘောတူပါတယ်။ မင်း သရုပ်ဆောင်ရမယ့်အခန်းက ကောင်းမယ်ဆိုရင်ပေါ့လေ။ မင်း သရုပ်ဆောင်ရမယ့် အခန်းကို ဒီဆန်တစ်က စီစဉ်ပေးလိမ့်မယ်"

"ကောင်းတယ်၊ တစ်ခုခုပြန်ပြီး လုပ်ခွင့်ရတာ သိပ်ကောင်းတာပေါ့"

ဟု ဂျင်နီက ထိုင်ရာမှထရင်း ပြောသည်။

ထိုအခါမှစပြီး မိတ်ဆက်စကား တိုတိုကလေးနှင့် သီချင်းတစ်ပုဒ်ကို ရက်သတ္တပတ် ခြောက်ပတ်ကြာအောင် ပင်ပန်းတကြီး ဇာတ်တိုက်ခဲ့ရသည်။ စိတ်တိုင်းကျ အထပ်ထပ်အခါခါ ဇာတ်တိုက်ကြသည်။ စကားလုံးများ ပိုပြီး ပြောင်မြောက်အောင် အထပ်ထပ် ပြင်ကြသည်။ သူ့အသံက အနည်းငယ် တိုးသောကြောင့် အသံနှင့်လိုက်ဖက်အောင် သံစုံတီးဝိုင်း၏ အသံကို လျှော့ကြသည်။

သည်လိုဖြင့် ဖျော်ဖြေရမည့်ညသို့ ရောက်လာသည်။

ကန့်လန့်ကာအတွင်းမှနေ၍ ပွဲခင်းကို ဂျင်နီ ချောင်းကြည့်နေသည်။ ရယ်သံများ၊ စကားပြောသံများ၊ ဩဘာသံများ ကျွက်ကျွက်ညံနေသည်။ စစ်သားများသည် အတန်းလိုက် ထိုင်နေကြသည်။

ဘော့ပ်ဟုပ်က သူ၏ ပြက်လုံးကို ဇာတ်ခုံပေါ်မှာ ပြက်နေသည်။

တစ်ကြိမ်တစ်ခါမျှ အသံမလွင့်ဖူးသေးသည့် ပြက်လုံးအသစ် ဖြစ်သည်။ စစ်သားများ တဝါးဝါး ပွဲကျနေကြသည်။ ဤမျှ များပြားသော ပရိသတ်ကြီးကိုကြည့်ရင်း ဂျင်နီသည် ရင်ဖို နေမိ၏။

"လန့်နေသလား၊ အရင်က ပရိသတ်ရှေ့မှာ တစ်ခါမှ မကဖူးဘူးလား။ မပူပါနဲ့၊ ခဏ နေရင် ကောင်းသွားမှာပါ"

ဟု အယ်လ်ပက်ထရိုစယ်လီက လာပြောသည်။

ဂျင်နီသည် အိုက်ဒါထံတွင် သင်တန်းတက်စဉ်က အကြောင်းများကို ပြန်စဉ်းစားမိ သည်။ ယောက်ျားအချို့၏ ရှေ့မှာ သူတို့စိတ်တိုင်းကျ ကိုယ်ဟန်ပြခြင်း၊ ပြုစုခြင်းများ လုပ်ခဲ့ဖူး သည်။

"အိုး. . . ဖြစ်ပါတယ်၊ ကျွန်မ ပရိသတ်ရှေ့မှာ ရပ်ဖူးပါတယ်။ ကောလိပ်တုန်းက"

ဟု ဂျင်နီက ပြန်ပြောလိုက်သည်။

အယ်လ်သည် သူ့ဘေးမှာ ရပ်နေသည့် တပ်ကြပ်ကြီးဘက် လှည့်သွားသည်။

"ကဲ. . . ခင်ဗျား ဘာလုပ်ရမယ်ဆိုတာ သိပြီမဟုတ်လား ဆာဂျင်"

"ရဲဘော်တွေကို ငြိမ်အောင် ကျွန်တော် ထိန်းပေးပါ့မယ် မစ္စတာပက်ထရိုစယ်လီ"

"ကောင်းတယ်"

ဟု ပြောရင်း အယ်လ်က တပ်ကြပ်ကြီး၏လက်ထဲသို့ ဒေါ်လာနှစ်ဆယ် ထည့်ပေး လိုက်သည်။

"အခု မကြာခင်မှာ ဂျင်နီဒင်တန် ထွက်လာတော့မယ်၊ ခင်ဗျား ဇာတ်စင် အရှေ့နား ကိုဆင်းသွားပါ။ ပြီးတော့ အသံကျယ်ကျယ်နဲ့ ပီပီသသ ပြောပါ"

အယ်လ် တစ်ဖက်သို့ လှည့်လိုက်စဉ်မှာပင် တပ်ကြပ်ကြီး၏လက်ထဲမှ ငွေနှစ်ဆယ် သည် မျက်လှည့်ပြသလို အိတ်ထဲသို့ ရောက်သွားသည်။

"စိတ်ချပါ မစ္စတာပက်ထရိုစယ်လီ"

"အောင်အောင်မြင်မြင်နဲ့ ဒီပွဲပြီးသွားရင် ခင်ဗျားကို ထပ်ပေးဦးမယ်"

"နောက်ထပ် ငွေနှစ်ဆယ်ဖိုးအတွက်လည်း မပူပါနဲ့ မစ္စတာပက်ထရိုစယ်လီ၊ ကျွန်တော့် အသံကို အလာစကာပြည်နယ်ကတောင် ကြားရပါစေ့မယ်"

အယ်လ်က ခေါင်းညိတ်ပြပြီး ဇာတ်စင်ဘက်သို့ ပြန်လှည့်ခဲ့သည်။ ဘော့ပ်ဟုပ်သည် ဂျင်နီအကြောင်း မိတ်ဆက်စကားပြောနေပြီ ဖြစ်သည်။

"ကဲ ကိုယ့်လူတို့၊ ဒီနေ့ည အစီအစဉ်မှာ အရေးအကြီးဆုံးအခန်းကို ရောက်လာပြီ။

ဒီအရေးအကြီးဆုံးအခန်းအတွက် ကျုပ်တို့ ဒီနေရာကို ရောက်လာကြတာဖြစ်တယ်၊ ဒီအခန်းဟာ ဘာအခန်းလဲဆိုရင် မင်းသမီးထွက်မယ့်အခန်းပဲ ဖြစ်တယ်"

ရယ်သံများအားလုံး တိတ်သွားသည်။ ဘော့ပ်ဟုပ်က ဆက်ပြောပြန်သည်။

"ကိုယ့်လူတို့ ဒီနေ့ည ဖျော်ဖြေမယ့်မင်းသမီးဟာ ဘယ်သူဖြစ်ပါတယ်ဆိုတဲ့အကြောင်း စစ်ရုံးကို ကျုပ် ပြောပြတုန်းက ဘာဖြစ်သလဲ သိသလား။ သူတို့က ပြောတယ်၊ ဒီမင်းသမီးသာ ဖျော်ဖြေမယ်ဆိုရင်တဲ့၊ ကိုယ့်လူတို့ ရှုပိုးမထိုးနိုင်အောင် ချုပ်ထားဖို့အတွက် ကုလားထိုင်တွေမှာ ခါးပတ်တွေ တပ်ပေးထားရမယ်တဲ့၊ အဲဒီ ခါးပါတ်တွေနဲ့ ကိုယ့်လူတို့ကို ချုပ်ထားရမယ်တဲ့၊ ဒါပေမယ့် သူတို့မှာ ခါးပတ်အလုံအလောက် မရှိဘူးတဲ့။ ဒီတော့ ကျုပ်က ပြောခဲ့တယ်။ စိတ်ချပါလို့ ကိုယ့်လူတို့ စစ်သားပဲလို့ အခြေအနေကို ဘယ်လို ထိန်းသိမ်းရမယ်၊ ကိုင်တွယ်ရမယ်ဆိုတာ ကိုယ့်လူတို့ သိပါတယ်လို့"

စစ်သားများက ဝုန်းခနဲ ရယ်လိုက်ကြသည်။

"ကိုယ့်လူတို့ကို ဒီနေ့ည ဖျော်ဖြေမယ့် မင်းသမီးဟာ ဘယ်သူလဲဆိုတာ ပြောတော့မယ်"

ဟုပ်က လက်တစ်ဖက်ကို မြှောက်ပြသည်။ ဇာတ်ခုံပေါ်မှမီးများ မှိန်သွားသည်။ တစ်နေရာကိုသာ ကွက်ကွက်ကလေး ထိုးပေးထားသည်။ ပရိသတ်ဘက်မှအသံများ ငြိမ်ပြီး နားစိုက်နေကြ သည်။

"ကိုယ့်လူတို့ ရှုပိုးမထိုးနိုင်အောင် ထိုင်ခုံက ခါးပတ်များနဲ့ တင်းတင်းပတ်ထားကြပါ။ ဖျော်ဖြေမယ့် မင်းသမီးကတော့ အစ်ကို ကာလသားတို့အသည်းစွဲ ဂျင်နီဒင်တန်ပါပဲ ခင်ဗျား"

ဇာတ်ခုံတစ်ခုလုံးပေါ်မှာ မှောင်ချလိုက်သည်။ ဂျင်နီ၏ ကိုယ်ပေါ်မှာသာ ကွက်ကွက်ကလေး မီးမောင်းထိုးပြထားသည်။ ကမ္ဘာမြေကြီး သိမ့်သိမ့်တုန်သွားလောက်သည့် တစ်ပြိုင်တည်း ဟစ်အော်ကြွေးကြော်သည့်အသံကြီး ပေါက်ကွဲထွက်လာသည်။ ဂျင်နီသည် မီးမောင်းအောက်မှာ အလွန် သတိကြီးစွာဖြင့် ရပ်နေသည်။

ဂျင်နီသည် သူ့စိတ်ကို သူ ထိန်းနေ၏။ စစ်သားများ၏ ဝိုင်းဝန်း အော်ဟစ်သံကြောင့် သူ နင်းထားသည့် ဇာတ်ခုံကြမ်းပြင်ပင်လျှင် တုန်ခါနေသည်ကိုလည်း သတိထားမိသည်။

ဂျင်နီ၏ ခေါင်းမှဆံပင်သည် ယောက်ျားကလေးတစ်ယောက်ကဲ့သို့ ပြင်ထားသည်။ လက်ခေါက်မှုတ်သံများ၊ အော်ဟစ်သံများသည် ရပ်မသွား။ ဂျင်နီက ခဏစောင့်ကြည့်သည်။ အော်ဟစ်သံများသည် ရပ်တန့်သွားမည့်ပုံမျိုးမပေါ်။ ထို့ကြောင့် အသံချဲ့စက်၏ စကားပြောခွက်ဆီသို့ ကိုယ်ကို ကိုင်းလိုက်သည်။

"ကျွန်မကို အချိန်ကလေး နည်းနည်းပေးနိုင်မယ်ဆိုရင် ကျွန်မ ကိုယ်ပေါ်က ကတိုးသားမွေးအင်္ကျီကို ရှင်တို့အတွက် ချွတ်ပြပါ့မယ်"

အော်ဟစ်သံများ ပိုမို ကျယ်လောင်လာသည်။ ဂျင်နီသည် ထိတ်လန့်တကြားဖြင့် သူ့ကိုယ်ပေါ်မှ ကတိုးသားမွေးအင်္ကျီကို ချွတ်နေသည်။ သားမွေးအင်္ကျီကို ဇာတ်ခုံပေါ်သို့ လျှော ကျသွားစေသည်။ သူ့ကိုယ်ပေါ်မှာ စိန်ရောင်တောက်နေသည့် အသားကပ် ညဝတ်စုံကို တွေ့ကြရသည်။ ဂျင်နီက စကားပြောခွက်ပေါ်သို့ ကိုယ်ကို ကိုင်းလိုက်ပြန်သည်။

"ကျွန်မ တော်တော် ကသိကအောက် ဖြစ်နေပါတယ်။ ဒါလောက် ယောက်ျားတွေ များများစားစားရှေ့မှာ ကျွန်မ တစ်ခါမှ မနေဖူးပါဘူး"

အော်ဟစ်သံများသည် ပို၍ပို၍သာ ကျယ်လောင်လာသည်။

"အခုဆိုရင် ကျွန်မ ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူးရှင်"

ဂျင်နီက လေပျော့ကလေးဖြင့် ပြောသည်။

"ဘာမှ မလုပ်ပါနဲ့ ကလေးရယ်၊ အဲဒီလိုကလေးသာ ရပ်ပြနေပါ အချစ်ရယ်"

စစ်သားများက သံပြိုင်အော်ကြသည်။

ဂျင်နီသည် အသံများ တိတ်သွားအောင် စောင့်သည်။ တိတ်ပုံမပေါ်။ ထို့ကြောင့်လည်း စကားပြောခွက်နားသို့ တိုးကပ်သွားကာ ကိုယ်ပြောစရာရှိသည်ကို ပြောရန်သာ ဆုံးဖြတ်လိုက်ရတော့သည်။

"ကျွန်မ သီချင်းကလေးတစ်ပုဒ် ဆိုပြပါ့မယ်၊ ကြိုက်ကြမလား"

"ကြိုက်တယ်၊ ကြိုက်တယ်"

ပရိသတ်က မိုးချွန်းလိုက်ပြန်သည်။

"ကောင်းပါပြီ၊ ရှင်တို့ ကိုယ့်အိမ်ကိုယ် ပြန်ရောက်နေကြတယ်လို့ သဘောထားပါ။ ကိုယ့်အိမ်မှာ ရေဒီယိုကလာနေတဲ့ သီချင်းကို နားထောင်နေတယ်ပေါ့၊ မျက်စိကလေးတွေ မှိတ်ထားပြီး နားထောင်ပါ"

"မျက်စိမှိတ်ထားရမယ် ဟုတ်လား။ ဒါမျိုး ဘယ်ရမလဲဟေ့၊ စစ်သားဖြစ်နေပေမယ့် ဒါလောက်တော့ မရူးဘူးကွ"

ပရိသတ်အသံက ထစ်ချွန်းလိုက်ပြန်သည်။ ဂျင်နီသည် ကိုးကွယ်ရာမယ့်သူလို ပြုံးမိသည်။ နောက်ဆုံးတွင် မတတ်နိုင်သည့်အဆုံး၌ မီးမောင်း၏အောက်မှာ မျက်လုံးကို မပွင့်တစ်ပွင့် မှေးမှိတ်ထားရင်း သီချင်းကို စဆိုတော့သည်။

"မောင့်အချစ်ကို ကြိုဆိုနေပါတယ်၊ မောင်ချစ်တာကိုပဲ ခံချင်ပါတယ်၊ မောင်ကလွဲရင် ဖွဲဆန်ကွဲပါကွယ်"

"မောင့်အချစ်ကို ကြိုဆိုနေပါတယ်၊ မောင်ချစ်တာကိုပဲ ခံချင်ပါတယ်"

ပရိသတ်က အသံမျိုးစုံဖြင့် ပြန်အော်ကြသည်။ ဂျင်နီ၏ အသံသည် သူတို့အကြားမှာ ကွယ်ပျောက်သွားသည်။ သူ့ရင်ထဲမှာ ကြောက်ရွံ့စိုးရိမ်လာသည်။ ပရိသတ်၏ အသံစုံကား ကြာလေဆိုးလေ ပါကလား။

## (၁၃)

မောရစ်ဘွန်နာသည် ဟောလီးဝုဒ်စားသောက်ဆိုင်ထဲသို့ ဝင်လာသည်။ သူ့ချိုင်းကြားမှာ အပြာရောင်အဖုံး ဖုံးထားသော အတန်ငယ်ထူသည့် ဇာတ်ညွှန်းစာအုပ်ကို ညှပ်ထားသည်။ စားပွဲထိုးချုပ်က ခေါင်းညွှတ်ပြီး အရိုအသေပြုရင်း ဆီးကြိုနှုတ်ဆက်သည်။

"ကောင်းသောညနေခင်းပါ မစ္စတာဘွန်နာ၊ မစ္စတာပီးယာ့စ် အသင့်စောင့်နေပါတယ်"

စားသောက်ဆိုင်၏ နောက်ဘက် အတွင်းကျကျရှိ အခန်းတစ်ခန်းဆီသို့ သူတို့နှစ်ယောက် လျှောက်သွားကြသည်။ သူ အခန်းတွင်းသို့ ဝင်သွားသည့်အခါ ဟောလီးဝုဒ် အထောက်တော် သတင်းစာကို ဖတ်နေသည့် ဒင်ပီးယာ့စ်က သတင်းစာကို စားပွဲပေါ် သို့တင်ပြီး သူ့ကို မော့ကြည့်သည်။

"ဟဲလို. . . မောရစ်"

ဘွန်နာကလည်း ပြန်နှုတ်ဆက်ရင်း ကုလားထိုင်မှာ ဝင်ထိုင်သည်။

"ကျုပ်တို့ မင်းသမီးအကြောင်း ကြားပြီးပြီလား"

ပီးယာ့စ်က ခေါင်းညိတ်ပြသည်။

"အယ်လ်ပက်ထရိုစယ်လီက ဒီလိုအဖြစ်မျိုး သူ့တစ်သက်မှာ တစ်ခါမှ မကြုံခဲ့ဖူးဘူးလို့ ပြောတယ်။ ပရိသတ်က ဂျင်နီကို စင်ပေါ်က အဆင်းကို မခံဘူးတဲ့။ နောက်ဆုံး ကားပေါ် အတက်မှာ တစ်ယောက်တစ်ချက် ဝိုင်းဆွဲကြတာ ဂျင်နီကိုယ်ပေါ်က အဝတ်အစားတွေ အားလုံး စုတ်ပြုကုန်တာပဲတဲ့။ ဒီနေ့မနက် ဘော့ပ်ဟုပ်က ကျုပ်ကို ဖုန်းဆက်တယ်။ ဒီမင်းသမီးကိုသာ ရုပ်ရှင်ရိုက်ခွင့်ရမယ်ဆိုရင် အချိန်မရွေး သူ လိုချင်ပါတယ်လို့ ပြောတယ်"

ဟု ဘွန်နာက ဆက်ပြောပြသည်။

"ကျွန်တော် ပြောခဲ့တာတွေ မှန်နေပြီပေါ့ဗျာ။ ဂျင်နီဟာ အခုဆိုရင် ရီနာမာလိုးထက်တောင် ပိုပြီး ကြီးကျယ်အောင်မြင်သွားပြီ၊ တစ်ပတ်မှာ တစ်ညတော့ ခင်ဗျား သွားနေတုန်းလား"

ပီးယာ့စ်က မေးသည်။ သူတို့နှစ်ယောက်ကြားမှာ လျှို့ဝှက်မှု မရှိ။ သည်မြို့မှာလည်း လျှို့ဝှက်ထား၍ ရစကောင်းသည် မဟုတ်။ ဘွန်နာက ပြုံးသည်။

"မသွားတော့ပါဘူးဗျာ 'အလင်္ကာမ' ဇာတ်ကားကို နယူးယောက်မှာ ရုံတင်တော့ ကိုးနှစ်က ဂျင်နီနဲ့ စာချုပ်အဟောင်းကို ဆွဲဆုတ်ပစ်ပြီး ကန်ထရိုက်စာချုပ်အသစ် ချုပ်လိုက်တယ်"

"ဘာသဘောလဲ"

"ရှင်းပါတယ်ဗျာ။ တစ်မနက်မှာ ကျုပ်ရုံးခန်းထဲကို ဂျင်နီ ဝင်လာတယ်။ ကျုပ် ဖောင်တိန်ကိုယူပြီး ကန်ထရိုက်စာချုပ်ကို လက်မှတ်ထိုးတယ်၊ ပြီးတော့ သူက ကျုပ်ကို မော့ကြည့်ပြီး ပြောသဗျ။ အခုအချိန်ကစပြီး ဘယ်သူ့ကိုမှ လက်ခံဖို့မလိုတော့ဘူးတဲ့။ ရှင့်ကိုလည်း လက်မခံတော့ဘူးတဲ့။ ပြီးတော့ ကန်ထရိုက်စာချုပ်ကို ကောက်ယူပြီး ကျုပ်အခန်းထဲက ထွက်သွားတော့တာပါပဲ"

ဘွန်နာ၏စကားကို ကြားရသောအခါ ပီးယာ့စ်က ရယ်သည်။

"ကျုပ်တော့ မယုံပါဘူးဗျာ။ တစ်ကြိမ်တုန်းက ပျက်ခဲ့တဲ့ အပျက်မဟာ အမြဲတမ်း အပျက်မပဲ ဖြစ်နေမှာပေါ့၊ အခုမှ သူ့မှာ အားကိုးရှိလာလို့ပါ"

"သိပ်ရှိတာပေါ့၊ ဂျိုနတ်စ်ကော့လေ၊ သူတို့နှစ်ယောက် လက်ထပ်ကြတော့မယ်လို့ ကျုပ် ကြားထားတယ်"

"လည်လွန်းတဲ့ဘီးတော့ ချေးသင့်ပြီပေါ့ဗျာ။ ဒီမိန်းမ အပျက်မဖြစ်ခဲ့တယ်ဆိုတာ သူ မသိဘူးလား"

ပီးယာ့စ်က နာကြည်းသောလေသံဖြင့် ပြောသည်။

"သူ မသိဘူး"

"အဲဒါပေါ့၊ ကိုယ့်ဟာကိုယ် ဘယ်လောက် အထင်ကြီးထားထား၊ ကိုယ့်ထက် လူ့ဝါးဝ သူကတော့ ရှိနေစမြဲပဲဗျ။ အခု ဂျိုနတ်စ် ဘာတွေလုပ်နေသလဲ"

ပီးယာ့စ်က ရယ်ရင်းပြောသည်။

"ငွေကလွဲလို့ သူ ဘာလုပ်မှာလဲ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ အခု ဂျိုနတ်စ် စိတ်ဓာတ်ကျနေတယ်ဗျ"

ဟု ဘွန်နာက ပြောသည်။

"ဘာဖြစ်လို့လဲ"

"အခု စစ်ဖြစ်လာတော့ သူ လေတပ်ထဲကို ဝင်ဖို့ကြိုးစားတယ်။ ဒါပေမယ့် လေတပ်က လက်မခံဘူး။ ဗိုလ်ရာထူးမပေးနိုင်ဘူးလို့ ငြင်းလွှတ်တယ်။ အကြောင်းကတော့ စစ်ထဲကို သူ ဝင်တာထက် အပြင်မှာနေပြီး စစ်တပ်ကလိုတဲ့ လေယာဉ်ပျံတွေ၊ လက်နက်ခဲယမ်းမီးကျောက်တွေ ထုတ်လုပ်ပေးဖို့က ပိုပြီး အရေးကြီးတယ်တဲ့။ ဒါနဲ့ သူ ဝါရှင်တန်ကနေပြီး နယူးယောက်ကိုသွားတယ်။ ဟိုမှာ ရိုးရိုးစစ်သားအဖြစ်နဲ့ သွားဝင်တယ်"

"ဒါပေမယ့် ကနေ့ထက်ထိ သူ အပြင်မှာပဲ မဟုတ်လား"

"ဟုတ်တယ်၊ ဆေးစစ်မအောင်လို့ သူ့ကို လက်မခံဘူး။ သူ့နားက ကောင်းကောင်း မကြားဘူးဆိုလားပဲ။ ဒါကြောင့် သူ ဝင်လို့မရဘူး။ ဒါပေမယ့် နောက်အပတ်ကျရင် သူ့တပည့် ရော်ဂျာဖော်ရက်စတာကို ဗိုလ်မှူးချုပ်ရာထူးပေးပြီး တပ်က ပြန်လက်ခံလိမ့်မယ်"

ဘွန်နာက သူ သိထားသမျှများကို ပြောပြသည်။

"ဒေးဗစ်လည်း စစ်ထဲဝင်တော့မယ်လို့ ကျုပ် ကြားနေတယ်"

"ဟုတ်တယ်၊ သူ ဝင်မယ်ဆိုလည်း ဝင်နိုင်ပါတယ်လေ၊ ကုမ္ပဏီကလည်း တိုးတက်နေပြီ မဟုတ်လား။ နီဗားဒါးလည်း သူ့တိရစ္ဆာန်ရိုင်းပြပွဲကို စစ်ရန်ပုံငွေရဖို့အတွက် ကပြီးလှူနေပြီ"

"ကျုပ် တွေ့ခဲ့ရသမျှ လူတွေကတော့ အလကားလူတွေချည်း ပါပဲ။ ကမ္ဘာကြီးကို ပြားတယ်လို့ ထင်နေတဲ့ လူတွေတောင် ကျုပ် ပတ်လည်မှာ ရှိနေကြသေးတယ်။ ဒီအလုပ် ဒီအကိုင်တွေထဲကို သူတို့ ရောက်လာအောင် ကျုပ်က လုပ်ပေးတယ်။ သူတို့အားလုံးက ကြီးပွားသွားကြတယ်။ ကျုပ်မှာသာ ပွဲစားအလုပ်၊ ကိုယ်စားလှယ်အလုပ်နဲ့ ပြေးလွှားရှုန်းကန်နေရတာပါ"

ဒင်ပီးယာ့စ်က စားပွဲထိုးကို နောက်ထပ် အရက်ထပ်ထည့်ပေးရန် မျက်ရိပ်ပြရင်း နာကြည်းစွာ ပြောနေသည်။

ဘွန်နာက သူ့ကို ကြည့်သည်။ အမှန်တော့ သနားစရာကောင်းသူ မဟုတ်ကြောင်း ဘွန်နာ သိသည်။ သူ့ပါးစပ်က မည်မျှပင် ညည်းညူနေစေကာမူ သူ့ပွဲစားအလုပ်အကိုင်များသည် အလွန် ကောင်းနေ၏။ သူကိုယ်တိုင်လည်း များစွာ ချမ်းသာနေပြီ ဖြစ်သည်။

"ခင်ဗျားအကြောင်းတွေ ကျုပ် သိပါတယ်ဗျာ။ ခင်ဗျား ဒါလောက် ညည်းညူနေရမယ့် လူစားမျိုးလည်း မဟုတ်ပါဘူး။ အခု ခင်ဗျားနဲ့အတူတူ နေ့လယ်စာ လာစားတာဟာ ခင်ဗျား ညည်းတာတွေ နားထောင်ဖို့ မဟုတ်ပါဘူး"

ဘွန်နာ၏စကားကို ကြားသောအခါ ပီးယာ့စ်သည် ချက်ချင်း ရိပ်မိလိုက်၏။ ဘွန်နာ လိုလူတစ်ယောက်နှင့် စိုသောလက် အခြောက်မခံနိုင်။ သူ့မကျေနပ်မှုများကို ဆက်မပြောတော့ဘဲ စကားလမ်းကြောင်း ပြောင်းလိုက်သည်။ လျှို့ဝှက်သည့် ကိစ္စတစ်ရပ်အနေဖြင့်လည်း လေသံကို နှိမ့်ချလိုက်သည်။

"ဇာတ်ညွှန်းကို ဖတ်ကြည့်ပြီးပြီလား"

ဘွန်နာသည် သူ့ဘေးကုလားထိုင်ပေါ်ရှိ ဇာတ်ညွှန်းစာအုပ်ကို ယူပြီးစားပွဲပေါ်သို့ တင်သည်။

"ပြီးပြီ"

"အင်မတန် ကောင်းတယ် မဟုတ်လား"

ပီးယာ့စ်က မေးသည်။ လေသံ၊ ဟန်ပန်အမူအရာ အားလုံးသည် ပွဲစားပုံစံမျိုးပင် ဖြစ်သည်။

"ကောင်းပါတယ်၊ ဒါပေမယ့် လုပ်စရာတွေတော့ အများကြီး ရှိသေးတယ်"

ဘွန်နာက ခေါင်းညိတ်ပြရင်း ပြန်ဖြေသည်။

"ဘယ်ဇာတ်ညွှန်းမဆို ဒီလိုပဲ လုပ်ကြရတာချည်းပါပဲဗျာ။ ဒီဇာတ်ညွှန်းကို ရိုက်မယ်ဆိုရင်တော့ ထိပ်တန်းထုတ်လုပ်သူ လိုတယ်။ ခင်ဗျားလို ကျွမ်းကျင်တဲ့လူ၊ အောင်မြင်တဲ့လူတစ်ယောက်က ထုတ်လုပ်မှဖြစ်မှာ"

"ဒါတွေထားလိုက်စမ်းပါ ဒင်၊ ဒီဇာတ်ညွှန်းကို ရိုက်မယ်ဆိုရင် ဘာလိုတယ်ဆိုတာ ကျုပ်တို့နှစ်ယောက်စလုံး သိပါတယ်။ အံဝင်မယ့် မင်းသမီးကို ကျုပ်တို့ ရမှဖြစ်မှာ၊ အံဝင်မယ့် မင်းသမီး ဘယ်သူဆိုတာလဲ ကျုပ်တို့နှစ်ယောက်စလုံး သိကြတာပဲ"

"ဒင်တန်ပေ့၊ ကျုပ်ကလည်း သူ့ကိုပဲ စဉ်းစားထားတာလေ၊ ဒါကြောင့် ဒီဇာတ်ညွှန်းကို ခင်ဗျားဆီ ယူလာခဲ့တာပေ့၊ ဒင်တန်က ခင်ဗျားတို့ စတူဒီယိုနဲ့ စာချုပ်ထားတာ မဟုတ်လား"

"ဒါပေမယ့် သူ ရိုက်ရမယ့်ကားနဲ့ပတ်သက်ပြီး နောက်ဆုံး အဆုံးအဖြတ်ပေးရမှာက ဂျိုနတ်စ် ဖြစ်နေတယ်။ အတော်ကောင်းတဲ့ ဇာတ်လမ်းပေါင်းများစွာကိုလည်း သူ ပယ်ချခဲ့ပြီးပြီ"

"မင်းသမီးနဲ့ ပတ်သက်ပြီး ဒီငတိ ဘာတွေလုပ်နေသလဲ မသိဘူး။ ကောင်မလေးကို သေတ္တာထဲထည့် သော့ခတ်ပြီး ဝှက်ထားချင်တာလား။ သူတစ်ယောက်တည်း ကိုယ်ပိုင်အတွက် သိမ်းထားချင်တာလား။ အောင်မြင်နေတဲ့ မင်းသမီးတစ်ယောက်ကို ဒီလိုလုပ်လို့ မရဘူးနော်။ တစ်နေ့ကျတော့ ပေါက်ကွဲထွက်ကုန်လိမ့်မယ်"

"ဂျိုနတ်စ်အကြောင်းကို ခင်ဗျားလည်း အသိသားပဲ၊ ဘာဖြစ်လို့ ဒီလိုလုပ်နေတယ်ဆိုတာ ဘယ်သူကမှ မမေးဘူး"

ဘွန်နာက ပခုံးတွန့်ရင်း ပြန်ပြောသည်။

"ဒီဇာတ်ညွှန်းကိုတော့ သူ ကြိုက်ကောင်းပါရဲ့ဗျာ"

"ကြိုက်တယ်ပဲထားဦး၊ ဒီကိစ္စမှာ ခင်ဗျားက ပွဲစားဆိုတာ သူ သိတာနဲ့တစ်ပြိုင်တည်း ပြတင်းပေါက်ကနေ အားလုံးကို လွှင့်ပစ်လိုက်လိမ့်မယ်"

"ကောင်မလေးက ဒီဇာတ်ညွှန်းကို သူ ရိုက်ချင်ပါတယ်လို့ ပြောရင်ကော၊ ကောင်မလေးက သူ့ကို အတင်းအကျပ် ပြောရင်ကော"

"ခင်ဗျား တွေးထားတာလည်း သိပ်မဆိုးပါဘူး။ ဒါပေမယ့် ကျုပ်ကိုယ်တိုင်တော့ ကောင်မလေးကို မပြောချင်ဘူး။ ဘယ်ဇာတ်ညွှန်းနဲ့မှ မပတ်သက်ချင်တော့ဘူးဗျာ။ ဒီအလုပ်က ဘယ်လောက် ကောင်းနေနေ နောက်တစ်ခုက ပိုကောင်းနိုင်တယ်ဆိုတာမျိုးချည်း တွေ့နေရတယ်"

ပီးယာ့စ်က ဘွန်နာကို ကြည့်နေသည်။ သူ့နှုတ်ခမ်းများကို တင်းတင်းစေ့ထားသည်။

"ကောင်မလေး ကျုပ်တို့ဘက်ပါလာအောင်၊ ကျုပ်တို့ ခိုင်းတာလုပ်အောင် ဘယ်လို လုပ်ရမယ်ဆိုတာ ကျုပ် ကြံထားတာရှိတယ်။ ကျုပ် လက်ထဲမှာ"

ဘွန်နာက သူ့စကားကို အဆက်မခံဘဲ ဖြတ်ပြောသည်။

"ကျုပ်ကို မပြောပါနဲ့၊ အောင်မြင်လာတယ်ဆိုရင်လည်း အောင်မြင်ပါပေ့လားဆိုပြီး အံ့အားပဲ သင့်ပါရစေတော့။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာအကြောင်းတိုမှ ကျုပ် မသိချင်ဘူး"

ပီးယာ့စ်သည် ဘွန်နာကို ခဏစိုက်ကြည့် နေသေးသည်။ ပြီးမှ ကုလားထိုင်ပေါ်မှာ သူ့ကိုယ်ကို သက်သာသလိုပြင်ထိုင်ရင်း အစားအသောက်စားရင်း စာအုပ်ကို ကောက်ကိုင်သည်။

"ကောင်းပြီ မောရစ်၊ ကဲ. . . ခင်ဗျား ဘာစားမလဲ"

ဟု မေးရင်း ပြုံးနေသည်။

* * *

စတူဒီယိုမှ အိမ်သို့ ဂျင်နီ ပြန်ရောက်လာသောအခါ စာတိုက်မှစာများ စားပွဲပေါ်မှာ ရောက်နေသည်ကို တွေ့ရသည်။ စားပွဲသို့သွားပြီး ထိုင်သည်။

"ရှစ်နာရီခွဲမှာ ညစာစားမယ်၊ မစားခင် ရေချိုးပြီး ခဏလောက် နားလိုက်ဦးမယ်"

ဂျင်နီ၏စကားကို ကြားသောအခါ မက်ဆီကန်အဘွားကြီးက အရိုအသေပြုပြီး တစ်နေရာသို့ ထွက်သွားသည်။

စားပွဲပေါ်သို့ ဂျင်နီက ပြန်ကြည့်သည်။ စာအိတ်နှစ်အိတ်ကို တွေ့ရသည်။ တစ်အိတ်ကကြီးကြီး။ အထဲမှာ ဇာတ်ညွှန်းပဲဖြစ်မည်ကို သိသည်။ နောက်တစ်အိတ်က ရိုးရိုးစာ။ ဂျင်နီက ရိုးရိုးစာအိတ်ကို အရင် ဖောက်သည်။ ထွက်လာသည့် စာရေးစက္ကူထိပ်တွင် စိန့်မေရီ သူနာပြု အတတ်သင်ကောလိပ် ဟူသော စာတမ်းကို တွေ့ရသည်။ ဂျင်နီ၏ မျက်လုံးများ အရောင်တောက်လာသည်။ အထက်တန်းသူနာပြုဆရာမကြီး သီလရှင်ခရစ္စတိုဖာထံမှ ဖြစ်သည်။

*ချစ်သော ဂျင်နီ*

*မင်းကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ကို မင်း စီစဉ်ပေးတဲ့အတွက် စိန့်မေရီ ကောလိပ်ကျောင်းမှာ အထူးပွဲ ပြသနိုင်ခဲ့ပါတယ်။ ဒီစာဟာ မင်း အဲဒီလို စီစဉ်ပေးတဲ့အတွက် ကျောင်းသူတွေနဲ့ စိန့်မေရီကောလိပ်က သီလရှင်တွေ၊ ဆရာမတွေနဲ့ အမှုထမ်းတွေအားလုံးက မင်းကို ကျေးဇူးတင်မဆုံးကြကြောင်း ဖော်ပြလိုတဲ့အတွက် ရေးလိုက်ခြင်း ဖြစ်ပါတယ်။*

*မာသာကြီးကိုယ်တိုင်၊ သီလရှင်များအားလုံး၊ နောက်ပြီးတော့ မိမိကိုယ်တိုင်ဟာ ဘုရားသခင်ရဲ့ မေတ္တာတော်အနန္တရဲ့ အရိပ်အာဝါသအောက်မှာ အေးချမ်းစွာ ခိုလှုံခွင့်ကို ရနေကြပါတယ်။ မင်း ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ထဲမှာ ဘုရားသခင်ရဲ့ မေတ္တာတော်အနန္တကို ဖော်ကျူးထားတာ တွေ့ရတာရယ်၊ ဒီမေတ္တာတော်အနန္တကို မင်း ရယူနိုင်ဖို့ ကြိုးစားတာရယ်တွေကို တွေ့ရတော့ တို့အားလုံး ဝမ်းမြောက်မဆုံး၊ ပီတိဖြစ်မဆုံး ရှိကြပါတယ်။ ရုပ်ရှင်ကို ကြည့်နေရတဲ့အခါမှာ ဘာကိုမှ သတိမရနိုင်တော့ဘဲ မေရီမဂ္ဂဒါလင်း ဆွဲခေါ်ရာနောက်ကိုသာ ပါသွားကြပါတယ်။ ဒီရုပ်ရှင်ကို ကြည့်ကြရသူတိုင်း ဘုရားသခင်ရဲ့ လုံခြုံစိတ်ချရတဲ့ အရိပ်အာဝါသတော်၊ ကြီးမားတဲ့ အနန္တမေတ္တာတော်များကို တွေ့မြင်ခံစားကြရမှာ မလွဲတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။*

*ခွဲစိတ်ခန်းသွားဖို့ အချိန်ကျနေပြီဖြစ်တဲ့ စစ္စတာရဲ့စာကို ဒီလောက်နဲ့ပဲ အဆုံးသတ်ပါရစေတော့။ စစ်စတင်ဖြစ်ကတည်းက စစ္စတာတို့ကျောင်းမှာ ရှိသူတွေရော၊ ဆေးရုံမှာရှိသူတွေရော အားလုံး တာဝန်ကို နှစ်ဆထမ်းဆောင်နေကြရပါတယ်။ ဘာကြောင့်လဲဆိုတော့ လူမလုံလောက်၊ ငွေကြေးမလုံလောက်တဲ့အတွက် ရှိတဲ့လူတွေနဲ့ပဲ အစွမ်းကုန် လုပ်နေကြရပါတယ်။ ဒါပေမယ့် ဘုရားသခင်ကတော့ စစ္စတာတို့ရဲ့ အပင်ပန်းခံကြိုးစားမှုကို ကောင်းချီးပေးသနားတော်မူမှာ သေချာပါတယ်။*

*မာသာကြီးက မင်းကို ဘုရားသခင် စောင့်ရှောက်ပါစေကြောင်း၊ မင်းရဲ့ လုပ်ငန်းအသစ်မှာ ဆတက်ထမ်းပိုး အောင်မြင်ပါစေကြောင်း ဆုတောင်းတဲ့ အကြောင်း ထည့်ရေးပေးဖို့ အမှာရှိပါတယ်။*

*ဘုရားသခင်၏ ကောင်းချီးပေးသနားခြင်းကို ခံယူရရှိပါစေ*

*စစ္စတာ၊ အမ်၊ ခရစ္စတိုဖာ*

စာကိုဖတ်ရင်း စစ္စတာခရစ္စတိုဖာ၏ ရုပ်လွှာကို ဂျင်နီ ပြန်လည်မြင်ယောင်လာသည်။ ကောလိပ်ကျောင်းမှာ နေခဲ့ရသည့်အချိန်က အဖြစ်အပျက်ကလေးများကို သတိရလာသည်။ ဆေးရုံမှာ လက်တွေ့သင်တန်းဆင်းသည့် အခါများတွင် ရှူရှိုက်ခဲ့ရသည့် ဆေးရုံ၏ အနံ့ကလေးများကို ပြန်လည်ရှူရှိုက်နေမိသည်။

စာစောပိုင်းက စာကောင်းစွာ မလိုက်နိုင်သည့်အတွက် ဂျင်နီသည် စိတ်အားငယ်ပြီး ငိုခဲ့ရဖူးသည်။ စစ္စတာခရစ္စတိုဖာက သူ့ကိုလာပြီး နှစ်သိမ့်အားပေးခဲ့သည်။

"အလုပ်ကြိုးစား၊ စာကြိုးစား၊ မှန်မှန်ဘုရားဝတ်ပြု ဂျင်နီ၊ အရာရာ အဆင်ပြေလာလိမ့်မယ်။ မင်း မလိုက်နိုင်ဘူးဆိုတဲ့ သင်ခန်းစာတွေကိုလည်း မင်း လိုက်နိုင်လာပါလိမ့်မယ်"

ဟု သူ့ကို ပြောခဲ့သည့် စကားများကိုလည်း ပြန်လည် ကြားယောင်လာသည်။

စစ္စတာခရစ္စတိုဖာသည် အလွန် အလုပ်လုပ်နိုင်သည်ကို တွေ့သောအခါ ဂျင်နီလည်း အားမာန်များ ပြန်ပြည့်လာသည်။ ကျောင်းသူများကိုလည်း အတန်းမပျက်ရအောင် စစ္စတာက စာသင်ပေးနိုင်သည်။ ဆေးရုံတွင်လည်း တာဝန်များ မလစ်ဟင်းအောင် ထမ်းဆောင်နိုင်သည်။ နေ့ဖြစ်ဖြစ်၊ ညဖြစ်ဖြစ် ဂျင်နီ တာဝန်ထမ်းဆောင်နေသည့် အချိန်တိုင်းမှာလည်း စစ္စတာခရစ္စတိုဖာသည် မိမိအနီးတွင် အမြဲရှိနေသည်ကို တွေ့ရသည်။

ဂျင်နီသည် စီးကရက်လှမ်းယူကာ မီးညှိဖွာနေသည်။ စစ္စတာခရစ္စတိုဖာတို့ မည်မျှလောက် ပင်ပန်းနေကြမည်ကို သူ စဉ်းစားကြည့်နေသည်။ စစ္စတာသည် အလုပ်နှင့်ပတ်သက်၍ ညည်းလေ့ညည်းထ မရှိ။

ကိုယ့်ဘဝကို ကိုယ်ပြန်ပြီး ဂျင်နီ စဉ်းစားနေမိသည်။ မိမိဘဝသည် အရာရာ အဆင်ပြေနေသည်။ အလွန်လည်း သက်သောင့်သက်သာ ဖြစ်နေသည်။ သူ့လက်ကလေးများကို သူ ပြန်ကြည့်မိ၏။

တစ်ရံရောအခါတုန်းက လူနာများ သက်သာစေရန် ဆေးထိုးအပ်ကိုကိုင်ခဲ့သည့် လက်ချောင်းကလေးများ။ ဝေဒနာရှင်များ သက်သာရာရစေရန် ပတ်တီးစည်းခဲ့သည့် လက်ချောင်းကလေးများ။

ယခု ထိုလုပ်ငန်းများနှင့် ဘာမှ မပတ်သက်တော့။ စစ္စတာတို့ကို သူ တတ်နိုင်သည့် ဘက်မှ ကူညီလိုစိတ်ပေါ်လာသည်။

ချက်ချင်းပင် တယ်လီဖုန်းကို ကောက်ကိုင်ကာ နံပါတ်များကို ခပ်မြန်မြန် လှည့်သည်။

"ရှိဇာလား၊ ဂျင်နီ စကားပြောနေတယ်"

"နေကောင်းရဲ့လား ဂျင်နီ၊ ဘော့ပ်ဟုပ် ဖျော်ဖြေရေးပွဲမှာ အမေရိကန်ပြည်ထောင်စုရဲ့စစ်တပ်ကြီး ကျွမ်းထိုးမှောက်ခုံဖြစ်သွားအောင် မင်း ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ ဒေးဗစ် ပြောပြလို့ သိရတယ်"

ဂျင်နီက ရယ်သည်။

"စစ်သားတွေက မိန်းမနဲ့ မတွေ့ကြရတာ ကြာပြီ မဟုတ်လား"

"ကိုယ့်ကို မလှိမ့်ပါနဲ့ကွာ၊ မင်းဟာ သိပ်အောင်မြင်တယ်လို့ သတင်းစာတွေကလည်း ရေးနေကြတာပါ"

"သတင်းစာတွေထဲမှာ အဲဒီလိုပါလာအောင် ဒေးဗစ်က လုပ်တယ်ဆိုတာရော ကိုယ့်ကို ပြောမပြတော့ဘူးလား ရှိဇာ"

"ပြောတာပေါ့ကွယ်၊ အိမ်ရှင်မဆိုတာ ကိုယ့်ယောက်ျားရဲ့ အလုပ်အကြောင်းကိုလည်း သိထားဖို့လိုတယ် မဟုတ်ဘူးလား"

"ဘာနီလေးရော နေကောင်းရဲ့လား"

"တစ်ညလောက် မင်း ကိုယ်တိုင်လာပြီး ညစာစားရင်း ကြည့်ပါလားဂျင်နီ၊ မဆုံကြတာ ကြာလှပြီ"

"ကိုယ် မကြာခင်လာပါ့မယ် ရှိဇာ"

"ဒေးဗစ်နဲ့ စကားပြောချင်သေးသလား"

"အိမ်မှာ သူ ရှိနေရင်ပေါ့လေ"

ဂျင်နီက ယဉ်ကျေးစွာပင် ပြန်ပြောသည်။

"ဒါပဲနော်၊ ညစာလာစားမယ်ဆိုတာ တကယ် မကြာခင်လား။ ဟောဒီမှာ ဒေးဗစ် လာပြီ"

ရိုဇာက ပြောရင်း ဒေးဗစ်ကို ဖုန်းပြောင်းပေးခဲ့သည်။

"နော်မန်စတူဒီယိုအဖို့ ဘယ်လောက် ဂုဏ်ယူစရာကောင်းပြီး ဘယ်လောက် ပျော်စရာ ကောင်းသလဲ ဂျင်နီ"

"ကောင်းပါတယ်၊ ကျွန်မ အိမ်ကိုဖုန်းဆက်ပြီး နှောင့်ယှက်ရတာ ဝမ်းနည်းပါတယ် ဒေးဗစ်၊ ဒါပေမယ့် ကျွန်မမှာ ပြဿနာကလေး တစ်ခုရှိနေလို့၊ ရှင် ကျွန်မကို အကြံပေးနိုင်မယ် ထင်တယ်"

"သေချာပါတယ်"

ဒေးဗစ်က လေးလေးနက်နက် ပြန်ပြောသည်။

"ကျွန်မ စိန့်မေရီသူနာပြုအတတ်သင်ကောလိပ်ကို ပညာသင်ဆုရလို့သွားပြီး တက်ခဲ့ ဖူးတယ်။ ဒါကြောင့် ကျွန်မ ရနေတဲ့လစာထဲက တတ်နိုင်သလောက် အပတ်စဉ် လှူချင်တယ်။ ကျွန်မအပေါ်မှာ သူတို့ရဲ့ ကျေးဇူးက သိပ်ကြီးပါတယ်။ ကျွန်မက ဒါလောက် ပြန်လှူတာဟာ တကယ်တော့ သူတို့ကျေးဇူးနဲ့စာရင် မဖြစ်လောက်သေးပါဘူး"

ဒေးဗစ်က ရယ်သည်။

"အင်မတန် လွယ်ပါတယ်။ မနက်ဖြန်မနက်ကျတော့ ကိုယ့်ရုံးကို စာကလေး တစ်စောင် ရေးပြီး ပို့လိုက်၊ အပတ်စဉ် ဘယ်လောက် လှူရမယ်ဆိုတာ ထည့်ရေးလိုက်ပါ။ ကျန်တာတွေ ကိုယ်တို့ ဆက်လုပ်လိုက်ပါ့မယ်၊ နောက်ထပ် ဘာပြောစရာရှိသေးသလဲ"

"မရှိတော့ပါဘူး၊ ဒါပါပဲ"

"ကောင်းပါပြီ၊ ဒါဖြင့်ရင် ရိုဇာ ပြောသလို မင်း ညစာလာစားမယ် မဟုတ်လား"

"မကြာခင် ကျွန်မ လာပါ့မယ် ဒေးဗစ်၊ ဒါပါပဲနော်"

ဂျင်နီက ဖုန်းကို ပြန်ချလိုက်သည်။ စစ္စတာခရစ္စတိုဖာ၏စာကို ပြန်ကြည့်သည်။ သူ့စိတ်ထဲမှာ အများကြီး ချမ်းသာပေါ့ပါးသွားသည်။ ကျောင်းမှာသော် လည်းကောင်း၊ ဆေးရုံမှာ သော် လည်းကောင်း မိမိကိုယ်တိုင် သွားရောက်လုပ်အားပေးနိုင်ခြင်း မရှိလင့်ကစား မိမိ ပေးပို့ လှူဒါန်းသည့် ငွေသည် အထိုက်အလျောက်တော့ အသုံးဝင်ပေလိမ့်မည်။

ခရစ္စတိုဖာ၏ စာကို ပြန်ချပြီး စာအိတ်ကြီးကို ကောက်ဖွင့်သည်။ သူ ထင်သည့် အတိုင်းပင် ဇာတ်ညွှန်း ဖြစ်သည်။ အတန်ငယ် ရှည်သည်။ အဖုံးအပြာပေါ်တွင် ရေးထားသည့် စာတန်းကို သိချင်ဇောဖြင့် ဖတ်ကြည့်သည်။

အေဖရိုဒိုက်

ပီရီလူဝီစ်၏ ဝတ္ထုကို ဇာတ်ညွှန်းပြန်လည်ရေးသားသည်။

ဟူသော စာတန်းကို တွေ့ရသည်။ ပထမစာမျက်နှာကို လှန်လိုက်စဉ်မှာပင် စာရွက် တိုကလေးတစ်ခု ကျလာသည်။ စာမှာ လိုရင်းကို တိုတိုရေးထားသည်။

*ခင်မင်ရင်းနှီးသော မစ္စဒင်တန်*

*ရုပ်ရှင်တစ်ကားကို မင်း ရိုက်ခဲ့သည်မှာ အချိန် အလွန် ကြာညောင်း သွားပါပြီ။ အလင်္ကာမ ဇာတ်ကားကို မီနိုင်သည့် ဇာတ်လမ်းမျိုး တွေ့သည်အထိ စောင့်နေသည်ဟုလည်း ကျုပ် ယုံကြည်ပါသည်။*

*ယခု ပေးပို့လိုက်သော အေဖရိုဒိုက် ဇာတ်လမ်းသည် မစ္စဒင်တန် စောင့် မျှော်ရှာဖွေနေသည့် ဇာတ်လမ်း ဖြစ်ရမည်ဟု ယုံကြည်ပါသည်။ ယခု ဇာတ်လမ်း သည် မင်း၏ အောင်မြင်မှုကို ထပ်ဆင့်မြှင့်တင်ပေးမည့် ဇာတ်လမ်းလည်း ဖြစ်သည် ဟု ယုံကြည်ပါသည်။ အကြောင်းပြန်ပါရန် စောင့်မျှော်နေပါမည်။*

*ရင်းနှီးစွာဖြင့်*

*ဒင်ပီးယာ့စ်*

စာတိုကလေးကို ခေါက်ပြီး ဇာတ်ညွှန်းစာအုပ်ကြားမှာ ပြန်ညှပ်ထားလိုက်သည်။

ဒင်ပီးယာ့စ်သည် အလွန် လည်သူတစ်ယောက် ဖြစ်သည်။ ထုံးစံအတိုင်း သည်ဇာတ်ညွှန်းကို စတူဒီယိုသို့ ပို့ပေးခြင်းထက် မိမိထံသို့ တိုက်ရိုက်ပို့ခြင်းက ပိုကောင်းကြောင်း သူ သိသည်။ ဂျင်နီသည် ဇာတ်ညွှန်းစာအုပ်ကို ကောက်ယူပြီး အပေါ် ထပ်သို့ တက်ခဲ့သည်။ ညစာစားပြီးလျှင် အိပ်ရာထဲမှာ ဖတ်ရမည်။

(၁၄)

ခင်မင်သော မစ္စတာပီးယာ့စ်

*ယခု ကျွန်မ ပြန်ပို့ပေးလိုက်သည့် အေဖရိုဒိုက် ဇာတ်ညွှန်းကို ကျွန်မထံသို့ ပို့ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ အလွန် စိတ်ဝင်စားစရာကောင်းသည့် ဇာတ်ညွှန်း ဖြစ်ပါသည်။ သို့သော်လည်း ကျွန်မ ပါဝင်သရုပ်ဆောင်သင့်သည့် ဇာတ်ညွှန်းတစ်ခု မဟုတ်သေးပါ။*

*ဂျင်နီဒင်တန်*

သည်ဇာတ်ညွှန်းကို ပယ်ချလိုက်သည်မှာ မှန်မှမှန်ရဲ့လားဟု ဂျင်နီ စဉ်းစားနေမိသည်။ သည်ဇာတ်ညွှန်းနှင့် ပတ်သက်ပြီး သူ့စိတ်ထဲမှာ ဝေခွဲမရအောင် ဖြစ်နေသည်။ ပထမဦးဆုံးည အိပ်ရာထဲမှာ ဖတ်စဉ်က လက်မှချ၍မရခဲ့။ ဇာတ်ညွှန်းကို ဖတ်နေရင်းဖြင့် ချာလီစတင်းဟတ်စ်ဟ် ပြောပြခဲ့သည့် အကြောင်းများကို ပြန်သတိရနေမိသည်။

ဖျော်ဖြေရေးတာဝန်ကို ထမ်းဆောင်နေသည့် မိန်းကလေး။ ကမ္ဘာကို အုပ်ချုပ်နေသူများ စိတ်ချမ်းသာမှုရအောင် ဖျော်ဖြေပေးနေသည့် မိန်းကလေး။ သည်အကြောင်းများကို အခြေခံပြီး ရေးထားသည့် ဇာတ်ညွှန်း ဖြစ်သည်။ ဇာတ်လမ်းကို နောက်တစ်ကြိမ် ပြန်ဖတ်မိလေ၊ ပို၍ စိတ်ဝင်စားလေ ဖြစ်နေသည်။

လက်မခံနိုင်စရာ၊ ကန့်ကွက်စရာဆို၍ တစ်ကြောင်းတစ်ပါဒမျှပင် မတွေ့။ ပရိသတ်ကို ကောင်းစွာ ဖမ်းယူနိုင်သည့် ဇာတ်လမ်း ဖြစ်သည်။ ဖတ်ရင်း အိပ်ပျော်သွားသည်။ စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်ရင်း အိပ်ပျော်သွားခြင်း ဖြစ်သည်။ နောက်တစ်နေ့မနက် အိပ်ရာမှ နိုးသော အခါတွင်လည်း စိတ်ထဲမှာ တစ်မျိုးတစ်ဖုံ အနှောင့်အယှက် ဖြစ်နေသည်။

မနက်ပိုင်းတွင် စတူဒီယိုသို့ ရောက်သောအခါ မှုရင်းဝတ္ထုငှားရန် စာကြည့်တိုက်သို့ အကြောင်းကြားခဲ့သည်။ တစ်နေကုန် မူရင်းဝတ္ထုကို ထိုင်ဖတ်နေမိသည်။ အလွန်လည်း သဘောကျသည်။ ဝတ္ထုက ကဗျာဆန်သည်။

အလွန် အောင်မြင်သည့် ရုပ်ရှင်ကားကောင်းတစ်ကား ဖြစ်လာမည်မှာ မြေကြီးလက်ခတ် မလွဲကြောင်းကိုလည်း ဂျင်နီ သိသည်။ မိမိ ကြုံခဲ့ရသည့်ဘဝနှင့် ထပ်တူလောက်နီးနီးဖြစ်သော ဇာတ်လမ်း ဖြစ်သည်။ မိမိဘဝသည် ကြေးကြီးစား ပြည့်တန်ဆာ ဖြစ်ခဲ့ရသည်။ ထိုမှ တစ်ဆင့် အောင်မြင်ကျော်ကြားသော ရုပ်ရှင်မင်းသမီး ဖြစ်လာသည်။ အေဖရိုဒိုက်သည်လည်း ထိုအတိုင်း ဖြစ်သည်။

စာအိတ်ကို စားပွဲပေါ် ပြန်ချရင်း လူခေါ် ခေါင်းလောင်း တီးလိုက်ချိန်မှာပင် တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ တယ်လီဖုန်း ကောက်ကိုင်ပြီး တစ်ဖက်မှအသံကို ကြားသည်နှင့်တစ်ပြိုင်တည်း အသံရှင်ကို သူ မည်မျှ လွမ်းနေခဲ့ရကြောင်း၊ သူနှင့် ကင်းကွာမနေနိုင်ကြောင်းကို ဂျင်နီ ချက်ချင်း သဘောပေါက်လိုက်လေတော့သည်။

"ဂျိုနတ်စ် အခု ဘယ်မှာလဲ၊ ဘယ်လိုလုပ် ရောက်လာတာလဲ"

"ဘားဘင့်စက်ရုံမှာ ကိုယ် ရှိနေတယ်၊ မင်းကို တွေ့ချင်တယ်"

"အို ဂျိုနတ်စ်၊ ကျွန်မလည်း မောင့်ကို တွေ့ချင်နေတာပါပဲကွယ်၊ မောင်နဲ့ မတွေ့ရတာ ဘယ်လောက် ကြာနေပြီလဲ"

"ဒါဖြင့်ရင် ညထိအောင် ဘာလို့စောင့်နေမှာလဲ၊ မင်း ကိုယ့်ဆီကိုလာပြီး နေ့လယ်စာ မစားနိုင်ဘူးလား"

"အို. . . သိပ်လာနိုင်တာပေါ့"

"ဒါဖြင့် တစ်နာရီ"

"ကျွန်မ မောင့်ရှေ့ကို ရောက်နေမယ်"

ဂျင်နီက ဖုန်းကို ပြန်ချထားခဲ့သည်။

* * *

"မင်း သွားနိုင်ပြီ ဂျွန်၊ တို့ဟာတို့ပဲ လုပ်ပါ့မယ်"

"ကောင်းပါပြီ မစ္စတာကော့"

ရုံးလုလင်ကလေးက ဂျင်နီကို ကြည့်သည်။ ပြီးတော့ ဂျိုနတ်စ်ကို လှည့်ကြည့်ရင်း ခပ်အမ်းအမ်း ပြောသည်။

"ဟိုဟာ. . . ဟိုဟာ မစ္စဒင်တန်ကို အော်တိုမှာ လက်မှတ်ထိုးခိုင်းရင် ကျွန်တော် နောင့်ယှက်ရာများ ကျနေမလား ခင်ဗျာ"

ဂျိုနတ်စ်က ရယ်သည်။

"သူ့ကို မေးကြည့်လေကွာ"

ရုံးလုလင်ကလေးက ဂျင်နီကို ကြည့်သည်။ ဂျင်နီက ပြုံးပြီး ခေါင်းညိတ်ပြသည်။ ရုံးလုလင်က သူ့အိတ်ထဲမှ စာရွက်နှင့်ခဲတံကို ထုတ်ပေးသောအခါ ဂျင်နီက လက်မှတ်ထိုးပေး သည်။

"ကျေးဇူးတင်ပါတယ် မစ္စဒင်တန်"

ဂျင်နီက ရယ်နေသည်။ အခန်းတံခါး ပိတ်သွားသည်။

"အော်တိုမှာ လက်မှတ်ထိုးတိုင်း ကိုယ့်ကိုယ်ကိုများ ရှင်ဘုရင်မကြီး ဖြစ်နေသလားလို့ စိတ်ထဲမှာ ခံစားရတယ်"

ဂျင်နီသည် ရယ်ရင်းပင် ရုံးခန်းကို မျက်လုံးကစားပြီး သေသေချာချာ ကြည့်နေသည်။

"တော်တော် ကောင်းတယ်နော်"

"ကိုယ့်ရုံးခန်း မဟုတ်ပါဘူး။ ဖော်ရက်စတာရဲ့ အခန်း၊ သူ မရှိတုန်း ကိုယ်က ခဏ သုံးတာ"

ဂျိုနတ်စ်က ပန်းကန်နှစ်ခုထဲသို့ ကော်ဖီထည့်ရင်း ပြောသည်။

"အို. . . မောင့်ရုံးခန်းက ဘယ်မှာလဲ"

"ကိုယ့်မှာ ရုံးခန်းရယ်လို့ မရှိပါဘူး။ နီဗားဒါးပြည်နယ်က စက်ရုံမှာ ဖေဖေ သုံးခဲ့တဲ့ ရုံးခန်းရှိတယ်။ အဲဒီ အခန်းကိုပဲ ကိုယ့်ရုံးခန်းအဖြစ် ဆက်သုံးနေတယ်။ ကိုယ်က တစ်နေရာတည်း မှာ ကြာကြာနေတာ မဟုတ်တော့ ကိုယ်ပိုင်ရုံးခန်းထားနေဖို့ မလိုတော့ဘူး မဟုတ်လား"

ဂျိုနတ်စ်သည် ကုလားထိုင်တစ်လုံးကို ဆွဲယူကာ ဂျင်နီ အနားမှာ လာထိုင်သည်။ ကော်ဖီကို သောက်နေရင်း ဂျင်နီကို ခပ်အေးအေး ကြည့်နေမိသည်။ သူ ကြည့်နေသဖြင့် ဂျင်နီသည် မနေတတ်မထိုင်တတ် ဖြစ်လာ၏။

"ကျွန်မကို ကြည့်ရတာ ဘယ်လိုများ ဖြစ်နေသလဲ၊ မိတ်ကပ်တွေနဲ့ ကြည့်မကောင်း များ ဖြစ်နေသလား"

"မဖြစ်ပါဘူး၊ ကြည့်လို့ကောင်းပါတယ်"

ဂျိုနတ်စ်က ခေါင်းကို ယမ်းပြရင်း ပြုံးနေသည်။

ဂျင်နီသည် ကော်ဖီကို သောက်နေ၏။ သူတို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်နေသည်။

"မောင် ဘာတွေများ လုပ်နေသလဲ"

"စဉ်းစားနေတာပဲ များပါတယ်၊ အထူးသဖြင့် တို့နှစ်ယောက်အကြောင်းပေါ့၊ ဒီတစ်ခါ မင်းနဲ့ခွဲပြီး သွားရတဲ့အခါမှာ ကိုယ့်စိတ်ထဲမှာ တစ်ယောက်ထီးတည်းလို ဖြစ်နေတယ်။ အဖော် မရှိသလို ဖြစ်နေတယ်၊ ကိုယ့်ဘဝမှာ ပထမဦးဆုံး ဒီလိုစိတ်မျိုး ဖြစ်လာတာပဲ၊ ဘာတစ်ခုမှ အဆင်မပြေဘူး။ တခြား ဘယ်မိန်းမကိုမှလဲ မကြည့်ချင်ဘူး။ မင်းကိုပဲ ကြည့်ချင်နေတယ်၊ မြင်ချင်နေတယ်၊ သွားလည်း ဒီစိတ်၊ စားလည်း ဒီစိတ် ဖြစ်နေမိတယ်"

ဂျင်နီ၏ ရင်ထဲမှာ လှိုက်ဖိုလာသည်။ အင်အားများ ကုန်ခန်းလာသည်။ ထိုင်နေရာမှ ရွေ့မည်ဆိုလျှင်ပင် ရွေ့နိုင်လောက်သည့် အင်အားများ မရှိကြတော့ဟု သူ ထင်မိသည်။ ဂျိုနတ်စ်သည် အိတ်ထဲသို့နှိုက်ပြီး ဘူးသေးသေးကလေးကို ထုတ်ယူသည်။ ဂျင်နီကို လှမ်းပေး

သည်။ ဂျင်နီက ငုံ့ကြည့်သည်။ ရွှေစာလုံး သေးသေးကလေးများက သူ့ကို ပြန်ကြည့်နေကြသည်။

*ဗင်ကလိပ်ဖ်နှင့် အာပယ်လ်စ်*

နာမည်ကျော် ရွှေပန်းထိမ်ဆရာများ ဖြစ်သည်။

ဘူးငယ်ကလေးကို ဖွင့်သောအခါ ဂျင်နီ၏ လက်ချောင်းကလေးများ တဆတ်ဆတ် တုန်နေသည်။ အသည်းပုံစိန်တုံးမှ အရောင်များ တဖျတ်ဖျတ် တောက်ပလာသည်။

"မင်းနဲ့ ကိုယ် လက်ထပ်ချင်တယ်"

ဂျိုနတ်စ်က နူးနူးညံ့ညံ့ပင် ပြောသည်။

ဂျင်နီ၏ တစ်ကိုယ်လုံးရှိသွေးများ ဆူလာသည်။ ရင်ထဲမှာ မီးတောက်သလို ခံစားရသည်။ သူ့ကို မော့ကြည့်တော့ ဝမ်းသာမျက်ရည်များက ဂျင်နီ၏ မျက်လုံးထဲမှာ ပြည့်နေသည်။ နှုတ်ခမ်းများ တဆတ်ဆတ် လှုပ်လာသည်။ သို့သော် သူ စကားမပြောနိုင်။ ပြောနိုင်သည့် အင်အားလည်း မရှိတော့။

သည်အကြောင်း မနက်ဖြန်ကျတော့ သတင်းစာများ၏ မျက်နှာဖုံးသတင်း ဖြစ်နေတော့သည်။

ဂျင်နီ၏ အခန်းထဲမှ တယ်လီဖုန်းသည် တစ်မနက်စာလုံး အဆက်မပြတ် မြည်နေသည်။ မတတ်နိုင်သည့်အဆုံးတွင် မိမိ တယ်လီဖုန်းကို လုံးဝ ဆက်မပေးတော့ရန် အော်ပရေတာကို ပြောရတော့သည်။ အော်ပရေတာ၏အသံသည် ယခင်က မရှိခဲ့ဘူးသည့် လေးစားသည့် အသံမျိုး ဖြစ်နေသည်။ ဖုန်းကို ပြန်ချခါနီးမှာပင် အော်ပရေတာ၏ အသံကပေါ်လာသည်။

"မစ္စဒင်တန်"

"ပြောပါ"

"ကျွန်မတို့ အိပ်ချိန်းမှာရှိနေကြတဲ့ အမျိုးသမီးအားလုံးက မစ္စဒင်တန်တို့ ကံကောင်းကြပါစေလို့ ဆုတောင်းပါတယ်"

ဂျင်နီ၏စိတ်ထဲမှာ အလွန် ပျော်သွားသည်။ တစ်ကိုယ်လုံးလည်း နွေးခနဲ ဖြစ်သွားသည်။

"ကျေးဇူးတင်ပါတယ်"

ထိုနေ့ ညနေပိုင်းတွင် ရိုဇာ ဖုန်းလှမ်းဆက်သည်။

"မင်းတို့နှစ်ယောက်စလုံးအတွက် ကိုယ် သိပ်ဝမ်းသာတာပဲ"

"ကိုယ့်စိတ်ထဲမှာတော့ ယောင်တိယောင်ကန်းကြီး ဖြစ်နေတယ် ရိုဇာရယ်"

ဂျင်နီက ရယ်ရင်း ပြန်ပြောသည်။ သူ့လက်ပေါ်မှာ အရောင်တဖျတ်ဖျတ် တောက်ပနေသည့် စိန်လက်စွပ်ကလေးကိုလည်း ကြည့်နေမိသည်။

"ညစာစားဖို့ ဖိတ်ထားတဲ့အကြောင်း မင်း သိပြီးပြီလား ဂျင်နီ"

"သိပြီးပြီ"

"ဒေးဗစ်နဲ့ ကိုယ်နဲ့ အခုပဲ ထိုင်စဉ်းစားနေကြတယ်၊ စေ့စပ်ပွဲအခမ်းအနားသဘောမျိုး လုပ်လိုက်ရင် ကောင်းမလားလို့၊ မင်း သဘောကျမလား မသိဘူး။ လူကတော့ သီးသန့်ပေါ့"

"ကိုယ် မပြောတတ်ဘူးကွယ်၊ ဂျိုနတ်စ်နဲ့ မေးကြည့်ကြပါဦးလား"

တစ်ဖက်မှ ရိုဇာ၏ ရယ်သံကို ကြားရသည်။

"ဂျိုနတ်စ် ဘယ်သူလဲ၊ ဂျိုနတ်စ်ဆိုတာ သတို့သား မဟုတ်လား။ သူ ဘာလိုချင်တယ်ဆိုတာ ဘယ်တုံးကများ ဘယ်သူက မေးခဲ့ကြဖူးလို့လဲ၊ အခမ်းအနား ကြီးကြီးကျယ်ကျယ်လည်း မဟုတ်ပါဘူး။ မင်းက မလုပ်ချင်ဘူးဆိုရင်ပေါ့ ဂျင်နီ"

"ကောင်းပြီလေ၊ ကိုယ့်ကို ရိုဇာ အကျပ်ကိုင်တာပေါ့"

ဂျင်နီက ရယ်ရင်းပြန်ပြောသည်။

"ပြီးတော့ မင်းရဲ့စေ့စပ်ကြောင်းလမ်းတဲ့ လက်စွပ်ကလေးကိုလည်း ပြခွင့်ကြုံသွားတာပေါ့ကွယ်။ အင်မတန် လှပြီး၊ အင်မတန် တန်ဖိုးကြီးတယ်လို့ ကိုယ် ကြားပြီးပြီ"

ဂျင်နီသည် သူ့လက်ကို ဆန့်တန်းလိုက်သည်။ လက်ပေါ်မှ စိန်တုံးက ရောင်ပြန်ဟပ်နေသည်။

"သိပ်လှတာပဲ"

ဟု လောက်သာ သူ ပြန်ပြောသည်။

"ညစာစားဖို့ သားတော်မောင်ဘာနီ အော်ပြီး သောင်းကျန်းနေပြီ ဂျင်နီရေ၊ ကိုယ် ညကျမှ မင်းအိမ်ကို ဖုန်းပြန်ဆက်မယ်၊ အဲဒီတော့မှ အစီအစဉ်တွေ လုပ်ကြတာပေါ့"

"ကျေးဇူးတင်ပါတယ် ရှိဇာ၊ ဒါပဲနော်"

ထိုနေ့ညက စတူဒီယိုမှ ဂျင်နီ အိမ်ပြန်ရောက်သောအခါ မမြင်ဘူးသည့် ကားတစ်စင်း ရပ်ထားသည်ကို တွေ့ရသည်။ အိမ်အောက်ဘက်ရှိ မော်တော်ကားရုံထဲသို့ ကားကို မောင်းသွင်း ခဲ့ပြီး အိမ်နောက်ဘက်တံခါးမှပင် အိမ်ထဲသို့ ဝင်လာခဲ့သည်။ သတင်းထောက် တစ်ယောက် ယောက် လာပြန်ပြီဟုသာ ဂျင်နီက ထင်သည်။ မီးဖိုထဲတွင် မက်ဆီကန်အဘွားကြီးကို တွေ့ရသည်။

"မစ္စတာပီးယာ့စ်ဆိုတဲ့ ဧည့်သည် ဧည့်ခန်းထဲမှာ ထိုင်စောင့်နေပါတယ်"

ဟု အဘွားကြီးက ဆီးပြောသည်။

သူ ဘာများလိုချင်ပြန်သလဲဟု ဂျင်နီ စဉ်းစားလိုက်မိသည်။ မိမိ ပြန်ပို့ပေးလိုက်သော ဇာတ်ညွှန်းကိုမရသဖြင့် လိုက်လာလေသလား။ ဂျင်နီ ဧည့်ခန်းတွင်းသို့ ဝင်သွားသောအခါ ပီးယာ့စ်၏ ပေါင်ပေါ်တွင် ဇာတ်ညွှန်းစာအုပ်တစ်အုပ် ဖွင့်ထားသည်ကို တွေ့ရသည်။ ပီးယာ့စ်က ထိုင်ရာမှထပြီး နှုတ်ဆက်သည်။

"မစ္စဒင်တန်"

"မစ္စတာပီးယာ့စ်၊ ဇာတ်ညွှန်းပြန်ရသလား၊ ကျွန်မ ပြန်ပို့လိုက်တာ အတော်တောင် ကြာသွားပြီ"

ပီးယာ့စ်က ပြုံးသည်။

"ပြန်ရပါပြီ၊ ဒါပေမယ့် ကျုပ်တို့ထပ်ပြီး ဆွေးနွေးကြဖို့ လိုတယ်လို့ထင်လို့၊ မင်းရဲ့ စိတ်ပြောင်းလာအောင် ကျုပ် ပြောပြနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"ကျွန်မစိတ်တော့ မပြောင်းနိုင်တော့ပါဘူး"

ဂျင်နီက ခေါင်းခါပြသည်။

"ကျုပ်တို့ ဒီအကြောင်း စမပြောခင် မင်းတို့ စေ့စပ်ပွဲအတွက် ဝမ်းမြောက်ကြောင်း အရင် ပြောပါရစေ"

"ကျေးဇူးတင်ပါတယ်။ ကဲ ကျွန်မ တောင်းပန်ရတော့မှာပါပဲ၊ ကျွန်မကို ခွင့်ပြုပါဦး၊ ကျွန်မမှာ ချိန်းထားတာ ရှိနေပါတယ်"

"ခဏလေးပဲ ကြာမှာပါ"

ပီးယာ့စ်သည် သူ့နောက်မှာရှိနေသည့် ကြမ်းပေါ်မှ လက်ကိုင်အိတ်ကို လှမ်းယူသည်။

"ဒါပေမယ့် မစ္စတာပီးယာ့စ်၊ တကယ်ပါ"

"ဘယ်လောက်မှ မကြာပါဘူး။ တစ်မိနစ်၊ နှစ်မိနစ်ပါ"

ပီးယာ့စ်က အလွန် သေချာသည့် အပြောမျိုးဖြင့် ပြောသည်။ စိုးမိုးသည့် အသံမျိုး လည်း ဖြစ်သည်။ မည်သည့်နည်းနှင့်မျှ ဂျင်နီ အနေဖြင့် မငြင်းဆန်နိုင်တော့ဟု သူ ယုံကြည်ပုံ လည်း ရသည်။ လက်ဆွဲအိတ်ကို သူ ဖွင့်သည်။

"ဒီဟာဘာလဲ သိပါသလား မစ္စဒင်တန်"

ဂျင်နီ စိတ်ဆိုးလာပြီ။ ဤအပြုအမူသည် ရယ်စရာလုပ်နေသည်ဆိုလျှင် သူ သည်းမခံ နိုင်တော့။

"ဒါဟာ ရှစ်မီလီမီတာ ရုပ်ရှင်ပြစက်ပါ။ ကိုယ့်အိမ်တွင်းမှာ မိသားစုဝိုင်းပြီး ရုပ်ရှင်ကြည့် နိုင်ကြဖို့ လုပ်ထားတဲ့ပြစက်ပါ"

သူက သံမှန်ဖြင့်ပြောရင်း မှန်ဘီလူးပေါ်မှ အဖုံးကို ဖြုတ်သည်။

"စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဒါပေမယ့် ကျွန်မအဖို့တော့ စိတ်ဝင်စားစရာ အကြောင်း ဘာမှ မရှိဘူးလို့ ထင်တယ်"

"စိတ်ဝင်စားရပါစေ့မယ်"

သူက ဂျင်နီကို မော့ကြည့်ရင်း ကတိပေးသည်။ သူ့ မျက်လုံးများသည် ရက်စက်တတ် သည့် အမူအရာဖြင့် အေးစက်မာကျောနေသည်။ ဘေးနံရံတွင် ပလပ်ပေါက်ကို သူ ရှာသည်။

တွေ့သောအခါ ရုပ်ရှင်ပြစက်မှ ဝိုင်ယာကြိုးပလပ်ခေါင်းကို ထိုပလပ်ပေါက်တွင် သွားတပ်သည်။

"ဟောဟို မင်းရှေ့က နံရံအဖြူကို ပိတ်ကား လုပ်လိုက်တာပေ့ါ ဟုတ်တယ် မဟုတ်လား"

သူသည် ပြောရင်း သူ့ပြစက်မှ ခလုတ်ကိုဖွင့်သည်။

စစချင်း ဖလင်သံကိုသာ ကြားရသည်။ ဂျင်နီက အုတ်နံရံဆီသို့ လှည့်ကြည့်သည်။ ရုပ်ရှင်အစတွင် အဝတ်အစားမပါသော မိန်းကလေးနှစ်ယောက် ခုတင်ပေါ်မှာ တစ်ယောက်ကိုတစ်ယောက် ဖက်နေကြသည်။ သူတို့မျက်နှာများကိုမူ မမြင်ရ။ ဂျင်နီ၏စိတ်ထဲမှာ တစ်စုံတစ်ရာကို မှတ်မိသလို ဖြစ်လာသည်။ သည်မြင်ကွင်းကို မြင်ဖူးသလိုလို ရှိလာသည်။

"ဒီရုပ်ရှင်ကားတိုကလေးကို နယူးအော်လင်းမှာရှိတဲ့ ကျုပ်မိတ်ဆွေတစ်ယောက်ဆီက ကျုပ် ရခဲ့တာ"

ပီးယာ့စ်၏အသံသည် ပုံမှန်အသံမျိုး ဖြစ်သည်။ သူ ပြောနေဆဲမှာပဲ ရုပ်ရှင်ထဲတွင် ယောကျ်ားတစ်ယောက် ဝင်လာသည်။ သူသည်လည်း မိမွေးတိုင်း ဖမွေးတိုင်း။

ဂျင်နီ အသက်ရှုကျပ်သွားသည်။ ခုတင်ပေါ်မှ မိန်းကလေးနှစ်ယောက် ကင်မရာဘက်သို့ လှည့်လိုက်သောအခါ တစ်ယောက်သည် မိမိကိုယ်တိုင် ဖြစ်နေတော့သည်။ နယူးအော်လင်းတွင် သူနေခဲ့စဉ်က အဖြစ်အပျက်များဖြစ်ကြောင်း ပြန်သတိရသည်။ ပီးယာ့စ်ဘက်သို့ လှည့်သည်။ ဂျင်နီ၏မျက်နှာတွင် သွေး မရှိတော့။

"မင်းဟာ ဒီကားထဲမှာလည်း အလွန် ဓာတ်ပုံစားတာပဲ၊ ကင်မရာ မရှိတဲ့အတိုင်း မင်း သရုပ်ဆောင်နေနိုင်တယ်"

"အမှန်တော့ ကင်မရာ မရှိနိုင်ရဘူး၊ ဒါမျိုး ရုပ်ရှင်ရိုက်ခွင့် အိုက်ဒါဟာ ဘယ်တော့မှ ခွင့်မပြုခဲ့ဘူး"

ဂျင်နီက သူ့ကို တိတ်ဆိတ်စွာ လှည့်ကြည့်သည်။ ပါးစပ်နှင့် လည်ချောင်းများ ခြောက်လာသည်ကို သိလိုက်သည်။

ပီးယာ့စ်က ခလုတ်များကို ပိတ်သည်။ နံရံပေါ်မှ အရုပ်များ ပျောက်သွားသည်။

"အိမ်တွင်းမှာပြတဲ့ ရုပ်ရှင်တွေကို မင်း သိပ်စိတ်မဝင်စားဘူးထင်တယ်"

"ရှင် ဘာလိုချင်သလဲ"

ဂျင်နီက မေးသည်။

"မင်းကို လိုချင်တယ်"

ပီးယာ့စ်သည် သူ့ရုပ်ရှင်ပြစက်ကို သူ ပြန်ပိတ်သည်။ ထို့နောက် သူ့စကားကိုလည်း မြန်မြန်ပြန်ဆက်သည်။

"ဒီလိုပြောတာကို အထင်မလွဲပါနဲ့၊ အများနားလည်ကြတဲ့ သဘောမျိုး မဟုတ်ပါဘူး။ အေဖရိုဒိုက် ဇာတ်ကားမှာ မင်း ခေါင်းဆောင်မင်းသမီးအဖြစ်ပါဖို့ လိုချင်တာကို ဆိုလိုတာ"

"ကျွန်မက မလုပ်နိုင်ဘူးဆိုရင်ကော"

"မင်းဟာ ချစ်စရာကောင်းပါတယ်၊ လိမ္မာပါတယ်၊ မင်းဟာ သိပ်ကိုကျော်ကြားနေတဲ့ ထိပ်တန်းမင်းသမီး၊ ပြီးတော့ ပူပူနွေးနွေး စေ့စပ်ပြီးသား၊ တကယ်လို့ ဟောဒီ ရုပ်ရှင်ကားတိုကလေးသာ မသမာသူ တစ်ယောက်ယောက်ရဲ့ လက်ထဲကို ရောက်သွားမယ်ဆိုရင် မင်းဘဝ ပျက်စီးသွားတော့မှာပေ့ါ၊ ဘယ်ယောကျ်ားကရော မင်းကို စိတ်ဝင်စားဦးမှာလဲ၊ ဂျိုနတ်စ်ကော့လို အရှုးတောင်မှ ပြည့်တန်ဆာဖြစ်ခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ချင်ပါဦးမလား"

"ကျွန်မဟာ နော်မန်စတူဒီယိုနဲ့ စာချုပ်ထားတယ်။ အပြင်က ဇာတ်ကားတွေ ကျွန်မ လက်ခံရိုက်ဖို့ စာချုပ်စည်းကမ်းတွေက ခွင့်မပြုဘူး"

"ကျုပ် သိပါတယ်၊ ဒီဇာတ်လမ်းကိုဝယ်ဖို့ မင်းကသာ ပြောမယ်ဆိုရင် မစွတာကော့က ငြင်းမှာ မဟုတ်ပါဘူး။ ဘွန်နာက ဒီဇာတ်ကားကို ထုတ်လုပ်မယ်"

ပီးယာ့စ်က တည်ငြိမ်စွာ ပြောသည်။

"သူက မဝယ်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ၊ ဂျိုနတ်စ်မှာက ရုပ်ရှင်နဲ့ ပတ်သက်လာရင် အမြဲတမ်း စိတ်ကူးတစ်မျိုးရှိနေတာ"

မပွင့်တပွင့် အပြုံးကလေး ပီးယာ့စ်၏မျက်နှာပေါ်မှာ ပေါ်လာသည်။

"ဒီလိုဆိုရင်လည်း သူ့စိတ်ပြောင်းလာအောင် မင်း လုပ်ပေ့ါ"

ဂျင်နီသည် ခပ်ဖြည်းဖြည်း သက်ပြင်းချမိသည်။

"တကယ်လို့ ကျွန်မ ရိုက်မယ်ဆိုရင်"

"ဒီရုပ်ရှင်ကားတိုကလေး မင်းကို ပေးခဲ့မယ်"

"နဂ္ဂတစ်ပါလား"

ပီးယာ့စ်က ခေါင်းညိတ်ပြသည်။

"နောက်ထပ် ကော်ပီများ မရှိဘူးဆိုတာ ကျွန်မ ဘယ်လိုလုပ် သိနိုင်မှာလဲ"

ပီးယာ့စ်၏ မျက်ခုံးမွေးများသည် သဘောကျသည့်အနေဖြင့် မြင့်တက်သွားသည်။

"မင်း ဒီလိုပဲမေးမယ်ဆိုတာ ကျုပ် သိပြီးသားပါ၊ ဒီရုပ်ရှင်ကားတိုကလေးတစ်ခုထဲကို ကျုပ် ဒေါ်လာငါးထောင်ပေးပြီး ဝယ်ခဲ့ရတယ်။ တခြား ကော်ပီရှိနေသေးတယ်ဆိုရင် ကျုပ် ဒီအလုပ်မျိုး ဘယ်လုပ်ပါ့မလဲ၊ နောက်တစ်ကြောင်းကလည်း ရွှေဥတစ်လုံးစီ ဥပေးနေတဲ့ငန်းကို ဘယ်သူက ဗိုက်ခွဲမလဲ၊ စီးပွားရေးလုပ်ငန်းကို ကျုပ်တို့အတူတူ ပြန်လုပ်ချင်ပါတယ်"

ပီးယာ့စ်သည် ရုပ်ရှင်ပြစက်ကို ထုတ်လိုက်သည်။

"ဇာတ်ညွှန်းထားခဲ့မယ်နော်"

ဂျင်နီက ဘာမှ ပြန်မဖြေ။

သူသည် အခန်းပေါက်သို့ ထွက်သွားကာ အခန်းတံခါးပေါ်မှာ လက်ကိုတင်သည်။ ကိုယ်ကို နောက်သို့လှည့်ပြီး ဂျင်နီကို ပြောသွားသည်။

"ကျုပ် ပြောခဲ့တယ် မဟုတ်လား။ မကြာပါဘူး။ တစ်မိနစ်၊ နှစ်မိနစ်ပါလို့"

## (၁၅)

ဒင်ပီးယာ့စ်က ထိုင်ရာမှထသည်။ သူ့လက်ထဲမှ ဇွန်းသေးသေးကလေးဖြင့် ဖန်ခွက်ကို ခေါက်သည်။ သူ အတော်ကလေး မူးနေပြီ ဖြစ်သည်။ အားလုံးက သူ့ကို လှည့်ကြည့်သောအခါ သူက ခေါင်းညိတ်ပြသည်။

"ဒင်ပီးယာ့စ်ဆိုတဲ့လူဟာ သူ့သူငယ်ချင်းတွေ ဘယ်သူဖြစ်ကြောင်း ဘယ်တော့မှ မမေ့တတ်ပါဘူး။ သူဟာ အမှန်ကိုပဲ လုပ်တတ်ပါတယ်။ ဒါကြောင့် အခု စေ့စပ်ကြတဲ့ သတို့သားလောင်းနဲ့သတို့သမီးလောင်းစုံတွဲအတွက် စေ့စပ်ပွဲလက်ဆောင်အဖြစ်နဲ့ လက်ဆောင်ပစ္စည်းနှစ်ခု သီးခြား ယူလာပါတယ်"

သူက နောက်သို့လှည့်ပြီး လက်ဖြောက်တီးသည်။

"ဟုတ်ကဲ့၊ မစ္စတာပီးယာ့စ်"

စားပွဲထိုးချုပ်က ခပ်သွက်သွက် ဖြေသည်။ သူက မျက်ရိပ်ပြလိုက်သောအခါ စားပွဲထိုးက အထုပ်နှစ်ခုကိုယူပြီး ပြန်လာသည်။ ရွှေရောင်ဖဲကြိုးများနှင့် ချည်နှောင်ထားသည့် အထုပ်ကြီးကြီးကို ဂျိုနတ်စ်၏ ရှေ့မှာ ချပေးသည်။ ငွေရောင်ဖဲကြိုးများဖြင့် ချည်ထားသည့်အထုပ်သေးသေးကို ဂျင်နီဒင်တန်၏ ရှေ့မှာ ချပေးသည်။

"ကျေးဇူးတင်ပါတယ် ဒင်"

ဂျိုနတ်စ်က ပြောသည်။

"ဖွင့်လိုက်ပါ ဂျိုနတ်စ်၊ ကျုပ် လက်ဆောင်ကို လူတိုင်းမြင်စေချင်ပါတယ်"

အရက်မူးသံဖြင့် ပီးယာ့စ်က ပြောသည်။

ဂျင်နီ၏ စိတ်ထဲမှာ တစ်မျိုးဖြစ်လာသည်။

"ကျွန်မတို့ နောက်ကျမှပဲ ဖွင့်ကြည့်ပါ့မယ် ဒင်"

သူက ဇွတ်ပြောသည်။

ဂျင်နီက အားလုံးကို လှည့်ကြည့်သည်။ အားလုံးက သိချင်နေကြသည်။ ဂျိုနတ်စ်ကို ဂျင်နီက လှမ်းကြည့်သည်။ ဂျိုနတ်စ်က ပခုံးတွန့်ပြရင်း ပြုံးသည်။

ဂျင်နီက သူ့အတွက်လက်ဆောင်ရသည့် အထုပ်ကို စဖွင့်သည်။ ချည်ထားသော

ကြိုးမှာ သိပ်ခိုင်နေသည်။ ထို့ကြောင့် ဓားလှမ်းဆွဲလိုက်စဉ်မှာပင် ဂျိုနတ်စ်က သူ၏အထုပ်ကို ဖွင့်ပြီးသွားပြီ ဖြစ်သည်။

"ဟေး ရှန်ပိန်တစ်ပုလင်းဗျို့"

ဂျိုနတ်စ်က အများမြင်သာအောင် အရက်ပုလင်းကို မြှောက်ပြရင်း ရယ်သည်။

ဂျင်နီ၏ လက်ဆောင်ပစ္စည်းသည် သေးသေးကလေး ဖြစ်၏။ အထုပ်အတွင်းမှ မဟော်ဂနီအသားဖြင့် ပြုလုပ်ထားသော သေတ္တာသေးသေးကလေး ထွက်လာသည်။ သေတ္တာကလေးကို ဖွင့်ကြည့်ရင်း ဂျင်နီ၏ မျက်နှာပေါ်မှာ သွေးရောင်ပျောက်သွားသည်။ ဂျိုနတ်စ်က ဂျင်နီ၏လက်ထဲမှ သေတ္တာကလေးကိုယူပြီး အားလုံးကိုမြင်သာအောင် မြှောက်ပြသည်။

"အင်္ဂလန်လုပ် မုတ်ဆိတ်ရိတ်စက်၊ စားပွဲထိုးက ကျုပ်နဲ့ဂျင်နီကို အထုပ်ချင်း မှားပေးသွားပြီထင်တယ်၊ ထပ်ပြီး ကျေးဇူးတင်ပါတယ် ဒင်"

ဂျိုနတ်စ်က ပီးယာ့စ်ကို ရယ်ပြရင်း ပြောသည်။

ပီးယာ့စ်က ချက်ချင်း ထိုင်ချလိုက်သည်။ သူ့မျက်နှာသည် ပြုံးနေသည်။

အားလုံးက မိမိကို ကြည့်နေကြကြောင်း ဂျင်နီ သိသည်။ ထို့ကြောင့် မျက်နှာကို မော့လိုက်ပြီး အားလုံးကို ပြန်ကြည့်သည်။ သူတို့ ဘာကို စဉ်းစားနေကြကြောင်း ဂျင်နီ သိသည်။ (၁၂) စုံတွဲတို့သည် စားပွဲမှာ ဝိုင်းထိုင်နေကြသည်။ ထိုအထဲမှ ယောက်ျားငါးယောက်ကို သူ ရုပ်ရှင်အစမ်းမရိုက်မီကပင် သူ သိခဲ့သည်။ သူ ငွေကြေးယူပြီး ဖျော်ဖြေခဲ့ရသူများ ဖြစ်သည်။ အာဗင်ရှုပင်၊ ဘွန်နာနှင့် အခြားရုပ်ရှင်ကုမ္ပဏီများမှ ထိပ်တန်းအုပ်ချုပ်ရေးအရာရှိကြီး သုံးဦး၊ အခြား ယောက်ျားခုနစ်ယောက်တို့ကလည်း သိသည်။ သူတို့၏ဇနီးအချို့ကလည်း သိကြသည်။ ထိုယောက်ျားခုနစ်ယောက်အနက် ဂျင်နီကို ကြင်နာသော၊ စိတ်မကောင်းသောအကြည့်ဖြင့် ကြည့်နေသည့် ယောက်ျားနှစ်ယောက်ရှိသည်။

ဒေးဗစ်နှင့် နီဗားဒါးစမစ်။

မိမိကို ဒေးဗစ်က ကြင်နာသောအကြည့်မျိုးဖြင့် ကြည့်နေသည်ကို မိမိ နားလည်သည်။ မိမိ၏ ယခင်အကြောင်းများကို ဒေးဗစ် သိထားသည်။ သို့သော် နီဗားဒါးက ယခုလိုကြည့်နေခြင်းကိုမူ သူနားမလည်။ ဘာကြောင့် နီဗားဒါးက မိမိအတွက် စိတ်မကောင်းဖြစ်နေရသနည်း။ မိမိအကြောင်းကို နီဗားဒါး အနည်းငယ်သာ သိသည်။ နီဗားဒါးသည် အမြဲတမ်း အေးချမ်းစွာ နေထိုင်တတ်သူ ဖြစ်သည်။ ရှက်လည်း ရှက်တတ်သည်။ စတူဒီယိုမှာ သူနှင့်တွေ့စဉ်အခါတုန်းက ရဲရဲပင် စကားပြောဝံ့သူ မဟုတ်။ ယခုတော့ နီဗားဒါး၏ မည်းနက်သောမျက်လုံးများထဲတွင် ဒေါသရိပ်များကို မြင်နေရသည်။ နီဗားဒါးက ဂျင်နီကို ကြည့်နေသည်။ ပြီးတော့ ပီးယာ့စ်ကို စိုက်ကြည့်နေသည်။

ယောက်ျား (၁၃) ယောက်။

ဂျင်နီက စဉ်းစားမိသည်။ ယခုပွဲတွင် (၁၂) စုံတွဲကို မိမိတို့ ဖိတ်ထားသည်။ မိမိတို့အတွဲနှင့်ဆိုလျှင် (၁၃) စုံတွဲ ဖြစ်သည်။ ဂျိုနတ်စ်နှင့်ပါဆိုလျှင် ယောက်ျား (၁၃) ယောက် ဖြစ်သည်။ ဂျိုနတ်စ်သည် (၁၃) ယောက်မြောက်မှာ ထိုင်နေသည်။ လာဘ်မကောင်းသော (၁၃) ဂဏန်း။

ထို (၁၃) ယောက်မြောက် ယောက်ျားသည် မိမိနှင့် လက်ထပ်မည့်သူ။

ဂျင်နီ အမျှင်မပြတ် စဉ်းစားနေဆဲမှာပင် တစ်စုံတစ်ယောက်က သူ့ပခုံးကို အသာအယာ လာတို့သည်။ မော့ကြည့်သောအခါ ရိုဇာကို တွေ့ရသည်။ အခန်းထဲမှာ တိတ်ဆိတ်နေသဖြင့် ထိုတိတ်ဆိတ်မှုက ဂျင်နီကို ခြိမ်းခြောက်နေသည်။ တိတ်ဆိတ်မှုကို ရိုဇာက စတင်ချိုးဖောက်လိုက်သည်။

"ရေချိုးခန်းကို ခဏသွားကြရအောင်"

ဂျင်နီက အာစေးထည့်ထားသူလို ခေါင်းညိတ်ပြသည်။ ပြီးတော့ ရိုဇာ နောက်သို့ တိတ်ဆိတ်စွာပင် လိုက်သွားသည်။ စားပွဲမှာ ကျန်နေရစ်ခဲ့သူများသည် မိမိကိုလိုက်ပြီး ကြည့်နေကြကြောင်း ဂျင်နီ သိသည်။ ဂျင်နီက သူတို့ကို ပြန်လှည့်မကြည့်သော်လည်း မိမိအကြောင်းကို သိထားသည့် ယောက်ျားများ၏ မျက်နှာပေါ်တွင် ပြုံးနေကြလိမ့်မည်ကိုလည်း ခန့်မှန်းထားမိပြီး ဖြစ်သည်။

စိတ်ထဲမှာ အလွန်တရာ တုန်လှုပ်ချောက်ချားလာသည်။ ရိုဇာက ရေချိုးခန်းအဝမှ ကန့်လန့်ကာကို ဆွဲပိတ်လိုက်သည်။ ဂျင်နီက ခုံရှည်တစ်လုံးပေါ်သို့ လေးကန်စွာ ထိုင်ချသည်။ ရိုဇာက စီးကရက်တစ်လိပ်ညှိပြီး ဂျင်နီကို ကမ်းပေးသည်။

ဂျင်နီက ရိုဇာကို မော့ကြည့်သည်။ မိမိလက်ထဲမှာ ကိုင်ထားသည့် စီးကရက်ကိုပင် ဂျင်နီ မေ့နေသည်။ သူ့မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာသည်။

"ဘာဖြစ်လို့လဲ၊ ဘာကြောင့် ဒီလိုလုပ်တာလဲ၊ ကိုယ်တော့ နားမလည်နိုင်ဘူး။ သူ့ကို ကိုယ် ဘာလုပ်ခဲ့ဖူးလို့လဲ"

ဂျင်နီက နာကြည်းသော၊ တစ်ဆို့အက်ကွဲသော အသံဖြင့် ပြောသည်။

သူ မချုပ်တည်းနိုင်တော့ဘဲ ငိုချလိုက်သည်။ ရိုဇာက သူ့ဘေးမှာ ဝင်ထိုင်ရင်း သူ့မျက်နှာကို ပွေ့ယူထားသည်။

* * *

ခင်ပီးယာ့စ်သည် သူ့မော်တော်ကားရပ်ထားရာသို့ အမှောင်ထဲမှာ ဖြတ်လျှောက်လာရင်း ကျေနပ်စွာ ပြုံးနေသည်။ မနက်ဖြန်ကျလျှင် သည်အကြောင်းများကို ရုံးမှာ ပြန်ပြောပြရမည်။ လူစုံရာအရပ်မှာ ပြန်ပြောပြရမည်။ သည်အကြောင်းကို ကြားရသူများသည် အူတက်အောင် ရယ်ကြပေတော့မည်။

ထိုသူအားလုံးတို့သည် ဂျိုနတ်စ်ကို သဘောမကျသူများသာ ဖြစ်ကြသည်။

မှန်ပါသည်။ ဂျိုနတ်စ်ကို သူတို့ လက်မခံနိုင်ကြ။ ဂျိုနတ်စ် အောင်မြင်သည်ကိုတော့ သူတို့ အသိအမှတ်ပြုကြပါသည်။ သို့သော်လည်း အကူအညီပေးရမည်ဆိုလျှင် တစ်ပြားသားမျှ ပေးကြမည့်သူများ မဟုတ်။

စောစောက မြင်ကွင်းကလေးကို သူ ပြန်စဉ်းစားရင်း သဘောကျနေမိသည်။ မုတ်ဆိတ်ရိတ်ဓားနှင့် ရှန်ပိန်အရက်ပုလင်းကို မြင်လိုက်သည်နှင့် တစ်ပြိုင်တည်း ဂျင်နီသည် အရုပ်ကြိုးပြတ် ပုံကျသွားတော့မည်လားဟု ထင်လိုက်ရသည်။ ဂျိုနတ်စ်ကမူ ပြုံးလျက်၊ ကြည်နူးလျက်၊ သူ့ကိုယ်သူ အဟုတ်ကြီး ထင်နေတော့သည်။ အားလုံးက ပြုံးကြည့်နေသည့် အဓိပ္ပာယ်ကို သူ နားမလည်။

မည်းမည်းအရိပ်တစ်ခုသည် ရုတ်ခြည်း ဆိုသလိုပင် သူ့ရှေ့မှာပေါ်လာသည်။ အမှောင်ထဲမှာ အာရုံစိုက်ပြီး သူ ကြိုးစားကြည့်သည်။ မည်းမည်းအရိပ်သည် တိတ်ဆိတ်စွာဖြင့်ပင် သူ့ဆီသို့ တဖြည်းဖြည်း တိုးကပ်လာ၏။

"အို နီဗားဒါးကိုး၊ ကျုပ်က ဘယ်သူများလဲလို့"

နီဗားဒါးက သူနှင့် မျက်နှာချင်းဆိုင်မှာ တိတ်ဆိတ်စွာ ရပ်သည်။

ခင်ပီးယာ့စ်က စောစောကအဖြစ်ကို ပြန်သတိရသည့်အနေဖြင့် ကျယ်လောင်စွာ ရယ်သည်။

"တကယ့်ခွေးသူခိုးမ၊ မုတ်ဆိတ်ရိတ်ဓားဘူးကို ဖွင့်လိုက်မိတာနဲ့ တစ်ပြိုင်တည်း ဒီမိန်းမ မိုးကြိုးအပစ်ခံလိုက်ရသလို ဖြစ်သွားမယ်ထင်တာ၊ ဂျိုနတ်စ်ဆိုတဲ့ အကောင်ကလည်း အလကား အကောင်၊ သူ့ဟာသူ ဘယ်ဘဝရောက်လို့ ဘယ်. . ."

ပီးယာ့စ်၏စကားသည် မဆုံးတော့။ နီဗားဒါး၏ အလွန် ပြင်းထန်သော လက်သီးက သူ့ဗိုက်ပေါ် ကျလာသည်။ သူ့မော်တော်ကားပေါ်သို့ နောက်ပြန်ကျသွားသည်။ ကားကို ဖက်တွယ်ပြီး ကိုယ်ကို ပြန်ရပ်နိုင်ရန် ကြိုးစားသည်။

"ဟေ့ နီဗားဒါး၊ ဘယ်လိုလုပ်လိုက်တာလဲ၊ ကျုပ်တို့ မိတ်ဟောင်းဆွေဟောင်းတွေ"

သူ့စကားအဆုံးကို မရောက်ပြန်ပါ။ နီဗားဒါး၏ လက်သီးတစ်လုံးသည် သူ့မျက်နှာဆီသို့ ပြေးဝင်လာသည်ကို မြင်ရပြန်သည်။ ရှောင်ဖို့ ကြိုးစားပါသေးသည်။ သို့သော် လက်သီးက လျှပ်ပြက်လိုက်သလို မြန်လွန်းသည်။ သူ့မျက်လုံးတစ်ဖက်ပေါ်တွင် ဗုံးပေါက်ကွဲသလို ခံစားလိုက်ရသည်။

နောက်ထပ် လက်သီးတစ်လုံးက ဝမ်းဗိုက်ပေါ်သို့ တူနှင့်နှက်လိုက်သလို ကျလာပြန်သည်။ ရှေ့သို့ သူ့ကိုယ် ကိုင်းကျသွားသည်။ ထိုသို့ ကိုယ်ကိုင်းကျသွားစဉ်မှာပင် မျက်နှာပေါ်မှာ

လက်သီးတစ်လုံး ပေါက်ကွဲပြန်သည်။ ထိုလက်သီး ပေါက်ကွဲပြီးသောအခါ မြေပြင်ပေါ်သို့ သူ ကျသွားတော့သည်။ အလွန် ထိတ်လန့်သည့် မျက်လုံးများဖြင့် နီဗားဒါးကို မော့ကြည့်သည်။

"ခင်ဗျားလို လူယုတ်မာမျိုးကို ကျုပ် ဒီလို ဆုံးမသင့်ခဲ့တာ ကြာပြီ။ အမှန်က သတ်ပစ်ရမှာ၊ ဒါပေမယ့် ကြိုးစင်တက်ဖို့ တန်တဲ့လူစားမျိုး မဟုတ်ဘူး"

နီဗားဒါးက သူ့ကို ငုံ့ကြည့်ရင်း အံကြိတ်၍ ပြောသည်။

နီဗားဒါးသည် သူ့ကို ကျောခိုင်းကာ အခြားတစ်ဖက်သို့ ထွက်သွားသည်။ သူ့ဖိနပ်သံ တဖြည်းဖြည်း ဝေးသွားသည်ကို ပီးယာ့စ် ကြားနေရသည်။ အေးစက်နေသည့် သမံတလင်းပေါ်မှာ ရှိနေသော သူ၏လက်များပေါ်သို့ မျက်နှာကို မှောက်ချလိုက်သည်။

"ရယ်စရာတစ်ခုပေါ့ကွာ၊ ဟား. . . ဟား ရယ်စရာတစ်ခုပေါ့ကွာ"

ဟု အရက်မူးမူးဖြင့် အော်ပစ်လိုက်သည်။

* * *

ဂျိုနတ်စ်သည် မှောင်နေသည့် အိမ်အတွင်းသို့ ဂျင်နီ၏နောက်မှ လိုက်သွားသည်။ ဖြူဖပ်ဖြူရော်ဖြစ်နေသည့် ဂျင်နီ၏မျက်နှာကို ငုံ့ကြည့်ရင်း သူက ကြင်နာသောလေသံဖြင့် ပြောသည်။

"မင်း သိပ်ပင်ပန်းနေပြီ၊ ဒီညဟာ ကိုယ်တို့ဘဝမှာ အရေးကြီးတဲ့ည မဟုတ်ဘူးလား။ မင်းသွားပြီး အိပ်နေလိုက်ပါ။ မနက်ဖြန်ကျတော့ ကိုယ်နဲ့တွေ့မယ်"

"မလိုချင်ဘူး"

ဂျင်နီ၏အသံသည် ပြတ်ပြတ်ပင် ဖြစ်သည်။ မိမိ ဘာလုပ်ရတော့မည်ကို ဂျင်နီ သိနေပြီ။ ဧည့်ခန်းတွင်းသို့ ဝင်လာခဲ့သည်။ မီးခလုတ်ကို ဖွင့်သည်။ ဂျိုနတ်စ်က ဘုမသိဘမသိဖြင့် သူ့နောက်က လိုက်လာသည်။

ဂျင်နီက သူ့ဘက်သို့လှည့်ပြီး လက်မှ လက်စွပ်ကိုချွတ်ကာ ဂျိုနတ်စ်ကို ပြန်ပေးသည်။ ဂျိုနတ်စ်က လက်စွပ်ကို ကြည့်သည်။ ပြီးတော့ သူ့ကို ကြည့်သည်။

"ဘာဖြစ်လို့လဲ၊ ဒီနေ့ည ကိုယ် ဘာလုပ်မိလို့လဲ"

ဂျင်နီက ခေါင်းခါသည်။

"မဖြစ်ပါဘူး။ ရှင်နဲ့ ဘာမှ ပတ်သက်ဖို့ မလိုတော့ဘူး။ လက်စွပ်ကိုသာ ပြန်ယူပါ။ ကျေးဇူးပြုပြီး ပြန်ယူပါ"

"ဘာဖြစ်လို့လဲဆိုတာ ကိုယ် သိခွင့်ရှိပါတယ် ဂျင်နီ"

"ရှင့်ကို ကျွန်မ မချစ်ဘူး။ ကဲ ဒါဆိုရင် လုံလောက်တဲ့အကြောင်းပြချက် မဟုတ်သေးဘူးလား"

ဟု ဂျင်နီက ပြောသည်။

"ဒီအချိန်ကျမှ မချစ်တော့ဘူးဆိုတာ မဖြစ်နိုင်လိုက်တာ ဂျင်နီရယ်"

"ကောင်းပြီ၊ ဒီထက်ကောင်းတဲ့ ခိုင်လုံတဲ့အကြောင်းပြချက်ကို ပြောမယ်၊ ကျွန်မကို ရုပ်ရှင် စမရိုက်ခင်တုန်းက ကျွန်မဟာ ဟောလီးဝုဒ်မှာ ကြေးအကြီးဆုံး ပြည့်တန်ဆာမ"

ဂျင်နီက မာမာပြောသည်။

ဂျိုနတ်စ်က ခဏစိုက်ကြည့်နေသည်။ ပြီးတော့ သူက ခပ်ဖြည်းဖြည်း ပြန်ပြောသည်။

"ကိုယ် မယုံပါဘူးကွာ၊ မင်း ကိုယ့်ကို အရူးလုပ်လို့ မရပါဘူး"

"ရှင် ရူးနေတာ၊ ကျွန်မကို မယုံရင် ဘွန်နာကို မေးကြည့်၊ ဒါမှမဟုတ် ဒီနေ့ညလာတဲ့ လူထဲက တခြားလေးယောက်ကို မေးကြည့်၊ ကျွန်မနဲ့ ဆက်ဆံဖူးတဲ့လူတွေ မေးကြည့်၊ ဒီနေ့ည တွေ့ခဲ့တဲ့ လူတွေအားလုံးကို မေးကြည့်"

"မယုံပါဘူး၊ မင်းကို မယုံနိုင်ပါဘူး"

ဂျိုနတ်စ်၏အသံသည် တိုးသွားသည်။

ဂျင်နီက ရယ်သည်။

"ဒါဖြင့်ရင် ပီးယာ့စ်က ဘာဖြစ်လို့ ကျွန်မကို မုတ်ဆိတ်ရိတ်ဓား လက်ဆောင်ပေးသလဲ ဆိုတာ ဘွန်နာကို မေးကြည့်၊ တကယ်က မှားပြီးပေးတာ မဟုတ်ဘူး။ တမင်သက်သက်ပေးတာ၊

တစ်နေ့မနက်မှာ ဘွန်နာ ကျွန်မ အိမ်က ပြန်သွားပြီးကတည်းက ဟောလီးဝုဒ်မှာ တစ်မြို့လုံး သိနေတာ"

ကြည့်နေရင်းပင် ဂျိုနတ်စ်သည် အလွန် စိတ်ထိခိုက်လာပုံရသည်။

"အေဖရှိဒိုက်ရုပ်ရှင်ကို ကျွန်မ ရိုက်ချင်တယ်လို့ ရှင့်ကို ပြောခဲ့တယ် မဟုတ်လား။ ဘာဖြစ်လို့ ပြောသလဲ သိသလား။ ဒီဇာတ်လမ်း ကောင်းတယ်ထင်လို့ ကျွန်မ ပြောတာ မဟုတ်ဘူး။ ပီးယာ့စ်ဆီက ဟောဒီဥစ္စာ လိုချင်လို့ ရိုက်မယ်လို့ပြောရတာ"

ဂျင်နီက ပြောပြောဆိုဆို စားပွဲဆီသို့သွားကာ ဖလင်အခွေနှစ်ခွေကို ယူလာသည်။

"ကျွန်မ ပထမဦးဆုံး သရုပ်ဆောင်ခဲ့တဲ့ရုပ်ရှင်ကား၊ ရုပ်ရှင်ပြာ"

စာရေးစားပွဲပေါ်ရှိ ဘူးထဲမှ စီးကရက်တစ်လိပ်ကိုယူပြီး ဂျင်နီက မီးညှိနေသည်။ ထို့နောက် ဂျိုနတ်စ်ဘက်သို့ ပြန်လှည့်လာပြန်သည်။ ဂျင်နီ၏အသံသည် ပို၍ တည်ငြိမ်လာသည်။

"ဒီလို မိန်းမမျိုးတစ်ယောက်နဲ့ ပေါင်းနေရလို့ ဘယ်လိုလုပ်ပြီး ရှင် ပျော်နိုင်မှာလဲ၊ စိတ်ချမ်းသာနိုင်မှာလဲ၊ တခြား ယောကျ်ားတစ်ယောက်ယောက်ကို တွေ့တိုင်း ရှင် စိတ်ဆင်းရဲနေရတော့မယ်၊ ဒီလူဟာ ငါ့မိန်းမနဲ့အတူ အိပ်ခဲ့ဖူးသလား၊ မအိပ်ခဲ့ဖူးဘူးလား၊ ဘယ်မှာလဲ၊ ဘယ်တုံးကလဲ၊ ဘယ်လိုလဲဆိုတာတွေ ရှင် စဉ်းစားမိတော့မယ်"

ဂျိုနတ်စ်က ဂျင်နီဆီသို့ ခြေတစ်လှမ်းတိုးလာသည်။

"ဒါတွေက ပြီးသွားပြီပဲကွာ၊ အရေးမကြီးပါဘူး"

."အရေးမကြီးဘူးလား၊ တစ်ကြိမ်တစ်ခါက ကျွန်မ မိုက်ခဲ့တာ၊ ဒီမိုက်ပြစ်ဒဏ်ကို ရှင် မခံစေရဘူး။ အခု သိသလိုသာ စောစောက ရှင် သိထားမယ်ဆိုရင် ဒီနေ့ည ကြုံရတာမျိုးမှာ ရှင် ဘယ်လိုနေမလဲ"

"ဒါပေမယ့် မင်းကို ကိုယ်ချစ်တယ်"

"ဒါနဲ့ပတ်သက်လို့လည်း ရှင့်ကိုယ်ရှင် လှည့်စားနေတာ၊ ကျွန်မကို ရှင် မချစ်ပါဘူး။ ဘယ်တုံးကမှ ရှင် ကျွန်မကို မချစ်ခဲ့ဘူး။ ရှင့်စိတ်ထဲက ထွက်မသွားနိုင်တဲ့ မိန်းမတစ်ယောက်ကို ရှင် ချစ်နေတာ၊ အချစ်ကို ရှင် အစားထိုးနေတာ၊ ရှင် ချစ်တာက ရီနာမာလိုး၊ သူ မရှိတော့လို့ ကျွန်မကို ရီနာ အမှတ်နဲ့ ရှင် ချစ်နေတာ၊ ရှင့်စိတ်ထဲမှာ ဒါတွေရှိနေမှန်း သိနေလျက်နဲ့ ကျွန်မက ဒါလောက် မိုက်မဲလိမ့်မယ်လို့ ရှင် ထင်နေသလား"

လက်စွပ်သည် ဂျင်နီ၏ လက်ထဲမှာပင် ရှိနေသေးသည်။ ဂျင်နီက စားပွဲပေါ်သို့ ပစ်တင်ပေးလိုက်သည်။

"ဟောဒီမှာ"

ဂျိုနတ်စ်က လက်စွပ်ကို ငုံ့ကြည့်နေသည်။ စိန်ရောင်များက သူ့ကို ဒေါသတကြီးဖြင့် ပြန်လက်ပြနေသယောင် ထင်ရသည်။ ထို့နောက် ဂျင်နီကို မော့ကြည့်သည်။ သူ့မျက်နှာသည် ချုံးချုံးကျသွားပြီ ဖြစ်၏။

"မင်း. . . သိမ်းထား"

တိုတိုတုတ်တုတ်ပြောကာ အပြင်သို့ ထွက်သွားတော့သည်။

ဂျိုနတ်စ်၏ မော်တော်ကား မောင်းထွက်သွားသံကို ကြားသည်အထိ ဂျင်နီသည် ထိုနေရာမှာ မလှုပ်မယှက် ရပ်နေမိသည်။

ထို့နောက် မီးများကို ပိတ်လိုက်သည်။ အိမ်ပေါ်သို့ တက်လာခဲ့သည်။ စိန်လက်စွပ်သည် စားပွဲပေါ်မှာ ရှိနေသည်။ ရုပ်ရှင်ပြာဖလင်များသည် ကြမ်းပေါ်မှာ ရှိနေသည်။ အိပ်ရာပေါ်မှာ အိပ်နေရသော်လည်း ဂျင်နီ၏ မျက်လုံးများ ကျယ်နေသည်။ အမှောင်ထဲသို့ သူ စိုက်ကြည့်နေသည်။ ငိုချလိုက်လျှင် သက်သာသွားမည်ကို သိသည်။ သို့သော် သူ့ရင်ထဲမှာ ဘာမှ မရှိတော့၊ မျက်ရည်လည်း မရှိတော့။ အားလုံး ခြောက်ခန်းကုန်ပြီ။ အကုသိုလ်တရားများက အားလုံးကို ယူဆောင်သွားကြပြီ ဖြစ်သည်။ တစ်စုံတစ်ယောက်သောသူကို တစ်စုံတစ်ရာပေးရန် သူ့တွင် ဘာမှ မရှိတော့။ တစ်စုံတစ်ယောက်ကို ချစ်ရမည့်အချစ်လည်း မရှိတော့။

တစ်ရံရောအခါတုန်းက သူ အချစ်ခံခဲ့ရဖူးသည်။ သူကလည်း ပြန်ချစ်ခဲ့သည်။ ကြာပါပြီ။ အလွန့်အလွန် ကြာပါပြီ။

သူ ချစ်ရသောသူကား ဖေဖေ သောမတ်စ်ဒင်တန်။

သူ့ကို ချစ်ခဲ့သူကား ဖေဖေ သောမတ်စ်ဒင်တန်။ ယခုတော့ ဖေဖေလည်း ကွယ်လွန်ခဲ့ပြီ။ အားလုံး ဆုံးရှုံးသွားပြီ။

"ပါပါရေ သမီးကို ကယ်ပါဦး ပါပါရယ်၊ သမီး ဘာလုပ်ရမှန်း မသိတော့ပါဘူး"

အမှောင်ထဲမှာ ဂျင်နီက အော်လိုက်မိသည်။

သူ မှတ်မိသည့် အချိန်ကလေးများကို သူ ပြန်သွားချင်သည်။ ငယ်စဉ်က တနင်္ဂနွေမနက်၏ အဖြစ်အပျက်ကလေးများကို ပြန်လည် မြင်ယောင်နေမိသည်။ မေမေ ချက်နေသည့် ဟင်းနံ့ကျွေးနံ့များက မီးဖိုခန်းမှ သူ့အိပ်ခန်းထဲသို့ ဝင်လာသည်။ ဘုရားရှိခိုးကျောင်းသို့ မေမေနှင့် အတူတူသွားပြီး ဘုရားဝတ်ပြုခဲ့သည့် အကြောင်းများပေါ်လာသည်။ ဘုရားဝတ်ပြုသံများကို နားထဲမှာ ပြန်လည် ကြားယောင်လာသည်။

ပါပါက လေသံဖြင့် မေးသည့်အသံကို ပြန်ကြားနေရပြန်သည်။

"သမီး တကယ် သွားချင်တာလား ဂျင်နီဝက်ဝံမ"

ဂျင်နီသည် ငြိမ်ငြိမ်ကလေးနေရင်း စဉ်းစားမြဲ စဉ်းစားနေသည်။ ကိုယ့်ဘဝကိုကိုယ် ပြောင်းလဲလိုက်ချင်ပြီ ဘုရားသခင်၏ ခွင့်လွှတ်တော်မူခြင်းကို ခံယူချင်ပြီ။

သို့မှသာလျှင် မိမိကိုယ်တွင် ပူးကပ်နေသည့် အကုသိုလ်တရားများ ကင်းပသွားမည် ဖြစ်သည်။ မိမိ ကြုံခဲ့ရသမျှများကို ဘုရားသခင် အထံတော်မှောက်၌ ဝန်ခံရမည်။ သူ့ဘဝတွင် အားကိုးစရာဆို၍ သည်တစ်ခုသာ ကျန်တော့သည်။

ရုတ်ခြည်း ဆိုသလိုပင် ဂျင်နီသည် ဆုံးဖြတ်ချက်ကို ချလိုက်တော့၏။ ဆုံးဖြတ်ချက် ချလိုက်သည်နှင့် တစ်ပြိုင်တည်း သူ့စိတ်ထဲမှ စိုးရိမ်မှုများ၊ ကြောက်ရွံ့မှုများအားလုံး ပြေလျော့ပျောက်ကွယ်သွားတော့သည်။

"သွားချင်ပါတယ် ပါပါ"

ဂျင်နီက လေသံဖြင့် ပြောသည်။

"ဒါဖြင့်ရင် အဝတ်လဲတော့၊ ပါပါလည်း သမီးနဲ့အတူတူ လိုက်ခဲ့မယ် ဂျင်နီ"

ပါပါ၏ နူးညံ့သောအသံသည် လေနှင့်အတူ ပဲ့တင်ပြန်ရိုက်လာသည်။

(၁၆)

စေ့စပ်သည့် ညစာစားပွဲပြုလုပ်ပြီးနောက် နှစ်နှစ်လုံးလုံး ကြာသောအခါကျမှ ဂျင်နီထံမှ သတင်းစကားကို ရိုဇာ ပြန်ကြားရခြင်း ဖြစ်သည်။

ဂျင်နီထံမှ စာရောက်လာသော အချိန်သည် (၁၉၄၄) ခုနှစ် မေလက ရှေ့တန်းစစ်မြေပြင်၌ ဒေးဗစ်ဝုဖ် ကျဆုံးသွားကြောင်း စစ်ရုံးက ရိုဇာထံသို့ အကြောင်းကြားပြီးနောက် ခြောက်လကြာသောအခါ ဖြစ်သည်။

အိပ်မက်မက်စရာအကြောင်းလည်း မရှိတော့။ စီမံကိန်းများဖြင့် ရှုန်းကန်နေစရာလည်း မလိုတော့။ လုပ်ငန်းရှင်များနှင့် သဘောတူညီမှုများကို ပြုလုပ်ရန်လည်း မလိုတော့။ ထိုမျှမကသေး၊ ဒေးဗစ်အတွက် ကြီးမားသည့် အထိမ်းအမှတ် ကျောက်တိုင်ကြီးကို တည်ဆောက်ရန်လည်း မလိုတော့။ အီတလီစစ်မြေပြင်တစ်နေရာမှာ ဒေးဗစ် ကျဆုံးခဲ့သောကြောင့်ပင် ဖြစ်လေသည်။

ဒေးဗစ်အတွက်သာ မဟုတ်။ ရိုဇာအတွက်လည်း အိပ်မက်မက်ရန် မရှိတော့ပြီ။ စိတ်ကူးယဉ်ရန် မရှိတော့ပြီ။ ချစ်ခြင်းမေတ္တာတရားအကြောင်းကို တီးတိုးပြောခဲ့ကြသည့်ညများ၊ ခုတင်၏ ဟိုဘက်ခြမ်းမှ ကြားလေ့ကြားထရှိသည့် ခြေသံများ၊ နောက်တစ်နေ့ ဘာတွေလုပ်မည်ဟု ချစ်လင်က စီကာစဉ်ကာ ပြောပြနေတတ်သည့် လုပ်ငန်းအကြောင်းများ၊ အားလုံး ပြီးဆုံးသွားပြီ။

ရိုဇာသည် အချိန်ရှိသမျှ အလုပ်ထဲမှာပင် မြှုပ်ထားခဲ့သည်။ သူ့အလုပ်အတွက်လည်း ဂုဏ်ယူပါသည်။ မုဆိုးမတစ်ယောက်၏ ဘဝကိုလည်း သူ နားလည်လာသည်။ စိတ်ကူးယဉ်နေရ

မည့် အကြောင်းများ အားလုံးကို ခင်ပွန်း ဆုံးသည်နှင့်တစ်ပါတည်း ဖျောက်ဖျက်ပစ်မှ ဖြစ်မည်။ ကိုယ့်ဘဝအတွက် ကိုယ်ရုန်းကန်ရဦးမည်။

သားကလေးလည်း တဖြည်းဖြည်း ကြီးလာပြီ။ သည်သားသည်သာလျှင် ချစ်လင်ထားခဲ့သည့် ကိုယ်ပွား ဖြစ်သည်။

ထိုသို့သော တစ်နေ့မှာပင် ဂျင်နီထံမှ စာကလေးတစ်စောင် ရောက်လာသည်။ မိန်းမလက်ရေးသေးသေးကလေးကို စာအိတ်ပေါ်မှာ မြင်ရသည်။ မှတ်မိသလို မမှတ်မိသလို စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေသည်။

ကရုဏာရှင် သီလရှင်များ. . .
ဘာလင်ဂိန်းမြို့၊ ကာလီဖိုးနီးယားပြည်နယ်
အောက်တိုဘာ ၁၀၊ ၁၉၄၄။
*ချစ်သောရိုဇာ၊*

*အသည်းတုန်ဘနန်း ကြုံခဲ့ရတဲ့ ကြောက်ရွံ့မှုများကို ထိန်းသိမ်းနိုင်ပြီဖြစ်တဲ့ အသိတရားနဲ့ ကလောင်တံကိုကိုင်ပြီး ဒီစာကို ရေးလိုက်ပါတယ် ရိုဇာ။ ပြယ်ပျောက်စပြုနေပြီဖြစ်တဲ့ အနာဟောင်းတစ်ခုကို ပြန်ပြီး အစမဖော်လိုပါဘူး။ ဒါပေမယ့် မင်းရဲ့ ကြီးမားလှတဲ့ ဆုံးရှုံးမှုကြီး အကြောင်းကိုလည်း လွန်ခဲ့တဲ့ ရက်ပိုင်းကလေးကမှ ကြားသိရတဲ့အတွက် အခုမှပဲ ဒီစာကို ရေးနိုင်ပါတယ်။ မင်း ခံစားခဲ့ရသလို၊ သားကလေး ဘာနီ ခံစားခဲ့ရသလို ကိုယ်လည်း ဝမ်းနည်းကြေကွဲမှုကို မျှဝေခံစားရပါတယ်။ မင်းတို့ သားအမိအတွက်လည်း ဘုရားသခင်ထံတော်မှာ ဆုမွန်ကောင်းများကို တောင်းပါတယ်။*

*ဒေးဗစ်ဟာ အင်မတန် တော်တဲ့၊ လူသားဆန်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။ သူ့အကြောင်းကို ကောင်းကောင်း သိတဲ့ လူတိုင်းဟာ သူ့ကို ဆုံးရှုံးလိုက်ရတဲ့အတွက် ဖြေဆည်နိုင်ကြမှာ မဟုတ်ပါဘူး။ ဘုရားသခင်တော်ရဲ့ ထံတော်မှောက်မှာ သူ ထာဝစဉ် ငြိမ်းချမ်းစွာ အိပ်စက်နားနေနိုင်ဖို့အတွက် ကိုယ်နေ့စဉ် ဘုရားဝတ်ပြုတိုင်း ဆုတောင်းပါတယ်။*

*"ဘုရားတပည့်တော်မသည် ယခုဘဝတွင် အမှန်တရားများနှင့်အတူ ပြန်လည် ရှင်သန်လာပါပြီ။ တပည့်တော်မကို ယုံကြည်သောသူသည် ကွယ်လွန်သွားပြီ ဖြစ်လင့်ကစား၊ သူ မသေ။ အစဉ်မပြဲ အသက်ရှင်နေသူ တပည့်တော်မကို ယုံကြည်သူသည် အဘယ်အခါတွင်မှ သေဆုံးလိမ့်မည်မဟုတ်"*

*ဘုရားသခင်၏ကောင်းချီးပေးသနားခြင်းကို*
*ခံယူရရှိနိုင်ပါစေ။*
*စစ္စတာ၊ အမ်၊ တောမတ်စ်*
*(ဂျင်နီဒင်တန်)*

စာကိုဖတ်ရသောအခါ အိမ်ပြင်တွင်ကစားနေသည့် သားငယ်ကိုခေါ်ရန် ရိုဇာ အပြင်သို့ ထွက်ခဲ့သည်။ ကျေးငှက်များ တေးဆိုနေကြသည်ကို အပြင်မှာ ကြားရသည်။

နောက် တစ်ပတ်အကုန်မှာပင် ဂျင်နီနှင့်တွေ့ရန် ဘာလင်ဂိန်းမြို့သို့ ရိုဇာ ကားမောင်းပြီးလာခဲ့သည်။

မာသာကြီးနေသည့် အိမ်ဘက်သို့ ရိုဇာ ကားကွေ့လိုက်သည့်အချိန်တွင် ကောင်းကင်ပေါ်၌ တိမ်လိပ်ကလေးများကို ဟိုတစ်စု သည်တစ်စု တွေ့နေရသည်။ ယနေ့သည် စနေနေ့ညနေဖြစ်သောကြောင့် မော်တော်ကား အမြောက်အမြားရပ်ထားသည်ကို တွေ့ရသည်။ လပ်နေသည့် နေရာကလေးတစ်ခုတွင် ကားကို ဝင်ရပ်သည်။

ကားထဲမှာထိုင်ရင်း စီးကရက်တစ်လိပ် မီးညှိသောက်နေမိသည်။ ရိုဇာ၏ စိတ်ထဲမှာ ဒွိဟ ဖြစ်နေသည်။ အကယ်၍ ဂျင်နီက မိမိကို မတွေ့ချင်ဟုဆိုလျှင် မိမိ လာဖို့မသင့်။ မိမိတို့လောကနှင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ဂျင်နီ ကျောခိုင်းခဲ့သည် မဟုတ်လား။ ထို့ကြောင့် ယခုလို

လာတွေ့ရပါမည်လားဟု ဂျင်နီက မိမိကို အပြစ်ဆိုမည် ဆိုလျှင်လည်း ဂျင်နီကို အဆိုးမဆိုသာ။

စေ့စပ်ပွဲလုပ်သည့် ညစာစားပွဲ၏ နောက်တစ်နေ့မနက်က အဖြစ်အပျက်ကို ရိုဇာ ပြန်မှတ်မိနေသည်။ ထိုနေ့က စတူဒီယိုသို့ ဂျင်နီ ရောက်မလာ။ သို့သော်လည်း မည်သူကမျှ အရေးကြီးသည်ဟု သဘောမထားခဲ့ကြ။ မတွေးမိခဲ့ကြ။

ဒေးဗစ်က ဂျိုနတ်စ်နှင့်တွေ့နိုင်ရန် ဘားဘင့်စက်ရုံကို ဖုန်းလှမ်းဆက်သည်။ သို့သော်လည်း ဂျိုနတ်စ် မည်သည့်အရပ်သို့ ရောက်နေသည်ကို မည်သူကမျှ မသိကြ။ ဂျိုနတ်စ်ကို ရှာမတွေ့ကြောင်း ဒေးဗစ်က ရိုဇာကို ပြောပြသည်။

တစ်ရက်ပြီးတစ်ရက် ကုန်လာသည်။ ဂျင်နီထံမှလည်း ဘာသတင်းမှ မကြားရ။ စတူဒီယိုမှာ ရှိနေသူများသည် တဖြည်းဖြည်း စိတ်ပူစပြုလာကြပြီ ဖြစ်၏။ နောက်ဆုံးတွင်မှ ကနေဒါနိုင်ငံရှိ စက်ရုံမှာ ဂျိုနတ်စ် ရောက်နေကြောင်း ဒေးဗစ် ရှာတွေ့သည်။

ဂျိုနတ်စ် ပြန်ပြောသော အသံသည် ခပ်ပြတ်ပြတ်ပင် ဖြစ်သည်။ ဂျင်နီကို သူ နောက်ဆုံး တွေ့ခဲ့ခြင်းသည် စေ့စပ်ပွဲ ဧည့်ခံထမင်းကျွေးသည့်ညက ဖြစ်သည်ဟု ဆိုသည်။ ဒေးဗစ်က ရိုဇာကို ချက်ချင်းခေါ်ပြီး ဂျင်နီ၏အိမ်သို့ သွားကြည့်ခိုင်းသည်။

ဂျင်နီ၏အိမ်သို့ ရိုဇာ ရောက်သွားသောအခါ မက်ဆီကန်အိမ်ဖော်အဘွားကြီး ထွက်လာသည်။

"အထဲမှာ မစ္စဒင်တန် ရှိသလား"

"မရှိပါဘူးရှင်"

"သူ ဘယ်မှာရှိမယ်ဆိုတာ ရှင် သိသလား။ သူနဲ့တွေ့ဖို့ ကျွန်မမှာ သိပ်အရေးကြီးနေတယ်" ဟု ရိုဇာက ပြောသည်။

"သူ တခြားကို ထွက်သွားပါတယ်၊ ဘယ်ကိုသွားမယ်လို့ ပြောမသွားပါဘူး"

ရိုဇာသည် အဘွားကြီးကိုရှောင်ပြီး အိမ်ထဲသို့ အလောတကြီး ဝင်လာခဲ့သည်။ ပစ္စည်းများကို အထုပ်အပိုးများ ပြင်ဆင်ထုပ်ပိုးထားသည်။ အထုပ်များ၏ဘေးတွင် အိမ်ရာပြောင်းရွှေ့ရေးနှင့် ပစ္စည်းထိန်းသိမ်းရေးကုမ္ပဏီတစ်ခု၏ အမည်ကို တွေ့ရသည်။

"အိမ်ကို ပိတ်ခဲ့ပြီး ကြိုက်တဲ့အရပ်ကိုသွားတော့လို့ မစ္စဒင်တန်က ကျွန်မကို မှာသွားပါတယ်" ဟု အဘွားကြီးက ပြောသည်။

ရိုဇာသည် အိမ်ပြန်ရောက်သည်အထိ မစောင့်နိုင်တော့။ လမ်းခုလတ်ရှိ ဖုန်းတစ်ခုဖြင့်ပင် ဒေးဗစ်ကို လှမ်းဆက်သည်။ ဒေးဗစ်က ဂျိုနတ်စ်နှင့်ပြန်ပြီး စကားပြောခွင့်ရအောင် ဖုန်းထပ်ဆက်ဦးမည်ဟု ပြောသည်။ ရိုဇာ အိမ်သို့ ပြန်ပြေးလာခဲ့သည်။ အခန်းတံခါး ဖွင့်လျှင်ဖွင့်ချင်း ဒေးဗစ်ကို အယားဖားယား မေးမိသည်။

"ဂျိုနတ်စ်နဲ့ ထပ်တွေ့သေးသလား"

"တွေ့တယ်၊ အေဖရိုဒိုက်ရုပ်ရှင် မရိုက်တော့ဖို့ရယ်၊ ပီးယာ့စ်ကို စတူဒီယိုထဲက ကန်ထုတ်ပစ်လိုက်ဖို့ရယ် ပြောတယ်၊ ပီးယာ့စ်က တရားစွဲနေရင် ဘယ်လိုလုပ်မလဲလို့ ကိုယ်က ပြန်မေးတယ်။ ဂျိုနတ်စ်က ပီးယာ့စ်ကို ပြောလိုက်ပါတဲ့၊ ဒီကိစ္စအတွက် သူနဲ့ယှဉ်ပြီး တရားတပေါင် ဖြစ်ချင်သပဆိုရင် သူ့မှာရှိသမျှ စည်းစိမ်အားလုံးပြုတ်ပြီး ခြူးတစ်ပြားမှ မကျန်တဲ့အထိ အဖြစ်ခံပြီး ပီးယာ့စ်ကို စိစိညက်ညက်ကြေအောင် အမှုန့်ခြေပစ်မယ်တဲ့"

"ဒါဖြင့် ဂျင်နီ ကိစ္စက ဘယ်လိုလဲ"

"ဒီအပတ်ကုန်လို့မှ ဂျင်နီ ပြန်မလာဘူးဆိုရင် လစာ စာရင်းကနေ ပယ်လိုက်တော့တဲ့"

"သူတို့ စေ့စပ်ထားတာကရော"

"သူ ဘာမှ မပြောဘူး။ ဒါပေမယ့် ပျက်သွားပြီလို့ ကိုယ် ထင်တယ်၊ သတင်းစာတွေကို သတင်းထုတ်ပေးဖို့ကိစ္စ ကိုယ်ကမေးတော့ ဘာသတင်းမှ ထုတ်ပေးဖို့မလိုဘူးဆိုပြီး ဖုန်းပြန်ချသွားတယ်"

"ဂျင်နီ ခမျာ သနားစရာကောင်းလိုက်တာကွယ်"

ထိုနေ့က အကြောင်းများကို ပြန်စဉ်းစားမိရင်းဖြင့် ယခုမှပင် အဖြစ်မှန်ကို ရိုဇာ သိတော့သည်။ ကားပေါ်မှဆင်းခဲ့ပြီး သီလရှင်ကြီး၏ အိမ်ရှိရာသို့ လျှောက်လာခဲ့သည်။

* * *

စစ္စတာ အမ် တောမတ်စ်သည် သူ့အခန်းထဲမှာ ထိုင်နေ၏။ သမ္မာကျမ်းစာအုပ်ကို အေးချမ်းငြိမ်သက်စွာဖြင့် ဖတ်နေသည်။ ခပ်သာသာ တံခါးခေါက်သံ ပေါ်လာသည်။ သမ္မာကျမ်းစာအုပ်ကို လက်မှာ ကိုင်ထားရင်း ထိုင်ရာမှထကာ တံခါးဖွင့်ပေးသည်။ အခန်းအပြင်မှာ သီလရှင်ကလေးတစ်ပါး ရပ်နေသည်ကို တွေ့ရသည်။

"ဘာကိစ္စလဲ စစ္စတာ"

"စစ္စတာကို တွေ့ချင်လို့ ဧည့်သည် ရောက်နေပါတယ်။ မစ္စစ်ဒေးဗစ်ဝုဖ်လို့ ပြောပါတယ်။ ဧည့်ခန်းထဲမှာ စောင့်နေပါတယ်"

စစ္စတာတောမတ်စ်သည် ခေတ္တ ငေးနေ၏။ ပြီးမှ နူးညံ့သိမ်မွေ့သော လေသံဖြင့် ပြန်ပြောသည်။

"ကျေးဇူးတင်ပါတယ် စစ္စတာ၊ ကျွန်မ မကြာခင် ဆင်းခဲ့ပါ့မယ်လို့ မစ္စစ်ဝုဖ်ကို ကျေးဇူးပြုပြီး ပြောပြပေးပါ"

သီလရှင်ကလေးက ခေါင်းညွှတ် အရိုအသေပြုကာ ပြန်ထွက်သွားသည်။ စစ္စတာ တောမတ်စ်သည် တံခါးပြန်ပိတ်ရင်း ခဏကြာအောင် တံခါးကိုမှီပြီး ရပ်နေမိသည်။ သူ့ခန္ဓာကိုယ်မှာ နုံးချည့်သွားပြီး အသက်မရှူနိုင်အောင် ဖြစ်သွားသည်။

ဘုရားသခင်၏ ပုံတော်ရှေ့မှာ ဒူးထောက်ထိုင်သည်။ သည်ကျောင်းတော်သို့ သူ ရောက်လာခါစလို စိတ်ထဲမှာ ပြန်လည် ခံစားနေရသည်။ ထိတ်လန့်စိုးရိမ်နေမိသည်။

ထိုနေ့က မာသာစူပီရီယာ၏ ရှေ့မှာ ဒူးထောက်ထိုင်ရင်း သည်းထန်စွာ ငိုကြွေးခဲ့သည်။ နူးညံ့ပျော့ပျောင်းသည့် လက်များဖြင့် မာသာစူပီရီယာက သူ၏ခေါင်းကို ညင်သာစွာ ပွတ်ပေးနေသည်။

"မငိုပါနဲ့ သမီးရယ်၊ ဘာမှလဲ ကြောက်စရာ မရှိပါဘူး။ ဘုရားသခင်ရှိရာကို သွားရမယ့်လမ်းဟာ ပိုပြီး ခက်တယ်၊ ပိုပြီး ကြမ်းတမ်းတယ်၊ ဒါပေမယ့် ဘုရားသခင်ဟာ သူ့ဆီ ရောက်လာတဲ့ ဘယ်သားတော် သမီးတော်ကိုမှ ငြင်းပယ်လေ့ မရှိပါဘူး"

"ဒါပေမယ့် သမီး အကုသိုလ်တွေကို လုပ်ခဲ့မိပြီ မာသာ"

"မာသာတို့အထဲမှာ အကုသိုလ်နဲ့ကင်းတဲ့သူ ဘယ်မှာရှိပါ့မလဲ၊ အကုသိုလ်တွေ ဘုရားသခင်ထံတော် ယူသွားရင် ဘုရားသခင်က ဝေမျှပြီး ခံယူတော်မူပါတယ်။ ပြီးတော့ သမီးကိုလည်း မဟာကရုဏာတော်နဲ့အတူ ခွင့်လွှတ်တော်မူမှာပါ။ သမီးကိုလည်း လက်ခံပါလိမ့်မယ်"

ဂျင်နီသည် မျက်ရည်များကြားမှ မာသာစူပီရီယာကို မော့ကြည့်သည်။

"ဒီလိုဆိုရင် သမီး နေနိုင်ပါပြီလား"

မာသာစူပီယာက ဂျင်နီကို ပြုံးပြီး ငုံ့ကြည့်သည်။

"သမီး နေနိုင်ပါတယ်ကွယ်"

* * *

ဧည့်ခန်းအတွင်းသို့ ဂျင်နီ ဝင်သွားသောအခါ ရိုဇာသည် ထိုင်ရာမှ ထပြီး အူယားဖားယား ပြေးကြိုနှုတ်ဆက်သည်။

"ဂျင်နီ"

စိတ်အားထက်သန်စွာဖြင့် သူက နှုတ်ဆက်သည်။

"ဟိုဒင်း. . . ဟိုဒင်း စစ္စတာတောမတ်စ်"

ဟု သူ့စကားကို သူ ပြင်ပြောသည်။

"ရိုဇာ၊ တွေ့ရတာ သိပ်ဝမ်းသာပါတယ်ကွယ်"

ရိုဇာက ဂျင်နီကို ငေးကြည့်နေသည်။ အညိုရောင်မျက်လုံးများနှင့် ချစ်စရာကောင်းသော မျက်နှာကလေးကို ပိုင်ဆိုင်ထားဆဲပင် ဖြစ်သည်။ သို့သော်လည်း ရင့်ကျက်တည်ငြိမ်မှုကို ဂျင်နီ၏မျက်နှာပေါ်တွင် မြင်တွေ့နေရသည်။ တစ်ရံရောအခါက ပိတ်ကားပေါ်တွင် သည်လို တည်ငြိမ်သောမျက်နှာကို မြင်ခဲ့ဖူးကြောင်း ရိုဇာ ပြန်သတိရနေသည်။ အလင္ဂီမဇာတ်ကား ရိုက်စဉ် မေရီမဂ္ဂဒါလင်းအဖြစ် သရုပ်ဆောင်ခဲ့စဉ်က ဖြစ်သည်။

"ဂျင်နီ၊ ဝမ်းသာလိုက်တာကွယ်၊ ရုတ်တရက်ဆိုတော့ မင်းကို အားပါးတရ ကိုယ်

ဖက်လိုက်ချင်တယ်ကွယ်"

ရှိဇာက ပြောရင်း ပြုံးပြသည်။

စစ္စတာတောမတ်စ်က လက်နှစ်ဖက် ကမ်းပေးသည်။

ထို့နောက်တွင် သူတို့နှစ်ယောက်သည် ညနေပိုင်းနေရောင်အောက်မှာ လမ်းအတူ လျှောက်လျက်ရှိကြသည်။ တောင်ကုန်း၏ထိပ်သို့ ရောက်သောအခါ နှစ်ယောက်အတူ ရပ်ကြသည်။ စိမ်းလန်းစိုပြည်နေသည့် တောင်ကြားကို ငုံ့ကြည့်နေကြသည်။

"ဘုရားသခင်ရဲ့အလှဟာ အရပ်တကာမှာ ရှိတယ်။ ကိုယ့်အတွက် နားနေရာအရပ်ကိုလည်း ဘုရာသခင်ထံတော်မှာပဲ တွေ့ရတယ်"

စစ္စတာတောမတ်စ်က ရှိဇာဘက်သို့လှည့်ပြီး နူးညံ့သိမ်မွေ့စွာ ပြောပြသည်။

"သီလရှင်ကလေးအဖြစ်နဲ့ ဘယ်လောက်ကြာကြာ နေရမှာလဲ"

ရှိဇာက သူ့ကိုကြည့်ရင်း မေးသည်။

"နှစ်နှစ်၊ နောက်လာမယ့် မေလ အထိ"

"မေလ လွန်ရင်ကော၊ ဘာလုပ်မယ်စိတ်ကူးသလဲ"

"ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပါပဲကွယ်၊ သာသနာပြုဆေးရုံတွေမှာ အမှုထမ်းမယ်။ ဘုရားသခင်ရဲ့ မေတ္တာတော်နဲ့ စောင့်ရှောက်ခြင်းကို လိုနေတဲ့သူတွေကို ကူညီမယ်"

စစ္စတာတောမတ်စ်က ရှိဇာကို ကြည့်ပြန်သည်။ ရင့်ကျက်သော၊ တည်ငြိမ်သော၊ သမာဓိတရားကြီးမားသော အမူအရာများကို ရှိဇာ မြင်ရသည်။

"ကိုယ့်ရဲ့ကုသိုလ်ကံဟာ အကောင်းဆုံးဖြစ်လာပြီ၊ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် သူနာပြုအတတ်ကိုလည်း ကိုယ် သင်ခွင့်ရခဲ့ပြီ၊ ဒါကြောင့် ကိုယ့်ကို ဘယ်အရပ်၊ ဘယ်ဌာနကိုပဲပို့ပို့ ကိုယ် ထမ်းဆောင်ရမယ့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ပါပြီကွယ်"

စစ္စတာတောမတ်စ်က တည်ငြိမ်စွာဖြင့် ပြောပြသည်။

♣ ♣ ♣

## ဂျုံနုတ်စ်
## (၁၉၄၅)

## စာအုပ်ကိုး

### (၁)

ဇူလိုင်လလယ်၏ ပူပြင်းသောနေရှိန်သည် နီဗားဒါး လေယာဉ်ကွင်းပေါ်မှာ မင်းမူကြီးစိုးနေသည်။ ဗိုလ်ချုပ်ကြီး၏ ရုံးခန်းတွင်း၌မူ အဆက်မပြတ် လည်ပတ်နေရသည့် လေအေးစက်ကြောင့် အပူရှိန်သည် ဒီဂရီရှစ်ဆယ်အထိ ကျဆင်းနေ၏။ မောရစ်ဆေကို ကျွန်တော် လှမ်းကြည့်သည်။ ထို့နောက် စားပွဲကိုကျော်ပြီး ဗိုလ်ချုပ်ကြီးနှင့် သူ့လက်ထောက်ကို လှမ်းကြည့်သည်။

"အခု ကျွန်တော် ရှင်းပြခဲ့တဲ့ အကြောင်းတွေကတော့ ကျွန်တော်တို့ရဲ့ စီအေ-ဂျက်-အိပ်ခ်ဖ်-ပီ အကြောင်းတွေပါပဲ၊ ကျွန်တော်တို့ ဂျက်လေယာဉ်ပျံဟာ တစ်နာရီကို မိုင်ခြောက်ရာ မြန်အောင် မောင်းနိုင်ပါတယ်၊ ဗြိတိသျှက ဒီဟာဗလင်ရိုးလ်စ် ဂျက်လေယာဉ်ပျံက (၅၀၆) မိုင်ပဲ ပျံသန်းနိုင်ပါတယ်။ ကဲ. . . လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော်တို့ အပြင်ကို သွားကြရအောင်လား။ ကျွန်တော် မောင်းပြပါ့မယ်"

ကျွန်တော်က ခပ်ဖြည်းဖြည်း ရှင်းပြသည်။ စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ထိုင်ရာမှထသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး မယုံကြည်စရာ ဘာမှ မရှိပါဘူး မစ္စတာကော့၊ တကယ်လို့ ကျွန်တော်တို့သာ မသင်္ကာစိတ် ရှိခဲ့တယ်ဆိုရင် ခင်ဗျားနဲ့ ကျွန်တော်တို့ ဘယ်မှ စာချုပ်ပါ့မလဲ"

ဗိုလ်ချုပ်ကြီးက သိမ်သိမ်မွေ့မွေ့ ပြန်ပြောသည်။

"ဒီလိုဆိုရင် ကျွန်တော်တို့ ဘာဖြစ်လို့ အချိန်ဖြုန်းနေကြမလဲ၊ သွားကြစို့"

"ခဏနေပါဦး မစ္စတာကော့၊ ခင်ဗျားကို ဒီလေယာဉ်ပျံ မောင်းခွင့် ကျွန်တော်တို့ မပေးနိုင်ပါဘူး"

ဟု ဗိုလ်ချုပ်ကြီးက မြန်မြန် ဝင်ပြောသည်။

ကျွန်တော်က ဗိုလ်ချုပ်ကြီးကို စိုက်ကြည့်နေမိသည်။

"ဘာဖြစ်လို့ ကျွန်တော့်ကို မောင်းခွင့်မပေးနိုင်ရတာလဲ"

"ဂျက်လေယာဉ်ပျံကို ခင်ဗျား မမောင်းနိုင်တော့ပါဘူး မစ္စတာကော့၊ ခင်ဗျားရဲ့ ဆေးအစစ်ခံချက်အရဆိုရင် အားလုံးဟာ ပုံမှန်အတိုင်းပဲရှိတာ မှန်ပါတယ်။ ဒါပေမယ့် ခင်ဗျားအသက်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ စဉ်းစားစရာ ရှိလာပါတယ်။ ဒါကြောင့် ခင်ဗျားကို လေယာဉ်ပျံမောင်းခွင့် မပေးနိုင်တာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး သဘောပေါက်နိုင်ပါလိမ့်မယ်လို့ ထင်ပါတယ်"

ဗိုလ်ချုပ်ကြီးက အေးအေးဆေးဆေးပင် ရှင်းပြသည်။

"ဒါတွေက အဓိပ္ပာယ် မရှိပါဘူး ဗိုလ်ချုပ်ကြီး၊ ဒီလေယာဉ်ပျံ ဒီနေရာရောက်အောင် ဘယ်သူ မောင်းလာတာလဲ"

"ခင်ဗျားကိုယ်တိုင် မောင်းလာတာ မှန်ပါတယ်။ အဲဒီအချိန်တုန်းက ခင်ဗျား ပိုင်တဲ့

လေယာဉ်ပျံ ဖြစ်တဲ့အတွက် ခင်ဗျား မောင်းပိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် ဒီကွင်းပေါ်မှာ လေယာဉ်ပျံဆင်းမိတာနဲ့ တစ်ပြိုင်တည်း စာချုပ်ပါ သဘောတူညီချက်များအရ တပ်မတော်က ပိုင်သွားပါပြီ။ ဒါကြောင့် တပ်မတော်ပိုင်တဲ့ လေယာဉ်ပျံကို ခင်ဗျား မောင်းခွင့် ကျွန်တော်တို့ မပေးနိုင်ပါဘူး"

ဗိုလ်ချုပ်ကြီးက ပြန်ရှင်းပြသည်။

ကျွန်တော်သည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ကျွန်တော်၏ လက်ဝါးတစ်ဖက်ကို ထိုးလိုက်မိသည်။ အလွန်လည်း ဒေါသ ဖြစ်မိသည်။

စည်းကမ်းများ၊ ဥပဒေများ၊ ဘာမှ အဓိပ္ပာယ် မရှိ။ သို့သော်လည်း စည်းကမ်းများ၊ ဥပဒေများကို ကျော်လွန်၍ မရနိုင်။ အသုံးမကျသည့် ထိုစာချုပ်ပါစည်းကမ်းများအရ သည်လိုဖြစ်ရသည်။ မနေ့တုန်းက ယခု ဂျက်လေယာဉ်ပျံကိုပင် အလာစကာပြည်နယ်သို့ ရောက်အောင် ကျွန်တော် မောင်းသွားပြီးမှ ပြန်လာခဲ့သည်။ သူတို့ ကျွန်တော့်ကို ဟန့်တားပိုင်ခွင့် မရှိခဲ့ကြ။ ကျွန်တော်တို့ တီထွင်ပြုလုပ်ထားသည့် စီအေ-ဂျက်-အိပ်ခ်ဇ်-ပီလေယာဉ်ပျံသည် ယခု လေတပ်တွင်ရှိနေသည့် မည်သို့သော လေယာဉ်ပျံအမျိုးအစားထက်မဆို တစ်နာရီလျှင် မိုင်နှစ်ရာပို၍မြန်အောင် ပျံသန်းမောင်းနှင်နိုင်သည်။ တစ်နေ့မှာတော့ ကန်ထရိုက်ပါ စည်းကမ်းများကို ပြန်ပြီး လေ့လာရဦးမည်ဟု ကျွန်တော် စဉ်းစားမိသည်။

ဗိုလ်ချုပ်ကြီးက ပြုံးပြီး ကျွန်တော်ရှိရာသို့ လျှောက်လာသည်။

"ခင်ဗျား စိတ်ထဲမှာ ဘယ်လို ခံစားသွားရတယ် ဆိုတာကို ကျွန်တော် သိပါတယ် မစ္စတာကော့၊ ကျွန်တော် အသက်ကြီးသွားပြီ ဖြစ်တဲ့အတွက် လေယာဉ်ပျံမောင်းခွင့် မပြုနိုင်တော့ဘူးဆိုပြီး ဆေးစစ်ချက်က တင်ပြတာကို ကျွန်တော် ခံခဲ့ရဖူးပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ လေယာဉ်ပျံ မမောင်းရတော့ဘဲ စားပွဲမှာထိုင်ပြီး အလုပ်လုပ်ရတဲ့လူ ဖြစ်လာပါတယ်။ ဒီအချိန်တုန်းက ကျွန်တော့်အသက်ဟာ အခု ခင်ဗျား အသက်လောက်တောင် မကြီးသေးပါဘူး။ ခင်ဗျား အခု စိတ်ထိခိုက်သွားသလိုပဲ ကျွန်တော်လည်း စိတ်ထိခိုက်ခဲ့ရပါတယ်။ အသက်ကြီးလာပြီလို့ အပြောခံရတာကို ဘယ်သူမှ မကြိုက်ကြပါဘူး"

သူ ဘာစကားတွေ ပြောနေသနည်း။ ကျွန်တော့်အသက်သည် ယခုမှ (၄၁) နှစ်သာ ရှိသေးသည်။ ဤမျှသော အသက်ကို ကြီးပြီဟု မဆိုနိုင် လေယာဉ်ကွင်းတစ်ဝိုက်မှာ ရွှေဘား၊ ငွေဘားများ ပခုံးပေါ်တင်ပြီး လပ်ယားလပ်ယားလုပ်နေကြသည့် လေသူရဲများရှိသည်။ ထိုသူများအားလုံးထက် ကျွန်တော်ပိုပြီး ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်သည်။ မောင်းနိုင်သည်။ သည်ကမ္ဘာပေါ်တွင် လေယာဉ်မောင်းစံချိန်သစ် မှန်သမျှကို တင်ခဲ့သူသည် ကျွန်တော်သာ ဖြစ်သည်။

ကျွန်တော်က ဗိုလ်ချုပ်ကြီးကို ကြည့်သည်။ ကျွန်တော့်အကဲကို သူ ကောင်းစွာ ခတ်မိလိုက်ပုံရသည်။ ထို့ကြောင့် သူက ပြုံးသည်။

"ဒီလိုဖြစ်ခဲ့တာ တစ်နှစ် ရှိသွားပါပြီ၊ အခု ကျွန်တော့်အသက်က (၄၃) နှစ်ရှိပါပြီ။ ဒုဗိုလ်မှူးကြီးရှောက မောင်းကြည့်ပါလိမ့်မယ်။ ကွင်းထဲမှာ ကျွန်တော်တို့ကို သူ စောင့်နေပါတယ်"

ဗိုလ်မှူးကြီးက စီးကရက်တစ်လိပ်ကို ကျွန်တော့်အား လှမ်းပေးရင်းပြောသည်။

ကျွန်တော့်မျက်နှာပေါ်မှာ မယုံသင်္ကာသည့်အမူအရာ ပေါ်သွားပြန်သည်။ ထိုအမူအရာကိုလည်း ဗိုလ်ချုပ်ကြီးက ရိပ်မိလိုက်ပြန်ပါသည်။

"စိတ်မပူပါနဲ့၊ ဒုဗိုလ်မှူးကြီးရှောဟာ ခင်ဗျားရဲ့ ဘားဘင့်စက်ရုံမှာ ရက်သတ္တပတ် သုံးပတ်ကြာအောင်နေပြီး ဒီလေယာဉ်ပျံကို လေ့လာထားခဲ့ပါတယ်"

မောရစ်ဆေကို ကျွန်တော် လှမ်းကြည့်သည်။ သူက တခြားတစ်နေရာသို့ ငေးနေသည်။ သည်လေယာဉ်ပျံကို သူ ပုံစံ ထုတ်ခဲ့ခြင်း ဖြစ်သည်။ သူလည်း စိတ်ပူပေလိမ့်မည်။ ကျွန်တော်က ဗိုလ်ချုပ်ကြီးကို လှည့်ကြည့်၏။

"ကောင်းပါပြီ ဗိုလ်ချုပ်ကြီး၊ ဒီကလေးပျံတာကို ကျွန်တော်တို့ သွားကြည့်ကြရအောင်"

'ကလေး'ဟူသော စကားသည် အမှန်ဆုံးသော စကားဖြစ်၏။ လေယာဉ်ပျံအတွက်သာ မဟုတ်။ ထိုလေယာဉ်ပျံကို မောင်းမည်ဆိုသော လေသူရဲ ဒုဗိုလ်မှူးကြီးရှောအတွက်လည်း မှန်သောစကား ဖြစ်သည်။ သူ့အသက်သည် နှစ်ဆယ်ပင် မကျော်နိုင်သေး။ လေယာဉ်ပျံကို

မောင်းပြီး ကောင်းကင်သို့ ပျံတက်သွားသည်ကို ကျွန်တော် ကြည့်နေမိသည်။

သို့သော်လည်း ကျွန်တော် ကြာကြာကြည့်မနေနိုင်။ အိပ်ခန်းတံခါးကို ဖွင့်လိုက်သောအခါ ကိုယ် အလွန် ချစ်သည့် ကိုယ့်ဇနီးနှင့် အခြားယောကျာ်းတစ်ယောက်တို့ ဖောက်ပြားနေကြသည်ကို မျက်ဝါးထင်ထင် မြင်ရသကဲ့သို့ ရှိသည်။

"ဒီအနားမှာ ကော်ဖီတစ်ခွက်လောက် ရနိုင်တဲ့နေရာများ မရှိဘူးလား"

"ပင်မ ထွက်ပေါက်ကြီးအနားမှာ စားသောက်ဆိုင်ရှိပါတယ်"

ဟု စစ်သားတစ်ယောက်က ပြောသည်။

"ကျေးဇူးပါပဲ"

သူတို့အားလုံး ကောင်းကင်ကို မော့ကြည့်နေကြသည်။ ကျွန်တော်ကမူ အားလုံးကို ကျောခိုင်းခဲ့ကာ လက်ဖက်ရည်ဆိုင်ရှိရာသို့ လျှောက်လာခဲ့သည်။

ဆိုင်ထဲမှာ လေအေးစက် တပ်မထား။ သို့သော်လည်း ပန်ကာများကြောင့် အနည်းငယ်သက်သာသည်။ ကော်ဖီအေး တစ်ခွက်ကိုယူပြီး စားပွဲတစ်လုံးသို့ ပြန်လျှောက်လာခဲ့သည်။ စားပွဲသို့ မရောက်မီမှာပင် ကော်ဖီထဲမှ ရေခဲများအားလုံး ပျော်ကုန်ပြီကို တွေ့ရသည်။

ပြတင်းပေါက်ကိုကျော်ပြီး ကျွန်တော် ငေးနေမိသည်။ အလွန် အသက်ငယ်ခြင်းနှင့် အလွန် အသက်ကြီးခြင်း။

ကျွန်တော့်ဘဝတွင် ဒုက္ခပေးနေသည်မှာ ငယ်လွန်းခြင်းနှင့် ကြီးလွန်းခြင်းပင် ဖြစ်သည်။

ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသည့် (၁၉၁၈) ခုနှစ်က ကျွန်တော့်အသက်သည် (၁၄) နှစ်သာ ရှိသေးသည်။ ထို့ကြောင့် ထိုစစ်နှင့် ကျွန်တော် လွဲခဲ့ရသည်။ ယခု ဒုတိယကမ္ဘာစစ်ဖြစ်ပြန်တော့ ကျွန်တော့်အသက်က သိပ်ကြီးနေပြန်ပြီတဲ့။

ထို့ကြောင့်လည်း စစ်ကြီးနှစ်ခုစလုံးတွင် ကျွန်တော် ပါဝင်ဆင်နွှဲခွင့် မရခဲ့။ စစ်နှင့်ပတ်သက်၍ အခြားသူများ ကံကောင်းကြသည်။ ကျွန်တော်မူကား စစ်နှစ်ခု၏ကြားတွင် လူလားမြောက်နေသောကြောင့် ကံအဆိုးဆုံးလူ ဖြစ်ရတော့သည်။

အလတ်စား စစ်မော်တော်ကားတစ်စင်း ဆိုင်ရှေ့မှာ လာရပ်သည်။ ကားပေါ်မှ လူများ ဆင်းနေသည်ကို ကျွန်တော် ကြည့်နေမိသည်။ ဘာရယ်လို့တော့ မဟုတ်။ အခြားကြည့်စရာ မရှိသောကြောင့် ငေးနေခြင်းသာ ဖြစ်သည်။ သူတို့သည် စစ်မှုထမ်းများ မဟုတ်ကြ။ အရပ်သားများ ဖြစ်ကြသည်။ လူငယ်များလည်း မဟုတ်။ လူကြီးများ ဖြစ်သည်။ အများစုသည် လက်တစ်ဖက်တွင် ကုတ်အင်္ကျီကိုကိုင်ကာ အခြားတစ်ဖက်တွင် လက်ဆွဲအိတ်များ ဆွဲထားကြသည်ကို တွေ့ရသည်။ အားလုံးလိုလို ဆံပင်ဖြူနေကြသည်။ အချို့က ဆံပင်မပေါက်တော့ဘဲ ခေါင်းပြောင်နေကြပေပြီ။

မော်တော်ကားအနားမှာ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ စုနေကြသည်။ တစ်ယောက်နှင့် တစ်ယောက် မပြုံးကြ။ စကားပြောသည့် အခါမှာပင်လျှင် သူတို့မျက်နှာပေါ်၌ ပြုံးသည်ကို မမြင်ရ။

သူတို့ ဘာကြောင့် မပြုံးကြသနည်း။ ဘာကြောင့် သူတို့ ပြုံးရမည်နည်းဟု ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြီး အဖြေပေးမိသည်။ သူတို့လည်း ကျွန်တော် ကဲ့သို့ပင် မခံချိမခံသာ ဖြစ်နေသူများသာ ဖြစ်နိုင်သည်။ စီးကရက် တစ်လိပ်ထုတ်ပြီး ကျွန်တော် မီးညှိသည်။ လည်နေသည့်ပန်ကာက ကျွန်တော့်ဘက်သို့ အလှည့်နှင့်ကြုံသောကြောင့် မီးငြိမ်းသွားသည်။ တစ်ဖက်သို့ လှည့်ကာ နောက်တစ်ဆံကို လက်ကာပြီး ခြစ်ရပြန်သည်။

"ဟား ကော့ပါလား၊ အံ့ဩစရာပါပဲလား၊ ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲ"

ဟား အော်တိုစထရပ်စ်မာကို ကျွန်တော် မော့ကြည့်သည်။

"လေယာဉ်ပျံလာပို့တာလေ၊ ခင်ဗျားရော ဘာလာလုပ်တာလဲ၊ ကျုပ်က ခင်ဗျားနယူးယောက်မှာပဲ ရှိနေတယ်လို့ ထင်နေတာ"

ကျွန်တော်က လက်ကမ်းပေးရင်း ပြန်မေးသည်။

သူက ကျွန်တော့်လက်ကို ဆွဲယူပြီး ဥရောပတိုက်သားများ အကျင့်အတိုင်း လှုပ်ယမ်းသည်။ သူ့မျက်နှာပေါ်မှ အပြုံးများသည် ပျောက်ကွယ်သွားသည်။

"ကျွန်တော်တို့လည်း အတူတူပါပဲ၊ လေယာဉ်ပျံလာပို့တာ၊ အခုပဲ ကျွန်တော်တို့ ပြန်တော့မယ်"

"ဟို အပြင်ကလူစုနဲ့ ခင်ဗျား ပါလာတာလား"

သူက ခေါင်းညိတ်ပြပြီး ပြတင်းပေါက်ကိုကျော်ကာ ထိုလူများကို ကြည့်သည်။ ပြီးမှ ကျွန်တော့်ဘက်သို့ ပြန်လှည့်လာသည်။

"ဟုတ်တယ်၊ ကျွန်တော်တို့ လေယာဉ်ပျံတစ်စင်းတည်းနဲ့ အတူတူလာကြတာ၊ ဒါပေမယ့် အပြန်ကျတော့ တခြားစီ ပြန်ကြရမယ်။ ကျွန်တော်တို့ သုံးနှစ်လုံးလုံး အတူတူ အလုပ်လုပ်ခဲ့ကြတယ်။ ဒါပေမယ့် အလုပ်ပြီးသွားပြီ၊ ကျွန်တော်လည်း မကြာခင် ကာလီဖိုးနီးယားကို ပြန်တော့မယ်"

သူ့မျက်လုံးထဲတွင် မသက်မသာဖြစ်နေသော အမူအရာကို တွေ့ရသည်။

"ကောင်းပါတယ်၊ ကျွန်တော့်စက်ရုံမှာ ခင်ဗျားကိုပြန်ပြီး သုံးနိုင်ဦးမှာပေါ့။ ဥရောပမှာ ဖြစ်နေတဲ့ စစ်ကတော့ ပြီးတော့မယ်၊ ဒါပေမယ့် တာရာဝါနဲ့ အိုကီနာဝါမှာတော့ စစ်က ဖြစ်နေဦးမှာပဲ၊ ဂျပန်တွေ နောက်ဆုတ်မပေးခင် အနည်းဆုံး ခြောက်လကနေပြီး တစ်နှစ်လောက်တော့ ကျွန်တော့်တို့ အလုပ်လုပ်ချိန် ရပါသေးတယ်"

ကျွန်တော်က ရယ်ရင်း ပြန်ပြောသည်။

သူက ဘာမှ ပြန်မဖြေ။

ကျွန်တော်က သူ့ကို မော့ကြည့်ရင်း ချက်ချင်း သတိရလိုက်မိသည်။ ဥရောပတိုက်သားများ၏ အမူအရာသည် တစ်မျိုး ဖြစ်၏။ အကဲခတ်ရ အလွန်ခက်သည့် အမူအရာမျိုး။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဟားစထရပ်စ်မာ ကျွန်တော်နဲ့အတူတူ ကော်ဖီသောက်ပါဦး"

"ကျွန်တော့်မှာ အချိန်မရှိတော့ဘူး"

သူက ထိုမျှသာပြောပြီး ကြောင်အမ်းအမ်း တုံ့ဆိုင်းဆိုင်း ဖြစ်နေပြန်သည်။ သူ့မျက်လုံးကလည်း ကျွန်တော်ကို စူးစမ်းသလို ကြည့်နေသည်။

"တခြားနေရာတွေမှာ ခင်ဗျားကိုယ်ပိုင် ရုံးခန်းတွေရှိသလို ဒီမှာရော ရှိသေးသလား"

"ရှိပါတယ်၊ ဒီအဆောက်အအုံရဲ့ နောက်ဘက်မှာ"

ကျွန်တော်က ရုံးခန်းရှိရာသို့ ညွှန်ပြသည်။

"ငါးမိနစ်အတွင်း ခင်ဗျားကို ကျွန်တော် အဲဒီရုံးခန်းမှာ လာတွေ့ပါ့မယ်"

စကားဆုံးသည်နှင့် တစ်ပြိုင်တည်း အပြင်သို့ ဒရောသောပါး ထွက်သွားတော့သည်။

အပြင်သို့ သူ ထွက်သွားပြီး အုပ်စုတစ်စုတွင်ဝင်ကာ စကားပြောနေသည်ကို ပြတင်းပေါက်မှကျော်ပြီး ကျွန်တော် မြင်နေရသည်။ အော်တိုစထရပ်စ်မာ ရူးသွားပြီလားဟု ကျွန်တော် စဉ်းစားနေမိသည်။ အသေအချာတော့ မပြောနိုင်။ အလုပ် အလွန် လုပ်သောကြောင့်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် နာဇီဂျာမနီသို့ ပြန်သွားရလျှင် ကောင်းမည်လားဟု သူ စဉ်းစားနေသောကြောင့်လည်း ဖြစ်နိုင်သည်။ ကျွန်တော်နှင့် တွေ့ရတွင် သူ့အဖို့ လျှို့ဝှက်ထားစရာအကြောင်း မရှိ။ ကျွန်တော်တို့သည် အလုပ်အတူလုပ်နေကြသူများပင် ဖြစ်သည်။ ဘက်တစ်ဖက်တည်းမှာ ရပ်တည်နေကြသူများ ဖြစ်သည်။

စီးကရက်တိုကို ပြာခွက်ထဲမှာခြေပြီး အပြင်သို့ ကျွန်တော် ထွက်လာခဲ့သည်။ သူတို့အနားမှ ဖြတ်လျှောက်သွားသော်လည်း ကျွန်တော့်ကို မမြင်ဟန်ပြုနေသည်။ သူ မော့မကြည့်။ ကျွန်တော့်ရုံးခန်းတွင်းသို့ ကျွန်တော် ဝင်ခဲ့သည်။ မရှေးမနှောင်းမှာပင် ကျွန်တော့်နောက်မှ သူလည်း ဝင်လိုက်လာသည်။

အခြားအခန်းများကိုကြည့်ပြီး သူ့စိတ် လှုပ်ရှားနေပုံရသည်။

"ကျွန်တော်တို့ နှစ်ယောက်တည်းပဲလား"

ဟု သူက မေးသည်။

"ထင်တာပဲ"

ကျွန်တော်က ပြန်ဖြေရင်း သူ့ကိုကြည့်ကာ အကဲခတ်နေမိသည်။ ယခုလို သူ ရူးကြောင်ကြောင် ဖြစ်နေသောကြောင့် ဆရာဝန်တစ်ယောက် ကျွန်တော်တို့အနားတွင်

ရှိနေလျှင် မည်မျှကောင်းမြိမ့်မည်နည်းဟုလည်း ကျွန်တော် စဉ်းစားနေမိသည်။

အခန်းငယ်များဆီသို့ သူ လျှောက်သွားသည်။ တံခါးဖွင့်ကြည့်သည်။ သူ ကျေနပ်သွားပုံရသည်။ ကျွန်တော့်ဘက်သို့ သူ ပြန်လှည့်လာသောအခါ သူ့မျက်နှာသည် တည်နေသည်။ ဖြူဖပ်ဖြူရော်လည်း ဖြစ်နေသည်။ ဇောချွေးများ ပြန်နေသည်ကိုလည်း တွေ့ရသည်။ နီဟားဒါး ပြည်နယ်၏ အပူရှိန်ကို အကျင့်မရှိသောသူများ မခံနိုင်ကြောင်း ကျွန်တော် စဉ်းစားမိသည်။ ထို့ကြောင့်ပင် ဖြစ်ရမည်ဟု ကောက်ချက်ချလိုက်မိသည်။

"ဟား. . . ကော့၊ ကမ္ဘာစစ်ကြီးဟာ ခြောက်လအတွင်းမှာ ပြီးသွားမှာ မဟုတ်ဘူး"

သူက လေသံတိုးတိုးဖြင့် ပြောသည်။

"ဟုတ်တာပေါ့၊ ဘယ်ပြီးမလဲ"

ကျွန်တော်က သူ့ကို နှစ်သိမ့်သည့်သဘောမျိုးဖြင့် ပြောသည်။ သူ ပြောသည်ကို သဘောတူညီကြောင်းပြပြီး သူ စိတ်ငြိမ်သွားအောင် ပထမဆုံး ကျွန်တော် လုပ်ရပေမည်။ ဒုတိယ လုပ်ရမည့်အလုပ်မှာ သူ့ကို ရေတစ်ခွက်တိုက်ရန် ဖြစ်သည်။ ရေစင်ရှိရာသို့ ကျွန်တော် လှည့်လိုက် သည်။

"ခင်ဗျား ရေတစ်ခွက်လောက်သောက်. . . "

"နောက်လထဲမှာ ကမ္ဘာစစ်ကြီး ပြီးတော့မယ်"

ကျွန်တော့်မျက်နှာ အမူအရာ မည်သို့ဖြစ်သွားမည်ကို ကျွန်တော် မသိလိုက်။ ကျွန်တော့် ပါးစပ်သည်ကား ဟောင်းလောင်းပွင့်သွားသည်။

"မဟုတ်ပါဘူး။ ကျွန်တော် ရူးလို့ ပြောနေတာ မဟုတ်ပါဘူး ဟားကော့၊ တခြားလူကို ကျွန်တော် ပြောလို့ မဖြစ်ပါဘူး။ ဒါပေမယ့် ခင်ဗျား တစ်ယောက်ကိုတော့ ကျွန်တော် ပြောမှ ဖြစ်မယ်။ ကျွန်တော့်အသက်ကို ခင်ဗျား ကယ်ခဲ့ပါတယ်။ ဒီကျေးဇူးကို ပြန်ဆပ်နိုင်ဖို့ဟာ ကျွန်တော့်မှာ ဒီတစ်နည်းပဲ ရှိပါတယ်။ ဒီသတင်းဟာ ခင်ဗျားရဲ့စီးပွားရေး လုပ်ငန်းတွေအတွက် ဘယ်လောက် တန်ဖိုးရှိတယ်၊ ဘယ်လောက် အရေးကြီးတယ်ဆိုတာကို ကျွန်တော် သိပါတယ်"

သူက ကျွန်တော့်အမူအရာကို အကဲခတ်ရင်း မြန်မြန်ပြောသည်။

"ဒါပေမယ့်. . . ဒါပေမယ့် ဘယ်လို"

"ကျွန်တော် ဒီထက် ပိုမပြောနိုင်တော့ပါဘူး။ ကျွန်တော့်ကို ယုံပါ၊ နောက်လကျရင် ဂျပန်လက်နက်ချလိမ့်မယ်"

သူသည် စကားဆုံးသည်နှင့် တစ်ပြိုင်တည်း မပြေးရုံတစ်မည် ရုံးခန်းအပြင်သို့ ပြေးထွက်သွားတော့သည်။

သူ ထွက်သွားသည်ကို အတန်ကြာ ကျွန်တော် ငေးကြည့်နေမိသည်။ ထို့နောက် ထိုင်ရာမှထပြီး ရေစင်ရှိရာသို့သွားကာ ရေအေးအေးနှင့် မျက်နှာသစ်လိုက်သည်။

ကျွန်တော်သည် အော်တိုစထရပ်စ်မာထက်ပင်ပိုပြီး ရူးသွားပြီထင်၏။ အဘယ်ကြောင့်ဆိုသော် သူ ပြောသည်ကို ကျွန်တော် တဖြည်းဖြည်း ယုံစပြုလာပြီ ဖြစ်သောကြောင့်ပင်။

ကျွန်တော်တို့ တိုက်ထုတ်သောကြောင့် ဂျပန်များသည် နောက်သို့ တဆုတ်တည်း ဆုတ်ပေးနေကြရသည်။ သို့သော်လည်း မလေးရှား၊ ဟောင်ကောင်နှင့် ဒတ်ချ်တို့ပိုင်သော အရှေ့အိန္ဒိယ ကျွန်းစုများတွင်မူ ဂျပန်တို့ ခြေကုပ်စခန်းများ ရှိနေသေးဆဲပင် ဖြစ်သည်။ ဂျပန်များ၏ အသေခံတိုက်သည့် တိုက်စစ်ပုံစံမျိုးသည် သူတို့၏ စစ်ပွဲအဆုံးသို့ ပို့ပေးနေသည့် အတိတ်နိမိတ်လည်း ဖြစ်သည်။ သည်အတိုင်းဆိုလျှင် တစ်လအတွင်းမှာပင် စစ်ကြီးပြီးဆုံးသွားနိုင်သည်။

မောရစ်ဆေနှင့် ကျွန်တော်တို့ ရထားပေါ်မှာ လိုက်ပါလာသည့် အချိန်တွင်လည်း သည်အကြောင်းကိုပင် ကျွန်တော် စဉ်းစားလာခဲ့သည်။

"ကျုပ် ဟိုမှာ ဘယ်သူနဲ့တွေ့ခဲ့သလဲ၊ မောင်ရင် သိသလား"

ကျွန်တော်က မောရစ်ဆေကို လှမ်းမေးသည်။ ပြီးတော့ သူ ဖြေသည့် အချိန်ကို မစောင့်တော့ဘဲ ကျွန်တော်ကပင် အဖြေကိုပေးလိုက်သည်။

"အော်တိုစထရပ်စ်မာပေါ့"

ရုတ်တရက် မောရစ်ဆေသည် ကျွန်တော့်ကို နားမလည်သလို ဖြစ်သွားသည်။ ကျွန်တော့်အဖြေကို ကြားသောအခါကျမှ ပြုံးသည်။ ကျွန်တော် လေယာဉ်ပျံကို စစ်ဆေးမောင်းနှင်ကြည့်သည်။ လေယာဉ်မှူးက ကျွန်တော့်ကို လာတွေ့သွားသည်ဟု သူ ထင်ထားပုံရသည်။

"ဒီလူက လူကောင်းတစ်ယောက်ပါ၊ သူ့အခြေအနေ ဘယ်လိုနေသလဲ"

"ကောင်းပုံပါပဲ၊ သူ နယူးယောက်ကို ပြန်သွားပြီ"

ကျွန်တော်က ရထားပြတင်းပေါက်မှ နီဗားဒါးသဲကန္တာရကြီးကို ကြည့်နေမိသည်။

"ဒါထက် စကားမစပ်၊ သူ ဘာလုပ်နေတယ်လို့များ မောင်ရင် ကြားမိသလဲ"

ဟု ကျွန်တော်က ဆက်မေးသည်။

"အတိအကျတော့ မကြားဘူး"

"ဒါဖြင့် ဘာရော ကြားသေးသလဲ"

ကျွန်တော်က မောရစ်ဆေကို ကြည့်ပြီး မေးသည်။

"သူ့ဆီက တိုက်ရိုက်ကြားတာတော့ မဟုတ်ဘူး။ အင်ဂျင်နီယာများ ကလပ်မှာ သူ့ငယ်ချင်းတစ်ယောက်ဆီက ကြားခဲ့တာတော့ ရှိတယ်။ သူကိုယ်တိုင်ကလည်း အတိအကျသိတာတော့ မဟုတ်ဘူး။ မင်ဟတ်တန်စီမံကိန်းလို့ ခေါ်တယ်တဲ့။ အော်တိုစထရပ်စ်မာဟာ အဲဒီစီမံကိန်းမှာ ပါမောက္ခအိန်စတိုင်းနဲ့အတူတူ တွဲလုပ်နေတယ်လို့ ကြားဖူးတယ်ပြောတာပဲ"

မျက်ခုံးကိုပင့်ပြီး နားမလည်သလို သူ့ကို ကျွန်တော်က ပြန်ကြည့်သည်။

"ပါမောက္ခအိန်းစတိုင်းအတွက် စထရပ်စ်မာက ဘာများ လုပ်ပေးနိုင်မှာလဲ"

မောရစ်ဆေက ပြုံးသည်။

"ပလတ်စတစ်ဘီယာဘူးကို စထရပ်စ်မာတီထွင်ခဲ့ဖူးတယ်လေ၊ ရိုးရိုးသတ္တုထက် ပိုပြီးခိုင်တယ်"

"အဲဒီတော့ ဘာဖြစ်သလဲ"

ဟု ကျွန်တော်က ပြန်မေးသည်။

"ပါမောက္ခ အိန်စတိုင်းတီထွင်ထားတဲ့ အဏုမြူကို ထည့်နိုင်ဖို့ စထရပ်စ်မာကို တစ်ခုခုတီထွင်ခိုင်းတာ ဖြစ်မှာပေါ့"

မောရစ်ဆေက ရယ်နေသည်။

ကျွန်တော့်ရင်ထဲတွင် ဇောပြန်လာသည်။

အဏုမြူကို ထည့်ထားနိုင်မည့်ဘူး။ သို့မဟုတ် ဗုံး။

ပေါက်ကွဲစေတတ်သည့် ပစ္စည်းတစ်ခုခုကို ဘူးတစ်ခုထဲတွင် ထည့်ထားလျှင် ပေါက်ကွဲနိုင်သကဲ့သို့သော ပစ္စည်း။ ကျွန်တော် တသီကြီး စဉ်းစားနေမိသည်။ မောရစ်ဆေသည် မရှုးနိုင်။ ရှုးသည်မှာ ကျွန်တော်သာ ဖြစ်နေသည်။

အတိတ်နိမိတ် တစ်ခုခုရှိလာပြီဟု ကျွန်တော် တွေးမိသည်။ စထရပ်စ်မာနှင့် သူ့လူများသည် မပြုံးမရယ်သော မျက်နှာများဖြင့် သဲကန္တာရအတွင်းမှ လေယာဉ်ကွင်းသို့ ရောက်လာကြသည်။ ပစ္စည်းလာပေးကြသည်။ ယခု သူတို့ ပြန်ကြပြီ။ သူတို့အလုပ်လည်း ပြီးပြီဟုဆိုသည်။ သူတို့ ဘာလုပ်ကြသနည်းဆိုသည်ကို ကျွန်တော် စဉ်းစားရန် မလိုတော့။ ဂရုစိုက်နေရန်လည်း အကြောင်း မရှိတော့။

သို့သော် ကျွန်တော် နှစ်နှစ်ကာကာ ယုံကြည်လိုက်ပြီ။

သည်အတိတ်နိမိတ်ကြီးသည် ကမ္ဘာစစ်ကြီးကို အဆုံးသတ်ပေတော့မည်။

(၂)

ရီနိုမြို့သို့ ရောက်သောအခါ ရထားပေါ်မှ ကျွန်တော် ဆင်းနေရစ်ခဲ့သည်။ မောရစ်ဆေက လော့စ်အိန်ဂျယ်လိစ်မြို့အထိ ရထားဖြင့်ပင် ဆက်လိုက်သွားသည်။ တောင်ပိုင်းက မြို့ထဲမှာ ရှိနေသော ရိုဘဲယားကို ဖုန်းဆက်ခေါ်မနေတော့ဘဲ တွေ့ရာ တက္ကစီကားဖြင့် စက်ရုံရှိရာသို့ ကျွန်တော် လာခဲ့သည်။ ကော့ လက်နက်ခဲယမ်းမီးကျောက် စက်ရုံ ဟူသော ဆိုင်းဘုတ်

ကြီးအောက်ရှိ ဂိတ်ဝမှ အတွင်းသို့ ကျွန်တော် ဝင်ခဲ့သည်။ မူလ ကျွန်တော့်အဖေ တည်ခဲ့သည့် စက်ရုံသို့ရောက်အောင် ဤနေရာမှ တစ်မိုင်ခန့် သွားရဦးမည် ဖြစ်သည်။ အဝင်ဝဘက်မှ စက်ရုံများသည် ကျွန်တော့်လက်ထက်တွင် ချဲ့ထွင်ခဲ့သည့် စက်ရုံအသစ်များ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး စတင် ဖြစ်ပွားကတည်းက ကျွန်တော်တို့၏ လက်နက်စက်ရုံကို တစ်လျှောက်လုံး တိုးချဲ့ခဲ့ရသည်။ ကျွန်တော် ပိုင်သည့် အခြားအခြားသော ကုမ္ပဏီများ အားလုံး သည်လည်း အဆမတန် တိုးချဲ့ခဲ့ရသည်။

တက္ကစီကားပေါ်မှ ဆင်းပြီး ကျသင့်သည့်ပိုက်ဆံ ပေးခဲ့သည်။ အဆောက်အအုံ ဟောင်းကြီးကို ကျွန်တော် လှမ်းကြည့်မိသည်။ ထပ်မံတိုးချဲ့ထားသည့် စက်ရုံ အဆောက်အအုံ သစ်များကြားမှာ အိုမင်းမှုကို ပြနေသည်။ သို့သော်လည်း အမိုးများကား တောက်ပသည့် နေရောင်ထဲမှာ ဖြူဖွေးသစ်လွင်နေသည်။

ကျွန်တော့် စက်ရုံတွင် ရှိနေကြသည့် အကြီးအကဲများသည် အဆောက်အအုံသစ်များ ရှိ ရုံးခန်းအသစ်များသို့ ရွှေ့ပြောင်းသွားကြသည်။ ကျွန်တော်ကမူ စက်ရုံဟောင်းမှာ ဖေဖေ၏ ရုံးခန်းအဟောင်းကိုပင် ဆက်သုံးနေသည်။ စီးကရက်တိုကို မြေကြီးပေါ် သို့ချပြီး ခြေထောက်နှင့် နင်းခြေကာ စက်ရုံတွင်းသို့ ဝင်ခဲ့သည်။

ကျွန်တော့်နှာခေါင်းတွင်းသို့ ဝင်လာသောအနံ့သည် ကျွန်တော် တစ်သက်လုံး ရှူရှိုက် ခဲ့ရသည့် အနံ့ပင် ဖြစ်သည်။ အလုပ်လုပ်နေကြသူများကလည်း ကျွန်တော် ဝင်လာသည်ကို မြင်သည်နှင့်တစ်ပြိုင်တည်း 'သား'ဟု စပိန်ဘာသာဖြင့် ကျွန်တော့်ကိုခေါ်ပြီး နှုတ်ဆက်ကြသည်။

ကျွန်တော့်ကို သားဟုခေါ်ပြီး နှုတ်ဆက်ကြသူ အများစုသည် ဖေဖေ့လက်ထက်က တည်းက အလုပ်လုပ်ခဲ့ကြသူများ မဟုတ်တော့။ ဖေဖေ ဆုံးပြီးနောက်မှ အလုပ်ဝင်လာကြသူက အများစု ဖြစ်နေသည်။ အချို့ဆိုလျှင် လူငယ်များ ဖြစ်သည်။ ကျွန်တော်၏အသက် တစ်ဝက် ထက်ပင် ငယ်ကြသေးသည်။ သို့သော်လည်း သူတို့အားလုံးသည် နှုတ်ကျိုးနေကြပြီဖြစ်သော ကြောင့် ကျွန်တော့်ကို သားဟု ခေါ်မြဲခေါ်နေကြသည်။

ဖေဖေ့ရုံးခန်းသည် ဘာမှ ပြောင်းလဲခြင်း မရှိ။ အလွန် ကြီးမားသည့် စားပွဲကြီးတစ်လုံး၊ သားရေဖြင့် ဖုံးအုပ်ထားသော ကုလားထိုင်များ ရှိမြဲရှိနေသည်။ စားပွဲကုလားထိုင်များသည် ဟောင်းနွမ်းလှပြီ ဖြစ်သောကြောင့် အက်ကြောင်းများပင် အချို့နေရာ၌ ပေါ်နေကြပြီ။ ရုံးခန်း အတွင်းသို့ ကျွန်တော် ဝင်သွားသောအခါ ကျွန်တော်၏ အတွင်းရေးမှူးလည်း မရှိ။ ကျွန်တော် မအံ့ဩပါ။ မည်သူမျှ ရှိနေဖို့ အကြောင်းမရှိပါ။ ကျွန်တော် သည်လို ရောက်လာလိမ့်မည်ဟု လည်း မည်သူကမျှ မျှော်လင့်မထား။

စားပွဲ၏နောက်သို့ လျှောက်သွားပြီး ရုံးတွင်းစကားပြောခွက်ဖြင့် မက်အယ်လစ္စတာကို စကားလှမ်းပြောသည်။ မက်အယ်လစ္စတာသည် နှစ်ဖာလုံခန့်ဝေးသော ရုံးသစ်မှာ ရုံးထိုင်သည်။ ကျွန်တော့်အသံကို ကြားသောအခါ သူ အံ့ဩနေသည်။

"ဂျိုနတ်စ်၊ မင်း ဘယ်ကနေ ပြန်ရောက်လာတာလဲ"

"လေတပ်က၊ ကျွန်တော်တို့ စီအေ-ဂျက်-အိုပ်ခ်ဝဲ-ပီကို အခုပဲ သွားပို့ခဲ့တယ်"

"ကောင်းတယ်၊ သူတို့ ကြိုက်ကြရဲ့လား"

"ကြိုက်ကြတယ်လို့ ထင်တာပဲ၊ ကျွန်တော်က မောင်းမယ်ဆိုတော့ သူတို့က ကျွန်တော့်ကို မယုံကြဘူးလေ"

ကျွန်တော်က တယ်လီဖုန်းတင်သည့် စားပွဲပေါ်ရှိ ဗီရိုကို ဖွင့်ပြီး ဘော်ဘွန်းအရက်ပု လင်းကို ထုတ်ယူသည်။ စားပွဲပေါ်မှာ တင်ပြီးမှ စကားဆက်ပြောသည်။

"မနက်ဖြန်များ ကမ္ဘာစစ်ပြီးသွားမယ်ဆိုရင် ကျွန်တော်တို့ စစ်တပ်နဲ့ သဘောတူထား တဲ့ ကန်ထရိုက်တွေ ဖျက်ပစ်ရလိမ့်မယ်။ ဒီလို ဖျက်ရမယ်ဆိုရင် ကျွန်တော်တို့ ဘယ်လို ဖြစ်သွား နိုင်သလဲ"

"လက်နက်ခဲယမ်းမီးကျောက်စက်ရုံနဲ့ ပတ်သက်လို့လား"

ဟု မက်အယ်လစ္စတာက ပြန်မေးသည်။

"ကျွန်တော်တို့ ကုမ္ပဏီအားလုံး"

ဟု ကျွန်တော်က ပြန်ဖြေသည်။ ကျွန်တော်တို့ ကန်ထရိုက်စာချုပ်များ အားလုံးကို သူ့ရုံးမှာ သိမ်းထားသည်။ သည်ရုံးသည် သူပင်တိုင် ထိုင်သည့် ရုံးဖြစ်သောကြောင့် သည်မှာပင် သူသိမ်းထားကြောင်း ကျွန်တော် သိသည်။

"အချိန်တော့ နည်းနည်းယူရမယ်၊ တစ်ယောက်ယောက်ကို ခိုင်းရဦးမယ်"

"တစ်နာရီလောက်ကြာမလား"

မက်သည် ခဏဆိုင်းသွား၏။ သူ ပြန်ပြောသောအခါတွင်လည်း အကျိုးအကြောင်း သိလိုသည့် လေသံမျိုးကို ကျွန်တော် ကြားရသည်။

"ကောင်းပြီလေ၊ အရေးကြီးတယ်ဆိုရင်ပေါ့"

"အရေးကြီးတယ်"

"မင်း တစ်ခုခုများ သိလာလို့လား"

"မဟုတ်ပါဘူး၊ ကျွန်တော် လိုချင်တာပါပဲ"

ကျွန်တော်က အမှန်အတိုင်း ပြန်ပြောသည်။ တကယ်လည်း ကျွန်တော် ဘာကိုမှ မသိခဲ့။ တွေးဆကြည့်နေခြင်းသာ ဖြစ်သည်။

ခေတ္တတိတ်ဆိတ်သွားသည်။ ခဏကြာမှ သူ့အသံပြန်ပေါ်လာသည်။

"ရေဒါနဲ့ အပိုပစ္စည်း တချို့နဲ့ပတ်သက်ပြီး အင်ဂျင်နီယာဌာနက ပုံစံထုတ်ပေးထားတာ အခုပဲရတယ်။ အဲဒါတွေရော ယူခဲ့ရမလား"

"ယူခဲ့ပါ"

ဟု ပြောပြီး စကားပြောခွက်ကို ပြန်ပိတ်လိုက်သည်။ အံဆွဲထဲမှ ဖန်ခွက်ကို ယူကာ အရက်ထည့်သည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ရှိ နံရံပေါ်သို့ လှမ်းကြည့်လိုက်သည်။ ထိုနံရံပေါ်တွင် ဖေဖေ၏ ပုံတူပန်းချီကား ချိတ်ထားသည်။ ပန်းချီကားထဲမှ ဖေဖေက ကျွန်တော့်ကို ပြန်ကြည့်နေသည်။ ဖေဖေ့ထံသို့ ကျွန်တော် အရက်ခွက်ကို မြှောက်လိုက်သည်။

"ဖေဖေ့အခန်းကို ကျွန်တော် ပြန်မရောက်တာ ကြာလှပြီ ဖေဖေ"

ဟု ပြောရင်း ဝီစကီကို တစ်ကျိုက်မော့လိုက်သည်။

* * *

စားပွဲပေါ်ရှိ စာရွက်များကို ကြည့်နေရာမှ ကျွန်တော်သည် လက်များကို ပြန်ရုပ်ကာ လက်ချောင်းများကို လိမ်နေမိသည်။ မက်အယ်လစ္စတာကိုလည်း လှမ်းကြည့်လိုက်သည်။

"ကျွန်တော့်အဖို့တော့ ဟန်ကျမယ့်ပုံပါပဲ"

"အခု ရထားတဲ့ နောက်ထပ် အမှာစာတွေအရ အချိန်မီ ပို့နိုင်အောင် စီစဉ်ထားတယ်၊ စစ်ပြီးသွားတဲ့အချိန်မှာလည်း သူတို့ အမှာစာတွေအတိုင်း ပစ္စည်းတွေ ပေးသွင်းဖို့ကို စာချုပ်ထဲမှာ ထည့်ချုပ်နိုင်အောင်လည်း ငါ စီစဉ်ထားခဲ့တယ်"

မက်အယ်လစ္စတာသည် ဤအကြောင်းများကြောင့်လည်း အလွန် အားကိုးရသော သူ ဖြစ်သည်။ မည်သည့်ကိစ္စများကို မည်သို့ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း သူ အမြဲတမ်း ကြိုတင်မြင်တတ်သည်။ ကျွန်တော့်စားပွဲပေါ်မှ ဘော်ဘွန်းဝီစကီပုလင်းကို သူ လှမ်းကြည့်နေသည်။

"မင်း ငါ့ကို လောကွတ်ကလေးမှ မလုပ်တော့ဘူးလား အရက် နည်းနည်းသောက်ချင်တယ်"

ကျွန်တော် သူ့ကို အံ့ဩပြီး လှမ်းကြည့်မိသည်။ သူသည် အရက် များများစားစား သောက်သူ မဟုတ်။ အထူးသဖြင့် အလုပ်လုပ်နေသည့် အချိန်တွင် လုံးဝ သောက်လေ့ မရှိ။ ကျွန်တော်က ပုလင်းကို သူ့ဘက်သို့ တွန်းပေးလိုက်သည်။

"သဘောရှိသာ သောက်ပါဗျာ"

မက်က အရက် နည်းနည်းထည့်ပြီး ဘာမှ မရောဘဲ သည်အတိုင်း မော့ချလိုက်သည်။ ပြီးမှ ကျွန်တော့်ကို ကြည့်သည်။

"စစ်အပြီးမှာ လုပ်ရမယ့် အစီအစဉ်တစ်ခုအကြောင်းလည်း မင်းကို ပြောပြရဦးမယ်"

ဟု သူက မနေတတ်မထိုင်တတ်သလိုဖြစ်ရင်း ပြောသည်။

"ပြောပါ"

"ငါ့ကိစ္စအကြောင်းပါပဲ၊ ငါ့အသက် မငယ်တော့ဘူး။ ဒါကြောင့် အနားယူချင်ပြီ" ဟု သူက ခပ်ဆိုင်းဆိုင်း ပြောသည်။

"အနားယူမယ် ဟုတ်လား။ ဘာဖြစ်လို့လဲ၊ ခင်ဗျား ဘာသွားလုပ်မှာလဲ"

ကျွန်တော့်နားကိုပင် ကျွန်တော် မယုံနိုင်အောင် ဖြစ်မိသည်။ မက်၏မျက်နှာတွင်လည်း တစ်စုံတစ်ခုကို ခံစားနေရသလို ရှိသည်။

"ငါ့သက်တမ်းနဲ့ဆိုရင် အလုပ်တွေကို အတော်အသင့် လုပ်ခဲ့ပြီးပြီလို့ ဆိုရမယ်၊ ငါ့မှာ သားနှစ်ယောက်၊ သမီးတစ်ယောက်နဲ့ မြေးငါးယောက် ရှိတယ်။ မြေးသုံးယောက်ကို အခုအချိန်အထိ မမြင်ဖူးသေးဘူး။ ငါ့မိန်းမနဲ့ ငါနဲ့ ကလေးတွေနဲ့ အချိန်ဖြုန်းဖို့တော်ပြီ၊ ကလေးတွေက တို့ကို မစိမ်းခင်မှာ သူတို့နဲ့ အတူတူ နေရမယ်"

ကျွန်တော်က သူ့စကားကြားသောအခါ ရယ်မိသည်။

"ခင်ဗျား အလုပ်တွေ အများကြီး လုပ်နိုင်ပါသေးတယ်ဗျာ။ အသက် အများကြီး ငယ်သေးတာပဲ"

"အခု (၆၃) နှစ်ရှိပြီ၊ မင်းနဲ့အတူတူ အလုပ်လုပ်ခဲ့တာ နှစ်ပေါင်း နှစ်ဆယ် ရှိသွားပြီ"

သူ့ကို ကျွန်တော် ငေးကြည့်နေမိသည်။ နှစ်ပေါင်းနှစ်ဆယ်။ ထိုမျှ ရှည်လျားသည့် အချိန်တွေ မည်သို့ ကုန်ဆုံးခဲ့သနည်း။ စစ်တပ်မှ ဆရာဝန် မှတ်ချက်ချသည်မှာ မှန်ပါသည်။ ကျွန်တော်သည်လည်း လူငယ်ကလေးတစ်ယောက် မဟုတ်တော့။

"ခင်ဗျား မရှိရင် ကျွန်တော်တော့ ဒုက္ခပါပဲဗျာ၊ ခင်ဗျား မရှိရင် အလုပ်တွေကို ဘယ်လို လုပ်ရမှန်းတောင် သိတော့မှာ မဟုတ်ဘူး"

ကျွန်တော်က ရိုးသားစွာပင် ပြောပြသည်။ အမှန်အတိုင်းပြောခြင်းလည်း ဖြစ်သည်။ မက်အယ်လစ္စတာကို ကျွန်တော် အများကြီး အားကိုးရသည်။ သူ့အကူအညီကို လိုသည့်အခါတိုင်းတွင် အားကိုးလောက်သော အကူအညီများကို ကျွန်တော် ရခဲ့စမြဲ ဖြစ်သည်။

"မင်း အခက်အခဲ မရှိဘဲ လုပ်သွားလို့ရမှာပါ၊ ဒါတွေအတွက်လည်း ငါ စီစဉ်ထားခဲ့တာကြာပြီ။ အခုဆိုရင် တို့မှာ ဥရောပရေးရာ အကြံပေးအဖွဲ့ဝင်ပေါင်း လေးဆယ်ကျော်ရှိနေပြီ၊ သူတို့တစ်ဦးချင်းဟာ လုပ်ငန်းတစ်ခုစီအတွက် သေသေချာချာ အထူးလေ့ကျင့်ပေးထားတဲ့ လူတွေပါပဲ၊ မင်းတစ်ယောက်တည်း အလုပ်လုပ်နေရမှာ မဟုတ်ပါဘူး။ မင်းရဲ့လုပ်ငန်းကြီးဟာ အင်မတန် ကြီးနေပြီ၊ မင်းကို စောင့်ရှောက်ထိန်းသိမ်းပေးဖို့ ဥပဒေရေးရာ ယန္တရားကြီးတစ်ခုလည်း လိုနေပြီ၊ ဒီယန္တရားကြီးကို ငါ တပ်ဆင်ပေးထားပြီးပါပြီ"

"ဒါနဲ့ ဘာဆိုင်သလဲဗျာ၊ ကျွန်တော် သန်းခေါင်ကျော်ကြီးမှာ ဒုက္ခရောက်နေရင် ကိုယ်ရေးကိုယ်တာအတွက် အကူအညီတောင်းလို့ရနိုင်တဲ့ ယန္တရားကြီး မဟုတ်ပါဘူး"

"မင်း သုံးလို့ရပါတယ်၊ မင်းနဲ့ပတ်သက်ပြီး အရေးပေါ်ဖြစ်လာနိုင်တဲ့ ကိစ္စတွေအားလုံးအတွက်လည်း ငါ ပြင်ဆင်ထားပြီးပါပြီ"

"ဒါပေမယ့် ခင်ဗျား ဘာသွားလုပ်ရမှာလဲ၊ မြေးတွေကြားထဲမှာ အဘိုးတစ်ယောက် အနေနဲ့ အချိန်ဖြုန်းရတဲ့အတွက် ခင်ဗျား ပျော်မှာပါပဲလို့ မပြောနိုင်ပါဘူး။ စိတ်ငြိမ်နေအောင် တစ်ခုခုတော့ လုပ်ဖို့လိုတာပေါ့"

ကျွန်တော့်ကို သူက မော့ကြည့်သည်။ သူ့အမူအရာသည် လေးနက်နေ၏။

"ဒီအတွက်လည်း စဉ်းစားထားပြီးပါပြီ။ ကုမ္ပဏီရဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အမြတ်တော်ကြေးနဲ့ ပတ်သက်တဲ့ ဥပဒေတွေ ကြားမှာပဲ ငါ့ဘဝ နစ်မြုပ်နေခဲ့တာ ကြာပြီ။ ဥပဒေရေးရာတွေနဲ့ပတ်သက်ပြီး မေ့သလောက်တောင် ဖြစ်ကုန်ပြီ။ လူတွေနဲ့ပတ်သက်ပြီး လုပ်ကိုင်ဆောင်ရွက်ပေးရမယ့် ဥပဒေတွေ ရှိသေးတယ်။ ဒါတွေကို မေ့သလောက်ဖြစ်နေပြီ"

အရက်ပုလင်းကို လှမ်းဆွဲပြီး ဖန်ခွက်ထဲသို့ နောက်ထပ် ဖြည့်နေပြန်သည်။ သည်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော့်ကို သူ အပြောခက်နေကြောင်း ကျွန်တော် ရိပ်မိပါသည်။

"မြို့ကလေးတစ်မြို့မှာ သွားနေမယ်၊ ငါ့အိမ်မှာ ဆိုင်းဘုတ်ကလေးတစ်ခု ချိတ်ထားမယ်လို့ စိတ်ကူးတယ်၊ ဘယ်လို ပြဿနာမျိုးပဲပေါ်ပေါ် ငါ့အိမ်ကိုလာဖို့ ဖိတ်ခေါ်မယ်၊ ငွေကြေးနဲ့

ပတ်သက်လို့ အချိန်ရှိသမျှ သန်းစကားတွေ၊ ကုဋေစကားတွေချည်း ပြောနေရတာလည်း ငြီးငွေ့ပြီ၊ ဒါကြောင့် တကယ် ဒုက္ခရောက်နေတဲ့ ဆင်းရဲသားတွေကို ငါ ကူညီချင်တယ်"

ကျွန်တော် သူ့ကိုပဲ ငေးကြည့်နေမိသည်။ သူနှင့်ကျွန်တော် အလုပ်လုပ်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ် ရှိပြီ။ သို့သော် သူ ဘယ်လို လူစားမျိုးဖြစ်ကြောင်းကို ကျွန်တော် မသိခဲ့။ သူ့တွင် ဤကဲ့သို့ မွန်မြတ်သော စိတ်ထားများ ရှိကြောင်းကို ကျွန်တော် အကဲမခတ်နိုင်ခဲ့။

"ဒါကြောင့် တို့နှစ်ယောက်ကြားမှာ ချုပ်ထားတဲ့စာချုပ်တွေအားလုံးကို ဖျက်လိုက်ကြရအောင်"

ဟု သူက ဆက်ပြောပြန်သည်။

သူ့ကို ကြည့်သောအခါ သူ ငွေ မလိုချင်ကြောင်း ကျွန်တော် ရိပ်စားမိသည်။ ထို့ကြောင့် စာချုပ်များဖျက်ရန် ပြောခြင်း ဖြစ်သည်။ ကျွန်တော်ကလည်း သဘောမတူနိုင်။

"မလိုပါဘူးဗျာ၊ စာချုပ်တွေ မဖျက်ပါနဲ့၊ တစ်ခါတစ်ရံကျရင် ဒါရိုက်တာအဖွဲ့ အစည်းအဝေးလောက်တော့ လာတက်ပါဦး၊ သုံးလေးလ တစ်ခါလောက်ပေါ့ဗျာ၊ ကျွန်တော်လည်း ခင်ဗျားကို မကြာခဏ တွေ့နေရတာပေါ့"

"မင်းက မင်းက ခွင့်ပြုနိုင်မှာလား"

"ခွင့်ပြုပါတယ်ဗျာ၊ စစ်ပြီးသွားတဲ့အခါမှာ ကျွန်တော်တို့ လုပ်ကြတာပေါ့"

ဟု ကျွန်တော်က ခေါင်းညိတ်ပြရင်း ပြန်ဖြေသည်။

မက်က ကန်ထရိုက်စာချုပ်များကို တစ်ခုစီယူပြီး ကျွန်တော့်ကို လိုရင်းရှင်းပြသည်။ ရှင်းပြပြီးသော စာချုပ်များကို ခြင်းတစ်ခုထဲမှာ ထည့်သည်။ ခြင်းထဲမှာ ကန်ထရိုက်စာချုပ်များ ပုံနေပြီ။ နောက်ဆုံးစာချုပ်၏အတိုချုပ်ကို ရှင်းပြပြီးသောအခါ ကျွန်တော့်ကို မော့ကြည့်သည်။

"ဒီစာချုပ်တွေ အားလုံးအတွက် ဘာမှ ပူစရာမလိုပါဘူး။ တို့ဘက်က ဘာမှ ဆုံးရှုံးစရာ မရှိဘူး။ ပူစရာတစ်ခုပဲ ရှိတယ်။ အဲဒီစာချုပ်အရဆိုရင် စစ်မပြီးခင် ပစ္စည်းအပ်ရမယ်လို့ ဆိုထားတယ်"

"ဘယ်ဟာလဲ"

"ရေတပ်အတွက် ဆန်ဒိုင်ယယ်ဂိုမြို့မှာ တို့လုပ်နေတဲ့ ရေယာဉ်ပျံ"

သူပြောသည့် အကြောင်းကို ကျွန်တော် သတိရလိုက်သည်။ စင်ကျူရီယံအကြောင်း ဖြစ်သည်။ ကျွန်တော်တို့ တည်ဆောက်နေသည့် စင်ကျူရီယံအမည်ရှိ ရေယာဉ်ပျံသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော ရေယာဉ်ပျံ ဖြစ်သည်။ စစ်သား (၁၅၀) ပါသည့် တပ်ခွဲတစ်ခွဲကို တင်နိုင်သည်။ ထိုတပ်ခွဲအတွက် လိုအပ်သည့် လက်နက်၊ ရိက္ခာအားလုံး၊ လက်နက်အပြည့်အစုံ တပ်ဆင်ထားသော အပေါ့စားတင့်ကားနှစ်စင်း၊ အပေါ့စား တောင်ပေါ် ပစ် အမြောက်တစ်လက် စသည်များအပြင် ရေယာဉ်ပျံအမှုထမ်း နှစ်ဆယ်လည်း ပါမည်။ မည်သည့်စစ်မြေပြင်မှာမဆို ရန်သူ၏ နောက်ကျောဘက်သို့ မိမိတို့၏ လက်နက်အပြည့်အစုံ တပ်ဆင်ပြီးဖြစ်သော၊ စားနပ်ရိက္ခာ အပြည့်အစုံလည်းပါသော တိုက်ခိုက်ရေး တပ်ခွဲတစ်ခွဲကို ပို့ပေးနိုင်မည် ဖြစ်သည်။

"အဲဒီစာချုပ်ကျမှ ဘယ်လို ဖြစ်သွားရတာလဲ"

"မင်း လုပ်တာပဲလေ၊ မှတ်မိတယ် မဟုတ်လား"

ကျွန်တော် ပြန်မှတ်မိပါပြီ။ ရေတပ်က အကြီးဆုံး ရေယာဉ်ပျံတစ်စင်း တည်ဆောက်ချင်နေသည်။ လုပ်ဖြစ်အောင်လုပ်ရန် ကျွန်တော်က တိုက်တွန်းသည်။ အကယ်၍ ကျွန်တော် တည်ဆောက်ပေးခွင့် ရမည်ဆိုလျှင် ယခု ဖြစ်နေသည့် ကမ္ဘာစစ်ကြီးမပြီးမီ ပြီးအောင်လုပ်ပေးမည်ဟု ကတိပေးခဲ့မိသည်။ သို့ဖြင့်ပင် စစ်မပြီးမီ အပ်ရမည့်စာချုပ် ဖြစ်သွားတော့သည်။ လွန်ခဲ့သည့် ခုနစ်လက ချုပ်ခဲ့သည့် စာချုပ် ဖြစ်သည်။

ရေယာဉ်ပျံကို တည်ဆောက်သည် ဆိုကတည်းက အခက်အခဲမျိုးစုံနှင့် ကျွန်တော်တို့ တွေ့ကြုံခဲ့ရသည်။ အလွန် အင်အားကောင်းသည့် စက်များ တပ်ဆင်ရမည်ဖြစ်ရာ ထိုမျှကြီးမားသော စက်များ၏ အလေးချိန်ကြောင့် လေထဲသို့ ကြွတက်အောင် ပြုလုပ်ဖို့ ခက်ခဲနေသည်။ စမ်းသပ်ရင်းဖြင့်ပင် အချိန်နှစ်လလုံးလုံး ကုန်ဆုံးခဲ့ရသည်။

နောက်ဆုံးတွင်မှ သံနှင့်သတ္တုများကို အသုံးပြုမည့်အစား ဖိုင်ဘာကွန်ပေါင်းများကို

သုံးခြင်းအားဖြင့် သံသတ္တုများထက် အလေးချိန်ဆယ်ဆ ပိုပေါ့သည်။ လေးဆလည်း ပိုခိုင်သည်ကို အင်ဂျင်နီယာများက စမ်းသပ်တွေ့ရှိကြသည်။ ထိုသို့ ဖိုင်ဘာကွန်ပေါင်းများဖြင့် ပြုလုပ်ရန်လိုလာသောကြောင့် စက်ပစ္စည်းကိရိယာအသစ်များ ရှိဖို့ လိုလာပြန်သည်။

အေမော့စ်ဝင်းသရေကို ကနေဒါစက်ရုံမှ ခေါ်ယူပြီး ထိုရေယာဉ်ပျံ တည်ဆောက်ရေးလုပ်ငန်းမှာ ကျွန်တော် တာဝန်ပေးလိုက်သည်။ အခြားသူများ မလုပ်နိုင်သည့် လုပ်ငန်းကို သူ လုပ်ရတော့မည်ဆိုလျှင် အဘိုးကြီးသည် အကျပ်ကိုင်စမြဲပင် ဖြစ်သည်။ သူ့ဝသီအတိုင်း ယခုလုပ်ငန်းကို သူ့အား တာဝန်ပေးသောအခါ ကော့လေယာဉ်ပျံစက်ရုံ၏ ဒုတိယဥက္ကဋ္ဌရာထူးကိုပါ သူက တောင်းနေသေးသည်။ သူ့စရိုက်ဆိုးကို သူ မဖျောက်သေး။

"ကျွန်တော်တို့ ငွေ ဘယ်လောက် ဝင်နေပြီလဲ"

မက်က စာရွက်များကို ပြန်ငုံ့ကြည့်သည်။

"ဒေါ်လာဆယ့်ခြောက်သန်း ရှစ်သိန်း ခုနစ်သောင်း ခြောက်ထောင်ငါးရာ ကိုးဆယ့်လေးဒေါ်လာနဲ့ သုံးဆယ့်တစ်ပြား၊ ဒါက ဇွန်လ သုံးဆယ်ရက်နေ့ ပိတ်လိုက်တဲ့ စာရင်းအရ"

"ဒါဆိုရင်တော့ ကျွန်တော်တို့ ဒုက္ခတွေ့ပြီ"

ကျွန်တော်က ပြောပြောဆိုဆို ဖုန်းကောက်ကိုင်သည်။ အော်ပရေတာက ပြန်ထူးသည်။

"ဆန်ဒိုင်ယယ်ဂိုမှာ ရှိနေတဲ့ အေမော့စ်ဝင်းသရေကို ဆက်ပေးပါ၊ သူ့ဆီက ဖုန်းကို ငါ စောင့်နေတုန်း ဘတ်ဇ်ဒါလ်တန်ကို မင်း လှမ်းဆက်ပြီး ငါ့အတွက် လေယာဉ်ပျံ တစ်စင်း ချက်ချင်း ပို့ပေးဖို့ပြောပါ။ သူ လော့စ်အိန်ဂျယ်လိစ်က ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးရုံးမှာ ရှိနေလိမ့်မယ်"

ဟု ပြောပြီး ဖုန်းပြန်ကိုင်ထားလိုက်သည်။

"ဘယ်လို ဒုက္ခတွေ့တာလဲ"

မက်အယ်လစ္စတာက မေးသည်။ ကျွန်တော့်ကိုလည်း အကဲခတ်နေသည်။

"ဒေါ်လာ (၁၇) သန်းကြီးတောင်ဗျာ၊ ကျွန်တော့်တို့ အချိန်မီ မပေးနိုင်ရင် အလကား လွှင့်ပစ်လိုက်ရတော့မှာပေါ့"

အေမော့စ်ပြန်ထူးသံကို ဖုန်းထဲမှာ ကြားရသည်။

"စင်ကျူရီသံကို အစောဆုံး ဘယ်တော့လောက်မှာ ပျံနိုင်မလဲ"

"အခု အခြေအနေ အများကြီး ကောင်းလာပါပြီ၊ အချောကိုင် နေတာလောက်ပဲ ရှိတော့တယ်။ ငါ့စိတ်ထင်တော့ အစောဆုံး စက်တင်ဘာလ၊ ဒါမှမဟုတ် အောက်တိုဘာလ စောစောပိုင်းလောက်ဆိုရင် မောင်းလို့ရပြီ"

အေမော့စ်က ပြန်ဖြေသည်။

"ဘာတွေ လိုနေတာတုံး"

"လုပ်ရိုးလုပ်စဉ်တွေပါပဲ၊ တပ်တာတို့၊ ဆင်တာတို့၊ ဆေးသုတ်တာတို့၊ ဝက်အူကျပ်တာတို့ပေါ့၊ မင်း သိပါတယ်"

ကျွန်တော် သိပါတယ်။ အသေးအဖွဲ့ကိစ္စကလေးများ ဖြစ်သည်။ သို့သော်လည်း အလွန် လက်ဝင်သည်။ အလွန် အချိန်ကုန်သည်။ တကယ့်တကယ်ကျတော့ လိုအပ်သည်လည်း မဟုတ်။ ရေယာဉ်ပျံကို ကောင်းကင်သို့ စောစောစီးစီး ပျံမတက်နိုင်အောင် အချိန်ဆွဲထားသည့် လုပ်ငန်းကလေးများသာ ဖြစ်သည်။

"အဆင်သင့် လုပ်ထားလိုက်ပါ၊ မနက်ဖြန် ကျွန်တော် မောင်းကြည့်မယ်"

"မင်း ရူးနေသလား၊ ဆီတိုင်ကီထဲကို ဆီတောင် မဖြည့်ဖူးသေးဘူး"

"ဒါဖြင့် ဖြည့်လိုက်"

"ဟ. . . ဘယ်ရမလဲကွ၊ ကောင်းကင်ကို ပျံတက်ဖို့ နေနေသာသာ ရေထဲမှာတောင် မောင်းမကြည့်ရသေးဘူး။ တစ်စင်းလုံး ပင်လယ်အောက် ရောက်မသွားနိုင်ဘူးလို့ မင်း ပြောနိုင်သလား။ ရေတောင် မချရသေးတာ"

"ဒီလိုဆို ရေချကြည့်ပါ၊ ရေပေါ်မှာ ပေါ်နိုင် မပေါ်နိုင် စမ်းဖို့ ခင်ဗျားမှာ အချိန် (၂၄) နာရီရမယ်၊ အကူအညီလိုမယ်ဆိုရင် ဒီနေ့ည ခင်ဗျားဆီကို ကျွန်တော် အရောက်လာခဲ့

မယ်"

စီးပွားရေးလုပ်ငန်းတစ်ခု လုပ်သည်ဆိုလျှင် မြတ်မည်၊ ရှုံးမည် သို့မဟုတ် ဘဲစားဘဲချေ ဖြစ်မည်ဆိုသည့် အဖြစ်သုံးရပ်သာ ရှိသည်။ ယခုလုပ်ငန်းသည် ကျွန်တော့်ပိုက်ဆံ ဖြစ်သည်။ ကျွန်တော် အရှုံးမခံနိုင်။

အကယ်၍ ရေမျက်နှာပြင်ပေါ်မှ စင်ကျူရီယံကြီးကို ကောင်းကင်ပေါ်သို့ ပျံတက်နိုင်မည်ဆိုလျှင် ငွေအပုံလိုက် ကျွန်တော် ရမည်။ သန်းပေါင်းများစွာသော ဒေါ်လာများ။

(၃)

ရိုဘဲယားက စက်ရုံရှိ ကျွန်တော့်ကို လာခေါ်ပြီး တောဘက်မှ ခြံရှိအိမ်သို့ ပို့ပေးသည်။ ဆန်ဒိုင်ယယ်ဂိုသို့ ကျွန်တော် မသွားမီ ရေချိုး အဝတ်အစားလဲသည်။ လေယာဉ်ကွင်းသို့ ကျွန်တော် ထွက်မည်အပြုမှာပင် တယ်လီဖုန်းခေါင်းလောင်းမြည်လာသည်။

"မစ္စတာဂျိုနတ်စ်၊ မက်အယ်လစ္စတာက ခေါ်ပါတယ်"

ရိုဘဲယားက ပြောသည်။

သူ့လက်ထဲမှဖုန်းကို ကျွန်တော် လှမ်းယူလိုက်သည်။

"ဟုတ်ကဲ့. . . မက်"

"မင်းကို နှောင့်ယှက်ရတာတော့ အားနာပါတယ် ဂျိုနတ်စ်၊ ဒါပေမယ့် အရေးကြီးတယ်"

"ပြောပါ"

"စတူဒီယိုကနေပြီး အခုပဲ ဘွန်နာ ဖုန်းဆက်တယ်။ ဒီလကုန်ရင် သူ ပါရာမောင့် ရုပ်ရှင်ကုမ္ပဏီကို ပြောင်းတော့မယ်တဲ့"

"လခ ပိုပေးလိုက်ပါ"

"ပိုပေးမယ်လို့ ငါ ပြောပြီးပြီ၊ သူက မလိုချင်ဘူးတဲ့၊ သူ ထွက်ပဲထွက်ချင်နေတယ်"

"သူနဲ့ ချုပ်ထားတဲ့ စာချုပ်က ဘယ်လိုလဲ"

"ဒီလကုန်ရင် သက်တမ်းကုန်ပြီ၊ သူ ထွက်ချင်တယ်ဆိုရင် တို့ဘက်က ဆွဲမထားနိုင်တော့ဘူး"

"ပြီးရောပေါ့ဗျာ။ ခွေးသူခိုးကြီး ထွက်ချင်ရင်ထွက်ပေစေ"

"တို့မှာ အလုပ်တစ်ခုပိုလာတယ်၊ စတူဒီယိုကို အုပ်ချုပ်ဖို့ လူတစ်ယောက်ရှာရမယ်။ ရုပ်ရှင်ရိုက်မယ့်လူ မရှိဘဲနဲ့ ရုပ်ရှင်ကုမ္ပဏီကို ဘယ်လိုလုပ်ပြီး လည်ပတ်နေလို့ရမှာလဲ"

သည်အကြောင်းများနှင့် ပတ်သက်၍ ကျွန်တော် မသိခဲ့။ ဒေးဗစ်ဝုဖ် ပြန်မလာနိုင်တော့သည်မှာ အလွန် ဆိုးသည်။ သူ့ကို ကျွန်တော် အများကြီး အားကိုးခဲ့ရသည်။ လေယာဉ်ပျံလုပ်ငန်းများမှာ ကျွန်တော် ကောင်းစွာ ကျွမ်းကျင်ဘိသကဲ့သို့ ရုပ်ရှင်လုပ်ငန်းတွင်လည်း သူ အလွန် ကျွမ်းကျင်သည်။ သို့သော်လည်း အီတာလျံစစ်မြေပြင်မှာ သူ ကျဆုံးခဲ့ရချေပြီ။

"ကျွန်တော် ဒီနေ့ည ဆန်ဒိုင်ယယ်ဂိုကို သွားမယ်၊ ဒီကိစ္စကို ကျွန်တော် စဉ်းစားပါရစေဦး၊ သန်ဘက်ခါကျတော့ လော့စ်အိန်ဂျယ်လိစ်မှာရှိတဲ့ ခင်ဗျားရုံးခန်းမှာ ကျွန်တော်တို့ တိုင်ပင်ကြတာပေါ့"

ကျွန်တော့်စိတ်ထဲမှာ အလွန် သောကရောက်နေသည့် အကြောင်းရှိသည်။ စင်ကျူရီယံရေယာဉ်ပျံကိစ္စ ဖြစ်သည်။ ထိုရေယာဉ်ပျံတစ်စင်း၏ တန်ဖိုးသည် ရုပ်ရှင်ကုမ္ပဏီက တစ်နှစ်လုံး ရှာပေးနိုင်သော စုစုပေါင်း ဝင်ငွေလောက်ပင် ရှိနေသည်။

သန်းခေါင်ကျော် တစ်နာရီတွင် ဆန်ဒိုင်ယယ်ဂို လေယာဉ်ကွင်းမှာ ကျွန်တော်တို့ လေယာဉ်ပျံ ဆင်းခဲ့ကြသည်။ ကျွန်တော်သည် တက္ကစီတစ်စင်းငှားပြီး သင်္ဘောကျင်းရှိရာသို့ လာခဲ့သည်။ ရေတပ်စခန်းအနီးရှိ သင်္ဘောကျင်းခပ်သေးသေးတစ်ခုကို ကျွန်တော်တို့ငှားပြီး စင်ကျူရီယံရေယာဉ်ပျံကြီးကို တည်ဆောက်နေသည်။

လမ်းဆယ်လမ်းလောက် အကွာအဝေးမှနေ၍ မီးများတစ်လက်လက် ရှိနေသည်ကို ကျွန်တော် လှမ်းမြင်ရသောကြောင့် ပြုံးမိသည်။ အေမော့စ်သည် မဖြစ်မနေ လုပ်နေသည်။

အလုပ်သမားများသည် အလုပ်ကို အရှုးအမူး ကြိုးစားပမ်းစား လုပ်ကိုင်နေကြသည်။

ယခင်က သတိထားသည့် အဆောက်အအုံကြီးဆီသို့ ကျွန်တော် လျှောက်လာခဲ့သည်။ ထိုအဆောက်အအုံကိုပင် ကျွန်တော်တို့ကဆက်ပြီး ရေယာဉ်ပျံ တည်ဆောက်သည့် စက်ရုံအဖြစ် အသုံးပြုနေကြသည်။

"ပြေးလမ်းပေါ်က ဖယ်ကြပါ"

ဟူသော အော်သံကို ကျွန်တော် အဆောက်အအုံ အနားသို့ ရောက်သွားစဉ်မှာပင် ကြားလိုက်ရသည်။

ထို့နောက် စက်ရုံတွင်းမှ စင်ကျူရီယံကြီး ထွက်လာသည်။ အမြီးပိုင်းက ပထမ ထွက်လာခြင်း ဖြစ်သည်။ အလွန် အရုပ်ဆိုးသည့် လင်းတကြီးတစ်ကောင် နောက်ပြန် ပျံသန်းလာသကဲ့သို့ ထင်ရသည်။ ပြီးတော့ အလွန် အရုပ်ဆိုးသော အဆီရစ်နေသည့် ဝက်ကြီးတစ်ကောင် ရေထဲသို့ ဆင်းသွားသကဲ့သို့ ပြေးလမ်းအတိုင်း ရေထဲသို့ ထိုးဆင်းသွားသည်။

အဆောက်အအုံထဲမှ ဆူညံသည့် အော်သံများ ပေါ်ထွက်လာသည်။ ရေယာဉ်ပျံ၏ နောက်မှ ပြေးထွက်လာသော လူတစ်ယောက်နှင့် တိုက်မိသောကြောင့် ကျွန်တော် လဲကျတော့မည်ကဲ့သို့ ဖြစ်သွားသည်။ ဘာဖြစ်မှန်း ကျွန်တော် မသိလိုက်မီမှာပင် သူတို့အားလုံး ရေယာဉ်ပျံနောက်သို့ ပြေးလိုက်သွားကြသည်။ ထိုလူအုပ်ထဲတွင် အေမော့စ်ဝင်းသရော့ကို ကျွန်တော် လှမ်းမြင်ရသည်။ လူအုပ်ထဲတွင် သူ အော်ပြောနေသော အသံသည် အကျယ်လောင်ဆုံး ဖြစ်သည်။

ရေထဲသို့ စင်ကျူရီယံ ကျသွားသောအခါ ရေပန်းပွားကြီးများ ထသွားသည်။ ဆူညံသည့်အသံ တိတ်သွားသောအခါ စင်ကျူရီယံသည် ဖင်ထောင်သလို ဖြစ်နေ၏။ ယက်မကြီးသုံးခုက အပေါ်မှာ ပေါ်နေသည်။ ခဏကြာသည်အထိ ရေပေါ်မှာ လူးလွန့်နေသေးသည်။ ထို့နောက် အလွန် ဝင့်ကြွားသည့် ပုံစံမျိုးဖြင့် ရေပေါ်မှာ ပုံမှန်ပေါ်နေသည်။ ခေါင်းက ထောင်နေသည်။ သင်္ဘောကျင်းနှင့် ဆန့်ကျင်ရာဘက်သို့ မျောသွားသည်။

အလုပ်သမားများ၏ ဆူညံသံ ပေါ်လာပြန်သည်။ သူ့ကို ကြိုးနှင့်ချည်ပြီး ကမ်းဆီသို့ ပြန်ဆွဲယူကြသည်။ တဖြည်းဖြည်း ကမ်းသို့ ပြန်ကပ်လာသည်။

အေမော့စ်အနားသို့ ရောက်သွားသည်အထိ အလုပ်သမားများသည် အော်ဟစ်နေကြဆဲ ဖြစ်သည်။

"ခင်ဗျား ဘာအသုံးမကျတာတွေ လုပ်နေတာလဲ"

ဟု ကျွန်တော်က အေမော့စ်ကို အော်လိုက်သည်။

"မင်း ပြောတဲ့အတိုင်း ငါ လုပ်နေတာပဲ၊ ရေထဲမှာ ပေါ်မပေါ် စမ်းဆိုကွ"

"ခင်ဗျား အရမ်းတွေ လျှောက်လုပ်နေရသလား၊ ခင်ဗျား ရေထဲနှစ်ပစ်နေတာလား၊ ဘာဖြစ်လို့ ဘောယာတစ်ခုမှ မတပ်တာလဲ"

"အချိန်မရှိဘူးကွ၊ ဘောယာတစ်ခုရဖို့ကို အနည်းဆုံး သုံးရက်စောင့်ရမယ်၊ မနက်ဖြန် မင်း မောင်းချင်တယ်ဆို"

ရေယာဉ်ပျံကြီးကို ပြေးလမ်းအနီးသို့ သူတို့ ပြန်ဆွဲလာနိုင်ခဲ့ကြသည်။

"မင်း ခဏစောင့်နေဦး၊ သူတို့ကို သွားကူလိုက်ဦးမယ်၊ ဒီလူတွေ သူတို့အလုပ်ချိန် သုံးဆတောင် အလုပ်လုပ်နေကြရပြီ"

အေမော့စ်သည် ပြောပြောဆိုဆိုဖြင့် ရေယာဉ်ပျံရှိရာသို့ ထွက်သွားသည်။ အလုပ်သမားအချို့က လှေကားထောင်ပေးသည်။ အေမော့စ်သည် သူ့အသက်အရွယ်နှင့် မလိုက်အောင် အလွန် လျင်မြန်ဖျတ်လတ် ပေါ့ပါးစွာဖြင့် လှေကားအတိုင်း တက်သွားသည်။ ရေယာဉ်မှူးအခန်း၏ နောက်ဘက်ရှိ တံခါးကိုဖွင့်ပြီး အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ခဏကြာသောအခါ အင်ဂျင်စက်နှိုးသံကို ကျွန်တော် ကြားရသည်။ အလွန် အားကောင်းသည့် စက်သံဖြစ်ကြောင်း သတိထားမိသည်။ ထို့နောက် အေမော့စ် ထွက်လာသည်ကိုတွေ့ရသည်။

"ကိုယ့်လူတို့၊ တို့ ဘာလုပ်ရမယ်ဆိုတာ သိတယ် မဟုတ်လား၊ မင်းတို့ စကားများနေကြဖို့အတွက် မင်းတို့ကို လုပ်ခသုံးဆ ပေးထားတာ မဟုတ်ဘူး"

ဟု သူက အော်ပြောသည်။

ကျွန်တော့်ဆီသို့ သူ ပြန်လာသည်။ သူနှင့်အတူ သူ့ရုံးခန်းဘက်သို့ ကျွန်တော် လျှောက်လိုက်လာခဲ့သည်။ သူ့စားပွဲပေါ်မှာ ဝီစကီပုလင်း ရှိသည်။ ခွက်နှစ်လုံးကိုယူပြီး သူက ဝီစကီထည့်သည်။

"မင်း မနက်ဖြန် တကယ် မောင်းမှာလား"

ကျွန်တော်က ခေါင်းညိတ်ပြသည်။ သူက ခေါင်းပြန်ခါသည်။

"ငါတော့ မထင်ဘူး။ ရေပေါ်မှာ ပေါ်နိုင်ရုံနဲ့ မိုးပေါ်ကို ပျံတက်လို့ရတာ မဟုတ်ဘူးကွ၊ တို့ စိတ်မချသေးတာတွေ အများကြီး ကျန်သေးတယ်၊ ကောင်းကင်ပေါ်ကို ပျံတက်နိုင်တယ်ပဲ ထားပါဦး လေထဲမှာ ပျံချင်မှ ပျံနိုင်ဦးမှာ၊ လေထဲမှာ ပေါက်ကွဲပြီး တစ်စစီ ဖြစ်သွားနိုင်တယ်"

"ဘာဖြစ်ဖြစ်ဗျာ၊ ကျုပ် မနက်ဖြန် စမ်းမောင်းမယ်"

"မင်းက ပိုင်ရှင်ပဲလေ၊ သဘောအတိုင်းပဲပေါ့"

သူက ပခုံးများကို တွန့်ပြသည်။ ထို့နောက် ကျွန်တော့်ကို အရက်ခွက် လှမ်းပေးကာ သူ့ခွက်ကို မြှောက်လိုက်သည်။

"ကံကောင်းပါစေ"

* * *

နောက်တစ်နေ့ မွန်းလွဲပိုင်း နှစ်နာရီအထိ ကျွန်တော်တို့ အဆင်သင့် မဖြစ်ကြသေး။ စတားဘုတ်အင်ဂျင်နံပါတ် (၅) သည် စက်နိုးလိုက်တိုင်း အင်ဂျင်ဝိုင်များ ပန်းထွက်နေသည်။ မည်သည့်အပေါက်က ပန်းထွက်နေသည်ကို ရှာ၍မရ။ ကျွန်တော် ရပ်ကြည့်နေခိုက် အေမော့စ် ရောက်လာသည်။

"အင်ဂျင်ကို ပြန်ဖြုတ်ပြီး စက်ရုံထဲမှာ စစ်ဆေးကြည့်မှ ဖြစ်တော့မယ်"

ဟု သူက ပြောသည်။

"ဘယ်လောက်ကြာမလဲ"

"နှစ်နာရီ သုံးနာရီလောက်ကြာမယ်၊ ဒါတောင် တို့ ကံကောင်းပြီး အပြစ်ကို ချက်ချင်းတွေ့မှ၊ ချက်ချင်း ပြင်လို့ရတဲ့ အပြစ်မျိုးလည်း ဖြစ်မှ၊ မနက်ဖြန်ဆိုရင်တော့ တို့ စမ်းလို့ ရနိုင်ပါပြီ။

ကျွန်တော်က နာရီကို ငုံ့ကြည့်သည်။

"ဘာဖြစ်လို့ မနက်ဖြန်အထိ စောင့်နေရမှာလဲ၊ ငါးနာရီထိုးဖို့ အများကြီးလိုသေးတယ်။ ကျွန်တော်တို့ နေ့ခင်း အလင်းရောင်ကို ကောင်းကောင်း ရနေနိုင်သေးတာပဲ၊ ဒီနေ့ဖြစ်အောင် စမ်းမယ်၊ ခင်ဗျားရုံးခန်းထဲမှာ ကျွန်တော် ခဏ သွားမှိန်းလိုက်ဦးမယ်၊ အဆင်သင့်ဖြစ်ရင် ကျွန်တော့်ကို ခေါ်ပါ"

သူ့ရုံးခန်းရှိရာသို့ ကျွန်တော် ပြန်လာခဲ့သည်။ ကျွန်တော် အိပ်ရန် ကြိုးစားကြည့်သည်။ သို့သော်လည်း စက်သံများ၊ ထုသံနှက်သံများ၊ ဆူညံသံများဖြင့် အိပ်၍မရ။ တယ်လီဖုန်း မြည်လာသောကြောင့် ကျွန်တော် ကောက်ကိုင်လိုက်သည်။

"ဟဲလို ဖေဖေလား"

မော်နီကာ၏အသံ ဖြစ်သည်။

"မဟုတ်ဘူး။ ကိုယ် ဂျိုနတ်စ်ပါ၊ ကိုယ် ခေါ်ပေးမယ်လေ"

"ကျေးဇူးပါပဲ"

စားပွဲပေါ်မှာ တယ်လီဖုန်း ချထားခဲ့ပြီး အပေါက်ဝသို့သွားကာ အေမော့စ်ကို ကျွန်တော် လှမ်းခေါ်သည်။ ညောင်စောင်းပေါ်မှာ ကျွန်တော် ခြေပစ်လက်ပစ် လှဲချလိုက်သည်။ အေမော့စ် ဖုန်းသွားကိုင်သည်။ တစ်ဖက်မှအသံကို ကြားသောအခါ ကျွန်တော့်အား မနှစ်မြို့သလို အကြည့်မျိုးဖြင့် လှမ်းကြည့်နေသည်။

"ဟုတ်တယ်၊ အလုပ်နည်းနည်း များနေတယ်"

တစ်ဖက်က ပြောသည်ကို သူ ငြိမ်ပြီး နားထောင်နေသည်။ ပြီးတော့ သူ့မျက်နှာ

ပြုံးလာသည်။

"သိပ်ကောင်းတာပေါ့၊ မင်း ဘယ်တော့သွားမှာလဲ၊ ဒီလိုဆိုရင် ဖေဖေ့အလုပ် ပြီးတာနဲ့ တစ်ပြိုင်တည်း နယူးယောက်ကို လေယာဉ်ပျံနဲ့ ဖေဖေ လိုက်ခဲ့မယ်။ ဖေဖေတို့ ပျော်ပွဲကလေး တစ်ခု လုပ်ကြတာပေါ့၊ ဂျိုအန်းကို ဖေဖေ နှုတ်ဆက်ကြောင်း ပြောပြလိုက်ပါ"

ဖုန်းပြန်ချပြီး ကျွန်တော့်ထံသို့ သူ လျှောက်လာသည်။

"မော်နီကာ ဆက်တာ"

"သိသားပဲ"

"ဒီနေ့ညနေ သူ နယူးယောက်ကို သွားမယ်တဲ့၊ အက်စ်၊ ဂျေ-ဟာဒင်က သူ့ကို ဆောင်းပါးအယ်ဒီတာအဖြစ် စတိုင်လ်မဂ္ဂဇင်းမှာ ခန့်လိုက်ပြီတဲ့။ ဒါကြောင့် နယူးယောက်ကို ပြန်လာခဲ့ဖို့ ခေါ်တယ်တဲ့"

"ကောင်းတာပေါ့"

"ဂျိုအန်းကိုလည်း သူနဲ့အတူတူ ခေါ်သွားလိမ့်မယ်။ မင်း ကလေးနဲ့ မတွေ့တာ ကြာပြီ မဟုတ်လား၊ တွေ့သေးသလား"

"ရှီကာဂို ဒရိတ်ဟိုတယ်မှာ ကျွန်တော့်အခန်းထဲက သူတို့သားအမိနှစ်ယောက်ကို ခင်ဗျား ခေါ်သွားကတည်းက မတွေ့တော့တာ၊ ငါးနှစ် ရှိသွားပြီပေါ့"

"မင်း တွေ့ဖို့ကောင်းတယ်၊ ကလေးက အခု သိပ်ချောနေပြီ"

သူ့ကို ကျွန်တော် ငေးကြည့်နေမိသည်။ သူ့စိတ်ထဲတွင် မည်သို့ ခံစားနေရသည်ကို ကျွန်တော် ကောင်းကောင်းသိနေသည်။ သူသည် မြေးတစ်ယောက်၏ ဘိုးအေဖြစ်ပြီး ဘိုးအေ ဖြစ်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူနေခြင်းဖြစ်ကြောင်း ကျွန်တော် သိသည်။

"ခင်ဗျား တကယ်ကို ပြောင်းလဲသွားပါပေါ့လား"

"အနေးနဲ့အမြန်ပေါ့ကွာ၊ လူတစ်ယောက်က လိမ္မာလာရမှာပေါ့၊ မင်းကိုယ်တိုင်လည်း အသုံးမကျတဲ့ အလုပ်ပေါင်းများစွာကို လုပ်ခဲ့တာပဲ၊ မင်းကို ချစ်တဲ့လူတွေကို ဒုက္ခရောက်အောင် မင်း လုပ်ခဲ့တယ်။ မင်းဟာမင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တဲ့အခါကျတော့ အဲဒီလူတွေရဲ့ အကူအညီကိုပဲ မင်း ပြန်တောင်းတယ်၊ ပြန်ယူတယ်"

သူ့မျက်နှာ အမူအရာသည် တစ်မျိုးဖြစ်နေသည်။ အနေရအထိုင်ရခက်သည့် အမူအရာမျိုး ဖြစ်သည်။

"ကြားဖူးပါ့ဗျာ၊ ကျုပ်သာ မကယ်ရင် ခင်ဗျား ကလေကချေနဲ့ ခွေးသေဝက်သေ သေရမယ့် အကြောင်းကိုတော့ မပြောတော့ဘူးလား"

ကျွန်တော်ကလည်း ပြန်ငေါ့ပစ်လိုက်သည်။ သည်လို အဘိုးကြီးတစ်ယောက်ထံမှ သွန်သင်ဆုံးမသည့် စကားများကို ကျွန်တော် နားမထောင်ချင်။

သူ့မျက်နှာသည် ဒေါသကြောင့် ရဲသွားသည်။ သူ ဆတ်ဆတ်ခါသွားသည်ကို ကျွန်တော် မြင်လိုက်ရသည်။

"မင်းကို ပြောပြစရာအကြောင်း နှစ်ခုရှိတယ်"

"ဘယ်လိုဟာမျိုးပါလိမ့်ဗျာ"

"အင်ဂျင်ပြန်တင်ဖို့ အဆင်သင့် ဖြစ်နေပါပြီ မစ္စတာဝင်းသရော့"

လူတစ်ယောက်က အပေါက်ဝမှ လှမ်းခေါ်သည်။

"ငါ အခုလာခဲ့မယ်"

အဖေ့ဓာစ်က ကျွန်တော့်ဘက်သို့ ပြန်လှည့်လာပြန်သည်။

"တို့ အစမ်းမောင်းပြီး ပြန်ရောက်လာရင် ဒီအကြောင်း ငါ့ကို သတိပေးစမ်းပါ၊ အဲဒီ ကျတော့မှ မင်းကို ငါ ပြောမယ်"

ကျွန်တော်က ပြုံးနေလိုက်သည်။ သူ ထွက်သွားသည်ကို လိုက်ကြည့်နေမိသည်။ ကျွန်တော်သည် ခုံအောက်မှ ကျွန်တော့်ဖိနပ်ကို လိုက်ရှာနေရသေးသည်။ ကျွန်တော် အပြင်သို့ ထွက်လာသောအခါ စက်နှိုးပြီးနေပြီ။ အလွန် ညင်သာသည်။ အဖေ့ဓာစ်က ကျွန်တော့်ဘက်သို့ လှည့်လာသည်။

"ကြည့်ရတာတော့ ကောင်းသွားပါပြီကွ"

လက်မှ နာရီကို ကြည့်သောအခါ လေးနာရီခွဲသာ ရှိသေးသည်။

"ကဲ ဒါဖြင့် သွားကြစို့၊ ဘာဖြစ်လို့ အချိန်ဖြုန်းနေမှာလဲ"

ကျွန်တော့်စကားဆုံးသွားသောအခါ သူ့လက်တစ်ဖက်က ကျွန်တော့်လက်မောင်းကို လာကိုင်သည်။

"မင်းစိတ်ကို ငါ ဘယ်လိုမှ ပြောင်းပစ်လို့ မရတော့ဘူးဆိုတာ သေချာရဲ့လား"

ဟု သူက မေးသည်။

ကျွန်တော်က ခေါင်းယမ်းပြလိုက်သည်။ ဒေါ်လာ (၁၇) သန်းဆိုသော ငွေသည် အများကြီး စကားပြောနေပြီ။ သူက လက်နှစ်ဖက်ကို သူ့ပါးစပ်နားမှာစုပြီး လှမ်းအော်သည်။

"ယာဉ်အမှုထမ်းတွေကလွဲပြီး တခြားလူတွေ အားလုံး ယာဉ်ပေါ်က ဆင်းကြပါ"

အင်ဂျင်များ ရပ်လိုက်သည်နှင့် တစ်ပြိုင်တည်း သင်္ဘောကျင်းထဲမှာ လုံးဝ တိတ်ဆိတ်သွားတော့သည်။ ခဏကြာသောအခါ ယာဉ်ပေါ်မှ နောက်ဆုံး အလုပ်သမား ဆင်းလာသည်။ လေယာဉ်မှူးအခန်းရှိ ပြတင်းပေါက်မှ လူတစ်ယောက် ခေါင်းပြူလာပြီး ကျွန်တော်တို့ရှိရာသို့ လှမ်းအော်သည်။

"ယာဉ်အမှုထမ်းတွေကလွဲပြီး အားလုံး ဆင်းသွားပါပြီ မစ္စတာဝင်းသရော့"

အေမော့စ်နှင့် ကျွန်တော် ရေယာဉ်ပျံပေါ်သို့ တက်ခဲ့ကြသည်။ ကုန်ပစ္စည်းတင်သည့် အခန်း၊ ပြီးတော့ ခရီးသည်များအတွက် အခန်းများကို ကျွန်တော်တို့ဖြတ်ပြီး လေယာဉ်မှူးအခန်းသို့ လျှောက်လာခဲ့ကြသည်။ လူငယ်သုံးယောက် ရပ်နေသည်။ သူတို့က ကျွန်တော့်ကို အကဲခတ်သည့် အကြည့်မျိုးဖြင့် ကြည့်နေကြသည်။ စက်ရုံထဲမှာဆောင်းသည့် ဦးထုပ်အမာများကို သူတို့ ဆောင်းထားကြဆဲ ဖြစ်သည်။

"သူတို့ဟာ ခင်ဗျားရဲ့ အမှုထမ်းတွေဖြစ်ပါတယ် မစ္စတာကော့"

အေမော့စ်က တရားဝင် ပြောရိုးထုံးစံစကားအတိုင်း ပြောသည်။ ပြီးမှ တစ်ယောက်ချင်းနှင့် မိတ်ဆက်ပေးသည်။

"ညာဘက်အစွန်က ရေဒီယိုအရာရှိ ဂျိုးကိတ်စ်၊ အလယ်ကလူက စတားဘုတ် အင်ဂျင်နံပါတ် (၁. ၃ နဲ့ ၅) ကို ကိုင်မယ့် ပျံသန်းမှုအင်ဂျင်နီယာ စတီဖ်ဂျက်ဘလွန်စ့်ကီ၊ ဘယ်ဘက်ကလူက ပို့တ်အင်ဂျင်နံပါတ် (၂. ၄နဲ့ ၆) ရဲ့ ပျံသန်းမှုအင်ဂျင်နီယာ ဘယ်ရီဂိုးလ်ဒ်၊ သူတို့နဲ့ ပတ်သက်ပြီး ဘာမှ စိတ်ပူစရာ မလိုပါဘူး။ သူတို့အားလုံး ရေတပ်က စစ်ပြန်တွေ ဖြစ်ပါတယ်။ သူတို့လုပ်ငန်းကို သူတို့ ကောင်းကောင်း ကျွမ်းကျင်ကြပါတယ်"

ကျွန်တော်တို့ချင်း လက်ဆွဲနှုတ်ဆက်ကြပြီး အေမော့စ်ဘက်သို့ ကျွန်တော် ပြန်လှည့်သည်။

"တွဲဖက် လေယာဉ်မှူးနဲ့ လေကြောင်းလမ်းပြက ဘယ်မှာလဲ"

"ဒီမှာလေ"

အေမော့စ်က ပြောသည်။

"ဘယ်မှာလဲ"

"ငါပေါ့"

"အသုံးမကျတာ လုပ်ဦးတော့"

သူက ကျွန်တော့်ကို ပြုံးပြသည်။ ကျွန်တော့်စကား မဆုံးပါ။

"ဒီရေယာဉ်ပျံအကြောင်း ငါ့ထက်ပိုပြီး သိတဲ့လူများ မင်းမှာ ရှိသေးလို့လား၊ နှစ်ဝက်လုံးလုံး ငါ ဒီပေါ်မှာပဲအိပ်၊ ဒီပေါ်မှာပဲစား လုပ်လာခဲ့တာ၊ ပထမဆုံး စမ်းပြီးမောင်းရမယ့်အချိန်မှာ ဒီလိုလူမျိုးထက်ပိုပြီး ဒီရေယာဉ်ပျံအကြောင်းကို သိတဲ့လူများ ရှိနိုင်ဦးမှာလား"

သူ့ကို ကျွန်တော် ခဏကြာအောင် ငေးကြည့်နေမိသေးသည်။ ထို့နောက် ကျွန်တော် အလျှော့ပေးလိုက်ပါသည်။ သူ့စိတ်ထဲမှာ မည်သို့ ခံစားနေရသည်ကို ကျွန်တော် တိတိကျကျ သိပါသည်။ မနေ့ကပင် ဂျက်လေယာဉ်ပျံကို ကျွန်တော် မောင်းခွင့်မရခဲ့သည့်အတွက် ကျွန်တော် မည်သို့ ခံစားခဲ့ရသည်ကို ပြန်လည် သတိရမိသည်။

လေယာဉ်မှူးထိုင်ခုံပေါ်သို့ ကျွန်တော် တက်ထိုင်လိုက်သည်။

"ကိုယ့်တာဝန် ကိုယ်ယူ"

"အေး. . . အေး ခင်ဗျာ"

ကျွန်တော် ပြုံးမိသည်။ သူတို့သည် ရေတပ်မတော်သားများ ဖြစ်ကြသည်။ ကိစ္စမရှိ။ သူတို့ ပြောနေကျ ဝသီအတိုင်း ပြောကြပါစေတော့။ ကျွန်တော့်ရှေ့မှာရှိနေသည့် ဒိုင်ခွက်များကို စစ်ဆေးကြည့်သည်။

"ကြိုးဖြုတ်"

ဒိုင်ခွက်များကို ဖတ်ကြည့်ရင်း ကျွန်တော်က အော်လိုက်သည်။

ကျွန်တော့်အောက်မှ မော်တာလည်သံကြားရသည်။ ခဏအကြာတွင် ကျွန်တော့်ရှေ့ရှိ ဒိုင်ခွက်တစ်ခုတွင် မီးနီကလေး ပွင့်လာသည်။ မော်တာလည်သံ ရပ်သွားသည်။

"ကြိုးဖြုတ်ပြီးပါပြီ ခင်ဗျာ"

"အင်ဂျင်နံပါတ် (၁) နဲ့ (၂) နှိုးပါ"

အင်ဂျင်များမှ မီးခိုးများထွက်လာပြီး ပန်ကာများ လည်သည်ကို တွေ့ရသည်။ တဖြည်းဖြည်းနှင့် စက်သံမှန်လာသည်။

"စတားဘုတ် အင်ဂျင်နံပါတ် (၁) နှိုးပြီးပါပြီခင်ဗျား"

"ပို့တ်အင်ဂျင်နံပါတ် နှစ်နှိုးပြီးပါပြီ ခင်ဗျာ"

ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြီး ပြုံးနေမိသည်။ ယခုယာဉ်သည် လေယာဉ်ပျံမဟုတ်။ အတောင်ပံများ တပ်ဆင်ထားသည့် သင်္ဘောကြီးတစ်စင်း ဖြစ်သည်။

ကျွန်တော့်ဘေးရှိ တွဲဖက်လေယာဉ်မှူးထိုင်ခုံမှ အေမော့စ်က လီဗာကို ထိန်းနေသည်။ ကျွန်တော့်ရှေ့မှ မီးနီကလေး ပွင့်လာပြန်သည်။

ကြီးမားသည့် စင်ကျုရီယံကြီးသည် ရေထဲသို့ နောက်ပြန်ကျလာသည်ကို တွေ့ရသည်။ ကျွန်တော့်အောက်တွင် ရေပန်းများ ထနေသည်။ ရေသံများကိုလည်း သဲ့သဲ့ကြားရသည်။ ကျွန်တော်က ကိုယ်ကို ရှေ့သို့ကိုင်းပြီး ယာဉ်ထိန်းမောင်းတံကို ထိန်းလိုက်သည်။ ယာဉ်ကြီးသည် တဖြည်းဖြည်းဖြင့် ရွေ့လျားလာသည်။ ထို့နောက်တော့ ကျွန်တော်တို့ ယာဉ်သည် ပင်လယ်အော်ပြင်ကြီးကို ဦးတည်ပြီး စတင်ခုတ်မောင်းနေတော့သည်။

အေမော့စ်ကို ကျွန်တော် လှမ်းကြည့်သည်။ သူက ကျွန်တော့်ကို ပြုံးပြသည်။

ကျွန်တော်ကလည်း သူ့ကို ပြန်ပြုံးပြလိုက်သည်။ ယခုအချိန်အထိ အလွန် ကောင်းသောယာဉ်ကြီး ဖြစ်သည်။

သင်္ဘောကြီးတစ်စင်းကို ကျွန်တော်တို့ မောင်းနှင်နေကြခြင်း ဖြစ်သည်။

(၄)

ယာဉ်၏ ဦးပိုင်းအောက်မှ လှိုင်းများကိုခွဲပြီး ကျွန်တော်တို့ယာဉ်ကြီး ပြေးနေသည်။ နောက်ထပ် စစ်ဆေးစရာရှိသည်များကို ကျွန်တော် စစ်ဆေးကြည့်သည်။ စစ်ဆေးရမည့် အရာများမှာ အမျိုးအမည်ပေါင်း တစ်ရာခန့်တော့ ရှိပေလိမ့်မည်။ ကျွန်တော်တို့ သင်္ဘောကျင်းမှ ခွာလာသည်မှာ တစ်နာရီခန့်ရှိပြီဟု စိတ်ထဲက ထင်နေသည်။ နာရီကို ငုံ့ကြည့်သောအခါ ကျွန်တော်တို့ ထွက်လာသည်မှာ (၁၆) မိနစ်သာ ရှိသေးကြောင်း တွေ့ရသည်။

ပြတင်းပေါက်ကိုကျော်ပြီး ကြည့်လိုက်သောအခါ အင်ဂျင်ခြောက်လုံးသည် ချောချောမွေ့မွေ့ လည်ပတ်နေကြသည်ကို မြင်ရသည်။ ပန်ကာများသည် နေရောင်မှာ အရောင်တဖျတ်ဖျတ်တောက်ပနေကြသည်။ ကျွန်တော့်ပခုံးကို တစ်စုံတစ်ယောက်က လာတို့သည်။

နောက်လှည့်ကြည့်သောအခါ ရေဒီယိုအရာရှိ ရပ်နေသည်။ သူ့လက်ထဲမှာ အသက်ကယ်အင်္ကျီနှင့် လေထီးကိုကိုင်ထားသည်။

"အရေးပေါ် အသက်ကယ်အင်္ကျီပါခင်ဗျာ"

သူ့ကို ကျွန်တော် ကြည့်သောအခါ သူကိုယ်တိုင်သည် အသက်ကယ်အင်္ကျီကို အသင့်

ဝတ်ထားသည်။ အခြားနှစ်ယောက်လည်း ထိုနည်းလည်းကောင်းပင်။

"ကျုပ် ထိုင်ခုံနောက်မှာထားခဲ့"

အေမော့စ်ကို ကျွန်တော် လှမ်းကြည့်သည်။ သူလည်း အသက်ကယ်အကျႌကို ဝတ်ဆင်ထားပြီး ဖြစ်၏။ လေထီးမှ ခါးပတ်ကြိုးကို ချည်နေသည်။ ထိုအဝတ်အစားများဖြင့် သူထိုင်ခုံပေါ်မှာ အနေရအထိုင်ရ ခက်နေပုံရသည်။ သူက ကျွန်တော့်ကို လှမ်းကြည့်သည်။

"မင်း ဝတ်ထားဖို့ကောင်းတယ်"

"ကျုပ် ဒါတွေ မကြိုက်ဘူး၊ ဒါတွေကို မဝတ်ရင် ဒါတွေရှိဖို့လည်း မလိုပါဘူး"

သူက ဘာမှ ပြန်မပြောတော့။ ပခုံးများကိုသာ တွန့်ပြသည်။ ရေဒီယိုအရာရှိသည် သူ့ထိုင်ခုံရှိရာသို့ ပြန်သွားပြီး ထိုင်ခုံခါးပတ် ပတ်နေသည်။

"ခင်ဗျားတို့ အခန်းထဲမှာ အားလုံး စိတ်ချရပြီလား"

"အေး. . . အေး ခင်ဗျာ"

အင်ဂျင်နီယာအားလုံးက တစ်ပြိုင်တည်း ဖြေကြသည်။

ကျွန်တော် ရှေ့သို့ပြန်လှည့်ပြီး ကျွန်တော့်ရှေ့ရှိ ခလုတ်တစ်ခုကို ဖွင့်လိုက်သည်။ စောစောက ပွင့်နေသည့် မီးလုံးအနီများအားလုံးသည် အစိမ်းရောင်များအဖြစ်သို့ ပြောင်းလဲသွားကြသည်။ ယခုအချိန်မှစ၍ ထိုမီးအားလုံးတို့သည် တစ်ခုခု ချွတ်ယွင်းသည့်အခါကျမှပင် အနီရောင်များအဖြစ်သို့ ပြန်လည် ပြောင်းလွဲသွားကြတော့မည် ဖြစ်သည်။ ပင်လယ်ပြင်ဘက်သို့ ကျွန်တော် ဦးတည်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်တို့ ခရီးစပြီ"

ကျွန်တော်သည် ယာဉ်၏အရှိန်ကို တဖြည်းဖြည်း မြှင့်တင်လိုက်သည်။ ပန်ကာခြောက်လုံးတို့သည် လေထဲမှာ အရှိန်ပြင်းစွာဖြင့် လည်ပတ်နေကြသည်။ ဒိုင်ခွက်သည် ကျွန်တော် ငုံ့ကြည့်သောအခါ မိုင်နှုန်းသည် မိုင်ကိုးဆယ်နှုန်းမှာ ပြနေသည်။ အမြန်မောင်းစက်တပ် မော်တော်တစ်စင်းကဲ့သို့ ပြေးနေသည်။

အေမော့စ်၏အသံ ပေါ်လာသည်။

"ရေပြင်က ကွာတက်နိုင်ဖို့ အမြန်နှုန်းကို တွက်ပါ၊ ဒီယာဉ်အတွက် တစ်တစ်သုည"

သူ့ကို ပြန်မကြည့်ဘဲ ကျွန်တော်က ခေါင်းသာ ညိတ်ပြသည်။ အမြန်နှုန်းကိုသာ တဖြည်းဖြည်း မြှင့်လာခဲ့သည်။ ဒိုင်ခွက်ထဲမှာ မိုင်တစ်ရာကို ပြနေသည်။ တဖြည်းဖြည်းနှင့် တစ်ရာတစ်သို့ ရောက်လာသည်။ ဝမ်းဗိုက်ကို လှိုင်းပုတ်နေသည့် အသံများ ကြားနေရသည်။ မိုင် (၁၁၅) အမြန်နှုန်းသို့ရောက်အောင် ကျွန်တော် တင်လိုက်သည်။ ယာဉ်ထိန်းမောင်းတံကို ကျွန်တော့်လက်ထဲမှာ သက်သောင့်သက်သာပင် ထိန်းထားနိုင်သည်။

ခဏကြာသည်အထိ ဘာမှ မဖြစ်။ ထို့ကြောင့် အမြန်နှုန်းကို (၁၂၀) သို့တင်လိုက်သည်။ ရုတ်ခြည်း ဆိုသလိုပင် စင်ကျူရီယံကြီးသည် သွက်သွက်ခါအောင် လှုပ်ယမ်းလာသည်။ ထို့နောက် ရေယာဉ်ပျံကြီးသည် ကောင်းကင်သို့ ထိုးတက်လိုက်သည်။ အမြန်နှုန်းက မိုင် (၁၆၀)သို့ ခုန်တက်သွားသည်။ ကျွန်တော့်လက်ထဲမှ မောင်းထိန်းတံသည် မည်သို့မျှ ထူးခြားမလာ။ သက်သောင့်သက်သာ ထိန်းထားနိုင်မြဲပင် ဖြစ်သည်။ ပြတင်းပေါက်မှ အောက်သို့ ကျွန်တော် ငုံ့ကြည့်သောအခါ ရေပြင်သည် ကျွန်တော်တို့အောက် ပေနှစ်ရာခန့်အကွာမှာ ကျန်ရစ်ခဲ့ကြောင်း မြင်ရသည်။

လေယာဉ်ပျံကြီးတစ်စင်းကို ကျွန်တော်တို့ မောင်းနှင်ပျံသန်းနေကြပြီ ဖြစ်သည်။

"သွားပါပြီကွာ"

ဟု ကျွန်တော့်နောက်မှ လူတစ်ယောက်၏ ရေရွတ်သံကို ကြားရသည်။ အေမော့စ်က နောက်သို့ လှည့်ကြည့်သည်။

"အိုကေပဲ ကိုယ့်လူ၊ ငါ့ကိုပေး"

သူက နောက်သို့လှည့်ပြောရင်း လက်တစ်ဖက်ကိုပါ ဆန့်တန်းလိုက်သည်။ ထို့နောက် ကျွန်တော့်ကို ပြန်ကြည့်ပြီး ပြုံးပြသည်။

"တို့ ရေပြင်ကနေ ပျံတက်နိုင်မတက်နိုင် သူတို့နဲ့ တစ်ကျပ်ကြေး လောင်းထားတာ"

ကျွန်တော်က သူ့ကို ပြန်ပြုံးပြပြီး ယာဉ်ကို ပြန်ထိန်းနေသည်။ ကျွန်တော်တို့ အမြင့်ပေ ခြောက်ထောင် သို့ရောက်သောအခါ အနောက်ဘက်သို့ ကျွန်တော် ပြန်လှည့်လိုက်သည်။ ဝင်လုဆဲနေကို ဦးတည်ကာ မောင်းနှင်ပျံသန်းလာခဲ့သည်။

"ကလေးတင်တဲ့ လက်တွန်းလှည်းကလေးကို တွန်းနေရသလိုပဲ"

အေမော့စ်က သူ့ထိုင်ခုံမှနေ၍ ဝမ်းသာအားရ ပြောသည်။

ရေဒီယိုအရာရှိကိုကျော်ပြီး အေမော့စ်ကို ကျွန်တော် လှမ်းကြည့်သည်။ ရေဒီယိုအရာရှိက ရေဒီယိုနှင့် အချက်ပေးဆက်သွယ်ပုံများကို ရှင်းပြနေသည်။ သူတို့ ရေဒီယိုတွင် အသံသွင်းတိပ်ခွေ တပ်ဆင်ထားကြောင်း၊ ထို့ကြောင့် တစ်ကြိမ်ပြောရုံဖြင့် အသံသွင်းတိပ်ခွေက ထိုသတင်းကို ဖမ်းထားပြီး ထပ်ကာထပ်ကာ ပို့ပေးနေမည်ဖြစ်ကြောင်း၊ စက်များအားလုံး ရပ်သွားမှပင် ရေဒီယိုအချက်ပြလည်း ရပ်မည်ဖြစ်ကြောင်းများ ရှင်းပြသည်။

ဝင်လုဆဲနေရောင်သည် အေမော့စ်၏ ခေါင်းပေါ်မှ ဆံပင်ဖြူများကို ရဲရဲနီသည့် မီးတောက်များအဖြစ်သို့ အရောင်ပြောင်းပေးနေသောကြောင့် သူ့အသက် ပိုငယ်သွားသည်ဟု ထင်ရသည်။ ကျွန်တော်သည် လက်မှနာရီကို ငုံ့ကြည့်မိသည်။ ခြောက်နာရီနှင့် ဆယ့်ငါးမိနစ်ရှိပြီ။ ပင်လယ်ပြင်အတွင်းသို့ ကျွန်တော်တို့ မိုင်ပေါင်း နှစ်ရာခန့် ခရီးပေါက်ခဲ့ကြပြီ ဖြစ်သည်။

"ကျွန်တော်တို့ ပြန်လှည့်ကြစို့ အေမော့စ်၊ မှောင်နေတဲ့အချိန်မှာ ကျွန်တော် ပြန်မဆင်းချင်ဘူး"

"ကပ္ပတိန်၊ ကျွန်တော်တို့ ရေတပ် အသုံးအနှုန်းအရ ကမ်းကပ်တယ်လို့ ပြောရပါတယ်"

ကျွန်တော့်နောက်မှ ရေဒီယိုအရာရှိက ပြုံးရင်း ကျွန်တော့်ကို လှမ်းပြောသည်။

"ကောင်းပါပြီ သင်္ဘောသား၊ ကမ်းပြန်ကပ်စို့"

"အေး အေး ခင်ဗျာ"

ရေဒီယိုအရာရှိ၏ ပခုံးပေါ်သို့ ကျွန်တော့်ကိုယ် ကိုင်းလိုက်စဉ်မှာပင် ရေယာဉ်ပျံသည် ရုတ်တရက် တုန်ခါသွားသည်။ သူ့ကိုယ်ပေါ်သို့ ကျွန်တော် လဲကျသွားလုလု ဖြစ်သွားသည်။ ကိုယ်ကိုထိန်းနိုင်ရန် သူ့ပခုံးကို လှမ်းကိုင်ထားလိုက်စဉ်မှာပင် ပျံသန်းမှုအင်ဂျင်နီယာ၏အသံပေါ်လာသည်။

"စတားဘုတ်အင်ဂျင်နံပါတ် (၅) ပြန်ဆိုးလာပြန်ပြီ"

ကျွန်တော့်ထိုင်ခုံရှိရာသို့ ကြိုးစားပြီး လာသည်။ ပြတင်းပေါက်မှကျော်ပြီး အင်ဂျင်ကို ကြည့်လိုက်သောအခါ အင်ဂျင်ဝိုင်များ ပန်းထွက်နေသည်ကို တွေ့ရသည်။

"စက်ပိတ်လိုက်"

ထိုင်ခုံခါးပတ်ကိုပတ်ရင်း ကျွန်တော်က ပြန်အော်သည်။

အေမော့စ်သည် သူ၏ ယာဉ်ထိန်းမောင်းတံကို မနိုင်မနင်း ထိန်းကိုင်နေရသည်။ ထို့ကြောင့် ကျွန်တော်၏မောင်းတံကို ကျွန်တော် ခပ်မြန်မြန်ကိုင်ကာ ထိန်းလိုက်သည်။ ကျွန်တော်တို့နှစ်ယောက် ပြိုင်တူ ထိန်းသောအခါကျမှ အနည်းငယ် ငြိမ်လာသည်။

"အင်ဂျင်နံပါတ် (၅) ရပ်ပြီးပါပြီ ခင်ဗျာ"

အပြင်ဘက်သို့ ကျွန်တော် လှမ်းကြည့်သည်။ အင်ဂျင်နံပါတ် (၅) မှ ပန်ကာသည် လေတိုးသောကြောင့်သာ ခပ်ဖြည်းဖြည်း လည်နေသည်။ အင်ဂျင်ဝိုင်များ ပန်းထွက်သည်မှာ ရပ်သွားပြီ ဖြစ်သည်။ အေမော့စ်ဘက်သို့ ကျွန်တော် လှည့်ကြည့်သည်။ သူ့မျက်နှာသည် ဖြူနေ၏။ ဇောချွေးများလည်း ပြန်နေသည်။ သို့သော်လည်း သူ ကြိုးစားပြီး ပြုံးပြသည်။

"အင်ဂျင်ငါးလုံးနဲ့ အခက်အခဲ မရှိဘဲ တို့ ရောက်အောင် ပြန်နိုင်ပါတယ်"

"ဟုတ်တယ်"

ဖော်ပြထားချက်များ အရဆိုလျှင် အင်ဂျင်သုံးလုံးနှင့်ပင် ကျွန်တော်တို့ ရောက်အောင် ပြန်နိုင်ကြမည် ဖြစ်သည်။ သို့သော်လည်း ကျွန်တော် မစွန့်စားချင်။ ဒိုင်ခွက်ကို ငုံ့ကြည့်သောအခါ အင်ဂျင်နံပါတ် (၅) တွင် မီးနီကလေး ပြနေသည်ကို တွေ့ရသည်။ ကြည့်နေရင်းမှပင် အင်ဂျင်နံပါတ် (၄) တွင် မီးနီက မှိတ်လိုက်ပွင့်လိုက် ဖြစ်နေပြန်သည်။

"ဘာဖြစ်တာလဲ"

ကျွန်တော် ကြည့်နေဆဲမှာပင် အင်ဂျင်စက်သံသည် မမှန်တော့။

"အင်ဂျင်နံပါတ် (၄) ကို စစ်ဆေးပါ"

နောက်ဘက်သို့ ကျွန်တော်အော်သည်။ ဒိုင်ခွက်ကို ပြန်ကြည့်သောအခါ နံပါတ် (၄) အင်ဂျင်၏ ဆီပိုက်ပေါ်တွင် မီးနီပြနေသည်ကို တွေ့ရသည်။

"အင်ဂျင်နံပါတ် (၄) ဆီပိတ်နေပြီ"

"လေမှုတ်စက်နဲ့ မှုတ်ထုတ်"

"အေး. . . အေး ခင်ဗျာ"

လေမှုတ်စက်ဖွင့်သံ ကြားရသည်။ ကျွန်တော့်ရှေ့မှာ မီးနီကလေးတစ်ပွင့် လင်းလာပြန်သည်။

· "လေမှုတ်စက် အလုပ်မလုပ်တော့ပါဘူး ခင်ဗျာ"

"အင်ဂျင်နံပါတ် (၄) ပိတ်လိုက်"

ဆက်ကြိုးစားနေ၍ မဖြစ်တော့။ စက်ဖွင့်ထားလျှင် ဆီပိုက်မှထ၍ မီးလောင်နိုင်သည်။ ကျွန်တော်တို့တွင် အင်ဂျင်လေးလုံးသာ ကျန်တော့သည်။

"အင်ဂျင်နံပါတ် (၄) ရပ်ပြီးပါပြီ ခင်ဗျာ"

သက်ပြင်းကို ချလိုက်သည်။ အနည်းငယ် စိတ်သက်သာရာ ရသွားသည်။ ဆယ်မိနစ်ခန့်ကြာသည်အထိ နောက်ထပ် အခက်အခဲ မတွေ့ရတော့။

"ကောင်းသွားပြီနဲ့တူတယ်"

ဟု ကျွန်တော်က ပြောသည်။

သို့သော်လည်း ကျွန်တော့်ပါးစပ်မှ မပိတ်သေးမီ အင်ဂျင်နံပါတ် (၁) က စက်သံမမှန်သည်ကို ကြားရပြန်သည်။ ကျွန်တော့်ရှေ့တွင် နာတာလူးပွဲတော်ည၌ မီးထွန်းထားသည့် ခရစ္စမတ် ,သစ်ပင်ကဲ့သို့ မီးနီများ ရဲနေပြီ။ နံပါတ် (၆) အင်ဂျင်လည်း ဖောက်လာပြန်သည်။

"ဆီးပိုက်လိုင်း ပိတ်လိုက်"

အမြင့်ပေပြသည့် ဒိုက်ခွက်ကို ကြည့်သောအခါ ပေ ငါးထောင်မှာ ကျွန်တော်တို့ရောက်နေကြကြောင်း သိရသည်။ လေယာဉ်ပျံသည် တဖြည်းဖြည်းဖြင့် အောက်သို့ ကျစပြုနေပြီဖြစ်သည်။

"ရေဒီယိုဖွင့်၊ အသက်ကယ်ဖို့ အကြောင်းကြား၊ လေယာဉ်ကို စွန့်ခွာဖို့ အသင့်ပြင်"

ကျွန်တော်က အော်ဟစ်ပြောသည်။ ချက်ချင်း ဆိုသလိုပင် ရေဒီယိုအရာရှိ၏ အသံကို ကြားရသည်။

"မေဒေး၊ မေဒေး၊ ကော့ လေယာဉ်စက်ရုံမှ စက်စမ်းယာဉ် ပစိဖိတ်ထဲသို့ ကျနေပြီ၊ နေရာ၊ ဆိုင်ဒိုင်ယယ်ဂိုမြို့ အနောက်ဘက် (၁၂၅) မိုင်ခန့်အကွာ၊ ပြန်ပြောမယ်၊ ဆိုင်ဒိုင်ယယ်ဂိုမြို့ အနောက်ဘက် (၁၂၅) မိုင်ခန့်အကွာ၊ မေဒေး၊ မေဒေး. . ."

စကားပြောခွက်ပိတ်သံ ကြားရသည်။ သို့သော်လည်း ရေဒီယို အချက်ပေးသံသည် ပေါ်မြဲပေါ်နေသည်။ တစ်စုံတစ်ယောက်က ကျွန်တော့်ပခုံးကို လာပုတ်သည်။ ကျွန်တော် လှည့်ကြည့်သောအခါ ရေဒီယိုအရာရှိကို တွေ့ရသည်။ ကျွန်တော့်စိတ်ထဲမှာ အံ့ဩသွားသည်။ သူက ကျွန်တော့်အနားမှာ လာရပ်နေသည်။ သို့သော်လည်း ရေဒီယိုအချက်ပေးသံက ပေါ်မြဲပေါ်နေသည်။ ခဏကြာတော့ အသံသွင်းတိပ်ခွေမှ အော်မြဲအော်နေခြင်း ဖြစ်ကြောင်း ကျွန်တော် သတိပြန်ရသည်။

"ကျွန်တော်တို့ကို နေစေချင်ရင် နေပါ့မယ် ကပ္ပတိန်"

ဟု သူက ပြောသည်။

"ဘုရားသခင်အတွက် လုပ်နေတာ မဟုတ်ဘူး။ တိုင်းပြည်အတွက် လုပ်နေတာ မဟုတ်ဘူး။ ပိုက်ဆံရဖို့ လုပ်နေတာ၊ အားလုံးဆင်း"

ကျွန်တော်က အော်သည်။ အမေ့ာစ်ကို လှမ်းကြည့်သောအခါ သူ့ထိုင်ခုံပေါ်မှာ ထိုင်နေမြဲရှိသည်ကို တွေ့ရသည်။

"ခင်ဗျားပါ ဆင်း"

သူက ဘာမှ ပြန်မဖြေ။ ထိုင်ခုံခါးပတ်ကို ဖြုတ်ပြီး ထိုင်ရာမှထသည်။ ကျွန်တော့် နောက်ဘက်မှ တံခါးဖွင့်သံ ကြားရသည်။ သူတို့သည် ခရီးသည်ခန်းရှိ အရေးပေါ် ထွက်ပေါက်ဆီသို့ သွားကြခြင်း ဖြစ်သည်။

အမြင့်ပေ (၃၈၀၀) သို့ရောက်နေကြောင်း တွေ့ရသည်။ အင်ဂျင်နံပါတ် (၁) နှင့် (၆) ကို ကျွန်တော် စက်ရပ်လိုက်သည်။ ကျန်နေသေးသည့် အင်ဂျင်နံပါတ် (၂) နှင့် (၃) နှစ်လုံးတည်းဖြင့် ရေပေါ် သို့ ရောက်အောင် ကျွန်တော် ဆင်းနိုင်မည်ဟု ထင်သည်။ အရေးပေါ် တံခါးထွက်ပေါက် ပွင့်သွားကြောင်း အချက်ပြမီးနီကလေး လင်းလာသဖြင့် သိရသည်။ ထိုအချိန်တွင် အမြင့်ပေ (၃၄၀၀) သို့ ရောက်နေပြီ။

ပြတင်းပေါက်မှ အောက်သို့ ကျွန်တော် ငုံ့ကြည့်လိုက်သည်။ လေထီးသုံးလက်ပွင့်သွားသည်ကို မြင်ရသည်။ တစ်လက်နောက်မှ နောက်တစ်လက် ဆင့်ကဲဆင့်ကဲ ကျသွားသည်။ ရှေ့သို့ ကျွန်တော် ပြန်ကြည့်သောအခါ အမြင့်ပေ (၂၈၀၀၀) သို့ရောက်နေကြောင်း သိရသည်။

ကျွန်တော့်နောက်ဘက်မှ အသံကြားသောကြောင့် လှည့်ကြည့်သောအခါ အေမော့စ်သည် သူ့ထိုင်ခုံသို့ပြန်လာပြီး ထိုင်နေသည်ကို တွေ့ရပြန်သည်။

"ခင်ဗျား ဆင်းတော့လို့ ကျုပ် ပြောတယ် မဟုတ်လား"

ကျွန်တော်က အသံကုန်အော်လိုက်မိသည်။

သူကမူ သူ့ရှေ့ရှိ မောင်းထိန်းကိုကိုင်ပြီး ကျွန်တော့်ကို ကူထိန်းပေးနေသည်။

"ကလေးတွေ ဆင်းသွားကြပြီ၊ ချောချောမောမောပဲ၊ တို့နှစ်ယောက်ထိန်းရင် ရေပြင်ပေါ်ကို ပြန်ဆင်းနိုင်လိမ့်မယ်လို့ ငါ ထင်တယ်"

"ကျုပ်တို့ မရရင်ကော"

ကျွန်တော်က ဒေါသတကြီး ပြန်အော်၏။

"သိပ်ကြီး မဆိုးနိုင်ပါဘူး။ တို့မှာ အချိန် သိပ်မရှိတော့ဘူး။ ပြီးတော့ ဒီယာဉ်အတွက် ပိုက်ဆံတွေအများကြီး ကုန်ထားတာ မဟုတ်လား"

"ကုန်တာဘာဖြစ်သလဲ၊ ခင်ဗျား ပိုက်ဆံ ကုန်တာ မဟုတ်ဘူး"

ကျွန်တော်က အော်မြဲအော်သည်။

ကျွန်တော် ပြောသည်ကို လက်မခံနိုင်သည့် အမူအရာမျိုး သူ့မျက်နှာပေါ်မှာ မြင်လိုက်ရသည်။

"ဒီလေယာဉ်ပျံမှာ အရေးကြီးတာက ပိုက်ဆံတစ်ခုတည်း မဟုတ်ဘူးကွ၊ ငါကိုယ်တိုင် တည်ဆောက်ထားတာကိုတော့ မင်း မပြောတော့ဘူးလား"

ကျွန်တော်တို့သည် အမြင့်ပေ ကိုးရာသို့ ရောက်လာသည်။ ထိုအချိန်မှာပင် အင်ဂျင်နံပါတ် (၃) က ဖောက်လာသည်။ ရေယာဉ်ပျံတစ်ဖက်သို့ စောင်းသွားသောကြောင့် ကျွန်တော်တို့နှစ်ယောက်၏ ကိုယ်အလေးချိန်ရှိသမျှ အင်အားများဖြင့် တည့်မတ်နိုင်အောင် ပြိုင်တူ ထိန်းကြသည်။

အမြင့်ပေ နှစ်ရာသို့ရောက်သောအခါ အင်ဂျင်နံပါတ် (၃) သည် လုံးဝ စက်ရပ်သွားတော့သည်။

"စက်တွေရပ်ပစ်လိုက်၊ လေယာဉ်ပေါက်ကွဲတော့မယ်"

အေမော့စ်က သံကုန်အော်သည်။

ကျွန်တော် ခလုတ်ပိတ်လိုက်ချိန်မှာပင် စတားဘုတ်အင်ဂျင်ဘက်မှ အတောင်ပံသည် ရေပြင်နှင့် သွားထိသည်။ တိုင်စိုက်သည့်အခါ အပေါ်မှ ထုချလိုက်သကဲ့သို့ ရေယာဉ်သည် ရေထဲသို့ ထိုးကျသွားတော့သည်။ ထိုင်ခုံမှ ကျွန်တော့်ခါးပတ် ပြတ်သွားသည်။ ကျွန်တော့် အောက်ပိုင်းသည် တစ်ခုခုနှင့် ညပ်နေသည်ဟု ထင်ရသည်။ ခဏကြာတော့မှ လွတ်သွားသည်။ ကျွန်တော့်မျက်လုံးများ ကြည်လင်လာသောကြောင့် အပြင်သို့ကြည့်သောအခါ ကျွန်တော်တို့ နှစ်ယောက်သည် ရေမျက်နှာပြင်ပေါ်ရှိ ယာဉ်ထဲမှာ မသက်မသာဖြစ်နေကြောင်း သတိထားမိသည်။ အတွင်းသို့ပင် ရေ အနည်းငယ် ဝင်လာစပြုပြီ ဖြစ်သည်။

"တို့ ထွက်ကြစို့"

အေဗမော့စ်က အော်ပြောသည်။

လေယာဉ်မှူးအခန်းတံခါးကို သူ ဖွင့်သည်။ လက်ကိုင်ကို လက်ဖြင့် လှည့်ကြည့်သည်။ လုံးဝ မလှုပ်။ ထို့ကြောင့် သူ့ကိုယ်လုံးဖြင့် ပစ်တိုက်သည်။ တံခါးသည် နည်းနည်းကလေးမျှ မရွေ့လျား။

"ဂျမ်းဖြစ်နေပြီ"

အော်ပြောရင်း ကျွန်တော့်ဘက်သို့ သူ လှည့်လာသည်။

သူ့ကို ကျွန်တော် ပြန်ကြည့်ပြီး ကျွန်တော်တို့ ခေါင်းပေါ်ရှိ အရေးပေါ် ထွက်ပေါက်ရှိရာသို့ ခုန်တက်ခဲ့သည်။ သော့ခတ်ထားသည်ကို လက်တစ်ဖက်ဖြင့်ဖွင့်ပြီး ကျန်လက်တစ်ဖက်ဖြင့် ထွက်ပေါက်တံခါးကို တွန်းသည်။ ဘာမှ ထူးမလာ။ သေသေချာချာ ကြည့်သောအခါကျမှ ဘာကြောင့် ဖြစ်နေသည်ကို ကျွန်တော် မြင်ရသည်။ ယာဉ်၏ ကိုယ်ထည်ပြတ်ထွက်ပြီး ကျွန်တော်တို့ ထွက်ပေါက်မှာ ပိတ်နေသည်။ ဒိုင်းနမိုင်းနှင့်ခွဲခြင်းမှအပ အခြား မည်သည့်နည်းနှင့်မျှ ရနိုင်မည် မဟုတ်တော့။

အေမော့စ်သည် ကျွန်တော် ပြောသည်ကို မစောင့်တော့ဘဲ အရေးပေါ်ပစ္စည်းများ ထားသည့်အိတ်ထဲမှ ခွတစ်ချောင်းကိုယူကာ မှန်ကို ရိုက်ခွဲတော့သည်။ မှန်များကွဲသွားသည်။ သို့သော် ယာဉ်ကိုယ်ထည်၏ အစတစ်ခုက ထိုနေရာမှ တစ်ခြမ်းပိတ်နေသည်ကို တွေ့ရပြန်သည်။ လူတစ်ယောက်ထွက်သာရုံသာသည်။

အေမော့စ်သည် လက်ထဲမှ ခွကိုပစ်ချပြီး ကျွန်တော့်ဆီသို့ အသက်ကယ်အင်္ကျီကို လှမ်းပစ်ပေးသည်။ ကျွန်တော် ခပ်မြန်မြန်ကောက်ဝတ်ကာ ရေနှင့်ထိလျှင် ပွင့်ရန် ခလုတ်ကို အသင့်ပြင်ထားလိုက်သည်။

"ရပြီ၊ မင်း ထွက်တော့"

ကျွန်တော်က သူ့ကို ပြုံးကြည့်သည်။

"အေမော့စ်၊ လေယာဉ်ပျံ-သင်္ဘောတို့ရဲ့ ထုံးစံ၊ ကပ္ပတိန်ဟာ နောက်ဆုံးမှ ခွာရတယ်၊ ခင်ဗျား ထွက်"

"မင်း ရူးနေသလား၊ ဒီအပေါက်ကလေးထဲကို ဝင်ချင်ရင် ငါ့ကိုယ်လုံးကို နှစ်ခြမ်းခွဲပြီးမှ ဝင်လို့ရမယ်"

သူက ကျွန်တော့်ကို ပြန်အော်၏။

"ခင်ဗျားကိုယ်လုံးက ဒါလောက်လည်း မကြီးပါဘူးဗျာ၊ ကျွန်တော်တို့ ကြိုးစားကြည့်ကြသေးတာပေါ့"

ရုတ်တရက် သူက ပြုံးလိုက်သည်။ သည်လို အပြုံးမျိုး သူ ပြုံးပြီဆိုလျှင် ဘာလုပ်တော့မည်ဖြစ်ကြောင်း ကျွန်တော် ကောင်းကောင်း သိပါသည်။ တစ်စုံတစ်ရာကို မဟုတ်မမှန်လုပ်တော့မည်။ အကောက်ကြံတော့မည်ဆိုလျှင် သည်လိုအပြုံးမျိုးကို သူ ပြုံးတတ်စမြဲ ဖြစ်သည်။

"ကောင်းပြီလေ၊ မင်းက ကပ္ပတိန်ပဲ"

"ကောင်းတယ်"

ဟု ကျွန်တော်က ပြောရင်း ရှေ့သို့တိုးသွားသည်။ သူ့ကိုယ်ကို မြှောက်ပြီး အပေါ်သို့ တွန်းပေးရန် ဟန်ပြင်လိုက်သည်။

"တစ်နေ့ကျရင် ဘယ်သူဟာ ခေါင်းဆောင်ဖြစ်ကြောင်း ခင်ဗျား သဘောပေါက်လာလိမ့်မယ်ဆိုတာ ကျွန်တော် သိပြီးသားပါ"

သူ့ကို ကျွန်တော် တွန်းတင်ရန် ဟန်ပြင်လိုက်ပါသည်။ သို့သော်လည်း သူက အတင်မခံ။ ကျွန်တော် ဘာဖြစ်သွားသည်ကိုလဲ မသိလိုက်တော့။ ကျွန်တော့်ကို သူ ဘာနှင့်ရိုက်သည်ကို ကျွန်တော် မသိတော့။ အိပ်မက်နိုင်ငံထဲသို့ ကျွန်တော် ရောက်သွားသည်။ ကျွန်တော့်ကို အပြင်သို့ သူ တွန်းထုတ်ပေးနေကြောင်း ကျွန်တော် သိသည်။ သို့သော် ကျွန်တော် ဘာမှ မတတ်နိုင်တော့။ ကျွန်တော့်လက်များ၊ ခြေများနှင့်ခေါင်းသည် တစ်စုံတစ်ယောက်ပြုသမျှကို နုရတော့မည့်ဘဝသို့ ရောက်နေပြီ။

အေမော့စ်က ကျွန်တော့်ကို အပေါက်ငယ်ကလေးမှ အပြင်သို့ တွန်းထုတ်နေကြောင်း

ကို ကျွန်တော် သိသည်။ ကြောင်တစ်ကောင်က ကြမ်းပြင်ကို လက်သည်းနှင့်ခြစ်သလို ကျွန်တော့် မျက်နှာတွင် အခြစ်ခံနေသလို ခံစားရသည်။ အပေါက်ကျဉ်းကျဉ်းကလေးမှ အပြင်သို့ ကျွန်တော် ရောက်လာသည်။ ပြီးတော့ မိုင်ပေါင်း သိန်းသန်းကုဋေမြင့်သောအမြင့်မှ အောက်သို့ ကျွန်တော် ကျသွားသည်။ နာရီပေါင်းထောင်နှင့်ချီ၍ ကြာအောင် ကျနေသော်လည်း မရပ်သေး။ မဆုံးသေး။

ကျွန်တော်သည် လေယာဉ်မှူးအခန်းသို့ ဖက်တက်နေမိသည်ဟု ထင်သည်။ အတောင်ပံတစ်ဖက်ပေါ်သို့ ကျွန်တော် ရောက်လာသည်။ ပါးစပ်မှလည်း အသံကုန်အော်နေသည်။

"ဟေ့လူကြီး၊ ခင်ဗျား သေချင်လို့လား၊ ထွက်ခဲ့တော့၊ မြန်မြန်ထွက်ခဲ့တော့၊ ဒါလောက်တောင် မိုက်မဲရသလား၊ ခွေးမသားကြီး၊ အခု ထွက်ခဲ့၊ ခင်ဗျားကို ကျုပ် အသေသတ်မိတော့မယ်၊ ခွေးမသားကြီး၊ သေချင်လို့အထဲမှာ နေနေတာလား"

ထိုအချိန်မှာပင် ရေယာဉ်ကြီးသည် တစ်စစီ ဖြစ်သွားတော့သည်။ အတောင်ပံတစ်ခုက ကျွန်တော်၏ ဘေးတစ်ခြမ်းကိုရိုက်ချသည်။ ရေမျက်နှာပြင်ပေါ်သို့ ကျွန်တော် ကျွမ်းထိုးမှောက်ခုံ ကျသွားသည်။ စောစောက အသင့်ပြင်ထားသည့် အသက်ကယ်အင်္ကျီလုတ်သည် ရေပြင်နှင့် ထိသည်နှင့်တစ်ပြိုင်တည်း ပွင့်ကာ လေများဝင်လာပြီး ရေပေါ်မှာ ကျွန်တော် ပေါလောမျောနေတော့သည်။

နူးညံ့သည့် ခေါင်းအုံးပေါ်မှာ ကျွန်တော် ခေါင်းတင်လိုက်သည်။

ပြီးတော့ ကျွန်တော် အိပ်ပျော်သွားသည်။

(၂)

ကျွန်တော် မွေးခဲ့သည့်၊ ကျွန်တော် လူလားမြောက်ကြီးပြင်းခဲ့သည့် နီဗားဒါးပြည်နယ်တွင် သဲကန္တာရများ၊ ကျောက်ဆောင်များနှင့် တောင်ကုန်းအနည်းငယ်သာ ရှိသည်။ ပင်လယ်မရှိ။ သမုဒ္ဒရာ မရှိ။ စမ်းချောင်းများ ရှိသည်။ ရေကန်ငယ်များရှိသည်။ ဟိုတယ်နှင့် ကလပ်များတွင် ရေကူးကန်များ ရှိသည်။ ထိုရေကူးကန်အားလုံးတို့သည် ရေချိုများနှင့်သာ ပြည့်နေသည်။

ကျွန်တော့်ဘဝတွင် သမုဒ္ဒရာနှစ်စင်းကို ရောက်ဖူးသည်။ ကြုံဖူးသည်။ မီယာမီကမ်းခြေနှင့် အတ္တလန္တိတ်မြို့၏ အပြင်ဘက်ဆီက အတ္တလန္တိတ်သမုဒ္ဒရာ။ နောက်ပြီးတော့ မာလီဘူးကမ်းခြေအလွန်က ပစိဖိတ်သမုဒ္ဒရာ။ မြေထဲပင်လယ်သို့လည်း ကျွန်တော် ရောက်ဖူးခဲ့သည်။

ပင်လယ်သမုဒ္ဒရာတို့၏ ဆားငန်ရေထဲမှာ မိန်းကလေးတစ်ယောက်ကို ကျွန်တော် လိုက်ဖမ်းဖူးသည်။ သို့သော် ကျွန်တော် မသိ။ သူသည် ငါးတစ်ကောင်ကဲ့သို့ ရေထဲမှာ ကျွမ်းကျင်လွန်းလှသည်။ နောက်ပြီးတော့ ရေငန်ကို ကျွန်တော် မကြိုက်။ အသားပေါ်မှာ စေးထန်းထန်းနေသည်။ နှာခေါင်းထဲမှာ မွန်သည်။ မျက်လုံးများကို ကျိန်းစပ်စေသည်။ ပါးစပ်ထဲသို့ ရေငန်များဝင်လာသောအခါတွင် အာပုပ်ရည်များကို ငုံထားရဘိသကဲ့သို့ ရှိသည်။

ဤသို့ဆိုလျှင် သည်နေရာသို့ ကျွန်တော် ဘာလာလုပ်နေသနည်း။

အလွန် ပူသည်။ ကောင်းကင်ပေါ်မှ ကြယ်ပွင့်အားလုံးတို့က ခင်ဗျားကို ပြုံးရယ်ပြနေကြပြီ။ သမုဒ္ဒရာများကို လေးစားတတ်လာအောင် ကြယ်ကလေးများက ခင်ဗျားကို သင်ကြားပေးလိမ့်မည်။ ပင်လယ်ရေငန်ကို ခင်ဗျား မကြိုက်ဖူးလား။

အိုး. . . ကောင်းပြီ။ သိန်း၊ သန်း၊ ကုဋေ၊ ကုဋာ အဲဒါတွေရော ခင်ဗျား ကြိုက်သလား။

အား. . . အလကား ခွေးသူခိုးကြီး။

ကျွန်တော် အိပ်ပျော်သွားပြန်သည်။

* * *

ကျွန်တော် ရှစ်နှစ်သားအရွယ်ကလေး ဖြစ်သည်။ ကျွန်တော်တို့အိမ်နောက်ရှိ အလုပ်သမားတန်းလျားနောက်ဘက်သို့ ကျွန်တော် ပြေးလာသည်။ ကျွန်တော့်အရွယ်နှင့် အမြန်ဆုံးပြေးနိုင်သလောက် ပြေးနေသည်။ ဒုန်းစိုင်းပြေးနေခြင်းကား မဟုတ်။ ခုန်ဆွခုန်ဆွဖြင့် လုပ်နေခြင်း

သာ ဖြစ်သည်။ ကျွန်တော့်နောက်တွင် ကျည်ဆန်အိတ်နှင့် သေနတ်ထည့်ထားသည့်အိတ်သည် သဲထဲမှာ တရွတ်တိုက်ပြီး ပါလာသည်။

ဖေဖေ၏အသံကို ကျွန်တော် ကြားရသည်။

"ဟော့. . . သား၊ မင်း ဆွဲသွားတာ ဘာလဲ"

သူ့ဘက်သို့ ကျွန်တော် ပြန်လှည့်သည်။ သေနတ်ကို ကျွန်တော့်နောက်မှာ သူ မမြင်အောင် ဝှက်ထားလိုက်သည်။ သူ့ကိုမူ ကျွန်တော် မော့မကြည့်။

"ဘာမှ မဟုတ်ပါဘူး"

"ဘာမှ မဟုတ်ဘူးလား၊ ကဲ ဒါဖြင့်ပြစမ်း"

ဖေဖေက ကျွန်တော့်နောက်ဘက်သို့ လှည့်လာပြီး ခါးကိုကိုင်သည်။ ကျွန်တော့်ခါးမှ ခါးပတ်ကို ဖြုတ်ယူသည်။ သူ့လက်ထဲသို့ ခါးပတ်ပါသွားသောအခါ အိတ်ထဲမှ သေနတ်နှင့် စာရွက်တစ်ရွက် အောက်သို့ ထွက်ကျလာသည်။ ဖေဖေက ကုန်းပြီး ကောက်ယူသည်။

"မင်း ဘယ်ကရလာတာလဲ"

"နီဗားဒါးအိပ်ရာဘေး နံရံပေါ်က၊ ကျွန်တော် တက်ပြီး ယူလာတာ"

ဖေဖေက သေနတ်ကို အိတ်ထဲသို့ ပြန်ထည့်သည်။ သေနတ်သည် မည်းနက်ပြီး ချောမွေ့နေ၏။ လက်ကိုင်ပေါ်တွင် 'မ-ဆ' ဟူသော စာလုံးကလေး ရှိသည်။ နီဗားဒါး၏ နာမည် အတိုကောက်ကို တစ်စုံတစ်ယောက်က မှားယွင်းရေးထားခြင်း ဖြစ်ပေလိမ့်မည်။

စာရွက်ခေါက်ကိုလည်း သေနတ်အိတ်ထဲသို့ ဖေဖေက ပြန်ထည့်သည်။ သို့သော် စာရွက်ခေါက်က သဲပြင်ပေါ်သို့ ပြန်ကျသွားပြီး အခေါက်ပြေသွားသည်။ စာရွက်ပေါ်တွင် နီဗားဒါး၏ ဓာတ်ပုံကို ပုံနှိပ်ထားသည်။ နီဗားဒါး၏ဓာတ်ပုံအပေါ်တွင်လည်း ဆုငွေဂဏန်းအချို့ကို ပုံနှိပ်ထားကြောင်း တွေ့ရသည်။

ပြန့်နေသည့်စာရွက်ကို ဖေဖေက ခဏငေးကြည့်နေသည်။ ထို့နောက် ပြန်ခေါက်ပြီး သေနတ်အိတ်ထဲသို့ ပြန်ထည့်သည်။

"မင်း ယူလာတဲ့နေရာကို ပြန်ထား၊ ကိုယ်မပိုင်တဲ့ပစ္စည်းကို နောက်ဘယ်တော့မှ ယူမကိုင်နဲ့၊ နောက်တစ်ခါ ကိုင်တာတွေ့ရင် မင်းကို ရိုက်မယ်"

ဖေဖေ အလွန် စိတ်ဆိုးနေကြောင်း ကျွန်တော် သတိထားမိသည်။

"ကလေးကိုရိုက်ဖို့ မလိုပါဘူး မစ္စတာကော့၊ ကျွန်တော့်အမှားပါ၊ ကလေး လက်လှမ်းမီနိုင်တဲ့နေရာမှာ ကျွန်တော် ထားမိပါတယ်"

ကျွန်တော်တို့ နောက်ကျောဘက်မှ နီဗားဒါး၏ အသံထွက်လာသည်။ အသံလာရာဘက်သို့ ကျွန်တော်တို့ လှည့်လိုက်ကြသည်။ သူ ရပ်နေသည်ကို တွေ့ရသည်။ သူ၏ အင်ဒီယန်းမျက်နှာတွင် ခံစားချက် တစ်စုံတစ်ရာ မရှိသလို ဣန္ဒြေဆည်ထားသည်။ လက်တစ်ဖက်ကို ရှေ့သို့ သူက ဆန့်တန်းလိုက်သည်။

"ကျွန်တော့်ကို ပြန်ပေးမယ်ဆိုရင် ကျွန်တော် ပြန်သိမ်းထားလိုက်ပါ့မယ် မစ္စတာကော့"

ဖေဖေက တစ်စုံတစ်ရာပြန်မပြောဘဲ သေနတ်ကို ကမ်းပေးသည်။ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်နေကြသည်။ တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။ ဖေဖေကလည်း စကားမပြော။ နီဗားဒါးကလည်း စကားမပြော။ ကျွန်တော်က သူတို့နှစ်ယောက်ကို ကြည့်သည်။ မြင်ကွင်းက ခပ်ဆိုးဆိုး ဖြစ်နေသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်၏ မျက်လုံးကို တစ်ယောက်စိုက်ကြည့်ရင်း တစ်စုံတစ်ခုကို အပြန်အလှန် အကဲခတ်နေကြပုံရသည်။ အပြန်အလှန် ရှာဖွေနေကြပုံရသည်။ နောက်ဆုံးတွင် နီဗားဒါးက စကားစပြောသည်။

"ကျွန်တော့်ကို အလုပ်ကထွက်စေချင်ရင် ကျွန်တော် ထွက်ပါ့မယ် မစ္စတာကော့"

သူ ဆိုလိုသည့် စကား၏အဓိပ္ပာယ်ကို ကျွန်တော် နားလည်သည်။ နီဗားဒါးသည် အိမ်မှ အခြားအရပ်သို့ ထွက်ခွာသွားတော့မည်။ ချက်ချင်း ကျွန်တော် ဝမ်းနည်းလာသည်။ ထို့ကြောင့်လည်း ကျွန်တော် အော်ပြောမိသည်။

"မထွက်ရဘူး၊ ကျွန်တော် နောက်မလုပ်တော့ပါဘူး။ ဘယ်တော့မှ ကျွန်တော် မလုပ်

တော့ဘူး"

ဖေဖေက ကျွန်တော့်ကို ငုံ့ကြည့်သည်။ ခဏကြာအောင် ကြည့်နေသည်။ ထို့နောက် နီဖားဒါးကို ပြန်ကြည့်သည်။ တဖြည်းဖြည်း ဖေဖေ့မျက်နှာပေါ် မှာ အပြုံးရိပ်ကလေး ပေါ်လာသည်။

"ကလေးနဲ့ တိရစ္ဆာန်ဆိုတာ အတူတူပဲ၊ သူတို့လိုချင်တာပဲ သိတတ်ကြတယ်၊ သူတို့အတွက် အကောင်းဆုံးဟာ ဘာလဲဆိုတာကိုပဲ သိကြတယ်"

"မှန်ပါတယ် ခင်ဗျာ"

"မင်းဟာတွေအားလုံးကို ဘယ်သူမဆို ဘယ်တော့မှ မမြင်လိုက်တဲ့ နေရာမှာသွားပြီး ဖျောက်ဖျက်ပစ်လိုက်"

နီဖားဒါး၏ မျက်နှာပေါ်တွင်လည်း အားနည်းလှသည့် အပြုံးရိပ်ကလေး ပေါ်လာသည်ကို ကျွန်တော် မြင်ရသည်။

"ကောင်းပါပြီ မစ္စတာကော၊ ကျွန်တော် ဖျောက်ဖျက်လိုက်ပါ့မယ်"

ဖေဖေက ကျွန်တော့်ကို ငုံ့ကြည့်သည်။ ဖေဖေ့မျက်နှာပေါ်မှ အပြုံးသည် ပျောက်ကွယ်သွားပြန်ပြီ။

"ဖေဖေ ပြောတာ ကြားတယ် မဟုတ်လား၊ နောက်ကို ကိုယ့်ပစ္စည်း မဟုတ်ရင် မကိုင်ရဘူး။ ကိုင်ရင် အရိုက်ခံရမယ်"

"ကြားပါတယ် ဖေဖေ၊ ကျွန်တော် နောက်မလုပ်တော့ပါဘူး"

ကျွန်တော်က အသံကျယ်ကျယ်ဖြင့် ပြန်ဖြေသည်။

* * *

ကျွန်တော့်ပါးစပ်ထဲမှာ ရေငန်များ ပြည့်နေပြန်သည်။ ထိုရေငန်များကြောင့် ချောင်းဆိုးရင်း သီးလာသည်။ မျက်လုံးများကို ကျွန်တော် ဖွင့်ကြည့်သည်။ ကြယ်ပွင့်ကလေးများက မျက်တောင်ခတ်နေကြသည်။ သို့သော်လည်း အရှေ့ဘက်ကောင်းကင်တွင် အရောင်ဖျော့နေသည်။ အလွန် ဝေးသည့် အရပ်တစ်ခုမှ မော်တာလည်သံကို ကျွန်တော် ကြားနေရသည်။ ပဲ့တင်ရိုက်နေသည့် အသံများဟု ကျွန်တော် ထင်သည်။

ကျွန်တော့် ကိုယ်တစ်ခြမ်းက နာကျင်ကိုက်ခဲနေသည်။ ခြေထောက်တစ်ဖက်လည်း အလွန် နာကျင်နေသည်။ ကိုယ်ကို တစ်ခြမ်းစောင်းပြီး ကျွန်တော် အကြာကြီး အိပ်ခဲ့သောကြောင့် နာကျင်နေသည့်ပုံမျိုး ဖြစ်သည်။ ကျွန်တော် ကိုယ်ကို လှုပ်ကြည့်သောအခါ ကျွန်တော့် ခြေထောက်မှ ခေါင်းထိအောင် စစ်ခနဲ နာကျင်လာသည်။ မခံမရပ်နိုင်အောင် နာကျင်ခြင်း ဖြစ်သည်။

ကြယ်ပွင့်ကလေးများက ကျွန်တော့်ကို ပြုံးပြနေကြပြန်သည်။ သူတို့ကို ကြည့်နေရသည်မှာ ကျွန်တော့်အဖို့ ငြိမ်းငွေ့ဖွယ်ကောင်းလာသည်။

ကျွန်တော် အိပ်ပျော်သွားပြန်သည်။

သဲကန္တာရပေါ်မှာ ပူနေသည့် နေသည် အရာရာကို မီးလောင်တိုက်သွင်းလိုက်တော့မည့်ကဲ့သို့ ရှိနေသည်။ မိုးကောင်းကင်သည် ကျွန်တော့်ခေါင်းပေါ်သို့ နီးကပ်စွာကျလာပြီး လက်နှင့် လှမ်းကိုင်လျှင်ပင် ရတော့မည်လားဟု ထင်ရသည်။

ထိုသို့ ပူပြင်းသည့် အခါမျိုးတွင် ကျောက်ဆောင်များကို ရှာရသည်။ ကျောက်ဆောင်များအောက်မှ အရိပ်ရှိသည်။ ထိုကျောက်ဆောင်အောက်မှ အရိပ်ထဲသို့ ဝင်လိုက်လျှင် အပူမှ သက်သာသည်။ သို့သော်လည်း ကျောက်ဆောင်အောက်တွင် ခွေနေသည့် အဆိပ်ပြင်းသော မြွေဆိုးရှိသည်။

ကျောက်ဆောင်အောက်သို့ ဝင်မည်ဆိုလျှင် သူပိုင်နက် နေရာကို ဝင်လုသည့်အတွက် သူ ဒေါသ ဖြစ်လိမ့်မည်။ အဆိပ်ပြင်းသော အစွယ်ဖြင့် ပြန်ပေါက်ရန် အလွန် ဒေါသထွက်နေသည်။ ရန်ပြန်ပြုရန်လည်း အလွန် မြန်သည်။ အမှန်တော့ လူသားများသည်လည်း ထိုအတိုင်း ဖြစ်ကြပေ၏။

ကျွန်တော်နှင့် မိန်းကလေးသည် ယင်းမြွေဆိုးများ အရိပ်အောက်မှာ ခိုလှုံနေကြသ

ကဲ့သို့ သဲကန္တာရအတွင်းရှိ ကျောက်ဆောင်များအောက်မှာ နေထိုင်ကြသည်။ ကျွန်တော်က ကျောက်ဆောင်တစ်ခု။ မိန်းကလေးက ကျောက်ဆောင်တစ်ခု။

"ဒါပေမယ့် မင်းကို ကိုယ်ချစ်တယ်"

ဟု ကျွန်တော်က ပြောသည်။ ပြောသာ ပြောရသည်။ ကျွန်တော့်စကားထဲတွင် အနှစ်သာရ မပါကြောင်း ကျွန်တော် သိသည်။

ကျွန်တော့်စကားထဲတွင် အနှစ်သာရ မပါကြောင်းကိုလည်း မိန်းကလေးက သိသည်။ သူ သိသမျှ ယောက်ျားအားလုံး၏ အပြစ်များကို ကျွန်တော့်ပေါ်သို့ သူက ပုံချသည်။ အားလုံး ဒုက္ခရောက်ကြရသည်မှာ ကျွန်တော့်ကြောင့်ဖြစ်ကြောင်း စွပ်စွဲအပြစ်ဆိုသည်။ မတရားပါ။ နည်းနည်းကလေးမျှ မတရားပါ။

"ဒါပေမယ့် မင်းကို ကိုယ် ချစ်တယ်"

ကျွန်တော်က ထပ်ပြောပြန်သည်။ ကျွန်တော့်စကားလုံးများသည် မည်သို့သော အင်အားမျှ မရှိတော့ကြောင်း မိန်းကလေး ရိပ်မိနေသည်ကိုလည်း ကျွန်တော် သိသည်။ ကျွန်တော့်ပါးစပ်ထဲတွင် ရှိသမျှ အရာအားလုံးကို သူတို့ နှိုက်ယူသွားကြပြီ။ ကျွန်တော့်ပါးစပ်သည် အခေါင်းချည်းသက်သက် ကျန်တော့သည်။

အကယ်၍ ကျွန်တော်သာ ရိုးသားမည်ဆိုလျှင် ကျွန်တော့်ရင်ထဲမှာ မျိုသိပ်ထားရသည့် လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောဆိုနိုင်မည်ဆိုလျှင် ကျွန်တော် ပြောရမည့် စကားများကား ထိုစကားများ မဟုတ်။

"မင်းကို ကိုယ်လိုချင်တယ်၊ ကိုယ် ဖြစ်စေချင်တဲ့ လူတစ်ယောက်အဖြစ် ဖန်တီးပြီး ကိုယ် အရယူချင်တယ်၊ ကိုယ့်အိပ်မက်ထဲမှာ အမြဲကြီးစိုးနေတဲ့ ရုပ်ပုံလွှာအဖြစ် မင်းကို ဖန်တီးယူပြီး တစ်ကမ္ဘာလုံးက မင်း မျက်နှာကို မြင်ရအောင်ပြရမယ်၊ ကမ္ဘာပေါ်မှာ ရှိသမျှလူတွေ မမြင်ရအောင် မင်းကို ကွယ်ထားတဲ့ အကာတွေ၊ အကွယ်တွေ၊ အဖုံးတွေအားလုံးကို ကိုယ် ဖယ်ပစ်ရမယ်၊ အမှန်ကတော့ ကိုယ် ဖြစ်စေချင်သလို မင်း ဖြစ်ရစေမယ်"

ဟူသော စကားများကိုသာ ကျွန်တော် ပြောရမည် ဖြစ်သည်။

ကျွန်တော့် ကိုယ်လုံးသည် သေးသေးကလေး ကျန်တော့သည်။ သို့သော်လည်း ထိုနေရာမှာပင် ကျွန်တော် ရပ်နေသည်။ ကျွန်တော့် ပါးစပ်ထဲမှ ထွက်သွားသော စကားလုံးများသည် စကားလုံးများ မဟုတ်။ မြွေဆိပ်များ ဖြစ်နေသည်၊ ထိုမြွေဆိပ်များကို မိန်းကလေးက သူ့ကိုယ်ထဲသို့ ထည့်နေသည်။ ပြီးတော့ ကျွန်တော့် ကျောက်ဆောင်အနားမှာ သူ လဲပြိုကျသွားရှာသည်။

ကျွန်တော်သည် အလွန် ပူပြင်းသည့် နေရောင်အောက်မှာပင် ရပ်နေသည်၊ ရှက်စိတ်များကလည်း ကျွန်တော့်ကို ကြီးစိုးလာပြန်သည်။ သည်ကမ္ဘာပေါ်တွင် ရှိရှိသမျှသော လူများနှင့် ကျွန်တော်သည် ဘာမှ မဆိုင်တော့ဟု ကျွန်တော် ထင်မိသည်။ မိန်းကလေးသည် ကျွန်တော့် မြွေဆိပ်များဖြင့် သူ့ကိုယ်သူ ဖျက်ဆီးနေသည်။ ကျွန်တော်ကလည်း ကန့်ကွက်ခြင်း မရှိ။

မိန်းကလေးကို မြွေဆိပ်တက်သောအခါ သူ့ကိုယ်လုံးသည် တဖြည်းဖြည်း သေးသွားသည်။ သူ့မျက်နှာပေါ်တွင် အလွန်တရာ ကြောက်ရွံ့ထိတ်လန့်နေသည်ကိုလည်း ကျွန်တော် မြင်ရသည်။ ကျွန်တော် တစ်ဖက်သို့ လှည့်လိုက်သည်။

ကျွန်တော့်ရင်ထဲမှာ အကြင်နာတရား လုံးဝ မရှိ။ ကရုဏာတရား လုံးဝ မရှိ။ သူ့ကို ကျောခိုင်းပြီး ကျွန်တော် ထွက်ခဲ့သည်။ သူ၏ ကြောက်ရွံ့စိုးရိမ်မှုများကို ကျွန်တော် ကျောခိုင်းခဲ့သည်။ သူ စိတ်သက်သာရာရအောင် ကျွန်တော် အားပေးစကား မပြော။ နှစ်သိမ့်စကား မပြော။

မိန်းကလေးသည် ကျွန်တော့်ထံမှ အကြင်နာတရားကလေးရပါမည့် အကြောင်း တောင်းပန်တိုးလျှိုးနေသည်။ စကားဖြင့် တောင်းပန်ခြင်းကား မဟုတ်။ အမူအရာဖြင့် တောင်းပန်နေခြင်း ဖြစ်သည်။ အသနားခံနေခြင်း ဖြစ်သည်။ ကျွန်တော့်ကို သူ အလွန် ချစ်သည်။ ကျွန်တော် သိသည်။ နေပူကျဲကျဲဘက်သို့ ကျွန်တော် ပြေးထွက်ခဲ့သည်။ ပို၍လုံခြုံသော ကျွန်တော်၏ ကျောက်ဆောင်အောက်သို့ ကျွန်တော် ပြန်ပြေးလာခြင်း ဖြစ်သည်။

ကျွန်တော့်ကျောက်ဆောင်ကလေးသို့ ပြန်ရောက်လာသောအခါ ကျောက်ဆောင်ကလေးသည် သေးသေးကလေး ဖြစ်နေသည်ကို တွေ့ရသည်။ အပူဒဏ်မှ သက်သာရာရရန် ကျောက်ဆောင်အောက်သို့ ကျွန်တော် ဝင်သည်။ အရိပ်သည် ကျွန်တော့်ကိုယ်ကို အကာအကွယ်ပေးနိုင်သော အရိပ် မဟုတ်။ သည်အရိပ်မှာ ခိုလှုံနေရင်းပင် ကျောက်ဆောင်သည် တဖြည်းဖြည်း သေးသည်ထက် သေးလာသည်။ နေရောင်ကပိုပြီး ပူပြင်းသည်အထိ ပူပြင်းလာသည်။

ကျွန်တော့်ကိုယ်ကို ပို၍သေးသွားရန် ကျွန်တော် ကြိုးစားကြည့်သည်။ မရ။ ထို့ကြောင့် ကိုယ်ကို ကျုံ့ကြည့်သည်။ မရ။ လျှို့ဝှက်ထားသော ကျွန်တော်၏ ကျောက်ဆောင်ကလေးသည် သေးသည်ထက် သေးသွားကာ ကျွန်တော့်ကို လုံလောက်သည့် အရိပ်အာဝါသကို မပေးနိုင်တော့။

နေရောင်က လင်းသည်ထက် လင်းလာသည်။ ပိုလင်းလာသည်။ ပို၍ပို၍ လင်းလာသည်။ အလင်းတကာ့အလင်းဆုံး ဖြစ်လာသည်။

မျက်လုံးများကို ကျွန်တော် ဖွင့်လိုက်သည်။

အလင်းရောင်ကိုမြင်ရသည့် အပေါက်ကျဉ်းကျဉ်းကလေးသာ ရှိသည်။ မျက်တောင်များကို ကျွန်တော် ခတ်ကြည့်သည်။ အလွန် ကျဉ်းသည့် ထိုအပေါက်ကလေးထဲမှ အပြင်သို့ မြင်နိုင်အောင် ကျွန်တော် ချောင်းကြည့်သည်။ ဘေးဘက်သို့ လှည့်ကြည့်သည်။

အဖြူရောင်အခန်းတစ်ခန်းထဲရှိ စားပွဲပေါ်မှာ ကျွန်တော် လဲလျောင်းနေသည်။ ကျွန်တော့်ဘေးမှာ လူတစ်ယောက် ရပ်နေသည်။ အင်္ကျီဖြူအရှည်ကြီးကို ဝတ်ထားသည်။ ခေါင်းပေါ်မှာလည်း အဖြူရောင်အဝတ်တစ်ခုကို အုပ်ထားသည်။ အလင်းရောင်တန်းကလေး တစ်ခုက ရောင်ပြန်ဟပ်လာသည်။ ကျွန်တော့်ကို သူ ငုံ့ကြည့်သောအခါ သူ့မျက်လုံးများပေါ်မှာ တပ်ဆင်ထားသည့် မှန်ကလေးက ရောင်ပြန်ဟပ်လာသည့် အလင်းရောင် ဖြစ်သည်။ သူ့မျက်နှာပေါ်မှာ အမွေးနက်ကလေးများကို ကျွန်တော် မြင်နေရသည်။ မုတ်ဆိတ်ရိတ်တုန်းက ပြောင်အောင်မရိတ်သောကြောင့် ကျန်ခဲ့ကြသည့် အမွေးများ ဖြစ်ပေလိမ့်မည်။ သူ့နှုတ်ခမ်းသည် တင်းတင်းစေ့နေ၏။

"ဘုရားရေ သူ့တစ်မျက်နှာလုံး ရစရာမရှိတော့ပါလား၊ မှန်ကွဲတွေ ရာနဲ့ချီပြီး စူးနေပြီ"

ဟူသော အသံတစ်သံ သူ့နောက်မှ ပေါ်ထွက်လာသည်။

မျက်တောင်များကို ကျွန်တော် ခတ်လိုက်သည်။ ပထမလူက နောက်ဘက်သို့ လှည့်လိုက်သဖြင့် ဒုတိယမြောက်ယောက်ျားတစ်ယောက်ကို ကျွန်တော် မြင်ရသည်။

"တိတ်တိတ်နေ၊ ဟိုမှာ သတိပြန်ရနေတာ မတွေ့ဖူးလား"

ကျွန်တော်က ခေါင်းထောင်ရန် ကြိုးစားသည်။ သို့သော်လည်း နူးညံ့ပြီး လျှင်မြန်သော လက်တစ်ဖက်က ကျွန်တော့်ပခုံးပေါ်သို့ ကျလာကာ ကျွန်တော့်ကို ပြန်ဖိချနေသည်။

ပြီးတော့ သူ့မျက်နှာကို ကျွန်တော် မြင်ရသည်။

ကျွန်တော့်ကို ငုံ့ကြည့်နေသည့်မျက်နှာ၊ သူ့မျက်နှာ၊ ခွင့်လွှတ်ခြင်း၊ သနားကြင်နာခြင်း တည်းဟူသော သူ့မျက်နှာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာများ ဖုံးလွှမ်းနေသည့်သူ့မျက်နှာ၊ ကျွန်တော် ဘယ်တုံးကမှ မမြင်ခဲ့ဖူးဘူးသည့် အမှုအရာကို မြင်တွေ့နေရသည်။

"ဂျင်နီ"

ဂျင်နီသည် သူ့ပခုံးကို ဖိထားမြဲ ဖိထားသည်။ ထို့နောက် ကျွန်တော့်ခေါင်းရင်းဘက်ရှိ တစ်စုံတစ်ယောက်ကို လှမ်းကြည့်သည်။

"ဒေါက်တာရိုဇာစထရပ်စ်မာကို ဖုန်းဆက်ပြီး လှမ်းခေါ်ပါ၊ လော့စ်အိန်ဂျယ်လိစ် ဆေးရုံကြီးမှာ ရှိချင်ရှိမယ်၊ ဒါမှမဟုတ် စန်တာမော်နီကာက ကိုယ်လိတန်ဆေးရုံမှာ ရှိချင်ရှိမယ်၊ ဂျိုနတ်စ်ကော့ လေယာဉ်ပျံပျက်ကျလို့ ချက်ချင်း လာပါလို့ ပြောပါ"

"ကောင်းပါပြီ စစ္စတာတောမတ်စ်"

အမျိုးသမီးငယ်တစ်ယောက်၏ အသံက ကျွန်တော့်နောက်ဘက်မှ ပေါ်လာသည်။ အပြင်သို့ ထွက်သွားသည့် ခြေသံကို ကြားရသည်။

ကျွန်တော့်ဘေးတစ်ခြမ်းနှင့် ခြေထောက်တစ်ချောင်းက အလွန်နာကျင်လာသည်။ ထို့ကြောင့် အံကိုကြိတ်ထားမိသည်။ ကျွန်တော့် မျက်လုံးထဲမှာ မျက်ရည်များ ရောက်လာပြီ

ဖြစ်ကြောင်း ကျွန်တော် သတိထားမိသည်။ မျက်လုံးများကို ကျွန်တော် ပိတ်ထားမိသည်။ ခဏကြာတော့ ပြန်ဖွင့်သည်။ သူ့ကို မော့ကြည့်မိသည်။

"ဂျင်နီ ဂျင်နီ၊ ကိုယ် ဝမ်းနည်းပါတယ်"

ဟု ကျွန်တော်က လေသံဖြင့် တိုးတိုးပြောသည်။

"ကိစ္စမရှိပါဘူး ဂျိနတ်စ်"

ဂျင်နီကလည်း ကျွန်တော့်ကို လေသံဖြင့် ပြန်ပြောသည်။ ကျွန်တော့်ကိုယ်ပေါ်မှာ လွှမ်းခြုံထားသည့် အဝတ်အောက်သို့ သူ့လက်များရောက်လာသည်။ ကျွန်တော့်လက်မောင်းတွင်းသို့ ချွန်ထက်သည့် အရာတစ်ခု ထိုးသွင်းလိုက်သလို ကျွန်တော် ခံစားရသည်။

"စကားမပြောနဲ့တော့၊ အားလုံး ကောင်းသွားမှာပါ"

ကျွန်တော်က အလွန် စိတ်ချမ်းသာစွာဖြင့် ပြုံးမိသည်။ ထို့နောက် ကျွန်တော် အိပ်ပျော်သွားသည်။ ဂျင်နီသည် မည့်သည့်အတွက်ကြောင့် လှပသောသူ့ဆံပင်များကို အဝတ်ဖြူနှင့် အုပ်ထားသနည်းဟု စဉ်းစားရင်း အိပ်ပျော်သွားခြင်း ဖြစ်သည်။

(၆)

ကျွန်တော့် ပြတင်းပေါက်ကိုကျော်ပြီး လမ်းများပေါ်မှ ဆူညံသံများ ဝင်လာသည်။ မနက်ခင်း ပွင့်လာသည့်နေရောင်ခြည်နှင့်အတူ ပျော်ပွဲရွှင်ပွဲများကို သူတို့ ကျင်းပနေကြခြင်း ဖြစ်သည်။

လမ်းများပေါ်မှ ပျော်ရွှင်သံများသာမက ကျွန်တော် တက်နေသည့် သာသနာပြုဆေးရုံတွင်လည်း အားလုံး ပျော်မြူးနေကြသည်။ ရေတပ်အခြေစိုက်စခန်းမှ အသံချဲ့စက်ဖြင့် ပြောနေသည့် အသံများသည်လည်း ကျွန်တော် ရှိရာဆေးရုံအထိ လွင့်လာသည်။ မနေ့ညပိုင်းကတည်းက ကြားနေရသည့်အသံများ ဖြစ်သည်။ တစ်ညလုံးလည်း ကြားနေရသည်။ ယခု မနက်ပိုင်းမှာလည်း ကြားနေရသည်။

ဂျပန်များ လက်နက်ချလိုက်ကြသည့် အကြောင်းများကို ပြောနေခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးကား ပြီးဆုံးခြင်းသို့ ရောက်ပေပြီ။

အော်တိုစထရပ်စ်မာက ကျွန်တော့်ကို ပြောပြရန် ကြိုးစားခဲ့သည့် အကြောင်းကို ကျွန်တော် ပြန်ပြီး အမှတ်ရနေမိသည်။ သဲကန္တာရအတွင်းမှာ ကျွန်တော် မြင်တွေ့ခဲ့ရသည့် အတိတ်နိမိတ်သည် ဘာဖြစ်ကြောင်း ယခုမှ ကျွန်တော် သိတော့သည်။ သတင်းစာများအားလုံးကလည်း သည်အကြောင်းကို ရေးနေကြသည်။ ကျွန်တော်၏ ခုတင်ဘေးရှိ ရေဒီယိုမှလည်း သည်အကြောင်းများကိုပင် တစ်ချိန်လုံး အသံလွှင့်နေသည်။

သူတို့ ပြောနေရေးနေကြသည်ကား အဏုမြူဗုံးအကြောင်း။

အလွန် သေးငယ်သည့် အဏုမြူဗုံးကလေးတစ်လုံးသည် လူ၏အသက်ပေါင်းများစွာကို ပျက်စီးကြေပြုန်းသွားစေသည့် အကြောင်း။

ကျွန်တော်သည် အနေရသက်သာသွားအောင် ကျွန်တော်၏ ကိုယ်အနေအထားကို ပြင်လိုက်သည်။ ကျွန်တော့် ခြေထောက်တစ်ဖက်ကို တွဲလောင်းလုပ်ထားသည်။ လှုပ်လိုက်သောအခါ တွဲလောင်းဆွဲထားသည့် ခြေထောက်နှင့် ဆိုင်းထားသည့် ကိရိယာများမှ ကြွက်အော်သလို အသံမျိုး ထွက်လာသည်။

ကျွန်တော် အလွန် ကံကောင်းသည်ဟု သူနာပြုဆရာမတစ်ယောက်က ပြောပြသည်။ ကံကောင်းပါသည်။ ကျွန်တော့် ညာဘက်ခြေထောက်သည် သုံးနေရာတွင် သွင်သွင်ကျိုးသွားသည်။ တင်ပါးဆုံတွင်လည်း တစ်နေရာကျိုးသည်။ ထို့ပြင် မြောက်မြားစွာသော နံရိုးများလည်း ကျိုးကုန်သည်။

ကျွန်တော် မသေ။ ထို့ကြောင့်လည်း အလွန် ကျဉ်းမြောင်းသေးငယ်သည့် မြင်ကွင်းကလေးမှနေ၍ ကမ္ဘာလောကကြီးကို ကျွန်တော် မြင်တွေ့နေရသေးသည်။ ကျွန်တော့် တစ်မျက်နှာလုံးကို ပတ်တီးများ စည်းထားသည်။ မျက်စိနှစ်လုံး၊ နှာခေါင်းနှင့် ပါးစပ်ကိုသာလျှင် ဖွင့်ပေး

ထားသည်။ ကျွန်တော် ကံကောင်းပါသည်။ အသက်မသေခြင်းပင်လျှင် ကံအကောင်းဆုံး ဖြစ်တော့သည်။

အေမော့စ်ကမူ ကျွန်တော်ကဲ့သို့ မဟုတ်ရှာပါ။ စင်ကျူရီယံနှင့်အတူ ရေမျက်နှာပြင်အောက် ပေ လေးရာအနက်တွင် ငြိမ်းချမ်းစွာ လဲလျောင်းလျက်ရှိချေပြီ။ စင်ကျူရီယံ၏ လေယာဉ်မှူးအခန်းထဲမှာ သူ ထိုင်လျက်ရှိပေတော့မည်။ အလွန် သနားစရာကောင်းသည့် အေမော့စ် ဖြစ်သည်။

ကျန် အင်ဂျင်နီယာသုံးယောက်တို့သည်လည်း လေထီးနှင့် ဆင်းသွားကြရာ သေကံမရောက် သက်မပျောက်ကြ။

ကျွန်တော်ကမူ အသက်ကယ်အကျီကြောင့် ရေပေါ်မှာ မျောနေသည်။ တံငါသည်များကတွေ့သဖြင့် ကျွန်တော့်ကို ကယ်ဆယ်ပြီး ကမ်းခြေသို့ ယူဆောင်လာခဲ့ကြသည်။ ထိုအချိန်တွင် ကျွန်တော့်ကို တစ်ယောက်တည်း မောင်းနှင်ခွင့်မပေးခဲ့သော၊ သည်ရေယာဉ်ပျံကြီးကို ကိုယ်တိုင်လည်း တည်ဆောက်ခဲ့သော၊ ကျွန်တော့်ကို အပြင်သို့ရောက်အောင် တွန်းထုတ်ပေးခဲ့သော အေမော့စ်ဝင်းသရော့ကား သူကိုယ်တိုင်တည်ဆောက်သည့် ရေယာဉ်ပျံကြီးနှင့်အတူ သမုဒ္ဒရာ၏ကြမ်းပြင်ဆီသို့ တရွေ့ရွေ့ နစ်မြုပ်သွားနေပြီ ဖြစ်သည်။

ကျွန်တော့်ကို နှစ်သိမ့်သည့်အနေဖြင့် လော့စ်အိန်ဂျယ်လိစ်ရှိ ကျွန်တော်၏ စာရင်းကိုင်က ဖုန်းလှမ်းဆက်ပြီးပြောသည့် စကားများကို ကျွန်တော် ပြန်လည် ကြားယောင်နေသေးသည်။

"ဘာမှ မပူပါနဲ့ မစ္စတာကော့၊ ကျွန်တော်တို့ စာရင်းတွေ အသင့်လုပ်ထားပြီးပါပြီ၊ အမြတ်တော်ကြေးပေးတဲ့အခါမှာ ကျွန်တော်တို့ အရှုံးပြလို့ရပါတယ်။ ဒီလိုပြရင် ကျွန်တော်တို့ ပေးရမယ့် အမြတ်တော်ကြေးဟာ အများကြီး လျော့သွားမှာ ဖြစ်ပါတယ်။ လေးဆယ်ရာခိုင်နှုန်းပဲ ပေးရပါလိမ့်မယ်၊ ဒါကြောင့် ရေယာဉ်ပျံအတွက် အရှုံးကိုတွက်ကြည့်ရင် ဒေါ်လာနှစ်သန်းလောက်ပဲ ကျွန်တော်တို့ ဆုံးရှုံးမှာ ဖြစ်ပါတယ်"

သူ ဆက်ရှင်းပြနေဆဲမှာပင် ဖုန်းကို ကျွန်တော် ပစ်ချခဲ့သည်။ သူ ဆက်ရှင်းနေသည်ကို နားမထောင်ချင်တော့။ သူ ပြောနေသည်များမှာ ကောင်းပါသည်။ သို့သော် လူတစ်ယောက်၏အသက်ကို ငွေ စာရင်းရှင်းတမ်းပေါ်မှ ဂဏန်းများဖြင့် ချေ၍ရနိုင်မည်လား၊ မိမိ၏ အကျိုးစီးပွားအတွက် အသက်အသေခံသွားသူအတွက်။ မိမိ၏ ငွေစာရင်းရှင်းတမ်းများဖြင့် အရှုံးသက်သာအောင် လုပ်နိုင်မည်လား။ လူတစ်ယောက် သေဆုံးသွားရသည့်အတွက် အမြတ်တော်ကြေး လျှော့ပေါ့ပေးရသည်ကို တရားမျှတသည်ဟု ဆိုရမည်လား။

အေမော့စ်ကို သတ်လိုက်သူမှာ ကျွန်တော် ဖြစ်သည်။ ငွေ ဘယ်လောက်ပင် သက်သာသည်ဖြစ်စေ၊ ကျွန်တော်၏ အသည်းနှလုံးမှာ မည်မျှပင် နာကျင်ခံစားရသည်ဖြစ်စေ၊ သူကား အသက်ပြန်ရှင်လာနိုင်တော့မည် မဟုတ်။

တံခါးပွင့်သွားသောကြောင့် ကျွန်တော် မော့ကြည့်သည်။ ရိဇာ ဝင်လာသည်ကို တွေ့ရသည်။ သူ့နောက်မှ သူနာပြုဆရာမတစ်ယောက် လက်တွန်းလှည်းကလေးကိုတွန်းပြီး လိုက်လာသည်။ ကျွန်တော့်ခုတင်၏ ဘယ်ဘက်ဘေးမှာ သူ လာရပ်သည်။ ကျွန်တော့်ကို ပြုံးကြည့်သည်။

"ဟဲလို. . . ဂျိုနတ်စ်"

"ဟဲလို. . . ရိဇာ"

ပတ်တီးများ စည်းထားသည့်ကြားမှ ကျွန်တော်က ပြန်နှုတ်ဆက်သည်။

"ပတ်တီးအသစ်လဲဖို့ အချိန်ရောက်ပြီလား၊ သန်ဘက်ခါလောက်ကျမှ မင်း လာလိမ့်မယ်လို့ ကိုယ် ထင်နေတာ"

"စစ်ကြီးပြီးသွားပြီ"

"ဟုတ်တယ်၊ ကိုယ် သိတယ်"

"ဒီနေ့မနက် ကျွန်မ အိပ်ရာကနိုးလာတော့ မနက်ခင်းက သိပ်ပြီး လှတာပဲ၊ စိတ်ကြည်နူးစရာ သိပ်ကောင်းတာပဲ၊ ဒါကြောင့် ဒီကို လေယာဉ်ပျံနဲ့လာပြီး ဂျိုနတ်စ်ရဲ့ မျက်နှာပေါ်က

ပတ်တီးတွေကို ဖြေပေးတော့မယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်"

ကျွန်တော်က သူ့ကို စိမ်းစိမ်းကြည့်နေမိသည်။

"ဟုတ်လား၊ ဒီလို အပြောအဆိုမျိုးတွေကို ဆရာဝန်တွေ ဘယ်ကများ တတ်လာကြပါလိမ့်လို့ ကိုယ် အမြဲတမ်း စဉ်းစားနေတာ"

"ဒါ ဆရာဝန်ရဲ့ အပြောမဟုတ်ပါဘူး။ မိန်းမတစ်ယောက်ရဲ့ အပြောမျိုးပါ၊ ကျွန်မဟာ ဆရာဝန် ဖြစ်မလာခင်ကတည်းက မိန်းမတစ်ယောက်ဖြစ်ဖို့ အခွင့်အရေးတွေ ရခဲ့တယ်လေ"

သူ့စကားကိုကြားရသဖြင့် ကျွန်တော် ရယ်မိသည်။

"ဆရာဝန်စကားပဲဖြစ်ဖြစ်၊ မိန်းမတစ်ယောက်ပြောတဲ့ စကားပဲဖြစ်ဖြစ် ဒီစကားမျိုးကြားရတာ ကိုယ် ဝမ်းသာပါတယ်။ ပတ်တီးမစည်းဘဲနေရမယ်ဆိုရင် သိပ်ကောင်းတာပဲ၊ ခဏကလေးပဲဖြစ်ဖြစ်ပေါ့"

ရိုဇာက ကျွန်တော့်ကိုပြုံးပြီး ကြည့်နေသည်။ သူ့မျက်လုံးများသည် တည်ကြည်လေးနက်နေကြောင်း ကျွန်တော် သတိထားမိသည်။

"ဒီတစ်ခါတော့ အမြဲတမ်းဖြေထားရတော့မှာပါ ဂျိုနတ်စ်"

လက်တွန်းလှည်းပေါ်မှ ကတ်ကြေးကလေးကို ရိုဇာ ကောက်ယူသည်။ ကျွန်တော်သည် သူ့လက်ကိုဖမ်းဆွဲထားမိသည်။ ရုတ်ခြည်း ဆိုသလိုပင် ကျွန်တော့်မျက်နှာပေါ်မှ ပတ်တီးများ ဖြေပစ်မည်ကို ကျွန်တော် ကြောက်သွားသည်။ ကျွန်တော့်မျက်နှာပေါ်တွင် ပိုးအိမ်ကို ပိုးကောင်ရစ်သလို ပတ်တီးများစည်းထားသည့်အတွက် ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ချနေမိသည်။ အကယ်၍ သည်ပတ်တီးများ ဖယ်လိုက်မည် ဆိုပါက ကျွန်တော့်မျက်နှာပေါ်မှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်များကို လူတကာက မြင်တွေ့ကြရပေတော့မည်။

"စောလွန်းမနေသေးဘူးလား ရိုဇာ၊ အခုအချိန်မှာဖြေလို့ အကောင်းပြန်ဖြစ်ပါ့မလား"

ကျွန်တော် မည်သို့ခံစားရသည်ကို သူ သိသည်။

"မျက်နှာပေါ်မှာ ခဏကြာအောင်တော့ အနာကလေးတွေ ရှိနေဦးမှာပေါ့၊ အသားတွေနဲ့အကြောတွေ သူတို့အလုပ်ကို သူတို့ ပုံမှန်ပြန်လုပ်တဲ့အချိန်အထိတော့ အနာကလေးတွေ ရှိနေဦးမယ်။ ဒါပေမယ့် ဒါတွေအားလုံး ပျောက်သွားမှာပါပဲ၊ မျက်နှာဖုံးကြီးအောက်မှာ ကျွန်မတို့ အမြဲတမ်း ပုန်းနေကြလို့ ဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်ဘူးနော်"

သူက ကျွန်တော့်ကို ပြောပြနေရင်းပင် ကျွန်တော့်မျက်နှာပေါ်မှ ပိုးအိမ်ကဲ့သို့သော ပတ်တီးများကို ကတ်ကြေးဖြင့် ဖြတ်ထုတ်နေသည်။

ယခုပြောသော စကားသည် ဆရာဝန်စကား ဖြစ်သည်။ မိန်းမတစ်ယောက်ကပြောနေသည့် စကားများ မဟုတ်။ ပတ်တီးအားလုံး ဖြေပြီးသောအခါ ကျွန်တော့်မျက်နှာမှာ ဟာတာတာကြီး ဖြစ်နေသည်။ မွေးစကလေးငယ်ကဲ့သို့ ကိုယ်ပေါ်တွင် ဘာမှ မရှိတော့သလို ခံစားနေမိသည်။ ပါးပြင်ပေါ်သို့ ထူးဆန်းသည့် အအေးဓာတ်ကလေး ကျဆင်းထိတွေ့လာသည်ဟု ထင်ရသည်။

ရိုဇာ၏ မျက်နှာကို ကျွန်တော် အကဲခတ်ကြည့်သည်။ ပတ်တီးဖြေလိုက်သည့် ကျွန်တော့်မျက်နှာကို မြင်သောအခါ သူ့မျက်နှာအမူအရာ မည်သို့များ ပြောင်းလဲသွားမည်နည်းဟု ကျွန်တော် အကဲခတ်နေမိသည်။ သို့သော် သူ့မျက်နှာပေါ်တွင် မည်သို့သော ပြောင်းလဲမှုမျှ မရှိ။ မည်သို့သော ခံစားမှုမျှ မရှိ။ တည်ကြည်မြဲ တည်ကြည်လျက် ရှိသည်။ သူနှင့်ကျွန်တော် မည်သို့မျှ မသက်ဆိုင်သလို၊ သူ၏ ထမ်းဆောင်ရမည့် တာဝန်ကို ထမ်းဆောင်နေသလို အမူအရာမျိုးကိုသာ ကျွန်တော် တွေ့ရသည်။ သူ့လက်ဖြင့် ကျွန်တော့်၏ပါးပြင်ကို ကိုင်ကြည့်သည်။ ပြီးတော့ မေးများကို ကိုင်ကြည့်သည်။ နောက် နဖူးဆံစပ်ကလေးများကို သပ်ပေးနေသည်။

"မျက်လုံးမှိတ်ထား"

ကျွန်တော်က မှိတ်လိုက်သည်။ ကျွန်တော့်မျက်ခွံကလေးများကို အသာအယာ ကိုင်နေကြောင်း သိရသည်။

"ပြန်ဖွင့်"

ကျွန်တော်က ပြန်ဖွင့်သည်။ သူ့အမူအရာသည် တည်မြဲတည်နေသည်။ ဘာတစ်ခုကို

မျှ အကဲခတ်၍ မရ။

"ပြုံး၊ ဒီလိုပြုံး"

သူက ပါးစပ်ကို ဖြဲပြသည်။ တစ်ခုခုကို သဘောကျ၍ တကယ် ပြုံးခြင်းမျိုး မဟုတ်။ သူ့မျက်နှာပေါ်မှာ မြင်နေကျ အပြုံးမျိုး မဟုတ်။ ကျွန်တော့်ပါးစပ်ကို ကြည့်လိုသောကြောင့် ပြုံးပုံပြုံးနည်းကို သိနိုင်စေရန် ပြုံးပြသည့် ဟန်ပြပြုံး ဖြစ်သည်။

ကျွန်တော်ကလည်း ဟန်ပြပြုံးပြုံးသည်။ ကျွန်တော့်ပါးပြင်များ အနည်းငယ် နာကျင်လာသည်။ နာကျင်ရာမှ မီးနှင့်ထိုးလိုက်သလို အလွန် အခံရဆိုးအောင် နာကျင်လာသည်။ သို့သော် ကျွန်တော်က ပါးစပ်ကိုဟကာ ပြုံးမြဲပြုံးပြနေသည်။

"ဟုတ်ပြီ၊ ရပ်နိုင်ပြီ"

ရိုဇာက ပြောရင်း ရုတ်တရက် ပြုံးလိုက်သည်။ သဘောကျ နှစ်သက်သဖြင့် တကယ် ပြုံးသည့်အပြုံး။

သူ့ကို ကျွန်တော် ကြည့်နေမိ၏။

"ဘယ်လိုနေသလဲ ဒေါက်တာ၊ တော်တော် ဆိုးသလား"

ပေါ့ပေါ့တန်တန် သဘောမျိုးထားနိုင်အောင် ကျွန်တော် ကြိုးစားသည်။

"မဆိုးပါဘူး၊ ရှင် ဘယ်တုံးကမှ အရုပ်မဆိုးခဲ့ဖူးပါဘူး၊ ဟောဒီမှာ ကိုယ့်ဟာကိုကြည့်"

ရိုဇာက ဘာမှ မဖြစ်သလို ပြောရင်း လက်တွန်းလှည်းပေါ်မှ မှန်ကစ်ချပ်ကို ယူပြသည်။ ကျွန်တော်က မှန်ကို မကြည့်။ ကျွန်တော့်မျက်နှာကို ကျွန်တော် မကြည့်ချင်သေး။ ယခုအချိန်တွင် မကြည့်ရဲသေး။

"စီးကရက်တစ်လိပ်လောက်များ ကိုယ် အရင်သောက်လို့ရမလား ဒေါက်တာ"

ရိုဇာသည် တိတ်ဆိတ်စွာပင် လှည်းပေါ်သို့ မှန်ကိုပြန်တင်သည်။ သူ၏ ကုတ်အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်သည်။ ကျွန်တော့် ခုတင်စွန်းမှာ သူ ဝင်ထိုင်သည်။ သူ့ပါးစပ်မှာ စီးကရက်တစ်လိပ်တပ်ပြီး မီးညှိကာ ကျွန်တော့်ကို ကမ်းပေးသည်။ ကျွန်တော် ဖွာရှိုက်လိုက်သော အခါ သူ့နှုတ်ခမ်းပေါ်မှ ချိုမြသည့် နှုတ်ခမ်းဆိုးဆေးများ၏ အရသာကလေးကို ခံစားရသည်။

"ဝင်းသရော့က ရှင့်ကို အပေါက်ကလေးကနေ အတင်းတွန်းထုတ်လိုက်တဲ့ အချိန်မှာ မျက်နှာကို မှန်စတွေ စူးတော့တာပဲ၊ ဒဏ်ရာက တော်တော်ဆိုးတယ်၊ ဒါပေမယ့် ရှင့် ကံကောင်း. . ."

"ဒီအကြောင်း မင်း သိသလား၊ အမေ့ာစ်အကြောင်းကို ပြောတာလေ၊ မင်း ဘယ်လို လုပ်သိသလဲ"

ကျွန်တော်က သူ့စကားကို ဖြတ်ပြီး ဝင်မေးသည်။

"ရှင့်ဆီကပဲ ကျွန်မတို့ ကြားရတာပေါ့၊ မေ့ဆေးပေးထားတဲ့အချိန်တုန်းက မမေ့တမေ့ အချိန်နဲ့၊ မေ့ဆေးမပြယ့်တပြယ် အချိန်မှာ ရှင် ကယောင်ကတမ်း ပြောနေတာတွေကို ကြားရတာ၊ ရှင့်မျက်နှာထဲမှာ စူးဝင်နေတဲ့ မှန်စတွေကို ကျွန်မတို့ ထုတ်ပစ်ကြတယ်၊ သိပ်ကံကောင်းသွားတာက အသားမှာ စူးဝင်နေတာကလွဲပြီး အရေးကြီးတဲ့ အာရုံကြောတို့ အင်္ဂါအစိတ်အပိုင်းတို့ဆိုလို့ ဘာတစ်ခုမှ မဖြစ်ဘူး။ အသားချင်း အစားထိုးပြီး ကျွန်မတို့ ကုပေးနိုင်ခဲ့ကြတယ်၊ အလွန်ကို အောင်မြင်ပါတယ်"

"မှန်ကြည့်တော့မယ် ဒေါက်တာ"

ရိုဇာက ကျွန်တော့်ထံမှ စီးကရက်ကို ယူပြီး မှန်ပေးသည်။ မှန်ကိုမြှောက်ပြီး မှန်ထဲမှာ ကျွန်တော့်ကိုယ်ကျွန်တော် ကြည့်မိသည်။ ကျွန်တော့်တစ်ကိုယ်လုံး ရုတ်တရက် အေးစက်သွားသည်ကို ခံစားလိုက်ရသည်။

"ဒေါက်တာ၊ ကိုယ်ဟာ ကိုယ့်အဖေနဲ့ တထေရာတည်း တူနေပါပေါ့ကလား"

ကျွန်တော်က စိတ်လှုပ်ရှားစွာဖြင့် ပြောမိသည်။

ကျွန်တော့် လက်ထဲမှ မှန်ကို ရိုဇာက ပြန်ယူသွားသည်။ သူ့ကို ကျွန်တော် မော့ကြည့်သည်။ သူက ကျွန်တော့်ကို ပြုံးကြည့်နေသည်။

"ဟုတ်ရဲ့လား ဂျိုနတ်စ်၊ ဒါပေမယ့် ရှင့်ရုပ်က တစ်သက်လုံး ဒီအတိုင်းပဲ ရှိခဲ့တာပဲ"

* * *

ထိုနေ့ မွန်းလွဲပိုင်း မရောက်မီပင် ကျွန်တော့်အတွက် သတင်းစာများကို ရိဘဲယား ယူလာပေးသည်။ သတင်းစာအားလုံးသည် ဂျပန်လက်နက်ချသည့် သတင်းများကိုသာ ရေးနေကြသည်။ သတင်းစာများကို တစ်ချက်လှမ်းကြည့်ပြီး ဘေးသို့ ကျွန်တော် ပစ်ချလိုက်သည်။

"တခြား ဖတ်စရာတစ်ခုခု ကျွန်တော် ယူပေးရမလား မစ္စတာဂျိုနတ်စ်"

"နေပေစေ၊ စာဖတ်ချင်စိတ် မရှိဘူး"

"ကောင်းပါပြီ မစ္စတာဂျိုနတ်စ်၊ ဒီလိုဆိုရင် နည်းနည်း အိပ်လိုက်ပါဦး"

ဟု ပြောရင်း ရိဘဲယားက အပေါက်ဝဆီသို့ ထွက်သွားသည်။

"ရိဘဲယား"

"ဟုတ်ကဲ့ မစ္စတာဂျိုနတ်စ်"

"ကျွန်တော်ဟာ. ."

ကျွန်တော် ဘာဆက်ပြောရမှန်း မသိဘဲ ဆိုင်းငံ့နေမိသည်။

"ကျွန်တော့်ရုပ်ဟာ အမြဲတမ်း ဒီလိုရုပ်မျိုးပဲလား၊ အရင်ကလည်း ဒီအတိုင်းပဲလား"

ဖြူဖွေးသော သူ၏သွားများ အရောင်လက်သွားသည်။

"မှန်ပါတယ် မစ္စတာဂျိုနတ်စ်"

"ကျုပ်ရုပ်ဟာ ကျုပ်အဖေနဲ့ တူသလား"

"ချွတ်စွပ်တူပါတယ် ခင်ဗျာ"

ကျွန်တော့်ပါးစပ်ထဲမှ အသံတိတ်သွားသည်။ တစ်စုံတစ်ယောက်နှင့် မတူရန် တစ်ဘဝလုံး ကြိုးစားခဲ့သော်လည်း ကြိုးစား၍မရ။ သည်သွေးသည် သည်ခန္ဓာကိုယ်ထဲရှိ အကြောအခြင်များ အားလုံးထဲသို့ ဝင်ရောက်ပျံ့နှံ့နေသည် မဟုတ်လား။

"တခြား ဘာရှိသေးသလဲ မစ္စတာဂျိုနတ်စ်"

ကျွန်တော်က သူ့ကို မော့ကြည့်ပြီး ခေါင်းခါပြလိုက်သည်။

"ကျုပ် အိပ်လိုက်ဦးမယ်"

ခေါင်းအုံးပေါ်သို့ ပြန်မှီရင်း မျက်လုံးများကို မှိတ်လိုက်သည်။ တံခါးပိတ်သွားသံကြားရသည်။ လမ်းမဆီမှ ပြန့်လွင့်လာကြသည့် ဆူညံသံများသည်လည်း တဖြည်းဖြည်းပျောက်ကွယ်သွားသည်။ ကျွန်တော် အိပ်ပျော်သွားသည်။

အလွန် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ ကျွန်တော်သည် လွန်ခဲ့သည့် ရာပေါင်းများစွာသော နှစ်များအတွင်းက မအိပ်ခဲ့။ ထို့ကြောင့် ထိုရာပေါင်းများစွာသော နှစ်များအတွက် အတိုးချပြီး အိပ်လိုက်သလို အိပ်ပျော်နေသည်။ သို့သော်လည်း ကျွန်တော် ကြာကြာမအိပ်လိုက်ရမီမှာပင် ကျွန်တော့်အခန်းထဲသို့ တစ်စုံတစ်ယောက် ရောက်နေကြောင်း သတိထားမိသည်။

မျက်လုံးများကို ကျွန်တော် ဖွင့်လိုက်သည်။ ကျွန်တော့် ခုတင်ဘေးမှ ဂျင်နီ ရပ်နေသည်။ ကျွန်တော့်ကို ငုံ့ကြည့်နေသည်။ ကျွန်တော် မျက်လုံးဖွင့်သည်ကို မြင်သောအခါ သူက ပြုံးပြသည်။

"ဟဲလို. . . ဂျိုနတ်စ်"

"ကိုယ် အိပ်ပျော်သွားတယ်၊ မဟုတ်တာတွေလည်း အိပ်မက်မက်နေတယ်၊ ကိုယ့်အသက်က ရာပေါင်းများစွာ အိုနေပြီ၊ ကြီးနေပြီတဲ့"

အိပ်ရာမှ နိုးလာခါစ ကလေးငယ်တစ်ယောက်က ပြောပြသကဲ့သို့ ကျွန်တော် ပြောပြနေသည်။

"ပျော်စရာကောင်းတဲ့ အိပ်မက်ပေါ့၊ ကျွန်မ ဝမ်းသာပါတယ်၊ အိပ်မက်ကောင်းမက်ရင် ရှင် မြန်မြန်နေကောင်းသွားမှာပဲ"

ကျွန်တော်သည် ခုတင်ဘေးရှိ စားပွဲပေါ်မှ စီးကရက်ကို လှမ်းယူရန် ဟန်ပြင်လိုက်သည်။ ဂျင်နီက ကျွန်တော်၏ ကိုယ်အောက်မှ ခေါင်းအုံးများကို နေသားတကျဖြစ်အောင် မြန်မြန်ပြင်ပေးသည်။ စီးကရက်ကို အားရအောင် ဖွာလိုက်သည်။ အိပ်ချင်မူးတူး ဖြစ်နေသည့် စိတ်များ ပျောက်သွားသည်။

"နောက်တစ်ပတ်နှစ်ပတ်ဆိုရင် ခြေထောက်က ကျောက်ပတ်တီးတွေကို သူတို့

ဖြေပေးကြလိမ့်မယ်၊ ဖြေပြီးရင်တော့ အိမ်ကို ပြန်နိုင်ပါပြီ"

"ကိုယ်လည်း ဒီလိုပဲ ထင်နေတာပါ ဂျင်နီ"

ထိုသို့ ပြောပြီးသည်နှင့် တစ်ပြိုင်တည်း ဂျင်နီသည် ဆေးရုံ အဝတ်အစားကို ဝတ်ဆင်ထားခြင်း မဟုတ်ကြောင်း ကျွန်တော် သတိပြုမိလိုက်သည်။

"အခုလို မျက်နှာဖုံး အနက်ကလေးနဲ့ မင်းကို တွေ့ရတာ ဒါပထမဦးဆုံးအကြိမ်ပဲ ဂျင်နီ၊ အကြောင်းထူးများ ရှိလို့လား"

"မရှိပါဘူး ဂျီနတ်စ်၊ ဒီအဝတ်အစားကို ကျွန်မ အမြဲတမ်း ဝတ်ပါတယ်။ ဆေးရုံမှာ တာဝန်ထမ်းဆောင်နေရတဲ့ အချိန်က လွဲလို့ပေါ့လေ"

"ဒါဖြင့် ဒီနေ့က မင်း ရက်အားရတဲ့နေ့ပေါ့"

"ကျွန်မတို့ သာသနာပြု လုပ်ငန်းမှာ ရက်အားဆိုတာ ဘယ်တော့မှ မရှိပါဘူး ဂျီနတ်စ်၊ ဘယ်တော့မှ အနားမယူကြပါဘူး။ အခုလည်း ကျွန်မ နှုတ်ဆက်ရအောင် လာခဲ့တာပါ"

ဂျင်နီက ရိုးရိုးကလေးပင် ပြောနေသည်။

"နှုတ်ဆက်ဖို့ ဟုတ်လား၊ ကိုယ်တော့ နားမလည်နိုင်တော့ဘူး။ မင်း ပြောတော့ သုံးလေးပတ်လောက် အချိန်ရ. . "

"ကျွန်မ အဝေးကြီးတစ်နေရာကို သွားတော့မှာပါ ဂျီနတ်စ်"

ကျွန်တော် မော့ပြီး သူ့ကို ငေးကြည့်နေမိသည်။

"အဝေးကြီးကို သွားတော့မယ်"

လူမိုက်တစ်ယောက် နားမလည်သလို ကျွန်တော်က ပြန်မေးမိသည်။

"ဟုတ်ပါတယ် ဂျီနတ်စ်၊ ဖိလိပိုင်ကို မပြောင်းရခင် အချိန်ကလေးရှိတုန်း ဒီသာသနာပြုဆေးရုံမှာ ကျွန်မ လာပြီး အမှုထမ်းနေတာပါ၊ ဖိလိပိုင်မှာ စစ်အတွင်းက ပျက်စီးသွားတဲ့ ဆေးရုံကို ကျွန်မတို့ ပြန်ပြီးဆောက်နေကြပါတယ်။ အခု ကျွန်မ သွားခွင့်ရပြီ၊ လေယာဉ်ပျံနဲ့ ကျွန်မ သွားရတော့မယ်"

ဂျင်နီက တည်ငြိမ်စွာဖြင့် ပြောပြနေသည်။

"ဒါပေမယ့် ဂျင်နီရယ်၊ မင်း ဘယ်သွားနိုင်ပါ့မလဲ၊ မင်းသိတဲ့ လူမျိုးတွေ၊ မင်း ပြောနေတဲ့ ဘာသာစကားတွေကို စွန့်ခွာပြီး မင်း သွားနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ လူစိမ်းတွေကြားထဲမှာ မင်းတစ်ယောက်တည်း ဖြစ်နေတော့မှာပေါ့"

ဂျင်နီ၏ လက်ချောင်းကလေးများသည် သူ့ရင်ဘတ်ပေါ်ရှိ လက်ဝါးကပ်တိုင်ကလေးကို ကိုင်လိုက်သည်။ ညိုမောင်းသည့် သူ့မျက်လုံးများထဲမှာ အလွန် ရင့်ကျက်တည်ငြိမ်သည့် အမူအရာကို မြင်ရသည်။

"ကျွန်မ ဘယ်တော့မှ တစ်ယောက်တည်း အထီးကျန် မဖြစ်တော့ပါဘူး၊ ကျွန်မနဲ့ အတူတူ အမြဲတမ်း ဘုရားသခင် ရှိနေပါပြီ"

သူက ရိုးရိုးကလေးပင် ပြန်ပြောသည်။

"မလုပ်ပါနဲ့ ဂျင်နီရယ်"

ကျွန်တော်က ပြောရင်း ကျွန်တော့်ဘေးမှတွေ့သည့် ကြော်ငြာစာရွက်ကလေး တစ်ရွက်ကို ဆွဲယူသည်။ ထို့နောက် အခေါက်ကလေးကို ဖြန့်လိုက်သည်။

"ဒါဟာ ယာယီအလုပ်ပါကွယ်၊ မင်း နောက်ဆုံး အဆုံးအဖြတ်ပေးဖို့အတွက် သုံးနှစ်တောင် ယာယီဝန်ထမ်းအဖြစ် သတ်မှတ်ပေးထားတာပဲ၊ မင်း ထွက်ချင်ရင် ထွက်လို့ရပါတယ်၊ သာသနာ့ဘောင်ဟာ မင်းနဲ့မဆိုင်ပါဘူး ဂျင်နီ၊ မင်း ဒီမှာ မနေရဘူး။ အမှန်ကတော့ ဘဝမှာ ကြုံတွေ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် ဒေါသစိတ်နဲ့ ဝတ်ကြောင်ဘဝကို စွန့်သွားတာပါ။ မင်းဟာ အလွန် ငယ်ပါသေးတယ်။ အလွန် လှပါတယ်။ ဒီအရွယ်ဒီအလှတွေကို သီလရှင်တစ်ယောက်ရဲ့ မျက်နှာဖုံးအနက်အောက်မှာ ပုန်းအောင်းဖုံးကွယ်ထားလို့ မဖြစ်နိုင်ပါဘူး"

ဂျင်နီသည် ဘာမှ ပြန်မဖြေဘဲ တိတ်ဆိတ်စွာ ရပ်နေသည်။

"ကိုယ် ပြောတာကို မင်း သဘောပေါက်တယ် မဟုတ်လား ဂျင်နီ၊ မင်းနဲ့ဆိုင်တဲ့ လောက၊ မင်းရဲ့ဘဝ၊ မင်းရဲ့ပတ်ဝန်းကျင်ကို ပြန်လာခဲ့ပါကွယ်၊ မင်းရဲ့ကိုယ်ပိုင်လောကထဲကနေပြီး

ရှောင်ပြေးထွက်မသွားပါနဲ့"

ဂျင်နီသည် မျက်လုံးများကို သာသာကလေးပိတ်သည်။ ထိုမျက်လုံးများ ပြန်ပွင့်လာသောအခါတွင် မျက်ရည်များ ဝိုင်းနေသည်ကို ကျွန်တော် မြင်ရသည်။ သို့သော် သူ စကားပြောသောအခါတွင်မူကား အလွန် တည်ငြိမ်နေတော့သည်။ ဘုရားသခင်အား အလွန် သက်ဝင်ယုံကြည်နေပြီဖြစ်ကြောင်း ကျွန်တော် အကဲခတ်မိတော့သည်။

"တကယ် သဘောမပေါက်နိုင်အောင် ဖြစ်နေတာက ဂျိုနတ်စ်ပါ။ ကျွန်မ ပြန်လာချင်တဲ့နေရာ လုံးဝ မရှိတော့ပါဘူး။ ကျွန်မ နေချင်တဲ့နေရာဟာ ဘုရားသခင်ရဲ့ မေတ္တာတော်အောက်မှာသာ ဖြစ်ပါတယ်။ ကျွန်မနဲ့သက်ဆိုင်တဲ့ နေရာဟာလည်း အဲဒီနေရာပဲ ဖြစ်ပါတယ်"

ကျွန်တော်က စကားပြောရန် ပြင်လိုက်သည်။ သို့သော်လည်း သူက သူ့လက်ကို သိမ့်မွေ့စွာ မြှောက်လိုက်သည်။

"ကျွန်မဘဝမှာ ကြုံတွေ့ခံစားခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် ဒေါသစိတ်နဲ့ ဘုရားသခင်ထံတော်မှောက်မှာ ခိုလှုံတယ်လို့ ထင်နေတယ် မဟုတ်လား ဂျိုနတ်စ်၊ ဒီလိုထင်ရင် မှားပြီ။ ဘုရားသခင်ရဲ့အထံတော်ကို ခဏပန်း ပြေးလွှားခိုလှုံရုံနဲ့ ဒဏ်ရာဒဏ်ချက်တွေဟာ မပြေပျောက်နိုင်ပါဘူး။ ဘုရားသခင်ထံတော်မှာ တစ်သက်ပန်လုံး ခိုလှုံမှ ပြေပျောက်နိုင်မှာပေါ့။ အချိန်ရှိသမျှ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်တွေကို ကျွန်မ သတိရတယ်။ မေတ္တာတော်ရဲ့ အရိပ်အောက်မှာ ကျွန်မ ခိုလှုံတယ်၊ ချမ်းမြေ့တဲ့ မေတ္တာအစစ်အမှန် ကျွန်မ တွေ့ရတယ်၊ ကျွန်မအဖို့ နားနေခိုလှုံရာလည်းရတယ်၊ သာသနာ့ဘောင်မှာ ခံစားနေရတဲ့ သုခချမ်းသာဟာ ဘာနဲ့မှမတူပါဘူး။ ဘာနဲ့မှ မနိုင်းယှဉ်သာပါဘူး။ ဒီလိုရရှိတဲ့ ချမ်းသာသုခကို ကျွန်မ နှစ်သက်တယ်။ ရောင့်ရဲကျေနပ်တယ်"

ကျွန်တော်က ဘာမှ ဝင်မပြော။

သူက စကားကို ခေတ္တဖြတ်ထားသည်။ သူ့လက်ချောင်းကလေးများကြားမှာ ရှိနေသည့် လက်ဝါးကပ်တိုင်ကလေးကို ငုံ့ကြည့်နေသည်။ သူ့မျက်နှာကိုမော့ပြီး ကျွန်တော့်ကို ကြည့်သောအခါတွင်မူကား သူ့မျက်လုံးများသည် ကြည်လင်နေပြီ။ စောစောက မျက်ရည်ကြည်ကလေးများ လွင့်စဉ်ပျောက်ကွယ်သွားပြီ။ အမူအရာကလည်း အလွန် တည်ငြိမ်အေးချမ်းနေပြီ။

"ဘုရားသခင်က ပေးသနားနိုင်တာထက် ပိုပြီး ကြီးကျယ်မြင့်မြတ်တဲ့အရာ ဒီလောကမှာ ရှိနိုင်ပါသေးရဲ့လား ဂျိုနတ်စ်"

ကျွန်တော်က မဖြေ။

ဂျင်နီသည် သူ၏ဘယ်လက်ကို ကျွန်တော့်ဆီသို့ ဖြည်းညင်းစွာ ဆန့်တန်းပေးသည်။ ကျွန်တော် ကြည့်လိုက်သောအခါ လက်ခလယ်ပေါ်တွင် ငွေလက်စွပ်ထူထူကလေးကို မြင်ရသည်။

"ဘုရားသခင်က သာသနာ့အရိပ်အောက်ကို ဝင်ခဲ့ဖို့ ကျွန်မကို ခေါ်တော်မူတယ်။ ကျွန်မက ဘုရားသခင် ပေးသနားတော်မူတဲ့ လက်စွပ်ကိုဝတ်တယ်။ ဒါကြောင့် ကျွန်မရဲ့ဘဝတစ်လျှောက်လုံး နားနေခိုအောင်းနေတာ ဘုရားသခင်ရဲ့ မေတ္တာတော်ရိပ်အောက်မှာပဲ ဖြစ်ပါတယ်"

ကျွန်တော်သည် ဂျင်နီ၏လက်ကလေးကို ဆွဲယူလိုက်သည်။ လက်ခလယ်ပေါ်မှ လက်စွပ်ကလေးကို ကျွန်တော်၏နှုတ်ခမ်းမှာ ဖိကပ်ထားမိသည်။ ဂျင်နီ၏လက်တစ်ဖက်သည် ကျွန်တော်၏ခေါင်းမှ ဆံပင်များကို ညင်သာစွာ ပွတ်သပ်ပေးနေသည်။ ပြီးတော့ ကျွန်တော်၏ ခြေရင်းဘက်သို့ သူ လျှောက်သွားသည်။ ကျွန်တော့်ဘက်သို့ သူ ပြန်လှည့်ကြည့်ပြန်သည်။

"ကျွန်မ အမြဲတမ်းဆိုသလို သတိရနေပါ့မယ် သူငယ်ချင်းရယ်၊ နောက်ပြီးတော့ အမြဲတမ်းလည်း ဆုမွန်ကောင်းများ တောင်းပေးနေပါ့မယ်"

ဟု သူက သိမ်မွေ့နူးညံ့စွာ ပြောသည်။

စီးကရက်တိုကို ပြာခွက်ထဲသို့ထည့်ခြေရင်း အာစေးမိသူလို ဖြစ်နေမိသည်။ ဂျင်နီ၏ မျက်လုံးထဲမှာ ဘယ်အခါတုန်းကမှ မရှိခဲ့ဖူးသည့် အလှတရားကို ကျွန်တော် မြင်တွေ့လိုက်ရပါသည်။

"ကျေးဇူးတင်ပါတယ် စစ္စတာ"

ကျွန်တော်က တိုးတိုးကလေး ပြောသည်။

နောက်ထပ် ဘာစကားမှ မပြောတော့ဘဲ ဂျင်နီသည် အခန်းပေါက်ဆီသို့ လှည့်ပြီး လျှောက်သွားသည်။ ကျွန်တော့်ခုတင် ခြေရင်းမှ သူ ရပ်သွားသည့် နေရာကလေးကို ကျွန်တော် ငေးကြည့်နေမိသည်။ ယခုတော့ သူ၏ကိုယ်ပွား ဝိညာဉ်သည်ပင်လျှင် ထိုနေရာတွင် မရှိတော့ပါ ကလား။

ခေါင်းအုံးပေါ်မှာ မျက်နှာမှောက်ပြီး ကျွန်တော် ရှိုက်၍ငိုလိုက်သည်။

(၇)

စက်တင်ဘာလ စောစောပိုင်းမှာပင် ဆေးရုံမှ ကျွန်တော် ဆင်းသည်။ ကျွန်တော်၏ ပစ္စည်းများအား ရှိဘဲယား ထုပ်ပိုးပြင်ဆင်နေသည်ကို ကျွန်တော် ငေးကြည့်နေမိသည်။ ထိုအခိုက် အခန်းတံခါး ပွင့်လာသည်။

"ဟေး. . . အငယ်"

"ဟင်. . . နီဗားဒါး၊ ခင်ဗျား ဒီကို ဘာလာလုပ်တာလဲ"

"မင်းကို အိမ်ပြန်ခေါ်ဖို့ လာကြိုတာလေ"

ကျွန်တော် ရယ်မိသည်။ နှစ်ပေါင်းများစွာ ကြာအောင် မေ့နေမိသူတစ်ယောက်ကို ရုတ်တရက် ပြန်တွေ့ရသောအခါ ရယ်စရာလည်း ကောင်းလှသည်။

"ခင်ဗျားကိုယ်တိုင် လာကြိုဖို့ မလိုပါဘူးဗျာ၊ ရှိဘဲယားတစ်ယောက်တည်းနဲ့ ရပါတယ်"

"သူ လိုက်လာဖို့ ကျွန်တော် ခေါ်ခဲ့မိတာပါ မစ္စတာကျိုနတ်စ်၊ ဟိုရှေးရှေးတုန်းကနေခဲ့ ကြသလို ခင်ဗျား ပြန်နေချင်မှာပဲလို့ ကျွန်တော် ထင်လို့ပါ၊ ကျွန်တော်တို့ တောက ခြံထဲမှာ သွားနေမှာဆိုတော့ အဖော်လည်း မရှိ၊ လုပ်စရာလည်း မရှိ ဖြစ်နေမှာ စိုးလို့"

ဟု ရှိဘဲယားက ဝင်ပြောသည်။

"ငါလည်း အနားယူတဲ့သဘောမျိုးနဲ့ လာတာပါ၊ စစ်ကလည်း ပြီးသွားပြီ၊ ငါ့ တီရစ္စာန် ရိုင်းပြပွဲကိုလည်း ဆောင်းရာသီမှီလို့ နားထားတယ်လေ၊ ဘာမှ လုပ်စရာမရှိတော့ မာသာလည်း ပျင်းနေတယ်၊ အခု သူလည်း ပါလာတယ်၊ အိမ်ကစောင့်ပြီး တို့အတွက် လိုအပ်တာတွေ သူ အသင့်ပြင်ထားပေးနေတယ်"

နီဗားဒါးက ဝင်ရှင်းပြသည်။

ကျွန်တော်က သူတို့နှစ်ယောက်ကို မော့ကြည့်ရင်း ပြုံးမိသည်။

"ဒါဖြင့်ရင် အနားယူကြတဲ့လုပ်ငန်းကို ကျွန်တော်တို့ လုပ်ကြရမှာပေါ့ ဟုတ်လား"

"မှန်တာပေါ့၊ ကဲ. . . အသင့်ဖြစ်ပြီလား"

နီဗားဒါးသည် ရှိဘဲယားကို လှမ်းမေးရင်း ကျွန်တော်၏ ဘီးတပ်ကုလားထိုင်နောက်သို့ လျှောက်လာသည်။

"အားလုံး ပြီးပါပြီ မစ္စတာစမစ်"

ရှိဘဲယားက နောက်ဆုံး အိတ်ကို ပိတ်လိုက်သည်။

"ဒါဖြင့် သွားကြစို့"

ကျွန်တော်၏ ဘီးတပ်ကုလားထိုင်ကို နီဗားဒါးက တွန်းလာခဲ့သည်။

"ကျွန်တော်တို့ ဘားဘင့်စက်ရုံကိုတော့ ခဏဝင်ကြဦးမှ၊ ကျွန်တော် လက်မှတ်ထိုးဖို့ စာရွက်တစ်ပုံကြီးနဲ့ မက်အယ်လစ္စတာ စောင့်နေတယ်"

ကျွန်တော်က နောက်မှ နီဗားဒါးကို လှည့်ကြည့်ရင်း ပြောသည်။ ကျွန်တော် အနားယူရမည်မှာ မှန်သည်။ သို့သော်လည်း လုပ်ငန်းများအားလုံးကမူ လည်ပတ်မြဲ လည်ပတ်နေရပေမည်။

ကျွန်တော့်ကိုကြိုရန် ဘတ်ဖ်ဒါလ်တန် စီစဉ်ပေးသည့် အိုင်စီအေလေယာဉ်ပျံသည် ဆန်ဒိုင်ယယ်ဂိုလေဆိပ်တွင် အသင့်စောင့်နေသည်။ ထိုနေ့မွန်းလွဲပိုင်း နှစ်နာရီတွင် ဘားဘင့်စက်ရုံသို့ ကျွန်တော်တို့ ရောက်သွားကြသည်။ မက်အယ်လစ္စတာ၏ ရုံးခန်းအတွင်းသို့ ကျွန်တော့် ကုလားထိုင်ကို တွန်းသွားကြသောအခါတွင် မက်သည် သူ၏ ကုလားထိုင်မှ ထလာပြီး စားပွဲကို

ပတ်ကာ ကျွန်တော့်ဆီသို့ လျှောက်လာသည်။

"မင်း ငြိမ်ငြိမ်ကလေး ထိုင်နေတာကို ငါတစ်သက်မှာ ဒါ ပထမဦးဆုံး မြင်ဖူးခြင်းပဲ"

ကျွန်တော်က ရယ်သည်။

"အစွမ်းကုန်ကြိုးစားပြီး ထိုင်ပြနေရတာပါဗျာ၊ ဆရာဝန်က ပြောတယ်၊ နောက်နှစ်ပတ်လောက်ဆိုရင် လူကောင်းပကတိလို၊ အသစ်ချပ်ချွတ်လို လှုပ်ရှားနိုင်ပြီတဲ့"

"ကောင်းတယ်၊ ဒီလို ငြိမ်ငြိမ်ထိုင်နေတဲ့ အချိန်ကလေးမှာပဲ အခွင့်ကောင်းယူရတော့မှာပဲ၊ စားပွဲနောက်ရောက်အောင် သူ့ကုလားထိုင်ကို တွန်းပေးလိုက်ကြစမ်းဟေ့၊ ဖောင်တိန်လည်း အဆင်သင့်ပဲ"

နောက်ဆုံး စာရွက်ကို ကျွန်တော် လက်မှတ်ထိုးပြီးသည့်အချိန်သည် ညနေ (၄) နာရီ ဖြစ်သည်။ ကျွန်တော်က ပင်ပန်းနွမ်းနယ်စွာဖြင့် မက်အယ်လစ္စတာကို မော့ကြည့်သည်။

"ထူးထူးခြားခြား ရှိသေးသလား"

မက်က ကျွန်တော့်ကို ငုံ့ကြည့်သည်။ ထို့နောက် နံရံနားမှာ ချထားသည့် စားပွဲတစ်လုံးဆီသို့ လျှောက်သွားသည်။

"ဒီဟာပဲ"

ဟု သူကပြောရင်း ဖုံးထားသည့် အဝတ်ကလေးကို ဖွင့်ပြသည်။ ရေဒီယိုကလေးကို ပြတင်းပေါက်ကလေး တပ်ဆင်ထားသည်နှင့် တူသည်။

"အဲဒါ ဘာလဲ"

"ကော့အီလက်ထရွန်းနစ်ကုမ္ပဏီက ပထမဦးဆုံး ထုတ်လုပ်လိုက်တဲ့ ပစ္စည်းလေ၊ ရေဒါ လုပ်ရာကနေပြီး ဒါကို တီထွင်လိုက်တာ၊ ရုပ်မြင်သံကြားလို့ ခေါ်တယ်"

မက်အယ်လစ္စတာက ဂုဏ်ယူဝင့်ကြွားစွာ ပြောပြသည်။

"ဘာလဲ ရုပ်မြင်သံကြား"

"ရေဒီယိုအသံလွှင့်သလို အရုပ်တွေကို လွှင့်ပေးလို့ရတယ်၊ ဟောဒီ မြင်ကွင်းပေါ်မှာ ပေါ်လာတာပေါ့၊ ကိုယ့်အိမ်ထဲမှာ မိသားစုရုပ်ရှင်ကြည့်သလို ကြည့်လို့ရတယ်"

"ဩော်. . . စစ်မဖြစ်ခင်တုန်းက ဒူးမောင့် ဒုက္ခရောက်သွားတာ ဒီကိစ္စပဲ၊ ဟိုတုန်းက လုပ်လို့မရခဲ့ဘူး"

ဟု ကျွန်တော်က ပြန်ပြောသည်။

"အခု အောင်မြင်ပြီလေ၊ ရုပ်မြင်သံကြားလုပ်ငန်းဟာ သိပ်ကြီးကျယ်လာပြီ၊ အသံလွှင့်ဌာနတွေ၊ အီလက်ထရွန်းနစ်ကုမ္ပဏီတွေအားလုံး ဒါကိုပဲ သဲကြီးမဲကြီး လုပ်နေကြပြီ၊ အာစီအေ၊ ကိုလမ်ဘီယာ၊ အီမာဆန်၊ အိုင်တီအင်တီ၊ ဂျီအီး၊ ဖီလ်ကို အကုန်လုံးပဲ ဒါပဲလုပ်နေကြပြီ၊ ဘယ်လို ပြတယ်ဆိုတာ မင်း ကြည့်မလား"

"ကြည့်ချင်တယ်ဗျာ"

မက်က လျှောက်သွားပြီး ဖုန်းကို ကောက်ကိုင်သည်။

"အသံလွှင့်ခန်းကို ပေးစမ်းဟေ့"

ထို့နောက် စကားပြောခွက်ကို လက်ဖြင့်အုပ်ပြီး ကျွန်တော့်ကို လှမ်းပြောပြန်သည်။

"သူတို့ကို တစ်ခုခု ပြခိုင်းမယ်"

ခဏကြာသောအခါ ရုပ်မြင်သံကြားစက်ဆီသို့ သူ လျှောက်သွားသည်။ ခလုတ်တစ်ခုကို လှည့်သည်။ ပြတင်းပေါက်လို အကွက်ကလေးပေါ်မှာ မီးရောင်ကလေးများ တဖျတ်ဖျတ် ပေါ်လာသည်။ ထို့နောက် အဝိုင်းများ၊ အစင်းကြောင်းများ ထင်လာသည်။ တဖြည်းဖြည်းဖြင့် ပြတင်းပေါက်ကလေးပေါ်တွင် စားလုံးများ ပေါ်လာသည်ကို တွေ့ရသည်။

**ကော့အီလက်ထရွန်းနစ်ကုမ္ပဏီက တင်ဆက်သော. . .**

ချက်ချင်းပင် ပြတင်းပေါက်ကလေးပေါ်မှာ အရုပ်တစ်ရုပ် ပေါ်လာသည်။ ကောင်းဘွိုင်တစ်ယောက်သည် မြင်းစီးပြီး ကင်မရာရှိရာသို့ မျက်နှာမူလာသည်။ ကင်မရာက ဒေါ်လီ တွန်းပြီး သူနှင့်နီးရာသို့ ရွေ့သွားသည်။ သူ့မျက်နှာကို အနီးကပ် မြင်ရသည်။ ထိုသူကား နီတားဒါး စမစ်။ သည်မြင်ကွင်းကို ကျွန်တော် ပြန်မှတ်မိသည်။ တစ်ကောင်ကြွက်ဇာတ်ကားထဲမှ အခန်း

တစ်မန်း ဖြစ်သည်။ ငါးမိနစ်မျှကြာအောင် ကျွန်တော်တို့ တိတ်ဆိတ်စွာ ကြည့်နေကြသည်။

"ကောင်းလိုက်တာကွာ၊ ငါတော့ ပွပေါက်တိုးပြီ"

ရုပ်မြင်သံကြားပြ၍ ပြီးသွားသည်နှင့် နီဇားဒါးက ပြောသည်။

ရိုဘဲယားကို လှမ်းကြည့်သည်။ သူ အလွန် အံ့ဩနေသည်ကို တွေ့ရသည်။ သူက ကျွန်တော့်ကို ပြန်ကြည့်သည်။

"နောက်ဆိုရင် ကျွန်တော်တော့ ကိုယ့်အိမ်ထဲမှာပဲကိုယ် ရုပ်ရှင်ကြည့်လို့ရပြီ၊ နီဂရိုး မဝင်ရဆိုတဲ့ နေရာမျိုးတွေ ရှောင်ရတဲ့ဒုက္ခနဲ့ ကြုံရတော့မှာ မဟုတ်ဘူး"

ဟု သူက ပြောသည်။

"ဒါကြောင့် ငါ့ရုပ်ရှင်ကားတွေအားလုံးကို သူတို့ လိုက်ဝယ်နေကြတာကိုး"

နီဇားဒါးက ကြားဖြတ်ပြောပြန်သည်။

"ဘာဖြစ်တယ်ဗျ"

နီဇားဒါးကို ကျွန်တော် လှမ်းကြည့်သည်။

"ဟိုအရင်က ရုပ်ရှင်ကားပေါင်း ကိုးဆယ် ငါ ရိုက်ခဲ့တာ မင်း မှတ်မိသေးသလား၊ မင်း ကုမ္ပဏီမှာ ဘွန်နာနဲ့ ရိုက်တာလေ၊ အခု အဲဒီကားတွေ ငါ ပိုင်နေပြီ"

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"လူတွေ ငါ့နောက်ကို ဖိလိုက်နေကြတယ်၊ အဲဒီကားတွေ သူတို့ကိုရောင်းဖို့ ပြောနေကြတယ်၊ ပိုက်ဆံလည်း ကောင်းကောင်းပေးတယ်၊ တစ်ကားကို ဒေါ်လာငါးထောင် ပေးမယ်တဲ့"

ကျွန်တော်က သူ့ကို ကြည့်နေမိသည်။

"ရုပ်ရှင်လုပ်ငန်းမှာ ကျွန်တော် ရခဲ့တဲ့ ပညာတစ်ခုရှိတယ်၊ ခင်ဗျား ရာခိုင်နှုန်းနဲ့ရနိုင်တဲ့ ပစ္စည်းကို ဘယ်တော့မှ အပြတ်ရောင်းမပစ်နဲ့"

ဟု ကျွန်တော်က ပြောသည်။

"ရုပ်ရှင်ရုံတွေကို ငှားသလို သူတို့ကိုလည်း ငှားရမယ်လို့ ပြောတာလား"

"ဟုတ်တယ်၊ အသံလွှင့်ရုံတွေအကြောင်း ကျွန်တော် ကောင်းကောင်း သိတယ်၊ ခင်ဗျားဆီက ငါးထောင်နဲ့ဝယ်ပြီး ဒီကောင်တွေ ငါးသောင်းလောက်ရအောင် လုပ်ကြမှာ"

"ဒါမျိုးကျတော့လည်း ငါက လုပ်တတ်တာ မဟုတ်ဘူး။ ကျွန်တော့်အတွက် ခင်ဗျား စီစဉ်ပေးမလား မက်"

နီဇားဒါးက မက်အယ်လစ္စတာဘက်သို့ လှည့်မေးသည်။

"ကျုပ်လည်း နားမလည်ဘူး နီဇားဒါး၊ ကျုပ်က ပွဲစားမှ မဟုတ်တာ"

"လုပ်သာလုပ်ပါ၊ ကျွန်တော့်ကို ခင်ဗျား ပြောဖူးတာ မှတ်မိသလား၊ တန်ဖိုးရှိတာဆိုရင် လုပ်သင့်တယ် ဆိုတာလေ"

ဟု ကျွန်တော်က မက်အယ်လစ္စတာကို လှမ်းပြောသည်။

မက်၏ မျက်နှာသည် ချက်ချင်းပင် ပြုံးလာသည်။

"အိုကေ. . . နီဇားဒါး"

ရုတ်တရက် ကျွန်တော် အလွန် ပင်ပန်းသွားသည်။ ထို့ကြောင့် ကုလားထိုင် နောက်မှီပေါ်သို့ ကျွန်တော် ပျော့ကျသွားသည်။ ရိုဘဲယားသည် ကျွန်တော့်ဘေးသို့ ချက်ချင်း ရောက်လာ၏။

"ဘာဖြစ်တာလဲ မစ္စတာဂျိုနတ်စ်"

"သိပ်မောသွားတယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့ ဟိုတယ်မှာပဲ ဒီည အိပ်လိုက်ကြရအောင်၊ မနက်ဖြန် မနက်ပိုင်းကျမှ ခြံထဲကို သွားကြမယ်"

ရိုဘဲယားကို ကျွန်တော် မော့ကြည့်သည်။ အိပ်ရာပေါ်မှာ အနားယူရမည်ဆိုခြင်းသည် အလွန် ကောင်းသည့် အကြံ ဖြစ်သည်။ ကုလားထိုင်ပေါ်မှာ ထိုင်ရလွန်းသောကြောင့် ကျွန်တော့်တင်ပါးများ ကျိန်းစပ်လာပြီ။

"ကားခေါ်လိုက်မယ်၊ ဟိုတယ်ကိုသွားရင် စတူဒီယိုမှာ ငါ ဆင်းနေခဲ့မယ်၊ လက်စသတ်စရာကလေးတွေ ရှိနေသေးတယ်"

စတူဒီယိုသို့သွားရာ လမ်းတစ်လျှောက်လုံး ကျွန်တော်သည် စိတ်ဖြင့်ပင် အလုပ်များကို အဆက်မပြတ် လုပ်လာမိသည်။ စတူဒီယိုဂိတ်ဝမှာ မော်တော်ကား ရပ်လိုက်သည်နှင့် တစ်ပြိုင်တည်း အရာရာတို့သည် ကြည်လင်ပြတ်သားလာတော့သည်။

"ဘွန်နာရဲ့ နေရာမှာ လူစားထိုးဖို့အတွက်တော့ တို့ တစ်ခုခု လုပ်ရလိမ့်မယ်၊ ငါ့လို ရှေ့နေတစ်ယောက်က ရုပ်ရှင်လုပ်ငန်းလုပ်နေရတယ်ဆိုတာ သိပ်တော့မနိပ်ဘူး။ ရုပ်ရှင်လုပ်ငန်းအကြောင်း ငါ ဘာမှ နားလည်တာလည်း မဟုတ်ဘူး"

မက်က ကားပေါ်မှဆင်းပြီး ပြောသည်။

သူ့ကို ကြည့်ပြီး ကျွန်တော် စဉ်းစားနေမိသည်။ သူ ပြောသည်မှာ မှန်ပါသည်။ သို့သော်လည်း မည်သူ ဆက်လုပ်မည်နည်း။ သည်အလုပ်ကို လုပ်နိုင်သူမှာ ဒေးဗစ်တစ်ယောက်သာ ရှိသည်။ သို့သော် ဒေးဗစ်သည်လည်း ဤကမ္ဘာပေါ်မှာ မရှိတော့။

ကျွန်တော် ဘာကိုမှ ဂရုမစိုက်တော့။ ကျွန်တော့်တွင် ဘာရုပ်ရှင်မှ မကျန်တော့။ ကမ္ဘာသူကမ္ဘာသားများ မြင်စေ၊ ကြည့်စေချင်သည့် သူ တစ်စုံတစ်ယောက်မျှလည်း ကျွန်တော့်တွင် မရှိတော့။

စောစောက မက်အယ်လစ္စတာ၏ ရုံးခန်းထဲသို့ ကျွန်တော့်စိတ်များ ပြန်ရောက်သွားပြန်သည်။ ပြတင်းပေါက်ကလေးနှင့် သေတ္တာကလေးကို ကျွန်တော့်မျက်စိထဲမှာ ပြန်လည်မြင်ယောင်လာသည်။ ထိုသေတ္တာကလေးများသည် မကြာခင်မှာပင် အိမ်တိုင်းသို့ ရောက်သွားပေတော့မည်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ဤကဲ့သို့သော သေတ္တာကလေးတစ်လုံးလောက်တော့ ပိုင်ကြပေလိမ့်မည်။ ထိုသေတ္တာငယ်ကလေးသည် ရုပ်ရှင်အားလုံးတို့ကို အမှန်တကယ်ပင် ဝါးစားပစ်ချေတော့မည်။ ရုပ်ရှင်ရုံများသည် ဘာမှ အသုံးဝင်ကြတော့မည် မဟုတ်။ ကျွန်တော် ဘာကိုမှ ဂရုမစိုက်တော့။

ကျွန်တော် ငယ်စဉ်ကလေးဘဝက ကစားစရာ အရုပ်တစ်ခုကိုရလျှင် ထိုအရုပ်နှင့် ကစားသည်။ ထို့နောက် ထိုအရုပ်ကို ကျွန်တော် ပြန်လှည့်ကြည့်လေ့ မရှိ။

"ကျွန်တော်တို့ ရုပ်ရှင်ရုံတွေအားလုံး ရောင်းပစ်လိုက်တော့"

ကျွန်တော်က မက်ကို လေသံဖြင့် ပြောသည်။

"ဘာဖြစ်တယ်၊ ဒီလုပ်ငန်းထဲမှာ ငွေရအောင် လုပ်ပေးနိုင်တာဟာ ရုပ်ရှင်ရုံတွေပဲ မဟုတ်ဘူးလား"

မက်အယ်လစ္စတာက သူ့နားကို သူ မယုံသလို ပြန်မေးသည်။

"ရောင်းသာပစ်လိုက်ပါ၊ အခု ဆယ်နှစ်အတွင်းမှာ ဘယ်သူမှ ရုပ်ရှင်ရုံကို လာကြည့်ကြတော့မှာ မဟုတ်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေ့ ရုပ်ရှင်ရုံမှာ လာကြည့်နေသလိုတော့ ကြည့်ကြတော့မှာ မဟုတ်ဘူး။ သူတို့အိမ်ထဲမှာ သူတို့ ကြည့်နိုင်နေကြပြီပဲ"

မက်က ကျွန်တော့်ကို ကြည့်နေသည်။

"ဒီလိုဆိုရင် စတူဒီယိုကို ဘာလုပ်ပစ်မလဲ၊ ဒါလည်း ရောင်းပစ်ရမှာပဲလား"

သူက ပြန်မေးသည်။ သူ့အသံထဲတွင် ကျွန်တော့်ကို လှောင်ပြောင်သည့် သဘောကလေးပါနေကြောင်း ကျွန်တော် သိသည်။

"ဟုတ်တယ်၊ ဒါပေမယ့် အခု မရောင်းရသေးဘူး၊ နောက်ဆယ်နှစ်ကြာမှ ရောင်းရမယ်၊ လူတွေက သေတ္တာသေးသေးကလေးထဲမှာ ရုပ်ရှင်ကြည့်နေရတာကို နောက်ဆယ်နှစ်ကြာရင် ငြီးငွေ့လာကြလိမ့်မယ်၊ မြင်ကွင်းကျယ်ကျယ်ကြီးမှာ အားရပါးရ ကြည့်ချင်လာကြလိမ့်မယ်၊ အဲဒီအခါကျတော့ စတူဒီယိုကို ရောင်းပစ်လိုက်၊ ဈေးကောင်းရပြီ"

ကျွန်တော်က အေးအေးဆေးဆေးပင် ပြန်ပြောသည်။

"လောလောဆယ်မှာ စတူဒီယိုကို ဘယ်လိုလုပ်ရမလဲ၊ ဒီအတိုင်းထားပြီး အခွန်အတုပ်တွေ ပေးနေရမှာလား"

"မလိုပါဘူး၊ ဂိုလ်ဒွင်ကုမ္ပဏီအဟောင်းက သူ့စတူဒီယိုကို ငှားစားနေသလို ကျွန်တော်တို့ကလည်း ကုမ္ပဏီတစ်ခုခုကို ငှားထားလိုက်ပါ"

သူက ကျွန်တော့်ကို စိုက်ကြည့်နေသည်။

"မင်း တကယ် ပြောနေတာလား"

"တကယ် ပြောနေတာ"

ထိုမျှသာပြန်ပြောပြီး အဝေးသို့ ကျွန်တော် လှမ်းမျှော်ကြည့်လိုက်သည်။ ရုပ်ရှင်ဆက်တင်များ၊ အဆောက်အအုံများ၏ အမိုးများကို မြင်ရသည်။ သည်အမိုးများကို ကျွန်တော် ပထမဦးဆုံးအကြိမ် သေသေချာချာ ကြည့်ဖူးခြင်းလည်း ဖြစ်သည်။ ကတ္တရာရေနံများ သုတ်ထားသောကြောင့် မည်းပြီး အရုပ်ဆိုး အကျည်းတန်နေသည်။

"မက်၊ ဟိုအမိုးတွေ မြင်တယ် မဟုတ်လား"

သူက လှည့်ကြည့်သည်။ ဝင်လုဆဲ နေရောင်အောက်မှာ မျက်လုံးကိုစွေပြီး ကြည့်ခြင်းဖြစ်သည်။

"တခြားအလုပ်တွေ ဘာမှ မလုပ်ခင် အရင်ဆုံး အမိုးတွေကို ဆေးအဖြူသုတ်လိုက်ပါ"

ကျွန်တော်က လေပျော့ကလေးဖြင့်ပင် ပြောသည်။

ကျွန်တော်သည် ကားတွင်းသို့ ခေါင်းပြန်သွင်းလိုက်သည်။ နီဗားဒါးက ကျွန်တော့်ကို အထူးအဆန်းသဖွယ် လှမ်းကြည့်သည်။

"မင်း ဘာမှ မပြောင်းလဲသေးပါလား အငယ်၊ ပြောင်းလဲသွားတာများ ရှိသလား"

သူ့အသံသည်လည်း ဝမ်းနည်းသံ ပါနေသည်။

"မပြောင်းလဲပါဘူး၊ ဘာမှ ပြောင်းလဲမသွားဘူး"

ကျွန်တော်က ပင်ပန်းနွမ်းဟိုက်စွာ ပြန်ပြောသည်။

## (၈)

ညောင်စောင်းတစ်ခုပေါ်မှာ ထိုင်ရင်း မွန်းလွဲပိုင်း နေရောင်ကို ကျွန်တော် မျက်လုံးစွေပြီး ကြည့်နေမိသည်။ နီဗားဒါးသည် အိမ်အပြင်မှဝင်လာပြီး ကျွန်တော့်အနားရှိ ကုလားထိုင်မှာ ဝင်ထိုင်သည်။ အိတ်ထဲမှ ဆေးလိပ်ထည့်ဆေးဘူးကိုထုတ်ယူကာ ဆေးဘူးထဲမှ ဆေးရွက်ကို သွားဖြင့်ကိုက်ယူပြီး သူ ဝါးနေသည်။ ဆေးဘူးကို အိတ်ထဲသို့ ပြန်ထည့်သည်။ ထို့နောက် သစ်သားတစ်ချောင်းကို ကောက်ယူကာ ဓားဖြင့်ခုတ်ပြီး ခပ်ပါးပါးလွှာနေသည်။

သူ့ကို ကျွန်တော် ကြည့်နေမိသည်။ အရောင်လွင့်စ ပြုနေပြီဖြစ်သည့် အဝတ်အစားများကို သူ ဝတ်ထားသည်။ သမင်ရေအကျီတွင် ချွေးစများ စိုနေသည်။ အကျီကော်လာကို ချွေးမစိုနိုင်စေရန်လည်း လက်ကိုင်ပဝါတစ်ထည်ကို လည်ကုပ်ထဲမှာထည့်ထားသည်။

သူ့ခေါင်းပေါ်တွင် ဖြူနေသည့် ဆံပင်များမှအပ သူသည် ဘာမှ မပြောင်းလဲသေး။ ကျွန်တော် ကလေးဘဝကတည်းက မြင်ခဲ့ရသည့် ရုပ်ရည်အတိုင်းပင် ဖြစ်သည်။ သူ့လက်များသည် လျှင်မြန်ဖျတ်လတ်ဆဲ၊ အညိုရောင်ပေါက်နေဆဲ၊ သန်မာနေဆဲပင်။

သူက ကျွန်တော့်ကို လှမ်းကြည့်သည်။

"လုပ်နေကျအလုပ်နှစ်ခု မလုပ်ရတာကြာပြီ"

ဟု သူက ပြောသည်။

"ဘာလဲ"

"ဆေးဝါးရင်းနဲ့ အခုလို သစ်သားတစ်ခုပေါ်မှာ ဓားစမ်းရတာလေ"

ကျွန်တော်က ဘာမှ ပြန်မပြော။

သူ့လက်ထဲမှ သစ်သားစကလေးကို သူ ပြန်ငုံ့ကြည့်နေသည်။

"မင်းအဖေနဲ့ ညနေပေါင်းများစွာမှာ အတူတူထိုင်ပြီး ငါ ဒီလိုပဲ ဆေးငုံရင်း ဓားစမ်းနေလေ့ရှိတယ်"

"ဟုတ်လား"

သူက တစ်ဖက်သို့လှည့်ပြီး သူ့ပါးစပ်ထဲမှ ဆေးရွက်ကြီး အရည်များကို မြေပြင်ပေါ်သို့ ထွေးချလိုက်သည်။ ထို့နောက် ကျွန်တော့်ဘက်သို့ ပြန်လှည့်လာသည်။

"ညတစ်ညအကြောင်း ငါ ပြန်မှတ်မိနေသေးတယ်၊ မင်းအဖေနဲ့ ငါနဲ့ ဒီနေရာမှာပဲ

အတူတူ ထိုင်နေခဲ့ကြတယ်၊ အခု အတိုင်းပဲပေါ့၊ ငါက ဆေးငုံရင်း သစ်သားစတစ်ခုကို ဓားနဲ့ ပါးပါးလှီးလို့၊ မင်းအဖေက ငါ့ကို ရုတ်တရက် လှမ်းကြည့်ပြီး ပြောတယ်။ ငါ တစ်ခုခုဖြစ်သွားရင် ငါ့သားကို မင်း စောင့်ရှောက်ပါတဲ့၊ ဂျိုနတ်စ်ဟာ လူကောင်းကလေးတဲ့၊ တစ်ခါတစ်ခါမှာ မဟုတ်တာတွေကို ဒီကောင် လုပ်လိမ့်မယ်တဲ့၊ ဒါပေမယ့် သူဟာ လူကောင်းကလေးတစ်ယောက် ဖြစ်တယ်တဲ့၊ တစ်နေ့ကျရင် အဖေထက် ကြီးကျယ်မယ့်သား၊ အောင်မြင်မယ့် သားတဲ့၊ သူ့ကို ငါ ချစ်တယ်တဲ့၊ ငါ့ဘဝဟာ သူပဲတဲ့"

"ဖေဖေ ကျွန်တော့်ကို ဒီစကားမျိုး တစ်ခါမှ မပြောဖူးဘူး။ ဘယ်တုံးကမှ မပြောဖူးဘူး။ တစ်ခါတလေမှ မပြောဖူးဘူး"

ကျွန်တော်က နီဗားဒါးကိုမော့ကြည့်ပြီး စိတ်ပေါက်ပေါက်ဖြင့် ပြန်ပြောသည်။

ကျွန်တော့်ကို ကြည့်နေသော နီဗားဒါး၏ မျက်လုံးများသည် အရောင်တဖိတ်ဖိတ် တောက်နေသည်။

"မင်းအဖေဟာ စကားများများ ပြောတတ်တဲ့ လူစားမျိုးမှ မဟုတ်ဘဲ"

ကျွန်တော်က ရယ်ပြန်သည်။

"စကားမပြောရုံတင် မကပါဘူးဗျာ၊ ဒါမျိုးနဲ့ ပတ်သက်ပြီး အရိပ်အယောင်ကလေးတောင် မပြဖူးပါဘူး။ ကျွန်တော့်ကို တစ်နည်းမဟုတ် တစ်နည်းနဲ့ ဒုက္ခပေးနေတာသာ များပါတယ်"

နီဗားဒါးက ကျွန်တော့်ကို စိန်းစိန်းကြီးစိုက်ကြည့်နေသည်။

"မင်း ဒုက္ခရောက်တဲ့အခါတိုင်းမှာ မင်းဘက်က သူ အမြဲတမ်းရပ်ခဲ့တာပဲ မဟုတ်လား။ မင်းအနားမှာ အမြဲတမ်း ရှိနေတာပဲ မဟုတ်ဘူးလား။ မင်းကို ဘယ်တုံးကမှ ချောက်ကျအောင် မလုပ်ဖူးဘူး"

"ကျွန်တော့်ရည်းစားကို သူ လုယူသွားတာကရောဗျာ"

ကျွန်တော်က နာနာကြည်းကြည်း ပြန်ပြောသည်။

"ဒါလည်း မင်း ကောင်းဖို့လုပ်တာ ဖြစ်မှာပဲ၊ ဒီမိန်းကလေးဟာ ဘယ်တော့မှ မင်းရဲ့ မိန်းကလေး မဖြစ်နိုင်ဘူးဆိုတာ သူ သိလို့လုပ်တာ ဖြစ်မှာပဲ"

ကျွန်တော်က ဆင်ခြေပြန်ကန်မနေတော့။

"ခင်ဗျား အခုမှ ဒီအကြောင်းတွေ ကျွန်တော့်ကို ဘာဖြစ်လို့ ပြောရတာလဲ"

သူ့အမူအရာများကို ကျွန်တော် ကောင်းစွာ အကဲခတ်နိုင်ပါသည်။

"ဘာကြောင့်လဲဆိုတော့ မင်းကို စောင့်ရှောက်ဖို့ မင်းအဖေက ငါ့ကို မှာခဲ့ဖူးတယ်။ ငါ အမှားတစ်ခုကို လုပ်ခဲ့မိတယ်၊ စီးပွားရေးလုပ်ငန်းနဲ့ပတ်သက်ပြီး မင်း ဘယ်လောက် တော်တယ် ဆိုတာကို ငါ သိတယ်။ တစ်နေ့ကျရင်တော့ မင်းဟာ အင်မတန် ရင့်ကျက်လာလိမ့်မယ်လို့ ငါ မျှော်မှန်းမိခဲ့တယ်။ ဒါပေမယ့် မင်း ဘာမှ ရင့်ကျက်မလာဘူး။ လူကြီးမဆန်လာဘူး။ နောက်ပြီးတော့ မင်း အဖေလိုလူမျိုးနဲ့ပဲ ပြန်ပြီးတော့ ငါ အလုပ်အတူတူ လုပ်မနေချင်ဘူး။ ဒါကြောင့် မင်းကို ပစ်ထားပြီး ထွက်ခဲ့မိတယ်"

ကျွန်တော်တို့နှစ်ယောက်သည် အတန်ကြာအောင် တိတ်ဆိတ်စွာ ထိုင်နေကြသည်။ ထိုအခိုက် မာသာ ဝင်လာပြီး ကျွန်တော့်အတွက် လက်ဖက်ရည်ပေးသည်။ နီဗားဒါး ငုံထားသည့် ဆေးများကို ထွေးပစ်ရန် မာသာက ပြောသည်။ နီဗားဒါးသည် ကျွန်တော့်ကို ရှက်ကိုးရှက်ကန်း ကြည့်ရင်း ထိုင်ရာမှ ထသွားကာ ချုံများနောက်တွင် ထွေးပစ်ခဲ့သည်။

ကျွန်တော်တို့ ရှိရာသို့ နီဗားဒါး ပြန်လာချိန်တွင် ခြံတွင်းသို့ ကားတစ်စင်း ဝင်လာသံ ကြားရသည်။

"ဘယ်သူများပါလိမ့်"

ဟု မာသာက ပြောသည်။

"ဆရာဝန်ဖြစ်မှာပေါ့"

ဟု ကျွန်တော်က ပြန်ပြောသည်။

ဆရာဝန်အဘိုးကြီး ဒေါက်တာဟင်နလေသည် တစ်ပတ်လျှင်တစ်ကြိမ်ကျ ကျွန်တော့် ကို လာရောက်စစ်ဆေးကြည့်ရှုလေ့ရှိသည်။

ထိုအချိန်မှာပင် မော်တော်ကားသည် ကျွန်တော်တို့ ရှေ့သို့ရောက်လာသည်။ မည်သူ ဖြစ်ကြောင်း ကျွန်တော် သိလိုက်သည်။ ကျွန်တော်သည် ချိုင်းထောက်ကို အားပြုရင်း ထိုင်ရာမှ ထရပ်သည်။ မော်နီကာနှင့် ဂျိုအန်းတို့သားအမိ ကျွန်တော့်ဆီသို့ လျှောက်လာကြသည်။

"ဟဲလို"

ဟု ကျွန်တော်က ဆီးကြိုနှုတ်ဆက်သည်။

သူတို့သည် အိမ်ပြန်အပ်ရန်အတွက် ကာလီဖိုးနီးယားသို့ ပြန်လာကြခြင်းဖြစ်ကြောင်း၊ ယခု နယူးယောက်မြို့သို့ ပြန်ပြီဖြစ်ကြောင်း၊ သူ့အဖေ အေမော့စ်အကြောင်း မေးလိုသောကြောင့် ရီနိုမြို့တွင် ခဏဆင်းခြင်းဖြစ်ကြောင်း၊ ရထားသည် ရီနိုဘူတာရုံမှ ည (၇) နာရီကျမှ ထွက်မည် ဖြစ်ကြောင်းများကို မော်နီကာက ရှင်းပြသည်။

မော်နီကာ ရှင်းပြနေသည်များကို ကြားသောအခါ မာသာက နီတားဒါးအား မျက်ရိပ် ပြလိုက်သည်ကို ကျွန်တော် မြင်လိုက်ရသည်။ နီတားဒါးက ထိုင်ရာမှထပြီး ဂျိုအန်းကို လှမ်းကြည့် သည်။

"ဇောင်းထဲမှာ အင်မတန် လိမ္မာတဲ့ မြင်းတစ်ကောင် ရှိတယ်၊ မင်းလို မိန်းကလေး တစ်ယောက်စီးဖို့ကို စောင့်နေရှာတယ်"

ဟု နီတားဒါးက ပြောသည်။

ဂျိုအန်းက လေးစားကြည်ညိုသည့် အကြည့်မျိုးဖြင့် သူ့ကို ပြန်ကြည့်နေသည်။ အလွန် အသက်ပါသည့် ကြည့်ပုံမျိုး ဖြစ်သည်။ ရုပ်ရှင်အနေဖြင့်ဆိုလျှင် အလွန် ကောင်းသည့် အမူအရာ ဖြစ်သည်။

"ဖြစ်ပါ့မလား မသိဘူး။ ကျွန်မ တစ်ခါမှ မစီးဖူးဘူး"

ဂျိုအန်းက မရေရာသလို ပြန်ပြောသည်။

"သင်ပေးမှာပေါ့၊ အင်မတန် လွယ်တယ်၊ အန္တရာယ်လည်း မရှိဘူး၊ သစ်တုံးပေါ် မှာ ခွထိုင်နေတာကမှ လိမ့်ကျနိုင်သေးတယ်"

"ဒါပေမယ့် သူ မြင်းစီးဘောင်းဘီဝတ်ထားတာမှ မဟုတ်ဘဲ"

ဟု မော်နီကာက ဝင်ပြောသည်။

ဂျိုအန်းသည် ရိုးရိုးအဝတ်အစားကိုသာ ဝတ်ဆင်ထားသည်။ ပန်းပွင့်ကလေးများဖြင့် အကွက်ဖော်ထားသော အလွန် လှသည့် အင်္ကျီနှင့်ဂါဝန်ကို ဝတ်ဆင်ထားသည်။

"ကျွန်မမှာ မြင်းစီးဝတ်စုံ တစ်စုံ ရှိပါတယ်။ ကျွန်မနဲ့ဆိုရင် သိပ်သေးနေပြီ။ ကလေးနဲ့တော့ အတော်ဖြစ်ပါလိမ့်မယ်"

ဟု မာသာက ကမန်းကတန်း ဝင်ပြောသည်။

မည်သူ၏ မြင်းစီးဝတ်စုံရှိထားသည်ကို ကျွန်တော် မသိ။ သို့သော်လည်း မာသာ၏ ဝတ်စုံ မဟုတ်သည်ကမူ သေချာသည်။ ဂျိုအန်းသည် (၁၄)နှစ် သမီးကလေး ဖြစ်နေပြီ။ သူ အရွယ်နှင့် တော်လောက်သည့် ဝတ်စုံကို သူတို့ ဘယ်လို ရထားကြကြောင်း ကျွန်တော် မသိပါ။

ဂျိုအန်း၏ နက်မှောင်သော ဆံပင်ကလေးများကို နောက်ဘက်မှာစုပြီး ချည်ထား သည်။ ပိုနီတေးကလေးလို ဖြစ်နေသည်။ ဂျိုအန်း၏ရုပ်သည် တစ်စုံတစ်ယောက်နှင့် တူသလိုလို ကျွန်တော် ထင်နေမိသည်။ သည်လိုရုပ်မျိုးကို မည်သည့်နေရာတွင် မြင်မိခဲ့ဖူးကြောင်း စဉ်းစား ရင်း စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေသည်။

နီတားဒါးနှင့်အတူ မြင်းဇောင်းရှိရာသို့ ပြေးထွက်သွားသည့် ဂျိုအန်းကို ကျွန်တော် လိုက်ငေးကြည့်နေမိသည်။ ပြီးမှ မော်နီကာဘက်သို့ ကျွန်တော် လှည့်သည်။ မော်နီကာက ကျွန်တော့်ကို ပြုံးကြည့်နေသောကြောင့် ကျွန်တော်ကလည်း ပြန်ပြုံးပြလိုက်သည်။

"တော်တော်တောင် ထွားလာပြီနော်၊ အပျိုကလေးဖြစ်လာရင် သိပ်ချောမှာပဲ"

ဟု ကျွန်တော်က ပြောသည်။

"ဟိုတစ်နေ့က ကလေးလေး၊ နောက်တစ်နေ့ကျတော့ အပျိုကြီးဖြစ်လာရော၊ ကလေး တွေဟာ သိပ်အထွားမြန်တယ်"

ကျွန်တော်က ခေါင်းညိတ်ပြသည်။ ကျွန်တော်တို့နှစ်ယောက်တည်း ကျန်တော့သည်။

တစ်ယောက်နှင့်တစ်ယောက် စကား ဆက်မပြောကြတော့ဘဲ တိတ်ဆိတ်စွာ ထိုင်နေမိကြသည်။ မနေတတ်မထိုင်တတ် ဖြစ်လာသောကြောင့် စီးကရက်တစ်လိပ်ကို ကျွန်တော် လှမ်းယူပြီး သူ့ကို မော့ကြည့်လိုက်သည်။

"အေမော့စ်အကြောင်း မင်းကို ပြောပြရဦးမယ်"

အေမော့နှင့် ကျွန်တော်တို့ ကြုံတွေ့ဖြစ်ပျက်ခဲ့ရသည်များကို ပြောပြ၍ပြီးသော အချိန်သည် ည ခြောက်နာရီရှိပြီ ဖြစ်သည်။ မော်နီကာသည် စိတ်မချမ်းမသာဖြစ်ရင်း တွေနေသော်လည်း သူ့မျက်လုံးများထဲတွင်မူ မျက်ရည် လုံးဝ မရှိ။ ထို့နောက် ကျွန်တော့်ကို ကြည့်ပြီးပြောသည်။

"သူ့အတွက် ကျွန်မ ငိုလို့မရတော့ဘူး ဂျိုနတ်စ်၊ ဘာကြောင့်လဲဆိုတော့ သူ့ကြောင့် ကျွန်မ ငိုခဲ့ရတဲ့အကြိမ်ပေါင်း များလှပြီ၊ ကျွန်မ ပြောတာ နားလည်တယ်နော်"

ကျွန်တော်က ခေါင်းညိတ်ရုံ ညိတ်သည်။

"သူ့ဘဝ တစ်လျှောက်လုံးမှာ အမှားပေါင်းများစွာကိုသာ လုပ်ခဲ့တယ်၊ နောက်ဆုံးအကြိမ်ကျတော့မှ အမှန်တစ်ခုကို သူ လုပ်သွားတဲ့အတွက် ကျွန်မ ဝမ်းသာမိပါတယ်"

"အင်မတန် သတ္တိရှိရှိနဲ့ သေမင်းကို သူ ရင်ဆိုင်သွားတာပါ၊ ကိုယ်ကတော့ ကိုယ့်ကို သူ မုန်းနေတယ်လို့ပဲ ကိုယ်အမြဲ ထင်ခဲ့မိတယ်"

"ဟုတ်ပါတယ်၊ သူ မဖြစ်တာတွေအားလုံးကို ဂျိုနတ်စ် ဖြစ်ခဲ့တယ် မဟုတ်လား၊ တက်ကြွတယ်၊ အောင်မြင်တယ်၊ ချမ်းသာတယ်၊ ရှင့်ရဲ့ သတ္တိတို့ မာနတို့ကိုလည်း သူ မုန်းတယ်။ နောက်ဆုံးကျတော့ ဒါတွေကို သူ နောင်တရသွားပုံရပါတယ်။ ရှင့်ကို မုန်းတီးနေမိတဲ့အတွက် သူ ဘယ်လောက် မှားယွင်းကြောင်း၊ သူလည်း ဘယ်လောက် စိတ်ဒုက္ခခံစားနေရကြောင်းတွေကို သူ ပြန်ပြီး အသိတရားရလာပုံပေါက်တယ်၊ ဒါကြောင့် နောက်ဆုံးအချိန်မှာ ဒီအမှားတွေကို ပြင်နိုင်အောင် သူ ကြိုးစားသွားတာပေါ့"

"ကိုယ့်ပေါ်မှာ ဘာတွေများ အမှားတွေ လုပ်ခဲ့လို့လဲ၊ ဘာမှ မလုပ်ခဲ့ပါဘူး။ တို့နှစ်ယောက်ကြားမှာ စီးပွားရေးလုပ်ငန်းပဲ ရှိတာပဲ"

ကျွန်တော်က မော်နီကာကိုကြည့်ရင်း မေးသည်။

"အခုအချိန်အထိ ရှင် မသိသေးဘူးလား"

"မသိဘူး"

"အခုအချိန်အထိ မသိသေးဘူး ဆိုရင်တော့ ရှင် ဘယ်တော့မှ ဒီအကြောင်းတွေကို သိတော့မှာ မဟုတ်ဘူး"

မော်နီကာက ပြောပြောဆိုဆို ညောင်စောင်းပေါ်သို့ လာထိုင်သည်။

မြင်းဇောင်းဘေးတွင် မြင်းစီးနေသော ဂျိုအန်း၏ သဘောကျသဖြင့် ရယ်မောနေသည့်အသံကို ကျွန်တော်တို့ ကြားနေကြရသည်။ မြင်းစီး စသင်ယူတစ်ယောက်ကဲ့သို့ မဟုတ်။ ကောင်းမွန်စွာ စီးနိုင်နေသည်ကို တွေ့ရသည်။ ကျွန်တော်က မော်နီကာကို ငုံ့ကြည့်သည်။

"ငယ်ငယ်ကတည်းက မြင်းပေါ်မှာ ကြီးလာတဲ့ အတိုင်းပဲနော်"

"ဒီလိုပဲ ဖြစ်ရမှာပေါ့၊ သွေးဆိုတာက ရှိသေးတယ်၊ ဘမျိုးဘိုးတူ ဆိုတဲ့စကားလည်း ရှိတယ် မဟုတ်လား"

ဟု မော်နီကာက ပြန်ပြောသည်။

"မင်း မြင်းစီးတတ်တာ ကိုယ် မသိပါလား"

မော်နီကာက ကျွန်တော့်ကို လှမ်းကြည့်သည်။ သူ့မျက်နှာပေါ်တွင် စိတ်ထိခိုက်သွားသည့် အမူအရာမျိုး၊ ဒေါသဖြစ်သွားသည့် အမူအရာမျိုးကို ကျွန်တော် မြင်လိုက်ရသည်။

"ဂျိုအန်းရဲ့ မိဘဟာ ကျွန်မ တစ်ယောက်တည်း မဟုတ်ဘူး။ ကျွန်မတစ်ယောက်တည်းက ဂျိုအန်းကို လေ့ဥဥသလို ဥထားတာ မဟုတ်ဘူး"

ကျွန်တော့်ကို ခပ်ထန်ထန် ပြန်ပြောသည်။

ကျွန်တော် မော်နီကာကို စိုက်ကြည့်နေမိသည်။ ကျွန်တော်သည် ဂျိုအန်း၏ အဖေဖြစ်ကြောင်း သူ တစ်ခါမျှ မပြောခဲ့ဘူးချေ။ ယခု ပထမဦးဆုံးအကြိမ် ပြောခြင်း ဖြစ်သည်။ သည်ကိစ္စနှင့် ပတ်သက်၍ စိတ်ဆိုးဖို့လည်း နောက်ကျသွားချေပြီ။

ဒေါက်တာဟင်နလေ၏ မော်တော်ကားဝင်လာသံကို ကြားရသည်။ မြင်းဇောင်းနားမှာ ရပ်ပြီး ကားပေါ်မှ သူ ဆင်းသည်။ ထို့နောက် ခြံစည်းရိုးဆီသို့ လျှောက်သွားသည်။ ထိုနေရာကို ကျော်ပြီး ဘယ်တုံးကမှ သူ မမောင်းနိုင်ခဲ့။

"ဒေါက်တာဟင်နလေပါ၊ ကိုယ့်ကို စစ်ဆေးကြည့်ဖို့လာတာ"

"ဒီလိုဆိုရင် ကျွန်မလည်း သွားတော့မယ်လေ"

မော်နီကာက အေးတိအေးစက် ပြောသည်။

လှေကားထစ်များအတိုင်း ဆင်းသွားပြီး မြင်းဇောင်းရှိရာဘက်သို့ လျှောက်သွားသည်။ ကျွန်တော့်စိတ်ထဲမှာ ရှုပ်ထွေးနေသည်။ ရှုပ်ထွေးသော အကြည့်မျိုးဖြင့်ပင် သူ့ကို လှမ်းကြည့်နေမိသည်။ သူ ယခုလို စိတ်ဆိုးသည့်အခါအတိုင်း ဘာကြောင့် စိတ်ဆိုးနေရသည်ကို ကျွန်တော် အကဲခတ်၍ ရခဲ့ရိုးထုံးစံ မရှိ။

"ဘူတာရုံအရောက် ရိုဘဲယားကို ကားနဲ့လိုက်ပို့ခိုင်းလိုက်မယ်လေ"

ကျွန်တော်က သူ့နောက်မှ လှမ်းအော်ပြောသည်။

"ကျေးဇူးတင်ပါတယ်"

မော်နီကာက ပြန်လှည့်မကြည့်ဘဲ ပြောသည်။ ဆရာဝန်နှင့် သူ ရပ်စကားပြောနေသည်ကို ကျွန်တော် မြင်ရသည်။ ကျွန်တော်လည်း အိမ်ထဲသို့ ပြန်လှည့်ဝင်ခဲ့သည်။ ဖေဖေ ရှိစဉ်က စာကြည့်ခန်းအဖြစ် ဖေဖေ သုံးခဲ့သော အခန်းထဲသို့လာပြီး ခုတင်ပေါ်မှာ ခြေပစ်လက်ပစ် ကျွန်တော် ထိုင်ချလိုက်သည်။

မော်နီကာ၏ ကိုယ်လုံးကိုယ်ပေါက်သည် ယခုအချိန်အထိ တောင့်တင်းတုန်း ဖြစ်သည်။ အံချိုးအဆက် ပြေပြစ်တုန်း ဖြစ်သည်။ ကျွန်တော့်ကို ကျောခိုင်းပြီး ထွက်သွားပုံကို မျက်စိထဲမှာ ပြန်၍ မြင်နေမိသည်။ သူ့အသက်အရွယ်နှင့်သူ အလွန် လှပသော မိန်းမရွယ် တစ်ယောက် ဖြစ်သည်။ ထိုအကြောင်းကို စဉ်းစားနေရင်း ကျွန်တော့်ဘာသာ ကျွန်တော် ပြန်ပြုံးနေမိသည်။ အမှန်တော့ မော်နီကာ၏ အသက်သည် မကြီးသေး၊ ကျွန်တော့်အသက်က (၄၁) နှစ် ဖြစ်သောကြောင့် မော်နီကာ၏အသက်သည် (၃၄)နှစ်သာ ရှိပေဦးမည်။ ထိုမျှသော အသက်အရွယ်နှင့်တော့ သည်လိုပင် လှပနေရပေဦးမည်။

ဒေါက်တာဟင်နလေသည် အလွန် စကားများသူ ဖြစ်သောကြောင့် သူနှင့် ဆုံရသည်မှာ အလွန် စိတ်ညစ်ဖို့ကောင်းသည်။ သူတစ်ယောက်တည်း မနားတမ်း စကားပြောသည်။ နားထောင်ရသည့် တစ်ဖက်လူနားများ အူလာသည်အထိ၊ ပင်ပန်းပြီး ငြီးငွေ့လာသည်အထိ မြင်းအီးပေါက်သလို စကားပြောတတ်သည့် အဘိုးကြီး ဖြစ်သည်။ ပြောသောစကားများကလည်း အရေးအဖတ်ရသော စကားများ မဟုတ်။

ကျွန်တော့်ကို စစ်ဆေးပြီးသော အချိန်သည် ညခြောက်နာရီခွဲ ရှိပြီ ဖြစ်သည်။ သူ့ဆေးအိတ်ထဲသို့ ပစ္စည်းများပြန်ထည့်ရင်း သူက ကျွန်တော့်ကို လှမ်းပြောသည်။

"မင်း နေကောင်းသွားပါပြီ၊ ဆေးရုံက ဆရာဝန်တွေ ပြောသလို ကြာရှည်ကြီး အနားယူနေဖို့ မလိုပါဘူး"

နီဗားဒါး ဝင်လာပြီး အခန်းနံရံကို မှီရပ်နေသည်။ ကျွန်တော်က ချိုင်းထောက်နှင့် ထရပ်သည်ကိုကြည့်ပြီး ပြုံးနေသည်။ ကျွန်တော်က သူ့ကိုလှမ်းကြည့်ပြီး ပခုံးတွန့်ပြကာ ဆရာဝန်ဘက်သို့ ပြန်လှည့်လိုက်သည်။

"ကျွန်တော် လမ်းလျှောက်ဖို့ ဘယ်လောက်ကြာကြာ စောင့်ရဦးမှာလဲ"

"အခု စပြီးလျှောက်နိုင်ပြီပဲ"

ဒေါက်တာဟင်နလေက မျက်မှန်ပေါ်မှ ကျော်ကြည့်ရင်း ပြောသည်။

"ကျွန်တော့်ကို နည်းနည်းများ အနားယူစေချင်သေးသလားလို့"

"လမ်းလျှောက်နိုင်ပြီဆို လျှောက်ပေါ့ကွာ၊ ဘာဖြစ်လို့ အကြောင်းမဲ့ အိပ်ရာပေါ်မှာ လှဲနေရမှာလဲ"

သူ့ဆေးအိတ်ကို ပိတ်ကာ ကိုယ်ကိုဆန့်ပြီး အပေါက်ဝဘက်သို့ လျှောက်သွားသည်။ အပေါက်ဝရောက်မှ နောက်သို့ ပြန်လှည့်ပြောသည်။

"ဟိုအနားမှာတွေ့ခဲ့တဲ့ ကလေးမချောချောကလေးဟာ မင်းသမီးကလေး မဟုတ်လား"

"ကျွန်တော့်သမီးလေးလား"

ကျွန်တော်က သူ့ကို စိုက်ကြည့်ရင်း ပြန်မေးသည်။

"ဟုတ်တယ်လေ၊ သူ့ဆံပင်အနက်ကလေးကို နောက်ဘက်မှာ ဖောဒီလိုချည်လို့၊ အဖေနဲ့ ဒါလောက် ချွတ်စွပ်တူတဲ့ မိန်းကလေးကို ကျုပ် တစ်ခါမှ မမြင်ဖူးသေးဘူး။ မင်း ငယ်ငယ်တုန်းကရုပ်နဲ့ ဘာကြောင့်များ ဒါလောက် တူနေသလဲ မသိဘူး"

ကျွန်တော် ဘာမှ ပြန်မပြောနိုင်။ သူ့ကိုသာ ငေးကြည့်နေမိသည်။ သည်အဘိုးကြီး ဘာကြောင့်များ စိတ်ရှုပ်ပေါက်သွားပါလိမ့်။ ဂျိုအန်းသည် ကျွန်တော့်သမီး မဟုတ်ကြောင်း လူတိုင်း သိကြသည်။

ဆရာဝန်က ရယ်ပြီး လက်ဝါးဖြင့် သူ့ပေါင်ကို သူ ပုတ်လိုက်သည်။

"ကျုပ်ဆေးခန်းကို သူ့အမေ လာတဲ့အကြောင်း ကျုပ် ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး။ အဲဒီအချိန်တုန်းက သူဟာ မင်းရဲ့ဇနီးဖြစ်နေပြီ၊ ဒါပေမယ့် ဒါလောက် ကြီးတဲ့ကိုယ်ဝန်လည်း ကျုပ်တစ်ခါမှ မတွေ့ဖူးဘူး။ ထုံးစံကတော့ အဖို့ဗိုက်ဆိုရင် ချပ်ချပ်ရပ်ရပ်သာ ရှိရမယ် မဟုတ်လား။ မင်း ဘာဖြစ်လို့ ကောက်ကာငင်ကာ လက်ထပ်လိုက်တယ်ဆိုတာ သူ့ကို မြင်တော့မှပဲ သဘောပေါက်တော့တယ်၊ လက်မထပ်ခင်ကတည်းက မင်းတို့ဟာက ဒီလို ဖြစ်နေကြပြီကိုး"

ဆရာဝန်က ပြောရင်းရယ်ပြန်သည်။ ကျွန်တော့်ကိုလည်း ကြည့်မြဲကြည့်နေသည်။

"ဒါပေမယ့် သူ့ကို စစ်မကြည့်ခင်ကသာ ကျုပ် အဲဒီလိုထင်ခဲ့တာ၊ ဘာပဲဖြစ်ဖြစ် ဆေးစစ်ကြည့်တယ်ဆိုရင် ဘယ်သူမှ လိမ်လို့မရဘူး မဟုတ်လား။ ကျုပ် သေသေချာချာ စစ်ကြည့်တော့ ကိုယ်ဝန်က ခြောက်ပတ်ပဲ ရှိသေးတယ်၊ မော်နီကာလည်း သွေးပျက်မတတ် ဖြစ်နေပြီ။ ဒါလောက် ကိုယ်ဝန်အနုကလေးက ဘာဖြစ်လို့ မီးပုံးပျံကြီးလို အကြီးကြီးဖြစ်နေရ သလဲဆိုတာ သူ့ခမျာလည်း စဉ်းစားမရအောင် ဖြစ်နေရှာတယ်၊ ဗိုက်ကိုမြင်ရုံနဲ့ ကျုပ်လို ဆရာဝန် ကတောင် အထင်လွဲသေးတာ မဟုတ်လား။ ကျုပ်ကလည်း ပိုသေချာအောင်ဆိုပြီး မင်းတို့ လက်ထပ်တဲ့ ရက်တွေနဲ့ ပြန်တိုက်ကြည့်ရတယ်၊ ဒီတော့မှ ရှင်းသွားတယ်၊ မင်းတို့လက်ထပ်ပြီး နှစ်ပတ်ကြာမှ ရတဲ့ကိုယ်ဝန်ဖြစ်ကြောင်း တွေ့ရတော့တယ်၊ မင်းတို့ လက်မထပ်ခင်ကတည်းက ဒီလို ဖြစ်နေလို့ ဗြုန်းစားကြီး လက်ထပ်လိုက်ကြတယ်လို့ ကျုပ် စောစောက ထင်နေခဲ့တာ၊ သူ့ကိုယ်ဝန်ကို မြင်ရရုံနဲ့ဆိုရင်တော့ ထင်စရာပဲ"

ဒေါက်တာဟင်နလေသည် အားပါးတရရယ်မောကာ အပြင်သို့ ထွက်သွားတော့သည်။

ကျွန်တော့်ရင်ထဲမှာ တင်းကျပ်လာသည်။ အသက်ရှူရခက်လာသည်။ ရင်ထဲမှာ အလုံးကြီးဆို့နေသလို ခံစားရသည်။ ထို့ကြောင့် ခုတင်ပေါ်သို့ ထိုင်ချလိုက်သည်။

နှစ်များ။

မြောက်မြားလှစွာသော နှစ်များ။

ကျွန်တော် တစ်လျှောက်လုံး မှားခဲ့ပြီ။ ချက်ချင်းပင် အေမော့စ် ပြောခဲ့သည့် စကားများကို ကျွန်တော် ပြန်သတိရမိသည်။ ရေယာဉ်ပျံပေါ်သို့ ကျွန်တော်တို့ မတက်မီကလေးတွင် ပြောသွားသည့်စကား။

ကျွန်တော့်ကို ပြောပြစရာ အကြောင်းနှစ်ခု ရှိသေးသည်။ သို့သော်လည်း အချိန်မရ တော့သောကြောင့် ပြန်လာမှပြောမည်။ သူ့ကို သတိပေးပါဟူသော စကား။

ကျွန်တော်နှင့်ရီနာမာလိုးတို့ နှစ်ယောက်တည်းရှိနေသည့် ဟိုတယ်ပေါ်သို့ အေမော့စ်၊ မော်နီကာနှင့် အခြားလူတစ်ယောက်တို့ တစ်ညက တက်လာကြသည်။ ကိုယ်ဝန်ကြီးနှင့် မော်နီကာ။

ထိုညတုန်းက ကျွန်တော် မည်မျှလောက် ရူးမိုက်လိုက်ပါသလဲ၊ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ပြီး မုန်းတီးမိလာသည်။ မည်သို့ဆိုစေ သည်အကြောင်းကိုတော့ မော်နီကာက ပြောပြနိုင်ပါလိမ့်မည်။

အေမော့စ်နှင့် ကျွန်တော်တို့နှစ်ယောက်သည် မတူ။ အမှန်တရားကို သူ့ဘာသာသူ မြင်သွားသည်။ မည်သူကမျှ သူ့ကို သွန်သင်တိုက်တွန်း မနေရ။ သူ မြင်သွားသည့် အမှန်တရား အတိုင်းလည်း အမှားများကို ပြင်ဖြစ်အောင် ပြင်သွားသည်။

ကျွန်တော့်ကား သူ့လို မဟုတ်။

အမှန်တရားကို ကျွန်တော် မရှာ။ မှန်ကန်သော လမ်းကြောင်းပေါ်တွင် ကျွန်တော် မလျှောက်။ ကျွန်တော်၏ မိုက်မဲမှုများနှင့် ပတ်သက်ပြီး တစ်လောကလုံးကို ပြစ်တင်မောင်းမဲရင်း ဖြင့်ပင် ကျွန်တော့်ဘဝ အချိန်တွေ ကုန်ခဲ့ရသည်။ ဖေဖေ့ကို ကမ္ဘာ့ရန်အဖြစ် တွေးထင်ရင်း အချိန်တွေ ကုန်ခဲ့ရသည်။ ဖေဖေသည် ကျွန်တော့်ကို မချစ်ဟု ကျွန်တော် ထင်မှတ်မှားခဲ့သော ကြောင့် ဖေဖေ အရင်းကိုပင် ရန်သူကြီးသွင်သွင် အခဲမကျေနိုင်အောင် ကျွန်တော် သဘောထား ခဲ့မိသည်။

အားလုံးသည် ရယ်စရာများချည်းပါလား။

ယခုတော့ အမှန်တရားကို ကျွန်တော် မြင်ပါပြီ။ ကျွန်တော့်ကို ဖေဖေ လုံးဝ မချစ်ဟု ကျွန်တော် ထင်ခဲ့သည်။ ကျွန်တော့်အထင်သာ ဖြစ်သည်။ တကယ်ဆိုလျှင် ကျွန်တော့်ကို ဖေဖေ ချစ်ခဲ့သလောက် တစ်ခါဖူးမျှ ပြန်ပြီး ဖေဖေ့ကို ကျွန်တော် မချစ်ခဲ့မိ။ လမ်းမှားပေါ်သို့ ရောက်နေသူသည် ကျွန်တော်သာ ဖြစ်နေပါပေါ့ကလား။

နီတားဒါးကို ကျွန်တော် မော့ကြည့်လိုက်သည်။ သူသည် နံရံကိုမှီပြီး ရပ်နေဆဲပင် ဖြစ်သည်။ သို့သော် သူ့မျက်နှာပေါ်တွင်ကား အပြုံး မရှိတော့။

"ကျွန်တော်နဲ့တူတယ်ဆိုတာ အမှန်ပဲလား၊ ခင်ဗျားရော မြင်သလား"

နီတားဒါးက ခေါင်းညိတ်သည်။

"သိပ်တူတာပေါ့၊ လူတိုင်း မြင်နေကြရတာပဲ၊ ဒီအကြောင်းကို လူတိုင်း သိနေကြတာပဲ၊ မသိတာက မင်း၊ မမြင်တာက မင်း"

မျက်လုံးများကို ကျွန်တော် မှိတ်လိုက်သည်။ ယခု ကျွန်တော်လည်း မြင်ပါပြီ။ ကျွန်တော် လည်း သိပါပြီ။ ဆေးရုံမှာ ရှိဇာက မှန်ကြည့်ခိုင်းစဉ်က မှန်ထဲမှာ ဖေဖေ့မျက်နှာကို ကျွန်တော် မြင်ခဲ့ရသည်။ စောစောက ဂျီအန်းကို ကျွန်တော် မြင်တွေ့စဉ်ကလည်း ကျွန်တော် မြင်ဖူးခဲ့သည့် တစ်စုံတစ်ယောက်နှင့်တူသည်ဟု ကျွန်တော် ဇဝေဇဝါ ထင်ခဲ့မိသည်။

ကျွန်တော့်မြင်ခဲ့ရသော ဂျီအန်း၏မျက်နှာသည် ဆေးရုံတွင် မှန်ထဲ၌ ကျွန်တော် မြင်ခဲ့သည့် ဖေဖေ၏မျက်နှာဖြစ်ကြောင်း ယခုတော့ ကျွန်တော် သိပါပြီ။ ကျွန်တော် မြင်ပါပြီ။

အမှန်တော့ သူ့အဖေ၏ မျက်နှာ၊ ကျွန်တော်၏ မျက်နှာ။

"နီတားဒါး၊ ကျွန်တော် ဘာလုပ်ရမလဲဗျာ"

စိတ်ထိခိုက်စွာဖြင့် ကျွန်တော် ညည်းတွားမိသည်။

"မင်းက ဘာလုပ်ချင်တာလဲ သားရယ်"

"သူတို့ကို ပြန်ခေါ်ချင်တယ်"

"ငါ့သား တကယ် ပြန်ခေါ်ချင်တာလား"

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"ဒီလိုဆိုလည်း ပြန်ခေါ်လိုက်ပေါ့"

ဟု ပြောရင်း သူ့လက်မှ နာရီကို သူ ငုံ့ကြည့်သည်။

"ရထားထွက်ဖို့ (၁၅) မိနစ်လောက် လိုနေသေးတာပဲ"

ဟုလည်း ဆက်ပြောသည်။

"ဒါပေမယ့် ဘယ်လိုလုပ် ခေါ်နိုင်တော့မှာလဲဗျာ၊ ဒီအချိန်နဲ့ ဘူတာရုံကို ကျွန်တော်တို့ ဘယ်ရောက်နိုင်တော့မှာလဲ"

"ဟောဟိုမှာ ဖုန်းရှိတယ်လေ"

သူက စားပွဲပေါ်မှ တယ်လီဖုန်းကို မေးငေါ့ပြသည်။

အရူးတစ်ယောက်လို တယ်လီဖုန်းကို ကျွန်တော် လှမ်းကြည့်သည်။ ထို့နောက် ကောက်ကိုင်ပြီး ရီနိုမြို့ဘူတာရုံ၏ ရုံပိုင်ကြီးရုံးခန်းကို ဆက်လိုက်သည်။ ဘူတာရုံထဲတွင် မော်နီကာကို ရှာပေးပါရန် အကူအညီတောင်းသည်။

ဖုန်းစောင့်နေရင်းက နီတားဒါးကို ကျွန်တော် မော့ကြည့်သည်။ ကြည့်နေရင်းဖြင့် ကျွန်တော့်စိတ်ထဲမှာ ကြောက်ရွံ့စိုးရိမ်စိတ်များ ရုတ်တရက် ဖြစ်ပေါ်လာသည်။ ကျွန်တော်

ကလေးဘဝတုန်းက သည်လို ကြောက်ရွံ့ထိုးရိမ်စိတ်များ ပေါ်လာတိုင်း နီဟားဒါး ရှိရာသို့ ကျွန်တော် အမြဲပြေးခဲ့ရသည်။ နီဟားဒါး၏ ရင်ခွင်ထဲသို့ အမြဲဝင်ခဲ့ရသည်။

"သူ ပြန်မလာဘူးဆိုရင် ကျွန်တော် ဘာလုပ်ရမှာလဲဗျာ"

"သူ ပြန်လာမှာပါ"

နီဟားဒါးက ယုံယုံကြည်ကြည်ကြီး ပြောသည်။ ကျွန်တော့်ကိုလည်း ပြုံးကြည့်နေသည်။

"မော်နီကာဟာ ကနေ့ထက်တိုင်အောင် မင်းကို ချစ်နေတုန်းပဲ၊ ဒီအကြောင်းကိုလည်း လူတိုင်း သိကြပါတယ် ငါ့သားရယ်၊ မသိတာက မင်းတစ်ယောက်တည်း"

ထိုအချိန်မှာပင် ဖုန်းထဲမှ မော်နီကာ၏အသံ ပေါ်လာသည်။ အလွန် ပူပင်သောက ရောက်နေသည့် အသံမျိုး ဖြစ်သည်။

"ဂျိုနတ်စ်၊ ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲ"

ရုတ်တရက် ကျွန်တော် ဘာမှ ပြန်မပြောနိုင်။ အတန်ကြာ ငိုင်နေမိသည်။ ထို့နောက်မှ ကျွန်တော့်ပါးစပ်မှ စကားလုံးများ ထွက်သွားသည်။

"မော်နီကာ. . . မသွားပါနဲ့"

"ကျွန်မ သွားမှ ဖြစ်မှာလေ၊ ဒီအပတ်ကုန်ရင် ကျွန်မ အလုပ်ဝင်ရတော့မှာပဲ"

"အလုပ်ကို ဘေးဖယ်ထားပါ။ ပြန်လာခဲ့ပါကွယ်"

တယ်လီဖုန်းထဲမှာ အသံများ တိတ်သွားသည်။ အတန်ကြာသည်အထိ ဘာသံမှ မကြားရတော့။ မော်နီကာ တယ်လီဖုန်းချသွားပြီဟု ကျွန်တော် ထင်သည်။

"မော်နီကာ၊ မင်း နားထောင်နေသေးသလား"

အသက်ပြင်းပြင်း ရှုလိုက်သံကို ဖုန်းထဲမှာ ကျွန်တော် ကြားရသည်။

"ကျွန်မ ရှိနေပါတယ် ဂျိုနတ်စ်"

"ကိုယ် တစ်လျှောက်လုံး မှားခဲ့ပါတယ် မော်နီကာ၊ ဂျိုအန်းအကြောင်းကို ကိုယ် လုံးဝ မသိခဲ့ပါဘူး၊ ကိုယ့်ကိုယုံပါ"

ဖုန်းထဲမှာ အသံများ တိတ်သွားပြန်သည်။

"ပြန်လာခဲ့ပါ မော်နီကာ"

မော်နီကာ ငိုပြီ။

ဖုန်းထဲမှာ ငိုသံကို ကျွန်တော် ကြားနေရပြီ။ ခဏကြာတော့ အလွန် တိုးတိတ် ညင်သာသည့် မော်နီကာ၏လေသံကလေး ကျွန်တော့်နားတွင်းသို့ ဝင်လာသည်။

"အို. . . ဂျိုနတ်စ်၊ မောင့်ကို တစ်သက်လုံး ချစ်ခဲ့ရတာပါ မောင်ရယ်၊ ဘယ်တုံးကမှ မောင့်ကို မချစ်ဘဲနေလို့ မရခဲ့ပါဘူးကွယ်"

နီဟားဒါးကို ကျွန်တော် မော့ကြည့်သည်။ ကျွန်တော့်ကို သူ ပြုံးပြသည်။ ပြီးတော့ အပြင်သို့ ထွက်သွားသည်။ အခန်းတံခါး ပိတ်ပေးခဲ့သည်။

နှာရည်ကို နှာခေါင်းဖြင့် ပြန်ရှိုက်သံကြားရသည်။ ခဏကြာတော့ သူ့အသံများ ကြည်လင်လာသည်။

မေတ္တာတရားများ မွှမ်းထုံနေသည့်အသံ။

ချစ်ခြင်းတို့ဖြင့် လွှမ်းခြုံနေသည့်အသံ။

လှိုက်လှဲသောအသံ။

အားတက်သောအသံ။

ဝမ်းမြောက်သောအသံ။

ကြည်နူးသောအသံ။

"ဂျိုအန်း ငယ်ငယ်တုန်းကလေ၊ မောင်လေးတစ်ယောက် လိုချင်တယ်လို့ အမြဲတမ်း တစာစာ ပူဆာခဲ့တယ် မောင်ရယ်"

"မောင့်ဆီကိုသာ မြန်မြန်လာခဲ့ပါ အချစ်ရယ်၊ မောင်လေးတစ်ယောက်ကို သမီး ရရပါစေ့မယ်။ မောင် အစွမ်းကုန် ကြိုးစားပေးပါ့မယ်"

မော်နီကာ၏ရယ်သံ လွင်လွင်ကလေးကို ကြားရသည်။ ထို့နောက် ဖုန်းပြန်ချသွားသံ

ကိုပါ တစ်ဆက်တည်း ကြားရသည်။ ကျွန်တော်ကမူ ကျွန်တော့် လက်ထဲမှ ဖုန်းကို ပြန်မချ။ သည်ဖုန်းကို ကိုင်ထားသမျှ ကာလပတ်လုံး ကျွန်တော့်အနားမှာ မော်နီကာ ရှိနေသည်ဟု ကျွန်တော့်စိတ်မှာ ခံစားရသည်။

စားပွဲပေါ်သို့ ကျွန်တော် ငုံ့ကြည့်သည်။ ဖေဖေ၏ ဓာတ်ပုံကို မြင်ရသည်။

"ကဲ. . . ဖေဖေ၊ ကျွန်တော် လုပ်တာ မှန်ပြီ မဟုတ်လား"

ဖေဖေ့ကို ကျွန်တော် မေးမိသည်။

ကျွန်တော့်ဘဝတွင် ပထမဦးဆုံးအကြိမ်အဖြစ်ဖြင့် ဖေဖေ၏ ခွင့်ပြုချက်ကို ကျွန်တော် တောင်းခံလိုက်မိခြင်း ဖြစ်ပါတော့သည်။

**အထောက်တော်လုအောင်**


*သုဝဏ္ဏ*
*၁၊ နိုဝင်ဘာ၊ ၁၉၇၆*

♣ ♣ ♣

## ပင်မဇာတ်ကောင်များ၏ အင်္ဂလိပ်အမည်

| | |
|---|---|
| ဂျိုနတ်စ်ကော့စ် | *Jonas Cord.* |
| နီဗားဒါးစမစ် | *Nevada Smith.* |
| မက်ဇ်ဆင်း | *Max Sand.* |
| မက်အယ်လစ္စတာ | *Mc Allister.* |
| ဒေးဗစ်ဝုစ် | *David Woolf.* |
| ဒင်ပီးယာ့စ် | *Dan Pierce.* |
| စထရပ်စ်မာ | *Strassmer.* |
| ဘတ်ဇ်ဒါလ်တန် | *Buzz Dalton.* |
| အေမော့စ်ဝင်းသရော့ | *Amos Winthrop.* |
| မောရစ်ဆေ | *Morrissey.* |
| ရီနာမာလိုး | *Rina Marlowe.* |
| ဂျင်နီဒင်တန် | *Jennie Denton.* |

♣ ♣ ♣


ပန်းချီ စံတိုး
AUNG LWIN